www.foreverspace.com.mm

မြန်မာ့ စွယ်စုံကျမ်း

အတွဲ-၆ (ဒီ - ပစ်)

www.foreverspace.com.mm

ရန်ဖ

ရေတောင်ကြီး

www.foreverspace.com.mm

မြန်မာ့ဓွယ်စုံကျမ်း

စာပေဗိမာန်
၏

ရုပ်ပြဗဟုသုတဘဏ်

အတွဲ – ၆
နီ – ပစ်

ရန်ကုန်မြို့
မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း

www.foreverspace.com.mm

ဖတ်ချင်ဖွယ်ရာအဖြာဖြာ

တရုတ် ပျင်းပျင်းမှိန်၍ စာအုပ်လုန်လိုသောအခါ စောက်ပါ လိုရာအကြောင်းရပ်တို့မှ ဆူရာရွေးနုတ်၍ လေ့လာပါက စာရှည်သည် အပျင်းပြေ ဓဟုသုတလည်းပွားပေလိမ့်မည်။ ထိုင်ရာမထဘဲ ကမ္ဘာ့မြို့ကြီး၊ နယ်ကြီး၊ နိုင်ငံကြီးများသို့ရောက်၍ ပုဂ္ဂိုလ်ကျော်မှတ်များနှင့် ရင်း၊ ကမ္ဘာ့သမိုင်းကိုလည်း ဆုံးသပ်နှင့် ရနိုင်မည်ပြင် သိပ္ပံပညာ၏ အံ့ဖွယ်ရာအကြောင်းများကိုလည်း သိနားလည်လာပေလိမ့်မည်။ ဤမျှမက အနုစာပေဂန္ထဝင်များ၏အရသာကိုပါ ထင်ရှားစွာခံစားရမည်ပြင် အားလပ်ခိုက် အပျင်းပြေရန်နည်းများလည်း ရရှိပေတော့။

ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ

ကမ္ဘာ့ငြိမ်းချမ်းရေး အတွက် ကြိုးပမ်းလျက်ရှိသည့် အာရှတိုက်သား ခေါင်းဆောင်ကြီး ၃၀
ဘရာဇီလဂါအောင်ပွဲရ ဗြိတိသျှ သူရဲကောင်း ၃၈
ကေဘာအမျိုးသား အယူဝါဒ တော်လှန်ရေးသမား ၄၃
သူနာပြုဒေဝနည်မယ် ၇၉
ဘာဆိုစစ်ဘုရင် ၁၃၃
ပုံမျိုး သဘာဝတ္ထုပညာကျော် ၂၅၃
မာ စာပေလောကတွင် လှသီ ဘများဆုံး စာဆို ၃၄၀
ဝမ်းနန်းတွင်းစာဆိုကျော် ၃၈၉
"ဆင်းရဲသား ခေါင်းဆောင်ကြီး" ၄၆၅

တိုက္ကသိအပ် အရပ်ရပ်

မြန်မာ့လွတ်လပ်ရေး စာချုပ် ၁၂
ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှု ၁၀၂
မြန်မာနိုင်ငံသား ဖြစ်လိုသလား ၁၁၁
ပြည်တန် ကျောက်မျက်ရတနာ ၁၄၄
"ဂ စာတော်ပြန်မေးလို" ၂၁၀
ကမ္ဘာပေါ်တွင် ခက်ခဲစွာပေါက်ရသည့် တိုးမြောင်း ၂၂၃
မရိုးနိုင်သည့် အရည်ဆုံးပုံပြင် ၂၃၀
ဥပဒေပြုရေး အာဏာတည်ရာအမှဲ ၂၉၀
အနောက်တိုင်းသားတို့၏ ပခေနုအစ ၄၅၅

သုခုမဝင် ကြောင်းစုံလင်

ဇာတိမာန်တေးသံ ၉၈
မြန်မာ့ယဉ်ကျေးမှု ကြေးမုံပြင် ၃၃၁

တမြေရပ်ခြား ဒေသများ

နုဂမာရီကျွန်းဟုခေါ်တွင်သည့်ကျွန်းစု ၁
ပင်လယ်ထဲနှင့် ကမ်းခြေနှုတ်သူများ ၄၀
သန်ကောင်နေထွက်နိုင်ငံ ၅၆
ကမ္ဘာပေါ်တွင်အကျယ်ဆုံးနှင့် အနုတ်ဆုံး သမုဒ္ဒရာ ၂၀၁
ရောပယဉ်ကျေးမှု၏ သရဖူဆောင်းမြို့တော် ၂၇၃
ကမ္ဘာ့ယဉ်ကျေးမှုသမိုင်းတွင် ထင်ရှားခဲ့သည့် ၃၅၈
ကမ္ဘာ့သမိုင်းတွင် ထင်ရှားခဲ့သည့် နိုင်ငံကလေး ၃၂၂
နယ်မြေအကြိမ်ကြိမ် အခဲ့ဝေခံရသော နိုင်ငံ ၃၈၅

သစ်ပင်ပန်းမာလာ တိရစ္ဆာန်

အမြင့်တန်းစားဖြစ်သည့် သတ္တဝါ ၆၂
ကခုန်ပျော်ကြူး၊ ငှက်ပိုမြူး ၁၄၁
အံ့ဖွယ်ရာခြေခြောက်ချောင်းလောက ၂၅၁
အဏ္ဏဝါမျက်ရွဲ ၃၄၅
"ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့၊ ကြံ့တွေးလှည့် ကာ၊ မသိသာတည့်၊" ၄၁၂
မပျံနိုင်သည့်ငှက် ၄၅၀

သိပ္ပံအံ့ဖွယ် အသွယ်သွယ်

စွမ်းအင်ဖြည့်တင်း သုရိန်မင်း ၂၂
ကမ္ဘာ့တန်ဆာ သိပ္ပံပညာရပ် ၂၆
အာဟာရဓာတ် အပြည့်စုံဆုံးသော အစားအစာ ၁၆၉
ဆည်းပူးသင့်သည့် အခြေခံပညာ ၂၃၂

လုပ်ငန်းဆောင်တာ အဖြာဖြာ

ရောင်းဝယ်ကုန် ပစ္စည်းဆန်း ၉၀
အနောက်နိုင်ငံများ၌ တွင်ကျယ်သည့်လုပ်ငန်း ၁၇၂

အားလပ်ချိန်ဝယ် ပျော်ရွှင်ဖွယ်

နှစ်ဟောင်းပျောက်၍ နှစ်သစ်ရောက်သော် ၁၈
အိမ်တွင်း တင်းနစ်ကစားနည်း ၄၂

လောကီထုပ္ပတ် လူတို့ဇာတ်

ကမ္ဘာကျော် ၁ပ်ချနှင့် ဖလန်းဒါး ပန်းချီကျော်များ ၄
ဘုရင့်နောင်ဘို့ ရရှိစေသည့်တိုက်ပွဲ ၈၈

ပြည်တော်သာရန် အခြေခံ

မွန်တို့ဌာန ကုသိမ မဏ္ဍာလ ၃၄၉
ဘုရားရစ် နှစ်ဦးတွင် ထင်ရှားခဲ့သော မြန်မာ့ခေတ်ပြည့် ၃၆၅
မြန်မာ့ပြည်ရှား ကိုင်းရင်းသားများကို ....

www.foreverspace.com.mm

ဗဟုသုတစစ်တမ်း

ဤကျမ်းတွင် မျှားစွာသောပြဿနာတို့ကို ပြေလွင်းထားပေသည်။ စာရှုသူသည် မိမိမည်မျှမှတ်မိ၍ အသိဉာဏ်အပြေ၊ ဗဟုသုတအပြေ မည်မျှကြွယ်ဝနေပြီကို မှတ်ကျောက်တင်ကြည့်ရန် အောက်ပါမေးခွန်းများဖြင့် စစ်တမ်းထုတ်သင့်ပေသည်။ အကယ်၍ အပြေမပေးနိုင်ရှိအုံ၊ ညွှန်းထားစာမျက်နှာတွင် ပြန်လည်ဖတ်ရှုလေ့လာရန် တိုက်တွန်းရပေသည်။

၁။ လေဆိုပ်မျှားတွင် နိယ္ယနိမိုးရောင်ကို အဘယ်ကြောင့် အချက်ပြအပြစ် အသုံးပြုကြပါသလဲ။	၈
၂။ ခဲ-အက်တလီစာချုပ်ကို အဘယ်ကြောင့် မြန်မာ့လွတ်လပ်ရေးစာချုပ်ဟု ခေါ်တွင်သနည်း။	၁၂
၃။ အသက်ရှင်စဉ်ပင် နှတ်ပြည်သို့ ရောက်ခဲ့သူအကြောင်းကို သိလိုပါသလား။	၂၈
၄။ လကြတ်ခြင်းကို အဘယ်ကြောင့် လပေတ်မပ်းသည်ဟု ခေါ်ဆိုကြပါသလဲ။	၃
၅။ နော်မန်ဗီတိုက်ပွဲသည် အဘယ်ကြောင့် စစ်သမိုင်းတွင် ဥပါန်းတွင်ရစ်သနည်း။	၅၄
၆။ နိုဗဲဆုကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့သူကို သိလိုပါသလား။	၆၂
၇။ နိုက်ထရိုဂျင်ဘဝစက်ဟူသည် အဘယ်နည်း။	၈၂
၈။ 'တို့ဗမာသီချင်း'ကို မည်သူ ရေးစပ်ခဲ့ပါသလဲ။	၉၈
၉။ ကမ္ဘာပေါ်တွင် အလုပ်ဆုံးသော သဘာဝရွှင်းတရပ်ကို မည်သည့်နေရာတွင် တွေ့နိုင်သနည်း။	၁၁၅
၁၀။ အတွင်း ၃၇ မင်းနှင့် အပြင် ၃၇ မင်းနှတ်တို့၏အမည်ကို သင်သိပါ၏လော။	၁၂၈
၁၁။ [illegible]	၁၄၂
၁၂။ နိုဗွာန်ရခြင်းဟူသည် အဘယ်နည်း။	၁၄၉
၁၃။ နွားနှင့်ဆိုင်သည် 'ဝေ' လေးလုံးကို သိလိုပါသလော။	၁၆၂
၁၄။ တနေ့လုံးအတွက် နှလုံး၏ ဝုဏ်ပေါင်း အလုပ်ချိန်သည် မည်မျှရှိသနည်း။	၁၇၆
၁၅။ ဘဒ္ဒကပ္ပာတွင် ရှေးဦးစွာ ပွင့်တော်မူသော ဘုရားရှင်ကို သင်သိသလော။	၁၈၅
၁၆။ ဝိနည်းအဏုဒ္ဓ ကောက်ထားခြင်းခံရသော ထေရီကို သိလိုပါသလား။	၂၁၂
၁၇။ အမေရိကတိုက်တွင် ရှေးအကျဆုံး အကြေစိုက်နယ် အဘယ်မှာ ရှိပါသလဲ။	၂၂၉
၁၈။ မရိတိုင်နှုန်းကောင်မျှားကို မည်သူ စတင်တွေ့ရှိခဲ့သနည်း။	၂၄၅
၁၉။ ကူးစက်တတ်သောရောဂါတို့တွင် အပြင်းထန်ဆုံး ရောဂါကား မည်သည့်ရောဂါပြစ်သနည်း။	၂၆၈
၂၀။ မသီပုံပြင်ကို မြန်မာဘာသာသို့ ရှေးဦးစွာ ပြန်ဆိုခဲ့သူကား မည်သူပြစ်ပါသလဲ။	၂၇၀
၂၁။ ဘိုင်ယာလန်ပြည်၏ လွတ်လပ်ရေးကို ဦးစွာကြေငြာခဲ့သူကား မည်သူနည်း။	၃၀၀
၂၂။ ဌက်ဘို့တွင် အငယ်ဆုံးဌက်ကား မည်သည့်ဌက်ပြစ်ပါသလဲ။	၃၀၉
၂၃။ ပြောက်ဝန်ရိုးစွန်းသို့ ဦးစွာရောက်ခဲ့သော အမေရိကန် အပျိုးသားကို သိလိုပါသလား။	၃၁၉
၂၄။ မြန်မာတို့၏ ရှေးအကျဆုံး စာအရေးအသားကို အဘယ်မှာတွေ့ရမည်နည်း။	၃၃၁
၂၅။ ပုလဲနက်ကို မည်သည့်အရပ်၌ တွေ့ရသလဲ။	၃၄၅
၂၆။ သစ္စာဖောက်ပုန်ပြင် အရေးယူခြင်းခံရသော ပြင်သစ်စစ်သူကြီးကို သင်သိပါသလော။	၃၅၅
၂၇။ အက်သင်းပြို၏ အုပ်ချုပ်ရေးသမိုင်းကို ပြုပြင်ပြောင်းလဲခဲ့သည့် ဂရိနိုင်ငံပြု သုဝဝိန်ကား အဘယ်နည်း။	၃၇၀
၂၈။ ပိုတက်ဆီယမ်ကို ရေတွင်ပစ်သော် အဘယ်ကြောင့် မီးတောက်သလဲ။	၃၈၂
၂၉။ ပီးစုန်းကြေးနှင့် တီစုန်းမျှားသည် အဘယ်ကြောင့် အလင်းရောင်ကို ပြစ်ပေါ်စေနိုင်သနည်း။	၃၉၆
၃၀။ စိန်ပီတာကို အခွဲပြု၍ ခေါ်တွင်သော ဌက်ကို သိပါသလား။	၄၀၈
၃၁။ ပင်ထိလင်ဗေးနိုးယားပြည်နယ်ဟု မည်သို့အမည်တွင်ခဲ့သနည်း။	၄၂၁
၃၂။ ပင်လယ်ပျော်ဌက်ဘို့တွင် တောင်ပံအရှည်ဆုံးဌက်ကား မည်သည့်ဌက်ပြစ်ပါသလဲ။	၄၂၃
၃၃။ ကမ္ဘာပေါ်၌ အငန်ဆုံးသော ရေတိုင်ကြီး အဘယ်မှာ ရှိသနည်း။	၄၄၃
၃၄။ ပင်း အ သူမျှားအား စာပေသင်ကြားပေးသောကျောင်းကို မည်သူ ဦးစွာ တည်ထောင်ခဲ့ပါသလဲ။	၄၅၅
၃၅။ ပေါင်းတည်ပြို၏ ထင်ရှားသော ပဲ့တော်ကား အဘယ်နည်း။	၄၆၀
၃၆။ အမေရိကန် ပြည်ထောင်စု၏ 'ရွှေတြိုဂ်' မြေစွန်းတွင်တည်ရှိသော်ပြို့ကား မည်သည်ပြို့ပြစ်ပါသနည်း။	၄၇၀

www.foreverspace.com.mm

နဂဗာရီကျွန်းဟု အမည်တွင်သောကျွန်းစု

မြန်မာတို့က နီကိုဗာကျွန်းဟုခေါ်သည်။ ထိုကျွန်းမှထွက်သောနဂဗာရီအုန်းသည် မြန်မာနိုင်ငံတွင် လွန်စွာကျော်ကြားသည်။ နီကိုဗာကျွန်းကိုအဘယ်ကောင့် နဂဗာရီကျွန်းဟုခေါ်ပါသနည်း။ မြန်မာနိုင်ငံနှင့် မည်မျှကွာဝေးပါသနည်း၊ ဤအချက်အလက်များကို စုံလင်စွာဖော်ပြထားသည်။

နီကိုဗာကျွန်းစု။ ။နီကိုဗာကျွန်းစုသည် အိန္ဒိယသမုဒ္ဒရာ၌ရှိသော မြန်မာလို ကပွလီကျွန်းဟုခေါ်သည့် အန္ဒမန်ကျွန်းစု၏တောင်ဖက်၊ အန္ဒမန်ကျွန်းငယ်မှ ၇၅ မိုင်အကွာအဝေးတွင် တည်ရှိသည်။ ထိုကျွန်းစုကို ဗြိတိသျှတို့သည် ၁၈၆၉ခုနှစ်တွင် သိမ်းပိုက်အုပ်ချုပ်သည်။ ကျွန်းစုတွင် ကျွန်းပေါင်း ၁၉ကျွန်းပါဝင်သည့်အနက် ၇ကျွန်းမှာ လူနေအိမ်ခြေမရှိသော ကျွန်းများဖြစ်ကြသည်။ ကျွန်းစု၏အကျယ်အဝန်းသည် စတုရန်းမိုင် ၆၄၅မိုင်ဖြစ်၏။ ကျွန်းစုကို မြောက်ပိုင်း၊ အလယ်ပိုင်းနှင့်တောင်ပိုင်းဟု သတ်မှတ်ထားရာ၊ အစဉ်လိုက်အားဖြင့် မြောက်ပိုင်း၌ကား နီကိုဗာကျွန်း၊ အလယ်ပိုင်း၌ ကမိုထရာကျွန်းနှင့် နန်ကောင်းရီကျွန်း၊ တောင်ပိုင်း၌ ကရိတ်နီကိုဗာကျွန်းဟူရှိလေသည်။ ကမိုထရာကျွန်းနှင့် နန်ကောင်းရီကျွန်း အကြားဝယ် နန်ကောင်းရီသဘော်ဆိပ်ကမ်းရှိသည်။

၁၉၅၁ခုနှစ် သန်ခေါင်စာရင်းအရ လူဦးရေသည် ယောက်ျား ၆၃၂၁မိန်းမ ၅၆၈၈၊ ပေါင်း ၁၂၀၀၉ ယောက်ဖြစ်သည်။ တိုင်းရင်းသားတို့သည် မွန်ဂိုမျိုးနွယ်ဖြစ်၍ မွန်အာနမ်စကားကိုပြောဆိုကြသည်။ အဓိကအစားအစာဖြစ်ဖြင့် မှီဝဲ၍ အုန်းသီးနှင့်အုန်းသီးမှထုတ်သော ကုန်ပစ္စည်းတို့ကို တခြားနိုင်ငံသို့ တင်ပို့ရောင်းချကြသည်။ ထိုကျွန်းမှ ထွက်သော အုန်းကိုမြန်မာတို့က နဂဗာရီအုန်းဟု ခေါ်သည်။ မြန်မာနိုင်ငံတွင် အလွန်ကျောစောထင်ရှားသောအုန်းဖြစ်၏။

နီကိုဗာကျွန်းကို မူလက ၁၇၅၆ ခုနှစ်မှစ၍ ဒိန်းမတ်နိုင်ငံ၏သဘောတူချက်ဖြင့် ဗြိတိသျှတို့ကသိမ်းပိုက်သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ၁၉၄၂ ခုနှစ် ဇူလိုင်လတွင် ဂျပန်တို့က သိမ်းပိုက်သည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် မဟာမိတ်တို့က ပြန်လည်အရယူခဲ့သည်။ ယခု အခါထိုကျွန်းကို အိန္ဒိယသမ္မတနိုင်ငံ အစိုးရက အုပ်ချုပ်သည်။ အုပ်ချုပ်ရေး သဘောအရမှာ၊ နီကိုဗာကျွန်းစုသည် အန္ဒမန်နှင့် နီကိုဗာကျွန်းစုခရိုင်လက်အောက်ရှိ ခရိုင်ခွဲတစ်ခုဖြစ်သည်။ (ကပွလီကျွန်း၊ အိန္ဒိယသမ္မ တနိုင်ငံ–ရှု။)

မြန်မာတို့က နီကိုဗာကျွန်းကိုပင် နဂဗာရီကျွန်းစုခေါ်သည်။ ကင်းဝန်မင်းကြီးသည် ပြင်သစ်နိုင်ငံသို့ သံကြီးအဖြစ် သွားရောက်ခဲ့စဉ်က ရေးမှတ်ခဲ့သော ပြင်သစ်သွားနေ့စဉ်မှတ်တမ်းတွင် ဖော်ပြထားသည်မှာ –

"နဂဘာရီအကြောင်းကို မေးမြန်းရာ၊အန္ဒမန်ကျွန်း၊ နိကိုပါကျွန်း မလာကကျွန်းမှစ၍ ကျွန်းငယ် အများရှိသည့်အနက်၊ နဂဘာရီ(နဂဗာရီ)ဟူ၍မရှိ။ နိကိုပါကျွန်းသာရှိသည်။ ၎င်းနိကိုပါ ကျွန်းမှာလည်း အုန်းများရှိသည်။ နိကိုပါကျွန်းက အုန်းကိုပင်စကားရွှေသောကြောင့် နဂဘာရီ ခေါ်ဟန်ရှိသည်။" ဟူ၍ ဖြစ်လေသည်။ (ကင်းဝန်မင်းကြီး–ရှု။)

နီဂရီတိုလူမျိုး။ ။ကမ္ဘာ့လူများကို အမျိုးအစားခွဲခြားရာ၌ အေ၊ စီ၊ ဟတ်ဒန်သည် သိုးမွေးကဲ့သို့သော ဆံပင်ရှိသည့် ယူလော့ထရိခိုင်အိုရီယင်တလီခေါ် ကမ္ဘာ့အရှေ့ဖျားရှိ ဆံပင်လိပ်ကောက်သော လူမျိုးများကို ပထမအဓိကအမျိုးအဖြစ် ခွဲခြားဖော်ပြထားသည်။ ဤအမျိုးတွင် နီဂရီတိုအစုနှင့် ပါပူယန်အစုတို့ပါဝင်ကြသည်။ နီဂရီတိုတို့သည် အရပ်အမောင်းပု၍ အသားအရောင်မဲသည်။

ယခုအခါ၌ နီဂရီတိုများကို တကျွန်းခေါ်အန္ဒမန်ကျွန်းစု၊ မလ္လာယုကျွန်းဆွယ် အလယ်ပိုင်း၊ ဖိလစ်ပိုင်ကျွန်းစုအပါအဝင် လူဇုန်ကျွန်းနှင့်အခြားကျွန်းများ၊ နယူးဂင်နီကျွန်းအပါအဝင် နယ်သာလန်တောင်ပိုင်းဒေသများတွင် တွေ့ရသည်။ အန္ဒမန်ကျွန်းနေနီဂရီတို့မှာ အန္ဒမန်ကျွန်းသားမလ္လာကျွန်းဆွယ်အလယ်ပိုင်းနေ နီဂရီတိုတို့မှာဆေမန်၊ နယူးဂင်နီကျွန်းတွင် တပိရို၊ ဖိလစ်ပိုင်းကျွန်းတွင် အအီတဟု အသီးသီးတွင်ကြသည်။

နီဂရီတိုတို့ ပြောဆိုသောဘာသာစကားမှာ ပင်လယ်ပိုင်းတွင်ပြောဆိုသောတောင်ပိုင်းအစုယ် (ဆလုံ၊ မလေးဘာသာစကားများ)၊ ကုန်းပိုင်းတွင်ပြောဆိုသောတောင်ပိုင်းအစုယ် (မွန်ခမာဘာသာစကားများ)နှင့် လုံးဝမတူချေ။ ယင်းတို့ပြောဆိုသောဘာသာစကားများသည် တစုသက်သက်ဖြစ်၏။ သို့ရာတွင်အစုဝင်အသီးသီးတို့ ပြောသောစကားများသည် တစ်ခုနှင့်တစ်ခုနီးစပ်နေသည်ဟု ဆိုနိုင်သည်။ သို့သော် ယင်းသို့နီးစပ်ကြောင်းကို အသံဥပဒေအရသက်သေပြရန်လိုသည်။ ထိုဘာသာစကားတို့၌ တခေတ်

www.foreverspace.com.mm

 က ကျွန်းဆွယ်ဒေသ၌ နီဂရီတိုတို့ ပြောဆိုခဲ့သော ဘာသာစကားများမှကြွင်ကျန်ရစ်သော ဝေါဟာရစကားများ ပါဝင်နေသည်ကိုကား သံသယဖြစ်စရာ မရှိချေ။

အနှမန်ကျွန်းငယ်နှင့် အနှမန်ကျွန်းကြီးတို့တွင် အနှမန်ကျွန်းသားတို့နေထိုင်ကြ၍ လူမျိုးစုကလေး ၁၂ စု ရှိသည်။ ယင်းတို့ပြောဆိုသောဘာသာစကားများကို လိုက်၍ မြောက်ပိုင်းအစု၊ တောင်းပိုင်းအစုနှင့်အပြင် အစုဟူ၍ အုပ်စု ၃စု ခွဲခြားပေးနိုင်သည်။ ထင်ပေါ်သော လူမျိုးစုများမှာ ဗီလူမျိုးတို့အပါအဝင်ဖြစ်သော ဗိုဂျိုင်ဂျီခေါ်တောင်းပိုင်းအစုဝင်များ၊ ယေရေဝများအပါအဝင်ဖြစ်သောမြောက်ပိုင်းအစုဝင်များ၊ အနှမန်ကျွန်းငယ်၌ နေ့သောအွန်ဂေ၊ ရတ်တလန်နှင့်တောင်ပိုင်း အနှမန်ကျွန်းတို့၌ နေထိုင်သော ဂျရဝတို့ပါဝင်သည့်အပြင် အစုဝင်များ ဖြစ်သည်။ အနှမန်ကျွန်းကြီးများ၏ လူဦးရေမှာ ၂၀၀၀ မျှရှိ၏။ ဂျရဝလူဦးရေမှာ ၁၀၀၀မှ ၁၅၀၀ အထိရှိသည်။

အနှမန်ကျွန်းသားတို့၏ ယဉ်ကျေးမှုသည် ရှေးဟောင်းယဉ်ကျေးမှုဖြစ်သည်။ သူတို့၏အကြောင်းကို ခရစ် ၉ရာစုခန့်ကတည်းက အာရပ်ကုန်သည်တို့ မှတ်တမ်းရေးခဲ့ကြသည်။ ထိုအချိန်က သူတို့၏ယဉ်ကျေးမှုအခြေအနေနှင့် ယခုခေတ်အခြေအနေမှာများစွာမကွားခြားချေ။ ထို့ကြောင့် သူတို့၏ယဉ်ကျေးမှုလည်း မတိုးတက်ဟုဆိုရပေမည်။

အိုရန်ဥတန် (၀၊) မလေးတောတွင်းသားများဟုတွင်သော ဆေမန်တို့ကို မလ္လာယုကျွန်း ဆွယ်ကေဒါ၊ ပတာနီ၊ ပေရတ်၊ ကေလန်တန်နှင့်ပဟန်း ခရိုင်တို့ရှိ တောနက်ဒေသများတွင်တွေ့ရသည်။ ယဉ်ကျေးမှု အရာ၌ ယင်းတို့သည် အနှမန်ကျွန်းသားများ ဖြစ်သော အွန်ဂေ၊ ဂျရဝတို့နှင့်များစွာတူသည်။ ယင်းတို့သည် အနှမန်ကျွန်းသားတို့ကဲ့သို့ပင် အခြေတစိုက်နေထိုင်ခြင်းမရှိ၊ လှည့်လည်နေသူများသာဖြစ်သည်။ ယင်းတို့၏အဓိက လက်နက်မှာ အနှမန်ကျွန်းသားတို့ကဲ့သို့ပင် လေးနှင့်မြှားဖြစ်သည်။ သို့သော်လည်း ယခုအခါ ပြောင်းကို ပိုမိုအသုံးပြုလျက်ရှိ၍၊ လေးနှင့်မြှား ပျောက်ကွယ်လုမတတ်ရှိသည်။ ပြောင်းဟူသည်မှာ အရင်း၌ငှက်မွေးတပ်ထားသောမြှားကို ၀ါးလုံးခေါင်းတွင်းထည့်၍ မှုတ်ရသောကိရိယာဖြစ်သည်။ ဆေမန်တို့သည် အလွန်ပုသောလူများဖြစ်သည်။ ယောကျ်ားတို့၏ အရပ်မှာ ပျမ်းမျှ ၄ . ၉ ပေခန့်ရှိ၍ မိန်းမတို့၏ အရပ်မှာ ပျမ်းမျှ ၃ . ၉ ပေခန့်သာရှိသည်။

ယဉ်ကျေးမှုမတိုးတက်သေးသော်လည်း၊ နီဂရီတိုတို့သည် (အထူးသဖြင့် ဆေမန်နှင့်အနှမန်ကျွန်းသားတို့သည်) မိမိတို့ကိုယ်ပိုင် ကိုးကွယ်ယုံကြည်မှု ရှိကြပြီးဖြစ်သည်။ လူသေလျှင်သချိုင်းပေါ်၌ စားသောက်ဖွယ်ရာတို့ကိုထား၏။ သေသောဒေသမှချက်ခြင်းစွန့်ခွာသွားကြ၏။ သို့သော် ကာလအတန်ကြာပြီးနောက် ထိုဒေသသို့ ပြန်သွား၍၊ သေသူအတွက် ကျွေးမွေးပွဲ ပြုလုပ်ကြရပြန်၏။ သေသူ၏ မကောင်းဆိုးဝါးများမနေနိုင်အောင်လည်း တောထုတ်ကြ၏။ မိုးကောင်းကင်သည် သစ်ပင်ကြီးတစ်ပင်ပေါ်၌ တည်နေ၍ မိုးကောင်းကင်သို့ရောက်အောင်တက်ရန် လှေကား၊ တံတားများရှိသည်ကို ယုံကြည်ကြသည်။ သေသည်၏ အခြားမဲ့၌ ဘဝရှိသေးသည်ကိုလည်း ယုံကြည်ကြသည်။ အနှမန်ကျွန်းသားတို့သည် ဖန်ဆင်းသောပုလဂနတ် ကိုယုံကြည်ကြ၏။ ဆေမန်တို့၌လည်း မိုးကြိုးနတ် ကအေရီနှင့် ဖန်ဆင်းသူ တပေဒုနတ်တို့ရှိကြသည်။ **ဦးဘရှင်**

နီပေါနိုင်ငံ။ ။နီပေါနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ မြောက်ဘက်တွင်ရှိသော ဟိမဓာတောင်တန်းကြီး၏ တောင်ဘက်ဆင်ခြေလျှောတွင် တည်ရှိ၍၊ ဘုရင်စံနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံဖြစ်သည်။ နီပေါနိုင်ငံ၏မြောက်ဖက်၌ တိဗက်နိုင်ငံ၊ အရှေ့ဖက်၌ ဆစ်ကင်းနိုင်ငံနှင့် အနောက်ဘက်လားပြည်နယ်၊ တောင်ဘက်၌ဗီဟားပြည်နယ်၊ အနောက်ဘက်၌ ဥတ္တရပဒေပြည်နယ်တို့အသီးသီး တည်ရှိသည်။ နီပေါနိုင်ငံ၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၅၄၀၀၀ ခန့်ရှိသည်။ ၁၉၅၃ခု သန်းခေါင်စာရင်းအရ ခန့်မှန်းခြေ လူဦးရေ ၈၄၃၅၅၃ ယောက်ရှိသည်။ ကမ္ဘာပေါ်ရှိ အမြင့်ဆုံးသောတောင်ကြီး ၁၀လုံးအနက် ၅လုံးသည် နီပေါနိုင်ငံတွင် တည်ရှိသည်။ ထိုတောင်တို့တွင် ဧဝရက်တောင်နှင့် ကန်ချင်ဂျန်းဂါးတောင်တို့

နီပေါနိုင်ငံ တည်နေရာပြမြေပုံ

www.foreverspace.com.mm

ကမ္ဘာတွင်အမြင့်ဆုံးဖြစ်သော ဧဝရက်တောင်ထိပ်သို့ ၁၉၅၃ ခုနှစ် မေလ ၅ ရက်နေ့တွင် အောင်မြင်စွာတက်ရောက်နိုင်ခဲ့ခြင်းဖြင့် နီပေါနိုင်ငံကို ဂုဏ်ပြုခဲ့သူ နီပေါသူရဲကောင်း တင်ဇင်နော်ကေး သမီး ဇနီးနှင့်အတူ စကားလက်ဆုံကျနေစဉ်

ပါဝင်သည်။ ၁၈၅၃ ခုနှစ်၊ မေလ၂၉ ရက်နေ့တွင် နယူးဇီးလန်နိုင်ငံသား (ယခုအခါဆာဘွဲ့ရရှိနေသူ) ဒက်ဒမန်ဟစ်လာရီနှင့် နီပေါလူမျိုး တင်ဇင်နော်ကေးတို့သည် ဧဝရက်တောင်ထွတ်ကိုရောက်အောင်တက်ခဲ့ကြသည်။ (ဧဝရက်တောင်ထိပ်–ရှု။) ၁၉၅၄ ခုနှစ် မေလ ၂၅ ရက်နေ့၌ကား အင်္ဂလိပ်လူမျိုး ဒေါက်တာဒချားအက်ဗန်သည် ကန်ချင်ဂျွန်းဂါးတောင်ထွတ်ကို ရောက်အောင်တက်ခဲ့သည်။

တောင်ပိုင်း၌ ကျယ်ပြန့်၍ မြေသြဇာကောင်းမွန်ထက်သန်သော လွင်ပြင်ကြီးရှိသဖြင့် နီပေါနိုင်ငံသည် အဓိကအားဖြင့် လယ်ယာစိုက်ပျိုးသော နိုင်ငံဖြစ်၏။ ဆန်စပါး၊ လက်ဖက်၊ ကြံ၊ ဆေးနှင့်ဝါများကို စိုက်ပျိုးကြ၏။ အနည်းငယ်မြောက်ဘက်ကျသော အရပ်ဒေသတို့၌မူ၊ မုယောစပါး၊ ပြောင်း၊ ဂျုံစသော ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးကြသည်။ နီပေါနိုင်ငံမြောက်ပိုင်းရှိ တောင်စောင်းများ၌ လှေခါးထစ်များသဖွယ်ပြုလုပ်ကာ၊ တောင်ကျချောင်းများမှ ရေသွင်းစိုက်ပျိုးလုပ်ကိုင်ကြသည်။ မြက်ခင်းစားကျက်များ ရှားပါးလှသော်လည်း၊ သိုးကို အတော်အသင့်မွေးမြူကြ၏။ ထိုသိုးများမှရရှိသောသိုးမွေးသည် နာမည်ကျော်ကြားသည်။ နီပေါနိုင်ငံရှိ တောင်စောင်းများ၌ ပေါက်ရောက်နေသော သစ်တောတို့သည် ယနေ့တိုင် လူတို့ ထုတ်လုပ်သုံးစွဲခြင်း မပြုရသေးသော သစ်တောများဖြစ်သည်။ ထိုပြင် နီပေါနိုင်ငံသည် သံ၊ ကျောက်မီးသွေး၊ ကြေးနီ၊ ခဲ၊ သွပ်စသော ဓာတ်သတ္တုများ ပေါကြွယ်လှ၏။ သို့ရာတွင် ယင်းတို့ကို ထိရောက်စွာ တူးဖော်လုပ်ကိုင်နိုင်ခြင်း မရှိသေးချေ။

နီပေါနိုင်ငံတွင် ဂုန်လျှော်စက်အနည်းငယ်ရှိသည်ကလွဲ၍ စက်မှုလက်မှုလုပ်ငန်းများ မရှိသလောက်ပင် ဖြစ်လေသည်။ နီပေါနိုင်ငံ၏မြို့တော်သည် လူဦးရေ ၁၀၉၀၀၀ခန့်ရှိသည့် ကတ္တမန္ဒူမြို့ဖြစ်သည်။ အခြားမြို့ကြီးများမှာပါ ထန်မြို့နှင့်ဘတ်ဂါအွန်မြို့တို့ ဖြစ်ကြ၏။ ကတ္တမန္ဒူမြို့တော်သို့ ခရီးသည်များသည် ကတ္တမန္ဒူတောင်ကြားကိုဖြတ်၍ ဝင်ရောက်နိုင်သည်။ ဥရမ္ဘတီးရဟွတ်သို့သွားသော မီးရထားလမ်းဆုံ၊ ရက်ကဇောမြို့မှနေ၍ လမ်းမကြီးတစ်ခုကို ထိတောင်ကြားတစ်လျှောက် ဖောက်လုပ်ထားသည်။ ၁၉၂၇ ခုနှစ်တွင် ရက်ကဇောမှ အမ္ဘလက် ဂန့်ဂျာသို့ မီးရထားလမ်း ဖောက်လုပ်သည်။ ၁၉၅၃ ခုနှစ်၌ ကတ္တမန္ဒူမြို့နှင့် အိန္ဒိယနိုင်ငံတို့ကို ဆက်သွယ်ရန် ၇၉ မိုင်ခန့်ရှည်လျားသော လမ်းမကြီးတစ်ခု ဆောက်လုပ်ပြီးစီးခဲ့ လေသည်။

နီပေါနိုင်ငံသည် စစ်သားကောင်းအဖြစ် အထူး နာမည်

www.forestspace.com.mm

ကျော်ကြားသောဂေါ်ရခါးလူမျိုးများနေထိုင်ရာ တိုင်းပြည်ဖြစ်သည်။ ဂေါ်ရခါးလူမျိုးများမှာ လူများစုဖြစ်၍ ကူးရမ်း၊ မဂါး၊ မူးရမစ်၊ နီဝါး၊ လင်လူး၊လက်ပချားစသည့် လူမျိုးများလည်း ရှိသေးသည်။ ဂေါ်ရခါးဆိုသောအမည်သည် ယင်းတို့မူလအစနေထိုင်ခဲ့ရာ ဂိုရက်ပူမြို့ကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်၏။ ထို့ပြင် လူများစုသည် ဗုဒ္ဓဝါဒီများ ဖြစ်ကြသည်။

နီပေါနိုင်ငံတွင် ယင်းသို့ လူမျိုးစုအသီးသီးရှိကာ၊ နယ်ပယ်အကွဲကွဲအပြားပြား ဖြစ်နေခဲ့ရာ၊ ၁၇၈၉ ခုနှစ်၌ ဂေါ်ရခါးတို့သည် နီပေါနိုင်ငံတွင် အာဏာရှိလူများစု ဖြစ်လာသည်။ ၁၈၁၄ ခုနှစ်၌ ဂေါ်ရခါးတို့သည် ဗြိတိသျှတို့နှင့် စစ်ပွဲတစ်ပွဲကိုတိုက်ခိုက်ခဲ့၍ ၁၈၅၄ခုနှစ်၌ တိဗက်နိုင်ငံနှင့် ၂ နှစ်ကြာမျှ စစ်ပွဲဆင်နွှဲခဲ့ရလေသည်။ ထိုနောက်တွင် နီပေါနိုင်ငံသည် ဗြိတိသျှတို့နှင့် မဟာမိတ်အဖြစ် မြဲမြဲစွာဆက်ဆံခဲ့လေသည်။ ဗြိတိသျှတို့၏ အုပ်ချုပ်ရေးစနစ်လွှမ်းမိုးလာသောအခါ၊ နီပေါနိုင်ငံ၏အုပ်ချုပ်ရေး စနစ်သည် သိသိသာသာ တိုးတက်ကောင်းမွန်လာခဲ့သည်။ နိုင်ငံအနှံ့အပြားမှ ဘဏ္ဍာရေးမရုံးများနှင့် ရာဇဝတ်ရုံးများကို တည်ထောင် ဖွင့်လှစ်ခဲ့သည်။ ၁၉၂၃ ခုနှစ်၌ ဗြိတိသျှတို့သည် နီပေါနိုင်ငံကို လုံးဝ လွတ်လပ်သော နိုင်ငံတနိုင်ငံအဖြစ် အသိအမှတ်ပြုလေသည်။

၁၈၆၇ခုနှစ်၌ သူကောင်းမျိုးများက ဘုရင်အား အာဏာစွန့်လွှတ်စေ၍ 'ရာနာ' ဆွေမျိုးစုခေါင်းဆောင်ကြီးအား အုပ်ချုပ်ရေးအာဏာများကို ပေးအပ်ကာ၊ ဝန်ကြီးချုပ်အဖြစ် တင်မြှောက်ခဲ့ကြသည့်အချိန်မှစ၍၊ နီပေါနိုင်ငံ၌ ဝန်ကြီးချုပ်ရာထူးသည် ရာနာဆွေမျိုးစုအတွက် ရိုက်ရာခံရာထူးဖြစ်လာခဲ့သည်။ ထို့ပြင် ဝန်ကြီးချုပ်သည် ဂေါ်ရခါးတပ်မတော်၏ သေနာပတိချုပ်လည်းဖြစ်၏။ ဘုရင်တို့ကား နိုင်ငံ၏အထွတ်အထိပ်ဖြစ်သည်ဟူသော အထိမ်းအမှတ်သဖွယ်မျှသာရှိလာသည်။ ယင်းသို့ ရာနာဆွေမျိုးစုသည် နီပေါနိုင်ငံတွင် အုပ်စီးကာ အုပ်ချုပ်လာခဲ့ရာ၊ ၁၉၅၀ ပြည့်နှစ်၌စတင်ခဲ့သော တော်လှန်ရေးကြီးအပြီးတွင် ရာနာဆွေမျိုးစုသည် ဝန်ကြီးချုပ်ရာထူးကို စွန့်လိုက်ရလေသည်။ နီပေါဘုရင်သည်လည်း ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ အုပ်ချုပ်ရသောဘုရင်တစ်ပါး ဖြစ်လာလေသည်။

နီပေါနိုင်ငံ၏ ထွက်ကုန်များမှာ ကောက်သီးကောက်နှံများ၊ ဂုံလျှော်၊ သစ်၊ ဆီစေ့၊ ထောပတ်၊ အာလူး၊ ဘယဆေးပင်များ၊ သားရေနှင့်ကျွဲနွားများဖြစ်၍ သွင်းကုန်များမှာ အထည်အလိပ်၊ စီးကရက်၊ ဆား၊ ဓာတ်ဆီ၊ ရေနံဆီ၊ သကြား၊ ဆေးဝါးများ၊ စက်ကိရိယာများ၊ ဖိနပ်များ၊ စက္ကူ၊ ဘိလတ်မြေ၊ သံနှင့်သံမဏိ၊ လက်ဖက်ခြောက်တို့ဖြစ်သည်။ ၁၉၅၅ခုတွင် နီပေါနိုင်ငံ၌ အင်္ဂလိပ်စာသင်ကျောင်း ၁၀၅၈ ကျောင်း၊ သက္ကတစာသင်ကျောင်း ၂၄၃ ကျောင်း၊ အခြေခံစာသင်ကျောင်း၄၉ ကျောင်း၊ ဘွဲ့ရကောလိပ်ကျောင်း ၇ ကျောင်း၊ ဥပစာကောလိပ်ကျောင်း ၇ကျောင်းနှင့်အခြားကျောင်း ၇ကျောင်းရှိ လေသည်။ နိုင်ငံတွင်းရှိ လူဦးရေ၏ ၆ ရာခိုင်နှုန်းခန့်သာလျှင် စာရေးစာဖတ်တတ် လေသည်။

နီပေါနိုင်ငံ ဂေါ်ရခါး အမျိုးသမီးများ ဤသို့ ဝတ်စားဆင်ယင်ကြသည်။

www.foreversspace.com.mm

နီဗရက်စကပြည်နယ်။ ။နီဗရက်စက ပြည်နယ်သည် အမေရိကန် ပြည်ထောင်စု၏အနောက်မြောက်ဘက်ပိုင်းတွင် တည်ရှိသည်။ နီဗရက်စကဟူသောအမည်သည် "ရေတိမ်မြစ်"ဟု အနက်ရသောအင်ဒီးယန်းစကား "နီဗရက်သက"မှ ဆင်းသက်လာသည်။ ထိုပြည်နယ်တွင်းရှိ ပလက်မြစ်ကို နီဗရက်သကဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။ ပြည်နယ်၏စိုပြေသာယာမှုအတွက်နှင့် မြေဩဇာကို ထိန်းသိမ်းထားနိုင်ရန်အတွက် သစ်ပင်များကို ရှေးပဝေဏီအခါကပင် စိုက်ပျိုးလာခဲ့ကြသဖြင့်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနိုင်ငံတွင် "သစ်ပင်များနေ့"ကို ဤပြည်နယ်၌ ရှေးဦးစွာကျင်းပခဲ့သောကြောင့်လည်းကောင်း၊ နီဗရက်စကပြည်နယ်ကို တစ်ခါတစ်ရံ "သစ်ပင်စိုက်ပျိုးသူတို့၏ ပြည်နယ်"ဟုလည်း ခေါ်ကြလေသည်။

ပြည်နယ်အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၇၇၂၃၇ မိုင်မျှဖြစ်၍၊ လူဦးရေမှာ ၁၉၅၅ ခုနှစ်တွင် ခန့်မှန်း ၁၃စ၁၀၀၀ ယောက် ဖြစ်သည်။ နီဗရက်စကပြည်နယ်၏ အရှေ့ဘက်တွင်၊ မိုးရီပြည်နယ်နှင့် အိုင်အိုဝါးပြည်နယ်၊ အနောက်ဘက်တွင် ကော်လိုရာဒိုးပြည်နယ်နှင့် ဝိုင်အိုးမင်းပြည်နယ်တို့ အသီးသီးတည်ရှိ၏။ တောင်ဘက်တွင်ကား ကန်ဆပ်ပြည်နယ်တည်ရှိ၍၊ မြောက်ဘက်တွင်မူ တောင်ဒကိုးတားပြည်နယ် တည်ရှိလေသည်။ လင်ကွန်းမြို့သည် နီဗရက်စကပြည်နယ်၏ မြို့တော်ဖြစ်၍၊ လူဦးရေ ၉စ၈၈၄ ယောက် ရှိသည်။ ထိုမြို့၏ အဓိကလုပ်ငန်းမှာ ထောပတ်လုပ်ငန်းဖြစ်၏။ အိုမဟောမြို့မှာမူ ပြည်နယ်တွင် အကြီးဆုံးမြို့ ဖြစ်သည်။ အမဲသားငါးလုပ်ငန်း၏ ဗဟိုဌာနဖြစ်သည်။ လူဦးရေ ၂၅၁၁၁ ရှိသည်။

နီဗရက်စက ပြည်နယ်သည် မိုးရီမြစ်၏အနောက်ဘက်တွင်တည်ရှိ၍၊ ယင်း၏ မြစ်လက်တက်တစ်ခု ဖြစ်သော ပလက်မြစ်သည် ပြည်နယ်ကို အရှေ့မှအနောက်သို့ ဖြတ်သန်းလျက် စီးဆင်းသည်။ ယင်းပြည်နယ်တွင် မြက်ခင်းလွင်ပြင်နှင့် သဲမြေပြင်များရှိ၏။ ပြည်နယ်၏ အနောက်ပိုင်းရှိ ရော့ကီးတောင်တစ်လျှောက်တွင်မူကား ကုန်းပြင်မြင့်များရှိသည်။ ရာသီဥတုမှာ နွေရာသီတွင် ပူလွန်း၍၊ ဆောင်းရာသီတွင်အေးလွန်းသည်။ သို့သော် ခြောက်သွေ့သောလေကြောင့် နီဗရက်စကပြည်နယ်သည် ကျန်းမာရေးအတွက် အသင့်ဆုံးပြည်နယ် ဖြစ်လေသည်။ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၂၆ လက်မရွာသွန်းသည်။

အထူးသဖြင့် ကြီးကျယ်လှသောရေသွင်းစီမံကိန်းကြီးများကြောင့်၊ လယ်ယာစိုက်ပျိုးခြင်းသည် ပြည်နယ်၏အဓိကလုပ်ငန်းကြီးဖြစ်လေသည်။ ပြောင်းမှာ အဓိက ကောက်သီးကောက်နှံဖြစ်၍၊ ဂျုံ၊ မြင်းစားဂျုံ၊ အာလူးနှင့် ဟင်းသီးဟင်းရွက်များးပြင်၊ သစ်သေ့သီး၊ စပျစ်သီးစသည့် သစ်သီးများလည်းထွက်၏။ နီဗရက်စကပြည်နယ်၏ အရှေ့ပိုင်းဒေသ၌ စိုက်ပျိုးရေးလုပ်ငန်းသည် ဖွံ့ဖြိုးသော်လည်း၊ အနောက်ပိုင်းဒေသ၌မူ ရော့ကီးတောင်ခြေအထိလွင်ပြင်ကြီးဖြစ်၍၊ နွား၊ သိုးနှင့်ဝက်များကို အကြီးအကျယ် မွေးမြူကြသည်။ အမဲသားလုပ်ငန်းနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြသည်။ နီဗရက်စကပြည်နယ်သည် စိုက်ပျိုးရေးပြည်နယ်အဖြစ်များစွာအရေးပါသည့်အလျောက် မှန်မှန်တိုးတက်လျက်ရှိသော စက်မှုလက်မှုလုပ်ငန်းတို့သည် မထင်ပေါ်ချေ။ ပြည်နယ်အတွင်းရှိ စက်ရုံပေါင်း ၁၁၅၀ ကျော်မှ စားကုန်ပစ္စည်းများ၊ စက်ကိရိယာများ၊ သံမဏိထည်များ၊ အိမ်ထောင်ပရိဘောဂများ၊ အထည်အလိပ်များနှင့်မြေထည်များ စသည်တို့ ထွက်လေသည်။ နီဗရက်စကပြည်နယ်သည် ဓာတ်သတ္တုများ၊ မကြွယ်ဝလှသော်လည်း၊ ၁၉၃၉ ခုနှစ်တွင် ရေနံကို စတင်တွေ့ရှိခဲ့သည်မှစ၍၊ ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းမှာ လျင်မြန်စွာတိုးတက်လျက်ရှိလေသည်။ ထိုပြင် နီဗရက်စကပြည်နယ်တွင် ရှေးပဝေဏီကာလကရှိခဲ့သည့် သစ်ပင်များနှင့်သတ္တဝါကြီးများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို မြေအောက်မှ အများအပြားပင်တူးဖော်ရရှိသည့်အတွက်၊ သမိုင်းမပေါ်မီခေတ်အကြောင်းကို လေ့လာရေးနှင့် စပ်လျဉ်း၍၊ အထူးထင်ရှားလာခဲ့လေသည်။ နီဗရက်စကပြည်နယ်တွင် ၇နှစ်နှင့် ၁၆နှစ်အကြား ကလေးသူငယ်တိုင်းစာသင်ကျောင်းများတွင် မသင်မနေရသင်ကြားရ၏။ အထက်တန်းကျောင်းများအထိ အခမဲ့သင်ကြားနိုင်၏။ ပြည်နယ်အတွင်းရှိ ထင်ရှားသောတက္ကသိုလ်နှင့် ကောလိပ်ကျောင်းများမှာ နီဗရက်စကတက္ကသိုလ်၊ ကရေးတန်တက္ကသိုလ်၊ ဟေးစတင်းကောလိပ်၊ နီဗရက်စကဝက်စလီယန်တက္ကသိုလ်၊ မျှနီစီပယ်တက္ကသိုလ်နှင့် နီဗရက်စက နိုင်ငံတော် ဆရာအတတ်သင်ကောလိပ်တို့ ဖြစ်လေသည်။

ယခု နီဗရက်စကပြည်နယ် တည်ရှိရာ နယ်ပယ်ဒေသသို့၊ ၁၅၁၄ ခုနှစ်တွင် စပိန်ဗိုလ်ချုပ် ဖရန်ဆစ္စကို ကိုရိုနာသိုနှင့် ယင်း၏နောက်လိုက်နောက်ပါ စပိန်လူမျိုးစစ်သည်တော်တစ်စုသည် မက္ကဆီကိုမှ ပဌမဦးဆုံးအကြိမ်ရောက်လာခဲ့၏။ ထိုနောက်တွင် စပိန်လူမျိုးများမကြာခဏ ရောက်လာလေသည်။ ထိုပြင် ပြင်သစ်လူမျိုး သားကောင်းဖမ်းသမားများနှင့် သားမွေးကုန်သည်များလည်း နီဗရက်စက နယ်ပယ်ဒေသသို့ ရောက်ရှိလာခဲ့ကြ၏။ ပြင်သစ်တို့သည် နီဗရက်စကနယ်အပါအဝင်ဒေသကို နှစ်ပေါင်းများစွာ ပိုင်ရာပိုင်ကြောင်း ပြောဆိုခဲ့ကြသော်လည်း၊ အမြဲတမ်းအခြေစိုက် နေထိုင်ခြင်းကား မပြုခဲ့ချေ။

ယင်းသို့ဖြင့် နီဗရက်စကနယ်သည် ပြင်သစ်တို့ လက်အောက်ရောက်ချည်တစ်ခါ၊ စပိန်လက်အောက်ရောက်ချည်

www.forumspace.com.mm

တစ်လည်း ဖြစ်ခဲ့ရပြီးနောက်၊ ၁၈၀၃ ခုနှစ်၌ လူဝီးဇီယန္နားနယ်ကြီးကို အမေရိကန်တို့က ပြင်သစ်တို့ထံမှဝယ်ယူလိုက်ရာတွင်၊ နီဗရက်စကနယ်သည် အမေရိကန်ပြည်ထောင်စုပိုင် နယ်ဖြစ်လာလေသည်။ ၁၈၃၄ ခုနှစ်တွင် နီဗရက်စကကို အင်ဒီးယန်းများ၏သီးသန့်နယ်တစ်ခုအဖြစ် ပိုင်းခြားသတ်မှတ်ပေး၍ လူဖြူများ ဝင်ရောက်နေထိုင်ခြင်းကို တားမြစ်ထားခဲ့သည်။

သို့သော် ကာလီဖိုးနီးယားပြည်နယ်သို့ ရွှေအရှာသွားသူများသည် ယင်းနယ်ကို ဖြတ်သန်းသွားလာရင်း ဝင်ရောက်အခြေစိုက် နေထိုင်ခဲ့ကြ၏။ ထိုနောက် ၁၈၅၄ ခုတွင် အမေရိကန်ပြည်ထောင်စု ကွန်ဂရက်လွှတ်တော်မှ ကန်းဆပ်နီဗရက်စက အက်ဥပဒေတရပ်ထုတ်ပြန်ခဲ့၍၊ ထိုဥပဒေအရ နီဗရက်စကနယ်သည် လူဖြူများ ဝင်ရောက်အခြေစိုက်နေထိုင်နိုင်သောနယ်ပယ်ဖြစ်လာခဲ့လေသည်။ ထိုအခါမှစ၍ နယ်ပယ်အတွင်း ကျေးကျွန်စံနစ်ကို လက်ခံလိုသူများနှင့် လက်မခံလိုသူများ၏ နိုင်ငံရေးပဋိပက္ခမှ ပေါ်ပေါက်ခဲ့လေသည်။ ပြည်တွင်းစစ်ပွဲ ပြီးဆုံးသွားပြီးနောက်၊ ၂နှစ်ခန့်အကြာ ၁၈၆၇ခုတွင်၊ နီဗရက်စကနယ်ပယ်သည် အမေရိကန်ပြည်ထောင်စု၏ ၃၇ခုမြောက် ပြည်နယ်တစ်နယ်ဖြစ်လာလေသည်။ ယခင်က အိုမဟောကို မြို့တော်အဖြစ်ထားရှိခဲ့ရာမှ လင်ကွန်းမြို့ကို မြို့တော် အဖြစ်ပြောင်းရွှေ့သတ်မှတ်လိုက်သည်။ ထိုပြင် ပြည်နယ်ကို ဖြတ်လျက် ယူနီယန်ပစိဖိတ်မီးရထားလမ်းကြီးဖောက်လုပ်လိုက်ပြီးသည့် နောက်တွင်ကား နီဗရက်စကပြည်နယ်၏ လူဦးရေသည် လျင်မြန်စွာပင်တိုးတက်လာခဲ့၏။ ပဌမကမ္ဘာစစ်ကြီးအတွင်း၌ နီဗရက်စကပြည်နယ်သည် ပြည်ထောင်စုကြီးနှင့်မဟာမိတ်တို့အား လူအင်အားသာမကစားကုန်သောက်ကုန်ပစ္စည်းများကိုလည်း အမြောက်အမြားကူညီဖြည့်တင်းပေးနိုင်ခဲ့သည်။ စစ်ပြီးခေတ်နောက်ပိုင်း၌ နီဗရက်စကပြည်နယ်သည် များစွာကြီးပွားတိုးတက်လာခဲ့သည်။ လင်ကွန်းမြို့တော်တွင် အမေရိကန်ဗီသုကာပညာရပ်၏ လက်ရာအမြောက်ဆုံးဖြစ်သော "စတိတ်ကက်ပီတော" အဆောက်အအုံကြီးကို ဒေါ်လာတစ်ကုဋေ အကုန်ခံလျက် ဆောက်လုပ်ခဲ့၏။ ယင်းသည် အမေရိကန်ပြည်ထောင်စုနိုင်ငံတွင် အထင်ရှားဆုံးသောအဆောက်အအုံကြီး ၁၀ခုအနက် တစ်ခုအပါအဝင်ဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ နီဗရက်စကပြည်နယ်တွင် စက်မှုလက်မှုလုပ်ငန်း အကြီးအကျယ်ထွန်းကားလာခဲ့၏။ အိုမဟောတွင် လေယာဉ်ပျံများထုတ်လုပ်သော စက်ရုံကြီးတစ်ခု တည်ဆောက်ခဲ့၍၊ အခြားမြို့ကြီးများတွင်လည်း စစ်သုံးပစ္စည်းစက်ရုံများ တည်ဆောက်ခဲ့လေသည်။ ၁၉၅၀ ပြည့်လောက်မှအစပြု၍ ရေလွှမ်းမိုးခြင်းမှ တားဆီးရေး စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ရာ၊ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသည် ဆထက်ထမ်းပိုးတိုး၍ ထွန်းကားလာခဲ့လေသည်။ စက်မှုလက်မှုလုပ်ငန်းများလည်း ဆက်လက်တိုးတက်ထွန်းကားခဲ့၏။

နီဗာဒပြည်နယ် ။ ။နီဗာဒပြည်နယ်သည် အမေရိကန်ပြည်ထောင်စု၏ ဆဋ္ဌမအကြီးဆုံးပြည်နယ်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏အနောက်ပိုင်းပြည်နယ်စုတွင် ပါဝင်၍ "ဂရိတ်ဗေဆင်" ခေါ်ချိုင့်ဝှမ်းကြီးအတွင်း၌ တည်ရှိသည်။ နီးဗာဒပြည်နယ်၏ မြောက်ဘက်တွင် သြရီဂန်ပြည်နယ်နှင့် အိုက်ဒဟိုးပြည်နယ်တို့တည်ရှိ၍၊ အရှေ့ဘက်တွင် ယူတားပြည်နယ်နှင့် အယ်ရီဇိုးနားပြည်နယ်တို့ တည်ရှိပြီးလျှင်၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ကာလီဖိုးနီးယားပြည်နယ်တည်ရှိလေသည်။ ဆီယယ်ရာနီဗာဒတောင်တန်းသည် အနောက်ဘက် နယ်နိမိတ်သဖွယ် တည်ရှိနေရာ၊ အစဉ်သဖြင့် ဆီးနှင်းများ ဖုံးအုပ်နေသော ယင်း၏ တောင်ထွတ်များကိုအစွဲပြု၍ နီဗာဒဟု ခေါ်တွင်ခဲ့ခြင်းဖြစ်လေသည်။ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၁၁၀၅၄၀ မိုင် ဖြစ်၏။

နီဗာဒပြည်နယ်သည် ကျယ်ပြန့်သော်လည်း၊ လူဦးရေအားဖြင့် အနည်းဆုံး ပြည်နယ်ဖြစ်၏။ ၁၉၅၅ ခုနှစ်တွင် ခန့်မှန်းခြေ လူဦးရေမှာ ၂၂၅၀၀၀ ယောက်ဖြစ်သည်။

ကားဆင်စီတီသည် နီဗာ ဒပြည်နယ်၏မြို့တော်ဖြစ်၍၊ အမေရိကန်ပြည်ထောင်စု ပြည်နယ်မြို့တော်များတွင် လူဦးရေ အနည်ဆုံး ဖြစ်သည်။

နီးဗာဒပြည်နယ်သည် လွန်စွာလှပသော သဘာဝရှုခင်းသာများကြောင့်ကျော်ကြား၍ ခရီးသွားများဖြင့် စည်ကားလှ၏။ သွင်ပြင်အနေထားအားဖြင့် နီဗာဒပြည်နယ်တခုလုံးလိုလိုသည် ကျယ်ပြန့်ကြီးမားလှသော ကုန်းပြင်မြင့်ကြီးဖြစ်၍၊ အနောက်ဘက်ရှိ ဆီယယ်ရာနီဗာဒ တောင်တန်းနှင့် အရှေ့ဘက်ရှိမော်မန်၊ စနိတ်စသည့်တောင်တန်းများအကြားတွင် ထူးခြားသည့် တောင်ကုန်းပြန့်အကြီးအငယ် အရွယ်အစား အများအပြားနှင့် တောင်တန်းငယ်များရှိ၏။ ယင်းသည့်တောင်တန်းများအကြားရှိ အချို့သောချိုင့်ဝှမ်းများ၌ ရေအိုင်များဖြစ်ထွန်းနေလေသည်။ တောင်များမှ စီးဆင်းလာသောမြစ်ချောင်းများမှာလည်း များသောအားဖြင့် သမုဒ္ဒရာဘက်သို့ ထွက်ပေါက်မရဘဲ၊ ရေအိုင်ကြီးများအတွင်းသို့သာ စီးဆင်းရလေသည်။ နီဗာဒပြည်နယ်ရှိမြစ်များအနက်၊ ထင်ရှားသည့် ကော်လိုရာဒိုးမြစ်သည် အရှေ့တောင်ဘက်တွင် ပြည်နယ်ကို နယ်နိမိတ်သတ်မှတ်လျက် ပင်လယ်ဘက်သို့စီးဆင်းသွား၏။ ထိုမြစ်ပေါ်၌ အမေရိကန်ပြည်ထောင်စုတွင် အမြင့်ဆုံးဆည်

www.foreverspace.com.mm

နီဗားဒ ပြည်နယ်၏ မြို့တော် ကားဆင်စီတီမြို့ရှိ ကက်ပီတော အဆောက်အအုံ

ရိုးကြီးဖြစ်သောဟူးဗား သို့မဟုတ် ဗိုလဒါဆည်ရိုးကြီး တည်ရှိ၏။ ယင်းသည်မြေဧကတစ်သန်းကျော်ကို ရေသွင်းပေးသည့်အပြင်၊ လျှပ်စစ်မောတ်အားကိုလည်း ထုတ်လုပ်ပေးသည်။ ကာလီဖိုးနီးယားပြည်နယ်နှင့် နီဗားဒပြည်နယ်တို့၏နယ်စပ်တွင်ရှိသော တားဟိုးအိုင်ကြီးသည် အမေရိကန်ပြည်ထောင်စုတွင် အလှပဆုံးရေအိုင် ဖြစ်လေသည်။

နီဗားဒပြည်နယ်၏၊ ရာသီဥတုသည် ခြောက်သွေ့၍ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၉ လက်မခန့်သာ မိုးရွာသွန်းသည်။ နီဗားဒပြည်နယ်ရှိ တောင်တန်းများမှ ရွှေ၊ ဘော်နှင့် ကြေးနီစသည့် ဓာတ်သတ္တုများကို အမြောက်အမြား တူးဖော်ရရှိသည်။ ထိုကြောင့် နီဗားဒပြည်နယ်ကို "ဘော်နယ်" ဟူ၍လည်း အမည်ပေးကြသည်။ ၁၈၅၉ခုတွင် ကမ်းစတော့သတ္တုကြောကို စတင်တွေ့ရှိခဲ့သည်မှစ၍၊ နီဗားဒပြည်နယ်သည် အထူးကျော်ကြား ထင်ရှားလာခဲ့သည်။ ရွှေ၊ ဘော်နှင့်ကြေးနီအပြင်၊ မန်ဂနီ၊ ခဲ၊ သွပ်၊ ဂျစ်ပဆမ်၊ ပြဒါး၊ ခနောက်စိမ်း၊ ဗနေဒီယမ်၊ယူရေးနီးယမ်း၊ ခဲတူ စသည်တို့လည်း ထွက်၏။

ပြည်နယ်၏ အဓိကလုပ်ငန်းများမှာ သတ္တုတူးဖော်ခြင်းနှင့်သတ္တုချွတ်ခြင်းလုပ်ငန်းတို့အပြင် နွား၊ သိုး၊ မြင်းများမွေးမြူခြင်းလုပ်ငန်း၊ သစ်လုပ်ငန်းနှင့်လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းများဖြစ်သည်။ ယင်းလုပ်ငန်းများမှ ထွက်ကုန်များမှာ နွား၊ သိုး၊ သိုးမွေး၊ နို့ထွက်ပစ္စည်း၊ ကြက်နှင့် ကြက်ဥများ၊ ပျားရည်၊ လူးဆန်ပဲပင်၊ ဂျုံ၊ မြင်းစားဂျုံ အာလူး၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်တို့ ဖြစ်လေသည်။

၁၉၃၁ခုမှစ၍ ယင်းပြည်နယ်ရှိရိုမြို့တွင် လုပ်ငန်းသစ်တစ်ရပ်ပေါ်ပေါက်လာခဲ့သည်။ ထိုမြို့တွင် လင်ကွာမယားကွာမှုများကို လွယ်ကူစွာဆုံးဖြတ်ပေးခြင်းကြောင့်၊ အရပ်ရပ်မှအမှုသည်များဖြင့် စည်ကားလာသည်။ ထိုပြင် နီဗားဒပြည်နယ်သည် အမေရိကန်ပြည်ထောင်စုတွင် လောင်းကစားခြင်းကို အတိအလင်းခွင့်ပြုထားသော ပြည်နယ်တစ်ခုဖြစ်၍၊ အစိုးရသည် လောင်းကစားခွန်များကို ကောက်ယူလေ့ရှိသည်။ လားဗေးဂတ်မြို့မှာ လောင်းကစားခြင်းကို ကြီးကျယ်စွာပြုလုပ်သဖြင့် ကျော်ကြား၏။

နီဗားဒပြည်နယ်သို့ မျက်နှာဖြူလူမျိုးများ ဝင်ရောက်လာကြသော အချိန်၌ ယင်းသေတွင် ပွက်ဗလို အင်ဒီးယန်းများ နေထိုင်သွားခဲ့ကြသည့် လက္ခဏာများကိုတွေ့ရှိရလေသည်။ ထိုမျက်နှာဖြူများသည် သားမွေးကောင်များကို လိုက်လံဖမ်းဆီးသည့် မုဆိုးများနှင့် သားမွေးကုန်သည်များ ဖြစ်ကြ၏။ ထိုနောက်မှ နယ်သစ်ရှာဖွေနေကြသည့် ကပ္ပတိန်ဂျေဖရီးမန့်နှင့် လမ်းပြစကောက်လုပ်သူ ကစ်ကားဆင်တို့ရောက်ရှိလာခဲ့ကြသည်။ ၁၈၄၃ခုမှ ၁၈၄၅ခုအထိ ဖရီးမန့်သည် ကစ်ကားဆင်၏အကူအညီဖြင့်၊ ဂရိတ်ဗေဆင်နှင့် ဆီးယယ်ရာနီဗားဒတို့ကို လှည့်လည်စူးစမ်းရှာဖွေခဲ့လေသည်။ မူလကနီဗားဒနယ်ကို ယူတားနယ်၏အစိတ်အပိုင်း

www.foreverspace.com.mm

အဖြစ် ယူဆခဲ့၏။ မက္ကဆီကိုစစ်ပွဲကြီးအပြီး ၁၈၄၈ ခု တွင် အမေရိကန်ပြည်ထောင်စုနိုင်ငံသည် မက္ကဆီကို နိုင်ငံ ဟိ နီဗားဒနှင့်ယူးတား နှစ်နယ်စလုံးကိုရရှိလိုက်လေသည်။ ၁၈၄၉ခုနှ၌ ကားဆင်မြစ်ဝှမ်းတွင် ယခု ဂျီနိုးအာမြို့ တည်ရှိသည့်နေရာ၌ မော်မန်ဂိုဏ်းဝင် ဗီတီးဆိုသူသည် ပဌမဆုံး ကုန်သွယ်ဌာနတစ်ခုကို တည်ထောင်ခဲ့၏။ ထိုနောက် နှစ်အနည်းငယ်အတွင်းတွင် မော်မန်တို့သည် နယ်သစ်စခန်း အတော်များများ တည်ထောင်ခဲ့လေသည်။ ယင်းသို့ နယ်သစ်များစိုက်နေသည့် အချိန်ကာလအစတွင် ယခု နီဗားဒ ဟု ခေါ်တွင်နေသော နယ်ပယ်ဒေသကို မော်မန်တို့က ကြိုးကိုင်ခဲ့၏။ ၁၈၅၀ပြည့်နှစ်တွင် ယူးတားနယ်ကို နယ်ပယ်အဖြစ်စီစဉ် သတ်မှတ်လိုက်သောအခါ နီဗားဒနယ် အားလုံးလိုလိုကို ယူးတားနယ်တွင် သွတ်သွင်းခဲ့၏။ နီဗားဒနယ်အတွင်း နေထိုင်လျက်ရှိသော မော်မန်ဂိုဏ်းဝင် မဟုတ်သူများသည် ယူးတားပြည်နယ် အစိုးရက ယင်းတို့ကို ကာကွယ်စောင့်ရှောက်မပေးဟု ဆို၍၊ ၁၈၅၃ ခုနှစ်မှ အစပြု၍ ကာလီဖိုးနီးယားပြည်နယ်နှင့် ပူးပေါင်းပေးရန် တောင်းဆို ခဲ့သော်လည်း အချည်းနှီးဖြစ်ခဲ့လေသည်။

၁၈၅၉ခုတွင် မူလက ရွှေများတွေ့ရှိခဲ့ပြီးဖြစ်သော ကမ်း စတော့သတ္တုကြောတွင် ဘော်များ ထပ်မံတွေ့ရှိခဲ့ပြန်၏။ ထိုအခါ သတ္တုတူးသမားများ အမြောက်အမြား ဝင်ရောက်လာကြသည်။၁၈၆၁ခုနှစ်ရောက်လျှင် ထိုသို့ လာရောက်နေထိုင်သူ လွန်စွာများပြားလာရကား၊ နယ်ပယ်သစ် စီစဉ်သတ်မှတ်ပေးခဲ့ရလေသည်။ ထိုနယ်ပယ်သစ်ကို တဖြည်းဖြည်း ချဲ့လာခဲ့ရာ ၁၈၆၆ ခုနှစ်တွင် ယခုလက်ရှိ ပမာဏသို့ ရောက်ရှိခဲ့၏။ ၁၈၆၄ခု အောက်တိုဘာလ၃၁ ရက်နေ့တွင် နီဗားဒပြည်နယ်သည် အမေရိကန်ပြည်ထောင်စု၏ ပြည်နယ်တခုအဖြစ် အသိအမှတ်ပြုခြင်း ခံရလေသည်။ ပြည်နယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီးနောက်တွင် နီဗားဒပြည်နယ်၏ သမိုင်းသည် အဓိကအားဖြင့်၊ သတ္တုတွင်းများတူးဖော်လုပ်ကိုင်ခြင်း၊ လယ်ယာများ ရေသွင်းလုပ်ကိုင်ခြင်းနှင့် စက်မှုလက်မှုလုပ်ငန်းများထွန်းကားတိုးတက်လာခြင်းစသည်တို့နှင့်သာ သက်ဆိုင်နေလေသည်။ အဖိုးတန်ဓာတ်သတ္တုများဖြင့် ကြွယ်ဝသောနီဗားဒပြည်နယ်သည် လျင်မြန်စွာပင်တိုးတက်ဖွံ့ဖြိုးလာလေသည်။ ပဌမနှင့် ဒုတိယကမ္ဘာစစ်ကြီးများအတွင်းက နီဗားဒပြည်နယ်မှထွက်သော ကြေးနီ၊ မက်ဂနီဆိုက်နှင့် မန်ဂနိတို့ကို အနုတ်အသိမ်း လွန်စွာများပြားခဲ့သဖြင့်၊ လာဗေးဂတ်၊ ဗိုလဒါစီတီစသည့်မြို့ကြီးများ လျင်မြန်စွာတိုးတက်ကြီးပွားလာခဲ့လေသည်။ ယခင်က စိုက်ပျိုးမဖြစ်သောလယ်မြေများကို စိုက်ပျိုးလုပ်ကိုင်နိုင်အောင် ဆောင်ရွက်နေသည့် လုပ်ငန်းမှာလည်း၊ အကြီးအကျယ် အောင်မြင်လျက်ရှိလေသည်။ ၁၉၅၀ပြည့်နှစ်လွန်နှစ်များအတွင်းက လာဗေးဂတ်မြို့၏အနောက်မြောက်ဘက် မိုင်ဖဝခန့်အကွာရှိ အမေရိကန်အဏုမြူစွမ်းအင်ကော်မစ်ရှင်က သတ်မှတ်ပေးထားခဲ့သော စမ်းသပ်စခန်းတွင် အဏုမြူဗုံးများကို စမ်းသပ်ဖောက်ခွဲကြည့်ခဲ့လေသည်။ ၁၉၅၄ခုတွင် ပြည်နယ်တွင်း၌ ရေနံတွင်းကို ပဌမဦးဆုံး စတင်တူးဖော်ခဲ့လေသည်။

နီယွန်။ ။နီယွန်သည် ဒြပ်စင်ဓာတ်ငွေ့ဖြစ်၏။ လေထဲ၌ နီယွန်အနည်းငယ်ရှိ၏။ လေအပုံတစ်သန်းတွင် နီယွန်တစ်ဆယ့်ရှစ်ပုံမျှသာပါရှိသည်။ နီယွန်ကို ၁၈၉၈ခုတွင် အင်္ဂလိပ်လူမျိုးဓာတုဗေဒပညာရှင်ကြီး ဆာဝီလျံရမ္ဘဆေးက လေတွင်ပါရှိသည့် ဓာတ်ငွေ့များကိုစုံစမ်းစစ်ဆေးနေစဉ်



နီယွန်မီးရောင်သည် အေး၍ အလင်းဖြာပုံ ညီညာသဖြင့် စက်ရုံများတွင် စက်ရုံများတွင် ဤသို့အသုံးပြုလျက် ရှိကြပေပြီ။

www.foreverspace.com.mm

နီယွန်ကို စတင်တွေ့ရှိခဲ့သူ ဆာ ဝီလျံ ရမ္ဘဆေး

တွေ့ရှိခဲ့သည်။ နီယွန်သည် အားဝွန်၊ ကရစ်ပတွန်၊ ဇီနွန်နှင့် ဟီလီယမ်တို့ကဲ့သို့ အစွမ်းမဲ့ဓာတ်ငွေ့အစုတွင်ပါဝင်သည်။

နီယွန်ကို ပြွန်ချောင်းတွင်ထည့်၍ လျှပ်စစ်ဖြင့် ထိန်လင်းအောင်ပြုလုပ်ယူနိုင်သည်။ ယခုအခါ နီယွန်မီးကို လေဆိပ်များတွင် အချက်ပြမီးအဖြစ်လည်းကောင်း၊ ကုန်ရောင်းဝယ်ရာတွင်ကြော်ငြာအဖြစ်လည်းကောင်း အသုံးပြုကြသည်။ နီယွန်မီးချောင်းသည် အလွန်တောက်ပသောကြောင့် နေ့ညအသုံးပြုနိုင်သည်။ နီယွန်၏သာမာန်အရောင်မှာ ကြက်သွေးရောင်ဖြစ်၏။ နီယွန်တွင် ပြဒါးအနည်းငယ်ရောထည့်ပေးလျှင် အလွန်တောက်ပသော အပြာရောင်ဖြစ်လာသည်။ နီယွန်မီးချောင်းဖန်သား၌ အရောင်အမျိုးမျိုးထည့်သွင်းပေးသောအခါ နီယွန်မီးရောင်အမျိုးမျိုးကို ရသည်။

နီယွန်မီးချောင်း ပြုလုပ်ယူရာတွင် ဖန်ပြွန်ထဲမှ လေကို ထုတ်ပြီးလျှင် နီယွန်ကိုသွင်းပေးသည်။ ထိုနောက် ပြွန်ထဲသို့ လျှပ်စစ်လွှတ်ပေးသော အခါ၊ အလွန်တောက်၍ မီးလိုနီသော အလင်းရောင်ထွက်လာသည်။ နီယွန်မီးချောင်းတွင် သာမန်လျှပ်စစ်မီးလုံးမှာကဲ့သို့ မီးစာဟူ၍မရှိချေ။ သို့သော် ပြွန်ထဲတွင် အီလက်ထရက် (ဓာတ်ခေါင်း)နှစ်ခုပါရှိသည်။ ထိုအီလက်ထရက်နှစ်ခုကြားတွင် ဓာတ်ငွေ့သည်လင်း၍၊ မီးရောင်တန်းကြီးဖြစ်ပေါ်သည်။

နီယွန်သည် အလွန်အဖိုး တန်၏။ နီယွန်အနည်းငယ်မှ အလင်းရောင်များစွာရရှိနိုင်သဖြင့် မီးချောင်းတွင် နီယွန် အနည်းငယ်သာ ထည့်ပေးရန်လိုသည်။ နီယွန်ကို လေထဲမှ ထုတ်ယူလိုသောအခါ လေကို စင်တီဂရိတ် –၂၀၀° အထိ အအေးခံပြီးနောက် အရည်လုပ်ယူရသည်။ နီယွန်၏ဆူမှတ်မှာ စင်တီဂရိတ် –၂၄၆ ° ဖြစ်သောကြောင့် လေအရည်ဖြစ်သွားသော်လည်း နီယွန်သည် အရည်မဖြစ်ဘဲ၊ ဓာတ်ငွေ့အဖြစ်ပင်ရှိသည်။ နီယွန်ကို ၁ကွတ်ဝင်ဘူးပါးပါးတွင်ထည့်၍ ရောင်းချလေ့ရှိသည်။ ဘူးတဘူးတွင် ပါရှိသောဓာတ်ငွေ့သည် နီယွန်မီးချောင်းပေ ၂၀၀မှ ၃၀၀ အထိပြုလုပ်ရန်လုံလောက်သည်။ (ဓာတ်မီးထွန်းခြင်း–ရှု။)

လေဆိပ်တွင် နီယွန်မီးချောင်းများကို အချက်ပြအဖြစ်ဖြင့်အသုံးပြုခြင်းမှာ နီယွန်မီးရောင်သည် နှင်းကို ဖောက်ထွင်းနိုင်သောကြောင့် ဖြစ်သည်။ အခြားမီးရောင်များကို မမြင်နိုင်သောအချိန်တွင် နီယွန်မီးရောင်ကို မိုင် ၂၀ အကွာ အဝေးမှ မြင်နိုင်သည်။

နီးဂရိုး ॥ ॥ ကပ္ပလီလူမျိုး–ရှ ॥

နီးစမြို့॥ ॥နီးစမြို့သည် မြေထဲပင်လယ်ကမ်းခြေရှိ ပြင်သစ်နှင့်ကွာတလီနယ်စပ်အနီးမှ ပြင်သစ်ပိုင်မြို့တစ်မြို့ ဖြစ်သည်။ အလွန်လှပတင့်တယ်သောမြို့အဖြစ် ကျော်စောမှု။ ထိုမြို့ကို မြို့သစ်၊ မြို့ဟောင်းနှင့် ဆိပ်ကမ်းမြို့ဟူ၍ သုံးပိုင်းခွဲခြားထားသည်။ ဘုရားရှိခိုးကျောင်း၊ ပြတိုက်၊ မျှော်စင်နှင့် ပိဋကတ်တိုက်တစ်ခုရှိ၏။ နိုင်ငံခြားသို့ သံလွင်ဆီများ တင်ပို့ရောင်းချပြီးလျှင်၊ အမ္ပေးအကြိုင်လုပ်ငန်း၊ ဆပ်ပြာလုပ်ငန်း၊ သားရေနယ်လုပ်ငန်းနှင့် အိမ်ထောင် ပရိဘောဂ

ဥတုသပ္ပါယမျှတသဖြင့် ဆောင်းရာသီစခန်းအဖြစ် ထင်ရှားသည့် နီးစမြို့

www.forewordspace.com.mm

လုပ်ငန်းခွင်ကို လုပ်ကိုင်ကြသည်။ ဥတုသပ္ပါယ် မျှတသဖြင့် ဆောင်းအခါတွင် လူအများ သွားရောက်လည်ပတ်သောနေရာဖြစ်သည်။ လူဦးရေမှာ ၂၄၄၄၀၀၀ ကျော်ခန့်ရှိသည်။ ဤမြို့သည်မကြာခဏ ငလျင်လှုပ်တတ်သော မြို့ဖြစ်၏။ နီးစမြို့ဟု အမည်ပေးခဲ့သူများမှာ ဂရိလူမျိုးများဖြစ်သည်။ ဂရိတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ခန့်ကပင်လျှင် ဤမြို့ကို ရှေးဦးစွာလာရောက် တည်ထောင်နေထိုင်ကြသည်။ ဘီစီ ၂ ရာစုနှစ်အတွင်းက၊ ရောမတို့၏လက်အောက်ခံဖြစ်ခဲ့ဖူး၏။ ဆာရဆင်ခေါ် အာရပ်လူမျိုးများ၊ တူရကီများတို့၏လက်အောက်သို့ ကျရောက်ခဲ့ဖူးရာ များစွာ ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံခဲ့ရဘူး၏။ ၁၈၆၀ ပြည့်နှစ်တွင် ဣတလီကို ကူညီရသည့်အတွက် ဤမြို့ကို ပြင်သစ်တို့က ရလိုက်သည်။

နီဗလွန်း။ ။နီဗလွန်းဟူသည်မှာ ခရစ် ၁၂၀၀ပြည့်နှစ်လောက်က ထွန်းကားသောဂျာမန် အက်ပစ်ကဗျာဖြစ်သည်။ ထိုကဗျာသည် ပင်ရင်းဌာနဖြစ်သော ဂျာမန်လူမျိုးတို့ ပေါက်ဖွားရာဒေသ၌သာ ကျော်ကြားသည်မဟုတ်၊ ကမ္ဘာတစ်ဝှန်းလုံး၌ ကျော်ကြားသည်။ ပုံစံအားဖြင့် မဟာဘာရတနှင့်ရာမာယနလင်္ကာတို့သည် အိန္ဒိယ၌သာကျော်ကြားသော ကဗျာလင်္ကာများမဟုတ်၊ ကမ္ဘာတစ်ဝှန်းလုံး ကျော်ကြားသော ကဗျာလင်္ကာများ ဖြစ်သည့်နည်းတူ နီဗလွန်းဟူခေါ်သော ရှေးဂျာမန် လူမျိုးတစ်မျိုး၏ ကဗျာများသည် တကမ္ဘာလုံးသို့ ပျံ့နှံ့သွားသောကဗျာများ ဖြစ်သည်။ မူလကထိုကဗျာတို့သည် နီးဗလွန်းလူမျိုးတို့ သီဆိုကြသော တေးဂီတမျှသာဖြစ်သည်။ နောင်လူတို့က ထိုသီဆိုသော တေးဂီတတို့ကိုစုပေါင်းကာ ကျမ်းတစ်ကျမ်းအဖြစ် ပြုစုထုတ်ဝေသည်မှစ၍၊ နီးဗလွန်းအက်ပစ်ကဗျာများသည် တစ်ကမ္ဘာလုံးက နှစ်သက်သောကဗျာများ ဖြစ်လာသည်။ ထိုကဗျာတို့တွင် ရေးသားထားသောအကြောင်းတို့မှာ နီးဗလွန်းလူမျိုးတို့၏ ဘုရင်ဖြစ်သော ဆိဖရိအကြောင်း ဖြစ်သည်။(ဆိဖရိ–ရှု။)

နီးရိုး(ခရစ် ၃၇–၆၈)။ ။ဆိုးညစ်ကြမ်းကြုတ်သော အရာတွင် ရောမနိုင်ငံသမိုင်း၌သာမက ကမ္ဘာ့သမိုင်း၌ပါ ပြိုင်ဖက်မရှိနာမည်ကြီးသောဘုရင်သည် နီးရိုးဘုရင်ဖြစ်သည်။ သူတစ်ပါးအတိဒုက္ခရောက်မှသာ မိမိ၌ စိတ်ပျော်ရွှင်ဖွယ်ရာဖြစ်သည်ဟူသောသဘောမျိုးကြောင့် နီးရိုးဘုရင်သည် ရောမမြို့ကြီးမီးဟုန်းဟုန်းတောက်လောင်စဉ်၊ စောင်းတီးလျက်နေသည်ဟု အစွပ်စွဲခံရကာ၊ ထိုစွပ်စွဲစကားသည်လည်း သမိုင်းတစ်လျှောက်၌ စကားပုံတစ်ခုအနေဖြင့် ဥဒါန်းတွင်ရစ်လေသည်။ နီးရိုးသည် အဟိနိုဗာဗပ်နှင့် အဂရစ်ပါတို့ နှစ်ဦးသင့်ရာမှ ဖွားမြင်သောသားဖြစ်၍၊ ငယ်နာမည်မှာ လူရှပ်ဒိုမစ်ရှပ် အဟီနိုဗာဗပ်ဖြစ်၏။ အဂရစ်ပါသည် ပဌမလင်ယောက်ျားကွယ်လွန်လေသော်၊ ကလောဒီးယပ်ဘုရင်မင်းမြတ်နှင့်သင့်မြတ်လေသည်။ အဂရစ်ပါသည် လောဘရမ္ဘက်အလွန်ကြီးသောမိန်းမဖြစ်သည့် အလျောက် သူ၏သားဖြစ်သူလူရှပ် အထွတ်အထိပ်သို့ ရောက်ရန် အမြဲကြံစည်လေ့ရှိသည်။ ဦးစွာ၌ ကလောဒီးယပ်ဧကရာဇ်ဘုရင်သည် မိဖုရား၌ပါသောသားလူရှပ်ကို ထီးမွေနန်းမွေခံအဖြစ်မွေးစား၍ နီးရိုးဟူသောအမည်ကို ပေးလေသည်။ ကလောဒီးယပ် ကွယ်လွန်သောအခါ၊ ကလောဒီးယပ်၏သား ဗြိတန္ဓိကပ်သည် ထီးမွေနန်းမွေကို မဆက်ခံရဘဲ နီးရိုးသာလျှင် ထီးနန်းဆက်ခံသည်။ ထီးနန်းဆက်ခံစက နီးရိုးသည် သူ၏ငယ်ဆရာဖြစ်သူ ဆီနီကာ၏ အဆုံးအမ၌တည်သဖြင့် တိုင်းသူပြည်သားတို့သည် သူ၏ မူလပဋိသန္ဓေစိတ်ကို ကောင်းစွာမသိကြချေ။ သို့သော် နောင်အခါ၌ နီးရိုး၏ယုတ်မာဆိုးညစ်မှုတို့သည် တစ်စတစ်စပေါ်လာလေသည်။ ဦးစွာ၌ နီးရိုးသည် သူနှင့် ထီးမွေနန်းမွေလုဖက်ဖြစ်သူ ဗြိတန္ဓိကပ်ကို အဆိပ်ကျွေး၍ သုတ်သင်လေသည်။ ထိုနောက် မင်းအဖြစ်ရရန် ကြံဆောင်ပေးခဲ့သောသူ၏မိခင်အဂရစ်ပါကို ကွပ်မျက်လေသည်။ ထိုနောက် သူ၏မိဖုရားဖြစ်သော အောက်တေးဗီးယားကို သတ်၍၊ ပေါ့ပီးယားဆဗိုင်နာကို မိဖုရားအရာပေးသည်။ ထိုနောက် ဆဗိုင်နာကိုသတ်၍ တတိယမိဖုရား တင်မြှောက်ရန်ကြံစည်ရာ၊ ကာယကံရှင်က သူ၏အလိုကို မလိုက်သဖြင့် ထိုအလိုမလိုက်သူမိန်းမကို ကွပ်မျက်ပြန်သည်။ ထိုနောက် လင်ရှိမယားတစ်ဦးကို မိဖုရားတင်မြှောက်ရန်အလို့ငှါ သူ၏လင်ကိုသတ်လေသည်။ ဤကဲ့သို့ စာရိတ္တပျက်ပြားဆိုးသွမ်းလာသည်ကို သူ၏ငယ်ဆရာ ဆီနီကာက ရိပ်မိလေသော် သူ၏အပြစ်တို့ကို ဖုံးဖိရန် အလို့ငှါ နီးရိုးသည် ထိုငယ်ဆရာကိုပင် ဖျောက်ဖျက်ပြန်၏။ ခဏခဏ လူသတ်ဖန်များလတ်သော် နီးရိုးဘုရင်သည် သူ၏ပတ်ဝန်းကျင်၌ မြင်မြင်သမျှသော သူတို့ကို စိတ်မချမယုံကြည်ရှိလာလေသည်။ ထိုကြောင့် စိတ်မထင်တိုင်း သေဒဏ်ပေးလေ့ရှိသဖြင့် အပြစ်မဲ့သောတိုင်းသူပြည်သားများစွာတို့ ပျက်စီးရလေသည်။

ခရစ် ၆၁ ခုနှစ်တွင် ဗိုအဲဒီဆီးယာဘုရင်မသည် ဗြိတိန်ပြည်မှနေ၍ ရောမပြည်တို့ ပုန်ကန်ခြားနားသည်။ ၆ခုတွင် ရောမမြို့တွင် မီးအကြီးအကျယ်လောင်လေသည်။ ထိုမီးသည် ရက်ပေါင်းများစွာ ဆက်လက်လောင်ကျွမ်းသဖြင့် မြို့၏ ၃ ပုံ ၂ပုံခန့်သည် ပြာကျခဲ့သည်။ သို့ရာတွင် နီးရိုးဘုရင်သည် တိုင်းသူပြည်သားတို့၏ ဒုက္ခကို လျစ်လျူရှုခဲ့သဖြင့် လူအများက နီးရိုးသည် ရောမမြို့ကြီးမီးလောင်

www.foreverspace.com.mm

ရောမမြို့ကြီး မီးလောင်ပြီးနောက် နီးရိုးဘုရင် လှည့်လည်ကြည့်ရှုစဉ်

နေစဉ်၊ သူ၏စောင်းကိုတီးကာ ဖြေဖျော်နေသည်ဟု စွပ်စွဲကြသည်။ ထိုအဖြစ်ကိုရည်၍ ရောမမြို့ကြီး မီးလောင်စဉ် တယောထိုးသည် ဟူသော စကားပုံတွင်လေသည်။ စင်စစ်တိုင်းသူပြည်သားတို့က နီးရိုးကိုယ်တိုင် မြို့ကို မီးရှို့ရန် အမိန့်ပေးသည်ဟု စွပ်စွဲသည်။ သို့သော် အထက်ဖော်ပြပါ စွပ်စွဲချက်တို့မှန်ကန်ကြောင်း သမိုင်းအထောက်အထား သာဓကများမရှိသဖြင့် ယင်းစကားတို့ကို သမိုင်းဆရာတို့က ဒဏ္ဍာရီပုံပြင်ပမာတမျှ သဘောထားကြသည်။ နီးရိုးကားရောမမြို့ကို မီးရှို့သူတို့မှာ ခရစ်ယာန်များသာ ဖြစ်သည်ဟု စွပ်စွဲပြီးလျှင် ခရစ်ယာန်တို့ကို နှိပ်ကွပ်လေသည်။ ခရစ် ၆၈ ခုနှစ်တွင် စပိန်ပြည်တွင် ချထားသော နီးရိုး၏စစ်တပ်သည် ပုန်ကန်ထကြွလေသည်။ ထိုပုန်ကန်မှုသည် စပိန်ပြည်မှ ရောမနေပြည်တော်သို့ ကူးစက်လာလေရာ နီးရိုးဘုရင်လည်း ရောမမြို့ကိုစွန့်လွှတ်၍ ထွက်ပြေးလေသည်။ နီးရိုးကို ပုန်ကန်သူတပ်သားတို့က လိုက်လံဖမ်းဆီးရာ မိအုံ့ဆဲဆဲတွင် နီးရိုးဘုရင်လည်း မိမိကိုယ်ကိုမိမိ အဆုံးစီရင်လေသည်။ ရောမမြို့သူမြို့သားတို့က နီးရိုးဘုရင်၏ ပြုမူချက်တို့ကို များစွာမနှစ်မြို့သဖြင့်၊ ထိုဘုရင်၏ အမည်ကို သမိုင်းမှတ်တမ်းတို့မှ ပယ်ဖျက်၍၊ ထိုဘုရင်နှင့် စပ်လျဉ်းသော ရုပ်တုများနှင့် ထိုဘုရင်ဆောက်လုပ်ခဲ့သော နန်းတော်အဆောက်အအုံများကို ဖျက်ဆီးပစ်ကြသည်။

နု၊ဦး၊သဘင်ဝန်(ခရစ်၁၈၇၄ခန့်–၁၉၅၃)။ ။မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး၏ နာယကလူကြီးဖြစ်သော စာရေးဆရာကြီး ဦးနုကို မည်သည့်မြို့ရွာ၌ မွေးဖွားသည်ဟု အတိအကျ မသိရသော်လည်း ငယ်စဉ်ကစ၍ ညောင်တုန်းမြို့၌ နေထိုင်ခဲ့ကြောင်း ကိုကားသိရသည်။ ဦးနု၏မိဖများ သည် ညောင်တုန်းမြို့ ဈေးအတွင်း၌ ကုန်သေးဆိုင်ပိုင်ရှင် များဖြစ်သည်။ သို့ရာတွင် တစ်ဦးတည်းသောသား ဦးနုအား မိဖတို့က အလွန်အလိုလိုက်သဖြင့် မိဖတို့၏ အရောင်းအဝယ်ကိစ္စတွင် စိတ်ဝင်စားစွာ လုပ်ကိုင်ခြင်း မရှိခဲ့ချေ။

ညောင်တုန်းမြို့သည် ထက်အောက်ကုန်များ ဖလှယ်ရောင်းချရာ သင်္ဘောဆိပ်ကမ်းမြို့ကြီးဖြစ်သဖြင့် လူပေါင်းစုံ ဝင်ထွက်သွားလာလျက်ရှိရာ အထူးသဖြင့် ဇာတ်သဘင်ပညာသည်အပေါင်းတို့ ဆုံတွေ့ရာမြို့ဖြစ်သည်။ အရောင်းအဝယ်လုပ်ငန်းတွင် ဝါသနာမပါသောဦးနုသည် ဇာတ်သဘင်ပညာသည်များနှင့် အကျွမ်းဝင်ကာ သဘင်ပညာကို လေ့လာယင်းနှင့် အချိန်ကုန်ခဲ့သည်။ ငယ်စဉ်ကပင် မြေဝိုင်းမင်းသမီး မင်းသားကြီးများနှင့် ခင်မင်ခဲ့သည်။ နာမည်ကျော် ဇာတ်မင်းသားကြီးများဖြစ်သောဦးဘိုးစိန်၊ ဦးစိန်ကတုံး၊ ယောက်ျားမင်းသမီးကြီးအောင်ဗလတို့နှင့်လည်း အလွန်ရင်းနှီးသည်။ ဦးစိန်ကတုံး၏ ဇာတ်အဖွဲ့တွင် ဇာတ်စာရေးဆရာအဖြစ် နှစ်ပေါင်းအတော်ကြာလုပ်ကိုင်ခဲ့ဘူးသည်။ မိဖများကွယ်လွန်သောအခါ မိဖလက်ငုတ်လက်ရင်းဖြစ်သောကုန်သေးဆိုင်အလုပ်ကို ဆက်လုပ်ကိုင်သည်။ သို့ရာတွင်အရောင်းအဝယ်၌ စိတ်မဝင်စား ကျွမ်းလည်းမကျွမ်းကျင်သဖြင့် တဖြည်းဖြည်းလုံးပါးပါးကာ ဆိုင်ဖြုတ်

www.foreverspace.com.mm

သဘင်ဝန်ဦးနု

လိုက်ရသည်။ ရွှေငွေရတနာဆိုင်ကိုဖွင့်၍လည်း ရောင်းချ ဖူးသည်။

ဦးနုသည် ဗဟုသုတအလွန်ကြွယ်ဝသူဖြစ်သဖြင့် စကား ဆန်းများကိုလည်းကောင်း၊ အတွေ့အကြုံထူးများကို လည်း ကောင်းပြောပြလေ့ရှိသည်။ပါဠိဘာသာကို မကျွမ်းကျင် သော်လည်း မြန်မာစာပေ၌နှံ့စပ်သည်။ ကဗျာဂီတများကို ရေးသားလေ့ရှိသည်။အထူးသဖြင့် သဘင်နှင့်စပ်လျဉ်းသော ဆောင်းပါးဇာတ်လမ်းနှင့် ပေါ်ရာဏာကျမ်းများကို ရေးသား ခဲ့သည်။ဒုတိယကမ္ဘာစစ်မတိုင်မီခေတ်က သူရိယမဂ္ဂဇင်း တွင် သဘင်ဝန်ဟူသောကလောင်အမည်ဖြင့် ရှေးမြန်မာ သဘင်များအကြောင်း၊ရုပ်သေးပွဲများအကြောင်းကို ရေးသားခဲ့၏။ အခြားမဂ္ဂဇင်းစာစောင်များ၌လည်း သဘင် ဝန်ဟူသောကလောင်အမည်ဖြင့် ဇာတ်သဘင်များအ ကြောင်းရေးသားရာ အထူးပင် နာမည်ကျော်လာသည်။ ထိုအချိန်မှစ၍ ဦးနုအား သဘင်ဝန်ဟု ဝိသေသထား၍ ခေါ်ကြသည်။

သဘင်ဝန်ဦးနုသည် အရပ်မနိမ့်မမြင့် မပိန်လွန်းမဝလွန်း ဖြစ်သည်။ ဝတ်ဆင်ပုံ ရှေးဆန်သည်။ ပင်နီနှင့် ယောပုဆိုး ကို ဝတ်ဆင်လေ့ရှိသည်။ ရိုးရိုးနေ၍ စိတ်ဖြောင့်သည်။ အလွန်လည်းစိတ်မြန်သည်။ ရှင်းရှင်းနှင့်ဘွင်းဘွင်း ထုတ် ပြောတတ်သည်။ သူ့စိတ်နှင့်တွေ့သူ ခပ်ရှားရှားဖြစ်သည်။ စိတ်နှင့်မတွေ့တိုင်းလည်း အားနာသည်ဟူ၍ မရှိဘဲ ဖြောင်ပြောတတ်သည်။ ဆရာကြီးသည် လေ့ခွက်ချည့် ဆန်မည်၊ အလံမလဲသူဖြစ်သည်။ ယင်းသို့ စာပေစိတ် စာပေမာန်ရှိသော ဆရာကြီးအား စာပေမြတ်နိုးသူများက လေးစားကြည်ညိုကြသည်။ ပြုစုကျွေးမွေးကြသည်။ သည်းခံကြသည်။ ဆရာကြီး၏ စာပေတို့သည် ဗဟုသုတ ကြွယ်သည်။ အရေးအသားသည် ဖျတ်လတ် ညက်ညော သည်။ ရှင်းလင်းသည်။ တိကျသည်။

ဦးနုတွင် အိမ်ထောင် ငါးဆက်ရှိခဲ့ဖူးသည်ဟု ဆိုသည်။ သို့ရာတွင် ဦးနု၏ စိတ်မြန်မှုကြောင့် မည်သည့်ဇနီးနှင့်မျှ အိမ်ထောင်သက်ရှည်ရှည် မပေါင်းခဲ့ရဘူးချေ။ သား ထောက်မြေးခံဟူ၍ မရှိ၊ ပစ္စည်းမရှိသည့်ဘဝသို့ ရောက်ခဲ့ ရသည်။သို့ရာတွင် ဦးနု၏ စာပေဂုဏ်ကြောင့် စာရေးဆရာ၊ ပန်းချီဆရာတို့သည်ဦးနု၏မှီခိုရာဖြစ်ခဲ့ရသည်။ကွယ်လွန်သူ ကာတွန်းဝိဇ္ဇာကြီးဦးဘချမ်းကား ဦးနု၏အကြီးဆုံးအားကိုး ရာဖြစ်သည်။ ဦးနုမကျန်းမာ၍ ဆေးရုံတက်ရသည့်အခါ မြန်မာနိုင်ငံစာရေးဆရာအသင်းက ဆေးဖိုးဝါးခ အကုန် အကျခံခဲ့သည်။သေသည်အထိ ဇွဲနှင့်မာနကိုမလျှော့ခဲ့သော ဦးနုသည် ၁၉၅၃ ခုနှစ် မတ်လ ၆ ရက်နေ့တွင် နှင်းဆီကုန်း လူအိုရုံ၌ ကွယ်လွန်သွားလေသည်။

မြန်မာ့လွတ်လပ်ရေးစာချုပ်

မြန်မာနိုင်ငံ လွတ်လပ်ရေးသမိုင်းတွင် နု–အက်တလီစာချုပ်သည် အထူးအရေးပါသော စာချုပ်ဖြစ်သည်။ ထိုစာချုပ် တွင် ဗြိတိသျှ အစိုးရက မြန်မာနိုင်ငံကို အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် အာဏာလွှဲပြောင်း ပေးရာ၌ ပေါ်ပေါက်လာမည့် ပြောင်းလဲမှုကိစ္စများအတွက် လိုအပ်သော အစီအစဉ်များကို ပြဋ္ဌာန်းထားသည်။ ထို ကြောင့် ထိုစာချုပ်သည် ၁၉၄၇ခုနှစ် အင်္ဂလိပ်မြန်မာ စာချုပ်ဟူ၍လည်းကောင်း၊ မြန်မာ့လွတ်လပ်ရေး စာချုပ်ဟူ၍ လည်းကောင်းခေါ်တွင်လေသည်။

နု–အက်တလီစာချုပ် ။ ။ နု–ဆက်တလီစာချုပ်သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရက မြန်မာနိုင်ငံ ယာယီအစိုးရအား အာဏာလွှဲပြောင်းပေး အပ်သောစာချုပ်ဖြစ်သည်။ ထိုစာချုပ်ကို ၁၉၄၇ခု အောက် တိုဘာ ၁၇ရက်နေ့တွင် အင်္ဂလန်ပြည်လန်ဒန်မြို့တော် ၌ ဗြိတိသျှအစိုးရကိုယ်စား နန်းရင်းဝန် ကလီမင့်ရစ်

www.facebookspace.com.mm

ချတ်အက်တလီနှင့် မြန်မာနိုင်ငံယာယီအစိုးရကိုယ်စား ဝန်ကြီးချုပ်တို့ နှစ်ဦးသဘောတူ ချုပ်ဆိုရ လက်မှတ် ရေးထိုးကြသည်။ ထိုစာချုပ်သည် ၁၉၄၇ ခု အင်္ဂလိပ် မြန်မာစာချုပ်ဟူ၍လည်းတွင်သည်။ မြန်မာ့လွတ်လပ်ရေးစာချုပ်ဟူ၍လည်း တွင်သည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၁ရက်နေ့တွင် ဗြိတိသျှအောက်လွတ်တော်၌ ဗြိတိသျှနန်းရင်းဝန် ကလီမင့်ရစ်ချတ်အက်တလီသည် မြန်မာပြည်အား အာဏာလွှဲပြောင်း ပေးအပ်ရေးကိုဆွေးနွေးရန်၊ မြန်မာနိုင်ငံမှကိုယ်စားလှယ်အဖွဲ့ ၁ဖွဲ့ကို ဖိတ်ခေါ်ခဲ့လေသည်။ ထိုဖိတ်ခေါ်ချက်အရ ဘုရင်ခံ၏အလုပ်အမှုဆောင်ကောင်စီအဖွဲ့ဒုတိယဥက္ကဋ္ဌနှင့် ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံကိုယ်စားလှယ်တော်အဖွဲ့ ခေါင်းဆောင်အဖြစ်ဖြင့်၊ လန်ဒန်မြို့တော်သို့ သွားရောက်၍၊ ဗြိတိသျှအစိုးရနှင့် ဆွေးနွေးခဲ့လေသည်။ ထိုဆွေးနွေးပွဲများအပြီးတွင် ၁၉၄၇ ခု ဧနှစ်၀ါရီ၂၇ ရက် နေ့၌၊ ဗြိတိန်နိုင်ငံဘုရင်မင်းမြတ်အစိုးရနှင့် မြန်မာနိုင်ငံ ဘုရင်ခံ၏အမှုဆောင်ကောင်စီမှ ကိုယ်စားလှယ်တော်တို့ ဆွေးနွေးတိုင်ပင်ရာမှ ရရှိခဲ့သောအဆုံးသတ်ချက်များ ပါ၀င်သည့် အောင်ဆန်း–အက်တလီစာချုပ်ကို ဒေါင်းနင်းလမ်းအမှတ်၁၀တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် နန်းရင်းဝန် အက်တလီတို့သည် လက်မှတ်ရေးထိုးခဲ့ကြလေသည်။(အောင်ဆန်းအက်တလီစာချုပ်–ရှု။) ထိုစာချုပ်အရ မြန်မာနိုင်ငံ၏လွတ်လပ်ရေးသည် ထိုစာချုပ်ချုပ်ဆိုပြီးနောက် တစ်နှစ်အတွင်း အကောင်အထည်ပေါ်လာရမည်ဖြစ်သောကြောင့်၊ လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ၁၉၄၇ခု စက်တင်ဘာ ၄ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်သည် အတည်ပြုပြဋ္ဌာန်း ခဲ့လေသည်။ (တိုင်းပြုပြည်ပြုလွှတ်တော်–ရှု။)

ထိုအချိန်တွင် အောင်ဆန်းအက်တလီစာချုပ်အရ မြန်မာနိုင်ငံအား အာဏာလွှဲပြောင်းပေးအပ်ရန်ကိစ္စကို ဆောင်ရွက်ရန်ရှိသောကြောင့် တိုင်းပြည်ပြုလွှတ်တော်သည် မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နုအား ဗြိတိသျှနိုင်ငံက အာဏာလွှဲပြောင်းပေးရာမှ ဖြစ်ပေါ် လာအပ်သော နိုင်ငံတော်စာချုပ်များနှင့် စပ်လျဉ်း၍ အရေးအခွင့်အာဏာပိုင် အဖြစ်ဖြင့်ခန့်အပ်လေသည်။ ထိုသို့ခန့်အပ်ခြင်းခံရ၍ ဝန်ကြီးချုပ်သခင်နုသည် ၁၉၄၇ ခု အောက်တိုဘာအတွင်း လန်ဒန်မြို့သို့သွားရောက်ပြီးလျှင် အထက်အဆိုပါ နု–အက်တလီစာချုပ်ကို မြန်မာနိုင်ငံယာယီအစိုးရကိုယ်စား ဗြိတိန်နိုင်ငံနှင့် ချုပ်ဆိုလက် မှတ်ရေးထိုးခဲ့လေသည်။

ထိုသို့လက်မှတ်ရေးထိုးပြီးသည့်နောက်တစ်နေ့တွင် ဝန်ကြီးချုပ်သခင်နုသည် လန်ဒန်မြို့ဘီဘီစီအသံလွှင့်ရုံမှ နေ၍ ထိုစာချုပ်နှင့်စပ်လျဉ်း၍ အောက်ပါမိန့်ခွန်းကို မြွက်ကြားလေသည်။

"မြန်မာ့လွတ်လပ်ရေးကို ဖြစ်မြောက်စေသော အင်္ဂလိပ်မြန်မာစာချုပ်သည် မြန်မာ့ရာဇဝင်တွင်သာမက ကမ္ဘာ့ရာဇဝင်တွင်ပါ အခန်းသစ်တစ်ရပ် ဖွင့်လိုက်ခြင်းဖြစ်သည်။ အကြောင်းကိုဆိုသော် ယနေ့ အင်ပိုင်ယာအင်အားစုတစ်ခုသည် မိမိအလိုအလျောက်ခင်မင်ရင်းနှီးလျက်၊ စိတ်စေတနာကောင်းကိုထားရှိကာ၊ လက်အောက်ခံနိုင်ငံတစ်နိုင်ငံကို စိုးမိုးချယ်လှယ်ခြင်းမှ လွှတ်လိုက်သည့်ပြင် အင်ပိုင်ယာပြင်ပ၌ အချုပ်အခြာအာဏာပိုင် လုံးဝလွတ်လပ်သော နိုင်ငံတစ်ခုအနေသို့ ပြန်လည်ထားရှိလိုက်ခြင်းကြောင့်ပင်ဖြစ်ကြောင်း။"

ထိုနု–အက်တလီစာချုပ်အရ၊ ပြည်ထောင်စု မြန်မာနိုင်ငံသည် ၁၉၄၈ခု ဧနှစ်၀ါရီလ ၄ ရက် တနင်္ဂနွေနေ့ နံနက် ၄ နာရီ မိနစ် ၂၀အချိန်တွင် လွတ်လပ်ရေးကို ကြေညာခဲ့လေသည်။ စာချုပ်၏မူရင်းမှာ ဤသို့ ဖြစ်သည်။

မြန်မာအင်္ဂလိပ်စာချုပ်

ဗြိတိသျှနိုင်ငံ(ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်မြောက်ပိုင်းတို့၏ ယူနိုက်တက်ကင်းဒမ်း)အစိုးရနှင့် မြန်မာနိုင်ငံ ယာယီအစိုးရတို့သည်–

မြန်မာနိုင်ငံအားလွတ်လပ်သောနိုင်ငံဖြစ်စေရမည်ဟု ပြဋ္ဌာန်းလိုက်သောဥပေဒတစ်ရပ်ကို ဆောလျင်စွာအတည်ပြုရေးအတွက် ပါလီမန်ကိုပန်ကြားရန် ဗြိတိသျှနိုင်ငံအစိုးရ၏ ရည်ရွယ်ရင်းဖြစ်သည်ဟူသောအချက်ကို စဉ်းစားကြ၍၊ လုံးဝလွတ်မြောက်ရေး၊ အတန်းအစားညီမျှမှု၊ လွတ်လပ်ရေးတို့ရှိရမည်ဟူသောအချက်တို့ကို အခြေပြုကာ၊ အချုပ်အခြာအာဏာပိုင်လွတ်လပ်သော နိုင်ငံများ၏အစိုးရများ အဖြစ်ဖြင့် အနာဂတ်ဆက်ဆံရေးတို့ကို ပိုင်းခြားသတ်မှတ်ရန်လည်းကောင်း၊ ဗြိတိသျှနှင့်မြန်မာနှစ်တိုင်း နှစ်နိုင်ငံတို့၏ ချစ်ခင်ရင်းနှီးမှုနှင့် သိနားလည်မှုတို့ကို ခိုင်ခံ့တည်မြဲစေရန် ထိုအမှုတို့ကို အခွန်ရှည်စွာ ဆက်လက်တည်မြဲစေရန်လည်းကောင်း အလိုရှိကြသည် ဖြစ်သဖြင့်၊

ထို့ပြင်–

နှစ်တိုင်း နှစ်နိုင်ငံတို့၏ ဆက်ဆံရေးတွင် ပေါ်ထွက်လာမည်ဖြစ်သောပြောင်းလဲမှုမှ ပေါ်ပေါက်အပ်သည့်ကိစ္စများအတွက် ပြဋ္ဌာန်းချက်များ ပြုရန်လည်း အလိုရှိကြသည် ဖြစ်ရာ၊

ဤရည်ရွယ်ချက်ဖြင့် စာချုပ်တစ်ခုကို ချုပ်ဆိုရန် ဆုံးဖြတ်ကြ၍ အခွင့်အရေးအာဏာပိုင်များအဖြစ်ဖြင့် ခန့်အပ်ခြင်းကိုခံရသောဗြိတိသျှအစိုးရအတွက် နန်းရင်းဝန်နှင့်ပဋမရွှေတိုက်စိုးဖြစ်သည့် "ကလီမင့်ရစ်ချတ်အက်တလီ" စီ၊

www.forewarepace.com.mm

အိပ်(ချ)၊ အမ်၊ ပီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရအတွက် နန်းရင်းဝန် သခင်နုတို့က အောက်ပါအတိုင်း သဘောတူညီကြလေသည်။

အချက် ၁

ဗြိတိသျှ နိုင်ငံအစိုးရသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအား လုံးဝ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် နိုင်ငံဟူ၍ အသိအမှတ် ပြုသည်။

ဤစာချုပ်ကိုချုပ်ဆိုကြသော အစိုးရတို့သည် နည်းလမ်းကျနစွာ ယုံမှတ်ခန့်အပ်သောသံတမန်ဆိုင်ရာကိုယ်စားလှယ်များကို လဲလှယ်ထားရှိရန် သဘောတူကြသည်။

အချက် ၂

ပြည်ထောင်စုအချင်းချင်းချုပ်ဆိုကြသည့် တည်မြဲလျက်ရှိသော စာချုပ်တစ်စုံတစ်ခုမှ ဗြိတိသျှနိုင်ငံသို့ကျရောက်သည့် တာဝန်ဝတ္တရားအားလုံးသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်သည်ဟု ယူဆလေသမျှ၊ မြန်မာနိုင်ငံယာယီအစိုးရသို့ ယခုမှစ၍ သက်ဆင်းကျရောက်ရမည်။ ယခင်က ဗြိတိသျှအစိုးရခံစားအပ်သော အခွင့်အရေးနှင့် အကျိုးကျေးဇူးတို့ကိုလည်း ပြည်ထောင်အချင်းချင်းချုပ်ဆိုကြသော စာချုပ်တစ်စုံတစ်ခုအရ မြန်မာပြည်နှင့်သက်ဆိုင်သမျှ မြန်မာနိုင်ငံယာယီအစိုးရက ယခုမှစ၍ခံစားနိုင်ရမည်။

အချက် ၃

ဤစာချုပ် အတည်ဖြစ်လာသောနေ့ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို အကြောင်းပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံသားလည်းဖြစ်၍၊ ဗြိတိသျှအစိုးရလက်အောက်ခံလည်းဖြစ်သော၊ သို့တည်းမဟုတ် နောက်နောင်မှ မိမိကိုယ်ကိုမိမိရွေးချယ်ခြင်းဖြင့် ဗြိတိသျှအစိုးရလက်အောက်ခံဖြစ်သည်ဟုလည်း မှတ်ယူခြင်းခံရသောသူသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဥပဒေအရသတ်မှတ်ထားသောနည်း

မြန်မာ့လွတ်လပ်ရေးအတွက် အာဏာလွှဲပြောင်းပေးအပ်သော နု–အက်တလီစာချုပ်ကို မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နုနှင့် ဗြိတိသျှဝန်ကြီးချုပ် အက်တလီတို့ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် လန်ဒန်မြို့၌ နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကြစဉ်

www.forewspace.com.mm

လမ်းနှင့်လျှော်ညီစွာ နိုင်ငံခြားသားအဖြစ်ကိုခံယူကြောင်း ထုတ်ဖော် ကြေညာနိုင်သည်။ ထို့ပြင် ထိုသူသည် ထိုသို့ ကြေညာသည်မှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံ၏ နိုင်ငံသားအဖြစ်မှ ရပ်စဲရမည်။

မြန်မာနိုင်ငံယာယီအစိုးရသည် ဤအချက်ကို ပြဋ္ဌာန်းချက်များ အထမြောက်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ၏ပါလီမန်တွင် စောနိုင်သမျှစောစွာလည်းကောင်း၊ မည်သည့်နည်းနှင့်မဆို ဤစာချုပ်အတည်ဖြစ်လာသည်မှစ၍ တနှစ်အတွင်း၌ လည်းကောင်း ဥပဒေပြုရန် စီမံဆောင်ရွက်ရမည်။

အချက် ၄

ကာကွယ်ရေးဆိုင်ရာကိစ္စများတွင် ဤစာချုပ်ကို ချုပ်ဆိုကြသောအစိုးရများ၏ ဆက်ဆံရေးကို ၁၉၄၇ခု သြဂုတ် ၂၉ ရက်နေ့က အစိုးရ နှစ်ဦးနှစ်ဖက်တို့ လက်မှတ်ရေးထိုးကြသောသဘောတူညီချက်ဖြင့် စည်းမျဉ်းသတ်မှတ်ရမည်။ အဆိုပါ သဘောတူညီချက်ရှိ ပြဋ္ဌာန်းချက်များကို ဤစာချုပ်၏ နောက်ဆက်တွဲတွင် ဖော်ပြထားသည်။ ထိုပြဋ္ဌာန်းချက်များသည် ဤစာချုပ်၏ အစိတ်အပိုင်းများ အဖြစ်ဖြင့် အကျိုးသက်ရောက် ရမည်။

အချက် ၅

ဤစာချုပ်အတည်ဖြစ်လာသောနေ့ရက်တွင် အိန္ဒိယနှင့် ပါကစ္စတန်မှတစ်ပါး၊ အခြားနိုင်ငံများတွင် အိုးအိမ်၊ အခြေအမြစ်တည်ရှိသောဗြိတိသျှလက်အောက်ခံဖြစ်သူများ အား ပင်စင်များ၊ အချိုးကျပင်စင်များ၊ ဆုငွေများ၊ မိသားစုဆိုင်ရာ ပင်စင်ရံပုံငွေများမှလည်း၊ အိုမင်းစာ ရံပုံငွေများမှလည်း၊ ပေးစရာရှိသည်များနှင့်ထောက်ပံ့ငွေများ၊ ခွင့်လစာများနှင့် မြန်မာနိုင်ငံအစိုးရ ဘဏ္ဍာတော်မှဖြစ်စေ၊ မြန်မာနိုင်ငံ အုပ်ချုပ်မှု အခွင့်အာဏာအောက်တွင်ထားရှိသော အခြားရန်ပုံငွေများမှ ဖြစ်စေ၊ ပေးသင့်ပေးထိုက်သောငွေများ တို့ကို ဤစာချုပ် အာဏာမတည်မီက ထမ်းရွက်ခဲ့သော အလုပ်သက်အားလုံးအတွက် ဤစာချုပ် အာဏာတည်အံ့ ဆဲဆဲကာလက အသုံးပြုခဲ့သော နည်းဥပဒေများအရ ပေးရန် မြန်မာနိုင်ငံယာယီအစိုးရသည် မိမိ၌တာဝန်ရှိသည်ဟု ထပ်မံ၍ ခံဝန်ပြုသည်။

အချက် ၆

အောက်ပါပြဋ္ဌာန်းချက်များသည် ဤအချက်တွင်ပါဝင်သော ငွေရေးကြေးရေး ပြဿနာများအတွက် အပြီးသတ်ဖြေရှင်းမှုဖြစ်ကြောင်းကို စာချုပ်ချုပ်ဆိုကြသော အစိုးရတို့က သဘောတူကြသည်။

၁။ မြန်မာနိုင်ငံယာယီအစိုးရသည် သိုလှောင်ထားသော စစ်တပ်များဆိုင်ရာ ပစ္စည်းရောင်းချရငွေများကို အပြည့်ပေးရန် သဘောတူကြောင်း ထပ်မံ၍ ခံဝန်ပြုသည်။ ထိုပစ္စည်းများတွင် စစ်ဘက်လက်အောက်ခံ မြန်မာနိုင်ငံ မြို့ပြအုပ်ချုပ်ရေးဆိုင်ရာ ပစ္စည်းများပါဝင်သည်။ မြို့ပြဆိုင်ရာမူလအစိုးရကို မထူထောင်ခင်ကတည်ရှိခဲ့သော စစ်ဘက်လက်အောက်ခံ မြို့ပြအုပ်ချုပ်ရေးအတွက် ကုန်ကျသော စရိတ်များကို ဗြိတိသျှနိုင်ငံအစိုးရသည် မြန်မာနိုင်ငံယာယီအစိုးရထံမှ မတောင်းဆိုတော့ပါဟု သဘောတူသည်။

၂။ ဗြိတိသျှနိုင်ငံအစိုးရသည် သာမန်ဘတ်ဂျက်နှင့် နယ်စပ်ဒေ ဘတ်ဂျတ်များ၌ ငွေလိုနေသည်ကိုဖြည့်ပေးရန် ထုတ်ချေးခဲ့သော ငွေများအနက် ပေါင်ပေါင်း ၁၅ သန်းကို လျှော်ပစ်ရန်သဘောတူသည်။ ကျန်ငွေများကို ၁၉၅၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ထက် နောက်မကျသော နေ့ရက်မှအစပြု၍ အနှစ်နှစ်ဆယ်မျှ နှစ်စဉ်နှစ်တိုင်း အချိုးတူအရစ်ကျ မြန်မာနိုင်ငံက ပေးဆပ်ရမည်။ အတိုးကား ပေးရန်မလိုချေ။ မြန်မာနိုင်ငံကပေးရန်ရှိသော အထက်ပါကြွေးမြီ လျှော်ပစ်ခြင်းကို မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးအခြေအနေ ပြည်လည်ထူထောင်လာမှုအတွက် ဗြိတိသျှ နိုင်ငံ အစိုးရက အထောက်အပံ့ပြုသည်ဟူသော သဘောအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံတွင် ဗြိတိသျှစစ်ဘက်အုပ်ချုပ်ရေး အတွက် ကုန်ကျခဲ့သောပစ္စည်းအထောက်အပံ့နှင့် ရာထမ်း မှုထမ်းများ၏ စရိတ်များနှင့်စပ်လျဉ်း၍၊ ဗြိတိသျှနိုင်ငံ အစိုးရက တောင်းဆိုရန်ရှိသည်တို့ကို အပြီးသတ်ရှင်းလင်းလျှော်ပစ်လိုက်သည်ဟူသော သဘောအဖြစ်ဖြင့်လည်းကောင်း မြန်မာနိုင်ငံယာယီအစိုးရ လက်ခံသည်။

၃။ မြန်မာနိုင်ငံယာယီအစိုးရသည် ပရိုဂျက် စီမံကိန်းများ၏ စရိတ်အတွက် ဗြိတိသျှနိုင်ငံအစိုးရက ထုတ်ချေးခဲ့သောငွေများကို အကုန်အစင် ပြန်လည်ပေးဆပ်ရန် သဘောတူသည်။ (ပရိုဂျက်စီမံကိန်းများတွင် ပြည်သူသုံးပစ္စည်းများဆိုင်ရာစီမံကိန်း အစရှိသည်တို့ ပါဝင်သည်။) လိုအပ်သော အသုံးစရိတ်ငွေများနှင့် ရင်းနှီးလုပ်ကိုင်သော အရင်းငွေများမှပိုလျှံသော လက်ရှိရငွေများမှလည်း၊ ပရိုဂျက်များကို ဖျက်သိမ်းရှင်းလင်းသဖြင့် မသုံးဖြစ်သော ငွေများမှလည်း လက်ရှိသဘောတူညီချက်များနှင့် လျော်ညီစွာ ဆက်လက်၍ ပြန်လည်ပေးဆပ်ရမည်။ ထိုနောက် ပေးဆပ်ရန်ကျန်ရှိသေးသောကြွေးမြီများကို ၁၉၅၂ ခု ဧပြီ ၁ရက်နေ့ထက် နောက်မကျသောနေ့မှအစပြု၍ အနှစ်နှစ်ဆယ်မျှ နှစ်စဉ်နှစ်တိုင်း အချိုးတူအရစ်ကျ မြန်မာနိုင်ငံယာယီ အစိုးရက ပေးဆပ်ရမည်။ အတိုးကား ပေးရန်မလို။

၄။ (က) ၁၉၄၂ခု ပဌမမြန်မာနိုင်ငံစစ်ပွဲတွင် မြန်မာနိုင်ငံစစ်တပ်များအားပေးရသောအထောက်အပံ့နှင့် ထိုစစ်တပ်များတွင် ထမ်းရွက်ကြသောရာထမ်း၊ မှုထမ်း

www.foreverspace.com.mm

များအဘက် တောင်းဆိုရန်ရှိသောစရိတ်များနှင့် (ခ) စစ်ကပ် အစည်းအရုံးများကို ဖျက်သိမ်းသဖြင့် မြန်မာနိုင်ငံ စစ်တပ်များရှိ ရာထမ်း မှုထမ်းများအား အမှုထမ်းခဲ့သည့် အတွက် ပေးရန်ရှိသောငွေများနှင့်စပ်လျဉ်း၍ ကုန်ကျသည့်စရိတ်ကို ဗြိတိသျှနိုင်ငံအစိုးရက မြန်မာနိုင်ငံ ယာယီ အစိုးရအား ဆက်လက်ထုတ်ပေးရန် သဘောတူသည်။

၅။ ဤသဘောတူညီချက်နှင့်တကွ ၁၉၄၇ခု၊ သြဂုတ် ၂၉ ရက်နေ့စွဲပါ ကာကွယ်ရေးသဘောတူညီချက်များက သီးခြား၍ ပြောင်းလဲ သို့မဟုတ် လွှမ်းမိုးလိုက်သည်မှ တစ်ပါး ဗြိတိသျှနိုင်ငံအစိုးရနှင့် မြန်မာနိုင်ငံအစိုးရတို့ ချုပ်ဆိုခဲ့ကြသော ၁၉၄၇ ခု ဧပြီ ၃၀ ရက်နေ့စွဲပါ ငွေရေး ကြေးရေး သဘောတူညီချက်တွင် ပါဝင်သော ပြဋ္ဌာန်းချက် များသည် အတည် ဖြစ်မြဲဖြစ်သည်။

အချက် ၇

(က)ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအာဏာမတည်မီက နိုင်ငံ၏အုပ်ချုပ်မှု အခွင့် အာဏာကို သုံးစွဲရာတွင်ပြုခဲ့သော ပဋ္ဌာန်းချက်များအနက် အစိုးရအမှုထမ်းဆိုင်ရာ ပဋ္ဌာန်းချက်များမှတစ်ပါး ဗြိတိ သျှနိုင်ငံတွင် အိုးအိမ်အခြေအမြစ်ရှိသောဗြိတိသျှ လက် အောက်ခံဖြစ်သူသော်လည်းကောင်း၊ မည်သည့်အရပ်ဒေသ တွင် မှတ်ပုံတင်ထားသည်ဖြစ်စေ ဗြိတိသျှနိုင်ငံတွင် အိုး အိမ်အခြေအမြစ်ရှိသည့် ဗြိတိသျှလက်အောက်ခံဖြစ်သူ အဓိကအားဖြင့်ပိုင်ဆိုင်သော သို့တည်းမဟုတ် စီမံခန့်ခွဲ ကြီးကြပ်အုပ်ချုပ်သောကုမ္ပဏီသော်လည်းကောင်း၊ ပဋ္ဌာ ဥ်ပြုသူအဖြစ်ဖြင့် ပါဝင်ခဲ့သော ပဋ္ဌာန်းချက်များသည်၊ သို့တည်းမဟုတ် ပဋ္ဌာန်းအရ ပုဂ္ဂိုလ်တဦးဦး ဖြစ်စေ၊ ကုမ္ပဏီတခုခုဖြစ်စေ၊ အခွင့်အရေးကိုလည်းကောင်း၊ အကျိုး ကျေးဇူးကိုလည်းကောင်း ခံစားနိုင်ခွင့်ရခဲ့သော ပဋ္ဌာန်းချက်များ သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အာဏာတည်သော နေ့မှစ၍ ထိုနေ့တွင်ဖွဲ့စည်းသော မြန်မာနိုင်ငံယာယီ အစိုးရကပြုဘိသက္ခဲသို့ အကျိုးသက်ရောက်ရမည်။ ထိုပြင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအာဏာတည်အုံ့ဆဲဆဲတွင် မြန်မာနိုင်ငံယာယီအစိုးရက လိုက်နာဆောင်ရွက်ရန်ရှိသော ဝတ္တရားအားလုံးနှင့်တကွ ပဋ္ဌာန်းချက် သဘောအရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ ထိုအစိုးရကခံယူရသော တာဝန် အားလုံးတို့သည် အထက်အဆိုပါ ပုဂ္ဂိုလ်တစ်ဦးနှင့်သော် လည်းကောင်း၊ ကုမ္ပဏီတခုခုနှင့်သော်လည်းကောင်း၊ အကျိုး သက်ဆိုင်သည်အထိ မြန်မာနိုင်ငံ ယာယီအစိုးရအပေါ်သို့ သက်ဆင်းကျရောက်ရမည်။

(ခ)ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အာဏာမတည်မီက မြန်မာနိုင်ငံရှိ ပုဂ္ဂိုလ် တဦးဦး၌လည်းကောင်း၊ အာဏာပိုင်တဦးဦး၌လည်း ကောင်း အပ်နှင်းထားခြင်းခံရသော ပစ္စည်းကိုဖြစ်စေ၊ ထို ပစ္စည်းဆိုင်ရာ အကျိုးသက်ဆိုင်ခွင့်ကိုဖြစ်စေ၊ ထိုရက်မတိုင် မီက ပုဂ္ဂိုလ်တဦးဦးလည်းကောင်း၊ အာဏာပိုင် တဦးဦး လည်းကောင်း ပါဝင်ချုပ်ဆိုသော ပဋ္ဌာန်းချက်တခုခုရှိ အကျိုး ခံစားခွင့်ကိုဖြစ်စေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ် အာဏာတည်ပြီးသည့်နောက် မြန်မာနိုင်ငံယာယီအစိုးရသို့ လည်းကောင်း၊ နောက်ဆက်ခံသော မြန်မာနိုင်ငံအစိုးရသို့ လည်းကောင်း၊ လွှဲပြောင်းသောအခါ၊ သို့မဟုတ် အပ်နှင်း သောအခါတွင် ဖော်ပြထားသောဂုဏ်အခြင်းအရာ အဆင့် အတန်းရှိသည့် ပုဂ္ဂိုလ်တဦးဦး၊ သို့မဟုတ် ကုမ္ပဏီတခုခု အတွက် ယခင်ကပေါ်ပေါက်ခဲ့၍ တည်ဆဲလည်းဖြစ်သော အခွင့်အရေးများကို ထောက်ထားငဲ့ညှာလျက်သာ ထိုသို့ လွှဲပြောင်းခြင်း၊ သို့မဟုတ် အပ်နှင်းခြင်းကို ပြုရမည်။

အချက် ၈

အစိုးရနှစ်ဦးနှစ်ဖက် ကျေနပ်နှစ်သက်လောက်သော ကူးသန်းရောင်းဝယ်ရေးနှင့် ရေကြောင်းခရီး သွားလာရေး စာချုပ်ကို စောနိုင်သမျှစောစွာ ချုပ်ဆိုရန်ဆုံးဖြတ်ပြီး ဖြစ်သဖြင့်၊ ဤစာချုပ်ကို ချုပ်ဆိုကြသော အစိုးရတို့သည် ဤစာချုပ်အတည်ဖြစ်သော နေ့ရက်မှစ၍ ၂ နှစ်မျှသော ကာလအပိုင်းအခြားအတွက်ဖြစ်စေ၊ အထက်ပါ ကူးသန်း ရောင်းဝယ်ရေးနှင့် ရေကြောင်းခရီး သွားလာရေးစာချုပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးပြီးသည့် တိုင်အောင်ဖြစ်စေ၊ ဤ စာချုပ်၌ ပူးတွဲပါရှိသော အလဲအလှယ်မှတ်ချက်များရှိ အမှတ် ၁၊ ၂၊ ၃ တို့တွင် သဘောစေတနာ ထားရှိသည့် အတိုင်း ကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်သည့် ဆက် ဆံမှုတို့ကို ဆောင်ရွက်ရန် သဘောတူညီကြပြီးဖြစ်သည်။ သို့ရာတွင် စာချုပ်ချုပ်ဆိုသူတဦးဦးက ဤစာချုပ် အတည် ဖြစ်သောနေ့မှစ၍ ၆ လ ကုန်ဆုံးပြီးနောက် တနေ့နေ့တွင် အဆိုပါမှတ်ချက်များ၌ဖော်ပြထားသော ဆောင်ရွက်အပ် သည့် အမှုကိစ္စများကို ပြီးဆုံးရပ်စဲစေရန် ၃ လကြို တင်အကြောင်းကြား နိုင်သည်။

အချက် ၉

ဤစာချုပ်ကို ချုပ်ဆိုကြသော အစိုးရတို့သည် လက်ရှိ နည်းစံနစ်အတိုင်း လေကြောင်းစာပို့ဆောင်ရေးနှင့် ငွေလွှဲဆိုင်ရာကိစ္စများ ပါဝင်သည့် စာပို့ဆောင်ရေးလုပ် ငန်းကို ဆက်လက်ဆောင်ရွက်ထားရှိစေရန် သဘောတူ ကြသည်။ သို့ရာတွင် အသေးစိတ်ဆောင်ရွက်အပ်သော အချက်အလက် များတွင် အပြောင်းအလဲပြုရန် လိုအပ် ပါက၊ စာပို့ဆိုင်ရာ အုပ်ချုပ်ရေးအရာရှိ အချင်းချင်းတို့က စီမံဆောင်ရွက်နိုင်သည်။

www.foreverspace.com.mm

အချက် ၁၀

မြန်မာနိုင်ငံတွင် ဗြိတိသျှအကျိုးတူနိုင်ငံစုနှင့် အင်ပါယာ၏ စစ်သချိုင်းမြေများနှင့်(သို့မဟုတ်)စစ်သချိုင်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်အရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံယာယီအစိုးရသည် အင်ပါယာစစ်သချိုင်းကော်မီရှင်အဖွဲ့၌ ပါဝင်သော အစိုးရများနှင့် စာချုပ်ချုပ်ဆိုစေ့စပ်ရန် သဘောတူသည်။ ထိုသို့ မစေ့စပ်မီကာလတွင် ထိုစစ်သချိုင်းမြေများနှင့် (သို့မဟုတ်) စစ်သချိုင်းများနှင့် စပ်လျဉ်း၍ အင်ပါယာစစ်သချိုင်းကော်မီရှင်အဖွဲ့ကိုသာလျှင် အာဏာပိုင်ဟု အသိအမှတ်ပြုရန် သဘောတူသည်။ ထိုပြင် ကော်မီရှင်အား ဤစာချုပ်၌ ပူးတွဲပါရှိသောအလဲအလှယ်မှတ်ချက်များကို အမှတ် ၄နှင့် အမှတ် ၅ ၌ ဖော်ပြထားသည့် အခွင့်အရေးများကို ပေးအပ်ရန်လည်း သဘောတူသည်။

အချက် ၁၁

လေကြောင်း သယ်ယူသွားလာရေးနှင့် စပ်လျဉ်း၍ သဘောတူညီချက်ကို ချုပ်ဆို၍ မပြီးသေးမီကာလတွင် ဤစာချုပ်ကိုချုပ်ဆိုကြသောအစိုးရတို့သည် လေကြောင်းသယ်ယူ သွားလာရေးကိစ္စများ၌ ယခင်ကကဲ့သို့ပင် အချင်းချင်းပြုမူကျင့်ဆောင်မည်ဟု သဘောတူကြသည်။ သို့ရာတွင် ဤစံမံချက်ကို တဦးဦးက ၆ လကြိုတင် အကြောင်းကြားခြင်းဖြင့် ပြီးဆုံးစေနိုင်သည်။

အချက် ၁၂

ဤစာချုပ်ကို ချုပ်ဆိုကြသောအစိုးရတို့သည် အခွန်နှစ်ထပ်နှစ်လီထမ်းဆောင်ရခြင်း ရှောင်ရှားနိုင်စေရန် သဘောတူညီချက်တစ်ခုကို စောနိုင်သမျှစောစွာ ချုပ်ဆိုရန် သဘောတူကြသည်။

အချက် ၁၃

ကမ္ဘာ့ကုသမဂ္ဂ၏ ချာတာစာချုပ်အရလည်းကောင်း၊ ထို ချာတာစာချုပ်ရှိအချက်၄၃ချက်အရချုပ်ဆိုထားသော အထူးသဘောတူညီချက်များအရလည်းကောင်း၊ စာချုပ်ချုပ်ဆိုကသူများအနက် တဦးဦးသို့သက်ဆင်းကျရောက်သော သို့တည်းမဟုတ် သက်ဆင်းကျရောက်နိုင်သော အခွင့်အရေးများနှင့် ဝတ္တရားများကို ဤစာချုပ်သည် အကျိုးယုတ်စေရန်မရည်ရွယ်၊ အကျိုးယုတ်စေမည်လည်း မဟုတ်။

အချက် ၁၄

ဤစာချုပ်အရ ဆောင်ရွက်ခြင်းနှင့်လည်းကောင်း၊ ဤစာချုပ်ကို အဓိပ္ပါယ်ကောက်ယူခြင်းနှင့်လည်းကောင်း၊ စပ်လျဉ်း၍ သဘောကွဲလွဲချက်ပေါ်ပေါက်လာခဲ့သော်၊ ထိုပြင် သဘောကွဲလွဲချက်ကို စာချုပ်ချုပ်ဆိုသူများသည် တိုက်ရိုက်စေ့စပ်မှုဖြင့် ဖြေရှင်းရန် ပျက်ကွက်ခဲ့သော် ထိုသဘောကွဲလွဲချက်များကို စာချုပ်ချုပ်ဆိုသူများက အခြားနည်းဖြင့်ဖြေရှင်းရန် သဘောမတူလျှင် ပြည်ထောင် အချင်းချင်းတရားရုံးတော်သို့ ထောက်လှမ်းမေးမြန်းရမည်။

အချက် ၁၅

လက်ခံအတည်ပြုရေးစာချွန်တော်များကို လဲလှယ်ပြီးသည်နှင့်တစ်ပြိုင်နက် ဤစာချုပ်ကို လက်ခံအတည်ပြုရမည်။ ထိုပြင် ဤစာချုပ်လည်း အတည်ဖြစ်လာရမည်၊ အဆိုပါလက်ခံအတည်ပြုရေးစာချွန်တော်များ လဲလှယ်ခြင်းကို ဗြိတိသျှနိုင်ငံတွင် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက်တင်သွင်းရန်ရှိသည့် သင့်လျော်သောဥပဒေနှင့် လျော်ညီစွာ မြန်မာနိုင်ငံ လွတ်လပ်သောနေ့တွင် ပြုရမည်။ သက်သေအဖြစ် အထက်ဖော်ပြပါ အခွင့်အရေး အာဏာပိုင်ပုဂ္ဂိုလ်တို့သည် ဤစာချုပ်တွင် လက်မှတ်ရေးထိုး၍ မိမိတို့၏ တံဆိပ်များကို ခပ်နှိပ်ကြပြီး ဖြစ်သည်။ ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ဤစာချုပ်မူနှစ်စောင်ကို လန်ဒန်မြို့တော်၌ ပြုလုပ် ပြီးစီးသည်။

(ပုံ) ကလီမင့်ရစ်ချတ်အက်တလီ
(ပုံ) သခင်နု

နူးရန်ဗာ့မြို့ ။ ။နူးရန်ဗာ့မြို့သည် ဂျာမနီတောင်ပိုင်းဗာဗေးရီးယားပြည်နယ်အတွင်းရှိ ဒုတိယအကြီးဆုံးမြို့တစ်မြို့ဖြစ်သည်။ အင်္ဂလိပ်တို့က ထိုမြို့ကို ရျူးရမ်းဗပ်မြို့ဟုလည်း ခေါ်သည်။ မျူးနစ်မြို့၏ မြောက်ဘက် ၉၂ မိုင်ခန့် အကွာတွင် ပေ့ဂနစ် မြစ်ကမ်းပေါ်၌တည်ရှိ၏။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့် အချိန်အထိ နူးရန်ဗာ့မြို့သည် စက်မှုလုပ်ငန်းဆိုင်ရာ အချက်အချာမြို့ကြီးဖြစ်ခဲ့သည်။ သံထည်အမျိုးမျိုး၊ စက်ကရိယာအမျိုးမျိုးနှင့် လျှပ်စစ်ပစ္စည်းဆိုင်ရာ လုပ်ငန်းကြီးများရှိသည်။ ကလေး ကစားစရာများ၊ ခဲတံ၊ တူရိယာပစ္စည်းအမျိုးမျိုး၊ ဖိနပ်၊ သားရေနယ် ပစ္စည်းများနှင့် အထည်အလိပ်တို့ကို ကြီးကျယ်စွာ လုပ်ကိုင်ရောင်းချ၏။ ဗီယာချက်စက်ရုံကြီးများလည်း ရှိ၏။ အလယ်ခေတ်ရဲတိုက်ကြီးများ၊ မြို့ရိုး၊ မျှော်စင်၊ ဘုရားရှိုးခိုးကျောင်းကြီးများနှင့် ထင်ရှားသည့်အဆောက်အအုံများရှိသောကြောင့် နိုင်ငံသမိုင်းနှင့်ဆက်စပ်၍ ထင်ရှားကျော်စောသော မြို့တစ်မြို့ဖြစ်၏။ စင်စစ်ထိုမြို့သည် ဂျာမန်လူမျိုးတို့၏ ယဉ်ကျေးမှုကို ပြဆိုရာဖြစ်သော ဗဟိုဌာနတစ်ခုဖြစ်သည်။ သို့သော် ဒုတိယကမ္ဘာစစ်အတွင်းတွင် ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံတို့သည်

www.foreverspace.com.mm

နူးရန်းဗာ့မြို့၏ သာယာသည့်ရှုခင်းတစ်ရပ်

နူးရန်ဗာ့မြို့သည် ဂျာမန်စစ်တရားခံများ ရုံးတင်စစ်ဆေးရာမြို့ဖြစ်ခဲ့၍ ကမ္ဘာ့စစ်သမိုင်းတွင် ထင်ရှားသည်။

www.foreverspace.com.mm

ပျက်စီးခဲ့ရ၏။ ထိုမြို့သည် ရှေးဟောင်းမြို့တစ်မြို့ဖြစ်သော်လည်း၊ ၁၀ ရာစုနှစ်၊ ၁၁ရာစုနှစ်များတွင်မှ ထင်ရှားလာသောမြို့ ဖြစ်သည်။ ထိုခေတ်ကစ၍ ကူးသန်းရောင်းဝယ်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အချက်အခြာမြို့ကြီး ဖြစ်လာသည်။ နှစ်သုံးဆယ် စစ်ပွဲကြီး ပြီးသည့်နောက်တွင် အခြေအနေပြောင်းလွဲ ပျက်စီးခဲ့ရာမှ ၁၈၀၆ ခုနှစ်တွင် ဗာဗေးရီးယား လက်အောက်ခံမြို့ဖြစ်လာ၏။ ၁၉၃၃ ခုနှစ်မှစ၍ နာဇီပါတီ၏ကြီးစိုးလွှမ်းမိုးရာဌာနဖြစ်ခဲ့သည်။ ၁၉၄၅ ခုတွင် မဟာမိတ်တပ်များဝင်ရောက်၍သိမ်းပိုက်ခဲ့၏။ ထိုမြို့၏လူဦးရေသည် ၁၉၅၃ ခုသန်းခေါင်စာရင်းအရ ၃၉၈၇၀၀၀ ယောက်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်တွင် ရက်စက်ကြမ်းကြုတ်စွာပြုမူခဲ့သော ဂျာမန်စစ်တရားခံများကို ထိုမြို့၌ ၁၉၄၅–၄၆ ခုတွင် ရုံးတင်စစ်ဆေးခဲ့သဖြင့် ကမ္ဘာ့စစ်သမိုင်းတွင်ထင်ရှားသော မြို့တစ်မြို့ ဖြစ်လာလေသည်။

နေ့။ ။နေ့ဟူသောအချိန်တာတွင် ဆိုလာနေ့နှင့် ဆိုက်ဒီးရီးယဲနေ့ဟူ၍ ၂မျိုးရှိသည်။ ဆိုလားနေ့ဟူသည်မှာ နေကိုအကြောင်းပြုထားသော နေ့ဟူ၍လည်းကောင်း၊ ဆိုက်ဒီးရီးယဲနေ့သည် ကြယ်ကိုအကြောင်းပြုထားသောနေ့ဟူ၍လည်းကောင်း အဓိပ္ပါယ်ပေါက်သည်။

ဆိုလာနေ့မှာ ပဌမနေမွန်းတည့်ချိန်မှ နောက်တစ်ကြိမ်နေမွန်းတည့်ချိန်အထိ ကြာသောအချိန်ဖြစ်သည်။ သို့ရာတွင် ဆိုလာနေ့တစ်နေ့နှင့် တစ်နေ့သည်မတူချေ။ တနှစ်အတွင်းပြောင်းလျက်ရှိသောကြောင့်၊ တစ်နှစ်လုံးတွင်ဖြစ်သော ဆိုလာနေ့တို့၏ ပျမ်းမျှခြင်းကိုယူ၍ ဆိုလာနေ့၏အချိန်တာကို သတ်မှတ်ရသည်။ ပျမ်းမျှဆိုလာနေ့ တစ်နေ့၏အချိန်တာသည် ဆိုက်ဒီးရီးယဲအချိန်၏ ၂၄ နာရီ ၃ မိနစ် ၂၆ . ၅၅ စက္ကန့်နှင့်တူညီလေသည်။ တစ်နေ့လျှင် ၂၄ နာရီတိတိကျကျရှိသော ဆိုလာနေ့ပေါင်း တစ်နှစ်လျှင် လေးနေ့သာ ရှိသည်။

ဆိုက်ဒီးရီးယဲနေ့မှာ သတ်မှတ်ထားသောကြယ်တစ်လုံးသည် ကြည့်ရှုသူ၏ မစ်ရစ်ဒီယန်းမျဉ်းခေါ် မွန်းတည့်မျဉ်းကို ပဌမအကြိမ်ဖြတ်သည်မှစ၍ နောက်တစ်ကြိမ် ဖြတ်သည်အထိကြာသော အချိန်တာ ဖြစ်သည်။ ဆိုက်ဒီးရီးယဲနေ့တစ်နေ့၏အချိန်ကာလသည် ပျမ်းမျှဆိုလာနေ့အချိန်၏ ၂၃နာရီ ၅۶မိနစ် ၄.၀၉စက္ကန့်ဖြစ်သည်။ ၂၄နာရီရှိသော ပျမ်းမျှဆိုလာနေ့တစ်နေ့နှင့်စာသော်၊ ဆိုကဒီးရီယဲနေ့တစ်နေ့သည် ဆိုလာနေ့တစ်နေ့ထက် ၄မိနစ်ခန့် နည်းသည်။ ထိုကြောင့် တစ်နှစ်တွင် ဆိုလာနေ့ပေါင်း ၃۶၅ နေ့ရှိ၍ ဆိုက်ဒီးရီးယဲနေ့ပေါင်း ၃۶۶ နေ့ရှိလေသည်။

အီကွေတာမျဉ်းတစ်လျှောက်၌ နေ့တာနှင့်ညတာတို့သည် အစဉ်သဖြင့်တူညီ၍ ၁၂နာရီစီကြာသည်။ အီကွေတာ၏မြောက်ဘက်နှင့် တောင်ဘက်ကျသောနေရာများတွင်မူ နေ့တာနှင့်ညတာတို့သည် မတူညီကြချေ။ မြောက်ဝင်ရိုးစွန်း၌ မတ်၁၂မှ စက်တင်ဘာ၂၃အထိ ၆လလုံးလုံးကြာသောအချိန်သည် နေကို ရက်ဆက်မြင်ရသောတစ်နေ့တာအချိန်ဖြစ်၍၊ တောင်ဝင်ရိုးစွန်း၌ နေကွယ်လျက်ရှိသောတညတာအချိန်ဖြစ်သည်။ တစ်ဖန် စက်တင်ဘာ ၂၃ရက်မှ မတ်လ ၂၁ရက်အထိ မြောက်ဝင်ရိုးစွန်း၌ ညဉ့်ဖက်ဖြစ်၍၊ တောင်ဝင်ရိုးစွန်း၌ နေ့ဘက်ဖြစ်လေသည်။

ရှေးခေတ်လူများသည် တစ်နေ့တာကို နေထွက်ချိန်မှ နေဝင်ချိန်အထိဟု မှတ်ယူခဲ့ကြသည်။ ယခုအခါ၌မူ တစ်ကမ္ဘာလုံးမှာပင် အများသတ်မှတ်သုံးစွဲလျက်ရှိသောတစ်နေ့တာကား ညဉ့်သန်ကောင်အချိန်မှ နောက်တစ်နေ့ညဉ့်သန်းခေါင်အချိန်အထိ ၂၄ နာရီအချိန်ကာလဖြစ်လေသည်။

ရက်သတ္တတပတ်လျှင် ခုနစ်နေ့ထား၍၊ ရှေးရောမတို့ လက်ထက်မှယခုတိုင် သုံးစွဲလာခဲ့သော နေ့အမည်များမှာ နေကိုအစွဲပြု၍ ဆန်းနေ့၊ လကိုအစွဲပြု၍ မန်းနေ့၊ တျူးခေါ် တျူတန်တို့၏ စစ်နတ်ကိုအစွဲပြု၍ တျူစနေ့၊ ဝုဒင်းခေါ် တျူတန်တို့၏ နတ်မှူးကြီးကိုအစွဲပြု၍ ဝက်နက်စနေ့၊ သောခေါ် တျူတန်တို့၏ မိုးကြိုးနတ်ကိုစွဲပြု၍၊ သတ်စနေ့၊ ဝုဒင်း၏ မိဖုရား ထိမ်းမြားခြင်းဆိုင်ရာနတ်သမီးဖြစ်သော ဖရစ်ကိုအစွဲပြု၍၊ ဖရိုက်နေ့၊ ရောမတို့၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာနတ် ဆက်တန်ကိုအစွဲပြု၍ ဆက်တာနေ့တို့ဖြစ်သည်။

မြန်မာတို့တွင်လည်း တနင်္ဂနွေ၊ တနလာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဟူ၍ ရက်သတ္တပတ်လျှင်ခုနစ်နေ့ရှိသည်။ ယင်းနေ့များသည် တနင်္ဂနွေ၊ တနလာ၊ အင်္ဂါစသော ဂြိုဟ်ခုနစ်လုံးကို အစွဲပြု၍ သတ်မှတ်ထားသောနေ့များ ဖြစ်ပေသည်။

တနင်္ဂနွေဟူသောအမည်မှာ ဒိနက်ရပါဠိပျက်ဖြစ်သည်။ ကမ္ဘာဦးမူလဘာသာအတိုင်း ဒိနက်ရေဆိုသည်ကို 'ဒ'အထက်ရှိ ဣသရကျေ၍၊ ကာလရှည်လျားသော် တနင်္ဂနွေဟု ခေါ်ဝေါ်ရေးသားကြသည်။ ကမ္ဘာတန်ဆာရာဇမတ္တဏ်နှင့် ယောဂယာတြာနှစ်ကျမ်းတွင် တနင်္ဂနွေဂြိုဟ်မှာ အင်္ဂါတိုင်းသား ကသပအမျိုး၊ ကသပရသေ့၏ဇနီး အဒိတိတွင်မြင်သောသား တနင်္ဂနွေဖြစ်ကြောင်း ဆိုသည်။

တနလာဟူသောအမည်မှာ ကမ္ဘာတန်ဆာရာဇမတ္တဏ်ကျမ်းအရ သသလဋ္ဌနောဟူသော ပါဠိမှ ဆင်းသက်သည်။ ထိုသသလဋ္ဌနောဟူသောပါဠိတွင် အရင်း၌တည်သော 'သ'အက္ခရာတစ်လုံးကျေနှင့် သလဋ္ဌာဆိုလိုသည်ကို ကာလ ရှည်လျားသော် တနင်းနာ၊ တလင်းလာ၊ တနင်းလာ ဟု ခေါ်ဝေါ်ရေးသားကြသည်။ ရာဇမတ္တဏ် ကျမ်းနှင့် ယောဂ ယာတြာနှစ်ကျမ်းတွင် တနလာသည် ယဝနတိုင်း

www.foreversace.com.mm

ခိရောဒမိန့်ရည်သမုဒ္ဒရာမှ တနလ်ာဂြိုဟ်ဖြစ်ကြောင်းဆိုသည်။

အင်္ဂါဟူသောအမည်မှာ အင်္ဂါရကဟူသော ပုဒ်၌ 'ရ'သဒ္ဒါ 'က'သဒ္ဒါကျေ၍ အင်္ဂါဟူ၍ဖြစ်လာသည်။ အင်္ဂါဂြိုဟ်သည် မီးကျီးမီးခဲနှင့် အတူနီသော အဆင်းအရောင်ရှိ၍ မီးကျီးခဲဟုအနက်ဟောသော အင်္ဂါရကဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ ရာဇမတ္တဏ်ကျမ်းနှင့် ယောဂယာတြာကျမ်းနှစ်ကျမ်းတွင် အင်္ဂါဂြိုဟ်သည် အဝန္တီတိုင်းသား ဘာရဒ္ဒါဇအမျိုး၊ ပရမီသွာနတ်မင်း၏မယား ဓရဏီမြေစောင့်နတ်သမီးတွင်မြင်သော သားအင်္ဂါဖြစ်ကြောင်း ဆိုသည်။

ဗုဒ္ဓဟူးကို မြန်မာဘာသာတွင် ဗုဒ္ဓဟူသော မူလဘာသာကိုအစွဲပြု၍ ယခုကာလ ဗုဒ္ဓဟူးရေးမှတ်ကြသည်ဟု ယူရန်ရှိသည်။ ထိုဗုဒ္ဓသဒ္ဒါကား သိခြင်းအနက်ကိုဟောသည်။ အင်းဝမြို့ ညောင်ရမ်းမင်းတရားကြီး၏ကောင်းမှုဖြစ်သော မဟာမြတ်မုနိကျောက်စာတွင် ပိတဟူးနေ့ဟူ၍ ပအက္ခရာတွင် လုံးကြီးတင်လျက် တဝမ်းပူနှင့် ရေးမှတ်တော်မူသည်။ ကျောက်ဆည်မြို့ ရွှေနန်းကျောရှင် နန်းတည်ကျောက်စာတွင်လည်း အလားတူပိတဟူးနေ့၌လည်းကောင်း၊ ပိတဟရိသဒ္ဒါတို့ကိုအစွဲပြု၍ ရေးသားကြသည်။ ရာဇမတ္တဏ်နှင့် ယောဂယာတြာနှစ်ကျမ်းတွင် ဗုဒ္ဓဟူးဂြိုဟ်သည် ရတြေသအန္ဓယ် တနလ်ာဂြိုဟ်မင်း၏ မိဖုရားတာရာဒေဝီတွင် ဖွားမြင်သောသားဖြစ်ကြောင်းဆိုသည်။

ကြာသပတေးဟူသောအမည်နှင့်စပ်လျဉ်း၍ကား ရာဇမတ္တဏ်ကျမ်းတွင် ဗြဟဿပတိ၊ ဝါစသပတိစသည်ဖြင့် ပရိယာယ်ဇပါးပြသည်။ ယောဂယာတြာကျမ်းတွင် မူဝါကျပတိ ကျာသပတေးသည်ဟူ၍ရေးသည်။ ဝါစသဒ္ဒါနှင့် ဝါကျသဒ္ဒါကားစကားကို ဟောသည်။ ဝါကျသပတိ၏ အနက်မှာ စကားကိုအစိုးရသည်ဟူ၏။ မြန်မာဘာသာတွင် ဝါကျသပတိပုဒ်၌ ဝါကျေ၍ တိသဒ္ဒါကိုတေးပြုပြီး ကျာသပတေးဟူ၍ ခေါ်ဝေါ်ရေးသားကြသည်။ ယခုအခါ ကြာသပတေးဟူ၍ ရရစ်နှင့် ရေးသောကြောင့် ရေးထုံးတွင်လေသည်။ ရာဇမတ္တဏ်၊ ယောဂယာတြာကျမ်းနှစ်ကျမ်းတွင် ကြာသပတေးသည် သိန္ဓဝတိုင်းအင်ဂီရသအန္ဓယ် ကျာသပတေးဖြစ်ကြောင်း အဆိုရှိသည်။

သောကြာဟူသောအမည်မှာ သုက္ကဟူသောပုဒ်မှ လာသည်။ သုက္ကသည် ဖြူသောရောင်အဆင်းကို ဟောသည်။ သောကြာဂြိုဟ်မှာ ဖြူသောအရောင်အဆင်းရှိသောကြောင့် သုက္ကဟူ၍ အမည်သမုတ်ခေါ်ဝေါ်၏။ ပုဂံ၊ အင်းဝ မင်းတို့လက်ထက်တွင် သုက္ကဟူသောပုဒ်နှင့်အညီ ဥသရနှင့်သုကြာနေ့ဟု ရေးမှတ်ကြသည်။ ယခုအခါသတ္တဝါရှိသော 'ဥ'သရကိုသပြု၍ကအက္ခရာ တွင်သင်ကရိုဋ်အလိုအရ ရရစ်ကာ သောကြာဟုရေးကြသည်။ သောကြာသည် ရာဇမတ္တဏ်၊ ယောဂယာတာနှစ်ကျမ်းတွင် ဘောဇက ဋ္ဌတိုင်းသား၊ သေတဗျအမျိုးဘဂုရသ္မေ၏မယား သုဇီတာတွင်မြင်သောသား သောကြာဖြစ်ကြောင်း ဆိုသည်။

စနေဟူသောအမည်မှာ သနေစရောဟူသော မာဂဓာဘာသာပုဒ်မှ ဆင်းသက်သည်။ ယင်းပုဒ်တွင် 'စရ'သဒ္ဒါကျေ၍ သနေဖြစ်သည်။ 'သနေ'တွင် သကို 'ဆ'ပြု၍ ဆနေဖြစ်သည်။ ထို'ဆနေ'ပင် ကာလရှည်လျားသောအခါ၊ ပဌမအက္ခရာစလုံးသို့ရောက်၍ စနေဟုရေးသားကြသည်။ ရာဇမတ္တဏ်ကျမ်း ဝတ္ထုပရိဓာန အပိုင်းတွင်လည်း၊ သနေစနေ နေ့၌၊ အဘိနဝံ– အသစ်သော၊ ဝတ္ထံ–ပုဆိုးကို၊ ဝိဘုတ္တော–ဝတ်သောယောကျ်ားသည်၊ ရောဂါရာတိဘယံ–ရောဂါဘေးရန်သူဘေးသည်၊ ဘဝေ– ဖြစ်ရာ၏ဟု ဆိုသည်။ သနေစရဟူသော မူလပုဒ်၏အနက်မှာ ဖြည်းညှင်းစွာသွားတတ်သည့် အနက်ဖြစ်သည်။ ရာဇမတ္တဏ်ကျမ်း၊ ယောဂယာတာကျမ်း နှစ်ကျမ်းတွင် စနေဂြိုဟ်သည် သောရဋ္ဌတိုင်း ကာရအန္ဓယ်ဖြစ်သော တနင်္ဂနေနေမင်း၏မယား ယသိဆာယာတွင် မြင်သည့် သားဇမ္ဗအမည်ရှိသော စနေဂြိုဟ် ဖြစ်ကြောင်းဆိုသည်။

နေ့စဉ်မှတ်တမ်း။ ။နေ့စဉ်မှတ်တမ်းဆိုသည်မှာ လူတစ်ဦးတစ်ယောက် မိမိကြုံတွေ့ရသောအဖြစ်အပျက်များကို နေ့စဉ်ရေးသားထားသော မှတ်တမ်းပင်ဖြစ်သည်။ တစ်နေ့တာအတွင်း မိမိပြုလုပ်ပြောဆိုခဲ့သည့် အမှုကိစ္စများ၊ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များ၊ ကြားသိခဲ့သည့် အကြောင်းချင်းရာများကို တစ်နေ့တာကုန်ဆုံးသွားသည့် အခါ မှတ်တမ်း၌ ရေးချမှတ်သားထားပါက နောင်တွင် အလွန်အသုံးဝင်လာသည်ကိုတွေ့ရမည် ဖြစ်၏။ ထိုကြောင့် နေ့စဉ်မှတ်တမ်းကို လူတိုင်းပင်ထားသင့်ကြသည်။ အထူးသဖြင့် လူငယ်များအတွက် နေ့စဉ်မှတ်တမ်းသည် အလွန်အရေးပါ အရာရောက်နိုင်သည်။ နှစ်ပေါင်းများစွာ ကုန်လွန်ခဲ့သောအခါ ငယ်စဉ်ကရေးသားခဲ့သောမှတ်တမ်းကို ပြန်လည်ဖတ်ရှုပါက မှတ်တမ်းရှင်သည် မိမိငယ်စဉ်ကအဖြစ်အပျက်နှင့် ယခုကြီးမှကြုံတွေ့ရသည့် အဖြစ် အပျက်များကို နှိုင်းယှဉ်၍ အသိတရားဖြစ်ထွန်းနိုင်သည်။ မိမိ၏စိတ်ဓာတ်အကျင့်စာရိတ္တစသည့် ကိုယ်ရေးကိုယ်တာကိစ္စများသည် ထိုနှစ်များအတောအတွင်း မည်သို့မည်ပုံ ပြောင်းလဲလာသည်ကိုလည်း ချင့်ချိန်သုံး သပ်နိုင်သည်။

နေ့စဉ်မှတ်တမ်းသည် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် သက်ဆိုင်သည့်ကိစ္စများကို မှတ်သားထားခြင်းဖြစ်သော်လည်း အခြားသူများအတွက်လည်း ဗဟုသုတဖြစ်စေနိုင်သည်။ ဆယ်မျှ ယယ်ပီးပစဆိုသူ အင်္ဂလိပ်လူမျိုးတဦးသည် ခရစ် ၁۹۶۰

www.foreverspace.com.mm

ပြည့်နှစ်မှ ၁၆၆၉ခုအထိ ကိုးနှစ်တိုင်တိုင်နေ့စဉ်မှတ်တမ်းများကိုရေးသားခဲ့ရာ ယခုအခါထိုနေ့စဉ်မှတ်တမ်းကို သမိုင်းဝင်မှတ်တမ်းကျမ်းတစ်စောင်သဖွယ် ကိုးကားသုံးစွဲနေရပေသည်။ ထိုမှတ်တမ်းများသည် ပီးပစ၏ ကိုယ်ရေးကိုယ်တာအကြောင်းထုပ္ပတကို ထင်ရှားစွာဖော်ပြထားရုံမျှမက သူ့ခေတ်အခါက လူတို့၏အခြေအနေပေါင်းသင်းဆက်ဆံရေးစသည်တို့ကိုပါ ခေတ်ပြကြေးမုံသဖွယ်ထင်လင်းစွာဖော်ပြထားသည်ကို ဖတ်ရှုတွေ့မြင်ရပေသည်။ ထိုနောက်တွင် နာမည်ကျော်အင်္ဂလိပ်စာရေးဆရာကြီး ဂျွန်နသန်ဆွစ်နှင့် မက်သဒစ်ဂိုဏ်းခွဲကို စတင်တည်ထောင်ခဲ့သူ ဂျွန်ဝက်စလီတို့သည်လည်း နေ့စဉ်မှတ်တမ်းများကိုရေးရာတွင် အလွန်ထင်ရှားခဲ့သည်။ (ပီးပစဆယ်မျှယယ်၊ ဆွစ်ဂျွန်နသန်၊ ဝက်စလီဂျွန်–ရှု။) ၁၉ရာစုနှစ်အတွင်း၌ ခေတ်စားခဲ့သောနေ့စဉ်မှတ်တမ်းများအနက် ဆာလေ၊်လတာစကော့၊ ဟင်နရီကရက်ရော်ဗင်ဆန်နှင့် အမျိုးသမီးစာရေးဆရာဖန်နီဗားနေးတို့၏ မှတ်တမ်းများသည် ထင်ရှားသည်။ ပြင်သစ်နိုင်ငံ၌လည်း မာကီးဒါဒန်းဇီး (ခရစ်၁၆၃၈–၁၇၂၀)ရေးသားခဲ့သော နေ့စဉ်မှတ်တမ်းသည် ၁၄ဆက်မြောက် လူဝီဘုရင်၏လက်ထက်တွင် ဖြစ်ပျက်ပုံအလုံးစုံကို ဖော်ပြထားခြင်းကြောင့် ခိုင်လုံသော ကျမ်းကိုးအဖြစ် အသုံးပြုကြရလေသည်။ ပက်တီးဒါဗက်ကိုမွန့်၏ နေ့စဉ်မှတ်တမ်းသည်လည်း သမိုင်းဆိုင်ရာ အချက်အလက်များကို ရရှိနိုင်သဖြင့် အလွန်တန်ဖိုးရှိလှသော မှတ်တမ်းပင်ဖြစ်သည်။ အခြားနာမည်ကျော် ပြင်သစ်နေ့စဉ်မှတ်တမ်းများမှာ ဇူးလနှင့် အက်ဒမွန်ဒါဂွန်ကူးတို့ ရေးသားခဲ့သည့် မှတ်တမ်းများပင်ဖြစ်သည်။ ထိုမှတ်တမ်းများတွင် ၁၉ရာစုနှစ်များအတွင်း ပါရီမြို့ရှိ အနုပညာရှင်တို့၏ ကြိုးပမ်းချက်များ အကြောင်းပါရှိလေသည်။

မြန်မာနိုင်ငံ၌ အထင်ရှားဆုံး နေ့စဉ်မှတ်တမ်းကား ကင်းဝန်မင်းကြီးရေး မှတ်တမ်းများပင်ဖြစ်သည်။ ကုန်းဘောင်မင်းဆက် မင်းတုန်းမင်းတရားကြီးသည် အင်္ဂလန်ပြည်နှင့်ရာဇမဟာမိတ်အဖြစ် တစ်ပြည်နှင့်တစ်ပြည် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်စေခြင်း အလို့ငှါ ၁၂၃၃ ခုနှစ်တွင် ကင်းဝန်မင်းကြီး ဦးဆောင်သော သံအဖွဲ့ကို အင်္ဂလန်ပြည်သို့ စေလွှတ်ခဲ့၏။ ၁၂၃၅ ခုနှစ်တွင်လည်း ပြင်သစ်နှင့် မဟာမိတ်စာချုပ် ချုပ်ဆိုရန်ကင်းဝန်မင်းကြီးကိုပင် သံကြီးအဖြစ်ခေါင်းဆောင်စေ၍စေလွှတ်တော်မူခဲ့သည်။ ကင်းဝန်မင်းကြီးသည် ထိုချစ်ကြည်ရေး ခရီးစဉ်နှစ်ရပ်လုံး၌ နေ့စဉ်မှတ်တမ်းများကိုရေးသားခဲ့ရာ လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်းနှင့် ပြင်သစ်နိုင်ငံသွားနေ့စဉ်မှတ်စာတမ်းဟူ၍ မြန်မာစာပေလောကတွင် အထင်အရှားကျန်ရစ်ခဲ့သည်။ လန်ဒန်မြို့သွား နေ့စဉ်မှတ် စာတမ်းကို ခရစ်၁၉၀၈ခုနှစ်တွင် မြန်မာအဆွေ သတင်းစာဆရာ ဦးဘဂွမ်းသည် ပဌမအကြိမ် နှစ်တွဲခွဲ၍ပုံနှိပ်ခဲ့ဖူးသည်။ ထိုနောက်တဖန် နိုင်ငံတော်အစိုးရစာပုံနှိပ်စက်မှ ၁၉၅၃ခုတွင် ပဌမတွဲကို ပုံနှိပ်၍ ၁၉၅၄ခုတွင် ဒုတိယတွဲနှင့်လန်ဒန်မြို့သွား မေတ္တာစာဆောင်းပါးများကို ပူးတွဲ၍ ပုံနှိပ်ခဲ့သည်။

ကင်းဝန်မင်းကြီးသည် လန်ဒန်မြို့သွားနေ့စဉ်မှတ်တမ်းများကို နေပြည်တော်မှ စတင်ထွက်ခွာသည့်နေ့ ၁၂၃၃ခု တပေါင်းလပြည့်ကျော် ၉ရက် စနေနေ့မှအစပြု၍ ရေးမှတ်ခဲ့ရာ ၁၂၃၅ ခု ကဆုန်လဆန်း ၆ ရက်သောကြာနေ့တွင် ရတနာပုံနေပြည်တော်သို့ ပြန်လည်ဆိုက်ရောက်သည် အထိမှတ်တမ်းတင်ထား၏။ ခရီးစဉ်တစ်လျှောက်တွင် တွေ့မြင်ကြားသိဖြစ်ပျက်ပုံအလုံးစုံကို အတိုရုံး၍ စုံလင်စွာဖော်ပြထားသည်။ အင်္ဂလန်ပြည်သာမက ခရီးအကြားတွင် ဝင်ရောက်လှည့်လည်ခဲ့သော အီဂျစ်နိုင်ငံ၊ ဣတလီနိုင်ငံ၊ ပြင်သစ်နိုင်ငံတို့ရှိ မြို့ကြီးများနှင့် ထူးဆန်းစွာသိမြင်ခဲ့သမျှကို ဒေသန္တရဗဟုသုတဖြစ်ဖွယ်ရာဖော်ပြထားသဖြင့် နိုင်ငံခြားသို့အရောက်အပေါက်နည်းလှသော ထိုခေတ် အတွက် အဖိုးတန်ကျမ်းတစ်စောင်ကဲ့သို့ တန်ဖိုးရှိလှသည်။ ထိုခေတ်အခါက အနောက်နိုင်ငံသားတို့၏ ယဉ်ကျေးမှုနှင့် ပေါင်းသင်းဆက်ဆံရေးအခြေအနေ၊ အနောက်နိုင်ငံများ၏ နိုင်ငံရေးအခြေအနေစသည်တို့ကိုပါ ထိုမှတ်တမ်းများတွင် ကောက်နုတ်လေ့လာနိုင်သည်။ မင်းတုန်းမင်းတရားကြီးသည် အနောက်တိုင်းစနစ်ယူ၍ သံတမန်စေလွှတ်ခြင်းနှင့် မြန်မာနိုင်ငံသည် နိုင်ငံခြားနှင့် မည်သို့မည်ပုံ ဆက်ဆံကူးလူးခဲ့သည်တို့ကို ထိုနေ့စဉ်မှတ်တမ်းများက အထောက်အထားပြလျက်ရှိ၏။ ထိုခေတ်က မြန်မာနိုင်ငံ၌ မရှိသေးသော နိုင်ငံခြားဖြစ် စက်ကိရိယာ၊ သိပ္ပံပညာရပ်ဆိုင်ရာ အချက်အလက်တန်ဆာပလာစသည်များကို မြန်မာဘာသာပြန်ဆို၍ လည်းကောင်း၊ မြန်မာ့အသံလှယ်ယူ၍လည်းကောင်းဖော်ပြထားသည်မှာ အလွန်အဖိုးထိုက်တန်လှသည်။ မြန်မာနိုင်ငံ မှပေးပို့လိုက်သောစာပါအကြောင်းရပ်များကိုလည်း နေ့စဉ်မှတ်တမ်း၌ ဖော်ပြထားသဖြင့် ထိုအချိန်က မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေပုံအကြောင်းချင်းတကိုလည်းသိရ၏။ ထိုမှတ်တမ်းများကိုဖတ်ရှု၍ ထိုခေတ်က မြန်မာစာပေအသုံးအနှုန်းနှင့် အယူအဆများကိုလည်း လေ့လာစေ့ငုနိုင်သေးသည်။

ကင်းဝန်မင်းကြီး၏ မှတ်တမ်းရေးပုံ ရေးနည်းမှာလည်း စေ့စပ်သေချာလှသည်။ ပမာဆောင်ရလျှင် လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်း ပဌမတွဲစာမျက်နှာ ၁၃၀ တွင် "သက္ကရာဇ် ၁၂၃၄ခု ပထမဝါဆိုလဆန်း ၁ရက်နေ့၊ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့နယ်ဒိုပါးမြို့သို့ ဆိုက်လျှင်ဆိုက်ခြင်း အရေးပိုင်အရာနှင့်နိုင်ငံတော်တွင်နေထိုင်ဘူးသူ မေဇာမက္ကမေဟန်အကြီးပြုလုပ် အင်္ဂလိပ်အရာရှိတို့လာရောက် နိုင်ငံခြားသံ

www.foreverspace.com.mm

ကြီး ကမန်ကြီးတို့ကို ကြိုယူသည်နည်း အမြောက် ၁၉ ချက်ပစ်ဖောက်နှုတ်ဆက်ပြီးလျှင် တန်းလမ်း တိုက်အိမ်များမှာ အမျိုးဘာသာအလံမျိုးစုံတင်ပြစိုက်ထူ၍ ဒိုးပါးမြို့က လန်ဒန်မြို့ရောက် မီးရထားနှင့်ကြိုယူ''ဟူ၍ ရေးသားထားသည်ကို ထောက်ရှုသိသာနိုင်သည်။

ပြင်သစ်နိုင်ငံနေ့စဉ်မှတ်စာတမ်းကိုမူ မြန်မာအဆွေသတင်းစာဆရာ ဦးဘဝမ်းသည် လန်ဒန်မြို့သွား နေ့စဉ်မှတ်စာတမ်းဒုတိယတွဲ၌ စာ ၁၇မျက်နှာခန့်မျှသာ ထည့်သွင်း ပုံနှိပ်ဖူးသည်။ မြန်မာနိုင်ငံတော်အစိုးရ စာပုံနှိပ်စက်မှ ယင်းမှတ်တမ်း တစ်စောင်လုံးနှင့်တကွ မေတ္တာစာဆောင်းပါးတို့ကိုပူးတွဲ၍ ခရစ် ၁၉၂၆ ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၃၉ ခုနှစ်တွင်တစ်ကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကင်းဝန်မင်းကြီးသည် ထိုနေ့စဉ်မှတ်စာတမ်းကို ၁၂၃၅ ခုနှစ် တပေါင်းလပြည့်ကျော် ၅ရက်နေ့ နေပြည်တော်မှ ထွက်ခွာသည်က အစပြု၍ရေးမှတ်ထားရာ ၁၂၃၆ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်နေ့တွင် အပြီးသတ်ထားလေသည်။ လန်ဒန်သွားနေ့စဉ်မှတ်စာတမ်းမှာကဲ့သို့ပင် နေပြည်တော်မှ မထွက်ခွာမီဆောင်ရွက်ခဲ့သည့်အကြောင်းအရာ၊ လမ်းခရီးတစ်လျှောက် တွေ့ကြုံဆောင်ရွက်ရသည့်အမှုကို ဒေသန္တရ ဗဟုသုတအစုံကို ထိုနေ့စဉ်မှတ်တမ်းများ ဖော်ပြထား၏။ မိမိတွေ့မြင်သမျှကိုလည်း စေ့စပ်စုံလင်စွာမေးမြန်း၍ မှတ်တမ်းတင်ထားခဲ့သည်။ ပုံပမာ–၁၂၃၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁ ရက် အင်္ဂါနေ့တွင် မာဆေးမြို့သို့ သွားရောက်၍ အာရမန်ဆီကြိတ်စက်ရုံ၊ ဆိတ်ရေလုပ်ဆောင်သည့်စက်ရုံ၊ ဖယောင်းတိုင်ထုတ်လုပ်သောစက်ရုံ စသည်တို့ကို ကြည့်ရှုခဲ့ရာတွင် စက်ရုံမှလုပ်ငန်းအဆင့်ဆင့် လုပ်ဆောင်ပုံများကို အသေးစိတ်ဖော်ပြထားသဖြင့် ထိုမှတ်တမ်းများကို ဖတ်ရှုရခြင်းကြောင့် ဗဟုသုတရနိုင်မည်မှာ မလွဲချေ။ (ကင်းဝန်မင်းကြီး–ရှု။)

နေ့ညညီချိန်နှင့်ယဉ်စွန်းချိန်။ ။တနှစ်လျှင် နေ့တာနှင့်ညတာညီမျှသောအချိန် နှစ်ကြိမ်ရှိသည်။ ထိုအချိန်သည် မတ်လ ၂၁ ရက်နေ့လောက်တွင်တစ်ကြိမ်၊ စက်တင်ဘာလ ၂၂ရက်နေ့လောက်တွင် တကြိမ်ကျရောက်သည်။ ပဌမအကြိမ်ကို နွေကူးနေ့ညညီချိန်ဟူ၍လည်းကောင်း၊ ဒုတိယအကြိမ်ကို ဆောင်းကူး နေ့ညညီချိန်ဟူ၍လည်းကောင်း ခေါ်ကြသည်။ နေ့နှင့်ည ညီသောအချိန်များတွင်၊ နေသည် အီကွေတာပေါ်တွင်တည်ရှိသည်။ တနည်းအားဖြင့်ဆိုသော်၊ နေမှလာသောအလင်တန်းတို့သည်ထိုအချိန်များ၌ ကမ္ဘာ့ဝင်ရိုးနှင့် ထောင့်မတ်ပြုလျက် ကမ္ဘာမြေမျက်နှာပြင်ပေါ်သို့ ကျရောက်ကြသည်။

နေသည် ကမ္ဘာ၏ အီကွေတာမျဉ်း ကြောင့်ပေါ်၌ တည့်တည့်မတ်မတ်ရောက်ရှိနေရာမှ မြောက်သို့လည်းကောင်း၊ တောင်သို့လည်းကောင်း လမ်းကြောင်းပြောင်းသည်တွင်၊ ထိုလမ်းကြောင်းတို့၏အစွန်းသို့ ရောက်သောအခါ ရှေ့သို့ဆက်ပြောင်းရွှေ့ခြင်းမပြုဘဲ ရက်တန့်သွားသည်ဟု ထင်မြင်ရသည်။ ဤသို့ အီကွေတာမှ ယွန်းရာလမ်းကြောင်းအစွန်းသို့ ရောက်ရှိချိန်ကို ယဉ်စွန်းချိန်ဟု ခေါ်သည်။ ယဉ်စွန်းချိန်သည်လည်း တနှစ်လျှင်နှစ်ကြိမ်ရှိသည်။ နွေယဉ်စွန်းချိန်သည် ဇွန်လ ၂၁ရက်နေ့လောက်တွင်ဖြစ်၍၊ ထိုအချိန်သည် ကမ္ဘာ၏အီကွေတာသည် နေကိုလှည့်ပတ်သွားရာ စက်ဝိုင်းရှည်ပုံလမ်းကြောင်းပေါ်၌ နေနှင့်အဝေးဆုံးနေရာသို့ ရောက်ရှိနေသည်။ တောင်ယဉ်စွန်းချိန်မှာ ဒီဇင်ဘာ ၂၂ရက်နေ့လောက်တွင်ဖြစ်၍၊ ထိုအချိန်တွင် ကမ္ဘာ၏အီကွေတာသည် နေနှင့်အနီးဆုံးနေရာသို့ ရောက်ရှိနေလေသည်။ ကမ္ဘာလုံးမြောက်ဖက်ခြမ်း၌ နွေယဉ်စွန်းချိန်တွင် ညတာအရှည်ဆုံးဖြစ်၏။ ကမ္ဘာလုံးတောင်ဖက်ခြမ်း၌မူ အထက်ပါသဘာဝကို ပြောင်းပြန်မှတ်ယူရသည်။

စွမ်းအင်ဖြည့်တင်းသူရိန်မင်း

နေစကြာဝဠာ၏ ဗဟိုအချက်အချာ။ နေ၏ ကြီးမားသောစွမ်းအင်များ။ အလင်းရောင်နှင့် အပူဓာတ်ကို ပေးသည်သာမက ဥတုရာသီနှင့် ဂြိုဟ်အသွားအလာများကိုပင် ထိန်းသိမ်းနိုင်ခြင်း စသည်တို့ပါဝင်သည်။

နေ။ ။ အနောက်နိုင်ငံရှိ နက္ခတ်ပညာရှင်များ၏အလိုအရ၊ နေသည် ကြယ်တစ်ခုပင်ဖြစ်သည်။ (ကြယ်–ရှု။) ကောင်းကင်ဗိမာန်များတွင် နေသည်အတောက်ပဆုံးဖြစ်၍၊ နေစကြာဝဠာ၏ အလယ်ဗဟို၌ရှိသည်။ ကမ္ဘာမြေကြီးနှင့်အခြားဂြိုဟ်များသည် နေကို လှည့်ပတ်၍ နေကြသည်။ အကယ်၍နေသည် ခုနစ်စဉ်ကြယ်စုထဲတွင်ပါရှိသောကြယ်များလောက်ကမ္ဘာမြေမှ ကွာဝေးလျှင် အဝေးကြည့်မှန်ပြောင်းကို အသုံးမပြုရဘဲ နေကိုမြင်ရမည်မဟုတ်ပေ။ ယခုအတိုင်းတည်ရှိနေသော နေ၏အကွာအဝေး၌ ခုနစ်စဉ်ကြယ်တွင်အပါအဝင်ဖြစ်သည့် ကြယ်များတည်ရှိကြလျှင်၊ ထိုကြယ်တို့သည် နေထက် အဆပေါင်း ၁၄၀၀ခန့်ပို၍ လင်းကြပေမည်။ ကမ္ဘာမြေပေါ်ရှိ သက်ရှိဟူသရွေ့သည်

www.foreverspace.com.mm

နေ၏ အပူနှင့်အလင်းကို မှီခိုနေကြရသဖြင့် ကောင်းကင်ဗိမာန်တို့တွင် နေသည် အရေးကြီးဆုံး ဖြစ်ပေသည်။ နေ၏အချင်းသည် မိုင်ပေါင်း ၈၆၅၀၀၀ရှိ၍၊ ကမ္ဘာမြေ၏အချင်းထက် ၁၀၉ဆ၊ လ၏အချင်းထက် အဆပေါင်း ၄၀၀ရှိသည်။ သို့ဖြစ်ပါလျက်နှင့်ကောင်းကင်တွင် နေနှင့်လသည် အရွယ်ချင်းတူသည်ဟုထင်မှတ်ကြရခြင်းမှာ လသည်နေထက် ကမ္ဘာနှင့်ပို၍နီးသောကြောင့်ပင်ဖြစ်သည်။ နေသည် ကမ္ဘာထက်အဆသန်းပေါင်းများစွာပို၍ကြီးမားသည်။ သို့သော် နေထက်ပင်အဆသန်းပေါင်းများစွာ ပို၍ကြီးမားသောကြယ်များလည်း ရှိသေးသည်။

ကျွန်ုပ်တို့ကမ္ဘာ၌ တွေ့ရသောဒြပ်စင်မျိုးတို့ကို နေ၌လည်းတွေ့ကြရသည်။ နေ၌ အချို့ဒြပ်စင်များကို ကျွန်ုပ်တို့ကမ္ဘာမှာထက်ပင် ပို၍ များပြားစွာ တွေ့ကြရ၏။ နေထဲရှိ အထင်ရှားဆုံးသောဒြဗ်စင်များမှာ ဟိုက်ဒရိုဂျင်၊ ဆိုဒီယမ်၊ မက်ဂနီဇီယမ်နှင့် သံဖြစ်ကြသည်။ ကမ္ဘာမြေ၌ စပက်ထရိစကုပ်ဖြင့်ကြည့်၍ မတွေ့ရသေးသော ဒြဗ်စင်အမြောက်အမြားရှိသေးသည်။ စပက်ထရိစကုပ်သည် ရောင်ခြည်ကို ခွဲစိတ်နိုင်သော ရောင်စဉ်ကြည့်ကိရိယာဖြစ်သည်။(စပက်ထရမ်နှင့် စပက်ထရိစကုပ်–ရှု။) ကမ္ဘာမြေပေါ်ရှိ ဒြဗ်စင်ဟူသရွေ့သည် နေထဲ၌ အနည်းနှင့်အများရှိမည်ဟု ယူဆရလေသည်။

နေသည် ဓာတ်ငွေ့များဖြင့်ပြီးသည်။ ဓာတ်ငွေ့တို့သည် အလယ်ဗဟို၌ အလွန်တရာသိပ်သည်း၍ အပေါ်ယံ မျက်နှာပြင်၌ တန်လျောချ၍သိပ်သည်းသည်။ နေ၏ ပျမ်းမျှသိပ်သည်းခြင်းသည် ရေ၏ သိပ်သည်းခြင်းထက် ၁.၄၁ ဆရှိသည်။ ကမ္ဘာ မြေကြီး၏ ပျမ်းမျှသိပ်သည်းခြင်းမှာ ရေ၏ သိပ်သည်းခြင်းထက် ၅ ၁/၂ဆရှိသည်။ နေ၏ ထုထည်နှင့်ကမ္ဘာ၏ထုတည်တို့ကို အညီအမျှထား၍ ချိန်ကြည့်လျှင် နေသည် ကမ္ဘာထက်ပေါ့ပါးသည်ဟုဆိုရချိမ့်မည်။ သို့သော် စင်စစ်၏ နေ၏ထုထည်မှာ ကြီးမားလွန်းလှရကား၊ ယင်း၏ ဒြဗ်ထုသည် ကမ္ဘာ၏ဒြဗ်ထုထက် အဆပေါင်း ၃၃၁၉၅၀ ပို၍ များသည်။ နေ၏ မျက်နှာပြင်ရှိ ဆွဲအားသည် ကမ္ဘာမြေပြင်ရှိ ဆွဲအားထက် ၂၈ ဆပိုသည်။ အကယ်၍ ကမ္ဘာပေါ်၌ အလေး ချိန်ပေါင်း ၁၅၀ ရှိသော လူတစ်ယောက်ကို နေပေါ်သို့ ယူဆောင်သွားနိုင်လျှင် ထိုသူ၏ အလေးချိန်သည် ၂ တန်နီးပါးမျှ လေးလာပေလိမ့် မည်။ နေပေါ်သို့ ရောက်ရှိလာသော ထိုသူသည် လေးအားကြီးသဖြင့် မိမိ၏ ခြေလက်များကိုပင် ပင့်မရနိုင်အောင် ရှိလိမ့်မည်။(အာကာ ရှတ္တိ–လည်းရှု။)

ယေဘုယျအားဖြင့်ဆိုလျှင် နေကို သာမန် မျက်စိဖြင့် ကြည့်၍မရနိုင်ချေ။ သို့သော် နံနက်နေထွက်ချိန်နှင့် ညနေနေဝင်ချိန်တို့၌မူ အနီရောင်ထုလုံးကြီးနှင့်တူသော နေကို သာမန်မျက်စိဖြင့် ကောင်းစွာကြည့်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်၌ နေ၏တောက်ပသော အလင်းရောင်ကို မြေပေါ်ရှိ လေထုက စုပ်ယူသွားသောကြောင့် ဖြစ်သည်။ မြင်ရသော ထိုရောင်နီမှာ အပူနှင့်အလင်းကို ပေးသောနေ၏ မျက်နှာပြင်ပင် ဖြစ်သည်။ ထိုမျက်နှာပြင်ကို 'ဖိုတိုစဖီးယား'ဟု ခေါ်သည်။ အဓိပ္ပါယ်မှာ အလင်းရောင်ထုဟူ၏။ ထိုအလင်းရောင်ထုပေါ်၌ ဓာတ်ငွေ့များဖုံးလွှမ်းလျက်ရှိသည်။ ထိုဓာတ်ငွေ့များ၌ တောက်ပသောအနီရောင်ရှိ၍၊ ထိုအရောင်ကို နေလုံးဝကြွတ်သောအချိန်၌ တွေ့မြင်နိုင်သည်။ နေလုံးဝကြွတ်သည်ကို သဗ္ဗကြွတ်ဟုခေါ်သည်။ (နေလကြွတ်ခြင်း–ရှု။) ဤအနီရောင်အလွှာကို 'ခရိုမိုစဖီးယား'ဟု ခေါ်သည်။ အဓိပ္ပါယ်မှာ နီရောင်ထုဟူ၏။ ခရိုမိုစဖီးယားထဲ၌ အလွန်တရာကြီးမားသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ မီးတောက်မီးလျှံများ ပေါက်ကွဲလျက်ရှိကြသည်။ ဤမီးလျှံများသည် ရုတ်ခြည်း မိုင်ပေါင်း ရာပေါင်းများစွာ ကျယ်ပြန့်သွားတတ်ကြသည်။ ခရိုမိုစဖီးယားအပြင်ဖက်၌ အခြားဓာတ်ငွေ့ထုလွှာ တစ်ခုရှိသေးသည်။ ထိုဓာတ်ငွေ့ထု လွှာကို 'ကိုရိုးနား'ဟု ခေါ်သည်။ သာမန် အားဖြင့် ထိုအပိုင်းကို မမြင်ရသော်လည်း နေသဗ္ဗကြွတ်ချိန်၌ မြင်ရသည်။ ထိုအချိန်၌ ကိုရိုးနားသည် စိမ်းဖန့်ဖန့်အရောင်ရှိ၍၊ နေမှ မိုင်သန်းပေါင်းများစွာဝေးကွာသောနေရာ၌ "အလင်းစက်ဝန်းကြီး" သဏ္ဌာန်ဖြစ်နေသည်။

အဝေးကြည့်မှန်ပြောင်းကောင်းကောင်းဖြင့် နေကိုကြည့်လျှင် ဖိုတိုစဖီးယားထဲ၌ အမည်းရောင် အစက်ပြောက်များကို တွေ့ရသည်။ ယင်းတို့ ကို "နေကွက်"ဟု ခေါ်သည်။ တစ်ခါတစ်ရံ ရှိုင်းခံထားသော မှန်ချပ်ကာ၍ နေကိုကြည့်လျှင် နေကွက်များကို မြင်နိုင်သည်။ တစ်ခါတစ်ရံ နေကွက်များကို ဝင်အံ့ဆဲဆဲ အနီရောင်နေလုံးပေါ်တွင် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်သည်။ သိပ္ပံကဝိကြီး ဂယ်လီလေအိုသည် ၁၆၁၀ခုတွင် မိမိကိုယ်တိုင် တီထွင်သော အဝေးကြည့်မှန်ပြောင်းဖြင့် နေကွက်များကို တွေ့မြင်ခဲ့လေသည်။ ထိုနေကွက်များသည် နေ၏မျက်နှာပြင်ကို ကန့်လန့်ဖြတ်၍ရွှေရောင်နေပုံကိုတွေ့ရသဖြင့် နေသည် ကျွန်ုပ်တို့ ကမ္ဘာကဲ့သို့ ဝင်ရိုးပေါ်၌ လည်ပတ်နေရမည်ဟု ဂယ်လီလေအို ယူဆခဲ့သည်။ အမှန်စင်စစ် နေကွက်များသည် နေ၏လေထုထဲရှိ အလွန်တရာ ပြင်းထန်သော မုန်တိုင်းများ၏ ဗဟိုချက်များ ဖြစ်ကြသည်။ သေချာစွာ လေ့လာကြည့်သောအခါ၊ ယင်းတို့သည် လျှပ်စစ်မြှုမှုန်များဖြင့်ပြီး၍ ပတ်ချာလည်လျက်ရှိသော ဓာတ်ငွေ့များဖြစ်ကြောင်း သိရသည်။ နေကွက်တိုင်း၌ သံလိုက်စက်ကွင်းများပါရှိသည်။ အများအားဖြင့် နေကွက်များ

www.foreverspace.com.mm

သည် စုံလွှဲလျက်ဖြစ်ကြသည်။ အကယ်၍ နေကွက်တစ်ခုခု၌ သံလိုက်ဓာတ်အဖိုဝင်နေလျှင် အခြားနေကွက်၌ သံလိုက်ဓာတ်အမ ဝင်နေသည်။ ဤသဘောမှာ သံလိုက်၌ အဖိုတိုင် အမတိုင်ရှိသောသဘောပင်ဖြစ်သည်။

နေကွက်များဖြစ်ပေါ်ပုံကို နက္ခတ်ပညာရှင်တို့သည် နှစ်ပေါင်းများစွာ လေ့လာခဲ့ပြီးနောက်၊ အောက်ပါအတိုင်း သိရှိကြ၏။ တစ်နှစ်တွင်တွေ့ရသော နေကွက်အရေအတွက်ကို နောက် ၁၁နှစ်ခန့် ကြာပြီးသောအခါမှ တစ်ဖန်ထိုအရေအတွက်အတိုင်း ပြန်လည်တွေ့ရသည်။ နေကွက်အများဆုံးရှိသောနှစ်ကို မှတ်သားပြီးနောက် နှစ်ကို ရေတွက်သော်၊ နေကွက်တို့သည် တဖြည်းဖြည်းနည်းသွား၍ ၆နှစ်၊ ၇နှစ်ခန့်အကြာတွင် နေကွက်အနည်းဆုံးကို တွေ့ရသည်။ ထိုမှတစ်ဖန် နေကွက်တို့၏ အရေအတွက်သည် တဖြည်းဖြည်းတိုးလာပြန်၍၊ ၄ နှစ်၊ ၅နှစ်ခန့် အကြာတွင် နေကွက်အများဆုံးကို တွေ့ရသည်။ ထိုနည်းအတိုင်း နေကွက်တို့သည် ၁၁နှစ်ခန့် တစ်ပတ်လည်တိုင်း တစ်ကြိမ်စီ နည်းလိုက်များလိုက် ဖြစ်လျက်ရှိကြ၏။

သိပ္ပံပညာရှင်ကြီး အေ၊ အီ၊ ဒေါက်ဂလပ်ဆိုသူသည် နေပေါ်၌ နေကွက်အများဆုံးရှိချိန်နှင့် သစ်ပင်၌ အသက်ရစ်အကျယ်ဆုံးရှိချိန်တို့ တိုက်ဆိုင်ပုံကို သစ်ပင်ကြီးများစွာ၏ အသက်ရစ်တို့ကိုလေ့လာပြီးနောက်သိရှိ၏။ ထိုသိမှုကြောင့် သိပ္ပံပညာရှင်တို့သည် နှစ်ပေါင်းဘထောင်ကျော် အသက်ရှင်လျက်ရှိသောသစ်ပင်ကြီးတို့၏အသက်ရစ်များကို ကြည့်ရှု၍၊ နေကွက်အနည်းနှင့်အများပေါ်သော နှစ်ကာလတို့ကို သိရှိကြသည်။ ထိုအခြင်းအရာမှ ကမ္ဘာ၏ ရာသီဥတု သမိုင်းကို နောက်ကြောင်းပြန်၍ လေ့လာနိုင်ကြသည်။

နေထဲ၌နေကွက်များပေါ်လာချိန်တွင် ကမ္ဘာပေါ်၌ သံလိုက်ဓာတ်ဆိုင် ရာပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ ထိုအချိန်တွင် ကွန်ပါ၏ အိမ်မြှောင်များသည် သာမန် အနေအထားမှ ၁ံသို့မဟုတ် ၁ံထက် ပို၍စောင်းသွားတတ်ကြသည်။ နေကွက်များသည် ကမ္ဘာဆီသို့ လျှပ်စစ်မြူမှုန်များကို အမြဲထုတ်လွှတ်လျက်ရှိသည်။ လျှပ်စစ်မြူမှုန်တို့သည် အထက်လေထုလွှာကို လျှပ်စစ်ဓာတ် ဝင်စေပြီးလျှင်၊ ကမ္ဘာ့မြောက်ပိုင်း အလင်းရောင်ခြည်များကို ဖြစ်ပေါ်စေ၍၊ ရေဒီယိုဆက်သွယ်ရေးများကို လည်း ကမောက်ကမ ဖြစ်စေသည်။ ဤသို့ဖြစ်ရခြင်းမှာ နေထဲရှိ ဟိုက်ဒရိုဂျင်မီးလျှံများမှထွက်လာသော အာထရာဗိုင်အိုလက်ရောင်ခြည် (ခရမ်းဘေးရောင်ခြည်)များသည် အထက်လေထုလွှာကို ရုတ်ခြည်းလျှပ်စစ်ဓာတ် ဝင်စေသောကြောင့် ဖြစ်သည်ဟု ယူဆကြသည်။ ရေဒီယိုအင်ဂျင်နီယာများသည် နေကွက်များနှင့်စပ်လျဉ်း၍၊ နေထဲ၌ ဖြစ်ပေါ်နေပုံများကို အထူး စိတ်ဝင်စားလျက်ရှိကြသည်။

နေ၏ မျက်နှာပြင်၌ အပူချိန်ဖာရင်ဟိုက် ဒီဂရီ ၁၂၀၀၀မျှ ရှိသည်ဟု ခန့်မှန်းခဲ့ကြသည်။ နေကွက်၏အလယ်ဗဟိုတွင် ထိုအပူချိန်အောက် ဒီဂရီထောင်ပေါင်း အတော်အတန်နည်းသော အပူချိန်ရှိလိမ့်မည်ဟု ယူဆရသည်။ နေ၏အတွင်းပိုင်းသို့ ကျရောက်လေလေ အပူချိန်မှာ လျင်မြန်စွာတိုးတက်လာလေလေဖြစ်သည်။ နေ၏အလယ်ဗဟိုတွင် အပူချိန်မှာ ဖာရင်ဟိုက် ဒီဂရီ ၄၀၀၀၀၀၀၀ မျှ ရှိမည်ဟု နက္ခတ်ပညာရှင်များ ခန့်မှန်းထားကြသည်။ နေစကြာဝဠာတွင် မာကျူရီ(ဗုဒ္ဓဟူးဂြိုဟ်)၊ ဗီးနပ်(သောကြာဂြိုဟ်)၊ ကမ္ဘာဂြိုဟ်၊ မား (အင်္ဂါဂြိုဟ်)၊ ဂျူပီတာ (ကြာသပတေးဂြိုဟ်)၊ ဆက် တန် (စနေဂြိုဟ်)၊ ယူရေးနပ်၊ နက်ပကျွန်းဂြိုဟ်တို့သည် မိမိတို့၏အရံဂြိုဟ်များနှင့်တကွ နေကို ဗဟိုထားကာ လှည့်ပတ်၍နေကြသည်။ ဥက္ကာပျံနှင့် ကြယ်ပျံတို့သည်လည်း နေကို လှည့်ပတ်၍နေကြသည်။ နေသည် ကမ္ဘာမှ မိုင်ပေါင်း ၉၂၉၀၀၀၀၀၀ မျှ ကွာဝေးသည်။ တစ်နာရီလျှင် မိုင် ၁၀၀၀နှုန်းဖြင့် သွားသော ဒုံးပျံသည် နေဆီသို့ ၁၀နှစ်ကြာမျှ သွားရပေမည်။ သို့သော် နေ၏အပူရှိန်မှာ အလွန်တရာပြင်းသောကြောင့် နေဆီသို့ သွားရောက်ရန်မှာ မဖြစ်နိုင်ချေ။

ကမ္ဘာနှင့်အနီးဆုံးသော ကြယ်သည် ကမ္ဘာမှနေသို့ အကွာအဝေးထက် အဆပေါင်း ၂၆၅ ၀၀၀ ပို၍ကွာဝေးသည်။ ကြယ်အလုံးကုဋေပေါင်း သိန်း ၃၀ရှိသော နဂါးငွေ့ထဲတွင် နေသည် ကြယ်တစ်လုံးအဖြစ်ပါဝင်သည်။ အလင်းရောင်ခြည်ကို နဂါးငွေ့၏ တစ်ဖက်စွန်းမှ လွှတ်လျှင် နှစ်ရာပေါင်းများစွာကြားမှ အခြားတစ်ဖက်စွန်းသို့ ရောက်ရှိနိုင်သည်။ နေသည် နဂါးငွေ့၏ဗဟိုနှင့် တစ်ဖက်စွန်းအကြားအလယ် နီးပါးလောက်တွင် တည်ရှိသည်။

ကမ္ဘာလည်နေခြင်းကြောင့် ဖြစ်ပေါ်လာရသော နေ၏ နေ့စဉ် ရွှေရှားမှုနှင့် နှစ်စဉ်ရွှေရှားမှုတို့အပြင်၊ နေ၌ မိမိဖာသာပြုလုပ်သောရွှေရှားမှု ၂ မျိုးရှိသည်။ ကမ္ဘာသည် ဝင်ရိုးပေါ်၌ လည်သကဲ့သို့ပင် နေသည်လည်း ဝင်ရိုးပေါ်၌ လည်သည်။ ဝင်ရိုးပေါ်၌လည်ရန် ကမ္ဘာသည် ၂၄ နာရီကြာသည်။ သို့သော် နေသည် ဝင်ရိုးပေါ်၌လည်ရန် ရက်ပေါင်း ၂၅ ရက်မျှကြာသည်။ ဤသို့ လည်ပတ်ရာ၌ပင် တသမတ်တည်း မလည်ပတ်ချေ။ နေသည် အလယ်ပိုင်းမှာ ထက် အထက်နှင့် အောက်ပိုင်းတို့တွင် ပို၍လျင်မြန်စွာ လည်ပတ်သည်။ ဤသို့ လည်ပတ်နိုင်ခြင်းမှာ နေသည် ကမ္ဘာကဲ့သို့ အစိုင်အခဲမဟုတ်ဘဲ တောက်လောင်နေသော ဓာတ်ငွေ့လုံးကြီးဖြစ်သောကြောင့်ပေတည်း။ နေ၏ လည်ပတ်သောနှုန်းကို တိုင်းရာ၌ နေ၏မျက်နှာပြင်ကို ဖြတ်၍ ရွှေရှားနေသောနေကွက်များ၏နှုန်းကို ကြည့်၍ တိုင်းရသည်။ နေသည် ဝင်ရိုးပေါ်၌ လည်ပတ်သည့်အပြင်၊

www.foreverspace.com.mm

အာကာသလတွင်ကြယ်များအကြား၌ တစ်စက္ကန့်လျှင် ၁၂ မိုင် သို့မဟုတ် တစ်နာရီလျှင် မိုင် ၄၃ ၂၀၀ နှုန်းဖြင့် ရွေ့ရှားလျက် နေသည်။

ဘူမိဗေဒ ပညာရှင်များ၏ ယူဆချက်အရ ကမ္ဘာ၏ သက်တမ်းသည် အနည်းဆုံး နှစ်ပေါင်း ကုဋေ ၂ သိန်းခန့် ရှိမည်ဟု ဆိုသည်။ ထိုအချိန်အတွင်း ကမ္ဘာသည် နေမှ အလင်းရောင်နှင့် အပူကို ကျွန်ုပ်တို့ ယခုရရှိမြဲဖြစ်သော ပမာဏအတိုင်းတော်တော်ကြာကြာပင် ရရှိခဲ့ပြီး ဖြစ် သည်။ အလွန်တရာအားကောင်းသော အလင်းနှင့် အပူကို နေက မည်သည့်နည်းဖြင့် ကာလရှည်ကြာစွာသိုမှီးထားနိုင် သနည်းဟူသည်မှာ နက္ခတ်ပညာရှင်များအဖို့ ပြဿနာ တစ်ရပ်ဖြစ်ပေသည်။ အကယ်၍ နေသည် ကျောက်မီးသွေး ကဲ့သို့ အစိုင်အခဲဖြစ်လျှင်၊ ကြာရှည်မခံဘဲ နှစ်ပေါင်း ၁၅၀၀ မျှလောက်အတွင်း ကုန်ခန်းသွားပေမည်။ ယခုမှာမူ ယင်းသို့ ကုန်ခန်းသွားခြင်း မရှိဘဲ၊ ကမ္ဘာသည် နေ၏ထံမှ စွမ်းအင်ကို ရမြဲရနေပေသည်။ ဤသို့ ဖြစ်ရခြင်းမှာ နေထဲမှ အလင်းနှင့်အပူသည် အက်တမ်များမှ ထုတ်လွှတ်သော စွမ်းအင်မှ ဖြစ်ပေါ်လာသောကြောင့်တည်းဟူ၍ ကျွန်ုပ်တို့ ယခုအခါ သိရှိရပေပြီ။

အက်တမ်တို့တွင် ဟိုက်ဒရိုဂျင် အက်တမ်မှာ အရှင်းဆုံး ဖြစ်သည်။ ရူပဗေဒ အလိုအရ ဟိုက်ဒရိုဂျင် အက်တမ်ထဲ၌ ပရိုးတွန်ခေါ်လျှပ်စစ် ဓာတ်ဖိုဝင် နျူးကလီးယပ်တစ်ခုနှင့် လျှပ်စစ်ဓာတ်မဝင် အီလက်ထရွန်ခေါ် မြူမှုန်တစ်ခု ပါရှိသည်။ အခြားဒြဗိစင်များသည် ဟိုက်ဒရိုဂျင်အက် တမ်ကို အခြေခံ၍ ဖြစ်လာကြရသည်။ ဟိုက်ဒရိုဂျင်နောက် အရိုးဆုံးသောအက်တမ်မှာ ဟီလီယမ်ဖြစ်သည်။ ဟီလီယမ် ၏အက်တမ်သည် ဟိုက်ဒရိုဂျင် အက်တမ် ၄ ခုထက် ၃ ရာခိုင်နှုန်းခန့် ပို၍ပေါ့သည်။ နေ၏အတွင်းပိုင်း၌ ဟိုက်ဒရိုဂျင်အက်တမ်များသည် ဟီလီယမ်အက်တမ်များ အဖြစ်သို့ အစဉ်မပြတ်ပြောင်းလဲလျက်ရှိသည်ဟု သိပ္ပံ ပညာရှင်များက ယုံကြည်ကြသည်။ ဤသို့ပြောင်းလဲရာ၌ ဆုံးရှုံးသွားသော အလေးချိန် ၃ ရာခိုင်နှုန်းသည် အာကာသ ထဲသို့ အလင်းနှင့်အပူအဖြစ် ဖြာထွက်ကုန်သည်။ ဟိုက်ဒရို ဂျင်မှ ဟီလီယမ်သို့ပြောင်းလဲရာ၌ ကာဗွန်၏ အကူအညီ လို၏ နေထဲ၌ ဟိုက်ဒရိုဂျင်နည်းတူ ကာဗွန်လည်း အမြောက်အမြားပါရှိသည်။ ကာဗွန်အက်တမ်တစ်ခု ၏နျူးကလီးယပ်နှင့် ဟိုက်ဒရိုဂျင်အက်တမ်၏ နျူးကလီး ယပ်တို့ တွေ့ကြသောအခါ ဟိုက်ဒရိုဂျင်နျူးကလီးယပ် သည် ပျောက်ကွယ်သွားပြီးလျှင် ကာဗွန်အက်တမ်အစား အလေးချိန်ပေါ့သော နိုက်ထရိုဂျင် ဖြစ်လာသည်။

ထိုနိုက်ထရိုဂျင်မျိုး၌ ရေဒီယမ်သတ္တိရှိသည်။ ထိုနိုက် ထရိုဂျင်သည် ပထမကာဗွန်ထက်အနည်းငယ်ပို၍လေးသော ကာဗွန်အဖြစ်သို့အလွယ် တကူပြောင်းသွားသည်။ အလွန် တရာပူပြင်း၍ အက်တမ်တို့ ဗလောင်းဆန်နေသော နေထဲ၌ ထိုကာဗွန်အက်တမ်သည် အခြားပရိုတွန်းတစ်ခုနှင့် တိုက် ခိုက်မိသောအခါ သာမန်နိုက်ထရိုဂျင် ဖြစ်သွားသည်။ တစ်ဖန်ထိုနိုက်ထရိုဂျင်သည် အခြားဟိုက်ဒရိုဂျင်နျူးက လီးယပ်နှင့် တိုက်ခိုက်မိသောအခါ ရေဒီယမ်သတ္တိရှိသော အောက်ဆီဂျင်ဖြစ်သွားသည်။ တစ်ဖန် ထိုမတည်မြဲသော အောက်ဆီဂျင်သည် ယင်းထက် ပို၍တည်မြဲသော နိုက်ထရို ဂျင်အဖြစ်သို့ ပြောင်းလဲသွားသည်။ တစ်ဖန် ထိုတည်မြဲ သော နိုက်ထရိုဂျင်သည် ပရိုတွန်တစ်ခုနှင့်ထိခိုက်မိသော အခါ လုံးဝမျိုးမတူသောအက်တမ် ၂ခုအဖြစ် ကွဲထွက်သွား သည်။ ဤကဲ့သို့ အက်တမ် ၂ မျိုး ကွဲထွက်ရာ၌ တစ်မျိုး မှာပြောင်းလဲမှု အမျိုးမျိုးကို စတင်ဖြစ်ပေါ်စေခဲ့သော ကာဗွန်ဖြစ်၍၊ အခြားတစ်မျိုးမှာ ဟီလီယမ်ဖြစ်သည်။ ထို ဖြစ်စဉ်တွင် ဟိုက်ဒရိုဂျင်ကုန်ဆုံးသွား၍၊ ထိုအစား ဟီလီ ယမ် ဖြစ်ပေါ်လာသည်။ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်မှာ ကြားကာလ၌ ဖြစ်ပေါ်သော အက်တမ်တို့သာလျှင် ဖြစ် ကြသည်။ အလေးချိန်အားဖြင့် ဟိုက်ဒရိုဂျင် ဂရမ် ၄၀၀ သည် ဟီလီယမ်ဖြစ်သွားသည့်အခါတိုင်း ဓာတ်ငွေ့ထု ၃ ဂရမ်လောက်မှာ အပူနှင့် စွမ်းအင်ဖြစ်သွားကြ လေသည်။

ကမ္ဘာမြေသည် နေမှအလွန်တရာဝေးကွာ၍ အရွယ် အားဖြင့်လည်း သေးငယ်သောကြောင့်၊ နေမှ ထုတ်လွှတ် သော အပူအပုံ ကုဋေ ၂ သိန်းတွင် တစ်ပုံမျှလောက်လိုသာ ရရှိသည်။ သို့သော် နေမှ ဤမျှလောက်ရသော စွမ်းအင် နှင့်ပင်လျှင်၊ ကမ္ဘာပေါ်ရှိ လူပ်ရှားမှုဟူသရွေ့ကို ဖြစ် မြောက်စေနိုင်သည်။ နှစ်စဉ်နေသည် ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်းများမှ တန်ချိန် ၄၈၀၀၀၀၀၀၀ ရှိသော ရေထု ကို အငွေ့ပျံစေသည်။ ထိုရေငွေ့သည် အထက် ၁ မိုင် အမြင့်သို့ ရောက်ရှိသွားလျှင်ငွေ့ရည်ဖွဲ့၍ မိုးအဖြစ် ရွာချ သည်။ မိုးသည် ကမ္ဘာပေါ်ရှိသစ်ပင်များကို စိမ်းလန်းစို ပြေစေသည့်အပြင်၊ ရေစီးသော မြစ်ချောင်းများ၌လည်း ကောင်း၊ ရေတံခွန်များ၌လည်းကောင်း၊ မြင်းကောင်ရေ သန်းပေါင်း များစွာရှိသော အားကိုဖြစ်စေသည် အကယ်၍ ကမ္ဘာမြေမျက်နှာပြင်သို့ ကျရောက်သောနေ၏စွမ်းအင်ကို သာအသုံးချတတ်လျှင် မြေစတုရန်းတကိုက်ပေါ်၌ ကျ ရောက်သော စွမ်းအင်မှ မြင်းကောင်ဝက်အားကို ဖြစ်စေ နိုင်သည်ဟုဆိုသည်။ ယခုအခါ နေ၏စွမ်းအင်ကို ထိ ရောက်စွာ အသုံးပြုနိုင်မည့်က ရိယာမျိုးကို ကြံဆလျက်ရှိ ကြသည်။ ဥဒါဟရဏ်အားဖြင့် နေမှရသော အပူဖြင့် ထမင်းဟင်း ချက်ပြုတ်သော မီးဖိုကို ယခုအခါ ကြံဆ တည် ဆောက်လျက် ရှိကြသည်။

ကမ္ဘာမြေ အထက်အမြင့် ၂၅ မိုင်ခန့်ရှိ လေထုထဲတွင်

www.foreverspace.com.mm

အိုဇုန်းခေါ်ဌေ့မျိုးရှိသည်။ ထိုဓာတ်ငွေ့တို့သည် နေမှ လေးသောခရမ်းဘေးရောင်ခြည်များစွာကို စုပ်ယူထားလိုက်သည်။ ဤသို့စုပ်ယူမထားလျှင်၊ ကျွန်ုပ်တို့ အားလုံးကိုပင် နေလောင်၍ အန္တရာယ်ဖြစ်ကုန်ကြပေမည်။ အိုဇုန်းရှိသော အထပ်လွှာသည် ကျွန်ုပ်တို့ထံ ခရမ်းဘေးရောင်ခြည် အနည်းငယ်ရောက်ရုံမျှသာလျှင် အထူရှိသည်။ ခရမ်းဘေးရောင်ခြည်သည် ကျွန်ုပ်တို့၏ကျန်းမာမှုအတွက် ကိုယ်ခန္ဓာထဲ၌ လိုအပ်သောဗီတာမင်ဒီများကို ဖြစ်စေသည်။ အကယ်၍ အိုဇုန်းသည် ယခုရှိသည့်အထူထက် အနည်းငယ်ပို၍ ထူလျှင်၊ ကျွန်ုပ်တို့၏ကျန်းမာမှုအတွက် လိုအပ်သလောက် ခရမ်းဘေးရောင်ခြည်များကို ရရှိမည်မဟုတ်ပေ။ ဤသို့ဖြစ်လျှင် ဗီတာမင်ဒီကို တနည်းနည်းဖြင့် ဖန်တီး၍ မပြုလုပ်နိုင်ပါက ကျွန်ုပ်တို့အားလုံးပင် ရစ်ကတ်ရောဂါစွဲကပ်ကုန်မည်။ သို့သော် အိုဇုန်းဓာတ်ငွေ့များ၏ထုထည်နှင့် သိပ်သည်းမှုမှာ ပြောင်းလဲလျက်ရှိကြသည်။ ထိုကြောင့်အချို့ရာသီတွင် လူတို့သည် အခြားရာသီများမှာထက် နေလောင်ခြင်းကို ပို၍ခံရတတ်သည်။

ရှေးအခါကနေကို ဘုရားတစ်ဆူကဲ့သို့ကိုးကွယ်သော လူများရှိခဲ့ကြသည်။ ဂရိတို့၏အယူအဆအရ နေမှာ မီးတောက်မီးလျှံများထွက်နေသောပြိုင်ရထားဖြစ်၍၊ ယင်းကို အပေါ်လိုခေါ်နတ်က နေ့စဉ်ကောင်းကင်ကို ဖြတ်၍ စီးနင်းသည်ဟုဆိုသည်။ နေကိုးကွယ်သူတို့ ဆောက်လုပ်ခဲ့သော ကျောင်းဆောင်များ၏အကြွင်းအကျန်တို့ကို ဥရောပတိုက်၊ တောင်အမေရိကတိုက်၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံနှင့် အခြားနေရာဒေသများတွင် တွေ့ကြရသေးသည်။

နက္ခတ္တဗေဒသည် ရှေးအကျဆုံးသော သိပ္ပံပညာရပ်ဖြစ်သည်။ ရှေး နက္ခတ်ပညာရှင်တို့သည် ကျောက်တိုင်များစိုက်ထူ၍၊ ယင်းတို့မှကျရောက်သော အရိပ်များ၏ အတိုအရှည်နှင့်အနေအထားကိုမှတ်သားကြသည်။ ထိုအမှတ်အသားတို့မှ ကမ္ဘာ၌ မြောက်ဖက်အစွန်ဆုံး၊ တောင်ဖက်အစွန်အဆုံးသို့ နေရောက်ချိန်တို့ကို သိရှိကြပြီးလျှင် ပြက္ခဒိန်များကိုပင် ပြုလုပ်နိုင်ခဲ့ကြသည်။

မြန်မာ့ဗေဒင်အလိုအရ ကမ္ဘာမြေကြီးများကို နေမင်းနှင့်တကွ ဂြိုဟ်နက္ခတ်အပေါင်းတို့သည် လှည့်ပတ်လျက်ရှိကြသည်။ အာကာသတွင် နေလှည့်သွားရောက်ရာလမ်းကြောင်းကို ကြန္တီဟု ခေါ်သည်။ မြန်မာ့ဗေဒင်၌ တွက်ကိန်းမှန်သမျှသည် နေမင်း၏ရွှေရှားပုံကိုမူတည်၍ တွက်ရသည်ချည်းဖြစ်သည်။ နေမင်း၏ သွားလာရွှေရှားမှုကို တွက်ချက်၍ကြည့်ရန် "သူရိယသိဒ္ဓန္တ" ခေါ် ရှေးဗေဒင်ကျမ်းကြီးတစ်ခုရှိခဲ့သည်။ ထိုကျမ်းအရ နေမင်း၏ အနေအထားကို မူတည်ပြီးမှ အခြားဂြိုဟ်အားလုံးကိုတွက်ယူရသည်ဟု ဆိုသည်။ ဗေဒင်ကျမ်း၌ နေမင်းမှာ တနင်္ဂနွေ ဂြိုဟ်ဟုခေါ်၍၊ ဂဏန်းအားဖြင့် ၁၊ အရပ်အားဖြင့် အရှေ့မြောက်အရပ်ကို စိုးသည်။ ပရိယာယ်အားဖြင့် အဖ၊ အိုးအိမ်ကို ပြသည်။ ဓာတ်သတ္တုအားဖြင့် ရွှေဖြစ်သည်။

နေကြာပန်း ။ ။ နေကြာပန်း၏ ရုက္ခဗေဒ အမည်မှာ 'ဟီလီယင်းသပ်အင်နျူးအပ်' ဖြစ်သည်။ မျိုးရင်းမှာ 'ကွန်ပေါ်ဇီတီး'ဖြစ်၏။ နေကြာပန်းအရွက်သည် ကြမ်း၏။ အနား၌ ခွေးသွားစိတ်များရှိသည်။ အရွက်ပုံသဏ္ဌာန်မှာ လူ့အသည်း ပုံသဏ္ဌာန်နှင့်တူသည်။ နေကြာပန်း၏ ဗဟို ပွင့်စု၌ အညိုရောင်ရှိသည်။ တစ်ခါတစ်ရံ ပန်းရောင်ရှိသည်။ ဗဟိုပွင့်စုမှ ဖြာလျက်ရှိသော ပွင့်လက်များမှာ ဝါသည်။ ပန်းပွင့်ကြီးများပွင့်တတ်၏။ အချင်းတစ်ပေခန့်ရှိသော အပွင့်များပင်ရှိသည်။ နေကြာပန်းပင်သည် ၁၀ ပေခန့်အထိ မြင့်နိုင်သည်။

ဒုတိယကျော်အောင်စံထား ဆရာတော်ရေးသားသော ဝေါဟာရတ္ထုပကာသနီကျမ်း၌ 'နေရှိရာသို့ လည်သော ပန်း'ကို နေကြာပန်းဟုခေါ်ကြောင်းပြဆိုသည်။ ယင်းကျမ်း၌ နေချားဟု တနည်းရေးသားကြောင်းကိုလည်း ဖော်ပြထားသည်။ နေရှိရာဘက်သို့ ချာချာလှည့်၍ လိုက်သောကြောင့် နေချာပန်းဟုခေါ်ကြောင်း ဝါဒကွဲရှိ၏။ တစ်ဖန်ချာမှာ ကျာစေသည်ဟု အဓိပ္ပါယ်ထွက်သောကြောင့် နေကျာဟုလည်းရေးကြသည်။ ဒုတိယမောင်းထောင် ဆရာတော်ပြုစုသော အဘိဓာန်ဋီကာနိဿယအလို၌ကား 'ဏ္ဍောပွလကို 'ဏ္ဍနှင့်ဥပွလဟု ပုဒ်ခွဲ၍၊ 'ဏ္ဍဟူသည်ကား အရိုးတံ၊ ဥပွလဟူသည်ကား ကြာဟုပြဆိုပြီးလျှင် နေကြာဟုရေးသည်။

လူတို့အတွက် တစ်ပင်လုံးအသုံးဝင်သည့် နေကြာပင်

www.foreverspace.com.mm

ပြင်သစ်လူမျိုး ရှမ်ပလိန်ဆိုသူသည် မြောက်အမေရိက တိုက်၊ အိုင်ကြီးများ ရှိရာသို့ ရောက်ရှိစဉ်အခါက၊ ပျံ့ပြန့်အိုင်ကြီး၏ အရှေ့ဘက်ကမ်းတွင် အင်ဒီးယန်း လူမျိုးများ နေကြာပန်းစိုက်နေသည်ကို စတင်တွေ့ရှိခဲ့သည်။ ထိုအချိန်အခါမှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ခန့်လောက်ကဖြစ်သည်။ ထိုစဉ်က အင်ဒီးယန်းများစိုက်သောနေကြာပန်းမှာ မျိုးအကောင်းဆုံးဖြစ်သည်ဟုဆိုသည်။ အင်ဒီးယန်းတို့သည် နေကြာပန်း၏ ရိုးတံများမှ လျှော်ကိုခွါ၍၊ အဝတ်အထည်ရက်လုပ်ကြသည်။ နေကြာရွက်ကို ကျွဲနွားများကို ကျွေးကြသည်။ နေကြာပွင့်မှ ရသောအဝါရောင် ဆေးကို ဆိုးဆေးအဖြစ် သုံးကြသည်။ နေကြာစေ့ကို စား၍ ဆီလည်းကြိတ်ယူကြသည်။ နေကြာပင်တစ်ပင်လုံးသည် ယင်းတို့အတွက် အသုံးဝင်၏။ ထိုအင်ဒီးယန်းလူမျိုးများထံမှ တစ်ဆင့် နေကြာပင်မျိုးသည် ဥရောပတိုက်သို့ ရောက်လာသည်ဟု ဆိုသည်။

ယခုအခါ နေကြာပင်ကို ဥရောပတိုက် တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့်အခြားအရပ်ဒေသများတွင် စိုက်ပျိုးလျက် ရှိကြသည်။ သြစတေးလျတိုက်တွင် ဘဲ၊ ကြက်များ အစာကျွေးရန်အတွက် နေကြာပန်းပင်များကို အကြီးအကျယ် စိုက်ပျိုးကြသည်။

နေပယ်မြို့။ ။ကျွတလီနိုင်ငံ၏ တတိယအကြီးဆုံးမြို့ဖြစ်သည့်နေပယ်မြို့သည် အထူးစည်ကားလှသောသင်္ဘောဆိပ်တစ်ခုဖြစ်သည့်အပြင်၊ ကုန်ပစ္စည်းများထုတ်လုပ်ရာအချက်အချာဌာနတစ်ခုလည်းဖြစ်သည်။ ထိုမြို့သည် နေပယ်ပင်လယ်အော်၏မြောက်ဘက်ကမ်းခြေရှိ တောင်ကုန်းဆင်ခြေလျှောတွင်တည်ရှိနေသည်မှာ အလွန်လှပတင့်တယ်ပေသည်။ ကျွတလီနိုင်ငံတွင် ထင်ပေါ်ကျော်စောလှသော ဗီဆူးဗီးယပ်မီးတောင်ကြီးသည် နေပယ်မြို့၏ အရှေ့တောင်ဘက်တွင် ရှိသည်။ (ဗီဆူးဗီးယပ် မီးတောင်–ရှု။)

နေပယ်မြို့သည် ဥရောပတိုက်တွင် လူဦးရေအများဆုံးနေထိုင်သော မြို့တစ်မြို့ဖြစ်၏။ ၁၉၅၁ခု သန်းခေါင်စာရင်းအရလူဦးရေ ၁၀၂၄၅၃ ယောက်ခန့် နေထိုင်သည်။ နေပယ်မြို့တွင် ကြည့်ရှုဖွယ်ကောင်းသော အဆောက်အအုံများစွာရှိ၏။ ယင်းတို့အနက် ကမ္ဘာပေါ်တွင်အရေးအပါဆုံးသောပြတိုက်ကြီးတစ်ခုဖြစ်သည့် အမျိုးသားပြတိုက်ကြီးတွင် ရှေးဟောင်းအနုပညာလက်ရာပစ္စည်းများနှင့် ပွန်ပီမြို့ပျက်ကြီးမှ တူးဖော်ရရှိသော အရာဝတ္ထုများကို ပြသထားသည်။ ဆန်ကာလို အော်ပရာဇာတ်ရုံကြီးသည် ဥရောပတိုက်ရှိ အကြီးဆုံးသောဇာတ်ရုံများတွင် အပါအဝင်ဖြစ်လေသည်။ မြို့တွင်း၌ ဘုရားရှိခိုးကျောင်းပေါင်း ၃၀၀ ခန့်ရှိသည့်အပြင်၊ ရှေးခေတ် ရဲတိုက်ကြီးများလည်း အများအပြားရှိလေသည်။

နေပယ်မြို့တွင် ထင်ရှားသော ကျောင်းများနှင့် တက္ကသိုလ်များလည်း အတော်အသင့်ရှိ၏။ အထင်ရှားဆုံးသော တက္ကသိုလ်မှာ ၁၂၂၄ ခုနှစ်တွင် ဒုတိယဖရက်ဒရစ်ဘုရင်တည်ထောင်ခဲ့သည့် နေပယ်တက္ကသိုလ်ဖြစ်သည်။ နေပယ်မြို့တွင် အခြားစိတ်ဝင်စားဖွယ်ကောင်းသော နေရာများမှာ အမျိုးသားစာကြည့်တိုက်၊ တော်ဝင်ဂီတကျောင်းနှင့် သစ်ပင်မျိုးစုံသည့် ပန်းဥယျာဉ်ကြီးတို့ ဖြစ်သည်။ အမျိုးသား

နာမည်ကျော် ဗီဆူးဗီးယပ် မီးတောင်ကြီးအနီး လှပတင့်တယ်စွာတည်ရှိသည့် နေပယ်မြို့၏ ဆိပ်ကမ်းသာရှုခင်း

www.forewspace.com.mm

ပန်းခြံအကွင်းရှိ ရေသတ္တဝါများထားရာ ရေကန်ကြီးတွင် ရေမြေကပ်လယ်အတွင်း၌ရှိသော အပင်နှင့် ရေသတ္တဝါအမျိုးမျိုးအစားစားတို့ကို စုံလင်စွာတွေ့ရှိနိုင်သည်။

နေပယ်မြို့၏ထွက်ကုန်များမှာ သင်္ဘောများ၊ မော်တော်ကားများ၊ မီးရထားခေါင်းတွဲများ၊ သိုးမွေး၊ ဝါဂွမ်း၊ ရေမွှေး၊ အထည်အလိပ်၊ စက်ကရိယာ စသည်တို့ ဖြစ်၏။

နေပယ်မြို့ကို ဘီစီ ၄၅၀ ခန့်ကပင် ဂရိနယ်သစ်စိုက်သမားတစ်ဦးက စတင်တည်ထောင်ခဲ့၏။ ၁၁၃၀ ပြည့်နှစ်ခန့်တွင် ရောမလူမျိုးများက ထိုမြို့ကိုသိမ်းပိုက်ခဲ့သည်။ သို့သော် အလယ်ခေတ်သို့ရောက်သောအခါ၊ နေပယ်မြို့သည် စစ္စလီနှစ်ပြည်ထောင်နိုင်ငံ၏ မင်းနေပြည်တော်ဖြစ်ခဲ့၏။ ၁၈၆၀ပြည့်နှစ်မှစ၍ ကွန်တလီနိုင်ငံတော်၏ တစ်စိတ်တစ်ဒေသဖြစ်လာခဲ့လေသည်။ နေပယ်မြို့သည် အီတလီနိုင်ငံ၏ စက်မှုလက်မှုဗဟိုဌာနတစ်ခုဖြစ်သောကြောင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ မဟာမိတ်တပ်များ၏ တိုက်ခိုက်ဖျက်ဆီးခြင်းဒဏ်ကို အပြင်းအထန် ခံခဲ့ရလေသည်။

နေမိဇာတ်တော်ကြီး ။ ။နေမိဇာတ်တော်ကြီးကား ဇာတ်ကြီးဆယ်ဖွဲ့တွင် လေးခုမြောက်ဇာတ် တော်ဖြစ်သည်။ မြတ်စွာဘုရားသည် ကောသလတိုင်း၊သာဝတ္ထိပြည်တွင် သီတင်းသုံးနေတော်မူသောအခါ၊ ဝိဒေဟရာဇဓိတိုင်း၊ မိထိလာပြည်သို့ ဒေသစာရီကြွချီတော်မူခိုက် ဂါထာ ၁၂ဝဖြင့် တန်ဆာဆင်အပ်သော ဤနေမိဇာတ်တော်ကို ဟောကြားတော်မူသည်။ ထိုဇာတ်တော်၌ မြတ်စွာဘုရားသည် နိဗ္ဗာန်ပါရမီကို အထူးပြု၍ ဟောတော်မူသည်။

နေမိဇာတ်တော် အကြောင်းအရာကား အောက်ပါအတိုင်းဖြစ်သည်။

ရှေးလွန်လေပြီးသောအခါ၊ ဝိဒေဟရာဇဓိတိုင်း၊ မိထိလာပြည်၌ မဃဒေဝအမည်ရှိသော မင်းစိုးစံသည်။ မင်းကြီးသည် တရားတော်၌ မွေ့လျော်သောကြောင့်၊ တစ်ခါသော် ဆံပင်မုတ်ဆိတ်ပြင်ဆင်ပေးသော ဆတ္တာသည်အား၊ မိမိဦးခေါင်း၌ ဆံပင်ဖြူကိုမြင်လျှင်၊ မိမိအားလျှောက် ကြားရန်မှာထား၏။ တစ်နေ့သော် ဆတ္တာသည်သည် မင်းကြီးဦးခေါင်း၌ ဆံပင်ဖြူ တစ်ပင်တွေ့၍ လျှောက်ကြားလေရာ မင်းကြီးသည် သားကြီးအိမ်ရှေ့မင်းကို ထီးနန်းအပ်ပြီးနောက် မိမိကဲ့သို့ဆံပင်ဖြူကို မြင်တွေ့ရသော အရွယ်တွင် တောထွက်ရန်မှာကြား၍၊ တောထွက်သွားသည်။ ထိုသို့အားဖြင့် သားမြေးမြစ် အဆက်ဆက်တို့ ထီးနန်းစိုးစံ၍၊ ဆံပင်ဖြူသောအချိန်တွင် တောထွက်ကြကုန်သည်။

ထိုမဃဒေဝမင်းမှ စဉ၁ဇ၉ဇ၉ ယောက်မြောက်သော မင်းသည် မိထိလာပြည်ကြီး၌စိုးစံသည်။ ထိုမင်း၌ နေမိကုမာရအမည်ရှိသော သားတော်တစ်ပါးရှိသည်။ နေမိမင်းသားသည် ဒါနသီလ၌အကျင့်ထုံသည်။ ခမည်းတော်တောထွက်တော်မူသောအခါ၊ ထီးနန်းဆက်ခံလေသည်။

တစ်ခါသော် နေမိမင်းကြီးသည် ဒါနကမြတ်သလော၊ သီလကမြတ်သလောဟု တွေးတောမရဖြစ်၍နေရာ၊ သိကြားမင်းသိရှိသဖြင့် ကိုယ်ထင်ပြလာ၍၊ သီလက ဒါနထက် မြတ်ကြောင်းကို ဟောပြောပြီးနောက်၊ သိကြားမင်းနတ်ပြည်သို့ပြန်သည်။ သိကြားမင်းသည် နတ်ပြည်၌ နတ်သဘင်အစည်းအဝေးသို့တက်ရောက်သောအခါ၊အခြားနတ်များက သိကြားမင်း အဘယ်အရပ်သို့ ကြွနေကြောင်းကို မေးကြသဖြင့်၊ နေမိမင်းကြီး၏ ယုံမှားပြဿနာကို ဖြေခဲ့ပုံနှင့် နေမိမင်းကြီး၏အကျင့်သီလကို ချီးကျူးပြောပြသည်။ ထိုအခါ နတ်များက ထိုသို့အကျင့်သီလ ပြည့်စုံသောနေမိမင်းကြီးကို ဖူးမြင်လိုကြသဖြင့်၊ နတ်ပြည်သို့ပင့်ဆောင်ပြသရန် သိကြားမင်းအား တောင်းပန်ကြသည်။

သိကြားမင်းသည် မာတလိနတ်သားအား သိန္ဓောမြင်းတစ်ထောင်ကသော ဝေဃယန္တာရထားကို ပြင်ဆင်စေ၍၊ လူ့ပြည်သို့စေလွှတ်ကာ နေမိမင်းကြီးကို ဆောင်ယူစေသည်။ ထိုအချိန်တွင် မဓိလာပြည်သူပြည်သားများသည် လပြည့်နေ့ဖြစ်သည်နှင့် လဝန်းကိုမျှော်ကြည့်ခိုက်၊ နတ်ရထားကိုမြင်ကြရသည်။ မာတလိလည်း နေမိမင်းကြီးကို လျှောက်ကြားခေါ်ရာ၊ မင်းကြီးသည် ပြည်သူမျိုးမတ်အများကို ခေါ်ယူ၍၊ မိမိနတ်ပြည်သို့ ခေတ္တသွားခိုက် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်းစသော ကုသိုလ်ကောင်းမှုပြုမြဲဝတ်ကို မချွတ်မယွင်းမကင်းမပေါ့၊ မလျော့မမေ့ရစ်ကြနှင့်ဟူ၍ မှာထားပြီးလျှင် လိုက်ပါသွားလေ၏။

လမ်းခရီးတွင် နတ်သားကမင်းကြီးအား ငရဲပြည်သို့သွားရာလမ်း၊ နတ်ပြည်သို့သွားရာလမ်းဟူ၍၊ လမ်းကြောင်း ၂ခုရှိရာ၊ ရှေးဦးစွာမည်သည့်လမ်းဖြင့် သွားလိုကြောင်းကို မေးသည်။ နေမိမင်းကြီးက ၂ လမ်းလုံးကို ရောက်လိုမြင်လိုကြောင်း ပြောပြသဖြင့်၊ ငရဲပြည်ဘက်သို့ ရထားကို ဦးစွာ နှင်သည်။

ထိုသို့အားဖြင့် နေမိမင်းကြီးသည် လမ်းခရီးတွင်၊ ဝေတရဏီငရဲ၊ သုနခ ငရဲ အစရှိသော ငရဲဘုံတို့ကို တွေ့၏။

တစ်ဖန် နတ်ပြည်လမ်းဖြင့် ခရီးနှင့်ပြန်သော်၊ ဗီရဏီနတ်ဘုံ၊ သောနဒိန်နတ်ဘုံအစရှိသော နတ်ဘုံတို့ကို တွေ့မြင်ရပြီးနောက် တာဝတိံသာနတ်ပြည် စိတ္တကူဋ်ဘုံခါးမုခ်သို့ ရောက်သည်။ နတ်အများလည်း သောင်းသောင်းဖြဖြကြိုဆိုကြသည်။ ထိုနောက် နတ်ဘုံဗိမာန်များကိုပြသ၍၊ နတ်ပြည်၌ပင် စံနေရန် သိကြားမင်းက ဖိတ်ကြားသည်။

နေမိမင်းကြီးကမူ သူတစ်ပါး၏ ဘုန်းကံဖြင့် ရအပ်သော နေရာ၌ မစံလိုသေးဘဲ၊ လူ့ပြည်၌ပင် လူအများအား တရားရှေ့ဆောင် ညွှန်ပြလိုသေးကြောင်းဖြင့် ငြင်းပယ်သည်။

www.fojeyarspace.com.mm

နေမိမင်းကြီးသည် နတ်ပြည်၌ လူတို့အရေအတွက်အားဖြင့် ခုနစ်ရက်စံပယ်၍၊ နတ်ပရိသတ်အပေါင်း တို့အားလည်း ဒါနသီလအကျိုးများကို ဟောပြောသည်။ ထိုနောက် လူ့ပြည်သို့ပြန်လိုကြောင်းကို ခွင့်တောင်းသဖြင့်၊ မာတလိနတ်သား နှင်သောဝေဃယန္တာရထားဖြင့် မိမိလာပြည်သို့ ပြန်လည်ကြွချီခဲ့သည်။ မိမိလာပြည်မှ တိုင်းသူပြည်သားတို့ကလည်း ဝမ်းမြောက်စွာကြိုဆိုကြသည်။

ထို့နောက် မင်းကြီးသည် မိဖုရား သားတော်သမီးတော်တို့မှစ၍ ပြည်သူများအား မိမိမြင်ခဲ့ရသော ငရဲဘုံ၊ နတ်ဘုံများ အကြောင်းကို ပြန်လှန်ပြောပြသည်။ ပြည်သူအများလည်း တရားစောင့်သုံးကြသည်။ ဤသို့အားဖြင့် နေမိမင်းကြီးသည် ထီးနန်းစိုးစံရာ၊ တစ်နေ့သောအခါ၊ ဘေးလောင်းတော်တို့ကဲ့သို့ ဆံပင်ဖြူကို သိရှိတော်မူသော အချိန်၌၊ ထီးနန်းကိုကာလရဋ္ဌမည်သော သားတော်အား လွှဲအပ်ပြီးလျှင်၊ တောထွက်ကာ ရဟန်းပြု၍၊ အသက်ထက်ဆုံးနေသည်။

ဇာတ်ပေါင်းသော် သိကြားမင်းသည် အနုရုဒ္ဓါထေရ်၊ မာတလိနတ်သားသည် အာနန္ဒာထေရ်၊ နေမိမင်း၏ မယ်တော်သည် သီရိမဟာမယာဒေဝီ၊ နေမိမင်းကြီးကား မြတ်စွာဘုရားအသီးသီးဖြစ်လာကြသည်။

နေမိဇာတ် တော်ကြီးကို မင်းဘူးလေသာကျောင်းတိုက် အရှင်ဦးသြဘာသသည် မူလပါဠိတော်မှ မြန်မာဘာသာသို့ ပြန်ဆိုရာ၊ ၁၁၄၈ ခု ဝါဆို လဆန်း ၅ ရက်နေ့တွင် ပြီးမြောက်လေသည်။ အရှင် ဦးသြဘာသသည် ပါဠိတော်မှ မြန်မာဘာသာသို့ပြန်ဆိုသော မြန်မာစကားပြေ အရေးအသားသည် ဘာသာပြန်ပင်ဖြစ်စေကာမူ၊ မြန်မာဆန်ဆန် စကားပြေပြစ်ချောမောခြင်းကြောင့်၊ မြန်မာ့စာပေတွင် ဥဒါန်းတွင်လေသည်။

နေရီရီဝတ္ထု။ ။"နေရီရီ"သည် ဝိမိုးနင်း၏ လူကြိုက်အများဆုံး ကာလပေါ် ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ယင်းဝတ္ထုကို လွန်ခဲ့သော အနှစ် ၃၀ကျော်ခန့်က ပိုက်ဆံကြီးအမည်ဖြင့် ရေးသားခဲ့သည်။ ပဌမအကြိမ် ရိုက်နှိပ်ထုတ်ဝေပြီးနောက်၊ ၁၈ နှစ်ကြာမှတစ်ဖန် ပရိသတ်၏တောင်းဆိုချက်အရ၊ မြန်မာသက္ကရာဇ်၁၂၉၃ခုတွင် ဆရာကြီးဝိမိုးနင်း၏နာမည်ကိုဖော်ထုတ်၍၊ ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေရသည်။ ဆရာကြီးဝိမိုးနင်း၏ အရေးအသားအသုံးအနှုန်းတို့သည် ယခုထက်တိုင် ရိုးသည်မရှိသောကြောင့်၊ ဒုတိယကမ္ဘာစစ်ပြီးခေတ်၊ ၁၉၅၁ခုတွင် တတိယအကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေ ရပြန်လေသည်။ (ဝိမိုးနင်း–ရှု။)

ဝိမိုးနင်းသည် ခေတ်ဟောင်းစာရေးနည်းမှ ခေတ်သစ်စာရေးနည်းသို့ ပဌမဦးဆုံး ထိထိရောက်ရောက် တီထွင်ပြောင်းလဲ ရေးသားခဲ့သူဖြစ်သည်။ အနောက်တိုင်းအယူအဆကို အရှေ့တိုင်းအယူအဆသို့ အများဆုံးသယ်ယူပုံသွင်းပေးခဲ့သူလည်း ဖြစ်သည်။ ခေတ်ဟောင်းဝတ္ထု အရေးအသားမျိုးဖြစ်သော " ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ဘာဏုရာဇာနေမင်းသည် အနောက်ဂေါ်ယာကျွန်းသို့ ယွန်းလုဆဲဆဲ အချိန်အခါ"စသည့် အရေးအသားမျိုးမှ "လသည် ရေးရေးကလေးမျှ အနောက်ဘက်စောင်း၌ ပေါ်နေ၏။"ဟူသော အရေးအသား မျိုးသို့ ပြောင်းလိုက်သည်။ ဝိမိုးနင်းသည် ဝတ္ထု၌ အရေးမပါသော အချီးအဖွဲ့များကို စေ့စပ်သေချာစွာမဖော်ပြပေ။ ဖတ်သူများ မိမိတို့ဖာသာသိနိုင်သောအကြောင်းအရာများကို တခမ်းတနားချီးကျူးဖွဲ့နွဲ့ ရေးသားခြင်းဖြင့်၊ စာဖတ်သူတို့ ငြီးငွေ့သွားမည်စိုးသောကြောင့် ဖြစ်ဟန်တူသည်။ ထို့ကြောင့် ဝတ္ထုဇာတ်လမ်းအတွက် အရေးပါသောအချက် အလက်များကိုသာ ထိရောက်ပေါ်လွင်အောင် အဖွဲ့အနွဲ့မများဘဲနှင့် အများနားလည်နိုင်သော အရေးအသားတို့ဖြင့် နေရီရီဝတ္ထုကို ပြုစုရေးသားခဲ့လေသည်။

နေရီရီဝတ္ထုသည် မေတ္တာစစ်မေတ္တာမှန်ကို သရုပ်ဖော်ဖွဲ့နွဲ့ထားသည်။ ဝတ္ထုထဲမှ ဇာတ်လိုက် မောင်နေဝင်းနှင့် ရီရီတို့၏အမည်ကို တွဲဖက်၍ ဝတ္ထုအမည်ကို မှည့်ခေါ်ထားခြင်းဖြစ်သည်။ နေဝင်းနှင့်ရီရီတို့သည် ငယ်စဉ်ကျောင်းသားဘဝ၌ ခင်မင်ရင်းနှီးစွာ ဆက်ဆံခဲ့ကြဖူးသည်။ နေဝင်းသည် မိဘမဲ့ဖြစ်၍ ဦးလေအိမ်တွင် ခိုကပ်နေရ၏။ မရီရီကား အထက်တန်း အစိုးရအရာရှိကြီးတစ်ဦး၏ တစ်ဦးတည်းသော ရှုမငြီးသည့်သမီးချောဖြစ်သည်။ နေဝင်း၏ဘဝသည် စေတနမေတ္တာတို့ဖြင့်ကင်းဝေးခဲ့၍၊ ငြိုငြင်ဆင်းရဲမှုကိုသာ အရွယ်နှင့်မလိုက်အောင်နေဝင်းခမျာခံစားခဲ့ရသည်။ ယင်းသို့သော ဘဝအခြေအနေကို စိုပြေသာယာအောင် ဖန်တီးပေးသူမှာ ရီရီဖြစ်သည်။ ရီရီနှင့်ကျောင်းတွင် အတူနေအတူစားရသည့်အချိန်သည် နေဝင်းအဖို့ နတ်ပြည်ရောက်နေရသော အချိန်များတည်း။ သို့သော် နေဝင်းသည် ခြောက်လခန့်မျှသာ စိတ်ချမ်းသာပျော်ရွှင်မှုကို ခံစားရရှာသည်။ ရီရီသည် အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားသဖြင့်၊ နေဝင်း၏ဘဝမှပျောက်ကွယ်သွားလေသည်။ သို့သော် မိမိ၏ဆိတ်သုဉ်းခြောက်သွေ့နေသော ဘဝကို စိုပြေသာယာအောင် အခိုက်အတန့်မျှ ဖန်ဆင်းပေးသူ ရီရီအား နေဝင်းသည် အသည်းစွဲနေလေတော့သည်။

နေဝင်းသည် ခိုးကိုးရာမဲ့ဘဝ၏ဒုက္ခမျိုးစုံကို တွေ့ကြုံခံစားရသဖြင့်၊ လူဆိုးလူခိုးတို့၏ လောကတွင်းသို့ပင် ရောက်သွားသည်။ သို့သော် ရီရီကို အမြဲတသစွဲလမ်းနေခဲ့သဖြင့်၊ မိမိကိုယ်မိမိပြန်၍ အဖတ်ဆယ်နိုင်ရန်ကြိုးစားသည်။ အပေါင်းအသင်းနှစ်ဦးကို တရားချကာ ဆိုးခိုးနေရ

www.foreverspace.com.mm

အာရှတိုက် နိုင်ငံပြု သုခမိန် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီနေရူး

သောဘဝမှ အလွတ်ရုန်းထွက်ခဲ့သည်။ ပန်းထိမ်ဆရာကြီးတစ်ဦးထံ တပည့်ခံ၍၊ ကောင်းမွန်စွာ နေထိုင်ခဲ့ပါသော်လည်း၊ လောကဓံညှဉ်းချက်မကုန်သေးသဖြင့်၊ ပေါင်းဟောင်းသင်းဟောင်းမိတ်ဆွေလူဆိုးနှစ်ဦးက လုယက်၍ ယူကြသောကြောင့်၊ ပန်းထိမ်ဆရာကြီး၏ စိန်ထည်များ ဆုံးရှုံးလက်လွတ်ရသည်။ ထိုကြောင့် မိမိကို စိတ်ချယုံကြည်အားထားခဲ့သူ ကျေးဇူးရှင်များကို မျက်နှာမပြုဝံ့သဖြင့်၊ ရန်ကုန်မှနေ၍ ထန်းတပင်မြို့ကလေးအနီးရှိ တံငါရွာစုသို့ လွင့်ရပြန်ရှာလေသည်။

ထန်းတပင်သို့ရောက်ခဲ့၍လည်း ရီရီနှင့် ပြန်လည်ဆုံတွေ့ရသည်။ ရီရီတို့စီးလာသော သင်္ဘောမှောက်သဖြင့် နေဝင်းသည် ရီရီ၏ကယ်တင်ရှင် ဖြစ်လာသည်။ ပြန်၍တွေ့ဆုံကြသည့်တိုင်အောင် နေဝင်းနှင့်ရီရီတို့၏ ချစ်မေတ္တာခရီးလမ်းသည် မဖြောင့်ဖြူးသေးပေ။ ရီရီသည် နေဝင်းအား ငယ်ချစ်နေဝင်း ဖြစ်ကြောင်း သိလာသည်။ မိမိဘဝ၌ တွေ့ကြုံရခဲ့သမျှကို မဖျောက်မကွယ်ဘဲ နေဝင်းက ပြောပြ၍၊ ရီရီကလည်းခွင့်လွှတ်သည်။ အခြေအနေအဆင့်အတန်းချင်းကွာခြားသော်လည်း၊ နေဝင်း၏ယောကျ်ားပြီသသောစိတ်ထားတို့ကြောင့်၊ ရီရီက နေဝင်းကို လက်ခံသည်။ သို့သော် ရီရီအား တစ်ဖက်သတ် အရူးအမူးချစ်ကြိုက်နေသူ မြို့အုပ်ဖုန်းကျော်၏ နှောင့်ယှက်မှုကြောင့်၊ နေဝင်းနှင့်ရီရီတို့၏ ဘဝလမ်းခရီးမှာ အထစ်ထစ်အငေါ့အငေါ့ဖြစ်ရပြီးလျှင် သေကံမရောက်သက်မပျောက်ဖြစ်ကြရသေးသည်။ သို့သော် နောက်ဆုံးတွင် ချစ်သူနှစ်ဦးပေါင်းဖက်လျှက် ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်ရလေသည်။

နေရူး၊ ရှရီဂျဝါဟလာ(ခရစ် ၁၈၈၉ ဖွား)။ ။ ဝါဒအမှောင်ဖုံးလွှမ်းနေသည့် ဤခေတ်တွင်၊ ငြိမ်းချမ်းသောကမ္ဘာနှင့် လွတ်လပ်သောအာရှတိုက်အတွက် မဆုတ်မနစ်ကြိုးပမ်းနေသူမှာ အိန္ဒိယခေါင်းဆောင်ကြီး ရှရီဂျဝါဟလာနေရူးဖြစ်သည်။

နေရူးကို ခရစ်၁၈၈၉ခု နိုဝင်ဘာ ၁၄ရက်တွင် ယူနိုက်တက် ပရော့ဗင်ပြည်နယ် အယ်လာဟာဗက်မြို့၌ ကုံလုံကြွယ်ဝသော မိဘများမှဖွားမြင်သည်။ ဖခင်ဖြစ်သူမှာ မျိုးချစ်စိတ်ထက်သန်လှသော ရှေ့နေကြီး မိုတီလာနေရူးဖြစ်သည်။

ငယ်ရွယ်စဉ်အခါကနေရူးသည် နည်းပြဆရာများနှင့် အိမ်မှာပင် ပညာသင်ကြားခဲ့သည်။ သူ၏ အသက် ၁၅ နှစ် အရွယ် ၁၉၀၅ ခုနှစ် မေလသို့ရောက်သောအခါ၊ အင်္ဂလန်ပြည် ဟဲရိုးကျောင်းကြီးသို့ပညာများ သွားရောက်သင်ကြားသည်။ ထိုမှတစ်ဆင့် ကိမ်းဗရစ်တက္ကသိုလ် ထရင်နီတီကောလိပ်တွင် ပညာဆက်လက် ဆည်းပူးသည်။ ၁၉၁၂ ခုနှစ်၌ ဝတ်လုံတော်ရဘွဲ့ကို ရရှိပြီးနောက်၊ အမိအိန္ဒိယနိုင်ငံသို့ပြန်လာ၍ ဇာတိဖြစ်သောအယ်လာဟာဗက်မြို့ တရားလွှတ်တော်တွင် အမှုလိုက်လေသည်။

ထိုအခါကအိန္ဒိယနိုင်ငံတွင် အင်္ဂလိပ်များသည် အကြီးအကျယ်အာဏာပြ စိုးမိုးချယ်လှယ်လျက်ရှိကြ၏။ အင်္ဂလိပ်ကုမ္ပဏီကြီးများသည် အိန္ဒိယအလုပ်သမားများနှင့် တိုင်းသူပြည်သားများအပေါ်တွင် စီးပွားရေးအားဖြင့် ချယ်လှယ်အမြတ်ထုတ်လျက်၊ အိန္ဒိယနိုင်ငံရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးများကိုလည်း အုပ်ချုပ်ထားကြရာ ယင်းအဖြစ်ကို

www.foreverpeace.com.mm

ဥပေက္ခာပြု၍ လျစ်လျူရှု၍မနေနိုင်သောနေရူးသည် အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲအတွင်းသို့ ခြေစုံပစ်ဝင်လိုက်တော့သည်။ ထိုစဉ်အခါက အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးလောကတွင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်ပါတီသည် ဟိန္ဒူတို့၏ အင်အားကြီးမားသောအဖွဲ့အစည်းဖြစ်ပြီးလျှင် ကိုယ်ပိုင် အုပ်ချုပ်ရေးရရှိရန် အပြင်းအထန်ကြိုးပမ်းတောင်းဆိုလျက် ရှိနေလေသည်။ နိုင်ငံရေး လောကထဲသို့ ဝင်ရောက်လာသော နေရူးသည် ၁၉၁၈ခုနှစ်၌ အိန္ဒိယနိုင်ငံဆိုင်ရာ ကွန်ဂရက် ပါတီ၏ကော်မတီဝင်တဦး ဖြစ်လာ၏။ အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင်ကြီး မဟတ္တမဂန္ဓီ၏လက်ရုံးတစ်ဆူလည်း ဖြစ်လာ၏။ (ဂန္ဓီ၊ မဟတ္တမ–ရှု။) မဟတ္တမဂန္ဓီသည် အနုနည်းသက်သက်ဖြင့် အာဏာဖီဆန်ရေး၊ မပူးပေါင်းရေးတို့ကို လှုံ့ဆော်ကာ၊ လွတ်လပ်ရေး တိုက်ပွဲဆင်နွှဲလျက်ရှိရာ၊ နေရူးလည်းခေါင်းဆောင်ကြီးမဟတ္တမဂန္ဓီ၏လမ်းစဉ်ကိုလိုက်၍၊ တစ်ဖက်သတ်ဖိနှိပ်ချုပ်ချယ်ခဲ့သော ဗြိတိသျှအစိုးရအာဏာပိုင်တို့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ အလုပ်လုပ်ကိုင်ခြင်းများမပြုကြရန်၊ နိုင်ငံတစ်ဝှန်းလုံးသို့ လှည့်လည်ကာ၊ နိုင်ငံရေးတရားများ ဟောလေသည်။ ၁၉၂၉ ခုနှစ်၌ နေရူးသည် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ကွန်ဂရက်ပါတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ခြင်းခံရလေသည်။

နေရူးသည် မိဖတို့ပေးထိမ်းမြားသော ကမလာဆိုသူ အမျိုးသမီးတစ်ဦးနှင့် ၁၉၁၆ ခုတွင် လက်ဆက်ခဲ့သည်။ သို့သော် သူတို့နှစ်ဦး၏ချစ်ခြင်းသည် အနှစ် ၂၀ကြာပြီးသည့်နောက်၊ ကြေကွဲဖွယ်ရာအဆုံးသတ်ခဲ့ရပေသည်။ နေရူး ၏ဇနီးသည် ကမလာသည် ၁၉၃၆ ခု ဖေဖွာရီလ ၂၈ ရက်နေ့တွင် ကွယ်လွန်ခဲ့လေသည်။

နိုင်ငံရေးလောကထဲသို့ဝင်ရောက်ခဲ့သော နေရူးသည် မဟတ္တမဂန္ဓီနှင့်အတူ လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲယင်း၊ ၁၉၂၁ခု နောက်ပိုင်း၌ ဗြိတိသျှအာဏာပိုင်အစိုးရတို့၏ ထောင်သွင်းအကျဉ်းချထားခြင်းများကို အကြိမ်ကြိမ်ခံခဲ့ရ၏။ နေရူးထောင်ကျခံခဲ့ရသည့်နှစ်များကို စုပေါင်းသော်၊ ၁၄နှစ်ခန့်ရှိပေသည်။ သူ၏ဖခင် မိုတီလာနေရူးနှင့် လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲခဲ့ကြခြင်းကြောင့်၊ ဗြိတိသျှအစိုးရတို့၏ထောင်သွင်းအကျဉ်းချထားခြင်းများကို အကြိမ်ကြိမ်ခံခဲ့ကြရပေသည်။နေရူးသည် ထောင်ကျနေသည့်နှစ်များအတွင်း ထောင်ထဲ၌သူ၏ ကမ္ဘာကျော်စာအုပ်များဖြစ်သော ''ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ''၊ ''လွတ်လပ်ရေးသို့''နှင့် ''ကမ္ဘာသမိုင်းကြေးမုံ''တို့ကို ပြုစုရေး သားခဲ့လေသည်။

နိုင်ငံရေးကိုဆောင်ရွက်ရာ၌ နောက်ပိုင်းတွင် နေရူးသည် မတ်ဝါဒကိုသက်ဝင်ယုံကြည်သော ဆိုရှယ်လစ်တစ်ဦးဖြစ်လာသည်။ သို့သော်နေရူးသည် ကွန်မြူနစ်ဝါဒကိုဆန့်ကျင်လေသည်။ ၁၉၄၆ခု၌ ဗြိတိသျှအစိုးရသည် အိန္ဒိယနိုင်ငံအား လွတ်လပ်ရေးပေးရန် စီစဉ်ပြုလုပ်ကြသောအခါ၊ နေရူးသည် ထိုနှစ် စက်တင်ဘာလတွင် အိန္ဒိယကြားဖြတ်အစိုးရ၏ ဘုရင်ခံချုပ်အလုပ်အမှုဆောင်ကောင်စီ အဖွဲ့တွင် ဒုတိယဥက္ကဋ္ဌ ဖြစ်လာလေသည်။

၁۹۴۷ ခု ဩဂုတ်လ ၁၅ ရက်နေ့၌ အိန္ဒိယနိုင်ငံသည် ဒိုမီနီယန်အဆင့်အတန်းရ၏။ ထိုအခါ နေရူးသည် အိန္ဒိယအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်ဖြစ်လာသည်။ ထိုနောက် ၁၉၅၀ ပြည့်နှစ် ဇန္နဝါရီလ ၂၆ရက်နေ့၌အိန္ဒိယနိုင်ငံသည် လွတ်လပ်ရေးကို ရရှိခဲ့သောအခါ၊ နေရူးပင်လျှင် ဝန်ကြီးချုပ်အဖြစ်ဖြင့် လွတ်လပ်သော အိန္ဒိယနိုင်ငံ၏ ပဋ္ဌမဦးဆုံးအစိုးရအဖွဲ့ကို ခေါင်းဆောင် ဖွဲ့စည်းခဲ့ပေသည်။

နေရူးသည် သူ၏ရည်မှန်းချက်ဖြစ်သော အိန္ဒိယနိုင်ငံ၏လွတ်လပ်ရေးကိုရရှိပြီးနောက်၊ အာရှတိုက်၏လွတ်လပ်ရေးကို ပေါ်ပေါက်အောင်ကြိုးပမ်းခဲ့ပြန်သည်။ ''အာရှတိုက်သည် အာရှတိုက်သားများအဖို့''ဟူသော သူ၏ကြွေးကြော်သံသည် အာရှနိုးကြားထကြွမှုတွင် အဓိကဆောင်ပုဒ်ဖြစ်လေသည်။ နယ်ချဲ့လက်အောက်တွင် ကြာရှည်လေးမြင့်စွာ ဖိနှိပ်ချုပ်ချယ်ခြင်းခံနေခဲ့ရသော အာရှတိုက်တစ်တိုက်လုံးသို့ အမျိုးသားစိတ်ဓာတ် အဟုန်ကို ဖြန့်လွှတ်သူမှာ နေရူးပင်ဖြစ်သည်ဟု ဆိုသင့်ပေသည်။

ယခုအခါ နေရူးသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အပြင်းအထန်ကြိုးပမ်းဆောင်ရွက်လျက်ရှိ၏။ နေရူးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကမ္ဘာ့ကုလသမဂ္ဂသို့ ဝင်ခွင့်ပြုရန် အတွက်လည်း အပြင်းအထန်ထောက်ခံ တောင်းဆိုခဲ့သည်။ ကမ္ဘာဖျက် လက်နက်ဆန်းဖြစ်သောအဏုမြူဗုံး၊ ဟိုက်ဒရိုဂျင်ဗုံးအစရှိသော လက်နက်များကို ပိတ်ပင်တားမြစ်ရန်လည်း၊ နေရူးသည် လေးနက်စွာတောင်းဆိုခဲ့သည်။ နေရူးသည် ဝါဒကိုဂရုမပြု။ သူ၏ရည်မှန်းကြိုးပမ်းချက်မှာ တကမ္ဘာလုံး၏ ငြိမ်းချမ်းရေး ဖြစ်လေသည်။

သန်းပေါင်း ၃၅၀ ကျော်မျှ ရှိသောအိန္ဒိယအမျိုးသားတို့ ကြည်ညိုအားထားခြင်း၊ ကမ္ဘာ့နိုင်ငံတကာရှိ လူထုအသီးသီးတို့၏ ချစ်ခင်လေးစားခြင်းတို့ကို ခံယူရရှိနေသော နေရူးကို လူတစ်ယောက်အနေဖြင့်လေ့လာသော်၊ စိတ်ကူးယဉ်သမားနှင့်လက်တွေ့သမားတို့ ပေါင်းစပ်ထားသော သဘောသဏ္ဌာန်ကို တွေ့မြင်ရပေလိမ့်မည်။ နေရူးသည် နိုင်ငံရေးရာများကြောင့်၊ လူပန်းစိတ်ပန်းဖြစ်နေစဉ် အခါမှာပင် စာပေရေးရာကိုမမေ့လျော့ခဲ့ချေ။ စာအုပ်စာတမ်းပေါင်းများစွာကိုပြုစုရေးသားခဲ့လေသည်။ ထို့ကြောင့်လည်း အိန္ဒိယနိုင်ငံသူနိုင်ငံသားအပေါင်းက သူ့အား နာမည်ရှေ့တွင် ပဏ္ဍိတ(ဝါ)ပညာရှင်ဟူသော ဝိသေသထူးကို ထည့်၍ခေါ်ဝေါ်ခဲ့ကြ၏။ သို့ရာတွင် မြင့်မြတ်မှုသဘောကို

www.foreverspace.com.mm

အင်္ဂလန်ပြည် လန်ဒန်မြို့ စိန့်မာတင်ရပ်ရှိ နေရှင်နယ် ပန်းချီပြတိုက်

လိုလားခုံမင်ခြင်း၊ စုံမက်နှစ်သက်ခြင်း မရှိသောနေရူးသည် လူသာမန်ပုဂ္ဂိုလ်တို့ကဲ့သို့ ရှရီဟူသော ဝိသေသကိုသာ သူ၏ နာမည်ရှေ့၌ ထည့်သွင်း ခေါ်ဝေါ်စေလေသည်။

နေရူးသည် မြန်မာနိုင်ငံသို့ ၁၉၃၇ခုက တစ်ကြိမ်၊ ၁၉၄၉ခုကတစ်ကြိမ်၊ ၁၉၅၅ ခုနှစ်က တစ်ကြိမ် ပေါင်း၃ ကြိမ်မျှ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိခဲ့ဖူးလေသည်။

နေရှင်နယ်ထရတ်အဖွဲ့။ ။ဂရိတ်ဗြိတိန်နိုင်ငံတွင် ထူးကဲလှပသော သဘာဝရှုမျှော်ခင်းများ တည်ရာဌာနတို့ကိုလည်းကောင်း၊ နိုင်ငံသမိုင်း၌ အဓိကရဖြစ်သော ရှေးဟောင်းအဆောက်အအုံတည်ရာဌာနတို့ကိုလည်းကောင်း မပျောက်မပျက်စေရန်စောင့်ရှောက်သော နေရှင်နယ်ထရတ် ခေါ် တမျိုးသားလုံးနှင့်ဆိုင်သည့် အဖွဲ့တစ်ဖွဲ့ရှိလေသည်။ ထိုအဖွဲ့ကို ခရစ်၁စဂ၅ခုတွင် တည်ထောင်သည်။ ထိုအဖွဲ့၏ လုပ်ငန်းမှာ ဂရိတ်ဗြိတိန် နိုင်ငံတွင်းရှိ သမိုင်းအရ ထင်ရှားသောအဆောက်အအုံနှင့် မြေရာတို့ကိုလည်းကောင်း၊ နိုင်ငံ၏ ကျက်သရေကိုဆောင်သောသဘာဝရှုမျှော်ခင်းတည်ရာ ပန်းမာလ်ဥယျာဉ်တို့ကိုလည်းကောင်း ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ထားရှိရေးအတွက် အများပြည်သူတို့ လှုဒါန်းသောအလှူငွေများနှင့် အစိုးရ၏အကူအညီတို့ကို ခံယူကာ၊ စီမံအုပ်ချုပ်လုပ်ဆောင်ရသော အဖွဲ့ဖြစ်သည်။ ထိုအဖွဲ့သည် အိုင်ယာလန်မြောက်ပိုင်း၊ ဧလနယ်နှင့် အင်္ဂလန်ပြည်တို့အတွင်း၌ ဧကပေါင်းနှစ်သိန်းကျော်မျှ ကျယ်ဝန်းသောမြေတို့ကို စီမံအုပ်ချုပ်လျက်ရှိသည်။ ထိုမြေပေါ်တွင် ရှေးဟောင်း အဆောက်အအုံပေါင်း တစ်ထောင်ကျော်မျှရှိသည်။ ထိုမျှကျယ်ဝန်းသောမြေနေရာနှင့် များပြားလှသောရှေးဟောင်း အဆောက်အအုံတို့ကို အဖွဲ့က ဝယ်ယူ၍လည်းကောင်း၊ သူတပါးကလှူဒါန်း၍လည်းကောင်း၊ သေတမ်းစာဖြင့်လွှဲပြောင်းပေးအပ်ကြ၍ လည်းကောင်း အဖွဲ့လက်ဝယ်ရရှိထားသည်။ ထိုအဖွဲ့မျိုးနှင့် အလားတူ အဖွဲ့တစ်ဖွဲ့ကို စကော့တလန်ပြည်တွင် ၁၉၁၃ ခုနှစ်ကစ၍ တည်ထောင်ထားသည်။

နေရှင်နယ်ပန်းချီပြတိုက်။ ။နေရှင်နယ် ပန်းချီပြတိုက်ဟူသည်မှာ နိုင်ငံပိုင်ပန်းချီးကား၊ ရုပ်လုံး၊ ရုပ်တုများကို ထိန်းသိမ်းပြသထားသော ပြတိုက်မျိုးဖြစ်သည်။ ထိုသို့သောပြတိုက်မျိုးအတွက် စေတနာရှင်များက လှူဒါန်းသော အနုပညာပစ္စည်းများအပြင်၊ ပြည်သူ့ရန်ပုံငွေများဖြင့် အနုပညာပစ္စည်းများဝယ်ယူစုဆောင်းဖြည့်တင်းခြင်းကို လည်းပြုသည်။ ယင်းသို့သောပန်းချီပြတိုက်မျိုးကို ပဌမဆုံးစတင်တည်ထောင်ခဲ့သည့်ပုဂ္ဂိုလ်များတွင် ပဌမနပို လီယန်ဘုရင်သည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ နပိုလီယန်သည်

www.foreverspace.com.mm

ပြင်သစ်မင်းအဆက်ဆက်တို့စံမြန်းခဲ့သော လူးဗရနန်းတော်ကို ပန်းချီပြတိုက်အဖြစ်ပြောင်းလဲလိုက်ပြီးသော်၊ ဥရောပတိုက်အရပ်ရပ်မှ အနုပညာပစ္စည်းများကို စုဆောင်းထိန်းသိမ်းထားစေခဲ့သည်။ ယခုတိုင် ကမ္ဘာပေါ်၌ ပန်းချီပန်းပုစသောအနုပညာဆိုင်ရာ အကောင်းဆုံးလက်ရာများကို ထိန်းသိမ်းပြသထားနိုင်သည့် ပြတိုက်ကြီးဖြစ်နေသည်။ ယင်းပြတိုက်ရှိ ကမ္ဘာကျော်အနုပညာလက်ရာနှစ်ခုမှာ ဗီနပ်ဒါမီလိုရှပ်တုနှင့် လီယိုနာဒိုဒါဗင်ချီ၏ မိုနာလီဇာပန်းချီကား ဖြစ်လေသည်။

လန်ဒန်မြို့ရှိ နေရှင်နယ်ပန်းချီပြတိုက်သည်လည်း ကမ္ဘာကျော်ဖြစ်သည်။ ထိုပန်းချီပြတိုက်ကို ၁၈၂၄ခုတွင် စတုတ္ထကျော့ဘုရင်၏ ညွှန်ကြားချက်အရ၊ နိုင်ငံတော်အစိုးရက ဝယ်ယူခဲ့သော အန်ဂါစတိုင်းစုဆောင်းခဲ့သည့် ပန်းချီကား ၃၈ချပ်ဖြင့်အစပျိုးကာ တည်ထောင်ခဲ့သည်။ ပဌမတွင် ပေါမောရပ်ကွက်၊ တိုက်အမှတ် ၁၀၀ ၌လည်းကောင်း၊ ထိုနောက်တွင်ယင်းရပ်ကွက်တိုက်အမှတ် ၁၀၅၌လည်းကောင်း ပြတိုက်ကိုဖွင့်လှစ်ထားခဲ့သည်။ နောင်အခါ ထရာဖဲလဂါစကွဲယားနှင့် မျက်နှာချင်းဆိုင်တွင်၊ ယခုလက်ရှိ အဆောက်အအုံကို ၁၈၃၈ခုတွင် ဆောက်လုပ်ပြီးစီးသွားသောအခါ၊ ထိုအဆောက်အအုံသို့ ရွှေ့ပြောင်းခဲ့လေသည်။

အင်္ဂလိပ် နေရှင်နယ်ပန်းချီပြတိုက်သည် နောင်ထပ်မံ၍ ဝယ်ယူစုဆောင်းခြင်း၊ သေတမ်းစာများဖြင့် လွှဲအပ်ပေး၍ လက်ခံရရှိခြင်း၊ မေတ္တာလက်ဆောင်ရရှိခြင်းတို့ကြောင့် ယခုအခါ ဥရောပတိုက်တွင် ပန်းချီဆိုင်ရာလက်ရာ အစုံလင်ဆုံးသော ပြတိုက်ကြီးဖြစ်နေလေပြီ။ ရရှိထားသည့် ပန်းချီကားများကို ရေးဆွဲပုံ စံနစ်အလိုက်၊ ဂိုဏ်းအလိုက် ခွဲခြားပြသထားသည်။ ဖလန်းဒါး ပန်းချီလက်ရာများနှင့်၊ ဒပ်ချပန်းချီလက်ရာများ အမြောက်အမြားရရှိထားလေသည်။ ဖလော်ရင့်၊ ဗင်းနစ်နှင့် အမ်ဗရီးယား ပန်းချီကျော်များ၏ လက်ရာများကလည်းမနည်းလှပေ။ လက်ရာမွန်ပန်းချီကားများအနက် ဖိလစ်ပိုလစ်ပီ၊ မိုက်ကယ်အန်ဂျလို၊ တစ်ရှန်၊ ရက်ဖီအယ်စသောကမ္ဘာကျော်ပန်းချီ ဆရာကြီးများ၏ လက်ရာများလည်းပါဝင်သည်။ စပိန်နိုင်ငံမှ မျူရီလို၊ ဗေလက်ကတ်နှင့်ဂိုးယာ၊ ပြင်သစ်မှ ကလော့နှင့်ပူးဆန်တို့၏ လက်ရာများကိုလည်း တခမ်းတနားတွေ့ရသည်။ ဗြိတိသျှပန်းချီကို ပန်းချီခေတ်ဦးမှ မျက်မှောက်ပန်းချီအထိ သမိုင်းနှင့်ချီပြီးပြသထားရာ၊ အထူးသဖြင့်ဗြိတိသျှပန်းချီကျော်တာနာ၏ လက်ရာကောင်းများစွာကိုတွေ့ရလေသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ယင်းသည့်ပြတိုက်ကြီးမှ ရှားပါးအဖိုးတန်လှသောပန်းချီကားများကို ဝေလနယ်စသောဘေးကင်းလုံ ခြံရာဒေသများသို့ ပြောင်းရွှေ့ထားခဲ့ရလေသည်။

အက်ဒင်ဗာရာမြို့၌လည်း စကော့တလန်နေရှင်နယ်ပန်းချီပြတိုက်တစ်ခုရှိသည်။ ယင်းသည့်ပြတိုက်တွင်လည်း အီတလီ၊ ဒပ်ချနှင့် ပြင်သစ်ပန်းချီများရှိသည်။ စကော့ပန်းချီကျော် ဆာဟင်နရီရေးဗန်း၏ လက်ရာများကို အများဆုံးတွေ့ရလေသည်။

၁၉၃၇ခုတွင် ကွန်ဂရက်လွှတ်တော်မှ ဥပဒေဖြင့် ပြဋ္ဌာန်းချက်အရ၊ အမေရိကန်ပြည်ထောင်စု၏ နေရှင်နယ်ပန်းချီပြတိုက်ကို ဝါရှင်တန်မြို့၌ ၁၉၄၁ခုတွင် ဖွင့်လှစ်ခဲ့သည်။ ယင်းမှာ အင်ဒရူးမဲလန်အမည်ရှိ ဘဏ်သူဌေးကြီးသည် မိမိအနှစ်နှစ်အလလ ရှာဖွေစုဆောင်းထားခဲ့သော ၁၃ ရာစုနှစ်မှ ၁၈ရာစုနှစ်အထိ၊ ကမ္ဘာကျော်ပန်းချီ လက်ရာမွန်များကိုသာမက၊ ယင်းတို့ကို ထိန်းသိမ်းပြသထားရန်အတွက် အဆောက်အအုံတစ်ခုဆောက်ရန် ရန်ပုံငွေပါ လှူဒါန်းခဲ့သည်ကို အကောင်အထည်ဖော်လိုက်ခြင်း ဖြစ်လေသည်။ ပြတိုက်ကြီးကို ဆောက်လုပ်ရတွင် ဒေါ်လာ ၁၅ သန်းကုန်ကျသည်။ ကမ္ဘာပေါ်တွင် အကြီးဆုံးသော ကျောက်ဖြူ အဆောက်အအုံကြီးတခု ဖြစ်လေသည်။

ယင်းပြတိုက်ကြီးတွင် မဲလန်စုဆောင်းထားခဲ့သော ရက်ဖီအယ်၊ ဗန်အိုက်၊ ရမ်းဗရန့်၊ ဗားမေစသော ကမ္ဘာကျော်ဥရောပပန်းချီကျော်ကြီးတို့၏ လက်ရာပန်းချီးကား ၁၂၇ကားနှင့်ရှပ်တု ၂ဖခုရှိသည်။ နယူးယောဂ်မြို့မှ ဆယ်မျှယယ်ကရက်စက ပန်းချီကား၃၇၅ချပ်နှင့် ရှပ်ထု၁၈ခုကို လှူဒါန်းခဲ့သည့်အနက်၊ ဥရောပပန်းချီကျော်ကြီးများ၏ လက်ရာအမြောက်အမြားပါသည်။ ဖီလဒဲလဖီးယားမြို့မှ ဂျိုးဇက်ဝိဒီးနားကလည်း မိမိနှင့်မိမိ၏ဖခင်ကြီးတို့စုဆောင်းလာခဲ့သောပန်းချီကားများကို လှူဒါန်းခဲ့ရာ၌ ရက်ဖီအယ်၊ ဗဲလီနီ၊ ရမ်းဗရန့်၊ ဗားမေးနှင့်ဗန်အိုက်တို့၏ လက်ရာများ လည်းပါဝင်လေသည်။ ထို့ပြင် လက်ဆင်းကျေရိုဆန်ဝါး လှူဒါန်းခဲ့သော ပုံနှိပ်ပန်းချီးကားချပ်နှင့် ပုံဆွဲကားချပ်ပေါင်း ၁၀၀၀ကျော်နှင့်၊ အမေရိကန်ဒီဇိုင်းအမျိုးမျိုးကိုလည်းကောင်း၊ အမေရိကန်ပန်းချီကျော်ချက်စတာအေဒေးနှင့် ဒန်ကင်ဖီလစ်စသည်တို့၏ လက်ရာမွန်တို့ကိုလည်းကောင်း ယင်းပြတိုက်ကြီးအတွင်း၌ ခင်းကျင်းပြသထားလေသည်။

နေရှင်နယ်ပုံတူပန်းချီပြတိုက်။ ။အင်္ဂလန်ပြည် လန်ဒန်မြို့စိန်မာတင်အရပ်တွင် နေရှင်နယ်ပုံတူပန်းချီပြတိုက်ဟူ၍ အမည်ရှိသော ပြတိုက်တစ်ခုရှိသည်။ ထိုပြတိုက်တွင် ဗြိတိန်နိုင်ငံသမိုင်း၌ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများ၏ ပုံတူပန်းချီကားများကို ချိတ်ဆွဲပြသထားသည်။ ဘုရင်မင်းမြတ်နှင့် မိဖုရားကြီးတို့၏ ရုပ်ပုံမှတစ်ပါး၊ အခြားမည်သည့် အသက်ထင်ရှားရှိသောပုဂ္ဂိုလ်၏ ပုံတူပန်းချီကားကိုမျှ ထိုပြတိုက်တွင် ချိတ်ဆွဲပြသနိုင်ခွင့်မရှိပေ။ ကွယ်လွန်ပြီးပုဂ္ဂိုလ်တို့၏ ပုံတူကိုသာ ချိတ်ဆွဲရစမြဲဖြစ်၏။ ထို့ပြင်လည်း

www.foreverspace.com.mm

ပုံဟောင်းမှ တစ်ဆင့်ကူးဆွဲထားသော ပုံသစ်များကို လည်းမပြသနိုင်ချေ။

၁၈ ရာစုနှစ်မတိုင်မီက အင်္ဂလိပ်လူမျိုးထဲမှ ပုံတူရေးဆွဲတတ်သောပန်းချီဆရာများနည်းပါးလှသဖြင့်၊ အင်္ဂလန်ပြည်တွင် လာရောက်နေထိုင်ကြသောနိုင်ငံခြား ပန်းချီဆရာကြီးများ၏ ပန်းချီကားများကိုသာ ထိုပန်းချီပြ တိုက်တွင် အများဆုံးတွေ့ရလေသည်။ ယင်းတွင် ပုံတူ ပန်းချီကား ပေါင်း ၃၁၀၀ ကျော်ခန့်ရှိရာ၊ ဟောလဗိုင်း၊ ဗန်ဒိုက်၊ ဂိန်းစဗရား၊ ရွမ်မနီ၊ ရေးဗန်း၊ ဆားဂျင့်စသောပန်းချီကျော်ဆရာကြီးများ၏ လက်ရာများကို တွေ့ရပေသည်။ နေရှင်နယ်ပုံတူပန်းချီပြတိုက်ကို ၁၈၅၆ခုတွင် စတင်တည်ထောင်၍၊ ၁၈၅၉ ခုနှစ်တွင် လန်ဒန်မြို့ ဂရိတ်ကျော့လမ်းအမှတ် ၂၉၌ စတင်တည်ထောင်ဖွင့်လှစ်သည်။ ၁၈၆၉ ခုနှစ်မှ ၁၈၈၅ခုနှစ်အတွင်း၌ တောင်ကင်းဆင်းတန်းအရပ်၌ ဖွင့်လှစ်၍၊ ၁၈၈၅ ခုနှစ်မှ ၁၈၉၅ ခုနှစ်အထိ ဗီသနယ်ဂရင်းပြတိုက်တွင် ဖွင့်လှစ်ထားရှိခဲ့သည်။ ယခုလက်ရှိပြတိုက်ကို ၁၈၅၉ခုတွင် အပြီးသတ်ဆောက်လုပ်ခဲ့၍၊ ၁၈၉၆ခုတွင် ဖွင့်လှစ်ခဲ့သည်။ ၁၉၃၃ခုတွင် တစ်ဖန် အနောက်ဘက်အဆောင်ကို တိုးချဲ့ဆောက်လုပ်ခဲ့သည်။

နေလကြတ်ခြင်း။ ။လသည် နေနှင့်ကမ္ဘာအကြားသို့ ရောက်ရှိ စဉ်၊ နေကိုလကကွယ်ထားလျှင် နေကြတ်သည်ဟု ခေါ်သည်။ နေနှင့်လတို့ အကြားသို့ ကမ္ဘာရောက်ရှိစဉ်၊ လပေါ်၌ ကမ္ဘာ၏အရိပ်ကျအောင် ကမ္ဘာကကွယ်ထားလျှင် လကြတ်သည်ဟုခေါ်သည်။

နေနှင့်ကမ္ဘာကိုဖြတ်၍ မျဉ်းတစ်ကြောင်းကို စိတ်ကူးဖြင့်ဆွဲကြည့်ပါ။ လသည် ကမ္ဘာကို တစ်လလျှင် တစ်ကြိမ်လှည့်ပတ်သဖြင့်၊ တစ်လလျှင် နှစ်ကြိမ်ကျ ထိုမျဉ်းကို ဖြတ်သွားစရာအကြောင်းရှိသည်။ ထိုသို့ဖြတ်သွားလျှင် လတိုင်းလတိုင်း နေတစ်ကြိမ်နှင့် လတစ်ကြိမ် ကြတ်ဖို့ ရှိပေသည်။ သို့ရာတွင် ကမ္ဘာကို လှည့်ပတ်နေသော လ၏ လမ်းကြောင်းသည် နေကိုလှည့်ပတ်နေသောကမ္ဘာ၏ လမ်းကြောင်းနှင့် စောင်းနေသည့်အတွက်၊ နေနှင့်လတို့သည် ရံဖန်ရံခါမှသာ ကြတ်တတ်လေသည်။ (နေ၊လ–ရှု။)

တစ်နှစ်လျှင် နေငါးကြိမ်ထိကြတ်နိုင်၍၊ လနှစ်ကြိမ်ထိကြတ်နိုင်သည်။ နေနှစ်ကြိမ်သာကြတ်၍၊ လတစ်ကြိမ်မျှ မကြတ်သောနှစ်လည်းရှိနိုင်သည်။ ကမ္ဘာမြေမှ မကြာခဏမြင်ရသောနေကြတ်ခြင်းမျိုးသည် နေဝန်းပြည့်ကြတ်ခြင်းမျိုးမဟုတ်၊ နေအပိုင်းကြတ်ခြင်းမျိုးသာများပေသည်။

ဗြိတိန်နိုင်ငံသမိုင်းဝင် ကွယ်လွန်သူ ပုဂ္ဂိုလ်ကြီးများ၏ ပုံတူပန်းချီကားများထားရှိရာ နေရှင်နယ် ပုံတူပန်းချီပြတိုက်

www.foodspace.com.mm

နေဝန်းပြည့် ကြတ်ခြင်းမျိုးကို သဗ္ဗကြတ်ဟုခေါ်သည်။ သဗ္ဗကြတ်ခြင်းကို ကမ္ဘာမြေ တစ်နေရာမှ နှစ်ပေါင်း ၃၀၀ အတွင်း တစ်ကြိမ်သာလျှင် မြင်နိုင်သည်ဟု နက္ခတ်ပညာရှင်များကတွက်ချက်ခန့်မှန်းကြသည်။ သဗ္ဗကြတ်ခြင်းကို မြင်နိုင်သော ကမ္ဘာ့ဒေသများမှ များသောအားဖြင့် ပစိဖိတ်သမုဒ္ဒရာ သို့မဟုတ် အတ္တလန္တိတ်သမုဒ္ဒရာများအတွင်း၌ ကျရောက်တတ်သည်။ တစ်ခါတစ်ရံတွင်လည်း လူသူမရောက်ပေါက်နိုင်သောဒေသများဖြစ်၍ နေတတ်ပေသည်။ နေကို တလုံးလုံးမဟုတ်ဘဲ၊ အလယ်ပိုင်းကိုသာ လကကွယ်ထားသဖြင့်၊ ဝသဏ္ဏာန်အကွင်းလိုက် ကျန်နေသောနေကြတ်ခြင်းမျိုးလည်းရှိ၍၊ ထိုသို့နေကြတ်ပုံမျိုးကို နေအကွင်းကြတ်ခြင်းဟုခေါ်သည်။

နေကြတ်စဉ် နေ၏မျက်နှာဝန်းကို လလုံးက တဖြည်းဖြည်းဖုံးကွယ်ထားသည်။ နေဝန်းကို လလုံးကလုံးလုံးကွယ်ထားသောအခါ၊ တမိုးလုံးမှောင်သွားတော့၏။ ထိုအခါမျိုးတွင် မိုးပေါ်မှကြယ်အချို့ကို မြင်ရတတ်သည်။ နေကို ကွယ်ထားသောလလုံး၏ပတ်လည်တွင်လည်း နေ၏နီရောင်ထုမှ ထိုးထွက်လာသော အနီရောင်မီးတောက် မီးလျှံကြီးများကိုလည်းကောင်း၊ နီရောင်ထုပတ်လည်တွင် ငွေရောင်အဆင်းနှင့် လင်းနေသောကိုရိုးနားခေါ် နေအိမ်ဖွဲ့သည့် အလင်းကွင်းကိုလည်းကောင်း တွေ့မြင်နိုင်သည်။ နက္ခတ်ပညာရှင်တို့သည် နေကြတ်ခြင်းတွင် အလွန်စိတ်ဝင်စားကြသည်။ နေကြတ်ခြင်းကို ကောင်းမွန်စွာကြည့်ရှုမှတ်သားနိုင်ရန်အတွက် သူတို့သည် ကိရိယာတန်ဆာပလာများကိုယူဆောင်လျက် နေကြတ်သည်ကို ကောင်းစွာမြင်ရမည့်နေရာများသို့ တပင်တပန်းသွားကြသည်။ နေကြတ်သည့်အချိန်တွင် ကမ္ဘာမြေပေါ်၌ လ၏ အရိပ်ထိုးရာအရပ်ဒေသတို့ကို စစ်ဆေး၍၊ လ၏ရွှေ့သွားပုံ အယူအဆများကို မှန်မမှန် ချိန်ဆကြည့်ကြသည်။ နေဝန်းပြည့်ကြတ်သည့်အခါမျိုး၌ နေအိမ်ဖွဲ့သည့်အလင်းကွင်းနှင့် နေမှ ထိုးထွက်နေသော အလျှံတို့ကို ဓာတ်ပုံရိုက်ယူကြသည်။ ရောင်စဉ်ကြည့် ကိရိယာဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

နေကြတ်သည်ကိုကြည့်ရှုခြင်းဖြင့် အဖိုးတန်သည့်ဗဟုသုတများကို သိရှိနိုင်သည်။ ၁၈၆၈ခုတွင် နေကြတ်သည်ကိုကြည့်ရှုစစ်ဆေးရာမှ နေထဲ၌ ဟီလီယမ် ဓာတ်ငွေ့ရှိကြောင်းကို သိရှိခဲ့ရသည်။ ၁၉၁၉ခု မေလတွင်လည်း နေကြတ်သည်ကို ကြည့်ရှုစစ်ဆေးခြင်းဖြင့်၊ နေကဆွဲသောကြောင့် အလင်း၏လမ်းကြောင်းယိုင်သွားပုံကို ပြသောကမ္ဘာကျော်သင်္ချာဆရာကြီး အိုင်းစတိုင်း၏ ရယ်လတစ်ဗတီသီအိုရီ မှန်မမှန်ကို စမ်းသပ်နိုင်ခဲ့လေသည်။

သိပ္ပံပညာမထွန်းကားမီအခါကနေလကြတ်သည်ကို နတ်ဘီလူးစသည်တို့ နေနှင့်လကိုဖမ်းစားသည်ဟု ကမ္ဘာ



နေကြတ်စဉ်ဤသို့မြင်ရသည်

အရပ်ရပ်တွင် အမျိုးမျိုးအဖုံဖုံ ယူဆခဲ့ကြသည်။ မြန်မာတို့သည်လည်း ငပုပ်အမည်ရှိသော ခွေးနက်ကြီးက မိမိသခင်ဆေးဆရာကြီး၏ ဆေးလုံးကို ခိုးယူရန်လာသော လနတ်သားကို ခုန်၍ဖမ်းသည်ဟု ရှေးစကားအဖြစ် ပြောဆိုကြသည်။ ထိုသို့စွဲ၍ လကြတ်သည်ကို လငပုပ်ဖမ်းသည်ဟု စကားစဉ်ကျန်ခဲ့လေသည်။

စာပေကျမ်းဂန်များ၌လည်း နေလကြတ်ခြင်းကို တစ်နည်းတစ်ဖုံ ဖော်ပြထားသည်။ စွယ်စုံကျော်ထင်ကျမ်းတွင် နေလကြတ်ခြင်းကို အောက်ပါအတိုင်း ဖော်ပြထား၏။

ဘုရားသခင်သည် သာဝတ္ထိပြည်ဝယ် စံပယ်တော်မူသောအခါ၊ အသုရိန်သည် မြေမှတက်၍ နေလကိုဖမ်းသည်တွင် နေနတ်သားလနတ်သားတို့က ငါတို့အားဘုရားသခင်သာ ကိုးကွယ်ရာဖြစ်တော့သည်ဟု ဂါထာရွတ်၏။ ထိုအကြောင်းကိုဘုရားသခင်သည် ဂန္ဓကုဋ္ဌိတိုက်တော်ကပင် ဒီဗွသောတဖြင့်ကြားတော်မူ၍၊ အချင်းရာဟု လွှတ်လော့လွှတ်လော့ဟုမိန့်တော်မူလျှင် အသုရိန်လည်း ဖမ်းရာမှလွှတ်၍ ပြေးလေ၏။ အသုရိန်ဟူသည်မှာ ရာဟုဂြိုဟ်ပင်ဖြစ်၏။ ရာဟုဂြိုဟ်သည် ရာသီစက်၌ လှည့်လည်သွားလာသည်ပင်ဖြစ်ငြားသော်လည်း၊ အခြားသော ဂြိုဟ်များကဲ့သို့ ကောင်းကင်၌ တည်သည်မဟုတ်၊ မြင့်မိုရ်တောင်ခြေရင်း အသုရာပြည်၌တည်၍၊ မြေ၌ကျက်စားသည်။ ဤသို့ သံယုတ္တနိကာယ် ဒေဝတာသံယုတ် ပါဠိတော်၌ ဟောတော်မူသော အတ္ထုပ္ပတ္တိကို ထောက်၍ သိအပ်၏။

ထိုနေလတို့ကိုဖမ်းကစားတတ်သော ရာဟုအသုရိန်၏ အဆင်းလက္ခဏာ အသွင်အပြင်ကား မည်းနက်သောအဆင်းရှိ၍၊ ယမမင်းကဲ့သို့ မထင်ရှားဘဲ မြေပြင်၌လည်တတ်

www.foreverspace.com.mm

၏ ဝရဒိန်နှင့်တူသောအစွယ်သုံးချောင်းရှိလျက် ကြောက်မက်ဖွယ်ကြမ်းကြုတ်၏ဟု ကျမ်းဂန်များတွင်ဆိုလေသည်။

နေလကြတ်ခြင်းကို မြန်မာတို့၏ တွက်ချက်နည်းဖြစ်သောသရအတွက် ပြက္ခဒိန်အလိုအားဖြင့် ဟောပြောနိုင်၏။ ရာဟုအသုရိန်ဂြိုဟ် ကောင်းကင်၌လှည့်ရာ၊ နေလတို့နှင့်ခရီး ကြုံကြိုက်သဖြင့် ဖမ်းခြင်းကိုပင် သဗ္ဗကြတ်၊ ထက်ဝက်ကြတ်၊ သုံးစိတ်ကြတ်ဖမ်းသည်ဟု လည်းကောင်း၊ သမသတ်ဖမ်းသည်ဟုလည်းကောင်း ဟောပြောလေ့ရှိကြသည်။

ထိုနောက် ရာဟုအသုရိန်က နေလတို့ကို ငပုပ်ဖမ်းဟန်ကို ပြဆိုရာတွင်လည်း၊ ရာဟုအသုရိန်၏ ကိုယ်ကားအရပ်အားဖြင့် ယူဇနာလေးထောင့်ရှစ်ရာ၊ လက်ကတီးကြားကား ယူဇနာတရာ့နှစ်ဆယ်၊ မောင်းလက်ရုံးအလုံးကား ယူဇနာခြောက်ရာ၊ ဦးခေါင်းကား ယူဇနာကိုးရာ၊ နဖူးပြင်ယူဇနာသုံးရာ မျက်မှောင်အကြား ယူဇနာငါးဆယ်၊ ခံတွင်းအကျယ် ယူဇနာနှစ်ရာ၊ အစောက်ယူဇနာသုံးရာ၊ နှာခေါင်း ယူဇနာသုံးရာ၊ လက်ဖဝါးခြေဖဝါးအကျယ် ယူဇနာခုနှစ်ရာရှိ၏။ ထိုရာဟုအသုရိန်သည် နေလသွားသောလမ်းဖြင့်သွား၍ နေလရထားကိုမြင်လျှင် လက်ခြေကားလျက် ခံတွင်းကို ဟင်းလင်းဖွင့်လိုက်၏။ ထိုအခါ နေဗိမာန်လဗိမာန်၌ စောင့်သောနတ်တို့သည် ယူဇနာသုံးရာနက်သော နရက်ချောက်ကြီးသို့ ကျအံ့သကဲ့သို့ ဖြစ်လျက် အလွန်ကြောက်ကုန်ရကား အခြံအရံနှင့်တကွ တစ်ပြိုင်နက် ငိုကြွေးလျက် ထွက်ပြေးကြကုန်၏။ ထိုအခါ ရာဟုသည် နေလဗိမာန်ကို ရံခါလည်း ဝလက်ဝါးဖြင့် ဖုံး၏။ ရံခါလည်း လျှာဖြင့်လျက်၏။ ရံခါလည်း ပါးစောင်၌ထား၏။ ယင်းသို့ ငုံနိုင်လွှမ်းနိုင်သော်လည်း၊ နေလတို့၏သွားသောအဟုန်ကို မတန့်စေနိုင်။ လိုက်၍သာ ကစားရာ၏။ အကယ်၍ တန့်စေငြားအံ့၊ ပါးစပ်ဖြင့်ငုံသော် ဦးခေါင်းပြတ်ဘိရာ၏။ လက်ဖြင့် တားသော်၊ လက် ဝါးပြတ်ဘိရာ၏။ ဖမ်းလိုရင်းမှာ ဗိမာန်ကိုသာအရောင် အဝါလှပသောကြောင့် ကစားခြင်းငှါ ဖမ်းလိုသည်။ ဗိမာန်ကို ဖမ်းလျှင် နတ်သားကိုလည်း ဖမ်းရာကျသည်ဟု သံယုတ်ဋီကာ ပြဆိုဆိုခဲ့လေသည်။

ထိုနောက် ဇောတိသတ္ထကျမ်းအလိုအားဖြင့် နေလကြတ်သောအခါတွင် အရာခပ်သိမ်းအမှုခပ်သိမ်းတို့ကို ခုနစ်ရက်အတွင်း မလုပ်မဆောင်သင့်၊ ရှောင်ကြဉ်ရမည်၊ မရှောင်ကြဉ်ဘဲ ပြုလုပ်ဆောင်မိသော် ဘေးဥပဒ် တခုခု ဖြစ်မည်ဟု ပြဆိုထားလေသည်။

နေလှုံငါး။ ။နေလှုံငါးသည် စင်ထရာကီဒီးမျိုးရင်း တွင်ပါသော ရေချိုငါးမျိုး ဖြစ်သည်။ ဝေါ်ငါးမျိုးနှင့် နီးစပ်၏။ အမေရိကန်ပြည်ထောင်စုရှိ ရေချိုရပ်များတွင် အတွေ့ရများသောငါးမျိုးဖြစ်၏။ ပင်လယ်မျက်နှာပြင်သို့ တက်၍ နေပူဆာလှုံတတ်သောကြောင့်၊ ထိုငါးကို နေလှုံ ငါးဟု ခေါ်တွင်သည်။

နေလှုံငါး၏ ကိုယ်ခန္ဓာမှာလုံး၍ အမြီးဝိုင်း၏။ ရုတ်တရက်



ညဉ့်အခါ၌ ကျောက်စုန်းကဲ့သို့ အရောင်တောက်သည့် နေလှုံငါး

www.forgotspace.com.mm

ကြည့်သော် ဦးခေါင်းသာပါသော ငါးကြီးဟုထင်မှတ်မှား စရာဖြစ်၏။ အရောင်မှာ ကိုယ်အပေါ်ပိုင်း၌ မွဲခြောက်၍ အောက်ပိုင်းဖြူ၏။ ဦးခေါင်း နောက်နားတွင် သုံးထောင့်ပုံ သဏ္ဌာန် ဆူးတောင်ကြီးနှစ်ခု ရှိသည်။

နေလှုံငါးသည်အရွယ်အစားအမျိုးမျိုးရှိ၏။ အကောင်ကြီးလျှင် အလျား ၈ပေခန့်ရှိ၍ တစ်တန်ခန့်အချိန်စီး၏။ အသွားအလာနှေးကွေး၏။ လှည့်လိုသောအခါ ဘီးလှည့်သလို လှည့်ရ၏။ ခေါင်းနှင့်မျက်စိကို ရေပေါ်ဖော်၍ ကူးနေနိုင်သည်။ ညအခါ၌ ကျောက်စုန်းတောက်သကဲ့သို့ အရောင်တောက်၏။

နေလှုံငါး၏အသားမှာ မာ၍အရသာမရှိ၊ အနံ့ဆိုး၏။ ငါးဆီကို ချောဆီအဖြစ် သင်္ဘောစက်များ၌ အသုံးပြုလေ့ရှိကြသည်။

နေးမီရှယ်(ခရစ် ၁၇၆၉–၁၈၁၅)။ ။ခရစ်၁၈၁၂ခုတွင် ပြင်သစ်ဘုရင်နပိုလီယန်သည် ရုရှနိုင်ငံ မော်စကိုမြို့သို့ ဗိုလ်ပါ အလုံးအရင်းပါဝင်သော တပ်မကြီးဖြင့် ချီတက်ခဲ့ရာ၊ ဆောင်းဥတုအတွင်း ကြီးကျယ်သော ငတ်မွတ်ခေါင်းပါးခြင်း ဘေးနှင့်ရင်ဆိုင်တွေ့ရပြီးနောက်၊ ပြင်သစ်နိုင်ငံသို့ ဆုတ်ခွါခဲ့ရလေသည်။ ထိုသို့ဆုတ်ခွါရသည့်အချိန်၌ နပိုလီယန်ဘုရင်သည် သူ၏ ညာလက်ရုံး တစ်ဆူဖြစ်သော စစ်သူကြီး မီရှယ်နေးကို တပ်မကြီးနောက်ဆွယ်မှနေ၍ ရုရှတပ်တို့ကို ခုခံရန်ထားပစ်ခဲ့သည်။ ထိုအခါ မီရှယ်နေးသည် သူ၏အပေါ်သို့ ကျရောက်သောတာဝန်ကို ရွပ်ရွပ်ရွံ့ရွံ့ထမ်းရွက်ကာ၊နောက်မှလိုက်လာသော ရုရှတို့တပ်ကို ဖရိတလန်တိုက်ပွဲတွင် အပြီးသတ်ခုခံတိုက်ခိုက်၍၊ ပြင်သစ်နိုင်ငံသို့ တပ်မကြီး၏အကြွင်းအကျန်တပ်သားတို့နှင့်အတူ ပြန်လည်ဆိုက်ရောက်လာသည်။ ဤသည်ကို အကြောင်းပြု၍၊ နပိုလီယန်ဘုရင်သည် မီရှယ်နေးကို သူရသတ္တိနှင့် အပြည့်စုံဆုံးဖြစ်သော စစ်သူကြီးဟု ချီးကျူးခဲ့လေသည်။ ထိုအတွက်ကြောင့် ပြင်သစ်နိုင်ငံသမိုင်းတွင် မီရှယ်နေး၏အမည်သည် ဥဒါန်းတွင်ရစ်လေသည်။

နေးသည် မထင်ရှားသောသေနတ်ပြောင်းလုပ်သမားတစ်ဦးမှမွေးဖွားသည်။ သူ၏ဇာတိမှာ ဆားမြစ်ဝှမ်းနယ်ဖြစ်သည်။ အသက်၁၉နှစ်အရွယ်တွင်စစ်မှုထမ်းခဲ့ရာ၊ ၁၇၉၂ခုတွင် ပြင်သစ်ကတစ်ဖက်၊ ပရပ်ရှင်းနှင့်သြစတြီးယန်းတို့ကတစ်ဖက် တိုက်ခိုက်ကြသောစစ်ပွဲတွင် ထူးချွန်စွာ အမှုထမ်းခဲ့၍ ထင်ရှားကျော်ကြားလာလေသည်။ ၁၈၀၄ခု တွင် နပိုလီယန်ဘုရင်သည် နေးအား စစ်သူကြီးခန့်အပ်သည်။ ထိုနောက် သြစတြီးယန်းတို့ကို ထပ်မံတိုက်ခိုက် အောင်နိုင်ပြန်သဖြင့် မြို့စားကြီးရာထူးကိုရရှိခဲ့၍၊ ၁၈၁၂ခုတွင် နပိုလီယန်၏တပ်မကြီးဖြင့် ရုရှနိုင်ငံသို့ ချီတက်ခဲ့သည်။

ပြင်သစ်နိုင်ငံသမိုင်းဝင်စစ်သူကြီး မီရှယ်နေး

ထိုနောက် နပိုလီယန်သည်ရုရှနိုင်ငံမှ ဆုတ်ခွာလာခဲ့ရလေရာ၊ ၁၈၁၄ခု နပိုလီယန်တန်ခိုးမှေးမှိန်ခိုက်တွင် နေးသည် နပိုလီယန်နှင့်အတိုက်အခံဖြစ်သော ဗူးဗွန်ဂိုဏ်းသားတို့ဘက်သို့ပါသွားလေသည်။ ၁၈၁၅ခုတွင် နပိုလီယန်သည် အယ်လဗာကျွန်း၌အကျဉ်းချထားရာမှ ထွက်ပြေးသော် နေးသည် နပိုလီယန်ကို လိုက်လံဖမ်းဆီးလေသည်။ သို့သော် နေးသည် နပိုလီယန်နှင့်တွေ့ဆုံမိပြန်သောအခါ၊ ရှေးကအတူတကွ ဒုက္ခခံစားခဲ့ကြသည်တို့ကို ပြန်လည်သတိရ၍၊ နပိုလီယန်ဘက်သို့ပါသွားပြန်လေသည်။ ထိုကြောင့် နပိုလီယန်နှင့်နေးတို့သည် လူစုမ်း ပါရစ်မြို့ကို သိမ်းယူရန် ချီတက်လာကြရာ၊ မျှားစွာအကြံအောင်သဖြင့် ပါရစ်မြို့ရှိ ဗူးဗွန်ဂိုဏ်းသားလူဝီဘုရင်သည် ထွက်ပြေးရပြန်လေသည်။ သို့သော် ၁၈၁၅ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဖြစ်ပွားသောဝါတာလူးတိုက်ပွဲတွင် နပိုလီယန်တို့၏ တပ်သားများသည် အရေးနိမ့်သဖြင့်ဖရိဖရဲဖြစ်ကြလေရာ၊ စစ်သူကြီးမီရှယ်နေးကို လူဝီဘုရင်၏ တပ်သားတို့က ဖမ်းဆီး၍၊ သစ္စာဖောက်မှုနှင့် အဆုံးစီရင်လေသည်။ စစ်သူကြီး မီရှယ်နေးသည် ၁၈၁၅ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့၌ ပါရီမြို့တွင် သေနတ်ဖြင့် အဆုံးစီရင်ခြင်းကို ရဲဝံ့စွာခံယူ၍ ကွယ်လွန်လေသည်။ (နပိုလီယန်ဘုရင်များ–လည်းရှု။)

www.foreverspace.com.mm

ဗြိတိသျှ ရေကြောင်း စစ်ပွဲသမိုင်း၌ အထင်ရှားဆုံး သူရဲကောင်း ရေကြောင်း ဗိုလ်ချုပ်မှူး ဟိုရေးရှိုး နယ်လဆင်

နယ်လဆင်ဟိုရေးရှိုး (ခရစ် ၁၇၅၈–၁၈၀၅)။ ။ ဟိုရေးရှိုးနယ်လဆင်သည် အင်္ဂလိပ်လူမျိုး ရေကြောင်းဗိုလ်ချုပ်မှူးဖြစ်၍ ဗြိတိသျှရေကြောင်းတိုက်ပွဲသမိုင်း၌ အထင်ရှားဆုံးသောပုဂ္ဂိုလ်တဦးဖြစ်၏။ ယင်းသည် ထရာဖဲလဂါတွင် ပြင်သစ်နှင့်စပိန်ရေတပ်တို့ကို တိုက်ခိုက်အောင်မြင်၍ နပိုလီယန်ကို အနိုင်ယူလိုက်ရာ၊ ဤအောင်မြင်မှုသည် အင်္ဂလန်ပြည်၏သမိုင်းတွင် အကြီးဆုံးသော အောင်မြင်မှု ဖြစ်၏။(နပိုလီယန်ဘုရင်များ၊ ထရာဖဲလဂါ တိုက်ပွဲ–ရှု။) နယ်လဆင်သည် ၁၇၅၈ ခုနှစ်၊စက်တင်ဘာလ ၂၉ ရက်နေ့တွင် နောဖို့ခရိုင် ဗာနမ်သော့ရွာတွင် ဖွားမြင်၍ သင်းအုပ်ဆရာတစ်ဦး၏သားဖြစ်သည်။ ငယ်စဉ်က အလွန် ချူချာသူတစ်ယောက် ဖြစ်သော်လည်း ပင်လယ်ခရီးထွက်ရန်အလွန်ဝါသနာပါသည်။ ထိုကြောင့် ၁၂ နှစ်သားအရွယ်တွင် အကြောင်းမသင့်သဖြင့် ကျောင်းမှ ထွက်ခဲ့ရသောအခါ၊ ဘုရင့်ရေတပ်မတော်တွင် ရေတပ်ဗိုလ်ကလေးအဖြစ်ဖြင့်အမှုထမ်းပြီးနောက်၊ ဖော့ကလန်ကျွန်းသို့သွားသောသင်္ဘောတွင် ပဌမဦးစွာလိုက်ပါသွားခဲ့လေသည်။ ထိုသင်္ဘောကို သူ၏ဦးလေးဖြစ်သူ ဗိုလ်မှူးကြီး ဆပ်ကလင်းက ကြီးမှူးရာ၊ ဦးလေး၏ သွန်သင်မှုကြောင့် တကြောင်း၊ နဂိုကပင် ရေကြောင်းဖက်တွင် ဝါသနာထုံလှသဖြင့်တကြောင်း၊ ရဲရင့်၍ စွမ်းရည်သတ္တိနှင့် ပြည့်စုံသောကြောင့်တစ်ကြောင်း နယ်လဆင်သည် ၂၁နှစ် အရွယ်တွင် အလတ်စားတိုက်သင်္ဘောတစင်း၌ ဗိုလ်မှူးကြီးဖြစ်လာခဲ့၏။ ထိုအခါမှစ၍ နယ်လဆင်သည် ရက်စက်စွာအပြစ်ဒဏ်ပေးမှုများကို ပယ်ဖျက်ကာ၊ ဥပဒေများ၌ ပြုပြင်ပြောင်းလဲခဲ့၏။ သင်္ဘောသားများကို အထူးဂရုစိုက်တတ်သည့်ပြင်၊ ရဲရင့်စွန့်စားသူများကိုလည်း ရာထူးတိုးမြှင့်ပေးလေ့ရှိ၏။ အသက်ပင်ငယ်သော်လည်း တကယ်ပင်စွမ်းဆောင်နိုင်သော ဗိုလ်မှူးကြီးဖြစ်လေသည်။ နယ်လဆင်ကား သူရသတ္တိရှိ၏။ တည်ကြည်၏။ မှုခင်းတို့ကို ဆုံးဖြတ်နိုင်၏။

၁၇၉၃ခု၌ အက်ဂါမံနွန်ခေါ်စစ်သင်္ဘောကို အုပ်ချုပ်ရပြီးလျှင် မြေထဲပင်လယ်ရေတပ်၌ ပါဝင်ရလေသည်။ ထိုအခါမှစ၍ ပင်လယ်မှ ပြန်ရသည်ဟူ၍မရှိဘဲ (၁၇၉၃ ခုနှစ်မှ၁၈၀၀ ပြည့်နှစ်အထိ) ၇နှစ်တိုင်တိုင် ပင်လယ်၌ အမှုထမ်းရသည်။ သို့ဖြင့် ၁۷۹۷ ခုနှစ်တွင် ကောစီကား ပင်လယ်ကမ်းရိုးတန်းရှိ၊ ကာလဗီမြို့ကို သိမ်းယူသည့် တိုက်ပွဲ၌၊ လက်ျာဖက်မျက်လုံးတွင် ဒဏ်ရာရရှိရာမှ မျက်လုံးကွယ်သွားလေသည်။ ထိုနောက် ၁۷۹۷ ခုနှစ်တွင် စိန်ဗင်းဆင့်တိုက်ပွဲ၌ သူ၏ရဲစွမ်းသတ္တိသည် ချီးကျူးလောက်အောင်ပင်ဖြစ်၏။ ထိုတိုက်ပွဲတွင် စစ်ဗိုလ်ချုပ်ကြီးဆာဂျွန်ဂျားဗစ်နှင့်အတူ စပိန်နှင့်ပြင်သစ်တို့ ပူပေါင်းဖွဲ့စည်းထားသော ရေတပ်ကို နိမ့်နှင်းအောင်မြင်သောအခါ၊ သူကောင်းပြုခြင်းခံရလေသည်။ များမကြာမီ ကနေရီကျွန်းစုရှိဆန်တာကရုခံတပ်ကို တိုက်ခိုက်ရာ၌အနာတရဒဏ်ရာရရှိပြီးလျှင်၊ လက်ယာဘက်လက်ကို တဟောင်ဆစ်မှ ဖြတ်ပစ်ရပြန်လေသည်။ နယ်လဆင်သည် အင်္ဂလန်သို့ ပြန်သွားပြီးလျှင်၊ အချိန်အတန်ကြာ ဝေဒနာကိုကုသပြီးနောက်၊ စစ်မြေပြင်သို့ပင် ပြန်လည်ရောက်ရှိလာပြန်သည်။

ထိုအချိန်၌ နပိုလီယန်သည် ကုန်းဖက်စစ်ပွဲတို့၌ အောင်မြင်ပြီး၍၊ အင်္ဂလန်ကို ရေတပ်ဖြင့်တိုက်ခိုက်လိုမှု၏။ ထိုအတွင်းနယ်လဆင်သည် တူလွန်မြို့ရှိ ပြင်သစ်ရေတပ်ကို စောင့်၍ကြည့်ဆဲ၊ ပြင်သစ်ရေတပ်သည် လေမုန်တိုင်းထနေစဉ် လွတ်မြောက်သွားသဖြင့်၊ နယ်လဆင်သည် ထိုရေတပ်နောက်သို့ ထက်ကြပ်လိုက်သွားကာ တိုက်ခိုက်လေ၏။ နယ်လဆင်သည် ရေတပ်ကို နှစ်ခုခွဲ၍ တိုက်ခိုက်ရာ ၁۷۹၈ခု သြဂုတ်၁ရက်နေ့တွင် အပြီးတိုင် အောင်မြင်လေ၏။ ဤတိုက်ပွဲကြီးကို နိုင်းမြစ်တိုက်ပွဲကြီးဟူ၍ ဗြိတိသျှသမိုင်းတွင် မှတ်တမ်းတင်ကြသည်။ ထိုတိုက်ပွဲတွင် အရေးမလှသည့်နှင့် နပိုလီယန်သည် အီဂျစ်ကိုတိုက်ခိုက်ရန်အကြံကိုလက်လျော့လျက် သင်္ဘောငယ် တစ်စင်းဖြင့် မြေထဲပင်လယ်ကိုဖြတ်၍ ပြန်ခဲ့ရလေသည်။ နယ်လဆင်၏ အောင်မြင်မှုသည် ကမ္ဘာတစ်ဝှန်းလုံးသို့ပျံ့နှံ့သွား၏။

www.foreverspace.com.mm

နယ်လဆင်သည် ဗဲရွန်ခေါ် သူကောင်းဘွဲ့ဖြင့် မှူးမတ်ငယ် အဆင့်အတန်းသို့ ခန့်အပ်ချီးမြှင့်ခြင်းခံရသည်သာမက ဘုရင်ကြီးလည်း မြောက်မြားစွာ ရရှိလေသည်။

၁၈၀၃ခုနှစ်တွင် နယ်လဆင်သည် ရေကြောင်းဗိုလ်ချုပ်ကြီးရာထူးကို ရရှိခဲ့ပြီးနောက်၊ အင်္ဂလန်သည် ဗောလတစ်ကမ်းခြေနိုင်ငံများနှင့် စစ်ဖြစ်ပြန်ရာ၊ ရေတပ်ဗိုလ်ချုပ်မှူးပါကာ၏ ရေတပ်ကြီးတွင် ပါဝင်လိုက်ပါပြီးလျှင် ဒိန်းမတ်နိုင်ငံသို့ ချီတက်သွားပြန်၏။

ပြင်သစ်ဘုရင် နပိုလီယန်သည် နောက်တစ်ကြိမ် အင်္ဂလန်ပြည်ကို စီးနင်းရန် ကြံစည်ပြန်ရာ၊ ၁၈၀၃ ခုနှစ်၌ နယ်လဆင်သည် အနားယူနေရာမှ ရေကြောင်း ဗိုလ်ချုပ်ကြီးအဖြစ်ဖြင့် မြေထဲပင်လယ်သင်္ဘောတပ်ကို ဦးစီး၍ တိုက်ပွဲဝင်ခဲ့ပြန်သည်။

ဦးစွာ၌ ကိုပင်ဟားဂင်းမြို့အနီးတွင် ဒိန်းလူမျိုးတို့၏ ရေတပ်ကိုအောင်မြင်သည်။ ဤတိုက်ပွဲဖြစ် နေစဉ် ရေကြောင်းဗိုလ်ချုပ်မှူး၏ သင်္ဘောမှ ပြန်၍ဆုတ်ရန် အချက်ပြသောအလံလွှင့်တင်သည်ကိုပင် နယ်လဆင်သည် မမြင်သောမျက်စိဖြင့်မှန်ပြောင်းနှင့် အချက်ပေးခေါ်သည်ကို မမြင်လေဟန်ဆောင်လျက် ဆက်လက်တိုက်ရာ ရှုံးတော့မည့်အခြေမှတစ်ခါတည်း အနိုင်ရခဲ့လေသည်။ ဤအောင်မြင်မှုကြောင့်လည်း ဗိုင်းကောင့်ခေါ် သူကောင်းဘွဲ့ထူးဖြင့် မှူးမတ်လတ်အဖြစ် တိုးမြှင့်ချီးကျူးခြင်းခံရပြန်လေသည်။

တစ်ခါက နယ်လဆင်သည် သူ၏အလံတင်သင်္ဘော 'ဗစ်ထရီ'ကို စီးနင်း၍ တူလွန်မြို့နှင့် ခပ်လှမ်းလှမ်းတွင် စောင့်ဆိုင်းနေရာ ပြင်သစ်သင်္ဘောတပ် ရုတ်တရက် ထွက်ပေါ်လာသည်ကို မြင်ရသောအခါ၊ မိမိ၏ ရေတပ်ဖြင့် ထပ်ကြပ်မကွာ အနောက်အိန္ဒိယကျွန်းစုသို့ ရောက်အောင်လိုက်ပြီးမှ ပြန်၍လှည့်လာခဲ့၏။ ထို့နောက် ရန်သူတပ်ကို ဆုံမိအောင် ၂နှစ်ကျော်မျှစောင့်ဆိုင်းခဲ့ရပြီးနောက်၊ ၁၈၀၅ခုနှစ်၊ အောက်တိုဘာလ ၂၁ရက်နေ့တွင် စပိန်နိုင်ငံကမ်းခြေထရာဖဲလဂါအင္ဂတွင်ရေကြောင်းတိုက်ပွဲကို စတင်တိုက်ခိုက်ရလေသည်။ ထိုတိုက်ပွဲတွင်နယ်လဆင်သည် အင်္ဂလန်ပြည်သည် လူတိုင်းအားမိမိတာဝန်ဝတ်တရားကို ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်သည်ဟူသော အဓိကဆောင်ပုဒ်ကို ဖော်ပြသည့်အလံကို မိမိ၏အလံတင်သင်္ဘောတွင် လွှင့်ထူကာ ၂၇ စင်းမျှသာရှိသော အင်္ဂလိပ်သင်္ဘောများဖြင့် စပိန်နှင့်ပြင်သစ်တို့ ပူးပေါင်းထားသည့် ရေတပ်ကြီးကို မဆုတ်မနစ်တိုက်ခိုက်လေသည်။ ဤတိုက်ပွဲတွင် နယ်လဆင်သည် မိမိကိုယ်တိုင် စီးနင်းသည့် ဗစ်ထရီခေါ် အလံတင်သင်္ဘောကို ဘေးဥပဒ်အများဆုံးနေရာတွင် ချထား၍ တိုက်ခိုက်လေရာ၊ တိုက်

ပြင်သစ်နှင့် စပိန်ရေတပ်တို့ကို တိုက်ခိုက်အောင်မြင်လိုက်သည့် ထရာဖဲလဂါ ရေကြောင်းတိုက်ပွဲကြီးတွင် နယ်လဆင်သည် အလံတင်သင်္ဘော ဗစ်ထရီကုန်းပတ်ပေါ်မှ အမိန့်ပေးနေစဉ် ရန်သူ့ကျည်သင့်၍ ကျဆုံးခဲ့ရှာလေသည်။

www.forexspace.com.mm

ပွဲပြင်းတော်နဲ့လာချိန်တွင် နယ်လဆင်သည် ကုန်းပတ်အမြင့် ပေ(၁)ရှိလျှောက်ယင်း အမိန့်ပေးနေစဉ်၊ ရန်သူဖက်မှကျည်ဆန်သင့်၍ကျလေ၏။ ကျည်ဆန်သည် နယ်လဆင်၏ ကျောရိုးတွင် မြုပ်ဝင်လျက်ရှိသဖြင့် နယ်လဆင်အားသေးကင်းရာ သင်္ဘောဝမ်းသို့ ယူသွားရလေ၏။ နောက်ဆုံးတွင် အင်္ဂလိပ်တပ်က နိုင်ကြောင်းကို သိရပြီးမှ ရရှိသော ဒဏ်ရာဖြင့် ကွယ်လွန်လေသည်။ "ဘုရားသခင်၏ ဂုဏ်ကျေးဇူးတော်ကြောင့် ကျွန်ုပ်၏တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ပြီးပါပြီ''ဟူသော နယ်လဆင် သေအံ့ဆဲဆဲတွင် ပြောခဲ့သော စကားသည် သမိုင်း၌ ဥဒါန်းတွင်ရစ်၏။

အောက်တိုဘာလ ၂၁ ရက်နေ့ညနေ ၄ နာရီခွဲခန့်အချိန်တွင် နယ်လဆင်သည် ရန်သူရေတပ်ကို အပြီးသတ်အောင်မြင်၍ အင်္ဂလန်နိုင်ငံသူ နိုင်ငံသားများသည်လည်း ထိုစစ်ပွဲနိုင်သည့် သတင်းကောင်းနှင့်တကွ ရေကြောင်းဗိုလ်မှူးနယ်လဆင် တိုက်ပွဲတွင်ကျဆုံးရရှာပြီဟူသော ဝမ်းနည်းဖွယ်သတင်းကိုပါ တစ်ပါတည်းကြားကြရလေသည်။ သူ၏ရုပ်အလောင်းကို ၁၈၀၆ ခုနှစ် ဇန္နဝါရီလ ၉ ရက်နေ့တွင် လန်ဒန်မြို့ စိန်ပေါဘုရားကျောင်းကြီး အတွင်း၌ မြှုပ်နှံထား၏။ ထို့ပြင် အထိမ်းအမှတ်အဖြစ် ပေ ၁၇၀ ကျော်မြင့်သော နယ်လဆင်ကျောက်တိုင်ကြီးကို တည်ဆောက်ထားခြင်းဖြင့် အာဇာနည်ရေကြောင်းဗိုလ်ချုပ်မှူး၏ ကျေးဇူးကို ဂုဏ်ပြုချီးကျူးထားလေသည်။

ပင်လယ်ပြင်အောက် ပေနှစ်ဆယ်နိမ့်သော နိုင်ငံငယ်ကလေး

နယ်သာလန်ခေါ် ဟော်လန်နိုင်ငံသည် ပင်လယ်ပြင်အောက် ပေ ၂၀ခန့်နိမ့်စွာ တည်ရှိသဖြင့်၊ ထိုနိုင်ငံသားများဖြစ်ကြသောဒပ်ချ်လူမျိုးတို့သည် အမြဲတစေ ပင်လယ်ပြင်နှင့် စစ်ပွဲဆင်နွှဲနေကြရသည်။ သို့ဖြစ်သည့် အလျောက်လည်း ဒပ်ချ်တို့သည် နိုင်ငံပင် သေးငယ်စေကာမူ၊ ကမ္ဘာတွင် ထကြွလုံ့လဥဿဟနှင့် ပြည့်စုံကုံလုံသော လူမျိုးအဖြစ်ကျော်စောထင်ရှားသည်။ ရေလွှမ်းမည့်ဘေးမှ မည်သို့ကာကွယ်ကြ ပုံအကြောင်းကို စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရပေမည်။

နယ်သာလန်နိုင်ငံ။ ။နယ်သာလန်နိုင်ငံသည် ဥရောပတိုက်ရှိ၊ စည်းမျဉ်းခံဘုရင်စံနစ်ဖြင့်အုပ်ချုပ်သော နိုင်ငံငယ်ကလေးတခုဖြစ်၏။ ယင်းနယ်သာလန်နိုင်ငံကို ဟော်လန်နိုင်ငံ၊ နိုင်ငံသားတို့ကို ဒပ်ချလူမျိုးဟုခေါ်သည်။

နယ်သာလန်နိုင်ငံသည် ဂျာမနီနိုင်ငံ အနောက်မြောက်ပိုင်းနှင့်ဗဲလဂျီယမ်နိုင်ငံမြောက်ပိုင်း၌အကြား၊ မြောက်ပင်လယ်ကမ်းခြေပေါ်တွင် တည်ရှိ၍၊ နိုင်ငံ၏အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၁၅၇၆၅ ရှိလေသည်။

ထူးဆန်းအံ့ သြဖွယ်ကောင်းလောက်အောင်ပင်၊ နယ်သာလန်နိုင်ငံ၏ များစွာသောမြေမျက်နှာပြင် အစိတ်အပိုင်းတို့သည် ဆက်စပ်လျက်ရှိသောမြောက်ပင်လယ်ပြင်အောက် ပေ ၂၀ခန့်နိမ့်ကျလျက်ရှိသည်။ ယင်းသို့ ပင်လယ်ရေမျက်နှာပြင်အောက် နိမ့်ကျနေသောကြောင့်၊ နယ်သာလန်နိုင်ငံသားတို့သည် အမြဲတစေ ပင်လယ်ပြင်နှင့် ခုခံစစ်ပွဲဆင်နွှဲနေရသော တပ်သားများ ဖြစ်လာရလေသည်။ ထာဝစဉ်တိုက်ပွဲဝင်နေရသော တပ်သားများဖြစ်သည့် အလျောက် နယ်သာလန်နိုင်ငံသားတို့သည် ထကြွလုံ့လ၊ ဥဿဟနှင့်ပြည့်စုံကုံလုံသော အမျိုးသားများဖြစ်လေသည်။ နိုင်ငံသားတို့၏ လုံ့လစွမ်းပကားကြောင့် နယ်သာလန်နိုင်ငံသည် သေးငယ်သောနိုင်ငံဖြစ်လင့်ကစား ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်နိုင်ခဲ့ပေသည်။

နယ်သာလန်နိုင်ငံသူ နိုင်ငံသားတို့သည် မိမိတို့ မြိတင်းနေထိုင်ရာမြေနိမ့်ပိုင်းသို့ ပင်လယ်မှရေများ စီးဝင်မလာစေရန်၊ နည်းအသွယ်သွယ်ဖြင့် ကြိုးပမ်းတကုတ် အားထုတ်ကြရသည်။ ဒိုက်ခေါ် ပေ၂၀၀၊ ၃၀၀မျှထုတည်ရှိ၍ မြင့်မားလှသောပင်လယ်ရေကာတာကြီးများကို ခိုင်မာစွာဆောက်လုပ်ရ၏။ မြေနိမ့်မှရေများကို လေရဟတ်များဖြင့်အဆင့်ဆင့်သယ်ဆောင်ကာ၊ ပင်လယ်တွင်းသို့ထုတ်ယူသွင်းပစ်ရ၏။ သို့ဖြစ်ရကား၊ နယ်သာလန်နိုင်ငံကမ်းခြေတစ်လျှောက်ရှိမြို့ရွာများတွင် လေရဟတ်ကြီးငယ်များဖြင့် ပြည့်နှက်လျက်ရှိပေသည်။ ထိုလေရဟတ်များသည်ပင် နောက်ဆုံး၌ နယ်သာလန်နိုင်ငံ၏ ကိုယ်ပိုင်အမှတ်အသားတစ်ခုကဲ့သို့ဖြစ်လာပေတော့သည်။ လေရဟတ်ငယ်ကလေးများသည် နေ့ရောညဉ့်ပါလည်ပတ်၍ မြေနိမ့်ပိုင်းမှ ရေကို တူးမြောင်းငယ်များသို့ ပို့ဆောင်ပေး၏၊ တူးမြောင်းငယ်များမှ ရေကို တူးမြောင်းကျယ်ကြီးများသို့ လေရဟတ်ကြီးများ၊ လျှပ်စစ်မိုတာများ၊ ဒီဇယ်အင်ဂျင်စက်များဖြင့် ပို့ဆောင်ကာ၊ ပင်လယ်ထဲသို့ ရေကို ထုတ်ပစ်ရလေသည်။ တစ်ခါတစ်ရံ မုန်တိုင်းထန်သောအခါ လှိုင်းလုံးကြီးများသည် ကြီးမားသောအရှိန်ဖြင့် တူးမြောင်းကြီးများမှ ရေကို လာလမ်းသို့ တွန်းပစ်တတ်၏။ ယင်းသို့သောဝိရိယလုံ့လဖြင့်၊ ပင်လယ်ရေနှင့် အစဉ်စစ်ခင်းနေသည့်အခိုက်မှာပင် ပင်လယ်ရေလွှမ်းမိုးသောအဖြစ်မျိုးကိုလည်း ကြုံတွေ့ရသေး၏။ ၁၉၅၃ ခုနှစ်တွင်ရေလွှမ်းမိုး၍ အကြီးအကျယ်ပျက်စီးခဲ့ရသည်။

www.foreverspace.com.mm

နယ်သာလန်နိုင်ငံတည်နေရာပြမြေပုံ

နယ်သာလန်နိုင်ငံတွင် မြစ်များတစ်လျှောက်၌ ရွံ့နွံဖြင့် ဖွဲ့စည်းထားသောတာရိုးများ၊ ဆောက်လုပ်ထားကြ၏။ ရွံ့နွံများ အမြဲတစေပေါင်းစည်းမာကျစ်နေစေရန်၊ သစ်ပင်များကိုလည်း တာရိုးပေါ်တွင်စိုက်ပျိုးထားကြ၏။ အဘယ်ကြောင့်ဆိုသော်၊ သစ်မြစ်များသည် မြေကို စုစည်းထားသကဲ့သို့ ခိုင်မြဲစေသောကြောင့်ပင်တည်း။ တာရိုးပေါ်တွင် လမ်းမကြီးများ ဖောက်လုပ်ထားပြီးလျှင် အိမ်များလည်း ဆောက်လုပ်ထား၏။

နယ်သာလန်နိုင်ငံ၏ ရာသီဥတုမှာ စိုထိုင်း၍ ရံဖန်ရံခါ အေးစိမ့်စိမ့်ရှိသည်။ မြောက်ပင်လယ်မှ လေပြင်းများ မှန်မှန်တိုက်ခတ်၏။ သို့သော် အပူချိန်သည်အရည်ခဲမှတ်အောက် ကျခဲသည်။ တစ်နှစ်ပတ်လုံးလိုလိုမိုးရွာသွန်း၏။ စိုစွတ်သောမြေနိမ့်ပိုင်းတွင် မြက်ခင်းများရှိရကား ထိုအရပ်၌ နွားမွေးမြူခြင်းလုပ်ငန်းမှာ များစွာကြီးကျယ်လေသည်။ ထို့ကြောင့်ပင်လျှင် နယ်သာလန်နိုင်ငံ၏ ထင်ရှားသော သက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ နွားမွေးမြူခြင်းနှင့် ထောပတ်၊ဒိန်ခဲ၊ နို့ဆီ၊ အမြောက်အမြား လုပ်ကိုင်ရောင်းချခြင်း ဖြစ်၏။ စစ်မဖြစ်မီက နယ်သာလန်နိုင်ငံမှ တင်ပို့ရောင်းချသောနို့ဆီများကို မြန်မာနိုင်ငံ၌အတော်ပင် အသုံးများခဲ့ရလေသည်။ ထောပတ်ကို နှစ်စဉ် ပေါင်ချိန် ၂၀၀၀၀၀၀၀၀မျှ ထုတ်လုပ်ရောင်းချပေသည်။ နယ်သာလန်နိုင်ငံ၏ မြေနိမ့်ပိုင်းတွင် နွားမွေးမြူခြင်းလုပ်ငန်း ထွန်းကားသကဲ့သို့ မြေမြင့်ပိုင်းဖြစ်သောအရှေ့ဘက်ပိုင်း၌ စိုက်ပျိုးရေးလုပ်ငန်းထွန်းကား၏။ မုယောစပါး၊ ဂျုံ၊ မြင်းစားဂျုံ၊ သကြားမုန်လာနှင့်အာလူးစိုက်ပျိုး လုပ်ကိုင်ကြသည်။ ဗစ်တက်များ အထူးသဖြင့် တျူးလစ်ဗစ်တက်များကိုလည်း စိုက်ပျိုး၍ နိုင်ငံခြားများသို့ တင်ပို့ရောင်းချ၏။

နယ်သာလန်နိုင်ငံ၏ သဘာဝထွက်ကုန်များမှာ ဆား၊ မြေစေး၊ ကျောက်မီးသွေးနှင့် ရေနံတို့ဖြစ်၏။ နယ်သာလန်နိုင်ငံ၏ လူဦးရေးမှာ (၁၉၅၅ ခုနှစ်ခန့်မှန်းချက်အရ) ၁၀၈၂ဒသမ ၁ ခန့် ဖြစ်သည်။ မြို့များတွင် လူနေများ၏။ ကုန်စည်ထုတ်လုပ်ခြင်းမှာ နယ်သာလန်နိုင်ငံသူနိုင်ငံသားများ၏ အဓိကလုပ်ငန်းဖြစ်သည်။ အဆောက်အအုံပစ္စည်း ထုတ်လုပ်သည့်လုပ်ငန်းနှင့် စားကုန်

www.forewordspace.com.mm

ထုတ်လုပ်သည့် လုပ်ငန်းများတွင် လူအများဆုံး ဝင်ရောက်လုပ်ကိုင်လျက်ရှိ၏။ ထင်ရှားသောစားကုန်ထုတ်လုပ်သည့် လုပ်ငန်းများတွင် နို့ဆီချက်လုပ်ငန်း၊ သကြားချက်လုပ်ငန်းနှင့် ချော့ကလက် လုပ်ငန်းစသည်တို့ ပါဝင်သည်။

နယ်သာလန်နိုင်ငံတွင်းရှိ စက်ရုံအများအပြားမှ ချည်ထည်၊ ဘီသွာလျှော်ဖျင်နှင့် သိုးမွေးထည်များထွက်၏။ ထို့ပြင် နယ်သာလန်နိုင်ငံတွင် ခေတ်မီသံနှင့်သံမဏိ စက်ရုံကြီးများ၊ ဓာတ်ဆီချက်စက်ရုံကြီးများ၊ စာတုဗေဒပစ္စည်းထုတ်စက်ရုံကြီးများ၊ သင်္ဘောကျင်းကြီးများနှင့် စက်ကိရိယာထုတ်လုပ်သောစက်ရုံကြီးများရှိသည်။ ဗီလတ်မြေ၊ စက္ကူ၊ ကြက်ပေါင်းစေးထွက်ပစ္စည်းများ၊ ရေဒီယိုနှင့် လျှပ်စစ်ကရိယာများ စသည်တို့ကိုလည်း ထုတ်လုပ်သည်။

စိုက်ပျိုးကုန်၊ သဘာဝထွက်ကုန်နှင့်စက်မှုလုပ်ငန်းထွက်ကုန်များကို သယ်ယူပို့ဆောင်ရာတွင် နယ်သာလန်နိုင်ငံ၌ တူးမြောင်းကျယ်ကြီးများ၊ မြစ်လမ်းခရီးများကို အဓိကထား၍အသုံးပြုသည်။ နယ်သာလန်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးတွင် ရေကြောင်းသယ်ယူပို့ဆောင်ရေး မှာ ပိုမိုအရေးပါလေသည်။ မီရထားလမ်းမိုင်ပေါင်း ၂၀၀၀ ခန့်ရှိသော်လည်း ကူးသန်းရောင်းဝယ်ရေးထက် ခရီးသွားလာရေးအတွက်သာ အဓိကအသုံးပြု၏။

ကူးသန်း ရောင်းဝယ်ရေးရှုထောင့်မှ ကြည့်ပြန်လျှင် နယ်သာလန်နိုင်ငံသည် နိုင်ငံအတွင်းဖြာထွက်စီးဆင်းလျက်ရှိသော ရိုင်းမြစ်ကိုအကြောင်းပြု၍၊ ဥရောပတိုက် အလယ်ပိုင်း၏ တံခါးပေါက်ဖြစ်နေပေ၏။ ထိုကြောင့် နယ်သာလန်နိုင်ငံ၏ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော ရော့တဒမ်းမြို့သည် နယ်သာလန်နိုင်ငံ၏ ဆိပ်ကမ်းမြို့ဖြစ်ရုံသာမက၊ ဥရောပ အလယ်ပိုင်း၏ ဆိပ်ကမ်းမြို့လည်းဖြစ်ကာ၊ များစွာစည်ပင်လေသည်။ နယ်သာလန်နိုင်ငံတွင် အစိုးရ၏ ရုံးစိုက်ရာ၊ ကမ္ဘာ့ခုံရုံးတည်ရာနှင့် ဘုရင်မနန်းစိုက်ရာမြို့သည် ဟိတ်မြို့ဖြစ်၏။ သို့ရာတွင် စီးပွားရေးရာအရ ပိုမိုစည် ကားလျက် အချက်အခြာကျ၍၊ မြို့တော်ဖြစ်သော မြို့ကား အမ္စတာဒမ်မြို့ဖြစ်၏။ အမ္စတာဒမ်မြို့သည် နယ်သာလန်နိုင်ငံ၏အကြီးဆုံးမြို့လည်းဖြစ်ပေသည်။

နယ်သာလန်နိုင်ငံတွင် အသက် ၇နှစ် အရွယ်မှ ၁၃ နှစ်အရွယ်အတွင်းရှိ ကလေးသူငယ်များသည် မူလတန်းပညာကို မသင်မနေရဟု ဥပဒေပညတ်ချက်ရှိ၏။ ထိုဥပဒေသည် များစွာထိရောက်ခဲ့သဖြင့်၊ နယ်သာလန်နိုင်ငံသူ နိုင်ငံသားအားလုံးလိုလို စာရေးစာဖတ် တတ်ကြလေသည်။ ကိုယ်ပိုင်ကျောင်းများဖြစ်စေ၊ မြို့ရွာကျောင်းများဖြစ်စေ နိုင်ငံတော်အစိုးရကကြီးကြပ်၍၊ ယင်းသည့်ကျောင်းများသည် အစိုးရထံမှရန်ပုံငွေများ ရရှိသည်။ နယ်သာလန်နိုင်ငံတွင် တက္ကသိုလ်ကျောင်းပေါင်း ၁၀ ခု ရှိ၏။

မြေနိမ့်မှရေများကို လေရဟတ်များဖြင့် အဆင့်ဆင့် သယ်ဆောင်ကာ ပင်လယ်တွင်းသို့ ထုတ်ယူသွန်ပစ်ရ၏။

www.foreverspace.com.mm

ဒပ်ချအမျိုးသမီးကလေးများ

ဒပ်ချဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ဘုရင်သို့မဟုတ် ဘုရင်မတွင်အုပ်ချုပ်မှုအာဏာများ ရှိသည့်အပြင်၊ ဥပဒေပြုအာဏာလည်း အတန်ငယ်ရှိသည်ရှိသည်။ ဒပ်ချ ပါလီမန်သည် ဥပဒေများကို အတည်မပြုမီ သော်လည်းကောင်း၊ အတည်ပြုပြီးသောအခါတွင်သော်လည်းကောင်း ဘုရင်သို့မဟုတ်ဘုရင်မသည် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ ပါဝင်သော ပါလီမန် လွှတ်တော်နှစ်ရပ်စလုံးကိုသော်လည်းကောင်း၊ တရပ်ရပ်ကိုသော်လည်းကောင်း အချိန်မရွေး ဖျက်သိမ်းနိုင်သည်။

နယ်သာလန်နိုင်ငံကို ပြည်နယ်ပေါင်း ၁၁ နယ်ခွဲ၍အုပ်ချုပ်၏။ ပြည်နယ်များတွင် မျူနီစီပယ်အဖွဲ့များ ရှိကြသည်။ နယ်သာလန်နိုင်ငံ၌ မျူနီစီပယ်ပေါင်း ၁၁၃၀ရှိ၏။ ပြည်နယ်တိုင်းတွင် လွှတ်တော်တစ်ရပ်သာလျှင်ပါဝင်သည့် ဥပဒေပြုလွှတ်တော်တစ်ခုစီရှိသည်။ ယင်းတို့သည် ပြည်နယ်ကောင်းစားရေးအတွက် ဥပဒေများပြုနိုင်သည်။ သို့သော် ဘုရင် သို့မဟုတ် ဘုရင်မ၏သဘောတူညီချက်ရရှိရမည်ဖြစ်ပြီးလျှင်၊ ထိုဥပဒေများကို ဘုရင်သို့မဟုတ် ဘုရင်မက ပယ်ဖျက်နိုင်၏။ ဒပ်ချပါလီမန်ပထမလွှတ်တော်ခေါ် အထက်လွှတ်တော်တွင် အဖွဲ့ဝင် ၅၀ပါဝင်၍၊ ယင်းတို့ကို ပြည်နယ် ဥပဒေပြုလွှတ်တော်များက ရွေးချယ်တင်မြှောက်သည်။ သက်တမ်းမှာ ၆နှစ်ဖြစ်ပြီးလျှင်၊ ယင်းတို့အနက် ထက်ဝက်သည် ၃နှစ်တကြိမ် နုတ်ထွက်ပေးရသည်။ ဒုတိယ လွှတ်တော်ခေါ် အောက်လွှတ်တော်တွင် ပါဝင်သည့် အမတ်ဦးရေ ၁၀၀ကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်သည်။ သက်တမ်းမှာ ၄နှစ်ဖြစ်၏။

တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ဥပဒေဟူသမျှသည် အောက်လွှတ်တော်တွင် စတင်တင်သွင်းရသည်။ အထက်လွှတ်တော်တွင် ယင်းထံသို့ သဘောတူညီချက်ပေးရန်၊ သို့မဟုတ် ပယ်ဖျက်ရန်တင်ပို့သော ဥပဒေကြမ်းများကို ပြင်ဆင်ရန် အာဏာမျှပင် မရှိချေ။

ဘုရင် သို့မဟုတ် ဘုရင်မ၏ အုပ်ချုပ်မှုအာဏာကို ပါလီမန်သို့ တာဝန်ယူထားရသော ကက်ဘိနက် အစိုးရ အဖွဲ့ကခံယူကာ နိုင်ငံကိုအုပ်ချုပ်သွားသည်။ ကက်ဘိနက်အဖွဲ့ဝင်အရေအတွက်သည် အခါအားလျော်စွာ အပြောင်းအလဲရှိတတ်သည်။ ကက်ဘိနက်အဖွဲ့အပြင် နိုင်ငံတော်ကောင်စီအဖွဲ့ဟူ၍ ရှိသေးသည်။ ထိုအဖွဲ့တွင် အဖွဲ့ဝင် ၁၄ ဦးထက်မနည်းပါဝင်၍၊ ဘုရင် သို့မဟုတ် ဘုရင်မက သဘာပတိအဖြစ် ဆောင်ရွက်၏။


www.foreverspace.com.mm

နယ်သာလန်၏ ဆိပ်ကမ်းမြို့ဖြစ်ရုံသာမက၊ ဥရောပအလယ်ပိုင်း၏ ဆိပ်ကမ်းမြို့လည်းဖြစ်သော–ရော့တဒမ်းမြို့

နယ်သာလန်နိုင်ငံ၏ ရှေးဦးသမိုင်းသည် မငြိမ်မသက် ဆူပူလှုပ်ရှားမှုများနှင့် ပြည့်နှက်နေခဲ့၏။ အလယ်ခေတ်တွင် ယခုလက်ရှိ ဗဲလဂျီယမ်နှင့် နယ်သာလန်နိုင်ငံတို့သည် တစ်ခုနှင့်တစ်ခု အဆက်အသွယ်မရှိသောပြည်နယ်များနှင့် မြို့စားနယ်ပယ်များသာဖြစ်နေခဲ့၍၊ အချို့သည် ပြင်သစ်နိုင်ငံအတွင်း ပါဝင်နေလျက်၊ အချို့သည် ရောမသာသာသနာစောင့် နိုင်ငံတော်အတွင်း ပါဝင်နေခဲ့သည်။ နောင်အခါ ထိုနယ်ပယ်များသည် တဖြည်းဖြည်း ဗာဂန်ဒီနယ်စားများလက်တွင်းသို့ ကျရောက်ခဲ့၏။ ချား–သ–ဗိုးသည် ထိုနယ်ပယ်များကို စုစည်းကာ ပြင်သစ်နှင့် ဂျာမနီနိုင်ငံအကြားတွင် ကြားနိုင်ငံတစ်ခုတည်ထောင်ရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ယင်း၏သမီးတော်မေရီနှင့် ဩစတြီးယား၀ေကရာဇ်ဘုရင်မကြီး ဆီမီလျံတို့လက်ဆက်ခဲ့သည်တွင် ထိုစဉ်က အနိမ့်ပိုင်းတိုင်းပြည်များဟု ခေါ်တွင်ခဲ့သည့် နယ်သာလန်နယ်ပယ်များသည် ဩစတြီးယား၏လက်အောက်သို့ ကျရောက်ခဲ့လေသည်။ ၁၅၅၆ခုနှစ်တွင် စပိန်ဘုရင်လည်းဖြစ်၍ ရောမသာသနာစောင့် နိုင်ငံတော် ၀ေကရာဇ်လည်းဖြစ်သော ပဋ္ဌမချား နန်းစွန့်လိုက်သည့်အခါ၊ ထိုနယ်ပယ်များသည် စပိန်ဘုရင် ဒုတိယဖီလစ် လက်တွင်းသို့ သက်ဆင်းခဲ့သည်။

၁၅၆၈ ခုနှစ်တွင် ဒပ်ချအမျိုးသားတို့သည် စပိန်တို့၏ စိုးမိုးမှုကိုတွန်းလှန်ပစ်ခဲ့၏။ သို့ရာတွင် တောင်ပိုင်းပြည်နယ်များနှင့် မြောက်ပိုင်းပြည်နယ်များသည် အယူအဆ ဝါဒချင်း မတူ၍၊ စည်းလုံးမှု မရှိခဲ့ချေ။ ၁၅၇၉ခုနှစ်တွင် ပရိုတက် စတန့်ဂိုဏ်းဝင် မြောက်ပိုင်းပြည်နယ်များသည် ယူးထရက် ပြည်ထောင်စု ဖွဲ့စည်းပြီးလျှင် ၁၅၈၁ ခုနှစ်တွင် လွတ်လပ်သော နိုင်ငံအဖြစ် ကြေညာ၏။ ယူးထရက် ပြည်ထောင်စုကို ပူးပေါင်းပြည်နယ်များဟူ၍လည်းကောင်း၊ ဒပ်ချနယ်သာလန်ဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့၏။ စပိန်တို့သည် ၁၆၀၉ ခုနှစ်တွင် ယာယီစစ်ပြေငြိမ်းစာချုပ်တရပ်ကို လက်မှတ်ရေးထိုးခဲ့ရာ ဒပ်ချနယ်သာလန်၏ လွတ်လပ်ရေးကို အသိအမှတ်ပြုရာရောက်ခဲ့၏။ ဒပ်ချတို့သည် ဗြိတိသျှတို့နှင့် ၁၆၅၂ခုတွင်တစ်ကြိမ်၊ ၁၆၆၅ ခုတွင်တစ်ကြိမ် ရေကြောင်းစစ်ပွဲကြီးများဆင်နွှဲခဲ့ရ၏။ စစ်ဖြစ်ရခြင်းမှာ ကူးသန်းရောင်းဝယ်ရေးဖက်တွင် ဒပ်ချတို့ကြီးပွားထွန်းကားလာသည်ကို အင်္ဂလိပ်တို့က မနာလိုမရှုစိမ့် သောကြောင့်ပင်တည်း။

ထိုစစ်ပွဲများဖြစ်ပွားသည့်အချိန်အထိ ဒပ်ချနယ်သာလန်သည်ကမ္ဘာပေါ်တွင် ကူးသန်းရောင်းဝယ်ရေးဖက်နှင့်၊ ရေကြောင်းဖက်၌ အတိုးအတက်အထွန်းကားဆုံး နိုင်ငံတခုဖြစ်နေခဲ့၏။ သို့သော် ၁၆၇၂ ခုနှစ်မှ ၁၆၇၈ ခုနှစ်အထိ နှစ်များအတွင်း ၁၄ ဆက်မြောက် လူဝီဘုရင်သည် နယ်သာလန်အား စိုးမိုး အုပ်ချုပ်ရန် ကြိုးပမ်းခဲ့ရာတွင်၊

www.foxmarspace.com.mm

နယ်သာလန်နိုင်ငံသည် အတော်ပင်အထိနာခဲ့၏။ ထိုပြင် ၁၇၄၅မှတွင် နယ်သာလန် အုပ်ချုပ်ရေးမှူးချုပ်ရာထူးသည် ဩဂတ်စ်စားဆွေမျိုးစု၏ ရိုက်ရာခံရာထူးတစ်ရပ် ဖြစ်သွားသောအခါ၊ နယ်သာလန်နိုင်ငံ၏ သမ္မတနိုင်ငံအသွင် သဏ္ဌာန်ပျောက်ကွယ်သွားလေသည်။ သို့သော်ပြင်သစ်တော်လှန်ရေးသမားများက ဩဂတ်စ်စားဆွေမျိုးစုကို ဖြုတ်ချလျက် နယ်သာလန်ကို သမ္မတနိုင်ငံပြုလုပ်ခဲ့ပြန်သည်။ ၁၈၀၆ခုနှစ်တွင် ပြင်သစ်စစ်ဘုရင်နပိုလီယန်သည် နယ်သာလန်အားသိမ်းပိုက်ကာ ညီတော်လူဝီဗိုနပတ်အား နန်းတင်ခဲ့၏။ သို့သော်နောင်အခါတွင် ပြင်သစ်နိုင်ငံအတွင်းသို့ နယ်သာလန်ကို သွတ်သွင်းခဲ့သည်။ နပိုလီယန် တန်ခိုးအာဏာမှေးမိန် ကျဆင်းသွားသောအခါ၊ ယခုလက်ရှိ နယ်သာလန် နိုင်ငံကို ဖွဲ့စည်း တည်ထောင်ခဲ့၏။ ဩရိန်းဆွေမျိုးစုမှ မင်းသားတစ်ပါးသည် ပဌမဝီလျံဘုရင်ဖြစ်လာသည်။ ဗီယင်းနားကွန်ဂရက်သည် နယ်သာလန်နိုင်ငံကို သတ်မှတ်ပေးရာတွင်၊ တောင်ပိုင်းပြည်နယ်များနှင့် လပ်ဇင်ဗတ်တို့ကို ထည့်သွင်းပေးခဲ့၏။ ပဌမဝီလျံလက်ထက် ၁၃၀၆ ပြည့်နှစ်တွင် တောင်ပိုင်းပြည်နယ်များသည် ပုန်ကန်ထကြွကာ၊ ဗဲလဂျီယမ်နိုင်ငံဟု သီးခြားနိုင်ငံတည်ထောင်ခဲ့၏။ တတိယဝီလျံ၏သမီးတော် ဝီလယ်မင်းနား ဘုရင်မ (ခရစ် ၁၈၉၀–၁၉၄၈) နန်းတက်သောအခါ လပ်ဇင်ဗတ်ပြည်နယ်ကိုလည်း လက်လွှတ်ခဲ့ရပြန်၏။ အဘယ်ကြောင့် ဆိုသော် လပ်ဇင်ဗတ်ပြည်နယ်၏ ထုံးတမ်းအရနိုင်ငံ၏ အကြီးအကဲသည် မိန်းမသားမဖြစ်စေရဟူ သောကြောင့်ပင်တည်း။

ဝီလယ်မင်းနားဘုရင်မ၏လက်ထက်၌ပင် ပဌမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ကြီးများဖြစ်ပွားလေသည်။။ ပဌမကမ္ဘာစစ်အတွင်းက နယ်သာလန်နိုင်ငံသည် ကြားနေနိုင်ငံအဖြစ် နေခဲ့သော်လည်း၊ ဒုတိယကမ္ဘာစစ်အတွင်းကမူ ၁၉၄၀ ပြည့်နှစ်မေလတွင် ဂျာမနီနိုင်ငံသည် နယ်သာလန်နိုင်ငံအား ချင်းနင်းဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ထားခဲ့လေသည်။ ဝီလယ်မင်းနားဘုရင်မသည် အင်္ဂလန်ပြည်သို့ထွက်ပြေးကာ လန်ဒန်မြို့မှနေ၍ နယ်သာလန်သည် ဖက်စစ်စံနစ်၏စိုးမိုးမှုအောက်မှ လွတ်မြောက်ခဲ့ပေသည်။(ဝီလယ်နမင်းနား ဘုရင်မ–ရှု။)

၁၉၄၈ ခုနှစ် စက်တင်ဘာလ ၄ရက်နေ့တွင် ဝီလယ်မင်းနားဘုရင်မသည် ထီးနန်းကိုစွန့်လွှတ်ခဲ့ရာ၊ ယင်း၏သမီးတော် ဂျူလီယာနာမင်းသမီးက အရိုက်အရာကို ဆက်ခံခဲ့၏။ ဂျူလီယာနာ ဘုရင်မ၏ အစိုးရအဖွဲ့သည် စစ်ကြောင့် ပျက်စီးနေခဲ့သော တိုင်းပြည်ကိုလည်းကောင်း၊ တိုင်းပြည်၏ စီးပွားရေးကိုလည်းကောင်း ပြန်လည်ထူထောင်ခဲ့ရလေသည်။

နယ်သာလန်နိုင်ငံတွင် အစိုးရ၏ရုံးစိုက်ရာ၊ ကမ္ဘာ့ခုံရုံးတည်ရာနှင့် ဘုရင်မ နန်းစိုက်ရာ ဟိတ်မြို့

www.foreverspace.com.mm

ထင်ရှားသောဒပ်ချုနှင့် ဖလန်းဒါးပန်းချီကျော်များ

နယ်သာလန်နိုင်ငံသည် ပန်းချီဆေးရေးအနုပညာရပ်တွင် ထင်ရှားသောနိုင်ငံဖြစ်သည်။ ဗန်အိုက်ညီနောင်၊ ဗရူးဂဲ၊ ရူးဗင်း၊ ဖရန့်ဇဟား၊ ရမ်းဗရန့်၊ ဟော့ဗီမာနှင့် ဗန်ဂေါက်တို့မှာ ကမ္ဘာကျော်ဒပ်ချုနှင့် ဖလန်းဒါးပန်းချီးပညာသည်ကြီးများဖြစ်ကြသည်။ ထိုထိုသောပုဂ္ဂိုလ်တို့၏ လက်ရာများအကြောင်းကို ဤအကြောင်းရပ်တွင် မှတ်တမ်းတင်ထားသည်။

နယ်သာလန်အနုပညာ။ ။နယ်သာလန်အနုပညာ သမိုင်းကို ခေတ်နှစ်ခေတ်ပိုင်းခြားထားရှိသည်။ ပထမပိုင်းမှာ ဖလန်းဒါးပန်းချီထွန်းကားသောခေတ်ဖြစ်၍၊ ဒုတိယပိုင်းမှာ ဒပ်ချုပန်းချီ ထွန်းကားသောခေတ်ဖြစ်၏။

ဖလန်းဒါးပန်းချီသည် ၁၄ ရာစုနှစ်ခန့်မှစ၍ ထွန်းကားလာသည်။ ပုံတူအသေးစားများရေးခြယ်ခြင်းနှင့် စာအုပ်များတွင် ပန်းချီရေးခြယ်ခြင်းအလေ့တို့သည် အလွန်ခေတ်စားခဲ့၏။ မြို့တော်ခန်းမများနှင့် ဘုရားရှိခိုးကျောင်းများတွင်လည်း ပန်းချီဆေး ရေးခြယ်ကြသည်။ သို့သော် ထိုအဆောက်အအုံများမှာ မြောက်ပိုင်းဂေါ့သဗိသုကာ လက်ရာများ ဖြစ်သဖြင့်၊ ကျယ်ပြန့်သော နံရံကြီးများမရှိသောကြောင့်၊ သစ်သားမှန်ကူကွက်များပေါ်တွင်သာ ပန်းချီဆွဲကြရ၏။ ဘုရားစင်၊ မျက်နှာကြက်နှင့် နံရံတို့ကိုလည်း ပန်းချီဆေးခြယ်၍ တန်ဆာဆင်၏။ ရေးဆွဲကြသောပန်းချီးကားများမှာ အလွန်သေးငယ်၍ အနုစိတ်မှုန်းခြယ်ထား၏။ အလင်းရောင်နှင့် အရိပ်ကျပုံကိုလည်း နိုင်နင်းစွာ ဖော်ပြနိုင်၏။

ဟွိုင်းဗရက်ဗန်အိုက်(ခရစ်၁၃၆၆–၁၄၂၆)နှင့် ယန်ဗန်အိုက် (ခရစ်၁၃၈၀–၁၄၄၁) ညီနောင်နှစ်ဦးသည် ဖလန်းဒါးပန်းချီကို အုတ်မြစ်ချပေးခဲ့ကြသည်။ ထိုညီနောင်သည် ရှေးကရှိနှင့်ပြီးသောဆီဆေးရေးနည်းကို ပိုမိုကောင်းမွန်လာအောင်နည်းသစ်ထွင်၍ ရေးဆွဲခဲ့ကြသည်။ အထူးသဖြင့် ပိုး၊ ဖဲ၊ မှန်စသည်တို့နှင့် အရောင်တောက်ပြောင်သော ပစ္စည်းများကို ရေးဆွဲသရုပ်ဖော်ရာ၌ လက်စွမ်း မြောက်လှပေသည်။

နယ်သာလန် ပန်းချီကျော် ဗားမေးဗ၏ လက်ရာမွန်တစ်ခု

၁၅ရာစုနှစ် နောက်ပိုင်းတွင်မှ ဖလန်းဒါးပန်းချီတွင် ဣတလီလက်ရာများရောနှောလာလေသည်။ သို့ရာတွင် ရှိရင်းစွဲပန်းချီလက်ရာများလည်း မူမပျက်ဘဲ ဆက်လက်ထွန်းကားလျက်ရှိ၏။ ပတီနီယာနှင့် ဟင်းဒရစ် ဗလက်တို့သည် ရှုမျှော်ခင်းပုံများကိုစတင်ရေးဆွဲခဲ့ကြသည်။ ပီတာ ဗရူးဂဲရေးဆွဲသောပုံကြီးများမှာမူ လူထူသောကပွဲသဘင်စသည်တို့ကို အသေးစိတ်နေရာတကျထားသို ဖော်ပြထားသည်ကိုတွေ့ရသည်။ တောင်သူလယ်သမားများဘဝကို ဟာသရသပေါ်လွင်အောင် ဖော်ပြရေးဆွဲနိုင်သူဖြစ်သည်။ (ဗရူးဂဲ ပီတာ–ရှု။)

၁၆ ရာစုနှစ်မှ ၁၇ ရာစုနှစ်အတွင်း ထင်ရှားခဲ့သော ပန်းချီပညာရှင်များသည် အောက်တန်းစားနှင့် လူလတ်တန်းစားတို့၏ဘဝနှင့် ဩကာသလောကဖြစ်သော တောတောင်လယ်ယာစသည့် ရှုခင်းပုံများကိုသာ သရုပ်ဖော်ရေးဆွဲကြသည်။ ထိုခေတ်၌ အထင်ရှားဆုံးသော ပညာရှင်မှာ ရူးဗင်းဖြစ်၍၊ အဘက်ဘက်တွင်လက်ရာမြောက်လှ၏။ သို့သော် သူ့လက်ရာတွင် ဣတလီပန်းချီ၏အင်္ဂေအသက်များပါဝင်နေသည်။ လူရုပ်ပုံများမှာလည်း အများအားဖြင့် ထည်ဝါစွာဝတ်စားဆင်ယင်ထားသူများသာဖြစ်၏။ (ဗရူးဗင်းပီတာပေါ–ရှု။)

ဒပ်ချုပန်းချီမှာ ၁၇ ရာစုနှစ်အတွင်း၌စတင်ခဲ့သည်။ ထိုခေတ်တွင် ရေမြေတောတောင်နှင့်လူတို့နေထိုင်စားသောက်ပုံကိုပင် ရေးဆွဲကြ၏။ စတင်ကျော်ကြားလာသူမှာ ဖရန့်ဇဟားဆိုသူဖြစ်၍ သူ၏ရယ်နေသောမြင်းသည်တော် အမည်ရှိပန်းချီကားမှာ နာမည်ကျော်ကားကောင်းတစ်ခုဖြစ်သည်။ ဖရန့်ဇယားသည် သူ့တိုင်းပြည်၏ စည်ပင်ဝပြောပုံနှင့် ပြည်သူ့ပြည်သားများ၏ဘဝကို စုတ်ချက်ကြမ်းကြမ်းနှင့်ဖော်ပြလေ့ရှိသည်။ (ဟားဖရန့်ဇ–ရှု။) သူနှင့်တခေတ်တည်းပေါ် အကျော်ကြားဆုံး ပန်းချီပညာရှင်မှာ ရမ်းဗရန့်ဖြစ်၏။ သဘာဝကိုအနီးကပ်ဆုံးဖော်ပြလေ့ရှိသောဒပ်ချုပန်းချီဆရာရမ်းဗရန့် ပေါ်ပေါက်လာသည် တွင် ပိုမိုအဆင့်အတန်းမြင့်လာ၏။ ရမ်းဗရန့်၏လက်ရာ

www.foreverspace.com.mm

များတွင် အယူဝါဒရေးဆိုင်ရာပန်းချီကားများ၊ ရှုမျှော်ခင်းပုံများနှင့် လူရုပ်ပုံများစသည်ဖြင့် စုံလင်စွာပါဝင်သည်။ (ရမ်းဗရန့်–ရှု။)

နစ်ကလတ်မီး၊ ယန်စတင်း၊ ပီတာ ဒါဟုနှင့်ဗားမေးတို့သည်လည်း ကျော်ကြားသော ဒပ်ချပန်းချီပညာရှင်များ ဖြစ်ကြသည်။ သူတို့သည် မိသားစုပုံများ၊ အိမ်အတွင်းခန်းတစ်နေရာကို ဖော်ပြသော ပန်းချီကားများနှင့် ကျေးလက်တောရွာရှုခင်းများကို အသားပေး၍ ရေးဆွဲကြသည်။ ပန်းချီဆရာကြီး ကွိုက်၊ ဆော်လမွန်၊ ယာကွပ်ဗန်ရွိုက်ဆဒယ်နှင့် ဟောဗီမာတို့သည် စိမ်းလန်းစိုပြေသောနယ်သာလန် တောတောင်သစ်ပင်နှင့်ကောင်းကင်ရှုခင်းတို့ကို သဘာဝကျကျ ရေးခြယ်လေ့ရှိကြသည်။ ယင်းတို့ထက် ပိုမိုကျော်ကြားသူများကား မြစ်ကမ်းနံဘေးနှင့် ပင်လယ်ကမ်းခြေရှုခင်းများကို ရေးဆွဲလေ့ရှိသော အန်ဒရီယင်နှင့် ဝီလမ်ဗန်ဒါဗဲ့လဒါဆိုသူ ညီနောင်နှစ်ဦးဖြစ်၏။ ပျားပိတုန်းများ ရစ်ဝဲနေသည့် ပန်းမျိုးစုံ ပန်းချီကားများကို ရေးဆွဲလေ့ရှိသော ပန်းချီပညာရှင်များအနက် အထင်ရှားဆုံးမှာ ယန်ဗန်ဟွိုက်ဆမ်ဖြစ်သည်။

၁၈ ရာစုနှစ်ဦးပိုင်းမှစ၍ နယ်သာလန်၌ ပန်းချီကျော်များနည်းပါးလာပြီးလျှင် ၁၉ရာစုနှစ်တွင်မှ တဖန်အမြောက်အမြားထွန်းကားလာသည်။ ယင်းတို့အနက် ထင်ရှားသူများ မှာ ယိုးဆက်အဇ္ဇရီယယ်၊ ယာကွပ်မာရစ်နှင့် အန်းတွန်

ပန်းချီဆရာကြီး ဗန်ဒိုက်သည် ဤသို့အရောင်တောက်သော ဖဲ၊ ပိုးစသော ပစ္စည်းများကို ရေးဆွဲသရုပ်ဖော်ရာ၌ လက်မြောက်လှပေသည်။

နယ်သာလန် ပန်းချီဆရာကြီး ရမ်းဗရန့်၏ "မြင်းသည်တော်" ပန်းချီကား

မောတို့ဖြစ်၏။ အထင်ရှားဆုံးမှာမူ 'အင်ပရက်ရှင်းနစ်ခေါ်' ပန်းချီပညာသည်များ၏ ရှေ့တော်ပြေးဖြစ်သည့် ယွန်ကင့်နှင့် ပြင်သစ်ပန်းချီကို လိုက်စားသူ ဗန်ဂေါက်တို့ ဖြစ်သည်။

နယ်သာလန်အရှေ့အိန္ဒိယကျွန်းစု။ ။နယ်သာလန်အရှေ့အိန္ဒိယကျွန်းစုဆိုသည်မှာ အာရှအရှေ့တောင်ပိုင်းတွင်တည်ရှိ၍၊ ယခင်က ဒပ်ချတို့ပိုင်ဆိုင်ခဲ့သော ကျွန်းစုဖြစ်သည်။ ထိုကျွန်းစုတွင် ဆူမတြား ကျွန်း၊ ဂျာဗားကျွန်း၊ ဒပ်ချ နယူးဂင်းနီ၊ ဗာလီကျွန်း၊ ဗကာ်ကျွန်း၊ ဗီလီတန်ကျွန်းနှင့် မိုလပ်ကပ်ကျွန်းစသည့် ကျွန်းကြီးကျွန်းငယ်များ ပါဝင်လေသည်။ ယခုအခါ ဒပ်ချ၊ နယူးဂင်းနီမှ တစ်ပါး၊ ကျန်ကျွန်းအားလုံးတို့ကို စုပေါင်း၍ လွတ်လပ်သောအင်ဒိုနီးရှားနိုင်ငံ ထူထောင်ထားရှိပြီးဖြစ်လေသည်။ (အင်ဒိုနီးရှားနိုင်ငံ–ရှု။)

နော့ဂျန်(ခရစ်၁၅၀၅–၁၅၇၂)။ ။ဂျန်းနော့သည် စကော့လူမျိုး ဝါဒခေါင်းဆောင်တစ်ဦးဖြစ်လေသည်။ သူသည် စကော့တလန်ပြည် ဟက်ဒင်တန်နယ် ဂစ်ဖို့ဂိတ်မြို့တွင် ၁၅၀၅ခုခန့်က မွေးဖွားသည်။ ဂလပ်စဂိုးတက္ကသိုလ်၌ပညာသင်ကြားပြီးလျှင်၊ ခရစ်ယန်သာသနာ့ဘောင်သို့ဝင်ခဲ့ရာ၊ နောင်သောအခါ ပရိုစတန့်ဂိုဏ်းဝင်ဖြစ်သွား

www.foreverpeace.com.mm

လေသည်။ ထိုအခါက စကော့တလန်ပြည်ရှိ ခရစ်ယန် အယူဝါဒအဖွဲ့သည် တရားလက်လွတ်ဖြစ်သော အပြုအမူ များကို ပြုမူလျက်ရှိသည်။ ပမာအားဖြင့် သာသနာပြု ပြင်ရန် တရားဟောပြောသော ပုဂ္ဂိုလ်တစ်ဦးကို ဂိုဏ်းအုပ် ဘုန်းကြီး ကာဒင်နယ်ဗီတန်က မီးရှို့သတ်ပစ်လိုက်လေ သည်။ ကာဒင်နယ်ဗီတန်သည် သာသနာ့အရေခြုံနေသော လူမသမာတစ်ယောက်ဖြစ်ရာ၊ အပြစ်ကင်းစင်သော တရားဟောပုဂ္ဂိုလ်ကို သတ်ပစ်သဖြင့်၊ သာသနာပြုပြင် ရန်လိုလားသူများသည် အုပ်မနိုင်ထိန်းမရ ဒေါသူပုန်ထ ပြီးလျှင် သူ့ကိုသတ်ပစ်၍၊ သူနေထိုင်သော စိန်အင်ဒရူး ရဲတိုက်ကြီးကို တိုက်ခိုက်သိမ်းပိုက်ကြလေသည်။ ထိုသူတို့ ကို အားပေး ကူညီသူများစွာရှိရာတွင် ဝျန်နော့လည်း တစ်ဦးအပါအဝင် ဖြစ်သည်။

ထိုအခါက ပြင်သစ်နိုင်ငံသည် စကော့တလန်ပြည်နှင့် မဟာမိတ်ဖြစ်နေရာ၊ အဆိုပါ သာသနာ့အဓိကရုဏ်း ကိစ္စနှင့်စပ်လျဉ်း၍၊ ၁၅၄၇ ခု၌ ပြင်သစ်ရေတပ်တတပ်က ရဲတိုက်တခုကို ပစ်ခတ်တိုက်ခိုက်သဖြင့်၊ ရဲတိုက်ထဲရှိ စကော့တော်လှန်ရေးသမားတို့သည် အညံ့ခံကြရလေတော့ ၏။ ဝျန်နော့နှင့်သူ့အဖော်များသည် အဖမ်းခံရ၍၊ ပြင်သစ်နိုင်ငံသို့ ရောက်သွားကြသည်။ သို့ရာတွင် ၁၅၄၉ ခု၌ အင်္ဂလိပ်တို့ကဆောင်ရွက်ပေးသဖြင့် လွတ်မြောက် သွားကြပြီးနောက်၊ ထိုသူတစ်စုသည် အင်္ဂလန်ပြည် ၌ သွားရောက်ခိုလှုံနေထိုင်လေသည်။ ဝျန်နော့သည် အင်္ဂလန်ပြည်၌ နေထိုင်စဉ် ဆုတောင်းချက်ကျမ်းပြုစု ရေး၌ကူညီခဲ့၏။ ၁၅၅၁ခုနှစ်တွင် ဘုရင့်သင်းအုပ် ဆရာတော်အဖြစ် ခန့်ထားခြင်း ခံရလေသည်။ သို့ရာ တွင် ၁၅၅၃ ခုနှစ်တွင် မေရီတျူဒါဘုရင်မ နန်းတက် လာသဖြင့်၊ ပရိုတက်စတန့်ဂိုဏ်းဝင်များ အသက် ဘေးရန်အတွက် စိုးရိမ်လာရသောအခါ၊ ဝျန်နော့သည် ဆွတ်ဇာလန်ပြည် ဂျီနီးဗားမြို့သို့ သွားရောက်၍၊ ၅ နှစ်မျှ နေထိုင်ခဲ့ရပြန်လေသည်။ ဂျီနီးဗားမြို့၌ ပြင်သစ်လူမျိုး ခရစ်ယာန် အယူဝါဒ ပြုပြင်ရေးခေါင်းဆောင် ကယ်လဗင် နှင့်တွေ့ဆုံခဲ့၏။ (ကယ်လဗင်ဂျေ–ရှု။)

၁၅၅၉ ခုနှစ်၌ ဝျန်နော့သည် စကော့တလန်ပြည်သို့ ပြန်သွားလေသည်။ ထိုအချိန်၌ ပြင်သစ်သြဇာခံ စကော့ တလန်ပြည်အစိုးရက ပရိုတက်စတန့်ဂိုဏ်းဝင်များကို နှိပ်ကွပ်နေသဖြင့်၊ နော့သည် ဒန်ဒီနှင့်ပတ်သမျှမြို့များသို့ ထွက်ပြေးတိမ်းရှောင် နေရလေသည်။ ထိုမြို့များမှ နေ၍ ဗရင်ဂျီဂိုဏ်းကို ထိပါးကာတရားဟောပြောခဲ့ ရာ၊ မကြာမီ စကော့တလန်ပြည်၌ ပြည်တွင်းရေးစစ် ဖြစ်ပွားလေတော့သည်။

စကော့တလန်ပြည်အစိုးရတို့သည် ပြင်သစ်တို့ကို အားကိုးလျက်ရှိရာ၊ ပရိုတက်စတန့်ခေါင်းဆောင်များက သူတို့နှင့် ဂိုဏ်းချင်းတူသောအင်္ဂလန်ပြည်ကို အကူ အညီတောင်းခဲ့လေသည်။ ထိုအခါကအင်္ဂလန်ပြည်၌ ပရိုတက်စတန့်ဂိုဏ်းဝင် အယ်လစ်ဇေဘက်ဘုရင်မ အုပ် စိုးလျက်ရှိလေသည်။ အင်္ဂလိပ်တို့၏ အကူအညီကို ရသဖြင့်၊ နောက်ဆုံး၌ ပရိုတက်စတန့်ဂိုဏ်းဝင်များ အရေးသာသွားလေသည်။ ပြင်သစ်စစ်တပ်များလည်း ဆုတ်ခွာသွားရ၍၊ ပရိုတက်စတန့်ခေါင်းဆောင်များ

ဝျန်နော့သည် စကော့တလန်ပြည် ပရိုတက်စတန့် ခရစ်ယန်ဂိုဏ်းကို ခေါင်းဆောင်ကာ ဤသို့တရားဟောခဲ့၏။

www.freewebspace.com.mm

တန်ခိုးကြီးလားလာကြလေသည်။ နော့သည်လည်း စကော့တလန်ပြည်၌ အလွန်သြဇာတိက္ကမကြီးသူ တစ်ယောက်ဖြင့်လာခဲ့လေသည်။ ၁၅၆၁ခုနှစ်၌ စကော့ဘုရင်မမေရီ ပြန်ရောက်လာသောအခါ၊ နော့က ဗရင်ဂျီဂိုဏ်းကို စွန့်လွှတ်ရန် သူ့ကို စိတ်လိုက်မာန်ပါအတန်တန် တိုက်တွန်းခဲ့လေသည်။ သို့ရာတွင် ဘုရင်မကခေါင်းမာနေခဲ့၏။ ထိုသို့တိုက်တွန်းလှသောကြောင့်လည်း၊ တစ်ခါတွင် သစ္စာဖောက်မှုနှင့် အဖမ်းခံရ၍လွတ်မြောက်သွားပြီးလျှင် နောက်တစ်ခါတွင်ကား တရားမဟောပြောရန် တားမြစ်ခြင်းခံခဲ့ရလေသည်။ နော့သည် မေရီဘုရင်မ၏သားတော်ကလေး ဂျိမ်းနန်းတက်ပွဲ၌ တရားတစ်ကြိမ်ဟောပြောခဲ့ပြီးနောက်၊ ၁၅၇၂ ခုနှစ် နိုဝင်ဘာလ ၄ရက်နေ့တွင် ကွယ်လွန်လေ သည်။

နော့ကလစ်ဗိုင်းကောင့် (ခရစ် ၁၈၆၅–၁၉၂၂) ။ ။ ဗိုင်းကောင့်နော့ကလစ်ဟု ထင်ရှားသောအဲလဖရက်ချားဝီလျံဟမ်းစဝ်သည် သတင်းစာလောကကြီးကို ယနေ့အခြေအနေအဆင့်အတန်းသို့ တိုးတက်အောင် ဆောင်ရွက်ခဲ့သောဗြိတိသျှသတင်းစာဆရာဖြစ်သည်။ သူသည် ၁၈၆၅ ခုနှစ် ဇူလိုင်လ ၅ရက်နေ့တွင် ဒဗ္ဗလင်မြို့၌ မွေးဖွားလေသည်။ သားချင်း ၁၄ယောက်ရှိသည့်အနက် သားကြီးတစ်ဦးဖြစ်၏။ သူ၏ ဖခင်သည် ဝတ်လုံတော်ရဖြစ်လေသည်။

၁၈၆၇ ခုနှစ်တွင် ဟမ်းစဝ်ပ် မိသားစုသည် လန်ဒန်မြို့တော်သို့ ရွှေ့ပြောင်း နေထိုင်ကြသည်။ ၁၈၇၈ ခုနှစ်အသက် ၁၃ နှစ် ကျောင်းသားဘဝ၌ရှိစဉ် အဲလဖရက်ဟမ်းစဝ်သည် ကျောင်းမဂ္ဂဇင်းစာစောင်ကို ဦးစီးထုတ်ဝေ၏။ အစပဌမတွင် လက်ရေးစာစောင်အဖြစ်ထုတ်ဝေ၍၊ နောက်မှပုံနှိပ်ထုတ်ဝေသည်။ ထိုနောက် နှစ်နှစ်ကြာသောအခါ၊ သတင်းစာဆရာအဖြစ်ဖြင့်၊ ပဌမဦးဆုံးအကြိမ် လခစားအလုပ်ကို ရလေရာ၊ ထိုစဉ်က အသက် ၁၅ နှစ်မျှသာရှိသေးပေသည်။

အဲလဖရက်ဟမ်းစဝ်သည် ဥရောပတခွင်၌ အနှံ့အပြားလှည့်လည်၍ အပြန်တွင်၊ 'လူငယ်စာစောင်' လက်ထောက်အယ်ဒီတာအဖြစ်ဆောင်ရွက်ရာ၊ အသက်မှာ ၁၇ နှစ်မျှသာရှိသည်။ 'မောနင်းပို့'နှင့် 'စိန်ဂျိမ်းဂေဇက်'သတင်းစာများသို့လည်း ဆောင်းပါးများ ရေးသားပေးပို့လေ့ရှိ၏။ ၁၈၈၄ခုနှစ် ကျန်းမာရေးချို့တဲ့သဖြင့်၊ လန်ဒန်မြို့မှ ထွက်ခွာ၍သွားရလေသည်။ ထို့အတွက် ၁၈၈၅ခုမှ ၁၈၈၇ခုနှစ်များအတွင်းတွင် ကဗင်ထရီမြို့စာအုပ်ထုတ်ဝေရေးဌာနတစ်ခုတွင် ဝင်ရောက်လုပ်ကိုင်သည်။ ထိုနောက် ကျန်းမာလာ၍၊ လန်ဒန်မြို့တော်သို့ ပြန်လာသောအခါ၊ 'အန်ဆာ'

ထင်ရှားသော ဗြိတိသျှ သတင်းစာဆရာကြီး လော့နော့ကလစ်

အမည်ရှိ အပတ်စဉ် ဂျာနယ် စာစောင်ကို ၁၈၈၈ ခုနှစ်၌ ကိုယ်တိုင်ဦးစီး၍ ထုတ်ဝေသည်။ ထိုအခါ ညီဖြစ်သူ ဟရိုးသည် အဲလဖရက်ဟမ်းစဝ်ပ်နှင့်အတူ ပူးပေါင်းလုပ်ကိုင်သည်။ ညီအစ်ကိုနှစ်ဦးသည် လုပ်ရည်ဝ၍၊ အမြင်ကျယ်လာသဖြင့်၊ စာဖတ်ပရိသတ်ပိုမိုများလာရန်၊ ကျောင်းသား၊ အရပ်သား၊ ဈေးသည်နှင့်လူငယ်များ စိတ်ဝင်စားစွာဖြင့်ဖတ်ချင်အောင် ရှင်းလင်းစွာရေးသား သောနည်းသစ်များကိုတီထွင်ကြလေသည်။ ထိုညီနောင်နှစ်ဦး၏ကြိုးပမ်းမှုကြောင့်၊ ထိုအချိန်အခါ၌ပင် တစ်နှစ်လျှင်ရရှိသောအမြတ်ငွေမှာ ပေါင်ငါးသောင်းကျော်လေသည်။ ထိုနောက်နှစ်အနည်းငယ်အတွင်းတွင် အဲလဖရက်ဟမ်းစဝ်သည် ဥရောပ၊ အာဖရိက၊ အိန္ဒိယ၊ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုများသို့ လှည့်လည်ခရီးထွက်သည်။ ၁၈၈၈ခုတွင် မေရီအယ်လစ်ဇဗက်နှင့် လက်ထပ်လိုက်လေသည်။

၁၈၆၉ ခုနှစ်တွင် 'ဒေးလီးမေး' ခေါ် နံနက်ထုတ်သတင်းစာကို ထုတ်ဝေသည်။ ပဲနီဝက်ဖြင့်ရောင်းသောသတင်းစာတို့တွင် အဦးဆုံးသတင်းစာဖြစ်၍၊ ကြေးငွေမတတ်နိုင်သူများပင် ဝယ်ယူဖတ်ရှုနိုင်သဖြင့်၊ များစွာ အရောင်းရတွင်ကျယ်လေသည်။ တန်ဖိုးတစ်ဝက်နည်းသော်လည်း၊ တပဲနီတန်သတင်းစာများ ကဲ့သို့ပင် သတင်းစုံလင်၍၊ ရေးပုံရေးနည်းမှာလည်း စိတ်ဝင်စားဖွယ်ရာဖြစ်သည်။ ခေါင်းကြီးပိုင်းတွင်ကား သူ၏ထင်မြင်ချက်များကို လွတ်လပ်စွာ ဖော်ပြသည်။ ဟမ်းစဝ်ပ်သည် သူ၏မျိုးချစ်စိတ်နှင့် နိုင်ငံရေးယုံကြည်ချက်တို့

www.foreverspace.com.mm

ကိုကားအလေးဂရုပြုကာ ရေးသားလေ့ရှိသည်။ တစ်ခါတည်းရဲ့ သူ၏ထင်မြင်ချက်များသည် ရာဇဝတ်ဘေးမှ မကင်းလွှဲပေ။ သို့ရာတွင် မကြောက်မရွံ့၊ မတုန်မလှုပ်ဘဲ မှန်မှန်ကြီးရေးသားသည်။ အာဖရိကတိုက်တွင် ဗိုးဝါးစစ်ပွဲ ဖြစ်ပွားချိန်၌ 'ဒေးလီးမား'၏ နေ့စဉ်ထုတ်စောင်ရေမှာ ၆၀၀၀၀ ကျော်လေသည်။ ဒေးလီးမေးသတင်းစာ တည်ထောင်ပြီးသည်မှစ၍ ဟမ်းစဝပ်၏အမည်သည် ဗြိတိသျှသတင်းစာလောကတွင် အထင်ပေါ်ဆုံးဖြစ်လာသည်။ ဒေးလီးမေးကိုထုတ်ဝေရာတွင် ယခင်က လန်ဒန်ညနေသတင်းစာဖြစ်သောအီးဗနင်းနယူး(စ)ကို ထုတ်ဝေခဲ့စဉ်က ရရှိသော အမြင်သစ်အတွေ့သစ်များကို အသုံးချသဖြင့် များစွာ တိုးတက်သည်။ လန်ဒန်ညနေသတင်းစာမှာ ၁၈၉၄ ခုနှစ်တွင် ဟမ်းစဝပ်ညီနောင်တို့ ဝယ်ယူခဲ့သော သတင်းစာ ဖြစ်သည်။ သူတို့ ဝယ်ယူစဉ်က ပြုတ်လုအဲ့ဆဲဆဲ ဖြစ်နေသော်လည်း၊ သူတို့၏ လုပ်ရည် ဉာဏ်ရည်ကြောင့်၊ မကြာခင် တိုးတက်ကြီးပွားလာသော သတင်းစာတစ်စောင် ဖြစ်လာသည်။

၁၉၀၃ ခုနှစ်တွင် ဟမ်းစဝပ်သည် 'ဒေးလီးမီးရား' သတင်းစာကို ထုတ်ဝေပြန်သည်။ ပဌမအစတွင် ရှုံးသော်လည်း မကြာခင်လူကြိုက်များသော သတင်းစာဖြစ်လာသည်။ သို့ရာတွင် နောင်အခါ၌ ထိုသတင်းစာကို ညီဖြစ်သူအား ရောင်းချလိုက်၍၊ သီးခြားလုပ်ကိုင်စေ၏။ ၁၉၀၅ခုနှစ်တွင် ပြင်သစ်၌တိုက်ခွဲထား၍၊ ဥရောပတိုက်နှိပ် 'ဒေးလီးမေး' သတင်းစာများကို ဖြန့်ချိလေသည်။ ထိုနှစ်မှာပင် ဗဲရွန်မည်သော မျူးမတ်ငယ်ဘွဲ့ကိုရရှိ၍၊ ဗဲရွန် နော့ကလစ်ဖြစ်လာလေသည်။ ၁၉၁၄ ခုနှစ် ပဌမကမ္ဘာစစ်ကြီးကို ကြိုးကိုင်အုပ်ချုပ်ထားလေပြီ။ ယင်းတို့မှာ 'တိုင်း' သတင်းစာ၊ 'ဒေးလီးမေး'၊ 'အီးဗနင်းနယူး(စ)'၊ 'ဝိကလီးဒစ်စပက်'၊ 'အိုဗာဆီးမေး'၊ 'ကွန်တီနင် တယ်ဒေးလီးမေး'နှင့် အခြားသတင်းစာများ ဖြစ်ကြသည်။

'တိုင်း' သတင်းစာကြီးကို ကြိုးကိုင်နိုင်မှုမှာ နော့ကလစ်၏ တစ်သက်လုံးတောင့်တရည်မှန်းချက်ကြီး ဖြစ်လေရာ၊ မိမိ၏လက်ထဲသို့ ရောက်လာသောအခါ၊ သတင်းစာအရွယ်ကို တိုးချဲ့စေ၍၊ အဖိုးနှုန်းကို လျှော့ချထုတ်ဝေသည်။ ထိုအခါ စောင်ရေများစွာ တိုးတက်ရောင်းချရသည်။ သတင်းစာများကို စောင်ရေများစွာထုတ်ဝေရသောကြောင့်လည်း၊ နော့ကလစ်၏သြဇာသည် ကြီးမားလာလေသည်။ စစ်သတင်းများကို လွတ်လပ်စွာနှင့် သတ္တိရှိရှိဖော်ပြ၍၊ လူထု၏စိတ်ဓာတ်ကို မြှင့်တင်ပေးခဲ့၏။

နော့ကလစ်သည် သတင်းစာထုတ်ဝေရာ၌ ပြုပြင်ပြောင်းလဲရေးများစွာကိုလည်း ဆောင်ရွက်ခဲ့သည်။ အယ်ဒီတာများ၊ သတင်းထောက်များအားတစ်ပတ်လျှင် ငါးရက်လုပ်ချိန်ကန့်သတ်ပေး၍၊ လစာကိုလည်း ရက်ရောစွာပေးလေသည်။ ထိပ်သီး အယ်ဒီတာအဖွဲ့ဝင်လူကြီးများကို သတင်းစာလုပ်ငန်းတွင် အစုပါဝင်၍၊ အမြတ်ခွဲဝေယူခွင့်ကို ပေးသည်။ အမြော်အမြင်ကြီးသောပုဂ္ဂိုလ်ကြီး တစ်ယောက်ဖြစ်၍၊ နောင်နှစ်များမကြာမီ၊ လေကြောင်းအတတ် ခေတ်စားလာမည့်အကြောင်းကို တင်ကြိုသိမြင်သည်။ လေကြောင်းပျံသန်းရေးတွင် များစွာစိတ်ဝင်စား၍၊ 'ဒေးလီးမေး' သတင်းစာမှတစ်ဆင့် လေကြောင်းအတတ်ထူးချွန်သူများကို ဆုများပေးကမ်းကာ ချီးမြှောက်လေသည်။ ထိုပြင် အခြားစွန့်စားမှုတွင်ဝါသနာပါသေးရာ၊ ရေငုပ်သင်္ဘောများကို အားပေးခြင်း၊ ဝင်ရိုးစွန်းနယ်များသို့ စွန့်စားသွားလာခြင်းများကို စရိတ်ထောက်ပံ့ခြင်းပြုလုပ်သည်။

၁၉၁၇ခုနှစ် စစ်ကြီးပြီးခါနီးတွင် နော့ကလစ်သည် ဗိုင်းကောင့်ဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်းခံရသည်။ ရန်သူနိုင်ငံများဆိုင်ရာ၊ ဝါဒဖြန့်ချိရေးညွှန်ကြားရေးဝန်ရာထူးကို လက်ခံ၍၊ အမျိုးသားအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်။ နောက်ဆုံး ရန်သူများလက်နက်ချအရှုံးပေးရခြင်းတွင်လည်း နော့ကလစ်၏အမြင်မှန်မှု၊ ကျွမ်းကျင်မှုများ တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်လေသည်။ ထိုကြောင့်ပင်လျှင် ဗြိတိသျှနန်းရင်းဝန်ကြီး မစ္စတာလွိုက်ဂျော့က နှုတ်မှဖွင့်ဟချီးကျူးလေသည်။

၁၉၂၁ခုတွင် ကျန်းမာရေးအတွက်အနားယူရန်အကြံပေးချက်အရ၊ ကမ္ဘာကို ရက်ရှည်လည်ပတ်သည်။ ၁၉၂၂ခု သြဂုတ်၁၄ရက်တွင်ကွယ်လွန်သည်။ ဗလာ့နော့ကလစ်တွင် အမွေဆက်ခံရန်သားသမီးတစ်ယောက်မျှမကျန်၍၊ ဘွဲ့ထူးဂုဏ်ထူးများသည် သူ့တစ်သက်နှင့်ပင် သုန်းရချေသည်။

နော့သမန်ထုံးဟောင်းပုံပြင်များ။ ။နော့သမန်လူမျိုးတို့၏ကိုးကွယ်မှုအယူဝါဒဆိုင်ရာ ရှေးဟောင်းကဗျာလင်္ကာတို့မှ ယင်းတို့၏ထုံးဟောင်းပုံပြင်များကိုသိရှိရသည်။ ထိုထုံးဟောင်းပုံပြင်များအရ၊ ကမ္ဘာတည်စဉ် အပူဒေသနှင့် အအေးဒေသဟူ၍ ဒေသနှစ်ခုခြားနားလျက် တည်ရှိပြီးလျှင်၊ ထိုဒေသနှစ်ခု၏အကြားတွင် အသူတစ်ရာနက်သည့်ချောက်ကြီးရှိသည်ဟုဆိုသည်။ ထိုချောက်ထဲတွင် အီမီးယာအမည်ရှိသော ဘီလူး နေထိုင်၏။ ထိုဘီလူးကြီး၏ သားစဉ်မြေးဆက်တို့ ပြန့်ပွားလာသောအခါ၊ သူ၏အဆက်အနွယ်ဖြစ်သော အိုးဒင်၊ ဗဲလီနှင့် ဗီညီနောင်သုံးဦးတို့သည် အီမီးယားဘီလူးကြီးကို လုပ်ကြံသတ်ဖြတ်ကြလေ၏။ အီမီးယား သေဆုံးလတ်သော်၊ သူ၏ခန္ဓာကိုယ်သည် အသူတစ်ရာနက်သောချောက်ကို ပိတ်ဆို့ဖုံးလွှမ်း၍လာပြီးလျှင်၊ သူ၏ သွေးတို့ စီးကျယိုဆင်းခြင်းကြောင့်၊ ကမ္ဘာတစ်ဝှန်းလုံး၌ ရေလွှမ်းမိုးလေသည်။

www.foreverspace.com.mm

ထိုသို့ ရေလွှမ်းမိုးရာ၌ လူအများသေဆုံးပျက်စီးရာ၊ နောက်ဆုံး၌ လင်မယားနှစ်ယောက်သာ အသက်ရှင်ကျန်ရစ်လေသည်။ ဤပျက်စီးသည့် အခြေအနေကို နတ်တို့ မနှစ်သက်ရာကား၊ သေဆုံးသူ အီမီးယာ၏ ဦးခေါင်းခွံသည် ကောင်းကင်ဖြစ်လာ၏။ ဆံပင်မွေးညင်းတို့သည် သစ်ပင်များဖြစ်လာ၏။ ထိုသည်မှစ၍ ကမ္ဘာပေါ်တွင် လူတို့ပေါက်ဖွားလာ၍ မျိုးစဉ်မျိုးဆက်ပွားများလာကြသည်ဟု အယူရှိသည်။ အချို့ကမူ၊ ကမ္ဘာဦး၌ လူမရှိသည်ကို အိုးဒင်သည် လူသေနှစ်ဦးကို အသက်သွင်း၍၊ တစ်ဦးကားယောကျ်ား၊ တစ်ဦးကား မိန်းမဟုသမုတ်ရာ၊ ထိုယောကျ်ားနှင့် မိန်းမတို့မှ အစဉ်အဆက် လူမျိုးအနှံ့အပြားပေါက်ပွားသည်ဟု ဆိုကြသည်။ ထိုကြောင့် နော့သမန် လူမျိုးတို့သည် အိုးဒင်ကို လူနှင့်နတ်တို့၏ ဖခင်ဟု အယူရှိကြသည်။

အိုးဒင်သည် သူ၏စံမြန်းရာနန်းတော်မှနေ၍ လောကခြင်းရာကို အမြဲရှုလေ့ရှိ၏။ အိုးဒင်၌ကျီးနှစ်ကောင်ရှိသည်။ ထိုကျီးနှစ်ကောင်သည် ကမ္ဘာအရပ်ရပ်မှ သတင်းများကို ဆောင်ကြဉ်း၍ အိုးဒင်ထံသို့ ပို့လေ့ရှိ၏။ အိုးဒင်ကိုယ်တိုင်လည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးတန်ကို ကောင်းစွာ သိမြင်စွမ်းရှိသည်။ တစ်ခါတစ်ရံ အိုးဒင်သည် ကမ္ဘာလောကခ၌ လှည့်လည်၍ လူတို့၏အရေးခ၌ ရှေ့ဆောင်လမ်းညွှန်ပြုလုပ်လေ့ရှိသည်။ အိုးဒင်၏ လက်အောက်၌ နတ် ၁၂ ပါးတို့ ရှိကြသည်။ ထိုနတ်တို့သည် အိုးဒင်၏ ရာဇပလ္လင်အောက်ရှိ နန်းတော်ဆောင်တို့တွင် နေထိုင်ကြသည်။ ယင်းနတ်တို့အနက် တန်ခိုးအကြီးမှာ အိုးဒင်၏ သားဖြစ်သောနတ်ကြီးဖြစ်သည်။ သောနတ်သည် ရဲတင်းကို ကိုင်ဆောင်၍ ထုလိုက်သည့်အခါ လျှပ်စစ်လက်ခြင်း၊ မိုးချုန်းခြင်းတို့ဖြစ်ပေါ်လာတတ်သည်။ ထိုကြောင့် သောနတ်ကို မိုးချုန်းသောနတ်ဟု အယူရှိကြသည်။ ထိုနတ်သည် တရားဥပဒေနှင့်ထုံးတမ်းစဉ်လာတို့ကိုစိုးပိုင်သောနတ်ဖြစ်ရာ လူအများက သူ့အား အိုးဒင်ထက်ပို၍ အလေးအမြတ်ပြုကြသည်။

အိုးဒင်၏မယားသည် ဖရေးယာဖြစ်၏။ ဖရေးယာသည် ထိမ်းမြားခြင်းနှင့်ဆိုင်သောနတ်သမီးဖြစ်သည်။ ကဗျာလင်္ကာနှင့် ဆိုင်ရာနတ်ကား ဗရာဂီနတ်ဖြစ်သည်။ ထိုနတ်၏ မယားအိုင်ဒူနာ၌ သေခြင်းတရားကိုလွန်ဆန်နိုင်သော သစ်သော့သီးများရှိသည်။ ထိုသစ်သော့သီးများကို တစ်နေ့လျှင် တစ်လုံးကျ နတ်တို့အားဆက်သရသည်။ တစ်နေ့သော် ဘီလူးတို့သည် အိုင်ဒူနာကို ဖမ်းဆီးသွားလေရာ၊ အိုင်ဒူနာပြန်၍ မလွတ်မချင်း နတ်တို့သည် အိုမင်းရင့်ရော်လာခဲ့သည်။ ထိုပြင် မီးနတ်ဟူ၍လည်းရှိ၏။ ထိုမီးနတ်မှာလိုကီဖြစ်၏။ မီးနတ်သည် နတ်တကာတို့အတွက် အကြံဉာဏ်ပေးရသော ပုဂ္ဂိုလ်လည်းဖြစ်၏။ နတ်တကာတို့အား အနှောင့်အယှက်ပြုသောပုဂ္ဂိုလ်လည်းဖြစ်၏။ မီးသည် အကျိုးကိုဖြစ်ထွန်းနိုင်၍၊ အကျိုးကိုလည်း ဖျက်ဆီးနိုင်သောနည်းတူ၊ လိုကီသည် အပြုနှင့်အဖျက်နှစ်ခုစလုံးနှင့် ဆိုင်သောနတ်ဖြစ်သည်။ တစ်ရံရောအခါ လိုကီသည် ပျိုမျစ်နုနယ်တင့်တယ်လှပသော နတ်သားတစ်ဦးကို သေကြောင်းကြံလေသည်။ ထိုကြောင့် နတ်တို့သည် စိတ်ဆိုး၍၊ လိုကီကိုဖမ်းဆီးကာ၊ ကျောက်ဆောင်တစ်ခုတွင် သံကြိုးဖြင့် ချည်နှောင်ထားလေ၏။ လိုကီ၏ ဦးထိပ်ထက်၌ အဆိပ်ခွက်တစ်ခုကို ဆွဲချိတ်ထား၍၊ ထိုအဆိပ်သည် လိုကီ၏မယားသည် ထိုအဆိပ်၏ဒဏ်ကို ဖယ်ရှားရန်အလို့ငှါ၊ အခြားသောခွက်တစ်ခုဖြင့်ခံယူ၏။ သို့ပါသော်ငြားလည်း၊ ခွက်ပြည့်သောအခါ၊ ထိုအဆိပ်ခွက်ကိုယူ၍သွန်ရသဖြင့်၊ သွန်သည့်ခဏ၌အဆိပ်သည် လိုကီ၏မျက်နှာကို လောင်လေသည်။ လိုကီလည်း အဆိပ်လောင်သောဒဏ်ဖြင့် လွန့်လူးသည်ရှိသော် ကမ္ဘာမြေကြီးသည် ငလျင်လှုပ်လေသည်ဟု ဆိုသည်။

နတ်တို့သည် ဤသို့နေထိုင်လာခဲ့ရာ၊တစ်ခုသောကာလ သို့ရောက်လတ်သော်၊ ကမ္ဘာလောက၌ သုံးနှစ်မျှတာ ရှည်သောဆောင်းဥတုကြီးသည် ဆိုက်ရောက်လာလေ၏။ ထိုကြောင့်သစ်ပင်ဝါးပင်တို့သေလေ၏။ လူတို့လည်း တော်မွတ်ခေါင်းပါး၍ တစ်ဦးကတစ်ဦးကို သတ်ဖြတ်လေကုန်၏။ ထိုအတွင်း ဝံပုလွေနှစ်ကောင်သည် အစာငတ်သဖြင့် နေနှင့်လကို ဟပ်မျိုစားသောက်လေ၏။ ကမ္ဘာလည်းကြီးစွာသော လှုပ်ခြင်းဖြင့်လှုပ်လေ၏။ ထိုအခါ လိုကီကို ချည်နှောင်ထားသော နှောင်ကြိုးသည် ပြတ်သွားပြီးလျှင်၊ လိုကီနှင့်တကွ ဝံပုလွေနှစ်ကောင်တို့သည် အခြားသော နတ်ဆိုးများနှင့်အတူ ကမ္ဘာကိုဖျက်ဆီးလေရာ၊ အိုးဒင်နှင့် သောနတ်တို့လည်း အခြားသော နတ်များနှင့်အတူ သေကြေပျက်စီးလေ၏။ ဤသည့်နောက်မှ ကမ္ဘာအသစ် ဖြစ်ထွန်းလာပြီးလျှင်၊ တောတောင်ရေမြေ အသစ်ပေါ်ပေါက်လာလေသည်။ တစ်ခုသောတောအုပ်မှ ယောကျ်ားမိန်းမနှစ်ဦးတို့ ထွက်လာပြီးလျှင်၊ အိုးသစ် အိမ်သစ်ထူထောင်၍၊ ယင်းအိမ်ထောင်သည် နှစ်ဦးမှ လူဟူသော အမျိုးအနွယ်တို့သည် ပေါက်ဖွားလာလေသည်။

နော့သမန်လူမျိုးတို့၏ ထုံးဟောင်းပုံပြင်များသည် အင်္ဂလိပ်လူမျိုးတို့၏ ယဉ်ကျေးမှုကိုပင်လျှင် လွှမ်းမိုးခဲ့ဖူးသည်။ အင်္ဂလိပ်ပြက္ခဒိန်အရဖြစ်သော ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့တို့သည် အိုးအင်နတ်၊ သောနတ်နှင့် ဖရေးယာ နတ်သမီးတို့ကိုအစွဲပြု၍ မှည့်ခေါ်သောနေ့များ ဖြစ်ကြသည်။

www.foreverspace.com.mm

နော့သမန်လူမျိုးတို့သည် စစ်ရေးတွင်လည်းကောင်း၊ ပင်လယ်ရေကြောင်းသွားလာရေးတွင်လည်းကောင်း ဝါသနာပါ၍ ကျွမ်းကျင်သည့် လူရည်ချွန်များဖြစ်ကြသည်။ ဥရောပတိုက် ယဉ်ကျေးမှု နော့သမန်လူမျိုးတို့၏ ကျေးရွေးနှင့်မကင်းချေ။

နော့သမန်လူမျိုး။ ။ခရစ်နှစ် ၇၀၀မှ ၁၁၀၀ အတောအတွင်း ဥရောပတိုက်အနောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်နှင့် ဗြိတိသျှကျွန်းစုတို့သို့ ဝင်ရောက်တိုက်ခိုက်နေသောပင်လယ်ဓားပြတို့ကား နော့သမန်ခေါ်ဗိုက်ကင်းလူမျိုးတို့ဖြစ်လေသည်။ သူတို့၏ ဇာတိချက်မြေပုံဒေသမှာ စကန်ဒီနေးဗီးယားကျွန်ဆွယ် မြောက်ပိုင်းဖြစ်သည်။ စကန်ဒီနေးဗီးယား ကျွန်းဆွယ်၏ ပင်လယ်ကမ်းရိုးတန်းသည် ရှည်လျားပြီး ဖီအော့ခေါ် ကွေ့များ ပြည့်နှက်လျက်ရှိသဖြင့်၊ ဗိုက်ကင်းတို့သည် သဘာဝအလျောက် သင်္ဘောသားများ ဖြစ်လာကြ၏။ သူတို့သည် သူတို့ရောက်ရာ အရပ်တိုင်းတွင် ဘာတစ်ခုမျှမကျန်အောင် ဖျက်ဆီးပစ်တတ်သောကြောင့်၊ ထိုခေတ်ကလူတို့သည် ယင်းတို့ကို နာမည်ကြီးရုံမျှနှင့် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ကြသည်။

နော့သမန်လူမျိုးတို့၏ စွန့်စားပုံ၊ ရဲရင့်၍သတ္တိရှိပုံတို့မှာ အလယ်ခေတ်ဥရောပသမိုင်းတွင် ပုံပြင်များ၊ ကဗျာလင်္ကာများဖြင့် မှတ်တမ်း တင်ကျန်ရစ်ခဲ့လေသည်။ နော့သမန်လူမျိုးထဲမှ အုပ်စုတစ်စုသည် နော်မန်ဟုတွင်၍၊ ပြင်သစ်ပြည်တွင် အတည်တကျ နေထိုင်ကြပြီးလျှင်၊ နော်မန်ဒီနယ်ကို တည်ထောင်ကြ၏။(နော်မန်ဒီနယ်–ရှု။) အခြားအုပ်စုတစုမှာ ဒိန်းမတ်ပြည်မှလာ၍ ဗြိတိသျှကျွန်းစုကို ပဌမဦးဆုံး ဝင်ရောက်တိုက်ခိုက်သူများဖြစ်၏။ သူတို့သည် အိုင်ယာလန်ကျွန်းနှင့် စကော့တလန်ပြည်အနီးရှိ ဟက်ဗရီဒီးကျွန်းများသို့ သွားရောက်၍၊ မြို့ပြပြည်ရွာ တည်ထောင်ခဲ့ကြသည်။ အိုက်စလန်၊ ဂရင်းလန်နှင့် ဖဲရိုးကျွန်းများကို စတင်တွေ့ရှိ၍၊ ထိုကျွန်းများပေါ်တွင် နေထိုင်ခဲ့ကြ၏။ လေ့အဲရစ်ဆန် ခေါင်းဆောင်သော ဗိုက်ကင်းသင်္ဘောသားတစုသည် ခရစ် ၁၀၀၀ ပြည့်နှစ်လောက်တွင် မြောက်အမေရိကတိုက်၊ နိုဗာစကိုးရှာကမ်းခြေသို့ ပဌမဦးဆုံး ရောက်သွားကြသည်။ အခြား နော့သမန်တစုကား ရုရှပြည်ကို မြောက်ဘက်မှ လှည့်ဆင်း၍ တောင်ဘက်သို့ ကီးအက်အထိ နယ်ချဲ့ကာ၊ မြို့ပြပြည်ရွာ တည်ထောင်၍ နေထိုင်ခဲ့ကြသည်။

နော့သမန်တို့သည် လူတို့နေရင်းဌာနီ စကန်ဒီနေးဗီးယားကျွန်းဆွယ်ကို အစားအစာ လုံလောက် စွာမရ၍၊ စွန့်လွှတ်ထွက်ခွာသွားကြသည်ဟု အချို့ကယူဆကြသည်။ စင်စစ်မှာမူ ထိုကြောင့်မဟုတ်။ သူတို့သည် သူတစ်ပါးတိုင်းပြည်၏ ပစ္စည်းဥစ္စာဘဏ္ဍာရွှေငွေတို့ကို လိုချင်ကြ၏။ စစ်တိုက်ရန်နှင့်၊ ပင်လယ်ခရီးဖြင့် စွန့်စွန့်စားစားသွားရန် အလွန်နှစ်သက်ကြ၏။ ထိုကြောင့် သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းသည် မကြာမီလုယက်တိုက်ခိုက်သော လုပ်ငန်းကြီးဖြစ်လာလေသည်။ ဤမှတ်စင်စစ်နော့သမန်တို့သည် လူရည်ချွန်များဖြစ်ကြ၏။ သူတို့သည် သင်္ဘောဆောက်လုပ်ခြင်းနှင့် ပင်လယ်ကြောင်းကို သူမတူအောင်ကျွမ်းကျင်တတ်မြောက်ကြသည်။ ဆောင်းရာသီတွင် ခရီးမထွက်ဘဲ သူတို့၌ရှိသော သင်္ဘောပျက်လေပျက်များကို ပြင်ဆင်ကြ၏။ အသစ်ဆောက်တန်လည်းဆောက်ထားကြ၏။ နွေရောက်သော် ထိုလေ သင်္ဘောတို့ဖြင့် အနီးတစ်ဝိုက်ကို လိုက်လံတိုက် ခိုက်ခိုးယူကြတော့သည်။ ယင်းသို့တိုက်ခိုက်၍ အားရသောအခါ၊ သူတို့ နှစ်ခြိုက်သည့် အချမ်းသာဆုံးသောမြို့ကို ရွေးချယ်ပြီးလျှင် သားမယားနှင့်တကွ ပြောင်းရွှေ့ နေထိုင်ကြလေသည်။

www.foreverspace.com.mm

ဥရောပကိုလိုယဉ်ကျေးမှုမှာ ထိုသူတို့၏ ကျေးဇူးနှင့်မကင်းချေ။ သူတို့၏ ကုန်သည်ကောင်းများနှင့် သူတို့တည်ထောင်ထားခဲ့သောကုန်ကူးသန်းရောင်းဝယ် ရာမြို့ရွာများကြောင့်၊ သူတို့ရောက်သွားသော အရပ်များမှာ တရပ်နှင့်တရပ် ကူးလူးဆက်ဆံနိုင်၍၊ တတိုင်းပြည်နှင့် တတိုင်းပြည် ပိုမိုရင်းနှီးလာသည်။ အင်္ဂလိပ်နှင့် ပြင်သစ်လူမျိုးတို့သည် ဗိုက်ကင်း လေ့သင်္ဘောများကို စံနမူနာယူကာ ရေတပ်များ ဖွဲ့စည်းကြ၍၊ ရှေးယခင်ကထက် ပိုမိုကောင်းမွန်သော သံချပ်ကာများကို စစ်တိုက်ရာ၌အသုံးပြုလာကြ၏။ ပင်လယ်ထဲ၌သွားလာစွန့်စားလိုသော စိတ်ဓာတ်သည် ဗိုက်ကင်းတို့မှ တစ်ဆင့် အခြားဥရောပ လူမျိုးများသို့ ကူးစက်ပြန့်ပွားသွား၏။ ယင်းတို့ထံမှ အုပ်ချုပ်ရေးစံနစ်များကိုလည်း အခြားဥရောပလူမျိုးတို့ကအမွေရလိုက်သည်။ ရှရှပြည်၏။ ပဌမအစိုးရအဖွဲ့ကို ဗိုက်ကင်းတို့က တည်ထောင်ခဲ့သည်။ အိုက်စလန်ပြည်၌ သူတို့ဖွဲ့စည်းထားခဲ့သော အောလသင်း ပါလီမန်မှာ နှစ်ပေါင်းတစ်ထောင်ကြာပြီဖြစ်၍၊ ကမ္ဘာပေါ်တွင် အရှေးအကျဆုံး ပါလီမန်ဖြစ်သည်။

သို့ရာတွင် နော့သမန်လူမျိုးတို့သည် သူတို့တိုက်ခိုက်သိမ်းပိုက်လိုက်သော မြို့နယ်ဒေသတို့တွင် သူတို့၏ယဉ်ကျေးမှု ဓလေ့ထုံးစံတို့ကို ဖြန့်ဖြူးနိုင်စွမ်းမရှိချေ။ သူတစ်ပါးတို့၏ထုံးကိုသာ အတုခိုးနေထိုင်တတ်၏။ ပြင်သစ်ပြည် မြောက်ပိုင်းဘက်၌ နေထိုင်ကြသောနော့သမန်တို့သည် ပြင်သစ်အဝတ်အစားများကို ဝတ်ဆင်ကြ၍၊ ပြင်သစ်ဘာသာစကားကိုပင် လိုက်ပြောကြ၏။ အခြားဒေသများ၌ အခြေစိုက်သောနော့သမန်လူမျိုးများသည်လည်း ဒေသဓလေ့ထုံးစံကို လက်ခံကြ၍၊ သူတို့၏ဓလေ့ထုံးစံကိုကား အနည်းအကျဉ်းလောက်သာဖြန့်ဖြူးကြ၏။ နော့သမန်တို့သည် အစပဌမက ခရစ်ယန်များမဟုတ်ကြချေ။ နောက် ခရစ်ယာန်တိုင်းနိုင်ငံများကို သိမ်းပိုက်လိုက်ရာမှ၊ ခရစ်ယာန်များ ဖြစ်လာကြ၏။

နော်မန်ဒီနယ်။ ။နော်မန်ဒီနယ်သည် ပြင်သစ်နိုင်ငံ၏ မြောက်ပိုင်းနယ်တစ်နယ်ဖြစ်၍၊ ရာဇဝင်ကြောင်းအားဖြင့်တစ်ကြောင်း၊ သစ်ပင်၊ ပန်းမာလ၊ ခြံမြေ၊ ဥယျာဉ်များ လုပစွာရှိနေခြင်းကြောင့်တစ်ကြောင်း ထင်ရှားလေသည်။

ရှေးအခါက ယခုခေတ် နော်ဝေးနှင့် ဆွီဒင်နိုင်ငံတို့ တည်ရှိရာဒေသများမှာ မြောက်ပိုင်းသားအမည်တွင်သောနော့သမန်လူမျိုးများသည် ပင်လယ်ရေပြင်ကြီးကို ဖြတ်ကျော်ကာ၊ နိုင်ငံအရပ်ရပ်ကို သွားရောက်တိုက်ခိုက် အောင်မြင်ကြပြီးနောက်၊ တိုင်းသစ်ပြည်သစ် တည်ထောင်၍ အခြေတကျနေထိုင်ကြစဉ်က၊ နော်မန်ဒီနယ်ကိုလည်း တိုက်ခိုက်ရန်ရောက်ခဲ့ကြ၏။ (နော့သမန် လူမျိုး–ရှု။) ထိုအခါပြင်သစ်ဘုရင်ချားသည် ထိုသို့ကျူးကျော်လာသူတို့၏ အကြီးအမှူးနှင့် ငြိမ်းချမ်းရေးစာချုပ် မျှားချုပ်ဆိုပြီးလျှင်၊ ထိုနယ်ကို ပေးအပ်လိုက်သည်မှစ၍၊ နော့သမန်လူမျိုးတို့သည် ပြင်သစ်နိုင်ငံတွင် အခြေစိုက်မိကြလေသည်။ နော့သမန်လူမျိုးတို့ကို နှောင်းခေတ်၌ နော်မန်ဟုခေါ်လေသည်။ထိုအချိန်ကား ၉ရာစုနှစ်အတွင်းဖြစ်၏။ ထိုအခါမှစ၍ နော်မန်ခေါင်းဆောင်များသည် တစ်နေ့တစ်ခြား တွင်ကျယ်လာလျက်၊ နော်မန်မှူးကြီးမတ်ကြီး မြို့စားကြီးများဖြစ်လာကာ၊ ယင်းတို့အထဲမှ တစ်ဦးသည် ကွာတလီသို့လည်းကောင်း၊ တဦးသည်အင်္ဂလန်သို့လည်းကောင်း သွားရောက်အုပ်ချုပ်ခဲ့လေသည်။ ထိုသို့အင်္ဂလန်သို့ သွားရောက်အုပ်ချုပ်သူမှာ ဝီလျံ–သ–ကွန်ကရာဖြစ်သည်။ ဝီလျံ–သ–ကွန်ကရာသည် အင်္ဂလန်ပြည်၌ထီး နန်းစိုက်သောအခါ၊ နော်မန်ဒီနယ်ကို အင်္ဂလန်ပြည်က ပိုင်ဆိုင်သည့် သဘောမျိုးဖြစ်လာသောကြောင့်၊ နော်မန်ခေါင်းဆောင်များသည် ပုန်ကန်ထကြွခဲ့ပြီးလျှင်၊ ပြင်သစ်ဘုရင်တို့ထံမှ အကူအညီတောင်းခဲ့၏။ ဤတွင် ပြည်နယ်၏အရေးသည် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေခဲ့ရာမှ၊ ပြင်သစ်ပြည့်ရှင် ဖိလစ်အောဂပ်စတပ်ဘုရင်သည် နော်မန်ဒီနယ်ကို အင်္ဂလန်ပြည့်ရှင် ဂျွန်ဘုရင်ထံမှ တိုက်ခိုက်ရယူ၍၊ ၁၂၀၂ ခုနှစ်မှ ၁၂၀၄ ခုနှစ်အထိ သိမ်းပိုက်ထားခဲ့၏။

သို့သော် တစ်ဖက်နှင့် တစ်ဖက် ရန်စနက် မအေးဘဲ၊ ၁၃၃၇ ခုနှစ်မှ ၁၄၅၃ ခုနှစ်အထိ အပြန်အလှန် စစ်မက်များ ဖြစ်ပွားခဲ့ရာ၊ ထိုစစ်ပွဲများသည် နှစ်တစ်ရာစစ်ပွဲဟူ၍ ကမ္ဘာ့သမိုင်းတွင် ထင်ရှားသည်။ (နှစ်တစ်ရာစစ်ပွဲ–ရှု။) ပြင်သစ်တို့က အင်္ဂလိပ်တို့ကို နော်မန်ဒီနယ်မှသာ မက ပြင်သစ်ပိုင်မြေပေါ်မှ တစ်ခါတည်းတိုက်ထုတ်နိုင်ခြင်းဖြင့် စစ်ပွဲကြီးကို အဆုံးသတ်ခဲ့၏။ အင်္ဂလိပ်တို့သည် ကဲလေးမြို့တစ်မြို့တည်းကိုသာ ပိုင်ဆိုင်ခဲ့ရသည်။ ထိုနယ်ရှိကန်းခေါ် ရှေးမြို့ဟောင်းတွင် လျှုဒါန်းဆောက်လုပ်သွားသော ဘုရားရှိခိုးကျောင်းကြီးနှစ်ဆောင်ရှိသည်။ ယင်းတို့သည် ရှေးကျ၍အမှတ်တရဖြစ်စေသော အဆောက်အအုံများ ဖြစ်လေသည်။

ရှားအန်းမြို့မှာ ရှေးအခါကနော့သမန်လူမျိုးများ အခိုင် အခဲ့တပ်စွဲခဲ့သည့် ဌာနဖြစ်သည့်ပြင်၊ ပြင်သစ်အမျိုး သမီးသူရဲကောင်းအာဇာနည် ဂျန်းအော့အတ်

www.foreverspace.com.mm

ရှေး နော်မန်ဒီနယ် မြို့တော်ဖြစ်ခဲ့သည့် ရူးအန်းမြို့ သာယာဖွယ် ရှုခင်းတစ်ရပ်

အားစုန်းမဟူ၍စွပ်စွဲကာ၊ မီးလောင်တိုက်သွင်း၍ သတ်လိုက်သောနေရာဖြစ်၏။ (ဂျုန်းအော့အတ်–ရှု။) ဤမြို့၌ပင် ဘုရားရှိခိုးကျောင်းကြီးတစ်ဆောင်ရှိရာ၊ ထိုအတွင်း၌ ‘ခြေသုံ့စိတ်ရှိသောရစ်ချတ်ဟူ၍ ကမ္ဘာတွင် ကျော်ကြားခဲ့သော အင်္ဂလန်ပြည့်ရှင် ရစ်ချတ်ဘုရင်၏ အသည်းနှလုံးများကို မြှုပ်နှံထားခဲ့လေသည်။

နော်မန်ဒီနယ်၌နေထိုင်ကြသူများသည် အများအားဖြင့်အရပ်အမောင်းမြင့်မားသည်။ ပြာသော မျက်လုံးများ ရှိသည်။ ဆံပင်လည်း အလွန်လှပသည်။ ထိုကြောင့် ရှေးနှေ့သမန် လူမျိုးတို့၏အနွယ်အဆက်များဖြစ်ကြောင်း ထင်ရှားသည်။ နော်မန်လူမျိုးတို့သည် အပင်ပန်းခံနိုင်ခြင်း၊ လုံ့လဝီရိယရှိခြင်း၊ အမျိုးကိုချစ်၍၊ ရှေးစံနစ်များကို မပစ်ပယ်ခြင်း၊ မိမိတို့တိုင်းပြည်အတွက် ဂုဏ်ယူခြင်း စသည်တို့၌ ထူးကဲ ထင်ရှားလေသည်။

နော်မန်ဒီတိုက်ပွဲ။ ။နော်မန်ဒီတိုက်ပွဲသည် ကမ္ဘာ့သမိုင်းတွင် ကြည်း၊ ရေ၊ လေတပ်တို့ဖြင့် အကြီးအကျယ်ဆုံးစစ်ဆင်သောတိုက်ပွဲဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဆိုဗီယက်ရုရှသည် ဥရောပစစ်မြေပြင်တွင် ဂျာမန်တို့ကို တစ်ဦးတည်း ရင်ဆိုင်တိုက်ခဲ့ရသည်။ ထိုကြောင့်ဆိုဗီယက်ရုရှသည် ထိုစဉ်က မဟာမိတ်ဖြစ်သော ဗြိတိန်နှင့်အမေရိကန်တို့အား ဥရောပ၌ ဒုတိယစစ်မျက်နှာ ဖွင့်ရန်တောင်းဆိုလေသည်။ ဤတောင်းဆိုချက်အရ မဟာမိတ်တို့သည် ၁၉၃၄ ခုနှစ်ကပင်လျှင် ဥရောပ၌ ဒုတိယစစ်မျက်နှာဖွင့်ရန် စီစဉ်ခဲ့ကြသည်။ ထိုစီစဉ်ချက်အရရည် ရွယ်ချက်မှာ ဂျာမန်လက်အောက်သို့ ကျရောက်နေသော ပြင်သစ်၊ ဗဲလဂျီယမ်နှင့် ဟော်လန်နိုင်ငံတို့ကို ကယ်တင်၍၊ ဂျာမနီနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ရန်ဖြစ်လေသည်။ သို့ရာတွင် အနောက်မြောက်ဥရောပတိုက် လွတ်မြောက်ရေးအတွက် မဟာမိတ်တို့သည် ၁၉၄၄ခုနှစ် ဇွန်လ ဖြိုက်နေ့သို့ ကျရောက်မှပင်လျှင် ကြည်း၊ ရေ၊ လေတပ်တို့ဖြင့် တစ်ဟုန်တည်း ထိုးစစ်ဆင်နိုင်ခဲ့သည်။ ထိုသို့ ထိုးစစ်ဆင်ရာ၌ ဥရောပတိုက်ကိုဝင်ရန် နော်မန်ဒီနယ်မှအစပြု၍ဝင်ရသဖြင့် နော်မန်ဒီ တိုက်ပွဲသည် စစ်သမိုင်းတွင် ဥဒါန်းတွင်ရစ်လေသည်။

ဂျာမန်တို့သည် ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်စကပင်လျှင် ဥရောပတိုက်ရှိ အရေးကြီးသောကမ်းခြေအားလုံးကို သိမ်းပိုက်ထားနှင့်ပြီး ထိုကမ်းခြေတို့ကို အခိုင်အမာ စီရင်ထားပြီးဖြစ်သည်။ အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေ၌ အင်္ဂတေဖြင့် ဆောက်လုပ်ထားသောအမြောက် တပ်အခြေခံစခန်းများ၊ မြေမြှုပ်ဗုံးများ၊ သံဆူးကြိုးအရံအတားများ၊ အင်္ဂတေနှင့်သံမဏိတို့ဖြင့်လုပ်သော အကာအကွယ်များ၊ တင့်ကားထောင်ချောက်များ စသည်တို့ဖြင့် စီရင်ထားလေရကား၊ ထိုအရံအတားတို့သည် ရန်သူတို့ ထွင်းဖောက်၍၊ မရနိုင်ကောင်းသော အရံအတားများ ဖြစ်သည်ဟု နာမည်ကြီးခဲ့လေသည်။ ယင်းသို့ အခိုင်အမာစီရင်ထားသောတပ်၌ စစ်သူကြီးဖွန်ရွန်

www.forevermyspace.com.mm

ရှတက်နှင့် စစ်သူကြီး ရွှမ်းမဲတို့ ၂ ဦးအုပ်ချုပ်သော ဂျာမန်တပ်မပေါင်း ၆၀ ကျော်ရှိလေသည်။

ထိုမျှ အင်အားကြီးမားသော ဂျာမန်တို့နှင့်ရင်ဆိုင်ရမည့် မဟာမိတ်တို့မှာ လူ ၁၃၀၀၀၀မျှနှင့် သယ်ယူပို့ဆောင်ရေးယာဉ်ပေါင်း ၂၀၀၀၀ သာရှိသည်။ မဟာမိတ်တပ်ပေါင်းစု၏ စစ်သေနာပတိချုပ်အဖြစ် ဗိုလ်ချုပ်မှူးအိုက်ဆင်ဟောင်းဝါးက ဦးစီး၍ မဟာမိတ်တပ်ပေါင်းစု ဒုစစ်သေနာပတိချုပ်အဖြစ် ဗြိတိသျှလေတပ် ဗိုလ်ချုပ်မှူးဆာဝီလျံတက်ဒါက ဆောင်ရွက်သည်။ မဟာမိတ်တပ်ပေါင်းစုကို ကြည်း၊ ရေ၊ လေတပ်ကြီး သုံးခုခွဲထား၍ ကြည်းတပ်၌ ဗြိတိသျှအင်ပိုင်ယာတပ်မတော်နှင့် အမေရိကန်တပ်မတော်တို့ပါဝင်ရာ ဗြိတိသျှအင်ပိုင်ယာတပ်မတော်ကို မောင်ဂိုမာရီကိုယ်တိုင်ဦးစီး၍ အမေရိကန်တပ်မတော်ကို ဗိုလ်ချုပ်အိုမာဗရက်ဒလေက ဦးစီးသည်။

မဟာမိတ် ရေတပ်များကို ဗြိတိသျှရေတပ် ဗိုလ်ချုပ်မှူးဆာဗာထရမ်ဟုမ်းရမ္ဘဆေးက ဦးစီး၍ မဟာမိတ်လေတပ်များကို ဗြိတိသျှလေတပ်ဗိုလ်ချုပ်မှူး ဆာတရက်ဖတ်လေးမယ်လိုရီက ဦးစီးသည်။ မဟာမိတ်တပ်များ စတင်တက်ရောက်တိုက်ခိုက်ရမည့် နော်မန်ဒီကမ်းခြေသည် ဗလွန်းယီနှင့် ကဗူးမြို့နှစ်မြို့စပ်ကြားရှိ ဒေသဖြစ်သည်။ တာဝန်ယူ တက်ရောက်ရမည့် တပ်များနှင့် တက်ရောက်ရမည့်နေရာတို့ကို လျှို့ဝှက်သော အမည်များဖြင့်သတ်မှတ်ထားလေသည်။

၁၉၄၄ ခုနှစ် ဇွန်လ ၁၆ရက်နေ့တွင် တိုက်ပွဲစရန်သတ်မှတ်ထားသည်။ ဇွန်လ ၅ ရက်နေ့ညတွင် တိုက်ပွဲဝင်ရန်အတွက် အသင့်စီစဉ်ကာ၊ ကမ်းပေါ်သို့ တက်ရောက်မည့် ဗြိတိသျှနှင့်အမေရိကန်တပ်မ ၁၂ တပ်သည် အသင့်စောင့်လျက်ရှိကြလေသည်။ မဟာမိတ်စစ်သင်္ဘောများသည် ဇွန်လ ၅ ရက်နေ့ တစ်ညလုံး နော်မန်ဒီကမ်းခြေအနီး သတ်မှတ် ထားသောနေရာသို့ တိတ်တဆိတ်သွားရောက် နေရာယူထားနှင့်ကြသည်။

တိုက်ပွဲမစမီ ဂျာမန်ခံတပ်စခန်းများကို မဟာမိတ်လေတပ်များက သွားရောက် ဖျက်ဆီးခဲ့ရလေသည်။ ဇွန်လ ၅ ရက်နေ့ သန်းခေါင်ယံ အချိန်တွင် မဟာမိတ်လေတပ်သည် အခေါက်ခေါက်အခါခါ ဂျာမန် စစ်စခန်းများပေါ်သို့ တန်ချိန် ထောင်ပေါင်းများစွာသော ဗုံးများကို ကြဲချစေခြင်းဖြင့် ဂျာမန်တို့အားကစဉ့်ကလျားဖြစ်စေခဲ့သည်။ ဗြိတိသျှနှင့် အမေရိကန် လေယာဉ်ပျံ ၂၀၀၀ သည် တစ်သုတ်လျှင် တစ်ထောင်စီခွဲကာ၊ ပြင်သစ်ကမ်းခြေရှိ အချက်အချာနေရာများကို ဗုံးကြဲတိုက်ခိုက်ကြသည်။ ပီ ၃၈ လေယာဉ်ပျံများက ခုတ်မောင်းနေကြသော မဟာမိတ်စစ်သင်္ဘောတို့ကို အကာအကွယ်ပေး၍၊ ပီ ၄၇ လေယာဉ်ပျံများကမူကား ကမ်းခြေကိုသွားရောက် တိုက်ခိုက်ကြသည်။

ဇွန်လ ၆ ရက်နေ့ နံနက် တစ်နာရီခွဲတွင် မဟာမိတ်လေထီးတပ်သားတို့သည် ဂျာမန်တို့စစ်ကြောင်းနောက်ရှိ တံတားများ၊ လမ်းများကို သိမ်းပိုက်ရန် ပြင်သစ်မြေပေါ်သို့ ဆင်းသက်ခဲ့ကြသည်။ အမေရိကန် လေထီးတပ်မ ၂ တပ်သည် ရဲဗုမ်ြို့ဘက်ရှိ ကရန်းတန်းကျွန်းဆွယ်ပေါ်သို့ ဆင်းသက်ကြ၍၊ ဗြိတိသျှလေထီးတပ်သားများကမူ အွန်းမြစ် အရှေ့ဘက်တွင် ဆင်းသက်ကြသည်။

နော်မန်ဒီကမ်းသို့ စတင်တက် ရောက်တိုက်ခိုက်ရန် သတ်မှတ်ထားသောအချိန်မှာ ၁၉၄၄ ခုနှစ် ဇွန်လ ၆ရက် နံနက် ၇ နာရီခွဲဖြစ်သည်။ နံနက် ၆ နာရီခွဲ အချိန်တွင် မဟာမိတ်စစ်သင်္ဘောများသည် ဂျာမန် စခန်းများကို အမြောက်များဖြင့်စတင်၍ ဒလစပ်ပစ်ခတ်ကြသည်။ ဂျာမန်တို့၏ ကမ်းခြေစစ်စခန်းများဆီသို့ တစ်မိနစ်လျှင်အမြောက်ဆံတန်ချိန် ၂၀၀ ကျ မှန်မှန်ပစ်ခွင်းလျက် ရှိလေသည်။ ၇ နာရီခွဲတိတိ အချိန်သို့ ရောက်သောအခါ၊ ကြည်းတပ်သားတို့သည် ကမ်းကပ်သင်္ဘောများမှနေ၍၊ နော်မန်ဒီကမ်းခြေရှိ ဂျာမန်တို့အားသုတ်သင်ရန် အပြင်းဝင်ရောက်တိုက်ခိုက်ကြလေသည်။ ကမ်းခြေသို့ ပဌမဦးဆုံး တက်ရောက်သော တပ်တို့ကား အမေရိကန် ကြည်းတပ်များ ဖြစ်ကြသည်။ တစ်နေရာတွင် အမေရိကန်တပ်တို့သည် အကျအဆုံးနည်းစွာဖြင့်အောင်မြင်စွာတက်ရောက်၍ ကမ်းခြေမှ အတွင်းသို့ ၅ မိုင်ကျော် ချီတက်ကြပြီးလျှင် လေထီးတပ်သားများနှင့် ဆက်သွယ်မိကြသည်။

အခြားတစ်နေ ရာတွင်မူ အမေရိကန်တို့ အကျအဆုံးများပြားလှသည်။ တစ်နေ့လုံး သဲသဲမဲမဲ တိုက်ခိုက်ကြရသည်ဖြစ်ရာ၊ ညဦး တွင် ယင်းတို့သည် တစ်မိုင်ခန့်မျှ ခရီးပေါက်၍၊ ခြေကုပ်စခန်းကိုရယူနိုင်ခဲ့ကြသည်။ ဗြိတိသျှတို့ဦးစီးသော ကမ်းခြေမှတပ်တို့သည် ကမ်းမှ ၅ မိုင်ကွာအထိချီ တက်နိုင်ခဲ့ကြ၍၊ ကမ်းနှင့် ဗေယူးမြို့ကြားရှိ လမ်းမကြီးကို ထိန်းသိမ်းထားနိုင်ခဲ့ကြသည်။ အခြားကမ်းခြေတစ်နေရာတွင်မူ၊ ဗြိတိသျှတပ်တို့သည် အစပဌမတွင်လည်း၊ နေမဝင်မီ လေထီးတပ်သားများနှင့် ဆက်သွယ်မိကြ၏။ ဇွန်လ ၆ ရက်နေညသို့ ရောက်သောအခါ၌ မဟာမိတ်တပ်တို့သည် ပြင်သစ်ကမ်းခြေတစ်လျှောက်တွင် ခြေကုပ်စခန်းများကို အောင်မြင်စွာ ရရှိခဲ့ကြလေသည်။

www.forcyberspace.com.mm

မဟာမိတ်လေတပ်တို့သည် ဂျာမန်စစ်ကြောင်းနောက်ပိုင်းများသို့ ဆက်တိုက်ချေမှုန်းတိုက်ခိုက်ကြရာ ၂၉၃၄ နာရီအတွင်း ရန်သူပေါင်း ၁၀၀၀၀ကျော်ကို ဖျက်ဆီးနိုင်ကြလေသည်။

တိုက်ပွဲ စသည်မှ ငါးရက်ကာလအတွင်း၌ မဟာမိတ်တို့သည် တပ်မ ၁၆ တပ်တို့ကို ကုန်းပေါ်သို့ တင်နိုင်ခဲ့ပြီးနောက် နော်မန်ဒီကမ်းခြေမှိုင် ၈၀ကို သိမ်းပိုက်မိခဲ့ကြလေသည်။ သို့ဖြင့် ဂျာမန်တို့ကြွားဝါးခဲ့သောဥရောပခံတပ်ကြီးကို အောင်မြင်စွာတိုက်ခိုက်နိုင်ခဲ့ပြီဖြစ်ရာ၊ ရည်ရွယ်ရင်းဖြစ်သောအနောက်ဥရောပတိုက်ရှိ တိုင်းပြည်များကို ကယ်တင်ပေးနိုင်သော လင်းရောင်ခြည်သည် ထွန်းပေါ်ခဲ့လေသည်။

သန်ကောင်နေထွက်နိုင်ငံ

ဥရောပတိုက်မြောက်ဘက်တွင်တည်ရှိ၍ နွေရာသီ၌ ၂လကျော်ခန့်နေမဝင်နိုင်သောနိုင်ငံဖြစ်သည်။ တောင်ထူထပ်၍သဘာဝရှုခင်းသာယာသဖြင့် နွေအခါတွင် နိုင်ငံခြားဧည့်သည်မြောက်မြားစွာ လာရောက်လည်ပတ်လေ့ရှိသည်။ ရှေးအခါကတည်းကနော်ဝေးနိုင်ငံသားတို့သည် ပင်လယ်တွင်ကျက်စားလာခဲ့သူများဖြစ်ရာ တံငါလုပ်ငန်းနှင့်ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် ယင်းတို့၏ အဓိကလုပ်ငန်းများ ဖြစ်ကြသည်။

နော်ဝေးနိုင်ငံ ။ ။နော်ဝေးနိုင်ငံသည် ဥရောပတိုက်ကုန်းမကြီးမှ အတ္တလန္တိတ်သမုဒ္ဒရာမြောက်ပိုင်းနှင့် အာတိတ်သမုဒ္ဒရာတို့အတွင်းသို့ ထိုးထွက်နေသောစကန်ဒီနေးဗီးယားကျွန်းဆွယ်၏ အနောက်မြောက်ပိုင်းတွင်တည်ရှိသော နိုင်ငံဖြစ်၏။ ထိုနိုင်ငံ၏ အရှေ့မြောက်ဘက်တွင်ဖင်းလန်နိုင်ငံနှင့် ရုရှနိုင်ငံတို့တည်ရှိသည်။ အရှေ့ဘက်တွင် ဆွီဒင်နိုင်ငံတည်ရှိသည်။ မြောက်ဘက်တွင်ကား အာတိတ်သမုဒ္ဒရာတည်ရှိလျက်၊ အနောက်မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် အတ္တလန္တိတ်သမုဒ္ဒရာနှင့် မြောက်ပင်လယ်သို့ အသီးအသီးတည်ရှိပြီးလျှင် တောက်ဘက်တွင်စကက်ဂရက်ရေလက်ကြားတည်ရှိလေသည်။

နော်ဝေးနိုင်ငံ၏ အကျယ်အဝန်းသည် ၁၂၅၁၈၅ စတုရန်းမိုင်ဖြစ်၏။ အနောက်တောင်ဘက်မှ အရှေ့မြောက်ဘက်သို့ မိုင်ပေါင်း ၁၁၀၀ခန့် ရှည်လျားပြီး၊ အရှေ့ဘက်မှ အနောက်ဘက်သို့ ၄ မိုင်မှ မိုင် ၂၇၀အထိ ရှည်လျားလေသည်။

နော်ဝေးနိုင်ငံသည် တောင်ကုန်းထူထပ်သော ကုန်းပြင်မြင့်ဖြစ်သည်။ မြေမျက်နှာပြင်တစ်ခုလုံး၏ ၅ ပုံ ၃ပုံသည် တောင်များဖြင့် ဖုံးအုပ်လျက်ရှိသည်။ တောင်များသည် ပင်လယ်ကမ်းရိုးတန်းအထိ တည်ရှိနေသည်။ သို့ဖြစ်၍ ကမ်းခြေတစ်လျှောက်တွင် ဖီးအော့ခေါ် ရေမြောင်းကြီးများဖြစ်ပေါ်လာသည်။ ဖီအော့များသည် နော်ဝေးနိုင်ငံကမ်းခြေတစ်လျှောက်တွင် အများအပြားရှိသည်။ ကမ်းခြေ၌လည်း ကျွန်းငယ်များ ၁၅၀၀ ခန့် ရှိ၏။ နော်ဝေးနိုင်ငံအတွင်းဖက်တွင် နှင်းများထူထပ်စွာဖုံးအုပ်လျက်ရှိသော မြင့်မားလှသည့် ကုန်းပြင်မြင့်ကြီးများရှိသည်။ ထိုကုန်းပြင်မြင့်များမှ ရေခဲမြစ်များ စီးဆင်းလာတတ်သည်။ အရှေ့မြောက်ပိုင်းတွင် ချူလင်တောင်တန်းကြီးသည် နော်ဝေးနိုင်ငံကို ဖင်းလန်နိုင်ငံ၊ ဆွီဒင်နိုင်ငံတို့နှင့် ခြားနား၍ ထားလေသည်။

နော်ဝေးနိုင်ငံ၏ မြစ်ချောင်းများသည် ရေစီးသန်၍၊ ရေမော်များ၊ ရေတံခွန်များဖြင့်လည်း ပြည့်နှက်နေ၏။ သို့ဖြစ်၍ ကူးသန်းရောင်းဝယ်ရေးအတွက် အသုံးမဝင်သော်လည်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အရင်းအမြစ်ဖြစ်နေပြီးလျှင်၊ သစ်များမျှောရန်အတွက်လည်း အသုံးဝင်လေသည်။ ထင်ရှားသော မြစ်များမှာ ဂလွန်းမာ၊ ဒရမ်ဒင်နှင့် တားနာတို့ဖြစ်၏။ နော်ဝေးနိုင်ငံ၌ အိုင်များအများအပြားရှိရာ၊ ထင်ရှားသောအိုင်များမှာ မျူးဆားအိုင်၊ ဖေးမွန်အိုင်နှင့် ရူးစဗတ်တန်အိုင်တို့ ဖြစ်သည်။

နော်ဝေးနိုင်ငံသည် အာတိတ်ရပ်ဝန်းအတွင်း မိုင်ပေါင်း ၃၀၀နီးပါးမျှ ထိုးဝင်နေလျက်၊ တစ်နိုင်ငံလုံး၏ ၃ ပုံ ၁ပုံခန့်သည် သန်ခေါင်တိုင်အောင် နေထွက်သောဒေ၌ကျရောက်လျက်ရှိသော်လည်း၊ ကမ်းခြေတစ်လျှောက်လုံးလိုလိုကို ရိုတ်ခတ်စီးဆင်းနေသော ဂပ်စထရင်းကြောင့်၊ အသင့်အတင့် ပူနွေးလေသည်။ အနောက်ဘက်ကမ်းရိုးတစ်လျှောက်တွင် ဆောင်းရာသီ၌ မျှမျှတတရှိပြီးလျှင်၊ နွေရာသီတွင်အေးလေသည်။ ထိုပြင်မိုးအတော်များများ ရွာသွန်း၍၊ မြူထူနှင့်မြူများလည်း အတော်အတန် ကျရောက်၏။ တောင်တန်းများနောက်ဘက်ရှိ အတွင်းဘက်တွင်ကား ရာသီဥတုမှာ ပိုမိုခြောက်သွေ့သည်။ ဆောင်းရာသီများတွင် ရံဖန်

www.foreverspace.com.mm

နော်ဝေးနိုင်ငံ တည်နေရာပြ မြေပုံ

ရံခါအလွန်အေးပြီးလျှင် နွေရာသီများတွင်ကား ကမ်းခြေတစ်လျှောက်မှာထက် ပိုမိုပူနွေးလေသည်။ နော်ဝေးနိုင်ငံတွင် နွေရာသီသည်တိုတောင်းသော်လည်း၊ နှစ်လိုဖွယ်ကောင်း၏။ ဆောင်းရာသီတွင် တောင်များနှင့် ချိုင့်ဝှမ်းများသည် နှင်းအထပ်ထပ် ဖုံးအုပ်နေ၍၊ မြစ်များနှင့် ရေတံခွန်များလည်း ရေခဲလေသည်။

နော်ဝေးနိုင်ငံတွင် သစ်တောများသည် တစ်နိုင်ငံလုံး၏ ၄ ပုံ ၁ ပုံခန့်ရှိ၏။ ယင်းသည့် သစ်တောများတွင် ထင်းရှူးပင်၊ ဖားထင်းရှူးပင်၊ ဘုဇပတ်ပင်၊ ဝက်သစ်ချပင်၊ အက်ရှပင်၊ သင်းဝင်ပင်၊ မေပယ်ပင်စသည့် သစ်ပင်များပေါက်ရောက်လေသည်။

နော်ဝေးနိုင်ငံတွင် ကြေးနီ၊ ဒန်သတ္တုနှင့်ဘော်တို့ ထွက်၏။ ထိုပြင် သံလည်း အတော်များများထွက်သည်။ သို့သော် ကျောက်မီးသွေးမှာမူ ကုန်းကြီးပေါ်တွင် မထွက်ဘဲ၊ အာတိတ်သမုဒ္ဒရာအတွင်းရှိ စပစ်ဗားဂင် ကျွန်းစုတွင် ထွက်လေသည်။

နော်ဝေးနိုင်ငံ၏ လူဦးရေမှာ ၁၉၅၅ ခုနှစ်တွင် ခန့်မှန်းခြေ ၃၄၀၀၀၀၀ ခန့်ရှိ၍၊ အလွန်လူနေကျဲသော နိုင်ငံဖြစ်၏။ ယင်းသည့် လူဦးရေအနက် ၄ ပုံ ၃ ပုံခန့်သည် ကျေးလက်များတွင် နေထိုင်သူများဖြစ်သည်။

နော်ဝေးနိုင်ငံတွင် ကျယ်ပြန့်သောလွင်ပြင်ကြီးများမရှိချေ။ တစ်နိုင်ငံလုံး၏ ၂၅ ပုံ ၁ ပုံမျှသာရှိသော ဒေသ၌သာ စိုက်ပျိုးလုပ်ကိုင်နိုင်၏။ စိုက်ပျိုးခြံများမှာလည်း နေရာအနှံ့အပြားရှိချိုင့်ဝှမ်းများ၏ ကျဉ်းမြောင်းလှသောမြေမြယာများတွင် တည်ရှိသည်။ လယ်ယာစိုက်ပျိုးရာဖြင့် အသက်မွေးသူများသည် အခြားလုပ်ငန်းတခုခုဖြင့် အသက်မွေးသူများထက် များပြား၏။ အဓိကကောက်သီးကောက်နှံများမှာ မြက်ခြောက်၊ မြင်းစားဂျုံနှင့်အာလူးတို့ဖြစ်သည်။ ထိုပြင် ရိုင်းစပါး၊ ဂျုံနှင့်မုယောစပါးတို့ကိုလည်း စိုက်ပျိုး၏။ ပြည်တွင်းစားသုံးရန်အတွက်မူကား မလုံလောက်လှပေ။

တိရစ္ဆာန်မွေးမြူခြင်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏အရေးပါသော အဆွယ်အပွား လုပ်ငန်းတစ်ရပ်ဖြစ်၏။ နွားနှင့် သိုးများကို အများအပြားမွေးမြူသည်။ ထောပတ်နှင့်ဒိန်ခဲများကို ပြည်တွင်းစားသုံးရန်အတွက်သာမက ပြည်ပသို့ ထုတ်ရောင်းရန်အတွက်ပါ လုပ်ကိုင်၏။ နွားနှင့် သိုးအပြင် ဆိတ်များနှင့် မြင်းများကိုလည်း မွေးမြူကြ၏။ မြောက်ပိုင်းရှိ လက်ပလူမျိုးများသည် အစားအစာအတွက်လည်းကောင်း၊ အဝတ်အထည်အတွက်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးအတွက်လည်းကောင်း တန်ဒြာသမင်များကို မွေးမြူကြလေသည်။

သစ်လုပ်ငန်းသည် အတော်အသင့်အရေးပါသော လုပ်ငန်းဖြစ်၏။ အဓိကထွက်ကုန်များမှာ သစ်သား၊ သုံးထပ်သား၊ စက္ကူ၊ သစ်ပျော့ဖတ်နှင့် ဆဲလျူလို့တို့ ဖြစ်ကြ၏။

တံငါလုပ်ငန်းမှာ နော်ဝေးနိုင်ငံ၏ ရှေးအကျဆုံးနှင့် ယခုထက်တိုင် အရေးအပါဆုံး လုပ်ငန်းတစ်ရပ်ဖြစ်နေပေသည်။ ဟဲရင်းငါး၊ ကော့ဒငါး၊ မက္ကရယ်ငါး၊ ဆယ်မန်ငါး၊ ဟဲလဗတ်ငါး၊ ဟက်ဒဂ်ငါး၊ ဗုစွန်တုပ်စသည်တို့ကို အကြီးအကျယ်ဖမ်းဆီးရမိ၏။ ဝေလငါးဖမ်းလုပ်ငန်းမှာလည်း အရေးပါသော လုပ်ငန်းဖြစ်သည်။ နော်ဝေးနိုင်ငံမှ တစ်ကမ္ဘာလုံးထွက် ငါးကြီးဆီ ထက်ဝက်ကျော်ကျော် ထွက်၏။ တံငါလုပ်ငန်းနှင့် ဆက်စပ်နေသော ငါးစည်သွတ်လုပ်ငန်းမှာလည်း အရေးပါသော လုပ်ငန်းဖြစ်ပေသည်။

နော်ဝေးနိုင်ငံသည် စက်မှုလက်မှုလုပ်ငန်းများကို တည်ထောင်လုပ်ကိုင်ရာတွင်နှေးကွေးခဲ့သော်လည်း၊ ယခုအခါ ကုန်ထုတ်လုပ်သောနိုင်ငံအဖြစ်သို့ရောက်အောင်လျင်မြန်စွာလုပ်ဆောင်လျက်ရှိ၏။ ယင်းသို့ စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်လုပ်ကိုင်နိုင်သည်မှာ နော်ဝေးနိုင်ငံတွင် ရေအားမြောက်မြားစွာ

www.foreverspace.com.mm

ရနိုင်သောကြောင့် ဖြစ်သည်။ အဓိကထွက်ကုန်များမှာ ဝေဟုဗေဒပစ္စည်းများ၊ စက်ကိရိယာများ၊ သစ်သားထည်များ၊ ပိုး၊ ချည်ထည်များ၊ ပိုးထည်များ၊ ဘိလတ်မြေနှင့်စက္ကူတို့ဖြစ်၏။

သင်္ဘောများဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် လည်းနော်ဝေးနိုင်ငံ၏အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ နော်ဝေးနိုင်ငံသည် ထုတ်ရောင်းသောကုန်ပစ္စည်းများမှ ရငွေနှင့် တင်သွင်းဝယ်ယူသောကုန်ပစ္စည်းများ၏ တန်ဖိုးကို ပေးဆပ်ရန်ငွေကြေးမလုံ မလောက်ချေ။ သို့ရာတွင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ရရှိသောငွေများဖြင့် ဖြည့်စွက်ပေးနိုင်လေသည်။ နော်ဝေးနိုင်ငံ၏ အဓိကဝင်ကုန်များမှာ ကောက်စပါးများ၊ ကုန်ကြမ်းများ၊ အထည်အလိပ်များ၊ သံနှင့်သံမဏိ၊ သင်္ဘောများ၊ စက်ကိရိယာ၊ ဆီနှင့် ထင်းမီးဆီ စသည်တို့ဖြစ်သည်။ နော်ဝေးနိုင်ငံမှ အဓိကအားဖြင့် ငါးနှင့် ငါးထွက်ကုန်ပစ္စည်းများ၊ သစ်ဖျော့ဖတ်၊ စက္ကူ၊ ငါးကြီးဆီ၊ သတ္တုထွက်ပစ္စည်းများ၊ သံရိုင်းနှင့် ကြေးနီရိုင်းတို့ကို တင်ပို့ရောင်းချလေသည်။

နော်ဝေးနိုင်ငံတွင် သင်္ဘောများဖြင့် ကူးသန်းသွားလာခြင်းမှာ အရေးအပါဆုံးသော ကူးသန်းသွားလာရေး အစီအမံဖြစ်၏။ ဖီအော့များသည် ဆိပ်ကမ်းကောင်းအများအပြား ဖန်တီးပေးသည်။ ယင်းသည့် ဖီအော့များအားလုံးလိုလိုပင် ဆောင်းရာသီတွင် ရေမခဲပေ။ အဓိကဆိပ်ကမ်းမြို့များမှာ အော့စလိုမြို့၊ ဗားဂင်မြို့နှင့် ထရွန်ဟိမ်းမြို့များဖြစ်၏။

နော်ဝေးနိုင်ငံရှိ မီးရထားလမ်း မိုင်ပေါင်း ၂၆၉၀ အနက် အားလုံးလိုလိုမှာ တောင်ပိုင်းတွင် တည်ရှိသည်။ မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့ကို ဆက်သွယ်ရန်အတွက် မီးရထားလမ်းတစ်လမ်း ဖောက်လုပ်ဖို့ကြံရွယ်ထား၏။ နော်ဝေးနိုင်ငံတောင်ပိုင်းတွင် မော်တော်ကားလမ်းကောင်း များစွာရှိသည်။ နော်ဝေးနိုင်ငံတောင်ပိုင်းနှင့် မြောက်ပိုင်းတို့ကို ဆက်သွယ်ထားသည့် တစ်ခုတည်းသော လမ်းမကြီးကို ဂျာမန်တို့ အုပ်စိုးခဲ့စဉ်က အပြီးသတ်ဖောက်လုပ်ခဲ့၏။ နော်ဝေးနိုင်ငံ မြို့ကြီးများမှာ တစ်မြို့နှင့်တစ်မြို့ လေကြောင်းခရီးအဆက်အသွယ်များရှိ၏။ ထိုပြင် ဆွီဒင်၊ ဒိန်းမတ်၊ နယ်သာလန်၊ ပြင်သစ်နှင့်ဂရိတ် ဗြိတိန်နိုင်ငံတို့နှင့်လည်း လေကြောင်း ခရီးအဆက်အသွယ်များရှိလေသည်။

နော်ဝေးနိုင်ငံ၏ပညာရေးမှာ မသင်မနေရပညာရေး စံနစ်ဖြစ်၏။ ၇ နှစ်အရွယ်မှ ၁၄ နှစ်အရွယ်အထိ ကလေးသူငယ်များအားလုံးသည် ကျောင်းများသို့ မသင်မနေရ တက်ရောက် သင်ကြားရ၏။ နော်ဝေးနိုင်ငံ၌ အော့စလိုမြို့နှင့် ဗားဂင်မြို့များတွင် တက္ကသိုလ်ကျောင်းများရှိသည်။ သို့သော် ထရွန်ဟိမ်းမြို့ရှိ စက်မှုလက်မှု အတတ်သင်တက္ကသိုလ်၊ ဗားဂင်မြို့ရှိ ကုန်ကူးသန်းရောင်းဝယ်ရေးကောလိပ်နှင့် အော့စလိုမြို့အနီးရှိ စိုက်ပျိုးရေးကောလိပ်တို့မှလည်း တက္ကသိုလ် ဘွဲ့များ ပေးလေသည်။ ထိုပြင် စက်မှုလက်မှုအတတ်၊ စိုက်ပျိုးရေးအတတ်နှင့် အနုပညာများကို သီးသန့်သင်ကြားပေးသည့် ကျောင်းများလည်း အများအပြားရှိသည်။ နော်ဝေးနိုင်ငံသူနိုင်ငံသား အားလုံးလိုလိုပင် စာရေးစာ ဖတ် တတ်ကြလေသည်။

လူသာရင်ဂိုဏ်း ခရစ်ယာန်အယူဝါဒသည် နိုင်ငံတော်၏ အယူဝါဒဖြစ်သည်။ သို့သော် အခြားအယူဝါဒများကိုလည်း လွတ်လပ်စွာ သက်ဝင်ယုံကြည်ခွင့် ရှိ၏။

ယခင်က ခရစ္စတီနာမြို့ဟု တွင်ခဲ့ပြီးလျှင်၊ ယခုအခါ အော့စလိုမြို့ဟုတွင်သော မြို့ကြီးမှာ နော်ဝေးနိုင်ငံ၏ မြို့တော်လည်းဖြစ်၍ အကြီးဆုံးမြို့လည်း ဖြစ်သည်။ လူဦးရေမှာ ၄၄၇၀၆၄ ယောက်ရှိ၏။

နော်ဝေးနိုင်ငံသည် စည်းမျဉ်းခံဘုရင် အုပ်ချုပ်ရေးစံနစ်ဖြင့် အုပ်ချုပ်သောနိုင်ငံဖြစ်၏။ ယင်း၏ ၁၈၁၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ဥရောပ

နော်ဝေးနိုင်ငံ လေးလဟမ္ဘားမြို့အနီးမှ ဆောင်းရာသီရှုခင်း

www.foreverspace.com.mm

တိုက်တွင် နှစ်ပေါင်း အတော်ကြာအောင်၊ အရက်ရောဆုံ အခြေခံဥပဒေတစ်ရပ် ဖြစ်ခဲ့ပေသည်။ ဘုရင်မင်းမြတ်သည် အုပ်ချုပ်ရေးအကြီးအကဲ ဖြစ်သော်လည်း၊ ပါလီမန် လွှတ်တော်၏ အများစုကိုကိုယ်စားပြုသည့် ဝန်ကြီးချုပ်နှင့် ယင်း၏ အစိုးရအဖွဲ့တို့ကသာ အုပ်ချုပ်လုပ်ကိုင် သွားလေသည်။ ပါလီမန် လွှတ်တော် ရွေးကောက်ပွဲများကို ၄ နှစ် တစ်ကြိမ် ကျင်းပ၏။ ကျားမ မရွေးအသက် ၂၁ နှစ်ပြည့်သူတိုင်း မဲပေးနိုင်၊ ဝင်ရောက်အရွေးခံနိုင်သည်။ ပါလီမန်တွင် အောက်လွှတ်တော်နှင့် အထက်လွှတ်တော် ဟူ၍ လွှတ်တော်နှစ်ရပ်ပါဝင်သည်။

နော်ဝေးနိုင်ငံသည် ကမ္ဘာပေါ်တွင် လူမှုဖူလုံရေး ဥပဒေများကို ရှေးဦးစွာလုပ်ကိုင် အကောင်အထည်ဖော်ခဲ့သည့်နိုင်ငံများတွင် အပါအဝင်ဖြစ်ခဲ့၏။ နိုင်ငံတော်အစိုးရနှင့်ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့တို့၏ ရန်ပုံငွေကို လူမှုဝန်ထမ်းလုပ်ငန်းများအတွက် များစွာအသုံးပြုသည်။ လုပ်ခစား အားလုံးလိုလိုပင် နိုင်ငံတော် အာမခံအဖွဲ့တွင် ပါဝင်သည်။ ထိုအဖွဲ့က ဆေးဝါးကုသရာတွင်လည်းကောင်း၊ ဆေးရုံသို့တက်ရောက်ကုသရာတွင်လည်းကောင်း ကုန်ကျစရိတ်များကိုသာမက နာမကျန်းထောက်ပံ့ကြေးများကိုလည်း ထုတ်ပေး၏။ အလုပ်ပြုတ်သွားသူများသည်လည်း အလုပ်လက်မဲ့ ထောက်ပံ့ကြေးရရှိသည်။ အသက်အရွယ် ၇၀ ကျော်သူများကို သက်ကြီးရွယ်ရင့် အငြိမ်းစားရိက္ခာများထုတ်ပေးသည်။ ကလေးတစ်ဦးထက် ပိုသောသားသည်မိခင်များအားလုံးသည်လည်း တစ်ဦးချင်းထောက်ပံ့ ကြေးများ ရရှိနိုင်သည်။

၉ ရာစုနှစ် နောက်ပိုင်းအထိ နော်ဝေးနိုင်ငံသည် တိုင်းငယ် ပြည်ငယ်များဖြင့် အကွဲကွဲအပြားပြား ဖြစ်နေခဲ့ရာ၊ ၈၈၅ ခုနှစ်လောက်တွင် တစ်နိုင်ငံလုံးကို အောင်မြင်စွာ စည်းရုံးနိုင်ခဲ့လေသည်။ သို့သော်လည်း များမကြာမီ ထိုသို့စည်းရုံးမိခဲ့သော နော်ဝေးနိုင်ငံသည် ပြန်လည်၍ အကွဲကွဲအပြားပြားဖြစ်ခဲ့ရပြန်လေသည်။ ၁၀၀၀ ပြည့်နှစ်မှကျော်သော် တစ်ဖန်စည်း လုံးမိခဲ့ပြန်၏။ ထိုသို့ ဒုတိယအကြိမ်စည်းလုံးမိသောအခါ၊ ဘုရင်မင်းမြတ်သည် ခရစ်ယာန်အယူဝါဒကို နိုင်ငံတော်၏ အယူဝါဒအဖြစ် ပြဋ္ဌာန်းသတ်မှတ်ခဲ့သည်။ ခရစ်ယာန်အယူဝါဒအောက်တွင် နော်ဝေးနိုင်ငံသည် ထွန်းကားတိုးတက်လာခဲ့ရာ၊ ၁၃ရာစုနှစ်တွင် အာဏာအထွတ်အထိပ်သို့ ရောက်ရှိခဲ့လေသည်။ ထိုစဉ်က နော်ဝေးနိုင်ငံတွင် ရှက်တလန်နှင့်အော့ကနီကျွန်းစု၊ ဟက်ဗရီဒီးကျွန်းစု၊ အိုက်စလန်ကျွန်းနှင့် ဂရင်လန်းကျွန်းတို့ ပါဝင်ခဲ့၏။

နော်ဝေးနိုင်ငံ လိုဖိုတန်ကျွန်းစုရှိ ဆဗျားလဗေးယားမြို့၏ ဆောင်းရာသီရှုခင်း

www.foreverspace.com.mm

နော်ဝေးနိုင်ငံ၏ မြို့တော်လည်းဖြစ်၍ အကြီးဆုံး မြို့လည်းဖြစ်သော အော့စလိုမြို့

၁၃၁၉ခုနှစ်တွင် နော်ဝေးနိုင်ငံနှင့်ဒိန်းမတ်နိုင်ငံတို့သည် ဘုရင်တစ်ဦးတည်း၏ လက်အောက်တွင်ပူးပေါင်းခဲ့လေသည်။ ၁၃၀၀ ပြည့်နှစ်မှလွန်သောနှစ်များအတွင်း နော်ဝေးနိုင်ငံသည် တစ်ဖြည်းဖြည်း အာဏာတန်ခိုး ယုတ်လျော့လာခဲ့၏။ ၁၃၇၅ ခုနှစ်တွင် နော်ဝေးနိုင်ငံ၏နန်းလျာမင်းသားသည် ဒိန်းမတ်နိုင်ငံ၏ ဘုရင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံခဲ့ရသည်။ သို့ဖြစ်ရာ နှစ်ပေါင်း ၄၀၀ကျော်မျှ နော်ဝေးနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့သည် ဘုရင်တစ်ဦးတည်း လက်အောက်တွင် ပူးပေါင်း ကျရောက်ခဲ့သည်။ ဒိန်းမတ်နိုင်ငံသည် နော်ဝေးနိုင်ငံထက် ပိုမိုတန်ခိုးကြီးသည့်အတိုင်း၊ နော်ဝေးနိုင်ငံသည် တဖြည်းဖြည်းနှင့် ဒိန်းမတ်နိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ်မျိုးသို့ ရောက်ခဲ့ရလေသည်။ ထိုပြင် ခရစ်ယာန်သာသနာ့ အရေးတော်ပုံကြောင့် နော်ဝေးနိုင်ငံ၏သာသနာရေးဂိုဏ်းသည် ဒိန်းမတ်နိုင်ငံ သာသနာရေးဂိုဏ်း၏ လက်အောက်ခံဖြစ်ခဲ့ရလေရာ၊ ဒိန်းမတ်နိုင်ငံ၏ ကြီးစိုးမှုသည် ပိုမိုခိုင်မြဲခဲ့၏။ ၁၆၆၀ ပြည့်နှစ်၌ ဒိန်းမတ်နိုင်ငံဘုရင်သည် နှစ်နိုင်ငံလုံး၏ သက်ဦးဆံပိုင်ဘုရင် ဖြစ်လာခဲ့လေသည်။

၁၇၀၀ ပြည့်နှစ်လွန် နှစ်များအတွင်း ကူးသန်းရောင်းဝယ်မှု တိုးတက်ထွန်းကားလာခဲ့၏။ နော်ဝေးနိုင်ငံသားများသည်လည်း ဇာတိမာန်တက်ကြွလာလျက် လွတ်လပ်လိုစိတ် ပြင်းပြလာခဲ့သည်။

နပိုလီယန်နှင့် တိုက်ခိုက် ရသောစစ်ပွဲများအတွင်း ဒိန်းမတ်နိုင်ငံသည် ဂရိတ်ဗြိတိန်နိုင်ငံ၏ ရန်သူဖြစ်လာခဲ့၏။ သို့သော် နော်ဝေးနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုမှာ ဗြိတိသျှတို့နှင့်သာ လုံးလုံးလျားလျား လိုပင် ဗြိတိန်နိုင်ငံတို့လျှို့ဝှက်စွာ ကူးသန်းရောင်းဝယ်လျက်ရှိသည်ကို မတားဆီး မပိတ်ပင်နိုင်ဘဲရှိခဲ့၏။ ၁၈၁၄ ခုနှစ်တွင် ဒိန်းမတ်နိုင်ငံလည်း နပိုလီယန်နှင့်အတူ စစ်ရှုံးခဲ့ရ၏။ ထိုအခါ ဂရိတ်ဗြိတိန်က အတင်းအကျပ် ပြုသဖြင့်၊ နော်ဝေးနိုင်ငံကို ဆွီဒင်နိုင်ငံသို့ ပေးအပ်လိုက်ရလေသည်။

သို့သော် နော်ဝေးနိုင်ငံသားတို့သည် ဆွီဒင်နိုင်ငံ၏ လက်အောက်ခံမဖြစ်လိုကြသဖြင့် ကီးစာချုပ်ကို လက်ခံရန်ငြင်းဆန်၍၊ နော်ဝေးနိုင်ငံကိုသီးခြားနိုင်ငံအဖြစ်ကြေညာလျက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲအတည်ပြုကာ၊ ဒိန်းလူမျိုးဘုရင်ခံမင်းသားကြီးခရစ္စတီယန်ဖရက်ဒရစ်အား ဘုရင်အဖြစ်ရွေးကောက်တင်မြှောက်ခဲ့ကြ၏။ သို့သော် ဆွီဒင်နိုင်ငံနှင့်နော်ဝေးနိုင်ငံတို့ စစ်မက်ဖြစ်ပွားမှု နှစ်ပတ်ခန့်အကြာတွင် နှစ်နိုင်ငံစလုံးကစေ့စပ်၍ စစ်ပြေငြိမ်းလိုက်ကြသည်။ ခရစ္စတီယန်ဖရက်ဒရစ်

www.foreverspace.com.mm

သည် ထီးနန်းကိုစွန့်လွှတ်ပေးလေရာ၊ ဆွီဒင်ဘုရင်ပင်လျှင် နော်ဝေးနိုင်ငံဘုရင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရ၏။ ထိုသည်မှစ၍ နော်ဝေးနိုင်ငံ၏ ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေသစ်ကို ဆွီဒင်နိုင်ငံသည် လေးစားလာလေသည်။ သို့ရာတွင် ဆွီဒင်နိုင်ငံနှင့် နော်ဝေးနိုင်ငံတို့ ပူးပေါင်းရေးသည် မအောင်မြင်ခဲ့ချေ။ နော်ဝေးနိုင်ငံသားများသည် မိမိတို့၏နိုင်ငံအား သဘော်များဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွင် ကမ္ဘာထိပ်တန်း နိုင်ငံတစ်ခုအဖြစ် သို့ ရောက်အောင်လုပ်ကိုင်ခဲ့၏။ ယင်းတို့က ဆွီဒင်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး ကိုယ်စားလှယ်တော်များသည် နော်ဝေးနိုင်ငံ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနိုင်စွမ်းမရှိဟူ၍ စွပ်စွဲပြောဆိုကြလေသည်။

၁၈၀၀ ပြည့်နှစ်လွန်နှစ်များတွင် နော်ဝေးနိုင်ငံသည် စက်မှုလက်မှုလုပ်ငန်းများကို စတင်လုပ်ဆောင်လာခဲ့သည်။ နော်ဝေးနိုင်ငံသားများ၏ လွတ်လပ်ရေးစိတ်မှာ ပြင်းထန်သည်ထက် ပြင်းထန်လာခဲ့၏။ သီးခြားကူးသန်းရောင်းဝယ်ရေး ကိုယ်စားလှယ်တော်များထားရှိရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ရာတွင်၊ အော့စကာဘုရင်က ပယ်ဖျက်ခဲ့သဖြင့်၊ နော်ဝေးနိုင်ငံ စတော်တင်ပါလီမန်လွှတ်တော်က ယင်းအား နန်းချလိုက်လေသည်။

သို့သော် ဆွီဒင်နိုင်ငံနှင့် စစ်ဖြစ်မည့်အရေးကို တားဆီးနိုင်ခဲ့၏။ နော်ဝေးနိုင်ငံ စတော်တင် ပါလီမန် လွှတ်တော်သည် ဒိန်းမတ်မင်းသား ကားလကို ဘုရင် အဖြစ်တင်မြှောက်ခဲ့သည်။ သို့သော် ကားလသည် တစ်နိုင်ငံလုံးက တညီတညွှတ်တည်းလိုလိုပင် မဲဆန္ဒပေးကာ ရွေးကောက်တင်မြှောက်မှသာလျှင်၊ ၁၉၀၅ခုတွင် သတ္တမဟောကုန်ဘုရင်အဖြစ် ထီးနန်းကို လက်ခံခဲ့လေသည်။

၁၉၀၅ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိဖြစ်သောနှစ်များအတွင်း နော်ဝေးနိုင်ငံသည် မှန်မှန်တိုးတက်ခဲ့လေသည်။ ပဋမကမ္ဘာစစ်ကြီးအတွင်း ကြားနေနိုင်ငံဖြစ်ခဲ့သော နော်ဝေးနိုင်ငံသည် ဂျာမန် ရေငုပ်သင်္ဘောများ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် သင်္ဘောအများအပြား ဆုံးရှုံးခဲ့ရ၏။ ၁၉၃၀ ပြည့်နှစ်တွင်အစပြုခဲ့သော စီးပွားရေးကျပ်တည်းမှုသည် နော်ဝေးနိုင်ငံ၏ ကုန်သွယ်မှုအားထိခိုက်ခဲ့သော်လည်း၊ ဆက်လက်၍ တိုးတက်ကြီးပွားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌လည်း နော်ဝေးနိုင်ငံသည် ကြားနေရန် ကြိုးစားခဲ့၏။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်စက၊ နော်ဝေးနိုင်ငံသည် စစ်အတွက် မည်သို့မျှ ပြင်ဆင်ထားခြင်းမရှိခဲ့ပေ။ ၁၉၄၀ပြည့် ဧပြီလ ၉ ရက်နေ့တွင် ဂျာမန်တို့သည် နော်ဝေးနိုင်ငံ၏ဆိပ်ကမ်းမြို့ကြီးများကို တစ်ပြိုင်တည်းတိုက်ခိုက်ခဲ့၍၊ နော်ဝေးနိုင်ငံသည် ဂျာမန်နိုင်ငံအား စစ်ကြေညာခဲ့ရလေသည်။ ဗြိတိသျှ၊ ပြင်သစ်

နော်ဝေနိုင်ငံတောင်ဖက်ဖျားရှိ ဟန်ဒါရီမြို့၏ရှုခင်း

www.forevermyanmar.com.mm

နှင့် ပိုလန်တပ်စုများသည် နော်ဝေးနိုင်ငံအား ကာကွယ်ပေးခဲ့ကြောင်းလည်း၊ ဇွန်လတွင် ဂျာမန်တို့ နော်ဝေးတစ်နိုင်ငံလုံးကို သိမ်းပိုက်မိလေသည်။ ပါလီမန်လွှတ်တော်က ဘုရင်နှင့် အစိုးရအဖွဲ့အား တိုင်းတစ်ပါးမှနေ၍၊ ဂျာမန်တို့ကို ဆက်လက်ခုခံ တွန်းလှန်သွားရန်ညွှန်ကြားသဖြင့်၊ အဝေးရောက် နော်ဝေးနိုင်ငံအစိုးရအဖွဲ့ကို လန်ဒန်တွင် ဖွဲ့စည်းထားရှိခဲ့ရလေသည်။

ဂျာမန်တို့သည် ဗစ်ဒကွန်ကွစ်ဇလင်းအား နော်ဝေးနိုင်ငံ အစိုးရအဖွဲ့ကို ခေါင်းဆောင်စေ၏။ (ကွစ်ဇလင်းဗွီ၊ အေ–။ ရှု) သို့သော် မြေအောက်တော်လှန်ရေးကြောင့် ဂျာမန်တို့သည် နော်ဝေးနိုင်ငံတွင် စစ်အင်အား အတန်ကြီးမား စွာချထားခဲ့ရ၏။ နော်ဝေးနိုင်ငံသားလူရွယ်ပေါင်း မြောက်မြားစွာ ဆွီဒင်နိုင်ငံနှင့် ဗြိတိန် နိုင်ငံတို့ကို လွတ်မြောက်ထွက်ပြေးသွားကြပြီးလျှင်၊ နိုင်ငံပတွင် ဖွဲ့စည်းထားသော နော်ဝေးနိုင်ငံတပ်ဖွဲ့များတွင် ဝင်ရောက်အမှုထမ်းခဲ့၏။ နော်ဝေးနိုင်ငံ၏ကုန်သင်္ဘောများသည် ဗြိတိန်တိုက်ပွဲ အတွက် ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်ပေးခဲ့၏။ နော်ဝေး ရေတပ်မတော်သည် ဂျာမန်ရေငုပ်သင်္ဘောများကို တိုက်ခိုက်ခဲ့ပြီးလျှင်၊ ဥရောပ ကမ်းခြေသို့ တက်ရောက်ရာ တွင်လည်း ပါဝင်ကူညီခဲ့သည်။

ဆိုဗီယက်တပ်များနှင့် နော်ဝေးတပ်များသည် နော်ဝေး နိုင်ငံ၏မြောက်ဖျားခရိုင်များသို့ ၁၉၄၄ ခုနှစ်နောက်ပိုင်းတွင် ချဉ်းနင်းဝင်ရောက် တိုက်ခိုက်ခဲ့၏။ သို့သော်လည်း ၁၉၄၅ ခုနှစ် မေလတွင် ဂျာမန်တို့ လက်နက်ချ အညံ့ခံသည့်အထိ ကျန်အပိုင်းများမှာ ဂျာမန်တို့၏လက်တွင်းဝယ် ရှိနေခဲ့သည်။

သတ္တမဟောဂုန်ဘုရင်သည် နော်ဝေးနိုင်ငံ၏ အကြိမ် ၄၀ မြောက် လွတ်လပ်ရေးနှစ်ပတ်လည်ဖြစ်သော ၁၉၄၅ခု ဇွန်လ ၇ ရက်နေ့တွင် အော့စလိုမြို့တော်သို့ ပြန်လည် ဆိုက်ရောက်လာခဲ့၏။ နော်ဝေးနိုင်ငံသည် ဒုတိယကမ္ဘာ စစ်ကြီးအပြီးတွင် ရွေးကောက်ပွဲများကို ပဋမဆုံး ကျင်းပ နိုင်ခဲ့သော နိုင်ငံဖြစ်လေသည်။ စစ်ပြီးခေတ် စောစောပိုင်း တွင် နော်ဝေးနိုင်ငံသည် သင်္ဘောများဖြင့် သယ်ယူပို့ဆောင် ရေးလုပ်ငန်းကို ပြန်လည်တည်ဆောက်ခြင်းမှာ မာရှယ် စီမံကိန်းအရ အမေရိကန် ပြည်ထောင်စုနိုင်ငံက ချေးငှားခဲ့သော ငွေများကြောင့် လျင်မြန်စွာပြီးမြောက်ခဲ့ လေသည်။ ၁၉၄၉ ခုနှစ်တွင် နော်ဝေးနိုင်ငံသည် မြောက်အတ္တလန္တိတ် စာချုပ်ကို လက်မှတ်ရေးထိုးခဲ့၏။ နော်ဝေးနိုင်ငံအစိုးရသည် ၁၉၅၀ ပြည့်နှစ်လွန် နှစ်များ အတွင်း ကာကွယ်ရေးအတွက် ငွေပေါင်းများစွာ သတ်မှတ် ထားရှိခဲ့သဖြင့်၊ အခွန်တော်များ နှုန်းထားတိုးတက် ကောက်ခံရန် လိုအပ်ခဲ့လေသည်။

နော်ဝေးနိုင်ငံတွင် နာမည်ကျော် ဂီတပညာသည်များနှင့် စာရေးဆရာများ အမြောက်အမြားထွက်ပေါ်ခဲ့သည်။ ထင်ရှားသော ဂီတပညာရှင်များမှာ အက်ဒဗတ်ဂရစ်၊ ခရစ္စ တီယန်ဆင်းဒင်၊ ယိုဟန်းဆဗင်းဆင်နှင့် အိုးလဲဗူး စသည် တို့ဖြစ်သည်။ ခေတ်သစ်တွင် နော်ဝီဂျန်လူမျိုးစာရေးဆရာ များ ဖြစ်ကြသော ဗျန့်စတျာနေဗျန်းဆန်း (၁၉၀၃)၊ နွတ်ဟမ်းဆွန် (၁၉၂၀ပြည့်နှစ်)နှင့် ဆိဂရိအွန်းဆက် (၁၉၂၈)တို့သည် နိုဗယ်စာပေဆုများကိုပင်ရရှိခဲ့၏။(ဗျန်း ဆန်းဗျန့်ဆတျာနေ–ရှု။)ဟင်နရစ်အစ်ဗဆင်၏ ပြဇာတ်များသည် ကမ္ဘာကျော်လေသည်။

နို့တိုက်သတ္တဝါ။ ။ နို့တိုက်သတ္တဝါသည် သားငယ်ကို နို့ရည်တိုက်ကျွေးမွေးမြူသော သတ္တဝါဖြစ်သည်။ ကျောရိုးရှိ သတ္တဝါအပေါင်းတွင် နို့တိုက်သတ္တဝါသည် အတန်းအမြင့်ဆုံးဖြစ်၏။ (ကျောရိုးရှိသတ္တဝါ–ရှု။) လူသည် နို့တိုက်သတ္တဝါတွင် အပါအဝင်ဖြစ်သည်။ အခြား နို့တိုက်သတ္တဝါ အပါအဝင်ဖြစ်သည်။ အခြား နို့တိုက်သတ္တဝါတို့သည် များသောအားဖြင့် ခြေလေးချောင်း



'ငါး' ပင်ဖြစ်သော်လည်း၊ သားမွေးနို့တိုက်သည့် ဝေလငါး

www.foreverspace.com.mm

မျောက်သည်လူနှင့်အတူဆုံး နို့တိုက်သတ္တဝါဖြစ်သည်။

တိရစ္ဆာန်များဖြစ်ကြသည်။ သို့သော် ဝေလငါးကဲ့သို့သော တိရစ္ဆာန်မျိုးသည်လည်း နို့တိုက်သတ္တဝါတွင် ပါဝင်၏။ အရွယ်အားဖြင့် ကြွက်ကလေးမှ ဆင်ကြီးအထိရှိ၏။ ကျွန်ုပ်တို့သည် မွေးမြူထားသော မြင်း၊နွား၊ဝက်၊သိုး၊ခွေး၊ကြောင်တို့သည် နို့တိုက်သတ္တဝါများ ဖြစ်ကြသည်။

နို့တိုက်သတ္တဝါသည် နှာခေါင်းဖြင့် အသက်ရှူသည်။ ကိုယ်ခန္ဓာ၌ အရေခွံရှိ၍ များသောအားဖြင့် အမွေးပေါက်သည်။ နို့တိုက်သတ္တဝါ အားလုံးလိုလို၌ အရိုးအိမ်ရှိပုံသည် လူမှာ အရိုးအိမ်ရှိပုံနှင့် ခပ်ဆင်ဆင်တူသည်။ ခေါင်းခွံသည် ကျောရိုးပေါ်၌တည်ရှိ၏။ ခေါင်းခွံတစ်ခုလုံးမှာ အရိုးဖြင့် တဆစ်တည်းပြီးနေ၏။ ထိုခေါင်းခွံတွင် လှုပ်ရှား၍ရသော အောက်မေးရိုး ဆက်သွယ်လျက်ရှိသည်။

နို့တိုက်သတ္တဝါသည် သွေးနွေးသတ္တဝါဖြစ်သည်။ သွေးသည် အခန်းလေးခန်းရှိသော နှလုံးမှ ကိုယ်ခန္ဓာ အနှံ့အပြားသို့လှည့်လည်လျက်ရှိသည်။နို့တိုက်သတ္တဝါတိုင်းလိုဍ်အစာကိုကိုက်ချေရန်အတွက်လည်းကောင်း၊ရန်သူကို ခုခံရန်အတွက်လည်းကောင်း သွားရှိသည်။ဝေလငါးကဲ့သို့ နို့တိုက်သတ္တဝါမျိုး၌ နောက်ခြေမရှိပေ၊ ကင်ဂရူးကောင်၌ ရှေ့ခြေပါသော်ငြားလည်း၊ ထိုခြေမှာ မသန်စွမ်းပေ။

ဝေလငါးကို ငါးဟူ၍ မှတ်ထင်တတ်ကြသော်လည်း ငါးမဟုတ်၊ အထက်တွင် ပြဆိုခဲ့သည့်အတိုင်း နို့တိုက်သတ္တဝါသာလျှင်ဖြစ်သည်။ ရေအောက်၌နေသော်လည်း၊ ဝေလငါး၌ အဆုတ်ရှိသောကြောင့်၊ လေကို တိုက်ရိုက်ရှူနိုင်သည်။ (ဝေလငါး–ရှု။) သြစတြေးလီးယားတိုက်မှ ဘဲတူဖျံတူကောင်သည်လည်း ထူးဆန်းသော နို့တိုက်သတ္တဝါဖြစ်သည်။ ထိုအကောင်သည် မိကျောင်းနှင့် ငှက်တို့ကဲ့သို့ ဥ အုန်၊ ဥမှ ဘဲတူဖျံတူ ကောင်ကလေးများ ပေါက်၏။ (ဘဲတူဖျံတူကောင်–ရှု။) အိုပေါ့ဆမ်ကောင်နှင့် ရက်ကွန်းဝံတို့ကဲ့သို့သော နို့တိုက်သတ္တဝါများသည် တောခွံနေ၍၊ သစ်ပင်အတက် ကျင်လျင်ကြသည်။ (အိုပေါ့ဆမ်ကောင်။ ရက်ကွန်းဝံ–ရှု။) လင်းနို့ကဲ့သို့သော နို့တိုက်သတ္တဝါများသည် အတောင်ရှိ၍ ပျံနိုင်ကြ၏။ အစာကို ပျံသန်းနေစဉ် ဖမ်းစားနိုင်ကြ၏။ ဝက်ဝံဖြူ၊ဗီဗာဖျံ၊ကြွက်ကတိုး၊ပင်လယ်ဖျံ စသော နို့တိုက်သတ္တဝါတို့သည် ရေထဲ၌ အနေများ၍၊ ရေကူးအလွန် ကျင်လျင်ကြသည်။ (ဗီဗာဖျံ။ ကြွက်ကတိုး။ ပင်လယ်ဖျံ–ရှု။)

နို့တိုက်သတ္တဝါများသည် ရာသီဥတုအခြေအနေ အမျိုးမျိုးတွင် နေထိုင်နိုင်ကြသည်။ ကမ္ဘာပေါ်၌ အီကွေတာမှ အအေးပိုင်း ဒေသများအထိ၊ ထိုသတ္တဝါများကို တွေ့ရပေသည်။ အချို့ နို့တိုက်သတ္တဝါများ၌ ရန်သူကို ခုခံရန် သွား၊ အစွယ်၊ ခွာတို့ပါရှိကြသည်။ အချို့နို့တိုက်သတ္တဝါများသည် ရန်သူကို ရှောင်ရှာနိုင်ရန် လျင်မြန်ဖျတ်လတ်ကြသည်။ အချို့နို့တိုက်သတ္တဝါမျိုးသည် သစ်သီး သစ်ရွက်တို့ကိုသာလျှင် စားကြ၏။ အချို့ နို့တိုက်သတ္တဝါများသည် ယင်းတို့အောက် ငယ်သော တိရစ္ဆာန်များကို သတ်ဖတ်စားကြ၏။ ကြို့ကဲ့သို့သော နို့တိုက်သတ္တဝါမျိုးသည် ထီးတည်းနေတတ်ကြ၍၊ ဆင်ကဲ့သို့သော နို့တိုက်သတ္တဝါမျိုးသည် အစုနှင့်နေတတ်ကြသည်။

နို့တိုက်သတ္တဝါတို့တွင် သားငယ်ကို ယုယတတ်သော ပင်ကိုယ်သဘာဝသည် အထင်ရှားဆုံး လက္ခဏာဖြစ်သည်။ ထိုလက္ခဏာသည် လူတို့တွင် အပေါ်လွင်ဆုံးဖြစ်၏။ ထိုအချက်ကို သားငယ်အပေါ်၌ မေတ္တထားခြင်း၊ ဂရုတစိုက်ပြုစုစောင့်ရှောက်ခြင်း၊ မိသားစု စိတ်ဓာတ်ရှိခြင်းတို့ဖြင့် သိသာလွယ်ပေသည်။

နို့တိုက်သတ္တဝါကို ပါဏာဗေဒသဘောဖြင့် အမျိုးအစားခွဲခမ်းစိတ်ဖြာကြည့်လျှင်၊ ဤသို့ဖြစ်သည်။ နို့တိုက်သတ္တဝါသည် ကျောရိုးရှိ သတ္တဝါမျိုးပေါင်းစုတွင် ပါဝင်သော မျိုးပေါင်းတစ်ခုဖြစ်သည်။ နို့တိုက်သတ္တဝါမျိုးပေါင်းကို သုံးမျိုးခွဲထားသည်။ ယင်းသုံးမျိုးကား၊ မွန်နိုထရင်းမျိုးပေါင်းခွဲ၊ မာဆူးပီယယ် မျိုးပေါင်းခွဲနှင့် ပလာစင်တယ်မျိုးပေါင်းခွဲတို့ဖြစ်သည်။ မွန်နိုထရင်း မျိုးပေါင်းခွဲတွင် အဉအုတတ်သော နို့တိုက်သတ္တဝါများပါဝင်သည်။ ပုံစံမှာ ဘဲတူဖျံတူကောင်ဖြစ်သည်။ မာဆူးပီယယ် မျိုးပေါင်းခွဲ၌ သားငယ်ကို အကောင်လိုက် မွေးသော်ငြားလည်း၊ မွေးစသန္ဓေသားမှာ ဖွံ့ဖြိုးကြီးထားခြင်း မရှိသောကြောင့်၊ မိခင်ဝမ်းပိုက်ရှိ အိတ်တွင်ထည့်သွင်း ထိန်းသိမ်းကာ၊ မွေးမြူပေးရသည်။ ပုံစံမှာ ကင်ဂရူးကောင်ဖြစ်သည်။ (သားပိုက်ကောင်။ ကင်ဂရူးကောင်–ရှု။) ပလာစင်တယ် မျိုးပေါင်းခွဲ၌မူ သန္ဓေသားမှာ ချက်ကြိုးပါရှိပြီးလျှင်၊ မွေး

www.forever-space.com.mm

စတင် ကောင်းစွာဖွံ့ဖြိုးကြီးထွားပြီး ဖြစ်လေသည်။ ထိုမျိုးပေါင်းခွဲတွင် အောက်၌ ပြဆိုလတ္တံ့သော မျိုးစဉ်များ ပါဝင်လေသည်။

ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ ကြွ်၊ ရေမြင်းစသော ခွာပါရှိသည့်သတ္တဝါများကို အန်ဂူလာတာ အစုတွင် ထည့်သွင်း၍ ထားသည်။ထိုအစုထဲတွင် ဆိုင်ရင်းနီးယားမျိုးစဉ်တွင် ပါဝင်သော ဒေသန္တရ အခေါ်အားဖြင့် ပင်လယ်နွားဟုခေါ်သည့် တိရစ္ဆာန်တို့ ပါဝင်သည်။ ပင်လယ်နွားသည် လေဝင်းကဲ့သို့ ရေနေနို့တိုက်သတ္တဝါပင် ဖြစ်သော်လည်း၊ ရေညို ရေမှော်ကိုသာ စားသောက်သော တိရစ္ဆာန်ဖြစ်သည်။ ဝေလငါးမှာမူ အသားစား တိရစ္ဆာန်ဖြစ်၍၊ ယင်းကို စီတေးရှိအာ မျိုးစဉ်၌ သွတ်သွင်းထားသည်၊

အခြား အသားစား တိရစ္ဆာန်များကိုမူ၊ ကာနီဗိုရာ မျိုးစဉ်တွင်ထည့်သွင်းထားရာ၊ ထိုမျိုးစဉ်၌ ကြောင်၊ကျား၊ ခြသေ့်၊ဝက်ဝံ၊ခွေး၊ဝံပုလွေမှ အစ ပင်လယ်ဖျံ အမျိုးမျိုး အထိ ပါဝင်သည်။ အသားစားသော အမှုအကျင့်နှင့် လျော်စွာ သွားနှင့် အရိုးအဆစ် အနေအထားတို့မှာ တိရစ္ဆာန်တို့ကို ဖမ်းဆီးသတ်ဖြတ်ရန်အလို့ငှာ စီမံထားသကဲ့သို့ရှိ၏။

ကြွက်နှင့်တကွ ယင်းနှင့်စရိုက်တူတိရစ္ဆာန်များကိုမူ ရိုဒင်ရှာမျိုးစဉ်တွင် ထည့်သွင်းထားသည်။ ယင်းတိရစ္ဆာန်များ၏ သွားနှင့်မေးရိုးမှာ ကိုက်ဖြတ်ရန်ကိစ္စအတွက် ဆီလျော်လေသည်။ (ကိုက်ဖြတ်သတ္တဝါ–ရှ။)

အင်းဆက်ပိုးတို့ကို စားသောက်တတ်သော တိရစ္ဆာန်များကိုမူ အင်းဆက်တီဗိုရာမျိုးစဉ်တွင် ထည့်သွင်းသည်။ ယင်းတို့၌ သွားများသည် အင်းဆက်ပိုးကို စားသောက်နိုင်ရန် ကိစ္စနှင့် ဆီလျော်လေသည်။ များသောအားဖြင့် ညဉ့်အခါ၌ အစာရှာထွက်သော တိရစ္ဆာန်များဖြစ်၏။ အမြင့်တန်းစားနို့တိုက်သတ္တဝါထဲတွင် ရှေးအကျအဆုံးဟု ယူဆရသော တိရစ္ဆာန်များဖြစ်၏။ ပုံစံအားဖြင့်ကား ပွေးကောင်နှင့် ဖြူတိရစ္ဆာန်များဖြစ်သည်။ (ပွေးကောင်။ဖြူ–ရှ။)

ခိုင်ရော့ပတာရာ မျိုးစဉ်ထဲတွင် လင်းဆွဲ၊ လင်းနို့ စသော တိရစ္ဆာန်များ ပါဝင်သည်။ ယင်းတို့ကား နို့တိုက်သတ္တဝါထဲတွင် ကောင်းကင်၌ပျံသန်းတတ်သော အကောင်များဖြစ်၍၊ ပျံသန်းနိုင်လေအောင် ရှေ့ခြေတို့မှာ အတောင်သဖွယ်ရှိကြသည်။ (လင်းဆွဲ။ လင်းနို့–ရှ။)

ခြေချောင်း ငါးချောင်း၊ လက်ချောင်း ငါးချောင်း ရှိသော သတ္တဝါတို့ကို ပရိုင်းမိတ်ဟူ၍ ပါဏာဗေဒနည်းအရ အမျိုးခွဲသည်။ ပရိုင်းမိတ်မျိုးစဉ်ထဲတွင် မျိုးရင်း အသီးအသီး ရှိကြရာ၊ အချို့မှာ မျောက်၊ အချို့မှာ လူဝံဖြစ်ကြ၏။ ပရိုင်းမိတ်မျိုးစဉ်ထဲတွင် ဟိုမိနိဒီမျိုးစုပါဝင်၍၊ ထိုမျိုးစု၌ ဟိုမိုဆေးပီးယင်းမျိုးစိတ် တစ်ခုတည်းရှိသည်။ယင်းမျိုးစိတ်မှာ လူဖြစ်၏။ (လူ–ရှ။)

ထိုမျိုးစဉ်များအပြင် ယခုအခါ မျိုးရိုးသုန်းစပြုပြီဖြစ်သော အီဒင်တေတာ မျိုးစဉ်လည်း ရှိသေးသည်။ ထိုမျိုးစဉ်၌ သင်းခွေချပ် အစရှိသောတိရစ္ဆာန်မျိုးတို့ ပါဝင်ကြသည်။ ယင်းတိရစ္ဆာန်တို့၌ သွားမပါတတ်ချေ။ သွားရှိစေကာမူ အံ၏ အဆုံး၌သာ ပါရှိတတ်သည်။ (သင်းခွေချပ်–ရှ။)

နိဗ္ဗာနကိုးရှားပြည်နယ် ။ ။ နိဗ္ဗာနကိုးရှားပြည်နယ်သည် ကနေဒါနိုင်ငံတွင် ပါဝင်သော ပြည်နယ်တစ်နယ်ဖြစ်၍၊ ကနေဒါနိုင်ငံ၏ အရှေ့တောင်ဘက်စွန်းတွင်တည်ရှိသည်။ ကနေဒါနိုင်ငံ၏ ပြည်နယ်များတွင် ဒုတိယအငယ်ဆုံး ပြည်နယ်တစ်ခုဖြစ်၏။ အကျယ်အဝန်းမှာ စတုရန်းမိုင် ၂၁၀၆၈ မိုင်ရှိသည်။ နိဗ္ဗာနကိုးရှားဟူသော အမည်မှာ လက်တင်အမည်ဖြစ်၍၊ ''စကော့တလန်ပြည်သစ်''ဟု အဓိပ္ပါယ်ရ၏။ နိဗ္ဗာနကိုးရှား ပြည်နယ်တွင် ကနေဒါနိုင်ငံ အရှေ့တောင်ဘက်ကျွန်းဆွယ်တစ်ခုလုံးနှင့် ကိပ်ဗရက်တန်ကျွန်းတို့ ပါဝင်သည်။

နိဗ္ဗာနကိုးရှားပြည်နယ်၏ အရှေ့ဘက်နှင့်တောင်ဘက်တွင်အတ္တလန္တိတ်သမုဒ္ဒရာ၊ အနောက်ဘက်တွင် နယူးဗရန်းဓွစ်ပြည်နယ်၊ မြောက်ဘက်တွင် စိန်လောရင့်ပင်လယ်ကွေ့နှင့် ကဲဗော့ရေ လက်ကြားဟူသည်တို့ အသီးသီး တည်ရှိလေသည်။

နိဗ္ဗာနကိုးရှားပြည်နယ်၏ မြေမျက်နှာပြင် တစ်ခုလုံးလိုလိုမှာ ပြန့်ဖြူးသော လွင်ပြင်များနှင့် ခပ်ပြေပြေဖြစ်သော ချိုင့်ဝှမ်းများသာဖြစ်၏။ အက်ပလက်ချိယန် တောင်တန်း၏အဆက်ဖြစ်သော တောင်တန်းနိမ့်နိမ့် တခုသည်။အနောက်တောင်ဘက်မှ အရှေ့မြောက်ဘက်အထိပြည်နယ်ကို ဖြတ်သန်းလျက်တည်ရှိ၏။ အတ္တလန္တိတ်ကမ်းခြေသည် အကွေ့အကောက် အလွန်များ၏။ အနောက်ဘက်တွင် အက်ပလက်ချိယန်တောင်တန်းမှ ဖန်ဒီပင်လယ်အော်နှင့် စိန်လောရင့် ပင်လယ်ကွေ့ကမ်းခြေများအထိနိမ့်ဆင်းသွားသောအနောက်ဘက်လွင်ပြင်ကြီးရှိသည်။ ထိုဒေသတွင် မြောက်တောင်တန်းခေါ် တောင်တန်းနိမ့်နိမ့်တစ်ခုသည် ဖန်ဒီပင်လယ်ကွေ့တစ်လျှောက်တွင်လည်းကောင်း၊ ကော့ဗကွစ်တောင်တန်းသည် မိုင်းနတ်ဗေးဆင်ခေါ် ပင်လယ်ကွေ့ မြောက်ပိုင်းတစ်လျှောက်တွင်လည်းကောင်း အသီးသီးတည်ရှိ၏။ ထိုတောင်များအကြားရှိ လွင်ပြင်များနှင့် မြစ်ဝှမ်းများသည် အလွန်မြေသြဇာကောင်း၏။

ကိပ်ဗရက်တန်ကျွန်းနှင့်နိဗ္ဗာနကိုးရှားကုန်းမအကြားတွင် ကျဉ်းမြောင်းသော ကန်ဆိုရေလက်ကြား တည်ရှိ၏။ ကိပ်ဗရက်တန်ကျွန်းပေါ်တွင် နိဗ္ဗာနကိုးရှားပြည်နယ်၏ ကျောက်မီးသွေးတွင်း အားလုံးလိုလိုတည်ရှိပြီးလျှင်၊ ကမ်း

www.foreverspace.com.mm

ခြေ တစ်လျှောက်တွင်ကား လုပတင့်တယ် ရှုချင့်စဖွယ် ကောင်းသော သစ်တောများတည်ရှိလေသည်။

နိုဗာစကိုး ရှားပြည်နယ်၏ မြစ်များသည် ကျဉ်းမြောင်း၍တိုသည်။ ထင်ရှားသော မြစ်များမှာ အနှောက်ပိုလစ်မြစ်၊ ရှူဗင်နက် ဒကီးမြစ်နှင့် မာဆီမြစ်တို့ဖြစ်၏။ နိုဗာစကိုးရှားပြည်နယ်တွင် အိုင်ငယ်ပေါင်း ၄၀၀ ကျော်ကျော်ရှိ၍၊ အကြီးဆုံးသော အိုင်များမှာ ရော့ဆစ်နာအိုင်နှင့် ရှစ်ဟာဗာအိုင်တို့ ဖြစ်လေသည်။

နိုဗာစကိုးရှားပြည်နယ်၏ရာသီဥတုသည် နယူးဗရန်းဒွစ်ပြည်နယ်ထက် ပိုမိုမျှတ၏။ (နယူးဗရန်ဒွတ် ပြည်နယ်–ရှု။)ပြည်နယ်တွင်အအေးဆုံးသောအပိုင်းဖြစ်သည့် အတ္တလန္တိတ်ကမ်းခြေမြောက်ပိုင်းတစ်လျှောက်၌ပင်လျှင်၊ ဆောင်းရာသီတွင် အပူချိန်သည် ဖာရင်ဟိုက် ၅ ဒီဂရီအောက် ကျခဲ၏။ နွေရာသီတွင်အေး၍ သာသာယာယာရှိသည်။ အတ္တလန္တိတ်ကမ်းခြေတစ်လျှောက်တွင် မိုးသည်းထန်စွာ ရွာသွန်းသည်။

နိုဗာစကိုးရှား ပြည်နယ်၏ လူဦးရေမှာ ၁၉၅၅ ခုနှစ်တွင် ခန့်မှန်းခြေ ၆၈၃၀၀၀ ယောက်ဖြစ်၏။

နိုဗာစကိုးရှားပြည်နယ်တွင် စိုက်ပျိုးရေးသည် အရေးအပါဆုံးသောလုပ်ငန်းဖြစ်၏။ မြင်းစားကျီ၊ ကျီ၊ မုယောကျီ၊ ဖူးပြောင်း၊ ခါးဥဖြူ၊ အာလူး စသည်တို့ကို အဓိကအားဖြင့်စိုက်ပျိုး၏။ သစ်သီးပင်များကိုလည်း စိုက်ပျိုးရာ၊ မြေသြဇာကောင်းသည့် အနှောက်ပိုလစ် မြစ်ဝှမ်းမှထွက်သော သစ်သော့သီးများသည် နာမည်ကျော်ကြား၏။ မြို့ကြီးများ အနီးအနားတစ်ဝိုက်တွင် နို့ထွက်ပစ္စည်းလုပ်ငန်းမှာ အရေးပါသော လုပ်ငန်းတရပ် ဖြစ်သည်။ ပြည်နယ်တစ်ခုလုံးရှိ နေရာအနှံ့အပြားတွင် သိုးများကို မွေးမြူကြ၏။ ငါးဖမ်းလုပ်ငန်းမှာ ၁၇ရာစု နှစ်တွင် ပြင်သစ်တို့ စတင်လာရောက် အခြေစိုက်ကာနေထိုင်ခဲ့သည့်အချိန်မှစ၍ လုပ်ငန်းကြီးတစ်ရပ် ဖြစ်ခဲ့လေသည်။ သစ်လုပ်ငန်းကိုလည်း လုပ်ကိုင်၍၊ စက္ကူလုပ်ငန်းအတွက် သစ်ပျော့ဖတ်များကို ထုတ်လုပ်သည်။ နိုဗာစကိုးရှား ပြည်နယ်တွင် ကျောက်မီးသွေး၊ သံ၊ ရွှေ၊ ဂျစ်ပဆမ်နှင့် မန်ဂနိတို့ထွက်၏။ ကျောက်မီးသွေးနှင့် ရေအား အများအစားရနိုင်သော သဘာဝ အနေအထားကြောင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများ လျင်မြန်စွာ တိုးတက်လာခဲ့၏။ နိုဗာစကိုးရှား ပြည်နယ်တွင် သံနှင့် သံမဏိ လုပ်ငန်းစက်ရုံကြီးများ၊ စက္ကူစက်များ၊ သကြားစက်များ၊ ဖိနပ်စက်များရှိ၏။

နိုဗာစကိုးရှားပြည်နယ်သည် ဥရောပတိုက်နှင့်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုနှင့်လည်းကောင်း တွင်ကျယ်စွာကုန်သွယ်ရောင်းဝယ်ဖောက်ကား၏။ အဓိကထွက်ကုန်များမှာ ငါး၊ သစ်၊ ကျောက်မီးသွေး၊ သံနှင့် သံမဏိ ဖြစ်၍၊ အဓိကဝင်ကုန်များမှာ အထည်အလိပ်နှင့် စက်ကိရိယာများ ဖြစ်လေသည်။

နိုဗာစကိုးရှားပြည်နယ် မြို့တော် ဟဲလဖက်မြို့ရှိ ကျက်သရေဆောင် ရှေးဟောင်း နာရီမျှော်စင်

www.foreverspace.com.mm

နိုဗာစကိုးရှားပြည်နယ်၏ ပညာရေးသည် မသင်မနေရ အခမဲ့ဖြစ်သည်။ ကျေးလက်ဒေသများရှိကလေးသူငယ်များသည် ၁၄နှစ်အထိကျောင်းများတွင် မသင်မနေရသင်ကြားရပြီးလျှင်၊ မြို့ကြီးများတွင်မူကား ၁၆ နှစ်အရွယ်အထိ သင်ကြားရလေသည်။ နိုဗာစကိုးရှားပြည်နယ်တွင် တက္ကသိုလ်နှင့် ကောလိပ်ကျောင်း ၉ကျောင်းမျှရှိရာ၊ ယင်းတို့ကားဒါလဟိုဇီတက္ကသိုလ်၊ အကေးဒီးယားတက္ကသိုလ်၊ နိုဗာစကိုးရှားစိုက်ပျိုး ရေးကောလိပ်ကျောင်း၊ နိုဗာစကိုးရှားစက်မှုအတတ်သင် ကောလိပ်ကျောင်းနှင့် စိန်ဇေးဗီးယားတက္ကသိုလ်စသည်တို့ ဖြစ်လေသည်။

နိုဗာစကိုးရှားပြည်နယ်၏ မြို့တော်သည် ဟဲလဖက်မြို့ဖြစ်၍၊ အကောင်းဆုံးနှင့် အကြီးဆုံး ဆိပ်ကမ်းမြို့ကြီးများမှာ ဆစ်ဒနီမြို့၊ ဂလေ့စဗေးမြို့နှင့် ဒတ်တမတ်မြို့များ ဖြစ်သည်။ ၁၄၉၇ ခုနှစ်တွင် ဂျီနိုးအာမြို့သား ဂျွန်ကဲ့ဗော့ဆိုသူသည် အင်္ဂလန်ပြည့်ရှင် သတ္တမဟင်နရီဘုရင်အတွက် နယ်မြေများရှာဖွေရန်ထွက်ခဲ့ရာ၊ ယခုကိပ်ဗရက်တန်ကျွန်းဟု ခေါ်တွင်နေသည့်ကျွန်းသို့ ရောက်ရှိခဲ့၏။ ၁၅၂၀ပြည့်မှ ၁၅၂၄ ခုအထိ ဖလော်ရင့်မြို့သား ရေကြောင်းခရီးသွား ဗေရာဆားနိုး၊ စပိန်အစိုးရအမှုတော်ထမ်း ပေါ်တူဂီလူမျိုး ရိုးမေးနှင့်ပေါ်တူဂီလူမျိုး ဖာဂွန်ဒက်အစရှိသော နယ်သစ်ရှာဖွေသူများသည် ကမ္ဘာ့အရှေ့ပိုင်းသို့ပေါက်သော အနောက်ဘက်သွားခရီးလမ်းကြောင်းကိုရှာဖွေယင်း၊ ယခု နိုဗာစကိုးရှားဟုတွင်နေသောဒေသကမ်းခြေတစ်ဝိုက်သို့ ရောက်လာခဲ့ကြသည်။ ၁၅၃၄ခုတွင် ဇက်ကာတီယေးဆိုသူ ပြင်သစ်လူမျိုး နယ်လှည့်ရှာဖွေသူသည် ကုန်းမကြီးပေါ်သို့ တက်ရောက်လှည့်လည်ခဲ့၏။ (ကာတီယေး ဂျေ–ရှု။)

၁၆ဝ၃ခုတွင် ထိုစဉ်ကအကေးဒီးယားဟုခေါ်သော နိုဗာစကိုးရှားကျွန်းဆွယ်၌ နယ်သစ် တည်ထောင်ရန်အတွက် ပြင်သစ်ဘုရင်သည် ဆီးယားဒါးမွန့်အား စေခိုင်းခဲ့သည်။ ဒါမွန့်သည် ၁၆ဝ၆ခုတွင် ပို့ရွိုင်ယယ်မြို့ကို တည်ထောင်ခဲ့၏။ မကြာမီအခြား ပြင်သစ်လူမျိုး နယ်သစ်စိုက်သမားများလည်း တောင်ဘက်ကမ်းခြေတစ်လျှောက်တွင်လည်းကောင်း အနောက်ပိုလစ်ကမ်းခြေတဝိုက်တွင်လည်းကောင်း အခြေစိုက်နေထိုင်ခဲ့ကြ၏။ သို့သော်လည်း နှစ်ပေါင်းတစ်ရာကျော်မျှ အကေးဒီးယားသည် ပြင်သစ်နှင့် ဗြိတိသျှလူမျိုးတို့ တိုက်ပွဲများ ဆင်နွှဲရာဒေသဖြစ်ခဲ့၏။ ပို့ရွိုင်ယယ်မြို့သည် ပြင်သစ်တို့လက်မှဗြိတိသျှတို့လက်သို့လည်းကောင်း၊ ဗြိတိသျှတို့လက်မှပြင်သစ်တို့လက်သို့လည်းကောင်း ကြိမ်ဖန်များစွာလက်ပြောင်းလွှဲခဲ့ရပြီးနောက်၊ ၁၇၁၃ခုတွင် ကိပ်ဗရက်တန်ကျွန်းမှတစ်ပါး နိုဗာစကိုးရှားတစ်ခုလုံးကို ဗြိတိသျှတို့လက်သို့အပ်လိုက်ရလေသည်။ ဗြိတိသျှလူမျိုး ဗိုလ်မှူးကြီး အက်ဒွပ်ကွန်ဝေါလစ်သည် ထိုနယ်သစ်တွင် ဗြိတိသျှတို့၏ အခြေခံတောင့်တင်းလာစေရန်အတွက် အတ္တလန္တိတ်ကမ်းခြေတွင် ဟဲလဖက်မြို့ကို တည်ထောင်ခဲ့၏။ ပြင်သစ်တို့သည် လူးဝစ္စဗတ်မြို့တွင် ခြေကုပ်ထားလျက်ပင်ရှိသေးရာ၊ ဗြိတိသျှကိုလိုနီနယ်သစ်များကို ခြိမ်းခြောက်လျက်ရှိသောပြင်သစ်တို့၏ ရန်ကိုလုံးဝဖယ်ရှားပစ်ရန်အတွက်၊ ၁၇ဝဝပြည့်မှ လွန်သောအခါ ပြင်သစ်တို့နှင့် ၂ ကြိမ်မျှစစ်ပွဲဆင်နွှဲတိုက်ခိုက်ခဲ့ရသေးသည်။ ၁၇၅၅ ခုတွင် ပြင်သစ်လူမျိုးနယ်သူနယ်သား ၆ဝဝဝ ခန့်တို့သည် ဗြိတိသျှဘုရင်မင်းမြတ်၏ သစ္စာတော်ခံယူရန်ငြင်းဆန်ခဲ့သဖြင့်၊ ယင်းတို့အား ဗြိတိသျှကိုလိုနီနယ်များတွင် လူစုခွဲ၍ နေရာချထားပေးခဲ့၏။ ၁၇၅၈ခုတွင် လူးဝစ္စဗတ်မြို့ကို ဗြိတိသျှတို့အောင်၍၊ ကိပ်ဗရက်တန်ကျွန်းနှင့် အီလဆန်ဇန်း(ပရင့်စအက်ဒွပ်ကျွန်း)ကျွန်းတို့ကို ရရှိခဲ့ပြန်လေသည်။ ပါရစ်စာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ပြင်သစ်ပြည်သစ်အားလုံးကို ဗြိတိသျှတို့အား ပေးအပ်လိုက်ရလေသည်။

၁၇၅၈ခုတွင် ပြည်သူ့ကိုယ်စားလှယ်တင်မြှောက်ခွင့်ရသောအုပ်ချုပ်ရေးစံနစ်အတည်ဖြစ်လာ၏။ ၁၇၆၃ ခုတွင် ကိပ်ဗရက်တန်ကျွန်းကို ပြည်နယ်အတွင်း သွတ်သွင်းလိုက်၏။ ၁၇၇၂ခုတွင် စကော့လူမျိုးအမြောက်အမြားကျွန်းဆွယ်မြောက်ပိုင်းနှင့် ကိပ်ဗရက်တန်ကျွန်းပေါ်တွင် လာရောက် အခြေစိုက်နေထိုင်ကြသည်။ ၁၇၁၄ ခုတွင် နိုဗာစကိုးရှားနှင့် နယူးဗရန်းဇွစ်တို့ကို ပြည်နယ် ၂ခုခွဲ၏။ ၁၈၄၈ခုတွင် တာဝန်ခံအုပ်ချုပ်ရေးစံနစ်ကို ပေးအပ်ခြင်းခံခဲ့ရပြီးလျှင်၊ ၁၈၆၇ ခု ဇူလိုင်လ ၁ရက်နေ့တွင် ကနေဒါဒိုမီနီယန်နိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်လာလေသည်။ ထိုအချိန်အခါမှစ၍ ပြည်နယ်တွင် စက်မှုလက်မှုလုပ်ငန်းများမှန်မှန်ပင်တိုးတက် ထွန်းလာခဲ့၏။ မီးရထားလမ်းများနှင့်လမ်းမကြီးများကိုလည်း ဖောက်လုပ်ခဲ့၏။ ပညာရေးစံနစ်ကိုလည်း ကောင်းမွန်အောင် ပြုပြင်ခဲ့သည်။

နိုဗဲအဲလဖရက်ဗားနှ(၁ရစ်၁၈၃၃–၁၈၉၆)။ ။အဲလဖရက်ဗားနှ့နိုဗဲသည် ဆွီဒစ်လူမျိုးဓာတုဗေဒပညာရှင် တစ်ဦးဖြစ်၏။ ကုန်ပစ္စည်းများထုတ်လုပ်သူအဖြစ် လည်းကောင်း၊ ဒိုင်းနမိုက်(ယမ်းဘီလူး)ကို တီထွင်သူပညာရှင်တစ်ဦးအဖြစ်လည်းကောင်း၊ နိုဗဲဆုများ၏ ဒါနရှင်အဖြစ်လည်းကောင်း ကျော်ကြားသည်။ (ဒိုင်းနမိုက်–ရှု။)

နိုဗဲအား စကော့ဟုမ်းမြို့၌ ၁၈၃၃ ခု အောက်တိုဘာလ ၂၁ရက်နေ့တွင်ဖွားမြင်၏။ ဖခင်ဖြစ်သူသည် တီထွင်တတ်သူပညာရှင်တစ်ဦးဖြစ်သည်။ နိုဗဲသည် စိန်ပီတာစဗတ်မြို့(ယခုလီနင်ဂရက်မြို့)၌ ပညာသင်ကြားခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်၍၊ နာမည်ကျော်အင်ဂျင်နီယာကြီး အဲရစ်ကဆန်အထံ၌ အင်ဂျင်နီယာအတတ်ကို

www.foreverspace.com.mm

ကမ္ဘာ့ငြိမ်းချမ်းရေး စာပေနှင့် သိပ္ပံပညာ ထွန်းကားရေး ရှေးရှု၍
နိုဗဲဆု အလှူပြုခဲ့သူ အဲလဖရက်ဗားနာ့နိုဗဲ

သင်ယူခဲ့သည်။ ထိုနောက်တွင် စိန်ပီတာစဗတ်မြို့သို့ ပြန်လာကာ၊ မိမိဖခင်၏လုပ်ငန်းကိုကူညီယင်း၊ နိုက်ထရိုဂလစ်ဆရင်းကို စမ်းသပ် လုပ်ကိုင်ကြည့်ရာ အောင်မြင်ခဲ့သဖြင့်ပဌမဦးစွာ နိုက်ထရိုဂလစ်ဆရင်းထုတ်လုပ်သောစက်ရုံတစ်ခုကို ဆွီဒင်နိုင်ငံတွင်တည်ထောင်ခဲ့၏။ သို့သော် မျှော်လင့်သည့်အတိုင်း ဘေးကင်းစွာဖြင့်အသုံးမပြုနိုင်ဘဲ၊ ပေါက်ကွဲမှုများမကြာခဏ ဖြစ်ပေါ်ခဲ့၏။ တစ်ကြိမ်တွင် အလုပ်ရုံတွင်း၌ပေါက်ကွဲမှု မတော်မဆဖြစ်ပွားခဲ့ရာ သူ၏ညီမှာ သေဆုံးသွား၍၊ ဖခင်ကြီးမှာလည်း မစွမ်းမသန်ဖြစ်ခဲ့ရလေသည်။ နောက်ဆုံးတွင် ၁၈၆၇ခု၌ သူသည် နိုက်ထရိုဂလစ်ဆရင်းကို အခြားပစ္စည်းတစ်ခုနှင့်ပေါင်းစပ်ကြည့်ရာ၊ ဘေးကင်းစိတ်ချစွာကိုင်တွယ်နိုင်သည်ကို တွေ့ရပြီးလျှင်၊ ဒိုင်းနမိုက်ဟု အမည်ပေးခဲ့၏။ ဤတွင် နှစ်အနည်းငယ်အတွင်း သူသည် ဒိုက်နမိုက်လုပ်ငန်းနှင့် ကြီးပွားလာခဲ့ရာ၊ ကမ္ဘာတွင်အကြွယ်ဝဆုံးပုဂ္ဂိုလ်များအနက် တစ်ဦးအပါအဝင်ဖြစ်လာသည်။ ကမ္ဘာ့အနှံ့အပြား၌ ဒိုင်းနမိုက်စက်ရုံများနှင့်ခဲယမ်းမီးကျောက်စက်ရုံများကို တည်ဆောက်ခဲ့သည်။ ဓာတ်ချက်ကော်ဖတ်၊ ပိုးတုနှင့်အခြားကုန်ပစ္စည်းအမျိုးမျိုးကိုလည်း စမ်းသပ်ပြုလုပ်၍ အောင်မြင်ခဲ့၏။ သို့သော် သူသည် ဒိုင်းနမိုက်တီထွင်မိသည့်အတွက် စိတ်မချမ်းမသာဖြစ်ခဲ့ရလေသည်။ သူ၏ညီ၊ ဖခင်နှင့်တကွ လူပေါင်းများစွာအားအန္တရာယ်ဖြစ်စေသည့်ပစ္စည်းကို ပြုလုပ်မိသောကြောင့် သူ့တွင်အပြစ်ရှိသည်ဟု ယူဆခဲ့၏။ တီထွင်စဉ်ကမူ ငြိမ်းချမ်းစွာစားသောက်နေထိုင်မှုအတွက် လူသုံးပစ္စည်းတစ်ခုအဖြစ် ရည်စူးခဲ့သော်လည်း၊ နောင်အခါ စစ်ပွဲများ၌ ဒိုင်းနမိုက်ကိုအသုံးပြုနေကြသဖြင့် မနှစ်မြို့ခြင်းဖြစ်ရလေသည်။ ထိုကြောင့်ပင် သူ၏သေတမ်းစာ၌ ရန်ပုံငွေဒေါ်လာပေါင်း ၉သန်းခန့်ကို သီးသန့်ထားရှိ၍၊ နှစ်စဉ်ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းသူ၊ ထူးချွန်သောစာရေးဆရာ၊ ရူပဗေဒတွင် ရှာဖွေတီထွင်နိုင်သူ၊ ဓာတုဗေဒတွင် ရှာဖွေတီထွင်နိုင်သူ၊ ဆေးပညာသို့မဟုတ် ဖီဇီဩလိုဂျီတွင် ရှာဖွေတီထွင်နိုင်သူ၊ ဤငါးဦးအား ဆုများချီးမြှင့်ရန်လျာထားခဲ့လေသည်။ (နိုဗဲဆုများ–ရှု။) အဲလဖရက် နိုဗဲသည် ၁၈၉၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင်၊ ဣတလီနိုင်ငံ ဆန်ရီမိုမြို့၌ ကွယ်လွန်လေသည်။

နိုဗဲဆုများ။ ။နိုဗဲဆုဟူသည်မှာ၊ ဆွီဒစ်လူမျိုး ဓာတုဗေဒပညာရှင် အဲလဖရက်ဗားနာ့နိုဗဲအား အစွဲပြု၍ ခေါ်သောဆုဖြစ်သည်။ (နိုဗဲအဲလဖရက်ဗားနာ့–ရှု။) ထို နိုဗဲဆုသည် အဓိကအားဖြင့် ၅ ဆု ရှိသည်။ ယင်းတို့မှာ ရူပဗေဒဆိုင်ရာ အရေးကြီးသော ရှာဖွေတီထွင်မှုအတွက် ဆုတစ်ခု၊ ဓာတုဗေဒဆိုင်ရာအရေးကြီးသော ရှာဖွေတီထွင်မှုအတွက်ဆုတစ်ခု၊ ဆေးပညာနှင့်ဇီဝကိစ္စဗေဒ (ဖီဇီဩလိုဂျီ) ပညာဆိုင်ရာ အရေးကြီးသောရှာဖွေတီထွင်မှုအတွက် ဆုတစ်ခု၊ စာပေအတွက်ဆုတစ်ခု၊ ငြိမ်းချမ်းရေးအတွက်ဆုတခုဟူ၍ ဖြစ်သည်။ ထိုဆုငါးဆုတို့၏ ပျမ်းမျှတန်ဖိုးမှာ မြန်မာငွေ ၂၀၀၀၀ခန့်မျှရှိလေသည်။ ထိုဆုကို အဖွဲ့များကဆုံးဖြတ်၍ ပေးသည်။ ရူပဗေဒနှင့်ဓာတုဗေဒဆုတို့ကို စတော့ဟုမ်းမြို့ ဆွီဒင်တော်ဝင် စာပေပညာတံခွန်အသင်းက ခန့်ခွဲပေးသည်။ ငြိမ်းချမ်းရေးဆုကိုမူ၊ နော်ဝေးနိုင်ငံပါလီမန်က တင်မြှောက်သော ငါးဦးကော်မတီအဖွဲ့က ခန့်ခွဲပေးသည်။

ဆုအတွက် ယှဉ်ပြိုင်ဝင်ရောက်သူတို့သည် ဆုအတွက် တိုက်ရိုက်လျှောက်ထားခြင်းမပြုရချေ။ ဆုအတွက် ထောက်ခံပိုင်ခွင့်ရှိသောပုဂ္ဂိုလ်တို့ကသာ၊ ဆုဝင် ထိုက်သူ၏အမည်ကို တင်သွင်းရသည်။ ဆုကို ဒီဇင်ဘာလ၁၀ရက်နေ့ ကျရောက် သည့်အခါ၊ ရွေးချယ်ကြေညာသည်။ ဆုတစ်ခုကို ပုဂ္ဂိုလ် ၂ဦး၊ ၃ဦး ခွဲဝေယူရသည်လည်းရှိ၏။ တစ်ခါတစ်ရံ ဆု ၅ဆုအနက် အချို့ဆုကို မပေးဘဲထားသောနှစ်များလည်း ရှိ၏။ ၁၉၁၆ ခု၌ မည်သည့်ဆုကိုမျှ မပေးခဲ့ချေ။

၁၉၅၅ခုအထိ နိုဗဲဆုရသောနိုင်ငံနှင့် ရသူများ၏ အရေ

www.forewrspace.com.mm

အတွက်မှာ၊ ရူပဗေဒတွင် ဂရိတ်ဗြိတိန်မှ ၁၄ ဦး၊ ဂျာမနီမှ ၁၃ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၁၄ဦး၊ ပြင်သစ်မှ ၇ ဦး၊ နယ်သာလန်မှ ၅ဦး၊ သြစတြီးယားမှ ၃ ဦး၊ ဆွီဒင်မှ ၂ဦး၊ အီတလီမှ ၂ ဦး၊ အိန္ဒိယမှ ၁ဦး၊ ဒိန်းမတ်မှ ၁ဦး၊ ဂျပန်မှ ၁ဦးနှင့် အိုင်ယာလန်သမ္မတနိုင်ငံမှ ၁ဦး ဖြစ်၏။

ဓာတုဗေဒတွင် ဂျာမနီမှ ဦးရေ ၂၀၊ အမေရိကန်ပြည်ထောင်စုမှ ၁၁ ဦး၊ ဂရိတ်ဗြိတိန်မှ ၉ ဦး၊ ပြင်သစ်မှ ၆ ဦး၊ ဆွီဒင်မှ ၄ ဦး၊ ဆွစ်ဇာလန်မှ ၃ဦး၊ နယ်သာလန်မှ ၂ ဦး၊ ဟန်ဂေရီမှ ၁ဦး၊ သြစတြီးယားမှ ၁ဦးနှင့် ဖင်းလန်မှ ၁ဦးဖြစ်သည်။ ဆေးပညာနှင့်ဇီဝဗေဒ (ဖီဇီသြလိုဂျီ) ပညာတွင် အမေရိကန်ပြည်ထောင်စုမှ ၁၇ ဦး၊ ဂရိတ် ဗြိတိန်မှ ၁၀ဦး၊ ဂျာမနီမှ ၈ ဦး၊ ဒိန်းမတ်မှ ၄ဦး၊ ဆွဇ်ဇာလန်မှ ၄ ဦး၊ ပြင်သစ်မှ ၃ ဦး၊ သြစတြေးလီးယားမှ ၃ ဦး၊ ဗဲလဂျီယမ်မှ ၂ ဦး၊ ကနေဒါမှ ၂ ဦး၊ နယ်သာလန်မှ ၂ ဦး၊ ဟန်ဂရီမှ ၂ ဦး၊ ရုရှမှ ၂ဦး၊ ဆွီဒင်မှ ၂ဦး၊ စပိန်မှ ၁ ဦး၊ အာဂျင်တီးနားမှ ၁ဦး၊ အီတလီမှ ၁ဦး၊ ပေါ်တူဂယ်မှ ၁ ဦးနှင့် တောင်အာဖရိကမှ ၁ ဦး ဖြစ်၏။

စာပေတွင် ပြင်သစ်မှ ၈ ဦး၊ ဂရိတ်ဗြိတိန်မှ ၆ ဦး၊ ဂျာမနီမှ ၅ ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၅ ဦး၊ ဆွီဒင်မှ ၄ ဦး၊ နော်ဝေးမှ ၃ ဦး၊ ဣတလီမှ ၃ ဦး၊ ဒိန်းမတ်မှ ၃ ဦး၊ ပိုလန်မှ ၂ ဦး၊ စပိန်မှ ၂ ဦး၊ ဆွစ်ဇာလန်မှ ၂ ဦး၊ ဗဲလဂျီယမ်မှ ၁ ဦး၊ အိန္ဒိယမှ ၁ဦး၊ ရုရှမှ ၁ဦး၊ ဖင်းလန်မှ ၁ဒွဦး၊ ချီလီမှ ၁ ဦး၊ အယ်ယာမှ ၁ ဦးနှင့် အိုက်စလန်မှ ၁ ဦးဖြစ်၏။

ငြိမ်းချမ်းရေးဆုအတွက် အမေရိကန်ပြည်ထောင်စုမှ ၁၂ ဦး၊ ပြင်သစ်မှ ၈ ဦး၊ ဂရိတ် ဗြိတိန်မှ ၆ ဦး၊ ဂျာမနီမှ ၃ ဦး၊ ဆွီဒင်မှ ၃ ဦး၊ ဆွစ်ဇာလန်မှ ၃ ဦး၊ ဗဲလဂျီယမ်မှ ၂ ဦး၊ နော်ဝေးမှ ၂ ဦး၊ သြစတြေးလီးယားမှ ၂ ဦး၊ အီတလီမှ ၁ ဦး၊ အာဂျင်တီးနားမှ ၁ ဦး၊ ဒိန်းမတ်မှ ၁ ဦး၊ နယ်သာလန်မှ ၁ ဦး အသီးသီး ရရှိခဲ့ကြလေသည်။

ကမ္ဘာပေါ်တွင် နိုဗဲဆုကို ၂ ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့သူမှာ မဒမ်ကျူးရီဆိုသူအမျိုးသမီးဖြစ်၏။ (ကျူးရီ အမ်–ရှု။)ကျူးရီးသည် ရူပဗေဒဆုကို ၁၉၀၃ ခုနှစ်တွင်လည်းကောင်း၊ ဓာတုဗေဒကို ၁၉၁၁ခုနှစ်တွင်လည်းကောင်း ဆွတ်ခူးနိုင်ခဲ့ပေသည်။

နိုးဝါးနှင့် နိုးဝါသဘော်။ ။နိုးဝါး(နော၈)၏ အကြောင်းကို ခရစ်ယာန်သမ္မာကျမ်းစာတွင် ပါဝင်သော ကမ္ဘာဦးကျမ်း၌ ဖော်ပြပါရှိသည်။ ထိုကျမ်းစာ၏အဆိုကား၊ ကမ္ဘာဦးအခါသမယတွင်၊ ထာဝရဘုရားသခင်သည် မိမိဖန်ဆင်းထားသော လူအပေါင်းတို့ မကောင်းမှုဒုစရိုက်များကိုသာပြုကျင့်နေကြသည်ကို သိမြင်ရသဖြင့်၊ လူမှစ၍ တိရစ္ဆာန်များပါမကျန်၊ မြေကြီး၏မျက်နှာမှ သုတ်သင်မည်ဟုမိန့်တော်မူ၏။ ထိုအထဲတွင် ထာဝရဘုရားသခင်၏ စိတ်တော်နှင့် တွေ့သောသူကား နိုးဝါးပင်တည်း။

နိုးဝါးသည် ဖြောင့်မတ်၏။ ဘုရားသခင် နှစ်သက်သော အမှုကိုသာပြု၏။ သူတစ်ယောက်သာလျှင် အပြစ်ကင်းစင်သည်ကို ထာဝရဘုရားသခင်တွေ့ရ၏။ ထိုကြောင့် ဘုရား



နိုးဝါးနှင့် သားများ အားကြိုးမာန်တက် သဘော်ဆောက်လုပ်နေကြစဉ်

www.foreverspace.com.mm

သခင်သည့်နိုးဝါးကိုချန်လုပ်၍၊ အသက်ရှင်သောသတ္တဝါ အပေါင်းတို့အားပယ်ရှားခြင်းငှါ၊ မြေကြီးကို ရေလွှမ်းမိုး စေမည်ဟု ဆုံးဖြတ်ပြီးလျှင်၊ နိုးဝါးကိုခေါ်၍၊ သူနှင့်တကွ သူ၏သားမယားကိုလည်းကောင်း၊ တိရစ္ဆာန်ကျေးငှက် အမျိုးအစားတိုင်းမှ အထီးအမတစ်စုံစီကိုလည်းကောင်း တင်ဆောင်နိုင်မည့်သင်္ဘောကြီးတစ်ခု တည်ဆောက်ထား ရန် ပြောကြားလေ၏။

နိုးဝါးလည်း မိန့်မှာသည့်အတိုင်း သင်္ဘောကိုတည် ဆောက်၏။ နိုးဝါးတွင် ရှမ် (ရှမ)၊ ဟမ်(ဟာမ)နှင့်ဂျဖက် (ယာဖတ်)ဟူသောသားသုံးယောက်ရှိသည်။ ကောင်းကင်း ၌မိုးသားများ ညိုမည်းအုံ့ဆိုင်း လာသောအခါ၊ နိုးဝါးနှင့် သူ၏သားများသည် မိမိတို့၏ဇနီးသည်များနှင့်တကွ၊ တိရစ္ဆာန်ကျေးငှက်အမျိုးအစားတိုင်းမှ အထီးအမအစုံ နှစ်ကောင်စီတို့ကိုခေါ်ဆောင်လျက်၊ အသင့်ဖြစ်သော သင်္ဘောပေါ်သို့တက်နေကြ၏။ မကြာမီပင် ဘုရားသခင် သည် ရက်ပေါင်းလေးဆယ်တိုင်တိုင် မိုးကြီးသန်းထန်စွာ ရွာသွန်းစေ၏။ ယင်းသို့ မိုးကြီးသည်းထန်စွာရွာသွန်း၍ ရေလွှမ်းမိုးချိန်၌၊ နိုးဝါးသည် အသက် ၆၀၀ ရှိသတည်း။ ရက်ပေါင်း ၁၅၀ပတ်လုံး ကမ္ဘာပေါ်တွင်မကြုံဘူးသော ရေလွှမ်းမိုးခြင်း ကပ်ဆိုက်ရောက်သဖြင့်၊ သင်္ဘောပေါ်ရှိ လူသတ္တဝါအပေါင်းမှအပ၊ အခြားသောသက်ရှိသတ္တဝါ အားလုံးတို့ သေကြေပျက်စီးကြလေသည်။ ရက်ပေါင်း ၁၅၀စေ့သောအခါ၊ ရေသည် ယုတ်လျော့သွားလေ၏။ သင်္ဘောသည်လည်း အာရရက်(အာရရတ်) အမည်ရှိသော တောင်ပေါ်တွင် တင်နေလေသည်။ ထိုမှအရက်၄၀ ကြာ လျှင်၊ နိုးဝါးသည်ရေးဦးစွာ ကျီးအတစ်ကောင်ကိုလွှတ် ကြည့်ရာ၊ ပြန်ရောက်မလာသဖြင့်၊ ချိုးငှက်တစ်ကောင် ကိုလွှတ်ပြန်သည်။ ပဌမအကြိမ်၌ချိုးငှက်သည် သံလွင် ရွက်ကို ကိုက်ချီလျက် ပြန်လာသဖြင့်၊ မြေကြီးပေါ်တွင် ရေကုန်ကြောင်းနိုးဝါးသိလေ၏။ သို့သော်ထိုချိုးငှက်ကို ဒုတိယအကြိမ်လွှတ်ရာ၊ ပြန်၍မလာတော့ချေ။

ထိုနောက် နိုးဝါးတို့လူစုနှင့်တကွ တိရစ္ဆာန်ဖိုမအစုံများ လည်း သင်္ဘောအတွင်းမှထွက်လာကြ၏။ ဘုရားသခင် လည်း နိုးဝါးနှင့်သူ၏သားတို့အား ကောင်းကြီးပေးလျက်၊ ကမ္ဘာပေါ်တွင်မျိုးဆက်ပြန့်ပွားအောင်ပြုလုပ်ပေးရန် သြ ဝါဒပေးလေသည်။ ထိုပြင်နောက်တကြိမ်ရေကြီးအောင် မဖန်ဆင်းတော့ဟူသောအထိမ်းအမှတ်ဖြင့်၊ ကောင်းကင် တွင် သက်တံ့ကိုဖန်ဆင်းပြလေသည်။

နိုးဝါးသည် ရေလွှမ်းမိုးပြီးနောက်၊ အနှစ်၃၅၀ အသက် ရှင်၍၊ အသက် ၉၅၀ပြည့်သော်၊ အနိစ္စရောက်လေ၏။ **နက္ခတ်** ။ ။ကြယ်များသည် ကောင်းကင်တပြင်လုံးတွင် တစ်ညီတစ်ညာတည်း ပြန့်လျက်မရှိကြချေ။ တစ်နေရာတွင် စုကာ၊ တစ်နေရာတွင် ကျဲလျက်ရှိကြသည်။ ရှေး လူတို့သည် ပြန့်ကျဲလျက်ရှိသောကြယ်များအနက်၊ ထွန်း လင်းတောက်ပသော နီးစပ်ရာကြယ်များကို နက္ခတ် အဖြစ်စုပေါင်းပြီးလျှင်၊ ထိုကြယ်စုများကို ယောဂျား၊ မိန်းမ၊ တိရစ္ဆာန်တို့၏ပုံသဏ္ဌာန်များဖြင့်ဖော်ပြ၍၊ အမည် များပေးထားခဲ့ကြလေသည်။ သို့ရာတွင် ရှေးနှစ်ပေါင်းများ စွာကရှိခဲ့သောကြယ်စုတို့၏ပုံသဏ္ဌာန်များသည် ယခုကြယ် စုတို့၏ ပုံသဏ္ဌာန်များနှင့် တူနိုင်ကြမည်မဟုတ်ချေ။ ကြယ်တို့သည် ရွှေ့ရှားလျက်နေကြသောကြောင့်၊ ကြယ်စု တို့၏ပုံသဏ္ဌာန်များသည် နှစ်ပရိစ္ဆေဒများစွာကြာလတ် သော်၊ ပြောင်းလဲသွားဖွယ်ရာရှိလေသည်။ (ကြယ်–ရှု။)

အီဂျစ်လူမျိုး၊ ဗဗာဗီလုံးလူမျိုး၊ ဂရိလူမျိုး၊ ရောမလူ မျိုးတို့သည် ကြယ်စုများကို လေ့လာမှတ်သားပြီးနောက်၊ လူပုံသဏ္ဌာန်၊ မြွေပုံသဏ္ဌာန်၊ သားရဲတိရစ္ဆာန် ပုံသဏ္ဌာန်၊ ငှက်ပုံသဏ္ဌာန် စသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုးကအစွဲပြု၍ အမည်များ ပေးထားခဲ့ကြသည်။ အချို့ကြယ်စုများကို လူစွမ်းကောင်းတို့၏အမည်၊ နတ်သားနတ်သမီးတို့ ၏အမည်များဖြင့် မှည့်ခေါ်ခဲ့ကြလေသည်။ ကြယ်များကို ပုံသဏ္ဌာန်စွဲ၍ အမည်ပေးခဲ့သည်မှာ ဂရိတို့ပင်ဖြစ်သည်ဟု ပထမသော်ယူဆကြ၏။ သို့သော် ယူဖရေးတီးမြစ်ဝှမ်း၌ တွေ့ရသော ဘီစီ ၃၀၀၀ နှင့် ဘီစီ ၅၀၀ အတွင်း ပေါ် ပေါက်သောစာများတွင် ကြယ်အကြောင်း အမှတ်အသား များတွေ့ရသည်ကို ထောက်ရှုပြီးလျှင် ဖီနီရှန်တို့သည် ယူဖရေးတီးမြစ်ဝှမ်းရှိ ကယ်လဒီယန်လူမျိုးတို့ထံမှ နက္ခတ်တို့ကို အမည်သညာပေးသောစံနစ်ကို ရရှိသည် ဟုယူဆကြပြန်၏။ ဂရိတို့ကား ဖီနီရှန်တို့ ထံမှတစ်ဆင့် ထိုစံနစ်ကို ရရှိဟန်တူသည်။ ဘီစီ ၁၆၀–၁၂၅ ခုနှစ် လောက်က ဟိပါးကပ်အမည်ရှိသော နက္ခတ်ပညာရှင်သည် ကြယ်စုပေါင်း ၄၈ခုကို အရုပ်ကောင်းများကဲ့သို့ ပုံသဏ္ဌာန် ဖော်၍၊ အမှတ်အသားများ ပြုလုပ်ထားခဲ့သည်။ ထိုနောက် နှစ်ပေါင်း ၃၀၀ လောက်တွင် အီဂျစ်လူမျိုးနက္ခတ်ပညာရှင် ကြီးတော်လမီသည် ဟိပါးကပ်မှတ်သားခဲ့သော ကြယ်စု များတွင် အနည်းငယ်ပြင်ဆင်၍၊ ကြယ်စု ၄၈ ခုကိုပင် အသိအမှတ်ပြုခဲ့သည်။ အေဒီ ၁၆၀၁ ခုနှစ်တွင် တီကိုဗရာ ဟေးကကြယ်စု အသစ်နှစ်ခုကို တွေ့ရှိပြန်သည်။ ထိုမှ နှစ်ပေါင်း၂၀၀ခန့်အတွင်း၌ နက္ခပညာရှင်တို့သည် ကြယ် စုသစ်များကို ထပ်မံတွေ့ရှိလာကြရာ၊ ၁၈၀၀ပြည့်ခန့်တွင် ကြယ်စုအရေအတွက်မှာ ၁၀၉ခုဖြစ်လာသည်။ သို့သော် ထိုကြယ်စုများတွင် အချို့သည် ပုံတူအမည်ကွဲဖြင့် ထပ်တူ ဖြစ်နေ၍ နက္ခပညာရှင်တို့သည် တစ်ဦးနှင့်တစ်ဦးညှိနှိုင်း၍၊ နောက်ဆုံး၌ ကြယ်စုတို့၏အရေအတွက်ကို ၈၈ခုသို့ လျှော့ချသတ်မှတ်ခဲ့ကြလေသည်။ (နက္ခတ္တဗေဒ–ရှု။)

www.foreverspace.com.mm

ရှေးသိပ္ပံပညာရပ်

အလွန်ရှေးကျသော ခေတ်အခါမှစ၍၊ လူတို့သည် အာကာသလောကတွင် စိတ်ဝင်စားခဲ့ကြလေသည်။ နေ၊ လ၊ ကြယ်၊ ဂြိုဟ်တို့အကြောင်းကို သိလိုခဲ့ကြသည်။ မိမိတို့မျက်စိဖြင့်ကောင်းကင်၌မြင်သမျှတို့ကို လေ့လာခဲ့ကြသည်။ စူးစမ်းဆင်ခြင်ခဲ့ကြသည်။ မှတ်သားခဲ့ကြသည်။ ထိုလေ့လာမှတ်သားချက်များကိုအခြေပြု၍၊ ယခုအခါနက္ခတ္တ ဗေဒပညာသည် များစွာတိုးတက်လာလေသည်။

နက္ခတ္တဗေဒ။ ။ရှေးသူဟောင်းတို့သည် အာကာသလောကတွင် စိတ်ဝင်စားခဲ့ကြသည့်အလျောက် အာကာသနှင့် စပ်လျဉ်း၍ တွေးတောကြံဆခဲ့ကြပေသည်။

ရှေးကျသောဂရိတို့သည် ကောင်းကင်ကို သာမန်မျက်စိနှင့်ကြည့်ရှု၍၊ နေ၊ လ၊ ကြယ်တို့နှင့်ပတ်သက်သော အသိတို့ကိုထိုးထွင်းကြံစည်ကြသည်။ အီဂျစ်လူမျိုးတို့က ဂရိတို့ထက်စောရှေ့ပင် နက္ခတ္တဗေဒကို လေ့လာလိုက်စားခဲ့ကြပေသည်။ အီဂျစ်ဘုန်းတော်ကြီးတို့သည် သိဝှက်ထားကြလေသည်။ ထိုဘုန်းတော်ကြီးများကား နှစ်ကို ရက်ပိုင်းဖြင့် ဖော်ပြနိုင်သူများပင် ဖြစ်ကြ၏။

ကျွန်ုပ်တို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တို့သည် ရာသီဥတုများကို ပိုင်းခြား၍သိမြင်ခဲ့ကြလေသည်။ ရာသီဥတုကို ပိုင်းခြားနိုင်ရန်မှာ နေ၊ လနှင့်ဂြိုဟ်နက္ခတ်တို့၏အကြောင်းကို အတော်အတန်သိမှဖြစ်မည်။ သို့အတွက် သူတို့သည် နေ၊ လ၊ ဂြိုဟ်တို့၏အကြောင်းကို လေ့လာပြီးမှ ရာသီဥတုများကို ပိုင်းခြားကြည့်ကြလေသည်။ ဗီနီရှန်လူမျိုးတို့သည် နက္ခတ္တဗေဒကို လိုက်စား၍ ပင်လယ်သို့ ခရီးထွက်နိုင်ကြ၏။ အမေရိကတိုက်နှင့် သြစတြေးလီးယားကျွန်းတို့ကိုတွေ့ရှိခဲ့ခြင်းမှာလည်း အမှန်စင်စစ် နက္ခတ္တဗေဒ၏ကျေးဇူးကြောင့်ပင် ဖြစ်လေသည်။

ဘီစီ ၁၀၀ ကျော်လောက်ကတည်းကပင် ဂရိတို့သည် ကြယ်တို့၏အချိန်မှန်မှန် ရွှေ့ရှားပုံကိုလည်းကောင်း၊ ဂြိုဟ်တို့၏ အမျိုးမျိုးပြောင်းလဲ ရွှေ့ရှားပုံကိုလည်းကောင်း သတိပြုမိကြ၍၊ ကမ္ဘာမြေကြီးကိုလည်း လုံးသည်ဟု ယူဆခဲ့ကြလေသည်။ သူတို့သည် လတ္တီတွဒ်နှင့်လောင်ဂျီတွဒ်မျဉ်းများကိုဆွဲနိုင်ခဲ့၍၊ နေကြတ်ခြင်း၊ လကြတ်ခြင်းတို့ ပေါ်ပေါက်မည့် အချိန်များကိုပင် တင်ကြိုပြောဆိုနိုင်ခဲ့ကြသည်။ တော်လမီသည်ဂရိတို့အထဲတွင် နာမည်ကျော် နက္ခပညာရှင်ကြီး ဖြစ်၏။ သူ၏အယူအဆတစ်ခုမှာ နေစကြဝဠာတွင် ကမ္ဘာမြေကြီးသည် ဗဟိုဌ်ရှိသည်ဆိုသော အချက်ဖြစ်သည်။ (တော်လမီ–ရှု။) ထိုအယူအဆအရ နေ၊ ဂြိုဟ်နှင့် ကြယ်တို့သည် ကမ္ဘာမြေကြီးကို လှည့်ပတ်နေကြသည်ဟု ဆိုလေသည်။ ယခုအခါ ထိုအယူအဆသည်ပြောင်းခဲ့ပြီ။

လူတို့သည် နက္ခတ္တဗေဒကိုလိုက်စားယင်း၊ ဂြိုဟ်၊ နက္ခတ်စသည်တို့ကိုကြည့်နိုင်သော မှန်ပြောင်းများကို တီထွင်လာကြလေသည်။ ဘီစီ ၃၅ဝပြည့်နှစ်၌ ကွယ်လွန်သူ ဂရိနက္ခတ်ပညာရှင်ကြီး ဒီမော့ကရိတပ်က နဂါးငွေ့လမ်းကြောင်းတွင် မရေမတွက်နိုင်လောက်အောင်များပြားသော ကြယ်များပါရှိသည်ဟု ထုတ်ဖော်ပြောဆိုခဲ့ဖူးသည့်အတွက်၊ ထိုပညာရှင်ကြီးတွင် မှန်ပြောင်းကဲ့သို့သောကိရိယာတစ်ခုခု ရှိရမည်ဟု အချို့ကယူဆကြသည်။ သို့သော်အကယ်၍သာ ရှိရိုးမှန်ပါက လူသိရှင်ကြားမသိရဘဲနှင့် အစဟောက်သွားရန်လမ်းမရှိပေ။ ထိုနောက် အင်္ဂလိပ်လူမျိုးရောဂျာဗေကင်ကလည်း နောင်သောအခါ ကိရိယာတစ်မျိုးဖြင့် အဝေးဌ်ရှိသောဝတ္ထုတို့ကို အနီးဌ်ရှိသကဲ့သို့ဖြစ်အောင်လုပ်နိုင်လိမ့်မည်။ နေ၊ လ၊ ဂြိုဟ်တို့၏ပုံတူရိပ်များကို အနီးဌ်လာထင်အောင် လုပ်နိုင်လိမ့်မည်ဟူ၍ ခရစ် ၁၂၆ဝ ပြည့်နှစ်လောက်တွင် ရေးသားခဲ့ခြင်းဖြင့် မှန်ပြောင်းနှင့် ပတ်သက်၍ နိမိတ်ဖတ်ခဲ့ ဖူးပေသည်။(ဗေကင်ရော်ဂျာ–ရှု။)

မှန်ပြောင်းပေါ်ပြီဟု သတင်းပြေးချိန်တွင်၊ မှန်ပြောင်းဖြစ်အောင်ကြံစည်သူများ အကယ်ပင်ရှိခဲ့၍၊ မှန်ပြောင်းကို မည်သူမည်ဝါလုပ်နိုင်ပြီဟူသောသတင်းများလည်း ထွက်ပေါ်လာခဲ့၏။ သို့ရာတွင်မှန်ပြောင်း၏ အရေးပါအရာရောက်ပုံကို မှန်းဆသဘောပေါက်ရာမှအစ၊ မှန်ပြောင်းကို အကယ်ဖြစ်မြောက်အောင် စိတ်ရည်လက်ရည်ကြံဆောင်ကြိုးစားနိုင်ခဲ့သူမှာ ထိုစဉ်က ဣတာလျံလူမျိုး သင်္ချာပါမောက္ခကြီးဖြစ်သူ ဂယ်လီလေအိုဂယ်လီလေအီပင် ဖြစ်လေသည်။ ဂယ်လီလေအိုပဌမဦးစွာပြုလုပ်သော မှန်ပြောင်းတွင် ထိပ်ဝနှစ်ဘက်၌ မှန်ဘီလူးများတပ်ဆင်ထား၍၊ ထိုမှန်ပြောင်းဖြင့် အရာဝတ္ထုတစ်ခုကို သုံးဆမျှကြီးလာအောင် သာအကြီးချဲ့၍မြင်နိုင်သည်။ သို့ရာတွင် နောင်သော် အရာဝတ္ထုတခုကို အဆပေါင်း ၃ဝမျှကြီးအောင် ချဲ့နိုင်သောမှန်ပြောင်းကို ကြံစည်ပြုလုပ်နိုင်လာလေသည်။ (ဂယ်လီလေအို၊ အဝေးကြည့် မှန်ပြောင်း–ရှု။)

နေစကြာဝဠာသည် ကမ္ဘာမြေကြီးကို ဗဟိုထားသည်ဟူသောအယူအဆကို လူတို့ယုံကြည်နေကြစဉ်က၊ ထိုယူဆချက်မှာ လွဲမှားနေသည့်အတိုင်း၊နက္ခတ္တဗေဒအစစ်အမှန်သည် မပေါ်ပေါက်နိုင်ခဲ့ပေ။ ပိုးလူမျိုး ကော့ပါနီးကပ်ကမူ ဤသို့မယူဆဘဲ၊ နေသည်သာ နေစကြာဝဠာ၏ဗဟို

www.foreverspace.com.mm

ချက်ဖြစ်သည်ဟု ယူဆရာ၊ သူ၏အယူအဆကို လူတို့လက်ခံလာသည့်အချိန်ကအစပြု၍ နက္ခတ္တဗေဒအစစ်အမှန်သည် တဖြည်းဖြည်းထွန်းကားလာခဲ့ပေသည်။ (ကော့ပါးနီးကပ်အင်–ရှု။) နက္ခတ္တဗေဒ ခေတ်မီတိုးတက်လာရခြင်းမှာ အမှန်စင်စစ် ကော့ပါးနီးကပ်၏မှန်ကန်သော အယူအဆတစ်ခုတည်းကြောင့်သာမဟုတ်ပေ။ တစ်နေ့တစ်ခြားကောင်းမွန်လာသော မှန်ပြောင်းများနှင့် ဆာအိုက်ဇပ်ရှု့တန်တွေ့ရှိသော ကမ္ဘာ့ဆွဲအားနှင့်ပတ်သက်သည့် ဗဟုသုတများကြောင့် လည်းဖြစ်ပေသည်။(ရှု့တန်ဆာအိုက်ဇပ်။ ကမ္ဘာ့ဆွဲအား–ရှု။) ယခုခေတ်နက္ခတ္တဗေဒ၏ကျေးဇူးကြောင့် လွဲမှားလျက်ရှိသောရှေးခေတ်အယူအဆများကို ကျွန်ုပ်တို့သိမြင်လာရပြီ။ ကမ္ဘာမြေကြီးသည် နေစကြာဝဠာတွင်အပါအဝင်ဖြစ်သော ဂြိုဟ်တစ်လုံးမျှသာဖြစ်ကြောင်းကိုလည်း သဘောပေါက် နားလည်လာကြရပေပြီ။ နေစကြာဝဠာတွင် နေကိုဗဟိုပြု၍လှည့်ပတ်သွားနေသော ဂြိုဟ်များမှာ ယနေ့အထိသိရသလောက် ကျွန်ုပ်တို့ကမ္ဘာမြေကြီးပါ ဂြိုဟ်ပေါင်း ၉လုံးရှိ၏။ နေနှင့် အနီးဆုံးမှ အစဉ်အလိုက်ရေတွက်သော် ယင်းတို့မှာ မာကျူရီ (ဗုဒ္ဓဟူးဂြိုဟ်)၊ ဗီးနပ်(သောကြာဂြိုဟ်)၊ ကမ္ဘာ၊ မား (အင်္ဂါဂြိုဟ်)၊ ဂျူပီတာ(ကြာသပတေး ဂြိုဟ်)၊ ဆက်တန် (စနေဂြိုဟ်)၊ ယူရေးနပ်၊ နက်ပကျွန်း၊ ပလူတိုတို့ ဖြစ်ကြ၏။ နေမှထိုဂြိုဟ်တို့၏အကွာအဝေးမှာ မာကျူရီအတွက် မိုင်ပေါင်း ၃၆ သန်းမှ ပလူတိုအတွက် မိုင်ပေါင်း ၃၆၈၀ အထိရှိလေသည်။

ညဉ့်အခါ ကောင်းကင်သို့ မော့ကြည့်စဉ် မြင်ရသော ကြယ်များသည် ငြိမ်သက်စွာတည်နေကြသည်ဟု ကျွန်ုပ်တို့ ထင်ကောင်းထင်မိကြပေမည်။ ထိုသို့ထင်မိခြင်းမှာ ကြယ်တို့သည်တစ်နာရီလျှင်ပျမ်းမျှမိုင်ပေါင်း ၇၂၀၀၀ အမြန်နှုန်းနှင့်ရွှေ့ရှားနေသည်ကို ကျွန်ုပ်တို့မျက်စိနှင့် မတွေ့မြင်ရသောကြောင့်ဖြစ်သည်။ ကြယ်တို့သည် ကျွန်ုပ်တို့ကမ္ဘာမြေကြီးနှင့် အလွန်ဝေးကွာသောကြောင့် ထိုမျှလျှင်မြန်သော အသွားနှုန်းနှင့်ပြေးနေသော ကြယ်များကို ငြိမ်သက်နေသည်ဟုထင်မှတ်ရခြင်းဖြစ်သည်။ ကြယ်သည် အမြင်အားဖြင့် သေးငယ်သော်လည်း၊ အမှန်အားဖြင့် အဝေးရှိ နေတစ်စင်းပင်ဖြစ်သည်။ အာကာသလောကဌ ရှိသမျှကြယ်များအနက် ကြယ်တစ်လုံးမှာတစ်နာရီတွင် မိုင် ၄၃၀၀၀ နှုန်းဖြင့်၊ အခြားကြယ်များနှင့်စာလျှင် နှေးကွေးစွာရွှေ့လျှောက်ရှိသည်။ ထိုကြယ်နှင့် မိုင်ပေါင်း ၉၃သန်းဝေးသည့်နေရာ၌ ထိုကြယ်ထက်အဆပေါင်း သိန်းသန်းမကသေးငယ်၍၊ ကိုယ်ပိုင်အလင်းရောင်မရှိသော ဂြိုဟ်ကလေးတစ်လုံးသည် ထိုကြယ်မှအလင်းရောင်ကို မှီခိုရှိ၍ နေရပေသည်။ အဆိုပါကြယ်မှာအခြားမဟုတ်၊ ကျွန်တို့၏နေပင်ဖြစ်၍၊ ဂြိုဟ်ကလေးမှာ ကျွန်ုပ်တို့၏ကမ္ဘာမြေကြီးပင်ဖြစ်လေသည်။ ကိုယ်ပိုင်အလင်းရောင်မှာ ကြယ်များတွင်သာရှိ၍၊ ကျွန်ုပ်တို့ကမ္ဘာမြေကြီးကဲ့သို့သောဂြိုဟ်များနှင့်လကဲ့သို့သော အရံဂြိုဟ်များတွင်မရှိချေ။ လူတို့မှန်းဆနိုင်သည်ထက် ကျယ်ပြန့်လှသောအာကာသလောကကြီးကို ဆင်ခြင်ကြည့်လျှင်၊ သူ့ပြည်ငါ့ပြည်စသည်ဖြင့် လုယက်တိုက်ခိုက်၍ လူတို့သေဘောက်နေကြရသော ဤကမ္ဘာမြေကြီးသည် ပင်လယ်ကမ်းခြေရှိ သဲတစ်ပွင့်စာလောက်မျှပင် မရှိကြောင်းကိုတွေ့မိပေမည်။ ဤကမ္ဘာမြေကြီး၌ သုံးနေကျအတိုင်းအတာတို့ဖြင့် အာကာသလောကတွင်းရှိ အကွာအဝေးများကို မတိုင်းတာနိုင်ပေ။ ကမ္ဘာမြေကြီးပေါ်တွင် မိုင် ၁၀၀၀မှာ အလွန်ရှည်လျားနေပြီဖြစ်သော်လည်း၊ အာကာသလောကတွင်မူ မိုင်၁၀၀၀မှာ အလွန်ပင်တိုတောင်းလှသေး၏။ သို့အတွက် ကျွန်ုပ်တို့မှ ကြယ်တို့၏ အကွာအဝေးကိုတိုင်းတာလိုသော် တနှစ်အတွင်း ကြယ်၏အလင်းရွှေ့ရှားသောခရီးကို ဧကမူအဖြစ်ထား၍တိုင်းတာရ၏။ အလင်းရောင်ခြည်သည် ၁နှစ်အတွင်း မိုင်ပေါင်း ၅၈၇၀၀၀၀၀၀၀၀၀ (ကုဋေငါးသိန်းရှစ်သောင်းလေးထောင်)ပြေး၍၊ ထိုခရီးကို "အလင်းနှစ်"ဟုခေါ်ကာ ထိုအတိုင်းအတာဖြင့် ကြယ်တို့၏အကွာအဝေးကို အလင်းနှစ်ပေါင်းမည်မျှရှိသည်ဟု တိုင်းတာပြောဆိုရလေသည်။ (ကြယ်–ရှု။) ကျွန်ုပ်တို့သုံးသောအဝေးကြည့်မှန်ပြောင်းဖြင့်ကြည့်လျှင် နဂါးငွေ့လမ်းကြောင်း အနောက်ဘက်ရှိကြယ်များနှင့် ထိုကြယ်များအနောက်ဘက်ရှိကြယ်စုများကိုပါမြင်နိုင်သည်။ ထိုကြယ်တို့၏အလင်းရောင်သည် ကမ္ဘာမြေကြီးသို့ရောက်အောင် အနှစ်သန်းပေါင်းများစွာလာရသည်။ သို့အတွက် ထိုကြယ်တို့၏ အကွာအဝေးကို မိုင်နှင့်ဖော်ပြရန်မှာ မဖြစ်နိုင်သလောက်ရှိပေသည်။

အာကာသလောကတွင် ဟာကျူလီနက္ခတ်ခေါ်မြောက်ဘက်ကောင်းကင်၌တည်ရှိသော ကြယ်စုသည် အခြားကြယ်စုတို့ထက်တည်ရှိသော ကြယ်စုသည် အခြားကြယ်စုတို့ထက် ကြီးမားသော ကြယ်စုတစ်စုဖြစ်၍၊ ထိုကြယ်စုမှအလင်းရောင်သည် ကျွန်ုပ်တို့ထံသို့နှစ်ပေါင်း ၃၆၀၀ကြာအောင် လာရသည်။ အဓိပ္ပါယ်မှာ ဟာကျူလီနက္ခတ်စုကို ကျွန်ုပ်တို့ ယနေ့ကြည့်၍မြင်ရသောအလင်းရောင်သည် ကျွန်ုပ်တို့ထံသို့ နှစ်ပေါင်း ၃၆၀၀ ကစ၍ ထွက်လာခဲ့သည်ဟုဆိုလိုသည်။ ထိုကြယ်စုအစွန်းတစ်ဖက်ရှိကြယ်တစ်လုံးမှအလင်းရောင်သည် အခြားတစ်ဖက်စွန်းရှိ ကြယ်တစ်လုံးသို့ရောက်အောင် နှစ်ပေါင်း ၃၀၀ခန့်သွားရရာ၊ အလင်းရောင်သည် ၁စက္ကန့်တွင် မိုင်ပေါင်း ၁၈၆၀၀၀ မိုင်သွားနိုင်ပုံနှင့်စာလျှင် ထိုကြယ်စု မည်မျှကျယ်ပြန့် ကြီးမားသည်ကို ခန့်မှန်းနိုင်လောက်ပေသည်။

www.foreverspace.com.mm



ညဉ့်ဖက်တွင် တစ်ခါတစ်ရံ မြေသို့အရှိန်နှင့် ထိုးဆင်းလာသောကြယ်ပုံများကို မြင်ဖူးကြပေမည်။ ထိုကြယ်ပျံတို့သည် အမှန်စင်စစ် ကြယ်ပျံများမဟုတ်ကြ၊ ကြယ်မှပဲ့၍ကျသော အပိုင်းအစများ လေထုနှင့်ပွတ်တိုက်မိကာ အပူလွန်ကဲပြီး မီးလောင်ကျွမ်းသွားခြင်းဖြစ်ကြောင်း နက္ခတ္တဗေဒအရ သိရှိကြရပေပြီ။

အာကာသလောက၏ကျယ်ပြန့် ကြီးမားပုံ

တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆၀၀၀နှုန်း (အလင်း၏အသွားနှုန်း)နှင့် ပြေးသောလေယာဉ်ပျံဖြင့် ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးမှ ထွက်ခွာခဲ့သည်ဟုဆိုကြပါစို့။ ကျွန်ုပ်တို့နှင့်အဝေးဆုံးဖြစ်သောပလူတိုဂြိုဟ်သို့ရောက်ချိန် ၆ နာရီမျှ ကြာပေမည်။ သို့ရာတွင် ကျွန်ုပ်တို့နှင့် အနီးဆုံးဖြစ်သော အယ်လဖာဆင်တော်ရိုင်ကြယ်သို့မူကား လေးနှစ်တိုင်တိုင် ကြာအောင်ပင် သွားရပေလိမ့်မည်။ ထိုမျှ ကြီးမားသော အကွာအဝေးတို့ကိုထောက်ချင့်၍ ကျွန်ုပ်တို့၏ နေစကြာဝဠာသည် ကြယ်များရှိရာအရပ်နှင့် အလွန်အလွန် ဝေးကွာကြောင်းကို သဘောပေါက်နိုင်ပေသည်။

အာကာသလောကတွင်ရှိသော ကြယ်များကို ရေတွက်ရန်မှာ မဖြစ်နိုင်အောင် ခဲယဉ်း၏။ နက္ခတ်ဆရာကြီးများကမူ ကြယ်ပေါင်း သန်းပေါင်းသုံးထောင်ကျော်ရှိသည်ဟု ရေတွက်ခန့်မှန်းကြလေသည်။ ကျွန်ုပ်တို့ သာမန်မျက်စိနှင့် ကြည့်၍တွေ့ရသော ကြယ်တစ်လုံးသည် တစ်ခါတစ်ရံ နှစ်လုံးပြူးကြယ်ဖြစ်နေတတ်ပြီးလျှင်၊ အဆိုပါကြယ်နှစ်လုံးသည် ဗဟိုဟန်ချက်တစ်ခုတည်းကို လှည့်ပတ်၍ နေတတ်ကြသည်ကို တွေ့ရလေသည်။

ကြယ်နှင့် နေစကြာဝဠာအကြောင်းတို့တွင် စိတ်ဝင်စားသူတိုင်း တိမ်တောင်တိမ်တိုက်ကြီးများသဖွယ်တည်နေသော နက်ဗျူလာများ ကိုသိကြလေသည်။ နက်ဗျူလာတို့သည် တစ်ခုနှင့်တစ်ခုမတူဘဲ အရွယ်အားဖြင့်လည်းကောင်း၊ အသွင်အားဖြင့်လည်းကောင်း ခြားနားကြသည်။ များသော အားဖြင့် ဓာတ်ငွေ့လုံးကြီးများသာဖြစ်၍၊ ထိုဓာတ်ငွေ့များတွင် ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်ဓာတ်ငွေ့တို့ပါရှိပြီးလျှင်၊ ထိုနက်ဗျူလာတို့မှ ကြယ်များဖြစ်ပေါ်လာသည်ဟု နက္ခတ်ပညာရှင်ကြီးများက ယူဆယုံကြည်ကြလေသည်။ ကြယ်အများ ပါဝင်နေသော နက်ဗျူလာများလည်း ရှိလေသည်။ (နက်ဗျူလာ–ရှု။)

နေ၊ လ၊ ကြယ်၊ ဂြိုဟ်တို့အပြင် ကြယ်တံခွန်များလည်း ရှိသေးသည်။ (ကြယ်တံခွန်–ရှု။)ကြယ်တံခွန်ဆိုသည်မှာ

www.forearspace.com.mm

အမြီးတန့်ပါသောကြယ်မျိုးဖြစ်၏။ အချို့ကြယ်တံခွန်တို့သည် နေစကြာဝဠာသို့ အချိန်မှန် ရောက်လာတတ်၍၊ အချို့မှာမူ တစ်ကြိမ်တစ်ခါ လာရောက်ပြီးနောက်၊ နောက်ထပ်ပြန်မလာတော့ချေ။

ညဉ့်ဘက်တွင် တစ်ခါတစ်ရံ မြေသို့အရှိန်နှင့်ထိုးဆင်းလာသော ကြယ်ပျံများကိုလည်းမြင်ဖူးကြပေလိမ့်မည်။ ကြယ်ပျံတို့သည် အမှန်စင်စစ်ကြယ်များမဟုတ်ကြ။ ကြယ်များမှပဲ့၍ကျသော အပိုင်းအစများသာလျှင် ဖြစ်၏။ ထိုအပိုင်းအစတို့သည် ကြယ်များမှ ကမ္ဘာမြေကြီးရှိရာသို့ ကမ္ဘာ့ဆွဲအားကြောင့် အရှိန်ပြင်းစွာနှင့်ကျလာစဉ် လေထုနှင့် တွေ့ထိသောအခါ လေထုနှင့် ပွတ်တိုက်မှုကြောင့် အပူလွန်ကဲပြီးလျှင် မီးလောင်ကျွမ်းသွားခြင်းပင်ဖြစ်လေသည်။

နက္ခတ္တဗေဒသည် ယခုအခါ အလွန်ခေတ်စားသော ဘာသာတရပ် ဖြစ်လာပေပြီ။ ကျွန်ုပ်တို့ အသက်ထက်ဆုံးလိုက်စား၍ လမ်းဆုံးသို့ မရောက်နိုင်သော သိပ္ပံပညာတစ်ရပ်လည်းဖြစ်၏။ ခရစ်၁၈၄၄ခုတွင် ပြင်သစ်သဘာဝတ္ထုပညာရှင်ကြီး သြဂတ်(စ)ကွန့်က ကြယ်များနှင့်ပတ်သက်၍ လေ့လာဖို့မလိုတော့ပြီဟု ပြောဆိုခဲ့ဖူးသည်။ သို့ရာတွင် နောက်များ မကြာမီပင် စပက်ထရိစကုပ်ခေါ် ရောင်စဉ်ကြည့်ကိရိယာတမျိုးကို တီထွင်နိုင်လာ၍၊ ထိုမှန်ပြောင်းနှင့် ကြည့်သောအခါ လူတို့သိမြင်နိုင်စွမ်းမရှိဟု ကွန့်ယူဆခဲ့သည့် အရာများကိုပင် တိုးတက်၍ သိမြင်လာလေသည်။ စပက်ထရိစကုပ်မှာ ထရိုဂ်ပရစ်ဇမ်ပုံ ဖန်တုံး၏သဘောကို မှီး၍ ပြုလုပ်ထားသောရောင်စဉ်ကြည့်ကိရိယာဖြစ်သည်။ ထိုရောင်စဉ်ကြည့် ကရိယာဖြင့်၊ နက္ခတ်ပညာရှင်တို့သည် နေနှင့်ကြယ်တို့တွင်ရှိသော အရာဝတ္ထုများကို သိလာကြသည်။ နေတွင် ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်၊ ဟီလယမ်၊ ကြေးနီ၊ သံ၊ ခဲ၊ သံဖြူနစ်ကယ်၊ ကိုဗော့၊ ဆီလီကွန်စသော ကမ္ဘာမြေကြီးပေါ်ရှိ ဒြပ်စင်ပေါင်း ၆၀ ခန့်ရှိ၍၊ ထိုဒြပ်စင် ၆၀အပြင်၊ ကမ္ဘာမြေကြီးပေါ်တွင်မရှိသော အရာဝတ္ထုများပင် နေတွင်ရှိသေးသည်ကို တွေ့ရလေသည်။ ရောင်စဉ်ကြည့်ကိရိယာဖြင့် ကြယ်တို့၏တစ်ခုနှင့်တစ်ခုအကြောင်းပြုသော ရွှေရှားမှုများ၊ အထူးသဖြင့် ကမ္ဘာမြေကြီးဆီသို့ ရွှေ့လာစဉ်နှင့် ကမ္ဘာမြေကြီးမှခွာသွားစဉ်၌ဖြစ်သော ကြယ်တို့၏ တစ်ခုနှင့်တစ်ခုအကြောင်းပြု ရွှေရှားမှုများကိုလည်းကြည့်ရှုစစ်ဆေး နိုင်လေသည်။ (စပက်ထရိဂစကုပ်–ရှု။)

နေ၊ လ၊ ကြတ်၊ ဂြိုဟ်တို့၏လှုပ်ရှားမှုများသည် ကျွန်ုပ်တို့အပေါ်၌ တန်ခိုးသက်ရောက်နေကာ၊ ကျွန်ုပ်တို့၏ကံကြမ္မာကိုပြုပြင်လျက်ရှိသည်ဟု ဗေဒင်ဆရာများ ယုံကြည်ကြ၏။ ထိုယုံကြည်ချက်အတိုင်းဟုတ်ချင်မှဟုတ်ပေလိမ့်မည်။ သို့ရာတွင်နက္ခတ္တဗေဒသည် စိတ်ဝင်စားဖွယ်ကောင်းသော ပညာတစ်ရပ်ကိုဖြစ်၍၊ ထိုပညာမှရရှိသော သိမှုများကို အရေးပါအရာရောက်စွာ လက်တွေ့အသုံးချနိုင်ပုံကိုမူ ပုံမှားစရာမရှိပေ။ နက္ခတ္တဗေဒကို သိပ္ပံပညာရပ်တို့၏ မိခင်ဟုလည်းခေါ်ဆိုကြရာ၊ ဤသို့ခေါ်ဆိုခြင်းမှာ အခြားသောသိပ္ပံပညာရပ်တို့သည် ဤနက္ခတ္တဗေဒမှ ပေါက်ပွားလာခြင်းသာဖြစ်သည်ဟု ယူဆသောကြောင့် ဖြစ်လေသည်။ နက္ခတ္တဗေဒသည် တဖြည်းဖြည်းတိုး တက်လာသည်နှင့်အမျှ၊ မည်သည့်တွေ့မှုများကို ဖော်ထုတ်ဦးမည်ဟု ကျွန်ုပ်တို့မတွေးမဆနိုင်အောင်ပင်ဖြစ်၏။ သို့သော် ဓာတ်ပုံပညာ၊ မိုးလေဝသပညာစသောပညာရပ်များက နက္ခတ္တဗေဒကို အလွန်အမင်း အကူအညီပေးနေကြသဖြင့်၊ နက္ခတ္တဗေဒသည် ရှေ့တွင် တိုးတက်လာဖို့သာ ရှိပေသည်။ (ဓာတ်ပုံပညာ ၊မိုးလေဝသပညာ–ရှု။)

နက္ခတ် ၂၇လုံး ။ ။မြန်မာနက္ခတ်ကျမ်းများအရ ကောင်းကင်တွင် နက္ခတ် ၂၇လုံးရှိသည်။ မြတ်စွာဘုရားလက်ထက် မတိုင်မီက အဘိဓိဟူသော နက္ခတ်တစ်လုံးပါ နက္ခတ် ၂၈လုံးရှိခဲ့၍၊ နောင်တွင် အဘိဓိနက္ခတ်ပျောက်ကွယ်သဖြင့်၊ နက္ခတ် ၂၇ လုံးသာကျန်သည်။

နက္ခတ် ၂၇လုံးမှာ အဿဝဏီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟဏီ၊ မိဂသီ၊ အဒြ၊ ပုဏ္ဏ ဖုဿ၊ ဖုဿ၊ အသလိသ၊ မာဃ၊ ပြဿဘာရဂုဏ္ဏီ၊ ဥတ္တရာဘာရဏ္ဏီ၊ ဟဿဒ၊ စိတြ၊ သွာတိ၊ ဝိသာခါ၊ အနုရာဓ၊ ဇေဋ္ဌ၊ မူလ၊ ပြဿဘသဋ္ဌ၊ ဥတ္တရာသဋ္ဌသရဝဏ်၊ ဓနသိဋ္ဌ၊ သတ္တဘိသ္ဟ၊ ပြဿဘပုရဝိုက်၊ ဥတ္တရာ ပုရဝိုက်၊ ရေဝတီဟူ၍ ဖြစ်သည်။

ထိုနက္ခတ် ၂၇ လုံးနှင့် စပ်လျဉ်း၍၊ နက္ခတ်လုံးရေနှင့် ပုံပန်းသဏ္ဌာန်တို့မှာ တစ်ကျမ်းနှင့်တစ်ကျမ်း မတူညီသော်လည်း၊ အများအသိအမှတ်ပြုသောလုံးရေနှင့် ပုံပန်းသဏ္ဌာန်တို့ကို အောက်တွင် ဖော်ပြထားသည်။

အဿဝဏီနက္ခတ်မှာ မြင်းခေါင်းသဏ္ဌာန် ခြောက်လုံးရှိ၍၊ တူရာသီစန်းယှဉ်နက္ခတ်ဖြစ်သည်။ အသိမည်သော နတ်အစိုးရသည်။

ဘရဏီနက္ခတ်မှာ ခုံလောက်သဏ္ဌာန် ၃ လုံး၊ ဗီရဏီ နတ်သမီး၏ ဘုံဗိမာန်ဖြစ်သည် ဆိုသည်။ ထိုနက္ခတ်ကို ယမမင်း အစိုးရကြောင်းလည်း ဆိုသည်။

ကြတ္တိကာနက္ခတ်မှာ ကြယ်ငယ်စုသဏ္ဌာန် ၇ လုံးရှိသည်။ ဖျောက်ဆိပ်ကြယ်ဟုလည်းကောင်း၊ သူခိုးနက္ခတ်ဟူ၍လည်းကောင်းခေါ်သည်။ ယင်းနက္ခတ်ကို မီးနတ်မင်း အစိုးရကြောင်း ဆို၏။

ဤနက္ခတ်သုံးလုံးသည် ကျီးတာရာနှင့်ယှဉ်၍သွား၏။

ရောဟဏီနက္ခတ်မှာ ငါးကြင်းသဏ္ဌာန် ၁၀လုံးရှိသည်။ ထိုနက္ခတ်ကို ဗြဟ္မာနတ်အစိုးရကြောင်းဆိုသည်။

www.forewordspace.com.mm

မိဂသီနက္ခတ်မှာ လိပ်ခေါင်းသဏ္ဌာန် ၃ လုံးရှိသည်။ ထိုနက္ခတ်ကို သသီအမည်ရှိသောလနတ်သား စောင့်ကြောင်းဆိုသည်။

အဒြနက္ခတ်မှာ လိပ်လက်သဏ္ဌာန် ၁ လုံး ရှိသည်။ ထိုနက္ခတ်ကို ပရိမိသ္ဓာနတ်မင်းအစိုးရကြောင်းဆိုသည်။ အထက်ပါ နက္ခတ်သုံးလုံးကား ဟသ်ာတာရာနှင့် ယှဉ်၍သွား၏။

ပုဏ္ဏဖုဿုနက္ခတ်မှာ အဖန်တလဲလဲ မိုးကို ရွာစေတတ်သောကြောင့် ထိုသို့ခေါ်သည်။ လုံးရေ ၅ လုံးရှိ၍ ပုံသဏ္ဌာန်မှာ သဘော်ာသဏ္ဌာန်ဖြစ်၏။ ထိုနက္ခတ်ကို အဒိတိ နတ်သမီးအစိုးရကြောင့် ဆိုသည်။

ဖုဿနက္ခတ်မှာ ကျွေးမွေးခြင်း၊ ပွားများခြင်းအနက်ကို စွဲ၍၊ ဖုဿ၊ ဖုဿဟု ခေါ်ဆိုခြင်း ဖြစ်သည်။ နက္ခတ်လုံးရေ ၁၀ လုံး ရှိ၍၊ ၄က်ချေးခံသဏ္ဌာန်ကို ဖြစ်၏။ ထိုနက္ခတ်ကို ဇီဝဂြိုဟ်နတ်မင်း အစိုးရကြောင်း ဆိုသည်။

အသလိသ နက္ခတ်မှာ ခက်ရင်းသဏ္ဌာန် ၄ လုံးရှိ၏။ ထိုနက္ခတ်ကို ဖဏိမည်သော မြွေနတ်မင်းအစိုးရကြောင်း ဆိုသည်။

ဤနက္ခတ်သုံးလုံးကား ပုစွန်တာရာနှင့်ယှဉ်၍ သွား၏။

မာဃနက္ခတ်မှာ သံကောက်သဏ္ဌာန် ၄ လုံးရှိသည်။ ထိုနက္ခတ်ကို ပိတရာနတ်မင်း အစိုးရကြောင်း ဆိုသည်။

ပြဿာဘရဏီနက္ခတ်မှာ ဥတ္တရာဘရဏီနက္ခတ်နှင့် ပေါင်း၍၊ ညောင်စောင်းသဏ္ဌာန် ၄လုံးရှိသည်။ ထိုနက္ခတ်ကို ယောနိနတ်အစိုးရကြောင်း ဆိုသည်။ ဥတ္တရာ ဘရဏီနက္ခတ်မှာ ပြဿာဘရဏီနက္ခတ်နှင့် ပေါင်း၍၊ ညောင်စောင်းသဏ္ဌာန် ၄ လုံးရှိကြောင်း ဆိုသည်။ ထိုနက္ခတ်ကို အယမနတ် အစိုးရကြောင်းလည် ဆိုသည်။

ဤနက္ခတ် သုံးလုံးကား ချိန်တာရာနှင့်ယှဉ်၍သွား၏။ ဟဿဒ နက္ခတ် မှာလက်ဝါးနှင့်တူ၍ခေါ်ခြင်းဖြစ်သည်။ လက်ငါးချောင်း သဏ္ဌာန် ၅ လုံးရှိကြောင်း ဆိုသည်။ ထိုနက္ခတ်ကို နေနတ်မင်း အစိုးရကြောင်းလည်း ဆိုသည်။

စိတြနက္ခတ်မှာ ပုလဲသဏ္ဌာန် ၁လုံးရှိသည်။ ထိုနက္ခတ်ကို တဗ္ဗနတ် အစိုးရသည်ဟု ဆိုသည်။

သွာတိ နက္ခတ်မှာ ကသစ်ပွင့် သဏ္ဌာန် ၂လုံးရှိသည်။ ထိုနက္ခတ်ကို ပဝနမည်သော လေနတ်မင်းအစိုးရသည်ဟု ဆိုသည်။

ယင်းနက္ခတ်သုံးလုံးကား ဆံကျင်တာရာနှင့်ယှဉ်၍ သွား၏။

ဝိသာခါ နက္ခတ်မှာ ပတ်ဆိုင်းဝိုင်းသဏ္ဌာန် ၁၄ လုံးရှိသည်။ ထိုနက္ခတ်ကို သက္ကာနီမည်သောသိကြားမိဖုရား သုဇိတာ အစိုးရကြောင်း ဆိုသည်။

အနုရာဓနက္ခတ်မှာ နဂါးလည်ဆစ်သဏ္ဌာန် ၁၅ လုံးရှိသည်။ ထိုနက္ခတ်ကို မိတ္တမည်သော နတ်အစိုးရကြောင်း ဆိုသည်။

ဇေ္ဌနက္ခတ်မှာ နဂါးချက်မဟု ခေါ်၍၊ ၅ လုံးရှိ၏။ ထိုနက္ခတ်ကို သိကြားမင်း အစိုးရကြောင်း ဆိုသည်။

ဤနက္ခတ်သုံးလုံးကား တံငါတာရာနှင့်ယှဉ်၍သွား၏။

မူလနက္ခတ်မှာ ၄ လုံး ရှိ၍၊ နဂါးအမြီးဟု ခေါ်သည်။ ထိုနက္ခတ်ကို နိရတိ ရက္ခိုသ် အစိုးရကြောင်း ဆိုသည်။

ပြုဇ္ဇာသင်္ဋနက္ခတ်မှာ ဥတ္တရာသင်္ဋ နက္ခတ်နှင့် ပေါင်း၍၊ ဆင်မလှမ်းဟန် ၄ လုံးရှိကြောင်း ဆိုသည်။ ထိုနက္ခတ်ကို တောယရေနတ် အစိုးရကြောင်းလည်း ဆိုသည်။

ဥတ္တရာသင်္ဋ နက္ခတ်မှာ ပြုဇ္ဇာသင်္ဋနက္ခတ်နှင့် ပေါင်း၍၊ ဆင်မလှမ်းဟန် ၄ လုံး ရှိကြောင်း ဆိုသည်။ ထိုနက္ခတ်ကို အသိဒေဝနတ် အစိုးရကြောင်းလည်းဆိုသည်။

ဤနက္ခတ်သုံးလုံးကား ဆင်တာရာနှင့် ယှဉ်၍ သွား၏။

သရဝဏ်နက္ခတ်မှာ မြားသဏ္ဌာန် (၀ါ) မောင်ရင်ဆိုင်းထမ်း သဏ္ဌာန် သုံးလုံးတန်းလျက်ရှိသည်။ ထိုနက္ခတ်ကို ဟရိမည်သော ပိဿနိုးနတ်မင်း အစိုးရကြောင်း ဆိုသည်။

ဓနသိဋ္ဌနက္ခတ်မှာ အင်ကြင်းသီးသဏ္ဌာန် ၄ လုံးရှိသည်။ ထိုနက္ခတ်ကို ဝသုနတ်မင်းအစိုးရကြောင်းဆိုသည်။

သတ္တဘိသျှနက္ခတ်မှာ ဆုံကြီးသဏ္ဌာန် ၆ လုံး ရှိသည်။ ထိုနက္ခတ်ကို ဝရုဏနတ်မင်း အစိုးရကြောင်း ဆိုသည်။

ယင်းနက္ခတ်သုံးလုံးကား မြင်းတာရာနှင့် ယှဉ်၍သွားလေသည်။

ပြုဇ္ဇပုရပိုက်နက္ခတ်မှာ နွားခြေနွားလက်နှင့်တူ၍ ခေါ်ဆိုခြင်းဖြစ်သည်။ ဥတ္တရာ ပုရပိုက်နက္ခတ်နှင့် ပေါင်း၍၊ အင်းပျဉ်သဏ္ဌာန် ၄ လုံးရှိသည်ဟုဆိုသည်။ ထိုနက္ခတ်ကို အဇေဒေဝနတ်မင်း အစိုးရကြောင်းလည်း ဆိုသည်။

ဥတ္တရာပုရပိုက်နက္ခတ်မှာ ပြုဇ္ဇာပုရပိုက်နက္ခတ်နှင့် ပေါင်း၍၊ အင်းပျဉ်သဏ္ဌာန် ၄လုံးရှိကြောင်းဆိုသည်။ ထိုနက္ခတ်ကို အဟိပြနနတ်မင်း သို့မဟုတ်၊ အဟိဗုဓနတ်မင်း အစိုးကြောင်းလည်း ဆိုသည်။

ရေဝတီနက္ခတ်မှာ မြှိုးသဏ္ဌာန် ၉ လုံးရှိကြောင်း ဆိုသည်။ ထိုနက္ခတ်မှာ အဿဝဏ်ဗိမှစ၍ရေသော် ၂၇ လုံးမြောက် နောက်ဆုံးနက္ခတ်ဖြစ်သည်။ ထိုနက္ခတ်ကို ပုမာနတ်အစိုးရကြောင်းဆိုသည်။

ဤနက္ခတ်သုံးလုံးကား ဗျိုင်းတာရာနှင့်ယှဉ်၍သွား၏။

နက္ခတ် ၂၇လုံးတို့သည် ရာသီစက်လှည့်၍၊ အစဉ်အတိုင်း တစ်ရာသီမှ တစ်ရာသီသို့ ကူးဝင်ကြရာ၊ တစ်ရာသီလျှင် ၂လုံး တစ်ပါဒ်အားဖြင့်၊ ၁၂ ရာသီတွင် နက္ခတ်စက်တစ်ပတ်လည်မိ၍၊ တစ်နှစ်ဟု ခေါ်သည်။ ၁၂ ရာသီ စန်းယှဉ်နက္ခတ်များမှာ ရာသီအလိုက် ၁၂ လုံးရှိသည်။

www.forumspace.com.mm

နက္ခတ်မျှော်စင်။ ။နက္ခတ်မျှော်စင်ဆိုသည်မှာ နေ၊ လ၊ နက္ခတ်စီစသော ကောင်းကင်ဗိမာန်များကို မြေပြင်မှ မျှော်ကြည့်၍ လေ့လာရာအဆောက်အအုံကို ဆိုလိုပေသည်။ ရှေးအခါကပင်လူတို့သည် ကောင်းကင်ဗိမာန်များကို လေ့လာခဲ့ကြသည်။ အဝေးကြည့်မှန်ပြောင်းများမပေါ်မီ၊ ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်လောက်က၊ အီဂျစ် ဘုန်းတော်ကြီးများသည် ကောင်းကင်၌ ကြယ်များထွက်လာပုံကို မိမိတို့၏ ကျောင်းဆောင်များပေါ်မှနေ၍၊ ကြည့်ရှုလေ့လာခဲ့ကြသည်။ ခရစ်နှစ်၈၂၀ပြည့်တွင် ဘဂ္ဂဒက်မြို့မှ ကေးလစ်ဘုရင်သည် နက္ခတ်မျှော်စင်တစ်ခုကို ဆောက်လုပ်ခဲ့သည်။ ခရစ်နှစ် ၁၂၁၆ခုလောက်တွင် တရုတ်နိုင်ငံ ပီကင်းမြို့၌လည်း ကူဗလိုင်ခန်ဘုရင်သည် နက္ခတ်မျှော်စင်တစ်ခုကို ဆောက်လုပ်ခဲ့သည်။ ထိုပြင် ခရစ်နှစ် ၁၆၇၆ ခုနှစ်လောက်တွင် တီကိုဗရားဟေးဆိုသူ ဒိန်းလူမျိုး နက္ခတ္တဗေဒပညာရှင်တစ်ဦးသည်လည်း နက္ခတ်မျှော်စင်တစ်ခုကို ဆောက်လုပ်ခဲ့သေးသည်။ ထိုနက္ခတ်မျှော်စင်မှာ ယခုအခါ မရှိတော့ပြီ။ သို့သော် ထိုနက္ခတ်မျှော်စင်၏ ရုပ်ပုံများကို ကြည့်ခြင်းအားဖြင့် ထိုနက္ခတ်မျှော်စင်သည် အထူးပင် ခမ်းနားကြီးကျယ်ခဲ့ကြောင်း ထင်ရှားပေသည်။ (ဗရာဟေးတီ–ရှု။)

ယခုခေတ်တွင် ကမ္ဘာ့အနှံ့အပြား၌ နက္ခတ်မျှော်စင်အများအပြားကို တွေ့မြင်နိုင်ကြပေပြီ။ နက္ခတ်မျှော်စင်တို့၏ထိပ်တွင် အမိုးခုံးကြီးများပါရှိရာ၊ ယင်းတို့ကို မြင်ရုံဖြင့် နက္ခတ်မျှော်စင်မှန်း အလွယ်တကူသိရှိနိုင်ကြသည်။ ထိုအမိုးခုံးကြီးသည်လည်နိုင်၍၊ ယင်းအောက်တွင် အဝေးကြည့်မှန်ပြောင်းတပ်ဆင်ထားသည်။ ထိုအမိုးခုံးကြီး၏ အနီးအနားတွင် သီးသန့်အဆောက်အအုံကလေးများ ရှိသည်။ နေကို ကြည့်ရှုရန်အတွက် သံမဏိဖြင့်ဆောက်လုပ်သော မျှော်စင်လည်းရှိသည်။ ထိုပြင် ရှုပဗေဒဓာတ်ခွဲခန်းများ၊ ဓာတ်ပုံကူးမှောင်ခန်းများ၊ မှန်ဘီလူးစသော တန်ဆာပလာများထားရာ အခန်းများပါရှိသော ဗဟိုရုံး အဆောက်အအုံကြီးတစ်ခုလည်း ရှိသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ခန့်ကစ၍၊ နက္ခတ်မျှော်စင်များ၌ ဓာတ်ပုံရိုက်နည်းကို တိုးတက်၍အသုံးပြုလာခဲ့ကြသည်။ ဓာတ်ပုံရိုက်နည်းများကို အသုံးများလာသော အခါ၊ နက္ခတ်မျှော်စင်များကို မြို့နှင့်ဝေးသောနေရာများတွင် ဆောက်လုပ်ကြရသည်။ အဘယ်ကြောင့်ဆိုသော် မြို့မှမီးရောင်များသည် ဓာတ်ပုံရိုက်ရာ၌ အနှောင့်အယှက်ပြုတတ်သောကြောင့်ဖြစ်သည်။ အထူးအားဖြင့် နက္ခတ်မျှော်စင်များကို ခြောက်သွေ့သောဒေသများရှိ မြင့်မားသောတောင်ပေါ်တွင် ဆောက်လုပ်တတ်ကြသည်။ တောင်



အင်္ဂလန်ပြည် လန်ဒန်မြို့တော် ဂရင်းနစ်ရပ်ရှိ နက္ခတ္တဗေဒ ဇယားများ ပြုလုပ်သည့် ဂရင်းနစ်မျှော်စင်

www.foreyarspace.com.mm

ပေါ်ဦ့ မလေထုသည် ပင်လယ်ပြင်နှင့် တစ်ပြေးညီညာရှိ သေးငယ်နေရာများမှာထက် ပို၍တိမ်ကင်းစင်ပြီးလျှင် ကြည်လင်သောကြောင့်ဖြစ်သည်။ ယခုအခါကမ္ဘာပေါ်တွင် နက္ခတ်မျှော်စင်ပေါင်း ၃၀၀ ခန့်ရှိရာ၊ ယင်းတို့ကို ဥရောပတိုက်နှင့်အမေရိကတိုက်တို့တွင် အများဆုံးတွေ့ရသည်။ အမေရိကတိုက်နှင့်ဥရောပတိုက်တို့ရှိ နက္ခတ်မျှော်စင်ကြီးများမှခွဲ၍၊ အာဖရိကတိုက်တောင်ပိုင်းတွင် သီးသန့်နက္ခတ်မျှော်စင်များကို ဆောက်လုပ်ထားကြသည်။ ဤသို့ ဆောက်လုပ်ကြခြင်းမှာ အာဖရိကတိုက် တောင်ပိုင်းရှိ ကောင်းကင်မှာ ပို၍စိတ်ဝင်စားစရာကောင်းပြီးလျှင်၊ ထိုနေရာ၌ မြောက်ဖက် လတ္တီတွဒ်များမှာ မမြင်နိုင်သော ကောင်းကင်မျိုးကို မြင်နိုင်သောကြောင့် ဖြစ်ပေသည်။

ယခုခေတ်နက္ခတ်မျှော်စင်များတွင် အသုံးပြုသောအဓိကကိရိယာမှာ အဝေးကြည့်မှန်ပြောင်းပင်ဖြစ်သည်။ အဝေးကြည့်မှန်ပြောင်းဖြင့် တောက်ပလျက်ရှိသောကြယ်များ၏ တည်နေရာကို ရှာကြည့်နိုင်သည်။ အချို့သောနက္ခတ်မျှော်စင်တို့တွင် အလွန်တရာမှေးမှိန်သော ကြယ်များကို လေ့လာနိုင်သည့် အဝေးကြည့်မှန်ပြောင်းကောင်းများရှိသည်။ ထိုမျှော်စင်တို့ရှိ အဝေးကြည့်မှန်ပြောင်းများမှာ အထူးပင်ကြီးမားကြသည်။ (အဝေးကြည့်မှန်ပြောင်း–ရှု။)

အမေရိကန် ပြည်ထောင်စုနိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၊ ဝီလဆန်တောင်ထိပ်ပေါ်ရှိ နက္ခတ်မျှော်စင်ကို ၁၉၁၉ ခုနှစ်တွင် ဆောက်လုပ်သည်။ ထိုအချိန်အခါက ထိုနက္ခတ်မျှော်စင်ရှိ အဝေးကြည့်မှန်ပြောင်းသည် ကမ္ဘာပေါ်တွင်အကြီးဆုံးဖြစ်သည်။ ထိုအဝေးကြည့်မှန်ပြောင်းတွင် တပ်ဆင်ထားသော ကြည့်မှန်ခွက်မှာ အချင်းလက်မ ၁၀၀ရှိသည်။ ထို အဝေးကြည့်မှန်ပြောင်းထက်ကြီးသော အဝေးကြည့်မှန်ပြောင်းကို ယခုအခါ ကာလီဖိုးနီးယားပြည်နယ် မောင့်ပလိုမာရှိ နက္ခတ်မျှော်စင်၌ တွေ့ရသည်။ ထိုအဝေးကြည့် မှန်ပြောင်း၌ တပ်ထားသောကြည့်မှန်ခွက်၏ အချင်းလက်မ ၂၀၀ ရှိသည်။ မှန်ဘီလူးတပ်ထားသော အကြီးဆုံးအဝေးကြည့်မှန်ပြောင်းသည် ရှီကားဂိုး တက္ကသိုလ်ရှိ ယာကစ်မျှော်စင်မှ အဝေးကြည့် မှန်ပြောင်းဖြစ်သည်။ ထိုမှန်ဘီလူး၏ အချင်းမှာ လက်မ ၄၀ ရှိသည်။

ကိရိယာ တန်ဆာပလာ အပြည့်အစုံပါရှိသော နက္ခတ်မျှော်စင်တစ်ခု ဆောက်လုပ်ရန်မှာ ငွေကြေးအမြောက်အမြား ကုန်ကျပေမည်။ များသောအားဖြင့် နက္ခတ်မျှော်စင်ကို အစိုးရတို့က ဆောက်လုပ်တတ်ကြသည်။ နက္ခတ်ပညာရှင်များသည် ညဉ့်လူများဖြစ်ကြ၍၊ အခြားသူများ အိပ်ချိန်၌သာလျှင်အလုပ်လုပ်ကြသည်။ ထိုသူတို့သည် ညဉ့်အချိန်၌ အမိုးခုံးကိုဖွင့်ဟ၍၊ ကြည့်လိုသော ကြယ်များရှိရာသို့



ဂရင်းနစ်မျှော်စင်မှ တယ်လီစကုပ်ဖြင့် မှေးမှိန်သော ကြယ်များကို လေ့လာနိုင်သည်။

အဝေးကြည့်မှန်ပြောင်းကို ချိန်ယူကြသည်။ ထိုကြယ်များ မှလာသော အလင်းရောင်သည် အဝေးကြည့်မှန်ပြောင်းရှိ ကြည့်မှန် သို့မဟုတ် မှန်ဘီလူး ပေါ်သို့ကျရောက်သည်။ ကြယ်ရှုလိုသူသည် အနေမှန်ညီထားသောခုံပေါ်မှအဝေးကြည့်မှန်ပြောင်းရှိ ဓာတ်ပုံရိုက်မှန်ပြားကိုဖြစ်စေ၊ ကြည့်မှန်ဘီလူးကို ဖြစ်စေကြည့်ရသည်။ အဝေးကြည့်မှန်ပြောင်းကိုလည်းကောင်း၊ ထိုင်ခုံကိုလည်းကောင်း ရွှေ့ပေးရာ၌၊ လျှပ်စစ်ဂမိုတာများကို အသုံးပြုသည်။ အရောင်မှိန်သော ကြယ်များကို ဓာတ်ပုံရိုက်ကူးရာ၌ နာရီပေါင်းများစွာ အလင်းပေး၍ရိုက်ကူးရသည်။ အလင်းရောင်ပေးနေချိန်၌ ကြယ်များ၏ တည်နေရာများမှာ တဖြည်းဖြည်း ပြောင်းလဲနေကြသဖြင့် ထိုကြယ်များနှင့်အတူ အလိုအလျောက် လိုက်ပြောင်းစေရန် အဝေးကြည့် မှန်ပြောင်းကို အထူးစီစဉ်ပေးရသည်။

ရှေးကျသည့်အချို့သော နက္ခတ်မျှော်စင်များသည် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ထားသောမျှော်စင်များ ဖြစ်ကြသည်။ ပုံပမာ၊ ဒုတိယချားဘုရင်ဆောက်လုပ်ခဲ့သောအင်္ဂလန်ပြည်ရှိ ဂရင်းနစ်

www.foreverplace.com.mm

နက္ခတ်မျှော်စင်ဇယားများကို ပြုလုပ်သည်။ ထိုနက္ခတ္တဗေဒ ဇယားတို့ဖြင့် ဗြိတိသျှရေကြောင်းဌာနသည် ပင်လယ်တွင်း၌ သင်္ဘောများမည့်သည့်နေရာ၌ ရောက်ရှိနေသည်ကို အတိအကျပြောနိုင်သည်။ အထူးအားဖြင့် ယခုခေတ် နက္ခတ်မျှော်စင်များသည် သိပ္ပံပညာရှင်များအဖို့ ရုပ်နိယာမများကို သုတေသန ပြုရာဌာနများပင်ဖြစ်သည်။ အချို့သော သိပ္ပံပညာရှင်များသည် ကြယ်များ၏ လေထုထဲတွင် အလွန်ပူပြင်းသော အပူချိန်မျိုး၌၊ အက်တမ်အမျိုးမျိုးတို့ မည်သို့ပြုမူကြပုံကို လေ့လာကြသည်။ အချို့သောသိပ္ပံပညာရှင်များသည် ကြယ်များမှ ရောင်ခြည်ဖြာထွက်အောင် မည်သည့်စွမ်းအင်က ပြုလုပ်သည်ကို လေ့လာကြသည်။

ယခုအခါ သာမန်မျက်စိနှင့်မမြင်နိုင်သော ကြယ်များကို ဓာတ်ပုံရိုက်ယူခြင်းဖြင့်မြင်နိုင်ကြပေပြီ။ ဓာတ်ပုံရိုက်ကူးထားသော ကြယ်များကို မှတ်တမ်းတင်ထားကြသည်။ ဓာတ်ပုံရိုက်ကူးခြင်းဖြင့် ကမ္ဘာမှကြယ်များ၏ အကွာအဝေးကိုလည်း တိုင်းတာနိုင်ကြပေပြီ။ ပုံပမာ ကြယ်တစ်လုံးကို တစ်ချိန်၌ ဓာတ်ပုံရိုက်ကူးထား၏။ နောက်လအနည်းငယ်ကြာသောအခါ ထိုကြယ်ကိုပင် တစ်ဖန်ဓာတ်ပုံ ရိုက်ယူပြန်သည်။ အခြားတစ်နည်းမှာ ကြယ်တစ်လုံးတည်းကို ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ရှိ ၂ နေရာမှ တစ်ပြိုက်နက် ဓာတ်ပုံရိုက်ယူသော နည်းဖြစ်သည်။ ဤနည်းတို့ဖြင့် ကြယ်များ၏အကွာအဝေးကို တိုင်းတာ ယူနိုင်ကြသည်။

သိပ္ပံပညာရှင်တို့သည် စပက်ထရိစကုပ်ခေါ် ကိရိယာဖြင့်လည်း ကြယ်များမှလာသော အလင်းရောင်ကို စူးစမ်းလေ့လာကြသည်။ ဤသို့လေ့လာရာ၌ ကြယ်တို့တွင် ဖွဲ့စည်းပါရှိသော ပစ္စည်းများကိုလည်းကောင်း၊ ကြယ်တို့သည် ကမ္ဘာမှဖဲကြဉ်သွားကြသလော၊ သို့မဟုတ် ကမ္ဘာသို့ချဉ်းကပ်လာကြသလောဟူသော သို့မဟုတ် ကမ္ဘာသို့ချဉ်းကပ်လာကြသလောဟူသည်ကိုလည်းကောင်း၊ ကြယ်တို့၏ အမြန်နှုန်းကိုလည်းကောင်း၊ အပူချိန်ကိုလည်းကောင်းသိရှိကြသည်။ (စပက်ထရိစကုပ်–ရှု။)

ပြင်သစ်နိုင်ငံရှိ နက္ခတ်မျှော်စင်သည် အလင်းရောင်၏ အမြန်နှုန်းကို ပဌမဆုံးအကြိမ် တိုင်းတာ နိုင်ခဲ့ခြင်းကြောင့် ကျော်စောထင်ရှားသည်။ ရုရှနိုင်ငံ လီနင်ဂရက် မြို့အနီး ပါလကိုဗိုရှိ နက္ခတ်မျှော်စင်သည်လည်းကောင်း၊ ဂျာမနီနိုင်ငံရှိ ပို့စဒမ်နက္ခတ်မျှော်စင်နှင့် နျူဗဗယ်စဗတ် နက္ခတ်မျှော်စင်တို့သည်လည်းကောင်း နာမည်ကျော်ကြားကြပေသည်။ ထိုနက္ခတ်မျှော်စင်တို့အပြင် အခြားကျော်ကြားသော နက္ခတ်မျှော်စင် အများအပြား ရှိသေးသည်။ (ကြယ်။ နက္ခတ္တဗေဒ၊ နက္ခတ်–ရှု။)

နက်ရေက်မြို့။ ။တိုင်းပြည်ကို ကြီးစိုးရန်အတွက်၊ ယဟူဒီလူမျိုးနှင့်အာရပ်လူမျိုးတို့ လုယက်တိုက်ခိုက်ကြခြင်းကြောင့် အသက်ပေါင်းများစွာဆုံးကြရခြင်း ခရစ်တော်မွေးဖွားရာ၊ ခရစ်ယာန်အယူဝါဒစတင်ထွန်းကားရာအရပ်ဖြစ်ခြင်းတို့ကြောင့် ကမ္ဘာတွင်ထင်ရှားကျော်စောသည့် ပယ်လက်စတိုင်းပြည်တွင် တည်ရှိသောနက်ဇရက်မြို့သည် တောတောင်မြေပြင်၊ ပန်းဥယျာဉ်အများဖြင့် ခမ်းနားသာယာသောမြို့တစ်မြို့ဖြစ်လေသည်။ ထိုမြို့သည် မြေထဲပင်လယ်နှင့် ဂယလီလီအိုင်ကြီးတို့၏အလယ်၊ တောင်ကုန်းအစွန်အဖျားတွင်တည်ရှိ၍၊ ခရစ်တော်ငယ်စဉ်က နေထိုင်ခဲ့ရာဒေသဖြစ်သည့်အလျောက် ကမ္ဘာအရပ်ရပ်မှ ခရစ်ယာန်များလာရောက် ကြည့်ရှုအလေးပြုရာဌာနဖြစ်လေသည်။ ထိုမြို့၏တောင်ဘက် ၆၅မိုင်ကွာတွင် ဂျေရူးဆလမ်းမြို့ရှိလေသည်။ ရာဇဝင်ကြောင်းအားဖြင့်ကြည့်လျှင် ကရူးဆိတ်စစ်ပွဲများဖြစ်ပွားလျက်ရှိသည့် ခရစ်ဘဝဝပြည့်တွင် ထိုမြို့ကို ခရစ်ယာန်များကသိမ်းပိုက်ခဲ့၍ ၁၁၈၇ခုတွင် တူရကီပြည်ရှင်ဘုရင်ဆဲလဒင်က တိုက်ခိုက်ရယူပြန်ရာ ၁၂၂၉ခုသို့ရောက်သောအခါ ရောမသာသနာစောင့်ဇရာဇ်ဒုတိယ ဖရက်ဒရစ်က ပြန်လည်သိမ်းယူပြန်လေသည်။

ထိုမြို့သည် ပဌမကမ္ဘာစစ်ကြီးအတွင်းက တူရကီဂျာမန်မဟာမိတ်တို့၏ စစ်ဌာနချုပ် စခန်းတစ်ခု ဖြစ်ခဲ့ဖူးသည်။ ၁၉၁၈ခုတွင် ဗြိတိသျှတပ်များက တိုက်ခိုက်သိမ်းပိုက်ခဲ့၏။ လူဦးရေ ၂၀၀၀၀ ခန့်ရှိ၍၊ ယနေ့တိုင် ခရစ်ယာန်တို့၏ အထွတ် အမြတ်ထားရာ မြို့ဖြစ်လေသည်။

နက်ပကျွန်နီယမ်။ ။များစွာမကြာသေးသောကာလတွင် ဓာတုဗေဒပညာရှင်တို့သည် ဒြဗ်စင်နှင့်စပ်လျဉ်း၍ ကမ္ဘာပေါ်ရှိပစ္စည်းအားလုံးတို့သည် ဒြဗ်စင်များဖြင့် ဖွဲ့စည်းထားကြောင်းနှင့် ထိုဒြဗ်စင်များကို မင်ဒလေးယက်၏အလှည့်မှန်ဇယား၌ပါဝင်သောအကွက်၉၂ကွက်တွင် နေရာတကျ ထည့်သွင်းနိုင်မည်ဟုလည်းကောင်းယုံ ကြည်ခဲ့ကြသည်။ ထိုစဉ်က ဒြဗ်စင်တို့၏အိုင်ဆိုတုပ်များ ကိုတွေ့ရှိလာကြပြီ ဖြစ်သော်လည်း၊ ထိုအိုင်ဆိုတုပ်များသည် မူလဒြဗ်စင်၏ အက်တမ်အမှတ်နှင့် တူညီနေသည့်ပြင် ဓာတ်တို့၏ဂုဏ်မှာလည်း အတူတူပင်ဖြစ်နေသောကြောင့် ဒြဗ်စင်ဟူသည်မှာ ကမ္ဘာပေါ်တွင် စုစုပေါင်း၉၂ခုသာရှိသည်ဟု ပင်ယူဆခဲ့ကြ၏။ (အိုင်အိုတုပ်– ရှု။)

သို့သော် နောင်းကာလတို့၌ အတွေ့အကြုံအသစ်တို့ကို တွေ့ကြုံလာကြရသည်။ သိပ္ပံပညာရှင်တို့သည် ဒြဗ်စင်များကို နျူထရွန်ဖြင့်ဖောက်ခွဲလာနိုင်ကြသည်။ ထိုအခါ နျူးကလီးယပ်ခွဲနည်းဖြင့် ယူရေးနီးယမ်း ၂၃၅ ကို ကွဲထွက်စေနိုင်ကြောင်းကိုတွေ့လာရသည့်ပြင်၊ သာမန်ယူရေးနီးယမ်း (ဒြဗ်

www.forevermyspace.com.mm

စင်(၉၂)နှင့် ယူရေးနီးယမ်း ၂၃၈ကို နျူထရွန်သွင်းယူခြင်းဖြင့်၊ ယူရေးနီးယမ်း ၂၃၉ကို ပေါ်ပေါက်လာအောင်ပြုနိုင်ကြောင်း တွေ့ရှိလာကြပြန်သည်။

ထိုယူရေးနီးယမ်း ၂၃၉ ၌ ရေဒီယမ်သတ္တိရှိသည်။ ထိုကြောင့် ယူရေးနီးယမ် ၂၃၉သည် မူလအတိုင်းမတည်မြဲဘဲ နက်ပကျွန်နီယမ်သို့ပြောင်းတတ်ကြောင်းနှင့်၊ နက်ပကျွန်နီယမ်ဘဝမှတစ်ဖန် ပလူတိုနီယမ်ဘဝသို့ ပြောင်းတတ်သည်ကိုလည်း တွေ့ရှိလာကြသည်။ ထိုသည်မှစ၍ နက်ပကျွန်နီယမ်ကို ဒြဗိစင်(၉၃)ဟု အမှတ်သညာပြု၍ ပလူတိုနီယမ်ကိုမူ ဒြဗိစင်(၉၄)ဟု အမှတ်သညာပြုကြသည်။ ဤဒြဗိစင်နှစ်ခုသည် မူလက မင်ဒလေးယက်၏ အလှည့်မှန်ဇယားတွင်မပါဝင်ခဲ့သော်လည်း၊ ယခုအခါယင်းတို့ကို အဆိုပါအမှတ်စဉ်အတိုင်း အလှည့်မှန်ဇယားတွင် သွတ်သွင်းထားလျက်ရှိချေပြီ။ (ဒြဗိစင်သစ်များ။)

နက်ပကျွန်းဂြိုဟ်။ ။နက်ပကျွန်းဂြိုဟ်သည် နေစကြဝဠာ၌ပါဝင်သော ဂြိုဟ်တစ်လုံးဖြစ်၍၊ နေနှင့် ဒုတိယအဝေးဆုံးဂြိုဟ်ဖြစ်၏။ နေမှထိုဂြိုဟ်၏အကွာအဝေးသည် နေမှကမ္ဘာ၏အကွာအဝေးထက် အဆပေါင်းသုံးဆယ် မျှရှိသည်။ ထိုဂြိုဟ်ကို သာမန်မျက်စိနှင့် ကြည့်၍မမြင်နိုင်ချေ။ အလွန်အားကောင်းသော အဝေးကြည့်မှန်ပြောင်းဖြင့်ကြည့်သည့်တိုင်အောင် ထိုဂြိုဟ်၏မျက်နှာပြင် မည်သို့ဖြစ်နေသည်ကိုမသိရပေ။ နေမှထိုဂြိုဟ်ရရှိသောအလင်းရောင်သည် နေမှ ကျွန်ပ်တို့ကမ္ဘာမြေရရှိသော အလင်းရောင်၏ ၁/၉၀၀မျှသာလျှင် ရှိသည်။ ထိုဂြိုဟ်၏အချင်းမှာမိုင် ပေါင်း ၃၁၀၀၀ ခန့်ရှိ၍၊ ကမ္ဘာထက် ၄ဆနီးပါးကြီးသည်။ ၁၆၅ နှစ်ကြာအောင်လှည့်ပြီးမှ နေကိုတစ်ပတ်ပတ်မိ၏။ ထိုဂြိုဟ်၌ အရံဂြိုဟ်ဖြစ်သောလတစ်စင်းရှိ၍၊ ထိုလရွှေသွားပုံမှာ ကျွန်ပ်တို့လရွှေသွားပုံနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

နက်ပကျွန်းဂြိုဟ်ကို ၁၈၄၆ခုတွင် စတင်တွေ့ရှိသည်။ ထိုဂြိုဟ်တွေ့ရှိမည်ကို အင်္ဂလိပ် လူမျိုး ဂျေ၊ စီ၊ အက်ဒမ်နှင့် ပြင်သစ်လူမျိုး ယူ၊ ဂျေ၊ ဂျေ၊ လာဗေရယေးဆိုသူနက္ခတ်ဆရာနှစ်ဦးက ယူရေးနပ်ဂြိုဟ် လမ်းလွဲသွားနေပုံကို စုံစမ်းရာမှ တင်ကြို၍ ပြောဟောနိုင်ခဲ့ကြလေသည်။

နက်ဗျူလာ။ ။တိမ်စင်သောညဉ့်တွင် ကောင်းကင်အနှံ့အပြားဌ် မှုန်မွှားမွှားအဖြူကွက်များစွာကို မြင်ကြရပေမည်။ ထိုအဖြူကွက်တို့သည် ဝင်းလဲ့လဲ့ရှိသော မြူများဆိုင်းနေသကဲ့သို့ ရှိကြသည်။ ထို အဖြူကွက်တို့ကား အခြားမဟုတ်၊ နက်ဗျူလာများပင်ဖြစ်ကြသည်။ နက်ဗျူလာဟူသောစကားသည် လက်တင်စကားဖြစ်၍ တိမ်ငယ်သို့မဟုတ် မြူပါးဟူ၍၊ အဓိပ္ပါယ်ပေါက်သည်။

နက်ဗျူလာတွင် မည်သည့်အရာများပါဝင်ဖွဲ့စည်းနေကြောင်းကို ယခုတိုင် တိကျစွာမသိရသေးပေ။ နက်ဗျူလာတို့ကို နှစ်မျိုးခွဲခြားသတ်မှတ်ထားသည်။ ပဌမအမျိုးသည် နဂါးငွေ့လမ်းကြောင်းတွင်တည်ရှိသည့် နက်ဗျူလာများဖြစ်၍၊ဒုတိယအမျိုးသည် နဂါးငွေ့လမ်းကြောင်းပြင်ပတွင် တည်ရှိသည့်နက်ဗျူလာများ ဖြစ်သည်။ ပဌမအမျိုးဖြစ်သော နဂါးငွေ့လမ်းကြောင်းအတွင်းရှိနက်ဗျူလာတို့ကို တစ်ဖန် အရောင်မဲ့နက်ဗျူလာနှင့် အရောင်တောက်နက်ဗျူလာဟူ၍၊ နှစ်စားခွဲခြားသတ်မှတ်ထားပြန်၏။

အရောင်တောက် နက်ဗျူလာတို့သည် နဂါးငွေ့လမ်းကြောင်းအတွင်းဌ်တည်ရှိ၍၊ ဓာတ်ငွေ့ကဲ့သို့ဒြဗိနှင့် မြူမှုန်တို့ဖြင့်ဖွဲ့စည်းသော တိမ်စိုက်တိမ်ခဲများဖြစ်သည်။ အရောင်တောက်နက်ဗျူလာတို့၏ ပုံသဏ္ဌာန်သည် တစ်သမတ်တည်းမရှိဘဲ၊ ပြောင်းလဲ၍ နေတတ်သည့်အပြင်၊ ကိုယ်ပိုင်အလင်းရောင်လည်းမရှိကြပေ။ အနီးရှိကြယ်များမှ ရောင်ပြန်ဟပ်မှုကြောင့်သာ လင်းနိုင်ကြ၏။ အိုရီယန် နက္ခတ်ရှိ နက်ဗျူလာသည် သာမန်မျက်စိဖြင့် မြင်နိုင်သော နဂါးငွေ့လမ်းအတွင်းရှိ အရောင်တောက်နက်ဗျူလာဖြစ်သည်။ အရောင်မဲ့နက်ဗျူလာသည်လည်း အရောင်တောက် နက်ဗျူလာကဲ့သို့ပင် နဂါးငွေ့လမ်းကြောင်းအတွင်းဌ်ရှိ၍၊ မြူမှုန်များဖြင့် ဖွဲ့စည်းသည့် အလွန်ကြီးမား ကျယ်ပြန့်သော တိမ်စိုင် တိမ်ခဲများပင် ဖြစ်သည်။ ထိုနက်ဗျူလာတို့သည် နဂါးငွေ့လမ်းကြောင်းအတွင်းရှိ ကြယ်များကို ဖုံးကွယ်၍ ထားတတ်ကြသည်။

နဂါးငွေ့လမ်းကြောင်း ပြင်ပရှိနက်ဗျူလာတို့တွင်၊ နေစကြဝဠာမှာကဲ့သို့ပင် ကြယ်သန်းပေါင်းမြောက်မြားစွာ ပါဝင်လေသည်။ သို့ရာတွင် နဂါးငွေ့လမ်းကြောင်းအတွင်းရှိ နက်ဗျူလာတို့ထက် ကျွန်ပ်တို့ကမ္ဘာမှ ဝေးကွာကြသောကြောင့်၊ ထိုကြယ်တို့ကို ကျွန်ပ်တို့မမြင်ရခြင်းဖြစ်၏။ ထိုနက်ဗျူလာများကို မြူထုသို့မဟုတ် တိမ်စိုင်တစ်ခုခုဆိုင်း၍ နေသကဲ့သို့ တွေ့ရတတ်၏။ ထိုနက်ဗျူလာတို့၏ ပုံသဏ္ဌာန်မှာ နဂါးငွေ့လမ်းကြောင်းအတွင်းရှိ နက်ဗျူလာတို့၏ပုံသဏ္ဌာန်ထက် မှန်ကန်စွာရှိတတ်သည်။ အင်ဒရိမီဒါ နက္ခတ်ရှိ နက်ဗျူလာသည် နဂါးငွေ့လမ်းကြောင်း ပြင်ပရှိ သာမန်မျက်စိဖြင့် မြင်နိုင်သော နက်ဗျူလာ ဖြစ်သည်။

နက်ဗျူလာတို့သည် နဂါးငွေ့လမ်းကြောင်းအနီးမှအပ၊ အာကာသတွင် နေရာအနှံ့အပြားဌ်တည်ရှိကြသည်။ ထိုနက်ဗျူလာတို့သည် အခြားအခြားသောစကြဝဠာများတွင် လှည့်ပတ်နေကြသောကြောင့် 'စကြဝဠာကျွန်းများ' ဟုပင် အချို့ကမှည့်ခေါ်ကြလေသည်။ နက်ဗျူလာတစ်ခုသည် မည်မျှကြီးမားသနည်းဟူမူ၊ တစ်စက္ကန့်လျှင် မိုင်းပေါင်း ၁၈၆၀၀၀ နှုန်းဖြင့်သွားသော အလင်းသည် တစ်ဖက်အစွန်း

www.foreverspace.com.mm



နဂါးငွေ့လမ်းကြောင်း ပြင်ပရှိ သာမန်မျက်စိဖြင့် မြင်သာသည့် အင်ဒရိမီဒါ နက္ခတ်ရှိ နက်ဗျူလာ

မှ အခြားတစ်ဖက်စွန်းသို့ ရောက်ရှိရန်၊ နှစ်ပေါင်း ၃၀၀၀၀ မျှ ကြာသည်ဟုဆိုသည်။ နက်ဗျူလာများနှင့် စပ်လျဉ်း၍ ဆန်းကျယ်စွာသိရှိရသည်မှာ ထိုနက်ဗျူလာတို့သည် ကျွန်ုပ်တို့၏ကမ္ဘာကြီးမှ ဖဲကာ ဝေးနိုင်သမျှဝေးရာသို့ ရွှေ့ရှားနေကြဟန် ရှိခြင်းဖြစ်သည်။

နက်ဗျူလာသန်းပေါင်းများစွာရှိသည့်အနက်၊ ဒိန်းလူမျိုးနက္ခတ်ပညာရှင် ယုဟန်လုသဗီဒရိုင်ယာ (ဂျွန်လူဝီ ဒရိုင်ယာ) ဆိုသူမှတ်တမ်းတင်ထားခဲ့သော နက်ဗျူလာ ဦးရေမှာ ၁၃၀၀၀ ခန့်ရှိလေသည်။

နိုက်တင်ဂေးဖလော်ရင့် (ခရစ် ၁၈၂၀–၁၉၁၀)။ ။ ဖလော်ရင့်နိုက်တင်ဂေးသည် ခေတ်မီသောသူနာပြုနည်းတို့ကို စတင်တီထွင်အသုံးပြု၍၊ ကရိုင်းမီးယားစစ်အတွင်း၌ စစ်မြေပြင်သူနာပြုလုပ်ငန်းတွင် အာဇာနည်မိန်းမထူးမိန်းမမြတ်ဖြစ်သည်ဟု အသိအမှတ်ပြုခြင်းခံရသော အင်္ဂလိပ်အမျိုးသမီး သူနာပြုဆရာမဖြစ်လေသည်။

နိုက်တင်ဂေးသည် ၁၈၂၀ ပြည့်နှစ်မေလ ၁၂ ရက်နေ့တွင် ဣတလီပြည် ဖလော်ရင့်မြို့၌ မွေးဖွားခဲ့၏။ သို့ရာတွင် မိဘများလုပ်ငန်းရှိရာ အင်္ဂလန်ပြည်၊ ဒါဗီရှိုင်ယာနယ်၌ ကြီးပြင်းလာခဲ့လေသည်။ မိဘများသည် မြေပိုင်ရှင်သူဌေးကြီးများဖြစ်သည့်ပြင်၊ မင်းစိုးရာဇာအစရှိသော အထက်တန်းစားလောကတွင် ဝင်ဆံ့၍ထင်ရှားသူများဖြစ်၏။

သို့ရာတွင် ဖလော်ရင့်နိုင်တင်ဂေးသည် လူကုံထံတို့၏ စည်းစိမ်၌ သာယာစိတ်မရှိဘဲ၊ လွန်စွာမွန်မြတ်လှသော ဇီဝိတဒါနလုပ်ငန်းဖြစ်သည့် သူနာပြုလုပ်ငန်းတွင်သာ စူးစူးစိုက်စိုက် ဝါသနာပါလေသည်။ ကလေးဘဝကပင် ခြေကျိုးသွားသော ခွေးကလေးတစ်ကောင်ကို အရိုးဆက်ပေးခြင်း၊ ကျပ်စည်းပေးခြင်းပြုလုပ်ခဲ့၏။ ရွာတွင်းရှိ ဆင်းရဲနွမ်းပါးသော သူအိုသူနာများအား အိမ်တိုင်ရာရောက် ဆေးပေးမီးယူပြုလုပ်ပေးခဲ့၏။ လူမမာများနှင့် သင့်တော်မည့်အစားအစာကိုလည်း ရံဖန်ရံခါသွားရောက်ပေးကမ်းတတ်သေးသည်။ ထိုအပြုအမူများအတွက် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအသင်းတို့ကကဲ့ရဲ့ကြသည်။ သို့သော် ဖလော်ရင့်နိုင်တင်ဂေးသည် မိမိဝါသနာပါရင်းဖြစ်သော သူနာပြုလုပ်ငန်းကိုသာ လွတ်လပ်စွာလုပ်ကိုင်လိုသည့် ဆန္ဒပြင်းထန်လာလေသည်။ ထိုအခါ သမီးဖြစ်သူ၏စိတ်အလိုကိုသိ

www.forewarspace.com.mm

ကြသောဒိဘာများသည် ထိုသူနာပြုလုပ်ငန်းကို မလုပ်စေလိုလို၊ ဖလော်ရင့်နိုင်တင်ဂေးအား စိတ်ပြောင်းမှ ပြောင်းစေတော့ဟူသောသဘောဖြင့် ၁၈၄၉ ခုနှစ်ဆောင်းရာသီတွင် အီဂျစ်ပြည်သို့ သူ၏ မိတ်ဆွေများနှင့်အတူ အလည်အပတ်ထည့်လိုက်လေသည်။ အီဂျစ်ပြည်သို့ အသွားတွင် ပြင်သစ်နိုင်ငံ ပါရီမြို့တော်ကို ဖြတ်၍ သွားကြရာ၊ လမ်းခရီးတွင် စိန်ဗင်းဆင့်သီလရှင်နှစ်ပါးနှင့် တွေ့ဆုံသဖြင့် ထိုသီလရှင်နှစ်ပါးက ဖလော်ရင့် နိုက်တင်ဂေးတို့လူစုအား အီဂျစ်ပြည်ရှိ သူတို့၏သီလရှင်များအဖွဲ့နှင့် မိတ်ဆက်စာများကို ပေးအပ်လိုက်ကြလေသည်။ ဖလော်ရင့်နိုက်တင်ဂေးသည် အယ်လက်ဇန္ဒြီးယားမြို့တော်သို့ရောက်သောအခါ၊ သီလရှင်ကျောင်းများနှင့် ဆေးရုံများသို့ သွားရောက် ကြည့်ရှုလေသည်။ ထိုသို့ ကြည့်ရှုခဲ့ရာမှ ဆေးရုံသူနာပြုလုပ်ငန်းနှင့် ဆေးရုံစောင့်ရှောက်ရေးလုပ်ငန်းများ၏ အရေးပါအရာရောက်ပုံကို ပို၍ပင်သိရှိခဲ့ရလေသည်။ ထိုမှတစ်ဆင့် ဂျာမနီနိုင်ငံရှိသူနာပြုအတတ်သင် ကျောင်းသို့သွားရောက်ကြည့်ရှုပြန်၏။ နောက်နှစ်တွင် တစ်ဖန်ထိုကျောင်းသို့ပင် ပြန်၍ သွားပြီလျှင် သူနာပြုအတတ်ကို လေးလမျှစနစ်တကျ သင်ယူပြီးနောက် အင်္ဂလန်ပြည်သို့ ပြန်ခဲ့လေသည်။

မူလကပင်သူနာပြုလုပ်ငန်းကို ဝါသနာပါရင်းစွဲရှိသည်တွင် အခြားနိုင်ငံများ၌ သူနာပြုလုပ်ငန်းအဝဝတို့ကို မြင်တွေ့ဆည်းပူးလာခဲ့ရသော ဖလော်ရင့်နိုက်တင်ဂေးသည် အင်္ဂလန်ပြည်သို့ ပြန်လည်ရောက်ရှိသောအခါ၊ သူနာပြုလုပ်ငန်းကို ရှေးကထက်တိုး၍ စိတ်အားထက်သန်စွာ လေ့လာသင်ကြားလေတော့သည်။ လန်ဒန်နှင့် အက်ဒင်ဗာရာမြို့ဆေးရုံများတွင် သူနာပြုအတတ်ကို ထပ်မံလေ့လာသင်ကြားပြီးနောက် ၁၈၅၃ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရစ်မြို့တော်သို့သွားရောက်ပြီးလျှင် သူနာပြုအဖွဲ့များ ဖွဲ့စည်းတည်ထောင်ရေးအတတ်များကို စုံစုံလင်လင်သင်ကြားပြန်သည်။ ထိုမှတစ်ဖန် အင်္ဂလန်ပြည်သို့ပြန်လည်ဆိုက်ရောက်သောအခါ လန်ဒန်မြို့ချန်ဒိုလမ်းရှိ မိန်းမဆေးရုံတွင် ဆေးရုံအုပ်အလုပ်ကို လုပ်ကိုင်ခဲ့လေသည်။ များမကြာမီပင် ဖလော်ရင့်နိုက်တင်ဂေးသည် ထိုဆေးရုံကို ချန်ဒိုလမ်းမှ ဟာလေလမ်းသို့ပြောင်းရွှေ့၍ ဆက်လက် အလုပ်လုပ်ပြန်၏။ ထိုအချိန်၌ ဖလော်ရင့်နိုက်တင်ဂေးသည် အသက်၃၃ နှစ်အရွယ်ရှိပြီဖြစ်လေသည်။ ဟာလေလမ်း မိန်းမဆေးရုံတွင်လုပ်ကိုင်၍ တစ်နှစ်အကြာတွင် ဥရောပတိုက်၌ ကရိုင်းမီးယန်းစစ်ပွဲဖြစ်ပွားလေသည်။ အဆိုပါ စစ်ပွဲတွင် ရှုရှကို တိုက်ခိုက်လျက်ရှိသော တူရကီတို့အားကူညီရန် အင်္ဂလန်ပြည်မှစစ်တပ်များကို စေလွှတ်လျက်ရှိ၏။ စစ်မြေပြင်၌ တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားလျက်ရှိရာ အင်္ဂလိပ်စစ်သားများသည် အတုံးအရုံး သေဆုံးကြရလေသည်။ ဒဏ်ရာရရှိသောစစ်သားများသည်လည်း ဆေးဝါးအကူအညီလုံလောက်အောင် မရကြသောကြောင့် မသေသင့်ဘဲသေဆုံးကြရ၏။ အချို့မှာ သာမန်အဖျားရောဂါနှင့်ပင် ပြုစုစောင့်ရှောက်မည့်သူမရှိ၍ သေဆုံးကြရ၏။ စကူးတရာရီမြို့ရှိ ဗြိတိသျှစစ်ဆေးရုံ၏အခြေအနေမှာလည်း ပစ်စလက်ခတ်ဖြစ်နေလေသည်။ များမကြာမီ ထိုသတင်းဆိုးများသည် အင်္ဂလန်ပြည်သို့ တစ်မှုဟုတ်ချင်းပျံ့နှံ့လာလေသည်။ ထိုအခိုက်တွင် မိတ်ဆွေရင်းချာဖြစ်သောစစ်ရေးစစ်ရာအတွင်းဝန်တစ်ဦးသည် ဖလော်ရင့်နိုက်တင်ဂေးထံသို့ စကူးတာရီဆေးရုံအုပ်ရာထူးဖြင့် ကရိုင်းမီးယားသို့သွားရောက်ပါမည့်အကြောင်း၊ တိုက်တွန်းစာတစ်စောင် ပေးပို့လိုက်လေသည်။ ဖလော်ရင့် နိုက်တင်ဂေးလည်း မိမိကိုယ်တိုင်ကသွားရန် စိတ်ညွှတ်နေသည့်အလျောက် ပေးအပ်လာသောတာဝန်ကို ဝမ်းသာစွာလက်ခံလိုက်လေသည်။ ထိုနောက် လိုအပ်သောပစ္စည်းအသုံးအဆောင်များကို ယူဆောင်ကာ၊ ဇွဲကောင်း၍အရည်အချင်းနှင့် ပြည့်စုံသည်ဟု ယုံကြည်ရသော အခြားသူနာပြုဆရာမကလေး ၃၇ဦးနှင့်အတူ ကွန်စတန်တီနိုပယ်မြို့သို့ သင်္ဘောနှင့် ထွက်ခွာလာခဲ့လေသည်။

ဖလော်ရင့်နိုက်တင်ဂေးသည် ကွန်စတန်တီနိုပယ်မြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်တစ်ခုဖြစ်သော စကူးတာရီမြို့သို့ (ယခုအုစကူဒါ) ၁၈၅၄ခု နိုဝင်ဘာလ ၄ ရက်နေ့တွင် ရောက်ရှိလေသည်။ ထိုမြို့သို့ ရောက်သွားသည့်အချိန်မှာ ဗယ်လကလားတိုက်ပွဲပြီးစအချိန်နှင့် တိုက်ဆိုင်နေသဖြင့်

နိုက်တင်ဂေးသည် ကရုဏာရှေ့ထား၍ ညဉ့်နက်သန်ကောင်တိုင် လူနာတို့အား လှည့်လည်စစ်ဆေး ပြုစုလေ့ရှိသည်။

www.foreverspace.com.mm

စစ်သားလှေနာများသည် စကူးတာရီဆေးရုံသို့ အဆက်မပြတ်ရောက်ရှိလာ ကြ၏။ ဖလော်ရင့်နိုက်တင်ဂေးသည် စကူးတာရီဆေးရုံသို့ရောက်လျှင်ရောက်ချင်းပင်၊ ညစ်ပတ်ပေ ရေလျက် လေကောင်းလေသန့်မဝင်၊ ဖြစ်ချင်တိုင်းဖြစ်နေသောဆေးရုံကြီးကို စနစ်ကျ၍သန့်ရှင်းစင်ကြယ်သောဆေးရုံကြီးအဖြစ်သို့ လျင်မြန်စွာပြုပြင်ပြောင်းလဲလိုက်လေသည်။ ဖလော်ရင့် နိုက်တင်ဂေးမရောက်မီက ထိုဆေးရုံတွင် လူနာ၁၀၀လျှင် ၄၂ယောက်မျှ သေဆုံးလျက်ရှိရာ၊ သူရောက်ပြီးနောက် စနစ်တကျပြုပြင်လိုက်၍ မကြာမီပင် ၂ ရာခိုင်နှုန်းသို့ လျှော့ကျသွားခဲ့လေသည်။

ဖလော်ရင့်နိုက်တင်ဂေးသည် အလုပ်၏ဖိစီးမှုကြောင့် တစ်ခါတစ်ရံ မိမိကိုယ်တိုင်မကျန်မမာဖြစ်သော်လည်း၊ အနားယူရန်စိတ်ကူးမျှပင် မထည့်ဘဲ၊ စွဲမြဲသောဇွဲ၊ ခိုင်မာသောစိတ်ဓာတ်၊ သနားကြင်နာခြင်း ရေးရှုသောကရုဏာဖြင့် အလုပ်ကို မလစ်ဟင်းရအောင်လုပ်ကိုင်ခဲ့သည်။ ညစဉ်ညတိုင်း လူနာများထားရှိရာ အခန်းများသို့ တစ်ခန်းပြီးတစ်ခန်း မီးအိမ်တစ်လုံးနှင့် ညဉ့်နက်သန်းခေါင်၌ပင် လှည့်လည်ကြည့်ရှု စစ်ဆေးလေ့ရှိသည်။ ဤအလုပ်ကား ဖလော်ရင့်နိုက်တင်ဂေး၏ နေ့စဉ်ပြုလုပ်နေကျ နိစ္စပတ်ဝတ်တစ်ခုပင် ဖြစ်လေတော့သည်။

၁၈၅၆ ခုနှစ် ဧပြီလတွင် စစ်ပွဲပြီးဆုံးသောအခါ၊ ဖလော်ရင့်နိုက်တင်ဂေးအား အင်္ဂလန်ပြည်သို့ပြန်လည်ခေါ်ဆောင်ခဲ့ရန်၊ ဗြိတိသျှအစိုးရက အထူးသင်္ဘောတစ်စင်းကိုစေလွှတ်ခဲ့၏။ သို့ရာတွင် ထင်ပေါ်မှုကိုမနှစ်သက်သော ဖလော်ရင့်နိုက်တင်ဂေးသည် ထိုသင်္ဘောနှင့်မလိုက်လိုသဖြင့် ပြင်သစ်သင်္ဘောတစ်စင်းနှင့် မိမိ၏နေအိမ်သို့ အရောက်ပြန်ခဲ့လေသည်။ အင်္ဂလန်ပြည်သို့ ပြန်ရောက်ပြီးနောက် စက်တင်ဘာလလောက်တွင် ဖလော်ရင့် နိုက်တင်ဂေးသည် ဝိတိုရိယဘုရင်မကြီးထံ ဝင်ရောက်ခစားပြီးလျှင် စစ်ဆေးရုံများတွင် လောလောဆယ်ပြုပြင်ရန် လိုအပ်သည်တို့ကို ရှင်းပြလျှောက်ထားလေသည်။ ဝိတိုရိယဘုရင်မကြီးကလည်း ဖလော်ရင့်နိုက်တင်ဂေးအား လုပသော တံဆိပ်တစ်ခုနှင့် ချီးကျူးစာတစ်စောင်ကို ဂုဏ်ပြုအပ်နှင်းလိုက်လေသည်။ စစ်အတွင်း ကူညီထမ်းဆောင်ခဲ့သည်တို့ကို အသိအမှတ်ကျေးဇူးပြုသောအားဖြင့် တိုင်းပြည်ကသူ့အား ရွှေဒင်္ဂါးပေါင်ပေါင်း ၅ သောင်းမျှချီးမြှင့်ခဲ့၏။ သို့ရာတွင် ဖလော်ရင့်နိုင်တင်ဂေးသည်ထိုငွေများကို ကိုယ်ကျိုးအတွက်အသုံးမပြုဘဲ "နိုက်တင်ဂေး" ဟူသော သူ၏အမည်နှင့် သူနာပြုဌာနတစ်ခုကို ဖွင့်လှစ် တည်ဆောက်ခဲ့လေသည်။

ဖလော်ရင့်နိုက်တင်ဂေးသည် အင်္ဂလန်ပြည်သို့ ပြန်ရောက်ကတည်းက ကျန်းမာသည်ဟူ၍မရှိလှဘဲ၊ အိပ်ရာထဲတွင် အချိန်ကုန်ရသည်သာများခဲ့သည်။ ထိုသို့ ကျန်းမာရေးချို့တဲ့မှုကြောင့် ရှေးကကဲ့သို့အလုပ်များကို စိတ်ရှိသလောက်မလုပ်နိုင်သော်လည်း၊ သူနာပြုအတတ်နှင့် ဆေးရုံအုပ်ချုပ်မှု အတတ်ဆိုင်ရာစာအုပ်စာတမ်းများကို ရေးသားခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် စပ်လျဉ်း၍ အစိုးရအား အဖိုးတန်သည့် အကြံဉာဏ်များ ပေးခြင်းစသော အလုပ်များကိုမူကား သေသည်အထိဆောင်ရွက် ပေးခဲ့လေသည်။ ဖလော်ရင့်နိုက်တင်ဂေးသည် အသက်ငါးဆယ်ကျော်ရောပိုင်းသို့ ရောက်သောအခါ၊ ဂရိပညာရှင်ကြီးပလေးတို့၏ဩဝါဒနှင့်ခရစ်ယာန်တရားများကို သေချာစွာ လေ့လာလေသည်။ တစ်ဖက်မှလည်း သူနာပြုအဖွဲ့ အသီးသီးနှင့်စာဖြင့် အဆက်အသွယ်ပြုလုပ်သေး၏။ လူမမာတစ်ယောက်အဖြစ်ဖြင့် အိပ်ရာထဲ၌ လဲနေစဉ်မှာပင်၊ သူနှင့်တွေ့ဆုံရန်လာရောက်ကြသော နာမည်ကျော်ပုဂ္ဂိုလ်ကြီးများနှင့် မိတ်ဆွေများကို ရံဖန်ရံခါ လက်ခံစကားပြောလေ့ရှိ၏။ တစ်ခါတစ်ရံ နံနက်စောစောပန်းခြံထဲ၌ မော်တော်ကားစီးရန် သွားသည်မှတစ်ပါး အပြင်သို့ ထွက်သည့်အခါဟူ၍ မရှိလှပေ။ ၁၉၀၇ ခုနှစ်တွင် ဖလော်ရင့် နိုက်တင်ဂေးသည် 'အော်ဒါအော့မဲရစ်'ခေါ် ဘွဲ့ထူးဖြင့် ချီးမြှင့်ခြင်း ခံရ၏။ ထိုဘွဲ့ထူးမှာ အလွန်ထူးမြတ်လှသော ဘွဲ့ထူးဖြစ်၍၊ ယခင်က မည်သည့်မိန်းမသားမျှ ထိုဘွဲ့ကိုမရရှိခဲ့ဖူးပေ။ ထိုအချိန်၌ကား ဖလော်ရင့်နိုက်တင်ဂေး၏ အသက်မှာ ၈၇ နှစ်ရှိ၍ မျက်စိမှိုင်းနားထိုင်းလျက် တစ်ခါတစ်ရံ သတိပင်လစ်၍နေလေပြီ။ အထက်ပါ ဘွဲ့ထူးကို ရရှိပြီးနောက် သုံးနှစ်အကြာ ၁၉၁၀ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် ပြည်သူ့အကျိုးကို သယ်ပိုးခဲ့သော ဖလော်ရင့် နိုက်တင်ဂေးသည် ကွယ်လွန်လေသည်။

နိုက်တင်ဂေးဌက်။ ။နိုက်တင်ဂေးဌက်သည် အသံသာယာသောဌက်ဖြစ်သည်။ ထိုဌက်၏ ပါဏာဗေဒအမည်မှာ 'လူဆင်နီယာ မက်ဂါရင်ချာ'ဖြစ်၏။ အင်္ဂလိပ်စာပေတွင် နိုက်တင်ဂေးဌက်၏ ချိုတေးသံကိုအကြောင်းပြု၍စပ်ဆိုသော ကဗျာလင်္ကာများစွာရှိသည်။ နိုက်တင်းဂေးဌက်သည် ညဉ့်အခါတွင် သာယာစွာဆိုမြည်လေ့ရှိသည်။ မိတ်လိုက်ချိန်တွင်လည်းကောင်း၊ အသိုက်ပြုလုပ်ချိန်တွင်လည်းကောင်း နေ့ရောညဉ့်ပါ ထိုဌက်၏သာယာကြည်အေးသောတေးသံကို ကြားရတတ်ပေသည်။

နိုက်တင်ဂေးဌက်သည် အလျား ၆ လက်မခန့်သာရှိသည်။ အမွေးအရောင်မှာ အညိုရောင်ဖျော့ဖျော့ဖြစ်သည်။ အနားကပ်မခံသော ဌက်ဖြစ်သည်။ ချုံပင်နှင့် သစ်ပင်နိမ့်များ၌သာ ကျက်စားတတ်သည်။

အသိုက်ကို မြက်ရိုများ၊ သစ်ရွက်ခြောက်များဖြင့်

www.foreverspace.com.mm

ညဉ့်အခါ သာယာစွာ ဆိုမြည်လေ့ရှိသည့် နိုက်တင်ဂေးဌက်

လျှာ့ရဲရဲပြုလုပ်၍၊ ချိုဖုတ်တွင် ကျစ်လစ်စွာဝှက်ထားတတ်သည်။ ဥအရောင်မှာ ညိုသည်။

နိုက်တင်ဂေးဌက်ကို ဥရောပတိုက်တစ်ခွင်တွင် အမြောက်အမြားတွေ့ရသည်။ အထူးသဖြင့် ပြင်သစ်နိုင်ငံ တောင်ပိုင်း၊ စပိန်နိုင်ငံ၊ ပေါ်တူဂယ်နိုင်ငံနှင့် အင်္ဂလန်ပြည် အချို့ဒေသတွင် အများအပြားတွေ့ရသည်။ ဥရောတိုက် အရှေ့ပိုင်းနှင့် ပါရှားနိုင်ငံတွင်လည်း နိုက်တင်ဂေးဌက်များ ရှိသည်။ မြန်မာနိုင်ငံတွင်ကား ဤငှက်မျိုးမရှိချေ။

နိုက်ထရိုဂျင်။ ။ကျွန်ုပ်တို့ရှုရှိုက်သောလေထဲတွင် နိုက်ထရိုဂျင်ဓာတ်ငွေ့သည် ငါးပိုင်းလေးပိုင်းအချိုးဖြင့် ပါဝင်၏။ ထိုဓာတ်ငွေ့သည် အခြားမည်သည့် ဓာတ်ငွေ့နှင့်မှ ပေါင်းစပ်ခြင်းမရှိဘဲ၊ အောက်ဆီဂျင်နှင့်သာရောလျက် ရှိသည်။ လူတို့သည် လေကိုရှူရှိုက်လိုက်သည့်အခါ၊ အောက်ဆီဂျင်နှင့်အတူ နိုက်ထရိုဂျင်ကိုလည်းရှူမိသည်။ သို့ရာတွင် အောက်ဆီဂျင်သာလျှင် လူ၏သွေးသားစင်ကြယ်မှုအတွက် ကိုယ်တွင်း၌ကျန်ရစ်၍၊ နိုက်ထရိုဂျင်ကိုမူ ရှူထုတ်လိုက်ရ၏။ လုံအောင်ပိတ်ထားသည့်ကရားထဲ၌ဖြစ်စေ၊ အပြင်အပမှ လေစိမ်း လေသစ် မဝင်လာနိုင်အောင် ပိတ်ဆို့ထားသည့် အခန်းထဲ၌ဖြစ်စေ မီးထွန်းညှိထားလျှင် ထိုကရားနှင့် ထိုအခန်းတွင်းတွင် အောက်ဆီဂျင်ရှိနေသမျှသာ မီးတောက်လောင်မည်။ ထိုဓာတ်ငွေ့ကုန်ခန်းသွား၍ နိုက်ထရိုဂျင်သာ ကျန်နေလျှင် မီးငြိမ်းသွားမည်ဖြစ်၏။ သစ်ပင်နှင့်တိရစ္ဆာန်တို့သည် နိုက်ထရိုဂျင်တစ်ခုတည်းကိုသာ မှီခိုနေရလျှင် အသက်မရှင်နိုင်ချေ။ ထိုကြောင့် နိုက်ထရိုဂျင်သည် ဒြဗိစင်တစ်ခုတည်းအနေနှင့် လူသတ္တဝါ၊ သစ်ပင်စသည့် သက်ရှိအရာခပ်သိမ်းတို့အား အထောက်အပံ့ မဖြစ်စေနိုင်သည့်ပြင်၊ အခြားဒြဗိစင်တစ်ခုခုနှင့် ပေါင်းစပ်လိုက်လျှင် လူသတ္တဝါတို့၏ရန်သူကြီးပင်ဖြစ်လာနိုင်ပေသည်။ အလွန်ပြင်းထန်စွာ ပေါက်ကွဲစေတတ်သော ယမ်းမှုန့်၊ ယမ်းဂွမ်း၊ ဒိုင်းနမိုက်၊ နိုက်ထရိုဂလစ်ဆရင်းနှင့် တီ၊ အင်၊ တီတို့သည် နိုက်ထရိုဂျင်နှင့်ပေါင်းစပ်ထားသော ဒြဗိပေါင်းများဖြစ်ကြသည်။

တစ်ဖန်အခြား တစ်ဖက်မှနေ၍ကြည့်ပြန်လျှင်၊ သတ္တဝါတို့၏ အသက်ရှင်ရေးသည် နိုက်ထရိုဂျင်အပေါ်၌ တည်သည်ကို တွေ့ရပြန်၏။ အဘယ်ကြောင့်ဆိုသော် သတ္တဝါတို့၏အစာတွင် နိုက်ထရိုဂျင်ပါသောကြောင့်ဖြစ်၏။ သတ္တဝါတို့သည် အပင်များမှ နိုက်ထရိုဂျင်ကိုရသည်။ အပင်များမှာမူကား နိုက်ထရိုဂျင်ကို မြေဆီလွှာမှရရှိကြသည်။ ဗက်တီးရီးယားတို့က နိုက်ထရိုဂျင်ကို အပင်များစားသုံးနိုင်သော နိုက်ထရိတ်အဖြစ်သို့ ပြောင်းပေးသည်။ နိုက်ထရိတ်ကို မရဘဲ အပင်များသည် ပရိတင်းကိုမပြုလုပ်နိုင်ပေ။ ပရိတင်းသည် အပင်များကြီးထွားသန်စွမ်းရေးအတွက် အလွန်အရေးကြီးသည်။ ထိုကြောင့် အပင်များကြီးထွားသန်စွမ်းရန်အခြားဒြဗိစင်တို့ထက် နိုက်ထရိုဂျင်ကို အထူးသဖြင့်လိုကြောင်းထင်ရှား၏။ မြေဆီလွှာတွင်းရှိ နိုက်ထရိုဂျင်ကို အပင်များက အစဉ်တစိုက်စုပ်ထုတ်သုံးစွဲလာခဲ့သဖြင့် တစ်နေ့နေ့တွင် ထိုဓာတ်မှာ ကုန်ခန်းသွားဖွယ်ရာရှိပေသည်။ သို့ရာတွင် သဘာဝနည်းနှစ်သွယ်အားဖြင့် မြေဆီလွှာတွင်းရှိကုန်ခန်းသွားသော နိုက်ထရိုဂျင်ကို ဖြည့်စွက်လျက်ရှိလေသည်။ ပထမနည်းမှာ ဤသို့ဖြစ်၏။ အပူပိုင်းရှိတိုင်းပြည်များတွင် မိုးထစ်ချုံး၍ရွာသွန်းသည့်အခါ၌၊ လျှပ်စစ်တစ်ပြက်ပြက်ရှိတတ်သည်။ ယင်းသို့လျှပ်စစ်ပြက်သောအခါတိုင်း လေထဲ၌ပါရှိသည့် အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်တို့ကို လောင်ကျွမ်းစေသဖြင့် ထိုဒြဗိစင်နှစ်ခု ပေါင်းစပ်လျက်၊ နိုက်ထရိတ်ဓာတ်အဖြစ်သို့ ပြောင်းသွား၏။ ထိုနိုက်ထရိတ်ဓာတ်ကို မိုးရေအားဖြင့်မြေဆီလွှာတွင်းသို့ ရောက်သွားစေသည်။ ဒုတိယနည်းမှာကား ဤသို့ဖြစ်လေသည်။ အပင်များသည် လေမှနိုက်ထရိုဂျင်ကို တိုက်ရိုက်အသုံးမပြုနိုင်ကြချေ။ ဗက်တီးရီးယားများကသာလျှင် လေမှနိုက်ထရိုဂျင်ကိုယူ၍ အပင်များ၏အစာအဖြစ်သို့ ပြောင်းပေးသည်။ မြေပဲ၊ ပဲလွမ်းစသောပဲပင်တို့၏ အမြစ်များတွင်အဖုကျိတ်ကလေးများကိုတွေ့မြင်နိုင်သည်။ ထိုအဖု

www.forewordspace.com.mm

ကျိတ်များလွင် နိုက်ထရိုဂျင် ရယူထားသည့် ဗက်တီးရီးယားများ စုဝေးလျက်ရှိ၍၊ အပင်တို့၏အစာဖြစ်သော နိုက်ထရိုဂျင် ဒြဗ်ပေါင်းများကိုဖြစ်ပေါ်လာစေသည်။ အဆိုပါ ပဲပင်မျိုးများသေ၍၊ မြေအတွင်း၌ဆွေးမြည့်သွားကြသောအခါ၊ ထိုအပင်တို့တွင်ရှိသော နိုက်ထရိုဂျင် ဒြဗ်ပေါင်းများသည် မြေဆီလွှာတွင်းသို့ တစ်ဖန်ပြန်ဝင်သွားကြသည်။ သို့နှင့် ပဲပင်မျိုးကို စိုက်ပျိုးခြင်းအားဖြင့် မြေဆီလွှာတွင် နိုက်ထရိုဂျင် ယုတ်လျော့သွားမည့်အစား၊ ထပ်လောင်းတိုးတက်၍ပင် လာလေသည်။

အထက်ပါ အဖြစ်သနစ်ကို ရှုလျင်၊ နိုက်ထရိုဂျင်သည် လေ၌လည်းကောင်း၊ မြေဆီလွှာ၌လည်းကောင်း၊ အပင်များ၌လည်းကောင်း၊ တိရစ္ဆာန်များ၌လည်းကောင်း အသွင်အမျိုးမျိုးပြောင်း၍ ဘဝလည်လျက် ရှိသည်ကို တွေ့ကြရလိမ့်မည်။ ယင်းသို့ နိုက်ထရိုဂျင် ဘဝလည်ခြင်းကို နိုက်ထရိုဂျင် စက်လည်ပုံဟူ၍ ခေါ်သည်။

တောင်သူလယ်သမားတို့သည် ဆန်၊ ဂျုံ၊ ဆေး၊ ဝါ စသောအသီးအနှံပင်များကို စိုက်နေကျ လယ်မြေများတွင် တစ်နှစ်ပြီး တစ်နှစ် ဆက်ကာဆက်ကာစိုက်ပျိုးလုပ်ကိုင်ကြသဖြင့်၊ မြေဆီဩဇာများ တဖြည်းဖြည်းကုန်ခန်း လိုက်လာသည်ကို သိလာကြပြီဖြစ်၏။ ထိုအသီးအနှံပင်များသည် မြေဆီလွှာမှ နိုက်ထရိုဂျင်ကို ထုတ်ယူသုံးစွဲကြရာ ကုန်ခန်းသွားသည့် နိုက်ထရိုဂျင်ကို တနည်းနည်းအားဖြင့် ပြန်လည်ဖြည့်စွက်ပေးရပေမည်။ ထိုကြောင့် တောင်သူလယ်သမားတို့သည် လယ်မြေတို့တွင် ဂွါနိုမြေဩနှင့် နိုက်ထရိတ်ဓာတ်ဆားမြေကို ချပေးခြင်းအားဖြင့်ဖြစ်စေ၊ နိုက်ထရိုဂျင်ဖြည့်စွက်နိုင်စွမ်းရှိသည့် ပဲပင်မျိုးကို ထိုလယ်ယာခြံမြေများ၌ အလှည့်ကျ စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့်ဖြစ်စေ၊ မြေဩဇာတ်ပျက်ပြား ယိုယွင်းခြင်းအန္တရာယ်ကို ကာကွယ်ပေးနိုင်ကြပေသည်။

နိုက်ထရိုဂျင်ပါသော တိရစ္ဆာန်ချေးများကို ရေပုပ်ရေစပ်များနှင့်အတူပင်လယ်ထဲသို့ စွန့်ပစ်လိုက်ခြင်းအားဖြင့်လည်းကောင်း၊ ခေတ်ပေါ်ခဲယမ်းမီးကျောက် တစ်မျိုးမျိုးပေါက်ကွဲစေခြင်းအားဖြင့်လည်းကောင်း ဤမျှလောက် နှစ်ရှည်လများ စုဆောင်းထားရသည့် နိုက်ထရိုဂျင်ကို လူတို့ဖြုန်းတီးပစ်ရာ ရောက်သည်ဟုဆိုရပေမည်။ ထိုကြောင့် နိုက်ထရိုဂျင်ပါဝင်သည့်ဒြဗ်ပေါင်းများကို အလဟသ ဆုံးရှုံးစေခြင်းမှ ကွယ်ကာသည့် နည်းနှစ်များကို လူတို့တီထွင်ထားလျက် ရှိပြီဖြစ်သည်။ ပဌမနည်းမှာ ပဲပင်မျိုးစိုက်ပျိုးသည့်မြေဆီလွှာတွင် နိုက်ထရိုဂျင်ကို သိမ်းဆည်းသိုလှောင်ထားမည့်ဗက်တီးရီးယားများကို သွင်းပေးခြင်းဖြစ်သည်။ ထိုသို့ မြေဆီလွှာကို ပြုစုပေးခြင်းဖြင့်၊ အပြင်အပမှ နိုက်ထရိုဂျင်သည် အပင်များ၏အမြစ်တို့တွင်ရှိသော အဖုကျိတ်အတွင်းသို့ မြန်စွာရောက်ရှိသွားနိုင်ပေမည်။ (ဗက်တီးရီးယား–ရှု။)



နိုက်ထရိုဂျင်ကို စိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန် ဤသို့အကြီးအကျယ်ချက်၍ ထုတ်လုပ်ယူကြသည်။

www.foreverspace.com.mm

ဒုတိယနည်းမှာ သိပ္ပံနည်းအားဖြင့်၊ လေထဲတွင် ရှိနေသော နိုက်ထရိုဂျင်ကိုဖမ်းယူ၍၊ နိုက်ထရိုဂျင်ဒြဗ်ပေါင်းများ ဖြစ်လာအောင် ဖန်တီးစွမ်းဆောင်နိုင်ခြင်းပင်ဖြစ်သည်။ လျှစ်စစ်ဓာတ်အားကို အသုံးပြု၍၊ နိုက်ထရိုဂျင်နှင့် အခြားဒြဗ်စင်တခုခုကို ပေါင်းစပ်လိုက်ခြင်းအားဖြင့်၊ နိုက်ထရစ်အက်ဆစ်၊ အမ်မိုးနီးယားနှင့် မြေဩဇာအတွက် အသုံးချနိုင်သော ကယ်လဆီယမ်ဆိုင်ယာနမိုက်ခေါ် နိုက်ထရိုဂျင် ဒြဗ်ပေါင်းတို့ကို ဖြစ်လာစေနိုင်သည်။(နိုက်ထရစ်အက်ဆစ်၊ အမ်မိုးနီးယား–ရှု။)

ဤသို့လျှင် နိုက်ထရိုဂျင်၏ အရေးပါပုံကို သတိပြုမိကြသဖြင့်၊ သိပ္ပံပညာရှင်တို့သည် အမေရိကန်ပြည်ထောင်စု ရှိ နိုင်အဂ္ဂရာရေတံခွန်၏ ရေအဟုန်အားကို အသုံးပြုလျက် လေထဲတွင်ပျံ့လွင့်နေသော နိုက်ထရိုဂျင်ကို စမ်းသပ်ဖမ်းယူကြည့်ဖူးသည်။ သို့သော် တွက်ခြေမကိုက်ချေ။ ဥရောပတိုက် နော်ဝေးနိုင်ငံ၌ နောက်တစ်ကြိမ် ဆက်လက်ကြိုးစားကြပြန်သည်။ နော်ဝေးနိုင်ငံတွင် ရေအား အလုံအလောက်ရှိသဖြင့်၊ နိုက်ထရိုဂျင်ဖမ်းယူသည့်လုပ်ငန်းမှာ အတော်ပင်ခရီးရောက်ခဲ့ဖူးသည်။

ဓာတုသင်္ကေတ **N** စာလုံးဖြင့်ပြသော နိုက်ထရိုဂျင်ကို စကော့တလန်ပြည်ကို အက်ဒင်ဗာရာဒင်နယယ်ရပ်သာဖို့ ဆိုသူသည် ၁၇၇၂ ခုတွင်စတင်တွေ့ရှိခဲ့သည်။ ထိုဓာတ်ငွေ့သည် ဟိုက်ဒရိုဂျင်ထက် တစ်ဆယ့်လေးဆကျော်မျှပိုး၍ လေးလံသော်လည်း၊ လေရိုးရိုးထက်အနည်းငယ်ခန့်မျှ ပေါ့ပါးလေသည်။ နိုက်ထရိုဂျင်တွင် အဆင်းမရှိ၊ အနံ့မရှိ၊ အရသာမရှိပေ။ နိုက်ထရိုဂျင်သည် လူတို့၏ အစားအစာတို့တွင် ခွန်အားဖြစ်စေသည့် ပရိုတင်းဓာတ်၌ ပါဝင်ရုံမျှမက အယ်လကလွိုက်ဆေး၊ ရေမွှေးနှင့်ဆိုးဆေးတို့ကဲ့သို့ အဆိပ်အတောက်မကင်းသည့်အရာတို့၌လည်း ပါရှိလေသည်။ အိမ်ထောင်များတွင် သုံးစွဲနေကျဖြစ်သော အမ်မိုးနီးယားသည် နိုက်ထရိုဂျင်ဒြဗ်ပေါင်းတစ်မျိုးပင်ဖြစ်သည်။ ထိုပြင်မှေ့ဆေးရည်၊ နိုက်ထရစ်အက်ဆစ်ရည်နှင့် ပြင်းထန်စွာပေါက်ကွဲတတ်သော နိုက်ထရိုဂျင်ထရိုင်ကလောရိုက်အရည်စသည်တို့တွင် နိုက်ထရိုဂျင်ပါရှိလေသည်။

နိုက်ထရစ်အက်ဆစ်။ ။နိုက်ထရစ် ဆက်ဆစ်သည် ပေါက်ကွဲစေသော ခဲယမ်း မီးကျောက်လုပ်ငန်းများအတွက်အသုံးဝင်သည်။ နိုက်ထရစ်အက်ဆစ်အစစ်သည် အရောင်အဆင်းကင်း၍ အခိုးအဖြစ်နှင့် ပျောက်လွင့်တတ်သော အက်ဆစ်ရည်ဖြစ်သည်။ ရေထက် တစ်ဆခွဲနီးပါးမျှ ပိုလေး၏ထိုအက်ဆစ်ရည်သည် အခိုးများထပြီးလျှင် အနံ့မှာမွန်၍ ချဉ်သောအရသာ ရှိ၏။ ရွှေ၊ ပလက်တီနမ်နှင့် အလျူမီနီယမ် သတ္တုများမှတစ်ပါး အခြားဓာတ်သတ္တုအားလုံးလိုကို အရည်ပျော်စေနိုင်လေသည်။ ဤမျှ ထက်မြက်သတ္တိရှိခြင်းကြောင့် ရေးအခါက ထိုအက်ဆစ်ကို 'အက်ကွာဖောတစ်'ဟု ခေါ်လေ့ရှိကြ၏။ အဓိပ္ပါယ်မှာ 'ထက်မြက်သောရေ'ဟူ၍ ဖြစ်၏။ တန်ခိုးထက်မြက်သော အက်ဆစ်ရည်ဖြစ်သည့်ပြင်၊ အောက်ဆီဂျင်နှင့် နိုက်ထရိုဂျင်ကို ပေးစွမ်းနိုင်သော ဓာတ်ပစ္စည်းတစ်ခုဖြစ်၏။ နိုက်ထရစ်အက်ဆစ်၏ဓာတုသင်္ကေတမှာ HNO_3 ဖြစ်သဖြင့် ထိုအက်ဆစ်၏ မော်လီကျူးတစ်ခုတွင် ဟိုက်ဒရိုဂျင်အက်တမ်တစ်ခု၊ နိုက်ထရိုဂျင်အက်တမ်တစ်ခုနှင့် အောက်ဆီဂျင်အက်တမ်သုံးခုတို့ စုပေါင်းပါဝင်လျက်ရှိကြောင်းကို သိရာသည်။

နိုက်ထရစ်အက်ဆစ်ကို အများအားဖြင့် ချီလီဆော့ပီတာခေါ် ဆိုဒီယမ်နိုက်ထရိတ် $NaNO_3$ ကို ဆာလဖျူရစ်အက်ဆစ်အပြင်းရည်နှင့် ဆတူရောစပ်ပြီးနောက် အင်္ဂေ့ကိုပေါင်းချွေးခံယူသောနည်းဖြင့်ချက်ယူကြလေသည်။

$$2NaNO_3+H_2SO_4=Na_2SO_4+HNO_3$$

ဆိုဒီယမ်နိုက်ထရိတ် + ဆာလဖျူရစ်အက်ဆစ် = ဆိုဒီယမ်ဆာလဖိတ် + နိုက်ထရစ်အက်ဆစ်

အခြားတနည်းမှာ လျှပ်စစ်နည်းဖြစ်၍ ယခုအခါ များစွာအသုံးပြုကြသည်။ ထိုနည်းတွင် ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ရှိသောလေမှ လျှပ်စစ်ဓာတ်အားဖြင့် နိုက်ထရိုဂျင်နှင့် အောက်ဆီဂျင်တို့ကိုယူ၍ တိုက်ရိုက်ပေါင်းစပ်စေသည်။ ထိုအခါ နိုက်ထရစ်အောက်ဆိုက် **NO** ကိုရရှိ၏။ ထိုနိုက်ထရစ်အောက်ဆိုက်ကို အောက်ဆီဂျင်နှင့် ထပ်မံပေါင်းစပ်စေပြန်သော်၊နိုက်ထရိုင်ပါရောက်ဆိုက် NO_2 ဖြစ်လာ၏။ နိုက်ထရိုဂျင်အောက်ဆိုက်ကို ရေတွင်ပျော်ဝင်စေသောအခါ နိုက်ထရစ်အက်ဆစ်ကို ရရှိ၏။

$N_{2+}O_2=2NO$ (နိုက်ထရစ်အောက်ဆိုက်)

$2NO_{+}O_2=2NO_2$ (နိုက်ထရိုဂျင်ပါရောက်ဆိုက်)

$3NO_{+}H_2O=NO+2HNO_3$ (နိုက်ထရစ် အက်ဆစ်)

ဤနည်းမှာ လေတွင်ရှိသော နိုက်ထရိုဂျင်ကို အသုံးချနိုင်သောကြောင့် စရိတ်ကုန်နည်း၍ ကောင်းသောနည်းဖြစ်သဖြင့်၊ စိုက်ပျိုးရေးဖက်တွင်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများတွင်လည်းကောင်း များစွာအသုံးဝင်လေသည်။ ဝါဂွမ်းသို့မဟုတ်ဝါဂွမ်းကဲ့သို့သော သစ်သားအမျှင်ကလေးများကိုဆာလဖျူရစ်အက်ဆစ်နှင့် ပထမသမစေပြီး၍ နိုက်ထရစ်အက်ဆစ်နှင့် ရောစပ်လိုက်လျှင် ပိုက်ရောက်ဆီလင်ခေါ် ယမ်းဂွမ်းတစ်မျိုးဖြစ်လာသည်။ တဖန် HNO_3 နှင့်ထပ်မံ၍ရောစပ်ပြန်လျှင် ဟက်ဆာနိုက်ထရိတ်ခေါ် ယမ်းဝါဂွမ်းတစ်မျိုးဖြစ်လာပြန်၏။ ယင်းတို့အနက် ဒုတိယအမျိုးက ပဌမအမျိုးထက် ပိုမြင့်ပြင်းထန်သည်။

ပိုင်ရော့ဆီလင်ကို အယ်လကိုဟောနှင့် အီသာနှစ်ခုရော

www.foreverspace.com.mm

ထားသောအရည်တွင် ဖျော်ပြီးနောက် အနာလိမ်းဆေး အဖြစ်ဖြင့်အသုံးပြုနိုင်သည်။ ထိုအရည်တွင်လိုသော အရောင်ကို ထည့်ပေးလျှင် လက်သည်းဆိုဆေးအဖြစ် အသုံးပြုနိုင်သည်။ ပိုင်ရော့ဆီလင်ကို ပရုတ်နှင့် ရောလိုက်သည့် အခါ ဆဲလျူလို့ခေါ် လိုသလိုပုံသွင်းနိုင်သည့် ပလပ်စတစ်ဖြစ်လာသည့်အတွက် ပလပ်စတစ်လုပ်ငန်းများတွင်လည်း အသုံးပြုကြသည်။ ထိုပြင် ယွန်းထည်လုပ်ငန်း၊ ဓာတ်ပုံရိုက်ကူးကော်ပြားလုပ်ငန်း၊ ပိုးတုလုပ်ငန်းများတွင်လည်း ပိုင်ရော့ဆီလင်သည် လွန်စွာမှအသုံးဝင်လေသည်။

ပေါက်ကွဲစေတက်သောခဲယမ်းမီကျောက်များသည် ဝါဂွမ်းနှင့် အပင်၏ကိုယ်ထည်ပစ္စည်းများမှသာ ရနိုင်သည်မဟုတ်သေး၊ ဆပ်ပြာလုပ်ငန်းမှရရှိသော ချိုရည်ပြစ်သည့် ဂလစ်ဆရင်းရည်မှလည်း ရရှိနိုင်သေး၏။ ဂလစ်ဆရင်းရည်ကို နိုက်ထရစ်အက်ဆစ်နှင့်ရောစပ်လိုက်သည်ရှိသော် နိုက်ထရိုဂလစ်ဆရင်းခေါ် အလွန်းပြင်းထန်စွာ ပေါက်ကွဲတက်သည့် ခဲယမ်မီးကျောက်ကို ရရှိသည်။ ထိုဝတ္ထုပစ္စည်းသည် အဝါရောင်ရှိသောဆီဖြစ်၍ သတိကြီးစွာနှင့် ကိုင်တွယ်ရ လေသည်။ အမှုမဲ့အမှတ်မဲ့ကိုင်တွယ်ပါက ဘေးဥပါဒ်များတက်၏။ ထိုနိုက်ထရိုဂလစ်ဆရင်းဆီကို လွှစာနှင့် ယမ်းစိမ်းတို့ဖြင့် သမစေပြီးလျှင် အချောင်းကလေးများဖြစ်အောင်ပြုလုပ်လိုက်သောအခါ၊ ဒိုင်းနမိုက်ခေါ် ပေါက်ကွဲစေတက်သောပစ္စည်းကိုရလေသည်။ ဒိုင်းနမိုက်သည် ကိုင်တွယ်နေကျလူများအဖို့၌ ဘေးဥပဒ်မရှိသလောက်ဖြစ်သည်။(ဒိုင်းနမိုက်–ရှု။)

ကတ္တရာစေးကို ပေါင်းချွေးခံယူ၍ရသော တော်လျှောင်းခေါ်ပစ္စည်းကို နိုက်ထရစ်အက်ဆစ်နှင့်ရောစပ်ယူလျှင် ပေါက်ကွဲရာ၌ ဒိုင်းနမိုက်ထက် အဆပေါင်းများစွာ ပြင်းထန်သော ခဲယမ်းမီးကျောက်တစ်မျိုးကိုရရှိသည်။ ထိုပစ္စည်းကို ထရိုင်နိုက်ထရိုတောလျှောင်းဟုခေါ်၍ အတိုကောက်အားဖြင့် တီအင်တီဟုခေါ်သည်။ တီအင်တီသည် အဆောက်အအုံကြီးများကို ဖျက်ဆီးရာ၌အလွန်ခရီးရောက်ခဲ့သဖြင့် စစ်ကြီးအတွင်းကများစွာအသုံးပြုခဲ့လေသည်။

ကာဗောလစ်အက်ဆစ်၊ ဆာလဖျူရစ်အက်ဆစ် အပြင်းရည်တို့နှင့်ရောစပ်လျှက် ထရိုင်နိုက်ထရိုဖီနောဟုခေါ်သော ပစ်ကရစ်အက်ဆစ်ကို ရ၏။ ထိုအက်ဆစ်သည် အဝါရောင်ရှိ၍ ပေါက်ကွဲရာ၌ အလွန်ပြင်းထန်သဖြင့် ပဌမကမ္ဘာစစ်ပွဲကြီးအတွင်းများစွာ အသုံးပြုခဲ့ကြလေသည်။ နိုက်ထရစ်အက်ဆစ်သည် ဓာတ်သတ္တုများ၊ ဓာတ်သတ္တုတို့၏ ဓာတ်ပေါင်းများ သို့မဟုတ် ကာဗွန်နိတ်များကို အရည်ပျော်စေ၍ နိုက်ထရိတ်ဓာတ်ဆားဖြစ်လာစေနိုင်၏။ ထိုနိုက်ထရိတ်ဓာတ်ဆားကို ဘယဆေးများဖော်စပ်ရာ၌လည်းကောင်း၊ ဓာတ်မြေသြဇာများပြုလုပ်ရာ၌လည်းကောင်း၊ အသုံးပြုကြ၏။ ထို့ပြင် မီးပန်းများလုပ်ကိုင်ရာ၌ မီးနီ၊ မီးစိမ်းရရှိအောင်လည်း နိုက်ထရိတ်များကိုပင် အသုံးပြုကြသေး၏။ (ပေါက်ကွဲစရာပစ္စည်း–ရှု။)

နိုက်သူရဲကောင်းအဖွဲ့။ ။"နိုက်"ဟူသော အင်္ဂလိပ်စကားသည် မူလက လုလင်ဟု သာမန်အဓိပ္ပါယ်ရှိသည်။ ကာလရှေ့သော် ထိုစကားသည် လူပျိုတော်ဟူ၍လည်းကောင်း၊ စစ်မှုထမ်းဟူ၍လည်းကောင်း၊ မြင်းစီးသူရဲကောင်း ဟူ၍လည်းကောင်း၊ အဓိပ္ပါယ်အဆင့်ဆင့်ပြောင်းလဲလာသည်။ ထိုသူတို့သည် မင်း၊ မိဖုရား၊ သားတော်၊ သမီးတော်၊ မြို့စားရွာစား၊ မှူးကြီးမတ်ရာ၊ သေနာပတိတို့၏ ထံပါးခ်ဉ် မင်းမှုထမ်းကြရသည်။ ဥရောပတိုက် အလယ်ခေတ်တွင် တိုင်းပြည်နိုင်ငံတို့၌ အမြဲတမ်းစစ်တပ် ဖွဲ့စည်းထားခြင်းမရှိချေ။ ထိုကြောင့် တစ်ပြည်ထောင်နှင့်တစ်ပြည်ထောင် စစ်ခင်းသည့်အခါ၊ မင်းမိဖုရားစသည်တို့သည် ယင်းတို့၏ အမှုထမ်းတို့ကို တစ်ဦးချင်းရင်ဆိုင်တိုက်ပွဲများအတွက် အားကိုးအားထားပြုကြရသည်။ ထိုအမှုထမ်းတို့သည် ငယ်စဉ်ကပင်လျှင် မြင်းစီးအတတ်၊ လေးမြှားအတတ်၊ ဓားခုတ်လှံထိုးအတတ် စသည်တို့၌ တတ်မြောက်ကျွမ်းကျင်ရသည်။ သူရဿတ္တိနှင့်လည်းပြည့်စုံရသည်။ ထိုအခါ ထိုအမှုထမ်းတို့ကို စိုးပိုင်သော အရှင်သခင်တို့က ငါသည်သင့်ကို "နိုက်"ဟု အမည်မှည့်သည်ဟူ၍ဆိုကာ လည်ကုပ်ကို ဓားပြားဖြင့် ရိုက်မြဲ ဖြစ်သော်လည်း၊နှောင်းခေတ်တို့၌မှာမူ သူကောင်းပြုခြင်းခံရမည့် သူ၏ပခုံးကို သူကောင်းပြုသူက ဓားဦးဖြင့် တို့ရုံသာတို့ရသည်။ အလယ်ခေတ်က စစ်မှုထမ်းဟူသည်မှာ မြင်းစီးသူရဲကောင်းများ ဖြစ်ကြသည်။

ခရစ် ၁၀၉ဖခုမှ စတင်ဖြစ်ပွားခဲ့သောကရူးဆိတ်စစ်ပွဲများတွင် ဆာရာဆင်တို့ကို တိုက်ခိုက်ရာ၌ ခရစ်ယာန်မြင်းစီးသူရဲကောင်းတို့၏ ဂုဏ်သတင်းသည် အထူးထင်ပေါ်ကျော်ကြားလာလေသည်။ (ကရူးဆိတ်စစ်ပွဲများ–ရှု။)

၁၁၁၈ ခုတွင် ထိုသူရဲကောင်းတို့သည် ခရစ်တော်ဖွားမြင်ရာဒေသသို့ လာရောက်ကြကုန်သော ဘုရားဖူးတို့ကို စောင့်ရှောက်ရန်အလို့ငှါ၊ ဂျရူးဆလမ်မြို့ရှိ ဆော်လမွန်၏ ဘုရားကျောင်းရှိရာနေရာကို ဗဟိုဌာနပြု၍ နိုက်သူရဲကောင်းအဖွဲ့ဖွဲ့စည်းကြသည်။ ထိုအဖွဲ့၏ ကောင်းသတင်းကျော်စောလာသောအခါ ဥရောပအရပ်ရပ်မှ သူရဲကောင်းတို့ဝင်ရောက်လာကြသည်။ ထိုသည်မှစ၍ နိုက်တင်းပလားသူရဲကောင်းအဖွဲ့ထင်ရှားကာ၊ အင်အားကြီးမားလာလေသည်။ ထိုစဉ်က စိန်ဂျွန်းနိုက်သူရဲကောင်းအဖွဲ့နှင့် တျူတန်သူရဲကောင်းအဖွဲ့တို့သည်လည်း ပေါ်ပေါက်လျှက်ရှိသည်။ သို့သော် နိုက်တင်းပလာတို့က ပို၍ နာမည်ကြီးခဲ့လေသည်။

www.forewarspace.com.mm

ပစိဖိတ် ရေတပ် ရေကြောင်း ဗိုလ်ချုပ်ကြီး ချက်စတာဝီလျံနင်မစ်

စတင်ဖွဲ့ရည်းလိုက်သည်မှ နှစ်ပေါင်း ၁၅၀အတွင်းတွင် နိုက်တင်းပလား သူရဲကောင်းအဖွဲ့သည် တန်ခိုးကြီးမား၍ ချမ်းသာကြွယ်ဝလာလေသည်။ ထိုကြောင့် ထိုအဖွဲ့သည် ဘုရင်၏သြဇာကိုပင်လျှင် လွှမ်းမိုးစပြုလာလေ၏။ ခရစ် ၁၂၉၁ခုတွင် ဆာရာဆင်တို့က နိုက်တင်းပလားသူရဲကောင်း အဖွဲ့ဝင်တို့ကို ဂျူးဆလမ်းမြို့မှ နှင်ထုတ်လိုက်ကြလေသည်။ ထိုကြောင့် အဖွဲ့ဝင်တို့သည် စိုက်ပရပ်ကျွန်းမှ တစ်ဆင့် ဥရောပ တိုက်သို့ ပျံ့နှံ့သွားကြသည်။ သို့သော် ခရစ် ၁၃၁၂ ခုနှစ်တွင် ဂျာမနီပြည်မှအပအခြားသော ဥရောပတိုက်ရှိတိုင်းပြည်တို့က နိုက်တင်ပလားသူရဲကောင်း အဖွဲ့ကို နှိပ်ကွပ်လာပြန်သည်။ အင်္ဂလန်ပြည်၌ ဒုတိယအက်ဒွပ် (၁၃၀၇–၁၃၂၇)လက်ထက်တွင် ထိုအဖွဲ့ဝင်တို့ကို ဖမ်းဆီး ချုပ်နှောင်၍ ယင်းတို့ပိုင်ဥစ္စာပစ္စည်းတို့ကို နိုင်ငံတော်က သိမ်းပိုက်လိုက်လေသည်။ ထိုစဉ်မှစ၍ နိုက်တင်းပလား သူရဲကောင်းအဖွဲ့သည် တိမ်ကောခဲ့လေသည်။ သို့ရာတွင် သူရဲကောင်းအဖွဲ့ဖွဲ့စည်းသော အစဉ်အလာမှာကား အင်္ဂလန် နှင့် ဥရောပတိုက်ရှိနိုင်ငံတို့တွင် ကျန်ရစ်ခဲ့လေရာ၊ ထိုနိုင်ငံတို့၌ သူရဲကောင်းအဖွဲ့တို့သည် ယနေ့တိုင် နာမည်အမျိုးမျိုးဖြင့် ထင်ရှားတည်ရှိနေပေသည်။ ယခုခေတ် ဗြိတိန်နိုင်ငံ၌ သူကောင်းပြုခြင်းခံရသောပုဂ္ဂိုလ်ကို "ဆာ"ဘွဲ့တပ်၍ခေါ်ရသည်။ ထိုပုဂ္ဂိုလ်၏ ဇနီးကို "လေဒီ"ဟု ခေါ်ရသည်။ အမျိုးသမီးကိုယ်တိုင် နိုက်သူရဲကောင်းအဖြစ်ဖြင့် သူကောင်းပြုခြင်းခံရသော် ထိုအမျိုးသမီးကို 'ဒိမ်း'ဟုခေါ်ရ၏။

နင်မစ်ချက်စတာဝီလျံ (ခရစ် ၁၈၈၅ ဖွား)။ ။အမေရိကန်ရေတပ်ဗိုလ်ချုပ်မျိုးဖြစ်၍ အမေရိကန် ပြည်ထောင်စု ပစိဖိတ်ရေတပ် သေနာပတိအဖြစ်ဖြင့် ဒုတိယကမ္ဘာစစ်အတွင်းဆောင်ရွက်ခဲ့သော ချက်စတာဝီလျံနင်မစ်သည် ၁၈၈၅ခု ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် အမေရိ ကန်ပြည်ထောင်စု တက်ဆက်ပြည်နယ်၊ ဖရက်ဒရစ် စဗက်မြို့၌ ဖွားမြင်လေသည်။ အမေရိကန်ပြည်ထောင်စု ကြည်းတပ်ဆိုင်ရာစစ်တက္ကသိုလ်သို့ တက်ရောက်ရန် စိတ်သန်ခဲ့သော်လည်း ဝင်ခွင့်မရသဖြင့် ရေတပ်ဆိုင်ရာစစ်တက္ကသိုလ်သို့ဝင်ရောက်ခဲ့ရလေရာ၊ ၁၉၀၅ခုတွင် ဘွဲ့ထူးရခဲ့၏။ စစ်တက္ကသိုလ်မှအောင်မြင်ခဲ့ပြီးနောက်၊ အာရှ ရေတပ် စခန်းတွင် ၁၉၀၅ ခု ဖေဖော်ဝါရီ ၂၃ ရက်နေ့၌ အလုပ်ဝင် ခဲ့ရလေသည်။ ထိုစခန်းတွင် ၃နှစ်ကြာမျှ ဆောင်ရွက်ရ၏။ ထိုအတောအတွင်း ပဋမရေတပ်သင်္ဘောတပ်စုတွင် သင်တန်းဆရာအဖြစ် ဆောင်ရွက်ခဲ့၏။ ၁၉၀၈ခုနှစ်ကုန်လောက်တွင် အမေရိကန်သို့ ပြန်သွား၍ ၁၉၀၉ ခုနှစ်တွင် 'ပလန်ဂျာ'သင်္ဘောနှင့် ထိုရေငုပ်သင်္ဘောတပ်စုကို အုပ်ချုပ်ရလေသည်။ ၁၉၁၀ ပြည့်နှစ်တွင် ရေတပ်ဗိုလ်ချုပ်ကြီး အဆင့်အတန်းကို ရခဲ့သည်။ ထိုနောက် အတ္တလန္တိတ်ရေငုပ်သင်္ဘောတပ်စုကို အုပ်ချုပ်ရလေသည်။ ၁၉၁၃ ခုနှစ်တွင် ဂျာမနီ၊ ဗဲလဂျီယမ် စသည့်နိုင်ငံများသို့ လှည့်လည်သွားလာကာ၊ ဒီဇယ်စက်များကို ကြည့်ရှု လေ့လာခဲ့လေသည်။

နင်မစ်သည် ပဋမကမ္ဘာစစ်အတွင်းက အတ္တလန္တိတ်ရေငုပ်သင်္ဘောတပ် ဗိုလ်ချုပ်၏စစ်ဦးစီးချုပ်အဖြစ် ထမ်းရွက်ခဲ့ရသည်။ ထိုအတောအတွင်း ရေတပ်ဒုဗိုလ်မှူးကြီး အဆင့်အတန်းသို့ တိုးမြှင့်ခန့်ထားခြင်းခံခဲ့ရလေသည်။ ပဋမကမ္ဘာစစ်ကြီးအပြီးတွင် စစ်သင်္ဘောကြီးများတွင်လည်းကောင်း၊ ရေငုပ်သင်္ဘောတပ်စုများကို ကွပ်ကဲအုပ်ချုပ်သူအဖြစ်လည်းကောင်း အမှုထမ်းခဲ့ရ၏။ ထိုပြင် ပါးလဟာဗာသို့ ပြောင်းရွှေ့၍ အမှုထမ်းခဲ့ရသေးသည်။ ၁၉၂၂ ခုနှစ်တွင် ရှားပို့ရှိ ရေကြောင်းစစ်တက္ကသိုလ် အထက်တန်း အရာရှိသင်တန်းသို့ တက်ရောက်သင်ကြားခဲ့ရသည်။ ထိုနောက် အမေရိကန်ရေတပ် ဗိုလ်ချုပ်မှူးရုံးတွင် လုပ်ကိုင်ခဲ့လေသည်။ ၁၉၂၆ ခုနှစ်တွင် ကာလီဖိုးနီးယားတက္ကသိုလ်တွင် အရံရေတပ်သားတို့ကို သင်တန်းပေးခြင်း တာဝန်ကို ဆောင်ရွက်သည်။ သူ၏လုပ်ငန်းသည် အထူးပင်အောင်မြင်ခဲ့၍ သူ၏အရံရေတပ်သား သင်တန်းများသည် နောင်းလူတို့အတွက် စံပြဖြစ်ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ရေတပ်ဗိုလ်မှူးကြီးအဆင့်အတန်းကို ရခဲ့သည်။ ၁၉၂၉ ခုနှစ်တွင် ရေငုပ်သင်္ဘောတပ်၌ ပြန်လည်

www.forewspace.com.mm

အမှုထမ်းရလေသည်။ ၁၉၃၈ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ရေတပ်ဗိုလ်ချုပ်ဖြစ်လာ၍၊ ထိုရာထူးဖြင့် ကရူဇာသင်္ဘော ၁၀ အမှတ် ၂ကို အုပ်ချုပ်ခဲ့ရသည်။ ထိုနောက် တိုက်သင်္ဘောတပ် အမှတ် ၁သို့ ပြောင်းရွှေ့အမှုထမ်းခဲ့ရ၏။ ၁၉၃၉ ခုနှစ်မှစ၍ ရေကြောင်းဌာနကြီးမှူးအဖြစ် ၄နှစ်မျှ ဆောင်ရွက်ရန် ခန့်ထားခြင်းခံရလေသည်။ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ရက်နေ့တွင် ပါးလဟာဗာကို ဂျပန်တို့က ရုတ်တရက်တိုက်ခိုက်သည်ကို ခံခဲ့ရပြီးနောက် ၁၀ ရက်အကြာတွင် နင်မစ်သည် ရေတပ်ဗိုလ်ချုပ်ကြီးအဆင့်အတန်းဖြင့် ပစိဖိတ်ရေတပ်သေနာပတိချုပ်အဖြစ် ဆောင်ရွက်သည်။ ထိုအခါ ဗိုလ်ချုပ်နင်မစ်သည် ပစိဖိတ်အလယ်ပိုင်း စစ်မျက်နှာအတွက်လည်း တာဝန်ယူခဲ့ရ၏။ ထိုစစ်မျက်နှာရှိ အမေရိကန် တပ်ပေါင်းစုသည် ၁۹၄၂ ခုနှစ်မှစ၍ ၁۹၄၅ ခုနှစ်များအတွင်း၌ ဆော်လမွန်ကျွန်းစု၊ ဂီးလဗတ်ကျွန်းစု၊ မယ်ရီယန္နား၊ မာရှယ်၊ ပါလောနှင့် အီဝိုဂျီးမား ကျွန်းများကို တစ်ကျွန်းပြီးတစ်ကျွန်း သိမ်းပိုက်နိုင်ခဲ့သည်။ ထိုပြင် နင်မစ်၏ရေတပ်သည် ဖိလစ်ပိုင်တိုက်ပွဲနှင့် အိုကိနာဝါတိုက်ပွဲများတွင်လည်းပါဝင်တိုက်ခိုက်ခဲ့၏။ ၁۹၄၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ရေတပ်ဗိုလ်ချုပ်မှူးရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရပြီးနောက်၊ ၁۹၄၅ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင် တိုကျိုပင်လယ်အော်ထဲရှိ အမေရိကန်စစ်သင်္ဘော မီဇူးရီပေါ်၌ကျင်းပသော ဂျပန်လက်နက်ချ အခမ်းအနားကို တက်ရောက်၍၊ အမေရိကန်တပ်များ၏ကိုယ်စား စစ်ပြေငြိမ်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ရလေသည်။ ၁۹၄၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်နေ့၌ ရေကြောင်းစစ်ဆင်ရေးမှူးအဖြစ် စတင်ဆောင်ရွက်ခဲ့ရလေသည်။ ၁۹၄၆ခု ဧပြီ ၂ ရက်နေ့တွင် ရေတပ်ဗိုလ်ချုပ်မှူးအဆင့်အတန်းတွင် အမြဲတမ်းခန့်အပ်လွှာကို ရရှိခဲ့လေသည်။ ၁۹၄၇ခုတွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ကသ္မီယပြည်နယ်အရေးအတွက် ကုလသမဂ္ဂ၏စေ့စပ်ဖြန့်ဖြေရေးအရာရှိအဖြစ် ဆောင်ရွက်ခဲ့လေသည်။

နင်းနိုဗမြို့။ ။နင်းနိုဗမြို့သည် ရှေးဟောင်း အဆီးရီးယားနိုင်ငံ၏ မြို့တော်ကြီး ဖြစ်ခဲ့ဖူး၏။ ထိုမြို့နေရာဟောင်းကို ၁۹၄၅ ခုနှစ်တွင် ရှေးဟောင်းပစ္စည်းများတူးဖော်သူများက စတင်၍တွေ့ရှိလေသည်။ တွေ့ရသော အဆောက်အအုံပျက်နှင့်ပစ္စည်းအချို့တို့သည် မြို့တံတိုင်းကြီးများ၊ ရုပ်တုများနှင့်ရှေးဟောင်း စာပေများ ဖြစ်ကြ၏။ ထိုပြင် ယူဖရေးတီးနှင့် တိုင်းဂရစ်မြစ်တို့၏ မြစ်ဝှမ်းတစ်လျှောက်တွင်လည်း အလားတူအဆောက်အအုံပျက်များကို တူးဖော်တွေ့ရှိရသဖြင့် ဆက်စပ်ကြည့်ရာတွင် အဆီးရီးယားနိုင်ငံကြီး၏ တိမ်မြှုပ်ပျောက်ကွယ်နေသည့် အချက်အလက်တို့ကို ရရှိသဖြင့်၊ ရှေးဟောင်းခေတ်သမိုင်းကို မှန်ကန်စွာရေးသားနိုင်ကြသည်။

ထိုနင်းနိုဗမြို့တော်ကြီး ပျက်စီးသွားရခြင်းမှာ အဆီးရီးယန်းဘုရင်များ၏ ရက်စက်ညှဉ်းပန်းမှုများကို မခံနိုင်သော အဇ္ဇရီယယ်လူမျိုးတို့က ဘုရားကိုတိုင်တည်၍ကျိန်ဆဲရာတွင် ကျိန်စာသင့်သဖြင့်ပျက်စီးကြောင်းအဆိုရှိ၏။ ကျိန်စာသင့်ပုံမှာ ဘီစီ ၆၁၂ ခုတွင် မိဒလူမျိုးများ သည် ထိုမြို့တော်ကြီးကို တိုက်ခိုက်ဖျက်ဆီးရာ၊ တစ်မြို့လုံး ပြုတ်ပြုတ်

ရှေးဟောင်း အဆီးရီးယားနိုင်ငံ၏ မြို့တော်ဖြစ်ခဲ့ဖူးသော နင်းနိုဗမြို့ရှိ နင်းမိရော့ဘုရင်၏ နန်းတော်ရှုခင်း

www.foreverspace.com.mm

ပြန်းပျက်စီး၍၊ နောင်နှစ်လကြာရှည်လတ်သော် လွင့်စင်လာသောသဲမှုန်များဖြင့် သဲအတိဖုံးကာ ပျောက်ကွယ်၍ သွားခဲ့လေသည်။

၁၈၄၅ ခုနှင့် ၁၈၅၁ခု စပ်ကြားတွင် ဆာအော်စတင်လေးယဒ်သည် အဆီးရီးယားနိုင်ငံဟောင်း၏ဘုရင် ဆင်ရာကရစ်နှင့် အားရှုးဗားနီးပါးတို့၏ နန်းတော်ဟောင်းနေရာများကို နင်းနိဗဒေသတစ်ဝိုက်၌တွေ့ရှိ၍၊ ကျောက်ဖြူပြားပေါ်တွင် ရေးထားသည့် တောကစားထွက်ပုံများ၊ မြို့တော်ကြီးကို ဝိုင်းရံပုံများ၊ တိုက်ပွဲကြီးများ၊ လူခေါင်းပါသောနွားရုပ်၊ လူခေါင်းပါသော ခြင်္သေ့ရုပ်များကိုလည်း တွေ့ရလေသည်။ အားရှုးဗားနီပါဘုရင်၏ စာကြည့်တိုက်ကြီးမှ ရွှံ့ပြားခြောက်များတွင် ရေးထားသည့် စာများကို ယခုခေတ်၌ ကောင်းစွာဘာသာပြန်ဆိုနိုင်ပြီဖြစ်၍ အဆီးရီးယားနိုင်ငံနှင့်တကွ ဗက်ဗီလုံးနီးယားနိုင်ငံကြီးတွင် ထိုခေတ်က ထွန်းကားခဲ့သော လောကဓာတ်ပညာ၊ နိုင်ငံသမိုင်း၊ အယူဝါဒရေးရာနှင့်တကွ စာပေပရိယတ္တိများကိုပါ ကောင်းစွာသိရှိကြရလေသည်။(အဆီးရီးယား–ရှု။)

နင်းမီဆစ်။ ။ နင်းမီဆစ်နတ်သမီးသည် ဂရိထုံးဟောင်းပုံပြင်များ၏အလိုအရ လူတို့၏ ကုသိုလ်ကံ အကုသိုလ်ကံ ကိုလိုက်၍ တရားစီရင်သောနတ်သမီးဖြစ်သည်။ ထိုနတ်သမီးသည် စည်းစိမ်ဥစ္စာတန်ခိုးအာဏာကြောင့် မာန်မာနထောင်လွှားသူ လူသားတို့ကို မထောက်မညာ ရက်စက်စွာ အပြစ်ပေးတတ်သည်ဟု ရေးသူဟောင်း ဂရိလူမျိုးတို့က ယူဆကြသည်။ ကာလရွှေ့လျားလာသော် ထိုနတ်သမီးသည် ကံကောင်းသူတို့ကို ရန်ပြုတတ်သော နတ်သမီးဖြစ်သည်ဟု ယူဆလာ ကြပြန်သည်။ သို့သော် စင်စစ်မှာမူ ထိုနတ်သမီးသည် ကောင်းမှုမကောင်းမှု၏ အကျိုးအပြစ် အတိုင်းစီရင်သော နတ်သမီးပင်ဖြစ်၏။ လူတို့၏ ကောင်းမှုမကောင်းမှုဟူသမျှကို တိကျအောင် ချင့်ချိန်တိုင်းထွာ၍ လူတို့၏ ကံအကြောင်းတရားကို စီရင်ဖန်တီးပြီးလျှင် ပြစ်ဒဏ်ရှိလျှင် အပြစ်ပေးတတ်သော သဘောကိုဆောင်သော အားဖြင့် ထိုနတ်သမီး၏ အဆောင်အယောင်တို့သည် ပေတံ၊ မြင်းဇက်ကြိုးနှင့် ကျာပွတ် ဖြစ်လေသည်။

နောင်ရိုးတိုက်ပွဲ ။ ။နောင်ရိုးတိုက်ပွဲသည် ဘုရင့်နောင်၏ စစ်ပရိယာယ်ကို ထင်ရှားစေသော တိုက်ပွဲတစ်ခု ဖြစ်သည်။ (ဘုရင့်နောင်–ရှု။) ဘုရင့်နောင်ဟူသောအမည်မှာထို တိုက်ပွဲတွင်အောင်မြင်သောကြောင့်၊ တပင်ရွှေထီးကပေးသောအမည်ဖြစ်လေသည်။ ထိုစဉ်အခါက ဘုရင့်နောင်သည် ယောက်ဖတော် တပင်ရွှေထီးဘုရင်အထံတော်၌ ကျော်ထင်နော်ရထာအမည်နှင့် အမှုတော်ကို ထမ်းရွက်နေလေသည်။ သက္ကရာဇ် ၈၉၉ ခုနှစ်တွင် တပင်ရွှေထီးသည် ဟံသာဝတီကို စစ်သည်အလုံးအရင်းနှင့် ချီတက်တိုက်ခိုက်ရာတွင်၊ ကျော်ထင်နော်ရထာလည်းလိုက်ရ၏။ ဟံသာဝတီမင်း သူ့ရှင်တကာရွှတ်ပိအရင်းကို ယူဆောင်ကာ၊ ပြည်ဘုရင်နရပတိနှင့်သွားရောက်ပူးပေါင်းလေသည် ဟံသာဝတီကို လက်လွှတ်လိုက်ပြီးနောက်၊ မိမိ၏စစ်သည်အလုံးသည်။ ထိုအခါ မင်းတရားရွှေထီးသည် ဟံသာဝတီကို အလိုတော်ပြည့်ပြီဖြစ်၍ မုတ္တမကိုချီရအံ့လော၊ ပြည်ကိုပင် ချီတက်လုပ်ကြံရအံ့လောဟု သဘောနှစ်ခွဖြစ်ကာ၊ မှူးမတ်တို့နှင့် တိုင်ပင်တော်မူ၏။ စစ်ရေးတွင် အမြင်ကျယ်လှသော ကျော်ထင်နော်ရထာက ပြည်မြို့သို့ ဆက်လက်ချီတက်တော်မူပြီးမှ အရေးသာလျှင်သာသည့်အလျောက်လုပ်ကြံသောတော်မူပါ။ အရေးမသာက မုတ္တမသို့ စစ်ကြောင်းလွှဲသင့်ပါသည်ဟု လျှောက်သည်ကို မင်းတရားကြီးသည် နှစ်ကြိုက်တော်မူသောကြောင့် ကျော်ထင်နော်ရထာအား ထိုအရေးကို လွှဲအပ်တော်မူ၏။

ကျော်ထင်နော်ရထာလည်း ဟံသာဝတီ၌ သိုဝှက်ထားသောတိုက်လေ့များကို ဆုလဒ်ပေး၍ယူစေပြီးသော်၊ လေ့တပ်ခုနှစ်တက်ဖွဲ့ကာ ရေကြောင်းမှ မင်းတရားကြီးအား ချီတော်မူစေ၏။ မွန်တို့သည် ဥပါယ်တံမျဉ် ပရိယာယ်ဝေဝုစ်များလှသည်။ ရေတပ်ကြည်းတပ်ကို မခွာချီရမည်ဟု ဆို၍ သတိုးမမ္ဘရာဇာအစရှိသူတို့ကို တပ်လေးတပ်တွင် ဦးစီးစေလျက်၊ လေ့တပ်များနှင့် ထက်ကြပ်မကွာ ချီတက်စေလေသည်။ ကျော်ထင်နော်ရထာကိုယ်တိုင်လည်း တိုက်ဆင် ၅၀၊ မြင်း ၅၀၀၊ စစ်သည်သူရဲ ၁၀၀၀၊ ဆင်စီးအမတ် ၅ ကျိပ်နှင့် ကုန်းကြောင်းမှာပင် ချီတက်လိုက်ပါလေရာ၊ နောင်ရိုးသို့ ရောက်လာ၏။ နောင်ရိုးတစ်ဖက်ကမ်းတွင် ပြည်ဘုရင်ထံသို့ ရေကြောင်းဖြင့် ဆုတ်ခွာထွက်ပြေးသော သူ့ရှင်တကာရွှတ်ပိ၏ အမတ်ဗညားဒလနှင့် မင်းရဲအောင်နိုင်အစရှိသူတို့ တိုက်ဆင် ၂၀၀၊ မြင်း ၅၀၀၊ စစ်သည်သူရဲ ၈၀၀၀၀တို့ကို တပ်ကြီး ၅တပ်ဖွဲ့၍ တပ်ချရပ်နားနေသည်ကို တွေ့ရလေသည်။ ကျော်ထင်နော်ရထာလည်း ရန်သူ၏ စစ်အင်အားကို မှန်းဆကြည့်ရှုစေရာ အင်အားချင်းမမျှသည်ကိုသိရသော်လည်း ဖောင်များဖွဲ့စေပြီးလျှင် မိမိတပ်များကို တစ်ဖက်ကမ်းသို့ ချောင်းကိုဖြတ်၍ ဖောင်နှင့် ကူးစေ၏။ တစ်ဖက်သို့ရောက်လျှင် မိမိ၏ တပ်သားများ နောက်မတွန့်ဘဲ တိုက်ခိုက်နိုင်စေရန် ဖောင်များကို ဖျက်စေ၏။ တပ်မှူးစစ်ကဲများက ရန်သူအင်အားကြီးမားလှသည်။ မနိုင်၍ဆုတ်ခွါရသည်ရှိသော် ဖောင်များမရှိလျှင် အခက်ကြုံရအံ့ဟု လျှောက်တင်ကြ၏။ ကျော်ထင်နော်ရထာလည်းမစိုးရိမ်ကြလင့်၊ ဘုန်းတော်ကြောင့် ဤတိုက်ပွဲတွင် အောင်ပွဲဆင်ရအံ့ဟု ပြန်လည်မိန့်ကြားလေ

www.foreverspace.com.mm

သည်။ ကိုအခိုက် မင်းတရားရွှေထီးက ရန်သူကို တွေ့လျှင် မတိုက်ခိုနှင့်ဦး၊ ကိုယ်တော်တိုင် တိုက်တော်မူမည်ဟု မြင်းသည်ကျော်များကို စေလွှတ်မိန့်ကြားလိုက်လေရာ၊ ကျော်ထင်နော်ရထာက ဘုန်းတော်ကြောင့်အောင်မြင်လေပြီဟု ပြန်လည်လျှောက်တင်စေ၏။ ထိုနောက် 'သည်စစ်ကို ငါတို့အောင်မြင်လျှင်လည်းအသက်ရှည်မည်။ မအောင်မြင်ခဲ့လျှင်လည်း ငါတို့သေရမည်။ သေလေပြီးသည်ကိုလည်း ဘယ်သူ့ကိုအပြစ်တော်တင်မည်နည်း'ဟု တပ်မှူးစစ်ကဲအပေါင်းအား စိတ်နှစ်ခွမရှိစေရန် ရှင်းလင်းမိန့်တော်မူပြီးသော်၊ စစ်ကြောင်းများခွဲ၍ တိုက်စေ၏။ လက်ယာစစ်ကြောင်း၌ ဆင်စီးအမတ် ၁၅၊ မြင်း ၂၀၀၊ စစ်သည် ၃၀၀၀ကို ထော်မိုင်းရဲအား ဦးစီးစေ၍၊ လက်ဝဲစစ်ကြောင်းကို ထိုမျှသောဆင်မြင်းဗိုလ်ပါအင်အားကိုပင် ဘယသင်္ကြီအား ဦးစီးစေ၏။ ကျော်ထင်နော်ရထာကိုယ်တိုင်မှာကား အလယ်ကြောင်းမှနေ၍ ဆင်စီးအမတ် ၂၀၊ မြင်း ၁၀၀၊ စစ်သူရဲ ၄၀၀၀နှင့် ဝင်ရောက် တိုက်ခိုက်လေသည်။ 'စစ်တို့၏သဘောသည် အင်အား နည်းသည်များသည်ဟူ၍မရှိ၊ လုပ်ရည်ကြီရည် အရဲစွမ်းသာအရင်းဖြစ်သည်'ဟု ကျော်ထင်နော်ရထာ မိန့်ဆိုသည်ကို ကြားလျှင်၊ ဗိုလ်ပါအပေါင်းအားတက်လာသည်နှင့် ရွှပ်ရွှပ်ချိုချို တိုက်ကြ၏။ မွန်တို့ကလည်း မြန်မာဘက်မှ စစ်အင်အားနည်းသည်ဟု မကြောက်မရွံ့စစ်မျက်နှာဖြန့်၍ ကြိုလာ၏။ ကျော်ထင်နော်ရထာလည်း စီးတော်မူသောစွယ်လမန်ဆင်ကို ချွန်းဖွင့်၍ဝင်ပြီးလျှင် ဗညားဒလဆင်ကိုတိုက်၏။ ဗညားဒလလည်း ဆင်ထက်မှ မြင်းသို့သက်၍ ထွက်ပြေးရလေသည်။ မွန်တပ်များ ၄ စုကွဲ၍ပျက်လေသည်။ မြန်မာတို့ ဆင်မြင်းသုံ့ပန်း အများအပြားရရှိလိုက်၏။ မင်းတရားရွှေထီးလည်း နောက်တစ်နေ့မှ နောင်ရိုးသို့ ရောက်တော်မူလာပြီးလျှင်ကျော်ထင်နော်ရထာကိုခေါ်၍ 'ငါ့ကို မင့်ဘဲကိုတိုက်နှင့်သည်၊ ငါ့ပွဲတော်ကို ဖျက်ရာသလော'ဟု မိန့်တော်မူ၏။ ထိုအခါ ကျော်ထင်နော်ရထာက 'ဘုန်းကြီးသည့် အရှင်နှင့်မထိုက်တန်၊ ကျွန်ုပ်တို့နှင့်သာ ထိုက်တန်သည့် ပွဲဖြစ်၍၊ လုပ်ကြဲရဦးမည်လည်း များသေးသည်နှင့် တိုက်ပေသည်'ဟု လျှောက်ပြီးသော်ရသည့် ဆင်မြင်းဗိုလ်ပါ လက်နက်ကိရိယာတို့ကိုဆက်လျှင် အားရတော်မူ၍၊ ကျော်ထင်နော်ရထာအား ဘုရင့်နောင်ဟူသောဘွဲ့ကို ပေးတော်မူသည်သာမက၊ ဝတ်တော်မူသောလက်စွပ် ပတ္တမြားလက်ကောက်တို့ကိုလည်း ပေးသနား၍၊ လှိုင်မြို့ကိုစားစေသည်။ အောင်ပွဲရတပ်သားများကိုလည်း အထိုက်အလျောက် အဆောင်အယောင်စားကျေးစားလက် ပေးတော်မူ၏။ ထိုနောက်မှ ရေအားကြည်းအားဖြင့် ပြည်မြို့သို့ ဆက်လက်ချီတော်မူလေသည်။

နိုင်ဂျာမြစ်။ ။နိုင်ဂျာမြစ်သည် အာဖရိကတိုက် အနောက်ပိုင်းရှိ မြစ်ကြီးဖြစ်သည်။ ပင်လယ်မှ မိုင် ၁၅၀ ခန့်မျှသာဝေးသောပြင်သစ်ပိုင်ဂင်းနီနယ်ရှိ ကုန်းမြေမြင့် ပေါ်တွင်မြစ်ဖျားခံပြီးသော်၊ ပဋ္ဌမဦးစွာ၌ အရှေ့မြောက်ဘက်သို့လည်းကောင်း၊ နောက်တစ်ဖန် အရှေ့တောင်ဘက်သို့လည်းကောင်းစီးဆင်း၍၊ ပြင်သစ် ပိုင်နယ်မှ အင်္ဂလိပ်ပိုင် နိုင်ဂျီးရီးယားနယ်ကိုဖြတ်ကာ ဂင်းနီပင်လယ်ကွေ့ထဲသို့ စီးဝင်လေသည်။ ထိုမြစ်၏ မြစ်ဝကျွန်းပေါ်သည် မိုင် ၇၀ ခန့်ရှည်လျား၍၊ မြစ်ချောင်းအသွယ်သွယ်တို့မှာ ကွန်ချာကိုဖြန့်ချထားဘိသကဲ့သို့၊ မြောက်မြားစွာရှုပ်ထွေးလျက်ရှိနေရာကား၊ မည်သည့် မြစ်သည် မြစ်မကြီးဖြစ်ကြောင်း ပြောဆိုရန်ပင်ခဲယဉ်းလှ၏။ မြစ်ဝကျွန်းပေါ်ဒေသရှိနေရာများသည် ရာသီဥတုအားဖြင့် ကျွန်းမာရေးနှင့် မညီညွတ်ဘဲ စက်စီယင်ကောင်များကြောင့် အဖျားရောဂါ ထူထပ်သည်။ နိုင်ဂျာမြစ်၏မြစ်ညာအရပ်ဒေသများသည် မြောက်ပိုင်းအာဖရိကတိုက် အနောက်ဘက်သို့စီးဆင်းသော ဆင်နီဂေါမြစ်ဝှမ်းရှိမြို့များသို့ ကုန်းလမ်း၊ ကားလမ်း၊ မီးရထားလမ်းများဖြင့်ဆက်သွယ်နေသည်။ ထိုကြောင့် အာဖရိကအတွင်းကျသော ဆဟာရားသဲကန္တာရသို့ ရောက်လုနီးနီး၊ တင်ဗတ်တူး၊ ဆန်ဆင်ဒင်နှင့် ဆေးဂူးမြို့များအထိ ခရီးသွားရန် လွယ်ကူသည်။ နိုင်ဂျာမြစ်ဝှမ်းသည် မြေသြဇာကောင်းသော အရပ်ဒေသများကို ဖြတ်သန်းစီးဆင်းရသဖြင့် ထိုမြစ်တစ်လျှောက်သို့ တင်ပို့ရောင်းချသော ကုန်များမှာ အများအားဖြင့် အာဖရိကထန်းဆီ၊ ဆီစေ့များ၊ အင်တွဲ၊ သစ်စေး၊ ကြက်ပေါင်စေး၊ ကော်ဖီနှင့်ဆင်စွယ်ဟူ၍ဖြစ်လေသည်။ နိုင်ဂျာမြစ်သည် ကုန်စည်ကူးသန်းရောင်းဝယ်ရေးတွင် အလွန်အသုံးဝင်သောမြစ်ဖြစ်၍ နိုင်းနှင့် ကွန်ဂိုမြစ်များမှလွဲလျှင် အကြီးဆုံးသောမြစ်ဖြစ်၏။ နိုင်ဂျာမြစ်၏အကြီးဆုံးသောလက်တက်မှာ ဗေးနွေးမြစ်ဖြစ်သည်။ နိုင်ဂျာမြစ်တွင် မိုင်ပေါင်း ၉၀၀ ခန့်အထိ ကုန်သင်္ဘောကလေးများ မောင်းနှင်သွားလာနိုင်လေသည်။ နိုင်ဂျာမြစ်သည် မိုင်ပေါင်း ၂၆၀၀ ရှည်လျားလေသည်။

နိုင်ငံကူးလက်မှတ် ။ ။ နိုင်ငံကူးလက်မှတ်ဆိုသည်မှာ နိုင်ငံတော်အစိုးရက မိမိ၏နိုင်ငံသားတဦးအား တိုင်းတစ်ပါးသို့ သွားရောက်ခွင့်ပြုသောအနေနှင့် ထုတ်ပေးသည့် လက်မှတ်ဖြစ်သည်။ မည်သူမဆို နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့သွားရောက်ဝင်ထွက်လိုသောအခါ နိုင်ငံကူးလက်မှတ်ကို ယူဆောင်သွားရသည်။

လက်မှတ်ရှင်အား လုံခြုံစွာနှင့် လွတ်လပ်စွာ ဖြတ်သန်းသွားလာခွင့်ပြုရန်နှင့်အရေးရှိက လိုအပ်သမျှသော တရား

www.foreverspace.com.mm

သဖြင့် အကူအညီအစောင့်အရှောက်ကိုပေးရန် သက်ဆိုင်သူတို့အား ပန်ကြားချက်ပါလက်မှတ်၌ ပူးတွဲပါဝင်သည်။ နိုင်ငံကူးလက်မှတ်ကိုကြည့်ခြင်းဖြင့် လက်မှတ်ပိုင်ရှင်သည် မည်သည့် နိုင်ငံသားဖြစ်ကြောင်း သိသာသည်။

အချို့နိုင်ငံတွင် နိုင်ငံကူးလက်မှတ်ကို ပြည်ထဲရေးဌာနခ၌ လျှောက်ထားရ၍၊ အချို့နိုင်ငံတွင် နိုင်ငံခြားရေးဌာနခ၌ လျှောက်ထားရသည်။ မြန်မာနိုင်ငံ၌မူ နိုင်ငံခြားရေး ရုံးတွင် လျှောက်ထားရသည်။ လျှောက်ထားသည့်အခါ သုံးကျပ်ခွဲတန်အစိုးရတံဆိပ်တော်ခေါင်းပါ ပုံစံစာရွက်တွင် လိုအပ်သောအချက်အလက်များ ဖြည့်သွင်းပြီးနောက် ဘောင်မပါသော ဓာတ်ပုံအသေးသုံးပုံကို ပူးတွဲတင်ပြရသည်။ ထိုအခါမှ နိုင်ငံတော်ရဲအဖွဲ့၊ အထူးစုံစမ်းထောက်လှမ်းရေး ဌာနက လျှောက်ထားသူအကြောင်းကိုစုံစမ်းသည်။ အလုံးစုံကျေနပ်သောအခါတွင် နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးလေသည်။ ထိုအခါ လျှောက်ထားသူက လက်မှတ်ခ ငွေတစ်ဆယ်ကျပ်ပေးသွင်းရသည်။

နိုင်ငံကူးလက်မှတ်တွင် လျှောက်လွှာနှင့်အတူတင်ပို့လိုက်သောဓာတ်ပုံသုံးပုံအနက် တစ်ပုံကို ကပ်ပေးလိုက်၍ ယင်းအပေါ်တွင် အစိုးရတံဆိပ်ရိုက်နှိပ်လိုက်သည်။ လက်မှတ်မှာ စာအုပ်သဖွယ်ဖြစ်၍ အဖုံးပေါ်တွင် ပိုင်ရှင်မည်၊ အမှတ်စဉ်၊ ထုတ်ပေးသည့် နေ့စွဲတို့ကို ရေးထား၏။

နိုင်ငံကူးလက်မှတ် ရရှိထားသူသည် ယင်းလက်မှတ်ထဲ၌ ရေးသားပါရှိသည့် နိုင်ငံများသို့သာသွားလာခွင့်ရှိသည်။ ယင်းနိုင်ငံများဆိုင်ရာ အရာရှိတို့က နိုင်ငံကူး လက်မှတ်ပေါ်တွင်ထပ်ဆင့်လက်မှတ်ရေးထိုးပြီး ဖြစ်မှသာလျှင် ယင်းနိုင်ငံများ၌ နေနိုင်ခွင့်၊ ဝင်ထွက်သွားလာနိုင် ခွင့်များရရှိသည်။ ဤသို့ ထပ်ဆင့်လက်မှတ် ရေးထိုးခွင့်ပြု ခြင်းကို ဗီဇာ သို့မဟုတ်နိုင်ငံဝင်လက်မှတ်ဟု ခေါ်လေသည်။

နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးသည့်နေ့ရက်မှစ၍ သာမန်အားဖြင့် ၅ နှစ် အတည်ဖြစ်သည်။ ငါးနှစ်အတွင်း ခရီး သွားရန်ကိစ္စအသစ်အသစ်ပေါ်လာတိုင်း လဲလှယ်ခငွေ တစ်ကျပ်ပေးသွင်း၍ လက်မှတ်သစ်လဲလှယ်နိုင်သည်။ နိုင်ငံခြား ခရီးသွားတစ်ဦးအဖို့ ဤနိုင်ငံကူးလက်မှတ်သည် အသက်သွေးခဲပမာ အရေးကြီးလှသည်။

ရောင်းဝယ်ကုန်ပစ္စည်းဆန်း

စစ်ပြီးခေတ်တွင် နိုင်ငံခြားနှင့် ဆက်သွယ်ရသော တိုင်းရင်းသားကုန်သည် အမြောက်အမြားပေါ်ထွက်လာပြီဖြစ်ရာ၊ နိုင်ငံခြားကုန်သွယ်ရေးနှင့် ဆက်စပ်လျက်ရှိသော နိုင်ငံခြားငွေလဲလှယ်မှုကိစ္စတို့ကို သိအပ်လှပေသည်။ ဤအကြောင်းရပ်တွင်နိုင်ငံခြားငွေလဲလှယ်မှုအကြောင်း သိကောင်းစရာတို့ကို စုံလင်စွာဖတ်ရှုလေ့လာနိုင်လေသည်။

နိုင်ငံခြားငွေလဲလှယ်မှု။ ။"နိုင်ငံခြားငွေ လဲလှယ်မှု" ဟူသည်မှာ ယင်းတို့၏ ဓနပစ္စည်းပိုင်ဆိုင်ခွင့်များကို ငွေအဖြစ်တန်ဖိုးထား၍ တိုင်းပြည်တစ်ပြည်နှင့်တစ်ပြည် လဲလှယ်ရာတွင် အသုံးပြုသည့်နည်းလမ်းစံနစ်များနှင့် သက်ဆိုင်သော စီးပွားရေးသိပ္ပံပညာရပ် အစိတ်အပိုင်းတခုဖြစ်သည်ဟု ဆိုရပေမည်။ ထိုစကားရပ်၏အဓိပ္ပါယ်တွင် (၁) တစ်နိုင်ငံ နှင့်တစ်နိုင်ငံ ငွေလဲလှယ်မှု စံနစ်ကိုစုံစမ်းရေး၊ (၂) ယင်းသို့လဲလှယ်ရန် လိုအပ်လာရသောအကြောင်းများ၊ (၃)လဲလှယ်မှုတွင် မည်သည့်အသွင်ကိုထားရှိရေးနှင့် (၄) မည်သည့်အချိုးအစားများအလိုက်သော် လည်းကောင်း၊ မည်သည့် တူညီသောနှုန်းထားများဖြင့် သော်လည်းကောင်း လဲလှယ်မှု ပြုလုပ်ကြရသည်ဟူသော အချက်များပါအကျုံးဝင်လျက်ရှိသည်။ ဘဏ်များက နိုင်ငံခြားငွေလဲလှယ်မှုကိစ္စကို ဆောင်ရွက်နေကြသည်ဟုဆိုရာ၌ စင်စစ်အားဖြင့် နိုင်ငံခြားငွေကို ဝယ်ယူရောင်းချ၍ နေကြခြင်းဖြစ်၏။ (ဘဏ်–ရှု။) အကြောင်းခြင်းရာကို အသေအချာမသိသူတို့သည် ထိုငွေမျိုးကို ချိန်ဆတိုင်းထွာ ၍မရနိုင်သောကုန်ပစ္စည်းအဆန်းတစ်မျိုးဟု မှတ်ယူကြသည်။ ဘဏ်များက နေ့စဉ်နှင့်အမျှ နိုင်ငံခြားငွေများကို ဝယ်ယူရောင်းချ၍နေကြသဖြင့် ရန်ကုန်မြို့ရှိ ဘဏ်တိုက်တစ်တိုက်၏ မန်နေဂျာထံသို့ ကျွန်ုပ်တို့သွားရောက်ကာ၊ ထိုဘဏ်က ရောင်းချနေသည့် အဆိုပါ ထူးဆန်းသောကုန်ပစ္စည်းအကြောင်းကို မေးမြန်းကြည့်ကြပါစို့။ ဘဏ်မန်နေဂျာက သိစေလိုသောစေတနာထားပါမူ ကျွန်ုပ်တို့အား ယင်း၌ထားရှိသော နိုင်ငံခြားငွေအမျိုးမျိုးနှင့် ထိုငွေများ၏ တန်ဖိုးစာရင်းကို ပြသပေလိမ့်မည်။ ထိုပြသသည့် စာရင်းတွင် နိုင်ငံခြားငွေဖြစ်သည့် စတာလင်ပေါင်၊ အိန္ဒိယငွေ၊ ပြင်သစ်နှင့် ဆွစ်နှင့် ဗဲလဂျီယမ်နိုင်ငံသုံးဖရန့်များ၊ နော်ဝေးနှင့် ဒိန်းမတ်နိုင်ငံသုံးခရိုနာများ၊ အမေရိကန်ပြည်ထောင်စုသုံး ဒေါ်လာများနှင့် ဩစတြေးလီးယား နိုင်ငံသုံးပေါင် အစရှိသည်များကိုပင် ရောင်းချရန်အလို့ငှါရှိနေကြောင်းကို တွေ့မြင်ရပေမည်။ နိုင်ငံခြားငွေများကို ဘဏ်တိုက်များက ကုန်စုံရောင်းသကဲ့သို့ အရောင်းအဝယ် ပြုလုပ်ကြ၏။ ယင်းသို့ အရောင်းအဝယ်ပြုလုပ်သည့် ဘဏ်၏ နိုင်ငံခြားငွေများ ဈေးနှုန်းစာရင်းကို ကုန်စုံဆိုင်တွင်ထားရှိသော

www.foxvalspace.com.mm

ကုန်စျေးနှုန်းစာရင်းနှင့် နှိုင်းယှဉ်၍ကြည့်မည်ဆိုပါက ကုန်စုံဆိုင်ရှင်က ကုန်အချိန်တစ်ပိသာ (၀၊) တစ်ပေါင်လျှင် မြန်မာကျပ်ငွေမည်မျှနှင့်ရောင်းချမည်ကို တန်ဖိုးထားဘိသကဲ့သို့ ဒေါ်လာငွေ၊ ဖရန့်၊ စတာလင်ပေါင်အစရှိသည်တို့အပေါ်၌ ကျပ်ငွေမည်မျှ တန်ဖိုးထား၍ ရောင်းချမည်ကို စျေးနှုန်းသတ်မှတ်ထားကြောင်း တွေ့မြင်ရပေလိမ့်မည်။

ဘဏ်များက ပြည်ပရှိနိုင်ငံခြားသားများအတွက် လိုအပ်သောကိစ္စများကို ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံခြားငွေရရှိနိုင်သည်။ ထိုပြင်ပြည်ပတွင် ငွေအရင်းအနှီး မြှုပ်နှံထားသည့် လုပ်ငန်းများရှိပါက တိုင်းရင်းသားများကလည်း နိုင်ငံခြားငွေများကို ရရှိနိုင်ကြသေး၏။ နိုင်ငံခြားငွေအများဆုံးရရှိအောင် လုပ်ဆောင်၍ ပေးသူများမှာ ကျွန်ုပ်တို့၏ ထုတ်ကုန်ကူးသူများ ဖြစ်ကြသည်။ နှစ်စဉ်နိုင်ငံခြားသို့ တင်ပို့ရသည့် ထုတ်ကုန်များအတွက်ရရှိသော နိုင်ငံခြားဝင်ငွေသည် ကုဋေပေါင်းများစွာဖြစ်၏။ ထိုထုတ်ကုန်တန်ဖိုးငွေများကို နိုင်ငံခြားငွေအမျိုးမျိုးအစားအစားဖြင့် ရရှိသည့်အခါ၌ ဘဏ်များက သက်ဆိုင်သူများကို ငွေလဲလှယ်၍ ကျပ်ငွေဖြင့်ပေးကာ စာရင်းရှင်းလင်းကြလေသည်။ မြန်မာနိုင်ငံတွင် နေထိုင်သူတို့အဖို့ နောက်ဆုံးတန်ဖိုးကို မြန်မာငွေနှင့်ရရှိမှသာလျှင်ကျေနပ်ကြပေမည်။ ဘဏ်များက နိုင်ငံခြားငွေများကို ရရှိထားကြသည်နှင့်အမျှ နိုင်ငံခြားငွေအလိုရှိသူများကို ရှာဖွေကြရပေမည်။ ယင်းနိုင်ငံခြားငွေကို အလိုရှိသောသူများသည် အများအားဖြင့် ကျွန်ုပ်တို့၏ သွင်းကုန်ကူးသူများ ဖြစ်ကြ၏။ အဘယ်ကြောင့်ဆိုသော်၊ ထိုပုဂ္ဂိုလ်များသည် နိုင်ငံခြားမှမှာယူတင်သွင်းသော ကုန်ပစ္စည်းများအတွက် နိုင်ငံခြားငွေဖြင့်ပေးချေရမည် ဖြစ်ခြင်းကြောင့်ပင်တည်း။ ထိုမှတစ်ပါး ကျွန်ုပ်တို့အစိုးရကလည်း နိုင်ငံခြားမှဝယ်ယူသည့် ကုန်ပစ္စည်းများအတွက်လည်းကောင်း၊ ပညာတော်သင်များအားထောက်ပံ့ရန်စရိတ်အတွက်လည်းကောင်း၊ ပြည်ပရှိမြန်မာသံရုံးများ၏ စရိတ်စကများအတွက်လည်းကောင်း၊ နိုင်ငံခြားအစိုးရထံမှဖြစ်စေ၊ အဖွဲ့အစည်းများထံမှဖြစ်စေ၊ ချေးယူသည့်ငွေများအတွက် အတိုးအရင်းအစရှိသည်တို့ကို ပေးဆပ်ရန်အတွက်လည်းကောင်း၊ အခြားတိုင်းနိုင်ငံ များသို့သွားရောက်လည်ပတ်ကြသည့် ခရီးသည်များ၏ စရိတ်စကများအတွက်လည်းကောင်း နိုင်ငံခြားငွေပေးချေကုန်ကျရမည့် တာဝန်လည်းရှိသေးသည်။ ဘဏ်တိုက်၏တာဝန်မှာ ယင်းနှင့်ဆက်သွယ်သူများအတွက် နိုင်ငံခြားငွေကို ကျပ်ငွေဖြင့်လဲလှယ်ပေးရန်ဖြစ်ကြောင်း အထက်တွင်ပြဆိုခဲ့ပြီးဖြစ်၏။ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများကို နိုင်ငံခြားသို့တင်ပို့ရောင်းချသည့်အခါ၊ မည်ကဲ့သို့ ငွေအပေးအယူလဲလှယ်မှုပြုလုပ်သည်ကို ပုံစံအားဖြင့်ဖော်ပြရမည်ဆိုလျှင်၊ မြန်မာနိုင်ငံရှိ "ရွှေလိပ်ပြာကုမ္ပဏီ" အမည်ရှိသောကုမ္ပဏီတခုက အင်္ဂလန်ပြည်မန်ချက်စတာမြို့ရှိ "ရွှန်အင်ကုမ္ပဏီ"သို့ ကျပ်ငွေ ၂၄၀၀၀ တန် ၀ါ၇မ်းရိုင်းများကို ရောင်းလိုသည့်အခါ၊ ထုတ်ကုန်ကူးသူ ရွှေလိပ်ပြာကုမ္ပဏီက ဘဏ်အား ယင်းတင်ပို့ရောင်းချမည့် ကုန်များအတွက် ငွေရယူရန် တာဝန်လွှဲအပ်ရပေမည်။ ကုန်ဝယ်ယူသူကလည်း ကုန်ပိုင်ဆိုင်ခွင့်ရှိသည့် သင်္ဘောတင်ခြင်းနှင့်စပ်ဆိုင်သော စာရွက်စာတမ်းများကို ကျသင့်သောတန်ဖိုးပေး၍ ရွေးယူရန် စီစဉ်ရမည်ဖြစ်၏။ ထုတ်ကုန်ကူးသူသည် ကုန်သွယ်မှု စံနစ်ကို မကျွမ်းကျင်သေးလျှင်၊ ဘဏ်ကထိုသူ့အား "ငွေလွှဲစာချုပ်"ကို မည်သို့ထုတ်ရမည်ကိုလည်းကောင်း၊ သင်္ဘောတန်ဆာကို မည်သို့ ပြုလုပ်ရရှိနိုင်သည်ကိုလည်းကောင်း၊ ကုန်များကို မည်သို့ ရေကြောင်းအာမခံထားရှိရမည်ကိုလည်းကောင်း၊ ပို့ကုန်စာရင်းကို မည်သို့ပြုလုပ်ရမည်ကိုလည်းကောင်း နားလည်အောင်ပြောပြပေလိမ့်မည်။ ထုတ်ကုန်ကူးသူက သူ၏ ၀ါ၇မ်းရိုင်းကို ရွှန်အင်ကုမ္ပဏီထံသို့ လိပ်တင်၍ တင်ပို့ရန်၊ သင်္ဘောကုမ္ပဏီအား ပေးအပ်ပြီးသည့်အခါ သင်္ဘောမာလိန်မှူးထံမှဖြစ်စေ၊ ယင်း၏ကိုယ်စားလှယ်ထံမှဖြစ်စေ သင်္ဘောတန်ဆာကို ရရှိလိမ့်မည်။ ထိုတန်ဆာသည် သင်္ဘောပေါ်သို့ ကုန်များတင်ပြီး၍ လက်ခံရရှိကြောင်း သင်္ဘောမာလိန်မှူးကဖြစ်စေ၊ ကိုယ်စားလှယ်ကဖြစ်စေ လက်မှတ်ရေးထိုးထားသော စာတမ်းဖြစ်သည့်အပြင်၊ ကုန်လက်ခံမည့် သူအားလည်းကောင်း၊ ထိုသူကတစ်ဆင့် လွှဲအပ်မည့် ပုဂ္ဂိုလ်အားလည်းကောင်း သင်္ဘောတင်ခရရှိသည့်အခါ ကုန်ကို ပေးအပ်ပါမည်ဟူသော ဝန်ခံချက်ပါရှိသဖြင့်၊ ကုန်များပိုင်ဆိုင်ခွင့်ရှိကြောင်းကိုပြသသည့် စာရွက်စာတမ်းဖြစ်သည်။ သင်္ဘောတန်ဆာရရှိပြီးနောက်၊ ကုန်တင်ပို့သူ မိတ္တူများ၏ ကျောဘက်တွင် လက်မှတ်ရေးထိုး၍ ငွေလွှဲစာချုပ်နှင့်အတူ သင်္ဘောတန်ဆာ၊ ကုန်စာရင်း၊ ရေကြောင်းအာမခံစာချုပ်နှင့် အခြားလိုအပ်သော ကုန်တင်စာရွက်စာတမ်းများကိုပါ၊ ဘဏ်သို့ ပေးအပ်ရမည်ဖြစ်သည်။ ယင်းသို့ သင်္ဘောတန်ဆာကို လက်မှတ်ရေးထိုး လွှဲပြောင်းပေးအပ်လိုက်ခြင်းသည် ကုန်ပစ္စည်းများကို ဘဏ်သို့ လွှဲအပ်ပေးရာရောက်သဖြင့် ဘဏ်က ကုန်တင်ပို့သူ၏ကိုယ်စား ကုန်တန်ဖိုးငွေကို ကောက်ခံရယူပေးရမည်ဖြစ်၏။ စာရွက်စာတမ်းများအားလုံးနေရာတကျ နိုင်ငံခြားရှိယင်း၏ဘဏ်တိုက်ခွဲသို့ဖြစ်စေ၊ ကိုယ်စားလှယ်ဘဏ်ထံသို့ဖြစ်စေ ငွေကောက်ခံယူရန် အတွက်ပေးပို့လိမ့်မည်ဖြစ်သည်။ အင်္ဂလန်ပြည်သို့ ကုန်ပစ္စည်းများရောက်သည့်အခါ၌ ကုန်ဝယ်ယူသူအား သင်္ဘောကုန်တင်စာရွက်စာတမ်းများကို ဘဏ်က ငွေလက်ခံရရှိပြီးမှ ပေးအပ်လိမ့်မည်။ ထိုသို့ငွေလွှဲစာချုပ်ကို လက်ခံ၍ ငွေချေပြီးကြောင်း မြန်မာနိုင်ငံဘဏ်က အကြောင်းကြားစာရ

www.forumspace.com.mm

သည့်အခါ ကုန်ပို့သူအား ဘဏ်ကော် မရှင်နှင့် နိုင်ငံခြား တံဆိပ်တော်ခေါင်းဖိုးတို့ကို ခုနှိမ်၍ ကုန်ဖိုးငွေကို ပေးအပ်လိမ့်မည်။ သို့တည်းမဟုတ် ကြေးနန်းဖြင့်ငွေပေးချေရန် အကြောင်းကြားစာရရှိပါလျှင် ဘဏ်က ကုန်တင်ပို့သူအား နှောင့်နှေးခြင်းမရှိဘဲ ငွေကို ထုတ်ပေးနိုင်လိမ့်မည်။

အထက်ဖေါ်ပြပါဥဒါဟရဏ်တွင် ငွေလွှဲစာချုပ်သည် ကျပ်ငွေ ၂၄၀၀၀ တန်ဖိုးနှင့်ညီမျှသည့် စတာလင်ပေါင် ၁၈၀၀ အတွက်ဖြစ်ခဲ့လျှင် တန်ဖိုးကျသင့်သလောက်အခွန် တော်တံဆိပ်ခေါင်းကပ်၍၊ အောက်ပါစာတမ်းမျိုးကို ရေးဆွဲ အသုံးပြုရမည်ဖြစ်သည်။ ထိုငွေလွှဲစာချုပ်ကို ငွေကောက်ခံ ရယူရန် ဘဏ်သို့ပေးအပ်မီ၊ "ရွှေလိပ်ပြာကုမ္ပဏီ"က ထောက်ခံလက်မှတ်ရေးထိုးပေးရပေမည်။ ရွှေလိပ်ပြာ ကုမ္ပဏီအား ငွေလည်စေရန် ကူညီလိုသောဆန္ဒရှိလျှင် ဘဏ်တိုက်က အဆိုပါ ငွေလွှဲစာချုပ်ကို လက်ငင်း လက်ခံ ဝယ်ယူလိုက်မည် ဖြစ်သည်။ ယင်းသို့ ဝယ်ယူလိုက်ပါက ကုန်တင်ပို့သူသည် အချိန် ကာရှည်စွာမစောင့်ဆိုင်း

လဲလှယ်ရမည့် နိုင်ငခြားငွေ တနေ့ဖုး ပေါင် ၁,၈၀၀။

တံဆိပ်တော် ခေါင်း

ရန်ကုန်မြို့။

ဖိုင်ဘ်သား ၃၀၊ ၁၉၅၇။

ပဋ္ဌမပူရင်းပြစ်သော ဤငွေလွှဲစာကို ရရှိပြီးနေ့တွင် ၃ ရက် အတောအတွင်း (ဒုတိယမိတ္တူနှင့်တတိယမိတ္တူငွေလွှဲစာများအတွက် ငွေပေးချေခြင်းမပြုရသေးပါမူ) ကျွန်ုပ်အား သို့မဟုတ် ကျွန်ုပ် အာဏာ လွှဲအပ်ထားသူအား လက်ခံ ရရှိထားသော ကုန်တန်ဖိုး စတာလင်ပေါင် တထောင့်ရှစ်ရာကို ပေးချေစေလိုပါသည်။

သို့

ကျွန်အင်ကုမ္ပဏီ

ရွှေလိပ်ပြာကုမ္ပဏီ

မန်ချက်စတာ၊မြို့။

www.foreverspace.com.mm

ရတော့ဘဲ ငွေချက်ခြင်းရရှိမည်ဖြစ်၏။ သို့သော် ဘဏ်တိုက်က မိမိစိုက်ထုတ်ပေးထားရသည့်အတွက် ငွေအတွက်အတိုးတွက် နုတ်ငွေကိုယူပြီးမှပေးသော အသားတင် ငွေကိုသာ ရရှိမည်ဖြစ်သည်။ ကုန်တင်ပို့သူထံမှ ငွေလွှဲစာချုပ်ကို အထက်တွင်ပြဆိုသကဲ့သို့ ဘဏ်က လက်ငင်းဝယ်ယူခြင်းမှာ၊ ထိုငွေလွှဲစာကို အချိန်စေ့သည့်အခါ ကုန်ဝယ်သူက လက်ခံပေးချေလိမ့်မည်ဟူသော နားလည်မှု ရရှိထားခြင်းကြောင့်ပင်ဖြစ်၏။ အကယ်၍ ကုန်ဝယ်ယူသူက ကုန်တန်ဖိုးငွေမပေးချေခဲ့ပါမူ၊ ဘဏ်က ကုန်ပို့သူထံမှ စရိတ်စကကိုပါ စုပေါင်းတွက်ချက်၍ မိမိထုတ်ပေးခဲ့သော ငွေကို ပြန်လည်တောင်းယူမည် ဖြစ်သည်။ ယင်းသို့ တောင်းဆိုရယူနိုင်ရန်ကိုလည်း ကြိုတင်ကာကွယ်စီစဉ်ထားပြီး ဖြစ်သည်ဟု နားလည်ထားအပ်ပေသည်။

ငွေလွှဲနှုန်း

နိုင်ငံခြားငွေဝင်လမ်းရှိသူ မြန်မာတစ်ဦးသည် ဦးစွာပဌမ မိမိရရှိသောနိုင်ငံခြားငွေကို မည်သည့်နှုန်းဖြင့် ရောင်းချနိုင်မည်ကို စဉ်းစားရပေမည်။ တနည်းဆိုလျှင် နိုင်ငံခြားငွေမည်မျှပေးခြင်းအားဖြင့် မြန်မာကျပ်ငွေမည်မျှရရှိမည်ကိုအဓိကထား၍၊ စူးစမ်းဆင်ခြင်ရမည်ဖြစ်လေသည်။

ငွေလဲနှုန်းဆိုသည်မှာ ငွေတစ်မျိုးနှင့်တစ်မျိုး နှိုင်းချိန်၍ သတ်မှတ်ထားသောတန်ဖိုး(၀ါ) စျေးနှုန်းဖြစ်ပေသည်။ ငွေအမျိုးအစားတခု၏ စျေးနှုန်းဟူသည်မှာလည်း ထိုငွေအမျိုးအစားကို ကမ္ဘာ၏ရောင်းဝယ်အားအပေါ်တွင် မူတည်လျက် အစဉ်မပြတ်ပြောင်းလဲနေခြင်းကြောင့် တည်ငြိမ်ခြင်းမရှိပေ။ ဝယ်ယူရောင်းချနိုင်သည့်ကုန်ပစ္စည်းမှန်လျှင် ယင်း၏ရောင်းဝယ်အားသည် ပြောင်းလဲခြင်းအတက်အကျ သဘောရှိသည်။ တိုင်းပြည်တစ်ပြည်က အကြွေးပေးဆပ်ရန်သော်လည်းကောင်း၊ မီးရထားစက်ကိရိယာများကို ဝယ်ယူရန်သော်လည်းကောင်း စတာလင်ပေါင်ကိုပိုမိုရလိုသည့်ဆန္ဒရှိကောင်းရှိပေမည်။ သို့မဟုတ် မြန်မာနိုင်ငံရှိကုမ္ဓဏီတစ်ခုက စက်လုပ်ဝတ္ထုပစ္စည်းများကို ဝယ်ယူရန်အတွက် နိုင်ငံခြားငွေအမြောက်အမြားအလိုရှိပေမည်။ သို့မဟုတ် ဂျပန်နိုင်ငံလုပ် ကုန်ပစ္စည်းများကို ဝယ်ယူလိုသူတစ်ယောက်က စတာလင်ပေါင်ပေး၍ တိုက်ရိုက်မဝယ်ယူဘဲ ပဌမစတာလင်ပေါင်ရရှိပြီးနောက်မှ ထိုငွေဖြင့် ဂျပန် "ယန်း"ကို တစ်ဆင့်ဝယ်ယူပြီးလျှင်၊ လိုသောကုန်ပစ္စည်းများကို ဝယ်ယူခြင်းအားဖြင့်သူအဖို့အကျိုးရှိကြောင်းကို တွေ့ရပေမည်။ အဆိုပါ အခြေခံသဘောတရားများနှင့် အခြားများပြားလှသည့် အချက်အလက်များသည်ပင်လျှင် ငွေများအရောင်း အဝယ် စျေးနှုန်း ပြုပြင်ခြယ်လှယ်လျက်ရှိ၏။ ငွေလဲလှယ်ရေးကိစ္စအဝဝတွင်၊ အစိုးရကဝင်ရောက် စွက်ဖက်ဆောင်ရွက်ခြင်းမပြုလျှင်၊ ငွေလဲနှုန်းများ အတက်အကျပြောင်းလဲယိမ်းယိုင်လာမြဲမမှတာပင်ဖြစ်သည်။ ယင်းသို့ပြောင်းလဲယိမ်းယိုင်ခြင်းသည် နိုင်ငံခြားငွေရောင်းဝယ်အားတို့ကို တစ်ခုနှင့်တစ်ခု ညီမျှစေရန် ပြုပြင်ဖန်တီးပေးလေသည်။

ကမ္ဘာတစ်ဝန်းလုံး အသုံးပြုနေသည့် ငွေအမျိုးအစားအများအပြားကို လွှဲဖြင့် ပြောင်းလဲယူနိုင်စဉ်အခါက ငွေ၏တန်ဖိုးကို ထိုငွေနှင့် လဲလှယ်နိုင်သည့် လွှေပမာဏပေါ်တွင် အခြေပြု၍သတ်မှတ်ထား၏။ ပုံပမာ ဘဏ်တွင်ပေးအပ်ထားသော ပေါင်တစ်ပေါင်၊ သို့မဟုတ် တစ်ပေါင်တန်စက္ကူကို ၁၁၃ 'ဂရမ်'အချိန်စီးသော လွှေဒင်္ဂါးတစ်ပြားဖြင့် အချိန်အခါမရွေး လဲလှယ်ယူနိုင်ခွင့်ရှိခဲ့၏။ အမေရိကန်ပြည်ထောင်စုတွင် ဒေါ်လာငွေ ၄.၈၆၆ကို ၁၁၃ 'ဂရမ်' အလေးချိန်ရှိသော လွှေဖြင့်လဲလှယ်ရယူနိုင်ခွင့်ရှိ၏။ သို့ဖြစ်၍ စတာလင်ပေါင်တစ်ပေါင်မှာ အမေရိကန် ဒေါ်လာငွေ ၄.၈၆၆ တန်ဖိုးနှင့် ညီမျှပေသည်။ ထိုတန်ဖိုးပင်လျှင် အဆိုပါငွေများကို လဲလှယ်နိုင်သည့် နှုန်းဖြစ်ခဲ့၏။ လွှေစံချိန်ထား၍ ငွေတန်ဖိုးဖြတ်ရသည့်ခေတ်အခါက လွှေကိုသာမက ကုန်ပစ္စည်းနှင့် လုပ်အားအမျိုးမျိုးတို့ကို ဝယ်ယူနိုင်သည့်အင်အားအပေါ် တည်လျက်ရှိသည်။

ဝယ်အားညီနှိုင်းမှု

ပဌမကမ္ဘာစစ်ကြီး ပြီးသည့်နောက်၊ ဂျာမနီ၊ ပိုလန်နှင့် အခြားတိုင်းနိုင်ငံများတွင် ယင်းတို့၏ ပြည်တွင်းသုံးငွေများလဲလှယ်ရေးတန်ဖိုး ကျဆင်းသွားခြင်းသည် အဓိကအားဖြင့်ငွေကြေးဖောင်းပွမှု (၀ါ) ပစ္စည်းနည်း ငွေများမှကြောင့် ဖြစ်ပေါ်လာသည်။ ထိုအချက်ကိုထင်ရှားအောင်ပြလို၍ ဝယ်အားညီနှိုင်းမှု သဘောတရားကို ထိုနိုင်ငံတို့က ကြံစည်အသုံးပြုလိုက်ကြလေသည်။

အဆိုပါ သဘောတရားကို အဓိပ္ပါယ်ပေါ်လွင်အောင် ဥဒါဟရဏ်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံရှိ တစ်ဦးတစ်ယောက်သောသူသည် ထားဝယ်ခရိုင်၊ မောင်းမကန်အရပ်သို့အားလပ်ခွင့်ယူ၍ ခေတ္တသွားရောက်လည်ပတ် နေထိုင်သည့်အတွက် ကျပ်ငွေ ၁၀၀၀ ကုန်ကျမည်ဆို ကြပါစို့။ အကယ်၍ မောင်းမကန်သို့သွားမည့်အစား ပီနန်သို့သွားရောက်နေထိုင်ပါက မောင်းမကန်မှာကဲ့သို့ပင် နေရေးစားရေး အဆင့်အတန်းမခြားနားဘဲ စရိတ်ငွေ မလျှာယု ဒေါ်လာ၅၀၀ သာကုန်ကျမည်ဆိုလျှင် မြန်မာငွေ ၁၀၀၀သည် မလျှာယု ဒေါ်လာ ၅၀၀ နှင့် ညီမျှသည်ဟု ထိုသူအဖို့ သဘော တူလက်ခံနိုင်ဖွယ်ရာရှိခြင်းကြောင့် မလျှာယု ၁ ဒေါ်လာကို မြန်မာငွေ ၂ကျပ်နှင့် လဲလှယ်ပါက မျှတသော နှုန်းထားဟုယူဆပေလိမ့်မည်။

www.foreyepace.com.mm

ထိုနည်းဟူစွာ ကုန်သည်တစ်ယောက်သည် သယ်ယူပို့ဆောင်ခစရိတ်အပါအဝင် မလ္လာယုဒေါ်လာ ၅၀၀ ပေးချေပြီးနောက်တွင်ဝယ်ယူရရှိနိုင်သော ရော်ဗာကုန်ပစ္စည်းများကို မြန်မာနိုင်ငံတွင် ကျပ်ငွေ၁၀၀၀ ပေးကာဝယ်ယူနိုင်လျှင် ထိုသူကလည်း မလ္လာယု ၁ ဒေါ်လာနှင့်မြန်မာငွေ ၂ကျပ် တန်ဖိုးထားချိန်လဲလှယ်ခြင်းသည် မျှတသည်ဟု သဘောရှိပေမည်။

ထိုကြောင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ယင်းတို့ ၏ငွေအမျိုးအစားတခုနှင့်တခုဝယ်အားကိုလိုက်၍ တန်ဖိုးဖြတ်သောငွေလဲနှုန်းသည် ကုန်သွယ်လုပ်ငန်း လုပ်ကိုင်သူ များအဖို့ လဲလှယ်သင့်သောနှုန်းထားပင်ဖြစ်ပေသည်။ တနည်းဆိုလျှင် ဘောဂဗေဒပညာရှင်များ၏အယူအဆအားဖြင့် ငွေနှစ်မျိုးနှစ်စားရှိရာ၌ တစ်မျိုးနှင့်တစ်မျိုး လဲလှယ်ရန်ဖြစ်ပေါ်လာသည့်နှုန်းသည် ယင်းတို့အသီးသီး၏ ဝယ်အားနှင့်မခြားနားပေ။ ယင်းသည်ပင်လျှင် ဝယ်အားညီနှိုင်းမှုသဘောတရားပင်ဖြစ်သည်။ သို့သော် ဤကိစ္စသည် ရင်းနှီးငွေလွှတ်လပ်စွာပြောင်းရွှေ့လှုပ်ရှားမှု၊ အကောက်တော်နှုန်းစည်းကြပ်မှုများနှင့် သက်ဆိုင်ရာတိုင်းပြည် အစိုးရအသီးသီးတို့၏ ခိုင်မြဲသောတည်တံ့မှုစသော အကြောင်းအချက်အမျိုးမျိုးတို့အပေါ်တွင်လည်း အခြေပြုလျက်ရှိပေသည်။

ငွေခက်နှင့် ငွေလွယ်များ

တိုင်းပြည်တစ်ပြည်တွင် အရေးကြီးသည့် သွင်းကုန်များအတွက် ပေးချေကုန်ကျရန် အမှန်တကယ်လိုနေသည့် ငွေမျိုးကို ထုတ်ကုန်လုပ်ငန်းမှ လုံလောက်စွာ မရရှိနိုင်လျှင်သော်လည်းကောင်း၊ သို့တည်းမဟုတ် ယင်းသို့ လိုငွေဖြစ်ပေါ်လာရာ၌ ဖြည့်တင်းရန် လုံလုံလောက်လောက်ချေးယူ၍မရရှိနိုင်လျှင်သော်လည်းကောင်း ထိုငွေမျိုးကို အဆိုပါတိုင်းပြည်အဖို့ "ငွေခက်"ဟုခေါ်ဆိုရပေမည်။ တနည်းအားဖြင့် လိုသလောက်မရသော ငွေမျိုးသည် "ငွေခက်" ပင်ဖြစ်၏။ အဆိုပါ"ငွေခက်"မှ အပ အခြားသောငွေမျိုးကို တစ်ခါတစ်ရံ "ငွေလွယ်"ဟု ခေါ်ဝေါ်သမုတ်ကြ၏။ အမှန်အားဖြင့်၊ နိုင်ငံအသီးသီးက တိုင်းပြည်တစ်ပြည်အပေါ်တွင်ပေးစရာထက်၊ ရစရာများနေသည့်အခါ၊ ထိုတိုင်းပြည်၏ ငွေမှာအဆိုပါ နိုင်ငံများအဖို့ငွေလွယ်ဖြစ်ရလေသည်။ အမေရိကန်ငွေစာရင်းဝင်နိုင်ငံများ၏ ငွေများသည် ကျွန်ုပ်တို့အဖို့ "ငွေခက်"များ ဖြစ်လေသည်။

စတာလင်နယ်

၁၉၃၁ ခုနှစ်၌ အင်္ဂလန်ပြည်တွင် ရွှေရန်ပုံငွေလျော့ပါးကျဆင်းသွားသဖြင့်၊ ဗြိတိသျှအင်ပိုင်ယာ အဖွဲ့ဝင်နိုင်ငံအများအပြားနှင့် အခြားတိုင်းနိုင်ငံများတို့သည် ယင်းတို့တိုင်းပြည်ငွေများကို ရွှေဖြင့်ဆက်သွယ်ထားရှိခြင်းထက် စတာလင်ငွေနှင့်ဆက်သွယ်ထားခြင်းသည် ပိုမိုခိုင်မြဲလိမ့်မည်ဟုယူဆကြပြီးလျှင်၊ ပေါင်ဖြင့် မြဲမြဲစွဲစွဲ နှုန်းထားချည်ကာ သတ်မှတ်ထားကြခြင်းမှအစပြု၍၊ စတာလင်အုပ်စု(ဝါ)စတာလင်နယ်သည် ပေါ်ပေါက်လာခဲ့သည်။ ယခုအခါစတာလင်အုပ်စုတွင် မိမိတို့အလိုရှိသော "ငွေခက်"များရရှိရေးအတွက် ယူနိုက်တင်းဒမ်းနိုင်ငံနှင့် ပေါင်စတာလင်ငွေကို ဆက်စပ်ရန် သဘောတူညီထားသည့် နိုင်ငံများအားလုံး ပါဝင်ကြ၏။ ထိုအုပ်စုသည် မိမိတို့၏ ဆန္ဒအရ ဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုဖြစ်သဖြင့်၊ ပါဝင်ပြီးသော နိုင်ငံများအနက်၊ မည်သည့်နိုင်ငံမဆို ထွက်လိုကထွက်နိုင်ခွင့်ရှိပေသည်။ အဖွဲ့သို့ ဝင်လိုသော်ကားမဝင်နိုင်ချေ။ စတာလင်သည် ယူနိုက်တက်ကင်းဒမ်း၏ ငွေအမျိုးအစားဖြစ်ပေသည်။ စတာလင်အုပ်စုတွင် ပါဝင်သော အခြားအဖွဲ့ဝင်နိုင်ငံများသည် မိမိတို့ သက်ဆိုင်ရာ ပြည်တွင်းသုံးငွေများရှိကြသည်။ သို့သော် ထိုငွေများသည် စတာလင်ငွေနှင့် ပုံသေနှုန်းများထား၍၊ ဆက်စပ်လျက် ရှိကြသည်။ ပုံပမာ အင်္ဂလိပ်ငွေ ၁သျှိုလင်၊ ၆ ပဲနီနှင့် မြန်မာငွေတစ်ကျပ်ညီမျှ၍၊ အင်္ဂလိပ်ငွေ ၁၆သျှိုလင်သည် ဩစတြေးလီးယား ပေါင်တစ်ပေါင်နှင့်ညီမျှ၏။ သို့သော် ဒေါ်လာအုပ်စုသို့ ပေးသွင်းရန်ငွေကို အချို့ကိစ္စများအတွက် ရွှေဖြင့်ဖြစ်စေ၊ ဒေါ်လာငွေဖြင့်ဖြစ်စေပေးသွင်းကြရ၏။ ယူနိုက်တင်ဒမ်းကစတာလင်ငွေ အုပ်စုတစ်အုပ်စုလုံးအတွက် ရွှေနှင့်ဒေါ်လာရန်ပုံငွေကို လက်ကိုင်ထားရှိရလေသည်။

သို့ဖြစ်၍၊ စတာလင်အုပ်စုသည် ဘဏ်လုပ်ငန်း အဖွဲ့အစည်းကြီးတစ်ခုပမာ တည်ရှိပေသည်။ ထိုအုပ်စုတွင် ပါဝင်သည့်နိုင်ငံများသည် မိမိတို့အများကောင်းကျိုးအတွက်၊ တစ်ခုတည်းသောစီးပွားရေးဝါဒ၏ပန်းတိုင်သို့ ရှေ့ရှုလျက်၊ တိုင်ပင်နှီးနှောကာ ပူပေါင်းဆောင်ရွက်သွားကြရသည်။ အဆိုပါ ဝါဒ၏ ရည်ရွယ်ချက်တစ်ခုမှာ စတာလင်အုပ်စုအတွက် ရွှေနှင့်ဒေါ်လာရန်ပုံငွေများကို မတည်စုဆောင်းပေးရန်ပင်ဖြစ်ပေသည်။ ထိုရည်မှန်းချက်အတိုင်း၊ အဖွဲ့ဝင်နိုင်ငံ အသီးသီးရရှိရေးနှင့် ပိုမိုစုဆောင်းရေးတို့ကို ဂရုပြုလျက်၊ ကြိုးစားဆောင်ရွက်ကြကုန်၏။

နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း

တိုင်းပြည်တစ်ပြည်သည် သွင်းကုန်ပစ္စည်းများအတွက်သာမက အခြားငွေကြေးကိစ္စများအတွက်လည်း ပြည်ပသို့ ငွေပေးချေရမည်ဖြစ်သည်။ ထိုတိုင်းပြည်သည် နိုင်ငံခြားသားပိုင်သင်္ဘောတင်လုပ်ငန်းများအတွက်သော်လည်းကောင်း၊ နိုင်ငံခြားသားများက ထမ်းဆောင်ပေးကြသည့်လုပ်အားအတွက်သော်လည်းကောင်းအခကြေးငွေပးရပေမည်။တိုင်း

www.foreverpeace.com.mm

ပြည်အတွင်းနေထိုင်ကြသူများသည်လည်း ပြည်ပနိုင်ငံများသို့အလုပ်ကိစ္စအတွက်ဖြစ်စေ၊အလည်အပတ်ဖြစ်စေ ခရီးသွားရောက်ကြသည့်အခါ၌၊နိုင်ငံခြားငွေသုံးစွဲကြမည့်အပြင် ပြည်ပရှိ ဆွေမျိုးဘတိသို့သော်လည်းကောင်း၊မိခိုသူများထံသို့သော်လည်းကောင်းငွေလွှဲပေးပို့လိုက်ကြပေမည်။နိုင်ငံခြားမှဌားရမ်းပြသသော ရုပ်ရှင်ကားဌားခများအတွက်လည်း ပေးရန်ရှိပေမည်။နိုင်ငံခြားအစိုးရ၊ကမ္ဘာဘဏ်၊ကမ္ဘာငွေကြေးဆိုင်ရာအဖွဲ့ စသည်တို့ကဲ့သို့သော အဖွဲ့အစည်းများထံမှ ချေးယူသည့်ငွေအတွက် အတိုးအရင်းစသည်တို့ကို ပေးဆပ်ရန်လည်းရှိပေဦးမည်။ ထိုပြင် အခြား ငွေကြေးကိစ္စအမျိုးမျိုးအတွက် နိုင်ငံခြားသို့လွှဲပြောင်းပေးပို့ရမည့် ငွေများလည်းရှိပေဦးမည်။ ယင်းသို့သောငွေအပေးအယူကိစ္စရပ်များတွင်၊စာရင်းသဘောအရ တစ်ဖက်နှင့်တစ်ဖက်အလားတူညီမျှမှုရှိရပေလိမ့်မည်။တိုင်းပြည်တစ်ပြည်အဖို့ ထုတ်ကုန်ပစ္စည်းရောင်းရသည့်အတွက်ရရှိသော ဝင်ငွေအပြင်၊ နိုင်ငံခြားဇည့်သည်များထံမှတိုင်းပြည်တွင်းသို့ ခေတ္တလာရောက်လည်ပတ်ကြသည်နှင့်အမျှ၊ယင်းတို့သုံးစွဲကြသည့်ငွေများကိုလည်းရရှိနိုင်လေသည်။ထိုသို့သော ငွေအပေးအယူကိစ္စများအားလုံးကိုခြုံ၍ ထည့်သွင်းပြုစုထားရှိသောစာရင်းကို"နိုင်ငံခြားငွေပေးငွေယူရှင်းတမ်း"ဟုခေါ်ဆိုကြပေသည်။ထိုနိုင်ငံခြားငွေပေးငွေယူရှင်းတမ်းသည် စင်စစ်အားဖြင့် ကာလအပိုင်းအခြားတစ်ခုအတွက်တိုင်း ပြည်တစ်ပြည်ကကျန်အခြားကမ္ဘာတဝှန်းလုံးရှိ တိုင်းနိုင်ငံအသီးသီးတို့နှင့်ငွေထေးငွေယူပြုလုပ်ခြင်း၏ မှတ်တမ်းတစ်ခုပင်ဖြစ်သည်။

ထုံးတမ်းစဉ်လာအရ၊ နိုင်ငံခြားငွေပေးငွေယူရှင်းတမ်းကို နှစ်ပိုင်းခွဲ ခြားထားရှိလေသည်။ တစ်ပိုင်းတွင် သာမန်ငွေဝင်ငွေထွက် စာရင်းနှင့်ပတ်သက်သော ငွေအပေးအယူကိစ္စများပါဝင်၍၊ အခြားတစ်ပိုင်းတွင် ငွေရင်းငွေနီး အဝင်အထွက်စာရင်းနှင့် ပတ်သက်သည့်ငွေအပေးအယူကိစ္စများ ပါဝင်လေသည်။ သာမန်ငွေဝင်ငွေထွက် စာရင်းသည် တိုင်းပြည်တစ်ပြည်၏ ရင်ငွေနှင့်သုံးငွေအခြေအနေကို အသေးစိတ်ဖော်ပြထားသည်သာမက၊ ပိုငွေနှင့်လိုငွေမည်သည့်အခြေအနေရှိသည်ကိုလည်း တွက်ချက် ဖော်ပြထားသောစာရင်းဖြစ်၏။ ငွေရင်းငွေနီးအဝင်အထွက်စာရင်းမှာ တိုင်းပြည်ပိုင်ရှေနှင့်နိုင်ငံခြားငွေများဖြစ်သော စတာလင်ပေါင်နှင့် ဒေါ်လာအင်အားအပြင်၊ ပေးဆပ်ရန်ကြွေးမြီတာဝန်နှင့်ခံစားခွင့်အစရှိသည်တို့၏ အခြေအနေကိုအသေးစိတ် ဖော်ပြထားသော စာရင်းဖြစ်သည်။

ထို့ကြောင့် စာရင်းကိုင်ပညာသဘောအရ၊ ငွေရင်းငွေနီး အဝင်အထွက်စာရင်း၏လက်ကျန်ငွေသည် ဆန့်ကျင်ဖက်ဖြစ်သောသာမန်ငွေဝင်ငွေထွက်စာရင်း၏ လက်ကျန်ငွေနှင့် ညီညွတ်ရမည်။ သာမန်ငွေဝင်ငွေထွက်စာရင်းတွင် ပိုငွေရှိနေက၊ နိုင်ငံခြားငွေပေးငွေ ယူရှင်းတမ်း၏ ဤခြေအနေကောင်းသည်ဟု ခေါ်ဆိုရမည်ဖြစ်သည်။ အဆိုပါငွေစာရင်းအရ လျှော့ငွေ (၀၊) လိုငွေဖြစ်ပေါ်နေလျှင်၊ နိုင်ငံခြားငွေအခြေအနေမကောင်းဟု ပြောဆိုရပေမည်။

ငွေကြေးလဲလှယ်မှုကြီးကြပ်ရေး

နိုင်ငံခြားငွေဝင်ငွေထွက် မမျှတမဖြစ်နေခြင်းကို ကောင်းမွန်လာအောင် ပြုပြင်ရန်အလို့ငှါ၊ တိုင်းပြည်တစ်ပြည်သည် ငွေလဲလှယ်မှု ကြီးကြပ်ရေးစံနစ်ကို လက်ခံလိုက်နာကျင့်သုံးသွားကောင်းသွားပေလိမ့်မည်။ တိုင်းပြည်တစ်ပြည်က ခေတ်နှင့်လျော်ညီစွာ၊ မိမိ၏ဂုဏ်သိက္ခာကို ထောက်ထား၍လည်းကောင်း၊ တိုင်းပြည်လူထု၏ နေထိုင်စားသောက်မှုစရိတ် သက်သာလာစေခြင်းငှါ သွင်းကုန်ပစ္စည်းများ၏ ပြည်တွင်းတန်ဖိုးကို ကျဆင်းစေလို၍လည်းကောင်း၊ ဥရောပတိုင်းနိုင်ငံများတွင် နေထိုင်သည့် တိုင်းရင်းသားများ ယေဘုယျထင်မြင်ယူဆကြသကဲ့သို့ ငွေတန်ဖိုးလျော့နည်းသွားခြင်းသည် ငွေဖောင်းပွမှု လက္ခဏာပင်ဖြစ်သည့်အတွက် စီးပွားရေးအခြေအနေ ကမောက်ကမဖြစ်လိမ့်မည်ဟုယူဆ၍လည်းကောင်း မိမိ၏ပြည်တွင်းသုံးငွေလဲလှယ်ရေးတန်ဖိုး မကျဆင်းစေဘဲ တည်မြဲစေလိုသည့် ဆန္ဒရှိရပေမည်။

အဆိုပါအခြေအနေများ ဖြစ်ပေါ်လာသည့်အခါ၊ ငွေလဲလှယ်မှုကြီးကြပ်ရေးစံနစ်သည် ကုစားနိုင်သည့် ဆေးကောင်းတစ်လက်ပင်ဖြစ်သည်။ သို့ဖြစ်၍၊ နိုင်ငံခြားငွေဝင်ငွေထွက်အခြေအနေကို ချိန်ခွင်လျှာသဖွယ် မတိမ်းမစောင်းစေရန်နှင့် ပြည်တွင်းသုံးငွေလဲလှယ်ရေးတန်ဖိုး တည်တံ့စေရန်(၀၊)အလျင်အမြန် အကြမ်းအရမ်း အဆက်မပြတ် အတက်အကျဖြစ်နေသော ငွေလဲလှယ်ရေးနှုန်းများကို အနည်းဆုံးတားဆီးစေရန်၊ ၁၉၃၀ ပြည့်နှစ်တစ်လျှောက်လုံး အတွင်းနှင့် ကုန်သွယ်မှုစီးပွားရေး အကြီးအကျယ်ပျက်ပြားယုတ်လျော့သွားသည့် ခေတ်အတွင်းက တိုင်းပြည်အများ အပြားပင် ငွေလဲလှယ်မှုကြီးကြပ်ရေးစံနစ်ကို တီထွင်ဆောင်ရွက်သွားကြသည်။ အထူးသဖြင့်၊ နာဇီ ဂျာမနီနိုင်ငံတွင် အခြားနိုင်ငံများနှင့် ငွေကြေးကိစ္စ အဆက်အသွယ်များပြုလုပ်ရာ၌ အလွန်စေ့စပ်သည့် ငွေလဲလှယ်မှု ကြီးကြပ်ရေး နည်းစံနစ်ရှိလေသည်။ စစ်ပြီခေတ်အတွင်း ဗြိတိန်နိုင်ငံနှင့် အခြားစတာလင်အုပ်စုအပါအဝင် နိုင်ငံအများအပြားပင်၊ ဒေါ်လာနှင့်အခြားငွေခက်တို့ကို စိစစ်ချေတာသုံးစွဲရန်အတွက် ငွေလဲလှယ်မှု ကြီးကြပ်ရေး နည်းစံနစ်ကို လိုက်နာကျင့်သုံးကြလေသည်။

နိုင်ငံခြားငွေ ကိစ္စအဝဝတွင်၊ အစိုးရကကောင်းကျိုးကို မျှော်ကိုး၍ကြားဝင်ဆောင်ရွက်ပါက၊ ထိုသို့ဆောင်ရွက်သည့်နည်းမှာ ငွေလဲလှယ်မှု ကြီးကြပ်ရေး နည်းတစ်မျိုး

www.foreverspace.com.mm

ပင်ဖြစ်သည်။ ''ငွေလဲလှယ်မှုကြီးကြပ်ရေး'' ဟူသော စကားရပ်ကို နိုင်ငံခြားငွေလဲလှယ်မှု ကန့်သတ်ချက်များဟူသည့် အဓိပ္ပါယ်နှင့် မကြာခဏသုံးစွဲလေ့ရှိ၏။ ငွေလဲလှယ်မှု ကြီးကြပ်ရေးစံနစ် အမျိုးမျိုးအစားအစားတွင် နိုင်ငံခြားငွေလဲလှယ်မှုကန့်သတ်ချက်လည်းပါဝင်လေသည်။

နိုင်ငံခြားငွေလဲလှယ်မှုလုပ်ငန်းလုပ်ကိုင်သူများနှင့် ဘဏ္ဍာရေးသတင်းစာဆရာများ သုံးစွဲလျက်ရှိသော အရပ်စကားအရ၊ ''ကြီးကြပ်ရေး'' ဆိုသည်မှာ ငွေရေးကြေးရေး ဆိုင်ရာတာဝန်ခံများအတွက်လည်းကောင်း၊ သို့တည်းမဟုတ် အဆိုပါတာဝန်ခံများကလည်းကောင်း ဆောင်ရွက်သောငွေလဲလှယ်မှုလုပ်ငန်းများပင်ဖြစ်သည်။ အကျယ်အပြန့်ဆုံးသော အဓိပ္ပါယ်မှာ ငွေလဲလှယ်မှုကြီးကြပ်ရေးလုပ်ငန်းဟူသည် ဗဟိုဘဏ်၏သာမန်လုပ်ငန်း အစိတ်အပိုင်းတစ်ခုဖြစ်လေသည်။ ထိုလုပ်ငန်းသည် တိုင်းရင်းငွေ၏ ပြည်ပအခြေအနေ ခိုင်မြဲမှုရရှိရန်အတွက် ဆောင်ရွက်ရသည့် ဗဟိုဘဏ်တစ်ခု၏ အရေးအကြီးဆုံးသော လုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။

တိုင်းပြည်တစ်ပြည်၏ အပြင်အပ ငွေဝင်လမ်းများကို စတင်၍အခြေပြုစုစည်းရုံးခြင်းနှင့် ရယူထိန်းသိမ်းခြင်းတို့ကို ထိုတိုင်းပြည်၏ အစိုးရကိုယ်စား ဗဟိုဘဏ်က အစဉ်အလာအရဆောင်ရွက်ရ၍၊ ရှေ့ဆောင်ကူးသန်းရောင်း ဝယ်ရေးဘဏ်များမှာမူ လူထုနှင့် တိုက်ရိုက်ဆက်သွယ်ရသည်နှင့်အမျှ၊ ထုံးစံအတိုင်း အစိုးရ၏တစ်ဆင့် ကိုယ်စားလှယ်များဖြစ်ကြရလေသည်။တိုင်းရင်းငွေနှင့်သီးခြား သတ်မှတ်ထားသောငွေများကို ဗဟိုဘဏ်ကဖြစ်စေ၊ နိုင်ငံခြားငွေများ ရောင်းဝယ်ခွင့်ရရှိထားသည့် ဘဏ်(၀ါ) အဖွဲ့အစည်းက ဖြစ်စေ၊ အရောင်းအဝယ်ပြုလုပ်ကြရမည်ဖြစ်သည်။ ယင်းသို့ရောင်းဝယ်ပြုလုပ်ခြင်းသည် အစိုးရက ခွင့်ပြုထားသည့် ကိစ္စရပ်အတွက်သာဖြစ်ရမည်။ သီးခြားသတ်မှတ်ထားသည့် နိုင်ငံခြားငွေများကို ပြည်တွင်းနေထိုင်သူများက မည်သည့်အတွက် ဝယ်ယူရောင်းချလိုသည်ကို စစ်ဆေးသုံးသပ်ရန်နည်းအမျိုးမျိုး တီထွင်ပြုလုပ်ထားသည်။ ထို့မျှသာမက၊ သွင်းကုန်ပစ္စည်းများအတွက် တန်ဖိုးငွေချေရန်နှင့် ထုတ်ကုန်ပစ္စည်းများအတွက် ရောင်းရတန်ဖိုးငွေကိုရယူရန် ကိစ္စများသည် အထူးအရေးကြီးသည့်အလျောက်၊ ကုန်သွယ်မှုလုပ်ငန်းများလွယ်ကူနိုင်သရွေ့လွယ်ကူစေရန် ဆောင်ရွက်လျက်၊ သွင်းကုန်နှင့်ထုတ်ကုန်လိုင်စင်ထုတ်ပေးရန် စံနစ်ကို အဓိကကြီးကြပ်ရေး စက်ယန္တရားအဖြစ်အားကိုး အားထားအမှီသဟဲပြုလုပ်စမြဲပင်ဖြစ်သည်။ (ကုန်သွယ်ရေး–ရှု။)

ငွေရေးကြေးရေး (၀ါ) ပုဂ္ဂလိကငွေလွှဲရေးနှင့်ပတ်သက်သည့်ငွေပေးငွေယူကိစ္စများအတွက် ငွေလဲလှယ်မှုကြီးကြပ်ရေးစံနစ်အရ၊ ဗဟိုဘဏ်သို့သော်လည်းကောင်း ဗဟိုဘဏ်၏ ကိုယ်စားလှယ်တစ်ဦးဦးထံသို့လည်းကောင်း လျှောက်လွှာသီးခြားတင်သွင်းရမည်ဖြစ်သည်။ သို့မှသာ လျှင်အမှန်တကယ်လိုအပ်သည့် ငွေလဲလှယ်မှုများအတွက် လဲလှယ်၍ရရှိသော နိုင်ငံခြားငွေများနှင့် ပြည်တွင်း နေထိုင်သူများရရှိအပ်သည့် သီးခြားသတ်မှတ်ထားသော နိုင်ငံခြားငွေများကိုပါ တိုင်းပြည်သို့လွှဲအပ်ပေးလိုက်ကြောင်းကို သိနိုင်ပေမည်။ ပြည်ပရှိဆွေမျိုးဥာတိများ အားထောက်ပံ့ရန်အတွက်၊ ပြည်ပရှိ ပုဂ္ဂိုလ်သို့မဟုတ် အဖွဲ့အစည်းများအား လျှုဒါန်းပေးကမ်းရန်အတွက်၊ အခြားငွေလဲရေး ကိစ္စများအတွက် ရန်ပုံငွေမည်မျှအကုန်အကျခံ၍ ငွေလွှဲပြောင်းခွင့်ပြုရမည်ဟူသည်မှာ တိုင်းပြည်၏ ပြည်ပငွေဝင်လမ်း အခြေအနေပေါ်တွင် တည်နေပေသည်။ စစ်မက်အင်္ဂါအချင်းဖြစ်ပွားသည့်အခါသမယတွင်၊ ယင်းသို့သော် ငွေလွှဲခွင့်လျှောက်လွှာတို့ကို အတတ်နိုင်ဆုံးသုံးသပ်စစ်ဆေးပြီးမှ၊ မပေးမဖြစ်သည့်ကိစ္စများအတွက်သာ ဖြတ်တောက်၍ အနည်းဆုံးပေးကြကုန်၏။ မတည်ရင်းနှီးငွေများကို နိုင်ငံခြားသို့ လွှဲပြောင်းပေးရမည့်အခါ၌လည်း၊ အသေအချာလေ့လာစုံစမ်းသုံးသပ်ရပေမည်။ ထိုပြင် စစ်အတွင်းတွင် အဆိုပါငွေလဲလှယ်ခွင့်မျိုးကို တိုင်းပြည်အတွက် လက်ငင်းအကျိုးဖြစ်ထွန်းမည်ဟု အထင်အရှားပြသနိုင်မှသာလျှင် ခွင့်ပြုနိုင်မည်ဖြစ်လေသည်။ မူအားဖြင့် အစိုးရ၏ကိုယ်စားလှယ်ဖြစ်သည့် ဗဟိုဘဏ်သည် ပြည်တွင်းနေထိုင်သူများ ပိုင်ဆိုင်၍ နိုင်ငံခြားတိုင်းပြည်အချို့တွင်ရှိသော၊ ငွေဖြင့် အလွယ်တကူလဲလှယ်ရယူနိုင်သည့် ပိုင်ဆိုင်ခွင့်များကို စုပေါင်းလက်ကိုင်ထားရှိပြီးလျှင်၊ အဆိုပါပြည်တွင်းနေထိုင်သူများကရရှိအပ်သော နိုင်ငံခြားငွေများကိုလည်း၊ အစိုးရသတ်မှတ်ထားသည့်နှုန်းများဖြင့် လဲလှယ်ရယူနိုင်သည့် အားလျော်စွာ၊ ပြည်ပရန်ပုံငွေ အင်အားစုကြီးတိုး တက်လာစေရန်၊ ထိုနည်းဖြင့်စွမ်းဆောင်ပေးရလေသည်။ ထိုပြည်ပရန်ပုံငွေထဲမှ ထုတ်ယူသုံးစွဲလိုသည့် အခါတိုင်း၊ အစိုးရ၏ အသိအမှတ်ပြုချက်နှင့် ခွင့်ပြုချက်ကို ရယူရ မည်ဖြစ်သည်။ လဲလှယ်မှုကြီးကြပ်ရေးစနစ်ကို အသုံးပြုသည့် အစိုးရများသည် ထုတ်ကုန်နှင့်သွင်းကုန်ပစ္စည်း စျေးနှုန်းများကိုမုချ ကြပ်မတ်၍ကန့်သတ်ပေးရမည်ဖြစ်သည်။ မဟုတ်မမှန် ကုန်စာရင်းများကို လိမ်လည်ပြသခြင်းနှင့် စိန်၊ ရွှေ၊ ရတနာ၊ ကြေးငွေများကို တိုင်းပြည်မှ ခိုးဝှက်ထုတ်ယူခြင်း အစရှိသောမသမာသည့် လိမ်လည်နည်းအမျိုးမျိုးတို့ ဖြင့်၊ ငွေလွှဲမှုကြီးကြပ်ရေးစည်းမျဉ်းများကို သွေဖည်ရောင်တိမ်းရန် ကြံစည်အားထုတ်မှုတို့ကို သက်ဆိုင်ရာအစိုးရများက ကြီးလေးသောအပြစ်ဒဏ်များ ပေးလေ့ရှိကြ၏။ ယင်းသို့ အရေးယူရခြင်းမှာ အစိုးရအနေနှင့်ရရှိသော နိုင်ငံခြားငွေများကိုကန့်သတ်ခြင်းနှင့် တိုင်းပြည် အကျိုးခံ

www.myanmarspace.com.mm

စားစေရမည်ဟု ယူဆရသောကိစ္စရပ်များအတွက်သာ သုံးပြုစေလိုခြင်းကြောင့်ပင်ဖြစ်သည်။ သို့ဖြစ်၍ ငွေလဲလှယ်မှုကြီးကြပ်ရေးစနစ်သည် ဗဟိုဗဏ်ကိန်း၏အင်အားကြီးမားသော လက်သုံးကိရိယာတစ်ခုဖြစ်နိုင်သည်သာမက၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးအပေးအယူကိစ္စများကြောင့် ထိခိုက်သည့် စီးပွားရေးအခြေအနေအမျိုးမျိုးတို့ကို အစိုးရအတွက် ထိထိရောက်ရောက်ပြုပြင် ကြီးကြပ်ပေးနိုင်သည့် စွမ်းအားလည်းရှိပေသည်။ ထိုစနစ်ကို ရံဖန်ရံခါ မသုံးဘဲ နေ၍မဖြစ်သော်လည်း၊ ထိုစနစ်သည် အန္တရာယ်ဖြစ်တတ်သောကြောင့် သတိနှင့်ချင့်ချိန်နှိုင်းဆလျက်၊ လိုသလောက်သာ သုံးပြု၍၊ ကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံရေးဝါဒများ၏ လက်ကိုင်တုတ်အဖြစ်သို့ရှေ့လျှောကျဆင်းမသွားရလေအောင်၊ ဂရုပြုထိန်းသိမ်း အပ်ပေသည်။

နိုင်ငံခြားငွေ လဲလှယ်နှုန်းထိန်း ရန်ပုံငွေ

ငွေလဲလှယ်ရေးနှုန်းထား အတက်အကျ မငြိမ်မသက်လှုပ်ရှားနေခြင်းများကို ရှောင်ရှားလိုသည့်အတွက်၊ နိုင်ငံခြားငွေ လဲလှယ်နှုန်းထိန်း ရန်ပုံငွေကို ထူထောင်ရသည်။ စတာလင်ငွေလဲလှယ်ရေးတွင် အမြတ်ကိုမြှော်ကိုး၍ ဈေးကစားမှုကြောင့်ဖြစ်ပေါ်သည့်လှုပ်ရှားမှုတို့ကို နှိမ်နင်းပယောက်စေခြင်းငှါ (၀၊)စတာလင်ငွေ လဲလှယ်ရေးနှုန်းထားရုတ်တရက်ပြင်းပြင်းထန်ထန် အတက်အကျယိမ်းယိုင်မှုများကို တားမြစ်စေခြင်းငှါ၊ ၁၉၃၂ ခုနှစ်တွင် ဗြိတိသျှငွေလဲလှယ်နှုန်း ညီမျှရေး ငွေစာရင်းဟူ၍ နည်းသစ်ထွင်ကာ ဖန်တီးလာသကဲ့သို့၊ အမေရိကန်ပြည်ထောင်စုကလည်း ငွေလဲလှယ်နှုန်း ပိုမိုတည်တံ့ခိုင်မြဲရေးကို အားပေးမြှင့်တင်ရန်၊ ၁၉၃၄ ခုနှစ်တွင် တည်တံ့ရေး ရန်ပုံငွေကို တည်ထောင်ခဲ့လေသည်။ နိုင်ငံခြားငွေ လဲလှယ်နှုန်းထိန်းရန်ပုံငွေသည် ကုန်သိုလှောင်၍ ဈေးကစားသကဲ့သို့ နိုင်ငံခြားငွေနှင့်စပ်လျဉ်း၍ ဝယ်လိုအားပြောင်းလဲမှုများကို ရောင်းလိုအားစီမံခန့်ခွဲမှုဖြင့်လည်းကောင်း၊ ရောင်းလိုအားပြောင်းလဲမှုများကို ဝယ်လိုအားထိန်းသိမ်းအုပ်ချုပ်မှုဖြင့် လည်းကောင်း၊ အဆင်ပြေလည်စေရန် အပြန်အလှန်ဆောင်ရွက်ပေးရ၏။ သို့ဖြစ်၍ နိုင်ငံခြားငွေ လဲလှယ်နှုန်းထိန်းရန်ပုံငွေ၌ ညီညွတ်ပြည့်စုံရမည့် လက္ခဏာအင်္ဂါများမှာ၊ ဤသို့ဖြစ်သည်။ ဦးစွာ၌ ထိုရန်ပုံငွေသည် အတော်အတန်လုံလောက်သည့် ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားငွေသော်လည်းကောင်း၊ ရွှေသော်လည်းကောင်းဖြစ်ရမည်။ နိုင်ငံခြားငွေဝင်ငွေထွက် အခြေအနေတည်ငြိမ်မှုမရှိသည့်အခါတွင်၊ ငွေလဲလှယ်ရေးနှုန်းထားနှင့် ပြည်တွင်းရှိဘဏ်များ၏ ငွေချေးဝါဒကို ထိခိုက်လာတတ်သဖြင့်၊ ထိုသို့ထိခိုက်သော ဒဏ်ကိုသက်သာစေရန် နိုင်ငံခြားငွေလဲလှယ်နှုန်းထိန်း ရန်ပုံငွေက ကြားခံအနေဖြင့်ဆောင်ရွက်သည်။ အဆိုပါရန်ပုံငွေ၏ အဝန်းအတာသည် ထိုရန်ပုံငွေ၏ငွေဝင်လမ်းအင်အားအပေါ်တွင် တည်လျက်ရှိပေသည်။ ထိုအချင်းအရာများကြောင့်၊ နိုင်ငံခြားငွေလဲလှယ်နှုန်းထိန်း ရန်ပုံငွေကို ယာယီယိမ်းယိုင်လှုပ်ရှားမှုများကိုသာ ပြုပြင်ပေးရန်အတွက် အသုံးပြုအပ်ပေသည်။

အပြည်ပြည်ဆိုင်ရာငွေကြေးပူးပေါင်းဆောင်ရွက်ရေး

မည်သည့်တိုင်းနိုင်ငံမဆို၊ မိမိတိုင်းပြည်၏ ငွေလဲလှယ်ရေးနှုန်းများကို စီမံပြုပြင်လိုလျှင်သော်လည်းကောင်း၊ သို့တည်းမဟုတ် ငွေလဲလှယ်မှုကြီးကပ်ရေးစနစ်ကို စတင်ဆောင်ရွက်လိုလျှင်သော်လည်းကောင်း အခြားတိုင်းနိုင်ငံများကို လတ်တလောသိသိသာသာမထိခိုက်ဘဲ၊ မပြုလုပ်နိုင်ကြပေ။ သို့ဖြစ်၍၊ နိုင်ငံခြားငွေလဲလှယ်မှုကိစ္စဟူသမျှကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနည်းဖြင့် ဆောင်ရွက်ထိုက်ပေသည်။ ၁၉၄၄ ခုနှစ်၊ ဂျူလိုင်လတွင် ရေးဆွဲခဲ့သော ဗရက်တန်ဝုဒစာချုပ်တွင် အကြံပေးထားသည့်အတိုင်း၊ "ကမ္ဘာ့ငွေကြေးဆိုင်ရာရန်ပုံငွေအဖွဲ့"ကို ဖွဲ့စည်းတည်ထောင်လာခဲ့ခြင်းမှာ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးပူးပေါင်းဆောင်ရွက်ရေးနည်းဖြင့်၊ နိုင်ငံခြားငွေတန်ဖိုးနှုန်းအပြိုင်အဆိုင်လျှော့ချရေးကိုလည်းကောင်း၊ နိုင်ငံခြားငွေလဲလှယ်မှုကြီးကြပ်ရေးကိုလည်းကောင်း ပဌမဆုံးအကြိမ် ညီညီညွတ်ညွတ်စုရုံး၍၊ အစားထိုးရန်အားထုတ်လိုက်ခြင်းပင် ဖြစ်လေသည်။ ယင်းအဖွဲ့ပေါ်ပေါက်လာခြင်းမှာ တိုင်းပြည်ဆိုင်ရာတည်တံ့ရေးရန်ပုံငွေအဖွဲ့များ၏ လျော်ကန်သောတိုးတက်ခြင်းပင်ဖြစ်၏။ အဆိုပါအဖွဲ့က တိုင်းပြည်အသီးသီးတို့၏ငွေများကို လဲလှယ်နိုင်မည့် တန်ဖိုးနှုန်းများ တည်တံ့စေရန်အတွက် နိုင်ငံအချင်းချင်း စုပေါင်းတွဲဖက်၍ ကုန်သွယ်ခြင်းကို ကူညီအားပေးမြှင့်တင်ရန် ရည်ရွယ်ရင်းရှိပေသည်။ ထိုကြောင့် အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးဝါဒကို နိုင့်ထက်စီးနင်းခြင်းမပြုဘဲ၊ နဂိုအသွင်နှင့်ပင် အများဆုံး စုစည်းမှုရရှိနိုင်ရန် အဖွဲ့အနေဖြင့် ကြိုးစားလိုက်ခြင်းပင်ဖြစ်၏။ ယေဘုယျအားဖြင့်၊ရွှေစံချိန်စနစ်သို့ ပြန်လည်ရောက်ရှိလိမ့်မည်ဟူ၍လည်းကောင်း၊ ရင်းနှီးငွေပြောင်းရွှေ့လှုပ်ရှားမှုများကို ကန့်သတ်ခြင်းမှတစ်ပါး၊ အခြားငွေလဲလှယ်မှုကန့်သတ်ချက်များကို ဖျက်သိမ်းနိုင်လိမ့်မည်ဟူ၍လည်းကောင်း မြှော်လင့်ရပေသည်။ အကယ်၍ အဆိုပါကမ္ဘာ့ငွေကြေးဆိုင်ရာရန်ပုံငွေအဖွဲ့သည် မိမိ၏ရည်မှန်းချက်ပန်းတိုင်သို့ ရောက်အောင်တက်လှမ်း နိုင်ခဲ့သည်ရှိသော်၊ ယခုခေတ်တွင် ရင်ဆိုင်နေရသော အပြည်ပြည်ဆိုင်ရာ ငွေကြေးစနစ်၏ အခက်အခဲပြဿနာအများအပြားကို ပြေလည်သွားအောင်ဖြေရှင်းပေးနိုင် ပေလိမ့်မည်။

(ဘောဂဗေဒ–ရှု။)

ဦးမင်းဆွေ

www.foreverspace.com.mm

ဇာတိမာန်တက်ကြွစေသည့်တေးသံ

လွတ်လပ်သောနိုင်ငံတိုင်း၌ နိုင်ငံတော်သီချင်းများ ရှိကြသည်။ နိုင်ငံတော်သီချင်းသည် ဇာတိမာန်တေးသံဟုခေါ်နိုင်သော အမျိုးသားသီးချင်းပင်ဖြစ်သည်။ နိုင်ငံတော်သီချင်းအဖြစ် အဘယ်ကြောင့်သီဆိုကြရပါသနည်း။ မြန်မာနိုင်ငံတော်သီချင်းကို မည်သူရေးစပ်ခဲ့၍၊ မည်သည့်ကာလက အတည်ပြုခဲ့ပါသနည်း။ ဆက်လက်လေ့လာကြည့်ကြပါစို့။

နိုင်ငံတော်သီချင်း။ ။နိုင်ငံတော်သီးချင်ဆိုသည်မှာ အမျိုး၊ ဘာသာ၊ သာသနာဂုဏ်ကိုကြီးမြင့်အောင်၊ ချီးမြှင့်ရေးစပ်ထားသောသီချင်းပင်ဖြစ်သည်။ အချုပ်အခြာအာဏာပိုင်လွတ်လပ်သော နိုင်ငံတိုင်းလိုလိုဌ၊ နိုင်ငံတော်သီချင်းများရှိကြလေသည်။ နိုင်ငံတော်သီချင်းကို တစ်နည်းအားဖြင့်၊ အမျိုးသားသီချင်း (၀၊) ဇာတိမာန် တေးသံဟူ၍ လည်းခေါ်ဆိုနိုင်ပေသည်။ ယင်းသည် နိုင်ငံတော် သီချင်းကို ပွဲလမ်းသဘင်များတွင်လည်းကောင်း၊ လူထုအခမ်းအနားများတွင်လည်းကောင်း သီဆိုတီးမှုတ်ကြရသည်။

မြန်မာနိုင်ငံတွင်ရှေးမြန်မာဘုရင်များလက်ထက်က နိုင်ငံတော်သီချင်းဟူ၍ မရှိခဲ့ချေ။ သို့သော် ဘုရင်မင်းမြတ်များ၏ ဘုန်းတန်ခိုးတေဇာအာဏာတို့ကို ချီးကျူးရေးစပ်ထားသောဘုန်းတော်ဘွဲ့သီချင်းများကို တစ်နည်းအားဖြင့် နိုင်ငံတော်သီချင်း(၀၊) အမျိုးသားသီချင်းဟု မှတ်ယူခေါ်ဆိုနိုင်၏။ ဘုန်းတော်ဘွဲ့ သီချင်းများသည် တစ်နည်းအားဖြင့် ကိုယ့်နိုင်ငံကိုလည်းကောင်း၊ ကိုယ့်အမျိုးသား၊ သာသနာကိုလည်းကောင်း ချစ်ခင်လေးမြတ်လာအောင် သွေးထိုးနှိုးဆော်ပေးခဲ့သော သီချင်းများဖြစ်လေသည်။

မြန်မာနိုင်ငံသည် ဗြိတိသျှအင်ပိုင်ယာအတွင်းသို့ သက်ဆင်းကျရောက်ခဲ့ရသည့်နောက်ပိုင်းတွင် 'အကျွန်ုပ်တို့ဘုရင်ကိုဘုရားသခင်ကာကွယ်စောင့်ရှောက်တော်မူပါ'ဟု အစချီသောဗြိတိသျှအမျိုးသားသီချင်း(၀၊) ဗြိတိသျှနိုင်ငံတော်သီချင်းသည် မြန်မာနိုင်ငံတစ်ဝှန်းလုံးတွင်ပြန့်နှံ့ခဲ့သည်။

သို့သော် မြန်မာ့နိုင်ငံရေး ဇာတ်ခုံတွင် တို့ဗမာအစည်းအရုံးဟူ၍ ပေါ်ပေါက်လာသောအခါ၊ မြန်မာနိုင်ငံ၏ ပဌမဦးဆုံးအမျိုးသားသီချင်းဟုဆိုရမည်ဖြစ်သော 'တကောင်းအဘိရာဇာ တို့ဗမာသာကီမျိုးဟာမို့ မည်ကြီးဂုဏ်တေဇာ' ဟုအစချီသည့်တို့ဗမာသီချင်းလည်း ပေါ်ပေါက်၍ လာခဲ့ရပေသည်။ ယင်း တို့ဗမာသီချင်းကိုရေးစပ်ခဲ့သူမှာ ဝိုင်အမ်ဘီဆရာတင်ဖြစ်သည်။ ဝိုင်အမ်ဘီ ဆရာတင်သည် ခေတ်ပညာတတ်ပုဂ္ဂိုလ်တစ်ဦးဖြစ်၍၊ ဂီတအနုပညာရှင် ကျောင်းဆရာလည်းဖြစ်သည်။ တို့ဗမာအစည်းအရုံးဝင်ဖြစ်လာသောအခါ၊သခင်တင်ဟုတွင်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်တွင် ဆရာတင်အား နိုင်ငံတော်အစိုးရက ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခဲ့သည်။ သို့သော် ဆရာတင်သည် မကြာမီကွယ်လွန်လေသည်။ တို့ဗမာသီချင်းကို ဆရာတင်သည် တို့ဗမာအစည်းအရုံးဝင်သခင်များ၏တာဝန်ပေးတိုက်တွန်းချက်အရ ရေးစပ်ခဲ့ခြင်းဖြစ်သည်။ ထိုအခါမှစ၍ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ခေတ်တစ်ခေတ်လုံး တို့ဗမာသီချင်းသည် မြန်မာတို့၏ အမျိုးသားသီချင်းအဖြစ် ရပ်တည်ခဲ့ပေသည်။ ၁၉၄၈ခု ဧပြီလ ၄ ရက်နေ့၌ မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံ ဖြစ်လာ၏။ အချုပ်အခြာအာဏာပိုင်လွတ်လပ်သောနိုင်ငံဖြစ်လာသည်နှင့် တစ်ပြိုက်နက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော်သီချင်းတို့ကို ထည့်သွင်းပြဋ္ဌာန်းကြရမည်ဖြစ်သည်။ ထိုကြောင့် ၁၉၄၇ ခုနှစ် ဇွန်လ ၁၈ ရက် ဗုဒ္ဓဟူးနေ့တွင် ကျင်းပသောမြန်မာနိုင်ငံ တိုင်းပြုပြည်ပြုလွှတ်တော်၏ ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေးတွင်၊ ဤကိစ္စကို တင်ကြို၍၊ မြင်းခြံကျေးလက်တောင်ပိုင်းအမတ်ဦးဘဂျမ်းက နိုင်ငံတော်အလံ၊ နိုင်ငံတော်တံဆိပ်နှင့် နိုင်ငံတော်သီချင်းတို့အတွက် စဉ်းစားထောက်ခံရေးကော်မတီခန့်ရန်အဆိုတင်သွင်းသည်။ ယင်းအဆိုကို လွှတ်တော်တစ်ရပ်လုံးက သဘောတူညီခဲ့ရာ၊ ဒီးဒုတ်ဦးဘချိုအား သဘာပတိအဖြစ်ဖြင့် ဦးဆောင်စေ၍၊ ကော်မတီကို ဖွဲ့စည်းခဲ့လေသည်။ ကော်မတီလူကြီးများမှာကား ဦးအောင်ဇံဝေ၊ ဗိုလ်မှူးအောင်၊ မန်းထွန်းရင်၊ ဗိုလ်အောင်ကြီး၊ ဒေါ်ခင်လှ၊ ဆရာလှမင်း၊ မိုင်းပွန်စော်ဘွားကြီး၊ ဒူးဝါးဇော်လွန်းနှင့် ဦးဝမ်ကိုဟောတို့ဖြစ်ကြသည်။ ထိုနောက် ထိုကော်မတီတွင် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သော ပညာသည်ကြီးများပါဝင်ရန်လိုအပ်သဖြင့်၊ ပန်းချီဆရာ ဦးဘသန်းနှင့်ဒဂုန်ဆရာတင်အားလည်းကောင်း၊ အသံလွှင့်ဌာနခွဲဆိုင်ရာ ဦးခင်ဇော်နှင့်ဦးထင်ဖတ်အားလည်းကောင်း ထပ်ဖြည့်အဖွဲ့ဝင်များအဖြစ်ခန့်ထားသည်။ တိုင်းပြုပြည်ပြုလွှတ်တော်ရုံးအထူးအရာရှိ ဦးသိန်းဟန်ကိုလည်း ကော်မတီ၏ အတိုင်ပင်ခံအဖြစ်ထားရှိသည်။

သို့သော်လည်း ဧပြီလ ၁၉ ရက်နေ့ နိုင်ငံတော်လုပ်ကြိုမှုကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကော်မတီသဘာပတိ ဒီးဒုတ်ဦးဘချိုနှင့် ကော်မတီဝင်မိုင်းပွန်စော်ဘွားကြီးတို့လည်း ပါဝင်ကျဆုံးခဲ့ရသဖြင့်၊ သဘာပတိ ဒီးဒုတ်ဦးဘချို၏ နေရာတွင် သခင်တင်အားလည်းကောင်း၊ မိုင်းပွန်စော်ဘွားကြီး၏ နေရာတွင်

www.foryourspace.com.mm

မိုးမိတ်စောင်ဘွားကြီးအားလည်းကောင်း အစားထိုး၍ ခန့်အပ်ခဲ့ကြသည်။ ထိုပြင် ကော်မတီဝင်တစ်ဦးဖြစ်သူ ဦးပမ်ကိုဟော နုတ်ထွက်သွားသောကြောင့်၊ ယင်း၏ နေရာတွင် ဦးငွန်တိုးအား အစားထိုးခန့်အပ်ခဲ့လေသည်။

ထိုကော်မတီက တို့ဗမာသီချင်းသားမှ စကားလုံးများကို ကောက်နုတ်၍၊ တေးသွားကို မူလအတိုင်းအပြည့်အဝ ယူကာ၊ နိုင်ငံတော်သီချင်းမူကို တင်ပြကြသည်။ ယင်းသို့ သခင်တင်အမှူးပြုသော ကော်မတီကတင်ပြသည့် နိုင်ငံတော်သီချင်းမူကို ဝန်ကြီးချုပ်နှင့် ကော်မတီအဖွဲ့ဝင်အချို့တို့က သီချင်းစာသားအနည်းငယ်ပြင်ဆင်၍ လက်ခံခဲ့ကြလေသည်။ ထိုသီချင်းမှာ အောက်ပါအတိုင်း ဖြစ်၏။

"အမျိုးသားရေး ကြိုးပမ်းစို့လေ၊ ဒို့ပြေ ဒို့မြေ၊ အရှေ့ကနေဝန်းထွန်းသစ်စပုံသို့ ဒို့ဆောင်သမျှအောင်ရမည်မှာ မလွဲပေ။ ဒို့ပြေ–ဟော့ဒိုမြေ၊ ဒို့ပြည်ထောင်စုပေ၊ ဒို့တတွေ ရဲ့ပြေ၊ ဒို့တတွေရဲ့မြေ၊ တိုင်းရင်းသားအမွေ။" "(ကမ္ဘာမကြေ ဗမာပြေ ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ) ၂၊ ဒါဒို့ပြေ ဒါဒို့မြေ ဒို့ကိုယ်ပိုင်မြေ၊ ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ၊ ဒို့ပြေ ဒို့မြေ အကျိုးကို ကာကွယ်သယ်ပိုးမလေ၊ ဒို့ပြည်ထောင်စုအမွေ အဖိုးတန် ဤမြေ ဒို့တာဝန်ပေ။" လက်ခံပြီးသော ထိုနိုင်ငံတော် သီချင်းမူကို အတည်ပြုရန် အတွက်၊ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့တွင်ကျင်းပသော တိုင်းပြုပြည်ပြု လွှတ်တော်တတိယညီလာခံ၏ အဌမအကြိမ်မြောက် အစည်းအဝေး၌ တင်ပြဆွေးနွေးကြသည်။ ယင်းသို့ ဆွေးနွေးကြရာတွင်၊ မန္တလေးမြို့မ အနောက်တောင်ပိုင်းအမတ် ဗိုလ်ခင်မောင်ကလေးက ပြင်ဆင်ချက်တင်သွင်း၍ မြန်အောင် ဦးတင်ကထောက်ခံခဲ့သည်။ ထိုကြောင့် နိုင်ငံတော်သီချင်းမူမှာ ဝိုင်အမ်ဘီ ဆရာတင်၏ မူလတေးသွားအတိုင်းပင် ဖြစ်သော်လည်း၊ သီချင်းစာသား၌ ပြင်ဆင်ချက်များ ပါဝင်ခဲ့ရပြန်လေသည်။ သို့သော် အဆိုပါ ပြင်ဆင်ချက်ကိုပင် လွှတ်တော်တစ်ရပ်လုံးကလက်ခံအတည်ပြုခဲ့သည်။ လက်ရှိ မြန်မာနိုင်ငံတော်သီချင်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ ဒို့ပြေဒို့မြေ၊ များလူခပ်သိမ်းငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြုတ့ဲပြေ၊ ဒို့ပြေဒို့မြေ၊ ပြည်ထောင်စုအမွေ အမြဲတည်တံ့စေ၊ အဓိဋ္ဌာန်ပြုပေ၊ ထိန်းသိမ်းစို့လေ။ (ကမ္ဘာမကြေ ဗမာပြေ ဒို့ဘိုးဘွားအမွေစစ်မို့ ချစ်မြတ်နိုးပေ) ၂၊ ပြည်ထောင်စုကိုအသက်ပေးလို့ ဒို့ကာကွယ်မလေ၊ ဒါဒို့ပြေ ဒါဒို့မြေ ဒို့ပိုင်နက်မြေ၊ ဒို့ပြေဒို့မြေအကျိုးကို ညီညာစွာ ဒို့တတွေ ထမ်းဆောင်ပါစို့လေ ဒို့တာဝန်ပေ အဖိုးတန်မြေ။"

ကနေဒါနိုင်ငံ၏ပြဋ္ဌာန်းအတည်ပြုထားသော နိုင်ငံတော်သီချင်းမှာ "အကျွန်ုပ်တို့၏ဘုရင်ကို ဘုရားသခင် ကာကွယ်စောင့်ရှောက်တော်မူပါ" ဟူသော ဗြိတိန် နိုင်ငံတော်သီချင်းပင်ဖြစ်သော်လည်း၊ ကနေဒါနိုင်ငံသူနိုင်ငံသား အများစုကမူ "အိုကနေဒါ" ဟူသောသီချင်းကိုသာလျှင်၊ မိမိတို့၏ နိုင်ငံတော်သီချင်းအဖြစ် မှတ်ယူသဘောထားခဲ့ကြလေသည်။ အစိုးရမင်းခမ်းမင်းနားများကျင်းပ၍၊ နိုင်ငံတော်သီချင်းကို သီဆိုတီးမှုတ်ကြသည့်အခါတိုင်းတွင် 'အကျွန်တို့၏ဘုရင်ကို ဘုရားသခင်ကာကွယ်စောင့်ရှောက်တော်မူပါ" ဟူသောသီချင်းအပြီး၌ "အိုကနေဒါ" သီချင်းကို သီဆိုတီးမှုတ်လေ့ရှိခဲ့ကြသည်။ ထို" အိုကနေဒါ" သီချင်းစာသားကို ဆာအေ၊ ဗီ၊ ရှသီးယားဆိုသူက ၁၈၈၀ပြည့်နှစ်တွင် ပြင်သစ်ဘာသာမှ အင်္ဂလိပ်ဘာသာသို့ဆီလျော်အောင် ပြန်ဆိုခဲ့သည်။ ထိုပြင် ကနေဒါနိုင်ငံ၏အခြားထင်ရှားသော အမျိုးသားသီချင်းတစ်ပုဒ်မှာ "မေပယ်ရွက်ဖြာအမြဲသာ" ဟူသည့် သီချင်းဖြစ်၏။ ထိုသီချင်း၏ စာသားနှင့် တေးသွားနှစ်မျိုးစလုံးကို ခရစ်၁၈၆၇ ခုနှစ်တွင် အယ်လက်ဇန္ဒာမျူအားဆိုသူက ရေးစပ်အသံသွင်းခဲ့သည်။

တရုတ်နိုင်ငံတွင် ဒေါက်တာဆွန်ယတ်ဆင် ရေးသားပြုစုခဲ့သော "ဆန်မင်ချုအိ" ခေါ် ဒီမိုကရေစီဝါဒ ပြုစုပျိုးထောင်ရေးအတွက် အခြေခံအချက် ၃ ရပ်စာအုပ်မှ စာသားများကိုကောက်နုတ်၍၊ ချင်းမော်ယွန်းဆိုသူက ၁၉၂၈ ခုနှစ်တွင် ရေးစပ်အသံသွင်းပေးခဲ့သောသီချင်းသည် နိုင်ငံတော်သီချင်းအဖြစ် ထင်ရှားခဲ့လေသည်။

ဥက္ကဋ္ဌကြီးမောစီတုံးခေါင်းဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ တက်လာသောအခါ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတော်သီချင်းအဖြစ်ဖြင့်၊ "မျိုးချစ်အပျော်ထမ်း တပ်သားများစစ်ချီသံ" သီချင်းသည် ပိုမိုရှိထင်ရှားကျော်ကြားခဲ့လေသည်။ ထိုသီချင်းသည် "ချီလိုင်" ဟု အစချီလျက် "ကျွန်ဘဝမှ လွတ်မြောက်လိုသူတို့ထကြွလော့" ဟု အဓိပ္ပါယ်ရ၏။ သီချင်းစာသားကို ရေးစပ်ခဲ့သူမှာ တိယင်ယန်ဖြစ်၍၊ အသံသွင်းပေးခဲ့သူမှာ နီအာဖြစ်လေသည်။

ဗြိတိသျှတို့၏လက်အောက်တွင် ကျရောက်နေခဲ့ရသည့် အချိန်အခါက၊ အိန္ဒိယနိုင်ငံသူနိုင်ငံသားအပေါင်းသည် "အကျွန်တို့၏ဘုရင်ကို ဘုရားသခင်ကာကွယ်စောင့်ရှောက်တော်မူပါ" ဟူသော ဗြိတိသျှနိုင်ငံတော်သီချင်းကိုသာလျှင်၊ သီဆိုတီးမှုတ်ခဲ့ကြရသည်။ သို့သော် ထိုအချိန် ထိုအခါက ကိုယ်ပိုင်အမျိုးသားသီချင်းမရှိ၍ကား မဟုတ်ချေ။ လွတ်လပ်ရေးမရသေးသောကြောင့်၊ တိမ်မြှုပ်နေခဲ့ရ ခြင်းသာ ဖြစ်သည်။ လွတ်လပ် ရေးရရှိလာသောအခါတွင် "ဂျာနား

www.foreverspace.com.mm

ဂါးနားမာနား''သည် အိန္ဒိယနိုင်ငံ၏ နိုင်ငံတော်သီချင်းဖြစ်ပေါ်တော့သည်။ ထိုသီချင်းကိုရေးစပ်ခဲ့သူမှာ ကမ္ဘာကျော် အိန္ဒိယစာပေဖခင်ကြီး ရာဗင်ဒြာနတ်တဂိုးဖြစ်သည်။ ရေးစပ်ခဲ့သည့် ခုနှစ်ကိုကား ၁၉၁၂ ခုနှစ်မတိုင်မီကဟု မှန်းဆရလေသည်။

''ဂျာနားဂါးနားမာနား''တွင် အပုဒ်ငါးပိုဒ်ပါဝင်၍ ပွဲလမ်းသဘင်အခမ်းအနားတိုင်းတွင် ထိုငါးပုဒ်လုံးအစားပဌမတစ်ပိုဒ်တည်းကိုသာ သီဆိုတီးမှုတ်ကြသည်။ 'ဂျာနားဂါးနားမာနား'ကို ၁၉၅၀ ပြည့်နှစ် ဧန်နဝါရီလ ၂၄ ရက်နေ့တွင် အိန္ဒိယဥပဒေပြု လွှတ်တော်က နိုင်ငံတော်သီချင်းအဖြစ်ဖြင့် လက်ခံအတည်ပြုခဲ့လေသည်။

'ဂျာနားဂါးနားမာနား'နှင့်အတူ ထင်ရှားကျော်ကြားသော အခြားအမျိုးသားသီချင်းတစ်ပုဒ်မှာ''ဘန္တေမာတရံ'' ဖြစ်သည်။ ထိုသီချင်းကို ဗန်ကင်းချန္ဒရာ ချက်တာဂျီဆိုသူက ရေးစပ်ခဲ့သည်။ အိန္ဒိယဥပဒေပြုလွှတ်တော်က ထို''ဘန္တေမာတရံ''သီချင်းကို ''ဂျာနားဂါးနားမာနား'' သီချင်းနှင့်တန်းတူ သဘောထားကြောင်း ဆုံးဖြတ်ခဲ့လေသည်။

ပါကစ္စတန် နိုင်ငံတော်သီချင်းကို ရေးစပ်အသံသွင်းခဲ့သူတို့မှာ ကွယ်လွန်သူ မစ္စတာ အေ၊ ဂျီ၊ ချဂလာနှင့် အေ၊အေ၊ ဟာဖစ် ဂျူလွန်ဒူရီတို့ဖြစ်သည်။ သီချင်း၏ တေးသွားကို ကွယ်လွန်သူ မစ္စတာ အေ၊ ဂျီ၊ ချဂလာက ၁၉၅၀ ပြည့်နှစ် သြဂုတ်လတွင် ရေးစပ်ခဲ့၍၊ သီချင်း၏ စာသားကိုမူ အေ၊ အေ၊ ဟာဖစ် ဂျူလွန်ဒူရီက ၁၉၅၁ ခုနှစ် မတ်လတွင်ရေးသားပြုစုခဲ့လေသည်။

အဆိုပါ ပါကစ္စတန်နိုင်ငံတော်သီချင်းတွင် အပိုဒ်သုံးပုဒ်မျှပါဝင်သည်။ ပဌမအပိုင်းတွင် နိုင်ငံ၏သစ္စာကို စောင့်သိနိုင်ကြပါစေသတည်းဟု ရေးသားထားသည်။ ဒုတိယအပုဒ်တွင်မူ နိုင်ငံသူနိုင်ငံသားအပေါင်းတို့၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် နိုင်ငံတော်ကြီးသည် ရည်မှန်းရာပန်းတိုင်အရောက် အမြဲတမ်းအောင်မြင်စွာ ချီတက် နိုင်ပါစေသတည်းဟုဆုတောင်းထားသည်။ တတိယနှင့်နောက်ဆုံးအပိုဒ်တွင်ကား လခြမ်းနှင့် ကြယ်တို့ပါဝင်သော ပါကစ္စတန်နိုင်ငံ၏ နိုင်ငံတော်အလံကို ချီးကျူးဂုဏ်ပြုကာ ရေးသားစီကံုးထားလေသည်။

ပြင်သစ်နိုင်ငံ၏ နိုင်ငံတော်သီချင်းမှာ 'လာမာဆလေ့' ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိနိုင်ငံတော်သီချင်းများ အနက်အထင်ရှားအကျော်ကြားဆုံးနှင့် တိုင်းသူပြည်သားလူအများတို့အား စိတ်ဓာတ်အတက်ကြွစေဆုံးသောနိုင်ငံတော်သီချင်းမှာ ယင်းလာမာဆလေ့သီချင်းပင်ဖြစ်သည်။

ထိုနိုင်ငံတော်သီချင်းကို ပြင်သစ်တပ်မတော်မှ ဗိုလ်ကြီးရူဇာဒါလီ ဆိုသူက ၁۷၉၂ခုနှစ် ဧပြီလ၂၅ ရက်နေ့တွင် စထရက်စဗူးမြို့၌ ရေးစပ်သီကံုးခဲ့လေသည်။ မူလက ရူဇာဒါလီသည် အဆိုပါသီချင်း၏အမည်ကို ''ရိုင်းမြစ်တပ်မတော်၏စစ်ချီသံ''ဟု သတ်မှတ်မှည့်ခေါ်ခဲ့၏။ သို့သော် မာဆေးမြို့ကိုအစွဲပြု၍ မာဆလေ့စစ်သီချင်းဟု တိုင်းသူပြည်သားအများက ခေါ်ဝေါ်လာခဲ့သည်မှာ ယနေ့တိုင် အောင်ပင်ဖြစ်လေသည်။

မာဆလေ့သီချင်းကို ရူဇာဒါလီ ရေးသားခဲ့စဉ်အခါက ၆ ပိုဒ်သာပါဝင်ခဲ့၏။ ထိုနောက် ဂျာနယ်ဒီလစ်ထရေချာစာစောင်အယ်ဒီတာဒူဗွားက အပိုဒ်၅နှင့်၆အကြားတွင် တစ်ပိုဒ်ဖြည့်သွင်း ရေးသားလိုက်သောကြောင့် စုစုပေါင်း ၇ ပိုဒ်ဖြစ်သွားလေတော့သည်။

ဂျာမနီနိုင်ငံ၏နိုင်ငံတော်သီချင်းမှာ 'ဒွိုက်ချလနဒွိုက်ချလန်အူဗာအားလေး' အမည်ရှိသောသီချင်းဖြစ်သည်။ ယင်းသီချင်း၏ မြန်မာအဓိပ္ပါယ်မှာ ''ဂျာမနီသည် အပြည်ပြည်၏အထွတ်တွင်''ဟူ၍ ဖြစ်သည်။ ထိုသီချင်း၏စာသားများကို သြဂတ်ဟော့ဖမန်းဖွန်ဖာလာဆလေးဗင်း ဆိုသူက ၁၈၄၁ ခုနှစ်တွင်ရေးသားခဲ့သည်။ တေးသွားမှာမူ ဖရန့်ဂျိုးဇက်ဟိုင်းဒင်ဆိုသူ ပုဂ္ဂိုလ်တစ်ဦးဖွဲ့စပ်ခဲ့သည့် သြစတြီးယားနိုင်ငံတော်သီချင်း၏ တေးသွားဟောင်းပင်ဖြစ်သည်။ ထိုသီချင်းကို ၁၉၂၂ ခုနှစ် သြဂုတ်လ ၁၁ ရက်နေ့တွင် ဂျာမန်အစိုးရက နိုင်ငံတော်သီချင်းအဖြစ်ဖြင့် ပြဋ္ဌာန်းအတည်ပြုခဲ့လေသည်။

ဂရိတ်ဗြိတိန်နိုင်ငံ၏ နိုင်ငံတော်သီချင်းမှာ ''အကျွန်ုပ်တို့၏ဘုရင်ကို ဘုရားသခင်ကာကွယ် စောင့်ရှောက်တော်မူပါ''ဖြစ်သည်။ ထိုသီချင်း၏ စာသားနှင့် တေးသွားတို့ကို ရေးစပ်သူနှင့် စပ်လျဉ်၍ ဝိဝါဒအမျိုးမျိုး ကွဲပြားလျက်ရှိနေလေသည်။ အချို့ကထိုသီချင်းကို ပဌမအယ်လစ်ဇဗက်ဘုရင်မလက်ထက်တွင် ဂျွန်ဗူးဆိုသူ ဂီတပညာရှင်တစ်ဦး ရေးစပ်ခဲ့သည်ဟုဆိုကြသည်။ သို့သော် ပညာရှင်အများကမူ ထိုအဆိုကိုလက်မခံခဲ့ကြချေ။

အဆိုပါဂရိတ်ဗြိတိန်နိုင်ငံ၏နိုင်ငံတော်သီချင်းတွင် မူလက သုံးပိုဒ်သာပါဝင်ခဲ့သော်လည်း ယခုအခါ နောက်ထပ်တစ်ပိုဒ်တိုးလျက်လေးပုဒ်ဖြစ်လာ၏။ ယင်းသို့ တစ်ပိုဒ်တိုးကာပြောင်းလဲခဲ့သည့်အကြောင်းကို အစိုးရကက ၁۷၄۷ခု အောက်တိုဘာ ၂၀ရက်နေ့တွင် ထုတ်ပြန်ကြေညာသည်။

ဂရိတ်ဗြိတိန်နိုင်ငံတော်သီချင်း၏ အဓိပ္ပါယ်ကို နှစ်ခြိုက်ကြသောကြောင့်၊ ဂရိ၊ကျွှတလီဘာသာစသည်များသို့ စာသားကိုပြန်ဆိုယူကြသည်။ တေးသွားကိုလည်း အမေရိကန်၊ ဂျာမနီ၊ ဒိန်းမတ်နှင့် ဆီဒွင်နိုင်ငံများက ကူးယူ၍ မိမိတို့၏ ဘာသာစကားလုံးများထည့်သွင်းရေးစပ်ကာ အသုံးပြုခဲ့ကြသည်။ ယခု ဒုတိယအယ်လစ်ဇဗက်ဘုရင်မ၏ လက်ထက်တွင်မူ 'အကျွန်တို့၏ဘုရင်ကို ဘုရားသခင်ကာကွယ်စောင့်ရှောက်တော်မူပါ'အစား 'အကျွန်တို့၏ဘုရင်မ

www.foreverspace.com.mm

ကို ဘုရားသခင်ကာကွယ်စောင့်ရှောက်တော်မူပါ ဟု ''ဟု ပြင်ဆင် သီဆိုခဲ့ကြလေသည်။

အယ်ယာနိုင်ငံ၏ နိုင်ငံတော်သီချင်းမှာ "စစ်သည်တော် တေးသံ'' အမည်ရှိသော သီချင်းဖြစ်သည်။ သီချင်းသားကို ပီယာဒါကားနီဆိုသူက ရေးသား၍၊ တေးသွားကိုမူ ကားနီနှင့် ပက်ထရစ်ဟီနီတို့က စပ်ဆိုခဲ့သည်။ အဆိုပါ သီချင်းကို ၁၉၁၂ ခုနှစ်၌ 'အိုင်းရစ်ဖရီး'မ်း' အမည်ရှိ စာစောင်တွင် ပဌမ ဦးဆုံးအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့၍ ၁၉၂၆ ခုနှစ် ဧပြီလတွင် အယ်ယာနိုင်ငံ၏ နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့လေသည်။

ဂျပန်နိုင်ငံ၏ နိုင်ငံတော်သီချင်းမှာကား ''ကီမီဂယိုး ဝ''ဖြစ်သည်။ အဆိုပါသီချင်းကို ဟာယရှိဟီရိုကာမီ ဆိုသူပုဂ္ဂိုလ်က ရှေးဟောင်း ၉ ရာစုခေတ်က တေးဟောင်း တစ်ပုဒ်ကိုယူ၍၊ စပ်ဆိုခဲ့ခြင်းဖြစ်လေသည်။ သီချင်း၏ အဓိပ္ပါယ်မှာ "ဂျပန်ဘုရင်၏အင်ပိုင်ယာကြီး တည်တံ့ခိုင်မြဲပါစေ''ဟူသော ဆုတောင်း ဖြစ်လေသည်။

ဖိလစ်ပိုင်နိုင်ငံ၏နိုင်ငံတော်သီချင်းမှာ "ဖိလစ်ပီးနတ်'' အမည်ရှိသောသီချင်းဖြစ်သည်။ တေးသွားမှာမူ စစ်သားကဗျာဆရာ ဟိုဇေးပါလမာ၏ ဖီလစ်ပီးနတ်အမည်ရှိ သောကဗျာဖြစ်လေသည်။ ဖိလစ်ပိုင်နိုင်ငံသည် လွတ်လပ်ရေးရသော ၁၉၄၆ ခုနှစ်အထိ အဆိုပါ ဖိလစ်ပီးနတ် သီချင်းနှင့်အတူ "ကြယ်ပေါင်းခြံရံ ဒို့အောင်လံ'' အမည်ရှိသောအမေရိကန်ပြည်ထောင်စု နိုင်ငံတော်သီချင်း ကိုပါ အခမ်းအနားများတွင် သီဆိုတီးမှုတ်ကြရလေသည်။

ထိုင်းလင်း (ယိုးဒယား)နိုင်ငံ၏ နိုင်ငံတော်သီချင်းမှာ ကား "စန်ရာဆုန်ဗရာမီ'' အမည်ရှိသောသီချင်းဖြစ်သည်။ အဆိုပါသီချင်း၏တေးသွားကို ယိုးဒယားဘုရင်ချူလာ လွန်ကွန်၏စေခိုင်းချက်အရ စင်ကာပူမြို့ရှိ အင်္ဂလိပ်လူမျိုး တီးဝိုင်းဆရာ ဟဒ်ဆန်ဆိုသူက ၁၈၇၁ခုတွင် ရေးစပ်ပေးခဲ့ ရလေသည်။ ထိုနောက် ချူလာလွန်ကွန်ဘုရင်ကြီးသည် သီချင်းသားကို ယိုးဒယားစာရေးဆရာတစ်ဦးအား အဆိုပါ တေးသွားအတိုင်း ယိုးဒယားဘာသာဖြင့် ရေးသွင်းစေခဲ့ လေသည်။

ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ နိုင်ငံ တော်သီချင်းမှာ သီးသန့်အမည်ဟူ၍မရှိဘဲ နိုင်ငံတော်သီ ချင်းဟုသာခေါ်ဝေါ်သုံးစွဲကြသည်။ ရုရှတော်လှန်ရေးကြီး မဖြစ်ပွားမီဇာဘုရင်များအုပ်စိုးစဉ်ကာလက 'ဗိုဇေ ဇာရီယာ ချရန်နီ' အမည်ရှိသောသီချင်းသည် ရုရှနိုင်ငံ တော်သီချင်း ဖြစ်ခဲ့သည်။ အဆိုပါသီချင်းအမည်၏အဓိပ္ပါယ်မှာ ဘုရား သခင်သည် ဇာဘုရင်အား ထိန်းသိမ်းစောင့်ရှောက်ပါစေဟူ ၍ဖြစ်သည်။ ရုရှတော်လှန်ရေးကြီး အောင်မြင် ပြီးဆုံးသွား သောအခါ၊'အင်တာနေရှင်နေး' အမည်ရှိသောသီချင်းသည် နိုင်ငံတော်သီချင်း ဖြစ်လာခဲ့ရပြန်သည်။ သို့ရာတွင် နောက် ဆုံးအတည်ပြုထားသောနိုင်ငံတော်သီချင်းမှာကား၊အထက် ၌ဆိုခဲ့ပြီးဖြစ်သောအမည်မဲ့သီချင်းဖြစ်၍ တေးသွားကို အေ၊ ဗီ၊ အယ်လစ်ဇန္ဒရော့ဆိုသူပုဂ္ဂိုလ်ကရေးစပ်ခဲ့၍ သီချင်းသား ကိုမူ ဆာဂီးမီယားလကော့ဆိုသူ ရေးသားခဲ့လေသည်။

အမေရိကန် ပြည်ထောင်စုနိုင်ငံ၏ နိုင်ငံတော်သီချင်းမှာ 'ကြယ်ပေါင်းခြံရံ ဒို့အောင်လံ' ဖြစ်သည်။ အဆိုပါသီချင်း ၏သီချင်းသားကို ဖရန်စစ်စကော့ကီးဆိုသူက ၁၈၁၄ ခုနှစ် စက်တင်ဘာ ၁၄ရက်နေ့တွင် ရေးသားခဲ့သည်။ တေးသွား မှာကား 'ကောင်းကင်ဘုံရှိ အနက်ကရီအွန်သို့'ဟူသော ရှေးအင်္ဂလိပ်တေးဟောင်းတစ်ပုဒ်အတိုင်းပင်ဖြစ်၍၊ အဆိုပါ တေးဟောင်းကို ဂျွန်စတက်ဖို့စမစ်ဆိုသူက ရေးစပ်ခဲ့လေ သည်။ 'ကြယ်ပေါင်းခြံရံ ဒို့အောင်လံ'သီချင်း ကို ၁၉၃၁ခု မေလ ၃ ရက်နေ့တွင် အမေရိကန်ကွန် ဂရက်လွှတ်တော်မှ နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့လေသည်။

နိုင်ငံတော်အကြွေး။ ။နိုင်ငံအစိုးရက ပြည်သူတို့အား လည်းကောင်း၊ နိုင်ငံခြားအစိုးရတို့အားလည်းကောင်း ပေးဆပ်ရန်ရှိသောငွေကို နိုင်ငံတော်အကြွေးဟုခေါ်သည်။ နိုင်ငံတော်အကြွေးတွင် ပြည်တွင်းအကြွေးနှင့် ပြည်ပအ ကြွေးဟူ၍ နှစ်မျိုးရှိသည်။ ငွေတိုက်စာချုပ်၊ ငွေတိုက် အပ်ငွေလက်မှတ်၊ ငွေစုစာချုပ်၊ အစိုးရငွေချေးစာချုပ်၊ ငွေစုလက်မှတ်စသည်တို့ ရောင်းခြင်းသည်လည်းကောင်း၊ နိုင်ငံတော်အိုနာစာရန်ပုံငွေကိုလည်း လက်လှည့်သုံးခြင်း သည်လည်းကောင်း နိုင်ငံတော်အစိုးရက ပြည်သူတို့ထံမှ ငွေချေးခြင်းမည်သည်။ ယင်းကို ပြည်တွင်းကြွေးဟုခေါ် သည်။ ပြည်ပကြွေးဟူသည်မှာ နိုင်ငံခြားအစိုးရထံမှဖြစ်စေ၊ ကမ္ဘာ့ဘဏ်မှဖြစ်စေ ချေးသောငွေကို ခေါ်သည်။

နိုင်ငံတော် အစိုးရတိုင်းလိုလိုပင် ဝင်ငွေထက်သုံးရန် သုံးရန်ငွေကများရန်ရှိသောအခါ၊ အသုံးစရိတ်ကာမိစေရန် တစ်နည်းနည်းဖြင့် ငွေချေးယူကြရသည်။ စစ်ဖြစ်ချိန်၌ စစ်မှုရေးရာကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ငွေချေးရ၍၊ စစ်ပြီးသည့်အခါ၌လည်း နိုင်ငံတော်တိုးတက် ဖွံ့ဖြိုးစေမည့်လုပ်ငန်းများနှင့် နောင်လာနောင်သား အမျိုး ဆက်များအတွက် အကျိုးသက်ရောက်စေမည့်လုပ်ငန်းများ ကိုလုပ်ကိုင်ရန်ငွေချေးရသည်။ လမ်း၊ တူးမြောင်း၊ ဆည်၊ ရေအားလျှပ်စစ် ဓာတ်အားပေးရုံစသော အရှည်သဖြင့် အကျိုးရှိမည့် လုပ်ငန်းများအတွက် ချေးငွေများကို အသုံးပြု ကြလေသည်။

ဘဏ်၊ အသက်အာမခံ ကုမ္ပဏီနှင့် ငွေကြေးတတ်နိုင် သူများက နိုင်ငံအကျိုးကိုရည်ရွယ်၍လည်းကောင်း၊ ရရှိမည့် အတိုးအညွှန့်မျှော်ကိုး၍လည်းကောင်း၊ လုံခြုံစိတ်ချမှုရှိ၍

www.foreverspace.com.mm

လည်းကောင်းငွေတိုက်စာချုပ်နှင့် ငွေစုလက်မှတ်များစွာ ဝယ်ယူကြသည်။ ယင်းလုပ်ငန်းကား ၂ ဘက် အကျိုးရှိသော လုပ်ငန်းဖြစ်သည်။ နှစ်တိုင်ငွေချေးလိုသူများအတွက် နှစ်တို ငွေစုလက်မှတ်များရှိသကဲ့သို့ နှစ်ရှည် ချေးလိုသူများအတွက် နှစ်ရှည်အာမခံ စာချုပ်များရှိသည်။ နှစ်ရှည်အာမခံစာချုပ်များကို အင်္ဂလန်ပြည်တွင် 'ကွန်ဆိုး'ဟု ခေါ်သည်။

ပြည်တွင်းမှ ချေးယူသည်ဖြစ်စေ၊ ပြည်ပမှ ချေးယူသည်ဖြစ်စေ၊ ငွေချေးယူသောအခါ၊ အစိုးရတို့သည် ချေးယူသောငွေရင်းကို ပြန်လည်ပေးဆပ်ရမည့် နေ့စွဲရက်စွဲတို့အပြင်၊ နှစ်စဉ်ပေးသွားမည့်ငွေတိုးများကိုပါ ဖော်ပြထားသောဝန်ခံစာချုပ်များကို မြီရှင်များအားထုတ်ပေးရ၏။ အချိန်ကိုဆိုင်း၍ ပြန်လည်ပေးအပ်ရန်စီမံထားသောရည် ရွယ်ချက်မှာ အစိုးရတို့သည် နိုင်ငံတော်အပေါ်၌တင်ရှိသောကြွေးမြီအားလုံးတို့၏တာဝန်ကို လက်ရှိအခွန်ထမ်းများအပေါ်၌သာ လွှဲပုံချထားရန်မလိုသောကြောင့်ဖြစ်သည်။

ယခုအခါ ကမ္ဘာပေါ်တွင် အကြွေးကင်းသောနိုင်ငံဟူ၍ မရှိသလောက်ရှားသည်။ အမေရိကန်ပြည်ထောင်စုကဲ့သို့ ကြွယ်ဝသောနိုင်ငံသည်ပင် ၁၉၅၅ခု ဇွန်လ ၃၀ ရက်နေ့ စာရင်းအ ရ နိုင်ငံတော်အကြွေးပေါင်း ဒေါ်လာကုဋေ ၂၇၄၃၇ ကျော်ရှိသည်။ ထို့အတူ ဗြိတိန်နိုင်ငံသည်လည်း ၁၉၅၇ခုတွင် နိုင်ငံတော်ကြွေးအဖြစ် ကုဋေ ၂၇၀၀ ပေးဆပ်ရန်ရှိသည်။ စစ်ဒဏ်ကြောင့် ပြာပုံဖြစ်ခဲ့ရာမှ ပြန်လည်ထူထောင်နေရသော မြန်မာနိုင်ငံ၌မူ ၁၉၅၆–၅၇ ဘဏ္ဍာတော်နှစ်အတွင်းကပြည်တွင်းချေးငွေပေါင်းကျပ် ၁၁၁သန်းနှင့် ပြည်ပချေးငွေကျပ် ၂၁သန်းကျော်ရှိရာ စုစုပေါင်းကျပ် ၁၁၃၃ သန်း ခန့်မှန်းခြေရှိလေသည်။

ကမ္ဘာ့ငြိမ်းချမ်းရေးတွက်ကြိုးပမ်းမှု

နိုင်ငံပေါင်းချုပ်အသင်းကြီးဖြစ်ပေါ်လာပုံ၊ ယင်း၏ရည်ရွယ်ချက်များနှင့် ဆောင်ရွက်ချက်များ၊ အုပ်ချုပ်ရေးစက်ယန္တရားတွင် မည်ကဲ့သို့သောအဖွဲ့အစည်းများပါရှိပုံ၊ အဘယ်ကြောင့်ဖျက်သိမ်းလိုက်ရပုံ စသည်တို့ကို စုံလင်စွာဖော်ပြထားသည်။

နိုင်ငံပေါင်းချုပ်အသင်းကြီး။ ။၁၉၁၄ခုနှစ် ပဌမကမ္ဘာစစ်၏ဒဏ်ကိုခံခဲ့ရသော ကမ္ဘာသူကမ္ဘာသားတို့သည် စစ်ကိုအလွန်မုန်းတီးလာကြသည်။ အနာဂတ်တွင် စစ်ပွဲတစ်ဖန်မဖြစ်ပွားအောင် ကြိုးပမ်းရန်အထူးပင်လိုလားလာကြသည်။ သို့ဖြစ်၍ ကမ္ဘာပေါ်တွင် ထာဝစဉ်ငြိမ်းချမ်းမှုတည်မြဲရေးကို အားထုတ်လေသည်။ အမှန်အားဖြင့်ဆိုလျှင် ပဌမကမ္ဘာစစ်မဖြစ်ပွားမီရှေးနှစ်ပေါင်းများစွာကပင်လျှင် စစ်ကိုမုန်းတီးသူများသည် နိုင်ငံအချင်းချင်းမကျေနပ်မှု သဘောကွဲလွဲမှုတို့ကို မျက်နှာစုံညီစည်းဝေးဆွေးနွေး၍ အနုနည်းနှင့်ဖြေရှင်းနိုင်ရန် ကြိုးပမ်းခဲ့လေသည်။

ထိုကဲ့သို့ ကြိုးပမ်းကြသောကြောင့် ၁၉၂၀ ပြည့်နှစ်တွင် အပြည်ပြည် ဆိုင်ရာအဖွဲ့အစည်းဖြစ်သော နိုင်ငံပေါင်းချုပ်အသင်းကြီးပေါ်ပေါက်လာခဲ့လေသည်။ နိုင်ငံပေါင်းချုပ်အသင်းကြီးကိုဖွဲ့စည်းရန် စတင်ကြံစည်သူကား အမေရိကန်ပြည်ထောင်စု၏သမ္မတ ဝုဒရိုဝီလဆန်ဖြစ်သည်။ (ဝီလဆန်ဝုဒရိ–ရှု။) ၁၉၁၈ခုနှစ် ဧနှစ်ဝါရီလ ၈ ရက်နေ့တွင် ထုတ်ပြန်သော သူ၏အချက်ကြီး၁၄ချက်တွင် ငြိမ်းချမ်းရေးအတွက် နိုင်ငံပေါင်းစုံပါဝင်သောအသင်းကြီးတစ်ခုဖွဲ့စည်းရေးကို ဖော်ပြထားသည်။ ထိုနောက် စစ်ပြေငြိမ်းရေးညီလာခံများတွင်တင်ပြဆွေးနွေးပြီးသော် နိုင်ငံပေါင်းချုပ်အသင်းကြီး ဖွဲ့စည်းရေးကို "ဗာဆေးစာချုပ်"တွင် ထည့်သွင်းရန် သဘောတူကြလေသည်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို နိုင်ငံပေါင်းချုပ်အသင်းစာချုပ်အရ ၁၉၂၀ ပြည့်နှစ် ဧနှစ်ဝါရီလ ၁၀ ရက်နေ့တွင် တည်ထောင်သည်။ အပိုဒ်ပေါင်း ၂၆ ပိုဒ်ပါဝင်သော ထိုစာချုပ်သည် စင်စစ်ဗာဆေးစာချုပ်၏ တစ်စိတ်တစ်ဒေသဖြစ်သည်။ ထိုစာချုပ်ကို စစ်သူကြီး (ထိုစဉ်က ဗိုလ်ချုပ်မှူး) စမတ်နှင့်လော့ရောဗတ်စ့ဲစီးတို့ပါဝင်၍၊ သမ္မတဝီလဆန်က သဘာပတိအဖြစ်ဆောင်ရွက်သော အထူးကော်မစ်ရှင်အဖွဲ့က ရေးဆွဲခဲ့လေသည်။ ထိုစာချုပ်အရ အသင်းဝင်နိုင်ငံများသည် အသင်းဝင်နိုင်ငံတိုင်း၏လွတ်လပ်ရေးနှင့် နယ်ပယ်များ မကွဲမပြားတည်ရှိရေးတို့ကို အသိအမှတ်ပြုကာ ပြင်ပလာရောက်ကျူးကျော်တိုက်ခိုက်မှုများကို ကာကွယ်ပေးရန် တာဝန်ယူရသည်။ ထိုပြင် အငြင်းပွားမှုနှင့် သဘော ကွဲလွဲမှုများရှိလျှင် ရှေးဦးစွာအသင်းသို့တင်ပြခြင်း၊ သို့မဟုတ် ခုံတင်ဆုံးဖြတ်ခြင်းများမပြုဘဲ၊ အကြမ်းမဖက်ရန်ကိုလည်း တာဝန်ယူရလေသည်။ အသင်းကြီး၏ ဌာနချုပ်လည်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီးဗားမြို့တော်တွင် တည်ရှိသည်။

နိုင်ငံပေါင်းချုပ်အသင်းကြီးကို အမေရိကန်သမ္မတ၏ အကြံပေးချက်အရ ဖွဲ့စည်းခဲ့ကြသော်လည်း၊ အမေရိကန်ပြည်ထောင်စုသည် အသင်းသားအဖြစ် မပါဝင်ခဲ့ချေ။ အမေရိကန်နှင့် မသက်ဆိုင်သောအရေးကိစ္စများတွင် အမေရိကန်လူမျိုးတို့က ဝင်ရောက်မစွက်ဖက်လိုသောကြောင့်

www.foreverspace.com.mm

မဝင်ခဲ့ခြင်းပင်ဖြစ်လေသည်။ အသင်းဝင်များသည် ပဋ္ဌမဦးစွာတွင် မဟာမိတ်နိုင်ငံ ၂၉နိုင်ငံနှင့် ကြားနေနိုင်ငံ ၁၄ နိုင်ငံပေါင်း ၄၂နိုင်ငံဖြစ်၏။ ၁၉၃၄ ခုနှစ်တွင် ဆိုဗီယက်ရုရှနိုင်ငံလည်း အသင်းဝင်ဖြစ်လာသည်။ နိုင်ငံပေါင်းချုပ်အသင်းစာချုပ်တွင် အသင်းကြီး၏ ရည်ရွယ်ချက်များကို ဖော်ပြထားသည်။ ယင်းတို့မှာ နိုင်ငံအချင်းချင်းဖြစ်ပွားသော ဝိဝါဒများကို အပြည်ပြည်ဆိုင်ရာ တရားဥပဒေအရစီရင်ဆုံးဖြတ်၍လည်းကောင်း၊ ခုံတင်ဆုံးဖြတ်၍လည်းကောင်း စစ်မက်ဖြစ်ပွားခြင်းကို တားဆီးရန်၊ လက်နက်အင်အားလျှော့ပေါ့ရေးကို ဆောင်ရွက်ရန်၊ လက်နက်၊ ယစ်မျိုး၊ မိန်းမနှင့်ကလေးအရောင်းအဝယ်ပြုခြင်းကိုတားမြစ်ရန်၊ အလုပ်သမားများအားတရားမျှတသော အခွင့်အရေးများကိုပေးရန်စသည်တို့ဖြစ်လေသည်။

နိုင်ငံပေါင်းချုပ်အသင်း၏ အုပ်ချုပ်ရေး စက်ယန္တရားတွင် အဖွဲ့ကြီးငါးဖွဲ့ ပါဝင်သည်။ ယင်းတို့မှာ လွှတ်တော်၊ ကောင်စီအဖွဲ့၊ အတွင်းရေးမှူးရုံး၊ အပြည်ပြည်ဆိုင်ရာ အမြဲတမ်းတရားရုံးတော်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအစည်းအရုံးတို့ဖြစ်လေသည်။

အဆင်ဗလီခေါ်လွှတ်တော်သည် အသင်းကြီးတွင် အာဏာအရှိဆုံးအဖွဲ့ ဖြစ်၍၊ ၁နှစ်၁ကြိမ် အစည်းအဝေးကျင်းပသည်။ ထိုအဖွဲ့စည်းကြီးသို့ အသင်းဝင်နိုင်ငံများက ကိုယ်စားလှယ်သုံးဦးစေလွှတ်ခွင့်ရှိသော်လည်း၊ တစ်နိုင်ငံလျှင် မဲဆန္ဒ ၁မဲသာပေးနိုင်ခွင့်ရှိသည်။ လွှတ်တော်သည် အသင်းကြီးနှင့်သက်ဆိုင်သောကိစ္စရပ်အားလုံး၊ အတွင်းရေးမှူးချုပ်ခန့်ထားရေးနှင့်စပ်လျဉ်းသောကိစ္စ၊ အသင်းသားသစ်များ ပါဝင်ခွင့်ရရှိရေးကိစ္စကို စဉ်းစားဆွေးနွေးနိုင်သည်။ အရေးမကြီးသောကိစ္စရပ်များမှတစ်ပါး၊ ကိစ္စရပ်အားလုံးတွင် တညီတညွှတ်တည်းသဘောတူညီချက်ကို ရရှိရမြဲဖြစ်သည်။

ကောင်စီအဖွဲ့မှာမူကား အသင်းကြီး၏ အမှုဆောင်အဖွဲ့ဖြစ်လျှင် ၃ လတကြိမ် စည်းဝေးလေ့ရှိသည်။ အသင်းကြီးတည်ထောင်စက ကောင်စီအဖွဲ့တွင် အမြဲတမ်းအဖွဲ့ဝင် ၄ဦးနှင့် လွှတ်တော်က နှစ်စဉ်ရွေးကောက်တင်မြှောက်ရသောယာယီအဖွဲ့ဝင်၄ဦး ပေါင်းရှစ်ဦးပါဝင်သည်။ ထိုအမြဲတမ်းအဖွဲ့ဝင်များမှာ ဂရိတ်ဗြိတိန်၊ ပြင်သစ်၊ တ္ကတလီနှင့် ဂျပန်နိုင်ငံတို့ဖြစ်၏။ ၁၉၂၂ခုနှစ် အသင်းကြီးတွင် နောက်ထပ်အဖွဲ့ဝင်နိုင်ငံများ တိုးလာသဖြင့် လွှတ်တော်တွင်လည်း အဖွဲ့ဝင်ဦးရေကို တိုးလာရကား၊ ယာယီ အဖွဲ့ဝင်ဦးရေကို ၄ဦးမှ ၆ဦးသို့တိုးမြှင့်လိုက်သည်။ ၁၉၂၆ခုတွင် ဂျာမနီနိုင်ငံကို အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် သဘောတူတင်မြှောက်ကြပြန်သဖြင့်၊ အမြဲတမ်းအဖွဲ့ဝင် ၅ ဦးဖြစ်သွားပြန်သည်။

ဆွစ်ဇာလန်နိုင်ငံဂျနီဗာမြို့တော်ရှိ နိုင်ငံပေင်းချုပ်အသင်းကြီး၏ ဌာနချုပ်အဆောက်အအုံကြီး

www.forumspace.com.mm

ယာယီအဖွဲ့ဝင် ဦးရေကိုလည်း ၉ဦးအထိတိုးလိုက်လေသည်။ ၁၉၃၃ခုတွင် ယာယီအဖွဲ့ဝင်များကို ၁၀ ဦးအထိ တိုးလိုက်ပြန်၍၊ ၁၉၃၆ ခုတွင် ၁၁ဦးအထိ တိုးချဲ့လိုက်၏။ ၁၉၃၅ခုနှ၂ ကောင်စီအဖွဲ့တွင် အမြဲတမ်းအဖွဲ့ဝင် ၄ဦးနှင့် ယာ ယီအဖွဲ့ဝင် ၁၀ဦးပါဝင်ခဲ့သည်။ ထိုစဉ်က ဂရိတ်ဗြိတိန်၊ ပြင်သစ်၊ ကျွတလီနှင့်ရုရှနိုင်ငံများသည် အမြဲတမ်းအဖွဲ့ဝင်များ ဖြစ်ခဲ့လေသည်။ ကောင်စီအဖွဲ့သည် အသင်းကြီးနှင့် သက်ဆိုင်သောကိစ္စရပ်များကို ဆောင်ရွက်ပိုင်သည်။ အချုပ်ဆိုရသော်ကမ္ဘာကြီး၏ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သော ကိစ္စဟူသမျှကို ဆောင်ရွက်နိုင်ပေသည်။

အသင်ကြီး၏ အမြဲတမ်းအထွေထွေအတွင်ရေးမှူးကို ကောင်စီအဖွဲ့က ရွေးချယ်ခန့်ထားလေသည်။ အထွေထွေအတွင်းရေးမှူးနှင့် သူ၏ရုံးသားများသည် အသင်းကြီး၏ရုံးကိစ္စအဝဝတို့ကို ဆောင်ရွက်ရလေသည်။ အသင်းဝင်နိုင်ငံများချုပ်ဆိုသော စာချုပ်အားလုံးကို အတွင်းရေးမှူးရုံးတွင် မှတ်ပုံတင်၍ အတွင်းရေးမှူးက ထုတ်ပြန်ကြေညာရသည်။ ထိုသို့မပြုလုပ်လျှင် စာချုပ်သည်တရားမဝင်ချေ။

အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံးတော်သည် အသင်းကြီး၏အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ထိုရုံးတော်တွင် တရားသူကြီး၁၁ဦးနှင့် လက်ထောက်တရားသူကြီး ၄ဦးတို့ရုံးထိုင်ကြသည်။ တရားသူကြီးများသည် တရားဥပဒေအရာတွင် အထူးတတ်ကျွမ်းပေါက်မြောက်သူများဖြစ်ကြသည်။ ယင်းတို့ကို လွှတ်တော်နှင့်ကောင်စီတွဲဖက်အစည်းအဝေးမှ မဲများရာဖြင့် ရွေးချယ်ခန့်ထားသည်။ သူတို့၏ရာထူးသက်တမ်းကား ၉နှစ်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာအမြဲတမ်းတရားရုံးတော်သည် ဟော်လန်နိုင်ငံတွင်တည်ရှိသည်။ ထိုရုံးတွင် အပြည်ပြည်ဆိုင်ရာတရားဥပဒေနှင့်သက်ဆိုင်သည့်အမှုအခင်းများ၊ ပြည်ထောင်အချင်းချင်းထားရှိအပ်သောကတိခံဝန်ချက်များကို ဖောက်ဖျက်မှုများ၊ ပြည်ထောင်အချင်းချင်းချုပ်ဆိုထားသော စာချုပ်ပါအချက်အလက်များကို အဓိပ္ပါယ်ကျစွာကောက်ယူရေးစသည်တို့ကို လက်ခံစဉ်းစား၍၊ အဆုံးအဖြတ်ပေးသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားအစည်းအရုံးသည် နိုင်ငံတကာရှိ အလုပ်သမားများ၏အခြေအနေကို မြှင့်တင်ပေးရန်ရှေးရှုသောအဖွဲ့ဖြစ်သည်။ ယင်းကို ဂျီနီဗာမြို့၌ထားရှိလေသည်။ အဖွဲ့သည် အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်ကျ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံကို ဖိတ်ခေါ်ကျင်းပလေသည်။ ထိုညီလာခံသို့ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားများ၏ကိုယ်စားလှယ်များတက်ရောက်ကြရသည်။ ထိုပြင်အဖွဲ့၏လက်အောက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး ရှိသေးသည်။ ထိုရုံးကိုအုပ်ချုပ်ရေးအဖွဲ့က ကြိုးကိုင်သည်။ အုပ်ချုပ်ရေး အစိုးရကိုယ်စားလှယ် ၁၂ဦး၊ အလုပ်ရှင်များကိုယ်စားလှယ် ၈ ဦးနှင့်အလုပ်သမားများ ကိုယ်စားလှယ် ၈ဦးပါဝင်သည်။

လွှတ်တော်၏ မဲ ၃ပုံ ၂ပုံရရှိသောနိုင်ငံများသည် အသင်းကြီးသို့ဝင်နိုင်သည်။ သို့သော်ထိုနိုင်ငံများသည် ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိသောနိုင်ငံများဖြစ်ရပေမည်။ ဒိုမီနီယန်နိုင်ငံများနှင့် ကိုလိုနီနိုင်ငံများသည်လည်း၊ ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိနေလျှင်အသင်းကြီးတွင်ပါဝင်နိုင်သည်။ အသင်းကြီးမှနုတ်ထွက်လိုသောအခါ ၂နှစ်ကြိုတင်အကြောင်းကြားရ၍ ဆောင်ရွက်ရန်ရှိသောတာဝန်ဝတ္တရားများကို ပြေလည်အောင်ဆောင်ပြီးမှသာ နုတ်ထွက်နိုင်သည်။

နိုင်ငံပေါင်းချုပ်အသင်းကြီးသည် မည်မျှပင်မွန်မြတ်သော ရည်ရွယ်ချက်များနှင့် တည်ထောင်ထားခဲ့စေကာမူ၊ အသင်းဝင်များအချင်းချင်း မသင့်မတင့်ဖြစ်မှုတို့ကြောင့်လည်းကောင်း၊ အရေးကြီးသောကိစ္စရပ်များတွင် တညီတညွတ်တည်း ဆုံးဖြတ်ချက်ချမှတ်ရန် လိုသောကြောင့်လည်းကောင်း ခရီးရောက်သင့်သလောက်မရောက်ခဲ့ချေ။ အမေရိကန်ပြည်ထောင်စုက အသင်းဝင်မဟုတ်သောကြောင့်လည်း အသင်းကြီး၏အင်အားသည် လျော့ပါးလျက်ရှိခဲ့၏။ အသင်းကြီးသည် ပဋ္ဌမတွင် ပြေပြစ်အောင်ဆောင်ရွက်နိုင်ခဲ့သော်လည်း တနေ့တစ်ခြား သြဇာမှေးမှိန်လာသည်။ စည်းကမ်းဖောက်ဖျက်သောနိုင်ငံများကို စီးပွားရေးသပိတ်များဖြင့် အရေးယူခဲ့သော်လည်း အကျိုးမထင်ခဲ့ချေ။ အသင်းကြီး၏အမိန့်မနာခံလိုသော နိုင်ငံများသည် နုတ်ထွက်သွားကြလေသည်။

၁၉၃၂ ခုနှစ်တွင် မန်ချူးရီးယားအရေးတော်ပုံနှင့်စပ်လျဉ်း၍၊ အသင်းကြီး၏ဝါဒကို မကြိုက်သောကြောင့် ဂျပန်နိုင်ငံသည် နုတ်ထွက်လိုက်၏။ နောက်တစ်နှစ်တွင် ဂျာမနီနိုင်ငံကလည်း လက်နက်လျှော့ပေါ့ရေးကို မကျေနပ်သောကြောင့် ဂျပန်၏နမူနာအတိုင်း နုတ်ထွက်ပြန်သည်။ ၁၉၃၇ ခုနှစ်တွင် အီသီအိုးပီးယား (အက်ဗီဆီးနီးယား) အရေးကြောင့် ကျွတလီနိုင်ငံကနုတ်ထွက်လိုကြောင်းကြိုတင်အကြောင်းကြားခဲ့၏။ နိုင်ငံပေါင်းချုပ်အသင်းကြီးသည် ဂျာမနီနိုင်ငံက ဩစတြီးယားနိုင်ငံ၊ ချက်ကိုဆလိုဗားကီးယားနိုင်ငံနှင့် ပိုလန်နိုင်ငံတို့သို့ ဝင်ရောက်တိုက်ခိုက်သည်ကို မည်သို့မျှအရေးမယူခဲ့ချေ။ သို့သော် ရုရှဖင်လန်စစ်ပွဲ ဖြစ်ပွားသောအခါ ၁၉၃၉ခုတွင် ရုရှနိုင်ငံကို အသင်းကြီးမှထုတ်ပယ်လိုက်လေသည်။ နိုင်ငံပေါင်းချုပ်အသင်းကြီးသည် တဖြည်းဖြည်းတန်ခိုးမှေးမှိန်လာခဲ့၍ အသင်းဝင်နိုင်ငံများကပင်လျှင်အလေးမမူ၊ ဂရုမစိုက်သည့်အခြေသို့ရောက်သွားလေသည်။ အသင်းကြီးသည် နိုင်ငံရေးဘက်တွင် အောင်မြင်မှုမရရှိခဲ့သော်လည်း၊ ဒုက္ခသည်များအား အကူအညီပေးရေး၊ ကူးစက်ပြန့်ပွားတတ်သောရောဂါများ ကာကွယ်ရေး၊

www.foreverspace.com.mm

ယစ်မျိုးအရောင်းအဝယ် တားဆီးပိတ်ပင်ရေး၊ အလုပ်သမားလို့၏အခြေအနေကို တိုးမြှင့်ရေးစသည့်လုပ်ငန်းများကို ပူးပေါ်း အတော်ပင်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့လေသည်။

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ ၁၉၄၆ ခုနှစ် ဧပြီလသို့ရောက်သောအခါ နိုင်ငံပေါင်းချုပ်အသင်းကြီးကို ဖျက်သိမ်း၍ ယင်း၏နေရာတွင် ကမ္ဘာ့ကုလသမဂ္ဂအသင်းကြီးသည် ပေါ်ထွန်းလာလေသည်။ (ကုလသမဂ္ဂ–ရှု။)

နိုင်ငံရေးပညာ။ ။နိုင်ငံရေးပညာဟူသောဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို ပညာရှင်အသီးသီးတို့က အမျိုးမျိုးဖွင့်ဆိုကြ၏။ သို့ရာတွင် လူအများစုကလက်ခံသော အနက်အဓိပ္ပါယ်မှာ ဤသို့အတိုင်းပင် ဖြစ်၏။ နိုင်ငံရေးပညာဆိုသည်မှာ နိုင်ငံ၏အကြောင်းအရာများကို လေ့လာသော သိပ္ပံပညာရပ်ဖြစ်သည်။ ဘီစီ ၅ ရာစုနှစ်ခန့်က ဂရိလူမျိုး သဘာဝတ္ထဗေဒပညာရှင်ဖြစ်သော ဆိုကရေတီးနှင့် ပလေးတိုတို့သည် ယင်းတို့၏တပည့်များဖြစ်ကြသော အေသင်မြို့သားလူငယ်များအား နိုင်ငံရေးပညာကို စတင်သင်ကြားပို့ချခဲ့၏။ အယ်ရစ္စတိုတယ်က နိုင်ငံရေးပညာရပ်ကို ပိုမိုတိကျစေရန် မွမ်းမံခဲ့၏။ ယခုခေတ်တွင်မူ နိုင်ငံရေးပညာရပ်သည် တောမတ်ဟော့ဗ်၊ ဂျွန်လော့ခ်၊ ဒေဗစ်ဟူမ်းနှင့် မွန်တေဂျူတို့၏ တိုးတက်သောအယူအဆများကြောင့် ကြီးပွား ထွန်းကားလာလေသည်။

နိုင်ငံရေးပညာရပ်သည် (၁) နိုင်ငံတော်ကပြဋ္ဌာန်းအတည်ပြုလိုက်သောဥပဒေများအလိုက် နိုင်ငံတော်သားတို့ တစ်ဦးနှင့်တစ်ဦး မည်သို့ဆက်ဆံကူးလူးနေကြပုံ၊ (၂) နိုင်ငံတော်သားသည် နိုင်ငံတော်နှင့်တစ်ဦးချင်း အနေဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်သားတစ်စုအနေဖြင့်သော်လည်းကောင်း မည်သို့ဆက်သွယ်နေပုံ၊ (၃) နိုင်ငံတစ်နိုင်ငံသည် အခြားနိုင်ငံတနိုင်ငံနှင့် မည်သို့ဆက်သွယ်နေပုံတို့ကို လေ့လာသောပညာရပ်ဖြစ်၏။ တစ်နည်းအားဖြင့်ဆိုသော် နိုင်ငံရေးပညာသည် နိုင်ငံတော်အကြောင်း၊ ဥပဒေအကြောင်းနှင့်လူမှုကိစ္စအကြောင်းတို့ကို လေ့လာသောပညာရပ်တစ်ခုဖြစ်ပေသည်။

နိုင်ငံရေးပညာသည် နိုင်ငံတော်နှင့်သက်ဆိုင်သည့်ကိစ္စအဝဝတို့ကိုလေ့လာသောပညာရပ်ဖြစ်ရကား နိုင်ငံဆိုသည်ကိုယေဘုယျအားဖြင့် ရှင်းလင်းရန်လိုပေသည်။ နိုင်ငံ ၁နိုင်ငံဟူ၍ သတ်မှတ်နိုင်ရန် လိုအပ်သောအင်္ဂါရပ်များမှာ–

(၁) လူဦးရေ
(၂) သတ်မှတ်ထားသော နယ်မြေ
(၃) အစိုးရ
(၄) အချုပ်အခြာအာဏာ တို့ပင်ဖြစ်သည်။

လူဦးရေသည် နိုင်ငံတစ်နိုင်ငံ၌ မရှိလျှင်မဖြစ်သော အင်္ဂါရပ်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတည်ထောင်နိုင်ရန် လူဦးရေမည်ရွေ့မည်မျှရှိရမည်ကို သတ်မှတ်မထားသော်လည်း၊ လူဦးရေ အတော်အသင့်ရှိမှသာ နိုင်ငံတစ်နိုင်ငံကို ကောင်းစွာ တည်ထောင်နိုင်ပေလိမ့်မည်။ ဤအချက်နှင့် စပ်လျဉ်း၍ ထင်ရှားသောသာဓကမှာ ကမ္ဘာပေါ်ရှိ လူနေမဲ့ဒေသကို မည်သူကမျှ နိုင်ငံတစ်နိုင်ငံဟူ၍ အသိအမှတ်မပြုပေ။ သို့သော် လူဦးရေများသော်လည်း အခြားအင်္ဂါရပ်များ ချွတ်ယွင်းနေပါကလည်း နိုင်ငံဟု မခေါ်နိုင်ပေ။

နိုင်ငံတစ်နိုင်ငံ၏ ဒုတိယအရေးပါအရာရောက်သော အင်္ဂါရပ်မှာ တိကျစွာသတ်မှတ်ထားသော နယ်မြေဖြစ်သည်။ နယ်မြေတိကျစွာသတ်မှတ်ထားခြင်း မရှိသောဒေသကို နိုင်ငံဟုမခေါ်နိုင်ချေ။

နိုင်ငံတစ်နိုင်ငံ၏ အရေးပါသော တတိယအင်္ဂါရပ်မှာ အစိုးရဖြစ်၏။ အစိုးရဆိုသည်မှာ တိုင်းသူပြည်သားတို့က မိမိတို့အား အုပ်ချုပ်စီမံရန် အချုပ်အချာအာဏာကို လွှဲအပ်ပေးထားခြင်းခံရသောလူတစ်ယောက်ကိုသော်လည်းကောင်း၊ လူတစ်စုကိုသော်လည်းကောင်းဆိုလိုပေသည်။ ယခုခေတ်တွင် ယေဘုယျအားဖြင့် အစိုးရကို နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ ယင်းတို့မှာ သမ္မတအစိုးရအမျိုးအစားနှင့် ကက်ဘိနက်အစိုးရအမျိုးအစားတို့ပင်ဖြစ်သည်။ အချုပ်အားဖြင့်ဆိုသော် နိုင်ငံတစ်နိုင်ငံဟု ခေါ်ဆိုနိုင်ရန် သမ္မတအစိုးရသော်လည်းကောင်း၊ ကက်ဗိနက်အစိုးရသော်လည်းကောင်း ရှိရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏စတုတ္ထအင်္ဂါရပ်မှာ အချုပ်အခြာအာဏာဖြစ်သည်။ အချုပ်အခြာအာဏာကို နိုင်ငံတော်တွင်းရှိမည်သည့် အသင်းအပင်းအဖွဲ့အစည်းကမျှပိုင်ဆိုင်ခွင့်မရှိပေ။ အချုပ်အခြာအာဏာကို နိုင်ငံသူနိုင်ငံသားများက ရွေးကောက်တင်မြှောက်ထားသောအစိုးရကသာလျှင် နိုင်ငံတော်အုပ်ချုပ်ရေးအတွက်ပိုင်ဆိုင်လေသည်။ အချုပ်အခြာအာဏာမရှိသော နိုင်ငံကို နိုင်ငံဟုမခေါ်ပေ။

ဤသို့အင်္ဂါ လေးရပ်ပြည့်စုံမှသာလျှင် နိုင်ငံတစ်နိုင်ငံအဖြစ် အသိအမှတ်ပြုနိုင်ပေသည်။ နိုင်ငံရေး ပညာသည် ယင်းအင်္ဂါလေးရပ်နှင့်ပြည့်စုံသောနိုင်ငံ၏ အကြောင်းအရာကို လေ့လာသောပညာရပ်ဖြစ်သည်။ ထိုသို့လေ့လာရာတွင် နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံအုပ်ချုပ်ရေးသည် အယူအဆအမျိုးမျိုးအပေါ်တွင် အခြေခံကာ ကွဲပြားခြားနားလေသည်။ နိုင်ငံတော်အုပ်ချုပ်ပုံနှင့်စပ်လျဉ်း၍ ထင်ရှားစွာကွဲပြားနေသောအယူဝါဒများမှာ–

(၁) မင်းမဲ့ဝါဒ
(၂) ပုဂ္ဂလိကဝါဒ
(၃) ဆိုရှယ်လစ်ဝါဒ စသည်တို့ဖြစ်ပေသည်။

www.foreverspace.com.mm

မင်းမဲ့ဝါဒဆိုသည်မှာ နိုင်ငံတော်တည်ရှိမှုကို လက်မခံ ငြင်းပယ်သောဝါဒပင် ဖြစ်သည်။ မင်းမဲ့ဝါဒီများ၏ အယူအဆမှာ နိုင်ငံတော်နေရာတွင် စီးပွားရေးရာ အသင်းအဖွဲ့များဖြင့် အစားထိုးမည် ဟူသော အယူအဆပင် ဖြစ်သည်။ ထိုစီးပွားရေး အသင်းအဖွဲ့များက အစိုးရအဖွဲ့တာဝန်ဝတ္တရားများကို ထမ်းရွက်မည်ဟု ဆိုသည်။ မင်းမဲ့ဝါဒီတို့သည် ဤသို့ အစိုးရအဖွဲ့တာဝန်ကို စီးပွားရေး အသင်းအပင်းများက တာဝန်ယူခြင်းအားဖြင့် တင်းကျပ်သော အာဏာကို ဖျက်ပစ်နိုင်လိမ့်မည်ဟူ၍ အယူရှိကြသည်။

ပုဂ္ဂလိကဝါဒဆိုသည်မှာ ပုဂ္ဂလိကတစ်ဦးချင်းလွတ်လပ်စွာ စီးပွားကုန်သွယ်ခွင့်၊ လွတ်လပ်စွာနေထိုင်စားသောက်ခွင့်တို့ကို နိုင်ငံတော်ကသော်လည်းကောင်း၊ အစိုးရသော်လည်းကောင်း အာဏာဖြင့်ဝင်ရောက်မစွက်ဖက်ရန် လိုလားသောဝါဒပင်ဖြစ်သည်။ ပုဂ္ဂလိကဝါဒီတို့သည် နိုင်ငံတော်တည်ရှိမှုကို မငြင်းပယ်ဘဲလက်ခံသော်လည်း၊ နိုင်ငံတော်တည်ရှိမှုသည် မကောင်းဟုယူဆသည်။ ပုဂ္ဂလိကလွတ်လပ်မှုကို တိုးချဲ့ခြင်းဖြင့်သာနိုင်ငံတော်၏အခွင့်အာဏာကိုတိုးချဲ့ရမည်ဟူ၍လည်း ပုဂ္ဂလိကဝါဒဆိုသည်။ ထို့ပြင်နိုင်ငံတော်သည် နိုင်ငံအကျိုးဖြစ်ထွန်းစေရန်ဟူသောအကြောင်းပြချက်ဖြင့် ကိစ္စအဝဝတို့ကိုလက်ဝါးကြီးအုပ်ထားခဲ့ပါလျှင် ပုဂ္ဂလိကလွတ်လပ်မှုကို ချိုးဖောက်ရာရောက်မည်ဟုဆိုသည်။အားလုံးခြုံ၍ဆိုလျှင် ပုဂ္ဂလိကဝါဒဆိုသည်မှာ နိုင်ငံတော်၏လုပ်ငန်းအဝဝတို့ကို ပုဂ္ဂလိကများ၏ အကျိုးစီးပွားအားမည်မျှမြှင့်တင်ပေးသနည်းဟူသောအချက်နှင့် ပိုင်းဖြတ်သောအယူအဆပင်ဖြစ်လေသည်။

ဆိုရှယ်လစ်ဝါဒဆိုသည်မှာ လယ်ယာသစ်တော သတ္တုတွင်း စက်ကိရိယာ၊ စက်ရုံကြီးများစသည့် အများနှင့်သက်ဆိုင်သော လုပ်ငန်းရပ်ကြီးများကို အစုအဖွဲ့ကသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်ကသော်လည်းကောင်း ပိုင်ဆိုင်ခွင့်မရှိစေဘဲ၊ နိုင်ငံတော်ပိုင်ပြု၍ (ဝါ)အများပိုင်ပြု၍ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးအတွက် စီမံကိန်းရေးဆွဲကာဆောင်ရွက်ရမည်ဟူသောဝါဒပင်ဖြစ်၏။ ဆိုရှယ်လစ်ဝါဒ၊ ဆောင်ပုဒ်တစ်ခုမှာ လုပ်သမျှခံစားခွင့်ရှိရမည်ဟူသော ဆောင်ပုဒ်ဖြစ်၏။ ကွန်မြူနစ်ဝါဒသည် ဆိုရှယ်လစ်ဝါဒနှင့် ရည်ရွယ်ချက်ချင်းတူညီကြ၏။ ကွန်မြူနစ်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒတို့ကွဲပြားပုံမှာ တိုးတက်မှုအဆင့်အတန်းတွင်သာ ဖြစ်၏။ ကွန်မြူနစ်လောကကို ဆိုရှယ်လစ်လောကမှ တစ်ဆင့်တက်ရ၏။ (ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ–ရှု။)

ဤသို့အားဖြင့် နိုင်ငံတော်ကိုအုပ်ချုပ်ရာတွင် အယူဝါဒအလိုက် စံနစ်အမျိုးမျိုး ကွဲပြားခြားနားနေကြသည်ကိုလည်း နိုင်ငံရေးပညာကို လေ့လာဆည်းပူးသူတို့သည် မျက်ခြည်မပြတ်ဂရုမူကရပေသည်။

နိုင်ငံရေးပညာသည် နိုင်ငံတော်အကြောင်းအရာကို လေ့လာဆည်းပူးသော သိပ္ပံပညာရပ်ဟု အတိုချုံးကာဖော်ပြကြ၏။ နိုင်ငံတော်၏အကြောင်းအရာဆိုသည်မှာ နက်နဲကျယ်ဝန်းလှသဖြင့်နိုင်ငံရေးပညာရပ်ပင်လျှင်ကျယ်ဝန်းသော သိပ္ပံပညာရပ်ကြီးတခု ဖြစ်လာခဲ့ပေသည်။

နိုင်ငံဝန်ထမ်း။ ။နိုင်ငံဝန်ထမ်းဟူသည်မှာ နိုင်ငံတော်၏ဝန်ကိုထမ်းဆောင်နေသော ဗဟိုအစိုးရအမှုထမ်း အရာထမ်းများကိုဆိုလို၏။ နိုင်ငံဝန်ထမ်းအဖွဲ့များ ဆိုသည်တွင် ကုန်းတပ်၊ ရေတပ်၊ လေတပ်မှတစ်ပါး၊ လုပ်ငန်းကျွမ်းကျင်မှုရှိ၍ အမြဲတမ်းခန့်ထားသည့် အခြားပြည်ထောင်စုအစိုးရ အမှုထမ်းအားလုံးပါဝင်လေသည်။ နိုင်ငံတော်ဝန်ထမ်းအဖွဲ့အမျိုးမျိုးအစားစားရှိပေသည်။ ဗဟိုရုံးဖြစ်သော အတွင်းဝန်များရုံးရှိ စာရေးစာချီမှအစ အတွင်းဝန်ချုပ်အထိ အရာထမ်းအမှုထမ်းများ၊ နယ်အုပ်ချုပ်ရေးဆိုင်ရာများဖြစ်သော စာရေးစာချီ၊ မြို့ပိုင်၊ နယ်ပိုင်၊ ခရိုင်ဝန်၊ တိုင်းမင်းကြီးနှင့် ဗဟိုအစိုးရခန့်ထားသော ဌာနအသီးသီးရှိ အလားတူအရာထမ်းအမှုထမ်းများကို နိုင်ငံဝန်ထမ်းဟုခေါ်၏။

နိုင်ငံဝန်ထမ်းတို့သည် တိုင်းပြည်၏တာဝန်ကို ထမ်းရွက်နေသည့်အမြဲတစေတည်ရှိနေရသော အမှုထမ်းအဖွဲ့ဖြစ်၍၊ ယေဘုယျအားဖြင့် အသက် ၅၅ နှစ် မပြည့်မချင်း အမှုထမ်းခွင့်ရှိလေသည်။

နိုင်ငံဝန်ထမ်း စတင်တည်ထောင်ပုံ

နိုင်ငံဝန်ထမ်းအဖွဲ့ကို အနောက်နိုင်ငံနည်းစံနစ်ဖြင့် စတင်ဖွဲ့စည်းခဲ့သည်မှာ ဗြိတိသျှခေတ်တွင်ဖြစ်သည်။ ရှေးမြန်မာမင်းခေတ်ကလည်း မြန်မာမင်းတို့အုပ်ချုပ်ပုံ နည်းစံနစ်အရ၊ မင်းမှုထမ်းအဖွဲ့ကို စနစ်တကျဖွဲ့စည်းခဲ့သည်။ (မြန်မာမင်းအုပ်ချုပ်ပုံ–ရှု။) မြန်မာပြည်သို့ အင်္ဂလိပ်များ စတင်ဝင်ရောက်ခဲ့သည့်အချိန် ၁၈၄၂ ခုမှစ၍ ၁၈၆၂ခုနှစ်အထိ အင်္ဂလိပ်အစိုးရသည် စနစ်တကျဖြစ်သော ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းခြင်းမရှိသေးဘဲ၊ မြန်မာပြည်ကို အိန္ဒိယ ဗဟိုအစိုးရလက်အောက်တွင်ထားရှိ၍၊ အိန္ဒိယပြည်မှ အရာထမ်းအမှုထမ်းများကို ခေါ်ယူကာ၊ အထက်တန်းရာထူးကြီးများတွင်ခန့်ထားခဲ့ပြီးလျှင်၊ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေးကို အဓိကလုပ်ငန်းအဖြစ်ထားလျက် ဆောင်ရွက်စေခဲ့၏။ ထိုဥရောပ တိုက်သားအရာရှိများအောက်တွင် စစ်ကဲ၊ မြို့အုပ်၊ တိုက်သူ ကြီး၊ ရွာခေါင်း၊ ကြေးထမ်းကြီးစသည်များကို နယ်အုပ်ချုပ်ရေးတွင် အကူအညီရရှိရန်ခန့်ထားခဲ့သည်။ ဤကဲ့သို့ ဝန်ထမ်းအဖွဲ့ ဖွဲ့စည်းပုံမှာ ယာယီသဘောမျှသာဖြစ်လေသည်။

၁၈၆၂ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ဖြစ်သည့် ကာလသို့

www.foreverspace.com.mm

ရောက်မှသာလျှင် မြန်မာနိုင်ငံဝန်ထမ်းအဖွဲ့သည် ဗြိတိသျှ အုပ်ချုပ်စနစ်ပုံသွင်သို့ရောက်ရှိလာခဲ့ပေသည်။ ထိုအချိန်မှ ပင် မြန်မာပြည်ကို ပြည်နယ်တစ်ခုအဖြစ်သတ်မှတ်လိုက်ပြီးလျှင် နိုင်ငံဝန်ထမ်းအဖွဲ့များကို ပြန်လည်ပြုပြင်ခဲ့၏။

ထိုခေတ်အခါက ဝန်ထမ်းအဖွဲ့ကို ၂ ဖွဲ့ သီးခြားဖွဲ့စည်းခဲ့၏။ ပဌမဖွဲ့သည့် ဝန်ထမ်းအဖွဲ့သည် ဘားမားကော်မစ်ရှင်အဖွဲ့ဖြစ်၏။ ထိုဝန်ထမ်းအဖွဲ့သည် ထိပ်တန်းအဖွဲ့ဖြစ်၍၊ ထိုဝန်ထမ်းအဖွဲ့တွင်းသို့ ဥရောပတိုက်သားများကိုသာခန့်ထား၏။ ထိုကော်မစ်ရှင်အဖွဲ့၏ ၃ ပုံ ၂ ပုံသည် လန်ဒန်မြို့တွင် ကျင်းပသော အပြိုင်စာမေးပွဲ စံနစ်ဖြင့် ရွေးချယ်ခန့်ထားခြင်းခံရသော အိန္ဒိယပဋိညာဉ်ခံအဖွဲ့ဝင်များဖြစ်၏။ ကျန် ၃ ပုံ ၁ပုံသည် စစ်ဘက်ဆိုင်ရာအရာရှိများနှင့် အခြားဝန်ထမ်းအဖွဲ့များမှ ရွေးချယ်ခန့်ထားသူများဖြစ်၏။

ဒုတိယဝန်ထမ်းအဖွဲ့သည် ပြည်နယ်ဝန်ထမ်းအဖွဲ့ဖြစ်၏။ တတိယနောက်ဆုံးအကြိမ် မြန်မာပြည်ကိုသိမ်းပိုက်စအချိန် နှစ်ဦးပိုင်းတွင် ထိုအဖွဲ့တွင်းသို့ အိန္ဒိယပြည်ခ္ဍသော်လည်းကောင်း၊ မြန်မာပြည်ခ္ဍသော်လည်းကောင်း နေထိုင်လျက်ရှိသောဥရောပတိုက်သားများနှင့် မြန်မာမင်းလက်အောက်တွင် အမှုထမ်းခဲ့ဘူးသောပုဂ္ဂိုလ်များကို ခေါ်ယူခန့်ထားခဲ့လေသည်။

ထိုဝန်ထမ်းအဖွဲ့ကို အတန်းအစား နှစ်မျိုးခွဲခြားထားပြန်သည်။ ပဌမအတန်းအစားမှာ ဝန်ထောက်ဖြစ်၍၊ ဒုတိယအတန်းစားမှာမြို့အုပ်တန်းဖြစ်သည်။

ထိုစဉ်အခါက မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစံနစ်သည် ဗြိမ်ဝပ်ပိပြားရေးကိုသာ အဓိကထားနေသဖြင့် ထိုဝန်ထမ်းအဖွဲ့များသည် စီရင်အုပ်ချုပ်မှုဝန်ထမ်းအဖွဲ့များသာဖြစ်သည်။ အခြားသီးခြားလုပ်ငန်းရပ်များအတွက် ဝန်ထမ်းအဖွဲ့ဟူ၍မရှိခဲ့ပေ။ ပမာအားဖြင့် ၁၈၆၂ခု မတိုင်မီက အရေးပိုင်သည် ရဲအဖွဲ့၏အကြီးအကဲအဖြစ်ဆောင်ရွက်၍၊ မိမိနယ်အတွင်းရှိ ထောင်အုပ်ချုပ်သူအကြီးအကဲလည်းဖြစ်သည်။

၁၈၆၂ ခုနောက်ပိုင်း၌ အတွင်းဝန်ရုံးအဖွဲ့ပေါ်ပေါက်လာပြီး ၁၈၈၆ခုအထိ အတွင်းဝန်တစ်ဦးနှင့်လက်ထောက်အတွင်းဝန်တစ်ဦးတည်းဖြင့်ဆောင်ရွက်လာရာမှ ဌာနများ လုပ်ငန်းများ ပိုမိုကျယ်ဝန်းများပြားလာ၍၊ အတွင်းဝန်ရုံးအဖွဲ့ကိုတိုးချဲ့၏။ ထိုတိုးချဲ့သောအတွင်း ဝန်ရုံးအဖွဲ့၌ လုပ်ငန်းဌာနများ ထပ်မံဖန်တီးခဲ့လေသည်။

၁၈၇၂ ခုတွင် ကြေးတိုင်အရာရှိများကို စတင်ခန့်ထားခဲ့ခြင်း၊ ၁၉၀၀ပြည့်နှစ်တွင် ကြေးတိုင်မင်းကြီးလက်အောက်ခံမြေစာရင်းဌာနဖွင့်လှစ်ခဲ့ခြင်း၊ ၁၈၇၀ပြည့်နှစ်တွင် လုပ်ငန်းဌာနကို အင်ဂျင်နီယာချုပ်အောက်တွင် ထားရှိဖွင့်လှစ်ခဲ့ခြင်း၊ ၁၉၀၄ခုတွင် သမဝါယမဌေးအသင်းဌာနကိုဖွင့်လှစ်ခဲ့ခြင်း၊ ၁၉၀၅ခုတွင် သစ်တော ဌာနကို အုပ်ချုပ်ရန် သစ်တောဌာနမင်းကြီးကို ခန့်ထားခဲ့ခြင်း ၁၉၀၅ ခုနှစ်တွင် တရားစီရင်ရေးနှင့်အုပ်ချုပ်ရေးတာဝန်ဝတ္တရာများ ခွဲခြားရေးကို စတင်ဆောင်ရွက်လိုက်ခြင်းဖြင့် ၊ဝန်ထမ်းအဖွဲ့အသစ်များ ဌာနအလိုက်၊ ၁၉၀၆ ခုနှစ်တွင် စိုက်ပျိုးရေးညွှန်ကြားရေးဝန်ကို ခန့်ထားခြင်း နှင့်၊ ၁၉၁၈ခုတွင် သန့်ရှင်းရေးမင်းကြီးကိုခန့်ထားခြင်းဖြင့် ကျွမ်းကျင်မှုဌာနအသီးသီးကို ဖန်တီးခဲ့လေသည်။

အထက်ပါ အရာထမ်းများအဆင့်ရှိ ဝန်ထမ်းအဖွဲ့နှင့်အတူ အရေးပါအရာရောက်သော စာရေးစာချီ ဝန်ထမ်းအဖွဲ့ကိုလည်း တည်ထောင်ဖန်တီးခဲ့၏။ စာရေးများကို ဗြိတိသျှအုပ်ချုပ်ရေးအစပိုင်း၌၊ ဗြိတိသျှတို့သည် မိမိတို့၏အုပ်ချုပ်ပုံစနစ်၊ မိမိတို့၏ စိတ်နေစိတ်ထားနှင့် မိမိတို့၏ ဘာသာရပ်တွင် အတွေ့အကြုံဗဟုသုတများခဲ့သည့် အိန္ဒိယတိုင်းရင်းသားတို့ကို ခေါ်ဆောင်ခန့်ထား၏။ ထိုနောက် အင်္ဂလိပ်မြန်မာ ကျောင်းများဖွင့်လှစ်ပြီးသည့် နောက်ပိုင်း၌၊ ထိုကျောင်းထွက်များကို ခန့်ထားခဲ့သည်။ သို့ရာတွင် ရုံးသုံးဘာသာသည် အင်္ဂလိပ်စာဖြစ်ခဲ့၍ အိန္ဒိယအမျိုးသားကပြားများကိုသာ အများအားဖြင့် စာရေးစာချီဝန်ထမ်းအဖွဲ့ အထက်ပိုင်းနေရာများ၌ခန့်ထားခဲ့လေသည်။

နိုင်ငံဝန်ထမ်း အဖွဲ့ပုံစံနှင့် ဖွဲ့စည်းပုံမှာ အထက်ပါပုံစံအတိုင်းသာလျှင် တည်ရှိခဲ့ပြီးလျှင် ၁၉၃၇ခု နောက်ပိုင်းတို့၌သာ အနည်းငယ်ပြင်ဆင်မှုပြုပြင်မှုများကို တွေ့နိုင်သော်လည်း အခြေခံ 'မူ'မှာ မပြောင်းလဲခဲ့ပေ။

အင်္ဂလိပ်များ ထွက်ခွာသွားသည့် ၁၉၄၈ ခုထိ တွေ့ရှိရသည့်နိုင်ငံဝန်ထမ်းများ ဖွဲ့စည်းပုံ စည်းမျဉ်းပုံစံတို့သည် ၁၉၃၇ ခုနောက်ပိုင်းကာလ၌ ဖန်တီးခဲ့သည့်ပုံစံအတိုင်းပင်ဖြစ်လေသည်။

၁၉၃၇ ခုနှစ်အထိ နိုင်ငံဝန်ထမ်းများကို ရွေးချယ်ခန့်ထားရာတွင်၊ မိမိတို့သဘောအတိုင်းသာ ခန့်ထားခဲ့ကြ၏။ ပြည်နယ်ဝန်ထမ်း အဖွဲ့ဝင်အဖြစ် ခန့်ထားရာတွင် အချို့ကို တိုက်ရိုက်ရွေးချယ်ခန့်ထား၍၊ အချို့ကိုကား စာမေးပွဲကျင်းပ၍ခန့်ထား၏။

၁۹၃۷ခုနောက်ပိုင်း၌ စည်းစနစ်ကျနသောရွေးချယ်ခန့်ထားရေးအတွက် ရာထူးဝန်အဖွဲ့ကိုဖွဲ့စည်းခဲ့၏။ ထိုရာထူးဝန်အဖွဲ့သည် နိုင်ငံဝန်ထမ်းများခန့်ထားရန်အတွက် ဆိုင်ရာစာမေးပွဲများကျင်းပရန်တာဝန်ရှိပြီးလျှင်၊ အစိုးရအား နိုင်ငံတော်ဝန်ထမ်းခန့်ထားရေး၊ ရာထူးတိုးတက်ပေးရေးစသော ဝန်ထမ်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံဉာဏ်ပေးရသည်။

သို့ရာတွင် ထိုရာထူးဝန်အဖွဲ့သည် အကြံပေး အဖွဲ့သာဖြစ်၍၊ အချို့ကိစ္စရပ်များ၌ ရာထူးဝန်အဖွဲ့နှင့် မတိုင်ပင်သော ဆုံးဖြတ်ချက်များလည်းရှိ၏။

www.foreverspace.com.mm

ပုံစံအဖြစ် တည်ရှိသော နိုင်ငံဝန်ထမ်းအဖွဲ့အစည်းတွင်–
(၁) ပထမတန်း နိုင်ငံဝန်ထမ်းအဖွဲ့
(၂) ၊ တိယတန်းနိုင်ငံဝန်ထမ်းအဖွဲ့
(၃) လက်အောက်နိုင်ငံဝန်ထမ်းအဖွဲ့
(၄) စာရေးစာချီအဖွဲ့ဟူ၍ တွေ့ရှိနိုင်၏။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံဝန်ထမ်းအဖွဲ့

၁၉၄၈ခုတွင် လွတ်လပ်ရေးရပြီးသောအခါ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံဝန်ထမ်းအဖွဲ့ ဖွဲ့စည်းပုံမှာ ဗြိတိသျှခေတ်မှ ပုံစံအတိုင်းပင်ဖြစ်၍၊ အချို့အခေါ်အဝေါ် ရာထူးဆင့်ခွဲပုံစံ စသည်တို့၌သာ ပြုပြင်ထားသည်ကို တွေ့နိုင်၏။ နိုင်ငံဝန်ထမ်းအဖွဲ့တွင် အဓိကအားဖြင့်–

(၁) အရာရှိအရာခံ အဖွဲ့အစည်းနှင့်

(၂) စာရေးစာချီ အဖွဲ့အစည်းဟူ၍ နှစ်မျိုးနှစ်စားတွေ့နိုင်၏။ စာရေးစာချီ အဖွဲ့အစည်း၌ ရာထူးဆင့်အမျိုးမျိုးခွဲခြားထားသကဲ့သို့ အရာရှိအရာခံအဖွဲ့အစည်းတွင်လည်းခွဲခြားသတ်မှတ်ထားသည်။ အရာရှိ အရာခံ အဖွဲ့အစည်း၌–
(၁) နိုင်ငံဝန်ထမ်း (အငယ်တန်း)အဆင့်
(၂) ။ (အကြီးတန်း)အဆင့်
(၃) ။ (အရွေးအချယ်ခံတန်း)အဆင့်
(၄) အောက်တန်းအုပ်ချုပ်ရေးအဆင့်
(၅) အထက်တန်း အုပ်ချုပ်ရေးအဆင့်ဟူ၍ ခွဲခြားထားပြီးလျှင်၊ ထိုအဆင့်တိုင်းအဆင့်တိုင်းအတွက် ရာထူးစုကို သတ်မှတ်ထားရှိ၏။

ထိုနည်းတူစွာပင် စာရေးစာချီ အဖွဲ့အစည်း၌လည်း–
(၁) အောက်တန်းစာရေးအဆင့်
(၂) အထက်တန်းစာရေးအဆင့်
(၃) ဌာနခွဲစာရေးအဆင့်
(၄) ရုံးအုပ်အဆင့်
ဟူ၍ ခွဲခြားသတ်မှတ်ထားရှိလေသည်။

နိုင်ငံဝန်ထမ်းများခန့်ထားပုံ

စာရေးစာချီများကို ခန့်ထားရာ၌၊ အနည်းဆုံး အရည်အချင်းအဖြစ်ဖြင့် (၁၀)တန်း၊ သို့မဟုတ် တက္ကသိုလ်ဝင်တန်း သို့မဟုတ် တန်းမြင့်ကျောင်းထွက်လက်မှတ်ရ စာမေးပွဲအောင်မြင်ရမည်ဟု သတ်မှတ်ထားသည်။

စာရေးစာချီအဖြစ် ဝင်ရောက်လုပ်ကိုင်မည့်သူသည် အသက် ၁၈ နှစ်မှ ၂၅နှစ်အတွင်း ရှိရမည်။ ထိုအကန့်အသတ်အတွင်း မကျရောက်ပါက၊ သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ လျှောက်ပေါ့ခွင့်ကို ရယူရမည်။

နိုင်ငံဝန်ထမ်းအရာထမ်းများအတွက်မူ၊ နိုင်ငံဝန်ထမ်းအဖွဲ့များရှိ ရာထူးစုများသို့ခန့်ထားရန်နည်းလမ်းများ၊ခန့်ထားရာ၌လိုက်နာရမည့်မူများနှင့် စပ်လျဉ်းသည့်ကိစ္စအရပ်ရပ်တွင် သက်ဆိုင်ရာ အာဏာပိုင်များသည် ၁၉၃၅ ခုနှစ် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အက်ဥပဒေပုဒ်မ ၁၁ အရ၊ ရာထူးဝန်အဖွဲ့နှင့် တိုင်ပင်ရမည့်ပြင်၊ နိုင်ငံ ဝန်ထမ်းအဖွဲ့အငယ်တန်းရာထူးနှင့် အကြီးတန်းရာထူးများတွင် ခန့်ထားမည့်သူများနှင့်စပ်လျဉ်း၍ သင့်တော်သည်ကို သက်ဆိုင်ရာအာဏာပိုင်တို့က ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ရမည်ဖြစ်၏။ သို့ရာတွင် (၆)လထက် မပိုသောကာလ အပိုင်းအခြားအတွက် ခေတ္တခန့်ထားခြင်းဖြစ်လျှင်၊ ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းတိုင်ပင်ရန် မလိုပေ။

၁၉၅၃ ခုနှစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အက်ဥပဒေပုဒ်မ ၁၃အရ၊ နိုင်ငံဝန်ထမ်းအငယ်တန်းနှင့် အကြီးတန်းရာထူးများသို့ အများအားဖြင့် အပြိုင်စာမေးပွဲ စံနစ်ဖြင့် ရွေးချယ်ခန့်ထားလျက်ရှိသည်။ ကျွမ်းကျင်မှုလိုအပ်သော ရာထူးများဖြစ်သည့် စိုက်ပျိုးရေးအုပ်၊ စိုက်ပျိုးရေးဝန်ထောက်၊ သစ်တောဝန်ထောက်၊ လမ်းဝန်ထောက်အစရှိသည့် ရာထူးများသို့ လိုအပ်သောကျွမ်းကျင်မှုအရည်အချင်းရှိသူများကိုသာလျှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့က စိစစ်ခန့်ထားလေသည်။ လုပ်သက်ရှိသူများကိုမူ၊ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့၍၊ အပြိုင်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုလေသည်။

အခြားခန့်ထားသည့်နည်းတစ်နည်းမှာ လုပ်သက်ရင့်သူများအား အငယ်တန်းအဖွဲ့မှ အကြီးတန်းအဖွဲ့သို့ ရာထူးတိုးမြှင့်ခန့်ထားခြင်းဖြစ်လေသည်။

အရွေးချယ်ခံတန်း၊ အောက်တန်းအုပ်ချုပ်ရေး၊ အထက်တန်းအုပ်ချုပ်ရေး၊ ဤသုံးဆင့်တို့သို့မူ၊ အပြိုင်စာမေးပွဲစံနစ်ဖြင့်ခန့်ထားခြင်းလုံးဝမရှိဘဲ၊ နိုင်ငံဝန်ထမ်း(အကြီးတန်း)နှင့်၊ ထိုထက်မြင့်သောရာထူးအဆင့်များမှ ရာထူးတိုးတက်ပေးခြင်းစနစ်ဖြင့်ခန့်ထားသည်။

နိုင်ငံဝန်ထမ်းများကိုခန့်ထားရာ၌၊ဆိုင်ရာရာထမ်းမှုထမ်းနည်းဥပဒေစည်းမျဉ်းဥပဒေများအရသာ ခန့်ထားရပေသည်။ ထိုနိုင်ငံဝန်ထမ်းအဖွဲ့ရှိ ရာထူးများသို့ ခန့်ထားရေးနှင့်စပ်လျဉ်းသည့် နည်းဥပဒေများကို သက်ဆိုင်ရာဌာနများက ရေးဆွဲသတ်မှတ်ထားလေသည်။ ပုံပမာမြန်မာနိုင်ငံ ဝန်ထမ်း (အကြီးတန်း)နှင့် (အငယ်တန်း) နည်းဥပဒေများ၊ မြန်မာနိုင်ငံ စာရေးစာချီများ ခန့်ထားရေး နည်းဥပဒေများ စသည်ဖြင့် ရှိကြလေသည်။

အမြဲတမ်းခန့်ထားခြင်း

နိုင်ငံဝန်ထမ်းများကို စတင်ခန့်အပ်ပြီးသည့်နောက်၊ အစမ်းခန့်အဖြစ်ထားရှိ၍၊ အလုပ်သင်ကြားစေသည်။ ထိုဝန်

www.foreverspace.com.mm

ထမ်းတို့သည် ကန့်သတ်ထားသောကာလ ကျော်လွန်သည့် အခါ ဌာနဆိုင်ရာစာမေးပွဲများကို သတ်မှတ်ထားသည့် အထင့်အတန်းမှအောင်မြင်ပြီး၍၊ ကျေနပ်ဖွယ်ရှိသော အလားအလာပြနိုင်ပါက၊ အမြဲတမ်းခန့်ထားခြင်း ခံရလေသည်။

ရာထူးတိုးတက်ပေးခြင်း

ပြည်ထောင်စုရာထူးဝန်အဖွဲ့ အက်ဥပဒေပုဒ်မ ၁၄ အရ နိုင်ငံဝန်ထမ်းအဖွဲ့ဝင်တို့အား နိုင်ငံဝန်ထမ်း အငယ်တန်းရာထူးမှအကြီးတန်းရာထူးသို့ တိုးမြှင့်လျှင်ဖြစ်စေ၊ အမြဲတမ်းရာထူးတိုးမြှင့်ခန့်ထားရန်ကိစ္စ ပေါ်ပေါက်လျှင်ဖြစ်စေ၊ နိုင်ငံဝန်ထမ်း အဖွဲ့တစ်ဖွဲ့မှ အခြားအဖွဲ့ တစ်ဖွဲ့သို့ ရွှေ့ပြောင်းလာရန်ကိစ္စပေါ်ပေါက်လျှင်ဖြစ်စေ၊ သင့်တော်သည်မတော်သည်ကို သက်ဆိုင်ရာအာဏာပိုင် တို့က ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့်တိုင်ပင်၍ ဆောင်ရွက်ကြရလေသည်။

ထိုပြင် အရာထမ်းတို့အား ခေတ္တရာထူးတိုးမြှင့်ပေးရန်ကိစ္စနှင့် နိုင်ငံဝန်ထမ်းအဖွဲ့တစ်ဖွဲ့မှတစ်ဖွဲ့သို့ ယာယီရွှေ့ပြောင်းပေးရန်ကိစ္စများတွင်၊ ၆ လထက်ကျော်လွန်၍ ဆောင်ရွက်ရမည့်ရာထူးဖြစ်လျှင်၊ ထိုကိစ္စကို ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် တိုင်ပင်ရသည်။

နိုင်ငံဝန်ထမ်းတို့၏အခွင့်အရေးနှင့်စည်းကမ်းသေဝပ်မှု စည်းမျဉ်းများ

နိုင်ငံဝန်ထမ်းတို့သည် ပြည်သူလူထုထံမှကောက်ခံရရှိသော အခွန်တော်ငွေများမှ လစာရရှိရေးများဖြစ်သည့်ပြင်၊ မိမိတို့ကျွမ်းကျင်မှုအရည်အချင်းအလိုက်၊ တိုင်းပြည်၏တာဝန်ကို ထမ်းဆောင်နေရသူများဖြစ်ခြင်းကြောင့်၊ တိုင်းပြည်တာဝန်ဆောင်ရွက်ရာ၌ စည်းကမ်းသေဝပ်မှုရှိရန်လိုအပ်သည်။ နိုင်ငံဝန်ထမ်းတို့ လိုက်နာရန်အတွက်၊ မြန်မာနိုင်ငံအစိုးရအမှုထမ်းအရာထမ်းများ အပြုအမူနည်းဥပဒေနှင့် စည်းကမ်းသေဝပ်မှုနှင့် အယူခံခြင်းနည်းဥပဒေများကို ပြဋ္ဌာန်းထားလေသည်။ နိုင်ငံဝန်ထမ်းများသည် အဂတိလိုက်စားခြင်းမရှိရန်အတွက်၊ ၁၉၄၇ခုအဂတိ လိုက်စားမှု အက်ဥပဒေဖြင့်လည်းကောင်း၊ နိုင်ငံဝန်ထမ်းများသည် ပြည်သူ့ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပျက်စီးအကျိုးယုတ်အောင်ပြုလုပ်ခြင်းမှ ကာကွယ်ရန်အတွက်၊ ပြည်သူ့ပစ္စည်းကာကွယ်ရေး အက်ဥပဒေစသည်တို့ဖြင့်လည်းကောင်း ကွပ်ကဲကြပ်မတ်ချက်များကို စီမံထားရှိလေသည် နိုင်ငံဝန်ထမ်းတို့သည် အစိုးရ၏အရေးကြီးသောကိစ္စရပ်များကို ဆောင်ရွက်နေရသူတို့ဖြစ်၍၊ အစိုးရ၏လုပ်ငန်းရပ်အချို့သည် ပြည်သူလူထုနှင့်တိုင်းပြည်လုံခြုံမှုအတွက် လျှို့ဝှက်ထားသင့်သောကိစ္စများဖြစ်ပေသည်။ တိုင်းပြည်နှင့်ပြည်သူတို့ အကျိုးယုတ်စေနိုင်မည့် ပေါက်ကြားမှုများမဖြစ်ပွားစေနိုင်ရန် လျှို့ဝှက်ချက်ပေါက်ကြားမှု အက်ဥပဒေကို ပြဋ္ဌာန်းထားလေသည်။ နိုင်ငံဝန်ထမ်းတို့၏ အပြုအမူကိုတိုင်းပြည်အကျိုးအတွက် ထိန်းသိမ်းရန်လိုအပ်၍၊ စည်းမျဉ်းဥပဒေများဖြင့် တဖက်မှ ကြပ်မတ်ထားသကဲ့သို့ တိုင်းပြည်၏တာဝန်ကို ကျွမ်းကျင်ရာ ကဏ္ဍမှ ဆောင်ရွက်နေသူများဖြစ်၍၊ မိမိတို့လုပ်ငန်းဆောင်ရွက်ရာ၌ ကြေနပ်နှစ်သိမ့်မှုရှိကြရန်အတွက်၊ အခြားတစ်ဖက်မှ အမှုထမ်းတို့၏အခွင့်အရေးများကို အက်ဥပဒေ၊ နည်းဥပဒေများဖြင့် ပြဋ္ဌာန်းပေးထားပေသည်။

အားလပ်ခွင့်ရယူရေး၊ အစိုးရထံမှငွေချေးရေး၊ သားဖွားမှုခွင့်ရက်ရရေး၊ အသက်အာမခံ ထားရှိနိုင်ရေး၊ အခမဲ့ဆေးဝါးကုသရေးစသည့် ကိစ္စရပ်များအတွက် စည်းမျဉ်းဥပဒေများပြုလုပ်ထားရှိလေသည်။ ထိုပြင်နိုင်ငံတော်ဝန်ထမ်းများအားအကြောင်းမဲ့ထုတ်ပယ်ခြင်း၊ ရာထူးချထားခြင်းမပြုလုပ်နိုင်ရန်အတွက်လည်း ကာကွယ်မှုပေးထားလေသည်။ နိုင်ငံဝန်ထမ်းတစ်ဦးအား အရေးယူလိုပါက၊ စနစ်တကျ တရားမျှတစွာ အရေးယူစုံစမ်းရန်အတွက်၊ ဌာနဆိုင်ရာ စုံစမ်းမှုကို ပထမဦးစွာပြုလုပ်ရန် ညွှန်ကြားထား၍၊ ထိုဌာနဆိုင်ရာစုံစမ်းမှုကို တရားမျှတစွာဆောင်ရွက်နိုင်ရန်၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း စည်းမျဉ်းကို သတ်မှတ်ထားရှိပေသည်။ နိုင်ငံဝန်ထမ်းများသည် မိမိတို့အပေါ်တွင် ချမှတ်သောအမိန့်ကို အယူခံနိုင်ခွင့်လည်းရှိလေသည်။

နိုင်ငံဝန်ထမ်းတစ်ဦးသည် အစိုးရ၏အမှုတော်ကို ကျေပွန်စွာထမ်းဆောင်ပြီးသော် လုပ်သက်ကြည့်ပါက၊ အငြိမ်းစားရိက္ခာရယူခွင့်ရှိလေသည်။ အကယ်၍ လုပ်သက်မပြည့်သေးဘဲ၊ နာမကျန်းဖြစ်လျှင်သော်လည်းကောင်း၊ မိမိထမ်းဆောင်နေသည့် အမြဲတမ်းရာထူးကို ဖျက်သိမ်းလျှင်သော်လည်းကောင်း အချိုးကျရိက္ခာရရှိလေသည်။ ထိုပြင် အစိုးရအမှုတော်ကို ထမ်းဆောင်နေစဉ်အတွင်း ဆက်လက်အမှုမထမ်းနိုင်လောက်အောင်၊ ဒဏ်ရာရရှိပါကလည်း၊ ကရုဏာကြေးနှင့် ပင်စင်ရိက္ခာ ရရှိသေးပေသည်။

နိုင်ငံဝန်ထမ်းများ၏ အလားအလာ

နိုင်ငံတော်၏ တာဝန်ဝတ္တရားများကို မိမိတို့ကျွမ်းကျင်သည့် ကဏ္ဍမှ သစ္စာရှိစွာ အရည်အချင်းပြည့်ပြည့်ဝဝနှင့် ဆောင်ရွက်ခြင်း အရေးပါအရာရောက်ပုံကို တစ်နေ့တခြား သိမြင်လာသည်နှင့်အမျှ၊ နိုင်ငံဝန်ထမ်းတို့၏ အရည်အချင်းပြည့်ဝရေးနှင့် လုပ်ငန်းတွင်ကျေနပ်နှစ်သိမ့်မှုရရေးအတွက် စတင်ဆောင်ရွက်လာခဲ့ ကြပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၌ နိုင်ငံဝန်ထမ်းများ၏

www.forewerspace.com.mm

စည်းကမ်းသေဝပ်မှု၊ လုပ်ရည်ကိုင်ရည်ပြည့်ဝမှုတို့ တိုးတက်ကောင်းမွန်လာရန် ပြည်သူ့တာဝန်များဆောင်ရွက်မှုကို ကြီးကြပ်ညွှန်ကြားရေးနှင့် နိုင်ငံဝန်ထမ်း အဖွဲ့များတွင် ရာထူးတိုးမြှင့်ပေးရေး၊ အမှုထမ်းပြဿနာရပ်များ ဖြေရှင်းရေး၊ အစိုးရ၏ ဆောင်ရွက်ချက်များကို ညီညွတ်စွာရှိစေရန် ညွှန်ကြားပေးရေးတို့အတွက် စီမံဆောင်ရွက်ရန် အတွင်းဝန်ချုပ်ကို တာဝန်ပေးခဲ့လေသည်။

ထိုပြင် အတွင်းဝန်ချုပ်သည် ပြည်သူ့ဝန်ထမ်းများ သင်တန်းပေးရေး၊ ပြည်သူ့အုပ်ချုပ်ရေး ပညာဗဟုသုတနှင့် ဖွံ့စည်းရေးနှင့်နည်းနိဿဋ္ဌာနခွဲတို့ကို အုပ်ချုပ်ဆောင်ရွက်ရသဖြင့်၊ ယခုအခါ၌ ကမ္ဘာ့ကုလသမဂ္ဂ ကျွမ်းကျင်မှုအကူအညီပေးအဖွဲ့နှင့် ပြည်သူ့အုပ်ချုပ်ရေးဝန်ထမ်းအဖွဲ့(အမေရိကန်)တို့၏ အကူအညီဖြင့် အုပ်ချုပ်ရေး ပညာရပ်များကို သင်ကြားရန်၊ နိုင်ငံဝန်ထမ်းများကို နိုင်ငံခြားသို့ စနစ်တကျစေလွှတ်နေသည်။ သင်တန်းအနေဖြင့်လည်း အတွင်းဝန်ရုံး စာရေးစာချီ ဝန်ထမ်းအဖွဲ့များ၊ အတွင်းဝန်ကလေးများနှင့် မြန်မာနိုင်ငံတော်ဝန်ထမ်း(အကြီးတန်း)အဖွဲ့ဝင်တို့အား စနစ်တကျ ခေတ်မီစွာသင်တန်းပေးလျက်ရှိနေသည်။ ပြည်သူ့အုပ်ချုပ်ရေး ပညာဗဟုသုတနှင့် ခေတ်မီအုပ်ချုပ်ရေးပညာဆိုင်ရာ ပိဋ္ဌကတ်တိုက်ကြီးတစ်ခုကို တည်ထောင်ခဲ့၍၊ အထက်တန်း အရာရှိများအားလည်း အုပ်ချုပ်ရေးပညာနှင့် စပ်လျဉ်းသည့်ဆွေးနွေးနှီးနှောဖလှယ်ပွဲများကျင်းပရေး၊ အုပ်ချုပ်ပညာ ပြန့်ပွားရေးအတွက် ဆောင်ရွက်လျက်ရှိပေသည်။ ဦးစိုးရင်

နိုင်ငံသမိုင်း ။ ။နိုင်ငံသမိုင်းဆိုသည်မှာ နိုင်ငံ၏အတ္တုပ္ပတ္တိ(ဝါ) ရှေးဟောင်းနှောင်းဖြစ်တို့ကို ရေးမှတ်ထားသည့် မှတ်တမ်းပင် ဖြစ်သည်။ သို့ဖြစ်ရကား၊ နိုင်ငံသမိုင်းကို သိလိုသော်၊ ကျွန်ုပ်တို့သည် အချိန်အခါအလိုက် ခေတ်အဆင့်ဆင့်ကို သတိနှင့်ကြည့်ရှု၍၊ မှတ်သားလေ့လာကြရသည်။

ခရီးသွားတစ်ယောက်သည် လမ်းတစ်လျှောက်လုံးတွင် တွေ့သမျှအရာဝတ္ထုတို့ကို ဗဟုသုတအလို့ငှါမှတ်သားသကဲ့သို့ ရှေးလွန်လေပြီးသည်က ယခုအချိန်ထိလူတို့၏ ရှေးဟောင်းဘဝရိုင်းစိုင်းသည့်အခါမှ တစ်စတစ်စယဉ်ကျေးမှုပေါ်ပေါက်လာသည်အထိ၊ ခရီးလမ်းစဉ်တစ်လျှောက်တွင် ပေါ်ပေါက်ဖြစ်ပျက်သမျှတို့ကို နိုင်ငံသမိုင်းသည် စေ့စပ်သေချာစွာမှတ်သားရသည်။ လူသာမက မြင်မြင်သမျှအရာဝတ္ထုများပါတစ်ခုနှင့်တစ်ခု၊ တစ်ဦးနှင့်တစ်ဦး မည်သို့ဆက်သွယ်ကြောင်း၊ လူအမျိုးမျိုးသည် မိမိတို့၏ကာလဒေသအလိုက်မည်ကဲ့သို့ထင်မြင်ယူဆပြုမူခဲ့ကြောင်း၊ အသိဉာဏ်တိုးတက်၍လာသောအခါ ထိုသဘောတရားများကို မည်သို့ မည်ပုံလက်ခံကြောင်း၊ မည်မျှလက်ခံကြောင်း၊ မည်သည့် အယူဝါဒတို့ကို ကိုးကွယ်ယုံကြည်ကြောင်းစသည်တို့ကို လေ့လာခြင်းပင်လျှင် လူတို့၏နိုင်ငံသမိုင်းဖြစ်လေသည်။ သမိုင်းဆရာတစ်ဦး၏ ထင်မြင်ယူဆချက်သည် အခြားသမိုင်းဆရာတစ်ဦး၏ယူဆချက်နှင့် တူချင်မှတူပေမည်။ မိမိ၏ယူဆချက်များမှန်မမှန်မှာ ထိုခေတ်ထိုအခါက သက်သေခံဝတ္ထုပစ္စည်းများပေါ်တွင်အခြေပြုလျက်ရှိ၏။ ထိုဝတ္ထုပစ္စည်းသက်သေခံတို့သည်ကား အဆောက်အအုံပျက်ကြီးများ၊ ဂူသချိုင်းဟောင်းများ၊ ဘုရားပုထိုးများ၊ ရုပ်တုရုပ်လုံးများမှစ၍ ရုံးသုံး၊ နန်းသုံး၊ အရပ်သုံးစာရွက်မှတ်တမ်းများ၊ တရားဥပဒေဆိုင်ရာစာတမ်းများ၊ သတင်းစာများ၊ မျက်မြင်ရေးသားချက်မှတ်စုများနှင့် သမိုင်းဝတ္ထု၊ ဒဏ္ဍာရီပုံပြင်များဖြစ်သည်။

ဤကဲ့သို့ ဝတ္ထုပစ္စည်းအထောက်အထားသက်သေခံ အကိုးအကားများကို ရှာဖွေသုံးသပ်ရာ၌ အထူးသတိချပ်ရပေမည်။ အဘယ်ကြောင့်ဆိုသော် အချို့သောသက်သေခံအထောက်အထားများသည်အစစ်မဟုတ်ဘဲ အတုအယောင်ဖြစ်နေတတ်သောကြောင့်တည်း။ တမင်သက်သက်လိမ်ဆယ်ခြင်းကြောင့်နှင့်၊ လူမျိုးရေး၊ ဘာသာရေး၊ ဂိုဏ်းဂဏအရေး၊ ပုဂ္ဂိုလ်စွဲစသည်တို့၏ သွေးဆောင်ခြင်းကြောင့် အတုအယောင်တို့သည် ဖြစ်ပေါ်နိုင်၏။ ထိုပင် အကယ်ပင်သဘောရိုးဖြင့် မှတ်တမ်းတင်စေကာမူ အမှန်ထင်၍သော်လည်းကောင်း၊ အမှန်ကို သိလျက်နှင့် ကွယ်ဝှက် ထိန်ချန်၍သော်လည်းကောင်းသမိုင်း အတုအယောင်တို့ကို မှတ်တမ်းတင်မိတတ်သည်။

တစ်နည်းအားဖြင့်စာရေးသူသည် မင်းပြစ်မင်းဒဏ်ကိုကြောက်ရွံ့၍သော်လည်းကောင်း၊ သို့မဟုတ် မိမိကိုယ်တိုင်မနှစ်မြို့ဖွယ် အကြောင်းများကို မရေးလိုချင်သော်လည်းကောင်း သမိုင်း၌ အမှားတို့သည်ဖြစ်ပေါ်နိုင်သည်။ သို့ဖြစ်၍ သမိုင်းလိုက်စားရှာဖွေသူသည် ထိုအချက်များကို ကောင်းစွာသတိပြုရပေလိမ့်မည်။

နိုင်ငံသမိုင်းကို ရှေးအခါက စာပေပညာရပ်တစ်ခုအနေဖြင့်သဘောထား၍၊ ဖတ်ချင့်စဖွယ် စာပေမြောက်အောင်ရေးခြင်းသာ အရေးကြီးသည်ဟုမှတ်ထင်ခဲ့ကြရာ၊ ယခုခေတ်၌မူ နိုင်ငံသမိုင်းပညာရပ်ကို သိပ္ပံပညာရပ်အနေဖြင့် ဆိုင်ရာခေတ်နှင့် လျော်ညီသည့်သဘာဝကို ဖော်ပြကာ၊ တိကျမှန်ကန်သော အချက် အလက်များကို ထုတ်ဖော်ခြင်းက ပို၍အရေးကြီးကြောင်း ယူဆလာကြပြီ။

ရေးခြင်း၊ မှတ်ခြင်းစသောမှတ်တမ်းများစတင်ပေါ်ထွန်းခဲ့သည်မှာနှစ်ပေါင်း ၅၀၀၀ခန့်သာရှိသေး၍၊ ထိုခေတ်မတိုင်မီက၊ ကမ္ဘာဦးလူတို့ယဉ်ကျေးမှုစတင်ခဲ့သော အချိန်ကို သမိုင်းမတင်မီခေတ်ဟုခေါ်၏။ ကျွန်ုပ်တို့ စုဆောင်းရရှိ

www.forumspace.com.mm

သမ္ဗျုဖြစ်သောနိုင်ငံသမိုင်းတွင် ထိုသမိုင်းမတင် မီ ခေတ်ကအဖြစ်အပျက်များ တစ်ဝက်ခန့်ပါရှိ၏။ နှစ်အပိုင်းအခြားအားဖြင့်ဆိုသော်၊ ဘီစီ ၃၀၀၀ ခန့်မှ အေဒီ ၃၇၅ ခန့်အထိ ဖြစ်လေသည်။

ကမ္ဘာ့သမိုင်းတွင် အေဒီ ၃၇၅ မှ ၁၅၀၀အထိ တည်ခဲ့သော ခေတ်ကို "အလယ်ခေတ်"ဟုခေါ်သည်။ ခရစ်စ၀ဝပြည့်နှစ်သို့တိုင်သော အလယ်ခေတ်၏ အဦးကာလသည် သမိုင်းအနေဖြင့် များစွာရှုပ်ထွေးသောအကူးအပြောင်းကာလ ဖြစ်လေရာ၊ ထိုခေတ်ကို 'အမှောင်ခေတ်'ဟုခေါ်ကြသည်။ စ၀ဝပြည့်မှ ၁၃၀၀ ပြည့်အထိသော ကာလသည် အလယ်ခေတ်၏ အတိုးတက်ဆုံးကာလဖြစ်သည်။ ထိုခေတ်မှာ ရှားလမိန်းဘုရင် လက်ထက်မှစ၍၊ ကွာတာလျံ အမျိုးသားကဗျာဆရာကြီး ဒန်တီ လက်ထက်အထိ ဖြစ်သည်။ (ရှားလမိန်းဘုရင်၊ ဒန်တီအလီဂျာရီ–ရှု။)

ထိုခေတ်တွင် ဦးစွာ၌ပဒေသရာဇီစနစ် ထွန်းကားခဲ့သည်။ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများ၏ ပညာရေးစနစ်လည်း ပျံ့နှံ့ခဲ့သည်။ ထိုပညာရေးစံနစ်ကြောင့်၊ ပညာရှာမှီးသောဓလေ့လည်း ပေါ်ပေါက်လာခဲ့သည်။ ထိုနောက်၌ကား သာသနာရေးဆိုင်ရာ ကရူးဆိတ်စစ်ပွဲများဖြစ်ပွားသည်။ (ကရူးဆိတ်စစ်ပွဲများ–ရှု။)

ထိုခေတ်တွင် သုခုမအနုပညာများခေတ်စားလာပြီး လျှင်၊အထူးသဖြင့် ဂေါ့သဗိသုကာအတတ်သည် ဖွံ့ဖြိုးလာလေသည်။ ၁၃၀၀ပြည်မှသည် ၁၅၀၀ ပြည့်အထိသော ကာလသည် ဥရောပ်သစ်အရေးပုံဟုခေါ်သော "ရီနေဆွန်း" ခေတ်ဖြစ်သည်။ (ဥရောပ်သစ်အရေးပုံ–ရှု။) ၁၅၀၀ ပြည့်မှ လွန်သောအခါ နိုင်ငံသမိုင်းအလိုအားဖြင့် 'ခေတ်သစ်' ဟုခေါ်သော ယခုပစ္စုပ္ပန်ခေတ်သို့ရောက်လာလေသည်။ ဤခေတ်တွင် ပဒေသရာဇီပြည်နယ်တို့ကွယ်ပျောက်၍၊ ပြည်နယ်တို့ကို စုပေါင်းဖွဲ့စည်းထားသော နိုင်ငံများပေါ်ပေါက်လာသည်။ ဥရောပတိုက်ရှိ နိုင်ငံတို့သည်လည်း ပင်လယ်ရပ်ခြားဒေသတို့တွင် နယ်သစ်များကိုရှာလေကြသည်။ သိပ္ပံပညာထွန်းကားလာသည်။ ဒီမိုကရေစီသဘောတရားတို့လည်း ခေတ်စားလာလေသည်။

နိုင်ငံသမိုင်းဟူသည် အုပ်စိုးသောမင်းတို့၏ အမည်နာမ၊ ခုနှစ်သက္ကရာဇ်စသည်တို့ကိုသာပြဆိုရာဖြစ်သောမှတ်တမ်းမျှသာဖြစ်ခဲ့ပါမူ၊ ပျင်းရိငြီးငွေ့ဖွယ်ကောင်းပေလိမ့်မည်။ သို့သော် နိုင်ငံသမိုင်းသည် ထိုသို့ကားမဟုတ်။ ရှေးသူဟောင်းတို့နှင့် ကမ္ဘာပေါ်ရှိ တိုင်းကားပြည်ရွာ ဒေသအသီးသီးတို့၌ရှိသော လူအများတို့ မည်သို့နေထိုင်၊ ဝတ်ဆင်၊ စားသောက်ကြသည်ကိုလည်းကောင်း၊ လယ်ယာကို မည်သို့ ထုတ်လုပ်ကြသည်ကိုလည်းကောင်း၊ စားသုံးပစ္စည်းကို မည်သို့ထုတ်လုပ်ကြသည်ကိုလည်းကောင်း၊ကုန်ပစ္စည်းတို့ကို မည်သို့ရောင်းဝယ် ဖောက်ကားကြသည်ကိုလည်းကောင်း၊ မည်သို့သောဥပဒေတို့ဖြင့် စိုးမိုးအုပ်ချုပ်ကြသည်ကိုလည်းကောင်း၊ မည်သို့သောစာပေအနုပညာတို့ကို ရေးသားတီထွင်ကြသည်ကိုလည်းကောင်း မှတ်တမ်းတင်ခြင်းသည် သမိုင်းကိုမှတ်တမ်းတင်ခြင်းဖြစ်သည်။ ဤသို့သမိုင်းတင်ခြင်း၌ ဥရောပနိုင်ငံသမိုင်းတို့တွင် ထင်ရှားသောသူတို့ကား၊ ဂရိနိုင်ငံ၌ သမိုင်းကို စတင်ပြုစုသူ ဟီရော့ဒိုးတပ်(ဘီစီ ၄၈၄–၄၂၄)၊ ရောမနိုင်ငံတွင် လစ်ဗီနှင့် တက်စီတပ် (ဘီစီ ၅၄–အေဒီ၁၇)၊ အင်္ဂလန်ပြည်တွင် အက်ဒွပ်ဂစ်ဗန်(၁၇၃၇–၉၄)၊ မကောလေး(၁၈၀၀–၅၉)၊ ထရီဗဲလျန် (၁၈၇၆)၊ ဖစ်ရှား(၁၈၆၅–၁၉၄၀) စသည်တို့ ဖြစ်သည်။ (ဟီရော့ဒိုးတပ်၊ ဂစ်ဗန်အက်ဒွပ်၊ မကောလေးလော့–ရှု။) တရုတ်နိုင်ငံသမိုင်းတွင် ထင်ရှားသော သမိုင်းပြုစုသူပညာရှင်တို့မှာ ဆူမာချီယန်(ဘီစီ ၁၄၅–၈၇)နှင့် ဆူမာကွန်း (အေဒီ ၁၀၆၆–၈၄)တို့ဖြစ်သည်။ (ဆူမာချီယန်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ–ရှု။) မြန်မာနိုင်ငံသမိုင်းတွင် ဦးကုလားသည် သမိုင်းပြုပုဂ္ဂိုလ်အဖြစ် ထင်ရှားသည်။ (ကုလား၊ ဦး။ မြန်မာရာဇဝင်များ–ရှု။)

မြန်မာနိုင်ငံသားဖြစ်လိုသလား

နိုင်ငံသားဟူသောစကား၏အဓိပ္ပါယ်၊ နိုင်ငံသားအဖြစ်မည်သို့ခံယူရမုံ၊ မည်သည့်အကြောင်းကြောင့် နိုင်ငံအဖြစ်မှ ဆုံးရှုံးနိုင်ပုံ၊ နိုင်ငံသားတို့၏အခွင့်အရေးနှင့်တာဝန်ဝတ္တရားများ စသည်တို့ကို ဖော်ပြထားသည်။

နိုင်ငံသားအဖြစ်။ ။နိုင်ငံသားဟူသောဝေါဟာရသည် သာမန်အားဖြင့် နေထိုင်ရာအရပ်ကိုစွဲ၍၊ ထိုနိုင်ငံအတွင်းရှိ သူများကို ရည်ညွှန်းသော်လည်း၊ တရားဥပဒေအရာ၌မူကား ဤကဲ့သို့မဟုတ်ပေ။ မည်သည့်ဒေသ၌ နေသည်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံ၏သစ္စာတော်ကို ခံယူစောင့်ထိန်းရသူကိုသာလျှင် ထိုနိုင်ငံသားအဖြစ်အသိအမှတ်ပြုသည်။ ထိုသူတို့ကိုလည်း ထိုနိုင်ငံက စောင့်ရှောက်ကာကွယ်ရန် တာဝန်ယူရသည်။ တစ်နည်းအားဖြင့်ဆိုလျှင်၊ နိုင်ငံသားတစ်ဦး၏သစ္စာခံမှုသည် ထိုနိုင်ငံ၏ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့်အမျှပင်ဖြစ်သည်။ သာဓကတရပ်မှာ၊ ဒုတိယကမ္ဘာ

www.forumspace.com.mm

စစ်ကြီးအတွင်း၌၊ ဗြိတိသျှအမျိုးသားလည်းမဟုတ်၊ ဗြိတိသျှနိုင်ငံသားအစစ်လည်းမဟုတ်စေကာမူ၊ ဗြိတိသျှအစိုးရတို့ကထုတ်ပေးသောနိုင်ငံကူးလက်မှတ်ကို ခံယူသောသူသည် တစ်တိုင်းနိုင်ငံသားပင်ဖြစ်သော်လည်း၊ ဗြိတိသျှနိုင်ငံ၏သစ္စာတော်ကို စောင့်ထိန်းရန် တာဝန်ရှိသည်ဟု အင်္ဂလန်ပြည်ရှိ အမြင့်ဆုံးဖြစ်သောတရားရုံးတော်က အဆုံးအဖြတ်ပေးခဲ့ဖူးလေသည်။ သို့အတွက် ဗြိတိသျှနိုင်ငံကူးလက်မှတ်ကို ဆောင်ယူထားသော နိုင်ငံခြားသားတစ်ဦးသည် ဗြိတိသျှနိုင်ငံအပြင်အပ၌ပင်လျှင် နိုင်ငံခြားသားတစ်ဦးသည် ဗြိတိသျှနိုင်ငံသားအစစ်အမှန်ပင်ဖြစ်သော်လည်း၊ ထိုနိုင်ငံသား နေထိုင်ရာဒေသကို ဗြိတိသျှအစိုးရတို့အကာအကွယ် အထိန်းအသိမ်းမပေးနိုင်သည့်အခါ၊ ထိုနိုင်ငံ၏သစ္စာကိုစောင့်ထိန်းရန်မလိုဟု ၂၀ရာစုနှစ်ဦးလောက်တွင် တောင်အာဖရိကတိုက်၌ဖြစ်ပွားသော ဗြိတိသျှတို့နှင့် ဗိုးဝါးလူမျိုးတို့၏ စစ်ကာလအတွင်း ပရီဗီကောင်စီက အဆုံးအဖြတ် ပြုခဲ့ဖူးလေသည်။

နိုင်ငံသားတို့အပေါ်၌ သက်ဆိုင်ရာနိုင်ငံက ကာကွယ်စောင့်ရှောက်ရမည့်ဝတ္တရား၏ ပမာဏမှာမူ ထိုသက်ဆိုင်ရာနိုင်ငံ၏ပြည်တွင်း ဥပဒေအရသာဖြစ်သဖြင့်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူကြချေ။ ယေဘုယျအားဖြင့်၊ နိုင်ငံသားတတန်းစားတည်းသာဖြစ်ကြသော်လည်း၊ အချို့အချို့သော နိုင်ငံတို့၌ နိုင်ငံသားချင်းပင်လျှင် အခွင့်အရေးရရှိမှုနှင့် နိုင်ငံတော်၏ အကာအကွယ်ခံယူရမှုမျိုးသည် ရှေးကာလ၌ အတော်အတန်ပင် ရှိခဲ့သော်လည်း၊ ယခုအခါ၌မူ တဖြည်းဖြည်းပပျောက်လာ၍၊ မရှိသလောက်ဖြစ်နေပြီ။ တိုင်းပြည်အနည်းငယ်တွင်သာ၊ ဤသို့ ခွဲခြားမှုရှိနေသေးသည်ကို တွေ့ရသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ခန့်ကပင်လျှင် ဥရောပတိုက်သားဗြိတိသျှနိုင်ငံသားနှင့် ဥရောပတိုက်သားမဟုတ်သော ဗြိတိသျှနိုင်ငံသားကို ခွဲခြားမှုသည်လည်းကောင်း၊ ၁၉၃၅ခု၌ ဂျာမနီနိုင်ငံတွင်ပြဋ္ဌာန်းခဲ့ဖူး၍၊ ယခုအခါမှာမူဖျက်သိမ်းပြီးဖြစ်သော အာရိယန်လူမျိုး ဂျာမနီနိုင်ငံသားနှင့် အာရိယန်လူမျိုးမဟုတ်သော ဂျာမနီနိုင်ငံသားကို ခွဲခြားမှုသည်လည်းကောင်း၊ တောင်အာဖရိကတိုက်၌ ယနေ့တိုင်ပင်လျှင်တည်မြဲနေသေးသော နိုင်ငံသားလူမည်း လူဖြူခွဲခြားမှုသည်လည်းကောင်း သာဓကများဖြစ်ပေသည်။

နိုင်ငံသားဖြစ်မြောက်ရေး

နိုင်ငံသားများတွင် ဇာတိအားဖြင့်ဖြစ်သောနိုင်ငံသားနှင့် နိုင်ငံသားအဖြစ်ခံယူရရှိသောနိုင်ငံသားဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားလျက်ရှိ၏။ ဇာတိအားဖြင့်ဖြစ်သော နိုင်ငံသားသည် မွေးဖွာလာသည့်အချိန်မှစ၍ အလိုအလျောက် နိုင်ငံသားဖြစ်လာ၏။ နိုင်ငံသားအဖြစ်ခံယူရရှိသော နိုင်ငံသားမှာမူ မိမိ၏ပင်ရင်း နိုင်ငံသားအဖြစ်ကို စွန့်လွှတ်၍၊ နိုင်ငံအသစ်၏ နိုင်ငံသားအဖြစ်ကို ရယူသောသူဖြစ်၏။ ယေဘုယျအားဖြင့် အခွင့်အရေးခံစားရရှိရာ၌ နိုင်ငံသားနှစ်မျိုးစလုံးမှာ တန်းတူပင်ဖြစ်သည်။ သို့သော် နိုင်ငံခြားသားဘဝမှကူးပြောင်းလာသော နိုင်ငံသားကိုမူ အခါကာလအကန့်အသတ်ထား၍၊ အသစ်ခံယူသောနိုင်ငံ၏ နိုင်ငံသားအဖြစ်မှ ပျက်ပြယ်စေနိုင်ခွင့်ကို ထိုအသစ်နိုင်ငံက သတ်မှတ်ထားရှိတတတ်လေသည်။

နိုင်ငံသားဖြစ်စေသော နည်းလမ်းများ

ဇာတိအားဖြင့်ဖြစ်သောနိုင်ငံသား၊ ခံယူရရှိသဖြင့် ဖြစ်သောနိုင်ငံသားဟူ၍ နှစ်မျိုးနှစ်စား ကွဲပြားကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီ။ ဇာတိအားဖြင့် နိုင်ငံသားအဖြစ်ရရှိရာ၌ အချို့သောနိုင်ငံများတွင် သက်ဆိုင်သူတို့၏ မွေးဖွားရာဒေသကိုမူမတည်ဘဲ၊ ယင်းသူတို့၏အနွယ်၊ တစ်နည်းအားဖြင့်သွေးသားအပေါ်၌ မူတည်လေသည်။ ယင်းကို ဥပဒေစကားဖြင့် 'မျိုးရိုးမူတည်ထုံး' ဟု အသိအမှတ်ပြုကြသည်။ အချို့အချို့သောနိုင်ငံတို့၏ တရား ဥပဒေတွင် သက်ဆိုင်သောပုဂ္ဂိုလ်၏ 'မွေးဖွားရာဒေသမူတည်ထုံး' ဟု ဥပဒေအရာတွင် အသိအမှတ်ပြုကြသည်။ အချို့အချို့သော နိုင်ငံတို့တွင်မူကား ထိုထုံးနှစ်ရပ်လုံးကို ဖက်စပ်သောမူဖြင့် နိုင်ငံသားဖြစ်ရေးမဖြစ်ရေးကို အဆုံးအဖြတ်ပြုကြသည်။ သို့အတွက် ဂျာမနီ၊ ဆွီဒင်၊ ဆွစ်ဇာလန်အစရှိသော ဥရောပနိုင်ငံအချို့တို့နှင့် တရုတ်နိုင်ငံအစရှိသော အာရှတိုက်နိုင်ငံအချို့တို့တွင် ပုဂ္ဂိုလ်တစ်ဦးသည် အဆိုပါနိုင်ငံတို့၏ နိုင်ငံသားဖြစ်သောဖခင်က ပေါက်ဖွားလျှင်၊ မည်သည့်နိုင်ငံ၏နယ်မြေအတွင်း၌ မွေးဖွားစေကာမူ၊ ဖခင်၏ နိုင်ငံကိုလိုက်၍ နိုင်ငံသားဖြစ်သည်ဟု အသိအမှတ်ပြုကြလေသည်။ ဂျာမနီ၊ ဂရိတ်ဗြိတိန်၊ အမေရိကန် ပြည်ထောင်စုနှင့် အချို့သောနိုင်ငံများတွင်မူကား၊ ထိုနိုင်ငံတို့၏ နိုင်ငံသားများ၏သားသမီးတို့သည် နိုင်ငံခြားတွင် မွေးဖွားသည်ဖြစ်စေကာမူ၊ အဖ၏ဇာတိကို လိုက်၍ နိုင်ငံသားဖြစ်သည်။ ပုံစံအားဖြင့် ဗြိတိသျှနိုင်ငံသားတစ်ဦးသည် မြန်မာနိုင်ငံတွင် သားသမီးမွေးဖွားသည့်အခါ၊ ထိုသားသမီးသည် အဖဇာတိကိုလိုက်၍ ဗြိတိသျှနိုင်ငံသားဖြစ်သည်။ ထိုပြင် အဆိုပါ ဂျာမနီ၊ ဂရိတ်ဗြိတိန်နှင့်အမေရိကန် ပြည်ထောင်စုတို့၏ နယ်နိမိတ်အတွင်းတွင် တစ်ပါးသောနိုင်ငံသားတို့၏ သားသမီးများမွေးဖွားပါက၊ တစ်ပါးသောနိုင်ငံသား၏ သားသမီးပင် ဖြစ်စေကာမူ၊ မွေးဖွားရာဒေသကိုစွဲ၍၊ ထိုဒေသ၏ နိုင်ငံသားဟုအသိအမှတ်ပြုကြလေသည်။ ပုံစံအား

www.foreverspace.com.mm

ဖြင့် မြန်မာနိုင်ငံသားတစ်ဦးသည် ဗြိတိန်နိုင်ငံ၌ မွေးဖွားလျှင်၊ သူ၏မိဘတို့သည် မြန်မာနိုင်ငံသားပင် ဖြစ်စေကာမူ၊ သူ့ကိုမူ ဗြိတိသျှနိုင်ငံသားဟု ဗြိတိသျှတို့က အသိအမှတ်ပြုလေသည်။

နိုင်ငံသားအဖြစ်ခံယူခြင်းတွင် နိုင်ငံခြားသားပင်ဖြစ်သော်လည်း၊ မိမိနှစ်သက်နေထိုင်ရာဒေသတို့၌ ထိုနိုင်ငံဆိုင်ရာ တရားဥပဒေအရ နိုင်ငံသားအဖြစ် လျှောက်ထားတောင်းယူ၍၊ နိုင်ငံသားအဖြစ်ခံယူသော နိုင်ငံသားဖြစ်မြောက်လာနိုင်သည်။ ၂၀ ရာစုနှစ်မတိုင်မီက လက်ထပ်ထိမ်းမြားခြင်းအားဖြင့် နိုင်ငံခြားလူမျိုးဖြစ်သော မိန်းမတစ်ယောက်သည် မိမိယောကျ်ားသစ္စာခံယူသောနိုင်ငံသားအဖြစ်ကို ရရှိသည်ဟု နိုင်ငံတကာတို့က အသိအမှတ်ပြုခဲ့ကြလေသည်။ သို့သော် ၁၉၂၀ ပြည့်နှစ် နောက်ပိုင်းတွင် နိုင်ငံအသီးသီးတို့၌၊ မိန်းမများ၏အခွင့်အရေးကို တိုးမြှင့်သောအားဖြင့် လက်ထပ်ခြင်းဟူသောအကြောင်းတစ်ခုတည်းဖြင့်သာ သက်ဆိုင်ရာမိန်းမသည် မိမိ၏မူရင်းနိုင်ငံသားအခွင့်အရေးကို မဆုံးရှုံးစေရဟုလက်ခံလာကြ၏။ သို့အတွက်မိန်းမတစ်ဦးသည် မိမိယောကျ်ားနှင့် ထပ်တူထပ်မျှနိုင်ငံသားအဖြစ်ကို အလိုအလျောက်မရရှိတော့ဘဲ၊ မိမိ၏သဘောအတိုင်းသာလျှင် လက်မထပ်မီက နိုင်ငံသားအနေကလည်းကောင်း၊ မိမိလင်ယောကျ်ား၏နိုင်ငံသားအနေကိုသော်လည်းကောင်း ရွေးချယ်နိုင်ခွင့်ရှိသည်။

နိုင်ငံသားအဖြစ်ဆုံးရှုံးခြင်း

နိုင်ငံသားဖြစ်နိုင်သည့် နည်းလမ်းအသွယ်သွယ် ရှိသကဲ့သို့ နိုင်ငံအသီးသီးတွင် နိုင်ငံသားအဖြစ်ကိုဆုံးရှုံးစေနိုင်သည့် နည်းလမ်းအဖုံဖုံရှိလေသည်။

နိုင်ငံခြားအစိုးရလက်အောက်တွင်အမှုထမ်းခြင်း၊ နိုင်ငံတော်မှနှစ်ရှည်လများ ထွက်ခွာ၍အရပ်တစ်ပါးတွင် သွားရောက်နေထိုင်ခြင်း စသည်တို့ကြောင့်လည်း နိုင်ငံသားအဖြစ်ကို ဆုံးရှုံးစေနိုင်လေသည်။

ထိုပြင် မိမိပင်ရင်းနိုင်ငံသားအဖြစ်ကို စွန့်လွှတ်၍၊ တခြားတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ်ကို ခံယူခြင်းအားဖြင့်လည်း ပင်ရင်းနိုင်ငံသားအဖြစ်မှ ဆုံးရှုံးစေနိုင်သည်။ တစ်ခါတစ်ရံ နိုင်ငံ၏ဥပဒေများဖြင့် နိုင်ငံသားများအဖြစ်မှ ရပ်စဲစေနိုင်သေး၏။

နိုင်ငံသားတို့၏အခွင့်အရေးနှင့်တာဝန်ဝတ္တရား

ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတို့သည် အခြားနိုင်ငံသားများအားမပေးသောအခွင့်အရေးမျိုးကို မိမိတို့နိုင်ငံသားများအားပေးလေသည်။ နိုင်ငံသားများသည် မိမိတို့ ပင်ရင်းနိုင်ငံတွင် ထာဝစဉ်နေထိုင်ခွင့်ရရှိသည်။ နိုင်ငံတစ်နိုင်ငံသည် အကြောင်းတစ်ခုခုကြောင့်မလိုလားအပ်သော နိုင်ငံခြားသားများကို မိမိတို့၏ နိုင်ငံတွင်းမှ နှင်ထုတ်နိုင်သော်လည်း၊ မိမိတို့၏ နိုင်ငံသားများကိုမူ ထိုသို့ မပြုလုပ်နိုင်ချေ။ နိုင်ငံသားများသည် မည်သည့်အရပ်ဒေသတွင် ရောက်နေသည်ဖြစ်စေ၊ သက်ဆိုင်ရာနိုင်ငံက လိုအပ်သောအကာအကွယ်များကို ပေးရလေသည်။ အကယ်၍ မြန်မာနိုင်ငံသားတစ်ဦးသည်တရုတ် နိုင်ငံတွင် ဘေးဒုက္ခ ရောက်နေပါက၊ တရုတ်နိုင်ငံရှိ မြန်မာသံအမတ်ကြီးထံတွင် အကူအညီတောင်းဆိုနိုင်သည်။ နိုင်ငံခြားသို့ သွားရောက်မည့် နိုင်ငံသားတဦးအား ဆိုင်ရာအစိုးရက 'ဤသူသည် အခြေအနေရှိသောနိုင်ငံသားတစ်ဦး ဖြစ်ပါသည်' ဟူသော နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးလေသည်။ ထိုသူအဖို့တွင် သွားလေရာ၌ အဆိုပါ လက်မှတ်သည် သူ၏ အကျင့်စာရိတ္တ၊ အခြေအနေတို့ကို ထောက်ခံသောလုံခြုံစိတ်ချရသည့် လက်မှတ်ဖြစ်လေသည်။ (နိုင်ငံကူးလက်မှတ်–ရှု။)

နိုင်ငံသားတိုင်းတွင် မဲဆန္ဒပေးနိုင်ခွင့်ရှိ၍၊ ရာထမ်းမှုထမ်းများအဖြစ် ထမ်းဆောင်နိုင်ခွင့်လည်း ရှိလေသည်။ သာမန်အားဖြင့်ကား၊ နိုင်ငံသားဟူသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အသင်းဝင်ဖြစ်လေသည်။ မည်သည့်အစိုးရမျိုး တက်ရောက်နေသည်ဖြစ်စေ၊ နိုင်ငံသားသည် နိုင်ငံသားအဖြစ်မှ မပြောင်းလဲချေ။ ထိုပြင်နိုင်ငံသားတိုင်း၌ ခံစားရန်အခွင့်အရေးများ ရှိသကဲ့သို့၊ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများလည်းရှိလေသည်။ တာဝန်သိသော နိုင်ငံသားတိုင်းသည် မိမိ၏အရည်အချင်းရှိသလောက် နိုင်ငံ၏အကျိုး၊ လူထု၏အကျိုးအတွက် ဆောင်ရွက်ရန်ဦးမလေးချေ။ ပမာဆိုရသော် ဥရောပတိုက်နိုင်ငံများတွင် နိုင်ငံသားတိုင်းသည် နှစ်ပေါင်း မည်ရွေမည်မျှဟူ၍ သတ်မှတ်ထားသည့် အတိုင်း ကုန်းတပ်သို့မဟုတ် ရေတပ်တွင်ဝင်ရောက် စစ်မှုထမ်းရလေသည်။ အရေးကြီးလာသော်၊ နိုင်ငံတော်ကာကွယ်ရေးတွင် ပါဝင်အမှုထမ်းနိုင်ရန် ဖြစ်၏။ ဒီမိုကရေစီနိုင်ငံများတွင် အစိုးရသည် လူထု၏ဆန္ဒအပေါ်၌ တည်နေရာ၊ လူထုသည် မဲဆန္ဒဖြင့် မိမိတို့၏သဘောထားကိုသိစေပါမှ၊ မိမိတို့သဘောအတိုင်း အစိုးရကအုပ်ချုပ်ပေးမည် ဖြစ်သည်။ သို့ဖြစ်ရာ၊ မဲဆန္ဒပေးနိုင်ခွင့်တွင် တာဝန်ပါ အကျုံးဝင်လာသည်။ မဲဆန္ဒပေးရမည့် တာဝန်သည် ဒီမိုကရေစီနိုင်ငံများရှိ နိုင်ငံသားတိုင်း၏ တာဝန်ပင် ဖြစ်သည်။

ထိုပြင် နိုင်ငံတော်၏သစ္စာကို စောင့်သိခြင်း၊ နိုင်ငံတော်၏တရားဥပဒေများကို စောင့်သိရိုသေရခြင်း၊ အခွန်အတုပ်များကို ထမ်းဆောင်ရခြင်း၊ အစိုးရကို ထောက်ခံကူညီရခြင်းစသည်တို့သည်လည်း နိုင်ငံသားတို့၏သာမန်ဝတ္တရားများတွင် ပါဝင်လေသည်။

ဒေါက်တာဦးအေးမောင်

www.foreverspace.com.mm

နိုင်လွန်။ ။နိုင်လွန်သည် ပလတ်စတစ်တမျိုးဖြစ်သည်။ ထိုပလတ်စတစ်ပေါ်လာခြင်းဖြင့် ယခုခေတ်လူတို့သည် မျှားစွာအကျိုးရှိကြသည်။ (ပလတ်စတစ်–ရှု။) နိုင်လွန်သည် အခိုင်ဆုံး၊ အရှန်းကန်နိုင်ဆုံးသောပစ္စည်းတစ်ခုဖြစ်၍၊ ယင်းကို အမျှင်ဖြစ်စေ၊ အပြားဖြစ်စေ၊ အရည်ဖြစ်စေ၊ အတုံးအခဲဖြစ်စေ ပြုလုပ်၍ရသည်။ ရေကို အနည်းငယ်သာ စုတ်ယူသဖြင့်၊ နိုင်လွန်အဝတ်အထည်ကို လျှော်ဖွပ်သော အခါအခြားအဝတ်အထည်တို့ထက် လျင်မြန်စွာခြောက်သွေ့လွယ်သည်။ ၁၉၃၈ ခုနှစ်တွင် နိုင်လွန်ကို စတင်၍ ခြေအိတ်၊ လက်အိတ်များ ပြုလုပ်သုံးစွဲကြသည်။ ထိုနောက် အတွင်းခံအင်္ကျီ၊ ရေကူးအင်္ကျီ၊ ဖိနပ်ကြိုးစသည့် ပစ္စည်းများကိုပြုလုပ်ယူကြသည်။ ထိုပစ္စည်းတို့မှာ ခိုင်ခံ့၍၊ ရန်းကန်နိုင်သောသတ္တိကောင်းသောကြောင့်၊ လူအများပင် ကြိုက်နှစ်သက်ကြပေသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နိုင်လွန်သည် ပေါ့ပါး၍ ခိုင်ခံ့သဖြင့်၊ လေထီးပြုလုပ်ရန်အတွက် သင့်လျော်သည်ကို တွေ့ရှိကြသည်။ ယခုအခါ သွားပွတ်တံနှင့်ဝက်မှင်ဘီးအမျိုးမျိုး၏ အမွေးအမှင်ကို နိုင်လွန်ဖြင့်ပြုလုပ်ကြသည်။ ဆရာဝန်များသည် ပြိုဟသောအနာကို နိုင်လွန်ကြိုးဖြင့် ချုပ်ယူကြသည်။

နိုင်လွန်ပြုလုပ်ရာ၌ အသုံးပြုသော ဓာတုဗေဒဒြဗ်ပေါင်းနှစ်ခုမှာ ဟက်ဆာမိသိလင်းဒိုင်းအမင်းနှင့် အဒီပစ်အက်ဆစ်တို့ဖြစ်သည်။ ဒြဗ်ပေါင်းနှစ်ခုလုံးတွင် ကာဗွန်နှင့် ဟိုက်ဒရိုဂျင်ပါသည်။ ထိုဒြဗ်ပေါင်းနှစ်ခုကို ဓာတ်ပေါင်းယူသောအခါ ဟက်ဆာမိလင်း ဒိုင်းအမ်မိုးနီးယမ်းအဒီပိတ်ခေါ် ဒြဗ်ပေါင်းကို ရရှိသည်။ ထိုဒြဗ်ပေါင်းကို ဓာတုဗေဒပညာရှင်များက နိုင်လွန်ဓာတ်ဆားဟူ၍ ခေါ်ကြသည်။ နိုင်လွန်ဖြစ်ပေါ်လာရန် ကြိုးစားအားထုတ်သူတို့အနက် အထင်အရှားဆုံးမှာ အမေရိကန်ပြည်ထောင်စု ဒျူးပွန့်ကောပိုရေးရှင်းမှ ဓာတုဗေဒပညာရှင် ဒေါက်တာဒဗျူ အိပ်(ချ်) ကရော်သာ ဆိုသူဖြစ်သည်။ နိုင်လွန်သည် ပဒုမ္မာပိတ်ထက်ပါးသော်လည်း တွန့်ခြင်းကြေခြင်းမရှိသဖြင့် မီးပူတိုက် ပေးရန်ပင်မလိုချေ။ ပိုးတုပင်ဖြစ်လင့်ကစား ပိုးကဲ့သို့ ပျော့အိကျခြင်း၊ အရောင်တောက်ပြောင်ခြင်းမရှိဘဲ လှပသပ်ရပ်စွာဝတ်ဆင်သူ၏ ကိုယ်လုံးကိုပေါ်ထင်စေသည်။ ယခုအခါ နိုင်လွန်အရောင်အမျိုးမျိုးနှင့် ပုံစံအမျိုးမျိုးပေါ်နေပေပြီ။ ဓာတုဗေဒပညာရှင်တို့သည် နိုင်လွန်ကို လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးအဖြစ် အသုံးပြုနိုင်ရန် စမ်းသပ်လျက် ရှိကြပေသည်။

နိုင်လွန်သည် တွန့်ခြင်း၊ ကြေခြင်း၊ မရှိသည့်အပြင် လျှော်ဖွပ်ပြီးနောက် ခြောက်သွေ့လွယ်သဖြင့် အဝတ်အထည်လုပ်ငန်းတွင် ယင်းကို များစွာ အသုံးပြုလျက်ရှိပေသည်။

www.foreverspace.com.mm

အောက်သို့ ပေ ၃၀၀ ကျော် အရှိန်ဖြင့် ဖြာဆင်းနေသည့် အမေရိကန် နိုင်ငံဖက်ရှိ နိုင်အဂ္ဂရာ ရေတံခွန်၏ သာယာဖွယ်ရှုခင်း

နိုင်အဂ္ဂရာရေတံခွန် ။ ။ကြည်လင်အေးမြသောရေရှု မျှော်မဆုံးအောင် လှပသောလျှိုမြောင်ကျောက်ကမ်းပါးများ နှင့်စိမ်းလန်းစိုပြည်နေသောသစ်ပင်ပန်းပင်တို့ကြောင့် ကမ္ဘာပေါ်တွင် အလှပဆုံးသောသဘာဝရှုခင်းတစ်ရပ်ဖြစ်သည့် နိုင်အဂ္ဂရာရေတံခွန်သည် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ကို ပိုင်းခြားသတ်မှတ်ထားသော နိုင်အဂ္ဂရာမြစ်ထဲတွင်ရှိလေသည်။ နိုင်အဂ္ဂရာမြစ်သည် အီရီအိုင်ကြီး၏ထွက်ပေါက်တစ်ခုဖြစ်၍ ထိုအိုင်ကြီးမှ ၃၆ မိုင်ခန့် ကွာဝေးသော အွန်တေးရီးယိုးအိုင်ထဲသို့စီးဝင်သည်။ စင်စစ်ယင်းသည် ရေပြင်ကြီးနှစ်ခု ဆက်သွယ်ထားသော ကြောင့် ရေလက်ကြားတစ်ခုဖြစ်သည်ဟု ဆိုနိုင်လေသည်။

နိုင်အဂ္ဂရာမြစ် စတင်စီးဆင်းရာ အီရီအိုင်သည် စီးဝင်ရာ အွန်တေးရီးယိုးအိုင်ထက် ၃၂၆ပေခန့်ပိုမြင့်သည်။ ယင်းသည် အီရီအိုင်မှအစပြု၍ မြောက်ဘက်သို့ အစဉ်အတိုင်း စီးဆင်းလာရာ ၆မိုင်ကျယ်သည့် ဂရင်းကျွန်းကြောင့် မြစ်ကြောင်းသည် နှစ်ဖြာကွဲကာပြန်လည်ပေါင်းဆုံပြီးနောက်၊ ရေတိမ်ချောင်းကြီးတစ်ခုအဖြစ်ဆက်လက်စီး ဆင်းသည်။ ထိုမှအောက်ဖက် ၄ မိုင်ခန့်အကွာတွင်၊ ထုံးကျောက်ကမ်းပါးပြတ်ကြီးမှအောက်သို့ထိုးကျသွားရာ၊ ဆိတ်ကျွန်းကြောင့် ရေကြောင်းနှစ်ဖြာကွဲလျက်၊ ကမ္ဘာပေါ်တွင် ထင်ရှားကျော်စောလှသောရေတံခွန်နှစ်သွယ်ဖြစ်ပေါ်လာသည်။ မြောက်ဘက်ရှိရေတံခွန်သည် ၁၆၇ ပေမြင့်၍ ပေ၄၀၀ခန့် ကျယ်ဝန်းသည်။ ယင်းကို အမေရိကန် ရေတံခွန်ဟုခေါ်သည်။ တောင်ဘက်ရှိ ရေတံခွန်သည် ၁၅၈ ပေမြင့်၍ အကျယ်ဆုံးနေရာတွင် ၂၉၅၀ ပေကျယ်ဝန်းသည်။ ယင်းကို ကနေဒါ ရေတံခွန်ဟူ၍လည်းကောင်း၊ မြင်းခွာပုံသဏ္ဌာန် ရှိသောကြောင့် မြင်းခွာရေတံခွန်ဟူ၍ လည်းကောင်း ခေါ်ဝေါ်လေသည်။ ရေတံခွန်ကြီးနှစ်ခုမှ တသွင်သွင်စီးဆင်းလျက်ရှိသော ရေ၏ထုထယ်မှာ တစ်နာရီလျှင်ကုဗပေ ၁၀၀၀၀၀၀၀၀ ဟု ခန့်မှန်းရသည်။ ရေတံခွန်ကြီးများကို ညဉ့်အခါတွင် ရောင်စုံမီးမောင်းကြီးများ ထိုးထားသဖြင့် ကြည့်မငြီးအောင်ပင် လှပလေသည်။ သို့ရာတွင် ရေတံခွန်ကြီးများမှ ရေအားဖြင့်ထုတ်ယူသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ထိုဓာတ်အားပေးစက်ရုံများကိုအမှီပြု၍ ပေါ်ပေါက်လာသောစက်ရုံများကြောင့် ရေအဟုန်လျော့နည်းသွားကာ၊ ရေတံခွန်များ၏ပသာဒရှုခင်း ပျက်ပြားသွားဖွယ်ရာအကြောင်းပေါ်ပေါက်လာခဲ့၏။ ထိုကြောင့် အမေရိကန်ပြည်ထောင်စုအစိုးရနှင့် ကနေဒါနိုင်ငံအစိုးရတို့သည် စက်မှုလက်မှု လုပ်ငန်းဆိုင်ရာကိစ္စများအတွက် အမေရိကန်ပြည်ထောင်စုဘက်တွင် တစ်စက္ကန့်လျှင် ရေကု

www.foreverspace.com.mm

ဗပေ ၂၀၇၀ အသုံးပြုရန်နှင့် ကနေဒါဘက်တွင်ကုဗပေ ၃၆၈၀အသုံးပြုရန် သဘောတူညီသတ်မှတ်ထားရှိခဲ့ကြလေသည်။

ထိုပြင် သဘာဝရှုခင်းသာကို ဆက်လက်ထိန်းသိမ်းထားရှိရန်အတွက် ရေတံခွန်ကြီးများတစ်ဝိုက်တွင် ပန်းခြံကြီးများ ပြုလုပ်ထားသည်။ အမေရိကန်ပြည်ထောင်စုဘက်ရှိ ပန်းခြံမှာ နယူးယောဂ်ပြည်နယ် ပန်းခြံဟု ခေါ်၍၊ ၁၁၅ ဧကခန့်ကျယ်ဝန်းသည်။ ကနေဒါနိုင်ငံဖက်ရှိ ဝိတိုရိယဘုရင်မ နိုင်အဂ္ဂရာပန်းခြံသည် ၁၅၄ ဧကကျယ်ဝန်းသည်။ နိုင်အဂ္ဂရာမြစ်သည် ရေတံခွန်ကြီးများရှိရာမှ တစ်ဖန်၊ တစ်ဖက်တစ်ချက်တွင် အမြင့်ပေ ၂၀၀ မှ ၃၀၀ အထိရှိ၍ မတ်စောက်သောကျောက်ကမ်းပါးကြီးများ ဖြင့်ပြီးသည့် နိုင်အဂ္ဂရာချောက်ကြီးတစ်လျှောက် စီးဆင်းသွား၏။ ထိုမှ တစ်ဖန် ၂ မိုင်ခန့် စီးဆင်းသွားပြီးနောက်၊ တစ်မိုင်ခန့်ရှိသော မြစ်ကြောင်း တစ်လျှောက်သည် ရေမှော်များဖြင့်ပြည့်နှက်နေသည်။ ယင်းသည့် ရေမော်များသည် 'ဝဲကတော့ ရေမှော်များ' ဟူ၍ ရေတံခွန်များကဲ့သို့ပင် နာမည်ကျော်ကြားသည်။ ထိုရေမှော်များအလွန်တွင် နာမည်ကျော် ဝဲကတော့ တစ်ခုရှိသည်။

နိုင်အဂ္ဂရာရေတံခွန်များမှာ ကမ္ဘာကျော်သည့် အလျောက်၊ ကမ္ဘာအရပ်ရပ်မှ ဗဟုသုတစုဆောင်းရန်နှင့် အပျော်ခရီးထွက်သူများသည် မပြတ်မလပ်လာရောက်ကြည့်ရှုကြသည်။ ရေတံခွန်ကြီးများအနီး၌ ရှုခင်းကောင်းသော နေရာများတွင် ရေတံခွန်ကိုကြည့်ရန် အတွက်နေရာထိုင်ခင်းများ သီးခြားပြုလုပ်ပေးထားသည်။ နိုင်အဂ္ဂရာဟူသည်မှာ အီရာကွာအမေရိကန်တိုင်းရင်းသားများက ပေးထားသောအမည်ဖြစ်၍ ''မိုးခြိမ်းသံပြုသောရေ'' ဟုအဓိပ္ပါယ်ရလေသည်။

နိုင်းမြစ်။ ။နိုင်းမြစ်သည် အလျားမိုင်ပေါင်း ၄၀၀၀ ခန့်ရှိ၍ အာဖရိကတိုက်တွင် အရှည်ဆုံးဖြစ်ပြီးလျှင်၊ ကမ္ဘာပေါ်တွင် ဒုတိယအရှည်ဆုံးမြစ်တသွယ်ဖြစ်လေသည်။ ထိုပြင်ကမ္ဘာပေါ်တွင် အီကွေတာအနီးတွင်မြစ်ဖျားခံ၍ သမပိုင်းဧုန်အတွင်းသို့ စီးဝင်သည့် တစ်ခုတည်းသောမြစ်မှာ နိုင်းမြစ်ပင်ဖြစ်သည်။

နိုင်းမြစ်၏ မြောက်ဘက်၌ မြေထဲပင်လယ်၊ အရှေ့ဖက်၌ အာရေဗျသဲကန္တာရနှင့် ပင်လယ်နီ၊ တောင်ဘက်၌ ဆူဒန် နိုင်ငံနှင့် အနောက်ဘက်၌ လစ်ဗျန်သဲကန္တာရတို့ အသီးသီးတည်ရှိ၏။ နိုင်းမြစ်သည် မြစ်ညာတွင် နိုင်းမြစ်ပြာနှင့် နိုင်းမြစ်ဖြူဟူ၍ မြစ်နှစ်သွယ်အဖြစ် တည်ရှိနေရာ၊ နိုင်းမြစ်ပြာသည် အက်ဗီးဆီးနီးယန်းတောင်တန်းများတွင် မြစ်ဖျားခံ၍၊ နိုင်းမြစ်ဖြူသည် အာဖရိကတိုက်အလယ်ပိုင်းရှိ ဝိတိုရိယအိုင်၊ အဲလဗတ်အိုင်နှင့် အက်ဒွပ်အိုင်တို့၌ မြစ်ဖျားခံလေသည်။ နိုင်းမြစ်ဖြူသည် ယင်းသို့မြစ်ဖျားခံကာ၊ မြောက်ဘက်သို့ စီးဆင်းသွားရာ၊ ကွန်ဂို မြစ်၏အရှေ့မြောက်ဘက်



နိုင်းမြစ်သည် ကမ္ဘာပေါ်တွင် ဒုတိယအရှည်လျားဆုံးမြစ်ဖြစ်ရုံမက အီကွေတာနှင့် အနီးဆုံးမြစ်ဖျားခံသည့် မြစ်ဖြစ်သည်။

www.foreverspace.com.mm

နိုင်းမြစ် ပထမရေတံခွန်အနီး ဆောက်လုပ်ထားသည့် အက်ဆူးဝန်ဆည်ရိုးကြီးသည် အီဂျစ်နိုင်ငံ စိုက်ပျိုးရေးကို ဖွံ့ဖြိုးစေ၏။

အရပ်တွင် များပြားလှစွာသောမြစ်ချောင်းတို့ စီးဝင်ပေါင်းဆုံသည်။ ခါတွမ်းမြို့အနီးသို့ရောက်သောအခါ၊ နိုင်းမြစ်ပြာနှင့်ပေါင်းဆုံမိလေသည်။ ထိုမှတစ်ဖန်နိုင်းမြစ်သည်သဲကန္တာရဒေသကိုဖြတ်သန်း၍ မြောက်ဘက်သို့ဆက်လက် စီးဆင်းသွားရာ၊ မြစ်ကြောင်းသည် တဖြည်းဖြည်းကျဉ်းမြောင်းလာသည်။ နိုင်းမြစ်သည် ကိုင်ရိုမြို့၏တောင်ဘက်တွင် ပေ ၃၀၀ခန့်ပင် မကျယ်တော့ချေ။ ခါတွမ်းမြို့နှင့် အက်ဆူးဝန်မြို့တို့အကြားတွင် ရေတံခွန်ကြီး ၆ ခုရှိ၏။ ယင်းတို့ကြောင့် လှေသင်္ဘောများခုတ်မောင်းသွားလာရန် ခက်ခဲသည်။ နိုင်းမြစ်သည် အီဂျစ်နိုင်ငံကိုဖြတ်သန်းစီးဆင်းပြီးသော်၊ မြစ်ဝတွင် ရေကြောင်းနှစ်သွယ်ဖြစ်လျက် မြေထဲပင်လယ်တွင်းသို့ စီးဝင်လေသည်။

နိုင်းမြစ်ဂှမ်း သည် ကမ္ဘာပေါ်တွင် လယ်ယာစိုက်ပျိုးလုပ်ကိုင်ရန်အတွက် မြေသြဇာအကောင်းဆုံးသောဒေသများတွင် အပါအဝင်ဖြစ်၍၊ ဘီစီ ၅၀၀၀ ခန့်ကပင် အီဂျစ်တောင်သူလယ်သမားတို့သည် နိုင်းမြစ်ဂှမ်းတွင် ကောက်ပဲသီးနှံများ စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။ နှစ်စဉ်နွေရာသီနှောင်းကာလများတွင် နိုင်းမြစ်သည် ပတ်ဝန်းကျင်မြေနိမ့်ဒေသတခွင်ကို ရေလွှမ်းမိုးလေ့ရှိ၏။ ယင်းသို့ လျှံတက်လာသောမြစ်ရေများ ပြန်လည်ကျဆင်းသွားသောအခါ၊ ထိုမြေနိမ့်ဒေသများတွင် နုံးတင်မြေနု၊ မြေဆီမြေနှစ်များတင်ကျန်ခဲ့လေသည်။ နိုင်းမြစ်ရေလွှမ်းမိုးခြင်း၏ အကျိုးကျေးဇူးကိုနှစ်စဉ်နှစ်တိုင်း အထူးခံစားရသောဒေသမှာ အက်ဆူးဝန်မြို့၏ မြောက်ဘက်ဒေသပင်ဖြစ်သည်။ အက်ဆူးဝန်တွင် ဆည်းရိုးကြီးတစ်ခု ဆောက်လုပ်ထားလေသည်။ နိုင်းမြစ်ဂှမ်းမှ ဝါဂွမ်းတစ်ဇကထွက်သည် အမေရိကန်ပြည်ထောင်စုမှ ဝါဂွမ်းတစ်ဇကထွက်၏ နှစ်ဆခွဲခန့်ရှိသည်။ နိုင်းမြစ်၏မြစ်ဝကျွန်းပေါ်ဒေသသည် လူဦးရေထူထပ်သည်။ မြေသြဇာထက်သန်သည့် မြေတစ်လက်မမျှပင်မချန်၊ တနှစ်ပတ်လုံး စိုက်ပျိုးလုပ်ကိုင်သည်။ နွေရာသီတွင် ဆည်မြောင်းများဖြင့်ရေသွင်းစိုက်ပျိုးသည်။ နိုင်းမြစ်ဂှမ်း၌ဆောင်းရာသီတွင် ဂျုံ၊ မုယောစပါး၊ ကလိုဗာပဲပင်၊ ပဲတောင့်နှင့် ဟင်းသီးဟင်းရွက်စသည်တို့ကို စိုက်ပျိုး၍၊ နွေရာသီတွင် အများအားဖြင့် ဖူးပြောင်း၊ ကြဲနှင့် ဝါဂွမ်းစသည်တို့ကို စိုက်ပျိုးကြလေသည်။

နိုင်းမြစ်ကမ်းပါးတစ်လျှောက်တွင် ကမ္ဘာ့ယဉ်ကျေးမှုအစပြုခဲ့သည်ဟု ဆိုသည်။ အီဂျစ်နိုင်ငံနှင့် ဆူဒန်နိုင်ငံတို့အပေါ်တွင် နိုင်းမြစ်၏ကျေးဇူးကား ကြီးမားလှပေသည်။ မြေကြီးကို မြေသြဇာထက်သန်စေရန်နှင့်၊ ရေသွင်းစိုက်ပျိုးရန်အတွက်လိုအပ်သမျှ ရေကိုရရှိစေရန် နိုင်းမြစ်သည် နှစ်စဉ်ရေလျှံခြင်းမရှိခဲ့သော်၊ ပတ်ဝန်းကျင် ဒေသတစ်ခုလုံးသည် သဲကန္တာရအတိ ဖြစ်သွားဖွယ် ရှိလေသည်။

www.foreverspace.com.mm

အိတလီနိုင်ငံ ဖလော်ရင့်မြို့ရှိ နိုင်းအိုဗီကျောက်ရုပ်

နိုင်းအိုဗီ။ ။ဂရိထုံးဟောင်းပုံပြင်တွင် သားသမီးကိုမှီ၍မာနတက်ကြွသဖြင့်၊ ပူဆွေးဒုက္ခရောက်ရသည့်အဖြစ်ကို နိုင်းအိုဗီ၏အကြောင်း၌ ဖော်ပြပါရှိလေသည်။ သီးဗီးဘုရင်၌ နိုင်းအိုဗီဟုတွင်သော မိဖုရားရှိရာ၊ ထိုမိဖုရား၌ သားတော်ခုနှစ်ပါး၊ သမီးတော် ခုနစ်ပါးထွန်းကားသည်။ သို့ရာတွင် လီတိုဟူသောနတ်သမီး၌ အပေါ်လိုနတ်သားနှင့် အားတီမစ်နတ်သမီးဟူ၍ သားသမီးနှစ်ဦးသာ ထွန်းကားသည်။ ဤအချက်ကိုအမှီပြု၍ နိုင်းအိုဗီသည် သူသာလျှင် လီတိုနတ်သမီးထက် အပူဇော်ကိုခံထိုက်သည်ဟု ပြောဆိုမိလေသည်။ ထိုကြောင့် လီတိုနတ်သမီးသည် အမျက်ထွက်၍၊ နိုင်းအိုဗီ၏ သားသမီးတို့ကိုသတ်ရန် အပေါ်လိုနှင့် အားတီမစ်တို့အားစေခိုင်းရာ၊ အပေါ်လိုနှင့် အားတီမစ်တို့လည်း ဆိပ်လူးမြားဖြင့် လိုက်လံသတ်ဖြတ်သဖြင့်၊ ခလော်ရစ်ဟူသော သမီးတော်မှတစ်ပါး အားလုံးသေဆုံးကြလေသည်။ ထိုအခါတွင်မှ နိုင်းအိုဗီသည် နောင်တကြီးစွာရ၍၊ သည်းထန်စွာ ငိုကြွေးလေရာ၊ ဇုနတ်မင်းကြီးသည် သူ၏အဖြစ်အပျက်ကို မကြည့်ရက်နိုင်သောကြောင့်၊ သူ့အားကျောက်တောင်အဖြစ်သို့ ဖန်ဆင်းလိုက်ရလေသည်။ ထိုကျောက်တောင်မှ ရေစိမ့်ယိုစီးသည်ကို နိုင်းအိုဗီ၏မျက်ရည်ဟု ရှေးဟောင်းဂရိတို့ကယူဆကြသည်။ ထိုကျောက်တောင်ကို ဆီပိုင်လပ် ကျောက်တောင်ဟုခေါ်သည်။ (ဂရိနတ်များ–ရှု။)

နစ်ကရားဂွနိုင်ငံ။ ။ နစ်ကရားဂွနိုင်ငံသည် အလယ်ပိုင်းအမေရိကန်နိုင်ငံငယ်များတွင် အကြီးဆုံးနိုင်ငံဖြစ်လေသည်။ ထိုနိုင်ငံ၏နယ်နိမိတ်မှာ မြောက်ဘက်၌ ဟွန်ဒူးရပ်နိုင်ငံ၊ တောင်ဘက်၌ ကော်စကာရီးကားနိုင်ငံ၊ အရှေ့ဘက်၌ ကယ်ရစ်ဗျန်ပင်လယ်၊ အနောက်ဘက်၌ ပစိဖိတ်သမုဒ္ဒရာဟူ၍ ဖြစ်သည်။ နစ်ကရားဂွနိုင်ငံ၏ ကမ်းရိုးတန်းသည် ကယ်ရစ်ဗျန်ပင်လယ်ဘက်တွင် မိုင်ပေါင်း ၃၀၀ မျှ ရှည်လျား၍၊ ပစိဖိတ်သမုဒ္ဒရာဘက်တွင် မိုင် ၂၀၀ မျှ ရှည်လျား၏။ အကျယ်အဝန်းမှာ ၅၇၁၄၅ စတုရန်းမိုင်ဖြစ်လေသည်။ ကုန်းပြင်မြင့်ကြီးတစ်ခုသည် နစ်ကရားဂွ နိုင်ငံ၏ အလယ်ဗဟိုသို့ ဖြတ်သန်း၍၊ ထိုနိုင်ငံကို နှစ်ပိုင်းခွဲခြားထားသည်။ ထိုကုန်းပြင်မြင့်၏အရှေ့ဘက်တွင် မတ်စက်ီးတိုးမြေနိမ့်ရပ်ဝန်းခေါ် ကျယ်ပြန့်သည့်ကမ်းမြောင်လွင်ပြင်တည်ရှိ၏။ ထိုဒေသတွင် မိုးအလွန်သည်းထန်စွာ ရွာသွန်းသဖြင့် သစ်တောများထူထပ်စွာ ပေါက်ရောက်သည်။ ဗဟိုကုန်းပြင်မြင့်၏ အနောက်ဘက်တွင်လည်း မြေနိမ့်ရပ်ဝန်း တစ်ခုတည်ရှိ၏။ ယင်းသည့် မြေနိမ့်ရပ်ဝန်းသည် ပစိဖိတ်သမုဒ္ဒရာကမ်းခြေရှိ ဖွန်ဆေးကားပင်လယ်ကွေ့မှသည် နစ်ကရားဂွနိုင်ငံတောင်ဘက်ပိုင်းအထိ၊ ယင်းမှတစ်ဖန် ထိုတောင်ဘက်ပိုင်းကိုဖြတ်သန်း၍ ကယ်ရစ်ဗျန် ပင်လယ်ကမ်းခြေအထိ ကျယ်ပြန့်သည်။

နစ်ကရားဂွနိုင်ငံ၏ တောင်ထူထပ်သည့် အလယ်ပိုင်းတွင် မြေညြောကောင်းသည့် ချိုင့်ဝှမ်းကြီးတစ်ခု တည်ရှိ၏။ ထိုချိုင့်ဝှမ်းသည် မိုင် ၃၀၀ခန့် ရှည်လျား၍၊ မိုင် ၁၀၀ ခန့်ကျယ်သည်။ နိုင်ငံထွက်ကောက်ပဲသီးနှံများ အများအပြား စိုက်ပျိုးလုပ်ကိုင်ရာ ဒေသဖြစ်လေသည်။ နစ်ကရားဂွနိုင်ငံ၌ မီးတောင်ပေါများသည်။ ထိုမီးတောင် များသည် မကြာခဏပေါက်ကွဲတတ်သဖြင့် လူနေအိမ်ခြေများပျက်စီးရလေသည်။

နစ်ကရားဂွနိုင်ငံတွင် မြစ်ချောင်းလည်း ပေါများသည်။ ထင်ရှားသောမြစ်များမှာ အက်စကွန်ဒီဒို၊ ရီအိုဂရန်ဒီ၊ ကျူ့ မာ၊ ဝါဝါနှင့်ဆန်ဟွမ်တို့ ဖြစ်လေသည်။ ထိုပြင် နစ်ကရားဂွအိုင်နှင့် မနားဂွအိုင်ဟူ၍ ထင်ရှားသော ရေအိုင်ကြီး ၂ ခုလည်းရှိသေး၏။ နစ်ကရားဂွအိုင်မှာ ထိုနိုင်ငံတွင် အကြီးဆုံးဖြစ်၍၊ အလျား ၉၆မိုင်၊ အနံ ၃၉မိုင်ရှိသည်။ မနားဂွအိုင်မှာ အလျား ၃၈ မိုင်၊ အနံ ၁၀မိုင်မှ ၁၆ မိုင် အထိရှိသည်။ ထိုရေအိုင်နှစ်ခုကို တီပီတာပါမြစ်ကဆက်သွယ်ထားသည်။ မနားဂွအိုင်၏တောင်ဘက်ကမ်းခြေ၌ မနားဂွ မြို့တော် တည်ရှိလေသည်။

www.forewarspace.com.mm

နစ်ကရားဂွနိုင်ငံသည် ယေဘုယျအားဖြင့် ပူအိုက်သော နိုင်ငံဖြစ်သည်။ ကယ်ရစ်ဗျန် ပင်လယ်ကမ်းခြေဘက်တွင် မိုးအများဆုံးရွာသွန်း၍၊ ပစိဖိတ်ကုန်းပြင်မြင့်များနှင့် အနောက်ဘက်မြေနိမ့်ရပ်ဝန်းများတွင် မိုးအတော်အသင့် ရွာသွန်း၏။ မတ်စကီးတိုးမြေနိမ့်ရပ်ဝန်းသည် ကမ္ဘာပေါ်ရှိ မိုးအများဆုံးရွာသွန်းရာဒေသများတွင် အပါအဝင်ဖြစ်သည်။ အလယ်ပိုင်းကုန်းပြင်မြင့်များတွင်ကား ကောက်ပဲသီးနှံများ စိုက်ပျိုးဖြစ်ထွန်းရုံလောက်သာ ရွာသွန်း၏။ နစ်ကရားဂွ အလယ်ပိုင်းတွင် ရာသီဥတုသည် အတန်ငယ်အေးသဖြင့် ထင်ရှားတောများနှင့် ဝက်သစ်ချတောများ ပေါက်ရောက်သည်။ မြက်ခင်းလွင်ပြင်များကိုလည်း ကြိုးကြား တွေ့ရလေသည်။

နစ်ကရားဂွနိုင်ငံ၏ လူဦးရေသည် ၁၉၅၀ ပြည့်နှစ်တွင် ခန့်မှန်းခြေ ၁၀၅၇၀၂၃ယောက်ဖြစ်ရာ၊ အလယ်ပိုင်း အမေရိကန်နိုင်ငံများထဲတွင် အကျယ်အဝန်းဆုံး ဖြစ်သော်လည်း လူနေကျဆုံးဖြစ်လေသည်။ နစ်ကရားဂွနိုင်ငံသူ နိုင်ငံသားများသည် အများအားဖြင့် စပိန်လူမျိုးနှင့်အင်ဒီးယန်းလူမျိုးတို့မှ ဆင်းသက်ပေါက်ပွားလာသူများဖြစ်သည်။ လူဦးရေ ၅ ပုံ ၁ ပုံနီးပါးမှာ နီးဂရိုးလူမျိုးဖြစ်သည်။ ထိုပြင် ဥရောပတိုက်သား အများအပြားလည်း နေထိုင်လျက်ရှိ၏။ ဗရင်ဂျီဂိုဏ်းဝင်များပြားသည်။ သို့သော် အယူဝါဒလွတ်လပ်မှု ရှိလေသည်။

နစ်ကရားဂွနိုင်ငံသည် မြေသြဇာအလွန်ကောင်းသည်။ နိုင်ငံသူနိုင်ငံသားအများစုမှာ တောင်သူလယ်သမားများ ဖြစ်၏။ နစ်ကရားဂွနိုင်ငံအရှေ့ပိုင်းတွင် ဂွက်ပျော၊ အပူပိုင်းထွက် သီးနှံများနှင့် ဝါဂွမ်းစိုက်ပျိုး၏။ နောက်ဘက်

နစ်ကရားဂွနိုင်ငံ တည်နေရာပြမြေပုံ

မြေနိမ့်ရပ်ဝန်းတွင် စပါး၊ ပဲအမျိုးမျိုး၊ ဖူးပြောင်း၊ အပူပိုင်းထွက်သီးနှံများ၊ ကိုကိုးနှင့်ကြေးစိုက်ပျိုးသည်။ မနားဂွအနီးရှိ ကုန်းပြင်မြင့်တွင် ကာဖီစိုက်ပျိုးသည်။ မိုးမများလွန်းသော အရပ်ဒေသများတွင် နွားများမွေးမြူသည်။

နစ်ကရားဂွနိုင်ငံသည် အခြားအလယ်ပိုင်း အမေရိကန်နိုင်ငံများထက် ဓာတ်သတ္တုပေါများသည်။ ရွှေ၊ ဘော်၊ ကြေးနီ၊ ကျောက်မီးသွေးနှင့် အဖိုးတန်ကျောက်မျက်ရတနာများကို အလယ်ကုန်းပြင်မြင့်အရှေ့ဘက်ပိုင်းတွင် တူးဖော်ရရှိ၏။ သို့သော် သယ်ယူပို့ဆောင်ရေးခက်ခဲ၍၊ လုပ်အားရှားပါးသဖြင့် အကြီးအကျယ်တူးဖော်လုပ်ကိုင်ခြင်းမပြုရသေးပေ။

နစ်ကရားဂွနိုင်ငံ၏ အဓိကထွက်ကုန် တို့သည် ရွှေ၊ ကာဖီနှင့်ဂွက်ပျောဖြစ်ကြသည်။ ထိုပြင် ဝါဂွမ်း၊ ကြက်ပေါင်စေး၊ သားရေစိမ်း၊ ဆေးရွက်၊ မဟော ဂနီသစ်သား စသည်တို့လည်းထွက်သည်။ အဓိကထွက်ကုန်များမှာ စက်ကိရိယာ၊ အထည်အလိပ်၊ ဆီများ၊ ဓာတုဗေဒ ပစ္စည်းများနှင့် စားကုန်သောက်ကုန်များဖြစ်လေသည်။

နစ်ကရားဂွနိုင်ငံရှိ ထက်ဝက်ခန့်မျှသော လူဦးရေသည် စာရေးစာဖတ် မတတ်ကြပေ။ သို့သော် ထိုအခြေအနေကို တိုးတက်ကောင်းမွန်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ အထက်တန်းကျောင်းများသည် ကိုယ်ပိုင်ကျောင်းများဖြစ်၍၊ အစိုးရက ထောက်ပံ့ကြေးများပေးထားလေသည်။ ထိုပြင် အစိုးရသည် စစ်တက္ကသိုလ်ကျောင်းတစ်ကျောင်း ဖွင့်လှစ်ထားရှိ၏။ လေယွန်၊ ဂရာနားဒါးနှင့် မနားဂွမြို့များတွင် တက္ကသိုလ်များရှိသည်။ နိုင်ငံတော်ရုံးသုံးဘာသာစကားမှာ စပိန်ဘာသာစကားဖြစ်လေသည်။ သို့သော် ကျောင်းများတွင် အင်္ဂလိပ်ဘာသာကို သင်ကြားပေးသည်။

နစ်ကရားဂွနိုင်ငံသည် သမ္မတနိုင်ငံဖြစ်သည်။ သမ္မတကို ၆ နှစ်တကြိမ်ရွေးကောက်တင်မြှောက်၏။ ယင်းသည် ဝန်ကြီး၁၇ဦး၏အကူအညီဖြင့်နိုင်ငံကို အုပ်ချုပ်သည်။ ဌာနကြီး ၁၅ခုနှင့် ဒေသကြီး ၂ ခုတို့ကို ဝန်ကြီးတစ်ဦးစီကခွဲဝေကာ တာဝန်ယူရလေသည်။ နစ်ကရားဂွကွန်ဂရက်လွှတ်တော်တွင် အဖွဲ့ဝင် ၁၆ ဦးပါဝင်သော ဆီးနိတ်လွှတ်တော်နှင့် အဖွဲ့ဝင် ၄၂ဦးပါဝင်သော ပြည်သူ့လွှတ်တော်ဟူ၍ ဥပဒေပြုလွှတ်တော် နှစ်ရပ်ပါဝင်သည်။ ယင်းတို့ကို ၆ နှစ်တစ်ကြိမ် ရွေးကောက် တင်မြှောက်ရ၏။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို မကြာခဏပြင်ဆင်ခဲ့ရာ၊ ၁၉၅၀ပြည့်နှစ်တွင် နောက်ဆုံးအကြိမ်ပြင်ဆင်ခဲ့၏။ သို့သော် အခြေခံဥပဒေသည် အရေးပါသင့်သလောက်မပါလှဘဲ၊ အုပ်ချုပ်ရေးမှာ စင်စစ် အားဖြင့် အာဏာရှင်စံနစ်မျိုးဖြစ်နေသည်။ မည်သို့ဖြစ်စေ တရားလွှတ်တော်ချုပ်မှ

www.foreverspace.com.mm

တရားဝန်ကြီးများကိုကား ပြည်သူလူထု၏ မဲဆန္ဒဖြင့်ရွေးကောက်တင်မြှောက်သည်။

နစ်ကရားဝန်ကြီး၏မြို့တော်သည် မနားဝအိုင်၏ကမ်းခြေရှိ မနားဝမြို့ဖြစ်၍၊ ၁၉၅၀ပြည့်တွင် ခန့်မှန်းခြေလူဦးရေ ၁၀၉၃၅၂ ယောက်ရှိသည်။ ၁၉၃၁ခုက မြေငလျင်ကြောင့် အကြီးအကျယ်ပျက်စီးခဲ့၏။ ပစိဖိတ်ကမ်းခြေမြောက်ပိုင်းရှိ ကိုရင်တိုမြို့သည် အရေးအပါဆုံးသောသင်္ဘောဆိပ်မြို့ဖြစ်၍၊ နိုင်ငံ၏ ကုန်တင်ကုန်ချ ၃ ပုံ ၂ ပုံကို ဤဆိပ်ကမ်းတွင် ပြုလုပ်သည်။ ထိုမှအရှေ့တောင် ၂၅ မိုင်ခန့်အကွာရှိ လေယွန်မြို့တွင်ကား ခေတ်မီအဆောက်အအုံများရှိ၏။

၁၅၀၂ခုနှစ်တွင် ခရစ္စတိုဖာကိုလံဘတ်သည် ဆန်ဟွမ်မြစ်ဝသို့ဆိုက်ရောက်လာခဲ့သည်။ နောက်အနှစ် ၂၀ ခန့်ကြာသောအခါ၊ စပိန်လူမျိုး ဟီးလဂန်းသား လိတ်သေအားဗီးလားသည် နယ်ပယ်လှည့်လည် စူးစမ်းရှာဖွေရန်အတွက် ပနားမားကျွန်းဆွယ်မှနေ၍၊ မြောက်ဖက်သို့ ခရီးထွက်ခဲ့လေသည်။ ထိုဒေသတစ်ဝိုက်ကို နစ်ကရားဝန်ကြီးဟုခေါ်သည်မှာ နစ်ကရားဝခေါ် အင်ဒီးယန်းလူမျိုးစုနှင့် ပေါင်းသင်းဆက်ဆံရသည်မှာ လွယ်ကူသည့်အပြင်ယင်းတို့ပင် အခြားအင်ဒီးယန်းလူမျိုးစုများကို ကူညီနှိမ်နင်းပေးခဲ့လေသည်။

၁၅၄၂ခုနှစ်တွင် ဂရားနားဒါးမြို့ကို တည်ထောင်ခဲ့၏။ စပိန်တို့၏လက်အောက်ခံဖြစ်သောကိုလိုနီခေတ်တွင် နစ်ကရားဝကို ဂါတီမားလမြို့တော်မှနေ၍၊ ကပွတိန် ဂျင်နရယ်တစ်ဦးကအုပ်ချုပ်ခဲ့ရာ၊ ပြင်ပလောကနှင့် အဆက်အသွယ်မရှိသလောက်ဖြစ်ခဲ့ရလေသည်။ ၁၈၂၁ခုတွင် အခြားသောအမေရိကန်အလယ်ပိုင်းတိုင်းပြည်များနှင့်အတူ စပိန်တို့၏လက်အောက်မှ ပုန်ကန်ထကြွကာ၊ လွတ်လပ်ရေးကိုရယူခဲ့၏။ သို့သော်ပဌမတွင် မက္ကဆီကိုနိုင်ငံတော်နှင့် ပူးပေါင်းခဲ့၍၊ နောင်သောအခါ အမေရိကန်အလယ်ပိုင်းအဖွဲ့ချုပ်နှင့် ပူးပေါင်းခဲ့ပြီးလျှင်၊ နောက်ဆုံးတွင် ၁၈၃၈ခု၌ လွတ်လပ်သောသမ္မတနိုင်ငံ ဖြစ်လာလေသည်။

နစ်ကရားဝန်ကြီးသမ္မတနိုင်ငံသည် အုပ်စုများအသီးသီးအကြားတွင် ပေါ်ပေါက်လျက်ရှိသောအခက်အခဲများအကြောင်းတို့နှင့်သာပြည့်နှက်နေလေသည်။ ယင်းသည် အခက်အခဲများသည် မကြာခဏဆိုသလိုပင် ပုန်ကန်ထကြွမှုများ၊ လက်နက်ကိုင်ပဋိပက္ခမှုများနှင့် ဖြေရှင်းပေးရသည့်အဖြစ်သို့ဆိုက်ရောက်သွားခဲ့သည်။ သယ်ယူပို့ဆောင်ရေးနှင့်ကူးသန်းသွားလာရေး ချို့တဲ့သဖြင့်၊ အချို့သောဒေသများမှာ အရောက်အပေါက်နည်းပါးလှသည့်အပြင်၊ ထိုဒေသများတွင် နေထိုင်ကြသူများသည် အချင်းချင်းသူစိမ်းပြင်ပြင်ဖြစ်နေလေတော့၏။ ယင်းသို့ဖြင့် စည်းလုံးမှုနှင့် တိုးတက်မှုတို့တွင် များစွာနှောင့်နှေးခဲ့ရလေသည်။

နစ်ကရားဝသမ္မတနိုင်ငံ တည်ထောင်ခဲ့ပြီးနောက် အနှစ် ၂၀ မျှ လေယွန်နှင့် ဂရာနားဒါးမြို့များသည် နိုင်ငံအားကြီးစိုးမှုနှင့် စပ်လျဉ်း၍အချင်းများခဲ့၏။ ၁၈၅၅ခုနှစ်တွင် ဂရားနားဒါးမြို့အနီးရှိ မနားဝမြို့ကို မြို့တော်အဖြစ်သတ်မှတ်လိုက်သောအခါ လေယွန်မြို့သူမြို့သားများသည် မခံမရပ်နိုင်ဖြစ်ကာ၊ အမေရိကန်ပြည်ထောင်စု၊ တင်နက်ဆီပြည်နယ်သားတစ်ဦးဖြစ်သော ဝီလျံဝေါ့ကားနှင့် သူ၏အဖော် ၆၆ ဦးတို့၏ အကူအညီကိုရယူခဲ့၏။ သို့သော် ဝေါ့ကားသည် အရေးကိစ္စများကို မိမိသဘောအတိုင်းလုပ်ဆောင်ကာ၊ နစ်ကရားဝန်ကြီးသမ္မတအဖြစ်ပင် တစ်နှစ်မျှခံယူခဲ့သေးသဖြင့်၊ လေယွန်မြို့သူမြို့သားများသည် သူ့အားဖိတ်ခေါ်မိသည်ကို နောင်တကြီးစွာရရှိခဲ့လေသည်။ နောင်သောအခါ ဗြိတိသျှ၊ အမေရိကန် သင်္ဘောကုမ္ပဏီများနှင့်နိုင်ငံနီးချင်းအစိုးရတို့သည် ဝီလျံဝေါ့ကားကို နှင်ထုတ်သဖြင့်၊ ဝီလျံဝေါ့ကားလည်း နစ်ကရားဝန်ကြီးဝမ္ပထွက်ပြေးလေသည်။ ထိုသူသည် နိုင်ငံတွင်းသို့ ပြန်ဝင်ရန် နှစ်ကြိမ်ကြိုးပမ်းခဲ့ရာ၊ ဒုတိယအကြိမ်တွင် ဟွန်ဒူးရပ်၌ ဖမ်းမိ၍ ပစ်သတ်ခြင်းခံရလေသည်။

၁၉၁၂ ခုနှစ်တွင် နစ်ကရားဝန်ကြီးဝင်၏ ပြည်တွင်းရေးသည် မငြိမ်မသက်ဖြစ်လာပြန်သဖြင့်၊ နိုင်ငံတွင်း ပြန်လည်ငြိမ်ဝပ်ပိပြားလာစေရန်အတွက် အမေရိကန်ပြည်ထောင်စုအစိုးရထံ အကူအညီတောင်းခဲ့ရလေသည်။ အမေရိကန်ပြည်ထောင်စုကလည်း ကမ်းတက်ရေတပ်သားများ စေလွှတ်၍ကူညီသည်။ ယင်းသို့ပင်အနှစ်အစိတ်မျှသောကာလအတွင်း အမေရိကန်ပြည်ထောင်စုသည် မကြာခဏပင် နစ်ကရားဝန်ကြီးဝင်ကို ကမ်းတက်ရေတပ်များ စေလွှတ်ချထား၍ ကူညီခဲ့ရသည်။ ၁၉၃၃ခုနှစ်တွင် အမေရိကန်ကမ်းတက်ရေတပ်သားများကို နောက်ဆုံး အကြိမ် ရုပ်သိမ်းခဲ့၏။

၁၉၃၂ခုတွင် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော ဆာကားဆားအား ရာထူးသက်တမ်းမကုန်ဆုံးမီ၊ ယင်း၏တူတော်သူ ဗိုလ်ချုပ်အားနားဆတားဆီယိုဆိုမိုးဆားက ရာထူးမှဖြုတ်ချလိုက်၏။ ဆိုမိုးဆားသည် ယင်းသို့ ရာထူးမတရားရယူခဲ့သော်လည်း၊ နောက်ဆုံးတွင် အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံနီးချင်းတို့က အသိအမှတ်ပြုအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ၁၉၃၆ခုနှစ်၌ သူ၏တပ်သားကွပ်ကဲသောရွေးကောက်ပွဲကြီးတွင် ဆိုမိုးဆားသည် သမ္မတအဖြစ်ရွေးကောက်ခြင်းခံရသည်။ ၁၉၃၉ခုနှစ်တွင် ကွန်ကရက်လွှတ်တော်အား အခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲရန် အမိန့်ပေး၍၊ သူ၏ရာထူးသက်တမ်းကိုလည်း ၁၉၄၇ခုနှစ်အထိတိုးမြှင့်ခဲ့သည်။ ထိုသို့ နှစ်ရှည်လများ အာဏာရှင် စံနစ်ဖြင့် အုပ်ချုပ်ခဲ့ရာ၊ ၁၉၄၄ခုနှစ်တွင် လက်နက်ကိုင်တော်လှန်မှုတစ်ရပ်ပေါ်ပေါက်ခဲ့၏။ ၁၉၄၇

www.foreverspace.com.mm

ခုနှစ်တွင် ဆိုမိုးဆားသည် ရာထူးမှနုတ်ထွက်သည်။ ၁၉၄၅ ခုနှစ်တွင် နစ်ကရားဝွန်ဝင်ငံသည် ကုလသမဂ္ဂသို့ဝင်ခဲ့၏။ ၁၉၄၉ ခုနှစ်တွင် မဟာမိတ်စာချုပ်တစ်ရပ် ချုပ်ဆိုကာ၊ ကော်စတာရီးကားနိုင်ငံနှင့် နယ်ခြားအချင်းများမှုများကို ပြီးပြတ်စေခဲ့လေသည်။

၁၉၅၀ပြည့်နှစ် မေလ ၆ ရက်နေ့တွင် ထိုစဉ်က သမ္မတဖြစ်သော ဗစ်တာရိုမန်ယီးရေးယေး ကွယ်လွန်ရာ၊ ကွန်ဂရက်က ဆိုမိုးဆားအားရေးယေး၏ ရာထူးသက်တမ်းကုန်သည်အထိ သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခဲ့သည်။ ထိုနောက် များမကြာမီကျင်းပခဲ့သောရွေးကောက်ပွဲတွင် ၁၉၅၁ခုမေလမှအစပြုသည့် ၆နှစ်ရာထူးသက်တမ်းအတွက် ဆိုမိုးဆားကိုပင် သမ္မတအဖြစ်တင်မြှောက်ခဲ့လေသည်။

နစ်ကလတ်ဇာဘုရင်များ။ ။၁၉ရာစုနှစ်ဦးတွင် ဥရောပတိုက်တစ်ဝန်းလုံး၌ တော်လှန်ရေးစိတ်ဓာတ်များ ပျံ့နှံ့နေရာ၊ ဇာဘုရင်တို့ စိုးမိုးအုပ်ချုပ်သောရှုရှနိုင်ငံသို့လည်း ထိုစိတ်ဓာတ်သည် ကူးစက်လာလေသည်။ ထိုကြောင့် တော်လှန်ရေးစိတ်ဓာတ်ပြင်းပြသော ရှုရှလူငယ်များသည် လျှို့ဝှက်သောအသင်းအပင်းများဖွဲ့ကာ တော်လှန်စေရန်၊ အဖိနှိပ်ခံနေရသောလူထုကို လှုံ့ဆော်ပေးလေသည်။ သို့ဖြင့် ဒီဇင်ဘာလတော်လှန်ရေးသမားများဟုခေါ်သော ရှုရှတော်လှန်ရေးအဖွဲ့ဝင်များသည် ပဌမဇာဘုရင် အယ်လက်ဇန္ဒာအား တော်လှန်ရန် ကြိုးပမ်းကြစဉ်၊ ၁၈၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း၌ပင် ဇာဘုရင်အနိစ္စရောက်သွားလေသည်။

ရှုရှ ဇာဘုရင်နန်းဆက် နောက်ဆုံးစံ ဒုတိယနစ်ကလတ်

ပဌမနစ်ကလက် (ခရစ် ၁၇၉၆–၁၈၅၅)။ ထိုနောက် အယ်လက်ဇန္ဒာ၏ညီတော်သည် ပဌမနစ်ကလတ်အမည်ဖြင့်နန်းတက်ကာ၊ တော်လှန်ရေးသမားများအား နှိပ်ကွပ်ရာတွင် အချိုအားထောင်ချသည်။ အချိုအား နယ်ခြားသို့ ပို့သည်။ ကျန်တချို့ကို သုတ်သင်ပစ်လေသည်။

ပဌမနစ်ကလတ်သည်ကား တော်လှန်ရေးကိုဖိနှိပ်သူသက်သက်ပင်ဖြစ်သည်။ သူသည် အာဏာရှင်သဖွယ်အုပ်စိုးသည်။ သူ၏လက်ထက်တွင် ရှုရှနိုင်ငံ၌ ဘုရင့်သူလျှိုများ အနှံ့အပြားချထား၍၊ အစိုးရကို ဝေဖန်သူများအားဖမ်းဆီး၍ အပြစ်ဒဏ်ပေးလေသည်။ တိုင်းပြည်လူထုအား ကျပ်တည်းစွာ အုပ်ချုပ်လေသည်။ သို့သော်လည်းအုပ်ချုပ်ပုံသည် စည်းကမ်းစံနစ် မကျသောကြောင့် လာဘ်ပေးလာဘ်ယူများပြားလှသည်။ နစ်ကလတ်လက်ထက်တွင် စစ်ပွဲများစွာဖြစ်ပွားသည်။ ၁၈၃၁ ခုနှစ်တွင်၊ ပိုလန်သူပုန်ကို နှိမ်နှင်းခဲ့ရ၏။ နစ်ကလတ်ဘုရင်ကား ရှုရှနိုင်ငံ၏နယ်နမိတ်ကို အစဉ်သဖြင့်၊ တောင်ဘက်သို့ တိုးချဲ့လိုသည်။ ထိုကြောင့် ၁၈၂၇–၂၉ ခုနှစ်တွင် တူရကီနိုင်ငံကို တိုက်ခိုက်၍၊ ဒန်းညူနယ်တောင်ပိုင်းသို့ မိမိသြဇာ ပျံ့နှံ့စေ၏။

၁၈၅၄ ခုနှစ်တွင်၊ ကရိုင်းမီးယားနယ်၌ အင်္ဂလိပ်နှင့်ပြင်သစ်တို့ကတစ်ဖက်၊ ရုရှတို့ကတစ်ဖက် စစ်မက်ဖြစ်ပွား၍၊ ထိုစစ်ပွဲကို ကရိုင်းမီးယားစစ်ပွဲဟုခေါ်လေသည်။ စစ်ဖြစ်ရသောအကြောင်းရင်းမှာ တူရကီပိုင် ကွန်စတန်တီနိုပယ်မြို့နှင့်တူရကီဘုရင် စူလတန်၏နယ်များကို သိမ်းယူလိုသောကြောင့်ဖြစ်လေသည်။ သို့ရာတွင် အင်္ဂလိပ်နှင့်ပြင်သစ်တို့က တူရကီဘက်မှ ကူညီတိုက်ပေးသည့်အတွက် နစ်ကလတ်ဘုရင်သည် မိမိစစ်ရေး မသာကြောင်းကို သိရှိရသောအခါ၊ စိတ်ထိခိုက်ရခြင်းကြောင့် ၁၈၅၅ ခုနှစ်တွင် ကွယ်လွန်လေသည်။ ထိုစစ်ပွဲကား ၁၈၅၆ ခုနှစ်တွင်မှ ပြီးဆုံးလေသည်။ ထိုဘုရင်ကွယ်လွန်သည့်နောက်၊ သူ၏ သားတော် ဒုတိယအယ်လက်ဇန္ဒာက ထီးနန်းဆက်ခံသည်။ ဒုတိယအယ်လက်ဇန္ဒာ ကွယ်လွန်သော်၊ သူ၏သားတော် တတိယအယ်လက်ဇန္ဒာက ထီးနန်းဆက်ခံသည်။

ဒုတိယနစ်ကလတ် (ခရစ် ၁၈၆၈–၁၉၁၈)။ ဒုတိယနစ်ကလတ်သည် ဇာဘုရင်နန်းဆက်တွင် နောက်ဆုံးစိုးစံသော ဘုရင်ဖြစ်သည်။ ၁၈၆၈ ခုနှစ်တွင် မွေးဖွားရ၏၊ တတိယအယ်လက်ဇန္ဒာ၏ သားတော်ဖြစ်သည်။ ၁၈၉၄ ခုနှစ်

www.forevermyspace.com.mm

အောက်ဗိုဘာလတွင် မင်းဖြစ်သည်။ ထိုဘုရင်ကား ပဌမ နစ်ကလတ်၏ မြစ်တော်ပင်တည်း။ ယခင် ဇာတိရင်များ ကဲ့သို့ပင် အာဏာကို လုံးဝလက်ဝယ်ထားလိုသည်။ သို့ရာတွင် သနားကြင်နာစိတ်ရှိသူဖြစ်၍၊ ပြည်သူလူထုအား ရက်ရက်စက်စက် ဖိနှိပ်ချုပ်ချယ်ခြင်းမပြုချေ။ သို့ဖြစ်သော်ငြားလည်း တော်လှန်ရေးသမားများကိုကား အထူး ဖိနှိပ်လေသည်။ ထိုကြောင့် တစ်နှစ်အတွင်းလူပေါင်း ၁၈၀၀၀၀ ကျော်မျှကို ဆိုက်ဗီးရီးယားသို့ နယ်နှင်ဒဏ်ပေးလေသည်။ နိုင်ငံရေးနှင့်အုပ်ချုပ်ရေးတို့၌ကား အစီအမံ အကွပ်အကဲပျော့ညံ့၍၊ နစ်ကလတ်ဘုရင်သည် မိဖုရား၏ သြဇာလွှမ်းမိုးခြင်းကိုသာ ခံရ၏။

၁၉၀၄–၀၅ ခုနှစ်များတွင်၊ ရုရှနှင့်ဂျပန် စစ်ဖြစ်ကြလေသည်။ ထိုအခါ ရုရှတို့ စစ်ရေးနိမ့်၍၊ နယ်အချို့ကို ဂျပန်အားပေးအပ်ရသည်။ ဤအတွင်း ရုရှနိုင်ငံစစ်ဘက်နှင့် အုပ်ချုပ်ရေးဘက်၌အကျင့်ဖောက်ပြား၍ လာဘ်စားသော အရာရှိဆိုးများရှိနေကြောင်း ထင်ရှားလာသည်။ ပြည်သူတို့ကလည်း အစိုးရအပေါ် မကျေမနပ်ဖြစ်လာ၏။ သပိတ်များ အဓိကရုဏ်းများ ဖြစ်လာ၏။ တော်လှန်ရေးလုပ်ငန်းများလည်းပျံ့နှံ့လာ၏။ ထိုကြောင့် နောက်ဆုံးတွင် ဇာတိရင်လည်း 'ဒူးမား'ခေါ် ဥပဒေပြု လွှတ်တော်ကို ခေါ်ပေးရသည်။ သို့ရာတွင် ဇာတိရင်သည် အမျိုးမျိုးပရိယာယ်ဆင်၍၊ မိမိကြိုးကိုင်ခံမည့် လွှတ်တော် ဖြစ်အောင် ကြိုးစားသည်။ ထိုကြောင့်ပင် ပြည်သူတို့သည်လုံးဝမကျေနပ်ချေ။ တော်လှန်ရေးလှုပ်ရှားမှုများသည်သာလျှင် တစ်နေ့တခြားပြင်းထန်လာသည်။ ဇာတိရင်၏အစိုးရကလည်း တော်လှန်ရေးသမားများအား ဖမ်းဆီး၊ ထောင်ချ၊ နယ်နှင်စသည်ဖြင့် အမျိုးမျိုး ဖိနှိပ်အုပ်ချုပ်လေသည်။

၁၉၁၄ ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားသော အခါ၊ ရုရှသည် အင်္ဂလိပ်၊ ပြင်သစ်တို့နှင့် ပူးပေါင်း၍၊ ဂျာမနီကို တိုက်လေ၏။ ရုရှစစ်ဗိုလ်နှင့် အရာရှိတို့၏ ညံ့ဖျင်းမှုနှင့် ဖောက်ပြန်မှုတို့ကြောင့်၊ ပဌမနှစ်နှစ်တွင် ရုရှတို့သည် နေရာတကာ၌ အရှုံးကြီးရှုံးကြသည်။ အစိုးရသည်လည်း ဒူးမားလွှတ်တော်နှင့်ပူးပေါင်းဆောင်ရွက်ခြင်း မရှိပေ။ ထိုစဉ်က ဂျာမနီနှင့် သီးခြားငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုမည့် လေသံများဖြစ်ပေါ်လာ၏။

သို့ဖြစ်၍ ၁၉၁၇ ခုနှစ် မတ်လတွင် တော်လှန်ရေးယမ်း အိုးကြီးပေါက်ကွဲသဖြင့်၊ ဇာတိရင်၊ မိဖုရားနှင့် သားတော်သမီးတော်များအား ဗော်လရှီဗစ်ဂိုဏ်သားတို့က ဖမ်းဆီးချုပ်နှောင်ထား၍၊ ၁၉၁၈ ခုနှစ်တွင် သုတ်သင်လိုက်လေသည်။ ဤသို့ဖြင့် ရုရှနိုင်ငံ၌ နှစ်ပေါင်းများစွာ သက်ဦးဆံပိုင် စိုးစံခဲ့သော ဇာတိရင်မင်းဆက်သည် ဤတွင်ပြတ်လေ၏။

နစ်ကယ်သတ္တု။ ။နစ်ကယ်ကို ၁၈၀၅ ခုနှစ်မှသာစတင်တွေ့ရှိခဲ့သဖြင့်၊ ကျွန်ုပ်တို့ အသုံးများသော သတ္တုစာရင်းတွင် နစ်ကယ်ပါဝင်ခဲ့သည်မှာ များစွာမကြာသေးပေ။ လွန်ခဲ့သည့် နှစ်ရာပေါင်း အနည်းငယ်ခန့်က ဗိုဟီးမီးယားနယ်တွင် သတ္တုတူးသမားများသည် ကြေးနီသတ္တုရိုင်းနှင့် အလွန်တူသော သတ္တုရိုင်းတစ်မျိုးကို အမှတ်တမဲ့ တွေ့ရှိခဲ့ကြ၍၊ ကြေးနီ သတ္တုရိုင်းဟု အထင်မှားပြီးလျှင် ကျိုချက်ခဲ့ကြရာ၊ ကြေးနီမထွက်သည်ကို တွေ့ရှိခဲ့ကြသည်။ ထိုအချိန်မှအစပြု၍ ထိုသတ္တုရိုင်းကို အလွန်ဒုက္ခပေးသော နတ်ဆိုးဟုအဓိပ္ပါယ်ရသည့် နစ်ကယ်ဟူသော ဝေါဟာရဖြင့် မှည့်ခေါ်ခဲ့လေသည်။

နှစ်ပေါင်းများစွာကြာပြီးနောက်၊ ဤသတ္တုရိုင်းမှ နစ်ကယ်သတ္တုကို ထုတ်ယူရရှိလာသောအခါ၊ ယခင်ပေးထားသည့် အမည်ဖြင့်ပင်၊ ထိုသတ္တုကို မှည့်ခေါ်ခဲ့သည်။ ယခုကျွန်ုပ်တို့သုံးစွဲလျက်ရှိသောနစ်ကယ်ကို ကနေဒါနိုင်ငံ အွန်တေးရီးယိုးပြည်နယ်ရှိ ဆဒ်ဗာရီမြို့မှရရှိသည်။ ဤသတ္တုတွင်းသည် ဘဲဥပုံသဏ္ဌာန်ရှိ၍၊ အလျား ၃ဖိုင်၊ အနံမိုင် ၃၀ရှိသည်။ ထိုတွင်းကို ၁၈၈၃ခုနှစ်၌ ကနေဒီယန်ပစိဖိတ်မီးရထားလမ်းဖောက်လုပ်ခဲ့စဉ်က စတင်တွေ့ရှိခဲ့သည်။ ဤသတ္တုတွင်းကိုမတွေ့ရှိမီအချိန်အခါက၊ နစ်ကယ်ကို သြစတြေးလီးယားတိုက်၏ အရှေ့မြောက် ၁၀၇၇မိုင်အကွာရှိ နယူးကယ်လီဖိုးနီးယားကျွန်းမှ ရရှိခဲ့ကြသည်။

နစ်ကယ်သည် အဖြူတွင် အဝါရောင်အနည်းငယ်သန်းနေသောသတ္တုဖြစ်၏။ ကိုဗော့ကဲ့သို့ သံလိုက်သတ္တိ အနည်းငယ်ရှိ၏။ နန်းဆွဲ၍ရ၏။ အပြားရိုက်ခတ်၍ လည်းရ၏။ မာသောသတ္တုတစ်မျိုးဖြစ်သော်လည်း၊ သံမဏိလောက်မမာချေ။ သို့သော် သံမဏိအပျော့စားတွင် နစ်ကယ်ရောပေးသောအခါ၊ သံမဏိမှာ နဂိုထက် ခက်မာလာ၏။ ရိုးရိုးသံမဏိနှင့် နစ်ကယ်ရောထားသော သံမဏိ နှစ်မျိုးတွင်၊ ရိုးရိုးသံမဏိသည် တန် ၁၀၀ ဖိအားကိုခံနိုင်လျှင်၊ နစ်ကယ်ရောထားသောသံမဏိသည် နစ်ကယ်အချိုးကိုလိုက်၍ တန် ၁၃၀ မှ ၁၈၀ အထိ ခံနိုင်၏။

နစ်ကယ်ကိုပွတ်တိုက်ပေးသောအခါ၊ ပြောင်လက်လာ၏။ စက်ဘီးတွင်ပြောင်လက်နေသော အစိတ်အပိုင်းများသည် နစ်ကယ်ရည်သုတ်ထားသော ပစ္စည်းများဖြစ်၏။ နစ်ကယ်သည် ဤအစိတ်အပိုင်းများကို သစ်လွင်တောက်ပနေစေရုံမျှမကသေးဘဲ၊ အောက်ခံတွင်ရှိသော သံမဏိကို သံချေးမတက်အောင် ကာကွယ်ပေး၏။ ထိုကြောင့် ဗုံဗိုင်ခေါင်းများ၊ ရေချိုးခန်းအသုံးအဆောင်များ၊ မြင်းကကြိုးတန်ဆာပလာများ စသည်တို့တွင်ပါရှိသည့် သတ္တုအစိတ်အပိုင်းများနှင့် မော်တော်ကားပစ္စည်းများကို နစ်ကယ် ရည်သုတ်လိမ်းပေးလေ့ရှိကြသည်။

www.foreignspace.com.mm

နစ်ကယ်ရှာခိုင်နှုန်း ၃၀ ပါရှိသော သံမဏိကို အင်ဗာဟု ခေါ်ကြသည်။ အင်ဗာ၏ထူးခြားသောဂုဏ်တစ်ရပ်မှာ သာမန် အပူချိန်ပြောင်းလဲမှုကြောင့် ကြွထခြင်းမရှိသော အချက် ပင်ဖြစ်၏။ ရှေးအခါက သုံးစွဲခဲ့သော သံပေကြိုးများသည် သတ်မှတ်ထားသည့် အပူချိန်၌သာလျှင် တိကျမှန်ကန်၏။ အပူချိန်တိုးလာသောအခါ၊ သံကြိုးသည် ဆန့်ထွက်လာ၍၊ အပူချိန်နိမ့်ကျသွားသောအခါ၊ကျုံ့ဝင်သွားသဖြင့်၊တိကျ မှန်ကန်စွာတိုင်းတာလိုသည့် အလုပ်များတွင် အခက်အခဲနှင့် တွေ့ခဲ့ကြရ၏။ သို့သော် ယခုအခါ သံပေကြိုးများကို အင်ဗာဖြင့် ပြုလုပ်ထားသောကြောင့် ဤအခက်အခဲမျိုးကို မတွေ့ကြရတော့ပေ။

နစ်ကယ်သံမဏိတွင် ကရိမီယမ်ရောစပ်ပေးသောအခါ၊ သံချေးမတက်နိုင်သော နစ်ကယ်ကရိမီယမ်သံမဏိကို ရ သည်။ ယခုခေတ်စားပွဲသုံးဓား၊ မောင်းချောင်း၊ နာရီစသော အသုံးအဆောင်များကို နစ်ကယ်ကရိမီယမ်သံမဏိဖြင့်ပြု လုပ်လေ့ရှိရာ၊ ထိုသံမဏိမျိုးဖြင့်ပြုလုပ်ထားသော အသုံးအ ဆောင်များပေါ်တွင် အစွန်းခံသံမဏိဟု စာတမ်းများထိုး လျက်တွေ့ကြရသည်။ စစ်နှင့်ပတ်သက်၍လည်း နစ်ကယ် ကရိမီယမ်သံမဏိကို အမြောက်ဆံများနှင့် စစ်သင်္ဘော များတွင် သံချပ်ကာများပြုလုပ်ရန် အသုံးပြုကြသည်။

အချို့သော တိုင်းနိုင်ငံတို့တွင် နစ်ကယ်အစစ် သို့မဟုတ် နစ်ကယ်နှင့် ကြေးနီ သတ္တုရောဖြင့်ပြုလုပ်သောပိုက်ဆံကို အမြောက်အမြားသုံးစွဲကြသည်။ ပဌမကမ္ဘာစစ်ကြီး အတွင်း က ဩစတြီးယား၊ ဟန်ဂေရီ၊ ဂျာမနီနှင့် တူရကီနိုင် ငံတို့သည် မဟာမိတ်တို့၏ဝိုင်းဝန်းခြင်းကိုခံနေရ၍၊ အပြင် မှ နစ်ကယ်ကိုမရရှိခဲ့ခြင်းကြောင့်၊ မိမိတို့ တိုင်းပြည်များ တွင်သုံးစွဲလျက်ရှိသည့် နစ်ကယ်ပိုက်ဆံများကို သိမ်းယူပြီး လျှင် စစ်ပစ္စည်းများပြုလုပ်ရန် အသုံးချခဲ့ကြရလေသည်။

နည်းလေးဆယ် ॥ ॥ ပိဋ္ဌကတ်တော် ကျမ်းဂန်များသည် အထူးထူးသောနည်းတို့ဖြင့် သိမ်မွေ့နက်နဲ၏။ ထိုသိမ်မွေ့ နက်နဲကြောင်းဖြစ်သောနည်းတို့သည် လေးဆယ်မျှရှိ ကြသည်ဟု ဆိုစမှတ်ပြုကြကုန်၏။

ပိဋ္ဌကတ်အမော် ခင်ကြီးဟော်တောင်တွင်းသာသနာပိုင် ဆရာတော်ဘုရားကြီး စီရင်တော်မူခဲ့သော သဒ္ဒါကြီးပုဒ်စစ် ကျမ်း၌ကား၊ အချုပ်အားဖြင့် နည်းငါးဆယ့်ငါးပါးပြဆို ထား၏။ အပွားနှင့်တကွ ရေတွက်မူ၊ ထိုထက်မကများ ပြား၏။ ဆရာတော်ဦးပဉ္စတ်၏ နယမုခဒီပနီကျမ်းနှင့်အညီ ရေတွက်မူ၊ အပွားနှင့်တကွ နည်းတစ်ရာရှိ၏။ နည်း လေးဆယ်ဟုခေါ်စမှတ်ပြုသည့်အတိုင်း ခေါင်းစဉ်တပ်သော် လည်း၊ ဤ၌ကား ယခုခေတ်တွင်အသုံးပြုနေကျဖြစ်သော နည်းငါးဆယ့်ငါးပါးကိုပင် အကျဉ်းအားဖြင့် ပြဆိုပေအုံ့။

၁။ အနီးကိုဆိုသဖြင့် အဝေးကိုလည်းရသောနည်းသည် ပစ္စာသန္နနည်းမည်၏။ ပုံစံကား၊ ကာကေ ဝါရယမစ္ဆမှာ။ ॥ မစ္ဆမှာ၊ ငါးမှ။ ကာကေ၊ ကျီးတို့ကို။ ဝါရယ၊ တား မြစ်လော့။ ဤ၌ ကာကေဟူသောနည်းသည် ကျီးတည်း ဟူသောအနီးကိုဆိုသဖြင့်၊ သိန်း၊ စွန်၊ အစရှိသော အဝေး ကိုလည်း ရသောကြောင့် ပစ္စာသန္နနည်းမည်၏။

၂။ အစဉ်အတိုင်း မဆိုမူ၍ အနီးမှစ၍ ဆိုသောနည်းသည် ပစ္စာသတ္တိနည်းမည်၏။ ॥ပုံစံကား၊ သော ဣမံ လောကံ သဒေဝကံ သမာရကံ။ ॥သော၊ ထိုမြတ်စွာဘုရားသည်။ သ ဒေဝကံ၊ နတ်နှင့်တကွသော။ သမာရကံ၊ မာရ်နှင့်တ ကွသော။ ဣမံလောကံ၊ ဤလောကကို။ ॥ဤ၌ သ မာရကံ ဟူသောနည်းသည် နတ်ပြည်ခြောက်ထပ်တည်းဟူ သော ရသင့်တိုင်းကို မယူမူ၍၊ ဝသဝတ္တီနတ်ပြည်တည်း ဟူသောအနီးကိုသာ ယူရသောကြောင့် ပစ္စာသတ္တိနည်း မည်၏။

၃။ပြဓာန်းသည်ကိုဆိုသဖြင့် မပြဓာန်းသည်ကိုလည်း ရသောနည်းသည် ပဓာနနည်းမည်၏။ ပုံစံကား၊ ရာဇာ အာဂစ္ဆတိ။ ॥ရာဇာ၊ မင်းသည်။ အာဂစ္ဆတိ၊ လာ၏။ ဤ၌ ရာဇာဟူသောနည်းသည် မင်းတည်းဟူသော ပြဓာန်းသည်ကိုဆိုသဖြင့်၊ မပြဓာန်းသော ခြွေရံပရိသတ် ကိုလည်းရသောကြောင့် ပဓာနနည်းမည်၏။

၄။ အစိတ်ကိုမှတ်၍ဆိုသဖြင့် အပေါင်းကိုလည်းရသော နည်းသည် ဥပလက္ခဏာနည်းမည်၏။ ပုံစံကား၊ လဒ္ဓါတပ တ္တောရာဇကုမာရော။ ॥လဒ္ဓါတပတ္တော၊ ရအပ်သောထီး ဖြူရှိသော။ ရာဇကုမာရော၊ မင်းသား။ ॥ဤ၌ လဒ္ဓါတပ တ္တောဟူသောနည်းသည် ထီးဖြူတည်းဟူသောအစိတ်ကို ဆိုသဖြင့်၊ မင်းမြောက်တန်ဆာငါးပါးတည်းဟူသော အ ပေါင်းကိုလည်းရသောကြောင့် ဥပလက္ခဏာနည်းမည်၏။

၅။ အထင်ကိုဆိုသဖြင့် အလုံးစုံကိုရသောနည်းသည် နိဒဿနနည်းမည်၏။ ပုံစံကား၊ သဒ္ဓါဒေယျနိ ဘောဇာ နာနိဘုဉ္ဇိတွာ။ ॥သဒ္ဓါဒေယျနိ၊ သဒ္ဓါ၍ လျှုအပ်ကုန်သော။ ဘောဇနာနိ၊ ဘောဇဉ်တို့ကို။ ဘုဉ္ဇိတွာ၊ သုံးဆောင်ကုန်၍။ ॥ဤ၌ ဘောဇနာနိဟူသောနည်းသည် ဘောဇဉ်တည်း ဟူသော အထင်ကိုဆိုသဖြင့် ပစ္စည်းလေးပါးတည်းဟူသော အလုံးစုံကိုလည်း ရသောကြောင့် နိဒဿနနည်း မည်၏။

၆။ ဌာနနီဖြင့် ဌာနကိုမှတ်၍ အများကိုဆိုသဖြင့် အနည်းကို လည်းရသောနည်းသည် ယေဘုယျနည်းမည်၏။ ပုံစံကား၊ ခဒိရဝနံ၊ ရှားတောတည်း။ ॥ ဤ၌ ခဒိရဝနံဟူသောနည်း သည် ရှားပင်တည်းဟူသောဌာနီဖြင့် တောတည်းဟူသော ဌာနကို မှတ်၍၊ ရှားပင်တည်းဟူသော အများကိုဆိုသဖြင့်၊ ထိုတောဌ၌ရှိသော သစ်ဆိမ့်၊ ရှစ်ရှား၊ သဖန်းခါး အစရှိသော အနည်းကိုလည်း ရသောကြောင့် ယေဘုယျနည်းမည်၏။

www.foreverspace.com.mm

၇။ ဌာနဖြင့်ဌာနကိုမှတ်၍ အများကိုဆိုသဖြင့် အနည်းကိုလည်းရေးသာနည်းသည် တဗွဟုလနည်းမည်၏။ ပုံစံကား၊ ဝန စရကော၊ တောဌ် လှည့်လည်တတ်သူ။ ။ဤ၌ ဝနစရကောဟူသောနည်းသည် တောတည်းဟူသော ဌာနဖြင့် မုဆိုးတည်းဟူသောဌာနကိုမှတ်၍ တောဌ်ကျင်လည်ခြင်းတည်းဟူသော အများကိုဆိုသဖြင့် ရွာဌ် ကျင်လည်ခြင်းတည်းဟူသော အနည်းကိုလည်း ရသောကြောင့် တဗွဟုလနည်းမည်၏။

၈။ မကင်းရာကိုဆိုသဖြင့် မကင်းတတ်သည်ကိုလည်းရသောနည်းသည်နာနန္တရိကနည်း မည်၏။ ပုံစံကား၊ ဃတတ္ထိ ကဿ ဃဋ္ဌမာနယ။ ။ဃတတ္ထိကဿ၊ ထောပတ်ကို အလိုရှိသောသူအား။ ဃဋ္ဌံ၊ အိုးကို။ အာနယ၊ ဆောင်ခဲ့လော့။ ။ဤ၌ ဃဋ္ဌဟူသောနည်းသည် အိုးတည်းဟူသော မကင်းရာကို ဆိုသဖြင့်၊ ထောပတ်တည်းဟူသော မကင်းတတ်သည်ကိုလည်းရသောကြောင့် နာနန္တရိကနည်းမည်၏။

၉။ မကင်းတတ်သည်ကို ဆိုသဖြင့်၊ မကင်းရာကိုလည်းရသော နည်းသည် အဝိနာဘာဝနည်းမည်၏။ ပုံစံကား၊ အာတာပီနိပကော ဘိက္ခု။ ။အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော။ နိပကော၊ ရင့်သောပညာရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ။ ဤ၌ နိပကောဟူသောနည်းသည် ပညာတည်း ဟူသော မကင်းတတ် သည်ကို ဆိုသဖြင့် သတိတည်းဟူသော မကင်းရာကိုလည်း ရသောကြောင့် အဝိနာဘာဝနည်းမည်၏။

၁၀။ဆက်ဆံသဖြင့်မမှတ်မူ၍၊ မဆက်ဆံသဖြင့်မှတ်၍ ဆိုသောနည်းသာ အသာရေဏနည်းမည်၏။ ပုံစံကား၊ ဘေရိသဒ္ဒေါ။စည်သံ။ ။ဤ၌ကားဘေရိသဒ္ဒေါဟူသောနည်းသည် လက်ခတ်တည်းဟူသောတူရိယာမျိုးနှင့် ဆက်ဆံသဖြင့်မမှတ်မူ၍၊ စည်ကြီးတည်းဟူသောတူရိယာမျိုးနှင့် မဆက်ဆံသဖြင့်မှတ်၍ဆိုသောကြောင့် အသာရေဏနည်းမည်၏။

၁၁။ တက်ရာသက်ရာ၌ သားတို့၏ခြေရာကိုမြင်သဖြင့် ကျောက်ဖျာ၌သားတို့၏ခြေရာကို သိရသကဲ့သို့၊ အစ အဆုံးကိုဆိုသဖြင့် အလယ်ကိုလည်း သိရသောနည်းသည် မိဂပဒဝလဇ္ဇနည်းမည်၏။ ပုံစံကား၊ ကရဏာဝိယ သတ္တော သုပညာ ယသ မဟေသိနော။ ။ ယသမဟေသိနော၊ အကြင် မြတ်စွာဘုရား ဩသတ္တော သု၊ သတ္တဝါတို့၌။ ကရဏာဝိယ၊ ကရဏာကဲ့သို့။ ပညာ၊ ပညာသည်။ (ပဝတ္တိတ္ထ၊ ဖြစ်လေပြီ) ။ ။ ဤ၌ ကရဏာပညာ ဟူသောနည်းသည် ကရဏာလျှင် အကြောင်းရှိသော သီလတည်းဟူသော အစ၊ ပညာတည်း ဟူသော အဆုံးကို ဆိုသဖြင့် သမာဓိတည်းဟူသော အလယ်ကိုလည်း သိရသောကြောင့် မိဂပဒဝလဇ္ဇနနည်း မည်၏။

၁၂။ တစ်ပုဒ်တည်းဖြစ်လျက် သတ္တိပြားသဖြင့် နှစ်နက်ရကောင်းသောနည်းသည် ဘိန္နသတ္တိ သမဝေတနည်း မည်၏။ ပုံစံကား၊ သေတောဓာဝတိ။ ။သေတော၊ ဖြူသော သတ္တဝါသည်။(ဝါ)သာ၊ ခွေးသည်။ ဣတော၊ ဤအရပ်မှ။ ဓာဝတိ၊ ပြေး၏။ ။ ဤ၌ သေတောဟူသောနည်းသည် ဤသို့ တစ်ပုဒ်တည်းဖြစ်လျက် နှစ်နက်ရကောင်းသောကြောင့် ဘိန္နသတ္တိ သမဝေတနည်း မည်၏။

၁၃။ တစ်ပုဒ်တည်းဖြစ်လျက် အချင်းချင်းစပ်သဖြင့် များသောအနက်ကို ဟောစွမ်းနိုင်သောနည်းသည် သိလေသနည်းမည်၏။ ပုံစံကား၊ ပိဏ္ဍောတိဇနတံခုဓီ။ ။သုဓီ၊ လမင်းသည် (ဝါ) မြတ်စွာဘုရားသည်။ ဇနတံ၊ သတ္တဝါအပေါင်းကို။ ပိဏ္ဍောတိ၊ ပျို့စေတတ်၏။ ဤ၌ သုဓီဟူသောနည်းသည် တစ်ပုဒ်တည်းဖြစ်လျက် ဤသို့များသောအနက်ကို ဟောစွမ်းနိုင်သောကြောင့် သိလေသနည်းမည်၏။

၁၄။ ဆီမီးသည် တစ်ပြိုင်နက်အမိုက်ကို ဖျောက်ခြင်း၊ အလင်းကိုပြုခြင်း၊ ဆီကိုခန်းစေခြင်း၊ ဆီမီးစာကို ကုန်စေခြင်း ကိစ္စကိုပြီးစေနိုင်သကဲ့သို့၊ တစ်ပုဒ်တည်းဖြစ်လျက် များသောအနက်ကို ဟောစွမ်းနိုင်သောနည်းသည် ပဒီပနည်းမည်၏။ ပုံစံကား၊ ဥပဓာမိ ကိသရဝစနေ။ ။ အဓိကိ သရဝစနေ၊ လွန်သောအနက်ကိုအစိုးရသောသူရှိ၏ ဟူသောအနက်ကိုဟောသည်။ သတိ၊ ရှိသော်။ ဤ၌ ဣသရ ဟူသောနည်းသည် တစ်ပုဒ်တည်း ဖြစ်လျက် ဤသို့များသောအနက်ကို ဟောစွမ်းနိုင်သောကြောင့် ပဒီပနည်းမည်၏။

၁၅။ တစ်ခုသောယက်ကန်းသားသည် နှစ်ထပ်သော ချည်ဖြစ်သကဲ့သို့၊ တစ်ပုဒ်တည်းဖြစ်လျက် နှစ်နက်ကို ဟောစွမ်းနိုင်သောနည်းသည် တန္တနည်း မည်၏။ ။ ပုံစံကား၊ ဝသ ဝါဝု။ ။ဝသ၊ ဝသဓာတ်၏၊ ဝအက္ခရာ၏။ ။ဤ၌ နှစ်နက်ကို ဟောစွမ်းနိုင်သောကြောင့် တန္တနည်းမည်၏။ ၁၆။ တုခကိုချေ၍တစ်ခုကြွင်းပြုသောနည်းသည် ဧကသေ သနည်းမည်၏။ ပုံစံကား၊ ပုရိသောစ ပုရိသောစ ပုရိသာ။ ။ ပုရိသောစ၊ ယောကျ်ားလည်း။ ပုရိသောစ၊ ယောကျ်ား လည်း။ ပုရိသာ၊ ယောကျ်ားတို့။ ။ ဤ၌ ပုရိသာဟူသော နည်းသည် ပုရိသသဒ္ဒါတစ်ခုကို ချေ၍ ပုရိသသဒ္ဒါတစ်ခုကြွင်းပြုသောကြောင့် ဧကသေသနည်းမည်၏။

၁၇။ အနက်ပြားလျက် သဒ္ဒါချင်းတူသည်၏အဖြစ်ဖြင့် တစ်ခုတည်းညွှန်းပြသောနည်းသည် သာမည နိဒ္ဒေသနည်းမည်၏။ ပုံစံကား၊ သဟသေယျံ ကပ္ပေယျ။ ။သဟသေယျံ၊ သဟ၊ တကွ။ သေယျံ၊ တစ်မိုးတရံတည်းသော ကျောင်းအိပ်ရာနေရာ၌ အိပ်ခြင်းကို၊ ကပ္ပေယျ၊ ပြုကြားအံ့။ ။ဤ၌

www.facebookpage.com.mm

သေယျဟူသောနည်းသည် ဤသို့ အနက်ပြားလျက် သေယျသဒ္ဒါချင်းတူသည်၏အဖြစ်ဖြင့် တစ်ခုတည်း ညွှန်းပြသောကြောင့် သာမညနိဒ္ဒေနည်း မည်၏။

၁၈။ သစ်ပင်မရှိခဲ့သော် သစ်ပင်ရိပ် ပျောက်သကဲ့သို့၊ နိမိတ်မရှိခဲ့သော် ကာရိယပျောက်ရာသောနည်းသည် မဟိ ရှဟနည်းမည်၏။ ပုံစံကား၊ သတ္ထာတည်း။ ။ဤ၌ သတ္ထာဟူသောနည်းသည် သိဝိဘတ်တည်းဟူသော နိမိတ် မရှိခဲ့သော် အာအပြုတည်းဟူသော ကာရိယပျောက် သောကြောင့် မဟိရှတနည်း မည်၏။

၁၉။ စန္ဒြကန်ကျောက်ကြောင့်ဖြစ်သော ရေသည် စန္ဒြ ကန်ကျောက် မရှိသော်လည်း မပျောက်သကဲ့သို့၊ နိမိတ် မရှိသော်လည်း၊ ကာရိယမပျောက်သောနည်းသည် စန္ဒြကန္တ နည်းမည်၏။ ပုံစံကား၊ သတ္ထာလည်း။ ။ဤသတ္ထာ ဟူသောနည်းသည် သိဝိဘတ်တည်းဟူသော နိမိတ်မရှိ သော်လည်း၊ အာအပြုတည်းဟူသော ကာရိယမပျောက် သောကြောင့် စန္ဒြကန္တနည်း မည်၏။

၂၀။ သူရိယကန်ကျောက်ကြောင့်ဖြစ်သောမီးသည် သူရိယ ကန်ကျောက်မရှိသော်လည်းမပျောက်သကဲ့သို့၊ နိမိတ်မရှိ သော်လည်း ကာရိယမပျောက်သောနည်းသည် သူရိယကန္တ နည်းမည်၏။ ပုံစံကား၊ သတ္ထာတည်း ။ ။ဤသတ္ထာ ဟူသောနည်းသည် သိဝိဘတ် တည်းဟူသော နိမိတ်မရှိ သော်လည်း၊ အာအပြုတည်းဟူသော ကာရိယမပျောက် သောကြောင့် သူရိယကန္တနည်းမည်၏။ ယခုပြဆို ခဲ့ပြီးသောနည်းသုံးမျိုး ပုံစံနှင့်အဓိပ္ပါယ်တို့မှာ မထူးခြား သော်လည်း၊ နည်းတို့ကို ပြဆိုရာ၌ နာမည် ကွဲပြားသည်ကို ထောက်၍၊ သီးခြားနည်းသုံးခုအဖြစ်ဖြင့် ပြဆိုထားသည်။

၂၁။ သရက်ပင်ရင်း၌ ချိုးရေတည်ခြင်းဟူသော ကြိယာ တစ်ခုတည်းဖြင့် သရက်ပင်ကို ရေသွန်းခြင်း၊ ဆရာကို ရေချိုးစေခြင်း တည်းဟူသော နှစ်ကိစ္စပြီးသကဲ့သို့၊ တစ်ချက်တည်းပြသဖြင့် နှစ်နက်ပြီးသော နည်းသည် သမ္ဘ သေစန ဂရသိနာန နည်းမည်၏။ ပုံစံကား၊ သေသေသုစ သုတ်၏ ဥပါဟရဏ်၌ ကောပကာရောကထံ တည်း။ ။ ကောပကာရော၊ အဘယ်မည်သော အပြား။ ကထံ၊ အဘယ်မည်သောအပြား။ ။ဤ၌ ကောပကာရောဟူသော နည်းသည် တစ်ချက်တည်းပြသဖြင့် သုတ်၏ ဥဒါဟရဏ် ကိစ္စ၊ ကထံဟူသော ပုဒ်၏ဝါကျကိစ္စဟူသော နှစ်နက် ပြီးသောကြောင့် အမ္ဘသေစန ဂရသနာနနည်း မည်၏။

၂၂။ ဂေါသဒ္ဒါသည် ယှဉ်ဘက် ဗလိဗဒ္ဒသဒ္ဒါ၏အနက်ကို ချန်၍ နွားငယ်၊ နွားလတ်ဟူသော အနက်ကိုဟောသ ကဲ့သို့ ယှဉ်ဘက်သဒ္ဒါ၏အနက်ကိုချန်၍ ဟောသော နည်းသည် ဂေါဗလိဗဒ္ဒနည်းမည်၏။ ပုံစံကား၊ ဓမ္မောစ ဝိနယောစဒေသိတော ပညာတ္တော။ ။ဓမ္မောစ၊ တရား တော်ကိုလည်း။ ဒေသိတော၊ ဟောအပ်၏။ ဝိနယောစ၊ ဝိနည်းကိုလည်း။ ပညာတ္တော၊ ပညာတ်အပ်၏။ ။ဤ၌ ဓမ္မောဟူသောနည်းသည် ဝိနည်းပိဋကတ်တည်းဟူသော ယှဉ်ဘက်ဝိနယသဒ္ဒါ၏အနက်ကိုချန်၍ သုတ္တန် ပိဋကတ် အဘဓမ္မာ ပိဋကတ်တည်းဟူသောအနက်ကို ဟောသော ကြောင့် ဂေါဗလိဗဒ္ဒနည်းမည်၏။

၂၃။ ပုညသဒ္ဒါသည် ယှဉ်ဘက်ဉာဏသမ္ဘာရသဒ္ဒါ၏ အနက်ကိုချန်၍ ဉာဏ်၏အဆောက်အဦမှတစ်ပါး ကောင်း မှုကို သာဟောသကဲ့သို့၊ ယှဉ်ဘက်သဒ္ဒါ၏ အနက်ကို ချန်၍ ဟောသောနည်းသည် ပုညဉာဏသမ္ဘာရနည်းမည် ၏။ ပုံစံကား၊ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော တည်း။ ။ဤ၌ ဓမ္မောဟူသောနည်းသည် ဝိနည်း ပိဋကတ် တည်းဟူသော ယှဉ်ဘက် ဝိနယသဒ္ဒါ၏ အနက်ကို ချန်၍ သုတ္တန်ပိဋကတ် အဘိဓမ္မာ ပိဋကတ်ကိုသာ ဟောသော ကြောင့် ပုညဉာဏသမ္ဘာရနည်း မည်၏။

၂၄။ လိုက်သဖြင့် သိအပ်သော အနက်ရှိသောနည်းသည် အဓိကရနည်းမည်၏။ ပုံစံကား၊ ပုဗ္ဗောစတည်း။ ။ဤ၌ ပုဗ္ဗောစဟူသော နည်းသည်၊ ပုဗ္ဗော၊ ရှေ့သရသည်လည်း။ ဒီဃံ၊ ဒီဃအဖြစ်သို့။ ပဗ္ပေါတိ၊ ရောက်၏။ ဤသို့ ဒီဃ သဒ္ဒါလိုက်သဖြင့် သိအပ်သော အနက်ရှိသောကြောင့် အဓိကာရနည်းမည်၏။

၂၅။ လည်ပ်ယူအပ်သဖြင့် သိအပ်သောနည်းသည် အာ ဝုတ္တိနည်းမည်၏။ ပုံစံကား၊ ပုဗ္ဗောစတည်း။ ။ဤ၌ ပုဗ္ဗော စဟူသောနည်းသည်၊ ပုဗ္ဗော၊ ရှေ့သရသည်လည်း။ ဒီဃံ၊ ဒီဃအဖြစ်သို့။ ပဗ္ပေါတိ၊ ရောက်၏။ ဤသို့ ဒီဃသဒ္ဒါ ကိုလည်ပ်ယူအပ်သဖြင့် သိအပ်သောအနက်ရှိသောကြောင့် အာဝုတ္တိနည်း မည်၏။

၂၆။ ဝဲသည် အထပ်ထပ်လည်သကဲ့သို့ ရုပ်တစ်ခု၌ များစွာသောသုတ္တိဖြင့် စီရင်ရသောနည်းသည် အာဝဓ နည်း မည်၏။ ပုံစံကား၊ ပုရိသောတည်း။ ။ဤ ပပုရိသော ဟူသောနည်းသည် ရုပ်တစ်ခု၌သော၊ သရလောပေါ အစရှိသောများစွာသော သုတ်တို့ဖြင့် စီရင်ရသောကြောင့် အာဝဓနည်း မည်၏။

၂၇။ တစ်လှေဖြင့်တင်သောဝန်ကို တစ်လှေဖြင့်၊ တစ်လှည်း ဖြင့်တင်သောဝန်ကို တစ်လှည်းဖြင့်တင်ဆောင်သကဲ့သို့၊ ရုပ်တစ်ခု၌များစွာသော သုတ်တို့ဖြင့် စီရင်သော နည်းသည် နာဝါသကဠနည်းမည်၏။ ပုံစံကား၊ ပုရိသောတည်း။ ဤ၌ ပုရိသောဟူသောနည်းသည် ရုပ်တစ်ခု၌သော၊ သရလော ပေါအစရှိသော များစွာသောသုတ်တို့ဖြင့် စီရင်ရသော ကြောင့် နာဝါသကဠနည်းမည်၏။

၂၈။ အရေအတွက် အားလျော်စွာယူရသော နည်းသည် ယထာ သင်္ချနည်းမည်၏။ ပုံစံကား၊ ဣဝဏ္ဏော ဝဏ္ဏာ

www.foreverspace.com.mm

ဗျလား။ ။ ကျွာဝဏ္ဏ၊ ဝဏ္ဏာ၊ ကျွဝဏ် ဥဝဏ်တို့သည်။ ဗျလား၊ ဗျအမည်လအမည်ရှိကုန်၏။ ။ ဤ၌ ကျွဝဏ္ဏ၊ ဝဏ္ဏာဟူသောနည်းသည် ကျွဝဏ်သည် ဗျမည်၏။ ဥဝဏ်သည် လမည်၏ဟု အရေအတွက်အားလျော်စွာ ယူရသောကြောင့် ယထာသင်္ခ်ြနည်းမည်၏။

၂၉။ ထိုယထာသင်္ခ်ြနည်းသည်ပင် အစဉ်အတိုင်းယူရသောကြောင့် ယထာဂ္ဂမနည်းမည်၏။

၃၀။ ရသင့်သည်အားလျော်စွာ ယူရသောနည်းသည် ယထာလာဘနည်း မည်၏။ ပုံစံကား၊ သက္ခရ ကထလိကမွိမစ္ဆဂုမ္ဗ တိဋ္ဌန္တမွိ စရန္တမွိ ပဿတိ။ ။သက္ခရကထလိကမွိ၊ ကျောက်စရစ်အိုးခြမ်း။ မစ္ဆဂုမ္ဗမွိ၊ ငါးလိပ်အပေါင်း၊ တိဋ္ဌန္တမွိ၊ ရပ်သည်၊ စရန္တမွိ၊ သွားသည်တို့ကိုလည်းကောင်း။ ပဿတိ၊ မြင်၏။ ။ဤ၌ သက္ခရကထာလိကမွိ အစရှိသောနည်းသည် ကျောက်စရစ်အိုးခြမ်းကိုမြင်၏။ ငါးလိပ်ရပ်သည် ၊ သွားသည်ကို မြင်၏ဟုရသင့်သည် အားလျော်စွာယူရသောကြောင့် ယထာလာဘနည်းမည်၏။

၃၁။ တစ်ခုတည်း၌ တည်လျက် အလုံးစုံသော ဝါကျအားကျေးဇူးပြုတတ်သော နည်းသည် ဒီပကနည်းမည်၏။ ပုံစံကား အကာသိအတ္တနော အတ္ထံ၊ ပရတ္ထမွိစသော ဇိနော။ ။ သောဇိနော၊ ထိုမြတ်စွာဘုရားသည်။ အတ္တနော၊ ကိုယ်တော်၏။ အတ္ထံ၊ အကျိုးစီးပွားကို။ အကာသိ၊ ပြုတော်မူ၏။ ပရတ္ထမွိစ၊ သူတစ်ပါးတို့၏အကျိုးစီးပွားကိုလည်း။အကာသိ၊ပြုတော်မူ၏။ ။ဤ၌အကာသိဟူ သောနည်းသည်တစ်ခုတည်း၌ တည်လျက်အလုံးစုံသောဝါ ကျအားကျေးဇူးပြုတတ်သောကြောင့် ဒီပကနည်းမည်၏။

၃၂။ ဆိုခဲ့ပြီးသည်မှလည်းကောင်း၊ ဆိုလတ္တံ့သည်မှလည်းကောင်း အကြွင်းကိုယူရသောနည်းသည် ပါရိသေသနည်းမည်၏။ ပုံစံကား၊ သော ဣမံလောကံ သဒေဝကံ သမာရကံတည်း။ (အနက်ပေးခဲ့ပြီ။) ဤ၌ သဒေဝကံ ဟူသောနည်းသည် ဆိုလတ္တံ့သော ဝသဝတ္တီနတ်ပြည်မှအကြွင်းဖြစ်သော နတ်ပြည် ငါးထပ်ကို ယူရသောကြောင့် ပါရိသေသနည်းမည်၏။

၃၃။ ယဉ်သောနွားဖြင့် ရိုင်းသောနွားကို ဖမ်းသကဲ့သို့ ထင်သဖြင့် မထင်သည်ကို သိစေသောနည်းသည် ဂေါဂဏနည်း မည်၏။ ပုံစံကား၊ သေဋ္ဌန္တိ ပသတ္ထတရံ။ ။သေဋ္ဌန္တိ၊ သေဋ္ဌံတည်းဟူသည်ကား။ ပသတ္ထတရံ၊ အထူးသဖြင့် ချီးမွမ်းအပ်သည်တည်း။ ။ဤ၌ ပသတ္ထတရံဟူသောနည်းသည် ထင်သောတရပစ္စည်းဖြင့် မထင်သောတ္ထဋ္ဌပစ္စည်းကိုသိစေတတ်သောကြောင့် ဂေါဂဏနည်းမည်၏။

၃၄။ ကျီးသည် မျက်စိတစ်ဖက်ဖြင့် အစာနှင့် ရန်သူနှစ်ပါးကိုကြည့်သကဲ့သို့၊ နှစ်ပုဒ်ကိုင်ဲသောနည်းသည်ကာ ကောလောကန နည်းမည်၏။ ပုံစံကား၊ ရညော ပဟိတောဒူတော။ ။ရညော၊ မင်းသည်။ ပဟိတော၊ စေလွှတ်အပ်သော။ ဒူတော၊ တမန်။ တစ်နည်း၊ ပဟိတော၊ စေလွှတ်အပ်သော။ ရညော၊ မင်း၏။ ဒူတော၊ တမန်။ ။ဤ၌ ရညောဟူသောနည်းသည် ဤသို့ ပဟိတောနှင့်ဒူတောဟူသော နှစ်ပုဒ်ကိုင်ဲသောကြောင့် ကာကော လောကနနည်းမည်၏။

၃၅။ ၄က်သည် သစ်ပင်သို့ အလိုလိုကပ်သကဲ့သို့ သုတ်ဖြင့်မကပ်ဘဲ အလိုလိုကပ်သောနည်းသည် ရက္ခသကုဏနည်းမည်၏။ ပုံစံကား၊ အဂ္ဂိတည်း။ ဤ၌ အံမောနိဂ္ဂဟီတံစျလ ပေဟိဟူသောသုတ်ဖြင့်ပြုအပ်သော နိဂ္ဂဟိတ်သည်သုတ်ဖြင့် မကပ်ဘဲ ရှေ့သရသို့ အလိုလိုကပ်သောကြောင့် ရက္ခသကုဏ နည်းမည်၏။

၃၆။ ဆင်စွယ်ကိုဖြတ်သကဲ့သို့ သံဝဏ္ဏေတဗ္ဗပုဒ်ကို ဖြတ်၍ထားသောနည်းသည် ဒန္ဓစ္ဆေဒနနည်းမည်၏။ ပုံစံကား၊ ဝစနတ္ထောစသော ဝရောစာတိ ဝစနတ္ထဝရော။ ။ဝစနတ္ထောစ၊ ပါဠိတော်၏အနက်သည်လည်း။ သော၊ ထိုပါဠိတော်၏အနက်ဟူသည်။ ဝရောစ၊ မြတ်သည်လည်း။ (ဟောတိ၊ ဖြစ်၏။) ကျွတိ၊ ထိုကြောင့်။ ဝစနတ္ထဝရော ဝစနတ္ထ ဝရံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်ကို ဖြတ်၍ထားသောကြောင့် ဒန္ဓစ္ဆေဒန နည်းမည်၏။

၃၇။ ဆင်စွယ်ကိုတစ်ဖန်ပွတ်ပြန်သကဲ့သို့ သံဝဏ္ဏေတဗ္ဗအတိုင်း တစ်ဖန်ထားပြန်သောနည်းသည် ဒန္ဓသောဓနနည်းမည်၏။ ပုံစံကား၊ တံ ဝစနတ္ထ ဝရံတည်း။ ဤ၌ ဝစနတ္ထဝရံဟူသော နည်းသည် ဝစနတ္ထဝရံဟူသော သံဝဏ္ဏေတဗ္ဗပုဒ်အတိုင်း တစ်ဖန်ပြန်၍ ထားပြန်သောကြောင့် ဒန္ဓသောဓနနည်း မည်၏။

၃၈။ ဖြွေသည် အရေသစ်ကို ရသဖြင့် အရေဟောင်းကို စွန့်သကဲ့သို့ အနက်သစ်ကို ဟောသဖြင့် အနက်ဟောင်းကို စွန့်သော နည်းသည် တစောသဇနည်းမည်၏။ ပုံစံကား၊ ရညောပုတ္တော ရာဇပုတ္တော။ ။ရညော၊ မင်း၏။ ပုတ္တော၊ သားတည်း။ ရာဇပုတ္တော၊ မင်း၏သား။ ။ဤ၌ ရာဇပုတ္တောဟူသောနည်းသည် သမာသ်၌ သားဒြဗ်တည်းဟူသော အနက်သစ်ကို ဟောသဖြင့် မင်းဒြဗ်တည်းဟူသော အနက်သစ်ကိုဟောသဖြင့် မင်းဒြဗ်တည်းဟူသော အနက်ဟောင်းကို စွန့်သောကြောင့် တစောသဇနည်းမည်၏။

၃၉။ တစ်အိမ်၌ရသော ဆွမ်း၌ထပ်၍ တစ်အိမ်၌ ဆွမ်းကို ခံသကဲ့သို့ အနက်ဟောင်း၌ထပ်၍ အနက်သစ်ကို ဟောသောနည်းသည် ဘိက္ခာစရိယနည်း မည်၏။ ပုံစံကား၊ ရညောပုဗ္ဗတာရာဇပုတ္တောတည်း။ ။ဤ၌ ရာဇပုတ္တောဟူသောနည်းသည် မင်းဒြဗ်၏သားဒြဗ်နှင့်စပ်ခြင်းတည်းဟူသောနက်ဟောင်း၌ထပ်၍ သားဒြဗ်တည်းဟူသော အနက်သစ်ကိုဟောသောကြောင့် ဘိက္ခာစရိယနည်းမည်၏။

www.foreverspace.com.mm

၄၀။ ရဒေါ့ရတိုင်းကိုမယူမူ၍ အလွန်ကိုသာယူရသော နည်းသည် အတိသယနည်းမည်၏။ ပုံစံကား၊ အဘိရူပသ ဣညာဒါတဗ္ဗာ။ ။အဘိရူပသ၊ အလွန်အဆင်းလှသောသူ အား။ ကညာ၊ သတို့သမီးကို။ ဒါတဗ္ဗာ၊ ပေးအပ်၏။ ။ဤ၌ အဘိရူပသဟူသော နည်းသည်အဆင်းလှသော ယောကျ်ားတည်းဟူသောရသင့်တိုင်းကိုမယူမူ၍ အဆင်း လှသောယောကျ်ားအပေါင်းတို့တွင် အထူးသဖြင့် အဆင်းလှသောယောကျ်ားတည်းဟူသော အလွန်ကိုသာ ယူရသောကြောင့် အတိဘယနည်းမည်၏။

၄၁။ သစ်ပင်တက်ရာ၌ အထက်အောက် ခေါ်ဝေါ်သကဲ့သို့ အထက်အောက်မရကောင်းသော အနက်၌ အထက် အောက် ခေါ်ဝေါ်သောနည်းသည် ရက္ခာရဠနည်းနည်း၏။ ပုံစံကား၊ အဓောဠိတံ၊ အောက်၌တည်သော ဗျည်း။ ။ဤ၌ အဓောဠိတံဟူသောနည်းသည် အထက်အောက်မရကောင်း သောဗျည်းဟူသောအနက်၌ အထက်အောက်ဟူ၍ ခေါ်ဝေါ် သောကြောင့် ရက္ခာရဠနည်းမည်၏။

၄၂။ ခရီးသွားရာ၌ ရောက်ပြီးသည်ကိုနောက်၊ မရောက် သေးသည်ကိုရှေ့ခေါ်ဝေါ်သကဲ့သို့၊ ရှေ့ခေါ်ဝေါ်မြဲအတိတ်ကို နောက်၊ နောက်ခေါ်ဝေါ်မြဲ အနာဂတ်ကိုရှေ့ ခေါ်ဝေါ်သော နည်းသည် မဂ္ဂဂ္ဂမနည်းမည်၏။ ပုံစံကား၊ ပုရေအမ္မော ဒိပ္ပတိ။ ။အမ္မော၊ မသူတော်တရားသည်။ ပုရေဒိဗ္ဗတိမ တောပက်မီ။ တစ်နည်း၊ ပုရေဒိဗ္ဗတိ၊ တောက်ပမည်လည်း မသိ။ တစ်နည်း၊ ပုရေ၊ရှေ့၌။ ဒိဗ္ဗတိ၊ တောက်ပလတ္တံ့။ဤ ၌သုံးပါးသောအနက်တို့တွင် နောက်အနက်၌ အနာဂတ်ကို ရှေ့ဟုခေါ်ဝေါ်သောကြောင့် မဂ္ဂဂ္ဂမနည်းမည်၏။

၄၃။မဆိုသော်လည်း အိုအပ်သောအနက်ပြီးသောနည်း သည် အဝုတ္တသိဒ္ဓိနည်းမည်၏။ ပုံစံကား၊ ပဿေယျ တံ ဝဿသတံ အရောဂံ။ ။ဝဿသတံ၊ အနှစ်တစ်ရာပတ်လုံး။ အရောဂံ၊ အနာရောဂါကင်းသော။ တံ၊ သင့်ကို။ ပဿေ ယျ၊ ပဿေယျုံ၊ မြင်ရလိုမ်း။ ။ဤ၌ ပဿေယျုံ တံဝဿသ တံအရောဂံဟူသောနည်းသည် သင်အနှစ်တစ်ရာ အနာ ကင်းသည့်အဖြစ်ကို ငါမြင်လို၏ဟုဆိုသဖြင့်၊ မဆိုသော် လည်း ငါအသက်တစ်ရာရှည်လို၏ဟူသော လိုအပ် သော အနက်သည် ပြီးသောကြောင့် အဝုတ္တသိဒ္ဓိနည်းမည် ၏။

၄၄။ မကင်းရာသည် ဖြစ်၍ အနက်ရောက်သောအားဖြင့် ယူအပ်သောနည်းသည် အတ္ထာပန္နနည်း မည်၏။ ပုံစံကား၊ ဒေဝဒတ္တော ဒိဝါ နဘုတ္တောထူလော။ ။ဒေဝဒတ္တော၊ ဒေ ဒတ်သည်။ ဒိဝါ၊ နေ့အခါ၌။ နဘုတ္တော၊ မစားဘဲ။ ထူ လော၊ ဆူဖြိုး၏။ ။ဤ၌ ဒေဝဒတော ဒိဝါနဘုတ္တော ထူလော ဟူသောနည်းသည် အစာ၌ မကင်းရာသည်ဖြစ်၍ ညဉ့်၌စား၏ဟု အနက်ရောက်သောအားဖြင့် ယူသော ကြောင့် အတ္ထာပန္နနည်းမည်၏။

၄၅။ ပြန်သောအားဖြင့် ယူရသော နည်းသည် ဗျတိရေက နည်းမည်၏။ ပုံစံကား၊ ဟိယျတ္တနီသတ္တမ္မီပဗ္ဗမီဝတ္တမာနာ သဗ္ဗဓာတုကံတည်း။ ။ဤဟိယျတ္တနီ သတ္တမီ ပဗ္ဗမီ ဝတ္တမာ နာသပ္ပ ဓာတုကံဟူသောနည်းသည် ပရောက္ခာ၊ အဇ္ဇတနီ၊ တသ္မိန်၊ ကာလာတိပတ္တိဝိဘတ်တို့သည် အသပ္ပဋ္ဌာတ်မည် ကုန်၏ဟုပြန်သောအားဖြင့် ယူရသောကြောင့် ဗျတိရေက နည်းမည်၏။

၄၆။ တိုက်ရိုက်ဆိုတိုင်း ယူအပ်သောအနက်ရှိသောနည်း သည် နီတတ္ထနည်းမည်၏။ ပုံစံကား၊ ပါဏော နဟန္တပ္ပော။ ။ပါဏော၊ သတ္တဝါကို။ နဟန္တပ္ပော၊ မသတ်အပ်။ ။ ဤ ပပါဏော နဟန္တပ္ပောဟူသောနည်းသည် သတ္တဝါတစ်ဦး တစ်ယောက်ကိုမျှ မသတ်အပ်ဟုတိုက်ရိုက်ဆိုတိုင်း ယူအပ် သောကြောင့် နီတတ္ထနည်းမည်၏။

၄၇။ ဆောင်၍ယူအပ်သော အနက်ရှိသောနည်းသည် နေယျတ္ထနည်းမည်၏။ ပုံစံကား၊ သဗ္ဗေသတ္တာ ဒဏ္ဍသ။ ။ သဗ္ဗေအလုံးစုံသောသူတို့သည်။ ဒဏ္ဍသ၊ ဒဏ်မှ။ တသ္မာ၊ လန့်ကုန်၏။ ။ဤ၌သဗ္ဗေတသ္မာဒဏ္ဍသ ဟူသောနည်းသည် အနာဂါမ်ရဟန္တာ ပုဂ္ဂိုလ်ကို ထားရ၍ ခပ်သိမ်းသောသတ္တဝါတို့သည် ဒဏ်မှလန့်ကုန်၏ဟု ဆောင်၍ ယူအပ်သောအနက်ရှိသောကြောင့် နေယျတ္ထ နည်းမည်၏။

၄၈။ ဝါကျအနက်ကို အစဉ်လိုက်တတ်သော အနက်၌ ခေါ်ဝေါ်အပ်သောနည်းသည် အနုတ္တနည်းမည်၏။ ပုံစံ ကား၊ ဂစ္ဆတိတိ ဂေါ။ ။ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ၊ ထို့ကြောင့်၊ ဂေါ၊ ဂေါမည်၏။ ။ဤ၌ ဂေါဟူသောနည်း သည် သွားတတ်၏ဟူသော ဝါကျအနက်သို့ အစဉ်လိုက် တတ်သောနွားဟူသောအနက်၌ ခေါ်ဝေါ်အပ်သောကြောင့် အနုတ္တနည်း မည်၏။

၄၉။ထိုဝ်ထင်သောနည်းဖြင့် ဤ၌ခေါ်ဝေါ်အပ်သော နည်း သည် ရုဠှိနည်းမည်၏။ ပုံစံကား၊ ရူပါဒီသုသဒ္ဒတိတိသ တ္တော။ ။ ရူပါဒီသု၊ ရုပ်စသည်တို့၌။ သဒ္ဒတိ၊ ကပ်ငြိတတ် ၏။ ဣတိ၊ ထို့ကြောင့်။ သတ္တော၊သတ္တမည်၏။ ။ဤသတ္တော ဟူသောနည်းသည် ဆန္ဒရာဂရှိသောပုဂ္ဂိုလ်တည်း ဟူသော ထိုဝ်ထင်သောအားဖြင့် ဆန္ဒရာဂကင်းသောပုဂ္ဂိုလ်တည်း ဟူသောဤ၌ခေါ်ဝေါ်အပ်သောကြောင့် ရုဠှိနည်းမည်၏။

၅၀။ ရှေးဝ်ဖြစ်ဖူးသောအလားအားဖြင့် ထိုဝ်ခေါ်ဝေါ်အပ် သောနည်းသည် ဘူတပုဗ္ဗဂတိကနည်းမည်၏။ ပုံစံကား၊ ရူပါဒီသုသဒ္ဒတိတိသတ္တောတည်း။ (အနက်ပေးခဲ့ပြီ)။ ဤ၌ သတ္တောဟူသောနည်းသည် တပ်ခြင်းဟူသောရှေးဝ်ဖြစ်ဘူး သောအလားအားဖြင့် ဆန္ဒရာဂကင်းသောပုဂ္ဂိုလ်တည်း ဟူသောထိုဝ်ခေါ်ဝေါ်အပ်သောကြောင့် ဘူတပုဗ္ဗဂတိကနည်း မည်၏။

www.forumpeace.com.mm

၅၁။ ပြီးပြီးလျက်အလွန်အားဖြင့် ဆိုအပ်သောနည်းသည် ဥက္ကဋ္ဌနည်းမည်၏။ ပုံစံကား၊ ဧကုပ္ပါဒ နိရောဓစ ဧကာလမ္ဗဏ ဝတ္ထုကာ။ ။(ဓမ္မာ၊ စေတသိက်တို့သည်) ဧကုပ္ပါဒ နိရောဓ၊စိတ်နှင့်တကွ ဖြစ်ခြင်းတကွချုပ်ခြင်းလည်း ရှိကုန်၏။ ဧကာလမ္ဗဏ ဝတ္ထုကာစ၊ တူသောအာရုံ တူသောဝတ္ထုလည်းရှိကုန်၏။ ။ဤ၌ ဧကဝတ္ထုကာဟူသော နည်းသည် ဧကုပ္ပါ'နိရောဠှာစ ဧကာလမ္ဗဏာဟူ၍ဆိုက စိတ်နှင့်ယှဉ်သည် အဖြစ်သည် ပြီးပြီးလျက် အလွန်အားဖြင့် ဆိုအပ်သောကြောင့် ဥက္ကဋ္ဌနည်းမည်၏။

၅၂။ အပြားမဲ့အားဖြင့် ဆိုအပ်သောနည်းသည် အဘေဒ နည်းမည်၏။ ပုံစံကား၊ သမ္ဘောဂါမောအာဂတော။ ။သ မ္ဘော၊ အလုံးစုံသော။ ဂါမော၊ ရွာသည်။ အာဂတော၊ လာ၏။ ။ဤ၌ သမ္ဘောဂါမောဟူသော နည်းသည် ရွာနှင့် ရွာနေသူကို အပြားမဲ့အားဖြင့် ဆိုအပ်သောကြောင့် အဘေဒ နည်းမည်၏။

၅၃။ တစ်စိတ်အားဖြင့် ခေါ်ဝေါ်အပ်သောနည်းသည် ဧက ဒေသဝေါဟာရနည်းမည်၏။ ပုံစံကား၊ ဒတ္တော တည်း။ ။ ဒတ္တော၊ ဒေဝဒတ်။ ။ဤ၌ ဒတ္တောဟူသော နည်းသည် ဒေဝဒတ်ဟူသောအမည်ကို တစ်စိတ်အားဖြင့် ခေါ်ဝေါ်အပ် သောကြောင့် ဧကဒေသ ဝေါဟာရနည်း မည်၏။

၅၄။ အကွာရာလာခြင်းအစရှိသည်ကို စီရင်သောနည်းသည် နိရုတ္တိနည်းမည်၏။ ပုံစံကား၊ နကွတ္တရာ ဇာရိဝ တာရ ကာနံ။ ။တာရာကာနံ၊ ကြယ်တို့အား။ နကွတ္တရာဇက္ကေ၀ ၊ လမင်းကဲ့သို့တည်း။ ။ဤ၌ နကွတ္တရာဇာရိဝ ဟူသော နည်းသည် ရအကွာရာ လာ၍ စီရင်သောကြောင့် နိရုတ္တိ နည်းမည်၏။

၅၅။ လိင်အစရှိသည်ကို ပြန်သောနည်းသည် ဝိပလ္လာ သနည်းမည်၏။ ပုံစံကား၊ သိဝိပုတ္တာနိ အဝ္ဘယ။ ။သိဝိ ပုတ္တာနိ၊ သိဝိသားတို့ကို။ဒ္ဓအဝ္ဘယ၊ ခေါ်လော့။ ဤ၌ ပုတ္တာနိဟူသောနည်းသည် ပုတ္တောဟုဆိုအပ်သော ပုလ္လိင်ကို နပုံးလိင်အားဖြင့် ပုတ္တာနိဟု ပြန်သောကြောင့် ဝိပလ္လာလသ နည်းမည်၏။ (ဤနည်းတို့နှင့် စပ်လျဉ်း၍ အကျယ်သိလို သူတို့သည် သဒ္ဒါကြီးပုဒ်စစ်စုံကျမ်းလာနည်းစစ်တွင် ရှု လေ။) ဆရာဉာဏ်

နတ်။ ။နတ်ဆိုသည်မှာ သတ္တဝါတို့ ကိုးကွယ်အား ထားရာ ပုဂ္ဂိုလ်ကိုဆိုသည်။ ဝေါဟာရလိနတ္ထဒီပနီကျမ်း၌ 'ငါတို့မြန်မာမှာ နာထသဒ္ဒါကိုရည်၍ ခေါ်ဝေါ်သည်ယူရ မည်။ ထိုနာထသဒ္ဒါကား ကိုးကွယ်ရာ အနက်ရသည် မှတ်ရမည်'ဟု အဆိုရှိသည်။ ယင်းနတ်သည်လည်း–

(၁) ဝိသုဒ္ဓိနတ်။ ။ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ၊

(၂) ဥပပတ္တိနတ်။ ။နတ်ပြည်၊ ဗြဟ္မာပြည်၌ဖြစ်သော နတ်ဗြဟ္မာများ၊

(၃) သမ္မုတိနတ်။ ။မင်း၊ မိဖုရား၊ သားတော်၊ သမီးတော် များ၊

ဟူ၍သုံးမျိုးဖြစ်သည်။ ယင်းသုံးမျိုးတွင် ဘုရား၊ ပစ္စေက ဗုဒ္ဓ၊ ရဟန္တာများကို နတ်ဆိုသည်မှာ၊ ပစ္စုပ္ပန်ဘဝနှင့် တမလွန်ဘဝအတွက် စီးပွားချမ်းသာ ဖြစ်ထွန်းစေရန် လည်းကောင်း၊ ဘေးဥပဒ်အန္တရာယ်တို့ကို ကာကွယ်စေရန် လည်းကောင်း၊သတ္တဝါတို့ ကိုးကွယ် အားထားရာ ဖြစ်၍ ဆိုသည်။ (ဘုရား–ရှု။) နတ်ပြည်၊ ဗြဟ္မာပြည်၌ ဖြစ် သောနတ်ဗြဟ္မာများကို နတ်ဆိုသည်မှာ၊ အချို့လူတို့အယူ အဆအားဖြင့် ပစ္စုပ္ပန်ဘဝအတွက် စီးပွားချမ်းသာ ဖြစ်ထွန်းစေရန်လည်းကောင်း၊ ဘေးဥပဒ်အန္တရာယ်တို့ကို ကာကွယ်ရန် (ဝါ) မပြုလုပ်စေရန်လည်းကောင်း သတ္တဝါ တို့ ကိုးကွယ်အားထားရာ ဖြစ်၍ဆိုသည်။

အထူးအားဖြင့် နတ်ဆိုသော စကား၌၊ "သတ္ထာဒေဝ မနုဿာနံ"စသော ပါဠိတို့၌ ဒေဝအရၢနတ်နှင့် ဗြဟ္မာကို ယူရသကဲ့သို့၊ နတ်ဗြဟ္မာကိုယူရသောကြောင့် ဗြဟ္မာကို ထည့်သွင်း၍ ပြသည်။ (တစ်နည်း)နတ်ဆိုသော အစကား အရ၊ အကျဉ်းအားဖြင့်ရေတွက်သော်၊ ပိဋ္ဌကတ်တော် ကျမ်း၌ပါရှိသော နတ်များကား၊ နတ်ပြည်ခြောက်ထပ်ရှိ နတ်များ၊ ဗြဟ္မာဘုံနှစ်ဆယ်ရှိ ဗြဟ္မာများ၊ သုတ်မဟာဝါ ပါဠိတော်မဟာသမယသုတ်၌ ပါရှိသောနတ်များ၊ သုတ်ပါ ထေယျပါဠိတော် အာဠာနာဠိယသုတ်၌ ပါရှိသောနတ်များ၊ ဘူမဇိုဝ်း၊ ရုက္ခဇိုဝ်း၊ အာကသဇိုဝ်းနတ်များ စသည်တို့ ဖြစ်သည်။

(တစ်နည်း)လောကုတ္တရာဘက်ဆိုင်ရာ ပိဋ္ဌကတ်တော် ကျမ်းများ၌ ပါရှိသောနတ်များ၊ လောကီဘက်ဆိုင်ရာ ကျမ်းများ၊ ရာဇဝင်၊ မဟာဝင်၊ သာသနာဝင် စသောကျမ်း များ၌ပါရှိသောနတ်များ၊ ရေးစာဟောင်းစာတမ်းများ၌ ပါရှိသောနတ်များ၊ လူတို့မိရိုးဖလာ၊ အယူအဆစိတ်ဆန္ဒအ လျောက်ကိုးကွယ်အားထားကြသော နတ်များနှင့် ထိုထို အရပ်ဒေသတို့၌ ကိုးကွယ်ကြသောနတ်များကို ထည့်သွင်း ရေတွက်လျှင် အလွန်များပြားလှသည်။

ထိုသို့များပြားသော်လည်း ပြည်ထောင်စုမြန်မာနိုင် ငံတော် ဗလိနတ်စာပူဇော်နည်းစာအုပ်တွင်ပါရှိသော နတ်များစာရင်းကို အဓိကထား၍ပြဆိုပါမည်။ ထိုစာအုပ်တွင်ပါရှိသော နတ်များစာ ရင်းကား၊ ၁၂၁၈ ခုနှစ် တပို့တွဲလဆန်း ၈ ရက် တနင်္ဂနွေ နေ့၊ မန္တလေး ရတနာပုံ ပဌမမြို့တည်နန်းတည် အခါတော်၊ တောခုတ် သောအခါတော်မှစ၍၊ ပန္နက်စိုက်ထူအခါတော်၊ မြေသနစ် အခါတော်၊ တိုင်တူအခါတော်၊ အုတ်မြစ်စီခင်း အခါတော်၊

www.foreverspace.com.mm

နန်းသိမ်းအခါတော်တို့၌ တင်ကြားပသပူဇော်ရန် ဒီပဲယင်းဆရာတော်၊ စံကျောင်းဆရာတော် စသော တံဆိပ်တော်ရဆရာတော်ကြီး ရှစ်ပါးနှင့် သတိုးမင်းကြီး မဟာမင်းလှကျော်သူ ပုခန်းမြို့စားဝန်ကြီး၊ သတိုးမင်းကြီးမဟာ မင်းလှစည်သူစသော လူပညာရှိ ပုဂ္ဂိုလ်ကြီး တစ်ဆယ့်သုံးဦး စီမထားသောမန္တလေးရွှေမြို့တော်တည် စာတမ်းလာ စာရင်းဖြစ်ပါသည်။

အထူးအားဖြင့် နတ်များ စာရင်းကို ပြဆိုရာ၌ ၃၇ မင်းနှင့် ဆက်စပ်နေသဖြင့်၊ သုတ်ပါထေယျပါဠိတော် အာဠာနာဠိယသုတ်တွင် ပါရှိသော နတ်စစ်သူကြီး ၃၇ ပါး စာရင်းကို ထည့်သွင်း ပြဆိုပါမည်။

နတ်စစ်သူကြီး ၃၇ ပါး

(၁) ဣန္ဒ
(၂) သောမ
(၃) ဝရုဏ
(၄) ဘာရဒ္ဒါဇ
(၅) ပဇာပတိ
(၆) စန္ဒန
(၇) ကာမသေဋ္ဌ
(၈) ကိန္နုယက္ခူ
(၉) နိယက္ခူ
(၁၀) ပနာဒ
(၁၁) သြေပမည
(၁၂) မာတလိ
(၁၃) စိတ္တသေန
(၁၄) နဠောရာဇ
(၁၅) ဇနေသဘ
(၁၆) သာတာဂိရ
(၁၇) ဟေမဝတ
(၁၈) ပုဏ္ဏက
(၁၉) ကရတိယ
(၂၀) သိဝက
(၂၁) မုစလိန္ဒ
(၂၂) သောမိတ္တ
(၂၃) ယုဂန္ဓရ
(၂၄) ဂေါပါလ
(၂၅) သုပ္ပရောဋ္ဌ
(၂၆) ဟိရိ
(၂၇) နေတ္တိ
(၂၈) မိန္ဒိယျ
(၂၉) ပဠာလစန္ဒ
(၃၀) အာဠဝက
(၃၁) ပဇ္ဇုန္န
(၃၂) သုမန
(၃၃) သုမုခ
(၃၄) ဒဓိမုခ
(၃၅) မဏိ
(၃၆) မာဏိဝရ
(၃၇) သေရိသက

နတ်ဗြဟ္မာများ

(၁)ဗြဟ္မာဘုံ၂၀ဗြဟ္မာများ
(၂)နတ်ပြည်ခြောက်ထပ်ရှိနတ်များ

နတ်ကြီးငါးပါး

(၁) သူရသတီ
(၂) စန္ဒီ
(၃) ပရမီသွာ
(၄) မဟာပိန္ဆဲ
(၅) ဂေါရမန္တ

ဂြိုဟ်ကြီး ၉ လုံး

(၁) တနင်္ဂနွေဂြိုဟ်
(၂) တနလင်္ဂါဂြိုဟ်
(၃) အင်္ဂါဂြိုဟ်
(၄) ဗုဒ္ဓဟူးဂြိုဟ်
(၅) ကြာသပတေးဂြိုဟ်
(၆) သောကြာဂြိုဟ်
(၇) စနေဂြိုဟ်
(၈) ရာဟုဂြိုဟ်
(၉) ကိတ်ဂြိုဟ်

အခြားနတ်များ

(၁) နေနတ်
(၂) လနတ်
(၃) မီးနတ်
(၄) လေနတ်
(၅) ပဇ္ဇုန်နတ်
(၆) မဏိမေခလာနတ်

အချိုဒေသန္တရနတ်များ

(၁) မန္တလေးတောင်စောင့်နတ်
(၂) တောင်ပြိုးနတ်
(၃) တောင်သမန်နတ်
(၄) တောင်မြင့်နတ်
(၅) တောင်ကျဉ်းနတ်
(၆) ကြာပင်ရှင်မနတ်
(၇) ကန်လယ်ရှင်မနတ်
(၈) ဆည်ကတော်နတ်
(၉) ရွှေဂူကတော်နတ်
(၁၀) ရွှေပြည်ရှင်နတ်
(၁၁) ပွေးမကြီးနတ်

အတွင်း ၃၇ မင်း

(၁) သိကြား
(၂) ဓတရဋ္ဌ
(၃)ဝိရူဠ္ဇက
(၄) ဝိရူပက္ခ
(၅) ကုဝေရ
(၆) ဇမ္ဗူဒီပ
(၇) ဇမ္ဗူတံဆိပ်
(၇) ဇမ္ဗူချမ်းသာ
(၉) ဇမ္ဗူကြက်သရေ
(၁၀) ဇမ္ဗူသပြေ
(၁၁) ဇမ္ဗူတန်ဆောင်
(၁၂) ဇမ္ဗူတမွတ်
(၁၃) ဇမ္ဗူရန်အောင်
(၁၄) ရွှေသက်စိုး
(၁၅) ဗျသ်ဂီ
(၁၆) မဟေသရ
(၁၇) ရွှေပြည်သင်
(၁၈) ပွဲစားကြီး
(၁၉) ခရားပင်
(၂၀)အင်ကင်းပင်စောင့်
(၂၁) ယင်နှင်
(၂၂) အာဠာဝက
(၂၃) ကြေးစန္ဒီ
(၂၄) ကြော့စန္ဒီ
(၂၅) ဆင်ဖြူရှင်
(၂၆) ငဆွယ်သင်
(၂၇) ဖက်ပသင်
(၂၈) မြင်းဖြူရှင်
(၂၉) မာရ်နတ်
(၃၀)မန်ကျည်းပင်စောင့်
(၃၁) သူရသတီ
(၃၂) ငနွယ်သင်
(၃၃) ထုံသင်းကြီး
(၃၄) မဟာပိန္ဆဲ

www.foreverspace.com.mm

(၁၈) ရွှေညိုသင်
(၁၉) ရွှေစကား
(၂၇) ရွှေမြို့ရှင်

အပြင် ၃၇ မင်း

(၁) မဟာဂီရိ
(၂) တောင်ကြီးရှင်
(၃) ရွှေနေ
(၄) သုံးပန်လှ
(၅) မင်းခေါင်ကြီး
(၆) မင်းတရားကြီး
(၇) သံတော်ခံ
(၈) ရွှေနော်ရထာ
(၉) အောင်စွာမကြီး
(၁၀) ငါးစီးရှင်
(၁၁) ဆင်ဖြူရှင်
(၁၂) တောင်မကြီး
(၁၃) မြောက်မင်းရှင်ဖြူ
(၁၄) ရှင်တော်
(၁၅) ညောင်ချင်းအို
(၁၆) တပင်ရွှေထီး
(၁၇) မင်းရဲအောင်ထင်
(၁၈) ရွှေစစ်သင်
(၁၉) မောင်ပိုးတူ
(၂၀) မယ်တော်ရွှေစကား
(၂၁) ယွန်းဘုရင်
(၂၂) မောင်မင်းဖြူ
(၂၃)မန္တလေးဘိုးတော်ကြီး
(၂၄) ရွှေဖျဉ်းကြီး
(၂၅) ရွှေဖျဉ်းငယ်
(၂၆) မင်းသားမောင်ရှင်
(၂၇) ထီးဖြူဆောင်း
(၂၈) သားတော်မင်းခေါင်
(၂၉)မယ်တော်ရွှေအိမ်စည်
(၃၀) မင်းစည်သူ
(၃၁) ဘိုးမင်းကျော်
(၃၂) မြောက်ဘက်ရှင်မ
(၃၃) အနောက်မိဖုရား
(၃၄) ရှင်ကုန်း
(၃၅) ရှင်ကွ
(၃၆) ရှင်နဲမ
(၃၇) ကိုးကျောင်းတကာ

ရှင်းလင်းချက်

အတွင်း ၃၇ မင်း၊ အပြင် ၃၇ မင်း ထားခြင်းကား သုတ်ပါထေယျပါဠိတော် အာဠာနာဠိယသုတ်တွင်ပါရှိသောနတ်စစ်သူကြီး ၃၇ ပါးကိုအတုယူ၍ ထားဟန်တူသည်။ ဦးဖိုးကျား ၃၇ မင်းစာအုပ်၌ ယင်းနတ်စစ်သူကြီး ၃၇ ပါးကို ဗုဒ္ဓသာသာ ၃၇ မင်းဟု ပြဆိုလျက်ရှိသည်။

၃၇ အရေအတွက်မှာလည်း ၃၇ မင်းသာ မကသေး၊ အသံ ၃၇ ချင်း၊ အဆို ၃၇ ချင်း၊ သဘင်သည် ၃၇ ရပ်၊ ဓားရေး ၃၇ချင်း၊ သိုင်းရေး ၃၇ချင်း၊ ဒိုင်းရေး ၃၇ ချင်း၊ ကာရေး ၃၇ ချင်း၊ အဲမောင်း ၃၇ ချင်း၊ တက်ရေး ၃၇ ချင်း၊ လောကုတ္တရာဘက်တွင်လည်း ဗောဓိပက္ခိယတရား ၃၇ ပါးဟူ၍၊ ၃၇ အရေအတွက်မှာ အလွန်အသုံးများ၍ ခေတ်စားလျက်ရှိသည်။

အထူးအားဖြင့် ဦးဖိုးကျား ၃၇ မင်းစာအုပ်တွင် အတွင်း ၃၇ မင်း၌ အာဌာဝက၊ ကြေးစန္ဒီ၊ ကြေ့စန္ဒီ နတ်သုံးပါး မပါ။ ယင်းတို့အစား စန္ဒီ၊ စန္ဒာ၊ အာဌဝီ နတ်သုံးပါး ပါလာသည်။ ကြွင်းသော ၃၄ ပါးတို့ကား တူညီကြသည်။

အပြင် ၃၇ မင်း၌လည်း တောင်ကြီးရှင်၊ မယ်တော်ရွှေအိမ်စည်၊ ဘိုးမင်းကျော်၊ ကိုးကျောင်းတကာ နတ်လေးပါး မပါ။ ယင်းတို့အစား သိကြား၊ နှမတော်၊ ကျော်စွာ၊ တောင်သူရှင်မင်းခေါင် နတ်လေးပါး ပါလာသည်။ ကြွင်းသော ၃၃ ပါးတို့ကား တူညီကြသည်။ ဦးကြီးဖေ

နတ်ကိုးကွယ်သောဝါဒသည် မြန်မာနိုင်ငံ၌သာမဟုတ်၊ ကမ္ဘာအရပ်ရပ်တွင် အနှံ့အပြား ထွန်းကားလျက် ရှိသည်။ နတ်တို့ကို လူတို့ ကိုးကွယ်ကြခြင်းမှာ မိမိတို့ထက်ပိုမို၍ တန်ခိုးရှိသည်ဟု ယုံကြည်ကြသောကြောင့်ပင်ဖြစ်၏။ ကမ္ဘာဦးအစကတည်းပင် နတ်ကိုးကွယ်ခြင်းသည် လူမျိုးတိုင်း၌ ရှိခဲ့၏။ လူမျိုးတိုင်းလူမျိုးတိုင်းက မိမိတို့ထက် နေရာတကာတွင် တန်ခိုးသာသည်ဟုယူဆထားသော နတ်များကို အမည်အမျိုးမျိုးပေးကာ ကိုးကွယ်ကြလေသည်။ ရှေးဂရိလူမျိုးများက သူတို့နတ်ကို ဇုဟူ၍လည်းကောင်း၊ ရောမလူမျိုးများက ဂျူပီတာဟူ၍လည်းကောင်း၊ ယဟူဒီလူမျိုးများက အဒိုနေဟူ၍လည်းကောင်း၊ ခရစ်ယာန်တို့က ဂျီဟိုးဗားဟူ၍လည်းကောင်း၊ အသီးအသီးအမည်များပေးကာ ကိုးကွယ် ကြ၏။ (ဂရိနတ်များ–ရှု။)

ရှေးကျသောလူများနှင့်လူရိုင်းများသည် နတ်များကို အလွန်ယုံကြည်၍၊ နတ်ဆိုလျှင် အထူးကိုးကွယ်ကြသည်။ သူတို့ကိုးကွယ်သောနတ်မှာ တစ်ပါးတည်းမဟုတ်၊ မြောက်မြားစွာရှိ၏။ ထိုသို့ရှိခြင်းမှာလည်းအခြားကြောင့်မဟုတ်။ ပထမဦးစွာ ကမ္ဘာဦးလူတို့ကနေ လနက္ခတ်တာရာတို့သည် လူတို့ကို အထောက်အပံ့ပြုသောသဘာဝဓမ္မများပင် ဖြစ်သည်ဟုယုံကြည်ကြ၏။ နေမင်းရှိ၍သာလူတို့သည် အလင်းရောင်ရကြသည်။ ညဉ့်အခါ၌လည်း လမင်းကြီးရှိ၍ ညဉ့်မှောင်မိုက်ခြင်းမှ သက်သာရာရကြသည်။ မိုးနတ်သားရှိ၍ မိုးရွာသဖြင့်၊ လူတို့သည် ပူအိုက်ခြင်းမှ သက်သာရာရ၍၊သစ်ပင်ပန်းမန်သစ်သီးဝလံများ ဖွံ့ဖြိုးသည်။ တောင်စောင့်နတ်ရှိ၍၊ သစ်ပင်များပေါက်ရသည်။ ယင်းသို့ယုံကြည်အားကိုးချက်အမျိုးမျိုးဖြင့် နေ၊ လ၊ မိုး၊ လေ၊ နက္ခတ်စသည်တို့ကို ကိုးကွယ် ကြသဖြင့်၊ ရှေးလူများအဖို့ ကိုးကွယ်ရသည့် နတ်အရေအတွက် များပြားလာရတော့၏။

ရှေးလူများက မိမိတို့ကိုးကွယ်သောနတ်အားလုံးတို့သည် ကောင်းကင်တည်းဟူသောဖခင်နှင့် ပထဝီမြေတည်းဟူသော မိခင်မှမွေးထုတ်လိုက်သည့် သားသမီးရတနာများ ဖြစ်သည်ဟုအယူရှိကြ၏။ အချုပ်မှာ ကောင်းကင်နှင့်မြေ ကြီးပင်ဖြစ်၏။ ထိုတောတောင်ရေမြေစောင့်နတ်များသည် မိမိတို့ထက်တန်ခိုးရှိ၍၊ မိမိတို့ကိစ္စပြီး မြောက်စေရန် သူတို့၏အကူအညီကို ရှေးလူများသည် တောင်းခံလေ့ရှိ၏။ အမှန်စင်စစ် ကမ္ဘာဦးကနတ်များသည် သူတို့ကိုကိုးကွယ်သောလူများနှင့် စိတ်စရိုက်ချင်းတူကြသည်သာဖြစ်၏။ သူတို့သည်စိတ်ဆိုးတတ်သည်။ မနာလိုဝန်တိုရှိတတ်သည်။

www.foreverspace.com.mm

ရန်ငြိုးထားဟတ်သည်။ သူတို့ကိုလူများက စားဦးစားဖျားဖြင့် ပူဇော်ပသ၍၊ တောင်းပန်အသနားခံရသည်။ အကူအညီတောင်းကြရသည်။

အီဂျစ်လူမျိုးတို့သည် ရေးပဝေဏီကတည်းက တတ်ကျွမ်းလိမ္မာမှု၊ ယဉ်ကျေးမှုတို့တွင် အထက်တန်းကျသော လူမျိုးများ ဖြစ်သည့်အတိုင်း၊ သူတို့ခေတ်တွင် နတ်ကိုးကွယ်သောဝါဒသည် တစ်နည်းတစ်ဖုံအဆင့်အတန်းတက်လာသည်။ အစပဌမ၌အီဂျစ်လူမျိုးတို့သည် အခြားလူမျိုးများကဲ့သို့ နတ်အမျိုးမျိုးကို ကိုးကွယ်ကြသည်။ သူတို့သည် နေနတ်သား၊ လနတ်သား၊ မိုးနတ်သားများနှင့် အခြားနတ်များကိုသာမက နွား၊ ကြောင်၊ မိကျောင်း၊ ကြွေ့စသောတိရစ္ဆာန်များကိုပင် နတ်များကဲ့သို့သဘောထား၍ ကိုးကွယ်ကြသည်။ သို့ရာတွင် နောက်၌ အီဂျစ်ဘုရင်အက်ခနာတန်သည် နတ်အမျိုးမျိုးကိုးကွယ်သောဝါဒကို ပိတ်ပင်တားမြစ်၍၊ တိုင်းသူပြည်သားများအား နေနတ်သားတစ်ပါးတည်းကိုသာကိုးကွယ်စေသည်။ (အီဂျစ်၊ ရှေးခေတ်–လည်းရှု။)

အီဂျစ်လူမျိုးများကအစပြု၍နတ်တစ်ပါးတည်းကိုသာကိုးကွယ်လိုက်သောအခါ၊ အခြားလူမျိုးများကလည်း ထိုအတိုင်း လိုက်နာကြလေသည်။ ဗက်ဗီလုံးပြည်သားများ၊ ဂရိလူများနှင့်ရောမလူမျိုးတို့သည် မိမိတို့အတွက် တန်ခိုးအကြီးဆုံးသော နတ်တစ်ပါးကိုသာ ရွေးချယ်၍၊ ထိုနတ်ကိုပင် ပူဇော်ပသကိုးကွယ်ကြသည်။ အခြားနတ်များသည် ထိုနတ်၏ လက်အောက်ခံနတ်ငယ်များ ဖြစ်သည်ဟု ယူဆကြကုန်၏။ ဂရိတို့သည် အခြားနတ်ကိုးကွယ်သောလူမျိုးတို့ကဲ့သို့မည်သည့်အရာမဆိုနတ်များကြောင့် ဖြစ်ရသည်ဟူသော ရှေးဟောင်းဝါဒကို လက်မခံဘဲ၊ လောကသဘာဝအဖြစ်အပျက်များကို အကျိုးအကြောင်းဆက်စပ်ကာ ဆင်ခြင်သုံးသပ်ကြသည်။ သို့ဖြစ်၍လည်း သူတို့၏ အသိပညာမှာ သိသိသာသာ တိုးတက်ခဲ့သည်။ ဤသို့နတ်များစွာကိုးကွယ်ခဲ့ရာမှ နတ်တစ်ပါးတည်းကိုသာ ကိုးကွယ်လာကြသောအခါ၊ လောကတွင်အလွန်တန်ခိုးကြီးသော ထာဝရဘုရားတစ်ပါးတည်းသာရှိသည်ဟု လူတို့ထင်မြင်ယူဆလာကြ၏။ ထိုတန်ခိုးအကြီးဆုံးသော နတ်ဟုဆိုအပ်သည့် ဘုရားသာလျှင် ကိုးကွယ်ရာအစစ်ဖြစ်၍၊ အခြားနတ်များမှာ ဘုရား၏ တပည့်ငယ်သားများဖြစ်လေသည်။

လောကတွင် ထာဝရဘုရားတစ်ပါးတည်းသာရှိသည်ဟူသောခရစ်ယာန်ဝါဒသည် ယဟူဒီလူမျိုးတို့၏အယူဝါဒမှ ဆင်းသက်လာသည်။ ရှေးဦးပေါ်သော ခရစ်ယာန်တို့သည် ယဟူဒီများသာဖြစ်၏။ ယဟူဒီတို့သည်လည်း လက်ဦးပထမတွင် နတ်များစွာကိုကိုးကွယ်ကြသည်။ နောက်မှ ဘုရားတစ်ဆူတည်းကိုသာ ကိုးကွယ်ကြ၍၊ ထိုဘုရားသည် တန်ခိုးအနန္တရှိပြီးလျှင် ကမ္ဘာကြီးနှင့် လူသတ္တဝါအားလုံးကို ဖန်ဆင်းခဲ့သောထာဝရဘုရားဖြစ်သည်ဟု ယုံကြည်လာကြသည်။ ထိုပြင်ထာဝရဘုရားသည် တရားနှင့်ပြည့်ဝသော ဘုရားဖြစ်၍၊ လူများ၏စိတ်ဆန္ဒကို သိတော်မူသည်ဟု သူတို့က ဆိုသည်။

နတ္တလင်းမြို့

။ ။ နတ္တလင်းမြို့သည် သာယာဝတီခရိုင် ဧီးကုန်းနယ်အတွင်းရှိ နတ္တလင်းမြို့နယ်၏ ရုံးစိုက်မြို့ ဖြစ်သည်။ မြို့၏ အရှေ့ဘက်တွင် ပဲခူးရိုးမတောင်၊ အနောက်ဘက်တွင်လှိုင်မြစ်၊ တောင်ဘက်တွင်ဧီးကုန်းမြို့နှင့် မြောက်ဘက်တွင် ပေါင်းတည်မြို့တို့ တည်ရှိသည်။

ရန်ကုန်ပြည် မီးရထားလမ်းနှင့် ကားလမ်းပေါ်တွင် တည်ရှိသော နတ္တလင်းမြို့သည် ရန်ကုန်မြို့မှ ရထားလမ်းအတိုင်း ၁၂၅ မိုင်ဝေး၍၊ ပြည်မြို့မှ ၃၇မိုင် ကွာလှမ်းသည်။ ကားလမ်းအတိုင်း ဆိုသော်၊ ရန်ကုန်မြို့မှ ၁၃၈ မိုင်ဝေးသည်။ ထိုပြင် ဧီးကုန်းမြို့နှင့် ၉ မိုင်ဝေးပြီး လျှင်၊ ပေါင်းတည်မြို့နှင့်မူ ၅ မိုင်ခွဲဝေးသည်။ မြို့၏ မြောက်ဘက် ၂ မိုင်ခန့် ကွာလှမ်းသောအရပ်၌ ဘိုးသာအောင်ကုန်း ရှာကြီးရှိ၍၊ ယင်းအနီးရှိ ဘိုးသာအောင်ကုန်းတံတားကြီးသည် သာယာဝတီခရိုင်နှင့် ပြည်ခရိုင် နယ်ခြားမှတ်တိုင်ကြီးဖွယ် တည်ရှိသည်။ နတ္တလင်းမြို့သည် အကျယ်အဝန်းအားဖြင့် ဝ.၉၂ စတုရန်းမိုင် ရှိသည်။

ယခု နတ္တလင်းမြို့တည်ရှိရာ ဒေသတွင် ရှေးအခါက ပဲခူးရိုးမတောင်ညိုမှစ၍ လှိုင်မြစ်တွင်းသို့စီးဝင်သောဖောင်ချောင်းသည် ဖြတ်သန်းစီးဆင်းလေသည်။ ထိုစဉ်က နတ္တလင်းမြို့ဟူ၍ မရှိသေးဘဲ၊သင်ပန်းကုန်း၊ ဂျင်းယားကုန်း၊ ရွာမ၊သာဇီ၊ ဧီးကုန်းကလေးဟူသောရွာများသာရှိသည်။ ရွာမကလေး (ရွာမရပ်ကွက်)အနီးတွင် သခွတ်ပင်တစ်ပင်နှင့် နတ်စင်တစ်စင်ရှိသည်။ ယင်းသည့် သခွတ်ပင်အောက်တွင် သာယာဝတီမင်းနှင့်ပြည်မင်းတို့ ကြက်တိုက်လေ့ရှိသည်ဟုဆိုသည်။ ထိုပြင် ထိုနေရာတွင် လူသူမရှင်းလင်းရဘဲ၊ အမြဲရှင်းလင်းလျက် တလင်းဖြစ်နေသောကြောင့်၊ နတ်များက တလင်းပြုပြင်ပေးသည်ဟု ယူဆကာ၊ ယင်းမြို့ကို နတ္တလင်းမြို့ဟုမှည့်ခေါ်ခဲ့ခြင်းဖြစ်သည် ဟုလည်းဆိုကြလေသည်။ ယခုအခါ ယင်းသခွတ်ပင်ကြီးကို ညောင်ပင်မျိုထားပြီဖြစ်သော်လည်း၊ နတ်စင်ကိုမူကား အထင်အရှား တွေ့မြင်နိုင်သေးသည်။

နတ္တလင်းမြို့၏အနီးအပါးတွင် သစ်တောကြိုးဝိုင်းများ ရှိသဖြင့်၊ ယင်းမြို့၏ထွက်ကုန်များမှာ ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်ရိုင်းတို့အပြင် ဆန်စပါး၊ ပဲစသည့်လယ်ယာထွက်ပစ္စည်းများဖြစ်သည်။ ရထားလမ်း၊ ကားလမ်းများဖြင့်ဝေးနီးဆက်သွယ်နေသဖြင့်၊ ရောင်းဝယ်ဖောက်ကားသွားလာရန် လွယ်ကူသောမြို့ဖြစ်သည်။ မြို့၏ အနောက်တောင်ဘက်

www.foreverspace.com.mm

၉ မိုင်အကွာတွင် တာပွန်မြို့ရှိရာ၊ ယင်းမှတစ်ဆင့် ဧရာဝတီမြစ်ပေါ်ရှိ မြန်အောင်၊ ကြံခင်း စသော မြို့များနှင့်လည်း ဆက်သွယ် ရောင်းဝယ် ဖောက်ကားနိုင်သည်။ ၁၉၅၃ ခုနှစ် သန်းခေါင်စာရင်းအရ နတ္တလင်းမြို့၏ လူဦးရေသည် စ၉၂၇ ယောက် ရှိသည်။ မြို့အဝင်ရှိ မန္တလေးမဟာမြတ်မုနိ ပုံတော်အတိုင်းသွန်းလုပ်ထားသော သကျမဟာမုနိဘုရားသည် ယင်းမြို့ရှိ တန်ခိုးကြီးဘုရား ဖြစ်သည်။

နတ်တော်လ။ ။နတ်တော်လသည် မြန်မာတစ်ဆယ့်နှစ်လတွင် ကိုးကြိမ်မြောက်လဖြစ်၏။ ဆောင်းဥတုတွင် ပါဝင်သည်။ နတ်တော်လကို ပုဂံခေတ် ကျောက်စာများတွင်နတ္တာဝ်ဟူ၍လည်းကောင်း၊ နတ်တော်ဟူ၍လည်းကောင်း၊ နတ်တော်ဝ်ဟူ၍လည်းကောင်း၊ နတ္တဝ်ဟူ၍လည်းကောင်း ရေးသားသည်ကို တွေ့ရ၏။ နတ်တော်လ အကြောင်းကို ဝေါဟာရလိနတ္ထဒီပနီကျမ်းတွင် အဆိုနှစ်မျိုးတွေ့ရ၏။ ပထမအဆိုမှာ နတ်တော်လတွင် မဟာပိန္နဲနတ်အား ပူဇော်ပသရသည်ဟုဆိုပြီးမှ၊ ဒုတိယအဆိုတွင် ထိုလ၌ မဟာဂရိနတ်မောင်နှမအား ပူဇော်ပသရသည်ဟုဆိုပြန်သည်။ နတ်တော်လဟုတွင်သည်မှာ ထိုလတွင် နတ်ကို ပူဇော်ပသရခြင်းကြောင့် ဖြစ်သည်။ ဗေဒင်အခေါ်အဝေါ်အားဖြင့် နတ်တော်လကို ဓနုရာသီဟုခေါ်၏။ ထိုရာသီတွင် မဂသီနက္ခတ်နှင့် လမင်းတို့ယှဉ်ပြိုင်မွန်းတည့်၏။ နေမင်းသည် ပြုဗ္ဗာသင်္ဘနက္ခတ်နှင့် ယှဉ်ပြိုင်လေသည်။ ရာသီရုပ်မှာ လေးစွဲသောယောဂျားရုပ်ဖြစ်၏။ ရာသီပန်းကားသဇင်ပန်းတည်း။ ဤကို ရည်၍ ဖိုးသူတော်ဦးမင်း တစ်ဆယ့်နှစ်ရာသီ ဘွဲ့တွင်–

'ရှစ်ခင်ကို မြူဆင်းလို့၊ ငွေနှင်းတဲ့ နုစို။
ဂမုန်းသဇင်တို့၊ စုံခွင်မှာလေချိုညှင်းက၊
ထုတ်သွင်းဗယ်ညာနှံ့၊ သင်းပျံ့ပျံ့ချို။
ယုဂိရ်၊ တောင်မိုထိပ်ဖျား။
ရွှေလစန္ဒီနှင့် မဂသီ ရောင်ခြည်ဖျန်းတယ်၊
မြန်းတူ ကြွသွား။'ဟူ၍ စပ်ဆိုထား၏။ ရှေးဘုရင်များ လက်ထက်၊ ရွှေသိုင်းများရှေ့ဆောင်ကာ၊ ဘုရင်မင်းမြတ်အားဆက်သရမြဲဖြစ်သော ပန်းမြတ်သဇင်တို့ ဤလတွင် ဖူးပွင့်မြဲဖြစ်ကြောင်းကိုရည်၍၊ ရှင်ဥတ္တမကျော်က–

'ရွှေသိုင်းဝင့်ချီ၊ မိုးရင့်သီလျက်၊ မတီကေတု၊ တိုင်းဇေယုက၊ သမ္ဘုတိမှန်၊ ကေသာနှံ့သည်၊ ရွှေလျံသဇင်၊ ဂမုန်းအင်လည်း၊ ဥကင်မြင့်ဘောင်၊ ရနံ့လှောင်ခဲ့'။ဟူ၍ စပ်ဆိုထားခဲ့၏။ နတ်တော်လ ရာသီပန်းဖြစ်သောသဇင်ပန်းကို နတ်ပန်းဟူ၍ အယူရှိကြ၏။ သဇင်ပန်းမှာ တောတွင်းပေါက်သော်လည်း၊ ဘုရင်းမင်းမြတ်အားရှေးဦးစွာဆက်သပြီးမှ အများပြည်သူတို့ ဆွတ်ယူပန်ဆင်ကြ ရလေသည်။ ဤကိုရည်၍

'စုံမြိုင်ရင်းမှာ၊ ကြိုင်သင်းတောလုံး၊ရနံ့ဖုံးသား၊ပတ်ကုံးဝန်းကျင်၊ မြေတွင်မရောက်၊ ပင်ပေါ်ပေါက်၍၊ နှင်းသောက်ရွှင်ရွှင်၊ ဖူးတံဆင်သည်၊ သဇင်ရွှေပွင့်၊ လျှပ်ရောင်ဝင့်သို့၊ လှတင့်စိမ်းထွေး၊ နတ်ပန်မွှေးကို၊ မနှေးလျင်မြန်၊ မိန့်တော်ပြန်လျက်၊မျက်မှန်ကျောက်စုံ၊ ရွှေနန်းဘုံသို့၊ ဖူးငုံပေါ်စ၊ တင်ဆက်သသည်၊ နောက်မှ ပြည်သူ၊ သုံးယူပန်ဆင်'၊

ဟူ၍ ဦးယာက ဆယ့်နှစ်ရာသီဘွဲ့ လူးတားတွင် ရေးစပ်ထားခဲ့၏။ နတ်ပန်း သဇင်ဖူးပွင့်သည့် နတ်တော်လသမယတွင်၊ ရှေးမြန်မာမင်းများ ရှိစဉ်အခါက၊ နတ်ပွဲသဘင်နှင့် ဆင်ဖမ်းပွဲများကို ကျင်းပလေ့ရှိလေသည်။ ဤသည်ကိုရည်၍ဦးအောင်ကြီး၏အင်းဝမြို့ဘွဲ့ ဆယ့်နှစ်ရာသီလူးတားတွင်–

'သာစွလေ။ ။မှိုင်းဝေမြရီ၊ မိဂသီနှင့်၊ အညီပြည့်လ၊ ရံဝန်းပလျက်၊ ချမ်းမြရတု၊ ဓနုရာသီ၊ အညီမွမ်းဖြင်၊ ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်၊ လနတ်တော်ကား၊ ပူဇော်ကြီးစွာ၊ မင်းဆရာတို့၊ မဟာပိန္နဲ၊ ရွှေညဲးကြည်ငင်၊ တိမ်ညင်တွဲအောက်၊ သွင်းရောက် ပြွမ်းပြွမ်း၊ ကျုံးလုံးမွမ်းမျှ၊ ဆင်ဖမ်းသဘင်၊ ပျော်ပါးရွှင်သည်၊ မြေပြင်ထိန့်ရိုက် မွန်းတည့်လေ။ ။ပွင့်လင်းစည်သည် ရွှေပြည်ရွှေဝန်းတည့်လေ။'ဟူ၍ စပ်ဆိုထားလေသည်။ ဟသံတာရာ ထွန်းပသည့် နတ်တော်လရာသီတွင် နံနက်စက်နာရီ ၆ နာရီ ၂၇ မိနစ်တွင် နေထွက်၍ ညနေစက်နာရီ ၅ နာရီ ၂၃မိနစ်ခန့်တွင် နေဝင်သည်။ မြန်မာ နာရီအားဖြင့်နေ့ ၂၆ နာရီရှိပြီးလျှင်၊ ညဉ့် ၃၄ နာရီ ရှိလေသည်။ ဤကို ရည်၍ ဦးယာက–

'တေဇော ဓာတ်ခန်း၊ ရာသီနန်းဝယ်၊ နှင်းဖျန်းရွှန်းစိုး၊ မြိုင်လုံးညိုသား၊ ခေါ်ဆိုမည်ရ၊ ဒွေးဒဟတု၊ သည်လရတု၊ ဓနုခေါ်တွင်၊ ရာသီခွင်၌၊ နေ့လျှင် နာရီ၊ ဆဒွေးစီး၍၊ တလီညဉ့်ရေး၊ သုံးဆယ် လေးတည့်၊ ချမ်းအေးနှင်းဖျော်၊ လနတ္တော်ကို'ဟူ၍ စပ်ဆိုထား၏။

နတ်တော်လတွင် ကြာသပတေးနှင့် စနေနေ့များသည် ပြဿဒါးရက်များ ဖြစ်ကြ၍၊ တနလင်္ဂ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များသည် ရက်ရာဇာများ ဖြစ်ကြသည်။ နတ်တော်လတွင်ရက်မစုံကွယ်သဖြင့် ရက်ပေါင်း ၂၉ရက်သာရှိ၏။

နတ်မောက်မြို့။ ။မကွေးခရိုင်နတ်မောက်မြို့နယ်၏ ရုံးစိုက်မြို့ဖြစ်သည်။ မကွေးမှ ၃ဖိုင်ကွာဝေးသည်။ ပျဉ်းမနား၊ ကျောက်ပတောင်း၊ မီးရထားလမ်းပေါ်တွင် တည်ရှိ၍၊ ပျဉ်းမနားမှ ၉၂ မိုင်ဝေးလေသည်။ ဧရာဝတီမြစ်ရိုးတွင် တည်

www.foreverspace.com.mm

နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း မွေးဖွားရာနေအိမ်

ရှိသော၊ မကွေးမြို့၊ အောင်လံ (အာလံ) မြို့များနှင့်လည်း ကားလမ်း အဆက်အသွယ် ရှိ၏။

နတ်မောက်မြို့နယ်မှ အဓိကထွက်သော အသီးအနှံများမှာ နှမ်း၊ မြေပဲနှင့် ပြောင်းတို့ဖြစ်သည်။ ဆန်စပါးကို ယင်းချောင်း တစ်လျှောက်တွင် ဆည်မြောင်းများဖြင့် စိုက်ပျိုးကြသည်။

နတ်မောက်မြို့သည် မြန်မာ စာပေလောကတွင် ထင်ရှားကျော်ကြားသော စုံနံ့သာမြိုင်ရှာပုံတော်ကြီး သီချင်းကို ရေးသားပြုစုသူ ဦးကြော့နှင့်မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းတို့၏ ဇာတိမြို့ဖြစ်သည်။ နတ်မောက်မြို့နယ်၏လူဦးရေမှာ ၁၉၅၈ ခုနှစ်ခန့် မှန်းခြေအရ ၁၂၄၂၄၀ ယောက် ဖြစ်လေသည်။

စာဆိုစစ်ဘုရင်

သီဟသူရဘွဲ့မည်ရင်းခံ တောင်ငူဘုရင်နတ်သျှင်နောင်သည် မြန်မာစာပေလောကတွင် ရတုဖွဲ့ဆိုခြင်း၌ အထူး ထင်ရှားသော စာဆိုတော်ကြီးဖြစ်ပေသည်။ စကားလုံးကြွယ်ဝသူဖြစ်သောကြောင့် အဓိပ္ပါယ်တူသော်လည်း၊ စကားလုံးချင်းမထပ် တူရအောင်သုံးစွဲနိုင်သဖြင့် ထူးခြားသည်။ အနုပညာဖြစ်သောစာဆိုမှ တီးမှုတ်မှုတို့၌သာ လိမ္မာတတ်မြောက်သည်မဟုတ်၊ ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုးစသော လက်ရုံးရည်၌လည်း ကျွမ်းကျင်လေသည်။

နတ်သျှင်နောင်။ ။မြန်မာစာပေလောကတွင် ရတုဖွဲ့ရာ၌ တံခွန်စိုက်ခဲ့သော နတ်သျှင်နောင်သည် သက္ကရာဇ် ၉ဖြင့်ခုနှစ်တွင် တောင်ငူဘုရင် ရွှေနန်းကို သိမ်းမြန်းအုပ်စိုးတော်မူသော မဟာဓမ္မရာဇာ့ဘွဲ့ခံ တောင်ငူရွှေနန်းတည်မင်း၏ သားတော်ဖြစ်သည်။ သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် ဖွားမြင့်၏။ ဘွဲ့မည်ရင်းမှာ သီဟသူရဖြစ်သည်။ သက္ကရာဇ် ၉၇၁ ခုတွင် သီဟသူရဟူသောဘွဲ့ဖြင့်ပင် တောင်ငူရွှေနန်းကို ဆက်ခံသိမ်းပိုက်သည်။

နတ်သျှင်နောင်ငယ်စဉ်ကပင် အတီးအမှုတ်အဆိုတို့တွင် ဝါသနာပါတော်မူသည်။ တောင်ငူရွှေနန်းတွင်

www.foreverspace.com.mm

စောင်း၊ ပြင်း၊ ပတ်သာတူရိယာတတ်သူတို့ကို မွေးမြူ ချီးမြှောက်၍၊ ကိုယ်တော်တိုင်ကလည်း ထိုအတတ်များကို ကောင်းစွာ ကျွမ်းကျင်သည်။ သို့ဖြစ်ရကား၊ရတုကဗျာဖွဲ့နွဲ့ ရာတွင် ထိုဂီတပညာ၏ အထောက်အပံ့ကို များစွာရခဲ့၏။ အနုပညာဖြစ်သောဆိုမှုတီးမှုတ်မှုတို့၌သာ လိမ္မာတတ် မြောက်သည်မဟုတ်၊ ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လုံ့ထိုး စသည့်လက်ရုံးရည်၌လည်း ကျွမ်းကျင်တော်မူ၏။ ဝါသနာ လည်းများစွာပါသဖြင့်၊ နှစ်စဉ်နှစ်တိုင်း ပေါင်းလောင်း မြစ်၏အနောက် သာယာလှသောမြေပြင်တွင် ဆောင်းလ ရာသီတိုင်း ဆင်ခင်းမြင်းခင်းပွဲကို ကျင်းပ၍၊ ဆင်မြင်း တို့၏အရည်အချင်းကို စမ်းစေသည်။ ဦးရီးတော် ဟံသာ ဝတီဘုရင်စစ်ချီတိုင်း နတ်သျှင်နောင်မလိုက်မပါရသည့် အခါဟူ၍မရှိ။ ထိုမျှသာမကသေး၊ ကိုယ်တော်၏ စိတ် ပျော်ရွှင်မှုကို အလေးပြုကာ သိုးဆောင်းတို့က ပိုလိုဟုခေါ် သောဂူလီ(ကုလီ)သဘင်ကိုလည်း၊ မကြာခဏပင် ညီတော် ဦးရီးတော်နှင့်အတူ ကစားတော်မူတတ်၏။ သာဓက ပြဆိုရသော် နန်းတော်မြောက်ဈေးလမ်းမကို အညီ ညှိစေ၍၊ မင်းညီမင်းသားမှူးမတ်အပေါင်းကို ဂူလီကစားပျော် ရွှင်စေသည်။ မိမိကိုယ်တိုင်လည်း ကစားပျော်ရွှင် တော်မူသည်။ ထို့ကြောင့်ပင်၊ 'နေမင့်နွယ်ရင်း၊ မင်းထက် မင်းလျင်၊ သလင်းအုပ်စီ၊ နန်းမြေ့ယ်၊ ကုလီသဘင်၊ မြင်းနှင့်ရွှင်၏။'ဟု 'ဝေဇန္တာတွင်' ချီရတုတွင် ကုလီသဘင် ကစားပျော်ရွှင်ဟန်ကို စပ်ဆိုခဲ့ခြင်းပင်ဖြစ်သည်။ (ဂူလီကစားခြင်း–ရှု။)

ရတုကဗျာ စပ်ဆိုမှု၌ သူမတူအောင်လက်စွမ်းထက် သည့်ပြင်၊ စကားလုံးလည်းကြွယ်ဝ သူဖြစ်သည့်အလျောက် အဓိပ္ပါယ်တစ်မျိုးတည်းကို စကား လုံးအမျိုးမျိုးပြောင်း၍ ရေလဲနှင့်သုံးသွားနိုင်သူ ဖြစ်လေ သည်။ တစ်နည်းကား၊ တြိယာတစ်ခုတည်းကို အဓိပ္ပါယ် အမျိုးမျိုးပေါက်အောင် အခြားအကူအညီမယူဘဲ ရေးသား ဖွဲ့နွဲ့တတ်သည်ဟူ၏။ အကြောင်းအရာ တစ်ခုတည်းကိုလည်း စကားပရိယာယ် အမျိုးမျိုးဖြင့် ဖော်ပြတတ်သည်။ ပုံစံအားဖြင့် 'တသောင်း ရှစ်ပြန်' ချီရတု၌ အခံပိုဒ် အလိုက်ပိုဒ်များကို အဓိပ္ပါယ် သဘောချင်းထပ်တူဖြစ်သော်လည်း၊ စကားလုံးမထပ်ရ အောင် သုံးစွဲခဲ့ပုံမှာ–

'တသောင်းရှစ်ပြန်၊ လေးထောင်လွန်သား၊ ယုဂန်လှည့်သွား၊ လရထားနှင့်၊ နတ်သားနီကြ၊ သောကာလတွင်၊ သောက ဓမ္မာ၊ ဌာပနာသား၊ သစ္စာဥာဏ်ပေါင်း၊ မရှုတောင်းသည်၊ ညီနှောင်းနောင်စော၊ မြတ်မုဋ္ဌော။ ။ကြာမောနေ့ရက်၊ သက်ဆက်သည်ချည်း၊ မနည်းကုံးသီ၊ များလေပြီတည့်၊ နွဲ့မှီတူစုံ၊ ဘုန်းချင်းဆုံကို၊ ကြေးမုံအသွင်၊ ရှုမြင်နေကျ၊ ပါချင်လှ၍၊ ထိန်းယရှေဘော်၊ လျှောက်ပါသော်လည်း၊ နားတော်မည္ဆတ်၊ ဆင်းကြာနတ်သည်။ ။နှုတ်လွတ်မပါ မြွက်သောကြောင့်။'ဟူ၍ အခံရတုတစ်ပိုဒ်ကို စပ်ဆို သီကုံးပြီးလျှင်–

'တသောင်းရှစ်မည်၊ လေးထောင်တည်ကို၊ ရစ်လည်လှည့် ပတ်၊ လပြာသာဒနှင့်၊ ရန်နတ်နီးခိုက်၊ သောစဉ်ကြိုက်ဝယ်၊ ထိန်ရိုက်သပြေ၊ အာဏာမွှေသား၊ သရေဓမ္မ၊ သောကရွှေ မှောက်၊ တည်ခဲ့မြောက်သည်၊ ကျောက်ဆောင် လျှံပြောင်း၊ မိတည်းနောင်။ ။ရည်စောင်လနှစ်၊ အသစ်အသင့်၊ ကြား ဆင့်လေသံ၊ မပျံ့စဉ်း၊ အမှုးအမော်၊ ကြိုးသည်သော်ကား၊ နားတော်ပျံ့ညောင်း၊ ညှတ်ချင်ကောင်းဟု၊ ရွှေပေါင်းလှည့် ဖြား၊ လျှောက်ပါငြားလည်း၊ ရွှေသားမြလျှံ၊ မွတ်ညက်စံ သည်။ ။ ချစ်သံမြွက် မခြည်သောကြောင့်။'ဟူ၍ အ လိုက်ရတုကို စီကုံးခြင်း ဖြစ်လေသည်။ ချစ်သူဓာတုက လျှာ၏ ရှုပါရုံကို ဖွဲ့နွဲ့သော 'လှခေါင်ငြိမ့်' 'လှမျိုးကြွယ်' သော အာလုပ်အခေါ်အဝေါ် ကလေးများသည် နတ်သျှင် နောင်၏ ကဗျာတို့တွင် အမျိုးမျိုးသော ဝေါဟာရကြွယ်မှု ကို ပြပေသည်။ ဓာတုကလျှာကား ဟံသာဝတီ ဆင်ဖြူများ ရှင် မင်းတရားကြီး၏ သမီးတော်ဖြစ်သည်။

ယင်းသို့ အဆင်းအဂ်ါနှင့် ပြည့်စုံလှသော ဓာတုကလျှာ အား စွဲမက်နေရကား၊ စာအညုကဗျာကလေးများမှာ အဆန်းတကြယ်ထွက်ခဲ့၏။ 'ရှစ်ဆိုင်ရွက်ကြာ' ချီ စာ တော်တွင်၊ 'နှစ်ပြိုင်ဖက်ရှာ၊ ဝတီသာမှ၊ စံရာစံထား၊ ရွှေးခဲ့ခြားရ၍၊ သိကြားတမျှ၊ ပြိုင်လှာသလည်း၊ သော်တာ ရောင်တွင်ကြယ်နှယ်ထင်ဟု'ဟူ၍ ကွင်းကွင်းကွက်ကွက်ပေါ် လွင်စွာစပ်ဆိုခဲ့၏။ မယ်ဘွဲ့ မောင်ဘွဲ့ ရတုများအပြင်၊ ဘုရားဘွဲ့ စစ်ချီရတု မိုးဘွဲ့ရာသီဘွဲ့ စသည်တို့ကိုလည်း စပ် ဆိုခဲ့သေး၏။အထူးသဖြင့် မယ်ဘွဲ့ မောင်ဘွဲ့ရတုများ၌နတ် သျှင်နောင်၏ စာသည် မင်းနဝဒေးကြီး၏ စာထက် သာ လေသည်။ သို့ရာတွင် ဘုရားတိုင်ရတု၌မူ နဝဒေးကြီးက နတ်သျှင်နောင်ထက် ဗဟုသုတသာကြောင်း ထင်ရှား၏။ (နဝဒေးကြီး–လည်းရှု။)

သက္ကရာဇ် ၉၇၄ ခုနှစ်တွင် သံလျင်မြို့စား ကုလားငစက်ာ နှင့် မုတ္တမမြို့စား ဗညားဒလတို့ တောင်ရှည်ချီတက်တိုက် ခိုက်ရာ၊ သံလျင်သို့ပါသွားလေသည်။ အင်းဝဘုရင် မဟာဓမ္မရာဇာမင်းမြတ်သည် ထိုအကြောင်းကြားတော်မူ သဖြင့်၊ ထိုနှစ်တွင်ပင် သံလျင်မြို့ကို ချီတက်တိုက်ခိုက်ရာ အောင်မြင်သည်။

အောင်မြင်ပုံမှာ ဤသို့ဖြစ်၏။ သက္ကရာဇ် ၉၇၄ ခုနှစ် တန်ခူးလပြည့်နေ့တွင် မြန်မာသူရဲကောင်းတို့သည် အရှေ့ မျက်နှာတံခါး၌ အစောင့်ထားသည့် ပေါတုဂီ ၁၂ ယောက် ကို ညဉ့်တချက်တီးကျော်တွင် ထိုးခုတ်သတ်ဖြတ်၍မြို့တံခါး

www.forewarspace.com.mm

ကိုဖွင့်ပေးသည်နှင့် မင်းမဟာမွန်ရာဇာ၏ ရဲမက်တို့သည် တဟုန်ထိုးဝင်ကြသည်။ မြို့လေးမျက်နှာကလည်း တညီ ကညီတတ်တည်း တက်ကြသည်နှင့် မခံမရပ်နိုင်ဘဲ၊ ထိုနေ့မိုး လင်းတွင် သံလျင်မြို့ပျက်လေသည်။ သံလျင်ပျက်လျှင် ဗိုလ်မှူး ငစက်ံနှင့် နတ်သျှင်နောင်ကို လက်ရဖမ်းမိသည်။ ထိုနောက် မဟာမွန်ရာဇာက ငစက်ံအား–

'ငါအကြိမ်ကြိမ် စာပေးမှာထားသည်။ငါ့ရန်သူကို အပ်ရမည်ဆိုသည်ကို မပေးအပ်နေသည်မှာ ယခု ငါ့လက်သို့ ရောက်ပြီ။ အသနားခံ၍ တောင်းပန်လျှင် ချမ်းသာပေး မည်'ဟု မိန့်တော်မူလေသည်။

ပေါတုဂီဗိုလ်မှူးကလည်း 'ကျွန်ုပ်တွင် အပြစ်မရှိသည်ကို အဘယ်ကြောင့် တောင်းပန်ရမည်နည်း။ အရှင်မင်းကြီး၏ ရန်သူဖြစ်ခဲ့လျှင် ခပ်သိမ်းသော သူအပေါင်းတို့၏ရန်သူ ဖြစ်ရအံ့တော့လော။ ကျွန်ုပ်အား မိတ်ဖွဲ့လာလျှင် ကျွန်ုပ်၏ မိတ်ဆွေခင်ပွန်းဖြစ်သည်။ မိတ်ဆွေခင်ပွန်းကို အမှန်မချွတ် မယွင်း စွမ်းဆောင်ရမည်ဖြစ်၍စွမ်းဆောင်ပေသည့် ဓမ္မတာ အတိုင်းတစ်နေ့မွေးလျှင်တစ်နေ့သေရမြဲဖြစ်သည်။ယခုအရှင် မင်းကြီးလက်သို့ရောက်၍ ပြုလိုရာ ပြုနိုင်မည်ပင် ဖြစ်တော့ သည်။ သို့ရာတွင် ကျွန်ုပ်နှင့် တောင်ငူမင်းမှာ သေလျှင်သေ ချင်း၊ရှင်လျှင်ရှင်ချင်း၊သစ္စာကတိကြီးစွာရှိသည်။ သေ လျှင်လည်းအတူ၊ရှင်လျှင်လည်းအတူတူဖြစ်လိုသည်'စသည် ဖြင့် မတုန်မလှုပ်လျှောက်ကြားသည်။ (ဒီဗရစ်တို–ရှု။)

တဖန် တောင်သူမင်းကို စစ်မေးပြန်လျှင်လည်း 'ငါ့အ ကြောင်းကို စစ်မေးလျှင် ငါ့အကြောင်းကို သိပြီးပင် ဖြစ် တော့သည်။ ဤပေါတုဂီအမျိုးသားတို့နှင့် ပေါင်းယှက်၍ တသွေးတသားတည်းဖြစ်ပြီးရကား၊ သေဘေးကိုကြောက် သာတော့မည်မဟုတ်။ ဓမ္မတာတမ်းဖြစ်မြဲပျက်မြဲပင်။ ငါ တစ်ယောက်တည်းသာ ဖြစ်ရပျက်ရသည်မဟုတ်။လက်သို့ ရောက်သည်ဟုသတ်သော်လည်း ကိုယ်ကာယအကောင်သာ သေမည်။ အသက်ကို စိုးပိုင်သည်မဟုတ်၊ပြုလိုရာပြုလေ ခံ မည်'ဟူ၍ မိန့်တော်မူလျှင်၊တောင်သူမင်းနှင့် ငစက်ံတို့ကို သက္ကရာဇ် ၉၇၄ ခု တန်ခူးလပြည့်ကျော် ၃ ရက်စနေနေ့တွင် သံလျင်မြို့ဈေးလယ်၌ ကားကြတ်၍ကွပ်မျက်သည်။ သံ လျင်တွင် အနိစ္စရောက်ရသည်ကို အကြောင်းပြု၍၊နတ်သျှင် နောင်ကို သံလျင်ရောက် မင်းတရားဟူ၍တွင်သည်။နတ် သျှင်နောင်သည် ကွယ်လွန်သည့်အခါ၌ အသက် ၃၅ နှစ် အရွယ်မျှသာ ရှိသေးသည်။

နန်မြို့။ ။နန်မြို့သည် ပြင်သစ်နိုင်ငံ၊ ပါရစ်မြို့တော်၏ အနောက်တောင်ဘက် ၂၄မိုင်ခန့်ဝေးသောလွှားမြစ်ကမ်း ခြေတွင်တည်ရှိသည်။ ပင်လယ်မှ ၃၅မိုင်ခန့်ကွာဝေးသော် လည်း၊ အလွန်စည်ကားသောဆိပ်ကမ်းမြို့ဖြစ်သည်။ ဆိပ်ခံ တန်တားများသည် ၂ မိုင်ခန့်ရှည်လျား၍၊ ဒုတိယ ကမ္ဘာ စစ်ကြီး မဖြစ်မီက မြစ်ကိုဖြတ်ကာ ဆောက်လုပ်ထားသော တန်တား ၂၁ ခုရှိသည်။ နန်မြို့သည် သင်္ဘောများ တည် ဆောက်ရာ၌ ဌာနတစ်ခုဖြစ်သည်။ ထိုပြင် ထိုမြို့တွင် အင် ဂျင်နီယာလုပ်ငန်း၊ စက္ကူလုပ်ငန်း၊ ဓာတုဗေဒပစ္စည်း လုပ်ငန်းနှင့် မသိုးစာစီမံခြင်းလုပ်ငန်းစသည့် လုပ်ငန်း များလည်း ရှိလေသည်။

နန်မြို့သည် ရှေးယခင်က ဒျူတွဲရဗရစ်တန်ဒီစား အဆက် ဆက်အုပ်စိုးခြင်းခံခဲ့ရပြီးနောက်၊ ၁၄၉၁ ခုနှစ်တွင် ပြင်သစ်ဘုရင်၏ လက်အောက်သို့ ရောက်ရှိခဲ့လေသည်။ ပြင်သစ် ပရိတက်စတန့် ဂိုဏ်းဝင်၊ ဟျူးဂျနိုးများအား လွတ်လပ်စွာကိုးကွယ်ခွင့်စသော ပြည်သူ့အခွင့်အရေးများ ပေးအပ်ခဲ့သောနန်းပြန်တမ်းကို ပြင်သစ်ပြည့်ရှင် စတုတ္ထ ဟင်နရီဘုရင်သည် ၁၅၈၉ ခုနှစ်တွင် နန်မြို့မှ ထုတ်ပြန် ကြေညာခဲ့သည်။ နန်မြို့တွင် စိန်ပီယား၊ စိန်ဂျိမ်းစသည့် ထင်ပေါ်ကျော်ကြားလှသောဘုရားရှိခိုး ကျောင်းကြီးအပြင်၊ လှပတင့်တယ်သော အခြားအဆောက်အအုံကြီးများလည်း ရှိသည်။ ထိုမြို့တွင် နေထိုင်လျက်ရှိသော လူဦးရေမှာ ၁၉၅၄ ခုနှစ်တွင် ၂၂၂၇၉၀ ယောက်ခန့်ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဂျာမန်တပ်များသည် ၁၉၄၀ပြည့်နှစ် ဇွန်လ ၂၀ ရက်နေ့တွင် နန်မြို့ကို တိုက် ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုနောက်တွင် မဟာမိတ်လေ တပ်များကလည်း နန်မြို့ရှိသင်္ဘောကျင်းများကို အပြင်း အထန် ဗုံးကြဲ တိုက်ခိုက် ဖျက်ဆီးခဲ့၏။ သို့သော် ၁၉၄၄ ခုနှစ် သြဂုတ်လ ၉ ရက်နေ့တွင် ဂျာမန်တို့ကို နန်မြို့မှ အပြီးတိုင်တိုက်ထုတ်ခဲ့လေသည်။

နန္ဒထေရ်။ ။နန္ဒထေရ်သည် ဂေါတမမြတ်စွာဘုရားလက် ထက် ထင်ရှားသောထေရ်တစ်ပါးဖြစ်သည်။ သုဒ္ဓေါဒနမင်း နှင့် ဂေါတမီမိဖုရား၏သားတော်ဖြစ်၍ မြတ်စွာဘုရား၏ ညီတော်ဖြစ်သည်။ ထိုကြောင့် ညီတော်မင်းနန်ဟုလည်း တွင်သည်။

နန္ဒမင်းသားသည် နှစ်မတော်ဇနပဒကလျာဏီနှင့် လက် ထပ်မည့်ဆဲဆဲတွင် မြတ်စွာဘုရားက သပိတ်ထမ်းခေါ် ဆောင်သွားကာ ကျောင်းတော်သို့ရောက်သောအခါ၊ ရဟန်း ပြုပေးသည်။ နန္ဒရဟန်းသည် ဇနပဒကလျာဏီကို စွဲလမ်း အားကြီး၍၊ သာသနာတော်၌မပျော်မွေ့နိုင်သဖြင့်၊ လူထွက် အုံ့ဟု လျှောက်ကြားသောအခါ၊ မြတ်စွာဘုရားသည် ဒေသ စာရီကြွချီရာသို့ခေါ်ဆောင်သွားသည်။ လမ်းခရီး၌ မျောက် မအိုတစ်ကောင်ပြ၍၊ ဇနပဒကလျာဏီနှင့် မည်သူအလှ ပိုသည်ကိုဇင်း၊ နတ်ပြည်သို့ရောက်သော် နတ်သမီးတို့ကို ပြ၍၊ မည်သူအလှပိုသည်ကိုလည်းကောင်း နန္ဒရဟန်းအား

www.foreverspace.com.mm

သဘောမမ်ိုးခ်ုပ်ေမးမြန်းသည်။ နတ်သမီးများ၏ အလှကိုနှစ်သက်သည်ဟုဆိုရာ၊ သူတို့ကို အလိုရှိသော် လေ့ကျက်ရွတ်ဖွားရန် မြတ်စွာဘုရားက လက္ခဏာရေးသုံးပါးနှင့်စပ်သော တရားကို ပေးတော်မူ၏။ အကြောင်းအရာအကျယ်ကို ၊ ဓမ္မပဒအဋ္ဌကထာ၊ ယမကဝဂ်တွင် ဖော်ပြထားသည်။

နန္ဒရဟန်းသည် နတ်သမီးကိုအလိုရှိသော ဆန္ဒပြင်းပြသဖြင့် ထိုတရားကိုရွတ်ဆိုနေရာ၊ ရွတ်ဆိုဖန်များသော်၊ အနက်အဓိပ္ပါယ်ကို သိရသဖြင့် အာသဝေါတရားကင်းပြတ်၍၊ အရဟတ္တဖိုလ်သို့ ရောက်သည်။ ထိုအခါမှ နန္ဒရဟန်းသည် နတ်သမီးတို့ကို အလိုမရှိတော့ကြောင်းဖြင့် လျှောက်ကြား၍တရား၌သာမွေ့လျော်လေသည်။

နန္ဒဘုရင်၊ငါးဆူဒါယကာ (မြန်မာ ၉၃၄–၉၆၁)။ ။ ငါးဆူဒါယကာနန္ဒဘုရင်သည် ဘုရင့်နောင်၏သားတော်ဖြစ်သည်။ သက္ကရာဇ် ၉၄၃ခုတွင် ဘုရင့်နောင် နတ်ရွာစံသောအခါ၊ အရိုက်အရာဖြစ်သောဟံသဝတီထီးနန်းကို သားတော်နန္ဒဘုရင်က ဆက်ခံစိုးစံသည်။ (ဘုရင့်နောင်– ရှု။)

နန္ဒဘုရင် နန်းတက်သောအခါ၊ လက်အောက်ခံမင်းများကား၊ အင်းဝတွင် သတိုးစော၊ ပြည်တွင် သတိုးဓမ္မရာဇာ၊ တောင်ငူတွင် မင်းခေါင်၊ ညောင်ရမ်းတွင် မင်းရဲနန္ဒမိတ်၊ မုတ္တမတွင် သီရိသုဓမ္မရာဇ၊ ဧင်းမယ်တွင် နော်ရထာစောတို့ဖြစ်ကြသည်။ ထိုမင်းငယ်အသီးသီးတို့သည် ဘုရင့်နောင်၏ ညီတော် သားတော်နှင့် သမက်တော်တို့ချည်းဖြစ်သည်။ မြို့ကြီးပြကြီးတို့ကို ထိုသို့ သားတော် ညီတော်စသည်တို့ကိုအပိုင်စားပေး၍ အသီးအခြားအုပ်ချုပ်စေသောထုံးစံမှ၊ စိတ်သဘောညီညွတ်က နိုင်ငံ၏အားတစ်ခုဖြစ်သော်လည်း၊ စိတ်သဘော ကွဲပြားဆန့်ကျင်သည်နှင့်တစ်ပြိုင်နက်၊ နိုင်ငံပျက်စီးရန် အကြောင်းတစ်ခုဖြစ်လေသည်။ နန္ဒဘုရင်သည် မိမိ၏လက်အောက်ခံ ထိုမင်းငယ်အသီးအသီးတို့နှင့် မသင့်မတင့်ဖြစ်ခဲ့ရာ၊ ညီညွတ်ရေးပျက်ပြားမှု မင်းငယ်အသီးသီးက နန္ဒဘုရင်၏ လက်အောက်မှ တော်လှန်ပုန်ကန်ခဲ့ကြလေသည်။

နန္ဒဘုရင်သည် ခမည်းတော်နှင့်ဘုရင့်နောင်ကဲ့သို့ပင် ဘုန်းလက်ရုံးအာဏာနှင့်ပြည့်စုံသောမင်းဖြစ်သည်။ ပုန်ကန်ခြားနားကုန်သော လက်အောက်ခံမင်းငယ်တို့ကို ခမည်းတော် ဘုရင့်နောင်ကဲ့သို့ပင်၊ ချေမှုန်းနှိမ်နှင်းလေသည်။ သို့ရာတွင် တပင်ရွှေထီး၊ ဘုရင့်နောင်၏ လက်ထက်ကတည်းက စစ်ကြောင့်ပင်ပန်းခဲ့လှပြီဖြစ်သော နိုင်ငံတော်သည် နန္ဒဘုရင်၏လက်ထက်သို့ ရောက်သော အခါ၊ ပြိုကွဲခြင်းသို့ ရှေးရှုခဲ့လေသည်။ နန္ဒဘုရင်ကိုယ်တိုင်ကလည်း တိုင်းနိုင်ငံကို စည်ပင်ဝပြောအောင် ပြန်လည်ထူထောင်ရမည့်အစား၊ စစ်ပွဲများချည်းခင်းကျင်း တိုက်ခိုက်ခဲ့သည်။ နိုင်ငံတွင်း ပုန်ကန်မှုများကို နှိမ်နင်းနေရသည့်အကြားမှ ယိုးဒယားသို့အကြိမ်ပေါင်းများစွာ စစ်ချီတက် တိုက်ခိုက်ခဲ့သည်။ သို့ရာတွင် နန္ဒဘုရင်သည် ယိုးဒယားမှစစ်ရှုံး၍ချည်း ပြန်လာခဲ့ရသည်။

နန္ဒဘုရင်သည် စစ်ဆင်တိုက်ခိုက်ရာတွင် ချီးမွမ်းဖွယ်ကောင်းလောက်အောင် စွမ်းရည်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ခမည်းတော် ဘုရင့်နောင်၏ လက်ထက်ကတည်းကပင် အရေးပါသောစစ်သူကြီးဖြစ်ခဲ့သည်။ သို့သော်နန္ဒဘုရင်သည် အခြေအနေနှင့်အခါသမယကို ဆင်ခြင်သုံးသပ်နိုင်ခြင်းမရှိခဲ့ချေ။ မိမိ၏ နန်းသက်တစ်လျှောက်လုံးတွင် အဆက်မပြတ် နှစ်တိုင်း စစ်ပွဲများဆင်နွှဲတိုက်ခိုက်ခဲ့သည်။ နိုင်ငံသူနိုင်ငံသားတို့မှာလည်း စစ်ကြောင့်ပင်ပန်းခဲ့လှကြပြီဖြစ်သည်။ တစ်ဖက်တွင် ပြည်ပနိုင်ငံများဖြစ်သော မြောက်ဘက်ရှိတရုတ်နိုင်ငံ၊ တောင်ဘက်ရှိ ယိုးဒယားနိုင်ငံများသို့ စစ်အကြိမ်များစွာ ချီတက်တိုက်ခိုက်ခဲ့လျက်၊ အခြားတဘက်၌ကား၊ ပြည်တွင်း မင်းငယ်များ၏ ခြားနား ပုန်ကန်မှုများကို နှိမ်နင်းခဲ့ ရလေသည်။

ဤသို့အားဖြင့် စစ်ကြောင့်ပင်ပန်းလျက်ရှိသော နိုင်ငံဝယ်၊ အခြားသော ပြည်တွင်းချွတ်ယွင်းမှုများလည်း ပေါ်ပေါက်လာခဲ့လေတော့သည်။ ၉၅၈ ခုနှစ်၌ စိုက်ပျိုးပြီးစပါးနှင့် သီးနှံပင်များကို ကြွက်အများကျသဖြင့်၊ ငတ်မွတ်ခေါင်းပါးခြင်း ဘေးကြီးပင်ပေါ်ပေါက်ခဲ့လေသည်။ မြို့တော်ဖြစ်သော ပဲခူးတွင်လည်း အုပ်ချုပ်ရေး အခြေခံ မခိုင်သဖြင့်၊ နိုင်ငံခြားနှင့် ကူးသန်းရောင်းဝယ်ရေးများ ပျက်ပြားကာ၊ နိုင်ငံတော်၏စီးပွားရေးလည်း တဖြည်းဖြည်း ယိမ်းယိုင်၍လာသည်။ နိုင်ငံသူနိုင်ငံသား အများအပြားလည်း မင်းကိုကြောက်၍ ရဟန်းပြုကြသည်။ သို့ရာတွင် နန္ဒဘုရင်သည် အချို့သောရဟန်းတို့ကို ဝိနည်းတော်နှင့်အညီ မကျင့်ဟူ၍လူပြုစေသည်။ အချို့သောရဟန်းများအား ညောင်ရမ်း၊ အင်းဝ၊ စစ်ကိုင်း၊ ရှမ်းပြည်တို့သို့ပို့သည်။ မွန်လူမျိုးအမြောက်အမြားလည်း ရခိုင်၊ ဧင်းမယ်၊ ယိုးဒ ယားတို့သို့ ပြေးဝင်ခိုလှုံကြသည်။ ဤသို့ပြုတော်မူသည်ကို နောင်အခါ၌ 'ငါးဆူဒါယကာအမှားတော်ပုံ' ဟူ၍ စာအုပ် ရေးသားသည်ကိုတွေ့ရ၏။ ယိုးဒယားနိုင်ငံကလည်း ပဲခူး၊ မုတ္တမနှင့် ထားဝယ်မြို့များသို့ ဝင်ရောက်တိုက် ခိုက်လာလေသည်။

ယင်းသို့ အင်းအားယိုးယွင်းလျက် ယိမ်းယိုင်ပြိုလဲလုဖြစ်နေသော နန္ဒဘုရင်၏ ဟံသာဝတီ ပဲခူးနိုင်ငံကို ၉၆၁ ခုနှစ်တွင် တောင်ငူမင်း မင်းရဲသီဟသူနှင့် ရခိုင်ဘုရင် မင်းရာဇာကြီးတို့ ပူးပေါင်း၍တိုက်ခိုက်ကြစည်ရာ၊ ပဲခူးလည်း ပျက်လေသည်။ ပဲခူးမှရနိုင်သမျှသော စည်းစိမ်ဥစ္စာရတနာများကို တောင်ငူမင်းနှင့် ရခိုင်ဘုရင်တို့ ခွဲဝေ၍ယူသည်။ နန္ဒဘုရင်အားလည်း တောင်ငူမင်း ဖမ်းယူခေါ်

www.forevergspace.com.mm

ဆောင်ဘွား သည်။ ရခိုင်ဘုရင်သည် ယိုးဒယားမှ ဘုရင့်နောင်သမီးယူလာသော ဟိန္ဒူနတ်ကြေးရုပ်ကြီးများနှင့် အဇောက်ကြီးများကို သိမ်းယူသည်။ ပဲခူးမြို့ကြီးကို မီးတင်ရှို့ဖျက်ဆီးကြလေသည်။

ပဲခူးအရေးတော်ပုံကို ကြားသောအခါ၊ ယိုးဒယားဘုရင် ဗြနရာဇ်လည်း ဝေစုခွဲရန်အတွက် ပဲခူးသို့ အပြင်းချီလာသည်။(ဗြနရာဇ်–ရှု။) သို့ရာတွင် အရောက်နှောင်းသဖြင့်၊ ပဲခူးမြို့ပျက်ကြီးကိုသာတွေ့ရသောကြောင့်၊ ပဲခူးတဝိုက်ကို တိုက်ခိုက်ပြီးလျှင် တောင်ငူသို့ချီတက်၍ ခေတ္တမျှ ဝိုင်းရံလုပ်ကြံပြီးနောက် တပ်နုတ်၍ ယိုးဒယားသို့ပြန်သည်။

ရခိုင်ဘုရင်သည် ရခိုင်သို့အပြန်တွင် တောင်ငူမင်းနှင့် ပူးပေါင်း၍ ပဲခူးကို မလုပ်ကြံမီ တိုက်ခိုက်သိမ်းယူထားသော သံလျင်မြို့တွင် မိမိ၏လက်တော်သုံးတစ်ဦးဖြစ်သော ပေါ်တူဂီလူမျိုး ဖိလစ်ဒီဗရစ်တိုခေါ် ငစက်ားအား မင်းရဲသီဟသူ၏ သဘောတူညီချက်အရ၊ အလုံးအရင်းနှင့် အစောင့်ချထားခဲ့လေသည်။ (ဒီဗရစ်တို–ရှု။)

တောင်ငူမင်း ဖမ်းဆီးခေါ်ဆောင်သွားခြင်းကိုခံခဲ့ရသော နန္ဒဘုရင်လည်း တောင်ငူသို့ ရောက်ပြီးနောက်၊ သက်တော် ၆၆ နှစ်တွင် တောင်ငူမင်း မိဖုရားနှင့် နတ်သျှင်နောင်တို့လုပ်ကြံ၍ အနိစ္စရောက်သည်။ နန္ဒဘုရင်သည် တောင်ငူသို့ ပါသောကြောင့်၊ တောင်ငူရောက် မင်းတရားဟုလည်းတွင်သည်။ ကောင်းမှုတော် ဘုရားငါဆူကို တည်ထားကိုးကွယ်ခြင်းကြောင့်၊ ငါးဆူဒါယကာ နန္ဒဘုရင်ဟုလည်းခေါ်တွင်လေသည်။

နန္ဒဘုရင်တိုက်ပွဲများ ။ ။ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားကြီး၏ သားတော် ငါးဆူဒါယကာ နန္ဒဘုရင်လက်ထက်တွင်ဖြစ်ပွားသောတိုက်ပွဲများကို နန္ဒဘုရင်တိုက်ပွဲများဟုခေါ်ကြသည်။

သက္ကရာဇ် ၉၄၃ ခုနှစ်(၁၅၈၁)တွင် ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရာကြီး နတ်ရွာစံသောအခါ သားတော် နန္ဒဘုရင်နန်းတက်သည်။ ခမည်းတော်မင်းတရားလက်ထက် နိုင်ငံတော်ချဲ့ထွင်နိုင်ခဲ့သမျှတွင် ခိုင်မြဲသောအုပ်ချုပ်မှုကိုမပေးနိုင်သောကြောင့် လက်အောက်ခံဖြစ်သော ပဒေသရာဇ်နိုင်ငံတို့သည် ယခင်က ကြောက်ရွံ့၍လည်းကောင်း၊ ပုဂ္ဂိုလ်စွဲအားဖြင့်လည်းကောင်း၊ ဝါဒကို နှစ်ခြိုက်၍လည်းကောင်းစည်းလုံးခဲ့ကြသော်လည်း၊ ဘုရင့်နောင် နတ်ရွာစံသောအခါတွင် ကိုယ့်မင်းကိုယ့်ချင်းသီးခြားနေကြရန် ရည်ရွယ်၍၊ အသီးသီး ခွဲထွက်ရန် ခြေလှမ်း ပြင်ကြတော့သည်။ အသီးအခြား အုပ်ချုပ်ခွင့်ပေးထားသောညီတော်၊ သားတော်တို့သည် စိတ်သဘောကွဲပြားသဖြင့် စစ်မက်မှုများရသည်။

နန္ဒဘုရင်ကား ခမည်းတော်ဘုရင့်နောင်မင်းတရား၏ အောင်ပွဲများစွာ၌ အရေးပါသောစစ်သူကြီးဖြစ်သည်။ စစ်ဆင် စစ်တိုက်တို့တွင် ချီးမွမ်းဖွယ်ကောင်း လောက်အောင် စွမ်းရည်နှင့်ပြည့်စုံသူလည်းဖြစ်သည်။ တရုတ်ပြည်တောင်ပိုင်းတိုက်ပွဲများ၌ တရုတ်တို့၏ အချီးအမွမ်းခံရသူလည်းဖြစ်သည်။ သို့ရာတွင် နန္ဒဘုရင်သည် အလုံးအရင်းအင်အားနှင့်ပြည့်စုံသော ဘထွေးတော်ညီတော်တို့နှင့်အသင့်အတင့်မကျင့်ခြင်း၊ အခြေအနေနှင့် အခါသမယကို သုံးသပ်၍မဆောင်ရွက်တတ်ခြင်းတို့ကြောင့် အရေးဟူသမျှလစ်ဟင်းကာအဆုံး၌ စည်းစိမ် အသက်ပျက်စီးဆုံးရှုံးရသည်။ နန္ဒဘုရင်နန်းတက်သည်နှင့် တစ်ပြိုင်နက်သီးခြားခွဲထွက်ရန် ဟန်ပြင်သော ပဒေသရာဇ်နိုင်ငံတို့တွင် အင်းဝသည်ပထမဖြစ်၍ ယိုးဒယားသည် ဒုတိယဖြစ်သည်။ သက္ကရာဇ် ၉၄၄ ခုနှစ်တွင်နန္ဒဘုရင်၏သားတော် အိမ်ရှေ့ဥပရာဇာမင်းကြီးစွာနှင့် အိမ်ရှေ့မိဖုရားနတ်ရှင်မယ်တော်တို့ မကြည်ရှိကြ၍ တွန်းဖယ်ရာတွင်အိမ်ရှေ့မိဖုရားနဖူးတော်နှင့် သလွန်တော်စွန်းထိ၍ သွေးယိုသည်ကို ဝတ်လဲတော်နှင့် သုတ်ပြီးလျှင်ဘူးတွင်သွတ်ကာ တံဆိပ်လက်ရာနှင့် ခမည်းတော်အင်းဝဘုရင်သတိုးမင်းစောသို့ ဆက်၍ တိုင်ရာမှအစပင်ကို စိတ်ဝမ်းကွဲချင်နေသော နန္ဒဘုရင်နှင့် အင်းဝဘုရင်ခံသတိုးမင်းစောတို့ စိတ်ဝမ်းကွဲကြသည်။ အင်းဝဘုရင်ခံ ကခြားနားရန် လူသူစည်းရုံးသည်ကို နန္ဒဘုရင်ကြားသိတော်မူသောအခါ သားတော်မဟာဥပရာဇာကို မြို့စောင့်ခန့်တော်မူ၍ သက္ကရာဇ်၉၄၅ခုတန်ခူးလပြည့်နေ့တွင် အင်းဝသို့ စစ်ချီတော်မူသည်။ နန္ဒဘုရင်ကိုယ်တိုင်တပ်မပြု၍ တပ်၁၇ တပ်တွင် တိုက်ဆင် ၁၅၀၀ခြင်း ၁၅၀၀၀၊စစ်သည်သူရဲ ၁၅၀၀၀၀နှင့် ချီတော်မူသည်။ ပြည်မင်း တောင်ငူမင်းလည်း ယင်းတို့အင်အားနှင့် တစ်ကြောင်းချီရသည်။ ရောက်တော်မူလျှင် ပင်းယတွင်တပ်ချသည်။ ယင်းသို့ ဆင်လုံးမြင်းလုံးများလှသည်ကို ကြားသော အင်းဝဘုရင်သည် နန္ဒဘုရင်ထံသို့ ဆင်းစီးချင်းတိုက်ရန် စကားကမ်းလှမ်းလိုက်ရာနန္ဒဘုရင်ကလည်း သဘောတူညီလိုက်သည်။ သက္ကရာဇ် ၉၆၄ခု ကဆုန်လပြည့်ကျော် ၁ရက် အင်္ဂါနေ့တွင် နန္ဒဘုရင်မင်းမြတ်သည် ဆင်တော်စောရန်နင်းကို ရွှေကွန်ရွက် လွှမ်းပြီးလျှင် ဓေယျဝလကို နောက်တော်ထိုင်စေ၍ လက်ဝဲတော်က ဆင်ကူ ၃၀၊ လက်ယာတော်က ဆင်ကူ ၃၀နေစေကာ ပင်းယမြောက် သစ်ဆိမ့်ပင်အရပ်တွင် စစ်အင်ကျင်း၍နေ တော်မူသည်။ အင်းဝဘုရင် သတိုးမင်းစောလည်း ဆင်တော်သန်မြန်စွာကို ရွှေကွန်ရွက်လွှမ်းပြီးလျှင် ကျောက်ရစ်စားကိုနောက်တော်ထိုင်စေ၍ လက်ဝဲတော်က ဆင်ကူ ၃၀၊ လက်ယာတော်က ဆင်ကူ ၃၀ စီရင်တော်မူကာ မြို့က ထွက်သည်။ တံတားဦးသို့ ရောက်တော်မူလျှင် ရဲမက်တို့ကို

www.foreverspace.com.mm

စစ်မျက်နှာဖြန့်၍ မင်း ၂ ပါးတိုက်တော်မူမည်ဟု စီရင်ခင်းကျင်းစဉ်တွင် ဟံသာဝတီဘုရင်၏ ကျွန်တော် တရုတ်မော်စားသည် ရဲမြတ်စွာဟူသောဆင်ကိုစီး၍ အင်းဝဘုရင်ထံသို့ လွှတ်လာသည်ကို အင်းဝဘုရင်၏ ကျွန်တော် ပြင်စည်စားသည် နာဂဝရဟူသော ဆင်ကိုစီး၍ခံသည်။ တရုတ်မော်စားနှင့် အတော်ကြာလှေကြစဉ်တွင် အင်းဝဘုရင်သတိုး မင်းစောလိုက်၍ တိုက်တော်မူသည်။ တရုတ်မော်စား ဆင်မျက်နှာသုန့်၍ပြေးရာတွင် ကုန်းလယ်စီးဘယရာဇသူ လုံ့နှင့်လွှတ်သည်။ တရုတ်မော်စား နံကိုလုံ့သင့်၍ဆင်ထက်ကျ၍ သေလေသည်။ ဆင်ကိုလည်း ရတော်မူသည်။

ယင်းသို့ဖြစ်စဉ် နန္ဒဘုရင်ဆင်တော်နှင့် ပြင်စည်စားဆင်တို့တိုက်ရာတွင် ပြင်စည်စားဆင်အားမတန်၍ မျက်နှာအသုန့်တွင် ဆင်ကကျ၍ ပြင်စည်စားကို အရှင်ရတော်မူသည်။ ထိုအခါမှ မင်းနှစ်ပါးယှဉ်၍ တိုက်တော်မူကြသည်။ သို့ရာတွင် ဘုန်းကြီးသောမင်းချည့် ဖြစ်သဖြင့် တစ်ပါးကို တစ်ပါးမနိုင်ဖြစ်နေစဉ် ဆင်ကူများကလည်း ကူညီမတိုက်ဝံဖြစ်ကြသည်။ အင်းဝဘုရင်သည် ဆင်တော်ကိုဆုတ်စေ၍ အားယူစေပြီးလျှင် ခွန်းဖွင့်၍ ယောက်ဖတော်ကို တိုက်တော်မူရာ နန္ဒဘုရင်စီးသောဆင်တော်စောရန်နင်းကို ထိုးမိသဖြင့် စွယ်လုံးကျွံ၍ ခိုက်ခိုက်တုန်ချေသည်။ ထိုအခါ နန္ဒဘုရင်၏ဆင်ကူများလာရောက်ကြသဖြင့် အင်းဝဘုရင် ဆင်တော်ပန်းလှသည်နှင့် ဆုတ်ရသည်။ နန္ဒဘုရင်သည် ဥပေါသထဟူသောဆင်တော်ကို ပြောင်းချိစီးတော်မူပြီးလျှင် လက်ဝဲလက်ယာဆင်ကူများနှင့်ထွက်တော်မူပြန်သည်။ အင်းဝဘုရင် ဆင်တော်ပင်ပန်းလှ၍ ရေသို့ဆင်းချေသော် အလိုတော်မရပြီဖြစ်သဖြင့် အင်းဝဘုရင်လည်းဆုတ်ရချေသည်။ နန္ဒဘုရင်ရဲမက်တော်တို့က အင်းဝဘုရင်ဆုတ်သည်ကို မြင်လျှင်လိုက်၍တိုက်သဖြင့် မခံနိုင်ဖြစ်ရာ အင်းဝဘုရင်သည် စုရုံးမိသမျှ လက်နက်နှင့်တံတားဦးကသည် အင်းဝမြစ်ကို ကူး၍ မန္တလေးအရှေ့၊ ဘုတ်ကန်ကြီး တောင်ခြေရင်းတွင် တပ်နှင့်ခံ၍နေတော်မူသည်။ သို့ရာတွင် ဆင်ကောင်းမြင်းကောင်းနှင့် ရဲမက်ဗိုလ်ပါနည်းလှသဖြင့် ထိုနေရာတွင် ခံမနေတော့ဘဲ တရုတ်မင်းဥတည်ဘွားထံ မှစစ်ကူတောင်းကာ ဟံသာဝတီကို လုပ်ကြံရန်ကြံစည်၍ မြင်းခုနစ်တပ်၊ ရဲမက်၂ထောင်နှင့်တရုတ်ပြည်သို့ချီတော်မူသည်။ ခန္ဓီးသို့ ရောက်လျှင်နာ၍အနိစ္စရောက်တော်မူသည်။

ဟံသာဝတီမင်းတရားလည်း အင်းဝကို အလိုတော်ပြည့်လျှင် နှမတော်အင်းဝမိဖုရားကို ဟံသာဝတီသို့ ကောင်းမွန်စွာဆောင်တော်မူခဲ့သည်။ သစ္စာတော်ခံများဖြစ်သော ပြည်၊ တောင်ငူ၊ ဇင်းမယ်နှင့် ယိုးဒယားဘုရင်တို့အား အင်းဝသို့ချီတော်မူစဉ်က နောက်တော်လိုက်ရန် ခေါ်တော်မူသည်။ ပြည်၊ တောင်ငူ၊ ဇင်းမယ်ဘုရင်တို့က အလုံးအရင်းနှင့်လိုက်သော်လည်း ယိုးဒယားဘုရင် မဟာဓမ္မရာဇာ (စော်ဘွားသောင်ကျည်)သည် ကိုယ်တိုင်မလိုက်ဘဲ သားတော် ဗြနရာဇ (ဗြနရေဆုအင်)ကို အကူလွှတ်မည်ဟုသာ အကြောင်းကြားလိုက်၏။ သို့ရာတွင် ဗြနရာဇသည် နန္ဒဘုရင်အင်းဝသို့ချီပြီဟုကြားသည်နှင့် တစ်ပြိုင်နက် နောက်တော်သို့မလိုက်ဘဲ ဖင့်ခွ်ွ၍ချီလာကာ ယိုးဒယားမွန်နယ်စပ်ရှိ မူအန်ခရင်းအရပ်၌ အလုံးအရင်းနှင့် တပ်စွဲရင်းအင်းဝတိုက်ပွဲအကြောင်းစောင့်၍ နားထောင်နေလေသည်။ အင်းဝပြည်က စတင် ပုန်ကန်ပြီကိုသိသော ဗြနရာဇသည် မိမိတို့ ယိုးဒယားပြည်အဖို့ ခြားနားရန်အချိန်ဆိုပြီဟု ယူဆသည့်အလျောက် စောင့်ဆိုင်းနေခြင်းဖြစ်သည်။ အင်းဝတိုက်ပွဲတွင် နန္ဒဘုရင်ဘက်မှနိုင်ပါက ယိုးဒယားကိုပါ ဆက်၍တိုက်မည်ဆိုလျှင် တိုက်နိုင်သဖြင့် မြန်မာဘုရင် ခေါ်လာခဲ့သော ယိုးဒယားအမျိုးသားများကို ပြန်လည် ခေါ်ယူသွားကာ အင်အားပိုမို တောင့်တင်းစေရန် လူသူစုဆောင်းမည်။ အင်းဝတိုက်ပွဲ၌ နန္ဒဘုရင်ဘက်မှရှုံးပါက ဟံသာဝတီနေပြည်တော်ကို ဝင်ရောက်တိုက်ခိုက် သိမ်းယူမည်ဟူသော အကြံပြုလေသည်။(ဗြနရာဇ–ရှု။)

ဗြနရာဇမင်းသားနှင့်ရဲမက်တို့ မူအန်ခရင်းတွင် ယင်းသို့ တပ်စွဲနေသည်ကို ကြားသောအခါ မြို့စောင့်နေခဲ့သော မဟာဥပရာဇာမင်းကြီးစွာသည် ဗညားကျန်းနှင့် ဗညားရမ်းခေါ် မွန် ၂ ဦးကို မူအန်ခရင်းသို့လွှတ်၍ ဗြနရာဇမင်းသားထံ အစုံစမ်းလွှတ်လိုက်သည်။ ဗြနရာဇမင်းသားနှင့် ရဲမက်တော်တို့သည် မြောက်ဘက်သို့ချီတက်လာ၍ မဟာဥပရာဇာမင်းကြီးစွာကို ရှေ့မှ ဆီးတိုက်ခိုက်ရန်ဖြစ်သည်။ သို့ရာတွင် နောက်မှလျှို့ဝှက်မှာလိုက်သော အရေးအခင်းသည် မွန်ဘုန်းတော်ကြီးမှတစ်ဆင့် ဗြနရာဇမင်းသားထံပေါက် ကြားသွားလေသည်။ ထိုအခါ နန္ဒဘုရင်၏ ညှဉ်းဆဲနှိပ်စက်မှုကိုခံနေရသဖြင့် မွန်တို့သည် မြန်မာ အပေါ်၌ မခံမရပ်နိုင်ဖြစ်နေချိန်ဖြစ်သည်။ အချို့မွန်တို့သည် ယိုးဒယားပြည်ဘက်သို့ပင် ပြောင်းရွှေ့တိမ်းရှောင်နေကြသည်။

မဟာဥပရာဇာ၏အကြံကိုသိသော ယိုးဒယားမင်း သားဗြနရာဇသည် မြန်မာမင်းလက်အောက်ခံမဟုတ်တော့ကြောင်း၊ မြန်မာမင်းကိုခြားနားပြီးဖြစ်ကြောင်း အတိအလင်းကြေညာ၍ စစ်တောင်းမြစ်ကိုဖြတ်ကာ ဟံသာဝတီသို့ချီလာသည်။ ယိုးဒယားစစ်သည်တို့ ဟံသာဝတီနေပြည်တော်သို့ချီလာကြောင်းကြားသောအခါ မဟာဥပရာဇာသည် ကျုံးမြောင်းပြင်ဆင်၍ အမြောက်သေနတ်တင်လျက် အတင်းအကျပ်ခံတော်မူသည်။ ယိုးဒယားဗြနရာဇလည်း မြို့ရင်းသို့ချဉ်း၍ တပ်တောင်တာနှင့်နေစဉ် နန္ဒဘုရင် အင်းဝကိုအောင်မြင်၍ ပြန်လာတော်မူကြောင်းကို ကြားသည်နှင့်

www.foreverspace.com.mm

ဟံသာဝတီမှသည် မုတ္တမသို့ပြန်၍ အရှေ့ဘက်တလွှားတွင် ရှိသောလူများကိုသိမ်းယူကာ ယိုးဒယားသို့ပြန်လေသည်။ ဗြန္တရာဇနှင့်အတူ ယိုးဒယားအိမ်ထောင်ပေါင်း တစ်သောင်းခန့် ပါသွားသည်ဟု ဆိုလေသည်။

ယိုးဒယားတို့ ဝင်ရောက်နှောင့်ယှက်သည့်သတင်းကို နန္ဒဘုရင် ကြားသောအခါ၊ တပ်ကြီးလေးတပ်ကို တိုက်ဆင် ၄၀၀၊ မြင်း ၄၀၀၀၊ လူ ၅၀၀၀၀နှင့် အင်းဝမှ အလျင်ချီ၍ လိုက်ရလေသည်။ ထိုနောက် ဟံသာဝတီသို့ ရောက်သော် တပ် ၇ တပ်ကို သားတော်မဟာဥပရာဇာ အားအုပ်ချုပ်စေ၍ တိုက်ဆင် ၅၀၀၊ မြင်း ၅၀၀၀၊ စစ်သည်သူရဲ ၇၀၀၀၀နှင့် ယိုးဒယားသို့ချီစေသည်။ ယိုးဒယားသို့ရောက်လျှင် အလျင်ချီလေသော ဗညားကျန်းတောတို့ လေးတပ်နှင့်ပေါင်း၍ ယိုးဒယားမြို့မြောက် စုကွာလိဟူသောအရပ်တွင် တပ်တည်၍နေသည်ကို ယိုးဒယားမင်းသားဗြန္တရာဇမြို့မှ ထွက်တိုက်သည်။ အရပ်အနေ မသင့်သဖြင့် မြန်မာရဲမက်တို့ ရွှေ့ရသည်။ ယင်းအကြောင်းကို နန္ဒဘုရင်ကြားတော်မူလျှင် မိုးလလည်းကျခါနီးသဖြင့် တစ်ကြောင်း၊ အလုံးအရင်း ဆင်မြင်းလည်းနည်းသဖြင့်တစ်ကြောင်းပြန်ခေါ်တော်မူသဖြင့် သားတော်ဥပရာဇာတို့ ၁၁ တပ်လုံး ပြန်လှည့်ခဲ့ရသည်။

ယိုးဒယားမြို့တော်ကို ဘုရင့်နောင်မင်းတရားလက်ထက်ကကဲ့သို့ပင် အခုအခံမရှိ အလွယ်နှင့်သိမ်းပိုက်နိုင်လိမ့်မည်ဟု အထင်ကြီးခဲ့သမျှလွဲပြီးဖြစ်ကြောင်းကို နန္ဒဘုရင်သည် ၉၄၆ ခုနှစ်တိုက်ပွဲအပြီးတွင် သိရှိလေသည်။ ထိုကြောင့် ဘုရင့်နောင်လက်ထက်ကနှင့်မခြား ရဲမက်တော် အလုံးအရင်းရအောင် စုဆောင်းရန် အကြံရသည်။ ထိုပြင် ယိုးဒယားမင်းသည် အယုဒ္ဓယမြို့တော်ကို ရဲမက်အလုံးအရင်းနှင့် ခုခံနိုင်ရန် မြောက်ဘက်နယ်စပ်မှ တပ်များကို ရုပ်သိမ်းထားကြောင်းသိသဖြင့် မြောက်ဘက် နယ်စပ်တွင် မျိုးရိုးဗွာများစိုက်ပျိုးစုဆောင်းထားရန် တင်ကူး၍ လူပေါင်းများစွာ လွှတ်ထားလေသည်။

သက္ကရာဇ် ၉၄၇ခုနှစ်တန်ခူးလတွင် တပ်၁၉တပ်ကို သားတော် မဟာဥပရာဇာအားဦးစီးစေ၍ တိုက်ဆင်တစ်ထောင်၊မြင်းတစ်သောင်းနှစ်ထောင်၊ စစ်သည်သူရဲတစ်သိန်းနှစ်သောင်းနှင့် ယိုးဒယားသို့ချီစေပြန်သည်။ မြန်မာတပ်များ ချီလာသည်ကြားလျှင် ယိုးဒယားမင်းသား ဗြန္တရာဇသည် တပ်၁၅တပ်နှင့် လကွန်းဟူသောအရပ်မှ ကြို၍ တိုက်သည်။ မြန်မာတို့ဘက်မှ တပ်လေးတပ်ခွဲ၍ တိုက်သဖြင့် ဗြန္တရာဇ်တပ်များ စုကွာလိဟူသောအရပ် တိုင်အောင်ဆုတ်၍ ခံတပ်တည်ကာအခိုင်အခံပြုနေသည်။ မြန်မာတို့က တစ်ကြိမ်နှစ်ကြိမ်လုပ်ကြံသော် လည်းမပျက်သဖြင့် ရှည်သော် မျိုးရိုးဗွာကုန် ၍ငတ်မည်စိုးသောကြောင့် ဆုတ်ယောင်ပြု၍ ဗြန္တရာဇ်တပ်များ လိုက်အတိုက် တွင် ခံတိုက်ရန် စီစဉ်ရသည်။ တပ်များနုတ်ဟန်ပြုသည်ကို ဗြန္တရာဇ်လည်း ဆင်မြင်း အလုံးအရင်းနှင့် လိုက်၍တိုက်ရာ မြန်မာတို့သည် လက်ယာကြောင်း စစ်မျက်နှာမှတပ်ခြောက်တပ်၊ လက်ဝဲကြောင်းစစ်မျက်နှာမှတပ်ခြောက်တပ်၊ အလယ်ကြောင်းမှ မဟာဥပရာဇာနှင့်ကျန်တပ်များကဖြန့်၍ခံသည်။ ဗြန္တရာဇ်တပ်သည် လက်ယာကြောင်းကိုမြင်လျှင် လက်ယာကြောင်းကိုမတိုက်ဘဲ လက်ဝဲကြောင်းကို တိုက်ရာ မဟာဥပရာဇာတို့၏တပ်များ ဆုတ်ရသည်။ လက်ယာကြောင်းကို တိုက်ပြန်လေရာ သံမြို့နှင့်အတူခံသည်ကို မြင်လျှင် ဗြန္တရာဇ်မတိုက်ဝံ့၍ ပျက်သည့်တပ်များမှ လူသူဆင်မြင်းတို့ကို သုံ့ပန်းဖမ်းဆီး၍ ခံတပ်သို့ပြန်သည်။

မြန်မာတပ်များက ဆင်မြင်းလူသူစုရုံး၍ပြန်ရာ သက္ကရာဇ် ၉၄၈ခု ဝါခေါင်လတွင် ဟံသာဝတီသို့ရောက်သည်။ ယိုးဒယားကို ယင်းသို့အကြိမ်ကြိမ်ချီ၍လုပ်ကြံသော်လည်း အရေးတော် မပြီးနိုင် ဖြစ်လှသဖြင့် နန္ဒဘုရင်မင်းမြတ်သည် ဆင်မြင်းအလုံးအရင်းနှင့် ကိုယ်တော်တိုင်ချီမှ ဖြစ်တော့မည်ဟု နှလုံးပိုက်မိလေသည်။ ထို့ကြောင့် သက္ကရာဇ် ၉၄၈ခု တန်ဆောင်မုန်းလဆန်း ၉ရက်နေ့တွင် နန္ဒဘုရင် ကိုယ်တော်တိုင် တပ် ၂၄တပ်ကို အုပ်ချုပ်၍ တိုက်ဆင် ၂၂၀၀၊ မြင်း ၁၂၀၀၀၊ စစ်သည်သူရဲ ၂၅၀၀၀၀နှင့် ယိုးဒယားသို့ ချီတော်မူသည်။ သားတော် မဟာဥပရာဇာကို မြို့စောင့်ထားခဲ့သည်။ ယိုးဒယားသမိုင်း၌မူ နန္ဒဘုရင်မင်းမြတ်သည် စစ်သည်တော် ၂၅၀၀၀၀ကို တပ်မကြီး ၃ တပ်ခွဲ၍ တစ်တပ်ကို ကိုယ်တော်တိုင်၊ တစ်တပ်ကို သားတော်မဟာဥပရာဇာ၊ ကျန်တစ်တပ်ကို တောင်ငူဘုရင်ခံတို့ဦးစီးကာ ယိုးဒယားသို့ ချီသည်ဟု ဖော်ပြထားသည်။

နန္ဒဘုရင်သည် ဆင်လုံးမြင်းလုံး ရဲမက်ဗိုလ်ပါများနှင့် ချီလာပြီဟူသော သတင်းကို ယိုးဒယားမင်းသား ဗြန္တရာဇ်ကြားလျှင် ကျေးလက်ရှိ ဆန်ရေနှင့် သူရဲသူခက်ကောင်းတို့ကို ရွေးယူ၍ မြို့တော်တွင်းသို့ချည်းသွင်း၍ ခံစေသည်။ နန္ဒဘုရင်မင်းမြတ်သည် ယိုးဒယားသို့ရောက်သော် ၂၄ တပ်သားတို့ကို စစ်မျက်နှာ ဖြန့်စေ၍ အကြိမ်ကြိမ်လုပ်ကြံသော်လည်း၊ များပြားလှစွာသော ပြောင်းသေနတ်လက်နက်တို့၏ ဒဏ်ချက်ကြောင့် ရဲမက်တို့ အထိအခိုက်များလှသဖြင့် မြို့ကိုရတော်မမူနိုင်ချေသော်၊ မြို့ကို ဝိုင်းရံနေစေသည်။ သို့ရာတွင် မြို့တည်ရာ မြစ်ကြီးသည် ကျယ်လှသဖြင့်စေ့နှံ့အောင်မရံနိုင်ကြချေ။ ခရိုင်နယ်ပယ်တို့တွင် ဖွဲ့စည်းထားသော ဗြန္တရာဇ်၏ပြောက်ကျားတပ်များကလည်း မြန်မာတပ်များထံသို့ ပေးပို့သည့် ရိက္ခာအဆက် အသွယ်ကို တဖြတ်တည်းဖြတ်နေသဖြင့် လေးငါးလခန့် ကြာသော်၊ ရဲမက်တော်တို့

www.foreyersspace.com.mm

အစားအသောက်ပြတ်လတ်၍ အနာအဖျားများလာသည်။ ယင်းအဖြစ်အပျက်ကို ယိုးဒယားမင်းသိလေလျှင် လေးရက်ဖာစ်ကြိမ် ငါးရက်တစ်ကြိမ် မြို့မှထွက်၍ တိုက်သဖြင့် ရဲမက်တို့ ဒဏ်ရာရ၍ အသေအပျောက် များလေသည်။ ထို့ကြောင့် တပ်များကိုပြန်လည်နုတ်သိမ်း၍ မိုးစဲသော အခါမှ ဆင်မြင်းဗိုလ်ပါဖြည့်တင်းလျက် နိုင်ငံတော်အလုံးရှိ ထီးဆောင်းမင်းအပေါင်းတို့နှင့် ချီတော်မူရန်အကြံတော်ရကာ ၉၄၉၃ ကဆုန်လဆန်း တစ်ရက်နေ့တွင် မင်းတရားကြီးသည်တပ်တော်များနှင့်အတူ ယိုးမှပြန်တော်မူသည်။ တောင်ငူမင်းသားတော်နတ်သျှင်နောင်အား နောက်တပ်အုပ်ခန့်တော်မူ၍ ဆုတ်ခဲ့ရာ၊ မြန်မာတို့ ဆုတ်ကြောင်းကြားလျှင် ယိုးဒယားမင်း ဗြနရာဇ်သည် ၁၅ တပ်နှင့်အတူ တရောမိုင်းတက်၊ အင်းတော်အရပ်တိုင်အောင်လိုက်လာသဖြင့် နတ်သျှင်နောင်တို့ ခံတိုက်သဖြင့် ယိုးဒယားတို့ ဆုတ်ကြရသည်။ နန္ဒဘုရင်သည် ဝါဆိုလဆန်း ၄ရက်နေ့တွင် ဟံသာဝတီသို့ ပြန် ရောက်သည်။

ယိုးဒယားကို အကြိမ်ကြိမ်လုပ်ကြံ၍မရလျှင် ရှမ်းပြည်ယွန်းပြည်တို့ကလည်း မြန်မာတို့အပေါ် နှလုံး မပျပ်မဝပ်ရှိလာသည်။ သက္ကရာဇ် ၉၅၂ ခုနှစ်တွင် မိုးကောင်းစော်ဘွားပုန်ကန်သောင်းကျန်းသဖြင့် သားတော်ပြည်မင်း သတိုးဓမ္မရာဇာနှင့် တောင်ငူမင်းသားတော် နတ်သျှင်နောင်တို့အား တပ် ၁၁ တပ်ကို အုပ်ချုပ်စေ၍ တိုက်ဆင် ၅၀၀၊ မြင်း ၆၀၀၀၊ စစ်သည် ၁၀၀၀၀၀နှင့် ထိုနှစ်တန်ဆောင်း မုန်းလဆန်း ၅ ရက်နေ့တွင် မိုးကောင်းသို့ ချီစေသည်။ မြို့ပြကျုံးမြောင်း အခိုင်အလုံပြု၍ ခံနှင့်သော မိုးကောင်းစော်ဘွားကို ရွှပ်ရွှပ်ချွန်ချွန် တိုက်ခိုက်၍ အောင်ခဲ့ကြသည်။

ယိုးဒယားကိုမနိုင်က ယင်းသို့ပင် အခြားပြည်နယ်များက ထောင်ထားသောင်းကျန်းမည့် အရေးကို မြင်သဖြင့် နန္ဒဘုရင်သည် သားတော်မဟာဥပရာဇာအား တပ် ၂၄ တပ်နှင့်အတူ ၉၅၂ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၂ ရက်နေ့တွင် ယိုးဒယားသို့ချီစေသည်။ ထိုအချိန်တွင် ယိုးဒယားဘုရင် နတ်ရွှာစံ၍ သားတော်ဗြနရာဇ်နန်းတက်ပြီးဖြစ်သည်။ မြန်မာတို့ လက္ခန်းအရပ်သို့ရောက်လျှင် ဗြနရာဇ်လည်း ဆင်ညှံ့မြင်းညှံ့တို့ကို လက္ခန်းတွင် ပြ၍ နေစေပြီးမှ ကိုယ်တိုင်မူ အမတ် ၆ကျိပ် ဆင်ကောင်း၆ဝ နှင့်တောထဲ၌ပုန်း၍နေသည်။ လက္ခန်းတွင် ယိုးဒယားတပ်များကိုတွေ့သောအခါ ဥပရာဇာတပ်များသည် စစ်မျက်နှာဖြန့်၍ ရွှပ်ရွှပ်ချွန်ချွန်လိုက်၍ တိုက်သည်။ ယိုးဒယားစစ်သည်တို့ ဆုတ်ရာသို့ မြန်မာတပ်များလိုက်တိုက် ရာပုန်းနေသော ဗြနရာဇ်တောမှထွက်၍ တိုက်သဖြင့် မြန်မာတို့၏ ၂၄တပ်လုံး ကစဉ်ကလျားဖြစ်ရသည်။ ရဲမက်တော်တို့လည်း အထိအခိုက်များလှသဖြင့် တပ်များပရမ်းပတာဖြစ်ကာမစုနိုင်မရုံးနိုင် အလျင်အမြန်ဆုတ်ခဲ့ရသည်။ တန်ခူးလတွင် ဟံသာဝတီသို့ ပြန်ရောက်သော် သားတော်အားခမည်းတော် နန္ဒဘုရင်က နှုတ်ပြစ်တော်မူသည်။

သက္ကရာဇ် ၉၅၃ခုနှစ်တွင် မိုးကောင်းစော်ဘွားကြီးသားမိုးစစ်စားသည် မိုးကောင်းမြို့ကိုဝင်၍ ပုန်ကန်သောင်းကျန်းပြန်လေသောကြောင့် တိုက်ဆင်၆ဝ၀၀၊ မြင်း၆ဝ၀၀၊ ရဲမက် ၈ဝ၀၀၀ပါသော တပ် ၁၆တပ်ကို သားတော် မင်းရဲကျော်စွာကို ဗိုလ်မှူးခန့်တော်မူ၍ မိုးကောင်းသို့ ချီစေရပြန်သည်။ အခိုင်အလုံခံနှင့်သော မိုးကောင်းမြို့ကို ခုနစ်လခန့် ဝန်းရံထားရာ မြို့တွင်းသားတို့ မျိုးရိုက္ခာပြတ်လတ်သဖြင့် စော်ဘွားနှင့်တကွတစ်မြို့လုံးလက်နက်ချသည်။ မြန်မာတို့ ယိုးဒယားသို့ အကြိမ်ကြိမ်ချီ၍တိုက်ခိုက်သော်လည်း မအောင်မြင်သည်မှာ လုပ်ရည်ကြံရည်ညံ့၍ဖြစ်သည်။ ထိုကြောင့်ဟံသာဝတီသို့တိုင်အောင် စမ်း၍ချီရသော်သင့်မည်ဟု ယိုးဒယားမင်းဗြနရာဇ်သည် ကြံ၍သြောယားဝင်၊ သြောယားသုဝဏ္ဏလောက်၊ သြောယားပိတ်စဲ၊ သြောယားပိတ်သလောက်တို့အား တစ်တပ်စီအုပ်ချုပ်စေကာ တိုက်ဆင် ၄ဝ၀၊ မြင်း ၄ဝ၀၀၊ စစ်သည် ၅ဝ၀၀၀နှင့် ဝင်ယော်အရပ်သို့ အရောက်ချီလာသည်။ ယင်းအကြောင်းကို ကင်းထိုးသူတို့လျှောက်၍ နန္ဒဘုရင်ကြားသော် မုတ္တမ ၃၂မြို့စားတို့ကိုဆီးကြို၍ခံလင့်စေရာ ယိုးဒယားတပ်များညဉ့်တွင်းချင်းပင် ဆုတ်ခွါကြရသည်။

ယိုးဒယားနှင့် အရေးတော် မပြီးရှိလှသဖြင့် နန္ဒဘုရင် မင်းမြတ်သည် သားတော်မဟာဥပရာဇာနှင့်တကွ မင်းညီမင်းသား မှူး တော်မတ်တော်တို့အား ခေါ်ယူနှုတ်ပြစ်တင်တော်မူပြီးနောက် သက်စွန့်ကြိုးပမ်းအမှုတော်ထမ်းရန်အမိန့်တော်ချလေသည်။ ၉၅၄ခု နတ်တော်လဆန်း ၂ ရက်နေ့တွင် သားတော် မဟာဥပရာဇာအား ဇင်းမယ်ဘုရင် တစ်တပ်၊ တောင်ငူဘုရင်နှင့် သားတော် နတ်သျှင်နောင်တစ်တပ်၊ ပြည်သတိုးဓမ္မရာဇာ တစ်တပ် စသည်ဖြင့် ၂၆ တပ်ကိုဦးစီးစေ၍ တိုက်ဆင် ၁၅ဝ၀၊ မြင်း ၂ဝ၀၀၀၊ စစ်သည် ၂၄ဝ၀၀၀နှင့် ယိုးဒယားသို့ချီတက်စေသည်။ ယိုးဒယားသို့ တပို့တွဲလဆန်း ၈ ရက်နေ့ ရောက်လျှင် မဟာဥပရာဇာသည် ရဲဘုန်းစုံဆင်တော်ကိုစီး၍ လက်ယာမှပြည်ဘုရင် သတိုးဓမ္မရာဇာအား အလုံးအရင်းနှင့် နေစေသည်။ ဇာပရိစားက လက်ယာဘက်မှ ပေါက်ကျော်ဇေယျဆင်ကိုစီး၍နေရသည်။ ယိုးဒယားမင်း ဗြနရာဇ်လည်း ဗြလပုံဟူသော ဆင်ကိုစီး၍ အလုံးအရင်းနှင့် မြို့မှထွက်လာသည်။ မဟာဥပရာဇာအားမြင်လျှင် ဆင်ကို မဟာဥပရာဇာရှိရာသို့ အပြင်းလွှတ်သည်။ ဤသို့ ဗြနရာဇ်လွှတ်လာသည်ကိုမြင်သော ဇာပရိစားသည် သူ၏မုန်ပြည့်သော ဆင်ကို ဗြနရာဇ်ထံလွှတ်ရာ ဗြနရာဇ်ကိုမဗ္ဗေ့ဘဲ မဟာ

www.foreverspace.com.mm

ဥပရာဇာစီးသော ဆင်ကို ဇော့သဖြင့် မဟာဥပရာဇာလည်း အပန်ကာကြီးတိုက်တော်မူရသည်။ ယင်းသို့စဉ်တွင် ယိုးဒယားတို့ပစ်လွှတ်လိုက်သော စိန်ပြောင်းသင့်သဖြင့် ဆင်ဦးတွင် မဟာဥပရာဇာ ဆုံးချေသည်။ သို့ရာတွင် ဗြနရာဇ်တို့ မသိစေရန် မဟာဥပရာဇာကိုမ၍ ဆင်ကိုချုံသို့မှီ၍ နေစေသည်။ နတ်သျှင်နောင်၊ သတိုးဓမ္မရာဇာ၊ ဇင်းမယ်ဘုရင်စသော တပ်မှူးစစ်ကဲအပေါင်းတို့ကလည်း ဆင်ကို ချွန်းဖွင့်ကာ ဖိ၍တိုက်ကြသဖြင့် ဗြနရာဇ်သည် မြို့တော်အထိဆုတ်ကာ မြို့တွင်းမှခံလေသည်။ မြန်မာတို့ဘက်မှလည်း မဟာဥပရာဇာ ဆုံးပြီးဖြစ်သဖြင့် ဤမျှအရေးသာရုံနှင့်ပင် နေပြည်တော်သို့ပြန်၍ ဥပရာဇာအလောင်းကို သင်္ဂြိုဟ်သင့်ပြီဟု ဆွေးနွေးဆုံးဖြတ်ကာ ဟံသာဝတီသို့ ပြန်ခဲ့ကြရာ တပေါင်းလတွင်ရောက်သည်။ ယိုးဒယားမင်း ဗြနရာဇ်နှင့်မဟာဥပရာဇာတို့ စီးချင်းတိုက်၍နိုင်သောနေရာတွင် ဘုရားတစ်ဆူတည်ထားသည်။ ယင်းတိုက်ပွဲနောက် မြန်မာတို့ယိုးဒယားသို့ စစ်ချီမှုမရှိတော့ချေ။ ယိုးဒယားတို့ကသာ မြန်မာနိုင်ငံတွင်းသို့ အကြိမ်ကြိမ်ချီလာသည်။

သက္ကရာဇ် ၉၅၅ ခုနှစ်တွင် မော်ပီမှမွန်တို့ပုန်ကန်၍ ၉၅၆ ခုနှစ်တွင် မော်လမြိုင်စားပုန်ကန်သည်။ မွန်အမြောက်အမြား ရခိုင်၊ ဇင်းမယ်၊ ယိုးဒယားတို့သို့ ပြေးဝင်ကြသည်။ ၉၅၆ ခုနှစ်တွင် ယိုးဒယားမင်း ဗြနရာဇ်သည် မော်လမြိုင်စားမွန်တို့နှင့်ပေါင်း၍ ဟံသာဝတီသို့ ချီလာသည်။ ဇင်းမယ်၊ ပြည်၊ တောင်ငူတို့က စစ်ကူလာသဖြင့် ဟံသာဝတီမှ ပြန်ဆုတ်ပြီးလျှင် အရှေ့ဘက် မွန်ဟူသမျှကို သိမ်းယူသွားသည်။ ထိုနှစ်တွင်ပင် သားတော် ပြည်ဘုရင် ခြားနားသည်။ ဤတွင် နန္ဒဘုရင်သည် တောင်ငူမင်း၊ ညောင်ရမ်းမင်း၊ ဇင်းမယ်မင်းတို့ အပေါ်၌ပါ မယုံမကြည်ရှိ၍ သားသမီးဆင်မြင်းတို့ ပို့ထားရမည် တောင်းသဖြင့် ထိုမင်းများ စိတ်ဝမ်းကွဲ၍ ခြားနားသည်။ သက္ကရာဇ် ၉၆၀ ပြည့်နှစ်တွင် တောင်ငူဘုရင်နှင့် ရခိုင်ဘုရင်တို့ ပေါင်း၍ ဟံသာဝတီကို တိုက်ရာ ၉၆၁ ခုနှစ်တွင် ဟံသာဝတီပျက်၍ နန္ဒဘုရင် တောင်ငူသို့ ပါတော်မူသည်။ ဤတွင် နန္ဒဘုရင်၏ တိုက်ပွဲများ ပြီးဆုံးလေ၏။

နန္ဒဝန်ငှက်။ ။များစွာသောလူတို့သည် ငှက်ထဲတွင် နန္ဒဝန်ငှက်ကို အလှဆုံးဟုဆိုကြသည်။ နန္ဒဝန်ငှက်သည် လူသူအရောက် ပေါက်နည်းသည့် နယူးဂင်းနီကျွန်းနှင့် အနီးပတ်လည် ကျွန်းများ၏ တောတောင်ထူထပ်သော ဒေသများတွင် ပျော်ပါးကျက်စားလေ့ရှိသည်။ ထိုကျွန်းများရှိကျွန်းသူကျွန်းသားများသာလျှင် နန္ဒဝန်ငှက်ကို သိမြင်ကြလေသည်။ ပြင်ပမှ လူတို့တွင် နန္ဒဝန်ငှက်ကို ကိုယ်တိုင်ကိုယ်ကျ မြင်ဖူးသူ ရှားလှသည်။

အလှတွင်တစ်စွဲနေသည့်နန္ဒဝန်ငှက်

သို့ဖြစ်လေရာ နှစ်ပေါင်းအတော်ကြာသည့်တိုင်အောင် လူများသည် နန္ဒဝန်ငှက်နှင့်စပ်လျဉ်း၍ ထူးထူး ထွေထွေ မသိကြရချေ။ ကနဦး၌ ထိုငှက်သည် ကောင်းကင်၌သာ အမြဲတမ်းပျံဝဲနေပြီးလျှင် မြေသို့လုံးဝသက်ဆင်းခြင်းမရှိဟု ယုံကြည်ကြသည်။ အမှန်စင်စစ်ကား ထိုသို့ မဟုတ်ချေ။ နန္ဒဝန်ငှက်များသည် အခြားသောငှက်များကဲ့သို့ပင် သစ်ပင်ထက်၌ နားကြသည်။ အိပ်တန်း တက်ကြသည်။ တိုင်းရင်းသားဖြစ်သော ကျွန်းသူကျွန်းသားများသည် ထိုငှက်များကို အမွေးအတောင်များမပျက်စီးအောင် ပစ်ခတ်ဖမ်းဆီးသည်။ ထိုနောက် ခြေထောက်များကို ဖြတ်ပြီးလျှင်၊ ဥရောပတိုက်သို့ပို့လေသည်။ သို့ဖြစ်၍ နန္ဒဝန်ငှက်တွင် ခြေထောက်များ မရှိဟု ဥရောပတိုက်သားများက အထင်မှားတတ်ကြလေသည်။

အလှတွင် တစ်စွဲသောနန္ဒဝန်ငှက်သည် ငှက်များတွင် အရုပ်ဆိုးအကျည်းတန်ဆုံးသော ကျီးကန်းများနှင့် မျိုးတူဖြစ်သည်မှာ အံ့သြဖွယ်ရာပင်ဖြစ်လေသည်။ နန္ဒဝန်ငှက်သည် ကျီးကန်းနှင့်အဆင်းအဂါတွင် မတူဆုံးသောငှက်ဖြစ်၏။ နန္ဒဝန်ငှက်မျိုး ၅၀ခန့်ရှိမည်ဟုထင်ရသည်။ အားလုံးသောငှက်မျိုးကို ပစိဖိတ်သမုဒ္ဒရာရှိ ကျွန်းများ၌သာတွေ့ရသည်။ အရွယ်မှာစာကလေးအရွယ်မှကျီးကန်းအရွယ်

www.foreverspace.com.mm

အထိ အမှားအစား ရှိလေသည်။ နန္ဒဝန်ငှက်၌ အသွေး အရောင်တောက်ပသောအမွေးအတောင်ရှိသည်။ ဦးခေါင်းနှင့်လည်တိုင် အမွေးတိုများ ထူထပ်စွာဖုံးနေရာ၊ ကတ္တီပါနှင့် တူလှပေသည်။ အတောင်မှာ ခရမ်းရောင်၊ မြစိမ်းရောင်၊ အဝါရောင်၊ ကာဖီရောင်စသည်ဖြင့် ရောင်စုံရောယှက်နေသည်။ တောင်ပံအောက်တွင်ကား ၂ပေခန့်ရှိသော လိမ္မော်ရောင်အတောင်များရှိသည်။ ထိုအတောင်များကို ဖြန့်လိုက်သောအခါ တစ်ကိုယ်လုံးကို ဖုံးလွှမ်းသွား၍၊ အရောင်မျိုးစုံ တောက်ပသည်ကို တွေ့မြင်နိုင်လေသည်။

နွေဦးပေါက်ရာသီတွင် နန္ဒဝန်ငှက်ဖိုများသည် စုရုံး၍ မိမိတို့အလှကိုပြကြယင်း၊ အမျိုးမျိုးသော ကိုယ်ဟန်အမူ အရာဖြင့်ကခုန်ကြသည်။ ထိုသို့ကပြသည်ကို နန္ဒဝန်ငှက်မများက အနီးအနားမှနေ၍ ငေးမောကြည့်ရှုကြသည်။ နန္ဒဝန်ငှက်မများမှာမူကား၊ ငှက်ဖိုများကဲ့သို့ လှပသော ရောင်စုံ အတောင်များမရှိဘဲ၊ သာမန် ငှက်များကဲ့သို့သော ဖြစ်လေသည်။

နန္ဒဝန်ငှက်သည် အလွန်မြင့်မားသော သစ်ပင်ထက်၌ အသိုက်လုပ်လေသည်။ အသိုက်တွင် သုံးဥသာရှိသည်။ အသိုက်ကို ငှက်မများကသာ ကာကွယ်စောင့်ရှောက်ရသည်။ နန္ဒဝန်ငှက်ကိုဖမ်း၍၊ လှောင်အိမ်နှင့်ထားသော အခါအသက်မရှည်ချေ။

နန္ဒဝန်ငှက်မျိုးတွင် ထင်ရှားသော အမျိုးများမှာ ပရာဒီစီ အပိုဒငှက်မျိုး၊ ပရာဒီစီရဗရာ ငှက်မျိုးနှင့် လော့ဖော်ရီနာ ဆူပါဗာငှက်မျိုးများ ဖြစ်လေ သည်။

နန်းကင်းမြို့။ ။တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်၏အကြီး ဆုံးသောမြို့များတွင် တစ်မြို့အပါအဝင်ဖြစ်သောနန်းကင်းမြို့ သည် ကျန်ဆူးနယ်၏မြို့တော်ဖြစ်၏။ ယန်ဆီကျန်းမြစ်ဝမှ မိုင်ပေါင်း ၂၀ဝခန့်ကွာဝေး၍ ထိုမြစ်၏ တောင်ဘက်ကမ်းမှ ၂ မိုင်ခန့်အကွာတွင် တည်ရှိသည်။ နန်းကင်းဟူသည်မှာ တောင်ဘက်မြို့တော်ဟူ၍အနက်ရသည်။ နန်းကင်းမြို့၏ အဝန်းမှာ မိုင် ၂၀ခန့်ရှိ၍ မြင့်မားလှသောမြို့ရိုးကြီးဝန်းရံ လျက်ရှိသည်။ နန်းကင်းမြို့၏ မြောက်ဘက်မြို့တံခါးနှင့် ယန်ဆီမြစ်တို့အကြားတွင် ဆီယာကွမ်ဆင်ခြေဖုံးရပ်ကွက် တည်ရှိသည်။ ထိုရပ်ကွက်သည်ပင်လျှင် နန်းကင်းမြို့၏ ဆိပ်ကမ်းဖြစ်သည်။ ဆီယာကွမ်နှင့် ယန်ဆီမြစ် တစ်ဖက်ရှိ ပူးကောင်းမြို့တို့သည် ကူးတို့ဖြင့်အဆက်အသွယ်ရှိသည်။ ပူးကောင်းမြို့သည်မြောက်ဘက်ရှိ ပိကင်းမြို့တော်နှင့်လည်း



ယွန်လိုဘုရင်လက်ထက် မယ်တော်အား သတိရသောအားဖြင့် နန်းကင်းမြို့၌ တည်ထားခဲ့သော ကြွေစေတီမျှော်စင်

www.forewarspace.com.mm

မီးရထားလမ်း အဆက်အသွယ်ရှိလေသည်။ နန်းကင်းမြို့နှင့်ရှန်ဟိုင်းမြို့တို့ကို မီးရထားလမ်းဖြင့်ဆက်သွယ်ထားသည်။ မြစ်ကြောင်းသွားသင်္ဘောများ နန်းကင်းမြို့တွင် ဆိုက်ကပ်၍၊ ပင်လယ်ကူးသင်္ဘောများသည် နန်းကင်းမြို့အရောက် တစ်နှစ်ပတ်လုံးဝင်ထွက်သွားလာနိုင်သည်။နန်းကင်းမြို့သည် ယန်ဆီမြစ်ကြောင်းတစ်လျှောက် အရေးပါသောကုန်သွယ်ဌာနဖြစ်၏။ စက်မှုလက်မှုလုပ်ငန်းများအနည်းငယ်သာရှိသော်လည်းကြွေထည်၊ဘိလတ်မြေ၊ ပိုးထည်၊စက္ကူ၊ ဇာဗရိုကိတ်စသောကုန်ပစ္စည်းများထွက်သည်။

ဒေါက်တာဆွန်ယက်ဆင်သည် တရုတ်သမ္မတနိုင်ငံကို တည်ထောင်၍ယာယီသမ္မတအဖြစ်ဆောင်ရွက်စဉ် ၁၉၁၃ခုက နန်းကင်းမြို့ကို တရုတ်သမ္မတနိုင်ငံ၏ မြို့တော်အဖြစ် သမုတ်ခဲ့သည်။ (ဆွန်ယက်ဆင် ဒေါက်တာ–ရှု။) သို့သော် မကြာခဏ မြို့တော်အပြောင်းအလဲများ ရှိခဲ့ရာ၊ ၁၉၂၇ ခုနှစ်တွင် တစ်ဖန် နန်းကင်းမြို့ကိုပင် မြို့တော်သမုတ်ခဲ့ရပြန်သည်။ ထိုသည်မှ အစပြု၍ပြုစုပျိုးထောင်ထားခဲ့သော စက်မှုလက်မှုလုပ်ငန်းတို့သည် ၁၉၃၇ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်များ ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်ခဲ့သော ကြောင့် ပျက်စီးခဲ့ရလေသည်။

နန်းကင်းမြို့၏ လမ်းမကြီးများသည် အသင့်အတင့် ကျယ်ပြန့်၍ သပ်ရပ်သန့်ရှင်း၏။ ခေတ်မီအဆောက်အအုံ အများအပြားရှိ၏။ တရုတ်နိုင်ငံတွင်ဖြစ်ပွားခဲ့သော တော်လှန်ရေးများကြောင့်၊ တရုတ်အင်ပိုင်ယာနိုင်ငံခေတ်က တည်ဆောက်ထားသော နန်းတော်နှင့်အစိုးရပိုင် အဆောက်အအုံများစွာတို့သည်ပျက်စီးခဲ့သည်။ ကြွင်းကျန်လျက်ရှိသောနန်းတော်ရာသို့ ယခုအခါပြတိုက်အဖြစ်ဖြင့် အသုံးပြုလျက်ရှိကြ၏။

နန်းကင်းမြို့တွင် ယွန်လိုဘုရင်လက်ထက် ခရစ် ၁၄၁၃ ခုနှစ်၌ မယ်တော်အားသတိရသောအထိမ်းအမှတ် အဖြစ် ဆောက်လုပ်ခဲ့သော ကြွေစေတီမျှော်စင်ကြီးသည် အလွန်ထင်ရှားသည်။ နန်းကင်းမြို့၏အပြင်ဘက် မြို့အထက်မိုးနေသော တောင်ကုန်းတစ်ခုပေါ်တွင် တရုတ်သမ္မတနိုင်ငံ၏ ပထမသမ္မတကြီး ဒေါက်တာဆွန်ယတ်ဆင်၏ ရုပ်ကလာပ်ကို သင်္ဂြိုဟ်ရာ အာဇာနည်ဗိမာန်ကြီးရှိသည်။

နန်းကင်းမြို့သည် ရှေးအထက်ကျော် ကာလက စာပေထွန်းကားသော အရပ်ဖြစ်ခဲ့၏။ နန်းကင်းမြို့တွင် အမျိုးသားတက္ကသိုလ်ရှိသည်။ နန်းကင်းမြို့သည် ၁၃၆၈ ခုနှစ်မှ ၁၄၁၁ခုအထိ မင်းနန်းဆက်တို့၏ နေပြည်တော်ဖြစ်ခဲ့၏။ မင်းနန်းဆက်ဘုရင်တို့၏ သချိုင်းမြေသည် ယခုတိုင်အထင်အရှားတည်ရှိလေသည်။ ၁၉၂၇ ခုမှစ၍ ၁၉၃၇ခုတွင် ဂျပန်များ ဝင်ရောက်သိမ်းပိုက်သည့်အချိန်အထိ တရုတ်နိုင်ငံ၏ မြို့တော်ဖြစ်ခဲ့သည်။ ဂျပန်တို့ သိမ်းပိုက်ထားခဲ့စဉ်ကလည်း ကာလအတန်ကြာ ဝမ်ချင်ဝေခေါင်ဆောင်းသော တရုတ်ရုပ်သေးအစိုးရ၏ မြို့တော်လည်းဖြစ်ခဲ့သေး၏။ ၁၉၄၆ ခုနှစ်တွင် တရုတ်နိုင်ငံ၏မြို့တော်အဖြစ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ၊ ၁၉၄၉ ခုနှစ်တွင် တရုတ်ကွန်မြူနစ်တပ်မတော်က သိမ်းပိုက်ခဲ့လေသည်။ နန်းကင်းမြို့၏လူဦးရေသည် ၁၉၅၀ ပြည့်နှစ်တွင် ခန့်မှန်းချက်အရ ၁၀၂၀၀၀ ယောက် ဖြစ်လေသည်။

နန်းကြိုး။ ။နန်းကြိုးသည် သေးငယ်ရှည်လျားသော ပျော့ပျောင်းသောသတ္တုကြိုးဖြစ်သည်။ နန်းကြိုးကို အမျိုးမျိုးအသုံးပြုကြသည်။ နန်းဆွဲနိုင်သည့် သတ္တုမျိုးကိုသာ နန်းကြိုးအဖြစ်ပြုလုပ်နိုင်သည်။ နန်းဆွဲရာတွင်အသုံးအများဆုံးသတ္တုများမှာ ကြေးနှင့် သံမဏိဖြစ်သည်။ ပလက်တီနမ်၊ ရွှေ၊ ငွေနှင့်အလျူမီနီယမ်တို့ကိုလည်း ကိစ္စအလိုက် အသုံး ပြုနိုင်သည်။

နန်းကြိုးပြုလုပ်ရာတွင် သတ္တုကိုပထမဦးစွာ အပြားဖြစ်ဆောင်ခတ်ယူရသည်။ ထိုနောက် အမျှင်များဖြစ်အောင် တစ်ဖန်ခွဲစိတ်ရပြန်သည်။ ထိုနောက် အချောင်းဖြစ်အောင် ထုရိုက်ပေးသည်။ ပြီးလျှင် ထိုသတ္တုချောင်းကို နန်းဆွဲရသည်။ ယခုခေတ်၌ အသုံးပြုသော နန်းဆွဲနည်း မျိုးသည် ၁၄ ရာစုနှစ်တွင် စတင်ပေါ်ပေါက်သည်။ ထိုစဉ်ကနန်းဆွဲရာ၌၊ လူကိုယ်တိုင်အားစိုက်၍ ဆွဲခဲ့ရ၏။ ထိုနောက် လူကိုယ်တိုင်မဆွဲဘဲ၊ ရစ်လုံးတွင် ပတ်၍ဆွဲခြင်း၊ ထိုမှတစ်ဆင့် ရေအားဖြင့်ဆွဲခြင်း စသောနည်းများကို တိုးတက်တီထွင်ခဲ့ကြပြန်သည်။ ၁၉ ရာစု နှစ်သို့ရောက်မှ ခေတ်မီသောစက်များ ဖြစ်ထွန်းလာခဲ့လေသည်။

စက်ဖြင့် သံမဏိဖြင့်နန်းကြိုးပြုလုပ်ပုံမှာ ရှေးဦးစွာ သံမဏိချောင်းများကို အပူတိုက်ပေးပြီးနောက် ဒလိမ့်တုံးများနှင့် အဆင့်ဆင့် ဖိညှစ်ပေးခြင်းဖြင့်၊ ခဲတံရှိ ခဲချောင်းထက်အရွယ်သေးငယ်လာအောင်ပြုလုပ်ရသည်။ ထိုနောက် ထိုသံမဏိချောင်းကို ခွေပေး၍၊ အအေးခံပြီးလျှင် နန်းဆွဲစက်ရှိရာသို့ ပို့ဆောင်သည်။ ထိုအချိန်တွင် သံမဏိချောင်းအကြေးတက်လျက်ရှိ၏။ ထိုကြောင့် အကြေးကို အက်ဆစ်ရည်နှင့်ချွတ်ပေးရ၍၊ အက်ဆစ်ကို တစ်ဖန် အယ်လကာလီရည်နှင့် ဆေးကြောပစ်ရပြန်သည်။ ထိုနောက် သံမဏိချောင်း၏အဖျားကိုချွန်ပြီးသော် နန်းပြင်ရှိသေးငယ်သောအပေါက်ထဲသို့ သွင်း၍နန်းဆွဲယူရသည်။ နန်းပြင်ကို မာကျောသောသံမဏိဖြင့်ပြုလုပ်လေ့ရှိသည်။ သို့သော် အထူးကိစ္စတို့အတွက်မူ နန်းပြင်ကို စိန်ဖြင့်ဖြစ်စေ ပတ္တမြားဖြင့်ဖြစ်စေပြုလုပ်ရသည်။ နန်းဆွဲရာတွင် တစ်ကြိမ်တည်းနှင့် ကိစ္စမပြီးချေ။ တစ်ကြိမ်ထက်တစ်ကြိမ် သေးငယ်သောအပေါက်ထဲသို့ ထည့်၍၊ အလိုရှိသောအရွယ်ဖြစ်လာ

www.forewarspace.com.mm

အောင် သက်ကာဆက်ကာဆွဲပေးရလေသည်။ သို့သော် ဤသို့ ဆက်ကာဆက်ကာ နန်းဆွဲခိုက်တွင်၊ နန်းကြိုးသည် မကျောကြွေပ်ဆပ်လာလေ့ရှိသဖြင့်၊ ထိုသို့မဖြစ်ဘဲ ပျော့ပျောင်းခိုက်မာနေစေရန် မကြာမကြာအပူတိုက် ပေးထားရသည်။ လွယ်ကူစွာ နန်းဆွဲနိုင်အောင်လည်း အစဉ်အမြဲ ဆီထည့်ပေးရလေသည်။

နန်းပြင်တွင် ဖောက်ထားသောအပေါက်များမှာ အရွယ်အမျိုးမျိုးရှိ၏။ အလွန်သေးငယ်သော နန်းကြိုးများ အတွက်စိန်နန်းပြင်တွင် ဖောက်ထားသော အပေါက်များမှာ အရွယ်အားဖြင့် အချင်း ၀.၀၀၂ လက်မ ၀.၀၀၄ လက်မ အထိ အစားစားရှိပေသည်။ နန်းကြိုး၏ပုံသဏ္ဌာန်မှာလည်း စတုရန်းပုံ၊ ဘဲဥပုံ၊ အပြားပုံ၊ သို့မဟုတ်တြိဂံပုံစသည်ဖြင့် အမျိုးမျိုးရှိပေသည်။ သို့ရာတွင် သာမန်ကိစ္စများအတွက်မူ နန်းကြိုးအလုံးများကိုသာ အသုံးများကြလေသည်။

ကြေးနန်းကြိုးနှင့် လျှပ်စစ်ဓာတ်ကြိုးများအတွက် ကြေးနီနန်းကြေးများကို အသုံးပြုလေ့ရှိသည်။ မှန်ပြောင်းများတွင်အသုံးပြုလေ့ရှိသည်။ မှန်ပြောင်းများတွင် အသုံးပြုသည့် နန်းကြိုးများမှာ အလွန်သေးငယ်ကြသဖြင့်၊ ယင်းတို့ကို ပလက်တီနမ်ဖြင့်ပြုလုပ်ကြရသည်။ ထိုနန်းကြိုးများသည် တစ်လက်မ၏အပုံ၁၂သောင်းပုံလျှင် တစ်ပုံအထိ သေးငယ်၏။ နန်းကြိုးကိုရိုက်သံ၊ ဝင်းခတ်သံကြိုး၊ အလွန်သိမ်မွေ့သည့် နာရီစပရင်၊ ဆန်ခါ၊ တူရိယာကြိုးနှင့်သိပ္ပံဆိုင်ရာ ကရိယာတန်ဆာပလာများအဖြစ်ဖြင့် အသုံးချရသည်။ နန်းကြိုးဖြင့်ပြုလုပ်ထားသောအာမခံကြိုးကြီးများနှင့် ရေမြှုပ်ကြေးနန်းကြိုးများတွင် နန်းကြိုးကလေးများကို လိမ်ကျစ်၍ထားသည်။ ကြိုးတံတားကြီးများတွင်အသုံးပြုထားသော ကြိုးကြီးများမှာလည်း ထောင်ပေါင်းများစွာသောလိမ်ကျစ်ပြီးသား နန်းကြိုးကလေးများကို ထပ်မံလိမ်ကျစ်၍ ထားခြင်းပင် ဖြစ်သည်။

သံဆူးကြိုးကို အမေရိကန်ပြည်ထောင်စု၌ ၁၈၇၅ ခုနှစ်လောက်တွင် ကျွဲနွားများထားသောခြံကို ဝင်းခတ်ရန်အတွက် စတင်တီထွင်ခဲ့သည်။ သံဆူးကြိုးကို ပြုလုပ်ပုံမှာ နန်းကြိုးနှစ်ချောင်းကိုဖြစ်စေ၊ အများကိုဖြစ်စေ ပူးလိမ်ပြီးလျှင် သံဆူးများကို တစ်ခုနှင့်တစ်ခု အနည်းငယ်ခွါ၍ တပ်ဆင်ထားသည်။ သံဆူးကြိုးနှင့်တကွ အိမ်ပြင်တွင် အသုံးပြုသောနန်းကြိုးများကို များသောအားဖြင့် သံချေးမတက်စေရန် သွပ်ရည်စိမ်ထားလေ့ရှိသည်။ သံဆူးကြိုးများကို အထူးသဖြင့် အသုံးအများဆုံးနေရာကားစစ်မြေပြင်ပင်ဖြစ်သည်။ နန်းကြိုးများကို အကွက်ဖော်၍ရက်လုပ်ထားသောသံဆန်ခါများလည်းရှိ၏။ ထိုသံဆန်ခါများကို ဝင်းထရံအတွက်သာမက၊ ယခုခေတ်လမ်းခင်းရန်၊ သို့တည်းမဟုတ် အဆောက်အအုံဆောက်လုပ်ရန် ကိစ္စအတွက် ကွန်ကရစ် အင်္ဂတေတွင် ထည့်သွင်းအသုံးပြုလေ့ရှိကြသည်။

ပြည်တန်ကျောက်မျက်ရတနာ

အရည်အသွေးအားဖြင့်လည်းကောင်း၊ ပမာဏဖြင့်လည်းကောင်း၊ အကောင်းဆုံးဖြစ်၍၊ တန်ဖိုးမဖြတ်နိုင်အောင်ထိုက်တန်သော ကျောက်မျက်ရတနာတို့မည်သည်ကား တိုင်းပြည်၏အထွတ်အထိပ် ဘုရင်စိုးမင်းတို့နှင့်သာထိုက်တန်သည်ဟု ရှေးအခါက ယူဆခဲ့ကြသည်။ မြန်မာမင်းတို့၏ ပတ္တမြားငမောက်၊ ဗြိတိသျှသရဖူမှ 'ကိုဟီးနူးဒစ်န်'၊ ရုရှနိုင်ငံမှ 'အော်လော့'စိန်၊ ပြင်သစ်နိုင်ငံမှ 'ဒရက်ဂွန်' ပတ္တမြားတို့သည်ကားထိုကဲ့သို့သော ကျောက်မျက်ရတနာ များဖြစ်လေသည်။

နန်းစဉ်ရတနာ။ ။နန်းစဉ်ရတနာဟူသည်မှာ ဘုရင်မင်းအဆက်ဆက် မပျောက်ပျက်စေဘဲ ထိန်းသိမ်းထားရှိမြဲဖြစ်သော ကျောက်မျက်ရတနာများဖြစ်သည်။ ယင်းကဲ့သို့မင်းအစဉ်အဆက် အမွန်အမြတ်ထားရှိအပ်သော ရတနာများသည် အရည်အသွေးအားဖြင့်လည်းကောင်း၊ ပမာဏအားဖြင့်လည်းကောင်း အကောင်းဆုံးဖြစ်ရသည့် အပြင်၊ တန်ဖိုးအားဖြင့်လည်း အဖိုးမဖြတ်နိုင်လောက်အောင် ထိုက်တန်သည့် ကျောက်ကောင်း ကျောက်မျက်မြတ်များသာ လျှင်ဖြစ်ကြသည်။

မြန်မာနိုင်ငံကို စိုးစံခဲ့ကသောရှေးမြန်မာမင်းများရှိစဉ်အခါက နန်းစဉ်ရတနာများကို အစဉ်အဆက်စောင့်ထိန်းထားလေ့ရှိ၏။ ယင်းတို့တွင် ပတ္တမြားသည် မြန်မာမင်းတို့ အထွတ်အမြတ်ထားအပ်သော ရတနာဖြစ်လေသည်။ မြန်မာနိုင်ငံကို ဗြိတိသျှတို့ သိမ်းယူလေသော်၊ ထိုကဲ့သို့ထားရှိခဲ့သောနန်းစဉ်ရတနာများကိုလည်း ဗြိတိသျှတို့ယူဆောင်သွားကြလေသည်။ ယင်းတို့အနက် အထင်ရှားဆုံးနန်းစဉ်ကျောက်မျက်ရတနာတို့မှာ ငမောက်ကျောက်၊ လော်ကားတင်ကလေးကျောက်၊ လော်ကားတင်ကြီးကျောက်၊ ဆင်မတော်ကျောက်၊ စံကျောက်တော်နှင့် အခြားနဂါးဗိုလ်စသော ကျောက်တို့ဖြစ်၏။ ကျောက်ဟူရာ၌ ပတ္တမြားကိုပင် ဆိုလို၏။ ငမောက်ကျောက်သည် ကွမ်းသီးလုံးငယ်ခန့် ပမာဏရှိ၍၊ အကွက်မဖော်ရသေးသောစင်းလုံးချောပတ္တမြား ဖြစ်၏။ ရတီချိန်မှာ ၉၀ကျော်ရှိ၏။ အခန်းတွင်းဝယ် ထိုကျောက်ကို ကလာပ်ပေါ်၌ တင်ထား၍ မှောင်ချသော်၊ မီးကဲ့သို့ လင်းသည်ဆို၏။ နွားနို့၊ ဂွမ်းစသည်တို့တွင် ထည့်သော်

www.foreverspace.com.mm

ဆေးနီဆိုးလက္ခဏာသို့နီသည်။ ကျောက်ကို မှောက်ကြည့်သောအခါ အရည်စက်စက်ယိုကျမည်ကဲ့သို့ ထင်ရသောဟူ၏။ ယင်းကျောက်ကို အင်းဝဘုရင်ပြည်မင်းလက်ထက် သက္ကရာဇ် ၁၀၂၃ ခုနှစ်တွင် ချင်းတွင်းရွာမှ ငမောက်ဆိုသူ လာရောက်ဆက်သ၍ ငမောက်ကျောက်ဟုတွင်ကြောင်းအဆိုရှိ၏။ လှော်ကားတင်ကလေးကျောက်သည် ရတီချိန် ၂၀ရှိ၏။ ဘိုးတော်ဘုရားလက်ထက်တွင် လှော်ကားလှေနှင့်တင်ယူဆက်သသောကြောင့် လှော်ကားတင်ကျောက်ဟုတွင်၏။ လှော်ကားတင်ကြီးကျောက်သည် ရတီချိန် ၄၀ ကျော်သည်။ ကုန်းဘောင်မင်းလက်ထက်၊ သက္ကရာဇ် ၁၁၉၉ ခုနှစ်တွင် မိုးကုတ်မြို့ရှိကျောက်တွင်းတစ်ခုမှ လှော်ကားလှေနှင့် တင်ဆောင်လာ၍ ဆက်သထားခြင်းဖြစ်၏။ ဆင်မတော်ကျောက်သည် ရတီချိန် ၄၀ ကျော်ရှိ၍၊ ဆင်မတော်နှင့်တင်ဆက်သောကျောက်ဖြစ်လေသည်။ စံကျော်တော်သည် ၆ ရတီခန့်သာရှိသော်လည်း အရည်အသွေး အလွန်ကောင်း၍ စံပြုရသောကျောက်ဖြစ်၏။

အင်္ဂလန်ပြည်တွင် နန်းစဉ်ရတနာများအဖြစ် သရဖူနှင့် ရာဇလုံတံအစရှိသောမင်းမြောက်တန်ဆာများကို သတ်မှတ်ထားရှိလေသည်။ ယင်းတို့ကို လန်ဒန်မျှော်စင်ကြီးရှိ ဝိတ်ကဖီးအဆောင်တွင် အစဉ်အဆက်ထိန်းသိမ်းထားရှိသည်။ ထိုမင်းမြောက်တန်ဆာများတွင် ကမ္ဘာကျော် 'ကိုဟီးနူး' စိန်ကြီး၊ 'အာဖရိကမ၏ကြယ်ပွင့်ကြီး' ခေါ် ရတီချိန်၅၁၆ ၁/၂ ရှိ စိန်တုံးကြီး၊ ကြက်ဥငယ်ခန့်ရှိသောပတ္တမြားနှင့် အခြားအဖိုးမဖြတ်နိုင်သော နီလာ၊ မြ၊ ပုလဲ စသည်တို့ကို တပ်ဆင်ပြုလုပ်ထားလေသည်။ (သရဖူ–ရှု။)

စကော့တလန်ပြည်၌လည်း ရှေးခေတ်နန်းစဉ်ရတနာအချို့ကို အက်ဒင်ဗရာရဲတိုက်တွင် ယခုတိုင် သိမ်းဆည်းပြသထားလေသည်။ ပြင်သစ်နိုင်ငံတွင် ရှေးအခါက ဗူဗွန်မင်း များနှင့် နပိုလီယန်ဗိုနာပတ် အဆက်အနွယ်များသည် အဖိုး တန်ကျောက်မျက်များကို စုဆောင်းသိုမှီးလေ့ရှိခဲ့သော်လည်း၊ ပြင်သစ်တော်လှန်ရေးခေတ်အတွင်းဝယ် နာမည်ကျော် ကျောက်ကောင်းရတနာများစွာ ပျက်စီးပျောက်ဆုံးခဲ့သည်။ ယင်းတို့အနက် စိန်ကြီးတစ်လုံးနှင့်ပတ္တမြားကြီးတစ်လုံး ကိုမူပြန်လည်တွေ့ရှိခဲ့၏။ စိန်ကြီးမှာ 'ရီးဂျင့်' သို့မဟုတ် 'ပစ်'ဟုအမည်တွင်၍၊ မသွေးမီက ရတီချိန်၄၁၀ ရှိသော်လည်း၊ သွေးပြီးသောအခါ ရတီချိန် ၁၈၆ ၁/၁၆ ခန့်သာရှိ လေသည်။ ပတ္တမြား

အင်္ဂလန်ပြည် လန်ဒန်မြို့တော်ရှိ လန်ဒန်မျှော်စင်ရှိ ထိန်းသိမ်းထားရှိသော ဗြိတိသျှနန်းစဉ်ရတနာများ

www.forewordspace.com.mm

ကြီးမှာ ''ရက်ဂွန်' သို့မဟုတ် 'ကို့ဒါဗြိတန်းယ'ဟု တွင်သည်။ ယခုအခါ ရီဂျင့်စိန်ကြီးနှင့်အခြားပြင်သစ် ဘုရင်များ၏ လက်ဝတ်ရတနာများအပြင်၊ မင်းမြောက်တန်ဆာအချို့ကို ပြင်သစ်နိုင်ငံပါရစ်မြို့ရှိ လူးဗရပြတိုက်တွင် ပြသသိုမှီးထား၏။ ဣတလီနိုင်ငံမှ လောင်ဗာဒီသံ သရဖူကိုမူ အဖိုးအထိုက်တန်ဆုံး နန်းစဉ်ရတနာအဖြစ် သတ်မှတ်ထားကြလေသည်။ ယင်းကို ခရစ်တော်အား ကားတိုင်တင်ရာလက်ဝါကပ်တိုင်မှ သံဖြင့်ပြုလုပ်ထားသည်ဟု ဆို၏။ ပေါ်တူဂယ်နိုင်ငံမှ နန်းစဉ်ရတနာများအနက်၊ 'ဗရာဂန်ဇာ' စိန်ကြီးမှာမူ ရတီချိန်ပေါင်း ၁၆၈၀ ရှိသည်ဟုဆိုလေရာ၊ ဥဿဖယားကျောက် ဖြစ်ဟန်တူပေသည်။

ရုရှနိုင်ငံတွင်မူ ရှေးရိုမင်နော့မင်းဆက်တို့သည် နန်းစဉ်ရတနာများကို စုဆောင်းထိန်းသိမ်း၍ ဆောင်းရာသီနန်းတော်၌ထားရှိခဲ့ကြလေသည်။ ယင်းတို့တွင် ရတနာများစီခြယ်ထားသောသရဖူနှင့် မင်းတို့၏အဆောင်အယောင်များ ပါဝင်လေသည်။ ထိုရတနာများအနက်ထင်ရှားသည့် ကျောက်မျက်တို့မှာ ရတီချိန်၁၉၄ ½၄ရှိသော 'အော်လော့'စိန်ကြီးနှင့် ရတီချိန် ၈၅ရှိသော 'ရှား'စိန်ကြီးတို့အပြင် ရူဝံကြယ်ခေါ် ရတီချိန် ၄၀ရှိ ပတ္တမြားစသည်တို့ဖြစ်၏။

ဤကဲ့သို့ နန်းစဉ်ရတနာများကို အစဉ်အဆက်ထိန်းသိမ်းစုဆောင်းထားရှိသောအလေ့သည် ရှေးနှစ်ပေါင်းများစွာကပင်ရှိခဲ့လေသည်။ မဟာဇနကဇာတ်တော်၌ အရှင်ဇနကမင်းကြီး၏မိဖုရား၊ ဘုရားလောင်း၏ မယ်တော်သည် မိဓိလာပြည်ကို ပေါ်လဇနကသိမ်းယူလတ်သော်၊ အသက်ဘေးမှလွတ်မြောက်ရန် မထင်ရှားသောအသွင်ဖြင့် တိုင်းပြည်မှ ထွက်ပြေးခဲ့ရာတွင် နန်းစဉ်ရတနာအချို့ကို ဆောင်ယူသွားခဲ့ကြောင်းကို ဖတ်ရှုတွေ့ရှိရပေသည်။

နန်းဆန်အက်(ဖ)(ခရစ် ၁၈၆၁–၁၉၃၀)။ ။မြောက်ဝင်ရိုးစွန်းဒေသသို့သွားရောက်လှည့်လည်ရှာဖွေသူ ဖရင်တယော့နန်းဆန်သည် ၁၈၆၁ခု အောက်တိုဘာလ ၁၀ ရက်နေ့တွင် နော်ဝေးနိုင်ငံရှိ၊ ယခင်က ခရစ်စတီအားနီးယားမြို့ဟုခေါ်သော အော့စလိုမြို့အနီးတွင်ဖွားမြင်သည်။ ခရစ်စတီအားနီးယားတက္ကသိုလ်၌ပညာသင်၍ ဘွဲ့ရပြီးသည့်နောက်၊ ဗားဂျင်မြို့ဇီဝဗေဒပြတိုက်၌ အကြီးအမှူးအဖြစ်ဖြင့်အလုပ်လုပ်သည်။ ၁၈၈၈–၈၉ခုတွင် ဂရင်းလင်းကျွန်းရေခဲပြင်ကြီးကို အရှေ့မှအနောက် ဖြတ်သန်းသွားယင်း၊ ထိုဒေသရှိလူများနှင့် ဇီဝဗေဒဆိုင်ရာ အချက်အလက်တို့ကို လေ့လာခဲ့လေသည်။ ၁၈၉၀ပြည့်နှစ်တွင် ကိုယ်တိုင်ရေးသားထုတ်ဝေလိုက်သော 'ဂရင်းလင်းကျွန်းကို ပထမအကြိမ်ဖြတ်သန်းခြင်း'ခေါ် စာအုပ်နှင့် ၁၈၉၃ခုတွင် နောက်ထပ်ရေးသားသော ''အက်စကီးမိုး လူမျိုးတို့၏ဘဝ''

မြောက်ဝင်ရိုးစွန်း လှည့်လည်ရှာဖွေခဲ့သူ နော်ဝေးနိုင်ငံ နိုင်ငံပြု သုခမိန် ဖရစ်တယော့နန်းဆန်

ခေါ် စာအုပ်ကား ထိုသို့ လေ့လာခဲ့ရာမှ ရသော အတွေ့အကြုံတို့ကိုစုပေါင်း၍ မှတ်တမ်းတင်သော စာအုပ်များဖြစ်လေသည်။ ၁၈၉၃ခုနှစ်တွင် မြောက်ဝင်ရိုးစွန်းဒေသဖြစ်သော အာတိတ်သမုဒ္ဒရာသို့ 'ဖရမ်း'အမည်ရှိ သင်္ဘောဖြင့် ခရီးထွက်ခဲ့ပြန်သည်။ သူသည် ဥရောပတိုက်နှင့် အာရှတိုက် မြောက်ဘက် ကမ်းခြေတို့ကိုပတ်၍၊ သင်္ဘောကို ရေခဲစိုင်မျောတစ်ခုနှင့်အတူ မျှောချခဲ့လေသည်။ ယင်းသို့ဖြင့် အာတိတ်သမုဒ္ဒရာဒေသမှ ဂရင်းလင်းကျွန်းအရှေ့ဘက်ကမ်းခြေသို့ စီးဆင်းသော ရေစီးကြောင်းတစ်ခုရှိသည်ဟူသော အယူအဆသည် မှန်ကန်ကြောင်းကို စိတ်ချစွာသိရှိရပြီးမှ နန်းဆန်သည် ယိုဟန်းဆင်ခေါ် အဖော်တစ်ဦးနှင့်အတူ ရေခဲပြင်တွင် ခြေလျင်ခရီးဆက်ကာ ထွက်ခဲ့၏။ ထိုအခါက လူတို့သွားနိုင်သည့် အဝေးဆုံးနေရာဖြစ်သော မြောက်လတ္တီတွဒ် ၈၆ ဒီဂရီ ၁၄ မိနစ်သို့ ရောက်ရှိခဲ့လေသည်။ သူသည် ဖရင့်ဂျိုးဆက်လန်းဒေသတွင်ဆောင်းခိုခဲ့သည်။ ၁၈၉၆ခုတွင် ဂျက္ကဆန်ဟမ်းဇဝပ်ခရီးသွားအဖွဲ့ကတွေ့ရှိ၍၊ ပြန်လည် ခေါ်ဆောင်လာခဲ့လေသည်။ နော်ဝေးသို့ ပြန်ရောက်သောအခါ၊ ၁၈၉၇ခုနှစ်တွင် ''မြောက်ဘက်အစွန်ဆုံး''ခေါ် စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ၊ အလွန်အရောင်းရ တွင်ကျယ်လေသည်။ ထိုပြင် သူသည် အာတိတ်သမုဒ္ဒရာ ဒေသအတွေ့

www.foreverspace.com.mm

အကြံ့များနှင့် အကဲခတ်လေ့လာချက်များကို လန်ဒန်မြို့နှင့် အခြားနေရာအများတွင် လှည့်လည်ဟောပြောခဲ့သည်။ ၁၉၀၅ ခုနှစ်မှစ၍ နော်ဝေးနိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်၍ ဆွီဒင်နိုင်ငံမှနော်ဝေးပြည်ကို ခွဲထုတ်ရန်ကြိုးပမ်းခဲ့လေသည်။ ထိုနောက် နော်ဝေးနိုင်ငံဟူ၍ တသီးတခြားဖြစ်လာလတ်သော်၊ နန်းဆန်သည် ဂရိတ်ဗြိတိန်နိုင်ငံသို့ ပထမဦးဆုံး နော်ဝေးသံအမတ်ကြီးအဖြစ် ခန့်ထားခြင်းခံရသည်။ သံအမတ်အဖြစ်ဖြင့် နှစ်နှစ်မျှလုပ်ဆောင်ခဲ့ပြီးနောက်၊ သံအမတ်အလုပ်မှ ၁၉၀၈ခုနှစ်တွင် နုတ်ထွက်၍၊ အာတိတ်ဒေသတွင် သမုဒ္ဒရာဆိုင်ရာသုတေသနများပြုရန် ခရစ်စတီအားနီးယားတက္ကသိုလ်ပါမောက္ခရာထူးကို လက်ခံခဲ့လေသည်။ ထိုနောက် မြောက်အတ္တလန္တိတ်သမုဒ္ဒရာတွင် လှည့်လည်ကာ သုတေသနပြုခဲ့သည်။ ၁၉၁၂ ၊ ၁၉၁၃၊ ၁၉၁၄ခုနှစ်များတွင်လည်း အလားတူသုတေသနလုပ်ငန်း များကိုပြုလုပ်ခဲ့သည်။ ၁၉၁၇ခုနှစ်တွင် အစိုးရမစ်ရှင်အဖွဲ့တစ်ဖွဲ့၏ ခေါင်းဆောင်အဖြစ်ဖြင့် ရိက္ခာတင်သွင်းရေးကိစ္စကို စေ့စပ်ဆွေးနွေးရန် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့၍၊ ၁၉၁၉ ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးသို့ နော်ဝေးနိုင်ငံ၏ကိုယ်စားလှယ်ချုပ်အဖြစ် တက်ရောက်ခဲ့၏။ ၁၉၂၀ ပြည့်နှစ်တွင် အိုက်ဗီးရီးယားပြည်နယ်မှစစ်သုံ့ပန်းများ ထုတ်ယူရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့၏ ညွှန်ကြားရေးဝန်အဖြစ်ခန့်ထားခြင်းခံရ၏။၁၉၁၂ ခုနှစ်မှ ၁၉၂၃ ခုနှစ်အထိ ရုရှနိုင်ငံတွင်အစာငတ်မွတ် ခေါင်းပါသူများအားကယ်ဆယ်ရေးအဖွဲ့၏ ညွှန်ကြားရေးဝန် ဖြစ်လာခဲ့ပြန်၍ လူပေါင်း ၁၂သန်းကို အကြောင်းပြု၍ နန်းဆန်သည် ၁၉၂၂ ခုနှစ်၌ နိုဗဲဆုကို ရရှိသည်။ နိုဗဲဆုရရှိသော ကြေးငွေတို့ကို ရုရှနိုင်ငံစံပြလယ်ယာတည်ထောင်ရေး၌ အသုံးပြုရန် လှူဒါန်းခဲ့သည်။

နန်းဆန်သည် နိုင်ငံပေါင်းချုပ်အသင်းကြီးတွင် နော်ဝေးနိုင်ငံကိုယ်စားလှယ်အဖြစ်ဖြင့် ဆောင်ရွက်ခဲ့စဉ်က၊ ဂျာမနီနိုင်ငံကို နိုင်ငံပေါင်းချုပ်အသင်းကြီး၌ လက်ခံရန်ကြိုးပမ်းခဲ့သည်။ ၁၉၂၅ ခုနှစ်၌ နန်းဆန်သည် စကေ့ဗ်တလန်ပြည် စိန်အင်ဒရူးတက္ကသိုလ်၏ ပါမောက္ခချုပ် အဖြစ် ခန့်အပ်ခြင်းကို ခံရသည်။

၁၉၂၆ ခုနှစ်တွင် နော်ဝေးနိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို ပေးအပ်သော်လည်းလက်မခဲ့ပေ။ ၁၉၂၈ခုနှစ်၌ကား သူ၏သုတေသန ဆိုင်ရာအကြောင်းအရာတို့ကို အမေရိကန်ပြည်ထောင်စု၌ မြို့တကာသို့ လှည့်လည်၍ ဟောပြောခဲ့ သည်။ နန်းဆန်သည် မြောက်ဝင်ရိုးစွန်းသို့ လေသင်္ဘောဖြင့်ခရီးထွက်ရန် ပြင်ဆင်နေဆဲ၊ ၁၉၃၀ ပြည့်နှစ် မေလ ၁၃ရက်နေ့တွင် အော့စလိုမြို့၌ ရုတ်တရက် ကွယ်လွန်သွားလေသည်။

နပ်ဖီးဗိုင်းကောင့်(ခရစ် ၁၈၇၇ ဖွား)။ ။ဗိုင်းကောင့် နပ်ဖီးသည် ထင်ရှားသောအင်္ဂလိပ်လူမျိုး မော်တော်ကားလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်၏။ သူ၏နာမည်ရင်းအပြည့်



ဗိုင်းကောင့်နပ်ဖီး ၁၉၁၄ ခုနှစ်တွင် တီထွင်ဆောက်လုပ်သည့် နာမည်ကျော် မော်တော်ကား

www.foreverspace.com.mm

အစုံမှ ဝီလျံရစ်ချတ်မောရစ်ဖြစ်၏။ အင်္ဂလန်ပြည် အလယ်ပိုင်း ဝုစကားနယ်တွင် ၁၈၇၇ ခုနှစ်၌ ဖွားမြင်၍ အောက်စဖို့မြို့အနီး ကောင်လီရွာကျောင်းကလေးတွင် ပညာသင်ကြားခဲ့လေသည်။ လူလားမြောက်၍ ၁၇ နှစ်သား အရွယ်သို့ရောက်သောအခါ၊ စက်ဘီးပြင်ဆိုင် တစ်ဆိုင်တွင် လက်ထောက်အဖြစ်ဖြင့် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ ထိုနောက်များမကြာမီအတွင်း၌ ကိုယ်ပိုင်စက်ဘီးလုပ်ငန်း တစ်ရပ်ကိုဖွင့်လှစ်လေသည်။ စက်ဘီးလုပ်ငန်းတွင် လုပ်သက်အတန်ရင့်၍ စက်ကိရိယာဘက်တွင် အတော်အသင့် တတ်မြောက်လာသည့်အခါ၊ ၁၉၀၀ပြည့်နှစ်၌ မော်တော်ဆိုင်ကယ်များကို စတင်လုပ်ကိုင်ခဲ့၏။ ထိုနောက် မော်တော်ကားကို ၁၉၁၁ ခုနှစ်တွင် ဦးစွာတီထွင်လုပ်ကိုင်၍၊ ၁၉၁၂ ခုနှစ်တွင် မော်တော်ကားလုပ်စက်ရုံကို တည်ထောင်ဖွင့်လှစ်လေသည်။ ထိုစက်ရုံမှ ထွက်သော မောရစ်ကားများသည် ပေါ့ပေါ့ပါးပါးရှိ၍ ခိုင်ခံ့တောင့်တင်းပြီးလျှင်၊ ဆီစာလည်း အလွန်သက်သာသောကြောင့်၊ လူကြိုက်လွန်များ၏။ ပထမကမ္ဘာစစ်ကြီးအတွင်းတွင် မောရစ်၏ မော်တော်ကားလုပ်ငန်းသည် ထူးကဲစွာတိုးတက်လာခဲ့သည်။ စစ်ကြီးပြီးဆုံးသွားသောအခါ၊ တန်ဖိုးပေါပေါနှင့် အိမ်ထောင်တိုင်းသုံးနိုင်စေရန်ရည်သန်၍၊ မော်တော်ကားများကို အများထွက်စံနစ်ဖြင့် အကြီးအကျယ်ပြုလုပ်ရောင်းချခဲ့သည်။ မောရစ်၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် ရောင်းဝယ်ရေးစွမ်းရည်တို့ကြောင့်၊ မောရစ်မော်တော်ကားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော မော်တော်ကားလုပ်ငန်းတစ်ခုအဖြစ်သို့ မကြာမီပင် ရောက်ရှိလာခဲ့လေသည်။

အင်္ဂလန်ပြည်၏ စက်မှုလက်မှုလုပ်ငန်း အဆင့်အတန်း မြင့်ရေးအတွက်ကြိုးပမ်းခဲ့သည်သာမက၊ လူအများ၏ အကျိုးစီးပွားကိုလည်း လိုလားရွက်ဆောင်ခဲ့သဖြင့် ဗြိတိသျှဘုရင့်အစိုးရသည် မောရစ်အား ၁၉၃၄ခုတွင် ဗဲရွန်ဘွဲ့ကိုအပ်နှင်းကာသူကောင်းပြုခဲ့၏။ ထိုနောက် ၁၉၃၈ခုတွင်တစ်ဖန် ဗိုင်းကောင့်အဆင့်အတန်းသို့ တိုးမြှင့်ချီးမြှောက်လိုက်ပြန်သည်။ ထိုအချိန်မှစ၍ ဗိုင်းကောင့်နပ်ဖီးဟုထင်ရှားလာ၏။

ဗိုင်းကောင့်နပ်ဖီးသည် ပညာရေးနှင့် ကျန်းမာရေးအဖွဲ့အစည်းများသို့ ရန်ပုံငွေများ ရက်ရောစွာထည့်ဝင် လှူဒါန်းခဲ့၏။ ၁၉၃၆ ခုနှစ်နှင့်၁၉၃၇ ခုနှစ်အများအတွင်း၌ ရွှေဒင်္ဂါးပေါင် ပေါင်း ၃၀၀၀၀၀ကို ဆေးပညာနှင့် အခြားသုတေသနလုပ်ငန်းများအတွက် ဆောက်စဖို့တက္ကသိုလ်သို့ လှူဒါန်းခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဗြိတိသျှကြည်း၊ ရေ၊ လေ တပ်မတော်သားများ စိတ်လက်ပျော်ရွှင်မှုအတွက် သုံးစွဲရန်ပေါင်ပေါင်း ၁၅၀၀၀၀၀ကို လှူဒါန်း၏။ ထိုနောက် ၁၉၃၄ခုနှစ်တွင် လူထုကောင်းစားရေးနှင့် သိပ္ပံပညာသုတေသန လုပ်ငန်းများအတွက် ထာဝစဉ်အထောက်အပံ့ဖြစ်စေရန်၊ ပေါင်ပေါင်း ၁၀၀၀၀၀၀၀ ကို အမြဲတမ်းရန်ပုံငွေ အဖြစ်ဖြင့် လှူဒါန်းခဲ့သည်။

နာဗ်ကြော။ ။နာဗ်ကြောများသည် နာဗ်မျှင်များနှင့် ပြည့်နှက်နေသည့် ကြိုးကဲ့သို့သော အဖွဲ့အစည်းဖြစ်သည်။ ဆိုလိုသည်မှာ နာဗ်ကြောများသည် ခန္ဓာကိုယ်၏ တစ်နေရာမှတစ်နေရာသို့ စေ့ဆော်မှုများကိုသယ်ဆောင်သွားကြသည့် ရှည်လျားသောနာဗ်ဆဲ အခက်အလက်များဖြစ်သည်။ ထိုနာဗ်ကြောများက ခန္ဓာကိုယ်တွင် တယ်လီဖုန်းစံနစ်သဖွယ် အမှုများကို ဆောင်ရွက်ပေးကြလေသည်။ ခန္ဓာကိုယ်ရှိအစိတ်အပိုင်းတစ်ခုခု၏ နာဗ်မျှင်များသည် အများအားဖြင့် စုစည်းလျက်ရှိကြပြီးလျှင် ကျောရိုးနာဗ်ကြိုးသို့အရောက်တွင် အခြေခံနှစ်ခုအဖြစ်သို့ ကွဲထွက်သွား၍ တစ်ခုစီတွင်နာဗ်မျှင်တစ်မျိုးစီသာ ပါရှိလေသည်။

နာဗ်ကြောအဖွဲ့တွင် နာဗ်ဆဲများနှင့် နာဗ်မျှင်များရှိသည်။ နာဗ်မျှင်တိုင်းသည် နာဗ်ကြောဆဲမှ ဖြတ်ထွက်သည်။ ဦးနှောက်နှင့်ကျောရိုးနာဗ်ကြိုးတို့သည် နာဗ်ကြောအဖွဲ့၏ဗဟိုဖြစ်သည်။ နာဗ်မျှင်တစ်မျှင်စီသည် အာရုံများကို တစ်ဖက်တည်းကိုသာ သယ်ဆောင်သွားလေသည်။ ကိစ္စတစ်မျိုးတည်းကိုသာ ဂရုပြုသည့် အထူးနာဗ်ကြောများလည်းရှိသေးသည်။ ပုံပမာ အမြင်နှင့်ဆိုင်သော နာဗ်ကြောသည် အမြင်နှင့်ဆိုင်သော အာရုံတစ်မျိုးတည်းကိုသာ ဂရုပြုလေသည်။ ထိုနည်းအတူ အကြားနှင့်အခြားအာရုံများနှင့်ဆိုင်သော နာဗ်ကြောများလည်းရှိသေးပြီးလျှင်၊ ယင်းတို့က သက်ဆိုင်ရာအာရုံတစ်မျိုးစီကိုသာ ဂရုပြုကြလေသည်။

ဦးနှောက်သို့ အာရုံကို သယ်ဆောင်လာသော နာဗ်ကြောများအား ဝင်နာဗ်ကြောများဟုခေါ်သည်။ ယင်းတို့သည် ပြင်ပလောကမှ အပူအအေး၊ နာကျင်မှုစသည့် အာရုံများကို သယ်ဆောင်လာကြလေသည်။ ခံစားရသည့် အာရုံများကို သယ်ဆောင်သွားကြသောနာဗ်ကြောများကို ထွက်နာဗ်ကြောများဟုခေါ်သည်။ ထိုနာဗ်ကြောများသည် ခန္ဓာကိုယ်၏ လှုပ်ရှားမှုအမျိုးမျိုးနှင့်သက်ဆိုင်လေသည်။ ထွက်နာဗ်ကြောများအနက် အချို့သည် မိုတာနာဗ်ကြောများဖြစ်၍ ယင်းတို့ကြွက်သားများကိုကျုံ့စေကာ၊ ကြွက်သားများကပ်လျက်ရှိသည့် အရိုးများကို လှုပ်ရှားစေသည်။ အချို့နာဗ်ကြောများသည် ဂလင်းများမှစစ်ထွက်ရည်များကို စစ်ထွက်စေကြသဖြင့်၊ ယင်းတို့သည် စစ်ထွက်ရည်နှင့်ဆိုင်သော နာဗ်ကြောများဖြစ်ကြလေသည်။

ကျောရိုးနာဗ်ကြိုး၌ အခြေခံနှစ်ခုအဖြစ်ကွဲထွက်လာသောအခြေခံတစ်ခုတွင် ထွက်နာဗ်များပါရှိသည်။ ယင်း

www.foreverspace.com.mm

တို့သည် ကျောရိုးနာဗ်ကြိုး၏ရှေ့ဘက်တွင် အဆုံးသတ်ကြလေသည်။ ကျန်အခြေခံတွင် ဝင်နာဗ်မျှင်များ ပါရှိသည်။ ယင်းတို့သည် ကျောရိုးနာဗ်ကြိုး၏ နောက်ဘက်တွင် အဆုံးသတ်ကြလေသည်။

ထိုဝင်နာဗ်မျှင်များနှင့်ထွက်နာဗ်မျှင်များသည် ကြိုးအတွင်းရှိနာဗ်ဆဲများ၏ စုဆောင်းထားမှုများနှင့် ဆက်သွယ်လျက်ရှိကြလေသည်။ ထိုစုဆောင်းထားမှုများတွင် မဲ့ပြာရောင်ဒြပ်ပါရှိသည်ဟုသိရသည်။ ထိုစုဆောင်းထားမှုများသည် အာရုံများကိုလက်ခံသည့်ပြင် စတင်၍ လည်းဖြစ်ပေါ်စေသေးသည်။ ယင်းတို့သည် ဦးနှောက်ရှိ အဓိကအစိတ်အပိုင်းနှင့်ပါ ဆက်သွယ်လျက်ရှိကြလေသည်။ နှလုံး၏လှုပ်ရှားမှု၊ စစ်ထွက်ရည်ဖြစ်မှု၊ အစာအိမ်နှင့်အူတို့၏ လှုပ်ရှားမှုများကဲ့သို့သော အလိုမလိုက်သည့် အမှုကိစ္စများကို သာ ဆောင်ရွက်သောထွက်နာဗ်ကြောများကို ထောက်ပံ့နာဗ်ကြောများဟုခေါ်သည်။ သိသောလှုပ်ရှားမှုများနှင့် စပ်လျဉ်းသောနာဗ်ကြောများကမူ အလိုအတိုင်းသာပြုမူချက်များကို ပြုလုပ်စေကြသည်။ ထိုနာဗ်ကြောများကို ဆဲရီဗရိုစပိုင်နယ်နာဗ်ကြော များဟုခေါ်သည်။ ယင်းတို့သည် ကျောရိုးနာဗ်ကြိုးနှင့် ဆက်သွယ်လျက်ရှိကြလေသည်။ ထောက်ပံ့နာဗ်ကြောအဖွဲ့တွင် ကိုယ်ပိုင်ဆက်သွယ်ပေးသည့် နာဗ်မျှင်များရှိသည်။ ယင်းတို့သည် ကျောရိုးဆစ်များ၏အပြင်တွင်ရှိ၍ ယင်းတို့၌ ဗဟိုသုံးခုရှိသည်။ ထိုသုံးခုမှာ ကာဒီအက်၊ ဆိုလာနှင့်ဟိုက်ပိုဂက် စတြစ်ပလက်ဆပ်များ ဖြစ်သည်။

လူ၏ခန္ဓာကိုယ်တွင် ဦးနှောက်နှင့် ဆက်သွယ်လျက်ရှိသော နာဗ်ကြောဆယ့် နှစ်စုံရှိသည်။ ထိုနာဗ်ကြောများကို ဦးနှောက်နာဗ်ကြော များဟုခေါ်သည်။ကျောရိုးနာဗ်ကြိုးနှင့် ဆက်သွယ်လျက် ရှိသော နာဗ်ကြောအစုံပေါင်းကားသုံးဆယ့်တစ်စုံရှိသည်။ ယင်းတို့ကို ကျောရိုးနာဗ်ကြောများဟုခေါ်သည်။

နာဗ်ကြောများသည် ကြီးထွားရာ၌ အာရုံသွားမည့်ဘက်သို့ ကြီးထွားသွားခြင်းသည် စိတ်ဝင် စားဖွယ်ကောင်းလေသည်။ ပုံပမာ အမြင်နှင့်ဆိုင်သော နာဗ်ကြော (ဝင်လာသည့်အာရုံကိုသယ်ဆောင်ထားသောနာဗ်ကြော)သည် မြင်လွှာ(ရက်တီးနား)တွင် စတင်ကြီးထွားပြီးလျှင် ဦးနှောက်ဘက်သို့ ဆက်လက်ကြီးထွားသွားလေသည်။ မိုတာနာဗ်ကြောများ (ထွက်သွားမည့် အာရုံများကို သယ်ဆောင်သွားသည့် နာဗ်ကြောများ)ကမူ နာဗ်ကြော ၏ဗဟိုများတွင် စတင်ကြီးထွားကြပြီးလျှင် ခန္ဓာကိုယ်၏ အပြင်ဘက်ဆီသို့ ဆက်လက် ကြီးထွားသွားကြလေသည်။

ဒဏ်ရာကြောင့် နာဗ်ကြောတစ်ခုပြတ်သွားလျှင်၊ အချို့နာဗ်ဆဲများသည် အသစ်ဖြစ်ပွားလာနိုင်ကြလေသည်။ ထိုနာဗ်ဆဲများသည် ဆရာဝန်ကနာဗ်ကြော၏ အစွန်းနှစ်ဘက်ကို ချုပ်၍မပေးသော်လည်း အမှုကိစ္စလုပ်ဖော်နာဗ်ဆဲများနှင့်ဆက်မိစေရန် ခုန်၍ပင် ကူးနိုင်ကြလေသည်။ သို့သော် အချို့နာဗ်ဆဲများသည် ပျက်စီးသွားလျှင်၊အသစ်မဖြစ်ပွားနိုင်တော့သဖြင့်သွက်ချပါဒ (လေဖြတ်ရောဂါ) ဖြစ်ရလေသည်။

နိဗ္ဗာန်။ ။ဤနိဗ္ဗာန်ဟူသော မြန်မာဝေါဟာရသည် နိဗ္ဗာန်ဟူသောပါဠိမှဖြစ်လာ၏။ ထိုနိဗ္ဗာနဟူသောပါဠိပုဒ်မှာ ကင်းဆိတ်ခြင်းအနက်ရှိသော နိဟူသောပုဒ်နှင့် တဏှာဟူသော အနက်ရှိသော ဝါနဟူသောပုဒ်ကို ဆက်စပ်ထားသော ပုဒ်တစ်ခုဖြစ်သဖြင့် ဝါနဟုဆိုအပ်သော တဏှာမှ ကင်းလွတ်တတ်သောကြောင့် နိဗ္ဗာန(ဝါ)နိဗ္ဗာန်ဟု အဓိပ္ပါယ်ရလေသည်။

ထိုကြောင့် တဏှာနှင့် မရောယှက်ဘဲ ကျွတ်လွတ်၍ တည်သော အေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်း၊ သီတိ သန္တိ သဘောတရားကို နိဗ္ဗာန်ဆိုသည်ဟု မှတ်ယူရမည်။

သီတိသန္တိသဘောအားဖြင့် တစ်ပါးတည်းသာဖြစ်သော ထိုနိဗ္ဗာန်သည် အကြောင်းပရိယာယ်အားဖြင့် သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနဗ္ဗာန်ဟူ၍ နှစ်ပါးအပြားရှိ၏။

သောတာပန်ဖြစ်သည်မှစ၍ ရဟန္တာဖြစ်သည့်တိုင် အောင်ရအပ်ရောက်အပ်သော နိဗ္ဗာန်ကို သဥပါဒိသေသနိဗ္ဗာန်ဟုခေါ်၏။ (စိတ်–ရှု။) ဥပါဒိသေသမည်သော ခန္ဓာများရှိစဉ်ရအပ်ရောက်အပ်သော နိဗ္ဗာန်ဟုဆိုလိုသည်။ ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ်ချုပ်ပြီးသည်မှ နောက်၌ ရအပ်ရောက်အပ်သော နိဗ္ဗာန်ကို အနုပါဒိသေသ နိဗ္ဗာန်ဟုခေါ်၏။ ဥပါဒသေသမည်သော ခန္ဓာများမရှိမှ ရအပ်ရောက်အပ်သော နိဗ္ဗာန်ဟုဆိုလိုသည်။

တနည်း၊ သုညတနိဗ္ဗာန်၊ အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍ သုံးပါးအပြားရှိ၏။ ဤနိဗ္ဗာန်တစ်ခုတည်းကိုပင်လျှင် ကိလေသာတရား၊ ဒုက္ခတရားတို့မှ ကင်းဆိတ်ခြင်းကြောင့် သုညတနိဗ္ဗာန်ဟူ၍လည်းကောင်း၊ ဖြစ်ခြင်းပျက်ခြင်းသဘောရှိသော သခါရနိမိတ်တို့မှကင်း ဆိတ်ခြင်းကြောင့် အနိမိတ္တနိဗ္ဗာန်ဟူ၍လည်းကောင်း၊ တောင့်တခြင်းတဏှာပဏိဓိမှကင်းဆိတ်ခြင်းကြောင့် အပ္ပဏိဟိတနိဗ္ဗာန်ဟူ၍လည်းကောင်း ခေါ်ဆိုခြင်းဖြစ်လေသည်။

ဤနိဗ္ဗာန် တရားဟူသည် ယုန်ချို၊ လိပ်မွေး၊ ပုစွန်သွေးတို့ကဲ့သို့ စင်စစ်မရှိသော အဘာဝပညတ်မဟုတ်ချေ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် ဧကန်တွေ့အပ်ရအပ်သော စင်စစ်ရှိသည့် ပရမတ္တတရားတစ်ခုဖြစ်ပေသည်။

နိဗ္ဗာန်သည် ပရမတ္တအားဖြင့်ထင်ရှားရှိသောတရားပင်ဖြစ်သော်လည်း၊ စိတ်စေ တသိက်ရုပ်တရားများကဲ့သို့

www.foreverspace.com.mm

ဥပါဒ်အနေဖြင့်ဖြစ်ပေါ်လာသော တရားမျိုးမဟုတ်ပေ။ ထိုကြောင့် ထိုနိဗ္ဗာန်ကို အဇာတ၊ အဘူတ၊ အကတ၊ အသခံတတရားဟူ၍ ဥဒါန်းပါဠိတော်ကွဲတိဝုတ်ပါဠိတော် တို့၌ ဟောပြတော်မူ၏။ အဇာတဟူသည်မှာ အကြောင်း တရားတို့ကြောင့်ဖြစ်လာသော တရားမျိုး မဟုတ်ဟု ဆိုလိုသည်။ အဘူတဟူသည်မှာ မိမိဖာသာ ပေါ်လာသော တရားမျိုးလည်း မဟုတ်ဟု ဆိုလိုသည်။ အကတ ဟူသည်မှာ တစ်စုံတစ်ခုသော အကြောင်းသည် ပြုအပ်သောတရားမျိုးလည်း မဟုတ်ဟု ဆိုလိုသည်။ အသခံတ ဟူသည်မှာ ဇာတ၊ ဘူတ၊ ကတ သဘောတို့ဖြင့် ပြုပြင်စီမံအပ်သော တရားမျိုးလည်း မဟုတ်ဟု ဆိုလိုသည်။

မဂ်စိတ်ဖိုလ်စိတ်တို့သည် သံလိုက်ကိုအပ်တွယ်ဘိသို့ ထိုအဇာတ၊ဒွေအဘူတ၊ အကတ၊ အသခံတဖြစ်သော နိဗ္ဗာန် တရားမြတ်ကို အာရုံပြုလျက်၊ မှီတွယ်လျက်၊ ရူးစိုက်လျက်၊ တွေ့ထိလျက်ဖြစ်ပေါ်လာကြရသည်။ ယင်းသို့ဖြစ်ပေါ်လာ မှုကိုပင်နိဗ္ဗာန်ရသည်ဟုဆိုရသည်။ နိဗ္ဗာန်ရသောပုဂ္ဂိုလ်သည် ထိုအေးချမ်းခြင်း၊ ငြိမ်းချမ်းခြင်း သီတိသန္တိသဘောသို့ သက်ရောက်၍၊ တဏှာဝါနမ ကျွတ်လွတ်လေသည်။

သောတာပန်ပုဂ္ဂိုလ်သည် သောတာပန်ဖြစ်ရုံမျှနှင့် နိဗ္ဗာန်ကို အလုံးစုံရသည်ရောက်သည်မဟုတ်သေး၊ မိမိ သန္တာန်၌ ကိလေသာမီး အပူဒုက္ခတို့ ကင်းချုပ်သမျှအတွက် လောက်သာ အေးငြိမ်းမှုနိဗ္ဗာန်လည်း ရသေးရောက်သေး သည်။ သကဒါဂါမ်နှင့် အနာဂါမ်ပုဂ္ဂိုလ်များလည်း ထိုနည်း အတူပင်။ ရဟန္တာ ပုဂ္ဂိုလ်မှာလည်း ကိလေသာမီးအပူနှင့် အနာဂတ်ဘဝခန္ဓာတို့ အကြွင်းအကျန်မရှိချုပ်ဆုံးမှု အတွက်သာ နိဗ္ဗာန်ကိုရသေးရောက်သေးသည်။ ပစ္စုပ္ပန် ခန္ဓာဝန်ဒုက္ခကား ရှိသေးသည်သာတည်း။ ထိုရဟန္တာပုဂ္ဂိုလ် စုတေသေဆုံးသောအခါ၌မူ ပစ္စုပ္ပန် ခန္ဓာဝန်ဒုက္ခမှလည်း ကျွတ်လွတ်၍၊တအေးတည်းအေး၊တငြိမ်းတည်းငြိမ်း၊ တချမ်းသာတည်း ချမ်းသာရလေသတည်း။ ဆရာဘုရား

နမ့်ဆန်မြို့။ ။ရှမ်းပြည်နယ်မြောက်ပိုင်း တောင်ပိုင်းနယ်၏မြို့တော်ဖြစ်သောနမ့်ဆန်မြို့သည် ကျောက်မဲမြို့၏ မြောက်ဘက် နမ္မတူမြို့၏အနောက်တောင်ဘက်တွင်တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၅၃၃၂ ပေမြင့်သော တောင်ကြားတွင်တည်ရှိသဖြင့် ရာသီဥတုမှာ အထူးပင် သာယာအေးမြ၍ ဆောင်းရာသီတွင် အချမ်းပို သောမြို့ဖြစ်သည်။

နမ့်ဆန်ဟူသည်မှာ ရှမ်းစကားနမ့်နှင့်ဆန်ကို ပေါင်းထားခြင်းဖြစ်သည်။ နမ့်မှာရေဖြစ်၍ ဆန်မှာ တုန်လှုပ်သည်ဟူ သောအဓိပ္ပါယ်ရသည်။ နမ့်ဆန်မြို့ တည်ရာမြေသည်ရှေးက ရေစိမ့်နေသောမြေဖြစ်သောကြောင့် မြေကိုနင်းမိလျှင် ရေ များတုန်လှုပ်လေသည့်ပြင်၊ မြန်မာ သက္ကရာဇ် ၁၂၂၈ ခု နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့တွင် မြို့တည်သော အခါ ငလျင်ကြီးစွာတုန်လှုပ်သည်ကို အစွဲပြု၍ နမ့်ဆန်ဟု ခေါ်တွင်သမုတ်လေသည်။

နမ့်ဆန်မြို့သည် လက်ဖက်စိုလက်ဖက်ခြောက်တို့ ထွက် ၍ကျော်ကြားသည်။ မြန်မာနိုင်ငံတွင် လက်ဖက်စို လက် ဖက်ခြောက်များအနက် နမ့်ဆန်မြို့နှင့်ယင်းမြို့တစ်ဝိုက်မှ ထွက်သည်ကများသည်။ နှစ်စဉ်လိုပင် လက်ဖက်စိုခြောက် တန်ပေါင်းသိန်းနှင့်ချီ၍ တင်ပို့နိုင်သည်။ နာမည်ကျော် အတွင်းတောင်လက်ဖက်နှင့် ဇယမ်းလက်ဖက်တို့သည် နမ့် ဆန်မြို့တစ်ဝိုက်မှထွက်သည်။ ဇယမ်းတောင်တန်းကြီးသည် နမ့်ဆန်မြို့ထက်မြင့်သည်။ လက်ဖက်ပင်တို့၏သဘာဝ သည် အထက်သို့မြင့်လေအမျိုးအစားပို၍ကောင်းလေ ဖြစ်ရာ ဇယမ်းလက်ဖက်သည် မျိုးကောင်းလေတော့၏။ စစ်မဖြစ်မီက လက်ဖက်ခြောက်လုပ်ငန်းများကို ဘုံဘောဘား မားထရိတ်ဒင်ကုမ္ဍဏီက အကြီးအကျယ်ချုပ်၍ လုပ်ကိုင် သည်။ ယခုတိုင်လည်းနမ့်ဆန်မြို့၌ အချိုသောက်လက် ဖက်ခြောက်စက်ရုံတစ်ရုံတည်ထားသည်။ ပလောင်မတံဆိပ် လက်ဖက်ခြောက်သည် ယင်းစက်ရုံထွက်ဖြစ်သည်။ စစ်ပြီး နောက်ပိုင်းတွင်မူ အချိုသောက်၊ အဖန်သောက်လက်ဖက် ခြောက်များကို အိမ်တွင်းလုပ်ငန်းအဖြစ်အကြီးအကျယ် လုပ်ကိုင်လျက် ရှိကြသည်။ တပေါင်းတန်ခူးလများတွင် လက်ဖက်ပင်များ ရွက်နုတက်ချိန်ဖြစ်သဖြင့် လက်ဖက် ခူးရန်နမ်းခမ်း၊ မူဆယ်စသောအနီးအနားရှမ်းမြို့များ မှယာသမားများ အမြောက်အမြားလာ၍အလုပ်လုပ်ကြရာ အထူးပင်စည်ကားသည်။ နမ့်ဆန်မြို့သည် လက်ဖက်စို၊ လက်ဖက်ခြောက်တို့၌သာမက မုန်ညင်းချဉ်ကောင်းထွက် သဖြင့်လည်း ရပ်ဝေးရပ်နီးကပင် မှာယူကြရသည်။

နမ့်ဆန်မြို့သည် ကျောက်မဲမြို့နှင့် ကားလမ်းဆက် သွယ်ထားရာ ၇၆မိုင်ဝေးသည်။ ဒုဋ္ဌဝတီခေါ် မြစ်ငယ်– နမ္မတူမြစ်ကို ကူးတို့နှစ်တန်ကူး၍ သီပေါမြို့သို့ ၄၉ မိုင်ဝေး သောလမ်းတစ်လမ်းနှင့် ကူးတို့တစ်တန်ကူး၍ နမ္မတူမြို့သို့ ၅၅မိုင်၊ လာရှိုးမြို့သို့ ၇၁မိုင်ဝေးသောမော်တော်ကားလမ်း များ ရှိ၏။ ယင်းလမ်းများဖြင့်ပင် လက်ဖက်ကုန်များကို တင်ပို့ရသည်။ ကျောက်မဲမြို့မှ မော်တော်ကားနှင့်လာသည့် အခါ မိုင်းငေါ့မြို့ကလေးမှ ဇယမ်းတောင်ပေါ်အရောက် တောင်တက်လမ်းခရီးသာရှိရာ အထူးပင်ရှုခင်းသာသည်။

နမ့်ဆန်မြို့မှာ တောင်စောင်းတောင်ခါးပန်းများကို ဖြိုညှို ကာတည်ထားရကာ၊ မြို့လယ်ခေါင်၌ လမ်းမကြီးတစ်လမ်း တည်းသာရှိ၏။ တစ်ဖက်တွင်ချောက်ကမ္ဘားရံကြီးနှင့် တစ်ဖက်တွင်တောင်ကုန်းများဖြစ်ရာ၊ ချောက်ကမ္ဘားဘက် မှအိမ်များမှာ လမ်းမနှင့်ညီစေရန် ခြေတန်ရှည်ဆောက်ရ၍

www.foreverspace.com.mm

နမ့်ဆန်မြို့၏ တစ်ခုတည်းသော လမ်းမကြီး

တောင်ကမ္ဘာရံဘက်က အိမ်များမှာမူ တောင်ကိုဖြိုကာ မြေညှိ၍ ဆောက်လုပ်ကြရသဖြင့် ၃ မိုင်ခန့် ရှည်လျားသော မြို့တန်းရှည်ကြီးဖြစ်နေသည်။ အိမ်များသည်အများအားဖြင့် ဆင်တူဖြစ်သည်။ စော်ဘွားဟော်နန်းမှာ မြို့လမ်းရှိ တောင်ထိပ်ကိုမြေညှိလျက်ဆောက်လုပ်ထား၍ ပြာသာဒ် ၃ ဆောင် စမုတ်ဆောင်နှင့် ရာဇပလ္လင်ရှိရာ ညီလာခံခန်းမ ကြီးမှာ အထူးပင်ခမ်းနားလှပေသည်။ ဟော်အနီးရှိ စော်ဘွားဆရာတော်ကျောင်းကြီးမှာလည်း ခမ်းနားလှသည်။ ရေအားဖြင့် လျှပ်စစ်ဓာတ်အားပေးသဖြင့် အိမ်တိုင်းထွန်းနိုင်အောင်ပေါ်များလှသည်။ မြို့၏ အရှေ့တောင်ဘက် ၁၀ မိုင်ကွာဝေးသော ပေ ၆၅၀၀ကျော်မြင့်သည့် လွယ်ဆိုင်တောင်၌ သီရိခမ္မာသောကမင်းကြီး တည်ထားတော်မူခဲ့သည့် ရှေးဟောင်းစေတီတော်တစ်ဆူနှင့် ထိုစေတီတော်၏ အရုဏ်ခံတန်ဆောင်းတွင် ပုဂံပြည်ရှင်အလောင်းစည်သူမင်းပေးသနားတော်မူခဲ့သည့် သရက္ခန်နှံ့သာဆင်းတုတော်တစ်ဆူရှိသည်။ ထိုပြင် ဤလွယ်ဆိုင်တောင်ထိပ်၌ အလောင်းစည်သူပေးသနားတော်မူခဲ့သည့် ပထမဆုံး လက်ဖက်ပင်မှ လေးဆက်မြောက်လက်ဖက်ပင် ရှိလေသည်။

နမ့်ဆန်မြို့မှ အရှေ့တောင်ထောင့် ခပ်ယွန်းယွန်း ၁ မိုင် ၅ ဖါလုံခန့် ကွာဝေးသည့် ပေ ၅၇၀၀ ကျော်မြင့်သော တောင်ထပ်ပေါ်၌ ပဋ္ဌလောဟာဖြင့် သွန်းလုပ်သည့် မဟာမြတ်မုနိရုပ်ပွားတော်နှင့် ထိုရုပ်ပွားတော် ကိန်းဝပ်တော်မူရာ ဂန္ဓကုဋီတိုက်ရှိသည်။

နမ့်ဆန်မြို့တွင် အိမ်ခြေ၇၁၉၊ လူဦးရေ ၃၈၅၃ ယောက်ရှိသည့်အနက် အများအားဖြင့် ဗုဒ္ဓအယူဝါဒီပလောင်လူမျိုးများဖြစ်သည်။ သို့ရာတွင် ယခုအခါပလောင်လူမျိုးတို့သည် လက်ဖက်ခြံများရှိရာ၌သွားရောက်နေထိုင်သဖြင့် မြို့ထဲတွင် ရှမ်း၊ တရုတ်၊ ကုလားများ အနေများသည်။ မြို့ထဲတွင် ဈေးသီးသန့်မရှိချေ။ အိမ်ခန်းဆိုင်များသာရှိသည်။ စစ်ပြီးခေတ်တွင် နမ့်ဆန်မြို့သည် အလွန်တိုးတက်နေ၏။

နမ္မတူမြို့။ ။နမ္မတူမြို့သည် ရှမ်းပြည်မြောက်ပိုင်း တောင်ပိုင်းနယ်တွင်တည်ရှိသည်။ နမ့်ဆန်မြို့မှ အရှေ့တောင်ထောင့် ၅၅ မိုင်အကွာ၊ လာရှိုးမြို့၏ အနောက်မြောက်ယွန်းယွန်း ၄၄မိုင်အကွာတွင်ရှိပြီးလျှင် ဘော်တွင်းလုပ်ငန်းကြောင့် ထင်ရှားလာသောမြို့ကလေးတစ်မြို့ဖြစ်သည်။ သိန္ဓီမြို့၏အရှေ့ဘက် ၂၅ မိုင်အကွာမှစတင်မြစ်ဖျားခံ၍ သိန္ဓီမြို့ကိုဖြတ်စီးကာ တောင်ပိုင်းနယ်တွင်းသို့ ဖြတ်စီးပြီးနောက် သီပေါမြို့ဘက်သို့စီးဆင်း၍ ဧရာဝတီမြစ်အတွင်းသို့ မန္တလေးမြို့နှင့်အင်းဝမြို့ကြားမှစီးဆင်းသောနမ္မတူမြစ်ပေါ်တွင်တည်ရှိသည်။ ယင်းမြစ်ကိုအစွဲပြု၍ နမ္မတူမြို့ဟုတွင်သည်။ ထိုမြစ်ကို ရှမ်းပြည်၌ နမ္မတူမြစ်ဟုခေါ်၍ သီပေါမြို့အနီးတွင် ဒုဋ္ဌဝတီမြစ်ဟုခေါ်ပြီးလျှင်၊ ရွှေစာရံမုန်တိုင်းမှဧရာဝတီမြစ်မကြီးနှင့်ပေါင်းဆုံရာနေရာအထိကို မြစ်ငယ်မြစ်ဟုခေါ်ကြသည်။ နမ္မတူဟူသောစကားသည် ရှမ်းစကားနမ့်နှင့် တူပေါင်းထားခြင်းဖြစ်ရာ ဆိုးသောရေဟု အဓိပ္ပါယ်ရသည်။

www.foreverplace.com.mm

နမ္မတူမြို့သည် တောင်များပတ်ရံထားသည့် မြေလပ်တစ်ခုတွင် တည်ထားသဖြင့် ဒယ်အိုးသဏ္ဌာန် ရှိသည်။ မြို့၏ အကျယ်အဝန်းသည် ဧက ၁၂၈၀၀ ဖြစ်၏။ နမ္မတူမြစ်သည် မြို့အလယ်မှဖြတ်စီးသဖြင့် မြို့သည် ၂ပိုင်းကွဲလျက်ရှိသည်။ မြစ်၏တောင်ဘက်ပိုင်း၌ သတ္တုချက်စက်ရုံကြီးများ၊ လျှပ်စစ်အလုပ်ရုံနှင့်သစ်စက်များ၊ အလုပ်သမားအိမ်များ၊ ရဲဌာနများ၊ တရားရုံးနှင့်ဆေးရုံတို့ရှိ၍ မြောက်ဘက်ပိုင်းတွင် မူလတန်းကျောင်းနှင့်လူနေသာမန် အဆောက်အအုံများနှင့် အရောင်းအဝယ်ဌာနများသာရှိသည်။ ထိုကြောင့် မြစ်တစ်ဖက်သည် အဆောက်အအုံကြီးများနှင့် ထယ်ဝါသလောက် တစ်ဖက်သည်သေးနုတ်နေသဖြင့် အစစခြားနားနေသည်။ နမ္မတူမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်တွင် ဘော်တွင်းရှိသည်။ ယင်းဘော်တွင်းမှ တူးဖော်ရရှိသောသတ္တုများကို နမ္မတူစက်ရုံကြီးများတွင် ကျိုချက်ယူသည်။ နမ္မတူမြို့သည် ထိုသတ္တုတွင်းလုပ်ငန်းကို အမှီပြုပြီးလျှင် လွန်ခဲ့သည့်နှစ်ပေါင်းတစ်ရာကျော်က တည်ဆောက်ခဲ့သည်ဟုဆိုလေသည်။ (ဘော်တွင်း–ရှု။)

ခရီးလမ်းများမှာ နမ္မတူမှလာရှိုးသို့သွားသည့် မော်တော်ကားလမ်းတစ်လမ်း၊ သီပေါနှင့် ကျောက်မဲမြို့များကိုပြုဖတ်၍ မန္တလေးသို့သွားသည့် မော်တော်ကားလမ်းတစ်လမ်းနှင့် နမ္မတူမှ နမ့်ဆန်သို့သွားသော မော်တော်ကားလမ်းတစ်လမ်းရှိသည်။ ဘားမားကော်ပိုရေးရှင်း (၅၁)လီမိတက်ပိုင်နမ္မတူနမ့်ယော်သို့သွားသည့် မီးရထားလမ်း တစ်လမ်းနှင့် နမ္မတူမှဘော်တွင်းသို့ သွားသည့် မီးရထားလမ်းတစ်လမ်းရှိ၏။ ထိုကုမ္ပဏီပိုင် လေယာဉ်ပျံတစ်စင်းသည် လားရှိုးနှင့်ရန်ကုန်မြို့များကို အင်္ဂါနေ့နှင့်သောကြာနေ့တိုင်း ဆက်သွယ်ပျံသန်းသည်။

မြို့နယ်အတွင်းရှိ ထင်ရှားသော အဆောက်အအုံများမှာ ဘားမားကော်ပိုရေးရှင်း (၅၁) လီမိတက်ပိုင် စမယ်တာ (သတ္တုချက်) စက်ရုံ ကြီးများနှင့် သတ္တုလုပ်ငန်း အဝဝကို ကြီးကိုင် စီမံအုပ်ချုပ်သည့် ရုံးသစ်ကြီးများဖြစ်၏။ နမ္မတူမြို့နယ်တွင် ပေ ၁၅၀ ကျော်မြင့်သည့် တောင်ကုန်းပေါ်၌ ရွှေရန်အောင် စေတီတော်တစ်ဆူ ရှိသည်။

နမ္မတူမြို့ကား ကုလား တရုတ်စသော နိုင်ငံခြားသားများအပြင်၊ ရှမ်း၊ မြန်မာ၊ ပလောင်၊ ရှမ်းတရုတ်၊ ကချင်စသောတိုင်းရင်းသားပေါင်းစုံ စုဝေးရာဖြစ်သည်။ နမ္မတူမြို့၌



မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ငွေသတ္တုတူးဖော်ရာဒေသဖြစ်သည့် နမ္မတူမြို့ရှိ ငွေချက်စက်ရုံကြီး

www.foreverspace.com.mm

လူဦးရေ ၂၅၉၃ ယောက်ရှိသည်။ အများအားဖြင့် သတ္တု တွင်းအလုပ်သမားများသာဖြစ်သည်။ ဈေးရှိရာ ပန်ဟိုက် ရပ်ကွက်သည် အထူးစည်ကားသည်။ နမ္မတူနှင့် မိုင် ၂၀ ကျော်ဝေးသည့် မန်စံဖောခေါ်မန်စံရေကျ၌ ကြီးကျယ်ခမ်း နားစွာဆောက်လုပ်ထားသည့် လျှပ်စစ်ဓာတ်အားပေးစက် ရုံကြီးမှ ၂၄နာရီပတ်လုံး လျှပ်စစ်ဓာတ်အားရရှိလေသည်။

နံရံကပ်စက္ကူ။ ။နံရံကပ်စက္ကူဆိုသည်မှာ ပန်းပုံတစ်မျိုး မျိုးကိုဆေးရောင်အမျိုးမျိုးဖြင့် ရိုက်နှိပ်ထားသော ပန်းရိုက် စက္ကူကိုဆိုလိုသည်။ ထိုစက္ကူကို အိမ်များတွင် သပ်ရပ် တင့်တယ် ကြည့်မြင်ဖွယ် ကောင်းစေရန်အတွက် နံရံ၌ ကပ်ထားတတ်ကြသည်။

နံရပ်ကပ်စက္ကူကို အရှေ့တိုင်းနိုင်ငံများ၌ စတင်အသုံး ပြုခဲ့သည်။ ထိုနောက်မှ ဥရောပတိုက်ကလိုက်၍ အသုံးပြု လေသည်။ တရုတ်နိုင်ငံသည် နံရပ်ကပ်စက္ကူကို ရှေးဦးစွာ အသုံးပြုသော တိုင်းပြည်ဖြစ်၏။ တရုတ်နိုင်ငံတွင် ပန်းရိုက် စက္ကူကို နံရံတွင်မကပ်ဘဲ ချိတ်ဆွဲ၍ အခန်းကို တန်ဆာ ဆင်လေ့ရှိသည်။ နံရံတွင် ပန်းရိုက်စက္ကူကပ်၍ တန်ဆာ ဆင်မှုကို ဥရောပတိုက်၌ ၁၆ ရာစုနှစ်လောက်က စတင်ခဲ့ ၍၊ အင်္ဂလန်ပြည်တွင် ၁၉ ရာစုနှစ်ကျမှ စတင်အသုံးပြု ကြသည်။ ၁၉ရာစုနှစ်အတွင်းတွင် နံရံကပ်စက္ကူ အမြောက် အမြားကို စက်ဖြင့် အလိပ်များပြု၍ ထုတ်လုပ်နိုင်ခဲ့သည်။ စက်ဖြင့် နံရံကပ်စက္ကူကိုမထုတ်လုပ်နိုင်မီ အချိန်အတွင်း ကမူ၊ လက်ရိုက်ပန်းစက္ကူများသာရှိသဖြင့်၊ ငွေကြေး အ ကုန်အကျခံနိုင်သူများသာလျှင်၊ အသုံးပြုနိုင်ခဲ့ကြလေသည်။ အချို့တိုင်းပြည်များတွင် လက်ရိုက် ပန်းစက္ကူများကို ယခု ထက်တိုင် အသုံးပြုလျက်ရှိသည်။

စက္ကူတွင် ပန်းရိုက်သောစက်မှာ ၇မ်းထည် သရက် ထည်များတွင် ပန်းရိုက်သောစက်များကဲ့သို့ လှိမ့်တုံးတစ်မျိုး ပင်ဖြစ်သည်။ ထိုစက်တွင် ကြေးနီလှိမ့်တုံးများရှိ၍၊ လှိမ့်တုံး တစ်ခုစီတွင် ပန်းကွက်များ ဖော်ထားပြီးလျှင် အရောင်တစ် မျိုးစီအတွက် အသုံးပြုသည်။ စက်လည်သောအခါ စည် ကြီးကို ပတ်လည်ကျလာသောစက္ကူသည် လှိမ့်တုံးအသီး သီးဆီသို့ ရောက်လာသည်။ ထိုအခါပန်းပုံစံဖော်၍ အ ရောင်ခြယ်ပြီးဖြစ်သော လှိမ့်တုံးအသီးသီးက စက္ကူပေါ်သို့ ပန်းပုံစံကိုနှိပ်ပေးကြ၏။ နောက်ခံဆေးရိုက်စက်မှ ထွက် လာသောစက္ကူသည် ပန်းပုံစံများကို အရောင်တောက် အောင်ပြုလုပ်ပေးသော အရောင်တင်စက်ဆီသို့ တစ်ဖန် ရောက်သွားရပြန်၏။ ထိုနောက်မှ ပန်းပုံထင်ရှားပေါ်လွင် လာအောင် ပြုလုပ်ပေးသော ပန်းဖော်စက်ဆီသို့ ရောက်ရ ပြန်၏။ ထိုသို့ စက်တစ်မျိုးမှ တစ်မျိုးသို့ အစဉ်အလိုက် သွားရာတွင် ပန်းရိုက်ပြီး စက္ကူမှဆေးခြောက်စေရန်အတွက် အပူပေးအိမ်များက သင့်တော်သောအပူရှိန်ကို ပေးရ၏။ ပန်းရိုက်ခြင်း၊ အရောင်တင်ခြင်း၊ ပန်းဖော်ခြင်းတို့ကို ပြု လုပ်ပြီးသောအခါ၌ ထိုပန်းစက္ကူလိပ်များကို အခြားစက် တစ်ခုက တန်းများတွင် ပန်းကုံးပန်းဆိုင်းများသဖွယ် ချိတ်၍ လှမ်းထားရသည်။ ဆေးများခြောက်သွားသော အခါမှ ထိုပန်းစက္ကူလိပ်များကို ကြိုက်သလောက် အရှည် အတိုတိုင်း၍ အပိုင်းများဖြတ်ယူရ၏။ ထိုနောက် သေတ္တာ များတွင် ထည့်၍၊ နိုင်ငံခြားသို့ တင်ပို့ကြလေသည်။

နာမ်။ ။နာမ်ဟူသော စကားသည် ပါဠိ ‘နာမ’မှ ပျက် လာ၍၊ အနက်ကား အမည်ဖြစ်သည်။ အမည်ပေးသော စကားလုံးဟူသရွေ့ကို နာမ်ဟုသဒ္ဒါနည်းအရ ခေါ်သည်။

နာမ်တွင် နှစ်မျိုးနှစ်စား ရှိသည်။ တစ်ဦးတည်း ပိုင်နာမ်နှင့် အများပိုင်နာမ်တို့ဖြစ်သည်။ ဥဒါဟရဏ၏၊ ‘ဦးစ’၊ ‘မခင်ညိ’၊ ‘ချင်းတွင်း’၊ ‘မန္တလေး’၊ ‘ရိုးမ’၊ ‘စာပေ ဗိမာန်’ အစရှိသည်တို့သည် တစ်ဦးတည်းပိုင်နာမ်များ ဖြစ်ကြသည်။ ‘ဆင်’၊ ‘မြင်း’၊ ‘တော’၊ ‘တောင်’၊ ‘စာအုပ်’ အစရှိသည်တို့သည် အများပိုင် နာမ်များ ဖြစ်ကြလေသည်။

နာမ်တို့ ဖြစ်လာပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁)မူလနာမ်။ ။အသံတစ်ချက်ထွက်သော မူလ စကား လုံးများ၊ ပုံစံအားဖြင့် နေ၊ လ၊ တော၊ တောင်၊ ရေ၊ မြေ အစရှိသော စကားလုံးများ။

(၂) ကြိယာနာမ်။ ။ကြိယာ အသီးအသီးရှေ့တွင် ‘အ’ ထည့်ခြင်းဖြင့် ဖြစ်လာသည့် ကြိယာနာမ်များ။ ပုံစံအားဖြင့်၊ အသွားအပြန်၊ အနေအထိုင်၊ အလှုပ်အရှား၊ အစားအ သောက်စသောစကားလုံးများ။

ကြိယာအသီးအသီးနောက်တွင် ‘ခြင်း’ထည့်၍ ကြိယာ မှ နာမ်ဖြစ်လာသောကြိယာနာမ်များ။ ပုံစံအားဖြင့်၊ အိုခြင်း၊ နာခြင်း၊ ကခုန်ခြင်းစသော စကားလုံးများ။

ကြိယာအသီးအသီးနောက်တွင် ‘ဖွယ်’၊ ‘ရာ’၊ ‘စရာ’ တို့ထည့်၍ ကြိယာမှနာမ်ဖြစ်လာသော ကြိယာ နမ်များ။ ပုံစံအားဖြင့်စားဖွယ်သောက်ဖွယ်၊ နေရာ၊ အိပ်ရာ၊ သွားစရာ၊ လာစရာ အစရှိသောစကားလုံးများ။

ကြိယာအသီးအသီးနောက်တွင် ‘မှု’၊ ‘ချိန်’၊ ‘ချက်’၊ ‘ပုံ’၊ ‘ဟန်’၊ ‘နည်း’ တို့ကို တွဲပေးခြင်းဖြင့်နာမ်ဖြစ်လာသော ကြိယာနာမ်များ။ ပုံစံအားဖြင့် ချက်မှု၊ ပြုတ်မှု၊ နားချိန်၊ စားချိန်၊ပြောဆိုချက်၊တောင်းဆိုချက်၊ ကပုံ၊ ဆိုပုံ၊ မေးဟန်၊ ဖြေဟန်၊ ထိုးနည်း၊ သတ်နည်းအစရှိသောစကားလုံးများ။

အချို့ နာမ်များသည် ကြိယာနာမ်ဖြစ်သော်လည်း၊ ‘အ’၊ ‘ခြင်း’ မပါသည်ကို တွေ့ရသည်။ ယင်းသို့ တွေ့ရသည်မှာ ‘အ’၊ ‘ခြင်း’ကြောင့်ကြိယာနာမ်များဖြစ်သောကြောင့် တည်း။ ပုံစံအားဖြင့်၊ ‘ငချစ်ညိုကားဆင်စီး မြင်းစီး ပြွမ်းတီး

www.forevermspace.com.mm

၏' ဟူသည်၌ ဆင်စီး မြင်းစီးသည် ကြိယာနာမ်ပင် ဖြစ်၏။ ဆိုလိုရင်းမှာ ငချစ်ညိုသည် ဆင်းအစီး မြင်းအစီးပြွမ်းတီး၏။ (၀၊) ငချစ်ညိုသည် ဆင်စီးခြင်း၊ မြင်းစီးခြင်း ပြွမ်းတီး၏ဟူ၍ ဖြစ်လေသည်။

ကြိယာနာမ်တို့သည် ကြိယာဆောင်ရွက်ရာ၌ အမူအရာ ကိုလည်းကောင်း၊ အခြေအနေကိုလည်းကောင်း ဖော်ပြ ကြသည်။ ပြယုဂ်၊ 'အသွားအပြန်'သည် သွားသောအမူ အရာ၊ ပြန်သောအမူအရာကို ပြသည်။ 'ကျွန်အဖြစ်'သည် ကျွန်ပ်၏ အခြေအနေကို ပြသည်။ 'သွားလာခြင်း'သည် သွားသော အမူအရာလာသော အမူအရာကိုပြသည်။ 'ခစားခြင်း'သည် ခစားသောအခြေအနေကိုပြသည်။ သို့ဖြစ် သော်လည်း အချို့ဝါကျများ၌ 'အ'ထည့်သောကြို ယာ နာမ်သည် ယင်း၏အစိတ်အပိုင်းဖြစ်သော ကြိယာက ရည် ညွှန်းအပ်သော ပုဂ္ဂိုလ်အရာဝတ္ထုပင် ဖြစ်သည်ဟု ကောက် ယူနိုင်သည်။ ပုံစံအားဖြင့်၊ 'ဤအိမ်၌ အစောင့်မရှိ'ဆိုရာ၌၊ အစောင့်သည် အိမ်ကို စောင့်သောသူကို ဆိုပေသည်။

(၃) စကားပေါင်း။ ။နာမ်ကို နာမ်နှင့်လည်းကောင်း နာမ်ကို ကြိယာနှင့်လည်းကောင်း အစရှိသဖြင့်ပေါင်း၍ ဖြစ်လာ သောစကားပေါင်းများ–

(က) နာမ်ကို နာမ်နှင့် ပေါင်း၏၊ ရှေ့နာမ်သည် နာမဝိသေသနသဖွယ် နောက်နာမ်ကို ထူးခြားစေခြင်း။ ပုံစံအားဖြင့်၊

ထမင်းအိုး =ထမင်းချက်သောအိုး

ဟင်းပန်းကန် = ဟင်းထည့်သော ပန်းကန်

မြန်မာစာအုပ် = မြန်မာဘာသာဖြင့် ရေးထားသော စာအုပ်

မြေပိုင်ရှင် = မြေကို ပိုင်ဆိုင်သူ

(ခ)နာမ်ကို နာမ်နှင့် ပေါင်းသော်၊ နောက်နာမ်သည် နာ မဝိသေသနသဖွယ် ရှေ့နာမ်ကို ထူးခြားစေခြင်း။ ပုံစံအားဖြင့်၊

ကြက်ဆင် = ဆင်နှင့်တူသောကြက်

ရှားစောင်းလက်ဝါး = လက်ဝါးနှင့်တူသော ရှားစောင်းပင်

မုန့်ပိန္ဓဲစေ့ = ပိန္ဓဲစေ့နှင့်တူသော မုန့်

(ဂ) နာမ်ကို နာမ်နှင့်ပေါင်းရာ၊ အကြားတွင်ရှိမြဲဖြစ် သော'နှင့်' ကျေသော စကားပေါင်းများ။ ပုံစံအားဖြင့်၊

ဆရာမိဖ = ဆရာနှင့်မိဖ

မောင်နှမ = မောင်နှင့်နှမ

သားအမိ = သားနှင့်အမိ

(ဃ) နာမ်နှစ်ခုကိုပေါင်းရာ၊ နောက်နာမ်သည် ရှေ့နာမ်နှင့် ဆိုင်သော လုပ်ကိုင်သူကို ပြခြင်း။ ပုံစံအားဖြင့်၊

လှည်းသမား = လှည်းကို မောင်းနှင်သူ

စက်ဆရာ=စက်ကိုမောင်းနိုင်သောသူ

ကုန်သည်(ကုန်အသည်) = ကုန်ရောင်းကုန်ဝယ်ပြုသူ

(င) နာမ်ကို ကြိယာနှင့်ပေါင်းရာ၊ နာမ်သည် ကံ၊ အသုံးခံ၊ နေရာအစရှိသည့် အနက်တို့၌ ကြိယာနှင့် စပ်ခြင်း။ ပုံစံအားဖြင့်၊

မြင်းထိန်း = မြင်းကို ထိန်းသူ

ထမင်းချက် = ထမင်းကိုချက်သူ

ခြေနင်း = ခြေဖြင့်နင်းအပ်သည့်သူ

လူကြို = အခန့်သင့်တွေ့ကြုံအပ်သော

ခေါင်းပေါင်း = ခေါင်းတွင် ပေါင်းအပ်သည့် ပဝါ

(စ) နာမ်နှင့် နာမဝိသေသနပေါင်းခြင်း။ နာမ်နှင့် ဂုဏ်ရည် ပြနာမဝိသေသနကို ပေါင်း၍ဖြစ်သော စကားပေါင်း။ ပုံစံအားဖြင့်၊

ရေအေး = အေးသောရေ

လူဆိုး = ဆိုးသောသူ

ပန်းနီ = နီသောပန်း

(ဆ) ကြိယာနှင့် နာမ်ကိုလည်းကောင်း၊ နာမ်နှင့် ကြိယာကို လည်းကောင်းပေါင်းရာ၊ ကြိယာသည် နာမဝိသေသန သဖွယ် နာမ်ကို ထူးခြားစေခြင်း။ ပုံစံအားဖြင့်၊

မေးသူ = မေးသောသူ

ရယ်သံ = ရယ်ရာတွင် မြည်သောအသံ

ဆေးလိပ် = ဆေးရွက်ကို လိပ်ထားသောအရာ

(ဇ) ကြိယာနှင့် နာမ်ကို ပေါင်းသောအခါ၊ ကြိယာညွှန်ရာ၌ နာမ်ကို အသုံးချခြင်း။ ပုံစံအားဖြင့်၊

ကစားရုံ = ကစားရာ၌ အသုံးချသောရုံ

ခပ်တက် = လှေခတ်ရာ၌ သုံးသောတက်

ပြိုင်မြင်း = အပေးပြိုင်ပွဲ၌ သုံးသောမြင်း

(ဈ) နေရာ၏အပိုင်း နေရာ၏အပိုင်းကိုပြသော စကား ပေါင်း။ စကားနှစ်လုံးအကြားတွင် ရှိမြဲဖြစ်သော '၏' ကျေ၏။ ပုံစံအားဖြင့်၊

အိမ်တွင်း = အိမ်၏အတွင်း

မြို့ပြင် = မြို့၏အပြင်

မြို့နား = မြို့၏အနား

(ည) နာမ်နောက်က 'ကလေး' သို့မဟုတ် 'မ' ကိုတွဲ၍ ဖြစ်သောစကားစု၊ 'ကလေး' သည် ငယ်သည်ကို ပြသည်။ 'မ' (အမ) သည် အကြီးကို ပြသည်။ ပုံစံအားဖြင့်၊

လူကလေး = ငယ်သောလူ

ရွာမ = အကြီးဖြစ်သောရွာ

(ဋ) 'အ'ဖြင့် ၂ ခါထပ်နာမ်များ။ ပုံစံအားဖြင့်၊

အမြို့မြို့

အနိုင်နိုင်ငံ

အထွေထွေ

(ဌ) ၄ လုံး၊ ၄ လုံး မက စပ်သော စကားပေါင်းများလည်း ရှိသေးသည်။ ပုံစံအားဖြင့်၊

www.foeverspace.com.mm

အဖိုးအခ၊ စကားဖို စကားမ၊
နို့စို့ကလေး = နို့(နာမ်)၊ စို့ (ကြိယာ)၊ ကလေး (နာမ်)၊
ကက္ကသိုလ်စာမေးပွဲ = တက္ကသိုလ် (နာမ်)၊ စာ(နာမ်)၊ မေး (ကြိယာ)၊ ပွဲ(နာမ်)၊

တစ်ခါတစ်ရံ မည်သည့် စကားမျိုးကိုမဆို နာမ်အဖြစ် သုံးတတ်၏။ယင်းတို့မှာ အများအားဖြင့် အက္ခရာများ၊ ဂဏန်းများ၊ အမှတ်အသားလက္ခဏာများ ဖြစ်သည်။ ဥဒါဟရဏ်။ 'က' သည် ဗျည်း ၃၃ လုံးတွင် အဦးဆုံး အက္ခရာဖြစ်သည်။ ဤဝါကျ၌ 'က'ကို နာမ်အဖြစ် သုံးထားသည်။

'၉'သည် သုံးကို သုံးနှင့်မြှောက်၍ ရသော ဂဏန်းဖြစ်၏။ တစ်ခါတစ်ရံ ဝါကျစိတ်တခုလုံးကိုလည်း နာမ်အဖြစ် သုံးတတ် သေးသည်။

ထိုပြင် ပါဠိ၊ သက္ကဋ၊ မွန်ဘာသာ၊ရှမ်းဘာသာ၊အိန္ဒိယ ဘာသာ၊အင်္ဂလိပ်ဘာသာ၊ အာရပ်ဘာသာ၊ ပဿူးဘာသာ၊ ရခိုင်ဒေသန္တရစကား၊ ထားဝယ်ဒေသန္တရစကား၊ ပေါရာဏ၊ ဗန်းစကား၊ကပြားစကားတို့မှအသွင်မပြောင်းဘဲလည်း ကောင်း၊ (ပုံစံအားဖြင့် ပါဠိစကားလုံး ကရုဏာ၊ မေတ္တာ စသည်) အသွင် အနည်းငယ်ပြောင်း၍ ဆင်းသက်ဆက် နွယ်လာသောဝေါဟာရများကိုလည်းကောင်း၊ (ပုံစံအားဖြင့်၊ ငကွန်းရှပ်၊ ကတ္တီပါ၊ စော်ဘွား)နာမ်အဖြစ် သုံးစွဲထား ခြင်းများလည်းရှိပေသေးသည်။

နာမ်၏နောက်ဆက်တွဲများမှာ လိင်၊ ကိန်း၊ ကာရကတို့ ဖြစ်သည်။ လိင်မှာကား လိင်ဖို၊ လိင်မဟူ၍ ရှိသည်။ လူနှင့်ဆိုင်သော လိင်ကို ခွဲခြားပြနည်း ၇မျိုးရှိ၏။

(၁) သီးခြားသော စကားလုံးများကို သုံးနည်း။ ပုံစံအားဖြင့်၊

လိင်ဖို	**လိင်မ**
ဦးလေး	ထွေးတော်
မောင်	နှမ

(၂) စကားလုံး ရှေ့ပိုင်းကို ပြောင်းနည်း။ ပုံစံအားဖြင့်၊

လိင်ဖို	**လိင်မ**
အဘိုးကြီး	အမယ်ကြီး
ခမည်းတော်	မယ်တော်

(၃) စကားလုံးနောက်ပိုင်းကိုပြောင်းနည်း။ပုံစံအားဖြင့်၊

လိင်ဖို	**လိင်မ**
အချုပ်သမား	အချုပ်သမ
အဖေ	အမေ

(၄) 'ယောကျ်ား'၊ 'မိန်းမ'ကို ဆိုင်ရာ စကားလုံး ရှေ့ကဖြစ်စေ၊ နောက်ဖြစ်စေ တွဲနည်း။ ပုံစံအားဖြင့်၊

လိင်ဖို	**လိင်မ**
မြေးယောကျ်ား	မြေးမိန်းမ
ယောကျ်ားအစေခံ	မိန်းမအစေခံ

(၅) လိင်ဖိုဖြစ်သော စကာလုံးနောက်က 'မ'တွဲလျှင်၊ လိင်မဖြစ်နည်း။ ပုံစံအားဖြင့်၊

လိင်ဖို	**လိင်မ**
အရှင်	အရှင်မ
ဆရာဝန်	ဆရာဝန်မ

(၆) 'သား'၊'သူ'ကိုဆိုင်ရာစကားလုံးနောက်ကတွဲနည်း။ ပုံစံအားဖြင့်၊

လိင်ဖို	**လိင်မ**
အညာသား	အညာသူ
အိမ်သား	အိမ်သူ

(၇)လိင်ဖိုပြသောစကားလုံးနောက်ပိုင်းသည်လိင်မပြသော စကားလုံးရှေ့ပိုင်းနှင့် တူခြင်း။ ပုံစံအားဖြင့်၊

လိင်ဖို	**လိင်မ**
ဘကြီး	ကြီးတော်
ဦးကြီး	ကြီးတော်

တိရစ္ဆာန်များ၏ လိင်ကိုပြင်ရန် ထီး၊ ဖ၊ ဖိုနှင့်မတို့ကို သုံးသည်။ ပုံစံအားဖြင့်၊

လိင်ဖို	**လိင်မ**
ကြက်ဖ	ကြက်မ
ခွေးထီး	ခွေးမ
ငန်းဖို	ငန်းမ

ကိန်းမှာဧကဝုစ်ကိန်းနှင့်ဗဟုဝုစ်ကိန်းဟူ၍နှစ်မျိုးရှိ၏။ ဧကဝုစ်ကိန်းမှာ တစ်ခုကိုရည်ညွှန်း၍၊ ဗဟုဝုစ်ကိန်းမှာ အများကိုရည်ညွှန်းသည်။ အများပြနာမ်ပစ္စည်းများမှာ၊ များ၊ တို့၊ အများတို့၊ များတို့၊တွေဟူ၍ဖြစ်လေသည်။

ပုံစံကား–

နိုင်ငံခြားမင်းများသို့ပေးရန်ရာဇသံအထူးမပါ။
မင်းတို့သည်ရင်မှုဖြစ်ကုန်၏။
ဤသတ္တဝါအများတို့သည် ငါ၏အပါးခ်ဉ် မပျက်ပြားစေ သတည်း။
ယင်ရဲမျိုးတို့သည် ငါ့အားမခဲနိုင်သတည်း။
အကျိုးကိုညီညာစွာ(ငါ)တို့တတွေထမ်းဆောင်ပါစို့လေ။

ကာရကများမှာ ဝါကျပြုလုပ်ရာ၌ နာမ်တစ်ခုသို့ လိုရာ ဝိဘတ်ပစ္စည်းများနှင့်ဆက်သွယ်ခြင်းဖြစ်၏။ ပုံစံအားဖြင့်၊ နာမ်ပုဒ်တစ်ခုကို သာမိကာရကပြုလိုလျှင်၊ ယင်းကာရက ၏ပစ္စည်းဖြစ်သော'၏'ကို နာမ်ပုဒ်နှင့်ပေါင်းစပ်ရ၏။ 'အိမ်၏'၊'လူကလေး၏'၊ 'ကျွန်ုပ်၏' စသည်တို့မှာ သာမိကာရ ကများဖြစ်ကြ၏။ ဤကဲ့သို့ပင် သမ္ပဒါနကာရက၊ ကမ္မ

www.foreverspace.com.mm

ကာရကား၊ အပါဒါနကာရကစသည်ဖြင့် နာမ်ပုဒ်၏ ကာရကများ ပေါင်းရှစ်ခုရှိလေသည်။

နာမ်စား ။ ။ပြောဆိုရေးသားရာ၌ နာမ်ကို ထပ်ခါထပ်ခါ မသုံးရစေရန် နာမ်အစားသုံးသော စကားလုံးများကို သဒ္ဒါနည်းအရ၌နာမ်စားဟု ခေါ်သည်။ ဦးဝအမည်ရှိသော လူတစ်ယောက်၏အကြောင်းပြောရာတွင် 'ဦးဝ'၊ 'ဦးဝ' ဟူ၍အမည်ကို ထပ်ခါထပ်ခါ အသုံးမပြုဘဲ၊ 'သူ' ဟူသော နာမ်စားဖြင့် အစားသွင်း သုံးစွဲကြသည်။

(က) နာမ်စား အမျိုးမျိုးအစားစား ခွဲခြားထားသည်။

(၁) ပြောသူနာမ်စား။ မိမိကိုယ်ကိုညွှန်ပြ၍ ပြောဆိုရေးသားသော နာမ်စားများ ဖြစ်သည်။ ဥဒါဟရဏ်၊

ငါမပေးလို။

ပြောသူနာမ်စား နာမ်စားတုများလည်းရှိ သေးသည်။ 'ကျွန်'ဟူသော နာမ်ကို အသုံးပြု၍၊ မိမိကိုယ်ကို နှိမ့်ချ ပြောဆိုရာ၌သုံးသည်။

ပြယုဂ်။ ကျွန်တော်၊ ကျွန်တော်မ၊ ကျွန်မ၊ ကျွန်တော်မျိုး၊ ကျွန်တော်မျိုးမ၊ ကျွန်ပ်၊အကျွန်ပ်။

(၂) နာသူနာမ်စား၊ ပြောသူက နာသူကိုညွှန်သော နာမ်စားတစ်မျိုးဖြစ်သည်။ ဥဒါဟရဏ်၊

သင် မထွက်ခွါပါလေနှင့်ဦး။

နင့်ကို ပေးဖို့ မဟုတ်။

နာသူနာမ်စား နာမ်စားတုများလည်းရှိသေးရာ၊ ယင်းတို့မှာ(အ)မောင်၊ မောင်မင်း၊ မယ်မင်း၊ ခင်ဗျား၊ ရှင်၊ ကိုရင်၊ မောင်ရင်၊ညည်း၊ညဲတို့ ဖြစ်ကြသည်။

(၃) အပြောခံနာမ်စား။ ပြောသူနှင့် နာသူတို့၏ ပြောရာ ပြောကြောင်းဖြစ်သည့် အပြောခံပုဂ္ဂိုလ်ကို ညွှန်သော နာမ်စားတစ်မျိုးဖြစ်သည်။ဥဒါဟရဏ်၊

'မောင်လှတို့ ဘယ်မှာနေကြတယ်လို့ကြားသလဲ။ သူတို့ ကျန်းကျန်းမာမာ ရှိကြရဲ့လား'ဟုဆိုရာ၌ 'သူတို့'သည် မောင်လှတို့အိမ်သားကို ညွှန်ပြသော အပြောခံနာမ်စား ဖြစ်သည်။

သူ၊ သူတို့ဟူသော အပြောခံနာမ်စားအပြင်၊ သင်း၊ ချင်း၊ အချင်း၊ အချင်းချင်း၊ မိမိစသည့်အပြောခံနာမ်စား နာမ်စားတုများလည်းရှိသေးသည်။

(ခ) အတုံ့နာမ်စား

ပြုလုပ်သည့်အမှုသည် ပြုလုပ်သူအပေါ်သို့ တုံ့ပြန်သော သဘောကိုပြလျှင်၊ ၂ ခါထပ်နာမ်စား အကြားတွင် 'ကိုယ်ကို' ဟူသော ကံပုဒ်ဖြင့်ပြနိုင်သည်။ ပထမနာမ်စား၌ ပိုင်ဆိုင်ခြင်းကိုပြသော အောက်မြစ်သံပါသည်။ ဥဒါဟရဏ်၊

သူ့ကိုယ်ကိုသူ အလွန်ချစ်သည်။

တုံ့ပြန်သည်ကိုပြသော 'ကိုယ်ကို'အစား၊ တစ်ပါး နာမ်ပုဒ်ကိုသုံးသော အလားတူအစပ်မျိုးလည်း ရှိပေသေးသည်။ ပြုလုပ်သူနှင့်စပ်ဆိုင်သော ယင်းနာမ်ပုဒ်အပေါ်သို့ ပြုလုပ်သည့်အမှုကျရောက်သည်။ ဥဒါဟရဏ်၊

သူ့အလုပ် သူလုပ် ပါစေ။

ရှင်ဘာသာ ရှင်သွားပါလား။

(ဂ) အညွှန်းနာမ်စားများ ဖော်ပြပြီးသည့် ပုဂ္ဂိုလ်၊ အရာဝတ္ထု၊ အကြောင်းအရာတို့ကိုညွှန်ပြသော အညွှန်းနာမ်စားများကား၊ ဤ၊ ထို၊ ၎င်း၊ ယင်းတို့ ဖြစ်ကြသည်။ 'ထို'နှင့် 'ဤ'ကို တွဲ၍ သုံးနိုင်သည်။ ဥဒါဟရဏ်၊

''ထိုမှ ဤမှ လူးလာ တုံ့ပြန်၍ နေသည်''။

''ထိုမှာသောင်ကမ်းမှ ဤမှာ သောင်ကမ်းသို့ ကူးသည်''

'ထိုထိုဤဤ'၊ 'ထိုမျှ'၊ 'ဤမျှ'၊ တို့သည်လည်း ညွှန်အပ်သောပမာဏကိုပြသည်။

'ထိုမျှ'၊ 'ဤမျှ'နောက်တွင် ပမာဏကိုပြသော 'လောက်'ကို ထည့်နိုင်သည်။ ဥဒါဟရဏ်၊

''ဤမျှ လောက်သာ ပေးပါလော့''။

သို့သော် 'ဤမျှလောက် ပြောဆိုသော်လည်း၊ ထိုသူ နားမဝင်'၊ ဆိုရာ၌၊ ကြိယာနှင့်စပ်သဖြင့်၊ ကြိယာဝိသေသန သဘောသက်ရောက်သွားလေသည်။

(ဃ) မေးခွန်းနာမ်စားများ မေးခွန်းထုတ်ရာ၌ အသုံးပြုသော နာမ်စားများဖြစ်သည်။ ဥဒါဟရဏ်၊

'သင် (အ) ဘယ်မှာ ရှိလေမည်နည်း'ဆိုရာ၌ မေးခွန်းသည် သက်မဲ့တစ်ခုခုဟူသောအဖြေကိုမျှော်သည်။ ထိုကြောင့် 'အဘယ်'သည် သက်မဲ့နှင့်ဆိုင်သော မေးခွန်း နာမ်စား ဖြစ်သည်။

'အရသာချိုဆိမ့်ခြင်း၌ (အ) ဘယ်သင်းကကောင်းပေသနည်း။' ဆိုရာ၌ (အ) 'ဘယ်'နှင့် 'သင်း' ပေါင်း၍ ရသော (အ) ဘယ်သင်းသည် ရွေးချယ်သောအနက်၌ အရာဝတ္ထု တိရစ္ဆာန်တို့ကို ညွှန်သည်။

'မည်သူနည်း'၊ 'အဘယ်သူ၏သားနည်း'ဟူသော မေးခွန်းတို့သည် လူတစ်ယောက်ဟူသော အဖြေကိုမျှော်သည်။ ထိုကြောင့် 'အဘယ်သူ'၊'မည်သူ'တို့သည် လူနှင့်စပ်ဆိုင်သော မေးခွန်းနာမ်စားဖြစ်သည်။

'အတီ'၊ 'အဘယ်'၊ 'မည်သည့်'တို့ကို 'မျှ'နှင့်တွဲလျှင်၊ ပမာဏကိုမေးသည်။ ကြိယာဝိသေသနသဘောသက်ရောက်သည်ဟု ယူဆနိုင်လေသည်။

'မည်သူ'၊ 'အဘယ် သူ'တို့ကို 'မဆို'နှင့်တွဲ၍သုံးလျှင် မည်သူ မည်ဝါဟူ၍ သေချာစွာ မဆိုဘဲ၊ အလိုရှိသူတိုင်းကို ဆိုလိုသည်။

www.foreverspace.com.mm

နံ့လူမျိုး။ ။နံ့လူမျိုး (ရဝမ်လူမျိုး)တို့သည် တိဗက် မြန်မာအနွယ်ဝင် ဖြစ်၍၊ လိုလိုမူဆိ အုပ်စုတွင် ပါဝင်၏။ မြန်မာနိုင်ငံ အထက်ပိုင်း၊ ပူတာအိုနယ်တစ်ဝိုက်၊ တိဆန်၊ တမိုင်၊ တရန်၊ အင်မိုင်ခ မြစ်ဝှမ်းတစ်လျှောက်နှင့်အကျန် မြစ်ဝှမ်းအောက်ပိုင်းတို့တွင် နေထိုင်ကြသည်။

နံ့လူမျိုးတို့ကို ကချင်နှင့် ရှမ်းတို့က နံ့၊ သို့မဟုတ် ခနံ့ဟူ၍ ခေါ်လေသည်။ ခနံ့မှာ ရှမ်းဘာသာဖြင့် တစ်ပါး သူစွန့်ထားသော အဝတ်ကို ဝတ်သူဟူသော အနက်ရ၏။ နံ့တို့က ဤမည်ကို မနှစ်သက်ချေ။ ရဝမ်ဟူ၍သာ ခေါ်တွင်စေလို၏။ ရဝမ်ဟူသည်မှာဖြူစင်သော အဝတ်ကိုဝတ်သည့် လူမျိုးဟူ၍ အဓိပ္ပါယ်ရသည်။ မရှုလူမျိုးတို့က ယင်းတို့ကို နိုင်ဗောင်းဟု ခေါ်၏။ တရုတ်တို့ကမူ ကျူးဇီဟုခေါ်လေသည်။ ကျူးဇီမှာ ဧရာဝတီမြစ်ကမ်း၌ နေသူများဟု အနက်ရ၏။ နံ့လူမျိုးတို့သည် ကိုယ်ကာယကြီးထွား တုတ်ခိုင်၍၊ အသားလတ်၏။ မေးရိုးကြီး၏။ နှာတံပေါ်၏။ ယောက်ျားရောမိန်းမပါ အဝတ်ဖြူဝတ်ကြသည်။ နံ့လူမျိုးအကြီးအကဲများသည် ကြိမ်ဖြင့်ရက်၍၊ ဝက်စွယ်ဖြင့် တန်ဆာဆင်ထားသော ဦးထုပ်များကိုဆောင်းလေ့ရှိ၏။ လှံရှည်ကြီးများနှင့်ဓားလွယ်များကို ကိုင်ဆောင်ကြသည်။

နံ့လူမျိုးများသည် အလုပ်နှင့်လက်ပြတ်သည်ဟူ၍မရှိ

နံ့(ရဝမ်)အမျိုးသား

နံ့(ရဝမ်)အကြီးအကဲ

အောင်ဝိရိယကောင်း၏။ တောင်ယာခုတ်၊ စပါးထောင်း၊ ရက်ကန်းရက်နှင့် တစ်နေကုန်အလုပ်လုပ်လေ့ရှိသည်။ အဝတ်အစားအတွက် အဇီးအီးခေါ် ဂုံလျှော်ပင်တစ်မျိုးမှ ခြည်မျှင်ထုတ်၍ရက်လုပ်ယူကြ၏။ စားသုံးရန်အတွက် တောင်ယာတွင် စပါးစိုက်ပျိုးရုံသာမက၊ တောင်စောင်းတွင် လေ့ကားထစ်သဖွယ် အဆင့်ဆင့်မြေကို ထွင်၍၊ အာလူး၊ မြေပဲ၊ မုန်ညင်း၊ နှမ်းစသည်တို့ကို စိုက်ပျိုးလေ့ရှိကြသည်။

ရှေးအခါကနံ့လူမျိုးတို့သည် သံလွင်မြစ်ဝှမ်းတွင် နေထိုင်ခဲ့ကြ၏။ မူလကပင် ထိုဒေသ၌ အိုးအိမ်အခြေစိုက်၍၊ အတည်အမြဲ နေထိုင်ရန်ရည်သန်ရင်းရှိဟန်တူသည်။ သို့ရာတွင် လီဆူးလူမျိုးတို့ကြောင့် တဖြည်းဖြည်း အနောက်ဘက်သို့ ရွှေ့လာရာမှ၊ ယခုနေထိုင်သော နေရာတို့ကို ရောက်ရှိလာခြင်းဖြစ်သည်ဟု ယူဆရန်ရှိလေသည်။ ယခုအခါ၌မူ လီဆူးတို့နှင့်ပင်ရောနှောနေထိုင်လျက်ရှိလေသည်။ အောက်ပိုင်းနမ့်တမိုင်၊ မတ်ဝမ်နှင့်အကျန်မြစ်ဝှမ်းတို့၌ နံ့လူမျိုးနှင့်လီဆူးတို့၏ ရွာပေါင်း ၁၇၅ ရွာခန့်ရှိ၍၊ နံ့အိမ်ခြေပေါင်း ၂၀၀၀ ခန့်နှင့် လီဆူး အိမ်ခြေပေါင်း ၆၀၀ ခန့်ရှိလေသည်။ စုစုပေါင်း လူဦးရေမှာ ၁၅၀၀၀ခန့်ဟု ခန့်မှန်းရသည်။ နံ့လူမျိုးတို့တွင် အမျိုးအနွယ်ပေါင်း ၈၀ခန့်ရှိသည်။ ရှေးအခါက တစ်စုနှင့်တစ်စု သီးသန့်နေလေ့ရှိလေရာ၊ နေထိုင်ရာဒေသ၏ လမ်းပန်းအခြေအနေ မပြေပြစ်မှုကြောင့်၊ တစ်မျိုးနှင့်တစ်မျိုးပြောဆိုသော စကားတွင် အနည်းငယ်ကွဲလွဲမှုများရှိလေသည်။ များသော အားဖြင့် နံ့စကားသည် ဂျင်းဖောစကားနှင့်တူသည်။ သို့သော် စကားအစီအစဉ်မှာ မြန်မာစကားကဲ့သို့ပင်ဖြစ်၏။

နံ့လူမျိုးတို့သည် ကချင်တို့နှင့်စကားတွင်သာမက၊ ယဉ်

www.foreverspace.com.mm

နံ(ရဝမ်)အမျိုးသမီး

ကျေးမှုနှင့် လူမှုရေးရာတို့၌လည်း တူညီပေသည်။ ကချင်များ၊ မနောပွဲကသကဲ့သို့၊ နံမနောပွဲကိုလည်း ကျင်းပလေ့ရှိ၏။ ကကြိုးကပုံသာလျှင် အနည်းငယ်ကွဲလွဲသည်။ ကျင်းပပုံမှာ အတူတူပင်တည်း။ (ကချင်လူမျိုး–ရှု။)

ရှုတန်အာအိုင်ဇပ် (ခရစ်၁၆၄၂–၁၇၂၇) ။ ။ ဆာအိုင်ဇပ်ရှုတန်သည် အင်္ဂလန်ပြည်လင်းကွန်းရှိင်ယာရှိ ဝူးစသော့ရွာ၌၊ ၁၆၄၂ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဖွားမြင်သည်။ ဖခင်သည် လယ်သမားဖြစ်၍၊ ရှုတန်မမွေးမီ သုံးလအလိုကပင် သေဆုံးသွားလေသည်။ ရှုတန်သည် ဂရင်းသမ်မြို့ သဒ္ဒါသင်ကျောင်း၌ ရှေးဦးစွာ စာသင်ကြားနေစဉ်က စာတွင် စိတ်မဝင်စားဘဲ အတန်းထဲ၌ အညံ့ဆုံးဖြစ်ခဲ့ရ၏။ သို့ရာတွင် တစ်နေ့သော် မိမိအား အမြဲလိုလို အနိုင်ကျင့်နေသော အတန်းသားတစ်ယောက်ကို အညံ့မခံလိုသည့်အတွက်ကြောင့်၊ ထိုကျောင်းသားကို လက်သီးဖြင့်ပြန်ထိုး၍လည်းကောင်း၊ ထိုကျောင်းသားထက် တော်အောင်အတန်းစာကို စိတ်ရှိလက်ရှိကြိုးစား၍လည်းကောင်း နောက်ဆုံး၌တစ်တန်းလုံးတွင် အတော်ဆုံးဖြစ်လာလေတော့သည်။ ရှုတန်သည် ငယ်စဉ်ကပင်သင်္ချာနှင့် စက်ကိရိယာများတွင် စိတ်ဝင်စားခဲ့သူဖြစ်သည့်အတိုင်း၊ ကျောင်းအားလပ်ချိန်များတွင် ရေနှာ၊ လေရဟတ်စက်နှင့် အခြားကစားရာ စက်ရုပ်ကလေးများကို ပြုလုပ်ယင်းဖြင့်သာ အချိန်ဖြုန်းလေ့ရှိသည်။

ရှုတန်သည် မိမိ၏မိခင်မုဆိုးမကို အလွန်ခင်မင်တွယ်တာသည်။ မိခင်ကိုကူညီလိုသဖြင့်၊ ယာခင်းတွင်အလုပ်ဝင်လုပ်ပေးသည်။ သို့ရာတွင်လယ်ယာအလုပ်တွင်စိတ်မပါ၊ စာဖက်တွင်သာစိတ်ဝင်စားလျက်ရှိသောကြောင့်၊ နောက်ဆုံး၌မိခင်လည်း ရှုတန်ကို ပညာဆက်လက်ဆည်းပူးစေရန်၊ ကိမ်းဗရစ်တက္ကသိုလ်သို့ ပို့ရလေသည်။ ကိမ်းဗရစ်တက္ကသိုလ်သို့ရောက်၍ မကြာမီပင် ရှုတန်၏ အစွမ်းအစ ထွက်ပေါ်လာပြီးနောက်၊ ရှုတန်အသက် ၂၇ နှစ်အရွယ်ရောက်သောအခါ၊ သူ့အားဖက်ပြိုင်နိုင်သူမရှိလောက်အောင် ထူးချွန်ထင်ရှားလာလေသည်။

ကိမ်းဗရစ်တက္ကသိုလ်တွင်ပညာဆည်းပူးနေစဉ်၊ ရှုတန်သည် သင်္ချာကို အထူးဂရုစိုက်၍ အားထုတ်သည်။ တစ်ခါ၌ ကျောင်းပိတ်ရက်အတွင်း ဥယျာဉ်တစ်ခုထဲ၌ ထိုင်နေခိုက် ပန်းသီးတလုံးကြွေကျသည်။ ပန်းသီးသည် အခြားအရပ်မျက်နှာသို့ လွင့်ထွက်မသွားဘဲ၊ မည်သည့်အတွက် မြေကြီးပေါ်သို့သာကျရပုံကို ရှုတန်တွေးတောကြံဆကြည့်သည်။ ထိုသို့တွေးတောကြံဆရာမှဒြဗ်ဝတ္ထုတို့၏ ဆွဲငင်ခြင်းသတ္တိကို တစ်စတစ်စသိမြင်လာသည်ဟု ဆိုလေသည်။ ရှုတန်သည် အရာဝတ္ထုအချင်းချင်းဆွဲငင်သော အားအကြောင်းကို စဉ်းစားတွေးဆပြီးနောက်၊ ဆွဲငင်ခြင်းသတ္တိနိယာမကို ပြဋ္ဌာန်းခဲ့သည်။ (အာကနေ့သတ္တိ–ရှု။) ထိုနိယာမအရ အာကာသလဟာပြင်တွင် ရှိရှိသမျှ ဒြဗ်ဝတ္ထုတို့သည် တစ်ခုကိုတစ်ခု ဆွဲငင်လျက်ရှိ၍၊ အရာဝတ္ထုနှစ်ခုတို့၏ဆွဲအားသည် ထိုဝတ္ထုတို့၏အကွာအဝေး၏ နှစ်ထပ်ကိန်းနှင့် ပြောင်းပြန်အချိုးအစားဖြစ်သည်ဟုဆိုသည်။ ထို

ပန်းသီးမြေပေါ်သို့ကျပုံကို တွေးတောကြံဆရာမှ ဒြပ်ဝတ္ထုတို့၏ ဆွဲငင်ခြင်း သတ္တိနိယမကို ရှုတန်တွေ့ရှိခဲ့သည်။

www.foreverspace.com.mm

ရှုတန်သည် အဖြူရောင်ရှိသော နေရောင်ခြည်၌ သက်တံ့ရောင်များ ပါဝင်ပုံကို ဤသို့ လက်တွေ့စမ်းသပ်တွေ့ရှိခဲ့သည်။

သဘာဝစည်းအရ လသည် ကမ္ဘာကို လှည့်ပတ်ရာတွင် ကမ္ဘာဆွဲအားကြောင့် စက်ဝန်းပုံလမ်းကြောင်းအတိုင်း လှည့်ပတ်သွား၍၊ ဤသို့ လှည့်ပတ်သွားစဉ် ကမ္ဘာနှင့် လတို့အကြားရှိဆွဲအားသည် ကမ္ဘာဗဟိုချက်နှင့် လဗဟိုချက် အကွာအဝေး၏ နှစ်ထပ်ကိန်းနှင့် ပြောင်းပြန်အချိုးအစား ဖြစ်သည်ဟုရှင်းပြခဲ့လေသည်။ ခရစ် ၁၆၆၉ ခုနှစ်တွင် ရှုတန်သည် ကိမ်းဗရစ်တက္ကသိုလ်၌ သင်္ချာပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရသည်။ ထိုအချိန်တွင် သူသည် မှန်ဘီလူးနှင့် လက်တွေ့လုပ်ငန်းအမျိုးမျိုးကို စမ်းသပ်ပြုလုပ်ပြီး၍၊ အလင်းရောင်အကြောင်းကိုလည်း လေ့လာကြည့်ပြီး ဖြစ်သည်။ ဖန်ပရစ်ဇင်တုံးမှထွက်လာသော နေရောင်ခြည်အကြောင်းကို လေ့လာပြီးနောက်၊ အဖြူရောင်ရှိသော နေရောင်ခြည်၌ သက်တံ့ရောင် ခုနစ်မျိုးပါဝင်ပုံကိုလည်း ရေးသားခဲ့သည်။ ထိုပြင် အလင်းရောင်၌ အလွန်သေးငယ်သောအလင်းမြူများပါဝင်ကြောင်း၊ ထိုအလင်းမြူများသည် တစ်စက္ကန့်လျှင် မိုင်ပေါင်း ၁၈၆၀၀၀ ခန့်ပြေးနိုင်ကြောင်းတို့ကိုလည်း ဖော်ပြရေးသားခဲ့သည်။ (အလင်း–ရှု။)

ရှုတန်သည် နေ၏အလေးချိန်ကို တွက်ချက် ကြံဆ၍ ဂျုပီတာဂြိုဟ် (ကြာသပတေးဂြိုဟ်)၏ သိပ်သည်းခြင်းကိုလည်းတွက်ကြည့်ခဲ့လေသည်။ သို့သော် ဤမျှထူးချွန်သော ပုဂ္ဂိုလ်ကြီးသည် သတိအလွန်လစ်တတ်သည်။ အတွေးဖြင့်သာ ပျော်မွေ့နေသည့်အတွက် ပတ်ဝန်းကျင်၌ဖြစ်သော သာမန်ကိစ္စကလေးများကို သတိမေ့နေတတ်၏။ စာတွင် အာရုံစူးစိုက်နေခိုက်ဆိုလျှင် အစာစားဖို့ပင် သတိမရချေ။ တစ်ခါတစ်ရံစာသင်ခန်းသို့သွားရန် မိမိအခန်းမှ ထွက်လာစဉ်၊ ဘာကြောင့်ထွက်လာခဲ့မှန်းကို သတိမေ့သွားပြီးလျှင် အခြားတစ်နေရာသို့ လမ်းချော်ထွက်သွားသည့် အခါမျိုး ရှိဖူး၏။ တစ်ခါတွင်လည်း မြင်းစီးသွားယင်း စိတ်ကူး ကောင်းသွားသည့်အတွက် မြင်းပေါ်က ဆင်းကာ၊ မြင်းဇက်ကြိုးကိုင်လျက်ဆွဲသွားစဉ် မြင်းသည်ကြိုးမှ သူ့ဘာသာသူလျှို့ထွက်သွား၍ မြက်ကိုစားနေတော့သည်။ အတွေးလွန်နေသော ဆရာကြီးမှာလက်ထဲတွင် မြင်းဇက်ကြိုးချည်းသာကိုင်လျက်လမ်းပေါ်၌ တစ်ယောက်တည်း လျှောက်သွားနေလေသည်။

ရှုတန်သည် နာမည်သတင်းကျော်ကြားမှုကို ကြောက်ရွံ့သည်။ သူ၏ယူဆချက်များနှင့် စပ်လျဉ်း၍ အငြင်းပွားရမည့်ကိစ္စများ ပေါ်ပေါက်လာမည်ကိုလည်း စက်ဆုပ်သည်။ ထိုကြောင့် သူ၏သိမှုတွေ့မှုများကို လျှို့ဝှက်ထားလေ့ရှိသည်။ ခရစ် ၁၆၉၆ ခုနှစ်မှစ၍ အသက်ထက်ဆုံး သူသည် ဒင်္ဂါးသွန်းစက်ရုံတွင် ကြီးကြပ်သူအရာရှိ အဖြစ်ဖြင့် လုပ်ကိုင်ခဲ့သည်။ ၁၇၀၃ ခုနှစ်မှစ၍ တော်ဝင်အသင်းကြီးတွင် သူကွယ်လွန်သည့် နှစ်တိုင်အောင် နှစ်တိုင်း ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းကို ခံရသည်။ ခရစ် ၁၆၈၉ ခုနှစ်တွင်တစ်ကြိမ်၊ ၁၇၀၁ ခုနှစ်တွင် တစ်ကြိမ် ပါလီမန်အမတ်အဖြစ်ဖြင့် ရွေးချယ်ခြင်း ခံရသေးသည်။ ၁၇၀၅ခုတွင် အန်ဘုရင်မက ဆာဘွဲ့ဖြင့်ချီးမြှင့်ခြင်းကိုခံရသည်။ ဆာအိုင်ဇေ၏ရှုတန်သည် ၁၇၂၇ခု မတ်လ ၂၀ ရက်နေ့တွင်ကွယ်လွန်၍၊ သူ့ကို ဝက်စမင်စတာအက်ဗေးအတွင်း၌ မြှုပ်နှံ သင်္ဂြိုဟ်ကြလေသည်။

ရှုမက်တစ်ကရိယာ။ ။ရှုမက်တစ်ကိရိယာဆိုသည်မှာ လေဖိအားကိုအသုံးပြုသော ဖြတ်စက်၊ ဖောက်စက်စသည့် ကိရိယာတို့ကိုဆိုလိုသည်။ ရှုမက်တစ်ကရိယာ စီမံထားပုံ သဘောမှာ ပြွန်တစ်ခုအတွင်းသို့ အံကိုက်ဝင်နိုင်သော ပြွန်ကျပ်တစ်ခုကိုတပ်သွင်း၍၊ တစ်ဖက်မှလေအားဖြင့် တွန်းပေးရာတွင် ပြွန်ကျပ်သည် အခြားတစ်ဖက်သို့ရွှေ့သွားသည့်သဘောဖြစ်၏။ ပြွန်ကျပ်တွင် ပစ္စည်းတစ် ခုခုကို ဖြစ်စေ၊ ဘီးတပ်ယာဉ်ရထားတစ်ခုခုကိုဖြစ်စေ ဆွဲချိတ်ပေးထားပါက ပစ္စည်းသည်လည်းကောင်း၊ ရထားသည်လည်းကောင်း ပြွန်ကျပ်နှင့်အတူလိုက်ပါသွားနိုင်သည်။ ဤနည်း ကို ၁၈၅၀ ပြည့်နှစ်လောက်တွင် အင်္ဂလန်ပြည်၌ လက်တွေ့စတင်အသုံးချခဲ့ပြီးလျှင် ထိုအချိန်မှစ၍ အင်္ဂလန်၊ အမေရိကန်နှင့်တကွ နိုင်ငံကြီးအသီးသီးတွင်

www.foreverspace.com.mm

ဤနည်းဖြင့်စီမံထားသော ကုန်ပို့ယာဉ်အမျိုးမျိုး ပေါ်ပေါက်ခဲ့လေသည်။

အင်္ဂလန်နှင့်အမေရိကန်နိုင်ငံများတွင် ကြေးနန်းနှင့် စာပို့ဌာနများ၌ တစ်မြို့မှတစ်မြို့မှသို့လည်းကောင်း၊ တစ်နေရာမှတစ်နေရာသို့လည်းကောင်း ကြေးနန်းစာ၊ ချောစာနှင့်ပါဆယ်များပို့ရန်အတွက် အဆိုပါယာဉ်မျိုးကို အသုံးပြုခဲ့ကြသည်။ ကြီးကျယ်သောကုန်တိုက်ကြီးများတွင် အရောင်းသမားနှင့် ဌေကိုင်တာဝန်ခံတို့၏ စပ်ကြားခ၌ သွင်းငွေနှင့်အမ်းငွေများကို အသွားအပြန် သယ်ဆောင်ပေးသည့် အလားတူ ခွက်ကလေးများကို တပ်ဆင်ထားလေ့ရှိကြသည်။ သတင်းစာတိုက်ကြီးများသည် မြို့တွင်းရှိ သတင်းစာတိုက်ခွဲများသို့ ဤနည်းအတိုင်း စီမံထားသော လေဖိအားပြွန်များဖြင့်ပင် သတင်းစာထုပ်များ ပို့ပေးတတ်သည်ကို တွေ့ရ၏။ အထူးသဖြင့်ရေနွေးငွေ့နှင့်ဖြစ်စေ၊ လျှပ်စစ်ဓာတ်နှင့်ဖြစ်စေ ခုတ်မောင်းသော ကုန်တင်ရထားများကို အသုံးပြုရန်စိတ်မချရသည့် သတ္တုတွင်းလက်နက်ရုံစသည့်ဌာနမျိုးတွင် လေဖိအားဖြင့်ခုတ်မောင်းရသော ကုန်တင်ရထားများသည် အလွန်ပင်အသုံးဝင်အရာရောက်ကြပေသည်။

သင်္ဘောများမှ ဆန်စပါးကဲ့သို့သော ကုန်များကို ပြွန်များဖြင့် သယ်ယူရာ၌လည်း လေဖိအားကိုအသုံးပြုနိုင်သည်။ ဤနည်းဖြင့်သယ်ယူရာတွင် ရိုးရိုးစက်များဖြင့် သယ်ယူသည်ထက် စက်အားကိုပို၍ အသုံးပြုရ၏။ သို့သော် ကုန်များကို လိုရာသို့အလွယ်တကူရွှေ့ပြောင်းသယ်ယူနိုင်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ခြင်းတို့ကြောင့် အပိုကုန်ကျစရိတ်ကို တစ်နည်းအားဖြင့် ကာမိစေလေသည်။ လေဖိအားဖြင့် စီမံထားသော လေဖိအား တန်ဆာပလာများကား အမြောက်အမြားပင်ရှိ၏။ အဆိုပါတန်ဆာပလာများသည် များသောအားဖြင့် ပေါ့ပါးသေးငယ်ကြသောကြောင့် တစ်နေရာမှတစ်နေရာသို့ လွယ်ကူစွာရွှေ့ပြောင်းသယ်ယူနိုင်သည်။ ဤတန်ဆာပလာများ ပေါ်ပေါက်လာသည့်အတွက် သတ္တုတွင်း၊ ကျောက်ကျင်းတူးခြင်း၊ လမ်း၊ ဥမင်နှင့်တူးမြောင်းဖောက်ခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်း၊ ဖြိုခွဲခြင်းစသောကိစ္စများတွင် ရှေးကထက်အဆပေါင်းများစွာ အလုပ်တွင်ကျယ် သက်သာလာရပေသည်။ ဤတန်ဆာပလာများတွင် ပြွန်အတွင်း၌ ပြွန်ကျပ်၏ တစ်ဖက်တစ်ချက်မှ လေကိုလျင်မြန်စွာ ရှူတိုးနောက်ငယ် ရွှေ့ရှား ထုရိုက်ပေးအောင် စီမံထားသော စက်မျိုးလည်းရှိ၍ ဝင်ရိုးတံကို ပတ်ချာလည်အောင် စီမံထားသော စက်မျိုးလည်း ရှိလေသည်။

ထုရိုက်ပေးသည့်စက်မျိုးတွင် ရဗစ်ရိုက်စက်၊ တာရပတ်ရိုက်စက်၊ ဆောက်ထိုးစက်၊ မြေဆောင့်စက်၊ တွင်းဖောက်စက်၊ တူစက်၊ လွှစက်၊ အရည်ဖျန်းစက်စသည်တို့ ပါဝင်၍ ယင်းတို့အနက်၊ အချို့သောစက်များသည် တစ်မိနစ်လျှင် အကြိမ်ပေါင်း ၂၀၀၀ ခန့်အထိပင် ထုရိုက်ပေးနိုင်သည်။ ဝင်ရိုးတံလည်သော စက်မျိုးတွင်မူ၊ လွှန်စက်၊ ကြိတ်စက်၊ ဝန်ချီစက်စသည်တို့ပါဝင်ကြ၍ ကြိတ်စက်သည် တစ်မိနစ်လျှင်အပတ်ပေါင်း ၃၀၀၀ မှ ၆၀၀၀ အထိလည်နိုင်ပြီးလျှင် ဝန်ချီစက်သည် ပေါင်ချိန် ၅၀၀ မှ ၂၀၀၀၀ အထိ ချီပင့်နိုင်လေသည်။ လေဖိအားဖြင့် စီမံထားသော ဖုံစုတ်စက်၊ ဖုံခါစက်များလည်းရှိကြသေး၏။

အထက်တွင်ဖော်ပြခဲ့သော လေဖိအားကိရိယာများသည် အသုံးကိုလိုက်၍ အရွယ်အမျိုးမျိုးရှိကြသည်။ တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းအသုံးချရသောစက်များအတွက်၊ လေထိုးဘီးတပ်ထား၍ လိုသည့်နေရာသို့ခုတ်မောင်းသွားလာနိုင်သောမော်တော်ကားအရွယ် လေပန်းစက်ကိုပါ တစ်ပါတည်း လွယ်ကူစွာသယ်ဆောင်သွားနိုင်သည်။ ဆောက်ထိုးစက်၊ တွင်းဖောက်စက်ကဲ့သို့သော စက်မျိုးအလုပ်လုပ်နေချိန်၌ ထွက်ပေါ်လာသည့်အသံကား စက်သေနတ်သံတမျှပြင်းထန်ဆူညံလှ၏။ သို့သော် ဤစက်များသာ မပေါ်ပေါက်သေးပါက ယခုခေတ်တည်ဆောက်ရေးလုပ်ငန်းအဝသည် ယခုလောက် ခရီးရောက်နိုင်မည် မဟုတ်ချေ။

ချုံးဖောင်းလန်း။ ။ချုံးဖောင်းလန်းသည် ကနေဒါနိုင်ငံတွင်ပါဝင်သော ပြည်နယ်တခုဖြစ်သည်။ ထိုပြည်နယ်တွင် ကနေဒါနိုင်ငံ၏ အရှေ့မြောက်ဘက်၊ စိန်လော့ရင့်ပင်လယ်ကွေ့အဝ၌ ကန့်လန့်ဖြတ်တည်နေသောတြိဂံပုံသဏ္ဌာန်ရှိ ချုံးဖောင်းလန်းကျွန်းနှင့် ထိုကျွန်း၏မြောက်ဘက်၊ မြောက်အမေရိကတိုက်ကုန်းမကြီးပေါ်တွင်တည်ရှိသောလားဗရာဒေါနယ်တို့ပါဝင်လေသည်။ (လားဗရာဒေါ–ရှ ။) ထိုကျွန်းနှင့်လားဗရာဒေါနယ်အကြားတွင် ဗဲလအိုင်ရေလက်ကြားရှိ၏။

ချုံးဖောင်းလန်းကျွန်းသည် မြောက်မှတောင်သို့ မိုင်ပေါင်း ၃၃၀ခန့်ရှည်လျား၍၊ အရှေ့မှအနောက်သို့ အကျယ်ဆုံးနေရာတွင် ၃၁၆ မိုင်ခန့် ရှည်လျားသည်။ အကျယ်အဝန်းမှာစတုရန်းမိုင် ၄၂၇၃၄ မိုင်ဖြစ်၏။ ချုံးဖောင်းလန်းကျွန်း၏ကမ်းရိုးတန်းသည် လွန်စွာအကွေ့အကောက်များ၍ ရှည်လျားကျဉ်းမြောင်းသော ပင်လယ်အော်များ ပြည့်နှက်လျက်ရှိသည်။

ချုံးဖောင်းလန်းကျွန်း၏မြေမျက်နှာပြင်သည် ကျောက်ထူထပ်သော ကုန်းပြင်မြင့်ကြီးဖြစ်၍ နိမ့်သောတောင်တန်းများသည် ထိုကုန်းပြင်မြင့်ကို အရှေ့မြောက်ဘက်ဆီမှအနောက်တောင်ဘက်ဆီသို့ဖြတ်သန်းကာ တည်ရှိ၏။ ချုံးဖောင်းလန်းကျွန်းတွင် ထင်ရှားသည့်မြစ်များဖြစ်သော

www.foreverspace.com.mm

ရှားဖောင်းလန်းကျွန်း လားဗရာဒေါနယ်ရှိ တိုရူဂန်တောင်တန်း

အိတ်စပလွိုက်မြစ်၊ ဟမ်းဗားမြစ်နှင့်ဂန်ဒါမြစ်တို့သည် ယင်းသည့် တောင်းတန်းများအကြားမှဖြတ်သန်း စီးဆင်းလေသည်။ ချိုင့်ဝှမ်းများတွင် မြက်ခင်းများနှင့် ရွှံ့နွံထူထပ်သော ဒေသများရှိ၏။ ထိုပြင် ပိုင်းထင်းရှားပင်၊ ဘုဇပတ်ပင်၊ ဂျူနီပါပင်၊ မေပယ်ပင်၊ စပရုထင်းရှားပင်၊ ဖားထင်းရှားပင်စသည်တို့ပေါက်ရောက်သည့် သစ်တောကြီးများအကြားတွင် ရေအိုင်အများအပြား ရှိလေသည်။ ဂရင်းအိုင်နှင့် ရက်အင်ဒီးယန်းအိုင်တို့သည် ရှားဖောင်းလန်းတွင် အကြီးဆုံးသောရေအိုင်များ ဖြစ်ကြ၏။

ရှားဖောင်းလန်းကျွန်း၏ ရာသီဥတုသည် နွေရာသီတွင် ကနေဒါကုန်းမကြီးထက် ပိုအေးပြီးလျှင် ဆောင်းရာသီတွင်ကား စိုစွတ်၍ ပိုမိုနွေးလေသည်။ မိုးသည် တစ်နှစ်ပတ်လုံး ရွာသွန်းတတ်သော်လည်း နွေရာသီတွင် အရွာများ၏။ ရှားဖောင်းလန်းကျွန်း၏ အရှေ့တောင်ဘက်၌ အေးမြသော လားဗရာဒေါရေစီးကြောင်းနှင့် ပူနွေးသောမက္ကဆီကိုပင်လယ်ကွေ့ရေစီးကြောင်းတို့ တွေ့ဆုံကြသည်။ ထိုသို့တွေ့ဆုံရာအရပ်၌ ရေမှုန်များ ထနေသောကြောင့် မြူခိုးဆိုင်းရှိနေတတ်သည်။ ဆောင်းရာသီတွင် မုန်တိုင်းများ မကြာခဏကျရောက်တတ်သည်။

ရှားဖောင်းလန်းကျွန်း၏ လူဦးရေသည် ၁၉၅၆ ခုနှစ်တွင် ခန့်မှန်းခြေအရ ၄၁၆၂၁၀ ယောက်ဖြစ်၏။ ထို လူဦးရေ၏ ၉၉ ရာခိုင်နှုန်းသည် ထိုကျွန်းတွင် မွေးဖွားကြီးပြင်းလာကြသူများဖြစ်သည်။ လူဦးရေအများစုမှာ ၁၇ ရာစုနှစ်များအတွင်းက လာရောက်အခြေစိုက်နေထိုင်ခဲ့ကြသည့် အင်္ဂလိပ်၊ အိုင်းရစ်နှင့် စကော့လူမျိုးတံငါသည်များမှ ဆင်းသက်ပေါက်ဖွားလာသူများဖြစ်၏။ ထိုကျွန်းရှိ လူဦးရေ၏ ထက်ဝက်နီးပါးခန့်သည် ကျွန်း၏အရှေ့တောင်ကမ်းခြေရှိ အာဗလုန်းကျွန်းဆွယ်ပေါ်တွင် နေထိုင်ကြသည်။ ထိုကျွန်းဆွယ်၌ ရှားဖောင်းလန်း ပြည်နယ်၏မြို့တော်ဖြစ်သော စိန်ဂျွန်းမြို့တည်ရှိသည်။ ထိုမြို့သည်အကြီးဆုံးမြို့ဖြစ်၍ လူဦးရေ ၅၂၈၇၃ ယောက် ရှိသည်။

ရှားဖောင်းလန်းကျွန်းသား အလုပ်သမား ၅ ဦးလျှင် တစ်ဦးသည် တံငါအလုပ်လုပ်သည်။ တံငါလုပ်ငန်းကား အရေးအပါဆုံးဖြစ်၏။ ရှားဖောင်းလန်းကျွန်း၏ အရှေ့ဘက်မိုင် ၁၀၀ ခန့်အကွာရှိ ဂရင်းဗင့်ဒေသတစ်ဝိုက်သည် ကမ္ဘာပေါ်၌ရှိသောကော့ဒင်းဖမ်းရာဒေသများတွင် အကြီးအကျယ်ဆုံး ဒေသဖြစ်သည်။ ဖမ်းဆီးရမိသောငါးတို့တွင် အဖိုးအတန်ဆုံးမှာ ကော့ဒင်းဖြစ်၍ ပုစွန်တုပ်ကြီးများ၊ ဟဲရင်းငါးနှင့် ဆယ်မန်ငါးများကို အများအပြားဖမ်းဆီးရမိသည်။ သစ်လုပ်ငန်းသည် ဒုတိယအရေးပါသော

www.foreverspace.com.mm

လုပ်ငန်းဖြစ်၏။ ကျွန်းပေါ်တွင် ပေါက်ရောက်လျက်ရှိ သေးငယ်သစ်တောများမှ စပရုထင်းရျူးပင်များကို ခုတ်လှဲ ပြီးလျှင် သစ်ပျော့ဖတ်နှင့် စက္ကူများထုတ်လုပ်သည်။ ဂရင်း ဖောမြို့နှင့် ကော်နာဗရွတ်မြို့များ အနီးအနား တစ်ဝိုက်တွင် စက္ကူစက်ကြီးများရှိ၏။ သတ္တုတူးဖော်ရေး လုပ်ငန်းသည် တဖြည်းဖြည်း တိုးတက်ကြီးပွားလျက်ရှိသောလုပ်ငန်းဖြစ် သည်။ သံနှင့် ကြေးနီတို့ကို တူးဖော် လုပ်ကိုင်လျက်ရှိ သည်။ စိုက်ပျိုးရေးကို အဓိကအားဖြင့် ဥယျာဉ်စိုက်ပျိုး ခြင်းမျိုးဖြင့်သာ လုပ်ကိုင်ဆောင်ရွက်၏။ အဓိကအသီး အနှံများမှာ အာလူး၊ ဂေါ်ဘီထုပ်နှင့် ခါးဉဖြူတို့ဖြစ်သည်။ ဂျုံ၊ သခွား၊ ခရမ်းချဉ်၊ ပဲတောင့်နှင့် ပဲလုံးတို့ကိုလည်း အတော်အသင့် စိုက်ပျိုးသည်။

ရျူးဖောင်းလန်းကျွန်းတွင် မီးရထားလမ်းမိုင်ပေါင်း ၇၀၀ ကျော်ရှိ၏။ ကနေဒါ၊ အမေရိကန် ပြည်ထောင်စုနိုင်ငံ၊ ဂရိတ်ဗြိတိန်နိုင်ငံတို့နှင့်လည်း သဘော်လမ်းအဆက်အ သွယ်ရှိသည်။ စစ်ပြီးခေတ်တွင် အတ္တလန္တိတ်သမုဒ္ဒရာ ကိုဖြတ်သန်းကာ၊ လေယာဉ်ပျံဖြင့်ခရီးသည်များ သယ်ယူ ပို့ဆောင်းရေးအတွက်အခြေခံစခန်းအဖြစ်၊ ရေယာဉ်ပျံစခန်း အပါအဝင် ရျူးဖောင်းလန်းလေဆိပ်ကို ဒုတိယကမ္ဘာစစ် ကြီးအတွင်းက တည်ဆောက်ခဲ့၏။ ဂုစဗေးနှင့် တော်ဗေးတို့ တွင်လည်း လေဆိပ်များရှိသည်။

ရျူးဖောင်းလန်းကျွန်း၏ထွက်ကုန်များမှာ ကော့ဒင်း၊ သစ်ပျော့ဖတ်နှင့်စက္ကူ၊ သံရိုင်း၊ စည်သွတ်ပုစွန်တုပ်၊ ပင် လယ်ဖျံရေ၊ ဟဲရင်းငါး၊ ဆယ်မန်ငါးနှင့်ပင်လယ်ဖျံ၊ ဝေ လငါးနှင့် ကော့ဒင်းတို့မှထုတ်ယူရရှိသော အဆီများဖြစ် ၏။ ဝင်ကုန်များမှာ အစားအစာ၊ အဝတ်အထည်၊ ကျောက်မီးသွေး၊ စက်ကိရိယာစသည်တို့ ဖြစ်လေသည်။

ရျူးဖောင်းလန်းကျွန်းတွင် ခရစ်ယာန်အယူဝါဒဂိုဏ်း အသီးအသီးဆိုင်ရာ သီးသန့်စာသင်ကျောင်းများရှိသကဲ့သို့ ဂိုဏ်းဂဏခွဲခြားထားခြင်းမရှိသော စာသင်ကျောင်းများ လည်းရှိ၏။ အသက် ၇ နှစ်မှ ၁၅နှစ်အကြားရှိ ကလေးသူ ငယ်များသည် စာသင်ကျောင်းများတွင် မသင်မနေရ တက်ရောက်သင်ကြားရသည်။ စိန်ဂျန်းမြို့တွင် မင်မိုးရီးယဲ တက္ကသိုလ်နှင့် ဘုရင်မစာသင်ကျောင်းတို့ရှိသည်။

၁၄၉၇ခုတွင် ရျူးဖောင်းလန်းကို ဂျွန်ကဲဗော့တွေ့ရှိခဲ့ သည်။ ၁၅၃၃ခုတွင် ဆာဟမ်ဖရီးဂီးလဗတ်သည် ထိုကျွန်း ကို အင်္ဂလန်ပြည့်ရှင်ပထမအယ်လစ်ဇဗက်ဘုရင်မ၏ ပိုင် နက်အဖြစ်သိမ်းယူခဲ့သည်။ သို့သော်လည်း ၁၇၁၃ခုတွင် ချုပ်ဆိုခဲ့သောယူးထရက်စာချုပ်အရ၊ ထိုကျွန်းကို အင်္ဂလိပ် တို့အားပေးအပ်လိုက်သည့်အချိန်အထိ ပြင်သစ်နိုင်ငံက ယင်းပိုင်နက်ဖြစ်ကြောင်းပြောဆိုခဲ့လေသည်။ အင်္ဂလန်ပြည် သည် ထိုကျွန်းကိုလိုချင်သည်မှာ အဓိကအားဖြင့် အင်းများ ကြောင့်သာဖြစ်လေရာ၊ ၁၇၅၀ ပြည့်နှစ်မတိုင်မီက လူအ များ အတည်တကျအခြေစိုက်ရန်အလို့ငှါ အားပေးခြင်း မပြုခဲ့ပေ။ ထို ၁၇၅၀ပြည့်နှစ်မှ လွန်လာသောအခါမှမူ၊ လူအများ လာရောက် နေထိုင်ကြသဖြင့်၊ ရျူးဖောင်းလန်း ကျွန်း၏လူဦးရေသည် လျင်မြန်စွာတိုးတက်လာခဲ့၏။ ၁၈၅၅ခုနှစ်တွင် ရျူးဖောင်းလန်းကျွန်းသည် လားဗရာ ဒေါနယ်နှင့်ပူးပေါင်းလျက်၊ ရျူးဖောင်းလန်း ဒိုမီနီယန်နယ် ဖြစ်လာလေသည်။ ၁၉၃၄ခုနှစ်အထိ၊ ရျူးဖောင်းလန်း ဒိုမီနီယန်နယ်ကို ဘုရင်ခံ၊ အမှုဆောင်အဖွဲ့နှင့် ဥပဒေ ပြုလွှတ်တော်တို့ အုပ်ချုပ်ခဲ့၏။ သို့သော် ၁၉၂၆ ခုနှစ်တွင် လန်ဒန်မြို့၌ အင်ပီးရီးယဲကွန်ဖရင့် ကျင်းပပြီးနောက်၌ ကား၊ ဘုရင်ခံသည် အကြံပေးမှုသာဖြစ်သွားပြီးလျှင်၊ ဝန် ကြီးချုပ်သည် အုပ်ချုပ်ရေးတွင် အကြီးအမှူးဖြစ်လာ လေသည်။ ဥပဒေပြုလွှတ်တော်မှာလည်း အထက်အောက် လွှတ်တော်နှစ်ရပ်ပါဝင်၏။ ၁၉၃၄ ခုနှစ်တွင် ဆိုးရွား လှသောဘဏ္ဍာရေးအခြေအနေကြောင့်၊ ဒိုမီနီယန်အုပ် ချုပ်ရေးကို ပြန်အပ်ကာ၊ ကိုလိုနီနယ်အဖြစ်သို့ ပြန်ဆင်း ခဲ့လေသည်။ ထိုအခါ ဂရိတ်ဗြိတိန်နိုင်ငံက ရျူးဖောင်း လန်း၏ အကြွေးများကို ပေးဆပ်ရန်တာဝန် ယူခဲ့ရလေ သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂရိတ်ဗြိတိန်နိုင်ငံ၏ စီစဉ်ချက်အရ၊ ကျွန်းပေါ်တွင် အမေရိကန်ကြည်းတပ်နှင့် ရေတပ်ဆိုင်ရာ စခန်းများထားရှိခွင့်ပေးခဲ့ရသည်။ ရျူးဖောင်း လန်းကျွန်းမှလည်း ဗြိတိသျှတပ်ဖွဲ့များအတွက် လူပေါင်း ၇၆၀၀ မျှဖြည့်စွမ်းပေးခဲ့ရ၏။ ဒုတိယကမ္ဘာစစ်ကြီးအပြီး တွင်၊ အခြေအနေများ အလျှင်းသင့်လျှင်သင့်ခြင်း ကိုယ် ပိုင်အုပ်ချုပ်ရေးပြန်လည်ပေးအပ်ရန်တောင်းဆိုခဲ့၏။ သို့ သော်လည်း ၁၉၄၈ခုနှစ်တွင် နယ်သူနယ်သားများက ကနေ ဒါနိုင်ငံနှင့်ပူးပေါင်းရန် ဆုံးဖြတ်ခဲ့သည်။ ၁၉၄၉ခုတွင် ကနေဒါ၏ ဒသမမြောက်ပြည်နယ်ဖြစ်လာလေသည်။ ထို နောက်တွင်ကား၊ ရျူးဖောင်းလန်းသည် စက်မှုလက်မှုလုပ် ငန်းများတွင် အကြီးအကျယ်တိုးတက်ထွန်းကားလျက် ရှိ လေသည်။

နွား။ ။မည်သည့်အခေတ်အခါကစ၍၊ နွားကို ယဉ်ပါး လာအောင် လူတို့မွေးမြူခဲ့ကြသည်ဟု အတိအကျမပြော ပြနိုင်သော်လည်း၊ ဥရောပတိုက်၊ အာရှတိုက်နှင့် အာဖရိက တိုက်တို့၌ လှည့်လည်ကျက်စားသော နွားရိုင်း၊ ကျွဲရိုင်းများ ကိုမူ၊ ရှေးခေတ်လူတို့သည် လိုက်လံပစ်ခတ် ဖမ်းဆီး၍ အစာအလို့ငှါသတ်ဖြတ်ခဲ့ကြသည်ကို သက်သေအထောက် အထားဖြင့် ပြနိုင်ပေသည်။ သို့ရာတွင် လူ့သမိုင်းစဉ်ကို စာမတင်မီကပင်၊ လူတို့သည် ကျွဲရိုင်း၊ နွားရိုင်းများကို

www.foreverspace.com.mm

ကိုယ်နေသပ်ယပ်ကျော့ရှင်း၍ အသွေးအမွေး ကတ္တီပါကဲ့သို့ တောက်ပပြီးလျှင် ခိုင်းနွား၏ကြန်အင်ဖြင့် ပြည့်စုံသည့် မြန်မာနွားများ။

ယဉ်ပါးအောင်မွေးမြူ၍ ခိုင်းစေခဲ့ကြသည့်အပြင်၊ အစာပြတ်လပ်သည့်အခါများ၌လည်း၊ ထိုတိရစ္ဆာန်များကို သတ်ဖြတ်စားသောက်ခဲ့ကြသည်။ တရွှေ့ရွှေ့နှင့် လူတို့၏ ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်လာသည့်အလျောက်၊ ကျွဲများနွားများ၏အသုံးဝင်ပုံကို ပို၍နားလည်လာကြသည် ကျွဲများနွားများကို အသားစားရမှုအတွက်သာမဟုတ်ဘဲ နို့အတွက်လည်းမွေးမြူလာကြသည်။ ထိုမှတစ်ဆင့် ကျွဲများ၊ နွားများကို ဝန်တင်ရန်လှည်းဆွဲရန်အတွက် အသုံးချကြသည်။ စိုက်ပျိုးရေးထွန်းကားလာသည့်အခါတွင်၊ လယ်မြေတို့ကိုထွန်ယက်ပြုပြင်ရာ၌၊ ကျွဲနွားများကိုပင် အသုံးပြုကြရလေသည်။ သို့ရာတွင် အနောက် နိုင်ငံများ၌ နွားကို အများအားဖြင့်၊ အသားနှင့်နို့ရရန်အတွက်သာ မွေးမြူကြသည်။ ထိုကြောင့် နွားများမှ အသားပို၍ ထွက်လာအောင်နှင့် နို့ပို၍ရရှိအောင် မျိုးစပ်ခြင်း၊ အစာကောင်းများကျွေးခြင်း စသည့်စနစ်တို့ကို ရှာဖွေစူးစမ်း၍ လိုက်နာခဲ့ကြ၏။ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ရာလောက်ကစ၍၊ နွားများကို စနစ်တကျမျိုးစပ်ပေးသည့် အလေ့အထပေါ်လာခဲ့သည်။ နွားတစ်မျိုးနှင့်တစ်မျိုး အသားထွက်ချင်းမတူကြချေ။ အစပထမတွင် နွားများကို အသားထွက်ပိုလာအောင်မျိုးစပ်ပေးခဲ့ကြသည်။ မကြာသေးမီကမှ နို့ထွက်ပိုသောမျိုးသန့်နွားမများရရှိစေရန် မျိုးစပ်ပေးခဲ့သည်။ ထိုကြောင့် နို့စားနွားမများ မွေးမြူရေးလုပ်ငန်းသည် ယခုခေတ်တွင် လူတို့၏ရိက္ခာအတွက် အလွန်အထောက်အပံ့ရသည်ဖြစ်ရာ၊ ထိုလုပ်ငန်းကို အနောက် နိုင်ငံများတွင် တိုးချဲ့နိုင်သမျှတိုးချဲ့လျက်ရှိကြသည်။ (နွားနို့လုပ်ငန်း–ရှု။) ယခုဆိုလျှင်၊ နွားမျိုးသန့်သန့်ပေါင်း ၃၀မျှရှိ၏။ အသားထွက်များသောအင်္ဂလန်ပြည်ရှိနွားမျိုးမှာ ရှော့ဟွန်းမျိုး၊ ဟဲရီးဖို့မျိုး၊ ဒက်ဗွန်းမျိုးနှင့်ဦးချိုမဲ့ နွားသုံးမျိုးဖြစ်သည့် အဗာဒင်းအန်းဂပ်မျိုး၊ ဂဲလိုးဝေးမျိုးနှင့် ရက်ဒပိုးမျိုးများဖြစ်သည်။

နို့စားနွားနှင့် အသားစားနွားတို့၏ ပုံပန်းသဏ္ဌာန်ချင်းမှာ သိသိသာသာကွာခြားသည်။ အသားအတွက် သက်သက်မွေးမြူထားသောနွားများသည် ကိုယ်ခန္ဓာလုံးဝိုင်း၍၊ အသားပြည့်တင်းသည်။ နို့စားနွားများမှာမူ၊ ကြီ့လှီ၍ ထောင့်ကျကျကိုယ်များရှိသည်။ နို့စားရန်အတွက် မွေးမြူထားသော နွားမျိုးတို့ကို တစ်နှစ်လုံးလုံးပင် နို့ညှစ်ယူနိုင်သည်။ ရှော့ဟွန်းခေါ် ချိုတိုနွားမျိုးကို အသားအတွက်မွေးမြူကြသည်ဟု ဆိုရသော်လည်း၊ ရှော့ဟွန်းနွားမများမှ နို့ကိုရယူနိုင်သေးသည်။

နွားကို အမျိုးကောင်းသည်ထက်ပို၍ ကောင်းလာစေရန် ပြုပြင်ပေးရာ၌၊ မျိုးသန့်နွားမျိုးများလိုသည်။ မျိုးချင်းစပ်ပေးပြီးနောက် အသင့်တော်ဆုံးအစားအစာကို ကျွေးမွေး၍၊ အမြဲတစေ ဂရုစိုက်စောင့်ရှောက်ရသည်။ အသားအတွက်ပိုရန်ဖြစ်စေ၊ နွားနို့အတွက်များရန်ဖြစ်စေ နွားများကို မွေးမြူရာ၌၊ နွားများအတွက် နေရာထိုင်ခင်းကောင်းများ ဆောက်လုပ်ပေးခြင်း၊ ခွါနာ၊ လျှာနာရောဂ

www.foreverspace.com.mm

ခိုင်းရုံမျှမက အသားလည်းစား နို့ရည်ကိုလည်း မီဝဲခံရသည့် နွားတို့အား ဤသို့ကျေးဇူးတင် ဂုဏ်ပြုအပ်ပေသည်။

ဂါများမဖြစ်ရအောင် ကာကွယ်စောင့်ရှောက်ပေးခြင်း၊ အချုပ်အားဖြင့်ဆိုရလျှင်၊ နွားများ၏ကျန်းမာရေးကို အမြဲကြည့်ရှုစစ်ဆေးခြင်းနှင့်ခွန်အားဖြစ်စေမည့် အစားအစာများကို အလုံအလောက် ကျွေးမွေးခြင်းအားဖြင့်သာလျှင် လိုအပ်သော နွားမျိုးကောင်းများကို ရရှိနိုင်ပေသည်။

နွားတွင် စားလိုက်သည့်အစာကို ကြေကျက်စေသည့် စံနစ်ထူးတစ်ခုရှိသဖြင့်၊ အစာကြမ်းကိုစားနိုင်စွမ်းရှိသည်။ ယင်းစံနစ်တွင် နွားသည် မြင်း၊ သိုး၊ ဆိတ်တို့နှင့် မတူချေ။ နွား၏ အစာအိမ်၌ အခန်းလေးခန်းရှိသည်။ စားလိုက်သော အစာများသည် အခန်း(၁)ထဲသို့ ပထမရောက်သွားသည်။ ထိုအခန်းတွင် အစာများနူးပျော့လာမှ အခန်း (၂) သို့တစ်ဆင့် ကူးပြောင်းသွားသည်။ ထိုနောက် အခန်း(၂)မှ အစာများသည် ပါးစပ်ထဲသို့ပြန်ရောက်သွားရာ၊ နွားများ စားမြုံ့ပြန်သည်ဟု ဆိုသည်မှာ ထိုအစာကို ပြန်လည်၍ ဝါးကြိတ်နေခြင်းပင် ဖြစ်သည်။ (စားမြုံ့ပြန်ကောင်–ရှု။) ပြန်လည်ဝါးကြိတ်ပြီးသော အစာသည် တစ်ဖန်အစာ အိမ်အတွင်းသို့ ကျဆင်းလျက်၊ အခန်း(၃)နှင့် အခန်း(၄)ထဲသို့ အဆင့်ဆင့်ကူးပြောင်းသွားသည်။ နွားစားကျက်တွင် နွားများမြက်စားနေသည့်အခါ၊ မြက်ပင်များကို သွားဖြင့် ဖြတ်စားကြသည်မဟုတ်၊ မြက်ပင်ကို ဆွဲယူခြင်းမျှသာဖြစ်သည်။ နွားတို့တွင် အပေါ်သွားတန်း၌ အံဆုံးများရှိသဖြင့်၊ ရှေ့သွားများဖြင့်သာ မြက်ကို ဆွဲစားလေ့ရှိသည်။

ဥရောပတိုက်တွင် မွေးမြူကြသော နို့စားနွားမမျိုးများ အနက်၊ ဟိုလစတိုင်ဖရီးရှန်းမျိုးသည် နို့ထွက်အများဆုံးဖြစ်သည်။ ဟောလန်နိုင်ငံမြောက်ပိုင်းမှ စတင် ပေါ်ပေါက်လာသော နွားမျိုးများ ဖြစ်သည်။ အရွယ်အစားမှာ ကြီးထွားသည့်အပြင်၊ ကိုယ်တွင် အနက်နှင့် အဖြူကွက်များ ရှိသည်။ ဥရောပတိုက် အနောက်ပိုင်းရှိ မြေနိမ့်မှိုပိုင်းများတွင် ဤနွားမျိုးကို နွားနို့အတွက်မွေးမြူကြသည်။ သို့ရာတွင် ဤနွားမျိုးမှရသော နွားနို့၌ ထောပတ်ပြုလုပ်သော ဆီအချိုးအစားမှာ နည်းသည်။ ဥရောပတိုက် အနောက်ပိုင်း၊

www.foreverplace.com.mm

အင်္ဂလန်ပြည်နှင့် အမေရိကန်ပြည်ထောင်စုတို့အပြင်၊ ကနေဒါနိုင်ငံ၊ သြစတြေးလျားတိုက်၊ အမေရိကတိုက်နှင့် အာဖရိကတိုက် အနောက်ပိုင်းများ၌ ဤနို့စားနွားမမျိုးကို မွေးမြူကြသည်။

နို့စားနွားမများထဲတွင် အရွယ်အငယ်ဆုံး ဖြစ်သော နွားမျိုးမှာ အင်္ဂလိပ်ရေလက်ကြားကြီးတွင်ရှိသော ဂျာစီကျွန်းမှ နွားမျိုးဖြစ်သည်။ ဤနွားမျိုးကို ဂျာစီကျွန်းကိုအစွဲပြု၍၊ ဂျာစီမျိုးဟုခေါ်သည်။ အခြားနို့စားနွားမတို့ထက်၊ ဂျာစီမျိုးမှရသော နွားနို့တွင် ထောပတ်ပြုလုပ်နိုင်သော ဆီပိုရှိပါရှိသဖြင့်၊ တိုင်းရင်းနွားများနှင့် မျိုးစပ်ရန်၊ ထိုဂျာစီနွားမျိုးကို အတိုင်းတိုင်း အပြည်ပြည်မှ ဝယ်ယူ မွေးမြူကြသည်။ ဂျာစီနွားများတွင် အများအားဖြင့် စာဥကွက်ရောင် သို့မဟုတ် ကြက်ဥနှစ်ရောင်များရှိသည်။ သို့သော် အရောင်ရင့်ရင့်ရှိသော နွားများကိုလည်း တွေ့နိုင်သည်။

အင်္ဂလိပ်ရေလက်ကြားကြီးရှိ ဂန်ဇီခေါ် အခြားကျွန်းတစ်ကျွန်းမှရသော နို့စားနွားမျိုးကို ဂန်ဇီမျိုးဟုခေါ်သည်။ ဂျာစီနို့စားနွားမတို့ထက်၊ ကိုယ်လုံးကိုယ်ထည်ပို၍ ကြီးမားလျက်၊ စာဥကွက်ရောင်တွင် ကိုယ်နှင့်ခြေလက်တို့၌ အဖြူကွက်များ ရှိတတ်သည်။ ဂျာစီမျိုးထက် နို့ပိုထွက်သော်လည်း၊ ထောပတ်ပြုလုပ်နိုင်သော ဆီအချိုးအစားမှာ နည်းသည်။

၁၈ ရာစုနှစ်နှောင်းပိုင်းတွင် စကော့တလန်ပြည် အနောက်တောင်ပိုင်း၊ အဲယားရှိုင်ယာနယ်မှ ပေါက်ပွားလာသော နို့စားနွားမမျိုးကို အဲယားရှိုင်းယာမျိုးဟု ခေါ်သည်။ ထိုနွားမျိုးထဲတွင် အချို့မှာ ကိုယ်လုံး ဆွတ်ဆွတ်ဖြူမတတ်ရှိ၍၊ အချို့မှာ ချယ်ရီသီးရောင် အနီသွေးများရှိသည်။ အခြားနွားမျိုးများနှင့် ကွဲပြားခြားနားချက်တစ်ရပ်မှာ အဲယားရှိုင်ယာ နွားမျိုးတွင် ဦးချိုမှာခပ်ကော့ကော့နှင့် အထက်သို့လန်နေသည်။ အဲယားရှိုင်ယာ နွားတစ်မျိုးတည်းသာလျှင်၊ ဗြိတိသျှကျွန်းစု၌ ပေါက်ပွားသော နို့စားနွားမျိုး ဖြစ်သည်။ အသားအတွက်ဖြစ်စေ၊ နို့အတွက်ဖြစ်စေ အသုံးဝင်သောနွားမျိုးမှာ ဆွစ်ဇာလန်နိုင်ငံမှ နွားညိုမျိုးဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ဤနွားမျိုးကို နို့စားအတွက်သာမွေးမြူကြသည်။ အရောင်မှာ ညိုမှိုင်းမှိုင်းမှ ညိုဖျော့ဖျော့အထိ အသွေးအမျိုးမျိုးကွဲပြီးလျှင် နှာခေါင်းမည်းနက်သည်။

ကိုယ်လုံးအနက်တွင် ခါးလယ်၌ အဖြူပတ်ကြီးပါရှိသောနွားမျိုးမှာ ဒပ်ချ်နွားမျိုးဖြစ်သည်။ ဤနွားမျိုးမှ နွားနို့ထွက် စံချိန်မှာအလယ်အလတ်တန်းစားဖြစ်သည်။ အခြား



အသားအတွက် မွေးမြူသော ရှော့ဟွန်းနွားမျိုး

www.foreyoucspace.com.mm

ထင်ရှားလှသော နို့စားနွားမမျိုး နှစ်မျိုးမှာ ကနေဒါနိုင်ငံ ကိုးကားပြည်နယ်မှ ပြင်သစ်ကနေဒီယန်နွားမျိုးနှင့် အိုင်ယာလန်ပြည်မှ ကဲရီးနွားနက်မျိုး ဖြစ်သည်။ ဤနွားနှစ်မျိုး စလုံးမှာ အရွယ်အားဖြင့် အလွန်ငယ်သော်လည်း၊ နို့ထွက် အလွန်ကောင်းသည်။

အသားစားနွားမျိုးတို့တွင် အောက်တွင်ဖော်ပြထားသောနွားမျိုးများမှာထင်ရှားသည်။ အင်္ဂလန်ပြည်ဟဲရီးဖို့ရှိုင်ယာနယ်မှ ဟဲရီးဖို့နွားမျိုးကို မူလအစက လယ်ထွန်နွားအဖြစ်မျိုးစပ်ယူခဲ့သဖြင့်၊ဤနွားမျိုးသည် ခွန်အားနှင့် ပြည့်စုံသော နွားမျိုးဖြစ်သည်။ အမွေးထူးသည်။ ခြောက်သွေ့သောအရပ်များ၌ ဟဲရီးဖို့နွားများကို မွေးမြူနိုင်သည်။ ဗြိတိသျှကျွန်းစုတွင် ဤနွားမျိုးကို အနှံ့အပြားမွေးမြူကြသည်။ ထိုပြင် သြစတြေးလျား၊နယူးဇီလန်၊ အာဂျင်တီးနား၊ အူရုဂွေးနှင့်ဗရာဇီးတောင်ပိုင်းတို့၌ ဟဲရီးဖို့နွားမျိုးကို မွေးမြူကြသည်။ ရှော့ဟွန်းနွားမျိုးကို ဗြိတိသျှကျွန်းစုအပြင်၊ မြောက်အမေရိက တိုက်၌လည်း အမြောက်အမြားမွေးမြူကြသည်။ တောင်အမေရိကတိုက်တွင် အထူးသဖြင့် အာဂျင်တီးနားနိုင်ငံ၌ ဤနွားမျိုးကို မွေးမြူကြသည်။ သြစတြေးလျားတိုက်နှင့် အာဖရိကတောင်ပိုင်းတို့၌လည်း ရှော့ဟွန်းနွားမျိုးကို တွေ့မြင်နိုင်သည်။ ဤနွားမျိုးတွင် ပြောက်ပြောက်ကျားကျားနွားများ ပေါများသည်။ သို့သော် ထိပ်နှင့်ဝမ်းဗိုက်တို့တွင် အဖြူကွက်များ ပါသော နွားများလည်းရှိသေးသည်။ အချို့မှာ တစ်ကိုယ်လုံးဖြူနေသည်။ ဦးခေါင်းတို၏၊ ကိုယ်ခန္ဓာ ပုကွက်ရှိသော အဗာဒင်းအန်းဂပ်နွားမျိုးသည် နွားနက်မျိုးဖြစ်၍၊ အသားထွက်ကောင်းသည်။ စကော့တလန်ပြည်တွင် ပေါက်ပွားသောဂဲလိုးဝေးမျိုးတွင် ကောက်ကွေးနေသော အမွေးနက်များရှိသည်။ ဤနွားမျိုးသည် အေးသော ရာသီ၏ဒဏ်ကို ခံနိုင်ရည် ရှိသည်။ အင်္ဂလန်ပြည် နောဖို့နှင့် ဆပ်ဖတ်နယ်များမှနွားမျိုးနှင့် ဒက်ဗွန်ရှိုင်ယာနယ်မှ နွားမျိုးတို့သည် အသားစားအတွက်ဖြစ်စေ၊ နို့စားအတွက်ဖြစ်စေ၊ မွေးမြူနိုင်သောနွားမျိုးများ ဖြစ်သည်။

ဤသို့ ယခုအခါဒေသအလိုက် "နွား"၏ အမျိုးအစားကို ခွဲခြားကြသကဲ့သို့ ရှေးအခါကလည်း ဒေသကိုလိုက် ၍အမျိုးအစားခြားနားကြသည်။ သို့သော် အကြမ်းအား ဖြင့်ခွဲလျှင် တောနွားရိုင်းအကြီးစားတစ်မျိုးနှင့် အငယ်စားတစ်မျိုးရရှိလေသည်။ တောနွားရိုင်းအကြီးစားများသည် အမွေးအမှင်စုတ်ဖွားနှင့်ဖြစ်ပြီးလျှင်၊ ကုပ်ရိုးမှာ မြေမှ ၆ ပေမှ ၇ ပေအထိ မြင့်မား၏။ ဦးချိုမှာလည်း ရှည်လျားလျား နေသည်။ ထိုနွားမျိုးတို့သည် အာရှတိုက်အနောက်ပိုင်း၊ အာဖရိကမြောက်ပိုင်းနှင့် ဥရောပတိုက်တွင် နေထိုင်ကြသည်။ တောနွားရိုင်းအငယ်စားများမှာ ခန္ဓာကိုယ်တိုတုပ်၍၊ ဦးချိုတို့၏။ အာရှတိုက် အရှေ့ပိုင်းတွင်ကျက်စားကြလေသည်။

အမဲစည်သွတ် လုပ်ငန်းအတွက် နွားများကို ဤသို့အကြီးအကျယ် မွေးမြူကြသည်။

www.foreverspace.com.mm

အိန္ဒိယနွားသည် ဦးချိုရှည်၍ နားရွက်နှင့် ပါးပျဉ်းတွဲလျားကျနေသည်။

အိန္ဒိယနိုင်ငံတွင် နွားများကိုဘေးမဲ့လွှတ်၍ မြို့တွင်းလွတ်လပ်စွာ နေခွင့်ပြုထားကြပေသည်။

အချို့တွင် လပို့ပါရှိကြ၏။ မြန်မာနွားမျိုးများသည် ဤရှေး "နွား" နှစ်မျိုးအနက်၊ ဒုတိယနွားမျိုးဖြစ်သော တောနွားရိုင်းအငယ်စားမျိုးမှ ဆင်းသက်လာဟန် ရှိသည်။ မြန်မာနွားစစ်စစ်သည် ကိုယ်နေသပ်ရပ်ကျော့ရှင်း၏။ အသွေးအမွေး ကတ္တီပါကဲ့သို့ တောက်ပသည်။ အမွေးတို၏။ နားရွက် မတွဲချေ။ မျက်စိ ကြည်လင်သည်။ ပါးရိုးမေးရိုး ခိုင်ခံ့ကျယ်ပြန့်သည်။ ပါးစပ်စေ့သည်။ နဖူးမတိုမရှည်ရှိသည်။ လည်ပင်းမှာ တုပ်လျက်၊ ကုပ်ဆက်ကျယ်သည်။ ပါးပျဉ်း ထူသော်လည်း၊ တွဲလျားမကျလှချေ။ လပို့ထွားကြိုင်း၍၊ လက်ပြင်ရိုးအပေါ် တည့်တည့်တွင်ရှိသည်။ နောက်သို့လန်မနေချေ။ ရှေ့လက်ပြင်ကျယ်ပြန့်၍၊ ကျယ်သောရင်အုပ်နှင့်ညီသည်။ မောင်းရိုးခြေထောက်ရိုး တောင့်တင်း၏။ မောင်းဆစ် ဒူးဆစ်ခိုင်၏။ ကျောနှင့်ခါးရှည်သည်။ ခါးရိုးအဆစ်များကြီ့ခိုင်သည်။ ဝမ်းဗိုက်ရှုပ်၏။ သိုနှင့်သိုပိုက်မကြီးမတွဲ ကျစ်လျစ်သည်။ အမြီးမှာ အရင်းတုပ်၍ ရှည်လျားသည်။

ယင်းသို့သော အသွေးအရောင်ကိုယ်ဟန်ရှိသော မြန်မာနွားစစ်စစ်များကို အထူးအခြားအမျိုးခွဲခြားသည်ကိုမတွေ့ရပေ။ နွားများပုံသဏ္ဌာန်နှင့် အသုံးဝင်ခြင်းတို့ကို လိုက်၍ (၁) ခိုင်းနွား (၂) နို့ထွက်နွား (၃) အသားစားနွားဟူ၍ သုံးမျိုးသုံးစား ခွဲခြားထားရာတွင်၊ မြန်မာနွားများသည် ခိုင်းနွားတို့၏လိုအပ်သောအင်္ဂါရပ်များနှင့် ပြည့်စုံပေသည်။ မြန်မာနွားစစ်စစ်ဖြစ်ကြသော နွားရွှေနီ၊ နွားရွှေဝါ၊ နွားပြာစသည်များတွင်၊ နွားရွှေနီနှင့်နွားရွှေဝါတို့သည် ခိုင်းရန်အကောင်းဆုံးဖြစ်၏။ နွားပြာမှာ ဒုံးခံနိုင်၍၊ ထန်းသီးမွေးရောင်နှင့် နွားကျားမှာ အညှဲ့ဆုံးအသုံးမကျဆုံးဟူ၍ အဆိုရှိသည်။ "မြို့မသိဗာရာဏသီ၊ မင်းမသိဗြဟ္မဒတ်၊ နွားမသိနွားပြာနီ"ဟူသော ဆိုရိုးစကားအရ၊ နွားပြာနီကို လူသိများဟန်တူသည်။ နွားပြာနီအရောင်တွင် အမည်းရောင် အနည်းငယ်သန်းနေလျှင်၊ "နွားပြာနီမင်ကွပ်" ဟုခေါ်ကြသည်။ "နွားပြာနီမင်ကွပ်အတက်မတို့နှင့်" စသည့် တားမြစ်ချက်ရှိ၏။ ထိုတားမြစ်ချက်မှာ နွားပြာနီမင်ကွပ်တို့သည် စိတ်ဆတ်၍ဖျတ်လတ်သဖြင့်၊ ချောင်းမြောင်းစသည်တို့ကို ဖြတ်ကျော်တက်သည့်အခါတွင် ကြိမ်နှင့်ပင်မတို့ကြရန် တားမြစ်ထားခြင်းဖြစ်သည်။ ယင်းတားမြစ်ချက်ကိုထောက်၍၊ နွား၏စိတ်သဘောထားအစွမ်းသတ္တိကို အမွေးအရောင်လိုက်လျက်ဆုံးဖြတ်နိုင်ပေသည်။ ဤသို့ဆုံးဖြတ်နိုင်ခြင်းကြောင့်ပင် မြန်မာတို့သည် နွား၏အမျိုးအစားကို ခွဲခြားရွေးချယ်ခြင်းထက်၊ နွား၏အင်္ဂါရုပ်အသွေးအမွေးတို့ကို ပိုမိုအလေးမူဟန်ရှိပေသည်။ ရှေးသူဟောင်းမြန်မာတောင်သူကြီးတို့သည် မျိုးအတွက် နွားသိုးတို့ကိုရွေးချယ်ရာတွင်

www.forumspace.com.mm

"စေ" လေးလုံးကို အရင်းခံ ပဓာနထား၍ ရွေးလျယ်လေ့ရှိကြ၏။ ယင်း "စေ"လေးလုံးကား–

(၁) နှာတံ ခုံးစေ

(၂) ခွါလုံးစေ

(၃) မျက်စိပြူးစေ

(၄)နှာရှူးစေတို့ပင်ဖြစ်သည်။

ယင်းသို့ရွေးချယ်ခြင်းမှာ နှာတံခုံးနဖူးကျယ်မှ ကျန်းမာတောင့်တင်းခြင်း လက္ခဏာဟုယူဆကြ၏။ ခွါလုံးစေ ဆိုသည်မှာ ရေဖလားကို မှောက်ထားသကဲ့သို့ ရှိစေရမည် ဆိုလိုပေသည်။ နှာရှူးခြင်း မျက်စိပြူးခြင်းတို့သည် ဖျတ်လတ်သည့် လက္ခဏာများဟု ယူဆကြလေသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးသောနိုင်ငံဖြစ်သည့်အလျောက်၊ ခိုင်းနွားများကိုသာ အရေးထားကြသဖြင့်၊ နို့စားနွားနှင့် အသားစားနွားများမထွန်းကားပေ။ ခိုင်းနွားများပင် တစ်စတစ်စမျိုးခြားနွားများနှင့်စပ်လာသဖြင့်၊ ယခုအခါ တကယ်မျိုးစစ်သောမြန်မာနွားမျိုးကို အတွေ့ရနည်းလေသည်။ နွားသည် ပါဏဗေဒအရ 'ဗိုးဗီဒီး'မျိုးရင်းတွင် ပါဝင်၍ ထိုမျိုးရင်းတွင် သိုးနှင့်ဆိတ်တို့လည်းပါဝင်၏။

နွားကတိုး။ ။နွားကတိုးသည် နွားမျိုးစုတွင်မပါဝင်သော်လည်း၊ သိုးနှင့်နွား စပ်ထားသကဲ့သို့သဏ္ဌာန်ရှိသည်။ အရွယ်ပုံသဏ္ဌာန်အားဖြင့် နွားနှင့်တူသော်လည်း၊ အမူအကျင့်တို့မှာ သိုးနှင့်ပိုမိုနီးစပ်၏။ အလွန်ပေါ့ပါးလျင်မြန်၍ ခြေမြဲသောသတ္တဝါဖြစ်သည်။ ယခင်က ဥရောပတိုက်တွင် တွေ့ရဖူးသော်လည်း၊ ယခုအခါ အမေရိကတိုက် အာတိတ်ဒေသ၌သာရှိတော့သည်ဟုဆိုသည်။ နွားကတိုး၏ ပါဏဗေဒအမည်မှာ 'အိုဗီဗော့မော့စကတပ်' ဖြစ်သည်။

နွားကတိုး၏ ရှည်လျားသောအမွေးတို့သည် ပခုံး၌

ရေခဲထူထပ်သော ဒေသ၌သာ ကျက်စားသည့် နွားကတိုး

ရှုပ်ထွေးလျက်ရှိ၏။ ခြေထောက်သည် ဖြောင့်၍တိုး၏။ ဦးခေါင်းကြီးမား၏။ အမြီးတို၏။ နဖူးအလယ်တွင် ဦးချို နှစ်ချောင်းသည် အရင်းချင်းထိလျက်၊ ဘေးနှင့်အောက်ဘက်တို့ကားထွက်သွားပြီးလျှင်၊ ချိုဖျားသည် အပေါ်သို့ထောင်နေ၏။ အချို့အမွေးများမှာ တစ်ပေခန့်လောက်ပင်ရှည်၍၊ နွေအခါတွင် ကျွတ်ထွက်ကုန်သည်။ နွားကတိုးအထီးကြီး တစ်ကောင်သည် ပိသာ ၁၀၀ ကျော်ပင်လေး၏။ ကိုယ်မှ ကတိုးနံ့ထွက်၏။ အုပ်လိုက်နေတတ်၍၊ မြက်၊ ရေညှို့၊ ထင်းရှူး အစို့ အတက်တို့ကို စားသည်။

အက်စကီးမိုးတို့သည် နွားကတိုးများကို မွေးမြူထား၍၊ ယင်းတို့မှ နို့၊ အသား၊ သားမွေးများကို ရသည်။ နွားကတိုးတို့သည် အလွန်ရေခဲထူထပ်သောဒေသများတွင် နေသောကြောင့်၊ အစာရှာရာ၌အခက်အခဲတွေ့ရသည်။ ဝံပုလွေတို့ကတစ်ခါတစ်ရံ ရန်မူသော်လည်း၊ နွားကတိုးတို့က ကြီးမားသော ဦးချိုများဖြင့် ခုခံ ကာကွယ်သည်။

နွားထိုးကြီးမြို့ အရှေ့ဖက်ရှိ ရှင်ပင်သာဒွန်းဦး စေတီ

နွားထိုးကြီးမြို့။ ။မြင်းခြံခရိုင် နွားထိုးကြီး မြို့နယ်၏ ရုံးစိုက်မြို့ဖြစ်သည်။ မြင်းခြံပလိပ် မီးရထားလမ်းပေါ်တွင်တည်ရှိ၍၊ မြင်းခြံမှ ၁၉ မိုင်ကွာဝေးသည်။ မြင်းခြံမြို့နှင့် ကားလမ်း အဆက်အသွယ်ရှိသည့်အပြင်၊ မြင်းခြံ မန္တလေးသွား မော်တော်ယာဉ်များရပ်နားရာ စခန်းမြို့လည်းဖြစ်သည်။ နွားထိုးကြီးမြို့နယ်သည် မြင်းခြံခရိုင်အတွင်း၌ ဝါဂွမ်းအထွက်ဆုံးမြို့နယ်ဖြစ်ရာ၊ ဝါဂွမ်းအရောင်းအဝယ်ကြောင့် နွားထိုးကြီးမြို့၏ငါးရက်ဈေးသည် များစွာစည်ပင်လေသည်။ နွားထိုးကြီးမြို့နယ်မှထွက်သော ဝါဂွမ်းများကို ဒုတိယကမ္ဘာစစ်မဖြစ်မီက၊ တရုတ်နိုင်ငံသို့တင်ပို့ရောင်းချခဲ့သည်။ ၁၉၅၃ ခုနှစ် သန်းခေါင်စာရင်း အရ နွားထိုးကြီးမြို့၏လူဦးရေမှာ ၄၀၀၆ ယောက်ဖြစ်သည်။

www.foreverspace.com.mm

အာဟာရဓာတ်အပြည့်စုံဆုံးအစားအစာ

ကျန်းမာသန်စွမ်းသောကိုယ်ခန္ဓာဖြစ်ထွန်းရန်အတွက် လိုအပ်သောအာဟာရအခြေခံကို နို့ရည်မှသာရရှိနိုင်သည်။ နွားနို့သည် အရွယ်သုံးပါးမရွေး မှီဝဲအပ်သောအစားအစာဖြစ်သည်။ နို့ရည်တွင် မည်သည့်အာဟာရဓာတ်များပါဝင်၍၊ လူတို့၏ ကျန်းမာရေးကို မည်သို့တိုးတက်စေပုံ အကြောင်းစုံကို ဤအကြောင်းရပ်တွင် ဖော်ပြထားသည်။

အစားအစာတို့အနက် ကိုယ်ခန္ဓာထွားကျိုင်းသန်စွမ်းရန် အာဟာရဓာတ်အခြေခံကို နို့ရည်မှသာ အပြည့်စုံဆုံးရနိုင်သည်။ ခွန်အားကို ဖြစ်စေသော နို့ရည်ကို လူတိုင်း နေ့စဉ်မှီဝဲအပ်ပေသည်။

နွားနို့။ ။အစားအစာတို့အနက် နို့ရည်တွင် အာဟာရဓာတ်အပြည့်စုံဆုံးပါဝင်သည်ဟု သိပ္ပံပညာရှင်တို့ကယူဆကြသည်။ ကျန်းမာသန်စွမ်းသော ကိုယ်ခန္ဓာဖြစ်ထွန်းမှု အတွက်လိုအပ်သောအာဟာရအခြေခံကို နို့ရည်မှသာရရှိနိုင်သည်။ နို့စို့အရွယ်ကလေးငယ်တို့အတွက် နို့ရည်သည် အစားထိုး၍ မရနိုင်သောအစာဖြစ်သည်။ သို့ရာတွင် လူတို့အဖို့မှာမူ၊ တစ်ခါတစ်ရံ အမိနို့ရည်သည် သားငယ်နှင့်မသင့်သောအခါ၊ နွားနို့ကို အစားထိုး၍ သုံးစွဲနိုင်သည်။ နွားနို့သည် နို့စို့ကလေးအတွက်သာမက၊ အရွယ်တက်ဆဲဖြစ်သောလူငယ်၊ ရွယ်ကျစဖြစ်သောလူကြီးအတွက်လည်း အာဟာရဖြစ်ပေသည်။ စင်စစ်၊ နွားနို့ကို လူကြီးလူငယ်မရွေး အားလုံး သုံးဆောင်လေ့ရှိကြသည်။ နွားနို့ကိုမရနိုင်သော ဒေသတို့၌ ဒေသအလိုက်ထွန်းကားသော တိရစ္ဆာန်တို့၏ နို့ရည်ကိုမှီဝဲကြသည်။ မြန်မာနိုင်ငံတွင် ကျွဲပေါများသော အရပ်၌ နွားနို့အစား ကျွဲနို့ကိုသုံးစွဲကြသည်။ ဆိတ်နို့ နှင့်သိုးနို့ကို အိန္ဒိယနိုင်ငံစသောအာရှတိုက်တောင်ပိုင်းနိုင်ငံတို့တွင် မှီဝဲလေ့ရှိသည်။ အိန္ဒိယနိုင်ငံ၏ခေါင်းဆောင်ကြီးမဟတ္တမဂန္ဓီသည် ဆိတ်နို့ကို အာဟာရအဖြစ်ဖြင့် အမြဲမှီဝဲသည်။ (ဂန္ဓီ၊ မဟတ္တမ–ရှု။) အမေရိကန်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဆိတ်နို့သုံးစွဲသောနိုင်ငံများရှိသည်။ ချီလီနိုင်ငံတွင် လာမာကုလားအုတ်၏ နို့ရည်ကို လူတို့ မှီဝဲကြသည်။ တိဗက်နှင့် မွန်ဂိုးလီးယားနိုင်ငံတို့တွင်နေထိုင်သူတို့မှကား ယက်ခေါ်သားကောင်၏ နို့ရည်အပြင် မြင်းနို့ရည်၊ မြင်းနို့ရည်တို့ကိုလည်းမှီဝဲသည်။ လက်ပလန်တွင် တန်းဒြသမင်နို့ရည်ကို မှီဝဲကြရသည်။

နွားနို့၌ပါသောအာဟာရ

နို့ရည်၌ ပရိတင်းဓာတ်၊ အဆီ၊ ကာဗိုဟိုက်ဒရိတ်၊ ဓာတ်ဆားနှင့် ရေတို့ အချိုးကျပါဝင်ကြသည်။ ထိုဓာတ်တို့မှာ ခန္ဓာကိုယ်ကြီးထွားရေးအတွက် အဓိကဖြစ်သည် နို့ရည်၌ရေ၇၇ရာခိုင်နှုန်း၊ အဆီ ၄ ရာခိုင်နှုန်း၊ ပရိတင်း ၃.၃၅ ရာခိုင်နှုန်း၊ ကာဗို ဟိုက်ဒရိတ် ၄.၉၀ ရာခိုင်နှုန်း၊ ဓာတ်ဆား ၀.၇၅ ရာခိုင်နှုန်း ပါဝင်သည်။ ဤကား ယေဘုယျနှုန်း ဖြစ်သည်။ နွားအမျိုးကို လိုက်၍၊ နွားနို့၌ အောက်ပါရာခိုင်နှုန်းအရ အာဟာရဓာတ်တို့ ပါဝင်သည်။ (နွားနို့လုပ်ငန်း–ရှု)

နွားမျိုး	ရေ	အဆီ	ပရိတင်း	ကာဗိုဟိုက်ဒရိတ်	ဓါတ်ဆား
အဲယားရှိုင်ယာ	၈၆.၉၇ ˚/.	၄.၀၃ ˚/.	၃.၅၁ ˚/.	၄.၈၁ ˚/.	၀.၆၈ ˚/.
ဂန်ဇီ	၈၅.၃၅ ˚/.	၅.၀၃ ˚/.	၃.၉၀ ˚/.	၄.၉၇ ˚/.	၀.၇၅ ˚/.
ဟိုလစတိုင်	၈၇.၇၃ ˚/.	၃.၄၀ ˚/.	၃.၃၀ ˚/.	၄.၈၉ ˚/.	၀.၆၈ ˚/.
ဂျာစီ	၈၅.၄၆ ˚/.	၅.၀၅ ˚/.	၃.၇၅ ˚/.	၅.၀၀ ˚/.	၀.၇၄ ˚/.

www.foreverplace.com.mm

နွားနို့

နို့ရည်၌ ပါသော အဆီသည် ကလေးသူငယ်တို့အတွက် အစာခြေရန် အလွန်လွယ်ကူသဖြင့်၊ များစွာ အဖိုးတန်သည်။ ထိုအဆီမှာ အလွန်တရာသေးငယ်သော အဆီဥ ကလေးများပါဝင်သော အဆီဖြစ်သည်။ နွားနို့မှ ရသော အဆီဥကလေးများကို တစ်ခုစီတစ်ခုစီ တစ်လက်မ အရှည်ရှိသောနေရာ၌ စီတန်းလိုက်လျှင်၊ အဆီဥပေါင်း ၂၀၀၀ မှသည် ၂၀၀၁၀ အထိ စီတန်းနိုင်သည်။ နို့၏ အဆီ၌ ဗီတာမင်အေနှင့် ဒီတို့ ပါဝင်သည်။

နို့ရည်မှ ရအပ်သော ပရိုတင်း၌သာ အာဟာရဓာတ်များစွာပါဝင်သည်။ ထိုပရိုတင်းတို့မှာ အပင်မှရသော ပရိုတင်းထက်ကောင်းသည်။ အာဟာရအတွက်အရေးကြီးသောအမိနိုအက်ဆစ်အားလုံးပါရှိ၍၊ အစာကြေ လွယ်သည်။ အမိနိုဆက်ဆစ်၏သဘောမှာ ခန္ဓာကိုယ်၏ သွေး၊ အသားတို့ ဖြစ်ထွန်းစေသောသဘောရှိသည်။ ပရိုတင်းတွင် ကေဆီအင်းဓာတ် ၇၀ရာခိုင်နှုန်း၊ လက်တယ်လဗျူမင် ၂၀ ရာခိုင်နှုန်းနှင့်လက်တိုဂလိုဗျူလင် ၂ရာခိုင်နှုန်းပါဝင်သည်။ နွားနို့ဖြူသည်မှာ အဖြူရောင်ရှိသောကေဆီအင်းကြောင့် ဖြစ်သည်။ နို့ထဲသို့ အချဉ်ဓာတ်ကိုဖြစ်စေ၊ အင်းဇိုင်းခေါ် အချဉ်ဓာတ်ပါသောဓာတုဗေဒဆေးကိုဖြစ်စေ ထည့်လိုက်လျှင်၊ ကေဆီအင်းသည် ခဲသွားပြီးလျှင်၊ ဒိန်ချဉ်ဖြစ်လာသည်။ ထိုဒိန်ချဉ်မှဒိန်ခဲကို ပြုလုပ်ရသည်။ (ဒိန်ခဲ–ရှု။) ကေဆီအင်းမှ ဆင်စွယ်တု၊ အရိုးတု၊ ကော်ပလတ်စတစ် ပစ္စည်း၊ အိမ်သုတ်ဆေး စသည်တို့ကိုလည်းပြုလုပ်နိုင်သည်။

တိုးတက်သော နိုင်ငံများ၌ နို့ရည်ကို စက်ပြွန်တို့ဖြင့် ဤသို့ သန့်ရှင်း စင်ကြယ်စွာ ညှစ်ယူကြသည်။

လက်တယ်လဗျူမင်နှင့် လက်တိုဂလိုဗျူလင်တို့မှာ လူ၏ သွေး၌ပါသော အယ်လဗျူမင်နှင့် ဂလိုဗျူင်လင်ဓာတ်တို့နှင့် အတူတူပင်ဖြစ်ရာ၊ ခန္ဓာကိုယ်၏အသွေးအသားဖြစ်ထွန်းရေးအတွက် အထောက်အပံ့ ပြုပေသည်။

နို့ရည်တွင်ပါရှိသောဓာတ်ဆားတို့မှာ ပိုတက်ဆီယမ်၊ ကယ်လဆီယမ်၊ ဖော့စဖောရပ်၊ ဆိုဒီယမ်၊ ကန့်ဆာလဖာ၊ အိုင်အိုဒင်း၊ သံ၊ ကြေး၊ မန်ဂနီ၊ သွပ်၊ အလျှုမီနီယမ်နှင့် အခြားသတ္တု၏ဓာတ်ဆားများဖြစ်ကြသည်။ ထိုဓာတ်ဆားတို့သည်သွားနှင့်အရိုးများကို ခိုင်မာအောင်ပြုလုပ်ပေးသည်။



ကျန်းမာသန်စွမ်းသော ကိုယ်ခန္ဓာဖြစ်ထွန်းရန် အာဟာရဓာတ်များပါဝင်သောနို့ရည်ကို ဤသို့ကျန်းမာသော နွားမများမှ ရရှိသည်

www.foreverspace.com.mm



နွားနို့တစ်ခွက်ကိုမှီဝဲလျှင် ဤအစားအစာများ၌ရှိသော စွမ်းအင်အသီးသီးတို့နှင့် ညီမျှစွာ ခံစားရမည်။

နို့ရည်၌ပါသောကာဗိုဟိုက်ဒရိတ်ကို လက္ကာတို့ဟုခေါ်သည်။ ယင်းမှာနို့သကြားဖြစ်၏။ ထိုသကြားမျိုးမှာ များစွာမချိုလှချေ။ ရိုးရိုးသကြားကဲ့သို့ အရည်ပျော်လွယ်သည်မဟုတ်။ သို့သော်အစာကြေလွယ်၏။ ခွန်အားကို ဖြစ်စေတတ်၏။ လက္ကာတို့ကို ဗက်တီးရီးယားပိုးများက မှီဝဲလာသည့်အခါ၊ လက်တစ်အက်ဆစ်ဖြစ်ပေါ်လာ၍၊ နို့သည်ချဉ်သွားတတ်သည်။ ဤသဘောတရားသည် နို့မှ ဒိန်နှင့်ထောပတ်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် များစွာအထောက်အပံ့ပြုလုပ်ပေသည်။ လက္ကာတို့သည် နို့ရည်၌ပါသော ဓာတ်ဆားတို့ကို သွားနှင့်အရိုးများခိုင်မာအောင်ပြုလုပ်ပေးသည့် ဓာတ်ဆားများအဖြစ်သို့ ပြောင်းလဲစေရန် ဖန်တီးပေးသည်။

အထက်ပါဓာတ်များအပြင်၊ နို့ရည်ထဲ၌ဗီတာမင်များလည်းပါဝင်သည်။ နို့တွင်ပါရှိသောဗီတာမင်တို့မှာ အေ၊ ဘီ၊ စီ၊ ဒီနှင့်ကေတို့ဖြစ်ကြသည်။ သို့ရာတွင် ထိုဗီတာမင်တို့မှာ ကလေးသူငယ်များအဖို့ လုံလောက်သည်မဟုတ်သေး။ ထိုကြောင့်ယင်းတို့အား ရံဖန်ရံခါဗီတာမင်အေ၊ စီနှင့်ဒီကို သတ်သတ်တိုက်ကျွေးပေးရသည်။ မြက်စိမ်းကို စားရသောနွားမများသည် မြက်ခြောက်ကိုစားရသော နွားမများထက် ဗီတာမင်ဒီကို ပို၍ပေးနိုင်စွမ်းရှိသည်။ နွားနို့ကို ကြာကြာလေသလပ်ထားလျှင်၊ ဗီတာမင်စီကုန်ခန်းသွားတတ်သည်။ နို့၌ဗီတာမင်ဘီသည် အတော်များများ ပါဝင်သည်။ နို့ရည်မှရသော အဆီနှင့်မလိုင်တို့တွင် ဗီတာမင်အေ၊ ဒီနှင့်အီပါဝင်သည်။ (ဗီတာမင်–ရှု။)

လူတို့၏အစားအစာသည် သွေးသားဖြစ်စေရုံမျှသာမက၊ ကိုယ်ခန္ဓာ၏ အပူဓာတ်ကိုလည်းပေးသည်။ ထိုအပူဓာတ်ကိုဖြစ်စေသောစွမ်းအင်ကိုပေးသည့်အရာတွင် နို့သည်အလွန်တာသွားသည်။ ပမာအားဖြင့် ကွတ်ပုလင်းတစ်လုံးခန့်ရှိသောနွားနို့၏ အပူဓာတ်ပေးသောစွမ်းအင်သည် အမဲသား ၅/၅ ပေါင်၊ ကြက်သား ၁ ၁/၄ ပေါင်၊ ဝက်သားပေါင်ဝက်၊ ငါး ၂ ၁/၂ ပေါင်၊ ကြက်ဥ ၈လုံး၊ ပဲသီး ၁ ၁/၇ ပေါင်၊ ပဲစေ့ ၂ ၁/၂ ပေါင်၊ ခရမ်းချဉ်သီး ၆ ၂/၂ ပေါင်တို့၌ရှိသော စွမ်းအင်အသီးသီးတို့နှင့် ညီမျှသည်။ (ရုပ်ပုံကို ကြည့်လေ။)

www.foreverspace.com.mm

အနောက်နိုင်ငံများ၌ တွင်ကျယ်သောလုပ်ငန်း

နွားနို့လုပ်ငန်းတွင် နွားနို့ထုတ်လုပ်ရေးလုပ်ငန်း၊ ထောပတ်၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်၊ ဒိန်ခဲစသော နွားနို့မှထွက်သောစွည်းတို့ကို ထုတ်လုပ်ရေးလုပ်ငန်းများပါဝင်လေသည်။ ထိုပြင် နွားနို့လုပ်ငန်း၌ နို့ထွက်ကောင်းသောနို့စားနွားမမွေးမြူရေးမှာ အရေးကြီးသည်။ ဟိုလစတိုင် နွားမမျိုး၊ ဂျာစီနွားမမျိုး၊ ဂန်ဇီနွားမမျိုး၊ အဲယားရှိုင်ယာနွားမမျိုး၊ ရှော့ဟွန်း၊ နွားမမျိုးတို့သည် ထင်ရှားသောနို့စား နွားမမျိုးတို့ ဖြစ်လေသည်။ နို့စားနွားမ မွေးမြူခြင်း၌လည်းကောင်း၊ နွားနို့ထုတ်လုပ်ခြင်း၌ လည်းကောင်း ခေတ်မီနည်းစံနစ်များကို တွင်ကျယ်စွာ အသုံးပြုလျက် ရှိကြလေသည်။

နွားနို့လုပ်ငန်း။ ။နွားနို့လုပ်ငန်း နွားနို့၊ ထောပတ်၊ နို့ဆီ၊ ဒိန်ခဲစသည့် နို့မှထွက်သောပစ္စည်းတို့ကို ထုပ်လုပ်သောလုပ်ငန်းဖြစ်၍၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ အကျုံးဝင်သည်။ နို့စားနွားမမွေးမြူရေးသည် နွားနို့လုပ်ငန်း၌ အဓိကအရေးကြီးသောကိစ္စဖြစ်သည်။ အနောက်နိုင်ငံများတွင် ဤလုပ်ငန်းသည် အလွန်ထွန်းကားသည်။ (နွားနို့–ရှု။)

နို့စားနွားမမျိုး

ထင်ရှားသောနို့စားနွားမမျိုး ငါးမျိုးရှိသည်။ ယင်းတို့တွင် ဟိုလစတိုင်နွားမမျိုးမှာ ရှေးနှစ်ပေါင်း ၂၀၀၀ခန့်ကပင်လျှင်၊ ရိုင်းမြစ်ဝှမ်းတစ်လျှောက်၌ ထင်ရှားကျော်စောခဲ့သော နွားမျိုးဖြစ်၏။ ထိုနွားမမျိုးမှာ မူလကဟော်လန်နိုင်ငံ၌သာ ထွန်းကားခဲ့သည်။ သို့သော်နောင်အခါ၌ အင်္ဂလန်နှင့်အမေရိကန်နိုင်ငံတို့တွင် ထိုနွားမမျိုးသည် ပြန့်ပွားလာခဲ့သည်။ ထိုနွားမမျိုးသည် နို့များများထွက်သည်။ သို့ရာတွင် အဆီနည်းပါး၍၊ ထောပတ်ချက်လုပ်ရာ၌ တွက်ခြေမကိုက်ချေ။

ဂျာစီနှင့် ဂန်ဇီခေါ် အင်္ဂလိပ်နွားမမျိုးသည် အဆီရာခိုင်နှုန်းများသောနို့ရည် ထွက်သည်။ အဆီများသော ကြောင့်နို့၏ အရောင်မှာဝါကြန့်ကြန့်ရှိသည်။

အဲယားရှိုင်ယာခေါ် စကော့တလန်နွားမမျိုးသည်လည်း နို့ထွက်ကောင်း၍ကျော်စော၏။ မူလကထိုနွားမမျိုးမှာ အမေရိကန်နှင့်ကနေဒါစသောအေးသည့်နိုင်ငံတို့၌သာ ပေါက်ပွားသော်လည်း၊ ယခုအခါ မက္ကဆီကိုနှင့်ဩစတြေးလီးယားကဲ့သို့သော နိုင်ငံတို့တွင် မွေးမြူ၍ ရနေသည်။

ရှော့ဟွန်းခေါ်သော နွားမမျိုးသည် အင်္ဂလန်ပြည်မှ ထွက်သော နွားမမျိုးပင် ဖြစ်၏။ ထိုနွားမျိုးသည် မည်သည့် ရာသီဥတု၌မဆို ပေါက်ပွားနိုင်၏။ ထိုနွားမမျိုးတွင် မျိုးစပ်အမျိုးမျိုးရှိ၍ နို့ထွက်အမျိုးမျိုးရှိသည်။ ယခုအခါ ထိုနွားမမျိုးကို အမေရိကန်နိုင်ငံတွင် များစွာမွေးမြူလျက်ရှိကြသည်။ နွားမမျိုးတို့တွင် ဟော်လန်နိုင်ငံနှင့်ဆွစ်ဇာလန်နိုင်ငံမှ နွားမမျိုးတို့သည်လည်း နို့ထွက်ကောင်းသဖြင့် ကျော်စော၏။

နို့စားနွားမမွေးမြူရေး

နို့ရတိရစ္ဆာန်များကို စံနစ်တကျ အစာရေစာ ကျွေး၍ မွေးမြူပါလျှင်၊ နို့ရည်ပိုမိုကောင်းလာပြီးလျှင်၊ နို့ရည်အထွက်လည်းအလွန်များတတ်သည်။ စံနစ်တကျ မွေးမြူခြင်းကြောင့်၊ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်လောက်မှစ၍ ယနေ့တိုင်နို့စားနွားများသည် အုံ့သြလောက်အောင် နို့ရည်ပိုမိုထွက်လာသည်ကိုတွေ့ရလေသည်။ ယခုအခါနွားမတစ်ကောင်သည် ပျမ်းမျှခြင်းအားဖြင့် တစ်နှစ်လျှင် နို့ပေါင်ပေါင်း ၄၅၀၀ ကိုပေးနိုင်နေလေပြီ။ အချို့နွားမများသည် တစ်နှစ်အတွင်းနို့ပေါင်ပေါင်း ၁၀၀၀၀ အထိပင် ပေးနိုင်စွမ်းရှိသည်။ အချို့ကား တစ်နှစ်လျှင် နို့ပေါင်ပေါင်း ၄၀၀၀၀ နီးပါးမျှထွက်သည်။ စံနစ်တကျ ကျွေးမွေးသုတ်သင်ထားသည့် ယခုခေတ်နွားမတစ်ကောင်မှ တစ်လအတွင်း ထွက်သောနို့သည် ရှေးနွားရိုင်းမတစ်ကောင်မှ တစ်နှစ်အတွင်း ထွက်သော နို့အတိုင်းအဆနှင့်အတူတူပင် ဖြစ်၏။

နို့အထွက်များအောင် လုပ်ဖို့ရုံသာမက၊ နို့ထဲ၌ ဩဇာဓာတ်များများပါအောင်လုပ်ဖို့လည်း အရေးကြီးလေသည်။ ဆုရသည့် နို့စားနွားမတစ်ကောင်သည် တစ်နှစ်လျှင်နို့ပေါင်ပေါင်း ၃၃၄၆၅ ပေါင်(၉၂၉၂ပိသာ)မျှ ထွက်၍၊ ထိုနို့တွင် ထောပတ်ဆီပေါင်ပေါင်း ၁၃၄၉ ပေါင်ပါရှိသည်။ အခြားအလားတူ မွေးမြူထားသောနွားမတကောင်သည် တနှစ်အတွင်း နှစ်ပေါင်ပေါင်း ၃၇၃၈၁ ပေါင်(၁၀၃၇၉ ပိသာ)မျှ ပေးနိုင်သော်လည်း၊ ထိုနို့တွင် ထောပတ်ဆီ ပေါင်ပေါင်း ၁၁၅၉ မျှသာ ပါရှိသည်။ ထောပတ်ချက်ရန် ရောင်းချသော နို့များသည် ဩဇာဓာတ်များမှသာလျှင် စျေးများများရနိုင်လေသည်။ ဟိုလစတိုင် နွားမျိုးမှ နို့အများအပြားရရှိသည်။ ဂျာစီနွားမျိုးမှရသောနို့တွင် ဩဇာဓာတ်များပြားစွာပါရှိသည်။ ဆုရသည့် ဂျာစီနို့စားနွားမတစ်ကောင်သည် တစ်နှစ်အတွင်း၌ နို့ပေါင်ပေါင်း ၁၆၄၂၅ပေါင်ထွက်၍ ထိုနို့တွင် ထောပတ်ဆီပေါင်ပေါင်း ၁၁၄၁ပေါင် ပါရှိလေသည်။ အမေရိကန်ပြည်ထောင်စုတွင် ဟိုလစတိုင်နို့စားနွားမတစ်ကောင်သည် တစ်နှစ်အတွင်း ထောပတ်ဆီပေါင်





နို့ချက်ရုံသို့ရောက်လာသော နို့များ၏ အပူချိန်ဒီဂရီ၊ ပါဝင်သော အဆီရာခိုင်နှုန်း တို့ကို စံမှီ မမှီ စစ်ဆေးပြီးနောက်၊(ပေါ်–ဝဲ) ရေနွေးငွေ့ဖြင့် ပေါင်းခံကာ ကြိုတင်ဆေးကြောထားသော နို့လှောင်ကန်ထဲသို့ ထည့်ပြီးလျှင် (ပေါ်–ယာ) အပူပေးစက်များဖြင့် စံချိန်မှီအောင် ချက်ယူရသည် (လယ်–ဝဲ)။ ကျန်းမာရေးနှင့်ညီညွတ်ပြီး အင်အားပြည့်ဖြိုးစေမည့် နို့များကို စားသုံးသူများထံသို့ပို့ရန် ပုလင်းထဲသို့ ထည့်ရာ၌လည်းကောင်း၊ ဗူးဆို့ပိတ်ရာ၌လည်းကောင်း စင်ကြယ်စွာဆောင်ရွက်၍ (လယ်–ယာ)၊ ဗက်တီးရီးယားပိုးများကင်းအောင် ပေါင်းခံပြီးမှ (အောက်–ဝဲ)၊ တင်ပို့ရောင်းချရသည် (အောက်–ယာ)။

www.foreverspace.com.mm

www.foreverspace.com.mm

ပေါင်း ၁၅၀၀ ရနိုင်သော နို့ရည်ကို ပေးနိုင်လေသည်။ ပေါင် ၂၂၄၀ သည် ၆၂၆ ပိဿာခန့်နှင့်ညီမျှသည်။

နို့ကောင်းကောင်း ရရန်အတွက် နွားမကို အာဟာရ ပြည့်ဝသော အစားအစာကျွေးရန် လိုသည်ကို ပြဆိုခဲ့ပြီ။ ပေါင်ချိန် ၁၀၀၁စီးသော နို့စားနွားမတစ်ကောင်သည် တစ်နှစ်လျှင် ပေါင်ချိန် ၇၅၀၀မျှသော နို့ကိုပေးနိုင်သည်။ သို့သော် ဤသို့ နို့ထွက်စေရန်၊ အနောက်နိုင်ငံ၌ မွေးမြူ သောနို့စားနွားမသည် နွေနှင့်မိုးဥတု ငါးလမျှသောကာလ ၌ မြေနှစ်ဧကမှထွက်သောမြက်တို့ကို စားပေးရမည်ဖြစ် သည်။ ဆောင်း ဥတု၌မူ မြက်ခြောက် ပေါင်ချိန် ၆၃၀၀ နှင့် မြက်စိုပေါင်ချိန် ၂၇၀၀ကို စားစမြဲဖြစ်သည်။ တစ်နှစ် လုံးအတွက် သီးနှံပဲပြောင်း ပေါင်ချိန် ၂၀၀၀ ကိုလည်း စားသုံးမြဲဖြစ်သည်။ ရေကိုမူတစ်နှစ်လုံးတန်ချိန် ၁၁ တန်ခွဲသောက်လေ့ရှိသည်။

နွားနို့မှာ ဗက်တီးရီးယားပိုးများ အလွန်ကြိုက်နှစ်သက် သော အစာဖြစ်သည်။ ထိုကြောင့် နွားမတို့ကို ရောဂါဘယ ကင်းရှင်းအောင် မွေးမြူဖို့လိုပေသည်။ တျူဗာကယ်ပိုးစွဲ နာတို့ ဖြစ်ရခြင်းအကြောင်းကိုရှာသော်၊ နွားနို့မှတစ်ဆင့် လူသို့ ကူးစက်တတ်သည့်အကြောင်းကို တွေ့ရသည်။ ထို ကြောင့် နို့စားနွားမမွေးမြူရာ၌ ထိုတျူဗာကယ်ပိုးစွဲနာကဲ့ သို့သော ကူးစက်တတ်သောရောဂါမှ ကင်းစင်အောင် ဂရ စိုက်မွေးမြူသင့်သည်။ တစ်ဖန် နွားနို့က မည်မျှပင်သန့် သန့်၊ နွားနို့ကိုညစ်သူနှင့် ကိုင်တွယ်သူတို့၌ ကူးစက်တတ် သောရောဂါရှိပြန်လျှင်၊ နွားနို့မှတစ်ဆင့် စားသုံးသူတို့သို့ ရောဂါ ပျံ့နှံ့လာနိုင်သည်။ ထိုပြင်လည်း နွား မွေးမြူရာဌာ နနှင့် ပတ်ဝန်းကျင်တို့တွင် ကျန်းမာရေးနှင့် မညီသော ကြောင့် နွားနို့ကို မှီဝဲသူတို့၌ရောဂါ ကျရောက်နိုင်လေ သည်။ ထိုကြောင့် နို့စားနွားမမွေးမြူသောနိုင်ငံတို့တွင် နွားမများကို စစ်ဆေးသောတိရစ္ဆာန် ဆရာဝန်များ ထားရှိရ သည်။ နွားမမွေးမြူရာဌာန၊ နို့ညှစ်ရာဌာန၊ နို့မှထွက်သော အစားအစာပြုလုပ်ရာဌာနတို့တွင် ပြည်သူ့ကျန်းမာရေးဝန် ထမ်းများက ကြည့်ရှုစစ်ဆေးပေးရသည်။ နွားနို့ကို ညှစ် ပြီးလျှင် ပြီးခြင်း၊ ဖာရင်ဟိုက် ဒီဂရီ ၆၀ ရောက်အောင် အအေးခံရသည်။ သို့မှသာလျှင် နို့အေးထဲတွင်ရောဂါပိုးများ မပေါက်ပွားနိုင်ရှိချေမည်

နွားနို့ထုတ်လုပ်ခြင်း

နွားနို့ထုတ်လုပ် ဖြန့်ချိရေးလုပ်ငန်းသည် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ နွားမမ၂ နို့သည်များ ညှစ်ယူ ရောင်းချသောနို့စိမ်းသည် အလွန်တရာသန့်ရှင်းစွာလုပ် ဆောင်ခြင်းမရှိခဲ့ပါလျှင်၊ ကျန်းမာရေးအတွက် စိတ်မချရ ချေ။ ထိုနို့စိမ်း၌ ရောဂါပိုးများမပါမရှိပါဟု အာမခံရန် ခဲယဉ်းသည်။ သို့ရာတွင် အစိုးရခန့်အပ်သောတိရစ္ဆာန် ဆရာဝန်နှင့် ပြည်သူ့ကျန်းမာရေးအမှုထမ်းတို့ကကြီးကြပ်၍၊ နို့စားနွားမ မွေးမြူကာ၊ ကျန်းမာရေးစည်းကမ်းဖြင့် နို့စိမ်း ထုတ်လုပ်သည်ဖြစ်ပါမူကား၊ ကျန်းမာရေးအတွက် စိတ်ချ နိုင်ပေသည်။ ယခုခေတ် စက်မှုလက်မှုထွန်းကားသော နိုင်ငံများ၌ကား နွားနို့ကို လက်ဖြင့်မညှစ်ဘဲ၊ စက်ဖြင့်ညှစ် သည်။ နွားနို့ ညှစ်သောရုံ၌ နို့ညှစ် စက်ကိရိယာနှင့် နို့စား နွားမများကို အထူးသန့်ရှင်း စင်ကြယ်စွာထားရသည်။

သို့ရာတွင် အထက်ပါ နို့စိမ်းရိုးရိုးတို့ထက် ပါးစတား၏ နည်းအရ ရောဂါပိုးသတ်ပြီးနို့စိမ်းသည် ပို၍ စိတ်ချရသည်။ ပါးစတား၏နည်းမှာ နွားနို့စိမ်းကို ဖာရင်ဟိုက် ၁၄၃° မှ ၁၄၅° ထိ နာရီဝက်ခန့်ကျို၍၊ ရုတ်တရက်အေးအောင် ပြုသောနည်း၊ ၁၅ စက္ကန့်အတွင်း ဖာရင်ဟိုက် ၁၆၀° ရှိအောင် မီးပြင်းတိုက်၍၊ ရုတ်တရက် အေးအောင်ပြု သောနည်း၊ ဟူ၍နှစ်နည်း ရှိသည်။ ထိုနည်း နှစ်နည်း စလုံးပင် နွားနို့စိမ်းတွင်ပါသော ဗက်တီးရီးယားပိုးတို့ကို ပျက်စီးစေသည်။ ဤနည်းဖြင့် လုပ်ခြင်းကြောင့်၊ နို့သည် အချဉ်မပေါက်နိုင်ချေ။ ထိုနည်းကို ပါးစတားရိုက်ဇေးရှင်းဟု ခေါ်သည်။ (ပါးစတားရိုက်ဇေးရှင်–ရှု။)

နို့စိမ်းကို ပြုပြင်သောအခြားတစ်နည်းမှာ ဟိုမိုဂျင်နိုက် ဇေးရှင်းခေါ် အဆီကို သမအောင်လုပ်သောနည်းဖြစ်သည်။ နို့ရည်တွင် အဆီဥကလေးများပါဝင်သည်ကို ပြဆိုခဲ့ပြီ။ နွားနို့ကို အစိမ်းအတိုင်းခပ်ကြာကြာထားပါက၊ ထို အဆီဥ တို့သည် နို့ရည်မျက်နှာပြင်ပေါ်သို့တက်လာပြီးလျှင်၊ မလိုင် နှစ်ဖြစ်လာတတ်သည်။ ထိုအဆီဥတို့ကို နို့ရည်တွင်



လူတို့ကျန်းမာဖွံ့ဖြိုးမှုအတွက် စားသုံးရန် နွားနို့မှ ထွက်ကုန်တစ်ခု ဖြစ်သော ဒိန်ခဲများ

www.forestersspace.com.mm

သမအောင်ပြုလုပ်ပေးရသည်။ ထိုသို့ပြုလုပ်ရန် အတွက်နို့ရည်ကို စတုရန်းတစ်လက်မလျှင် ပေါင် ၂၀၀၀မှ ၃၀၀၀ အထိရှိသောဖိအားဖြင့်ဖိ၍၊ အဆို့ရှင်ပါသောပြွန်ထဲသို့မှုတ်သွင်းရသည်။ ထိုအခါ အဆီဥတို့သည် အလွန်တရာသေးငယ်သော ဆီကြည်ဥများဖြစ်သွားပြီးလျှင်၊ နို့ရည်ထဲတွင် သမလျက်တည်ရှိလာကြသည်။ ပါးစတားနည်းအရ ပိုးသတ်ပြီးနို့စိမ်းကိုသာလျှင် ထိုကဲ့သို့အဆီဥသမအောင်ပြုပြင်ပေးလေ့ရှိသည်။

အခြားပြုပြင်နည်းတစ်နည်းမှာ နို့ရေထဲတွင် ဗီတာမင်ဒီဓာတ် သွင်းပေးသောနည်းဖြစ်၏။ နွားနို့တွင် ဗီတာမင်ဒီကြွယ်ဝအောင်ပြုလုပ်နည်းတို့မှာ (၁)ဗီတာမင်ဒီဓာတ်ကြွယ်ဝသောတဆေးကို နို့စားနွားမအားကျွေးခြင်း၊ (၂) နွားနို့ထဲသို့ ဗီတာမင်ဒီကိုတိုက်ရိုက်ထည့်ပေးခြင်း၊ (၃)နွားနို့ကို ခရမ်းဘေးရောင်ခြည်ဖြင့် ပြခြင်းဟူ၍နည်းသုံးမျိုးရှိသည်။ ခရမ်းဘေးရောင်ခြည်ဖြင့် ဗီတာမင်ဒီဓာတ်သွင်းပေးသောနည်းကို အိရာဒီယေးရှင်းဟု ခေါ်သည်။

နို့ဆီလုပ်ငန်း

နွားနို့ကို နို့ဆီဖြစ်အောင်လုပ်သည်ဆိုသည်မှာ နွားနို့တွင်ပါသောရေကို ထုတ်ပယ်ရန် ကျိုချက်ခြင်းပင်ဖြစ်၏။ ဤသို့ ရေခန်းအောင် နို့ကိုကျိုချက်ရာ၌ နို့နှင့်ရေတို့ ပါဝင်သောနှုန်းကို လိုက်၍၊ နို့ဆီအမျိုးမျိုး ရှိလေသည်။ သာမန်အရပ်ခေါ် နို့စိမ်းဘူးဟူသည်မှာ နွားနို့တစ်ပုလင်းကို ပုလင်းဝက်ခန့်ကျန်ရှိအောင်ကျိုချက်၍၊ လေလုံသောသံစည်ဘူးတွင် ထည့်သွင်းထားသော နို့ဖြစ်လေသည်။ ထိုနို့စိမ်းဘူး နို့များတွင် အဆီ ၇.၈% ပါဝင်ရ၍၊ အခြားနို့နှင့်ဆိုင်သောအစိုင်အခဲတို့မှာ ၂၅.၅ % ပါဝင်ရသည်။

နို့ဆီမှာ သကြားနှင့် နွားနို့ကိုရော၍၊ နို့စိမ်းဘူးမှရသော နို့ထက်ပို၍ ရေခန်းအောင်ကျိုချက်ထားသောနို့ဖြစ်သည်။ သကြားမှာ ကြဲမှရသော သကြားဖြစ်သည်။ နို့ဆီထဲ၌သကြားသည် ၄၀.၄၂ % မျှပါဝင်သည်။ နို့ဆီထဲတွင် အဆီ ၈% နှင့် နို့နှင့်ဆိုင်ရာ အစိုင်အခဲ ၂၈% ပါဝင်ရသည်။ သကြားမပါဘဲကျိုချက်သော နို့ဆီဟူ၍လည်း ရှိသေးသည်။ နို့မှုန့်မှာ နွားနို့တွင် ပါဝင်နေသောရေကို အကုန်အစင်ခန်းခြောက်အောင် ကျိုချက်ထားသော နို့အခြောက်ဖြစ်သည်။ နို့မှုန့်၌ အဆီ ၂၆% ပါ၍၊ အစိုဓာတ်မှာ ၅%မျှ သာရှိသည်။ နွားနို့ကို မုယောပင်ပေါက်အမှုန့်ရော၍ နို့မှုန့်ပြုလုပ်သည်လည်း ရှိသည်။

အစိုးရစီမံကိန်း

မြန်မာနိုင်ငံတော်အစိုးရ၏ ပြည်တော်သာစီမံကိန်းတွင် အပါအဝင်ဖြစ်သော လယ်ယာလုပ်ငန်းတိုးတက်ရေး၊ ကျေးလက် ကြီးပွားရေးကော်ပိုးရေးရှင်းသည် နို့စားမွေးမြူရေးစီးမံကိန်းတစ်ရပ်ကို လုပ်ဆောင်လျက်ရှိရာ၊ ယခုအခါ ကောင်းစွာထမြောက် အောင်မြင်လျက်ရှိသည်။ ပါကစ္စတန်မှ နွားသိုး ၂၂ ကောင်နှင့် နို့စားနွားမ ၁၈၀ ကို အစိုးရက ဝယ်ယူပြီးလျှင်၊ ၁၉၅၂–၅၃ ခုနှစ်တွင် ရန်ကုန်ပြည်လမ်း ၉ မိုင်၊ နို့စားနွားမခြံကို တည်ထောင်ခဲ့သည်။ ၁၉၅၃–၅၄ ခုနှစ်တွင် ပါကစ္စတန်မှ နို့စားနွားမကောင် ရေ ၁၅၀ ကို ဒုတိယအကြိမ် ထပ်မံဝယ်ယူပြီးလျှင်၊ လော်ကားတွင် နွားမခြံတစ်ခုကို တိုးချဲ့တည်ထောင်ခဲ့သည်။ ထိုနွားမခြံ နှစ်ခြံမှရသောနွားနို့ထွက် အင်အားမှာ ၁၉၅၆–၅၇ခု အခြေအနေအရ တစ်လလျှင် ပေါင်ချိန် ၆၀၀၀၀ ကျော်မျှရှိသည်။ ၉ မိုင်တွင် နို့ချက်စက်ရုံတစ်ခု ဆောက်လုပ်ပြီးဖြစ်၍၊ မလိုင်အပြည့်ပါသော ပိုးသတ်ပြီးနွားနို့ကို ရန်ကုန်မြို့တွင်း၌ တစ်ပုလင်းလျှင် ပြား ၅၀ကျဖြင့် ရောင်းချလျက်ရှိသည်။ ထိုနို့ချက်စက်ရုံ၏ ထုတ်လုပ်မှု အင်အားမှာ တစ်နေ့လျှင် ပုလင်းပေါင်း ၃၀၀၀၀ ဖြစ်သည်။

နွယ်ချို။ ။နွယ်ချိုပင်သည် နှစ်ကြာခံပင်မျိုးဖြစ်၍၊ ရုက္ခဗေဒ အလိုအားဖြင့် 'ဖာဗေးစီအီး' မျိုးရင်းတွင် ပါဝင်သည်။ နွယ်ချိုပင် မျိုးပေါင်း ၁၂ မျိုးခန့်ရှိသည့်အနက်၊ ရုက္ခဗေဒအလိုအားဖြင့် 'ဂလစ်စီရိုင် ဇာဂလက် ဗရား'ဟု ခေါ်သော နွယ်ချိုပင်တစ်မျိုးသည် လူသုံးအများဆုံး ဖြစ်လေသည်။ မြန်မာတို့က ထိုနွယ်ချိုများကို သင်္ဘော် နွယ်ချို ဟူ၍ ခေါ်သည်။ 'ဂလစ်စီရိုင် ဇာလပီဒိုးတာ'ဟု ခေါ်သော နွယ်ချိုရိုင်းတစ်မျိုးလည်းရှိသေးသည်။

နွယ်ချိုပင်များသည် ဥရောပတိုက် တောင်ပိုင်းနှင့် အာရှတိုက် အနောက် ပိုင်းဒေသတို့တွင် မူလပေါက်ရောက်ကြသည်။ နွယ်ချိုပင်သည် သစ်နုပင်မျိုးဖြစ်၍၊ ရှည်လျားသောအမြစ်များရှိသည်။ ယင်းတို့ကို စပိန်နိုင်ငံ၊ ကွာတလီနိုင်ငံ၊ ရုရှနိုင်ငံနှင့် အခြားကမ္ဘာဟောင်းတိုင်းပြည်အများတွင်စိုက်ပျိုးကြသည်။ ထိုအပင်များကို စိုက်ပျိုးရာ၌ အမြစ်ကိုဖြတ်ယူကာ၊ တစ်ပင်နှင့်တစ်ပင် ၃ပေခန့်ခွါ၍ စိုက်ပျိုးကြသည်။ စိုက်ပျိုးပြီးနောက် ၃–၄နှစ်ကြာမှ၊ အမြစ်ကိုတူးဖော်ယူလေ့ရှိကြသည်။ နွယ်ချိုကို သိမ်းယူရာ၌၊ အပင်များကို ထယ်ဖြင့်ထိုးပြီးမှအမြစ်ကို နုတ်ယူကြသည်။ နုတ်ပြီးသောအမြစ်ကို ထပ်စိုက်ပျိုးရန် မလိုပေ။ အဘယ်ကြောင့်ဆိုသော် မြေကြီးထဲတွင် ပြတ်ကျန်ရစ်ခဲ့သောအမြစ်မှ အပင်ထပ်ပေါက်လာနိုင်သောကြောင့် ဖြစ်သည်။

နွယ်ချိုများကို ဖြတ်တောက်နေလှန်း၍၊ ထိုအတိုင်းလည်းရောင်းချကြသည်။ သို့မဟုတ် အမြစ်များကို ထုထောင်း၍ ရေနှင့်ပြုတ်ပစ်ပြီးလျှင်၊ အနှစ်ကို ထုတ်ယူ၍လည်းရောင်းချကြသည်။ အမြစ်ကိုပြုတ်ပစ်လိုက်သော

www.foreverspace.com.mm

အခါ၊ နွယ်ချိုရည်ထွက်လာသည်။ ထိုအရည်ကို အငွေ့ပျံစေ၍ နွယ်ချိုနှစ်ကိုထုတ်ယူသည်။ နွယ်ချိုနှစ်သည် အေးသောအခါခဲသွားပြီး၊ အရောင်မည်းနက်လာသည်။ နွယ်ချိုမြစ်များကို ထိုအတိုင်းလည်းစားနိုင်ပေသည်။

မြန်မာဆေးဝါးများ ဖော်စပ်ရာတွင် နွယ်ချိုကို အမှုန့်ထောင်းပြီးအသုံးပြုကြသည်။ ထိုပြင် နွယ်ချိုကို ကွမ်းယာနှင့်လည်း ရောပြီးစားတတ်ကြသည်။ အထူးအားဖြင့် နွယ်ချိုကို အနံ့ဆိုးသောဆေးဝါးများနှင့် သကြားလုံး၊ အဖျော်ယမကာများကို အနံ့အရသာကောင်းစေရန်အတွက် အသုံးပြုလေ့ ရှိကြသည်။

နလုံး။ ။နလုံးသည် ကိုယ်ခန္ဓာအနှံ့အပြားရှိ အင်္ဂါအစိတ်အပိုင်းအရပ်ရပ်သို့ သွေးများပို့နှံ့စေရန် ပန်းထုတ်ပေးသောအင်္ဂါတစ်ခုဖြစ်၏။ အရွယ်အားဖြင့် လူတို့၏ လက်သီးဆုပ်ခန့် ရှိ၏။ အပေါ်ပိုင်းကြီး၍ အဖျားချွန်းယောင်းယောင်ရှိ၏။ အဖျားကောက်ယောင်ယောင်လည်းရှိ၏။ ပုံသဏ္ဌာန်မှာ သစ်သော့သီး ပုံသဏ္ဌာန်ဖြစ်၏။ အောက်ပိုင်းလက်ဝဲဘက်ဖျားတွင် ချွန်းနေပြီးလျှင်၊ လက်ဝဲဘက်သို့ အနည်းငယ်စောင်းနေသည်။ ယင်းသို့ ချွန်း၍နေသော နလုံးပိုင်းသည် ရင်ခေါင်း၏လက်ဝဲဘက်သို့ စွန်းထွက်နေရကား။ နလုံးခုန်သည်ကို ရင်၏လက်ဝဲဘက်နေရာ၌ စမ်းသပ်၍တွေ့ရှိနိုင်သည်။ ထိုကြောင့် အချို့လူများက ရင်ပတ်၏လက်ဝဲဘက်တွင် နလုံးရှိသည်ဟု ထင်မှတ်မှားကြလေသည်။ အမှန်အားဖြင့် နလုံး၏ဘုပ်ုပ်ုပ်သာ လက်ဝဲဘက်တွင်ရှိပြီးလျှင်၊ ကျန်တပုံကား လက်ယာဘက်တွင်တည်ရှိ၏။ နလုံး၏အညှာသည် ရင်ပတ်အလယ်တည့်တည့် တွင်ရှိလေသည်။ ပမာဏအားဖြင့် သာမန်ယောက်ျားသို့မဟုတ် မိန်းမတစ်ယောက်၏ နလုံးသည် အရှည်၅လက်မ၊ အကျယ်၃လက်မခွဲနှင့် ရှေ့မှနောက် အထုနှစ်လက်မခွဲရှိ၏။ အလေးချိန်မှာ ၁၅ကျပ်သားမှ ၁၉ကျပ်သား (၉ အောင်စမှ၁၁အောင်စ) အထိရှိသည်။ နလုံး၏ကြွက်သားများ ရှုံ့ချည်ကားချည် ပြုလုပ်ခြင်းဖြင့်၊ နလုံးမှ သွေးများပန်းထွက်လာသည်။ ထိုကြောင့် နလုံးတစ်ခုလုံးတွင်ကြွက်သားသည် အရေးအကြီးဆုံးဖြစ်၏။(ကြွက်သား–ရှု။)

ကျွန်ုပ်တို့၏ ရင်ပတ်ကို စမ်းသပ်ကြည့်က နလုံးအမြဲခုန်နေသည်ကို တွေ့ရမည်။ စင်စစ် နလုံးသည် ရှုံ့ခြင်းပွခြင်းအလုပ်နှစ်ခုကို မပြတ်လုပ်သည်မဟုတ်၊ နလုံးကို ရှုံ့ခြင်းသာလျှင် သူ၏ မူလအလုပ်ဖြစ်သည်။ ရှုံ့ပြီးနောက် ပြန်၍ ပွလာခြင်းမှာ အလိုအလျောက်ဖြစ်လာသော နောက်ဆက်တွဲ အလုပ်ဖြစ်၏။ နောက်တစ်ကြိမ် မရှုံ့မီ၊ နလုံးသည် အချိန်အနည်းငယ်ခန့် အနားယူ၏။ ယင်းသို့အနားယူပြီးမှ နလုံးသား ကား၍ ပွလာသည်။ ယင်းသို့ နားခွင့်ရသော အချိန်မှာ တစ်နေ့လျှင် ၁၅ နာရီခန့် ရှိ၏။ ထိုကြောင့် တစ်နေ့အဖို့ နလုံး၏စုစုပေါင်းအလုပ်လုပ်ချိန်မှာ ၉ နာရီသာရှိလေသည်။ နလုံးသည် တစ်နေ့လျှင် နာရီပေါင်းများစွာ အနားယူပုံမှာ အထူးပင်အံ့သြဖွယ်ဖြစ်၏။

နလုံးမှပန်းထုတ်လိုက်သောသွေးသည် တစ်ကြိမ်လျှင် အချိန် ၁၀ကျပ်သားခန့်ရှိ၍ တစ်နေ့လုံးအတွက် အကြိမ်ပေါင်းတစ်သိန်းကျော်ခန့် ပန်းထုတ်ရာ၌ သွေး၏အလေးချိန်မှာ ပိသာတစ်သောင်းခန့်ရှိလေသည်။ နလုံးမှ ယင်းကဲ့သို့ ပန်းထုတ်လိုက်သောသွေးသည် ကိုယ်ခန္ဓာအနှံ့အပြားလှည့်ပတ်သွားလာ၍ တစ်ကိုယ်လုံးသို့ အောက်ဆီဂျင်ကို ဖြန့်ဖြူးပေး၏။ ထိုနောက် မကောင်းသောအညစ်အကြေးတို့ကို ပြန်ယူလာပြီးလျှင် သွေးပြန်ကြောမှတစ်ဆင့် နလုံးတွင်းသို့ရောက်၏။ ဤသွေးသည် နလုံးမှအဆုတ်သို့ သွေးလွှတ်ကြောမကြီးတစ်လျှောက်စီးသွားပြန်လျှင်၊ ရှူသွင်းလိုက်သောလေမှအောက်ဆီဂျင်နှင့်ပေါင်းစပ်သည်။ ထိုအခါ သွေးသစ်သွေးကောင်းပြန်ဖြစ်လာ၍၊ နလုံးသို့ ပြန်ဝင်လာသည်။ နလုံးမှတစ်ဖန် သွေးသည် ကိုယ်ခန္ဓာအနှံ့အပြားသို့ လှည့်ပတ်သွားပြန်သည်။ နလုံးမှ ကိုယ်ခန္ဓာ အရပ်ရပ်တို့သို့ သွေးပို့နှံ့ပြီးသော်၊ နလုံးသို့ပင် ပြန်ဝင်လာသောအချိန်သည် တစ်မိနစ်မျှသာ ကြာလေသည်။ (သွေး–ရှု။)

နလုံးသားသည် အထပ်သုံးထပ်ဖြင့်ပြီး၏။ အပြင်မှ အထပ်တထပ်၊ အလယ်မှ အလွန်သန်မာသော ကြွက်သားမျှင်တစ်ထပ်နှင့် အတွင်းဆုံးမှ အလွန်ပါးလွှာနူးညံ့သောအထပ်တစ်ထပ်ဟူ၍သုံးထပ်ရှိ၏။ အလယ်ထပ်သည် အလွန်သန်မာ၍ နလုံးတစ်ခုလုံးကို အုပ်ထိန်းသောအထပ်ဖြစ်လေသည်။ ကိုယ်ခန္ဓာတစ်ခုလုံးရှိကြွက်သားများထဲတွင် အလုပ်လုပ်ဆုံးသောကြွက်သားထပ်ဖြစ်၏။ ခန္ဓာနှင့်အသက်တည်စအချိန်မှအစပြု၍၊ ခန္ဓာပျက်သည့်အချိန်အထိ၊ အလုပ်လုပ်နေရ၏။ အတွင်းဆုံးအထပ်ကား နလုံး၏အတွင်းထပ်သဖွယ်ရှိ၊ နလုံးတွင်းရှိ အခန်းများ၏ တံခါးပေါက်သဖွယ်ရှိ၊ ရှိတည်၏။ နလုံးသွေးကြောမျှင်များသည် အလွန်သေးငယ်သောအပ်ကလေးဖြင့်ခွဲဖယ်၍မရ နိုင်လောက်အောင်ပင် ကွန်ရက်သဏ္ဌာန် ယှက်သန်းပူး ကပ်၍နေကြ၏။

နလုံးတွင် အလယ်မှအကာအရံတစ်ခုသည် အထက်အောက်တန်းနေ၍၊ လက်ဝဲခန်းနှင့်လက်ယာခန်းဟူ၍ နှစ်ခန်းကွဲလျက်ရှိသည်။ တစ်ဖန်ဤအခန်းများကို ကန့်လန့်ဖြတ်အကာတစ်ခု အထက်အောက်အခန်းများခွဲ၍ ထားသေးသည်။ အထက်ဘက်ရှိ လက်ယာနှင့်လက်ဝဲအခန်းနှစ်ခန်းကို သြရစ်ကယ်ဟုခေါ်၍၊ ကျန်အောက်ခန်း နှစ်ခန်းကိုမူကား ဗင်ကြစ်ကယ်ဟုခေါ်သည်။ ဗင်ကြစ်ကယ်သည် သွေးများကို ကိုယ်ခန္ဓာအနှံ့အပြားပန်းထုတ်ရသဖြင့် အလုပ်ပို၍လုပ်ရ၏။ အကာများတွင်အခင်းများရှိ၏။ လက်ယာ

www.foreverspace.com.mm

ဖက်ရှိအသက်ခန်းမှ အောက်ခန်းသို့ သွေးများစီးဝင်ရာ အခင်းတွင် အထပ်သုံးထပ်ရှိသဖြင့်၊ ယင်းကို ထရိုင်ကပ်စပ်အခင်ဟုခေါ်၏။ လက်ဝဲဘက်အထက်နှင့် အောက်ခန်း အကြားရှိအခင်တွင် အထပ်နှစ်ထပ်ရှိသဖြင့်၊ ယင်းကို မိုင်ထရယ်အခင်ဟုခေါ်သည်။ ထရိုင်ကပ်စပ်အခင်သည် သြရစ်ကယ်မှသွေးကို ဗင်တြစ်ကယ်တွင် ပြည့်သွားသောအခါ၊ အခင်မှာ အလိုအလျောက်ပိတ်သွား၍၊ သွေးမှာ သြရစ်ကယ်ထဲသို့ နောက်ပြန်စီးမဝင်နိုင်တော့ပေ။ ဗင်တြစ်ကယ်အခန်းနှစ်ခန်းမှသွေးလွှတ်ကြောသို့ဝင်သည့် အခင်တွင်လည်း၊ အထပ်သုံးထပ်ရှိ၍၊ ထိုအခင်ကို လခြမ်းပုံအခင်ဟုခေါ်သည်။ ထိုအခင်များသည် သူအလို့အလျောက်ဖွင့်ချည်ပိတ်ချည် ဖြစ်နေတတ်ပြီးလျှင်၊သွေးသည်လည်း ထိုအခင်များကိုဖြတ်သန်းသွားလျက်ရှိသည်။ ယင်းသို့ အခင်များ ပိတ်လိုက်ဖွင့်လိုက်ဖြစ်၍ သွေးတိုးနေပုံကိုနားကျပ်ဖြင့်နားထောင်ကသိနိုင်၏။

တစ်ကိုယ်လုံးနှင့်ဆိုင်သော သွေးကြောများတွင် သွေးကောင်းသွေးသန့်စီးသည့်အကြောကို သွေးလွှတ်ကြောဟုခေါ်၍၊ သွေးညှစ်သွေးဟောင်းသွားသော အကြောကိုသွေးပြန်ကြောဟုခေါ်သည်။ သို့ရာတွင် နှလုံးမှအဆုတ်သို့ စီးထွက်သောအကြောနှင့်နှလုံးတွင်းသို့ အဆုတ်မှစီးဝင်သော အကြောတို့တွင်မူကား၊ သွေးညှစ်သွေးဟောင်းသည် သွေးလွှတ်ကြောဖြင့်သွား၍ သွေးသန့်သွေးကောင်းသည် သွေးပြန်ကြောဖြင့်သွားလေသည်။

အဆုတ်မှသက်ဆင်းလာသော သွေးပြန်ကြောကြီးသည် သွေးသန့်သွေးကောင်းများကို ယူဆောင်လာပြီးနောက်၊ လက်ဝဲဘက် သြရစ်ကယ်ထဲသို့ဝင်သွား၏။ ထိုမှ တစ်ဖန် လက်ဝဲဘက်အောက်နှလုံးခန်းဖြစ်သည့် ဗင်တြစ်ကယ် သို့ အခန်းနှစ်ခုကြားရှိ မိုင်ထရယ် အခင်ဖြင့် ဝင်သည်။ ထိုဗင်တြစ်ကယ်မှတဖန် လခြမ်းပုံအခင်ဖြင့် ဇသြေတခေါ်သွေးကြောမထဲသို့ ထွက်သွား၏။ ထိုသွေးကြောမမှ ဖြာထွက်နေသောသွေးကြောများဖြင့် ခန္ဓာကိုယ်အနှံ့အပြားသို့ သွေးများရောက်သွားလေသည်။ လက်ဝဲဘက်ဗင်တြစ်ကယ်သည် သွေးသန့်သွေးကောင်းများကို ခန္ဓာကိုယ်ရှိ အလွန်ဝေးကွာသော အစိတ်အပိုင်းများအထိရောက်အောင် ပန်းထုတ်ရသောကြောင့် ဗင်တြစ်ကယ်အခန်း၏ နံရံများ ဖြစ်သောကြွက်သားသည် ခတ်ပြင်းပြင်းပန်းထုတ်နိုင်လောက်သည့်အားရှိကြသည်။ လက်ဝဲဘက်ဗင်တြစ်ကယ်၏ နံရံကြွက်သားသည် လက်ယာဖက်ဗင်တြစ်ကယ်၏နံရံကြွက် သားထက် ၃ ဆမျှ ထူထဲတောင့်တင်း၍ သြရစ်ကယ်နံရံတို့ထက်ကား ထို့ထက်ပင်ပို၍ ထူထဲသေးသည်။

သွေးလွှတ်ကြောမထဲသို့ ပန်းထုတ်လိုက်သောသွေးများသည် သွေးလွှတ်ကြောငယ်များမှ တစ်ဆင့် သွေးကြောမျှင်များအားဖြင့် ကိုယ်ခန္ဓာအနှံ့အပြားသို့ရောက်ရှိသွား၍၊ အောက်ဆီဂျင်ဓာတ်ကို ဖြန့်ဖြူးပေးလေသည်။ ဤသို့ ဖြန့်ဖြူးပေးရာတွင် သွေးသည် ကိုယ်ခန္ဓာအနှံ့အပြားမှ အညစ်အကြေးတို့ကို ဆောင်ယူ၍ သွေးပြန်ကြောကြီးအားဖြင့်၊ နှလုံး၏လက်ယာဘက်အထက်ခန်းဖြစ်သော သြရစ်ကယ်ထဲသို့ဝင်သည်။ သြရစ်ကယ်မှ အထပ်သုံးထပ်ရှိသော ထရိုင်ကပ်စပ်အခင်ဖြင့် လကျာ်ဖက်အောက်ပိုင်း သွေးခန်းဖြစ်သော ဗင်တြစ်ကယ်အတွင်းသို့ဝင်သည်။ ထိုနောက် လခြမ်းပုံအခင်ဖြင့် သွေးညစ်သွေးဟောင်းများသည် သွေးလွှတ်ကြောမကြီးထဲသို့ရောက်သွားသည်။ ထိုသွေးလွှတ်ကြောမကြီးသည် သွေးများကို အဆုတ်သို့ယူဆောင်သွား၏။ အဆုတ်အတွင်းသို့ရောက်သောအခါ ရှူရှိုက်၍ သွင်းလိုက်သော အောက်ဆီဂျင်နှင့်သွားရောက်တွေ့ဆုံသဖြင့်၊ သွေးညစ်သွေးဟောင်းများသည် သန့်ရှင်းစင်ကြယ်ကာ သွေးသစ်သွေးကောင်းများအဖြစ် ပြောင်းလဲသွား၏။ ယင်းသို့ သန့်ရှင်းသော သွေးအဖြစ်သို့ရောက်မှ ပါလမိုနရီ သွေးပြန်ကြောမကြီးက နှလုံး၏ လက်ဝဲဘက် သြရစ်ကယ်သို့ ယူဆောင်သွားလေသည်။ ဤနည်းအတိုင်း သွေးသည် နှလုံးမှတစ်ဆင့် ကိုယ်ခန္ဓာအစိတ်အပိုင်း အရပ်ရပ်တို့သို့ လှည့်ပတ်၍ သွားလာနေ လသည်။

နှလုံးလှုပ်ရှားခြင်းကို ဆင်ပါသက်တစ်နဗ်နှင့် ဗေးဂပ်နဗ်ခေါ်နာဗ်ကြောကြီးနှစ်ကြောက ထိန်းထား၏။ ပထမနာဗ်ကြောကြီးက နှလုံးကို မြန်မြန်ခုန်စေ၍၊ ဒုတိယနာဗ်ကြောက နှေးနှေးခုန်စေ၏။ ယင်းသို့ တစ်ဖက်တပြန် ထိန်းထားမှုကြောင့်၊ နှလုံးခုန်ခြင်းမှာ အနေတော်ဖြစ်၍ နေလေသည်။ သာမန်ကလေးများ၏ နှလုံးသည် တစ်မိနစ်လျှင်အကြိမ် ၁၂၀ မျှ ခုန်၍၊ လူကြီးများ၏ နှလုံးမှာမူကား၊ တစ်မိနစ်လျှင် ၇၂ ကြိမ်မျှ ခုန်သည်။ ယုန်ကဲ့သို့ သေးငယ်သောတိရစ္ဆာန်တို့၏ နှလုံးသည် ကလေး၏နှလုံး ကဲ့သို့လျင်မြန်စွာခုန်၏။ အလွန်သေးငယ်လွန်းသော အချို့တိရစ္ဆာန်များမှအပ၊ ကျန်သတ္တဝါတို့၌ နှလုံးရှိသည်ချည်းဖြစ်၏။ တီကောင်၌ပင်လျှင် ကြွက်သားနံရံနှင့် ပြွန်တံကဲ့သို့ သေးငယ်သော နှလုံးရှိ၏။ ငါးများ၌ အခန်း ၂ ခန်းရှိသော နှလုံးရှိပြီးလျှင် ကြီးမားသောတိရစ္ဆာန်နှင့် လူတို့၌အခန်း ၄ ခန်းရှိသောနှလုံးရှိလေသည်။

ကျွန်ုပ်တို့ အိပ်စက်လဲလျောင်းနေစဉ်နှလုံးသည် အလွန်ညင်သာစွာ ခုန်၏။ မတ်ရပ်ထသည့်အခါ၌ ထိုင်နေသည့်အခါထက် ပို၍ လျင်မြန်စွာ ခုန်လေသည်။ အိပ်နေစဉ်တွင် နှလုံးသွေးကြောတို့ အနားရကြ၏။ အိပ်ရာမှရုတ်ခြည်းထသည့်အခါ၊ သွေးကြောတို့သည် ရုတ်တရက်ထကြွနိုးကြား

www.forevverspace.com.mm

လာရှည် ဦးနှောက်သို့ သွေးချက်ချင်းမရောက်နိုင်သဖြင့် ဦးခေါင်းလေးခြင်းဖြစ်ကြရ၏။ အလုပ်ကိုဖြစ်စေ၊ ကျန်းမာရေးလေ့ကျင့်ခဏ်းကိုဖြစ်စေ ပြင်းထန်စွာပြုလုပ်ခြင်း၊ သို့မဟုတ် ကြာရှည်စွာပြုလုပ်ခြင်းသည် နှလုံးကို အလွန်အကျူး အလုပ်လုပ်စေရာရောက်သဖြင့် နှလုံးရောဂါ ဖြစ်စေတတ်သည်။

နဲ့ဆရာကြီးဦးဒီလုံး

နဲ့နှင့်ပြွေ။ ။တူရိယာ၌ နှစ်မျိုးနှစ်စားရှိလေသည်။ ပထမအမျိုးအစား၌ အတီးတူရိယာမျိုးနှင့် အမှုတ်တူရိယာမျိုးဟူ၍ နှစ်မျိုးရှိသည်။ အတီးတူရိယာ ဆိုသည်မှာ လက်ဖြင့်ဖြစ်စေ၊ လက်ခတ်ကိရိယာဖြင့်ဖြစ်စေ ရိုက်ပုတ်တီးခတ်ရသောတူရိယာမျိုးဖြစ်သည်။ အမှုတ်တူရိယာ ဆိုသည်မှာ ပါးစပ်၌တပ်၍ လေဖြင့်မှုတ်ရသော တူရိယာမျိုး ဖြစ်သည်။ ထိုကြောင့် တူရိယာပညာကို အတီးအမှုတ် ပညာဟူ၍လည်းခေါ်ဆိုကြသည်။ ဒုတိယအမျိုးအစား၌ သံစုံတူရိယာနှင့် သံမစုံသော "ဒုန်း" ဟုခေါ်သည့် ဖြည့်စွက် တီးမှုတ်ရသောတူရိယာဟူ၍ နှစ်မျိုးပင်ရှိသည်။ သံစုံ တူရိယာ ဆိုသည်မှာ စီကုံးရေးသား၍ သီဆိုသောတေးသီချင်း၏ တေးသွားအလိုက်အတိုင်း တီးမှုတ်နိုင်သော တူရိယာမျိုးကိုဆိုသည်။ ပုံစံအားဖြင့်စောင်းကောက်၊ပတ်ဝိုင်း၊ ကြေးဝိုင်း၊ မောင်းဆိုင်း၊ ပတ္တလား စသည်တို့သည် သံစုံအတီးတူရိယာများဖြစ်ကြ၍၊ နဲ့၊ ပြွေတို့သည် သံစုံအမှုတ်တူရိယာများ ဖြစ်ကြသည်။ သံမစုံ ဒုန်းတူရိယာဆိုသည်မှာ သီဆိုသောတေးသီချင်းအလိုက်အတိုင်း ဖြစ်အောင် မတီးမမှုတ်နိုင်သောတူရိယာမျိုးကိုဆိုသည်။ ပုံစံအားဖြင့် စည်တော်၊ စည်တို၊ ပတ်မ၊ လင်းကွင်း၊ မောင်းစသည်တို့သည် သံမစုံ ဒုန်းအတီးတူရိယာများဖြစ်၍ တံပိုး၊ ခရာ၊ခရသင်း စသည်တို့သည် သံမစုံ ဒုန်းမှုတ်တူရိယာများ ဖြစ်ကြသည်။

ဒုန်းတူရိယာတို့သည် တေးသီချင်းအလိုက်အတိုင်းဖြစ်အောင် တီးမှုတ်နိုင်စွမ်းမရှိကြသော်လည်း သံစုံတူရိယာများကို ဖြည့်စွက်၍ တီးမှုတ်လိုက်သောအခါ "သာယာလေးနက်၊ ဂုဏ်ဆယ်ချက်က၊ ဘာဝငါးမျိုး၊ ရသာကိုးဖြင့်" ဟုဆိုသကဲ့သို့ အလိုရှိအပ်သောအရသာ၊ သဘာဝ၊ ဂုဏ်တို့နှင့် ပြည့်စုံလေတော့သည်။ ဖော်ပြခဲ့သည့်အတိုင်း နဲ့နှင့်ပြွေတို့သည် သံစုံအမှုတ်တူရိယာများ ဖြစ်ကြသည်။ နဲ့သည် နဲ့ကြီးနှင့်နဲ့ကလေး ဟူ၍ရှိ၏။ နဲ့ကြီးများတွင် လက်နှိပ်ရန် ဖောက်လုပ်ထားသော အပေါက်ငယ်ခုနှစ်ခုမှ ဖြစ်ပေါ်လာသော အသံခုနှစ်ပါးကို မူတည်သံဟုခေါ်သည်။ ယင်းတို့မှာ တစ်ပေါက်သံ၊ နှစ်ပေါက်သံမှစ၍ အစဉ်အတိုင်းခုနှစ်သံရှိ၏။ "ပေါင်းရုံးညိုးညံ၊ ခုနစ်သံတွင်၊ အသံခုနစ်မျိုး၊ လေးဆယ့်ကိုး" ဟု ဆိုသကဲ့သို့ မူတည်သံ တစ်ပါးလျှင်၊ အသံခုနစ်မျိုးစီ ရှိပြန်သေး၏။ "အသံသာယာ၊ တူရိယာမှာ၊ ဦးစွာညှင်းလုံး၊ တန္ဒန်းအောက်ပြန်၊ တဖန်ပုလဲ၊ မြင်စိုင်းကွဲမှု၊ ဒူရကဒွေး၊ ခေါ်ရေးထို့နောက်၊ ခြောက်သွယ်အညွှန့်၊ ကွန်းမြူးတစ်ဖန်၊ ပြည်တော်ပြန်ဟု၊မှတ်ရန် အခြား၊ အသံခုနစ်ပါးကို၊ သင်ကြားလွယ်ကူစေသတည်း" ဟုဆို၏။ ထိုခုနစ်သံတို့သည် အထက်ဖော်ပြပါ မူတည်သံခုနစ်ပါးကဲ့သို့ သံစဉ်အတိုင်း မဟုတ်ချေ။ သံစဉ်အတိုင်း သိမှတ်လိုသော်၊ မူတည်သံခုနစ်ပါးကို စက်ဝိုင်းသဏ္ဌာန်ပြုလုပ်၍ နှစ်သက်ရာ မည်သည့်အသံတစ်ပါးကိုမဆို၊ ညှင်းလုံးဟု ရှေးဦးစွာသတ်မှတ်ရသည်။ ယင်းကို သံမှန်ခေါ်၏။ ထိုနောက် လက်ယာဘက်သို့ ညှင်းလုံးမှစ၍ လေးခုရေတွက်ပြီးလျှင်၊ စတုတ္ထအသံကိုအောက်ပြန်ဟုခေါ်၏။ ထိုနည်းအတိုင်း အောက်ပြန်မှ လက်ယာဘက်သို့ ဆက်၍ရေတွက်ပြန်သော်၊ စတုတ္ထသံကို ပုလဲဟုခေါ်သည်။ ထိုနည်းအတိုင်း ရောက်ရာအသံမှ လေးလုံးစီတွဲ၍၊ စတုတ္ထသံတို့ကိုသတ်မှတ်ရာ၊ မြင်စိုင်း၊ ဒူရကဒွေး၊ ခြောက်သွယ်ညွှန့်၊ ပြည်တော်ပြန်ဟု သိမှတ်ရသည်။ နောက်ဆုံး ပြည်တော်ပြန်မှ လေးခုရေတွက်ပြန်သော်၊ ဦးစွာအစဖြစ်သော ညှင်းလုံးသို့ ပြန်၍ ဆက်မိလိမ့်မည်။ အတီးတူရိယာများ၏ အသံတို့သည် အနိမ့်အမြင့် လှေခါးထစ်ကဲ့သို့ အသံပြတ်အသံတိုများဖြစ်ကြ၏။ နဲ့နှင့်ပြွေတို့သည် ပတ်တစ်လုံးနဲ့တစ်ပေါက် အသံ ပြတ်မှုတ်နိုင်သည့်ပြင်၊ နိမ့်၍ဖြစ်စေ၊ မြင့်၍ဖြစ်စေ အသံမစဲဘဲ၊ ရှည်လျားစွာတရွှေ့ရွှေ့ လင်းမြွေ့ မြီးကဲ့သို့၊ ကြားသံများပါ၊ အသံတစ်ခုမှအခြား အသံတစ်ခုသို့ ကူးစက်သွားအောင်မှုတ်နိုင်စွမ်းရှိ၏။ ပုံပမာ တရောထိုးသောအခါ၊ ကြိုးပေါ်မှလက်နှိပ်သောလက်ချောင်းကလေးသည် တရွှေ့ရွှေ့ပွတ်ကာ၊ တသံမှ အခြားတစ်သံသို့ ရောက်အောင်၊ အထစ်အငေါ့မရှိ အသံချောအောင် ပြုနိုင်

www.foreverspace.com.mm

သက္ခဲသို့ နဲ့သည်လည်း ထို့အတူမှတ်နိုင်၏။ ထိုကြောင့် "နဲ့ချေ့လျှင် တရော"ဟု ဆိုကြ၏။ သံစုံတူရိယာတို့တွင် နဲ့၊ ပြွေ၊ တရောတို့သည် အသံအပြည်အစုံဆုံး ဖြစ်ကြ၏။

မူတည်သံ ခုနစ်ပါးတို့ကို သတ်မှတ်ပုံမှာ၊ နဲ့ကြီး မှဖြစ်ပေါ်လာ၏။ နဲ့ပြွေတို့တွင် သံစဉ်အတွက် အပေါက်ငယ်ခုနစ်ပေါက်နှင့် အောက်ဘက်တွင် လက်မဖြင့် နှိပ်ရသော "သရ"ပေါက်ခေါ် အပေါက်တစ်ပေါက်ရှိ၏။ ထိုအပေါက်ရှစ်ပေါက်စလုံးကိုပိတ်၍ မှုတ်သဖြင့် မြည်သော အသံကို တပေါက်သံခေါ်သည်။ ထိုနောက် အောက်ဆုံးတစ်ပေါက် ဖွင့်လိုက်လျှင် ခုနစ်ပေါက်သံခေါ်သည်။ နှစ်ပေါက်ဖွင့်ခြောက်ပေါက်သံ၊ သုံးပေါက်ဖွင့်လျှင် ငါးပေါက်သံ၊ လေးပေါက်ဖွင့်လျှင် လေးပေါက်သံ၊ ငါးပေါက်ဖွင့်လျှင် သုံးပေါက်သံ၊ ခြောက်ပေါက်ဖွင့်လျှင် နှစ်ပေါက်သံ၊ ခုနစ်ပေါက်ဖွင့်လျှင် တစ်ပေါက်သံဟုအသီးသီး ခေါ်ဆိုနိုင်သည်။ ခုနစ်ပေါက်လုံးဖွင့်သောအသံနှင့် အားလုံးပတ်သောအသံ၊ တစ်ပေါက်သံအထက်အောက် အသံတူနှစ်ခု ဖြစ်သည်။ တစ်ပေါက်သံဟုခေါ်ခြင်းမှာ ခုနစ်ပေါက်ဖွင့်ထားသဖြင့် တစ်ပေါက်သံဟုခေါ်သည်။ အထက်ခုနစ်ပေါက်အနက်၊ တစ်ပေါက်ကိုပိတ် (ခြောက်ပေါက်ဖွင့်)သော်၊ သရပေါက်ပါ နှစ်ပေါက် ပိတ်ထားသဖြင့် နှစ်ပေါက်သံခေါ်သည်။ ဤနည်းအတိုင်း ဆက်၍ တွက်ယူနိုင်သည်။ နဲ့ကြီး နဲ့ကလေးနှစ်မျိုးရှိကြရာ၊ အရွယ်အစားမတူကြသဖြင့် လက်ပေါက်သံချင်း မတူနိုင်ကြချေ။ ရှေးမြန်မာမင်းများလက်ထက်မှစ၍ ပထမကမ္ဘာစစ်လောက်တိုင် နဲ့ကြီး၏ အားလုံးဖိတ်သော တပေါက်သံမှန်သည် နဲ့ကလေး၏ သုံးပေါက်ပိတ်သံနှင့် တူညီခဲ့၏။ ရှေ့တော်ပြေး အမျိုးသမီး အိုးစည်ဝိုင်းများ၌ အမျိုးသမီးနဲ့သမားများပင် နဲ့ကလေး သုံးပေါက်ပိတ် သံမှန်ကို သုံးခဲ့ကြဘူးသည်။ ထိုနောက် သုံးပေါက်မှ လေးပေါက်သို့ပြောင်းခဲ့သည်မှာ ယခုတိုင် ဖြစ်လေသည်။ သုံးပေါက်ပိတ်ခေတ်ကို နဲ့ကြီးဆရာ ဦးဇေယျာခေတ်ဟုခေါ်၍ လေးပေါက်ပိတ်ခေတ်ကို နဲ့ဆရာ ဦးဒီလုံးခေတ်ဟု ခေါ်သည်။

နဲ့၊ ပြွေတို့၏ပညာသည် လွန်စွာကျယ်ဝန်းလှ၏။ နဲ့ကြီး၊ နဲ့ကလေး၊ ပြွေကြီး၊ ပြွေကလေးတို့သည် တသဘောတည်းဟု ဆိုနိုင်၏။ ညှစ်၍မှုတ်သော်၊ အထက်သံ ခုနစ်မျိုးထပ်မံတိုး၍ရနိုင်သေးသည်။ မှုတ်သောလေ၏ အပြင်းအပျော့ကိုလိုက်၍ရင်း၊ လက်ပေါက် သရပေါက်ကို ပြုပြင်ခြင်းဖြင့်ရင်း လိုရာအသံကိုဖြစ်စေနိုင်သော အသံရှည် တူရိယာမျိုးဖြစ်သည့် အလျောက်၊ အတီးတူရိယာတို့၏တီးကွက်များကို ပိုမိုသာယာအောင်ဖန်တီး၍ပေးရ၏။ အဆိုပညာရှင်တို့ မည်သည်ရေးသား စီကုံးထားသောစာ၏အရသာ ပေါ်လွင်စေခြင်းငှါ စာကိုပီသအောင်ဆိုရသည့်အပြင်၊ အတီးတူရိယာ၏ တီးကွက်နှင့် အဝင်အထွက်မှန်၍ စည်းဒုန်းကိုက်အောင်ဆိုရသည်။ ထိုသို့သီဆိုရာတွင် သံတို၊ သံရှည်၊ သံနိမ့်၊ သံမြင့်များ၌ နဲ့ပြွေတို့ကအထက်သို့ ကြူသံ၊ အောက်မြေကျ ဟဲသံ၊ ဝဲသံနှင့် အတွဲ အနွဲ့ အမဲ့ အလူး အလိုမ့်အမြိုသံတို့ဖြင့် ဝေဆာအောင် လိမ်းကျံ၍ အဆို ပညာရှင်များကို ဖန်တီးကာပေးရသေး၏။ ရှေးအခါက နာမည်ကျော်နဲ့ဆရာကြီးအချို့တို့သည် သိအပ်သောနဲ့သဘာဝ ပရိကံနှင့်ပြည့်စုံစေခြင်းငှါ အတီးအဆို ပညာများကို အနည်းနှင့်အများ လေ့လာကြရ၏။ ပတ္တလားအတီးနှင့် အဆိုကို သင့်လေရှိကြ၏။ ဤသို့လျှင် အဆိုအတီးနှင့်အမှုတ်တို့၏ ကွဲပြားခြားနားသောသဘာဝတို့ကိုသဘောပေါက်၍ လေ့လာဖန်များခြင်းဖြင့်၊ နာမည်ကျော်နဲ့ဆရာကြီးများ ဖြစ်လာကြလေသည်။ ယိုးဒယားသီချင်းကြီးများ၌ ကြေးသွားနဲ့သွားဟုခွဲခြား၍၊ ရှေးပညာရှင်စီကုံးရေးသားခဲ့ကြသည်ကို ထောက်ရှုရာ၏။

မြန်မာမင်းများလက်ထက်က ဆီးသားနဲ့များသည် အန္တရာယ်ကင်း၍ အာခံတွင်းနှင့် အထူးသင့်လျော်သည်ဟု ပညာရှိတို့မှတ်စွဲကာအသုံးပြုခဲ့ကြောင်း စာအကိုးအကားများရှိ၏။ ယခုအခါ၌မူ၊ ရှားသားများကို နဲ့တံပြုလုပ်ကြသည်။ နဲ့ကြီး၏အရှည်မှာ ၁ဖလက်မနှင့်တစ်မတ်ရှိသည်။ နဲ့လုံးအဝအကျယ်မှာ ၁လက်မမှုးတင်းရှိ၍၊ နဲ့လုံးထိပ်အကျယ်မှာ တစ်မတ်ရှိသည်။ နဲ့ခုနစ်ပေါက်၏ ထိပ်ဆုံးအပေါက်နှင့်နဲ့ထိပ် ၄လက်မကွာသည်။ လက်ပေါက်တစ်

နေမျိုးဗလဟာသခေါင်ဘွဲ့ကို ပါတော်မူ သီပေါဘုရင်မင်းတရားက ချီးမြှင့်ခြင်းခံရသော နဲ့ဆရာကြီး ဦးသာကြင်

www.foreverplace.com.mm

ခုနှင့်တစ်ခု တစ်လက်မနှင့် ၃ မူးကွာသည်။ အောက်ဆုံး အပေါက်နှင့်နဲ့အဖျားမှာ ၄လက်မကွာသည်။ အောက်လက်မ(သရ)ပေါက်နှင့် နဲ့လုံးထိပ် အကွာမှာ ၄ လက်မခွဲရှိသည်။ နဲ့ကလေး၏ အရှည်မှာ ၁၁ လက်မ မူးတင်းရှိ၏။ နဲ့လုံးအဝအကျယ်မှာ ၆ မူးရှိ၍၊ နဲ့လုံးထိပ်ဖျား အကျယ်မှာ ၃ ပဲရှိ၏။ လက်ပေါက်ခုနစ်ပေါက်၏ထိပ်ဆုံး လက်ပေါက်မှ နဲ့ထိပ်သို့ ၂ လက်မနှင့် ၆ မူးကွာသည်။ လက်ပေါက်တစ်ခုနှင့်တစ်ခုမှာ ၁ လက်မ ပဲတင်းကွာ၏။ အောက်ဆုံး အပေါက်နှင့် နဲ့အဖျား ၂ လက်မ ၆မူးပင်ရှိသည်။ အောက်လက်မ (သရ) ပေါက်နှင့် နဲ့လုံးထိပ်အကွာမှာ ၃ လက်မ တစ်မူးရှိလေသည်။ နဲ့တံ၏ထိပ်၌ ဖောင်းရစ် ၂ခုရှိ၏။ နဲ့၏ကိရိယာများမှာ (၁) တပွတ်နှင့်အခင် (၂) ဓားနှောခေါ်ပါးကွယ် (၃) တံကျင်ခေါ်ဆံထိုးနှင့် (၄) နဲ့ခြေခေါ်ဂေါ်လန်တို့ ဖြစ်သည်။ သတ္တုဖြင့်လုပ်သော ပြွန်တံချောင်းကို တပွတ်ဟုခေါ်သည်။ နဲ့ခင်လုပ်နည်းမှာ ထန်းဖူးထိပ်၏ အရွက်ငယ်များ ထန်းလက်မဖြစ်မီ၊ အနုမှအရင့်သို့ ပြောင်းချိန်၊ ပြန့်ကားခွဲစကာလကို ကျီးတောင်စိမ်းဟုခေါ်သည်။ ယင်းကိုဖြတ်၍၊ ချဉ်ရေ၊ ပြုတ်ကာကျပ်ခိုးတင်ပြီး လျှင်၊ နဲ့ခင်လုပ်ရသည်။ ထိုနောက် အရွယ်အစား ညီမျှစွာ ဖြတ်လိုးထားသော နဲ့ခင်များကို တစ်ဖက်သုံး လွှာစီတပ်၍ တပွတ်တွင် မျက်နှာချင်းဆိုင်ချည်ရသည်။ တပွတ်ကို နဲ့တံ၏ထိပ်၌တပ်၍မှုတ်ရသည်။ ယင်းကို နဲ့တံတွင်းသို့ များစွာသွင်းသော်၊ အသံသေး၍ မြင့်လာသည်။ အနည်းငယ်သွင်းသော်၊ အသံကြီး၍ နိမ့်လာသည်။ ဓားနှောမှာ သစ်သား၊ သတ္တု၊ ဆင်စွယ်တစ်မျိုးမျိုးဖြင့် အပြားဝိုင်းပြုလုပ်၍၊ အလယ်ဗဟိုတွင် အပေါက်ငယ် တစ်ခု ဖောက်ထားသည်။ အသုံးပြုလိုသော်၊ နဲ့ထိပ်ပေါက်နှင့် ဓားနှောပေါက်ထပ်၍၊ တပွတ်တပ်ကာ သုံးနိုင်ကြသည်။ ထိုဓားနှောခေါ် ပါးကွယ်ကို ရှေးအခါကသာ သုံးခဲ့ကြသည်။ တံကျင်မှာနဲ့ခင်များကို ပြုပြင်ရန်ဖြစ်သည်။ နဲ့ခြေမှာ သတ္တုနှင့်ပြုလုပ်၍ နဲ့တံ၏အဝတွင် အသံကျယ်ရန် စွပ်ထားရသည်။ နဲ့ခြေ၊ တံကျင်နှင့် ဓားနှောတို့ကို ထိန်းထားသောကြိုးစများကို ဖောင်းရစ် ၂ ခု ကြားခ်ိ ချည်နှောင်ရသည်။ ရှေးအခါက ဝါးဆစ်ပါသောပြွေများကို သုံးကြသည်။ ယခုအခါ ဝါးဆစ်အစား ဖယောင်းကို သုံးကြသည်။ ဝါးဆစ်ပြွေကို ခင်ပြွေဟု ခေါ်သည်။ ဖယောင်းတားပြွေကဲ့သို့ အသံစူးစူးဝါးဝါး မရှိချေ။

နဲ့ဆရာတို့သည် အောက်ပါအင်္ဂါများနှင့် ပြည့်စုံရ၏။ နှုတ်ခမ်း၊ လျှာ၊ သွား၊ အာ၊ လည်ချောင်းနှင့် သက်လုံတို့ ကောင်းရခြင်း၊လက်ချောင်းကလေးများ ပေါ့ပါးသွက်လက်၍၊ နှာနှင့်နားတို့ကောင်းရခြင်းတို့ဖြစ်ကြသည်။ နဲ့အတတ်ပညာ၌ ကျွမ်းကျင်လိမ္မာသော ပညာရှင်တို့ များ

နဲ့အရာတွင်တံခွန်စိုက်သူ မြန်မာညွှန့်ဦးချစ်မောင်

စွာရှိကြသည်။ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်တို့မှာ ဦးဇေယျာ၊ ဦးဒီလုံး၊ ဦးသာကြင်၊ ဦးချစ်ဖေ၊ ဦးသာကျောက်၊ ဦးချစ်မောင်နှင့် ဦးထီအောင်တို့ ဖြစ်ကြသည်။ ဦးဇေယျာသည် နဲ့ပညာရပ်တွင်သာမက၊ ဆိုင်းပညာပါ တတ်ကျွမ်းသောပုဂ္ဂိုလ်ဖြစ်သည်။ စစ်ကိုင်းသားဖြစ်သူ ဦးသာကြင်သည် ဦးဇေယျာ၏တပည့်ဖြစ်သည်။ အိန္ဒိယနိုင်ငံ၊ ရတနာဂိရိမြို့၊ သီပေါမင်းတရားရှေ့တော်တွင် ဆိုင်းဆရာ စိန်ဗေဒါနှင့် အသုံးတော်ခံခဲ့စဉ်က၊ နေမျိုးဗလဟာသခေါင်ဘွဲ့ချီးမြှင့်ခြင်းခံရသူ ဖြစ်သည်။ မြန်အောင်မြို့သား ငယ်မည်ကိုဖန်ခေါ် ဦးဒီလုံးသည် ဦးထွန်းဦး၏ တပည့်ဖြစ်သည်။ ၁၂၄၀ ပြည့်သားဖြစ်၍၊ ၁၂၈၆ ခုနှစ်၌ကွယ်လွန်လေသည်။ ဦးဇေယျာကဲ့သို့ ကျော်ကြားသူ ဖြစ်သည်။ ပန်းတနော်သား ဦးချစ်ဖေသည် ဦးဒီလုံး၏ တပည့်ဖြစ်သည်။ အင်္ဂလန်ပြည်သို့ ၁၉၂၄ ခုနှစ်၌ ဆရာညို၏ဆိုင်းအဖွဲ့နှင့် အတူသွားရောက် အသုံးတော်ခံခဲ့ရသူဖြစ်သည်။ အင်္ဂပူမြို့သား ဦးသာကျောက်သည် ဆိုင်းဆရာ ဆရာစိမ့်နှင့်တွဲခဲ့သည်။ သက်လုံကောင်းသဖြင့် အချိန်ကြာစွာနဲ့သံမစဲ၊ သက်ပြန်မှုတ်ခြင်း၌ကျော်ကြားသည်။ ပခုက္ကူမြို့သား ဦးချစ်မောင်သည် စိန်ဗေဒါနှင့် ရှစ်နှစ်တွဲခဲ့သည်။ နဲ့ခြေကို မတပ်ဘဲ၊ ပုဝါပါးအုပ်၍ စန္ဒရားနှင့်တွဲသော တရောသံကဲ့သို့၊ ညက်ညောစွာ မှုတ်နိုင်၏။ မြန်မာညွှန့် ဦးချစ်မောင်ဟု ကျော်ကြား၏။ ၁၂၅၄ ခုနှစ်သား ဖြစ်သည်။ ရန်ကုန်မြို့ ပန်တျာကျောင်း၌ ပတ္တလားနည်းပြဆရာကြီးအဖြစ်ဖြင့် အမှုထမ်းနေစဉ် ၁၃၂၀ ပြည့်နှစ်တွင်ကွယ်လွန်လေသည်။ ပြည်မြို့သား ဦးထီအောင်သည် ဟွန်းဟု ခေါ်သော နဲ့ခြေ အသေတပ်၍၊ အဝီမှုတ် ဝါသနာပါသူ ဖြစ်၏။ စိန်ဗေဒါ၊ ဦးဟံပတို့နှင့် တွဲခဲ့လေသည်။

ဦးဂုဏ်ဘဏ်

www.foreverspace.com.mm

နှင်း။ ။နှင်းသည် လေထုအထက်ပိုင်းရှိ ရေငွေ့မှ ဖြစ်ပေါ်သည်။ လေထုအောက်ပိုင်းသို့ ဆင်းသက်လာစဉ်၊ နှင်းသည် နွေးသောလေနှင့်တွေ့ထိလျှင်၊ အရည်ပျော်သွားသည်။ ကမ္ဘာပေါ်၌ နှင်းဖြစ်သောဒေသတို့ကို ကြည့်သော်၊ အီကွေတာမှ လတ္တီတွဒ် ၄၀ ̊ လောက်မှ လတ္တီတွဒ် ၇၅ ̊ အတွင်းရှိ ဒေသတို့၌ဆောင်းအခါတွင် အချိန်ကြာကြာသော်လည်းကောင်း၊အချိန်တိုတိုသော် လည်းကောင်း နှင်းဖြစ်ပေါ်တတ်သည်။ လတ္တီတွဒ် ၇၅ ̊ အထက်ရှိဒေသတို့တွင်ကား ကုန်းမြေရှိသောနေရာတိုင်း၌ပင် တနှစ်ပတ်လုံးနှင်းကျလျက်ရှိသည်။

အီကွေတာ၌ ပင်လယ်ပြင်အထက် ပေ ၁၇၀၀၀ လောက်မှစ၍အထက်တွင် နှင်းသည် အရည်မပျော်တော့ပေ။ ထိုအမြင့်ကို ပထဝီဝင်တွင် နှင်းမျဉ်းဟူ၍ခေါ်သည်။ နှင်းမျဉ်းနေရာမှစ၍ အထက်တွင် နှင်းကို ထာဝစဉ် တွေ့နေရသည်။ နှင်းမျဉ်းသည် လတ္တီတွဒ် ၃၀ ̊ ၌ အမြင့်ပေ ၁၃၅၀၀ လောက်တွင်ရှိ၍၊ လတ္တီတွဒ် ၇၀ ̊ ၌ အမြင့်ပေ ၁၀၀၀ တွင်ရှိသည်။ နှင်းအစဉ်ဖြစ်ပေါ်နေသော ဒေသများ၌ နှင်းသည်ဆင့်ကဲဆင့်ကဲ ကျလျက်နေသည်။ ထိုကြောင့် စောက်နက်သော တောင်စောင်းတွင် အပေါ်ကဖိသော နှင်း၏အလေးကြောင့် အောက်ကနှင်းတို့သည် လျှောကျ

နှင်းကျပြီးနောက်ကြည်နူးဖွယ်တောစပ်ရှုခင်း

ကုန်သည်။ ယင်းသို့ လျှောကျသော နှင်းခဲတို့ကို နှင်းခဲလျှောဟူ၍ခေါ်သည်။ အတန်စောက်တိမ်သော တောင်စောင်းတွင်မူ နှင်းပြင်၏အောက်ခြေ၌ နှင်းသည် ရေခဲမြစ်အဖြစ်သို့ပြောင်းသွားသည်။ (နှင်းခဲလျှော၊ ရေခဲမြစ်–ရှု။)

နှင်းပွင့်ဖတ်ကို မိုက္ကရိုစကုပ်အောက်တွင် ကြည့်ရှုလျှင် ယင်း၏ဖွဲ့စည်းပုံမှာ အံ့သြစဖွယ် ရှုပ်ထွေးလှသည်ကို တွေ့ရပေမည်။ နှင်း၌ လှပသောသဏ္ဌာန်များရှိသည်။ အချို့သဏ္ဌာန်မှာ အပွင့်သဏ္ဌာန်ရှိ၍၊ အချို့သဏ္ဌာန်မှာကား ဆန်စေ့သဏ္ဌာန်ရှိသည်။ အပွင့်သဏ္ဌာန်ရှိသော နှင်းကို နှင်းပွင့်ဟုခေါ်၍ ဆန်စေ့သဏ္ဌာန်ရှိသော နှင်းကို ဆီးနှင်းဟုခေါ်သည်။ နှင်းပွင့်သည် လေထဲ၌ရှိသော ရေငွေ့၏ အက်တမ်နှင့်မော်လီကျူးတို့မှ တိုက်ရိုက်ဖြစ်ပေါ်လာသည်။ ဆီနှင်းသည် နှင်းပွင့်များ စုပေါင်းလျက် တိမ်ဖြစ်နေသော ရေစက်ရေပေါက်ကလေးများ ပေါ်တွင် ခဲသွားသော အခါ၌ ဖြစ်ပေါ်တတ်သည်။ ရေ၏ မော်လီကျူးတွင်အက်တမ် ၃ ခု ဖွဲ့စည်းလျက်ရှိရာ၊ ယင်းတို့မှာ ဟိုက်ဒရိုဂျင် အက်တမ်၂ခုနှင့် အောက်ဆီဂျင်အက်တမ် ၁ခုဖြစ်ကြ သည်။ ထိုကြောင့် ဆီးနှင်းမှ နှင်းပွင့်ဖြစ်သောအခါ၊ သုံးထောင့်ပုံသဏ္ဌာန်သော်လည်းကောင်း၊ ခြောက်ထောင့်ပုံသဏ္ဌာန်သော်လည်းကောင်း ရှိကြသည်။ လူအများပင် ထိုနှင်းပွင့်တို့တွင် စိတ်ဝင်စားကြသဖြင့် ဓာတ်ပုံရိုက်ယူကြသည်။ ပုံတူရေးဆွဲသူများလည်းရှိသည်။ ပုံသဏ္ဌာန် အားဖြင့်တူ သော နှင်းပွင့်နှစ်ခုဟူ၍ အလွန်တွေ့ရခဲသည်။

လေထုတွင်အောက်ပိုင်းကျ၍ နွေးသောတိမ်ထဲ၌ ဖြစ် သော နှင်းပွင့်တို့သည် များသောအားဖြင့်ကြီးသည်။ ထိုနှင်း ပွင့်မျိုးသည် အချင်းတစ်လက်မခွဲခန့်ပင်ရှိတတ်၏။ ထိုနှင်း ပွင့်မျိုးသည် အပူချိန် ၃၂ ဒီဂရီ ဖာရင်ဟိုက်၌လည်း ဖြစ်ပေါ်တတ်သည်။ ထိုနှင်းပွင့်တို့တွင် လှပသော ကြယ်ပွင့်များ ပုံသဏ္ဌာန်ရှိကြသည်။ အချို့နှင်းပွင့်တို့အတွင်းတွင် ဆန်းကြယ်သောဒီဇိုင်းပုံအမျိုးမျိုးကိုတွေ့ရပေသည်။ ထိုဒီဇိုင်းပုံတို့သည် သေးငယ်သော လေပြွန်ကလေးများကြောင့် ဖြစ်ပေါ်ကြသည်။ ထိုလေပြွန်ကလေးများသည် နှင်းပွင့်ထဲတွင် အစက်အပေါက် ကလေးများသဏ္ဌာန်လည်းကောင်း၊ အချောင်းကလေးများသဏ္ဌာန်လည်းကောင်း၊ကွေးကွေးကောက်ကောက် မျဉ်းကြောင်းကလေးများသဏ္ဌာန်လည်းကောင်း ပါရှိကြသည်။ အလွန်အေးသော ဒေသတို့၌ ပြောင်းလုံး ပုံသဏ္ဌာန်ရှိသော နှင်းပွင့်မျိုးများကိုတွေ့ရသည်။ ထောင့်လေးထောင့်ရှိ၍၊ ပြားနေသောနှင်းပွင့်မျိုးလည်း ရှိသေး၏။ အထူးဆန်းဆုံးသော နှင်းပွင့်မျိုးသည် ပြောင်းလုံးပုံသဏ္ဌာန်ရှိ၍ အဖျားနှစ်ဘက်တွင် ကြယ်ပွင့်သဏ္ဌာန်နှင့် ပွင့်ဖတ်များ ကပ်လျက်ပါရှိကြသည်။

www.forewarspace.com.mm

နှင်းခဲလျှော ။ ။ နှင်းများ အထပ်ထပ် စုပုံနေတတ်သည့် တောင်ထူထပ်သောဒေသများတွင် ရေခဲနှင့်နှင်းများသည် ထုထယ်ကြီးမားသည့် အစိုင်အခဲကြီးများ ဖြစ်လျက် တောင်စောင်း တစ်လျှောက် လျှောကျလာကာ၊ ယင်းသို့ ကျဆင်းလာရာ လမ်းတစ်လျှောက်ရှိ၊ သက်ရှိသက်မဲ့ မည်သည့် အရာဝတ္ထုကိုမဆို ဖျက်ဆီးချေမှုန်းပစ်တတ်လေသည်။ ယင်းတို့ကို နှင်းခဲလျှောဟုခေါ်သည်။

နှင်းခဲလျှောများသည် အချိန်အခါမရွေး ကျလာတတ်သော်လည်း၊ နေရောင်ခြည်ကြောင့် နှင်းများ အရည်ပျော်စပြုသည့် နွေကူးကာရာသီ အစလောက်တွင်၊ မကြာခဏ ကျတတ်လေသည်။ သို့သော် ယင်းသို့ကျတတ်သည့် နှင်းခဲလျှောကျများသည် ဆောင်းရာသီတွင် ကျတတ်သည့် နှင်းခဲလျှောများလောက်အန္တရာယ်မပေးလှပေ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့ကျရောက်လာမည်ကို ကြိုတင်မြော်လင့်ထားနိုင်ပြီးလျှင်၊ ကာကွယ်ရေးအစီအမံများ ကြိုတင် ပြုလုပ်ထားနိုင်သောကြောင့်ဖြစ်၏။ ဆောင်းရာသီတွင်ကား တောင်စောင်းများတစ်လျှောက်တွင်၊ နှင်းများသည် သိပ်သိပ်သည်းသည်းမရှိလှဘဲ အထပ်ထပ်ကျ နေတတ်ရာ၊ လေပြင်းတစ်ချက်တိုက်ရုံမျှဖြင့် တောင်ခြေချိုင့်ဝှမ်းဆီသို့ နှင်းထုကြီးများ လျှောကျလာနိုင်လေသည်။

နှင်းခဲလျှောများသည် သစ်ပင်များ၊ ကျောက်ဆောင်ကျောက်စွန်းများနှင့် အိမ်များမှအစ၊ ယင်းသို့ ကျဆင်းလာရာ လမ်းတစ်လျှောက်ရှိ အရာဝတ္ထုအားလုံးကို အရှိန်ဖြင့်သယ်ယူသွားလေသည်။ တောင်စောင်းများ တစ်လျှောက်တွင် သစ်တောကြီးများ စိုက်ပျိုးထားခြင်းဖြင့်၊ ယင်းတို့ကို ဟန့်တားနိုင်ကောင်း ဟန့်တားနိုင်လိမ့်မည်။ တစ်ခါတစ်ရံ အကာအကွယ်အဖြစ် ထူထဲခိုင်ခံ့သော တံတိုင်းကြီးများကို ဆောက်လုပ်ထားတတ်လေသည်။

နှင်းဆီ။ ။နှင်းဆီ၏ ရုက္ခဗေဒအမည်မှာ "ရိုဆာ" ဖြစ်၍၊ "ရိုဇေးစီအီး"မျိုးရင်းတွင် ပါဝင်သည်။ ရှေးခေတ်ကစ၍ ယခုတိုင်အောင်နှင်းဆီပန်းသည် လူအများကြိုက်ပန်းဖြစ်သည်။ နှင်းဆီမျိုးပေါင်းတစ်ထောင်ကျော်မျှရှိသည်။ ထိုပန်းပင်မျိုးသည် မြောက်ဘက် ကမ္ဘာခြမ်းဒေသများတွင် အများအပြားပေါက်ရောက်သည်။ သို့သော် အချို့အပူပိုင်းဒေသများတွင်လည်း ပေါက်ရောက်သေးသည်။ နှင်းဆီပင်များသည် တစ်ခါတစ်ရံ အခြားအပင်တစ်ပင် ပေါ်သို့ နွယ်ပတ်ပေါက်ရောက်တတ်သည်။ နှင်းဆီပင်စည်နှင့် အကိုင်းအခက်များအားလုံးတွင် ဆူးများရှိသည်။ အချို့ဥယျာဉ်နှင်းဆီမျိုးတွင် အမွေးကလေးများရှိသည်။ ရွက်လွှာ အနားသားများတွင် အထစ်ကလေးများဖြစ်၍ နေသည်။ ရွက်တံတစ်ခုတွင် ရွက်ပွား အရေအတွက်မှာ အမှန်မရှိဘဲ၊ ၁ရွက်မှ ၁၁ရွက်အထိရှိ၍၊ တစ်ခါတစ်ရံ ၁၅ ရွက်အထိ ရှိတတ်သည်။ နှင်းဆီပန်းအရောင်မှာ အဖြူ၊ ပန်းရောင်၊ အနီရောင် ဖြစ်သည်။

နှင်းဆီပွင့်၏ထူးခြားချက်တစ်ရပ်မှာ ပွင့်ဖတ်အမြောက်အများရှိခြင်းပင်ဖြစ်သည်။ သို့ရာတွင် ဥယျာဉ်စိုက်နှင်းဆီမျိုး၌သာ၊ ဤကဲ့သို့ ပွင့်ဖတ်အများအပြားရှိခြင်းဖြစ်သည်။ နှင်းဆီရိုင်းများတွင်ကား ပွင့်ဖတ် ၅ဖတ်သာရှိ၍၊ ရိုးရိုးနှင်းဆီကဲ့သို့ ပွင့်ဖတ်များ တစ်ခုနှင့်တစ်ခု ထပ်၍ မနေဘဲ ကပ်၍ပေါက်ကြသည်။ ဝတ်ဆံဖိုနှင့် ဝတ်ဆံမများကား နှစ်မျိုးစလုံး၌ပင် အမြောက်အများရှိသည်။ ပွင့်ဖတ်များသော ဥယျာဉ်ပန်းမျိုးတွင် ဝတ်ဆံဖိုများသည် ပွင့်ဖတ်အဖြစ်သို့ ပြောင်းလဲသွားကြသည်။

နှင်းဆီပင်တွင် အနီသို့မဟုတ် အဝါရင့်ရောင် အသီးကလေးများသီးသည်။ ရှေးခေတ် ရောမလူမျိုးများသည် နှင်းဆီပွင့်ချပ်များကိုနန်းတော်တွင်း၌ ညောင်စောင်းများ သလွန်များပေါ်တွင် ဖြန့်ကြဲ၍ထားလေ့ရှိကြသည်။ ယခုခေတ်တွင် နှင်းဆီပန်းကိုပေါင်း၍ ရေမွှေးများပြုလုပ်ဖော်စပ် ကြသည်။ ရေမွှေးတအောင်စကို ရရှိရန်အတွက် နှင်းဆီပန်းပွင့်ပေါင်း၄၀၀၀ခန့်လိုသည်။ ပြင်သစ်နိုင်ငံ တောင်ပိုင်းဒေသများတွင်လည်းကောင်း၊ ဗူလဂေးရီယားနိုင်ငံ၌လည်းကောင်းဇကပေါင်းမြောက်မြားစွာသော မြေကွက်လပ်များတွင် နှင်းဆီပင်ကောင်းများကို ရေမွှေးလုပ်ငန်းအတွက်စိုက်ပျိုးကြသည်။

မြန်မာနိုင်ငံတွင် နှင်းဆီပန်းပင်သည် ကမ်းရိုးတစ်လျှောက်၌ အရိုင်းပေါက်သည်။ ဥယျာဉ်များ၌ စိုက်ပျိုးသော နှင်းဆီပန်းမျိုးလည်း အများအပြားရှိသည်။ နှင်းဆီပန်းပင်များကို အလှသက်သက် စိုက်ပျိုးကြသည်။

နှင်းပေါက်။ ။နံနက်စောစောတွင် ပန်းပင်၊သစ်ပင်နှင့် မြက်ခင်းများပေါ်၌ စိန်ကျောက်ကလေးများပမာ အရောင်တလက်လက်ဖြင့် စီရရှိသီးနေသော နှင်းပေါက်ကလေးများ ကိုတွေ့မြင်ဖူးကြပေလိမ့်မည်။ နှင်းပေါက်ကလေးများသည် နေဝင်ရီတရောနှင့် ညဘက်အချိန်များတွင်လည်း ဖြစ်ပေါ်တတ်ကြသည်။ အဆိုပါ နှင်းပေါက်ကလေးများ ဖြစ်ပေါ်လာပုံကားဤသို့တည်း။

နေ့ခင်းဘက် တချိန်လုံးတွင် အင်းအိုင် ချောင်းမြောင်းနှင့်တကွ သစ်ပင်ဝါးပင်တို့တွင်ရှိသောရေသည် နေ၏အပူရှိန်ကြောင့် ရေဘဝမှရေငွေ့ဘဝသို့ပြောင်းပြီးလျှင် ပျံ့လွင့်နေကြသည်။ ထိုရေငွေ့များကို ပတ်ဝန်းကျင်ရှိလေက လက်ခံထိန်းသိမ်းထား၍ လေသည် နွေးလေလေ ရေငွေ့များကို အမြောက်အမြား ထိန်းထားနိုင်လေလေဖြစ်သည်။သို့ရာတွင် နေလုံးပျောက်၍ ညဘက်သို့ရောက်လာသောအခါ၊ မြေကြီးနေရာ မြေမျက်နှာပြင်နှင့် ကပ်လျက်ရှိသည့်လေပါ

www.foreverspace.com.mm

အပူရှိန်လျော့လာပြီးလျှင် လေထဲ၌မိမိထိန်းထားနိုင်သမျှ ထက်ပိုနေသော ရေငွေ့တို့ကို စွန့်ပစ်လေတော့သည်။ ထိုအခါ တဖြည်းဖြည်းအေးလာသော လေမှ စွန့်ပစ်ခြင်းခံရသောရေငွေ့တို့သည် သစ်ပင်ပန်းပင်နှင့် မြက်ပင်စသော မျက်နှာပြင်အေးနေသည့် အရာဝတ္ထုများပေါ်တွင် ရေစက်ရေလုံးကလေးများအဖြစ်သို့ ကူးပြောင်းသွားကြလေသည်။ ကျွန်ုပ်တို့တွေ့မြင်ရသော နှင်းပေါက်ကလေးများသည် ဤသေးငယ်သော ရေလုံးကလေးများပင်ဖြစ်၍ ဤသို့ နှင်းပေါက်ကလေးများဖြစ်ပေါ်သည့် အပူချိန်ဒီဂရီကို သိပ္ပံပညာတွင် ''နှင်းဖြစ်အမှတ်'' သို့မဟုတ် ''ပြည့်ဝအမှတ်''ဟု ခေါ်လေသည်။

တိမ်ထူထပ်ပေါများသောညဉ့်နှင့် လေတိုက်ခတ်လျက်ရှိသောညဉ့်များတွင် မြေမှ အပူရှိန်သည် လဟာပြင်ထဲသို့ မပျံ့လွင့်နိုင်အောင် တိမ်တိုက်ကတားဆီးထားခြင်းကြောင့်လည်းကောင်း၊ တိုက်ခတ်နေသောလေက မြေမျက်နှာပြင်အနီး၌ လေနွေးနှင့်လေအေးတို့ကို ရောနှောပေးခြင်းကြောင့်လည်းကောင်း၊ လေ၏ အပူဒီဂရီသည် ''နှင်းဖြစ်အမှတ်''သို့ရောက်အောင် မအေးသည့်အတွက် နှင်းပေါက်များသည် လွယ်လင့်တကူ ဖြစ်ပေါ်နိုင်ခြင်းမရှိပေ။

နှင်းပေါက်များသည် ရိုးရိုးမြေပြင်မှာထက် ရေငွေ့ပေါများသောသစ်ပင်ဝါးပင် ထူထပ်သည့်နေရာနှင့် ချိုင့်ဝှမ်းများတွင် ပို၍ ဖြစ်ပေါ်လွယ်တတ်သည်။ ကမ္ဘာပေါ်ရှိ အချို့သော ကုန်းမြင့်ဒေသများတွင် ရေငွေ့ထုတ်ပေးစရာသစ်ပင်နှင့် ချောင်းမြောင်းများ မရှိပါဘဲလျက်၊ နှင်းပေါက်များမှ ရေကြောင့်ဖြစ်ထွန်းလာသော ''နှင်းအိုင်''များကို တွေ့ရတတ်သည်။ ထိုနှင်းအိုင်းများ ဖြစ်ထွန်းလာပုံကို ယခုထက်တိုင် ကျေနပ်လောက်အောင် အဖြေရှာမရသေးပေ။

နှင်းပေါက်ဖြစ်ပေါ်ပုံကို လက်တွေ့စမ်းသပ် ကြည့်လိုပါက ခွက်တစ်ခုတွင် ရေခဲကို ထည့်ကြည့်ပါ။ တစ်ခဏမျှကြာသောအခါ ခွက်ထဲမှ စိမ့်ထွက်လာသည့်အလား၊ ခွက်၏အပြင်ဘက် မျက်နှာပြင်ပေါ်၌ ရေစက်ကလေးများ သီးလာသည်ကို တွေ့ရလိမ့်မည်။ ထိုရေစက်ကလေးများသည် နှင်းပေါက်ပင်ဖြစ်၍ လေထဲတွင်ရှိသောရေငွေ့နှင့် အေးနေသောခွက်၏မျက်နှာပြင်တို့ ထိတွေ့ရာမှ ဖြစ်ပေါ်လာသော ရေစက်ကလေး များပင်တည်း။

နှင်းပေါက်ခဲ။ ။ဆောင်းရာသီအခါ ရေခဲတတ်သည့် တိုင်းပြည်၌ ကောက်ပဲသီးနှံပင်များ အဖူးအညွှန့်ထွက်ချိန်၊ အသီးအနှံများမှည့်ချိန်တွင် မိုးလေဝသဌာနတို့သည် နှင်းပေါက်ခဲများ ကျရောက်မည်ကို သတိပြုနေကြသည်။ နှင်း



တိမ်မြူကင်းစင်သည့် ညဉ့်အခါများ၌သာ ကျရောက်သည့်နှင်းပေါက်ခဲ

www.foreverspace.com.mm

ပေါက်ခဲများ ကျရောက်လိမ့်မည်ဟု ခန့်မှန်းရသော အခါ၌ ကောက်ပဲသီးနှံ စိုက်ပျိုးကြသော တောင်သူလယ်သမားတို့အား ကြိုတင်သတိပေးကြရလေသည်။ ဤသို့သော အခါမျိုးမှာ ကောင်းကင်၌ တိမ်မြူများ ကင်းစင်သည့် ညဉ့်အချိန်မျိုးတွင် နှင်းပေါက်ခဲများ မကျရောက်တတ်ချေ။ အဘယ်ကြောင့် ဆိုသော် တိမ်တိုက်တို့သည် နေ့ခင်းကတည်းက ပူထားသည့် နေ၏အပူရှိန်ကို မြေပြင်မှအထက်သို့ လွင့်ပျောက်မသွားရအောင် ဖုံးကာထားသောကြောင့် ဖြစ်လေသည်။

တိမ်ကင်းစင်သောညဉ့်အခါတွင်၊ မြေပြင်အထက်ရှိ လေထုသည် ငြိမ်သက်နေ၍ ရေငွေ့တို့ဖြင့် ပြည့်ဝ၍ နေသည်။ ထိုအခြေ၌ အပူချိန်သည် ရေခဲမှတ်(ဖာရင်ဟိုက် ၃၂ °)အောက်သို့ ကျရောက်သွားလျှင် နှင်းပေါက်ခဲများကျရောက်လာတတ်သည်။ နှင်းပေါက်ခဲများသည် အပင်များပေါ်တွင် ထူပိန်းနေအောင် ကျရောက်လျက်ရှိလျှင်၊ ယင်းတို့ကို နှင်းပေါက်ပျဉ်ဟုခေါ်သည်။

နှင်းပေါက်ခဲကျရောက်ရာ၌ ကောက်ပဲသီးနှံများ ပျက်စီးတတ်သဖြင့်၊ ယင်းသို့မကျရောက်မီကပင် တောင်သူလယ်သမားတို့နှင့် ဥယျာဉ်စိုက်ပျိုးသူတို့သည် အပင်များကို ကြိုတင်၍ ကာကွယ်ထားကြလေသည်။ ကာကွယ်ရန်နည်းမှာ မြေပြင်မှအပူရှိန်အထက်သို့ မပျံ့လွင့်အောင် ပြုလုပ်ရန်ပင် ဖြစ်သည်။ ဥယျာဉ်ယာခင်း တို့၏အထက်တွင် ပါးလွှာပေ့ါပါးသော ပိတ်အဝတ်ကြီးများဖြင့် ဖုံးလွှမ်းထားတတ်ကြသည်။ ထိုပြင် ဥယျာဉ်ယာခင်းတို့အတွင်း မီးများပုံရှို့၍ မီးခိုးများများထွက်အောင်လည်း ပြုလုပ်တတ်ကြသည်။

တောင်စောင်းပေါ်နှင့် တောင်ကြားထဲ၌စိုက်ပျိုးသောယာခင်းများတွင် တောင်စောင်းပေါ်မှအပင်တို့သည် တောင်ကြားထဲမှအပင်တို့လောက် နှင်းပေါက်ခဲ၏ ဖျက်ဆီးခြင်း ဒဏ်ကို မခံကြရပေ။ အချို့က လေအေးသည် တောင်အောက်သို့ ဆင်းသွားခြင်းကြောင့်၊ တောင်ကြားထဲမှ အပင်တို့သည် နှင်းပေါက်၏ဒဏ်ကို ခံရသည်ဟု ထင်မှတ်မှားကြ၏။ အမှန်မှာလေသည် ညဉ့်အခါ၌ အေးလာသဖြင့် သိပ်သည်း၍လေးလံလာ၏။ တောင်ကြားထဲတွင် လေသည် အောက်အကျဆုံးနေရာ၌ မရွှေ့ရှားဘဲအေးသည် ထက်သာအေးလာသည်။ တောင်စောင်းပေါ်မှလေမှာမူ လေးလံလာသည့် အလျောက် အောက်သို့ကျဆင်းသွားရာ၊ အထက်မှ ပိုမိုနွေးသောလေသည် အစားထိုး ဝင်ရောက်လာသည်။ ထိုကြောင့် တောင်စောင်းပေါ်၌အပူချိန်သည် တောင်ကြားထဲ၌ အပူချိန်ထက်ပို၍ မြင့်ခြင်းဖြစ်သည်။

နှင်းပေါက်ခဲများကို မှန်ဘီလူးဖြင့်ကြည့်လျှင် အလွန်လှပသော အပွင့်ငယ်ကလေးများ အဖြစ်တွေ့မြင်နိုင်ပေသည်။ အခန်းအတွင်း၌ လေသည် ခြောက်သွေ့နေလျှင် မည်မျှပင် အေးနေစေကာမူ၊ နှင်းပေါက်ခဲများကို ပြတင်းပေါက်မှန်များ၌ မမြင်ရပေ။ သို့ရာတွင် ထိုအခန်းထဲ၌ရေနွေးအိုးကို ကျိုက်ကျိုက်ဆူအောင် တည်လိုက်လျှင်၊ သို့မဟုတ် လူအများ ဝင်ရောက်ကာ အသက်ရှူထုတ်ကြလျှင် အခန်းတွင်းရှိလေသည် စိုထိုင်း၍ လာလိမ့်မည်။ ယင်းသို့ လေသည် စိုထိုင်း၍နေကာ၊ အပူချိန်လည်းနိမ့်ကျလျက်ရှိလျှင် ပြတင်းပေါက်မှန်ပေါ်၌ ၄က်မွေးသဏ္ဌာန် အလွန်လှပသည့် နှင်းပေါက်ခဲများ ဖြစ်ပေါ်လာတတ်သည်။ နှင်းပေါက်ခဲများဖြစ်နေစဉ် လေငြိမ်သက်နေရန်မှာ အထူးအရေးကြီးပေသည်။

တစ်ခါတစ်ရံ လေခြောက်သွေ့နေသော အခါ၌လည်းကောင်း၊ လေတိုက်ခတ်နေသောအခါ၌လည်းကောင်း အပူချိန်သည် ရေခဲမှတ်အောက်သို့ ရောက်သွားတတ်သည်။ ထိုအခြေ၌ နှင်းပေါက်ခဲများသည် အဖြူရောင်မဟုတ်ဘဲ၊ အမည်းရောင် ရှိသည်ကိုတွေ့ရသည်။ နှင်းပေါက်ခဲ အမည်းမှာ အဖြူထက်များစွာ ပိုမိုအေးမြလေသည်။

နှစ်ကျိပ်ရှစ်ဆူ။ ။လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော တဏှာကင်္ဂ ဘုရားရှင်မှ ဤဘဒ္ဒ ကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူသော ဂေါတမမြတ်စွာဘုရားရှင် အထိ ဘုရားရှင်ပေါင်း နှစ်ကျိပ်ရှစ်ဆူရှိ၏။ ထိုနှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့မှာ (၁) တဏှာကင်္ဂ်ရာဘုရား၊ (၂) မေဓင်္ကရာဘုရား၊ (၃) သရဏာဂမ်ရာဘုရား၊ (၄) ဒီပင်္ကရာဘုရား၊ (၅) ကောဏ္ဍညဘုရား၊ (၆) မင်္ဂလာဘုရား၊ (၇) သုမနာဘုရား၊ (၈) ရေဝတာဘုရား၊ (၉) သောဘိတာဘုရား၊ (၁၀)အနောမဒဿီဘုရား၊ (၁၁) ပဒုမာဘုရား၊ (၁၂) နာရဒဘုရား၊ (၁၃) ပဒုမုတ္တရာဘုရား၊ (၁၄)သုမေဓာဘုရား၊ (၁၅)သုဇာတာဘုရား၊ (၁၆) ပိယဒဿီဘုရား၊ (၁၇)သိဒ္ဓတ္ထာဘုရား၊ (၂၀)တိဿာဘုရား၊(၂၁)ဖုဿာဘုရား၊ (၂၂)ဝိပဿီဘုရား၊ (၂၃)သိခီဘုရား၊(၂၄)ဝေဿဘူဘုရား၊ (၂၅)ကကုသန္ဓာဘုရား၊ (၂၆) ကောဏာဂမနာဘုရား၊ (၂၇) ကဿပဘုရား၊ (၂၈) ဂေါတမာဘုရားဟူ၍ ဖြစ်သည်။

ဗုဒ္ဓဝင်ကျမ်းတွင် ဂေါတမမြတ်စွာဘုရားသည် ဒီပင်္ကရာဘုရား ရှင်လက်ထက်မှစ၍ ဗျာဒိတ်ခံသောကြောင့် ဒီပင်္ကရာဗုဒ္ဓဝင်မှစ၍ ဖော်ပြကြသည်။ တဏှာကင်္ဂ်ရာဘုရားသည် သာရမဏ္ဍာ ကမ္ဘာတွင် ပထမပွင့်တော်မူသည်။ ပွင့်တော်မူရာ ဗောဓိပင်မှာ စရည်းပင်ဖြစ်သည်။ မေဓင်္ကရာဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍာကမ္ဘာတွင် ဒုတိယ

www.foreverspace.com.mm

နှစ်ကျိပ်ရှစ်ဆူဘုရား ပူဇော်ရန်ပြင်ဆင်ထားစဉ်

ပွင့်တော်မူသည်။ပွင့်တော်မူရာဗောဓိပင်မှာ ပေါက်ပင်ဖြစ်သည်။ သရဏက်ရာဘုရားသည် လေးသန်းနှင့်ကမ္ဘာ တစ်သိန်းထက်၌ သာရမဏ္ဍကမ္ဘာဝယ် တတိယပွင့်တော်မူသည်။ ပွင့်တော်မူရာဗောဓိပင်မှာ ညောင်ချဉ်ပင်ဖြစ်သည်။

ဒီပင်္ကရာဘုရားရှင်သည်လွန်လေပြီးသော လေးသန်းနှင့် ကမ္ဘာတစ်သိန်းထက်၌ပွင့်တော်မူ၍၊ သာရမဏ္ဍကမ္ဘာတွင် ၄ ဆူမြောက်ဖြစ်သည်။ သက်တော် တစ်သိန်း ရှည်တော်မူ၍၊ ဥဏ်တော်အတောင်ရှစ်ဆယ်မြင့်တော်မူသည်။ ညောင်ကြတ်ဗောဓိပင်မှာ ပွင့်တော်မူရာဖြစ်သည်။

ကောဏ္ဍည ဘုရားရှင်သည် လွန်လေပြီးသော သုံးသန်းနှင့် ကမ္ဘာတစ်သိန်းထက်၊ သာရကမ္ဘာတွင် တစ်ဆူတည်းပွင့်တော်မူသည်။ သက်တော် တစ်သိန်း၊ရှည်တော်မူ၍၊ ဥဏ်တော်ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ သာလကလျာဏီ ဗောဓိပင်၌ ပွင့်တော်မူသည်။

မင်္ဂလာဘုရားရှင်သည် လွန်လေပြီးသော နှစ်သန်းနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍ ကမ္ဘာတွင် ရှေးဦးဆုံးပွင့်တော်မူသည်။ သက်တော် ကိုးသောင်း ရှည်တော်မူ၍၊ ဥဏ်တော် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ကဲ့ကော်ဗောဓိပင်၌ ပွင့်တော်မူသည်။

သုမနဘုရားရှင်သည် လွန်လေပြီးသောနှစ်သန်းနှင့်ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍကမ္ဘာတွင် ဒုတိယပွင့်တော်မူသည်။ သက်တော်ကိုးသောင်းရှည်တော်မူ၍၊ ဥဏ်တော် အတောင်ကိုးဆယ် မြင့်တော်မူသည်။ ကဲ့ကော်ဗောဓိပင်၌ ပွင့်တော်မူသည်။

ရေဝတဘုရားရှင်သည် လွန်လေပြီးသော နှစ်သန်းနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍ ကမ္ဘာတွင် တတိယ ပွင့်တော်မူသည်။ သက်တော်ခြောက်သောင်း ရှည်တော်မူ၍ ဥဏ်တော်အတောင်ရှစ်ဆယ်မြင့်သည်။ ကဲ့ကော်ဗောဓိပင်၌ ပွင့်တော်မူသည်။

သောဘိတဘုရားရှင်သည် လွန်လေပြီးသောနှစ်သန်းနှင့် ကမ္ဘာတစ်သိန်းထက်၌ သာရမဏ္ဍကမ္ဘာတွင် နောက်ဆုံးပွင့်တော်မူသည်။ သက်တော် တစ်သိန်းရှည်တော်မူ၍ ဥဏ်တော်ငါးဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ဖောက်ကဲ့ကော်ဗောဓိပင်၌ ပွင့်တော်မူသည်။

အနောမဒဿီဘုရားရှင်သည် လွန်လေပြီးသောတစ်သန်းနှင့် ကမ္ဘာတစ်သိန်းထက်၌ ဝရကမ္ဘာတွင် ပထမ ပွင့်တော်မူသည်။ သက်တော်တစ်သိန်းရှည်တော်မူ၍ ဥဏ်တော် ငါးဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ဖေါက်ကြီ့ ဗောဓိပင်၌ ပွင့်တော်မူသည်။

ပဒုမဘုရားရှင်သည် လွန်လေပြီးသော တစ်သန်းနှင့် ကမ္ဘာတစ်သိန်းထက်၌ ဝရကမ္ဘာတွင် ဒုတိယ ပွင့်တော်မူသည်။ သက်တော် တစ်သိန်းရှည်တော်မူ၍ ဥဏ်တော် ငါးဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ကြောင်လျှာကြီးဗောဓိပင်၌ ပွင့်တော်မူသည်။

www.foreverspace.com.mm

နာရှဒဘုရားရှင်သည် လွန်လေပြီးသော တစ်သန်းနှင့် ကမ္ဘာတစ်သိန်းထက်၌ ဝရကမ္ဘာတွင် တတိယ ပွင့်တော်မူ သည်။ သက်တော်ကိုးသောင်းရှည်တော်မူ၍ ဥာဏ်တော် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ကြောင်လျှာငယ် ဖောဒိပင်၌ ပွင့်တော်မူသည်။

ပဒုမုတ္တရဘုရားရှင်သည် လွန်လေပြီးသောကမ္ဘာတစ် သိန်းထက်၌ သာရကမ္ဘာတွင်ပွင့်တော်မူသည်။ သက်တော် တစ်သိန်းရှည်တော်မူ၍ ဥာဏ်တော် ရှစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ထင်ရှူး ဖောဓိပင်၌ ပွင့်တော်မူသည်။

သုမေဓဘုရားရှင်သည် လွန်လေပြီးသောကမ္ဘာသုံး သောင်းထက်၌ မဏ္ဍာကမ္ဘာတွင် ပွင့်တော်မူသည်။ သက် တော်ကိုးသောင်းရှည်တော်မူ၍ ဥာဏ်တော်ရှစ်ဆယ့် ရှစ်တောင်မြင့်သည်။ တမာဖောဓိပင်၌ ပွင့်တော်မူ သည်။

သုဇာတဘုရားရှင်သည် လွန်လေပြီးသောကမ္ဘာသုံး သောင်းထက်၌ မဏ္ဍာကမ္ဘာတွင် ဒုတိယ ပွင့်တော်မူသည်။ သက်တော်ကိုးသောင်းရှည်တော်မူ၍ ဥာဏ်တော်အတောင် ငါးဆယ်မြင့်တော်မူသည်။ ကြခတ်ဖောဓိပင်၌ ပွင့်တော်မူ သည်။

ပိယဒဿီဘုရားရှင်သည် လွန်လေပြီးသောကမ္ဘာပေါင်း တစ်ထောင်ရှစ်ရာထက်၌ ဝရကမ္ဘာတွင်ပွင့် တော်မူသည်။ သက်တော်အနှစ်ကိုးသောင်းရှည်တော်မူ၍၊ ဥာဏ် တော်အတောင်ရှစ်ဆယ် မြင့်တော်မူသည်။ သျှိသျှား ဖောဓိပင်၌ ပွင့်တော်မူသည်။

အတ္ထဒဿီ ဘုရားရှင်သည် လွန်လေပြီးသော ကမ္ဘာ ပေါင်းတစ်ထောင်ရှစ်ရာထက်၌ ဝရကမ္ဘာတွင် ဒုတိယပွင့် တော်မူသည်။ သက်တော်အနှစ်တစ်သိန်းရှည်တော်မူ၍၊ ဥာဏ်တော်အတောင်ရှစ်ဆယ် မြင့်တော်မူသည်။ စကား ဖောဓိပင်၌ ပွင့်တော်မူသည်။

ဓမ္မဒဿီဘုရားရှင်သည် လွန်လေပြီးသောကမ္ဘာပေါင်း တစ်ထောင်ရှစ်ရာထက်၌ ဝရကမ္ဘာတွင် တတိယပွင့်တော် မူသည်။ သက်တော်အနှစ်တစ်သိန်းရှည်တော်မူ၍၊ ဥာဏ် တော်အတောင်ရှစ်ဆယ်မြင့်တော်မူသည်။ ရေခံတက်ဖောဓိ ပင်၌ ပွင့်တော်မူသည်။(အချို့စာများတွင် မျက်နှာပန်းပင် ဟုလည်းကောင်း၊ ကြက်မောက်ကြီးပင်ဟုလည်းကောင်း၊ သံသတ်ပင် ဟူ၍လည်းကောင်း ဖော်ပြထားသည်။)

သိဒ္ဓတ္ထဘုရားရှင်သည် လွန်လေပြီးသောကမ္ဘာပေါင်း ကိုးဆယ်လေးကမ္ဘာထက်၌ သာရကမ္ဘာတွင် ပွင့်တော်မူ သည်။ သက်တော်အနှစ်တစ်သိန်းရှည်တော်မူ၍၊ ဥာဏ် တော် အတောင်ခြောက်ဆယ် မြင့်တော်မူသည်။ စကား ဖောဓိပင်၌ ပွင့်တော်မူသည်။

တိဿဘုရားရှင်သည် လွန်လေပြီးသောကိုးဆယ်နှစ် ကမ္ဘာထက်၌ မဏ္ဍာကမ္ဘာတွင် ပထမပွင့်တော်မူသည်။ သက်တော်အနှစ်တသိန်းရှည်တော်မူ၍၊ ဥာဏ်တော် အတောင် ခြောက်ဆယ်မြင့်တော် မူသည်။ ဝိတောက် ဖောဓိပင်၌ ပွင့်တော်မူသည်။

ဖုဿဘုရားရှင်သည် လွန်လေပြီးသောကမ္ဘာပေါင်း ကိုးဆယ်နှစ်ကမ္ဘာထက်၌ မဏ္ဍာကမ္ဘာတွင် ဒုတိယ ပွင့်တော် မူသည်။ သက်တော် အနှစ်ကိုးသောင်းရှည်တော်မူ၍၊ ဥာဏ်တော် ငါးဆယ့်ရှစ်တောင် မြင့်တော်မူသည်။သျှိသျှား ဖောဓိပင်၌ ပွင့်တော်မူသည်။

ဝိပဿီ ဘုရားရှင်သည် လွန်လေပြီးသော ကိုးဆယ်တစ် ကမ္ဘာထက်၌ သာရကမ္ဘာတွင် ပွင့်တော်မူသည်။ သက်တော် ကိုးသောင်းရှည်တော်မူ၍၊ ဥာဏ်တော် အတောင်ရှစ်ဆယ် မြင့်တော်မူသည်။ သခွတ်ဖောဓိပင်၌ ပွင့်တော်မူသည်။

သိခီဘုရားရှင်သည် လွန်လေပြီးသော သုံးဆယ့်တစ် ကမ္ဘာထက်၌ မဏ္ဍာကမ္ဘာတွင် ပထမပွင့်တော်မူသည်။ သက်တော်အနှစ်ခုနစ်သောင်းရှည်တော်မူ၍၊ ဥာဏ်တော် အတောင်ခုနစ်ဆယ်မြင့်တော်မူသည်။ သရက်ဖြူဖော ဓိပင်၌ပွင့်တော်မူသည်။

ဝေဿဘူဘုရားရှင်သည် လွန်လေပြီးသော သုံးဆယ့် တစ်ကမ္ဘာထက်၌ မဏ္ဍာကမ္ဘာတွင် ဒုတိယပွင့်တော်မူ သည်။ သက်တော်ခြောက်သောင်း ရှည်တော်မူ၍၊ ဥာဏ် တော်အတောင်ခြောက်ဆယ် မြင့်တော်မူသည်။ အင် ကြင်းဖောဓိပင်၌ ပွင့်တော်မူသည်။

ကကုသန္ဓဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာတွင် ပထမ ပွင့်တော်မူသည်။ သက်တော် အနှစ်လေးသောင်း ရှည်တော်မူ၍၊ ဥာဏ်တော်အတောင်လေးဆယ် မြင့်တော်မူသည်။ ကုက္ကိုဖောဓိပင်၌ ပွင့်တော်မူသည်။

ကောဏာဂမန ဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာတွင် ဒုတိယ ပွင့်တော်မူသည်။ သက်တော်အနှစ်သုံးသောင်း ရှည်တော်မူ၍၊ ဥာဏ်တော်အတောင်သုံးဆယ်မြင့် တော်မူ သည်။ ရေသဖန်း ဖောဓိပင်၌ ပွင့်တော်မူသည်။

ကဿပဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာတွင် တတိယ ပွင့်တော်မူသည်။ သက်တော်အနှစ်နှစ်သောင်း ရှည် တော်မူ၍၊ ဥာဏ်တော်အတောင်နှစ်ဆယ် မြင့်တော်မူသည်။ ပညောင် ဖောဓိပင်၌ ပွင့်တော်မူသည်။

ဂေါတမဘုရားရှင်သည် ဤဘဒ္ဒကမ္ဘာတွင် စတုတ္ထ ပွင့်တော်မူသည်။ သက်တော်အနှစ်ရှစ်ဆယ် ရှည်တော်မူ၍ ဥာဏ်တော်တစ်ဆယ့်ရှစ်တောင် မြင့်တော်မူသည်။ ညောင် ဖောဓိပင်၌ ပွင့်တော်မူသည်။

နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့၏နောက်တွင် အရိမေတ္တေယျဘုရားရှင်သည် ကံ့ကော်ဖောဓိပင်၌ ပွင့်တော် မူမည်။ ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်မြဲဖြစ်ပေသည်။

www.foreverspace.com.mm

နှစ်ဟောင်းလွန်၍ နှစ်သစ်ဆန်းသော် ။ ။

နှစ်ဟောင်းလွန်၍ နှစ်သစ်ဆန်းစ ပထမနေ့ကို မင်္ဂလာရှိသော နေ့ထူးနေ့မြတ်အဖြစ် ကမ္ဘာနှင့်အဝန်း အသိအမှတ်ပြုကြသည်။ ထိုမင်္ဂလာရှိသော နှစ်ဆန်းတစ်ရက်နေ့ကို ကမ္ဘာပေါ်ရှိလူမျိုး အသီးသီးတို့ မိမိတို့၏ ရိုးရာဓလေ့ထုံးစံအလိုက် မည်သို့ သတ်မှတ်ပုံ၊ ကျင်းပပုံတို့ကို စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရပေလိမ့်မည်။

နှစ်ဆန်းတစ်ရက်။ ။နှစ်ဟောင်းလွန်၍ နှစ်သစ်ဆန်းစ ပထမနေ့ကိုနှစ်ဆန်းတစ်ရက်နေ့ဟု ခေါ်ကြသည်။ အချို့ကလည်း နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်နေ့ဖြစ်သဖြင့် နှစ်သစ်ကူးနေ့ဟုခေါ်ကြသည်။ ယင်းနေ့ကို မင်္ဂလာရှိသော နေ့ထူးနေ့မြတ်အဖြစ် နိုင်ငံတိုင်း၌ ကိုယ့်ဓလေ့နှင့်ကိုယ် ကျင်းပကြကာ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ ထားကြသည်။

ကမ္ဘာပေါ်တွင် လူမျိုးအလိုက် ဘာသာအလိုက် ကိုယ့်စရိုက် ကိုယ့်ဘာသာနှင့် နှစ်များကို ရေတွက်သည့် အစဉ်အလာသည့် လူ့ယဉ်ကျေးမှု ထွန်းကားသည့် အချိန်မှစ၍ ရှိလာခဲ့သည်။ နှစ်ဟူသည့် အပိုင်းအခြားကို သတ်မှတ်သည့် အစဉ်အလာ ရှိချိန်မှစ၍ နှစ်ဆန်းတစ်ရက်နေ့ဟူသော ဝေါဟာရပေါ်လာသည်ဟု ယေဘုယျအားဖြင့် ယူဆရန်ရှိသော်လည်းမည်သည့် ခုနှစ်သက္ကရာဇ်မှစ၍ နှစ်ဆန်းတစ်ရက်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကျင်းပခဲ့သည်ကိုမူ တတ်အပ် မဆိုနိုင်ချေ။

အဟောင်းမှ အသစ်သို့ ပြောင်းခြင်းကား နှစ်လိုဖွယ်ရာဖြစ်သည်။ထို့ကြောင့် နှစ်သစ်ကူးပြောင်းခြင်းကို မင်္ဂလာဟု အများကလက်ခံကြသည်။ ယင်းသို့ မင်္ဂလာရှိသောနေ့ကို သတ်မှတ်ပုံ၊ ကြိုဆိုပုံ၊ ကျင်းပပုံချင်းကား လူတစ်မျိုးနှင့် တစ်မျိုး မတူကြချေ။ အချို့က ဗေဒီလထဲတွင် နှစ်ဆန်း၌ အချို့ကဇန်နဝါရီလတွင်နှစ်ဆန်းသည်။ ကြိုဆိုကျင်းပနည်းလည်း ရိုးရာဓလေ့ထုံးစံအလိုက်ကွဲပြားကြသည်။ အချို့သူတို့၏ နှစ်ဆန်းပွဲတွင်ရေကစား၍ အချို့ကမီးထွန်းကြသည်။ အချို့ကကခုန်ကြ၍ အချို့ကဘုရားရှိခိုးဆုတောင်းပွဲပြုကြသည်။ အချို့ကမှုမီးအိုးမီးပန်းများပစ်ဖောက်ကြသည်။ မည်သို့ပင်ဖြစ်စေ နှစ်ဆန်းသည့်အချိန်တွင် နှစ်ဟောင်းမှ အညစ်အကြေးတို့ကို ဆေးကြောပယ်ဖျက်လိုခြင်း၊ နှစ်သစ်ကို ဝမ်းပန်းတသာခင်းကျင်းကြိုဆိုခြင်း၊ တစ်နှစ်ကုန်၍ အသက်ဝါစသည်ကြီးရင့်လာသည်ကို အသိအမှတ်ပြုထားသည့် လက္ခဏာဖြင့် သက်ကြီးဝါကြီး မိဘဘိုးဘွားတို့အား ပူဇော်ဂါရဝပြုခြင်း၊ ဘာသာဓလေ့များအရ စိတ်ကောင်း

နှစ်ဆန်းတစ်ရက်နေ့ (နှစ်သစ်ကူးနေ့) ကို အင်္ဂလန်ပြည် ဗွန်းမောက်မြို့တွင် ပျော်ရွှင်စွာ ကျင်းပနေကြစဉ်

www.foreverspace.com.mm

မွေးရ၍ ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းတို့၌ကား တသဘောတူညီးနှင်နှင်ဖြစ်ကြသည်။

လွန်ခဲ့သည့်နှစ်ထောင် ပေါင်းများစွာက အီဂျစ်လူမျိုးတို့၏နှစ်ဆန်းတစ်ရက်နေ့သည် နိုင်းမြစ်ရေလျှံသည် ဇွန်လ လယ်မှနေ့တစ်နေ့ဖြစ်သည်။ ရှေးရောမလူမျိုးတို့ကမူ မတ် ၁ရက်နေ့ကို နှစ်ဆန်းတစ်ရက်နေ့ဟု သတ်မှတ်ခဲ့ကြသော်လည်း ဂျူးလယပ်ဆီဇာက တံခါးပေါက်များနှင့် အစနှင့်အဆုံးကို အစိုးရသောဂျေးနပ်နတ်မင်းအား ဂုဏ်ပြုသောအားဖြင့် ယင်းကိုအစွဲပြုမှည့်ထားသော ဇန်နဝါရီလ ၁ရက်နေ့ကို နှစ်ဆန်းတစ်ရက်နေ့အဖြစ် သတ်မှတ်လိုက်သည်။ အင်္ဂလန်ပြည်တွင်မူ ရောမတို့ ဝင်ရောက်မသိမ်းပိုက်မီက ဒီဇင်ဘာ ၂၅ရက်နေ့ကို နှစ်ဆန်းတစ်ရက်နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ရောမတို့အင်္ဂလန်ပြည်ကို ဝင်ရောက်သိမ်းပြီးနောက်မှ ရောမတို့နည်းတူ ဇန်နဝါရီလ ၁ရက်နေ့ကိုနှစ်ဆန်းတစ်ရက်နေ့အဖြစ် ပြောင်းလဲသတ်မှတ်လိုက်သည်။ အလယ်ခေတ်လောက်က ခရစ်ယာန်အယူဝါဒီတို့၏ နှစ်ဆန်းတစ်ရက်နေ့သည် မတ် ၂၅ရက်နေ့ဖြစ်သည်။ ၁၅၈၂ ခုတွင် ဂရက်ဂရီယန်ပြက္ခဒိန်ကို ရောမကက်သလစ်ဂိုဏ်းဝင်တို့လက်ခံ အသုံးပြုလိုက်သည့် အချိန်မှစ၍ ဇန္နဝါရီလ ၁ ရက်နေ့ကို နှစ်ဆန်းတစ်ရက် နေ့အဖြစ် သတ်မှတ်လိုက်ကြသည်။ ယခုအခါ၌မူ ဇန်နဝါ ရီလ၁ရက်နေ့သည် ကမ္ဘာ့နှစ်ဆန်းတစ်ရက်နေ့သဖွယ် ဖြစ်နေလေပြီ။

ထိုင်းနိုင်ငံ၌မူ နှစ်ဆန်းတစ်ရက်နေ့ကို အမျိုးမျိုးထွက်ကြသည်။ ယင်းသို့ကွဲပြားချက်များအနက် ယိုးဒယားနှစ်၏ လေးလနှင့်ငါးလတို့၏အကူးတွင်ကျင်းပသောပွဲကား လူထု၏ နှစ်ကူးပွဲပင် ဖြစ်သည်။ ယင်းလအတွင်းရှိ လကွယ်နေ့၊ လဆန်း ၁ရက်နေ့၊ လဆန်း၂ရက်နေ့တို့တွင် မည်သည့်နေ့ရက်၌ နှစ်သစ်ကူးရန် အခါတော်ကျရောက်သည်ကို ပုဏ္ဏားဟူးရားတို့ကတွက်၍ နှစ်ဆန်းတစ်ရက်နေ့ကို သတ်မှတ်ပေးသည်။ ယင်းသို့ တွက်ချက်သည့်အစဉ်အလာသည် အိန္ဒိယနိုင်ငံမှရရှိခဲ့ဟန်တူသည်။ အိန္ဒိယနိုင်ငံ၌မူ သက်ဝင်ယုံကြည်သောအယူဝါဒအလိုက်နှင့် နေထိုင်သော ဒေသအလိုက် နှစ်ဆန်းချိန်ကွဲပြားသည်။ ဘင်္ဂလားနှင့် အာသံပြည်နယ်တို့တွင် ဧပြီလ၌နှစ်သစ်ဆန်းသည်။ ပါရစီလူမျိုးတို့၏ နှစ်ကူးချိန်သည် စက်တင်ဘာလ ၅ ရက်နေ့ဖြစ်၍ ဟိန္ဒူအယူဝါဒီအချို့၏ နှစ်ကူးချိန်သည် နိုဝင်ဘာလတွင် ကျရောက်၍ ဒေဝါလီမီး ထွန်းပွဲဟုခေါ်ကြသည်။ အချို့ဟိန္ဒူတို့မူကား ဟိန္ဒူပြက္ခဒိန်၏ဆယ့်တစ်လမြောက်ဖြစ်သောဖာဂွန်းလတွင် ကျင်းပလေ့ရှိသည်။ ယင်းကိုဟူလီပွဲတော်ဟုခေါ်သည်။ တရုတ်တို့၏နှစ်ကူးပွဲသည် ဖေဖော်ဝါရီလအတွင်း၌ဖြစ်၍ မြန်မာတို့၏ နှစ်ဆန်းတစ်ရက်နေ့သည် ဧပြီ၁၆ရက် သို့မဟုတ် ၁၇ရက်ခန့်တွင် ကျရောက်တတ်သည်။ ပြက္ခဒိန်တော်ဆက်အဖွဲ့က မည်သည့်နေ့မည်သည့်အချိန်တွင် နှစ်သစ်ဆန်းမည်ကို တွက်ချက်သတ်မှတ်ရသည်။ အိန္ဒိယနိုင်ငံမှ အစဉ်အလာကဲ့သို့ပင် ဖြစ်သည်။

နှစ်ဆန်းချိန် လူတစ်မျိုးနှင့်တစ်မျိုး မတူကြသကဲ့သို့ပင် နှစ်ဆန်းပွဲတော် ကျင်းပပုံချင်းလည်းမတူကြချေ။ မြန်မာလူမျိုးတို့၏ နှစ်ကူးပွဲကို သင်္ကြန်ဟုခေါ်သည်။ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည်ဟူသောအနက်ရသည်။ နှစ်သစ်ကို ကြိုဆိုသည့်သဘောဖြင့် မြန်မာလူမျိုးတို့သည် ရေပက်ကစားကြသည်။ လာမည့်နှစ်သစ်တွင် အညစ်အကြေး ဘေးဘယများကင်းစင်၍ ကြည်လင်အေးမြစေရန် ရည်သန်သည့်သဘောဖြစ်သည်။ လူကြီး မိဘ ဆရာသမားတို့အားပူဇော်ကန်တော့ခြင်း၊ အိမ်တွင်းအိမ်ပြင်ရှိ အညစ်အကြေးအမှိုက်သရိုက်များကို ရှင်းလင်းခြင်း၊ ဦးခေါင်းဆေးလျှော်ခြင်း၊ စေတီပုထိုးကျောင်းကန်များသို့ ထွက်၍ ဥပုသ်သီတင်း ဆောက်တည်ကာ ဒါနပြုခြင်း၊ ဘုရားပုထိုးရုပ်ပွားတော်များကို ရေသပ္ပါယ်ခြင်းများ ပြုလုပ်ကြသည်။ နှစ်ဆန်းတစ်ရက်နေ့တွင်ရရှိသော ငွေကြေးကို အမှတ်တရသိမ်းခြင်း၊ ငွေကုန်ကြေးကျမများအောင် ထိန်းသိမ်းခြင်းများ ပြုသည့်ဓလေ့ မြန်မာတို့၌ ရှိသည်။(သင်္ကြန်–ရှု။)

မြန်မာနိုင်ငံတွင် မြန်မာတို့၏ နှစ်ကူးသဘင်ဖြစ်သည့် သင်္ကြန်အခါတော်သာရှိသည်မဟုတ်၊ ကရင်နှစ်ကူးပွဲ၊ ချင်းနှစ်ကူးပွဲ၊ ကယားနှစ်ကူးပွဲစသည်ဖြင့် တိုင်းရင်းသားလူမျိုးအလိုက် နှစ်ကူးသဘင်များလည်းအသီးသီး ရှိကြသည်။ ကရင်လူမျိုးတို့၏နှစ်ဆန်းတစ်ရက်နေ့သည် ပြာသိုလဆန်း ၁ ရက်နေ့တွင် ကျရောက်သည်။ ထိုနေ့၌ ကရင်လူမျိုးတို့သည် တောင်ယာပဲခင်း လယ်ထွက်ပစ္စည်းများကိုယူဆောင်ကာ သက်ကြီးရွယ်ကြီးများအား ကန်တော့ကြသည်။ ဆွေမျိုးမိတ်သင်္ဂီဟများနှင့် စုရုံးစားသောက်ကြသည်။ ထိုနေ့တွင်ပင် ဝမ်းစားစပါးသိုလှောင်ခြင်း၊ နှစ်ဟောင်းမှ ကွယ်လွန်သူများ၏သင်္ဂြိုဟ်ဗြီးပြာများကို လေထဲတွင်ကြဲလွင့်ဖျောက်ဖျက်ခြင်းများပြုကြသည်။ (ကရင်လူမျိုး–ရှု။)

ကယားလူမျိုးတို့၏ နှစ်ဆန်းတစ်ရက်နေ့အဖြစ် ၁၉၅၁ ခုမှစ၍ ဧပြီ ၂၆ရက်နေ့ကို သတ်မှတ်ကြသည်။ ယခင်ကမူ နှစ်စဉ်ကျင်းပမြဲဖြစ်သော်လည်း ရက်ကို ကန့်သတ်ပြဋ္ဌာန်းခြင်းမရှိရကား၊ ပြည်နယ်အတွင်းတွင်၌ပင် တစ်မြို့နှင့်တစ်မြို့ပွဲတော် ကျင်းပရက်ချင်းမတူကြချေ။ ကယားလူမျိုးတို့၏နှစ်ကူးပွဲကို ကလူမင်္ဂလာပွဲတော်ဟုခေါ်သည်။ ရိုးရာယဉ်ကျေးမှုထုံးစံအတိုင်း ဖားစည်တီး၍ကခုန်ခြင်း၊ အိမ်သစ်တက်ခြင်းများ ပြုကြသည်။ (ကလူမင်္ဂလာပွဲတော်–ရှု။)

ချင်းလူမျိုးတို့၏ နှစ်ဆန်းတစ်ရက်နေ့ကား အောက်တိုဘာလကုန်ခန့်တွင် ကျင်းပလေ့ရှိကြသည်။ ယင်းပွဲတော်ကို ခွမ်သာပွဲဟု ခေါ်ကြသည်။

www.foeyarpyae.com.mm

တရုတ်ကို့သည် နှစ်မကူးမီကပင် မြန်မာများနည်းတူ အမှိုက်သရိုက်အညစ်အကြေးများ ရှင်းလင်းဆေးကြော ခြင်းပြုသည့်အပြင် နှစ်ဟောင်းမှရှိသမျှသော ကြွေးမြီများကို ကုန်စင်အောင် ပေးဆပ်ရှင်းလင်း တတ်ကြသည်။ သို့ရာ တွင် နှစ်ဆန်းတစ်ရက်နေ့တွင် တံမြက်လှဲခြင်း၊ အဝတ် လျှော်ခြင်း မပြုချေ။ လာဘ်တိတ်သည်ဟု အယူရှိခြင်း ကြောင့်ဖြစ်သည်။ မီးအိုး မီးပန်းပစ်ဖောက်ခြင်း၊ အစားအ သောက်များ ကျွေးမွေးခြင်း၊ နှစ်ဟောင်းလွန်၍ နှစ်သစ်၏ ပထမနေ့အရောက်တွင် အဆို အတီးများဖြင့် ကြိုဆိုခြင်း၊ နဂါးအကဖြင့် လှည့်လည်ခြင်းတို့ကို ပြုသည်။

ဂျပန်လူမျိုးတို့၏ နှစ်ကူးပွဲတော်နေ့တွင် အိမ်ဝင်းတံခါး ပေါက်များ၌ ထင်ရှားခေတ်များ၊ ဝါးခက်များဖြင့် တန်ဆာ ဆင်ကာ အိမ်တံခါးမကြီးများ၌ ပုစွန်ထုပ်များ၊ ကဏန်း ကောင်ကြီးများ၊ ကြက်သွေးရောင်ရှိသော သစ်သီးခိုင်များကို ချိတ်ဆွဲထားလေ့ရှိသည်။ နှစ်များနှင့်ဆိုင်သောနတ်မင်း ကြီအား လာမည့်နှစ်တွင် မစစောင့်ရှောက်ရန် ပူဇော်ပသ မှုပြုသောပွဲတော်ကြီးလည်းဖြစ်သည်။ နှစ်ဟောင်း၏ နောက်ဆုံးသောထိုညဉ့်တွင် ၁၂နာရီထိုးသည်အထိ စကား တပြောပြောနှင့်ထိုင်ကြသည်။ နှစ်ကူးချိန်ကျလျှင် ဘုရားရှိ ခိုးကျောင်းမှ ခေါင်းလောင်း ၁၀၈ကြိမ်ထိုး၍ ၁၀၈ မျိုးသော မကောင်းဆိုးဝါးများ လွင့်စေရန်ဆုတောင်းသည်။ မော်ချီ ခေါ် ကောက်ညှင်းမုန့်များလုပ်၍ ဝေကြသည်။

ရောမလူမျိုးတို့သည် နှစ်ကူးနံနက်တွင် ကြက်ဦးတွန် သည်နှင့်တစ်ပြိုက်နက် ပြင်ဆင်ထားပြီးဖြစ်သောမိမိတို့၏ အိမ်တံခါးများကိုဖွင့်ကာ ရှေးဦးဆုံး မင်္ဂလာနှုတ်ခွန်းဆက် စကားပြောသည်။ သူတို့၏နှစ်ကူးမင်္ဂလာပွဲကို ခုနစ်ရက် တိုင်တိုင်ကျင်းပကြသည်။ ရောမခေတ်ကောင်း စဉ်ကမူ ဇကရာဇ်ဘုရင်အား လက်ဆောင်ပဏ္ဏာများဆက်ကြသည်။ ပထမသော်ခင်မင်လေးစားသည့်အနေဖြင့် အုန်းရွက်၊ ထန်း ရွက်များကို ဆက်သသည်သာဖြစ်၏။ နောင်တွင် အခွင့် အရေးရလိုသူတို့က အဖိုးထိုက်အဖိုးတန်ပစ္စည်းများကို ဆက်သခဲ့ကြ၏။ ဤရောမသားတို့၏ နှစ်သစ်ကူး နေ့တွင် လက်ဆောင်ပဏ္ဏာပေးကမ်းသည့်ဓလေ့ကို ရောမသားကုန် သည် တို့က ယူဆောင်လာသဖြင့် ပါးရှားနိုင်ငံတွင်လည်း ပျံ့နှံ့ခဲ့ရပေသည်။

အင်္ဂလန်ပြည်ကို ရောမတို့သိမ်းပိုက်ဘူးသဖြင့် အင်္ဂလိပ် နှစ်သစ်ကူးပွဲဓလေ့တွင် ရောမနှစ်သစ်ကူးပွဲ ထုံးတမ်းများ ရောစွက်လာခဲ့ရပေသည်။ ဇကရာဇ်မင်းအား နှစ်သစ်ကူး တွင် လက်ဆောင်ပဏ္ဏာဆက်သသည့် ရောမဓလေ့သည် အင်္ဂလန်ပြည်သို့ ရောက်ခဲ့သဖြင့် အင်္ဂလိပ် လူမျိုးများသည် ဘုရင်မင်းမြတ်၊ သို့မဟုတ် ဘုရင်မအား နှစ်သစ်လက် ဆောင်အဖြစ် စိန်ရွှေရတနာမွမ်းမံ ခြယ်လှယ်ထားသော လက်အိတ်ကို ဆက်သသည့်အလေ့ဖြစ်လာသည်။ နှစ်သစ် ကူး ဆုတောင်းပွဲများပြုလုပ်၍ အချင်းချင်း လက်ဆောင် ပေးခြင်း၊ နှစ်ဦးဆုမွန်ကတ်ပြားပို့ခြင်းများ ပြုကြသည်။

နှစ်သစ်ကူးနေ့တွင် အင်္ဂလိပ်လူမျိုး လင်ယောကျ်ားဖြစ် သူက အိမ်ရှင်မအား တနှစ်လုံးအတွက် တွယ်အပ်များ လုံလောက်စွာဝယ်ယူထားရန် ငွေထုတ်ပေးသော ဓလေ့တစ် ခုသည် ရှေးအခါကရှိခဲ့သည်။ ထိုသို့ထုတ်ပေးသော ငွေကို တွယ်အပ်ငွေဟုခေါ်သည်။ သို့သော် ထိုဓလေ့သည် ၁၈၀၀ ပြည့်နှစ်လောက်တွင် ကွယ်ပျောက်သွားခဲ့၏။ အဘယ် ကြောင့်ဆိုသော် အင်္ဂလန်ပြည်သည် ၁၈၀၀ ပြည့်လွန်နှစ် များတွင် စက်မှု ထွန်းကားသည့် တိုင်းပြည်ဖြစ်လာခဲ့သဖြင့် တွယ်အပ် ရှားပါးမှု မရှိတော့သောကြောင့် ဖြစ်ပေသည်။ သို့ရာတွင် ယခုထက်တိုင် အသေးသုံးငွေကို တွယ်အပ် ငွေဟုခေါ်ဝေါ်လျက် ရှိပေသေးသည်။ အင်္ဂလိပ်လူမျိုးများ၏ အခြားနှစ်သစ်ကူး ထုံးတမ်းဓလေ့ တခုကား တစ်နှစ်လုံး ပြုခဲ့သမျှ မကောင်းမှုများကို ပယ်ဖျက်ပစ်သည့် သဘောဖြင့် ကျောက်သင်ပုန်းများကို ဆေးကြောခြင်းပင်ဖြစ်၏။ ရှေးအ ခါကမူ မီးဖိုခေါင်းတိုင်များကို ဆေးကြောကြသည်။ နှစ်ကူး လက်ဆောင်အဖြစ် ဝက်သစ်ချပင်မှရသောကျည်းပေါင်း သားအဆောင် သို့မဟုတ် လက်ဖွဲ့များပေးသည့် အလေ့ လည်း ရှိကြသည်။

ဥရောပအလယ်ပိုင်းတွင် နေထိုင်ကြသောဆလဗ်လူမျိုး တို့၏ နှစ်ကူးဓလေ့ကားတစ်မျိုးဖြစ်သည်။ ယင်းတို့တွင် ရှေး အခါက ပြက္ခဒိန်နှစ်ဟူ၍မရှိချေ။ သီးနှံစိုက်ပျိုးရသော အချိန်ကာလတစ်ပတ်လည်သောအခါတွင် နှစ်ကူးချိန်တစ် ချိန်ရောက်သည်ဟုသဘောထားကြသည်။ သီးနှံဖွံ့ဖြိုးရေး သည် ယင်းလူမျိုးတို့၏ နှစ်ဆန်းချိန်ဆုတောင်းဖြစ်သည်။

ဆလဗ်အနွယ်ဝင် ရုရှလူမျိုးတို့သည် နှစ်မဆန်းမီညဉ့် တွင် 'နှစ်သစ်ဦးပျော်ရွှင်ဖွယ်သစ်များနှင့်' ဟုဆိုကာ တစ် ဦးနှင့်တစ်ဦးနှုတ်ဆက်ကြသည်။ ဇာဘုရင်များလက်ထက် က ရုရှနိုင်ငံ၌ စက်တင်ဘာ ၁ရက်နေ့တွင် ဘုရင်နှင့်မှူး မတ်များသည် ကရင်မလင်နန်းတော်၏ ဥယျာဉ်သို့ထွက် ကာ နှစ်သစ်ကို ကြိုဆိုကြသည်။ ထိုအချိန်က ရုရှနိုင်ငံတွင် အယူဝါဒရေးအားဖြင့် နှစ်ဆန်းတစ်ရက်နေ့သည် မတ်လ ၁ ရက်နေ့ဖြစ်သဖြင့် ခရစ်နှစ် ၁၅၀၅ခုနှစ်တွင် စက်တင် ဘာလ ၁ရက်နေ့ကိုပင် တခုတည်းသော နှစ်ဆန်းတစ်ရက် နေ့အဖြစ် သတ်မှတ်လိုက်လေသည်။ သို့ရာတွင် ၁၆၉၉ ခုပီတာဘုရင်ကြီးလက်ထက်တွင် ဇန်နဝါရီလ ၁ ရက်နေ့ ကို နှစ်ဆန်း တစ်ရက်နေ့အဖြစ် သတ်မှတ်လိုက်သည်။

ရုရှ၊ ပိုလန်စသောလူမျိုးတို့သည် ရှေးအခါက ခရစ် ယာန်အယူဝါဒကို မကိုးကွယ်မီ နတ်ဘုရားများကို ယုံ ကြည်သည့်အလျောက် သေဆုံးသွားသူများသည် နှစ်ဆန်း

www.forever-space.com.mm

တစ်ရက်နေ့တွင် လောကကြီးသို့ပြန်ရောက်လာကြသည်ဟု ယုံကြည်ကြသည်။ မြန်မာတို့သည် သင်္ကြန်ချိန်၌ နတ်ပြည်မှ သီကြားမင်း လူ့ပြည်သို့ ခေတ္တဆင်းသက်လာသည်ဟု ယုံကြည်ကြသကဲ့သို့ သူတို့တွင် လည်းနှစ်ကူးကာလတွင် ဘုရားသခင်နှင့်သူတော်စင်များသည် မိုးကောင်းကင်မှ ကမ္ဘာကြီးသို့ ဆင်းသက်ပြီး လူများနေထိုင်ကျင့်ကြံပုံကို လာရောက်ကြည့်သည်ဟု အယူရှိကြလေသည်။

နှစ်ကူးပွဲများသည် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းပင် ဖြစ်ကြသော်လည်း ယေဘုယျအားဖြင့်မူ လူတိုင်းသည် နှစ်သစ်ကိုမင်္ဂလာအပေါင်းနှင့် ပြည့်စုံလိုသော ဆန္ဒဖြင့် ကြိုဆိုကြသည်ချည်း ဖြစ်လေသည်။

နှစ်တစ်ရာစစ်ပွဲ(ခရစ်၁၃၃၈–၁၄၅၃)။ ။အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ခရစ် ၁၃၃၈ခုမှ ၁၄၃၅ခုအထိ၊ အင်္ဂလိပ်မင်း၅ဆက်၊ ပြင်သစ်မင်း ၅ဆက်ကာလအတွင်း နှစ်ပေါင်းတစ်ရာကျော်မျှစစ်ဖြစ်ခဲ့ကြသည်။ ထိုစစ်ပွဲကို ဥရောပသမိုင်းတွင် နှစ်တစ်ရာစစ်ပွဲဟုခေါ်သည်။ ထိုသို့ ခေါ်ဝေါ်ကြသော်လည်း ထိုစစ်ပွဲသည် နှစ်ပေါင်းတစ်ရာကျော် အဆက်မပြတ်တိုက်ခိုက်သည့်စစ်ပွဲမျိုးမဟုတ်ချေ။ နှစ်ဦးနှစ်ဖက်စစ်ပန်းသောအခါ စစ်ပြေငြိမ်း၍၊ အင်အားပြန်ပြည့်သောအခါ ဆက်လက်တိုက်ခိုက်သော စစ်ပွဲဖြစ်သည်။

စစ်ဖြစ်ရသည့်အကြောင်းသည် အမျိုးမျိုးဖြစ်သည်။ ခရစ် ၁၀ဖဒေခုတွင် နော်မန်ဒီနယ်စားဝီလျံသည် အင်္ဂလန်ပြည်ကိုအောင်နိုင်၍၊ ဝီလျံ–သ–ကွန်ကရာအမည်နှင့် စိုးမိုးအုပ်ချုပ်ခဲ့သည်။ ထိုကြောင့် အင်္ဂလန်ပြည်အနေဖြင့် နော်မန်ဒီနယ်ကို အင်္ဂလန်ဘုရင်တို့ပိုင်သောဒေသဟု မှတ်ယူခဲ့ကြသည်။ ထိုသို့မှတ်ယူခဲ့သည့်အတိုင်းဝီလျံ–သ–ကွန်ကရာ ပိုင်ဆိုင်ဖူးသော နော်မန်ဒီရှိနယ်ပယ်အချို့ကို အင်္ဂလိပ်တို့ကသူပိုင်ထိုက်သည်ဟု ဆိုသဖြင့် ပြင်သစ်တို့နှင့် အချင်းများခဲ့ရသည်။ ထိုပြင် အင်္ဂလိပ်ရေလက်ကြားကြီးကို မှီခိုကြရသော အင်္ဂလိပ်နှင့်ပြင်သစ်တံငါလုပ်ငန်းရှင် တို့သည်လည်း ထိုရေလက်ကြားကြီး၌ ငါးဖမ်းသည့်အခွင့် အရေးကို မှီ၍ အငြင်းပွားကြသည်။ တစ်ဖန်စကော့တလန် လူမျိုးက အင်္ဂလိပ်လန်ပြည်ကို ပုန်ကန်သောအခါပြင်သစ်တို့က စကော့လူမျိုးတို့ကို ကူညီသဖြင့်အချင်းများကြပြန်သည်။ ထိုမျှမကသေး ဖလန်းဒါးပြည်နယ်နှင့်အင်္ဂလန်ပြည်နှစ်ပြည် သိုးမွေးကုန်ကူးသန်းရေး၌ ပြင်သစ်ဘုရင်တို့ ကနှောင့်ယှက်၍ ဝိဝါဒကွဲပြားကြသည်။ ဤသို့သောအကြောင်းများ

နှစ်တစ်ရာစစ်ပွဲကြီးဖြစ်စဉ် အင်္ဂလိပ်တို့ အောင်ပွဲရလိုက်သည့် ကရေဆီးတိုက်ပွဲ

www.foreverspace.com.mm

ပြင်သစ်နိုင်ငံကို အင်္ဂလိပ်တို့ဘေးရန်မှ ကယ်တင်လိုက်သော ပြင်သစ်အမျိုးသမီး သူရဲကောင်း ဂျန်း

ပေါ်ပေါက်ခဲ့ပြီးနောက် အင်္ဂလန်ပြည့်ရှင် တတိယအက်ဒွပ်ဘုရင်က ၁၃၃၇ခုတွင် ပြင်သစ်ထီးနန်းကို ပိုင်ဆိုင်ထိုက်သည်ဟု တောင်းဆိုလိုက်သောအခါ အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် အပြိုင်အဆိုင်စစ်ခင်းကြလေသည်။ (နော်မန်းဒီနယ်။ဝီလျံ–သ–ကွန်ကရာ–ရှု)

၁၃၃၈ ခုနှစ်တွင် နှစ်တစ်ရာစစ်ပွဲစတင်ဖြစ်ပွားသည်။ သို့ရာတွင် ထိုစစ်ကို တစ်ဆက်တည်းမတိုက်ခိုက်နိုင်ကြချေ။ ပြင်သစ်ပြည်တွင် တောင်သူလယ်သမားပုန်ကန်မှုနှင့် ပြည်တွင်းစစ်ဖြစ်ပွားသောအခါ၌လည်းကောင်း၊ အင်္ဂလန်ပြည်တွင် ပလိပ်ကပ်ရောဂါကျရောက်ပြီးနောက် တောင်သူလယ်သမား ပုန်ကန်မှုဖြစ်ပွားသောအခါ လည်းကောင်းနှစ်တစ်ရာစစ်ပွဲသည် ခေတ္တမျှတန့်ရပ်သွားသည်။ ထိုနောက်၌ကား ၁၄၅၃ခုနှစ်အထိ အင်္ဂလိပ်နှင့်ပြင်သစ်တို့သည် စစ်ကိုဆက်လက် တိုက်ခိုက်ကြသည်။ ၁၃၄၆ ခုနှစ်တွင် အင်္ဂလိပ်တို့သည် ကရေဆီးတိုက်ပွဲ၌ ပြင်သစ်တို့ကို အကြီးအကျယ်အောင်နိုင်လိုက်သည်။ (ကရေဆီးတိုက်ပွဲ–ရှု။) ၁၃၅၆ ခုနှစ်တွင် တစ်ဖန် ပွားကျေးတိုက်ပွဲတွင် အင်္ဂလိပ်တို့သည် ယခင်ကကဲ့သို့ပင် အောင်နိုင်လိုက်ပြန်သည်။ ၁၃၆၀ ပြည့်နှစ်တွင် ခေတ္တစစ်ပြေငြိမ်းခဲ့သော်လည်း အင်္ဂလန်ပြည်ရှင့် ပဋ္ဌမဟင်နရီဘုရင် လက်ထက်တွင် ဆက်လက်၍ စစ်ဖြစ်ပွားပြန်ရာ ၁၄၁၅ ခုနှစ်တွင် အင်္ဂလိပ်တို့ပင်လျှင် အဇန်းကူး(အဂျင်းကုတ်) တိုက်ပွဲကို အောင်နိုင်ပြန်သည်။ ၅နှစ်မျှ ကြာသော်၊ ထရွားမြို့စစ်ပြေငြိမ်းရေးစာချုပ်အရ ပဋ္ဌမဟင်နရီသည် ပြင်သစ်ထီးနန်းကို ရလေသည်။ ၁၄၂၂ ခုနှစ်တွင် ထိုဘုရင်ကွယ်လွန်လေသော် ပြင်သစ်၊ ထီးနန်း ဆက်ခံရေးနှင့် စပ်လျဉ်း၍ ဝိဝါဒဖြစ်လာပြီးလျှင်၊ အင်္ဂလိပ်နှင့်ပြင်သစ်တို့ စစ်ဖြစ်ကြပြန်သည်။ ၁၄၂၈ ခုနှစ်ခုနှစ်၌ကား အင်္ဂလိပ်တို့သည် ပြင်သစ်ပြည်ကို ချင်းနင်းဝင်ရောက်ကာ၊ အော်လီယန်းမြို့ကိုပင် သိမ်းယူအုံ့ဆဲဆဲအခြေသို့ ဆိုက်ရောက်ခဲ့၏။ ၁၄၂၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံသမိုင်းတွင် ထင်ရှားသောဂျန်းအော့အတ်သည် အော်လီယန်းတိုက်ပွဲတွင် ပြင်သစ်တပ်ကို ဦးစီး၍၊ အင်္ဂလိပ်တို့ကို ကောင်းစွာတွန်းလှန်နိုင်ခဲ့၏။ သို့ရာတွင်ဂျုန်းအော့အတ်သည် အင်္ဂလိပ်လက်တွင်းသို့ ကျရောက်၍၊ မီးတင်ရှို့ခြင်းခံရလေသည်။ ၁၄၅၃ ခုနှစ်သို့ရောက်မှပင် ထိုနှစ်ရှည်စစ်ပွဲကြီးသည် ပြီးဆုံးခြင်းသို့ရောက်လေသည်။ စစ်ပွဲကြီးပြီးသောအခါ အင်္ဂလိပ်တို့သည် ပြင်သစ်ပြည်မှ ကဲလေးမြို့တစ်ခုတည်းကိုသာ ရလိုက်လေသည်။ (ဂျုန်းအော့အတ်–ရှု။)

နှစ်သစ်ကူးနေ့ ။ ။(နှစ်ဆန်းတရက်နေ့–ရှု။)

www.foreverspace.com.mm

နှစ်သုံးဆယ်စစ်ပွဲအတွင်း ရော့ကရှားတိုက်ပွဲ (၁۹၄၃ ခုနှစ် မေလ ၁၉ ရက်နေ့)၌ စပိန်တို့အပေါ် ပြင်သစ်တို့ အနိုင်ရလိုက်စဉ်

နှစ်သုံးဆယ်စစ်ပွဲ(ခရစ် ၁۹၁၈–၁۹၄၈)။ ။နှစ်သုံးဆယ်စစ်ပွဲသည် ခရစ်၁۹၁၈ခုနှစ်မှ ၁۹၄၈ခုနှစ်အထိ ဥရောပတိုက်တွင် ဖြစ်ပွားခဲ့သော ကိုးကွယ်ရာအယူဝါဒရေးစစ်ပွဲ ကိုဆိုလိုသည်။ ထိုစစ်ပွဲသည် ဂျာမနီပြည်နယ်များရှိ ပရိုတက်စတန့်ဂိုဏ်းနှင့် ရောမကက်သလစ် (ဗရင်ဂျီ)ဂိုဏ်း နှစ်ဂိုဏ်းတို့ မသင့်မတင့်ဖြစ်ကာ၊ ပြည်တွင်းစစ်ဖြစ်ရာမှ စတင်ဖြစ်ပွားခဲ့သည်။ ထိုပြည်နယ်များမှတစ်ဆင့် ထိုစစ်သည်ဥရောပတိုက်ရှိ တိုင်းပြည်အများသို့ ပျံ့နှံ့သွားသည်။ ထိုစစ်ကြောင့် ဂျာမနီပြည်၏ လူဦးရေတစ်ဝက်သည် လည်းကောင်း၊ ဗိုဟီးမီးယားပြည်၏ လူဦးရေ ၃ ပုံ ၂ပုံ သည်လည်းကောင်း သေဆုံး၍ မြို့ရွာပေါင်း ၁၅၀၀၀ မျှပျက်စီးရလေသည်။ (ခရစ်ယန်သာသနာ့အရေးပုံ–ရှု။)

စစ်ဖြစ်ရသည့် အကြောင်းကား ဤသို့တည်း။ ၁၅၅၅ ခုတွင် ဂျာမနီပြည်၌ပေါ်ပေါက်သောကိုးကွယ်ရာအယူ ဝါဒ ဆိုင်ရာပြဿနာတို့ကို အောက်စဗုမြို့စာချုပ်ဖြင့် ဖြေရှင်းခဲ့သော်လည်း ကျေနပ်မှုမရှိခဲ့ချေ။ ပရိုတက်စတန့်ဂိုဏ်းနှင့် ကက်သလစ်ဂိုဏ်း နှစ်ဂိုဏ်စလုံးပင် စာချုပ်ကို ချိုးဖောက်ခဲ့လေသည်။ ၁۹၀၈ခုတွင် ပရိုတက်စတန့်တို့က တစ်သင်း၊ ကက်သလစ်တို့ကတစ်သင်းဟူ၍ သင်းဖွဲ့ကြသည်။ ထိုအခါ ပရာဟမြို့ဂိုဏ်းချုပ်ကြီးသည် ပရိုတက်စတန့်ဂိုဏ်းသားတို့၏ ဘုရားရှိခိုးကျောင်းတစ်ကျောင်းကို မီးတိုက်ဖျက်ဆီးလေသည်။ ထိုသို့ဖျက်ဆီးသည်ကို ကန့်ကွက်သောအားဖြင့်၊ ပြည်သူတို့က ဧကရာဇ်မားတီးယတ်ကို လျှောက်ထားကြ၏။ သို့သော် ဘုရင်သည် အရေးမယူလေ။ ဤတွင် ပရိုတက်စတန့်တို့ ပုန်ကန်ထကြွလေသည်။ ပရိုတက်စတန့်တို့သည် ဘုရင်၏ဝန်ကြီး ၂ဦးကို ဖမ်းဆီး၍၊ နန်းတော်ပြတင်းပေါက်မှပစ်ချကာ အဆုံးစီရင်လိုက်လေသည်။ ဤတွင် ဗိုဟီးမီးယားပြည်ရှိ ပရိုတက်စတန့် ဂိုဏ်းသားတို့သည် ကက်သလစ်ဂိုဏ်းဝင်ဖြစ်သူ ဖာဒီနန်ဘုရင်ကို နန်းချ၍ ပရိုတက်စတန့်ဂိုဏ်းဝင်ဖြစ်သူ ဖရက်ဒရစ်ကို နန်းတင်လေ၏။ သို့ရာတွင် ၁۹၂၀ပြည့်၌ ဖရက်ဒရစ်သည် စစ်ရေးနိမ့်သဖြင့်၊ ကက်သလစ်အယူဝါဒသည် ဗိုဟီးမီးယားပြည်တစ်ပြည်လုံးကို လွှမ်းမိုးသွားလေသည်။

ဗိုဟီးမီးယား၌ ပရိုတက်စတန့်ဂိုဏ်းသားတို့ အရေးနိမ့်သည်ကို တွေ့ရလေသော်၊ အခြားပရိုတက်စတန့် ဂိုဏ်းဝင် တိုင်းပြည်တို့သည် တုန်လှုပ်ချောက်ချားလာလေ၏။ ထိုကြောင့် ၁۹၂၅ခုမှ၁۹၂၉ခုအထိ ဒိန်းမတ်ပြည့်ရှင် စတုတ္ထ ခရစ္စတီယန်ဘုရင်သည် ဖာဒီနန်ဘုရင်ကို ဆန့်ကျင်၍ စစ်ခင်းလေသည်။ သို့ရာတွင် စတုတ္ထခရစ္စတီယန်ဘုရင်

www.foreverspace.com.mm

သာလျှင် အရေးနိမ့်ရလေသောကြောင့် ၁၆၂၉ ခုနှစ်တွင် စစ်ပြေငြိမ်းစာချုပ်ကို လက်မှတ်ရေးထိုးရလေသည်။ ငြိမ်းစာချုပ်အရ ပရိုတက်စတန့်တို့ ပိုင်ဆိုင်သော ဘုရားရှိခိုးကျောင်းများကို ကက်သလစ်ဂိုဏ်းအား ပေးအပ်ရလေသည်။ ဤကားနောက်ထပ် စစ်ပွဲတစ်ပွဲဖြစ်ပွားစေအောင် ဖန်တီးလိုက်သော အချက်ဖြစ်လေသည်။

၁၆၃၀ ပြည့်နှစ်မှ စ၍ ၁၆၃၂ ခုနှစ်အထိ ဆွီဒင်ပြည့်ရှင်ဂတ်စတားဗပ်အဒေါဖပ်သည် ကက်သလစ်ဂိုဏ်းဝင် ဖာဒီနန်ဘုရင်နှင့် စစ်ဖြစ်ရပြန်လေသည်။ စစ်ဖြစ်ရခြင်း အကြောင်းမှာနှစ်ချက်ရှိသည်။ ပထမအချက်၌ အဒေါ့ဖပ်သည် ပရိုတက်စတန့်ဝါဒကို ကောင်းစွာ ယုံကြည်သူဖြစ်သည်။ ဒုတိယအချက်၌ ဖာဒီနန်တန်ခိုးကြီးလာလျှင်၊ ဆွီဒင်ပြည် အတွက်စိုးရိမ်စရာဖြစ်လာလေမည်။ ထိုကြောင့် ဆွီဒင်ပြည်သည်စစ်ထဲဝင်လာရလေရာ၊ ထိုသည်မှစ၍ မူလကအယူဝါဒရေးရာ၌အခြေခံသောစစ်ပွဲသည် ဆွီဒင်ပြည် ဝင်လာသောအခါ နိုင်ငံရေးရာစစ်ပွဲသဘောသို့ သက်ဝင်လာလေသည်။ ထိုစစ်ပွဲတွင် ဆွီဒင်ပြည်သည် ၁၆၁၃ခု၌ တစ်ကြိမ်၊ ၁၆၃၂ ခု၌တစ်ကြိမ်ပေါင်း ၂ကြိမ်အနိုင်ရခဲ့သည်။ သို့သော် ဒုတိယအကြိမ်စစ်အောင်ပွဲတွင် ဘုရင်အဒေါ့ဖပ်သည် စစ်မြေပြင်၌ကျဆုံးလေသည်။ ၁၆၃၄ခုနှစ် စစ်ပွဲ၌ကား ဆွီဒင်စစ်တပ်သည် မရှုမလှအရေးနိမ့်ရလေသည်။

ဤသို့လျှင် မူလက ဗိဟီမီးယားပြည်ကိုသာ အစိုးရသောဖာဒီနန်ဘုရင်သည် ယခုအခါ ဩစတြီးယားနယ်အပါအဝင် ဂျာမနီပြည်ကြီးကို ဖွဲ့စည်းတည်ထောင်နိုင်ပြီဖြစ်သည်။ ဖာဒီနန်သည် ဟက်စဗတ်အနွယ်ဖြစ်လေရာ၊ ဟက်စဗတ်တို့သည် ဥရောပတွင်တန်ခိုးကြီးလာလေသည်။ ထိုအချက်ကို ပြင်သစ်ပြည်ရှိ ဗူးဗွန်းအနွယ်တို့က သည်းမခံနိုင်ချေ။ ပြင်သစ်ပြည်ကို ဟက်စဗတ်တို့ လွှမ်းမိုးမည်ကို စိုးရိမ်သည်။ ပြင်သစ်ပြည်ဗူးဗွန်းတို့ကို ခေါင်းဆောင်သူကား ပြင်သစ်နိုင်ငံသမိုင်းတွင် ထင်ရှားသောကာဒင်နယ်ရစ်ရှလျူးဖြစ်သည်။ (ရစ်ရှလျူးကာဒင်နယ်–ရှု။) ရစ်ရှလျူးသည် အထက်ဖော်ပြပါ စိုးရိမ်ချက်ကြောင့်၊ ပရိုတက်စတန့်တို့ကို စစ်ကူးပေးလေသည်။ ၁၆၃၅ခုတွင် ပြင်သစ်စစ်တပ်သည် ဂျာမနီပြည်ကိုဝင်ရောက်၍၊ ပရိုတက်စတန့်ဂိုဏ်းသားတို့နှင့်အတူ၊ ဖာဒီနန်၏စစ်တပ်တို့ကို တိုက်ခိုက်ရာ၊ ထိုသည်မှစ၍ မူလကကိုးကွယ်ရာအယူဝါဒရေးရာစစ်ပွဲ၏သဘာဝတို့ လုံးဝပျောက်ကွယ်ပြီးလျှင်၊ နိုင်ငံရေးစစ်ပွဲသဘာဝတို့ ပေါ်ထွန်းလာလေသည်။ ထိုစစ်ကြောင့် ဂျာမနီပြည်သည် အတိဒုက္ခရောက်ခဲ့၏။ ထိုကြောင့် ၁၆၄၄ ခုနှစ်တွင်ဖော်ပြပြီးမိန်းရန် ဥရောပတိုက်ရှိ တိုင်းပြည်များမှ ကိုယ်စားလှယ်အသီးသီးတို့သည် စေ့စပ်ကြရလေသည်။ စေ့စပ်ရေးသည် ၄ နှစ်ကြာခဲ့၍၊ ၁၆၄၈ခု သို့ရောက်မှသာ ဝက်စဖေးလီးယားမြို့တွင်စစ်ပြေငြိမ်းရေးစာချုပ်ကိုချုပ်ဆိုနိုင်ကြလေသည်။ နှစ်သုံးဆယ်စစ်ပွဲကြောင့် ဂျာမနီပြည်သူလူဦးရေတစ်ဝက်ကျော်မျှ ကုန်ခန်းခဲ့ရပြီးလျှင်၊ ပြည်သူ အိုးအိမ်ပစ္စည်းလည်း ၃ပုံ ၂ပုံမျှ ပျက်စီးခဲ့ရသည်။ အနုပညာ၊သိပ္ပံပညာ၊ ကုန်သွယ်ရေး၊ စက်မှုလက်မှုလုပ်ငန်းစသည်တို့ အားလုံးလိုလိုပင် ပျက်စီးလေရကား၊ဥရောပတိုင်းပြည် (အထူးသဖြင့် ဂျာမနီပြည်)တို့၌နေထိုင်ကြသူတို့သည် စိတ်အကြီးအကျယ်ပျက်၍ အမေရိကတိုက်သို့ ပြောင်းရွှေ့သွားကြသည်။ စစ်ပြီး၍ ဂျာမနီပြည်ကို ပြည်လည်ထူထောင်သောအခါ၊ နှစ်ပေါင်းနှစ်ရာကြာမျှ ထူထောင်ရလေသည်။

နူတ်သီးတို့။ ။နူတ်သီးတိုင့်ဂ်ကို တလိုင်းကောင်ဟုလည်း ခေါ်ကြသည်။ ထိုငှက်၏ ပါဏာဗေဒ၊ အမည်မှာ 'ပလူဗီအေးလစ်ဒိုမင်နိကဖူလာဗာ' ဖြစ်သည်။ အင်္ဂလိပ်အခေါ် ပလိုဗာငှက်မျိုးတွင်ပါဝင်သည်။

နူတ်သီးတို ငှက် ၏အလျားသည် ၁၀ လက်မရှိသည်။ ပျံသန်းသည့်အခါတွင် တင်ပါးနှင့်အမြီးတို့သည် မည်းနက်နေသည်ဟု ထင်ရသည်။ သားပေါက်ချိန်တွင် ယင်းငှက်၏ အသွေးအရောင်သည် တစ်မျိုးပြောင်း၏။ ကိုယ်အောက်ပိုင်းသည် မည်း၍ ကျောပေါ်တွင် ရွှေရောင်အစက်အပြောက်များကို ထင်ရှားစွာမြင်ရသည်။ ယင်းငှက်၏အော်သံသည် အနည်းငယ်ရူးရှသော်လည်း နားထောင်၍ကောင်းသောနှစ်ဆင့် လေချွန်သံမျိုး ဖြစ်သည်။

နူတ်သီးတိုင့်ဂ်သည် နွားစားကျက်နှင့် ကမ်းခြေရှိ ရွှံ့နွံများတွင် ကျက်စားသည်။ ထွန်ယက်ပြီးစလယ်ကွက်နှင့် စိုစွတ်သောမြက်ခင်းများကို အထူးနှစ်သက်သည်။ ပျံသန်းရာတွင် အလျင်အမြန်၍၊ စုစုရုံးရုံး စည်းကမ်းသေပစ်စွာ ပျံသန်းတတ်သည်။ ယင်း၏ အစာမှာ ပိုးမွှား၊ သစ်သီးနှင့် အစို့အညှောက်များဖြစ်သည်။ ပင်လယ်အနီးအပါး၌ ကျက်စားသည့်အခါများတွင် ခရုနှင့် ပင်လယ်ပိုးမွှားများကို စားလေသည်။

နူတ်သီးတိုင့်ဂ်များသည် ဆိုက်ဗီရီးယား မြောက်ပိုင်းတွင် သားပေါက်ကြ၍၊ ဆောင်းရာသီ၌ အိန္ဒိယ နိုင်ငံ၊ မြန်မာနိုင်ငံ၊ မလ္လာယုနှင့်ဩစတြေးလီးယားတိုက်သို့ ရောက်လာလေ့ရှိသည်။

နူတ်သီးပြားငှက်။ ။ပါဏာဗေဒအလိုအားဖြင့် နူတ်သီးပြားငှက်များကို 'ပလက်တေးလီးယားလျူကိုရှိဒီးယား' ဟု ခေါ်သည်။ ထိုငှက်တို့သည် ခရုစုတ်ငှက်များနှင့်အတူ 'သရက်စကီအိုနီသီဒီး' မျိုးရင်းတွင်ပါဝင်သည်။ ထိုငှက်တို့၏ နူတ်သီးမှာ ဇွန်းကဲ့သို့ပြားသည်။ ထိုအချက်ကို အစွဲပြု၍

www.foreverspace.com.mm



ဓွန်းကဲ့သို့နှုတ်သီးပြား၍ ကိုယ်ထည်ဖြူပြီးခြေတံမည်းသည့် နှုတ်သီးပြားငှက်

အင်္ဂလိပ်ဘာသာဖြင့် 'စပွန်းဗီ' ဟုခေါ်သည်။ လည်တိုင်နှင့်ခြေတံတို့ ရှည်သည်။ ကိုယ်ထည်အမွေးရောင် ဖြူဆွတ်၍၊ ခြေတံမည်းသည်။ နှုတ်သီးမှာ အမည်းရောင်နှင့် အဝါရောင်ရှိသည်။ သားပေါက်ချိန်၌လည်ကုပ်တွင် ရှည်လျားသော အမောက်များရှိသည်။ ငှက်ဖိုနှင့်ငှက်မခွဲခြား၍မရပေ။ ထိုငှက်တို့သည် ရွှံ့နွံထူထပ်သော ရေစပ်တွင် ကျက်စားလေ့ ရှိကြသည်။ နှုတ်သီးပြားငှက် တို့ကို မြစ်ချောင်းအင်းအိုင်များတွင် တွေ့ရသည်။ ၁၀ ကောင်မှ အကောင် ၂၀အထိ အုပ်ဖွဲ့၍ နေတတ်ကြသည်။ ခရုစုတ်၊ ငှက်ကြီးဒုံးစပ်၊ ငှက်ကုလား၊ ခြည်ခင်စွတ်ငှက်စသော ငှက်များနှင့်အတူရောရော၍ ရေစပ်တွင်ကျက်စားလေ့ရှိကြသည်။

နေ့အချိန်တွင် နားနေ၍ညနေစောင်းအချိန်တွင် အစာရှာထွက်ကြသည်။ ပျံသန်းပုံမှာ ခြေတံနှင့်လည်တိုင်ကို ဆန့်ကျင်ပြီးလျှင် အတောင်ကိုမှန်မှန်ခတ်၍ နှေးကွေးစွာ ပျံသန်းသည်။ ယင်းတို့၏ အစာမှာ ခရု၊ ငါးနှင့် ပိုးမွှားများ ဖြစ်သည်။ အသီးအနှံကိုလည်း စားလေ့ရှိကြသည်။ ညဉ့်အချိန်၌ အစာရှာစားတတ်သောအကျင့်ရှိသည်။ အစာရှာပုံမှာရေစပ်တွင် လျှောက်သွားယင်း နှုတ်သီးကို ရေထဲသို့နှစ်သည်။ ထိုနောက် နှုတ်သီးကို ဘယ်ပြန်ညာပြန်ခတ်၍ အစာကို ဖမ်းယူသည်။ ညည်းသံကဲ့သို့သော အသံကို ပြုလုပ်တတ်၍၊ ထိုအသံကို အနီးကပ်လာမှ ကြားရသည်။

သားပေါက်ချိန်သည် အရပ်ဒေသနှင့် မိုးဥတုအချိန်ကိုလိုက်၍ ပြောင်းလဲသည်။ သို့သော်သြဂုတ်လနှင့် နိုဝင်ဘာလကြားတွင် သားပေါက်လေ့ရှိကြသည်။ အသိုက်လိုက်သောအခါ များသောအားဖြင့် ထိုငှက်တို့ချည်း အုပ်ဖွဲ့၍ လုပ်တတ်ကြသည်။ သို့သော် ဗျိုင်း၊ ခရုစုတ်ငှက်တို့နှင့် အတူရောရော၍လည်း တစ်ခါတစ်ရံ အသိုက်လုပ်သည်ကို တွေ့ရတတ်သည်။ အသိုက်ကို သစ်ပင်၊ ချုံပင်များပေါ်တွင် သစ်ကိုင်းများနှင့် ပြုလုပ်တတ်ကြသည်။ အသိုက်ဟောင်းကို တစ်နှစ်ပြီးလျှင် တစ်နှစ်ပြုပြင်၍ ပြန်လည် အသုံးပြုသည်။ တစ်မြို့လျှင် ၃ ၄လုံးခန့်ရှိသည်။ ဥအရောင်မှာ ဖြူ၍၊ နီညိုရောင် အပြောက်များပါရှိသည်။ ပေါက်ခါစ ငှက်ကလေးများ၏နှုတ်သီးမှာ မပြားသေးဘဲ၊ နှုတ်သီးရိုးရိုးကဲ့သို့ပင်ရှိသည်။ အရောင်မှာပန်းနုရောင်ဖြစ်သည်။ အမွေးအတောင်မစုံမီပင် နှုတ်သီးသည် ဓွန်းကဲ့သို့ ပြားသွားသည်။

နှုတ်သီးပြားငှက်များကို ဥရောပတိုက်၊ အာဖရိကတိုက်၊ အာရှတိုက်၊ အမေရိကတိုက်တို့တွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံ၌ ထိုငှက်များကို တွေ့ရခဲသည်။ မင်းဘူးခရိုင်နှင့် ရခိုင်ပြည်နယ်တွင် ထိုငှက်များကို တွေ့ရဖူးသည်ဟုဆိုသည်။

နံကောင်။ ။နံကောင် အမျိုးပေါင်းများစွာရှိသည်။ နံကောင်၊ ပုရစ်နှင့်မြေခွေးခေါ် ပုရစ်တစ်မျိုးတို့သည် လူ၏ရန်သူများဖြစ်ကြသည်။ မြေခွေးသည် ပွေးကောင်နှင့် အလွန်တူသဖြင့် ယင်းကို ပွေးပုရစ်ဟူ၍လည်းခေါ်ကြသည်။ အအုပ်အစုကြီးများနှင့် တွေ့မြင်ရသည့် နံကောင်မျိုးကို ကျိုင်းကောင်ဟူ၍ ခေါ်သည်။ နံကောင်များကို တောထဲ၌ဖြစ်စေ၊မြက်ပင်များ၌ဖြစ်စေ၊ ကောက်ပဲသီးနှံစိုက်ခင်းများထဲ၌ ဖြစ်စေတွေ့မြင်ရသည်။ အကြီး အငယ် အရွယ်အစားစား ရှိကြသည့် နည်းတူ၊ အရောင်မှာလည်း အစိမ်းရောင်၊ အနက်နှင့် အဖြူ၊ အညိုစသည်ဖြင့် ကွဲပြားလျက်ရှိသည်။ အချို့မှာ ရှေ့သို့ကိုင်းနေသော ဦးမှင်တိုများ ရှိကြသဖြင့်၊ ဦးချိုတိုနံကောင်ဟု ခေါ်ကြသည်။ ပါဏာဗေဒ အမည်မှာ အက်ကရီဒိုင်အဒီးဖြစ်သည်။ အချို့မှာမူ ကျော

တောင်ပံချင်းပွတ်ကာ ညံညံစီစီအသံမည်တတ်သည့်နံကောင်

www.foreignspace.com.mm

ပေါ်သို့ တွေ့နေသောဦးမှင်ရှည်များရှိရာ ဤနံကောင်မျိုးကို ဦးချိုရှည်နံကောင်ဟု ခေါ်ပါသည်။ ပါဏာဗေဒအမည်မှာ ကောက်တီဂိုနိုင်အီဒီးဖြစ်သည်။

နံကောင်တို့၏ နောက်ခြေများသည် အလွန်ရှည်၍ သန်မာသဖြင့် အရွယ်နှင့်မမျှအောင် ခုန်သွားကျော်လွှားသွားနိုင်ကြသည်။ နံကောင်တွင် အတောင်နှစ်စုံရှိရာ၊ နားနေသည့်အခါ နူးညံ့ပါးလွှာသော နောက်ပိုင်း အတောင်စုံကို ထူထဲသော အရှေ့အတောင်စုံက ဖုံးအုပ်ထားသည်။ ပျံသန်းသည့်အခါမှသာ နံကောင်တို့သည် နောက်ပိုင်း အတောင်စုံကိုသုံးသည်။ ခုန်လွှားနေစဉ်၊ အတောင်များကို ဖွင့်ကာအားယူလေ့ရှိကြသဖြင့်၊ အလျားကျယ်ကျယ်ခုန်နိုင်လွှားနိုင်ကြသည်။ သို့သော် အတောင်များမရှိသော နံကောင်မျိုးများလည်း ရှိနေသေး၏။ ဤနံကောင်တို့သည် မပျံနိုင်သဖြင့် ခြေထောက်ကိုသာအားကိုး၍ ခုန်လွှားကာ နေတတ်ကြသည်။ ဥမှပေါက်လာခါစ နံကောင်ကလေးတို့တွင် လည်းအတောင်များ ရှည်လျားစွာ ထွက်ပေါ်၍ မလာသေးသဖြင့် ခုန်းလွှားကာမျှသာ သွားလာနိုင်ကြလေသည်။

နံကောင်၊ကျိုင်းကောင်နှင့် ပုရစ်တို့သည် အလွန်ဆူညံစွာ မြည်နေတတ်သော ပိုးကောင်များဖြစ်သည်။ ဤပိုးကောင်များ၏ မြည်သံကို ညနေချမ်းနှင့် ညဉ့်အခါများ၌ ပို၍ကြားရသည်။ ပိုးကောင်တို့သည် ပါးစပ်ဖြင့် အသံမြည်အောင်မပြုလုပ်နိုင်ကြပေ။ နံကောင်စသည်တို့ထံမှ ကြားရသောအသံသည် စင်စစ်အားဖြင့် အတောင်ချင်း ပွတ်သော အသံမျှသာဖြစ်၏။ ထိုကြောင့် နံကောင်ကို လက်ထဲ၌ကိုင်ထားလျှင်အတောင်ချင်းမပွတ်နိုင်သဖြင့် အသံမမြည်ချေ။

နံကောင်တစ်မျိုးဖြစ်သောကျိုင်းကောင်တွင် အသံကြားနိုင်သောနားမှာ ကျောပေါ်၌ရှိသည်။ သာမန်ဦးချိုရှည် နံကောင်နှင့်ပုရစ်တို့၏နားမှာ ရှေ့ခြေထောက်စုံ၏ ပထမအဆစ်အောက်ဘက်တွင်ရှိကြသည်။

နံကောင်တို့တွင် အလွန်သန်မာသောပါးရိုးမျှရှိရာ၊သစ်ရွက်စိမ်းနှင့် သစ်ပင်ငယ်တို့၏ ပင်စည်းများကို ကိုက်ဖြတ်၍စားသောက်တတ်ကြသည်။ လယ်ကွက်ထဲ၌ နံကောင်များကျလာလျှင် စိုက်ပျိုးထားသောကောက်ပဲသီးနှံပင်များ ပျက်စီးဆုံးပါးတတ်လေသည်။

လူတို့စိုက်ပျိုးထားသောသီးနှံပင်များကို ရစရာမရှိအောင်ကိုက်ဖြတ်ဖျက်ဆီးပစ်တတ်သောနံကောင်မျိုးမှာ ဦးချိုတိုမျိုးဖြစ်၍၊ "ကျိုင်းကောင်"ဟုခေါ်သည်။ (ကျိုင်းကောင်–ရှု။) အာရှတိုက်နှင့်အာဖရိကတိုက်ရှိ တောင်သူလယ်သမားတို့သည်စိုက်ခင်းထဲသို့ ကျိုင်းကောင်များ ကျရောက်မည့်ဘေးကိုအထူးတလည်စိုးရိမ်ရသည်။ ဓမ္မဟောင်းခေတ်က အီဂျစ်ပြည်တွင် ကျရောက်သော ဒဏ်ဆယ်ပါးထဲတွင် ကျိုင်းကောင်များကျသဖြင့် သီးနှံပင်များ ပျက်စီးဆုံးပါးရခြင်းသည်လည်း အပါအဝင်ဖြစ်လေသည်။ ထိုသီးနှံဖျက်ပိုးကောင်တို့၏ ရန်ကို ကာကွယ်ဆီးတားရန် မအောင်မြင်ကြသေးသဖြင့်ယနေ့ထက်တိုင် တောင်သူလယ်သမားတို့သည် ကျိုင်းကောင်၏ဘေးရန်ကို စိုးရိမ်မကင်း ရှိနေကြရသေးသည်။

အအုပ်အစုကြီးများနှင့်ပျံသန်းချီတက်လာသော ကျိုင်းကောင်များသည် လူတို့စိုက်ပျိုးထားသောလယ်ကွင်း ထဲသို့ ကျရောက်လာလျှင် အသီးအနှံကို မဆိုထားဘိ၊ အရွက်ပင်စည်ဟူ၍ တစ်ခုတစ်လေမျှ မကျန်ရစ်အောင် ကိုက်ဖြတ်ဖျက်ဆီးပစ်တတ်ကြသဖြင့်၊ ထိုဒေသတစ်ဝိုက်၌ နေထိုင်သောလူများတွင် အစာခေါင်းပါးခြင်းကပ် ဆိုက်ရောက်ရလေသည်။ ယင်းကဲ့သို့ ကျိုင်းကောင်အုပ်ကြီးများ ပျံသန်းချီတက်လာသည့်အခါ၊ အကောင်ရေမည်မျှပါမည်ဟု ခန့်မှန်း၍ပင် မရနိုင်လောက်အောင်များပြားကြသည်။ ပထမဦးစွာ မိုးကုပ်စက်ဝိုင်း၌လေမုန်တိုင်းဆင်မည်ကဲ့သို့ မည်းနက်ညိုမှောင်နေသည့် တိမ်တိုက်သဖွယ် ကျိုင်းကောင်အုပ်ကိုတွေ့မြင်ရ၏။ နေမဝင်မီ ထိုအုပ်ထဲမှ ကျိုင်းကောင်တို့သည် မိုးကောင်းကင်တစ်ခွင်လုံး၌ ဖြန့်ကာ ပျံသန်းနေကြ၍ နေလုံးပျောက်ကာ အမှောင်ရောက်သည်နှင့်တပြိုင်နက် မြေပြင်တစ်ခုလုံးကို စောင်ဖြင့်လွှမ်းချုံလိုက်သည့်အလား၊ အောက်သို့ သက်ဆင်းကြလေသည်။ ထိုနောက် ကျိုင်းကောင်တပ်ကြီးသည် စိမ်းလန်းစိုပြည်နေသည့် မြက်ခင်းနှင့်လယ်ကွင်းများသို့ရှေ့ရှုံးကာ၊ တရွေ့ရွေ့ချီတက်လာကြလေသည်။ ဤကဲ့သို့ ကျိုင်းကောင်အုပ်ကြီး ဖြတ်ကျော်ရာလမ်းတစ်လျှောက်တွင် ရှိသမျှသောအပင်တို့ကို အောက်ခြေသိမ်းစားသောက်ဖျက်ဆီးပစ်ကြရာ အရိုးအရွက် အစအနကလေးမျှ မကျန်ပြုန်းတီးကုန် ရလေ၏။ အကယ်၍ ရှေ့တွင်မြစ်ကြီး ကာဆီးနေစေကာမူ၊ ရှေ့တန်းမှ ကျိုင်းကောင်တို့သည် တစ်ကောင်နှင့်တစ်ကောင် တွဲယှက်ကာ တန်တားခင်းပေး၍ နောင်တန်းမှလိုက်ပါလာသော ကျိုင်းကောင်တို့သည် ထိုတန်တားဖြင့် မြစ်ကိုကျော်ဖြတ် ချီတက်သွားကြလေသည်။

ကျိုင်းကောင်အုပ်ကြီးများနှင့် စပ်လျဉ်း၍ လူတို့မသိနားမလည်နိုင်သော အချက်အလက်များစွာ ရှိသေးသည်ဟုဆိုရသော်လည်း၊ တစ်စတစ်စနှင့် ထိုသီးနှံဖျက်ပိုးကောင်တို့၏အလေ့အထများကို သိရှိလာကြပြီးဖြစ်၏။ ကျိုင်းကောင်တို့သည် နှစ်စဉ်မလာတတ်ကြသည့်အပြင်၊ တစ်နေရာတည်းကိုလည်း အစဉ်သဖြင့် တိုက်ခိုက်ဖျက်ဆီးလေ့မရှိ။ သို့ရာတွင် ကမ္ဘာပေါ်တွင် ကျိုင်းကောင်များပေါက်ပွားသောအရပ်များရှိကြောင်း သိရှိရလေသည်။ ထိုကဲ့သို့သော အရပ်များတွင် အမြဲတမ်းနေသော ကျိုင်းကောင်များရှိ၍

www.forewrspace.com.mm

အကောင်ငယ်များ ပေါက်ပွားများပြားလာသည့်အခါ တင်းဖက်ဖက်သို့ တစ်စုတစ်ဝေးတည်းခုန်ကာခုန်ကာ ခရီးထွက်ကြလေသည်။ ဤအတောအတွင်း အကောင်ရေတိုးပွားလာသည့်အပြင် အကောင်များလည်းကြီးထွားလာ ကြသည်။ ထိုအခါကျလျှင် ကျိုင်းကောင်တစ်အုပ်လုံးထပျံကြ၍၊ အတောင်ညောင်းခါမှ မြေပြင်ပေါ်သို့ သက်ဆင်းလျက် အပင်စိမ်းဟူသရွေ့တို့ကို ကိုက်ဖြတ် ဖျက်ဆီးတတ်ကြလေသည်။

နံကောင်တို့သည် မြေကြီး၌ ထွင်းဖောက်၍ ဥများကို ဥချကြသည်။ ဥမှ ပေါက်ထွက်လာသည့် အကောင်ငယ်သည် ပိုးတုံးလုံး၊ ခူ၊ ပေါက်ဖတ်တို့ကဲ့သို့ မဟုတ်ဘဲ၊ နံကောင်ငယ်ပင်ဖြစ်၏။ ရှေးဦး ပထမတွင် အကောင်ငယ်၌ အတောင်များ မပေါ်ထွက်သေးချေ။ ကိုယ်၏အရောင်မှာ စိမ်း နေသည်။ နံကောင်ငယ်တို့သည် တွားရေ့သော်ငင်း၊ ခုန်ရေ့သော်ငင်း သွားကြ၍ မြက်နုများကို စားကြသည်။ နံကောင်များသည် အစားကောင်းသော ပိုးကောင်များဖြစ်ကြသည့်အလျောက်၊ လျင်မြန်စွာကြီးထွားလာကြရာ၊ အရေများကျပ်တည်း၍လာလျှင် ချက်ချင်းလဲလှယ်ပစ်ကြလေသည်။ နံကောင်တို့သည် အရေခွံကို ၅ ကြိမ်မျှ လဲပစ်လေ့ရှိကြသည်။ နောက်ဆုံးတစ်ကြိမ် အရေလဲပြီးနောက် အတောင်စုံလင်စွာထွက်လာပြီဖြစ်ရာ၊ နံကောင်ကြီးများ နည်းတူ လှည့်လည်ပျံသန်းကာ နေကြလေသည်။ ပုရစ်တို့သည် နံကောင်များနှင့်အလွန်တူကြသည်။ ပိုးဟပ်ကောင်များလည်း အရေခွံလဲလေ့ရှိသော ပိုးများဖြစ်သဖြင့် နံကောင်နှင့် တစ်မျိုးတစ်စားတည်း ဖြစ်ကြသည်။

နံစားပြောင်း။ ။ကမ္ဘာပေါ်ရှိ လူဦးရေ ၃ ပုံ ၁ ပုံခန့်သည် နံစားပြောင်းကို မီဝဲစားသုံးလျက် ရှိသည်ဟု ခန့်မှန်းရလေသည်။ သမိုင်းမတင်မီ ခေတ်ကာလအချိန်ကတည်းက လူတို့သည် နံစားပြောင်းကို စိုက်ပျိုးလုပ်ကိုင်ခဲ့ကြသည်။ အာရှတိုက်ရှိ လူနေထူထပ်သော တိုင်းနိုင်ငံများနှင့် အာဖရိကတိုက်တွင် လူတို့ စားသုံးရန်အတွက် နံစားပြောင်းကို အမြောက်အမြားစိုက်ပျိုးကြသည်။ အမေရိကန်ပြည်ထောင်စုနှင့်အင်္ဂလန်ပြည်၌ နံစားပြောင်းကို အများအားဖြင့်တိရစ္ဆာန်အတွက်လည်းကောင်း၊ ကြက်ဥက်အစာအတွက်လည်းကောင်း၊ မြေသြဇာပြုပြင်ရန်အတွက်လည်းကောင်း စိုက်ပျိုးလုပ်ကိုင်ကြသည်။ နံစားပြောင်းပင်တို့သည် အမြင့်၃ပေမျှသာရှိ၍ အချို့မှာ ၁ဖေပေအထိ မြင့်လေသည်။ တစ်ဖန်အချို့မှာအမြစ်များမှနှစ်စဉ် အပင်သစ်များ ထွက်သည်။ အချို့ကိုမူ အခြားကောင်ပင်နည်းတူ အစေ့မှ စိုက်ပျိုးရသည်။ အရည်ချိုသောနံစားပြောင်းပင်မျိုးလည်း ရှိပေးသေးရာ အမေရိကတိုက်တွင် ထိုကောက်ပင်မျိုးမှ သကာရည်ပြုလုပ်ကြသည်။ ပြင်သစ်နိုင်ငံ၌မူနံစားပြောင်းအချိုမျိုးကို အရက်ချက်လုပ်ရန် စိုက်ပျိုးကြသည်။

နံစားပြောင်းသည် မိုးခေါင်ခြင်းဒဏ်ကို အထူးခံနိုင်ရည်ရှိခြင်းကြောင့် မြန်မာနိုင်ငံ မိုးခေါင်ရေရှားရပ်ဝန်းတွင် အထူးထင်ရှား၍၊ အရေးကြီးသောသီးနှံတစ်ခုဖြစ်သည်။ ထိုကြောင့် ဤပြောင်းမျိုးကို လူများစားသုံးရန် အသီးအနှံအဖြစ်ဖြင့်ရင်း၊ ကျွဲ၊ နွားများ၊ အစားအစာအဖြစ်ဖြင့်လည်းကောင်း၊ ခြောက်သွေ့သောဒေသတို့တွင် အရေးတယူစိုက်ပျိုးလုပ်ကိုင်ကြသည်။ မြင်းခြံကဲ့သို့သော အထူးခြောက်သွေ့သည့်ဒေသတို့တွင် နံစားပြောင်းရိုးမှအပ၊ထွန်နွား၊ ခိုင်းနွားများအတွက် အခြားအစာ မရှိသလောက်ပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆန်ပြောင်းနှင့်ခွံပြောင်းဟူ၍ထင်ရှားသောနံစားပြောင်းပင် နှစ်မျိုးရှိသည်။ ဆန်ပြောင်းပင်၏ပင်စည်ရိုးတံသည် စိမ်းလဲ့လဲ့အရောင်ရှိပြီးလျှင် အသားမာသည်။ ဆန်ပြောင်းစေ့များသည် ဖြူ၍ အမျိုးအစားကောင်းမွန်သည့်အလျောက် လူများစားသုံးနိုင်သည်။ စပါးမစိုက်သော ဆန်ရှားသည့် အရပ်ဒေသတို့တွင် ဆန်ပြောင်းကို စားသုံးကြရသည်။ ဆန်ပြောင်းသည် အစေ့ကို လိုက်၍၃ မျိုးခန့် ကွဲပြားသည်။ ယင်းအမျိုးတို့မှာ (၁) မွဲပြာသောအခွံရှိသည့် အစေ့ဖြူအကြီးစားမျိုး၊ (၂) ညိုသောအခွံရှိသည့်အစေ့ဝါမျိုး၊ (၃) မည်းသောအခွံရှိသည့် အစေ့ဖြူမျိုးများ ဖြစ်ကြ၏။ ခွံပြောင်းပင်၏ ပင်စည်ရိုးတံမှာ နီကြန်ကြန်အရောင်ရှိလျက်၊ အသားပျော့ညံ့သည်။ အစေ့မှာ အညိုရင့်ရောင်၊ သို့မဟုတ်အမည်းရောင်ဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်း၏ သီးနှံဖြစ်သည့် နံစားပြောင်း

www.foreverspace.com.mm

မိုးစပါးရေရှားရပ်ဝန်းဖြစ်သည့် ဆူဒန်နယ်၌လည်း နံစားပြောင်းကို ဤသို့ အရေးတယူ စိုက်ပျိုးလုပ်ကိုင်ကြသည်။

လူများစားသုံးရန် ညံ့လွန်းသည်။ သို့ရာတွင် အရိုးတံများမှာ ကျွဲ၊နွားတိရစ္ဆာန်များကျွေးရန် အထူးအသုံးဝင်သည်။

နံစားပြောင်းများကို ယာထွက်အခြားအသီးအနှံများ ကဲ့သို့ပင် ပြုပြင်စိုက်ပျိုးကြသည်။ ဤပြောင်းမျိုးကို သဲမြေပွတွင်သာ အများအားဖြင့်စိုက်ပျိုးကြသဖြင့် မြေကို ထွန်ယက်ရန်အလို့ငှါ ထယ်ကိုသုံးရန်မလိုချေ။ ဆန်ပြောင်းနှင့် ခွံပြောင်းသည် အထွက်မတူကြချေ။ ဆန်ပြောင်းသည် တစ်ဧကလျှင် ၂၅တင်းခန့်ထွက်၍ ခွံပြောင်းသည် တစ်ဧကလျှင် အပင်ရိုး ၅၀စီပါသော အစည်း ၂၀၀ မှ ၄၀၀ အထိ အပင်ရိုးများကို ရတတ်သည်။

နံစားပြောင်း မျိုးထဲတွင် အပါအဝင်ဖြစ်လျက် မိုးခေါင်ရေရှားရပ်ဝန်းတွင် သုံးလေးသုံးထရှိသော အသီးအနှံနှစ်မျိုးမှာ လူးနှင့်ဆပ်ဖြစ်သည်။ ထိုအပင်များကို ညံ့ဖျင်းသောယာမြေများဖြစ်သည့် သဲမြေများအတွက်စိုက်ပျိုးကြသည်။

နံပြည်စုတ်။ ။ပါဏာဗေဒအလိုအားဖြင့် နံပြည်စုတ်ငှက်သည် ဆီလဖိုင်အီဒီးမျိုးရင်းတွင် ပါဝင်၍ ဩသိုတိုမပ် ဆူတိုးရီးယပ်ဟုခေါ်တွင်သည်။ အရွယ်အားဖြင့် စာကလေးလောက်မကြီးဘဲ နှုတ်သီးရှည်၍ ဖြောင့်သည်။ အမြီးလည်း ဖြောင့်သည်။ ဥယျာဉ်နှင့်ပေါင်းပင်တောတို့တွင် ကျက်စားတတ်သောငှက်ဖြစ်၏။ အရွယ်ငယ်သဖြင့် ငှက်ကို ရုတ်တရက်မမြင်နိုင်ဘဲ အသံကိုသာကြားရတတ်သည်။ ကိုယ်အောက်ပိုင်းသည် အဖြူရောင်သန်း၍ စိမ်းဖျော့ဖျော့ဖြစ်သည်။ ငှက်၏အမြီးသည် နောက်သို့ကော့လန်၍နေ သည်။ ထိုငှက်မျိုးသည် တစ်ကောင်တည်းဖြစ်စေ စုံတွဲဖြစ်စေ နေတတ်သည်။ နံပြည်စုတ်သည် တစ်စက္ကန့်လျှင် ၅ ကြိမ်မျှ၍ခြီခြီဟု အော်လေ့ရှိသည်။တစ်ခါတစ်ရံ ချစ်ချစ်ဟူ၍လည်း အသံပေးတတ်သေး၏။ အသံကား အလွန်ကျယ်၏။ မိုးရာသီတွင် ထိုငှက်၏ကျယ်လောင်သော ချိုတေးသံသည်ညိုမှိုင်းလျက်ရှိသော ကျွန်းတောများကို တစ်နည်းအားဖြင့် သာယာစိုပြည်စေသည်။ ယင်းငှက်သည် အကြောက်ကင်း၍၊ အလွန်ဖျတ်လတ်၏။ နွယ်ပင်နှင့် အပင်ငယ်တို့အကြားတွင် ခုန်ဆွ ခုန်ဆွနှင့် အင်းဆက်ပိုးများကို ရှာဖွေစားသောက်လေ့ရှိသည်။

နံပြည်စုတ်သည် ဗြေလတွင် သားပေါက်၏။ အသိုက်ကို မြေမှဖေကွာရှိ ချုံနိမ့်နိမ့်တွင်ဖြစ်စေ၊ သစ်ပင်မှအကိုင်းတွင်ဖြစ်စေ လုပ်လေ့ရှိသည်။ အသိုက်ပြုလုပ်သောပစ္စည်းများမှာ ကျယ်ပြန့်၍ခိုင်မာသောအရွက်ကြီးဖြစ်သည်။ တစ်ခါတစ်ရံ အရွက်နှစ်ရွက်သုံးရွက်ခန့်ကို အသုံးပြုသည်။ အသိုက်၏ ပုံသဏ္ဌာန်မှာ စောက်နက်သောခွက်နှင့် တူသည်။ မြက်နုများနှင့် မွေးနုများကို အသိုက်အတွင်းတွင် ခံထားတတ်သည်။ သစ်ရွက်နှစ်ရွက် သုံးရွက်ကို တဲစပ်ထိုးကာပြုလုပ်လေ့ရှိသည်။ သစ်ရွက်များကို သီသောပစ္စည်းမှာ ပင့်ကူမျှင်သော်လည်း ကောင်း၊ ပိုးမျှင်သော်လည်းကောင်း၊ ခြည်မျှင်သော်လည်းကောင်းဖြစ်သည်။ သစ်ရွက်ကို နှုတ်သီးထက်ထက်ဖြင့်ထိုးဖောက်ကာ၊ အပေါက်မှအမျှင်ကို ဆွဲယူလေသည်။ အမျှင်စွန်းသည် အပေါက်တွင်းသို့ ဖြတ်သွားရသောအခါ အမျှင်ပွ၍ ထုံးနေတတ်သည်။ အရွက်များကို သီဆိုရာ၌ တစ်ချက်စီသီသည်။ ယင်းသို့ အသိုက်ကို သီတတ်ချုပ်တတ်ခြင်းကြောင့် အင်္ဂလိပ်ဘာသာဖြင့် နံပြည်စုတ်ကို "အပ်ချုပ်သည်"ဟု အမည်မှည့်သည်။

အသိုက်တစ်မြို့လျှင် ၃ ဥမှ ၄ ဥထိ ရှိတတ်သည်။ ၅ ဥမှ ၆ဥထိ ရှိခဲသည်။ ဥသည် အလွန်ရှည်ပြီးလျှင် ချွန်၏။ ဥများ၏အရောင်မှာလည်း အမျိုးမျိုးဖြစ်သည်။ အဖြူရောင်၊ မလိုင်နှစ်ရောင်၊ ပန်းနုနုအရောင်၊ အပြာနုရောင် သို့မဟုတ် စိမ်းပြာရောင်ဖြစ်ပြီးလျှင် နီညို၊ အညို၊ အမည်းနှင့် ခရမ်းရောင်၊ အမည်းပြောက်များ ပါသည်။ များသောအားဖြင့် အပြောက်များသည် ဥကိုယ်ထည်ပေါ်တွင်နည်းပြီးလျှင် ဥ၏အရင်းပိုင်းတွင်သာများလေ့ရှိသည်။

နံပြည်စုတ်ငှက်ကို အရှေ့ပိုင်းနိုင်ငံများတွင် အနှံ့အပြားတွေ့ရ၏။မြန်မာနိုင်ငံတွင် လွင်ပြင်များ၌လည်းကောင်း၊ တောင်ခြေများ၌လည်းကောင်းအနေများသည်။ ထိုမှသည်မှ ကူးလူးပျံသန်းကာ၊ ပေ ၄၀၀၀အမြင့်ထိကျက်စားသည်။ ရန်ကုန်မြို့တွင် ဥယျာဉ်များ၌ ကျက်စားလေ့ရှိသည်။

နှမ်းချပ်လျှော်။ ။(ဘီသွာလျှော်။)

www.foreverspace.com.mm

နှမ်းဖတ်ကျောက်။ ။နှမ်းဖတ်ကျောက်ဆိုသည်မှာ အင်္ဂလိပ်လို ဂရင်းနိုက်ကျောက်ကို ဆိုလိုသည်။ ဂရင်းနိုက်ဟူသောစကားမှာ ကောက်သီးဟု အဓိပ္ပါယ်ရသည်။ ဤကျောက်ကို ဂရင်းနိုက်ဟု မှည့်ခေါ်ရခြင်းမှာ ကောက်သီးကဲ့သို့ တည်ဖွဲ့သောကြောင့်ဖြစ်သည်။ မြန်မာတို့ကမူ နှမ်းဖတ်ကျောက်ဟုခေါ်သည်။ နှမ်းဖတ်ကျောက်သည် မီးသင့်ကျောက်မျိုးဖြစ်၍ အတွင်း၌ ခရစ္စတယ်ပုံဖွဲ့စည်းပါရှိသည်။ ကြေအောင်ချေ၍ စစ်ဆေးကြည့်လျှင် ကျောက်သလင်း၊ လချေးနှင့် ဖဲလစပါးတို့ အဓိကပါရှိသည်ကို တွေ့ရသည်။ တစ်ခါတစ်ရံ လချေးကိုမတွေ့ရဘဲ ဟွန်းဗလင်းခေါ် ဆီလီကိတ်တမျိုးကိုတွေ့ရသည်။ ဤသို့ဖြစ်ရခြင်းမှာ မူလနှမ်းဖတ်ကျောက်တွင် လချေးမပါ၍ မဟုတ်ချေ။ ဟွန်းဗလင်းသည် လချေးကိုဖယ်ရှား၍၊ ကျောက်နှင့် ပေါင်းစပ်သွားသောကြောင့်ဖြစ်သည်။ ဇာကွန်နှင့်အက်ပါတိုက်တို့ကို လည်း နှမ်းဖတ်ကျောက်တွင် အမြဲတမ်းလိုပင် တွေ့ကြရသည်။

နှမ်းဖတ်ကျောက်သည် အများအားဖြင့် မွဲပြာရောင် အဆင်းရှိ၏။ အကယ်၍ ကျောက်အတွင်း၌မည်းစေသော ပစ္စည်းနည်းလျှင် အရောင်မှုန်၍၊ များလျှင် အချိုးအစား အတိုင်းအရောင်ရင့်လာသည်။ ကျောက်တွင်ပါရှိသည့် ဖဲလစပါး အမျိုးမျိုးတို့ကြောင့် အစိမ်းရောင်၊ ပန်းရောင်နှင့်အနီရောင်ရှိသော ကျောက်များကို မကြာခဏတွေ့ရတတ်သည်။ အရောင်တွင်ကွာခြားမှုရှိသည်နှင့်အမျှ ကျောက်အတွင်း၌ ပေါင်းစပ်ပါရှိသည့် ပစ္စည်းတို့၏ အချိုးအစားမှာလည်း ကွာခြားကြလေသည်။

နှမ်းဖတ်ကျောက်ကို အထူးသဖြင့်တောင်တန်းတို့၏ အလယ်နားတွင် အတွေ့ရများလေသည်။ ဤကျောက်ကို ကမ္ဘာပေါ်တွင် အနှံ့အပြားတွေ့ကြရသော်လည်း အများအပြားတွေ့ရှိရသော အရပ်ဒေသများမှာ ကနေဒါ၊ နယူးအင်္ဂလန်၊ နယူးယောက်၊ အက်ပလက်ချီယန်၊ မင်နီဆိုတာ၊ ဒကိုးတားတောင်ပိုင်း၊ မိဇူးရီ၊ အိုကလဟိုးမား၊ ရော့ကီးတောင်တန်းနှင့် အမေရိကန်ပြည်ထောင်စု ပစိဖိတ်ကမ်းခြေရှိ ပြည်နယ်များဖြစ်သည်။

နှမ်းဖတ်ကျောက်သည် ခေတ်တစ်ခေတ်တည်း၌ ဖြစ်ပေါ်လာသော ကျောက်မျိုးမဟုတ်ချေ။ ယခုအချိန်၌ပင်လျှင် ကမ္ဘာမြေကြီး၏အတွင်းပိုင်း အလွန်နက်ရှိုင်းသောအရပ်ဒေသ၌ ချော်ရည်သည် ခဲလာပြီးသော် နှမ်းဖတ်ကျောက်အဖြစ်သို့ ပြောင်းလဲရာ၌ အပူကိုအလွန်နှေးကွေးစွာစွန့်ထုတ်ပစ်ကြသဖြင့် ခရစ္စတယ်များဖြစ်လာကြသည်။

ဤကျောက်ကို အဆောက်အအုံ ဆောက်လုပ်ရာ၌ အမြောက်အမြား အသုံးပြုကြသည်။ သို့သော် အလွန်မာကျောသောကြောင့် ညီညီညာညာ ရရှိအောင် ခက်ခဲစွာ ထုယူလေရာ အလွန်စရိတ်ကြီးလေသည်။ လမ်းခင်းရာ၌ နှမ်းဖတ်ကျောက်ကို အမြောက်အမြား အသုံးပြုသည်

ခိုင်ခံ့သော အဆောက်အအုံများ၊ လမ်းများ ဆောက်လုပ်ရန် နှမ်းဖတ်ကျောက်ကို ဤသို့အကြီးအကျယ်တူးဖော်ယူရသည်။

www.foreverspace.com.mm

ပ ပ ပ ပ ဝ

ပကု။ ။ပကုလူမျိုးတို့သည် စကောကရင်နှင့်ပြော ဆိုသောဘာသာစကားတွင် နီးစပ်၍ အဆက်အနွယ်တူ သော တောင်ပေါ်ကရင်လူမျိုးဖြစ်သည်။ ၁၉၁၃ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၈၅၀၀ကျော်ရှိ၍၊ တောင်ငူနယ် တောင်ပေါ်ဒေသနှင့် ရှမ်းပြည်တောင်ပိုင်း တွင် အနှံ့အပြားနေထိုင်ကြသည်။ (ကရင်လူမျိုး–၇။)

ဦးဘရှင်

ပခုက္ကူခရိုင် ။ ။ပခုက္ကူခရိုင်သည် အထက်မြန်မာနိုင် ငံ မကွေးတိုင်း၌ပါဝင်သည်။ ၅၃၅၆ စတုရန်းမိုင် ကျယ်ဝန်း၍ ၁၉၅၆ ခုနှစ် ခန့်မှန်းချက် သန်းခေါင် စာရင်းအရ လူဦးရေ ၆၅၂၉၇၇ ယောက်ရှိသည်။ ခရိုင် အတွင်း၌ နယ်သုံးနယ်ပါဝင်သည်။ ယင်းတို့မှာ ပခုက္ကူမြို့နယ်၊ ရေစကြီးမြို့နယ်နှင့် မြိုင်မြို့နယ်တို့ ပါဝင်သော ပခုက္ကူနယ်၊ ပေါက်မြို့နယ်၊ ဆောမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့ပါဝင်သော ပေါက်နယ်နှင့် ဂန်ဂေါ့မြို့ နယ်၊ ထီးလင်းမြို့နယ်တို့ပါဝင်သော ဂန့်ဂေါနယ်တို့ ဖြစ်သည်။

ပခုက္ကူ ခရိုင်၏ မြောက်ဘက်တွင် အထက်ချင်းတွင်းနှင့် အောက်ချင်းတွင်း ခရိုင်တို့ရှိသည်။ အရှေ့ဘက်တွင် ဧရာ ဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့သည် ပခုက္ကူခရိုင်ကို စစ်ကိုင်း ခရိုင်နှင့် မြင်းခြံခရိုင်တို့မှ ပိုင်းခြားထားသည်။ တောင်ဘက် တွင် မင်းဘူးခရိုင်ရှိ၍ အနောက်ဘက်တွင်မူ ချင်းတောင် တန်းများရှိလေသည်။

ခရိုင်၏မြေမျက်နှာပြင်သည် တောင်ရိုး တောင်တန်း များရှိသဖြင့်ညီညာပြန့်ဖြူးခြင်း မရှိပေ။ ပုံတောင်နှင့်တန့် ကြည်တောင်တို့၏ တောင်ရိုးတောင်စွယ်တို့သည် ခရိုင်ကို အကြမ်းဖျင်းအားဖြင့် အရှေ့နှင့်အနောက် ပိုင်းခြားထား သကဲ့သို့ ရှိသည်။ ပုံတောင်၏အရှေ့ဘက် ခြောက်သွေ့သော ဒေသတို့သည် ကျန်းမာရေးနှင့် ညီညွတ်သော်လည်း မိုး နည်းပါး၍ ပူပြင်းသည်။ ပုံတောင်၏ အနောက်ဘက်ဒေသ တို့သည် မိုးပို၍ များပြီးလျှင် အပူအနည်းငယ်လျော့ သော်လည်း၊ ကျန်းမာရေးနှင့်မညီညွတ်ပေ။ ယောဂက် ဟုခေါ်ကြသော ဂုက်ဖျားတစ်မျိုး စွဲကပ်တတ်သည်။ တခရိုင်လုံးအတွက် နှစ်စဉ်ပျမ်းမျှ မိုးရေချိန်မှာ ၂၅ လက်မမှ လက်မ ၄၀ ခန့်မျှသာဖြစ်လေသည်။

ခရိုင်အတွင်း စီးဆင်းသောမြစ်ချောင်းတို့မှာ မြောက် ဘက်ပိုင်း၌ ချင်းတောင်တန်းများတွင် မြစ်ဖျားခံ၍ အနောက်ဘက်မှ စီးဝင်လာပြီးနောက် မြောက်ဘက်သို့ စီးဆင်းသွားသော မြစ်သားချောင်း၊ ထိုချောင်း၏တောင် ဘက် ချောင်းလက်တက်ဖြစ်သော မောချောင်းတို့ဖြစ် သည်။ တောင်ဘက်ပိုင်းတွင် ယောချောင်းနှင့် ယင်း၏ မြောက်မြားလှစွာသော ချောင်းလက်တက်များ စီးဆင်း ကြသည်။ ယောချောင်းသည် ခရိုင်တွင်းသို့ အနောက် ဘက်မှ စီးဝင်လာပြီးလျှင် ခရိုင်၏အလယ်ခန့်တွင် တောင် ဘက်သို့ကွေ့ဆင်းသွားသည်။ တောင်ဘက်သို့ ကွေ့ မဆင်းမီ ကလေးတွင် (ပေါက်မြို့အနီး၌) ကျောချောင်း ပေါင်းဆုံစီးဝင်သည်။ ယောချောင်းသည် ထိုမှ တောင်ဘက်သို့ စီးဆင်းလာပြီးနောက် ဧရာဝတီမြစ် အတွင်းသို့ စီးဝင်လေသည်။

ခရိုင်၏အရှေ့ဘက်ပိုင်း ဧရာဝတီနှင့် ချင်းတွင်းမြစ် ကမ်းပါးများတစ်လျှောက်ရှိ နုံးတင်မြေနုများတွင် လည်းကောင်း၊ ထိုမြစ်များအတွင်း၌ ပေါ်ထွန်းလာတတ် သည့် သောင်ကျွန်းများတွင်လည်းကောင်း စိုက်ပျိုးဖြစ် ထွန်းသဖြင့် ကိုင်းများလုပ်ကိုင်ကြသည်။

www.forewspace.com.mm

ယောချွေခင်းနှင့် ကျောချောင်း အကြားရှိ မြေများတွင်လည်း စိုက်ပျိုးလုပ်ကိုင်ကြသည်။ လူး၊ ဆပ်၊ နှမ်း၊ ပြောင်း၊ ပဲအမျိုးမျိုး၊ ငရုတ်၊ ဆေးရွက် စသည်တို့မှာ ပခုက္ကူခရိုင်၏ သီးနှံထွက်ကုန်များ ဖြစ်ကြသည်။ ဆန်စပါးကိုလည်း မြစ်သားချောင်းကမ်းပါးတစ်လျှောက် အချို့နေရာများတွင် ရေသွင်းစိုက်ပျိုး လုပ်ကိုင်ကြလေသည်။

ချင်းတောင်၊ ပုံညာတောင်တို့၏ တောင်စောင်း သစ်တောများနှင့် ဂန့်ဂေါမြို့နယ် သစ်တောများမှ ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုးစသောအဖိုးတန်သစ်များထွက်သည်။ ပခုက္ကူခရိုင်အတွင်း ဧရာဝတီမြစ်၏ လက်ယာဘက်ကမ်းရှိ ရေနံကျုပ်တွင် ရေနံအတော်အသင့်ထွက်သည်။ ပိုးထည်လုပ်ငန်းသည်လည်း အသင့်အတင့်ထွန်းကား၍ ပခုက္ကူခရိုင်ထွက် ယောလုံချည်များသည် နာမည်ကျော်သည်။ ပခုက္ကူမြို့နယ်တွင် နှမ်းဆီစက်၊ မြေပဲဆီစက်၊ သစ်စက်များ ရှိသည်။ ယောနယ်နှင့် ချင်းတွင်းမြစ်ဝှမ်းအတွက် ထွက်ကုန်ဝင်ကုန်တို့သည် ပခုက္ကူခရိုင်၏ရုံးစိုက်မြို့ဖြစ်သောပခုက္ကူမြို့ကို ဖြတ်သန်းသွားကြရသည်။ ခရိုင်၏ အဓိကထွက်ကုန်များမှာ သစ်၊ သားရေ၊ ရေနံ၊ ရှားစေး၊ ယောဖက်၊ ထန်းလျက်၊ ငရုတ်၊ နှမ်းဆီ၊ ပဲဆီစသည်တို့ ဖြစ်သည်။

ခရိုင်အတွင်း၌ မော်တော်ကားလမ်းများဖြင့်လည်းကောင်း၊ ရေကြောင်းလမ်းများဖြင့်လည်းကောင်း ကူးသန်းသွားလာကြသည်။ ပခုက္ကူခရိုင်မြို့နှင့် ပေါက်၊ ထီးလင်း၊ ဂန့်ဂေါ၊မြိုင်၊ရေစကြိုစသောခရိုင်တွင်းမြို့များသည် မော်တော်ကားလမ်းဖြင့်ဆက်သွယ်ကြရသည်။ ဆိပ်ဖြူမြို့မှ ဆောမြို့၊ လောင်းရှည်မြို့သို့လည်း မော်တော်ကားလမ်းရှိသည်။ ပေါက်မြို့မှရေရှင်သို့ မော်တော်ကား ဖြင့်သွားရောက်နိုင်၍ ယင်းမှတစ်ဆင့် ချင်းဝိသေသတိုင်း မင်းတပ်မြို့သို့ လားဝန်တင်ဖြင့်သွားရောက်နိုင်သည်။ ထိုပြင် ဆောမြို့မှ လည်း ချင်းဝိသေသတိုင်း ကန်ပက်လက်မြို့သို့ လားဝန်တင်ဖြင့်သွားရောက်နိုင်လေသည်။

ပခုက္ကူမြို့သည် ရန်ကုန် မန္တလေး အညာဆန်သင်္ဘောကြီးများဆိုက်ကပ်ရာဆိပ်ကမ်းမြို့ဖြစ်သည်။ ပခုက္ကူနှင့်ဧရာဝတီမြစ်ကြောင်းမှ သင်္ဘောများဖြင့် သွားလာဆက်သွယ်နိုင်သည်။ ပခုက္ကူမြို့နှင့်မုံရွာမြို့စသောချင်းတွင်းမြစ်ကြောင်းမှ မြို့များကိုလည်း သင်္ဘောများဖြင့် ဆက်သွယ်ရသည်။

ရန်ကုန်နှင့် ပခုက္ကူလေကြောင်းခရီးရှိ၍၊ ပခုက္ကူမှတဆင့်ခရိုင်းတွင်းရှိ ပေါက်မြို့သို့လည်းကောင်း ကျောက်ထုသို့လည်းကောင်း၊ ဂန့်ဂေါမြို့သို့လည်းကောင်း လေကြောင်းခရီး အဆက်အသွယ်ရှိသည်။

ပခုက္ကူခရိုင်အတွင်း၌ ရှေးဟောင်းစေတီပုထိုးများရှိသည်။ ပခုက္ကူမြို့တွင်းရှိ ရွှေဂူဘုရား၊ သိန်းဃိုင်ဋ္ဌရှင်ဘုရား၊ ပုဂံမြို့တစ်ဖက်ကမ်းရှိ တန့်ကြည့်စွယ်တော်စေတီနှင့် ကွမ်းရွာနှင့် ရှင်မတောင် စေတီပုထိုးများသည် ရှေးဟောင်းစေတီပုထိုးများဖြစ်ကြသည်။ ပေါက်မြို့နယ် အတွင်း၌လည်း ရွှေမုဇ္ဇောစေတီနှင့် ရွှေပေါက်လောင်တို့ရှိလေသည်။

မြန်မာမင်းများ လက်ထက်အခါက ယခု ပခုက္ကူခရိုင်သည် ထိုစဉ်က ပခန်းကြီးခရိုင်ဖြစ်သည်။ ထိုစဉ်က ပခန်းကြီးခရိုင်ကို ပခန်းကြီးမြို့ဝန်၊ ယောလေးမြို့ဝန်နှင့် ဗန့်ကျီတိုက်မြို့ဝန်တို့က ခန့်ခွဲ အုပ်ချုပ်သည်။ ဗြိတိသျှတို့က မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးနောက်တွင် ယခု ပခုက္ကူခရိုင်ဒေသနှင့် ယောနယ်တို့သည် များစွာဆူပူလှုပ်ရှားနေခဲ့သည်။ ပခုက္ကူနယ်တွင် ရွှေဂျိုးဖြူမင်းသားက ခေါင်းဆောင်၍ ဗြိတိသျှတပ်များအား တွန်းလှန်ခဲ့သေးသည်။ ဗြိတိသျှတပ်များသည် ဆူပူထကြွမှုများကို နှိမ်နှင်းပြီးနောက် ပုဂံခရိုင်ကို ဖျက်သိမ်းကာ ၁၈၈၈ခုနှစ်တွင် ပခုက္ကူမြို့ကို ရုံးစိုက်မြို့ပြုပြီးလျှင် ပခုက္ကူခရိုင်ကို စတင်ဖွဲ့စည်းခဲ့လေသည်။

ပခုက္ကူမြို့။ ။ပခုက္ကူမြို့သည် မကွေးတိုင်း၊ ပခုက္ကူခရိုင်၏ ရုံးစိုက်ရာမြို့ဖြစ်သည်။ ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် မန္တလေးမြို့မှအနောက်တောင်ထောင့်ယွန်းယွန်း ၇၅ မိုင်ကွာ၌ တည်ရှိသည်။ ဗြိတိသျှတို့ မသိမ်းပိုက်မီက ပခုက္ကူသည် တံငါရွာကလေးတစ်ရွာမျှသာ ဖြစ်၍၊ ပုဂံမြို့ဝန်၏ အုပ်ချုပ်စီရင်မှု အောက်တွင် ရှိသည်။ မူလက ပခုက္ကူသည် ယခုကဲ့သို့မြစ်ကမ်းပေါ်၌ တည်ရှိသည်မဟုတ်။ ပခုက္ကူရွာနှင့်ဧရာဝတီမြစ်အကြားတွင် ကျယ်ပြန့် သော သဲသောင်ကြီးတစ်ခုရှိသည်။ ၁၈၈၅ခုနှစ်တွင် ထိုသဲ သောင်ပြင်ကြီး ပျောက်ကွယ်သွား၍၊ မြစ်ကြောင်းသည် ပခုက္ကူရွာအနီးမှ စီးဆင်းသဖြင့်၊ ပခုက္ကူရွာသည် ဆိပ်ကမ်း ဖြစ်လာကာ၊ တစ်စတစ်စနှင့် တိုးတက်စည်ကားသောမြို့ ကြီးဖြစ်လာလေသည်။ ပခုက္ကူမြို့သည် ယခုခေတ်တွင် မန္တလေးမြို့မှလွဲ၍ မြန်မာနိုင်ငံ အထက်ပိုင်းတွင်အကြီးဆုံးမြို့ ဖြစ်သည်။ ဗုဒ္ဓသာသနာ စာသင်တိုက်ကြီးများလည်း ရှိ၍၊ သာသနာ့ဝန်ထမ်း ရဟန်းတော်များလည်းပေါများ၏။ ပခုက္ကူမြို့ရှိထင်ရှားသောဘုရားများမှာ သိန်းဃိုင်ဋ္ဌရှင်(သီဟိုဋ္ဌရှင်)နှင့်ရွှေဂူစေတီတို့ဖြစ်သည်။ သိန်းဃိုင်ဋ္ဌရှင် ဘုရားပွဲတော်ကို နှစ်စဉ်နယုန်လတွင်ကျင်းပလေသည်။ မြို့၏ လူဦးရေသည် ၁၉၅၃ ခုနှစ် သန်းခေါင်စာရင်း အရ ၃၀၉၄၃ ယောက်ဖြစ်လေသည်။

မြန်မာနိုင်ငံအထက်ပိုင်းတွင် လှေအကြီးအကျယ်လုပ်သောမြို့သည် ပခုက္ကူမြို့ဖြစ်၏။ လုပ်ကိုင်သည့်လှေအမျိုးအစားမှာ ဧရာဝတီမြစ်ကြောင်းသွားလှေကြီးများ၊ လောင်းငိုကြီးများဖြစ်၏။ ပခုက္ကူမြို့၏ အခြားလုပ်ငန်းများကား

www.foreverspace.com.mm

ဧရာဝတီမြစ်ကမ်းဖက်မှ ရှုမြင်ရသည့် ပခုက္ကူမြို့၏ ရှုခင်းတစ်ရပ်

ပိုးထည်ရက်လုပ်ခြင်း၊ ပန်းထုထုခြင်း၊ ထန်းလျက်ချက်ခြင်း၊ ဆီကြိတ်ခြင်း စသည်တို့ ဖြစ်၏။

ပခုက္ကူမြို့သည် ပခုက္ကူခရိုင်၏ ထွက်ပေါက် ဝင်ပေါက် တံခါးမကြီးဖြစ်၏။ ယောချောင်းနှင့် ချင်းတွင်းမြစ်တို့မှ လာသော ကုန်စည်များနှင့် ဧရာဝတီမြစ်ကြောင်းမှလာသော ကုန်စည်များဖလှယ်ရာ၊ ရောင်းဝယ်ဖောက်ကားရာ အချက်အချာဒေသလည်း ဖြစ်၏။

ပခုက္ကူမြို့သည် သင်္ဘောဆိပ်မြို့ဖြစ်၍၊ မြစ်လမ်းအတိုင်းသွားသော်၊ ရန်ကုန်မှ ၄၉၄ မိုင်၊ မန္တလေးမှ ၁၀၃ မိုင်ဝေးသည်။ ပခုက္ကူမှအထက်ချင်းတွင်းမော်လိုက်၊ ဟုမ္မလင်းမြို့များသို့လည်း သင်္ဘောလမ်းရှိသည်။ ထိုပြင် ပခုက္ကူမှ ၉၇မိုင်ဝေးသောထီးလင်းမြို့သို့လည်းကောင်း၊ ၄၉မိုင် ဝေးသောကျားတက်ရွာသို့လည်းကောင်း မော်တော်ကားဖြင့် ခရီးသွားနိုင်သည်။ ရန်ကုန်မြို့နှင့် အပတ်စဉ်လေကြောင်းအဆက်အသွယ်ရှိ၍၊ ပခုက္ကူမှတစ်ဆင့် ခရိုင်တွင်းဒေသများ ဖြစ်သောပေါက်မြို့၊ ကျောက်ထုနှင့် ဂန့်ဂေါမြို့များသို့ လေကြောင်းဖြင့်သွားလာနိုင်သည်။ ပခုက္ကူနှင့်မန္တလေးကို တစ်ပတ်တစ်ကြိမ်လေကြောင်းခရီးဖြင့် ဆက်သွယ်ထားသည်။

ပဂိုးဒေါင် ။ ။(ဥဒေါင်–ရှ ။)

ကမ္ဘာပေါ်တွင် အကျယ်ဆုံးနှင့် ရေအနက်ဆုံးသမုဒ္ဒရာ

ပစိဖိတ်သမုဒ္ဒရာသည် ကမ္ဘာပေါ်တွင် အကျယ်ဆုံးနှင့် ရေအနက်ဆုံး သမုဒ္ဒရာဖြစ်သည်။ ရေပြင်သည် တိုက်ကြီး ၄တိုက်တို့၏ကမ်းခြေများတိုင်အောင်ရောက်၏။ ထိုသမုဒ္ဒရာအတွင်း ကျွန်းပေါင်းများစွာတည်ရှိကြသည်။ ဤအကြောင်းရပ်တွင် ပစိဖိတ်သမုဒ္ဒရာ၏ ဆန်းကျယ်ပုံနှင့်တကွ၊ ကျွန်းသူကျွန်းသားတို့အကြောင်းကို စိတ်ဝင်စွားဖွယ်ရာ ဖော်ပြထားသည်။

ပစိဖိတ်သမုဒ္ဒရာ ။ ။ပစိဖိတ်သမုဒ္ဒရာသည် ကမ္ဘာပေါ်ရှိ သမုဒ္ဒရာတို့တွင် အကျယ်ဆုံးဖြစ်၏။ ရေလည်း အနက်ဆုံးဖြစ်၍၊ ဆားအပေါ့ဆုံးလည်း ဖြစ်၏။ အကျယ်အဝန်းမှာ အာရှတိုက်၊ဩစတေးလျှတိုက်၊ တောင်အမေရိကတိုက်၊ မြောက်အမေရိကတိုက်တို့၏ ကမ်းခြေသို့ရောက်အောင် ကမ္ဘာ၏ ၃ပုံ ၁ပုံခန့်ကျယ်ဝန်းသည်။ ပစိဖိတ် သမုဒ္ဒရာ၏ ရေပြင်သည် ကမ္ဘာပေါ်ရှိရေပြင်အားလုံးပေါင်းတို့၏ ရာနှုန်း ၄၀ ခန့်ရှိ၏။ (သမုဒ္ဒရာ–ရှ။)

သမုဒ္ဒရာခရီးလမ်းကိုဖြတ်သန်း၍ နယ်သစ်ရှာဖွေကြသူများအနက်၊ ခရစ် ၁၅၁၂ ခုနှစ် ပေါ်တူဂီလူမျိုး တို့သည် အနောက်ဘက်လမ်းဖြင့် ပစိဖိတ်သမုဒ္ဒရာ၏ နယ်နမိတ်အတွင်းသို့ ရောက်ရှိလာခဲ့ကြ၏။ ယင်းသို့ ရောက်လာခဲ့သူတို့အနက်၊ ၁၅၁၃ ခုနှစ်တွင်၊ တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်တို့ကို ဆက်လျက်ရှိသည့် ပနားမားကျွန်းဆက်ရှိ တောင်ကုန်းငယ် တစ်ခုအပေါ်မှနေ၍၊ ဗတ်ရှကူးနှုန်းညေးသာဗဲလဗိုးအား ဆိုသူသည် ပစိဖိတ် သမုဒ္ဒရာကြီးကို ပထမဦးစွာ မျက်ဝါးထင်ထင်တွေ့မြင်ရသူ ဖြစ်သည်။ ထိုနောက် ၁၅၁၂ခု၌ ဖာဒီနန်မဂျဲလင်ဆိုသူသည် တောင်အမေရိကတိုက်ကို ကွေ့၍၊ သမုဒ္ဒရာ အတွင်းဘက်သို့ သင်္ဘောဖြင့်ရွက်ဖွင့်တိုက်လွှင့်ခဲ့ပြီးလျှင်၊ သူဖြတ်သန်းခဲ့သော သမုဒ္ဒရာကို ပစိဖိတ် သမုဒ္ဒရာဟု အမည်မှည့်ခဲ့လေသည်။ (မဂျဲလင်–ရှ။) ပစိဖိတ် ဟူသည်မှာ ငြိမ်သက်ခြင်း အဓိပ္ပါယ်ကို ဆောင်သည်။

နှစ်ပေါင်း ၁၀၀ကျော်ခန့်မျှကြာသောအခါ၊ ဒပ်ချလူ

www.foreverspace.com.mm

တပ်စမန်ဆိုသူသည် ဤသမုဒ္ဒရာကြီးကိုစွန့်စားဖြတ်သန်းကာ၊ နယူးဇီလန်ကျွန်း၊ တွန်ဂါကျွန်း၊ တူအာ မိုးတူးကျွန်းစု၊ ဗစ်ဇမတ် ကျွန်းစု၊ ဖီးဂျီးကျွန်းစုတို့ကို တွေ့ရှိပြန်လေသည်။ ၁၈ ရာစုနှစ်သို့ ရောက်သောအခါ၊ အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံသားတို့သည် ဆက်ကာဆက်ကာ ကျွန်းများစွာကို ရှာဖွေကြ၏။ ယင်းတို့အနက် ထင်ရှားသော ဗြိတိသျှရေကြောင်းခရီးသည် ကက်ပတိန် ဂျိမ်းကွတ်သည် ခရစ် ၁၇၂၃ခုနှစ်မှစ၍ ၉ နှစ်အတွင်းခရီးရှည်ထွက်ကာ ရှာဖွေလေရာ၊ များစွာသောကျွန်းစုကြီးများကို တွေ့ရပြီးနောက်၊ ဟာဝိုင်းယန်းကျွန်းသို့ အရောက်တွင်၊ ၁۷۷၉ခုဒ္ဓ အသတ်ခံရလေသည်။ (ကွတ်ကက်ပတိန်–ရှု။) ထိုနောက် သိပ္ပံပညာရပ်များ တစ်နေ့တစ်ခြား ထွန်းကားလာရာ၊ စွန့်စားရှာဖွေသူများလည်း အဆက်မပြတ်ပေါ်ထွက်လာကြ၍၊ ပစိဖိတ်သမုဒ္ဒရာအတွင်းတွင် နှံ့နှံ့စပ်စပ်ရှာဖွေပေါက်ရောက်ခဲ့ကြလေသည်။ ခရစ် ၁၈၅၀ပြည့်နှစ်ခန့်တွင်၊ သိပ္ပံပညာပါရဂူကြီးများဖြစ်သော ချားဒါဝင်နှင့်အဲလဖရက်ဆဲ၊ ဝေါလေ့တို့သည် ပစိဖိတ်သမုဒ္ဒရာကြီတွင်းတွင် စံနစ်တကျ ရှာဖွေကြပြန်သဖြင့် အခြားသူများ မတွေ့သေးသော ကျွန်းပေါင်းများစွာကို တွေ့ရှိကြပြန်သည်။ သူတို့နောက်တွင် ကုန်သည်များသည် နောက်ယောင်ခံကာ၊ အုန်းသီး၊ ဆန်၊ ပုလဲ၊ လိပ်ခွံ၊ စန္ဒကူးသစ်များကို ရောင်းဝယ်ခြင်းဖြင့် စီးပွားရှာကြသည်။ ထိုပြင် တံငါများကလည်း၊ ပစိဖိတ်သမုဒ္ဒရာထဲတွင် ဝေလငါးနှင့် လင်းပိုင်စသည့်ငါးကြီးများကို ရှာဖွေ ဖမ်းဆီးကြပြန်၏။

ကမ္ဘာမြေကြီးအလယ်ဗဟိုအတွင်းရှိ အပူဓာတ်သည် ကမ္ဘာဦးက အပြင်သို့ ရုန်းကန်တိုးထွက်လာရာ၊ ရေမျက်နှာပြင်ပေါ်သို့ ကျွန်းကြီးကျွန်းငယ်များ၊ တောင်ကြီးများ၊ မီးတောင်များကို ဖြစ်စေသည်။ ထိုအပြင် အလွန်သေးငယ်သောသန္တာကောင်တို့သည် နှစ်ထောင်သောင်းမကမရေတွက်နိုင်သောကာလတွင် သေကြေပျက်စီးသောအခါ ပင်လယ်အတွင်းရှိ ထုံးဓာတ်ပါရှိသော ရေညှိပင်များနှင့်ထိတွေ့ပြီးနောက် စေးစပ်ဝြိတွယ်သောသဘောကြောင့် ထုထည်အစိုင်အခဲဖြစ်၍ လှပသောသန္တာကျွန်း၊ သန္တာကျောက်တန်းများဖြစ်လာသည်။ သို့ဖြင့်ဤသမုဒ္ဒရာကြီးအတွင်းတွင် သယံဇာတဖြစ်ပေါ်လာသော အထက်ပါကျွန်းကြီး၊ ကျွန်းငယ်နှင့်သန္တာကျောက်တန်းတို့သည် နေရာအနှံ့တွင် ပြန့်ကျဲ၍တည်နေကြသည်။ ကျွန်းသူကျွန်းသားလူရိုင်းတို့သည် ကမ္ဘာ့ယဉ်ကျေးမှုနှင့် လုံးဝအဆက်အသွယ်မရှိဘဲ၊ ပင်လယ်ကမ်းစပ်တွင်ရနိုင်သောလိပ်၊ ငါးနှင့်ပုဇွန်တို့ကိုသာ အာဟာရအလို့ငါမှီဝဲကြရသည်။ အုန်းသီးနှင့်တကွအခြားသစ်သီးသစ်ဥသစ်ဖု တို့ကိုလည်း ပေါများ၏။ အမိုးအကာ၊ တဲအုံကနားလုပ်ရန် သစ်ပင်ဝါးပင်တို့လည်းရှိ၏။ ဤသို့လျှင် ရှေးခေတ်စဉ်က စရိုက်ဖြင့်အေးချမ်းစွာနေကြသည်။ သို့သော် တစ်ခါတစ်ရံသဘော်ဘသားများ မျက်စိလည်လမ်းမှား၍ ဆိုက်ကပ်လာသောအခါ ယင်းတို့သည် ရွှေ၊ ငွေစသောသတ္တုများ၊ ဆင်စွယ်များ၊ လိပ်ခွံများနှင့် အခြားအသုံးကျသောပစ္စည်းများကို ကျွန်းသားတို့ထံမှ ယူသွား၍ သဘော်ပေါ်တွင် ပါလာသောရောဂါဆိုး၊ အနာဆိုးမျိုးစေ့များကိုမူ ထိုကျွန်းသားတို့အားပေးအပ်ခဲ့တတ်ကြ၏။ ထိုကြောင့် ရောဂါမျိုးစေ့သည် အပြစ်မဲ့သော ကျွန်းသူကျွန်းသားတို့ကို စွဲငြိစေ၏။ ထိုအခါ ဆေးဝါးမရှိ၊ ကုသရန်လည်းမသိသော ကျွန်းသူကျွန်းသားအမြောက်အမြားတို့သည် သေကြေပျက်စီးကြရကုန်၏။ တစ်ခါတစ်ရံကျွန်းလုံးပြုတ်မျှ သေကြေပျက်စီးကာ၊ လူမျိုးတစ်မျိုးလုံး ပျောက်ပျက်သွားတတ်ဟန်ဟူသော လက္ခဏာများကို တွေ့ကြရသည်။

ဤအပြောကျယ်လှစွာသော သမုဒ္ဒရာအတွင်းရှိ ကျွန်းများစွာပေါ်တွင်၊ သင်းချိုင်းဂူများ၊ အဆောက်အအုံပျက်များ၊ ယဇ်ပလ္လင်များ၊ ကျောက်ကို ထုလုပ်ထားသည့် အဆမတန်ကြီးထွားလှသော လူရုပ်ကြီးများ၊ တိရစ္ဆာန်ရုပ်ကြီးများ၊ အဓိပ္ပါယ်မပေါ်လွင်သော အမှတ်အသားများကို တွေ့ရခြင်းအားဖြင့်၊ ထိုကျွန်းများ၌ တစ်ခါကနေထိုင်ခဲ့ကြသောရှေးဦးလူများ၏ လက်ရာများကို ကောင်းစွာ ခန့်မှန်းနိုင်၏။ ပုံစံအားဖြင့်၊ ဤသမုဒ္ဒရာကြီး အရှေ့တောင်ဖျားအစွန်းဆုံး၌ မီးတောင်ပေါများသော အီစတာခေါ် ကျွန်းကလေးတစ်ကျွန်းရှိရာ၊ ထိုကျွန်းပေါ်တွင် ရုပ်တုတင်သည့်ကျောက်တိုင်ကြီးများ၊ ရုပ်တုအကျိုးအပဲ့များ၊ ကျောက်ကို တူးဖော်ထားဟန်ရှိသည့် ကျောက်တွင်းများ၊ အပြီးမသတ်ဘဲထုလုပ်ထားသော ကျောက်ရုပ်ကြီးများ၊ စက်ဝိုင်းပုံ၊ သုံးထောင့်ပုံစသောဂျီသြမေတြီပုံများကိုတွေ့ ရသဖြင့် ဤသည်တို့ကိုပြုလုပ်ခဲ့သည့် ကျွန်းသူကျွန်းသားများသည် ယခုအခါ မည်သည့်အရပ်သို့ရောက်၍၊ မည်သို့တိမ်ကောသွားကြသည်ကို မည်သူမျှအတတ် မပြောနိုင်ချေ။ သိပ္ပံပညာရှင်ကြီးများ၏ အယူအဆ၌ ထိုသူတို့သည် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ကျော်ကအာရှတိုက်မှ ထွက်ခွာသွားကာ၊ မလ္လာယုကျွန်းတို့ကိုကျော်၍ လှေငယ်ကလေးများဖြင့် ပစိဖိတ်ကျွန်းစုများပေါ်သို့ ရောက်လာကြသည်ဟုယူဆ၏။ သမိုင်းမတင်မီခေတ်က ထိုသို့လာရောက်ကြသူများသည် ယခုအခါတိမ်ကောကွယ်ပျောက်သွားသည်မှာ တခြားသို့ ရွှေ့ပြောင်းသွားခြင်း၊ အမျိုးပြုတ်အောင်ရောဂါဆိုးများကျရောက်ခြင်း၊ အချင်းချင်းတိုက်ခိုက်သေပျောက် ကုန်ခြင်းတို့ကြောင့်ဖြစ်ရသည်ဟုယူဆရန်အကြောင်းရှိ၏။

ပစိဖိတ်သမုဒ္ဒရာကြီး၏ကမ်းခြေဖြစ်သော အာရှတိုက်ဘက်ရှိ ပင်လယ်ကမ်းရိုးတန်းသည် အကွေ့အကောက်များ

www.fotaspace.com.mm

သည်။ ကျွန်းငယ်တို့နှင့်တကွ ပင်လယ်အော်၊ ပင်လယ်ကွေ့ကြီးများ၊ ကျွန်းဆွယ်ကြီးများ၊ အင္ဂူများသည် ထိုကမ်းခြေ၌ ရှည်ရှိသည်။ ဗော်နီယိုကျွန်း၊ မလ္လာယုကျွန်းဆွယ်၊ အင်ဒိုချိုင်းနားကျွန်းဆွယ်ကြီးများဖြင့် ပိုင်းခြားထားသည့် တရုတ်ပင်လယ်သည် သမုဒ္ဒရာ၏တောင်ပိုင်းတွင်ရှိ၏။ ပင်လယ်ဝါသည်ကား ကိုးရီးယားကျွန်းဆွယ် ခြားလျက်ရှိ၏။ ဂျပန်ပင်လယ်သည် ဂျပန်ကျွန်းများအတွင်းဘက်၌ ရှိ၍၊ ကမ်ချက်ကာကျွန်းဆွယ်၏ တဘက်တွင် အိုကော့ပင်လယ်ရှိသည်။ တောင်အမေရိကတိုက်နှင့် မြောက်အမေရိကတိုက်တို့၏ ကမ်းခြေအနီးတွင် ကျွန်းအနည်း ငယ်မျှသာရှိသည်။ ကာလီဖိုးနီးယားပင်လယ်ကွေ့နှင့် အလာစကာပြည်နယ်အနီးတွင် မီးတောင်ပေါများသော အလျူးရှင်းကျွန်းစုများစီတန်းလျက်ရှိ၏။ မလေးကျွန်းစုသည် သြစတေးလျတိုက်နှင့် အာရှတိုက်အကြားတွင်ရှိ၏။ အခြားကျွန်းစုများမှာ၊ ဂျားဗားကျွန်း၊ ဆူမတြာကျွန်း၊ စဲလဗီးကျွန်းများဖြစ်၏။ နယူးဇီလန်ကျွန်းသည် အကြီးဆုံးဖြစ်သော်လည်း၊ ယင်းကို ပစိဖိတ်ကျွန်းများထဲ၌ ထည့်သွင်းရေတွက်ခြင်းမပြုကြချေ။ ပစိဖိတ်သမုဒ္ဒရာတွင် အနောက်ဘက်မှအရှေ့ဘက်သို့ ကောင်းကင်၌ရှိသော နဂါးငွေ့ခေါ် ကြယ်တာရာလမ်းကြောင်းကြီးသဖွယ် စီတန်း၍ကျွန်းကလေးပါင်းများစွာတို့သည် အစုလိုက်အပြုံလိုက်ရှိနေကြရာ၊ အနောက်ဘက်ဆုံး အစုကို မယ်လာနီးရှား အုပ်စုဟူ၍လည်းကောင်း၊ အလယ်အစုကို မိုက္ကရိနီးရှား အုပ်စုဟူ၍လည်းကောင်း၊ အီစတာကျွန်းအထိ အရှေ့ဘက်ဆုံးအုပ်စုကို ပေါ်လီနီးရှား အုပ်စုဟူ၍လည်းကောင်း ခေါ်ဆိုကြလေသည်။

ပေါ်လီနီးရှားအုပ်စု

ဤအုပ်စု၌ အပါအဝင်ဖြစ်သော၊ ဟာဝိုင်းယန်းကျွန်းစုတွင် မီးမငြိမ်းသေးသော မီးတောင်များအနက် အကြီးဆုံး မီးတောင်ရှိ၏။ ဤအုပ်စုတွင် သန္တာကျွန်းဖြစ်သော အယ်လစ်ကျွန်းစုနှင့် တိုကလောကျွန်းစုတို့လည်း ပါဝင်ကြ၏။ ထိုတိုကလောကျွန်းစုမှ ကျွန်းသူကျွန်းသားများသည် မိကျောင်းကဲ့သို့ရေကူးခြင်းတွင် ပြိုက်ဖက်ကင်းလောက်အောင် ကျင်လျင်ကြ၍၊ အခြားလက်နက် အကြီးအကျယ် တစ်စုံတစ်ရာမပါဘဲ ဓါးရှည်တစ်ချောင်းဖြင့် လူသားစားငမန်းကြီးကိုပင် ဖမ်းဆီးသတ်ဖြတ်နိုင်ကြသည်။ ထိုပြင် တွန်ဂါကျွန်းစု၊ ကွတ်ကျွန်းစု၊ ဆိုဆိုင်းယတီကျွန်းစု၊ သြစထရယ်ကျွန်းစု၊ မားကေးဆတ်ကျွန်းစု၊ တူအာမိုးတိုးကျွန်းစုများလည်းရှိသည်။

အထက်ပါ ပေါ်လီနီးရှားအုပ်စု အပါအဝင် ကျွန်းစုတို့တွင် နေထိုင်ကြသော လူမျိုးများ သည် အရပ်အမောင်းလွန်စွာ မြင့်မား၍၊ ယောက်ျားများမှာ ပျမ်းမျှခြင်းအားဖြင့် ၆ ပေခန့်မြင့်ကြ၏။ မိန်းမများမှာ အလွန်လှပ၍ အသားမှာညိုဝါဝါရှိပြီးလျှင် ဆံပင်မှာလည်းကပွလီမများကဲ့သို့ ကောက်ကွေးခြင်းမရှိဘဲ၊ သွယ်တန်းဖြောင့်စင်း၍ နက်မှောင်သောအရောင်ရှိ၏။ ယင်းလူမျိုးတို့သည် ကျောက်ခေတ်သစ်၌ ကမ္ဘာပေါ်တွင် ရုပ်ရည်အချောမောဆုံးသောအမျိုးအနွယ်ဟုခေါ်ကြသည့် ကော့ကေးရှန်းအဆက်အနွယ်မှ ဆင်းသက်လာသည်ဟု သိပ္ပံပညာရှင်များယူဆကြ၏။ ထိုသူသည် ရုပ်ရည်လှပသည်မက၊ ပညာဉာဏ်လည်း ထက်မြက်၍ယဉ်ကျေးဖော်ရွေကြ၏။ ဆိုဆိုင်းယတီကျွန်းစု အပါအဝင် တဟီးတီးကျွန်းရှိလူမျိုးတို့သည် သီချင်း၊ ကဗျာ သီဆိုခြင်း၌ ကျော်စောထင်ရှား၏။ ကျွန်းသူကျွန်းသားများမှာ အပူအပင်မရှိ၊ ပကတိအေးချမ်းသာယာစွာ နေထိုင်လိုကြ၏။ ထိုကြောင့်လည်း တတ်ကျွမ်းပြီး လက်မှုပညာသည်များပင်လျှင် တစ်စတစ်စကွယ်ပျောက် တိမ်ကောလာသည်ကို တွေ့ရ၏။ သို့သော် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ အခြားကျွန်းသူကျွန်းသားများနှင့် နှိုင်းစာသော် နိုင်ငံရေး၌လည်းကောင်း၊ ပေါင်းသင်းဆက်ဆံမှု၌ လည်းကောင်း၊ ယဉ်ကျေးဖော်ရွေမှု၌လည်းကောင်း ထိုကျွန်းသူကျွန်းသားတို့က သာလွန်၏။

မိုက္ကရိနီးရှားအုပ်စု

ဤအုပ်စုတွင် တစ်ကျွန်းနှင့်တစ်ကျွန်း အလွန်နီးကပ်စွာရှိနေသော ကျွန်းငယ်ပေါင်း မြောက်မြားစွာ ပါဝင်ရာ ထိုကြောင့်လည်း မိုက္ကရိနီးရှားဟု အမည်တွင်သည်။ အဓိပ္ပါယ်မှာသေးငယ်ခြင်းဖြစ်သည်။ ကယ်ရိလိုင်းကျွန်းစုရှိ အချို့ကျွန်းတို့တွင် သမိုင်းမတင်မီခေတ်က ဆောက်တည်ခဲ့ဟန်တူသော အဆောက်အအုံအ ပျက်အစီးများကိုတွေ့ရ၏။ ထိုပြင် မာရှယ်ကျွန်းစု၊ ဂီးလဗတ်ကျွန်းစု၊မြောက်ဖက်ရှိ မယ်ရီယန္နားကျွန်းစုများလည်း ရှိသေး၏။ ထိုမယ်ရီယန္နားကျွန်းစုတွင် ရှေးအခါက အလွန်ရက်စက်ကြမ်းကြုတ်သော ကျွန်းသားများနေထိုင်ခဲ့ဖူး၏။

ထိုမိုက္ကရိနီးရှားအုပ်စုကျွန်းများ၌ ကျွန်းသူ ကျွန်းသားများသည် ဗီဇအားဖြင့်မူလတွင် တရုတ် သို့မဟုတ် မလေး၊ လူမျိုးသွေးပါဟန်ရှိ၏။ အချို့ အသားဝါ၏။ အချို့ညိုး၏။ အချို့မည်း၏။

မယ်လာနီးရှားအုပ်စု

ထိုအုပ်စုတွင် နယူးဂြိတိန်နှင့် နယူးအိုင်ယာလန်တို့ ပါဝင်သောဗစ်ဇမတ်ကျွန်းစု၊ ဆော်လမွန်ကျွန်းစု၊ ဆန်တာကရုကျွန်းစု၊ နယူးဟက်ဗရိဒီးကျွန်းစု၊ နယူးကယ်လီဖိုးနီးယားကျွန်းစု လွိုင်ယယ်လတီကျွန်းစုများပါဝင်သည်။ ဆန်တာကရုကျွန်း၌ ရှေးကနေထိုင်ကြသူများသည် အလွန်အယူသည်း၍၊ ခရစ်ယာန်သာသနာပြု ဆရာများကို

www.foreyspace.com.mm

သတ်ဖြတ်ခဲ့ဖူး၏။ ဆော်လမွန်ကျွန်းတွင် အလွန်ရက်စက်ကြမ်းကြုတ်သော လူသားစားလူရိုင်းများရှိခဲ့ဖူး၏။ နယူးကယ်လီဒိုးနီးယားကျွန်းမှာ ပြင်သစ်ပိုင်ဖြစ်၍ တောင်ပိုင်းအကျဆုံးနေရာ၌ တည်ရှိပြီးလျှင် အကျဉ်းသားများအား တစ်သက်တစ်ကျွန်းပို့ရာ ဒေသဖြစ်၏။ ထိုအုပ်စုရှိ ကျွန်းအားလုံး၌ နေထိုင်သူများသည် နီးဂရိုးခေါ် ကပွလီလူမျိုးများနှင့် အလွန်တူသည်။ ဆံပင်ကောက်၏။ နှုတ်ခမ်းထူ၍တွဲ၏။ အသားမည်းနက်၏။ မိုက္ကရိနီးရှားအုပ်စုလူများလောက်ရုပ်ရည် သန့်ပြန့်ခြင်းနှင့် ဉာဏ်ထက်မြက်ခြင်းမရှိချေ။

ကန်းများအကြောင်းသိကောင်းစရာ

ဤသမုဒ္ဒရာကြီးထဲတွင် ကျွန်းတိုင်း၌ အုန်းပင်အမြောက်အမြားပေါက်ရောက်၍ အုန်းပင်ကို ကျွန်းသူကျွန်းသားတို့ မီခိုအားထားရ၏။ အုန်းသီးကိုစား၍ အုန်းရည်ကိုသောက်ရ၏။ အုန်းပင်မှတိုင်များ၊ ထုပ်၊ လျောက်၊ ဒိုင်း၊ မြှားများပြုလုပ်ရ၏။ အရွက်ကို အိမ်မိုးရန် သက်ငယ်သဖွယ်အသုံးပြုပြီးလျှင်၊ အုန်းဆံကို ကြိုးနှင့်ငါးဖမ်းပိုက်များပြုလုပ်ကြ၏။ တစ်ခါတစ်ရံတိုင်းရင်းသားများသည် အုန်းသီးအဆန်ကို ပိုက်ဆံကြေးငွေသဖွယ် လဲလှယ်သုံးစွဲကြသေး၏။ ကျွန်းများမှာလည်း သန္တာကြောင့် ဖြစ်ပေါ်လာသောကျွန်းများနှင့် မီးတောင်ကြောင့် ဖြစ်ပေါ်လာသော ကျွန်းများဟူ၍ နှစ်မျိုး ရှိလေသည်။ မီးတောင်ကျွန်းစုများ၌ တောင်တို့သည် မြင့်မားမတ်စောက်၍ တောင်ကမ်းပါး၊ တောင်ဝှမ်းများတွင် စိမ်းလန်းသောသစ်ပင်တို့ ဝေဆာစွာပေါက်ကြသည်။ မိုးကောင်းသဖြင့် သစ်ပင်အမျိုးမျိုးပေါက်သည်။ ငှက်ဟျောပင်၊ မြောက်ဥ၊ သာကူပင်၊ ပေါင်သီးပင်တို့ကို တွေ့နိုင်သည်။ အခေါက်လျှော်ကို ပြန့်အောင်ထုနှက်၍ လှေရွက်နှင့် အဝတ်လုပ်ရသော ပိုးစာပင်တစ်မျိုးလည်း ရှိသေး၏။ ထိုပြင် ကျွန်းတို့၌ အရောင်အမျိုးမျိုးရှိသော ငှက်များနှင့်တောဝက်များရှိသည်။ ငှက်နှင့်တောဝက်တို့မှာ ကျွန်းပေါ်သို့ ရေးဦးစွာ ရောက်လာသူများထံမှ လွတ်၍ ကျန်ရစ်ခဲ့သောတိရစ္ဆာန်တို့၏အဆက်အနွယ်များ ဖြစ်ဟန်တူ၏။ ပင်လယ်ကမ်းခြေတွင် တရုတ်လူမျိုးများ အလွန်နှစ်သက်သည့် ပင်လယ်ပက်ကျိတစ်မျိုးကိုလည်း အမြောက်အမြားဖမ်းယူရရှိနိုင်၏။ မြေသြဇာအတွက် အသုံးပြုရသည့် ဖော့စဖိတ်ကို ကျွန်းများ၌ မကြာမီကတွေ့ရှိရသောကြောင့် ယင်းကို ယခုအခါအမြောက်အမြား တူးဖော်လုပ်ကိုင်လျက်ရှိကြ၏။ ကျွန်းကြီးများတွင်လည်း သတ္တုအမျိုးမျိုးထွက်ရာ နယူးကယ်လီဒိုးနီးယားကျွန်းကြီးသည် ကမ္ဘာပေါ်တွင် ဒန်သတ္တုအများဆုံးထွက်ရာ ဒေသတစ်ခုဖြစ် လေသည်။

သန္တာကျွန်းများပေါ်၌ကား အုန်းပင်များသာမက၊ ပန်ဒေးနပ်ခေါ် သစ်ပင်တစ်မျိုးပေါက်ရောက်၍ ထိုအပင်မှ အသီးကိုစားကြ၏။ အရွက်ကို အိမ်မိုးသက်ငယ်အဖြစ်၊အသားကို တိုင်အဖြစ်၊ ဆိုးဆေးအဖြစ်သုံးရ၏။ ထိုကျွန်းများတွင် သားကောင်ဟူ၍ မတွေ့ရဘဲ၊ ပုစွန်နှင့်ကြွက်များ ပေါများလှ၏။

ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများသည် တည်နေရာသဘာဝကျသဖြင့်၊ မျှတသောရာသီ ဥတုရှိ၏။ သို့ရာတွင် အနောက်ဘက်မှတိုက်လေ့ရှိသော လေပြင်းမုန်တိုင်းများ မကြာခဏကျရောက်တတ်သောကြောင့် များစွာပျက်စီးတတ်၏။ တစ်ခါတစ်ရံလည်း ရေအောက်ရှိ မီးတောင်များ၏ အရှိန်ကြောင့် မကြာခဏငလျင်လှုပ်တတ်သည်။ ပင်လယ်ကမ်းခြေကိုလည်း လှိုင်းကြမ်းများ ပုတ်ခတ်တတ်သည်။ ထိုကြောင့် ကမ်းခြေဒေသရှိ လူနေရပ်ကွက်တို့မှာ မကြာခဏ ပျက်စီးတတ်၏။ အများအားဖြင့် အပူပိုင်းဇုန်တွင်ရှိနေသော်လည်း ပင်လယ်လေတိုက်ခတ်မှုကြောင့် ပူသင့်သလောက်မပူဘဲ မျှတသော ရာသီဥတုကို ရရှိကြလေသည်။ ပစိဖိတ်ကျွန်းများကို နိုင်ငံကြီးလေးနိုင်ငံကခွဲဝေစိုးပိုင်ကြ၏။ ပထမကမ္ဘာစစ်ကြီးမဖြစ်မီက ဂျာမနီနိုင်ငံသည် အထက်ပါကျွန်းများစွာကို ပိုင်ဆိုင်ခဲ့သော်လည်း၊ စစ်အပြီးတွင် ထိုဂျာမန်ပိုင်ကျွန်းများသည် ဂျပန်၊ ဩစတေးလျှနှင့် နယူးဇီလန်အစိုးရတို့၏လက်အောက်သို့ ကျရောက်သွားသည်။ ဆော်လမွန်ကျွန်းစု၊ ဂီးလဗတ်ကျွန်းစု၊ အယ်လစ်ကျွန်းစု၊ ဖီးနစ်ကျွန်းစု၊ ဖီးဂျီးကျွန်းစု၊ တွန်ဂါကျွန်းစုများကို ဂရိတ်ဗြိတိန်က တိုက်ရိုက်အုပ်ချုပ်၏။ ဗစ်ဇမတ်ကျွန်းစုနှင့် ဆော်လမွန်ကျွန်းစု၌ပါဝင်သော ကျွန်းအချို့တို့ကို ဩစတေးလျှနိုင်ငံက အုပ်ချုပ်၏။ အနောက်ဆမိုးဝါးကျွန်း၊ ကွက်ကျွန်း၊ အော့ကလန်ကျွန်း၊ ချတ်သမ်ကျွန်း၊ ကာမဒက်ကျွန်းနှင့် ယူနီယမ်ကျွန်းစုတို့ကို နယူးဇီလန်နိုင်ငံကအုပ်ချုပ်၏။ ဂွမ်ကျွန်း၊ ဟာဝိုင်းယန်း ကျွန်းစု၊ ဆမိုးဝါးကျွန်း၊ မယ်ရီယန္နာကျွန်းစု၊ မာရှယ်ကျွန်းစု၊ ကယ်ရိုလိုင်းကျွန်းစု၊ ပလောကျွန်းစု ဟူသည်တို့ကို အမေရိကန်ပြည်ထောင်စုက အုပ်ချုပ်၏။ နယူးကယ်လီဒိုးနီးယားကျွန်း၊ လွိုင်ယယ်လတီကျွန်း၊ ဝေါလစ်ကျွန်း၊ ဆိုဆိုင်းယတီကျွန်း၊ တူအာမိုးတူးကျွန်း၊ မာကေးဆတ်ကျွန်းစသည်တို့ကို ပြင်သစ်ကအုပ်ချုပ်၏။ ဒုတိယကမ္ဘာစစ်ကြီးတွင် ဂျပန်သည် အကြွင်းမဲ့လက်နက်ချ အရှုံးပေးလိုက်ရသောကြောင့် ယင်းပိုင်ကျွန်းအားလုံးကို အမေရိကန်ပြည်ထောင်စုက ယခုအခါအုပ်ချုပ်လျက်ရှိလေသည်။

၁၉၁၃ ခုနှစ်တွင် ပနားမားတူးမြောင်းကို ဖောက်ခဲ့သည့် အချိန်မှစ၍၊ ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်သန်းသော ကုန်စည်ကူးသန်းရောင်းဝယ်ရေး အခြေအနေနှင့် ရေကြောင်းစစ်ဆင်ရေး ပရိယာယ်တို့သည်ပြောင်းလဲသွားခဲ့လေသည်။

www.forewarspace.com.mm

သို့ဖြစ်ရာ ပစိဖိတ်သမုဒ္ဒရာကြီး၏ အနောက်ဘက်ကမ်းခြေရှိ ဟန်ခိုးအာဏာနှင့်ပြည့်စုံသောနိုင်ငံကြီးများ အချင်းချင်း ကုန်စည်ကူးသန်းရောင်းဝယ်ရေး၌ အပြိုင်အဆိုင်ဖြစ်လာလေ၊ ထိုသမုဒ္ဒရာအတွင်းရှိ အကွက်ကောင်းသောနေရာကို ပိုင်ဆိုင်ရေးသည် အရေးကြီးလာလေ ဖြစ်သည်။ အမေရိကန်၊ ဂရိတ်ဗြိတိန်၊ ရုရှ၊ ပြင်သစ်နှင့် အခြားဥရောပနိုင်ငံတို့သည် ဤသမုဒ္ဒရာကို ဖြတ်သန်း၍ ကူးသန်းရောင်းဝယ်ခြင်းကို အလွန်အရေးကြီးသည်ဟု သဘောထားကြ၏။ ထိုကြောင့် ပစိဖိတ်ကာကွယ်ရေးသည် အလွန်အရေးကြီးပေသည်။

ပဆစ်ပစ်ခြင်း။ ။ပဆစ်ပစ်ခြင်း သို့မဟုတ် ကြွေပစ်ကစားခြင်းသည် မြန်မာနိုင်ငံ၌ ရှေးပဝေသဏီကပင် ခေတ်စားခဲ့သောမြန်မာအိမ်တွင်း ကစားနည်းတစ်မျိုးဖြစ်သည်ဟု ယူဆရ၏။ သို့သော် မင်းတုန်းဘုရင်လက်ထက် (၁၈၅၃–၇၈) မတိုင်မီကစာပေများတွင် ပဆစ်ကစားနည်းနှင့်စပ်လျဉ်းသောအသုံးအနှုန်း၊ အချက်အလက်များ ဖော်ပြထားသည်ကိုမတွေ့ရပေ။ ထိုပြင် ယင်းကစားနည်းသည် အိန္ဒိယမှရောက်လာသော ကစားနည်းဖြစ်ဟန်တူသည်။ အိန္ဒိယလူမျိုးများသည် ကြွေခုနစ်လုံးဖြင့် 'ပစိသိ'ဟူသောကစားနည်းတစ်မျိုးကို ကစားလေ့ရှိသည်။ သီဟိုဠ်နိုင်ငံတွင် အလားတူကစားနည်းမျိုးကို 'ပါစုဝီစိ'ဟု ခေါ်သည်။ ပစိသိဆိုသည်မှာ ဟိန္ဒီဘာသာတွင် ၂၅ ဟု ဆိုလိုသည်။ ပစိသိမှ ပဆစ်ဟူ၍ရွှေ့လျားလာခြင်း ဖြစ်ဟန်တူသည်။ ပဆစ်ကစားနည်းတွင် ကြွေခြောက်လုံးကို ပစ်ထည့်လိုက်ပြီးနောက် ငါးလုံးလန်ကာ တစ်လုံးမှောက်နေလျှင် တစ်စိတ်ဟုခေါ်ပြီးသော်၊ အကွက် ၂၅ကွက်ရွှေ့နိုင်သည်။ အကွက်အများဆုံး ရွှေ့နိုင်သောကြွေလက်ဖြစ်သည်။



ယင်းသည့် ပဆစ်ပစ်ကစားနည်းမျိုးသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀– ၂၅ ခန့်တိုင်အောင် ခေတ်စားခဲ့သော်လည်း ယခုအခါတွင် နိုင်ငံခြားဖဲကစားနည်း၊ မာဂျောင်းကစားနည်းစသည်တို့ဝင်ရောက်လာသဖြင့် တိမ်ကောပျောက်လုနီးပါးဖြစ်နေလေပြီ။ ပဆစ်ပစ်ကစားနည်းကို ယောက်ျားများထက် မိန်းမများပို၍ ကစားလေ့ရှိကြသည်။

ကြွေခုံကို ပုံတွင်ဖော်ပြသည့်အတိုင်း ရောင်စုံအဝတ်စများကို အကွက်ဖော်ချုပ်လုပ်၍ဖြစ်စေ၊ ဂျပ်စက္ကူပေါ်တွင် အကွက်ချရေး၍ဖြစ်စေ၊ ပျဉ်ချပ်ပေါ်တွင် အကွက်ဖော်၍ဖြစ်စေ ပြုလုပ်ရသည်။ စလေဦးပုညသည် ရေသည်ပြဇာတ်၌ ဆင်းရဲလှသော ရေသည်မ၏ထဘီကို အစုတ်အပြတ် အဖာအထေး အစပ်ထွေ များလှသဖြင့်– 'စုတ်ပေတောင့် ထမိန်၊ အစပ်ကတရာ၊ အဖာကဘရပြစ်၊ မှောင်ကျအောင်ညစ်ပါတဲ့၊ ပဆစ်အိမ်ကို'ဟူ၍ နှိုင်းရှည့်စပ်ဆိုခဲ့လေသည်။



ကြွေပစ်ရာတွင် နောင်အခါ ကြွေစေ့ခြောက်စေ့ကို ပန်းကန်လုံး နှုတ်ခမ်းပက်ပက်ထဲသို့ ပစ်ထည့် ကစားလေ့ရှိသော်လည်း ရှေးကမူ ဂရို့တွင်းသို့ ကြွေစေ့များပစ်ထည့်ကစားကြသည်။ ဂရို့ဆိုသည်မှာ ပြုပြင်ထားသော ဝါးကျည်ထောက်တစ်ခုဖြစ်သည်။ ဝါးလုံးတစ်ခုကို အဆစ်လွတ်တပေမျှဖြတ်ရသည်။ ထို့နောက် အတွင်းဘက်တွင် ဝါးတံကလေးခြောက်ခုကို တစ်ခုအောက်တစ်ခု တစ်လက်မစီမျှခွါ၍လျှိုသွင်းရသည်။ အစွန်းမထွက်ရန် ညှိပေးရသည်။ ထို့နောက် ဝါးကျည်ထောက်ကို ထောင်လျက်တည်စေရန်၊ သစ်သားတုံးတစ်ခုတွင် ကပ်ရိုက်ရသည်။ ယင်းကို ဂရို့ဟုခေါ်သည်။ ကြွေပစ်မကျွမ်းကျင်သူတို့အဖို့ ကြွေစေ့ခြောက်စေ့စလုံးကို ဂရို့တွင်းသို့

www.foreverspace.com.mm

ဝင်အောင် မပစ်နိုင်ကြချေ။ နောင်အခါ ဂရိုအစား ပန်းကန်လုံးကို အလွယ်တကူ သုံးစွဲလာကြသည်။

ပဆစ်ကစားရာတွင် ကြွေခုံ သို့မဟုတ် ပဆစ်အိမ်၌ အိမ်လေးအိမ်လေးဘက် လက်တံထွက်နေသည်။ နှစ်အိမ် တစ်ဖက်စီထား၍(၁၊ ၂၊ ၃၊ ၄၊ အစဉ်လိုက်ထားလျှင် ၁ နှင့် ၂၊ ၃ နှင့် ၄)နှစ်ဖက်မျက်နှာချင်းဆိုင် ယှဉ်ပြိုင်ကစားကြရသည်။ တစ်ဖက်လျှင် တစ်ယောက်မှ သုံးယောက်၊ လေးယောက်အထိ ကစားနိုင်သည်။ 'ပို' ရှစ်လုံးစီဖြင့် ကစားကြရသည်။ ပိုဆိုသည်မှာ ကြွေလက်အလိုက် အကွက်များပေါ်တွင် ရွှေကစားရသောပစ္စည်းများဖြစ်သည်။ စကစားရာတွင် မည်သူကစ၍ ကြွေများပစ်ထိုက်သည်ကို ယှဉ်ပြိုင်ကစားသည့် တစ်ဖက်စီမှ လူတစ်ယောက်စီက ကြွေများကို တစ်လှည့်စီပစ်ကြရသည်။ အပွင့်သာသည့် လူဘက်မှ စတင်၍ ကြွေပစ်ကစားရလေသည်။ ကြွေခြောက်စေ့ဆုပ်ကိုင်၍ ပန်းကန်ထဲသို့မဟုတ် ဂရိုထဲသို့ ပစ်ထည့်ရသည်။ ပန်းကန်နှင့်ကစား၍ ကြွေစေ့ပြန်ထွက်လာလျှင် အန်သည်ဟုဆိုသည်။ 'အန်'သောသူသည် ပိုကို မရွှေ့ရတော့ချေ။ ကြွေပစ်လှည့်ကိုလည်း နောက်လူ သို့မဟုတ် တစ်ဖက်လူသို့ ပေးရသည်။ တစ်ခါတစ်ရံ ကြွေစေ့တစေ့သည် အခြားကြွေစေ့များကို ကပ်မှီလျက် ထောင်နေလျှင် တစ်ဖက်လူက ပန်းကန်ကို အသာခေါက်ပေးရသည်။ ယင်းသို့ခေါက်ပေး၍ မှောက်သည်။ လန်သည်အတိုင်း အဆုံးအဖြတ် ဖြစ်သည်။ ကြွေပစ်လိုက်၍ ကြွေတစ်စေ့လန်ပြီးလျှင် ငါးစေ့မှောက်နေခဲ့သော် 'တစ်ဆယ်'ဟုခေါ်သည်။ ပိုကို ဆယ်ကွက်ရွှေ့ရသည်။ နှစ်စေ့လန်၍၊ လေးစေမှောက်နေခဲ့သော် 'ပါ'ဟုခေါ်သည်။ နှစ်ကွက် ရွှေ့ရသည်။ သုံးစေ့လန်၍ သုံးစေ့မှောက်နေခဲ့သော် သုံးလုံး၊ သို့မဟုတ် 'သုံးချန်း'ခေါ်သည်။ သုံးကွက်ရွှေ့ရသည်။ လေးစေ့လန်၍၊ နှစ်စေ့မှောက်နေခဲ့သော် လေးလုံးခေါ်သည်။ လေးကွက်ရွှေ့ရသည်။ ငါးစေ့လန်၍၊ တစ်စေ့မှောက်နေခဲ့သော် တစ်စိတ်ဟု ခေါ်သည်။ နှစ်ဆယ့်ငါးကွက် ရွှေ့ရသည်။ ခြောက်စေ့ လန်နေခဲ့လျှင် 'တဘရာ'ဟုခေါ်သည်။ ဆယ့်နှစ်ကွက်ရွှေ့ရသည်။ (ပါဠိအလိုအားဖြင့်ဆယ့်နှစ်ကို ဗာရသ၊ဟင်ဒီစကားဖြင့်လည်း ဆယ့်နှစ်ကို ဗာရဟုခေါ်သည်။) ခြောက်စေ့စလုံးမှောက်နေခဲ့လျှင် 'တခြောက်'ဟုခေါ်သည်။ ခြောက်ကွက်ရွှေ့ရသည်။

အထက် ပါစည်းကမ်းအတိုင်းရွှေ့ရသော်လည်း၊ 'ပိုနိုး'ပြီးမှ ရွှေ့ရသည်။ 'ပိုနိုး'သည်ဆိုသည်မှာ တဆယ်သော်လည်းကောင်း၊ တစ်စိတ်သော်လည်းကောင်းကြွေလက်ကျမှ 'ပိုနိုး'သည်ဟုခေါ်သည်။ ပိုမနိုးမခြင်း မိမိပိုကို ပဆစ်အိမ်သို့ မတင်ရသေးချေ။ ပိုတစ်ခါနိုးမှ ပိုတစ်ပိုတင်ရသည်။ 'တစ်စိတ်'သို့မဟုတ် 'တစ်ဆယ်' သို့မဟုတ် 'တစ်ဗရာ' သို့မဟုတ် 'တခြောက်'တို့ကိုရလျှင်၊ ထပ်၍ပစ်ခွင့်ရသည်။ သို့သော် 'တစ်စိတ်နှင့်၊ 'တစ်ဆယ်'ကို တစ်လှည့်စီဖြစ်စေ၊ တစ်မျိုးတည်းဖြစ်စေ သုံးကြိမ်ဆက်ကျလျှင်ကား ထိုလူ 'သေ'တော့သည်။ အဆိုပါ နောက်လူ သို့မဟုတ် တစ်ဖက်လူ၏ အလှည့်ရောက် သွားသည်။ ယင်းသို့ ဆက်တိုက်ကျနိုင်ရန်မှာ အလွန်ခဲယဉ်းသည်။ 'တစ်စိတ်' သို့မဟုတ် 'တစ်ဆယ်' ဆက်တိုက် နှစ်လက်ဆက်ကျပြီး၍၊ 'တစ်ဗာရာ' 'တစ်ခြောက်' ခြားပြန်လျှင် ထပ်ပစ်နိုင်ပြန်သည်။

ပိုဟုခေါ်သောပစ္စည်းများသည် သစ်သားတုံးကလေးများ အပ်ချည်လုံး နှစ်ပိုင်းဖြတ်များဖြစ်ကြ၍၊ တစ်ဖက်နှင့် တစ်ဖက် ခွဲခြားနိုင်အောင်အရောင်ကွဲဆေးခြယ်ထားသည်။ 'ပိုစိမ်း' နှင့် 'ပိုနီ' ဟူ၍ နှစ်ဖက်ခွဲခြားထားသည် ဆိုပါစို့။ ပိုနီဘက်မှစ၍ ပိုနိုးလျှင် နိုးသည့်ပိုကို ပဆစ်အိမ်အကွက် တန်းသုံးခုရှိရာအလယ်ကွက် (က) အမှတ်ပြထားသော အကွက်မှစ၍ ထွက်ရသည်။ (က) အမှတ်ပြထားသော အကွက်တန်းသည် ပိုနီဘက်မှအိမ်ဖြစ်သည်။ မျက်နှာချင်းဆိုင်အိမ် (ကိ) အမှတ်ပြအိမ်သည် အကွက်တန်းများတွင် ပိုစိမ်း၏အိမ်ဖြစ်သည်။ ကြက်ခြေပြထားသောအကွက်များသည် 'အထိုင်' သို့မဟုတ် 'ထိုင်ကွက်'များဖြစ်သည်။ 'အထိုင်' ရထားသောပိုကို တဖက်ပိုက မသတ်နိုင်ချေ။

တစ်ယောက်ချင်းမဟုတ်ဘဲ၊ တစ်ဖက်တစ်ဖက်တွင် တစ်ယောက်ထက်ပို၍ နှစ်ယောက်သုံးယောက်စသည်ဖြင့်ကစားကြလျှင် ပိုနိုးပြီးသူ၏ ကြွေလက်အတွက်သာ ပိုကို အကွက်ရွှေ့ရသည်။ ပိုမနိုးသေးသူအတွက် ပိုအကွက် မရွှေ့ရချေ။ ပထမပိုနိုး၍ (က) အမှတ်ပြအကွက်တွင် ပိုတစ်ခုတင်ပြီးလျှင်၊ နိုးရာပိုအလိုက်၊ မိမိအိမ်မှစ၍ ထွက်ကာ ဆယ်ကွက်၊ ဆယ့်နှစ်ကွက်စသည်ဖြင့် ကြွေလက်အတိုင်း အကွက်ရွှေ့ရသည်။ ပုံစံအားဖြင့် ကြွေလက်တွင်'တစ်ဆယ်'ကျ၍ ပိုနိုးသူသည် နောက်ထပ်ပစ်ခွင့်ရသေးသဖြင့် ဒုတိယအကြိမ်ထပ်ပစ်ရာ၊ 'ပါ' ကျသည် ဆိုပါစို့။ ထိုသူ၏ ကြွေလက်များအတွင်း ပိုကို 'တစ်ဆယ်' အတွက် ဆယ်ကွက်၊ 'ပါ'အတွက် နှစ်ကွက်၊ ပေါင်းဆယ့်နှစ်ကွက် ရွှေ့ရသည်။ အိမ်မှထွက်စ ပိုကို'ပိုနှ'ဟုခေါ်သည်။ တစ်ဖက်က ပိုကိုသတ်၍၊ ပဆစ်အိမ်တစ်ပတ်လှည့်ပြီးလျှင် မိမိအိမ် ပြန်ဝင်သော ပိုကို 'ပိုရင့်'ဟု ခေါ်သည်။

ပထမအကြိမ်ပိုနိုးပြီး၍၊ နောက်ထပ် ပိုနိုးခဲ့သော် (က) အမှတ်တွင်ပင် ပိုတင်ရသည်။ အကွက်ရွှေ့ရာ၌ ပထမတင်ပြီး ပိုကိုလည်း ရွှေ့နိုင်သည်။ သို့မဟုတ် ဒုတိယတင်သောပိုကိုလည်း ရွှေ့နိုင်သည်။ ပိုရွှေ့ရာ၌ တစ်ဖက်ပို၏အသွားအလာလမ်းကြောင်းအနေအထားကိုကြည့်၍ တစ်ဖက်ပို၏ 'သတ်ကွင်း'မှ လွတ်နိုင်သမျှလွတ်အောင်ရွှေ့ရသည်။ ပိုရှစ်လုံးစလုံး အကုန်နိုးပြီးနောက် တစ်စိတ် တစ်ဆယ် စသည်

www.forumspace.com.mm

ဖြင့် ကြေကျပြန်သော်၊ ပိုနောက်ထပ် တင်စရာမရှိသဖြင့် ကြိုက်ရာပိုကို တစ်ကွက်တိုးရွှေနိုင်သည်။ 'တစ်ပိုးတိုး' ဟုခေါ်၍ ရွှေ့ရသည်။ 'အိမ်'ဟုခေါ်သော အလယ်ကွက်တန်း သည် (က) အမှတ်မှ (ဆ) အမှတ်အထိ ဖြစ်သည်။ (က) မှ (ဆ) အထိကို 'အိမ်ကွက်များ'ဟု ခေါ်သည်။ 'အိမ်ကွက်များ'၌ ပိုချင်း တပ်ထားနိုင်သည်။ အိမ်ကွက်နှင့် ထိုင်ကွက်များမှတစ်ပါး၊ အခြားအကွက်များတွင် ပိုချင်း ထပ်မထားနိုင်ချေ။ မိမိပစ်၍ကျသောကြွေသည် မိမိပိုအား ထိုင်ကွက်သို့ ရောင်စေနိုင်သော်လည်း ထိုထိုင်ကွက်တွင် တစ်ဖက်ပိုရှိနေလျှင် မိမိပိုကို မရွှေနိုင်ချေ။ မိမိ၏ အခြားအကွက်မှပိုကို ရွှေ့ရသည်။ ရွှေ့စရာအခြားပိုမရှိလျှင် ယင်းကြွေလက်ကို လျှော်လိုက်ရတော့သည်။ တစ်ဖက်မှပိုသည် အခြားအကွက်တကွက်တွင်ရှိနေသော အခြားတစ်ဖက်မှပိုကို ထပ်မိသည်အထိ ကွက်တိရောက်အောင်ပစ်နိုင်လျှင် 'ပိုသတ်'သည်ဟုခေါ်သည်။ ပိုသတ်ခြင်းခံရလျှင် အသတ်ခံရသောဘက်မှတင်ထားသော ပိုများအားလုံးကို ပြန်ချရသည်။ 'အထိုင်' ကွက်တွင် ရှိနေသော ပို၊ ပိုနှ၊ ပိုရင့် မရွှေ့အကုန်ပြန်ချရသည်။ အသတ်ခံရသည့်ဘက်ကကြွေပစ်လှည့် ရောက်၍ ပိုနိုးမှပြန်တင်ရလေသည်။

ပိုသည် မိမိအိမ်မှထွက်ခဲ့ပြီးလျှင်၊ ပဆစ်အိမ်ကိုတစ်ပတ်လှည့်ခဲ့ရာ၊ လမ်းတွင်တစ်ဖက်မှ ပိုကိုသတ်ခဲ့ပြီးမှ မိမိအိမ်သို့ပြန်ဝင်ရသည်။ တဖက်ပိုကို မသတ်ရသေးလျှင် မိမိအိမ်တွင်းသို့မဝင်နိုင်သေးချေ။ မိမိအိမ်ပေါက်ရောက်ပြီးမှ ပဆစ်အိမ်ကို ရှေးနည်းအတိုင်း တစ်ပတ်လှည့်ရပြန်သည်။ (အချို့အရပ်ဒေသတွင်မူ ပိုမသတ်ရသေးသော်လည်း မိမိအိမ်ပေါက်ပြန်ရောက်လျှင် ဝင်နိုင်သောနည်းဖြင့်ကစားကြသည်။) ယှဉ်ပြိုင်ကစားသည့် နှစ်ဖက်သည်သည် တစ်ဖက်လျှင် နှစ်အိမ်ပိုင်ကြောင်းဆိုခဲ့သည်။ ပိုတို့သည် မူလစထွက်သည့် အိမ်ကိုသာပြန်ဝင်ရလေ့ရှိသော်လည်း၊ အိမ်တွင်းသို့ဝင်သောပို(ပိုရင့်)ကို အထွက်ပို(ပိုနှ)နှင့် ကွဲလွဲစေရန်၊ အဆိုပါ ဒုတိယအိမ်ကွက်များတွင် ရွှေ့ထားရသည်။

ပိုကို အိမ်တွင်းသို့ဝင်ခဲ့ရာ၊ အလယ်အကွက်ကြီးသို့ ရောက်အောင်ဝင်နိုင်ပါမှ 'ပိုပြီး'သည်ဟု ဆိုသည်။ ပြီးရန် သုံးကွက်လိုလျှင် လေးလုံးကျပါမှ အကွက်ကြီးအတွင်းသို့ ရောက်နိုင်သည်။ တစ်ခါတစ်ရံ ကွက်တိမကျဘဲလေးလုံးကျမှ ပြီးမည့် ပိုအတွက် သုံးလုံး၊ သို့မဟုတ် သုံးချန်းကျလျှင် 'ပိုကန်း' တော့သည်။ ယင်းသည့်အခါ နောက်တစ်လှည့်တွင် တစ်ဆယ်၊ သို့မဟုတ် တစ်စိတ်ကျပါမှ အတွင်းဝင်နိုင်၍ ပိုပြီးတော့သည်။

စလေဆရာကြီးဦးပုညသည် ဝိဇယပြဇာတ်၌ ဘဒ္ဒကဿနာမင်းသမီးက ယက္ခဒီပကျွန်းတွင် ဖောင်တော်ဆိုက်သည့်အခါ ဘီလူးအား ပြောသောအခန်း၌–

'ဖြစ်ရလေမယ့် ကံငယ်၊ လောကခံလူ့တိုင်းမှာ အရိုင်းကသာကြော၊ သုံးစားမှာ ပါကျလို့၊ ဇာတ့ာနယ် ကောလေတယ်'' ဟု 'သုံးလုံး'ကျပါကပိုပြီးနိုင်ပါလျက် 'ပါ'ကျသဖြင့် ခဲရာခက်ဆစ်ဖြစ်ရပုံကိုဖော်ပြသော ပဆစ်သုံးစကားကို ယူ၍ စပ်ဆိုထားလေသည်။ အကယ်၍ ပိုကန်းနေစဉ် မိမိအိမ်နှင့် ကပ်လျက် (ဝ)အမှတ်ပြအကွက်၌ တစ်ဖက်ပိုရှိနေပြီးလျှင် တစ်ဖက်မှပိုနိုးခဲ့သော်၊ ထိုပိုကန်းကို တစ်ဖက်ပိုကသတ်၍၊ နိုးသည့် ကြွေလက်အတိုင်း (တစ်စိတ်၊ တစ်ဆယ်စသည်) အကွက်ရွှေ့၍သွားနိုင်လေသည်။ သို့သော် တဖက်ကပိုစုံမှသာ (ပိုများအားလုံးနိုးပြီး သားဖြစ်မှသာ) ယင်းသို့ သတ်နိုင်ခွင့်ရှိလေသည်။ (အချို့ အရပ်တွင် ပိုကန်းသတ်နည်းကို မသုံးကြချေ။

ကစားပွဲ အရှုံးအနိုင်မှာ ပိုအားလုံး အလျင်ပြီးသူက အနိုင်ရလေသည်။

ပဆွတ်ပနီ ॥ ॥ ပဆွတ်ပနီကို ပျားတူဟူ၍လည်းခေါ်ကြသည်။ ပဆွတ်ပနီသည် ပုံပန်းအားဖြင့်လည်းကောင်း၊ အနေအထိုင်အားဖြင့်လည်းကောင်း နကျယ်နှင့်တူသည်။ နှစ်ကောင်စလုံးပင် ဗက်ဒပီဒီးမျိုးရင်းတွင် ပါဝင်ကြသည်။ ပဆွတ်ပနီ၏ ပါဏာဗေဒအမည်မှာ ဗက်စပါကရာဗရိုဖြစ်သည်။ ပဆွတ်ပနီသည် သူတို့ကို အနှောင့်အရှက်မပြုလျှင် မည်သူ့ကိုမျှ ရန်မပြုတတ်ကြပေ။ သို့သော် သူတို့၏ အသိုက်အအုံကိုထိခိုက်လာလျှင် တဝီဝီအော်မြည်ကာ လိုက်တုပ်တတ်ကြသည်။

ပဆွတ်ပနီကို နကျယ်ကောင်နှင့် မကြာခဏမှားယွင်းတတ်ကြ၏။ နကျယ်မှာ ကိုယ်ပေါ်တွင် အဝါနှင့်အနက်စင်းများရောစပ်ပါရှိသဖြင့်၊ အဝါနှင့်အညိုစင်းရောနေသော ပဆွတ်ပနီနှင့် ထင်မှတ်မှားတတ်ကြသည်။ အကယ်စင်စစ် ပဆွတ်ပနီသည် နကျယ်ကောင်ထက် သိသိသာသာကြီးထွား၏။ ပဆွတ်ပနီအထီးသည် တစ်လက်မခန့်ရှိ၍၊ ပဆွတ်ပနီဘုရင်မသည် ထိုထက်ပင်ကြီးမားသေးသည်။ ပဆွတ်ပနီသည်အဆိပ်ပြင်း၏။ အခြားအဆိပ်ရှိသည့် ပိုးမွှားတို့ကို သုတ်သင်ရှင်းလင်းပေးတတ်သည်။ အသိုက်အအုံပြုလုပ်ရာတွင် ပဆွတ်ပနီသည် နေရာရွေးချယ်လေ့မရှိပေ။ သစ်ပင်၏ အခေါင်းထဲတွင်လည်းကောင်း၊ တစ်ခါတစ်ရံ အိမ်ထောင်ပစ္စည်းတစ်ခုခုပေါ်တွင်လည်းကောင်း အသိုက် အအုံပြုလုပ်တတ်သည်။ (နကျယ်ကောင်–ရှ။)

ပညာစွယ်စုံကျမ်း ॥ ॥(စွယ်စုံကျမ်း။)

ပညာတံခွန်ကျောင်း ॥ ॥(အကယ်ဒမီ။)

ပညာတံခွန်အသင်း॥ ॥အကယ်ဒမီ–ရှ

www.forevermyspace.com.mm

ပညာရေး။ ။"ပညာရေး"ဆိုသည်မှာ လူတို့၏ အသိဉာဏ်တိုးတက်အောင် အဆင့်ဆင့်ပြုလုပ်သမျှတို့ကို ဆိုလိုသည်။ လူတို့သည် အကျွန်ုရာစာလုံးများကို မတီထွင်တတ်မီကပင်နောင်လာနောင်သားတို့အား မိမိတို့ကအရေးကြီးသည်ဟုထင်သောအတတ်ပညာတို့ကို သင်ကြားပေးခဲ့ကြ၏။ မိမိတို့က အမြတ်တနိုးထားသောအရာတို့ကိုလည်း မြတ်နိုးတတ်လာစေအောင် သွန်သင်ခဲ့ကြ၏။ ရေးခေတ် အခါမှစ၍ လူတို့သည် အစုအသင်းဖွဲ့၍ နေထိုင်လေ့ရှိခဲ့ကြရာ၊ သက်ကြီးသူတို့က မိမိတို့အသင်းအဖွဲ့၏ ဓလေ့ထုံးစံ၊ အသိပညာ၊ ကျွမ်းကျင်မှုတို့ကိုသက်ငယ်သူတို့အား တစ်ဆင့် သင်ကြားပေးခဲ့ကြလေသည်။ ထိုသို့ အသိပညာရှိပြီးသူတို့က အသိပညာမရှိသေးသူတို့အား ပညာပေးခြင်းမှာ ပညာရေး၏ဤခြေခံ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

တစ်ဖန် ပညာရေးဟူသည်မှာ စာသင်ကျောင်းတွင် အသက်ငယ်စဉ်က သင်ကြားခဲ့ရသောပညာသက်သက်ကို ချည်းမဆိုလိုချေ။ ပမာအားဖြင့်တစ်စုံတစ်ယောက်သည် မူလတန်း ပညာမှအစ တက္ကသိုလ်ပညာအထိ တတ်မြောက်ခဲ့ပြီးဖြစ်သည်ဟုဆိုနိုင်စေကာမူ၊ ထိုသူအဖို့ ပညာစုံပြီဟူ၍ကားမဆိုသာချေ။ အဘယ်ကြောင့်ဆိုသော် ကျောင်းမှထွက်ပြီးနောက် စာအုပ်များကိုဖတ်ခြင်းအားဖြင့်လည်းကောင်း၊ သဘာဝကိုလေ့လာခြင်းအားဖြင့်လည်းကောင်း၊ အချင်းချင်း ပေါင်းသင်းဆက်ဆံရခြင်းအားဖြင့်လည်းကောင်း ပညာကိုဆက်လက် ဆည်းပူးနေကြရသောကြောင့် ဖြစ်သည်။ သို့ရာတွင် စာသင်ကျောင်း၌ ရရှိခဲ့သောပညာကို အခြေခံပြု၍သာလျှင် နောင်ကြီးပြင်းလာသော အခါရရှိသောအသိပညာသည် တိုးပွားစုံလင်လာရလေသည်။

အကျွန်ုရာများကို တီထွင်ခြင်းဖြင့် အရေးအသားဟု ပေါ်ပေါက်လာချိန်တွင် လူတို့သည် စာသင်ကျောင်းဟူ၍ တည်ထောင်ခဲ့ကြသည်ဟု ဆိုနိုင်လေသည်။ စာသင်ကျောင်းပေါ်လာချိန်တွင် ကျောင်းဆရာလူတန်းစားဟူ၍လည်း ပေါ်လာမည်ဟု ဆိုနိုင်လေသည်။ ရှေးနှစ်ပေါင်း ၅၀၀၀၊ ၆၀၀၀ ကျော်ကတည်းက အာရှတိုက်နှင့် အာဖရိကတိုက်ရှိ အီဂျစ်နိုင်ငံ တို့တွင် စာသင်ကျောင်းများ ရှိခဲ့လေသည်။ ထိုရှေးခတ် စာသင်ကျောင်းများသည် လူအားလုံးတို့အတွက်မဟုတ်ချေ။ လူတန်းစားခွဲခြား၍ သင်ကြားပေးသောကျောင်းများဖြစ်သည့်အပြင် အယူဝါဒရေးဆိုင်ရာပုဂ္ဂိုလ်တို့က အုပ်ချုပ်စီမံခဲ့ကြလေသည်။ အိန္ဒိယနိုင်ငံတွင် လူအတန်းအစားအမျိုးမျိုး ရှိခဲ့ရာ၌၊ ဗြာဟ္မဏတို့သည် ထိပ်ဆုံးအတန်းအစားတွင်ရှိကြ၍၊ အခြားလူတန်းစားတို့အတွက် ပညာရေးကို ခွဲခန့်သတ်မှတ်ပေးရသူများ ဖြစ်လေသည်။ တရုတ်နိုင်ငံ၌လည်း ခရစ်နှစ်မတိုင်မီ နှစ်ပေါင်း ၅၀၀ခန့်မှ အေဒီ ၁၉ ရာစု ကုန်အထိ ကွန်ဖူးဒီးနှင့် ယင်း၏တပည့်တို့ရေးသားထားခဲ့သော ကိုယ်ကျင့်တရားနှင့် စပ်ဆိုင်သည့်စာပေတို့ကို စာသင်ကျောင်း၌ သင်ကြားလေ့လာစေခဲ့ကြသည်။ တပည့်ခံသူတို့သည် ထိုစာကြီးပေကြီးတို့ကို နှုတ်တိုက် ကျက်ကြရသည်။ ရေးသားဟန်ကို အတုခိုးမှတ်သားကြရသည်။ ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်နိုင်ခွင့်ကားမရှိချေ။ (ကွန်ဖူးဒီး–ရှု။)

အီဂျစ်နိုင်ငံ၌ တည်ထောင်ခဲ့သောရှေးခေတ် စာသင်ကျောင်းများကိုလည်း ဘုရင့်သားတော်များ၊ သူကောင်းမျိုး၊ သူဌေးမျိုးတို့၏သားများအတွက် တည်ထောင်ခဲ့ကြလေသည်။ သို့ရာတွင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့ရှိ ကျောင်းသားများထက် အခြေအနေသာလေသည်။ စာဖတ်အတတ်၊ ကိုယ်ကျင့်တရားနှင့်စာရိတ္တကောင်းမွန်ရေး၊ ကိုယ်လက်လှုပ်ရှားကစားမှုအတတ်၊ ရေကူးအတတ်နှင့် နောင်အခါ၌ အုပ်ချုပ်ရေးအတတ်တို့ကိုပါ သင်ကြားရလေသည်။

ဂရိတို့၏ ရှေးဟောင်းပညာရေးသည် လူငယ်တို့အားနိုင်ငံသားအဖြစ်သို့ရောက်အောင် ရည်ရွယ်သော ပညာရေးဖြစ်သည်။ ဂရိပညာရေးသည်လည်း လူကုံထံတို့ အတွက်ပင်ဖြစ်သည်ဟုဆိုသော်လည်း၊ အယူဝါဒဆိုင်ရာ သြဇာနှင့်ကင်းသောပညာရေးဖြစ်လာသောကြောင့် အများအကျိုးကိုင့်သည်ဟု ဆိုနိုင်လေသည်။ ဂရိပညာရေးတွင် စပါးတားနိုင်ငံမှ ပညာရေးနှင့် အက်သင်းနိုင်ငံမှ ပညာရေးတို့သည် မူချင်းခြားနားသော ပညာရေးစံနစ်နှစ်မျိုး ဖြစ်လေသည်။ စပါးတားနိုင်ငံသည် စစ်မက်ရေးရာ၌ အာရုံစိုက်သော နိုင်ငံဖြစ်သောကြောင့် နိုင်ငံသားတိုင်း စစ်သားဖြစ်ရသည်။ စပါးတားနိုင်ငံသား ယောကျ်ားတို့သည် အသက် ၇ နှစ်အရွယ်မှ အသက် ၃၀အရွယ်အထိ စစ်သားကဲ့သို့နေထိုင်၍၊ စစ်တိုက်ခိုက်ရေး၊ ကိုယ်လက်ကြံ့ခိုင်ရေး၊ မျိုးချစ်စိတ်မွေးမြူရေးတို့ကို သင်ကြားရသည်။ စည်းကမ်းသေဝပ်မှုကိုအဓိကထားသည်။ စပါးတားနိုင်ငံ သားတစ်ယောက်သည် မျိုးချစ်စိတ်ရှိရမည်။ တရားဥပဒေနှင့် အကြီးအကဲတို့ကို ရိုသေလေးစားရမည်။ စစ်သွေးစစ်မာန်တက်ကြွရမည်။ စာရေးစာဖတ်အတတ်ကိုမူ နောင်အခါကျမှ အလွတ်ပညာသင်ဆရာဖြင့် သင်ကြားယူရသည်။ စပါးတားနိုင်ငံမှ ပညာရေးသည် စစ်မက်ရေးရာသက်သက်အတွက် ပြင်ဆင်ပေးသော ပညာရေးဖြစ်လေသည်။

အက်သင်း နိုင်ငံမှာမူကား ငြိမ်းချမ်းရေးကို မြတ်နိုးသော နိုင်ငံဖြစ်၍၊ ပညာရေးတွင် စပါးတားထက်အမြင်ကျယ်လေသည်။ အက်သင်းနိုင်ငံသားတို့သည် မိမိတို့၏သားများကို စာသင်ကျောင်းသို့ပို့၍ ဂီတပညာ၊ ကိုယ်လက်ကြံ့ခိုင်ရေးပညာ၊ စာရေး၊ စာဖတ်နှင့် ဂဏန်းသင်္ချာတို့ကို သင်ကြားစေလေသည်။ ဂရိစာဆိုဟိုးမား၏ကဗျာနှင့် နိုင်ငံသမိုင်း

www.foreverspace.com.mm

ပညာတို့တွင် ဂီတပညာနှင့် တွဲဖက်၍ သင်ကြားရလေသည်။ စည်းကမ်းသေဝပ်မှုကို တင်းကျပ်စွာ စောင့်ထိန်းရသည်။ အက်သင်းနိုင်ငံမှ ပညာရေးသည် အကျင့်စာရိတ္တကောင်းသော နိုင်ငံသား ဖြစ်မြောက်ရေးကို ရည်ရွယ်ထားလေသည်။ ဂရိတို့၏ ပညာရေးမှ အနုပညာ၊ သိပ္ပံပညာ၊ စာပေပညာ၊ ယထာဘူတပညာများသည် နောင်လာနောင်သားတို့အတွက် ကျန်ရစ်ခဲ့လေသည်။

ရောမပညာရေးသည် ဂရိပညာရေးစံနစ်ကို အတုယူသောပညာရေးဟု ဆိုနိုင်လေသည်။ သို့ရာတွင် ရောမတို့သည် မိမိတို့နှင့် ဆီလျော်အောင်ပြုပြင်၍ သင်ခန်းစာတို့ကို လက်တင်ဘာသာဖြင့် သင်ကြားကြလေသည်။ ဂရိဘာသာကိုမူ ဘာသာစကား တစ်ရပ်အနေဖြင့် စာသင်ကျောင်းတွင်သင်ကြားကြရသည်။ ရောမတို့၏ ကလေးများသည် အသက် ၇ နှစ်အရွယ်တွင် စာကိုသင်ကြရသည်။ စာရေး၊ စာဖတ်ကိုအောက်တန်းကျောင်းတွင် သင်ကြားပြီးနောက် သဒ္ဒါကျောင်းတွင် စာပေပညာကို ဆက်လက်သင်ကြားရလေသည်။ စကားပြောနည်း၊ တရားဥပဒေ၊ နိုင်ငံသမိုင်းတို့ကိုလည်း သင်ကြားကြရလေသည်။ ဂီတပညာနှင့် ကိုယ်လက်ကြွေ့ခိုင်ရေးပညာတို့ကိုမူ အလေးဂရုပြု၍ သင်ကြားခြင်းမရှိချေ။ ရောမတို့၏ ပညာရေးသည် မင်းမှုထမ်းတစ်ယောက် ဖြစ်မြောက်ရေးကို အဓိကရည်ရွယ်၍ သင်ကြားသော ပညာရေးဖြစ်လေသည်။

အေဒီ ၅၀၀ပြည့်နှစ်မှအေဒီ ၁၅၀၀ပြည့်နှစ်အထိဖြစ်သောအလယ်ခေတ်တွင်ပညာရေးသည် ခရစ်ယာန်အယူဝါဒရေးဆိုင်ရာ ဘုန်းကြီးကျောင်းနှင့်ဘုရားရှိခိုးကျောင်းများ၌ အခြေပြု၍ ပြန့်ပွားလာရလေသည်။ စာသင်ကျောင်းများတွင် လက်တင်ဘာသာဖြင့် သင်ကြားပို့ချကြသည်။ သင်ရိုးပညာရပ်စုတွင်လက်တင်သဒ္ဒါ၊ ဂဏန်းသင်္ချာ၊ ဂျီသြမေတြီ၊ နက္ခတ္တဗေဒနှင့် ဂီတပညာတို့ ပါဝင်လေသည်။ အလယ်ခေတ်နောက်ပိုင်းတွင် လူတန်းစားအသီးသီးတို့၌ ပညာသင်ကြားလိုသည့်ဆန္ဒ ပြန့်ပွားလာလေသည်။ ၁၁၀၀ ပြည့်နှစ်များအတွင်းက အထက်တန်းပညာကိုလိုလားကြသဖြင့် တက္ကသိုလ်ကျောင်းများကို တည်ထောင်ကြသည်။ ၁၃၀၀ ပြည့်နှစ်များတွင် ဣတလီနိုင်ငံ၌ ရီနေဆွန်းခေါ် ဉာဏ်သစ်အရေးပုံ စတင်ပေါ်ပေါက်လာသည်တွင် ဥရောပတိုက်ရှိ တိုင်းပြည်အသီးသီးတို့ကလည်း စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ အယူဝါဒစသည်တို့ကို အသစ်တစ်ဖန် ပြန်လည်ထွန်းကားအောင်ဆောင်ရွက်လာကြလေသည်။ (ဉာဏ်သစ်အရေးပုံ–လည်းရှု။) တစ်ဖန် ၁၄၅၀ ပြည့်နှစ်တွင် စာပုံနှိပ်စက်ပေါ်လာသဖြင့် ပညာသင်ကြားရေးသည် လူအများ လက်လှမ်းမီသော အခြေသို့ ရောက်အောင် ကျယ်ပြန့်လာလေသည်။ အထူးသဖြင့် သမ္မာကျမ်းစာကို လူအများဖတ်ရှုလေ့လာနိုင်ကြလေသည်။ ထိုကြောင့် ၁၅၀၀ ပြည့်နှစ်များတွင် ခရစ်ယာန်သာသနာအရေးပုံဟူ၍ ပေါ်ပေါက်လာပြန်သည်။ ထိုအခါ ဗရင်ဂျီဂိုဏ်းမှခွဲထွက်လာသော ပရိုတက်စတန့်ဂိုဏ်းဝင်အသင်းတော်တို့သည် စာသင်ကျောင်းများကို ဖွင့်ကာ၊ ယောဂျားကလေး မိန်းမကလေးတို့အား စာရေးစာဖတ်၊ ဂဏန်းသင်္ချာနှင့် အယူဝါဒတို့ကိုသင်ကြားပေးလေသည်။ အစိုးရကလည်း ထိုစာသင်ကျောင်းများကို ကူညီထောက်ပံ့သဖြင့် ပြည်သူလူထုအတွက် ပညာရေးစံနစ်ဟူ၍ စတင်ပေါ်ပေါက်လာလေသည်။ ဗရင်ဂျီဂိုဏ်းဝင်နိုင်ငံများ၌လည်း ဆင်းရဲနွမ်းပါးသော ကလေးတို့အတွက် စာသင်ကျောင်းများကို ဖွင့်လှစ်တည်ထောင်ကြလေသည်။(ခရစ်ယာန်သာသနာအ ရေးပုံ–ရှု။)

၁၈ ရာစုနှစ်တွင် ပြင်သစ်အရေးတော်ပုံ ပေါ်ပေါက်ခဲ့လေသည်။ ထိုအရေးတော်ပုံ ဖြစ်ပေါ်ရခြင်းမှာ လူတို့၏ရသင့်ရထိုက်သော အခွင့်အရေးကို တောင်း ဆိုလိုက်ခြင်းဖြစ်သည်ဟုဆိုနိုင်လေသည်။ တစ်နည်း ဆိုသော်၊ ကလေးတိုင်းတွင် ပညာသင်ကြားနိုင်သော အခွင့်အရေးရှိရမည်ဖြစ်သည်။ ၁၉ ရာစုနှစ်အတွင်းက နိုင်ငံအသီးသီးတို့တွင် ထိုအချက်ကိုအခြေပြု၍၊ အမျိုးသားပညာရေးစံနစ်ကို တီထွင်ခဲ့ကြလေသည်။ ပြင်သစ်နိုင်ငံနှင့် အင်္ဂလန်နိုင်ငံတို့တွင် နှစ်ပေါင်းအတော်ကြာအောင် အယူဝါဒဆိုင်ရာအသင်းတော်တို့က စာသင်ကျောင်းများကိုစီမံအုပ်ချုပ်ခဲ့လေသည်။ နောက်ဆုံး၌ ဥရောပတိုက် အနောက်ပိုင်းနှင့် အမေရိကတိုက်တို့တွင် နိုင်ငံအစိုးရက ပညာရေးကို တာဝန်ယူခဲ့လေသည်။ အထူးသဖြင့် အမေရိကတိုက်တွင် မိန်းကလေးတို့သည် ပညာရေး၌ ယောဂျားကလေးတို့နှင့်တန်းတူ အခွင့်အရေးကိုရရှိကြလေသည်။ ထိုကြောင့် ၁၉ ရာစုနှစ်တွင် လူတိုင်းသည်အယူဝါဒရေးဆိုင်ရာ အချုပ်အချယ်မှကင်းလွတ်လျက် ပညာဆည်းပူးခွင့်ကို ရရှိကြလေသည်။ ပညာသင်ကြားရေး နည်းများသည်လည်း သိသိသာသာ ပြောင်းလဲလာလေသည်။ ကလေးတို့နှင့် ဆိုင်သော စိတ်ပညာကို လေ့လာ၍ သင်ကြားနည်းအသစ်များကိုတီထွင်ခဲ့ကြသည်။ ပက်စတာလိုဇီ(၁၇၄၆–၁၈၂၇)နှင့် ဖရားဗယ် (၁၇၈၂–၁၈၅၂)တို့ကဲ့သို့သော ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး သမားများ ပေါ်ထွက်လာလေသည်။ (ကင်ဒါဂါတင်။ ဖရားဗယ်–ရှု။)

ပညာသင်ကြားရေးနည်းများ ပြောင်းလဲလာသည်နှင့် အမျှ အရည်အချင်း ပြည့်စုံသောဆရာ၊ ဆရာမများ ထွက်ပေါ်လာရေးကိုလည်း စီမံကြရလေသည်။ ယခုအခါ ပညာရေးကို သိပ္ပံပညာတစ်ရပ်အနေဖြစ် ယူဆကြပြီးလျှင်၊ သု

www.foreverspace.com.mm

တေသနလုပ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းအားဖြင့်ပညာရေးကို ခေတ်နှင့်ဆီလျော်အောင် ကြိုးပမ်းလျက် ရှိကြလေသည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် နိုင်ငံအချင်းချင်း ရင်းနှီးစွာ ဆက်ဆံနိုင်ရေးနှင့် စိတ်ဝင်စားလာကြသဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံဆရာချင်း၊ ကျောင်းသားချင်းလဲလှယ်လျက် ရှိကြလေသည်။ ထိုပြင် ကုလသမဂ္ဂ၌ ယူနက်စကိုဟု အတိုကောက်ခေါ်သော နိုင်ငံပေါင်းစုံပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ဟူ၍ အထူးအဖွဲ့ကိုဖွဲ့စည်းပြီးလျှင် ပညာရေး၌ အကူညီလိုသောနိုင်ငံများကို ကူညီထောက်ပံ့လျက် ရှိလေသည်။ (မြန်မာနိုင်ငံပညာရေးသမိုင်း။ တက္ကသိုလ်–ရှု။)

ပရိယတ္တိသာသနာထွန်းကားစေသည့် စာတော်ပြန်ပွဲ

ပဌမပြန် စာမေးပွဲများကို ရှေးမြန်မာမင်းများ လက်ထက်တော်ကပင် ကျင်းပခဲ့ကြသည်။ မည်သည့်မင်းလက်ထက်တော်က စတင်ကျင်းပခဲ့သည်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် ပဌမပြန်စာမေးပွဲများကျင်းပရသည်။ မည်သို့အဆင့်ဆင့် ပြောင်းလဲလာခဲ့သည် စသည့်အချက်အလက် အကြောင်းစုံတို့ကို ဤအကြောင်းရပ်တွင် ဖတ်ရှုရပေမည်။

ပဌမပြန်စာမေးပွဲ ။ ။ပဌမပြန် စာမေးပွဲကို အင်းဝမြို့ညောင်ရမ်းမင်း ဆယ်ဆက်တွင်၊ သုံးဆယ်မြောက် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀(တစ်ထောင်) ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ကြောင်း၊ မြန်မာ ရာဇဝင်အရ သိရှိရသည်။

သက္ကရာဇ် ၁၀၉၅ခု နန်းတက်သော ဟံသာဝတီပါမင်းလက်ထက် 'အင်းဝမြို့တော်၌ ကျောင်းဆောက်ပြီးလျှင် ပုခန်းကြီးမြို့ ကျေးပိုက်သင်ပထမကျော်ရှင် ရှင်ဥာဏဝရကိုတင်လျှူ၍ ကျော်အောင်စံထားဟု တွင်၏။' ဟူ၍ မှန်းနန်းမဟာရာဇဝင်တော် တတိယတွဲ၌လာရှိသော စကား၊ 'ပုခန်းကြီးမြို့ မြောက်လက်ပိုင်သင်ရွာဇာတိ၊ ငယ်မည်မောင်ပန်းအောင်၊ ရှင်မည် ရဟန်းမည် ရှင်ဥာဏဝရ၊ တံဆိပ်အမည် ဇိနစက္ကာဘိ ရာမ၊ ဌာနအမည် ပဌမကျော် အောင်စံထား ဆရာတော်ပြုသည်' ဟူ၍ ပိဋ္ဌကတ်သမိုင်းစာတမ်း၌လာရှိသော စကား၊ အမရပူရ ပဌမမြို့တည်နန်းတည်း ဘိုးတော်မင်းတရားကြီးလက်ထက် ပဌမပြန်စာမေးပွဲအကြောင်းနှင့် စပ်လျဉ်း၍ 'ရှေးမင်းတို့လက်ထက် ပြန်ဆိုသည့်နည်း ပြန်ဆိုစေသော် သင့်မသင့်မေးတော်မူကြောင်း'နှင့် ပဌမမောင်းထောင် သာသနာပိုင်၏ ပုစ္ဆာပကိဏ္ဏအဖြေ၌လာရှိသော စကားတို့ကို ထောက်ထားလျှင် နောက်မင်းတို့သည် ပဌမပြန်စာမေးပွဲကို ကျင်းပခဲ့ကြောင်း ထင်ရှားသည်။

ပဌမပြန်စာမေးပွဲ ကျင်းပရခြင်းမှာလည်း ဗုဒ္ဓသာသနာတော်၏ အခြေအမြစ်ဖြစ်သော ပရိယတ္တိ သာသနာတော်ကြီးပွားထွန်းကားရေးကို အဓိကထား၍၊ ပဌမရှင်လောင်းတော်နှင့် ပဌမပဋ္ဌင်းလောင်းတော်တို့ကို ရွေးချယ်ခြင်းဖြစ်သည်။ ပဌမပြန် စာမေးပွဲ၌ ပြဋ္ဌာန်းသော ကျမ်းစာများမှာလည်း ပါဠိ ပိဋ္ဌကတ်တော် ကျွမ်းကျင်တတ်မြောက် နိုင်ရန် အခြေခံဖြစ်သော သဒ္ဒါ၊ သဂြိဟ်၊ ဆန်း၊ အလင်္ကာ၊ အဘာမာန်၊ သဒ္ဒတ္ထဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဝါစ္စဝါစက၊ ဝိဘတ္တတ္ထ၊ ဒွေမာတိကာ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်၊ ပဋ္ဌာန်းကျမ်းများဖြစ်သည်။ ပြန်ဆိုမေးဖြေပုံမှာလည်း (၁) ပါဠိကို နှုတ်တက်အာဂုံ ပြန်ဆိုစေခြင်း၊ (၂) အနက်အဓိပ္ပါယ်ကို သင့်လျော်သလောက် နှုတ်ဖြင့်မေး၍ နှုတ်ဖြင့်ဖြေဆိုစေခြင်း နှစ်မျိုးသားပြုလုပ်ခဲ့ဟန်တူသည်။

သီပေါမင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၂၄၅ ခုနှစ်မှစ၍၊ ပဌမပြန်ပွဲဆိုင်ရာ ဥပဒေစည်းကမ်းနည်းလမ်းများကိုပြုလုပ်လျက် ကျနစ္စာကျင်းပသည်ကိုတွေ့ရသည်။ ပြန်ဆိုမေးဖြေပုံမှာလည်း (၁) ပါဠိကို နှုတ်တက်အာဂုံ ပြန်ဆိုစေခြင်း၊ (၂) အနက်အဓိပ္ပါယ်ကို နှုတ်ဖြင့်မေး၍ နှုတ်ဖြင့်ဖြေဆိုစေခြင်း၊ (၃) အနက်အဓိပ္ပါယ်ကို မေးခွန်းပုစ္ဆာတစ်မျိုးသာထုတ်၍ စာရွက်ဖြင့်မေး စာရွက်ဖြင့် ရေးဖြေစေခြင်း၊ သုံးမျိုးပြုလုပ်၍ ကျင်းပသည်ကို တွေ့ရသည်။

ထိုစဉ်က ပဌမပြန်စာမေးပွဲတွင် ပြဋ္ဌာန်းထားသော ကျမ်းစာတိုင်းအတွက် မေးခွန်းတစ်မျိုးတစားတည်းထားကာ မေးမြန်း၍၊ ဖြေဆိုအောင်မြင်သူတို့ကိုမူကား အမှတ်အများအနည်းလိုက်လျက်၊ ပဌမကြိမ်၊ ပဌမလတ်၊ ပဌမငယ်ဟု သုံးမျိုးခွဲလေသည်။ ပဌမကြီးအောင်သူတို့အနက် အမှတ်အများဆုံးရသော ပုဂ္ဂိုလ်သည် ပဌမကျော်ဟူသော ဘွဲ့ကို ရသည်။

ပဌမပြန်စာမေးပွဲကို နယုန်လ၌ကျင်းပလေ့ရှိသည်။ ဝါဆိုလရောက်သောအခါ ဘုရင်မင်းမြတ်ကိုယ်တိုင် စီစဉ်၍ ပဌမပြန် စာမေးပွဲအောင် ပဌမရှင်လောင်း၊ ပဌမ ပဋ္ဌင်းလောင်းများကို သာသနာတော်သို့ ရှင်အဖြစ်၊ ပဋ္ဌင်းအဖြစ် သွတ်သွင်း ချီးမြှင့်တော်မူသည်။

ကျင်းပရာဌာနမှာလည်း နိုင်ငံတော်တွင်ဝန်ကြီးအနှံ့ အပြား ကျင်းပလေ့မရှိ၊ ဘုရင်မင်းမြတ်၏ နေပြည်တော် တစ်ဌာနတွင်သာကျင်းပလေ့ရှိသည်။

www.focusspace.com.mm

မြန်မာဘုရင်များမရှိသည့်နောက်၊အင်္ဂလိပ်မင်းတို့လက်အောက် သက္ကရာဇ် ၁၂၅၇ ခုနှစ် နယုန်လကစ၍ ပဌမပြန် စာမေးပွဲကို နှစ်စဉ်ကျင်းပသည်။ ပဌမပြန်ကော်မတီတစ်ခု ခန့်ထား၍ စီမံအုပ်ချုပ်သည်။

ပြဋ္ဌာန်းသော ကျမ်းစာများမှာလည်း သဒ္ဒါ၊ သင်္ဂီဟ၊ ဒွေမာတိကာ၊ အဘာဓာန၊ ဆန္ဒ၊ အလင်္ကာရ၊ မာတိကာ၊ ဓာတုကထာ၊ ယမက၊ ပဋ္ဌာနဘာသာပြန်တို့ဖြစ်သည်။ အတန်းမှာလည်း (၁) ပဌမငယ် (၂) ပဌမလတ် (၃) ပဌမကြီး (၄) ပဌမကျော်ဟူ၍ လေးတန်းထားပြီး၊တတန်းလျှင် မွေးခွန်းပုစ္ဆာ တမျိုးစီထုတ်ကာ လေးတန်းအတွက် ပုစ္ဆာလေးမျိုးထုတ်၍၊ စာရွက်ဖြင့်မေး စာရွက်ဖြင့်ဖြေရသည်။ နှုတ်တက် အာဂုံပြန်ဆိုခြင်း၊ နှုတ်ဖြင့်မေးဖြေခြင်းမရှိ။ ၁၂၆၀ ပြည့်နှစ်မှစ၍ ပဌမကျော်စာမေးပွဲကို ရပ်စဲလိုက်သည်။ သို့သော်လည်း ပဌမကျော်ကို မြန်မာဘုရင်များလက်ထက်ကအတိုင်း ပဌမကြီးအောင်မြင်သူများ ထဲမှ အမှတ်အများဆုံးကို ရွေးချယ်၍အအောင်ပေးသည်။

ရှေးဦးစွာ ပဌမကျော် အောင်မြင်သူမှာ မော်လမြိုင်မြို့ ဘုံပျံကျောင်း ပရိယတ္တိဝိသာရဒအဂ္ဂမဟာပဏ္ဍိတ ဘုံပျံဆရာတော် ဦးကေတုဖြစ်သည်။

စာမေးပွဲ ကျင်းပရာဌာနလည်း တစ်နေရာတည်းတွင်သာမဟုတ်၊ မြန်မာနိုင်ငံတော်အတွင်း နေရာအနှံ့အပြား တချိန်တည်း ကျင်းပခဲ့သည်။

သက္ကရာဇ် ၁၂၉၉ခုတွင် ပဌမပြန်စုံစမ်းရေးကော်မတီ တစ်ခုဖွဲ့စည်းကာ စုံစမ်းအစီရင်ခံစေပြီးလျှင်၊ ယင်းကော်မတီ၏ အစီရင်ခံစားအရ နာယကဆရာတော်များ ပါဝင်သည့် ပဌမပြန်ကော်မတီတခုဖွဲ့စည်းကာ၊ ပဌမပြန်စာမေးပွဲကို စီမံအုပ်ချုပ်ခဲ့သည်။ အတန်းထားရာ၌လည်း စာချတန်းတစ်တန်းတိုးကာ၊ လေးတန်းထား၍ ကျင်းပခဲ့သည်။ ယင်းစာချတန်း၌ ပြဋ္ဌာန်းသောကျမ်းစာများမှာလည်း (၁) ပါရာဇိကဏ်အဋ္ဌကထာ (၂) သုတ်သီလက္ခန်အဋ္ဌကထာ (၃) အဋ္ဌသာလိနီအဋ္ဌကထာဟူ၍ ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် နိကာယ်အဋ္ဌကထာခြောက်ကျမ်းတို့ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၃၀၄ခုမှစ၍၊ ၁၃၀၇ခုနှစ်တိုင်အောင် လေးနှစ်တိတိ ပဌမပြန်စာမေးပွဲမကျင်းပနိုင်ပေ။ စစ်အပြီး ၁၃၀၈ခုမှစ၍ ဆက်လက်ကျင်းပခဲ့ သည်။

သက္ကရာဇ် ၁၃၁၂ခုတွင် ပါဠိတက္ကသိုလ်နှင့် ဓမ္မာစရိယအက်ဥပဒေပြဋ္ဌာန်း၍၊ ယင်းဥပဒေအရ ပါဠိတက္ကသိုလ် တည်ထောင်ကာ၊ ပါဠိတက္ကသိုလ်ဝင်ကျောင်းများမှာ ဆရာတော်သံဃာတော်များပါဠိတက္ကသိုလ် ဗဟိုအဖွဲ့ဖွဲ့စည်း၍၊ စာချတန်း စာမေးပွဲကို စီမံအုပ်ချုပ်လျက်၊ ပဌမပြန်စာမေးပွဲနှင့်အတူ မကျင်းပတော့ဘဲ၊ တစ်သီးတစ်ခြားခွဲ၍ စာချတန်းစာမေးပွဲကို ကျင်းပလာခဲ့သည်။

သက္ကရာဇ် ၁၃၁၃ ခုနှစ် တွင် ပါဠိပညာရေးအဖွဲ့အက်ဥပဒေပြဋ္ဌာန်း၍၊ ယင်းဥပဒေအရ ဆရာတော်သံဃာတော်များ ပါဝင်သော ပါဠိပညာ ရေးအဖွဲ့ကို ဖွဲ့စည်းကာ စီမံအုပ်ချုပ်လျက်၊ ပဌမပြန်စာမေးပွဲ ဆက်လက် ကျင်းပလာခဲ့သည်။

ရှေးအခါက မြန်မာဘုရင်လက်ထက်က ပဌမပြန်စာမေးပွဲ တစ်ခုသာရှိသည်။ ယင်းစာမေးပွဲကိုလည်း ဘုရင်များသာစီမံအုပ်ချုပ်၍ကျင်းပလာခဲ့သည်။ အင်္ဂလိပ်မင်းများ လက်ထက်နှင့် လွတ်လပ်သောပြည်ထောင်စုအစိုးရလက်ထက်များတွင်လည်း အစိုးရကသာကျင်းပလာခဲ့သည်။

မြန်မာဘုရင်များလက်ထက်က၊ ပဌမပြန် စာမေးပွဲ တစ်ခုသာရှိသော်လည်း၊ ၁၂၆၅ခုမှစ၍၊ ပဌမပြန်စာမေးပွဲကိုအတုယူကာ၊ နိုင်ငံတော်အတွင်းရှိ ထိုထိုမြို့ရွာတို့၌ နိုင်ငံသူနိုင်ငံသားတို့သည် အသင်းအဖွဲ့အသီးအသီးဖွဲ့စည်းတည်ထောင်ကြလျက်၊ ပါဠိဘာသာပရိယတ္တိသာသနာ ကြီးပွားထွန်းကားရန် အဓိကရည်ရွယ်ချက်ဖြင့် စာမေးပွဲများကို ကျင်းပကြသည်။

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကို ၁၂၆၀ ပြည့်တွင်တည်ထောင်ပြီးလျှင်၊ ၁၂၆၅ခုမှစ၍ နှစ်စဉ် ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲကို ကျင်းပခဲ့သည်။

ရန်ကုန်မြို့ စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကို ၁၂၆၅ခုတွင် တည်ထောင်ကာ၊ ၁၂၈၀ပြည့်မှစ၍ နှစ်စဉ် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ အသင်းစာမေးပွဲကို ကျင်းပခဲ့သည်။

ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိပဌမပြန်စာမေးပွဲအသင်းကို ၁၂၈၂ ခုနှစ်တွင် တည်ထောင်လျက်၊ ထိုနှစ်မှစ၍ နှစ်စဉ် သုဓမ္မာပရိယတ္တိပဌမပြန်စာမေးပွဲကို ကျင်းပခဲ့သည်။

သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိ သာသနဟိတအသင်းကို ၁၂၈၄ ခုနှစ်တွင် တည်ထောင်ကာ၊ ထိုနှစ်မှစ၍ နှစ်စဉ် သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်း စာမေးပွဲကို ကျင်းပခဲ့သည်။

မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်းကို ၁၂၉၂ ခုတွင် တည်ထောင်လျက်၊ ထိုနှစ်မှစ၍ နှစ်စဉ် ပရိယတ္တိ သဒ္ဓမ္မပါလအသင်း စာမေးပွဲကို ကျင်းပခဲ့သည်။

အထက်ပါ အသင်းစာမေးပွဲများတွင် သထုံမြို့သုဝဏ္ဏဘူမိပရိယတ္တိသာသနဟိတအသင်းစာမေးပွဲမှာ ပါဠိပိဋကတ်တော်အခြေခံကျမ်းစာများနှင့် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံကို အဆင့်အတန်းခုနစ်တန်းထား၍ကျင်းပသည်။ မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းစာမေးပွဲနှင့် ရန်ကုန်မြို့ စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟအသင်း စာမေးပွဲတို့မှာ ပိဋကတ်တော် အခြေခံကျမ်းစာများနှင့် ကျမ်းရင်းအဋ္ဌကထာကြီးသုံးကျမ်းတို့ကို စာသင်တန်း၊ စာချတန်းဟုနှစ်တန်းထား၍ ကျင်းပသည်။ ညောင်တုန်းမြို့ သုမ္မာပရိယ

www.forexpeace.com.mm

တို့ပဌမပြန် စာမေးပွဲမှာ ပဌမပြန် စာမေးပွဲကဲ့သို့ ပဌမငယ်၊ ပဌမလတ်၊ ပဌမကြီး၊ စာချတန်းဟု လေးတန်းထား၍ ကျင်းပသည်။ မော်လမြိုင်မြို့ ပရိယတ္တိသဒ္ဓမ္မပါလအသင်း စာမေးပွဲမှာ ဝိဋ္ဌကတ်တော် အခြေခံကျမ်းစာများတွင် သက္ကဋ္ဌဘာသာကျမ်းစာများ ထည့်သွင်းကာ ခုနစ်တန်းထား၍ ကျင်းပလေသည်။

တိပိဋကရေ ရွေးချယ်ပွဲကို ၁၃၁၀ပြည့်မှစ၍၊ ဆာဦးသွင်ကြီးမျှားသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က နှစ်စဉ်ကျင်းပခဲ့၏။ ၁၃၁၂ခုတွင် ဗုဒ္ဓသာသနအက်ဥပဒေပြဋ္ဌာန်း၍၊ နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့ကို ဖွဲ့စည်းသည်။ ယင်းအဖွဲ့၏ တိပိဋကရေ ရွေးချယ်အဖွဲ့ခွဲက တိပိဋကရေရွေးချယ်ပွဲကို ဆက်လက်ကျင်းပခဲ့သည်။ ရည်ရွယ်ချက်မှာ ဝိဋ္ဌကတ်သုံးပုံ ဆောင် အာဇာနည်ပုဂ္ဂိုလ်ထူး ပေါ်ထွက်ရေးပင်ဖြစ်သည်။

ပြဋ္ဌာန်းသောကျမ်းစားများမှာကား နိကာယ်ငါးရပ် ဝိဋ္ဌကတ်သုံးပုံပါဠိတော်ကျမ်းပေါင်း ၅၄ ကျမ်း၊ စာအုပ်ရေ ၃၈အုပ်တို့ ဖြစ်သည်။ ထို ကျမ်းစာများကို (၁) ဝိနည်းငါးကျမ်း (၂) ဒီဃနိကာယ်သုံးကျမ်း (၃) အဘိဓမ္မာ ခုနစ်ကျမ်း (၄) မဇ္ဈိမနိကာယ်သုံးကျမ်း (၅) သံယုတ္တနိကာယ်ငါးကျမ်း (၆) အင်္ဂုတ္တရနိကာယ်ဆဲ့တစ်ကျမ်း (၇) ကျန် ခုဒ္ဒကနိကာယ် နှစ်ဆယ်ကျမ်းဟူ၍ အဆင့်အတန်းခုနစ်တန်း သတ်မှတ်ထားသည်။ အဘိဓမ္မာခုနစ်ကျမ်းတွင် ရှေးငါးကျမ်းကို (က)ပိုင်း၊ နောက်နှစ်ကျမ်းကို (ခ)ပိုင်းဟု နှစ်ပိုင်းထား၍ ကျင်းပသည်။

မေးမြန်းပုံမှာ အဆင့်အတန်းခုနစ်တန်းရှိရာ၊ အတန်းတိုင်း၌ (၁)အာဂုံပြန်ဆိုပွဲ (၂)သဘောရေးဖြေပွဲဟူ၍ နှစ်မျိုးထားကာမေးမြန်းသည်။ နှစ်မျိုးလုံးအောင်မြင်မှ အရွေးအချယ်ခံရသည်။ အထူးအားဖြင့် ပြဋ္ဌာန်းသော နိကာယ်ငါးရပ်ဝိဋ္ဌကတ်သုံးပုံတွင် သင်ရိုးဝိဋ္ဌကတ်တော်ဖြစ်သော (၁) ဝိနည်းငါးကျမ်း (၂) ဒီဃနိကာယ်သုံးကျမ်း (၃) အဘိဓမ္မာခုနစ်ကျမ်းတို့ကို အောင်မြင်လျှင် (တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက)ဘွဲ့တံဆိပ်၊ သင်္ဂါယနာတင်မထေရ၊ ဓမ္မကထိကမထေရ်တို့ အသုံးအဆောင် ဆင်စွယ်ယပ်နှင့် သွားလာသောအခါ ယာဉ်၌တပ်ဆင်ရန် ထီးဖြူတော်သုံး လက်အမှတ်တံဆိပ်ပါရှိသော အလံတော်တို့ကို အဆောင်အယောင်အဖြစ်လျှဒါန်းသည်။ တိပိဋကရေ ရွေးချယ်ပွဲမှာ အလွန်အဆင့်အတန်းမြင့်၍ ခက်ခဲနက်နဲသော ရွေးချယ်ပွဲဖြစ်ရကား၊ ၁၃၁၆ ခုအထိ ခြောက်နှစ်အတွင်း အရှင်ဝိစိတ္တသာရာဘိဝံသတစ်ပါးသာ 'တိပိဋကရေဓမ္မဘဏ္ဍာဂါရိက'အဖြစ် အရွေးချယ်ခံရသည်။

ဤသို့လျှင် အထက်တွင်ပြဆိုအပ်သောစာမေးပွဲများမှာ ယခုအခါ ဝင်သူများ၍အောင်မြင်သူလည်း တစ်နှစ်ထက်တစ်နှစ် များပြားတိုးတက်လာရကား၊ ပါဠိဘာသာ ပရိယတ္တိသာသနာတော် တနေ့တခြားကြီးပွား ထွန်းကားလာသည့်အတွက် အဓိကရည်ရွယ်ချက်အောင်မြင်သဖြင့် ဝမ်းမြောက်ဖွယ် ဖြစ်ပေသည်။

ပဌာစာရီထေရီ။ ။ဂေါတမ မြတ်စွာဘုရား လက်ထက်တော်တွင် သာဝတ္ထိပြည်၌ ကုဋေလေးဆယ်ကြွယ်ဝသော သဒ္ဓေးကြီးတစ်ဦးဝယ် အဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာနှင့် ပြည့်စုံသည့် ပဌာစာရီအမည်ရှိသော သတို့သမီးငယ်တစ်ယောက်ရှိ၏။ ယင်းသတို့သမီးငယ်အား အရွယ်ရောက်သောအခါ၌ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်တွင် အစောင့်အရှောက်များဖြင့် ထားစေကာမူ၊ မိမိ၏အခိုင်းအစေဖြစ်သော လုလင်တစ်ယောက်နှင့်ပင် ချစ်ကြိုက်မိကြ၍၊ အမိအဖတို့၏နေအိမ်မှ တိတ်တဆိတ် ထွက်ပြေးခဲ့ပြီးသော်၊ အရပ်တစ်ပါးသို့သွားရောက်ကာ၊ ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်ရှာဖွေစားသောက်နေခဲ့ကြ၏။ ထိုနောက် ပဌာစာရီတွင် ပဋိသန္ဓေတည်ရှိသဖြင့် မွေးဖွားရန် အချိန်နီးလာသော အခါ၌ မိဘရပ်ထံပြန်၍ မီးဖွားရန်ခင်ပွန်းဖြစ်သူထံတွင် ခွင့်တောင်းသော်လည်း သွားခွင့်မရသဖြင့် ခင်ပွန်းသည် တောသို့ထွက်သွားခိုက်ဝယ် တစ်ကိုယ်တည်းထွက်လာခဲ့၏။ ခင်ပွန်းဖြစ်သူသည် တောမှပြန်လာသောအခါ၌ အကြောင်းကိုသိရလျှင် နောက်မှလိုက်၍ခေါ်သော်လည်း၊ မီးဖွားချိန် စေ့ရောက်နေသောကြောင့် လမ်းခရီးဖြစ်သော တော်အုပ်တစ်ခုအတွင်း၌ပင် ငြိုငြင်ပင်ပန်းစွာ သားငယ်ကို မွေးဖွားရ၏။ သားဖွားခြင်းကိစ္စပြီးလျှင် ခင်ပွန်းလင်နှင့်အတူ မိမိတို့နေရာသို့ပြန်လာခဲ့လေသည်။ တစ်ဖန် ဒုတိယအကြိမ် ကိုယ်ဝန်တည်ပြန်လေရာ ကိုယ်ဝန်ရင့်မာလာလျှင် ရှေးနည်းတူ ခင်ပွန်းဖြစ်သူအား တောင်းပန်ပြောဆိုသော်လည်းခွင့်မရသဖြင့် သားငယ်ကိုပိုက်၍ ထွက်လာပြန်၏။ ခင်ပွန်းသည်လည်းအစဉ်တစ်စိုက် လိုက်လံ၍ခေါ်ငင်၏။ ထိုအချိန်၌ အခါမဲ့သောမိုးကြီးသည် သည်းထန်စွာရွာသွန်းလျက် လေပြင်းမုန်တိုင်းလည်းကြမ်းတမ်းစွာတိုက်ခတ်ကာ မိုးမှောင်ကျလာလေသည်။ ထို အခိုက်အတန့်၌ပင် ပဌာစာရီမှာလည်း မီးဖွားချိန်ရောက်ပြန်သဖြင့် ခင်ပွန်းဖြစ်သူသည် မိုးလွတ်မည့်အရပ်ကို ရှာဖွေရာ တောင်ပို့တစ်ခု၏ထိပ်၌ပေါက်နေသောချုံပိတ်ပေါင်းကိုတွေ့၍ ရှင်းမည်အပြုတွင် အဆိပ်ပြင်းသောမြွေသည် တောင်ပို့မှထွက်၍ ကိုက်သဖြင့် ထိုအရပ်၌သေ၏။ ပဌာစာရီသည်လည်း အချိန်စေ့ရောက်ကာ နောက်သားငယ် ကိုမွေးဖွားပြီးသော်၊ မိမိခင်ပွန်းဖြစ်သူ ပြန်မလာနိုင်သဖြင့် သားကြီးကိုလက်ဆွဲ၍ သားငယ်ကို ရင်ဝယ်ပိုက်လျက် လိုက်ရှာသောအခါမှ ခင်ပွန်း၏အလောင်းကိုသာ တွေ့ရ လေသည်။ ထိုကြောင့် ပူဆွေးငိုကြွေးလျက် သားငယ်နှစ်ယောက်နှင့်အတူ၊

www.foreversace.com.mm

မိဖရပ်ထံသို့ ခရီးဆက်ခဲ့ရပြန်၏။ လမ်းခရီးတွင် အစီရ ဝတီမြစ်ကိုကူးဖြတ်ရမည်ရှိသည့်အခါ၊ သားနှစ်ယောက်နှင့် ရေကိုဖြတ်ကူးခြင်းငါ မစွမ်းနိုင်ရကား၊ သားကြီးကို ဤမှာ ဘက်ကမ်း၌ ထားခဲ့၍၊ သားငယ်ကို ထိုမှာဘက်ကမ်းသို့ ကူး၍ပို့ပြီးလျှင် သစ်ရွက်သစ်ခက်အခင်းထက်၌ အိပ်နေ စေပြီးမှ သားအကြီးကိုခေါ်ရန် ပြန်လှည့်လာ၏။ သို့သော် သားငယ်ကလေးကို စိတ်မချနိုင်ဘဲ၊ အဖန်တလဲလဲလှည့် ကြည့်လျက်သာ မြစ်ကို ကူးဖြတ်နေရာမှ မြစ်လယ်သို့ ရောက်သောအခါ၌ သိန်းစွန်တစ်ကောင်သည် နုနယ်နီ ထွေးသောကလေးကိုမြင်လျှင် သားတစ်ထင်မှတ်ကာ ထိုးသုတ်သွား၏။ ပဌာစာရီသည် လက်နှစ်ဖက်ကို မြှောက် ကြွရိုက်တီးကာ ကျယ်လောင်စွာဟစ်အော်ကြွေးကြော်၍ ခြောက်လှန့်သော်လည်း သိန်းစွန်မှာဝေးလံသောကြောင့်မ ကြားဘဲကောင်းကင်သို့ ပျံတက်သွား၏။ ဤမှာဘက် ကမ်းတွင်ရှိသော သားအကြီးသည် မြစ်၏အလယ်မှ မိခင်၏ ကြွေးကြော်သံကိုကြားရလျှင် မိမိကိုခေါ်ငယ်သည် ထင်မှတ်ကာ ရေသို့သက်ဆင်းခဲ့ရာ ကြီးစွာသော ရေအဟုန် တိုက်ခတ်သည်ဖြစ်၍ ရေ၌ကျရောက်မျောပါလေ၏။ ဤသို့ဖြင့် ပဌာစာရီသည် လင်သေသားဆုံး၊ ယူကျုံးမရ အလွန်ပူဆွေး သောကရောက်လျက် သူ၏ဖြစ်အင်ကို ငိုယိုမြည်တမ်းပြောဆိုယင်း ခရီးအစဉ်အတိုင်း သွားသည် ရှိသော် သာဝတ္ထိပြည်မှရှေးရှုလာသော ယောကျ်ားတစ် ယောက်ကိုတွေ့မြင်၍၊ မိမိ၏ဖခင် သဌေးကြီး၏အကြောင်း ကို မေးမြန်းကြည့်သည်တွင် ယမန်နေ့က ပြင်းထန်စွာ ကျရောက်ခဲ့သော လေမိုးဒဏ်ကြောင့် သဌေးကြီး၏ အိမ်ပြိုကျသဖြင့် သဌေးကြီးလင်မယားနှင့်သူတို့၏သားပါ သုံးယောက်လုံး တစ်ပြိုင်နက်သေလွန်ကြ၍၊ ယခုပင်သုံးဦး စလုံးအား မီးသင်္ဂြိုဟ်နေပြီဖြစ်ကြောင်းကို ပြောပြလေသည်။ ထိုခဏ၌ပင် ပဌာစာရီသည် သတိလွတ်ကင်းကာ ရူးသွပ် သောအဖြစ်သို့ရောက်၍၊ ငိုကြွေးမြည်တမ်းလျက် အဝတ် မကပ်ဘဲအရပ်ရပ်သို့ လှည့်ပတ်ပြေးသွားယင်း ဇေတဝန် ကျောင်းတော်ကြီး၌ လေးပါးသောပရိသတ်တို့၏ အလယ်တွင် တရားတော်ကိုဟောကြားတော်မူလျက်ရှိသော မြတ်စွာဘုရားထံတော်သို့ ရှေးရှုးရောက်ရှိသွားလေသည်။ ပရိသတ်တို့သည် မြတ်စွာဘုရားသခင်၏အထံသို့ ရှေးရှုး လာနေသော ထိုသူရူးမကိုမြင်လျှင် ဝင်ရောက်ခွင့်မပြု ကြဘဲ တားမြစ်ကုန်၏။ မြတ်စွာဘုရားက မဟန့်တား၊ မကန့်ကွက်ကြကုန်လင့်ဟု မိန့်တော်မူသည့်ခဏ၌ပင်၊ ပဌာစာရီလည်း ဘုရား၏ တန်ခိုးတော်ကြောင့် သတိ ပြန်လည်ရလာ၏။ မိမိ၏အဝတ်ကင်းကွာနေသည့် အဖြစ်ကို ရုတ်တရက်ကြောက်လျက် ကျုံ့ထိုင်နေစဉ်၊ တစ်ယောက်သောယောကျ်ားသည် မိမိ၏အပေါ်ရုံပုဆိုး ကိုပစ်၍ ပေးလိုက်သဖြင့် ထိုပုဆိုးကို ကောက်ယူဝတ် ရုံလျက် မြတ်စွာဘုရားသခင်ထံချဉ်းကပ်ပြီးလျှင် ဘုရား ၏ခြေတော်အစုံကို ငါးပါးသောထိခြင်းဖြင့် ရှိခိုးပြီး နောက်၊ မိမိ၏ဖြစ်အင်ကို လျှောက်ထားလေသည်။ မြတ်စွာဘုရားသခင်လည်း အစမထင်ကျင်လည် ပြေး သွားရာ သံသရာဝဋ္ဋဒုက္ခတို့၏အကြောင်းကို မိန့် တော်မူလျက် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော ကုသိုလ်လမ်းကြောင်းခရီးကောင်းကိုသာ ပြုစုပြင်ဆင် သုတ်သင်ရန် ဆုံးမဟောကြားတော်မူသောခဏ၌ပင်၊ ပဌာစာရီသဌေးသမီးလည်း သောတာပတ္တိဖိုလ်၌ တည် လေ၏။ သောတာပန် ဖြစ်ပြီးနောက်၊ မြတ်စွာဘုရားထံ ရဟန်းပြုလိုကြောင်း ခွင့်တောင်းပြီးလျှင် ရဟန်းပြုရာ ပဌာစာရီဘိက္ခုနီအဖြစ်သို့ရောက်၏။ ထိုနောက် မကြာမီ ပဌာစာရီဘိက္ခုနီမသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တ ဖိုလ်သို့ရောက်လေသည်။ နောင်အခါ၌ မြတ်စွာဘုရား သခင်သည် ထိုပဌာစာရီထေရီအား ဝိနည်းအရာ၌ ဧတဒဂ် ထားတော်မူ၏။

ပတူဌက်။ ။ပတူဌက်ကို ပါဏဗေဒအလိုအားဖြင့် 'နစ်တီယောနစ် အက်သာတိုတီ'ဟု ခေါ်သည်။ ထိုဌက် သည် ပုစဉ်းထိုး ဌက်များနှင့်အတူ 'မီရော့ပဒီး'မျိုးရင်း တွင် ပါဝင်သည်။ အလျား ၁၄ လက်မရှိသည်။ အခြား ပုစဉ်းထိုးဌက်များထက် ပို၍ကြီးသဖြင့် လွယ်ကူစွာ ခွဲခြားနိုင်ပေသည်။ ပတူဌက်အရောင်မှာ အစိမ်းဖြစ်ပြီး လျှင် ဦးထိပ်ပြာသည်။ ထိုပြင် မေးအောက်မှ ရင်အုပ်ထိ အပြာနုရောင် အစင်းကြောင်းတစ်ခုပါရှိသေးသည်။ ကျန် ခန္ဓာကိုယ်၏ အောက်ပိုင်းအရောင်မှာ နီဝါရောင်ရော ယှက်၍ မွဲခြောက်ခြောက်ဖြစ်သည်။ နှုတ်သီးသည် ရှည် ပြီးလျှင်၊ အရောင်မည်းသည့်ပြင် ကောက်လျက်ရှိသည်။

အသံမှာ ကွဲအက်ပြီးလျှင် နှစ်ဆင့်ဖြစ်သည်။ ပဌမ အသံကို အော်ရာ၌ ဦးခေါင်းကိုနှိမ့်ထား၍ ရှည်လျားသော လည်မွေးများကို ဖွထုတ်လိုက်သည်။ နောက်အသံကိုဆင့် ၍အော်စဉ်၊ ဦးခေါင်းကို တဖြည်ဖြည်းမြှင့်ပေးသည်။ နောက်ဆုံးအသံကိုအော်ရာ၌ ဦးခေါင်းကိုအပေါ်သို့ တည့် မတ်စွာ ထောင်ထားသည်။ ထိုပြင် လေထဲ၌ ပျံဝဲနေချိန်၌ ဖြစ်စေ၊ အောက်သို့ထိုးဆင်းလာသော အချိန်၌ဖြစ်စေ အော်တတ်သေးသည်။

ပတူဌက်သည် တောပျော်ဌက်သက်သက်ဖြစ်သည်။ သစ်ရွက်၊ ပန်းပွင့်များကြားရှိ ပိုးကောင်များကို လိုက်လံ၍ ရှာဖွေစားသည်။ ပျံသန်းပုံသည် အားကောင်းသော်လည်း၊ ပုစဉ်းထိုးဌက်များကဲ့သို့ ကြည့်၍မကောင်းချေ။ လက်ပံပွင့် ချိန်များ၌ ပတူဌက်များ ရောက်ရှိလာတတ်သည်။

www.foreverspace.com.mm

မြစ်ကြီးနားနယ်တွင် မတ်လမှစ၍ ဥများကို ဥသည်ဟု ဆိုလေသည်။ အသိုက်များကို မြေကြီးထဲတွင် အနက် ၂ ပေခန့် တွင်းတူး၍ ပြုလုပ်ကြသည်။ ထိုပြင် သဲထူသော ချောင်းကမ်းပါးများတွင်လည်း အသိုက်များပြုလုပ်တတ်သည်။ အသိုက်များကို ဆောက်လုပ်ရာ၌ ပိုးတောင်မာများ၏ အတောင်များကို အသုံးပြုတတ်သည်။

ပတ္ဂုဇက်ကို မြန်မာ၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများတွင် တွေ့ရသည်။ မြန်မာနိုင်ငံရှိ သစ်တောများတွင်လည်း တွေ့ရသည်။ မိုးဦးကျချိန်တွင် ရှမ်းပြည်နယ်၌ တွေ့ရသည်။

ပတဲကောပင်။ ။ပတဲကောပင်သည် ပတဲကောကြီး၊ ပတဲကောကလေးဟူ၍ရှိသည်။ ဇင်ဂျီဗာရေစီးမျိုးရင်းဝင်ဖြစ်၍ အယ်ပီးနီးယားမျိုးစိတ်များဖြစ်သည်။ အယ်ပီးနီးယားအော့ဖီစီနေရမ်ဟု ရုက္ခဗေဒအမည်ဖြင့်ခေါ်သော ပတဲကောကလေးပင်၏အမြစ်ဖုသည် ဆေးဖက်ဝင်သည်။ ချင်းနှင့် ငြုတ်ကောင်းစပ်ထားသော စပ်ရှားရှားပူရှိန်းရှိန်း အရသာမျိုးရှိ၍ အနံ့ခပ်ပြင်းပြင်းမွှေးသည် ပတဲကောကြီး သို့မဟုတ် ဂျာဗားပတဲကောဟုလည်းခေါ်သော ပတဲကောမျိုးသည် ပို၍ ကြမ်းပြီးလျှင် အနံ့လည်းမပြင်းလှပေ။

ပတဲကောပင်သည် မြန်မာ၊ အိန္ဒိယ၊ တရုတ်စသော အရှေ့တိုင်းနိုင်ငံများ၌ ပေါက်သည်။ အမြစ်ဖုခြောက်များသည် ဆေးဖက်ဝင်သဖြင့် နိုင်ငံခြားသို့တင်ပို့ရောင်းချရသည်။ ပတဲကောပင်၏ ပင်စည်သည်လေးပေခန့်မြင့်၍ အရွက်တို့သည်သေးသွယ်ပြီးလျှင်၊ လုံ့စွပ်ပုံရှိသည်။ အရွက်၏အရောင်သည် အစိမ်းနုရောင်ဖြစ်၍ စူးရှသောအနံ့ရှိသည် အဖြူရောင်တွင် အနီရောင်သွေးကြောကလေးပေါ်နေသော အပွင့်မျိုးပွင့်သည်။ အမြစ်ဖုများ တစ်စုတစ်ခဲကြီးရှိတတ်၍ တစ်ခါတစ်ရံ အချင်းတစ်ပေခန့်ပင် ရှိတတ်လေသည်။

ကမ္ဘာ့မျက်နှာပြင်အကြောင်းသိကောင်းစရာ

ပထဝီဝင်သည် ကမ္ဘာ့မျက်နှာပြင်အကြောင်း အထူးလေ့လာသော သိပ္ပံပညာဖြစ်သည်။ ဤအကြောင်းရပ်တွင် ကမ္ဘာ့မျက်နှာပြင်ပေါ်တွင်ရပ်တည်လျက်ရှိကြကုန်သော တောတောင်ရေမြေတို့နှင့်တကွ နိုင်ငံအသီးအသီး လူအမျိုးမျိုးစသည့် သက်ရှိသက်မဲ့တို့ တစ်ခုနှင့်တစ်ခုအမှီပြုလျက် ဆက်သွယ်ကာ တည်ရှိနေကြပုံ အကြောင်းစုံတို့ကို ဖတ်ရှုရပေလိမ့်မည်။

ပထဝီဝင်။ ။ပထဝီဝင်ဟူသည်မှာ ကမ္ဘာ့မြေမျက်နှာပြင်အကြောင်းကို အထူးဂရုပြု၍လေ့လာသောသိပ္ပံပညာဖြစ်သည်။ ကမ္ဘာ့မျက်နှာပြင်အကြောင်းကို လေ့လာရာ၌ ပထဝီပညာရှင်သည် ကမ္ဘာပေါ်ရှိ အရပ်ဒေသတစ်ခုနှင့်တစ်ခု ကွဲပြားခြားနားပုံများကို စူးစမ်းရှာဖွေ၍၊ အကျိုးအကြောင်းနှင့် ရှင်းလင်းဖော်ပြသည်။ ဤကမ္ဘာ့မျက်နှာပြင်ကိုကြည့်ရှုရာ၌ မြေပြင်တစ်ခုတည်းကိုသာမက၊ ယင်းအပေါ်တွင် တည်ရှိနေသောပါးလွှာသောလေထုနှင့် ယင်းအောက်တွင် တည်ရှိနေသောရေထုတို့ကိုပါ ထည့်သွင်း၍ကြည့်ရှုသည်။ ယင်သည့်လေထု၊ မြေထု၊ ရေထုတို့ တွေ့ဆုံရာ ရပ်ဝန်းအတွင်း၌သာသက်ရှိသက်မဲ့တို့ 'ကျွန်းကိုင်းမှီကိုင်းကျွန်းမှီ'ဆိုသကဲ့သို့၊ တစ်ခုနှစ်တစ်ခုအမှီပြုလျက် ဆက်သွယ်ကာတည်ရှိနေကြသည်။ ဤကဲ့သို့ ပုံစံအမျိုးမျိုးဖြင့် ပေါင်းစပ် တည်ရှိနေကြခြင်းကြောင့်လည်း ကမ္ဘာမျက်နှာပြင်တွင် မြေပြင်လက္ခဏာအမျိုးမျိုး ဖြစ်ပေါ်လာကြခြင်း ဖြစ်သည်။ ခေတ်သစ်ပထဝီဝင်၏ အဓိကရည်ရွယ်ချက်မှာ ကမ္ဘာ့မျက်နှာပြင်တစ်စိတ်တစ်ဒေသသော်လည်းကောင်း သို့မဟုတ် တစ်ခုလုံးတွင်သော်လည်းကောင်း ဖြစ်ပေါ်တည်ရှိနေသော အကြောင်းချင်းရာ အမျိုးမျိုးတို့ကို စုပေါင်းလေ့လာရန်ဖြစ်သည်။ ထိုကြောင့် ပထဝီဝင်သည် ကမ္ဘာပေါ်ရှိ အရပ်ဒေအသီးသီးတွင် မည်ကဲ့သို့ အသွင်အပြင်ရှိသည်၊ အရပ်ဒေသတစ်ခုနှင့် တစ်ခု မည်ကဲ့သို့ ခြားနားသည်။ သို့မဟုတ်ဆင်တူသည်၊ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်ကြရသည် အစရှိသည်တို့ကို လေ့လာပေသည်။

ကမ္ဘာပေါ်သက်ရှိသက်မဲ့တို့၏ တစ်ခုနှင့်တစ်ခုဆက်သွယ်လျက်တည်ရှိနေကြ၏။ ပုံစံပြရသော် ငါးသည် သက်ရှိသတ္တဝါဖြစ်သော်လည်း၊ အသက်မရှိသောရေ၌ သာတည်နေရိုင်သည်။ ထို့အတူအသက်ရှိသော သစ်ပင်သည် အသက်မရှိသောမြေဆီလွှာ၌သာ ကြီးပွားရှင်သန်နိုင်သည်။ ငါးကို ရေမှထုတ်ယူလိုက်သော်၊ သစ်ပင်ကို မြေမှထုတ်ယူလိုက်သော် မကြာမီ သေကျေပျက်စီးသွားလိမ့်မည်။ အကြောင်းကိုထောက်ရှုခြင်းဖြင့် သက်မဲ့တို့သည် သက်ရှိတို့အတွက် များစွာအရေး ကြီးကြောင်းကိုသိရှိရသည်။ သဘာဝပထဝီသည် လူနှင့် သက်ရှိသတ္တဝါတို့၏ နေထိုင်စားသောက်ရေးကို များစွာပြုပြင်ဖန်တီးပေးနိုင်သည်။ လူနှင့်သက်ရှိသတ္တဝါတို့ ကလည်း မိမိတို့ကိုယ်ကို သဘာဝပတ်ဝန်းကျင်အခြေအနေများနှင့် ကိုက်ညီအောင် ပြုပြင်၍ နေထိုင်လုပ်ကိုင်စားသောက်လာကြသည်။ ထိုကြောင့် ပထဝီဝင်ကို လေ့လာရာ၌ သဘာဝပထဝီနှင့်သက်ရှိ တို့၏အကြောင်းကိုသာမက၊ ယင်းတို့ တစ်ခုနှင့်တစ်ခုအပြန်

www.foreverspace.com.mm



လူတို့ဌာနေ ကမ္ဘာမြေအလုံးကို မျက်စိတဆုံး မြင်နိုင်စွမ်းမည်ဆိုလျှင် အထက်ပါကမ္ဘာ့မြေပြင်ပြပုံအတိုင်း တွေ့ရမည်။

အလှန်ဆက်စပ်နေပုံကိုလည်း လေ့လာရသည်။ သက်ရှိတို့သည် သဘာဝပတ်ဝန်းကျင်အခြေအနေ၏ ပြုပြင်ဖန်တီးမှုကြောင့် ပြောင်းလဲလာကြရသည်။ ထိုနည်းအတူ သဘာဝပတ်ဝန်းကျင် အခြေအနေတို့သည်လည်း လူ၊ တိရစ္ဆာန်၊ သစ်ပင်တို့၏ပြုပြင်မှုကြောင့် ပြောင်းလဲလာကြသည်။

ရှေးအခါက သက်ရှိတို့သည် သဘာဝပထဝီ၏ ပြုပြင်မှုအတိုင်း လိုက်နာခဲ့ကြရသည်။ ပုံစံအားဖြင့် ရေခဲခေတ်အတွင်း၌ ဝင်ရိုးစွန်းအရပ်မှဆင်းသက်လာသောရေခဲပြင်ကြီးများ၏ ဒဏ်ကြောင့် နေရာအများအပြား၌ သက်ရှိပေါင်းများစွာကွယ်ပျောက်ကုန်ကြသည်သာမက၊ လူနှင့်တိရစ္ဆာန်များစွာတို့သည် ပူနွေးသော အီကွေတာဘက်ရှိ အရပ်တို့သို့ စုရုံး ခိုလှုံခဲ့ကြရလသည်။ ထိုပြင် ရာသီဥတု ပြောင်းလဲမှုကြောင့်လည်း သက်ရှိများ သေကျေပျက်စီး ကြရသည်။ ပုံစံအားဖြင့် ရာသီဥတုခြောက်သွေ့လာခြင်းကြောင့် မြောက်အမေရိကတိုက်ရှိသက်ရှိများ အများအပြားပျက်စီးခဲ့ကြရသည်။ နိုင်းမြစ်ဝှမ်းနှင့် အိုးအေးစစ်အရပ်ကဲ့သို့ ရေကိုအလွယ်တကူရနိုင်သောနေရာများသို့ ပြောင်းရွှေ့နေထိုင်သော လူနှင့်တိရစ္ဆာန်များလောက်သာ အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။ မပြောင်းရွှေ့နိုင်သောသစ်ပင်များနှင့် လျင်မြန်စွာမပြေးလွှားနိုင်သောသတ္တဝါများသည် ကမ္ဘာ့အခြေအနေလျင်မြန်စွာပြောင်းလဲတိုင်း ပျက်စီးကြရသည်။ အသိပညာတိုးပွားလာ ယဉ်ကျေးလာသောအခါ ၌ပင်လူတို့သည် သဘာဝ၏ပြုပြင်စီမံမှုကို များစွာခံနေကြရသေးသည်။ သဘာဝအကြောင်းကို အနည်းငယ်သိနားလည်၍ ထိန်းကြပ်လာနိုင်သောအခါကျမှသာလျှင် လူသည် မိမိတို့ကိုယ်ကို ပတ်ဝန်းကျင်အခြေအနေများနှင့် ဆီလျော်အောင်ပြုပြင်၍ နေထိုင်လာတတ်ကြသည်။ အီဂျစ်လူမျိုးတို့သည် ခြောက်သွေ့သောလယ်ယာများတွင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် နိုင်းမြစ်မှရေကို ရေမြောင်းများဖြင့်သွယ်ယူ၍ အသုံးပြုခဲ့ကြသည်။ ဤသို့လျှင် လူတို့သည်မိမိတို့ကိုယ်ကို သဘာဝပတ်ဝန်းကျင်နှင့် ဆီလျော်အောင် ပြုပြင်၍နေထိုင်ကြရသောကြောင့် ကျွန်ုပ်တို့သည် သဘာဝပထဝီအကြောင်းကို မသိရှိပါက၊ လူတို့၏ နေထိုင်လုပ်ကိုင်စားသောက်ကြပုံ၊ တစ်နေရာမှ တစ်နေရာသို့ပြောင်းရွှေ့ကြပုံ၊ တစ်ဦးနှင့်တစ်ဦးစစ်ဖြစ်ကြပုံ၊ မိတ်ဖွဲ့ကြပုံမှအစ ယင်းတို့၏ယဉ်ကျေးမှုနှင့် လက်မှုစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာကြပုံများကို သိနားလည်ရန် ခဲယဉ်းပေလိမ့်မည်။

ကျွန်ုပ်တို့သည် ပထဝီကိုသိပါက တစ်ခုသောဒေသ၌ တစ်ခုသောကာလအပိုင်းအခြားအတွင်း လူတို့မည်ကဲ့သို့နေထိုင်လုပ်ကိုင်စားသောက်ကြသည်။ စီမံအုပ်ချုပ်ကြသည်။ စသည်တို့ကို ခန့်မှန်းကြည့်နိုင်ကြပေသည်။ ပုံစံအားဖြင့် နိုင်းမြစ်ဝှမ်းကဲ့သို့ ကျယ်ပြန့်သောလွင်ပြင်၌ သူပုန်များခိုအောင်းရန်နေရာမရှိခြင်းကြောင့် လျင်မြန်စွာရွှေ့ပြောင်းသွားလာနိုင်သောစစ်တပ်အနည်းငယ်ဖြင့်ပင် အလွယ်တကူထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ရာ ထိုဒေသမျိုးတွင် အာဏာရှင်စနစ်ဖြင့်အုပ်ချုပ်သောအစိုးရမျိုး ပေါ်ပေါက်ထွန်းကားနိုင်ကြောင်းခန့်မှန်းကြည့်နိုင်ပေသည်။ ထိုနည်းတူစွာပင် တောတောင်ထူထပ်သောဂရိနိုင်ငံ၊ စကော့တလန်ပြည်၊ အာဖဂန်စတန်နိုင်ငံစသည်တို့၌ နေထိုင်ကြသည့် ရှေးကျသောတောင်ပေါ်သားများအဖို့ လွတ်လပ်စွာနေထိုင်လိုသောစိတ်ဓာတ်များ တဖွားဖွားပေါ်ပေါက်လာရန် အခွင့်ကောင်းရရှိခဲ့ကြမည်ကိုလည်း ခန့်မှန်းကြည့်နိုင်ပေသည်။

ဤအကြောင်းများကို ထောက်ပြီး လျှင် ပထဝီဝင်သည် လူတို့၏စိတ်ဓာတ်ကို ပြုပြင်ပေးသည်ဟုကား တထစ်ကျမယူဆထိုက်ပေ။ အကြောင်းမူကား၊ မည်သည့်နေရာ၌မဆို အာဏာရှင်စံနစ်ကိုမုန်းတီးသောစိတ်ဓာတ်များ ပေါ်ပေါက်လာနိုင်သောကြောင့်ဖြစ်ပေသည်။ သို့ရာတွင် ရှေးနှစ်ပေါင်းများစွာကမူ တောင်တန်းများသည် တောင်ပေါ်သားတို့အား လွတ်လပ်စွာနှင့် ဖျတ်လတ်စွာနေထိုင်နိုင်အောင် ဖန်တီးပေးခဲ့ကြလေသည်။

ယခုအခါမူကား သဘာဝပတ်ဝန်းကျင်အခြေအနေတို့သည် လူတို့၏နေထိုင်လုပ်ကိုင်မှုကို ရှေးအခါကလောက် ပြုပြင်မပေးနိုင်ကြတော့ချေ။ အစဉ်အလာအားဖြင့် သဘာဝအခြေအနေတို့သည် ဆိပ်ကမ်းတည်နေရာများကို သတ်

www.foreverspace.com.mm

မှတ်ပေးလိုလသည်။ သို့ရာတွင် ယခုခေတ်၌လူတို့သည် လေယာဉ်ဆိပ်များကို မိမိတို့အလိုရှိသောနေရာများ၌ ဆောက်လုပ်နိုင်ခဲ့ကြပြီ။ ခြောက်သွေ့သောသဲကန္တာရ အရပ်များ၌ပင်လျှင် ရေသွင်းယူ၍ စိုက်ပျိုးလုပ်ကိုင်နိုင်ခဲ့ကြပြီ။ ရာသီဥတုကောင်းမွန်သော ဒေသများ၌ အကယ်၍ မြေဆီလွှာမကောင်းပါက ကောင်းအောင် ပြုပြင်ပေးတတ်ကြပြီ။ သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏နေထိုင်လုပ်ကိုင် စားသောက်မှုတို့သည် ယခင်ကကဲ့သို့ပင် တစ်ခုနှင့်တစ်ခု ဆက်လက်၍ ဆက်စပ်တည်ရှိနေကြသော်ငြားလည်း၊ တစ်ကြိမ်တစ်ခါက သဘာဝတရား၏ ပြုပြင်မှုကို တသွေမတိမ်းလိုက်နာခဲ့ကြရသောလူတို့သည် အသိပညာတိုးပွားလာသည်နှင့်အမျှ၊ သဘာဝပတ်ဝန်းကျင်ကို တဖြည်းဖြည်းစိုးမိုးပြုပြင်၍ နေထိုင်လာနိုင်ခဲ့ကြလေသည်။

ဤကဲ့သို့ လူတို့က သဘာဝပတ်ဝန်းကျင်ကို များစွာပြုပြင်ပြောင်းလဲလာနိုင်ခဲ့ခြင်းကြောင့်လည်း၊ ပထဝီဝင်သည် လူတို့အဖို့ ယခင်ကလောက်အရေးမကြီးတော့ဟု ထင်မြင်လာကြလေသည်။ သဘာဝတရားကို ပြုပြင်နိုင်သော လူတို့၏ စွမ်းရည်ကို ချီးကျူးထိုက်သည် မှန်ပါ၏။ သို့ရာတွင် ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း စသည်တို့သည် နှစ်ပေါင်းများစွာက တည်ဆောက်လာခဲ့သော အိုးအိမ်တိုက်တာများ၊ လုပ်ငန်းဆောင်တာများနှင့်တကွ လူ့အသက်ပေါင်း အများအပြားကို ပင်လျှင် တစ်ခဏချင်း ပျက်စီးစေနိုင်ပေသည်။ ထိုပြင် ခြောက်သွေ့သော ကန္တာရ အရပ်၊ အလွန်ဓမြသော တန်ဒြာအရပ်၊ ပူအိုက်စိုစွတ်သော အီကွေတာသစ်တောအရပ်တို့တွင် လူတို့သည် သဘာဝ အခြေအနေကို ပြုပြင်၍နေထိုင်နိုင်ကြသည်ဟု ဆိုသော်လည်း၊ လေမရှိသောလဗိမာန်တွင်မူကား ကြာရှည်စွာ နေနိုင်မည်မဟုတ်ချေ။ ထိုကြောင့် ပတ်ဝန်းကျင်အခြေအနေများကို လူတို့သည်မည်မျှလောက်ပင် ပြုပြင်ပြောင်းလဲနိုင်ကြသည်ဆိုစေကာမူ၊ ပထဝီဝင်သည် လူ့လုပ်ငန်းဆောင်တာများကို အစဉ်ထာဝရ သတ်မှတ်ပေးနေပေလိမ့်ဦးမည်ဖြစ်ပေသည်။

ပထဝီဝင် ဗဟုသုတ တိုးပွားလာပုံ

လူတို့ အရပ်တစ်ပါးသို့ စတင်ခရီးထွက်သည့် အချိန်မှစ၍၊ ပထဝီဝင် ဗဟုသုတ တိုးပွားလာခဲ့သည်။ ကမ်းခြေအနီးတွင်နေထိုင်သော လူရိုင်းတို့သည် တောင်ပေါ်အရပ်သို့သွားရောက်၍၊ တောင်ပေါ်မုဆိုးများထံမှ သားရေများကို ယင်းတို့ယူဆောင်သွားသော ဆားများဖြင့် လဲလှယ်ခဲ့ကြသည်။ ဤကဲ့သို့ သွားရောက်လည်ပတ်ခြင်းဖြင့်၊ မိမိတို့နှင့် နေပုံထိုင်ပုံစရိုက်သဘာဝချင်းမတူသောသူများ၏အကြောင်းကို သိရှိလာကြသည်။ ဤနည်းဖြင့် လူတို့၏ ပထဝီဝင်ဗဟုသုတ တဖြည်းဖြည်း တိုးပွားလာခဲ့လေသည်။

ဂရိလူမျိုးတို့သည် ပထဝီဝင်ကို ပထမဆုံး စတင်လေ့လာသူများဖြစ်ကြသည်။ မိမိတို့နေထိုင်သောတိုင်းပြည်အနီးရှိ ပင်လယ်ကမ်းရိုးတန်းများကို သိရှိ၍၊ မြေပုံများဖြင့် မှတ်သားခဲ့ကြသည်။ မြေထဲပင်လယ်ကို ရွက်လှေကြီးများဖြင့်ဖြတ်သန်း၍၊ အာဖရိကတိုက် အတွင်းသို့ကုန်းကြောင်းခရီးဖြင့်ဝင်ရောက်ခဲ့ ကြသည်။ ဂရိပထဝီပညာရှင် အာရတိုးစသနီး ဆိုသူက ကမ္ဘာသည်အဝန်းမိုင် ၂၅၀၀၀ ရှိသည်ဟု ဘီစီ ၂၀၀ လောက်ကပင် တွက်ချက်တင်ပြခဲ့သည်။ ထိုဂရိလူမျိုးတို့သည် အယ်လက်ဇန္ဒာ ဘုရင်ကြီးလက်ထက်၌ အိန္ဒိယမြောက်ပိုင်း အိန္ဒုလွင်ပြင်သို့ပင် ရောက်ရှိခဲ့ကြလေသည်။ အီဂျစ်လူမျိုးနှင့်ဖီနီရှန်လူမျိုးတို့သည် ဂရိလူမျိုးတို့ထက်အလျင် ကုန်းလမ်း၊ ရေလမ်းခရီးဖြင့် နယ်ချဲ့ခဲ့ကြသည်မှန်၏။ သို့ရာတွင် ဂရိလူမျိုးတို့ကသာ လူအများ၏ နေထိုင်လုပ်ကိုင်စားသောက်မှုကွဲပြားခြားနားပုံကိုသိလိုကြသောကြောင့်၊ မိမိတို့ တွေ့မြင်သမျှကို ရေးယူမှတ်သား ခဲ့ကြသည်။ ဤအချက်ကြောင့်ပင် ထိုဂရိလူမျိုးတို့ကို ပထမဆုံး ပထဝီပညာရှင်များဟု ကျွန်ုပ်တို့ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ ရောမလူမျိုးတို့သည် မြေပုံကို အများဆုံးစတင် အသုံးပြုကြသူများ ဖြစ်သည်။ ယင်းတို့သည် ပင်လယ်နှင့် မြို့များ၏ အကွာအဝေးကို တိုင်းတာပြီးလျှင် မြေပုံတွင်တိကျမှန်ကန်စွာ ထည့်သွင်းပေးခဲ့ကြလေသည်။

ဂရိလူမျိုး ပထဝီပညာရှင် စတြားဗိုး (၆၄ ဘီစီ–၂၀ အေဒီ)ရေးသားခဲ့သော စာမူအားလုံးသည် ထိုအချိန်အခါက သိရှိခဲ့သောကမ္ဘာအကြောင်းကို ဖော်ပြထားခြင်းကြောင့် အစိုးရအရာရှိများ၊စစ်သေနာပတိများ အတွက် များစွာအသုံးဝင်လေသည်။ တော်လမီ(၁၂၇–၁၅၁ အေဒီ)သည် ဂရိပထဝီဝင်ပညာရှင်များ ရှာဖွေစုပေါင်းရေးသားခဲ့သည်။ မြေပုံများကိုလည်း လတ္တီတွဒ်၊ လောင်ဂျီတွဒ်မျဉ်းများဖြင့် ရေးဆွဲနိုင်ရန်အားထုတ်ခဲ့သည်။ ပထဝီဝင်ကို လေ့လာရာ၌ တစ်ကမ္ဘာလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း၊ ဒေသတခုခုကိုသော်လည်းကောင်း ခွဲခြား၍ လေ့လာနိုင်ကြောင်းကို တော်လမီက စတင်ဖော်ပြခဲ့သည်။ (တော်လမီ–ရှု။)

ဤကဲ့သို့ ဂရိနှင့်ရောမလူမျိုး တို့ စတင်ရှာဖွေစုဆောင်းခဲ့သော ပထဝီဝင်ဗဟုသုတများသည် အလယ်ခေတ်ဦးပိုင်းလောက်တွင် များစွာပျောက် ကွယ်ဆုံးရှုံးခဲ့ကြသည်။ ထိုအချိန်အခါ၌ အာရေဗျနှင့် အာဖရိက မြောက်ပိုင်းရှိ အာရပ်လူမျိုးတို့ကသာလျှင် ပထဝီဝင်ကိုအတော်အတန်

www.foreverspace.com.mm

လေ့လာခဲ့ကြသည်။ အာရပ်လူမျိုးတို့သည် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံ၊ အာဖရိကအရှေ့ကမ်းခြေအရပ်များကို ရောက်အောင် ကူးသန်းရောင်းဝယ်ခဲ့ကြသောကြောင့် ၁၀ ရာစုနှစ်မတိုင်မီကပင် အိန္ဒိယသမုဒ္ဒရာနှင့် အာဖရိက အတွင်းပိုင်းအကြောင်းများကို အတော်အတန် သိရှိခဲ့ကြသည်။

ကမ္ဘာလုံးသည့်အကြောင်းကို ဂရိလူမျိုးတို့နည်းတူ သိရှိခဲ့ကြသည်။ အာရပ်ပထဝီပညာရှင်တို့သည် ဂရိနှင့် ရောမလူမျိုးများရေးသားခဲ့သော ပထဝီဝင်ကို ဆက်လက် လေ့လာပြီးလျှင်၊ မိမိတို့ ရရှိထားနှင့်သော ဗဟုသုတများနှင့် ပေါင်းစပ်လေ့လာကြလေသည်။ သဘာဝပထဝီဝင်နှင့် သမိုင်းပထဝီဝင်ကို အထူးဂရုပြု၍ လေ့လာသော်လည်း မြေပုံကို ဆွဲအတတ်ကိုမူ မကျွမ်းကျင်နိုင်ကြပေ။

ထိုအချိန်အခါမှစ၍ ဥရောပအနောက်ပိုင်းသားများ တဖြည်းဖြည်း ခရီးထွက်ခဲ့ကြသည်။ အချို့သည် ခရစ်တော်ဖွားမြင်ရာ ပါလက်စတိုင်းပြည်သို့ သွားရောက်ပြီးလျှင် မိမိတို့၏ ခရီးစဉ်ကိုမြေပုံများဖြင့် မှတ်သားထားခဲ့ကြသည်။ ၁၂၇၁ ခုနှစ်တွင် မာကိုပိုလိုသည် ကသေးခေါ် တရုတ်ပြည်သို့ကုန်းကြောင်းခရီးဖြင့် ရောက်ရှိခဲ့သည်။ မာကိုပိုလိုအကြောင်း ရေးသားထားသောစာအုပ်တွင် မာကိုပိုလို၏ မှတ်သားလောက်သောစွန့်စားခန်းများကို အကျဉ်းသားမိတ်ဆွေတဦးက ရေးသားဖော်ပြထားလေသည်။ ဤစာအုပ်တွင် ပါရှိသောအကြောင်းအရာ အများအပြားသည် ပထဝီဝင်အကြောင်းများဖြစ်ခြင်းကြောင့်၊ ယင်းကိုပထဝီဝင် စာအုပ်ဟု ခေါ်ဆိုထိုက်သည်။ (ပိုလိုမာကို–ရှု။)

၁၄ ရာစုနှစ်သို့ရောက်သည့်တိုင်အောင်ပင် ဥရောပ တိုက်သားတို့၏ ပထဝီဝင်ဗဟုသုတသည် အလွန်နည်းသေးသည်။ ထိုအချိန်အခါအထိ ကမ္ဘာ့ရေမျက် နှာပြင်၏ ၇ရာခိုင်နှုန်းလောက်ကိုသာ သိရှိကြသေးသည်။ ၁၄ ရာစုနှစ်နှင့် ၁၅ ရာစုနှစ်လောက်တွင် ပေါ်တူဂီနှင့် စပိန် လူမျိုးတို့သည် သမုဒ္ဒရာကြီးများကို စတင်၍ ဖြတ်သန်း လှည့်လည်ခဲ့ကြသည်။ ဗက်စကို ဒါဂါးမသည် ၁၄၈၉ ခုနှစ်တွင် အာဖရိကတိုက်ကို ပတ်၍ အိန္ဒိယပြည်သို့ ရောက်ရှိခဲ့သည်။ (ဗက်စကိုဒါဂါးမ–ရှု။) ကိုလံဘတ်သည် အမေရိကတိုက်ကို ၁၄၉၂ခုတွင် စတင်တွေ့ရှိလေသည်။ (ကိုလံဗပ် စီ–ရှု။) ထိုသူတို့ နောက်တွင် အင်္ဂလိပ်၊ ဒပ်ချ်နှင့်ပြင်သစ်လူမျိုးတို့သည် ပင်လယ်ခရီးဖြင့် စတင် နယ်ချဲ့လာခဲ့ကြသည်။ ပေါ်တူဂီလူမျိုး မာဂျလင်ဆိုသူသည် ကမ္ဘာကို ရေလမ်းခရီးဖြင့် လှည့်ပတ်ရန် ဦးဆောင်ထွက် ခဲ့သော်လည်း လမ်းခရီးတွင် အသတ်ခံရသည်။ (မဂျလင် –ရှု။) များမကြာမီ အင်္ဂလိပ်လူမျိုး ဆာဖရန်းစစ်ဒရိတ်



ခရစ်မပေါ်မီ နှစ်ပေါင်း၁၊၃ရာအတွင်းက ဗက်ဗီလုံးနီးယားနိုင်ငံတွင် ရေးသားဖော်ပြထားသော ကမ္ဘာ့မြေပုံ

သည် ကမ္ဘာကို ရေလမ်းခရီးဖြင့်လှည့်လည်ခဲ့လေသည်။ (ဒရိတ်ဆာဖရန်းစစ်–ရှု။) နှစ်ပေါင်း၁၀၀အတွင်း၌ပင် ဥရေ ၁ပတိုက်သားတို့သည် ကျန်ရှိနေသော ကမ္ဘာ့ရေမျက် နှာပြင် ၉ ၃ရာခိုင်နှုန်းကို သိရှိလာကြလေသည်။ ဥရောပ တိုက်သားတို့သည် အာရေဗျပြည်ကို ၁၉၀၀ပြည့် ကျော်မှ လုံးလုံးလျားလျားသိရှိလာပြီးလျှင်၊ အာဖရိကအလယ် ပိုင်းကိုမူကား မကြာမီကမှကောင်းစွာသိရှိခဲ့ကြလေသည်။ အန္တာတိကတိုက်ကြီး၏ ပထဝီဝင်ကို ၁၉၄၀ပြည့်နှစ် ကျော်မှသိရှိခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ လူသူ အရောက်အပေါက်နည်းသော နေရာများ၏ ပထဝီဝင် ဗဟုသုတကို ပိုမိုသိရှိခဲ့ကြသည်။ ယခုအခါ၌မူ တောင် ကြီးများအကြားတွင် ကွယ်ပျောက်နေသောချိုင့်ဝှမ်းများ၊ လူသူများနှင့်တကွ အလွန်ဝေးလံသော တောင်ကြီး တော ကြီးများကိုပင် လေယာဉ်ပျံဖြင့် ဓာတ်ပုံရိုက်ယူပြီးလျှင် မြေပုံများပေါ်၌ ထင်ရှားစွာပြသနိုင်ပြီဖြစ်ခြင်းကြောင့် ပထဝီပညာရှင်တို့သည် ကမ္ဘာ့မြေပုံသစ်ကိုပင် ထုတ်လုပ် နိုင်ခဲ့လေပြီ။

ပထဝီဝင်၏ သဘောတရား

၁၈ ရာစုနှစ်နောက်ပိုင်းသို့မရောက်မီ ပထဝီဝင်ကိုနည်း ၂ နည်းဖြင့် လေ့လာခဲ့ကြသည်။ တစ်နည်းမှာ တော်လမီ၊

www.forewordspace.com.mm

မာကေဘာတို့ ပြုလုပ်သကဲ့သို့ ကမ္ဘာ၏ပုံပန်းသဏ္ဌာန်နှင့် အရွယ်အစားမှာ ကြီးမားမှု၊ မန်းစတာတို့ပြုလုပ်သကဲ့သို့ တိုင်းပြည်နှင့် အရပ်ဒေသများ၏ မှတ်သားလောက်သောအကြောင်း အရာတို့ကို လေ့လာခြင်းဖြစ်သည်။ ပထမလေ့လာနည်းကို မြေပုံဆွဲ အတတ်လေ့လာသူများက ဆက်လက်ကျင့်သုံးခဲ့ကြသည်။ ဒုတိယနည်းမှာမူကား ပထဝီဝင်၏အဓိကလုပ်ငန်းအဖြစ်ဖြင့် ဆက်လက်တည်ရှိလာခဲ့လေသည်။

ဂျာမနီပြည်တွင် ၁၈ ရာစုနှစ် နောက်ပိုင်းလောက်၌ ပေါ်ပေါက်ခဲ့သော ဟမ်းဗို့နှင့် ရစ်တာတို့ လက်ထက်မှစ၍ ပထဝီဝင် အခြေခံသဘောတရားမှာ လုံးဝပြောင်းလဲလာခဲ့လေသည်။ ထိုပညာရှင် ၂ဦး လက်ထက်မှစ၍ ထွန်းကားခဲ့သော ပထဝီဝင်၏ အဓိကရည်ရွယ်ချက်မှာ သီးခြားတည်ရှိနေသောဒေသများ၏အခြင်းအရာများ တစ်ခုနှင့်တစ်ခု ဆက်စပ်တည်ရှိနေကြပုံ၊ စုပေါင်းဖြစ်ပေါ်ကြပုံ၊ ကမ္ဘာပေါ်ရှိဒေသများ တစ်ခုနှင့်တစ်ခုတူညီကြပုံ၊ ကွဲပြားခြားနားကြပုံစသည်တို့ကို အကျိုးအကြောင်းနှင့်တကွ သိရှိနားလည်အောင်လေ့လာခြင်းဖြစ်သည်။ ထိုအချိန်အခါမှစ၍ ပထဝီဝင်သည်ကုလားထိုင်ပေါ်တွင်ထိုင်ကာ အထင်ဖြင့်ရော်ရမ်းမှန်းဆ၍ လေ့လာသောပညာ မဟုတ်တော့ဘဲ၊ ပြင်ပတွင် တကယ်ဖြစ်ပေါ်နေသော အခြင်းအရာတို့ကို ကိုယ်တွေ့မျက်မြင်ကြည့်ရှုလေ့လာသောပညာတစ်ရပ်အဖြစ်ဖြင့်ထွန်းကားလာခဲ့လေသည်။ ယင်းကဲ့သို့ကွင်းဆင်းလေ့လာချက်များကို မြေပုံတွင်မှတ်သားထည့်သွင်းခြင်းဖြင့် ပထဝီဝင်သည် ယခင်ကထက် တိကျမှန်ကန်လာခဲ့သည်။ ဟမ်းဗို့သည် ပထဝီဝင်ကို လေ့လာရာ၌ တွေ့ရှိရသောအခြင်းအရာများကို တခုစီခွဲခြား၍ စနစ်တကျ လေ့လာနည်းဟုခေါ်သည်။ ရစ်တာကမူကား၊ ဒေသတခုတွင်ဖြစ်ပေါ်နေသော အချင်းအရာများကို တသီးတခြားစီ မလေ့လာဘဲ၊ ယင်းတို့အားလုံးကိုခြုံ၍ တခုနှင့်တခု အပြန်အလှန်ဆက်စပ်တည်ရှိနေပုံကို လေ့လာသည်။ ဤကဲ့သို့သော လေ့လာ နည်းမျိုးကို ဒေသအလိုက် လေ့လာနည်းဟုခေါ်သည်။ စင်စစ်အားဖြင့် ထိုပညာရှင် နှစ်ဦးသည် နှစ်နည်းစလုံးဖြင့်ပင် လေ့လာခဲ့ကြပေ၏။ အထူးအလေးဂရုပြုပုံ၌သာ ကွာခြားကြသည်။ ခေတ်မှီပညာရှင်တို့ကလည်း ဤကဲ့သို့အကြောင်းအရာအလိုက် လေ့လာနည်း၊ ဒေသအလိုက် လေ့လာနည်းဟူ၍ မခွဲခြားဘဲ၊ ထိုနည်း၂မျိုးကို ပေါင်းစပ်၍ လေ့လာရန် လိုအပ်သည်ဟု အသိအမှတ်ပြုကြသည်။

၁၉ ရာစုနှစ် အလယ်လောက်မှစ၍ကား၊ ပထဝီဝင်သည် အရပ်ဒေသများ၏အကြောင်းကို ဗဟုသုတအဖြစ်လောက်သာဖော်ပြသည့် ပညာတစ်ရပ်အနေဖြင့်မတည်ရှိတော့ဘဲ၊ ဆောင်ရွက်ရန်ရည်မှန်းထားသည့် ကိစ္စတစ်ခုခုနှင့် သက်ဆိုင်သော အကြောင်းအရာများကို စံနစ်တကျ ဖွဲ့စည်းလေ့လာသောပညာတစ်ရပ် အဖြစ်ဖြင့်ထွန်းကားလာခဲ့လေသည်။ ပထဝီဝင်ကို လူကြီးများသာမက ကလေးများပင် စိတ်ပါဝင်စားစွာဖြင့်လေ့လာနိုင်ကြသည်။ ဤအကြောင်းကြောင့်ပင် ပထဝီကို မူလတန်းကျောင်းများမှစ၍ တက္ကသိုလ်များအထိ ဘာသာတစ်ရပ်အဖြစ်ဖြင့် ဆက်လက်သင်ကြား လေ့လာကြခြင်းဖြစ်သည်။

ပထဝီဝင်အမျိုးမျိုးရှိ၏။ မူလတန်းနှင့် မူလတန်းလွန်ကျောင်းများတွင် သင်ကြားရသောပထဝီဝင်သည် အများအားဖြင့် ကမ္ဘာအရပ်ရပ်၌ မြေပြင်လက္ခဏာများ မည်ကဲ့သို့တည်ရှိကြပုံ၊ လူတို့မည်ကဲ့သို့ နေထိုင်လုပ်ကိုင်စားသောက်ကြပုံ စသည်တို့ကို အကျိုးအကြောင်းနှင့် လေ့လာသည်။ ပိုမို အဆင့်အတန်း မြင့်လာသောအခါ ပထဝီဝင်ကို သဘာဝပထဝီဝင်၊ မနုဿ ပထဝီဝင်၊ စီးပွားရေးပထဝီဝင်၊ ဒေသန္တရပထဝီဝင် စသည်ဖြင့်ခွဲခြား၍ အသေးစိတ် လေ့လာကြသည်။ သို့ရာတွင် ယင်းတို့အားလုံးသည် သဘာဝပထဝီနှင့်လူ၊ သစ်ပင်၊ တိရစ္ဆာန်တို့ ဆက်သွယ်တည်ရှိနေကြပုံ၊ တစ်ခုနှင့်တစ်ခု အားထားမှီခိုနေကြပုံ စသည်တို့ကို အဓိကထား၍ လေ့လာကြသည် ချည်းသာ ဖြစ်သည်။

ပထဝီဝင်၏ အစိတ်အပိုင်းများ

ပထဝီဝင်သည် ကျယ်ဝန်းသောပညာတစ်ရပ်ဖြစ်၍၊ လွယ်ကူစိမ့်သောဌါ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သဘာဝပထဝီဝင်၊ မနုဿပထဝီဝင်စသည်ဖြင့် အစိတ်အပိုင်းများပြုလုပ်၍ ခွဲခြားလေ့လာကြသည်။ ပုံစံအားဖြင့် သဘာဝပထဝီသည် သက်ရှိသတ္တဝါတို့အပေါ် မည်ကဲ့သို့ ပြုပြင်နိုင်ကြောင်းကို အသေအချာကြည့်ရှု စစ်ဆေးခြင်းဖြင့် ပထဝီဝင်ကို လေ့လာကြသည်။ ဤကဲ့သို့လေ့လာသော ပထဝီဝင်မျိုးကို သဘာဝပထဝီဝင်ဟုခေါ်၏။ တစ်ဖန် အပြန်အလှန်အားဖြင့် သက်ရှိသတ္တဝါများနှင့် ယင်းတို့၏ အပြုအမူများက သဘာဝပထဝီဝင်ကို မည်ကဲ့သို့ ပြုပြင်နိုင်ကြောင်းကို စူးစမ်းလေ့လာခြင်းဖြင့်လည်း ပထဝီဝင်ကို လေ့လာကြသည်။ ဤပထဝီဝင် မျိုးကို ဇီဝပထဝီဝင်ဟုခေါ်၏။

သဘာဝပထဝီဝင်

သဘာဝပထဝီဝင်ကိုလေ့လာရာ၌ အချို့ပညာရှင်တို့သည် တောင်တန်းကြီး၊ ကုန်းပြင်မြင့်၊ လွင်ပြင်အစရှိသည့် ကုန်းမြေလက္ခဏာများကို ဂရုစိုက်၍ လေ့လာကြသည်။ အချို့ကမူ သမုဒ္ဒရာကြီးများ၊ သို့မဟုတ် ရာသီဥတု၊ မိုးလေဝသစသည်တို့ကို အသေးစိတ်၍လေ့လာကြသည်။ အချို့ကလည်း ကမ္ဘာပေါ်ရှိနေရာများကို အတိအကျမှတ်သားပြ

www.forevers.pace.com.mm

နိုင်ရန်လေ့လာကြ၏။ ယင်းသည့် အစိတ်အပိုင်းတစ်ခုစီသည် သိပ္ပံပညာရပ်များအဖြစ် သီးခြားတည်ရှိနေခြင်းကြောင့် ယင်းတို့တွင်လည်း သီးခြားအမည်များရှိကြ၏။

ဘူမိရုပ်သွင်ပညာသည် ကုန်းမြေသဏ္ဌာန်များကို လေ့လာသောပညာရပ်ဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာ့မျက်နှာပြင်အကြောင်းကို ဖော်ပြ၍၊ ယင်းတို့ စတင်ဖြစ်ပေါ်လာကြပုံ၊ ပြောင်းလဲလာခဲ့ကြပုံ စသည်တို့ကို ရှင်းလင်းဖော်ပြသော ပညာရပ်ဖြစ်သည်။ ဤအကြောင်းများကို ပေါက်မြောက်စွာလေ့လာနိုင်ရန်အတွက် ကမ္ဘာပေါ်ရှိ ကျောက်များ၏အနေအထားနှင့် ဖွဲ့စည်းပုံကိုသာမက၊ မြေမျက်နှာပြင်ကို ပြုပြင်ပြောင်းလဲစေနိုင်သော ဥတုရေဖျက်ခြင်း၊ တိုက်စားခြင်း၊ အပေါ်ယံမြေလွှာ လှုပ်ရှားခြင်း၊ မီးတောင်လှုပ်ရှားခြင်း စသည်တို့ကိုပါ သိနားလည်ထားရန် လိုအပ်လှပေသည်။ ဤအချက်ကြောင့်ပင် ဘူမိရုပ်သွင်ပညာသည် ဘူမိဗေဒနှင့်များစွာဆက်စပ်နေသည်။ ဤပညာသည် တောင်ကြီးများ မြင့်တက်လာခဲ့ကြ ပုံ၊ လေ၊ ရေစီး၊ ရေခဲမြစ် စသည်တို့၏တိုက်စားခြင်းကြောင့်၊ ထိုတောင်ကြီးများ တဖြည်းဖြည်းယိုယွင်ပျက်စီးသွားကြရပုံများကို ဖော်ပြသည်။ ထို့ပြင် မြင့်မားသောတောင် များပေါ်မှ တိုက်စားချလိုက်သောမြေသားများ နိမ့်သော အရပ်များတွင် စုပုံခြင်းဖြင့် လွင့်ပြင်များဖြစ်ပေါ်လာကြပုံ၊ ပင်လယ်တွင်း သို့စီးဝင်သောမြစ်များ ရေးစီးနှေးလာပြီးလျှင် မြစ်ညာမှ ယူဆောင်လာခဲ့သောအနည်များကို မြစ်ဝ၌စုပုံချထားခြင်းကြောင့် မြစ်ဝကျွန်းပေါ်များဖြစ်လာကြပုံစသည်တို့ကိုလည်း ရှင်းလင်းဖော်ပြသည်။ ဤကဲ့သို့ ကမ္ဘာ့မျက်နှာပြင်ကို ပြောင်းလဲဖြစ်ပေါ်စေသောဖြစ်စဉ်များကိုလေ့လာခြင်းသည် ဘူမိရုပ်သွင်ပညာရှင်တို့၏ အဓိကလုပ်ငန်း ဖြစ်၏။

သန္ဓိပထဝီဝင်

ကမ္ဘာပေါ်ရှိ တည်နေရာများကို အတိအကျဖော်ပြနိုင်ရန် ပထဝီပညာရှင်တို့သည် ကမ္ဘာ့မျက်နှာပြင်ကို မျဉ်းကြောင်းများဖြင့် သတ်မှတ်ထားကြသည်။ ထိုမျဉ်းကြောင်းများကို လတ္တီတွဒ်နှင့်လောင်ဂျီတွဒ်မျဉ်းများဟု ခေါ်သည်။ လတ္တီတွဒ်မျဉ်းများသည် ကမ္ဘာ့မြေပုံပေါ်၌ အရှေ့နှင့်အနောက်မျဉ်းပြိုင်တည်ရှိကြလျက်၊ အီကွေတာတောင်ဘက်နှင့် မြောက်ဘက်တွင်ရှိကြသောနေရာများ၏ အကွာအဝေးကိုပြသည်။ ထိုမျဉ်းများသည် တစ်ခုနှင့်တစ်ခုမျဉ်းပြိုင်တည်ရှိနေကြခြင်းကြောင့် ယင်းတို့ကို တစ်ခါတစ်ရံ မျဉ်းပြိုင်များဟုလည်း ခေါ်ကြသည်။ လောင်ဂျီတွဒ်မျဉ်းများသည် မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့ကို ဆက်စပ်ထားသော စက်ဝန်းခြမ်းများဖြစ်ကြ၏။ ယင်းတို့သည် ဂရင်းနစ်အရှေ့ဘက်၊ သို့မဟုတ် အနောက်ဘက်တွင် တည်ရှိကြသောနေရာများ၏ အကွာအဝေးကို ဖော်ပြသည်။ လောင်ဂျီတွဒ်တစ်ကြောင်းတည်းပေါ်တွင် ရှိကြသောနေရာများသည် တစ်ချိန်တည်းတွင်မွန်းတည့်ကြသောကြောင့် ယင်းတို့ကို တစ်ခါတစ်ရံမွန်းတည့်မျဉ်းများဟုလည်း ခေါ်ကြသည်။ ကမ္ဘာပေါ်ရှိမြို့တမြို့၏တည်နေရာကို လတ္တီတွဒ်၊ လောင်ဂျီတွဒ်များဖြင့် အတိအကျဖော်ပြနိုင်သည်။ ပုံစံအားဖြင့် လှိုင်မြစ်ပေါ်ရှိ ထန်းတပင်မြို့ကလေး၏ တည်နေရာသည် လတ္တီတွဒ်၁၇ ° (မြောက်)၊လောင်ဂျီတွဒ်၉၆ (အရှေ့)တွင်တည်ရှိသည်ဟုဖေါ်ပြပါက၊ ဤမြို့ကို ကျောင်းသုံး "ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ကမ္ဘာ့မြေပုံ" စာအုပ်စာမျက်နှာ ၃၀တွင် အလွယ်တကူရှာဖွေ တွေ့ရှိနိုင် သည်။

ယေဘုယျအားဖြင့် သန္ဓိပထဝီဝင်သည် ကမ္ဘာ့ပုံသဏ္ဌာန်အကျယ်အဝန်း၊ အချိန်တို့ကိုသာမက ကမ္ဘာပေါ်ရှိ တည်နေရာများကိုလည်း အတိအကျဖော်ပြသောပညာရပ်ဖြစ်၏။ ရာသီဥတုပညာ၊ မိုးလေဝသပညာ၊ အဏ္ဏဗေဒ (သမုဒ္ဒရာအကြောင်းကို လေ့လာသောပညာ) တို့သည် လည်းသဘာဝပထဝီဝင်မှ ခွဲထွက်လာသောပထဝီဝင် ပညာရပ်များဖြစ်ကြ၏။ အဏ္ဏဝဗေဒသည်သမုဒ္ဒရာ မျက်နှာပြင်ရှိရေစီးကြောင်း၊ ဒီရေအတက်အကျ၊ ပင်လယ်လှိုင်း၊ သမုဒ္ဒရာအနက်ပိုင်းတို့အကြောင်းကို လေ့လာသော ပညာရပ်ဖြစ်သည်။ မိုးလေဝသပညာသည် မိုးလေဝသအခြေအနေ၊လေထုအပူချိန်၊ လေထုဖိအား၊ တိုက်လေ၊ တိမ်၊ မိုး၊ ဆီးနှင်းအစရှိသည်တို့ကို လေ့လာသောပညာရပ်ဖြစ်သည်။ ရာသီဥတုပညာမှာ ပျမ်းမျှမိုးလေဝသအခြေ အနေကို လေ့လာသောပညာရပ်ဖြစ်သည်။

ဇီဝပထဝီဝင်

ရုက္ခပထဝီဝင်။ ။သစ်ပင်တို့သည် နေရာအနှံ့အပြားတွင် ပေါက်ရောက်ကြ၏။ သို့ရာတွင် ဒေသအသီးသီး၌ ရေမြေ၊ ရာသီဥတုတို့ကိုလိုက်၍ အမျိုးမျိုးပေါက်ရောက်ကြသည်။ ပုံစံအားဖြင့် မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ် ရေငန်ပိုင်းများ၌ ကနစိုနှင့် လမုပင်များအများအပြား ပေါက်ရောက်ကြသည်။ မိုးနည်းသောမြန်မာနိုင်ငံအလယ်ပိုင်း၌ ထနောင်း၊ ရှားစောင်းနှင့် ဆူးချုံပင်များပေါများသည်။ ပေ ၄၀၀၀ကျော်မြင့်သောရှမ်းကုန်ပြင်မြင့်နှင့် တောင်ပေါ်အရပ်များ၌ ထင်ရှူးသစ်တောများ ပေါက်ရောက်ကြသည်။ မြန်မာနိုင်ငံမြေနုမြစ်ဝကျွန်းပေါ်အရပ်များ၌ ဆန်စပါးကောင်းစွာဖြစ်ထွန်းသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းအရပ်များတွင်မူကား ငရုတ်၊ ကြက်သွန်၊ နှမ်းမြေပဲ၊ ဝါ စသည်တို့ကောင်းစွာပေါက်ရောက်ကြသည်။ ဤကဲ့သို့ သစ်ပင်နှင့် သီးနှံပင်များ ဒေသအလိုက်ခြားနားစွာ ပေါက်ရောက်ကြ

www.foreverspace.com.mm

ခြင်းသည် ရာသီဥတုကွဲပြားခြားနားမှု တစ်ခုတည်းကြောင့် သာမဟုတ်၊ မြေဆီလွှာ မတူခြင်းကြောင့်လည်း ဖြစ်သည်။ ရာသီဥတုနှင့် ရေမြေကိုလိုက်၍၊ သစ်ပင်၊ သီးနှံပင်များဖြစ်ထွန်းခြင်းကို စံနစ်တကျလေ့လာခြင်းသည် ရုက္ခပထဝီဝင်ပညာရှင်တို့၏ အဓိကလုပ်ငန်းဖြစ်သည်။ ကမ္ဘာပေါ်ရှိလူနှင့် တိရစ္ဆာန်အားလုံးတို့သည်သစ်ပင်နှင့် သီးနှံများအပေါ်တွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း မှီခိုအားထားနေကြရသောကြောင့် ရုက္ခပထဝီဝင်၏ အရေးကြီးပုံမှာ အထင်အရှားပင် ဖြစ်တော့သည်။

တိရစ္ဆာနပထဝီဝင်။ ။တိရစ္ဆာန်တို့သည်ကား သစ်ပင်များလောက် ရာသီဥတုအပေါ်တွင် လုံးလုံးလျားလျား အမှီပြု၍ မနေကြချေ။ ပတ်ဝန်းကျင် အခြေအနေဆိုးရွားလာလျှင်၊ သင့်တော်ရာအရပ်သို့ပြောင်းရွှေ့နေထိုင်နိုင်ကြသည်။ သစ်ပင် နှင့်တိရစ္ဆာန်တို့အတွက် ထင်ရှားစွာဖြစ်ပေါ်နေသော ရာသီ ဥတုရပ်ဝန်းကြီးများရှိကြသည်။ အလွန်အေးသော အာတိတ်ဒေသရှိ တိရစ္ဆာန်များ၊ အပင်များသည် အပူပိုင်းဒေသတိရစ္ဆာန်များ၊ အပင်များနှင့်များစွာကွာခြားကြသည်။ တိရစ္ဆာန်ရုံများ၌ ဆင်၊ ခြင်္သေ့၊ မျောက်၊ ဝက်ဝံဖြူ (ပိုလာဝက်ဝံ)၊ အာတိတ်မြေခွေးစသည်တို့ကို လျှောင်အိမ်များအတွင်း၌ နီးကပ်စွာတွေ့ရသော်လည်း၊ ယင်းတို့နေထိုင် ကျက်စားသောမူလသဘာဝရပ်ကွက်တို့တွင်မူကား ထိုကဲ့သို့ နီးကပ်စွာမတွေ့ရပေ။ ရှေးအခါကတိရစ္ဆာန်အမျိုးမျိုးကို ယခုအခါထက်ပိုမိုကျယ်ပြန့်သောနေရာများ၌ တွေ့ရသည်။

www.foodspace.com.mm

ရာသီဥတုပြောင်းလဲမှုကြောင့်၊ သင့်တော်ရာအရပ်သို့ အကြိမ်ကြိမ်ပြောင်းရွှေ့နေထိုင်ခဲ့ရသဖြင့်၊ တိရစ္ဆာန်များ ယခုလဲသို့ပျံ့နှံ့လာခဲ့ပုံရသည်။ သို့ရာတွင် ရာသီဥတုအကြောင်းတစ်ခုတည်းကြောင့် ဤကဲ့သို့ပျံ့နှံ့နေသည်ဟုကားမဆိုနိုင်ချေ။ ပုံစံအားဖြင့် တောင်အမေရိကတိုက်နှင့် အာဖရိကတိုက်သည် သမုဒ္ဒရာကြီးခြားနားလျက် တည်ရှိသော်လည်း၊ ယင်းသည့် တိုက်နှစ်တိုက်တွင်ရှိကြသောတိရစ္ဆာန် မျိုးနွယ်အချို့မှာ တစ်မျိုးနှင့်တစ်မျိုးဆင်တူယိုမှားဖြစ်ကြသည်။ အာဖရိကတိုက်နှင့် တောင်အမေရိကတိုက်တို့ရှိ မျောက်များ၊ မိကျောင်းနှင့် မိကျောင်းခေါင်းတိုများ၊ ဒရယ်များ၊ ကျားသစ်များသည် များစွာမခြားနားလှပေ။ တောင်အမေရိကတိုက်ရှိ လာမာကုလားအုပ်များသည် အာဖရိကတိုက်ရှိ ကုလားအုပ်များနှင့်ဆင်သည်။ ထို့နည်းအတူပင် မြောက်အမေရိကတိုက်နှင့် ဥရောပတိုက်ရှိ အချို့သစ်ပင်နှင့် တိရစ္ဆာန်တို့သည်လည်း အမျိုးအစားအားဖြင့် တူကြသည်။

တိရစ္ဆာန်ပထဝီဝင်၏ စိတ်ဝင်စားဖွယ်ကောင်းသော အခြင်းအရာတရပ်မှာ ၄က်နှင့် တိရစ္ဆာန်များရာသီအလိုက် ဒေသကူးပြောင်းကာ ကျက်စားနေထိုင်ခြင်းကို လေ့လာခြင်းပင် ဖြစ်သည်။

မနုဿပထဝီဝင်။ ။မည်သည့် ကျောင်းသူကျောင်းသားမဆို၊ သဘာဝအကြောင်း အရာများထက် လူ့အကြောင်းကို ပိုမိုစိတ်ဝင်စားစွာ လေ့လာလိုကြသည်။ ပထဝီ ပညာရှင်တို့သည် တောင်ထူထပ်သောနေရာများ၊ ကျယ်ပြန့်သောမြစ်ဝှမ်းများ၊ ရှုံ့ညွှန်ပေါများသော ကမ်းခြေများကိုတွေ့ရှိရသောအခါ ယင်းတို့၏အကြောင်းသက်သက်ကို လေ့လာရုံမျှမက၊ လူတို့၏ နေထိုင်လုပ်ကိုင်မှုနှင့် ယင်းတို့မည်ကဲ့သို့ ဆက်စပ်တည်ရှိနေပုံကိုပါ လေ့လာကြသည်။ တောင်တန်းဒေသများသည် လူများ သွားရောက်နေထိုင်လုပ်ကိုင်စားသောက်ရန်မကောင်းလှသော်လည်း၊ အဖိုးတန် ရွှေ၊ ငွေအစရှိသောသတ္တုများရှိ ခြင်းကြောင့်၊ လူအများ လာရောက်နေထိုင်အောင်ဆွဲဆောင်နိုင်ကြသည်။ ထိုကြောင့် တိုင်းပြည်တစ်ပြည်၏ရာဇဝင်တွင် တောင်တန်းများသည် များစွာအရေးပါအရာရောက်ကြောင်းကို သိမြင်နိုင်သည်။ ကျယ်ပြန့်သော မြစ်ဝှမ်းများနှင့် မြစ်ဝကျွန်းပေါ် ဒေသများသည် ဆန်စပါး အစရှိသည့် ကောက်ပဲသီးနှံများကို အမြောက်အမြားစိုက်ပျိုးနိုင်သော နေရာများဖြစ်ခြင်းကြောင့် တိုင်းပြည်တွင် လူနေအများဆုံးသော ဒေသများ ဖြစ်လာ၏။

ယခုအခါ၌ပထဝီဝင်ကို လေ့လာသူတို့သည် အများအားဖြင့် လူနှင့်သက်ဆိုင်သောအကြောင်းအရာများကို အထူးဂရုပြု၍လေ့လာကြသည်။ လူတို့၏ဝတ်ပုံ၊ စားပုံ၊ ထုံးစံမလေ့၊ အလုပ်အကိုင်မှစ၍ လူနေမှုအဆင့်အတန်းကိုပါ ထည့်သွင်းလေ့လာကြသည်။ တစ်နည်းအားဖြင့် မနုဿပထဝီဝင်၏ အခြားသောအစိတ်အပိုင်းများသည် လူနှင့် ပတ်ဝန်းကျင်အခြေအနေများ မည်ကဲ့သို့ဆက်စပ်တည်ရှိကြောင်းကို လေ့လာသောပညာရပ်များဖြစ်၍ မနုဿပထဝီဝင်ကို လူမှုရေးရာ ပထဝီဝင်ဟုပင် ခေါ်ကြသည်။ သို့ရာတွင် လူမှုရေးရာပထဝီဝင်ကိုလေ့လာသူတို့သည် အထူးသဖြင့် လူဦးရေပျံ့နှံ့တည်ရှိပုံ၊ ပြောင်းရွှေ့ နေထိုင်ကြပုံ၊ ပြောင်းလဲလာပုံတို့ကို လေ့လာကြသည်။ ထို့ပြင် ကျေးလက်တောရွာနှင့် မြို့တို့၏အနေအထား၊အဆောက်အအုံတို့၏ပုံသဏ္ဌာန်စသည်တို့သည် ပတ်ဝန်းကျင်ရှုမျှော်ခင်းနှင့်မည်ကဲ့သို့ဆက်စပ်တည်နေကြသည်ကိုလည်း လေ့လာကြ၏။ ကမ္ဘာပေါ်ရှိ သဘာဝလမ်းကြောင်းကြီးများ၊ သမုဒ္ဒရာရေစီးကြောင်းများ၊ လေကြောင်းများ၊ တောင်ကြားလမ်းများကို သိရှိနားလည်ထားခြင်းဖြင့် လူများပြောင်းရွှေ့နေထိုင်ကြပုံ၊ ယင်းတို့၏ယဉ်ကျေးမှုသို့မဟုတ် အယူအဆများပျံ့နှံ့လာပုံစသည်တို့ကို လေ့လာရာ၌များစွာ အထောက်အပံ့ရရှိနိုင်သည်။

သက်ရှိသတ္တဝါတို့တွင် လူသည် သဘာဝပတ်ဝန်းကျင်နှင့် သင့်လျော်အောင် အများဆုံးပြုပြင်နေထိုင်နိုင်သည်။ ထို့ကြောင့်လူတို့ကို ကမ္ဘာပေါ်၌ အနှံ့အပြားတွေ့ရှိရခြင်းဖြစ်သည်။ ခြောက်သွေ့သောကန္တာရအရပ်တွင် ရေသွယ်ယူခြင်းဖြင့်လည်းကောင်း၊ ရေဝပ်သော စိမ့်မြေအရပ်များ၌ ရေဖောက်ထုတ်ခြင်းဖြင့်လည်းကောင်း အသွားအလာမလွယ်ကူသောနေရာများ၌ လမ်းများ ဖောက်လုပ်ခြင်းဖြင့်လည်းကောင်း လူသည် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်နိုင်သမျှပြုပြင်ပြောင်းလဲ နေထိုင်ခဲ့ကြသည်။ ထို့ပြင်လူသည် အပူအဇ၊သို့မဟုတ် စိုစွတ်ခြင်း၊ ခြောက်သွေ့ခြင်း စသည့် ဒဏ်ကို အတော်ခံနိုင်ရည်ရှိသည်။ သို့ရာတွင် နေရာအားလုံး၌ အညီအမျှအကျိုးဖြစ်ထွန်းအောင် မပြုလုပ်နိုင်သောကြောင့် ကမ္ဘာပေါ်၌ လူနေအစိတ်အကျဲ့ မတူခြင်းဖြစ်သည်။

ဝင်ရိုးစွန်းအရပ်များ၌ နေထိုင်လုပ်ကိုင်စားသောက်ရန်မလွယ်ကူသကဲ့သို့ ပူအိုက်စိုစွတ်သောအပူပိုင်းဒေသများ၌လည်း အင်အားကုန်ခန်းလွယ်သောကြောင့် လူများသည် တိုးတက်ကြီးပွားလိုသောစိတ်၊ ပင်ပန်းစွာလုပ် ကိုင်လိုသောစိတ်မရှိကြချေ။ ထိုကြောင့် နေထိုင်လုပ်ကိုင် စားသောက်ရန်ကောင်းသော အလယ်ပိုင်းလတ္တီတွင်ဒေသများ၌ လူများစုရုံးလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ ကမ္ဘာ့စက်မှုလုပ်ငန်းကြီးများ၊ ရောင်းဝယ်ရေးလုပ်ငန်းကြီးများသည် ဤဒေသရှိမြို့ကြီးများမှ စတင်ထွန်းကားလာခဲ့ကြသည်။

ကမ္ဘာပေါ်တွင် လူဖြူ၊ လူမည်း၊ လူညိ၊ လူနီ၊ လူဝါ အစရှိသည်ဖြင့် အသားအရောင် ကွဲပြားသောလူအသီးသီး

www.forewordspace.com.mm

ရှိကသည်။ ဤကဲ့သို့အသားအရောင်ကွဲပြားခြင်း၊အနေအထိုင်ကွာခြားခြင်းတို့သည် အကြောင်းထူးရှိသောကြောင့်ဖြစ်ပါသလော။ ကော်ကေးရှန်းလူမျိုးတို့သည် မည်သည့်အကြောင်းကြောင့်အာဖရိကတိုက်တွင်စတင် မဖြစ်ပေါ်ခဲ့သနည်း။ ထို့အတူ ကပ္ပလီလူမျိုးတို့သည် အဘယ်ကြောင့် ဥရောပတိုက်၌ စတင်မဖြစ်ပေါ် နိုင်သနည်း။ ဤမေးခွန်းများကို ပထဝီဝင်နည်းဖြင့် ဖြေရှင်းပေးခြင်းသည် စိတ်ဝင်စားဖွယ် ကောင်းပေသည်။

လူတို့၏ အလုပ်အကိုင်များကို လေ့လာခြင်းသည်လည်း ပထဝီပညာရှင်တို့နှင့် သက်ဆိုင်နေပေသည်။ လူတို့နေထိုင်ကြီးပြင်းကြရသောအခြေအနေများသည် လူတို့၏ အလုပ်အကိုင်များစွာ ပြဋ္ဌာန်းပေးနိုင်ပေသည်။ တိုင်းပြည်တစ်ပြည်သည် သဘာဝအလျောက်တိုးတက်ကြီးပွားလာပါကထိုတိုင်းပြည်တွင် အလုပ်အကိုင်များသည် အောက်ပါအစီအစဉ်အတိုင်းဖြစ်ပေါ်လေ့ရှိသည်။ မြေယာပေါများ၍ လူဦးရေနည်းသောကာလ၌ တိရစ္ဆာန်မွေးမြူသော လုပ်ငန်းကို စတင်လုပ်ကိုင်တတ်ကြသည်။ အကြောင်းမူကား ထိုအချိန်အခါ၌ လူတိုင်းလိုပင်မိမိတို့ မွေးမြူသောတိရစ္ဆာန်များအတွက် စားကျက်များလုံလုံ လောက်လောက်ရရှိနိုင်သောကြောင့်ဖြစ်သည်။ သို့ရာတွင်ထို ဒေသ၌လူများပိုမိုဝင်ရောက်နေထိုင်လာကြပါက လူတစ်ယောက်အတွက်ရရှိသောမြေယာသည် နည်းလာ၏။ ထိုအခါ လူတို့သည် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းကို စွန့်လွှတ်၍ စိုက်ပျိုးရေးလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်လာကြသည်။ လူဦးရေပိုမိုထူထပ်သောအခါ စိုက်ပျိုးရေးဖြင့် အသက်မွေးမြူရန်ကျပ်တည်းကျဉ်းမြောင်းလာသောကြောင့် အချို့လူတို့သည် စက်မှုလက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို ကူးပြောင်းလုပ်ကိုင် လာကြလေသည်။

လူတို့၏ အလုပ်အကိုင်များကို ရာသီဥတု၊ မြေမျက်နှာသွင်ပြင်၊ တွင်းထွက်ပစ္စည်း ကြွယ်ဝမှုစသည့် အခြားသော ပထဝီဝင် အကြောင်းများကလည်း ပြုပြင်ပေးနိုင်သည်။ မည်သည့် ဒေသမျိုးတွင် ဝါစိုက်ပျိုးရမည်ကို အပူချိန်နှင့် မိုးရေချိန်တို့က ပြဋ္ဌာန်းပေးသည်။ ထို့အတူ ကျောက်မီးသွေးနှင့် ရေအင်အားတို့က စက်မှုလုပ်ငန်းပျံ့နှံ့ရေးကို များစွာပြန်ဌာန်းပေးခဲ့သည်။ လူတို့၏ စီးပွားရေးဆက်သွယ်မှုကို သင်္ဘောဆိပ်ကမ်းကောင်းများနှင့် အလွယ်တကူ ကူးသန်းပေါက်ရောက်သော ခရီးလမ်းကြောင်းများများစွာ စီမံဖန်တီးပေးခဲ့ကြသည်။

စီးပွားရေး ပထဝီဝင်

စီးပွားရေးပထဝီဝင်သည် လူတို့၏စီးပွားရေးလုပ်ငန်းများကို ပထဝီဝင်သဘောအရ လေ့လာသောပညာရပ်ဖြစ်၏။ တစ်နည်းဆိုသော် ကမ္ဘာ့စီးပွားရေးလုပ်ငန်းများ တစ်နေရာနှင့် တစ်နေရာမည်သို့ ခြားနားကြောင်းကို လေ့လာသော ပညာရပ် ဖြစ်သည်။ စီးပွားရေး ပထဝီဝင်ကို လေ့လာသူတို့သည် စိုက်ပျိုးရေးလုပ်ငန်းအကြောင်းကို လေ့လာရာ၌ ကမ္ဘာပေါ်ရှိ စိုက်ပျိုးရေး နည်းနာ အမျိုးမျိုးကို လေ့လာပြီးလျှင်၊ တစ်နေရာနှင့် တစ်နေရာလုပ်ကိုင်ပုံ ကွဲပြားခြားနားရခြင်းအကြောင်းများကို အထူးဂရုစိုက်လေ့လာကြ၏။ စက်မှုလက်မှု လုပ်ငန်းများ အကြောင်းကို လေ့လာရာတွင်လည်း ကုန်ရိုင်းပစ္စည်းများ ထွက်သောနေရာများကို လေ့လာ၍ ယင်းတို့ကို ကုန်ချောဖြစ်အောင် မည်သည့်နေရာ၌ မည်သည့်အတွက်ကြောင့် ပြုလုပ်ကြသည်ကိုလည်း စိစစ်လေ့လာသည်။ တွင်းထွက်ပစ္စည်းများအကြောင်းလေ့လာရာတွင် အချို့နေရာတို့၌ မည်သည့်အတွက် တူးဖော်လုပ်ကိုင်နေ၍ အချို့နေရာတို့၌ မည်သည့်အတွက် မထုတ်လုပ်သေးသည်ကို အထူးဂရုစိုက်၍လေ့လာသည်။ ကုန်သွယ်မှု လုပ်ငန်းများကို လေ့လာရာတွင်လည်း ကုန်သွယ်ရေး ခရီးလမ်းကြောင်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အရေးပါ အရာရောက်ပုံကို စူးစမ်းရှာဖွေလေ့လာသည်။

စီးပွားရေးပထဝီဝင်သည် မြေတည်နေရာများကို သတ်မှတ်ပေးရာ၌ များစွာအရေးပါအရာရောက်နိုင်သည်။ ရေးအခါက ရန်သူများကို အလွယ်တကူခုခံတားဆီးနိုင်သော နေရာများ၌ မြို့များရွာများကို တည်တတ်ကြသည်။ အမေရိကန်ပြည်ထောင်စု၊ မက်ဆချူးဆက်ပြည်နယ်ရှိ မြို့များသည် ရေအင်အားကို အလွယ်တကူရနိုင်သော မြစ်ချောင်းများရှိ ရေတံခွန်များ အနီးတွင်တည်ရှိကြသည်။ လန်ဒန်မြို့သည် ကမ္ဘာပေါ်ရှိ အရေးကြီးဆုံးသော ကုန်သွယ်ခရီးလမ်းကြောင်းကိုချုပ်ထိန်းထားနိုင်ခြင်းကြောင့် ကမ္ဘာတွင် အကြီးဆုံးသောမြို့ဖြစ်လာခဲ့လေသည်။ ဆူပီးရီးယားရေအိုင်အစွန်းတွင်တည်ရှိသော ဒူလွတ်မြို့သည် အနီးအနားတွင်တူးဖော်ရရှိသောသံရိုင်းများကို ရေအိုင်ကြီးများ၏ ရေဘက်ရှိအရပ်များသို့ အလွယ်တကူတင်ပို့နိုင်ခြင်းကြောင့် တိုးတက်ဖွံ့ဖြိုးလာခဲ့လေသည်။ စီးပွားရေးပထဝီပညာရှင်တို့သည် စီးပွားဖြစ်ကုန်ထုတ်လုပ်သောလုပ်ငန်းများကို လေ့လာရာ၌ ကုန်ထုတ်လုပ်မှုတည်နေရာကို အဓိကထား၍ ရှင်းလင်းဖော်ပြကြသည်။ တစ်နည်းအားဖြင့် ကုန်ထုတ်လုပ် ခြင်းကိုလေ့လာရာ၌ မည်သို့မည်ပုံထုတ်လုပ်သည်ကို စိတ်ဝင်စားသည်ထက် မည်သည့်နေရာ၌ မည်သည့်အတွက်ကြောင့် ထုတ်လုပ်သည်ကို ပို၍ စိတ်ဝင်စားကြသည်။

နိုင်ငံရေးပထဝီဝင်

နိုင်ငံရေးပထဝီသည် မနုဿပထဝီ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ရာသီဥတု၊ မြေဆီလွှာ၊ တောင်ကုန်း၊ ပင်

www.forumspace.com.mm

လယ်စာသည့် သဘာဝအခြေအနေများသည် ပထဝီအားလုံးကိုမဖြေဌာန်းချေ။ အချို့ပထဝီဝင်သည် လူကြောင့်ဖြစ်လာရသည်။ ပုံစံအားဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့ကို မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ခွဲခြားထားသနည်း။ စင်စစ်အားဖြင့် ထိုနိုင်ငံနှစ်နိုင်ငံအတွက် ပိုမိုသဘာဝကျသောနယ်နိမိတ်သည် ရော့ကီးတောင်များဖြစ်သင့်သည်။ မြောက်အမေရိကတိုက် အရှေ့ဘက်အရပ်များသို့ လူများလာရောက်နေထိုင်ကြပြီးနောက် အနောက်ဘက်တွင် ကာဆီးတည်ရှိသော ရော့ကီးတောင်တန်းကြီးကို ဖြတ်ကျော်ရန်အတွက် နှစ်ပေါင်းများစွာဆိုင်းငံ့နေခဲ့ကြရသည်။ ယခုကဲ့သို့ နယ်နမိတ်ဖြစ်ပေါ်တည်ရှိနေခြင်းသည် ပထဝီဝင်အကြောင်းများကြောင့်ဖြစ်သည်။ နိုင်ငံရေး အကြောင်းများကြောင့် နယ်နိမိတ်ကို ယခုကဲ့သို့သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ တိုင်းပြည်များ၏ နယ်နိမိတ်၊ အရွယ်ပမာဏ၊ မြို့များ၏တည်နေရာ၊ လူမှုဆက်ဆံရေး လုပ်ငန်းများ၊ အစိုးရလုပ်ငန်းများစသည်တို့နှင့်ဒေသမြေပြင် လက္ခဏာများ မည်ကဲ့သို့ဆက်စပ်တည်ရှိကြပုံကို လေ့လာသော ပထဝီဝင်ကို နိုင်ငံရေးပထဝီဝင်ဟုခေါ်သည်။

တိုင်းပြည်နိုင်ငံများနှင့် ပထဝီဝင်အခြေအနေများ နီးစပ်စွာဆက်သွယ်နေကြသည်ကို မကြာခဏတွေ့ရသည်။ ပုံစံအားဖြင့် ဂရိတ်ဗြိတိန်သည် ဥရောပတိုက်ကြီးနှင့် သဘာဝအလျောက် ကွဲကွာနေခြင်းကြောင့်လည်း သီးခြားနိုင်ငံတစ်နိုင်ငံအဖြစ်တည်ရှိနေခြင်းဖြစ်သည်။ အီတလီနှင့်စပိန်နိုင်ငံတို့ ဥရောပတိုက်၌သီးခြားနိုင်ငံများအဖြစ်တည်ရှိနေခြင်းမှာလည်း သဘာဝကျသည်။ အကြောင်းမူကား ထိုနိုင်ငံတို့သည် ကျွန်းဆွယ်အဖြစ်ဖြင့် ထိုးထွက်တည်ရှိနေသည့်အပြင်၊ အလွန်မြင့်မားသောတောင်တန်းကြီးများက ယင်းတို့ကို ကျန်ဥရောပနိုင်ငံများနှင့် ပိုင်းခြားထားခြင်းကြောင့်ဖြစ်သည်။ သို့ရာတွင် ဥရောပအလယ်ပိုင်းနိုင်ငံများ၏ နယ်နိမိတ်များသည် အများအားဖြင့် တစ်ဖက်သတ်သဘောအတိုင်းပြုလုပ်ထားသော နယ်နိမိတ်များဖြစ်ကြ၏။ ထိုကြောင့် ထိုနိုင်ငံများ၌ နယ်ချဲ့လိုသောစိတ်ဓာတ်ဖြင့် အိမ်နီးပါးချင်းနိုင်ငံများကို အစဉ်မပြတ်ရန်မူနေခြင်းသည် မထူးဆန်းလှပေ။ နိုင်ငံရေးပထဝီဝင်ကို မကြာမီကမှ လူများပိုစိတ်ဝင်စားလာသည်။ ပထဝီပညာရှင်များအဖို့မူ နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့မျက်နှာပြင်အစိတ်အပိုင်းအဖြစ်ဖြင့် ယင်းတို့နှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ နိုင်ငံတစ်နိုင်ငံသည် အရွယ်ပမာဏ၊ပုံသဏ္ဌာန်၊ အနေအထားအတိအကျရှိသည်။ ထိုအချက်ကြောင့်ပင် ပထဝီဝင်ဒေသများအဖြစ်ဖြင့်နိုင်ငံများတွင် တူညီသောအရေးကြီးသည့် ပထဝီဝင်အချက်အလက်အချို့နှင့် အသွင်အပြင်များပါရှိနေသည်။ နိုင်ငံတစ်ခု၏ အနေအထားကို ထည့်သွင်းလေ့လာမှသာလျှင် ကျွန်ုပ်တို့ ယူဆထားသော အရပ်ဒေသများသည် လက်တွေ့လုပ်ငန်းအတွက် အသုံးဝင်ပေလိမ့်မည်။ ထို့ပြင် ပြည်နယ်နိုင်ငံများ၌ ပြည်တွင်းဖြစ် ကုန်ပစ္စည်းများကို အားပေးကူညီရန်အတွက် နိုင်ငံခြားကုန်များအပေါ်တွင် အခွန်အကောက်နှုန်း တိုးမြှင့်ထားခြင်းသည်အမြင့်ဆုံးတောင်ကြီးများ၊ အကျယ်ဆုံးသမုဒ္ဒရာကြီးများ ထက်ပင်၊ ကုန်ထုတ်လုပ်ခြင်းနှင့် ကုန်သွယ်ခြင်းလုပ်ငန်းများကို ပိုမို၍ အကျိုး သက်ရောက်စေနိုင်သည်။

သမိုင်းပထဝီဝင်

သမိုင်းပထဝီဝင်သည် ဒေသတစ်ခု၏ လွန်ခဲ့သောအချိန်တစ်ချိန်၌ဖြစ်ပေါ်ခဲ့သော ပထဝီဝင်ကို ပြန်လည်ဖော်ပြသောပညာရပ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အဖြစ်အပျက်ဟူသမျှတို့သည် တစ်ခုသောအချိန်ကာလအတွင်း၌ သူ့နေရာနှင့်သူဖြစ်ပျက်ကြ၏။ ရာဇဝင်သမိုင်းဟူသည် အချိန်ကာလနှင့် စပ်ဆိုင်သကဲ့သို့၊ ပထဝီဝင်သည် နေရာအကျယ်အဝန်းနှင့် သက်ဆိုင်သည်။အချိန်ကာလသည် ပထဝီဝင်အတွက်အရေးမကြီးဟုဆိုရသော်လည်း တစ်ခုသောအချိန်ကာလအတွင်း အရပ်ဒေသတစ်ခု၏ ပထဝီဝင်အကြောင်းကို ကောင်းစွာသိရှိလိုပါက၊ ထိုဒေသ၌ ထိုအချိန်ကဖြစ်ပေါ်ခဲ့သော ပထဝီဝင်အကြောင်းကိုသိရှိရန် လိုအပ်လှပေသည်။ ကမ္ဘာမျက်နှာပြင်၌ ဖြစ်ပေါ်နေသောပုံစံများသည် အများအားဖြင့် အစဉ်ထာဝရပြောင်းလဲနေသောကြောင့် ယခုလက်ရှိပုံစံများသည် အဆင့်ဆင့်ပြောင်းလဲဖြစ်ပျက်နေသောဖြစ်စဉ်တွင် အဆင့်တစ်ဆင့်မျှသာ ဖြစ်သည်ဟုယူဆသင့်သည်။ ယခင်ကလူနှင့်သဘာဝတရားတို့ ပြုပြင်ဖန်တီးပေးခဲ့သော ရှုခင်းအစအနများသည် ယနေ့ဖြစ်ပေါ်နေသော ရှုခင်းများ၌ အထင်အရှား ပေါ်လွင်လျက်ရှိ၏။ ပထဝီဝင်အကြောင်းနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းအထောက်အထားများကိုသာ ရရှိနိုင်ပါက မည်သည့်အချိန်၌မဆို ဒေသတစ်ခုတွင်ဖြစ်ပေါ်ခဲ့သော ပထဝီဝင်ကိုခွဲခြားသိမြင်နိုင်သည်။ အင်္ဂလန်ပြည်၌ ပထဝီပညာရှင်တို့သည် ဒွမ်းစဒေး မှတ်တမ်းစာအုပ်မှ အကြောင်းအရာများကိုမှီငြမ်းပြု၍ အင်္ဂလန်ပြည်၌ အနှစ် ၉၀၀ ကျော်လောက်ကဖြစ်ပေါ်ခဲ့သောပထဝီဝင်ကို ပြန်လည်တင်ပြနိုင်ကြသည်။ ထိုကြောင့် အင်္ဂလန်ပြည်၏ဒွမ်းစဒေးမှတ်တမ်းသည် သမိုင်းပထဝီဝင်ကျမ်းပင်ဖြစ်သည်။(ဒွမ်းစဒေးမှတ်တမ်း–ရှု။)

သမိုင်းပထဝီ ပညာရှင်သည် လွန်ခဲ့သောအချိန်တစ်ချိန်၌ ဖြစ်ပေါ်ခဲ့သောဒေသတစ်ခု၏ လူမှုဆက်ဆံရေး၊ စီးပွားရေး၊ နိုင်ငံရေးပထဝီဝင်အကြောင်းများကို အထူးဂရုပြု၍ လေ့လာသည်။ ဤကဲ့သို့ ယခင်ကဖြစ်ပေါ်ခဲ့သောပထဝီဝင်

www.foreverspace.com.mm

အကြောင်းများကို သိရှိရခြင်းဖြင့်ယခုလက်ရှိဖြစ်ပေါ်နေ သော်ပထဝီဝင်အကြောင်းကို ကောင်းစွာ သိမြင်နိုင်ရုံမျှမက၊ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်ခဲ့သော ပထဝီဝင်အခြေခံအ ကြောင်းအချို့ကိုပါသိရှိနိုင်သည်။ မြေပုံပေါ်တွင် တည်ရှိနေ သောမျဉ်းကြောင်းများသည် သမိုင်း၏ အမှတ်အသားများ ဖြစ်ကြသည်။ မြေပုံသည် ပထဝီဝင်ပညာရှင်၏ အရေး ကြီးသောလက်နက်တစ်ခုဖြစ်၏။

ပထဝီဝင်နှင့် စီမံကိန်းများ

ပထဝီပညာရှင်တို့သည် ယခုလက်ရှိ အခြေအနေများကို သိရုံမျှဖြင့် ဒေသတစ်ခု၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများကို အချို့နေရာများမှလွဲ၍ တင်ကူခန့်မှန်းခြင်းမပြုနိုင်ကြပေ။ သို့ရာတွင် သဘာဝပတ်ဝန်းကျင်ကို ထိန်းကြပ်၍ ယင်းတို့ နှင့်သင့်လျော်အောင် ပြုပြင်နေထိုင်ရန်ကြိုးပမ်းမှုများကြောင့် မကြာမီက လူတို့သည် မြေယာစီမံကိန်းများတွင် ပိုမိုစိတ်ပါ ဝင်စားလာကြသည်။ မြေပုံပေါ်ရှိမတူညီသောအခြင်းအရာ များကို စုပေါင်းလေ့လာနိုင်သောပထဝီဝင်ပညာရှင်သည် ဤကိစ္စတွင် များစွာအထောက်အပံ့ပေးနိုင်သည်။ အမေရိ ကန်ပြည်ထောင်စု၏ တင်နက်ဆီမြစ်ဝှမ်းစီမံကိန်း၊ သြစ ထြေးလီးယား၏ စနိုးဝီမြစ်စီမံကိန်း၊ ခေတ်မီမြို့ပြစီမံကိန်း၊ မြေယာအသုံးချနည်း စီမံကိန်းစသည်တို့၌ ပထဝီပညာရှင် များ၏ အနှံ့အပြားပါဝင်ဆောင်ရွက်မှုကို ပြည်တော်သာ စီမံကိန်းများ၌ များစွာအရေးကြီးကြောင်းကို သိရသည်။ (တင်နက်ဆီ မြစ်ဝှမ်းအာဏာပိုင်အဖွဲ့–ရှု။) ဆိုဗီယက်ဆို ရှယ်လစ်ပြည်ထောင်စုသမ္မတနိုင်ငံ၏ စီးပွားရေးစီမံကိန်း များတွင်မူ၊ ပထဝီဝင်နှင့်ပထဝီ ပညာရှင်တို့၏အရေးကြီး ပုံမှာ ပို၍ထင်ရှားလှပေသည်။

သေန္တရပထဝီဝင်

ယခုအခါ၌ ပထဝီပညာရှင်အများအပြားက ဒေသန္တ ရပထဝီဝင်ကို ပထဝီဝင်၏အဆီအနှစ်ဟု ယူဆကြသည်။ ဒေသန္တရပထဝီဝင်သည် ကွဲပြားခြားနားနေသော ရှုမျှော် ခင်းအလိုက် ကမ္ဘာမျက်နှာပြင်ကို ဒေသအပိုင်းအခြားများ ပြုလုပ်၍လေ့လာသော ပညာရပ်ဖြစ်သည်။ စီးပွားရေး ပထဝီဝင်၊ နိုင်ငံရေးပထဝီဝင်အစရှိသည့် စံနစ်တကျလေ့ လာသောသီးခြား ပထဝီဝင်များတွင် ပထဝီဝင် အခြေခံအ ကြောင်းရင်း တစ်ခုနှစ်ခုလောက်ကိုသာအမှီပြု၍ ခွဲခြား ထားသောဒေသများကို အသုံးပြုခြင်းဖြင့်လည်း ဒေသအ လိုက်လေ့လာနိုင်သည်။ ပုံစံအားဖြင့် ပြင်သစ်နိုင်ငံကို နိုင်ငံရေးဒေသတစ်ခု အဖြစ်ဖြင့်သော်လည်းကောင်း အမေရိကန်ပြည်ထောင်စုရှိ ပြောင်းစိုက်ပျိုးသောရပ်ဝန်း ကို စီးပွားဖြစ်စိုက်ပျိုးသောရပ်ဝန်းတစ်ခုအဖြစ်ဖြင့် သော်လည်းကောင်း လေ့လာနိုင်သည်။ သို့ရာတွင် ပထဝီ ပညာရှင်အဖို့ကား ပထဝီဝင်အခြေခံအကြောင်း တစ်ခုနှစ်ခု ကိုသာမက၊ ထူးခြားသော အခြားပထဝီဝင်လက္ခဏာများ ကိုပါထည့်သွင်းလျက်၊ ဒေသတစ်ခုနှင့်တစ်ခုမတူပုံကို ခွဲ ခြားပြသရန်လိုအပ်လှပေသည်။ ဤသို့လေ့လာသည်ကား ခေတ်သစ်ပထဝီဝင်၏ အဓိကရည်ရွယ်ချက်ပေတည်း။

ပထဝီဝင်ဒေသတစ်ခုတွင် ယင်းဒေသ၏ ပထဝီဝင်အ ကြောင်းများကို စုပေါင်း၍ တင်ပြသည်။ ပထဝီဝင်ဒေ သတစ်ခုအတွင်းရှိ မြေမျက်နှာပြင်၊ ရာသီဥတု၊ သဘာဝ ပေါက်ပင်များသာမက လူတို့၏ နေထိုင်လုပ်ကိုင်စား သောက်ပုံတို့သည်လည်း အနည်းနှင့်အများတူညီကြ၍ အခြားအရပ်များနှင့်ကွဲပြားခြားနားသည်။ ပထဝီဘာသာ သည်သီးခြားကင်းလွတ်စွာ တည်ရှိနေကြသော သိပ္ပံပညာ ရပ်များမှရရှိသည့်ဗဟုသုတများ တစ်ခုနှင့်တစ်ခု အပြန် အလှန် ဆက်စပ်နေကြပုံ၊ စုပေါင်းဖြစ်ပေါ်နေကြပုံစသည် တို့ကို ဒေသန္တရပထဝီဝင်၌သာလျှင် ဒေသတစ်ခုအဖြစ်ဖြင့် လေ့လာနိုင်သည်။ ပထဝီဝင်သည် အခြား ဘာသာရပ်များ နှင့် များစွာဆက်စပ်လျက်ရှိသည်။ ပုံစံအားဖြင့် စီးပွားရေး ပထဝီဝင်သည် ဘောဂဗေဒနှင့် ဆက်စပ်လျက်ရှိသည်။ ထိုနည်းအတူ ဘူမိရုပ်သွင်ပညာ၊ ဇီဝပထဝီဝင် စသည်တို့ သည် ဘူမိဗေဒ၊ရာဇဗေဒ၊ ပါဏာဗေဒစသည်တို့နှင့် အသီး သီးဆက်စပ်လျက်ရှိနေသည်။ သို့ရာတွင် ဤကဲ့သို့ပထဝီ ဝင်နှင့် သဘောချင်းဆက်စပ်လျက်ရှိသော ပညာရပ်များ သည် စီးပွားရေး ပထဝီဝင်၊ သဘာဝပထဝီဝင်ကဲ့သို့သော စံနစ်တကျခွဲခြားထားထားသည့် ပထဝီဝင်ပညာရပ်များနှင့် ကား မတူကြချေ။ ပထဝီဝင်နှင့်ဆက်စပ်နေသော သိပ္ပံ ပညာရပ်များသည် ယင်းတို့နှင့်စပ်လျဉ်းသော အရာဝတ္ထု များ၏ တူညီသော အချင်းအရာများကိုသာလေ့လာသည်။ ပထဝီဝင်၏ စံနစ်တကျခွဲခြားထားသောပညာရပ်များမှာ မူကား အခြားသိပ္ပံပညာရပ်များ တသီးတခြားစီလေ့လာ သောအရာများကို စုရုံးပေါင်းစည်း၍လေ့လာသည်။ ထိုပြင် ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ရှိနေရာဒေသများ တစ်ခုနှင့်တစ်ခု ဆက်သွယ်ပုံ၊ ကွဲပြားခြားနားပုံကို ဦးစားပေး၍လေ့လာ သည်။ ယင်းသို့လေ့လာရာ၌ ပထဝီပညာရှင်သည် မြေပုံကို အဓိကလက်နက်အဖြစ်အသုံးပြုလေသည်။ **ဦးကျော်**

ပဒုမာကြာ ။ ။(ကြာပင်–ရှု။)

ပဒေသရာဇာ။ ။ညောင်ရမ်းခေတ် စာဆိုကျော်ဝန်ကြီး ပဒေသရာဇာသည် ၁၀၃၄ခုတွင် နန်းတက်သောအင်းဝ ဘုရင်အင်္ဂါမင်းလက်ထက် ရတနာပူရအင်းဝနေပြည်တော် ၌ဖွားသည်ဟု ညောင်ပင်သာဦးပုညက ဆိုသည်။ ရာဇဝင်

www.foreverspace.com.mm

ကျမ်းပြုဆုံးရာကြီးဦးကုလားနှင့် တစ်ခေတ်တည်း ကျော်စောလူကြီးဖြစ်သည်။ ကျေးကျွန်တို့လွန်စွာရန်ခိုင်ခဲ့လှသော ရှေးတေပ်ဘွဲ့ကိုချီးမြှင့်ခြင်းခံရသူ စာဆိုကျော်ကြီးဖြစ်သည်။ ဝန်ကြီး ပဒေသရာဇာသည် ညောင်ရမ်းမင်းဆယ်ဆက်တို့ အနက် ရှစ်ဆယ်မြောက်ဖြစ်သောသက္ကရာဇ် ၁၀၆၀ ပြည့်နှစ်တွင် နန်းတက်တော်မူသည့် စနေမင်းလက်ထက်တွင် စုရေးစုကိုင်အဖြစ် ထမ်းရွက်ယင်း ကဗျာသီချင်းများကိုရေးသားဆက်သွင်းရာ လက်ယာရွှေတောင်ဘွဲ့နှင့် မန်ကျည်းတုံရွာကို စားရသည်။ ၁၀၉၅ခုတွင် နန်းတက်တော်မူသောဟံသာဝတီပါ မင်းတရားလက်ထက် ဆက်လက်အမှုထမ်းပြန်ရာ ပညာအရည်အချင်းနှင့်ပြည့်စုံသောကြောင့် မင်းရဲမင်းလှကျော်ထင်ဘွဲ့နှင့် အသည်ဝန်၊ အတွင်းဝန်၊ လွှတ်တော်ဝန်ကြီး စသည်ဖြင့် အသီးသီးခန့်ထားခြင်းခံရရုံမက ဇရွံ့ရွာကိုလည်း စားရန် သနားတော်မူခြင်းခံရသည်။ ဟံသာဝတီ ပါမင်းတရားကြီးကိုယ်တော်တိုင်က စာဆိုဖြစ်သည့်အလျောက် ဝန်ကြီး၏ အစီအကုံးအနှုန်းအဖွဲ့တို့ကို အလွန်နှစ်သက်တော်မူလှသဖြင့် ရတုကဗျာအရေးအသား၌ တံခွန်စိုက်ဖြစ်ခဲ့သူ တောင်ငူဘုရင်၏ ဘွဲ့နာမံတော်အတိုင်း ''နတ်သျှင်နောင်'' ဟူသောဘွဲ့ကို ချီးမြှင့်တော်မူသည်။ နောက်တစ်ဖန် ဘုရင်ငယ်တစ်ဆူဟုအဓိပ္ပါယ်ထွက်သော ပဒေသရာဇာဘွဲ့ကိုပေး၍ ဝန်ကတော် ၂ဦးအားလည်း ဒေဝီဘွဲ့ဖြင့်ချီးမြှင့်၍ မိဖုရားငယ်တို့၏ အဆောင်အယောင် ခွင့်ပြုတော်မူသည်အထိ မြှောက်စားခံရသည်။ ယင်းပဒေသရာဇာဟူသောဘွဲ့ဖြင့်ပင် မြန်မာစာပေလောကၽ ကျော်ကြားရာ ငယ်မည်ကိုပင်မသိကြတော့ချေ။

၁၁၁၃ ခုနှစ်တွင် အင်းဝဘုရင် ညောင်ရမ်းဆယ်ဆက်မြောက်ဟံသာဝတီပါ မင်းတရားကြီးအား မွန်တို့ခေါ်ဆောင်သွားသောအခါ ဝန်ကြီးပဒေသရာဇာသည် ဇနီးသားသမီးဆွေမျိုးတို့နှင့်အတူ အပါးတော်မှအမြဲပါရသည်။ မင်းနှင့် တကွဝန်ကြီးအား သံလျင်မြို့သို့ခေါ်ဆောင်လာရာ ဝန်ကြီးသည် ရှင်ပင်ကျိုက်ခေါက်ဘုရား အနီးရောက်စဉ် မောပန်းသော လူကြီးရောဂါဖြင့် အသက် ၈၀ တွင် ကွယ်လွန်သည်။ ကျိုက်ခေါက်ဘုရားတည်ရာ တောင်ကုန်း၏မြောက်မျက်နှာတွင် ဝန်ကြီး၏အရိုးဂူကို ယခုတိုင်တွေ့မြင်နိုင်လေသည်။

ဝန်ကြီးပဒေသရာဇာသည် သူဇာပျို၊ ဆေန်ပြန်ပျို၊ မဏိကတ်ပျို၊ ကျေးဇူးတော်ပျို၊ ကုမ္ဘာဘယပျို၊ တောထွက်ခန်းပျို၊ ယိုးဒယားသံရောက်ပျို၊ မနော်ပျိုသစ်၊ ဒန္ဒာသီရိပျို၊ နုအူပျို၊ ကြာနတ်ကေသာပျို၊ မဟာပတိပျို၊ နမောလင်္ကာပျို၊ သမုဒ္ဒယောသပျိုစသော ပျိုကြီးများကို ပြုစုခဲ့ရာ ယင်းတို့ အနက် ၁၁၀၃ခုတွင် ရေးပြီးသောသူဇာပျိုသည် အကောင်းဆုံးဖြစ်သည်။ ဤပျိုသည် စာအနုအယဉ်တွင် ပထမတန်းစားဖြစ်သဖြင့် ရှေးပညာရှင်များကပင် ''သူဇာကိုလည်းမပစ်နှင့်၊ စာနုကိုလည်းမချစ်နှင့်'' ဟူ၍ ဆိုစမှတ်ပြုကြသည်။ ဖွဲ့နွဲ့ထားပုံသည် လူတို့၏စိတ်ကိုစွဲငြိစေသည်။ ဘုရားဟောကျမ်းဂန်ကိုသာမီး၍ အများအားဖြင့်ရေးသားသောခေတ်တွင် ပဒေသရာဇာသည် ယင်းသို့သောထိုးဇာတ်များကို ထွင်၍ရေးသားလေသည်။ ဤပျိုတွင် အခြားပျိုထက် ထင်ရှားထူးခြားသောအချက်နှစ်ချက်ရှိသည်။ ပျိုတခုလုံးကို တဦးနှင့်တဦးအပြန်အလှန်တိုက်ရိုက် ပြောဆိုဟန်ဖွဲ့ဆိုထားသဖြင့် ပြဇာတ်သဘောပါသည့် ပျိုဖြစ်ခြင်းနှင့် ပျိုထဲတွင် ဇျင်းအဖွဲ့များထည့်၍ စပ်ထားခြင်းတို့ဖြစ်လေသည်။

ဝန်ကြီးပဒေသရာဇာသည် သူဇာပျို၊ ဆေန်ပျိုစသည့် စာမျိုးကို ဖွဲ့ခြင်းကိုထောက်၍ ယဉ်ကျေးမှုအရာ၌ ဗုဒ္ဓစာပေကို အထွတ်အမြတ်ထားကာ လိုက်နာလေ့လာကြောင်း ထင်ရှားသလောက် စကုမင်းဇျင်း၊ မဏိကက်ဇာတ်ချင်းစသောစာမျိုးကို ဖွဲ့သည်ကိုထောက်၍ နိုင်ငံရေး၊ စီးပွားရေ၊ လူမှုဆက်ဆံရေးတို့တွင် အုပ်ချုပ်သူမင်းမှုထမ်းတစုကို အများနည်းတူ အရေးပေးကြောင်းလည်းထင်ရှားသည်။ သို့ရာတွင်ဝန်ကြီးသည် ပိန်းကောလှေသမားဖွဲ့၊ ထန်းတက်သမားဖွဲ့၊ လယ်သမားဖွဲ့၊ တောင်ပိုင်တက်သမားဖွဲ့၊ အညာလှေသမားဖွဲ့တည်းဟူသော တျာချင်းငါးပုဒ်ကိုလည်း ဖွဲ့ဆိုခဲ့သည်။ ယင်းကိုထောက်လျှင် ဝန်ကြီးသည်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေးတို့တွင် မင်းမှုးမတ်တစုကိုသာမက ကုန်သည်ဆင်းရဲသားလက်လုပ်လက်စားသမားများကိုလည်း အရေးယူပေးသူဖြစ် ကြောင်း ထင်ရှားသည်။ ဝန်ကြီး၏ခေတ်အခါနှင့် စာကြည့်သော် ဝန်ကြီးသည် ဗုဒ္ဓစာပေကိုလည်းကောင်း၊ မင်းမှုးမတ်တို့ကိုလည်းကောင်း အရေးပေးဖွဲ့ဆိုသည်မှာ အံ့ဖွယ်မဟုတ်သော်လည်း၊ သက်ဦးဆံပိုင်စံနစ်အောက်ရှိ အာဏာမရှိ၊ ဓနမရှိ၊ ကိုယ်စားဖို့ကိုယ်စိုက်၊ ကိုယ်ဝတ်ဖို့ကိုယ်ရက်၊ ကိုယ်နေ့ဖို့ကိုယ်ဆောက်၍ ရှားပါးရသည့်အထဲမှ ဆယ့်နှစ်မှုမင်းတိုင်းကို မင်းအတွက်ပေးနေရသော ကျေးတော်မျိုးကျွန်တော်မျိုးတို့အပေါ် စေတနာရောက်၍ ဖွဲ့ဆိုထားခြင်းသည်သာ ထူးသည်ဟုဆိုအပ်ပေသည်။ ရဲ့ဝံ့သည် ဥာဏ်ခံကြီးပါပေသည်ဟုလည်းဆိုထိုက်ပေသည်။ ဝန်ကြီး၏စေတနာသည် အထက်ထက်က စာဆိုတို့ထက်ပိုလာသည်။ သစ်လာသည်ဟု ဆိုရပေမည်။ ထိုစေတနာ သစ်မှပေါက်ဖွားလာသောစာပေသည် ရှေးကမြန်မာစာ ပေသစ်ဟုဆိုရန်သာရှိသည်။ အဖွဲ့အနွဲ့အရာတွင်လည်း အကြောင်းသင့် အရိုးခံစကားတို့ကိုသာ သုံးကာပြေပြစ်စွာဖွဲ့ ဆိုထားလေသည်။

မိုးဦးကျသည့်အခါ လယ်သမားတို့ဘာဝ မိမိသားမယား

www.foreverspace.com.mm

နှင့်တကွ ပျော်ပျော်ပါးပါးနေထိုင်စားသောက်ကြပုံကို 'ဝဘန်ကာလ၊ မိုးကျတည့်လျှင်၊ ပျော်ပျော်ပါးပါး၊ မယားနှင့် ဆွေငယ်လင်၊ လက်တွဲငင်ခြေငင်၊ ကိုယ်တွင်အဝတ်၊ ပုဆိုးအကျီစုတ်ပြဲပြီ၊ ချည်နီဗောင်း တွတ်တွတ်ကယ်နှင့်လေး' အစချီသောလယ်သမားဖွဲ့တျာချင်းဖြင့်လည်းကောင်း၊

ထန်းပင်တက်၍ ထန်းဦးရေယူပုံကို ထန်းကိုအသုံးချပုံ၊ အိမ်တွင်မွေးထားသောခွေးနှင့် တောချောက်ကာအမဲလိုက်ပုံ၊ ရသမျှအမဲတို့ကို ချက်ပြုတ်ကင်လော်ရေနှင့်ကြော်ပုံ၊ ဒေါင်းလန်းကြီးခင်းကာ သမီးသားမယားတစ်စုတို့နှင့် တပျော်တပါးတိုးဝှေ့ စားသောက်ကြပုံတို့ကို 'နွေဦးကာလ မြူထသောခါ၊ ရင်းထောင်ရင်းဆွဲ၊ ဆောင်မြှအိုးလွယ်ကာ၊ ဓားနီးထက်စွာ၊ ခါးမှာချပ်လျက်၊ ထန်းပွင့်ထန်းခိုင်၊ ရွှန်းမြိုင်မြိုင်၊ ကလိုင်သာလွယ်လို့တက်သည်နှင့်လေး' အစချီသောထန်းတက်သမားဖွဲ့တျာချင်းဖြင့်လည်းကောင်း သဘာဝကျကျ စပ်ဆိုခဲ့လေသည်။

လယ်သမားနှင့် ထန်းတက်သမားဖွဲ့တို့သည် ကုန်ထုတ်လုပ်သူတို့၏ဘဝအကြောင်းဖြစ်၍ ပိန်းကော လှေသမားဖွဲ့သည် ကုန်ထုတ်လုပ်သူ၊ ကုန်သွယ်သူ၏ ဘဝအကြောင်းဖြစ်သည်။ အညာလှေကြီးသမားနှင့် နွားဝန်တင်သမားများအဖွဲ့သည် ကုန်သွယ်သယ်ယူသူတို့၏ ဘဝအကြောင်းဖြစ်သည်။ အချုပ်အခြာ အာဏာသည် သက်ဦးဆံပိုင်မင်းမှ ဆင်းသက်သည့် ထိုခေတ်တွင် ဝန်ကြီးသည် အထက်ပါပြည်သူပြည်သားလူတန်းစားမှ အချုပ်အခြာအာဏာသည် ဆင်းသက်လာနိုင်ရန် နိုင်ငံရေးအရ မဆောင်ရွက်နိုင်ခဲ့သော်လည်း ထိုသို့သက်ဆင်းစေနိုင်သောမျိုးစေ့ကို ချပေးခဲ့သည်ဟု ဆိုသော် မှားမည်မထင်ချေ။

ဝန်ကြီးသည် မြန်မာစာပေသမိုင်း၌ ပြည်သူ့ဗိမာန်တစ်ခန်းကို ဖွင့်ခဲ့သည်ဟု ဆိုရပေမည်။

ပဒေသာပင်။ ။ ပဒေသာပင်ဟူသည်မှာ ပစ္စည်းအသုံးအဆောင်အမျိုးမျိုးရနိုင်သော အပင်ကိုခေါ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် လူများသုံးဆောင်လိုသမျှ အမျိုးစုံ သီးသော သစ်ပင်ကိုခေါ်သည်။ ပါဠိဘာသာအားဖြင့် ကပ္ပရုက္ခဖြစ်သည်။

ဗုဒ္ဓအယူဝါဒီ မြန်မာလူမျိုးတို့၏ ကမ္ဘာဦးကျမ်းများအရ ကမ္ဘာတည်စ၊ မြင်းမိုရ်တောင်ကို ဝိုင်းရံလျက် ပေါ်ထွန်းခဲ့သော ကျွန်းကြီးလေးကျွန်းနှင့်တာဝတိံသာနတ်ပြည်၊အသုရာပြည်၊ဂဠုန်ပြည်တို့၌ ကမ္ဘာတန်ဆာအဓိပတိသစ်ပင်ကြီးခုနစ်ပင်ပေါက်ခဲ့သည်။ မြင်းမိုရ်တောင်၏ မြောက်မျက်နှာဖြစ်သော ဥတ္တရကုရု(မြောက်) ကျွန်း၏ထိပ်တွင် ပေါက်သော အဓိပတိသစ်ပင်ကြီးမှာ ပဒေသာပင်ဖြစ်သည်။ ထိုပဒေသာပင်ကြီး၏လုံးပတ်ကား တစ်ဆယ့်ငါးယူဇနေ၊မြေမှသည် ခက်မတိုင်ဧအင် ယူဇနာငါးဆယ်၊ အရှေ့အနောက်တောင်မြောက်နှင့် အလယ်ခက်မဟူသော ခက်မငါးဖြာကိုလည်း ယူဇနာငါးဆယ်ရှိကုန်သည်။ အချင်းအစောက်ကား ယူဇနာတစ်ရာရှိသည်ဟု ဆိုကုန်သည်။

မြောက်ကျွန်း၌နေကြသောသူတို့သည် ငါးပါးသီလမြဲသည်။ခုနစ်ရက်တစ်ကြိမ်မှသာ အိမ်ရာထောင်ခြင်းကိုပြုကြသည်။ သူတို့၏ ဘုန်းကံအလျောက် ပန်းပင်သစ်ပင်များက အစားအသောက်အသုံးအဆောင်များ သီးသဖြင့် အလိုရှိရာ ဆွတ်ခူးသုံးဆောင်နိုင်သည်။ ထိုသို့ကျွန်းသူကျွန်းသားများ အလိုရှိရာ ဆွတ်ခူးသုံးဆောင်နိုင်သော အပင်များကို ပဒေသာပင်များဟုခေါ်သည်။ မြောက်ကျွန်း၌ ပေါက်ရောက်သော ပဒေသာပင်များအနက် ကျွန်းထိပ်မှဆိုခဲ့သော ပဒေသာပင်ကြီးကား အဓိကရဖြစ်ပေသည်။

ယင်းသို့ကျမ်းဂန်များ၌လာရှိသည်ကိုအစွဲပြု၍မြန်မာမင်းအဆက်ဆက်တို့လက်ထက်မှစပြီးလျှင်ယခုခေတ်တိုင်အောင် ကထိန်၊ဆွမ်းကြီးလောင်း၊ရှင်ပြုစသောအလှူအတန်းများ၌ ရဟန်းသံဃာများအား ပစ္စည်းအသုံးအဆောင် အမျိုးမျိုးကို ပဒေသာပင်၌သီးကာ လှူဒါန်းခြင်းကို ပြုကြသည်။ ယင်းသို့ဖြင့် ရဟန်းသံဃာများ အလိုရှိရာပစ္စည်း အသုံးအဆောင်များကို ရရှိစေသည်။ သစ်ဝါးစသည်တို့ဖြင့်သစ်ပင်၏ အချင်းအစောက်အနေအထားကိုပြုလုပ်ကာ လှူဖွယ်ပစ္စည်းအသုံးအဆောင်များကိုကြည့်၍ လှအောင်ဆင်ယင်ချိတ်ဆွဲကြသည်။ အထူးသဖြင့် ဘုံကထိန်ပွဲ၊ ဆွမ်းကြီးလောင်းပွဲများတွင် လှူဖွယ်ပစ္စည်းပဒေသာပင်မှာ မပါမပြီးသလောက်ဖြစ်ပေသည်။ ယင်းသို့သော အလှူများတွင် အသင်းအဖွဲ့အနေနှင့်လည်းကောင်း၊စေတနာရှင်တစ်ဦးချင်းအနေနှင့်လည်းကောင်း လာရောက်လှူဒါန်းသောပစ္စည်းများကိုပဒေသာပင်သီး၍မဲဖောက်လှူဒါန်းခြင်းလည်း ပြုတတ်ကြသေးသည်။တစ်ခါတစ်ရံ လှူဖွယ်ပစ္စည်းပဒေသာပင်ကို စေတနာရှင်၊ အလှူရှင်တို့ သဒ္ဓါတရားပွားများနိုင်ကြစေရန် ရပ်ရွာထဲ၌အိုးစည်ဗုံမောင်းစသည်တို့ဖြင့် တီးမှုတ်ကခုန်လှည့်လည်ခြင်းကိုလည်း ပြုကြလေသည်။

ပဒေါင်လူမျိုး။ ။အမျိုးသမီးဟူသည် လည်တိုင်ရှည်မှ လှပသည်ဟုယုံကြည်သဖြင့်၊ လည်တိုင်ရှည်အောင် လည်ပင်းတွင် ကြေးခွေများကို တစ်ခွေပြီးတစ်ခွေဆင့်၍ ရစ်ပတ်ဝတ်ဆင်သည့် အလေ့အထရှိသောပဒေါင်တို့သည် ကရင်တစ်မျိုးပင်ဖြစ်သည်။ ယခုအခါပဒေါင်အမျိုးသမီးများ လည်ပင်းတွင် ကြေးခွေစွပ်သောအလေ့အထပျောက်ကွယ်စပြုနေလေပြီ။ ပဒေါင်တို့သည် ၁၉၃၁ခုသန်ခေါင်စာရင်းအရလူဦးရေ ၁၆၅၀၀ကျော်မျှရှိ၍၊ တောင်ငူအရှေ့ဘက်ကယားပြည်နယ်နှင့် ရှမ်းပြည်တောင်ပိုင်းဒေသတို့ အကြား

www.foreverspace.com.mm

စိတ်ထားရိုးသားဖြောင့်မတ်သည့် ပဒေါင်အမျိုးသမီး

တွင် အနှံ့အပြားနေထိုင်ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပဒေါင်၁၄၀၀၀မျှရှိ၍၊ ကယားပြည်နယ်တွင် ၂၅၀၀ကျော်ရှိသည်။ ပျဉ်းမနားအရှေ့ဘက်တွင်ရှိသော ကယားပြည်နယ်ထဲအပါအဝင် ပေါင်းလောင်းငယ် မြစ်ဝှမ်းရှိစတုရန်းမိုင် ၁၅၀မိုင်မျှ ကျယ်သောမြေပြန့်၌ လည်းနေထိုင်ကြသည်။

ပဒေါင်တို့သည် မိမိတို့ကိုယ်ကို ကေကောင်းဒု ဟုခေါ်ဝေါ်ကြသည်။ ပဒေါင်ယောကျ်ားတို့သည် တောင်သူလူမျိုးတို့ကဲ့သို့ပင် ဖော်ရွေသူများဖြစ်သည်။ ကိုယ်လက်ကြွေ့ခိုင်တောင့်တင်းသည်။ အလုပ်ကိုအပင်ပန်းခံ၍ လုပ်နိုင်ကြသည်။ ပျော်ပျော်ရွှင်ရွှင်နေတတ်ကြသည်။ ပဒေါင်တို့သည် တောင်ယာကိုလေခါးထစ် စိုက်ပျိုးနည်းဖြင့်စိုက်ပျိုးရာ၌ တောင်စောင်းတွင် တစ်ဆင့်ပြီး တစ်ဆင့်ကန်းသင်းခတ်၍ ရေသွင်းစိုက်ပျိုးကြသည်။ ထိုအလုပ်မှာ များစွာခက်ခဲပင်ပန်း၏။ သို့သော် မည်သည်းမည့်ကုလုပ်ကြသည်။ ကုန်ရောင်းကုန်ဝယ်အလုပ်၌ လည်းကောင်းစွာ လုပ်တတ်ကြသည်။ အမဲလိုက်လည်း ဝါသနာထုံ၏။ ပတ်ဝန်းကျင်ရှိတောင်ပေါ်သားတို့တွင်ပဒေါင်တို့သည် အလုပ်အကိုင်၌အတော်ဆုံးအကောင်းဆုံးလူတမျိုးဖြစ်သည်ဟု ချီးကျူးခံရသည်။ (ကရင်လူမျိုး–ရှ။)

ဦးဘရှင်

ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံး တူးမြောင်း

ပနားမားတူးမြောင်းသည် ကမ္ဘာပေါ်တွင် လူတို့ဖောက်လုပ်ခဲ့သည့် အကြီးကျယ်ဆုံး တူးမြောင်းဖြစ်၍၊ ကမ္ဘာ့တခြမ်းရေကြောင်းပို့ဆောင်ရေးလမ်းကို ပြောင်းလဲသွားစေခဲ့သည်။ ဤအကြောင်းရပ်တွင် ထိုတူးမြောင်းကိုဖောက်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများနှင့်တကွ၊ တူးမြောင်း၏အသုံးဝင်ပုံ အကြောင်းတို့ကို စုံလင်စွာဖော်ပြထားသည်။

ပနာမားတူးမြောင်း။ ။၁၉၁၇ခု ဧန်နဝါရီလ ၇ ရက်နေ့တွင် အလက်လားဗလီ အမည်ရှိသော သင်္ဘောတစ်စင်းသည်မြောက်အမေရိကတိုက် သို့မဟုတ် တောင်အမေရိကတိုက်တို့ကို လှည့်ပတ်ခြင်းမပြုရဘဲနှင့် အတ္တလန္တိတ်သမုဒ္ဒရာမှ ပစိဖိတ်သမုဒ္ဒရာဘက်သို့ ရောက်ရှိခဲ့လေသည်။ ယင်းသည့် သင်္ဘောသည် ပနားမားတူးမြောင်းကို ဖြတ်သန်း၍ ဤမှာဖက်သမုဒ္ဒရာမှ ထိုမှာဘက် သမုဒ္ဒရာသို့ ကူးပြောင်းခဲ့ခြင်းဖြစ်ရာ၊ အနှစ်၄၀၀ခန့်မှစ၍ လေထဲတိုက်အိမ်ဆောက်ခဲ့သောစိတ်ကူးသည် အကောင်အထည်ပေါ်ခဲ့လေသည်။

ပနားမားတူးမြောင်းသည် ကမ္ဘာပေါ်တွင် လူတို့တူးဖော်လုပ်ကိုင်ခဲ့သည့်တူးမြောင်းများထဲတွင် အကြီးကျယ်ဆုံးဖြစ်၍၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာအောင်မြင်မှုများထဲတွင်လည်း အကြီးကျယ်ဆုံး ဖြစ်သည်။ ယင်းတူးမြောင်းကို ဖောက်လုပ်လိုက်ခြင်းဖြင့် ကမ္ဘာတခြမ်းအတွက်ရေကြောင်းသယ်ယူပို့ဆောင်ရေး လမ်းကြောင်းသည် ပြောင်းလဲသွားခဲ့လေသည်။ ပနားမားတူးမြောင်းကို မြောက် အမေရိကတိုက်နှင့်တောင်အမေရိကတိုက်တို့အကြားရှိ ပနားမားကျွန်းဆက်ကိုဖြတ်၍၊ အတ္တလန္တိတ်သမုဒ္ဒရာကမ်း ခြေပေါ်ရှိ ကိုလုံးမြို့နှင့်ပစိဖိတ်သမုဒ္ဒရာကမ်းခြေရှိ ဗဲလဗိုးအာမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားရာ၊ ၅၀.၇၂ မိုင် ရှည်လျားသည်။ တူးမြောင်းသည် အနောက်မြောက်မှအရှေ့တောင်သို့သွယ်တန်းလျက်ရှိသည်။ အတ္တလန္တိတ် ကမ်းခြေဖက်တွင် တူးမြောင်းသည် ရှားဂရီးမြစ်ကြောင်းကိုလိုက်၍၊ ပစိဖိတ်သမုဒ္ဒရာကမ်းခြေဘက်တွင် ရီးအိုဂရန်ဒီမြစ်ကြောင်းအတိုင်းလိုက်သွားလေသည်။

အတ္တလန္တိတ်သမုဒ္ဒရာဘက်မှစ၍ ဝင်လာသောသင်္ဘောတစ်စင်းသည် လီမွန်ပင်လယ်အော်ကမ်းခြေပေါ်တွင် တည်ရှိသောကိုလုံးမြို့မှစတင်၍ တူးမြောင်းထဲသို့ဝင်ရသည်။

www.forewarspace.com.mm

ထိုမှ ကရင်ဖန် ပေ၅၀၀ကျယ်သောတူးမြောင်းတစ်လျှောက် ခရီးသွားသော် ဂါတွန်းရေတံခါးသို့ရောက်သည်။ ယင်းရေတံခါးတွင် တူးမြောင်းသည် ပင်လယ်ရေပြင်ထက် ၈၅ ပေမြင့်သည်။ ယင်းအမြင့်သို့ သင်္ဘောရောက်ရှိလေအောင် ရေတံခါးသုံးဆင့်ဖြင့် အဆင့်ဆင့်တက်သွားရလေသည်။

ထိုမှတစ်ဆင့် ဂါတွန်းရေအိုင်ကိုဖြတ်၍ သွားပြီးနောက် နာမည်ကြီးလှသော ဂေးလာဒ်ကတ်နာမည်ကြီးရခြင်းမှာ ထိုနေရာ၌ တောင်ကိုဖြတ်ကာဖောက်လုပ်ခဲ့ရ၍ တူးမြောင်းဖောက်လုပ်စဉ်ကပိုင်းတွင် မြေများပြိုပြိုကျကျသဖြင့် အခက်အခဲများစွာတွေ့ရသောကြောင့်ဖြစ်သည်။ ထိုမှတစ်ဖန် မီဂယ်ရေတံခါးသို့ရောက်သည်။ ထိုရေတံခါးသို့ရောက်လျှင် အဆင့်ဆင့်လျှောချပေးသည်။ မီရာ ဖလော်ရီးရေတံခါးသည် သင်္ဘောအား ပစိဖိတ်သမုဒ္ဒရာရေပြင်နှင့် တညီတည်းရှိလေအောင် လျှောချပေးလေသည်။ သင်္ဘောတစ်စင်းသည် တူးမြောင်းကိုအစမှအဆုံးအထိ ဖြတ်သန်းရန် ခုနစ်နာရီမှ ရှစ်နာရီအထိမျှသာကြာလေသည်။

အဲ့ဒီသြဂီးကျူးဖွယ်ရာဖြစ်ခဲ့သောပနားမားတူးမြောင်း တူးဖော်အောင်မြင်မှုသည် အမေရိကန်ပြည်ထောင်စု၏ ဂုဏ်ယူဖွယ်ကောင်းသော စွမ်းဆောင်အောင်မြင်မှုတစ်ရပ်ဖြစ်သည်။ တိုက်ကြီးနှစ်တိုက်ကို ဆက်စပ်ထားသောကျွန်းဆက်ကိုဖြတ်၍ ရေလမ်းတစ်ခုဖောက်လုပ်ရန်ကို နှစ်ပေါင်းများစွာကပင် စိတ်ကူးကြံဆခဲ့ကြသော်လည်း အကောင်အထည်မပေါ်ခဲ့ချေ။ ၁၆ရာစုနှစ်အတွင်းက စပိန်ပြည့်ရှင် ဖာဒီနန်သည် ပနားမားကျွန်းဆက်ကိုဖြတ်၍ တူးမြောင်းဖောက်ရန်စဉ်စိတ်ကူးရခဲ့သူဖြစ်သည်။ ဖာဒီနန်၏ ရိုက်ရာကိုဆက်ခံသူ ဖိလစ်သည် နစ်ကရားဂွကိုဖြတ်၍ တူးမြောင်းဖောက်ရန်စဉ် စိတ်ကူးထုတ်ခဲ့လေသည်။ ၁၈၂၅ခုတွင် အမေရိကန်အစိုးရသည် ယင်းစိတ်ကူးကို စီမံကိန်းတစ်ခုရေးဆွဲ၍စဉ်းစားခဲ့သည်။ သို့သော် အကောင်အထည်မပေါ်ခဲ့ပေ။ ထိုနောက် ဟော်လန်နိုင်ငံနှင့် ဂရိတ်ဗြိတိန်သည်လည်းစဉ်းစားကြပြန်သည်။ သို့သော်မတတ်နိုင်၍ လက်လွှတ်ခဲ့ကြရလေသည်။ ကုမ္ပဏီတစ်ခုက စမ်းသပ်ဖောက်လုပ်ကြည့်သေးသော်လည်း ဒေါ်လာနှစ်သန်းကုန်ပြီးနောက်တွင် လက်လျှော့ရပြန်လေသည်။

၁၈၆၉ခုတွင် ဆူးအက်တူးမြောင်းကို တူးဖော်ပြီးစီးအောင်မြင်ပြီးသည့်နောက်တွင် ပြင်သစ်တို့သည် ဆူးအက်တူးမြောင်းကို ကြီးကြပ်တူးဖော်ခဲ့သူ ပြင်သစ်အင်ဂျင်နီယာ ဖာဒီနန်ဒလက်ဆက်အားဦးစီးစေ၍ ပနားမားတွင် တူးမြောင်းဖောက်ရန်စီစဉ်ခဲ့သည်။ ၁၈၈၈ခုတွင် လုပ်ငန်းစတင်ခဲ့သော်လည်း နောက်တစ်နှစ်တွင် ပိတ်လိုက်ရလေသည်။



ပစိဖိတ်သမုဒ္ဒရာနှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်ပေးသော ပနားမားတူးမြောင်းအတွင်း ပင်လယ်ကူးသင်္ဘောတစ်စင်း ဝင်လာစဉ်

www.myanmarspace.com.mm

လုပ်ငန်းရှင်ပစ်ရခြင်း၏အကြောင်းရင်းများမှာ တူးမြောင်း တူးဖော်ရေးကို အားပေးသူများထဲမှပင် မရိုးဖြောင့်မှုကြောင့် ငွေကြေးပစ္စည်းအယိုအဖိတ်များ၍ ကုမ္ပဏီမှာကြွေးတင်နေခြင်း၊ စရိတ်ကုန်လူပင်ပန်းဆင်းရဲသလောက်လုပ်ငန်း မတွင်ကျယ်ခြင်း၊ ထိုပြင် ထိုဒေသသည် ရှိုးညွှန်ချုံနွယ်ပိတ်ပေါင်းတို့ထူထပ်၍ စိုစွတ်ထိုင်မှိုင်းသဖြင့် အပူပိုင်းဇုန်တွင် ဖြစ်ပွားတတ်သည့် ကြောက်မက်ဖွယ်ကောင်းလှသောငှက်ဖျားရောဂါ၊ အဝါဖျားရောဂါတို့ကြောင့်နေ့ချင်းညချင်း ကြောက်ခမန်းလိလိ၊ တူးမြောင်းအလုပ်သမားများ ထောင်သောင်းချီ၍ သေကြေပျက်စီးခြင်းတို့ ဖြစ်လေသည်။

၁၈၉၈ ခုတွင် စပိန်နှင့်ဖြစ်ပွားခဲ့ရသောစစ်ရေးကြောင့် အတ္တလန္တိတ်ကမ်းခြေမှ ပစိဖိတ်ကမ်းခြေသို့ ခရီးတိုတို၊ အချိန်နည်းနည်းနှင့် ကူးသန်းဆက်သွယ်နိုင်မည့် ရေကြောင်းခရီး လိုအပ်ကြောင်းကို အမေရိကန်အစိုးရသည် သဘောပေါက်လာခဲ့သည်။ ထိုကြောင့် ဒေါ်လီခံရ၍ အလုပ်ရပ်ထားရသော ပြင်သစ်ကုမ္ပဏီထံမှ တူးဖော်ရေးပစ္စည်းများကို အမေရိကန် ဒေါ်လာ သန်းလေးဆယ်ဖြင့် ဝယ်ယူလိုက်သည်။ ထိုပြင် ၁၉၀၄ခုတွင် အတည်ပြုသော စာချုပ်အရ ပနားမားသမ္မတနိုင်ငံမှ ဖောက်လုပ်ရန်ရည်ရွယ်ထားသည့် တူးမြောင်း၏ အလျားအတိုင်း အနံ ၁၀ မိုင်အကျယ်အဝန်းရှိသော ဒေသကို အမေရိကန်အစိုးရက လွှဲပြောင်းယူသည်။ ယင်းသို့ လွှဲပြောင်းယူသည့်အတွက် ပနားမားနိုင်ငံအား အမေရိကန်က ရွှေဒင်္ဂါး၁၀သန်း ပေးရပြီးလျှင်၊ နှစ်စဉ်နှစ်တိုင်းလည်း မြေငှါးခသဘောဖြင့် ဒေါ်လာ ၂၅၀၀၀ ပေးရလေသည်။ ၁၉၃၉ခုနှစ်တွင် ဒေါ်လာဈေးကျသဖြင့် ဒေါ်လာ ၄၃၀၀၀ ပေးရန် အမေရိကန်အစိုးရက စာချုပ်ပြင်ဆင် အတည်ပြုခဲ့သည်။ တူးမြောင်းဖောက်ထားသောဒေသတစ်ဝိုက်ကို တူးမြောင်းဒေသဟု ခေါ်သည်။ အမေရိကန်အစိုးရသည် အင်ဂျင်နီယာကြီးဗိုလ်ချုပ်ဂျီဒဗျူဂိုထော်အား ကြီးကြပ်စေ၍ ပနားမားတူးမြောင်းကို တူးဖော်စေသည်။ အင်ဂျင်နီယာကြီးဂိုထော်သည် သဘာဝအနှောင့်အယှက်များဖြစ်သော ရှိုးညွှန်ဗွက်အိုင်များ၊ တောင်ကုန်းတောင်တန်းများ၊ မိုးများခြင်း စသည်တို့ကို အနိုင်အထက်ပြုကာ ကြိုးစားဆောင်ရွက်သည်။ သို့သော် ကြောက်စရာ ငှက်ဖျားရောဂါနှင့် အဝါဖျားရောဂါကို မနှိမ်နင်းနိုင်ခဲ့ပါလျှင် ပနားမားတူးမြောင်းကြီးသည် ထိုစဉ်က ပြီးမြောက်အောင်မြင်နိုင်ခဲ့မည်မဟုတ်ချေ။ ဝီလုံစီ ဂေါဂတ်အမည်ရှိသောဆရာဝန်ကြီးတစ်ဦးကဆိုခဲ့သော ရောဂါများဖြစ်ပွားစေတတ်သော အနိုဖလီးခြင်ကောင်များကို အကြီးအကျယ်နှိမ်နင်းပြီးသော် တူးမြောင်းဇုန်ဒေသကို ကျန်းမာရေးနှင့်ညီညွတ်အောင်ပြုပြင်ပေးခဲ့သဖြင့် လူအသေအပျောက် အုံ့ဩဖွယ်ရာလျော့နည်းသွားသည်။ ထို့ကြောင့် တူးမြောင်းကြီးတူးဖော်ရေး အင်ဂျီနီယာလုပ်ငန်းအတွက် ဂိုထော်အား ချီကျူးဂုဏ်ပြုကြရသကဲ့သို့ တူးမြောင်းတူးဖော်ရာ၌မရှိမဖြစ်သော အလုပ်သမားများ၏ကျန်းမာရေး၊ ထိုဒေသအဝိုက်ကျန်းမာရေးကို ဆောင်ရွက်ခဲ့သော ဂေါဂတ်အားလည်း ဂုဏ်ပြုချီးကျူးရမည်ဖြစ်သည်။ ၁၉၁၄ ခုနှစ်ထဲတွင် တူးမြောင်းကြီးပြီးစီးခဲ့၍၊ တကယ့်တကယ် ဆောက်လုပ်ရချိန်မှာ ခုနစ်နှစ်ဖြစ်သည်။ ကုန်ကျသော စရိတ်ကြေးငွေမှာ ဒေါ်လာ ၃၇၅-၂၀၀၀၀၀ ဖြစ်လေသည်။ သို့သော်သဘော်ဘဏ္ဍာဖြတ်သန်းကြေးများကို တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်း ၂၀ ခန့်မှ ၃၅ သန်းကျော်အထိ ရရှိလေသည်။

၁၉၁၄ ခုနှစ်အတွင်းမှစ၍ တူးမြောင်းကြီးထဲတွင် သင်္ဘောများ သွားလာနိုင်ခဲ့သော်လည်း ၁၉၂၀ ပြည့် ဇူလိုင် ၁၂ရက်နေ့တွင်မှ အမေရိကန်သမ္မတက အခမ်းအနားဖြင့် ဖွင့်လှစ်၍ အနိုင်နိုင်ငံမှ သင်္ဘောများကို သွားလာခွင့်ပြုခဲ့လေသည်။

တူးမြောင်းဒေသ၏အုပ်ချုပ်ရေးကို ယခုအခါ ပနားမားတူးမြောင်းကုမ္ပဏီက စီမံဆောင်ရွက်လျက်ရှိသည်။ တူးမြောင်းတူးဖော်စဉ်အတွင်းက ဂိုထော်သည် အင်ဂျင်နီယာလုပ်ငန်းသာမက ဇုန်နယ်အုပ်ချုပ်ရေးကိုပါတွဲကိုင်၍၊ဘုရင်ခံတစ်ဦးသဖွယ်ဆောင်ရွက်ခဲ့ရသည်။ သူ့နောက်ဆက်ခံသူများသည်လည်း အမေရိကန်ကြည်းတပ်အရာရှိကြီးများဖြစ်၍ အမေရိကန်သမ္မတက လေးနှစ်တစ်ကြိမ်ပြောင်းလဲခန့်အပ်သည်။ ယင်းတို့သည်တူးမြောင်းဒေသ၏ ဘုရင်ခံရာထူးနှင့်တူးမြောင်းကုမ္ပဏီဥက္ကဋ္ဌရာထူးနှစ်ခုလုံးကို ပူးတွဲထမ်းဆောင်ရလေသည်။ အုပ်ချုပ်ပုံစံနစ်မှာ ပနားမားနိုင်ငံ အုပ်ချုပ်ရေးနှင့် ဆင်ဆင်တူအောင် စီစဉ်ထားလေသည်။

ပနားမားတူးမြောင်းသည် အမေရိကန် ပြည်ထောင်စု၏ ကာကွယ်ရေးအတွက် အရေးပါသည်မှန်သော်လည်း၊ ကမ္ဘာ အရပ်ရပ်မှသင်္ဘောများကူးသန်းသွားလာရေးအတွက် အထောက်အပံ့တစ်ခုအဖြစ် ပိုမိုအရေးပါလေသည်။ ၁၉၁၄ ခု မှ ၁၉၅၁ခုအထိဖြစ်သော ၃၇ နှစ်မျှကာလအတွင်း ကုန်သင်္ဘောပေါင်း ၁၅၀၀၀၀ကျော် ဖြတ်သန်းသွားခဲ့ရာ၊ ဖြတ်သန်းကြေး ဒေါ်လာ ၆၃၇၈၆၀၀၀ ကျော် ရရှိခဲ့လေသည်။

ပနားမားနိုင်ငံ။ ။ပနားမားနိုင်ငံသည် မြောက်အမေရိကတိုက်နှင့်တောင်အမေရိကတိုက်ကို ဆက်သွယ်ထားသော ပနားမားကျွန်းဆက် တခုလုံးပင်ဖြစ်၏။ မြောက်ဘက်၌ ကယ်ရစ်ဗျန်ပင်လယ်၊ တောင်ဘက်၌ ပစိဖိတ်သမုဒ္ဒရာ၊ အရှေ့ဘက်၌ ကိုလုံးဗီးယားနိုင်ငံနှင့်အနောက်ဘက်၌ ကော်စတာရီးကားနိုင်ငံတို့ရှိကြသည်။ ပနာမားနိုင်ငံကို ပနား

www.foreverspace.com.mm

ပနားမားသမ္မတနိုင်ငံ မြို့တော်ဖြစ်သော ပနားမားမြို့၏ ရှုခင်းတစ်ရပ်

မားတူးမြောင်းကနစ်ပိုင်းခွဲခြားထား၍ တစ်နိုင်ငံလုံး၏ အကျယ်မှာ စတုရန်း မိုင်ပေါင်း ၂၈၅၇၅မိုင်ရှိ လေသည်။

ပနားမားနိုင်ငံသည် တောင်အမေရိကတိုက်တွင် ရှေးအကျဆုံးနယ်တစ်နယ်ဖြစ်ခဲ့၏။ ၁၅၀၃ခုတွင် ကိုလံဘတ်သည် ပနားမာသို့ ရောက်ခဲ့၏။ ပနားမားသည် စပိန်ပိုင် ကိုလိုနီနယ်တစ်ခု ဖြစ်ခဲ့ရာမှ၊ ၁၈၂၁ ခုတွင် လွတ်လပ်ရေး

ပနားမားသမတနိုင်ငံ တည်နေရာပြမြေပုံ

ကြေညာ၍ အိမ်နီးချင်းနိုင်ငံဖြစ်သော ကိုလုံးဗီးယားသမ္မတနိုင်ငံနှင့် ပူးပေါင်းခဲ့သည်။ သို့ရာတွင် ကိုလုံးဗီးယားနှင့် ပနားမားတို့၏ဆက်ဆံမှုသည် မပြေပြစ်ခဲ့ချေ။ ၁၉၀၃ ခုနှစ်တွင် ပြင်သစ်တူးမြောင်းကုမ္ပဏီ၏ အခွင့်အရေးများကို အမေရိကန်ပြည်ထောင်စုအားလွှဲပေးရန် ကိုလုံးဗီးယား အထက်လွှတ်တော်ကငြင်းပယ်သောအခါ၊ ပနားမားနယ်သားများသည် ကိုလုံးဗီးယားမှခွဲထွက်၍ ၁၉၀၃ ခုနှစ် နိုဝင်္ဘာလ ၃ ရက်နေ့တွင် လွတ်လပ်ရေး ကြေညာလေသည်။ဤသို့ ကြေညာပြီးနောက် ဆယ်ရက်မြောက်သော နိုဝင်ဘာလ ၁၃ ရက်နေ့၌ ပနားမားမှကိုယ်စားလှယ်တစ်ဦးသည် ဝါရှင်တန်မြို့တော်သို့ လာရောက်ပြီးလျှင်အမေရိကန်ပြည်ထောင်စုက ပနားမားနယ်ကို အသိအမှတ်ပြုရန် တောင်းဆိုခဲ့၏။ ထိုအချိန်မှစ၍ ပနားမားနယ်သည် သမ္မတနိုင်ငံအဖြစ်သို့ရောက်ခဲ့လေသည်။

သမ္မတနိုင်ငံသစ်ဖြစ်သော ပနားမားသည် အမေရိကန်ပြည်ထောင်စုနှင့် ၁၉၀၃ ခုနှစ်နိုဝင်ဘာလ ၁၈ ရက်နေ့၌ စာချုပ်တစ်ရပ်ချုပ်ဆိုသည်။ ထိုစာချုပ်အရ၊ အမေရိကန်ပြည်ထောင်စုသည် တူးမြောင်းရပ်ဝန်းတစ်ဝိုက်ကို အသုံးပြု

www.foreverspace.com.mm

ပနားမားသမ္မတနိုင်ငံသူတို့၏ ဆင်ယင်ထုံးဖွဲ့မှုသည် စပိန်ယဉ်ကျေးမှု ဖက် နွယ်လျက်ရှိသည်။

နိုင်ခွင့်ရလေသည်။ ထိုပြင် တူးမြောင်း၏ တဖက်တချက် ၅ မိုင်အတွင်းရှိနယ်မြေတို့ကို အမေရိကန် ပြည်ထောင်စုကအုပ်ချုပ်ပိုင်ခွင့် ရှိလေသည်။

ပနားမားနိုင်ငံ၏ ရာသီဥတုသည် အပူပိုင်းဇုန် ရာသီဥတုမျိုးဖြစ်၏။ နေ့အခါတွင် အလွန်ပူ၍၊ ညဉ့်အခါတွင် အတန်မျှအေးသည်။ စိုစွတ်သော ရာသီနှင့် ခြောက်သွေ့သောရာသီဟု ရာသီနှစ်မျိုးသာရှိ၍၊ ဧပြီလမှ ဒီဇင်ဘာလ အထိရာသီမှာ စွတ်စိုသောရာသီ ဖြစ်လေသည်။

ပနားမားနိုင်ငံ၏လူဦးရေသည် ၁၉၅၀ပြည့်နှစ် သန်းခေါင်စာရင်းရ ၈၀၅၅၅ ယောက်ဖြစ်၏။ ၁၉၅၅ ခုနှစ်ခန့် မှန်းခြေအရမှာ ၈၆၁၉၀၀ ယောက်ဖြစ်သည်။ ထိုလူဦးရေတွင် များသောအားဖြင့် စပိန်လူမျိုးနှင့်ပနားမားနယ် ဇာတိသားဖြစ်သော တိုင်းရင်းသားတို့က လူများစု အဖြစ်ဖြင့်ပါဝင်ကြသည်။ သို့သော် နီးဂရိုးလူမျိုးနှင့် အာရှတိုက်သားများလည်းရှိလေသည်။ ပနားမားနိုင်ငံ၏ မြို့တော်မှာ ပနားမားမြို့ဖြစ်၏။

ပနားမားနိုင်ငံသည် မြေသြဇာအလွန်ထက်သန်၍ ရာသီဥတုလည်းကောင်းမွန်သောကြောင့် သစ်သီးဝလံအမျိုးမျိုးကို စိုက်ပျိုးနိုင်၏။ အရေးကြီးသောထွက်ကုန်များမှာ ငှက်ပျောသီး၊ အုန်းသီး၊ ဆေး၊ ကိုကိုး၊ ကာဖီ၊ ကော်ဖတ်နှင့် သားရေများ ဖြစ်လေသည်။ အဖိုးတန် သစ်သားများနှင့် ကော်ဖတ်များလည်းထွက်သည်။ ကျွဲနွားမွေးမြူရေးနှင့် ပုလဲငုပ်သော လုပ်ငန်းများလည်း ရှိလေသည်။

ပနားမားတူးမြောင်းကို အောင်မြင်စွာဖောက်လုပ်နိုင်ခဲ့သဖြင့် ပစိဖိတ်နှင့်အတ္တလန္တိတ် ပင်လယ်ရေကြောင်း သွားလာရေးတွင် ပနားမားသမ္မတနိုင်ငံသည် အရေးပါသော နိုင်ငံတစ်ခုဖြစ်၍လာသည်။

www.foreverspace.com.mm

ရှေးခေတ်အီဂျစ်လူမျိုးတို့၏ ပေချပ်တစ်ခု

ပဝိုင်းရပ်ပင် ။ ။ပဝိုင်းရပ်ပင်သည် ကျူပြင်နှင့်တူသော အပင်တစ်မျိုး ဖြစ်၍၊ရုက္ခဗေဒအလိုအားဖြင့် 'ဆိုင်ပီယာ ရေးစီအီး' မျိုးရင်းတွင် ပါဝင်သည်။ ယင်း၏ ရုက္ခဗေဒ အမည်မှာ 'ဆိုင်ပီးရပ် ပဝိုင်းရပ်' ဖြစ်သည်။ ရှေးအခါက ပဝိုင်းရပ်ပင်များကို အီဂျစ်နိုင်ငံ၊ နိုင်းမြစ်ဝှမ်းတစ်လျှောက်၌ အများအပြားစိုက်ပျိုးခဲ့ကြသည်။ အီဂျစ်လူမျိုးတို့သည် ပဝိုင်းရပ်ပင်မှရသောအမျှင်များကို အပြားအချပ်လုပ်၍၊ ထိုအပြားအချပ်တို့အပေါ်၌စာရေးသားကြသည်။ ရှေးခေတ်နိုင်ငံသမိုင်းများကို ရှာဖွေလေ့လာရာတွင် အီဂျစ်နိုင်ငံ၏ အတိတ်အဖြစ်အပျက်များ မှတ်သားထားသည့်ပဝိုင်းရပ်စာခွေအများအပြားကို တွေ့ရှိကြသည်။ ထိုပဝိုင်းရပ်စာခွေများကိုပြုလုပ်နည်းမှာ ဤသို့ဖြစ်၏။ ပဝိုင်းရပ်အတွင်းသားအူတိုင်များကို အထပ်ထပ်စီပြီးလျှင် အပေါ်မှအလေးဖြင့်ဖိထားရသည်။ သို့ဖိထားသောအခါ အူတိုင်သားသည် ပြားကပ်သွားကာ စာရေးရန်လွယ်ကူလာသည်။ လတ်လတ်ဆတ်ဆတ်ဖြစ်ပါမူ ပဝိုင်းရပ်ချပ်သည် ဖြူ၍နေသည်။ ကြာလျှင်သော်ကား ညိုရှိုးကြွပ်ဆတ်သွားတတ်သည်။

ယခုအခါ ပဝိုင်းရပ်ပင်များကို နိုင်းမြစ်၏ အထက်ပိုင်း၌သာ တွေ့ရှိရတော့၏။ ပဝိုင်းရပ်ပင်သည် ၃ ပေမှ ၁၂ ပေအထိမြင့်၏။ ရိုးတံမှာဖြောင့်၍၊ အရင်း၌ လက်မောင်းလုံးခန့်ရှိ၏။ အရွက်များကား ကြမ်း၍ရှု၏။ အပွင့်ကလေးများတွင်လည်း မွေးကြမ်းကလေးများဖုံးနေသည်။ ပဝိုင်းရပ်ပင်၏ရိုးတံများကို ငယ်လျှင် ခြားတောင်းများရက်လုပ်ရ၍၊ ကြီးလျှင်လေ့စပ်၍ရသည်။ အူတိုက်ကိုကား စာခွေပြုလုပ်ရသည့်အပြင်၊ အစာရေစာခေါင်းပါးသောကာလ၌ ယင်းကို စားသုံးနိုင်သည်။ အမြစ်ကို အခြောက်လှန်းပြီးသော် ထင်းအဖြစ်လည်းသုံးစွဲနိုင်သည်။ ရိုးတံမှ အမျှင်များကို ဖျာ၊ ရွက်ထည်၊ ဖိနပ် စသည်တို့ပြုလုပ်ရ၏။ အီဂျစ်လူမျိုးတို့သည် ထိုအပင်မှအပွင့်ကလေးများကို အီဂျစ်နတ်များအား တင်ဆက်လေ့ရှိကြလေသည်။

ဆည်းပူးသင့်သည့် အခြေခံပညာ

ပမာဏသင်္ချာသည် အရာဝတ္ထုတို့၏ အလျား၊ မျက်နှာပြင် အကျယ်အဝန်းနှင့်ထုထယ်တို့ကိုတိုင်းတာသော အခြေခံသင်္ချာ ပညာရပ်ဖြစ်၍ လူတိုင်းလေ့လာသင့်သည်။ ဤအကြောင်းရပ်တွင် ပုံသေတွက်နည်းများဖြင့် ဝေဝေဆာဆာဖော်ပြထားသည်။

ပမာဏသင်္ချာ။ ။(ဤပမာဏသင်္ချာအကြောင်းရပ်တွင် သုံးစွဲရသောအင်္ဂလိပ်နှင့် ပရိသင်္ကေတအမှတ်အသားများသည် ကမ္ဘာတဝန်းလုံး၌အများသုံးသင်္ကေတ အမှတ်အသားများဖြစ်သေကြောင့် ထိုသင်္ကေတတို့နှင့်စပ်လျဉ်းသမျှကို အင်္ဂလိပ်နှင့်ဂရိသုံးအက္ခရာများအတိုင်း ထားရှိပါသည်။) အလျား၊ဧရိယာ၊ (၀၊ အကျယ်အဝန်း) ထုထယ်စသည်တို့ကို တိုင်းသောသင်္ချာကို ပမဏသင်္ချာဟုခေါ်သည်။ ဤသင်္ချာကို လေ့လာရာတွင် ပုံသေတွက်နည်းများကို အသုံးပြု၍ တွက်ချက်ရသည်။ ပုံသေတွက်နည်းများကို တွက်ချက်ယူသည့်နည်းနှင့် သက်သေ ပြသည့်နည်းများမှာမူကား အများအားဖြင့်ဂျီသြမေတြီ၊ ကြိုဂိုနိုမေတြီ၊ ကာကုလပ်စသည့် သင်္ချာရပ်များနှင့်သာသက်ဆိုင်သည်။

ပေ၊ ယာဒ်၊ မီလီမီတာ၊ စင်တီမီတာ အစရှိသည့်အနက်တစ်ခုခုကို အလျားတိုင်းဧကမူအဖြစ်ဖြင့် ရွေးချယ်၍ ဧရိယာကိုတွက်ယူသောအခါ ဧရိယာတိုင်းဧကမူသည် အလျားတိုင်းဧကမူ၏ စတုရန်းဖြစ်သည်။ ပြယုဂ်အားဖြင့် အလျားတိုင်းဧကမူသည် လက်မဖြစ်လျှင်၊ ဧရိယာမှ စတုရန်းလက်မဖြစ်သည်။ ဤနည်းတူ အလျားသည် စင်တီမီတာဖြစ်လျှင်၊ ဧရိယာသည် စတုရန်းစင်တီမီတာဖြစ်သည်။ ထောင့်မှန်စတုဂံ၏ ဧရိယာကိုတွက်ယူလိုသောအခါ A=L

www.facebookspace.com.mm

x B တည်းပူသော ပုံသေတွက်နည်းဖြင့် တွက်ယူရသည်။ ဤနေရာ၌ A မှာ ဧရိယာ၊ L မှာ အလျား၊ B မှာ အနံ ဖြစ်သည်။

ပုစ္ဆာ။ ။စားပွဲတစ်ခု၏ မျက်နှာပြင်သည် အလျား ၈ပေ၊ အနံ ၆ပေရှိလျှင်၊ ထိုစားပွဲမျက်နှာပြင်၏ ဧရိယာကိုရှာပါ။



ပုံ (က)



အနားပြိုင်စတုဂံ၏ ဧရိယာ=အခြေ x အမြင့် (ဤပုံသေနည်း မည်သို့ဖြစ်ပေါ်လာသည်ကို သိလိုလျှင်၊ ဆိုင်ရာဂျီသြမေတြီအဆိုနှင့် သက်သေပြချက်ကို ကြည့်ပါ။)

တြီဂံတစ်ခု၏ဧရိယာကို ရှာလိုသောအခါ အခြေပေါ်သို့





တွက်နည်း။ ။ပုံသေနည်းအရ

A = L x B

=၈x၆

= ၄၈ စတုရန်းပေ။

ဤပုစ္ဆာကို အခြားတစ်နည်းအားဖြင့်လည်း တွက်ယူနိုင်သည်။ ပုံ(က)တွင် ပြထားသည့်အတိုင်း၊ စားပွဲ၏ပုံကို ရေးဆွဲပြီးလျှင်၊ စားပွဲတွင် စတုရန်းတစ်ပေစီရှိသော အကွက်များကို ဖော်ပါ။ တစ်ပေပတ်လည် အကွက်ပေါင်း ၈ကွက် ရှိသည့် အတန်း ၆ တန်းရှိသဖြင့် ဧရိယာမှာ ၈ x ၆=၄၈ စတုရန်းပေ ရှိကြောင်းသိရ၏။

ဧရိယာတွက်နည်းတွင် ဧရိယာ၊ အလျား၊ အနံဟူ၍ သုံးမျိုး ရှိလေရာ၊ အကယ်၍ ဤသုံးမျိုးအနက် နှစ်မျိုးကို ပေးထားလျှင်၊ ကျန်တစ်မျိုးကို တွက်ချက်ရှာဖွေနိုင်သည်။ အထက်ပါ ပုစ္ဆာတွင် ဧရိယာနှင့် စားပွဲ၏အနားတစ်ဖက်ကို ပေးထားလျှင်၊ ဧရိယာကို ပေးထားသည့်ဖက်နှင့် စားသော် ကျန်အနားတစ်ဖက်ကိုရသည်။

ပုစ္ဆာ။ ။စားပွဲ၏ ဧရိယာသည် စတုရန်း ၄၈ ပေဖြစ်၍ အနံသည် ၆ ပေဖြစ်လျှင် အလျားကို ရှာပါ

တွက်နည်း။ ။အလျား=ဧရိယာ/အနံ=၄၈/၆= ၈ပေ။ အနားပြိုင်စတုဂံဆိုသည်မှာ မျက်နှာချင်းဆိုင်အနားများ ပြိုင်လျက်ရှိသောစတုဂံဖြစ်သည်။ ယင်း၏ဧရိယာကို အောက်ပါနည်းအတိုင်း တွက်ချက်ရရှိနိုင်သည်။ အနားပြိုင်စတုဂံတွင် အထက်နှင့်အောက်ရှိအနားတစ်ဖက်တစ်ချက်စီကိုအခြေဟုယူဆနိုင်သည်။ ဤအနားနှစ်ဘက်ကြားတွင်ရှိသော ထောင့်မတ်မျဉ်းမှာ အနားပြိုင်စတုဂံ၏အမြင့်ဖြစ်သည်။

www.forewarspace.com.mm

မျက်နှာချင်းဆိုင်ထောင့်မှ ထောင့်မတ်မျဉ်းတစ်ကြောင်းကို ရေးဆွဲရသည်။ ထောင့်မတ်မျဉ်းသည် တြိဂံ၏အမြင့်ဖြစ်လေရာ တြိဂံ၏ဧရိယာကို
"ဧရိယာ=အခြေ x အမြင့် / ၂" ဟူသော ပုံသေတွက်နည်းဖြင့် တွက်ယူနိုင်သည်။
(ဤသို့သောပုံသေတွက်နည်းများ မှန်ကြောင်းပြသည့်ဆိုင်ရာ ဂျီသြမေတြီအဆိုနှင့် သာဓကပြချက်များရှိ၏။) ट्रापီးဇီယမ်ဆိုသည်မှာ အနားနှစ်ဖက်သာပြိုင်လျက်နေသော စတုဂံဖြစ်သည်။ ပုံတွင်ပြထားသည့် A B C D ခေါ်



ट्रापီးဇီယမ်၏ ဧရိယာသည် တြိဂံ A B C နှင့် A C D တို့၏ ဧရိယာနှစ်ခုပေါင်းခြင်းနှင့် ညီမျှသည်။ ထိုကြောင့် A B CD ၏ ဧရိယာသည် AB x DM / ၂ + CD x AN / ၂ နှင့်ညီသည်။ သို့ရာတွင် ဂျီသြမေတြီ သာဓကအရ အမြင့် DM =အမြင့် AN

ထို့ကြောင့် ट्रापीးဇီယမ်၏ဧရိယာ
= AB အမြင့် / ၂ + CD အမြင့် / ၂
= အမြင့် x (AB / ၂ + CD / ၂)
= အမြင့် x ((AB + CD) / ၂)
= အမြင့် x အနားပြိုင်နှစ်ခုပေါင်းခြင်း / ၂

စက်ဝိုင်း

စက်ဝိုင်းတစ်ခုတွင် စက်ဝန်းသည် အချင်း၏ π ဆနှင့် ညီသည်။ π ၏ တန်ဖိုးမှာ ၃.၁၄၁၆ ဖြစ်သည်။ အကယ်၍ d သည် စက်ဝိုင်း၏အချင်းဖြစ်လျှင် စက်ဝန်းသည် π^d နှင့် ညီသည်။

စက်ဝိုင်း၏ စက်ဝန်း= π^d

ပုစ္ဆာ။ ။ဘီးတစ်ဘီး၏ အချင်းဝက်သည် ၃ ပေရှိလျှင် ထိုဘီး၏ စက်ဝန်းကို ရှာပါ။

တွက်နည်းကား။ ။အထက်ပါ ပုံသေနည်းအရဖြစ်သည်။
စက်ဝန်း=(၃ x ၂) ၃.၁၄၁၆ = ၁၈.၈၄၉၆ ပေ။
(π သည် သာမန်ကိစ္စများအတွက်၊ ၃ ၁/၇ သို့မဟုတ် ၂၂/၇ နှင့် အတူတူပင်ဖြစ်သည်ဟု ယူဆနိုင်ပါသည်။)

စက်ဝိုင်း၏ဧရိယာကို အကြမ်းဖျင်းအားဖြင့် အောက်ပါနည်းအတိုင်း ရှာယူနိုင်သည်။ စက်ဝိုင်းတစ်ခုကို ဆွဲပြီးလျှင် စက်ဝိုင်းကို ပုံတွင် ပြထားသည့်အတိုင်း အလွန်သေးငယ်သော စက်ဝိုင်းစိတ်များဖြစ်အောင် ပိုင်းဖြတ်ပါ။ ထိုနောက် ဤစက်ဝိုင်းစိတ်များကို စက္ကူမှဖြတ်ယူပြီးလျှင် အခြားစက္ကူတစ်ရွက်ပေါ်တွင် (စက်ဝိုင်း အောက်၌ ပြထားသည့် ပုံမျိုးရရှိအောင်)ကော်ကပ်ပါ။



စက်ဝိုင်းစိတ်များကို အလွန်သေးငယ်အောင်ပိုင်းဖြတ်ထားပါက၊ ဤသို့ ကပ်၍ရသောပုံသည် အကြမ်းအားဖြင့် အနားပြိုင်စတုဂံနှင့် တူပေမည်။ ဤအနားပြိုင်စတုဂံ၏ အထက်နှင့်အောက် အနားအသီး သီးသည် စက်ဝန်း၏ တစ်ဝက် (π^d / ၂ သို့မဟုတ်(π^r) နှင့်ညီသည်။ စက်ဝိုင်းစိတ်များမှာ အလွန်သေးငယ်သဖြင့် အနားပြိုင်စတုဂံ၏အမြင့်သည် စက်ဝိုင်း၏ အချင်းဝက်ပင်ဖြစ်သည်ဟု ယူဆနိုင်ပေသည်။

ထိုကြောင့် စက်ဝိုင်း၏ ဧရိယာ = အနားပြိုင် စတုဂံ၏ ဧရိယာ = π r x r = πr^2 (r သည် စက်ဝိုင်း၏ အချင်းဝက်ဖြစ်သည်။)

ဥဒါဟရဏ်အားဖြင့် အချင်းဝက်လေးလက်မရှည်

www.foreverspace.com.mm

သောစက်ပိုင်း၏ ဧရိယာသည် π ၄^{2} ဖြစ်သည်။ π ၄^{2} = ၃.၁၄၁၆ x ၁၆ စတုရန်းလက်မ။

ထုထည်တိုင်းတာနည်း

ထောင့်မှန်တစ်ခုစတုဂံ၏ဧရိယာမှာ (အလျား x အနံ) ဖြစ်ကြောင်းသိရပြီ။ ထောင့်မှန်စတုဂံပုံရှိသောအရာဝတ္ထုတို့၏ထုထည်ကိုရှာလိုလျှင်၊ အထက်ပါဧရိယာကို အမြင့်နှင့်မြှောက်ရသည်။ အဘယ်ကြောင့်ဆိုသော် ပုံတွင်ပြထားသည့်အတိုင်း AB ဟူသောပျဉ်ပြားတွင် ကုဗလက်မ ၁၂ခု ရှိ၍ ဤပျဉ်းပြားမျိုး ၅ ခုထပ်လျက်ရှိသောကြောင့်တည်း။



ထုထည် = ၁၂ x ၅ = (ဧရိယာ x အမြင့်)။ အလျား ဧကမူသည် လက်မဖြစ်လျှင် ထုထည်သည် ကုဗလက်မ ဖြစ်သည်။ အလျာအနံတိုင်းရာ၌ ပေတံကို အသုံးပြုခဲ့လျှင်၊ ထုထည်သည် ကုဗပေဖြစ်လာသည်။

ပုစ္ဆာ။ ။ရေတိုက်ကီတစ်လုံးသည် အလျား ၆ ပေ အနံ ၄ ပေ အမြင့် ၃ ပေ ရှိလျှင်၊ ထိုရောတိုက်ကီ၏ ထုထည်ကိုရှာပါ။

တွက်နည်း။ ။ရေတိုင်ကီ၏ ထုထည် = အလျား x အနံ x အမြင့် = ၆ x ၄ x ၃ = ၇၂ ကုဗပေ။

ပုစ္ဆာ။ ။ထုထည် ၁၁၅၂ ကုဗပေလက်မရှိသော ရေပုံးသည် အလျား ၁၆ လက်မ အနံ ၆ လက်မရှိလျှင် ထိုပုံသည် မည်မျှ မြင့်သနည်း။

တွက်နည်း။ ။ထုထည် = အလျား x အနံ x အမြင့် ထို့ကြောင့် အမြင့် = ထုထည် / (အလျား x အနံ)= ၁၁၅၂ / (၁၆ x ၆)= ၁၂ လက်မ။



ကျွန်ုပ်တို့သည် ABCD အမည်ရှိသောထောင့်မှန်စတုဂံ၏ အနား BC ကို ရွှေ့မသွားအောင်ဖိထားပြီးလျှင် အနား AD ကို စက်ဝိုင်းတစ်ပတ်ပြည့်အောင် လှည့်သောအခါ ဆင်လင်ဒါပုံကိုရရှိသည်။ ဆလင်ဒါ၏ ထုထည်ကို တွက်လိုသောအခါ၊ ဆလင်ဒါ၏အခြေဧရိယာကို အမြင့်ဖြင့်မြှောက်ရသည်။ ဆလင်ဒါမျက်နှာပြင်၏ ဧရိယာသည် ဆလင်ဒါအထက်နှင့် အောက်ရှိ စက်ဝိုင်းတို့၏ဧရိယာနှင့် ဆလင်ဒါဘေးပတ်လည်ခုံးနေသောမျက်နှာပြင်ဧရိယာတို့၏ ပေါင်းရကိန်းနှင့် ညီသည်။ ဆလင်ဒါ ဘေးပတ်လည်ရှိခုံးနေသည့် မျက်နှာပြင်၏ဧရိယာကိုသိလိုလျှင်၊ ဦးစွာနို့ဆီဘူးကဲ့သို့သောဘူးတခုကို စိတ်ထဲတွင် ဘေး၌ရှိသော အဆက်ကြောင်းတစ်လျှောက် ညီနေအောင်ဖြတ်၍ ဖြန့်ပါ။ ထိုအခါ ထောင့်မှန်စတုဂံပုံပေါ်လာပေမည်။ ထိုနောက် ထိုစတုဂံ၏ အထက်နှင့်အောက်အနားသည် မူလဘူးတွင်ရှိသော စက်ဝန်းနှင့်တူညီသည်ကိုလည်းကောင်း၊ အခြားအနားနှစ်ဖက်သည် ဘူး၏အမြင့်နှင့် တူညီသည်ကိုလည်းကောင်း တွေ့မြင်လာပေမည်။

ထိုကြောင့် ဆလင်ဒါမျက်နှာပြင်တစ်ခုလုံး၏ဧရိယာ = ဆလင်ဒါထိပ်နှင့် အခြေတို့၏ ဧရိယာ = ဆလင်ဒါထိပ်နှင့် အခြေတို့၏ ဧရိယာ + ဆလင်ဒါဘေးရှိ မျက်နှာပြင်ခုံး၏ ဧရိယာ = ၂ πr^{2} + (၂ π r x 1)

= ၂ π r (r x 1)

(R သည် အချင်းဝက်ဖြစ်၍ 1သည် အမြင့်ဖြစ်သည်)။

ပုစ္ဆာ။ ။ဆလင်ဒါတစ်ခုတွင် အခြေသို့မဟုတ် ထိပ်၏ အချင်းဝက်သည် ၅လက်မရှိ၍ ဆလင်ဒါ၏ မျက်နှာပြင်သည် ၄၄၀ စတုရန်းလက်မရှိလျှင် အမြင့်ကိုရှာပါ။

တွက်နည်း။ ။2 πr (r x 1)= ဆလင်ဒါ၏ မျက်နှာပြင်

၂ x ၂၂ / ၇ x ၅ (၅+1) = ၄၄၀

www.foreverspace.com.mm

၅ + ၁ = (၄၄၀ x ၇) / (၂ x ၂၂ x ၅) = ၁၄
၁ = ၁၄–၅ = ၉ လက်မ ဖြစ်သည်။

ဆလင်ဒါထုထည်။ ။ဆလင်ဒါ၏ထိပ် သို့မဟုတ် အခြေကို အမြင့်နှင့်မြှောက်လျှင် ထုထည်ကိုရသည်။ အကယ်၍ ဆလင်ဒါ၏အချင်းဝက်သည် rဖြစ်၍ lသည် အမြင့်ဖြစ်လျှင် ဆလင်ဒါ၏ ထုထည် သည် $\pi r^2 l$ နှင့်ညီမျှသည်။

ပုစ္ဆာ။ ။အနက် ၂၈ပေ အချင်းဝက် ၅ပေရှိသောရေတွင်း တစ်တွင်းကိုတူးလျှင် မြေမည်မျှကို ထုတ်ပစ်ရမည်နည်း။

တွက်နည်း။ ။ဆလင်ဒါ၏ ထုထည် = $\pi r^2 l$

$\pi r^2 l$ = (၂၂ / ၇) x (၅ x ၅) x ၂၈
= ၂၂၀၀ ကုဗပေပေါင်း။

ပရစ်ဇမ်။ ။ပရစ်ဇမ်ဆိုသည့် အရာဝတ္ထုတွင် ထိပ်နှစ်ဖက်ရှိ မျက်နှာချင်းဆိုင်အနားများသည်ညီ၍ တစ်ခုနှင့်တစ်ခုပြိုင်



လျက်ရှိကြပြီးလျှင် ဘေးမျက်နှာပြင်များသည် အနားပြိုင် စတုဂံများဖြစ်ကြသည်။ အကယ်၍ ပရစ်ဇံ၏ထိပ်နှစ်ဖက်သည် တြိဂံဖြစ်လျှင်ယင်းကို တြိဂံပရစ်ဇမ်ဟုခေါ်၍ ဆဋ္ဌဂံဖြစ်လျှင် ဆဋ္ဌဂံပရစ်ဇမ်ဟု ခေါ်လေ့ရှိသည်။

ပရစ်ဇမ်မျက်နှာပြင်၏ ဧရိယာကို ရှာနည်း

ပရစ်ဇမ် မျက်နှာမြင့်၏ ဧရိယာ = ထိပ်နှစ်ဖက်၏ ဧရိယာ + နံဘေးရှိ မျက်နှာပြင် အားလုံးပေါင်း၏ ဧရိယာ။

ထုထည်ကိုရှာနည်း။ ။ပရစ်ဇမ်၏ အခြေဧရိယာနှင့် တူညီသောစက္ကူချပ်အမြောက်အမြားကို တခုပေါ်တစ်ခုထပ်၍ ထားလျှင် ထိုစက္ကူအပုံသည် ပရစ်ဇမ်ပုံသဏ္ဌာန်ရှိ လာပေသည်။ ထိုကြောင့် ပရစ်ဇမ်၏ ထုထည် = အခြေ၏ ဧရိယာ x ပရစ်ဇမ်၏အမြင့်။

မှတ်ချက်။ ။ပရစ်ဇမ် ထိုင်သောအခြေ၏ အနားများကို တိုသည်ထက်တိုအောင် ပြုလုပ်သွားလျှင်၊ နောက်ဆုံး၌ ထိုပရစ်ဇမ်သည် ဆလင်ဒါ ဖြစ်လာပေသည်။

ပိရမစ်။ ။ပိရမစ်ခေါ်သော ခေါင်းပိတ်ဝတ္ထုတွင် ဗဟုဂံ အခြေရှိ၍၊ တြိဂံပုံသဏ္ဌာန်ရှိ ဘေးမျက်နှာပြင်များသည် အခြေနှင့် တစ်ပြင်တည်းမဟုတ်သော နေရာတွင် တွေ့ဆုံကြသည်။ ပိရမစ်၏ ဘေးမျက်နှာပြင်များတွေ့ဆုံသော နေရာကို ထောင့်ထွတ်ဟုခေါ်သည်။



ပုံတွင်ပြထားသည့်အတိုင်း အံ့စာတုံးတစ်ခုကို စိတ်ထဲ၌မှန်းဆ၍ ထိုအံ့စာတုံး၏ဗဟိုကို ထောင့်စွန်းများနှင့်ဆက်ကြည့်လျှင်၊ အရွယ်တူပိရမစ်ခြောက်ခုပေါ်လာပေမည်။ ထိုပိရမစ်တို့၏အမြင့်သည် အံ့စာတုံး၏အမြင့်တစ်ဝက်သာဖြစ်၍၊ ပိရမစ်အသီးသီး၏ထုထည်သည် အခြေဧရိယာကိုအမြင့်၏

www.foreverspace.com.mm

သုံးပုံတစ်ပုံနှင့်မြှောက်၍ရသော မြှောက်လဒ်နှင့် ညီမျှသည်။ အကြောင်းကို ဤသို့ ရှင်းလင်းပါအုံ။

အံ့စာတုံး အမြင့် = ½h လက်မဖြစ်လျှင်

ပိရမစ်၏ အမြင့် = h လက်မဖြစ်သည်။

အံ့စာတုံး ထုထည်= ½h x ½h x ½h

=½h x (½h x ½h)

= ½h x အခြေဧရိယာ

သို့သော် အံ့စာတုံး= ပိရမစ် ၆ ခု

ထို့ကြောင့် ပိရမစ်တခု= (½h x အခြေဧရိယာ) / ၆

= ၁/၃h x အခြေဧရိယာ

ပိရမစ်၏ ထုထည် = ၁/၃ အမြင့် x အခြေဧရိယာ။

ပိရမစ်မျက်နှာပြင်၏ဧရိယာသည် အခြေဧရိယာနှင့် ဘေးပတ်လည်ရှိ တြိဂံဧရိယာတို့၏ ပေါင်းရကိန်းနှင့် ညီသည်။

အဝိုင်းထုချွန်။ ။အဝိုင်းထုချွန်ကို အင်္ဂလိပ်လို 'ကုန်း'ဟုခေါ်သည်။ ပုံတွင်ပြထားသော ABC ခေါ် ထောင့်မှန်တြိဂံ၏ AB အနားကို တည်မြဲအောင်ထား၍၊ AC ကို လှည့်လိုက်လျှင် အဝိုင်းထုချွန်ကိုရသည်။ အဝိုင်းထုချွန်၏အခြေအနားကို အလွန်သေးငယ်၍ ညီမျှသောအစိတ်အပိုင်းငယ်များဖြစ်အောင်ခွဲစိတ်ပြီးလျှင်၊ ထောင့်ထွတ်နှင့် အစိတ်အပိုင်းအသီးသီး၏ အဆုံးနှစ်ခုတို့ကို မျဉ်းဖြောင့်များဖြင့်ဆက်လိုက်လျှင်တြိဂံငယ်များကိုရရှိလာမည်။ ဤတြိဂံငယ်တို့၏စုစုပေါင်းဧရိယာသည် အဝိုင်းထုချွန်တွင် ခုံးနေသောမျက်နှာပြင်၏ဧရိယာပင်ဖြစ်မည်။ (ဤနေရာမှစ၍ တြိဂံငယ်အသီးသီး၏အမြင့်ကို အဝိုင်းထုချွန်၏အမြင့်စောင်းဟုခေါ်မည်။ အဝိုင်းထုချွန်၏အထွတ်မှ ယင်း၏အခြေသို့ မျဉ်းမတ်ကျသောမျဉ်းဖြောင့်ကို အဝိုင်းထုချွန်၏ အမြင့်မတ်ဟုခေါ်မည်။)

အဝိုင်းထုချွန်၏ မျက်နှာပြင်ခုံး ဧရိယာ

= ၁/၂ အမြင့်စောင်း x အခြေစက်ဝန်း။

အဝိုင်းထုချွန်ရှိ မျက်နှာပြင်တစ်ခုလုံး၏ဧရိယာ

= မျက်နှာပြင်ခုံး၏ ဧရိယာ + အခြေ၏ ဧရိယာ

အဝိုင်း ထုချွန်၏ ထုထည်ကို ရှာလိုသောအခါ၊ အခြေကို အမြင့်မတ်၏ သုံးပုံတစ်ပုံနှင့် မြှောက်ယူပါ။

ပုစ္ဆာ။ ။(၁) ပိရမစ်၏ အခြေအနားသည် ၈ ပေပတ်လည်ရှိသော စတုရန်းဖြစ်၍ အမြင့်မတ်သည် ပေ ၂၀ ရှိလျှင် ပိရမစ်၏ ထုထည်ကို ရှာပါ။

တွက်နည်း

ပိရမစ်၏ ထုထည်= ၁/၃ အမြင့် x အခြေ၏ ဧရိယာ

= ၁/၃ x ၂၀ x (၈ x ၈)

= ၁၂၈၀/၃

= ၄၂၆ ၂/၃ ကုဗပေ

ပုစ္ဆာ။ ။(၂) အဝိုင်းထုချွန်တစ်ခုတွင် အခြေစက်ဝိုင်း၏ အချင်းသည် ၆လက်မရှိ၍ အမြင့်မတ်သည် ၄ လက်မရှိလျှင် ခုံးနေသော မျက်နှာပြင်နှင့် ထုထည်ကို ရှာပါ။



တွက်နည်း။ ။အပေါ်ပုံမှ သိရှိရသည်မှာ

$AB^2 = BD^2 + DA^2 =$

$3^2 + 4^2 = 25$ စတုရန်းလက်မ

www.foreverspace.com.mm

ထိုကြောင့် AB = ၅လက်မ၊ (အဝိုင်းထုချွန်၏အမြင့်စောင်း)

ဝိုးနေသော မျက်နှာပြင်၏ ဧရိယာ

= ၂ x ၂၂/၇ x ၃ x ၅/၂ = ၄၇ ၁/၇ စတုရန်းလက်မ

မျက်နှာပြင်တစ်ခုလုံး၏ ဧရိယာ

= (၂ x ၂၂/၇ x ၃ x ၅/၂) + (၂၂/၇ x ၃ x၃)

= ၇၅ ၃/၇ စတုရန်းလက်မ။

အဝိုင်းထုချွန်၏ထုထည်

= ၁/၃ အမြင့်မတ် x အခြေ၏ဧရိယာ

= (၂၂x၃ x ၃ x ၄) / ၇ x ၃ ကုဗလက်မ

= ၃၇ ၅/၇ ကုဗလက်မ



အဝိုင်းထုချွန်ပြတ်၊ သို့မဟုတ် ထုချွန်ပြတ်ဆိုသည်မှာ အဝိုင်းထုချွန်၊ သို့မဟုတ် ပိရမစ်၏ထိပ်ပိုင်းကို အခြေနှင့်ပြိုင်နေသော မျက်နှာပြင်တစ်ခုဖြင့် ပိုင်းခြားထားသည့် ထုပုံဖြစ်လေသည်။

အဝိုင်းထုချွန်ပြတ်၊ သို့မဟုတ်ပိရမစ်ပြတ်မျက်နှာပြင်၏ ဧရိယာရှာပုံမှာ အောက်ပါဥပဒေအရဖြစ်သည်။

ဥပဒေ။ ။ထိပ်နှင့်အခြေဧရိယာတို့၏ ပေါင်းရကိန်းကို နှစ်နှင့်စားပြီးလျှင်၊ စားလာဒ်ကို အမြင့်စောင်းနှင့် မြှောက်ပါ။ အဝိုင်းထုချွန်ပြတ်တွင် ထိပ်နှင့် အခြေတို့သည် စက်ဝိုင်းများ ဖြစ်ကြသည်။ ထိုကြောင့် မျက်နှာပြင်ခုံ၏ ဧရိယာ

= π x အမြင့်စောင်း x (R + r) / ၂) ဖြစ်သည်။ (ဤနေရာ၌ R သည် အခြေ၏အချင်းဝက်ဖြစ်၍ r သည် ထိပ်၏အချင်းဝက် ဖြစ်သည်။)

မှတ်ချက်။ ။ဤပုံသေနည်းမှန်ကြောင်းကို ထုပုံဂျီသြမေတြီတွင် သာဓကပြထားသည်။

အဝိုင်းထုချွန်ပြတ်နှင့် ထုချွန်ပြတ်၏ထုထည်ကိုရှာပုံ

A နှင့် A’ သည် အဝိုင်းထုချွန်ပြတ်၊ သို့မဟုတ် ထုချွန်ပြတ်၏အခြေနှင့်ထိပ်တို့၏ ဧရိယာဖြစ်၍ hသည် အမြင့်မတ်ဖြစ်လျှင်၊ အဝိုင်းထုချွန်ပြတ် သို့မဟုတ် ထုချွန်ပြတ်၏ ထုထည်သည် h /၃ (A+A+ (AA’) ဖြစ်သည်။ အဝိုင်း ထုချွန်ပြတ်၏ ထုထည်ကို အောက်ပါအတိုင်း ရေးသားနိုင်သည်။

ထုထည် = h /၃ ((A+A+(AA’))

= h /၃ (π R^2 + πR^2 + (πR^2 h πr^2)^2)

= π /၃ (R^2+r^2+Rr)

(မှတ်ချက်။ ။ပုံသေတွက်နည်း၏ သာဓက ထုပုံဂျီသြမေတြီတွင် ကြည့်ပါ။)

www.forevernspace.com.mm

စက်ဝိုင်းလုံး။ ။စက်ဝိုင်းလုံးဆိုသည်မှာ ဗဟိုနှင့် မျက်နှာပြင်ရှိအမှတ် အသီးသီးကိုဆက်သည့် မျဉ်းဖြောင့်တို့ညီသော အရာဝတ္ထုဖြစ်သည်။ ဤမျဉ်းဖြောင့်အသီးသီးကို စက်ဝိုင်းလုံး၏ အချင်းဝက်ဟု ခေါ်သည်။ စက်ဝိုင်းခြမ်းကို တည်မြဲသောအချင်းပတ်လည်တွင် လှည့်သွားစေသောအခါ စက်ဝိုင်းလုံးကို ရသည်။





စက်ဝိုင်းလုံး၏ မျက်နှာပြင် ဧရိယာကိုရှာနည်း။ ။စက်ဝိုင်းလုံး၏ မျက်နှာပြင်ဧရိယာကို ရရှိလိုသောအခါ၊ အချင်းဝက်၏ နှစ်ထပ်ကိန်းကို ၄π ဖြင့် မြှောက်ယူပါ။အကယ်၍ r သည် အချင်းဝက်ဖြစ်လျှင် စက်ဝိုင်းလုံး၏ မျက်နှာပြင် ဧရိယာသည် ၄πr^{2} ဖြစ်သည်။ အခြေ၏ အချင်းဝက် r လက်မရှိ၍ အမြင့် ၂rလက်မရှိသောဆလင်ဒါ၏ မျက်နှာပြင်ခုံးဧရိယာလည်း ၄πr^{2} ဖြစ်သည်ကိုသတိချပ်စေလိုသည်။

စက်ဝိုင်းလုံး၏ ထုထည်ကို ရှာပုံ။ ။စက်ဝိုင်းလုံးသည် အလွန်သေးငယ်သော အဝိုင်းထုချွန် သို့မဟုတ် ပိရမစ်များဖြင့်ဖွဲ့ထည်းထားသည့် အရာဝတ္ထုဖြစ်သည်ဟု ယူဆနိုင်သည်။ ထိုပိရမစ်များမှာ အလွန်အလွန် သေးငယ်၍ ထောင့်ထွတ်များသည် ဗဟိုတွင် ဆုံလျက်ရှိပြီးလျှင်၊ အခြေများမှာ စက်ဝိုင်းလုံး၏ မျက်နှာပြင်ဖြစ်နေသည်။
အကယ်၍ r သည် စက်ဝိုင်းလုံး၏ အချင်းဝက် ဖြစ်သော် စက်ဝိုင်းလုံး၏ ထုထည် = အခြေ x အမြင့်/၃
(ဤနေရာ၌ အမြင့်သည် အချင်းဝက်ပင် ဖြစ်သည်။)

= ၄πr^{2} x r/၃ = ၄/၃πr^{3}

ပုစ္ဆာ။ ။(၁) အဝိုင်းထုချွန်ပြတ်တွင် အခြေနှင့် ထိပ်တို့၏ စက်ဝန်းများသည် အသီးအသီး ၄၄" နှင့် ၂၂" စီ ရှိ၍ အမြင့်စောင်းသည် ၅" ရှိလျှင် မျက်နှာပြင်ခုံး၏ ဧရိယာ၊ မျက်နှာပြင်အားလုံး၏ ဧရိယာနှင့် ထုထည်ကို ရှာပါ။
တွက်နည်း။ ။အခြေစက်ဝိုင်း၏ စက်ဝန်း = ၂πr =၄၄
ထိုစက်ဝိုင်း၏ အချင်းဝက်(r)=(၄၄ x ၇)/(၂ x ၂၂)=၇"
ထို့ကြောင့် ထိပ်စက်ဝိုင်း၏ အချင်းဝက် = ၃ ၁/၂" သည်။
မျက်နှာပြင်ခုံးဧရိယာ = π x (အမြင့်စောင်း (R+r))/၂
= ၂၂/၇ x ၅(၇ + ၃ ၁/၂)^{2} /၂
= ၁၆၅ / ၂ စတုရန်းလက်မ
မျက်နှာပြင်းအားလုံး၏ ဧရိယာ
= မျက်နှာပြင်ခုံး၏ ဧရိယာ + ထိပ်နှင့်အခြေခံတို့၏ ဧရိယာ
= ၁၆၅ /၂ + ၂၂ x (၇^{2} + (၃ ၁/၂)^{2})/၇
= ၈၂ ၁/၂ + ၁၉၂ ၁/၂
= ၂၇၅ စတုရန်းလက်မ
အဝိုင်းထုချွန်ပြတ်တွင် အမြင့်မတ်ကို တွက်ယူသော် ၁/၂ (၅၁)^{2} လက်မ ရသည်။ (ပုံတွင်ကြည့်လျှင် အမြင့်မတ်ကို ပိုက်သဂိုးရပ်၏နည်းဖြင့်ရှာသည်ကို တွေ့မြင်ရပေမည်။)

အဝိုင်းထုချွန်ပြတ်ထုထည် = πh /၃ (R^{2}+r^{2}+Rr) ဟူသော ပုံသေနည်းကို သုံးရသည်။
ထိုကြောင့် ထုထည်
= (၂၂ (၅၁))/(၇x၃x၂) (၇^{2} (၃ ၁/၂)^{2} + (၇ x ၃ ၁/၂) ကုဗလက်မ
= (၂၂ x (၅၁)^{2} x ၈၅ ၃/၄)/(၇x၃x၂) ကုဗလက်မ
= ၃၂၀.၇၀၅ ကုဗလက်မ

www.forever-space.com.mm

ပုစ္ဆာ။ ။(၂) အချင်းဝက် ၇" ရှိသော စက်ဝိုင်းလုံးတွင် ထုထည်နှင့်မျက်နှာပြင်၏ ဧရိယာကို ရှာပါ။

တွက်နည်း။ ။မျက်နှာပြင်= $2\pi r^2 = (2 \times 22 \times 7^2) / 7$

= ၆၁၆ စတုရန်းလက်မ

ထုထည် = $2\pi r^3/3 = (22 \times 7^3)/(3 \times 7)$
= ၁၄၃၇ ၁/၃ ကုဗလက်မ။

ပယင်း။ ။ပယင်းသည် ကြွေပ်ဆတ်ဝါဝင်း၍၊ အလင်းရောင်အနည်းငယ်ပေါက်သည့် မာသောပစ္စည်းတစ်မျိုးဖြစ်၏။ လူတို့သည်ပယင်းကိုဖြတ်တောက်ပြီးလျှင်၊ ပုတီးနားတောင်းပြုလုပ်၍ ဆင်မြန်းလေ့ရှိသည်။ ပယင်းဖြစ်ပေါ်လာပုံမှာ ရှေးနှစ်ပေါင်းများစွာလောက်က ထင်ရှူးပင်များမှ စီးထွက်သော ထင်းရှူးဆီများသည် မြေလွှာအထပ်ထပ်တွင် နစ်မြှုပ်လျက်ရှိခဲ့ရာ နှစ်ပရိစ္ဆေဒများစွာ ကြာလတ်သော် ပြောင်းလဲမှု အမျိုးမျိုးဖြစ်၍ မာလာပြီးလျှင် နောက်ဆုံးတွင်ပယင်းဖြစ်လာသည်။ မာသည်ဟုဆိုရခြားလည်း ဖန်၊ ကျောက်ဖြူတို့လောက်ကားမမာချေ။

ပယင်းဖြစ်စေသာထင်ရှူးပင်များသည် ယခုအခါ ဗော လတစ်ပင်လယ်နှင့် မြောက်ပင်လယ်များဖြစ်နေသော ဒေသများတွင် ရှေးကပေါက်ရောက်ခဲ့ကြသည်။ ထိုဒေသများသည် တဖြည်းဖြည်းရေအောက်သို့ နစ်မြှုပ်သွားပြီးလျှင်၊ ပင်လယ်ပြင်ကြီးများ ဖြစ်သွားသည့်အတွက်၊ ထိုဒေသရှိ ထင်ရှူးများသည် ရေနှင့် နုံးမြေတို့၌ နစ်မြှုပ်သွားလေသည်။ ထို ပင်လယ်ပြင်ကြီးများတွင်ရံဖန်ရံခါ လေမုန်တိုင်းများ ကျရောက်၍ လှိုင်းလေပြင်းထန်သောအခါ၊ နစ်မြှုပ်နေသောပယင်းတုံးများသည် လှိုင်းများ၏ ရိုက်ခတ်ခြင်းကို ခံကြရ၍၊ ပတ်ဝန်းကျင်ကမ်းခြေများပေါ်သို့ တစ်ခါတစ်ရံရောက်လာကြလေသည်။ ဤသို့ရောက်ရှိလာသော ထိုပယင်းများကို ရှေးခေတ်လူတို့သည် ကမ်းခြေတလျှောက်တွင် လိုက်လံရှာဖွေကောက်ယူကြရလေသည်။ သို့ရာတွင် ယခုခေတ်တွင်မူ၊ဤနည်းဖြင့် ပယင်းကိုမရရှိတော့ဘဲ တူးဖော်ယူကြရလေသည်။

ပယင်းကို များသောအားဖြင့် အတုံးကလေးများအနေနှင့်တွေ့ရတတ်သည်။ သို့သော် လေးပိသာအထိအချိန်စီးသောပယင်းတုံးကြီးများကိုလည်း တခါတစ်ရံတွေ့ရတတ်၏။ ပယင်းကို အမေရိကန်ပြည်ထောင်စု၊ ဂရင်းလန်းကျွန်းဆိုက်ဗီးရီးယားနယ်၊ စစ္စလီကျွန်းနှင့် ဗြိတိန်နိုင်ငံများတွင်

ဗြိတိန်နိုင်ငံ ပမ်နစ်ကင်ဒေသရှိ ပယင်းလုပ်ငန်းရှင်းတစ်ရပ်

www.foreverspace.com.mm

အနည်းအကျဉ်းလောက်ရရှိ၍၊ ဗောလတစ်ပင်လယ်ကမ်း ခြေတစ်လျှောက်တွင် အထူးသဖြင့် ပရပ်ရှားပြည်နယ် ဘရှေဘက်ဒေသများတွင် အမြောက်အမြားရရှိလေသည်။

ပယင်းကို ဝတ်စားတန်ဆာအဖြစ်ဖြင့် အသုံးပြုသည့် အပြင်၊ဆေးတံရိုးများ၊စီးကရက်နှင့် ဆေးပြင်းလိပ်စွတပ်တံ များ၊ ထီးလက်ကိုင်များ လုပ်ကိုင်ရာ၌လည်း အသုံးချလေ့ ရှိသေး၏။ သို့သော်မကြာသေးမီကပင် ဗေ့ကလိုက်ခေါ် ပယင်းတုပစ္စည်းတစ်မျိုးကို လုပ်ကိုင်နိုင်ခဲ့ရာမှ၊ ယခုအခါ ထိုပယင်းတုကိုများစွာ အသုံးပြုလျက်ရှိကြလေသည်။ ထိုဗေ့ကလိုက်ကို လျှပ်စစ်ဓာတ်မလိုက်နိုင်သောပစ္စည်း အဖြစ်ဖြင့်လည်း အသုံးပြုနိုင်၏။

ရှေးအခါက ဖီနီးရှန်လူမျိုး၊ ဂရိနှင့်ရောမလူမျိုးတို့သည် ပယင်းကိုတန်ခိုးတ္ကဿိုပါဒ်နှင့် ပြည့်စုံသောအရာဟု ယူမှတ် ကာ အထွတ်အမြတ်ထားကြ၏။ အဘယ်ကြောင့်နည်းဟူမူ ပယင်းကိုပွတ်တိုက်လိုက်သောအခါ လျှပ်စစ်ဓာတ်ပေါ်လာ ပြီးသော် ပေါ့ပါးသောပစ္စည်းများကို ဆွဲငင်နိုင်သောသတ္တိ ရှိသောကြောင့် ဖြစ်လေသည်။ ဂရိဘာသာစကားဖြင့် ပယင်းကို အီလက်ထရွန်ဟု ခေါ်ရာ၊ ယခုအခါ အီလက် ထရစ်စီတီ (လျှပ်စစ်ဓာတ်)ဟုခေါ်သောဝေါဟာရသည် ထိုစကားမှဆင်းသက်ခြင်းပင်ဖြစ်သည်။ တစ်ခါတစ်ရံ ပယင်းတုံးများအထဲ၌ အမျိုးတိမ်ကော ပပျောက်ခဲ့ပြီး ဖြစ်သော ရှေးပိုးသေကောင်များကို တွေ့ရတတ်လေသည်

ပရဟာမြို့ ။ ။ပရဟာမြို့သည် ချက်ကိုဆလိုဗားကီးယား နိုင်ငံ၏မြို့တော်ဖြစ်သည်။ ထိုမြို့ကို အင်္ဂလိပ်တို့က ပရက် မြို့ဟုခေါ်၏။ ၁၉၅၆ခုခန့်မှန်းချက်အရ လူဦးရေ ၉၇၂၅၈၇ ယောက် ဖြစ်သည်။ အဲလဗမြစ်၏မြစ်လက်တက်ဖြစ်သော ဗာလတားဗား (ဝါ) မော်လဒေါင်းခေါ်မြစ်သည် ထိုမြို့ကို နှစ်ပိုင်းဖြတ်၍ စီးဆင်းသည်။ ထိုမြစ်၏လက်ယာဘက်ပိုင်း သည် ခေတ်မီသောအဆောက်အအုံများရှိရာ အပိုင်းဖြစ်၍၊ ကျန်တပိုင်းမှာမူ ရှေးကျသောအဆောက်အအုံများရှိရာအ ပိုင်းဖြစ်၏။ မြို့၏အထင်ရှားဆုံးသောအဆောက်အအုံသည် စိန်ဗိုင်းတပ်ဘုရားရှိခိုးကျောင်းကြီးဖြစ်၏။ ထိုဘုရားရှိခိုး ကျောင်းကို ခရစ် ၉၂၅ခု၌ တည်ဆောက်သည်။ ခေတ်ဆန် သောမြို့တဖက်ကမ်းနေရာ၌ကား ခန့်ညားထယ်ဝါသော အဆောက်အအုံကြီးများ၊ ဆိုင်ကြီး၊ ကနားကြီးများ၊ မီးရ ထားစက်ခေါင်းနှင့် မီးရထားတွဲတည်ဆောက်ရာဌာနကြီး များရှိ၏။ သကြားချက်ရုံကြီးများ၊ ဗျစ်ရည်ချက်ရုံကြီး များနှင့် ဓာတ်သတ္တုလုပ်ငန်းများကိုလည်းတွေ့နိုင်၏။ ပရဟာမြို့သည် ချက်ကိုဆလိုဗားကီးယား နိုင်ငံတစ်ခုလုံးရှိ

ချက်ကိုဆလိုဗားကီးယားနိုင်ငံ၏ မြို့တော်ဖြစ်သော ပရဟာမြို့

www.foreverspace.com.mm

အင်္ဂလန်ပြည်ရှင် ဝိတိုရိယဘုရင်မကြီးလက်ထက် ဘုရင့်အတိုင်ပင်ခံ ပရီဗီကောင်စီ ပထမညီလာခံသဘင် ကျင်းပစဉ်

မီးရထားလမ်း၊ သင်္ဘောလမ်းတို့ဆုံရာ ဗဟိုအချက်အချာ မြို့ကြီးဖြစ်၏။ ဖန်ထည်မှန်ထည်၊ ကြွေထည်၊ အထည်အလိပ်အစရှိသည့်ကုန်ပစ္စည်းများ၊ စက်ကိရိယာများကို ဖြန့်ဖြူးရာမြို့ကြီးလည်း ဖြစ်၏။ ထိုမြို့ရှိတက္ကသိုလ်ကျောင်းကြီးသည်ခရစ် ၁၃၄၈ ခုက တည်ဆောက်ခဲ့သောကျောင်းကြီးဖြစ်သည်။

ပရီဗီကောင်စီ။ ။ဗြိတိန်နိုင်ငံတွင် ဘုရင်မင်းမြတ်အား အကြံဉာဏ်ပေးရသောပရီဗီကောင်စီခေါ် ဘုရင့်အတိုင်ပင်ခံအဖွဲ့တစ်ခုရှိသည်။ ပရီဗီကောင်စီသည် ရှေးနော်မန်ဘုရင်များလက်ထက်ကစ၍ တည်ရှိခဲ့သည်။ နော်မန်ခေတ်တွင် ဘုရင့်အရာရှိကြီးများသည် ပရီဗီကောင်စီတွင်ပါဝင်ကြ၍၊ ဗဟိုအစိုးရလုပ်ငန်း ဆောင်တာများကို စုပေါင်းတာဝန်ယူကာဆောင်ရွက်ကြရသည်။ သူတို့အား ဘုရင်မင်းမြတ်က ခန့်ထားလေသည်။ သို့ဖြင့် ရာဇဝင်တစ်လျှောက်လုံးရှိခဲ့ရာတွင် တျူဒါဘုရင်များနှင့် စတူးဝပ်ဘုရင်များ လက်ထက်တွင်ကား၊ ပရီဗီကောင်စီသည် အကြီးဆုံး အုပ်ချုပ်ရေးအဖွဲ့ချုပ်ဖြစ်လာလေသည်။

၁၆၈၈ခုနှစ် တော်လှန်ရေး အောင်မြင်ပြီးသည့်နောက်တွင်မူ ပရီဗီကောင်စီ၏နေရာတွင် ကက်ဗိနက်ဝန်ကြီးအဖွဲ့ရောက်လာသည်။ ယခင်က ပရီဗီကောင်စီ၏ လုပ်ငန်းဆောင်တာများကို ကက်ဗိနက်ဝန်ကြီးအဖွဲ့က ဆောင်ရွက်လာတော့သည်။ အစပထမတွင် ကက်ဗိနက်ဝန်ကြီးအဖွဲ့သည် ပရီဗီကောင်စီ၏အဖွဲ့တစ်ခုအနေဖြင့်သာ စတင်ပေါ်ပေါက်လာသည်။ ယခုအခါတွင်ကား ကက်ဗိနက်ဝန်ကြီး အဖွဲ့သည် ပရီဗီကောင်စီ ထက်အရေးပါလေသည်။

ပရီဗီကောင်စီအဖွဲ့ဝင်များ၏သက်တမ်းမှာ ရာသက်ပန်ဖြစ်သည်။ ကက်ဗိနက်ဝန်ကြီးများ အားလုံးသည် ရာထူးအရ ပရီဗီကောင်စီအဖွဲ့ဝင်များဖြစ်ကြသည်။ ထိုပြင် ဆွေတော်မျိုးတော်ထဲမှလည်း အဖွဲ့ထဲတွင်ပါဝင်၍၊ ဗြိတိန်၊ ဒိုမီနီယန်နိုင်ငံများနှင့် ကိုလိုနီများ၌ နိုင်ငံရေး၊ အယူဝါဒ ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ရာထူးဌာန နှန္တရကြီးများ လက်ကိုင်ရှိသောပုဂ္ဂိုလ်ကြီးများကိုလည်း ဂုဏ်ပြုသောအနေဖြင့် ပရီဗီကောင်စီသို့ တင်မြှောက်လေ့ရှိသည်။ ယခုခေတ် ပရီဗီကောင်စီအဖွဲ့ဝင် ၃၀၀မျှ ရှိလေသည်။

ထိုကောင်စီက ဆောင်ရွက်ရသောအလုပ်ဝတ္တရားများ ထဲတွင် အရေးပါအရာရောက်သောလုပ်ငန်းဆောင်တာများကို ကက်ဗိနက်အဖွဲ့က ထိုကောင်စီ၏ ကော်မီတီ

www.foreverspace.com.mm

တစ်ခုအနေနှင့်တာဝန်ယူဆောင်ရွက်သွားသည်။ ကောင်စီသည် အုပ်ချုပ်ရေးဆိုင်ရာများတွင် ဆေးဘက်ဌာန၊ ကျွန်းဘေ့ရှောင်ရှောင်ကုသရေးဌာနများကိုကြည့်ကြပ်ရ၍၊ မျိုးနိဗီပယ်စသည့်အဖွဲ့များ၊ ဖွင့်လှစ်ပေးရေး ကိစ္စများကိုလည်း ဆောင်ရွက်ရလေသည်။ ထိုပြင် ပရီဗီကောင်စီ၏ တရားစီရင်ရေးကော်မီတီသည် ယူနိုက်တက်ကင်းဒမ်းမှအပ၊ ဗြိတိသျှခေသဟာယအတွင်း တရားမမှုများအတွက်၊ နောက်ဆုံးအပြီးအပြတ်အယူခံဝင်ရာရုံးတော်ဖြစ်လေသည်။ ပရီဗီကောင်စီ၏အကြီးအမှူးသည် ကက်ဗိနက်အဖွဲ့ဝင်ဝန်ကြီး တစ်ဦးဖြစ်၏။ ကောင်စီအဖွဲ့ဝင်လူကြီးအားလုံးသည် ဘုရင်သစ်နန်းတက်စတွင်သာဖြစ်စေ၊ သို့မဟုတ်ဘုရင်ဖြစ်သူက မိမိအရွယ်ရောက်ပြီဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည့်အခါတွင်သာဖြစ်စေ တွေ့ဆုံ စည်းဝေးလေ့ရှိလေသည်။

ပရီရက်ဖီယယ်လိုက်။ ။မူရင်းအားဖြင့်အင်္ဂလိပ်စကားဖြစ်သောပရီရက်ဖီယယ်လိုက်ဟူသည့်ဝေါဟာရသည် ခရစ်ဝ၄၃စခုမှ ၁၅၂၀ပြည့်နှစ်အတွင်း ထွန်းကားသော အီတလီအမျိုးသားပန်းချီကျော်ရက်ဖီယယ်၏ ခေတ်မရောက်မီခေတ်စားလျက်ရှိသော ပန်းချီရေးနည်းစနစ်တရပ်ကို ပြန်လည်ထုတ်ဖော်သည့် ပန်းချီဂိုဏ်းသားတို့ကို ရည်ညွှန်းသည်။ (ရက်ဖီယယ် စန္ဒီ–ရှု။)ခရစ် ၁၈၄စခုတွင် ဟိုလမန်ဟန့်(ခရစ်၁၈၂၇–၁၉၁၀)၊ ဂျွန်အက်ဗာရက်မိလေး (၁၈၂၉–၉၆)နှင့် ဒန်တီဂေဗရီယယ်ရိုဆက်တီ

ပရီရက်ဖီယယ်လိုက် ပန်းချီကျော် ဒန်တီဂေဗရီယယ်ရိုဆက်တီ

ဒန်တီဂေဗရီယယ်ရိုဆက်တီ၏ အသေးစိတ်ဖော် ပန်းချီ
လက်ရာကောင်းတစ်ခု

(ခရစ် ၁၈၂၈–၈၂) တည်းဟူသောပန်းချီဆရာ ၃ဦးတို့သည် ယင်းတို့၏ခေတ်တွင် ထင်ရှားနေသောစာပေနှင့် ပန်းချီအနုပညာနိသျှတို့၌ ဦးဆောင်လာပြီးလျှင်၊ နည်းသစ်နည်းဆန်းတို့ကို ရှာဖွေရာဝယ်၊ အီတလီအမျိုးသားပန်းချီဆရာကြီး၏ခေတ်သို့ ရောက်နေလုဆဲဆဲဖြစ်သောကာလ၌ ရှေးရိုးဆရာကြီးတို့ ရေးဆွဲသောကိုးကွယ်ရာအယူဝါဒနှင့်ဆိုင်သည့် ပန်းချီကားရေးဆွဲနည်းတို့ကို လွန်စွာနှစ်သက်လာကြလေသည်။ ထိုကြောင့် ထိုနည်းကိုပင်လျှင် အနုပညာရှင်ဂိုဏ်းတစ်ဂိုဏ်းကို တည်ထောင်သည်။ ထိုဂိုဏ်းဝင် အနုပညာရှင်တို့သည် စာပေကျမ်းဂန်တို့၌ လာသော အကြောင်းအရာတို့ကို သစ်လွင်သောရောင်စုံတို့ဖြင့်၊ အသေးစိတ်၌ တိကျမှန်ကန်လေအောင် ပန်းချီရေးခြယ်လေ့ရှိသည်။ အသေးစိတ်တို့၌ တိကျမှန်အောင် မည်မျှဂရုတစိုက်ပြုပါသနည်းဟုဆိုသော်၊ ပန်းချီဆရာဟန့်သည် ခရစ်တော်၏ လက်သမားဘဝကို သရုပ်ဖော်သောပုံ၌ မူရင်းနှင့် အနီးစပ်အမှန်ကန်ဆုံး ဖြစ်လေအောင် ပယ်လက်စတိုင်း၌ ပေါက်ရောက်သော ဆီဒါသစ်ပင်ကို သေချာစွာလေ့လာပြီးမှ ရေးဆွဲသည်။ ပရီရက်ဖီယယ်လိုက်တို့၏ အယူအဆသည် စာပေနှင့်ပန်းချီ အနုပညာတို့ဖြင့် တိကျမှန်ကန်သော သဘောကို အသေးစိတ်ပေါ်လွင်အောင် ဖော်ထုတ်သော အယူအဆဖြစ်သည်။

www.foreverspace.com.mm



အောက်ဆီဂျင်ဒြပ်စင်ကို စတင်တွေ့ရှိသူ ဂျိုးဇက်ပရီးဆလီ

ပရီးဆလီဂျိုးဇက် (ခရစ် ၁၇၃၃–၁၈၀၄) ။ ။ဂျိုးဇက်ပရီးဆလီသည် ခရစ် ၁၇၇၄ ခုတွင် အောက်ဆီ ဂျင်ဒြဗ်စင်ကို စမ်းသပ်တွေ့ရှိသောခရစ်ယာန်ဘုန်းကြီးဓာတုဗေဒပညာရှင်ဖြစ်သည်။ ပရီးဆလီသည် အောက်ဆီဂျင်ကို ပထမထုတ်လုပ်စဉ်ကမာကျူရစ်အောက်ဆိုဒ်ကို မီးပြင်းတိုက်၍ ထုတ်လုပ်သည်။ ထိုသို့မီးပြင်းတိုက်၍ ရသောဓာတ်ကို ပြင်သစ်ဓာတုဗေဒပညာရှင် လဗွာစီယေကအောက်ဆီဂျင်ဟု အမည်မှည့်ခဲ့သည်။ (လဗွာစီယေအေ၊ အယ်–ရှု။)

ပရီးဆလီကို အင်္ဂလန်ပြည်လိမ်ဗြူအနီးတွင် မွေးဖွားသည်။ ဦးစွာ၌ ပရီးဆလီသည် သမိုင်းပညာနှင့် သိပ္ပံပညာတို့ကို ဆပ်ဖတ်နယ်တွင်သင်ကြားပို့ချနေသောဆရာဖြစ်သည်။ ထိုနောက် လိန့င့်ဗာမင်ဂမ်မြို့တို့တွင် နန်းကွန်ဖောမစ်ဂိုဏ်းဝင် ခရစ်ယာန်ဘုန်းကြီးအဖြစ်ဖြင့်နေထိုင်ခဲ့ရာ၊ ဗင်ဂျမင်ဖရန်ကလင်နှင့် သိကျွမ်းရသည်တွင်၊ လျှပ်စစ်ဓာတ်အကြောင်း၌ များစွာစိတ်ပါဝင်စားလာပြီးလျှင်၊ ဓာတုဗေဒပညာကိုလည်း လိုက်စားလာခဲ့သည်။ ဤသည်တွင် ပရီးဆလီသည် အောက်ဆီဂျင်အပြင် ဟိုက်ဒရိုကလောရစ်အက်ဆစ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ အမ်မိုးနီးယား၊ နိုက်ထရပ်အောက်ဆိုဒ်စသည်တို့ကိုလည်း စမ်းသပ်ထုတ်လုပ် တွေ့ရှိခဲ့သည်။ ပရီးဆလီသည် နန်းကွန်းဖောမစ်ဖြစ်ပြီးလျှင်၊ ပြင်သစ်တော်လှန်ရေးကိုလည်း အားပေးသောကြောင့်၊ အင်္ဂလန်ပြည်တွင် များစွာနာမည်ပျက်ခဲ့သဖြင့်၊ ၁၇၉၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့နေထိုင်သည်။ ၁၈၀၄ ခုနှစ်ဖေဖေါ်ဝါရီလ ၆ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၌ပင် ကွယ်လွန်လေသည်။

ပရီးဆလီဝှန်ဗိုင်တန်(ခရစ် ၁၈၉၄ ဖွား)။ ။ ဝှန်ဗိုင်တန်ပရီးဆလီသည် အင်္ဂလိပ်ပြဇာတ်နှင့် ဝတ္ထုရေးဆရာဖြစ်သည်။ ယော့ရှိုင်ယာနယ် ကျောင်းဆရာတစ်ဦးဖြစ်သူ၏သားဖြစ်သည်။ ကိမ်းဗရစ်တက္ကသိုလ်တွင် ပညာသင်ခဲ့ပြီးလျှင်၊ နုစဉ်အခါက ချားနှင့် မေရီလမ့်တို့၏ အတုကိုယူ၍၊ စာမွန်ရေးဆရာတစ်ဦးအဖြစ်ဖြင့်၊ ပြောင်မြောက်စွာ ထွန်းကားရန်ရည်သန်ခဲ့၏။ သို့သော် ချားဒစ်ကင်း၏ အဖွဲ့အနွဲ့နှင့်ဆင်ဆင်တူသောဝတ္ထုများကို ရေးသားခြင်းကြောင့် သာလျှင်၊ကျော်စောထင်ရှားလာသည်။ (ဒစ်ကင်းချား–ရှု။) ပရီးဆလီရေးသားသည့် ''အဖော်ကောင်း'' ဟူသော ဝတ္ထုသည် မျက်မှောက်ခေတ် အင်္ဂလိပ်စာပေတွင် အလွန်ကျော်ကြားသည်။ နောင်သောအခါ ပရီးဆလီသည် သူ၏ဝတ္ထုများကို ပြဇာတ်အဖြစ် ပြန်ရေးရာမှ၊ ပြဇာတ်အရေးအသားတွင်လည်း ထူးချွန်ကောင်းမွန်လာလေသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ ပရီးဆလီသည် ဘီဘီစီမှနေ၍ အသံလွှင့်ရာ၊ သူ၏အသံလွှင့်ချက်တို့ကို လူကြိုက်များလာပြန်သည်။

ပြဇာတ်နှင့်ဝတ္ထုရေးဆရာ ဝှန်ဗိုင်တန်ပရီးဆလီ

www.myanmarspace.com.mm

ပရိတိုဇွန်းကောင်။ ။ပရိတိုဇွန်းကောင်သည် ဆဲလ်တစ်ခုတည်းရှိသောသတ္တဝါဖြစ်၍၊ ပရိတိုဇိုဝါခေါ်မျိုးပေါင်းစုတွင်ပါဝင်သည်။ ပရိတိုဇွန်းကောင်တို့သည် ခန္ဓာဖွဲ့စည်းပုံ၌ အရှင်းဆုံး ဖြစ်သည့်အလျောက်၊ တိရစ္ဆာန်လောကတွင် အနိမ့်ဆုံးသတ္တဝါများဖြစ်ကြသည်။ ပရိဇိုဝါဟူသောစကားမှာ ဂရိလူမျိုးတို့၏စကားဖြစ်၍ ကနဦးတိရစ္ဆာန်ဟူ၍ အဓိပ္ပါယ်ရရှိသည်။ အခြားတိရစ္ဆာန်တို့ကိုမူ မက်တာဇိုဝါဟုခေါ်၍၊ ထိုတိရစ္ဆာန်အပေါင်းသည် ဆဲအများဖြင့်ဖွဲ့စည်းလျက်ရှိကြသည်။

ပရိတိုဇွန်းကောင်မျိုးပေါင်း ၁၅၀၀၀ခန့် ရှိသည်ဟုဆို၏။ များသောအားဖြင့် ပရိတိုဇွန်းကောင်တို့သည် သေးငယ်လွန်းလှ၍၊ ယင်းတို့ကိုမိုက္ကရိစကုပ်ဖြင့်ကြည့်မှသာလျှင် မြင်ရသည်။ ပရိတိုဇွန်းကောင်များကို မြစ်၊ ချောင်း၊ ပင်လယ်ထဲရှိ ရေညှိပင်၊ ကျောက်ခက်ပင်များတွင် တွေ့ရတတ်သည်။ ထိုရေတစ်စက်ကိုယူ၍ မိုက္ကရိစကုပ်ဖြင့်ကြည့်ရှုလျှင်၊ ပရိတိုဇွန်းကောင်ပေါင်း မြောက်မြားစွာပါရှိသည်ကို တွေ့ရမည်။ ပရိတိုဇွန်းကောင်တို့သည် အလွန်ပွားလွယ်သောကြောင့် ပတ်ဝန်းကျင်အခြေအနေသည်သာသင့်တင့်လျောက်ပတ်ပါကနာရီပိုင်း အနည်းငယ်အတွင်း မရေအတွက်နိုင်လောက်အောင် ပေါက်ပွားလာနိုင်ကြသည်။

ရေထဲတွင် ပရိတိုဇွန်းကောင်များရှိကြောင်းကို ၁၇ရာစုနှစ်အစလောက်တိုင်အောင် မည်သည့်သိပ္ပံပညာရှင်မျှ မတွေ့ရှိကြသေးချေ။ ၁၆၄၇ခုနှစ်၌ ဒပ်ချလူမျိုး အန်တွန်နီဗန်လေးဗင်ဟု ဆိုသူသည် မိုက္ကရိစကုပ်ဖြင့် စမ်းသပ်ကြည့်ရှုရာ၊ ကန်ရေ၊ ချောင်းရေစသည်တို့တွင် ပရိတိုဇွန်းကောင်များပါရှိသည်ကို စတင်တွေ့မြင်လေသည်။

ပရိတွန်ဇွန်းကောင်တို့၏ ရွှေရှားသွားလာပုံမှာ တစ်မျိုးနှင့်တစ်မျိုးမတူပေ။ (က) ယူဂလီနားခေါ် ပရိတိုဇွန်းကောင်မျိုးသည် ကိုယ်တွင်ရှိသော အမွေးယောင်ကို လှုပ်ရှား၍ သွားလာသည်။ (ခ)အမီးဗားခေါ် ပရိတွန်ဇွန်းကောင်မျိုးတွင် ကိုယ်၏ဘေးပတ်လည်၌ မွေးညှင်းများရှိခြင်းကြောင့် ယင်းတို့ကိုအားပြု၍သွားလာနိုင်သည်။ (ဃ) ပလက်စမိုဒီယမ်ခေါ် ပရိတိုဇွန်းကောင်မျိုးတွင် မည်သည့်အရာကို မျှအားပြု၍သွားစရာမရှိသဖြင့် တစ်နေရာတည်းတွင် စွဲမြဲ၍နေရလေသည်။

ပရိတွန်ဇွန်းကောင်များသည် ရေထဲ၌သာရှိကြသည်မဟုတ်။ လူကိုယ်ခန္ဓာနှင့်မြေကြီးထဲ၌လည်းရှိကြသည်။ ခြင်ကိုက်၍ ၄က်ဖျားရောဂါရရှိခြင်းမှာ သွေးသားထဲတွင် ၄က်ဖျားရောဂါပရိတွန်ဇွန်းကောင်များဝင်ရောက်သွားခြင်းကြောင့်ဖြစ်သည်။ လူကိုယ်ခန္ဓာထဲသို့ ပရိတိုဇွန်းကောင်များ ဝင်ရောက်လာလျှင် ၄က်ဖျားရောဂါနှင့် အဝါဖျားဖြစ်ပေါ်လာတတ်သည်။ ပရိတိုဇွန်းကောင်များသည် သွေးသားကို အနှောင့်အရှက် ပေးနိုင်ဆုံးသောပိုးမွှားကလေးများ ဖြစ်ကြသည်။ (ပရိတိုပလက်ဇမ်–ရှု။)

ပရိတိုပလက်ဇမ် ။ ။ဇီဝဗေဒတွင် ပရိတိုပလက်ဇမ်ကို သက်ရှိ၏အခြေခံပစ္စည်းဟုဆိုသည်။ ပရိတိုပလက်ဇမ်ကို အပင်နှင့်တိရစ္ဆာန်တို့တွင် တွေ့ကြရသည်။ အားလုံးသော အပင်နှင့်တိရစ္ဆာန်တို့သည် ဆဲများနှင့်ပြီးလျက်ရှိ၍၊ ထိုဆဲများမှာ အမြွှေးဖုံးအုပ်ထားသောသေးငယ်သည့် ပရိတိုပလက်ဇမ်များဖြစ်ကြသည်။ ပရိတိုပလက်ဇမ်သည် အရောင်မဲ့၍၊ ဂျယ်လီနှင့်တူသောပစ္စည်း ဖြစ်သည်။ အများအားဖြင့် ဆဲတွင် အပိုင်း ၂ပိုင်းပါဝင်သည်။ ဆဲ၏ဗဟိုပိုင်း၌ သိပ်သည်းသော ပရိတိုပလက်ဇမ်ရှိ၍၊ ယင်းကို ရျူးကလီးယပ်ဟု ခေါ်သည်။ ထိုရျူးကလီးယပ်၏အပြင်ဖက်၌ရှိသော ပရိတိုပလက်ဇမ်ကို ဆိုက်တိုပလက်ဇမ်ဟုခေါ်သည်။

ရျူးကလီးယပ်နှင့် ဆိုက်တိုပလက်ဇမ်ထဲတွင် ဓာတ်ပစ္စည်းများအလွန်ရှုပ်ထွေးလျက် ပါရှိကြသည်။ ပရိတိုပလက်ဇမ်သည် ဓာတ်အစုတစ်မျိုးတည်းဖြင့် တည်ဆောက်ထားသောပစ္စည်းမဟုတ်ပေ။ ဒြဗ်ပေါင်းအမြောက်အမြားရောနှောပါရှိသောပစ္စည်းသာလျှင်ဖြစ်သည်။ ထိုဒြဗ်ပေါင်းများတွင် ပါရှိသောဓာတ်အမျိုးအစားမှာလည်း ဆဲတစ်ခုနှင့် တစ်ခု၌လည်းကောင်း၊ တစ်ရျူးတစ်မျိုးနှင့် တစ်မျိုး၌လည်းကောင်းမတူပေ။ (တစ်ရျူး–ရှု။) ပရိတိုပလက်ဇမ်ထဲတွင်တွေ့ရသော အရေးကြီးဆုံးဓာတ်ပစ္စည်းတို့မှာ ပရိတင်းများပင် ဖြစ်၍၊ ယင်းတို့မှာ ကာဗွန်၊ ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်၊ နိုက်ထရိုဂျင် ဒြဗ်ပေါင်းများဖြစ်ကြသည်။ ပရိတင်းများအပြင် ကန်၊ ဖော့စဖောရပ်နှင့် အခြားသတ္တုဒြဗ်များကိုလည်းတွေ့ရသေးသည်။ အများအားဖြင့် ပရိတိုပလက်ဇမ်တွင် အဆီနှင့်ကာဗိုဟိုက်ဒရိတ်များ ပါလေ့ရှိသည်။ ပရိတိုပလက်ဇမ်ထဲ၌ပါရှိသော ဒြဗ်ပေါင်းတို့တွင်ကာဗွန်သည်အရေးကြီးသော ဒြဗ်စင်ဖြစ်ပေသည်။

ဓာတုဗေဒပညာရှင်တို့သည် ပရိတိုပလက်ဇမ်ထဲတွင် ပါရှိသောဓာတ်ပစ္စည်းများကို ဓာတ်ခွဲ၍ကြည့်နိုင်ကြသော်လည်း၊ အဘယ်ကြောင့်ပရိတက်ပလက်ဇမ်၌ အသက်ရှိရသည်ကိုမူမသိကြပေ။ ပရိတိုပလက်ဇမ်ထဲတွင်ပါရှိသောဓာတ်ပစ္စည်းများကို အခြားသက်မဲ့ဝတ္ထုများထဲ၌လည်းတွေ့ရသည်။ သို့သော် သက်ရှိပစ္စည်းများတွင် ထိုဒြဗ်စင်များသည် သက်ရှိတို့အတွက် အဓိကလိုအပ်သောဓာတ်များဖြစ်စေနိုင်ရန် ဆောင်ရွက်လျက်ရှိကြသည်။

ပရိတိုပလက်ဇမ်၏ ဂုဏ်သတ္တိအချို့ကို ဆဲတစ်ခုတည်းရှိအမီးဗားကဲ့သို့သောသတ္တဝါတွင်တွေ့ကြရသည်။ ထိုသတ္တ

www.foreverspace.com.mm

ဝါကလေးများသည် ရိုးရိုးပရိတိုပလက်ဇမ်အစိုင်အခဲပင်ဖြစ်သည်။ ထိုသတ္တဝါကလေးထဲရှိ ပရိတိုပလက်ဇမ်သည် အပူချိန်ပြောင်းလဲမှုနှင့် ထိတွေ့မှုတို့ကိုလိုက်၍ ရွှေရှားလျက်ရှိသည်။ (အမီးဗား–ရှု။)ပရိတိုပလက်ဇမ်သည် အစာကို မီဝဲနိုင်ပြီးလျှင် မလိုသောပစ္စည်းကိုလည်း စွန့်ပစ်နိုင်သည်။ ထိုပြင် အသက်လည်းရှူနိုင်၍၊ ဆဲခွဲခြင်းအားဖြင့် မျိုးဆက်ပွားမှုများကို ပြုလုပ်နိုင်သည်။ သိပ္ပံပညာရှင်များသည် ပရိတိုပလက်ဇမ်ထဲတွင် ဖြစ်ပျက်နေသော ဓာတ်ပြုမှုများကို လေ့လာခဲ့ကြသည်မှာ နှစ်ပေါင်းအတော် ကြာခဲ့ပေပြီ။ သို့သော် ထိုပြဿနာများကို မဖြေရှင်းနိုင်ကြသေးပေ။

ပရိတင်း။ ။ကျွန်ုပ်တို့ စားသောက်သောအစားအစာများတွင်ပါရှိသည့် ပရိတင်းခေါ်ဓာတ်သည် လူသတ္တဝါတို့၏ ခန္ဓာကိုယ်တည်တံ့ခိုင်မြဲမှုအတွက် အရေးပါအရာရောက်သော ဓာတ်ဖြစ်သည်။ ပရိတင်း၌ နိုင်ထရိုဂျင်အပြင် ကာဗွန်၊ ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်နှင့်တွင်းထွက်ဓာတ်အနည်းငယ်မျှ ပါဝင်လေသည်။

လူတိရစ္ဆာန် စသည့်သတ္တဝါတို့၏ ခန္ဓာကိုယ်သည် အစဉ်သဖြင့် တဖြည်းဖြည်းတရွေ့ရွေ့ယွင်းယို ပျက်စီးနေလေရာ၊ ထိုသို့ ချွတ်ယွင်းသွားလေသမျှကို ပရိတင်းဓာတ်က ပြန်လည်အစားဖြည့်ပေးနေရပေသည်။ ထိုကြောင့် ခန္ဓာကိုယ်ထွားကျိုင်းသန်းစွမ်းမှုသည် ပရိတင်း၏အကျိုးပြုမှုအပေါ်တွင်တည်ရှိသည်။ ပရိတင်းသည် ခန္ဓာကိုယ်အား အပူနှင့်စွမ်းအင်ကို ပေးလေသည်။ ပရိတင်းပါသောအစားအစာများမှာ ဟင်းသီးဟင်းရွက်၊ အမဲသား၊ ငါး၊ နွားနို့၊ ဒိန်ခဲ၊ ဥ၊ ပဲသီးတောင့်နှင့်ဂျုံစသည့်ကောက်နှံများဖြစ်ကြသည်။ ပရိတင်းသည် အမျိုးမျိုးအစားစားရှိရာ၊ အရေအ တွက်အားဖြင့် အမျိုးပေါင်း ၄၀ ကျော်ခန့်ရှိလေသည်။ ဥအကာများ၌ပါရှိသောပရိတင်းကို အယ်လဗျူမင်ဟု ခေါ်၍၊ ဂျုံစပါး၌ပါရှိသောပရိတင်းကို ဂလူတင်ဟုခေါ်သည်။ ပဲသီးပဲတောင့်အစေ့တို့၌ပါရှိသောပရိတင်းမှာ လီဂူမင်းဖြစ်၍၊ နွားနို့၌ပါရှိသော ပရိတင်းမှာကေစီအင်းဖြစ်သည်။ ကရီအေတင်းမှာကား အမဲသား၊ ငါးတို့၌ပါရှိသောပရိတင်းတစ်မျိုးဖြစ်သည်။ အမဲသားငါးတို့တွင် ပရိတင်းဓာတ်အများဆုံးပါဝင်သည်။ ကလိုရိဖိခေါ်သစ်စိမ်းဓာတ်ရှိသောသစ်ပင်ပန်းပင်တို့သည် ပင်ကိုသဘာဝအလျောက်ပရိတင်းကို အလိုလိုဖြစ်ပေါ်စေနိုင်သည်။ သို့သော် လူနှင့်တိရစ္ဆာန်တို့မှာ ယင်းသို့ မဖြစ်ပေါ်စေနိုင်သဖြင့် ပရိတင်းရရှိစေရန် ထိုဓာတ်မျိုးပါရှိသည့်အစားအစာများကို စားသောက်ပေးရသည်။ ပရိတင်းတို့သည် အမီနိုအက်ဆစ်ခေါ် အရိုးခံပစ္စည်းတို့ဖြင့် ဖွဲ့စည်းလျက်ရှိသည်။ အစာကို ချေဖျက်ရာတွင် အစာ၌ရှိသောပရိတင်းတို့သည် အမီနိုအက်ဆစ်များအဖြစ်သို့ ကူးပြောင်းသွားကြသည်။ ထိုအမီနိုအက်ဆစ်တို့သည် သွေးထဲ၌ပျော်ဝင်၍ ကိုယ်ခန္ဓာအရပ်ရပ်ရှိ အသားမျှင်အသားစိုင်များဆီသို့ ပျံ့နှံ့သွားကြသည်။ အသားမျှင် အသားစိုင်များ၌ အမီနိုအက်ဆစ်တို့သည် လိုအပ်သောပရိတင်းများ အဖြစ် ပြန်လည် ဖွဲ့စည်းကြကုန်သည်။

ပရိတင်းကို အများအပြားဆက်ကာစားခြင်းသည် လူကိုဥပဒ်ပေးတတ်သည်။ အဘယ်ကြောင့်ဆိုသော် အဆီနှင့်သကြားအပိုတို့ကို ကြွက်သားနှင့် အသည်းတို့၌ သိုမှီးထားနိုင်သော်လည်း၊ ပရိတင်းတို့သည် ဓာတ်သဘောဖွဲ့စည်းပုံအားဖြင့် ရှုပ်ထွေးလှသဖြင့်၊ ကိုယ်ခန္ဓာတွင်ပရိတင်းတို့ ဓာတ်ကြေပျက်ပြိုကွဲရာမှ ဖြစ်ပေါ်လာသော ပစ္စည်းတို့သည် များသောအားဖြင့် အဆိပ်အတောက် ဖြစ်သွားလေ့ရှိကြသည်။ ထိုကြောင့် အစာကိုကျန်းမာရေးနှင့် ညီညွတ်အောင်စားသုံးရာ၌ ကိုယ်ခန္ဓာအတွက် လိုအပ်သလောက်သာ ပရိတင်းကို အဆီ၊ ကာဗိုဟိုက်ဒရိတ်၊ ဓာတ်ဆားတို့နှင့် မျှတစွာစားသုံးရာသည်။ (အစာအာဟာရ–ရှု။)

ပရိမီးသယူး။ ။ဂရိရှေးဟောင်းပုံပြင်များ၏ အလိုအားဖြင့်၊ ပရိမီးသယူးသည်တိုင်တန်နတ်မျိုးနွယ်တစ်ဦးဖြစ်သည်။ တိုင်တန်နတ်မျိုးတို့သည် မိုးကောင်းကင်နှင့် ကမ္ဘာမြေတို့မှ ပေါက်ဖွားလာသောနတ်မျိုးဖြစ်ရကား၊ ဂရိတို့ကိုးကွယ်သော ဇုနတ်မင်းကြီးထက်ရှေးကျ၍ တန်ခိုးတေဇာကြီးမားသည်ဟု ဆိုသည်။ ပရိမီးသယူး၌ အက်ပိမီးသယူးနှင့် အက်တလတ်ဟူသော ညီတော်နှစ်ပါးရှိသည်။

တစ်ရံခါသော်၊ ဇုနတ်မင်းသည် ခမည်းတော် ကရိုးနပ်(ဆက်တန်)နတ်မင်းကို ပုန်ကန်ခြားနား၍ စစ်ခင်းလေသည်။ ထိုအခါ ပရိမီးသယူးနှင့် အက်ပိမီးသယူးတို့သည် ဇုနတ်မင်းဘက်မှနေ၍ ကူညီသည်။ ဇုနတ်မင်းသည် ထိုညီနောင်နှစ်ဦးအား ကမ္ဘာလောကရှိ သက်ရှိ သတ္တဝါတို့ကို ယင်းတို့နှင့်ထိုက်တန်သော တန်ခိုးသတ္တိများဖြင့် ဖန်ဆင်းစေရန် တာဝန်ပေးအပ်လိုက်၏။ ထိုတာဝန်အရ အက်ပိမီးသယူးသည် တိရစ္ဆာန်တို့ကို ခွန်အားကြီးခြင်း၊ လျင်မြန်ခြင်း၊ ခြေသည်းလက်သည်းရှိခြင်း၊ ကောင်းကင်၌ ပျံတက်ခြင်းစသော တန်ခိုးသတ္တိကို ပြည့်စုံစေလျက် ဖန်ဆင်း၏။ ပရိမီးသယူးကား ရုပ်ဆင်းသဏ္ဌာန်အားဖြင့် နတ်တို့နှင့်တူသောလူကို ဖန်ဆင်း၏။ ပရိမီးသယူးသည် လူ၏အကျိုးကိုအမြဲရှေးရှုသဖြင့် လူကို တိရစ္ဆာန်ထက်သာအောင် တန်ခိုးသတ္တိပေးရမည်ကို နှလုံးသွင်းမိ၏။ ထိုကြောင့် ပရိမီးသယူးသည် ကောင်းကင်သို့တက်ပြီးလျှင် နေမှရသော မီးဓာတ်ကို လူတို့အားပေးလေသည်။ တစ်နေ့သော် ဇုနတ်မင်းကြီးသည် လူတို့

www.foreverspace.com.mm



ပရိမီးသယူးကို အခိုင်အမာချည်နှောင်၍ အရှင်လတ်လတ် လင်းတစာကျွေးစဉ်

ကို စိတ်ဆိုး၍ မီးဓာတ်ကို လူ့အသိုက်အဝန်းမှ ကွယ်ပျောက်စေ၏။ သို့သော် ပရိမီးသယူးသည် ထိုမီးဓာတ်ကို ဇုနတ်မသိအောင် ခိုးယူ၍ လူ့လောကကို ပြန်ပေးလေသည်။ ဤအခြင်းအရာကိုဇုနတ်မင်းသိလတ်သော် ဒေါသအမျက်ထွက်၍ ယခုခေတ်၌ ကော်ကေးဆပ်တောင်တန်းဟုတွင်သောဒေသရှိ ကျောက်ဆောင်တစ်ခုတွင် ပရိမီးသယူးကို အခိုင်အမာချည်နှောင်၍ အရှင်လတ်လတ် လင်းတစာကျွေးလေသည်။ လင်းတတစ်ကောင်သည် နေ့စဉ်နေ့တိုင်းလာရောက်၍ ပရိမီးသယူးသည် မသေနိုင်ချေ။ လင်းတစားပြီးသောသူ၏ အသည်းနေရာတွင် နောက်တစ်နေ့ ထိုလင်းတပင်လျှင်လာ၍ စားနိုင်ရန်အလို့ငှါ အသည်းအသစ်တစ်ခု ပြန်၍ပေါက်သည်။ ဤနည်းဖြင့် ပရိမီးသယူးသည် ကြီးစွာသောဝေဒနာကို အနှစ်ထောင် ပေါင်းများစွာ ခံရ၏။ တစ်နေ့သော် ဟားကျူးလီးသည် ပရိမီးသယူး၏ဒုက္ခဝေဒနာကို မကြည့်ရက်နိုင်သောကြောင့်၊ လင်းတကိုသတ်၍ ပရိမီးသယူးကို လွှတ်လေ၏။ ဤသည် ကိုရည်၍ ပရိမီးသယူးကို လူတို့၏ကောင်းကျိုးနှင့် တိုးတက်မှုကို လိုလားသောနတ်အဖြစ်ဖြင့် ဂရိတို့က ပူဇော်ကြသည်။ (ဂရိနတ်များ–ရှု။)

ပရိုးတျူး ။ ။ပရိုးတျူးသည် ဂရိရေနတ်အရှင်ပိုဆိုင်ဒွန်၏သားဖြစ်သည်။ ပင်လယ်ဖျံများကို ထိန်းကျောင်းရသည်။ ဥာဏ်ပညာ ဗဟုသုတနှင့် ပြည့်စုံ၍ အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်း ရှိသည်။ မိမိကိုယ်ကိုမိမိ ရုပ်သဏ္ဌာန်အမျိုးမျိုးဖြစ်အောင် အသွင်ပြောင်းလဲနိုင်သောတန်ခိုးဏာဒိ ပါဒိနှင့်ပြည့်စုံသည်။ သက်ရှိသတ္တဝါအသွင်သာမက သက်မဲ့ရုပ်သဏ္ဌာန်အဖြစ်သို့လည်း ပြောင်းလဲနိုင်၍၊ မိမိကိုယ်မိမိ မီးသဏ္ဌာန်၊ ရေသဏ္ဌာန်ပင်လျှင် ဖန်ဆင်းနိုင်သည်။ ထိုကြောင့် ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲတတ်သောသဘောကို ပရိုးတျူးနှင့်တင်စား၍၊ ဥပမာပေးလေ့ရှိကြသည်။ (ဂရိနတ်များ–ရှု။)

ပရင့်အက်ဒွပ်ကျွန်း။ ။ပရင့်အက်ဒွပ်ကျွန်းသည် ကနေဒါနိုင်ငံရှိပြည်နယ်တို့တွင် အငယ်ဆုံးပြည်နယ်ဖြစ်သည်။ လူဦးရေလည်း အများဆုံးဖြစ်သည်။ စိန်လော့ရင့် ပင်လယ်ကွေ့၌ တည်ရှိ၍၊ ကနေဒါပြည်မရှိ နယူးဗရန်း ဌစ်နှင့် နိုဗာစကိုးရှားပြည်နယ်တို့မှ နော်သန်းဗာလန် ရေလက်ကြားက ပိုင်းခြားထားလေသည်။ ကျွန်း၏အလျားသည် ၁၄၅ မိုင်ခန့်ရှည်၍၊ အနံမှာမူ ၃၅ မိုင်ခန့်ရှိသည်။ အကျယ်အဝန်းကား စတုရန်းမိုင် ၂,၁၈၄ မိုင်ဖြစ်သည်။ ထိုကျွန်း၏ ရာသီ

www.foreverspace.com.mm

ဥတုသည် ဂပ်စထရင်း(ပင်လယ်ရေပူကြောင်း)ကြောင့် အပူ အအေးမျှတသည်။ မြေဩဇာကောင်းမွန်၍ အားလူးနှင့် ပြင်းစားဂျုံတို့ကိုစိုက်ပျိုးသည်။ နို့ထွက်တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းသည် ကြီးကျယ်သည်။ ထောပတ်နှင့် ဒိန်ခဲလုပ်ငန်းသည် အဓိကစက်မှုလက်မှု လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ကျွဲ၊ နွား၊ သိုး၊ ဝက်စသောတိရစ္ဆာန်တို့ကို မွေးမြူသည့်အပြင်၊ သားမွေးအလို့ငှါ မြေခွေးတို့ကိုလည်းမွေးမြူသည်။ တံငါလုပ်ငန်းသည်လည်း ကြီးကျယ်သည်။

ပရင့်အက်ဒွပ်ကျွန်း၏ မြို့တော်သည် ရှားလော့တောင်းမြို့ဖြစ်သည်။ ဆိပ်ကမ်းကောင်းသောကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အချက်အချာဖြစ်သည်။ ထိုကျွန်းကို ခရစ် ၁၄၉၇ခုနှစ်တွင် ဆီဗက်စချန်ကဲဗော့ဆိုသူက တွေ့ရှိသည်ဆို၏။ (ကဲဗော့ဂျွန်–ရှု။) သို့သော် အချို့သောသမိုင်းပညာရှင်တို့ကမူ ခရစ် ၁၅၃၄ခုနှစ်၌ ပြင်သစ်လူမျိုး ဇက်ကာတီယေးသည် ထိုကျွန်းသို့ ရောက်ရှိလာသည်ဟုဆိုသည်။ (ကာတီယေးဂျေ–ရှု။) ထိုကျွန်းကို ခရစ် ၁၆၀၃ခုနှစ်မှသည် ၁၇၅၉ခုနှစ်အထိ ပြင်သစ်ပိုင်သည်။ ထိုနောက် ဗြိတိသျှတို့ကသိမ်းပိုက်၍၊ ၁၇၆၃ခုနှစ်တွင် နိုဗာစကိုးရှားပြည်နယ်သို့သွတ်သွင်းခဲ့သည်။ ၁၇၉၈ ခုနှစ်၌ကား ထိုကျွန်းကို ကနေဒါနိုင်ငံဘုရင်ခံ ပရင့်အက်ဒွပ်မင်းသားကို ဂုဏ်ပြုသောအားဖြင့် ပရင့်အက်ဒွပ်ကျွန်းဟုအမည်မှည့်၍ ကနေဒါနိုင်ငံ၏ သီးခြားပြည်နယ်တစ်နယ်အဖြစ်ဖြင့်ထားရှိလေသည်။ ၁၉၅၁ခု သန်းခေါင်စာရင်းအရ လူဦးရေသည် ၉၈၄၂ယောက်ဖြစ်သည်။ ယင်းတို့အနက် အင်္ဂလိပ်၊ အိုင်ရစ်နှင့်စကော့လူမျိုးတို့သည် လူများစုဖြစ်သည်။ ပြင်သစ်အနွယ်တို့မှာ လူနည်းစုဖြစ်၏။

ပရင်းမရိုပင်။ ။ပရင်းမရိုပင်သည် ဥရောပတိုက်ရှိ သစ်တော၊ ယာတောများတွင်အလေ့ကျပေါက်သော ပန်းပင်မျိုးဖြစ်သည်။ ထိုပန်းမျိုး၏ ရုက္ခဗေဒအမည်မှာ 'ပရင်းမျူလာဗာလဂဲရစ်' ဖြစ်သည်။ နွေဦးပေါက်တွင် ပွင့်သော ပန်းမျိုးများအနက် ပရင်းမရိုပန်းသည် အကျော်ကြားဆုံးဖြစ်ပေသည်။ ဤသို့ ကျော်ကြားရခြင်းမှာ သင်းပျံ့သောရနံ့နှင့် လှပသောအရောင်အသွေး ရှိခြင်းကြောင့်ဖြစ်သည်။ အပွင့်များမှာအဝါရောင်ရှိသည်။ အရွက်များမှာ ရွက်တွန့်များဖြစ်၍၊ အပေါ်ယံတွင်အမွေးနုကလေးများရှိသည်။ ပရင်းမရိုပန်းပင်ကို ယခုအခါ ဥယျာဉ်ခြံမြေများတွင် စိုက်ပျိုးကြသည်။ ကူးယှက်မျိုးတည်ခြင်းကြောင့် အရောင်အမျိုးမျိုးရှိသောပန်းပွင့်အမျိုးမျိုး ပေါ်ထွန်းလာကြသည်။ ဥယျာဉ်စိုက်ပန်းမျိုးအနက် အကျော်ကြားဆုံးမှာ 'ပေါ်လီယင်းသပ်' ခေါ် ရိုးတံရှည်တစ်ခုတည်းတွင် အပွင့်များစု၍ပွင့်သော ပန်းမျိုးဖြစ်သည်။

ပရင်းမရိုပင်၏ အပွင့်နှင့်အရွက်

ကမ္ဘာပေါ်တွင် ပရင်းမရိုပန်းမျိုးပေါင်း ၃၀၀ ကျော် ခန့်မျှရှိသည်။ ထိုပန်းမျိုးတို့သည် ဥရောပတိုက်အပြင် အာရှတိုက်ရှိအေးသောအပိုင်းများ၊ ဂျားဗားကျွန်းနှင့် အက်ဗီဆီးနီးယားနိုင်ငံ တောင်ထူထပ် ပေါများသော ဒေသတို့တွင် အလေ့ကျ ပေါက်ရောက်ကြသည်။ ထိုပန်းမျိုးစိုက်ပျိုးရန် ကောင်းသောနေရာမှာ လောင်းရိပ် အနည်းငယ်ရပြီး နွေအခါတွင် ရေခိုးရေငွေ့များများရသောနေရာမျိုးဖြစ်လေသည်။

ပရုတ် ။ ။ပရုတ်ကို ပင်ရင်းဒေသဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ဖော်မိုးဆားကျွန်းတို့တွင် ပေါက်ရောက်သော စင်နာမိုမမ်ကမ်ဖိုရာခေါ် ပရုတ်ပင်မှချက်ယူရရှိသည်။ ပရုတ်ပင်သည် ဆယ့်နှစ်ရာသီ စိမ်းလန်းသော အပင်မျိုးဖြစ်၍၊ ကြီးမားသောအရွက်ကြီးများရှိ၏။ အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ဖလော်ရီဒါပြည်နယ်နှင့် အခြားပူနွေးသော အရပ်ဒေသများ၌ ပရုတ်ပင်များကို အလုစိုက်ပျိုးလေ့ရှိကြသည်။

ပရုတ်ချက်လုပ်ရာတွင် ပရုတ်ပင်မှပင်စည်၊ အခေါက်နှင့် အရွက်များကို သင့်တော်သည့်အရွယ်ရအောင် ခုတ်ထစ်ပိုင်းဖြတ်ပြီးနောက် ရှေးရိုးနည်းအတိုင်း ရေးနွေးငွေ့ဖြင့် ပေါင်းတင်ယူသည်။ ပေါင်းခံရည်ကို ခပ်နွေးနွေးကျိုချက်ပေးသောအခါ ရေနှင့်အငွေ့ပျံလွယ်သော ဆီများထွက်

www.forevermspace.com.mm

သွားရ၏။ ပရုတ်ရိုင်းအခဲကိုရ၏။ ပရုတ်ရိုင်းကို တစ်ဖန် အပူလိုက် ပေးရ၍အင္ကြေပျံတတ်စေပြီးလျှင်၊ ပရုတ်ငွေ့ကို အအေးခံလိုက်သောအခါ ပရုတ်ပွင့်သန့်သန့်ကို ရလေသည်။ ပရုတ်သည် အဖြူရောင်အလင်းမှုန် ပစ္စည်းဖြစ်၏။ အင္ကြေဖြစ်လွယ်၍၊ သာမန်အခန်းတွင်း အပူချိန်၌ပင်လျှင် အလိုအလျောက် အင္ကြေပျံကာကုန်ခမ်းသွားတတ်သည်။ သင်းသောအနံ့ရှိသည်။ အယ်လကို ဟောနှင့် အီသာတွင် လွယ်လင့်တကူ ပျော်ဝင်နိုင်သည်။ ပရုတ်ကို တာရပင်ဆီမှလည်း ချက်ယူ ရရှိနိုင်ရာ၊ ယခုအခါ တစ်ကမ္ဘာလုံး၌ အသုံးပြုလျက်ရှိသည့် ပရုတ်များအနက် ထက်ဝက်ခန့်ကို တာရပင်ဆီမှ ချက်ယူသည်။ (တာရပင်ဆီ–ရှု။)

ပရုတ်ကို နှလုံးအားတိုးဆေး၊ ဘမ်းပရုတ်ဆီကဲ့သို့သော လိမ်းဆေးများနှင့် အခြားဆေးများ ဖော်ရာတွင် အသုံးပြုကြ၏။ အထူးသဖြင့် ချိပ်ဆေးနှင့် ဆဲလျူလိုက်ပြုလုပ်ရာတွင် ပရုတ်ကိုအမြောက်အမြားအသုံးပြုကြရသည်။ ယခင်က အဝတ်အစားများကို ပိုးမ ဖောက်စေရန် ပရုတ်ဖြင့် ကာကွယ်လေ့ရှိကြသည်။ ယခုအခါ ပရုတ်အစား နက်ဖသလင်းဖြင့်ပြုလုပ်ထားသော ပရုတ်လုံးများကိုလည်း အသုံးပြုလာကြသည်။

ပရပ်ရှားပြည်။ ။ယခုခေတ်၌ အရှေ့ဂျာမနီဟုတွင်သော နိုင်ငံနှင့် အနောက်ဂျာမနီဟု တွင်သောနိုင်ငံတို့သည် ရှေးက တစ်စုတစ်ပေါင်းတည်းရှိသော ဂျာမနီနိုင်ငံဖြစ်သည်။ (ဂျာမနီနိုင်ငံ–ရှု။)တစ်ဖန် ဂျာမနီနိုင်ငံ၏ဇာစ်မြစ်ကို ကြည့်ပြန်သော်၊ ထိုနိုင်ငံသည် ခရစ် ၁၄၁၅ခုမှအစပြု၍ ပေါ်ပေါက်လာသော ပရပ်ရှားပြည်၌ အရင်းခံသည်ကို တွေ့ရသည်။ ခရစ် ၁၈၇၁ခုနှစ်တွင် ဂျာမန်ပြည်နယ် အသီးသီးတို့ကို နိုင်ငံတစ်နိုင်ငံတည်းဖြစ်အောင် စည်းရုံးသည့်အခါ၊ ပရပ်ရှားပြည်သည် ပရပ်ရှားဘုရင် ပထမဝီလျံ စိုးပိုင်သော ဂျာမန်အင်ပိုင်ယာနိုင်ငံ၏ ပြည်နယ်တစ်နယ်ဖြစ်လာခဲ့လေသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသောအခါ မဟာမိတ်တို့သည် ၁၉၄၆ ခုနှစ်၌ ပရပ်ရှားပြည်နယ်ကို ဖျက်သိမ်းလိုက်ကြသည်။ မူလက ပရပ်ရှားဟုတွင်ခဲ့သော နယ်သည်ယခုအခါ အရှေ့ဂျာမနီ၊ ပိုလန်နှင့်ဆိုဗီယက်ရုရှနိုင်ငံတို့၏ နယ်နိမိတ်အတွင်းတွင် တစ်စိတ်ဒေသတည်ရှိသည်။ ပရပ်ရှားပြည်၏ သမိုင်းကားဤသို့ဖြစ်၏။ ခရစ် ၁၄၁၅ခုတွင် ဟိုအင်ဆောလန်းမင်းညီမင်းသားအန္တယ်တို့သည် ဗရန်ဒင်ဗတ်နှင့်ချူးရမ်းဗတ် နယ်နှစ်နယ်ကို တစ်နယ်တည်းပူးပေါင်း၍အုပ်စိုးကြသည်။ သို့သော် ထိုနယ်သည် မြေသြဇာခြောက်သွေ့၍၊ စီးပွားရေးမဖြိုးသောကြောင့် နယ်စားအဆက်ဆက်တို့သည် တဖြည်းဖြည်းနယ်ချဲ့လာကြရာ မူလပြည်နယ်၏ တောင်ဘက်နှင့် မြောက်ဘက်နယ်နိမိတ်တို့သည် ကျယ်ဝန်းလာပြီးလျှင် နောက်ဆုံး၌ အနောက်နှင့် အရှေ့ ပရပ်ရှားပြည်နယ်တို့ကိုလည်း သိမ်းပိုက်နိုင်ခဲ့လေသည်။ ဤတွင် ပရပ်ရှားနယ်စားတို့ကိုအစွဲပြု၍ ပရပ်ရှားဟူသောအမည်သည် ဥရောပသမိုင်းတွင် ပိုမိုတွင်ကျယ်လာလေသည်။ ထိုနောက်ဖရက်ဒရစ်ဝီလျံဘုရင် (၁၆၂၀–၈၈) လက်ထက်တွင် တိုင်းပြည်၏နယ်နိမိတ်သည် ရှေးကထက်ကျယ်ပြန့်လာပြန်သည်။ ၁၇၀၁ခုနှစ်တွင် နန်းတက်သော ပထမဖရက်ဒရစ်သည် ပရပ်ရှားပြည်ဘုရင်ဟူသောအမည်ကိုပထမဦးစွာ ခံယူသည်။ ၁၇၄၀ ပြည့်နှစ်တွင် နန်းတက်သော ဖရက်ဒရစ်–သ–ဂရိတ် အမည်ခံ ဒုတိယဖရက်ဒရစ်(၁၇၄၀–၁၇၈၆)လက်ထက်တွင် ပရပ်ရှားပြည်ကို စစ်လက်နက်အင်အားအကြီးဆုံးဖြစ်သော တိုင်းပြည်ဖြစ်အောင်ဖန်တီးလေသည်။ စင်စစ် ဂျာမန်လူမျိုးတို့၏တက်ကြွသောစစ်သွေးစစ်မာန်စိတ်ဓာတ်သည် ဤခေတ်က အစပျိုးပေးလိုက်သောစိတ်ဓာတ်ဖြစ်သည်ဟု ဆိုရချိမ့်မည်။ ဖရက်ဒရစ်–သ–ဂရိတ်၏ စစ်တပ်တို့သည် သြစတြီးယားပြည်ပိုင် ဆိုင်လီးရှားကိုလည်းကောင်း၊ ပိုလန်ပိုင် ပရပ်ရှား အနောက်ပိုင်းကိုလည်းကောင်း တိုက်ခိုက်သိမ်းယူ၍ ပရပ်ရှားအင်ပိုင်ယာကိုစည်းရုံးလေသည်။ ၁၈၀၆ခုနှစ်၌မူကား နပိုလီယန်၏တပ်မတော်သည် ပရပ်ရှားပြည်တွင်းရှိနယ်အချို့ကို သိမ်းပိုက်လိုက်သည်။ သို့ရာတွင် ၁၈၁၅ခုနှစ်၌ နပိုလီယန်၏တန်ခိုးအာဏာများမှေးမိန်လာလေရာ၊ ပရပ်ရှားပြည်သည် ဆုံးရှုံးခဲ့သောနယ်များကို ပြန်ရသည့်အပြင်၊ အချို့ဒေသတို့၌ နယ်သစ်များကိုပင် အောင်နိုင်လိုက်လေသည်။ ၁၈၇၁ခု၌ကား ပထမဝီလျံ ဘုရင်သည် ပရပ်ရှားပြည်ကို ဂျာမန်အင်ပိုင်ယာနိုင်ငံ၏ ဇကာဇ်ဘုရင်ဟူသော အမည်နာမကို ခံယူသည်။ ဤသို့ ဂျာမန်အင်ပိုင်ယာဟု ဖြစ်ပေါ်လာခြင်းကား ထိုဘုရင်၏ နန်းရင်းဝန် ဗစ်ဇမတ်၏ ဆောင်ရွက်ချက်ကြောင့်ဖြစ်သည်။

၁၉၁၄–၁၈ ခုနှစ် ပထမကမ္ဘာစစ်ကြီးတွင် ဂျာမနီနိုင်ငံသည် စစ်ရေးရှုံးနိမ့်သောကြောင့်၊ ပိုလန်နိုင်ငံသို့ အရှေ့ပရပ်ရှားနှင့် အနောက်ပရပ်ရှား နယ်နှစ်နယ်အကြားရှိ ဒေသကို ပေးအပ်လိုက်ရသည်။ ဟစ်တလာကြီးစိုးသောခေတ်တွင် ဟစ်တလာ၏စစ်တပ်သည် ပိုလန်နိုင်ငံကို ဝင်ရောက်၍ ယခင်ကဆုံးရှုံးခဲ့သောနယ်ကို ပြန်လည်သိမ်းပိုက်သည်။ ဤမှစ၍ ၁၉၃၉–၄၅ခု ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားရာ၊ နောက်ဆုံးတွင် ဂျာမနီနိုင်ငံသည်စစ်ရှုံးလေ၏။ စစ်ပြီးသောအခါ ဆိုဗီယက်ရုရှသည် အရှေ့ပရပ်ရှားနယ်၏ မြောက်ပိုင်းဒေသတစ်ဝက်ခန့်ကို သိမ်းပိုက်လိုက်သည်။ ပိုလန်နိုင်ငံကမူ အိုဒါမြစ်၏အရှေ့ဘက်ရှိ ကြွင်းကျန်နေသော ပရပ်ရှားပြည်နယ်ကို သိမ်းပိုက်လိုက်သည်။ ၁၉၄၇ခုတွင် ယခင်က ပရပ်ရှားပြည်နယ်ဟု တွင်သောဒေသကို မဟာ

www.foreverspace.com.mm

မိတ်တို့ကဖျက်သိမ်းလိုက်၍၊ ယနေ့သော် ပရဝ်ရှားဟူသော နယ်သည်မရှိတော့ပြီ။ ဣာမနီနိုင်ငံသည်လည်း အရှေ့ဣာမနီနှင့် အနောက်ဣာမနီဟု နှစ်နိုင်ငံဖြစ်လာလေသည်။

ပရိက္ခရာ။ ။ပရိက္ခရာဟူသော ဝေါဟာရသည် ပရိက္ခရဟူသော ပါဠိကိုအနည်းငယ် ပြုပြင်ပြောင်းလဲထားသော မြန်မာ့ဝေါဟာရတစ်ခုဖြစ်သည်။ မူရင်းပရိက္ခာရသဒ္ဒါသည် အရံအတား၊ အဆင်တန်းဆာ၊ အဆောက်အဦ (အသုံးအဆောင်) စသော အနက်တို့ကိုဟောသည်။ သို့ဖြစ်ရာ ပရိက္ခရာဟူသော ဝေါဟာရသည်လည်း ယင်းအနက်တို့ကိုပင် ဟောသည်။

ခါးဝတ်သင်းပိုင်၊ ကိုယ်ရံဇကတီ၊ ဒုကုဋ္ဌခေါ် နှစ်ထပ်သင်္ကန်းကြီး၊ သပိတ်၊ ပဲကွပ်၊ ချုပ်အပ်၊ ခါးပန်းကြိုး၊ ရေစစ်တို့ကို ရဟန်းတော်များ၏အသုံးအဆောင်ဖြစ်သော ကြောင့်ပရိက္ခရာဟု ခေါ်သည်။ အပေါ်လွှမ်းအိပ်ရာခင်း၊ သံကောက်(သော့)၊ နိသီဒိုန်၊ သားရေးပိုင်းအခင်း၊ တောင်ဝှေး၊ ဆီကျည်၊ ထီး၊ ဖိနပ်တို့ကိုလည်း အသုံးအဆောင်များ ဖြစ်သောကြောင့် ပရိက္ခရာဟုပင် ခေါ်သည်။ ထိုကြောင့် ပရိက္ခရာ ၉ မျိုးဟုဆိုလျှင်ယခင် ၈ မျိုးတွင် အပေါ်လွှမ်းအိပ်ရာခင်း၊ သို့မဟုတ် သံကောက်ကို ထည့်သွင်းရေတွက်သည်။ ၁၀မျိုးဟု ဆိုလျှင် နိသီဒိုန်၊ သို့မဟုတ် သားရေပိုင်းအခင်းကို ထပ်မံထည့်သွင်းရေတွက်သည်။ ၁၁မျိုးဟု ဆိုလျှင် တောင်ဝှေး၊ သို့မဟုတ် ဆီကျည်ကို ထပ်မံထည့်သွင်းရေတွက်သည်။ ၁၂ မျိုးဟုဆိုလျှင် ထီး၊ သို့မဟုတ် ဖိနပ်ကို ထပ်မံထည့်သွင်းရေတွက်သည်။ ယင်းသို့ ပရိက္ခရာသည် အမျိုးမျိုးပင်ရှိသော်လည်း၊ ရဟန်းတော်များ၌ အလိုအပ်ဆုံး အကျဉ်းရုံးပရိက္ခရာသည် ၈မျိုးသာဖြစ်သည်။ ယင်း ၈မျိုးသည် ရဟန်းတော်များ၏ကိုယ်နှင့်ဝမ်းအတွက်လိုအပ်သော ကိစ္စအရပ်ရပ်ကိုလည်း ဆောင်ရွက်ပြီးစီးစေသည်။ ယူဆောင်ရာ၌လည်း လွယ်ကူသည်။ အတောင်ရှိသောငှက်သည် ပျံသန်းလေရာရာသို့ မိမိအတောင်သာဝန်ရှိသည်ဖြစ်၍ ပျံသန်းသကဲ့သို့၊ ရဟန်းတော်သည်လည်း အရပ်တစ်ပါးသွားလေရာရာသို့ ထိုပရိက္ခရာ ၈ မျိုးကို ကိုယ်နှင့်မကွာတပါးတည်း လွယ်ကူစွာ ယူဆောင်သွားနိုင်သည်။ ထိုကြောင့် ရဟန်းတော်သုံး အလိုအပ်ဆုံးအကျဉ်းရုံး ပရိက္ခရာဟု ဆိုလျှင် ၈မျိုးကိုသာ မှတ်ယူရေတွက်ကြသည်။

ပရိက္ခရာစပါးတွင် ရဟန်းတော်များသည် လူဒါယကာတို့လျှာ်ဒါန်းသောသင်္ကန်း မပေါ်မီရှေးအခါက ပံသုကူသင်္ကန်းကိုသာ ဝတ်ရုံသုံးဆောင် ကြသည်။ ဘုရားရှင်သည် ဇီဝက၏လျှောက်ထားချက်အရ၊ လူဒါယကာတို့ လျှာ်ဒါန်းသောသင်္ကန်းကို ဝတ်ရုံသုံးစွဲရန်ခွင့်ပြုတော်မူသည်။ ယင်းမှ နောက်ကာလ၌ ဘုရားရှင်သည် ချမ်းအေးခြင်းမှ ကြောက်ကုန်သောရဟန်းတို့အား သင်္ကန်းသုံးထည်ရှိလျှင် မျှတလောက်ပြီဟုသဘောရတော်မူ၍ တိစီဝရိတ်ခေါ် သင်္ကန်းသုံးထည်ကို ခွင့်ပြုတော်မူသည်။

မည်သည့်သပိတ်ကို ကိုင်တွယ်သုံးဆောင်ရမည်ဟု မသတ်မှတ်မပညတ်မီအခါက၊ ရဟန်းတော်များသည် လူတို့အသုံးအဆောင်ဖြစ်သည့် အမျိုးမျိုးသောသပိတ်တို့ကို ကိုင်တွယ်သုံးဆောင်ကြသည်။ ထိုကြောင့် ဘုရားရှင်သည် ၁၁ လုံးသောသစ်သား၊ ရွှေ၊ ငွေ၊ ပတ္တမြား၊ ကျောက်မျက်ရွှဲ၊ ဖန်၊ ကြေးဖြူ၊ စဉ့်၊ သလွဲဖြူ၊ သလွဲမည်း၊ ကြေးနီ၊ သပိတ်တို့ကို ပယ်မြစ်၍၊ မြေသပိတ်နှင့် သံသပိတ်တို့ကို ခွင့်ပြုတော်မူသည်။

ပဲကွပ်၏အသုံးဝင်မှုကို မူလပဏ္ဏာသအဋ္ဌကထာ၊ သုတ်သီလက္ခန်အဋ္ဌကထာတို့၌ 'ပဲကွပ်သည် ဒန်ပူဖြတ်သော အခါ၌လည်းကောင်း၊ ညောင်စောင်းအင်းပျဉ်တို့၏ အပေါင်အခြေ၊ သင်္ကန်းကနုတံတို့ကို ရွေသောအခါတို့၌လည်းကောင်း ကိုယ်ကိုဆောင်သည်ဖြစ်၏။ ကြံဖြတ်သောအခါ၊ အုန်းသီးခွံစသည်ကို ရွှေသောအခါ၌ ဝမ်းကိုဆောင်သည်ဖြစ်၏။' ဟု ပြဆိုထားသည်။

ပုံသဏ္ဌာန်အားဖြင့်မူ ဆရာအချို့ကား တရုတ်လက်သမားကိုင်ရဲတင်းငယ်သဏ္ဌာန်ဟူ၍လည်းကောင်း၊ ဆရာအချို့ကား ပေါက်တူးကဲ့သို့သောအသွားကန့်လန့်တပ်လက်သမားဆောင် တစည်းငယ်သဏ္ဌာန်ဟူ၍ လည်းကောင်း မိန့်ဆိုကြသည်။ ရဟန်းတော်များသည် သင်္ကန်းချုပ်သည့်အခါ ကြက်တောင်ဖြင့်လည်းကောင်း၊ ဝါးခြမ်းစိတ်ဖြင့်လည်းကောင်း သင်္ကန်းကိုချုပ်ကြသည်။ ယင်းသို့ချုပ်သဖြင့်သင်္ကန်းမကောင်းဖြစ်ရသည်။ ထိုကြောင့် အပ်ကို ခွင့်ပြုတော်မူသည်။ အခါတစ်ပါး၌ ရဟန်းတော်တစ်ပါးသည် ခါးပန်းကြိုးမစည်းမပတ်မူ၍ ရွာတွင်းသို့ ဆွမ်းခံဝင်သည်။ ခရီးလမ်းမ အရောက်တွင် ခါးဝတ်သင်းပိုင်ကျွတ်ကျလေသည်။ ယင်းအခါလူတို့ ဟစ်အော်ကြွေးကြော်သဖြင့် အရှက်ရကာ မျက်နှာမသာမယာဖြစ်ခဲ့ရသည်။ ထိုအကြောင်းကို ရဟန်းတော်များမှတစ်ဆင့် ဘုရားရှင်သိတော်မူ၍၊ ခါးပန်းကြိုးကိုခွင့်ပြုတော်မူသည်။

ပိုးမွှားရှိသောရေသည် ရဟန်းတော်များအတွက် မအပ်သောရေဖြစ်သည်။ ယင်းမအပ်သောရေကို စစ်၍ သောက်သုံးရန် ရေစစ်ကိုခွင့်ပြုတော်မူသည်။

ပရွက်စားကောင်။ ။ပရွက်စားကောင်သည် ပရွက်ဆိတ်၊ ခြစသောပိုးမွှားတို့ကိုစားသော နို့တိုက်သတ္တဝါမျိုးဖြစ်သည်။ ပရွက်စားကောင်အမျိုးမျိုးကို တောင်အမေရိကတိုက်၌တွေ့ရသည်။ 'မာမီကိုဖာဂျီဒီး' မျိုးရင်းဝင် ပရွက်စား

www.foreverspace.com.mm

ကောင်သည့် ဦးခေါင်းရှည်၏။ နှုတ်သီးသေးသွယ်၏။ ပါးစပ်နားရွက်၊ မျက်စိတို့သေးငယ်၏။ မေးရိုးခ်ိန်သွားမရှိ။ ရှည်လျားသောလျှာပေါ်၌ တံတွေးများစေးကပ်လျက်ရှိသည်။ ခြေထောက်တုတ်ခိုင်၍ သန်မာသည်။ ထက်မြက်သောခြေသည်းတို့ဖြင့် ပရွက်အုံ၊ ခြအုံတို့ကို ကုတ်ခြစ်ဖျက်ဆီးတတ်သည်။

တောင်အမေရိကတိုက် အပူပိုင်းဒေသ၌တွေ့ရသော ပရွက်စားကောင်တစ်မျိုးသည် အမြင့် ၂၀၀ ပေရှိသည်။ အသွားအလာနှေးကွေးသည်။ တောထဲတွင် မြေကြီးပေါ်၌သာလျှင်နေသည်။ ရှည်လျား၍၊ အမွေးထူသောအမြီးရှိသည်။ ကြောက်တတ်သော်လည်း ရန်သူကိုခြေသည်းတို့ဖြင့် ကုတ်ဖဲ့ ခုခံတတ်သည်။ ကိုယ်အရောင်မှာ ခပ်မဲမဲဖြစ်သည်။ ရင်ကိုပတ်၍ ကျောအထိ အနက်စင်းပါရှိသည်။ ခြေထောက်များ ဖြူသည်။ အမြီးနားနီးသော ကျောနေရာ၌ အမွေးထူသည်။

တောင်အမေရိကတိုက်အပူပိုင်းဒေသ၌ပင် အခြားပရွက်စားကောင်လေးမျိုးကို တွေ့ရသေးသည်။ ထိုပရွက်စားကောင်၏အရွယ်မှာ ကြောင်လောက်ရှိသည်။ သစ်ပင်ပေါ်၌နေ၍ ပရွက်ဆိတ်၊ ခြကောင်တို့ကို ဖမ်းစားတတ်သည်။ သစ်ပင်ပေါ်၌နေစဉ် အမြီးရှည်ကြီးကို အကိုင်း၌ရစ်ပတ်ထားလေ့ရှိသည်။ ညြစတေးလျတိုက်၌တွေ့ရသော ပရွက်စားကောင်မျိုးသည် သားပိုက်ကောင်များဖြစ်၍၊ 'မာမီကိုဗိုင်းယပ်' မျိုးစိတ်၌ ပါဝင်ကြသည်။

ပရွက်ဆိတ်။ ။ပရွက်ဆိတ်သည် အရွယ်သေးသော်လည်း အလွန် အံ့ဩဖွယ်၊ စိတ်ဝင်စားဖွယ်ကောင်းသည်။ ပရွက်ဆိတ်၏ ဝိရိယနှင့် ဇွဲသည်အရွယ်နှင့်မလိုက်အောင်ကြီးမားလှသည်။ အဆောက်အအုံတည်ဆောက်ရာတွင်လည်းကောင်း၊ အလုပ်တာဝန် စီမံခန့်ခွဲရာတွင်လည်းကောင်း လိမ္မာကျွမ်းကျင်သည်။ ထိုအရည်အချင်းတို့နှင့် ပြည့်စုံသောကြောင့် အချို့သူတို့က ပရွက်ဆိတ်၌ လူမှာကဲ့သို့ဆင်ခြင်တုံဉာဏ်စွမ်းရှိကောင်းရှိပေမည်ဟု ထင်မှတ်ကြသည်။ ကမ္ဘာကျော် သိပ္ပံကဝိကြီး လော့အ့ေဗရီ (ဆာဂျန်လပ်ဗတ်) သည် ပရွက်ဆိတ်များအကြောင်းကို နှစ်ပေါင်းများစွာလေ့လာပြီးနောက်၊ 'ပရွက်ဆိတ်၌ ဆင်ခြင်တုံဉာဏ်စွမ်းမရှိဟု ပြောဆိုရန်ခက်သည်' ဟူ၍ မိန့်ဆိုခဲ့ဖူးလေသည်။

ပရွက်ဆိတ်သည်အမျိုးပေါင်း ၂၀၀၀ ကျော်မျှရှိသည်။ ပါဏာဗေဒအလိုအားဖြင့် ပရွက်ဆိတ်၏နာမည်မှာ 'ဖော်မစ်စီဒီ'ဖြစ်၍၊ 'ဟိုင်မင်နော့တာရာ' မျိုးစဉ်တွင် ပါရှိသည်။

ဝင်ထွက်ရန် အပေါက်များနှင့်တကွ ကွေ့ကောက်သော လမ်းအသွယ်သွယ်၊ အိပ်ခန်း၊ ပစ္စည်းသိုလှောင်ခန်း အသီးသီးတို့ဖြင့် စနစ်ကျစွာ တည်ဆောက်ထားသော ၂ ပေကျော်မြင့်သည့် ပရွက်ဆိတ်တောင်ပို့ကြီး

www.forearthspace.com.mm

ထိုမျိုးစုံပတ်ဝန်းကျင်တွင် ပျားနှင့်နကျယ်တို့လည်း ပါဝင်ကြသည်။ ကျွန်ုပ်တို့အများဆုံးတွေ့ရသောပရွက်ဆိတ်နီနှင့် ပရွက်ဆိတ်နက်နှစ်မျိုးဖြစ်သည်။ ထိုနှစ်မျိုးစလုံး၌ သေးသွယ်ရှည်လျားသောခါးရှိသည်။ ဦးခေါင်းရှိဦးမှင်သည် အရာဝတ္ထုများကို စမ်းသတ်ရန် အတွက်ဖြစ်သည်။ ပရွက်ဆိတ်သွားလာနေစဉ်ထိုဦးမှင်သည် အမြဲလှုပ်ရှား၍နေသည်။ ပရွက်ဆိတ်၏ ကိုယ်ကိုသေချာစွာကြည့်လျှင် အပိုင်းသုံးပိုင်းကွဲပြားနေသည်ကိုတွေ့မြင်နိုင်သည်။ ထိုအပိုင်းသုံးပိုင်းမှာ (၁)ဦးခေါင်း (၂)ရင်ပိုင်း (၃) ဝမ်းပိုင်းတို့ဖြစ်သည်။ အချို့ပရွက်ဆိတ်များသည် မျက်စိမမြင်ချေ။ သို့သော် များသောအားဖြင့် အလင်းနှင့်အမှောင်ကို ခွဲခြားသိနိုင်သော မျက်လုံးများပါရှိသည်။ အချို့ပရွက်ဆိတ်များ၌ ရန်သူကို အဆိပ်သင့်စေနိုင်သောအစွယ်ပါရှိသည်။ ထိုအဆိပ်မှာ ဖော်မစ်အက်ဆစ် အရည်အပြင်းဖြစ်သည်။

ပရွက်ဆိတ်သည် ပျားကဲ့သို့ အပေါင်းအဖော် အသိုက်အဝန်းဖြင့် အစုအအုပ်ဖွဲ့ကာနေတတ်သောပိုးမွှားမျိုးဖြစ်သည်။ တစ်ခါတစ်ရံပရွက်ဆိတ်တို့၏ အစုအအုပ်မှာ ကြီးမားလွန်းလှရကား သိန်းသောင်းချီ၍ပင်ရှိတတ်ပေသည်။ သူတို့နေထိုင်ပုံကိုကြည့်လျှင် စည်းစံနစ်ကျနသော ပြည်ကလေးတစ်ပြည်သဖွယ် ဖြစ်နေသည်ကိုတွေ့ရသည်။ ပရွက်ဆိတ်ပြည်တွင် ပရွက်ဆိတ်ဘုရင်မကြီး၊ တောင်ပံရှိ ပရွက်ဆိတ်အဖိုအမများ၊ တောင်ပံမဲ့အလုပ်သမားပရွက်ဆိတ်နှင့်သူနာပြုပရွက်ဆိတ်များ စသည်ဖြင့် စုံစုံလင်လင်ရှိကြသည်။ အချို့ပရွက်ဆိတ်အစုအအုပ်များတွင် အလုပ်သမားပရွက်ဆိတ်ကို အမျိုးမျိုးခွဲခြားထား၏။ အကြီးစားပရွက်ဆိတ်အလုပ်သမားနှင့် အငယ်စားပရွက်ဆိတ်အလုပ်သမားတို့အပြင် စစ်သားပရွက်ဆိတ်ဟူ၍လည်းရှိသေးသည်။ စစ်သားပရွက်ဆိတ်၌ ကြီးမားသောဦးခေါင်းနှင့် သန်မာသောမေးရိုးကြီးများရှိသည်။

ပရွက်ဆိတ်များသည် မြေကြီးအောက်တွင် လည်းကောင်း၊ တောင်ကုန်းကလေး အတွင်းတွင်လည်းကောင်း နေလေ့ရှိသည်။ အပြင်ပန်းကိုသာကြည့်လျှင်ပရွက်ဆိတ်တောင်ပို့ကြီးသည် စတ်ဝင်စားဖွယ်တစ်စုံတစ်ရာမရှိဟုထင်ရသည်။ အချို့ပရွက်ဆိတ်တောင်ပို့ကြီးသည် ၂ပေကျော်မြင့်လျက်၊ အဝန်းအားဖြင့်ကိုက်ပေါင်းများစွာကျယ်ဝန်းသည်။ ပစ္စည်းအတိုအထွာများစွာကို တစ်နေရာမှသယ်ဆောင်လာပြီးလျှင် တောင်ပို့ထဲတွင်နေရာတကျ ခင်းကျင်း၍ထားသည်။ ကောက်ကွေ့သော လမ်းအသွယ်သွယ်တို့သည် ထိုတံခါးမကြီးများကို ဖြတ်သန်းသွားကြသည်။ အချို့လမ်းများသည် အထက်သို့သွား၍ အချို့မှာ အောက်သို့ ဆင်းသည်။ အိပ်ခန်း၊ ပစ္စည်းသိုလှောင်ခန်းစသည်ဖြင့် အခန်းအမျိုးမျိုးရှိသည်။ ဤပရွက်ဆိတ်ပြည်၏ အတွင်းအပြင်တွင်ပရွက်ဆိတ်များ ပျားပန်းခတ် သွားလာနေပုံမှာစည်ကားသော မြို့ကြီးတမြို့တွင် မြောက်မြားစွာသော လူတို့အလုပ်ကိုယ်စီဖြင့် ထိုမှဤမှ လူးလာဆန်ခတ်သွားလာနေပုံနှင့် များစွာတူပေသည်။

ပရွက်ဆိတ်ပြည်တစ်ပြည်လုံးရှိ ပရွက်ဆိတ်အပေါင်းသည် တစ်ကောင်နှင့်တစ်ကောင် ခွဲခြား၍မရအောင်ပင် ပုံပန်းသဏ္ဌာန်အားဖြင့်တူကြသည်။ အားလုံးသော ပရွက်ဆိတ်များသည် အားနေရသည်ဟူ၍မရှိ၊ အလုပ်ကိုယ်စီကိုယ်ငှဖြင့် အသီးသီးအလုပ်ရှုပ်လျက်ရှိကြသည်။ အလုပ်ရှုပ်သည်ဟု ဆိုရာတွင်လည်း အလုပ်တခုကို ဝိုင်းဝန်းစုပြုံ၍ လုပ်နေကြခြင်းမဟုတ်ဘဲ၊ မိမိတို့၏တာဝန်ကို ဝေပုံကျအတိုင်း စီမံခန့်ခွဲ၍လုပ်နေကြခြင်းသာလျှင်ဖြစ်သည်။ အချို့ပရွက်ဆိတ်များသည် ပရွက်ဆိတ်အုံအပြင်ဘက်တွင် ဆောင်ရွက်ဖွယ် တို့ကိုလုပ်ကိုင်ရန်အတွက် ထွက်ခွာသွားကြ၏။ အချို့ပရွက်ဆိတ်များသည် အစာရိက္ခာအသစ်ထပ်ဖြည့်ပေးရန်အတွက် ဆောင်ရွက်နေကြသည်။ အချို့ကမူ အဆောက်အအုံကိုချဲ့ထွင်ပြုပြင်ရန်အတွက် ပစ္စည်းအမျိုးမျိုးကို သယ်ယူလာကြသည်။ အပြင်အလုပ်သမားပရွက်ဆိတ်အချို့သည် ပရွက်ဆိတ်ပြည်ထဲသို့ဝင်ရာ လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့တွင် ပိတ်ဆို့ကျရောက်သော အမှိုက်သရိုက်များကို ဖယ်ရှင်းပေးကြသည်။

ပရွက်ဆိတ်အဆောက်အအုံကြီးအတွင်း၌ အိမ်တွင်းအလုပ်သမားပရွက်ဆိတ်များသည် အခန်းကြီးအခန်းငယ်တို့ကို ရှင်းလင်းသုတ်သင်ပေးခြင်းဖြင့် အလုပ်ရှုပ်လျက်ရှိကြ၏။ ကလေးထိန်းပရွက်ဆိတ်၊ သူနာပြုပရွက်ဆိတ်တို့သည် ဖြူဖွေးသောဝန်ထုပ်ဝန်ပိုးများကို မေးရိုးဖြင့်ညှပ်ကာ သယ်နေကြသည်။ ဤဖြူဖွေးသောဝန်ထုပ်ဝန်ပိုးများမှာ အခြားမဟုတ်၊ ဥကလေးများသော်လည်းကောင်း၊ ပရွက်ဆိတ်ကလေးများသော်လည်းကောင်း ဖြစ်ကြသည်။ ပရွက်ဆိတ်ကလေးများနှင့် ပရွက်ဆိတ်ဥကလေးများကို သီးသန့်အခန်းများတွင် သိပ်ထားကြရသည်။ ဤကဲ့သို့ကျနစွာ စီမံခန့်ခွဲတတ်သည့် နေရာတွင် ပရွက်ဆိတ်တို့သည် အရွယ်နှင့်မလိုက်အောင်ပင် ကျွမ်းကျင်လိမ္မာကြပေသည်။

ပရွက်ဆိတ်ပြည်ကို စတင်ထူထောင်သူမှာ ပရွက်ဆိတ်မကြီးဖြစ်သည်။ ပရွက်ဆိတ်မသည် အုံလုံးကျွတ်နေရာပြောင်းရွှေ့သည့်အခါမျိုးတွင် ပရွက်ဆိတ်အစုအအုပ်ထဲမှ ပျံတက်၍ ပရွက်ဆိတ်အဖိုနှင့်တွေ့ဆုံလေ့ရှိသည်။ ပရွက်ဆိတ်အဖိုသည် အခြားအသိုက်အအုံမှဖြစ်၍ အမမှာကဲ့သို့ပင်အတောင်ပံပါရှိသည်။ ပရွက်ဆိတ်အဖိုနှင့် မိတ်လိုက်ပြီးသောအခါ ပရွက်ဆိတ်မသည် မြေကြီး ပေါ်သို့ ပြန်ဆင်းလာပြီးလျှင် ဥအုလေသည်။ ထိုဥကလေးများမှ သေးငယ်သော ပိုးလန်းကလေးများ ပေါက်ပွားလာသည်။

www.foreignspace.com.mm

ပေါက်ခါစ ပိုးလန်းကလေးများကို မိခင်ဖြစ်သောပရွက်ဆိတ်မကြီးသည် မိမိကိုယ်မှရသောအစာဖြင့် ကျွေးမွေး၏။ ဤသို့ကျွေးမွေးရသည်မှာ ပိုးတုံးလုံးကလေးဘဝသို့ ရောက်သည့်တိုင်အောင်ပင်ဖြစ်သည်။ ပိုးဥဘဝမှ ပိုးတုံးလုံးဘဝသို့ ရောက်ရန် ရက်သတ္တပတ်ပေါင်း မြောက်မြားစွာကြာ၏။ ထိုအချိန်တွင် အလုပ်သမားပရွက်ဆိတ်များသည် ပရွက်ဆိတ်၏အစုအဆုပ်ကြီးတစ်ခုလုံးအတွက် ပြုလုပ်ဖွယ်တာဝန်ဝတ္တရားတို့ကိုပြုလုပ်ကြသည်။ ထိုပြင် ပရွက်ဆိတ်ဘုရင်မကြီးအတွက် ဆောင်ရွက်ဖွယ်ရာတို့ကိုလည်း ဆောင်ရွက်ပေးကြ၏။ ပရွက်ဆိတ်ဘုရင်မကြီးကို ဤကဲ့သို့ အငြိမ်းစားနေနိုင်အောင် ကူညီပေးခြင်းမှာ အခြားကြောင့် မဟုတ်၊ ပရွက်ဆိတ်ဘုရင်မကြီးသည် ပရွက်ဆိတ်မြောက်မြားစွာပေါက်ဖွားပေးနိုင်ရန်ဖြစ်သည်။ ပထမဦးစွာပေါက်ဖွားသော ပရွက်ဆိတ်များသည် ကျွေးမွေးပြုစုမှုကိုကောင်းစွာမရရှိသဖြင့်၊ ကြီးထွားသင့်သလောက် မကြီးထွားကြသည်ကို တွေ့ရ၏။ နောက်ပေါက် ပရွက်ဆိတ်များမှာမူ၊ အရွယ်ငယ်သောနောင်တော်ပရွက်ဆိတ်တို့က စားကောင်းသောက်ဖွယ်တို့ဖြင့် မွေးမြူပြုစုခြင်းကြောင့် ပိုမိုကြီးထွား၍လာကြသည်။ ပရွက်ဆိတ်အဆောက်အအုံကြီးထဲတွင် အလုပ်သမားပရွက်ဆိတ်တို့သည် ပိုးလောင်း၊ ပိုးဥနှင့် ပိုးအိမ်ကလေးများကို သန့်စွမ်းသည်ထက် သန့်စွမ်းလာအောင်နေလှမ်းပေးသည်။ ပရွက်ဆိတ်ပေါက်စကလေးများသည် ပျားပေါက်စကလေးများကဲ့သို့ များစွာပင်ပန်းဒုက္ခရောက်ကြသည်။ ထိုပရွက်ဆိတ်ပေါက်စတို့သည် မည်သည့်အမှုကိစ္စကိုမှ ပြုလုပ်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ၊ ခြေထောက်မပါသောခန္ဓာကိုယ်တွန့်လိမ်ရုံမျှသာတတ်နိုင်ကြသည်။ အစားအစာကျွေးမွေးလျှင်လည်း သေးနုပ်လှသောပါးစပ်ကို ဖွင့်ဟပေးရုံမျှသာတတ်နိုင်ကြသည်။ ကလေးထိန်းပရွက်ဆိတ်တို့သည် ဤသနားစဖွယ် အကောင်ငယ်ကလေးများကို သက်ညှာယုယစွာထိန်းသိမ်းထားကြသည်။ ပရွက်ဆိတ်ကဧးလတို့ကို အမြဲတစေအစာကျွေးမွေးခြင်း၊ သန့်ရှင်းစင်ကြယ်စေခြင်း၊ သယ်ယူပို့ဆောင်ပေးခြင်းစသည်တို့ကို အခါမလပ်ပြုလုပ်ပေးကြသည်။ ထိုပြင် ဦးခေါင်းရှိအမှင်ဖြင့်လည်း ညင်သာစွာပွတ်သတ်၍ပေးကြသည်။ ညအချိန်များတွင် ပရွက်ဆိတ်ကလေးတို့ကို နေ့အချိန်ထားသောနေရာတွင် သိပ်မထားတော့ဘဲ၊ အဆောက်အအုံ၏အောက်ဘက်အကျဆုံးနေရာသို့ သယ်ဆောင်သွားကြသည်။ ဤသို့ သယ်ဆောင်သွားရခြင်းမှာ ပရွက်ဆိတ် ကလေးများအဖို့ အောက်ဘက်ရှိ နေရာများမှာ ပို၍လုံခြုံစိတ်ချရပြီးလျှင် ပို၍လည်းနွေးသောကြောင့်ဖြစ်သည်။ နေ့အချိန်သို့ရောက်လာလျှင် ပရွက်ဆိတ်အုံကြီး၏ ထိပ်ပိုင်းသို့ ပြန်လည်ပို့ဆောင်ပေးကြသည်။ အကယ်၍ ထိုနေ့သည် ပူနွေး၍သာသာယာယာရှိပါမူ အဆောက်အအုံထဲတွင်မထားဘဲ ပြင်ပသို့ထုတ်၍ လေကောင်းလေသန့်နှင့် နေရောင်ခြည်တို့ကို ကောင်းစွာခံယူစေကြသည်။

ပရွက်ဆိတ်ပိုးလန်းကလေးများသည် အရွယ်ရောက်လာသောအခါ သေးငယ်သောပိုးအိမ်ကလေးများကို ပြုလုပ်ကြသည်။ ထိုနောက်ပိုးအိမ်အတွင်း၌ ပရွက်ဆိတ်တုံးလုံးကလေးများဖြစ်လာသည့်တိုင်အောင် ဝင်နေကြသည်။ ကလေးထိန်းပရွက်ဆိတ်မတို့သည်လည်း ဆက်လက်၍ စောင့်ရှောက်မြဲစောင့်ရှောက်ကြသည်။ ပရွက်ဆိတ်တုံးလုံးကလေးများကို တစ်နေရာမှတစ်နေရာသို့ ရွှေ့သွားသည့်အခါတိုင်း ပါးစပ်ထဲတွင်ထည့်၍သယ်ဆောင်သွားလေ့ရှိသည်။ နောက်ဆုံးတွင် သဘာဝအလျောက်ဆန်းကြယ်စွာ ပရွက်ဆိတ်ကလေးဖြစ်လာ၍ ပိုးအိမ်အပြင်သို့ သွားလာလေသည်။

ပရွက်ဆိတ်အုံကြီးထဲသို့ ပထမဦးစွာရောက်ရှိလာသော ပရွက်ဆိတ်ငယ်ကလေးသည် အလွန်ချည့်ချည့်နဲ့နဲ့ရှိလှသည်။ ထိုပရွက်ဆိတ်ပေါက်စကလေးများကို အလုပ်သမားပရွက်ဆိတ်များက ကောင်းစွာပြုစုကျွေးမွေးကြရသည်။ အလုပ်သမားပရွက်ဆိတ်တို့သည် ထိုပရွက်ဆိတ်ပေါက်စကလေးများကို လမ်းသွားလမ်းလာ၌ ကူညီဖေးမပေးကြသည်။ ထိုမျှသာမက အစားအစာကျွေးမွေးခြင်း၊ အခြားရွယ်တူပရွက်ဆိတ်ငယ်များနှင့်မိတ်ဖွဲ့ပေးခြင်း၊ ဆန်းပြားသောပရွက်ဆိတ်ပြည်ကြီး တဝန်းလုံးသို့အနှံ့အပြား လိုက်လံပြသခြင်းစသော ကိစ္စတို့ကိုပါဆောင်ရွက်ပေးကြရသည်။ ဤပေါက်စပရွက်ဆိတ်ကလေးတို့ကို ပထမတစ်ရက်နှစ်ရက်တွင် မည်သည့်အလုပ်တာဝန်ကိုမျှ မစေခိုင်းဘဲ၊ ပရွက်ဆိတ်ပြည်ကို အနှံ့အပြားလည်ပတ်စေသည်။ ပရွက်ဆိတ်ငယ်သည် အလုပ်လုပ်ရန် အားပြည့်လာသည်နှင့်တစ်ပြိုက်နက် အခြားအရွယ်ရောက်ပြီးဖြစ်သော အလုပ်သမားပရွက်ဆိတ်များနှင့်ယှဉ်ကာ ကျရောက်သောတာဝန်များကို ထမ်းဆောင်ကြရတော့သည်။

ပရွက်ဆိတ်များသည် အမြင့်အားဖြင့်သေးနုပ်သော်လည်း ယင်းတို့၏အလုပ်တာဝန်မှာ အတော်ပင်များပြားကြီးကျယ်လှပေသည်။ တစ်နေ့တစ်ခြားများပြားလာသော ပရွက်ဆိတ်ထုကြီးကို အစာရိက္ခာမပြတ်မလပ်ထောက်ပံ့နိုင်ရန်အတွက်နှင့် အဆောက်အအုံကြီးကို ချဲ့ထွင်ပြုပြင်ရန်နှင့် အခန်းသစ်များတူးဖော်တည်ဆောက် ရန်အတွက် အမျိုးမျိုးသော တာဝန်ကို ရွက်ဆောင်ကြရလေသည်။

ပူးပြင်းသောနွေရာသီတစ်ချိန်တွင် ပရွက်ဆိတ်အုံကြီးတခုလုံး အလုပ်ရှုပ်နေခိုက်၊ ထူးဆန်းသောအခြင်းအရာတစ်ခုဖြစ်ပျက်လေသည်။ ခါတိုင်းလို ပရွက်ဆိတ်ဥများမှ အတောင်ပံမဲ့အလုပ်သမားတို့ ပေါက်လာမည့်အစား၊ အ

www.foreverspace.com.mm

တောင်ပံရှိ ပရွက်ဆိတ်ငယ်များ ထွက်လာကြသည်။ ထိုအတောင်ပံရှိပရွက်ဆိတ်ငယ်အုပ်စုတွင် ပရွက်ဆိတ်အထီးရောအမပါပါရှိကြသည်။ ဤသို့ရှတ်ခြည်း ထွက်ပေါ်လာသောပရွက်ဆိတ်သစ်များသည် အခြားပရွက်ဆိတ်တို့နှင့် ရောနှောရှိ အလုပ်မလုပ်ကြပေ။ ယင်းတို့ကို အလုပ်သမားပရွက်ဆိတ်များက အစားအစာကျွေးမွေးပြီးနောက် အတောင်ပံကိုပင်ချောသည်ထက်ချောလာအောင် သုတ်သင်ရှင်းလင်းပေးကြသည်။ ဇြမ်သက်၍အိုက်စပ်သောတစ်ညနေတွင် အတောင်ပံရှိ (၀၁) ပရွက်ပျံအဖိုအမများသည် တစ်ပြိုင်နက်တည်း ပရွက်ဆိတ်အုံတံခါးမကြီးများမှ လေထဲသို့ပျံတက်သွားကြလေသည်။

ဤအနီးအနားတစ်ဝိုက်ရှိ အခြားသောပရွက်ဆိတ်အုံများမှလည်း ထိုနည်းတူစွာပရွက်ပျံများပျံတက်လာကြသည်။ ယင်းတို့သည် ထိုထိုဤဤ အနှံ့အပြားပျံသန်းလျက်နေရောင်ထဲတွင် တောင်ပံယှက်ကာ မြူးထူပျော်ပါး၍နေသည်။ သို့သော်ယင်းတို့ပျော်ရွှင်ရသောအချိန်မှာ မကြာလှပေ။ အနီးအနားရှိငှက်တို့သည် ပျော်မြူးနေကြသော ပရွက်ပျံထောင်ပေါင်းများစွာကို ထိုးသုတ်ဝါးမျိုကြလေသည်။ အသက်မသေဘဲလွတ်မြောက်ကျန်ရစ်သော ပရွက်ဆိတ်မများသည် မြေသို့ကျဆင်းလာကြသည်။ ထိုနောက် ပရွက်ဆိတ်တွင်းများသို့ ပြန်လာ၍ အလုပ်သမားပရွက်ဆိတ်တို့၏ အကူအညီဖြင့် ပရွက်ဆိတ်ပြည်ကို ပြန်လည်ထူထောင်လေသည်။ ဤကဲ့သို့ ပျော်ပါးမြူးထူးရာမှ ပြန်လာသော ပရွက်ဆိတ်မတို့ကို မူလအဆောက်အအုံထဲမှ အလုပ်သမား ပရွက်ဆိတ်တို့သည်ငြူစူ စိမ်းကားခြင်းမရှိဘဲ၊ ကြည်ဖြူစွာပင် လက်ခံပြုစုလေ့ရှိသည်။

အသက်မသေဘဲကျန်ရှိသောပရွက်ဆိတ်ဖိုများ၏ ကြမ္မာမှာ၀မ်းနည်းဖွယ်ကောင်းပေသည်။ နေရင်းပရွက်ဆိတ်အုံသို့ပြန်၀င်လိုသော်လည်း၊ အလုပ်သမားပရွက်ဆိတ်တို့က လက်မခံဘဲ ပြည်နှင်ဒဏ်ပေးကြသည်။ ပရွက်ဆိတ်ဖိုများသည် ခိုလှုံရန်နေရာမရှိသဖြင့် ထိုမှဤမှ သွားလာကူးသန်းယင်း ငှက်တို့၏ခံတွင်းသို့ ကျဆင်းကြရသည်။ အချို့လည်း အအေးဒဏ်ကြောင့် ပျက်စီးကြလေသည်။

ပရွက်ဆိတ်များသည် အဆောက်အအုံကြီးများကို နေရာမရွေးအခါမရွေးဘဲ တည်ဆောက်လေ့ရှိသည်။ သစ်တောတွင်လည်းကောင်း၊ လွင်ပြင်တွင်လည်းကောင်း မြေကြီးကို ထွင်းဖောက်လျက်ဖြစ်စေ၊ တောင်ပို့ကြီးပမာ တည်ဆောက်လျက်ဖြစ်စေ အသိုက်အအုံထူထောင်လေ့ရှိသည်။ အချို့အကောင်များသည် ဟောင်းနွမ်းဆွေးမြည့်နေသောသစ်တုံးများနှင့် အသိုက်ဆောက်လုပ်တတ်ကြသည်။ အချို့အကောင်များသည် သစ်ရွက်အပြွတ်အခိုင်များထဲတွင် ပိုးမျှင်ဖြင့် အသိုက်အအုံဆောက်လုပ်တတ်ကြသည်။ အချို့ပရွက်ဆိတ်တို့သည် လူနေအိမ်ခြေများတွင် အသိုက်ဆောက်လုပ်ပြီးလျှင် လူတို့အား အနှောင့်အရှက်ပေးတတ်ကြလေသည်။

လူတို့၌သာ လူဆိုးသူဆိုးရှိသည်မဟုတ်၊ ပရွက်ဆိတ်တို့၌လည်း ပရွက်ဆိတ်အဆိုးများ ရှိသည်။ ဆိုးသွမ်းသော ပရွက်ဆိတ်တို့သည် အလွန်သေးငယ်၍ဝါကြန့်ကြန့်အရောင်ရှိသည်။ ပရွက်ဆိတ်တို့သည် ပရွက်ဆိတ်ကြီးများ၏ အသိုက်အအုံထဲတွင် ပုန်းလျှိုး၍နေတတ်ကြသည်။ ပရွက်ဆိတ်ကြီးများ၏အသိုက်အအုံနံရံတွင် ကွေ့ကောက်လိမ်ရှုပ်သောလမ်းကြောင်းကလေးများရှိ၏။ ထိုလမ်းကြောင်းလေးများသည် ကျဉ်းမြောင်းသေးငယ်လွန်း၍ သာမန်ပရွက်ဆိတ်ကြီးများ၀င်ရောက်ရန်ခဲယဉ်းလှသည်။ ပရွက်ဆိုးတို့သည် ပရွက်ဆိတ်ကြီးများလစ်သည်နှင့်တစ်ပြိုင်နက် လက်လှမ်းမီရာ ပရွက်ဆိတ်တုံးလုံးနှင့်ပရွက်ဆိတ်လောင်းကလေးများကိုဖမ်းယူသည်။ ထိုနောက် မူရင်းနေရာအပေါက်ငယ်ကလေးများဆီသို့ ကပျာကယာပြန်ပြေးကြသည်။

ပရွက်ဆိတ်များသည် အခြားထူးဆန်း သည့်ပိုးမွှားများကို ဧည့်သည်အဖြစ်ဖြင့် အရေးတယူမွေးမြူထားတတ်သည်။ ပရွက်ဆိတ်အုံတွင် ပျများကို အစုလုံးအအုံလိုက်မွေးမြူထားသည်ကို မကြာခဏတွေ့ရသည်။ ထိုပျများသည် မည်သည့်အပင်ကိုမဆို အမျိုးအစားမရွေးဘဲ ဖျက်ဆီးတတ်ကြသည်။ သစ်ပင်၏အဆီအနှစ်အားလုံးတို့ကို ယင်းတို့၏ချွန်ထက်စူးရှသောနှုတ်သီးများဖြင့် ထိုးဖောက်စုပ်ယူတတ်ကြသည်။ အပင်၏သြဇာများကို စုတ်ယူပြီးသော အခါ သေးငယ်သောခန္ဓာကိုယ်ကလေးများသည် ပူဖောင်းကဲ့သို့ ဖောင်းပွလာ၍ ချိုသောအရည်များသည် ကိုယ်မှယိုစီး၍လာသည်။ ပျတို့၏ကိုယ်မှယိုစီးထွက်လာသော အရည်ချိုကို ပရွက်ဆိတ်တို့သည်သောက်စို့ကြ၏။ ထိုကြောင့် ပရွက်ဆိတ်များသည် ပျတို့ကိုစိတ်ရှည်လက်ရှည်ဖြင့် လူများ နို့စားနွားကို ဒုက္ခခံကာထိန်းကျောင်း မွေးမြူထားသကဲ့သို့ မွေးမြူထားကြသည်။ (ပျ–ရှ။)

မြောက်အမေရိကတိုက်တွင် ပျားရည် စုဆောင်းသော ပရွက်ဆိတ်တစ်မျိုးရှိသည်။ ထိုပရွက်ဆိတ်တို့သည် ပျားရည်ကို ၀ကသစ်ချပင်တို့၏ အညွှန့်အဖူးကလေးများ ရရှိကြသည်။ ထိုပျားရည်ကို အတောင်ပံပါရှိသောပိုးမွှားတစ်မျိုးကပြုလုပ်ထားသည်။ ဤအဖူးကလေးများမှ ယိုစိမ့်၍ ထွက်လာသောပျားရည်ကို ပရွက်ဆိတ်သည် ထုတ်ယူပြီး စလုတ်ထဲတွင် အပြည့်ထည့်ကာအသိုက်သို့ယူဆောင်သွားသည်။ အသိုက်ထဲတွင် ပျားရည်ကို ပရွက်ဆိတ်တကာတို့ သောက်ယူနိုင်ရန် အိုးကြီးများတွင်သိုလှောင်ထားသည်။ ထိုပျားရည်အိုးများကို တစ်ခုနှင့်တစ်ခု နှုတ်ခမ်းချင်းထိလုနီး အသိုက်အမိုးတွင် တွဲလောင်းချိတ်ဆွဲထားသည်။ အချို့

www.foreverspace.com.mm

အလုပ်သမားပရွက်ဆိတ်များသည် မိမိတို့၏ ခန္ဓာကိုယ်ကို ပျားရည်ပဲထည့်သွင်းသိုလှောင်နိုင်အောင် ပြုပြင်ပြောင်းလဲလေးရာ၊ အိုကြီးများသဖွယ်ဖြစ်နေသည်။ ထိုသက်ရှိပျားရည် အိုးကြီးများသည် အဆက်မပြတ်ထည့်သွင်းထားသော ပျားရည်တို့ဖြင့် ဖောင်းပွစူထွက်လျက်ရှိသည်။ အခြားအလုပ်သမားပရွက်ဆိတ်များသည် ဤသက်ရှိ ပျားရည်အိုးများဆီသို့မကြာခဏ ရောက်ရှိလာပြီးလျှင် ပျားရည်ကို စုပ်ယူသောက်သုံးကြသည်။ ဤသို့သက်ရှိပျားရည်အိုးဖြစ်လျက်ရှိသော အကောင်တို့သည် မည်သည့်အခါမျှ အသိုက်ထဲက အပြင်ဘက်သို့ထွက်လေ့မရှိကြပေ။ ကိုယ်ခန္ဓာမှာလေးလံပြည့်ဖောင်းလွန်းသဖြင့် လမ်းလျှောက်ရန်ပင် မတတ်နိုင်သည်ကိုတွေ့ရ၏။ တွဲလောင်းဆွဲချိတ်ရာမှ တစ်ခါတစ်ရံ အောက်သို့လိမ့်ကျလာလျှင် ရိုးရိုးအလုပ်သမားပရွက် ဆိတ်များက ပြန်လည်အပေါ်တက်နိုင်ရန် ကူညီမတင်ပေးကြရသည်။ ပရွက်ဆိတ်တို့တွင် စံနစ်တကျဖွဲ့စည်းထားသော ပရွက်ဆိတ်စစ်သည်တော်များ ရှိသည်။ မိမိတို့နှင့်အမျိုးတူဖြစ်သည့် အခြားသော ပရွက်ဆိတ်အသိုက်အအုံကြီးများကို ဝင်ရောက်တိုက်ခိုက်တတ်ကြသည်။ တိုက်ပွဲကြီးများဖြစ်ပွားပြီးနောက် စစ်နိုင်သောပရွက်ဆိတ်တို့သည် စစ်ရှုံးသောပရွက်ဆိတ်တို့ထံမှ ပရွက်ဆိတ်ဥများနှင့်ပရွက်ဆိတ်ငယ်များကို သယ်ဆောင်သွားကြသည်။ ဖမ်းယူသွားသောသုံ့ပန်းကလေးများကို ကောင်းစွာမွေးမြူပြုစုထားပြီးနောက် ကြီးလာသောအခါ မိမိတို့အသိုက်ထဲတွင်ပင် ဆက်လက်အလုပ်လုပ်စေသည်။ ဤသို့ အလုပ်လုပ်စေသောကြောင့် ပရွက်ဆိတ်သုံ့ပန်းများသည် ထိုပရွက်ဆိတ်ပြည်ကြီးတွင် အရေးပါအရာရောက်သောပြည်သားများသဖွယ် ဖြစ်လာကြလေသည်။

အာဖရိကတိုက်အလယ်ပိုင်းဒေသ၊ တောင်အမေရိကတိုက်နှင့် အာရှတိုက်တောင်ပိုင်းဒေသတို့တွင် သက်ရှိသတ္တဝါအသားစားသောပရွက်ဆိတ်များရှိသည်။ ထိုပရွက်ဆိတ်တို့သည် သန်းပေါင်းများစွာစုရုံးကာ တပ်ကြီးဖွဲ့၍ တည်ငြိမ်ညီတည်ကျတ်ခိုတက်ခိုက်လေ့ရှိကြသည်။ မည်သည့်သတ္တဝါကြီးမဆို ယင်းတို့နှင့်တွေ့လျှင် တိမ်းရှောင်ထွက်ပြေးကြရသည်။ အင်အားကြီးမားသောသားရဲတိရစ္ဆာန်ရိုင်းကြီးများပင် ဤပရွက်ဆိတ်တို့၏အကိုက်အခဲကို ခံရလျှင် ရေရှိရာအနီးဆုံးအရပ်သို့ ကတိုက်ကရိုက်ထွက်ပြေးကာ၊ ပရွက်ဆိတ်များကို ရေထဲတွင်နှစ်ပစ်ကြရသည်။ အာဖရိကတိုက်တွင် ဤပရွက်ဆိတ်အုပ်ကြီးမျိုး ချဉ်းကပ်လာသည်ကိုတွေ့လျှင် လူသူအားလုံးသည် အိုးအိမ်များကိုပင်စွန့်လွှတ်၍ ထွက်ပြေးတိမ်းရှောင်ကြရလေသည်။

အမေရိကတိုက်တောင်ပိုင်း ပူအိုက်သောအရပ်ဒေသများတွင်၊ ထီးဆောင်းပရွက်ဆိတ်ခေါ် ပရွက်ဆိတ်တမျိုးကို တွေ့ရသည်။ ထိုပရွက်ဆိတ်တို့တွင် အကောင်ကြီး အကောင်ငယ်နှစ်မျိုးရှိသည်။ ထီးဆောင်းပရွက်ဆိတ်များသည် အခြားပရွက်ဆိတ်များကဲ့သို့ပင် လုံ့လဝီရိယရှိကြပြီး၊ မြေအောက်တွင် ကြီးကျယ်သောအဆောက်အအုံများကို တည်ဆောက်လေ့ရှိကြသည်။ ထိုပရွက်ဆိတ်တို့သည် တောထူထပ်သော အရပ်များတွင်လည်းကောင်း၊ ကာဖီခင်း၊ လိမ်မော်ခြံစသောအရပ်များတွင်လည်းကောင်း အသိုက်အအုံဆောက်လုပ်တတ်ကြသည်။ အနီးအနားတဝိုက်ရှိ သစ်ပင်ပန်းပင်အားလုံးတို့ကို ဖျက်ဆီးပစ်တတ်သော အကျင့်ဆိုးလည်းရှိ၏။ နေ့စဉ်နေ့တိုင်းရှည်လျားလှသော ထီးဆောင်း ပရွက်ဆိတ်တန်းကြီးသည် မိမိတို့နှစ်သက်ရာ သစ်ပင်ဆီသို့ ရှေးရှုသွားလာနေသည်ကိုတွေ့ရသည်။ နှစ်သက်သောသစ်ပင်ဆီသို့ရောက်သော် ပင်စည်ပေါ်သို့ တခါတည်းတက်သွားကြပြီးလျှင် အခက်အလက်အသီးကိုပါ မကျန် အစုလိုက်အအုပ်လိုက် ဖျက်ဆီးပစ်တတ်ကြသည်။ ထိုနောက် သစ်ရွက်စများကိုကိုက်ချီကာ သစ်ပင်ပေါ်မှ ဆင်းသက်လာပြီးလျှင် မိမိတို့၏အသိုက်အအုံရှိရာသို့ ပြန်လာကြလေသည်။ သစ်ရွက်အစအနများကို ကိုက်ချီယူဆောင်လာသော ပရွက်ဆိတ်တို့သည် နေရောင်မှကာကွယ်ရန် ထီးကိုယ်စီဆောင်းလာသည်နှင့်ပင် တူတော့၏။ ထိုကြောင့်လည်း ထီးဆောင်းပရွက်ဆိတ်ဟုခေါ်ခြင်းဖြစ်၏။ မိမိတို့သဘောကျနှစ်သက်သော သစ်ပင်ကိုတွေ့လျှင် ထီးဆောင်းပရွက်ဆိတ်များသည် တစ်နေ့လုံးလိုလိုပင် သစ်ရွက်အစအနများကိုသွားယူလိုက်၊ ပြန်လာလိုက်နှင့် အလုပ်ရှုပ်လျက်နေကြသည်။ ထီးဆောင်းပရွက်ဆိတ်တို့ကို ကြည့်လျှင် အမြဲလိုပင်အတန်းနှစ်တန်းဖြစ်လျက်ရှိသည်ကို တွေ့ရသည်။ ပထမအတန်းတွင် သစ်ရွက်စများကို အသိုက်အအုံထဲ၌ ထားခဲ့၍၊ ခံတွင်း၌ဘာမျှပါမလာသော ပရွက်ဆိတ်များပါဝင်သည်။ အခြားအတန်းတွင်မူ သစ်ရွက်စများကို ကိုက်ချီလာသောပရွက်ဆိတ်များ ပါဝင်ကြလေသည်။

ပရွက်ဆိတ်အသိုက်အအုံ၌ ဧည့်သည်လုပ်သောအကောင်များကို မကြာခဏတွေ့ရတတ်သည်။ ထိုပရွက်ဆိတ်၏ဧည့်သည်တို့မှာ ပရွက်ဆိတ်များက နိုင်လိုမင်းထက်ဖမ်းဆီးထားသောအကောင်များမဟုတ်ဘဲ၊ မိမိတို့စိတ်ဆန္ဒအလျောက် 'ဧည့်သည်'အဖြစ် ပရွက်ဆိတ်ပြည်တွင် နားနေခိုလှုံသောအကောင်များဖြစ်သည်။ အများအားဖြင့် တွေ့ရတတ်သောထိုဧည့်သည်မှာ နွားချေးပိုးပင်ဖြစ်သည်။ အချို့အကောင်များသည် ပရွက်ဆိတ်၏ဧည့်သည်ဟုဆိုရသော်လည်း ပရွက်ဆိတ်အသိုက်ထဲတွင် တစ်သက်လုံးသေဆုံးသည်အထိနေသွားကြသည်။ အချို့မူကား ဧည့်သည်ပီပီ ခေတ္တမျှသာနေထိုင်ပြီး ရွှေ့ပြောင်းသွားကြလေသည်။ အချို့သောပရွက်ဆိတ်တို့၏ ဧည့်သည်တို့သည် ပရွက်ဆိတ်၏

www.forayspace.com.mm

အစာကို အမှတ်တမဲ့ခိုးယူစားသောက်ကြသည်။ အိမ်ရှင် ပရွက်ဆိတ်ကို စားသောဇည့်သည်အကောင်မျိုးပင် ရှိသည်။ သိပ္ပံပညာကျော်များသည် ပရွက်ဆိတ်၏ဇည့်သည်များ အကြောင်းကို အထူးဂရုတစိုက်လေ့လာခဲ့သော်လည်း၊ ယခုအထိ အတိတကျ မသိရှိကြရသေးပေ။ ပရွက်ဆိတ်၏ ဇည့်သည်များသည် အဘယ်ကြောင့် ဤသို့ပြုမူကျင့်ကြံ ကြ၍၊ အဘယ်ကြောင့် ပရွက်ဆိတ်များကလည်း သဘော တူညီလက်ခံနေရကြရသနည်းဟူသော ပြဿနာကို ယခု ထက်တိုင် သိပ္ပံပညာရှင်အပေါင်းတို့သည်စဉ်းစားဆဲပင် ဖြစ်လေသည်။

ပရွန်းဆီးသီး။ ။အချို့ဆီးသီးမျိုးကို အတွင်းမှအစေ့ထုတ်မပစ်ဘဲ၊ ဆီးသီးခြောက်ပြုလုပ်နိုင်၏။ ထိုသို့ အခြောက်လုပ်နိုင်သောဆီးသီးမျိုးကို ပရွန်းဆီးသီးဟူ၍ခေါ်သည်။ ထိုဆီးသီး၌အသားပြည့်၍၊ အချိုဓာတ်များပါရှိလေသည်။ ပရွန်ဆီးသီးသည် အပင်ပေါ်တွင် အမှည့်လွန်၍ အောက်သို့ ကြွေကျလေ့ရှိသည်။ အပင်အောက်သို့ ကြွေကျသောဆီး သီးမှည့်များကို စုသိမ်းလျက် နေပူထဲ၌လှန်း၍ဖြစ်စေ၊ စက်များဖြင့်ဖြစ်စေ ခြောက်သွေ့အောင် ပြုလုပ်ကြသည်။ နေပူရှိန်ကောင်းစွာရသော ကာလီဖိုးနီးယားပြည်နယ်တွင် ပရွန်ဆီးသီးများကို အများအားဖြင့် နေပူထဲ၌အခြောက်

အခြောက်လှန်းရန် ပရွန်းဆီးသီးများ ခူးနေစဉ်

လှန်းကြသည်။ သြရိုဂွန်နှင့် ဝါရှင်တန်ပြည်နယ်များ၌ အပူဓာတ်ပေးသော စက်ရုံများတွင် ဆီးသီးများကို အ ခြောက်ခံထားကြသည်။ ပရွန်းဆီးသီးများကို အခြောက် ပြုလုပ်၍ တင်ပို့ရောင်းချကြသောတိုင်းနိုင်ငံတို့မှာ ပြင် သစ်နိုင်ငံ၊ အခြားဥရောပတောင်ပိုင်းနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုဖြစ်လေသည်။

အခြောက်လှန်းသောဆီးသီးများကို အရည်စစ်သွားရ အောင် သံစည်များ၌ဖြစ်စေ၊ အစုလိုက်အပုံလိုက်ဖြစ်စေ ရက်သတ္တ ၂ ပတ်၊ ၃ ပတ်မျှထားပြီးနောက် အမျိုးအစားအ လိုက် အသီးများကိုခွဲခြားပြီးလျှင် အလေးချိန်တစ်ပေါင်စီ ပြုလုပ်၍တင်ပို့တတ်သည်။ အမျိုးအစားခွဲခြားရာ၌ တစ် ပေါင်တွင်ပါဝင်သောဆီးသီးလုံးရေအရေအတွက်ကို လိုက် ၍၊ ၄၅မျိုး၊ ၇၅မျိုးစသည်ဖြင့် အထုပ်ပေါ်တွင် ဂဏန်းဖြင့် ဖော်ပြထားတတ်သည်။ ပရွန်းဆီးသီးခြောက်များကို နဂို အခြောက်အတိုင်းဖြစ်စေ ချက်၍ဖြစ်စေ စားသုံးသည်။

ပလူတိုဂြိုဟ်။ ။နက္ခတ္တဗေဒတွင် ပလူတိုဂြိုဟ်သည် နေစကြာဝဠာ၌ ပါဝင်သော နဝမမြောက်ဂြိုဟ်ဖြစ်သည်။ ထိုဂြိုဟ်ကို ၁၉၃၀ပြည့်နှစ်တွင်တွေ့ရှိသည်။ နက်ပကျွန်း ဂြိုဟ်မတွေ့မီက နက္ခတ်ပညာရှင်တို့သည် မသိရသော ဂြိုဟ်တစ်လုံးကြောင့်ယူရေးနပ်ဂြိုဟ်အသွားမမှန်ပုံကို သိရှိ ကြသည်။ ထိုနောက်မှ နက်ပကျွန်းဂြိုဟ်ကိုတွေ့ရှိကြသည်။ ထိုနည်းတူ ပလူတိုဂြိုဟ်မတွေ့မီကလည်း နက္ခတ်ပညာ ရှင်တို့သည် နက်ပကျွန်းဂြိုဟ် အသွားမမှန်ပုံကိုသိရှိကြ သည်။ ပါမောက္ခပါစီဗယ်လိုဝဲသည် နက်ပကျွန်းဂြိုဟ် အလွန် ၌ ဂြိုဟ်အသစ်တစ်လုံးရှိဦးမည်ဟု အဟောထုတ် ခဲ့သည်။ ပါစီဗယ်လိုဝဲ သေဆုံးပြီးနောက်မှ အမေရိကန် ပြည်ထောင်စု၊ အယ်ရီဇိုးနားပြည်နယ်၊ ဖလက်စတပ်မြို့ရှိ ဝဲလိုနက္ခတ်မျှော်စင်က ပလူတိုဂြိုဟ်တွေ့ရှိကြောင်း ကြေညာ လေသည်။

ပလူတိုဂြိုဟ်သည် ယခုသိထားသောဂြိုဟ်အားလုံး အ နက် အပြင်ဘက်အကျဆုံးဖြစ်ပြီးလျှင်၊ နေနှင့်အဝေးဆုံးဖြစ် ၍၊ နေမှမိုင်သန်းပေါင်း ၃၆၈၀ခန့်ဝေးကွာသည်။ နေကို တစ်ပတ်လှည့်ရန် ၂၄၈နှစ်ခန့်ကြာ၏။ နေကိုလှည့်ပတ် သောပလူတိုလမ်းကြောင်းသည် အလွန်ရှည်လျားသောစက် ဝိုင်းရှည်ကြီးဖြစ်သည်။ ထိုလမ်းကြောင်းတွင် ပလူတိုသည် နေနှင့်အလွန်နီးသည့်အခါလည်းရှိ၍၊ အလွန်ဝေးသည့်အခါ လည်းရှိသည်။ နေနှင့်အနီးဆုံးနေရာသို့ရောက်လျှင် ပလူ တိုဂြိုဟ်သည် နက်ပကျွန်းဂြိုဟ်ထက်ပင် နေနှင့်ပို၍နီးကပ် ပေမည်။ ကမ္ဘာ၌ ၁၁စတုန်လေးသောသူတစ်ဦးသည် ပလူ တိုဂြိုဟ်ပေါ်၌ ၂၂½ စတုန်ခန့်လေး၍ ပလူတိုဂြိုဟ်သည် ကမ္ဘာထက် ၇ဆခန့်ပို၍လေးသည်ကို သိရှိရလေသည်။

www.foreverspace.com.mm



အတ္ထုပ္ပတ္တိနှင့် စာမွန်ရေး နာမည်ကျော် ပလူးတပ်

ပလူးတပ် (ခရစ် ၄၆–၁၂၀ခန့်)။ ။ပလူးတပ်သည် ဂရိစာရေးဆရာတစ်ဦးဖြစ်သည်။ အတ္ထုပ္ပတ္တိနှင့်စာမွန်တို့ကို ရေးရာ၌ ကျော်စောသည်။ ဂရိနိုင်ငံဗီအိုးရှားနယ် ကယ်ရိုနီးယာရွေးဟောင်းမြို့တွင် မွေးဖွားရှိ၊ အက်သင်းမြို့တွင် ယထာဘူတပညာရပ်တို့ကို သင်ကြားတတ်မြောက်ခဲ့ပြီးနောက်၊ ရောမမြို့တွင် ထိုပညာရပ်ကိုသူတစ်ပါးတို့အား ပို့ချသင်ကြားပေးသည်။ ဂရိ၊ အီတလီနှင့် အီဂျစ်ပြည် အရပ်ရပ်တို့သို့ ခရီးထွက်လှည့်လည်ကာ ထူးခြားသော ပုဂ္ဂိုလ်တို့၏အကြောင်းကိုလေ့လာ၍ မိမိနေရင်းမြို့သို့ ပြန်လည်ရောက်ရှိလာပြီးလျှင် သူကြုံတွေ့ခဲ့သော ပုဂ္ဂိုလ်များ၏အတ္ထုပ္ပတ္တိတို့ကို ရေးသားသည်။ ထိုသို့ ရေးသားသော အတ္ထုပ္ပတ္တိတို့မှာ ပုဂ္ဂိုလ်ထူး ၄၆ ဦးတို့၏ အတ္ထုပ္ပတ္တိများ ဖြစ်၏။ ရေးသားပုံမှာ ရောမနိုင်ငံမှပုဂ္ဂိုလ်ထူးတစ်ဦးကို ဂရိနိုင်ငံမှ ပုဂ္ဂိုလ်ထူးတစ်ဦးနှင့် နှိုင်းရှည့်၍ပြသောနည်းဖြင့်ရေးသားသည်။ ထိုသို့ ရေးသားသောအတ္ထုပ္ပတ္တိတို့ကို 'ပလူတပ်စီရင်သောအတ္ထုပ္ပတ္တိကျမ်း'ဟု ဂရိနှင့် ဥရောပစာပေသမိုင်းတို့တွင် ထင်ရှား၏။ ကမ္ဘာကျော် အင်္ဂလိပ်ပြဇာတ်ဆရာဝီလျံ ရှိတ်စပီးယားသည် ပလူးတပ်ရေးသားသော အတ္ထုပ္ပတ္တိများကို မှီငြမ်းပြု၍၊ ရာဇဝင်ပြဇာတ်များကို ရေးသားသည်။ (ရှိတ်စပီးယားဝီလျံ–ရှု။)

ပလေးတို(ဘီစီ၄၂၇–၃၄၇)။ ။ရှေးခေတ်တွင် ပေါ်ပေါက်ခဲ့သမျှသော ယထာဘူတကဝိများ အနက်၊ ဂရိလူမျိုး ပလေးတိုသည် အထင်ရှားအကျော်စောဆုံးသော ပညာရှင်ကြီးတဦးဖြစ်၏။

အဖအရစ္စတန် အမိပယ်ရစ်တီအွန်းတို့ ကပလေးတိုကို ခရစ်မပေါ်မီ ၄၂၇ခုခန့်ကဂရိနိုင်ငံ အက်သင်းမြို့တွင် ဖွားမြင်သည်။ အချို့ကလည်း အေဂျီးနားကျွန်းတွင် ဖွားမြင်သည်ဟုဆိုကြသည်။ သူ၏အမည်ရင်းမှာ အယ်ရစ္စတိုကလီးဖြစ်သည်။ ပလေးတိုဟူသောအမည်မှာ ခင်မင်ရင်းနှီးသောမိတ်ဆွေများက ကျီစယ်ခေါ်ရာမှ တွင်ခြင်းဖြစ်သည်။ ယင်းအမည်ကို ဂရိဘာသာစကားဖြစ်၍ ကျယ်ပြန့်သော ပခုံးဟုအနက်ရသည်။ မိဖမျိုးရိုးသည် သူကောင်းမျိုးဖြစ်သည့်အပြင်၊ ဂရိသမိုင်းတွင် အလွန်ထင်ရှားသော နိုင်ငံပြုသုခမိန်တစ်ဦးဖြစ်သည့် ဆိုလွန်၏အဆက်အနွယ်ဖြစ်သည်။(ဆိုလွန်–ရှု။)

ပလေးတိုသည် ဂရိတို့၏သင်ရိုးသင်စဉ် ပညာရပ်အဖုံဖုံတို့ကိုလေ့လာသင်ကြားပြီးနောက်၊ အသက် ၂၀ အရွယ်တွင် ဂရိပညာရှင်ကြီးဆိုကရေးတီး၏ တပည့်အဖြစ် ခံယူခဲ့ရာ၊ ဆိုကရေးတီး၏ တပည့်ရင်းကြီး ဖြစ်လာသည်။ (ဆိုကရေးတီး–ရှု။)

ဘီစီ ၃၉၉ ခုနှစ်တွင် ဆိုကရေးတီး သေဒဏ်အပေးခံရသောအခါ ပလေးတိုသည် အလွန်စိတ်နာကြည်းလှသဖြင့် အက်သင်းမြို့တော်မှ ထွက်ခွာခဲ့ကာစစ္စလီကျွန်း၊ အီတလီနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အာဖရိကတိုက်မြောက်ပိုင်း ဒေသများ၌ ၁၂ နှစ်လုံးလုံး ခရီးလှည့်လည်သွားလာလျက် ပညာဗဟုသုတ ရှာမှီးနေခဲ့လေသည်။ ယင်းသို့ လှည့်လည်သွားလာနေစဉ် ဆိုင်ရာကျူဘုရင် ဒိုင်အိုနိုးဆပ်၏ မလိုမုန်းထားခြင်းကိုခံရသဖြင့် ထိုဘုရင်၏ ငွေဝယ်ကျွန်းအဖြစ် ရောင်းစားခြင်းခံရရှာသည်။ သို့သော် ကံကောင်းထောက်မ၍ မိတ်ဆွေတစ်ဦးက ပလေးတိုအား ကျွန်ဘဝမှ ကယ်တင်သဖြင့် ဘီစီ ၃၈၇ ခုနှစ်တွင်အက်သင်းမြို့တော်သို့ ပြန်လည်ရောက်ရှိသည်။

အက်သင်းမြို့တော်သို့ပြန်ရောက်သောအခါ ပလေးတိုသည် အကယ်ဒမီဟုခေါ်သောကျောင်းတစ်ကျောင်းကို မြို့မှတစ်မိုင်ခန့်ကွာဝေးသောအရပ်တွင် စတင်တည်ထောင်ပြီးနောက်၊ သူ၏တပည့်များဖြစ်သောအက်သင်းမြို့သားလူငယ်များအား မိမိလေ့လာမှတ်သားခဲ့သည့် ပညာဗဟုသုတများကိုသင်ကြားပို့ချနေထိုင်ယင်း၊ အသက်၈၀အရွယ်တွင် အနိစ္စရောက်သွားလေသည်။ စင်စစ်အားဖြင့်ထို အကယ်ဒမီကျောင်းတော်သည် ဂရိနိုင်ငံ၏ပညာရှာမှီးရာ ဗဟိုဌာနတခုဖြစ်လာခဲ့သည်သာမက ဥရောပသမိုင်းတွင် ပထမဆုံးတည်ထောင်ခဲ့သောတက္ကသိုလ်ကြီးတစ်ခုလည်း ဖြစ်လေသည်။

www.forewordspace.com.mm

ပလေးတို၏ စာပေလက်ရာဟူ၍ တစ်စုံတစ်ခုမျှ ပျောက်ပျက်သွားခြင်းမရှိသော်လည်း၊ တွေ့ရှိသမျှ လက်ရာများသည် သူ၏လက်ရာအစစ်ဟုတ် မဟုတ်ကိုကား သံသယဖြစ်နေကြသည်။ သူရေးသားထားသော စာပေများမှာ များသောအားဖြင့် စုံတွဲအပြန်အလှန်စကားပြောဆိုပုံမျိုးဖြစ်သည်။ ဆရာဖြစ်သူ ဆိုကရေးတီးနှင့် ယထာဘူတပညာဆိုင်ရာအတွေးအခေါ်တို့ကို ဆွေးနွေးနေဟန် ရေးသားကာ၊ မိမိ၏ယထာဘူတပညာဆိုင်ရာ သဘောတရားများကိုလည်း ဆိုကရေးတီး၏နှုတ်မှ မြွက်ကြားဟန်မျိုးဖြင့် ဖော်ပြခဲ့လေသည်။

စုံတွဲအပြန်အလှန်စကားပြောဆိုပုံ ဖြင့်ရေးသားထားသောသူ၏လက်ရာများအနက် 'ဆင်ပိုဆီယမ်' (အချစ်အကြောင်း)၊ 'ဖေဒုံး' (ပျက်စီးခြင်းမရှိသောဝိညာဉ်)၊ 'ရီပတ်ဗလစ်' (စံပြနိုင်ငံ)၊ 'သေးတီးတပ်' (ပညာဗဟုသုတ) 'တီးမေးအပ်' (ရုပ်လောကသဘာဝ) စသောစာအုပ်များမှာ အထင်ရှားဆုံးဖြစ်သည်။

ရီပတ်ဗလစ်'တွင် ပလေးတိုသည် စံပြ (စိတ်တိုင်းကျ) နိုင်ငံဖြစ်ပေါ်လာစေရန် မည်သို့ဆောင်ရွက်ရမည်ကို စကားအခြေအတင်ပြောဟန်ဖြင့် ရေးသားထားသည်။ နိုင်ငံတစ်နိုင်ငံ၏ရည်ရွယ်ချက်ပန်းတိုင်သည် တိုင်းသူပြည်သားတို့အား စိတ်ပျော်ရွှင်ချမ်းမြေ့ရေးအတွက် အကျင့်စာရိတ္တကြီ့ခိုင်၍ တည်ကြည်ဖြောင့်မတ်အောင် လေ့ကျင့်ပေးရန်ဖြစ်ရမည်ဟု ပလေးတိုကယုံကြည်လေသည်။ သူရည်မှန်းသောစံပြနိုင်ငံမျိုးသည် ဖောက်ပြန်လျက်ရှိသော ကမ္ဘာလောကကြီးတွင် တည်ထောင်၍ မဖြစ်နိုင်ဟူသော အချက်ကိုမူ ပလေးတိုသိသည်။ သို့သော်လည်း လူတို့ကရရှိအောင်ကြိုးပမ်းသင့်သည့် ရည်မှန်းချက်တစ်ရပ်အဖြစ်သတ်မှတ်ထားခဲ့၏။

စံပြနိုင်ငံတွင် လူတိုင်းသည် မိမိနှင့်အသင့်လျော်သောအလုပ်အကိုင်မျိုးကိုသာပြုလုပ်သင့်ကြောင်း၊ ယင်းနိုင်ငံအတွင်းနေထိုင်ကြသောပြည်သူပြည်သားများ အုပ်ချုပ်ရေးဘက်ဆိုင်ရာလူတန်းစား၊ စစ်ဘက်ဆိုင်ရာလူတန်းစားနှင့် ကုန်စည်ထုတ်လုပ်သမားလူတန်းစားဟူ၍ သုံးမျိုးသုံးစားခွဲခြားသင့်ကြောင်း၊ အုပ်ချုပ်ရေးဘက်ဆိုင်ရာလူတန်းစားသည် ဉာဏ်အမြော်အမြင်ရှိသင့်၍၊ စစ်သားများသည် ရဲစွမ်းသတ္တိရှိသင့်ကာ၊ အလုပ်သမားများသည် စည်းကမ်းသေဝပ်မှုရှိသင့်ကြောင်းစသည်ဖြင့် ပလေးတိုက ပြဆိုထားလေသည်။

ပလေးတို၏ ယထာဘူတပညာဆိုင်ရာ အယူအဆများသည် ဂရိယထာဘူတ ပညာရှင်ကြီးများ၏ အတွေးအခေါ်များအနက် ဂရိအဆန်ဆုံးသော အတွေးအခေါ်များ ဖြစ်၏။ သို့သော် ပလေးတို ထုတ်ဖော်ရေးသားခဲ့သောအယူအဆများသည် ဖြစ်နိုင်သည်ထက် စိတ်ကူးကွန့်မြူးမှုတို့ကများလေသည်။ စိတ်ဌဖြစ်ပေါ်သော အယူအဆသည် မျက်စိဖြင့် တွေ့မြင်ရသောအရာဝတ္ထုထက် ပို၍မှန်ကန်တည်မြဲသည်ဟု ပလေးတိုက ယုံကြည်သည်။ လူ၊ သစ်ပင်၊ ပန်းမန်ပင်တို့သည် သေကြေပျက်စီးပြောင်းလဲသွားမည်ဖြစ်သော်လည်း၊ ယင်းသည့် သစ်ပင်၊ ပန်းမန်၊ လူတို့နှင့် စပ်လျဉ်းသည့်ယေဘုယျသဘောထားသည်။ မည်သည့်အခါမျှ ပြောင်းလဲခြင်းမရှိဟု ဆိုလေသည်။

ဂရိ ယထာဘူတပညာရှင် ပလေးတို

ပလေးတို၏ ကြိုဆချက်တွေးခေါ်ချက်များကို နှစ်သက်သော အတွေးအခေါ်သမားများနှင့် စာပေ ပညာရှင်များ အတော်များများ ပေါ်ပေါက်ခဲ့သည်။ တပည့်တပန်းများလည်းအတော်ပေါ်ခဲ့သည်။ ယင်းတို့အနက် အယ်ရစ္စတိုတယ်သည် ထင်ရှားလေသည်။(အယ်ရစ္စတိုတယ်–ရှု)

ပလက်တီနမ်။ ။အလေးဆုံးသော ဓာတ်သတ္တုများတွင် တစ်ခုအပါအဝင်ဖြစ်သော ပလက်တီနမ်ဓာတ်သတ္တုသည် ငွေရောင်ကဲ့သို့ ဖြူသောအဆင်းရှိ၍၊ ရွှေထက်ပင် ပိုမိုသိပ်သည်းသေးသည်။ ခဲနှင့်ဆိုလျှင် နှစ်ဆနီးပါးမျှ ပို၍သိပ်သည်းသည်။ ရွှေကဲ့သို့ပင်တန်ဖိုးထားရသောသတ္တုဖြစ်သည်။ အက်ဆစ်ရည်များထဲသို့ထည့်လိုက်သော်လည်း၊ အက်ဆစ်မစားနိုင်ချေ။ သို့သော်နိုက်ထရစ်အက်ဆစ်အပြင်း

www.foreversace.com.mm

ရည်နှင့် ဟိုက်ဒရိုကလေရစ်အက်ဆစ်အပြင်းရည် နှစ်မျိုး ရောစပ်ထားသော အက်ကွာရီးဂျားသည် ပလက်တီနမ်များ ကို စားနိုင်၏။ ထိုသတ္တုသည် အပူနှင့်လျှပ်စစ်ဓာတ် ကောင်းကောင်းမလိုက်နိုင်သော်လည်း၊ နန်းဆွဲခြင်းကို လည်းကောင်း၊ အပြားခတ်ခြင်းကိုလည်းကောင်း ခံနိုင်သည်။ ပင့်ကူမျှင်ထက်သေးသော နန်းကြိုးကလေးဖြစ်သည် အထိနန်းဆွဲခံနိုင်ရည်ရှိလေသည်။ ပလက်တီနမ်ကို လွန်ခဲ့သောနှစ်ပေါင်းနှစ်ရာနီးပါးလောက်က တောင်အမေရိကတိုက်၊ ကိုလုံးဗီးယားနိုင်ငံတွင် ပထမဦးစွာစတင်တွေ့ရှိခဲ့လေသည်။ ထိုနောက် ရုရှနိုင်ငံယူရယ်တောင်တန်းများနှင့် ကနေဒါနိုင်ငံတို့တွင် ဆက်လက်တွေ့ရှိပြန်၏။ ပထမစတင်တွေ့ရှိစဉ်အခါက ရုရှအစိုးရသည် ပလက်တီနမ်ကို အပေါစားသတ္တုအဖြစ်ဖြင့် အသုံးပြုခဲ့သေးသည်။ သို့ရာတွင် နောင်သော်ရှားပါးသောပစ္စည်းဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဓာတုဗေဒနှင့် လျှပ်စစ်ဓာတ်ဖက်တွင် လိုအပ်သောပစ္စည်းများပြုလုပ်ရာ၌ ပလက်တီနမ်မပါလျှင် မပြီးသလောက်ဖြစ်သောကြောင့်လည်းကောင်း ယခုအခါ ရွှေထက်ပင် တန်ဖိုး၅ဆကျော်မျှကြီးလေသည်။ ပလက်တီနမ်ကိုအာဖရိကတိုက် တောင်ပိုင်း၊ ဩစတြေးလီးယားတိုက်၊ တက်စမေးနီးယားကျွန်း၊ အလာစကာပြည်နယ်၊ မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံများတွင်လည်း တူးဖော်ရရှိလေသည်။

ပလက်တီနမ်၏အထူးခြားဆုံးသောဂုဏ်တစ်ခုမှာ အခြားသောပစ္စည်းများနှင့် တွေ့သောအခါတွင် ဓာတ်မဖောက်ပြန်တတ်ဘဲ၊ မူလအခြေအတိုင်း တသီးတခြားရှိနေတတ်ခြင်းပင်ဖြစ်လေသည်။ ထိုသို့မဖောက်ပြန်တတ်သောသတ္တိရှိခြင်းကြောင့် ပလက်တီနမ်ကို ကက်တလစ်ခေါ် ဓာတ်ကူပစ္စည်းအနေဖြင့် များစွာအသုံးပြုကြလေသည်။ (ကက်တလစ်–ရှု။) အမ်မိုးနီးယမ်းကလိုရိပလက်တီနိတ်ကို မီးရှို့ပေးခြင်းဖြင့်ရရှိသောပလက်တီနမ်ရေမြှုပ်၊ ကလိုရိပလက်တီနစ်အက်ဆစ်ထဲသို့ သွပ်ကိုထည့်ခြင်းဖြင့်ရရှိသော ပလက်တီနမ်အမည်းမှုန့်၊ ကလိုရိပလက်တီနစ်အက်ဆစ်ပျော်ဝင်ရည်ထဲသို့ ကျောက်ဂွမ်းများမှုန့်စသောပလက်တီနမ်အမှုန့်များသည် အလွန်အသုံးဝင်သော ဓာတ်ကူပစ္စည်းများဖြစ်ကြ၏။ ကတ်ကလစ်ဟုခေါ်သောဓာတ်ကူပစ္စည်းမှာ ဓာတ်ပေါင်းစပ်ရာ၌လည်းကောင်း၊ ဓာတ်ဖောက်ပန်မှုများတွင်လည်းကောင်း မိမိကိုယ်တိုင်နောက်ဆုံး၌ဓာတ်မပြောင်းဘဲအခြားပစ္စည်းတို့၏ဓာတ်ပေါင်းစပ်ခြင်း၊ ဓာတ်ဖောက်ပြန်ခြင်းတို့ကို လွယ်ကူ၍လျင်မြန်စေရန် ကူညီပေးသော ဓာတ်ပစ္စည်းပင်ဖြစ်သည်။ ပုံပမာ– သာမန်အပူချိန်တွင် အောက်ဆီဂျင်နှင့်ဟိုက်ဒရိုဂျင်တို့ကို ရောထားသော်လည်း၊ ဖောက်ပြန်ပေါင်းစပ်ခြင်းမရှိချေ။ သို့သော် ဟိုက်ဒရိုဂျင် ဓာတ်ငွေ့ထွက်နေသောနေရာ၌ ပလက်တီနမ်ရေမြှုပ်ကို ထားလိုက်လျှင်ကား ဟိုက်ဒရိုဂျင်သည် မီးစွဲလောင်၍ အောက်ဆီဂျင်နှင့် ပေါင်းစပ်သွားလေသည်။ ပလက်တီနမ်မှာမူ မည်သို့မျှဓာတ်ပြောင်းခြင်းမရှိပေ။ ဆာလဖျူရစ်အက်ဆစ်ကို ချက်ယူရာတွင်လည်း ပလက်တီနမ်ကျောက်ဂွမ်းကို ဓာတ်ကူပစ္စည်းအဖြစ်ဖြင့် အသုံးပြုရလေသည်။

ပလက်တီနမ်ကို မီးပြင်းပြင်းတိုက်ပေးစေကာမူ အခြားသတ္တုများကဲ့သို့ များများစားစား ကားထွက်၍မလာချေ။ အပူရှိန်ကြောင့် ကားထွက်ရာတွင် ပလက်တီနမ်သည် ဖန်ကဲ့သို့အနည်းငယ်လောက်သာ ကားထွက်လေသည်။ ဤဂုဏ်သတ္တိကြောင့်ပင် လျှပ်စစ်ဓာတ်မီးလုံးများတွင် ပလက်တီနမ်ကို အများအပြားအသုံးပြုကြရသည်။ ပလက်တီနမ်မှာ တန်ဖိုးများသောကြောင့် လိုသလိုမသုံးနိုင်ကြပေ။ သို့သော် ယခုအခါ ပလက်တီနမ်အစား တန်ဖိုးနည်းသော သတ္တုရောတစ်မျိုးကို တွေ့ရှိထားပြီဖြစ်၍ ထိုသတ္တုရောမှာ သံနှင့် နစ်ကယ်တို့ကိုရောစပ်ထားပြီးလျှင် ပလက်တီနိုက်ဟုခေါ်၏။

ပလက်တီနမ်ကို ရွှေငွေတို့နည်းတူ၊ လက်စွပ် နားကပ်စသောဆင်မြန်းစရာပစ္စည်းများ ပြုလုပ်ရာတွင် အသုံးပြုကြ၍၊ ဓာတ်ပုံကူးသည့် စက္ကူတစ်မျိုးပြုလုပ်ရာတွင်လည်း အသုံးပြုသည်ကိုတွေ့ရသည်။ ပလက်တီနမ်ကို သာမန်အက်ဆစ်များမစားနိုင်သည့်အပြင်၊ စင်တီဂရိတ် ၁၇၅၅° အထိ အပူတိုက်ပေးမှ အရည်ပျော်နိုင်သောကြောင့် လျှပ်စစ်ဓာတ်ဆိုင်ရာပစ္စည်းများ၊ နန်းကြိုးများ၊ ပါးလွှာသောပစ္စည်းများ၊ လုံမျှားနှင့်အခြားခွက်များပြုလုပ်ရာ၌ များစွာအသုံးပြုကြ၏။ ပလက်တီနမ်နှင့်လုပ်ထားသော ပစ္စည်းကိရိယာများမှာ ဓာတုဗေဒဓာတ်စမ်းခန်းများတွင် မရှိလျှင်မဖြစ်ပေ။ ထိုပြင် ပလက်တီနမ်နှင့်ရွှေသာလျှင် ပါးစပ်အတွင်း၌ ဖြစ်သောအချဉ်ဓာတ်ကို ခံနိုင်ရည်ရှိသောကြောင့်၊ ပလက်တီနမ်မှာ သွားတုများပြုလုပ်ရာ၌လည်း အလွန်အသုံးဝင်



ဓာတုဗေဒစမ်းခန်း၌အသုံးပြုသောပလက်တီနမ်လုပ်ပစ္စည်းကရိယာများ

www.foreverspace.com.mm

ပြန်သည်။ ပလက်တီနမ်သည် ငွေနှင့်တူသောကြောင့် စပိန်ဘာသာအားဖြင့် ငွေကို 'ပလက်တာ' ခေါ်ရာမှ ဆင်းသက်လာသောဝေါဟာရဖြစ်သည်။ ထိုသတ္တုကို များသောအားဖြင့်၊ ရွှေ၊ သို့မဟုတ် အိုင်ရစ်ဒီယမ်၊ အော့စမီယမ်၊ ပလေဒီယမ်၊ ရိုဒီယမ်နှင့် ရူသီနီယမ်စသော အတွေ့ရရှားပါးသည့် သတ္တုတစ်ခုခုနှင့်ဖြစ်စေ၊ အများနှင့်ဖြစ်စေ ရောစပ်ထားတတ်သည်။ ပလက်တီနမ်သက်သက်ဆိုပါက အမှုန့်အဖြစ်ဖြင့်လည်းကောင်း၊ အပြားကလေးအဖြစ်ဖြင့်လည်းကောင်း၊ အခဲကလေးအတောင့်ကလေးများအဖြစ်ဖြင့်လည်းကောင်း တွေ့ရတတ်လေသည်။

ပလက်တီနမ်ကို အိုင်ရစ်ဒီယမ်သတ္တုနှင့်စပ်၍ သတ္တုရောပြုလုပ်သောအခါ ကြာရှည်လေးမြင့်စွာထားရန်နှင့် သုံးစွဲရာတွင်အစားအခံနိုင်ဆုံးသော သတ္တုရောတစ်မျိုးကို ရသည်။ ထိုသတ္တုရောကို ဖောင်တိန်ကလောင်သွား အဖျားတွင် အနည်းငယ်တပ်ပေးရာ၌ အသုံးချသည်။ နိုင်ငံတော်အစိုးရ၏ စံပြအလေးချိန် အတိုင်းအတာများ ပြုလုပ်ရန်အတွက်လည်း အသုံးပြုကြလေသည်။

ပလက်ဝမြို့။ ။ပလက်ဝမြို့သည် ချင်းပြည်နယ်၊ တောင်ပိုင်း ချင်းတောင်ခရိုင်တွင်ပါဝင်သည့် နယ်ပိုင်ရုံးစိုက်မြို့ဖြစ်သည်။ ချင်းတောင်များမှမြစ်ဖျားခံ၍၊ ရခိုင်တိုင်းအထိ စီးဆင်းသွားသောကုလားတန်မြစ်၏ အနောက်ဘက်ကမ်းတွင် ပလက်ဝမြို့တည်ရှိသည်။ ကုလားတန်မြစ်ကြောင်းအတိုင်း စစ်တွေမြို့မှ ဂွဇမိုင်ကွာဝေးသည်။ မြို့မြောက်ဘက် ဂွမိုင်ခန့်ဝေးသော ကျောက်ပန်းတောင်အဖိုနှင့် ကျောက်ပန်းတောင်အမတောင် ၂တောင်အကြားတွင် မြစ်ဖျားခံသည့် ပလက်ချောင်းသည် ပလက်ဝမြို့နားတွင် ကုလားတန်မြစ်တွင်းသို့စီးဝင်သဖြင့် ပလက်ချောင်းဝတွင် တည်ရှိသည်ကို အစွဲပြု၍ ပလက်ဝမြို့ဟုတွင်သည်။ ပလက်ချောင်းမြစ်ဖျားခံရာ တောင်ကြား၌ ရှေးကလင်းနို့များ ရှိခဲ့ဟန်တူ၍၊ လေးမြို့ချင်းများက လင်းနို့ကို၊ 'ပိလက်' ဟုခေါ်ရာမှ ပလက်ချောင်း၊ ပလက်ဝမြို့စသည်ဖြင့် တွင်သည်ဟု ဆိုစမှတ်ပြုကြသည်။

ပလက်ဝမြို့သည် ၂ စတုရန်းမိုင် ခန့်ကျယ်၍၊ မြို့အနေအထားသည် ကျဉ်းမြောင်းသောတောင်ကြားတွင် ခပ်လျားလျားတည်သည်။ မြို့ပတ်ဝန်းကျင်တွင် ကြီးမားထင်ရှားသောတောင်များဟူ၍မရှိချေ။ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီက ယင်းမြို့ကို ရခိုင်ပြည်နယ်၌ ထည့်သွင်းကာ အရေးပိုင်ရုံးစိုက်မြို့အဖြစ်ထားရှိသည်။ လွတ်လပ်ရေးရရှိပြီးနောက်တွင်မူ ပလက်ဝမြို့ကို ချင်းပြည်နယ်အတွင်းသို့ သွတ်သွင်းလိုက်၍ နယ်ပိုင်ရုံးစိုက်မြို့ဖြစ်လာသည်။ သို့ရာတွင် တည်နေရာကောင်း၍ အဆက်အသွယ်လွယ်ကူသော မြို့ဖြစ်သဖြင့် ပလက်ဝနယ်ကို သီးသန့်ခရိုင်အဖြစ် သတ်မှတ်ကာ ပလက်ဝမြို့ကို ခရိုင်ဝန်ရုံးစိုက်မြို့အဖြစ်ပြုလုပ်ရန် အစီအစဉ် များရှိလေသည်။

၁၉၅၃ခုနှစ် သန်းခေါင်စာရင်းအရ ပလက်ဝတစ်နယ်လုံး၏လူဦးရေသည် ၃၈၅၀၇ ရှိ၍၊ မြို့ပေါ်တွင်လူ ၁၅၀၀ ခန့်နေထိုင်သည်။ ခမီးချင်းလူမျိုးအများဆုံးဖြစ်၍ ကျန်လူမျိုးများမှာ ရခိုင်နှင့် အိန္ဒိယလူမျိုးများဖြစ်သည်။ အများအားဖြင့်ဗုဒ္ဓအယူဝါဒသက်ဝင်ယုံကြည်ကိုးကွယ်ကြ၍၊ ခရစ်ယာန်နှင့် အစ္စလမ်အယူဝါဒီအနည်းအကျဉ်းရှိသည်။ ခမီးချင်းတို့သည် မိမိတို့ကိုယ်တိုင်ရက်လုပ်သော အဝတ်အထည်များကိုသာ ဝတ်ဆင်လေ့ရှိကြသည်။

ပလက်ဝမြို့နယ်၏ ထွက်ကုန်များမှာ၊ နှမ်း၊ ငရုတ်၊ ဆေးဝါနှင့်လိမ္မော်သီးဖြစ်သည်။ ပလက်ဝမြို့နယ်တွင် ကုလားတန်ဆေးသည် အထူးထင်ရှားသည်။ မြို့နယ်တစ်ဝိုက်တွင် ဆန်စပါးအနည်းငယ်စိုက်ပျိုးသော်လည်း၊ နယ်သူနယ်သားများစားရန်ပင်မလုံလောက်သဖြင့် ရခိုင်တိုင်း စစ်တွေနယ်မှ ဝယ်ယူကြရသည်။

စစ်တွေမြို့မမြောက်ဦးမြို့၊ ကျောက်တော်မြို့များကိုဖြတ်၍ ပလက်ဝမြို့သို့ ရက်သတ္တတစ်ပတ်လျှင် ၂ကြိမ်မျှ အချိန်မှန်မှန်သင်္ဘောလမ်းအဆက်အသွယ်ရှိသည်။ ကုလားတန်မြစ်ဖျားဒေသမြို့ရွာများနှင့်လည်း လေ၊ ဖောင်စသည်တို့ဖြင့် ကူးသန်းဆက်သွယ်နိုင်သည်။ မတူပီမြို့နယ်သို့လည်း ကုန်းလမ်းဖြင့်သွားနိုင်သည်။ ပလက်ဝမှမတူပီမြို့သို့ အရောက် မော်တော်ကားလမ်းသစ် ဖောက်လုပ်လျက်ရှိသည်။

ပလက်ဝမြို့ တောင်ဘက်၌ သင်းသေချောင်းရှိသည်။ ယင်းသည့်ချောင်းအဖျား ပလက်ဝမြို့နှင့် ၂ ဖာလုံခန့်ကွာဝေးသောနေရာတွင် အလွန်ရှုခင်းသာယာသောရေတံခွန်ကြီးတစ်ခုရှိသည်။ ခရီးသည်များ၏အပန်းဖြေစခန်းတစ်ခုဖြစ်ရုံမက ပလက်ဝမြို့တွင်းသို့ ယင်းသည့်ရေတံခွန်မှ စမ်းရေကို သွယ်ယူအသုံးပြုနိုင်ရန်ပါ အစိုးရတို့က စီစဉ်လျက်ရှိသည်။ ပလက်ဝမြို့ပေါ်၌ နိုင်ငံတော်အထက်တန်းကျောင်း၊ ဆေးရုံ၊ ဗုဒ္ဓဘာသာသာသနာပြုကျောင်း၊ ခရစ်ယာန်သာသနာပြုကျောင်းနှင့် အေးစေတီ၊ အုတ်သလင်းစေတီစသောဘုရားစေတီများရှိသည်။ ယင်းဘုရားများ၏ပွဲတော်များကို နှစ်စဉ်ကျင်းပကြသည့်အပြင်၊ တန်ခူးလတွင် နှစ်စဉ်လှေပြိုင်ပွဲများကိုလည်းကောင်း၊ နတ်တော်၊ ပြာသိုလများတွင် တောင်ယာစပါးရိတ်သိမ်းပြီးနောက် ခေါင်ရေသောက်ပွဲများကိုလည်းကောင်း ကျင်းပကြသည်မှာ ပျော်ရွှင်ဖွယ်ဖြစ်သည်။

ပလင်းမတ်မြို့။ ။ပလင်းမတ်မြို့သည် အင်္ဂလန်ပြည်တောင်ဘက်ကမ်းခြေရှိ ထင်ရှားသောဆိပ်ကမ်းမြို့တစ်မြို့ဖြစ်၏။ ဒက်ဗွန်ရှိုင်ယာနယ် ပလင်းမြစ်ဝတွင် တည်ရှိ၍၊

www.foreverspace.com.mm

အမျိုးသားဝတ်စုံဆင်ယင်ထားသည့် ရှေ့ပလောင်အမျိုးသမီး

www.foreverspace.com.mm

အင်္ဂလန်ပြည် တောင်ဖက်ကမ်းခြေရှိ ပလင်းမတ် ဆိပ်ကမ်းမြို့

ထိုမြို့တွင် ဒက်ဗွန်ပို့နှင့်စတုန်းဟောက်မြို့တို့လည်း ပါဝင်ကြသည်။ ဆာ ဖရန်းစစ်ဒရိတ်သည် ခရစ် ၁၅၇၇ခုမှ ၁၅၈၀ပြည့်အတွင်း ပင်လယ်ခရီးဖြင့် ကမ္ဘာလှည့်ထွက်ခဲ့သည်မှာ ပလင်းမတ် ဆိပ်ကမ်းမြို့မှ အစပြု၍ ထွက်ခဲ့ခြင်းဖြစ်သည်။ ခရစ်၁၅၈၉ခုက စပိန်နိုင်ငံ၏အာမဒါရေတပ်ကြီးကို တိုက်ခိုက်ဖြိုဖျက်ရန်၊ ဒရိတ်ဦးစီးသော အင်္ဂလိပ်ရေတပ်သည် ဤဆိပ်ကမ်းမှပင် ထွက်ခွာသွားခဲ့၏။ (ဒရိတ်ဆာဖရန်းစစ်–ရှု။) ၁၆၂၀ပြည့်နှစ်တွင် ကိုးကွယ်ရာအယူဝါဒ၌ လွတ်လပ်ခွင့်ရရန် ဒေသသစ်ရှာဖွေသူများဖြစ်သော 'ပီးလဂရင်းဖားသား' တို့လည်း 'မေဖလားဝါး' သင်္ဘောဖြင့် အမေရိကသို့ ဤဆိပ်ကမ်းမှပင် ထွက်ခွာသွားကြ၏။ (ပီးလဂရင်းဖားသား–ရှု။) ထိုကြောင့် ပလင်းမတ်သည် သမိုင်းတွင်ထင်ရှားသော ဆိပ်ကမ်းမြို့ ဖြစ်ပေသည်။

ပလင်းမတ်မြို့၌ ၁၉၅၅ ခုတွင် လူဦးရေ ၂၁၀၀၀၀ခန့် ရှိ၍၊ ကုန်အရောင်းအဝယ် စည်ကားသည်။ ရေတပ်စခန်း၊ လေတပ် စခန်းမြို့လည်းဖြစ်သည်။ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်သန်းသွားလာသည့် သင်္ဘောတို့သည် ထိုမြို့တွင် ဝင်ထွက်ဆိုက်ကပ်လေ့ရှိကြ၏။ ထိုမြို့တွင်ထင်ရှားသော လုပ်ငန်းများမှာ စာပုံနှိပ်ခြင်း၊ သင်္ဘောတည်ခြင်း၊ ဓာတုဗေဒ ပစ္စည်းများပြုလုပ်ခြင်း၊ ငါးဖမ်းခြင်းဖြစ်ကြ၏။ ဒုတိယ ကမ္ဘာစစ်ကြီး (၁၉၃၉–၄၅) အတွင်း၌ ပလင်းမတ်မြို့သည် သွင်းကုန်များတင်သွင်းရာဌာနဖြစ်သဖြင့်လည်းကောင်း၊ သင်္ဘောကျင်းများရှိသဖြင့်လည်းကောင်း စစ်ရေးစစ်ရာတွင် အထူးအရေးကြီးလာလေသည်။ ထိုအတွက် ဂျာမန်တို့သည် ပလင်းမတ်မြို့ကို အပြင်းအထန်ဗုံးကြဲ တိုက်ခိုက်ကြသည်တွင်မြို့လယ်ရပ်ကွက်သည်အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့လေသည်။

ပလောင်နှင့်ပလေး ။ ။ပလောင်နှင့် ပလေးတို့သည် မွန်ခမာအစုခွဲဝင် ဘာသာစကားကိုပြောဆို သုံးစွဲသူများဖြစ်ကြသည်။ ယင်းတို့နှင့်နီးကပ်စွာ အနွယ်တူသော သူများမှာ ယန်းလမ်၊ ယင်း၊ ဝ၊ လ၊ လဝ ဟူသည်တို့ဖြစ်သည်။ ယင်းတို့အားလုံးကို ပေါင်း၍ ပလောင်–ဝ အစုကလေးဟု ခေါ်ဝေါ်ကြသည်။ ထိုအစုကလေး၏လူဦးရေမှာ ၁၉၃၁ ခုနှစ်သန်းခေါင်စာရင်းအရ၊ ၁၇၆၀၀၀ ကျော်ဖြစ်၍၊ ပလောင်နှင့်ပလေး တို့မှာ ၁၄၀၀၀၀ ကျော်သည်။

နေရာဒေသ

ပလောင်နှင့် ပလေးတို့ကို ရှမ်းပြည်မြောက်ပိုင်း၌ တွေ့ရသည်။ တစ်ရံရောအခါက ထိုသူတို့သည် မြစ်ကြီးနားနယ် ဆဒုံးဒေသနှင့် ဗန်းမော်နယ် ဂေါ်ရီတို့နေထိုင်ရာ ဒေသများ

www.foreverspace.com.mm

တွင်နေခဲ့ကြ၏။ ကချင်တို့ ဝင်ရောက်လာသောအခါတွင် ယင်းတို့သည် ကချင်တို့၏ အလုံးအရင်းအားကို မခံနိုင်ဘဲ၊ တောင်ဘက်သို့ရွှေ့ပြောင်းပေးခဲ့ရာ၊ ယခုအခါ၌ မိုးကုတ်ကျောက်တွင်းဒေသ၊ မိုးမိတ်နယ်၊ ရွှေလီမြစ်၏ လက်ဝဲဘက်ကမ်း တစ်လျှောက်ဖြစ်သောကိုးတောင်ဒေသ၊ တောင်ပိုင်းနယ်၊ သီပေါနယ်၊ လားရှိုးနှင့်သိန္နီနယ်တောင်ပိုင်းတို့ တွင်ရောက်ရှိနေကြသည်။ အချို့မှာရှမ်းပြည်နယ်တောင်ပိုင်းသို့ရွှေ့ပြောင်းနေထိုင်ကြ၏။ တရုတ်ပြည်တွင်း၌ ယင်းတို့ကို အနည်းအကျဉ်းတွေ့ရသော်လည်း မြန်မာနယ်စပ်နှင့် များစွာမကွာလှမ်းလှပေ။

ပလောင်သည် မြန်မာအမည်ဖြစ်သည်။ ရှေးကျောက်စာများတွင် ပေါင်လောင်ဟုရေးသည်။ ပုဂံခေတ်က ယင်းတို့ဧရာဝတီမြစ်ဝှမ်းမြေပြန့်တွင်ရှိကြောင်း ကျောက်စာများ၌ တွေ့ရသည်။ မိမိတို့ကိုယ်ကို ရှမဲဟုခေါ်ဝေါ်ကြသည်။

စိတ်နေသဘောထားနှင့် ယုံကြည်ကိုးကွယ်သော အယူဝါဒ

ပလောင်တို့သည် ကိုယ်လက်တောင့်တင်းကြံ့ခိုင်၍၊ အလုပ်ကို ပင်ပင်ပန်းပန်းကြိုးစားလုပ်ကိုင်သူများဖြစ်သည်။ ငြိမ်းချမ်းသာယာစွာနေလိုကြ၍၊ ခိုက်ရန်ဖြစ်ပွားခြင်းကို

ပလောင်အမျိုးသမီး

မနှစ်သက်ကြပေ။ မိမိတို့ဘာသာလုပ်ဖွယ်ဆောင် တာများကို အေးဆေးစွာ အားသွန်စိုက်လုပ်လိုကြသည်။

ဗုဒ္ဓအယူဝါဒကို လေးလေးစားစားကိုးကွယ်ယုံကြည်ကြ၏။ တန်ခိုးကြီးဘုရားများ၊ အထူးသဖြင့် မန္တလေးမြို့ရှိဘုရားများသို့ စရိတ်ကြေးငွေအကုန်အကျခံကာ၊ အစုအဝေးလိုက် ဘုရားဖူးသွားလေ့ရှိကြသည်။ ဒေသဆိုင်ရာ ဘုရားပွဲ၊ ဘုန်းကြီးပျံတို့သည် သူတို့အတွက်အရေးကြီး၏။ ပလောင်ပလေးရွာဖြစ်စေ၊ အိမ်အချို့သာရှိသောအုပ်စုပင်ဖြစ်စေ ဘုန်တော်ကြီးကျောင်းနှင့် စေတီဘုရား ရှိစမြဲပင်ဖြစ်သည်။ မိရိုးဖလာနတ်ကိုလည်း ကိုးကွယ်ကြ၏။

ဝတ်စားတန်ဆာ

ပလောင်နှင့် ပလေးအမျိုးသားများသည် ကချင်ယောကျ်ားများကဲ့သို့ပင် ဝတ်ဆင်ကြသည်။ အမျိုးသမီးတို့အတွက် အမျိုးသမီးအဝတ်အစားသီးခြားရှိသည်။ သူတို့၏ အဝတ်အထည်စုံများမှာ များသောအားဖြင့် အပေါ်အင်္ကျီအပြာ၊ ခါးစည်းအပြာဝတ်ဆင်လေ့ရှိသည်။ ခြေကျင်းဝတ်တွင် အဝတ်ပတ်၍ ဆင်မြန်းလေ့ရှိသည်။ ခါးတွင်ကြိမ်ခွေ သို့မဟုတ် ငွေခါးပတ်ကြီးများကိုပတ်သည်။ အမျိုးသမီးတို့သည် အဝတ်ဦးထုပ်အပြာ၊သို့မဟုတ် အနီကိုဆောင်းသည်။ အချို့မှာအရောင်တောက်သည့် ပန်းဖွားများဖြင့်တန်ဆာဆင်ထားသော ခေါင်းပေါင်းများကိုပေါင်းကြသည်။

ပလောင်နှင့်ပလေးတို့၏ ခြားနားချက်မှာ များစွာမထင်ရှားလှချေ။ ပလောင်တို့သည် ငွေကြေးတောင့်တင်းသည်။ တောင်ပိုင်းနယ်၏မြို့တော်ဖြစ်သော နမ့်ဆန်မြို့ကိုဗဟိုပြု၍နေထိုင်ကြသည်။ အများအားဖြင့် ပလောင်တို့သည် တောင်ထိပ်ဒေသများတွင်နေ၍၊ လက်ဖက်ပင်စိုက်ပျိုးခြင်းမှတစ်ပါး၊ အခြားစိုက်ပျိုးမှုကိုလုပ်ကိုင်သည်မရှိလှပေ။ ပလေးတို့မှာမူ တောင်အောက်ပိုင်း ဒေသမျိုးတွင် အနေများ၍၊ စပါးကို ပိုမိုစိုက်ပျိုးကြသည်။ ဤအချက်သာ အဓိကကွဲပြားချက်ဖြစ်လေသည်။

ဘာသာစကား

ပလောင်နှင့်ပလေးတို့သည် အစုလိုက်နေကြရာ၊ တစ်စုနှင့်တစ်စု အသံထွက်များမတူသောဘာသာစကားများကို ပြောဆိုကြသည်။ မိမိဘာသာနေတတ်သည့် အလေ့ရှိသည့်အတိုင်း၊ မိမိတို့အစုအရေးလောက်သာ အာရုံထားတတ်ကြသဖြင့်၊ အားလုံး စည်းရုံးနေထိုင်မှုကို ဖြစ်မြောက်အောင်မဆောင်ရွက်ခဲ့ကြပေ။ သူတို့၏ ဘာသာစကားကို စာဖြင့်ရေးသားအသုံးပြုခြင်းမရှိသေး။ လူမျိုးတစ်စုနှင့် တစ်စုအချင်းချင်းအသံ မတူသောစကားတို့နှင့်ပြောရာတွင် နား

www.foreverspace.com.mm

ပလေးအမျိုးသမီး

မလည်ဘဲရှိသောကြောင့်၊ နားလည်နိုင်ရန် ရှမ်းဘာသာကို သုံးကြရသည်။

အုပ်ချုပ်မှု

ပလောင်နှင့်ပလေးတို့ နေထိုင်ရာတောင်ပိုင်တောင်ကုန်းဒေသကို တရုတ်တို့က လက်ဖက်တောင်များဟုအဓိပ္ပါယ်ရသော ချာရှန်ဟုခေါ်ဝေါ်ကြသည်။ ဤမွန်ခမာအနွယ်ဝင်တို့၏အုပ်ချုပ်မှုမှာ စိတ်ဝင်းစားဖွယ်ကောင်းသည်။ ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်ရေးမှာ ပလောင်တို့အတွက် မထူးဆန်းလှပေ။ အုပ်စု၊သို့မဟုတ် ရွာတစ်ရွာ ကိုထိုအုပ်စု၊သို့မဟုတ် ရွာမှရွေးချယ်လိုက်သော လူကြီးက အုပ်ချုပ်သည်။ ထိုလူကြီးသည် နမ့်ဆန်မြို့နယ် အုပ်ချုပ်ရေး၏ လက်အောက်ခံဖြစ်သော်လည်း၊ များသောအားဖြင့်မိမိတို့ဆန္ဒနှင့် မိမိတို့ အုပ်ချုပ်နိုင်သော အခွင့်အရေး အတော်အတန်ရှိလေသည်။ ဤကဲ့သို့ လူကြီးဖြင့်အုပ်ချုပ်သောစံနစ်မှ ယခုခေတ် ပေါလမ်းခေါ် အရာရှိတို့ ပေါ်ပေါက်လာသည်။ ပေါလမ်မှာ အမှန်အားဖြင့်၊ ရွာသားတို့က ရွေးချယ်လိုက်သော ကိုယ်စားလှယ်ဖြစ်သည်။ သူသည်အုပ်ချုပ်သောစော်ဘွားဘေ ဟော်တွင် ဆိုင်ရာဒေသ၏ ကိုယ်စားလှယ်အဖြစ်နေလေ့ရှိသည်။ ထိုရာထူးမှာ အမွေဆက်ခံနိုင်သောရာထူးဖြစ်၏။ သူ့ဒေသလူထုက စော်ဘွားနှင့်ဆောင်ရွက်ရန်ကိစ္စရှိလျှင်၊ သို့မဟုတ် စော်ဘွားက သူ့ဒေသလူထုနှင့်ဆက်ဆံဆောင်ရွက်ရန် ကိစ္စများရှိလျှင်၊ ပေါလမ်ထံမှတစ်ဆင့်ဆောင်ရွက်ကြရသည်။ တစ်နှစ်လျှင် ၂ ကြိမ်ကျ မိမိဒေသသို့ သွား၍၊ အခွန်တော်ကောက်ခံပြီးလျှင်၊ စော်ဘွားထံဆက်သရသည်။ စော်ဘွားက ပေါလမ်အား ရသင့်သောခိုင်ပေးသည်။ စော်ဘွားတန်ခိုးနည်းသောအခါတွင် အုပ်စုများသစ္စာခိုင်မြဲစေရန် ပေါလမ်များကို စော်ဘွားတို့က အာမခံအဖြစ်ဖြင့် ခေါ်ထားကြ၏။ နောင်ခေတ်တွင်မူကား၊ စော်ဘွားများ တန်ခိုးနည်းသည့်အခါ၌၊ လူထုက ပေါလမ်ကို ရွေးကောက်စေ၍၊ တန်ခိုးကြီးလာလျှင်၊ စော်ဘွားတို့သည် မိမိဆွေမျိုးထဲမှလူများကို ခိုင်ရှိစေ ရန်ပေါလမ်အဖြစ် ခန့်ကြလေသည်။

ဦးဘရှင်

ပလိန်းပင်။ ။ပလိန်းပင်သည် ရက္ခဗေဒအလိုအရမျိုးစိတ်အမည် 'ပလက်တာနပ်' ဖြစ်၍၊ 'ပလက်တာနေးစီအီး' မျိုးရင်းတွင် ပါဝင်သည်။ မြောက်ပိုင်း ကမ္ဘာလုံးခြမ်းတွင် မူလပေါက်ရောက်သည်။ အမေရိကတိုက်၌ ပေါက်သော ပလိန်းပင်ကို ဆစ်ကမိုးပင်ဟုခေါ်သည်။ မြောက်အမေရိကတိုက် အရှေ့ပိုင်းတွင် ဆစ်ကမိုးပင်တို့သည် ပေ၃၀ ခန့်မြင့်ကြ၍၊ ထိုဒေသတွင်အမြင့်ဆုံးအပင်များ ဖြစ်ကြသည်။ အချို့ ဆစ်ကမိုးပင်တို့၏ ပင်လုံးမှာ ၈ ပေ ကျော်ခန့်ရှိသည်။ အညိုရောင်ဆစ်ကမိုးပင်အသားကို အမေရိကန်ပလိန်းပင်မျိုး၏ ရက္ခဗေဒအမည်မှာ 'ပလက်တာနပ်အော့စီဒင်တာလစ်' ဖြစ်သည်။

အိန္ဒိယနိုင်ငံ၊ အာရှတိုက်အနောက်တောင်ပိုင်း၊ ဥရောပတိုက်အရှေ့ပိုင်းတို့၌ မူလပေါက်ရောက်သောပလိန်းပင်

ပလိန်းပင်၏ အသီးနှင့်အရွက်

www.foreverspace.com.mm

မျိုးလည်းရှိသည်။ ထိုအပင်မျိုး၏ ရုက္ခဗေဒအမည်မှာ 'ပလက်တာနပ်အိုရီယင်တာလစ်' ဖြစ်သည်။ အမြင့်ပေ ၈၀ခန့်ရှိ၍၊ တုတ်ခိုင်သောပင်စည်ရှိသည်။ အခေါက်သည် စိမ်း၍၊နှစ်စဉ်ကွာကျသည်။ ထန်းရွက်ကဲ့သို့သောအရွက်ကြီးများရှိသည်။ ရှည်သောအညာတံထိပ်တွင် ပန်းများစုဝိုင်း၍ပွင့်သည်။ ဆောင်းဥတုတွင် ဆူးရှိသောအသီးများသီးသည်။ ထိုပလိန်းပင်များကို ဂရိနှင့်ရောမလူမျိုးတို့သည် အလှအပအဖြစ်စိုက်ပျိုးခဲ့ကြသည်။ ယခုတိုင်ပင်စံပြအဖြစ် ထားရှိသည့် အသက် ၄၀၀၀ ကျော်ရှိပြီဆိုသော ပလိန်းပင်များကို တွေ့ရသေးသည်။

ပလတ်စတစ်။ ။ပလတ်စတစ်သည် ယခုအခါ အလွန်ခေတ်စားလျက်ရှိသောပစ္စည်းဖြစ်သည်။ ပလတ်စတစ်ဟူသောဝေါဟာရသည် ဂရိဘာသာစကားမှလာ၍ 'ပုံသွန်းရန်သင့်သောပစ္စည်း' ဟုအနက်ရ၏။ နှစ်ပေါင်းအတော်ကြာစွာပင် ပုံသွန်းရလွယ်သော ပစ္စည်းများကိုလည်းကောင်း၊ ဖိအားဖြင့်ပုံပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း ပလတ်စတစ်အဖြစ်အသုံးပြုခဲ့ကြ၏။ ထိုပစ္စည်းတို့တွင်မြေစေး၊ ကော်ဖတ်နှင့်သတ္တုအချို့ပါဝင်၏။ ယခုအခါပလတ်စတစ်ကို ပစ္စည်းအမျိုးမျိုးမှ ဓာတုဗေဒနည်းများဖြင့် ရောစပ်ယူနိုင်ပြီဖြစ်ရာ၊ ပလတ်စတစ်လုပ်ငန်းသည် အထူး တိုးတက် ဖွံ့ဖြိုးလျက်ရှိပေသည်။

ပလတ်စတစ်ပစ္စည်းများကို ကျောက်မီးသွေး၊ လေနှင့် ရေတို့မှ ပြုလုပ်ရရှိသည်ဟုဆို၏။ ဤသို့ဆိုရာ၌ ထိုပစ္စည်းများကို တစ်ခါတည်းရောစပ်၍၊ ပလတ်စတစ်ပြုလုပ်သည်ဟု မဆိုလိုချေ။ ထိုပစ္စည်းများကို ပထမအဆင့်အားဖြင့် ကြားပစ္စည်းအမျိုးမျိုးကို ပြုလုပ်ပြီးမှ၊ ထိုကြားပစ္စည်းမှ တဆင့် ပလတ်စတစ်ကိုပြုလုပ်ကြရသည်။ ကျောက်မီးသွေး၊ ရေ၊ လေ၊ ထုံးကျောက်နှင့် ဆားတို့ကို ကြားပစ္စည်းပြုလုပ်ရန်အတွက် အများအပြားအသုံးပြုကြသည်။

ခေတ်မီပလတ်စတစ်လုပ်ငန်းသည် အဓိကအားဖြင့် သြဂဲနစ်ဒြဗ်ပေါင်းတို့မှ ပုံသွင်းနိုင်သော ပစ္စည်းများကို ထုတ်လုပ်ယူသောလုပ်ငန်းပင် ဖြစ်သည်။ သြဂဲနစ်ဒြဗ်ပေါင်းသည်ကား၊ ဟိုက်ဒရိုဂျင်၊ အောက်ဆီဂျင်၊ နိုက်ထရိုဂျင်နှင့် အခြားဒြဗ်စင်တို့ကိုကာဗွန်ဓာတ်ပေါင်းစပ်ထားခြင်းဖြစ်သည်။ မူလအားဖြင့် သြဂဲနစ်ပလတ်စတစ်လေးမျိုးရှိ၏။ ယင်းတို့မှာ(၁) ဓာတ်ကော်စေးပလတ်စတစ်၊ (၂) သဘာဝကော်စေးပလတ်စတစ်၊ (၃) ဆဲလျူလို့ပလတ်စတစ်နှင့် (၄) ပရိတင်းပလတ်စတစ်တို့ ဖြစ်ကြသည်။

ဓာတ်ကော်စေးပလတ်စတစ်တို့သည် အထူးထူးအပြားပြားအသုံးဝင်ကြသည်။ ဓာတုဗေဒဆရာများသည် ကော်စေးသတ္တိပါသောပစ္စည်းအမျိုးမျိုးကို အတုချက်လုပ်နိုင်ကြ၏။ ထိုသို့ဓာတ်ပြားဖြင့်ချက်လုပ်သောကော်စေးပလတ်စတစ်တို့တွင် ကျောက်ခဲကဲ့သို့ မာသောပလတ်စတစ်မျိုးလည်းရှိ၏။ ဖန်ကဲ့သို့အလင်းပေါက်သော ပလတ်စတစ်မျိုးလည်းရှိ၏။ ကော်ဖတ်ကဲ့သို့ ရုန်းကန်တတ်သော ပလတ်မျိုးလည်းရှိ၏။ လချေးကဲ့သို့ ဓာတ်ကာသတ္တိကောင်းသော ပလတ်စတစ်မျိုးလည်းရှိ၏။ ဤဓာတ်ကော်စေးတို့ကို သင့်လျော်သောအဆာများဖြင့် ရောစပ်၍၊ ပစ္စည်း အမျိုးမျိုး ပုံသွန်းယူနိုင်၏။ ဤသို့ပုံသွန်း၍ရသော ပစ္စည်းတို့သည် အထူး တောင့်တင်းခိုင်မာ၏။ ပေါ့ပါး၏။ အရွယ်ပမာဏ တည်တံ့၏။ အစိုကိုလည်းကောင်း၊ အပူအသင့်အတင့်ကိုလည်းကောင်း၊ နေရောင်ကိုလည်းကောင်းခံနိုင်၏။ ဓာတ်ကော်စေးပလတ်စတစ်ပြုလုပ်ရာ၌ အသုံးပြုရသောပစ္စည်းအချို့တွင် ဖီနော၊ ယူရီယာ၊ ဖော်မယ်ဒီဟိုက်၊ ဂလစ်ဆရိ၊ သဲလစ်အန်ဟိုက်ဒရိုက်၊ အဆက်တီလင်နှင့် ရေနံစိမ်းတို့တွင် ပါဝင်ကြသည်။

အမှန့်ပြုထားသော ပုံသွန်းပလတ်စတစ်ပစ္စည်းများကို အများအားဖြင့် အချောထည်ပုံသွန်းထုတ်လုပ်သူတို့အားရောင်းချလေ့ရှိ၏။ ပုံသွန်းကော်စေးနှင့် လွှာထပ်ကော်စေးတို့ကို ကော်စေးပြုလုပ်သူတို့က အချပ်လိုက်သော်လည်းကောင်း၊ အချောင်းလိုက်သော်လည်းကောင်း ပြုပြင်စီမံထားလေ့ရှိသည်။ စက်ဖြင့်အချောထည်ပြုလုပ်သောအခါ၊ယင်းတို့ကို ဖြတ်တောက်၍ အသုံးချရသည်။ သဘာဝကော်စေးပလတ်စတစ်တို့ကား၊ ချိပ်ဆေး၊ ထင်းရှူးစေး၊ ကတ္တရာစသည်တို့ဖြစ်၏။ ဓာတ်ကော်စေးအချို့ကို အရည်မပျော်နိုင်သည့်အထည်ဝတ္ထုပြုလုပ်ရာ၌ အသုံးချကြ၏။ သဘာဝကော်စေးကိုမူ အရည်ပျော်နိုင်သောအထည်ဝတ္ထု လုပ်ငန်းအတွက်အသုံးပြုကြ၏။ ချိပ်ဆေး၊ ထင်းရှူးစေးနှင့်ကတ္တရာတို့တွင် သင့်လျော်သောအဆာများကို ရောစပ်ပေးလျှင်၊ ပူသည့်အခါ၌ ပုံသွန်းနိုင်သောပစ္စည်းတို့ကို ဖော်စပ်နိုင်၏။

ဆဲလျူလို့ပလတ်စတစ်သည် သြဂဲနစ်ပလပ်စတစ်များတွင် အသုံးအဝင်ဆုံးဖြစ်၏။ အထင်ရှားဆုံးလည်းဖြစ်သည်။ ယင်းတို့တွင် ဆဲလျူလိုက်ပလတ်စတစ်၊ ဆဲလျူလို့အက်ဆီတိတ်နှင့် ပြုပြင်ပြီးဆဲလျူလိုတို့ပါဝင်ကြ၏။

ဆဲလျူလို့ပလတ်စတစ်ပြုလုပ်ရန် ဆဲလျူလို့ကို သာမန်ဝါဂွမ်းအဖြစ်နှင့်၊ သစ်ပျော့သားအဖြစ်ဖြင့် ရရှိနိုင်ပေသည်။ ထိုပစ္စည်းတို့တွင် ဆဲလျူလို့စစ်စစ် အတော်အတန်ပါရှိသည်။ ထူသောအမျှင်များလည်းပါရှိသည်။ ဓာတ်တို့ဖြင့် စီရင်ပေးသောအခါ၊ ဆဲလျူလို့သည် ပုံအသွန်းရလွယ်သော ဒြဗ်ပေါင်းများအဖြစ်သို့ ပြောင်းလဲသွားသည် ဆဲလျူလို့ပလတ်စတစ်သည် အလွန်ခိုင်မာတောင့်တင်းသည်။ အထူးသဖြင့် ဆဲလျူလို့လွှာချပ်တို့သည် ကွေးညွှတ်နိုင်သဖြင့် အသုံးဝင်ပေသည်။ ဤ ပလတ်စတစ်တွင် အပူဓာတ်သည် ဖြည်းဖြည်းသာဝင်နိုင်သည်။ ထိုပလတ်စတစ်မျိုးကို အရ

www.foreignspace.com.mm

သာမရှိ၊ အနံ့မရှိအောင်လည်းကောင်း၊ အလင်းပေါက်အောင်လည်းကောင်း ပြုလုပ်နိုင်သည်။

ပရိုတင်းပလတ်စတစ်တို့သည် ယင်းတို့တွင်ပါဝင်သော ပစ္စည်းများကိုအကြောင်းပြု၍ထင်ရှားကြ၏။ ပုံပမာ– ကေဆီအင်းသည် အဆီသဲ့ပြီး နွားနို့ကိုအကြောင်းပြု၍လည်းကောင်း ပဲပုပ်နှစ်သည် ပဲပုပ်ကိုအကြောင်းပြု၍ လည်းကောင်းထင်ရှားကြ၏။ ဤပရိုတင်းပစ္စည်းတို့ကို ကော်လွိုက်ပစ္စည်းဖြစ်အောင် နှံ့စွာနယ်ပေးရ၏။ ထိုနောက်ထို ကော်လွိုက်ပစ္စည်းကို သင့်တော်သောဖိစက်များဖြင့်ဖြစ်စေ၊ ညှစ်စက်များဖြင့်ဖြစ်စေ အချပ်လည်းကောင်း၊ အချောင်းလည်းကောင်းပြုလုပ်ယူရ၏။ ဤပစ္စည်းတို့တွင် ဖော်မယ်ဒီဟိုက်ထည့်ပေးခြင်းဖြင့် မာအောင်ပြုလုပ်နိုင်သည်။

ယခုအခါ ပလတ်စတစ်နှင့်လုပ်သောပစ္စည်းတို့တွင် ပုံသွန်းပစ္စည်းတို့သာမက နည်းအမျိုးမျိုးဖြင့် ပြုလုပ်ထားသောပစ္စည်းများလည်းပါဝင်ကြ၏။ ပလတ်စတစ်မျှင်တို့ဖြင့် ပိုးတုအထည်ကိုဖြစ်စေ၊ သိုးမွေးတုအထည်ကိုဖြစ်စေရက်လုပ်နိုင်သည်။ မော်တော်ကားခ်ြအသုံးပြုသော ရော်ဗာသည် ပလတ်စတစ်ပင်ဖြစ်၏။ ကင်မရာခ်ြ အသုံးပြုသောပလတ်စတစ်ပင်ဖြစ်၏။ ပလတ်စတစ်ကော်စေးသာ မရှိလျှင်၊ မိုးလေခံသောသစ်လွှာထပ်သားများကို ပြုလုပ်နိုင်ရန် ခဲယဉ်းပေလိမ့်မည်။

လူ့အသုံးအဆောင်ပစ္စည်းအမျိုးမျိုးရှိအောင်၊ ပလတ်စတစ်တို့ကို သတ္တုများရောစပ်သကဲ့သို့၊ နည်းအမျိုးမျိုးဖြင့် ရောစပ်ပြုလုပ်နိုင်ပေသည်။ အချို့ပလတ်စတစ်တို့သည် ဖန်ကဲ့သို့ အလင်းပေါက်ကြ၏။ အချို့ ပလတ်စတစ်တို့ကို အက်ဆစ်မစားနိုင်၊ အခြားဓာတ်ပစ္စည်းတို့လည်း တိုက်စားခြင်းမပြုနိုင်။ အချို့ပလတ်စတစ်တို့ကား ဓာတ်ကာပစ္စည်းကောင်းများဖြစ်ကြသည်။

ရေအပူ၏ဒဏ်၊ နေအပူ၏ဒဏ်ကိုခံနိုင်သည့် ပလတ်စတစ်မျိုးလည်းရှိ၏။ အချို့ပလပ်စတစ်သည် သာမန်အပူချိန်တွင်အရည်ပျော်သည်။ နေရောင်ကြောင့်လည်း အရောင်အသွေး ပြောင်းကြသည်။ တောင့်တင်းခိုင်မာသော ပလတ်စတစ်တို့ကို ဂေါက်သီးတံခေါင်းပြုလုပ်ရာ၌လည်းကောင်း၊ ဂီယာနှင့်ဗယ်ရင်များ ပြုလုပ်ရာ၌လည်းကောင်း အသုံးပြုကြသည်။ ပလတ်စတစ်ပုံနှိပ်ပြားတို့သည် နှိပ်ခြင်း၏ဒဏ်ကိုခံနိုင်ရည်ရှိသည်။ ရေမြှုပ်နှင့်တူသောပလတ်စတစ် ဓာတ်ကာပစ္စည်းသည် ကမ္ဘာတွင် အပေါ့ဆုံးပစ္စည်းဖြစ်သည် အချို့ပလတ်စတစ်တို့သည် ကွေးကော့ပျောင်းနဲ့နိုင်ကြသည်။ ယင်းတို့ကို အဝတ်လှန်းကြိုးများ၊ လက်ညှစ်ပုလင်းပျော့များ၊ ယာဉ်သုံးပြွန်များနှင့်ပရိဘောဂဖုံးလွှမ်းစရာများ ပြုလုပ်ရာ၌ အသုံးပြုကြ၏။ အချို့ပလတ်စတစ်တို့သည် ဖန်ကဲ့သို့ဆတ်၏။ ရေခဲပလတ်စတစ်တို့ကို အဆောက်အအုံ များ၊ ဆောက်လုပ်ရာနှင့် ထုပ်ပိုးစည်းနှောင်သောပစ္စည်းများပြုလုပ်ရာ၊ အပူခံနှင့်အစွန်းခံစားပွဲခင်းများပြုလုပ်ရာ၌ အသုံးပြုကြသည်။ ပလတ်စတစ်ပစ္စည်းတို့ကို ရောင်စုံသွန်းယူနိုင်သည့်အပြင်၊ အသားအမျိုးမျိုးရအောင်လည်း ပြုလုပ်နိုင်ပေသည်။

အချို့ပလတ်စတစ်၏ မော်လီကျူးများသည် မူလပစ္စည်း၏ရုပ်ကို ထိန်းတတ်ကြ၏။ ထိုကြောင့် ယင်းပစ္စည်းတို့ကို ဆန့်လိုချုံ့လိုသော်၊ အပူပေး၍ ဆန့်နိုင်ချုံ့နိုင်၏။ မူလသဏ္ဌာန်အတိုင်း ပြန်ဖြစ်စေလိုသော်၊ အပူပေး၍ ပြုပြင်နိုင်၏။ ချုံ့၍ရသော ပလတ်စတစ်ကို စရွေးကိုက် ပလတ်စတစ်များပြုလုပ်ရာ၌ အသုံးပြုကြ၏။ အချို့လင်းပေါင်း ပလတ်စတစ်သည် အလင်းကို ကွေ့ကောက်၍ သွားစေနိုင်၏။ ဆရာဝန်တို့သည် အစာအိမ်ကိုဖြစ်စေ၊ အခြားကိုယ်တွင်းရှိအခေါင်းများကိုဖြစ်စေ ခွဲစိတ်ကုသရာ၌၊ ဤပလတ်စတစ်မျိုးဖြင့်လုပ်သောကရိယာဖြင့် အလင်းရောင်သွင်းပေးကြလေသည်။

အထည်ဖြစ်ပြီးသော အရာဝတ္ထုတိုင်းလိုလိုတွင် မူလပစ္စည်းကြမ်းတို့၏ ဝိသေသဂုဏ်များ ပါရှိစမြဲဖြစ်သည်။ သို့သော် ပလတ်စတစ်တွင်ကား ဤသို့မဟုတ်ပေ။ စက္ကူ လုပ်ငန်းကိုကြည့်လျှင်၊ ပစ္စည်းကြမ်းမှကုန်ချောဖြစ်လာပုံ သဘောကို တွေ့ရပေမည်။ ပထမဦးစွာသစ်ပင်ကို ခုတ်လှဲ၍ သစ်တုံးများကို သစ်စက်သို့ဆွဲယူ၏။ ထိုနောက် သစ်တုံးကို သစ်ပျော့ဖတ်ဖြစ်အောင် ကြိတ်၏။ ထိုနောက် သစ်ပျော့ဖတ်မှ စက္ကူဖြစ်အောင်ပြုလုပ်၏။ စက္ကူ၌ပါရှိသော အမျှင်တို့သည် သစ်မျှင်တို့သာလျှင်ဖြစ်ကြ၏။ ယင်းတို့၏ ဓာတုဝိသေသဂုဏ်များကား ပြောင်းလဲခြင်းမရှိ၊ တည်မြဲနေကြပေ၏။ သို့သော် ထိုသစ်ပင်ကိုပင် ပလတ်စတစ်လုပ်ဖို့ အသုံးပြုပါက၊ ထူးခြားသောသဘောဖြစ်သည်။ ဆဲလျှုလို့သည် ပလပ်စတစ်ဘဝသို့ရောက်သည်တွင် ဆဲလျှုလို့ သဘောမျိုးလုံးဝမရှိတော့ချေ။

ရောင်းတမ်းပလတ်စတစ်အမျိုးမျိုးရှိရာ၊ အချို့ပလတ်စတစ်တို့ပြုလုပ်ပုံနှင့် အသုံးဝင်ပုံကိုသိထိုက်ပေသည်။

ဖီနောလစ်ပလတ်စတစ်သည် ဓာတ်ကော်စေးတွင် အဆာထည့်ထားသောပလတ်စတစ်ဖြစ်၏။ ဤပလတ်စတစ်၌သုံးသောဓာတ်ကော်စေးကို ဖီနောနှင့်ဖော်မယ်ဒီဟိုက်တို့ ဓာတ်ပေါင်းစပ်ခြင်းဖြင့်ရရှိသည်။ ဖီနော်လစ်ပလတ်စတစ်ကို ရုပ်လွှင့်ရုပ်ဖမ်းစက်အိမ်နှင့် အသံဖမ်းစက်အိမ်တို့ ပြုလုပ်ရန်အသုံးပြု၏။ ခြယ်ဆေးနှင့်သုတ်ဆေးတွင်ပါဝင်သောဓာတ်ပစ္စည်းများ၊ ကြိတ်ဘီးများ၊ ဆိတ်ငြိမ်ဂီယာများ၊ သံစက်ဗယ်ရင်များ၊ လွှာထပ်သားကပ်ကော်များကို ဖီနောလစ်ပလတ်စတစ်ဖြင့် ပြုလုပ်သည်။

ယူရီယာပလတ်စတစ်ကို အမ်မိုးနီးယားနှင့်ဖော်မယ်ဒီ

www.foreverspace.com.mm



ပခုံးတော်တွင် ပလပ်စတစ်ပြင်ပြွှေလုပ်သော လွှဲသုံးမဇူဉ်းမျှားကို အသုံးမျှား လွှက်ခွဲကြပေပြီ။ အပေါ် (၀) ပလပ်စတစ် လက်တွန်းလုံးပုံ။ (ယာ) ပလပ်စ တစ်လက်အိတ်။ အောက် (ခ) ပ လပ်စတစ် လက် မက်ရည်နှပ်ကို။ (ယာ) ပလပ်စ တစ်အောင်းဘီး

www.foreverspace.com.mm

ဟိုက်တို့မရှိ၏။ ထိုပလတ်စတစ်သည် ကြေယ်သီး၊ မုတ်ဆိတ်ရိုက်စက်အိမ်၊ အသံဖမ်းစက်အိမ်စသည်တို့ ပြုလုပ်ရန် အသုံးကျ၏။

မယ်လာမင်းပလတ်စတစ်ကို မော်မယ်ဒီဟိုက်နှင့် ကယ်လဆီယမ်ဆိုင်ယာနမ်မိုက်တို့ ရောစပ်ခြင်းဖြင့်ရရှိ၏။ ထိုကော်စေးပလတ်စတစ်တွင် အဆာအဖြစ်အဝတ်ကို လည်းကောင်း၊ ကျောက်ဂွမ်းကိုလည်းကောင်း၊ ချွတ်ပြီး ဆဲလျူလို့ကိုသော်လည်းကောင်းအသုံးပြုသည်။ မယ်လမင်းပလတ်စတစ်သည် လျှပ်စစ်မီးလုံး၏အပူဒဏ်ကိုပင် ခံနိုင်သည်။ ထိုပလတ်စတစ်ဖြင့်လုပ်သော ပန်းကန်သည် အပူကြောင့်မကွဲအက်ချေ။ အရောင်လည်းမပြယ်ချေ။ ရေနွေးဒဏ်ကိုလည်း ခံနိုင်၏။

ဆဲလျူလို့အက်ဆီတိတ်ပလတ်စတစ်ကို အက်ဆီတိတ်အက်ဆစ်ဖြင့် စီရင်ထားသော ဆဲလျူလို့မျှင်များမှ ပြုလုပ်ရရှိ၏။ မော်တော်ကားစတီယာရင်ဘီး၊ ကစားစရာများနှင့် အထွေထွေ ပစ္စည်းအဆန်းတို့ကို ဤပလတ်စတစ်ဖြင့်ပြုလုပ်သည်။ အက်ကရီလစ်ပလတ်စတစ်ကို ရေနံစိမ်း၊ ကျောက်မီးသွေး၊ လေနှင့်ရေတို့ပေါင်းစပ်၍ရသောဒြဗ်ပေါင်းများမှပြုလုပ်ရရှိ၏။ ဤပလတ်စတစ်တွင်ပါဝင်သောပစနပစ္စည်းမှာ မက်သီမက်သာကရီလိတ်ဖြစ်သည်။ ဤပလတ်စတစ်တို့သည်အလွန်ကြည်လင်၍၊ နေရောင်နှင့်မိုးလေဒဏ်ကို ကောင်းစွာခံနိုင်၏။ မော်တော်ကား၊ အိမ်သုံးပစ္စည်းနှင့်လေယာဉ်ပျံတို့အတွက်လိုသောပုံသွန်းပြီး ပလတ်စတစ်ပစ္စည်းများကို ထိုပလတ်စတစ်ဖြင့်ပြုလုပ်၏။

ဗိုင်းနီပလတ်စတစ်တို့တွင် ပျော့သောပလတ်စတစ်မျိုးနှင့် မာသောပလတ်စတစ်မျိုးတို့ပါဝင်၏။ မိုးကာ၊တင်းတိမ်၊အထည်အလိပ်၊ဓာတ်ပြား၊ကြော်ငြာကတ်ပြား၊ မိုးကာအင်္ကျီတို့ကို ထိုပလတ်စတစ်ဖြင့် အများအပြားပြုလုပ်၏။

ပေါ်လီအက်သီလင်းသည် အမြင်အားဖြင့် ဖယောင်းနှင့်တူသည်။ ယင်းကို ပုံသွန်းပလတ်စတစ်ပစ္စည်းအဖြစ်ပြုလုပ်ထား၍၊ ထိုပစ္စည်းမှဖလင်၊ နန်းကြိုးဓာတ်ကာစသည်တို့ကိုပြုလုပ်ယူသည်။ ပုလင်း၊ ပန်းကန်နှင့် မိုးကာတင်းတိမ်တို့ကို ဤပလတ်စတစ်ဖြင့် ပြုလုပ်သည်။ ရေခဲစိမ်စားစရာများကို ဤပလတ်စတစ်ဖြင့် ထုပ်ပိုးချည်နှောင်သည်။ ပေါ်လီအက်သီလင်းပုလင်းတွင် ပြင်းသောအက်ဆစ်များ ထည့်ထားနိုင်၏။ အလှရည်ထည့်သော လက်ညှစ်ပုလင်းကို ဤပလတ်စတစ်ဖြင့်ပြုလုပ်သည်။

ပုံသွန်းပလတ်စတစ်ပစ္စည်းတို့တွင် အဆာကို အများအပြားအသုံးပြုကြသည်။ လိုအပ်သောပလတ်စတစ်မျိုး ရရှိအောင်၊ အဆာကိုအမျိုးမျိုးရွေးချယ်ရသည်။ ပုံပမာ ပျော့ပျောင်းသောပလပ်စတစ်ရလိုလျှင်၊ သစ်မှုန့်ကို အဆာအဖြစ်အသုံးပြုရသည်။ အထိအခိုက်ဒဏ်ကိုခံနိုင်သောပလတ်စတစ်ရလိုလျှင်၊ အဝတ်စုတ်ကိုဖြစ်စေ၊ သင်္ဘောနာနတ်မျှင်ဖြစ်စေ၊ ဝါဂွမ်းကိုဖြစ်စေ အဆာအဖြစ်အသုံးပြုရသည်။ အပူဒဏ်ကိုခံနိုင်သော ပလတ်စတစ်ရလိုလျှင်၊ ကျောက်ဂွမ်းကို အဆာအဖြစ်အသုံးပြုရသည်။ လျှပ်စစ်ကောင်းစွာလျှောက်နိုင်သော ပလတ်စတစ်ရလိုလျှင်၊ စက္ကူချပ်ကို အဆာအဖြစ် အသုံးပြုရသည်။

ပလတ်စတစ်လုပ်ငန်းတွင် ပုံသွန်းနည်း၊ လွှာထပ်စပ်နည်း၊ ညှစ်ထုတ်နည်း၊ မှုတ်၍ပုံသွန်းနည်း၊ ပုံလောင်းနည်း၊ အထည်ဖြစ်လုပ်နည်း၊ အချောသုတ်နည်းဟူ၍ နည်းအဆင့်ဆင့်ရှိသည်။ အပူပေးလျှင်မာတတ်သော ပလတ်စတစ်ကို ဖီနောလစ်၊ ယူရီယာနှင့် မယ်လာမင်းတို့ပါဝင်သည်။ ဖိအားဖြင့်ပုံသွန်းနည်းသည် ရေခဲမုံ့လုပ်သည်နှင့် များစွာတူ၏။ တိုင်းတာပြီး ကော်စေးပမာဏကို သွန်းပုံတွင် ထည့်၍ အပူပေးကာ ဖိပေးရသည်။ ထိုအခါ ဓာတ်ပြုမှုဖြစ်ပေါ်၍ ကော်စေးသည် မာလာ၏။ ထိုကော်စေးကို ထုတ်ယူလျှင်၊ သွန်းပုံသဏ္ဌာန်ရှိသော ပစ္စည်းကိုရရှိသည်။

အေးလျှင်အိပ်သည်ဆိုသော ပလတ်စတစ်မျိုးသည် အပူပေးလျှင်ပျော်၍၊ အအေးခံလိုက်လျှင် မာလာသည်။ ဤပလတ်စတစ်ကို ပုံသွန်းရန်မှာ သာမိုးပလပ်စတစ် ပုံသွန်းမှုန့်များကိုကတော့ဖြင့် အပူတိုက်ခန်းထဲသို့ထည့်ပေးရသည်။ ပူလာသောအခါ၊ ထိုအမှုန့်တို့သည် ကော်စေးပျော့ပျော့ဖြစ်သွား၏။ ထိုနောက် ကော်စေးပျော့ကို အပူချိန်နည်းသောသွန်းပုံထဲသို့ ထိုးသွင်းပေးသည်။ ထိုသွန်းပုံတွင် ပလတ်စတစ်ကိုအအေးပေးပြီးလျှင်၊ မာလာသည်အထိ ဖိပေးထားသည်။ လွှာထပ်စပ်နည်းသည်။ ဆင်းဒွစ်မုံ့ခေါ်အသားညှပ်ပေါင်မုန့်လုပ်သည်နှင့်တူ၏။ အဝတ်လွှာ၌ဖြစ်စေ၊ စက္ကူလွှာတို့၌ဖြစ်စေ၊ သစ်လွှာတို့၌ဖြစ်စေ ပလတ်စတစ်ကော်စေးကို ကြားညှပ်ထားသည်။ ထိုနောက် ထိုအလွှာတို့ကိုဖိပေးသည်။ ယင်းသို့ ဖိပေးသည်တွင် ကော်စေးသည် ဓာတ်ပြုမှုကြောင့် 'အိပ်'သော်လည်း အိပ်သွား၏။ သို့မဟုတ် အအေးကြောင့်မာသော်လည်း မာလာသည်။

ညှစ်ထုတ်နည်းသည် သွားတိုက်ဆေးညှစ်ထုတ်ပုံနှင့်အလွန်တူသည်။ ပုံသွန်းမှုန့်များကို စက်အိမ်ထဲသို့ကတော့ ဖြင့်ထည့်ပေးသည်။ စက်ထဲတွင်ထိုအမှုန့်တို့ကို ပလတ်စတစ် အခြေရောက်သည်အထိ အပူပေးသည်။ ထိုနောက် ပလတ်စတစ်ကို သွန်းပုံမှ အဆက်မပြတ် ညှစ်ထုတ်သည်။ ပလတ်စတစ်ချပ်များ၊ ပလတ်စတစ်ဗန်းများ၊ ပလပ်စတစ် ပြွန်ချောင်းများကို ဤနည်းဖြင့် ပြုလုပ်ယူသည်။ ထိုပြင် ယောက်ျားခါးပတ်များ၊ တန်ဆာပလာ လက်ကိုင်ရိုးများ၊ ပုံမှန်ပစ္စည်းများတို့ကိုလည်း ဤနည်းဖြင့် ပြုလုပ်သည်။

www.forevermyanmar.com.mm

'လက်ညှိုး' ပုလင်း၊ အက်ဆစ်ထည့်စရာဗူးခွက်စသည်တို့ကိုပြုလုပ်ရာ၌ ပလတ်စတစ်ကိုဖန်မှုတ်သကဲ့သို့ မှုတ်ယူသည်။ မှုတ်နည်းတစ်ခုမှာအရည်ပျော်ပြီး ပေါ်လီအက်သီလင်းကို ခေါင်းပွပြွန်ချောင်းထဲသို့ ညှစ်သွင်းသည်။ ဤပြွန်ချောင်းကို သွန်းပုံတွင်ထည့်၍၊ သွန်းပုံးအတိုင်းပြန့်ကားလာအောင်လေမှုတ်သွင်းပေးလေသည်။ အခြားမှုတ်နည်းတစ်ခုမှာ သာမိုပလတ်စတစ်ပစ္စည်းနှစ်ချပ်ကို သွန်းပုံခြမ်းနှစ်ခြမ်းအကြားဝယ် ညှပ်ထားသည်။ ထိုအချပ် နှစ်ချပ်အကြားသို့ ဖိအားကြီးလေကိုဖြစ်စေ၊ ဖိအားကြီးရေနွေးငွေ့ကိုဖြစ်စေ မှုတ်သွင်းပေးသည်။ ထိုအချပ်တို့သည် အပူနှင့် ဖိအားတို့ကြောင့် ကားထွက်ရာ၊ သွန်းပုံနှင့်ထိသောအခါ၊ သွန်းပုံ၏ ပုံသဏ္ဌာန်ကို ရရှိလေသည်။

ပလတ်စတစ်အမျိုးမျိုးကို သွန်းပုံတွင်လောင်းထည့်ခြင်းဖြင့်၊ ပုံလောင်းပစ္စည်းအမျိုးမျိုးရရှိနိုင်ပေသည်။ ထိုပလတ်စတစ်တို့သည် သွန်းပုံတွင် အအေးပေးခြင်းကြောင့်လည်းကောင်း၊ ဓာတ်ပြုမှုရှိခြင်းကြောင့်လည်းကောင်း မာလာကြသည်။ အက်ကရီလစ်ကော်စေးသည် ပုံလောင်း၍သွားတုပြုလုပ်ရသောကော်စေးဖြစ်သည်။ အယ်လကစ်ကော်စေး၊ ဖီနောလစ်ကော်စေး၊ ဗိုင်းနီကော်စေး၊ စတိုင်ရင်းကော်စေးတို့ကို ပုံလောင်းပစ္စည်းများအဖြစ် အသုံးများကြသည်။

ပလတ်စတစ်အချပ်၊ ပလတ်စတစ်အချောင်း၊ ပလတ်စတစ်အတုံးတို့မှ ဝတ္ထုပစ္စည်းများပြုလုပ်ခြင်းကို အထည်ဖြစ်လုပ်နည်းဟု ခေါ်သည်။ အချို့ကိစ္စတို့တွင် လိုရာပုံရအောင်ပလတ်စတစ်ကို လွှဖြင့်တိုက်ဖြတ်ရ၏။ တစ်ခါတစ်ရံ လွန်ဖြင့်သော်လည်း ဖောက်ပေးရ၏။ စက်ဖြင့်သော်လည်းပုံဖော်ယူရသည်။

အချောထုတ် ပလတ်စတစ်လုပ်ငန်းတွင် ရော်ဗာတုနှင့် သာမိုပလပ်စတစ်တို့ကို အသုံးပြုရသည်။ ပလပ်စတစ်တို့ကို အပူပေး၍ ပျော့ပျောင်းစေပြီးလျှင်၊ အထည်ပစ္စည်းပေါ်၌ ပါးပါးလွှာလွှာလိမ်းကျံပေးရသည်။ ထိုနောက် ထိုဝတ္ထုကို ဒလိမ့်တုံးများအကြားတွင် အဆင့်ဆင့်ဖိနှိပ်ပေးပြီးလျှင် အချောကိုင်ယူသည်။

မြန်မာနိုင်ငံ ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက ပလတ်စတစ်လုပ်ငန်းမရှိသဖြင့် နိုင်ငံခြားဖြစ်ပလတ်စတစ်ကော်ဘီး၊ ဖောင်တိန်စသည်တို့ကိုအသုံးပြုခဲ့ကြရ၏။ စစ်ပြီးခေတ်တွင် နိုင်ငံခြားဖြစ် ပလတ်စတစ်ကြယ်သီး၊ ရင်ထိုး၊ အရုပ်စသည်တို့ အထူးခေတ်စားလာသဖြင့်၊ ပလပ်စတစ် ပုံသွန်းစက်ငယ်များနှင့် သာမိုပလတ်စတစ်မှုန့်တို့ကို နိုင်ငံခြားမှမှာယူ၍ ပြည်တွင်းမှာပင် ထိုပစ္စည်းများကို လုပ်ကိုင်လာကြသည်။ ထိုပြင်လင်းပေါက် ပလတ်စတစ်ချပ်တို့ကို နိုင်ငံခြားမှမှာယူ၍၊ ဆင်စွယ်ဘီးတု၊ လိပ်ခွံဘီးတု၊ မော်တော်ကားနံပါတ်ပြား၊ ဆိုင်းဘုတ်၊ သင်ခုန်းဓားရိုးစသည်တို့ကို အမြောက်အမြားပြုလုပ်လာကြသည်။

ယခုအခါ ရန်ကုန်မြို့တွင် ပလတ်စတစ်အလုပ်ရုံတို့ ပေါ်ပေါက်လာခဲ့ပြီ။ ထိုအလုပ်ရုံတွင် အပူခံပန်းကန်ခွက်ယောက်၊ ဆေးလိပ်ခံခွက်၊ ကြယ်သီးစသည်တို့ကို ပြုလုပ်လျက်ရှိသည်။ ယခုအခါ ပေါ်လီတိုင်းရင်းပလတ်စတစ်နှင့် ဗိုင်းနီပလပ်စတစ်တို့ကိုပင် အသုံးပြုနေကြပေပြီ။ ပလတ်စတစ်လုပ်ငန်းပညာရှင်တို့လည်း တဖြည်းဖြည်းပေါ်ထွန်းလာကြရာ၊ မြန်မာ ပလတ်စတစ်လုပ်ငန်းသည် ရှေ့အဖို့ အလားအလာများစွာရှိပေသည်။(ကော်ဖတ်၊သစ်စေး၊ ဆဲလျူလို့–ရှု။)

ပလိပ်ရောဂါ ။ ။ပလိပ်ရောဂါသည် ကူးစက်တတ်သောရောဂါတို့တွင် အပြင်းထန်ဆုံးရောဂါဖြစ်သည်။ (ကူးစက်တတ်သောရောဂါများ–ရှု။) လျင်မြန်စွာသေကျေပျက်စီးစေတတ်သည်။ ရောဂါဖြစ်ရာ၌ အရေပြားအောက်ရှိသွေးများကို အမည်းရောင်ဖြစ်စေ၏။ ထိုပြင် သွေးဖြူဂလင်းများကိုလည်း ရောင်စေ၍၊ အကျိတ်များကို ဖြစ်စေသည်။ ထို အကျိတ်များကို ဘင်ဟုခေါ်သည်။ ထိုကြောင့် ဤကဲ့သို့ ဘင်များထွက်စေသော ပလိပ်ရောဂါကို ဘင်ထွတ်ပလိပ်ရောဂါဟု ခေါ်သည်။ ထိုပြင် အဆုတ်ကို ရောင်စေသည့် ပလိပ်ရောဂါလည်းရှိသေးသည်။ ထိုပလိပ်ရောဂါမျိုးကို အဆုတ်ရောင် ပလိပ်ရောဂါဟုခေါ်သည်။

ပလိပ်ရောဂါသည် ပါးစတာရဲလာပက်စတစ်ခေါ်ဗက်စီလတ်ရောဂါပိုးကြောင့်ဖြစ်ပွားသည်။ ထိုပိုးကို ယာဆင်ဆိုသူက ၁၈၉၄ခုတွင် ဟောင်ကောင်မြို့၌ စတင်တွေ့ရှိခဲ့သည်။ ထိုမိုက္ကရုပ်ပိုးများသည် ကြွက်နှင့်အခြားကိုက်ဖြတ်သတ္တဝါများကိုလည်း ကူးစက်တတ်သေးသည်။ ထိုကိုက်ဖြတ်သတ္တဝါတစ်မျိုးမျိုးကို ကိုက်ပြီးသောအလေးများက တစ်ဖန် လူများကိုကိုက်သောကြောင့် လူများ၌ ပလိပ်ရောဂါဖြစ်လာရခြင်းဖြစ်လေသည်။

လူတွင်ဖြစ်ပွားသည့်ပလိပ်ရောဂါသည် အနည်းဆုံး ရှေးနှစ်ပေါင်း ၂၀၀၀ကပင်လျှင် စတင်ဖြစ်ပွားခဲ့ဖူးသည်။ ပီလိုပိုနီရှန်စစ်ပွဲကြီးအတွင်း ဘီစီ၄၃၀ပြည့်တွင် အက်သင်းမြို့တော်၌ ပလိပ်ကပ်ရောဂါဆိုးကျရောက်ခဲ့လေသည်။ ဂရိနိုင်ငံပြု သုခမိန်ပဲရီးကလီးသည် ထိုကပ်ထဲတွင်ပါသွားရသည်။ (ပဲရီးကလီး–ရှု) ရောမအင်ပါယာအတွင်းတွင် AD ၅၄၂ မှ ၅၉၄ အထိ လူဦးရေထက်ဝက်ခန့်သည် ပလိပ်ရောဂါနှင့်သေဆုံးခဲ့သည်။ ထိုနောက်၁၄ရာစုအတွင်း အာရှတိုက်အရှေ့ပိုင်းတွင် ဖြစ်ပွားလာပြန်၍၊ အာရှမိုင်းနား၊ အာရေဗျ၊ အီဂျစ်၊ အာဖရိကတိုက်မြောက်ပိုင်းနှင့် ဥရောပတိုက်သို့ ပျံ့နှံ့သွားပြီးလျှင်၊ ၁၃၄၈ခုတွင် အင်္ဂ

www.freevpnspace.com.mm

လန်ပြည်၌ ထိုရောဂါကျရောက်လေသည်။ ထိုရောဂါ ကျရောက်သည့်အခါ တကိုယ်လုံးအသားအရေများမည်း ဝိုင်းမှဲသေဆုံးသဖြင့် ထိုရောဂါကို ဗလက်ဒက် ကပ်ရောဂါ ကြီးဟုခေါ်ကြသည်။ ထိုကပ်ရောဂါကြီးကြောင့် ဥရောပတိုက်တွင် လူပေါင်း ၂၅ သန်းမျှ သေကျေပျက်စီးကြ ရ၍၊ ဗြိတိန်နိုင်ငံတွင် လူဦးရေတဝက်ကျော်ကျော်ကွယ် လွန်ကြရလေသည်။ လူတို့သည် ယင်းသို့ရောဂါကပ်ကြီး ကျရောက်သည့်အခါ၊ ရောဂါဘေးမှကင်းဝေးရာအရပ်သို့ အိုးပစ်အိမ်ပစ်ပြေးကြရာ၊ လယ်ယာများသည် လုပ်ကိုင်မည့် သူမရှိ၊ ကျွဲနွားများသည်ထိန်းကျောင်းမည့်သူမရှိ၊ မြို့ရွာ စသောလူနေရပ်ကွက်များသည် သုသာန်တစပြင်ပမာ၊ ကျီး နှင့်ဖုတ်ဖုတ်ဖြစ်ကြကုန်လေသည်။ ထိုနောက် ဥရောပတိုက် အရှေ့ပိုင်းတွင် ၁၄၊ ၁၅၊ ၁၆ နှင့် ၁၇ရာစုနှစ်များ အတွင်း၌ ကျရောက်ပြန်သည်။ ထိုသို့ ကျရောက်ရာတွင် ၁၆၆၅ခုတွင် လန်ဒန်မြို့၌ဖြစ်ပွားသည့် ပလိပ်ရောဂါကြီးလည်း ပါဝင် သည်။ ထိုရောဂါဆိုးကြီးကြောင့် လူဦးရေ ၄၅၀၀၀၀အနက် လူပေါင်း ၆၀၀၀၀မျှ ကွယ်လွန်ကြလေသည်။ ထိုနောက်တွင် ပလိပ်ရောဂါကြောင့် ကွယ်လွန်ခြင်းများသည် ဥရောပ တိုက်၌ နည်းပါးသွားကာ၊ ၁၉ ရာစုနှစ်အရှေ့ပိုင်းအတွင်း တွင် ထိုရောဂါဖြစ်ခြင်းသည် လုံးဝရပ်စဲသွားလေသည်။ သို့ရာတွင် ဥရောပတိုက်အရှေ့ပိုင်း၌ ၁၉ရာစုနှစ် အလယ် ပိုင်းလောက်တွင် အနည်းငယ်ဖြစ်ပွားလေသည်။

၁၈၉၄ ခုနှစ်တွင် ကန်တုန်နှင့် ဟောင်ကောင်မြို့များ၌ နောက်ဆုံးဖြစ်ပွားပြီးနောက် ဂျပန်၊ အိန္ဒိယနှင့် အာရ မိုင်းနားတို့သို့ ၁၈၉၆ခုနှစ်တွင် ပြန့်ပွားသွားလေသည်။ ထိုနောက်နှစ်နှစ်အတွင်းတွင် ကမ္ဘာအနှံ့အပြားလိုလိုဖြ ဖြစ်ပေါ်လာပြန်သည်။ ၁၉၀၀ ပြည့်နှစ်အတွင်းတွင် ကာလီ ဖိုနီးယားသို့ပြန့်လာပြန်သည်။ ထိုသို့ပြန့်လာခြင်းသည် ဟောင်ကောင်မြို့မှဖြစ်ကောင်းဖြစ်နိုင်သည်။

၁၁ ရာစုမှ ၁၇ ရာစုနှစ်များအတွင်း အိန္ဒိယပြည်၌ ပလိပ်ရောဂါဆိုက်ရောက်ခဲ့လေသည်။ ဘုံဘိုင်နယ်တွင် ၁၈၁၅ ခုနှစ်၌ ထပ်မံဖြစ်ပွား၍၊ ၁၉ ရာစုနှစ်အတွင်း၌လည်း နောက်ထပ် ဖြစ်ပွားလေသည်။

တရုတ်နိုင်ငံတွင် ခရစ်ယာန်သာသနာရောက်ချိန် လောက်မှစတင်၍ မကြာခဏဖြစ်ပေါ်ခဲ့လေသည်။ အာဖရိ ကတိုက်တောင်ပိုင်းတွင် ၂၀ ရာစုနှစ်စောစောပိုင်း၌ ထို ကပ်ရောဂါကျရောက်ခဲ့လေသည်။

ကြွက်များနှင့် ကိုက်ဖြတ်သတ္တဝါအရိုင်းများတွင် ပလိပ် ရောဂါသည် အချိန်မှန် ဖြစ်ပေါ်ပြီးလျှင်၊ ထိုသတ္တဝါများကို အမြောက်အမြားသေစေလေသည်။ ထိုမျှသေကြေပျက်စီး ကြသော်လည်း၊ ကူးစက်ခြင်းကျန်မြဲကျန်ခဲ့လေသည်။ အ ဘယ်ကြောင့်ဟူမူ ကူးစက်နိုင်သည့် အလေးများသည် မှီခို ရသည့်ကိုက်ဖြတ်သတ္တဝါများ ကင်းမဲ့လျက်နှင့်ပင် အသက် ရှင်၍နေနိုင်သောကြောင့်ဖြစ်သည်။ အချို့သောအလေးများ သည် လပေါင်းများစွာပင် အစာမမှီဝဲဘဲနေနိုင်သည်။ ထို နောက်မျိုးပြန့်ပွားရေးအတွက် အခြေအနေကောင်းမွန်လာ သောအခါတွင်၊ ရောဂါကူးစက်ခြင်းကို ဖန်တီးလာကြပြန် သည်။

ပလိပ်ရောဂါကြောင့် သေဆုံးသည့်ကြွက်၏သွေး တွင် ပလိပ်ဗက်စီလတ်အမြောက်အများရှိနေရာ၊ ယင်းမှ တစ်ဖန်အလေး၏ကိုယ်တွင်းသို့ ရောက်သွား၍၊ ထိုမှတစ် ဆင့် ပလိပ်ရောဂါပိုးကို ပြန့်ပွားသွားစေသည်။

အိန္ဒိယပြည် မြောက်ပိုင်းကဲ့သို့သောဒေသများမှာ သွေ့ခြောက်၍ ပူသည့်ရာသီဥတုနှင့် စိုထိုင်း၍ အေးသည့် ရာသီဥတုများ တစ်လှည့်စီရှိရာ၊ ထိုသို့သော ဒေသတို့တွင် ပလိပ်ရောဂါသည် ရာသီအလိုက်ဖြစ်ပေါ်တတ်သည်။ ပူ၍ သွေ့ခြောက်သောဒေသများတွင် အလေးများသည် သူတို့မှီခို သည့်သတ္တဝါ သေဆုံးကြသဖြင့်၊ သူတို့၏ဦးရေသည်လည်း လျော့ပါးသွားလေသည်။ သို့သော် ပို၍အေးသည့် ရာသီ ရောက်လာသောအခါတွင် အလေးများသည်ပြန့်၍ ပွားလာ ကြပြန်သည်။ လူ၌ ပလိပ်ရောဂါမကျရောက်မီ ကိုက်ဖြတ် သတ္တဝါများ၌ ပထမဦးစွာကျရောက်မြဲဖြစ်သည်။

ပလိပ်ရောဂါဖြစ်ပေါ်လျှင်၊ အများအားဖြင့်ရတ်တရက် ဖြစ်ပေါ်လာတတ်သည်။ ရောဂါသည်သည် ချမ်း၍အဖျား ဝင်လာပြီးသော်၊ ခေါင်းကိုက်ခြင်းနှင့် ကိုယ်လက်နာကျင် ခြင်းများဖြစ်တတ်သည်။ ထိုအချိန်၌ သွေးဖြူဂလင်းများ သည် ရောင်လာတတ်၏။ အထူးသဖြင့် ပေါင်ကြန်၊ ချိုင်းနှင့်လည်ပင်းတို့တွင် ရောင်လာပြီးလျှင်၊ အကျိတ်ဖြစ် လာတတ်သည်။ အကျိတ်များသည် အများအားဖြင့် အနာ ဖြစ်လာတတ်လေသည်။ ဖျားပြီး၍ တတိယမြောက်နေ့မှ ပဉ္စမြောက်နေ့အတွင်းတွင် ကွယ်လွန်တတ်သည်။ အဆုတ် ရောင် ပလိပ်ရောဂါသည်အစု၌ ဘင်ထွက်ပလိပ်ရောဂါနှင့် ဆင်တူ၏။ သို့သော် အဆုတ်သည် မကြာမီ အတွင်း၌ ရောင်လာပြီးလျှင်၊ အသက်ရှူကျပ်ကာ ချောင်းဆိုးတတ် သည်။ အဆုတ်ရောင် ပလိပ်ရောဂါတွင် အကျိတ်များ မထွက်ချေ။

ဘင်ထွက်ပလိပ်ရောဂါကျရောက်လျှင် ၆၀ မှ ၉၅ရာ ခိုင်နှုန်းအထိ သေဆုံးနိုင်သည်။ သို့သော် အခြေအနေ ကောင်းမွန်လျှင်၊ ရာခိုင်နှုန်း ၂၀ပင် သေဆုံးသူမရှိတတ် ချေ။ အဆုတ်ရောင်ပလိပ်ရောဂါကျရောက်လျှင်၊ အသက် ချမ်းသာသူအလွန်ရှားသည်။

ပလိပ်ရောဂါစွဲကပ်နေသူကို ဂရုတစိုက်ပြုစုပေးသင့်ပြီး လျှင်၊ ဆာလဖွန်နမိုက်ဆေးများကို တိုက်ခြင်း၊ သို့မဟုတ် ထိုးပေးခြင်းသည် အကျိုးထူးကိုဖြစ်စေနိုင်သည်။ ထိုပြင်

www.foreverspace.com.mm

ခေတ်မှီ အန်တီပလိပ်ရမ်ခေါ် သွေးကြည်ရည်သည်လည်း ဆေးဖွဲမ်းတစ်လက်ဖြစ်၍၊ ထိုဆေးနှစ်မျိုးစလုံးကို အသုံးပြုလေ့ရှိကြသည်။ ထိုပြင် ဆာလဖာဒိုင်ယာဇင်းနှင့် စထရက်ပတိုမိုဆင်ဆေးများကိုလည်း ဆရာဝန်များက အသုံးပြုလေ့ရှိကြသည်။ ပလိပ်ရောဂါကာကွယ်ရန်ဆေးကိုလည်း အကာအကွယ်အဖြစ်ထိုးထားသင့်သည်။

ပလိပ်ရောဂါကိုကာကွယ်ရာတွင် အိမ်များကိုသန့်ရှင်းစွာထားပြီးလျှင်၊ ကြွက်ကဲ့သို့သောကိုက်ဖြတ်သတ္တဝါနှင့် ယင်းတို့၏အလေးများကိုဖျက်ဆီးပစ်သင့်သည်။ ကြွက်များ မလာနိုင်အောင် မီးဖိုတွင် အမှိုက်သရိုက်၊ စားကြွင်းစားကျန်များမရှိစေရန် စီမံထားသင့်သည်။ ထိုပြင် ဒီ၊ ဒီ၊ တီ(ဒိုင်ကလိုရိုဒိုင်ဖင်နီထရိုင်ကလိုအီသိန်း) ခေါ်ပိုးသတ်ဆေးသည် အလေးများကိုသတ်ရာတွင် အလွန်ထိရောက်သည့်ဆေးတစ်မျိုးဖြစ်သဖြင့်၊ ထိုဆေးကိုလည်းအသုံးပြုသင့်ပေသည်။ ရပ်ရွာရှိလူများ၏ပူးပေါင်းဆောင်ရွက်မှုရရှိရန်လည်း ယင်းတို့အားပလိပ်ရောဂါနှင့်စပ်လျဉ်းသည့် အချက်အလက်များကို အသိပေးသင့်ပေသည်။ ပလိပ်ရောဂါကာကွယ်ဆေးများထိုးကာ၊ အကာအကွယ်ယူခြင်းဖြင့်လည်း ကူးစက်မည့်အန္တရာယ်ကိုနှိမ်နှင်းနိုင်၍၊ အသက်ပေါင်းများစွာချမ်းသာရာရနိုင်ပေသည်။ (ဒီ၊ ဒီ၊ တီ–ရှု။)

မရိုးနိုင်သည့် အရှည်ဆုံးပုံပြင်

'သဘော်သားဆင်းဗတ်'၊ 'အလ္လာဒင်'စသည့် ပသီပုံပြင်များကိုယနေ့တိုင် မရိုးနိုင်အောင် ကလေးလူကြီးမရွေးနှစ်သက်ကြသည်။ ပသီပုံပြင်ကို အာရေဗစ်ဘာသာဖြင့်ရေးသားထား၍ ဘာသာမျိုးစုံသို့ ပြန်ဆိုထားကြသည်။ ဤအကြောင်းရပ်တွင် ပသီပုံပြင်ဟုအမည်တွင်ရုံ၊ အဘယ်ကြောင့်နှစ်သက်ကြပုံ အကြောင်းစုံတို့ကို ရှင်းလင်းဖော်ပြထားသည်။

ပသီပုံပြင်။ ။'သဘော်သားဆင်းဗတ်''အလ္လာဒင်' အစရှိသောပုံဝတ္ထုများကို လူတိုင်းကြားဘူးကြသည်။ ထိုပုံပြင်များကို ကလေးလူကြီးမရွေးအားလုံးပင်နှစ်သက်ကြပါသည်။ ထိုပုံပြင်ထဲ၌ပါသောအုံ့သြဖွယ်၊ ထိတ်လန့်ဖွယ် အကြောင်းအချက်များသည် ကလေးများ၏ စိတ်ကို မျှားစွာ ဆွဲဆောင်နိုင်သည်။ လူကြီးများကလည်း အရှေ့တိုင်း၏ စိတ်ကူးစိတ်သန်း၊ ယဉ်ကျေးမှု၊ ခလေ့ထုံးစံ စသည်တို့ကို သိရအောင်ပုံပြင်များကို ဖတ်ရှုကြသည်။ ထိုပုံပြင်များကို အာရေဗစ်ဘာသာဖြင့်ရေးသာထား၍၊ မြန်မာမွတ်ဆလင် ဆရာဝန် ဦးရာမန်သည် ၁၈၉၆ ခုနှစ်တွင် အင်္ဂလိပ်ဘာသာမှတဆင့် မြန်မာဘာသာသို့ ပြန်ဆိုခဲ့သည်။ ယင်းပုံပြင်တို့ကို 'ပသီပုံပြင်'ဟုအမည်ပေးသည်။

ထိုပသီပုံပြင်ကို အာရပ်လူမျိုးများသည် ပါးရှင်းလူမျိုးတို့ထံမှရ၍၊ ပါးရှင်းလူမျိုးတို့ကလည်း အချို့ကိုအိန္ဒိယမှ ရသည်ဟုဆိုကြ၏။ ဗဂ္ဂဒက်မြို့နှင့်အီဂျစ်ပြည်များမှရသည့် ဒဏ္ဍာရီများကိုလည်း မူလပုံပြင်များတွင်ဖြည့်စွက်ထည့်သွင်းထားပြန်သည်။ ပသီပုံပြင်တွင် ဥရောပတိုက်၊ ရှားလမိန်ဘုရင်တန်ခိုးကြီးစဉ်အခါ၊ အရှေ့နိုင်ငံတွင်ထီးပြိုင်စိုးစံသော ဟာရွန်းအယ်ရာရှစ်ဘုရင် ဘုန်းကြီးခဲ့သည့်ခေတ်ကအဖြစ်အပျက်များ အများဆုံးပါဝင်လေသည်။ ပသီပုံပြင်သည် ဒဏ္ဍာရီမျှသာဖြစ်သောလည်း၊ ထိုခေတ်အခါက အာရေဗျယဉ်ကျေးမှုကိုဖော်ပြသော အဖိုးတန်စာပေအထောက်အထားများဖြစ်လေသည်။

ပသီပုံပြင်ကို တကမ္ဘာလုံးအား သိစေသည့် ပုဂ္ဂိုလ်မှာ ပြင်သစ်တက္ကသိုလ်တွင် အာရေဗစ်ဘာသာဆိုင်ရာပါမောက္ခ တဦးဖြစ်သော အန်တွမ်းဂလန်းဖြစ်သည်။ ဂလန်းသည် အာရေဗစ်ဘာသာ ပြန်ဆိုကာ၊ ၁۷၀၄ ခုနှစ်တွင် စာအုပ်တွဲပေါင်း ၁၂ တွဲမျှထုတ်ဝေခဲ့သည်။

ပသီပုံပြင်၌ ပုံပေါင်းနှစ်ရာကျော်ခန့်မျှ ပါရှိလေသည်။ ထိုပုံပြင်အကြောင်းအရာများကို လွန်လေပြီးသောနှစ်ပေါင်းများစွာက ဗဂ္ဂဒက်မြို့ဈေး၊ ပွဲစသည့် လူစုလူဝေးရာအရပ်များတွင် တယောက်စကားတယောက်နားပြောခဲ့ကြလေသည်။ သဲကန္တာရအလယ် ယာယီတဲများနှင့်နေကြသော မိသားစုတို့ကလည်း သက်ကြီးစကားသက်ငယ်ကြားရလေအောင် ညအခါ လူစုံမိပြီဆိုလျှင် ထိုပုံပြင်များကိုပြောခဲ့ကြသည်။ မြစ်ကြောင်းခရီးသွားရင်း လှေများပေါ်တွင်လည်း ထိုပုံပြင်များကိုပြောခဲ့ကြသည်။ ထိုနေရာတကာ အနှံ့အပြားပြောနေကြသောပုံများသည် အရှေ့တိုင်း ယဉ်ကျေးမှုသမိုင်းနှင့် ဘာသာအယူဝါဒတို့ကို ဖော်ပြထားသော ဇာတ်လမ်းရှည်တစ်ခုဖြစ်ခဲ့လေသည်။

အုံ့သြဖွယ်ကောင်းလှသည့် ထိုဒဏ္ဍာရီပုံပြင်များ ဖြစ်ပေါ်လာအောင်နိဒါန်းပျိုးသည့် ပုံဝတ္ထုသည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။

လွန်လေပြီးသောအခါ ပါရှားပြည်ရှင်ဘုရင်တပါးသည် နေ့စဉ်နေ့တိုင်း အမျိုးသမီးတစ်ဦးကို ကြင်ယာတော်မြှောက်စားပြီးလျှင်၊ နောက်တနေ့၌ ကွပ်မျက်ပစ်လိုက်သည့်အလေ့ရှိလေသည်။ ဤသို့ဘုရင်၏ကြောက်မက်ဖွယ်ကောင်းသော

www.foreverspace.com.mm

အလေ့ဆိုးကြီးကို ဖျောက်ဖျက်လိုသဖြင့်၊ ရှီဟာရာဇအမည်ရှိသော မင်းသမီးတပါးသည် ဘုရင်၏ကြင်ယာတော်အဖြစ်လို လိုလားခဲ့လေသည်။ ထိုမင်းသမီးသည် ဉာဏ်ပညာရှိသူဖြစ်၍ မင်္ဂလာဦးညဉ့်တွင်ဘုရင့်အား ဒဏ္ဍာရီပုံပြောပြလေသည်။ စိတ်ဝင်စားဖွယ်ကောင်းသည့်နေရာသို့ ရောက်လျှင်ဆက်မပြောဘဲ၊ နောက်တနေ့ညဉ့်မှပြောမည်ဟု ရပ်ဆိုင်းထားရာ၊ ဘုရင်သည် ပုံဝတ္ထု၏အဆုံးကို ကြားလိုသဖြင့်မသတ်ဘဲ ဆိုင်းငံ့ထားလေသည်။ ဤနည်းဖြင့် ညပေါင်းတထောင်နှင့်တညကြာမြင့်လာခဲ့လေသည်။ မိဖုရား၌လည်းသားတော်တပါးဖွားမြင်ရာ၊ ဘုရင်သည် မိဖုရားကိုနှစ်သက်မြတ်နိုးလေ၏။ ထိုအခါမှမိဖုရားက မိမိ၏ပရိယာယ် ဆင်ပုံကို ပြန်၍လျှောက်လေသည်။ ဘုရင်သည် မေတ္တာသက်ဝင်နေပြီဖြစ်၍၊ မိဖုရားအားအမျက်မထွက်တော့ဘဲ၊ သူ၏ဉာဏ်ပညာကိုသာ ချီးမွမ်းကာ၊ အသက်ကိုလည်းချမ်းသာပေးသောဟူ၏။ အထက်ပါပုံတိုလေးကို အကြောင်းပြုကာ၊ 'ပသီပုံပြင်'ဟု အမည်တွင်သော ဒဏ္ဍာရီများသည် အာရေဗစ်စာပေလောကၽ၌ ထွက်ပေါ်လာခဲ့လေသည်။ ပသီပုံပြင်ကိုဘာသာပေါင်းစုံသို့ ပြန်ဆိုရေးသားကြ၍၊ ကမ္ဘာပေါ်တွင်လူသိအများဆုံး စာပေဟုဆိုရမည်။ 'အလ္လာဒင်'၊ 'အလီဘာဘာနှင့်ခိုးသားလေးဆယ်'၊ 'သဘော်သားဆင်းဗတ်' အစရှိသောဝတ္ထုတို့သည် အဆန်းတကြယ် အသည်းထိတ်ဖွယ်ရာ စွန့်စားခြင်း အကြောင်းအရာများကို ရေးသားထားသော ဝတ္ထုများဖြစ်သည်။

အလ္လာဒင်ဝတ္ထု။ ။ လွန်လေပြီးသောအခါ တရုပ်ပြည်ရှိ မြို့ကြီးတမြို့တွင် အလွန်ဆင်းရဲနွမ်းပါးသောအပ်ချုပ်သည် မ၏သားအလ္လာဒင်သည် လမ်းမပေါ်၌ ကလေးအဖော်များနှင့်အတူကစားနေလေ၏။ အလ္လာဒင်၏ဖခင်သည် အလ္လာဒင်ငယ်ရွယ်စဉ်ကပင် သေဆုံးခဲ့သည်။ အလ္လာဒင်သည် အဖော်များနှင့်ကစားနေစဉ်၊ ခန့်ညားသပ်ရပ်သောလူကြီးတယောက်သည် သူ့ထံသို့လာ၍၊ သူ၏ဦးလေးဖြစ်ကြောင်းပြောပြလေသည်။ စင်စစ်ထိုသူသည် အာဖရိကတိုက်မှ ကဝေဆရာကြီးတစ်ဦးဖြစ်၍၊ မိမိလုပ်ငန်း အောင်မြင်မှုအတွက် အလ္လာဒင်ကို ဖြားယောင်းသွေးဆောင်ခြင်းပင်ဖြစ်လေသည်။ ကဝေဆရာကြီးက လက်ဆောင်များပေး၍၊ အမျိုးမျိုးလှည့်ပတ်ပြောဆိုလေရာ၊ နောက်ဆုံး၌ အလ္လာဒင်နှင့်တကွသူ၏အမိပါ ကဝေဆရာကြီး၏ပြောစကားတို့ကို ယုံကြည်မိကြလေသည်။

တနေ့သောအခါ ဦးလေးဟန်ဆောင်နေသောကဝေဆရာကြီးသည် အလ္လာဒင်ကို မြို့နှင့်အလွန်ဝေးသောနေရာသို့ခေါ်သွား၏။ အလ္လာဒင်သည် သူအိမ်နှင့်အတော်ဝေးလာပြီကိုသိသောအခါ၊ အနည်းငယ်ကြောက်ရွံ့လာ၍၊ အိမ်သို့ အလျင်အမြန်ပြန်ပို့ပေးရန် ကဝေဆရာကြီးအား တောင်းပန်သည်။ သို့ဖြင့် တောင်ကြားလမ်းကလေးတခုသို့ရောက်လာသောအခါ၊ ဦးလေးဆိုသူက အလ္လာဒင်အား 'ငါတို့ရှေ့သို့ဆက်သွားရန်မလိုပြီ။ ဤနေရာ၌ ငါတို့မီးဖိုအံ့။ ငါ့တူသည် ထင်းခြောက်များကို သွားကောက်ပါ။ မီးဖိုပြီးလျှင် ငါသည် အလွန်ထူးဆန်းသောအရာတစ်ခုကိုပြမည်'ဟု ပြောလေ၏။ ထို့ကြောင့်အလ္လာဒင်သည် သူ့ဦးလေးခိုင်းသည့်အတိုင်း ထင်းခြောက်များကောက်ခဲ့၍ မီးဖိုလေ၏။ ကဝေဆရာကြီးသည် မီးပုံထဲသို့ ဆေးမှုန့်များထည့်လိုက်၍၊ မန္တာန်များရွတ်ဆိုလေ၏။

တခဏခြင်းတွင် မီးခိုးလုံးကြီးများတက်လာ၍၊ မြေကြီးသည်တုန်ဟည်းကာနှစ်ခြမ်းကွဲသွားပြီးသော်၊ မြေတွင်းမှ ကျောက်တုံးတစ်တုံးထွက်ပေါ်လာ၏။ ထိုကျောက်တုံး၏ အလည်တွင် လက်စွပ်တစ်ကွင်းမြှုပ်ထားလေသည်။ ကဝေဆရာကြီးသည် အလ္လာဒင်အား လက်စွပ်ကို ချွတ်ယူကာ ကျောက်တုံးကိုဆွဲမရန် အမိန့်ပေးလေ၏။ အလ္လာဒင်သည် ရုတ်တရက်သော် ကြောက်လန့်နေသဖြင့်၊ သူပြောသည့်အတိုင်းမလုပ်ဘဲနေ၏။ ထိုအခါ ကဝေဆရာကြီးသည် ဒေါသထွက်လျက်၊ အလ္လာဒင်ကို ရိုက်ပုတ်ထုထောင်းလေသည်။ အလ္လာဒင်သည် ထိုအခါမှပင် သူ့ဦးလေးအစစ်မဟုတ်မှန်းရိပ်မိတော့သည်။ ကဝေဆရာကြီးသည် အလ္လာဒင်မပါလျင် သူ့လုပ်ငန်းမအောင်မြင်နိုင်ဟုသတိရ၍၊ ကလေးကို ပြန်၍ချော့ပြန်၏။ 'ငါ့တူအလ္လာဒင် ငါပြောသည့်အတိုင်းလုပ်ခဲ့ပါလျှင်၊ ငါတို့နှစ်ယောက်စလုံးသုံးစွဲ၍ မကုန်သောရွှေငွေရတနာများရလိမ့်မည်'ဟုပြောလေသည်။ ထိုအခါ အလ္လာဒင်သည် ကဝေဆရာကြီး အမိန့်ပေးသည့်အတိုင်း၊ သူ့ဖခင်နှင့်သူ့အဖိုးအမည်များကို နှုတ်ကရွတ်ဆိုယင်း လက်စွပ်ကိုချွတ်၍ ကျောက်တုံးကိုမလိုက်ရာ၊ အလွယ်တကူကျောက်တုံးသည်ရွှေ့သွားလေသည်။ ထိုနောက်အလ္လာဒင်သည် ထူးဆန်းစွာ ကျောက်လှေကားထစ်များကိုတွေ့ရ၏။

ထိုအခါဦးလေးဆိုသူကအလ္လာဒင်အားဤလှေကားထစ်များအတိုင်းဆင်းသွားလျှင် တံခါးတွေ့လိမ့်မည်။ ထိုတံခါးကိုဖွင့်၍ အထဲသို့သင်ဝင်သွားရမည်။ အထဲ၌အခန်းကြီးသုံးခန်းရှိသောနန်းရင်ပြင်သို့ရောက်လိမ့်မည်။ သင်၏ဝတ်ရုံကို သင့်ကိုယ်ဝယ် ကျပ်ကျပ်ရုံထားလော့အခန်းနံရံနှင့် အဝတ်ထိမိလျှင်ပင် သင်သေလိမ့်မည်။ အခန်းသုံးခန်းစလုံးကိုမရပ်မနားဘဲ ဖြတ်သွားလော့။ တတိယအခန်း၏အဆုံးတွင် တံခါးပေါက်တခုတွေ့လိမ့်မည်။ ထိုတံခါးပေါက်မှ ထွက်သွားလျှင်၊ အသီးတို့ဖြင့်ဝေဆာနေသောသစ်ပင်များရှိသည့် ဥယျာဉ်တခုသို့ရောက်လတ္တံ့။ ထိုဥယျာဉ်မှ လေးငါးလှမ်းလောက်ကျော်သွားလျှင်၊ မီးထွန်းထားသောမှန်အိမ်

www.forever-space.com.mm

ငယ်တုန်းခဏကို စင်ကလေးပေါ်၌တွေ့ရလိမ့်မည်။ ထိုမှန်အိမ်ကို မီးမှုတ်ပစ်၍ ဆီကိုလည်းသွန်ပစ်ပြီးမှ သင်၏ခါးချပ်ဖွင်ထည့်ကာ၊ ယူဆောင်ခဲ့လော့။ အပြန်တွင်ဥယျာဉ်တွင်းရှိသစ်သီးတို့ကိုသင်နှစ်ခြိုက်သလောက် ခူးဆွတ်ခါယူခဲ့နိုင်ပေသည်ဟုမှာကြားပြီးသော်၊ ဘေးရန်ကင်းအောင် သူ့လက်စွပ်ကို အလ္လာဒင်အားဝတ်ပေးလိုက်သည်။

အလ္လာဒင်သည် မှာကြားသည့်အတိုင်း ဆင်းသွားပြီးလျှင် မှန်အိမ်ကိုယူခဲ့ရာ၊ လမ်းတွင်သစ်ပင်များပေါ်၌ စိန်ကျောက်သံပတ္တမြားတို့ သီးပွင့်နေသည်ကိုတွေ့သဖြင့် တန်ဖိုးကို မသိသော်လည်း လှသည်ဟူသောအမှတ်ဖြင့်ခူးဆွတ်ကာ အိတ်ထဲဆံ့သမျှ ထည့်ခဲ့လေ၏။ ဂူဝသို့ရောက်သောအခါ၊ အလ္လာဒင်သည် စိတ်တစ်မျိုးပြောင်းသွားပြီးသော်၊ သူဦးလေးဆိုသူအား သူယူလာခဲ့သောမှန်အိမ်ကို မပေးနိုင် ဟုငြင်းဆန်လေ၏။ ထိုအခါသူ၏ ဦးလေးကလည်း သူ့ကို ဂူဝမှအပေါ်ကို တက်နိုင်အောင်ကူညီမည်မဟုတ်ဟုဆို၏။ နောက်ဆုံး၌ အလ္လာဒင်သည် ဖြစ်လိုရာဖြစ်စေတော့ဟု၊ မှန်အိမ်ကိုအပေးနိုင်ဟုပြောလိုက်သဖြင့်၊ ကဝေဆရာကြီးသည် ဒေါသအမျက်ခြောင်းခြောင်းထွက်ကာ ပါးစပ်မှ မန္တာန်များကိုရွတ်ဆိုလိုက်၏။ ထိုအခါခဏခြင်း၌ပင် ယခင်ကဖယ်ရှားထားသော ကျောက်တုံးဝကြီးသည် ဂူဝသို့ လိမ့်လာကာ ဂူဝကို ပြကတော့အတိုင်း ပြန်ပိတ်လိုက်လေ၏။ ကဝေဆရာကြီးက ဒေါသအလျောက်လုပ်မိရာ၊ ယခုမူကာ လက်စွပ်လည်းဆုံး၊ မှန်အိမ်လည်းဆုံးဖြစ်ရလေပြီ။ သူလည်းဘာမှမတက်နိုင်တော့သဖြင့် နောင်တကြီးစွာရ၍ ထိုနေရာမှ ထွက်ခွါသွားလေတော့သည်။

အလ္လာဒင်သည် မှောင်မဲသောဂူကြီးထဲတွင် တစ်ယောက်တည်း ပိတ်မိနေသဖြင့်၊ ကြောက်လန့်ကာ ဟစ်အော်ငိုကြွေးပါသောလည်း ပဲ့တင်သာဟည်းလျှက် မည်သူတစ်စုံတစ်ယောက်မျှ ကယ်မည့်သူ မပေါ်ဘဲ ရှိလေသည်။ ဤသို့ကြံရာမရဘဲဂူကြီးထဲတွင် ၂ ရက်တိုင်တိုင်နေခဲ့ရပြီးမှ စိတ်ညစ်လွန်းလှသဖြင့် ဘုရားကိုတရန် လက်အုပ်ချီလိုက်ရာ ကဝေဆရာကြီးဝတ်ပေးလိုက်သော လက်စွပ်ကို ပွတ်မိသွားလေ၏။ ထိုအခါ ကိုယ်ကာယအလွန် ကြီးမားသော ဘီလူးသဏ္ဌာန်ရှိ အကောင်ကြီးထွက်ပေါ်လာကာ၊ 'အိုအရှင်၊ ဘာကိုအလိုရှိပါသနည်း။ အရှင်လိုရာကို ကျွန်တော်မျိုး ဆောင်ရွက်ပါအုံ့၊ ကျွန်တော်မျိုးကား လက်စွပ်ကိုစောင့်သော ဘီလူးဖြစ်ပါသည်'ဟုပြောလေ၏။

အလ္လာဒင်သည် ဘီလူးကြီးအားကြောက်ရွံ့လျက်ပင် 'ကျွန်ုပ်အား ဤဂူကြီးအပြင်သို့ ရောက်ပါစေလော့' ဟုဆိုလိုက်လေ၏။ ထိုခဏ၌ပင်အလ္လာဒင်သည် ကဝေဆရာကြီးနှင့်အတူ ကျောက်တုံးကိုဖယ်ရှားသောနေရာသို့ရောက်သွား၏။ ကျောက်တုံးကြီးကိုကား အစအနရှာမတွေ့ရတော့ချေ။ အလ္လာဒင်လည်း ချက်ခြင်းပင်နေအိမ်သို့ပြန်၍၊ သူ၏မိခင်အား အကျိုးအကြောင်းပြန်ပြောပြလေသည်။ ထိုနောက်မိခင်အား အစာရေစာပေးပါဟုတောင်းရာ၊ မိခင်က 'ငါ့သား၊အိမ်တွင်စားစရာတစုံတရာမျှမရှိပါ။ ထို့ကြောင့်သင့်မှန်အိမ်ကိုသွားရောင်း၍ အစားအစာများဝယ်ခဲ့ပါလော့' ဟုပြောလေ၏။ ထိုနောက် အလ္လာဒင်၏မိခင်သည် မှန်အိမ်ကို သန့်ရှင်းအောင် ပွတ်တိုက်လိုက်ရာ မိုးကြိုးထစ်သကဲ့သို့သောအသံကြီးနှင့်အတူ ဘီလူးကြီးတစ်ကောင်ပေါ်ထွက်လာလေ၏။ အလ္လာဒင်၏မိခင်သည် ထိတ်လန့်၍မိန်းမောသွားလေသည်။ အလ္လာဒင်က ဤအကြိမ်တွင် မကြောင်တော့ဘဲ 'ငါဆာလောင်လှသည်၊ စားသောက်ဖွယ်ရာများယူဆောင်ခဲ့လော'ဟုခိုင်းလေသည်။

ဘီလူးကြီးပျောက်ကွယ်သွားပြီးလျှင်၊ ငွေလင်ပန်းကြီးများ၌ သစ်သီးအချိုအချဉ်မှဲ့ အမဲဟင်းလျှာအရသာမျိုးစုံသောအစားအသောက်နှင့် အဖျော်ယမကာများသယ်ယူလာခဲ့လေ၏။ အလ္လာဒင်၏မိခင်သည် ကောင်းစွာသတိပြန်ရသဖြင့် နှစ်ယောက်စလုံးဘုရင်မင်းများသုံးဆောင်အပ်သည့် အစားအသောက်တို့ကို မြိန်ရှက်စွာစားသောက်ကြလေသည်။

အလ္လာဒင်၏မိခင်သည် အလွန်ကြောက်တက်သဖြင့် နောက်အခါဘီလူးထံမှပစ္စည်းများကို မတောင်းရန်ပြောကြားလေ၏။ သို့ရာတွင် အလ္လာဒင်မှာ မှန်အိမ်ကိုအမှီပြု၍ ချမ်းသာမည့်လမ်းကို မြော်မှန်းလျက်ရှိလေသည်။ ဘီလူးယူလာသော ငွေလင်ပန်း၊ ငွေပန်းကန်ပြား စသည်တို့ကို ရောင်းချလိုက်၍၊ နောက်ထပ်မံ အလိုရှိပြန်သည့် ပစ္စည်းများတောင်းဆိုလိုက်နှင့် အလ္လာဒင်သည် မပင်ပန်းပဲနေ့ခြင်းညခြင်း ချမ်းသာကြွယ်ဝလာလေသည်။ ထိုအတောအတွင်း အလ္လာဒင်သည် လူပျိုပေါက်အရွယ်သို့ရောက်လာကာ ခွန်အားဗလနှင့်ပြည့်စုံ၍ ရုပ်ရည်ရူပကာလည်း တင့်တယ်လှပလျက်ရှိသည်။

တနေ့သော်ဘုရင်မင်းမြတ်သည် သမီးတော်ချိုးရေတော်သုံးလို၍ မဂ်လာကန်သို့ ထွက်စံမြန်းတော်မူမည်ဖြစ်သောကြောင့်၊ မြို့တွင်းမြို့ပြင်ရှိစျေးဆိုင်ကနားအားလုံးပိတ်၍၊ မည်သူမျှ လမ်းမထွက်စေရဟူ၍ မောင်းကြေးနင်း ခတ်လေ၏။ ထိုအမိန့်သံကိုကြားရလျှင် အလ္လာဒင်သည် ဘုရင့်သမီး တော်ကိုမြင်လို၏။ ထို့ကြောင့် ဘုရင့်သမီးတော် မဂ်လာကန် အဝင်အဝသို့ရောက်၍ မျက်နှာဖုံးဖွင့်လှစ်သောအခါ ထိုကန်တော်အဝင်အဝ နားမှချောင်မြောင်းကြည့်ရှုလျှင် ကောင်းစွာမြင်ရပေမည်ဟုကြံစည်ကာ၊ ထို့နေ့၌ဘုရင့် သမီးတော်ကို မြင်နိုင်လောက်သော နေရာမှကြိုတင်စောင့်ကြည့်နေ၏။ သမီးတော်မျက်နှာကို အလ္လာဒင်မြင်ရသော

www.foreverspace.com.mm

အခါ၊ ဤမျှချောမောလှပတင့်တယ်သည့် မိန်းမပျိုကလေးကို သူ့တသက်တွင် တခါမျှမမြင်ဘူး၍၊ ဘုရင့်သမီးတော်အပေါ် ချက်ခြင်းမေတ္တာသက်ဝင်ကာ၊သူနှင့်ဖူးစာဖက်ရန်အကြံပြုလေသည်။

အိမ်သို့ရောက်လျှင်အလ္လာဒင်သည် မိခင်ဖြစ်သူအား အကျိုးအကြောင်းပြော၍၊ ဘုရင့်သမီးတော်ကိုရအောင် သူ၌ရှိသောကျောက်သံပတ္တမြားများကို လက်ဆောင်အဖြစ် ဘုရင့်ထံသို့အပို့လွှတ်လိုက်လေသည်။ ဘုရင်လည်းကျောက်သံပတ္တမြားတို့ကိုမြင်ရာ လွန်စွာနှစ်သက်လှသဖြင့်၊ အလ္လာဒင်၏မိခင်စကားကို အနူးအညွှတ်လက်ခံလိုက်လေသည်။

သို့ရာတွင် အလ္လာဒင်သည် ဘုရင့်သမီးတော်ကို ချက်ခြင်းမတွေ့ရသေးဘဲ အနှောက်အရှက်များကို တွေ့ရ၏။ ဘုရင်ကြီးသည် ကျောက်သံပတ္တမြားကို စွဲမက်သောစိတ်ကြောင့် သမီးတော်ကို ပေးစားမည်ဟု ပြောကြားလိုက်သော်လည်း၊ အကယ်စင်စစ် သမီးတော်သည် နန်းရင်ဝန်၏ သားနှင့် စေ့စပ်ထားသူဖြစ်လေသည်။ ထို့ကြောင့် အလ္လာဒင်အကြောင်းကို ကြားသောအခါနန်းရင်ဝန်မှာ မခံမရပ်နိုင်ဖြစ်၍၊ ဘုရင့်အားအကြံဉာဏ်ထုတ်နိုင်ရန် တိုင်ပင်လေ၏။ ဘုရင်လည်းပရိယာယ်သုံးကာ အလ္လာဒင်အားသုံးလမျှစောင့်စားရန်ပြောထား၍၊ သုံးလမပြည့်မီပင် မြို့တွင်း၌ သမီးတော်နှင့် နန်းရင်ဝန်၏သား လက်ထပ်ပွဲအခမ်းအနားကိုစီစဉ်နေလေ၏။ အလ္လာဒင်သည် များစွာဒေါသထွက်ကာ၊ လက်ထပ်မည့်ညဉ့် ဘီလူးကြီးများကို ခေါ်၍ သတို့သားနှင့် သတို့သမီးကို သူ့ထံဆောင်ယူစေခဲ့၏။ ဘုရင်သမီးကို နှစ်သိမ့်စေ၍၊ သတို့သားကိုကား ဗီရိုအတွင်း၌ သွင်းထားလိုက်၏။ နှစ်ရက်မြောက်သော်၊ သတို့သားကိုယ်တိုင် သူ၏မင်္ဂလာပွဲဖြစ်မြောက်ရေးကို လက်လျှောလိုက်၏။ အလ္လာဒင်၏မိခင်လည်း သုံးလအချိန်စေ့ရောက်ပြီဖြစ်၍ ဘုရင့်ထံသွားကာ သူ့သားနှင့် လက်ထပ်ပေးဖို့တောင်းဆိုလေသည်။ ဘုရင်သည် သူ့အပါးတော်အမြဲနန်းရင်ဝန်ကြီးကို တိုင်ပင်ရာ၊ နန်းရင်ဝန်က မြောက်မြားလှစွာသော ကျောက်သံပတ္တမြား ရတနာရွှေငွေတို့ကို ပေးဆပ်မှ လက်ထပ်သင့်ကြောင်းကို တိုက်တွန်းပြောဆိုလေသည်။ ဘုရင်သည် နန်းရင်ဝန် အကြံပေးသည့်အတိုင်းတောင်းဆိုရာ၊ အလ္လာဒင်သည် လိုတရသော မှန်အိမ်၏ တန် ခိုးကြောင့်၊ တောင်သမျှအရာအားလုံး ပေးစွမ်းနိုင်ပြီးလျှင် သမီးတော်ကို လက်ထပ်ခွင့်ရလေသည်။ ထို့နောက်အလ္လာဒင်သည် မှန်အိမ်စောင့်ဘီလူးကိုခေါ်၍ ကျောက်သံပတ္တမြား အတိပြီးသောနန်းပြဿာဒ်ဆောင်များ ဆောက်လုပ်စေပြီးလျှင်၊ ရံရွှေတော် မောင်းမမိသံ အစုံအလင်ဖန်ဆင်းပေးစေ၏။ ထိုနန်းပြဿာဒ်တော်၌ ဘုရင့်သမီးတော်နှင့်အတူ ပျော်ပါးစွာစံနေလေ၏။

နှစ်ပေါင်းများစွာ ကြာလပ်သော် ကဝေဆရာကြီးသည် အလ္လာဒင်၏သတင်းစကားကို ကြားသဖြင့် အခဲမကြေလှဘဲ မှန်အိမ်ကို ပြန်ရအောင်ကြံနေလေ၏။ တနေ့သော် အလ္လာဒင်အမဲလိုက်သွားနေခိုက်၊ ကဝေဆရာသည် မှန်အိမ်အသစ်များကိုထမ်း၍ မှန်အိမ်အဟောင်းများကို အသစ်နှင့် လဲပေးမည်ဟု အလ္လာဒင်တို့အိမ်ရှေ့မှ ကြွေးကြော်လေ၏။ ထိုအခါ အလ္လာဒင်၏ဇနီး မင်းသမီးသည် နတ်မှန်အိမ်ကို ဟောင်းနေပြီဟူ၍၊ ကဝေဆရာ၌ ပါလာသောမှန်အိမ်အသစ်နှင့်လဲယူလိုက်၏။ ထိုအခါ ကဝေဆရာသည် မှန်အိမ်စောင့်ဘီလူး၏တန်ခိုးဖြင့် နန်းပြဿာဒ်ကြီးများနှင့်တကွ မင်းသမီးကိုပါ အာဖရိကတိုက်သို့ ဆောင်ယူ သွားလေ၏။ ဤအကြောင်းကို မင်းသမီး၏ ခမည်းတော် ဘုရင်ကြီးသိသောအခါ အလ္လာဒင်အားများစွာဒေါသထွက်လေ၏။

အလ္လာဒင်သည် အမဲလိုက်ရာမှ မြို့တွင်းသို့ဝင်လာသောအခါ ဘုရင်စေလွှတ်ထားသော အာဏာသားတို့သည် သူ့ကိုကြိုးနှင့်တုပ်နှောင်ဖမ်းဆီးပြီးလျှင် နန်းတော်သို့ဆွဲငင်လာကြ၏။ မြို့သူမြို့သားများသည် အလ္လာဒင်ကို ခင်မင်နေကြ၍ အလ္လာဒင်ကိုမသတ်ရန်၊ အကယ်၍သတ်ပစ်ပါက အလ္လာဒင်ဖက်မှဝိုင်းဝန်းကူညီရန် တုတ်ဓားလုံတံများကိုင်ဆောင်ကာနောက်မှထက်ကပ်မကွာလိုက်၏။ အလ္လာဒင်ကား ဘုရင့်တချက်လွှတ်အမိန့်ဖြင့်သာအဖမ်းခံရသည်။ အဘယ်အပြစ်ကြောင့်ဟူ၍ သူကိုယ်တိုင်မသိရချေ။ဤသို့နှင့် ပင်ဘုရင့်ရှေ့တော်သို့ရောက်လေရာ အလ္လာဒင်သည် ပါးကွက်သားတို့၏ လက်တွင်းသို့ကျဆင်းရလေသည်။

ထိုအခါ ပါးကွက်သားအာဏာသား သူသတ်သမားများက အလ္လာဒင်ကို သတ်ရန် ဦးခေါင်းထက်တွင်ဓားမိုး၍၊ ဘုရင်၏ နောက်ဆုံးအမိန့်ကို စောင့်လင့်၏။ ထိုအချိန်တွင် 'နန်းတော်တစ်လုံး မြို့သူမြို့သားများ ဝိုင်းထားကြလေပြီ' ဟု ဘုရင်အား အမတ်တဦးကသံတော်ဦးတင်ရာတွင်၊ ဘုရင်သည်နားထောင်နေစဉ်၊ အလ္လာဒင်က လျှောက်ခွင့်သင့်၍ သူ့ကို မည်သည့်အပြစ်ကြောင့် ယခုကဲ့သို့သတ်ရန်ဖမ်းဆီးရပါသနည်းဟု မေးမြန်းလျှောက်လေ၏။ ထိုအခါမှ ဘုရင်ကြီးလည်းသတိရကာ အလ္လာဒင်၏ပြစ်ချက်ကို ပြောပြလို၍၊ သူ့သမီးတော်စံရာ နန်းပြဿာဒ်နေရာကို လက်ညှိုးထိုး၍ပြတော်မူလိုက်၏။ အလ္လာဒင်လည်းထိုနေရာကိုကြည့်လိုက်ရာပြဿာဒ်မရှိသည်ကိုတွေ့ရမှ များစွာအံ့သြဝမ်းနည်းသွားလေသည်။ ထို့နောက် သူ့ချစ်ဇနီးမင်းသမီးကိုရှာဖွေရန် ရက်လေးဆယ်မျှခွင့်ပေးပါရန် ဘုရင်ကြီး ကိုတောင်းပန်သဖြင့် ဘုရင်ကြီးကခွင့်ပြုလိုက်သည်။ အလ္လာဒင်သည် နန်းတော်မှထွက်ခွာခဲ့ပြီးနောက်၊ သူ့လက်စွပ်ကို ပွတ်လိုက်ရာ၊ လက်စွပ်စောင့်ဘီလူးပေါ်လာပြန်လေ၏။ အလ္လာဒင်

www.forewordspace.com.mm

လည်း မိမိ၏နန်းတော်ကြီးနှင့်တကွမင်းသမီးလေး ပြန်ရောက်အောင် ဆောင်ရွက်ပေးပါဟုပြောရာ၊ ဘီလူးက ဤကိစ္စမှာ မှန်အိမ်စောင့်ဘီလူးသာတက်နိုင်ပါသည်ဟု ပြန်ပြောလေ၏။ အလ္လာဒင်က ဤသို့ဖြစ်လျှင် ငါ့အားထိုနန်းတော်ကြီးရှိရာသို့သာ ပို့ပါတော့ဟုဆိုလေ၏။

လက်စွပ်စောင့်ဘီလူး၏ တန်ခိုးဖြင့် အလ္လာဒင်သည် နန်းတော်ကြီးအတွင်း မင်းသမီးရှေ့သို့ရောက်သွားရာ၊ မင်းသမီးက အကျိုးအကြောင့်ပြန်ပြောပြလေ၏။ မှန်အိမ်ကို ကဝေဆရာကြီးသည် သူ့ကိုယ်၌အမြဲဆောင်ထားသဖြင့် သူ့ကိုသတ်ပစ်မှ မှန်အိမ်ကိုရနိုင်ပေမည်။ ထို့ကြောင့်အလ္လာဒင်သည် မင်းသမီးအား အိပ်ဆေးမှုန့်များပေး၍၊ ကဝေဆရာကြီး အဆောင်တော်သို့လာသည့်အခါ အရက်နှင့် ထည့်တိုက်စေ၏။

အလ္လာဒင်လည်း စာပွဲအောက်၌ ပုန်းအောင်းနေ၍ ကဝေဆရာကြီးအဆိပ်မိကာလဲကျသွားသည်နှင့်တပြိုင်နက်၊ သူ့ခါးကြားမှ မှန်အိမ်ကို ဆွဲယူ၍ ပွတ်လိုက်သည်တွင် ထုံးစံအတိုင်းဘီလူးကြီးပေါ်လာလေ၏။ ထိုဘီလူးကြီး၏ တန်ခိုးဖြင့် နန်းတော်ကြီးသည် နေပြည်တော်သို့ပြန်ရောက်ခဲ့သဖြင့် ဘုရင်မှာလည်း သမီးနှင့်သမက်တို့ကို ဝမ်းသာအားရစွာ ဆီးကြိုလေ၏။ အလ္လာဒင်နှင့်မင်းသမီးတို့သည် အနှောက်အရှက်မရှိ စိတ်ချမ်းသာစွာနေထိုင်ကြရာ ဘုရင်ကြီးနတ်ရွာစံလျှင် အလ္လာဒင်သည် ဘုရင်၏ထီးနန်းအမွေကို ဆက်ခံစိုးစံရလေသတည်း။

ပဿုံးကျွန်းဆွယ် ။ ။ (မလ္လာယုကျွန်းဆွယ်–ရှု။)

ပဿုံးခေါင်းဖြတ်အသင်း ။ ။ (ဖရီးမေဆင်–ရှု။)

ပဿုံးစာ။ ။ပလိုဆေးဒီးမျိုးရင်းတွင်ပါဝင်၍၊ စာကလေးတစ်မျိုးဖြစ်သော ပဿုံးစာကို ပါဏာဗေဒအမည်အားဖြင့် ပါစာမွန်တန်နပ်မလက်ဆင်စစ်ဟုခေါ်သည်။ အလျားငါးလက်မ ခွဲခန့်ရှိသည်။ ပုံပန်းသွင်ပြင်သည် အိမ်စာနှင့်တူ၍ မှားယွင်းတတ်သည်။ သို့သော် ပဿုံးစာနှင့်အိမ်စာသည် ပျံယင်းအော်သံ၌ ခြားနားသည်။ ပဿုံးစာ၏တစ်တစ်အော်သံသည် ခပ်အက်အက်ဖြစ်သည်။ ထိုပြင် ဦးခေါင်း အရောင်သည် အိမ်စာကဲ့သို့ မွဲပြာပြာ မဟုတ်ဘဲ၊နီကျင့်ကျင့်အရောင်ရှိသည်။ ရင်အုပ်သည် မွဲပြာရောင်ဖြစ်လေသည်။

အိမ်စာကဲ့သို့ပင်ကြာကြာအငြိမ်မနေ။ တတစ်တစ်အော်မြည်ကာပျံသန်းလိုက်၊ နားလိုက်ပြုနေတတ်သည်။ မြန်မာနိုင်ငံတွင် ပဿုံးစာများကို တောကြိုအုံကြားရှိကျေးရွာများမှအပ၊ လူနေအိမ်ခြေရှိသမျှ အရပ်တို့တွင် တွေ့ရသည်။ တဲအိမ်၊ စရပ်၊ ဘုန်းကြီးကျောင်းစသည်တို့၏ ပန်းဆွဲနှင့်အမိုးများတွင်လည်းကောင်း၊ သစ်ပင်၊ နံရံစသည်တို့၏အခေါင်းပေါက်များတွင်လည်းကောင်း အသိုက်များ ပြုလုပ်၍ ဥများဥတတ်သည်။ တစ်နှစ်ပတ်လုံး သားပေါက်တတ်သော်လည်း၊ များသောအားဖြင့် မေလမှ သြဂုတ်လ အတွင်း၌ ၄က်ကလေးများပေါက်လေ့ရှိသည်။ တစ်မြီလျှင် လေးဥမှခြောက်ဥအထိ ရှိတတ်ကြ၍ အိမ်စာဥထက်ငယ်သည်။ သို့သော် ပို၍ ညိုသည့်အပြင်၊ ပို၍လည်း ချောမွတ်ပြောင်လက်သည်။ ပဿုံးစာကို အိမ်စာကဲ့သို့ပင်ပေ ၆၀၀၀ ခန့်မြင့်သောတောင်ကုန်းများအပါအဝင် မြန်မာနိုင်ငံဒေသအနှံ့အပြား၌ တွေ့ရသည်။ ထိုပြင် ထိုစာကလေးမျိုးကို အင်္ဂလန်ပြည်နှင့် တရုတ်နိုင်ငံတို့၌လည်း တွေ့ရ လေသည်။ အထူးသဖြင့် တရုတ်နိုင်ငံတွင် အလွန်ပေါများသည်။

ပဟေဠိကဗျာ။ ။စာနယ်ဇင်းများတွင် ဇယားကွက်ဖြည့်ပဟေဠိများကို တွေ့မြင်ဖူးကြမည်ဖြစ်သည်။ ဇယားကွက် ဖြည့်ပဟေဠိ၏သဘောမှာ စာလုံးများကို အလျားလိုက်ဖြစ်စေ၊ ဒေါင်လိုက်ဖြစ်စေပေါင်းစပ်၍ ဖတ်လိုက်သော အခါအဓိပ္ပါယ်ရှိသောစကားရပ်ဖြစ်စေ၊ လူနာမည်ဖြစ်စေ၊ အရာဝတ္ထုပစ္စည်းတစ်ခုခု၏အမည်ဖြစ်စေ ရရှိအောင်စီစဉ်ထားခြင်းဖြစ်သည်။ ယင်းစာနယ်ဇင်းများတွင် ထည့်သွင်းဖော်ပြလေ့ရှိကြသော ဇယားကွက်ဖြည့်ပဟေဠိများသည် ပဟေဠိရိုးရိုးဖြစ်သည်။

မြန်မာစာပေလောကတွင် ကဗျာလင်္ကာများကို ပဟေဠိသဘောသက်ရောက်အောင် ဖွဲ့ဆိုခဲ့ကြသည်ကိုတွေ့မြင်ရသည်။ ယင်းတို့ကိုပဟေဠိကဗျာဟုခေါ်လေသည်။ အောက်ပါရှစ်လုံးဖွဲ့ကဗျာတွင် ကဗျာ၏အရင်းစာလုံးများ၊ သို့မဟုတ် ပထမဆုံးဖြစ်သောစာလုံးများကို ဒေါင်လိုက်ဖတ်ရှုကြည့်လျှင်၊ ဦးသုဇာဟူသော ရဟန်းဘွဲ့ကို ရရှိမည်ဖြစ်လေသည်။

'ဦး နှိမ်ညွှတ်ကျူး၊ ရှိခိုးပန်ထွာ၊
သု ခပွား တိုး၊ ဘေးမျိုးကင်းကွာ၊
ဇာ တိဝတ်ဘေး၊ လွတ်အေးရာ၊
တ ရားဆေး၊ တိုက်ကျွေးမွေးမြူပါ။'

ထိုမှတစ်ပါး ပဒေသာတေးထပ်များကိုလည်းပဟေဠိကဗျာများဟုမှတ်ယူနိုင်လေသည်။ ပဒေသာတေးထပ်၏သဘောမှာ ပထမအပိုဒ်၏အစအက္ခရာနှင့် ဒုတိယအပိုဒ်၏အစအက္ခရာတို့တူရသည်။ တတိယအပိုဒ်၏အစအက္ခရာနှင့်စတုတ္ထအပိုဒ်၏ အစအက္ခရာတို့တူရသည်။ ဤနည်းအတိုင်း တေးထပ်တစ်ပုဒ်လုံး၏ အဆုံးထိ အစအက္ခရာတို့သည် နှစ်ပိုဒ်စီတူညီသွားရသည်။ ပဒေသာတေးထပ်ပဟေဠိကဗျာကိုဖတ်ရှုရာတွင် တေးထပ်၏နောက်ဆုံးအပိုဒ်

www.foreverspace.com.mm

၁၄	ဒီပါ ကျွန်းဌာန	၁၄
၁	ထက်ပ ယဉ်ထက်ယဉ်	၁
၂	မြင်ပြင့် မောင်မမြင်တယ်	၂
၃	ကြစို ဖူးစာခိုင်ရယ်	၃
၄	နှစ်ကိုယ် ရည်ရူးလို	၄
၅	ဖူးစာ ဂဟေဆက်	၅
၆	ရာသက် မပျက်ရှယ်တယ်	၆
၇	ဇာတိ သမ္ဘာလှိုင်	၇
၈	ဖူးပေါ် စ	၈

အဖျား ချစကားလုံးဖြစ်သော 'လေး'မှအစပြုလျက် စုန်၍ဖတ်ကာ၊ ထိုနောက်ဆုံးအပိုဒ်ကို အောက်မှအထက်သို့ ဆန်၍ဖတ်ရလေသည်။ တောင်နန်းမတော်မိဖုရား ရေးသားစီကုံးသည်ဟုဆိုသော အထက်ပါပဒေသာတေးထပ်ကိုရှုပါ။ ယင်းပဒေသာတေးထပ်ကို ရေးရိုးရေးစဉ် အတိုင်းရေးလျှင် အောက်ပါအတိုင်းဖြစ်သည်။

'လေးဒီပါကျွန်းဌာန၊ လေးတော်ဝရုပ်သွင်၊ ပထက်ပယဉ်ထက်ယဉ်၊ ပဘုရင်ခေါင်မှူး၊ မယ့်ပြင်ဖြင့်မောင်မမြင်တယ်၊ မယ့်ကိုပင်စွဲပေါ့ချစ်ဦး။ မြဲကြစို့ဖူးစာခိုင်ရယ်၊ မြဲကြာခိုင်ရှေ့ဖူး။ တူနှစ်ကိုယ်ရည်စူးလို့၊ တူအထူးကြိုအရှယ်၊ ပြိုင်ဖူးစာဂဟေဆက်၊ ပြိုင်ပန္နက်စွဲကြစို့ကွယ်။ နှစ်ရာသက်မပျက်ရှယ်တယ်၊ နှစ်သက်ဖွယ်သာကိမို့၊ ဘုန်းဇာတိသမ္ဘာလှိုင်၊ ဘုန်းခင့်ကေခိုင်။ ညွှန်ဖူးပေါ်စ ညွှန့်ကေခိုင်ရယ်၊ ညွှန့်ဘုန်းနှစ်ပြိုင်တူမြဲမယ်ပလေး။'

ထိုနောက်ပုလဲသွယ်တေးထပ်များကိုလည်း ပဟေဠိကဗျာများအဖြစ် မှတ်ယူနိုင်လေသည်။ အောက်ဖော်ပြပါပုလဲသွယ်တေးထပ်၌ ခေါင်းစဉ်အစ အက္ခရာတို့ကို ပေါင်း၍ဖတ်လျှင် 'သထုံမြို့ ပုဗ္ဗာရုံစာသင်တိုက်'ဟူသော စကားတရပ်ကို ရမည်ဖြစ်သည်။

'သ တင်းဂုဏ် စုံပြန့်လို့၊ ဘုံမဆုံ တက်ဝေ၊
ထုံ ရနံ့မက်မပြေအောင်၊ ကျက်သရေ ဆောင်နှင်း၊
မြို့ တကာ့ မြို့တခွင်၊ မြို့ဘုရင် ထူးတဲ့ မြို့မင်း။
ပု ဗ္ဗေစက် ပဏ္ဍိတော၊ ဥာဏ်ရှိတွေ ထိန်လင်း၊
ဗ္ဗာ လလူပျောက်ကင်းလို့၊ တောက်အဆင်းရောင်ဝါ၊
ရုံ တရုံ ပါကဋ္ဌပါပေါ့၊ သာသနာ့ ထွန်းဘို့ဖန်လာ။
စာ သုတ္တန့် ဝိနယာငယ်၊ ဘိဓမ္မာသွင်မှ မချို့တာမို့၊
သင် ယူစို့ များထွေထွေ၊ ပျားဘို့ အုံနေ၊
တိုက် တော်မြတ် ဂုဏ်မဟေဌယ်၊
ထုံသရေတင့်ကြောင်းပလေး။

ပဟိုရ်နာရီ ။ ။ရှေးမြန်မာမင်းများလက်ထက်တွင် စက်နာရီ မပေါ်ပေါက်သေးသဖြင့် ရေနာရီကို အသုံးပြုကြသည်။ ရေနာရီကို အမှီပြု၍ ပဟိုရ်စည်ကိုတီးခတ်သောအားဖြင့် ပဟိုရ်နာရီဟုနားလည်ကြသည်။ ရေနာရီအားဖြင့် တစ်ရက်လျှင် နာရီ ၆၀ ပိုင်းခြား သတ်မှတ်ထားသည်။ တစ်ရက်ဆိုသည်မှာ လွန်ခဲ့သောသန်းခေါင်မှသည် လာလတ္တံ့သော အနာဂတ်သန်းခေါင်အထိဖြစ်သည်။ တစ်ရက်ဟုဆိုအပ်သော ကာလကို နေ့ကာလ၊ ညဉ့်ကာလဟူ၍ ပိုင်းခြားပြန်သည်။ နေလုံးတစ်ခြမ်းထွက်ပေါ်သည်မှ နေလုံးတစ်ခြမ်းဝင်သည့် အချိန်တိုင် အောင်သော ကာလကို နေ့ကာလ၊ နေလုံးတစ်ခြမ်းဝင်သည်မှ နေလုံးတစ်ခြမ်းပေါ်ထွက် သည်တိုင်အောင်သောကာလကို ညဉ့်ကာလဟု ခေါ်သည်။ နာရီအားဖြင့် ဆိုသော် နေ့နာရီ ၃၀ ညဉ့်နာရီ ၃၀ စီရှိသည်။ သို့သော် နေထွက်နေဝင်နှင့်နေ့တာညဉ့်တာ အတိုအရှည်ကိုလိုက်၍၊ တစ်လနှင့်တစ်လ နေ့နှင့်ညဉ့် နာရီချင်းအစဉ်သဖြင့် မတူကြပေ။ တန်ခူးလနှင့် သီတင်းကျွတ်လတို့၌သာလျှင် နေ့နှင့်ညဉ့်နာရီချင်း တူမျှကြ၍၊ ဝါဆိုလတွင်နေ့တာအရှည်ဆုံးဖြစ်ကာ၊ပြာသိုလတွင် ညဉ့်တာအရှည်ဆုံးဖြစ်သည်။ ထိုကြောင့် 'နေ့လို ဝါဆို၊ ညဉ့်လို ပြာသို'ဟု ဆိုစမှတ်ပြုကြလေသည်။

www.forewerspace.com.mm

တစ်နာယ်နှစ်လတွင် တစ်လနှင့်တစ်လ၊ နေ့နာရီနှင့် ညဉ့်နာရီ ယေဘုယျအားဖြင့်မတူ၊ ခြားနားကြကြောင်းကို ဖွယ်လင့်တကူ သိရှိနိုင်ရန် ကဝိလက္ခဏာ သတ်ပုံကျမ်းတွင် အောက်ပါအတိုင်း လင်္ကာရေးစပ်ခဲ့သည်။

'ပတ်သာတံရှည်၊ တီးသံမြည်၊ လက်ဆည်ကန်စာရေး။
တဆယ်လောင်းမည်၊ ထမ်းပိုးရည်၊ ယင်းသည်နာရီမေး။
ဆဲ့နှစ်လသည်၊ နေ့ဘို့ရည်၊ ညဉ့်သည် အကြွင်းဆေး။'

ရှင်းလင်းပြရသော် ပုံစံအားဖြင့်၊ တန်ခူးလ၏နေ့ညဉ့် နာရီကို သိလိုလျှင်၊ 'ပတ်'ဟူသောကြာသပတေးနံဝါးတွင် တစ်ဆယ်ပေါင်းကာ၊ နှစ်နှင့်မြှောက်၍ရသည့်ရလာဒ် ၃၀ သည် နေ့နာရီဖြစ်သည်။ တစ်ရက်တာနာရီ ၆၀ မှ ၃၀ ကိုနုတ်၍ရသောအကြွင်းသည် ညဉ့်နာရီဖြစ်သည်။ ကျန်လများအတွက် ထိုနည်းတူ တွက်ချက်ယူရသည်။ (ဇယား–၇)

နေ့နှင့်ညဉ့်ပိုင်းခြားပြီးနောက်၊ နေလုံးတစ်ခြမ်းထွက်ပေါ်သည်မှမွန်းတည့်ချိန် အထိ၊ နေမွန်းတည့်မှ နေလုံးတစ်ခြမ်းဝင်သည်အထိဟူ၍ နေ့ကာလကို နှစ်ပိုင်းပိုင်းခြားပြန်သည်။ ညဉ့်ပိုင်း၌လည်း နေလုံးတစ်ခြမ်းဝင်သည် မှသန်းခေါင်အထိ၊ သန်းခေါင်မှ နေလုံးတခြမ်းထွက်ပေါ်သည့်အထိဟူ၍ ညဉ့်ကာလကိုပင် နှစ်ပိုင်းပိုင်းခြားသည်။ ဆိုခဲ့သောနေ့ကာလနှစ်ပိုင်းကို ထပ်မံ၍ထက်ဝက်သော်လေးပိုင်းရသည်။ ထိုတစ်ပိုင်းသည် တစ်ပဟိုရ်မည်သည်။ ညဉ့်ပိုင်းကာလအတွက်လည်းထိုနည်းတူဖြစ်သည်။ ယင်းသို့ဖြင့် နေ့လေးပဟိုရ်၊ ညဉ့်လေးပဟိုရ်၊ တရက်တွင်ရှစ်ပဟိုရ်ရှိသည်။ ယင်းနေ့နှင့်ညဉ့်ပဟိုရ်များကိုလည်း တစ်ပဟိုရ်တချက်တီးပြု၍ နေထွက်လေးချက်တီး၊ နေ့တစ်ချက်တီး၊ နေမွန်းတည့်နှစ် ချက်တီး၊ နေ့သုံးချက်တီး နေဝင်လေးချက်တီး၊ ညဉ့်တစ်ချက်တီး၊ ညဉ့်သန်ကောင်နှစ်ချက်တီး၊ ညဉ့်သုံးချက်တီးဟူ၍ ခွဲခြားမှတ်သားရလေသည်။

ပဟိုရ်စည်ကို ရေနာရီကိုအမှီပြု၍ တီးရသည်။ ရေနာရီအားဖြင့်တရက်လျှင် နာရီ ၆၀ သတ်မှတ်ပိုင်းခြားထားသည်ဟု ဖော်ပြခဲ့သည့်အတိုင်း၊ ရေနာရီ ထားရှိပုံမှာ ဤသို့ဖြစ်သည်။

မန္တလေးခေတ်အတွင်းကရွှေနန်းတော်ကြီးအတွင်းဖြတိုက်တော်မြောက်ဘက်တွင် နာရီတော်ရုံရှိသည်။ ယင်းသည် တံခါးနီတော်အတွင်းကျသည့်အပြင်၊ မြောက်မာရဘင်တံခါးအတွင်း ဖွားဘက်ကျော်တန်းအနီးတွင် ရှိသည်။ ဗေဒင်တတ် မြန်မာပညာရှိ သို့မဟုတ် ပုဏ္ဏားပညာရှိတို့ကို နာရီတော်မှူးအဖြစ်ခန့်ထားလေ့ရှိသည်။ နာရီတော်မှူးအောက်တွင် နာရီစောင့်သူနှင့် မောင်းတီးသူနှစ်ယောက်စီ အလှည့်ကျထားရှိသည်။

ယင်းတို့နှစ်ဦးသည် စံနစ်တကျတိုင်းထွာပြုလုပ်ထားသောရေဖလားကို အလှည့်ကျစောင့်ကြပ်နေရသည်။ ထိုဖလားသည်ကြေးနီအချိန် တစ်ဆယ့်ခြောက်ကျပ်သားကို အစောက်ခုနစ်လက်သစ်၊ မျက်နှာဝကိုးလက်သစ်ရှိအောင် ခတ်လုပ်ထားသည့်ဖလားဖြစ်၍၊ ယင်း၏အောက်အလယ်ဗဟိုဌ် ဆယ်နှစ်ရှယ်မိန်းမငယ်၏ဆံပင် ၁၆ပင်ဝင်ရုံမျှ အပေါက်ဖောက်ထားသည်။ ယင်းသည့်ဖလားကို ကြည်လင်သန့်ရှင်းသောရေအပြည့်ထည့်ထားသည် တင်းဝင်ရတနာ

လမျှား		နေ့ နာရီ	ညဉ့် နာရီ	နေ့ ပဟိုရ် ဒျင်းချင်း		ညဉ့် ပဟိုရ်
				နာရီ	ပါဒ်	နာရီ
တန်ခူး	(ပတ်) ၅ + ၁၀ = ၁၅ × ၂	၃၀	၃၀	၂	၂	၂
ကဆုန်	(သာ) ၆ + ၁၀ = ၁၆ × ၂	၃၂	၂၈	၀	–	၂
နယုံ	(တံ) ၇ + ၁၀ = ၁၇ × ၂	၃၄	၂၆	၀	၂	၆
ဝါဆို	(ရှည်) ၀ + ၁၀ = ၁၀ × ၂	၃၆	၂၄	၉	–	၆
ဝါခေါင်	(တီး) ၇ + ၁၀ = ၁၇ × ၂	၃၄	၂၆	၀	၂	၆
တော်သလင်း	(သံ) ၆ + ၁၀ = ၁၆ × ၂	၃၂	၂၈	၀	–	၇
သီတင်းကျွတ်	(မြည်) ၅ + ၁၀ = ၁၅ × ၂	၃၀	၃၀	၇	၂	၇
တန်ဆောင်မုန်း	(လက်) ၄ + ၁၀ = ၁၄ × ၂	၂၈	၃၂	၇	–	၀
နတ်တော်	(ဆည်) ၃ + ၁၀ = ၁၃ × ၂	၂၆	၃၄	၆	၂	၀
ပြာသို	(ကန်) ၂ + ၁၀ = ၁၂ × ၂	၂၄	၃၆	၆	–	၉
တပို့တွဲ	(စာ) ၃ + ၁၀ = ၁၃ × ၂	၂၆	၃၄	၆	၂	၀
တပေါင်!	(ဝန!) ၄ + ၁၀ = ၁၄ × ၂	၂၈	၃၂	၇	–	၀

www.forewordspace.com.mm

အင်တုံတွင် ချထားရသည်။ ဖလားအတွင်းသို့ တစိမ့်စိမ့် ရေဝင်၍ဖလားတစ်ခါနစ်လျှင် တစ်ကြိမ်ငွေမောင်းတီး၍ ဤနာရီဟုအမှတ်ပြုရသည်။ ထိုနောက် သီတံခုံနှင့်ထား ရှိသော ပေသီးကို လက်ဝဲဖက်မှ လက်ယာဖက်သို့ တစ်လုံးရွှေ့၍မှတ်ရသည်။

ပဟိုရ်စည်တီးပုံမှာ ဤသို့ဖြစ်သည်။ တန်ခူးလတွင် နေ့နာရီ၊ ညဉ့်နာရီတူညီစွာရှိသည်။ ထိုကြောင့် နေ့လေး ပဟိုရ်အချင်းချင်း၊ ညဉ့်လေးပဟိုရ် အချင်းချင်းသည် နာရီ ကွာခြားပုံ တူညီသည်။ (ဇယားကိုကြည့်ပါ)။ ယင်းလတွင် ဇယားအရ ပဟိုရ်အချင်းချင်းကွာခြားသော နာရီမှာ ခုနစ်နာရီနှင့် နှစ်ပါဒ်ဖြစ်သည်။ သို့ဖြစ်၍ ရေနာရီအရ ဖလားငယ်ခုနစ်ကြိမ်နစ်မြှုပ်ပြီး၍၊ နောက်တစ်ကြိမ် ထက် ဝက်အမှတ်ထိအောင်ရေဝင်သည့်အခါ၊ခုနစ်နာရီနှစ်ပါဒ်ရှိ ပြီဖြစ်သောကြောင့်၊ပဟိုရ်စည်တီးခတ်သည်။ ထိုနည်းတူစွာ ကျန်လများတွင်လည်း ဇယားပါကွာခြားသော နာရီအလိုက် နေ့ညဉ့်ပဟိုရ်များ တီးခတ်ရလေသည်။ ပဟိုရ်တီးရန် အချိန်ကျရောက်လျှင်၊ နာရီတော်ရုံမှ တာဝန်အလှည့်ကျ သူတစ်ယောက်ကပဟိုရ်ရုံသို့ပြေးသွား၍ အချိန်တော်ကြား ရသည်။ မန္တလေးရွှေနန်းတော်မှ ပဟိုရ်စင်သည် စွယ်တော် စင်နှင့်ရွှေးတော်ယူ တံခါးလမ်းမခြားလျက်၊ မြောက်ဘက် ကွက်လပ်တွင်ဆောက်လုပ်ထားသည်။ ထုထည်ကောင်းလှ သော လေးထောင့်အုတ်ခုံအမြင့်ခံပြီးလျှင်၊ တိုင်ဖြူလေးလုံး ထူ၍၊ ထိုအပေါ်မှ လေးတိုင်စင်နှင့် လည်ပေါ် ပြဿာဒ် ဆောင်ငယ်တင်ထားသည်။ ယင်းအပေါ်ဆောင်တွင် ပဟိုရ် စည်ကြီးနှင့် ခေါင်းလောင်းဆွဲထားပြီးသော်၊ နာရီတော်မှူး က ပဟိုရ်ချိန်ကျ၍၊ အချိန်တော်ကြားလာသည့် အတိုင်း အချိန်နာရီတော်ကြားတီးရသည်။

ပဟိုရ်ချိန်ကျရောက်ကြောင်း အကြောင်းကြားလာလျှင် ပုဆိုးဒူးဖုံးခါးတောင်းကျိုက်၊ ခေါင်းပေါင်းဖြူဖော့လုံး ပေါင်း၊ အင်္ကျီရှည်ကြီးများဝတ်ဆင်ထားသော ပဟိုရ်တီး သွေးသောက်ကြီးတို့သည် ပဟိုရ်စင်ပေါ်မှ ရွှေနန်းတော် ကြီးကို ဦးသုံးကြိမ်ချ၍၊ နံနက်တစ်ချက် တီးချိန်ဖြစ်အံ့၊ ပထမခေါင်းလောင်း တစ်ချက်(နောင်)၊ နောက်စည်တော် တချက်(ဒိုင်း)၊ ယင်းသို့အစဉ်အတိုင်း တစ်ဆယ့်တစ်ချက်စီ ပြည့်အောင်တီးရသည်။ ထို့အတူ မွန်းတည့်နှစ်ချက်တီး အချိန်တွင် နှစ်ဆယ့်နှစ်ချက်စီ၊ သုံးချက်တီးအချိန်တွင် သုံးဆယ့်သုံးချက်စီ၊ လေးချက်တီးအချိန်တွင် လေးဆယ့် လေးချက်စီ အသီးသီး တီးသွားရသည်။ နောက်ဆုံး အစွန် တစ်ချက်ကို ခပ်ကွာကွာထား၍ လေးလေးတီးရသည်။ ညဉ့်ပဟိုရ်များလည်း ထိုနည်းအတူပင်တီးရလေသည်။

ပဟိုရ်ချိန်ကျကြောင်းကို နာရီတော်ရုံမှ အလှည့်ကျသူ ကပြေးသွား၍ အခါတော်ကြားရသဖြင့်၊ နေကို အစွဲပြုသော

မန္တလေးမြို့ရှိ ပဟိုရ်စင်

သက်ုံတိုင်အချိန်မှတ်နည်းနှင့် ပဟိုရ်တီးချိန်သည် မကိုက် ညီပေ။ ပဟိုရ်ကနောက်ကျလေ့ရှိသည်။ နောက်ကျရသော အကြောင်းမှာ နာရီတော်ရုံနှင့် ပဟိုရ်ရုံတို့သည် တံခါးနှစ် တန် (တံခါးနီနှင့်မာရဘင်)ဆီးနေသောကြောင့်ဖြစ်သည်။ အထူးသဖြင့် ညဉ့်အခါတွင် တံခါးကိုဖွင့်နေသောကြောင့် ပိုရှည်ကြန့်ကြာသည်။ ထိုပြင် ပဟိုရ်တီးချိန်သွေးသောက် ကြီးများသည် စင်ပေါ်သို့တက်ရခြင်း၊ ပဟိုရ်မတီးမီ ရွှေ နန်းတော်ကို ဦးချနေရခြင်းတို့ကြောင့်လည်း နောက်ကျရ လေသည်။

နာရီတော်ရုံနှင့်ပဟိုရ်ရုံကို နီးနီးနားနား မထားသည့် အကြောင်းရင်းမှာ၊ နာရီမောင်းကိုသာ နန်းတွင်းအလှည့် ကျအစောင့်အနေအထားက ယောက်ျား မိန်းမများက မှတ် သားလိုက်နာကြရသောကြောင့်ဖြစ်သည်။ ပဟိုရ်မှာ လွှတ် ရုံးတက်ချိန် ဆင်းချိန်၊ မြို့တံခါး၊ နန်းတံခါးဖွင့်ချိန်၊ ပိတ်ချိန်လောက်သာ လိုက်နာရသည်။ မြို့လေးမျက်နှာ ဓာတ်တံခါးကြီး လေးရပ်တွင်လည်း ဓာတ်စည်ကြီးတစ်လုံး စီထားသည်။ နံနက် လေးချက်တီး ညဉ့်လေးချက်တီးသည့် အခါများတွင် ပဟိုရ်စည်တီးသကဲ့သို့ ယင်းသည့် ဓာတ် စည်ကြီးများကိုလည်း တီးရသည်။ နံနက်လေးချက်တီးလျှင်

www.foreverspace.com.mm

တံခါးမကြီးများ ဖွင့်ရသည်။ ညဉ့်လေးချက်တီးလျှင် တံခါးမကြီးများပိတ်ရလေသည်။

ပဟိုရ်နာရီနှင့်စက်နာရီကို အကြမ်းအားဖြင့်နှိုင်းယှဉ်လျှင်၊ စက်နာရီနံနက် ၉ နာရီနှင့် နေ့ပဟိုရ်တစ်ချက်တီး၊ စက်နာရီ ၁၂နာရီနှင့်နေ့ပဟိုရ်နှစ်ချက်တီး၊ စက်နာရီ ညနေ ၃နာရီနှင့် နေ့ပဟိုရ်သုံးချက်တီး၊ စက်နာရီ ညနေ၆ နာရီနှင့် ပဟိုရ်ညဉ့်လေးချက်တီး အသီးအသီး ညီမျှဖွယ်ရှိသည်။ ညဉ့်ပိုင်းတွင်လည်း ထို့အတူပင်ဖြစ်သည်။

ပအိုးလူမျိုး။ ။ပအိုးလူမျိုးတို့သည် ကရင်အနွယ်ဖြစ်သောလူမျိုးတစ်မျိုးဖြစ်သည်။ တောင်ပေါ်ကရင်၊ ကွင်းကရင်နှစ်မျိုးလုံး၌ ထက်ဝက်ခန့်စီပါဝင်သည်။ သို့သော်မူလကတောင်ပေါ်၌ အနေများသောလူမျိုးများဖြစ်၍လည်း တောင်သူဟူ၍ ခေါ်ဝေါ်ဟန်ရှိသည်။ ကရင်လူမျိုးတို့သည် အမျိုးအလိုက်မိမိတို့ ကိုယ်ကိုခေါ်ဝေါ်သောအမည်များရှိကြသည်။ ပုံစံအားဖြင့် ကရင်နီတို့သည် မိမိတို့ကိုယ်ကို ကယားဟုခေါ်ကြသည်။ ပအိုးဟူသောအမည်သည်လည်း အမျိုးအလိုက် ခေါ်ဝေါ်သော အမည်ပင်ဖြစ်သည်။

ပအိုးတို့သည် ကရင်မျိုးတို့တွင်လူဦးရေအားဖြင့် တတိယ အများဆုံးဖြစ်သည်။ ၁၉၃၁ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံအတွင်းရှိ ပအိုးလူဦးရေသည် ၂၂၅၈၂၂ဟု သိရသည်။ မြန်မာနိုင်ငံအရှေ့ဘက်နယ်စပ်ဒေသ၊ တောင်ပိုင်းရှမ်းပြည်နယ်အလယ်ပိုင်းနှင့် အနောက်ဘက်နယ်စပ်ဒေသတို့တွင် အနှံ့အပြားတွေ့ရှိရသည်။ ပအိုးတို့၏ အချက်အချာဒေသနှစ်ခုမှာ သံလွင်မြစ်အောက်ပိုင်း ပတ်ဝန်းကျင်ဧရိယာနှင့် တောင်ပိုင်းရှမ်းပြည်ရှိ သထုံနယ်တို့ဖြစ်သည်။ မြန်မာနိုင်ငံ အောက်ပိုင်းရှိ ကျိုက္ခမီခရိုင်နှင့် သထုံခရိုင် (ပအိုးလူဦးရေ ၅၃၁၅) တို့တွင် ပအိုးလူမျိုးအများဆုံး



ပအိုး (တောင်သူ) လူမျိုးမိသားစု

နေထိုင်ကြသည်။ တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ဖားအံခရိုင် (ပအိုးရွာ ၂၁ရွာရှိသည်။) ကယားပြည်နယ် (ပအိုးလူဦးရေ ၂၃၀၀)နှင့် ကော့ကရိတ်မြို့နယ် လခတို့တွင်လည်း ပအိုးလူမျိုးများ အနှံ့အပြားနေထိုင်ကြသည်။ မြန်မာနိုင်ငံမှအပတွင် ယိုဒယားနိုင်ငံ၊ ကမ္ဘောဒနိုင်ငံများနှင့် မဲခေါင်မြစ်အောက်ပိုင်းဒေသတို့တွင်လည်း ပအိုးများ အထင်အရှားရှိလေသည်။

မြန်မာနိုင်ငံတောင်ပိုင်း သထုံခရိုင်သည် ပအိုးတို့၏မူလဇာတိဒေသဖြစ်သည်။ ဒဏ္ဍာရီပုံပြင်များအရ ပုဂံပြည်သို့ အနော်ရထာမင်းသုံ့ပန်းအဖြစ် ဖမ်းယူသွားသော သထုံပြည့်ရှင်မနုဟာမင်းသည် ပအိုးလူမျိုးဟုဆိုသည်။ ပုဂံသို့ မနုဟာမင်းပါသွားပြီးနောက်တွင် နိုင်ငံပြိုကွဲ၍ အချို့ပအိုးတို့သည် မြောက်ဘက်သို့ရောက်သွားပြီးလျှင် ရှမ်းပြည်နယ်တောင်ပိုင်းတွင် သထုံနယ်သစ်ကို တည်ထောင်ကြသည်ဟုဆိုသည်။ သထုံပြည်မှ ပြေးလာသောအချို့ပအိုးတို့သည် မြေလတ်တွင်လည်း အခြေစိုက်ကြသည်။ ပုဂံကျောက်စာတို့တွင် တောင်သူဟူ၍ဖော်ပြပါရှိရကား၊ ပုဂံခေတ်ကပင် ပအိုးနှင့်မြန်မာတို့ အဆက်အသွယ် ရှိသည်ဟု ယူဆရပေသည်။

မေဂျာအင်းရစ်က ရှမ်းပြည်နယ်သထုံနယ်တွင် ပအိုးတို့သည် နန်းခေ၊ တတုတ်၊ ကွန်လောင်၊ တန်စန်နှင့် ခိုင်ဟူ၍ လူမျိုးစုငါးစု ကွဲသည်ဟုဆိုသည်။ တစ်ခါတစ်ရံ ရှမ်းပြည်နယ်မှ ပအိုးတို့ကို ရှမ်းတောင်သူဟူ၍လည်း ခေါ်ကြသည်။ ရှမ်းပအိုးတို့သည် မိမိတို့ ကိုယ်ကို သထုံပန်းရင်ဟုလည်း ခေါ်ကြသည်။ ရှမ်းပြည်နယ်၊ သထုံနယ်ကိုလည်း အုပ်ချုပ်သူမြို့စားသည် ပအိုးလူမျိုး ဖြစ်လေသည်။ ပအိုးတို့သည် ကိုယ်လက်ကြွံ့ခိုင်တောင့်တင်းသည်။ သတ္တိလည်းကောင်းကြသည်။ ဖော်ရွေ၍ ဆက်ဆံပေါင်းသင်းရန်ကောင်းသော လူမျိုးများဖြစ်သည်။ အခြားကရင်မျိုးတို့ကဲ့သို့ အရှက်အကြောက်ကြီးလွန်းခြင်း၊ ကွန်ဒြေကြီးလွန်းခြင်းမရှိပေ။ ရှမ်းပြည်တွင် လယ်ယာလုပ်ကိုင်စားသောက်ကြသည်။ ပင်ပန်းဆင်ရဲခံနိုင်သောလူမျိုးဖြစ်သည်။ လွတ်လပ်စွာနေထိုင်လုပ်ကိုင်စားသောက်လိုသောစိတ်ရှိကြသည်။ မိမိတို့ဘာသာစီမံအုပ်ချုပ်သော အစွမ်းလည်း ရှိကြသူများဖြစ်သည်။

ပအိုးတို့သည် ကရင်ဘာသာစကားနှင့်နီးစပ်သော ဘာသာစကားကို ပြောဆိုကြသည်။ ကိုယ်ပိုင်စာပေရှိသော်လည်း အလွန်ရှားပါး၍ ပအိုးစာပေကိုဖတ်တတ်သူလည်းနည်းပါးလှသည်။ ပအိုးတို့သည် ဗုဒ္ဓအယူဝါဒကို သက်ဝင်ယုံကြည်ကြသူများဖြစ်၍၊ ကျောင်းကန်ဘုရားများ တည်ဆောက်ကြသည်။ သို့သော် နတ်ကိုးကွယ်မှုကိုလည်း အများအပြားပြုကြသည်။ ရွာနတ်၊ အိမ်စောင့်နတ်များကို မပျက်မကွက်ပူဇော်ပသမှုကိုပြုကြလေသည်။

www.foxlearnspace.com.mm

ရှမ်းပြည်နယ် ပအိုးအမျိုးသားတို့သည် ရှမ်းအမျိုးသားများကဲ့သို့ ရှမ်းဘောင်းဘီပွ၊ ရှမ်းအပေါ်ဖုံးအင်္ကျီတို့ကို ဝတ်ဆင်ကြသည်။ အမျိုးသမီးတို့သည်မူ ကရင်သင်တိုင်းကဲ့သို့ သင်တိုင်းအမည်းရောင်တွင် အနီရောင်အနားသတ်ထားသည်ကို ဝတ်ဆင်ဖုံးလွှမ်း၍ ထမီတိုတိုဝတ်ဆင်ကြသည်။ ခေါင်းတွင်ပန်းပွားပါသောတံပတ်မည်းကို ပေါင်းကြ၍ တံပက်မရွှေရှားရအောင် ငွေဆံညှပ်၊ ငွေကြိုးတို့ဖြင့် ထိန်းတွယ်စည်းနှောင်းထားသည်။ ဆံပင်နောက်တွဲထုံးကြသည်။ ငွေနားသံသီး၊ ငွေလက်ကောက် ခေါင်းပွများကိုလည်း ဝတ်ဆင်ကြသည်။ အောက်မြန်မာနိုင်ငံက ပအိုးတို့သည်မူ မြန်မာတို့ကဲ့သို့ပင် ဝတ်ဆင်ကြလေသည်။

ပအိုးတို့၏သာရေးနာရေး ထုံးတမ်းစဉ်လာ ဆောင်ရွက်မှုတို့သည် မြန်မာထုံတမ်းစဉ်လာတို့နှင့် ဆင်ဆင်တူသည်။ ပုံစံအားဖြင့် အပျိုအား လူပျိုလှည့်ပုံ၊ လင်းမယာကွာရှင်းပုံ၊ လူသေလျှင် ကူးတို့ခထည့်ပုံ စသည်တို့မှာ ဆင်တူရိုးမှားဖြစ်ကြလေသည်။

ပြည်နယ်ချင်း မိုင်ကိုးရာ ခြားလျက်ရှိသော နိုင်ငံ

ပါကစ္စတန်နိုင်ငံသည် အခြားလွတ်လပ်သောနိုင်ငံများနှင့်မတူ၊ အသွင်တမူထူးခြားကာ အရှေ့နှင့်အနောက်ပါကစ္စတန် ဟူ၍ ပြည်နယ်ချင်းမိုင်ကိုးရာခြားလျက်တည်ရှိသည့် အိမ်နီးချင်းနိုင်ငံဖြစ်သည်။ ထိုကဲ့သို့အဘယ်ကြောင့်ဖြစ်ရပါသနည်း။ ထိုနှစ်ခြမ်းကွဲနိုင်ငံကြားတွင် မည်သည့်နိုင်ငံတည်ရှိပါသနည်း။ ဤအကြောင်းရပ်တွင် အကြောင်းစုံဖတ်ရှုရပေအံ့။

ပါကစ္စတန်နိုင်ငံ။ ။၁၉၄၇ ခုနှစ် အိန္ဒိယလွတ်လပ်ရေးအက်ဥပဒေအရ၊ အိန္ဒိယပြည်မကြီးကို ကိုးကွယ်ရာအယူဝါဒကိုလိုက်၍ နှစ်စုခွဲလိုက်ရာ၊ ၁၉၄၇ခု သြဂုတ်၁၄ ရက်နေ့တွင် ဒိုမီနီယန် အဆင့်အတန်းရှိသော ပါကစ္စတန်နိုင်ငံသည် ထွန်းပေါ်လာလေသည်။ ထိုနောက် ၁၉၅၆ခု ဧပြေပါရီလ ၂၉ရက်နေ့တွင် ပါကစ္စတန်နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် အတည်ဖြစ်လာ၍၊ ထိုနှစ်မတ်လ ၂၃ရက်နေ့တွင် ပါကစ္စတန်နိုင်ငံသည် အစ္စလာမ်အယူဝါဒကိုအခြေခံပြုသော ပါကစ္စတန်သမ္မတနိုင်ငံဖြစ်ကြောင်း ကြေညာလေသည်။ သို့သော် ထိုနိုင်ငံသည် ဗြိတိသျှနေသဟာယအဖွဲ့တွင်ပါဝင်၍၊ ဗြိတိသျှဘုရင်မကို လွတ်လပ်သောနိုင်ငံများ ပေါင်းစပ်ဖွဲ့စည်းခြင်း၏ အထိမ်းအမှတ်အဖြစ်ဖြင့် အသိအမှတ် ပြုလေသည်။

ပါကစ္စတန်နိုင်ငံသည် အစ္စလမ်အယူဝါဒကိုယူကြသောနိုင်ငံတို့တွင် လူဦးရေအများဆုံးနိုင်ငံဖြစ်သည်။ ထိုနိုင်ငံ၏ ထူးခြားချက်တစ်ရပ်မှာ နိုင်ငံ၏နယ်နိမိတ်သည် တစပ်တည်းမဟုတ်ဘဲ၊ အရှေ့ဘက်တွင် အရှေ့ပါကစ္စတန်နှင့် အနောက်ဘက်တွင် အနောက်ပါကစ္စတန်ဟု တစ်ခုနှင့်တစ်ခု မိုင်ပေါင်း ၉၀၀ မျှကွာဝေး၍ တည်နေခြင်းဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ မွတ်စလင်အများဆုံးရှိသောဒေသကိုရွေးချယ်၍ ပါကစ္စတန်နိုင်ငံ နှစ်ပိုင်းတို့၏စပ်ကြားခ၌ အိန္ဒိယသမ္မတနိုင်ငံတွင်ပါဝင်သော ပြည်နယ်များရှိသည်။ အနောက်ပါကစ္စတန်တွင် ဗလူချီစတန်၊ သိန္ဓုနယ်၊ ပန်ဂျပ်အနောက်ပိုင်းနှင့် အနောက်မြောက်နယ်ခြားဒေသတို့အပြင်၊ ပါကစ္စတန် နိုင်ငံထဲသို့ ဝင်လာသော ပဒေသရာဇ်ပြည်နယ်တို့ပါဝင်ကြသည်။ အရှေ့ပါကစ္စတန်တွင်မူ ဘင်္ဂလားအရှေ့ပိုင်းနှင့် ယခင်ကအာသံပြည်နယ်၏ခရိုင်တစ်ခု ဖြစ်ခဲ့ဖူးသော စီလဟက်နယ်တို့ ပါဝင်ကြသည်။

ပါကစ္စတန် နိုင်ငံတစ်ခုလုံး၏ အကျယ်အဝန်းသည် ၃၆၄၇၃၇ စတုရန်းမိုင်ဖြစ်သည်။ အနောက်ပါကစ္စတန်၏ အကျယ်အဝန်းမှာ ၃၁၀၂၃၆ စတုရန်းမိုင်ဖြစ်၍၊ အရှေ့ပါကစ္စတန်၏အကျယ်အဝန်းမှာ ၅၄၅၀၁စတုရန်းမိုင်ဖြစ်သည်။ ၁၉၅၁ ခုသန်းခေါင်စာရင်းအရ၊ အနောက်ပါကစ္စတန်၌လူဦးရေ ၃၃၇၈၅၅ယောက်ရှိ၍၊ အရှေ့ပါကစ္စတန်၌မူ ၄၂၀၆၂ဝ၁ယောက်ရှိသည်။ ပါကစ္စတန်တစ်နိုင်ငံလုံး၏လူဦးရေမှာ ၇၅၈၄၂၃၅ယောက်ဖြစ်သည်။ ၁၉၅၇ ခုလူဦးရေ ခန့်မှန်းခြေမှာကား ၈၁သန်းဖြစ်သည်။ လူဦးရေ အားလုံး၏ ၈၅% ၄ သည် မွတ်စလင်များဖြစ်ကြသည်။

အနောက်ပါကစ္စတန်နှင့် အရှေ့ပါကစ္စတန်တို့၏ သွင်ပြင်နေထား၊ ရာသီဥတုအခြေအနေတို့သည် များစွာခြားနားကြသည်။ အနောက်ပါကစ္စတန်တွင် နှုံးတင်မြေကြွယ်ဝသောလွင်ပြင်များနှင့် တောင်ထူထပ်သောကုန်းပြင်မြင့်များရှိသည်။ ရာသီဥတုမှာမူပူပြင်းခြောက်သွေ့သည်။ အရှေ့ပါကစ္စတန်၌ စိုစွတ်ထိုင်းမှိုင်းသောရာသီဥတုရှိ၍၊ လူဦးရေထူထပ်ပေါများသည်။ ထိုသို့ကွဲပြားခြားနားခြင်းကြောင့် ဤနယ်နှစ်နယ်၏အကြောင်းကို တစ်ခြားစီဖော်ပြရပေမည်။ အနောက်ပါကစ္စတန်သည် အနောက်ဘက်နှင့်အနောက်မြောက်ဘက်တို့တွင် အာဖဂန်စတန်နိုင်ငံနှင့်လည်း ကောင်း၊ အီရန်နိုင်ငံနှင့်လည်းကောင်း ဆက်စပ်နေသည်။ အရှေ့ဘက်တွင် အိန္ဒိယနိုင်ငံရှိ၍၊ မြောက်ဘက်တွင် ကသ္မီရနယ်နှင့် ဂျမ္မူးနယ်တို့ရှိကြသည်။

www.foreverspace.com.mm



ပါကစ္စတန်နိုင်ငံ တည်နေရာပြမြေပုံ

တောင်ဘက်နှင့် အနောက်ဘက်တွင် အာရေဗျပင်လယ်ရှိသည်။ မြောက်ပိုင်းနှင့်အနောက်ပိုင်းဒေသတို့တွင် ဟိန္ဒူကုရှနှင့် ဆူလေမန်တောင်တန်းများရှိရာ၊ အချို့နေရာတွင် ပေ ၁၄၀၀၀အထိမြင့်သည်။ ထိုတောင်တန်း၏ အရှေ့ဘက်မနီးမဝေးတွင် ဆားတောင်တန်းရှိသည်။ ထိုမှ အရှေ့ဘက်တွင်ကား၊ ကျယ်ပြန့်သောလွင်ပြင်ဒေသကြီးသည် အာရေဗျပင်လယ်ကမ်းခြေအထိ တည်ရှိနေလေသည်။

အနောက်ပါကစ္စတန်တွင် မြစ်ကြီးငါးစင်းရှိသည်။ ယင်းမြစ် ကြီးငါးစင်းမှာ အိန္ဒိုမြစ်၊ ဂျေလမ်မြစ်၊ ချီနပ်မြစ်၊ ရာဝီ မြစ်နှင့်ဆပ်တလက်မြစ်တို့ဖြစ်၍၊ ထိုမြစ်အားလုံးသည် ဟိမဇ္ဈာတောင်တွင် မြစ်ဖျားခံကြသည်။ ထိုမြစ်တို့အပြင် ကြီးကျယ်သော ဆည်မြောင်းများလည်းရှိသဖြင့်၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် များစွာဖွံ့ဖြိုးသည်။ ဂျုံကို အများဆုံးစိုက်ပျိုးလုပ်ကိုင်ကြသည်။ အခြားအသီးအနှံများမှာ ဆန်စပါး၊ ပြောင်း၊ မုယောနှင့် နှံစားပြောင်းတို့ ဖြစ်သည်။ ပါကစ္စတန်မှ နှစ်စဉ်ထွက်သော ဝါဂွမ်းအလေးချိန်သည် အိန္ဒိယနိုင်ငံထွက်အလေးချိန်၏ ၃ပုံ၁ပုံခန့်သာရှိသော်လည်း၊ ပါကစ္စတန်ဝါဂွမ်းသည် အိန္ဒိယပြည်ထွက်ဝါဂွမ်းထက်ပို၍ အမျိုးကောင်းသည်။ ဆီထွက်သောသီးနှံစေ့များကို နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်သည်။ သိုး၊ ဆိတ်၊ ကျွဲ၊ နွားမွေးမြူရေးသည်လည်း အနောက်ပါကစ္စတန်၏ လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ရေနံ၊ကျောက်မီးသွေး၊ ခရိုမိုက်စသော ဓာတ်သတ္တုများလည်း ထွက်သည်။ ပန်ကျပ်နယ်မှနှစ်စဉ် ဆားတန်ချိန်ပေါင်း ၅ သိန်းခန့်ထွက်သည်။

အနောက်ပါကစ္စတန်နယ်ထဲတွင် မီးရထားလမ်းမိုင်

အာဖဂန်စတန်နှင့် ပါကစ္စတန်နိုင်ငံတို့အကြား ကိုင်ဗာ တောင်ကြားလမ်းမှ ရွာကလေးတစ်ရွာ၏ရှုခင်း

www.foreverspace.com.mm

ပါကစ္စတန်နိုင်ငံ၏ မြို့တော်ဖြစ်သော ကရာချိဆိပ်ကမ်းမြို့

ပေါင်း ၅၃၄၄မိုင်နှင့် မော်တော်ကားလမ်းမိုင်ပေါင်း ၃၅၀၀၀ မိုင်ခန့်ရှိသည်။ အရှေ့နှင့်အနောက်ပါကစ္စတန်ကို လေကြောင်းခရီးဖြင့် ဆက်သွယ်ထားသည့်အပြင်၊ ဥရောပ၊ သြစတေးလျှနှင့်အခြားအရှေ့ဖျားဒေသများသို့ လေကြောင်းဖြင့်ပင် ဆက်သွယ်နိုင်သည်။

ကရာချိမြို့သည် အနောက်ပါကစ္စတန်တွင် အကြီးဆုံးသင်္ဘောဆိပ်မြို့ဖြစ်သည့်အပြင်၊ ပါကစ္စတန်နိုင်ငံ၏မြို့တော်လည်းဖြစ်သည်။ (ကရာချိမြို့–ရှု။) လူဦးရေတစ်သန်းကျော်ရှိသည်။ လာဟိုမြို့သည်လည်း မြို့ကြီးဖြစ်၍ လူဦးရေမှာ ၈၄၉၀၀၀ယောက်ခန့်ရှိသည်။ အခြားမြို့ကြီးများမှာ ပက်ရှဝါး၊ ကွက်တား၊ ရာဝါပင်ဒီနှင့် မူလတန်တို့ဖြစ်သည်။ အနောက်ပါကစ္စတန်တွင် နေထိုင်သောလူများအနက် အများဆုံးမှာ မွတ်စလင်များပင်ဖြစ်သည်။ လူများစုပြောဆိုသုံးစွဲနေကြသည့် ဘာသာစကားမှာ အူရဒူးဘာသာဖြစ်သည်။

အရှေ့ပါကစ္စတန်ကို အရှေ့ဗင်္ဂလားနယ်ဟူ၍လည်း ခေါ်ကြသည်။ အရှေ့ပါကစ္စတန်၏အနောက်ဘက်၊ မြောက်ဘက်နှင့်အရှေ့ဘက်တို့တွင် အိန္ဒိယနိုင်ငံရှိသည်။ တောင်ဘက်တွင်မူ၊ ဗင်္ဂလားပင်လယ်အော်ရှိသည်။ အရှေ့ဘက်တစ်ပိုင်းတွင် မြန်မာနိုင်ငံနှင့်လည်း နယ်ချင်းဆက်လျက်ရှိသည်။ အရှေ့ပါကစ္စတန်၏ထူးခြားချက်တခုမှာ ထိုဒေသတွင် ဂင်္ဂါမြစ်နှင့်ဗြဟ္မပုတြမြစ်တို့၏မြစ်ခွဲများ ရှုပ်ထွေးယှက်သန်းကာ စီးဆင်းနေခြင်းပင်ဖြစ်သည်။ ထိုမြစ်များသည် ရေကြောင်းခရီးလမ်းအလို့ငှါ များစွာအသုံးဝင်သည်။ မြစ်ဝှမ်းဒေသများသည် မြေသြဇာထက်သန်သဖြင့် ထိုဒေသတို့၌ အသီးအနှံများကို ကောင်းစွာစိုက်ပျိုးလုပ်ကိုင်နိုင်သည်။ ဂင်္ဂါမြစ်ဝကျွန်းပေါ်ဒေသရှိ သစ်တောများထဲတွင် ကျား၊ ကျားသစ်စသောတိရစ္ဆာန်ရိုင်းများ ကျက်စားသွားလာနေထိုင်ကြသည်။

အရှေ့ပါကစ္စတန်တွင် တစ်နှစ်လျှင်မိုးရေချိန်ပျှမ်းမျှ ၈၅ လက်မမျှ ရွာသွန်းသည်ဖြစ်ရာ၊ အနောက် ပါကစ္စတန်မှာ ကဲ့သို့ ဆည်မြောင်းစံနစ်ကို အသုံးပြုရန်မလိုချေ။ ရာသီဥတုမှာ ပူအိုက်၍ စိုစွတ်ထိုင်းမှိုင်းသည်။ မြေသြဇာကောင်းသဖြင့် တစ်နှစ်လျှင်နှစ်သီးကျ စိုက်ပျိုးလုပ်ကိုင်နိုင်သည်။ အများဆုံးစိုက်ပျိုးသော အသီးအနှံများမှာ ဆန်စပါးဖြစ်သည်။ သို့သော် နိုင်ငံခြားသို့တင်ပို့နိုင်သောကုန်ပစ္စည်းများမှာ ဂုံလျှော်ပင်ဖြစ်သည်။ ပါကစ္စတန်နိုင်ငံသည် ကမ္ဘာတွင် ဂုံးလျှော်ကြမ်း အများဆုံးထွက်သောနိုင်ငံဖြစ်သည်။ လက်ဖက်ပင်များကို စီလဟက်နယ်၌ အကြီးအကျယ်စိုက်ပျိုးကြသည်။ အခြားလုပ်ငန်းများမှာ ဗိုင်းငင်ခြင်းနှင့် အထည်ရက်လုပ်ခြင်း ဖြစ်သည်။

အရှေ့ ပါကစ္စတန်တွင် မီးရထားလမ်း မိုင်ပေါင်း ၁၇၀၂

www.foreverspace.com.mm

မိုင်နှင့် ၈၀တော်ကားလမ်း မိုင်ပေါင်း ၂၀၀၀ ခန့်ရှိသည်။ သို့သော် ပြည်တွင်းရေကြောင်းလမ်းသည် စရိတ်အသက်သာဆုံးနှင့် အသုံးအဝင်ဆုံးဖြစ်သည်။ စစ်တကောင်းမြို့သည် အရှေ့ပါကစ္စတန်တွင်အကြီးဆုံးသင်္ဘော ဆိပ်မြို့ဖြစ်သည်။ သင်္ဘောဆိပ်မှာအထူးပင်လှပသည်။ မြို့တော်မှာ ဒက္ကာမြို့ဖြစ်သည်။ လူဦးရေ၏ ၄ ပုံ ၃ပုံသည် မွတ်စလင်များဖြစ်သည်။ သို့သော် ပြောဆိုသော ဘာသာစကားမှာမူ ဗင်္ဂါလီစကား ဖြစ်သည်။

ပါကစ္စတန်နိုင်ငံ တစ်ဝန်းလုံးတွင် အင်္ဂလိပ်ဘာသာကို ရုံးသုံး ပြုလုပ်ထားသည်။ ကျောင်းများတွင် အင်္ဂလိပ်ဘာသာကို အဓိကဘာသာအဖြစ်သင်ကြားကြရသည်။ ပါကစ္စတန်နိုင်ငံအလံသည် အဖြူရောင်နှင့် အစိမ်းပုပ်ရောင် နှစ်ရောင်ခြယ်သောအလံဖြစ်သည်။ အလံ၏ ၉ ပုံ ၂ ပုံသည် အဖြူဖြစ်၍၊ ကျန် ၇ပုံမှာ အစိမ်းပုပ်ရောင်ဖြစ်၏။ အစိမ်းပုပ်ပိုင်း အလယ်တည့်တည့်၌ ငါးထောင့်ရှိသော ကြယ်ဖြူတစ်ပွင့်နှင့် လခြမ်းအဖြူတစ်ခု ရှိသည်။ (အိန္ဒိယနိုင်ငံ၊ ဂျင်းနား အမ်၊ အေ–ရှု။)

ပါစပက်တစ်ရေးဆွဲနည်း။ ။ပန်းချီပညာသည် ရှေးနှစ်ပေါင်းထောင်ပေါင်းများစွာက စတင်ခဲ့ကြောင်းကို ကမ္ဘာဦးက ဂူနံရံပေါ်၌ရေးခြစ်ထားခဲ့ကြသော ရုပ်ပုံအထောက်အထားများအရသိရှိခဲ့ကြရသည်။ သို့သော် ပါစပက်တစ်ရေးဆွဲနည်းသည်မူ ၁၅ ရာစုခေတ်လောက်ကမှ စည်းကမ်းဥပဒေနှင့်စနစ်တကျဖြစ်လာလေသည်။

ပါစပက်တစ်ရေးဆွဲခြင်းဟူသည် အနီးအဝေးရှေ့နောက်အမြင်သဘောကိုလိုက်၍ ရေးဆွဲခြင်းဖြစ်သည်။ ပါစပက်တစ်ရေးဆွဲခြင်းသည် ဥရောပပန်းချီစနစ် တစ်ခုဖြစ်သည်။ နံရံ၊ စက္ကူစသည်တို့ကို အနီးအဝေးအလိုက် မြင်ရပုံအတိုင်းရေးဆွဲ ပြသခြင်းဖြစ်သည်။ ပုံစံအားဖြင့် မီးရထားသံလမ်းနှစ်ဘက်သည် မျဉ်းပြိုင်ပြုလုပ်ထားသဖြင့် မည်သည့်အခါမှ သံလမ်းတစ်ဖက်နှင့်တစ်ဖက်သည် တွေ့ဆုံမည်မဟုတ်ချေ။ သို့သော် ရှည်လျားသောမီးရထားလမ်းတစ်လျှောက်ကို လှမ်းမျှော်ကြည့်သည့်အခါ၊ သံလမ်းနှစ်ဘက်တို့သည် အဝေးသို့ရောက်လေ၊ တစ်ဖက်နှင့်တစ်ဖက်နီးကပ်လေဟု ထင်မြင်ရကာ၊ တနေရာတွင် တစ်ဖက်နှင့်တစ်ဖက်တွေ့ဆုံ ကြသည်ဟုထင်မြင်ရသည်။ ထိုပြင် ရှည်လျားဖြောင့်တန်း သောလမ်းတလျှောက်ရှိ အရွယ်တူညီသောသစ်ပင်၊ သို့မဟုတ် ကြေးနန်းတိုင်များကို ကြည့်ပါ။ ကြည့်နေသူနှင့် နီးကပ်သောသစ်ပင် သို့မဟုတ် ကြေးနန်းတိုင်တို့ကို ယင်းတို့၏မူလအရွယ်အစား

ပါစပက်တစ် ရေးဆွဲနည်းအခြေခံ သဘောတရားများကို ထင်ရှားပေါ်လွင်စေသော အနီးအဝေးပြ ရှုခင်းတစ်ခု

www.foreverspace.com.mm

အတိုင်း ကွေ့ရသော်လည်း ကြည့်နေသူနှင့် အလှမ်းကွာ ဝေးသွားလေလေ၊ သစ်ပင်၊ ကြေးနန်းတိုင်တို့သည် ငယ်၍ ငယ်၍သွားတတ်ပြီးလျှင်၊ မျက်စိတဆုံးတနေရာတွင် အ စက်အပြောက်ကလေးများသာဟု ထင်မြင်ရတော့သည်။ ဤကား ပါစပက်တစ်သဘောတည်း။ ဤသဘောအတိုင်း စက္ကူသို့မဟုတ် နံရံစသောအပြားအပြင်ပေါ်တွင် နီးဝေး အမြင်အတိုင်း ရေးဆွဲတင်ပြခြင်းကို ပါစပက်တစ်ရေးဆွဲ ခြင်းဟု ခေါ်လေသည်။

ပါစပက်တစ်ရေးဆွဲခြင်းတွင် စည်းကမ်းဥပဒေသများရှိ သေးသည်။ အရေးပါသောစည်းကမ်းချက်များအနက် အမှတ်တစ်မှာ အလျားလိုက်မျဉ်းတို့သည် ကြည့်နေသူ၏ အဝေးသို့ရောက်သွားလေလေ၊ အပေါ်သို့ထောင်တက်စွေ စောင်းသွားသည်ဟူ၍လည်းကောင်း၊ အောက်သို့လျှော ကျစွေစောင်းသွားသည်ဟူ၍လည်းကောင်း ထင်မြင်ရသည်။ ကြည့်နေသူ၏မျက်စိအမြင်အားဖြင့် မျက်စိနှင့်တစ်ပြေး တည်းရှိနေသည့် မျဉ်းများအနက် အပေါ်ဘက်မှ အလျား လိုက်မျဉ်းများသည် အောက်သို့လျှောက်စွေစောင်း၍၊ အောက်ဘက်မှ အလျားလိုက်မျဉ်းတို့သည် အပေါ်သို့ ထောင်တက်စွေစောင်းတက်လာသည်။ စည်းကမ်းချက် အမှတ်နှစ်မှာ ကြည့်နေသူနှင့် ဝေးလေလေ အပေါ်အောက် မျဉ်းတို့သည် အောက်သို့လည်းကောင်း၊အပေါ်သို့ လည်းကောင်း အသီးသီးပို၍စွေစောင်းသည်။ စည်းကမ်း အမှတ်သုံးမှာ မျဉ်းပြိုင်ဖြစ်နေသော အလျားလိုက်မျဉ်းတို့ သည် ကြည့်နေသူနှင့်ဝေးလေလေ၊ မျဉ်းတစ်ခုနှင့်တစ်ခု နီးကပ်ကာ တစ်နေရာတွင်တွေ့ဆုံကြသည်ဟုထင်ရသည်။ စည်းကမ်းချက် အမှတ်လေးမှာထောင်လိုက်မျဉ်းတို့သည် ကြည့်နေသူနှင့်ဝေးသွားလေလေ၊ ပိုပြီးနိမ့်၍နိမ့်၍ သွားသည် ဟုထင်ရပြီးလျှင်၊ တစ်ခုနှင့်တစ်ခုအကွာအဝေးသည် ပိုပြီး နီး၍နီး၍သွားသည်ဟုထင်ရသည်။ ယင်းတို့ကား ပါစပက် တစ်အခြေခံ သဘောတရားများဖြစ်သည်။ အလျားလိုက် လည်းမဟုတ်၊ ထောင်လိုက်လည်း မဟုတ်သောမျဉ်းများ၊ အရိပ်ထင်ခြင်းများ စသည်တို့နှင့်စပ်လျဉ်းသော စည်းကမ်း ဥပဒေများလည်းရှိသေးသည်။ ဖော်ပြပါ စည်းကမ်းဥပ ဒေများကို အတိအကျဖြစ်စေရန် ဂဏာန်းသင်္ချာနည်းများ နှင့်လည်းတွက်ချက်ယူ၍ရသည်။ သို့သော် ဆိုခဲ့သောစည်း ကမ်းဥပဒေတို့သည် တစ်နေရာတည်းတွင်တည်ငြိမ်စွာ ကြည့်ရှု မြင်ရချက်အတွက်ဖြစ်သည်။ စိုးစဉ်းမျှ နေရာ ပြောင်းလိုက်လျှင်ပင် အမြင်တစ်မျိုး ပြောင်းသွားလေသည်။ ဆိုခဲ့သော ပါစပက်တစ်စည်းကမ်းဥပဒေများကို ထုတ်ခဲ့သူ များကား ၁၅ ရာစုနှစ်ကထင်ရှားသော ပန်းချီကျော်ကြီး များဖြစ်ကြသည့် ဣတာလျံလူမျိုး လီယိုနာဒိုဒါဗင်ချိနှင့် ဂျာမန်လူမျိုး အားဗရက်ဒျူရာတို့ဖြစ်ကြသည်။

ရှေးရှေးခေတ်က ပန်းချီလက်ရာကို ဂူနံရံများ၌ ရှေးဦးစွာ ထင်ရှားခဲ့သူများဖြစ်ကြသော ရှေးအီဂျစ်နှင့် အဆီးရီးယန်း လူမျိုးတို့ကား ပါစပက်တစ်သဘောတရားကို မသိကြသေး ပေ။ ရှေးဂရိနှင့် ရောမလူမျိုးတို့သည်မူ အတော်အတန် သဘောပေါက်လာသည့် အထောက်အထားများ တွေ့ရ သည်။ သို့သော် ဥရောပ အလယ်ခေတ်တွင် ပါစပက်တစ် ရေးဆွဲခြင်းသဘောကို အလေးတမူ အရေးတယူမပြုကြဘဲ မေ့မေ့ပျောက်ပျောက်ထားခဲ့ကြသည်။ ဣတာလျံ ရီနေ ဆွန်းခေတ်တွင်မှ ပါစပက်တစ်သဘောတရားကို ပြန်လည် ဖော်ထုတ်၍ အရေးတယူပြုလာကြသည်။ ဣတာလျံ ပန်းချီကျော်တစ်ဦးဖြစ်သော ကော်ရက်ဂျိုအားလည်းထိုနည်း အတူယူဆကြသည်။ ထိုခေတ်က ပါစပက်တစ်စံနစ် အလွန် ခေတ်စားခဲ့ရာ အချို့ပန်းချီကျော်တို့၏ လက်ရာ ပန်းချီကားတို့မှာ ပါစပက်တစ်သဘောကိုပြသည့် ပန်းချီ ကားမျိုးချည်းသာဖြစ်ခဲ့လေသည်။ ယခုခေတ်တိုင်အောင် ပန်းချီကျော်တစ်ဦးဖြစ်လိုလျှင် အခြေခံသင်ကြားဆည်း ပူး၍ နိုင်နင်းတတ်မြောက်ထားရန်လိုအပ်သော ပန်းချီစနစ် တစ်ခုဖြစ်နေသည်။ သို့သော် ယခုထက်စံနစ်သစ်ပန်းချီ များကိုလေ့လာ လိုက်စားသူတို့အဖို့ကား၊ ပါစပက်တစ် ရေးဆွဲနည်းကို လေ့လာဆည်းပူးရန် လိုအပ်ချင်မှ လိုအပ် ပေမည်။

ပါဏာဗေဒ။ ။ပါဏာဗေဒသည် သတ္တဝါတို့အကြောင်းကို စံနစ်တကျလေ့လာသော သိပ္ပံပညာရပ်ဖြစ်သည်။ ယင်း သည် အပင်နှင့်သတ္တဝါဖြစ်သည့် သက်ရှိတို့အကြောင်းကို ဈေးစမ်းသောဇီဝဗေဒခေါ်သိပ္ပံပညာရပ်ကြီးမှ ခွဲထွက် ဆင်းသက်လာသောပညာနှစ်ရပ်အနက် တစ်ရပ်ဖြစ်၍၊ အခြားပညာရပ်မှာ ရုက္ခဗေဒဖြစ်သည်။ ပါဏာဗေဒပညာကို ခရစ်တော်မပေါ်မီ နှစ်ပေါင်းသုံးရာကျော်လောက်က အယ် ရစ္စတိုတယ်အမည်ရှိ ဂရိပညာရှိကြီးတစဦးက စတင်လေ့ လာခဲ့သည်။ ပါဏာဗေဒအား အနောက်တိုင်းခေါ် ဈေး သြလိုဂျီဟူသောဝေါဟာရမှာ ဂရိဘာသာစကားမှ ဆင်း သက်သော ဝေါဟာရဖြစ်ပေသည်။ ဂရိအလိုအားဖြင့် ဈေးဆိုသည်မှာသတ္တဝါဖြစ်၍၊ လိုဂျီဆိုသည်မှာ လေ့လာ စူးစမ်းခြင်းကိုဆိုလိုသည်။ ထိုကြောင့် ဈေးသြလိုဂျီဟူ သောဝေါဟာရသည် သတ္တဝါတို့အကြောင်းကို လေ့လာခြင်းဟု အဓိပ္ပါယ်ရ၏။

ပါဏာဗေဒပညာသည် ရှေးဂရိခေတ်၊ ရောမခေတ်မှ ၁၆ရာစုနှစ်ကုန်ဆုံးသည်တိုင် တိမ်မြှုပ်ပျောက်ကွယ် လုမတတ် ဖြစ်ခဲ့၏။ ၁၇ရာစုနှစ်သို့ရောက်သောအခါတွင်မူ၊ ဤပညာရပ်သည် ပြန်လည်ထွန်းကားလာရာ၊ သွေးလှည့် လည်ခြင်း အကြောင်းကို အင်္ဂလိပ်လူမျိုး ဝီလျံဟားဗေး

www.forevermyspace.com.mm

ကလည်းကောင်း၊ ခန္ဓာကိုယ်အသေးစိတ် တည်ဆောက်ပုံကို ဘုတာလျံလူမျိုး မာဆယ်လို မာလပီဂျီကလည်းကောင်း အသီးအသီးစတင်တွေ့ရှိ၍ ရေးသားခဲ့ကြ၏။ ဤပါဏာဗေဒပညာရပ်နှင့်အတူ ရုက္ခဗေဒသည်လည်း ထွန်းကားလာခဲ့သည်။ ၁၈ ရာစုနှစ်သို့ရောက်သောအခါ၌ ဆွီဒင်လူမျိုးကယ်ရိုလပ်လင်းနီးယပ်ကတစ်ဖန် သက်ရှိတို့၏ အမျိုးအမည်ကိုခွဲခြားရာတွင် သိပ္ပံစနစ်တစ်မျိုးကိုစတင်တီထွင်အသုံးပြုလေသည်။ သက်ရှိတို့ကိုခွဲခြားသိမှတ်ရန်အတွက် ယင်းအသုံးပြုခဲ့သော စံနစ်မှာ ယနေ့တိုင်အောင် မူမပျက်ဘဲ အသုံးပြုကြရသဖြင့် ပါဏာဗေဒအဆင့်အတန်း အတော်ပင်မြင့်တက်လာသည်ဟုဆိုရပေမည်။ ကယ်ရိုလပ်လင်းနီးယပ်လက်ထက်မှအစပြု၍ ပါဏာဗေဒပညာရပ်သည် အဖက်ဖက်မှ တိုးတက်ထွန်းကားလာခဲ့ရာ အလွန်တရာကျယ်ဝန်းလှသောကြောင့် တိကျနက်နဲစွာ စူးစမ်းလေ့လာနိုင်ရန်အတွက် ပညာရပ်ခွဲအတော်များများ ပေါ်ပေါက်လာလေသည်။ ထိုပညာရပ်ခွဲများ ပေါ်ထွက်လာသည်နှင့်အညီ ပညာရပ်ခွဲ အသီးအသီးအတွက် ကျွမ်းကျင်ထင်ရှားသော ပါဏာဗေဒပါရဂူကြီးများလည်း ပေါ်ပေါက်လာကြသည်။ ယင်းတို့အနက် သန္ဓေဗေဒတွင် ဖွန်ဗေးယားနှင့်ဖရန်စစ်ဗဲလဗော့၊ ခန္ဓာစုကိစ္စဗေဒတွင် ဖွန်ဟောလား၊ ချားဗဲနှင့် ဂျိုဟန်းနက်မူလာ၊ ယှဉ်ပြိုအနာတမီပညာရပ်အတွက် ဂျော့ကူးဗီယေးနှင့် အိပ်ဟပ်စလေး၊ နိခါတကဗေဒအတွက် ချားလိုင်ယဲနှင့်လာမတ် ဆဲလ်ဗေဒအတွက် အမ်၊ ဂျေ၊ ရှလိုင်ဒင်နှင့် သီအိုဒိုရှဗန်း၊ မျိုးရိုးပညာအတွက် ဂရင်ဂါယို ဟန်းမင်းဒဲနှင့် တီအိပ်မော်ဂင်၊ အီဗော်လူးရှင်းပညာအတွက် ချားဒါဝင်နှင့်လာမတ်တို့သည် အသီးသီး ထင်ရှားကျော်စောကြလေသည်။

ဤကဲ့သို့ ပါဏာဗေဒမှ ဆင်းသက်ခွဲထွက်လာသော အခြားပညာရပ်များမှာ မျိုးခွဲပညာ၊ သတ္တဝါ ပထဝီပညာ၊ အီကော်လော်ဂျီပညာမှစ၍ အမျိုးမျိုး ရှိကြသေးသောကြောင့် ပါဏာဗေဒပညာသည် အလွန်တရာကျယ်ဝန်းလာသော သိပ္ပံပညာရပ်ဖြစ်၏။

အထက်ပါ ပါဏာဗေဒပညာရပ်ခွဲများအပြင်၊ သတ္တဝါများကို အစုလိုက် ကဏ္ဍခွဲ၍ လေ့လာသော အင်းဆက်ပိုးမွှားပညာ၊ ငှက်အကြောင်းပညာ၊ နို့တိုက်သတ္တဝါ အကြောင်းပညာ၊ ငါးအကြောင်းပညာ၊ ပိုးကပ်ပါးပညာစသည်ဖြင့်ရှိကြသေး၏။ ထိုမှတစ်ဖန် လူတို့အတွက် တိုက်ရိုက်အကျိုးသက်ရောက်စေသော ပါဏာဗေဒ၏အပြုသိပ္ပံပညာရပ်များချဲ့ထွင်ဖြစ်ပေါ်လာပြန်ရာ ယင်းတို့မှာ အင်းဆက်ပိုးမွှားနှိမ်နင်းသုတ်သင်ရန် သားငါးတိရစ္ဆာန်အမျိုးမျိုးမွေးမြူရန် စသည်တို့အတွက်ဖြစ်ကြပေသည်။

ဒေါက်တာ စောသာမြင့် ပါတော်မူနေ့။ ။မြန်မာလူမျိုးတို့သည် ရှေးအစဉ်အဆက်မှစ၍ လွတ်လပ်သောလူမျိုးအဖြစ် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြင့်နန်းနှင့် နေထိုင်ခဲ့ကြသည်။ ဇာတိမာန်ထက်သန်ပြင်းပြသော လူမျိုးလည်းဖြစ်ခဲ့ကြသည်။ ၁၇ ရာစုမှအစပြု၍ အနောက်တိုင်း၌ နယ်ချဲ့ဝါဒလွှမ်းမိုးလာသောအခါ၊ အရှေ့တိုင်း၏ဘာဝပစ္စည်းများဖြင့်ပေါကြွယ်လှသောနိုင်ငံများသည် အနောက်တိုင်း လက်နက်နိုင်ငံကြီးများအတွက် မက်မောဖွယ်ကောင်းလှသည်။ မက်မောဖွယ်ကောင်းလှသောနိုင်ငံများအနက် မြန်မာနိုင်ငံလည်းပါဝင်ခဲ့သည်။ ထိုကြောင့် အနောက်တိုင်း နိုင်ငံကြီးများသည် မြန်မာနိုင်ငံအားသိမ်းပိုက်ရန် မျက်စောင်း ထိုးနေခဲ့ကြသည်။ သို့သော်ဗြိတိသျှတို့က အကြီးကာလ လက်မြန်ခဲ့သည်။ လက်နက်အင်အား လူအင်အားချင်း မမျှသည့်ပြင်၊ မြန်မာနိုင်ငံအား သုံးကြိမ်တိုက်ယူမှတစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်ခဲ့လေသည်။

ပဌမအကြိမ်တိုက်ခိုက်စဉ်က ရခိုင်နှင့်ရေး၊ မြိတ်၊ ထားဝယ်တို့ကိုသိမ်းပိုက်သည်။ ဒုတိယအ ကြိမ်တိုက်ခိုက်သောအခါ ဟံသာဝတီပဲခူးတိုင်းစသောမြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်သည်။ နောက်ဆုံးဖြစ်သောတတိယအကြိမ်တွင် မြန်မာနိုင်ငံအထက်ပိုင်းကို သိမ်းပိုက်လေရာ၊ ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလပြည့် ကျော် ၈ ရက် တနင်္ဂနေ့တွင် မြန်မာဘုရင် သီပေါမင်း တရားသည် ဗြိတိသျှစစ်ဗိုလ်ဂျင်နရယ်ပရင်ဒါဂတ်အား ထီးကြင့်နန်းနှင့်နိုင်ငံကိုပါ အပ်ရလေတော့သည်။ (မန္တလေးနန်းတော်ဥယျာဉ်အတွင်း၌ ဘုရင်မင်းမြတ်က ဂျင်နရယ်ပရင်ဒါဂတ်အား နန်းအပ်သောနေရာတွင်ဗြိတိသျှတို့ကနန်းအပ် အထိမ်းအမှတ်ကျောက်တိုင်စိုက်ထူထားခဲ့သည်။) ထိုနေ့ထိုရက်သည်ကား မြန်မာတို့ထီးကျိုးစည်းပေါက်၊ နိုင်ငံပျောက်ခဲ့ရသောနေ့ကြီးဖြစ်သည်။ မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီးတို့သည် ရတနာပုံနေပြည်တော်မှ သူရိယခေါ်သင်္ဘောဖြင့် ဗြိတိသတို့ခေါ်ဆောင်ရာ အိန္ဒိယနိုင်ငံသို့ ပါတော်မူကြရရှာလေသည်။ တိုင်းတစ်ပါး၏စိုးမိုးမှုကို မခံယူတတ်သောနိုင်ငံသူနိုင်ငံသားအပေါင်းတို့သည် မိမိတို့၏အရှင်သခင်များနှင့် ခွဲခွါရသဖြင့် သည်းအူပြတ်မျှ ငိုရှိုက်လှိုက်ဖိုဂရတက်မအေးတနိုင်ငံလုံးပူဆွေးခဲ့ရသောနေ့ရက်ပေတည်း။

မြန်မာတိုင်းရင်းသားတို့သည် ဇာတိမာန်ထက်သန်ကြသည့်အတိုင်း၊ တိုင်းတပါး၏ စိုးမိုးမှုလက်အောက်မှ လွတ်မြောက်ရန် အမျိုးမျိုးရုန်းကန်ခဲ့ကြသည်။ ရုန်းကန်မှုကို အားပေးတိုက်တွန်းသူများ ဦးဆောင်သူများလည်း အများအပြား ပေါ်ထွက်ခဲ့ကြသည်။ ယင်းသို့ ရုန်းကန်ကြရာ၌ မိမိတို့၏သမိုင်းဖြစ်စဉ်ကို သတိရစေခြင်းဖြင့် ဇာတိသွေးဇာတိမာန်တို့ နိုးကြားထ

www.foreverspace.com.mm



သီပေါဘုရင် အင်္ဂလိပ်စစ်တပ်အခြေအရံဖြင့် မြတောင်ကျောင်းတိုက်သို့ရောက်စဉ်

ကြွအောင် လှုံ့ဆော်ပေးမှုကိုလည်း ပြုကြသည်။ ယင်းသို့ လှုံ့ဆော်ပေးမှုတွင် မြန်မာတို့၏ဦးစွန်းဖြစ်သော သီပေါဘုရင်နှင့်မိဖုရားခေါင်ကြီးတို့အား ကြက်ငယ်ငှက်ငယ် ဖမ်းသကဲ့သို့ ဖမ်းကာ၊ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်သည့်အချက်ကို ဝိသေသပြုသော ပါတော်မူနေ့ကျင်းပခြင်းသည် လွတ်လပ်ရေးမြတ်နိုးသူတိုင်း၏ စိတ်ကို ထိခိုက်စေခဲ့သည်။ မိမိတို့၏အရှင်သခင်များ ပါတော်မူရသည်ကို ဝမ်းနည်းမိသောသူတို့သည် နယ်ချဲ့မှုတို့ကို စိတ်နာကာ၊ နယ်ချဲ့စနစ်ကိုတော်လှန်ရန်ကြိုးပမ်းလာကြသည်။ ထိုကြောင့် ပါတော်မူနေ့သည် နယ်ချဲ့တို့အားတော်လှန်၍ လွတ်လပ်ရေးကြိုးပမ်းရန် ဇာတိသွေးကို နှိုးဆွပေးသောအထိမ်းအမှတ် နေ့တနေ့ဖြစ်လေသည်။

ပါတော်မူနေ့ကျင်းပရေးကို စတင်လှုံ့ဆော်ပေးသူမှာ ထိုစဉ်က မြန်မာ့အလင်းသတင်းစာ၏ သတင်းထောက်ကြီးတစ်ဦးလည်း ဖြစ်၍၊ အမျိုးသားသူနာပြုတပ်၏ ဗိုလ်ချုပ်ကြီးလည်းဖြစ်သော ဦးဘနှင်းဖြစ်သည်။ ဦးဘနှင်းသည် မြန်မာတို့ ထီးနန်းကွယ်ပျောက်ရသော နေ့ကို အမှတ်တရ အထိမ်းအမှတ် နေ့အဖြစ်ကျင်းပရန် စတင်လှုံ့ဆော်ပေးခဲ့သည်။ ပါတော်မူနေ့ကို အထိမ်းအမှတ်နေ့တစ်ခု အဖြစ်ထား၍ ကျင်းပခြင်းကို ပါတော်မူသည့်နှစ် အနှစ်ငါးဆယ်မြောက်ဖြစ်သော ၁၂၉၇ ခုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့ (၁၉၃၅ ခုနှစ် နိုဝင်ဘာလ)မှ စတင်ခဲ့လေသည်။ ဦးဘနှင်းနှင့် သူနာပြုတပ်သားများက ဦးဆောင်သော ပဌမဆုံးပါတော်မူနေ့အထိမ်းအမှတ်ပွဲကို ဆိုခဲ့သောနေ့၊ နံနက် ၈နာရီ ၈မိနစ်အချိန်တွင် ကျင်းပခဲ့သည်။ (တန်ဆောင်မုန်းလမှာ မြန်မာနှစ်၏ ရှစ်ခုမြောက်ဖြစ်၍ ပါတော်မူသည်မှာ လပြည့်ကျော် ၈ ရက်ဖြစ်သဖြင့် တစ်ညီတစ်ညွှတ်ဖြစ်စေရန် ၈နာရီ ၈မိနစ်အချိန်တွင် ကျင်းပသည်ဟုဆိုသည်။) ကျင်းပပုံမှာ အရှင်နှစ်ပါး ဗြိတိသျှတို့ လက်သို့ပါတော်မူရခြင်းကို ဝမ်းနည်းသော အထိမ်းအမှတ်အဖြစ် အလံတစ်ဝက်တင်ခြင်း၊ နှစ်မိနစ်ငြိမ်သက်စွာနေခြင်း၊ သက်တော် ၅၈ နှစ်တွင် အိန္ဒိယနိုင်ငံ ရတနာဂိရိမြို့၌ နတ်ရွာစံတော်မူရရှာသော နောက်ဆုံးမြန်မာဘုရင်သီပေါမင်းတရားအားရည်စူး၍ သံဃာတော် သက်စေ့ဆွမ်းကပ်လှူဒါန်းကာ အမျှပေးဝေခြင်း၊ ဇာတိမာန်တက်ကြွစေ၍၊ အမျိုးသားစိတ်နှိုးဆွပေးသော တရားဟောပွဲများကို ပြုလုပ်ခြင်းတို့ ဖြင့်ကျင်းပလေ့ရှိသည်။ ဦးဘနှင်း၏ နှိုးဆော်ချက်အရ မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့များတွင်လည်း ပါတော်မူနေ့ကျင်းပခဲ့ကြသည်။

ယင်းသို့ဖြင့် ပါတော်မူနေ့ကို မြန်မာသက္ကရာဇ် ၁၂၉၇ (၁၉၃၅)ခုနှမှ အစပြု၍ကျင်းပခဲ့ရာ၊ နောင်အခါတွင် စစ်မဖြစ်မီကာလတိုင်အောင် တို့ဗမာအစည်းအရုံးစသောအဖွဲ့အစည်းများကဦးဆောင်၍ သိုက်သိုက်ဝန်းဝန်းကျင်းပခဲ့သည်။ စစ်ပြီးကာလပြည်ထောင်စုခေတ်တွင်လည်း ဇာတိ

www.foreverspace.com.mm

မာန်တက်ကြွစေ၍ လွတ်လပ်ရေးစိတ်ဓာတ် နှိုးဆွပေးခဲ့သောနေ့တစ်နေ့အဖြစ် အဖွဲ့အစည်းအချို့က ကျင်းပမြဲ ကျင်းပခဲ့ကြလေသည်။

ပါဒဲရက်စကီအီနားဆီယန်(ခရစ် ၁၈၆၈–၁၉၄၁)။ ။

ဆီနားဆီယန်ပါဒဲရက်စကီသည် ပိုလန်နိုင်ငံသား စန္ဒရားနှင့်ဂီတဆရာဖြစ်သည်။ ဂီတအနုပညာနှင့် မွေ့လျော်သူတစ်ဦးပင် ဖြစ်သော်လည်း၊ ပိုလန်နိုင်ငံ၏ လွတ်လပ်ရေးကို ဆောင်ကြဉ်းပေးခဲ့သော နိုင်ငံရေးခေါင်းဆောင်လည်း ဖြစ်သည်။

ပါဒဲရက်စကီသည် ယခုယူကရိန်းနယ်ထဲ၌တည်ရှိနေသောပိုဒိုးလီယာမြို့တွင် မွေးဖွားသည်။ အသက် ၆နှစ်သားအရွယ်ကပင်လျှင် စန္ဒရားအတီးသင်ရာ၊ အရွယ်နှင့်မလိုက်အောင်ပညာစွမ်းထက်ခဲ့သည်။ ထိုနောက် အသက် ၁၇နှစ်အရွယ်ကစ၍ ပိုလန်နိုင်ငံဝါဆောမြို့၌လည်းကောင်း၊ ပြင်သစ်နိုင်ငံ စထရပ်ဇူးမြို့၌လည်းကောင်း၊ ဟန်ဂေရီနိုင်ငံ ဗီယင်းနားမြို့၌လည်းကောင်း စန္ဒရားအတတ်ကိုသင်ယူ၍၊ ဥရောပတိုက်နှင့်အမေရိကန်ပြည်ထောင်စုတို့သို့ လှည့်လည်ကာ စန္ဒရားတီးပြခဲ့ရာ၊ လွန်စွာနာမည်ကျော်ကြားခဲ့သည်။ ၁၈၉၇ခု၌ ပါဒဲရက်စကီသည် ဆွစ်ဇာလန်နိုင်ငံတွင် အိုးအိမ်တည်ထောင်နေထိုင်သည်။

ပဌမ ကမ္ဘာစစ်အတွင်း၌ ပါဒဲရက်စကီသည် ပိုလန်စစ်ဒုက္ခသည်တို့ကို ကယ်ဆယ်သောလုပ်ငန်း၌လည်းကောင်း၊ ပိုလန်စစ်သည်စုဆောင်းရေးလုပ်ငန်း၌လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထိုလုပ်ငန်းတို့အတွက် ငွေကြေးလိုနေပါက ပါဒဲရက်စကီသည် စန္ဒရားတီးပွဲကျင်းပ၍ ရန်ပုံငွေစုဆောင်းလေ့ရှိသည်။ မူလက မျိုးချစ်စိတ်ဓာတ်ခံရှိသူဖြစ်ရာ၊ အခြေအနေအရ တစ်စတစ်စနှင့်ကမ္ဘာနိုင်ငံရေးထဲသို့ ဝင်ရောက်လာခဲ့ရလေသည်။ စစ်ပြေငြိမ်းသောအခါ၊ ပါဒဲရက်စကီသည် ဗာဆော(ငြိမ်းချမ်းရေးညီလာခံနှင့်) နိုင်ငံပေါင်းချုပ်အသင်း၌ ပိုလန်နိုင်ငံ၏ကိုယ်စားလှယ်တော်အဖြစ်ဖြင့်ဆောင်ရွက်ခဲ့၏။ ထိုနောက် ပိုလန်သမ္မတနိုင်ငံသစ်ကို တည်ထောင်သောအခါ ပါဒဲရက်စကီသည် ထိုနိုင်ငံ၏ ပဌမဆုံးသောဝန်ကြီးချုပ်အဖြစ်ဖြင့် နိုင်ငံခြားရေးဌာနကိုပါ ပူးတွဲ၍ ဆောင်ရွက်ခဲ့ရလေသည်။ သို့ရာတွင် ၁၀လမျှကြာသောအခါ အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ရသည်။

၁၉၂၂ခုနှစ်တွင် ပါဒဲရက်စကီသည် အမေရိကန်ပြည်ထောင်စု၌လှည့်လည်၍ စန္ဒရားတီးပွဲများကျင်းပသည်။ ထိုတီးပွဲများအကြိမ် ၆၀ မျှကျင်းပရာ၊ ဒေါ်လာငွေပေါင်း ၄၆၀၀၀၀မျှရသောဟူ၏။ ရသမျှကြေးငွေတို့ကို ပိုလန်နိုင်ငံကြီးပွားတိုးတက်မှုအတွက် သုံးစွဲခဲ့၏။ ၁၉၃၉ခုနှစ် အမေရိကန်ပြည်ထောင်စု၌ အလားတူလှည့်ခဲ့ရာ၊ စန္ဒရား

နာမည်ကျော် ပိုလန်ဂီတပညာရှင် အီနားဆီယန် ပါဒဲရက်စကီ

တီးပွဲကြီးတစ်ခုတွင် နှလုံးရောဂါကြောင့် ရုတ်တရက်မကျန်းမာဖြစ်လာရကား၊ အနားယူ၍ ဆွဇာလန်နိုင်ငံသို့ ပြန်လေသည်။ ဒုတိယကမ္ဘာစစ်အတွင်း၌ ဂျာမနီနိုင်ငံက ပိုလန်နိုင်ငံကို ကျူးကျော်လာသည်တွင် ပိုလန်စစ်ပြေးအစိုးရ၏ ပါလီမန်ဥက္ကဋ္ဌအဖြစ်ဖြင့်ဆောင်ရွက်ခဲ့ရပြန်သည်။ ၁၉၄၀ပြည့်နှစ်၌ကား ကာလီဖိုးနီးယားပြည်နယ်တွင် အခြေစိုက်၍ အငြိမ်းစားနေထိုင်ရန်အလို့ငှါ အမေရိကန်ပြည်ထောင်စုသို့လာခဲ့သည်။ ထိုနောက်များမကြာမီ နယူးယောက်မြို့၌ ကွယ်လွန်သည်။

ပါရာဆိုက်။ ။ပါရာဆိုက်သည် သက်ရှိဖြစ်သော်လည်း သူ၏အသက်တည်တံ့ရန်အလို့ငှါ အခြားသက်ရှိတို့အပေါ်၌ မှီခိုရှိနေရသည် ဇီဝဗေဒအလိုအားဖြင့်သက်ရှိတွင် အပင်နှင့်တိရစ္ဆာန်များ အကျုံးဝင်ကြသည်။ (ဇီဝဗေဒ–ရှု။) ပါရာဆိုက်ကို ကပ်ပါးဟူ၍ အဓိပ္ပါယ်ယူဆနိုင်ပေသည်။ အများအားဖြင့် ပါရာဆိုက်တို့သည် မိမိတို့အားလက်ခံသော သက်ရှိများကို ဘေးဥပဒ်ပြုတတ်ကြသည်။

ပါရာဆိုက်တို့တွင် အပင်ပါရာဆိုက်နှင့် အကောင်ပါရာဆိုက်ဟူ၍ ၂ မျိုး ရှိသည်။ အကောင်ပါရာဆိုက်တို့သည်

ပါရာအိုက်

ပါရစ်မြို့

www.foreverspace.com.mm

အိမ်မွေးတိရစ္ဆာန်များကို ဘေးအန္တရာယ် ပြုတတ်ကြသည်။ ထို ပါရာဆိုက်များသည် အရေပြားကို ယားယံစေတတ်၍ ယွေးကိုလည်းစုပ်ယူကြသည်။ ထိုပြင် ဝမ်းတွင်းအစိတ်အပိုင်း၌လည်းစွဲကပ်ကြပြီးလျှင်၊ ရောဂါပိုးများကို ကိုယ်ခန္ဓာတွင်းသို့ သယ်ဆောင်တတ်ကြသည်။ ရောဂါပိုးများသည် ပါရာဆိုက်တို့ကိုက်ထားသော အနာများမှဖြစ်စေ၊အခြားအပေါက်များမှဖြစ်စေ ကိုယ်ခန္ဓာထဲသို့ဝင်ရောက်နိုင်ကြသည်။

မွှား၊ သန်းနှင့်အလေးတို့သည် လူသိများသောသွေးစုပ်ပါရာဆိုက်များ ဖြစ်ကြသည်။ ကမျည်းနီခေါ် အလွန်သေးငယ်သော ပိုးကောင်သည် အရေပြားထဲသို့ ဖောက်ထွင်းဝင်ရောက်၍၊ယားနာအမျိုးမျိုးကိုဖြစ်စေတတ်သည်။ မြင်း၏ဦးနှောက်ထဲ၌ပင် ပါရာဆိုက်များကို တွေ့ရသည်။ အချို့ပါရာဆိုက်မျိုးသည် ယင်းတို့ကိုလက်ခံသော တိရစ္ဆာန်များပေါ်၌ ၃ ဥတတ်ကြသည်။ ထိုဥများမှ ပေါက်လာသော အကောင်ကလေးများသည် ယင်းတို့ကိုလက်ခံသောတိရစ္ဆာန်အား အစာအတွက်မှီခိုရှိ၍ ကြီးထွားလာကြရသည်။ လက်ခံတိရစ္ဆာန်များသည် ကိုယ်တွင်း၌ရောက်နေသော ပါရာဆိုက်များကြောင့် ရောဂါအမျိုးမျိုးကိုရရှိကြသည်။ ပုံပမာ–တုတ်ပြားနှင့် တြစ်ခိုက်နသန်ကောင်တို့သည် လက်ခံတိရစ္ဆာန်များ၏ အူမနှင့်အစာအိမ်တို့တွင် မှီတင်းနေကြပြီးလျှင် ထိုလက်ခံ တိရစ္ဆာန်များကို ဘေးပြုကြသည်။

ပြင်ပ၌တွေ့ရသော ခြင်ကောင်၊ ယင်ကောင်၊ ကြမ်းပိုး၊ သန်း၊ အလေး၊ ကမျည်းနီကောင်စသောအကောင်ပါရာဆိုက်များသည်လည်း လူကိုအန္တရာယ်ပြုတတ်ကြသည်။ ခြင်ကြောင့် ငှက်ဖျားရောဂါ၊ အဝါဖျား၊ ဆင်ခြေထောက်ကဲ့သို့သော ရောဂါများဖြစ်သည်။ လူ့ကိုယ်ခန္ဓာ၌ စွဲကပ်နေတတ်သောသန်းကြောင့် တိုက်ဖတ်ရောဂါ ကူးစက်ပြန့်ပွားသည်။ ကြွက်တွင်တွေ့ရသောအလေးကြောင့် ဘင်ထွက်ပလိပ်ရောဂါကူးစက်ပြန့်ပွားသည်။ ထိုပြင် အကောင်ပါရာဆိုက်တို့သည် အရေပြားကို ယားယံစေတတ်၍ ပြည်တည်နာများကိုလည်းဖြစ်စေနိုင်သည်။ လူနှင့်တိရစ္ဆာန်တို့၏ကိုယ်ခန္ဓာထဲတွင်တွေ့ရတတ်သောပါရာဆိုက်များမှာ တုတ်ပြား၊ ချိတ်သန်၊ တြစ်ခိုင်းနစသောအကောင်များဖြစ်သည်။ ထိုပါရာဆိုက်တို့သည် အူမနှင့် အစာအိမ်များ ထဲသို့ဝင်ရောက်၍ အစာနှင့်သွေးကိုစားသောက်ပြီးလျှင်၊ လူကိုလည်းကောင်း၊ တိရစ္ဆာန်ကိုလည်းကောင်းဒုက္ခပေး ကြသည်။

အပင်များကိုဖျက်ဆီးသော ပျ၊ ပေါက်ဖတ်ကဲ့သို့သော အကောင် ပါရာဆိုက်များလည်းရှိသေးသည်။ ထိုပြင် ပိုးအချင်းအချင်း ပါရာဆိုက်လုပ်တတ်သောအင်းဆက်ပိုးများလည်းရှိသည်။ ထိုအင်းဆက်ပိုးမျိုးသည် လူတို့အား အန္တရာယ်ပြုတတ်သော အခြားအင်းဆက်ပိုးများကို ဖျက်ဆီးပစ်ခြင်းဖြင့် လူ့အကျိုးကိုဆောင်ကြသည်။ ဤလူ့အကျိုးဆောင်ပါရာဆိုက်များ ပြန့်ပွား၍လာအောင် သိပ္ပံပညာရှိများသည် ကြိစည်ကြိုးစားလျက်ရှိကြသည်။

တိရစ္ဆာန်လောကဌ၌သာ ဘေးပြုတတ်သောပါရာဆိုက်များရှိသည်မဟုတ်။ အပင်လောကဌ၌လည်း ဘေးပြုသောအပင်ပါရာဆိုက်များရှိလေသည်။ မှိုမျိုးသည် အပင်ဌ၌လည်းကောင်း၊ တိရစ္ဆာန်ဌ၌လည်းကောင်း ရောဂါအမျိုးမျိုးကို ဖြစ်စေတတ်သည်။ ပွေးနာသည် မှိုနခေါ် မှိုများကြောင့်ဖြစ်ရသည်။ ဆဲတစ်ခုတည်းပါရှိသော ဗက်တီးရီးယားခေါ် အပင်ကလေးများသည် အများအားဖြင့် ပါရာဆိုက်များဖြစ်ကြ၍၊ အပင်နှင့်တိရစ္ဆာန်တို့တွင် ရောဂါအမျိုးမျိုးကိုဖြစ်စေတတ်သည်။

ပါရာဆိုက်မဟုတ်သော်လည်း၊ ပါရာဆိုက်သဘောမျိုးသက်ရောက်သောအကောင်များရှိသည်။ ပုံပမာ–ပိုင်းလော့ခေါ်ငါးတစ်မျိုးသည် ငမန်း၏ကိုယ်အောက်ဖက်ဌ၌ တွယ်ကပ်နေထိုင်ပြီးလျှင် ငမန်းပါးစပ်မှဖိတ်စဉ်ကျသောအစာများကိုစားသည်။ ထိုငါးသည် ငမန်းကို ဘေးမပြုတတ်သည့်ပြင်၊ မိမိဖာသာလည်း လွတ်လပ်စွာအစာရှာ၍ အသက်မွေးနိုင်သည်။ ဤသို့ တစ်ဦးအား မိမိအကျိုးငှါ မှီခိုနေထိုင်ခြင်းကို ကွန်မင်ဆဲလစ်ဇင်ဟူ၍ ခေါ်သည်။

နှစ်ဦးနှစ်ဝ အကျိုးငှါ တစ်ဦးကိုတစ်ဦး အပြန်အလှန် မှီခိုနေထိုင်ခြင်းမျိုးလည်း ရှိသည်။ ပုံပမာ–အနဲမနီးကောင်လိုက်ပါလျက်ရှိသောကြောင့်၊ ရန်သူများကို ဖယ်ရှားပစ်နိုင်ပေသည်။ ဤသို့တစ်ဦးကိုတစ်ဦး အပြန်အလှန် မှီခိုနေထိုင်ခြင်းကို ဆင်ဗိုင်အိုစစ်ဟူ၍ ခေါ်သည်။ (ဆင်ဗိုင်အိုစစ်–ရှု။)

ပါရစ်မြို့။ ။ပါရစ်မြို့သည် ပြင်သစ်နိုင်ငံ၏မြို့တော်ဖြစ်သည်။ စိန်းမြစ်ပေါ်တွင်တည်ရှိ၍၊ ပင်လယ်မှ မိုင် ၁၁၀မျှ သာဝေးကွာသည်။ စာပေနှင့်သုခုမအနုပညာရပ်တို့အပြင် အခြားပညာရပ်များ ထွန်းကားရာဗဟိုဌာနဖြစ်သည်။ လူဦးရေ ၂၈ သိန်းခန့်ရှိ၍၊ ကမ္ဘာပေါ်ရှိအလှပဆုံး မြို့များထဲတွင်ပါဝင်လေသည်။ ၁၉ နှင့် ၂၀ ရာစု နှစ်များအတွင်းတွင် မြို့ကိုအသစ်ပြန်လည်တည်ဆောက်ခဲ့သော ကြောင့် ၁၇ရာစုနှစ်ထက်ရှေးကျသောအဆောက်အ အုံဟောင်းများမှာ အနည်းငယ်သာကျန်ရစ်သည်။ ထင်ရှားသောအဆောက်အအုံများမှာ ၁၂ ရာစုနှစ်အတွင်း ကတည်ဆောက်သော နိုထရာဒမ်ကသီဒရယ်ဘုရား ရှိခိုးကျောင်း (ခရစ် ၁၁၆၃–၁၂၄၀)၊ ကမ္ဘာပေါ်တွင်အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သော လူးဗရအနုပညာပြတိုက်၊ လပ်ဇင်ဗတ်နန်းတော်နှင့်ဥယျာဉ်၊ နဝမ လူဝီဘုရင်၏နန်းတော်၊ ပြင်သစ် မျိုးချစ်ပုဂ္ဂိုလ်တို့အား မြှုပ်နှံသင်္ဂြိုဟ်ရာ ပြင်သစ်အာဇာနည်ဗိမာန်၊

၂၈၇

www.foreverspace.com.mm

ပါရစ်မြို့ရှိ ၉၈၄ ပေမြင့်သော အက်ဖယ်တာဝါခေါ် သံမျှောင်စင်ကြီး

နပိုလယန်၏သခ္ခိုင်းဂူနှင့် စစ်ဘက်ဆိုင်ရာပြတိုက်ရှိသော စစ်သားများဂေဟာ စသည်တို့ဖြစ်လေသည်။ ထိုပြင် အနုပညာစာပေနှင့် အခြားပညာရပ်များကိုပို့ချရာ ပါရစ်ဆော်ဗန်းတက္ကသိုလ်သည် ပါရစ်တက္ကသိုလ်အဖြစ်ဖြင့်ထင်ရှားကျော်စောသည်။ (ဆော်ဗန်း–ရှု။)၉၈၄ပေမြင့်သော အက်ဖယ်တာဝါခေါ် သံမျှောင်စင်ကြီးတစ်ခုလည်းရှိ၏။ ထိုမျှောင်စင်ကို ဝိုင်ယာလက်ရုံအဖြစ်ဖြင့်လည်းကောင်း၊ လောကဓာတ်ပညာရပ်များလေ့လာကြည့်ရှုရန် နေရာအဖြစ်ဖြင့်လည်းကောင်း၊ အရပ်သူအရပ်သားတို့က ပါရစ်မြို့ ရှုမျှော်ခင်းကိုကြည့်ရှုရန် မျှော်စင်အဖြစ်ဖြင့်လည်းကောင်း အသုံးပြုသည်။ ကင်းဝန်မင်းကြီး၏ မှတ်တမ်းတို့တွင် အောင်မှတ်ဟုဖော်ပြထားသော အာ့ဒါထရီယွန့်သည် ပြင်သစ်စစ်သည်တို့ အောင်မြင်မှုကိုအထိမ်းအမှတ်ပြုသော ကျောက်ဖြင့်ပြီးသည့်မှတ်ဖြစ်သည်။ ပါရစ်မြို့ပတ်လည်၌ရှိသော ၂၂ မိုင်မျှ ရှည်လျားသည့်မြို့ရိုးကား ယခုမရှိတော့ပြီ။ နံဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်များစီ၍စိုက်ထားသော လမ်းမကျယ်ကြီးသည်သာ မြို့ကို ရစ်ဝိုင်းလျက်ရှိတော့၏။ ထိုလမ်းမကြီးသည် အထူးလှပ၍၊ မြို့တော်ကြီး၏ ကျက်သရေကို ဆောင်လျက်ရှိပေ၏။ လူနေအိမ်နှင့် အခြားအဆောက်အအုံများသည် ယေဘုယျအားဖြင့် လွန်စွာမမြင့်လှချေ။ ပြည်သူ့အဆောက်အအုံများ၊ ပန်းခြံများနှင့် တန်ဆာများကို လှပသောရုပ်လုံးများ၊ ကျောက်ရုပ်များနှင့် တန်ဆာဆင်ထားလေသည်။

စိန်းမြစ်သည် မြို့ကိုဖြတ်၍စီးလျက်ရှိရာ၊ ထိုမြစ်ကို လှပသောတန်တား ၃၀ ကျော်ဖြင့် ပေါင်းကူးထားသည်။ မြစ်မြောက်ဘက်တွင် အရောင်းအဝယ်စည်းကားသော ရပ်ကွက်နှင့် လူချမ်းသာများ နေထိုင်သောရပ်ကွက်များရှိ၏။ မြစ်၏တောင်ဘက်၌ လက်တင်ရပ်ကွက်ရှိ၏။ ထိုအရပ်မှာ ပါရစ်တက္ကသိုလ်ရှိသောအရပ်ဖြစ်ရာ၊ ရှေးခေတ်က ပညာရပ်အားလုံးကို လက်တင်ဘာသာဖြင့် သင်ဖူးသည်ကို အစွဲပြု၍၊ လက်တင်ရပ်ဟုခေါ်တွင်လေသည်။

ပါရစ်မြို့၏ အရောင်းအဝယ်လုပ်ငန်း၌ ကျောက်မျက်ရတနာ၊ အမွေးအကြိုင်၊ အဖိုးတန်ဂါဝန်အဝတ်အစားများ၊ အထည်ဆန်းများနှင့်အခြား အလှကုန်ပစ္စည်းများကို အဓိကထား၍ရောင်းဝယ်ကြသည်။ ပါရစ်မြို့သည် အဝတ်တန်ဆာအဆင်နှင့်ပုံဆန်းများပေါ်ထွက်ရာဗဟိုဌာနဖြစ်၍၊ ပါရစ်မြို့မှ အသစ်အဆန်းထွင်လိုက်သောပုံစံနှင့်အဆင်များကို တကမ္ဘာလုံးရှိ အထည်ကုန်သည်များက အမြဲအာရုံစူးစိုက်လျက်ရှိကြရ၏။ ပါရစ်မြို့သည် ပြင်သစ်နိုင်ငံတွင် ငွေးကြေးကိစ္စအရပ်ရပ်ကို ဆောင်ရွက်သောဗဟိုဌာနဖြစ်သဖြင့် ဘဏ်တိုက်ကြီးများ၊ ကုန်တိုက်ကြီးများရှိ၏။ ပဌမကမ္ဘာစစ်ကြီးအတွင်းမှစ၍ ဆင်ခြေဖုံးတွင် ခဲယမ်းလက် နက်ရုံအမြောက်အမြားပေါ်ပေါက်ခဲ့၏။ ပါရစ်မြို့သည် ပြင်သစ်နိုင်ငံ၏ အရောင်းအဝယ်အလုပ်အကိုင်ဗဟိုဌာနဖြစ်သည့်အတိုင်း၊ ထိုမြို့၏စက်မှုလုပ်ငန်းများမှာ သတ္တုထည်လုပ်ငန်း၊ ဓာတုဗေဒနှင့်ဆေးဝါးဆိုင်ရာလုပ်ငန်း၊ သားရေလုပ်ငန်း၊ ဖန်ဗူးဖန်ခွက်လုပ်ငန်း၊ ဆေးတံသောက်ဆေးနှင့်စီးကရက်လုပ်ငန်း၊ အစားအစာလုပ်ငန်းနှင့်အလှကုန် လုပ်ငန်းများသည် အဓိကဖြစ်သည်။ ထိုလုပ်ငန်းတို့မှ ထွက်ကုန်များကို ပါရစ်မြို့မှ ကမ္ဘာအရပ်ရပ်သို့တင်ပို့ ရောင်းချရသည်။

ခရစ်တော်လက်ထက်က ပါရစ်မြို့ကို လူတီးရှားမြို့ဟုခေါ်သည်။ ပါရီစီလူမျိုးများကိုစွဲ၍ ပါရစ်မြို့ဟုခေါ်တွင်ခဲ့ရာ၊ ၁၂ရာစုနှစ်အတွင်းမှစ၍ ပြင်သစ်နိုင်ငံ၏မြို့တော်ဖြစ်လာ၏။ ဖီလစ်အော်ဂပ်စတပ်၊ နဝမလူဝီ၊ စတုတ္ထဟင်နရီ စသောဘုရင်များသည် လှပသောနန်းတော်များနှင့် အထိမ်းအမှတ်ကျောက်တိုင်များကို ဆောက်လုပ်ကြ၏။ သို့ရာတွင် ပါရစ်မြို့ကို အလှဆုံးနှင့်အခမ်းအနားဆုံးမြို့ကြီးတစ်မြို့အဖြစ်ပြောင်းလဲလိုက်သူမှာ နပိုလီယန်ဗိုနာပတ်၏တူဖြစ်သောတတိယနပိုလီယန်ဘုရင်ဖြစ်၏။ ထိုဘုရင်သည် လမ်းများ၊ တန်တားများ၊ ပေါင်းကူးများ၊ သင်္ဘောဆိပ်တန်တားများများ၊ ပန်းဥယျာဉ်များ၊ ကစားကွင်းများ၊

www.foreverspace.com.mm

ပါရစ်မြို့၏ ကျက်သရေဆောင် အာဒါထရီယွန့်ခေါ် အောင်မှတ်သည် မြို့လယ်တွင် ထင်ရှားစွာ တည်ရှိသည်။

လှပသော တန်တား ၃၀ ကျော်ဖြင့် ပေါင်းကူးထားကာ ပါရစ်မြို့ကိုဖြတ်၍စီးသော စိန်းမြစ်၏ ရှုခင်းတစ်ရပ်

www.foreverspace.com.mm

ဈေးခင်းများစသည်တို့ ခေတ်အမီဆုံးဖြစ်စေရန် သူ့နေရာနှင့်သူ့ စီမံဆောက်လုပ်စေခဲ့၏။

ပဌမကမ္ဘာစစ်အတွင်း၌ ပါရစ်မြို့ကို ဂျာမန်တို့က လေကြောင်းမှဗုံးကြဲတိုက်ခိုက်၍၊ အဝေးပစ်အမြောက်ကြီးများနှင့် ပစ်ခတ်ခြင်းတို့ကြောင့်၊ အဆောက်အအုံပေါင်းများစွာ ပျက်စီးခဲ့လေသည်။ ဒုတိယကမ္ဘာစစ်ဖြစ်သောအခါ၊ ပါရစ်မြို့သည် ၁၉၄၀ ပြည့်နှစ် ဇွန်လ ၃ရက်နေ့တွင် အပြင်းအထန်ဗုံးကြဲတိုက်ခိုက် ခြင်းခံရ၏။ မြို့တော်ပျက်စီးမည်ကို စိုးရိမ်သဖြင့် ပြင်သစ်အစိုးရကမြို့ကို အကာအကွယ်မဲ့မြို့အဖြစ် ကြေညာလေသည်။ မဟာမိတ်တပ်တို့ကလည်း မြို့တောင်ဘက်ကိုဆုတ်ခွာပေးသည်။ သို့ဖြင့် နောက်တနေ့၌ ဂျာမန်တပ်များကမြို့တော်ကို သိမ်းပိုက်လိုက်ကြလေသည်။ ၁၉၄၄ခုနှစ်တွင် ပြင်သစ်နိုင်ငံကို မဟာမိတ်တပ်များဝင်ရောက်သိမ်းပိုက်နိုင်သော အခါ ကျမှသာ၊ သြဂုတ်လ ၂၅ ရက်နေ့တွင် ပါရစ်မြို့သည် ဂျာမန်တို့လက်အောက်မှ လွတ်မြောက်သွားလေသည်။

ဥပဒေပြုရေးအာဏာတည်ရာအဖွဲ့

'ပါလီမန်တို့၏မိခင်'ဟူ၍ ခေါ်စမှတ်ပြုသည့် ဗြိတိသျှပါလီမန်လွှတ်တော်ဖြစ်ပေါ်လာပုံနှင့် ပါလီမန်လွှတ်တော်တို့၏ထုံးတမ်းစဉ်လာများကိုလည်းကောင်း၊ ပြည်ထောင်စုပါလီမန်လွှတ်တော် ဖွဲ့စည်းပုံဆိုင်ရာအကြောင်းအရာများကိုလည်းကောင်း ဤအကြောင်းရပ်တွင် စုံလင်စွာဖော်ပြထားသည်။

ပါလီမန်လွှတ်တော်။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော်၌လည်းကောင်း၊ ဂရိတ်ဗြိတိန်နိုင်ငံနှင့် ဗြိတိသျှဧရာသဟာယနိုင်ငံတော်အသီးအသီး၌လည်းကောင်း ဥပဒေပြုရာအဖွဲ့အစည်းများကို ပါလီမန်လွှတ်တော်ဟုခေါ်သည်။

အင်္ဂလန်ပြည် လန်ဒန်မြို့ရှိ ဝက်စမင်တာ နန်းတော်၌ စည်းဝေးဆွေးနွေးလေ့ရှိသော ဗြိတိသျှပါလီမန် လွှတ်တော်တွင်၊ ဗြိတိသျှဘုရင်မင်းမြတ်၏ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ ပါဝင်သည်။ ဗြိတိသျှပါလီမန်သည် အိုက်စလန်ကျွန်းတွင် ၉၃၀ ပြည့်နှစ်စက၍ တည်ထောင်သောအော်သလင် ဥပဒေပြုလွှတ်တော်ကလွဲလျှင်၊ ရှေးအကျဆုံးဖြစ်၏။ ကမ္ဘာပေါ်ရှိ အခြားဥပဒေပြု လွှတ်တော်များသည် ဗြိတိသျှပါလီမန်ကို စံထားကာတည်ထောင်ကြသည်ဖြစ်ရာ၊ ဗြိတိသျှ ပါလီမန်ကို 'ပါလီမန်တို့၏မိခင်'ဟု ခေါ်စမှတ်ပြုခဲ့ကြသည်။

ဗြိတိသျှပါလီမန်သည် အင်္ဂလိုဆက္ကဆွန်ဘုရင်များ လက်ထက်၌၊ ဘုရင်များအားတိုင်းပြည်အုပ်ချုပ်ရာတွင် အကြံဉာဏ်များပေးရန်အတွက်၊ တစ်နှစ်လျှင် နှစ်ကြိမ်သုံးကြိမ်မျှဖိတ်ခေါ်ခြင်းခံရသော ဂိုဏ်းအုပ်ဘုန်းကြီးများ၊ ကျောင်းထိုင်များ၊ ဘုရင့်ရဲမက်တော်များ၊ နိုင်ငံတော်အရာရှိကြီးများပါဝင်သည့် ဝစ်တနာဂမုတ်ခေါ် 'အတိုင်ပင်ခံသုခမိန်အဖွဲ့'အဖြစ်ဖြင့်လည်းကောင်း၊ နော်မန်ဘုရင်များ လက်ထက်၌ ဘုရင်ဖိတ်ခေါ်ချက်အရ၊ စည်းဝေးဆွေးနွေးရသောကံကျွေးချမြေပိုင်ရှင်ကြီးများ ပါဝင်သည့် 'ကောင်စီအဖွဲ့ကြီး' အဖြစ်ဖြင့်လည်းကောင်း အခြေပြုခဲ့လေသည်။ ၁၃ရာစုနှစ်တွင် ရှိုင်ယာယ်များမှ ကိုယ်စားလှယ်များကို ထိုကောင်စီအဖွဲ့ကြီးသို့ ရံဖန်ရံခါဖိတ်ခေါ်ခဲ့လေသည်။ ထိုကိုယ်စားလှယ်များကို ရှိုင်ယာနယ်များမှ မြေပိုင်ရှင်ကလေးများနှင့်လူကုံထံကလေးများက တစ်နယ်လျှင်နှစ်ယောက်ကျ ရွေးကောက်တင်မြှောက်ခဲ့ရသည်။ ထိုအခါ ယခင်ကကောင်စီတွင် ကိုယ်ပိုင်အခွင့်အရေးကြောင့် တက်ရောက်ခွင့်ရရှိလာသဖြင့်၊ ရွေးကောက်တင်မြှောက်သည့်သဘောပေါ်ပေါက်လာခဲ့၏။ ၁၂၆၅ခုတွင် မြို့စားကြီး ဆိုင်မွန်ဒီမွန့်ဖတ်ဖိတ်ခေါ်သောကောင်စီကြီးသို့၊ ရှိုင်ယာနယ်များမှ ကိုယ်စားလှယ်များသည်လည်းကောင်း၊ မြို့များမှကိုယ်စားလှယ်များသည်လည်းကောင်း တက်ခွင့်ရခဲ့ကြသည်။ ထိုအစဉ်အလာကို ပဌမအက်ဒွပ်ဘုရင်သည် ၁၂၇၅ခုနှစ်မှအစပြု၍ ဆက်လက်လိုက်နာခဲ့ပြီးလျှင်၊ ၁၂၉၅ ခုနှစ်တွင် နောင်အခါ 'စံပြပါလီမန်'ဟု ခေါ်တွင်သည့် ကောင်စီကို ဖိတ်ခေါ်ခဲ့၏။ (မွန့်ဖတ်ဆိုင်မွန်ဒီ–ရှု။)

လက်ဦးအစ၌ မြို့များနှင့် ရှိုင်ယာနယ်များမှကိုယ်စားလှယ်များသည် လော့ဘွဲ့ခံမြေပိုင်ရှင်ကြီးများ၊ ဂိုဏ်းအုပ်ဘုန်းကြီးများနှင့်အတူတူပင်ပူးပေါင်း၍၊ စည်းဝေးဆွေးနွေးခဲ့လေသည်။ သို့သော် တတိယအက်ဒွပ်ဘုရင်လက်ထက်တွင် သီးခြားစည်းဝေးဆွေးနွေးရာမှ အစပြု၍၊ လွှတ်တော်နှစ်ရပ် ပေါ်ပေါက်လာခဲ့လေသည်။

ပါလီမန်၏ ထုံးတမ်းစဉ်လာများမှာလည်း တဖြည်းဖြည်းအတည်တကျဖြစ်လာပြီးသော်၊ ပါလီမန်က အာဏာများကိုလည်း တစ်စတစ်စရရှိလာသည်။ ၁၅ ရာစုလောက်တွင် ပါလီမန်သည် ဥပဒေပြုခွင့်အာဏာ၊ ရန်ပုံငွေများ သတ်မှတ်ခွင့် ခွဲဝေသုံးစွဲနိုင်ခွင့်အာဏာ၊ ဘဏ္ဍာတော်စာရင်းများ စစ်ဆေးနိုင်ခွင့်အာဏာ၊ ဘုရင်ကခန့်ထားသော ဝန်ကြီးများကို စွပ်စွဲပြစ်တင်ပြောဆိုနိုင်ခွင့် အာဏာစသည့်

www.forevermyanmar.com.mm

အာဏာများကိုရရှိလေသည်။ သို့သော် ယော့မင်းဆက် ဘုရင်များလက်ထက်တွင်လည်းကောင်း၊ တျူဒါမင်းဆက် ဘုရင်များလက်ထက်တွင်လည်းကောင်း ပါလီမန်သည် အတော်ပင် တန်ခိုးမှေးမှိန်နေခဲ့ရပြန်၏။ ၁၆၄၂ခုနှစ်တွင် ဖြစ်ပွားသောပြည်တွင်းစစ်ပွဲနှင့် ၁၆၈၈ခုနှစ်တွင် ဖြစ်ပွားသောတော်လှန်ရေးများကြောင့်၊ ပြည်သူလူထုတို့ခံစားရသောအကျိုးမှာ ပါလီမန်သဘောတူညီချက်မရဘဲ၊ ဘုရင်များသည် ဥပဒေပြုခွင့်၊ အခွန်ကောက်ခံခွင့် မရှိတော့သဖြင့်၊ ပါလီမန်သည် အချုပ်အခြာအာဏာပိုင် ဖြစ်သွားပြီးသော်၊ ဘုရင်များသည် ပါလီမန်ကို မှီခိုရသည့်အခြေသို့ ရောက်သွားလေသည်။ ထိုအတောအတွင်း ဗြိတိသျှနိုင်ငံရေးဇာတ်ခုံတွင် နောင်အခါတွင်တွင်ကျယ်ကျယ်ပါဝင်ကပြမည့် နိုင်ငံရေးပါတီကြီးနှစ်ခုပေါ်ပေါက်ခဲ့၏။ ထိုပြင် လွှတ်တော်အတွင်းအင်အားကောင်းသည့် ပါတီမှအမတ်များကိုရွေးချယ်ကာ၊ ဝန်ကြီးခန့်သည့် အစဉ်အလာတစ်ရပ်လည်း ဖြစ်ပေါ်လာပြန်လေသည်။

၁၇၀၇ ခုနှစ်တွင် အင်္ဂလိပ် ပါလီမန်ကို စကော့ပါလီမန်နှင့်ပူးပေါင်းလိုက်လေသည်။ အိုင်ရစ်ပါလီမန်နှင့်မူ ၁၈၀၁ ခုနှစ်မှ ၁၉၂၂ ခုနှစ် အထိသာ ပူးပေါင်းခဲ့၏။

ပါလီမန်တွင် လွှတ်တော်နှစ်ရပ်ပေါ်ပေါက်လာစက၊ လော့ဘွေ့ခံ မြေပိုင်ရှင်ကြီးများနှင့် ဂိုဏ်းအုပ်ဘုန်းကြီးများ ပါဝင်သည့်အထက်လွှတ်တော်သည် မြို့များနှင့် ရွှင်ယာနယ်များမှကိုယ်စားလှယ်များပါဝင်သောအောက်လွှတ် တော်ထက်တန်ခိုးကြီး၏။ သို့သော်အောက်လွှတ်တော်မှာ ကိုယ်စားလှယ်များသာပါဝင်သောလွှတ်တော်ဖြစ်သဖြင့်၊ တဖြည်းဖြည်း ပါလီမန်၏အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ ထိုသို့ဖြစ်လာရသည်မှာ ဘုရင်များသည် အုပ်ချုပ်ရေးအတွက် ငွေကြေးလိုတိုင်း၊ ပါလီမန်၏ သဘောတူညီချက်မရဘဲ အခွန်မကောက်ရဟူသော အစဉ်အလာအရ၊ အောက်လွှတ်တော်၏အကူအညီသဘောတူညီချက်ကို ကျေနပ်အောင်တောင်းခံရသောကြောင့်ပင်ဖြစ်၏။ ထိုကြောင့် နောင်အခါများတွင် ငွေကြေးနှင့်ဆိုင်သည့် ဥပဒေကြမ်းများကို အောက်လွှတ်တော်တွင်စတင် တင်သွင်း ရမည်ဟူသော အစဉ်အလာတစ်ရပ် ပေါ်ပေါက်လာလေသည်။

၁၉၁၁ ခုနှစ် ပါလီမန်အက်ဥပဒေအရမူ၊ အထက်လွှတ်တော်တွင် ငွေဥပဒေကြမ်းကိုပယ်ခွင့်၊ ပြင်ဆင်ခွင့်မရှိတော့ချေ။ (ငွေဥပဒေကြမ်းမှာ အခွန်ကောက်ခံရေး၊ ဘဏ္ဍာတော်ငွေ အသုံးချရေးတို့နှင့် ဆိုင်သော ဥပဒေကြမ်းကိုဆိုလိုသည်။) ထိုမှတစ်ပါး အောက်လွှတ်တော်ကဆက်လက်ကျင်းပလတ္တံ့သော ညီလာခံများတွင်၊ သုံးကြိမ် တိုင်အောင် အတည်ပြုပြဋ္ဌာန်းပြီးသော ဥပဒေကြမ်းတစ်ရပ်ကို အထက်လွှတ်တော်က မည်သို့ပင်ကန့်ကွက်ပယ်ချင်ားလည်း၊



"ပါလီမန်တို့၏ မိခင်"ဟုခေါ်စမှတ်ပြုရသော ဗြိတိသျှပါလီမန် အောက်လွှတ်တော် ညီလာခံ ခမ်းမဆောင်

ယင်းဥပဒေကြမ်းကို စတင်တင်သွင်းသည်မှာ နှစ်နှစ်ကြာမြင့်နေပြီဖြစ်လျှင်၊ ဘုရင်၏ သဘောတူညီချက်ရရှိရန် တင်ပြရလေသည်။ ၁၉၄၈ခုနှစ်တွင် ထိုနှစ်နှစ်မျှ အချိန်ကိုတစ်နှစ်သို့ လျှော့ချလိုက်၏။ အောက်လွှတ်တော်သို့ ကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ခဲ့ကြသော်လည်း၊ သူတို့ကို ရွေးကောက်တင်မြှောက်ရသည့် မဲဆန္ဒရှင်များမှာ ၁၈၃၂ခုနှစ်မတိုင်မီ ထောင်ပေါင်းအနည်းငယ်မျှသာဖြစ်သည်။ ၁၈၃၂ခုနှစ် ပြုပြင်ရေးအက်ဥပဒေ အရ၊ လူလတ်တန်းစားများ မဲပေးခွင့်ရရှိလာကြ၏။ ၁၈၆၇ ခုနှစ်တွင်မူ၊ မြို့နေအလုပ်သမား လူတန်းစားများသည်လည်းကောင်း၊ ၁၈၈၄ခုနှစ်တွင် လယ်ယာအလုပ်သမားများသည်လည်းကောင်း၊ ၁၉၂၈ခုနှစ်တွင် အမျိုးသမီးများသည်လည်းကောင်း မဲဆန္ဒပေးခွင့်ရရှိလာလေသည်။ ယခုအခါတွင်မူကား ယောက်ျားမိန်းမမရွေး အသက် ၂၁ နှစ်ပြည့်သူတိုင်းမဲပေးနိုင်၏။

အထက်လွှတ်တော်သို့ အင်္ဂလိပ်မှူးမတ်မျိုးနွယ်များ၊ ဂိုဏ်းချုပ်ဘုန်းကြီးနှစ်ပါး၊ ဂိုဏ်းအုပ်ဘုန်းကြီး၂၄ပါးတို့ တက်ရောက်ခွင့်ရသည်။ စကော့မှူးမတ်မျိုးနွယ်၁၆ဦးနှင့် အိုင်ရစ်မှူးမတ်မျိုးနွယ် ၂၈ဦးတို့သည်လည်းပါဝင်ကြသည်။

www.forumspace.com.mm

စကေးမျှားမတ်မျိုးနွယ် ၁၆ ဦးသည် ပါလီမန်သက်တမ်းရှိသမျှလောက်၊ အထက်လွှတ်တော်သို့ တက်ရောက်ခွင့်ရ၏။ အိုင်ရစ်မှျားမတ်မျိုးနွယ်တို့အထဲမှ အချင်းချင်းရွေးကောက်တင်မြှောက်လိုက်သူ ၂စဦးသည် ရာသက်ပန်တက်ရောက်ခွင့်ရသည်။ ထိုမှျားမတ်မျိုးနွယ်များအပြင်၊ အထက်လွှတ်တော်သည် အယူခံတရားလွှတ်တော်ချုပ်အဖြစ် ဆောင်ရွက်ရာတွင်ပါဝင်ရသော တရားလွှတ်တော်ဝန်ကြီး များလည်း တက်ရောက်ကြရ၏။ အထက်လွှတ်တော်တွင် တရားဌာနဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။

ဗြိတိသျှနိုင်ငံသားတိုင်း၊ ယောကျ်ားမိန်းမမရွေး၊ အောက်လွှတ်တော်အမတ်အဖြစ် အရွေးခံနိုင်လေသည်။ သို့သော် အထက်လွှတ်တော်သို့တက်ရောက်ခွင့်ရသော မှျားမတ်မျိုးနွယ်ဝင်များကား အရွေးမခံနိုင်ကြချေ။ သို့ဖြစ်ရာ အထက်လွှတ်တော်သို့တက်ရောက်ခွင့်မရသော အိုင်ရစ်မှျားမတ်မျိုးနွယ်များသည် အရွေးခံနိုင်ပေသည်။ အင်္ဂလိပ်ရေဖျန်းဂိုဏ်းဝင်သာသနာ့ဝန်ထမ်းများသည် အမတ်အဖြစ် အရွေးမခံနိုင်ပေ။ သို့ရာတွင် အခြားဂိုဏ်းဝင်များသည် အရွေးခံနိုင်၏။ စိတ်ပေါ့သွပ်သူများသည်လည်းအရွေး မခံနိုင်ချေ။ အောက်လွှတ်တော်အမတ်ဦးရေကို လူဦးရေ အလိုက်ကန့်သတ်လေ့ရှိသည်။ ၁၉၄၅ခုနှစ်တွင် အောက်လွှတ်တော်အမတ် ဦးရေမှာ စုစုပေါင်း ၆၄၀ ဖြစ်ပြီးလျှင်၊ အင်္ဂလန်မှ ၅၁၀၊ ဝေလနယ်မှ ၃၅၊ စကော့တလန်မှ ၇၁၊ အိုင်ယာလန်မြောက်ပိုင်းမှ ၁၂နှင့် တက္ကသိုလ်များမှ ၁၂ဦး အသီးအသီး ရွေးကောက်တင်မြှောက်ကြ၏။ ၁၉၄၈ ခုနှစ်တွင်အမတ်ဦးရေမှာ ၆၁စယောက်အထိလျော့ ကျသွားသည်။ အောက်လွှတ်တော်တွင် မိမိတို့အထဲမှ အချင်းချင်း ရွေးချယ်တင်မြှောက်ခြင်းခံရသူ အမတ်တစ်ဦးဦးက စပီကာခေါ် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လေသည်။

ပါလီမန်အမတ်များသည် လစာငွေအဖြစ် တစ်နှစ်လျှင်ပေါင် ၆၀၀ မျှ ရရှိကြ၏။ ပါလီမန်၏ သက်တမ်းမှာ ၅ဦးနှစ်ဖြစ်သည်။ သို့သော် ပါလီမန်သည်အရေးကြီးလျှင် ဥပဒေတစ်ရပ်ပြဋ္ဌာန်းကာ၊ တစ်နှစ်ပြီးတနှစ် ဆက်လက်တည်ရှိစေနိုင်သည်။ သို့ဖြင့် ပဌမကမ္ဘာစစ်အတွင်းကလည်း ကောင်း၊ ဒုတိယကမ္ဘာစစ်အတွင်းကလည်းကောင်း ပါလီမန်သက်တမ်းကို တိုးမြှင့်သည့်အစဉ်အလာ ရှိခဲ့လေသည်။

ပါလီမန်ကို ဘုရင်၏အမိန့်ဖြင့်ဆင့်ခေါ်၊ ရုပ်သိမ်း၊ ဖျက်သိမ်းရသည်။ ဖျက်သိမ်းသောအခါ၊ ဝန်ကြီးချုပ်၏ အကြံပေးချက်အရသာလျှင် ဖျက်သိမ်းရ၏။ ပါလီမန်ညီလာခံကို ဘုရင်မင်းမြတ်သည် မင်းခမ်းမင်းနားဖြင့် တက်ရောက်ဖွင့်လှစ်လေ့ရှိသည်။ ငွေကြေးဥပဒေကြမ်းများကို အောက်လွှတ်တော်တွင်သာ စတင်တင်သွင်းရမြဲဖြစ်သည့် အတိုင်း၊ အောက်လွှတ်တော်သည် အသုံးစရိတ်များကို ခွင့်ပြုရသည်။ ထိုကိစ္စအတွက် ဆင့်ခေါ်ရသော ညီလာခံကို ဗဟိုဂျက်ညီလာခံဟုခေါ်၏။ အောက်လွှတ်တော်တွင် နိုင်ငံအတွက်ကောင်းနိုးရာရာ ဥပဒေကြမ်းများကို တင်သွင်းနိုင်ရာ၊ ဥပဒေကြမ်းတစ်ခုသည် အတည်ပြု ပြဋ္ဌာန်းပြီးအခြေသို့မရောက်မီ၊ သုံးကြိမ်တိုင်တိုင်စိစစ်ခြင်းခံရသည်၊ ပဌမအကြိမ်စိစစ်ခြင်းဆိုသည်မှာ အောက်လွှတ်တော်အတွင်းဝန်က ထိုဥပဒေကြမ်းကို အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းပြီးသော်၊ ဥက္ကဋ္ဌက အစည်းအဝေးတစ်ခုတွင် ကြေညာခြင်းဖြစ်၏။ ထိုနောက် ဥပဒေကြမ်းကိုပုံနှိပ်ပြီးလျှင်၊ အမတ်များသို့ လေ့လာထားနိုင်ရန်အတွက် ဝေငှထားရသည်။

ဒုတိယအကြိမ်စိစစ်ရာတွင် ဥပဒေကြမ်း၏မူနှင့် အခြေခံအချက်များကို ဆွေးနွေးလေသည်။ ထိုသို့ ဆွေးနွေးပြီးနောက်၊ ပါလီမန် လွှတ်တော်ကခန့်အပ်သော ကော်မီတီတစ်ခုသို့လွှဲအပ်ကာ၊ တစ်ဖန်အသေးစိပ်စဉ်းစား ဆွေးနွေးစေပြန်၏။ ထိုကိစ္စမျိုးကို ဆွေးနွေးရန်အတွက် လွှတ်တော်အမတ်အားလုံး ပါဝင်သော ကော်မီတီများ ဖွဲ့စည်းထားရှိလေသည်။ လွှတ်တော်အမတ်အားလုံးပါဝင်သော ကော်မီတီမှာ လွှတ်တော်ဥက္ကဋ္ဌက သဘာပတိအဖြစ် မဆောင်ရွက်ဘဲ၊ ကော်မီတီများတွင်သာ သဘာပတိအဖြစ် ဆောင်ရွက်ရန်ရွေးချယ်ထားခြင်းခံရသူတစ်ဦးဦးက သဘာပတိအဖြစ်ဆောင်ရွက်သော လွှတ်တော်အစည်းအဝေးပင်ဖြစ်၏။ ကော်မီတီသည် ဥပဒေကြမ်းကို အသေးစိတ်စဉ်းစား ဆွေးနွေး ပြုပြင် ပြင်ဆင်ပြီးနောက် လွှတ်တော်သို့ တင်ပြရပြန်သည်။ ထိုအခါ ကော်မီတီက တင်ပြသည့်အတိုင်း လွှတ်တော်က ထပ်မံဆွေးနွေးပြီးနောက်၊ ထိုဥပဒေကြမ်းကို လက်ခံသင့်၊ လက်မခံသင့် ဆွေးနွေးရပြန်သည်။ ထိုသို့ ဆွေးနွေးသည်ကို တတိယအကြိမ် စိစစ်ခြင်းဟု ဆိုလိုသည်။ တတိယအကြိမ် စိစစ်အတည်ပြု ပြဋ္ဌာန်းပြီးနောက် အထက်လွှတ်တော်သို့ စဉ်စားဆွေးနွေးရန် တင်ပြရလေသည်။ အထက်လွှတ်တော်တွင် အထက်ပါနည်းအတိုင်း စိစစ်အတည်ပြုပြဋ္ဌာန်းပြီးနောက် ဘုရင်ထံသို့ သဘောတူညီချက်ရရန် တင်ပြရသည်။ ဘုရင်က သဘောတူညီ လက်မှတ် ရေးထိုးပြီးနောက်တွင်ကား၊ ထိုဥပဒေကြမ်းသည် အများပြည်သူတို့လိုက်နာမည်ဖြစ်သော အက်ဥပဒေအဖြစ်သို့ ရောက်လေတော့သည်။ ဘုရင် သို့မဟုတ် ဘုရင်မသည် ပါလီမန်နှစ်ရပ်က သဘောတူညီပြီးဖြစ်သော ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခြင်း မပြုဘဲ နေပိုင်ခွင့်ရှိ၏။ သို့သော် ဤအခွင့်အရေးကိုမသုံးစွဲခဲ့သည်မှာ အတော်ပင် ကြာမြင့်ပြီဖြစ်၏။

အသုံးစရိတ်များကို ခန့်မှန်းခွင့်ပြုရခြင်း၊ ဥပဒေပြုရခြင်း

www.foreverspace.com.mm

တို့အပြင်၊ အောက်လွှတ်တော်သည် အရေးပေါ်ပြဿနာများကို အခြေအတင်ပြောဆို ဆွေးနွေးနိုင်ပေသေးသည်။

အထက်လွှတ်တော်သည်လည်း အောက်လွှတ်တော်ကဲ့သို့ပင် ဥပဒေပြုနိုင်သည်။ ထိုပြင် အောက်လွှတ်တော်ကတင်ပို့သော ဥပဒေကြမ်းကို လက်ခံစဉ်းစားဆွေးနွေးရသည်။ ထိုသို့ တင်ပို့လိုက်သော ဥပဒေကြမ်းကို ပြင်ဆင်နိုင်သော်လည်း ပြင်ဆင်ချက်များနှင့် တကွ ဥပဒေကြမ်းကို အောက်လွှတ်တော်သို့ ပြန်ပို့ရမည်ဖြစ်ပြီးလျှင်၊ အောက်လွှတ်တော်က လက်မခံလျှင်ကား မည်သို့မျှ မတတ်နိုင်ချေ။ အထက်လွှတ်တော်သည်(အဆုံးသတ်) အယူခံတရားလွှတ်တော်ချုပ်အဖြစ်လည်း ဆောင်ရွက်ရသေး၏ ။ သို့သော် အထက်လွှတ်တော်အမတ်အားလုံးပါဝင် ဆောင်ရွက်ခြင်း မရှိဘဲ၊ ဥပဒေအကျော်အမော်များထဲမှရွေးချယ်ကာ၊ တစ်သက်တာမျှသာ လော့ဘွဲ့အပ်နှင်းခြင်းခံရသော လော့ဘွဲ့ခံတရားဝန်ကြီးများကသာ စစ်ဆေးဆုံးဖြတ်လေ့ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံပါလီမန်ကို လူမျိုးစုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် နှစ်ရပ်တို့ဖြင့် ဖွဲ့စည်းသည်။ လူမျိုးစုလွှတ်တော်အတွက်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြင့် အမတ်နေရာ ၁၂၅နေရာဟု အတိအကျသတ်မှတ်ထားသည်။ ပြည်သူ့လွှတ်တော်အတွက်မှာမူကား ယေဘုယျအားဖြင့် ထိုလွှတ်တော်၏အမတ် ဦးရေသည် လူမျိုးစု လွှတ်တော် အမတ်ဦးရေ၏ ၂ ဆနီးနီး ဖြစ်နိုင်သမျှ ဖြစ်စေရမည်ဟုသာ သတ်မှတ်ခဲ့သော်လည်း၊ ထိုလွှတ်တော်၏ အမတ်ဦးရေကို အခါကာလအားလျော်စွာ သတ်မှတ်ခွင့်ရှိသည်။ ထိုသို့ သတ်မှတ်ရာတွင် မူအားဖြင့် ပြည်ထောင်မြန်မာနိုင်ငံအတွင်းရှိ လူဦးရေတစ်သိန်းလျှင် အမတ်တစ်ဦးကျဖြင့် တွက်၍ရရှိသော အမတ်ဦးရေအောက်လျော့၍ဖြစ်စေ၊ လူဦးရေသုံးသောင်းလျှင် အမတ် တစ်ဦးကျဖြင့်တွက်၍ရရှိသော အမတ်ဦးရေထက် ပို၍ဖြစ်စေ မဖြစ်စေရဟု ပြဋ္ဌာန်းထားသည်။ လက်ရှိ အခြေအနေမှာ ပြည်သူ့ လွှတ်တော် အမတ်ဦးရေသည် လူမျိုးစုလွှတ်တော် အမတ်ဦးရေ၏ ၂ ဆတိတိဖြစ်သော အမတ်ဦးရေ ၂၅၀ပင်ဖြစ်၏ ။ သာသနာရေးဆိုင်ရာရဟန်း၊ သို့တည်းမဟုတ် သာသနာရေးဝန်ထမ်းဟူသမျှ၊ ပါလီမန်လွှတ်တော်တစ်ရပ်ရပ်၏အမတ်အဖြစ်အရွေးမခံနိုင်ပေ။ အရွေးခံပြီးနောက်မှ အမတ်တစ်ဦးသည် သာသနာရေးဆိုင်ရာရဟန်း၊ သို့မဟုတ် သာသနာ့ဝန်ထမ်းဖြစ်လာခဲ့သော်၊ အမတ်အဖြစ်နှင့်လည်း တည်မြဲမနေနိုင်ပေ။ သို့ရာတွင် ဒုလ္လဘရဟန်းခံသော အလေ့အထသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌ ပျံ့နှံ့နေသည်ဖြစ်၍၊ ခြွင်းချက်တစ်ရပ်အနေဖြင့်၊ ပါလီမန်ဆိုင်ရာလွှတ်တော်တစ်ရပ်၏ အမတ်တစ်ဦးသည် သက်ဆိုင်ရာပါလီမန်လွှတ်တော်ညီလာခံမရှိခိုက်၊ ယာယီသဘောအားဖြင့်၊ရဟန်းအဖြစ်သော်လည်းကောင်း၊ရှင်သာမဏေအဖြစ်သော်လည်း ခံယူခြင်းကို ခွင့်လွှတ်ပေသည်။

ဌေဉပဒေကြမ်းများနှင့် သက်ဆိုင်သော ဆောင်ရွက်ဖွယ်ကိစ္စတို့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ပါလီမန်၏အစဉ်အလာတို့ကို ဗြိတိသျှပါလီမန် လုပ်ရိုးလုပ်စဉ်တို့အပေါ်တွင် မူတည်ထားသဖြင့်၊ ထိုဥပဒေကြမ်းတို့ကို လူမျိုးစုလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ခြင်း မရှိသည်သာမက၊ ထိုလွှတ်တော်က ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ကို ပြင်ဆင်နိုင်ခွင့် မရှိချေ။ ပြည်သူ့လွှတ်တော်ကအတည်ပြုခဲ့သော ဌေဉပဒေကြမ်းများကို လူမျိုးစုလွှတ်တော်က ၂၁ ရက်အတွင်း၊ ထိုလွှတ်တော်၏ဆန္ဒအရ မည်သို့မည်ပုံ ပြုပြင်စေလိုသည်ဟု အကြံပေးနိုင်ခွင့်ရှိသော်လည်း၊ ထိုအကြံပေးချက်တို့ကို ပြည်သူ့လွှတ်တော်ကလက်ခံလိုက လက်ခံနိုင်သည်။ ပယ်လိုကပယ်ချနိုင်သည်။ ဌေဉပဒေကြမ်းမဟုတ်သော အခြားဥပဒေကြမ်းများကို လွှတ်တော်တစ်ရပ်ရပ်၌ စတင်တင်သွင်းနိုင်သည့်အပြင်၊ လွှတ်တော်နှစ်ရပ်ကလက်ခံသော ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အခါ၊ လွှတ်တော်နှစ်ရပ် တွဲဖက်အစည်းအဝေးမှ အတည်ပြုခဲ့သောပြဋ္ဌာန်းချက်များကိုဖြစ်စေ နိုင်ငံတော်သမတထံသို့ ပြဋ္ဌာန်းပေးရန် တင်သွင်းနိုင်သည်။

နိုင်ငံတော်သမတသည် မိမိထံသို့လွှတ်တော်နှစ်ရပ်က ပြဋ္ဌာန်းပြီးသည့်ဥပဒေကြမ်းကိုဖြစ်စေ၊ ပြည်သူ့ လွှတ်တော်ကပြဋ္ဌာန်းသည့် ဌေဉပဒေကြမ်းကိုဖြစ်စေ မိမိထံတင်ပြပြီးသည့်နောက် ၈ ရက်အတွင်းလက်မှတ်ရေးထိုးပြဋ္ဌာန်းရန် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြင့် သတ်မှတ်ထားသည်။ အကယ်၍ နိုင်ငံတော်သမတက လက်မှတ်မထိုးဘဲနေစေကာမူ၊ ၈ရက်မြောက်သောအခါ၊ ထိုဥပဒေကြမ်းတို့သည် နိုင်ငံတော်သမတလက်မှတ်ရေးထိုးသကဲ့သို့ပင် တည်မြဲပေသည်။

တည်ဆဲဖြစ်သော ပြည်သူ့လွှတ်တော်ကို နိုင်ငံတော်သမ္မတသည် ယေဘုယျအားဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်က အကြံပေးသည့်အတိုင်း ဆင့်ခေါ်ရသည်။ ညီလာခံကို ရွှေ့ဆိုင်းရသည်။ ရုပ်သိမ်းရသည်။ ဖျက်သိမ်းရသည်။ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်နေသောပုဂ္ဂိုလ်သည် ပြည်သူ့လွှတ်တော်တွင် အမတ်များရာ၏ထောက်ခံမှုကို မရသည့်အခါမှသာလျှင်၊ ထိုနိုင်ငံတော်ဝန်ကြီးချုပ်၏ အကြံပေးချက်အတိုင်း၊ နိုင်ငံတော်သမတက မဆောင်ရွက်လိုက မဆောင်ရွက်ဘဲနေနိုင်သည်။ လူမျိုးစု လွှတ်တော်ကို ခွဲခြား၍ ဖျက်သိမ်းရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရမလိုချေ။ ပြည်သူ့ လွှတ်တော်ကို ဖျက်သိမ်းလိုက်သည်နှင့်တစ်ပြိုက်နက်၊ လူမျိုးစု လွှတ်တော်လည်း ဖျက်သိမ်းပြီးသားဖြစ်သည်။

www.foreverspace.com.mm

ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်ကို ဖျက်သိမ်းပြီးနောက်၊ ရက်ပေါင်း ၆၀ အတွင်း၊ ပြည်သူ့လွှတ်တော်အသစ်အတွက် ရွေးကောက်ပွဲကို ကျင်းပရသည်။ ပြည်သူ့လွှတ်တော်အသစ်ကို ရွေးကောက်ပြီးသည့် နောက်မှ၊ ရက်ပေါင်း ၆၀ အတွင်း၊ ပဋ္ဌမဆုံးညီလာခံ ကျင်းပရသည်။

ထိုညီလာခံကျင်းပသည့် နေ့မှ ၁၅ ရက်အတွင်း၊ လူမျိုးစုလွှတ်တော်အသစ်၏ ပဋ္ဌမညီလာခံကို ကျင်းပရ၏။ လွှတ်တော်နှစ်ရပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၊ ကိစ္စအများအပြားတို့၌ အချုပ်အခြာအာဏာရှိသည်။ သို့ရာတွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၌ သတ်မှတ်ထားသောပြဋ္ဌာန်းချက်တို့နှင့်ဆန့်ကျင်လျက်၊ ပါလီမန်လွှတ်တော်နှစ်ရပ်တို့က ဥပဒေပြုပိုင်ခွင့်မရှိချေ။

ကုန်းတပ်၊ ရေတပ်၊ လေတပ်ဖွဲ့စည်းထားရှိသော အခွင့်အရေးသည် ပါလီမန်၌သာတည်ရှိသည်။ ထိုပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အခွန်တော်ငွေများကို ခွဲဝေသုံးစွဲခြင်း၊ လက်ခံခြင်း ထိန်းသိမ်းခြင်း၊ ထုတ်ပေးခြင်းစသည့်ကိစ္စများနှင့်တကွ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း၌ အခွန်တော်ပြဋ္ဌာန်းခြင်း၊ ရုပ်သိမ်းခြင်း၊ သတ်မှတ်ခြင်းစသော ကိစ္စတို့အတွက်လည်း ပါလီမန်၌သာလျှင် အာဏာတည်ရှိသည်။

ပြည်ထောင်စု ပါလီမန်နည်းဥပဒေများ၊ ပြည်နယ်များအတွက် ကန့်သတ်ထားသောကိစ္စများတွင် ဥပဒေပြုပိုင်ခွင့်ရှိသောပြည်နယ်ကောင်စီများ ရှိသည်ကိုလည်း သတိပြုရပေမည်။ ထိုကောင်စီများ၏ အာဏာအတွင်းသက်ဆင်းသောကိစ္စအရပ်ရပ်တို့တွင် သာမန်အချိန်အခါတို့၌ လွှတ်တော်နှစ်ရပ်က ဥပဒေပြုပိုင်ခွင့်မရှိပေ။ သို့သော် ပြည်ထောင်စုအတွင်း၌ ပြည်ထောင်စုတည်တံ့မှုကို အန္တရာယ်ဖြစ်အံ့သော အထူးအရေးတကြီးအခြေပေါ်နေပြီဟုလည်းကောင်း၊ ပြည်ထောင်စုကိုထိခိုက်သောစီးပွားရေးအရေးတကြီးအခြေအနေသည် ဖြစ်ပေါ်နေပြီဟုလည်းကောင်း နိုင်ငံတော်သမ္မတကကြေညာထုတ်ပြန်ခဲ့သည့်အခါတွင်သာ၊ ထိုသီးသန့်ကိစ္စတို့၌ ပါလီမန်လွှတ်တော်နှစ်ရပ်က ပြည်နယ်များအတွက် ဥပဒေပြုပိုင်ခွင့်ရှိသည်။ ထိုသို့ပြုလုပ်သော ဥပဒေများသည်လည်း အခိုက်အတန့်၌သာ တည်မြဲသည်။

ဗြိတိန်နိုင်ငံတွင် ဥပဒေပြုရေးအာဏာသည် ပါလီမန်လွှတ်တော်၌သာရှိသော်လည်း၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း၌မူကား ဗြိတိသျှတို့၏လက်အောက်ခံ ကိုလိုနီတရပ်အဖြစ်အုပ်ချုပ်ခြင်းခံခဲ့ရစဉ်က အမွေတစ်ရပ်အနေဖြင့် နိုင်ငံတော်သမတ၏တစ်ချက်လွှတ်ဥပဒေအဖြစ် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံး ညီလာခံမရှိခိုက်ဥပဒေပြုနိုင်သည်။ ထိုသို့ ပြုသောဥပဒေများသည် ယာယီမျှသာဖြစ်၍၊ လွှတ်တော်နှစ်ရပ် ပြန်လည်စည်းဝေးသည့်နေ့မှ ၁၅ရက် ကုန်ဆုံးသောအခါ၌ ပျက်ပြယ်ခြင်းသို့ရောက်ရှိပေသည်။ (ပြည်ထောင်စု မြန်မာနိုင်ငံ ပါလီမန်–၆။)

ပါ၀ါ။ ။လူတစ်ယောက်တည်း ရက်ပေါင်းများစွာ လုပ်ရသည့်အလုပ်တစ်ခုကို စက်ဖြင့်လုပ်စေပါ ကနာရီပိုင်းအတွင်းပြီးမြောက်နိုင်သည့်အတိုင်း၊ ကျွန်ုပ်တို့သည် နေရာတကာ၌ စက်ကိုတွင်တွင်ကြီး အစားထိုး၍အသုံးပြုလာကြပြီ။ သို့သော်စက်သည် အဘယ်ကြောင့်လူထက် လျင်မြန်စွာလုပ်ပြီးမြောက်နိုင်သနည်း။ အဖြေမှာ စက်က လူထက် 'လုပ်အား'သာသောကြောင့်ပင်ဖြစ်လေသည်။ ထို 'လုပ်အား'ကို သိပ္ပံဝေါဟာရအားဖြင့် ပါ၀ါဟုခေါ်သည်။ ပါ၀ါဟူသော ဝေါဟာရ၏အဓိပ္ပါယ်ကိုမစဉ်းစားမီ ကျွန်ုပ်တို့သည် 'အလုပ်'ဆိုသည်မှာ မည်သည်ကိုခေါ်၍၊ 'စွမ်းအင်'ဆိုသည်မှာ မည်သည့်အရာဖြစ်သည်ကို ရှေးဦးစွာ နားလည်ဖို့လိုပေမည်။

'အလုပ်' 'စွမ်းအင်'၊ 'ပါ၀ါ' ဟူသော ဝေါဟာရဂဏန်းများကို ကျွန်ုပ်တို့သည် များသောအားဖြင့်မရှင်းမလင်းသော အဓိပ္ပါယ်များနှင့် ပေါ့ပေါ့ဆဆပြောဆိုသုံးစွဲလေ့ရှိကြသည်။ အမှန်မှာ ထိုစကားသုံးလုံး၌ သီးခြား အဓိပ္ပါယ်တစ်မျိုးစီ အတိအကျရှိလေသည်။

'အလုပ်'ဆိုသည်မှာ အမှန်စင်စစ်အတိုက်အခံပြုနေသောအားကို အောင်မြင်ခြင်းပင်ဖြစ်သည်။ ပုံပမာ၊ အရာဝတ္ထုတစ်ခုကို မတင်သည်ဆိုပါစို့။ ထိုအခါ အဆိုပါအရာဝတ္ထုကို ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးကဆွဲထားရကား၊ ထိုအရာဝတ္ထုကိုမတင်ရာတွင် ကျွန်ုပ်တို့သည် ကမ္ဘာမြေ၏ဆွဲအားထက်သာသောအားကို စိုက်ထုတ်ပြီးမရ၍၊ ကျွန်ုပ်တို့ စိုက်ထုတ်သောအားသည် ကမ္ဘာမြေကအတိုက်အခံပြုနေသောဆွဲအားကို အောင်မြင်ကျော်နင်းမှသာလျှင် ကျွန်ုပ်တို့၏အလုပ်သည် ပြီးမြောက်လေသည်။ 'စွမ်းအင်'ဆိုသည်မှာမူ အချိန်မည်မျှအတွင်း အလုပ်မည်မျှလုပ်နိုင်သည်ဟုဆိုအပ်သော အလုပ်လုပ်နိုင်သည့်နှုန်းပင် ဖြစ်လေသည်။

တူးမြောင်း ရေကန်စသောတူးဖောက်ရသည့် လုပ်ငန်းတစ်ခုကိုလုပ်ကြသည်ဆိုပါစို့။ ထိုအလုပ်ကို လူချည်း သက်သက်ဖြင့် လပေါင်းများစွာတူးဖောက်ရသည်ဖြစ်စေ၊ ရက်ပေါင်းအနည်းငယ်အတွင်း စက်ဖြင့်တူးဖောက်ရသည်ဖြစ်စေအလုပ်၏ပမာဏနှင့် အလုပ်လုပ်ရာတွင် စိုက်ထုတ်ရသည့် စွမ်းအင်ပမာဏတို့မှာ အတူတူပင်ဖြစ်၏။ သို့သော် အလုပ်ပြီးမြောက်သည့်အချိန်ကို နှိုင်းရှည့်ကြည့်ပါက၊ စက်အလုပ်လုပ်သည့်နှုန်း (ဝါ) စက်၏ပါ၀ါသည် လူ၏ပါ၀ါထက် အဆပေါင်းများစွာသာကြောင်း ထင်ရှားပေသည်။

ထိုသို့အလုပ်လုပ်ရန်လိုအပ်သည့်ပါ၀ါကို ရှေးဦးစွာ လူတို့သည် မိမိတို့၏ခန္ဓာကိုယ်ရှိကြွက်သားများမှရရှိခဲ့ကြ

www.forumspace.com.mm

သည်။ ကမ္ဘာ့နည်း၊ မိမိတို့၏ခြေလက်နှင့်ကိုယ်ခန္ဓာကိုသာ အသုံးပြုခဲ့ကြရသည်ဟုဆိုလိုသည်။ ထိုနောက် ကျွဲ၊ နွား၊ ဖြင်းစသောတိရစ္ဆာန်တို့ကိုလည်း ခိုင်းစေအကူအညီယူနိုင်ကြောင်း သိလာကြသောအခါ တိရစ္ဆာန်တို့၏ ပါဝါကို အသုံးပြုခဲ့ကြပြန်သည်။ ဤသို့ အသုံးပြုလာခဲ့သည်မှာ ယခုတိုင်အောင်ပင် ဖြစ်၏။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ကျော်ကာလာမှစတင်၍ နျူတန်နှင့် နျူတန်၏လမ်းစဉ်ကိုလိုက်ခဲ့ကြသောသိပ္ပံကဝိကြီးများ၏ ကျေးဇူးတို့ကြောင့်၊ ကျွန်ုပ်တို့သည် သက်မဲ့ပစ္စည်းပါဝါကို ထုတ်နုတ်အသုံးချနိုင်လာခဲ့ကြလေသည်။ ထိုကြောင့် ယခုအခါတွင် မြောက်မြားစွာသော လုပ်ငန်းတို့၌ စက်၏ပါဝါကိုအသုံးချခြင်းဖြင့် လူတို့၌ သက်သာမှုသည် ဖြစ်ထွန်းလာလေသည်။ ယခုခေတ်စက်များ မပေါ်ပေါက်မီက လူတို့သည်လှေများတွင် ရွက်တပ်ပေးခြင်းဖြင့်လည်းကောင်း၊ အချို့စက်များတွင် လေရဟတ်တပ်ဆင်ပေးခြင်းဖြင့်လည်းကောင်း လေ၏သဘာဝပါဝါကိုစတင်အသုံးချခဲ့ကြလေသည်။ ထိုနောက် ရေအားဖြင့်လည်သော ဆန်စက်များကို ကြံစည်ကြသည်။ ယခုအခါ နိုင်ငံကြီးများစွာ၌ ဇရာမရေကာတာကြီးများကို ပြုလုပ်ကာ၊ စရိတ်အလွန်သက်သာစေသည့် လျှပ်စစ်ဓာတ်အားပေးစက်များတွင် ရေရဟတ်များကို တပ်ဆင်ပေးခြင်းဖြင့်၊ ရေ၏ပါဝါကို အသုံးချနေလေပြီ။ (ရေအားသုံးလျှပ်စစ်စက်များ–ရှု။) ထိုမှတစ်ဆင့် ရေနွေးငွေ့စက်အတွင်း၌ မီးပူရှိန်ကြောင့်ဖြစ်ထွန်းလာသောရေနွေးငွေ့၏ တွန်းကန်အားကိုပါဝါအဖြစ် အသုံးပြုခြင်းဖြင့် ခရီးသွားယာဉ်များနှင့်လုပ်ငန်းစက်ရုံကြီးများရှိစက်များကို လည်စေနိုင်ခဲ့ကြပေသည်။ (ရေနွေးငွေ့အားအင်ဂျင်စက်–ရှု) ထိုနောက်အတွင်းမီးအားအင်ဂျင်စက်များတွင် ဓာတ်ဆီ၏စွမ်းအင်ကို ပါဝါအဖြစ်ပြောင်းလဲပေးခြင်းဖြင့် မော်တော်ကား၊ လေယာဉ်ပျံစသောယဉ်များကိုမောင်းနှင်နိုင်ရုံမက စက်အမျိုးမျိုးကို လည်း လည်စေနိုင်သည် (အတွင်းမီးအားအင်ဂျင်စက်–ရှု။)

လျှပ်စစ်ဓာတ်၏ပါဝါကို ယေဘုယျအားဖြင့် 'ဝပ်' ဖြင့်တိုင်းတာ၍၊ 'ဝပ်'တစ်ထောင်ကို 'ကီလိုဝပ်'ဟု ခေါ်ရသည်။ စက်၏ပါဝါကိုမူ မြင်းကောင်ရေအားဖြင့်တိုင်းတာ ၍ မြင်းတစ်ကောင်အားသည် ၇၄၆ ဝပ်နှင့် ညီမျှသည်။ သို့မဟုတ် ကီလိုဝပ်တစ်ခုသည် ၁.၃၄မြင်းကောင်ရေအားဖြင့် ညီမျှသည်။ (ရှုပဒေ၊ စွမ်းအင်–ရှု။)

ပါဝါစတေရှင် ။ ။ဓာတ်အားပေးစက်ရုံ–ရှု။

ပါးစတားလူဝီ(ခရစ် ၁၈၂၂–၁၈၉၅)။ ။လူဝီပါးစတားသည် ပြင်သစ်လူမျိုးဖြစ်၍၊ ကမ္ဘာပေါ်တွင် အကြီးကျယ်ဆုံးသော တွေ့ရှိချက်တစ်ခုကိုပြုလုပ်ခဲ့သော ကမ္ဘာ့ကျေးဇူးရှင်ကြီးတစ်ခုဖြစ်သည်။ ဓာတုဗေ'နှင့် ဇီဝဗေ' ပညာဆိုင်ရာ သူ၏ရှာဖွေတွေ့ရှိချက်များသည် သန်းပေါင်းများစွာသောလူတို့၏ အသက်ကို ကယ်ဆယ်နိုင်ခဲ့ပေသည်။ လူဝီပါးစတားသည် ဗက်တီးရီးယိုလိုဂျီခေါ် သိပ္ပံပညာတစ်ရပ်ကိုစတင်တွေ့ရှိခဲ့၏။ ယင်းပညာရပ်အားဖြင့် ရောဂါကူးစက်ပြန့်ပွားခြင်းကို တားမြစ်နိုင်ခဲ့သည်။ ဗီဇမျိုးတို့သည် လူတို့အားရောဂါဖြစ်စေသည်ဟူသောအချက်ကို ပါးစတားမတွေ့မီက သက်မဲ့ဝတ္ထုသည်သက်ရှိဝတ္ထုဘဝသို့ သံသေဒဇ အလိုအလျောက်ဖြစ်လာရသည်ဟု သိပ္ပံပညာရှင်တို့ကယူဆထားကြ၏။ သို့သော် ပါးစတားက ကဇော်ပေါက်သော အရည်များထဲတွင် တွေ့ရှိရသော သက်ရှိများသည် အလိုအလျောက်ဖြစ်လာခြင်းမဟုတ်၊ လေနှင့်လွှင့်၍ ပါလာသော ဗီဇမျိုးများဖြစ်သည်။ ယင်းတို့ကို သေအောင်လည်းပြုနိုင်သည်။ မပြန့်ပွားအောင်လည်း ထိန်းသိမ်းပေးနိုင်သည် ဟူသော အချက်ကို အထင်အရှား တင်ပြနိုင်ခဲ့သည်။

ပါးစတားသည် ပြင်သစ်နိုင်ငံဂျူးရားနယ်ဒိုးမြို့၌ ၁၈၂၂ ခု၊ ဒီဇင်ဘာ၁၇ရက်နေ့တွင် မွေးဖွားသူဖြစ်သည်။ ပါးစ

သိပ္ပံပညာရှင် လူဝီပါးစတား

www.foreverspace.com.mm

လူဝီပါးစတားနှင့် အဖော်များ ခွေးရူးပြန်ရောဂါကုဆေးကို လက်တွေ့စမ်းသပ်ရှာဖွေနေစဉ်

တာမိသားစုသည် ဒိုးမြို့မှအာဗွားမြို့သို့ ပြောင်းရွှေ့သွားကြရာ၊ ယင်းမြို့၌ပင် စတင်ပညာသင်ရသည်။ ပါးစတား၏ဖခင်သည် သားရေနယ်သမားတစ်ယောက်ဖြစ်၍ ဝင်ငွေမှာ အသင့်အတင့်လောက်ပင်ရှိသော်လည်း သားဖြစ်သူအား ပါရစ်မြို့ရှိ နော်မန်ကျောင်းတွင် ဓာတုဗေဒပညာကို သင်ကြားရန် စေလွှတ်နိုင်ခဲ့သည်။ ထိုနောက် ပါးစတားသည် ဆော်ဗန်းတက္ကသိုလ်၌လည်း ဓာတုဗေဒပညာကို ဆက်လက်ဆည်းပူးနိုင်ခဲ့ပေသည်။

၁၈၄၉ခုနှစ်တွင် ပါးစတားသည် စထရပ်ဗူးတက္ကသိုလ်တွင် ဓာတုဗေဒပါမောက္ခအဖြစ် ခန့်အပ်ခြင်း ခံရလေသည်။ ထိုအချိန်မှစ၍ ကဏ္ဍပေါက်ခြင်းနှင့် စပ်လျဉ်းသော ပညာရပ်များကို စတင်လေ့လာလေသည်။ ယင်းကား ဗက်တီးရီးယိုလိုဂျီခေါ် သိပ္ပံပညာတစ်ရပ်ထွန်းပေါ်လာခြင်း အစပင်ဖြစ်၏။ သူ၏ ရှာဖွေတွေ့ရှိမှုများကြောင့် အရက်ချက်လုပ်ငန်း တိုးတက်လာရာ ဖရန်ကိုပရပ်ရှားစစ်ပွဲအပြီးပေးရန်ရှိသော စစ်လျော်ကြေးငွေကို ပြင်သစ်တို့ ချောင်ချောင်လည်လည် ပေးဆပ်နိုင်လေသည်။

၁၈၅၄ ခုနှစ်တွင် ပါးစတားသည် ဆေးတက္ကသိုလ်၌ သိပ္ပံပညာဌာနမှူးအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၈၆၂ခုတွင်ပိုးမျှင်များထွက်သော ပိုးမျိုးတွင်ဖြစ်သည့် ပိုးမည်းစက်နာခေါ် ရောဂါအကြောင်းကို ရှာဖွေပေးရန် ပါးစတားအားစေခိုင်းလေသည်။ တစ်ခါကအလွန်ဖွံ့ဖြိုးခဲ့သော ပိုးမွေးလုပ်ငန်းသည် ယင်းပိုးရောဂါကြောင့် သိသိသာသာ ဆုတ်ယုတ်သွားလေသည်။ ထိုရောဂါ၏ဇာတ်မြစ်ကို ငါးနှစ်မျှကောင်းစွာလေ့လာပြီးနောက် ယင်းရောဂါကိုဖြစ်စေသော ကပ်ပါးကောင်များကို တွေ့ရှိလေသည်။ ထိုအခါမှစ၍ ယင်းရောဂါမပြန့်ပွားစေရန် ကာကွယ်စောင့်ရှောက်နည်းကို ပိုးမွေးသူများအားညွှန်ကြားပြသပေးထားရာ ပြင်သစ်နိုင်ငံ၏ ပိုးမွေးလုပ်ငန်းသည် သိသိသာသာ အောင်မြင်လာခဲ့သည်။

ပါးစတား၏အကြီးကျယ်ဆုံးသော ဆောင်ရွက်မှုများမှာ ဆေးပညာဆိုင်ရာရှာဖွေတွေ့ရှိချက်များဖြစ်သည်။ အကယ်၍ အနာရောဂါများကို ခွဲစိတ်ကုသရာ၌ အနာများကို မယဉ်းအောင် ပြုလုပ်ပေးနိုင်လျှင် အန္တရာယ်ကင်းနိုင်ကြောင်းကိုယုံကြည်သည့်အလျောက် တိရစ္ဆာန်များတွင် စမ်းသပ်ကြည့်လေသည်။ ခွဲစိပ်ရာတွင်အနာယဉ်းခြင်းသည် ဗီဇမျိုးများ ဝင်သောကြောင့် ဖြစ်ကြောင်းကို ပါးစတားတွေ့ရှိလေသည်။ ပါးစတား၏တွေ့ရှိချက်ပေါ်တွင်မီး၍ ဂျိုးဇက်လစ်စတားက အနာမယဉ်ဆေးပြုလုပ်အောင်မြင်ခဲ့ရာ ခွဲစိတ်ကုသမှုလောကတွင် အကြီးအကျယ်ပြောင်းလဲသွားရုံမကဆေးပညာကိုပါ တိုးတက်လာစေသည်။ (လစ်စတား ဂျိုးဇက် –ရှု။) ထိုကြောင့် ၁၈၇၃ခုနှစ်တွင် ပါးစတား

www.foreverspace.com.mm

အားဆေးပညာတံခွန် အသင်းပေါင်းပါအဖွဲ့ဝင်တစ်ယောက်အဖြစ်ခန့်အပ်ကြလေသည်။ ထိုနောက် ၁၈၈၀ ပြည့်နှစ်မှစ၍ ကြက်များတွင်ဖြစ်စေကာလဝမ်းရောဂါ၊ ကျွဲနွားနှင့်သိုးများတွင်ဖြစ်တတ်သော ဒေါင့်သန်းနာရောဂါနှင့် အခြားတိရစ္ဆာန်ရောဂါများကို စတင်လေ့လာသည်။ ဤကဲ့သို့ လေ့လာရာ၌ ထိုရောဂါများကို ဗက်ဆင်းဆေးထိုးပေးခြင်းအားဖြင့် ကာကွယ်ပေးနိုင်ကြောင်းနှင့် ကုသပေးနိုင်ကြောင်းကိုလက်တွေ့ပြလေသည်။ ဤသို့အားဖြင့် ပြင်သစ်နိုင်ငံ၏ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်မြင်ခဲ့လေသည်။

နောက်တစ်နှစ်တွင် ပါးစတားသည်ပြင်သစ်နိုင်ငံ၌ နှစ်စဉ်နှစ်တိုင်း လူနှင့်ခွေးပေါင်းအမြောက်အမြားကို သေစေခဲ့သော ခွေးရူးပြန်ရောဂါကို စတင်လေ့လာလေသည်။ တစ်နေ့တွင် သူတွေ့ရှိသောနည်းဖြင့် ခွေးရူးအကိုက်ခံရသော ဂျိုးဇက်မီစတာဆိုသူလူငယ်ကလေးအား စမ်းသပ်ကုသပေးရာ ကောင်းစွာ အောင်မြင်သည်မှစ၍ ခွေးရူးပြန်ရောဂါကို ကုသ၍ဖြစ်ကြောင်း ကမ္ဘာသို့ အထောက်အထားနှင့်တကွ ၁၈၈၅ခု ဇူလိုင်လ ၆ ရက်နေ့တွင်ကြေညာနိုင်သည်။ ယင်းကုထုံးကို မည်မျှလူကြိုက်များလာသနည်းဟူမူ ၁၈၈၈ခုတွင် ပါရစ်မြို့၌ခွေးရူးပြန်ရောဂါကုဆေးရုံတစ်ရုံ ဖွင့်ရသည်။ ယင်းဆေးရုံကို ပါးစတားအားဂုဏ်ပြုသောအားဖြင့် ပါးစတားဆေးရုံဟုမှည့်ခေါ်လေသည်။ ပါးစတား အားလည်း ယင်းဆေးရုံ၏ညွှန်ကြားရေးဝန်အဖြစ် ခန့်အပ်ကြသည်။ ယခုအခါ ပါးစတားဆေးရုံများကို ကမ္ဘာအရပ်ရပ်၌ဖွင့်လှစ်ထားသည်ကိုတွေ့နိုင်သည်။ ရန်ကုန်မြို့၌လည်း ပါးစတားဆေးရုံတစ်ရုံရှိသည်။ ပါးစတားဆေးရုံသည် ခွေးရူးပြန်ရောဂါများကို အဓိကထား၍ကုသပေးသဖြင့် ခွေးရူးဆေးရုံဟု အများကခေါ်ကြသော်လည်း၊စင်စစ်အားဖြင့်ရောဂါအမျိုးမျိုး၏ကုထုံးနှင့်ကာကွယ်မှုကို လေ့လာနိုင်သောဌာနဖြစ်သည်။

ပါးစတား၏ ရှာဖွေတွေ့ရှိချက်များသည် ကာလဝမ်းရောဂါ၊ ဆုံဆို့နာ၊ တက်တနုတ်ရောဂါ၊တီဗီရောဂါနှင့် အခြားကူးစက်တတ်သော ရောဂါများကို လေ့လာနိုင်ရန်နှင့် ကာကွယ်ပေးနိုင်ရန်အခြေခံသဖွယ်ဖြစ်လေသည်။

ထိုပြင် ပါးစတားရိုက်ဓေးရှင်းခေါ် အစာများကို မပုပ်မသိုးအောင် ပြုလုပ်ပေးနိုင်သောနည်းကိုလည်း ပါးစတားပင် တီထွင်ပေးသွားလေသည်။ ဤနည်းမှာ နို့ထဲတွင်ပါရှိသော ဗက်တီးရီးယားများကို သတ်ပစ်ခြင်းအားဖြင့် နို့များကိုမချဉ်အောင် ကာကွယ်ပေးခြင်းဖြစ်သည်။ ဤသို့အားဖြင့် ဗီဇမျိုးများပါရှိသောနို့ကို သောက်မိသောကြောင့် ရောဂါဖြစ်၍ သေဆုံးရသောကလေးပေါင်းအမြောက်အမြား၏ အသက်ကို ကယ်ဆယ်နိုင်ခဲ့သည်။

အသက်ထက်ဆုံး ကမ္ဘာ့ကောင်းကျိုးကို သည်ပိုးသွားသောပါးစတားသည် ၁၈၉၅ခု စက်တင်ဘာလ ၂၈ ရက်နေ့တွင် ပါရစ်မြို့၌ကွယ်လွန်၍ယင်းမြို့ရှိပါးစတားဆေးရုံ၌ ပင်မြှုပ်နှံသင်္ဂြိုဟ်လေသည်။

ပါးစတားရိုက်ဓေးရှင်း။ ။ပါးစတားရိုက်ဓေးရှင်း ဆိုသည်မှာ အစားအစာကို အပူနှင့်အအေးဖြင့် မပုပ်မသိုးဘဲ ကြာရှည်ခံအောင် ပြုလုပ်သော နည်းဖြစ်သည်။ ထိုနည်းကို လူဝီ ပါးစတားက စ၍ထွင်သောကြောင့် ပါးစတားအား ဂုဏ်ပြုသည့်အနေဖြင့် ပါးစတား ရိုက်ဓေးရှင်းဟု ခေါ်ထားခြင်းဖြစ်၏။ (ပါးစတားလူဝီ–ရှု။)နို့ကိုစီမံရာ၌ ဤနည်းကို အသုံးပြုလေ့ရှိသည်။ ထိုပြင် ဒိန်ခဲ၊ ဗီယာ(ဗျစ်အရက်)နှင့် အခြားအစားအစာများကို မပုပ်မသိုးအောင် ပြုလုပ်ရာ၌လည်းအသုံးပြုကြလေသည်။

ပါးစတားသည် စပျစ်ရည်နှင့် ဗီယာကို အပူချိန်ဖာရင်ဟိုက် ၁၂၂ဒီဂရီမှ ၁၄၀အထိ ပူအောင်ပြုလုပ်လျှင်၊ ယင်းတို့ကို အချဉ်ပေါက်ခြင်းမှ ကာကွယ်နိုင်ကြောင်း ပြသခဲ့လေသည်။ ထိုနည်းဖြင့် နို့ကိုစီမံရာ၌ နို့ကိုအချဉ်ပေါက်စေနိုင်သည့် ဗက်တီးရီးယားပိုးများကို သေစေနိုင်သည်မဟုတ်။ နို့ထဲတွင်ပါရှိနိုင်သော ရောဂါများကိုဖြစ်စေတတ်သည့် သက်ရှိများ အလွန်လျင်မြန်စွာ တိုးပွားခြင်းကိုလည်း တားဆီးနိုင်ပေသေးသည်။ ထိုပြင်ရသာ၊ ပရိတင်းနှင့်ဗီတာမင်များသည် မပျက်စီးနိုင်ပေ။

အစားအစာများ ပျက်စီးကြရခြင်းမှာ ဗက်တီးရီးယားများကြောင့်ဖြစ်သည်ကို ပါစတားကတွေ့ရှိခဲ့သည်။ (ဗက်တီး ရီးယား–ရှု။)ထိုသက်ရှိများသည် နေရာအနှံ့အပြားတွင် သဘာဝအလျောက်ဖြစ်ပေါ်နေကြလေသည်။ အစာအတွင်းသို့ ဗက်တီးရီးယားရောက်သည်နှင့် တပြိုင်နက် ဆဲတစ်ခုတည်းသာရှိသော ထိုဗက်တီးရီးယားများသည် အလွန်လျင်မြန်စွာပွားလာပြီးလျှင် မကြာမီအတွင်း၌ အစာကိုအသုံးမပြုနိုင်သည်အထိ ပျက်စီးလေသည်။ အရည်ကို သာမန်ဆူစေခြင်းဖြင့် ဗက်တီးရီးယားအားလုံးကို သေစေသည်မှာမှန်၏။ သို့သော် နို့ကိုဆူအောင်လုပ်သည့်အပူသည် နို့၏အနှံ့အရသာကို ဖျက်ဆီးပစ်တတ်သည်။ နို့ကိုဆူအောင် လုပ်ရန်မလိုသည်ကို ပါးစတားသည် တွေ့ရှိခဲ့သည်။ ဗက်တီးရီးယား အမြောက်အမြားကို နို့မဆူစေသော အပူနှင့်ပင်သတ်ပစ်နိုင်သည်ကိုလည်း ပါးစတားတွေ့ရှိခဲ့လေသည်။ ထိုပြင် နို့ကိုအပူတိုက်ပြီးသည်နှင့် လျင်မြန်စွာအေးစေလျင်လည်း၊ ဗက်တီးရီးယားများသည် နောက်ထပ်၍ လျင်မြန်စွာ တိုးပွားမလာသည်ကိုလည်း သိခဲ့လေသည်။

ထိုပြင် ပါးစတားနည်းဖြင့်စီမံထားသောနို့သည်

www.foreverspace.com.mm

ကြာရှည်ထားခံလေသည်။ နို့ကိုအချဉ်မပေါက်စေရန် ပါးစတားရိုက်ဇေးရှင်းနည်းဖြင့် နို့ကိုစီမံသောလုပ်ငန်းကို ဒဲ့ဂျာစုနှစ် နောက်ပိုင်းတွင်မှ စတင်ခဲ့ကြလေသည်။ ထိုနောက် ဤနည်းဖြင့် နို့ကိုစီမံခြင်းဖြင့် ရောဂါကိုဖြစ်စေနိုင်သောသက်ရှိများပျက်စီးစေနိုင်သည်ကို တစ်စတစ်စသိလာသောအခါ၊ နို့ကို ဤနည်းဖြင့်စီမံပြီးမှသာရောင်းချရန် စည်းကမ်းများသတ်မှတ်လာကြလေသည်။ ထိုနည်းဖြင့်နို့ကိုစီမံရာ၌ နို့ကိုအပူချိန်ဖာရင်ဟိုက်၁၄၇ အထိပူလာအောင်ပြုလုပ်ကာ၊ ထိုအပူချိန်၌ မိနစ်၃၀ထက်မနည်းထားပြီးနောက်၊ ချက်ချင်းအပူချိန်ကို ၅၀၊ သို့မဟုတ် ထို့ထက်နိမ့်သောအပူချိန်သို့ရောက်သည်အထိ အေးစေသည်။ ထိုသို့စီမံရာ၌ အပူချိန်နှင့်အချိန်အချိုးညီရန်အထူးအရေးကြီးသည်။ ပါးစတားရိုက်ဇေးရှင်းပြုလုပ်ရာ၌ အပူချိန်မြင့်မြင့်နှင့်အချိန်တိုတိုထားခြင်းသည် အပူချိန်နိမ့်နိမ့်နှင့်အချိန်ကာကာထားခြင်းကဲ့သို့ပင် ဗက်တီးရီးယားများကိုသေစေနိုင်သည်။ တျူဗင်ကယ်ဗက်စီလတ်ခေါ်ပိုးသည် အပူချိန်၁၈၀ ° တွင် ၂စက္ကန့်၊ သို့မဟုတ် ၃စက္ကန့်အတွင်းသေကျေသွားပေမည်။ သို့မဟုတ်၁၆၀ တွင် ၁၂စက္ကန့်၊ ၁၅၀တွင် ၂မိနစ်မှ၅မိနစ်အတွင်း၊ သို့မဟုတ် ၁၄၀ ° တွင် မိနစ် ၂၀၊ သို့မဟုတ် ၁၃၈ ° တွင်မိနစ်၃၀အတွင်း၌သေစေနိုင်သည်။ ထိုကြောင့်ပါးစတား ရိုက်ဇေးရှင်းနည်းဖြင့် နို့ကိုစံမံသောအခြားနည်းတစ်မျိုး၌ နို့ကို ပဌမနည်းဖြင့်ပြုသောအပူချိန်ထက်မြင့်သောအပူချိန် ၁၆၀ သို့ရောက်အောင် ပြုလုပ်ပေး၍၊ ထိုအပူချိန်၌ ၁၅စက္ကန့်သာထားပြီးနောက်၊ နို့ကိုလျင်မြန်စွာပြန်အေးစေသည်။ မည်သည့် နည်းဖြင့်စီမံသည်ဖြစ်စေ၊ နို့ကိုလျင်မြန်စွာပြန်အေးစေရပေမည်။ သို့မှသာ ဗက်တီးရီးယားများသည် လျင်မြန်စွာ ပွားများလာနိုင်မည်မဟုတ်ချေ။ ပါးစတားရိုက်ဇေး ရှင်းနည်းဖြင့် စီမံထားသော နို့ကိုသာ အသုံးပြုကြလျှင် နို့ကြောင့်ကူးစက်တတ်သောကာလဝမ်းရောဂါ၊ တီဗီရောဂါများနှင့် အခြားရောဂါများကူးစက်နိုင်မည်မဟုတ်ဟုဆိုသည်။ မြန်မာနိုင်ငံ၌လည်း အချို့နို့စားနွားမခြံများမှထွက်သောနို့များက ပါးစတားရိုက်ဇေးရှင်းနည်းဖြင့် စီမံ၍ရောင်းချလျက်ရှိပေသည်။

ပါးဆယု။ ။ပါးဆယုသည် ဂရိထုံးဟောင်းပုံပြင်တွင် ဇုနတ်နှင့်ဒန်နေအီလူမိန်းမတို့မှ ဖွားမြင်သောသားဖြစ်သည်။ ပါးဆယုအားမဖွားမြင်မီက ဒန်နေအီ၏ခမည်းတော်အား ဂျေ့ပြည့်ရှင်အကရစ်ဆီးယပ်ဘုရင်ကြီးကို မိမိ၏မြေးတော်လက်ချက်ဖြင့် ကံကုန်လိမ့်မည်ဟု အဟောရှိခဲ့သည်။ ထိုကြောင့် ဒန်နေအီတွင် သားတော် ပါးဆယုဖွားမြင်သည်ဟု ကြားသိရသောအခါ၊ အကရစ်ဆီးယပ်သည်

ပါးဆယုသည် မီဒူးဆားဘီလူးမ၏ ဦးခေါင်းဖြတ်ယူစဉ်

ဒန်နေအီနှင့်ပါးဆယုတို့အား ကြိမ်သေတ္တာတွင်ထည့်ကာ၊ ပင်လယ်ကြောင်၌ မျှောလေသည်။

ကြိမ်သေတ္တာကြီးသည် ကျွန်းတစ်ကျွန်းသို့ ဆိုက်ကပ်သွားရာ ထိုကျွန်းမှ ဒက်ကတစ်အမည်ရှိသော တံငါသည်ကြီးကဆယ်ယူကာ၊ ဒန်နေအီတို့ သားအမိအားကျွေးမွေးစောင့်ရှောက်ထား၏။ ယင်းသို့ဖြင့် ပါးဆယုမင်းသားလေးမှာ ကြီးပြင်းလာခဲ့ရရာ၊ သာမန်ထွားကျိုင်းသော လုလင်ပျိုတစ်ယောက်ဖြစ်လာ၏။ ထိုကျွန်း၏ဘုရင် ပေါ်လီဒက်ကီသည် ပါးဆယု၏မယ်တော် ဒန်နေအီမင်းသမီးကို ရယူလိုရကား၊ သားတော် ပါးဆယုအားသေစေပြီးမှ မယ်တော်ဖြစ်သူကိုအရယူမည် အကြံပြုလျက်၊ ပါးဆယုအား မီဒူးဆားဘီလူးမ၏ဦးခေါင်းကို ဖြတ်ယူဆောင်ကြဉ်းပေးရမည်ဟု အမိန့်တော်မှတ်ကာ စေလွှတ်လိုက်၏။

ပါးဆယုသည် မီဒူးဆားဘီလူးမထံသို့ သွားရာခရီး၌၊

www.freewebspace.com.mm

ပြိတ္တာညီအစ်မသုံးဖော်နှင့်တွေ့၏။ ယင်းသည့် ပြိတ္တာညီ အစ်သုံးဖော်မှာ သုံးဦးစလုံးတွင်မှ မျက်လုံးတစ်လုံးသာ ရှိသည်။ ပါးဆယုသည် ထိုမျက်လုံးကို ယူထားလိုက်ပြီးသော်၊ ပြိတ္တာညီအစ်မများအား မိမိသွားရာခရီး၌ ဘေးရန်အသီးအသီးမှ ကာကွယ်ပေးမည်ဖြစ်သော အရာဝတ္ထုများကိုရရှိအောင် ညွှန်ပြပေးမှသာလျှင် မျက်လုံးကို ပြန်ပေးမည်ဟုပြောလေသည်။ ဤသို့အားဖြင့် ပါးဆယုသည် ကြေးမုံပြင်ကဲ့သို့အရိပ်ထင်သော ဒိုင်း၊ ခြေနင်းပျံနှင့် နတ်ဓား၊ ဆောင်းလိုက်လျှင်ကိုယ်ပျောက်စေသော သံခမောက်တို့ကိုရရှိခဲ့လေသည်။

ပါးဆယုသည် ခရီးဆက်လက်ထွက်ခွာခဲ့ရာ၊ မီဒူးဆား ဘီလူးမနေထိုင်ရာအရပ်သို့ရောက်လေ၏။ ထိုအခါ ကိုယ်ပျောက်စေသော သံခမောက်ကိုဆောင်းကာ၊ ခြေနင်းပျံကို စီးလျက် မီဒူးဆားအနီးသို့ ချဉ်းကပ်၏။ မီဒူးဆား၏ မျက်နှာကို တိုက်ရိုက်မြင်သူများသည် ကျောက်ရုပ် ဖြစ်သွားတတ်သောကြောင့်၊ ပါးဆယုသည် မီဒူးဆား၏ခေါင်းကို တိုက်ရိုက်မော်မကြည့်ဘဲ၊ ကြေးမုံပြင်ကဲ့သို့ အရိပ်ထင်သောဒိုင်းတွင်ကြည့်ကာ ဖြတ်ယူလိုက်၏။ ထိုသို့ ပါးဆယုက မီဒူးဆား၏ဦးခေါင်းကိုဖြတ်ရာတွင် ကျဆင်းလာသော လည်ချောင်းသွေးမှ ပဂ္ဂဆပ်နတ်မြင်းပျံ ဖြစ်လာသည်ဟုဆိုသည်။ (ပဂ္ဂဆပ်–ရှု။)

ပါးဆယုသည် မီဒူးဆား၏ ဦးခေါင်းကို ဖြစ်ယူပြီး နောက်အပြန်ခရီး၌၊ ရေသတ္တဝါကြီးတကောင်အား ကျွေးမွေးရန် အလို့ငှါ၊ ပင်လယ်ကမ်းပါး ကျောက်ဆောင်တစ်ခုတွင် သံကြိုးဖြင့်ချည်နှောင်ထားခြင်းခံနေရသော အန်ဒရွမ်မီဒါမင်းသမီး ကလေးအားကယ်ခဲ့ပြီးလျှင်၊ ထိမ်းမြားလက်ထပ်လိုက်လေသည်။ မိမိတိုင်းပြည်သို့ ပြန်ရောက်သောအခါ၊ ပါးဆယုသည် ပေါ်လီဒက်တီဘုရင်နှင့် မိမိ၏ ရန်သူအားလုံးကို မီဒူးဆား၏ဦးခေါင်းကိုပြ၍ ကျောက်ရုပ်ဖြစ်စေ၏။ ထိုနောက်ပါးဆယုသည် ကြင်ယာတော် အန်ဒရွမ်မီဒါ၊ မယ်တော် ဒန်နေအီတို့နှင့်အတူ ဘိုးတော် အကရစ်ဆီးယပ်၏ နေပြည်တော်သို့ သွားရောက်လေသည်။ သူတို့ရောက်သွားချိန်ဝယ်၊ ပြေးပွဲပြိုင်ပွဲများ ကျင်းပနေဆဲဖြစ်သဖြင့်၊ ပါးဆယုသည်လည်း သံပြားဝိုင်းပစ်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်၏။ ပါးဆယုပစ်လိုက်သော သံပြားဝိုင်းသည် ပြိုင်ပွဲကိုရှုစားနေသော ဘိုးတော် အကရစ်ဆီးယပ်အား မတော်မဆထိမှန်သွားသဖြင့်၊ ဟောကိန်းနှင့်အညီ မြေးတော်လက်ချက်ဖြင့် ဘုရင်ကြီး နတ်ရွာ စံလေသည်။

ဤသို့ဖြင့်ပါးဆယုသည် အားကျေပြည့်ရှင်ဘုရင်ဖြစ်လာပြီးလျှင်၊ နောင်အခါတွင် အားကျေပြည်ကို တီရင်းပြည်နှင့် လဲလှယ်ကာအုပ်စိုးလေသည်။ ပါးဆယုနှင့် အန်ဒရွမ်မီဒါတို့ ကွယ်လွန်သောအခါ၊ ကောင်းကင်၌ ပါးဆယုနှင့် အန်ဒရွမ်မီဒါကြယ်စုများဖြစ်သွားပြီး၊ မယ်တော် ဒန်နေအီမှာမူ ကက်ဆီးအိုးပီးယားကြယ်စုဖြစ်သွားသည်ဟူ၍ ဂရိတို့ပြော စမှတ်ပြုကြလေသည်။

ပါးဆဲဟင်နရီ (ခရစ် ၁၆၅၉–၁၆၉၅)။ ။ ဟင်နရီပါးသည် အင်္ဂလိပ်တေးဂီတအရာတွင် ကဝိတဆုအဖြစ်ဖြင့် ထင်ရှားကျော်စောသော ဂီတစာဆိုတစ်ဦးဖြစ်၍၊ ခရစ် ၁၆၅၉ ခုနှစ်တွင် လန်ဒန်မြို့၌ ဖွားမြင်သည်။ ဆယ်နှစ်သားအရွယ်ကပင် ဘုရင့် ဝတ်ကျောင်းတော်တွင် ဓမ္မသီချင်းများကို ဂီတအဖွဲ့သားများနှင့်အတူ သံပြိုင်သီဆိုခဲ့သည်။ ၁၆၈၂ ခုနှစ်တွင် ထိုဘုရင့်ဝတ်ကျောင်းတော်၌ပင် သြဂင်စန္ဒရားဆရာအဖြစ်ဖြင့် အမှုထမ်းခဲ့သည်။ ထိုသို့အမှုမထမ်းမီနှင့် အမှုထမ်းဆဲကာလတို့တွင် ဝတ်ကျောင်းများ၌ သီဆိုသောဓမ္မသီချင်းနှင့် ပြဇာတ်အတွက် သီချင်းတို့ကိုရေးစပ်ခဲ့ရာ၊ ၁၆၈၉ ခုနှစ်ခန့်တွင် 'ဒိုင်ဒိုနှင့်အီးနီးယပ်' အမည်ရှိသော အော်ပရာခေါ် တေးသံစုံဇာတ်အတွက် သီချင်းစာသားမပါဘဲ၊ တီးကွက်တီးလုံးချည်းသာပါသော ဝိုချင်းရှည်နှစ်ပုဒ်သည် အော်ပရာတစ်ခုလုံးတွင် အလွန်ကြေကွဲလွမ်းဆွတ်ဖွယ်ကောင်းသော ဝိုချင်းဖြစ်သည်။ ပါးဆဲစပ်ဆိုသော ဂီတအသွားတို့သည် နိုင်ငံခြားယဉ်ကျေးမှုသြဇာမှ ကင်းစင်သော အင်္ဂလိပ်စစ်စစ်ဖြစ်သည့် ဂီတအသွားမျိုး ဖြစ်လေရာ၊ ပါးဆဲကို နှောင်းလူတို့က အင်္ဂလိပ်ဂီတစာဆိုတို့ ပူဇော်ထိုက်သော ဖခင်ကြီးအဖြစ်ဖြင့် အလေးအမြတ်ပြုကြသည်။ ၁۱۶۹۵ ခုနှစ်တွင် ပါးဆဲကွယ်လွန်လေသော်၊ သူ၏ရုပ်ကလာပ်ကို ဝက်စမင်စတာ အက်ဗေးတွင် သင်္ဂြိုဟ်လေသည်။

အင်္ဂလိပ်တေးဂီတ ဆရာကျော် ဟင်နရီပါးဆဲ

www.forewordspace.com.mm

ပါးနဲ့ချားစတူးဝပ် (ခရစ် ၁၈၄၆–၁၈၉၁) ။ ။ချားစတူးဝပ်ပါးနဲ့သည် အိုင်ယာလန်ပြည်လွတ်လပ်ရေးတိုက်ပွဲတွင် နာမည်ထင်ရှားခဲ့သော မျိုးချစ်ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည်။ ၁၈၄၆ ခုနှစ် ဇွန်လ ၂၇ ရက်နေ့၌ဝစ်ကလိုခရိုင်၊ အက်ဗွန်ဒေးတွင်မွေးဖွားသည်။ ပါးနဲ့၏ဖခင်သည် မြေပိုင်ရှင်ကြီး တစ်ဦးဖြစ်၍ မိခင်ကား အမေရိကန် ပြည်ထောင်စုနိုင်ငံရေတပ်ဗိုလ်ချုပ်တစ်ဦး၏ သမီးဖြစ်သည်။ ပညာသင်သောအရွယ်တွင် ကိမ်းဗရစ်တက္ကသိုလ်၌ ပညာသင်ကြားခဲ့ရ၏။ ၁၈၇၅ခုနှစ်တွင် အိုင်ယာလန်ပြည်မှ ဟုမ္မရူးခေါ်သော နိုင်ငံရေးဂိုဏ်းဝင်အဖြစ် မိသမဲဆန္ဒနယ်မှ ပါလီမန်သို့ ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

ထိုခေတ်၌ အိုင်ယာလန်ပြည် တောင်သူလယ်သမားများသည် အင်္ဂလိပ်မြေပိုင်ရှင်ကြီးများ၏ ဖိနှိပ်ခြင်းကိုများစွာခံနေရ၏။ ထိုကြောင့်ပါးနဲ့သည် တောင်သူလယ်သမားများ၏အရေးကိုအကြောင်းပြု၍၊ နိုင်ငံရေးရည်ရွယ်ချက်အောင်မြင်ရန်ဆောင်ရွက်လေသည်။ ထိုစဉ်ကနိုင်ငံရေး တစ်ယူသန်ဂိုဏ်းဖြစ်သော ဖီနီယန်ဂိုဏ်း၏ အကူအညီကိုလည်းယူခဲ့ရာ၊ ပါးနဲ့၏ဂိုဏ်းသည် ပါလီမန်အတွင်း၌ အတော်ပင်အရေးပါလာသဖြင့်၊ ပါလီမန်၏လုပ်ငန်းစဉ်များကို ပျက်ပြားအောင်ပင်ပြုနိုင်လာလေသည်။ ထိုကြောင့်လည်း ပါးနဲ့၏

အိုင်ယာလန်ပြည် မျိုးချစ်ခေါင်းဆောင် ချားစတူးဝပ်ပါးနဲ့

ဂိုဏ်းသည် ပါလီမန်အတွင်း၌ သြဇာကြီးမားလာခြင်းဖြစ်သည်။ ၁၈၇၉ခုနှစ်တွင်ပါးနဲ့သည် သီးစားခလျှော့ပေါ့ရေးနှင့် ကိုယ်ထိလက်ရောက် လယ်လုပ်သူတို့သာ လယ်မြေကို ပိုင်ဆိုင်ရေးအတွက် စည်းရုံးထားသော အမျိုးသားမြေယာ အစည်းအရုံးတွင် ဥက္ကဋ္ဌဖြစ်လာသည်။ ၁၈၈၀ ပြည့်နှစ်တွင် ပါလီမန်အတွင်းရှိ အိုင်ရစ်ဂိုဏ်း၏ခေါင်းဆောင်ဖြစ်လာသည်။ ထိုအတွင်းတွင် ပါးနဲ့သည် သီးစားတို့အကျိုးငှါ လယ်ယာမြေ စံနစ်ပြုပြင်ရေး ဥပဒေများကို ပါလီမန်ကအတည်ပြုမပေးသမျှ ကာလပတ်လုံး၊ သီးစားခမပေးဘဲ သပိတ်မှောက်ရန်လှုံ့ဆော်ခဲ့သဖြင့် ထောင်ကျခဲ့သည်။ သို့ရာတွင် သပိတ်မှောက်ခြင်းကိုရုပ်သိမ်းလျှင်၊ အစိုးရတို့ကသီးစားခကြွေးကိစ္စကို သက်ညှာစွာစဉ်းစားမည်ဟူသောအစိုးရ၏လိုက်လျောချက်ကို ပါးနဲ့လက်ခံလိုက်သဖြင့် ပါးနဲ့သည် ထောင်မှလွတ်လာလေသည်။

ထိုသည်မှစ၍ အိုင်ယာလန်ပြည်အရေးသည် အခြေအနေတိုးတက်ကောင်းမွန်လာလေသည်။ အင်္ဂလိပ်နန်းရင်းဝန်ဂလက်စတုန်းအစိုးရကလည်း အိုင်ယာလန်ပြည်အရေးကို သက်ညှာစွာဆောင်ရွက်ပေးလာခဲ့သည်နှင့်၊ ပါးနဲ့၏ဂိုဏ်းသည် ထိုအစိုးရအဖွဲ့ကို ထောက်ခံခဲ့လေသည်။ (ဂလက်စတုန်းဝီလျံ၊အီ–ရှု။) ၁၈၈၆ ခုနှစ်တွင် သီးစားများသက်သာချောင်ချိရေးဥပဒေကို ပါလီမန်၌အတည်ပြု ပြဋ္ဌာန်းလိုက်သည်။ ထိုနှစ်တွင်ပင် ဂလက်စတုန်း၏ အိုင်ယာလန်ပြည် ကိုယ်ပိုင်အုပ်ချုပ်ရေး ဥပဒေကြမ်း တင်သွင်းရန် အစီအစဉ်များကို ပြုလုပ်လေသည်။ ဤအချိန် အတွင်းတွင် ပါးနဲ့အဖို့ နာမည်ပျက်စရာ အကြောင်းများ ပေါ်ပေါက်လာလေသည်။

၁၈၈၂ ခုနှစ်တွင် နိုင်ငံရေး တစ်ယူသန် သမားတို့၏ လက်ချက်ဖြင့်၊အိုင်ယာလန်ပြည်ဆိုင်ရာအတွင်းဝန်ချုပ်နှင့် အတွင်းဝန်ကလေးတို့သည် ဖီးနစ်ဥယျာဉ်ဝယ် အသတ်ခံရ၏။ ၁၈၈၇ခုနှစ်တွင် လန်ဒန်တိုင်းသတင်းစာက ထိုကိစ္စကို ပြန်ဖော်၍ ထိုလုပ်ကြံမှုတွင်ပါးနဲ့နှင့် အပေါင်းအဖော်တစ်စုတို့ ပါဝင်သည်ဟု စွပ်စွဲလေသည်။ ပါးနဲ့က ထိုကိစ္စကို အစိုးရသည် ကော်မစ်ရှင်အဖွဲ့ဖွဲ့၍ စုံစမ်းပါမည့် အကြောင်းဖြင့် ဂလက်စတုန်းအားတောင်းဆို၏။ ထိုတောင်းဆိုချက်အရ၊ ကော်မရှင်အဖွဲ့က ထိုအမှုကို စစ်ဆေးရာတွင်၊ ပါးနဲ့သည် အပြစ်မရှိကြောင်းထင်ရှား လာလေသည်။ သတင်းစာတွင် ဖော်ပြခဲ့သောစာများသည် အတုသာလျှင်ဖြစ်ကြောင်း ခိုင်လုံစွာသိရှိရလေသည်။ သို့ဖြစ်၍ ပါးနဲ့သည် ယခင်ကထက်ပင် သြဇာတိက္ကမကြီး၍လာလေသည်။ ဂလက်စတုန်းလည်း အိုင်ယာလန်ပြည် ကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေကြမ်းကို တင်သွင်းရန် အဆင့်သင့်ပင်ရှိခဲ့သည်။ သို့သော် မမြှော်လင့်သောအဖျက်အဆီး

www.foreverspace.com.mm

တစ်ခုသည့် နောက်ထပ် ပေါ်ပေါက်လာပြန်၏။ ပါးနဲ့သည်သူ၏ နောက်လိုက်တစ်ဦးဖြစ်သူ ကက်ပတိန် အိုရှေး၏ ဇနီးနှင့် မျှားစွာရင်းနှီး၏။ ထိုကြောင့် ၁၈၉၉ ခုနှစ်တွင် အိုရှေးက ပါးနဲ့နှင့်သူ၏ ဇနီးကိုသမုတ်ကာ၊ လင်မယား ကွာရှင်းခွင့်ရရန် ရုံးတွင် လျှောက်ထားလေသည်။ အိုရှေးတို့ လင်မယားကွာရှင်းပြီး၍ နောက်တနှစ်တွင် ပါးနဲ့သည် အိုရှေး၏ဇနီးနှင့်လက်ထပ်လိုက်လေသည်။ ထိုကိစ္စသည် ပါးနဲ့၏ဂုဏ်သိက္ခာကို အလွန်ထိခိုက်သွားလေသည်။

ထိုကြောင့် နောက်ဆုံး၌ ပါးနဲ့သည် အိုင်ရစ်ဂိုဏ်း၏ ခေါင်းဆောင်အဖြစ်မှလျှောကျခဲ့ရသည်။ ထိုကြောင့်လည်း အိုင်ယာလန်ပြည်၏အရေးသည်မအောင်မြင် ဖြစ်ခဲ့ရသည်။ ပါးနဲ့သည် ၁၈၉၁ ခုနှစ်တွင် ကွယ်လွန်လေသည်။

ပါးမာစတန်ဟင်နရီရှဲန်တင်ပယ်(ခရစ်၁၇၈၄ –၁၈၅၆)။ ဟင်နရီ ရှဲန်တင်ပယ် ပါးမာစတန်သည် ဝိတိုရိယဘုရင်မ လက်ထက်တွင် နှစ်ပေါင်း ၅၀မျှ အစိုးရအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့၍ နိုင်ငံပြုသုခမိန်အဖြစ်ဖြင့် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ဖြစ်သည်။ အိုင်ယာလန်မျူးမတ် မျိုးနွယ်ဖြစ်၍ တတိယ ဗိုင်းကောင့်ဘွဲ့ကို ရရှိသူလည်းဖြစ်သည်။

ဗြိတိသျှဝန်ကြီးချုပ် ဟင်နရီ ရှဲန် တင်ပယ် ပါးမာစတန်

ပါးမာစတန်သည် ဟမ္မရှိုင်ယာနယ်တွင် ၁၇၈၄ ခုနှစ်၌ မွေးဖွားသည်။ ငယ်စဉ်က အက်ဒင်ဗာရာ တက္ကသိုလ်တွင် ပညာသင်သည်။ ၁၈၀၇ ခုနှစ်တွင် ပါလီမန်အမတ်ဖြစ်လာပြီးနောက်၊ နှစ်နှစ်မျှကြာသောအခါ၊ စစ်ဝန်ကြီးဖြစ်လာသည်။ ၁၈၀၃ ပြည့်နှစ်၌ လော့ဂရေး၏ အစိုးရအဖွဲ့ထဲ၌ နိုင်ငံခြားရေးဝန်ကြီး အဖြစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၈၄၁ ခုနှစ်၌ ၁၈၄၆ ခုနှစ်စပ်ကြား ကာလအတွင်း၌ကား ပါးမာစတန်သည် မည်သည့် အစိုးရအဖွဲ့မှာမျှ မပါဝင်ချေ။ ၁၈၄၆ခုနှစ်တွင် လော့ဂျွန်ရပ်ဆဲ၏ အစိုးရအဖွဲ့ထဲ၌ နိုင်ငံခြားရေး ဝန်ကြီးအဖြစ်ဖြင့် ဆောင်ရွက်ရပြန်သည်။ ၁၈၅၁ ခုနှစ်၌မူကား ပြင်သစ်နိုင်ငံ၌ လူဝီနပိုလီယန်က အာဏာကိုလုပ်ကြံသည်တွင် လူဝီနပိုလီယန်ကို ထောက်ခံခဲ့သဖြင့်၊ နိုင်ငံခြားရေးဝန်ကြီး ရာထူးမှနုတ်ပယ်ခြင်းကို ခံရသည်။ သို့ရာတွင် ကရိုင်းမီးယန်း စစ်ပွဲကြောင့် ဗြိတိသျှနိုင်ငံရေးလှုပ်ရှားလာသောအခါ အစိုးရအဖွဲ့ထဲသို့ပြန်လည်ဝင်ရောက်လာပြီးလျှင်၊ ၁၈၅၅ ခုတွင် နန်းရင်းဝန်ရာထူးကို လက်ခံရလေသည်။ သို့ရာတွင် တရုတ်နိုင်ငံနှင့် စပ်လျဉ်းသောနိုင်ငံခြားရေးဝါဒ၌ အစိုးရအဖွဲ့နှင့်သဘော ကွဲလွဲပြန်သဖြင့်၊ နန်းရင်ဝန်းရာထူးမှ နုတ်ထွက်ခဲ့သည်။ ၁၈၅၉ ခုတွင် နန်းရင်းဝန်ပင်ပြန်ဖြစ်သည်။ ထိုသည်မှစ၍ပါးမာစတန်၏ဦးစီးခေါင်းဆောင်ပြုခြင်းကို အများကလက်ခံလာကြရာ၊ ပါးမာစတန်သည် နန်းရင်းဝန်အဖြစ်ဖြင့် အလုပ်ခွင့်ပင်လျှင် ၁၈၆၅ခုတွင်ကွယ်လွန်လေသည်။ ပါးမာစတန်သည် ရှေးထုံးကိုမပယ်သော ဂုစ်ပါတီဝင်တစ်ဦးဖြစ်သည်။ ဗြိတိသျှနိုင်ငံ၏ လုံခြုံမှုနှင့်အခွင့်အရေး ရရှိမှုတို့ကို မူတည်၍ နိုင်ငံရေးတွင် မိမိစိတ်နှင့် မိမိကိုယ် လွတ်လွတ်လပ်လပ်ဆောင်ရွက်လေ့ရှိရာ တစ်ခါတစ်ရံ နိုင်ငံခြားရှိ နိုင်ငံပြုသုခမိန်တို့နှင့်သာမက ဝိတိုရိယဘုရင်မနှင့်ပင်လျှင် သဘောချင်းကွဲလွဲလေ့ရှိသည်။ သို့ရာတွင် နန်းရင်းဝန်အဖြစ်ဖြင့် ဝါရင့်လာလေလေ၊ သူ၏လုပ်ရည်ကိုင်ရည်တို့ကို ဗြိတိသျှနိုင်ငံသားတို့က နှစ်ခြိုက်လာလေလေဖြစ်၍ ဗြိတိန်၏ကောင်းကျိုးကို ဆောင်ရွက်ခဲ့သူ တစ်ဦးအဖြစ်ဖြင့် ဗိုင်းကောင့် ပါးမာ စတန်ကို အသိအမှတ်ပြုကြသည်။

ပါးရင်ကွေးနိုင်ငံ။ ။ပါးရင်ကွေးနိုင်ငံသည် လက်တင် အမေရိကဟုခေါ်သော တောင်အမေရိကနိုင်ငံများတွင် ပါဝင်သည့် သမတနိုင်ငံ တစ်နိုင်ငံဖြစ်၍ တောင်အမေရိကတိုက်၏ အလယ်ဗဟိုတွင်တည်ရှိသည်။ ထိုနိုင်ငံကို အနောက်၊ မြောက်နှင့်အရှေ့ဖက်ရှိ ဗိုလစ်ဗီးယားနှင့် ဗရာဇီးနှစ်နိုင်ငံတို့က ဝိုင်း၍ထားပြီးလျှင်၊ အရှေ့နှင့်တောင်ဖက်တွင် အာဂျင်တီးနားနိုင်ငံက ဝုံ၍ထားသည်။ ထိုနိုင်ငံတွင် ကျယ်ပြန့်သော စားကျက်နှင့်သစ်တောများရှိသည်။ အရှေ့တောင်ဖက်ဖျား

www.foreverspace.com.mm

ပါးရင်ကွေးနိုင်ငံ တည်နေရာပြမြေပုံ

တွင် တောင်တန်းများသည် တောင်နှင့် မြောက်တန်းလျက်ရှိသည်။ တောင်ဖက်ပိုင်း၌ကုန်းမြေသည် ရွှံ့နွံများထူထပ်သည်။ ထိုဒေသ၌ အမြစ်မိမ်းလန်းလျက်ရှိသော သစ်တောများရှိသည်။ ပါးရင်ကွေးမြစ်သည် မြစ်ဖျားခံရာ မြောက်အရပ် ဒေသမှနေ၍ ပါးရင်ကွေးနိုင်ငံကို ကန့်လန်ဖြတ်ကာ၊ ပလားတားမြစ်တွင်းသို့ စီးဆင်းသည်။ ပါးရင်ကွေးမြစ်ကြောင်း၏ အရှေ့ဖက်၌၊ ပါရင်ကွေးမြစ်နှင့် ပရနာမြစ်ခွန်စ်ခုကြားတွင် မူလပါးရင်ကွေး ဒေသတည်ရှိသည်။ ပါးရင်ကွေးဖြစ်ကြောင်း၏ အနောက်ဖက်၌ ပါးရင်ကွေးမြစ်နှင့် မီးလကိုမားယိုးမြစ်ခွန်စ်ခုကြားတွင် ချားကိုဒေသတည်ရှိသည်။ ချားကိုဒေသတွင် စိမ်းလန်းသောစားကျက်မြေနှင့် သစ်တောရှိ၍ ထိုဒေသအကြောင်းကို ယခုတိုင်စုံစုံလင်လင် စူးစမ်းရှာဖွေခြင်း မပြုရသေးချေ။ ပါးရင်ကွေးနိုင်ငံ၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၁၅၇၀၄၇ မိုင်ဖြစ်သည်။

ပါးရင်ကွေးနိုင်ငံ၏ ရာသီဥတုသည် ယေဘုယျအားဖြင့် ညီညွတ်မျှတသည်။ မိုးအသင့်အတင့်ရွာသည်။ နွေဥတုကာလမှာဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ၊ ဆောင်းဥတုကာလမှာ မေလမှသြဂုတ်လအထိ ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ယှဉ်ကြည့်လျှင် ရာသီဥတုသည် ပြောင်းပြန်ဖြစ်နေသည်။ ဤသို့ ဖြစ်ရခြင်းမှာ ပါးရင်ကွေးနိုင်ငံသည် ကမ္ဘာ၏တောင်ဖက်လုံးခြမ်းတွင် တည်ရှိ၍ မြန်မာနိုင်ငံမှာမူ ကမ္ဘာ၏မြောက်ဖက်လုံးခြမ်းတွင် တည်ရှိသောကြောင့်ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှ အပူချိန်မှာ ၇၄ ဖာရင်ဟိုက်ဖြစ်၍ နွေရာသီပျမ်းမျှအပူချိန် ၈၁ ဖာရင်ဟိုက်၊ ဆောင်းရာသီပျမ်းမျှအပူချိန် ၆၄ ဖာရင်ဟိုက် ဖြစ်သည်။ တစ်နှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် မိုးရေချိန်လက်မ ၆၀ရွာသည်။

ပါးရင်ကွေးနိုင်ငံ၏လူဦးရေသည် ၁၄၀၅၆၂၇ ယောက်ဖြစ်သည်။ ထိုနိုင်ငံတွင်နေထိုင်ကြသူတို့သည် စပိန်လူမျိုးအဆက်အနွယ်များဖြစ်သည်။ တိုင်းရင်းသားလူဦးရေနည်းပါးသည်။ များသောအားဖြင့် စပိန်လူမျိုးနှင့် တိုင်းရင်းသားတို့သည် လူမျိုးချင်းနှောလျက်ရှိကြသည်။

ပါးရင်ကွေးနိုင်ငံ၏မြေဩဇာသည်အလွန်ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးသည်အလွန်ကောင်းမွန်သည်။ သို့သော် ကောက်ပဲသီးနှံ စိုက်ပျိုးခြင်းကို စွမ်းအားရှိသရွေ့ မလုပ်ဆောင်ရသေး။ ဝါဂွမ်းစိုက်ခြင်းကိုသာ အဓိကထား၍ လုပ်ဆောင်ကြ သည်။ စက်မှုလက်မှု အလို့ငှါ ကြံကိုလည်း စိုက်ပျိုးသည်။ ထိုပြင် ဆန်စပါးစသော ကောက်ပဲသီးနှံ၊ လိမ်မော်စသော သစ်သီးတို့အပြင်၊ ဆေးနှင့်လက်ဖက်တို့ကိုလည်းစိုက်ပျိုးသည်။ တိရစ္ဆာန်မွေးမြူရေးကိုလည်းအကြီးအကျယ်လုပ်ကိုင်သည်။ ပါးရင်ကွေးအစိုးရသည် အမဲသားလုပ်ငန်းနှင့်သားရေလုပ်ငန်းကို အထူးအားပေးသည်။ အာဂျင်တီးနားနိုင်ငံမှထွက်သော ဂျုံကို ပါးရင်ကွေးနိုင်ငံတွင် စက်ကြိတ်သည်။

သယ်ယူပို့ဆောင်ရေး၌ မြန်မာနိုင်ငံကဲ့သို့ပင်နွားလှည်းကို အားကိုးအားထားပြုကြသည်။ ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက မီးရထားလမ်းတို့သည် ပါးရင်ကွေးနိုင်ငံအတွက် ၇၁၄ မိုင်မျှသာအရည်ရှိသည်။ အခြားကုန်းကြောင်းလမ်းတို့ကား မိုင်ပေါင်း ၄၀၀၀ မျှရှည်သည်။

ပါးရင်ကွေးနိုင်ငံတွင် ရှေးရိုးစဉ်လာမပျက်နေထိုင်ကြသော တိုင်းရင်းသား ထောင်ပေါင်း အနည်းငယ်ရှိသေးသည်။ တောင်ဖက်ပိုင်းတွင်ကား လူအများသည် ခေတ်ယဉ်ကျေးမှုအရ တိုးတက်ခြင်းကိုလက်ခံ၍ ကြွယ်ဝချမ်းသာစွာနေထိုင်ကြသည်။ သို့ရာတွင် ဓနအင်အားသည် လူအများပေါ်၌ ညီညွတ်မျှတစွာမတည်ရှိခြင်းကြောင့်၊ လူဆင်းရဲနှင့် လူချမ်းသာ အဆင့်အတန်းသည် များစွာအလှမ်းကွာသည်။ ထိုကြောင့်လည်း ပညာရေး၌လူပေါင်းလေးပုံပုံလျှင် တစ်ပုံသာ လျှင်စာတတ်သည်။ လူ ၁၀၀လျှင် တစ်ယောက်မျှသာတန်းမြင့်ကျောင်းပညာရေးကိုရရှိသည်။ မူလတန်းပညာရေးသည် အခမဲ့ ပညာရေးစံနစ်ဖြစ်သည်။ ထိုပြင် မသင်မနေရ ပညာရေးစံနစ်ကို ပြဋ္ဌာန်းထားသော်လည်း၊ ကျောင်းများမှာ လုံလောက်အောင် မရှိချေ။ ပါးရင်ကွေး နိုင်ငံ၏မြို့တော် အာဆွန်စီယွန်၌ အမျိုးသား တက္ကသိုလ်ကျောင်းရှိသည်။

www.forevermyspace.com.mm

ပါးရင်ကွေးနိုင်ငံသည် စပိန်နိုင်ငံလက်အောက်ခံဘဝမှ လွတ်မြောက်၍ ခရစ်၁၈၁၃ မေလ ၁၄ရက်နေ့တွင် သမ္မတနိုင်ငံဖြစ်လာသည်။ ထိုနောက် နှစ်အနည်းငယ်အတွင်း အာဏာရှင်အုပ်ချုပ်ရေး စံနစ်ဖြင့် အုပ်ချုပ်လာခဲ့သည်မှာ ၁၈၄၄ခုအထိ ဖြစ်သည်။ ထိုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အသစ်ရေးဆွဲပြဋ္ဌာန်း၍ ထိုအခြေခံဥပဒေဖြင့်အုပ်ချုပ်ခဲ့သည်။ သို့သော်အာဏာရှင်စံနစ်သည် မပျောက်သည့်ပြင်၊ ပါးရင်ကွေးနိုင်ငံ၏စစ် သည်အင်အားလည်းကြီးမားလာသဖြင့်၊ ၁၈၆၅ခုမှ ၁၈၇၀ပြည့်နှစ်တိုင်အောင် အိမ်နီးချင်းဖြစ်သောအာဂျင်တီးနား၊ ဗရာဇီး၊ အူရုဂွေနိုင်ငံတို့နှင့်စစ်ဖြစ်ခဲ့ရာ၊ ပါးရင်ကွေးနိုင်ငံသည် များစွာဆုံးရှုံးခဲ့ရလေသည်။ ၁၈၇၀ပြည့်နှစ်တွင် အခြေခံဥပဒေသစ်တစ်ရပ်ကို ထပ်မံဂရေးဆွဲပြဋ္ဌာန်း၍ ၁၉၂၀ပြည့်နှစ်တိုင်အောင် သမတအသီးသီးတို့ဖြင့်အုပ်ချုပ်ခဲ့သည်။ ထိုနောက် ချားကိုဒေသ၌ ရေနံတွေ့ရှိလာသဖြင့်၊ ရေနံစစ်ပွဲများ ကျင်းပခဲ့ရပြီး နောက်၊ ၁၉၃၈ခုတွင် စစ်ပြေငြိမ်းလေသည်။ ၁၉၃၇ခုနှစ်၌ကား ပြည်တွင်းစစ်ဖြစ်ပွားရ၍ပြည်တွင်းတော်လှန်ရေးများဖြင့် မကြာခဏသောင်းကျန်းခဲ့လေသည်။ လက်ရှိအစိုးရအဖွဲ့ကား ၁၉၅၄ ခုနှစ်က ရွေးကောက်တင်မြှောက်လိုက်သော အစိုးရအဖွဲ့ ဖြစ်သည်။

ပါးရှားနိုင်ငံ ။ ။ (အီရန်နိုင်ငံ။)

ပါးရှင်းဝှန်ကျိုးဇော် (ခရစ် ၁၈၆၀–၁၉၄၈)။ ။ဝှန်ကျိုးဇော် ပါးရှင်းသည် အမေရိကန်ပြည်ထောင်စု၏ စစ်ဦးစီးဗိုလ်ချုပ်တို့အနက်၊ အမေရိကန်စစ်တပ်ကို ဥရောပတိုက်တွင် ဦးစွာပဋမဦးစီးခေါင်းဆောင်ပြုရသူဖြစ်သည်။ သာမညကျောင်းဆရာကလေးဘဝမှ မရည်ရွယ်ဘဲနှင့် အမေရိကန်ပြည်ထောင်စု၏ အမြင်တမ်းဗိုလ်ချုပ်အဖြစ်သို့ ရောက်ရှိလာသောပုဂ္ဂိုလ်လည်းဖြစ်သည်။

ပါးရှင်းသည် အမေရိကန်ပြည်ထောင်စု၊ မိဇူးရီးနယ်သားဖြစ်၍ ငယ်စဉ်ကပင် ပညာ ကောင်းကောင်းရလိုသော စိတ်ဇောဖြင့် ပညာသင်ကြားခဲ့ပြီးလျှင်၊ ၁၇နှစ်သားအရွယ်တွင် ကျေးလက်ရှိကျောင်းတစ်ကျောင်း၌ ကျောင်းဆရာလုပ်ယင်း၊ ပညာဆက်လက်သင်ရန် ကြေးငွေစုဆောင်းခဲ့သည်။ ဤအတွင်း ရည်ရွယ်ချက်မရှိပါဘဲနှင့်၊ အပြိုင်စာမေးပွဲတစ်ခုကို ဝင်ရောက်ဖြေဆိုရာမှ၊ ဝက်စပွိုင့်ခေါ် စစ်တက္ကသိုလ်သို့ဝင်ခွင့်ရသည်။ ၁၈၈၆ ခုနှစ်တွင် ထိုတက္ကသိုလ်မှဘွဲ့ရရှိခဲ့၍ အပက်ချီတိုင်းရင်းသားတို့နှင့် တိုက်ပွဲတစ်ပွဲဝင်ပြီးလျှင်၊ နီဗရက်စစ်တက္ကသိုလ်တွင် စစ်ပညာသင်ပေးရသော ကျောင်းဆရာအဖြစ်ဖြင့်အမှုထမ်းခဲ့သည်။ ထိုကျောင်းတွင် ဆရာလုပ်ယင်း ဥပဒေဘွဲ့ကိုရရှိအောင်ပညာသင်ယူခဲ့သေး၏။ ထိုနောက် ဖိလစ်ပိုင်ကျွန်းတွင် စစ်မှုထမ်းပြီးလျှင်၊ ရုရှ–ဂျပန်စစ်ပွဲအတွင်းက ဂျပန်နိုင်ငံရှိ အမေရိကန်သံရုံးတွင် စစ်ဘက်ဆိုင်ရာတွဲဘက် သံအရာရှိအဖြစ်ဖြင့်အမှုထမ်းသည်။ ထိုနောက် အမေရိကန်သမတ သီယိုဒိုရူးစဗဲ့က ပါးရှင်းအား အထက်တန်းအရာရှိ ၁၆၂ဦးကိုကျော်လွန်ကာ ဗိုလ်မှူးချုပ်အဖြစ် ခန့်အပ်ခဲ့လေသည်။ ၁၉၁၃ခုနှစ်တွင် ဖိလစ်ပိုင်မှ ဆန်ဖရန်စစ္စကိုသို့၊ ဆန်ဖရန်စစ္စကိုမှ မက္ကဆီကိုသို့ ပြောင်းရွှေ့အမှုထမ်းခဲ့ရပြီးလျှင်၊ ၁၉၁၇ ခုတွင် နယ်စပ်၍ဦးစီးရသောဗိုလ်ချုပ်ဖြစ်လာသည်။ ဤသို့ အမှုထမ်းဆဲကာလအတွင်း၊ သူ၏ဇနီးနှင့်သမီးသုံးယောက်တို့သည် ဆန်ဖရန်စစ္စကိုမြို့တွင်မီးသင့်၍ သေဆုံးလေသည်။

ပထမကမ္ဘာစစ်အတွင်းတွင် အမေရိကန်သမ္မတက ပါးရှင်းအား ဥရောပတိုက်ရှိ အမေရိကန်စစ်တပ်ကို အုပ်ချုပ်စေရန် ရွေးချယ်သည်။ ထိုစစ်အတွင်းတွင် ဗိုလ်ချုပ်ပါးရှင်းသည် စစ်သည်တော် ၃၀၀၀၀၀၀ကို စုရုံးဖွဲ့စည်းခဲ့သည်။ ပဋမကမ္ဘာစစ်ပြီးသောအခါ ဗိုလ်ချုပ်ပါးရှင်းသည် အမေရိကန်စစ်တပ်ဦးစီးဌာနချုပ်၏ သေနာပတိ ဖြစ်လာသည်။ အမေရိကန်နိုင်ငံသမတ၏အမိန့်ဖြင့်အမြင်တမ်း ဗိုလ်ချုပ်ခန့်အပ်ခြင်းကိုလည်း ခံရလေသည်။ ၁၉၂၅ခုနှစ်တွင် ပီးရူးနှင့်ချီလီနယ်နိမိတ်ဝိုဝါဒကို ဖြေရှင်းရသောအလုပ်ဝတ္တရားကိုထမ်းရွက်ဆဲ၊ မကျန်းမမာသည်နှင့် ရာထူးမှ

ပထမကမ္ဘာစစ်အတွင်း ဥရောပတိုက်ရှိ အမေရိကန်စစ်တပ်ကို အုပ်ချုပ်ခဲ့ရသော ဗိုလ်ချုပ်မှူး ဝှန်ကျိုးဇော်ပါးရှင်း

www.forgotspace.com.mm

အနားယူသည်။ ၁၉၁၃ခုတွင် ပဌမကမ္ဘာစစ်အတွင်း ကြံ့ကွေ့သော ဗဟုသုတတို့ကိုအခြေပြု၍ စာအုပ်တစ်အုပ် မီရင်ရေးသားခဲ့၏။ ၁၉၄၈ ခုနှစ်တွင် ကွယ်လွန်လေသည်။

ပါးရှင်းပင်လယ်ကွေ့။ ။ပါးရှင်းပင်လယ်ကွေ့သည် ဆ အူးဒီအာရေဗျ၊ ကော့တော၊ အိုမန်သုံးနိုင်ငံနှင့် အီရန်နိုင်ငံ တို့ကိုပိုင်းခြား၍ အရှေ့ဘက်တွင် အိုမန်ပင်လယ်ကွေ့နှင့် သြမတ်ရေလက်ကြားမှတစ်ဆင့် ဆက်စပ်နေသည်။ ထိုပင်လယ်ကွေ့သည် မိုင်၅၀၀ မျှရှည်လျား၍ မိုင် ၂၃၀မျှကျယ်သည်။ ဧရိယာအားဖြင့် စတုရန်းမိုင်ပေါင်း ၉၀၀၀၀ရှိသည်။ တိုင်းဂရစ်နှင့် ယူဖရေးတီးမြစ် ၂ သွယ်တို့သည် ရှက်တယ် အာရပ်မြစ်အဖြစ်သို့ပေါင်းဆုံပြီးလျှင်၊ အနောက်ဘက်ကမ်း ခြေမှနေ၍ ပါးရှားပင်လယ်ကွေ့ထဲသို့စီးဆင်းသည်။ ဗာရိန် ကျွန်းစုတည်ရာ တဝိုက်တွင် ပုလဲငုပ်သောဒေသရှိသည်။

ဤပင်လယ်ကွေ့သည် ရှေးအခါကစ၍ယခုခေတ်တိုင် အောင် ကူးသန်းရောင်းဝယ်ရေးအတွက် ခရီးလမ်းကောင်း တစ်ခုဖြစ်သည်။ ဂရိတ်ဗြိတိန်နိုင်ငံအတွက်မှာမူ အိန္ဒိယ နိုင်ငံသို့ သွားရာခရီး၌ ကျရောက်နေသဖြင့် အသုံးဝင်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက ဂရိတ်ဗြိတိန်နိုင်ငံနှင့် ပြိုင်ဘက် ဖြစ်သောဂျာမနီနိုင်ငံသည် ထိုပင်လယ်ကွေ့ကိုလွှမ်းမိုးကြီး စိုးရန် များစွာလိုလားခဲ့၏။ ထိုမျှမကသေး၊ ထိုပင်လယ် ကွေ့ကြီးကမ်းခြေရှိ အီရန်နိုင်ငံမှ ရေနံတွင်းများကိုလည်း အပိုင်ရယူလိုသည်။ စင်စစ်ဂျာမနီနိုင်ငံသာမက အခြားသော ကမ္ဘာကို လွှမ်းမိုးကြီးစိုးလိုသည့် နိုင်ငံတိုင်းသည် ထိုဒေသရှိ ရေနံတွင်းများနှင့်တကွ၊ အချက်ကျလှစွာသောရေကြောင်း ခရီးလမ်းကို လွှမ်းမိုးစိုးပိုင်လိုကြသည်မှာ ဒုတိယကမ္ဘာစစ် ကြီးအတွင်းက ကောင်းစွာထင်ရှားခဲ့လေသည်။ ပင်လယ် ရေတွင်း၌ရှိသော ရေပိုးရေမွှားတို့၏အရောင်ကြောင့်၊ ပါး ရှင်းပင်လယ်ကွေ့သည် စိမ်းသောအရောင်ရှိသဖြင့်၊ အာရပ် လူမျိုးတို့က ယင်းကို ပင်လယ်စိမ်းဟု ခေါ်ဝေါ်လေ့ရှိ ကြ၏။

ပါးလဟာဗာမြို့။ ။ပါးလဟာဗာမြို့သည် ပစိဖိတ်သမုဒ္ဒရာ ဟာဝိုင်းယန်းကျွန်းစုရှိ၊ အမေရိကန်အခြေခံ ရေတပ်စခန်း တစ်ခုဖြစ်သည်။ ပါးလဟာဗာဟူသော အင်္ဂလိပ်စကား သည် ပုလဲဆိပ်ကမ်းဟုအနက်ရသည်။ ဟိုနိုးလူးလူးမြို့မှ အနောက်ဘက်သို့ ၁၀ မိုင်ခန့်အကွာ အိုအားဟူကျွန်း၏ တောင်ဘက်ကမ်းခြေတွင်တည်ရှိသည်။ အမေရိကန် ပြည်ထောင်စုအစိုးရသည် ပါးလဟာဗာမြို့ကို ၁၈၇၅ခုနှစ် ကတည်းကပင် အခြေခံရေတပ်စခန်းအဖြစ် အသုံးပြု လာခဲ့သည်။ ဤရေတပ်စခန်းသည် ကမ္ဘာတွင်အရေး ကြီးဆုံးရေတပ်စခန်းတစ်ခုဖြစ်သည်။

ပါးလဟာဗာသင်္ဘောဆိပ်၏ အလယ်တည့်တည့်တွင် ဖို့ ကျွန်းရှိသည်။ ရေတပ်ဆိုင်ရာလေယာဉ်ပျံများသည် ထို ကျွန်းပေါ်သို့ သက်ဆင်း၍နားကြရသည်။ လေယာဉ်ပျံ တင်သင်္ဘောကြီးများသည်လည်း ထိုကျွန်းကမ်းခြေတစ် လျှောက်တွင်ရှိသောသင်္ဘောကျင်းများတွင် ဝင်ရောက်ခို လှုံဆိုက်ကပ်ကြရသည်။ အခြေခံစခန်း၏အရှေ့ဘက်ပိုင်း တွင် သင်္ဘောများအတွက်ကျောက်မီးသွေးနှင့်ဓာတ်ဆီစက် ဆီစသည်တို့တင် သည့်ဌာနနှင့်သင်္ဘောအပျက်အစီးများကို ပြင်ဆင်သည့်သင်္ဘောကျင်းများရှိသည်။ ရေငုပ်သင်္ဘောများ အတွက် အခြေခံစခန်းကိုလည်း အထူးဆောက်လုပ်ထား သည်။ ပါးလဟာဗာမြို့နှင့် ထိုမြို့ပတ်ဝန်းကျင်တစ်ဝိုက်တွင် အတတ်သင်ကျောင်းများရှိသည်။

၁၉၄၁ခု ဒီဇင်ဘာလ ၇ရက်နေ့တွင် ဂျပန်လေယာဉ် ပျံများသည် ပါးလဟာဗာမြို့ကို အမှတ်တမဲ့လာရောက်ဗုံး ကြဲတိုက်ခိုက်သဖြင့်၊ အမေရိကန်စစ်သင်္ဘော၊ စစ်လေယာဉ် ပျံနှင့်အခြားအဆောက်အအုံတို့ အများအပြား ပျက်စီးဆုံးရှုံး ရသည်။ ထိုသည်မှစ၍ အမေရိကန်သည် ဒုတိယကမ္ဘာစစ် ထဲသို့ဝင်ရောက်လာရသည်။ ဂျပန်တို့က ကြိုတင်သတိပေး ခြင်းမပြုဘဲ၊ရုတ်တရက်ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့်၊ 'အယ်ရီဇိုးနား'နှင့် 'အိုးကလဟိုးမား'အမည်ရှိ အမေရိကန် စစ်သင်္ဘောနှစ်စင်းနစ်မြှုပ်သွားကာ၊ အခြားစစ်သင်္ဘော ခြောက်စင်းပျက်စီးသွားသည်။ ထိုပြင် ကရူဇာစစ်သင်္ဘော၊ ဖျက်သင်္ဘောနှင့် အခြားစစ်သင်္ဘောများလည်း နစ်မြှုပ် ပျက်စီးသွား၏။ အမေရိကန်လေယာဉ်ပျံ ၁၇၇စင်း မှာ အားလုံးလိုပင် မီးလောင်ပျက်စီးသွား လေသည်။ ဂျပန်တို့၏ ဤပျက်အစီး အဆုံးအရှုံးမှာမူ လေယာဉ် ပျံအစင်း ၄၀ နှင့် ရေငုပ် သင်္ဘောအငယ်စား ၃စင်းမျှသာ ဖြစ်သည်။

ပီဇားရိဖရန်စစ္စကို(ခရစ် ၁၄၇၀ခန့်–၁၅၄၁)။ ။ ဖရန် စစ္စကို ပီဇားရိသည် စပိန်လူမျိုးနယ်သစ်ရှာဖွေသူတစ်ဦးဖြစ် သည်။ သူ၏အမည်ကို စပိန်ဘာသာဖြင့် ပီသားရိဟုလည်း ခေါ်ကြသည်။ ငယ်စဉ်က စာပေမသင်ကြားခဲ့ရ၍ သေ သည့်အထိ သူ၏အမည်ကိုမျှမရေးတတ်ခဲ့ပေ။ ခရစ် ၁၅၁၀ ပြည့်နှစ်တွင် ကမ္ဘာသစ်ခေါ် အမေရိကတိုက်သို့စွန့်စား၍ လိုက်လာခဲ့သည်။ ၁၅၁၃ ခုနှစ်တွင် စပိန်ရေကြောင်းဗိုလ် ကြီး ဗဲလဗိုးအာနှင့်အတူလိုက်ခဲ့ရာ၊ တောင်အမေရိကတိုက် နှင့်မြောက်အမေရိကတိုက်တို့ကို ဆက်သွယ်ထားသောကုန်း မြေ၏အနောက်ဘက်ကမ်းရိုးတန်းနှင့် ပစိဖိတ်သမုဒ္ဒရာကို အဝေးမှမြင်ခဲ့ဖူးသည်။ ထိုနောက် ကျွဲ၊ နွား မွေးမြူခြင်းဖြင့် အသက်မွေး နေထိုင်ခဲ့သည်။ ဤအချိန်တွင် အမေရိက တိုက်တောင်ဘက်၌ ကြွယ်ဝချမ်းသာသော ဒေသကြီးတစ်ခု

www.foreverspace.com.mm

စပိန်လူမျိုး နယ်သစ်ရှာဖွေသူ ဖရန်စစ္စကို ပီဇားရိ

ရှိကြောင်း သတင်းကောင်းကိုကြားသိရသဖြင့် ပီဇားရိသည် ဒယေးဂိုသေအားလမားဂရိ ဆိုသူနှင့်အတူ ထိုဒေသသို့သွား ရောက်ရန်စီစဉ်ခဲ့လေသည်။ ပီဇားရိသည် ပဌမနှင့် ဒုတိယ အကြိမ်တွင် ထမြောက်အောင်မြင်ခြင်းမရှိသဖြင့် ပနားမား မြို့ရှိ စပိန်ဘုရင်ခံထံ အကူအညီတောင်းဆိုသော်လည်း မရခဲ့ချေ။ ထိုအခါ ပီဇားရိသည် စပိန်နိုင်ငံသို့ပြန်သွားပြီး လျှင်၊ စပိန်ဘုရင်လည်း ပီရူးနယ်ကိုသိမ်းပိုက်ရန် ပီဇားရိအား လုံးဝအာဏာ ပေးအပ်လိုက်လေသည်။ ထို ကြောင့်ပီဇားရိသည် နောက်လိုက် နောက်ပါ လူ ၂၀၀ခန့် နှင့်အတူ ပီရူးနယ်ကို ရေကြောင်းမှ လုပ်ကြံရာ၊ ၇ နှစ်ခန့် ကြာမှ ထိုနယ်ကိုသိမ်းပိုက်နိုင်သည်။ ပီဇားရိသည် ပဌမဦးစွာ အင်ကာဘုရင်အားတာဝါးလပါးကို မိတ်ဆွေ ဟန်ဆောင်၍ လုပ်ကြံပြီးလျှင်၊ ကွပ်စကိုမြို့သို့ ချီတက် တိုက်ခိုက်ရာ၊ အောင်မြင်ပြန်လေသည်။ ၁၅၃၅ ခုနှစ်တွင် ပီရူးမြို့ဟုတွင်သော လီမာမြို့ကိုတည်ထောင်သည်။ ထို နောက် ၃ နှစ်ခန့် ကြာသောအခါ၊ ပီဇားရိနှင့် သူ၏ရဲဘော် အားလမားဂရိတို့သည် နယ်အဝေမတည့်ရာမှ ရန်ဖြစ်ပြီး သော်၊ ပြည်တွင်းစစ်ကလေးတစ်ခုဖြစ်ပွားခဲ့သည်တွင်၊ အားလမားရိကျဆုံးလေသည်။ သို့သော် ပီဇားရိသည်လည်း ၁၅၄၁ ခုနှစ် ဇွန်လတွင်အားလမားဂရိ၏ နောက်လိုက်များ က လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရလေသည်။

ပဋ္ဌကတ်။ ။ ပဋ္ဌကတ် ဆိုသည်မှာ သင်္ဂါယနာ ခြောက် ကြိမ်တင်ပြီး ကျမ်းရင်း ဖြစ်သော ပါဠိပိဋကတ်ကျမ်းစာများ နှင့် ယင်းကျမ်းစာများသို့ အနက်အဓိပ္ပါယ်အားဖြင့်သက်ဝင် သော အဋ္ဌကထာ၊ ဋီကာစသောကျမ်းစာများကိုဆိုသည်။ ထိုပိဋကတ်ကျမ်းစာများကား (၁) ဝိနည်း ပဋ္ဌကတ် (၂) အဘိဓမ္မာပဋ္ဌကတ် (၃)သုတ္တန်ပဋ္ဌကတ်ဟူ၍ ပဋ္ဌကတ်အား ဖြင့် သုံးပုံဖြစ်သည်။ (၁) ဒီဃနိကာယ် (၂) မဇ္ဈိမနိကာယ် (၃) သံယုတ္တနိကာယ် (၄) အင်္ဂုတ္တရနိကာယ် (၅) ခုဒ္ဒက နိကာယ်ဟူ၍ နိကာယ်အားဖြင့်ငါးရပ်ဖြစ်သည်။ (နိ ကာယ်ငါးပါး–ရှု။)

ထိုနိကာယ်ငါးရပ် ပဋ္ဌကတ်သုံးပုံတွင်၊ ဝိနည်းပဋ္ဌကတ် နှင့် အဘိဓမ္မာပဋ္ဌကတ်နှစ်ပုံတို့ကား မြတ်စွာဘုရားကိုယ် တော်တိုင် ဟောအပ်သော ပဋ္ဌကတ်များဖြစ်ကြသည်။ သုတ္တန်ပဋ္ဌကတ်တို့တွင်မူ သုတ္တန်အများကို မြတ်စွာဘုရား ကိုယ်တော်တိုင်ဟောအပ်သော်လည်း၊ အချို့အချို့ကုန်သော သုတ္တန်တို့ကိုမူကား၊ ဗုဒ္ဓသာဝကများဟောကြားသည်ဟု တွေ့ရလေသည်။

ဗုဒ္ဓသာဝကများဟောအပ်သော သုတ္တန်များသည်လည်း မြတ်စွာဘုရားဟောအပ်သော အကျဉ်းကိုအကျယ်ချဲ့ခြင်း၊ အမေးကိုဖြေဆိုခြင်း၊ မြတ်စွာဘုရားပေးအပ်သောနည်း အတိုင်းဟောခြင်းသာဖြစ်၍ မြတ်စွာဘုရားအလိုတော်နှင့် တစ်သားတည်းဖြစ်သောကြောင့် ဘုရားဟောပင်ဖြစ်ပေ သည်။

ဝိနည်းပဋ္ဌကတ် (ခုဒ္ဒကနိကာယ်)၌ (၁) ပါရာဇိကပါ ဠိ (၂)ပါစိတ္တိယပါဠိ (၃)မဟာဝဂ္ဂပါဠိ (၄)စူဠဝဂ္ဂပါဠိ (၅) ပရိဝါရပါဠိဟူ၍ ကျမ်းစာအရေအတွက် (၅)၊ စာအုပ်အရေအတွက် (၅) ဖြစ်သည်။

အဘိဓမ္မာပဋ္ဌကတ် (ခုဒ္ဒကနိကာယ်)၌ (၁) ဓမ္မသင်္ဂဏီ ပါဠိ (၂) ဝိဘင်္ဂပါဠိ (၃) ဓာတုကထာပါဠိ (၄) ပုဂ္ဂလ ပညတ္တိပါဠိ (၅) ကထာဝတ္ထုပါဠိ (၆) ယမကပါဠိ (၇) ပဋ္ဌာနပါဠိ ဟူ၍ ကျမ်းစာ အရေအတွက် (၇)၊ စာအုပ် အရေအတွက် (၁၂) ဖြစ်သည်။

သုတ္တန်ပဋ္ဌကတ် (ဒီဃနိကာယ်)၌ (၁) သီလက္ခန္ဓဝဂ္ဂ ပါဠိ (၂) မဟာဝဂ္ဂပါဠိ (၃) ပါထိကဝဂ္ဂပါဠိဟူ၍ ကျမ်းစာ အရေအတွက် (၃)၊ စာအုပ်အရေအတွက် (၃)ဖြစ်သည်။ သုတ္တန်ပဋ္ဌကတ်(မဇ္ဈိမနိကာယ်)၌ (၁) မူလပဏ္ဏာသ ပါဠိ (၂) မဇ္ဈိမပဏ္ဏာသပါဠိ (၃) ဥပရိပဏ္ဏာသပါဠိဟူ၍ ကျမ်းစာ အရေအတွက် (၃)၊ စာအုပ်အရေအတွက် (၃)ဖြစ်သည်။

သုတ္တန်ပဋ္ဌကတ် (သံယုတ္တနိကာယ်)၌ (၁)သဂါထာဝဂ္ဂ သံယုတ္တပါဠိ (၂) နိဒါနဝဂ္ဂသံယုတ္တပါဠိ (၃)ခန္ဓဝဂ္ဂသံယုတ္ত ပါဠိ (၄)သဠာယနဝဂ္ဂသံယုတ္တပါဠိ (၅) မဟာဝဂ္ဂသံယုတ္ত

www.foreverspace.com.mm

ပါဠိဟူ၍ ကျမ်းစာအရေအတွက် (၅)၊ စာအုပ်အရေ အတွက် (၃)ဖြစ်သည်။

သုတ္တန်ပိဋ္ဌကတ်(အဂုံတ္တရနိကာယ်)၌ (၁) ဧကနိပါတ ပါဠိ၊ (၂) ဒုကနိပါတပါဠိ၊ (၃) တိကနိပါတပါဠိ၊ (၄) စတုက္ကနိပါတပါဠိ၊ (၅) ပဉ္စကနိပါတပါဠိ၊ (၆) ဆက္ကနိပါတပါဠိ၊ (၇)ပဋ္ဌကနိပါတပါဠိ၊ (၈) အဋ္ဌကနိပါတပါဠိ၊ (၉) နဝကနိပါတပါဠိ၊ (၁၀) ဒသကနိပါတပါဠိ၊ (၁၁) ဧကာဒသက နိပါတပါဠိဟူ၍ ကျမ်းစာအရေအတွက် (၁၁)၊ စာအုပ် အရေ အတွက် (၃) ဖြစ်သည်။

သုတ္တန်ပိဋ္ဌကတ်(ခုဒ္ဒကနိကာယ်)၌ (၁)ခုဒ္ဒကပါဌပါဠိ(၂)မေမ္မပဒပါဠိ(၃)ဥဒါနပါဠိ(၄)ဣတိဝုတ္တပါဠိ(၅)သုတ္တနိပါတပါဠိ (၆) ဝိမာနဝတ္ထုပါဠိ (၇) ပေတဝတ္ထုပါဠိ (၈) ထေရဂါထာပါဠိ (၉) ထေရီဂါထာပါဠိ (၁၀) ဇာတကပါဠိ (၁၁) မဟာနိဒ္ဒေသပါဠိ (၁၂) စူဠနိဒ္ဒေသပါဠိ (၁၃)ပဋိသမ္ဘိဒါမဂ္ဂပါဠိ (၁၄)ထေရာပဒါနပါဠိ (၁၅) ထေရီအပဒါနပါဠိ (၁၆) ဗုဒ္ဓဝံသပါဠိ (၁၇) စရိယာပိဋ္ဌက (၁၈)နေတ္တိပါဠိ (၁၉) ပေဋကောပဒေသပါဠိ (၂၀) မိလိန္ဒပဉ္ဍာပါဠိဟူ၍ကျမ်းစာအရေအတွက်(၂၀)၊ စာအုပ် အရေအတွက် (၁၁) ဖြစ်သည်။ ဤသို့လျှင်ခြောက်ကြိမ်မြောက်သင်္ဂါယနာတင်အပ်သော နိကာယ်ငါးရပ် ပိဋ္ဌကတ်သုံးပုံပါဠိ၌ ကျမ်းစာအရေအတွက် (၅၄)၊ စာအုပ်အရေ အတွက် (၄၀) ဖြစ်သည်။

မှတ်ချက်။ ။မိုင်းခိုင်းအတွင်းဝန် ပိဋ္ဌကတ်တော်အုပ်မင်းကြီးမဟာသီရိဇေယသူ စီကုံးရေးသားသောပိဋ္ဌကတ်သမိုင်းစာတမ်း၌ ပိဋ္ဌကတ်သုံးပုံကျမ်းစာရေတွက်ရာဝယ်၊ စူဠနိဒ္ဒေသပါဠိကိုချန်လှပ်၍ အပဒါန်ပါဠိကိုလည်း ထေရာပဒါန်၊ ထေရီအပဒါန်ပါဠိဟု နှစ်ကျမ်းမခွဲဘဲ၊ တစ်ကျမ်းတည်းထားကာ၊ သုတ္တသင်္ဂဟပါဠိ၊ ဘိက္ခုပါတိမောက်ပါဠိ၊ ဘိက္ခုနီပါတိမောက် ပါဠိ၊ ဤသုံးကျမ်းကို ထည့်သွင်းလျက်၊ ကျမ်းစာအရေအတွက် (၅၅) ဖြစ်သည်ဟုဆိုသည်။ နိကာယ်ငါးရပ် ပိဋ္ဌကတ်သုံးပုံ အဋ္ဌကထာကျမ်းစာများနှင့် ဋီကာအနုမဒုယောဇနာ ဂန္ဌန္ဌရ ကျမ်းစာများသည်လည်း ကျမ်းရင်းဖြစ်သောပါဠိပိဋ္ဌကတ်ကျမ်းစာများသို့ အနက်အဓိပ္ပါယ်အားဖြင့် သင်ဝင်သောကြောင့်၊ ပိဋ္ဌကတ်ဟုပင် ခေါ်ဆိုရပေမည်။

ဦးကြီးဖေ

ပိဋ္ဌကတ်သမိုင်း။ ။ပိဋ္ဌကတ်သမိုင်းဆိုသည်မှာ ပိဋ္ဌကတ်သုံးပုံနှင့်တကွ အခြား ကျမ်းစာများအကြောင်းအရာ အတ္ထုပ္ပတ်ကို ပြဆိုသောကျမ်းဖြစ်သည်။ ဤနေရာ၌ မိုင်းခိုင်းအတွင်းဝန် ပိဋ္ဌကတ်တော်အုပ် မင်းကြီးမဟာသီရိဇေယသူစီရင်ရေးသားသည့် ပိဋ္ဌကတ်သမိုင်းစာတမ်းကျမ်းစာသို့မဟုတ် ကျမ်းစာစာရင်းကို ဆိုလိုသည်။

ယင်းကျမ်းစာကို ပိဋ္ဌကတ်သမိုင်းစာတမ်းဟု ခေါ်ဆိုရာ၌ ထိုကျမ်းတွင် ပိဋ္ဌကတ်ကျမ်းစာများ၏ အကြောင်းအရာ အတ္ထုပ္ပတ်သာမဟုတ်၊ အဋ္ဌကထာ၊ ဋီကာစသောအခြား ကျမ်းစာများ၏အကြောင်းအရာ အတ္ထုပ္ပတ်ပါရှိလေသည်။ ထိုကြောင့် ပဓာနနည်းအားဖြင့် ပိဋ္ဌကတ်သမိုင်းဟုခေါ်ဆိုခြင်းဖြစ်သည်။ ဘုရင်မင်းမြတ် ကြွလာသည်ဟုဆိုရာဝယ် ဘုရင်မင်းမြတ်တစ်ဦးတည်းသာ ကြွလာသည်မဟုတ်၊ မှူးမတ်ခြွေရံပရိသတ်နှင့် ကြွလာခြင်းဖြစ်သည်။ သို့သော်လည်း ပြဋ္ဌာန်းသောဘုရင်မင်းမြတ်ကြွလာသည်ဆိုသဖြင့်၊ မပြဋ္ဌာန်းသော မှူးမတ်ခြွေရံပရိသတ်တို့လည်း လာကြသည်ဟု အဓိပ္ပါယ်ကို ယူရသကဲ့သို့၊ ထို့အတူပြဋ္ဌာန်းသော ပိဋ္ဌကတ်ကျမ်းစာများကို ဆိုသဖြင့်၊ မပြဋ္ဌာန်းသော အခြားကျမ်းစာများကိုလည်း ယူရလေသည်။

ထိုပိဋ္ဌကတ်သမိုင်းစာတမ်းကို ရေးသားရာ၌၊ ပိဋ္ဌကတ်သုံးပုံပါဠိတော်ကျမ်းစာများ၏ နောက်၌ ဘုရားဟောသင်္ဂါယနာ (၄)တန်တင်ဟုရေးသားထားသည်။ အဋ္ဌကထာ၊ ဋီကာစသောအခြားကျမ်းစာများ၏နောက်၌ ကျမ်းပြုဆရာအမည်၊ မြို့ရွာဌာနဂုဏ်သကတ်စသော အကြောင်းအရာ အတ္ထုပ္ပတ်ကို ရေးသားထားသည်။ ကျမ်းစာများ၏ စာရင်းထားပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) နိကာယ်ငါးရပ် ပိဋ္ဌကတ်သုံးပုံ ပါဠိတော် (၅၅) ကျမ်းစာရင်း၊
(၂) နိကာယ်ငါးရပ် ပိဋ္ဌကတ်သုံးပုံ အဋ္ဌကထာ (၈၅)ကျမ်းစာရင်း၊
(၃)နိကာယ်ငါးရပ် ပိဋ္ဌကတ်သုံးပုံ၌ဋီကာ–အနု–မဒ္ဒ–ယောဇနာ–ဝဏ္ဏနာ–ဂဏ္ဌိ–ပဒီ (၇၃)ကျမ်းစာရင်း၊
(၄) လက်သန်း အဋ္ဌကထာ (၃၁)ကျမ်းနှင့် လက်သန်း ဋီကာ (၃၃)ကျမ်းစာရင်း၊
(၅)ဝင်(၁၀)ဝင်ပါဠိအဋ္ဌကထာ ဋီကာ–ဂဏ္ဌိ–ပဒီ–ဝတ္ထုစသောဂန္ထ ဆရ (၄၉)ကျမ်း စာရင်း၊
(၆) သဒ္ဒါစာကိုယ် ဋီကာစသော (၁၈)ကျမ်းစာရင်းနှင့် သဒ္ဒါဝယ်စာကိုယ် ဋီကာ စသော (၅၆)ကျမ်းစာရင်း၊
(၇)အဘိဓာန် စာကိုယ်ဋီကာ (၆)ကျမ်းစာရင်း၊ ဆန်းစာကိုယ်ဋီကာ (၇)ကျမ်း စာရင်းနှင့် အလင်္ကာစာကိုယ်ဋီကာ (၃)ကျမ်းစာရင်း၊
(၈)နိကာယ်ငါးရပ် ပိဋ္ဌကတ်သုံးပါး ပါဠိတော်နိဿယ (၁၀၇) ကျမ်း စာရင်း၊
(၉) နိကာယ်ငါးရပ် ပိဋ္ဌကတ်သုံးပုံ အဋ္ဌကထာနိဿယ (၁၀၁) ကျမ်း စာရင်း၊

www.foreverspace.com.mm

(၁၀)နှိုက်ဘယ်ငါးရပ်ပိဋ္ဌကတ်သုံးပုံ ဋ္ဌီကာ–အနု–ယော ဇနာ–ဂဏ္ဌိ–ဒီပနီ–နိသယ (၁၇) ကျမ်း စာရင်း၊
(၁၁)လက်သန်း အဋ္ဌကထာ နိသယ (၆၁)ကျမ်း စာရင်းနှင့်သန်းဋ္ဌီကာ နိသယ (၁၁)ကျမ်း စာရင်း၊
(၁၂) ဝင် (၁၀)ဝင်ပါဠိ–အဋ္ဌကထာ–ဋ္ဌီကာ–နိသယ (၂၃) ကျမ်းစာရင်းနှင့် ဂဏ္ဌိ သစ်–ဟောင်း(၁၆) ကျမ်း စာရင်း၊
(၁၃) သဒ္ဒါစာကိုယ်ဋ္ဌီကာ နိသယ(၁၅)ကျမ်းစာရင်းနှင့် သဒ္ဒါငယ် စာကိုယ် ဋ္ဌီကာ နိသယ (၁၇) ကျမ်းစာရင်း၊
(၁၄) အဘိဓာန် စာကိုယ်ဋ္ဌီကာ နိသယ (၅) ကျမ်း စာရင်း၊ ဆန်း စာကိုယ်ဋ္ဌီကာနိသယ (၅)ကျမ်းစာရင်းနှင့် အလင်္ကာ စာကိုယ် ဋ္ဌီကာ နိသယ (၅)ကျမ်း စာရင်း၊
(၁၅) ဝတ္ထု–စကားပြေ (၃၆)ကျမ်း စာရင်း၊
(၁၆) ဝိဒက်စာကိုယ်ဋ္ဌီကာ (၂)ကျမ်းစာရင်း၊
(၁၇) သွရသတိ ဗျာကရိဏ်းစသော ဗျာကရိဏ်း (၂၆)ကျမ်းစာရင်း၊
(၁၈) လောကီသဒ္ဒဗျာချာန် ကလာပ်ကျမ်းစသော ကလာပ်(၇) ကျမ်းစာရင်းနှင့် ကလာပ်ကျမ်း သန္ဓိမူလစသောကလာပ် (၁၉)ကျမ်း စာရင်း၊
(၁၉) စန်းကျမ်းသန္ဓိစသောစန်းကျမ်း (၆)ကျမ်းစာရင်း၊
(၂၀) တက္ကိကသိ ရောမဏိ တက်ကျမ်းစသော တက်ကျမ်း (၂၃)ကျမ်း စာရင်း၊
(၂၁) ဗြဟ္မာပူရာဏ် စသော ပူရာဏ်(၂၄)ကျမ်း စာရင်း၊
(၂၂) မဒ္ဒီမင်္သ တိုင်းကြီးပြည်ကြီးတို့၌ ဖြစ်သော အမတသာဂရ ဆေးကျမ်းစသောဆေး ကျမ်းပေါင်း (၁၆၀) ကျမ်းစာရင်း၊
(၂၃) သီဟိုဠ်ကျွန်း၌ ဖြစ်သော ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းနှင့်ယင်း၏ ယောဇနာကျမ်း (၂)ကျမ်း စာရင်း၊
(၂၄) ဘေသဇ္ဇ မဉ္ဇူသာ ဆေးကျမ်း၌ သာဓကဆောင်၍ ပြသောတိကိစ္ဆာမတ ဆေးကျမ်းစသောဆေး ကျမ်း (၉၅)ကျမ်းစာရင်း၊
(၂၅) ဒြဗျဂုဏပြကာသ ဆေးကျမ်းစသော ဆေးကျမ်း (၁၇)ကျမ်းစာရင်း၊
(၂၆)မြန်မာနိုင်ငံ၌ဖြစ်သော ဒွါဒသရာသီမာတ်ကျမ်း စသောဆေးကျမ်း (၉၅)ကျမ်းစာရင်း၊
(၂၇) ဇောတိတတ္ထဗေဒင်ကျမ်းစသော ဗေဒင်ကျမ်း (၅၃) ကျမ်းစာရင်း၊
(၂၈) ဂါထာစုဏ္ဏိယပါဠိ နိသယနှင့်ရှိသော မနု ဓမ္မသတ်ကျမ်းရင်းစသော ဓမ္မသတ်ကျမ်း (၄၆) ကျမ်းစာရင်း၊ (စာရင်းမရှိ စောရေ–၁၁)
(၂၉) ကျည်းမင်းဖြတ်ထုံးစသောဓမ္မသတ်ဖြတ်ထုံး ကျမ်း (၃၄)ကျမ်းစာရင်း၊(စာရင်းမရှိစောင်ရေ၄)
(၃၀) ဓမ္မသတ်အင်း စောက်ချွဲပုံကျမ်း (၆)ကျမ်းစာရင်း၊ (စာရင်းမရှိစောင်ရေ–၄)
(၃၁) မနုဓမ္မသတ် လင်္ကာစသော ဓမ္မသတ်လင်္ကာကျမ်း (၁၆) ကျမ်းစာရင်း၊ (စာရင်းမရှိ စောင်ရေ–၁၀)
(၃၂) ဓမ္မသတ်တရားပုံ စောင်ရေ(၁၀)စာရင်းမရှိ၊ (ဓမ္မသတ်ကျမ်းစာရင်းချုပ်၌ စာရင်းရှိဓမ္ မသတ်ကျမ်း (၁၀၂)စာရင်းမရှိ ဓမ္မသတ်ကျမ်း (၇၃)၊ ၂ စု(၁၇၅) ပြဆိုထားသည်။
(၃၃) ပါရမီခန်းပျိုစသော ပျိုကဗျာလင်္ကာနှင့် ပျိုအဖြေ (၁၅၈) စာရင်း၊
(၃၄)ရွှေနန်းကြော့ရှင် နန်းဖွဲ့မော်ကွန်းစသော မော်ကွန်း(၆၈)စာရင်း၊
(၃၅) သခင်ထွေးဇျင်းစသော ဇျင်း (၄၈)စာရင်း၊
(၃၆) ၁၂ ရာသီအဲ စသော အဲ (၄)စာရင်း၊
(၃၇) ရဝေရှင်ထွေးဆို အန် (၁)စာရင်း၊
(၃၈) အလောင်းစည်သူ လူးတားစသော လူးတား (၁၀)စာရင်း၊
(၃၉) သဒ္ဓမ္မဇောတ ဆို ရတုစသော ရတု (၁၁)စာရင်း၊
(၄၀) ငွေတောင်ရကန်ဟောင်းစသောရကန် (၅)စာရင်း၊
(၄၁) မဒ္ဒီမဒေသ ရာဇဝင်စသော သာသနာဝင်ကျမ်း (၄၀) စာရင်း၊

မှတ်ချက်။ ။ပိဋ္ဌကတ်သမိုင်း စာတမ်း၌ ပြဆိုအပ်သော ကျမ်းစာစာရင်းမှာ (၂၀၄၇)ကျမ်းဖြစ်လေသည်။

ဦးကြီးဖေ

ပိတောက်ပင်။ ။တပေါင်းတန်ခူးမိုးသားကြူးသည့် နွေရာသီအခါသမယ၌ အခြားသောသစ်ပင်ကြီးငယ်တို့ ရွက်ဟောင်းကွေ့၍ရွက်သစ် ထွက်စပြုချိန်တွင် မြင့်မြင့်မားမားနှင့် ခန့်ညားသောပိတောက်ပင်တို့ကား ရွက်စိမ်းရွက်စိုတို့ဖြင့်သိုက်မြိုက် ဆောရ၍နေချေပြီ။ ထိုပြင် ထိုမြစိမ်းရောင် အရွက်အခက်တို့အကြားမှ ရွှေ၏အဆင်းဝါဝါဝင်းသောပိတောက် ပန်းတို့သည် ပင်လုံးကျွတ် မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ဖူးပွင့်ကြကာ၊ နှလုံးရွှင်လန်းဖွယ်ကောင်းသော သင်းပျံ့သည့်ရနံ့ကို တောတောင် တစ်ခုလုံး၌ ပျံ့နှံ့စေသည်။ ထိုကြောင့်–

သင်ဂီမြည्ဟောက်၊ ပန်းပိတောက်တို့၊
ဖြိုးမောက်ရွှင်လန်း၊ ထူးဆန်းလှတင့်၊
ရိုးတံမြင့်နှင့်၊ ပွင့်ကြကြိုင်သင်း၊

www.foreverspace.com.mm

ပိတောက်ပင်၏ အပွင့်နှင့်အရွက်များ

မြိုင်လုံးဝင်းမျှ၏...”ဟုလည်းကောင်း
“မြိုင်မှာမြိုင်လျောက်၊ ရွှေပိတောက်လည်း၊
ဖူးညောက်ပွင့်ချိန်၏...” ဟူ၍လည်းကောင်း၊

ရှေးမြန်မာ စာဆိုရှင်ကြီးများသည် ပိတောက်ပန်းများ ပွင့်ချိန်တွင် မြိုင်ခြေရိပ်ခွင်၏ သာယာတင့်ဆန်းပုံကို ကဗျာလင်္ကာသီကုံးစပ် ဆိုခဲ့ကြပေသည်။

ယင်းသို့ ပူပြင်းခြောက်သွေ့သော ရာသီချိန်ခါ၌ တောတောင် ရေမြေတို့ကို သာယာရှုမောဖွယ်ဖြစ်အောင် ဖန်တီးနိုင်စွမ်းသော ပိတောက်ပင်တို့ကို မြန်မာနိုင်ငံ၌ အနှံ့အပြားတွေ့မြင်ရသည်။ သဲနုံးမြေဆံ၍ ရေမဝပ်သော ဒေသတို့၌ ပိတောက်ပင်များပိုမိုဖြစ်ထွန်းသည်။ မိုးပါး ရေရှားရပ်ဝန်းဒေသ သစ်တောများအတွင်း၌လည်း ပေါက်ရောက်တတ်သည်။ ပိတောက်ပင်တို့သည် သစ်ပင်ကြီးမျိုးဖြစ်သည်။ လီဂူမီနိုးစီး မျိုးရင်းတွင်ပါဝင်၍ ရက္ခဗေဒ အမည်မှာ တာရိကားပတ်မက် ကရိကားပတ်ဖြစ်သည်။ မြို့ပြများတွင် စိုက်ပျိုးကြသော ပိတောက်ပင်မျိုးတို့ကိုမူ တာရိကားပတ်အင်ဒီကားဟုခေါ်သည်။

ပိတောက်ပင်တို့သည် အမြင့်ပေ ၆၀ မှ ၈၀ အထိရှိတတ်၍ လုံးပတ်ခုနစ်ပေမှ ရှစ်ပေအထိ ရှိတတ်သည်။ တပေါင်းလမှစ၍ သုံးကြိမ်ပွင့်သည်။ မွှေးပျံ့သင်းကြိုင်၍ ဝါဝါဝင်းသော ပိတောက်ခိုင် ပိတောက်ခက်တို့သည် အဆုပ်လိုက်အခဲလိုက် ပင်လုံးကျွတ်ဝင်းဝင်းထိန်အောင်ပွင့်ကြသည်။ ပိတောက်သုံးကြိမ်ပွင့်ပြီးလျှင် မိုးဖြိုင်ဖြိုင်ရွာ၍ မိုးရာသီ အစပြုသည်။ ထိုကြောင့် မြန်မာလူမျိုးတို့သည် ပိတောက်ပွင့်သည့်အကြိမ်ကို ရေတွက်ကာမိုးရာသီကို စောင့်မျှော်ကြသည်။ ပူးပြင်းခြောက်သွေ့သောရာသီချိန်ခါတွင် မိုးရာသီစတင်တော့မည့် လက္ခဏာဖြစ်သောပိတောက်ပန်းများ ပွင့်သည်ကို မြင်တွေ့သိရှိကြရလျှင် လူအပေါင်းမှာ မိုးရာသီနီးကပ်လာပြီဟူ၍ ရွှင်မြူးသွားတတ်ကြသည်။ ပင်လုံးကျွတ်ဝင်းဝါကြိုင်သင်းနေသော ပိတောက်ပန်းများကို ဟော်ရွှင်စွာ အလုအယက်ခူးဆွတ်ကြသည်။ ဈေးဌ၌တစ်ပုံတစ်ခေါင်း ရောင်းချသည်ကိုလည်း အလုအယက်ဝယ်ကြသည်။ ဘုရားများ၌အမြတ်တနိုးကပ်လှူကြသည်။ အမျိုးသမီးများသည် ခုံခုံမင်မင် ပိတောက်ပန်းများကိုပန်ဆင်ကြသည်။ မြန်မာနှစ်သစ်ကူးချိန်ဖြစ်သော သင်္ကြန်တော်အခါနှင့်လည်း ပိတောက်ပွင့်ချိန်နှင့် ကြုံကြိုက်တတ်ရာ၊ ရေခဲထွက်သူ၊ ရေပက်ထွက်သူ အမျိုးသမီးများသည် ပိတောက် ပန်းများကို အားရပါးရ ပန်ဆင်ကြသည်။ မော်တော်ကားစသည့် ယာဉ်ရထားများ၌လည်း ပိတောက်ကိုင်း ပိတောက်ခက် ပိတောက်ပန်းများကို ဆင်ယင်ကာ အလွန်ရွှင်လန်းဝမ်းမြောက်နေတတ်ကြလေသည်။

ပိတောက်သီးတို့သည် ဒဂ်ါးဝိုင်းခန့်ရှိ၍ မုန့်ပျားသလက်ကဲ့သို့အလယ်ဖောင်းပြီး နံဘေးသားပြားသည်။ နုစဉ်ကအစိမ်းရောင်ဖြစ်သော်လည်း ရင့်လာသောအခါ ဝါကျင့်ကျင့်ဖြစ်လာသည်။ အထဲတွင် အစေ့ရှိသည်။ ပိတောက်သားသည် အလွန်မာ၍ ကြို့ကြို့ခိုင်ခိုင်ရှိသည်။ အနီရောင်ဖျော့ဖျော့ဖြစ်၍ အသားတွင် အကွက်အကွက်များ၊ အခွေအလိပ်များပေါ်နေတတ်ပြီး အကွက်လည်သဖြင့် လှပသော သစ်သားမျိုးရနိုင်သည်။ ပြုပြင်ရန်သော်လည်းကောင်း၊ အရောင်တင်ရန်သောလည်းကောင်းလွယ်ကူသည်။ လှည်းဘီးများ၊ လှေဘောင်များကို ပိတောက်သားဖြင့် ပြုလုပ်ကြသည့်အပြင် အိမ်ထောင်ပရိဘောဂပစ္စည်းများ ပြုလုပ်ရာ၌လည်း ပိတောက်သားသည် အသုံးဝင်သည်။ ထယ်၊ ထွန်စသော ထွန်ယက်စိုက်ပျိုးရန် ကိရိယာများနှင့် ဆီဆုံများကိုလည်း ပိတောက်သားဖြင့်ပင် ပြုလုပ်ကြသည်။ နေအိမ်အဆောက်အအုံများအတွက် တိုင်များ၊ အလှခင်းကြမ်း၊ ပျဉ်များအတွက်လည်း ပိတောက်သားကိုပင် အသုံးများကြသည်။ ပိတောက်သားသည် အသွေးအရောင် လှပသည့်ပြင် နေရာတိုင်း၌လိုလိုပင် အသုံးချနိုင်သည်။ မြန်မာနိုင်ငံ၏ထင်ရှားသော ကျွန်းသစ်လောက် အသုံးမဝင်ဟုဆိုနိုင်စေကာမူ ကြတ်နန်သစ်၊ ဝက်သစ်ချသစ်များ ထက်ပို၍ ခိုင်ခံ့သည်။ ပိတောက်ပင်မှ သစ်စေးအနီတမျိုးကို ရရှိနိုင်သော်လည်း မည်သို့မျှ အသုံးချသည်ကို မတွေ့ကြရသေးချေ။

ပိတောက်ပင်တို့သည် အရိပ်အာဝါသကောင်းသော

www.foreverspace.com.mm

အပင်များပြီးစီး၍ အောက်မြန်မာနိုင်ငံ မြို့ရွာများတွင် လမ်းဘေးတစ်လျှောက်၌ အကိုင်းထိုးပြီးစိုက်လေ့ရှိကြလေသည်။

ပိတုန်းငှက်။ ။ပိတုန်းငှက်သည် ငှက်တို့တွင် အငယ်ဆုံးဖြစ်၏။ ထိုငှက်၏ ကိုယ်ခန္ဓာတည်ဆောက်ပုံသည် ပျံလွှားငှက်နှင့်တူသည်။ အတောင်ကလေးများကို တစ်စက္ကန့်လျှင် အကြိမ်ပေါင်း ၄၀–၅၀ခတ်ရာမှ ထွက်ပေါ်လာသည့် ပိတုန်း မြည်သံကဲ့သို့သော အသံကိုအစွဲပြု၍၊ ပိတုန်းငှက်ဟု ခေါ်ခြင်းဖြစ်သည်။ ပိတုန်းငှက်သည် 'တြိုခီလီဒီး' မျိုးရင်းတွင်ပါဝင်သည်။ ထိုငှက်မျိုးကို အပူပိုင်းဖြစ်သော အမေရိကန်အလယ်ပိုင်းနှင့် တောင်ပိုင်းတွင်သာတွေ့ရတတ်သည်။ အမေရိကန်ပြည်ထောင်စု၌ ပိတုန်းငှက် အမျိုးပေါင်း ၁၉ မျိုးကိုတွေ့နိုင်သည်။ ကျူးဗားကျွန်းတွင်တွေ့ရသော ပိတုန်းငှက်တစ်မျိုးသည် ပိတုန်းအရွယ်လောက်သာရှိသဖြင့်၊ ငှက်ရှိသမျှတွင် အငယ်ဆုံးဖြစ်သည်။ ထိုငှက်မျိုး၌ အမွေးများမရှိချေ။ အခြားပိတုန်းငှက်မျိုးများသည် ထိုအရွယ်ထက် အနည်းငယ်ပို၍ကြီးကြသည်။ အရွယ်အကြီးဆုံးဖြစ်သော လည်နီပိတုန်းငှက်တစ်မျိုးသည် အလျား ၈ ½ လက်မ အထိရှိသည်။ ယင်းတို့ကို အန်းဒီးတောင်တန်းတွင် တွေ့ရသည်။ ပိတုန်းငှက်တို့၌ အတောင်၏အလျားနှင့် ပုံသဏ္ဌာန်တို့သည် အမျိုးမျိုးရှိကြသဖြင့်၊ ပျံသန်းရာ၌ အသံမြည်ပုံချင်းမတူကြချေ။ အချို့သည် ပိုးကောင်များ အော်သံကဲ့သို့ မြည်တတ်သည်။

အထူးသဖြင့် ပိတုန်းငှက်တို့၌ အလွန် တောက်ပသော အမွေးအတောင်များရှိကသည်။ အချို့ငှက်မျိုး၌ အမြီးမွေးတို့သည် အရောင်တောက်ပသည်။ အချို့တွင် ခြေထောက်များ၌ အမွေးနုကလေးများစု၍နေသည်။ အချို့တွင် နှုတ်ခမ်းဘေးတွင် အမွေးများရှိကြသည်။ အထူးသဖြင့် ပိတုန်းငှက်ဖိုတို့၌ တောက်ပသောအမွေး အတောင်များရှိမြဲဖြစ်သည်။ အမများ၏အမွေးမှာမူ အထီးများလောက် မတောက်ပချေ။

ပိတုန်းငှက်တို့၏နှုတ်သီးများသည် ရှည်၍ချွန်ထက်နေ

ကိုယ်ခန္ဓာတည်ဆောက်ပုံ ပျံလွှားငှက်နှင့်တူသည့် ပိတုန်းငှက်

သည်။ လျှာသည်လည်းပြွန်ကဲ့သို့ဖြစ်၍၊ အဖျားဌ ပိုးကောင်းကလေးများကို လွယ်ကူစွာဖမ်းယူနိုင်ရန် အမွေးများရှိသည်။ ယင်းတို့၏အစာမှာ ဝတ်ရည်နှင့် ပိုးကောင်များဖြစ်သည်။ ပိုးကောင်များကို ဖမ်းယူနိုင်ရန် အတွက် လျှာကို ရုတ်တရက်အပြင်သို့ထုတ်၍ ပြန်သွင်းနိုင်လေသည်။ ပန်းများမှဝတ်ရည်များကို လိုက်လံစုပ်ယူရာ၌ အတောင်များကို လျင်မြန်စွာခတ်၍ လေထဲ၌ရပ်နေပြီးလျှင် စုပ်ယူတတ်သည်။ ပိတုန်းငှက်များ၏နှုတ်သီးများသည် ပိတုန်းငှက်မျိုးကိုလိုက်၍ အလျားအမျိုးမျိုးရှိကြလေသည်။ ထိုနှုတ်သီးများရှိခြင်းကြောင့် ပန်းများ၏အတွင်းရှိ ပိုးကောင်များကိုပင် ဖမ်းယူစားသောက်နိုင်ကြလေသည်။ ပျံနေခိုက်တွင်လည်း ပိုးကောင်များကိုဖမ်းယူစားသောက်နိုင်ကြသည်။ တခါတရံတွင် ပင့်ကူအိမ်အတွင်းရှိ ပိုးကောင်များကို ခိုးယူစားသောက်ကြသည်။

ထိုငှက်ကလေးများသည် ရှေ့တိုးနောက်ငင်၊ အထက်ပျံအောက်ဆင်းပြုလုပ်နိုင်ကြသည်။ အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်း၌တွေ့ရသောလည်နီ ပိတုန်းငှက်များသည် ခရီးမိုင် ၅၀၀ကိုပင် မရပ်မနား ပျံသန်းနိုင်ကြသည်။ မိတ်လိုက်ချိန်များတွင် ငှက်ဖိုတို့သည်အကာအရံ မရှိသော သစ်ကိုင်းများပေါ်၌နား၍၊ မိမိတို့၏အရောင်တောက်ပသော အတောင်များကိုဖြန့်ကာ အမများကိုမြှူကြသည်။ ထိုငှက်များသည် အစာရှာရာ၌ဖြစ်စေ၊ မိတ်လိုက်ရာ၌ဖြစ်စေ တစ်ကောင်နှင့်တစ်ကောင် ရန်မူတတ်ကြသည်။ ထိုပြင် မိမိတို့ထက် အရွယ်အဆမတန် ကြီးမားသည့် ကျီးကန်းကဲ့သို့သော ငှက်ကြီးများကိုပင် ပြန်လှန်၍ရန်မူလေ့ရှိသည်။ ထိုသို့ ရန်မူရာ၌ ငှက်ကြီးများ၏ ဦးခေါင်းပတ်လည်တွင် ပတ်၍ အတောင်များကို ခတ်ခြင်းဖြင့် အသံများဖြစ်ပေါ်စေပြီးလျှင် ငှက်ကြီးကို စိတ်အနှောင့်အယှက်ပြုကာ မောင်းထုတ်တတ်သည်။

ပိတုန်းငှက်တို့သည် အဖိုနှင့်အမ အမြဲတွဲနေလေ့မရှိကြချေ။ မိတ်လိုက်ပြီးသောအခါ၊ အမများသည် အထီးများမပါဘဲ၊ တစ်ဦးတည်းအသိုက်များကို ဆောက်လုပ်ကြသည်။ အသိုက်များသည် ခွက်ကလေးများနှင့်တူ၍ လှပသည်။ ဆောက်လုပ်ရာ၌ အပင်မှအမွေးနုများ၊ ပင့်ကူအိမ်များနှင့် အခြားအမျှင် သေးများကို အသုံးပြုကြသည်။ တစ်ခါတစ်ရံမိမိတို့၏အသိုက်များကို မြေပြင်နှင့်တန်းလျက်ရှိသောသစ်ကိုင်းများတွင် လုပ်ကြ၍၊ သစ်ကပ်မှော်များနှင့် ဖုံးထားကြသဖြင့်၊ ယင်းတို့၏အသိုက်များကိုရုတ်တရက် မတွေ့မြင်နိုင်ကြပေ။

ပိတုန်းငှက်များသည် အစဉ်လိုလို ဥနှစ်လုံးကိုသာဥလေ့ရှိသည်။ ထိုဥများသည် ပဲစေ့လောက်သာ ရှိ၏။ အရောင်ဖြူသည်။ အချို့ပိတုန်းငှက်မကာမီရက်များအတွင်း၌ ပင်

www.foreverspace.com.mm

နောက်ကပ်အသိုက်များကို ဆောက်လုပ်၍၊ ဥများကို ထင်ဉီးကြပြန်သည်။ ရက်သတ္တနှစ်ပတ်အတွင်း ဥကလေးများမှ အကောင်ကလေးများပေါက်လာကြသည်။ ဥမှ ပေါက်စဉ်ကကလေးများသည် အမွေးများမရှိ၊ မျက်စိများ လည်းမမြင်ရဘဲ၊ ပိုးကောင်ကလေးများနှင့်တူသည်။ မိခင် ငှက်မသည် သားငယ်များကိုအစာခွံ့ရာ၌ ငှက်ငယ်များ၏ လည်ချောင်းတွင်းသို့ ယင်းတို့၏နှုတ်သီးများကို ကြမ်းတမ်း စွာထိုးသွင်းလေ့ရှိသည်။ ငှက်ကလေးများသည် ကြီးလွယ်၊ ၍မကြာမီရက်များအတွင်း၌ အသိုက်များမှထွက်ခွာနိုင် ကြလေသည်။ နွေကူးဥတုများတွင် သဲကန္တာရတောင် ကြားများတွင် ပိတုန်းငှက်များကို တွေ့နိုင်ပေသည်။

ပိပစ်စာကလေး ။ ။ပိပစ်စာကလေးသည် စရိုက်အား ဖြင့်လည်းကောင်း၊ အဆင်းသဏ္ဌာန်အားဖြင့်လည်းကောင်း မိုးစွေငှက်နှင့်တူသည်။ သို့ရာတွင် မိုးစွေငှက်နှင့် မည်သို့မျှ ဆက်စပ်ခြင်းမရှိချေ။ ထိုငှက်ကလေးသည် 'လယ်စာ' တစ်မျိုးဖြစ်၍၊ ယင်းကို ပါဏာဗေဒအမည်အားဖြင့် 'အန်း သပ်ပရားတင်းဆစ်' ဟုခေါ်သည်။ ပိပစ်ငှက်အမျိုးပေါင်းမှာ ၅၀ ခန့်ရှိ၍၊ ယင်းတို့ကို ကမ္ဘာပေါ်ရှိ နေရာ အနှံ့အပြား၌ တွေ့မြင်နိုင်လေသည်။

ဗြိတိသျှကျွန်းစုတွင် ထင်ရှားသော ပိပစ် ကလေးမျိုးကို တစ်တလတ်၊ သို့မဟုတ် မဲဒိုးပိပစ်ဟုခေါ်သည်။ ပိပစ်စာ ကလေးသည် သာမန်အားဖြင့် မိုးစွေငှက်နှင့် တူသော် လည်း၊ ကိုယ်လုံးနှင့် နှုတ်သီး၌ကွဲပြားခြင်းရှိသည်။ မိုးစွေ ငှက်မှာ အသီးအနှံများ၏ အစေ့ကိုသာ စား၍၊ ပိပစ်စာမှာ ကား ပိုးမွှားများကိုစားသည်။ ပိပစ်စာကလေး၏ နှုတ်သီး သည် သေး၍ရှည်သည်။ အမြီးမှာလည်းရှည်သည်။ တစ် ကိုယ်လုံး၌ အညိုအစက်အပြောက်များ ဖုံးအုပ်လျက်ရှိသည်။ မြေကြီးပေါ်ရှိချိုင့်များတွင် အသိုက်ကို မြက်ဖြင့် ပြုလုပ် သည်။ ဥများမှာညိုရီ၊ တစ်မြိုလျှင် ၄ ဥ၊ ၅ ဥခန့်ရှိသည်။ ပိပစ်စာကလေးများ ကျက်စားရာနေရာမှာ မြက်ထူထပ် သောကွင်းနှင့် လယ်မလုပ်သောမြေရိုင်းကွင်းတို့ဖြစ်သည်။

ပါဏာဗေဒအမည် 'အန်းသပ်စပိုင်နို လက်တာပတ်တ ရိုဆပ်' ခေါ် ပိပစ်စာကလေးမျိုးလည်းရှိသည်။ ထိုပိပစ် စာတို့သည် အညိုရောင်ရှိသော ငှက်ကလေးများဖြစ်၍၊ ပင်လယ်ကမ်းရိုးတစ်လျှောက်တွင် လူးလာပျံသန်းနေ ကြသည်ကိုမကြာခဏတွေ့နိုင်သည်။ အသိုက်များကို မတ် စောက်သောကျောက်ထရံဖြစ်စေ၊ ကျောက်ဆောင်အဆင့် များတွင်ဖြစ်စေပြုလုပ်ထားတတ်ကြသည်။

ပါဏာဗေဒအမည် 'အန်းသပ်ထရစ်ဗီယပ်လစ်'ခေါ်ပိ ပစ်စာကလေးမျိုးလည်းရှိသည်။ ထိုစာကလေးများ၏လည် ချောင်းနှင့်ရင်အုပ်တွင် အမည်းမှတ်များပါရှိသည်။ သာယာ ချိုမြသောတေးကို ဆိုတတ်၍၊ ပိုးမွှားကို စားတတ်သော ငှက်ကလေးများ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဤပိပစ်စာ ကလေးမျိုး ၆ မျိုးကို တွေ့ရသည်။

ပိရမစ်။ ။ရှေးအခါက အီဂျစ်နိုင်ငံတွင် နတ်ရွာစံဘုရင် တို့၏ရုပ်အလောင်းကို ဆေးရည်စိမ်၍၊ အလွန်ထုထည် ကြီးမားသောသချိုင်းထဲတွင် ထည့်ထားသည့် အလေ့အ ထရှိခဲ့သည်။ ထိုသချိုင်း ဂူကြီးသည် ကျောက်တုံးကျောက် ခဲများဖြင့်ပြုလုပ်ထား၍၊ ပုံသဏ္ဌာန်အားဖြင့် မျက်နှာလေး ဘက်ရှိပြီးလျှင်၊ အောက်ခြေမှ အထက်သို့ ချွန်၍တက်သော ထုချွန်သဏ္ဌာန်ရှိလေသည်။ (ပုံကိုကြည့်ပါ) ထိုထုချွန် သဏ္ဌာန်ကိုစွဲ၍ ပိရမစ်ဟု ခေါ်လေသည်။

ကမ္ဘာပေါ်တွင် အထင်ရှားဆုံးပိရမစ်များမှာ လစ်ဗျန် သဲကန္တာရအစပ်နားရှိ ဂီဇာမြို့အနီးတွင် တွေ့မြင်နိုင်သော ပိရမစ်ကြီး ၃ခုပင် ဖြစ်သည်။ ထိုအဆောက်အအုံကြီး များသည် ကမ္ဘာအံ့ဖွယ်ခုနစ်သွယ်တို့အနက် တစ်ခုအပါ အဝင်ဖြစ်၍သက်တမ်းအားဖြင့် အနှစ်ထောင်ပေါင်းများစွာ ကြာရှိခဲ့လေပြီ။ (ကမ္ဘာအံ့ဖွယ် ခုနစ်သွယ်–ရှု။) ရှေးနှစ် ပေါင်းများစွာကတည်းကပင် ထောင်ပေါင်းများစွာသော ခရီးသည်များသည် ထိုအံ့ဖွယ်ရာပိရမစ်တို့ကို ကုလားအုပ်

နတ်ရွာစံအီဂျစ်ဘုရင် သချိုင်းဂူဖြစ်သော ပိရမစ်ကို ဤသို့ကျေးကျွန် မြောက်မြားစွာဖြင့် တည်ဆောက်ခဲ့ကြသည်။

www.foreverspace.com.mm

အီဂျစ်နိုင်ငံ ဂီဇာမြို့ ပိရမစ်ကြီး၏ ရှုခင်းတစ်ရပ်

နှင့်တစ်မျိုး၊ မြင်းစီး၍တဖုံ၊ခြေလျင်တစ်လီ၊ နည်းအမျိုးမျိုး ဖြင့်သွားရောက်ကြည့်ရှုလေ့ရှိကြသည်။ ယခုအခါတွင် ကား ကိုင်ရိုမြို့မှ ထိုမြို့၏အနောက်ဘက် ၅မိုင်ကွာရှိသောဂီဇာ မြို့အထိ ထရော်လီကားဖြင့်သွားရောက်၍ ကြည့်ရှုနိုင်သည်။

ဂီဇာမြို့ရှိပိရမစ်ကြီးများအနက် အကြီးအကျယ်ဆုံးမှာ ဂရိတ်ပိရမစ်ပင်ဖြစ်သည်။ ဂရိတ်ဟူသောဝေါဟာရမှာ ကြီးခြင်းဟူသောအဓိပ္ပါယ်ရှိသည်။ ထိုပိရမစ်ကြီးကို လွန်ခဲ့သော ဘီစီ ၂၉၀၀ပြည့်နှစ်လောက်က ခူးဖူးအမည်ရှိ အီဂျစ် ဘုရင်တစ်ပါး ဆောက်လုပ်ထားခဲ့သည်ဟုဆိုသည်။ ပိရမစ် ကြီး၏အောက်ခြေအကျယ်အဝန်းသည် ၁၃ ဧကရှိသည်။ အောက်ခြေ၌ စတုရန်းမျက်နှာလေးမျက်နှာရှိ၍၊ မျက်နှာ တစ်ဖက်လျှင် ၇၅၅ပေကျော်စီရှည်လျားသည်။ အောက် ခြေမှထိပ်ဖျားအထိ မူလအမြင့်သည် ၄၈၁ ပေကျော်ရှိ သည်။ ယခုအခါတွင်ကား ၄၅၁ ပေသ မြင့်တော့သည်။ ထိုပိရမစ်ကြီးကို ၂ ½တန် (ပိသာ ၁၅၀၀ကျော်) စီးလေး သော ကျောက်တုံးပေါင်း ၂၃၀၀၀၀ ဖြင့် တည်ဆောက် ထားသည်။ ဒုတိယပိရမစ်မှာ ထိုဂရိတ်ပိရမစ်ထက် မတိမ်း မယိမ်းငယ်၍၊ အမြင့်ပေ ၄၅၀ခန့်ရှိသည်။ တတိယပိရ မစ်မှာမူ ၂၀၄ပေမြင့်သည်။ ထိုအပြင် အီဂျစ်နိုင်ငံတွင် အခြားပိရမစ်အငယ်စားများလည်း ၇၅ ခုခန့်ရှိသေး သည်။ ပိရမစ်များကို အီဂျစ်နိုင်ငံ၌သာမဟုတ်၊ မက္ကဆီကို နိုင်ငံ၌လည်း တွေ့ရသည်။ အီဂျစ် ပိရမစ်သည် ထိပ်ချွန်၍၊ မက္ကဆီကိုနိုင်ငံရှိ ပိရမစ်မှာ ထိပ်ပြားသည်။

ပိရပ်(ဘီစီ ၃၁၈–၂၇၂)။ ။ပိရပ်သည်ဂရိတိုင်း၊ အိပိုင်းရပ် ပြည်ကို စိုးစံသောဘုရင်၏ သားတော်ဖြစ်သည်။ ပိရပ်သည် ငယ်စဉ်ကပင်လျှင်၊ ဖခမည်းတော်၏ထီးမွေနန်းမွေကိုစိုးစံရ ပါသော်လည်း၊ ရောမတိုင်းရှိ ပြည်ထောင်မင်းတို့နှင့် ခဏ ခဏစစ်ဖြစ်ခဲ့ရသောကြောင့်၊ ထီးနန်းစည်းစိမ်မှမကြာခ ဏလျှောကျခဲ့ရသည်။ ထိုကြောင့်မိမိ၏ထီး နန်းကိုပြန် ရရန်၊ ရောမပြည်ထောင်မင်းတို့ကိုအကြိမ်ကြိမ် စစ်တိုက်ခဲ့ ရသည်။ ဘီစီ ၂၇၉ ခုတွင် တိုက်ခိုက်ရသောအက်စကျူ လမ်စစ်ပွဲ၌ ပိရပ်သည် ရောမလူမျိုးတို့ကို ကောင်းစွာ အောင်မြင်သဖြင့်၊ နာမည်ကြီးလာလေသည်။ သို့သော် ထိုသို့ အောင်မြင်သော စစ်ပွဲမှာ လူအင်အား များစွာဆုံးပါး သော စစ်ပွဲသဖြင့်၊ 'ယခုကဲ့သို့သောစစ်ပွဲမျိုးကို နောက် တစ်ကြိမ်အောင်မြင်ရပါဘိမူကား၊ ငါသည်ပျက်စီးခြင်းသို့ ရောက်ရလတ္တံ့'ဟု ညည်းညူသောဟူ၏။ ဤအချက်ကို

www.forevermyspace.com.mm

အစွဲပြု၍ ကမ္ဘာ့သမိုင်း၌ အဆုံးအပါးများပြားသော စစ်အောင်နိုင်ခြင်းကို ပိရပ်ဘုရင်၏ အောင်နိုင်ခြင်းမျိုးဖြင့် နှိုင်းပြောဆိုလေ့ ရှိသည်။ ပိရပ်သည် ဘီစီ ၂၇၂ ခုနှစ် အားဂိုးတိုက်ပွဲတွင် ကျဆုံးလေသည်။

ဝိသုကာပညာ ။ ။ (ဗိသုကာပညာ–ရှု။)

ပီကင်းမြို့။ ။ပီကင်းမြို့သည် တရုတ်ပြည်သူ့ သမတနိုင်ငံ၏ မြို့တော်ဖြစ်၍၊ ကမ္ဘာပေါ်ရှိ အလှဆုံးမြို့တို့တွင် တစ်မြို့အပါအဝင်ဖြစ်သည်။ ပီကင်းမြို့သည် တရုပ်နိုင်ငံမြောက်ပိုင်း လွင်ပြင်ဒေသ၏ မြောက်ဘက်အစွန်းဆုံး၊ မြောက်လတ္တီတွဒ် ၃၉° ၄၅မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၁၁၆° ၈၂မိနစ်တို့ဆုံရာအရပ်တွင်တည်ရှိသည်။ တရုတ်နိုင်ငံမြောက်ပိုင်း၌အကြီးဆုံးဖြစ်သောယွန်တင်းမြစ်သည် ပီကင်းမြို့တော်၏ အနောက်ဖက်တွင်တည်ရှိသည်။ တရုတ်သမိုင်း၌ ကျော်စောထင်ရှားသော မာကိုပိုလိုတန်တားသည် ထိုမြစ်ကိုဖြတ်၍ ဆောက်လုပ်ထားသောတံတားဖြစ်သည်။ ရှေးယခင်က ထိုမြစ်သည် သဲနုံးတင်၍ ရေကြောင်း ခဏခဏ ပြောင်းပြီးလျှင်၊ ခဏခဏ ရေလွှမ်းမိုးတတ်သောကြောင့်၊ မြစ်ကြောင်းကျရာဒေသကို လွန်စွာဒုက္ခပေးခဲ့သည်။ ယခုခေတ်၌ကား၊ ထိုမြစ်၌ ရေကာတာများနှင့် ရေအားလျှပ်စစ်ဓာတ်ပေးစက်ရုံများ ဆောက်လုပ်ထားခြင်းကြောင့် ရေလွှမ်းမိုးသောအန္တရာယ်ကို ကာကွယ်နိုင်သည့်ပြင်၊ ယွန်တင်းမြစ်မှ ပီကင်းနှင့် တိယင်ဆင်မြို့များသို့ ရေပေးသွင်းနိုင်သည်။ ပီကင်းမြို့မှ အရှေ့တောင်ဘက်သို့မျှော်လိုက်သော်၊ မိုင် ၁၀၀ ခန့်အကွာတွင် ပိုဟိုင်းပင်လယ်ကွေ့ကိုတွေ့ရလိမ့်မည်။ ထိုပင်လယ်ကွေ့၌တည်ရှိသော တန်းကူးပင်လယ်ဆိပ်ကမ်းသည် ပင်လယ်မှပီကင်းမြို့တော်သို့ဝင်ရာ တံခါးပေါက်သဖွယ်ဖြစ်သည်။ ယခင်က ပီကင်းမြို့တော်အတွက် ပင်လယ်ဆိပ်ကမ်းမြို့မှာ တိယင်ဆင်မြို့ဖြစ်လေသည်။ ပီကင်းမြို့၏ အနောက်ဘက်၌ ထင်ရှားကျော်စောသော တရုတ်တံတိုင်းကြီးတည်ရှိသည်။

ပီကင်းမြို့သည်အကျယ်အဝန်းအားဖြင့် ၁၂၆၄စတုရန်းမိုင်ရှိသည်။ ၁၉၅၅ခုသန်ခေါင်စာရင်းအရ ပီကင်းမြို့တော်၏ လူဦးရေမှာ ၃၂၈၀၀၀၀ဖြစ်သည်။ ထိုမြို့ကို အုပ်ချုပ်ရေးအလို့ငှါခရိုင်၁၃ခရိုင်ခွဲထားသည်။ ၇ ခရိုင်မှာ မြို့တော်တွင်းခရိုင်များဖြစ်၍၊ ကျန်ဖခရိုင်မှာဆင်ခြေဖုံးခရိုင်များဖြစ်သည်။ ပီကင်းမြို့ကို ပီကင်းပြည်သူ့ကောင်စီအဖွဲ့ဟုခေါ်သောမျှူနီစီပယ်အဖွဲ့ကအုပ်ချုပ်သည်။ သို့သော် ထိုမျှူနီစီပယ်အဖွဲ့သည် တရုတ်ဗဟိုအစိုးရနှင့် တိုက်ရိုက်ဆက်သွယ်သည်။

ပီကင်းမြို့တော်၏ရာသီဥတုမှာ မြောက်သမိုင်းဇုန်တို့၌ တွေ့ရတတ်သော ကုန်းတွင်းပိုင်းမုတ်သုန်ရာသီဥတုမျိုးဖြစ်သည်။ ဆောင်းရာသီ၌ ဆိုက်ဗီးရီးယားကုန်းမြေမှတိုက်ခတ်သောလေအေးတို့ကြောင့်၊ ပီကင်းမြို့သည် လွန်စွာအေး၏။ နွေရာသီ၌ကား ပစိဖိတ်မှတိုက်ခတ်သော မိုးပါသည့်လေကြောင့် စွတ်စိုး၏။ ပူလည်းပူ၏။

ပီကင်းမြို့သည် ပတ်ဝန်းကျင်နယ်တို့မှ ထွက်သော ထွက်ကုန်တို့ကို တင်ပို့ရောင်းချရာ ဗဟိုချက်မ ဌာနဖြစ်၏။ ရှေးအခါက ကြွေတည်၊ မြေထည်၊ အုတ်ကြွပ်၊ ဖန်၊ ပိုးထည်၊ ကန့်လန့်ကာ၊ စီးကရက် စသည်တို့ကို အိမ်တွင်းလုပ်ငန်းသဖွယ် လုပ်ကိုင်ကြသည်။ သို့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဟုထူထောင်ပြီးသည့်နောက်၊ အိမ်တွင်းလုပ်ငန်းများကိုစုပေါင်း၍၊ ပြည်သူပိုင်စံနစ် ပြုလုပ်လိုက်သောကြောင့်၊ ထုတ်လုပ်မှု အင်အားတိုးတက်လာသည်ဟု အဆိုရှိသည်။ ယခုအခါ ပီကင်းမြို့တော်နှင့် ဆင်ခြေဖုံးအရပ်တို့၌ စိုက်ပျိုးရေး စက်ကိရိယာလုပ်သော စက်ရုံများ၊ သံ၊ သံမဏိလုပ်ငန်းများ၊ ခြည်စက်နှင့် သိုးမွေးစက်များနှင့် အခြား စက်မှုလက်မှုလုပ်ငန်းများ တိုးပွားလာလေသည်။

ပီကင်းမျှူနီစီပယ်နယ်နိမိတ်အတွင်း၌ လယ်ယာများသည် ဧကပေါင်း ၂၀၀၀၀၀ ကျော်ရှိသည်။ ဆန်စပါး၊ ဂျုံစပါးစသော ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးသည့်အပြင်၊ ဝါဂွမ်းနှင့် ဟင်းသီးဟင်းရွက်တို့ကိုလည်း စိုက်ပျိုးသည်။ ၁၉၅၆ ခုကစ၍ အားလုံးသော လယ်ယာတို့ကို လယ်ယာသမဝါယမစံနစ်ဖြင့် စိုက်ပျိုးကြသည်။ ပီကင်းမြို့တောင်ဘက် နန်ယူအန်ခရိုင်ကို ကြယ်နီလယ်ယာစုပေါင်း လုပ်ဆောင်ရေးအဖွဲ့သည် များစွာထင်ရှားကျော်စောသည်။ ထိုပြင် ကျွဲ နွားမွေးမြူရေး၊ ဟင်းသီးဟင်းရွက်နှင့် ဥယျာဉ်စိုက်ပျိုးဆိုင်ရာ ပြည်သူပိုင်လုပ်ငန်းများလည်း ရှိသည်။

အစဉ်အလာအားဖြင့်ပီကင်းမြို့သည် လက်မှုလုပ်ငန်းအရပ်ရပ်တို့၌လက်ရာမြောက်သည်ဟု ကျော်ကြားသော မြို့ဖြစ်သည်။ ကျောက်စိမ်း၊ ဆင်စွယ်၊ အရိုး၊ သစ်သားတို့ဖြင့်ပန်းပုထုခြင်း၌အလွန်နာမည်ရသည်။ ဇာထိုး ပန်းထိုးလုပ်ငန်း၊ ကော်ဇောလုပ်ငန်း၊ ကြွေရေသုတ်လုပ်ငန်းတို့လည်းထွန်းကား၏။ ကြွေရေသုတ်လုပ်ငန်း၌ ပီကင်းဒေသ၏ နည်းနိသျှတစ်ရပ်ဖြစ်သော ပန်းကြွေဖော်နည်းသည် လွန်စွာထူးခြား၏။ အခြားလုပ်ငန်းတို့မှာအုတ်ကြွပ်လုပ်ငန်း၊ ဖန်ရည်ကျို လုပ်ငန်း၊ ပိုးထည် လုပ်ငန်း၊ စီးကရက်လုပ်ငန်းစသည်တို့ ဖြစ်သည်။

ပီကင်းမြို့သည် မြို့တော်ဖြစ်သည့် အလျောက်လည်း ယဉ်ကျေးမှု အနုပညာအရပ်ရပ်တို့အပြင်၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံခြားရေးရာနှင့် သိပ္ပံဆိုင်ရာပညာအရပ်ရပ်တို့ကို သုတေသနပြုရာ ဗဟိုဌာနလည်းဖြစ်သည်။ ထိုပြင် ပညာရေးအတွက်လည်း အချက်အချာဒေသဖြစ်ရကား၊ ၁၉၅၅ ခုနှစ်တွင် အထက်

www.forewordspace.com.mm

ပီကင်းမြို့၏ ကျက်သရေဆောင် ကျောက်စေတီ

တန်းဝိဇ္ဇာသိပ္ပံပညာရပ်တို့ကို ပို့ချသောပညာသင်ကြား ပေးရာဌာနပေါင်း ၂၈ဌာနရှိသည်။ မူလတန်းနှင့် အလယ်တန်း ကျောင်းများမှာလည်း ကျောင်းပေါင်း ၁၀၀၀ ကျော်မျှရှိသည်။ အထူးသဖြင့် သိပ္ပံပညာတံခွန်ကျောင်းသည် ခေတ်သစ်တရုတ်နိုင်ငံအတွက် ထူးခြားစွာပေါ်ပေါက်လာခဲ့သည်။ ထိုကျောင်း၌ ရူပဗေဒ၊ဘူမိရူပဗေဒ၊မိုးလေဝသပညာ၊ ဘောဂဗေဒ၊ ဘာသာစကားပညာ၊ ဝေါဟာရဗေဒတို့ကို သင်ကြားသည်။ ယခုအခါ ထိုပညာတို့အပြင်၊ အခြားပညာရပ်များကိုလည်း တည်ရာဒေသ၏ ပတ်ဝန်းကျင် ၌ကား၊ ပီကင်းမြို့နော်မန်တက္ကသိုလ်၊ ပီကင်းဆေးတက္ကသိုလ်၊ သံ သံမဏိလုပ်ငန်း အတတ်သင်ကျောင်း၊ ရေနံလုပ်ငန်း အတတ်သင်ကျောင်း၊ စက်ဖြင့် လယ်ယာစိုက်ပျိုးရေး အတတ်သင်ကျောင်း၊ လေယာဉ်ပျံ အတတ်သင်ကျောင်း၊ ဘူမိဗေဒတက္ကသိုလ်၊ လူမျိုးစုကျောင်း၊ တရုတ်ပြည်သူ့တက္ကသိုလ်၊ ပီကင်းတက္ကသိုလ်၊ ဆင်ဟွာအားတက္ကသိုလ်စသည်တို့ ရှိကြ၏။

ပီကင်းမြို့သည် လှပသောမြို့ဖြစ်သည့်အားလျော်စွာ ရှုခင်းနှင့်အဆောက်အအုံများစွာရှိကြသည်။ ဦးစွာထင်ရှားသော အဆောက်အအုံမှာ တိယင်အန်မင်း တံခါးနီဖြစ်သည်။ ဤတံခါးနီဖြစ်သည်။ ဤတံခါးနီကို ခရစ် ၁၄၂၀ ပြည့်နှစ်၌ မင်မင်းဆက် ဘုရင်တစ်ပါးက တည်ဆောက်ခဲ့၏။ ထိုတံခါးနီရှေ့တွင် ယခုအခါ ကြီးကျယ်သော လူထုအစည်းအဝေးများကို ပြုလုပ်လေ့ရှိကြသည်။ ပီကင်းမြို့တော်၏ အလယ်တွင်ကား တရုတ်ဧကရာဇ်ဘုရင်အဆက် ဆက်တို့ စံပျော်ရာဌာနဖြစ်သော နန်းတော်ရှိသည်။ နန်းတော်မှာ တံခါးနီ၏ မြောက်ဘက်ကျလေသည်။ ရှေးကထိုနန်းတော်ရာဒေသရှိ ဗဟိုနန်းတော်ဆောင်နေရာသို့ မည်သူမျှမဝင်ရဟု ပညတ်ခဲ့သည်။ ယခုအခါ နန်းတော်ရာဒေသတစ်ခုလုံးလိုလိုကို ပြတိုက်သဖွယ် အသုံးချကြသည်။ ထိုနန်းတော်ရာ မြောက်ဘက်၌ ကျောက်မီးသွေးတောင်ဟုခေါ်သော တောင်ကုန်း ရှိသည်။ ယင်းတောင်ကုန်းသည် ရှေးပီကင်းမြို့တော်တွင်း၏ ဗဟိုချက်ချာဖြစ်သည်ဟု ဆိုသည်။ ထိုပြင် တီယင်တန် ဥယျာဉ်ဟုခေါ်သောအရပ်တွင် ရှေးတရုတ်ဧကရာဇ်ဘုရင် အဆက်ဆက်တို့က သက်ဆိုင်ရာနတ်တို့ကို ကိုးကွယ်ပူဇော်ပသရာ ကောင်းကင်ဘုံနတ်ကွန်းဟုခေါ်ဆိုအပ်သော နတ်ကွန်းအဆောက်အအုံများ တည်ရှိသည်။နတ်ကွန်းမှာအားလုံးသုံးခုဖြစ်၏။ နတ်ကွန်းတို့ကိုစက်ဝိုင်းသဏ္ဌာန် ဆောက်လုပ်၍၊ အမိုးကို အုတ်ကြွေပ်ပြာဖြင့် မိုးထားလေရာ၊ အလွန်တရာ ခမ်းနားတင့်တယ်သည်။ ပီကင်းမြို့ ဆင်ခြေဖုံးတွင်ရှိသော နွေရာသီနန်းတော်မှာလည်း ဗိသုကာအတတ်၌လက်ရာပြောင်မြောက်၍၊ သာယာကြည်နူးဖွယ်ရှိ၏။ ပီကင်းမြို့၏ အနောက်မြောက် မိုင် ၂၀ခန့်အကွာ၌၊ ရှေးမင်း မင်းဆက်တို့ကို မြှုပ်နှံသင်ဂြိုဟ်ရာ သချိုင်းဂူရှိသည်။ နိုင်ငံသမိုင်းတွင်ထင်ရှားသော မာကိုပိုလန် တန်တားသည် ပီကင်းမြို့တော် အရံမြို့၏ အနောက်တံခါးမှ အနောက်ဘက် ၉ မိုင်ကွာ အရပ်တွင် တည်ရှိသည်။ တရုတ်တံတိုင်းကြီးမှာလည်း ပီကင်းမြို့၏အနောက်ဘက် ၂၅ မိုင်ခန့်အကွာတွင်တည်ရှိ၏။ ပီကင်းမြို့တော်မှာ ရှေးဘုရင်များ ခေတ်ကပင်လျှင်၊ ကမ္ဘာပေါ်ရှိ ကိုးကွယ်ရာအယူဝါဒ အမျိုးမျိုးထွန်းကားခဲ့သောကြောင့်၊ ဗုဒ္ဓအယူဝါဒဆိုင်ရာ အဆောက်အအုံများ၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ အစ္စလမ်အယူဝါဒီတို့၏ပလီများနှင့် အခြားသော တရုတ်ဘုံကျောင်း အမျိုးမျိုးတို့ကို တွေ့ရှိနိုင်လေသည်။

ပီကင်းမြို့ကို လွန်ခဲ့သော နှစ်ပေါင်း ၂၂၀၀ ခန့်က ယင်မင်းတို့သည်ချီမြို့ဟုသမုတ်၍၊ မင်းနေပြည်တော်ပြုလုပ်ခဲ့သည်ဟုအဆိုရှိသည်။ နောင်သောအခါ ယူချူမြို့တော်ဟု တွင်ပြန်သည်။ သို့သော် သုံးပြည်ထောင်မင်းများခေတ် (ခရစ် ၂၂၀–၂၈၀)တွင် ယင်ဟူ၍ပင် ပြန်၍ တွင်သည်။ ခရစ် ၉၃၈ ခုနှစ်တွင် ယင်ချင်းဟုတွင်သည်။ ခရစ် ၁၁၅၃ ခုနှစ်၌ ချင်မင်းဆက်တည်ထောင်ရာတွင် ယင်ချင်းမြို့ကို ချန်တူဟုသမုတ်သည်။ ချန်တူဟု သောအမည်မှာ အလယ်ဗဟိုမြို့တော်ဟု အဓိပ္ပါယ်ရသည်။ ခရစ် ၁၂၇၂ ခုနှစ်၌ ကူဗလိုင်ခန်သည် ချင်မင်းဆက်တို့ကို အောင်နိုင်လိုက်သော အခါ၊ ချန်တူမြို့တော်ကို တာတူးမြို့ဟုသမုတ်၍ ယူအန်

www.forewarspace.com.mm

မင်းဆက်တည်ထောင်လေသည်။ ခရစ် ၁၃၆၈–၁၆၄၄ ခုနှစ်အတွင်း ထွန်းကားသော မင် မင်းဆက်ကို လက်မွန်မဲ့တည်ထောင်သော ချူယူအန်ချန်းလက်ထက်၌ တရုပ်နေပြည်တော်ကို တာတူးမြို့မှ ပြောင်း၍၊ နန်ကင်းမြို့ကို မြို့တော်ပြုသည်။ ထိုအခါ တာတူး မြို့သည် ပေပင်းမြို့ဟု တွင်လာသည်။ ပေပင်းဟူသော ဝေါဟာရ၏ အဓိပ္ပါယ်မှာ မြောက်ပိုင်းဒေသဦးမင်းချမ်းရေးဖြစ်၏။ ခရစ် ၁၄၀၃ခုနှစ်၌ ပေပင်းမြို့ကို ပီကင်းဟု အမည်ပြောင်းပြန်သည်။ ပီကင်းဟူသည်မှာ မြောက်ပိုင်းဒေသမြို့တော်ဟု အဓိပ္ပါယ်ရသည်။ ခရစ် ၁၄၂၀ပြည့်နှစ်၌ကား ပီကင်းမြို့သည် မင် မင်းဆက်တို့၏ မင်းနေပြည်ဖြစ်ခဲ့ရပြန်သည်။ ထိုသို့မြို့တော်အဖြစ်ဖြင့် ၁၉၁၁ခုနှစ်အထိတည်ရှိခဲ့ပြီးမှ မန်ချူးမင်းဆက်တို့ ဆိတ်သုဉ်းသည်နှင့် ပီကင်းမြို့သည် သာမန်မြို့မျှသာ ဖြစ်ခဲ့သည်။ ကူအိုမင်တန်အဖွဲ့ အစိုးရအာဏာကိုရရှိလာသောအခါ၌ နန်ကင်းကိုပင် မြို့တော်ဟုသမုတ်သည်။ ၁၉၄၉ ခုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို တည်ထောင်လိုက်သော အခါ၊ ပီကင်းသည် မြို့တော် ဖြစ်လာပြန်သည်။

ပီစာမြို့။ ။ပီစာမြို့သည် အလယ်ခေတ်၌ မြေထဲပင်လယ်တွင် ထင်ရှားသောဆိပ်ကမ်းမြို့ကြီးတစ်မြို့ ဖြစ်သည်။ လက်နက်အင်အား တောင့်တင်းခိုင်မာသောမြို့ဖြစ်ရာ၊ အိမ်နီးချင်းတိုင်းပြည်တကာတို့သည် ပီစာမြို့ကို ခန့်ညားရိုသေကြရသည်။ ယခုခေတ်၌ကား ပီစာမြို့သည် ရှေးခေတ်ဟောင်းအဆောက်အအုံတို့ကြောင့် ထင်ရှားသတည်း။ အထူးသဖြင့် ထိုမြို့တွင်ရှိသော ယိုင်နေသည့်မျှော်စင်ကြီးတစ်ခုအတွက် ကမ္ဘာကျော်ကြားသည်။ ထိုမျှော်စင်တစ်ခုလုံးသည် ကျောက်သားပကတိဖြင့်ပြီး၏။ ကျောက်မှာ စကျင်ကျောက်ဖြူဖြူဖွေးဖွေးဖြစ်သည်။ မျှော်စင်၏အမြင့်မှာ ၁၇၉ပေရှိသည်။ အထပ်ပေါင်း ၈ထပ်ရှိသည်။ မျှော်စင်၏ခေါင်မှမြေသို့ ချိန်သီးကြိုးချ၍ကြည့်လျှင်၊ မြေ၌ကျသော ချိန်သီးသည် မျှော်စင်အောက် ခြေနှင့် ၁၆ ပေခွဲအကွာ အဝေး၌တည်ရှိသည်။ တစ်နည်းအားဖြင့်ဆိုသော် မျှော်စင်သည် ၁၆ပေခွဲမျှ ယိုင်နေသည်ဟုဆိုရမည်။ ယင်းသို့ယိုင်နေသော်လည်း၊ ၁၃ ပေထူသောနံရံရှိသည့် အဆောက်အအုံသည် တောင့်တင်းခိုင်မာလှ၍၊ ယနေ့တိုင် ကောင်းစွာတည်ရှိလေသည်။ အောက်ဆုံးမှအထက်ဆုံးအထပ်အထိ လှေခါးထစ်ပေါင်း ၃၀၀ရှိသည်။ ထိုမျှော်စင်ကို ခရစ် ၁၁၄၇ ခု၌စတင် ဆောက်လုပ်ရာ၊ ၁၃၅၀ပြည့်နှစ်မှပြီးစီးသည်ဟုဆိုသည်။ ပီစာမြို့သားဖြစ်သော သိပ္ပံကဝိဂယ်လီလေအိုသည် ထိုမျှော်စင်ထိပ်သို့တက်၍ စမ်းသပ်ချက်များကို ပြုလုပ်ရာ အရာဝတ္ထုတို့ မြေသို့ကျသောအလျင်ကို တွက်ချက်ပြသနိုင်ခဲ့သည်။ (ဂယ်လီလေအို–ရှု။)

ပီစာမြို့၏တည်နေဟန်ကား ဣတလီနိုင်ငံ အားနိုးမြစ်သည် မြေထဲပင်လယ်ထဲသို့စီးဝင်ရာမှ ၇ မိုင်အထက်တွင် တည်ရှိသည်။ ယခုခေတ်၌ ထိုမြို့သူမြို့သားတို့သည် လယ်ယာစိုက်ပျိုးခြင်းနှင့်တံငါးလုပ်ငန်းကိုလုပ်ကိုင်ကြသည်။ ယင်းတို့အပြင် ပိုးထည် ခြည်ထည်လုပ်ငန်းများလည်း ရှိသည်။ မြို့၏လူဦးရေမှာ ၅၀၀၀၀ ခန့်ရှိသည်။ သို့သော် မြို့၏ဗဟို ချက်ခြာနှင့်ဆင်ခြေဖုံးရပ်ကွက် အပါအဝင် မြို့နယ်ဒေသ၏လူဦးရေမှာ ၇၀၀၀၀ ကျော်ရှိသည်။

ပီတာ–သ–ဂရိတ်(ခရစ်၁၆၇၂–၁၇၂၅)။ ။ပီတာ–သ–ဂရိတ်၊ သို့မဟုတ် ရုရှပဌမပီတာဘုရင်ကြီးသည် ရုရှနိုင်ငံ၏ တန်ခိုးအာဏာအကြီးထွားဆုံးသော နိုင်ငံပြုမင်းဧကရာဇ်ကြီးဖြစ်သည်။ ပီတာ–သ–ဂရိတ်၏ ဂုဏ်သတင်းကျော်ကြားရခြင်းမှာ အလယ်ခေတ် အရှေ့တိုင်းဆံကာမတိုးတက်၊ ခေတ်မမီ ဖြစ်နေသောရုရှနိုင်ငံကို ဥရောပနိုင်ငံများနည်းတူ တိုးတက်ခေတ်မီစေရန် အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ပညာရေး စံနစ်တို့ကို လုံးလုံးလျားလျား ပြုပြင်ပြောင်းလဲပစ်နိုင်ခြင်း၊ နိုင်ငံ၏နယ်နိမိတ်ကို တိုးချဲ့ခဲ့ခြင်းတို့ကြောင့် ရုရှသည်ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံအဖြစ်သို့ရောက်ခဲ့ကာ ကမ္ဘာက အရေးထား ဂရုမူခဲ့ရလေသည်။

ပီတာသည် ရုရှဇာဘုရင် အလက်ဆစ်မီဟိုင်းလိုဗစ်၏ ဒုတိယ အိမ်ထောင်မှ မွေးသော သားတော်ဖြစ်၍၊ ၁၆၇၂ခု ဇွန်လ ၉ ရက်နေ့တွင် မော်စကိုမြို့၌ ဖွားမြင်သည်။ ဇာဘုရင် အလက်ဆစ်၏ပဌမအိမ်ထောင်မှမွေးသော အိုင်ဗန်မင်းသားနှင့်တွဲဖက်၍ထီးနန်းကိုဆက်ခံရရာ၊ အိုင်ဗန်၏အစ်မတော် ဆိုဖီယာက ရင်ခွင်ပိုက်အဖြစ်အုပ်စိုးလေသည်။ အိုင်ဗန်ကား ပျော့ညံ့သူဖြစ်၍၊ ပီတာက အရေးမထားပေ။ ၁၆၈၉ခုတွင် ပီတာသည် ဆိုဖီယာအား ရင်ခွင်ပိုက်ရာထူးမှ အဓမ္မနုတ်ထွက်စေပြီးနောက် သူသာလျှင်ကြီးစိုးနေခဲ့လေသည်။ ၁၆၉၆ ခုတွင် အိုင်ဗန်ကွယ်လွန်သဖြင့် ပီတာသည် ရုရှထီးနန်း၏ တစ်ပါးတည်းသောအရှင် စိုးမင်းဖြစ်လာလေသည်။

ပီတာသည်ငယ်စဉ်အခါမှစ၍ မော်စကိုမြို့တော်သို့ ကုန်သွယ်ရန်လည်းကောင်း အခြေစိုက်နေထိုင်ရန်လည်းကောင်း လာရောက်ကြသော အနောက်တိုင်းသားတို့နှင့် တွေ့ဆုံဆက်ဆံဖူးသည်။ ထို့ပြင်ပီတာ၏နည်းပြဆရာတို့သည် ပြင်သစ်၊ ဆွစ်၊စကော့လူမျိုးများဖြစ်ကြသည်။ ထိုကြောင့် ပီတာသည် အနောက်တိုင်းသားတို့နှင့် အနေနီးစပ်ကာ အနောက်တိုင်းကို အားကျနေခဲ့သည်။ ရုရှထီးနန်းကိုရပြီးနောက် အာဏာလက်ဝယ်ရရှိလာသောအခါ၊ ပီတာဘုရင်သည် အရှေ့တိုင်းဆံ၍ ခေတ်မမီဖြစ်နေသော မိမိနိုင်ငံကို အနောက်တိုင်းဆံလေအောင် အကြမ်းပတမ်းပင် ပြုပြင်လေတော့

www.forumspace.com.mm

သည်။ ပီတာသည် ဇွဲသန်၍ စိတ်ဓာတ်ပြင်းပြသလောက် ပြင်းပြင်းထန်ထန်လည်း အလုပ်လုပ်နိုင်သည်။ ကုန်းတပ်ရေတပ်တို့ကို အနောက်နိုင်ငံများ၏ အဆင့်အတန်းနှင့် တူညီအောင် ပြုပြင်ရေး၊ နိုင်ငံခြားကုန်သွယ်မှု ကောင်းမွန်ရေး၊ သင်္ဘောဆိပ်ကောင်းရရှိရေးတို့အတွက် အထူးကြိုးပမ်းသည်။ ဗောလဗစ် ကမ်းခြေတလျှောက်ရှိ ဆိပ်ကမ်းကောင်းများမှာ ဆွီဒင်ပိုင်များသာ ဖြစ်လျက်၊ ယင်းနိုင်ငံကိုလည်း ပြိုင်ဘက်နိုင်စွမ်းမရှိသေးချေ။ ထိုကြောင့် ပင်လယ်နက်ဖက်၌ ခြေကုပ်ရှာရာ၊ ၁۷၉۷ခုတွင် အဇော့ဆိပ်ကမ်းမြို့ကို တူရကီတို့လက်မှ တိုက်ခိုက်သိမ်းယူလိုက်သည်။ ယင်းသို့ဖြင့် မိမိ၏ပြုပြင်ဖွဲ့စည်းထားသော စစ်တပ်အစွမ်းကိုလည်း ပြလိုက်သည်။ အဇော့မြို့မှရရှိသဖြင့်လည်း မိမိ၏ရေတပ်ကို ပြုပြင် ဖွဲ့စည်းနိုင်ခွင့် ရပြန်လေသည်။

အနောက်တိုင်းခလေ့ထုံးစံ၊ အနောက်တိုင်း စံနစ်တို့ကို အလွန်အထင်ကြီးသောပီတာသည် ဥရောပနိုင်ငံများမှ လက်မှုပညာသည်များ၊ အင်ဂျင်နီယာများ၊ စစ်သားများကို ခေါ်ယူကာ၊ ရုရှနိုင်ငံတွင်းသို့ အနောက်တိုင်းယဉ်ကျေးမှုကို သွင်းယူသည်။ ထိုမျှနှင့်အားမရသေး၍၊ ၁۷၉۷ခုတွင် မိမိကိုယ်တိုင် ဂျာမနီ၊ ဟော်လန်၊ အင်္ဂလန်စသော ဥရောပနိုင်ငံများသို့လေ့လာဆည်းပူးရန် ခရီးထွက်လေသည်။ ပီတာသည် သွားနုတ်သည့်အတတ်မှအစ သင်္ဘောဆောက်လုပ်ခြင်းအတတ်အထိ စက်မှုလက်မှုပညာအရပ်ရပ်ကို ကိုယ်တိုင် လက်တွေ့ဝင်ရောက် လုပ်ကိုင်ခဲ့သည်။ ယင်းသို့လေ့လာနေခိုက် မိမိ၏နိုင်ငံတော်၌ ပြုပြင်ရေးကို မလိုလားသူ တစ်စု၏ ပုန်ကန်မှုတစ်ရပ် ပေါ်ပေါက် လာသဖြင့်၊ ပြန်ခဲ့ရလေသည်။ ၁۷၉၈ ခုနှစ်တွင် ပုန်ကန်မှုကို ပြင်းပြင်းထန်ထန်နှိမ်နင်းပြီးနောက်၊ ပီတာသည် မိမိ၏လေ့လာချက်များကို အကောင်အထည် ဖော်လေသည်။ အခွန်သစ်များကို တီထွင်ကောက်ခံသည်။ ဥရောပတိုက်သားတို့၏ ဝတ်စားဆင်ယင်မှုကို အတုယူစေ၍၊ ရုရှလူမျိုးတို့ ထားလေ့ရှိသောမုတ်ဆိတ်များကိုပင် ရိတ်ဖြတ်ပစ်စေသည်။ မုတ်ဆိတ်ထားသူများသည် အခွန်ဆောင်ကြရသည်။ အမျိုးသမီးများအားလည်း အိမ်တွင်းပုန်းဘဝမှ အပြင် လောကသို့ ထွက်လာစေသည်။ လူအများအပေါ်တွင်ဩဇာညောင်းလျက်ရှိသောအယူဝါဒ ဂိုဏ်းဂဏများကို ဖိနှိပ်၍ မိမိလက်အောက်တွင် ထားစေသည်။ ရုရှနိုင်ငံသူ နိုင်ငံသားမှန်သမျှ အထက်တန်းစားမှ အောက်တန်းစားများအထိ နိုင်ငံတော်၏ ကျေးကျွန်များသာ ဖြစ်စေသည်။ ရုရှပြက္ခဒိန်ကို ပင်ပြောင်းလဲပစ်သည်။ ပီတာသည် နိုင်ငံခြားနှင့်ဆက်သွယ်ရေး၊ ကုန်ကူးသန်းရောင်းဝယ်ရေးအစရှိသည်တို့ကို လွယ်ကူစွာပြုလုပ်နိုင်ရန် ရေခဲလွတ်သည့်ဆိပ်ကမ်းကောင်းများ ရရှိရေးကိုလည်း ဆက်လက် ကြိုးပမ်းခဲ့လေသည်။

၁۷၀၀ ပြည့်တွင် ဗောလတစ်ပင်လယ်သို့ ထွက်ပေါက်ရရန် အတွက် ပိုလန်၊ဒင်းမတ်နိုင်ငံတို့နှင့်မဟာမိတ်ဖွဲ့ပြီး လျှင် သင်္ဘောဆိပ်ကောင်းများပိုင်သော ဆွီဒင်နိုင်ငံနှင့် စစ်ပြိုင်သည်။ နားဗာ တိုက်ပွဲတွင် ပီတာ၏တပ်မကြီးမရှုမလှအရေးနိမ့်၍၊ ပိုလံနိုင်ငံကိုလည်း ဆွီဒင်ကတိုက်လေသည်။ အထိနာခဲ့သော ပီတာသည် ဆွီဒင်အား ထပ်၍ မကြဲစည်သေးဘဲ 'စိန့်ပီတာစဗတ်' (ယခုလီနင်ဂရက်မြို့တော်)အမည်နှင့် မြို့တော်သစ်ကို တည်ဆောက်ယင်းမိမိ၏တပ်မတော်ကို ပြန်လည် ပြုပြင်ဖွဲ့စည်းသည်။ ၁۷၀၉ ခုတွင် ဆွီဒင်ဘုရင်ချား(၁၂)က ရုရှကိုတိုက်ခိုက်လာပြန်သည်။ သို့သော် ပီတာက ပိုလတာဗာတိုက်ပွဲတွင် ချား၏တပ်များကိုချေမှုန်းလိုက်သည်။ ချားသည် အခဲမကြေသဖြင့် ၁۷၁၀ ခုတွင် တူရကီနိုင်ငံ၏ အကူအညီဖြင့်၊ ရုရှားနှင့် တစ်ဖန်စစ်ဖက်ကြပြန်သည်။ ပီတာ အရေးရှုံးနိမ့်၍ တူရကီအား အဇော့မြို့ကို ပြန်ပေးရလေသည်။

ဆွီဒင်နှင့်ကား ကြာရှည်လေးမြင့်စွာပင်စစ်တိုက်နေခဲ့ရာ၊ ပီတာသည် ကုန်းဘက်၊ ရေဘက်တွင်အောင်ပွဲများ ရရှိခဲ့သည်။ ချားဘုရင်လွန်သောအခါ၊ ၁۷၂၁ ခုတွင် ပီတာသည်ဆွီဒင်နိုင်ငံအား နစ်စတက်စစ်ပြေငြိမ်းစာချုပ်ကို လက်မှတ်ရေးထိုးစေပြီးလျှင် စစ်ပြေငြိမ်းလိုက်သည်။ ယင်းသည့် စစ်ပြေငြိမ်းစာချုပ်အရ၊ ပီတာပိုင်ဆိုင်လိုခဲ့သော ဗောလတစ်ပင်လယ်အရှေ့ဘက်ကမ်းခြေတစ်လျှောက်ရှိ လီဗိုနီယာ၊

ရုရှနိုင်ငံကိုခေတ်မှီအောင်ပြုပြင်ပေးခဲ့သော ပီတာ–သ ဂရိတ်ဧာဘုရင်

www.foreverspace.com.mm

အက်စတိုနီယာနှင့် ဖင်းလန်နိုင်ငံတစ်စိတ်တစ်ဒေသတို့အပါ အင်ပြစ်သောနယ်မြေများကို ရုရှကရရှိသည်။ ယင်းသို့ဖြင့် ရုရှသည် အင်အား တောင့်တင်းသောနိုင်ငံကြီးတစ်နိုင်ငံ ဖြစ်လာသည်။ ထိုကြောင့်ရုရှဆီနိတ်လွှတ်တော်က ပီတာဘုရင်အား ရုရှနိုင်ငံ၏ဖခင်၊ ဧကရာဇ်မင်း ၊ 'ပီတာ–သ–ဂရိတ်' ဟူ၍ ဘွဲ့နာမံများပေးအပ်လေသည်။

ပီတာဘုရင်သည် ၁၇၁၃ခုနှစ်တွင် အာရှအလယ်ပိုင်းသို့ ချီတက်တိုက်ခိုက်သေးသော်လည်း မအောင်မြင်ချေ။ ၁၇၂၂ ခုနှစ်တွင်ကား ပါးရှား(အီရန်)ကို စတင်တိုက်ခိုက်ရာ၊ တောင်ပိုင်းကက်စပီယန် နယ်ပယ်အချို့ကိုရလိုက်သော်လည်း၊ မကြာမီပြန်အပ်ရလေသည်။ ပီတာဘုရင်သည် ၁၇၂၅ ခုနှစ်တွင် ကွယ်လွန်သည်။ ထိုမင်းကား စစ်ရေးရာလိုက်စား၍၊ လွန်စွာ အကြေကြီးမားသည်။ ဆက်လက်၍ အသက် ရှည်သေးလျှင် ပါးရှားနိုင်ငံအလုံးကိုပင် တိုက်ခိုက်သိမ်းပိုက်နိုင်ဖွယ်ရာရှိသည်။ အိန္ဒိယနိုင်ငံသို့လည်း ချီတက်တိုက်ခိုက်နိုင်ဖွယ်ရာရှိလေသည်။

ပီတာဘုရင်သည် မိမိနိုင်ငံအား ပြုပြင်နိုင်ခဲ့သော်လည်း၊ မိမိကိုယ်ကိုမူ မပြုပြင်နိုင်ခဲ့ချေ။ ထိုမင်းသည် အမျက်စောင်မာန်ကြီး၍၊ ရက်စက်ကြမ်းကြုတ်သည်။ ရုရှနိုင်ငံကြီးအား ဒလကြမ်းခေတ်ပြောင်းခဲ့ရာ၌ အတိုက်အခံပြုသူ၊ ဆန့်ကျင်ဘက်ပြုသူတို့ကို ရက်ရက်စက်စက်ပြင်းပြင်းထန်ထန် နှိပ်ကွပ်သည်။ သားတော်အိမ်ရှေ့ဥပရာဇာအလက်ဆစ်မင်းသားကို ပုန်ကန်ရန်ကြံစည်သည်ဟုထင်မြင်သဖြင့်၊ အသက်ဆုံးသည်အထိ ညှဉ်းပန်းထားစေသည်။ မိမိနှင့် ဝါဒမတူသော ပဌမမိဖုရားအားကွာရှင်း၍၊ ကက်သရင်းအမည်ရှိသာမည၊ မောင်းမတစ်ဦးအား မိဖုရားမြှောက်သည်။ ထိုပြင်အစဉ်အလာကိုချိုးဖောက်ကာ ယင်းကက်သရင်းမိဖုရားအား မိမိ၏ရိုက်ရာ ထီးနန်းစည်းစိမ်ကို လွှဲအပ်ခဲ့လေသည်။

ပီတာဘုရင်သည် နိုင်ငံပြု လုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သော်လည်း ရုရှနိုင်ငံကြီးကို တကယ်တန်းဒုက္ခပေးနေသော အရင်းအမြစ်ပြဿနာကိုကား မဖြေရှင်းခဲ့ပေ။ ယင်းပြဿနာကား ကျေးပိုင်ကျွန်ပိုင်စံနစ်ပေတည်း။ မည်သို့ပင်ဖြစ်စေ ပီတာ–သ–ဂရိတ်သည် ကြံရည်ဖန်ရည်ရှိသလောက် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်ဆောင်ရွက်ရဲသော ဇွဲသတ္တိလည်း ရှိသည်။ ထိုကြောင့် သူ့အားအထက်မြက်ဆုံးသော ရုရှဘုရင်ဧကရာဇ်တစ်ပါးဟူ၍ ခေါ်ဆိုထိုက်ပေသည်။

ပီမိုးနင်း(မြန်မာ ၁၂၄၅–၁၃၀၁။ ပီမိုးနင်းသည် ပဌမကမ္ဘာစစ်ပြီးခေတ်မှ ဒုတိယကမ္ဘာစစ်မတိုင်မီခေတ်အတွင်း မြန်မာစာပေလောကဌ ထင်ရှားကျော်ကြားသော ထိပ်တန်းစာရေးဆရာကြီးတစ်ဦးဖြစ်သည်။ မြန်မာစာပေအရေးအသားကိုတစ်မျိုးထွင်ကာ စာပေလောကကို တိုးတက်ကျယ်ဝန်းစေခဲ့သော ပုဂ္ဂိုလ်ကြီးလည်း ဖြစ်သည်။ အင်္ဂလိပ်မြန်မာနှစ်ဘာသာလုံးဘက်၌ ဗဟုသုတ ပြည့်ဝကုံလုံသူဖြစ်ရာ၊ အနောက်တိုင်း စာပေတို့မှ မြန်မာအမျိုးသားတို့အတွက် အကျိုးပြုမည့် ကောင်းနိုးရာရာတို့ကို ဘာသာပြန်ဆို၍ မြန်မာစာပေလောကသို့ ယူဆောင်လာခဲ့ပေသည်။

ဆရာကြီးပီမိုးနင်းသည် ပြောင်မြောက်အောင်မြင်သောစာပေတို့ကို ရေးသားခဲ့သော်လည်း၊ သူ၏ဘဝမှာကား ပြောင်မြောက်အောင်မြင်ခြင်း မရှိခဲ့ချေ။ သူ၏ပြောင်မြောက်အောင်မြင်သော စာပေတို့၏ အကျိုးကျေးဇူးကို ဝဝလှလှ၊ မခံစားမစံစားခဲ့ရဘဲ ဆင်းရဲပင်ပန်းခြင်း ဝဲသြဃ၌ တဝဲလည်လည်နေခဲ့ရလေသည်။

ပီမိုးနင်းဟူ၍ အကျော်အမော် စာရေးဆရာကြီးဖြစ်လာမည့် မောင်မိုးနှင်းသည် သုံးဆယ်မြို့၊ ရွာမရပ်၌ ၁၂၄၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ တနလင်္ဂနေ့တွင် ဖွားမြင်ခဲ့သည်။ မွေးဖွားသည့်အချိန် နံနက်ကိုးနာရီခန့်မှစ၍ ဆယ်နာရီကျော်ခန့်အထိ၊ မိုးနှင်းများထူထပ်စွာကျရောက်သည်ကို အစွဲပြု၍ 'မိုးနှင်း' ဟူသော အမည်ကိုရခဲ့သည်။

ကလေးအရွယ် ငယ်စဉ်အခါက၊ အဘိုး အဘွားများ လက်တွင် ချမ်းချမ်းသာသာနေခဲ့ရသော်လည်း၊ အဘိုး အဘွားများ ဓားပြတိုက်ခံရ၍ အိမ်ကြီးနှင့် ၄ိုက်ပျောခြံကြီးပါမီးလောင်ခံရပြီးနောက်တွင် မောင်မိုးနှင်းသည်လည်း အဆင်မပြေသော ဘဝခရီးဌ၌ စတင်လျှောက်ခဲ့ရပေသည်။ အဘိုးအဘွားများသည် ဓားပြတိုက်ခံရပြီးသည့်နောက်တွင် ပြန်၍စီးပွားရေးနလံထူနိုင်ခဲ့ကြဟန်မတူချေ။ မောင်မိုးနှင်း၏ဖခင်သည် ရုပ်ရည်ချောသလောက် လက်မှုပညာအမျိုးမျိုးကို တတ်ကျွမ်းသော်လည်း၊ လူလေတစ်ဦးဖြစ်ကာ အရပ်လေးမျက်နှာသို့သွားလာနေပြီးလျှင်၊ မိမိ၏ဇနီးနှင့် သားသမီးများထံ ခြောက်လခန့်၊ တစ်နှစ်ခန့်ကြာမှ တစ်ခါပြန်လာသူဖြစ်သည်။ ထိုကြောင့် မောင်မိုးနှင်း၏မိခင်သည် ဈေးတောင်းခေါင်းရွက်ကာ၊ အိမ်ထောင့်တာဝန်ကို ထမ်းဆောင်ရရှာသည်။ ထိုအခါသားကြီးဖြစ်သော မောင်မိုးနှင်းသည် မိခင်ကိုကူညီသောအားဖြင့် အိမ်မှုကိစ္စကို ဆောင်ရွက်ခြင်း၊ ကလေးထိန်းခြင်းကို ပြုခဲ့ရရှာလေသည်။

မောင်မိုးနှင်းသည် မိမိတို့၏ဆင်းရဲဘဝမှ လွတ်မြောက်ရေးကိုတွေးသည်။ ပညာတတ်လျှင်ဆင်းရဲမည်မဟုတ်ဟု သဘောပေါက်ကာ ပညာသင်လိုစိတ်တဖွားဖွားပေါ်လာသည်။ ထိုကြောင့် သုံးဆယ်မြို့အာစီအမ် (ဗရင်ဂျီသာသနာပြု)ကျောင်းသို့ထွက်ပြေးသည်။ ထိုကျောင်းမှ ကျောင်းအုပ် ဖာသာပဲလဝါးကမွေးစားကာ ပညာသင်ပေးသည်။

ထိုကျောင်းတွင် သုံးနှစ်မျှပညာသင်ကြားပြီး နောက်၊

www.foreverspace.com.mm

နာမည်ကျော် မြန်မာစာရေးဆရာကြီး ပီမိုးနင်း

ဗရင်နီဘုန်းကြီးအဖြစ်သင်ရန် မော်လမြိုင်ဆင်မီနာရီကျောင်းသို့ သွားရသည်။ မော်လမြိုင်ကျောင်းတွင်လက်တင်ဘာသာကို ကျနစ္စာသင်ကြားခဲ့ရသည်။ ထိုကျောင်း၌ သုံးနှစ်ကြာပြီးနောက်၊ ပီနန်မြို့ရှိဂျင်နရယ်ကောလိပ်သို့ သွားရပြန်သည်။ ထိုကောလိပ်တွင် နှုတ်မှုပညာ၊တက္ကဗေဒ၊ ယထာဘူတပညာနှင့် အခြားလောကီပညာရပ်တို့ကို သင်ကြားခဲ့ရသည်။ ထိုကျောင်း၌ ပညာဆုံးခန်းတိုင် ရောက်အောင်သင်ပြီးလျှင် ဘုန်းကြီးသိက္ခာကိုယူရသည်။ ဗရင်ဂျီဘုန်းကြီးသိက္ခာယူပြီးလျှင် လူထွက်ရိုးထုံးစံမရှိသောကြောင့် မောင်မိုးနင်းသည် တစ်သက်လုံးဘုန်းကြီးလုပ်နိုင်မည်မဟုတ်သဖြင့်၊ ဘုန်းကြီးအတတ်သင်တန်းမဆုံးမီ မြန်မာပြည်သို့ပြန်ခဲ့လေသည်။ ထိုအချိန်တွင် မောင်မိုးနင်းသည် အသက်နှစ်ဆယ်ခန့်ရှိချေပြီ။ အဘိုးအဘွားများလည်း သေဆုံးကုန်ကြ၍၊ မောင်မိုးနင်း၏ဖခင်သည် မောင်မိုးနင်း မော်လမြိုင်၌ရှိစဉ်ကပင် သေဆုံးခဲ့ပြီးဖြစ်သည်။ မောင်မိုးနင်း ပီနန်မှပြန်ရောက်သောအခါ၊ မိခင်သည် အိမ်ထောင်သစ်ထူထောင်လျက် ရှိနေသည်။ မောင်မိုးနင်း၏ပထွေးသည် မြန်မာစာပေကျမ်းဂန်တို့ကို အလွန်လိုက်စားသူဖြစ်ရာ၊ ထိုစဉ်ကမြန်မာစာကို ၄ တန်းစာမျှသာသင်ဖူးခဲ့သော မောင်မိုးနင်းသည် ပထွေးဖြစ်သူ၏ မြောက်မြားလှစွာသော မြန်မာစာအုပ်များကို ဖတ်ရှုလေ့လာခြင်း၊ ပထွေးနှင့် မိခင်တို့အား မသိနားမလည်သမျှကို မေးမြန်းခြင်းဖြင့် မြန်မာစာပေနှင့်ကျမ်းဂန်တို့ကို အတော်အတန်သိရှိနားလည်ခဲ့သည်။ မောင်မိုးနင်း၏မိခင်သည် ပုံတိုပါ၌စ ရယ်မောစရာတို့ကို မရပ်မနား စကားမထပ်ရအောင် ပြောနိုင်သူဖြစ်ရာ၊ နောင်အခါ ဆရာကြီးပီမိုးနင်း၏ကျော်စောမှုကို ပြုသည့် ဉာဏ်ရည်ဉာဏ်စွမ်းတို့သည် မိခင်ထံမှရသောဉာဏ်အမွေအနှစ်များဖြစ်သည်ဟု 'ပီမိုးနင်း၏ ပီမိုးနင်း' စာအုပ်ထဲတွင် ဆရာကြီးက ထုတ်ဖော် ရေးသားခဲ့လေသည်။

မိခင်ကိုနွယ်၍ ဉာဏ်ရည်ဉာဏ်စွမ်းထက်မြက်သူဖြစ်ခဲ့သော်လည်း၊ ဖခင်ကိုနွယ်၍ စိတ်လေလွင့်မှု ရှိခဲ့လေဟန်တူလေသည်။ မြန်မာပြည်သို့ပြန်ရောက်ပြီးသော်၊ အသက်မွေးဝမ်းကျောင်းနိုင်သည့် ပညာအခြေအသင့်အတင့် ရှိသော်လည်း၊ အလုပ်အကိုင်တစ်ခုခုကို စွဲစွဲမြဲမြဲမလုပ်ဘဲ စိတ်လေလွင့်ရာသွားလာနေခဲ့သည်။ ကျောင်းဆရာအလုပ်၊ ပီဒဗျူဒီဌာနခ၌ စာရေးအလုပ်၊ ရန်ကုန်မြို့ဟံသာဝတီ ပုံနှိပ်တိုက်၌ ဘာသာပြန်အလုပ်၊ ဘိန်းစာရေး အလုပ်တို့ကိုလည်း လုပ်ကိုင်ခဲ့၍၊ လယ်သမားကြီးတစ်ဦး၏မွေးစားသားအဖြစ်နေထိုင်ခဲ့စဉ်က လယ်အလုပ်ကိုလည်း လုပ်ကိုင်ခဲ့သည်။ ယင်းသို့ စိတ်လေလွင့်ရာ သွားလာနေခဲ့သော်လည်း၊ ပီနန်ကောလိပ်တွင်ရှိစဉ်က သင်ကြားခဲ့ဖူးသော ယထာဘူတပညာ၊ စိတ်ပညာတို့ကို စိတ်ပါဝင်စား၍လေ့လာယင်း၊ တက္ကဗေဒကျမ်းတစ်အုပ်ကိုလည်း ပြတ်တောင်းပြတ်တောင်းပြုစုခဲ့သည်။ သို့သော်ထိုကျမ်းကို ဟံသာဝတီတိုက်၌ရောင်းချရာတွင် ဟန်မကျဘဲ၊ ထိုတိုက်၌ ဘာသာပြန်အလုပ်ကိုသာရရှိသည်။ ယင်းသည်ကား မောင်မိုးနင်းသည် စာပေလောကသို့ဝင်ရောက်ရန် ပဌမကြိုးပမ်းမှုဖြစ်လေသည်။ မောင်မိုးနင်းသည် ဘာသာအယူဝါဒတို့ကို နက်နက်နဲနဲတွေးတောကြီဆသူဖြစ်၍၊ ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာကိုလေ့လာဆည်းပူးနိုင်ရန် လယ်တီဆရာတော် ဘုရားအထံ၌လည်း သင်္ကန်းဆည်းခဲ့ဖူးလေသည်။

သုံးဆယ်မြို့၌ ဖာသာပဲလဝါး၏ကျောင်းတွင် ကျောင်းဆရာအဖြစ်လုပ်ကိုင်နေစဉ် လူရိုက်မှုဖြစ်၍ ဓမ္ဓိမြို့သို့ တိမ်းရှောင်ခဲ့သည်။ ဓမ္ဓိမြို့သူ မစိန်တင့်နှင့်အကြောင်းပါခဲ့ရာ ဇနီးဖြစ်သူကိုချစ်မြတ်နိုးလှသဖြင့်၊ ဘိန်းစာရေးအလုပ်တွင် တစ်နှစ်ကျော်ခန့်လုပ်ကိုင်သည်။ သို့သော်သားကြီးမောင်ကျော်စိုးမွေးဖွားပြီးနောက်တွင် ထိုအလုပ်မှထွက်၍ အလုပ်အကိုင် မည်မည်ရရ မလုပ်ဘဲလေနေခဲ့ပြန်သည်။

ပဌမကမ္ဘာစစ်မဖြစ်မီကလေးတွင် သုံးဆယ်မြို့၌ ပုံနှိပ်တိုက်ထောင်၍ မြန်မာ့မိတ်ဆွေအမည်ရှိ မဂ္ဂဇင်းထုတ်ဝေခဲ့သည်။ သို့သော်စစ်ဖြစ်လာသောအခါ မဂ္ဂဇင်းပျက်၍၊ သားနှင့်မယားကို သုံးဆယ်၌ထားခဲ့ပြီးလျှင် ရန်ကုန်သို့ ရောက်ခဲ့ပြန်လေသည်။

www.forewordspace.com.mm

ရန်ကုန်သို့ရောက်လျှင် သူရိယသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ထို့နောက် သူရိယ သတင်းစာတိုက်တို့တွင် ပြန်၍လုပ်ကိုင်ခဲ့သည်။ ထိုစဉ်အတွင်း အလုံရပ်မှဗက်ပတစ်ကျောင်းတွင် လက်တင်ဆရာအဖြစ် ဝင်၍လုပ်ကိုင်ပြန်သည်။ ထိုကျောင်း၌ အလုပ်လျှောက်စဉ်က ဇာတာ၌ပါသည့် မောင်ကျော်ညွှန့်ဟူသော မြန်မာနာမည်နှင့်လျှောက်လွှာတင်သည်။ ထိုအခါ မြန်မာလူမျိုးကို လက်တင်ဆရာအဖြစ် မခန့်နိုင်ဟု ဆိုသဖြင့်၊ မော်လမြိုင်ကျောင်း၌နေခဲ့စဉ်က ဗရင်ဂျီအမည် ဖီးလစ်၏စာလုံးအတိုကောက် 'ပီ'ကိုယူပြီးလျှင်၊ မိုးနှင်းအမည်တွင် ရှေ့မှ 'ပီ' တစ်လုံးထည့်ကာ၊ အင်္ဂလိပ်နာမည်ယောင်ယောင် ပီမိုနင်းဟူသောအမည်ဖြင့် လျှောက်ထားမှ အလုပ်ရရှိခဲ့သည်။ နောင်အခါ ထိုအမည်ကို ကလောင်အမည်အဖြစ် အသုံးပြုခဲ့လေသည်။

လက်တင်ဆရာအဖြစ်လုပ်ကိုင်ပြီးနောက်တွင် သူ၏ညာဉ်အတိုင်း ထိုအလုပ်မှတစ်ဖန်ထွက်၍၊ ပညာ့အလင်းသတင်းစာတိုက်သို့ ကူးပြောင်းလုပ်ကိုင်ပြန်သည်။ ထိုနောက်ဆရာကြီးသည် သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလဂျာနယ်နှင့် သတင်းစာတို့တွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည် ဗန္ဓုလစာရပ်စဲပြီးနောက်တွင်၊ ကဝိမျက်မှန်၊ ကဝိတံခွန်၊ ဗြိတိသျှဘားမား၊ ဒဂုန်မဂ္ဂဇင်းတိုက်များသို့ ဝတ္ထုဆောင်းပါးများပေးပို့၍ အသက်မွေးဝမ်းကျောင်းခဲ့ရသည်။ ပဲရော့ဦးဆန်နီ၏ လမ်းညွှန်ဂျာနယ်ကိုလည်း ဦးစီးထုတ်ဝေခဲ့သည်။ စာရေးခြင်းအလုပ်ဖြင့် နေရေးစားရေးမလုံလောက်သောကြောင့် ဆေးဖော်ရောင်းခြင်း၊ ဂျာမန်ရွှေတုပစ္စည်းလုပ်ရောင်းခြင်း တို့ကိုလည်း တစ်ဖက်တစ်လမ်းက လုပ်ကိုင်ခဲ့ရသည့်တိုင်အောင် နေရေးစားရေးမှာ ကျပ်တည်းကျဉ်းမြောင်းခဲ့သည်။ သို့သော် စာရေးဝါသနာသည်လည်း ကြီးမားသည့်အလျောက်၊ မိမိ၏ဝမ်းရေးချို့ငဲ့မှုကို ပမာမထားဘဲ၊ ဝတ္ထုဆောင်းပါးများစွာကို မဂ္ဂဇင်းဂျာနယ်တိုက်များသို့ ရေးသားပေးပို့သည်။ ထိုစဉ်က ဝတ္ထုဆောင်းပါးတို့ မည်မျှကောင်းသော်လည်း၊ စာရေးဆရာသည် တန်ရာတန်ဖိုးကို ထိုက်သည့် အားလျော်စွာ ရကြသည့် ခေတ်မဟုတ်သဖြင့် ဆရာကြီးမှာ စာရေးဆရာတို့၏ ဆင်းရဲဒုက္ခဝဲသြဃ အတွင်း တဝဲလည်လည်ရှိခဲ့လေသည်။

သားကြီးမောင်ကျော်စိုး ရုပ်ရှင်နယ်ထဲ၌ နာမည်ရလာချိန်တွင် ဆရာကြီးသည် ဗြိတိသျှဘားမားကုမ္ပဏီတွင် ဇာတ်ညွှန်းဘက်ဆိုင်ရာနှင့်ဝတ္ထုဘက်ဆိုင်ရာဌာနနှစ်၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ သားဖြစ်သူကလည်း နာမည်တက်လာသဖြင့် ဆရာကြီးမိသားတစ်စုမှာ အသက်ရှူပေါက်အတော်အတန်ချောင်ခဲ့သည်။ သို့သော် သားကြီးမောင်ကျော်စိုး ဓားထိုးခံရ၍ သေဆုံးပြီးနောက်တွင် ဆရာကြီးအဖို့ ကြမ္မာဆိုး၏ဖိစီးခြင်းခံရပြန်သည်။ ဇနီးသည် ဒေါ်စိန်တင့်သည်လည်း မျက်စိကွယ်နေရာမှ သားကိစ္စကြောင့် စိတ်မချမ်းမသာ ဖြစ်ပြီးလျှင် သားသေဆုံးပြီး၍ သုံးလအကြာတွင် ကွယ်လွန်သည်။ ထိုအချိန်မှစပြီးလျှင် ကျန်ခဲ့သော သားငယ်သမီးငယ်များနှင့် ဆရာကြီးသည် ဒုက္ခမျိုးစုံကို ရင်ဆိုင်ခဲ့ရပြန်သည်။

သို့ပင်ငြားလည်း ဆရာကြီးကား စာရေးခြင်းကိုမူ စွဲစွဲမြဲမြဲလုပ်ကိုင်ခဲ့၏။ ထိုအချိန်တွင် ဆရာကြီးကိုယ်တိုင်လည်းလေဖြတ်ခံရ၍ သန်သန်စွမ်းစွမ်း မရှိတော့ချေ။ စာရေးရသလောက် အကျိုးမခံစားရသဖြင့် သုံးဆယ်မြို့သို့ပင် ပြန်မည်ပြုစဉ်၊ ဂျာနယ်ကျော် ဦးချစ်မောင်၏ ဆောင်ရွက်ပေးမှုကြောင့် မြန်မာ့အလင်းသတင်းစာက အထောက်အပံ့ပေးကာ၊ 'လေပွေအခန်း' ကို ရေးသားစေသည်။ ယင်းသို့ဖြင့် မြန်မာ့အလင်းသတင်းစာတွင် ဆောင်ရွက်နေစဉ် ၁၃၀၁ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ရက်(ခရစ်၅–၁၂–၃၉)နေ့တွင် မြန်မာ့အလင်းသတင်းစာတိုက်၏ အမျိုးသားအောင်ပွဲနေ့အလှူသို့အလာ၊ စက်ဘီးအတိုက်ခံရသည့် ဒဏ်ရာမှပြန်၍ နလန်မထူနိုင်တော့ဘဲ၊ ထိုနှစ် နတ်တော်လဆုတ် ၁၂ ရက်နေ့(ခရစ် ၆–၁–၄၀)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်လေသည်။

ဆရာပီမိုးနင်းကား စာရေးဆရာအလုပ်ဖြင့် အကျိုးမပေးခဲ့သော်လည်း၊ သူ့သက်တမ်းတစ်လျှောက် ထိုအလုပ်ကို သာလျှင် စွဲစွဲမြဲမြဲလုပ်ခဲ့သည်။ သူ့သဘောမှာ သူ့စာကို ရောင်းစားသည်၊ အမြတ်ထွက်အောင် လုပ်သည်မရှိ၊ ရေးလိုသောစိတ်၊ ကြီးမားသော ဝါသနာတို့ကြောင့် ရေးခဲ့ခြင်းဖြစ်လေရာ၊ မြန်မာပြည်တွင် စာအုပ်အများဆုံးရေးသွားသော ပုဂ္ဂိုလ်ကြီးဖြစ်သည်။

စာအုပ်စာတမ်းပေါင်းများစွာကို ရေးသားခဲ့သော ဆရာကြီး၏လက်ရာများကို ခေတ်လေးခေတ်ပိုင်းခြားနိုင်သည်။ ပဌမခေတ်သည် ပညာ့အလင်းသို့ မဝင်မီ၊ 'မောင်ကျော်'ဟူ၍ မထင်ရှားသောအမည်ဖြင့် ရေးသားခဲ့သောခေတ်ဖြစ်သည်။ ထိုခေတ်တွင် 'ခင်ထား'၊ 'ပင်လယ်ကူးဓာတ်ပုံ'၊ 'ဘီအေမောင်တင့်'၊ 'ကချေသည်မယ်မြင့်' အစရှိသော ဝတ္ထုများနှင့် လောကီအလင်းပြကျမ်းများကို ရေးသားခဲ့လေသည်။

ဒုတိယခေတ်သည် ပညာ့အလင်း၌ဝင်ရောက်လုပ်ကိုင်စဉ်၊ 'ပိုက်ဆံကြီး'ဟူသော အမည်ဖြင့် ရေးသားသော ခေတ်ဖြစ်သည်။ အလွန်ကျော်ကြားခဲ့သော 'နေရီရီ'၊ 'ပွဲစားကြီးသား အဘနှင့် မြမြ'၊ 'ဘားမားဒေး' ဝတ္ထုများသည် ထိုခေတ်က ထွက်ပေါ်ခဲ့လေသည်။

တတိယခေတ်တွင် 'ပီမိုးနင်း'အမည်ဖြင့်ရေးသားခဲ့ရာ၊

www.foreverspace.com.mm

သူ၏ အကောင်းဆုံးလက်ရာဖြစ်သည့် 'နေညိုညို'၊ 'ဟောင်ကန်ဘွေ'၊ 'တကိုယ်တော်'၊ 'ချစ်ပန်းနွယ်'၊ 'တနိုင်ငံ ဖြိုင်ယံခြား'စသော ဝတ္ထုရှည်ကြီးများနှင့် အခြားဝတ္ထုတို အမြောက်အမြားတို့ ပေါ်ထွက်ခဲ့လေသည်။ ထိုပြင် 'ကမ္ဘာ့မင်တံ'၊ 'သခင်စိတ်'၊ 'လက်တွေ့ကြီးပွားရေး'စသော ကြီးပွားတိုးတက်ရေး လမ်းညွှန်စာအုပ်များကိုလည်း ထိုခေတ်ကပင် ရေးသား ခဲ့လေသည်။

'ကျွန်းဌေသောင်'၊ 'ကျားကြီးရာဇာ'၊ 'တခုလပ်နှင့် တလင်ကွာ'၊ 'သဲမြည်ဘာ'စသော နာမည်ကျော် ဝတ္ထုရှည်ကြီးများနှင့် မရေမတွက်နိုင်အောင် များပြားသောဝတ္ထုတိုများကို စတုတ္ထခေတ်၌ရေးသားခဲ့သည်။ 'တိုင်းရေးပြည်ရေး'၊ 'အောင်စိတ်'၊ 'သားဂုဏ်ရည်'၊ 'သမီးဂုဏ်ရည်'၊ 'မိန်းမစိတ်' စသောကျမ်းများသည်လည်း ထိုခေတ်က ဆရာကြီးပီမိုနင်း၏ လက်ရာများဖြစ်ကြလေသည်။

ဆရာ ပီမိုးနင်းသည် စိတ်ကူးညဏ်အလွန် ထက်မြက်သူဖြစ်ရာ၊ မမှုလောက်သော အရာကလေးကိုပင် စူးစူးရှရှ မြင်တတ်သည်။ မြင်တတ်သလောက်လည်း စူးစူးရှရှ ပေါ်ပေါ်လွင်လွင် ရေးတတ်သည်။ စာအသုံးအနှုန်းလည်း ကြွယ်ဝသူဖြစ်သည်။ စာဖတ်သူ၏ စိတ်နှလုံးတွင် သာယာ ငြိမ့်ညောင်းစေရမည့် အကြောင်းအရာများကို ရေးသားသည့် အခါ၊ စန္ဒရားကိုမထိတထိတို့၍ မထင်မရှားသံစုံများ ထွက်ကာ၊ နားသောတဋ္ဌ ငြိမ့်လေးသာယာစေသကဲ့သို့ ရေးစွမ်းနိုင်သည်။ သရုပ်ပေါ်အောင်ရေးပြရ မည့်နေရာတွင်လည်း ဒိုးဒိုးဒေါက်ဒေါက် ကျယ်လောင်မြည်ဟီးသကဲ့သို့ ဖန်တီးရေးစွမ်းနိုင်သည်။ အနောက်တိုင်းစာပေမှ အမြင်သစ်၊ သဘောသစ်တို့ကို မြန်မာများသဘောပေါက်နားလည်လွယ်အောင် ရိုးရိုးနှင့်ရှင်းရှင်းရေးပြနိုင်သည်။ မြန်မာအသုံးအနှုန်းများကိုလည်း အဟောင်းကိုပင်အသစ်ဖြစ်အောင်ပြင်သည့်အခါပြင်၍ ရေးသားခဲ့လေသည်။

ဆင်းရဲကျပ်တည်းလှသော်လည်း၊ မိမိ၏ချမ်းသာကြွယ်ဝမှုကို မျှော်ကိုးပြီးလျှင် စာရေးသူ မဟုတ်ပေ။ ဌေကြေးအတွက် ဂရုမစိုက်သကဲ့သို့ ဝတ်စားမှုကိုလည်း ဂရုမစိုက်ချေ။ စာရေးရာ၌လည်း လက်ရေး လက်သားမှာ တော်ရုံလူ ဖတ်မရအောင်ဖြစ်ပြီးလျှင်၊ တွေ့ရာစာရွက်အစ အနများပေါ်တွင် ဖြစ်သလို ကောက်ရေးတတ်လေသည်။

ပုထုဇဉ် သဘာဝအတိုင်း သူကိုယ်တိုင် မကောင်းမှုများပြုခဲ့သည့်အခါ ပြုခဲ့သည် မှန်သော်လည်း၊ တိုင်းပြည်နှင့် ကလောင်အပေါ်၌မူ သစ္စာရှိသူ ဖြစ်သည်။ ထိုခေတ်ကဝိုဘ နိုင်ငံရေးသမားတို့အား အကွက်ဆိုက်လာလျှင်၊ သူ၏ ပြောင်မြောက်သော ကလောင်ဖြင့် နှက်တတ်လေသည်။

အင်္ဂလိပ် မြန်မာ ဗဟုသုတ ပြည့်ဝသူဖြစ်၍၊ မြန်မာစာ အရေးအသား ကောင်းရုံသာမက၊ အင်္ဂလိပ်စာအရေးအသားလည်း ခေသောသူမဟုတ်ပေ။ ထိုခေတ်က ခေတ်သစ် စာရေးဆရာများတွင် ဝါအရင့်ဆုံး၊ အသက်အကြီးဆုံးဖြစ်သော်လည်း၊ ပညာဂုဏ်မောက်ခြင်းမရှိ။ တွေ့သမျှလူကိုနှိမ့်နှိမ့်ချချ ပြေပြေပြစ်ပြစ် ဆက်ဆံတတ်သည်။ စာပေဖြင့် ရေးသားကူညီမှုကို ငွေရသည်မရသည်ကိုပမာမထား၊ ဦးမလေးဘဲဆောင်ရွက်ပေးတတ်လေသည်။

ဆရာကြီး ပီမိုးနင်းသည် မြန်မာစာအရေးအသားကို ခေတ်သစ်နည်းတစ်မျိုးဖြင့်ထွင်ခဲ့သူဖြစ်သည်။ 'ရောင်ခြည်တထောင် အလင်းဆောင်သော ဘာဏုရာဇာနေမင်းသည် အရှေ့ပြုဇွာ၊ ဝိဒေဟာမှထွက်ပေါ်လာပြီး'ဟူ၍ အဖွဲ့အနွဲ့ တသီးတတန်းကြီးများ ခေတ်စားနေသောအချိန်တွင် 'နေထွက်လာပြီ'ဟူသော တိုတိုနှင့်လိုရင်း အဖွဲ့အနွဲ့များ ခေတ်စားအောင်ထွင်ခဲ့သည်။ အရေးအသားသာလျှင် ဆန်းကြယ်သည်မဟုတ်၊ အတွေးအခေါ်တို့လည်း ဆန်းကြယ်သည်။ သူ၏ စာပေတို့သည် နှစ်ပေါင်း ၃၀–၄၀ကျော်ခန့် ရှိခဲ့ပြီဖြစ်သော်လည်း သူ၏ရေးပုံရေးနည်း အတွေးအခေါ်အယူအဆတို့ကား ယခုတိုင်းမရိုးသေး၊ ဆန်းသစ်ပျိုမြစ်နေဆဲပင် ရှိကြလေသည်။

ပီယားရီရောဗတ်အက်ဒွင်(ခရစ်၁၈၆၅–၁၉၂၀)။ ။ ကမ္ဘာ့မြောက်ပိုင်း အာတိတ်ဒေသများကို စွန့်စားသွားလာရှာဖွေခဲ့သော အမေရိကန်လူမျိုးရောဗတ်အက်ဒွင် ပီယားရီသည် အမေရိကန်ပြည်ထောင်စု၊ ပင်ဆီ လဗေးနီးယားပြည်နယ်သားဖြစ်သည်။ အသက် ၂၅ နှစ်တွင် အမေရိကန်ပြည်ထောင်စုရေတပ်တွင် အမှုထမ်းသည်။ နစ်ကရားဂွဒေသတွင် တူးမြောင်းတူးရန်အတွက် တိုင်းထွာရသော လုပ်ငန်းတွင်လည်း အင်ဂျင်နီယာအဖြစ်ဖြင့် ဆောင်ရွက်ခဲ့ဖူးသည်။ ပီယားရီသည် ရေခဲဖုံးလွှမ်းနေသော မြောက်ပိုင်းဒေသများသို့၏ စွန့်စားသွားလာ စူးစမ်းလိုသောဆန္ဒရှိခဲ့၏။ ထိုကြောင့် ၁၈၈၆ခုတွင် ဂရင်းလန်သို့ သွားရောက်စုံးစမ်းခဲ့သည်။ ၁၈၉၁ ခုနှစ်တွင် ဖိလဒဲလဖီးယား သဘာဝသိပ္ပံ ပညာတံခွန်အသင်းက စေလွှတ်သဖြင့်၊ ပီယားရီသည် သူ၏ဇနီးပါ အပါအဝင် လူ ၇ဦးပါသောအဖွဲ့ကို ခေါင်းဆောင်၍ အာတိတ်ဒေသများသို့ ခရီးထွက်ခဲ့သည်။ ဇနီးဖြစ်သူသည် လင်ယောကျ်ားနှင့်အတူ မြောက်ပိုင်း အာတိတ်ဒေသတွင် နှစ်အတန်ကြာမျှ နေထိုင်ခဲ့ရာ၊ 'ဆီးနှင်းမယ်' ခေါ် သမီးကလေးကိုပင် ထိုအရပ်၌ မွေးဖွားခဲ့သည်။

ပီယားရီသည် ၁၈ နှစ်အတွင်း ဝင်ရိုးစွန်းသို့ရောက်ရှိရန် အမျိုးမျိုးကြိုးပမ်းခဲ့၍၊ ခုနှစ်ခေါက်မျှခရီးထွက်ခဲ့သည်။ အခက်အခဲအမျိုးမျိုးနှင့်ရင်ဆိုင်ရသော်လည်း၊ လက်မလျှော့ဘဲ ဆက်လက်ကြိုးပမ်းသဖြင့် နောက်ဆုံးတစ်နေ့တွင် အောင်မြင်လေသည်။

www.foreverspace.com.mm

မြောက်ဝင်ရိုးစွန်းသို့ ဦးစွာရောက်ရှိသူ ရောဗတ်အက်ဒွင်ပီယားရီ

ပီယားရီသည် သတ္တမအကြိမ်မြောက် ခရီးထွက်ခဲ့ရာ၊ ၁၉၀၉ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် မြောက်ဝင်ရိုးစွန်းသို့ ရောက်ရှိလေသည်။ ပီယားရီနှင့်အတူ တပည့် နီးဂရိုးလူမျိုး တစ်ယောက်နှင့် အက်စကီးမိုး လူမျိုး ၄ ယောက်တို့လည်း ပါဝင်လေသည်။ သူတို့သည် ရက်ပေါင်း ၅၃ရက်တိုင်တိုင် ခွေးများဆွဲသော စွပ်ဖားများဖြင့် ရှီရီဒင်အင္ဂမ္မအစပြုသော ရေခဲပြင်ခရီးကိုမိုင်ပေါင်း ၉၅၀မျှ ခဲယဉ်းစွာသွားခဲ့ရသည်။ ပီယားရီသည် မြောက်ဝင်ရိုးစွန်းတွင်ရောက်ခဲ့သော အထိမ်းအမှတ်ဖြင့် အမေရိကန်အလံကိုစိုက်ထူခဲ့ပြီးလျှင်၊ ကမ္ဘာသိကြေညာလိုက်လေသည်။ သူနှင့်တကွ သူ၏ အဖွဲ့ဝင်များ စွန့်စား သွားလာခဲ့သော ရေခဲပြင်ခရီး အကြောင်းများကိုလည်း စာအုပ်ရေးသား ထုတ်ဝေသည်။

၁၉၁၁ ခုနှစ်တွင် ကမ္ဘာ့မြောက်ဝင်ရိုးစွန်းသို့ အသက်ဆံဖျားစွန့်စား၍ သွားရောက်ခဲ့သော ပီယားရီးအား ရေတပ်ဗိုလ်ချုပ်အဆင့်အတန်းကို ပေးအပ်သည်။ ရောမမြို့တွင် ရှိနေသော အပြည်ပြည်ဆိုင်ရာ ဝင်ရိုးစွန်း ကောမရှင်သို့လည်း ကိုယ်စားလှယ်အဖြစ် စေလွှတ်လေသည်။ ထိုသို့ နိုင်ငံအစိုးရ၏ ချီးမြှောက်ခြင်း ခံရသော ပီယားရီသည် ခရစ် ၁၉၂၀ ပြည့်နှစ်တွင်ကွယ်လွန်လေသည်။

ပီလောပီနံပင် ။ ။ပီလောပီနံပင်၏ မူလပေါက်ရောက်ရာအရပ်သည် တောင်အမေရိကတိုက် ဖြစ်ဟန်တူသည်။ ထိုအပင်ကို ဥအတွက်စိုက်ပျိုးကြ၏။ ဥသည် ကတတ်ဥကဲ့သို့ အမြစ်မှာဆက်သွယ်၍ ဥလေသည်။ မြန်မာနိုင်ငံကဲ့သို့သော အပူပိုင်းဒေသ တိုင်းနိုင်ငံတွင် ပီလောပီနံပင်များကို စိုက်ပျိုးလေ့ရှိကြသည်။

မြန်မာနိုင်ငံတွင် ပီလောပီနံဥများကို ဥလိုက်ပြုတ်၍လည်းကောင်း၊ နနွင်းမကင်းစသော မုန့်ပဲသရေစာတို့ ပြုလုပ်၍လည်းကောင် စားသုံးလေ့ရှိကြသည်။ အမှုန့်ပြုလုပ်ပါက များစွာအသုံးဝင်နိုင်ပေသည်။ အခြားနိုင်ငံတို့၌မူ၊ ဥများကို စင်ကြယ်အောင် ဆေးကြောသုတ်သင်ပြီးနောက်၊ အစိတ်စိတ်အမြွှာမြွှာဖြစ်လာအောင် ဖြတ်တောက်ပစ်သည်။ ရရှိသောပျစ်ချွဲချွဲအဖတ်ကို ရေနှင့်အထပ်ထပ်ဆေးချလိုက်လျှင်၊ ဥတွင်ပါရှိသည့်ကဇီကိုရသည်။ တစ်ဖန် ဤကဇီကို သံပြားပူများပေါ်တွင် အခြောက်ခံထားလိုက်သည့်အခါ၊ သာဂူစေ့ကလေးများကဲ့သို့ အလင်းဖောက်နိုင်သည့်အစေ့ကလေးများ ဖြစ်ပေါ်လာသည်။ ထိုသာဂူကဲ့သို့သောအစေ့များကို ရောင်းချသုံးစွဲကြသည်။ သာဂူကဲ့သို့ပင် ပီလောပီနံစေ့များကို ကျိုချက်၍စားသုံးနိုင်သည်။ အစာကြေလွယ်သည့် အစာမျိုးဖြစ်သည့်ပြင်၊ ပြုလုပ်ရလည်းလွယ်ကူလေသည်။ ခါးသက်သက် အရသာရှိသော ပီလောပီနံဥမျိုးမှ ထိုကဇီစေ့များပြုလုပ်၍ရသည်။ ဥအချို့မျိုးဥသော ပီလောပီနံပင်လည်း ရှိသေးသည်။

မြန်မာနိုင်ငံ၌ စိုက်လေ့စိုက်ထရှိသော ပီလောပီနံမှာ နှစ်မျိုးနှစ်စားရှိ၏။ တစ်မျိုးမှာ မြန်မာမျိုးဖြစ်၍၊ အခြားတစ်မျိုးမှာအမေရိကန်မျိုး ဖြစ်သည်။ မြန်မာမျိုးသည် ဥအထွက်နည်းသည့် အပြင်၊ အတက်များ ရင့်လွန်းပါက စားသုံးရာ၌ တောက်တတ်သည်။ သို့ရာတွင် ဥလိုက်ပြုတ်၍ စားသည့်အခါ၊ စေးစေးပိုင်ပိုင်ရှိသည်။ အမေရိကန်မျိုးသည် မြန်မာမျိုးလောက် မစေးလှသော်လည်း၊ ဥအထွက်ပို၍ ကောင်းသည်ဖြစ်သောကြောင့်၊ အမေရိကန်မျိုးကို အစိုက်များကြသည်။ ပီလောပီနံပင်မှာချုံယောင်ပင်ဖြစ်၍၊ တောက်ပြောင်နေသည့် လက်ဝါးပုံအရွက်များရှိသည်။ မြန်မာနိုင်ငံတွင် ပီလောပီနံ အများအပြားစိုက် သောဒေသများမှာ မြစ်ဝကျွန်းပေါ်ဒေသ၌ရှိသော ဟသံ်တခရိုင်နှင့် ပုသိမ်ခရိုင်မြောက် ပိုင်းအရပ်များဖြစ်သည်။ ပီလောပီနံပင်သည် စိုက်ပျိုးရလွယ်ကူ၍၊ တောင်သူလယ်သမားတို့အတွက် ပိုက်ဆံခဲ သီးနှံပင်တစ်ခုဖြစ်သည်။ ထိုအပင်မျိုးသည် မြေစေးမြေကျစ်ကို မကြိုက်မနှစ်သက်ဘဲ၊ မြေပွမြေဖွာကို သာကြိုက်သည်ဖြစ်သောကြောင့်၊ သဲမြေနုအင်တိုင်းမြေများ တွင်စိုက်ပျိုးပါကအထူးဖြစ်ထွန်းကြသည်။ စိုက်ပျိုးသောအခါ၊ ဘောင်ထိပ်တစ်ဖက်တစ်ချက် နခမ်းတစ်

www.foreverspace.com.mm

ဂျားဗားကျွန်းသူတစ်ဦး ပီလောပီနံဥ အမှုန့်များကို အခြောက်လှန်းနေစဉ်

လျှောက်တွင်စီရရီထားလျက်၊ ရိုးတံဖြတ်ပိုင်းတစ်ပိုင်းနှင့် တစ်ပိုင်းတစ်ပေစီ ခြားပြီးလျှင်၊ မျိုးဖြတ်ကလေးများကို ခပ်စောင်းစောင်းထိုးစိုက်ရသည်။ အပင်ချင်း မျက်နှာချင်း ဆိုင်တည့်တည့် မဖြစ်စေရပေ။ ဖိုခနောက်ဆိုင်စွေ စောင်းစောင်းစိုက်ရသည်။ စိုက်ပျိုးပြီးသည်မှ ဆယ်လ ကြာသည့်အခါတွင် အပင်များကြီးရင့်လာပြီးဖြစ်သဖြင့်၊ ဥများကိုတူးဖော်နိုင်လေသည်။ စိုက်ခင်း၏အခြေအနေကို ကြည့်၍၊ ပေါင်းသင်ပေါင်းထိုးခြင်း၊ မြေတောင်မြှောက်ခြင်း များကိုလည်းပြုလုပ်ပေးရသည်။ ဥအထွက်မှာ တစ်ဧက လျှင် ပိသာချိန် ၄၀၀၀ ခန့်ဖြစ်၏

ပီလောပင် ။ ။(ဂုံလျှော်ပင်–ရှု။)

ပီဆာရောဗတ်(ခရစ် ၁၇၈၈–၁၈၅၀)။ ။ဗြိတိသျှနိုင်ငံသမိုင်းတွင် နိုင်ငံပြုသုခမိန်အဖြစ်ထင်ရှားသူ ရောဗတ်ပီးသည်လန်ကရှိုင်ယာနယ်တွင် ၁၇၈၈ ခုဖေဖော်ဝါရီလ ၅ ရက်နေ့၌ မွေးဖွားသည်။ ဖခင်သည် ကြွယ်ဝချမ်းသာသော ချည်ထည်ထုပ်လုပ်သူတစ်ဦးဖြစ်၍၊ ပီးသည် အထက်တန်းပညာရပ်များကို သင်ကြားနိုင်ခဲ့သည်။ ပဌမဦးစွာတွင် ပီးသည် ဟယ်ရိုကျောင်းတွင် ပညာသင်ကြားပြီးနောက်၊ အောက်စဖို့တက္ကသိုလ်၌ ဆက်လက်ပညာသင်ရာ၊ ပဌမတန်းဂုဏ်ထူးဖြင့် တက္ကသိုလ်ဘွဲ့ကိုဆွတ်ခူးခဲ့သည်။ ပညာဘက်တွင် ထူးချွန်ခဲ့သောပီးသည် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် နိုင်ငံရေးနယ်သို့ဝင်လေသည်။ ၁၈၀၉ ခုနှစ်၊ အသက် ၂၁ နှစ်အရွယ်တွင် တိုရီပါတီဝင် ပါလီမန်အမတ်အဖြစ်ဖြင့် အရွေးခံရသည်။ ပီးသည် စကားပြောကောင်းသူ ဖြစ်သည့်အလျောက် ထင်ပေါ်ခဲ့လေသည်။ ၁၈၁၀ ပြည့်နှစ်တွင် ပီးသည်စစ်ဘက် ဆိုင်ရာ လက်ထောက်အတွင်းဝန် ဖြစ်လာသည်။

နိုင်ငံရေးနယ်ထဲသို့ ပီးဝင်ရောက်လာသည့် အချိန်သည် ပြင်သစ်နိုင်ငံမှ တော်လှန်ရေးစိတ်ဓာတ်များ အင်္ဂလန်ပြည်သို့ကူးစက်လာမည်ကို စိုးရိမ်နေကြသော အချိန်ဖြစ်သည်။ နပိုလီယန် စစ်ကြီးဖြစ်ပွားနေသောအချိန်လည်းဖြစ်သည်။ (နပိုလီယန်ဘုရင်များ–ရှု။) ထိုအခါ လူထုသည်

www.foreverspace.com.mm

ဗြိတိသျှနိုင်ငံသမိုင်းတွင် ထင်ရှားသော နိုင်ငံပြုသုခမိန် ဆာရောဗတ်ပီး

နိုင်ငံရေးအားဖြင့်နိုးကြားလျက်ရှိသည်။ ပြုပြင်ပြောင်းလဲရေးတို့တွင်လည်း စိတ်ပါဝင်စားလျက် ရှိသည်။ ထိုကြောင့် ၁၈၁၂ခုတွင် အိုင်ယာလန်ပြည်၌ မကျေနပ်မှုများ၊ သူပုန်ထရန် ကြံစည်မှုများ ပေါ်ပေါက်လာခဲ့သည်။ ဤအတွင်း ပီးသည် အိုင်ယာလန်ပြည်ဆိုင်ရာ အတွင်းဝန်အဖြစ် ၆နှစ်မျှဆောင်ရွက်ရသည်။ ထိုနောက် ပြည်ထဲရေးဝန်ကြီးအဖြစ်ဆောင်ရွက်လေသည်။

ထိုအခါပီးသည် ပြည်တွင်းရေးအခြေအနေ မငြိမ်မသက်ရှိနေစဉ်၊ လူထု၏အသက်စည်းစိမ်ကို ကာကွယ်ရန်၊ ပုလိပ်အဖွဲ့ဟု ခေါ်သော ရဲအဖွဲ့များကို ပဋ္ဌမတွင် အိုင်ယာလန်ပြည်၌လည်းကောင်း၊ နောက်တွင်အင်္ဂလန်ပြည်၌လည်းကောင်း စတင်တည်ထောင်ပေးခဲ့၏။ ထိုကြောင့် ထိုစဉ်ကပုလိပ်အဖွဲ့ဝင်များကို အိုင်ယာလန်ပြည်၌ ပီးလားဟုလည်းကောင်း၊ အင်္ဂလန်နိုင်ငံတွင်ဗော်ဗီဟုလည်းကောင်း ရေဗတ်ပီးကိုအစွဲပြု၍ခေါ်ဝေါ်ကြလေသည်။

ပီးသည် ၁၈၂၉ခုတွင် ဝယ်လင်တန်၏အစိုးရအဖွဲ့တွင် ပါဝင်၍၊ ကက်သလစ်ဗရင်ဂျီဂိုဏ်းဝင်တို့၏လွတ်မြောက်ရေး အက်ဥပဒေကို အတည်ဖြစ်အောင်ကြိုးပမ်းခဲ့သည်။ ထိုဥပဒေမှာ ယခင်ကသူဆောင်ရွက်ခဲ့သော လမ်းစဉ်နှင့် ဆန့်ကျင်ဘက်ဖြစ်လေရာ၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့်၊ တိုရီပါတီနှစ်ခြမ်း ကွဲလုမတတ် ဖြစ်သွားခဲ့၏။ သို့ရာတွင် ဤသပဒေ ဖြစ်မြောက်မှသာလျှင်၊ အိုင်ယာလန်၌ ငြိမ်းချမ်းရေးတည်မြဲမည်ဟုယုံကြည်သောပီးသည် ဇွဲသတ္တိနှင့် အရှည်မြော်မြင်မှုတို့ကြောင့်၊ အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့လေသည်။ သို့သော် ဗရင်ဂျီလွတ်မြောက်ရေးအက်ဥပဒေပြဋ္ဌာန်းပြီးနောက်၊ ပီးသည် ရာထူးမှနုတ်ထွက်ရသည်။ ထိုအချိန်တွင် တိုရီပါတီသည် ကွန်ဆားဗတစ်ပါတီဟု အမည်ပြောင်းလဲလာလေသည်။ (ကွန်ဆားဗတစ်ပါတီ–ရှု။) ပီးသည် အတိုက်အခံဘက်မှနေ၍၊ ၁၈၃၂ ခုနှစ် ပါလီမန်ပြုပြင်ရေး ဥပဒေကြမ်းကို အပြင်းအထန်ကန့်ကွက်လေသည်။ ၁၈၃၄–၃၅ခုနှစ်တွင်ကား၊ ပါတီခေါင်းဆောင်အနေဖြင့် အစိုးရအဖွဲ့ဖွဲ့စည်းကာ၊ နန်းရင်းဝန်ဖြစ်လာသည်။ သို့ရာတွင် ပါလီမန်၌ 'ဂုစ်'ဦးရေ များပြားလေရာ၊ မကြာခင် ရာထူးမှ နုတ်ထွက်ရပြန်သည်။

၁၈၄၁ ခုနှစ်တွင် ပီးသည် ဒုတိယအကြိမ် နန်းရင်းဝန်ဖြစ်ခဲ့ပြန်သည်။ ဤအကြိမ်တွင် ပီးသည် ပြုပြင်ရေးများ စွာတို့ကို အကောင်အထည်ဖော်စေသည်။ ထိုအချိန်သည် တိုင်းပြည်၏ ဘဏ္ဍာရေးအခြေအနေအလွန်ဆိုးရွားသောအချိန်ဖြစ်လေရာ၊ ကုန်များပေါ်တွင် စည်းကြပ်သော အခွန်တော်များကိုလျှော့ချ၍၊ အမြတ်တော်ဘက်စသည့် အခြားဌာနများမှ အကောက်ကိုတိုးယူခြင်းဖြင့် ဘဏ္ဍာရေးအခြေအနေကိုထိန်းသိမ်းနေရသည်။ ထိုသို့ထိန်းသိမ်းသဖြင့် အမျိုးသားပညာရေးတွင် ငွေများကိုသုံးဆတိုး၍ သုံးစွဲနိုင်ခဲ့သည်။ စက်ရုံများ၌ မိန်းမများ၊ ကလေးများကို အလုပ်လုပ်ခိုင်းခြင်းကိုလည်း ဥပဒေဖြင့်ကန့်သတ်ပေးနိုင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နိုင်ငံများနှင့် နိုင်ငံရေးဆက်ဆံမှုမှာလည်းကောင်းမွန်လာသည်။ ပီး၏ဆောင်ရွက်ချက်များတွင်အထင်ရှားဆုံးကား ကောက်သီးနှံ ဥပဒေများကို ဖျက်သိမ်းခြင်းဖြစ်လေသည်။ ထိုဥပဒေများကား ကောက်သီးနှံတင်သွင်းသည်ကို အခွန်ကောက် သောဥပဒေ ဖြစ်၏။

ကွန်ဆားဗတစ်ပါတီဝင်များသည် မြေပိုင်ရှင်ကြီးများ ဖြစ်ရာ၊ မိမိ၏အကျိုးအတွက် နိုင်ငံခြားမှ တင်သွင်းသော ကောက်သီးနှံဝင်ကုန်များအပေါ်တွင် အခွန်ကောက်ရန် သဘောတူခဲ့၏။ သို့ရာတွင် ၁၈၄၅ခု၌ အိုင်ယာလန်ပြည်တွင် ငတ်မွတ်ခေါင်းပါးခြင်းဘေး ဆိုက်ရောက်လာသော အခါ၊ လူထုသက်သာရာရစေရန်၊ ပီးသည် ပါတီဝါဒမှ သွေဖည်၍၊ ကောက်သီးနှံများအပေါ်တွင် အခွန်ကောက်သည့်ကောက်သီးနှံဥပဒေကို ဂုစ်ပါတီဝင်များ၏ အကူအညီဖြင့် ဖျက်သိမ်းလိုက်လေသည်။ ထိုကြောင့် ပီးသည် ပါတီဝင်တို့၏ထောက်ခံချက်မရသည်နှင့် နန်းရင်းဝန်ရာထူးမှ နုတ်ထွက်ပေးရလေသည်။

သို့ရာတွင် ရာထူးနှင့် ပါတီကြီးလက်လွတ်သွားသော်

www.foreverspace.com.mm

လည်း၊ လူထုကြီးတစ်ရပ်လုံး၏ ချစ်ကြည်အားကိုးမှု ကိုခံယူရသော အကျိုးထူးခံစားရလေသည်။ ထိုကြောင့် ရင်ထူးလက်မဲ့ ဖြစ်သွားလေသော်လည်း၊ ပီးသည် တန်ခိုးမမှိန်ပေ။ ဂုစ်အစိုးရအဖွဲ့သည် ပီး၏အကူအညီကို ယူရသည်။ ပီးကား အလွန်အလုပ်လုပ်နိုင်သောပုဂ္ဂိုလ်ကြီးဖြစ်၍ ရှေ့ရေးကို မြော်မြင်တတ်သူလည်းဖြစ်သည်။ ယင်းသို့ ကိုယ်ကျိုးမငဲ့ဘဲ ဆင်းရဲသားလူများစု၏ အရေးကို ဆောင်ရွက်ပေးခဲ့၍၊ အင်္ဂလန်ပြည်တွင်အုပ်ချုပ်ရေးခ်ဉ် အတော်ဆုံးသောပုဂ္ဂိုလ်ကြီးတစ်ဦးဟု ဥဒါန်းတွင်လေသည်။ ဤသို့ ထင်ရှားခဲ့သောဆာရောဗတ်ပီးသည် ၁၈၅၀ ပြည့်နှစ်တွင် မြင်းပေါ်မှ လိမ့်ကျသော ဒဏ်ရာဖြင့် ကွယ်လွန်လေသည်။ ထုံးစံအားဖြင့် ဝက်စမင်စတာအက်ဗေးဘုရားရှိခိုးကျောင်းတွင် မြှုပ်နှံရမည်ဖြစ်သော်လည်း၊ သူ၏သေတမ်းစာအရ စတက် ဖတ်ရှိုင်ယာနယ် ဒရေးတန်ဘုရားရှိခိုးကျောင်းတွင်သူ့အားသင်္ဂြိုဟ်ရသည်။

ပီးပစဆယ်မျူယယ်(ခရစ်၁၆၃၃–၁၇၀၃)။ ။ဆယ်မျူယယ် ပီးပစသည် ခရစ် ၁၆၆ဝပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှအစပြု၍၊ ၁၆၆၉ ခု မေ ၃၁ရက်နေ့အထိ၊ ၉ နှစ်နှင့် ၄လတိုင်တိုင် မိမိကြုံတွေ့ရသောနေ့စဉ်အဖြစ်အပျက်

နေ့စဉ်မှတ်တမ်းများ ရေးသားခဲ့ခြင်းဖြင့် ကမ္ဘာကျော်ခဲ့သူ အင်္ဂလိပ်လူမျိုး ဆယ်မျူယယ် ပီးပစ

တို့ကို နေ့စဉ်မှတ်တမ်းခ်ဉ် အဆက်မပြတ်ရေးသား မှတ်တမ်းတင်ခဲ့သဖြင့်၊ ကမ္ဘာပေါ်တွင် နာမည်ကျော်ကြားခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ၁၆၃၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် လန်ဒန်မြို့ခ်ဉ်၊ ပီးပစကို ဖွားမြင်သည်။ သူ၏ဖခင်မှာအပ်ချုပ်သမားတစ်ဦးဖြစ်သည်။ ငယ်စဉ်က လန်ဒန်မြို့နှင့်ကိမ်းဗရစ်မြို့တွင် ပညာသင်ကြားခဲ့ပြီးလျှင်၊ အရွယ်ရောက်သောအခါ၊ ရေတပ်မတော်ရုံးတွင် စာရေးအဖြစ်ဖြင့် အမှုထမ်းခဲ့ရာမှ ရာထူးဌာနန္တရ အဆင့်ဆင့်တိုးတက်လာခဲ့လေသည်။ ထိုသို့ အမှုထမ်းဆဲတွင် နေ့စဉ်ကြုံတွေ့ရသော အဖြစ်အပျက်တို့ကို မှတ်တမ်းတင်ခဲ့ရာ၊ ထိုမှတ်တမ်းထဲတွင် သမိုင်းနှင့် စပ်လျဉ်း၍ အရေးကြီးသော အချက်အလက်များ ပါဝင်လေသည်။ သာဓကအားဖြင့် လန်ဒန်မြို့တွင် ပလိပ်ရောဂါဆိုက်ရောက်သောအဖြစ်အပျက်နှင့် မီးအကြီးအကျယ်လောင်သောအဖြစ်အပျက်တို့ကို ပီးပစသည် နေ့စဉ်မှတ်တမ်းခ်ဉ်မျက်မြင်ကိုယ်တွေ့ဖော်ပြထားသည်။ ထိုကြောင့် ပီးပစသည် အလုပ်ကျွမ်းကျင်၍ ဝတ္တရားကျေပွန်သော အမှုထမ်းအရာထမ်းတစ်ဦးအဖြစ်ဖြင့် ကျော်စောထင်ရှားသည်ထက် မျက်မှောက်သမိုင်းကို မှတ်တမ်းတင်ခဲ့သူ အဖြစ်ဖြင့် ပိုမို၍ ကျော်စောထင်ရှားလေသည်။ ပီးပစသည် နောင်သောအခါ ပါလီမန်အမတ်ဖြစ်လာ၍ ၁၆၈၄ ခုတွင် ရေကြောင်းဌာန အတွင်းဝန်ရာထူးခ်ဉ်တည်မြဲလာပြီး နောက်တော်ဝင်အသင်း၏ ဥက္ကဋ္ဌဖြစ်လာသည်။ ၁၇၀၃ ခု မေ၂၆ ရက်နေ့တွင် ကွယ်လွန်အနိစ္စ ရောက်သည်။ ပီးပစသည် မကွယ်လွန်မီက မိမိပိုင်စာကြည့်တိုက်နှင့် နေ့စဉ်မှတ်တမ်းတို့ကို ကိမ်းဗရစ်တက္ကသိုလ်၊ မောဒလင်ကောလိပ်သို့ လျှဒါန်းကြောင်းသေတမ်းစာ ရေးသားထားခဲ့သဖြင့်၊ အဖိုးတန်မှတ်တမ်းကို နောင်လာနောင်သားတို့ကောင်းစွာ ဖတ်ရှုလေ့လာခွင့် ရကြလေသည်။

ပီးဗောဒီဂျော့(ခရစ် ၁၇၅၉–၁၈၆၉)။ ။ဂျော့ပီးဗော့ဒီသည် အလျှဒါနတွင် ရက်ရောသောအမေရိကန်သူဌေးတစ်ဦးဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အမေရိကန်ပြည်ထောင်စုမက်ဆချူးဆက်ပြည်နယ် ဆောက်ဒန်ဗာမြို့တွင် ဖွားမြင်၍၊ ငယ်ရွယ်စဉ် အသက် ၁၁နှစ်အရွယ်ကပင်၊ ကုန်သေးဆိုင်တစ်ခုတွင် အလုပ်လုပ်၍ အသက်မွေးခဲ့ရသည်။ ကြီးပြင်းလာသောအခါ ရစ်နှင့်ပီးဗော့ဒီ အစုစပ်ကုန်စုံဆိုင်ကြီးကို တည်ထောင်၍၊ များစွာချမ်းသာကြွယ်ဝလာလေသည်။ ၁၈၃၇ခုတွင် အင်္ဂလန်ပြည်သို့ ပြောင်းရွှေ့နေထိုင်ပြီးလျှင်၊ ဘဏ်လုပ်ငန်းကို လုပ်ကိုင်သည်။ သူ၏ဇာတိအမေရိကန်ပြည်ထောင်စုနှင့် သူနေထိုင်ရာ အင်္ဂလန်ပြည်တို့တွင် ပညာရေးနှင့်လူနေမှုဆိုင်ရာကိစ္စတို့အတွက် အလှူကြီးများပြုလုပ်ခဲ့ရာ၊ ပေါင် ၂၀၀၀၀၀ ကျော်မျှရှိလေသည်။ ပုံစံ

www.foreverspace.com.mm

အလျှုဒါနတွင် ရက်ရောသော အမေရိကန်သူဌေး ဂျော့ပီးဗော့ဒီ

အားဖြင့် လန်ဒန်မြို့တွင်အလုပ်သမားများအတွက် နေအိမ်များဆောက်လုပ်ရန် ပေါင် ၅၀၀၀၀၀ ကို လျှုဒါန်းခဲ့သည်။ အမေရိကန်ပြည်တွင်းစစ်အပြီးတွင် စစ်ကြောင့်အတိဒုက္ခရောက်သောတောင်ပိုင်းဒေသမြို့များကို ပြန်လည်ထူထောင်ရန်အတွက် ပေါင် ၇၀၀၀၀၀ လျှုဒါန်းခဲ့သည်။ ပီးဗော့ဒီ၏ အမည်သည် ထင်ရှားကျော်ကြားလာသောအခါ၊ သူမွေးဖွာရာ ဒန်ဗာမြို့ကိုပင် ပီးဗောဒီမြို့ဟုအမည်ပြောင်း၍ မှည့်ခေါ်ကြသည်။ ပီးဗော့ဒီသည် ပီးဗော့ဒီမြို့၊ ဗော့လတီမိုးမြို့၊ ယေးမြို့ နှင့်ဟားဗဒ်မြို့တို့၌ ပညာမြှင့်တင်ရေးအဖွဲ့များနှင့် ပြတိုက်များကို တည်ထောင်ပေးခဲ့သည်။

ပီးဗော့ဒီသည် ခရစ် ၁၈၆၉ခုနှစ် နိုဝင်ဘာလ ၄ရက်နေ့ တွင်လန်ဒန်မြို့၌ ကွယ်လွန်ရာ၊ သူ၏ရုပ်ကလာပ်ကို ဝက်စမင်စတာအက်ဗေး၌ ခေတ္တထား၍၊ ဗြိတိသျှစစ်သင်္ဘောတစ်စင်းဖြင့် အမေရိကန်ပြည်ထောင်စုသို့ ပို့ဆောင်ပေးကြသည်။ ထိုနောက် သူ၏ဇာတိဖြစ်သော ပီးဗော့ဒီမြို့တွင် သူ၏ရုပ်ကလာပ်ကို မြေမြှုပ်သင်္ဂြိုဟ်ကြလေသည်။

ပီးရနီးတောင်။ ။ပီးရနီးတောင်သည် စပိန်နှင့် ပြင်သစ်နိုင်ငံအကြားတွင်ရှိ၏။ ဗစ္စကေးပင်လယ်ကွေ့ကမ်းခြေမှ မြေထဲပင်လယ်ကမ်းခြေသို့တိုင်အောင်တန်းလျက်တည်ရှိ၏။ ပျမ်းမျှခြင်းအားဖြင့် ပေ ၅၀၀၀မှ၆၀၀၀ အထိမြင့်သည်။ အမြင့်ဆုံးသောတောင်ထွတ်မှာမူ ပီကိုသေအားနေတို

ပြင်သစ်နိုင်ငံဖက်ရှိ ပီးရနီးတောင်တန်း၏ ရှုခင်းတစ်ရပ်

www.foreverspace.com.mm

တောင်တွဲလဲဖြစ်၍၊ ၁၁၁၆၈ ပေမြင့်လေသည်။ ပီးရနီး တောင်တန်းသည် အပြတ်အလပ်ဟူ၍မရှိဘဲ၊ ပင်လယ် ကမ်းခြေတစ်ဖက်မှ တစ်ဖက်သို့ တောက်လျှောက်တည်ရှိ သည်။ အရှေ့ဘက်တောင်တန်း အလယ်ဗဟိုတွင် စတုရန်း မိုင် ၁၉၁မိုင်ကျယ်ဝန်းသော အင်ဒိုရာခေါ် နိုင်ငံငယ်တစ်ခု ရှိ၏။ ထိုနိုင်ငံကို အမတ် ၂၄ ယောက် ပါဝင်သော ကောင်စီ လွှတ်တော်က အုပ်ချုပ်သည်။

ပီးရူးနိုင်ငံ ။ ။ပီးရူးနိုင်ငံသည် တောင်အမေရိကတိုက် အနောက်ပိုင်း၊ ပစိဖိတ်သမုဒ္ဒရာ ကမ်းခြေတွင်၊ အီကွေတာ မျဉ်းကြောင်း၏ တောင်ဘက်၌ ကပ်လျက်တည်ရှိသည်။ အကျယ်အဝန်းမှာ ၄၈၂၂၅၈ စတုရန်းမိုင်ဖြစ်၏။ နယ်နိ မိတ်မှာ မြောက်ဘက်၌ အက်ကွာဒေါနိုင်ငံ၊ အရှေ့မြောက် ဘက်နှင့် အရှေ့ဘက်၌ ကိုလုံးဗီးယားနှင့် ဗရာဇီးနိုင်ငံ၊အရှေ့ တောင်ဘက်၌ ဗိုလစ်ဗီးယားနိုင်ငံ၊ တောင်ဘက်၌ ချီလီနိုင် ငံတို့ဖြစ်လေသည်။ ပီးရူးနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း သည် ၁၄၁၀မိုင်ရှည်လျားလေ၏။ ပင်လယ်မှ အရှေ့ဘက် တောင်တန်းအထိ အကျယ်ဆုံးမှာ မိုင်၇၀၀ဖြစ်လေသည်။

အန်းဒီးတောင်တန်း၏ အမြင့်ဆုံးအပိုင်းသည် ပီးရူးနိုင် ငံထဲ၌တည်ရှိ၏။ ဤတောင်တန်းသည် ပီးရူးကို တောင်နှင့် မြောက်အလျားလိုက်သုံးပိုင်းပိုင်းခြားထားလေသည်။ ယင်း တို့မှာ (က)အနည်းဆုံးမိုင် ၅၀၊ အများဆုံးမိုင် ၁၀၀ကျယ် ၍၊ မိုင်၁၄၀၀ မျှရှည်လျားသော ပစိဖိတ်ကမ်းမြောင်ဒေသ၊ (ခ) ကုန်းပြင်မြင့်နှင့် နက်ရှိုင်းကျဉ်းမြောင်း သောတောင် ကြားများပါရှိသည့် အန်းဒီးတောင်ကုန်းဒေသနှင့် (ဂ) အ ရှေ့ဘက်မြေနိမ့်တောနက်ဒေသတို့ ဖြစ်ကြသည်။

ပစိဖိတ်ကမ်းမြောင်ဒေသသည် မိုးခေါင်၏။ မြစ်ဝှမ်း များတည်ရှိသည့် နေရာမှတစ်ပါး ကျန်နေရာအားလုံးတို့ သည် ခြောက်သွေ့သော သဲကန္တာရများသာဖြစ်သည်။ သို့ရာ တွင် ပင်လယ်လေကြောင်းကျသောနေရာဖြစ်သည့်ပြင်၊ ပင် လယ်ရေအေးစီးကြောင်းသည် ကမ်းရိုးတန်းအနီးတွင်စီး ဆင်းလျက်ရှိသောကြောင့်၊ ရာသီဥတုမှာကား ပူအိုက်သင့် သလောက်မပူအိုက်ချေ။ ထိုအရပ်တွင် စိုစွတ်သောဆီးနှင်း များပင်လျှင်ကျတတ်သည်။ တောင်ကုန်းဒေသဖြစ်သော အန်းဒီးတောင်တန်း၏ အနောက်ဘက် ဆင်ခြေလျှောတွင် ကားမိုးကောင်း၏။ အမှုဇုန်မြစ်ဝှမ်းကဲ့သို့ဆင်းသွားသော အရှေ့ဘက်ဆင်ခြေလျှောတွင်လည်း မိုးကောင်းစွာရွာသွန်း သဖြင့်၊ တောတောင်ထူထပ်ပြီးလျှင်၊ မြေသြဇာကောင်း မွန်သောလွင်ပြင်များလည်း ရှိလေသည်။ ဤဒေသတွင် လူအနေပါး၏။ ကြက်ပေါင်စေးပင်များ ပေါက်ရောက် သည်။ ဤနယ်၏မြို့တော်ဖြစ်သောအီကီးတိုးမြို့သည် အ မေဇုန်မြစ်အထက်ပိုင်း မိုင် ၂၀၀၀ခန့်တွင် တည်ရှိသည်။

ပီးရူးနိုင်ငံ တည်နေရာပြမြေပုံ

လီမာမြို့သည် ပီရူးနိုင်ငံ၏ မြို့တော်ဖြစ်၏။ ထိုမြို့ကို 'ရှင်ဘုရင်များ၏မြို့တော်'ဟူ၍ ခေါ်စမှတ်ပြုကြ၏။ ဤ မြို့သည် ပီးရူးနိုင်ငံတွင် အရေးကြီးဆုံးသော ကုန်ရောင်း ဝယ်ရာဗဟိုဌာနဖြစ်လေသည်။

ပီရူးနိုင်ငံမြောက်ပိုင်းမှ တောင်ပိုင်းသို့ခရီးသွားသော်၊ ရာသီဥတုပြောင်းလဲမှုကို မတွေ့ရချေ။ အနောက်ပိုင်း မြေနိမ့်ဒေသမှ အရှေ့ပိုင်းတောင်ကုန်းဒေသသို့ သွား သော်ကား၊ ရာသီဥတုပြောင်းလဲမှုကို သိနိုင်ပေသည်။

အန်းဒီးတောင်အရှေ့ဘက်တွင် မိုးအများဆုံးရွာသွန်း၍၊ ထိုမှ အနောက်ဘက်သို့ တဖြည်းဖြည်းမိုးပါးသွားသည်။ နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ လက်မ ၁၀၀ဖြစ်၍၊ နှစ်စဉ် ပျမ်းမျှအပူချိန်မှာ ဖာရင်ဟိုက် ဒီဂရီ ၇၀ ဖြစ်လေသည်။

ပီရူးနိုင်ငံလူဦးရေသည် ၁၉၅၄ ခုနှစ်ခန့်မှန်းချက်အရ ၉၂၉၅၀၀၀ ဖြစ်သည်။ ထိုလူဦးရေ၏ ၈၅ရာခိုင်နှုန်းသည် လယ်ယာလုပ်ငန်းနှင့် သိုးဆိတ်စသော တိရစ္ဆာန် မွေးမြူ ခြင်းဖြင့် အသက်မွေးနေထိုင်ကြ၏။ သို့ရာတွင် နိုင်ငံခြားသို့ တင်ပို့ရောင်းချသော ထုတ်ကုန်များထဲတွင် လယ်ယာထွက် ကုန်စည်များမှာ ၄၀ရာခိုင်နှုန်းသာပါဝင်လေသည်။ အရေး အကြီးဆုံးနှင့် အများဆုံးထွက်သောအသီးအနှံမှာ ဝါဂွမ်း ဖြစ်၍၊ ထုတ်ကုန်အားလုံး၏ ရာခိုင်နှုန်း ၂၀ ဖြစ်လေ

www.foreverspace.com.mm

ပီးရူးနိုင်ငံ၏ မြို့တော်ဖြစ်သော လီမာမြို့ရှိ ကသီဒရယ် ဘုရားရှိခိုးကျောင်း

သည်။ လူပေါင်း ၁၀၀၀၀၀ ခန့်သည်စက်မှုလက်မှုလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ ကြံစိုက်ပျိုးခြင်းနှင့်သကြားလုပ်ငန်းသည် ဝါဂွမ်းနောက်ဒုတိယလိုက်သော လုပ်ငန်းဖြစ်၏။ အခြားအသီးအနှံများမှာ ဂျုံ၊ ဆန်စပါး၊ အာလူး၊ ပဲအမျိုးမျိုး၊ ဗာလီနှင့်ပြောင်းဆန်တို့ဖြစ်လေသည်။ ပြောင်းဆန်သည် ပီရူးလူမျိုးတို့၏ပဓာနအစာဖြစ်လေသည်။ ပီးရူးတစ်နိုင်ငံလုံးတွင် လယ်ယာစိုက်ပျိုးနိုင်သော မြေဧကပေါင်း ၂၉–၄၆၀၀၀၀ ရှိသည့်အနက်၊ မြေဧကပေါင်း ၃၆၁၀၀၀သာလျှင် အမှန်စိုက်ပျိုးလုပ်ကိုင်ကြ၏။

ပီးရူးနိုင်ငံသည် သဘာဝတွင်းထွက်သတ္တုများဖြင့် ကြွယ်ဝသော နိုင်ငံတစ်ခုဖြစ်၏။ အချို့သောသတ္တုတွင်းများမှာ အင်းကားလူမျိုးများ ကြီးပွားထွန်းကားစဉ်ခေတ်ကတည်းကပင်တည်ရှိခဲ့လေသည်။ (အင်းကားလူမျိုး–ရှု။) ဤနိုင်ငံသည် ဗနေဒီယမ်ခေါ်သတ္တုတစ်မျိုး အများအပြားထွက်သောနိုင်ငံတစ်ခုဖြစ်၏။ ရေနံသည်လည်း အရေးကြီးသောထွက်ကုန်တစ်ခုဖြစ်၏။ ရေနံနှင့် ရေနံထွက်ပစ္စည်းများ၏တန်ဖိုးမှာ ပီးရူးနိုင်ငံမှထွက်သမျှသော ဓာတ်သတ္တုအားလုံးတန်ဖိုး၏ ထက်ဝက်နီးနီးရှိလေသည်။

နိုင်ငံခြားသို့ တင်ပို့ရောင်းချသော အဓိကကုန်ပစ္စည်းများမှာ ရေနံ၊ ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းများ၊ သကြား၊ ကြေးနီ၊ ဝါဂွမ်းတို့ဖြစ်၏။ သွင်းကုန်များမှာ စက်ကိရိယာများ၊ယာဉ်များ၊ စားကုန်သောက်ကုန်၊ အထည်အလိပ်၊ သတ္တုကုန်များ၊ ဓာတုဗေဒနှင့်ဘယဆေးများ၊ ဆိုးဆေးစသည်တို့ဖြစ်လေသည်။

တောင်အမေရိကတိုက်တွင် ပဌမဦးစွာဆောက်လုပ်ပြီးစီးသောမီးရထားလမ်းမှာ လီမာမှ ကာယားအိုသို့သွားသော မီးရထားဖြစ်၍၊ ၁၈၅၁ ခုနှစ်တွင်ဆောက်လုပ်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ပီးရူးနိုင်ငံအတွင်း၌ မီးရထားလမ်း မိုင်ပေါင်း ၂၆၁၂ မိုင်ရှိ၏။ အရေးအကြီးဆုံး မီးရထားလမ်းနှစ်ခုရှိရာ၊ တစ်ခုမှာ ရှေ့ဆိုခဲ့သော လီမာမြို့နှင့် ကာယားအိုမြို့ကို ဆက်သွယ်ထားသော ပီးရူးနိုင်ငံဗဟိုမီးရထားလမ်းဖြစ်၍၊ ကျန်တစ်ခုမှာ တောင်ပိုင်းမီးရထားလမ်းဖြစ်သည်။ မော်တော်ကားလမ်းမကြီးများကို ကမ်းမြောင်ဒေသတွင် အများဆုံးဖောက်လုပ်ထား၏။ အရေးအကြီးဆုံး လမ်းမကြီးမှာ ၁၉၃၅ခုတွင်ဖောက်လုပ်၍ လီမာမြို့နှင့်အိုရိုးယားတို့ကို ဆက်သွယ်ထားသောလမ်းမကြီး ဖြစ်လေသည်။

ပီးရူးနိုင်ငံသည် အမေရိက၊ ဥရောပ၊ အာရှစသောတိုက်ကြီးများနှင့် ပင်လယ်ရေကြောင်းဖြင့် အဆက်အသွယ်ရှိ၏။

www.foreverspace.com.mm

ပီးရူးနိုင်ငံ၏ ပဌမဦးဆုံးလေကြောင်း ခရီးကို ၁၉၂၈ ခု တွင်စတင်ဖွင့်လှစ်ခဲ့၏။ ထိုအချိန်မှစ၍ လေကြောင်း သက်သွယ်ရေးလုပ်ငန်းသည် များစွာတိုးတက်လာခဲ့ လေသည်။ တောင်အမေရိကတိုက်ရှိ နိုင်ငံများထဲတွင် ပီးရူးနိုင်ငံသည် ယဉ်ကျေးမှုအားဖြင့် ရှေးအကျဆုံးသော နိုင်ငံဖြစ်သည်။ ရှေးဦးစွာ အင်းကားလူမျိုးတို့သည် ဤ နိုင်ငံမှနေ၍ တောင်အမေရိကတိုက်တစ်တိုက်လုံးကို အုပ်စိုး ခဲ့ကြ၏။ ထိုနောက် စပိန်တို့သည် ဤနိုင်ငံမှစ၍ ကမ္ဘာ သစ်တွင် သူတို့၏အာဏာစက်ကိုပျံ့နှံ့စေခဲ့လေသည်။ ၁၉၃၃ ခု ဧပြီ ၉ ရက်နေ့တွင် ပြဋ္ဌာန်းအတည်ပြုလိုက်သော ပီးရူးနိုင်ငံဖွဲ့ည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အစိုးရအဖွဲ့ တွင် သမ္မတတဦးနှင့်ဒုတိယ သမ္မတ ၂ဦးပါဝင်၏။ ထို ပုဂ္ဂိုလ်များကို ၆ နှစ်တစ်ကြိမ် ပြည်သူတို့က တိုက်ရိုက် ရွေးကောက်တင်မြှောက်ရသည်။ တစ်ကြိမ်ရွေးကောက် ခြင်းခံရသော သမတသည် နောက်ထပ်အရွေးခံပိုင်ခွင့် မရှိတော့ချေ။

ဥပဒေပြုလွှတ်တော်တွင် အထက်လွှတ်တော်နှင့်အောက် လွှတ်တော်ဟူ၍လွှတ်တော်နှစ်ရပ်ရှိ၏။ ပြည်သူ့ကိုယ်စား လှယ်အမတ်များ၏ သက်တမ်းသည် ၆နှစ်ဖြစ်သည်။ အထက်လွှတ်တော်အမတ်နေရာအတွက် ဖြစ်လျှင် အသက် ၃၅နှစ်ပြည့်၍၊ အောက်လွှတ်တော်အမတ်အတွက်ဖြစ်လျှင် အသက် ၂၅ နှစ်ပြည့်ပြီး၍ မဲပေးနိုင်ခွင့်ရှိသော ပီးရူးနိုင် ငံဇာတိသားများသာ အသီးအသီးအရွေးခံနိုင်ခွင့်ရှိသည်။ စာရေးနိုင်ဖတ်နိုင်၍ အသက် ၂၁နှစ်ပြည့်သောယောကျ်ား တိုင်း မဲပေးနိုင်ခွင့်ရှိသည်။ စာရေးနိုင် ဖတ်နိုင်သော အသက် ၂၁ မှ ၆၀ အကြားရှိ ယောကျ်ားများမှာမဲမပေးဘဲမနေရချေ။ ယခင်က မျှုနီစီပယ်ရွေးကောက်ပွဲများတွင်သာ အမျိုးသမီး များသည် မဲပေးနိုင်ခွင့်ရှိခဲ့၏။ သို့တိုင်အောင် အိမ်ထောင် သည်များသာလျှင် မဲပေးနိုင်ခဲ့ကြသည်။ သို့သော် ၁၉၅၅ ခုနှစ်မှစ၍ အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ပင် မဲပေးနိုင်လာကြပြီ ဖြစ်လေသည်။

အသက် ၇ နှစ်မှ ၁၄ နှစ်အတွင်း ကလေးသူငယ်များအ တွက်မသင်မနေရ အခမဲ့ပညာရေးစံနစ်ကိုပြုလုပ်ထား၏။ ပီးရူးနိုင်ငံတွင် အကြီးဆုံးနှင့်ရှေးအကျဆုံးတက္ကသိုလ် ကျောင်းကို ၁၅၅၁ ခုတွင်တည်ခဲ့သည်။ ယင်းတက္ကသိုလ် ကားဆန်းမားကပ်တက္ကသိုလ်ဖြစ်သည်။ ထိုတက္ကသိုလ် အပြင် အခြားတက္ကသိုလ်ကျောင်း ၄ကျောင်းလည်းရှိ၏။

ပီးရူးနိုင်ငံတွင် အစိုးရက အသိအမှတ်ပြုထားသော ကိုးကွယ်သည့် အယူဝါဒဂိုဏ်းမှာ ဗရင်ဂျီဂိုဏ်း ဖြစ်၏။ သို့ရာတွင် မည်သူမဆို မိမိကိုးကွယ်လိုသည့် အယူဝါဒကို ကိုးကွယ်နိုင်ပေသည်။

လူဦးအားလုံး၏ ၆၀ ရာခိုင်နှုန်းမှာ တိုင်းရင်းသား

ပီးရူးအမျိုးသားဝတ်စုံ ဆင်ယင်ထားသော လှပျိုဖြူ

အင်ဒီးယန်လူမျိုးများဖြစ်၏။ ၁၀ရာခိုင်နှုန်းမှာ ဥရောပ တိုက်သားစပိန်လူမျိုးတို့၏ အဆက်အနွယ်များဖြစ်လေ သည်။ ကျန်လူမျိုးသည်ကား မက်စတီဇိုလူမျိုး ဖြစ်ကြ၏။

ပီးလဂရင်းဖားသား ။ ။ပီးလဂရင်း ဖားသားဟူသည်မှာ မိမိတို့ကြိုက်နှစ်သက်ရာအယူဝါဒကို လွတ်လပ်စွာကိုး ကွယ်နိုင်ရန်အလို့ငှါ ဒေသသစ်ကိုရှာဖွေ၍၊ နယ်တည် ထောင်ကြသော ပုဂ္ဂိုလ်တစ်စုကိုဆိုလိုသည်။ ခရစ်၁၇ရာစု နှစ်ဦး၌ အင်္ဂလန်ပြည်တွင် ရေဖျန်းဂိုဏ်းမှ ခွဲထွက်သော ခရစ်ယာန်ဂိုဏ်းတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ထိုဂိုဏ်း သားတို့သည် မိမိတို့ယုံကြည်ကိုးကွယ်သောအယူဝါဒ အ လျောက်၊ သာသနာ့အဖွဲ့အစည်းကို ဖွဲ့စည်းရန်အားထုတ် သည်။ ထိုအခါရေဖျန်းဂိုဏ်းဝင်ဖြစ်သောအင်္ဂလိပ် ဘုရင် ၏အစိုးရသည် ထိုခွဲထွက်သောဂိုဏ်းသားတို့ကို မင်းအာ ဏာဖြင့်နှိပ်ကွပ်လေသည်။ ထိုကြောင့် ခရစ်၁၆၀၇ခုနှင့် ၁၆၀၈ခုတို့တွင် ဂိုဏ်းခွဲသူတို့သည် ဟော်လန်သို့ ထွက်ပြေး ၍၊ ထိုနိုင်ငံ၌ ဂိုဏ်းသစ်ကို သာသနာပြုသည်။ ထိုဂိုဏ်း သားတို့သည် ယင်းကဲ့သို့ ဟော်လန်နိုင်ငံတွင် ဂိုဏ်းသစ် ထူထောင်ပြီးနောက်၊ ၁၁ နှစ်ခန့်ကြာသောအခါ၊ အင်္ဂလန်

www.foreverspace.com.mm

မြောက်အမေရိကတိုက်သို့ နယ်သစ်တည်ရန် ဦးစွာပထမရောက်လာသော ပီးလဂရင်းဖားသားများ ဆုမွန်တောင်းနေကြစဉ်

ပြည်သို့ ခေတ္တပြန်လာပြီးလျှင်၊ အင်္ဂလန်ပြည်မှတစ်ဆင့် အမေရိကတိုက်သို့ ပြောင်းရွှေ့ကြလေသည်။ ခရစ် ၁၆၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂၁ရက်နေ့တွင် ထိုသို့ပြောင်းရွှေ့လာသူတစ်စုသည် မြောက်အမေရိကတိုက်၊ မက်ဆချူးဆက်ပြည်နယ်ရှိ ပလင်းမတ် ကိုလိုနီဒေသသို့ 'မေဖလာဝါး' ခေါ် ရွက်သင်္ဘောနှင့် ဆိုက်ရောက်လာကြသည်။ ထိုသို့ဦးစွာပဌမနယ်သစ်တည်ရန် ဆိုက်ရောက်လာသူ တစ်စုကို 'ပီးလဂရင်းဖားသား' ဟုခေါ်သည်။ ပီးလာဂရင်းဟူသော အင်္ဂလိပ်စကားမှာ ဘုရားဖူးသူဟုအဓိပ္ပါယ်ရသည်။အလယ်ခေတ်တွင် ခရစ်ယာန်သာသနာစတင်ထွန်းကားရာအရပ်သို့ ဘုရားဖူးသူများသွားလေ့ရှိကြရာ၊ ထိုဘုရားဖူးပုဂ္ဂိုလ်များ၏အမည်ကိုယူ၍ ပီးလဂရင်းဟုတွင်သည်။ ဖားသားဟူသောအင်္ဂလိပ်စကားမှာ ဖခင်ဖြစ်သည်။ စတင်တီထွင်လုပ်ကိုင်သူတို့ကို အင်္ဂလိပ်အသုံးအနှုန်း၌ ဖခင်ဟုတင်စား၍ ခေါ်လေ့ရှိသည်။ ပလင်းမတ်ကိုလိုနီသို့ ဦးစွာရောက်ရှိသော ပီးလဂရင်းဖားသားလူစုသည် မူလကလူပေါင်း ၁၀၂ ယောက်ရှိသည်။ ပလင်းမတ်သို့ရောက်ပြီးနောက် တစ်နှစ်အတွင်းတွင် ထိုလူစုသည် အစာရေစာရှားပါး၍လည်းကောင်း အနာရောဂါကျရောက်၍ လည်းကောင်း တစ်ဝက်ခန့်သေကျေပျက်စီးသည်။ သို့သော် ထိုအရပ်တွင် နေထိုင်သောအင်ဒီးယန်းတိုင်းရင်းသားတို့နှင့် မိတ်ဆွေဖြစ်လာသောအခါ၊ အစာရေစာလုံလောက်အောင် စိုက်ပျိုးနိုင်လာသဖြင့်၊ နှောင်းခေတ်များတွင် ပီးလဂရင်းဖားသားတို့ နည်းတူ နယ်သစ်တည်ထောင်လိုသူတို့ ထိုဒေသသစ်သို့ တဖွဲ့ဖွဲ့ရောက်ရှိလာကြသည်။ ထိုမှစ၍ ကာလကြာလတ်သော် အမေရိကန်ပြည်ထောင်စုနိုင်ငံဟူ၍ နိုင်ငံသစ်တစ်ခုဖြစ်ပေါ်လာလေသည်။

ပု၊ ဆရာ(မြန်မာ ၁၂၂၂–၁၂၇၆) ။ ။မြန်မာသာဘင်လောကတွင် ဇာတ်သာဘင်နှင့် ရုပ်သေးသာဘင်ဟူ၍ရှိရာ၌ ဇာတ်သာဘင်သည်များက လက်ဟန်ခြေဟန်များ နှာအမူအရာတို့ကို အဓိက ပြုသည်။ ရုပ်သေးသာဘင်က လူဟန်မပါ၊ လေသက်သက်ဖြင့် ပရိသတ်စွဲမက်အောင် ပြော၊ ဆို၊ ငိုရသည်။ သို့အတွက် 'ရုပ်သေးမှာအသံ၊ ဇာတ်မှာ ဟန်' ဟုဆိုရိုးရှိခဲ့သည်။ (ရုပ်သေး–ရှု။) ရုပ်သေးမင်းသား မင်းသမီးတို့ကို အသံကောင်း၊ အဆိုကောင်း၊ အပြောကောင်း၊ အငိုကောင်းမှ လူကြိုက်များသည်။

www.foreverspace.com.mm

ရုပ်သေးသဘင်လော ကတွင် သီပေါမင်းတရားလက်ထက်မှ ဗြိတိသျှခေတ်တိုင်အောင်၊ အထက်အောက် မြန်မာနိုင်ငံ ကျော်ကြားခဲ့သော ရုပ်သေးအနုပညာရှင်ကြီးနှစ်ဦးမှာ ဆရာပုနှင့်ဦးဖူးညို (ဖူးညို၊ ဦး–ရှု။)တို့ဖြစ်ပေသည်။ သူတို့နှစ်ဦးမှာ 'အပြော ကိုဖူးညို၊ အဆို ကိုပု' ဟူ၍ ထိုခေတ်က ပြောစမှတ်ပြုကြသည့်အတိုင်း အပြောအဟောတွင် ဦးဖူးညိုက ပို၍ကျော်ကြားပြီးလျှင်၊ အဆိုတွင် ဆရာပုက ပို၍ကျော်ကြားထင်ရှားသည်။ ဆရာပုသည် ရုပ်သေးမင်းသမီးဖြစ်သည်။ ဆရာပု၏ အသံသည် မိန်းမသံပါခြင်း၊ အသံလုံခြင်း၊ အသံရခြင်း၊ အဆိုကောင်းခြင်းတို့ကြောင့် အလွန်လူကြိုက်များသောနိုင်ငံကျော် ရုပ်သေးမင်းသမီးဖြစ်လာခဲ့သည်။ ဆရာပုကဲ့သို့ မိန်းမသံပါပါနှင့် အော်နိုင်ဟစ်နိုင်ဆိုနိုင်သူသည် မိန်းမမင်းသမီးထဲ၌ပင် မရှိသလောက်ဖြစ်သည်။ အများအားဖြင့် သံမှန်လေးဆစ်ကို ထုံးစံအတိုင်းဆိုကြသော်လည်း၊ ဆရာပုက သုံးဆစ်သံမှန်ဆိုသည့်ပြင်၊ နှစ်ဆစ်ခွဲခန့်သို့ပင် သံရှိန်ကူးချင်သေးသည်။ မေးဝဲခေတ်၌ ဆရာပု၏ မေးဒျန့်မှာ အလွန်ညက်ညောလှ၍၊ လေလေချင်း မပြတ်အောင်ဆိုနိုင်သည်။ ဆရာပု၏ မေးဒျန့်အတိုင်း ညက်ညောစွာ အမီဆိုနိုင်သူမှာ ဆရာပု၏တပည့်တစ်ဦးဖြစ်သူ ဇာတ်သဘင်လောကမှ သတင်းကြီးလှသည့် မင်းသမီး မထွေးလေးတစ်ဦးတည်းသာဖြစ်သည်။ ဆရာပုအသံနှင့် မထွေးလေး၏အသံမှာ အသံချင်းလည်း ဆင်တူသည်ဟုဆိုကြသည်။ (ထွေးလေး၊ ဒေါ–ရှု။)

ဆရာပုသည် အသံကိုလိုသလောက်ဆွဲဝင်ရသဖြင့် ဝိုချင်းဝိုရာမှာ အသံကို ပစ်ခတ်ပြီးလျှင် ဆွဲဝင်၍ဝိုနိုင်သည်။ သစ္စာထားနှစ်ပါးသွားခန်းတွင် ဆရာပု၏ အသံကို အမီလိုက်နိုင်သူ ရုပ်သေးမင်းသားများရှားလှသည်။ တစ်ခါသော်နေမျိုးဗလကျော်သူဘွဲ့ခံရှာစားစိန်ဗေဒါသည် ဆရာပုရုပ်သေးနှစ်ပါးသွားကနေစဉ် ခေတ္တခဏဆိုင်းဝိုင်း၌ ဝင်တီးသည်။ ဆရာပုသည် နှစ်ပါးသွားကိုရပ်၍ 'အထူးထူးငယ်နှင့်' ပတ်ပျိုး ကြီးကို ကောက်ဆိုလိုက်သည်။ ပတ်ပျိုးကို မေးရိုက်မေးဝဲအသံတွေထည့်ဆိုသဖြင့် 'တခိုင်လုံးရွှေ' အပိုဒ်သို့ ရောက်သောအခါ၊ စိန်ဗေဒါ လက်ဖျားခတ်မရအောင်ဖြစ်လာရသည်။ အမေပု (ထိုစဉ်ကဆရာပုအား ကျော်ကြားသောရုပ်သေးမင်းသမီးကြီးအဖြစ် ရိုသေလေးစားသမှုဖြင့် 'အမေပု' ဟုလည်းခေါ်ကြသည်။)၏ အဆိုမျိုးကိုစောင်းနှင့်မှခတ်နိုင်သည်။ စိန်ဗေဒါသည် ထိုစဉ်က လက်သံပြင်းသော်လည်းငယ်နုသေးသဖြင့်စောင်းအခတ်မျိုးမတီးနိုင်သေးဖြစ်ရာ၊ အမေပုအားတောင်းပန်ယူရသည်။ ယင်းသို့ ဆိုင်းကို အဆိုနှင့်ပင်ကစားနိုင်သောသီဆိုခြင်းမျိုးကို ပင်ကိုတကယ်အသံရှိ၍ အဆိုပိုင်နိုင်လှမှသာလျှင်တတ်နိုင်ပေသည်။

နာမည်ကျော် ရုပ်သေးမင်းသမီးကြီး ဆရာပု

ဆရာပု၏အသံကောင်း၊ အဆိုကောင်းပုံမျိုးကို ယခုခေတ်တိုင် မိသူမပေါ်သေးသလောက် ဖြစ်သည်။ ထိုကြောင့်ပင် သီပေါမင်းတရားလက်ထက်က 'နေမျိုးသီရိမခုသဒ္ဒရွှေတောင်' ဟူသောအသံချိုလှသူဘွဲ့အပြင်၊ မြင်းခြံခရိုင်ရှိ သမုန်းကိုင်း ဆဲ့နှစ်ရွာကိုလည်း အပိုင်စားပေးသနားခြင်းခံခဲ့ရလေသည်။ ထိုအကြောင်းကို ဆရာပုဆိုလေ့ရှိသော သီချင်းတစ်ပုဒ်၌– 'အိုပြေပြေခွင်တိုင်း၊ သဘင်ကျော်လူရှင့် တူစရာမရှိင်း၊ အပုမေကသာ၊ မဟာစင်တော်၊ ဘုရင်နော်ကောက်စေခိုင်း၊ မြတ်အမိန့်တော်အတိုင်း၊ သိုင်းဘွဲ့စိုက်ခါ၊ ရာဇမတ်အလံဖြူ တဖြာ၊ ဘွဲ့အမည်နှိပ်၍၊ ရွှေတံဆိပ်ရခါ၊ ခုနောက်သဘင်သည်တကာ၊ မရှိင်းနှင့်ဂိုဏ်းသင့်မှာ၊ သိုင်းနှင့်ကျိုင်းနှင့်ဆရာ၊ ဇမ္ဗူရေမြန်ချာတသောင်းလုံး၊ အကောင်းဆုံး ခင်ပုပါ့....' ဟူ၍ ထည့်သွင်း သီဆိုထားလေသည်။

ဆရာပု၏ အပြောအဆိုတို့သည် အသက်နှစ်ဆယ်၊ နှစ်ဆယ့်ငါးနှစ်အရွယ် အမျိုးသမီးတစ်ဦး၏ အတွေးအခေါ်အပြောအဆို၊ လေယူလေသိမ်းမျိုးဖြစ်လေသည်။

ဆရာပုတို့ကျော်သည်ဆိုရာ၌ အသံကောင်း၍ချည်းလည်းမဟုတ်ပေ။ ယောကျ်ားမင်းသမီးဖြစ်လင့်ကစား၊ မိန်းမမင်းသမီးများလိုက်မမီအောင် ဇာတ်ဆောင်ကောင်းသည့်အတွက်လည်း ကျော်ခြင်းဖြစ်သည်။ ဇာတ်ကွက်ဖော်ရာတွင် အပြောအဆိုအင်ဗမှစ၍ အစစအရာရာတွင် လိုလေသေးမရှိအောင်နိုင်နင်းစွာဇာတ်ဆောင်နိုင်သည်။ မင်းသမီးတို့မည်သည် 'ပိုး၊ မွေး၊ ခေါ်၊ မြော်၊ ဇော်၊ လု၊ ဘ၊ ရှူး၊ အ၊ သေ၊ ပစ်' ဟူသော အတတ်၁၂ ပါးကိုနိုင်နင်းကျွမ်းကျင်ရသည်။ 'သေ' ဟူသော မင်းသမီးသေခန်း၌ မင်းသမီး 'မသေ' တတ်လျှင်ဇာတ်မနာဘဲ၊ တစ်ညလုံးသယ်လာသမျှသဲရေကျဖြစ်တတ်သည်။ အမေပုကား လူဟန်

www.foreverspace.com.mm

မပါဘဲ အသံနှင့်ချည်းပင် 'သေ' တတ်သည်။ သေခါနီးခ်ိန် လျှာလေးအာလေးဖြစ်ကာ စကားမပြီမသဖြစ်လာပုံ၊ အမောဖောက် ချွဲဆိုက်လာပုံ၊ အသံပြုပြီး ဝိညာဉ်ချုပ်သွားပုံအထိ အမေပုကအသံနှင့်သေပြုပုံတို့မှာ သရုပ်သဏ္ဌာန်တူလှသည်။ ဆရာပုသည် ပြောင်ငိုင်သည့်အခါများ၌ အပြောပါပုံ၊ အပြောတတ်ပုံ၊ အသံနေအသံထား မှန်ပုံတို့မှာ ကြားရသူအပေါင်း ကြက်သီးထပြီးလျှင်း၊ လှိုက်လှိုက် လှိုက်လှိုက် ဖြစ်အောင် စွမ်းဆောင်နိုင်ပေသည်။

နောင်အခါ ဆရာပုဟူ၍နာမည်ကျော်ကြားလာမည့် မောင်ပုကို မြန်မာသက္ကရာဇ် ၁၂၂၂ခုတွင် ကျောက်ဆည် ခရိုင်တဖက်ဆွဲရွာ၌ ဖွားမြင်သည်။ အဘမှာဦးထိုက်၊ အမိမှာဒေါ်မိုဖြစ်သည်။ မောင်ပုငါးနှစ်သားခန့်တွင် မိခင်သေဆုံး၍၊ မိထွေးနှင့်နေရသည်။ ရွာ၏အရှေ့ ရှေ့ဆံတော် ဘုရားအနီးရှိ ဘုန်ကြီးကျောင်းတွင်ပညာသင်သည်။ တောင်သူလယ်သမားမျိုးရိုးဖြစ်သော်လည်း၊ ငယ်စဉ်ကပင်အသံအလွန်ကောင်း၍ သီချင်းဆို ဝါသနာပါလေသည်။

၁၂ နှစ်သားအရွယ်တွင် မန်ကျည်းပင်ပေါ် တက်၍ မန်ကျည်းရွက်ခူးယင်း မိထွေးနှင့်နေရသည့်အဖြစ်ကို တွေးကာ စိတ်မချမ်းသာလှသဖြင့်၊ လွမ်းချင်းတစ်ပုဒ်ကို ဟစ်၍ ဆိုလိုက်သည်။ ထိုအခိုက်တွင် နာမည်ကျော် ဘုရင့်အသုံးတော်ခံစင်တော်ကြီးဖြစ်သော ဦးသာဗျော၊ ဦးသာဇံတို့၏ ရုပ်သေးလှေသည် ပန်းလောင်မြစ် အတွင်းသို့ဝင်လာလျက်ရှိလေရာ၊ သာယာလှသော သီချင်းသံ ကြားရသောအခါ၊ လှေကိုရပ်နား၍ နားထောင်ကြသည်။ ထိုနောက် ကုန်းပေါ်တက်၍၊ မန်ကျည်းပင်ပေါ်မှ မောင်ပုကိုလှေဆီသို့ ခေါ်ယူစုံစမ်းမေးမြန်းသည့်အခါ၊ အကျိုးအကြောင်း သိရှိသွားပြီးနောက်၊ ရုပ်သေးအဖွဲ့နှင့် လိုက်ပါရန်ခေါ်ကြ၏။ မောင်ပုကလည်းစိတ်ပါသဖြင့်၊ အိမ်မှထွက်ပြေးပြီးလျှင်၊ ရုပ်သေးလှေနှင့်လိုက်ပါသွားလေသည်။

ဤသို့ဖြင့် ရုပ်သေးလောကထဲသို့ရောက်ရှိလာသောအခါ၊ ရုပ်သေးမင်းသမီးများဖြစ်သောဦးသာဇံ၊ ဦးပါတူနှင့်အာလာကပွဆရာမှုနှင့် ရုပ်သေးမင်းသားကျောက်ကာဆရာမိုးတို့က သွန်သင်ပြသပေးသည်။ ဆရာကောင်းတပည့်ပီသစွာပညာဆည်းပူးခဲ့သဖြင့်၊ မောင်ပု၏အမည်သတင်းကို တစ်စတစ်စလူသိများလာ၍၊ နောင်အခါတွင် ရုပ်သေးမင်းသမီးကိုပု၊ ဆရာပုဟူသောအမည်သည် အထက်အောက် မြန်မာပြည်တစ်လွှား၌ ထင်ရှားကျော်ကြားလာသည်။ တွဲဖက်ခဲ့သောမင်းသားများမှာ (၁)စစ်ကိုင်းနယ်ဖြိတ်ရော်ဆင်တပ်ရွာသားဦးရွှေစင် (၂) ကျောက်ဆည်နယ်သား ဦးအုန်းခိုင် (၃)ဦးကြွယ်ကြီး (၄)မလှိုင်နယ်၊ ပန်းအိုင်ရွာမှစပယ်သက် (၅) မင်းသားဦးစိန်ခိုဝ (၆)ဦးဘကျော့ (၇)ဦးလွင်(၈) ဦးသန့် (၉) ဦးဘလှိုင်ဖြစ်လေသည်။

၁၂၇၀ ပြည့်နှစ်ခန့်က ဆရာပုသီဆိုသော 'ပြည်ကုန်းဘောင်သာစွဌာန၊ လွမ်းစရာ့ရေညို' အစချီသောသီချင်းသည် မိမိတို့၏အရှင်သခင်ကို လွမ်းဆွတ် တမ်းတစေကာ၊ ကျွန်ဘဝမှ လွတ်မြောက်ပြီးလျှင်၊ ကိုယ့်မင်း ကိုယ့်ချင်းနှင့် နေလိုစိတ်များကို နှိုးဆွပေးသကဲ့သို့ဖြစ်ခြင်းကြောင့် ဆရာပုသည် ဗြိတိသျှအစိုးရ၏အဖမ်းခံခဲ့ရဖူးလေသည်။

ဆရာပုသည် ၁၂၇၆ခုနှစ်၌ မန္တလေးမြို့တွင် ကွယ်လွန်အနိစ္စရောက်သွားရာ၊ (၁) စာရေးဆရာနှင့် ဇာတ်မင်းသားကြီးဦးကြင်၊ (၂) ဦးရှင်၊ (၃) ဦးသွင်၊ (၄) ဦးအောင်ဘ၊ (၅) ဒေါ်အုန်းကြင်၊ (၆)ဒေါ်အုန်းမြင့်ဟူ၍ သားသမီးခြောက်ယောက်ကျန်ရစ်သည်။ ယင်းတို့သည် ယခုတိုင် ရှိကြပေသေးသည်။

ပုခက်။ ။ကလေးငယ်တစ်ဦးအား အိပ်စေရန် ချော့သိပ်ရာ၌ ပုခက်သည် အစွမ်းဆောင်နိုင်ဆုံးပစ္စည်းတစ်ခုဖြစ်သည်ဟုဆိုရလျှင် မှားမည်မဟုတ်ချေ။ ပုခက်ဟူသည် လက်ဖြင့်လွှဲရသော၊ လှုပ်ရမ်းပေးရသော ပရိဘောဂပစ္စည်းတစ်မျိုးဖြစ်၍၊ ကလေးငယ်အားပုခက်တွင်း၌သိပ်ပြီးလျှင် 'လူကလေးရဲ့ဦ၊ ခိုဖမ်းလို့ပေး'အစရှိသော သားချော့တေးကို တည်ညားညားဆိုကာ၊ ပုခက်ကိုလွှဲကာ၊ လှုပ်ကာ၊ ရမ်းကာ ပြုလုပ်ပေးလျှင်၊ ရိုးရိုးသိပ်မရသော ကလေးများသည် ပုခက်၏လှုပ်ရမ်းမှု၊ သီချင်းသံ၏ ဆွဲဆောင်မှုတို့ကြောင့် ငိုက်မျည်းလာကာ အိပ်ပျော်သွားလေသည်။

ကလေးတို့၏ သဘာဝကား မိခင်၏ရင်ခွင်ထက်တွင် မွေ့လျော်လိုကြသည်။ သို့သော် မိခင်တစ်ဦးသည် ကလေးငယ်အား အစဉ်အမြဲပွေ့ပိုက်ချော့သိပ်၍မနေနိုင်ပေ။ ထိုကြောင့် မိခင်များအတွက် သက်သာရာသက်သာကြောင်းကို ရှာကြံတီထွင်လာကြသဖြင့်၊ ပုခက်ဟူ၍ပေါ်ပေါက်လာဟန်ရှိပေသည်။

ပုခက်ကို ရှေးပဝေဏီကပင် လူမျိုးဘာသာမရွေး အသုံးပြုခဲ့သည့် အထောက်အထားများတွေ့ရသည်။ လူယဉ်ကျေးတို့လည်း လူယဉ်ကျေးတို့အလျောက်၊ လူရိုင်းတို့လည်း လူရိုင်းတို့အလျောက် ကလေးများသိပ်ရန် ပုခက်များကို အသုံးပြုခဲ့ကြသည်။ ဥရောပတိုက်တွင် အလယ်ခေတ်က အသုံးပြုခဲ့ကြသောပုခက်များကို ပြတိုက်များ၌ တွေ့ကြရသည်။ ရှေးကျသောပုခက်များသည် သစ်သားသေတ္တာများကိုလှုပ်ရမ်း၍ လွှဲ၍ရအောင် ပြုလုပ်ထားခြင်းဖြစ်သည်။ ရောမတို့၏ ပုခက်များသည် ကလေးအိပ်ရာကလေးများကို လွှဲ၍လည်းရအောင်၊ အဆန်းတကျယ်ပြုလုပ်ထားကြောင်း တွေ့ရသည်။ အင်္ဂလန်ပြည့်ရှင် ပဋ္ဌမဟင်နရီဘုရင်၏ ပုခက်အကြောင်း ရေးသားဖော်ပြချက်များလည်းရှိခဲ့သည်။ ၁၄၀၀ ပြည့်တွင် ပြင်သစ်တို့က အင်္ဂလန်ပြည့်ရှင် ဒုတိယ

www.foreverspace.com.mm

အက်ဒွပ်၏ဗီဖုရား၊ ပြင်သစ်မင်းသမီးအဇ္ဇဗဲလား၏ ရွှေပုခက်နှင့် ငွေပုခက်တစ်ခုကို အင်္ဂလိပ်ဘုရင်ထံမှ ပြန်တောင်းသည့် အရေးအခင်းတစ်ခုလည်း ပေါ်ပေါက်ခဲ့ပေသေးသည်။

အစစအရာရာတို့သည် တစ်ခေတ်ပြီးတစ်ခေတ်ပြောင်းလဲလာသည့်နည်းတူ၊ ပုခက်ပုံစံတို့လည်း အမျိုးမျိုးပြောင်းလဲခဲ့ကြသည်။ အသုံးပြုသူတို့၏ ဓနအင်အားအလျောက်၊ အုန်းဆံကြိုးနှင့် ပိတ်ပိုင်း၊ စောင်တို့ဖြင့်အလွယ်တကူ ပြုလုပ်နိုင်သော အဝတ်ပုခက်မှသည် ကြိမ်ဖြင့်ရက်လုပ်သော ပုခက်များ၊ သစ်သားကို လှပဆန်းကျယ်အောင်ထုထွင်း ပန်းဖော်ပြုလုပ်ထားသော ဆောင်ပန်းပုခက်များအထိ အထွေထွေအပြားအပြားပြုလုပ်ကြသည်။ သို့သော် ကလေးကို ပုခက်လွှဲ၍လှုပ်ရမ်း၍ အိပ်ပျော်အောင်ချော့သိပ်ရန်ဟူသော မူလရည်ရွယ်ချက်သည်မူ တည်မြဲလျက်ပင်ရှိသည်။

အထက်တွင် ပြင်သစ်မင်းသမီး အဇ္ဇဗဲလား၏ ရွှေပုခက် ငွေပုခက်အကြောင်းကို ဖော်ပြခဲ့ရာ၊ မြန်မာဘုရင့် ရင်သွေးတော်များအတွက်လည်း ရတနာကိုးပါးဖြင့် စီခြယ်အပ်သောရတနာပုခက်များအသုံးပြုခဲ့သည်။ အရပ်သားကလေးများအား သားချော့သီချင်းဖြင့် ချော့သိပ်သည့်နည်းတူ၊ ဘုရင့်သားတော် သမီးတော်များအား ဇယင်တွင်တင်ကာ သီချင်းဖြင့် ချော့သိပ်ကြရာ၊ ယင်းသီချင်းများကို ဇယင်ချင်းဟု ခေါ်သည်။ ဇယင်ချင်းအမည်မှ မြန်မာစာပေတွင် ပါဝင်သော ဇချင်းပေါ်ပေါက်လာလေသည်။

မြန်မာ့ယဉ်ကျေးမှု၏ ကြေးမုံ

ပုဂံကျောက်စာများသည် မြန်မာစာပေ၏ အုတ်မြစ်သဖွယ်ဖြစ်သည်သာမက၊ မြန်မာ့ယဉ်ကျေးမှု၏ ကြေးမုံသဖွယ်လည်းဖြစ်သည်။ ဤအကြောင်းရပ်ကို လေ့လာရာ၌၊ ပုဂံကျောက်စာများ၏ အရေးကြီး အသုံးဝင်ပုံကိုလည်းကောင်း၊မြန်မာတို့၏ယဉ်ကျေးမှု အဆင့်အတန်း မြင့်လာပုံကိုလည်းကောင်း တွေ့မြင်ရပေလိမ့်မည်။

ပုဂံကျောက်စာ။ ။'လှည်းဝင်ရိုးသံ၊ တည်ညံ၊ ပုဂံဘုရားပေါင်း' ဟူသောစကားအစဉ်အလာကိုထောက်၍၊ ပုဂံပြည်တွင် စေတီဘုရားပေါင်း မည်မျှရှိသည်ကို သိနိုင်၏။ စေတီဘုရားရှိသလောက် ကျောက်စာလည်း များပြား၏။ လွန်ခဲ့သောနှစ်ပေါင်းကိုးရာလောက်က ဧရာဝတီမြစ် အရှေ့ဘက်ကမ်းတွင် ထွန်းကားခဲ့သော ပုဂံပြည်ဟောင်းတွင် စေတီပုထိုးတည်ခြင်း၊ ကျောင်းဆောက်ခြင်း အစရှိသော ကုသိုလ်ကောင်းမှုတို့ကိုပြုသော ကုသိုလ်ရှင်တို့သည် အလှူစာရင်းနှင့်ဆုတောင်းစာ၊ ကျိန်စာတို့ကို ကျောက်တိုင် ကျောက်ပြားပေါ်တွင် မှတ်တမ်းတင်လေ့ရှိကြသည်။ ယင်းမှတ်တမ်းကို ကျောက်စာဟုခေါ်၏။

ရှေးအကျဆုံးသောမြန်မာအရေးအသားကို ပုဂံကျောက်စာတွင်ဖတ်ရ၏။ ယင်းအရေးအသားသည် မွန်အက္ခရာစဉ်မှတစ်ဆင့်ပါဠိအက္ခရာကိုမှီ၏။ မြန်မာဘာသာသည် မျိုးရိုးအားဖြင့် ပါဠိဘာသာမှခြားနား၏။ မြန်မာဘာသာသည် တိဗက်တရုတ်မျိုးရိုးမှဆင်းသက်လာသောတိဗက် မြန်မာမျိုးခွဲတွင်ပါဝင်၏။ ပါဠိဘာသာသည် အင်ဒိုဥရောပမျိုးရိုးမှဆင်းသက်သော အာရိယန်အနွယ်တွင်ပါဝင်၏။ သို့ဖြစ်၍ မြန်မာအရေးအသားသည် ပါဠိအက္ခရာစဉ်ကို မှီ၏ဟုဆိုခြင်းသည် အ အာ အားကဲ့သို့သောသံနေသံထားကွဲ၍ စကားတစ်လုံးအသံတစ်ချက်တည်းထွက်သည့် ဧကဝဏ္ဏ မြန်မာအသံတို့ကို စကားလုံး၏ရင်းမြစ်ဖြစ် သောဓာတုတွင် ရှေ့နောက်ပစ္စည်းတွဲကာ ဝိဘာတ်အမျိုးမျိုးသွယ်သည့် ပါဠိအက္ခရာများဖြင့် ရေးသားခြင်းကိုဆိုသည်။ ယင်းသို့ရေးသားခြင်းသည် လွယ်ကူသောအရာမဟုတ်ပေ။ မြန်မာအသံတို့ကို ပါဠိမျိုးရိုးနွယ်သော အင်္ဂလိပ်အက္ခရာများဖြင့် ရေးသားကြည့်လျှင် မည်မျှခဲယဉ်းသည်ကို သိရပေလိမ့်မည်။ ပုဂံကျောက်စာများကို ဖတ်ရှုရာ၌ အောက်ပါအချက်တို့ကို မှတ်သားသင့်၏။ ယခုဗီဒီယိုဖြင့်ပြသောအောက်မြစ် နှင့်ဝိသဇ္ဇနီတို့ကို မပြဘဲထား၏။ သို့မဟုတ် အောက်မြစ်ကို ဗီဒီယိုအစား 'အ' ဖြင့်ပြ၏။ မြန်မာတို့သည် ဂ နှင့်ဃ၊ ဇ နှင့် ဈ၊ ' နှင့် ဓ၊ ဗနှင့် ဘတို့ကို အသံကွဲပြားအောင်မဆို ကြချေ။ ङ ञ ३ ण ဏ အသံတို့ကိုလည်း တ ထ ဒ ဓ န အသံတို့မှမခွဲခြားကြချေ။ ကဝံ(ဂဝံ)၊ သခ်ါ(သဃ်ာ)၊ စံပုတိတ် (ဇမ္ဗူဒြိပ်)၊ တေဝတတ်(ဒေဝဒတ်)၊ အနုမော တနာ(အနုမောဒနာ)၊ တတ်တော် (ဓာတ်တော်)၊ သတ္ထာ (သဒ္ဓါ)၊ ပိုင်ပါ(ဗိုင်ပါ) အစရှိသည်တို့၌ ဃောသဖြစ်သော ဂ၊ ခ၊ စ၊ တ၊ ထ၊ ပ တို့ကိုသုံးသည်ကိုတွေ့ရ၏။ မြန်မာတို့သည် တစ်ကောင်ကို တဂေါင်၊ ဦးစီးခေါင်း ကိုင်ကို ဦးစီးဃောင်းဂိုင်၊ တုတ်ကို ဒုတ်၊ ထားကို ဓား၊ ဝမ်းပိုက်ကို ဝမ်းဗိုက်ဟူ၍ အဃောသ ဖြစ်သော ဂ၊ ခ၊ စ၊တ၊ ထ၊ ပ တို့ကို ဂ၊ ဃ၊ ဇ၊ ဒ၊ ဓ၊ ဗ ဟူသော ဃောသ အသံတို့ဖြင့် ဖတ်လေ့ ရှိကြ ရကား၊ အဆိုပါ ဃောသမှ

www.forewordspace.com.mm

အယောသည့် ပြောင်းလဲခြင်းများသည် မွန်ဩဇာမကင်းသော ပြောင်းလဲခြင်းများဖြစ်ရာသည်ဟူ၍ ယူဆအပ်၏။ ဥပုပြင်–

ေ+ အစား ်+ယ် ကိုအသုံးပြုကြသည်။
ပြယုဂ်၊ ပိယ်=ပေ။
ေ+ အစား +ုယ် ကို အသုံးပြုကြသည်။
ပြယုဂ်၊ ၎ယ်=ဝေ။
+ နှင့် +ယ် တို့မှာ ခြားနားခြင်းမရှိ။
ပြယုဂ်၊ လဲ=လယ်။
'လည်း' အစား 'လေ'ကို သုံး၏။

ဤယ်၊ ထိုင်အစရှိသည်တို့၌ ယ်၊ ဝ်တို့သည် အဆုံးသတ်ဗျည်းများဖြစ်ကြ၏။

+ဝ် သည် ေ+ာ နှင့်တူ၏။ ပြယုဂ် စဝ်=စော။

အဆုံးသတ်ဗျည်း စ်၊ င်(ဉ်) အစား တ်၊ နှ် ကို အသုံးပြုသည်။ ပြယုဂ်–ချတ်=ချစ်။ ညှန်ဆယ်= ညှင်းဆဲ (ညှင်းဆဲ)။

ပုဂံကျောက်စာ ဝေါဟာရများတွင် ဟိ(ရှိ)၊ ဆိုင်ငြယ် (ဆင်းရဲ)၊ ရှယ်တောင်တက် (နန်းတက်)၊ ကလန်သံဗျင် (မြို့သူကြီး ရွာသူကြီး)၊ ထုယ်တော်ချ (အမိန့်ချ)၊ သင်ဖမ (တရားမှုအရာရှိ)၊ အမူကွန် (မော်ကွန်း)၊ ပုရဟာ (ဖုရား) စသည်တို့သည် ထူးခြား၏။

အချို့ကျောက်စာများတွင် ယ–ပင့်၊ ရ–ရစ်အစား လ–ဆွဲသည်ကိုတွေ့ရ၏။

ကျ၊ ကျား၊ ကျောက်၊ ကျောင်း၊ ကျိုး၊ ကျွတ်၊ ချ၊ ချောင်း၊ ချိုး၊ အစရှိသည်တို့ကို ကျောက်စာများ၌ ယ မပင့်ဘဲ လ ဆွဲ၏။

ပြည့်၊ ပြန်၊ပြေး၊ပြောင်းပြန်၊ မြစ်၊ မြေ၊ မြေးအစရှိသည်တို့ကို ကျောက်စာများ၌ ရ မရစ်ဘဲ၊ လ ဆွဲ၏။

ယင်းစကားလုံးများ၌ ပုဂံခေတ်လကို ယခု ယ အသံထွက်သော ယ၊ သို့မဟုတ် ရ ဖြင့်ရေးကြသော်လည်း၊ ထားဝယ်အရပ်ဒေသတို့၌ လ အသံကို ယခုထက်တိုင်ကြား ရပေသေး၏။

တရား၊ သိရက်၊ အစီအရင်၊ ရပ်၊ ရက်တက်၊ မှရင်း၊ အရိယာအစရှိသည့် ကျောက်စာစာလုံးများတွင် ရကိုယပင့်၍ရေးသည်ကိုထောက်သော်၊ ပုဂံခေတ် ရအသံသည် ယ အသံမှ သီးခြားသောလျှာလိပ်သံဖြစ်ကြောင်း သိရ၏။

ပန်ခီ၊ ကိပ်၊ ကီ၊ စာခီ အစရှိသည့် ကျောက်စာစာလုံးတို့၌ ယပင့်မပါချေ။ ပုဂံ ကျောက်စာများ၌ များသောအားဖြင့် စေတီပုထိုးတို့အား ဝတ္တကံမြေလျှာသည့်အကြောင်းအရာစုကိုဖော်ပြထားသော်လည်း၊ စကားဝေါဟာရအသုံးအနှုန်းပြည့်စုံကြွယ်ဝ၍ ပြောပြလိုသည့်အနက်အဓိပ္ပါယ်တို့ကို လုံလောက်စွာဖော်ပြနိုင်ပေသည်။ စကားအစီအကုံးအသွားအလာသည် ၎ုံးတိတိဖြစ်သော်လည်း လိုရင်းအဓိပ္ပါယ်ပြည့်စုံရုံရိုးရိုးသားသားမှန်မှန်ကန်ကန် ထင်ရှားအောင်ဖော်ပြနိုင်ခြင်းသည် ကျောက်စာများ၏ ချီးမွမ်းဖွယ်ရာ အချက်တစ်ခု ဖြစ်သည်။

စူဠာမဏိလေးမျက်နှာ ဘုရားကျောက်စာ၌ဤသို့ ဖတ်ရ၏။ "သကရစ် ၅၉၇ ခု၊ အာသိန်းနှစ်နံကာ လဆန်း ၄ ရက် ကြာသပတေးနေ့၊ ကျစွာမင်း ရွှေတောင်တက်ပြီ။ 'ငါ့မိကိုဝ်ကားမသိလိုက်၊ ငါ့မိထွေးမွေး၍ငါကြီး၏။ ငါ့မိထွေးလျှင်တည်း ငါ့မိ၏'ဟူ၍အိမ်ပြုနေပေ၏။ အိမ်ထောင်ကျွန်လယ်လည်း ပေးတော်မူ၏။ အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်းငါစား၏။ အိမ်ငါနေသောထက်ကား သတင်းပညာဟိသော သခ်ါနေသော် မြတ်၏ဟူ၍ ငါကြိမိရကား ကူလည်းပြု၏။ ကူပြီးရကား ဖုရားလောင်းကိုငါကြား၏။ 'မြတ်စွာဘုရား ငါသခင်၊ အတို့ဝ်ကျွန်ကိုပြုပေသော အိမ်တည်းသာလည်း သာနိုးစွာ၏။ အတို့ဝ် ကျွန်တို့ဝ်နေသောထက်ကား သခ်ါနေသော် မြတ်၏ဟူ၍ ကူလည်းပြု၏။ အိမ်ထောင် ကျွန်လယ်လည်း အတို့ဝ်ကျွန်လှု၏။' ငါကြားရကား၊ 'မိထွေးတင့် အပ်နိုးသော သခ်ါထားလင့်'ဟု မိန့်တော်မူ၏။ သကရစ် ၆၁၅ ခု၊ စယ်နှစ်တပို့တွဲလဆန်း ၆ ရက်သောကြာနေ့၊ ကျောင်းသခ်ါကိုဆောက်တည်ခဲ့၍ ငါထွက်ခဲ့၏။ အိမ်ထောင်ကျွန်လယ်လှျှလျှင်၏။" ယင်းကျောက်စာ၌ ဝါကျတိုများဖြင့် လိုရင်းအဓိပ္ပါယ်ကို တိတိကျကျဖော်ပြထားသည်။ ကျောက်စာအချို့တွင် ဝါကျရှည်ကြီးများ သုံးသည်ကိုလည်းတွေ့ရ၏။

လေးထောင့်ကန်လေးမျက်နှာဘုရားကျောက်စာကို ဤသို့စ၏။ "သကရစ် ၅၈၅ခု၊ အာသိတ်သံဝစ္ဆရ၊ နတ်တော်လဆုတ်၇ရက် သောကြာနေ့အား၊ မြတ်စွာသောမင်းကြီး၊အမတျာ၊ မဟာသေနာပတိ အနန္တသူရ်မောင်နှံ နှစ်ယောက် ဤယ်လူတွင်နှိုက်အတိုင်းမသိသဒ္ဓါ၍ပြုသော ကောင်းမှုအကျိုးဖြင့်ကား၊ ရေမြေခပ်သိမ်းသော အသိခင်ဖြစ်သော မြတ်စွာသော မင်းကြီးစသော၊ မင်းညီမင်းသား၊ မင်းသမီးမင်းနှမခပ်သိမ်း၊ အမိပုရာစသော မောင်းမတော်ခပ်သိမ်း၊ အမတျာစသောဗိုလ်ပါခပ်သိမ်း၊ အောက်အဝီစိစသော အထက်ဘဝက်တိုင်အောင်၊ အတိုင်စကြဝဠာစသော အတိုင်းမသိသောစကြဝဠာနှိုက်နေသော လူနတ်သတ္တဝါခပ်သိမ်းသောတို့ကိုဝ် အကြွင်းမဲ့သဖြင့်၊ သသ်ရာဆိုင်ငြယ်မှ ထွက်မြောက်ခဲ့၍ ဆိုဝ်ငြယ်မဲ့သောနိုရဗန်ပြည်သို့ ရောက်စေချင်သောကြောင့်၊ ငါလည်းသိစပ်မြင်နှံ့သော သဗ္ဗညုတဉာဏ်ဘုရားဆုကို လိုချင်သောကြောင့်၊ ဤအာမနာမည်သော ကန်အရပ်နှိုက်ကား၊ များစွာသော ထန်းပင် တိလျှင်ကျောင်းအရံစိုက်လတ်၍၊ အုတ်အတိပြုသော တန်တိုင်း

www.foreverspace.com.mm

လည်း နှစ်ထပ်ရံလတ်၍၊ တန်တိုင်းတွင်နှိုက် ကလသာ အိုးအမယောင်နှင့်တူသော တင့်တယ်စွာသော စင်ကြဲထက်ကူ လည်းတည်၏။'' ယင်းဝါကျသည် ရှည်လျားသော်လည်း အဓိပ္ပါယ်ရှင်းလင်း၏။ ပုဂံပြည်သူပြည်သားတို့သည် စေတီပုထိုးအား ဝတ္တကံမြေလျှုရာ၌၊ မည်သည့်ရည်ရွယ်ချက်များထားရှိသည်ကို လိုက်စစ်ရှာဖွေလျှင်၊ ကုသိုလ်ရှင်တို့၏ စိတ်နေစိတ်ထားများကိုသိရသည့်အပြင်၊ နန်းတက်နှစ်များမှစ၍၊ နိုင်ငံသမိုင်းဆိုင်ရာ ပုဂံခေတ်မှတ်သားဖွယ်ကောင်းသောအကြောင်းအရာများကိုလည်း တွေ့ရပေသည်။ အထက်၌ကိုးကားသော စူဠာမဏိလေးမျက်နှာဘုရားကျောက်စာ၌ ကျစွာမင်းကပေးသောအိမ်နှင့် ကျွန်လယ်တို့ကို မိထွေးဖြစ်သူသည် 'အိမ်ငါနေသောထက်ကား သတင်းပညာရှိသော သခ်ါနေသော်မြတ်၏'ဟူ၍ သဃ်ာအားလျှုသည်ကို မင်းကြီးကသဘောတူကြောင်း၊ ကျစွာမင်းသည် ထိုမိထွေးမွေး၍ကြီးပြင်းလာခဲ့ပြီးလျှင်၊ ၅၉၇ ခုနှစ်တွင် နန်းတက်ခဲ့ကြောင်းတို့ကို ဖတ်ရ၏။

မြစေတီ ကျောင်းစာ၌ သီရိတြိဘုဝနာဒိတျ ဓမ္မရာဇ်မည်သောကျန်စစ်သားသည် သာသနာ ၁၆၂၈ခုနှစ်တွင် နန်းတက်၍ ၂၈နှစ်မင်းမူကြောင်း။ ထိုမင်း၏ 'ပါယ်မယား' ဖြစ်သော တြိလောကဝဋ္ဌသကာ ဒေဝီသည် နိုင်ငံသမိုင်းတွင် ဖတ်ရသော မထီးတူမသမ္ဘျှလပင်ဖြစ်၏။ သမ္ဘျှလတွင် ဖွားမြင်သောရာဇကုမာရ်သည် 'သေခမူနာသော'ခမည်းတော်မင်းကြီး၏ ကျေးဇူးများကိုအောက်မေ့ကာ ရွှေအထွတ်ရှိသော ကူဘရားတစ်ဆူကိုတည်၍ အမွေအနှစ်ဖြစ်သော ကျွန်သုံးရွာကိုလှျုလေ၏။

ပရိမ္ဘ ထီးလိုင်ရှင်ဘုရားကျောက်စာ၌လည်း ဓိလိုင်သျင်မည်သောကျန်စစ်သားသည် မိမိမွေးဖွားရာ ပရိမ်ပြည်နှိုက် စေတီတည်ပြီးလျှင်၊ 'ဥသာလမည် တန်လိုင်ပြည်ကို နည် ၂ ညက် ၂ ဖျက်ချေပြီး၍' ပညာကြီးသော တန်လိုင်သုခမိန် ကိုထားခဲ့ကြောင်းကိုဖတ်ရသည်။ 'တန်လိုင်' (တလိုင်း) ဟူသောစကားကို ဤကျောက်စာတွင် ပဌမဦးစွာတွေ့ရ၏။

နားတောင်းတပ်ဘုရားကျောက်စာ၌ စည်သူမင်းကြီး မယားဝေလုဝတီသည် နားတောင်းတပ်ဘုရားအား မြေလှျုကြောင်းပါသည်။ ''ကောင်းမှုကိုဖျက်သသူကား၊ အမျိုးခုနှစ်ဆက် ညက်ညက်ပြုန်းတီးပျက်စီးစေသော၊ အဝီစိအထဝဲရဲကျ၍ အကမ္ဘာဘာ ဖုရားတို့လာ၌ချွတ်လည်း မကျွတ်တတ်သည် ဝရဲသစ်ငုတ်လျှင် ဖြစ်စေသတည်း''ဟူသောလက်ာသံပါသည့်ကျိန်စာကိုတွေ့ရသည်။

ဖုရားမဖြစ်သောအကြား 'ပဠွင်ုတ်ရ်မည်သောစည်ညှင်းဖြင့်နှိုးထထသောစည်းစိမ်လို'သော အမတျာကြီးသိဃ်သူရ်ရေးထိုးသော ကူနီဘုရားကျောက်စာ၌ စည်ကြီးပန်တျာ၊ စည်သည်၊ ပသာသည်၊ ခွက်ခွင်းသည်၊ ကုလားပန်တျာ၊ မြန်မာပန်တျာတို့ကို တွေ့ရ၏။

ဧယျပွတ်ဘုရားကျောက်စာတွင် ဘုန်းတော်ကြီးများ သြဇာရှိကြောင်းသိရ၏။ သကရစ် ၅၇၃ ခုတွင် နန်းတက်သောဥဇနာမင်းထံမှရသော လယ် ၇၅ဝကို သံဗျင်ဧယျပွတ်သည် မိမိပြုသောတောကျောင်းဖုရားတရား သဃ်ာရတနာ ၃ပါးအား အကုန်လှျု၏။ ၅၉၇ ခုတွင် နန်းတက်သောကျစွာမင်းသည် အကြေအညာ၌ရှိသောမဟာဒါန်မြေခပ်သိမ်းကိုသိမ်းယူလေရာ၊ ဧယျပွတ်၏ မဟာဒါန်လယ်လည်းပါလေ၏။ ထိုသို့ ပါလေရကား ဧယျပွတ်တောကျောင်း၌နေသော သိခင်သဃ်ာတို့သည် မင်းကြီးအား 'မဟာရစ်၊ ဤဧယျပွတ်၏ မဟာဒါန်ကား တောကျောင်းဖုရားအားလျှင် လှျုခဲ့သတည်း' ဟူ၍ကြားလိုက်၏။ ဤသို့ကြားလိုက်ရကား ပညာကြီးသောမင်းကြီးသည် အမတ် ၆ ယောက်အားစစ်ဆေးစုံစမ်းစေ၍ ဟုတ်မှန်သည်ကိုသိလျှင် 'ဧယျပွတ်ကို ငါ့ခမည်း မဟာဒါန် ပေးသလည်းစင်၏။ ဧယျပွတ်သည် တောကျောင်းဖုရားလှျုသလည်း စင်၏ ဟူမူကား ငါလည်းလှျုပါတုံ၏ဟူ၍ မင်းကြီးကား အမတ်တကာမှောက်လျှင် ရေစင်တော်ချ၍ လှျုတံသတည်း။' ယင်းသို့ ဘုန်းတော်ကြီးများ သြဇာရှိရခြင်းအကြောင်းမှာ မင်းကြီးမှစ၍ ပုဂံပြည်သူပြည်သားတို့သည် ရတနာသုံးပါးကို အလွန်တရာကြည်ညိုလေးမြတ်သောကြောင့်ဖြစ်၏။

သျှင်ဒီသာပါမေက္ခကျောက်စာ၌ သျှင်ဒီသာပါမောက်သည်ရဟန်းဖြစ်လျက်နှင့် တရုတ်ပြည်သို့ သံအဖြစ်ဖြင့်သွားရောက်ကာတိုင်းရေးပြည်မှုကို ဆောင်ရွက်ကြောင်းသိရသည်။ ဆောက်ရွက်ပုံကား ဤသို့တည်း။ သကရစ် ၆၄၇ ခုနှစ်တွင် ပြည်မြို့အနောက်ဘက်လှည်းကျွန်းမင်းကြီးနေတော်မှု၏။ အနန္တဝိစည်းမဟာပိုဝ်တို့ကိုခေါ်၍ တရုတ်တို့၏ အလားအလာကို သိအောင်စေလွှတ်ရာ၊ သုဝဏ္ဏလိပ်ပြုအံ့သောသူမရှိသဖြင့် ထိုအမတ်တို့ကိုမလွှတ်ဘဲ သျှင်ဒီသာပါမောက်ကိုလွှတ်တော်မှု၏။ တရုတ်မင်းက ပုဂံသို့ပို့လိုက်သော သုသုတ္တကီမင်းသားနှင့် သူရဲ ၂ဝဝဝဝ၊ ပုညဓမ္မိကမဟာထီး၊ သီရိဓမ္မိကာသဃ်ာထီးတို့သည် မဟာယာနဘုန်းတော်ကြီးများ ဖြစ်ကြဟန်တူ၏။ ယင်းတို့သည် သျှင်ဒီသာပါမောက်အား လက်ဆောင်လက်နက်ဆက်၍၊ ပုဂံသာသနာကို သူတို့မပြုဘဲနေရစေ ကြောင်းဆိုကြရကား၊ သျှင်ဒီသာပါမောက်လည်း တယ်တူသို့တက်လေ၏။ တရုတ်မင်းလည်း နှစ်လိုစွာ၍ ပြည်ထဲစကားကို ဆိုကြ၏။ ပြည်မှုကိုကား မဆိုရ၊ 'ပဏ္ဍိတ်၊ ဤငါ့သူရဲ ၂ဝဝဝဝနှင့် မဟာထီးသဃ် ထီးလျှင်နှင့် သာသနာပြုလေ'ဟုအပ်နှင်းရာ၊ ဘုန်းတော်ကြီးက 'မဟာရစ်၊ ဤ

www.forestspace.com.mm

သူရဲအလုံး သဃ်အလုံးစပါးရှိမှ တည်ကြည်အံ့၊ စပါးကား ပြည်၏ စည်းစိမ်မဟုတ်လော။ ဤသူရဲတို့သည် ထန်းကို မည်း၍စားလျှင် ဝမ်းနာ၍မသေကုန်လော။ ကြွင်းသော သဃ်တို့လည်း ပြည်တွင်း မဝင်ဝံ့ဘဲတောသို့ပြေး၍ သေကုန်ခဲ့တကား။ မင်းကြီး အောင်ပြီးသောအမှုမဟုတ်လော၊ ဥယျာဉ်စိုက်သောယောကျ်ားကား ရေသွန်း၍ သစ်ပင်ကို ကြီးစေ၏။ အညွန့်မဆိတ်တကား၊ သစ်ပင်သီးပြီးသော အခါမှ အသီးကိုစား၏။ တမ္ဗဒိပ်ပြည်ကိုလည်း ရေသွန်ဦး၊ မင်းကြီးကား ဖုရားဆုတောင်းသော သူမဟုတ်လော၊ အဖကောတမသာသနာကို မပျက်စေလတ်ပေ။ မင်းကြီးနိုင်သောပြည်ကား များလည်းများစွ၊ ကြီးလည်းကြီးစွ၊ တမ္ဗဒိပ်ပြည်ကားအငယ်တည်း။ သူရဲမဝင်စေနှင့်ဦး၊ ငါကား ကောက်ပဲစိုက်လေဦးအံ့၊ ကောက်ပဲပြီးပြီးသောကား၊ ဝင်' ဟူ၍ဆိုပေ၏။ ဤ၌တရုတ်မင်းသည် တိုင်းပြည်ကို နိုင်ရုံနှင့်မကျေနပ်သေး၊ သာသနာပေါ်တွင်လည်း လွှမ်းမိုးချင်သောကြောင့် ဘုန်းတော်ကြီးက ယင်းသို့ပြောဆိုဟန်တူ၏။ တရုတ်မင်းက 'ဤစကားတွင် ငါ့အဖို့လေးပါ၏။ ပဏ္ဍိတ်လာ၍ပြေးပြေးသောသျှင်တို့ကိုခေါ်လေ။ ကောက်ပဲလည်းစိုက်လေ။ ပြီးပြီးသောအခါ ငါကိုလွှတ်လတ်တုံ'' ဟူ၍ဆိုလျှင်၊ ဘုန်းတော်ကြီးသည် ပြန်လာခဲ့၏ဟူသတည်း။ (ဒီသာပြမုက်၊ သျှင်–ရှု။)

ထိလုကုန်းဘုရား ကျောက်စာ၌ 'ပိတကတ်သုံးပုံလည်း တတ်စွာထသော သသ်ကြိုတ်ဗျာကရိဏ်ဟူးရားသ္ဓား အမှုလည်းတတ်စွာသော စတူရင်ဗိဇယ် မည်သော အမတ်ကြီးသည် ပြုသောကျောင်းအရပ်နှိုက်' ဟူသော စကားကို ထောက်သော်၊ ပုဂံခေတ်တွင် ပိဋ္ဌကတ်သုံးပုံကို သာမက သသ်ကြိုက်ပညာရပ်များကိုလည်း တတ်သောပညာရှိ အမတ်ကြီးများရှိကြောင်း သိရ၏။ ပုဂံကျောက်စာများ၌ သီရိ၊ သောကြာ၊ စကြာဝဠာအစရှိသည်တို့ကို ပါဠိစာလုံးပေါင်းဖြင့်မရေးဘဲ သက္ကတ စာလုံးပေါင်းဖြင့် ရေးကြသည်။

လေးထောင့်ကန်မြောက်ကျောင်းကျောက်စာ၌ ငါဆောင်ချမ်းစစ်ပွဲကို ရည်ညွှန်းသောအချက်ပါသည်။ 'သကရစ် ၄၆၀ ပိသ္ဓက်နှစ်၊ ဤနှစ်ပစ္စယာမည်သော အမတ်ကြီးသည် မြတ်ကြီးမဟာကဿပအရပ်(နှိုက်) ထေရကျောင်း မရှိရကား၊ ထေရကျောင်း ဖြစ်စိမ့်ဟူ၍စီရင်၏။ ကျောင်းကား မပြဦးတန်တိုင်းပြု၏။ တိုင်တန်းလည်းမပြီးခဲ့၊ ဤနှစ်ပစ္စယာလည်း ငါဆောင်ချမ်းမြို့နေရလေ၏။ ပြည်ထဲ ပျက်စီးသောဖြစ်ခဲ့၏။'

သက္ကရာဇ် ၆၃၃ မင်းဝိုင်းကျောက်စာ၏ ကျောဘက်တွင် မိဖုရားဖွားစောသည် ဤသို့ဆုတောင်း၏။

'ဤသို့ဝ်ကြီးစွာလျှင် ငါမှုသောကောင်းမှုအကျိုးဖြင့် နိယ်ရဗန်မရောက်သောကြား လူဖြစ်သော်ကား လူတကာ ထက်မြတ်သော စည်းစိမ်ချမ်းသာ ငါရလိုမ်း။ နတ်ဖြစ်သော်လည်း နတ်တကာထက်မြတ်သော နိုင်ငံသောအဆင်းအရောင်အဝါနှင့်ပြည့်စုံ၍ အထူးသဖြင့်လျှင် အသက်ရှည်သောအနာမဲ့သော အဆင်းလှသော အသံသာသော အလုံးအယပ်လှသော လူနတ်ခပ်သိမ်း ချစ်ခင်ရှိသေသော မြတ်နိုဝ်းသော ငါဖြစ်လိုမ်း။ ရွှေငွေပတ္တမြား ပုလဲသန္တာစသော အသက်မဲ့ဥစ္စာ၊ အသက်ရှိသော ဆင်မြင်းကစသော ဥစာ ရတနာများစွာသော ငါဖြစ်လိုမ်း။ ဘုန်းတန်ခိုးဖြင့် အနိုင်အင်းအခြံအရံ အကျော်အစော ဝကြီးစွာသောငါဖြစ်လိုမ်း။ ဖြစ်လေရာရာအရပ်နှိုက် အလျှုသတင်းသဒ္ဒါ ပညာကစသော မြတ်သောကျေးဇူးနှင့်ပြည့်စုံလျက် ဆိုဝ်ငြယ်အမှတ်မသိလို။ လူစည်းစိမ်နတ်စည်းစိမ်ခံစားပြီး၍ အဆုံးနှိုက်သော အရဟတ္တဖိုလ်မည်သောမြတ်သောအကျွတ်တရားပွင့်လတ်၍ ငြိမ်ဆိမ်စွာသောနိယ်ရဗန်ချမ်းသာ ငါရလိုမ်း။' ဤစာကိုထောက်ရှုခြင်းအားဖြင့် မိဖုရားဖွားစော၏စိတ်ဓာတ်တွင် မာန်မာနဖက်သည်ဟု ဆိုရာသည်။ ဖြစ်လေရာရာတွင် လူတကာ၏ ထိပ်၊ နတ်တကာ၏မကိုင်ဖြစ်လို၏။ ငါ–ငါ ဟူသော သက္ကာယဒိဋ္ဌိသံ၊ မာနသံတို့ ရောစွက်လျက် ရှိ၏။ (စော၊ မိဖုရား–ရှု။)

သက္ကရာဇ် ၆၂၈ ခုနှစ် အာမနာကျောင်း ကျောက်စာတွင် သိဃ်သူ့သမီးသည် ဤသို့ဆုတောင်း၏။

'ဤယ်ငါတို့ပြုသော ကောင်းမှုအကျိုး၊ အတို့ခပ်သိမ်းသောကို အစိုးရသော ရေမြေအသိခင်ဖြစ်သောမင်းကြီးလည်းစေရ၏။ ဤယ်ကောင်းမှုအာနုဘောဖြင့် ပြည်တိုင်းကားခပ်သိမ်းသော နှိုက်နေသောလူခပ်သိမ်းသော၏ အစီးအပွားချမ်းသာကိုရှာပေလျက် သက်တော်ရှည်စွာနေ၍ ဤယ်ကောင်းမှုကို ထောက်ပင့်စေသတည်း။ အမိဖုရားစသော မောင်းမတော် ခပ်သိမ်းလည်းရစေ၏။ အချင်းချင်းအမျက်အဣါတစ္ဓေမရှိ ချစ်သောမျက်စွေဖြင့် ရှုကြရစေ၏။ ယခုရှိသော နောင်ဖြစ်လတ်အံ့သော မင်းကြီး မင်းသားအမတျာစသော သူခပ်သိမ်းလည်းရစေသတည်း။ အရေအရံ ယူပါစေသတည်း။ ယမမင်းစသောသတ္တဝါခပ်သိမ်းလည်းရစေသတည်း။ အရအမိကိုလိုသောသူကား အရအမိရစေ၏။ ကောင်းမှုကိုမူလိုသောသူကား ကောင်းမှုကို ရစေ၏။ ငါလည်း ရံမက်ကြီးသော မရောင့်ရဲတတ်သော အမျက်ကြီးသော သူတစ်ထူးကို ညှဉ်းဆဲတတ်သော ပညာမရှိသော မိုက်သောဝန်တိုသော အပေးအကမ်းမရှိသော သစ္စာမရှိသောပျက်တတ်သောမ့ေလျှောသော အောက်မ့ေတသကင်းသောမဖြစ်မူ၍ ရံမက်နည်းသော ရောင့်ရဲလွယ်သော အမျက်နည်းသော သနားတတ်သော ပညာရှိသောအကြောင်းကိုသိတတ်သော ဝန်မတိုသော အပေးအကမ်းရှိသော သစ္စာရှိသော မပျက်တတ်သော မမ့ေလျှောသော

www.forumspace.com.mm

အောက်မေ့ဟာသရှိသော ဤယ်သို့သောကျေးဇူးတို့နှင့် ပြည့်စုံလျက် သသီရာနှိုက်ကျင်လည်၍ မိတ္တာရာဖုရားမျက်မှောက်ကက်ကက်လျှင် မြတ်သောအကျွတ်တရားရလိုသတေး။'

ဤစာကိုထောက်ရှုခြင်းဖြင့် သိဃ်သူ့သမီးသည် အထက်ဆိုခဲ့ပြီးသောမိဖုရားဖွားစောနှင့် စိတ်ဓာတ်ချင်း တူပုံမရ။ အလိုရမ္မက်အမျက်ကင်းရှင်းလျက် သူတထူးအား စောင်မကြည့်ရှုလိုသောစိတ်သာလျှင်ရှိ၏။ မိမိကိုယ်ကိုနှိမ့်ချလိုသောစိတ်လည်းရှိ၏။ ဤသို့ မွန်မြတ်သောစိတ်ဓာတ်နှင့်ပြည့်ဝသည့် သိဃ်သူ့သမီး၏ဆုတောင်းပဌနာကို မြန်မာအမျိုးသမီးတိုင်း အစဉ်မပြတ်ဖတ်ရှုဆင်ခြင်အပ်၏။ ထိုမိဖုရားနှစ်ပါးတို့၏ အတွင်းစိတ်ဓာတ်သဘော တည်နေပုံခြားနားခြင်းကို ဖတ်ရှုသူတို့ ကွက်ကွက်ကွင်းကွင်း ထင်လင်းပေါ်လွင် သိမြင်အောင် ရေးသားခင်းမှာ လွယ်ကူသည်မဟုတ်ချေ။ ပုဂ္ဂိုလ်အမည် ဝတ္ထုတ္တစ်စုံတစ်ခု၏ ဖြစ်ပျက်သည့် အကြောင်းအရာကို ပြန်လည်ရေးသားခြင်းထက်ခက်ခဲ၏။ ယင်းသို့ခက်ခဲသော်လည်း၊ အဆိုပါကျောက်စာ၂ခုတို့တွင် အဓိပ္ပါယ်ပါပါနှင့် မိမိရရ ရေးသားထားသည်ကိုထောက်ရှုခြင်းအားဖြင့်၊ ပုဂံခေတ်မြန်မာစာအရေးအသားသည် မည်မျှတိုးတက်လျက်ရှိသည်ကို သိသာနိုင်၏။

မိဖုရားဖွားစော၏အလှူစာရင်းကို 'မင်းကြီးပြ၍ အမှုကွန်းတင်၏။ . . . . သစ်တလားတွင်ထည့်၏။ ရွှေပေရှစ်ချပ်၊ ရွှေခြည် ဖွဲ့၏။ သစ်ကျမ်းဆေးရေးတည်း . . . . တန်ဆိပ်သံကောက် (ကို) မြတ်လှကြီးစွာလက်တွင် လျှင်နှင်း၍' ဟူ၍ အဆိုပါကျောက်စာတွင် ဆက်၍ဖတ်ရ၏။ သို့ဖြစ်၍ အလှူစာရင်းများကို ကျောက်စာတွင် ရေးသားသည်သာမက၊ ရွှေပေတွင်ရေးပြီးလျှင်၊ ဆေးရေးသစ်ကျမ်းပြု၍ ထားလေ့ရှိသည်ကိုလည်း သိရသည်။ (ပုဂံထက်နှစ်ပေါင်း ၅၀၀ လောက် ဦးသော သရေခတ္တရာပြည်တွင် အဘိဓမ္မာကောက်နုတ်ချက်များကို အိန္ဒိယတောင်ပိုင်းအက္ခရာများဖြင့် ရွှေပြားပေါ်၌ ရေးသားခဲ့ကြလေပြီ။)

ရွှေပေရှစ်ချပ်တွင်မော်ကွန်းတင်သော အလှူစာရင်းတွင် အောက်ပါအကြောင်းအရာတို့ကို ဖတ်ရ၏။

'ဤအမနာမည်သောမြေအရပ်နှိုက် ရခဲစွာသောရတနာသုံးပါးထားအံ့သောငှါ တင့်တယ်စွာသော အုတ်အတိသော အရံတန်တိုင်း ပြု၏။ ထိုတန်းတိုင်တွင် ကလသာအိုးအယောင်နှင့်တူသော တင့်တယ်စွာသောစကြ်ိထက် လေးမျက်နှာရှိသော ကူလည်းတလုံးပြု၏။ ထိုကူတော်တွင် လေးမျက်နှာလျှင် အမျက်ခတ်သောရွှေပလွင်လက် နဝတင်ဝန်စာမာနှင့် ဆင်သော ဖုရားဆင်းပုပြု၏။ ဖုရားဟောသော နိကာယ်ငါးပါးရှစ်သောင်းလေးထောင် တရားပိဋကတ်သုံးပုံထားအံ့သောငှါ ကုလားကျောင်းလည်းပြု၏။ ထိုကျောင်းတွင် ရွှေတလားနှင့် ပိဋကတ်လည်းထား၏။ ရွှေရည်ရေးသောထက်ဝယ် ဖုရားအရပ်၊ ဖုရားတန်ထိမ်သုံးဆူလည်းထား၏။ ကျောင်းကြီးပြု၏။ ဓမ္မသာပြု၏။ ကျောင်းမြင့်ပြု၏။ စလစ်ကျောင်းနိမ့်ပြု၏။ အလှူပစ္စည်းထားစိမ့်သောငှါ ကပ္ပိယကုဋိပြု၏။'

အထက်ပါ လေးထောင့်ကန်လေးမျက်နှာဘုရားကျောက်စာအစဖြစ်သောဝါကျရှည်ကြီးကို ဆက်ဖတ်လျှင်၊ ကူဌာပနာသောအကြောင်းအရာစသည်တို့ကို တွေ့ရ၏။

"ကူပဌာနပနာသောအခါနှိုက်ကား သရီရဓာတ်တော်ထည့်သောတန်စီကူကြုတ်၊ ထိုအပကား ဖန်ပြုသောကြုတ်၊ ထိုအပကားရွှေပြုသော၊ ထိုအပကားငွေပြုသော၊ ထိုအပကား ရွှေမှု၍ ရတနာတိအမျက်ခတ်သော၊ ထိုအပကား ဆင်စွယ်ပြုသော၊ ထိုအပကား ကြေးနီပြုသော၊ ထိုအပကားကျောက်ပြုသော၊ ထိုတွင်ထည့်ပါသောရွှေစမခန်း၊ ငွေစမခန်း၊ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ရွှေတန်ဆောင်း ငွေတန်ဆောင်းတို့ဖြင့် ပူဇော်၍ထည့်လိုက်၏။ ကျောက်ပုထိုးကိုကား ဆေးရေး၍ကြေးခြည်နှင့် ခတ်၏။ အထွတ်ကားရွှေထွတ်ပြု၏။ အထွတ်ထက်ကား ရွှေထီးဆောက်၏။ ရွှေထီးကိုကား ပုလဲသန္တာဆွဲ၏။ အထွတ်အောက်ရွှေကား ပုဆိုး(၇)ထပ်လွှမ်း၏။ ပုဆိုးထက်ကား ရွှေကျက်တဝိုယ်ခတ်၏။ ရွှေ ၃၀သွန်းသော ရွှေပုရား ၁ခု၊ ငွေ ၅၀ သွန်းသော ငွေပုရားတခု၊ ကျောက်ဖြူပြု၍ ရွှေရည်ရေးသောပုရားတခု၊ ရွှေထီးငွေထီးတို့ လည်းဆောင်း၏။ ထိုသို့သော အထူးထူးသဖြင့်ပြု၍ဌာပနာ၏။ ကူတွင်ကား ပုရားသိခင်ဆင်းတုလေးမျက်နှာပြု၍ ရတနာတိတောက်ပဆန်းကြယ်စေ၏။ ကူအရံတွင်နှိုက်ကား များစွာသော ပုရားဆင်းတုလည်းပြု၏။ ဇာတ်ငါးရာလည်း အတင့်အတယ်ရေး၏။ ကူထွတ်တန်ဆာ ပန်ထျန်လက်တွင် ချိန်ပေး၍ခုတ်သော ကြေးကား ၄၇ ဗိသာစဗိုလ် ၄ ကျပ်ခုတ်သော ယုတ်သောကြေးကား ၇ ပိသာ ၉ ကျပ်အပြီးခံသော ကြေးကား ဗိသာ ၄၀ ၇ ဗိုလ် ၅ ကျပ်၊ ရွှေသား ဝင်သော ၇၉ ကျပ် ၃ မတ်၊ ပြထား ရည်ကား ၁၅၉ ကျပ်ဝင်၏။ ဤယ်သို့သော ရတနာဖြင့် ကူထွတ်ကိုတောက်ပစေ၏။ ပိဋကတ်သုံးပုံသော တရားအပုံလည်းပြု၏။ တရားနာအံ့သော ပရိသတ်တကာ စည်းဝေးစိမ့်သောငှါ ကျောက်အုတ်တိဖွဲ့သော သာယာစွာသောမဓ္ဓာသာလည်းပြု၏။ တရားဟောရာရွှေပလွင်လည်းပြု၏။ ပလ္လထက်ကား ရွှေထီးလည်းဆောက်၏။ အထက်ဖြင့်ကား ပိတာန်လည်းဆင်၏။ နိရဗန်ကိုလိုသော သူတော်တကာတို့ ဆုမွှမ်းခံစိမ့်သောငှါ သိခင်ထေရ်နေရာ သာယာစွာသောကျောင်းကြီးလည်းပြု၏။ တန်တိုင်းတထပ်သော အပဝန်းကျင်ကား သာသနာကိုချစ်၍သတင်းကျင့်သောသိခင်အရိယာတို့ နေစိမ့်သောငှါ များစွာသောကျောင်းလည်းအစဉ်ပြု၏။ သိခင်အရိယာတို့

www.foreverspace.com.mm

ရေချမ်းသာ စိမ့်သောဌါ အုတ်တိဖွဲ့သောရေတွင်းလည်းတူး၏။ အုတ်ဖွဲ့သော ၄ ထောင့်ကန်လည်းတူး၏။ အရှေ့ဖြင့်ကား ကန်ကြီးလည်း ၂ဆင့်တူး၏။ ရေဝင်စိမ့်သောဌါ ပြွန်နှင့်တလားလည်း အတင့်အတယ်ပြု၏။ ရေကန်အပါးဝန်းကျင်တွင်ကား ဥယျာဉ်လည်း စိုက်၏။ ထိုကျောင်းအပကားလေးမျက်နှာလာလာသော သူတော်တကာနေသောအိပ်သောရပ်သော အလိုရစိမ့်သောဌါ တင့်တယ်စွာသောတန်တိုင်းရုပ် အထူးထူးသဖြင့် ဆန်းကြယ်ထလျက်သောသာယာစွာသောတန်ဆောင်းကြီးလည်းပြု၏။ ထိုအနောက်ဖြင့်ကား အလှူပေးလိုသော သူတော်တို့ အလှူပေးစိမ့်သောဌါ မြဲမြဲစွာသောအုတ်စရပ်လည်း ပြု၏။ ဤယ်ငါ့ကျောင်းနှိုက်ရှိသော ပုရားတရားသင်္ဃာတို့ ချမ်းသာစိမ့်သောဌါပြည်အစနှိုက်ကား အုတ်နှင့်မြဲမြဲစွာဖွဲ့သောကပ္ပိယကုဋ္ဌိလည်းပြု၏။ အလုပ်အကျွေးလည်းများစွာထားပေ၏။ လေးမျက်နှာလာသောသူတို့ ရေအလိုရစိမ့်သောဌါ အုတ်နှင့်မြဲမြဲစွာဖွဲ့သော ရေတွင်းလည်းတူး၏။ ဤယ်မျှသော အနှစ်မောင်နှံပြုသောကောင်းမှုခပ်သိမ်းကား သာသနာအနှစ် ၅၀၀၀မြောက်အောင်တည်ရစိမ့်သောဌါအစီအရင်များ စွာပြုသတည်း။' ဤမျှခမ်းနားဆန်းကြယ်သော အဆောက်အအုံအစီအရင်တို့ကို ထောက်ရှုသော်၊ ပုဂံပြည်သည် မည်မျှစည်ပင်သာယာဝပြောချမ်းသာလျက်ရှိသည်ကို သိနိုင်၏။

ကျောက်ပေါ်တွင်မဟုတ်ဘဲဘုရားနံရံတွင်ရေးသားသောမင်စာများလည်းရှိကြသေး၏။ ဤကဲ့သို့သောမင်စာများကို ယခုထက်တိုင်အမြောက်အမြားတွေ့နိုင်သေးသည်။ မင်စာတို့ဖြင့် အထူးဖော်ပြသည့်အကြောင်းအရာများကား၊ဂေါတမမြတ်စွာဘုရား၏ ဘုရားမဖြစ်မီနှင့်ဖြစ်ပြီး အတ္ထုပ္ပတ္တိ၊ ရဟန္တာများ၏ ရှေးဘဝအတ္ထုပ္ပတ္တိ၊ နှစ်ကျိပ်ရှစ်ဆူသော ဘုရားတို့၏ဗျာဒိတ်ခန်းနှင့် ဗောဓိပင်၊ ၅၅၀ ဇာတ်ဝတ္ထု၊ ဇာတ်တော်ကြီး ၁၀စောင်၊ ကိဋ္ဌိပူရဏ် သီတင်းသုံးနေသော ရှင်ဓမ္မပါလရေးသည့် ဝိမာနဝတ္ထု၊ သုတ္တန်အမျိုးမျိုးဟောကြားခြင်း၊ သီရိဓမ္မာသောကမင်းအတ္ထုပ္ပတ္တိနှင့် သီဟိုဠ်ကျွန်းသို့ ရှင်မဟိန္ဒကြွသည့်အကြောင်းများ ဖြစ်သည်။

သက္ကရာဇ် ၅၈၂ရေး ဘုရားရပ်စောက်မင်စာ၌ 'ပိဋ္ဌကတ်အဦး သီလခန်ဓဝါသီတစ်ကျမ်း၊ အဘိဓံမသင်ဂိနီတစ်ကျမ်း၊ တသဇာတ်တစ်ကျမ်း၊ ဓံမ'တစ်ကျမ်း ဝိနည်းတစ်ပုဒ်လည်း ပြုခဖူး၏' ဟူ၍ အချို့သောပိဋ္ဌကတ်ကျမ်းတို့ကို အမည်ဖြင့်ဖော်ပြထား၏။

ပုဂံပြည်ကြီးကျယ် ခမ်းနားစဉ်အခါက ထိုးစိုက်ခဲ့သော ကျောက်စာများသည် ရာပေါင်းများစွာရှိ၏။ ခရစ် ၁၁၂၂ခု လောက်တွင်ရေးထိုးသော မြစေတီဘုရားကျောက်စာ၌ မြန်မာအပြင်၊ ပျူ၊ ပါဠိ၊ မွန်ဘာသာတို့ကိုတွေ့ရ၏။ ပျူဘာသာသည် သရေခေတ္တရာပြည်၌ထင်ရှား၍၊ ပုဂံခေတ်တွင်ပင် တိမ်ကောသွားလေပြီ။ ကျန်သုံးဘာသာတို့တွင် ပါဠိသည် မဓျိမဒေသတွင် ခရစ်မပေါ်မီ နှစ်ပေါင်း ၅၀၀ လောက်ကထင်ရှားသောဗုဒ္ဓသာသနာဆိုင်ရာ ပိဋ္ဌကတ်သုံးပုံကို ရေးသောဘာသာဖြစ်သည်။ ရှေးအကျဆုံးမွန်စာကို ၈ ရာစုနှစ်နောက်ပိုင်းတွင် အယုချမြောက်ဘက် လောဗျုရို(လဝပုရ)၌ ရေးထိုးသော ကျောက်စာများတွင် ဖတ်ရသည်။ အများအားဖြင့် အနော်ရထာမင်းလက်ထက်မှစ၍ နရပတိစည်သူဟုခေါ်သော ဒုတိယစည်သူ၏လက်ထက်အထိ ရေးထိုးကြသောကျောက်စာများအနက် ကျန်စစ်သား၏ ကျောက်စာများသည် မွန်ဘာသာ နှင့်ရှိ၍၊ အလောင်းစည်သူခေါ်သော ပဌမစည်သူ၏ကျောက်စာများမှာ ပါဠိဘာသာနှင့်ရှိလေသည်။ ဒုတိယစည်သူ၏လက်ထက်မှစ၍ မြန်မာဘာသာကျောက်စာအမြောက်အမြား ပေါ်ပေါက်စဖြစ်သောမြန်မာစာအရေးအသားသည် ရှေးကျသောပါဠိမွန်ဘာသာတို့မှ ကောင်းနိုးရာရာတို့ကို ခံယူကာ တဖြည်းဖြည်းထိုးတက်လာကြောင်း သိရသည်။

မြန်မာစာပေ၏အုတ်မြစ်သဖွယ်သာမက၊ မြန်မာယဉ်ကျေးမှု၏ ကြေးမုံသဖွယ်ဖြစ်သော ပုဂံကျောက်စာများကို နဂိုအဂ္ဂရာပေါ်အောင်၊ အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်၌ စက်တင်ပုံနှိပ်၍၊ နိုင်ငံခြားရှိပိဋ္ဌကတ်တိုက်များသို့ ရန်ကုန်တက္ကသိုလ်ကဝေငှထားသည်မှာ အားရစရာကောင်းလှပေသည်။

ဦးဖေမောင်တင်

ပုဂံခေတ်ဥဿပဲကူတိုက်ပွဲ။ ။ပုဂံခေတ်တွင် ဥဿာပဲကူတိုက်ပွဲဟူ၍ ဘုရင်နှစ်ပါးလက်ထက်၌ တိုက်ပွဲ ၂ကြိမ်ဖြစ်ပွားခဲ့သည်။ ပဌမဥဿာပဲကူတိုက်ပွဲသည် အနော်ရထာမင်းလက်ထက်တွင် ဖြစ်ပွား၍၊ ဒုတိယဥဿပဲကူတိုက်ပွဲသည် သားတော်စောလူးမင်း လက်ထက်တွင်ဖြစ် ပွားသည်။

အနော်ရထာမင်း၏လက်ထက်တွင် ဖြစ်ပွားနေသော ဥဿာပဲကူတိုက်ပွဲမှာ ဥဿာပဲကူသို့ ဂျမ်းစစ်သည်များချီလာ၍၊ ဥဿာမင်းက အနော်ရထာမင်းထံ စစ်ကူတောင်းခြင်းကို အကြောင်းပြုသည်။

ဥဿာမင်းက စစ်ကူတောင်းသည့်အခါ အနော်ရထာမင်းလည်း မြင်းသည်ကောင်းလေးသိန်းစစ်ကူလာလိမ့်မည်ဟု မိန့်တော်မူလိုက်ကာ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး သူရဲကောင်း လေးယောက်တို့ကို နတ်၏တန်ဆာကဲ့သို့သောတန်ဆာကို ဝတ်ဆင်စေ၍ အလုပ်အကျွေးကုလားခြေကျင်ရှစ်ကျိပ်နှင့်အတူ ဥဿာပဲကူသို့ စစ်ကူစေလွှတ်လိုက်လေသည်။

ဥဿာမင်းလည်း မြင်းသည်လေးသိန်းလွှတ်မည်ဆိုပါလျက် မြင်းလေးစီးသာရောက်လာသည်ဟု စိတ်မသာရှိစဉ် နတ်မြင်းသည်လေးစီးသားတို့သည် သူတို့၏လုပ်ရည်ကြီ

ကုန်ကြီးမြို့ရဲ့ ကုန်းတောတန်းတွေ

www.foreverspace.com.mm

ရည်တို့ကို သခွါးယာအစရှိသည်တို့၌ပြကြရာ မင်းနှင့်တကွ လူအပေါင်းတို့အုံ့ဩခြီးမွမ်းကြကုန်၏။ ဆင်လုံးမြင်းလုံးနှင့် ကွများစွာသောဂျမ်းစစ်သည်တို့ရောက်လာသောအခါ သူရဲကောင်းလေးယောက်တို့သည် ဂျမ်းစစ်သည်တို့လေးစုကွဲ အောင်အလယ်ထွင်း၍တိုက်သည်။ ဂျမ်းစစ်သည်တို့လည်း လေးစုကွဲကာပရမ်းပတာပြေးသည်။ ထိုအခါသူရဲကောင်း လေးယောက်သည် အောက်ဗြရဲ၊ အောက်ဗြဘုံ၊ အောက်ဗြ ပိုက်အမည်အသီးသီးရှိသော ဂျမ်းစစ်သူကြီး လေးယောက်ကို လည်းဖမ်းယူ၍ ဥဿာမင်းအားဆက်သည်။

ဥဿာမင်းလည်းလွန်စွာနှစ်ထောင်းအားရသည်ဖြစ်၍ သူရဲကောင်းလေးယောက်တို့အား ကြီးစွာသောဆုလာဘ် ပေးသည်။ သူရဲကောင်းလေးယောက်တို့၏အရှင် အနော်ရထာမင်းအားလည်း ဥဿာမင်းအဆက်ဆက်တို့ ရွှေကြုပ်တွင်ထည့်၍ကိုးကွယ်သော ဓာတ်တော်ကိုဆက်သည်။ ထိုအပြင်ဥဿာမင်းသည် မိမိ၏ချစ်စွာသော ရွှေအဆင်းကဲ့သို့ရှိသောခြေသ့ေ်ရုပ်အလေးမျှသာရှိသည့် သမီးတော်မဏိစန္ဒာကိုလည်း အနော်ရထာမင်းအား ဆက်လေသည်။

စောလူမင်း၏ လက်ထက်တွင်ဖြစ်ပွားခဲ့သော ဥဿာပဲကူးတိုက်ပွဲကား စောလူးမင်းအား အထိန်းတော်သား ဥဿာပဲကူးစား ငရမာန်ကန်းက တော်လှန်ပုန်ကန်ရာ စတင်ဖြစ်ပွားခဲ့သည်။ (စောလူးမင်း။ ငရမာန်ကန်း–ရှု။)

ငရမာန်ကန်း၏တပ်များသည် ပုဂံသို့ချီလာ၍ ပြည်တော်သာကျွန်းသို့ရောက်သော် စောလူးမင်း၏တပ်များနှင့် စစ်တွေ့ကြရာ စောလူမင်းအရေးနိမ့်သောကြောင့်၊ ငရမာန်ကန်းလည်း စောလူးမင်းကို ဖမ်းယူသွားလေသည်။ နောင်အခါ၌ စောလူးမင်းအား ကျန်းစစ်သားခိုးယူရန် အားထုတ်သော်လည်းမအောင်မြင်ချေ။ ထိုနောက် ငရမာန်ကန်းလည်း အနုရာဓလွန်သော် ကျန်စစ်သားသည် ငရမာန်ကန်း၏ ရန်ကို နှိမ်နှင်းခဲ့ရာ၊ မွန်၊ မြန်မာ၊ ပျူတို့၏ ပုဂံနိုင်ငံတော်ကြီးလည်း ပြိုကွဲခြင်းအန္တရာယ်မှ လွတ်မြောက်ခဲ့ရလေသည်။

ပုဂံမြို့ ။ ။မြင်းခြံခရိုင်အတွင်း မြင်းခြံမြို့တောင်ဘက်၊ ဧရာဝတီဖြစ်၏အရှေ့ဘက်ကမ်းပေါ်တွင်တည်ရှိသော ပုဂံမြို့သည် မြန်မာနိုင်ငံသမိုင်းတွင် ပုဂံမင်းဆက်တို့၏ ထီးနန်းဆိုက်ရာ နေပြည်တော်ကြီးဖြစ်ခဲ့သည်။ ပုဂံမြို့ဟောင်းကား ၁၆ စတုရန်းမိုင်ကျယ်သည်။

ပုဂံရာဇဝင်ကိုပြောလျှင်တုတ်ထမ်း၍ပြောရသည်ဟူသော စကားနှင့်အညီပင် ပုဂံရာဇဝင်သည် ရှုပ်ထွေးလျက်ရှိသည်။ မှန်နန်းရာဇဝင်အရ ပုဂံမြို့ကိုစတင်တည်ထောင်သူမှာသမုဒ္ဒရာဇမင်းဖြစ်၍ သက္ကရာဇ် ခဆယဆူကိန်းဝင် ၂၉ခုတွင်ယုန်လွှတ်ကျွန်းအရပ်၌တည်ထောင်သည်ဟုဆိုသည်။ သမုဒ္ဒရာဇမင်းသည် သရေခေတ္တရာမင်းဆက် နောက်ဆုံးမင်း၏တူတော်ဖြစ်သည်။ သမုဒ္ဒရာဇ်စုစည်း၍ မြို့တည်ထောင်သောရွာပေါင်း ၁၉ ရွာမှာလည်းပျူရွာများဖြစ်သည်။ ထို့ကြောင့် ထိုမြို့တော်သည် ပူ+ဂါမ (ပျူတို့၏ဒေသ)ကိုစွဲ၍ ပုဂံဖြစ်လာသည်ဟုဆိုကြပြန်သည်။ ပုဂံမြို့၏ပါဠိအမည်ကား အရိမဒ္ဒနပူရ (ရန်သူကို ခြေမှုန်းသူ့မြို့)ဟုဖြစ်သည်။ မွန်တို့ကမူ ပေါကာမ်သို့မဟုတ် ပုကာမ်သို့မဟုတ်ဗုကာမ်ဟု ရေးသားဖော်ပြလေ့ရှိသည်။ ယင်းနေရာတွင်အနှစ်၂၃ဝကျော် မြို့တော်ဖြစ်ခဲ့သည်။ သမုဒ္ဒရာဇ်မှစ၍ရေသော် ပုဂံမင်းဆက်၏ ၇ဆက်မြောက်မင်းဖြစ်သော သေဉ်လည်ကြောင်မင်းသည် ပုဂံမြို့သစ်ကို လောကနန္ဒာအရပ်၌ ထပ်မံတည်ထောင်၍ သီရိပစ္စယာဟု ခေါ်တွင်စေသည်။ ယင်းရွာသည် ယခုပုဂံမြို့တောင်ဘက်ကပ်လျက်ရှိလေသည်။ မြို့တည်သက္ကရာဇ်ကို အတိအကျမသိနိုင်သော်လည်း ထိုမင်း၏ နန်းသက် (သက္ကရာဇ်၂၆၆–၃ဝ၉)ကိုထောက်၍ ၂၆၆ခုခန့်တွင် တည်ထောင်ဖွယ် ရာရှိသည်။ ယင်းနေရာတွင် အနှစ် ၁၇ဝ ကျော် မြို့စိုက်၍ မင်း ၆ ဆက် စိုးစံလေသည်။

သေဉ်လည်းကြောင်မင်း တည်ထောင်ခဲ့သောသီရိပစ္စယာ မြို့ကိုပစ်၍ ပုဂံမင်း ၁၂ ဆက်မြောက်သိုက်တိုင်မင်းသည် သမထီးအရပ်၌ မြို့သစ်တည်ပြန်သည်။ ယခုဖွားစောရွာဟုတွင်သောနေရာတွင်ဖြစ်သည်။ မြို့တော်ကားတမ္ဘတီဖြစ်၍၊ မြို့တည်သက္ကရာဇ်ကို သေချာစွာမသိရပေ။ ထိုမင်း၏ နန်းတက်သက္ကရာဇ်မှာ ၄၃၈ ခုနှစ်ဖြစ်၍ ၄၃၈ခုနှစ်ကျော်လောက်တွင် မြို့တည်ဖွယ်ရာအကြောင်းရှိသည်။

ပုဂံမင်းဆက်၏ ၃၄ဆက်မြောက်မင်းဖြစ်သော ပျဉ်ပျားမင်းသည်(သက္ကရာဇ် ၂ဝ၈–၂၄ဝ) ပုပ္ပါးစောရဟန်း ဖြိုပြီး သက္ကရာဇ် ၂၁၃ခုတွင် တမ္ဘဝတီမြို့မှယခု ပုဂံမြို့တည်ရာဒေသသို့ပြောင်းရွှေ၍ မြို့သစ်တည်ထောင်သည်။ မြို့တည်သောအခါ ကျုံးပတ်ရံလျက်ရှိသောအုတ်မြို့ရိုးကို ဆောက်၍တည်သည်။ မြို့ရိုးတွင် တံခါး ၁၂ခုထားသည်။ မြို့ရိုးအတွင်းတွင် နန်းတော်ဆောက်၍ ရှေး သရေခေတ္တရာမင်းသထုံမင်းတို့ကဲ့သို့ စံလေသည်။ ပျဉ်ပျားမင်းဆောက်ခဲ့သော အုတ်မြို့ရိုးရှိ သရဖာတံခါးကို ယခုခေတ် ပုဂံမြို့ဟောင်းတွင် ယခုတိုင်တွေ့မြင်နိုင်သေးသည်။ ယင်းမြို့သည် ပုဂံမင်းဆက်ပြတ်သည့်တိုင် နှစ်ပေါင်း ၅၂ဝ လုံးလုံး မင်းနေပြည်တော်ဖြစ်ခဲ့သည်။ ပုဂံမြို့သည် အထူးသဖြင့် ၄၂ဆက်မြောက်မင်းဖြစ်သော အနော်ရထာ မင်းစောလက်ထက်တွင် စတင်၍စည်ကားလာသည်။ အနော်ရထာမင်း ချဲ့ထွင်သော ပုဂံသြဇာခံ ဒေသများ၏ မြို့တော်ဖြစ်လာသည်။

ပုဂံကောင်းစားစဉ်က ပုဂံပြည်တွင်အိမ်ခြေပေါင်း ၉၉၉၉၉၉၉၉ရှိလေဟန်ကို (ကိုးကိုးတန်ပုဂံအိမ်ခြေပေါင်း) ဟုလည်းကောင်းရပ်ကွက်ထိုင်းတွင် လောကမမ္မရာဇဝတ်ရေးကိစ္စ

www.foreverspace.com.mm

များအဝဘွဲ့ကိုတီးခတ်နှိုးဆော်သောမောင်းတစ်လုံးစီထားသဖြင့်ရပ်ကွက်ပေါင်း ၃၃၃၃ ရှိလေဟန်ကို ညိုးညိုးညံ့ညံ့ပုဂံဆော်သည့်မောင်း၊ ပုဂံတစ်ခွင်တွင် စေတီကူဘုရားပေါင်း ၄၄၄၆၇၃ ဆူရှိလေဟန်ကို လှည်းဝင်ရိုးသံ၊ တည့်ညံ့၊ ပုဂံဘုရားပေါင်းဟု စကားအစဉ်အလာရှိသည်။ ထိုစကားတို့သည် ပုဂံပြည်၏ဂုဏ်ကို အံ့ဘွယ်သူရဲဖြစ်အောင် ဖွဲ့ဆိုထားသောစကားမျှသာဖြစ်သည်။ သို့ရာတွင် ယခုတိုင်လည်းဘုရားပုထိုးအဆောက်အဆုံပေါင်း ၅၀၀၀ ခန့်အထိတွေ့နိုင်သေးရာ ရှေးခေတ်ပုဂံပြည်သည်အကယ်ပင်ကြီးကျယ်ခဲ့သည်ဟူသောအချက်ကို သက်သေခံလျက်ရှိသည်။ တစ်ဖန်ထိုစေတီကူဘုရားများရှိ၊ စုလစ်မွန်းချွန်ခြူးပန်းခြူးနွယ်၊ ရှုပ်လုံးရှုပ်တုဆေးရေးပန်းချီတို့သည် ပုဂံခေတ်တွင် မြန်မာတို့၏ယဉ်ကျေးမှုအဆင့်အတန်းမည်မျှ မြင့်တက်နေသည်ကို သာဓကပြလျက်ရှိ၏။ ပုဂံသူပုဂံသားတို့၏စိတ်ဓာတ်၊ အယူအဆ၊အုပ်ချုပ်ပုံစံနစ်တို့ကိုဖော်ပြသောကျောက်စာပေါင်းမြောက်မြားစွာလည်းယခုထက်တိုင်ရှိနေသေးသည်။

ပုဂံကောင်းစားစဉ်က ဤမျှများပြားသောဘုရားကျောင်းကန်များကို တည်ဆောက်ခဲ့ကြရသဖြင့် သစ်ကြီးဝါကြီးတို့ပြုန်းတီးကာ ယခုအခါသဲကန္တာရတစ်ပိုင်းပမာ ဆူးပင်ငယ်တို့သာပေါက်ရောက်သောဒေသဖြစ်ရသည်ဟု ဆိုကြသည်။ သို့ရာတွင် ပုဂံဒေသသည် မူလကပင်ခြောက်သွေ့သောဒေသဖြစ်သည်။ ရှေးယခင်ကပင် မွန်တို့က ပုဂံနှင့်ပတ်ဝန်းကျင်အရပ်တို့ကို တတ္တဒေသ(ခန်းခြောက်ရာအရပ်)ဟု ခေါ်ခဲ့ဖူးပေသည်ကိုထောက်၍သိသာသည်။ ယင်းသို့ခမ်းခြောက်ရာဒေသတွင်မြို့တည်မိသဖြင့်လည်း၊ စိမ်းလန်းစိုပြေ၍ ဆန်စပါးထွက်သောအခြားဒေသတို့ကို ချဲ့ထွင်သိမ်းပိုက်ရပေသည်။ သက္ကရာဇ် ၄၁ဇုခုတွင် မြန်မာပြည်၏ သဘော်ဆိပ်မြို့ဖြစ်သော သထုံကိုသိမ်းပိုက်ပြီးသဖြင့် ပုဂံသည် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယ၊ သီဟိုဠ်တို့နှင့် အဆက်အသွယ်ရှိလာသည်။ သီဟိုဠ်ရာဇဝင် ကုလဝံသတွင် ဗုဒ္ဓအယူဝါဒီဝိဇယဟုမင်းသည် ကုလားတို့နှင့်စစ်ဖက်ရာ၌ အနော်ရထာမင်းက ဝိဇယဟုမင်းအားအကူအညီများပေးအပ်ကြောင်းပါရှိလေသည်။

အနော်ရထာမင်း၏နောက် ဆယ်ဆက်မြောက်မင်းဖြစ်သောတရုတ်ပြေးခေါ် စည်သူခေါ်ပန်းပွတ်ပုထိုးဒါယကာ၏ လက်ထက် ၆၄၆ခုတွင်တရုတ်စစ်သည်များပုဂံမြို့သို့ချီတက်လာရာထိုမင်းသည် ပုသိမ်မြို့တိုင်အောင်ပြေးရသဖြင့်ကြီးကျယ်ခမ်းနားသောပုဂံမြို့ကြီးသည် တစ်စတစ်စတိမ်ကောခဲ့ရသည်။ ထိုနောက်သက္ကရာဇ် ၇၃၀အထိ သားတော်မြေးတော်မြစ်တော်တိုင် မင်းသုံးဆက် ဆက်လက်မင်းပြုသော်လည်းပုဂံပြည်ကားတန်ခိုးအာဏာမရှိတော့ချေ။ ထိုအခါမှစ၍ ပုဂံမင်းနေပြည်သည် ရွာတစ်ရွာမျှဖြစ်ခဲ့ရသည်။

ယခုရှိသောပုဂံမြို့သည် မြင်းခြံမှ ၄၆ မိုင်ဝေး၍ နွေရာသီ၌သာသွားလာနိုင်သောကားလမ်းဖြင့် ဆက်သွယ်ထားရှိသည်။ ပုဂံမြို့ဆိပ်ကမ်းသည်လည်း သောင်များထွန်းနေပြီဖြစ်သဖြင့် သင်္ဘောကြီးများဆိုက်ကပ်ခြင်းမပြုနိုင်သောကြောင့်ပုဂံမြို့သည် ကူးသန်းရောင်းဝယ်ရေးအတွက် ညောင်ဦးမြို့မှတစ်ဆင့်ပြုလုပ်ရသည်။ ပုဂံမြို့နယ်ဟူ၍ သတ်မှတ်ထားသော်လည်း မြို့နယ်အုပ်ချုပ်ရေးအရာရှိများသည် ပုဂံမြို့မြောက်ဘက် ၄ မိုင်ခန့် ဝေးသော ညောင်ဦးမြို့၌သာရုံးစိုက်ကြသည်။ ၁၉၅၃ခုသန်းခေါင်စာရင်းအရ ပုဂံမြို့၏လူဦးရေမှာ ၂၈၂၅ ယောက်ရှိသည်။ ကျောက်ကာထည် ယွန်းထည်များပြုလုပ်ရောင်းချ၍ အသက်မွေးကြသည်။ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ စေတီကူဘုရားအဆောက်အအုံများကြောင့် ပုဂံမြို့ကားထင်ရှားလျက် ရှိသည်။ ပြည်ထောင်စု ယဉ်ကျေးမှုဌာနက ပုဂံပွဲတော်ရက်သတ္တပတ်ဟူ၍ပင် သတ်မှတ်ကာ ရှေးပုဂံအကြောင်းသိကောင်းစရာများကိုဖော်ထုတ်လျက်ရှိသည်။ ပုဂံမြို့တွင် စေတီကူဘုရား အဆောက်အအုံများစွာရှိသည့် အနက်ထင်ရှားသည်တို့ကား အာနန္ဒာ၊ သဗ္ဗညု၊ ရွှေဂူ၊ ဂေါ်တော့ပလ္လင်၊ မဟာဗောဓိ၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ထီးလိုမင်းလို၊ ကူပြောက်ကြီး ပုထိုးသမြားစသော ကူဘုရားများနှင့် သမီးဝှက်ဥမင်၊ ကျန်စစ်သားဥမင်၊ ဥပါလိသိမ်၊ ဝိဌကတ်တိုက်စသည်တို့ ဖြစ်၏။

ပုစဉ်း ။ ။ပုစဉ်းသည် အမျိုးများ၏။ တစ်ကမ္ဘာလုံးတွင် ပုစဉ်းမျိုးပေါင်း ၂၀၀၀ ကျော်ခန့်ရှိသည်။ ပုစဉ်း၏ အတောင်ပံနှင့်ကိုယ်ထည်တို့သည် ရောင်စုံခြယ်ထားဘိသကဲ့သို့ရှိ၍၊ များစွာလှပ၏။ ပုစဉ်းတွင် ထူးဆန်းသော မျက်လုံးတစ်စုံပါရှိသည်။ ထိုမျက်လုံးသည် မျက်စိငယ်ကလေးပေါင်း ၂၀၀၀၀ကျော် ၂၅၀၀၀မျှဖြင့် ပေါင်းစပ်ထားသောမျက်လုံးဖြစ်သည်။ ယင်းသို့ မျက်စိ ငယ်ကလေးပေါင်းထောင်သောင်းမကတို့နှင့် ပြည့်နှက်နေသောကြောင့်၊ ပုစဉ်းသည် အလွန်အမြင်ထက်သန်သည်။ အမြင်ထက်သန်သလောက် အတောင်ပံအားကလည်းစွမ်းလှ၍၊ တစ်နာရီ မိုင် ၆၀နှုန်းမျှဖြင့် လျင်မြန်စွာ ပျံသန်းနိုင်သည်။

ပုစဉ်းတို့သည်အမိုကအားဖြင့်နှစ်မျိုးနှစ်စားကွဲပြားသည်။ ထိုနှစ်မျိုးစလုံးသည် 'အိုးဒိုနေးတား' မျိုးစဉ်ဝင်ချည်းသာဖြစ်ကြသည်။ နားသည့်အခါအတောင်ပံမရုပ်ဘဲ နားတတ်သောပုစဉ်းမျိုးနှင့် အတောင်ပံရုပ်ကာနားတတ်သော ပုစဉ်းမျိုးဟူ၍ အကြမ်းအားဖြင့်နှစ်မျိုးခွဲ ခြားမှတ်သားနိုင်သည်။

'ဒင်မွားဇဲ' ခေါ် ပုစဉ်းငယ်မျိုးသည် အတောင်ပံကို ရုပ်သိမ်း၍၊ နောက်ကျောတွင်ကပ်ထားလေ့ရှိသည်။ ဤပုစဉ်းမျိုး၌ ရှည်လျားသေးသွယ်သော ကိုယ်ရှိသည်။ အရောင်မှာ အပြာရင့်ရောင်၊ အစိမ်းရောင်၊ ကြေးညိုရောင်၊ ကြေးနီ

www.foreverspace.com.mm

ဥများကိုရေ၌သာ အုလေ့ရှိသော ပုစဉ်းများ

ရောင်၊ ဖြူဆွတ်ဆွတ်အရောင် စသည်ဖြင့် ရောင်စုံ ရှိသည်။ သေးသွယ်ပါးလျားသောအတောင်ပံ ၄ ခုလည်းရှိသည်။ တစ်ခါတစ်ရံ အတောင်ပံ၌ အဖြူစက် အညိုစက်၊ အပြာစက်ကလေးများ ပါရှိတတ်သေး၏။ အားကောင်းသော မျက်လုံးများသည် အပြင်ဘက်သို့ပြူးထွက်ကာ တောက်ပလျက်ရှိသည်။

ပုစဉ်းသည် ရေ၌ အဥဥတတ်သော အကောင်မျိုးဖြစ်၍ သူ၏ဘဝမှာ ရေ၌တစ်ဝက်၊ ကုန်း၌ တစ်ဝက် ကျက်စားသောဘဝဖြစ်သည်။ ဥများကို ရေထဲတွင်သာ ဥထားတတ်သည်။ ပုစဉ်းကောင်အဖြစ်သို့ မရောက်မချင်း၊ ပုစဉ်းလောင်းကလေးများသည် ရေထဲတွင် ၂နှစ်တန်သည် ၃ နှစ်တန်သည် နေလေ့ရှိကြ၏။ ပုစဉ်း လောင်းကလေးများသည် ရေထဲ၌ ပိုးမွှားတို့ကိုစားသောက်၍အသက်မွေးကြသည်။ ပုစဉ်းလောင်း၏ အောက်နှုတ်ခမ်းမှာရှည်လျား၍၊ အဖျားမှာ ဇာကနာကဲ့သို့သော အင်္ဂါတစ်ခု ပါရှိသည်။ ထိုအင်္ဂါကို ဆန့်ထုတ်လိုက်ခြင်းဖြင့် အစာကို ဖမ်းယူနိုင်သည်။ ထိုအင်္ဂါကို အသုံးမပြုလျှင်၊ ဦးခေါင်းအောက်တွင်လိပ်၍ထားသည်။ အသက်ရှူသောအခါ ပုစဉ်းလောင်းကလေးသည် ရေကိုပါးဟက်မှစုတ်သွင်း၍၊ ထိုရေမှအောက်ဆီဂျင်ကို ထုတ်ယူသည်။

ပုစဉ်းထိုးမြီးပြာ။ ။ပုစဉ်းထိုးမြီးပြာသည် 'မီးရော့ပီဒီး' မျိုးရင်းတွင်ပါဝင်၍၊ပါဏာဗေဒအလိုအားဖြင့် 'မီရော့ဖိလစ်ပိုင်နပ်ဖိလစ်ပိုင်နပ်'ဟုတွင်သည်။ ထိုဂျက်သည် အလျားဝ၂ လက်မရှည်သည်။ ရိုးရိုးပုစဉ်းထိုး ဂျက်များထက် အရွယ်ပို၍ ကြီးပြီးလျှင်၊ အမြီးနှင့် တင်ပါးတွင် အပြာရောင်ရှိသည်။ ကိုယ်ထည်တစ်ခုလုံးသည် အစိမ်းရောင်တွင်ကြေးညိုရောင်သန်း၍နေသည်။ မေးသည် အဝါရောင်ဖြစ်၍၊ လည်ချောင်း၏အရောင်မှာ ဇော်ဂျီရောင်ဖြစ်သည်။ ပျံသန်းယင်းအော်တတ်သည်။ အသံမှာသာယာ၍ လေချွန်သံမျိုးဖြစ်သည်။ ထိုဂျက်သည် ရေကိုနှစ်သက်သဖြင့်၊ အများအားဖြင့် မြစ်များ၊ ချောင်းများနှင့် ထုံးအိုင်များတွင်တွေ့ရတတ်သည်။ ထိုပြင်လယ်တောခ္ခလည်းတွေ့နိုင်သည်။

ပုစဉ်းထိုးမြီးဂျက်သည် ဖေဖော်ဝါရီလမှမေလအထိ သားပေါက်သည်။ သားပေါက်ရာ၌ အများအားဖြင့် မြန်မာနိုင်ငံတွင် မြစ်ကမ်းပါးရှိဂူလိုဏ်များ၊ မြစ်ကြီးနားမြို့အနီး ဧရာဝတီမြစ်ထဲရှိ ကျွန်းများ၊ ဧရာဝတီမြစ်ကမ်းရှိကိုင်းမြေများနှင့် ပင်လယ်ကမ်းရိုးအနီးရှိသောင်ခုံများ၌ အုပ်လိုက်သားပေါက်လေ့ရှိသည်။

ထိုဂျက်ကို အရှေ့တိုင်းဒေသတို့တွင် အနှံ့အပြားတွေ့ရသည်။ မြန်မာနိုင်ငံအထက်ပိုင်းတွင်မတ်လလယ်မှ ဩဂုတ်လလယ်အထိ တွေ့ရသည်။ မြန်မာနိုင်ငံအလယ်ပိုင်း(မြင်းခြံ)တွင် သား ပေါက်ချိန်မှအပ အတွေ့ရနည်းသည်။ မြန်မာနိုင်ငံအောက် ပိုင်း၌ ထုံးအိုင်များတွင် ဆောင်းအခါ ထိုဂျက်တို့ ကျက်စားနေသည်ကိုတွေ့ရတတ်သည်။ ရန်ကုန်မြို့ တစ်ဝိုက်၌ အောက်တိုဘာလဒုတိယလ ဝက်အတွင်း အမြောက်အမြား ပျံသန်းသွားကြသည်ကိုတွေ့ရတတ်သည်။ ပြည်ခရိုင်၌ မတ်လအလယ်လောက်တွင် သားပေါက်ရန် ရောက်ရှိလာပြီးလျှင်၊ စက်တင်ဘာလသို့မဟုတ် အောက်တိုဘာလတွင် ပျောက်ကွယ်သွားပြန်သည်။ တနင်္သာရီတိုင်းမြောက်ပိုင်း၌ တစ်နှစ်ပတ်လုံးနီးပါးတွေ့ရသော်လည်း၊ တောင်ပိုင်း၌ ဖေဖော်ဝါရီ လကုန်လောက်တွင်သာ တွေ့ရသည်။ အိန္ဒိယနိုင်ငံ၌ နွေအခါတွင်မြောက်ဖက်သို့ ရွှေ့ပြောင်းသွားကြပြီးလျှင်၊ ဆောင်းအခါတွင် တောင်ဘက်သို့ရွှေ့ပြောင်းသွားရောက် ကြသည်ဟုဆိုသည်။

ပုစဉ်းထိုးရင်ဝါ။ ။ပုစဉ်းထိုးရင်ဝါသည် 'မီရော့ပီဒီး'မျိုးရင်းတွင် အပါအဝင်ဖြစ်၍၊ ပါဏာဗေ'အလိုအားဖြင့် 'မီရော့လေးချင်နော့လတီလေးချင်နော့လတီ'ဟု တွင်၏။ မြန်မာနိုင်ငံတွင်တွေ့ရသော 'မီရောပီဒီး' မျိုးရင်းထဲတွင် ပုစဉ်းထိုးရင်ဝါသည် အလှဆုံးသောဂျက်ဖြစ်သည်။ ထိုဂျက်၏ ဦးခေါင်းထိပ်နှင့်ကျောအပေါ်ပိုင်းသည် တောက်ပသော ဇော်ဂျီရောင်ဖြစ်၍၊ မေးစေ့နှင့် လည်ပင်းသည် အဝါရောင်ဖြစ်သည်။ ဂျက်ဖိုနှင့်ဂျက်မတို့သည် ဆင်တူကြ၏။ တင်ပိုင်းနှင့်အမြီးပိုင်းသည် အပြာဖျော့ရောင်ဖြစ်သည်။ ထိုဂျက်သည် တောနေဂျက်ဖြစ်သည်။ အလျား ၈ ½ လက်မရှိ၏။

www.foreverspace.com.mm

ပုစဉ်းထိုးရင်ဝါသည် ပျံသန်းယင်း သာယာစွာ မကြာခဏ အော်ဟစ်တတ်သည်။ ထိုင့်ဂ်ကို ပဲခူးရိုးမရှိ ကျွန်းတောများတွင် တွေ့ရတတ်သည်။ သစ်တောလမ်းတစ်လျှောက်သွယ်ထားသော ကြေးနန်းကြိုးများပေါ်တွင် နားလေ့ရှိသည်ကို ခဏခဏတွေ့ရသည်။ ထိုပြင် တောတွင်းရှိ လူသွားလမ်းပေါ်တွင်ကျနေရစ်သောသစ်စေ့ဆန်စေ့များကို ကောက်ယူရန်အလို့ငှါ စုရုံး၍ နေသည်ကိုလည်း တွေ့ရတတ်၏။ တိန်ညင်းငှက်များကဲ့သို့ရေငုပ်တတ်သည်ဟုလည်း ဆိုကြသည်။ လိပ်ပြာများကို ဖမ်းယူစားသောက်တတ်၏။ သို့သော် လိပ်ပြာ၏အတောင် များကိုမူ မစားချေ။

ပုစဉ်းထိုးရင်းဝါသည် တောင်ပေါ်တွင်သာ သားပေါက်မြဲဖြစ်၏။ သာမန်အားဖြင့် ရာသီအလိုက် နေရပ်ပြောင်းရွှေ့တတ်၏။ သို့သော် အချို့တို့သည် ဆောင်းခိုရှိနေတတ်ကြသည်ကိုတွေ့ရ၏။ သာဓကအားဖြင့် ပဲခူးရိုးမနှင့် လှော်ကားကန် နယ်မြေတို့တွင် ပုစဉ်းထိုးရင်ဝါတို့သည် ဆောင်းခိုမြဲ ဖြစ်သည်။

ပုစဉ်းရင်ကွဲ။ ။စီကားဒါးခေါ် ပုစဉ်းရင်ကွဲသည် 'ဟီမစ်တာရာ' မျိုးစဉ်၌ ပါဝင်သည်။ အမေရိကန် ပြည်ထောင်စုတွင်တွေ့ရသော ပုစဉ်းရင်ကွဲတစ်မျိုးသည် ၁၇ နှစ်ကြာလျှင် တစ်ကြိမ်၊ အအုပ်အသင်းဖွဲ့၍ ပေါ်ပေါက်လာတတ်သည်။ ထိုပိုးကောင်မျိုးသည် အမိဝမ်းမှ ဥအဖြစ်ဖြင့် ပေါက်ပွားပြီးနောက်၊ ၁၆ နှစ်ပြည့်မြောက်၍ ၁၇ နှစ်သို့ဝင်မှသာလျှင် အရွယ်ရောက်သည်။ အရွယ်မရောက်မချင်းမြေထဲတွင် အောင်းနေပြီးလျက်၊ အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက်၊ မြေထဲမှထွက်လာလေသည်။ ထိုနောက် နေရောင်ခြည်တွင် ရက်သတ္တငါးပတ်မျှ ပျော်မြူးနေပြီးလျှင် သေဆုံးလေသည်။

အသံမပြတ် အော်မြည်လေ့ရှိသော ပုစဉ်းရင်ကွဲ

ပုစဉ်းရင်ကွဲတို့ အရွယ်ရောက်လာပုံမှာ ဤသို့ဖြစ်၏။ ပုစဉ်းရင်ကွဲလောင်းများသည် သစ်ပင်အကိုင်းထက်ရှိ ဥများမှပေါက်ပွား၍၊ မြေသို့ကျရောက်ကြသည်။ ထိုနောက် မြေကြီးထဲသို့ ထွင်းဖောက်ဝင်သွားပြီးလျှင်၊ မြေအောက်ရှိ သစ်ပင်အမြစ်မျှားများတွင် တွယ်ကပ်၍နေကြသည်။ ဤနေရာ၌အပင်ရည်ကို စုပ်ယူကာ၊ မလှုပ်မရှက်၁၇နှစ်ကြာမျှ နေကြသည်။ ထိုနောက် ပုစဉ်းရင်ကွဲလောင်းကလေးများသည် သဘာဝအလျောက်၊ မြေအောက်မှအလင်းရောင်ရှိရာမြေကြီးပေါ်သို့ တစ်ဖန်ပြန်တက်လာကြသည်။ မြေသို့ရောက်၍ သစ်ပင်ပေါ်သို့ တွယ်တက်ပြီးသော်၊ အရေခွံလဲပစ်လိုက်သည့်အခါတွင် အရွယ်ရောက်သော ပုစဉ်းရင်ကွဲဖြစ်လာသည်။ ပုစဉ်းရင်ကွဲသည် နံကောင်၊ ကျိုင်းကောင်စသော ပိုးမွှားတို့ထက် အတန်ငယ်ကြီး၍၊ သန်မာသော ကိုယ်ထည်ရှိ၏။ နံကောင်ကဲ့သို့ပင် နားပြီးဖွယ် စူးရှကျယ်လောင်စွာ အော်မြည်တတ်၏။ သို့သော် ပုစဉ်းရင်ကွဲအမသည်မအော်တတ်ချေ။ ပုစဉ်းရင်ကွဲအဖိုသာလျှင် အော်တတ်သည်။ ပူအိုက်သော တိုင်းပြည်များတွင် သက်တမ်းတိုသော ပုစဉ်းရင်ကွဲများကို တွေ့ရသည်။

မြန်မာစာပေလောကတွင် ကျော်ကြားသည့်စာဆို

စလေဉီးပုညသည် မြန်မာစာပေလောကတွင် ထင်ရှားကျော်ကြားသောစာဆိုတစ်ဦးဖြစ်သည်။ စာပေမျိုးစုံ ရေးသားခဲ့၍၊ ဇဝနဉာဏ် ထက်သန်မှု၊ ဟာသဂုဏ်မြောက်မှု စသည်တို့အတွက် လူကြိုက်များသည်။ ထိုမျှ ကျော်ကြားသော စာဆိုသည် နောက်ဆုံး၌ အကုသိုလ်ဝင်လာသည့်အခါ ပျက်စီးရချေသည်

ပုညၤဉီး၊စလေ ။ ။'စာမကုံးချင်ဘူး၊လုံးလုံးကြီးစိတ်နာ၊ ခုအခါတို့သူငါသေအောင်ကောင်းစေတော့၊ ရှေးကြောင်းရင်း ကုသိုလ်ဖန်၊ နိုင်ငံမှာကိုပုညတဲ့၊ သူမှသာ စာပြောင်၊ ပြည်ဘောင်အုံ့တဲ့ မင်းပလေး' ဟူ၍အချုပ်တန်းဆရာဖေကဲ့သို့သော အခြားကဗျာဆရာများက မနာလိုဖြစ်ကာ ရေးရသည်အထိ ကျော်ကြားသူကား ကုန်းဘောင်ခေတ် ဒုတိယပိုင်းစာဆိုကျော် စလေဉီးပုညဖြစ်သည်။

ဉီးပုညကို စလေမြို့တိုက်စုရပ်၌ ၁၁၇၄ ခုနှစ်ကဆုန်လဆန်း ၁၃ ရက် ကြာသပတေးနေ့တွင်ဖွားမြင်သည်။ ဉီးပုညမွေးဖွားသော သက္ကရာဇ်မှာ အမှတ်အသား မညီကြ။ အချို့က ၁၁၇၃ ခု၊ အချို့က ၁၁၇၈ ခုဟူ၍ ပြောဆိုကွဲပြားကြသည်။ ဉီးပုည၏အဖမှာ စလေမြို့သူကြီးရိုးပုည သမန်းမျိုး ဉီးမြတ်ထွား ဖြစ်သည်။ အမိမှာ ဒေါ်ဆုံတည်း။ မိဖမည်ရည်နှင့် စပ်လျဉ်း၍လည်း အမျိုးမျိုး ကွဲပြား

www.foreverspace.com.mm

လျက်ရှိသည်။ ဦးပုည၏ငယ်မည်မှာ မောင်ပုတ်စည် ဖြစ်သည်။ ယင်းအမည်ကို သာယာဝတီမင်းက ပေးသည်ဟု အဆိုရှိသည်။ ဦးပုည၏ ကန့်ကူလက်လှည့် ငယ်ဆရာ ကားတူမောင်းဆရာတော် ဦးဒီပ၊ စလေမြို့မ ခင်ကြီးစတို့ တည်း။ စလေခင်ကြီးသာ၊ ပုဂံရွှေကျောင်းနေ 'လခင်ကြီးအမရပူရဗန်းမော်ဆရာတော်တို့သည် ဦးပုည၏ ကြီးဆရာများဖြစ်သည်။

အသက် ၈ နှစ်အရွယ်တွင် မောင်ပုတ်စည်သည် စလေတွင် ရှင်ပြုပြီးနောက်၊ ဗန်းမော်ဆရာတော်ထံတွင် ပညာဆည်းပူးသည်။ ရှင်ငယ်အဖြစ်နှင့်ပင် ပိဋ္ဌကတ်၊ ဗေဒင်၊ သက္ကတ ကျမ်းတို့ကို တတ်ခြင်း၊ စာရေးစာဖတ် ကောင်းခြင်းတို့ကြောင့် ကျော်စောခဲ့သည်။ ရှင်မည်မှာ ရှင်ပုညဘိဓေ ဖြစ်သည်။ ယင်းအမည်ကို စွဲ၍နောင်တွင် ဦးပုညဟုတွင်ခြင်းဖြစ်သည်။

၁၁၉၄ ခုနှစ်တွင် ဗန်းမော်တိုက်ခ်ပဋ္ဌင်းခံသည်။ ရဟန်း ၅ ဝါအရတွင် စလေသို့ဆင်း၍ ကျောင်းထိုင်ရာမှ မိန်းမများက ကဗျာစပ်ခိုင်းခြင်း၊ ဗေဒင်မေးခြင်းစသည်ဖြင့် ရှုပ်ရှုပ်ထွေးထွေးဖြစ်၍ လူကဲ့ရဲ့များသည်နှင့် ရန်ကုန်သို့ ဆင်း၍ ဗဟန်းကျောင်းတိုက်တွင် လာနေသည်။ ၁၂၀၀ ပြည့်တွင် အမရပူရသို့ ပြန်၍ ဗန်းမော်တိုက်တွင်နေသည်။ ထိုနှစ်တွင်ပင် သိက္ခာချ၍ ရှင်သာမဏေအဖြစ်နေသည်။

မင်းတုန်းမင်းနန်းတက်၍ အတော်ကြာသောအခါ ရှင်ပုညသည် လူဝတ်လဲခဲ့၏။ ဗန်းမော်ဆရာတော်ကို အကြောင်းပြု၍ အိမ်ရှေ့ကနောင်မင်းထံ စာဆိုတော်အဖြစ် အမှုထမ်းရှက်ရသည်။ အိမ်ရှေ့မင်းထံခစားစဉ် ဦးပုညသည် မြို့ဖွဲ့နန်းဖွဲ့ ရတုကဗျာတေးတျာများ ရေးသားရာ၊ မင်းတရားကြီးနှစ်သက်တော်မူ၍ ညီတော်ထံ မှတောင်းယူပြီး လျှင် အပါးခ်ခစားစေသည်။ ရွှေတိုက်စိုး ဦးကောင်းနှင့် တစ်လှည့်တည်း ဝင်ထွက်ခစားရသည်။ မကြာမီ ပုခန်းမြို့ စားဝန်ကြီးက မစလျှောက်ထားသဖြင့် လက်ဖက်ရည်တော်ရာထူးနှင့် မင်းလှသန်ယာဘွဲ့ကို ပေးအပ်နှင်းကာ ရွာစည်ရွာကိုလည်း အပိုင်စားပေးအပ်ခြင်းခံရသည်။

ဦးပုသည် မင်းတရားအမိန့်ဖြင့် ၁၂၁၄–၁၅ ခုနှစ်တွင် ယိုး'ယားဇင်းမယ် နိုင်သည့်အကြောင်းကို ယိုးဒယားနိုင်မော်ကွန်းဟူ၍ ရေးသားဆက်သွင်းရသည်။ အိမ်ရှေ့မင်းကနန်းတွင်းတွင် မိဖုရားအချို့အကျင့်ဖောက်ပြားနေသည်ကို မင်းကြီးသိစေလို၍ ပဒုမဇာတ်ကို ဦးပုညအား ရေးခိုင်းသည်။ ထိုအခါ မိဖုရားတို့က အဖိုးတန်မိန်းမ ကောင်းများ ရှိသေးသည်ကိုပြလို၍ ဦးပုညအား ဝေဿန္တရာဇာတ်ကို ရေးစေသဖြင့် ရေးရပြန်သည်။ မင်းတုန်းမင်းနှင့် ကနောင်မင်းတို့စိတ်ဝမ်းကွဲပြားလျက်ရှိနေကြပြီးမှ တစ်ဦးနှင့်တစ်ဦး အထင်လွဲမှုကြောင့် ဖြစ်ရသည်ကို သိသဖြင့် ရေသည်ပြဇာတ်ကို မင်းတုန်းမင်းကရေးခိုင်းသဖြင့် ရေးရသည်။ ဤရေသည်ပြဇာတ်သည် ဦးပုည ရေးသောပြဇာတ်များတွင် အကောင်းဆုံးပြဇာတ်ဟု ဆိုကြသည်။ မင်းတုန်းမင်းတရားကြီး၏ သားတော်များ ဆိုးသွမ်းသည်ကိုဆုံးမစေရန် အိမ်ရှေ့မင်း၏ ခိုင်းစေချက်အရ ဦးပုညသည် ဝိဇယပြဇာတ်ကို ရေးသည်။ ထိုဝိဇယဇာတ်သည် ဦးပုညအသတ်ခံရစေသောအကြောင်းများ ထဲတွင် တစ်ကြောင်းအဖြစ်ပါဝင်ခဲ့ရသည်။ မင်းတရားကြီး၏သားတော်များဖြစ်သော မြင်ကွန်းမြင်းခုံတိုင်မင်းသားနှစ်ပါး ထကြွပုန်ကန်ကြသည်မှာ ဦးပုညရေးသားသော ဝိဇယပြဇာတ်ကို ဖတ်ရှုအားကျသောကြောင့်ဖြစ်သည်ဟု လျှောက်ထားကြသည်။ ထိုအခိုက်တွင် ဦးပုညသည် ထကြွပုန်ကန်မှုတွင် အခါပေးဖြစ်သည်ဟု စစ်ချက်မေးချက် ထွက်ပြန်သောကြောင့်၊ မြို့သာမြို့စား မြောက်မြို့ဝန် ဦးသာအိုးထံအကျယ်ချုပ်ထားသည်။ ထိုစဉ် ဦးသာအိုး၏ မယားငယ် ခင်သုန်နှင့် ရည်ငံမှုပေါ်ပေါက်သဖြင့် ၁၂၂၉ ခု နယုန်လတွင် ဦးသာအိုးက ဦးပုညကို အဆုံးစီရင်လိုက်လေသည်။ နောက်မှ မင်းတရားကြီးသိသော အခါ၊ 'လူကိုခွေးသတ်လေရဲ့'ဟု မိန့်တော်မူသည်ဟုအဆိုရှိသည်။

ဦးပုညသည် မြို့ဝန်ဦးသာအိုးက ရေတွင်ချ၍သတ်သည်မှာ အမှန်ဖြစ်သော်လည်း ထိုအချိန်က မြို့ဝန်၏ မယားငယ်ခင်သုန်၊ အစ်မခင်မှုန်၊ ခင်မှုန်၏ ခင်ပွန်းကိုသူရနှင့် ပုသိမ်ပွဲစားကြီး ဦးညိုတို့၏ ကယ်ဆယ်မှုကြောင့်မသေဘဲ မော်လမြိုင်ဘက်ခ်ၭတိမ်းရှောင်နေယင်း ၁၂၃၇ ခုတွင်မှ ကွယ်လွန်သည်ဟု အချို့ကအခိုင်အလုံဆိုကြသည်။

ဦးပုညသည် အရပ်မနိမ့်မမြင့်အသားလတ်ဖြစ်၍ နှာတံ စင်းနဖူးကျယ်ရင်ကားပြီးလျှင် ယာလက်သည် တံထောင် ဆစ်မှလက်ဖျားအထိသိမ်နေသည်။ ထိုကြောင့် စာရေးသား ရာ၌ ဝဲလက်ဖြင့် ရေးသားရသဖြင့် ပုရပိုက်ကို ထောင်လိုက် ထား၍ရေးရ၏။ လက်ရေးမှာ အလွန်ညီညွတ်လှပသည်။ မင်းတရားကြီးအပါးတွင် ခစားသည့် အခါ သိမ်သောလက်များကို အုပ်မိအောင် အကျီလက်ရှည်ဝတ်သည်။

ဦးပုညကား မြန်မာစာပေသမိုင်းတွင် ထူးကဲစွာ ထင်ရှားကျော်စောသော စာရေးစာဆိုပုဂ္ဂိုလ်ကြီးဖြစ်သည်။ သူရေးသားပြုစုခဲ့သော စာပေတို့မှာ များရုံမက အမျိုးလည်းစုံသည်။ ဦးပုညသည် မော်ကွန်း ၄ စောင်၊ တရားဟောစာ ၃၀၊ မေတ္တာစာ ၆၀၊ ပြဇာတ် ၈ စောင်၊ တောလားရေလား သပြေလား၊ ဟောကိန်း ရကိန်း၊ ဒွေးချိုးလေးချိုး၊ တေးထပ်၊ သဖြန်၊ ဓမ္မသတ်လင်္ကာ၊ ဝိုချင်း၊

www.foreverspace.com.mm

မှာတမ်း၊ တုံးချင်း၊ သမိုင်း၊ ကျောက်စာသံပိုင်း၊ ဇချင်း၊ လှုးကား၊ ရတု၊ ပုံကြီးသံ၊ လေ့ချင်း တက်သံ၊ လေ့တော်သံ၊ ဟားဘွဲ့၊ ယိုးဒယား စာတမ်းစသည်ဖြင့် လောကီလောကုတ် ၂ ဖြာသောအကျိုး သက်ရောက်စေသည့် စာပေမျိုးစုံကို ရေးသားခဲ့သည်။ ဦးပုညသည် ဇဝနဉာဏ်ထက်သန် သူဖြစ်သည့်အလျောက် မည်သည့်စာပေကိုမဆို ရက်ရှည် လများစဉ်းစားမနေရဘဲ ၄–၅ ရက်အတွင်း ပြီးစီးအောင် ရေးတတ်သည်။ ယင်းသို့ လျင်မြန်စွာ ရေးလေ့ရှိသော်လည်း၊ ဦးပုည၏ စာပေများမှာထိမိသည်။ ရှင်းလင်းသည်။ လွမ်းစရာကို လွမ်းစေနိုင်သည်။ ရယ်စရာကို ရယ်နိုင် စေသည်။

ဦးပုည၏ သောကွက်ရှမ်းကွက်များမှာ အတင်းကလိ ထိုး၍ ရယ်ရသောရ ရှမ်းရသည့် သဘောမဟုတ်။ ပညာ ပါပါနှင့် ရယ်ရမောရသောရ ရှမ်းရသည် ဖြစ်ကြောင်းကို မိရွှေသစ်သို့ပေးသော ဒေါနဆီ မေတ္တာစာတွင်–

"ဒေါနဆီဘဝမှ၊ စုတိမနေ၊ သေလွန်ပြီးလျှင်၊ အ ထောက်မတန်၊ ရေနံဘဝတွင်၊ပဋ္ဌိသန္ဓေ၊ စွဲလာနေသည်ကို၊ ဆရာလည်းမသိ၊သတိလည်းမထား၊ ဘုရားတဆူတွင်၊ ကြည်ဖြူစေတနာ၊ သဒ္ဓါစိတ်ပြေး၍၊ ဆီမွှေးပူဇော်မည်အ ကြံနှင့်၊ ရောင်လျှံတော်မဏိဦးက၊ ဖန်ဘူးကိုစောင်း၍၊ လောင်းလိုက်ရာတွင်၊ ရုပ်ရှင်တော် မြတ်စွာလည်း နံရှာ တော်မူလွန်း၍၊ ရှေ့ခွန်းတော်မတုံ့၊ အနိုင်သာငုံ့ပြီးလျှင်၊ ရှုံ့၍ခံတော်မူရှာချေသည်။"

ဟူသောစာပိုဒ်ကိုထောက်၍ သိနိုင်သည်။

အသောဘက်တွင်သာ ဦးပုညစွမ်းသည်မဟုတ်၊ အလွမ်း ဖက်တွင်လည်း စွမ်းကြောင်း–

"မြဆိုင်ပညောင်၊ရွှေဂူချောင်ဝယ်၊ ဆွေမောင်နှင့်မယ်၊ ကျီဆယ်သမှု၊ ပန်းခိုင်လုရ၍၊ ကယုကယင်၊ ချစ်တုံ့တင် လျက်၊ ကြင်ကြင်လည်လည်၊ ပျော်ခဲ့ဘူးသည်များကို၊ ကြံစည်စေ့စေ့၊ တစိမ့်စိမ့်အောက်မေ့၍၊ တင့်ငွေ့ငွေ့ဆင်ခြင်၊ ပူစကို ငင်မိလျှင်၊ ပူပင်လယ်ရေ၊ လှိုင်းဇောင်ဗင်ဝေသော ကြောင့်၊ မဖြေနိုင်မဆည်နိုင်၊ သည်းစိုင်လောက်ခြစ်၊ ကျ မျက်ရည်ချောင်းဖြစ်အောင်၊ အော်ဟစ်၍ငိုဆဲတွင်"ဟူ၍ ဆန္ဒနန်ဆင်မင်းဝတ္ထု၌ သုဘဒ္ဒါမိဖုရားကြီး၏အဖြစ်ကို ရင်နင့်ဖွယ်ရာ ကောင်းလောက်အောင် လက်စွမ်းပြခဲ့ပေ သည်။

ဦးပုညသည် သရုပ်ဖော်ရာတွင် ကြည်လင်ပြတ်သား အောင် သရုပ်ဖော်နိုင်စွမ်းရှိသည်။

'အကာဆူးခက်၊ အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူ ကြဲကြဲ၊ ဝက်သိုက်ထဲတွင်၊ အုဋ္ဌခဲခေါင်းအုံး၊ အိုးတလုံး ဖျာမရှိ၊ ဘူမိကမ္မလာ၊ မြေမွှေ့ရာထက်၊ ချူချာတော်မူ လှသော'

ဟူ၍ ကာယဝလ္လိကဝတ္ထုတွင် ဦးပုညကအကွယ်အထောင့် မပါ ရှင်းလင်းရိုးသားစွာ ဆင်းရဲသားအဖွဲ့ကို ဖွဲ့ဆိုခဲ့၏။ စာနုစာယဉ် ရေးရာတွင်လည်း ဦးပုညသည် သူမတူအောင် ရေးနိုင်ကြောင်းကို–

'မာလာဌေဖော့၊ ခွေလျော့လျော့၊ ကြွေတောမဲ့ပုံ၊ နုက သိုဏ်းကျ ရှုတိုင်းလှပါတဲ့ မြကြေးမုံ'ဟူသော အဖွဲ့ကလေး ကပင် သက်သေခံနေပေသည်။ ကြမ်းရမည့်နေရာတွင် လည်း ဦးပုညသည် နှစ်ယောက်မရှိပေ။

'ထောင့်ငါးရာကိလေသာရွှေတိုက်ကို သော့ရိုက်လို့ထား၊ ဖွင့်မည့်သူပေါ်လာခဲလို့၊ အူထဲကယား၊ ဖွာကနဲယနေ့၊ ကာလသားများနှင့် ကားကနဲတွေ့ရင်လ၊ ကြည့်ရော့ မယ်ဒက္ခ၊ ကိလေတမန်နှင့်၊ လက်ရစ်သံစမ်းလိုက်လို့၊ သွေးဖြန်းဖြန်းထစေ့မယ်'ဟူ၍ ဝိဇယပြဇာတ်၌ ကုဝဏ္ဏာ ပတ်တိုက်တွင် ကြမ်းပြခဲ့သည်။

စာပြောင်ရေးရာ၌လည်း 'သေးကွက်နှင့် ပင်လယ် နင် တကယ်ထင်လို့၊ သဘင်ဝယ် ယှဉ်မတို့လာနဲ့၊ သခင်တို့ဦး ချီ၊ အုန်းမှတ်လိုအနေအစားငယ်က၊ ရွှေဖလား မနှင်းသင့် ပြီ၊ ဥတုနှင့်ပုဇွန်ဆီလို၊ ဒွန်ပြီပြီ ယှဉ်တွဲလို့၊ စပ်ဖဲအတွင်း ခံ၊ ရိုးမိုက်တဲ့ဉာဏ်၊ မိုးကြိုးနဲ့အီးသံလို့၊ ခရီးမှန်ကွာလွန်း လှလေး'ဟူ၍ စကားလုံးပြောင်ပြောင် ဥပမာပေးပြောင် ပြောင်နှင့်ဦးပုညသည် ခေတ်ပြိုင်စာဆိုများကို လှောင် ပြောင်ခဲ့ပေသည်။

ဦးပုညသည်အသောအလွမ်း၊ အပြောင်အကြမ်းတို့၌သာ ရသည်မဟုတ်၊ အတည်အခန့်ဖက်ကလည်းရသည်။ ဦး ပုညရေးသမျှ မော်ကွန်းတို့အနက် အကောင်းဆုံးဖြစ်သော ရတနာနဒီမြစ်တော်ဖွဲ့ မော်ကွန်းသည် တည်ကြည်ခန့်ညား၍ အထက်တန်း ကျလှသည်။ သပြေငါးရွာစား ကင်းဝန်မင်း ကြီးရေးသော မော်ကွန်းနှင့်ယှဉ်၍ ဖတ်စေတော်မူပြီး နောက် ဦးပုည၏လက်ရာကပို၍သာကြောင်းဖြင့် မင်း တုန်းမင်းတရားကြီးကိုယ်တိုင် မိန့်တော်မူဘူးလေသည်။ ဦးပုညသည် စကားပရိယာယ် အလွန်ကြွယ်သူဖြစ်လေ သည်။

ဦးပုည၏ပြဇာတ်များတွင် အလင်္ကာတန်ဆာဖြင့် ပြည့်ဝခြင်း၊ စကားအသုံးယဉ်ကျေးမှုခြင်းတို့ကို တွေ့ရသည်။ သူ၏ ပြဇာတ်များသည် ကပြရန်ထက် ဖတ်ရှုရန် ပို၍ ကောင်းသည်။ ဇာတ်ကြောင်းဆင်ရာ၌လည်း ဘုရားဟော ဇာတ်ဝတ္ထုများကို မှီငြမ်းပြု၍ရေးသည်။

ဦးပုည၏ စာပေများကို ခြုံ၍ကြည့်မူ ဦးပုညသည် ပျော်ပျော်ပါးပါးနေတတ်သူဖြစ်ကြောင်းသိရသည်။ လောက ကြီးကို ရယ်စရာအဖြစ်ကြည့်ရှုတတ်သည်။ ဟာသဉာဏ် ရှင်သည်။ သို့ရာတွင် သူသတ်တို့လက်တွင်းရောက်မှ သူရေးသားသော "ဟုတ်ပလေ နှုတ်ချွေဟာရမှာဖြင့်၊ ပုဇ္ဇေစ

www.forewarspace.com.mm

ထင်ရဲ့လော၊ ကောသလင်ယ်တို့၊ ဘဝအသရေ လျှမ်းပါတဲ့၊ ရွှေနန်းစံရာ နရိန်မှ၊ ခါချိန်တန် ပျက်စမြဲဟာမို့၊ စွဲမိသံဝေ။ ။အကုသိုလ်ဃာတကတ်ရယ်က၊ အခုလို လာလို့ဖြတ်တာ ကြောင့်၊ ဇရပ်သို့ပြေးရလေ၊ ခွေးသေသို့သေရင်ြား။ ။ သိလျက်နှင့်ပင် ဝိပါက်တကယ်ထင်လို့၊ ရွှေဥာဏ်ရင် မဝေခွဲနိုင်ဘု၊ ပွဲတွေ့အမှား။''ဟူသည့် လေးဆစ်သဖြန် ကဲ့သို့အကုသိုလ် ဝင်လာသည့်အခါ နောက်ဆုံး၌ ပျက်စီးရ ချေသည်။

ပုတတ်စာ။ ။မြန်မာနိုင်ငံ၌ ဆောင်းရာသီဟင်းသီးဟင်း ရွက်မျိုးဖြစ်သည်။ ဟင်းသီးဟင်းရွက်ဟု ဆိုရသော်လည်း စင်စစ် ပုတတ်စာသည် ပန်းခက်ဖြစ်သည်။ ပင်တံ ရွက်စိမ်း မရှိဘဲ တရှိန်တည်းမြေပြင်မှထွက်၍ အပွင့်ပွင့်သည်။ ပွင့် သောအခါ မှိုကဲ့သို့ တစ်နေရာတည်းတွင် အများအပြား ပွင့်တတ်သည်။ အပွင့်တို့သည် သုံးလက်မခန့်ရှည်သည်။ ချင်းပင်ကဲ့သို့ ဥအတတ်ရှိသည်။ ဇင်ဂျီဗာရေစီးမျိုးရင်းဝင် ဖြစ်၍၊ ရုက္ခဗေဒအမည်အားဖြင့် ကင်ဖီးရီးယား ကန်ဒီတာဟု ခေါ်သည်။ မြန်မာနိုင်ငံအောက်ပိုင်း ကုန်း ဘက်ကျသောဒေသများနှင့် ရှမ်းကုန်းပြင်မြင့်တွင် အလေ့ကျ ပေါက်ရောက်လေ့ရှိသည်။ ယင်းသို့အလေ့ကျ ပေါက်သည် များကို ဆွတ်ခူးတင်ပို့ ရောင်းချကြလေသည်။

ရုက္ခဗေဒ အလိုအားဖြင့် ပုတတ်စာပင်ကို ပင်မဲ့ပန်း ခက်ဟုဆိုသည်။ ပန်းခက်တစ်ခုလျှင် ပန်းပွင့်ခြောက်ပွင့်မှ ရှစ်ပွင့်အထိ ပါတတ်သည်။ ပွင့်ချပ်အုံ အစိတ်အပိုင်း တို့သည် လုံ့စွပ်ပုံရှိသည်။ လှုပသောအပွင့်တို့သည် အဖြူရောင်ဖြစ်သော်လည်း အလယ်တွင်အဝါရောင်အတန် ငယ်စွက်သည်။ သင်းပျံ့သောအနံ့ ရှိလေသည်။

ပုတတ်စာကို ဟင်းချို၊ ဟင်းခါးချက်၍လည်းကောင်း ရေနွေးဖြောပြီးလျှင် အတို့အဖြစ်လည်းကောင်း သုံးဆောင် ကြသည်။ ပုတတ်စာဥကို ထန်းလျက်နှင့်ရော၍ ကလေး များ သံချဆေးအဖြစ် သုံးစွဲကြလေသည်။

ပုထိုးတော်ကြီး(အမရပူရ) ။ ။ဘွဲ့တော်မှာ မဟာ ဝိဇယ ရံသီဖြစ်သည်။ သို့သော် စည်းခုံတော်ပုထိုးတော်ကြီး နာမံ တော်ဖြင့် ပို၍လူသိများသည်။ ယင်း စေတီတော်ကြီးကို စစ်ကိုင်းမင်းအမည်ခံ မှန်နန်းရှင်ဘကြီးတော်မင်း တည် ထားကိုးကွယ်၍၊ အမရပူရ အနောက်တောင်ထောင့်တွင် တည်ရှိလေသည်။

စစ်ကိုင်းမင်းသည် ဘိုးတော်ဗဒုံမင်း၏ ရိုက်ရာကို ဆက်ခံရသည်နှင့်တစ်ပြိုင်နက် ရှေးဘေးလောင်းတော်ဘိုး လောင်းတော်များနည်းတူ ကုသိုလ်ကောင်းမှုတော် များပြုရန်ကြံစည်တော်မူသည်။ ထိုကြောင့် နတ်ရွာစံ

ပုထိုးတော်ကြီးစေတီအား ဤသို့ဖူးမြော်ရသည်။

ခမည်းတော် အိမ်ရှေ့မင်းနှင့်မယ်တော် အိမ်ရှေ့မိဖုရား တို့၏ ကောင်းမှုဖြစ်သော ဟေမမာလာ စေတီ နှင့်တကွ ကျောင်းတိုက်ကြီးအတွင်းမှ ကျောင်းတော်ကြီးများ မီး သင့်လောင်ကျွမ်းသဖြင့်၊လစ်လပ်သောသရက်ဥယျာဉ် မြေ၌ ငွေတော်တစ်သိန်း ရှစ်သောင်းငါးထောင်နှစ်ရာ ကုန်ကျစေ၍၊ စည်းခုံတော် ပုထိုးတော်ကြီးကို တည်တော် မူသည်။

၁၁၈၁ ခုနှစ် တန်ခူးလဆန်း ၁၅ ရက်နေ့တွင် မိဖုရား ကြီးနှင့်တကွ ကိုယ်တော်တိုင် အုတ်မြစ်ချတော်မူသည်။ အုတ်မြစ်ချတော်မူပြီးသည့်နေ့မှစ၍ နေ့စဉ်ထွက်တော်မူ ကာ ကိုယ်တော်တိုင်ကြပ်မတည်တော်မူသည်။ ပုထိုး တော်ကြီး တည်ထားဌာပနာပုံမှာ အကျဉ်းချုပ်အား ဖြင့်၊ ကျုံးကြီးနှစ်တန် ပတ်ရံ၍ ဌာပနာတိုက်ကြီးလေး တိုက်၊ တိုက်ငယ် ၁၂တိုက်ပြုလုပ်ထားသည်။ အလယ် ဌာပနာတိုက်အတွင်း၌ မင်းတရားကြီး ကိုယ်တော်တိုင် ဌာပနာတော်မူသော ဘုရားရှင်၏ သရီရဓာတ်တော် ၁၁၂ ဆူရှိသည်။ ယင်းဓာတ်တော်များကို ပတ္တမြားစေတီ ၌သွင်း၍ ပတ္တမြားစေတီကို ရွှေစေတီမျိုသည်။ ရွှေစေတီ ကို မိုးကြိုးစေတီ၊ မိုးကြိုးစေတီကို ငွေစေတီ၊ ငွေစေတီ ကို ကြေးစေတီ၊ ကြေးစေတီကို နံ့သာစေတီစသဖြင့် စေတီအသီးသီးတို့က ဆင့်ကဲဆင့်ကဲမျိုကြ၍၊ ယင်းနံ့ သာ စေတီကိုရတနာပန်းတောင်းဖြင့်ထည့်လျက် ရွှေစေ တီ၊ ငွေစေတီ၊ ရွှေတံခွန်၊ငွေတံခွန်၊ ရွှေမြူတာ၊ ငွေမြူ တာ၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ရွှေတန်ဆောင်၊ ငွေတန် ဆောင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်၊ ပတ္တမြား ပေါက်ပေါက်၊ ပတ္တမြားလက်စွပ်၊ ရွှေပုတီကုံး၊ ငွေပုတီး

www.foreverspace.com.mm

ကုံးစသောများစွာသော ရတနာတို့ကို ဓာတ်တော် စေတီ ပတ်လည်၌ စီစဉ်ခင်းကျင်း၍ ဌာပနာလေသည်။

ဌာပနာတိုက်ကြီးများအတွင်း၌ ပွင့်လေပြီးသော ဘုရားရှင်လေးဆူတို့၏ ရွှေကိုယ်လေး (ရွှေဒဗိသာ) ရုပ်ပွားတော်တစ်တိုက်တစ်ဆူကျစီနှင့် ဘေးလောင်းတော်၊ ဘိုးလောင်းတော်များမှ စ၍ စစ်ကိုင်းမင်းအထိ၊ မိဖုရားရုပ်ကိုယ်စီ၊ အစီးအနင်းအဆောင်အရွက်ကိုယ်စီနှင့် မြတ်စွာဘုရားကိုရှိခိုးပူဇော်ဟန် ရွှေကိုယ်လေးငွေကိုယ်လေးရုပ်ထုများရှိသည်။ ထိုပြင်ရွှေစေတီ၊ငွေစေတီ၊ မိုးကြိုးစေတီပေါင်းများစွာ၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ မိုးကြိုး ဆင်းတုပေါင်းများစွာကိုလည်း ဌာပနာထားသည်။ ပတ္တမြားဆင်းတု၊ မြဆင်းတု၊ ပယင်းဆင်းတု၊ သလင်းဆင်းတု၊ စိန်ဆင်းတု စသဖြင့် အဖိုးထိုက်ဌာပနာပစ္စည်းများအပြင်၊ ရွှေသားပေ၊ ငွေသားပေတို့တွင် ရေးသားထားသည့် ဓမ္မက္ခန္ဓာတော်အစုများလည်း ဌာပနာတိုက်များအတွင်း ထည့်သွင်းထားခဲ့လေသည်။

ယင်းသို့ အဖိုးထိုက်လှစွာသော ဌာပနာများအပြင် ပုထိုးတော်ကြီး၏ပဌမ၊ ဒုတိယ၊တတိယပစ္စယံခါးပတ်ပတ်လည်တို့၌၊ ငါးရှဉ်ငါးဆယ် ဓာတ်တော်များနှင့် ဓာတ်တော်ကြီးဘွဲ့မှ ပုံတော်များ၊ သမ္မုဒ္ဓေမြတ်စွာဘုရားရုပ်တုတော်များကို စကျင်ကျောက်ဖြူတွင်ပြီးပြေအောင် ထုလုပ်စေ၍၊ ကမ္မည်းအက္ခရာများကိုပါ ရေးထိုးထားသည်။

ယင်းသို့ဖြင့် အချင်းဖိနပ်တော်သံတောင် ၁၂၀၊ ဥာဏ်တော် သံတောင် ၁၂၀ ရှိသောစည်းခုံတော် ပုထိုးတော်ကြီးကို တည်လုပ်ပြီးမြောက်ခဲ့သောကြောင့်၊ ၁၁၈၄ ခုနှစ် တပို့တွဲ လပြည့်ကျော် ၅ရက် ကြာသပတေးနေ့တွင် မင်းခမ်းမင်းနား ကြီးကျယ်စွာ ဗုဒ္ဓပူဇနီယသဘင် ဆင်ယင်ကျင်းပလျက်၊ အဝ ၁၂တောင်၊ အမြင့် ၁၈ တောင် ဘုံကိုးဆင့်ရှိသော ရွှေထီးအထွတ်တင်လှူခဲ့သည်။

သို့သော် ၁၂၀၀ပြည့်နှစ် တန်ခူးလဆန်းရှစ်ရက်နေ့တွင်၊ စစ်ကိုင်း ငလျင် သို့မဟုတ် အင်းဝငလျင်ကြီးလှုပ်သဖြင့်၊ စစ်ကိုင်းဘက်မှ စေတပုထိုးများ၊ မင်းကွန်းဘုရားကြီး၊ မင်းကွန်းခြေခုံကြီးများနှင့်အတူပုထိုးတော်ကြီးသည်လည်း ငလျင်ဒဏ်မိကာ ထီးတော်မြေသို့ခလေသည်။ ပုထိုးတော်ကြီးသည် ၁၂၀၀ ပြည့်နှစ် မှ ၁၂၃၄ ခုနှစ်အထိ၊ ၃၄ နှစ်ကြာအောင် ထီးတော် မဲ့နေခဲ့လေသည်။ ၁၂၃၄ ခုနှစ်တွင် ဘဝရှင်မင်းတုန်းမင်းတရားကြီးက အမြင့် ၁၃ တောင်ထွာ အဝကိုးတောင်နှစ်မိုက်ရှိသောထီးတော်ကို ပုပ္ပါးဝန်အား ကြပ်မတ်စေ၍ တင်လှူခဲ့လေသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်တို့သိမ်းပိုက်ပြီးနောက်၊ ၁၂၆၇ ခုနှစ်တွင် ဘာသာခြားလူဆိုးသူခိုးတို့သည် ဌာပနာများ ကိုခိုးဝှက်ဖောက်ယူကြသေးသည်။

မင်းတုန်းမင်းတရားကြီး ထီးတော်လှူဒါန်း၍ အနှစ် ၄၀မြောက်သော ၁၂၇၄ ခုနှစ်တွင် မြေငလျင် အကြီးအကျယ်လှုပ်၍၊ ဒုတိယအကြိမ် ထီးတော် မြေခပြန်သည်။ ထီးတော်မဲ့အဖြစ်ဖြင့် ခုနှစ်နှစ်ကြာမျှ နေတော်မူခဲ့ရပြီးနောက် ၁၂၈၁ ခုနှစ်တွင် အမရပူရ မြို့သူမြို့သားတို့က တတိယအကြိမ် ထီးတော်သစ် တင်လှူခဲ့လေသည်။

၁၃၁၈ ခုနှစ် ဝါဆိုလဆန်း ၉ ရက်နေ့တွင် မြေငလျင်ကြီးကျယ်လှစွာ တုန်လှုပ်သည့်ဒဏ်ကြောင့် စည်းခုံတော် ပုထိုးတော်ကြီးသည် ထီးတော်နှင့်တကွ ချရားသီးမှ ကြာမှောက်အထိပြိုကျပျက်စီးကာ ဖောင်းတစ်လုံးရောက်အောင် ကွဲအက်သွားလေသည်။ မြို့ပေါ်မှဆရာတော်သံဃာတော်များနှင့်တကွ မြို့သူမြို့သားတို့၏ စေတနာနှင့်ဝါယမစိုက်ထုတ်မှုကြောင့် မကြာမတင် ပျက်စီးသမျှကို ပြုပြင်ပြီးစီးခဲ့သည်။ ၁၃၁၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်နေ့မှစ၍ ဗမာ့ခေတ်ဦးအုန်းခင်နှင့်ဇနီး ဒေါ်ခင်ခင်လေးတို့၏ ကောင်းမှုဖြစ်သော အဝကိုးတောင် နှစ်မိုက်၊ အမြင့် ၁၃တောင်ထွာရှိ ထီးတော်ကြီးကို တင်လှူပူဇော်သည့်ထီးတော်ကြီးကို လပြည့်ကျော် ၁၂ ရက်နေ့တိုင် သိုက်မြိုက်ခမ်းနားစွာ ကျင်းပခဲ့လေသည်။ ထိုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့တွင် စိန်ဖူးတော်တင်၍ ပြီးမြောက်ခြင်းသို့ ရောက်ခဲ့လေသည်။

ပုရပိုက် ။ ။ မြန်မာပုရပိုက်–ရှု။

ပုရစ် ။ ။ပုရစ်၏အရောင်သည် များသောအားဖြင့် နံကောင်စသည်တို့၏ အရောင်လောက် တောက်ပပြောင်လက်ခြင်းမရှိချေ။ အပင်၌ မီတင်းနေထိုင်သော ပုရစ်တို့သည် အစိမ်းနုရောင်ရှိ၍၊ အိမ်နှင့်လယ်ကွင်းများ၌ ကျက်စားလေ့ရှိသော ပုရစ်တို့မှာ အနက်ရောင်၊ သို့မဟုတ် အညိုရောင်ရှိသည်။ ပုရစ်၏ မျက်လုံးတို့သည် တောက်ပ၏။ အသံမှာစူးရှကျယ်လောင်သည်။ ပုရစ်သည် နေ့အချိန်တွင် အပြင်ဘက်သို့ မထွက်ဘဲ၊ ညဉ့်အချိန်ရောက်မှ ရိုအောင်းရာ အနီးအနားတစ်ဝိုက်တွင် အော်မြည်တတ်လေသည်။ ပုရစ်၏မနေမနားအော်မြည်သောအသံသည် နားကြားပြင်းကပ်စရာ ကောင်းလှ၏။ ပုရစ်အမ

ညဉ့်အချိန်ရောက်မှ စူးရှစွာ အော်မြည်တတ်သော ပုရစ်

www.forewarspace.com.mm

သည် မျှားစွာမအော်မြည်နိုင်ဘဲ၊ ပုရစ်အဖိုသာလျှင် အဆက်မပြတ် စူးရှကျယ်လောင်စွာအော်မြည်တတ်သည်။ ဤသို့ အော်မြည်သောအသံသည် နောက်ခြေထောက်ရှိ တံစည်းကဲ့သို့သောအရာနှင့် အရှေ့တောင်ပံ၏ ကြမ်းတမ်းသောမျက်နှာပြင်တို့ အရှိန်ပြင်းစွာ တိုက်ခြစ်သောကြောင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ အတောင်ပံများအပြင်၊ ပုရစ်၌ ကောင်းစွာခုန်နိုင်ရန်အတွက်၊ ရှည်လျားသန်မာသော ခြေထောက်များရှိသည်။

အိမ်ပုရစ် (ဂရစ်လပ် ဒိုမက်စတစ်ကပ်)၏ မူလဒေသမှာ ဥရောပတိုက်ဖြစ်သည်ဟု ဆိုသည်။ ရှေးနှစ်ပေါင်းအတန်ကြာကပင်၊ ဥရောပတိုက်မှ အိမ်ပုရစ်အချို့သည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံစသည်တို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ဥရောပတိုက်မှ အိမ်ပုရစ်များသည် ဒေသသစ်ဖြစ်သော အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံစသည်တို့သို့ ရောက်ရှိသောအခါ၊ မူလနေပုံအတိုင်းပင် အိမ်တွင်း မီးဖိုဟောင်းကြီးများ၊ ပေါင်မုံဖိုဟောင်းကြီးများအတွင်း၌ ပုန်းအောင်းနေထိုင်ကြသည်။ အိမ်ပုရစ်များသည် တစ်လက်မခန့်ရှည်၏။ ဦးထိပ်၌ ရှည်လျားလျားဦးမှင်ပါ၍၊ ညိုပုပ်သောအဆင်းရှိ၏။ ပုရစ်အမများသည် ဆောင်းဦးပေါက်တွင် မြေကြီးပေါ်၌ ဥများကို ဥချကြသည်။ နွေဦးပေါက်ချိန်ကျမှ ပုရစ်ကောင်ကလေးများ ပေါက်လာကြသည်။ ပုရစ်တို့သည် အနွေးဓာတ်ရှိသောအိမ်နှင့် စားသောက်ရန် အမှိုက်သရိုက်ပေါများသော အိမ်များ၌ နေထိုင်ရန် ပို၍ နှစ်သက်ကြသည်။

ကွင်းပုရစ်(ဂရစ်လပ်ကမ်ပက်စတရစ်)ကို ဥရောပတိုက်နှင့် အမေရိကတိုက် ၂တိုက်စလုံးတွင်တွေ့ရ၍၊ အင်္ဂလန်ပြည်၌ကား ကျယ်ပြန့်သောအရပ်ဒေသအချို့၌ သာတွေ့ရ၏။ ထိုပုရစ်တို့သည် နွေကာလ၌သစ်ပင်များ၏ အောက်တွင်လည်းကောင်း၊ ကျောက်တုံးကြီးများအောက်တွင်လည်းကောင်းနေလေ့ရှိကြ၏။ နွေရာသီကုန်၍၊ ဆောင်းရာသီသို့ကူးလျှင်၊ ပုရစ်များသည် အပြင်ဘက်တွင် မနေကြတော့ဘဲ၊ ကျစ်စာတွင်းထဲ၌နေလေ့ရှိကြသည်။

အိမ်ပုရစ်၊ ကွင်းပုရစ်တို့အပြင်၊ အခြားပုရစ် ၂ မျိုးရှိသေး၏။ ထိုပုရစ်တို့မှာ ပွေးပုရစ် (ဂရစ်လို တယ်လပါ) နှင့် အပင်ပုရစ်တို့ ဖြစ်ကြသည်။ ပွေးပုရစ်သည် ပုရစ်မျိုးတွင် မည်သည့် ပုရစ်နှင့်မျှမတူဘဲ အတန်ထူးခြား၏။ ယင်းသည် အိမ်ပုရစ်လောက်လည်း မငယ်ဘဲ၊ အလျား ၂ လက်မခန့် ရှိသည်။ ကြီးမားကျယ်ပြန့်သော နောက်ကျောရှိ၍၊ အညိုရောင်အဆင်းရှိ၏။ ပွေးပုရစ်ကို မြေပြင်၌ တွေ့ရခဲသည်။ အဘယ်ကြောင့်ဆိုသော် ထိုပုရစ်သည် အများအားဖြင့် မြေအောက်တွင်သာ နေလေ့ရှိသောကြောင့် ဖြစ်သည်။ ပွေးပုရစ်၌ သာမန် ပုရစ်ကဲ့သို့ ရှည်လျားသန်မာသော နောက်ခြေထောက်များမရှိချေ။ ထိုကြောင့် ယင်းတို့သည် အခြားပုရစ်များကဲ့သို့ ခုန်၍ မသွားနိုင်ဘဲ၊ တွားရ၍ သွားရလေသည်။

အပင်ပုရစ်သည် ပုရစ်တစ်မျိုးလုံးတွင် အလှဆုံးဖြစ်သည်။ အများအားဖြင့်အစိမ်းနုရောင်ရှိ၍၊ တစ်ခါတစ်ရံသာ အဖြူနှင့်အစိမ်းကွက်များရှိသည်ကိုတွေ့ရ၏။ ထိုပုရစ်တို့သည် သစ်ပင်များပေါ်တွင်လည်းကောင်း၊ ချုံဖုတ်များပေါ်တွင်လည်းကောင်း နေလေ့ရှိ၏။

ပုလဲ ။ ။ရတနာ၇ ပါး၊ရတနာ ၁၀ ပါးနှင့် နဝရတ် ၉ ပါးတို့တွင်ပုလဲသည် အပါအဝင်ဖြစ်၏။ နို့ရည်ကဲ့သို့ ဖြူဆွတ်၍၊ နှစ်လို့ဖွယ်ကောင်းသောပုလဲကို ပင်လယ်၌ ရှိသော ကမာကောင်၏ကိုယ်တွင်းမှရရှိသည်။ (ကမာ–ရှု။) အခြားခရု၊ ယောက်သွား၊ ခုံးကောင်စသည်တို့မှလည်း ရရှိနိုင်သေး၏။ ကမာကောင်များနှင့်အလားတူ အခွံမာရှိသောရေသတ္တဝါများတွင် အလွန်နူးညံ့ဖြူဖွေး၍ အရောင်တောက်သောအနှစ်တစ်မျိုးရှိရာ၊ယင်းမှာ အခွံကြမ်းနှင့် အတွင်းအသားနုတို့ကိုမထိစေရန် ခွဲခြား ကာကွယ်ပေးထားသည့် အထပ်ဖြစ်လေသည်။ ဤအထပ်မှ ပုလဲကို ဖန်တီးမွေးထုတ်ပေးရသည်။

ကမာ၊ ခုံးကောင်စသည့် အခွံမာရှိသော ရေသတ္တဝါ၏ ကိုယ်တွင်းသို့ သဲပွင့်တစ်ပွင့်ဖြစ်စေ၊ ရေပိုးမွှားလေးဖြစ်စေ၊ အခြားသေးငယ်သောအရာဝတ္ထုဖြစ်စေ ဝင်ရောက်လာပါက၊ ယင်းအကောင်၏ နူးညံ့သောအတွင်းသားသည် လူတို့၏မျက်စိတွင်းသို့ ပိုးစပ်ကောင်ဝင်ဘိသကဲ့သို့ ယားယံ သလိုဖြစ်ကာ အခံရဆိုးလာ၏။ ထိုအခါ နူးညံ့သောကိုယ် တွင်းမှ နွားနို့ကဲ့သို့ ဖြူဆွတ်ကြည်လင်သော အရည်ကြည်များကို အကြိမ်ကြိမ်ညှစ်ထုတ်၍၊



သဘာဝပုလဲကို ကမာအောင်အတွင်း၌ ဤသို့တွေ့ရသည်။

www.foreyers-space.com.mm

ယားယံ့ဖ

့သော အရာဝတ္ထုကို ဖယ်ရှားရန်ကြိုးစား လေတော့၏။ ဖယ်ရှား၍မရနိုင်သောအခါ၊ ထိုအရာဝတ္ထု ယေ်ကို အရည်ကြည်များဖြင့်အထပ်ထပ် ဖုံးအုပ်လေသည်။ ထိုသို့ ဖုံးအုပ်ထားရာမှ ကာလကြာမြင့်သောအခါ၊ အရည်ကြည်များသည် မာ၍လာကာ၊ နောက်ဆုံး၌ ပုလဲအဖြစ်သို့ ရောက်ရှိလေသည်။ ကမာကောင်၏မာကျောသောအခွံကို ထွင်းဖောက်ဝင်ရောက်နိုင်သော ပါရာဆိုက်ပိုးမွှားတစ်မျိုး ရှိသေး၏။ ထိုပိုးမွှားထွင်းဖောက်သော အပေါက်ငယ်ကိုဖာထေးရန်အတွက် ကမာကောင်သည် အရည်ကြည်များညှစ်ထုတ်သောအခါ၌လည်း ပုလဲဖြစ်လာတတ်သည်။

ကမာကောင်အမျိုးအစားများပြားသကဲ့သို့ ပုလဲလည်း အကောင်းစားအညံ့စားဟူ၍ ကွဲပြားလေသည်။ အသားကို စားရသောကမာကောင်များမှ ပုလဲအညံ့စားကိုရရှိ၏။ ပုလဲထွက်သောရေသတ္တဝါအမျိုးမျိုးမှ အကောင်းစားပုလဲနှင့် ကနုကမာခွံများကိုရရှိသည်။ အပြင်ဘက်အခွံမာ၏အရောင်အသွေးအလိုက်၊ ပုလဲ၏ အရောင်အဆင်းလည်း ရှိနေတတ်၏။ အတွင်းသား အရောင်မှိန်သော ကမာကောင်မှရရှိသော ပုလဲသည် အရောင်မှိန်၍၊ များစွာအဖိုးမတန်ချေ။ (ကနုကမာ–ရှု။)

ပုလဲထွက်သော ရေသတ္တဝါများသည် ပင်လယ်ရေနေ့အောက် ပေ ၅၀မှ ၁၅၀အထိ နက်ရှိုင်းသောနေရာများတွင် နေလေ့ရှိကြ၏။ ပုလဲငုပ်သမားများသည် လှေများ

ပုလဲများကို ရေပြင်အောက်၌ ရှာဖွေနေစဉ်

သင်္ဘောများဖြင့် သွားရောက်ကာ၊ ကမာကောင်များကို ဖမ်းယူခဲ့ပြီးလျှင်၊ အတွင်းသားနများဆွေးရိသည့်တိုင် အောင်ပစ်ထားတတ်ကြသည်။ ထိုနောက် တူ၊ ဇာ၊ ကနာ စသည်တို့ဖြင့် အခွံကိုခွဲထုတ်ကာ ပုလဲကို ရှာဖွေယူကြလေသည်။

ပုလဲသည် အများအားဖြင့် အဖြူနှင့်ပန်းနုရောင်များ ရှိကြသော်လည်း၊ ပုလဲနက်များကို မက္ကဆီကို ပင်လယ်နှင့် တောင်သမုဒ္ဒရာများတွင် တွေ့ရသေး၏။ ပုလဲနက်များမှာ ရှားပါးသောကြောင့် တန်ဖိုးကြီးလေသည်။ အမျိုးကောင်းသော ပုလဲကို အရှေ့ဘက်နိုင်ငံများ၌ တွေ့ရှိရလေသည်။ ပုလဲ အကောင်းဆုံး အမျိုးအစားကို ပါးရှင်းပင်လယ်ကွေ့မှရရှိတတ်၏။ ပုလဲရရှိနိုင်သော ကမ္ဘာပေါ်ရှိ အခြားနိုင်ငံများမှာ စကော့တလန်၊ အိုင်ယာလန်၊ ဂျာမနီ၊ ဖိလစ်ပိုင်နိုင်ငံ၊ သီဟိုဠ်ကျွန်း၊ မြန်မာနိုင်ငံ၊ တရုတ်နိုင်ငံ စသည်တို့ ဖြစ်၏။ ပုလဲစေ့ (ခေါ်) ပုလဲအငယ်စားများကို စကော့တလန်၊ အိုင်ယာလန်၊ ဂျာမနီနှင့် တရုတ်နိုင်ငံတို့ရှိ မြစ်များအတွင်း၌ နေလေ့ရှိသော ယောက်သွားကောင်များမှ ရရှိ၏။ ပင်လယ်နီအတွင်းရှိ ပုလဲလုပ်ငန်းများကို ဗြိတိသျှနိုင်ငံက ကြီးကိုင်လေသည်။

သဘာဝနည်းလမ်းဖြင့်မဟုတ်ဘဲ ပုလဲကို မွေးယူနိုင်လေသည်။ ယင်းသို့ မွေးယူပုံမှာ ရှေးဦးစွာ ကမာကောင်များကိုငုပ်ယူ၏။ ထိုကမာကောင်တို့၏ နူးညံ့သော ကိုယ်တွင်းသို့ သေးငယ်သော အရာဝတ္ထုများကို သွတ်သွင်းပေးပြီးလျှင်၊ လှောင်အိမ်များတွင်ထည့်ကာ ရေထဲတွင် မြှုပ်ထားလိုက်လေသည်။ ထိုကမာကောင်များသည် ဖြူဆွတ်ကြည်လင်သော အရည်ကြည်များကိုညှစ်ထုတ်ကာ ထိုယားယံ့စေသောအရာဝတ္ထုကို အထပ်ထပ် ဖုံးအုပ်တော့၏။ ဤနည်းဖြင့် ကာလကြာမြင့်သော်၊ အရည်ကြည်များသည် မာ၍ပုလဲအဖြစ်သို့ပြောင်းလဲလာလေသည်။ ထိုအခါ လှောင်အိမ်များကို ရေပေါ်သို့ဖော်ယူကာ၊ ပုလဲကိုထုတ်ယူ ကြလေသည်။ ဤပုလဲတုမွေးနည်းကို ၁၃ ရာစုခေတ်ကပင် တရုတ်နိုင်ငံတွင် စတင် အသုံးပြုခဲ့ကြောင်းသိရ၏။

ယခုအခါ ဂျပန်လူမျိုးတို့သည် ပုလဲတုမွေးမြူ ထုတ်လုပ်ရာတွင်ကျော်ကြားကြလေသည်။ ယင်းလုပ်ငန်းတွင် အလွန်ကျွမ်းကျင်သည့်အလျောက်၊ ဂျပန်လူမျိုးတို့ ပြုလုပ်သောပုလဲနှင့် သဘာဝပုလဲကို သာမန်လူတို့ မခွဲခြားနိုင်ကြပေ။ သက်ဆိုင်ရာပါရဂူများသာလျှင် ခွဲခြားသိနိုင်ကြလေသည်။

ပုလဲအကြောင်းကို မြန်မာကျမ်းဂန်များတွင်လည်း ရေးသားဖော်ပြထားသည်။ သာရတ္ထသင်္ဂဟတေရသကဏ်ဋီကာတွင် ပုလဲမျိုးရှစ်ပါးရှိကြောင်း၊ ယင်းတို့မှာ (၁)ဟတ္ထိကုမ္ဘ

www.foeyarspace.com.mm

ဆင်ဦးကင်းဌ်ဖြစ်သောပုလဲ၊ ရွှေရောင်အဆင်းရှိ၏။ (၂) ဝရာဟဒါဌ–ဝက်စွယ်ဌ် ဖြစ်သောပုလဲ၊ ဝက်စွယ်အဆင်းရှိ၏။ (၃) ဘူဇင်္ဂီသီသ– မြွေဦးခေါင်းဖြစ်သောပုလဲ၊ စိမ်းညိုတောက်ပသည်။ (၄)ဝလာဟက–တိမ်တိုက်ဌ်ဖြစ်သောပုလဲ၊ နတ်သုံး ရတနာမျိုး၊ အလွန်လင်း၏။ (၅) သခ်–ခရုသင်းဌ်ဖြစ်သောပုလဲ၊ ခရုသင်းအဆင်းရောင်ရှိ၏။ (၆) သိပ္ပိ–ယောက်သွားဌ်ဖြစ်သောပုလဲ၊ အဆင်းရောင်အထူးထူးရှိ၏။ (၇)ဝေဠုဝါးဌ်ဖြစ်သော ပုလဲ၊ စပျစ်သီးစိမ်းရောင်အဆင်းရှိ၏။ (၈) မဇ္ဇသိရ–ငါးဦးခေါင်းဌ်ဖြစ်သောပုလဲ၊ ငါးဖယ်ကျောကုန်းအဆင်းရှိ၏ ဟူ၍တွေ့ရသည်။ ထိုကိုရည်ရွယ်၍ 'မဇ္ဇသီသ၊ သခ်သိပ္ပိ၊ ဟတ္ထိကုမ္ဘ၊ နဂါ့ထိပ်လက်၊ ဝက်စွယ်နှင့်ဝါး၊ တိမ်တိုက်ကြားဟု၊ ရှစ်ပါးရပ်တွင်၊ ပေါ်ရောက်ထင်သည်။ မျက်ရှင်ပုလဲ၊ ရှစ်မျိုးကွဲ၏ 'ဟု မန္ဒာတုစကြာမင်းပျိုတွင် စပ်ဆိုထားလေသည်။ မဟာဝင်ကျမ်းတွင် မင်း၏အာနုဘော်၊ ဘိသက်၏အာနုဘော်တို့ကိုအမှီပြု၍ဖြစ်ထွန်းလာသော ပုလဲရှစ်မျိုးရှိကြောင်း ဖော်ပြထား၏။ ယင်းတို့မှာ (၁) မြင်းနှင့်တူသော ပုလဲ၊ (၂) ဆင်နှင့်တူသောပုလဲ။ (၃) ရထားနှင့် တူသော ပုလဲ။ (၄) သျှိသျှားသီးနှင့်တူသော ပုလဲ။ (၅) လက်ကောက်နှင့်တူသောပုလဲ။ (၆)လက်စွပ်နှင့်တူသောပုလဲ။ (၇) ရေခဲတက်သီးနှင့်တူသောပုလဲ။ (၈)ပြကတ္တေ့သဘောရှိသော ပုလဲတို့ဖြစ်၏။ ပုလဲကို သန့်ရှင်းဖြူစင်ခြင်း၊မြင့်မြတ်ခြင်း၊ မြတ်နိုးဖွယ်ရာဖြစ်ခြင်းဖြင့်တင်စား၍သုံးသည်။ နဝရတ်လက်စွပ် စီရင်ရာ၌ ပုလဲကို ထည့်သွင်းသည်မှာ ကျက်သရေအတွက် ဖြစ်ကြောင်းဟု တွေ့ရလေသည်။(နဝရတ်–ရှု။)

ပုလောမြို့။ ။ပုလောမြို့သည် တနင်္သာရီတိုင်း မြိတ်ခရိုင်၏ မြောက်ဘက်အစွန်ဆုံးကျသော ပုလောမြို့နယ်၏ မြို့ပိုင်ရုံးစိုက်မြို့ ဖြစ်သည်။ ထားဝယ်ခရိုင်နယ်နိမိတ်နှင့် ပုလောမြို့နယ်၏နယ်နိမိတ်တို့ စပ်လျက်ရှိသည်။ ပုလောမြို့နယ်သည် မူလက တိုက်နယ်ကလေးမျှသာဖြစ်သော်လည်း၊ သတ္တုလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးလာ၍ မြို့နယ်အဖြစ် ရောက်ရှိလာသည်။ ပုလောမြို့နယ်၏ အကျယ်အဝန်းမှာ ၁၁၅၁ စတုရန်းမိုင် ရှိ၍၊ ပုလောမြစ်၏ တောင်ဘက်ရှိ ပင်လယ်ကမ်းခြေ မြို့နယ်ကလေး ဖြစ်သည်။ သစ်တောနှင့်တောင်များထူထပ်သော မြို့နယ်ဖြစ်သည်။ သူကြီးနယ်ပေါင်း ၃၀ခန့်ပါဝင်၍၊ မြို့နယ်တစ်နယ် လုံးတွင် ၁၉၅၆ ခုနှစ်ခန့်မှန်းချက်အရ လူဦးရေ ၅၄၅၉၃ ဦးရှိသည်။

ပုလောမြို့သည် ထားဝယ်မှမြိတ်သို့သွားသောကားလမ်းပေါ်တွင်တည်ရှိ၏။ ထားဝယ်မြို့မှ ၉၂မိုင်ဝေး၍ မြိတ်မြို့မှ ၅၆မိုင်ဝေးသည်။ ပုလောမြို့သည် ပင်လယ်ကမ်းခြေတွင်

ပုလောမြို့ မြို့ဦးစေတီနှင့် အစိုးရရုံးများတည်ရှိရာဆိပ်ကမ်းရှုခင်း

တည်ရှိသဖြင့်၊ မော်လမြိုင်၊ မြိတ်စသည်တို့မှ သင်္ဘောများ ဝင်ထွက်သွားလာသောကြောင့် ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် ကောင်းမွန်သည်။

သတ္တုထွက်ရာဒေသဖြစ်သဖြင့် သတ္တုလုပ်ငန်းနှင့် ပင်လယ်ကမ်းခြေနှင့်နီးသဖြင့် ဆားချက်ခြင်း၊ ငါးဖမ်းခြင်းလုပ်ငန်းများအပြင်၊ ငပိ၊ ငခြောက်လုပ်ငန်းများထွန်းကားသည်။ မြတ်စွာဘုရား၏ခြေတော်ရာရှိသဖြင့်ကျော်ကြားသောပုလမြို့သည် ပုလောမြို့တောင်ဘက် ၁၂ မိုင်ကွာတွင်ရှိသည်။ ၁၉၅၃ ခုနှစ်သန်းခေါင်စာရင်းအရ ပုလောမြို့၏ လူဦးရေမှာ ၅၈၀၄ ဦးဖြစ်သည်။

ပုလင်းပုံပင် ။ ။ ဗောတဲပင်–ရှု။

ပုလိပ် ။ ။ ရဲ–ရှု။

ပုသိမ်ခရိုင်။ ။ပုသိမ်ခရိုင်သည် အောက်မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်း၏ အနောက်တောင်ဘက်အစွန်တွင် တည်ရှိသည်။ ဧရာဝတီတိုင်း၏ အကျယ်ဝန်းဆုံးသော ခရိုင်ဖြစ်၍၊ ပုံပန်းသဏ္ဌာန်မှာ အပေါ်ကား၍ အောက်ပိုင်းရှုံ့သည်။ ခရိုင်၏မြောက်ဘက်တွင် ဟသ်ာတခရိုင်နှင့် သံတွဲခရိုင်၊ အရှေ့ဘက်တွင် မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ဗင်္ဂလားပင်လယ်အော်တို့ အသီးသီးတည်ရှိသည်။

ရခိုင်ရိုးမတောင်တန်းသည် ခရိုင်၏ အနောက်ဘက်ပိုင်းတွင် ကမ်းရိုးတန်းနှင့်ယှဉ်ပြိုင်လျက် မြောက်မှတောင်သို့

www.forexspace.com.mm

သွယ်ကန်းနေပြီးလျှင်၊ မော်တင်စွန်းတွင် အဆုံးသတ်လေသည်။ ရခိုင်ရိုးမ၏အရှေ့ဘက်ရှိအပိုင်းသည် မြေနုကျွန်းပေါ် မြေပြန့်မြေနိမ့်ဒေသ ဖြစ်လေသည်။

ပုသိမ်ခရိုင်အတွင်း၌ မြစ်ငယ်ချောင်းငယ်များစွာ ဖြတ်သန်းစီးလျက်ရှိသည်။ ခရိုင်အတွင်းအရေးအပါဆုံးမြစ် မှာ ပုသိမ်(ဝန်)မြစ်ဖြစ်သည်။ ယင်းမြစ်သည် ဟင်္သာတမြို့အထက်နားတွင် ဧရာဝတီမြစ်မှခွဲထွက်၍၊ ခရိုင်တလျှောက် မြောက်ဘက်မှတောင်ဘက်သို့ ဖြတ်သန်းစီးဆင်းလာပြီးလျှင်၊ ဗင်္ဂလား ပင်လယ်အော်ထဲသို့စီးဝင်သည်။ ပုသိမ်မြစ်ဝတွင် ကျွန်းကလေးအများအပြားရှိရာ၊ အထင်ရှားဆုံးမှာ ဟိုင်းကြီးကျွန်းနှင့် ထိုကျွန်း၏အောက်ဘက်နားတွင် လိပ်ဥအမြောက်အများထွက်၍ လူသိများသောလိပ်ကျွန်း၊ ခေါ်သမီးလှကျွန်း (အင်္ဂလိပ်အခေါ်ဒိုင်းမွန်းကျွန်း)တို့ဖြစ်သည်။

ပုသိမ်(ဝန်)မြစ်၏မြစ်လက်တက်များမှာ ပုသိမ်မြို့အထက်နားဘက်မိုင်ခန့်တွင်စီးဝင်သော ဒကမြစ်နှင့် ပုသိမ်မြို့၏အောက်ဖက် ၂၈မိုင်ခန့်အကွာတွင်စီးဝင်သောပန်းဝတီမြို့တို့ဖြစ်ကြသည်။ (ပန်းမဝတီ မြစ်–၆။) ပုသိမ် (ဝန်) မြစ်သည် မြစ်ဝနှစ်ခုဖြင့် ပင်လယ်ထဲသို့စီးဝင်သည်။ သို့သော်အရှေ့ဘက်မြစ်ဝ ဖြစ်သော သက္ကယ်သောင်မြစ်သည် သဲသောင်များပေါများ၍၊ သင်္ဘောကြီးများမဝင်ထွက်နိုင်ပေ။ အနောက်ဘက်မြစ်ဝလည်းဖြစ်၍ ပင်ရင်းမြစ်ကြောင်းလည်းဖြစ်သောပုသိမ်(ဝန်)မြစ်ဝကား ပုသိမ်မြို့တိုင်အောင် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်သည်အထိ နက်ရှိုင်းကျယ်ဝန်းလေသည်။ (ပုသိမ်မြစ်–၆။)

ပုသိမ်ခရိုင်၏ မြောက်ဘက်ပိုင်းဖြစ်သော ရခိုင်ရိုးမ၏အရှေ့ဘက်မြေပြန့်ဒေသသည် မြေသြဇာထက်သန်ကောင်းမွန်၍ ဆန်စပါးအထွက်အများဆုံးဒေသဖြစ်သည်။ ယင်းဒေသမှအောက်ဘက်သို့ဆင်းလာရာ၊ ဝန်မြစ်နှင့် ဒကမြစ်အကြားရှိဒေသသည် မြေသြဇာညံ့၍ ရေလွှမ်းမိုးသောဒေသဖြစ်သည်။ ဒကမြစ်၏အရှေ့ဘက်နှင့် တောင်ဘက်ဒေသတို့တွင်ကားမြေပြင်သည်အနည်းငယ်မြင့်လာ၍၊ မြေသြဇာထက်သန်လာပြန်သည်။ ဝန်မြစ်အတွင်း ဒကမြစ်စီးဝင်သည့်နေရာမှ အနောက်ဘက်ဒေသသည် မြေနိမ့်၍ ရေလွှမ်းမိုးတတ်ပြီးလျှင် စိုက်ပျိုး၍မဖြစ်ထွန်းလှချေ။ ထိုနေရာမှ အောက်ဘက်သို့ ဆင်းသက်လာပြန်လျှင်၊ မြေပြင်သည် မြင့်လာ၍ စိုက်ပျိုးဖြစ်ထွန်းလာပြန်သည်။ ပုသိမ်မြို့ မှလွန်၍ တောင်ဘက်ပိုင်းတွင်ကား မြစ်ဝကျွန်းပေါ် ဒေသဖြစ်သည့် အလျောက် မြစ်ငယ်ချောင်းငယ်များဖြင့် ယှက်သန်းနေကာ၊ လယ်ယာများကြိုကြားတည်ရှိသည့် လမုတောများရှိလေသည် ပုသိမ် ခရိုင်၏ အနောက်ဘက်ကမ်းရိုးတန်းသည် အကွေ့ အကောက်အလွန်များသည်။

ပုသိမ်ခရိုင်အတွင်း၌ အထူးသဖြင့် ခရိုင်၏အရှေ့မြောက်ဘက်တွင် အင်းအိုင်များလည်းပေါများရာ၊ ကျုံ့ပျော်မြို့နယ်အတွင်း ကျုံ့ပျော်မြို့မှလေးမိုင်ကွာရှိ အင်းရဲကြီးသည် အဓိကရဖြစ်သည်။ ယင်းအင်းကြီးသည် အဝန်းခုနစ်မိုင်ရှိ၍ နွေရာသီ၌ပင် ၁၅ပေရေအနက်ရှိသည်။ ခရိုင်အတွင်း အင်းများအနက် အင်းရဲကြီးမှ အင်းခွန်အများဆုံးရလေသည်။ ခရိုင်အတွင်း ရခိုင်ရိုးမသစ်တောများမှ ပျဉ်းကတိုး၊ ပျဉ်းမနှင့်အခြားသစ်မျိုးပေါင်း သုံးဆယ်ကျော်ခန့် ထွက်သည်။ ဝါးများလည်း အမြောက်အမြားခုတ်ယူရရှိသည်။ ပုသိမ်ခရိုင်သည် ဆန်စပါးအထွက်များသောခရိုင်တစ်ခုဖြစ်သည်။ ခရိုင်အတွင်း အဓိကလုပ်ကိုင်ကြသောလုပ်ငန်းများမှာ ဆန်စပါးလုပ်ငန်း၊ သစ်လုပ်ငန်းနှင့် ငပိလုပ်ငန်းဖြစ်၍၊ ငပုတောမြို့နယ်ဘက်တွင် ဆားချက်သောလုပ်ငန်းကိုလည်း လုပ်ကိုင်ကြလေသည်။

မြစ်ဝကျွန်းပေါ်ဒေသဖြစ်၍ မြစ်ချောင်းပေါများသည်အားလျော်စွာခရိုင်အတွင်း ကူးသန်းသွားလာမှုကို ရေကြောင်းဖြင့်သာ ပြုကြသည်။ ၁၈၇၂–၇၃ခုနှစ်မှစ၍ ရန်ကုန်ပုသိမ်သင်္ဘောလမ်းကို ဧရာဝတီသင်္ဘောကုမ္ပဏီကဖွင့်လှစ်ခဲ့သည်။ ထိုစဉ်ကတစ်ပတ်တစ်ကြိမ်မျှသာဖြစ်သည်။ ၁၈၇၅ ခုနှစ်တွင် တစ်ပတ်လျှင် နှစ်ကြိမ်ကျအထိ တိုးတက်လာ၍၊ ယခုအခါနေ့စဉ်သွားလာနေသည်။ ဝန်မြစ်ကြောင်းသွားလာရေးကို ၁၈၈၂ ခုနှစ်မှစတင်ခဲ့၍ ၁၈၉၀ ပြည့်နှစ်အထိ ပုသိမ်–ဟင်္သာတသင်္ဘောလမ်းသည် နှစ်လုံးပေါက်သွားလာနိုင်ခဲ့သည်။ ထိုနောက်တွင်ကား မြစ်တွင်သောင် များထွန်းလာသဖြင့် ပုသိမ်မှဌသိုင်းချောင်းအထိသာ ဓွန်လမှနိုဝင်ဘာလတိုင်အောင် သင်္ဘောခုတ်မောင်းနိုင်သည်။ ပုသိမ်–ကျုံ့ပျော်သင်္ဘောလမ်းကို ၁၈၉၃ခုတွင် စတင်ဖွင့်လှစ်ခဲ့၍ ပုသိမ်–မြောင်းမြသင်္ဘောလမ်းသည် ၁၉၀၄ ခုနှစ်မှစတင်ခဲ့ရာ ယနေ့တိုင်အောင်သွားလာအသုံးပြုလျက်ရှိသည်။

ခရိုင်အတွင်းတစ်ခုတည်းသောမီးရထားလမ်းမှာပုသိမ်နှင့် ဟင်္သာတကို ဆက်သွယ်ထားသောမီးရထားလမ်းဖြစ်၍၊ ၈၆ မိုင်ရှည်လျားသည်။ ပုသိမ်မှရန်ကုန်သို့ မီးရထားဖြင့်သွားလိုသူတို့သည် ဟင်္သာတတစ်ဖက်ကမ်းသာရဝေါမှ တစ်ဆင့် ပြည်–ရန်ကုန်မီးရထားလမ်းပေါ်ရှိ လက်ပံတန်းသို့သွားရောက်ကြပြီးသော်၊ ရန်ကုန်သို့ခရီးဆက်နိုင်သည်။

ပုသိမ်ခရိုင်သည် ဧရာဝတီတိုင်း၏ အရေး ပါသောခရိုင်ကြီးတစ်ခု ဖြစ်ပေသည်။ ၄၁၄၉ စတုရန်းမိုင် ကျယ်ဝန်း၍ ၁၉၅၆ခုနှစ်သန်းခေါင်စာရင်းအရ မှန်းဆလူဦးရေ ၇၇၅၅၄၈ ယောက်ရှိသည်။ ခရိုင်အတွင်း ဗုဒ္ဓအယူဝါဒီ မြန်မာလူမျိုးတို့၏ဦးရေမှာ အများဆုံးဖြစ်၍၊ ဒုတိယအများဆုံးမှာ ခရစ်ယာန်အယူဝါဒီကရင်လူမျိုးများ ဖြစ်ကြသည်။ ကရင်လူမျိုးများတွင် စကောကရင်နှင့် ပိုးကရင်ဟူ၍ရှိ

www.foreverspace.com.mm

ပြန်ရာ၊ ဗိုးကရင်ဦးရေကပို၍ များပြားသည်။ ရှေးကရာမည တိုင်းကွင် အပါအဝင်ဖြစ်၍ မွန်ဒေသဖြစ်ခဲ့သော်လည်း၊ ယခု အခါ မွန်အဆက်အနွယ်တို့ တိမ်ကောပျောက်ကွယ် လျက် ရှိကြလေသည်။ မြန်မာနိုင်ငံအခြားခရိုင်များနည်းတူ နိုင်ငံ ခြားသားတရုတ်ကုလားတို့ကို ခရိုင်းအတွင်းအနှံ့ အပြား တွေ့ရှိရလေသည်။

ပုသိမ်ခရိုင်သည် ရှေးမြန်မာနှင့်မွန်ဘုရင်တို့လက်ထက် အခါကပင် ထင်ရှားခဲ့သောဒေသတစ်ခုဖြစ်ပေသည်။ရာမည တိုင်းမွန်သုံးရပ်တွင်ပါဝင်ခဲ့၍ ကုသိမမဏ္ဍလဟူ၍ လည်း ကောင်း၊ ကုသိမရဋ္ဌတိုင်းဟူ၍လည်းကောင်း မွန်ညဟူ၍ လည်းကောင်း ခေါ်တွင်သောတိုင်းတွင် အပါအဝင်ဖြစ်ခဲ့ သည်။ မြန်မာသက္ကရာဇ် ၅၃ဖခုတွင်နန်းတက်သောနရ ပတိစည်သူမင်းလက်ထက်၊ ရွှေတိုက်တော်စာရင်းတွင်ပုသိမ် ၃၂မြို့၏အမည်များ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည် ရှေးအခါကပင် ပုသိမ်မြို့သည် သင်္ဘောဆိပ်ကမ်းမြို့ဖြစ် ခဲ့သည်။ ပုသိမ်ခရိုင်သည် ရှေးနှစ်ပေါင်းများစွာက မြန်မာ နှင့်မွန်တို့ အင်အားပြိုင်ရာဒေသလည်း ဖြစ်ခဲ့ပေသည်။

ဗြိတိသျှတို့သည် အိန္ဒိယတွင်ခြေကုပ်ရ၍ အရှေ့အိန္ဒိယ ကုမ္ပဏီကိုတည်ထောင် အခြေစိုက်ခဲ့ပြီးသော်၊ မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်လည်း အခြေစိုက်နိုင်ရန် နှစ်ကြိမ် တိုင်တိုင် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ မြန်မာ သက္ကရာဇ် ၁၀၄၈ခုနှစ်တွင် ဗြိတိသျှတို့သည် ဟိုင်းကြီး ကျွန်းတွင် အခြေစိုက်နေစပြု၍ အရှေ့အိန္ဒိယကုမ္ပဏီ ဌာနခွဲတစ်ခုကို ပုသိမ်မြို့၌ ဖွင့်လှစ်သည်။ အရှေ့အိန္ဒိယ ကုမ္ပဏီဌာနခွဲတစ်ခုကို သံလျင်မြို့၌ ဖွင့်လှစ်ထားပြီး ဖြစ်သော်လည်း ဗြိတိသျှတို့သည် ဟိုင်းကြီးကျွန်းကို အခြေခံစခန်းပြုလုပ်ရန် ပို၍ နှစ်ခြိုက်ကြသည်။ အ ကြောင်းမှာ ဟိုင်းကြီးကျွန်းသည် သံလျင်ဆိပ်ကမ်းထက် ရေနက်သည်တစ်ကြောင်း၊ မဒရပ်၊ ဗင်္ဂလားတို့နှင့် ပို၍ နီးသည်တစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ရခိုင်ပြည်အကြား၌ရှိ၍ ခရီးအထောက်အလှမ်း အဆက်အသွယ် သင့်လျော်သည် တစ်ကြောင်းတို့ကြောင့် ဖြစ်လေသည်။

မြန်မာသက္ကရာဇ် ၁၁၁၈ ခုနှစ် (ခရစ်နှစ် ၁၇၅၇)တွင် အလောင်းမင်းတရားကြီးနှင့် ဟံသာဝတီမွန်တို့အရေးတွင် အင်္ဂလိပ်တို့ကမြန်မာတို့ဘက်မှကူညီသဖြင့် အလောင်းမင်း တရားကြီးက ဗြိတိသျှတို့အားဟိုင်းကြီးကျွန်းနှင့် ပုသိမ်မြို့ တွင် နေရာတစ်ခုကို အပိုင်ပေး၍ ခံတပ်ဆောက်လုပ်ခွင့်ပြုခဲ့ သည်။သို့သော် ၁၁၂၀ပြည့်နှစ်(ခရစ်နှစ် ၁၇၅၉)တွင် မွန် တို့ ပုန်ကန်ပြန်သောအခါ၊ ဟိုင်းကြီးကျွန်းမှအင်္ဂလိပ်တို့က မွန်တို့အား တိတ်တဆိတ်အားပေးသည်ဟု အလောင်းမင်း တရားကြီးသိရှိတော်မူသဖြင့်၊ ဟိုင်းကြီးကျွန်းသို့ တပ်များ လွှတ်၍ အင်္ဂလိပ်တို့အားသတ်ဖြတ် အမြောက်သေနတ် များကိုသိမ်းယူစေသည်။ ဗြိတိသျှတို့သည် ဟိုင်းကြီးကျွန်း တွင် ပြန်လည်နေထိုင်ခွင့်ရရန် နောင်အခါများတွင် ကြိုးပမ်းကြသေးသော်လည်း မအောင်မြင်ပေ။

အင်္ဂလိပ်–မြန်မာစစ်ပွဲများဖြစ်ပွားလာသောအခါ ပုသိမ် မြို့ပေါ်နှင့်၊ ပုသိမ်ခရိုင်အတွင်း၌ ဗြိတိသျှတပ်များနှင့် မြန်မာတပ်များတိုက်ပွဲများဖြစ်ပွားခဲ့သေးသည်။ ဒုတိယ အင်္ဂလိပ်–မြန်မာစစ်ပွဲအပြီးတွင် ဗြိတိသျှတို့က အောက်မြန် မာနိုင်ငံကို သိမ်းပိုက်ရာ၊ ပုသိမ်ခရိုင်သည်လည်း ဗြိတိသျှ တို့ လက်အောက်သို့ရောက်ခဲ့သည်။ သို့သော် ဇာတိသွေးဇာ တိမာန်ထက်သန်ပြင်းပြသည့် မွန်မြန်မာတို့ တော်လှန်ပုန် ကန်ကြခြင်း၊ ဓားပြများသောင်းကျန်းလုခြင်းတို့ကြောင့် ခရိုင်တစ်ခုလုံး၏ငြိမ်ဝပ်ပိပြားရေးကို ဗြိတိသျှတို့ ကြိုးစား ထိမ်းသိမ်းခဲ့ရသည်။ တတိယအင်္ဂလိပ် မြန်မာစစ်ဖြစ်လာ သောအခါ ပုသိမ်ခရိုင်သည် လှုပ်ရှားထကြွလာပြန်သေး သဖြင့် ဗြိတိသျှတို့သည် ခရိုင်အခြေအနေကို ထိမ်းသိမ်းထား နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့ရသည်။

ဗြိတိသျှတို့ စိုးမိုးသည်မှစ၍ ၁၈၉၃ ခုနှစ်တွင် ပုသိမ် ခရိုင်အတွင်းမှ နယ်မြေအချို့ကို မြောင်းမြ ခရိုင်သစ်ဖွင့်ရန် သွတ်သွင်းပေးရသည်မှအပ၊ ခရိုင်နယ်နမိတ်အပြောင်း အလဲမရှိခဲ့ပေ။ ပုသိမ်ခရိုင်အတွင်း ပုသိမ်နယ်နှင့် ကျုံပျော် နယ် ဟူ၍ နယ်နှစ်နယ်ခွဲခြားထားသည်။ ပုသိမ်နယ်တွင် ပုသိမ်အရှေ့ပိုင်း၊ ပုသိမ်အနောက်ပိုင်း၊ သာပေါင်းနှင့်၊ ငပုတောဟူ၍ မြို့နယ်လေးခု ပါဝင်သည်။ ကျုံပျော်နယ် တွင် ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းဟူ၍ မြို့နယ်သုံးခု ပါဝင်သည်။ ပုသိမ်ခရိုင်၏ ခရိုင်ရုံးစိုက်မြို့မှာ ပုသိမ်မြို့ဖြစ်သည်။ ဗြိတိသျှတို့အုပ်ချုပ်စအခါက၊ ခရိုင်ရုံး စိုက်မြို့ကို ပုသိမ်မှ ပြောင်းရွှေ့၍ ပုသိမ်မြစ်ဝနှင့်ပို၍နီးသော နေရာတစ်ခုကို ဒါလဟိုဇီမြို့ဟုအမည်ပေးကာ ခရိုင်မြို့သစ် တည်ရန်စီစဉ်ခဲ့ကြသည်။ သို့သော် မြို့တည်စ၊ ၁၈၅၆–၇ ခုနှစ်တွင် လေဆင်နှာမောင်း တိုက်ခတ်သဖြင့် မြို့သစ်နေရာ မှာ လုံးဝပျက်စီးသွားသောကြောင့် မြို့ပြောင်းရွှေ့ရေးကို လက်လျှော့ခဲ့ရလေသည်။

ပုသိမ်မြို့ ။ ။ပုသိမ်မြို့သည် မြန်မာနိုင်ငံအောက်ပိုင်း၊ ဧရာဝတီတိုင်း၏ အုပ်ချုပ်ရေး ဗဟိုဌာနဖြစ်၍၊ ဧရာဝတီ တိုင်းမင်းကြီး ရုံးစိုက်မြို့ဖြစ်သည်။ ပုသိမ်ခရိုင်၏ ရုံးစိုက်မြို့ လည်း ဖြစ်လေသည်။ ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသတွင် ရန်ကုန်မြို့မှလွဲလျှင် အကြီးဆုံးနှင့် အစည်ကားဆုံးမြို့ဖြစ် သည်။ ပုသိမ်မြို့သည် ပုသိမ် (ဝဝန်)မြစ်၏မြစ်ကမ်းပါးပေါ် ၌ တည်ရှိသည်။ ပင်လယ်ဝမှ ၇၅ မိုင်ဝေးသော်လည်း ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်နိုင်သဖြင့် မြန်မာနိုင် ငံတွင်ကုန်းတွင်အကျဆုံးသော ဆိပ်ကမ်းမြို့ဖြစ်လေသည်။

www.foreverspace.com.mm

ပုသိမ်မြို့၏ ကျက်သရေဆောင် ရွှေမုဋ္ဌောဘုရား

ပုသိမ်မြို့သည် အလွန်ရှေးကျသော သင်္ဘောဆိပ်မြို့ဖြစ်သည်။ ရှေးအခါကမြန်မာနိုင်ငံနှင့်မဇ္ဈိမဒေသ၊သီဟိုဠ်ကျွန်းစသည်တို့ ကူးလူးဆက်ဆံကြရာတွင် ပုသိမ်မှတစ်ဆင့်သွားလာကူးသန်းခဲ့ကြလေသည်။

ပုသိမ်မြို့သည် နှစ်ပေါင်းများစွာမြို့သက်ရှည်ကြာခဲ့၍ အမည်များစွာဖြင့်လည်း ခေါ်တွင်ခဲ့သည်။ သီရိဓမ္မာသောက မင်းလက်ထက်ဖြစ်သော သာသနာသက္ကရာဇ် ၂၁၈ ခုခန့်ဆီက အတိသဒ္ဓာနဂရဟုခေါ်တွင်ပြန်သည်။ ပုဂံပြည် မင်းယဉ်နရသိခ်ံမင်းလက်ထက်တွင် ရန်ဘက်ဖြစ်သော ပဋ္ဌိကဒုရား (ကုလား) မင်းနှင့် စင်ပြိုင်ရမည်ဖြစ်၍ ထိုမင်း၏အလံဦးကင်းဖျား (ဝါ)စစ်ဦးကျသော ကုသိမရဋ္ဌမြို့ကို ခံမြို့အဖြစ်ဘုရင်ခံအုပ်စိုးစေ၍ အခိုင်အလုံတည်စေသောအခါ၊ မူလကုသိမရဋ္ဌသည်လောကုတ္တရာ အမည်ဖြစ်သည်။ စစ်ရေးပြိုင်ရမည့်အခါကြီးတွင် အရေးပါသောခံမြို့၏ အမည်ကို လောကီရေးအတွက်အကျိုးပြုနိုင်အောင်အမည် ပြောင်းစေသည်။ ယင်းသည့်အခါ ပညာရှိအစုံအလင်ဖြင့် ဗေဒင်ကျမ်းကြီးကျမ်းခိုင် အမျိုးမျိုးကိုညှိနှိုင်း၍၊ ကုသိမသည် ကုသိမ်ဖြစ်လျှင်၊ 'က'နှင့် 'သ'သည် လောကဓာတ်ကျသဖြင့်ရန်ဣဟ်ဖြစ်နေသည်။ ထိုကြောင့် ကဝတ္တ 'က'ကို 'ပ' သို့ပြောင်းလျှင် 'ပ'နှင့် 'သ'မှာ မိတ်နံ့ဖြစ်သဖြင့် 'ကုသိမ်'မှ 'ပုသိမ်'သို့ပြင်ဆင်၍ မော်ကွန်းစိုက်ထူကြောင်း ရှေးဟောင်းရွှေတိုက်စာရင်း စစ်တမ်းတွင် ဖော်ပြလေသည်။

ထိုနောက်တွင် ပုသိမ်၌စိုးစံကြသောကုလား ပသီမင်းတို့ကိုစွဲ၍ ပသီမြို့ဟုတွင်ခဲ့သေးသည်။ သို့သော် ၅၉၅ခုတွင် ပသီမင်းအား ဂုဏ္ဏသာရနှင့်ဂုဏ္ဏသာရီ မွန်ညီနောင်တို့က လုပ်ကြံပြီးနောက်၊ ယင်းညီနောင်တို့ စိုးစံသည့်အခါ ပုသိမ် ဟုပင်ခေါ်တွင်စေပြန်သည်။

တစ်ဖန်သက္ကရာဇ် ၆၀၀ကျော်တွင် သမုဒ္ဒယောသမင်းနှင့်ဥမ္မာဒန္တီမိဖုရားတို့လက်ထက်၌ နဂရဝေပုလ္လ (စည်ပင်ပြန့်ပြောသောမြို့)ဟု တွင်ပြန်သေးသည်။

သက္ကရာဇ် ၉၄၈(ခရစ်နှစ် ၁၅၈၆ ခုနှစ်)တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသောသိုးဆောင်းလူမျိုး ရတ်ဖစ်ကမူပုသိမ်ကို 'ကော့စမင်း'ဟု ခေါ်သည်။ ကော့စမင်းသည် မွန်အခေါ် ကော့သမိုန်ကို မပြီမသ ခေါ်ဝေါ်ခြင်းဖြစ်သည်။ မွန်အဓိပ္ပါယ်အရ ကော့ = ကျွန်း၊ သမိုန် = မင်းသား၊ ပေါင်းသော် မင်းသားကျွန်း၊ သို့မဟုတ် မင်းကျွန်းဟူ၍ ဖြစ်လေသည်။

ယင်းသည့်နောက်များတွင် ဖော်ပြလောက်အောင်မဟုတ်သော အခြားအမည် အမျိုးမျိုးတို့နှင့် တွင်ခဲ့ဖူးသော်လည်း၊ ပုသိမ်ဟူသော အမည်ဖြင့်သာ ယနေ့တိုင် ထင်ရှားလျက် ရှိလေသည်။ ပုသိမ်မြို့သည် မြို့သက်ရှည်ကြာသော်လည်း နိုင်ငံအုပ်ချုပ်သည့် မင်းတို့၏နေပြည်တော်ကား မဖြစ်ခဲ့ပေ။ ဘုရင်ငယ်များ၊ ဘုရင်ခံများအုပ်စိုးသည့်မြို့ တော်တစ်ခုသာလျှင်ဖြစ်ခဲ့သည်။ ပုသိမ်ကို မြို့ပြအဖြစ်တည်ထောင်ခဲ့သူတို့မှာဟံသာဝတီပြည်ကိုတည်ထောင်သော ဝိမလမင်း၏မြောက်နန်းဖွားသားတော်ခြောက်ပါး ဖြစ်သည်။ ယင်းညီနောင်တို့သည် မြန်မာသက္ကရာဇ် ၅၃ဖခုနှစ်တွင် ပုသိမ်ကိုမြို့အဖြစ်တည်ထောင်စိုးစံကြလေသည်။ မင်းယဉ်နရသိခ်ံက ပုသိမ်မြို့တွင် ဘုရင်ခံအဖြစ် အုပ်စိုးစေသူမှာဆိုခဲ့သော ညီနောင်ခြောက်ပါးအနက် အကြီးဆုံးဖြစ်သော ဝါသုဒတ္တ ဖြစ်သည်ဟု ဆိုလေသည်။

ယင်းညီနောင်ခြောက်ပါးတို့ အစဉ်အဆက်စိုးစံပြီးနောက်၊ ပသီကုလားများ ဝင်လာ၍အုပ်စိုးသည်။ ယင်းပသီကုလားမင်းတို့ကို ဂုဏ္ဏာသာရ၊ ဂုဏ္ဏသာရီ မွန်ညီနောင်တို့က လုပ်ကြံ၍ အစဉ်အဆက် စိုးစံကြပြန်သည်။ မွန်ညီနောင်စိုးစံပြီးနောက် သမုဒ္ဒယောသမင်းစိုးစံသည်။ သမုဒ္ဒယောသ၏ မိဖုရားဥမ္မာဒန္တီကား အဆင်းလှ၍ကျော်ကြားသည်။ သမုဒ္ဒယောသမင်း၏ နောက်စိုးစံသူတို့ကိုကား ရာဇဝင်သမိုင်းများ၌ အထင်အရှားမတွေ့ရချေ။

www.fosweb.space.com.mm

အင်းဝ၌ မင်းကြီးစွာစော်ကဲ၊ ဟံသာဝတီပဲခူး၌ ရာဇဓိရာဇ်တို့စိုးစံသည့်ခေတ်မှစ၍၊ အလောင်းဘုရား လက်ထက်ကိုင်အောင်၊ နှစ်ပေါင်းရာပေါင်းများစွာ၊ ပုသိမ်နယ်တစ်ဝိုက်သည် မွန်နှင့်မြန်မာတို့ အားပြိုင်ကြရာ ဒေသဖြစ်ခဲ့သည်။ ဗြိတိသျှတို့သည် အိန္ဒိယ၌ ခြေကုပ်ရပြီးသောအခါ၊ မြန်မာနိုင်ငံလည်း ခြေကုပ်ရန် ကြိုးစားကြသည်။ ခရစ်နှစ် ၁၆၈၇ခုတွင် ဗြိတိသျှတို့သည် ဟိုင်းကြီးကျွန်းတွင် အခြေခံစခန်းပြုပြီးနောက်၊ ပုသိမ်မြို့တွင်လည်း အရှေ့အိန္ဒိယ ကုမ္ပဏီဌာနခွဲတစ်ခု ဖွင့်သည်။ အလောင်းဘုရားလက်ထက်တွင် မွန်မြန်မာရေး၌ မြန်မာတို့အားကူညီသဖြင့် အလောင်းဘုရားက ဗြိတိသျှတို့အား ပုသိမ်မြို့ပေါ်တွင် မြေရာတစ်ကွက် အပိုင်စား ပေးသနားသည်။ သို့သော် နောင်တဖန် ထကြွပြန်သော မွန်သူပုန်အရေးတွင် မွန်တို့အား ဗြိတိသျှတို့က အားပေးသည်ဟု ယူဆသဖြင့် ပုသိမ်မြို့ပေါ်နှင့် ဟိုင်းကြီးကျွန်းတွင် ဗြိတိသျှတို့အားပေးထားသော အခွင့်အရေးများကို မင်းတရားကြီးကပြန်လည်သိမ်းပိုက်စေသည်။

ပဌမ အင်္ဂလိပ်–မြန်မာစစ်ပွဲအတွင်း ဗြိတိသျှတပ်များက ပုသိမ်မြို့ကိုတိုက်ခိုက်သိမ်းပိုက်ထားသေးသည်။ နောင်အခါ ရန္တပိုစာချုပ်အရလက်လွှတ်ရသည်။ ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲအတွင်း ၁၈၅၂ခုတွင် ဗြိတိသျှတပ်များသည် ပုသိမ်မြို့ကိုအပြင်းအထန်တိုက် ခိုက်သိမ်းပိုက်သည်။ မြန်မာတပ်တို့က အပြင်းအထန်ခုခံသေးသော်လည်း၊ အားမတန်၍ မာန်လျှော့ရသည်။ ဒုတိယအင်္ဂလိပ်–မြန်မာစစ်ပွဲအပြီး ဗြိတိသျှတို့က အောက်မြန်မာနိုင်ငံကို သိမ်းပိုက်သောအခါ ပုသိမ်မြို့သည်လည်း ဗြိတိသျှအုပ်ချုပ်ရေးလက်အောက်သို့ ရောက်ခဲ့ရလေသည်။

ပုသိမ်မြို့ ၁၂စတုရန်းမိုင်ခန့်ကျယ်ဝန်း၍ ၁၉၅၃ခုသန်းခေါင်စာရင်းအရ လူဦးရေ ၇၇၉၀၅ယောက်ရှိသည်။ ဗုဒ္ဓအယူဝါဒီမြန်မာလူမျိုးတို့၏ ဦးရေမှာရာခိုင်နှုန်းအများဆုံးဖြစ်၍၊ ဒုတိယအများဆုံးမှာခရစ်ယာန်အယူဝါဒီ ကရင်အမျိုးသားများ ဖြစ်ကြလေသည်။

မြို့သည်ပုသိမ်မြို့၏အရှေ့ဘက်ကမ်းနှင့်အနောက်ဘက်ကမ်းနှစ်ခုလုံးပေါ်၌ တည်ရှိရာမြစ်၏အရှေ့ဘက်ကမ်းတွင် မြို့သစ်အကွက်ရှိ၍ အစိုးရရုံးများနှင့် ဈေးရုံကြီးရှိသည်။ အနောက်ဘက် သင်္ဘောကျင်းရပ်ကွက်ဘက်တွင် ဆန်စက်များရှိသည်။ ပုသိမ်မြို့ရှိရပ်ကွက်များမှာ အသည်ကြီး၊ တလိုင်းချောင်း၊ ယိုးဒယားကုန်း၊ မရမ်းချိုကုန်း၊ အတီးစုစသည်တို့ဖြစ်သည်။ မြို့၏လမ်းမကြီးများသည် မြစ်ကမ်းနားနှင့်ယှဉ်ပြိုင်လျက်ရှိသည်။ လမ်းတိုသို့ မဟုတ်ဖြတ်လမ်းများကလမ်းမကြီးတစ်ခုနှင့်တစ်ခုကို ဆက်သွယ်ပေးကြသည်။ ထင်ရှားသောလမ်းများမှာ မကျည်းပင်တန်း၊ ပဒင်းတန်း၊ ဦးလူလမ်း၊ တန်တားကြီးတန်းစသည်တို့ဖြစ်သည်။ မြို့၏စည်ပင်သာယာရေးကို ၁၈၇၄ခုနှစ်မှ စ၍ မျှုနီစီအဖွဲ့က ဆောင်ရွက်သည်။

တိုင်းမင်းကြီးရုံးစိုက်ရာ မြို့ကြီးတစ်မြို့ဖြစ်သည့်အားလျော်စွာအစိုးရရုံးများ၊ အစိုးရအဆောက်အအုံများ လည်းများပြားသည်။ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးသည်နောက်တွင် ပိုမိုများပြားလာသည်။ စာသင်ကျောင်းဦး



ပင်လယ်ရပ်ခြား ဆန်စပါးရောင်းဝယ်မှုတွင် အချက်အခြာ ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ပုသိမ်မြို့၏ဆိပ်ကမ်းရှုခင်းတရုပ်

www.foreverspace.com.mm

ရေလည်း တိုးတက်ခဲ့သည်။ မူလတန်းကျောင်း၊ တန်းမြင့်ကျောင်းများအပြင်၊ ဆရာအတတ်သင် ကောလိပ်ကျောင်း ဖာစ်ကျောင်းလည်း ဖွင့်လှစ်ခဲ့၍၊ ၁၉၅၇ခုတွင် ပုသိမ်ဥပစာကောလိပ်ကိုလည်းဖွင့်လှစ်ခဲ့သည်။

တန်ခိုးကြီး ဘုရားစေတီများလည်း ပေါများရာ များသောအားဖြင့် မြို့၏အရှေ့ဘက်တွင်တည်ရှိသည်။ ယင်းသည့်အနက် ရွှေမုဒ္ဓောစေတီမှာ အထင်ရှားဆုံး ဖြစ်သည်။ ယင်းစေတီတော်သည် မူလက သီရိဓမ္မာသောကမင်းကြီး၏ကောင်းမှုတော်စေတီတစ်ဆူဖြစ်ရာ၊ နောင်အခါအလောင်းစည်သူစသောမင်းတို့က အဆက်ဆက်ပြုပြင်မွမ်းမံခဲ့သည်။ အခြားထင်ရှားသောစေတီပုထိုးများမှာ တကောင်းဘုရား၊ မဟာဗောဓိ၊ ကိုးသိန်းကိုးသန်းနှင့် ရွှေစည်းခုံစသည်တို့ဖြစ်ကြလေသည်။

ပုသိမ်မြို့၏ ပတ်ဝန်းကျင်ဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသသည် ဆန်စပါးအမြောက်အမြားထွက်၍၊ ပုသိမ်ဆိပ်ကမ်းမှ နိုင်ငံခြားသို့ တိုက်ရိုက်တင်ပို့ရောင်းချလေ့ရှိသည်။ ၁၉၀၂ ခုနှစ်တွင် ပုသိမ်–ဟသံ်တမီးရထားလမ်း ဖွင့်လှစ်လိုက်သောအခါ၊ ဟသံ်တတစ်ဖက်ကမ်း သာရဝေါမှတစ်ဆင့် လက်ပံတန်း၊ ထိုမှတစ်ဆင့် ပြည်၊ ရန်ကုန် စသည်တို့သို့ မီးရထားလမ်းပေါက်သဖြင့် ပြည်တွင်းကုန်သွယ်မှုပို၍သွက်လက်လာသည်။ ခရိုင်အတွင်းမြို့များနှင့်လည်း၊ ကောင်း ခရိုင်အပမြို့များနှင့်လည်းကောင်း ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ပိုင် သင်္ဘောများနှင့် ဆက်သွယ်နိုင်သည်။ ယခုအခါ ရန်ကုန်မြို့နှင့် လေကြောင်းခရီးအဆက်အသွယ်လည်းရှိသည်။ ထိုကြောင့် ပုသိမ်မြို့သည် အခြားမြို့များနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းသည်။ မြန်မာနိုင်ငံ၏ မြို့တော်ရန်ကုန်နှင့် ရေကြောင်းအားဖြင့် ၁၉၄ မိုင်၊ မီးရထားလမ်းဖြင့် ၁၉၁မိုင်၊ လေကြောင်းဖြင့် ၉၄ မိုင် ကွာဝေးသည်။ ခရိုင်တွင်း ခရိုင်ပ၊ အခြားမြို့များနှင့် မော်တော်ကားလမ်းမူနည်းပါးသည်။

ဆန်စပါး အရောင်းအဝယ် စည်ကားဖွံ့ဖြိုးသောမြို့ဖြစ်၍ မြို့၏ဆင်ခြေဖုံးတွင် ဆန်စက်များပေါများလှသည်။ နိုင်ငံခြားသို့ ပုသိမ်မြို့မှအဓိကတင်ပို့သော ထွက်ကုန်မှာ ဆန်သာလျှင်ဖြစ်သည်။ ပုသိမ်မြို့၏ကမ္ဘာသိလုပ်ငန်းတရပ်မှာ ပုသိမ်ထီး လုပ်ငန်းဖြစ်သည်။ ပုသိမ်ထီးလုပ်ငန်းသည် လွန်ခဲ့သောအနှစ်တစ်ရာခန့်က ပုသိမ်မြို့တွင်စတင်ခဲ့သော လုပ်ငန်းတရပ်ဖြစ်သည်။ မူလက ပြည်မြို့မှ ရောက်ရှိလာသော လူတစုက စက္ကူထီးများကို ပြုလုပ်ရောင်းချရာမှ တစ်စတစ်စတိုးတက် တီထွင်ပြီးလျှင်၊ ပိတ်ထီး၊ ပိုးထီး၊ ဖဲထီးများကိုလည်း ချစ်စဖွယ်အရောင်အသွေးများတွင် လှပဆန်းကျယ်သောပန်းခက်ပန်းနွယ်တို့ဖြင့်ခြယ်လှယ်၍၊ မြန်မာနိုင်ငံ အရပ်ရပ်သို့တင်ပို့ရောင်းချရာရာ၊ ပျိုမေတို့အကြိုက် ပစ္စည်းတရပ်ဖြစ်လာသည်။ ထိုပြင် မြန်မာနိုင်ငံသို့ အလည်အပတ်လာကြသော နိုင်ငံခြားသားတို့ နှစ်သက်မြတ်နိုးလှသည့် လက်ဆောင်ပစ္စည်းတစ်ရပ်လည်းဖြစ်ပေသည်။

ပုသိမ်မြို့ ဆင်ခြေဖုံးသစ်စက်များလည်းရှိ၍၊ ပြည်တွင်းသုံးအတွက် သစ်လုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ ခရိုင်အတွင်း၌ အင်းများရှိသည်တစ်ကြောင်း၊ ပင်လယ်နှင့်နီးသည် တစ်ကြောင်းတို့ကြောင့် ငပိ ငခြောက် စသည်တို့ကို နိုင်ငံတွင်း အရပ်ရပ်သို့ ပုသိမ်မှတစ်ဆင့် တင်ပို့ရောင်းချကြသည်။ ပုသိမ်မြို့၏ ရာသီဥတုမှာ သင့်တင့်ကောင်းမွန်သည်။ နွေအခါ ပင်လယ်လေရသဖြင့် အပူရှိန်သက်သာသည်။ နှစ်စဉ်မိုးရွာသောရက်မှာ ပျမ်းမျှခြင်းအားဖြင့် ၁၁၇ ရက်ဖြစ်၍၊ ပျမ်းမျှမိုးရေချိန်မှာ ၁၀၆ လက်မဖြစ်လေသည်။

ပုသိမ်မြစ်။ ။ပုသိမ်မြစ်သည် ဧရာဝတီမြစ်၏ မြစ်ဝကျွန်းပေါ်ရှိ အကြီးဆုံးနှင့် အနောက်ဘက်အကျဆုံး မြစ်ခွဖြစ်သည်။(ဧရာဝတီမြစ်–ရှု။)ယင်းကို ဝဝန်မြစ်ဟုလည်းခေါ်ကြသည်။

ပုသိမ်မြစ်သည် ဟသံ်တမြို့အထက် မိုင်အနည်းငယ်ခန့်အကွာမှစ၍ ဧရာဝတီမြစ်၏လက်ယာဖက်သို့ ခွဲထွက်လာပြီးနောက်၊ အနောက်တောင်ဖက်သို့မိုင် ၂၀ဝခန့်ရှေးရှုစီးဆင်းလာကာ၊ ဟိုင်းကြီးကျွန်း၊ လိပ်ကျွန်းနှင့် အဂူအာဒါကျောက်တန်း မီးပြတိုက်တို့သို့ဦးတည်လျက် ဗင်္ဂလားပင်လယ်အော်ထဲသို့စီးဝင်သည်။ လေးမျက်နှာ၊ ငသိုင်းချောင်း၊ သာပေါင်း၊ ဘုရားကုန်း၊ ပုသိမ်၊ ငပုတောစသောမြို့ကြီးများသည် ယင်းမြစ်ပေါ်တွင်တည်ရှိသည်။ ပုသိမ်မြစ်တွင်းသို့ဒကမြစ်၊ ပန်းမဝတီမြစ်၊ သံတွဲမြစ်၊ တောင်ကလေးမြစ်နှင်ညင်ချောင်း၊ ဂတ်ချောင်း၊ ကွမ်းချောင်း၊ စစ္စရန်ချောင်းစသည်တို့ စီးဝင်ကြလေသည်။

ပင်လယ်ကူးသင်္ဘောကြီးများသည် ပုသိမ်မြစ်အတွင်းသို့ မြစ်ဝမှ ၇၅ မိုင်ဝေးသော ပုသိမ်မြို့အထိ ဆန်တက်နိုင်သည်။ မြစ်တွင်းသွား သင်္ဘောများမှာမူ၊ မိုးရာသီအတွင်းရေပြည့်ချိန်၌ မြစ်တစ်လျှောက်လုံး စုံဆန်သွားလာနိုင်သော်လည်း၊ နွေအခါ ရေနည်းချိန်၌ သောင်များထွန်းလျက်ရှိသောကြောင့်၊ ငသိုင်းချောင်းမြို့အထက်တွင် လှေသမ္မန်ကလေးများမှလွဲ၍ သွားလာခြင်းမပြုနိုင်ချေ။

ပုသိမ်မြစ်၏အရှေ့ဘက်ကမ်းတစ်လျှောက် ရေလျှံခြင်းမရှိနိုင်ရန်တာရိုးများဖြင့်ကာကွယ်ထား၍၊ အလွန်မြေသြဇာကောင်းသောမြစ်ဝကျွန်းပေါ်မြေများ၌စပါးစိုက်ပျိုးသည်။

ပူတာအိုမြို့။ ။ပူတာအိုမြို့သည် ကချင်ပြည်နယ်တွင်ပါဝင်၍၊ မြန်မာနိုင်ငံမြောက်ဘက်အစွန်းဆုံးကျသောမြို့တစ်မြို့ဖြစ်၏။ မြစ်ကြီးနားမြို့မှ မြောက်ဘက်သို့ ၂၁စမိုင်

www.forevermyspace.com.mm

ကွာဝေးရာ၊ တောင်ကုန်းဝိုင်း လျက်ရှိသော ကုန်းပြင်မြင့်ပေါ်တွင် တည်ရှိသည်။ မြို့၏ရာသီဥတုသည် သစ်တောများရှိ၍ အေးမြသောကြောင့်၊ ပတ်ဝန်းကျင်ဒေသသည် ၄က်ဖျားရောဂါထူထပ်၏။ ထိုမြို့သို့ ဆွန်ပရာဘုံမြို့မှလား၊ မြင်းစသော ဝန်တင်တိရစ္ဆာန်များ ဖြင့်သာ သွားရောက်နိုင်သည်။ ယခုအခါ ပူတာအိုမြို့မှ ၃ မိုင်ကွာနေရာတွင် လေယာဉ်ပျံကွင်းငယ်တစ်ခု ဆောက်လုပ်ထားသည်။ ရာသီဥတုကောင်းမွန်ပါက ရက်သတ္တတစ်ပတ်လျှင်တစ်ကြိမ် ခရီးသည် တင်သောလေယာဉ်ပျံ သက်ဆင်းလေသည်။

ပူတာအိုမြို့သည် မူလကအိမ်ခြေ ၅၀ ခန့်နှင့် လူဦးရေ ၂၅၀ကျော်မျှသာရှိသော ရှမ်းရွာငယ်ကလေး တစ်ရွာဖြစ်၏။ ထိုနောက်မြို့သည် တဖြည်းဖြည်းကြီးပွားလာခဲ့သည်။ကြာလတ်သော်ပတ်ဝန်းကျင်ရှိရွာတို့ကို အပါအဝင်ပြု၍၊ ပူတာအိုခရိုင်ဟုဖွဲ့စည်းထားရာ၊ ပူတာအိုသည် ခရိုင်မြို့ဖြစ်လာလေ၏။ မျက်နှာဖြူခရိုင်ဝန် ကက်ပတိန်အိပ်၊ အက်(ဖ)၊ ဟက်ဇရုံးစိုက်ခဲ့သည်ကိုစွဲ၍၊ ထိုမြို့ကို ဖို့ဟက်ဇမြို့ဟုလည်းခေါ်သည်။ ထိုမြို့တွင် နယ်ခြားဝန်ထောက် ရုံးစိုက်၍၊ နယ်ခြားစစ်တပ်စခန်း၊ ပြည်တော်သာ ကစားကွင်း၊ ဆေးရုံ၊ တည်းခိုရန်အဆောက်အအုံများနှင့်အမှု ထမ်းများနေထိုင်သောရပ်ကွက် စသည်တို့ရှိလေသည်။ လေယာဉ်ပျံကွင်းအနီးတစ်ဝိုက်တွင် တောင်ပေါ်မှရွှေပြောင်းခဲ့ကြသော ဂျင်းဖော(ကချင်)လူမျိုးများ နေထိုင်ကြ၏။ ကျန်နေရာများ၌ အများအားဖြင့် ခန္ဓီးရှမ်းများသာ နေထိုင်ကြသည်။

ပူဒီနာ။ ။ပူဒီနာပင်သည် ပင်စိမ်းပင်နှင့် အမျိုးချင်းတူသောကြောင့်၊ အရွက်ထွက်ပုံ၊အပွင့်ပွင့်ပုံတို့သည် ပင်စိမ်းပင်ကဲ့သို့ တထေရာတည်းဖြစ်သည်။ 'လေးဗီယေးတီး'မျိုးရင်းတွင်ပါဝင်၍၊ မြန်မာနိုင်ငံရှိထင်ရှားသောပူဒီနာပင် နှစ်မျိုး၏ရက္ခဗေဒအမည်များမှာ 'မင်သာအာရဗင်ဆစ်'နှင့် 'မင်သာဆီလဗက်စတြစ်' တို့အသီးသီးဖြစ်လေသည်။ ဤအပင်မျိုးပေါင်း ၂၅ မျိုးခန့်မျှ ရှိရာ၊ ထိုအပင်တို့၏ထူးခြားသော အနံ့နှင့်အရသာကို လူတို့ကြိုက်နှစ်သက်သဖြင့်ဟင်းရွက်စိမ်းအဖြစ်ဖြင့် ကမ္ဘာပေါ်တွင် အနံ့အပြားစိုက်ပျိုးကြသည်။ အိန္ဒိယနိုင်ငံနှင့်မြန်မာနိုင်ငံတို့တွင် ပင်စိမ်းပင်နှင့် ပူဒီနာပင်များ၏အရွက်အခက်တို့ကို ဟင်းသီးဟင်းရွက် လက်သုတ်နှင့်ချိုချဉ်သနပ်အစရှိသည်တို့၌ အနံ့အရသာပိုမိုကောင်းမွန်လာရအောင် ထည့်လေ့ရှိကြသည်။ ထိုအပင်များမှ အကြောအခြင်ကိုက်ခဲသည့် ရောဂါအတွက် သုတ်လိမ်းရသော ဆီတစ်မျိုးကိုရရှိသည်။ ဤအပင်မျိုးအားလုံးတို့တွင် လေးထောင့်ကျကျပင်စည်များရှိ၍၊ အကိုင်း၏တစ်ဖက်တစ်ချက်မှ ရိုးတံချင်းဆိုင်၍ အရွက်များထွက်သည်။ အကိုင်းတို့တွင် အပွင့်ငယ်များ အဆုပ်လိုက်ပွင့်တတ်သည်။

တောင်အမေရိကတိုက်၌ တွေ့ရသော ပူးတစ်မျိုး

ပူး။ ။ပူးသည် ကြွက်နှင့်တူ၍၊ အလွန် အငြိမ်မနေတတ်သော သတ္တဝါဖြစ်သည်။ 'ကဗိုင်းအီဒီး'မျိုးရင်းတွင်ပါဝင်၍၊ ယင်း၏သိပ္ပံအမည်မှာ 'ကေးဗိယအာပေးရေအား'ဖြစ်သည်။ ဂီးယားနား၊ နယ်ပယ်တို့သည် ပူးတို့၏မူလဒေသဖြစ်၏။ ယုန်နှင့် အမျိုးနီးစပ်၍၊ ကြိတ်ဖြတ်သောသွားများရှိသည်။ ယင်းတို့ကို ၁၆ ရာစုခေတ်တွင် ဥရောပတိုက်သို့ယူလာ၍ မွေးမြူကြ၏။ ရှေးအခါက ပူးတို့ကို စားသောက်ရန်အသားအလို့ငှါ အသုံးချကြသော်လည်း၊ ယခုအခါအိမ်၌မွေးမြူရန်လည်းကောင်း ဆေးပညာနှင့်ဇီဝဗေဒပညာဆိုင်ရာ စမ်းသပ်မှုများအတွက်လည်းကောင်း အသုံးချကြလေသည်။ ပူးတိရစ္ဆာန်သည် အဖိုနှင့် အမအလွန်တူသည်။ ၁၀ လက်မခန့်ရှည်သည်။ ကိုယ်တွင်း၌အမြီးရိုးခုနှစ်ခုရှိသော်လည်း၊ ပြင်ပ၌အမြီးမရှိချေ။ အရောင်အားဖြင့် အမည်း၊ အညိုရောင်၊ အနီ၊ အဖြူအရောင် အမျိုးမျိုးသည်။ အမွေးအားဖြင့်လည်း အတိုအရှည် အမျိုးမျိုးရှိမြက်နှင့် အခြားဟင်းသီးဟင်းရွက်တို့ကို မှီဝဲစားသောက်တတ်။ ပူးရိုင်းများသည် တစ်နှစ်တစ်ခါ သားပေါက်၍၊ တစ်ကြိမ်လျှင်တစ်ကောင်နှစ် ကောင်သာမွေးသည်။ သို့သော်ပူးယဉ်များမှာ တစ်နှစ် ၂ကြိမ်၊ ၃ကြိမ် သားပေါက်၍၊ တစ်ကြိမ်လျှင် ၂ ကောင်မှ ၈ ကောင်အထိ မွေးသည်။ သက်တမ်းမှာ ၆ နှစ်၊ ၇ နှစ်ခန့် ဖြစ်သည်။

ပေစာ။ ။ပေဆိုသည်မှာ ပေပင်၏အရွက်ဖြစ်သည်။ စာဆိုသည်မှာ အက္ခရာအရေးအသားဖြစ်သည်။ စာကူးစာရေးနိုင်အောင် ပြုပြင်ထားသောပေရွက်များပေါ်၌ ရေးသားထားသည့် စာပေတို့ကို ပေစာဟူ၍ ခေါ်ကြလေသည်။

www.foreverspace.com.mm

ပေရွက်ပေါ်၌သာမက၊ ထန်းဖူး ထန်းရွက်တို့၌လည်း စာပေရေးသားခြင်းကို ပြုကြသည်။ ထန်းရွက်၏ သဘာဝမှာ တောင့်တင်း၍ လိပ်ခွေဖြန့်ဖြေနိုင်မှု သတ္တိရှိသော်လည်း၊ ကြွပ်ဆတ်ခြင်းသဘောရှိသည်။ ပေရွက်ထန်းရွက်တို့၏ အရောင်မှာ ညိုဝါရောင် ဖြစ်လေသည်။

ပေပေါ်၌စာရေးသားခြင်းကို အိန္ဒိယနိုင်ငံ၊ သီဟိုဠ် နိုင်ငံ၊ မြန်မာနိုင်ငံစသော ပေပင်ထန်းပင်တို့ ပေါက်ရောက်ရာ၊ အာရှအဂ္ဂေါ်ပိုင်း ဒေသနိုင်ငံများတွင် အသုံးပြုခဲ့ကြသည်။ သာသနာနှစ် ၄၅၀ပြည့်နှစ်တွင် သီဟိုဠ်ကျွန်း အာလောကလိုဏ်၌ ဝဠဂါမဏိမင်းကြီးကိုအမှီပြု၍၊ မထေရ်မြတ်ငါးရာတို့သည် ပိဋကတ်သုံးပုံနှင့်တကွ အဋ္ဌကထာများကိုပါ ပေထက်အက္ခရာတင်ကာ စတုတ္ထသံဂါယနာကိုပြုကြသည်။ ထိုကြောင့်ထိုသံဂါယနာကို ပေါတ္ထကာရုဠ္ဠသံဂါယနာဟူ၍လည်းခေါ်ဆိုသည်ဟု စာပေကျမ်းဂန်များ၌ တွေ့ရှိရသည်။ ယင်းသည်ကိုထောက်၍၊ ပေစာအရေးအသားသည် ထိုခေတ်ထိုအခါ၌ပင် အသုံးများပြားနေပြီ၊ အသုံးပြုခဲ့သည်မှာလည်း ကြာမြင့်ပြီဟုယူဆရလေသည်။ မြန်မာနိုင်ငံသို့မူ ပေစာအရေးအသားသည် အိန္ဒိယနိုင်ငံမှတစ်ဆင့် ရောက်ရှိလာခဲ့လေသည်။

ယဉ်ကျေးစခေတ်အခါက၊ လူတို့သည် မိမိတို့ မှတ်တမ်းတင်ထားလိုသောအကြောင်းရပ်တို့ကို မှတ်တမ်းတင်ထားနိုင်ရန်၊ စာရေးနည်းများ၊ စာရေးရန်ကိရိယာများကို တီထွင်ခဲ့ကြသည်။ အီဂျစ်လူမျိုးတို့သည် ကျူပင်နှင့်တူသည့် ပပိုင်းရပ်မှရသောအမျှင်များကို အပြားအချပ်ပြုလုပ်ပြီး လျှင်၊ ကျူရိုးကိုချန်၍ ကလောင်းတံကဲ့သို့သုံးကား၊ မီးသွေးကျပ်ဆိုးများကို ရေဖြင့် ဖျော်လျက် စာရေးခဲ့ကြသည်။ (ပပိုင်းရပ်ပင်–ရှု။) ဗက်ဗီလုံး နီးယားနိုင်ငံမှ ဆူးမားတို့သည် ရွှံ့များကို ကျောက်သင်ပုန်းကလေးများကဲ့သို့ အချပ်ပြားများလုပ်၍၊ သုံးမြောင်ပုံကျူရိုးအရင်းနှင့် ဖိနှိပ်ရေးသားပြီးလျှင်၊ ရွှံ့ချပ်များကို နေလှမ်းမီးဖုတ်ကြသည်။ တရုတ်တို့သည် သစ်သားပြား၊ ဝါးခြမ်း၊ ပိုးစများပေါ်တွင် စုတ်တံဖြင့်မင်တို့ပြီးလျှင် စာရေးကြသည်။ ယင်းသို့ ဌာနဒေသအလိုက် စာရေးနည်းနှင့် စာရေးကိရိယာတို့ကို တီထွင်ရေးသားလာကြရာ၊ ပေပင်ထန်းပင်ပေါများသည့် အိန္ဒိယကဲ့သို့သောနိုင်ငံများတွင် စာရေးရန် ပေရွက်ထန်းရွက်တို့ကို အသုံးပြုခဲ့ကြလေသည်။

ပေရွက်ထန်းရွက်တို့ကို စာရေး စာကူးပြုနိုင်သည့် အခြေအနေရောက်အောင်ပြုပြင်ယူရသည်။ ဆာဆီမာဆင်တင်းနှင့်



ဗုဒ္ဓတက္ကသိုလ် ပိဋကတ်တိုက်၌ သိမ်းဆည်းထားသော ပေစာချပ်များ

www.foreverspace.com.mm

ပေစာများမပျက်စီးရန် ဆီများ သုတ်လိမ်းပေးရသည်။

ရေးသားသော 'သီဟိုဠ်နိုင်ငံသမိုင်း'အမည်ရှိစာအုပ်၌ သီဟိုဠ်သားတို့ ပေရွက်၊ ထန်းရွက် တို့ကို စာရေးစာကူးနိုင်သည့် အခြေရောက်အောင် ပြုပြင်နည်းကို ဖော်ပြထားသည်။ 'အတိတ်နှင့်ပစ္စုပ္ပန် မြန်မာပြည်'စာအုပ်ကို ရေးသားသူ လက်ဖတင်နင် ဂျင်နရယ်အဖိုက်တာက မြန်မာပြည်သားတို့လည်း သီဟိုဠ်သားတို့ထံမှ နည်းယူပြီးလျှင် ထိုစံနစ်အတိုင်းပြုပြင်ကြောင်း ရေးသားထားလေသည်။ (မြန်မာပေစာ–ရှု။)

ပေရွက်ပေါ်တွင် သံချွန်ကလေးများဖြင့်ရေးသားကြ၍ မြန်မာနိုင်ငံတွင် ထိုသံချွန်ကလေးများကို ကညစ်တံဟုခေါ်သည်။ နောင်အခါ မြန်မာနိုင်ငံတွင် မင်ရေးပေ၊ ဆေးဒန်းရွှေချပေ၊ သို့မဟုတ် ဇီဇဝါပေရေးနည်းတို့ကိုလည်း အသုံးပြုကြသည်။ အိန္ဒိယနှင့်သီဟိုဠ်နိုင်ငံတို့တွင် ကညစ်ရေးပေကို အသုံးပြုများသည်။ အသုံးပြုသောပေ၏အလျားမှာ တစ်ပေမှနှစ်ပေအထိ ရှည်လျားမြင့်၊ အချို့မှာ လက်ဝါးပေါ်တွင်တင်နိုင်လောက်အောင် သေးငယ်သည်။ ထိုမျှသေးငယ်သော ပေပေါ်တွင် တစ်မျက်နှာလျှင် စာကြောင်းရေ ၂၀ အထိ ရေးသားထားသည်ကို တွေ့ရသည်။

ရေးသားရာတွင် လက်ညှိုး၊ လက်မမကျန် လက်ဆယ်ချောင်းလုံး အရေးပါစွာ သုံးစွဲရမည်ဟုဆိုသည်။ အထူးသဖြင့်လက်မများသည် အရေးအပါဆုံးဖြစ်သည်။ ပေရွက်ပေါ်တွင်ကညစ်ဖြင့်အက္ခရာစီကုံးရေးသားရခြင်းမှာ သက်သာ လွယ်ကူလှသည်မဟုတ်ပေ။ အက္ခရာများကိုကညစ်ဖြင့် ရေးပြီးနောက် အမည်းရောင် အမှုန့်တစ်မျိုးဖြင့် သုတ်လိမ်းပွတ်တိုက်သည်ဟု ဆိုလေသည်။ အိန္ဒိယ ပေချပ်များကို အလယ်တည့်တည့်တွင် မီးရဲရဲနီအောင်ဖုတ်ထားသည့် သံစူးငယ်ဖြင့် ထိုးဖောက်ပြီးလျှင် ကြိုးဖြင့်သီရသည်။ အထက်အောက်ပျဉ်ပြားချပ်ငယ်တစ်ခုစီဖြင့် ပိတ်၍၊ ကြိုးဖြင့် ရစ်ခြည်ရလေသည်။ တစ်ခါတရံ အပေါ်ဖုံး ပျဉ်ချပ်ပေါ်တွင် အယူဝါဒရေးဆိုင်ရာ ဇာတ်ဝတ္ထုများမှ ပန်းချီခန်းများ ရေးခြယ်ထားတတ် ကြလေသည်။

အိန္ဒိယနိုင်ငံတွင် ရှေးကတွင်ကျယ်အရေးပါလှစွာ သုံးစွဲပြုစုခဲ့သောပေစာတို့ကို လူတို့ကတန်ဖိုးမသိသဖြင့် အပြန့်အနှံ့ဖြစ်နေသည်ကို ၁၈၆၀ ပြည့်နှစ်မှစ၍ အစိုးရက ဌာနတစ်ခု ဖွင့်လှစ်ပြီးလျှင်၊ ပြန်လည်စုဆောင်း ထိန်းသိမ်းခဲ့သည်။ ပညာရှိပဏ္ဍိတ်တို့ကို ဥာဏ်ပူဇော်ခအထောက်အပံ့ပေးကာ တိမ်မြှုပ်နေခဲ့သော ပေစာထုပ်တို့ကို ပြန်လည်စုဆောင်းရေး တွေ့ရှိသည်ကို မပျက်မစီးရအောင် ပြုပြင်ပေးရေး၊ ပေစာပါအကြောင်းရပ်တို့ကို မိုက္ကရိုဖလင်ဖြင့် စံနစ်တကျရိုက်ကူးရေး၊ သုတ်သင် တည်းဖြတ်ရေး၊ ပြန်လည်ပုံနှိပ်ထုတ်ဝေရေးတို့ကို အားထုတ်စေရန် သုတေသနများဖွင့်လှစ်ပေးခဲ့သည်။ ထိုသို့ဖြင့် ရှေးစာပေ အမြေတေတို့ကို ဖော်ထုတ်ပြီးသော်၊ အဓွန့်ရှည်ကြာစွာ တည်တံ့အောင် ဆောင်ရွက်ကြလေသည်။

ယင်းသို့သောလုပ်ငန်းများ ဆောင်ရွက်ရာ၌ စံပြဌာနတစ်ခုမှာ မိုက်ဆိုးပြည်နယ်မှ အရှေ့တိုင်းသုတေသနလုပ်ငန်းများ ဌာနဖြစ်သည်။ ယင်းဌာ နကို ၁၈၈၇ခုနှစ်ကထိုပြည်နယ်၏ စော်ဘွားကြီး မဟာရာ ဇာလူးဒီးယားမဟာဒူးက စတင်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းဌာနမှ ဆောင်ရွက်မှုတို့သည် အောင်မြင်ထင်ရှားခဲ့သဖြင့် အိန္ဒိယပညာရှင်တို့ကသာမက အနောက်တိုင်းပညာရှင်တို့ကပင် ချီးကျူးလေးစားကြသည်။ လွန်ခဲ့သောအနှစ် ၅၀ဝကျော်ခန့်က ရေးကူးထားခဲ့သောပညာရှိကဝိကြီးကောတ္တိလျ (စာဏာကျနီတိဆရာကြီး)၏ အဖိုးတန်ပညာစုံအာသာသျှတ္တရကျမ်းကြီး၏ ပေမူကို ယင်းဌာနကြီးက လက်ဝယ်ပိုင်ဆိုင်ထားသည်။

ပေတန်း အန်းရီဖိလစ်(ခရစ် ၁၈၅၆–၁၉၅၁) ။ ။ ပဌမနှင့်ဒုတိယ ကမ္ဘာစစ်အတွင်းက ပြင်သစ်နိုင်ငံကို ဦးစီးခေါင်းဆောင်ပြုသော စစ်သူကြီးအဖြစ်ဖြင့်ကျော်ကြားခဲ့သော်လည်း၊ နောက်ဆုံးတွင် ပြင်သစ်နိုင်ငံ၏အစိုးရက

www.forewarspace.com.mm

နိုင်ငံတော်သစ္စာဖောက်မှုဖြင့် အရေးယူခြင်းခံရသော ပုဂ္ဂိုလ်ကား မာရှယ်ပေတန်းပင်ဖြစ်သည်။ အန်းရီဖိလစ်ပေတန်းသည် ၁၈၅၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ကူရီလာတူးမြို့ကလေးဌာနတွင်၊ တောင်သူလယ်သမားမျိုးရိုးဖြစ်သည်။ အရွယ်ရောက်သောအခါ စန်ဆီယာမြို့ရှိ စစ်ကျောင်းဌာန စစ်ပညာသင်ယူပြီးသော်၊ စစ်ထဲသို့ဝင်ရောက်အမှုထမ်းသည်။ ၁၉၁၁ ခုနှစ်တွင်ဗိုလ်မှူးကြီးရာထူးကို ရရှိသည်။

ပဌမကမ္ဘာစစ် ဖြစ်ပွားသောအခါ၊ အမှတ် ၄ခြေလျင်တပ်မဟာတစ်ခုကိုကွပ်ကဲအုပ်ချုပ်ခဲ့ရ ၍၊ ရှာလရွားမှ မန်းအထိအောင်မြင်စွာဆုတ်ခွါနိုင်ခဲ့သော ကြောင့်ကျော်ကြားခဲ့၏။ ထိုကြောင့် စစ်သူကြီးကျော့ဖားက သူ့အားမန်းတိုက်ပွဲမတိုင်မီ ဗိုလ်ချုပ်အဖြစ်တိုးမြှင့် ခန့်ထားကာ၊ အမှတ် ၃၃တပ်ဖွဲ့ကို ကွပ်ကဲစေခဲ့လေသည်။ ၁၉၁၅ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင်မူ၊ အမှတ် ၂ တပ်မတော်ကြီးကိုကွက်ကဲအုပ်ချုပ်ကာ ရှန်ပိန်းတိုက်ပွဲ၌ ပါဝင်တိုက်ခိုက်ခဲ့ရပြန်လေသည်။

၁၉၁၆ခုနှစ် ဖေဖော်ဝါရီလထဲတွင် ဂျာမန်တို့ ကဗားကျွန်းမြို့ကို ထိပါးလာရာ၊ ဗိုလ်ချုပ် မှူးပေတန်းအုပ်ချုပ်သောပြင်သစ်တပ်များကအောင် မြင်စွာတိုက်ခိုက်တွန်းလှန်နိုင်ခဲ့သည်။ ထိုကြောင့်ပင် ပေတန်းအား 'ဗားဒန်းကိုကယ်တင်သူ' ဟူ၍ ခေါ်စမှတ် ပြုကြသည်။ ဗားဒန်းတိုက်ပွဲပြီးသည့်နောက် ၁၉၁၇ခုနှစ် ဧပြီလ ၂၈ရက်နေ့တွင် စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရပြီးလျှင်၊ များမကြာမီ အနောက်မျက်နှာရှိတပ်များ၏ သေနာပတိချုပ်အဖြစ် ဆောင်ရွက်ရပြန်သည်။

၁၉၁၈ခု မတ်လ ၂၆ ရက်နေ့တွင် စစ်သူကြီးဖော့အား မဟာမိတ်တပ်ပေါင်းစု စစ်သေနာပတိချုပ်အဖြစ်ခန့်ထားသောအခါ၊ ပေတန်းသည် ပြင်သစ်တပ်များ၏ သေနာပတိအဖြစ်ခန့်ထားခြင်းခံရလေ၏။ ပဌမကမ္ဘာစစ်ကြီးပြီးဆုံးသွားသောအခါတွင် မာရှယ်(စစ်သူကြီး)ဖြစ်လာလေသည်။

၁၉၂၀ ပြည့်နှစ်တွင်အထက်တန်းစစ်ကောင်စီ ဒုတိယဥက္ကဋ္ဌအဖြစ်ခန့်ထားခြင်းခံရသည်။ အထက်တန်းစစ်ကောင်စီ ၏ တိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့စဉ်က မိရော့ကိုနယ်တွင် အဗ္ဗဒူကရင် ပုန်ကန်ထကြွခဲ့သည်ကို နှိမ်နင်းခဲ့ရ၏။ ၁၉၁၃ ခုနှစ်တွင် လေကြောင်းကာကွယ်ရေးဆိုင်ရာ မင်းကြီးအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ထိုနှစ်တွင်ပင် အထက်တန်း အမျိုးသားကာကွယ်ရေးကောင်စီ အဖွဲ့ဝင်ဖြစ်လာခဲ့သည်။

၁၉၃၄ ခုနှစ်တွင် စစ်ဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရလေသည်။ ၁၉၃၉ခုနှစ်တွင်ကား စပိန်နိုင်ငံသို့ သံအမတ်အဖြစ်သွားရောက်အမှုထမ်းခဲ့သည်။

ပြင်သစ်စစ်သူကြီးအဖြစ် ကျော်ကြားသူ မာရှယ်ပေတန်း

၁၉၄၀ပြည့်နှစ်တွင် ဂျာမန်စစ်တပ်များသည် ပြင်သစ်နိုင်ငံထဲသို့ ကျူးကျော်ဝင်ရောက်လာကြလေသည်။ ပြင်သစ်တပ်များနေရာအနှံ့အပြား၌ အရေးနိမ့်နေသည့်အချိန်တွင် စစ်သူကြီးပေတန်းသည် ဒုတိယဝန်ကြီးချုပ်ဖြစ်လာလေသည်။ ဝန်ကြီးချုပ်မှာရေးနိုးဖြစ်သည်။ ပေတန်းက ဂျာမန်တို့နှင့်စေ့စပ်ကာ စစ်ပြေငြိမ်းလိုပေသည်။ ဗားဒန်းတိုက်ပွဲတွင်အောင်ပွဲရခဲ့သည့် စိတဓာတ်မျိုး ပေတန်းတွင် မရှိတော့ပြီ။ ဤတွင် ဝန်ကြီးချုပ်ဖြစ်လာခဲ့လေသည်။ မကြာမီဂျာမနီနိုင်ငံနှင့် စစ်ပြေငြိမ်းရေးစာချုပ်ကို ၁၉၄၀ ပြည့်နှစ် ဇွန်လ ၂၂ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ ထိုနောက် အမျိုးသားလွှတ်တော်က ပေတန်းအား တချက်လွှတ် ဥပဒေဖြင့် အုပ်ချုပ်နိုင်ခွင့် အာဏာကို အပ်နှင်းလိုက်သည်။ ပေတန်းသည် ဂျာမန်တို့မသိမ်းပိုက်မိသေးသော နယ်ပယ်များတွင် အာဏာရှင်စံနစ်ဖြင့်အုပ်ချုပ်ပြီးလျှင်၊ အစိုးရဌာနချုပ်ရုံးကိုလည်း ဗီရှီမြို့သို့ ရွှေ့ပြောင်းထားခဲ့သည်။ ဦးစွာပဌမတွင် ပေတန်းအား လူကြိုက်များခဲ့သည်။ သို့ရာတွင် နောင်အခါ၌ ပေတန်း၏အစိုးရသည် ပြင်သစ်နိုင်ငံနယ်ပယ်အများကို သိမ်းပိုက်ထားသောဂျာမန်တို့နှင့်ဆက်

www.forever-space.com.mm

သွယ် နေ့လောကြောင့် အကြည်ညိုပျက်လာကြ၏။ ၁၉၄၂ ခုနှစ်နိုဝင်ဘာလတွင် ဂျာမန်တပ်များသည် ပြင်သစ် တစ်နိုင်ငံလုံးကို သိမ်းပိုက်မိခဲ့လေသည်။ ထိုအခါတွင် ပေတန်းသည် အာဏာမဲ့ဖြစ်သွားလေ၏။

မဟာမိတ်တပ်များသည် ပြင်သစ်ကမ်းခြေသို့ တက်ရောက်တိုက် ခိုက်ခဲ့သောအခါ၊ ဟစ်တလာက ပေတန်းကို ဂျာမနီနိုင်ငံသို့ခေါ်ထားလေသည်။ စစ်အပြီးတွင် ပေတန်းသည် ပြင်သစ်နိုင်ငံသို့ပြန်လာခဲ့ရာ၊ နိုင်ငံတော်သစ္စာဖောက်မှုကြီးဖြင့် ဖမ်းဆီးတရားစွဲဆိုခြင်း ခံရလေသည်။ တရားရုံးတော်ကပေတန်းအား အပြစ်ထင်ရှားကြောင်း တွေ့ရှိသဖြင့်၊ သေဒဏ်အပြစ်ပေးလိုက်၏။ ထိုအချိန်တွင်ပေတန်းမှာ အသက် ၈၉ နှစ်ပင်ရှိနေလေပြီ။ သို့ဖြစ်၍ ဗိုလ်ချုပ်ဒဂိုးက သေဒဏ်ကို တစ်သက်ကျွန်းဒဏ်အဖြစ်ပြောင်းလဲ လိုက်လေသည်။ ပေတန်းရရှိခဲ့သောဂုဏ်ထူးဘွဲ့ထူးများနှင့် အခွင့်အရေးများကိုလည်း အစိုးရက ရုပ်သိမ်းလိုက်လေသည်။ ဤသို့လျှင် ပေတန်းသည် ပြင်သစ်ကမ်းခြေ အနောက်တောင်ဘက်ရှိ အီလဒျူးကျွန်း၌ အကျဉ်းချထားခြင်းကိုခံရပြီးလျှင်၊ ၁၉၅၁ ခုနှစ် ဇူလိုင်လ ၂၃ရက် နေ့၌ အသက် ၉၅ နှစ်အရွယ်တွင် ကွယ်လွန် လေသည်။

ပေပစီ။ ။ပုပ်ရဟန်းမင်းစံနစ်–ရှု။

ပဲ့ကျင်မြို့ ။ ။ပီကင်းမြို့–ရှု။

ပဲ့တင်သံ။ ။ကျွန်ုပ်တို့သည် အလွန်ကျယ်ဝန်းသောဂူ၊ လိုဏ်၊ကျောင်း၊တန်ဆောင်းစသည်ထဲသို့ ရောက်သွားသောအခါ၌လည်းကောင်း၊တောင်ကမ်းပါး၊ တောင်စောင်းနှင့် တောအုပ်အနီးသို့ရောက်သွားသောအခါ၌လည်းကောင်း တစ်စုံတစ်ယောက်သော သူ၏နာမည်ကို ဟစ်အော်၍ ခေါ်လိုက်သောအခါ၊ ကျွန်ုပ်တို့ခေါ်လိုက်သောနာမည်အတိုင်းပင် အသံတစ်ခုတုံ့ပြန်၍လာသည်ကို ကြားမိပေလိမ့်မည်။ ထိုသို့ မူလဟစ်အော်သည့်အတိုင်း တုံ့ပြန်၍လာသောအသံသည် ပဲ့တင်သံ ဖြစ်သည်။

အသံတစ်ခုကို ပြုလိုက်သောအခါ၊ အသံလှိုင်းတို့သည် အသံပြုရာဗဟိုချက်မမှ ပတ်ဝန်းကျင်သို့ စက်ဝန်းသဖွယ် ပျံ့နှံ့သွားလေသည်။ ငြိမ်သက်လျက်ရှိသော ရေမျက်နှာပြင်ထက်သို့ ခဲတလုံး ပစ်ချလိုက်သောအခါ၊ ကျရာအရပ်မှ လှိုင်းဂယက်များသည် စက်ဝန်းသဏ္ဌာန် ပတ်ဝန်းကျင်သို့ ဖြာ၍ထွက်ဘိသကဲ့သို့ဖြစ်သည်။ ထိုသို့ပျံ့နှံ့သွားသော အသံလှိုင်းသည် တစ်နေရာရာတွင် တစ်စုံတစ်ခုသောအဆီးအတားကိုတွေ့သည်ရှိသော်၊ မိမိလာခဲ့ရာအရပ်သို့တုံ့ပြန်လေသည်။ ထိုသို့ နောက်ပြန်တုံ့လာသော အသံလှိုင်းကို မူလက အသံပြုသူသည် တစ်ဖန်ပြန်၍ကြားရသည်။ အလားတူဥပမာတစ်ရပ်ကိုပေးရလျှင်၊ ကလေးတစ်ယောက်သည် နံရံတစ်ခုကို ဘောလုံးဖြင့် ပေါက်၍ကစားသော အခါ၊ထိုပေါက်လိုက်သောဘောလုံးသည် ကစားသူကလေး၏ထံသို့ ပြန်လာသည့်နည်းတူဖြစ်လေသည်။ ဤကဲ့သို့ အသံလှိုင်းသည် မူလနေရာရင်းသို့ ပြန်၍ရိုက်တတ်သည့် အချင်းအရာကို ပဲ့တင်သံဖြစ်ပေါ်လာသော အခြင်းအရာဟု ဆိုကြကုန်သည်။ ပဲ့တင်သံသည် မူလအသံကဲ့သို့ ပြတ်သားကျယ်လောင်ခြင်း မရှိချေ။ တစ်ခါတစ်ရံ အသံတခုတည်းမှ ပဲ့တင်သံလေးငါးဆယ်ခုမျှ ဆက်တိုက်ပေါ်ထွက်လာတတ်သည်။ ဤသို့ ဖြစ်ခြင်းမှာ အသံဖြစ်ရာအရပ်နှင့် အကွာအဝေးချင်း မတူညီသော နံရံ စသော အဆီးအတားပေါင်းများစွာတို့မှ ပြန်လည်ရိုက်ဟပ်လာသော အသံတို့ကြောင့်ပင် ဖြစ်လေသည်။ ထိုကြောင့် ပြပွဲရုံ၊ ဇာတ်ရုံနှင့်တရားဟော ခန်းမကြီးတို့ကို ဆောက်လုပ်ရာ၌ ပဲ့တင်သံများ အထပ်ထပ် ထွက်ပေါ်လာပြီးလျှင်၊ သီချင်းသံ၊ တီးမှုတ်သံနှင့် စကားသံများကိုငုံ့သွားခြင်း မရှိရလေအောင်၊ ဗိသုကာဆရာတို့သည် အသံလုံစေခြင်းငှါ အထူးပြုပြင်တည်ဆောက်လေ့ရှိသည်။

အသံ၏အသွားနှုန်းကို တိုင်းတာရာတွင် ဆာအိုင်ဇပ်နျူတန်သည် ပဲ့တင်သံကိုပင်အသုံးပြု၍ တိုင်းတာသည်။ သူသည် ထရင်နီတိကောလိပ်ကျောင်းရှိစက်ကြီး၏ အဆုံးတစ်ဖက်တွင်ရပ်ကာ၊ ကြမ်းကိုခြေနှင့်ဆောင့်၍ အသံကိုဖြစ်ပေါ်စေသည်။ ထိုနောက် ထိုအသံသည် စက်ကြီး၏ အခြားအဆုံးဘက်နံရံကိုရိုက်ပြီးနောက် ပဲ့တင်သံအဖြစ် ပြန်လည်ကြားရသည်အထိ ကြာမြင့်သောအချိန်နှင့် အသံသွားရသော အသွားအပြန်ခရီးကိုတိုင်းတာမှတ်သားပြီးလျှင် အသံ၏ အသွားနှုန်းကို တွက်ချက်ယူလေသည်။ နျူတန်တွက်ချက်၍ သိရသော အသံ၏ အသွားနှုန်းမှာ တစ်စက္ကန့်လျှင် ၁၀၈၉ ပေဖြစ်လေသည်။ သို့သော် အသံ၏အသွားနှုန်းသည် အပူချိန်ကိုလိုက်၍ အပြောင်းအလဲရှိသည်။ ရေခဲသော ၃၂ ‘ဒီဂရီဖာရင်ဟိုက်ရှိသည့် အပူချိန်၌ အသံ၏ အသွားနှုန်းသည် ၁၀၈၈ ပေဖြစ်သည်။ အသံ၏အသွားနှုန်းသည် ပကတိအပူချိန်၏ နှစ်ထပ်ကိန်းရင်းနှင့်အချိုးတူဖြစ်သည်။ (အသံ–ရှု။)

ပယ်မိုင်းရားမြို့။ ။ဆီးရီးယားနိုင်ငံ၏ ရှေးမြို့ဟောင်းဖြစ်သော ပယ်မိုင်းရာမြို့သည် ဒမက်စကတ်မြို့အရှေ့မြောက်မိုင် ၁၅၀အကွာတွင်တည်ရှိ၏။ ဤမြို့ကို သမ္ဘာကျမ်းစာတို့၌တပ်ဒမိုမြို့ဟုဖော်ပြထားသည်။ ဆောလမွန်ဘုရင်မင်းမြတ်တည်ခဲ့သည်ဟုဆို၏။ ကမ္ဘာ၏အရှေ့နှင့်အနောက်ကို ဆက်သွယ်သောလမ်းမကြီးပေါ်၌တည်ရှိသဖြင့်၊ ရောမ

www.foreverspace.com.mm

ပယ်မိုင်းရားမြို့ရှိ ဇီနိုး ဗီးယား ဘုရင်မတည်ဆောက်ခဲ့သော နန်းမြို့တော်၏ ရှုခင်းတစ်ရပ်

နိုင်ငံကောင်းစားစဉ်က ကုန်သွယ်ရာ ဗဟိုဌာနကြီးဖြစ်ခဲ့ဖူးသည်။ အေဒီ ၁၃၀ မှ အေဒီ ၂၇၀ အတွင်း၌ထိုမြို့သည် အလွန်စည်ပင်သာယာဖွံ့ဖြိုးခဲ့သည်။ ထိုခေတ်အတွင်း၌ ထိုမြို့ကိုအုပ်ချုပ်သူ အော့ဒီနေးသပ်သည် ရောမနိုင်ငံအရှေ့ပိုင်းဒေသဘုရင်ခံချုပ်အဖြစ် ခန့်ထားခြင်းခံခဲ့ရ၏။ သို့သော် အော့ဒီနေးသပ်သည် တန်ခိုးရှိန်စော် အကြီးမြင့်ဆုံးအချိန်ဖြစ်သော အေဒီ ၂၆၇ ခုနှစ်တွင် လုပ်ကြံခြင်း ခံရလေသည်။ ထိုအခါ ယင်း၏ကြင်ယာတော်ဖြစ်သော ဇီးနိုးဗီးယားသည် ဆီးရီးယားအပါအဝင်ဖြစ်သော လွတ်လပ်သည့်နိုင်ငံကို ဖန်တီးရန်ကြိုးပမ်းခဲ့ရာ၊ ရောမဧကရာဇ်ဘုရင်၏ တိုက်ခိုက်နှိမ်နှင်းခြင်းကို ခံရ၍၊ အေဒီ ၂၇၃ ခုနှစ်တွင် ပယ်မိုင်းရားမြို့သည်လည်း ပျက်စီးတိမ်ကောခဲ့ရလေသည်။ ယခုအခါ ပယ်မိုင်းရားမြို့သည် ပျက်စီးယိုယွင်းလျက်ရှိသောရှေးဟောင်းအဆောက်အအုံတို့အတွက် ကျော်စောသည်။

ပယ်လက်စတိုင်။ ။ခရစ်ယာန်သမ္မာကျမ်းစာများတွင် ပါလတိနပြည်ဟူ၍ထင်ရှားစွာပါဝင်ခဲ့သော ပယ်လက်စတိုင်နိုင်ငံသည် ပမာဏာအားဖြင့်သေးငယ်သော်လည်း ယဟူဒီ၊ ခရစ်ယာန်နှင့် မွတ်စလင်များအတွက် အရေးပါသောနိုင်ငံဖြစ်ခဲ့လေသည်။ ယင်းနိုင်ငံသည် အီဂျစ်၊ လက်ဗန္တန်နှင့် ဆီးရီးယားနိုင်ငံတို့အကြားတွင်ရှိ၍ မြေထဲပင်လယ် အရှေ့တောင်ဘက် ကမ်းခြေကိုတစိတ်တဒေသအားဖြင့် အခြေပြုကာတည်ရှိခဲ့သည်။ ယခုအခါတွင်မူ ပယ်လက်စတိုင်းနိုင်ငံပျောက်နေလေပြီ။

၁၉၄၈ခုနှစ်တွင် ပက်လက်စတိုင်နိုင်ငံတစိတ်တဒေသတွင် အဋ္ဌရီယက်ဟူသောခေတ်သစ်ယဟူဒီနိုင်ငံကိုထူထောင်လိုက်ကြ၍ ကျန်ရှိသောပက်လက်စတိုင်နိုင်ငံ အစိတ်အပိုင်းတို့ကို အာရပ်နိုင်ငံများဖြစ်ကြသော ဂျော်ဒန်၊ အီဂျစ်နှင့်လက်ဗန္တန်နိုင်ငံတို့ကို သိမ်းသွင်းလိုက်ကြလေသည်။ ၁၉၄၈ မတိုင်မီ ပယ်လက်စတိုင်နိုင်ငံ၏ အကျယ်အဝန်းသည် ၁၀၄၃၄ စတုရန်းမိုင်ရှိခဲ့ရာ၊ ယင်းအနက် အဋ္ဌရီယယ်နိုင်ငံထဲသို့ စတုရန်းမိုင်ပေါင်း ၈၀၀၀ကျော် ပါသွားတယ်။ ကျန်သောစတုရန်းမိုင်တို့သည် ဂျော်ဒန်(ထရန့်စကျော်ဒန်) အီဂျစ်နှင့်လက်ဗန္တန်နိုင်ငံများအတွင်းသို့ ပါဝင်သွားလေသည်။

ပယ်လက်စတိုင်သည်ကမ္ဘာသမိုင်းတွင် လူသားတို့ပဌမဆုံး အိုးအိမ်ထူထောင်နေထိုင်ခဲ့သော ဒေသတစ်ခုဖြစ်သည်။ ရှေးနှစ်ပေါင်း ၂၀၀၀၀ခန့်က လူတို့နေထိုင်ခဲ့ကြသောဂူများကိုတွေ့ကြရသည်။ ကမ္ဘာယဉ်ကျေးမှု သမိုင်းတလျှောက် ထင်ရှားသောအဖြစ်အပျက်များစွာတို့သည် ပယ်လက်စတိုင်၌ဖြစ်ပွားခဲ့သည်။ ခရစ်ယန် သမ္မာကျမ်းစာများအရ ပယ်လက်စတိုင်နိုင်ငံ၊ ဗက်သလီဟမ်မြို့တွင်

www.foodwarspace.com.mm

ခရစ်တော်ကို ဖွားမြင်၍ နက်ဇရက် မြို့တွင် လူလား မြောက်ခဲ့သည်ဟုဆိုသည်။ ယဟူဒီလူမျိုးတို့အဖို့မှာမူ ယဟူဒီ လူမျိုးဖခင်ကြီး အဗရာဟမ်အား ယင်းနိုင်ငံရှိ ရာဇဝင် ထင်ရှားသောဟီဗရွန်မြို့တွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့သဖြင့် ယင်းဒေ သသည် ယဟူဒီများအဖို့အထွတ်အမြတ်ဖြစ်သည်။ မွတ် စလင်တို့ကလည်း ပက်လက်စတိုင်သည် မိမိတို့ ဘိုးဘေး ပိုင်နိုင်ငံဖြစ်၍ ခုံမင်မြတ်နိုးကြလေသည်။

ယင်းသို့ဖြင့် ပယ်လက်စတိုင်း၏ မြို့တော်ဖြစ်သော ဂျရူးဆလမ်းမြို့သည် ဆိုခဲ့သောအယူဝါဒကြီးသုံးခုကို သက် ဝင်ယုံကြည်သူတို့ ဘုရားဖူးရောက်ကြရာ သေဉ်မြေဖြစ် သည်။ ယင်းဘုရားဖူးတို့ကို အကြောင်းပြု၍ ကရူးဆိတ် စစ်ပွဲကြီးများရှစ်ကြိမ်မျှ ပယ်လက်စတိုင်တွင်ဖြစ်ပွားခဲ့ ၍သွေးချောင်းစီးခဲ့လေသည်။

ပယ်လက်စတိုင်နိုင်ငံ၏သမိုင်းကို ဟီဗြူလူမျိုးတို့က မှတ်တမ်းတင်ခဲ့ရာ ဓမ္မဟောင်းကျမ်းများ၌ တွေ့ကြရသည်။ ထိုကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀၀ခန့်ကသမိုင်း များတွင်ပင် ပယ်လက်စတိုင်နိုင်ငံအကြောင်းကို တွေ့ကြရ သည်။ ဘီစီ ၃၀၀၀ ခန့်က ထိုဒေသတွင် ကန်နန်းနိုက် လူမျိုးများနေထိုင်ခဲ့သဖြင့် ကန်နန်း ဒေသဟူ၍ ခေါ်ဆိုခဲ့

ပယ်လက်စတိုင်ပြည် တည်နေရာပြမြေပုံ

ပယ်လက်စတိုင်ပြည်တွင်းရှိ အာရပ်လူနည်းစုများ

သည်။ နောင်အခါ ဖိလစ်စတင်းလူမျိုးတို့သည် ချို့ဒေသ များတွင် ဝင်ရောက် နေထိုင်ကြသဖြင့် ဖိလစ်ရှားဟူ၍ ခေါ်တွင်ပြန်သည်။ ပယ်လက်စတိုင်ဟူသော အမည်သည် ဖိလစ်ရှားမှ ဆင်းသက်လာသည်ဟု ဆိုကြသည်။

ကန်နန်းနိုက်နှင့် ဖိလစ်စတင်းလူမျိုးတို့နေထိုင်ရာ ဒေသ များသို့ ဟီဗြူလူမျိုးတို့ ရောက်လာကြ၍ မကြာမီ ထိုဒေသ တွင် လွှမ်းမိုးကြီးစိုးလာကြပြီးလျှင် ဟီဗြူလူမျိုးဆော (ရှောလု)၏လက်ထက်၊ ဘီစီ ၁၁ရာစုခန့်တွင် ပယ်လက် စတိုင်း၌ ဘုရင်စံနစ်ကို ထူထောင်ကြလေသည်။

ဆောဘုရား၏နောက်၌ ကမ္ဘာ့နိုင်ငံသမိုင်းတွင် ထင် ရှားလှသောဒေးဗစ်ဘုရင်၊ ဆော်လမွန်ဘုရင်တို့စိုးစံပြီး နောက် ဘီစီ ၁၀ရာစုနှစ် ခန့်မှစ၍ နိုင်ငံနှစ်ခြမ်းကွဲပြီးသော် ဂျူဒါနှင့်အဇ္ဈရီယယ်ဟူ၍ နှစ်နိုင်ငံဖြစ်သွားလေသည်။ ဂျူ ဒါနိုင်ငံသားတို့ကို ဂျူး၊ သို့မဟုတ် ယဟူဒီဟူ၍ခေါ်ဝေါ် ကြရာ၊ နောင်အခါဟီဗြူလူမျိုးအားလုံးကို ယဟူဒီဟုခေါ်ဝေါ် ကြလေသည်။ အဇ္ဈရီယယ်နိုင်ငံကို အဆီးရီးယန်း လူမျိုးတို့ က ဘီစီ ၇၂၂ခုနှစ်တွင် တိုက်ခိုက်သိမ်းပိုက်၍ လူပေါင်းများ စွာကို နိုင်ငံရပ်ခြားများသို့ပို့သည်။ ဘီစီ ၅၈၆ခုနှစ်တွင် ဂျူဒါနိုင်ငံကို ဗက်ဗီလုံးနီးယားလူမျိုးတို့ကသိမ်းပိုက်၍ ယ ဟူဒီများစွာကို ဗက်ဗီလုံးနီးယားနိုင်ငံသို့ သုံ့ပန်းအဖြစ်ခေါ် ဆောင်သွားသွားသည်။ နောက်နှစ်ပေါင်း ၁၅၀ခန့်ကြာ၍ ပါးရှားဘုရင်ဆိုင်းရပ်သည် ဗက်ဗီလုံးနိုင်ငံအား သိမ်းပိုက် သောအခါ ယဟူဒီသုံ့ပန်းများကို မိမိကိုနိုင်ငံရင်းသို့ပြန်စေ

www.forensspace.com.mm

ခဲ့သည်။ ဘီစီ၁၇၀ခန့်တွင် ဂရိလူမျိုးတို့က ပယ်လက်စတိုင်ကိုပိမ်းပိုက်ပြန်သည်။ သို့သော်ယဟူဒီတို့က တော်လှန်ပုန်ကန်သဖြင့် ဂရိတို့စိုးမိုးမှုမှ လွတ်မြောက်ခဲ့ရပြန်လေသည်။ ဘီစီ၆၃ ခုနှစ်တွင် ရောမတို့က ပယ်လက်စတိုင်ကို တိုက်ခိုက်သိမ်းပိုက်လေသည်။ ရောမတို့၏ ဖိနှိပ်မှုကြောင့်မကြာခဏပင် ယဟူဒီတို့နှင့် ရောမသားတို့ ပဋ္ဌိပက္ခဖြစ်ရ၏။ ယင်းသို့သော ပဋ္ဌိပက္ခကာလတွင် ခရစ်တော် ပေါ်ပေါက်လာပြီးလျှင် ပယ်လက်စတိုင်ဒေသတခွင်တစ်ပြင်သို့ လှည့်လည်၍ တရားဓမ္မဟောပြောလေသည်။ ရောမတို့သည် ခရစ်တော်တွင် နောက်လိုက်များစွာ ရှိနေသည်ကို မြင်တွေ့ရသောအခါ ခရစ်တော် ခေါင်းဆောင်၍ပုန်ကန်ထကြွလိမ့်မည်ဟုအထင်ရောက်ခဲ့သည်။ ထိုကြောင့် ခရစ်တော်ကိုဖိနှိပ်ခဲ့သည်။ သို့သော် ခရစ်တော်၏ တရားများကား ဂရိ၊ ရောမနှင့် အခြားဒေသများသို့ တဖြည်းဖြည်းပျံ့နှံ့ခဲ့လေသည်။

နှစ်ပေါင်းတစ်ရာခန့်မျှကြာအောင် ပယ်လက်စတိုင်တွင် ယဟူဒီနှင့်ရောမတို့ ပဋ္ဌိပက္ခဖြစ်နေခဲ့ကြပြီးနောက်၊ နောက်ဆုံးတွင် ပယ်လက်စတိုင်သည် ရောမအင်ပိုင်ယာကြီးအားတိတိလင်းလင်းပုန်ကန်လေသည်။ ခြောက်နှစ်ကြာမျှ အပြင်းအထန်တိုက်ခိုက်ကြပြီးနောက် ရောမတို့အရေးသာ၍ ယဟူဒီများကို ပြင်းပြင်းထန်ထန်နှိပ်ကွပ်လေသည်။ အေဒီ ၇၀ပြည့်တွင် ဂျရူးဆလမ်း မြို့တော်ကြီးကို ရောမတို့က ဖျက်ဆီးပစ်သည်။ ယဟူဒီအမြောက်အမြားတို့သည်လည်း ပယ်လက်စတိုင်တွင် မနေနိုင်ကြတော့ဘဲ၊ ကမ္ဘာအရပ်ရပ်သို့ သွားရောက်ကြသည်။ နောက်နှစ်ပေါင်း ၅၀၀ ခန့်မျှ ပယ်လက်စတိုင်သည် ရောမအင်ပိုင်ယာလက်အောက်ခံ အဖြစ်လည်းကောင်း၊ ရောမအင်ပိုင်ယာပျက်သုဉ်းပြီးနောက် ဗိုင်ဇင်းတိုင်အင်ပိုင် ယာလက်အောက်ခံအဖြစ်လည်းကောင်း ဆက်လက်ရှိနေခဲ့လေသည်။

အေဒီ ၆၀၀ ခန့်တွင် အစ္စလမ်အယူဝါဒီ အာရပ်လူမျိုးတို့သည် ပယ်လက်စတိုင်းကို တိုက်ခိုက်သိမ်းပိုက်လေသည်။ အီရက်၊ အီဂျစ်စသောနိုင်ငံများတွင် မွတ်စလင်ယဉ်ကျေးမှုထွန်းကားနေစဉ် ပယ်လက်စတိုင်းသည် မှေးမှိန်နေခဲ့သည်။ ဥရောပ အလယ်ခေတ်တွင် ဥရောပတိုက်မှ ခရစ်ယာန် အယူဝါဒီဘုရင်တို့သည် ပယ်လက်စတိုင်းအား မွတ်စလင်တို့လက်မှ လွတ်မြောက်အောင် လာရောက်တိုက်ခိုက်ကြသဖြင့် ကရူးဆိတ်စစ်ပွဲများဖြစ်ပွားခဲ့သည်။ သို့သော် ပယ်လက်စတိုင်းသည် တူရကီတို့လက်အောက်သို့ကျရောက်ပြီးလျှင် တူရကီစိုးမိုးမှုကို အနှစ်လေးရာခန့်မျှ ခံယူခဲ့ ရလေသည်။

ယင်းသို့စစ်ပွဲများ မကြာခဏဆိုသကဲ့သို့ဖြစ်ပွားခဲ့သဖြင့်

ပယ်လက်စတိုင်ပြည်သားတို့သည် နိုးကြားထကြွသော လူမျိုးများဖြစ်ကြသည်။

www.foreverspace.com.mm

ပယ်လက်စတိုင်ပြည်ရှိ ခရစ်တော်ဖွားမြင်ရာ ဗက်သလီဟမ်မြို့ ဘုရားရှိခိုးကျောင်း

ပယ်လက်စတိုင်းနိုင်ငံသည် များစွာဆုံးရှုံးပျက်စီးခဲ့ရ၏။ မြို့ကြီးပြကြီးများ တိမ်ကောလုမတတ် ဖြစ်ခဲ့သည်။ မြေများကို ထွန်ယက်ခြင်းမပြုနိုင်သဖြင့် စိမ့်ကြီးများဖြစ်ပေါ်လာသည်။ အာရပ်လူမျိုးများသည် လူဦးရေအများဆုံးဖြစ်၍ ယဟူဒီလူမျိုးအနည်းငယ်မျှသာရှိသည်။ ခရစ်နှစ် ၁၈၈၂ခန့်တွင် ဥရောပတိုက်မှ ယဟူဒီလူမျိုးအုပ်စုသည် ပယ်လက်စတိုင်းတွင်အခြေစိုက်ရန် ပဋိညာဉ်ဆုံးရောက်ရှိလာခဲ့၏။ ယင်းတို့ရောက်ရှိလာခြင်းသည် နောင်အခါ ခေတ်သစ်အဇ္ဈရီယယ်နိုင်ငံပေါ်ပေါက်လာရန် လမ်းစပျိုးခြင်းဖြစ်လေသည်။

ပဋိမကမ္ဘာစစ်ကြီးဖြစ်ပွားသောအခါ၊ ပယ်လက်စတိုင်သည် စစ်မြေပြင်ဖြစ်ခဲ့ရပြန်သည်။ ၁၉၁၈ခုနှစ်တွင် ဗြိတိသျှတပ်များက တူရကီများအားမောင်းနှင်ထုတ်ခဲ့ပြီး၍ ပယ်လက်စတိုင်းဒေသကိုသိမ်းပိုက်သည်။ယင်းသို့သိမ်းပိုက်ရာတွင် ပယ်လက်စတိုင်းဒေသရှိယဟူဒီများက ဗြိတိသျှတို့အားကူညီခဲ့ကြသည်။ ၁၉၁၇ခုနှစ်တွင် ပယ်လက်စတိုင်တွင် ယဟူဒီနိုင်ငံပြန်လည်ထူထောင်ရေးဂိုဏ်းဖြစ်သော ဇီယွန်ဂိုဏ်းဝင်ဗြိတိသျှသိပ္ပံပညာရှင်ရှိမ်ဝေဇမန်က ဗြိတိသျှအစိုးရအား ပယ်လက်စတိုင်နိုင်ငံကို ယဟူဒီများ၏ဇာတိနိုင်ငံအဖြစ်သတ်မှတ်ရန် တိုက်တွန်းနှိုးဆော်သည်။ ဗြိတိသျှအစိုးရကလည်း သဘောတူညီကာ ကြေညာချက်ထုတ်ပြန်ပေးခဲ့သည်။ ယင်းကြေညာချက်ကို ဖလဲဖိုးကြေညာချက်ဟုခေါ်၏။ ပဋိမကမ္ဘာစစ်ပြီးသော်နိုင်ငံပေါင်းချုပ် အသင်းကြီးက ထိုကြေညာချက်ကို အတည်ပြုခဲ့၏။ ၁၉၂၂ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီးက ဗြိတိသျှအစိုးရအားယင်း၏ကိုယ်စားလှယ်အဖြစ်ထားရှိ၍ ပယ်လက် စတိုင်နိုင်ငံအား အုပ်ချုပ်စေ၏။ ယင်းသို့ဖြင့် ပယ်လက်စတိုင်သည် ဗြိတိသျှသြဇာခံ ဖြစ်လာသည်။

ပယ်လက်စတိုင်အား ယဟူဒီနိုင်ငံအဖြစ်ကြေညာခြင်းကို မနှစ်သက်ဆုံးသူများကား အာရပ်များပင်ဖြစ်၏။ ယင်းသို့ အာရပ်များမကျေမနပ်ဖြစ်နေစဉ်အတွင်းပင် ယခင်အခါများက နိုင်ငံမဲ့လူမျိုးဖြစ်နေခဲ့ရသောကမ္ဘာအရပ်ရပ်ရှိ ယဟူဒီများသည် မိမိတို့နိုင်ငံရင်းတွင် အခြေပြန်၍စိုက်ကြရန် ပြန်လာကြသည်။ အထူးသဖြင့် ဂျာမနီနိုင်ငံတွင်းရှိ ယဟူဒီ အမျိုးသားများသည် နာဇီများ၏ဖိနှိပ်မှုကြောင့် အလုံးအရင်းနှင့် ပယ်လက်စတိုင်ဒေသသို့ ရွှေ့ပြောင်းလာခဲ့ကြ၏။ ယင်းတို့သည် မြို့သစ်ပြသစ်၊လုပ်ငန်းသစ်များ ထူထောင်ကာနိုင်ငံစည်ပင် ဝင်ပြောရေးကို ပြုကြသည်။ အာရပ်တို့ကလည်း ပယ်လက်စတိုင်သည် မိမိတို့၏ဘိုးဘဝိုင်နိုင်ငံဖြစ်၍ ယဟူဒီတို့တွင်ကျယ်လာမှုကို မခံမရပ်နိုင်ကြချေ။ ထိုကြောင့် အာရပ်နှင့် ယဟူဒီတို့ ပဋိပက္ခမှုများမကြာခဏဖြစ်

www.foreverspace.com.mm

ပွားရ၍ လက်နက်စွဲကိုင် တိုက်ခိုက်လာကြသည်။ ၁၉၃၆ခု တွင် အာရပ်တို့သည် အတိအလင်းထကြွပုန်ကန် လေသည်။ ဇြတိသ္ဌအစိုးရသည် ထိုသို့ ထကြွမှုကို မနှိမ်နင်းနိုင်ဘဲ ဖြစ်ရသည်။ ၁၉၃၇ ခုနှစ် တွင် ဇြတိသ္ဌအစိုးရသည် အာရပ်နှင့်ယဟူဒီတို့အား ပယ်လက်စတိုင်နိုင်ငံကို နှစ်ခြမ်းခွဲပေးသော်လည်း နှစ်ဖက်စလုံးကမကျေနပ်ကြချေ။ ၁၉၃၉ ခုနှစ်တွင် ဇြတိသ္ဌအစိုးရသည် အာရပ်တို့ တောင်းဆိုချက်ကို လိုက်လျောသောအားဖြင့် ယဟူဒီများ ပယ်လက်စတိုင်းသို့ ဝင်ရောက်မှုကို ပိတ်ပင်သည်။ ယဟူဒီတို့သည် မိမိတို့၏နိုင်ငံရင်းနှင့် မှီခိုရာဒေသ ပျောက်ကွယ်မည် စိုးသဖြင့် ဇြတိသ္ဌအစိုးရ၏သဘောထားကို ဆန့်ကျင်ခဲ့ကြသည်။ ယဟူဒီတို့ ဝင်ရောက်မှုကို ဥပဒေဖြင့် တားမြစ်ခဲ့သဖြင့်၊ ယင်းတို့သည် မိမိတို့၏ အမျိုးသားများကို တိတ်တဆိတ် ခိုးသွင်းခဲ့လေသည်။

ဇြတိသ္ဌနှင့်ယဟူဒီတို့၏ ဆက်သွယ်မှုတင်းမာနေဆဲတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာ၏။ ပယ်လက်စတိုင်းဒေသရှိ ယဟူဒီ(ဂျူး)များသည် နာဇီများကိုဆန့်ကျင်၍ မဟာမိတ်တို့အား ကူညီခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ပြီးသော် ယဟူဒီ လူမျိုးများသည် ပယ်လက်စတိုင်အပေါ် ဇြတိသ္ဌတို့ထားရှိသည့် သဘောထားကိုဆက်လက်၍ ဆန့်ကျင်မြဲဆန့်ကျင်ပြန်သည်။

၁၉၄၇ခုနှစ်တွင် ဇြတိသ္ဌအစိုးရက ပယ်လက်စတိုင်ပြဿနာကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသို့တင်ပြ၏။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ထိုပြဿနာကို စုံစမ်းစစ်ဆေးပြီးနောက် ပယ်လက်စတိုင်းအား ယဟူဒီနိုင်ငံနှင့်အာရပ်နိုင်ငံဟု နှစ်ပိုင်းခွဲခြမ်း သတ်မှတ်လိုက်သည်။ ဂျရူးဆလမ်မြို့ကိုမူ မည်သည့်နိုင်ငံတွင်းသို့မှ မသွတ်သွင်းဘဲ အပြည်ပြည်ဆိုင်ရာ မြို့အဖြစ်ထားရန် ဆုံးဖြတ်ခဲ့သည်။

ဟယူဒီများက ယင်းအစီအစဉ်ကို လက်ခံသော်လည်း၊ အာရပ်တို့ကမူလက်မခံပေ။ သို့ဖြစ်ရကား ယဟူဒီနှင့် အာရပ်တို့ ဆက်လက် တိုက်ခိုက်ကြပြန်သည်။ အခြားအာရပ်နိုင်ငံများကလည်း ပယ်လက်စတိုင်ရှိ အာရပ်တို့အား အကူအညီ ပေးကြလေသည်။

၁၉၄၈ ခုနှစ် မေလတွင် ဇြတိသ္ဌသြဇာခံ အုပ်ချုပ်ရေးကုန်ဆုံးခဲ့ရကား ပယ်လက်စတိုင်ရှိ ဇီယွန်ဝါဒီများက အဋ္ဌရီယယ်ဟူသော လွတ်လပ်သည့် နိုင်ငံသစ်တစ်ခုကို တည်ထောင်လိုက်ကြလေသည်။ (အဋ္ဌရီယယ်နိုင်ငံ–ရှု။)

ပ။ ။လူတို့ စားသုံးသည့်ဟင်းသီးဟင်းရွက် အမျိုးမျိုးတို့ထဲတွင် ပဲသီး၊ ပဲထောင့်၊ ပဲစေ့၊ ပဲလုံးစသည်တို့သည် အာဟာရအဖြစ်ဆုံးအစားအစာများထဲတွင် ပါဝင်ကြသည်။ အချို့ပဲသီး၊ ပဲတောင့်၊ ပဲစေ့၊ ပဲလုံးတို့သည် ပရိုတင်းဓာတ်၊ ကာဗိုဟိုက်ဒရိတ်ဓာတ်တို့ အများအပြားပါဝင်သဖြင့် အမဲသားနှင့် ထပ်တူထပ်မျှ အာဟာရဖြစ်သော အစားအစာဟုဆိုကြသည်။ ထိုပြင် ငွေကုန်ကြေးကျ နည်းနည်းနှင့် အာဟာရဓာတ်များများ ရရှိသော အစားအစာဟုလည်းဆိုကြလေသည်။

ပဲပင်အမျိုးမျိုးရှိရာ အချို့အပင်တို့သည် အပင်စောက်၊ ချုံဖုတ်ငယ်များ ဖြစ်ကြ၍ အချို့သည် အနွယ်ပင်များဖြစ်ကြသည်။ ပဲပင်တို့သည် လီဂူမီနိုးစီးမျိုးရင်းတွင်ပါဝင်သည်။ များသောအားဖြင့် ဆောင်းရာသီသီးနှံများဖြစ်ကြသည်။အရွက်တို့သည် ရွက်မြှောသုံးခုပါဝင်သောရွက်ပေါင်းဖြစ်သည်။ အပွင့်ကလေးများ၏ ပုံသဏ္ဌာန်သည်လိပ်ပြာကလေးများနှင့်တူသည်။ အချို့ပဲပင်တို့ကို အပွင့်လှသဖြင့် အလှစိုက်ပန်းပင်အဖြစ် ခြံဥယျာဉ်များထဲတွင် စိုက်ပျိုး ကြသည်။ (ပဲမွေးပန်းပင်–ရှု။) ပဲပင်တို့သည် နှစ်မြောင်းကွဲအသီးတောင့်များကို သီးကြသည်။ အထဲမှအစေ့တို့သည် ကျောက်ကပ်ပုံသဏ္ဌာန်နှင့်ဆင်ဆင်တူသော ပဲလွန်းစေ့ကဲ့သို့လည်းကောင်း၊ လုံးဝန်းသောစားတော်ပဲကဲ့သို့လည်းကောင်း ပဲပင်အမျိုးအစားကိုလိုက်၍ ပုံပန်းခြားနားကြသည်။

အချို့ပဲပင်မျိုးတို့သည် အသီးတောင့်ကိုစားရ၍ အချို့ပဲပင်မျိုးတို့သည် အစေ့ကိုစားရသည်။ ပုံစံအားဖြင့် ပဲတောင့်ရှည်၊ ဗိုလ်စားပဲ၊ ပဲလိပ်ပြာတို့သည် အတောင့်စားပဲပင်များ ဖြစ်ကြ၍ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲစသည်တို့ကား ပဲသီးတောင့်တွင်းမှ အစေ့များဖြစ်ကြသည်။ အချို့ပဲပင်မျိုးတို့ကား အသီးတောင့်ကိုလည်းစားရ၍ အစေ့ကိုလည်းစားရသည်။ပဲစောင်းလျားနှင့် ပဲစိမ်းစားတို့ကား ပဲမြစ်နှင့်စိမ်းစားဥ အသီးအသီးရရှိသောအပင်များဖြစ်၍ ဥကိုလည်းစားရသောပဲပင်မျိုးဖြစ်သည်။

ပဲပင်တို့သည် ကမ္ဘာအ ရပ်ရပ်၌ စိုက်ပျိုးဖြစ်ထွန်းသော အပင်မျိုးဖြစ်သည်။ မူလက ဥရောပတိုက်တောင်ပိုင်းနှင့် အာရှတိုက်အနောက်တောင်ပိုင်းဒေသများတွင် ပေါက်ရောက်သော အပင်ရိုင်းများမှ ဆင်းသက်မျိုးပွားလာသော အပင်မျိုးဟုဆိုကြသည်။ တရုတ်တို့သည် ပဲသီး၊ ပဲစေ့တို့ကို ဘီစီ ၂၀၀၀ ခန့်ကပင် စားသောက်အသုံးပြုခဲ့ကြောင်းကို သိရှိကြရ၍ အချက်အလက်များ ဖော်ပြပါရှိသည်။ ထိုကြောင့်ပဲသီး၊ ပဲစေ့များကို ကမ္ဘာဦးခေတ်အခါကပင် လူတို့စားသုံးခဲ့ကြောင်း သိရလေသည်။

အနောက်နိုင်ငံများတွင် ပဲသီး၊ ပဲတောင့်များကို လတ်လတ်ဆတ်ဆတ်တင်ပို့ရောင်းချရန်လည်းကောင်း စည်သွပ်ထည့်သွင်းတင်ပို့ရောင်းချရန်လည်းကောင်း အကြီးအကျယ်စိုက်ပျိုး လုပ်ကိုင်ကြသည်။ ပဲစေ့များကို စည်သွပ်သည့် လုပ်ငန်းများလည်းကြီးကျယ်လှ၍၊ ကမ္ဘာအရပ်ရပ်သို့ တင်ပို့ရောင်းချကြသည်။

www.foreverspace.com.mm

ပရိတင်းဓာတ် အထူးကြွယ်ဝသော ပဲပင်များ

အစေ့ထုတ်ယူပြီးသော အတောင်ခွံများ၊ အပင်များ၊ အနွယ်များကို နွားစားအတွက် အသုံးပြုကြသည်။

အချို့ပဲပင်မျိုးတို့သည် ကုန်ချောပစ္စည်းများ ပြုလုပ်ရန် အသုံးဝင်သော ကုန်ရိုင်းများဖြစ်ကြသည်။ ပဲပင်တို့၏ အသုံးဝင်ပုံတစ်ရပ်မှာ ယင်းတို့သည် ယင်းတို့စိုက်ပျိုးရာမြေအား လေထဲမှနိုက်ထရိုဂျင်ဓာတ်ကိုစုပ်ယူကာ ဖြည့်တင်းသွင်းပေးခြင်းဖြစ်သည်။ ဆိုခဲ့သည့်အတိုင်း အာဟာရအလွန်ဖြစ်သော စားစရာဖြစ်သည်တကြောင်း၊ အထက်တွင်ဖော်ပြသောအသုံးဝင်သည့် အချက်အလက်များကြောင့်တကြောင်းပဲပင်များသည် ဟင်းသီးဟင်းရွက်ပင်များထဲတွင် အရေးအပါဆုံးသောအပင်များတွင် အပါအဝင်ဖြစ်လေသည်။

မြန်မာနိုင်ငံတွင်လည်း ပဲပင်အမျိုးမျိုးကို အများအပြားစိုက်ပျိုးလုပ်ကိုင်ကြသည်။ ပဲသီး၊ ပဲတောင့်များကိုကားနိုင်ငံအတွင်းတင်ပို့ရောင်းချရန်လွယ်ကူသောအရပ်များသို့ တင်ပို့ရောင်းချနိုင်လောက်အောင်စိုက်ပျိုးကြသည်။ အစေ့သုံးပဲမျိုးတို့ကိုကား နိုင်ငံသုံးအတွက်သာမက နိုင်ငံခြားသို့တင်ပို့ရောင်းချနိုင်လောက်အောင် စိုက်ပျိုးလုပ်ကိုင်ကြ၍ ပဲအမျိုးမျိုးကို နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းအားဖြင့် နှစ်စဉ်ဝင်ငွေ သိန်းပေါင်းများစွာ ရရှိခဲ့လေသည်။

မြန်မာနိုင်ငံ၌ ပဲအမျိုးမျိုးကို အများအပြားစိုက်ပျိုးလုပ်ကိုင်ကြသောဒေသများမှာ စစ်ကိုင်း၊ မြင်းခြံ၊ မိတ္ထီလာ၊မုံရွာ၊ ကျောက်ဆည်၊ မန္တလေး၊ ရွှေဘို၊ ပခုက္ကူ၊ မင်းဘူး၊ ရမည်းသင်းနှင့် ပြည်ခရိုင်များဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ အဓိကဆုံးဒေသများဖြစ်ကြသော စစ်ကိုင်းနှင့်မြင်းခြံခရိုင်တို့တွင် ပဲစိုက်ပျိုးခြင်း အထူးသဖြင့်ဖြစ်ထွန်းသည်။ မိုးများသောဒေသများဖြစ်လာလေလေ ပဲစိုက်ပျိုးခြင်းနည်းလာလေလေဖြစ်သည်။ ယင်းသို့ဖြင့်အထက်ဘက်တွင် ဝန်းသိုမြို့မြောက်ဘက်ဒေသများ၌လည်းကောင်း အောက်ဘက်၌ ပျဉ်းမနားတောင်ဘက်တွင်လည်းကောင်း ပဲစိုက်ပျိုးခြင်းသည် တဖြည်းဖြည်း နည်းပါးလာလေသည်။ အောက်မြန်မာနိုင်ငံတွင် ပဲစိုက်ပျိုးဖြစ်ထွန်းသော ရပ်ဝန်းတစ်ခုမှာ ပြည်၊ ဟသံ်တ၊ သာယာဝတီနှင့်မအူပင်ခရိုင်တို့ပါဝင်သောပြည်နှင့် တွံ့တေးစပ်ကြားရှိရပ်ဝန်းဖြစ်သည်။ ယင်းရပ်ဝန်းတွင် ပဲကြီးနှင့်ကုလားပဲကို အဓိကထား၍စိုက်ပျိုးကြသည်။ မိုးကုန်၍ မြစ်ရေကျဆင်းသည့် အချိန်တွင် ဤရပ်ဝန်း၌ ပဲစိုက်

www.forexspace.com.mm

ပျိုးရေးလုပ်ငန်းကိုစတင်လေသည်။ အထက်နှင့်အောက် မြန်မာနိုင်ငံပဲစိုက်ပျိုးသောရပ်ဝန်းနှစ်ခုအနက် အထက်မြန်မာနိုင်ငံမှရပ်ဝန်းတွင် ပဲအမျိုးမျိုးစိုက်ပျိုး၍ပိုမိုဖြစ်ထွန်းလေသည်။ မြန်မာနိုင်ငံတွင် ထင်ရှားသောအစေ့စားပဲမျိုးတို့မှာ ကုလားပဲ၊ ပဲကြီး၊ ပဲကျား၊ ပဲ ယင်း၊ ပဲဖြူကလေး၊ စားတော်ပဲ၊ ပဲစင်းငုံ၊ ထောပတ်ပဲ၊ ပဲလွန်း၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲငပိ၊ ပဲပိစပ်စသည်တို့ဖြစ်သည်။ လူသုံးများသောပဲသီးပဲတောင့်တို့မှာ ပဲတောင့်ရှည်၊ ဗိုလ်စားပဲ၊ ပဲပိုးတီ၊ ပဲစောင်းလျား၊ပဲဗုဒ္ဓန်၊ပဲနပျားစသည်တို့ဖြစ်ကြလေသည်။

ပဲကျတ်ပျဉ်။ ။ပဲကျတ်ပျဉ်ပင်သည် ပဲပင်မျိုးထဲမှဖြစ်သည့်အလျောက်၊ မြေဆီလွှာတွင် နိုက်ထရိုဂျင်ဓာတ်ဖြည့်တင်းပေးရန် အတွက်အသုံးဝင်သောအပင်ဖြစ်သည်။ ကလိဗာပင်နှင့်အယ်လဖားဖားပင်တို့သည် မြေညှဉ်းများ၌ ဖြစ်ထွန်းနိုင်ကြောင်းသိရှိခဲ့ကြပြီး ဖြစ်သည်။ ပဲကျတ်ပျဉ်ပင်မှာ ထိုအပင်နှစ်မျိုးထက်ပင် မြေညှဉ်းမြေကျဉ်အရပ်များ၌ သန့်စွမ်းဖြစ်ထွန်းနိုင်သည်။ ပဲကျတ်ပျဉ်ကို ပဲငပိ၊ ပဲပုပ်ဟူ၍လည်း ခေါ်ကြသေးသည်။ ပဲကျတ်ပျဉ်၏ ရုက္ခဗေဒ အမည်မှာ ‘ဂလစ်စစ်နီးဆိုဂျာ’ ဖြစ်သည်။

ပဲကျတ်ပျဉ်ပင်ကို တရုတ်နိုင်ငံကဲ့သို့ အာရှတိုက် အရှေ့ဖျားနိုင်ငံများတွင် စိုက်ပျိုးလာခဲ့ရာ၊ ယခုအချိန်တွင် အင်္ဂလန်ပြည်နှင့် အမေရိကတိုက်တို့၌လည်း စိုက်ပျိုးလာကြပြီ။ ဖူးစားပြောင်းစိုက်ပျိုးရန်သင့်သော မြေမျိုးနှင့် ရာသီဥတုမျိုးတွင် ပဲကျတ်ပျဉ်ပင်ကို စိုက်ပျိုးနိုင်သည်။ ပဲကျတ်ပျဉ်ပင်သည် လယ်မြေများတွင် သစ်စိမ်းမြေဩဇာကျွေးရန် အတွက်သာမဟုတ်၊ ကျွဲစာ၊ နွားစာအတွက် လည်းကောင်း၊ ဆီအတွက်လည်းကောင်း များစွာအသုံးဝင်သည်။ အပင်တစ်ပင်လုံးကို ကျွဲနွားအစာအဖြစ်ဖြင့် အသုံးချကြသည့်ပြင်၊ ပဲစေ့ကိုလည်း အမှုန့်ပြုလုပ်၍၊ ကျွဲနွားများကို ကျွေးကြသည်။ ပဲကျတ်ပျဉ်စေ့မှထွက်သောဆီကို ချက်ပြုတ်ရာ၌လည်းကောင်း ဆပ်ပြာလုပ်ငန်း၌လည်းကောင်း သင်္ဘောဆေးများဖော်စပ်ရာ၌လည်းကောင်း အသုံးချကြသည်။ ဆီကြိတ်ပြီး၍ကျန်နေသော ပဲကျတ်ပျဉ်ဖတ်ကိုလည်း ကျွဲနွား အစာအတွက် အသုံးပြုကြသည်။

အမဲဟင်းလျာ၌ပါသော ပရိုတင်းဓာတ်ကို ပဲကျတ်ပျဉ်က ဖြည့်စွက်နိုင်စွမ်းသဖြင့်၊ အာရှတိုက်ရှိနိုင်ငံများတွင် အာဟာရဓာတ်မျှတမှုကို ရစိမ့်သောင့်၊ ပဲကျတ်ပျဉ်ကို အမျိုးအမည် အဖွယ်ဖွယ်ပြုလုပ်၍ စားသောက်လေ့ရှိ ကြသည်။ ပဲကျတ်ပျဉ်ကို ပဲငန်ပြာရည် (ကြာညို)၊ ပဲငပိ၊ ပဲပုပ်ပြား စသည်ဖြင့် ပြုလုပ်စားသောက်ကြသည်။

ပဲကျတ်ပျဉ်ပင်သည် ချိုယောင်ပင်ငယ်ဖြစ်၍၊ ၂ ပေမှ ၄ ပေအထိ မြင့်သည်။ အကိုင်းအခက်တို့တွင် အမွေးနုကလေးများရှိ၍၊ ဘေးဖက်သို့ဖြာထွက်နေသည်။ အမွေးထူသော အရွက်သုံးရွက်ဆိုင်၍ ထွက်၏။

ပဲခူးခရိုင်။ ။ပဲခူးခရိုင်သည် မြန်မာနိုင်ငံအောက်ပိုင်းပဲခူးတိုင်း၌ အပါအဝင်ဖြစ်၏။ ပဲခူးခရိုင်၏ မြောက်ဘက်တွင် တောင်ငူခရိုင်၊ အရှေ့ဘက်တွင် တောင်ငူနှင့် သထုံခရိုင်၊ တောင်ဖက်တွင်မုတ္တမကွေ့နှင့်ဟံသာဝတီခရိုင်၊ အနောက်ဘက်တွင် အင်းစိန်နှင့် သာယာဝတီခရိုင်တို့ရှိကြသည်။ ပဲခူးခရိုင်၏ အကျယ်အဝန်းသည် စတုရန်းမိုင် ၄၂၇ မိုင်မျှရှိ၍၊ အရှေ့ဘက်တွင် စစ်တောင်းမြစ်သည်လည်းကောင်း၊ မြောက်ဘက်တွင် ပဲခူးရိုးမ၌မြစ်ဖျားခံသောကွမ်းချောင်းသည်လည်းကောင်း အနောက်ဘက်တွင် ပဲခူးရိုးမသည်လည်းကောင်း ပထဝီဝင်သဘောအရ နယ်နိမိတ်များအဖြစ်ဖြင့် တည်ရှိကြသည်။

ပဲခူးခရိုင်၏အနောက်ဘက်ပိုင်းသည် တောင်ကုန်းများ ထူထပ်၍ ရှုခင်းလှပသည်။ ပဲခူးခရိုင်၏ အနောက်မြောက်ဘက်တွင် ပဲခူးရိုးမတည်ရှိသည့်အတွက် မြစ်ချောင်းစိမ့်စမ်းတို့လွန်စွာပေါများ၏။ အရေးကြီးသောမြစ်ချောင်းကြီးများမှာပဲခူးမြစ်၊ ငမိုးရိပ်သို့မဟုတ် ပုဇွန်တောင်ချောင်းနှင့် စစ်တောင်းမြစ်တို့ဖြစ်၏။ ပဲခူးမြစ်သည် ပဲခူးရိုးမ၌ မြစ်ဖျားခံ၍၊ ပဲခူးမြို့လယ်ကိုဖြတ်ကာ အရှေ့တောင်ဘက်သို့ စီးဆင်းသည်။ ထိုနောက် ရန်ကုန်မြို့အနီးတွင် လှိုင်မြစ်နှင့်ပေါင်းဆုံမိသည်။ စစ်တောင်းမြစ်သည် မြန်မာနိုင်ငံတွင်ထင်ရှားသော မြစ်ကြီးတစ်ခုဖြစ်၍၊ရမည်းသင်းခရိုင်၏အရှေ့ဘက် တွင် မြစ်ဖျားခံပြီးလျှင် တောင်ဖက်မုတ္တမကွေ့ထဲသို့စီးဝင်၏။

ပဲခူးမြစ်နှင့် စစ်တောင်းမြစ်ကို ဆက်သွယ်ထားသော ပဲခူးစစ်တောင်း တူးမြောင်းရှိသည်။ ထိုတူးမြောင်းသည် စစ်တောင်းမြစ်ကမ်း မြစ်ကျိုးရွာမှ စတင်၍ သနပ္ပပင်မြို့ကို ဖြတ်သန်းပြီးလျှင်၊ ပဲခူးမြို့တောင်ဘက် ၁၀မိုင်ကွာရှိ တာဝရွာတွင် ပဲခူးမြစ်နှင့်လာရောက်ဆက်သွယ်သည်။ ပဲခူးခရိုင်သည် လယ်ယာအကြီးအကျယ်စိုက်ပျိုးသော ခရိုင်တစ်ခုဖြစ်ရာ၊ မိုးရာသီတွင် လယ်ယာများကို ရေလွှမ်းမိုးခြင်းမှ ကာကွယ်ရန် မိုင်ပေါင်းများစွာရှည်သောရေကာတာနှင့် တာတမံများကို ဖို့ထားရသည်။

ပဲခူးခရိုင်၏ရာသီဥတုသည် ရန်ကုန်မြို့ကဲ့သို့ပင် မုတ်သုန်အားကောင်း၏။ ပဲခူးမြို့တွင်ရှိသော ပျမ်းမျှမိုးရေချိန်မှာ ၁၂၇ လက်မရှိ၏။ သို့သော် တောင်ထူထပ်သည့် နေရာများ၌ မိုးများ၍၊ ခရိုင်မြောက်ဘက်စွန်း တောင်ငူခရိုင် နယ်နိမိတ် အနီးတွင်မူမိုးပါးသည်။

ပဲခူးခရိုင်၏ လူဦးရေမှာ ၁၉၅၃ခုနှစ် သန်းခေါင်စာရင်းအရ ၁၇၁၃၆၂ယောက်ရှိ၏။ ပဲခူးခရိုင်တစ်ဝန်းလုံးလိုလိုပင် လယ်ပြင်များသာဖြစ်၍၊ မြေဩဇာ ကောင်းမွန်

www.foreverspace.com.mm



ပဲခူးမြို့မှ ရွှေသာလျောင်းဘုရား

www.foreverspace.com.mm

နှစ်စဉ် ဘုရားဖူးများဖြင့် စည်ကားလှသော ပဲခူးခရိုင်တွင်းရှိ ဒေးစွန်ပါဘုရား

သည့်အလျောက် လယ်ယာလုပ်ကိုင်သူများ များပြားသည်။ ပဲခူးခရိုင်သည် မြန်မာနိုင်ငံတွင် ဆန်စပါးအထွက်ဆုံး ခရိုင်တစ်ခုဖြစ်သည်။ ထိုအပြင် သစ်တောများလည်း ထူထပ်၍၊ သစ်လည်း များစွာထွက်သည်။

ရန်ကုန်–မန္တလေး ရထားလမ်းသည် ပဲခူးခရိုင်ကို ဖြတ်သန်းသည်ဖြစ်၍၊ ပဲခူးခရိုင်၌ ကူးသန်းသွားလာ ရေးသည် လွယ်ကူသည်။ ပဲခူးမြို့သည် မီးရထားလမ်းဆုံရာမြို့ဖြစ်၍၊ ရန်ကုန်မှလာသောမီးရထားလမ်းသည် မန္တလေး၊ မော်လမြိုင် တို့သို့ ခွဲထွက်သွားကြလေသည်။ ပဲခူးခရိုင်ကို အုပ်ချုပ်ရာတွင် ပဲခူးနယ်နှင့် ညောင်လေးပင်နယ်နှစ်နယ် ခွဲခြားထားသည်။ ပဲခူးနယ်တွင် ပဲခူး၊ သနပွင်၊ ကဝနှင့် ဝေါ မြို့နယ်များ ပါဝင်သည်။ ညောင်လေးပင်နယ်တွင် ညောင်လေးပင်အရှေ့၊ ညောင်လေးပင် အနောက်နှင့် ဒိုက်ဦး မြို့နယ်တို့ ပါဝင်လေသည်။

ပဲခူးမြို့။ ။ ပဲခူးမြို့သည် မြန်မာနိုင်ငံအောက်ပိုင်း ပဲခူး တိုင်းအတွင်း ပဲခူးခရိုင်နှင့်ပဲခူးမြို့နယ်တို့၏ ရုံးစိုက်မြို့ဖြစ်၏။ ရန်ကုန်မြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိ၍ မီးရထားလမ်းအားဖြင့် ၄၇ မိုင်ကွာဝေးသည်။ မန္တလေးမြို့သို့လည်းကောင်း၊ မော်လမြိုင်မြို့သို့ လည်းကောင်း သွားသောမီးရထားလမ်းများသည် ပဲခူးမြို့မှတစ်ဆင့် ခွဲဖြာထွက်သွားရရာ ယင်းမြို့သည် မီးရထားလမ်းဆုံမြို့ဖြစ်သဖြင့် စည်ကားသည်။ ရန်ကုန် မန္တလေးမော်တော်ကားလမ်းမကြီးသည်လည်း မြို့လယ်ကို ဖြတ်သန်းသွားသောကြောင့် ကုန်စည်ရောင်းဝယ်ရေး ဖွံ့ဖြိုးလှသဖြင့် ပိုရ်ပင်စည်ကားသည်။

ပဲခူးမြို့သည် ပဲခူးမြစ်ကိုခွလျက် တည်ရှိသည်။ ပဲခူးရိုးမမှ ခွဲဖြာထွက်လာသော တောင်တန်းအစွယ် ကလေးတစ်ခုသည် ပဲခူးမြို့အရှေ့ဘက်စွန်းရှိ ဟသံ်ကုန်းအထိ မြို့ကို ဖြတ်သန်းသွားသည်။

ပဲခူးမြို့ကို မည်သည့်နှစ်ကစတင်၍တည်ထောင်သည် ဟူသောအချက်ကို အတိအကျမပြောနိုင်ချေ။ ရှေမော်ဓော သမိုင်းနှင့်မွန်သမိုင်းတို့၌မူ ပဲခူးမြို့မှသုဓမ္မဝတီခေါ် သထုံနေပြည်တော်ကိုအစိုးရသည့်မင်းဆက်မှ မင်းသားက တည်ထောင်ကြောင်းဖြင့်ဆိုသည်။ သို့ရာတွင် ထိုမင်းသားမ တည်ထောင်မီကပင် ယင်းမြို့သည် ရှိပြီးဖြစ်ကြောင်းကို ထိုမင်းများမတိုင်မီ ဘုရားသခင်သက်တော်ထင်ရှားရှိစဉ်ကပင် ဘုရားရှင်၏ ဆံတော်ဓာတ်ကို ယခု ရှေမော်ဓော စေတီတည်ရာ သုဒဿနကုန်း၌ ဌာပနာ၍ တည်ထားသည့် အချက်ဖြင့် ယူဆဖွယ်ရှိသည်။ ဝိဇ္ဇာဝိုရ်ရှင့် နဂါးမတို့ သင့်ရာမှရသော ဥမ္မပေါက်သည့်သူငယ်မနှင့် သထုံပြည်

www.foreverspace.com.mm

၏ ပဌမမဟာမြောက်မင်းဖြစ်သော တိသမမ္ဘသီဟရာဇာ ဘုရင်တို့နဖူးမြင်သော သမလနှင့်ဝိမလအမြွှာညီနောင်တို့ ပဲခူးမြို့ကိုတည်သည်ဟုဆိုကြသည်။ ထိုညီနောင်သည် ခမည်းတော်မျက် ၍နန်းတော်မှ နှင်လိုက်သဖြင့် အနောက်ဘက်သို့ရောင်ခဲ့ရာမှ သိကြားမင်းတိုင်းထွာ၍တည်ပေးသောမြို့တွင် ယင်းညီနောင်သည် မင်းဖြစ်အံ့ဟူသော အတိတ်တဘောင်ပေါ်သဖြင့် မြို့နေရာကိုရှာကြလေသည်။ သိကြားမင်းသည် မြို့တည်မည့်နေရာတွင် ရေမှနောက်သို့၊ နောက်မှ ရှေ့သို့ပုလဲကြီးဖြင့်တိုင်း၍ မြို့လယ်တွင်ကြာနီးတိုင် စိုက်ထားသည်ကို တွေ့သဖြင့်သာသနာတော်နှစ် ၁၆၀ ကျော်တွင်မြို့တည်၍ သမလကုမ္ဘာမင်း စတင် အုပ်စိုးကြောင်းဖြင့် ဆိုကြသည်။ သမလမင်းမှစ၍ တိသမင်းတိုင် မင်း ၁၇ ဆက်နန်းစံသည်။ တိသမင်း၏ ပလ္လင်ခန်းနေရာကို မြို့ရိုးအတွင်းဘက်တွင် ယခုတိုင်တွေ့ရသေးသည်။ သက္ကရာဇ် ၄၁၉ ခုနှစ်တွင် တိသမင်း နတ်ရွာစံပြီးနောက် ဟံသာဝတီပဲခူးနေပြည်တော်ကြီး ပျက်စီးတိမ်မြှုပ်၍ နှစ်ပေါင်းများစွာ ရွာနိုဂုံးကြီးဖြစ်၍နေလေသည်။ ပုဂံပြည် စောလူးမင်းလက်ထက်တွင် အထိန်းတော် သားငရမာန်ကန်းအား ပဲခူးမြို့ကိုစားစေဖူးသည်။ မုတ္တမဘုရင်မဂဒူး၏ သမက်တော်တရဖျားလည်း ပဲခူးကိုစားရသည်။ သို့ရာတွင် သာသနာနှစ် ၁၈၉၃၃ သက္ကရာဇ် ၇၁၁ ခုနှစ်တွင် ဆင်ဖြူရှင် ဗညားဦးမင်းလက်ထက်တွင်မှ တစ်ဆယ့်ခြောက်ထောင့်ရှိသောမြို့ရိုးကြီး တည်ဆောက်ကာဟံသာဝတီ နေပြည်တော်ဟု မှည့်ခေါ်သည်။ ထို့အလျင် သာသနာနှစ် ၂၃၀ခန့်ကမူ ယင်းမြို့ကို မဓဝါမြို့ဟုခေါ်၍ ထို့နောက်မှ ပဲကူး၊ ဟံသာဝတီစသည်ဖြင့် မှည့်ခေါ်ခြင်းဖြစ်သည်။ ပဲကူးဟုတွင်ခြင်းမှာ ဝမ်းပဲဟင်္သာများ ကူးသန်းနေရာ အရပ်ဖြစ်သောကြောင့် ဝမ်းပဲကူးဟု အမည်တွင်ရာမှ ပဲကူး၊ ထိုမှတစ်ဖန် ပဲခူးဟုဖြစ်လာကြောင်းဖြင့် အချို့ ဆိုကြသည်။ ဗညားဦးမင်း၏ မြို့ရိုးပျက်များကို ယခုတိုင် တွေ့မြင်နိုင်သေးသည်။ ပဲခူးမြို့၏ အကြီးအကျယ် အခမ်းနားဆုံးကာလကား ဆင်ဖြူများရှင်ဘုရင့်နောင်မင်းတရားကြီး အုပ်စိုးခဲ့သောကာလဖြစ်သည်။ ကောဇာသက္ကရာဇ် ၁၁၁၉ ခုတွင် အလောင်းဘုရားသည် ပဲခူးမြို့ကို သိမ်းပိုက်ခဲ့သည့် အချိန်မှစ၍ ဟံသာဝတီခေါ်ပဲခူးမြို့သည် မှေးမှိန်လာသည်။

မြို့ရိုးဟောင်း၏အရှေ့ဘက်၌ ကပ်လျက်ဟင်္သာကုန်းကို တွေ့မြင်ရ၏။ ဟင်္သာကုန်းကိုမန္တလေးမုရသေ့ကြီးဦးခန္ဓီသည် အုတ်အင်္ဂတေတို့ဖြင့် လေးထောင့်စပ်ပုံသဏ္ဌာန်ပြုပြင် တည်ဆောက်ခဲ့ပြီးလျှင် ကုန်းထပ်အလယ်တည့်တည့် ဟင်္သာဖိုမနားသွားသည်ဆိုသောနေရာ၌ ဘုရားတည်၍ တန်ဆောင်း၊ စောင်းတန်းတို့ကိုလည်း ပြုပြင်မွမ်းမံခဲ့လေသည်။ ဟင်္သာကုန်းမှ အနောက်စူးစူးရှေမော်ဓောစေတီတော်ကြီး

ပဲခူးမြို့အနီး ကြည်ညိုဖွယ်ရာ ကျိုက်ပွန်ဘုရား

အထိ ရှည်လျားသောစောင်းတန်းကြီးတခုရှိလေသည်။ ဟင်္သာကုန်းမြောက်ဘက်ရှိမြို့ရိုးမှာ ယခုအခါကုန်းမြင့်သဖွယ်ဖြစ်၍၊ ထိုမြို့ရိုးတစ်လျှောက်နှင့်အနီးအနားတွင် အစိုးရအရာရှိကြီးများအတွက် တိုက်အိမ်များဆောက်ထား၏။

မြို့ရိုး၏အနောက်ဘက်တွင် ပဲခူးမြို့၏ကျက်သရေဆောင် ရှေမော်ဓောစေတီတော်ကြီးတည်ရှိသည်။ စေတီတော်ကို သုဒဿကုန်းခေါ် မြင်းသီတကုန်း၌ တည်ထားသည်။ ရှေမော်ဓောစေတီကို သာသနာနှစ် ၂၃၇ ခုနှစ်တွင် စူဠသီရိမာသောကမင်း စတည်စဉ်က တိုက်စေတီဖြစ်ပြီး ဥာဏ်တော် ၂၇ တောင်ရှိသည်။ ယင်းမှ တဖြည်းဖြည်းမြှင့်၍တည်ခဲ့ရာ ၁၂၉၂ခုနှစ် ကဆုန်လဆန်း ၉ရက်နေ့တွင် လှုပ်သောပဲခူးငလျင်ကြီးကြောင့်မပျက်စီးမီက ဥာဏ်တော် ၁၉၈တောင် ၂မိုက်အထိရှိလာသည်။ ၁၃၁၆ခုနှစ် တပေါင်းလတွင် ပြည်ထောင်စုအစိုးရ၏အားပေးကူညီမှုကြောင့် ခေတ်မီပုံတော်ကို ဆောက်လုပ်ပြီးစီးခဲ့ရာ ဥာဏ်တော် ၂၁၄ တောင် တစ်လက်ဝါးရှိသည်။ (ရှေမော်ဓောဘုရား–ရှု။)

ရှေမော်ဓောစေတီ၏ အနောက်ဘက်မှာ မြို့တွင်းပိုင်းဖြစ်၍ ရုံးများစျေးများ ရှိ၏။ ပဲခူးမြို့လယ်ကို ဖြတ်စီးလျက်ရှိသောပဲခူးမြစ်ကို သံတန်တားဖြင့် ကူးသန်းသွားလာကြရသည်။ ထိုသံတံတားကြီးမှာ စစ်မဖြစ်မီကအသွား လမ်းအပြန်လမ်းခွဲခြားသွားလာနိုင်သော ကျယ်ဝန်းလှသည့် တံတားကြီးဖြစ်သော်လည်း၊ ဒုတိယစစ်အတွင်းပျက်စီးခဲ့၍ အင်္ဂလိပ်

www.foreverpeace.com.mm

စစ်တပ်မှားပြန်လည်ဝင်ရောက်စအခါက ဆောက်လုပ်ခဲ့သည့် ကစ်လမ်းသွားတည်းသာဖြစ်သောကြိုးတံတားကြီးများနှင့် အစားထိုးထားရလေသည်။ ယခုမူ ပြည်ထောင်စုအစိုးရက စစ်မဖြစ်မီကအတိုင်း တံတားကြီးဆောက်လုပ်ပြီးလေပြီ။ ပဲခူးမြစ်အနောက်ဘက် ၁မိုင်အကွာခန့်တွင်မူ ရွှေသာလျောင်းရုပ်ပွားတော်ကြီးရှိလေသည်။ ရွှေသာလျောင်းဘုရားအရှေ့တောင်ဘက် မနီးမဝေးတွင် ကလျာဏီသိမ်ရှိ၍သိမ်ဝင်းအတွင်း၌ မြန်မာနိုင်ငံသမိုင်းတွင်အရေးကြီးသော ကျောက်စာများရှိ၏။ ရွှေသာလျောင်းဘုရား အနောက်ဘက်တွင်လည်း မဟာစေတီ၊ ရွှေဂူလေး၊ ကိုးသိန်းကိုးသန်း၊ ရွှေဂူကြီးစသည့် ရေးဟောင်းစေတီပု ထိုးများရှိသေး၏။ ပဲခူးမြို့တောင်ဘက် ၃မိုင်ကွာခန့်တွင်မူ ကျိုက်ပွန်ဘုရားကြီးတည်ရှိလေသည်။ ပဲခူးနယ်တွင် ကဝ၊ သနပွင်၊ ဝေါ၊ ပဲခူးမြို့နယ်များပါဝင်သည်။ ပဲခူးမြို့မှာခရိုင်ဝန်ရုံး စိုက်မြို့ဖြစ်သည့်အားလျော်စွာအစိုးရရုံးများ၊ ဆေးရုံကြီး၊ ကျောင်းများ၊ ဈေးရုံ၊ ဘူတာရုံစသောအဆောက်အ အုံကြီးများဖြင့် ကြီးကျယ်သောမြို့ဖြစ်သည်။ မြို့စည်ပင် သာယာရေးကို မျှော်နီစီပယ်အဖွဲ့က စီမံဆောင်ရွက်လျက်ရှိသည်။

ပဲခူးမြစ်။ ။ပဲခူးမြစ်သည် ပဲခူးရိုးမ တောင်တန်းရှိ ကန့်ဗလူတောင်မှမြစ်ဖျားခံ၍ အရှေ့ဘက်တောင်စောင်းဘက်မှအရှေ့တောင်ဘက်သို့ ရှေ့ရှုစီးဆင်းပြီးနောက်၊ ပဲခူးမြို့သို့ ရောက်သောအခါ အနောက်တောင်ဘက်သို့ လှည့်ကာ ရန်ကုန်မြို့အရှေ့ဘက်နားတွင် ရန်ကုန်မြစ်နှင့်ပေါင်း၍ မုတ္တမပင်လယ်ကွေ့တွင်းသို့ စီးဝင်သည်။ ပဲခူးမြစ်သည် မိုင် ၁၈၀ခန့်ရှည်သည်။ မြစ်ဝတွင် တစ်မိုင်ခန့်ကျယ်သော်လည်း မြစ်ရိုးတစ်လျှောက်တွင် သင်္ဘောကြီးများ မသွားလာနိုင်ချေ။ မိုးရာသီအတွင်း၌ ပဲခူးမြို့ အထိသာ သင်္ဘောကလေးများ သွားလာနိုင်သည်။ ပဲခူးမြို့ အထက်သို့ မော်တော်ဘုတ်ငယ်များဖြင့် ဈေးတူမြို့အထိ မိုးအခါသွားရောက်နိုင်သည်။

ပဲခူးမြစ်သည် ကူးသန်သွားလာရေးအတွက် အသုံးမဝင်လှသော်လည်း၊ ပဲခူးရိုးမတောင်မှအဖိုးတန်သစ်များ ရန်ကုန်မြို့သို့မျှောချရန် အလွန်အသုံးဝင် အရေးပါသောမြစ်ဖြစ်သည်။ စစ်တောင်းမြစ်ကွေ့တစ်ခုပေါ်ရှိမြစ်ကျိုးရွာမှ ပဲခူးမြစ်ပေါ်ရှိ တာဝအထိ ပဲခူး–စစ်တောင်းတူးမြောင်းကို ၁၈၈၇–၁၈၈၈ ခုနှစ်ကဖောက်ထားခဲ့သည်။ ဝေါမြို့၊ မင်းရွာ၊ သနပွင်မြို့များကို ထိုတူးမြောင်းတစ်လျှောက် တွေ့ရသည်။ (တူးမြောင်း–ရှု။) စစ်တောင်းမြစ်ကြောင်းအတိုင်း မျှောချလိုက်သောသစ်များကို ယင်းတူးမြောင်းမှ တစ်ဆင့် ပဲခူးမြစ်ထဲသို့မျှော၍ ရန်ကုန်မြို့သို့တင်ပို့ကြသည်။

ပဲခူးမြစ်ပေါ်တွင် မွန်တို့၏ရှေးမြို့ဟောင်းလည်းဖြစ်သော ပဲခူးမြို့မှတစ်ပါး အခြားထင်ရှားသော မြို့ကြီးများမရှိချေ။

ယင်းသည် ပဲခူးမြို့ကို အလယ်မှ ဖြတ်စီးသည်။ မိုးအခါ၌ မြေနိမ့်ပိုင်းမြစ်ဝှမ်းအနောက်ဘက်တို့တွင် ရေလျှံလေ့ရှိသည်။ ပဲခူးမြစ်ဝအရှေ့ဘက်ကမ်း၌မူ သံလျင်မြို့တည်ရှိသည်။ ပဲခူးမြစ်တွင် ထင်ရှားသောမြစ်လကတက် မရှိသော်လည်း ဇာမရီချောင်း၊ သဲတောချောင်း၊ ထားဝယ်ချောင်း၊ ရွှေလောင်းချောင်း၊ စလူချောင်း၊ ကဝက်ချောင်း၊ စသည်တို့သည် ယင်းမြစ်တွင်းသို့ စီးဝင်သောချောင်းမြောင်းများ ဖြစ်သည်။ ပဲခူးမြစ် တစ်လျှောက် ဆန်စပါးအကြီးအကျယ် စိုက်ပျိုး၍၊ မြစ်ကြောင်းရှိ မြို့တို့၌ စပါးများကို ကြိတ်ပြီးလျှင်၊ မြစ်ကြောင်းတစ်လျှောက် သယ်ယူကြလေသည်။ မီးရထားဖြင့်လည်း ရန်ကုန်မြို့သို့ တင်ပို့ကြသည်။

ပဲခူးရိုးမတောင်။ ။မြန်မာနိုင်ငံအလယ်ပိုင်းမြောက်လတ္တီတွဒ် ၁၇˚မှ၂၀˚အတွင်း မြောက်မှတောင်သို့ ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်အကြား၌ တန်းဆင်းသွားသော တောင်တန်းကို ပဲခူးရိုးမတောင်ဟုခေါ်သည်။ (တောင်များ–ရှု။) ယင်းတောင်တန်းသည် ဧရာဝတီမြစ်နှင့် စစ်တောင်းမြစ်အကြား ရေဝေကုန်းတန်းကြီးဖြစ်သည်။ မြင်းခြံခရိုင်ရှိပုပ္ပားတောင်သည် ပဲခူးရိုးမတောင်၏ မြောက်ဘက်အစွန်ရှိတောင်ထွတ်ဖြစ်သည်။ (ပုပ္ပားတောင်–ရှု။) တောင်ဘက်စွန်းသည်ရန်ကုန်မြို့မြောက်ဘက်နားတွင်ပြတ်သွားပြီးနောက် ရန်ကုန်မြို့တွင်း၌ တောင်ပူစာကလေးများအဖြစ် ဖြာဆင်းလာသည်။ ရွှေတိဂုံဘုရားတည်ရာသိဂုံတ္တရကုန်းတော်သည် ပဲခူးရိုးမတောင်၏အဆွယ် တောင်ပူစာဖြစ်သည်။ ပဲခူးရိုးမတောင်သည် မြောက်မှတောင်သို့ မိုင် ၂၀၀ကျော်ရှည်သည်။ အမြင့်မှာမူ ပေ ၂၀၀၀ထက်ပိုမမြင့်ချေ။ သို့ရာတွင် စောက်၍ကျောက်ထူထပ်ပေါများသည်။ အရှေ့ဘက်နှင့် အနောက်ဘက်တို့သို့ တောင်စွယ်များဖြာ၍ ဆင်းသွားကြသည်။

ပဲခူးရိုးမတောင်၏အရှေ့ဘက်တွင် ရမည်းသင်း၊ တောင်ငူနှင့်ပဲခူးခရိုင်များရှိ၍၊ အနောက်ဘက်တွင် မကွေး၊ သရက်၊ ပြည်နှင့် သာယာဝတီခရိုင်များရှိသည်။ အရှေ့ဘက်တောင်စောင်းမှ စစ်တောင်းမြစ်၏မြစ်လက်တက်များနှင့် ပဲခူးမြစ်တို့မြစ်ဖျားခံ၍စီးဆင်းသည်။ အနောက်ဘက်တောင်စောင်းမှမူ၊ ပင်းချောင်း၊ ယင်းချောင်းနှင့် နဝင်းချောင်းတို့သည် ဧရာဝတီမြစ်တွင်းသို့စီးဝင်ကြ၍၊ တောင်ဘက်၌မူကား မြစ်မခမြစ်၊ သို့မဟုတ် လှိုင်မြစ်ထဲသို့ စီးဝင်သော ချောင်းပေါင်းများစွာသည် ယင်းတောင်၏ တောင်ဘက်ဖျား တောင်တန်းများတွင် မြစ်ဖျားခံကြသည်။

ပဲခူးရိုးမတောင်၏တောင်ဘက်ပိုင်းတွင် မြောက်ဘက်ပိုင်းထက်မိုးများသဖြင့်၊ တောင်ဖက်ပိုင်းတွင် အမြဲစိမ်းလန်းသောသစ်တောများ ပေါက်ရောက်ပြီးလျှင်၊ မြောက်ဘက်ပိုင်းတွင် နွေအခါအရွက်ကြွေသောမုတ်သုန်သစ်တောများ

www.forumspace.com.mm

ဖုံးလွှမ်းနေသည်။ ပဲခူးရိုးမတောင်သည် နေရာတိုင်းဟူလိုပင် အဖိုးတန်သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ မြန်မာနိုင်ငံထွက် အဖိုးတန်ကျွန်းသစ်အများဆုံး ပေါက်ရောက်ရာဒေသဖြစ်သည်။ အရှေ့ဘက်တောင်စောင်းမှသစ်များကို စစ်တောင်းမြစ်၏ လက်တက်များဖြင့် ထိုမြစ်ထဲသို့မျှောချ၍ ပဲခူး–စစ်တောင်းတူးမြောင်းမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ကြသည်။ အနောက်ဘက် တောင်စောင်းမှသစ်များကို မြစ်မခမြစ်၊ လှိုင်မြစ်များထဲသို့ စီးဝင်သော ချောင်းများမှတစ်ဆင့် လှိုင်မြစ်ကို မျှောချကာ၊ ရန်ကုန်မြို့သို့ တင်ပို့ကြသည်။

ပဲခူးရိုးမတောင်တန်းဒေသတွင် အများအားဖြင့် ကရင်များရွာတည်ထောင်၍နေထိုင်ကြသည်။ သို့ရာတွင် အလွန်လူဦးရေပါးသည်။ ယင်းတို့သည် ရွာ၏ပတ်ဝန်းကျင်၌ ရှင်းလင်းခုတ်ထွင်၍ တောင်ယာများတွင် အိမ်သုံးအတွက် ကောက်ပဲသီးနှံ စိုက်ပျိုးနေထိုင်ကြသည်။ ပြည်၊ မကွေး၊ တောင်ငူနှင့် သရက်ခရိုင်အစပ်ဘက်ရှိ ပဲခူးရိုးမ တောင်တန်းဒေသတွင်မူ ချင်းရွာငယ်များရှိသည်။ ယင်းတို့သည် ရခိုင်ရိုးမတောင်ကိုကျော်၍ ဧရာဝတီမြစ် အရှေ့ဘက်သို့ မည်သည့် အချိန်ကစ၍ ပြောင်းရွှေ့ နေထိုင်ကြသည်ကိုမူ အတိအကျ မသိရချေ။

ပဲခူးရိုးမတောင်တန်းကို ပျဉ်းမနားမှ တောင်တွင်းကြီးသို့သွားသော မီးရထားလမ်းတစ်ခုသာဖြတ်သန်း၍ ဖောက်ထားလေသည်။ လမ်းအဖြစ်ကား တောင်ငူမြို့မှ ပြည်မြို့သို့ ပဲခူးရိုးမကိုဖြတ်၍ ကားလမ်းဖောက်လုပ် ရန်စီစဉ်ဆဲဖြစ်၍ ယခုစတင်ဖောက်လုပ်နေချေပြီ။

ပဲဝိ ။ ။ (ပဲကျတ်ပျဉ်–ရှု။)

ပဲတောင့်ပင်။ ။ကုလားပဲ၊ ပဲကြီး၊ ပဲကျား၊ ပဲဖြူကလေး အစရှိသည့် ပဲတောင့်ပင်များတွင် ပဲမျိုးပေါင်း များစွာပါရှိသည်။ ထိုပဲအမျိုးမျိုးကို ကမ္ဘာပေါ်ရှိ တိုင်းပြည်အနှံ့အပြား၌ စိုက်ပျိုးလုပ်ကိုင်ကြသည်။ လူတို့ နေ့စဉ်စားသုံးကြသော အစားအစာတွင် ဟင်းလျှာအလို့ငှါ အမဲ၊ သား၊ ငါးများကိုသာလျှင်အသုံးပြုကြသည်မဟုတ်၊ ဟင်း သီးဟင်းရွက်များကိုလည်း မြောက်မြားစွာစားသုံးကြသည်။ ဟင်းဟင်းသီးဟင်းရွက်သည် လူတို့အတွက် အစာအာဟာရ ဓာတ်မျှတညီညွှတ်မှုကို အထူးသဖြင့် ကူညီထောက်ပံ့သည်ဖြစ်ရာ၊ ကျွန်ုပ်တို့ စားသုံးလျက်ရှိသော နေ့စဉ်အစားအစာတို့တွင် ဟင်းသီးဟင်းရွက်တစ် မျိုးမျိုးပါရှိရလေသည်။ ထိုကဲ့သို့ လူတို့စားသုံးကြသော ဟင်းသီးဟင်းရွက်များအနက်၊ ပဲများတွင် ခွန်အားဖြစ်စေသည့် ပရိတင်းဓာတ် အထူးကြွယ်ဝသဖြင့် လူတို့အတွက် အလွန်အသုံးကျသော အစာတစ်ရပ် ဖြစ်သည်ဟု ဆိုရပေမည်။(အစာအာဟာရ–ရှု။)

မြန်မာနိုင်ငံတွင်စိုက်ပျိုးကြသော ထင်ရှားသည့် ပဲတောင့်ပင်မျိုးများမှာ ကုလားပဲ၊ပဲကြီး၊ ပဲဖြူကလေး၊

လူတို့စားသုံးရာ၌ ခွန်အားဖြစ်စေသည့် ပဲတောင့်ပင်နှင့် အသီးများ

www.foreverspace.com.mm

ပဲကျား၊ ပဲပိစပ်၊ မတ်ပဲ၊ ပဲကျတ်ပျဉ်၊ (ပဲငပိ)၊ ပဲယဉ်း၊ ပဲတီဖိမ်းစသည်တို့ဖြစ်သည်။ ပဲပင်များမှာ အစေ့ကို စိုက်ပျိုးယူရသောအပင်မျိုးဖြစ်၍၊ အချို့မှာ ချုံယောင်ပင်ငယ်များဖြစ်သည်။ ကျန်သည်တို့မှာနွယ်ပင်များဖြစ်သည်။ လိပ်ပြာပုံ ရှိသောနံ့သာရောင်ပန်းပွင့်များပွင့်လေ့ရှိသည်။ အသီးများမှာ အလျား ၂လက်မမှ ၈လက်မအထိရှိ၍၊ အတွင်း၌ ပဲစေ့ကလေးများတည်ရှိနေသည့် အသီးတောင့်များဖြစ်သည်။ ပဲမျိုးအလိုက် ပဲတောင့်အတွင်းရှိ ပဲစေ့တို့၏အရွယ်အစား၊ အရောင်အဆင်းတို့သည်လည်း ကွဲပြားခြားနားသည်။ အချို့ပဲစေ့များမှ ပြောက်ကျားကျားအရောင်များဖြင့်အလွန်လှပသည်။

အချို့တောင်သူလယ်သမားတို့သည် မိမိလယ်မြေတွင် ကောက်ပင်တစ်မျိုးမျိုးနှင့် ပဲပင်များကို တစ်လှည့်စီ စိုက်ပျိုးခြင်းဖြင့် မြေသြဇာ၌ နိုက်ထရိုဂျင်ဓာတ်တို့ ဖြည့်လောင်းပေးကြသည်။ အချို့ကလည်းပဲပင်များကို တိရစ္ဆာန်အစာအတွက် စိုက်ပျိုးကြသည်။ ကုလားပဲကဲ့သို့ ပဲမျိုးမှာ ဂျုံနှင့်အလှည့်ကျသော်လည်းကောင်း၊ ရောရှေ့သော်လည်းကောင်း၊ စိုက်ပျိုးရန်အကောင်းဆုံးဖြစ်သည်။ ပဲဖြူကလေးကဲ့သို့ ပဲနွယ်ပင်များအတွက် အပင်များ နွယ်တက်ရန် သစ်သား၊ သို့မဟုတ် ဝါးစင်များ ပြုလုပ်ပေးရသည်။ သိုမဟုတ်လျှင်လည်း ပဲဖြူကလေးကို ဖူးစားပြောင်းနှင့်ရောရှေ့ စိုက်ပျိုးနိုင်သည်။

တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင် ပဲကျတ်ပျဉ်ပင်များကို အမြောက်အမြားစိုက်ပျိုးကြသည်။ ယခုအခါ မြန်မာနိုင်ငံမှာလည်း ထိုပဲမျိုးကို မိုးခေါင်ရေရှားရပ်ဝန်းတွင် အသင့်အတင့် စိုက်ပျိုးလျက် ရှိသည်။ ဥရောပတိုက်တွင် ပဲလက်မခေါ်ပဲမျိုးကို အများအပြားစိုက်ပျိုးကြသည်။ တာလပဲခေါ် ဗိုလ်စားပဲပင်များကို အင်္ဂလန်ပြည်တွင် အတွေ့ရများသည်။ (ပဲကျတ်ပျဉ်။ ဗိုလ်စားပဲပင်–ရှု။)

ပဲပုတ် ။ ။ (ပဲကျတ်ပျဉ်–ရှု။)

ပဲမွေးပန်းပင်။ ။နှစ်သက်စဖွယ်အရောင်အသွေးတို့ ကြောင့်လည်းကောင်း၊ လိပ်ပြာကလေးများနှင့် သဏ္ဌာန် ဆင်ဆင်တူသော အပွင့်ကလေးများကြောင့်လည်းကောင်း၊ ထူးခြားသင်းပျံ့သော ရနံ့ကြောင့်လည်းကောင်း ပဲမွေးပန်းပင်ကို အလှစိုက်ပန်းပင်များအနက် နှစ်သက်သူအများဆုံး ဖြစ်လေသည်။

ရုက္ခဗေဒအမည်အားဖြင့် လသီရပ်အော့ဒေါ်ရေးတပ်ဟုခေါ်၍ လီဂူမီနိုးစားပဲပင်မျိုးရင်းတွင်ပါဝင်သည်။ တစ်နှစ်တစ်ခါ စိုက်ပျိုးရသောအပင်မျိုးဖြစ်သည်။ ယင်းအပင်မျိုး၏ မူလဇာတိဒေသမှာ ဥရောပတောင်ပိုင်းဖြစ်သည်။ ၁၇ရာစုတွင် ဂရိတ်ဗြိတိန်သို့မျိုးယူစိုက်ပျိုးကြသည်။ ပဲပင်မျိုးဖြစ်သော်လည်း အဆင်းအနံ့နှင့်ပြည့်စုံသဖြင့် ခြံဥယျာဉ်များထဲတွင် အလှအပအတွက် အမြတ်တနိုး စိုက်ပျိုးသော အပင်မျိုး ဖြစ်လာလေသည်။

ပဲမွေးပင်၏ရိုးတံသည် ခပ်ပြားပြားဖြစ်၍ မတောင့်တင်းမသန်မာလှချေ။ သို့သော်နှာမောင်းအညွှန့်တို့ဖြင့် မီတွယ်စရာကိုအားပြုကာအပေါ်သို့ထောင်တက်သော အနွယ်ဆန်သည့်အပင်မျိုးဖြစ်သည်။ အနောက်နိုင်ငံများ၌ အမြင်မလှသောခြံစည်းရိုးများကို ဖုံးကွယ်စေရန်လည်း စိုက်ပျိုးကြသည်။

ယနေ့သင်းပျံ့သော အပွင့်များသည် ရိုးတံရှည်လျားသော အပင်ထိပ်ဖျားတွင် နှစ်ပွင့်သုံးပွင့်စသည်ဖြင့် ပွင့်တတ်သည်။ အပွင့် အရောင်အသွေးတို့မှာ အပြာ၊ ခရမ်းရောင်၊ အဖြူနှင့် ပန်းရောင်တို့ဖြစ်သည်။ အရောင်အသွေး ပို၍များပြားအောင် အရောင်စပ်၍ပြုပြင်ကြရာ အရောင်အသွေးကွဲများရရှိသော်လည်း သင်းပျံ့သည့်ရနံ့ကိုမူမရရှိပေ။ ပဲမွေးပန်းပင်အချို့တို့၏ ပွင့်ဖတ်ကလေးတို့သည် ကတ္တီပါသားကဲ့သို့ ချောမွတ်နူးညံ့သည်။ အချို့အပင်မျိုးတို့၏ ပွင့်ဖတ်တို့ကား လှိုင်းပုံထနေသည်။

ပဲမွေးပန်းပင်တို့သည် နေလည်းရ၊လေလည်းရ၍၊ ရေမဝပ်သောမြေမျိုး၌ စိုက်ပျိုးဖြစ်ထွန်းလွယ်သည်။ ပူပြင်းသော ဒေသများ၌လည်း မဖြစ်ထွန်းလှချေ။ ယင်းအပင်မျိုး

ပဲမွေးပန်းပင်၏ အသီး၊အပွင့်နှင့် အရွက်များ

www.foreverspace.com.mm

ကို ဖေဖေမေ၀ါရီလမှ ဧပြီလအတွင်း၌ စတင်စိုက်ပျိုးကြသည်။မြောင်းတူး၍စိုက်ရန်မလို။ မြေညီပေါ်တွင်ပင် တစ်လက်မခန့်နက်အောင်တူး၍ အစေ့များကို မြှုပ်စိုက်ရသည်။ အနွယ်နှာမောင်းကလေးများထွက်လာစကပင် တိုင်ထောင်ပေးရသည်။ အပွင့်ပွင့်ချိန်တွင် မြေဆွေးတို့ဖြင့် အမြစ်အေးအောင်အုပ်ပေးရသည်။ ပွင့်လာသည့် အပွင့်ကို အစေ့ မတည်ခင် ခူးပေးရလေသည်။

ပဲရာဇာ။ ။ပဲရာဇာပင်သည် လူတို့စိုက်ပျိုးခဲ့သည့် ရှေးအကျဆုံး အပင်များတွင် အပါအဝင် ဖြစ်သည်ဟုဆိုသည်။ အမှန်မှာ ဘီစီ ၂၂၀၀ ခန့်ကပင်စိုက်ပျိုးခဲ့ကြလေသည်။ ပဲရာဇာကို အရပ်ခေါ်အားဖြင့် ပဲနီကလေးဟူ၍လည်း ခေါ်သည်။ ရက္ခဗေဒ အလိုအားဖြင့် 'လင်တီးလားလင်း'ဟုခေါ်၍ အခြားပဲမျိုးများနှင့်အတူ 'လီဂူမီနိုးစီး'မျိုးရင်းတွင် ပါဝင်လေသည်။ ယင်းကို ဥရောပတိုက်တောင်ပိုင်း၊ အီဂျစ်နှင့်အာရှတိုက် အနောက်ပိုင်းဒေသများ၌ စိုက်ပျိုးကြသည်။ ယင်း၏သီးတောင့်များသည် ရှည်၏။ သီးတောင့်ထဲမှ ပဲစေ့များကိုရရှိကြလေသည်။ အရောင်မှာနီညိုသို့မဟုတ် မွဲပြာ၊ သို့မဟုတ်၊ အမည်း ဖြစ်၍၊ ပဲစေ့၏အချင်းသည် လက်မဝက်ထက် မကျော်ချေ။

ပဲရာဇာ၏အနံ့မှာ ထူးခြားမှု၏။ ပဲမျိုးတွင် အာဟာရဓာတ်နှင့် ပြည့်စုံသောပဲတစ်မျိုး ဖြစ်သည်။ ပရိတင်းနှင့် ကာဗိုဟိုက်ဒရိတ်များပါရှိ၍၊ ယင်းတို့ကို ဟင်းချိုအဖြစ် အများအားဖြင့်ချက်စားကြသည်။ ယင်းကို ခြောက်သွေ့သော မြေပွမျိုး၌စိုက်ပျိုးရသည်။ မြေသြဇာထက်သန်သောမြေ၌ စိုက်ပျိုးသော ပဲရာဇာများသည် အသီးများမသီးလုချေ။ အပင်များကို ကျွဲ၊ နွား၊ မြင်းနှင့် သိုးစာအဖြစ် ကျွေးနိုင်သည်။ ပဲရာဇာပင်များကို မြန်မာနိုင်ငံ အထက်ပိုင်းတွင် စိုက်ပျိုးကြ၏။

ပဲရီးကလီး (ဘီစီ ၄၉၀–၄၂၉ ခန့်) ။ ။ပဲရီးကလီးသည် အက်သင်းမြို့အုပ်ချုပ်ရေးသမိုင်း၌ 'ပဲရီးကလီး၏ခေတ်'ကို တည်ထောင်သောနိုင်ငံပြုသော သုခမိန်အဖြစ်ဖြင့်ထင်ရှားကျော်စောသည်။ ပဲရီးကလီးသည် အက်သင်းမြို့၌မွေးဖွား၍၊ သူ၏မိခင်သည် အက်သင်းမြို့စီရင်အုပ်ချုပ်ရေး၌ ဒီမိုကရေစီသဘောသက်ဝင်သည့် ပြုပြင်ပြောင်းလဲရေးတို့ကို တီထွင်ခဲ့သူကလိုက်သီးနီး၏တူမတော်သူဖြစ်သည်။ ပဲရီးကလီးသည်သူ၏အဘိုးဖြစ်သူ ကလိုက်သီးနီးကွယ်လွန်လေသော်၊ အဖိုး၏လက်ဝဲတိုက်ဖြစ်သောနိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကိုဆက်လက်ဆောင်ရွက်ရန် နိုင်ငံရေးဝင်၍လုပ်လေသည်။ ထိုသို့လုပ်ရာမှ အတိုက်အခံအဖွဲ့တို့ကို ကောင်းစွာအောင်နိုင်ပြီးလျှင်၊ အက်သင်းမြို့ အုပ်ချုပ်ရေး ခေါင်းဆောင်ဖြစ်လာခဲ့လေသည်။ ဤသည်တွင် ပဲရီးကလီးသည်သူ၏ပြုပြင်ပြောင်းလဲစံနစ်အရအုပ်ချုပ်ရေး၌ပါဝင်သော မူထမ်းရာထမ်းတို့အား လခပေးသောစံနစ်ကို တီထွင်လေသည်။ ထိုခေတ်၌ ဂရိပြဇာတ်ဟူသည်မှာ ကိုးကွယ်ရာ အယူဝါဒနှင့်ဆိုင်သော အခမ်းအနားတစ်ရပ် ဖြစ်ချေရကား၊ ဆင်းရဲသူဆင်းရဲသားတို့ ပြဇာတ်ကြည့်လျှင်၊ ရုံဝင်ခမပေးဘဲ ကြည့်ခွင့်ရလေအောင်၊ ယင်းတို့အတွက်ရုံဝင်ခကို နိုင်ငံတော် အစိုးရကကျခံစေသော စံနစ်ကိုလည်း တီထွင်ခဲ့၏။

ပဲရီးကလီးသည် အက်သင်းမြို့တော်အုပ်ချုပ်ရေးကို ဒီမိုကရေစီသဘောသက်ဝင်အောင်ပြုပြင်ရုံမျှမက၊ အက်သင်းမြို့အစိုးရ၏ဩဇာအာဏာပျံ့နှံ့အောင်လည်းဆောင်ကြဉ်းခဲ့သည်။ ထိုသို့ဆောင်ကြဉ်းရာ၌ ဗိအိုးရှားနယ်၊ အီးဂျီးယန်းပင်လယ်ရိုက္ခန်းများနှင့် အီဂျစ်ပြည်တို့ကိုစစ်ပြုခဲ့သည်။ဤအချင်းအရာကြောင့် အက်သင်းစအစိုးရသည်။ စပါးတားအစိုးရနှင့် နှစ်ပေါင်း ၃၀မျှ စစ်ဖြစ်ခဲ့ရ၍၊ နောက်ဆုံး၌ နှစ်ဖက်စလုံးသည် စစ်ပြေငြိမ်းခဲ့သည်။

ပဲရီးကလီ၏အစိုးရလက်ထက်၌ လက်အောက်ခံအစိုးရတို့ထံမှရသော ဘဏ္ဍာတော် ဝင်ငွေတို့ကို အက်သင်းရေတပ်အဖွဲ့အတွက်လည်းကောင်း၊ အက်သင်းမြို့ လုပတင့်တယ်ရန်ပြုပြင်သော အဖွဲ့အတွက်လည်းကောင်း အသုံးပြုခဲ့သည်။ ထိုကြောင့် အက်သင်း မြို့တော်၌ အလွန်ခမ်းနားကြီးကျယ်၍ တင့်တယ်လှပသောအဆောက်အအုံများ ပေါ်ပေါက်လာသောအချိန်တွင် စပါးတန်းတို့သည် အက်သင်းမြို့တော်ကို စစ်ပြေငြိမ်းရေးကို ဖောက်ဖျက်၍ တိုက်ခိုက်ကြရာ၊ ပဲရီးကလီးသည် သူပြုစုပျိုးထောင်ထားသော အက်သင်းရေတပ်မတော်နှင့် ရန်သူကို ခုခံကာကွယ်ရလေသည်။ သို့ရာတွင် အက်သင်းမြို့တော်၌ ပလိပ်ရောဂါ ကျရောက်သဖြင့်၊ စပါးတန်းတို့နှင့် စစ်တိုက်ယင်းပင်လျှင်၊ ပဲရီးကလီးသည် ပလိပ်ရောဂါဖြင့် ကွယ်လွန်လေသည်။ (ဂရိနိုင်ငံ။ အက်သင်းမြို့–ရှု။)

ပဲရစ္စကုပ်။ ။ပဲရစ္စကုပ်သည် ရေငုပ်သင်္ဘော၌ ရေမျက်နှာပြင်အောက်ရှိ သင်္ဘောအတွင်းမှနေ၍၊ ရေမျက်နှာပြင်အထက် ပတ်ဝန်းကျင်ကို ဖြစ်စေ၊ တင့်ကား၌ သံချပ်ကာ၏နောက်မှ နေ၍၊ တင့်ကား ပတ်ဝန်းကျင်ကိုဖြစ်စေ မြင်နိုင်အောင် စီမံထားသော မှန်ပြောင်းတစ်မျိုး ဖြစ်သည်။ ပဲရစ္စကုပ်ပြုလုပ်ပုံသည် ရိုးရိုးမှန်ပြောင်းတစ်ခုပြုလုပ်နည်းနှင့် အခြေခံအားဖြင့်အတူတူဖြစ်သည်။ (အဝေးကြည့်မှန်ပြောင်း–ရှု။)သို့သော်ရိုးရိုးမှန်ပြောင်း၏ထိပ်နှစ်ဖက်တို့တွင် မှန်ဘီလူးများကို တပ်ဆင်ထားသည်။ ပဲရစ္စကုပ်မှန် ပြောင်း၌မူ ပြောင်း၏အပေါ်ထိပ်နှင့်အောက်ထိပ်တို့၌ ပရစ်ဇမ်ခေါ်မှန်တုံးကိုတပ်ဆင်ထားသည်။ ထိုသို့ တပ်ဆင်ထားသော ပရစ်ဇမ်၏ရောင်ပြန်ဟပ်သောမျက်နှာပြင်သည် မှန်ပြောင်း

www.freeversspace.com.mm

၏ဝင်ရိုးနှင့် ၄၅ စောင်းလျက်တည်ရှိစေရသည်။ သိပ္ပံနည်းအရ ဆိုလျှင်၊ ပြင်ပမှလာသော အလင်းတန်းသည် ၄၅ စောင်းနေသော ပရစ်ဇမ်၏ ရောင်ပြန်ဟပ် မျက်နှာပြင်ပေါ်သို့ကျရောက်လေသော်၊ ထိုအလင်းတန်းသည် ပဲရစ္စကုပ်ပြွန်၏ ဝင်ရိုးတစ်လျှောက် ၉၀ တိတိ တဆစ်ချိုး၍ဝင်လေသည်။ ဤသို့ဝင်လာသော အလင်းတန်းသည် ပဲရစ္စကုပ်ပြွန်၏ အောက်ဆုံးထိပ်၌ရှိသော ၄၅ ° စောင်းနေသည့် အခြားပရစ်ဇမ်၏ ရောင်ပြန်ဟပ်မျက်နှာပြင်သို့ကျရောက်လေသည်။ ယင်းမှတစ်ဖန် အလင်းတန်းသည် ၉၀ တိတိတစ်ဆစ်ချိုးပြီးလျှင်၊ မှန်ပြောင်းဝရိုကြည့်သူ၏ အပေါက်သို့ ဖြောင့်တန်းစွာရောက်ရှိလေသည်။

ထိုကိရိယာကို အသုံးပြုသောအခါ၊ ပြင်ပမှရှုခင်းကို အကျယ်ချဲ့၍ မြင်နိုင်ရန်၊ ပရစ်ဇမ်နှင့်နှစ်ခုအကြား၌၊ မှန်ဘီလူးများကို တပ်ဆင်ထားသည်။ ရေငုပ်သင်္ဘောမှ ပဲရစ္စကုပ်သည် ရေငုပ် သင်္ဘောအထက် ပေ ၃၀နှင့် ပေ ၃၀ ကျော်မျှ ရှည်လျားစွာတိုးထွက်လျက်တည်ရှိ၍၊ ပဲရစ္စကုပ်၏ အချင်းသည် ၄ လက်မမှ ၆ လက်မအထိရှိတတ်သည်။မှန်ပြောင်းအောက်ခြေရှိ ကြည့်ရှုရန်အပေါက်အနီး၌ နံဘေးသို့ လက်ကိုင်တန်းငယ်နှစ်ခုထားသည်။ ရေငုပ်သင်္ဘောအရာရှိသည် ရေအောက်မှနေ၍ လက်ကိုင်တန်းကိုကိုင်ကာ လှည့်ပေးခြင်းဖြင့် ရေမျက်နှာပြင်အထက် ပတ်ဝန်းကျင်ရှိ လိုရာအရပ်ကို ကြည့်ရှုနိုင်သည်။ မှန်ပေါ်၌ အလျားလိုက်အမှတ်အသားများ၊ ထောင်လိုက် အမှတ်အသားများရေးမှတ်ထား၍၊ သင်္ဘောအရာရှိသည် ထိုအမှတ်အသားများနှင့် မိမိတွေ့မြင်နေရသော အခြားသင်္ဘောကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့်၊ ထိုသင်္ဘောသည် သူနှင့်မည်မျှဝေးကွာသည်၊ ထိုသင်္ဘောသည် မည်သည့်အရပ်သို့ မည်သည့်အသွားနှုန်းဖြင့် သွားနေသည်တို့ကို ခန့်မှန်းနိုင်ပေသည်။

ရေငုပ်သင်္ဘော ရေအောက်သို့မြှုပ်နေသောအခါ၌၊ ရေပြင်အထက်ရှိ ပဲရစ္စကုပ်မှန်ပြောင်း၏ထိပ်ဖျားသည် အချင်း ၃ လက်မမျှသာရှိသဖြင့်၊ ရန်သူသင်္ဘောများက အလွယ်တကူနှင့်မတွေ့နိုင်ချေ။သို့သော် ရေအောက်တွင် ခုတ်မောင်းသွားနေစဉ်၊ ထိုမှန်ပြောင်းထိပ်ဖျားသည်လည်း အတူတကွလိုက်ပါ၍ ရေနှင့်အမြဲတိုက်မိသောကြောင့်၊ မြားဦးသဏ္ဌာန်ကဲ့သို့ ဂယက်ငယ် ကလေးများကို ဖြစ်ပေါ်စေသည်။ ထိုအခါရန်သူဖြစ်သော ဖျက်သင်္ဘောများသည် ထိုဂယက်ကလေးများကို တွေ့မြင်၍၊ ရေငုပ်သင်္ဘောရှိကြောင်း သိရပြီးလျှင် ရန်ပြုနိုင်သည်။ ထိုကြောင့် ရေငုပ်သင်္ဘောရှိကြောင်းကို ရန်သူမသိရလေအောင်၊ ပဲရစ္စကုပ်၏ ထိပ်ဖျားကို လုံးဝန်းသော ပုံသဏ္ဌာန်ဖြင့် ပြုပြင်ထားရသည်။

ပင်စည်ဖြောင့်စင်း၍ မြင့်မားသော ပေါ့ပလာပင်များ

ပေါ့ပလာပင် ။ ။မိုးမခပင်နှင့် မျိုးရင်းတူဖြစ်၍ ဆာလီကေစီအီးမျိုးရင်းတွင် ပါဝင်သည်။ ဥရောပ၊ အာရှနှင့် မြောက်အမေရိက တိုက်တို့တွင် ပေါက်ရောက်တတ်သော သစ်ပင်မျိုးဖြစ်သည်။ မိုးမခပင်ကဲ့သို့ပင် စိုစွတ်သောမြေမျိုး၊ သို့မဟုတ် စိမ့်စမ်းများအနီးတွင် ပေါက်တတ်သည်။ ထိုကြောင့် ပေါ့ပလာပင်ကိုတွေ့လျှင် အနီးအနား၌ စိမ့်စမ်းရှိရမည်ဟု ဆိုကြလေသည်။

ပေါ့ပလာပင်တို့သည် မြင့်မားသောသစ်ပင်ကြီးများဖြစ်ကြသည်။ လေပြင်းတိုက်ခတ်သည့်အခါ၊ မြေနှင့်ထိမိမတတ်ကွေးညွှတ်သွားတတ်သော်လည်း ရုတ်တရက်ပင်စည်မကျိုးချေ။ ပေါ့ပလာ ပင်စည်တို့သည် လေယူသိမ်းရာသို့ ယိမ်းနွဲ့လိုက်ပါနိုင်သောသဘောရှိသည်။ အရွက်တို့သည် လေပြေလေညင်း တိုက်ခတ်ရုံမျှနှင့်ပင် တဖြတ်ဖြတ်လှုပ်ရှားတတ်၍ အရွက် အလွန်လှုပ်သော အပင်မျိုး ဖြစ်သည်။ အရွက်တို့၏ ပုံသဏ္ဌာန်မှာ ညောင်ရွက်နှင့် ဆင်ဆင်တူ၍ ရွက်လွှဲများဖြစ်သည်။ အရွက်များ၏ထိပ်တွင် ကြောင်မြီးကဲ့သို့ တွဲလဲပွင့်တံများရှိသည်။ အပွင့်များသည် အဖိုအမနှစ်မျိုးရှိသည်။ အမပွင့်များမှ အသီး သီး၍၊ အသီးများထဲတွင် အစေ့ကလေးများ အများအပြားပါရှိသည်။ အစေ့

www.foreverspace.com.mm

ကလေးများတွင် လဲမ္ဗိုက့ဲသို့ အမျှင် နုကလေးများ ရှိသည်။ အပြီးမှည့်သည့်အခါ ကွဲပွင့်သွားပြီးလျှင် အထဲမှ အစေ့ကလေးများသည် လေထဲ လွင့်ပါသွားကြသည်။ ယင်းတို့သည် စိုစွတ်သောမြေပေါ်သို့ ကျရောက်လျှင် အပင်ပေါက်ကြသည်။ သို့မဟုတ်ဘဲခြောက်သွေ့သောမြေပေါ်သို့ကျလျှင် ခြောက်သွေ့ပြီးသော်အပင်မပေါက်တော့ချေ။ ပေါ့ပလာပင်တို့သည် အပေါက်မြန်၍ ကြီးထွားလွယ်သည်။ သို့သော် နှစ်ကာလကြာမြင့်လှစွာ အသက်မရှည်ချေ။ ရေနှင့် အလင်းရောင်ကြိုက်သော အပင်မျိုးလည်း ဖြစ်သည်။

ပေါ့ပလာပင်၏ အသားသည် ပေါ့ပါး၍ ကိုင်းညွှတ်ရလွယ်သည်။ အဖိုးတန်သစ်သားမဟုတ်ပေ။ ထိုပြင် အသားမကွဲလွယ်ဘဲ ချိုင့်ခ်ိုသာဝင်တတ်သဖြင့် ပစ္စည်းများ ထည့်၍ ပစ်ချပစ်တင်ပြုကာ အကြမ်းပတမ်းနေရာများ၌ သုံးသောထင်ရှားသေတ္တာကဲ့သို့သော သေတ္တာတို့ကိုပေါ့ပလာပင်၏ သစ်သား များဖြင့်လည်း ပြုလုပ်ကြသည်။

ပေါ့ပလာပင် အမျိုးမျိုး အစားစားရှိရာ၊ လူသိများသော ပေါ့ပလာပင်မျိုးတို့မှာ ပေါ့ပလာဖြူ၊ ပေါ့ပလာနက်၊ လောင်ဗာဒီပေါ့ပလာ၊ အက်စပင်စသည်တို့ဖြစ်သည်။ ပေါ့ပလာဖြူပင်မျိုးသည် အလွန်ရှားပါးသည်။ ပေါ့ပလာဖြူဟု ခေါ်ခြင်းဟု အရွက် အောက်ဘက်တို့သည် ဖြူနေသောကြောင့် ဖြစ်သည်။ လောင်ဗာဒီပေါ့ပလာသည် ပေါ့ပလာနက်မျိုးစုတွင် အပါအဝင်ဖြစ်သည်။ အကိုင်းအလက်တို့သည် ဘေးသို့ကားမထွက်ဘဲ အပေါ်သို့ထောင်၍ထွက်ကြသည်။ မြင့်မား၍ တစ်မျိုးအားဖြင့် ကြည့်၍ခန့်ညားသည်။ အက်စပင် ပေါ့ပလာမျိုးတို့၏ အရွက်များသည် လေနှင့် တွေ့ထိလျှင် အထူးသဖြင့် ပို၍လှုပ်သည်။ ယင်းအသားကို စက္ကူပြုလုပ်ရန် ပျော့ဖတ်များပြုလုပ်ကြလေသည်။

အမေရိကန်စသောအနောက်နိုင်ငံကြီးများတွင် ပေါ့ပလာပင်များကို လေကွယ်ရန်လည်းကောင်း မြို့ကြီးများတွင် အရိပ်ရရန်အတွက်လည်းကောင်း စိုက်ပျိုးကြသည်။

ကမ္ဘာ့သမိုင်းတွင်ထင်ရှားသောနိုင်ငံကလေး

ပေါ်တူဂယ်နိုင်ငံသည် နိုင်ငံငယ်ကလေးပင်ဖြစ်စေကာမူ၊ ကမ္ဘာ့သမိုင်းတွင်ထင်ရှားပေသည်။ ပေါ်တူဂီတို့သည်ကမ္ဘာလည့်နယ်သစ်ရှာသူများအဖြစ်ကျော်ကြားခဲ့သည်။ ထိုကြောင့်ပင်လျှင် ပေါ်တူဂယ်ပိုင် ကိုလိုနီနယ်များ ယနေ့တိုင် ကမ္ဘာအနှံ့ ရှိနေသေးသည်။ ဤ အကြောင်းရပ်တွင် ပေါ်တူဂယ်နိုင်ငံ အကြောင်းကို စုံစုံလင်လင် ဖတ်ရှုရပေမည်။

ပေါ်တူဂယ်နိုင်ငံ။ ။ပေါ်တူဂယ်နိုင်ငံသည် ဥရောပတိုက်တောင်ပိုင်း၊ အိုက်ဗီးရီးယန်းကျွန်းဆွယ်၌တည်ရှိ၍၊ အနောက်ဘက်တွင်အတ္တလန္တိတ်သမုဒ္ဒရာနှင့်စပ်လျက်ရှိသည်။ အရှေ့ဘက်နှင့် မြောက်ဘက်တွင်စပိန်နိုင်ငံရှိ၏။ ပေါ်တူဂယ်နိုင်ငံကို ပေါ်တူဂီဘာသာစကားဖြင့် ရီဗတ်ဗလစ်ကာ ပေါ်တူဂေးသာခေါ်သည်။ အဓိပ္ပါယ်မှာ ပေါ်တူဂယ်သမ္မတနိုင်ငံဖြစ်၏။ ပင်လယ်သမုဒ္ဒရာနှင့် နီးကပ်ပြီးလျှင်၊



ပေါ်တူဂယ်နိုင်ငံ တည်နေရာပြမြေပုံ

တောင်တန်းများပါဝင်သောကုန်းပြင်မြင့်ပေါ်၌ရှိခြင်းကြောင့်၊ ရာသီဥတုသည် မပူလွန်းမအေးလွန်ဘဲ သင့်တင့်ညီမျှ၏။ မြေထဲ ပင်လယ်ဥတုမျိုးဖြစ်၍၊ ဆောင်းအခါ၌ မိုးရွာ၏။

ပေါ်တူဂယ်နိုင်ငံသည် ၈၈၈ စတုရန်းမိုင်ရှိသော အဖိုးကျွန်းနှင့် စတုရန်းမိုင် ၃၀၂ မိုင်ရှိသော မဒီးရကျွန်းများ အပါအဝင် စတုရန်းမိုင် ၃၅၄၁ မိုင်ကျယ်ဝန်း၍၊ လူဦးရေမှာ ၁၉၅၀ ပြည့်နှစ် သန်းခေါင်စာရင်းအရ ၈၄၉၀၄၅၅ ယောက်ခန့်ဖြစ်၏။ သေးငယ်သောတိုင်းပြည်ဖြစ်သော်လည်း၊ ကမ္ဘာအနှံ့အပြားရှိ ကိုလိုနီနယ်များပိုင်ဆိုင်၍ သမိုင်း၌ ထင်ရှားခဲ့သည်။ ယခုအခါ၌ပင် ပေါ်တူဂယ်ပိုင် ကိုလိုနီနယ်ပယ်တို့၏ အကျယ်အဝန်းသည် ပေါ်တူဂယ်ပြည်မထက်အဆပေါင်း ၂၃ဆမျှရှိ၏။ ယခုလက်ရှိ ပေါ်တူဂယ်အင်ပိုင်ယာသည်ပင်လျှင်၊ ရှေးက ရှိရင်းစွဲ အင်ပိုင်ယာနိုင်ငံကဲ့သို့ မဟုတ်သေး။ ပေါ်တူဂီ ဧကရာဇ်ဘုရင်တို့ ဘုန်းတန်ခိုးကြီးမားသောခေတ်ရှိ အင်ပိုင်ယာနိုင်ငံနှင့်နှိုင်းစာပါမူ၊လက်ရှိသည်အလွန်သေးငယ်သော အစိတ်အပိုင်းမျှသာဖြစ်သည်ဟု ဆိုရပေမည်။ ၁၄၂၁ခုနှ၌ဟင်နရီခေါ် ပေါ်တူဂီမင်းသားသည် အာဖရိကတိုက် အနောက်ဘက်ကမ်းရိုးတန်းအတိုင်း ဆီယယ်ရာလီယုန်အရပ်အထိ စုန်ဆင်း

www.foreverspace.com.mm

၍ နယ်သစ်ရှာဖွေရန်စွန့်စားလိုသူတို့ကို သဘော်ဖြင့် စတင်စေလွှတ်ခဲ့သည်။ ထိုသည်မှစ၍ အင်ပိုင်ယာနယ် ကိုချဲ့ထွင်ခဲ့ကြသည်။ ပေါ်တူဂီလူမျိုးတို့သည် ကနေရီကျွန်းစု၊ မဒီးရကျွန်းများနှင့် ကိပ်ဗတ်က'နီးစုများကို စတင်၍ တွေ့ရှိကာ၊ နယ်သစ် ထူထောင်ခဲ့ကြ၏။ ၁၄၆၀ ပြည့်နှစ် ဟင်နရီမင်းသားနတ်ရွာစံပြီး နောက်တွင်လည်း၊ အဇိုးကျွန်းစုကို ထပ်မံတွေ့ရှိခဲ့ပြန်သည်။ ထို ၁၅ ရာစုနှစ်များ ကုန်ဆုံးခါနီးတွင် ပေါ်တူဂီလူမျိုး ဗက်စကိုဒါဂါးမသည် ဂွတ်ဒဟုပ်အင္ဂုကို တွေ့ရ၍၊ စွန့်စားသွားလာခဲ့ရာ၊ အိန္ဒိယပြည်ကြီးသို့ ရောက်ရှိခဲ့လေသည်။ (ဗက်စကိုဒါဂါးမ။ဂွတ်ဒဟုပ်အင္ဂု–ရှု။) ပေါ်တူဂီလူမျိုးအချို့လည်း အာဖရိကတိုက် ကမ်းခြေတစ်ဝိုက် ပင်လယ်ရေစီးကြောင်းများကိုရှောင်ကွင်းသွားလာ ယင်းပင် ၁၅၀၀ပြည့်နှစ်၌ တောင်အမေရိကတိုက်ရှိ ယခုဗရာဇီးနိုင်ငံ တည်ရှိရာ အရပ်တို့သို့ ရောက်ရှိခဲ့ကြသည်။

ပေါ်တူဂီတို့သည် သူတို့၏စွန့်စားမှုများကြောင့်၊ ၁၆ရာစုနှစ်များအလယ်လောက်တွင် ဂျီဗရောတားမှတရုတ်နိုင်ငံ ကန်တုန်မြို့အစရှိသည့် ဒေသများသို့တိုင်အောင်ထိုခေတ်၏ ကူးသန်းရောင်းဝယ်ရေးကိုချုပ်ကိုင်ချယ်လှယ်နိုင်ကြသည်။ ထိုဒေသများတစ်လျှောက်၌ ပေါ်တူဂီလူမျိုးပိုင် အရောင်းအဝယ် စခန်းများ အနှံ့အပြား တည်ရှိ၍၊ ထို စခန်းတို့ကို ကာကွယ် စောင့်ရှောက်ရန်အလို့ငှါ ပေါ်တူဂီစစ်တပ်များကို ပင်လျှင် အစောင့်ချထားကြ၏။ ဗရာဇီးနယ်ကိုမူကား ပေါ်တူဂီအစိုးရသည် လယ်ယာစိုက်ပျိုးရန်ဒေသနှင့် ပြည်နှင်ဒဏ်သင့်သူများကို ပို့ထားရန်ဒေသအဖြစ် အသုံးပြုခဲ့၏။

ပေါ်တူဂယ်နိုင်ငံ၏ မြောက်ပိုင်းဒေသမှာ အိုက်ဗီးရီးယန်းကျွန်းဆွယ်၏ အလယ်ပိုင်းကုန်းပြင်မြင့်၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်၏။ ထိုအပိုင်းကို ဖြတ်သန်းစီးဆင်းလျက်ရှိသော ဒိုးရူးမြစ်သည် အချို့နေရာများတွင် ပေပေါင်းတစ်ထောင်ကျော်မြင့်သော လျှိုမြောင်ကမ်းပါးကြီးများ အတိုင်း စီးဆင်းခဲ့ရသည်။ ထိုမြစ်ကမ်းပါး၏ တစ်ဖက်တစ်ချက်တွင် အထပ်ထပ်ဆင့်ကာဆင့်ကာ ပေါက်ရောက်လျက်ရှိသောစပျစ်ခြံကြီးများရှိ၏။ ထိုကြောင့်လည်း ပေါ်တူဂယ်နိုင်ငံသည် ဥရောပတိုက်တွင် ဝိုင်အရက်အများ ဆုံးထွက်ရာ တိုင်းပြည်ဖြစ်သည်။ မြစ်ကမ်းတစ်လျှောက် မိုင် ၃၀ ခန့်မျှရှည်လျားသည့် ဤနယ်မှရသမျှဝိုင်အရက်များကို နိုင်ငံခြားသို့တင်ပို့ရာဒေသကား၊ ဒိုးရူးမြစ်ဝတွင်ရှိသော အိုပေါ်တိုးမြို့ကြီးဖြစ်၏။ ထိုမြို့ကြီး၏ အမည်ကိုအစွဲပြု၍ ထိုဝိုင်အရက်သည်လည်း ''ပို့တဝိုင်'' ဟူ၍ အမည်တွင်လျက်ရှိသည်။ ပေါ်တူဂယ်နိုင်ငံ အလယ်ပိုင်းဒေသ (အထူးသဖြင့် လစ္စဗွန်းမြို့ တည်ရှိရာ) အက်ဒထရီးမဒူရာ နယ်သည်ကား မြောက်ပိုင်းဒေသများကဲ့သို့ သစ်ပင်တောတောင်တို့ ထူထပ်ပေါများခြင်း မရှိဘဲ၊ သိုး၊ ဆိတ်နှင့် ဝက်များစားကျက်ချရာ မြက်ခင်းဒေသမျှသာဖြစ်၏။ အလယ်တားဟိုးနယ်သည် ဖော့ပိတ်များ အများအပြားထွက်သောကြောင့် ထင်ရှား

ပေါ်တူဂယ်နိုင်ငံ၏ မြို့တော်ဖြစ်သော လစ္စဗွန်းဆိပ်ကမ်းမြို့၏ ရှုခင်းတစ်ရပ်

www.foreverspace.com.mm

၏။ ပေါ်တူဂီနိုင်ငံ၏တောင်ပိုင်းအစွန်ဆုံးဖြစ်သော အားလဂါးဗေနယ်မှာမူ လိမ်မော်ပင်၊ တည်ပင်၊ ဗာဒမ်ပင်၊ သီလွင်ပင်၊ စပျစ်ပင်အစရှိသည်တို့ဖြင့် စိမ်းလန်းသာယာလှပေ၏။ ထို နယ်သားတို့သည် ငါးဖမ်းခြင်း အလုပ်ကိုလည်း အကြီးအကျယ် လုပ်ကိုင်ကြ၏။

လယ်ယာစိုက်ပျိုးခြင်းဖြင့် အသက်မွေးမြူကြသူ များသော်လည်း၊ ပေါ်တူဂယ်နိုင်ငံသည် အခြားတိုင်းပြည်တို့မှ စားကုန်များကို အမြောက်အမြားတင်သွင်းရ၏။ သို့သော်လည်း တဖြည်းဖြည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ချဲ့ထွင်ကာစိုက်ပျိုးခြင်းကြောင့်၊ ယခုအခါတွင် ယခင်ကလောက် နိုင်ငံခြားကိုမမှီခိုရတော့ချေ။ ပေါ်တူဂယ်နိုင်ငံမှ အကြီးအကျယ်တင်ပို့သော ထွက်ကုန်များ အထည်အလိပ်၊ ဖိနပ်၊ စက္ကူ၊ ကြွေနှင့်လုပ်သောအုတ်ကြွေပ်တို့ဖြစ်သည်။

ပေါ်တူဂယ်နိုင်ငံ၏ တက္ကသိုလ်ကျောင်းကြီးများမှာ လစ္စဗွန်း၊ ကိုအင်ဗရာနှင့်အိုပေါ်တိုးမြို့များတွင်ရှိကြ၏။ ယင်းတို့တွင်ကိုအင်ဗရာတက္ကသိုလ်သည် ၁၂၉၀ပြည့်နှစ်ကပင်တည်ရှိခဲ့၍ရှေးအကျဆုံးတက္ကသိုလ်ဖြစ်၏။ ပေါ်တူဂီတို့၏စာပေသည် ကမ္ဘာ့စာပေတို့တွင် အပါအဝင်ဖြစ်သည်။ အထင်ရှားဆုံးမော်ကွန်းတစ်ခုဖြစ်သော "လူးဆီးယတ်" ကဗျာကို ရေးသားသူ လူဝစ်သေကမုန်း (ခရစ် ၁၅၂၄– ၁၅၁၈)နှင့် တကွအခြားကဗျာဆရာတို့သည် ပေါ်တူဂီစာပေ၏ဂုဏ်ကျက်သရေကို အထူးပင်မြှင့်တင်ပေးခဲ့ကြသူများဖြစ်သည်။

ပေါ်တူဂယ်နိုင်ငံ၏ အတိတ်ရာဇဝင်မှာ အိမ်နီးချင်းဖြစ်သော စပိန်နိုင်ငံ၏ အတိတ်ရာဇဝင်နှင့် များစွာတူညီသည်။ ပေါ်တူဂယ်သည် စပိန်နိုင်ငံကဲ့သို့ကာဒ္ဒသေ့၊ ရောမနှင့် မူးဝါးတို့၏တိုက်ခိုက်သိမ်းယူခြင်းကိုခံခဲ့ရ၏။ ၁၁ရာစုနှစ်များအတွင်း ကက်စတီးဘုရင်ပဌမဖာဒီနန်းသည် မွတ်စလင်တို့လက်မှ ပေါ်တူဂယ်၏တစ်စိတ်ဒေသကို ပြန်လည်သိမ်းပိုက်နိုင်ခဲ့၏။ ထိုနောက် ထိုနယ်သည် ၁၁၄၀ပြည့်နှစ်တွင် ကက်စတီးပြည်၏လက်အောက်မှ လွတ်မြောက်၍ ကိုယ့်မင်းကိုယ့်ချင်းနိုင်ငံ ဖြစ်သွားခဲ့၏။ ၁၅၈၀ ပြည့်နှစ်တွင်ကား ပေါ်တူဂီမင်းဆက်ပြတ်၍၊ စပိန်ဘုရင် ဒုတိယဖိလစ်က ပေါ်တူဂယ်ကို သိမ်းယူအုပ်စိုးလေသည်။ ၁၆၄၀ ပြည့်နှစ်တွင် ပေါ်တူဂယ်သည် လွတ်လပ်သော နိုင်ငံတစ်ခုအဖြစ်သို့ ပြန်ရောက်ခဲ့သည်။ သို့ရာတွင် ရှေးအခါကပိုင်ဆိုင်ခဲ့သောကိုလိုနီနိုင်ငံများ အားလုံးလိုလိုပင် လက်လွတ်ခဲ့ရသည်။ (စပိန်နိုင်ငံ–ရှု။)

၁၇၀၃ ခုနှစ်တွင် ချုပ်ဆိုသော မက်သူယင်စာချုပ်အရ ပေါ်တူဂယ်နိုင်ငံသည် အင်္ဂလန်နိုင်ငံ၏ မဟာမိတ်ဖြစ်လာသည်။ ၁၈၀၇ ခုနှစ်၌ နပိုလီယန်ဘုရင်သည် စပိန်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်ရာ၊ ပေါ်တူဂီဘုရင်သည် သူ့ဆွေတော်မျိုးတော်များနှင့်အတူ ဗရာဇီးနယ်သို့ထွက်ပြေးရသည်။ ထိုနောက် ဝယ်လင်တန်ကြီးမှူးသောဇြီတိသျှစစ်တပ်တို့သည် ပြင်သစ်တို့ကို ပေါ်တူဂယ်နိုင်ငံမှတိုက်ထုတ်လိုက်၏။ ပေါ်

ပေါ်တူဂယ်နိုင်ငံတွင် နွားလှည်းများကို ယခုတိုင် အသုံးပြုလျက်ရှိသည်။

www.foreverspace.com.mm

ကမ္ဘာကျော် "ပို့တဝိုင်"ခေါ် ဝိုင်အရက်ထွက်ရာဒေသဖြစ်သော ဒိုးရူးမြစ်ဝှမ်းခွံ့ စပျစ်များကို ဤသို့ ဆွတ်ခူးနေကြသည်။

ပေါ်တူဂယ်နိုင်ငံတွင် သတို့သမီးတို့သည် ဤသို့ဝတ်ဆင်ကြသည်။

တူဂီဘုရင်သည် ၁၈၂၀ပြည့်နှစ်၌ပေါ်တူဂယ်နိုင်ငံသို့ ပြန်လာနိုင်လေသည်။ ထိုနောက် ဗရာဇီးနယ်သည် ပေါ်တူဂီတို့လက်အောက်မှ လွတ်မြောက်သွားလေသည်။ ၁၉၁၀ ခုနှစ်တွင် ပေါ်တူဂယ်တစ်နိုင်ငံလုံးအုံ့ကြွကာ တော်လှန်မှုကြီးတစ်ရပ်ဖြစ်ပေါ်လာ၍၊ ပေါ်တူဂယ်နိုင်ငံသည်သမ္မတနိုင်ငံဖြစ်လာလေသည်။ ပေါ်တူဂီဘုရင် ဒုတိယမန္တယ်သည်လည်း နန်းချခြင်းခံရ၏။ သို့ရာတွင်တိုင်းပြည် မငြိမ်မသက်ဖြစ်မြဲဖြစ်နေသောကြောင့်၊ ၁၉၂၆ ခုနှစ်၌ စစ်အာဏာဖြင့် အုပ်ချုပ်ရလေသည်။ တိုင်းပြည်၏ ဘဏ္ဍာရေးအခြေအနေမှာလည်း တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာခဲ့ရာ၊ အစိုးရအဖွဲ့သည် တက္ကသိုလ်ပါမောက္ခတစ်ဦးဖြစ်သူ အန်တော်နျူသီဆယ်လဇာဆိုသူအား ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်မှ ဘဏ္ဍာရေးအခြေအနေနှင့်တကွ တိုင်းပြည်အခြေအနေလည်း တစ်နေ့တစ်ခြားတိုးတက်ကောင်းမွန်လာသည်။ ၁၉၃၂ခုခ၌ ဆယ်လဇာကိုပင်ဝန်းကြီးချုပ်တင်မြှောက်ကြ၏။ ၁၉၃၃ခုတွင်မူ ကွာတလီနိုင်ငံ၏အုပ်ချုပ်ရေးစံနစ်အချို့ကိုယူလျက်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်များ ရေးဆွဲကာ၊ ပေါ်တူဂယ်နိုင်ငံသစ်ကို ထူထောင်ကြသည်။ ၁၉၅၀ခု ဧန်တွင် အဆိုပါဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ထပ်မံပြင်ဆင်၍ အတည်ပြုသည်။ (ဆယ်လဇာ–ရှု။)

ပေါ်ထွန်း။ဆာ(ခရစ် ၁၈၈၃–၁၉၅၃)။ ။ထင်ရှားသော မြန်မာနိုင်ငံရေး ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သည်။ စစ်တွေမြို့မှ ဦးရဲဖော်၏သားအငယ်ဖြစ်၍၊ စစ်တွေမြို့၊ ရန်ကုန်မြို့နှင့် အိန္ဒိယပြည် ကာကလတ္တားမြို့တို့တွင် ဝိဇ္ဇာတန်းအထိပညာဆည်းပူးခဲ့သည်။ ၁၉၀၄–၀၅ ခုနှစ်တွင် ရန်ကုန်မြို့မက်သဒစ်ယောဂျိုးကလေးကျောင်းတွင် ကျောင်းဆရာကြီးအဖြစ်လည်းကောင်း၊ ၁၉၀၅ ခုနှစ်မှ ၁၉၀၈ ခုနှစ်အထိ ရန်ကုန်မြို့ အစိုးရဟိုက်စကူးကျောင်း၌ အလယ်တန်းနှင့်အထက်တန်းပြဆရာအဖြစ်လည်းကောင်း လုပ်ကိုင်ခဲ့သည်။

ယင်းသို့ ပညာရေးလောကခွဲ ဆောင်ရွက်ခဲ့ပြီးနောက်၊ ၁၉၀၈ခုမှ ၁၉၁၂ခုအထိ၊ ချို(ဖ)ကုတ်ရုံးတော်ကြီးတွင် စကားပြန်အဖြစ် ဆောင်ရွက်သည်။ ၁၉၁၂ ခုနှစ်မှ ၁၉၂၁ ခုနှစ်အထိ နှစ်များတွင် မြို့ပိုင်၊ အခွန်ဝန်၊ နယ်ပိုင်အစရှိသဖြင့် ဗြိတိသျှအစိုးရ၏ အုပ်ချုပ်ရေး ရာထူးများတွင် ဝင်ရောက် အမှုထမ်းခဲ့သည်။ ယင်းသို့အုပ်ချုပ်ရေးပိုင်းတွင် ထမ်းရွက်နေစဉ်၊ ပဌမကမ္ဘာစစ်ကြီးအတွင်း ဗြိတိသျှတို့ စစ်အောင်မြင်ရေးအတွက် အကူအညီ ပေးခဲ့၍ ဆုတံဆိပ်များဖြင့် ချီးမြှင့်ခြင်းခံရသည်။ ထိုပြင် ၁၉၁၉ ခုနှစ်တွင် အမှုထမ်းကောင်းတံဆိပ်ရမင်း ဘွဲ့ကိုလည်း ရရှိခဲ့လေသည်။

ထိုနောက် ဗြိတိသျှအစိုးရ အမှုထမ်း အဖြစ်မှ နုတ်ထွက်လိုက်ပြီးလျှင်၊ ၁၉၂၃ ခုတွင် အင်္ဂလန်ပြည်သို့သွားရောက်

www.foreverspace.com.mm

မြန်မာနိုင်ငံ နန်းရင်းဝန်ဟောင်း ဆာပေါ်ထွန်း

၍ ဝတ်လုံပညာ သင်ကြားတတ်မြောက်ခဲ့ပြီးနောက်၊ မြန်မာနိုင်ငံသို့ ပြန်လာကာ၊ ဝတ်လုံလိုက်ယင်း နိုင်ငံရေးနယ်ပယ်ထဲသို့ ဝင်ရောက်ခဲ့လေသည်။

၁၉၂၅ ခုနှစ်တွင် ရမည်းသင်းမြောက်ပိုင်းမဲဆန္ဒနယ်မှ ဥပဒေပြုကောင်စီအမတ်အဖြစ် အရွေးခံရသည်။ ၁۹၂၅ ခုနှစ်မှ ၁۹၂۸ ခုနှစ်အထိ ဥပဒေပြုကောင်စီ၏ ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရသည်။ ထိုပြင် ရန်ကုန် မျှော်စီစီပယ်ကော်ပိုရေးရှင်း၏ အဖွဲ့ဝင်လူကြီးတစ်ဦးအဖြစ်ဖြင့် ၁۹၂၇ ခုနှစ်မှ ၁۹၃၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့၍ ၁۹၃၂ ခုနှစ်တွင် ရန်ကုန်မြို့တော်ဝန်လည်း ဖြစ်ခဲ့လေသည်။

ဤသို့ဖြင့်ဦးပေါ်ထွန်းသည် မြန်မာနိုင်ငံရေးလောကတွင် တဖြည်းဖြည်း ထင်ရှားလာသည့်အလျောက် ၁۹၂၅ ခုနှစ်မှ ၁۹၂۷ခုနှစ်အထိ 'သရာဇေါတီ'၏ ဒုတိယခေါင်းဆောင်ဖြစ်ခဲ့သည်။ ထိုပြင် ပြည်သူ့ပါတီ၊ နှစ်ဆယ့်ခုနှစ်ဦးအဖွဲ့စသည့် ပါတီအဖွဲ့များ၏ အရေးပါသော အမှုဆောင်တစ်ဦးလည်း ဖြစ်ခဲ့လေသည်။ ၁۹၃၂ ခုနှစ်မှ ၁۹၃၅ ခုနှစ်အထိ ထိပ်တန်းမြန်မာ့ နိုင်ငံရေးခေါင်းဆောင်တစ်ဦးဖြစ်သော သမ္မတဦးချစ်လှိုင်၊ ဦးမြတ်သာထွန်းတို့နှင့်အတူ 'လှိုင်၊ မြတ်၊ ပေါ်' ပါတီကို ဖွဲ့စည်းတည်ခဲ့ပြီးလျှင်၊ အိန္ဒိယပြည်နှင့် မြန်မာပြည်တို့တွဲရေးခွဲရေးပြဿနာ ပေါ်ပေါက်လာခဲ့သောအခါ တွဲရေးဘက်မှဆောင်ရွက်ခဲ့လေသည်။ (ချစ်လှိုင်၊ဦး–၁၂)

၁۹၃၅ ခုနှစ်တွင် ဗြိတိသျှပါလီမန်ကမြန်မာပြည်ဥပဒေကြမ်းကိုစိစဉ်ရေးဆွဲရန် တွဲဖက်ကော်မီတီတစ်ခုဖွဲ့စည်းသည်။ ထိုတွဲဖက်ကော်မီတီနှင့် တိုင်ပင်ဆွေးနွေးရန် မြန်မာကိုယ်စားလှယ်များကို ဘိလပ်သို့ဖိတ်ခေါ်ရာ၊ကိုယ်စားလှယ်အဖွဲ့တွင် 'လှိုင်၊ မြတ်၊ ပေါ် ပါတီ'နှင့် 'ဆင်းရဲသားပါတီ' တို့၏ ကိုယ်စား ဦးပေါ်ထွန်း လိုက်ပါသွားခဲ့ရလေသည်။

မြန်မာပြည်ကို အိန္ဒိယပြည်မှခွဲထွက်လိုက်၍၊ ၉၁ ဌာနဟူသောအုပ်ချုပ်ရေးသစ်ရရှိပြီးနောက်၊ ပဌမဆုံးအကြိမ် ဥပဒေပြု လွှတ်တော် ရွေးကောက်ပွဲများကို ၁۹၃၆ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပသောအခါ ဦးပေါ်ထွန်းသည် ဦးချစ်လှိုင်၏ပါတီဝင်အဖြစ် ပခုက္ကူခရိုင်၊ ရေစကြိုမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ခြင်းခံရလေသည်။ ထိုအချိန်တွင် ဦးပေါ်ထွန်းသည် ဦးချစ်လှိုင်ပါတီ၏ ခေါင်းဆောင်ဖြစ်လာသည်။ ထိုအခါက ဒေါက်တာဘာမော်ခေါင်းဆောင်၍ ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းခဲ့ရာ၊ ဦးပေါ်ထွန်းသည် ပြည်ထဲရေးနှင့် တရားရေးဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ရသည်။ ၁۹၃၈ခုနှစ်တွင် ဗြိတိသျှအစိုးရက 'ဆာ' ဘွဲ့ဖြင့်ချီးမြှင့်လေသည်။ ထိုအချိန်တွင် ဥရောပ၌ စစ်ယမ်းအိုးကြီး ပေါက်ကွဲလုနီးနီးဖြစ်၍၊မြန်မာပြည်တွင်လည်း မျိုးချစ်စိတ်ဓာတ် ထက်သန်ပြင်းပြလာကာ၊ လှုပ်ရှားမှုများ များပြားလာသည်။ ကျောင်းသား၊ အလုပ်သမား၊ လယ်သမားအရေးများ ပြင်းထန် လာပြီးလျှင် တစ်နိုင်ငံလုံးဆူဆူပူပူဖြစ်လာသဖြင့်၊ ဒေါက်တာဘာမော်၏ ညွှန့်ပေါင်း အစိုးရသည် ၁۹၃၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုတ်ကျလေသည်။

ထိုအခါ ဦးပုခေါင်းဆောင်သော ညွှန့်ပေါင်းအစိုးရ တက်ပြန်သည်။ ဆာပေါ်ထွန်းသည် ထိုအစိုးရအဖွဲ့တွင် မြေနှင့် အခွန်တော်ဌာန ဝန်ကြီးအဖြစ် ပါဝင်ရပြန်သည်။ ဦးပုအစိုးရအဖွဲ့သည် ၁۹၄၀ ပြည့်နှစ်တွင် ပြုတ်ကျကျန်၍ ဂဠုန်ဦးစောမ၏ အစိုးရအဖွဲ့တက်ပြန်သည်။ ထိုအစိုးရအဖွဲ့တွင်လည်း ဆာပေါ်ထွန်းသည် မြေနှင့် အခွန်တော်ဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ရပြန်လေသည်။

၁۹၄၁ခုနှစ်နောက်ပိုင်းတွင် ဆာပေါ်ထွန်းသည် မြန်မာအစိုးရအဖွဲ့၏ခေါင်းဆောင် ခေတ္တနန်းရင်းဝန်အဖြစ် ဆောင်ရွက်ရပြီးလျှင်၊ ၁۹၄၂ ခုနှစ် ဧနဝါရီလမှစ၍ မြန်မာပြည်နန်းရင်းဝန်အဖြစ် ဆောင်ရွက်ရလေသည်။

ထိုအတောအတွင်းကမ္ဘာစစ်မီးသည် ကမ္ဘာအရှေ့ပိုင်းသို့ ပြန့်နှံ့လာ၍၊ ဂျပန်တို့၏စစ်ကြောင်းသည် မြန်မာပြည်ဘက်သို့လည်း ရောက်ရှိလာခဲ့သည်။ ထိုအခါ ဗြိတိသျှအစိုးရသည် မြန်မာပြည် အစိုးရအဖွဲ့အား ၁۹၄၂ ခုနှစ်နှစ်ဦးပိုင်းတွင် အိန္ဒိယသို့ရွှေ့ပြောင်းစေသည်။ ထိုကြောင့် ဆာပေါ်ထွန်းအစိုးရအဖွဲ့သည် အိန္ဒိယပြည်သို့ပါသွားကာ ဆင်းမလားမြို့၌ အဝေးရောက်မြန်မာပြည်အစိုးရအဖွဲ့ရုံးကို ဖွင့်လှစ်

www.foreverspace.com.mm

ပြီးလျှင်၊ ၈၆ပြီးခေတ်မြန်မာပြည်အတွက် အုပ်ချုပ်ရေးစီမံကိန်းများကို ရေးဆွဲခဲ့လေသည်။

ဆာပေါ်ထွန်းသည် မြန်မာပြည်နန်းရင်းဝန်အဖြစ် ၁၉၄၃ ခုနှစ်၈ပြီလအထိဆောင်ရွက်သည်။ ထိုနောက် မြန်မာပြည်ဘုရင်ခံ၏ အကြံပေးအရာရှိကြီးအဖြစ် ဆက်လက်ဆောင်ရွက်လေသည်။

မြန်မာပြည်ကို မဟာမိတ်တပ်များက ပြန်လည်သိမ်းပိုက်ပြီးနောက်၊ ၁၉၄၅ ခုနှစ် အောက်တိုဘာလတွင် စစ်အုပ်ချုပ်ရေးကို ရပ်စဲလိုက်သဖြင့်၊ အိန္ဒိယသို့ စစ်ပြေးခဲ့သော မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ် ဒေါ်စမစ်သည် မြို့ပြအုပ်ချုပ်ရေးကို လက်ခံရန် မြန်မာပြည်သို့ ပြန်လာသည်။ ဆာပေါ်ထွန်းသည် ဆာဒေါ်မန်စမစ်၏အတိုင်ပင်ခံ အမှုဆောင်အဖွဲ့တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် ၁၉၄၅–၄၆ ခုနှစ်တွင် ဆောင်ရွက်ခဲ့လေသည်။

ထိုအချိန်တွင် မြန်မာတိုင်းရင်းသားတို့သည် နိုင်ငံလွတ်လပ်ရေးစိတ်ဓာတ် အလွန်တက်ကြွားနေ၍၊ ပုလိပ်သပိတ်၊ အမှုထမ်းပေါင်းစုံ သပိတ်များပေါ်ပေါက်ကာ ဗြိတိသျှ အစိုးရအား မကြိုစဖူးအုံကြွ၍ ဆန့်ကျင်ဖက်ပြုကြသည်။ လုံးဝလွတ်လပ်ရေးပေးရန် အရေးဆိုကြလေသည်။ ထိုကြောင့် ဗြိတိသျှ အာဏာပိုင်တို့သည် ဆာဒေါ်မန်စမစ်အား ပြန်ခေါ်ပြီးလျှင် ဆာဟျူးဗတ်ရန့်အား မြန်မာပြည်ဘုရင်ခံအဖြစ် ခန့်ထားရလေသည်။

ဆာရန့်သည် အတိုင်ပင်ခံ အမှုဆောင်ဝန်ကြီးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းရာ၊ ထိုစဉ်က လူထု၏တခဲနက်ထောက်ခံမှုကိုရရှိနေသော ဖ၊ ဆ၊ ပ၊ လ ခေါင်းဆောင်ကြီးများပါဝင်၍၊ ဆာပေါ်ထွန်း မပါဝင်တော့ချေ။ သို့သော် ဆာပေါ်ထွန်းသည် ထိုစဉ်က ဖ၊ ဆ၊ ပ၊ လ အဖွဲ့မှခေါင်းဆောင်၍ လုံးဝလွတ်လပ်ရေးပေးရန် တောင်းဆိုခြင်းကိုမူ ထောက်ခံခဲ့သည်။ ထိုနောက်ဆာပေါ်ထွန်းသည် နိုင်ငံရေးမှအနားယူပြီး လျှင်ငြိမ်သက်အေးချမ်းစွာနေထိုင်ခဲ့၍၊ ၁၉၅၃ ခု ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန် သွားလေသည်။

ဆာပေါ်ထွန်းသည် ၁၉၀၄ ခုနှစ်တွင် မြန်မာ အမျိုးသမီး ဒေါ်ထွေးနှင့် လက်ဆက်ခဲ့၍ သားတစ်ယောက်ရသည်။ ဒေါ်ထွေးသည် ၁၉၃၁ ခုနှစ်တွင် အနိစ္စရောက်သည်။

၁၉၂၁ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အိုဟိုင်းအိုပြည်နယ်၊ ကလီဗလန်းမြို့မှ ဆာရာအယ်လစ်ဇက်ဂျီဝစ်နှင့် လက်ထပ်၍ သမီးတစ်ယောက်ရခဲ့လေသည်။

ပေါ်ဦး၊ ဦး၊ အမတ်ကြီး (မြန်မာ ၁၁၂၁–၁၂၀၀)။ ။ အမတ်ကြီးဦးပေါ်ဦးသည် အမှုရပ္စုရမြို့တည်နန်းတည် ဘိုးတော်မင်းတရားလက်ထက်မှစ၍၊ မင်းသုံးဆက်တိုင် အောင်အမှုတော်ထမ်းခဲ့ရသောပညာရှိအမတ်ကြီး ဖြစ်လေသည်။ သက္ကရာဇ် ၁၁၂၁ခုနှစ်၊ တပေါင်း လပြည့်ကျော်နှစ်ရက်၊ တနင်္ဂနွေနေ့တွင်ဖွားမြင်သူဖြစ် သည်။ ယခု ရွှေဘိုခရိုင်၊ မြေဒူးအောက်တိုက်၊ တံဆည် ရွာဇာတိဟုဆိုကြသည်။ ရဟန်းအဖြစ်သုံးနှစ်နေ၍ စာပေသင်ကြားပြီးနောက် လူထွက်ကာ မင်းမှုထမ်းသည်။ ဘိုး တော်ဦးဝိုင်း(ဗဒုံမြို့စား)သည် ဆင်ဖြူရှင်မင်းတရားကြီး လက်ထက်တွင် ဆင်းဆင်းရဲရဲအိမ်နိမ့်စံနေစဉ်အခါကပင်၊ မောင်ပေါ်ဦးသည် မိမိ၏အရှင်နှင့် ဆင်းရဲအတူ ချမ်းသာ အမျှနေထိုင်ခဲ့သည်။ ဘိုးတော်မင်းတရား နန်းတက်ပြီး နောက်တနှစ်၊ သက္ကရာဇ် ၁၁၄၄ ခုနှစ်တွင်၊ မဟာဇေ ယျသူရသခ်ီယာဘွဲ့နှင့် နားခံတော်ကြီးအဖြစ် ချီးမြှင့်တော်မူ ခြင်းကိုခံရသည်။ ၁၁၄၅ ခုနှစ်တွင် မင်းကြီးသီရိ မဟာနန္ဒသင်္ကြီဘွဲ့နှင့်ယောမြို့၊ ဆောမြို့စား အတွင်းဝန် ကြီး အဖြစ်ဖြင့်ခန့်ထားခြင်းခံရလေသည်။

ဘိုးတော်မင်းတရား၏ နန်းစံ ၃၈ နှစ်ပတ်လုံး အမတ်ကြီး ဦးပေါ်ဦးသည် အမှုတော်ကို ထမ်းခဲ့သည်။ ဘိုးတော်မင်းတရားသည် ဦးပေါ်ဦးကို လေးစားချစ်ခင်တော်မူသည်။ အားကိုးအားထားလည်း ပြုသည်။ အထူးမြှောက်စား ဆုလာဘ်တော်များလည်းပေးသနားသည်။ သို့သော် မိမိလက်ထက်တော်တွင်မူ၊ မြှောက်စားလွန်းရာကျမည်စိုး၍ ရာထူးကြီးများဖြင့်မချီးမြှင့်ခဲ့ပေ။ မိမိရိုက်ရာတော် ဆက်ခံကြမည့် စစ်ကိုင်းမင်းသား (ဖာလ်နန်းရှင် ဘကြီးတော်မင်းတရား)နှင့် သာယာဝတီမင်းသား(ရွှေဘိုမင်း–ကုန်းဘောင်မင်း) တို့ကိုမူ ဦးပေါ်ဦးအား ရာကြီးထူးကြီးများဖြင့် ချီးမြှင့်မြှောက်စား၍ အရာခပ်သိမ်းတိုင်တိုင်ပင်ပင်ပြုရန် တင်းတင်းကြပ်ကြပ် မိန့်မှာထားခဲ့လေသည်။

ထိုကြောင့် ဘကြီးတော်လက်ထက်ကျရောက်သော အခါ၊ ဝန်ကြီးသတိုးမင်းကြီးမဟာမင်းခေါင်ဘွဲ့နှင့် အဂ္ဂမဟာသေနာပတိ ဗိုလ်မှူးဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသည်။ ကုန်းဘောင်မင်းတရားလက်ထက်တွင်မူ ဝန်ကြီး သတိုးမင်းကြီးမဟာသုဓမ္မရာဇကျော်ထင်ဟူ သောဘွဲ့နှင့် တရားဝန်ကြီးချုပ်အဖြစ် ချီးမြှင့်ခြင်း ခံရလေသည်။

အမတ်ကြီးဦးပေါ်ဦးသည် ကျယ်ဝန်းထက်မြက်သော ဉာဏ်ပညာပါရမီနှင့်ပြည့်စုံ၍ တခ်ီဏုပ္ပတ္တိဉာဏ်လျင်မြန်လှပြီး မင်း၏စိတ်နှလုံး ရှင်ပြိုးလာအောင် ရုတ်ခြည်းတင်လျှောက်နိုင်သည့်အရာတွင် နှိုင်းရှည့်နိုင်ဖွယ်ရာရှားသော ပုဂ္ဂိုလ်ထူးတစ်ဦးဖြစ်သည်။ ဝိဋ္ဌကတ်ကျမ်းဂန် ဗေဒင်ဓမ္မသတ်စသော ဂန္ထရတို့၌နှံ့စပ်ကျွမ်းကျင်သည်။ ကဗျာဖွဲ့ဆိုမှု၌လည်း ကဝိတဆုဖြစ်သည်။ စကားပရိယာယ်ကြွယ်ဝ၍၊ မင်းကမေးတော်မူသမျှကို ပါဠိ၊ အဋ္ဌက ထာ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မ၊ ဇာတ်နိပါတ်၊ ရာဇဝင်တို့မှ ဥဒါန်းစကားအစဉ်တို့ဖြင့် ထုတ်နုတ်တင်လျှောက်နိုင်စွမ်းသည်။ မိမိအရှင်

www.foreversspace.com.mm

၏ အရှေ့၊ တိုင်းပြည်အရေးကိုအစဉ်သဖြင့် ထောက်တွေးမျှော်ရှုလေ့ရှိသည်။ တိုင်းပြည်သေဌာနင်း၊ မင်းဇကရာဇ ပင်ဖြစ်သော်လည်း နည်းလမ်းသမျှ၊ စည်းကမ်းမကျ ပြုမူသည်ကိုသိရလျှင် မိမိ၏အသက်စည်းစိမ်ကို မင့်ကွက်ဘဲ၊ မင်း၏အမျက်တော်ရှခြင်းကိုပင် ခံယူကာပြတ်ပြတ်သားသား တင်လျှောက်ဝံ့သူဖြစ်သည်။

တိုင်းပြည်၏အကျိုး၊ မိမိအရှင်၏အကျိုးအတွက် ဘုရင်မျက်မာန်ရှသည်ကိုပင် ခံယူခဲ့ရသောသာဓကတစ်ခုမှာ၊ ဘိုးတော်မင်းတရားသည် မြစ်တော်ချစ် ညောင်ရမ်းမင်းသားကလေးအတွက် မြဇယင်ခမည်းပေးရန်၊ သဿမေဒ အခွန်တော်မှ ငွေတော်ရှစ်သိန်း ထုတ်ယူသုံးစွဲရန် အမိန့်ထုတ်သည်။ ဦးပေါ်ဦးက ထိုအမိန့်တော်ကိုကြားလျှင်၊ ရှင်ဘုရင်သည် ရှင်ဘုရင်ပါးမဝဟုဆိုလိုက်သည်။ ထိုစကားကို ရွှေနားတော်ပေါက်ကြားလျှင်၊ ဘုရင်မျက်တော်မူ၍၊ ဦးပေါ်ဦးအားချီးမြှင့်ထားသော ရာထူးဌာနန္တရများရုပ်သိမ်းပြီးလျှင် သိန်ဖြိုနယ်သို့ အကျဉ်းနှင့်ပို့နှင်လေသည်။

ဦးပေါ်ဦးသည် သိန်ဖြိုနယ်မှနေ၍ ရတုခြောက်ပုဒ် ရေးသား၍ရွှေနားတော် ဆက်သွင်းသည်။ လိုရင်းတစ်ပုဒ်ဖြစ်သော "ကျင့်မျိုးခက်ဝေ. . . ." ချီရတုတွင်၊ ဘုရင်မင်းမြတ်တို့ကျင့်ရိုးဓမ္မတာဆုံးမရာဖြစ်သော ရာဇဏ္ဍမအနုသာသနီကျမ်းထွက်အရ၊ ဘုရင်မင်းမြတ်တို့သည် မည်သည့်အခွန်အတုတ်မျိုးကို မည်သည့်နေရာ၌ မည်သို့ သုံးစွဲရသည်ကို ညွှန်ပြကာ၊ သဿမေခွန်ကို ဘုရင်တို့သည် မိမိတို့ကိုယ်ရေးကိုယ်တာအတွက် မသုံးအပ်သည်ကိုဖော်ပြသည်။ ထိုအခါ ဘိုးတော်ဘုရားသည် ကျွန်ယုံချစ်က မိမိကိုယ်တော်၏အကျိုးလိုလားလျှင် ဆိုခဲ့ပြခဲ့သည်ကို ပြန်လည်ဆင်ခြင်မိကာ ဦးပေါ်ဦးအားနေပြည်တော်သို့ ပြန်ခေါ်ပြီးသော် ရှေးရာထူးဌာနန္တရအတိုင်း သူကောင်းပြုတော် မူလေသည်။

ဘိုးတော်ဘုရားလက်ထက်အခါက၊ အမတ်ကြီး ဦးပေါ်ဦး၏ရာထူးသည် အတွင်းဝန်မှျသာဖြစ်သည်။ သို့သော် အခြားတစ်ပါးသောဝန်ကြီး၊ မှူးကြီး၊ သားတော်၊ သမီးတော်တို့ပင် မတင်မလျှောက်ဝံ့သော အရေးအခင်းများကို ဦးပေါ်ဦးသာလျှင် တင်လျှောက်ဝံ့သည်။ ဦးပေါ်ဦးသည် မင်းရိပ်မင်းခြည်လည်းသိသည်။ မင်းလျော်ဝင်သဖြင့် မင်းတရားကြီးကလည်း ချစ်ခင်မြတ်နိုးသည်။ အရေးအခင်းကြုံ၍ ဦးပေါ်ဦးကိုချဉ်းကပ်လျှင်၊ နစ်နာရသည်မရှိ။ သက်သာခွင့်ရသည်။ အခါတစ်ပါးတွင် ရတနာသိန်စီရင်စုမှ မင်းတရားကြီး၏လယ်တော်များကို ပိုင်းခြားသတ်မှတ်ရာ၊ လယ်တော်အုပ်များ တိုင်းထွာပုံမညီမျှမှုကြောင့် ထိုစီရင်စုတွင် ဆွေတော်မျိုးတော်တို့ မခံမရပ်နိုင်ဖြစ်ကြကာ၊ နေပြည်တော်သို့ လာရောက်၍ တရားစွဲဆိုရန်ပြုကြသည်။ ထိုအရေးကိစ္စ၌ ဘိုးတော်မင်းတရားကို တရားခံထား၍စွဲ ဆိုရမည့်အမှုဖြစ်သဖြင့် မည်သည့်ရုံးတော်လွှတ်တော်၊ ဝန်ကြီးမှူးကြီးများကမှ လက်မခံဝံ့ကြချေ။ ဦးပေါ်ဦးကမူ ထိုအမှုကို ဗြိတိုက်တော်မှလက်ခံပြီးလျှင် ရေမြေ့သေဌာနင်း ပြည့်ရှင်မင်းကို တရားခံအဖြစ် စစ်ဆေးရန်ဆင့်ခေါ်ခဲ့သည်။ ဆင့်ခေါ်စာကို သူကိုယ်တိုင် ရေးသား သုံးနှုန်းထားပုံမှာ–

". . . . နိုင်ငံတော်ကြီး၏ ကျက်သရေဆောင်၊ ဝင်းပြောင်ထိန်လျှပ်၊ ကျမ်းဂန်တတ်သည့် အမတ်ကြီးမင်း၊ ထင်လင်းသေချာ၊ ဆင့်ဆိုရာကို၊ နာခံမှတ်သားအပ်သည်။ ပတ္တမြားနဝရတ်၊ စီခြယ်ထပ်သည့်၊ ပြာသာဒ်ကြီး ဥကင်နေ၊ လူမ္ဘောကြီး ထိပ်တင်ဝိုင်. . . "ဟူ၍ ဖြစ်လေသည်။ ထိုဆင့်စာကို ဘိုးတော်ဘုရားက ပမာမပြုဘဲနေသောအခါ၊ ထိုဆင့်စာမျိုး ထပ်မံ ဆက်သွင်းသည်။ ထိုကြောင့် မင်းတရားကြီးက သံတော်ဆင့်ကြီးတစ်ဦးကို စေလွှတ်တရားဆိုင်စေရသည်။ ဦးပေါ်ဦးက တရားလိုများနှင့် ကိုယ်စားတော် တရားခံတို့ကို စစ်ဆေးပြီးသော် မင်းတရားကြီးအား တရားရှုံးထား၍ စီရင်ချက်ချလိုက်သည်။ ထိုစီရင်ချက်တွင်

"မဟာမောသ၊ စောရတပိုင်း၊ မောင်လှူပိုင်း၏အဆိုသည်၊ ယွင်းယိုဖောက်ပြန်၊ မမှန်အချက်. ."များရှိ၍ တရားရှုံးပေးရကြောင်း။ "ဥဏ္ဍာဝရဇိန်နှင့်၊ ကံရှိန်တင့်ထူးသော"မိမိ၏စီရင်ချက်ကို "တရားဆက်လက်၊ အသက်သွင်းရန်မရှိ။ ပကတိအတိုင်း၊ ဓားမဦးချတည်စေ"ဟု ချမှတ်ခဲ့လေသည်။

အမတ်ကြီးဦးပေါ်ဦး၏ ဉာဏ်ပညာပါရမီ ကျယ်ဝန်းထက်မြက်ပုံမှာ သက္ကရာဇ်သ၁၅၃ခုနှစ်၊ သုဓမ္မာ ပဌမပြန်စာမေးပွဲကျင်းပရန် သာသနာပိုင်ဆရာ တော်နှင့် ဘိုးတော်မင်းတရားကြီးတို့ ဆွေးနွေးရာမှ မာတိကာ၊ ဓာတုကထာတို့၏ များပြားကျယ်ဝန်းပုံကို ဆရာတော်ကြီးက မိန့်ကြားသည်။ ထိုအခါမင်းတရားကြီးက မာတိကာ၊ ဓာတုကထာတို့ စာစောင်မည်မျှ၊ နယမည်မျှ၊ ပါဒမည်မျှထား၍ မည်မျှကျယ်ဝန်းပါသနည်းဟု မေးမြန်း လျှောက်ထားရာ၊ ဆရာတော်ဘုရာကြီးမှာ ပမာဒလေခ၍ ရုတ်တရက်မဖြေနိုင်ပေ။ အပါးတွင် ခစားလျက်ရှိသော ဦးပေါ်ဦးအားဆရာတော်ကြီးကကိုယ်စားလွှဲအပ်ရာ၊ မင်းတရားကြီးမေးတော်မူသမျှကို ဒိုးဒိုးဒေါက်ဒေါက် ပိဋ္ဌကတ်တော်များမှ အာဂုံဆောင်၍ဖြေကြားလေသဖြင့် ဘုရင်မင်းမြတ်သည် ဦးပေါ်ဦး၏တင့်ထူးပွင့်မြူးလှသော ဉာဏ်ပညာပါရမီကို မျှာစွာနှစ်သိမ့်အားရ၍ ဆုလာဘ်များချီးမြှင့်ပေးသနားသည်။ ဆရာတော်ဘုရားကြီးကလည်း ဦးပေါ်ဦး၏ ဉာဏ်ပညာပါရမီထူးကဲပွင့်လင်းပုံကို အကြိမ်ကြိမ်သာဓုခေါ်တော်မူလေသည်

ဦးပေါ်ဦးသည် မင်းလျော်ဝင်သဖြင့်၊ မင်းပျော်ရွှင်တော်မူရန် အပျော်တော်များလည်းဆက်ရသည်။ အထက်တွင် ဆိုခဲ့သည့်အတိုင်း၊ ဦးပေါ်ဦး၏ပညာပါရမီကို ဆရာ

www.foreverspace.com.mm

တော်ဘုရားကြီးနှင့်မင်းတရားကြီးတို့က ချီးကျူးကြရပြီး နောက်မင်းတရားကြီးက စကားစပ်လျှောက်သဖြင့် မိမိငယ်ဘော်မူစဉ်ကတွေ့ဘူးသော သာမဏေကြီးသည် ယင်းနေထိုင်ရာဇရပ်ပေါ်သို့ လာသမျှလူပေါင်း ကလေးသူငယ်၊ ယောကျ်ား၊ မိန်းမ မရွေး၊ တွေ့မြင်လိုက်လျှင် ရှိခိုးလွှတ်တတ်သည်။ အခြားသူတို့က သာမဏေကြီးကို ရှိခိုးလျှင် မခံမရပ်နိုင် ဖြစ်ပြီးလျှင် အော်ငိုတတ်သည်မှာ အဘယ်ဝဋ်ကြွေးကြောင့်နည်းဟု မင်းတရားကြီးက ဦးပေါ်ဦးအား မေးတော်မူသည်။ ဦးပေါ်ဦးက ထိုသာမဏေကြီးသည် လွန်ခဲ့သောအတိတ်ဘဝတွင် ရှင်ဘုရင်သော်ငင်း၊ သာသနာပိုင်ဆရာတော်ကြီးသော်ငင်း ဖြစ်ခဲ့၍ ထိုစဉ်က တစ်ရာ့တစ်ပါးသောလူမျိုးတို့၏ မသဒ္ဓါရေ၊ သဒ္ဓါရေရှိခိုးခြင်းကို ခံခဲ့ရသောကြောင့် ယခုဘဝတွင်ပါခဲ့သောရှိခိုးကြွေးတို့ကို မပြေမချင်းဆပ်နေရဟန်တူပါကြောင်း လျှောက်ထားလေရာ၊ မင်းတရားကြီးက ပေါ်ဦးအရှေ့ကိုမေးရလျှင်သည်နည်းမျိုးသာများချေသည်ဟု ရယ်ရွှင်မိန့်ကြားသည်။သာသနာပိုင်ဆရာတော်ကြီးကမူ မောင်မင်းအရှင်၊ ဘုရင်ဧကရာဇ်ကိုမောင်မင်း ဘယ်လိုပြောပြော၊ ငါ့ဆီကိုဖြင့် မစောင်းပါနှင့်၊ မချိတ်ပါနှင့်ဟုဆိုကာပြုံး၍ ပြန်ကြွသွားရလေသည်။

ဦးပေါ်ဦးသည် စိန္တာကဝိပရိယာယ်ဖြင့် မင်းမျက်သင့်ခြင်းမှ တစ်ခါလွတ်ဖူးသည်။ အမတ်ကြီးအား မင်းကချစ်ခင်မြတ်နိုးအလိုလိုက်မြှောက်စားသည်တကြောင်း၊ အရေးအခင်းကိစ္စရှိက ဦးပေါ်ဦးဆောင်ရွက်ပေးလျှင် အောင်မြင်သည်တကြောင်းတို့ကြောင့် ဦးပေါ်ဦးထံ ဝင်ထွက် ဆည်းကပ်သူများပြားသည်။ ထိုအခါ ဦးပေါ်ဦးအား မလိုမုန်းထားသူ မှူးမတ်တစ်စုက ဘိုးတော်မင်းတရားကြီးအား ပုန်ကန်ရန်လူစုကြံစည်နေသည်ဟု ချောပစ်စကားအကြိမ်ကြိမ်လျှောက်ထားကြသည်။ မင်းတရားကြီးသည် တစ်ကြိမ်နှစ်ကြိမ်လျှောက်ထားစဉ်က မယုံမကြည်၊ အရေးမယူခဲ့သော်လည်း ကြိမ်ဖန်များလတ်သော် စုံးစမ်းကြည့်ရန် အကြံဖြစ်သည်။ ထိုကြောင့် ညဉ့်ညီလာခံအစဲတွင် ဦးပေါ်ဦးအား ခေါ်ထားပြီးလျှင်၊ ကိုယ်တော်ဘုရားသည် ထီးနန်းစည်းစိမ်ကို ငြီးငွေ့၍ တောထွက်ရန် အကြံဖြစ်သည်။ အခါအခွင့်သင့်ပါမည်လောဟု မေးတော်မူသည်။ ခါတိုင်းကဲ့သို့ သဘောရိုးထင်မှတ်ကာ၊ တရားသံဝေဂတို့ လျှောက်ထားပြီးသော် နိုက္ခပါရမီဖြည့်နိုင်လျှင် သင့်မြတ်ပါကြောင်း လျှောက်ထားသည်။ ထိုအခါ မင်းတရားကြီးသည် မိမိအားထီးနန်းစွန့်စေလိုတော့၍ တင်လျှောက်ခြင်းဟု အထင်အမြင်မှားတော်မူကာ ရွှေမျက် နှာတော်ပျက်၍ ရုတ်ခြည်းထပြီးလျှင် အတွင်းတော် ဝင်သွားလေသည်။

ဦးပေါ်ဦးသည် ကိုယ်စိတ်မချမ်းသာဖြစ်၍ ကျန်ခဲ့ရာမှ၊ နေအိမ်သို့ အလျင်အမြန်ပြန်ခဲ့ပြီးနောက် မအိပ်မနေ အကျိုးအကြောင်းကို ဆင်ခြင်သည်။ မိုးသောက်ယံကျမှ အကြောင်းရင်းမှန်ကို တွေးဆမိသဖြင့်၊ ဆံမုတ်ဆိတ်တို့ကိုပယ်၍ ပိတ်ဖြူဆီးကာ ပုတီးတောင်ဝှေးတို့ကို စွဲကိုင်ပြီးသော် အခစားဝင်ခဲ့သည်။ အချိန်မဟုတ် ဖိုးသူတော်ရုပ်ဖြင့် အခစားဝင်လာသောကြောင့် မင်းတရားကြီးက မေးမြန်းတော်မူလျှင်၊ သိဒ္ဓတ္ထမင်းသားတောထွက်သော အခါ၊ နောက်တော်ပါးကငဆန်လိုက်ပါသကဲ့သို့ အရှင်မင်းတရားတောထွက်လျှင် ဖဝါးထက်ချပ်လိုက်ပါ၍ ပါရမီဖြည့်လိုသဖြင့် လာစောင့်ပါကြောင်း လျှောက်ထားသည်။ ထိုအခါ မင်းတရားကြီးသည် ပေါ်ဦးကား ငါ့အား တကယ်ချစ်မြတ်နိုးသည်။ သင်းပုန်ကန်ရန် ကြံစည်သည်ဆိုသည်မှာ အခြားမှူးမတ်တို့ ကုန်းချောခြင်းသာဟု ဆင်ခြင်မိ၍ အမျက်တော် ပြေရပြန်လေသည်။

အမတ်ကြီးဦးပေါ်ဦး၏ စကားပရိယာယ်ကြွယ်ဝစွာနှင့် စကားစစ်ထိုးနိုင်မှုကြောင့် တရုပ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့ အချင်းများမည့် အရေးမှလည်း ကင်းလွတ်ပြေငြိမ်းခဲ့ရသည်။ အခါတပါးတွင် နေပြည်တော် တရုတ်ကြီးတန်းရှိ တရုတ်လူမျိုး ငရွှေကြည်၏ ခေါက်ဆွဲဖိုမှစတင်သော မီးကြောင့်နေပြည်တော် အဝှန်းနန်းတော်၊ ရုံးတော်၊ လွှတ်တော်နှင့် နေအိမ်တိုက်တာများပါမီးသင့်ကာ ဘုရင်နှင့်တကွ နေပြည်တော်သူနေပြည်တော်သားအားလုံး စိတ်နှလုံးမချမ်းမသာ ဖြစ်နေကြသည်။ ထိုအချိန်တွင် တရုတ်မင်းကစေလွှတ်သော သံအဖွဲ့ဝင်တို့သည် ကုန်ဝယ်ရန်ရောက်လာကြပြီးလျှင် ရန်ကင်းတောင်အနီးစခန်းချနေခိုက်၊ စစ်ကိုင်းမင်းသား၏ အိမ်တော်သားများသည် တရုတ်တို့ထံပါလာသော ကုန်ဝယ်ရန်ငွေရှစ်သိန်းကို ဓားပြတိုက်လုယူကြကာ တရုတ်တို့ကိုလည်း ထုထောင်း ရိုက်နှက်၍ကုန်တင်ရန်ပါလာသောလားအကောင်ရေ ရထောင်ကျော်ကိုလည်း ကစဉ့်ကလျားလွှတ်ပစ်ခဲ့ကြသည်။ ထိုအတွက်တရုတ်သံအဖွဲ့ဝင်တို့က တရုတ်မင်းထံအကြောင်းကြားအမိန့်ခံပြီးလျှင်ဓားပြတိုက်သူများကိုဖမ်းဆီးပြီးသော် သူတို့လက်အပ်ရန်၊ သို့မဟုတ်ဆုံးရှုံးမှုအတွက် ငွေတော်ကိုးသိန်းလျော်ကြေးပေးရန် ဘိုးတော်မင်းတရားထံ လျှောက်တောင်းကြလေသည်။

နေပြည်တော်အလုံးမီးသင့်ထား၍ များစွာ ပျက်စီးဆုံးရှုံးနေခိုက်၊ မီး လောင်ရာလေပင့်လာသော ထိုကိစ္စတွင် လျော်ကြေးပေးရန်လည်း မတတ်နိုင်၊ ဓားပြတိုက်သူများအား ဖမ်းဆီး၍ သူတို့လက်အပ်ရန်လည်း မဖြစ်နိုင်သဖြင့်၊ ထိုအရေးကို မင်းတရားကြီးက ဦးပေါ်ဦးသို့လွှဲအပ်သည်။ အကျဉ်းရုံး၍ဆိုရလျှင် ဦးပေါ်ဦးက နေပြည်တော်အားလုံး ပြာကျအောင်မီးစပျိုးခဲ့ပြီးနောက်၊ တရုပ်နိုင်ငံသို့ လက်လွတ်ထွက်ပြေးသည့် ငရွှေကြည်ကို တရုတ်မင်းက တရုတ်

www.foreyamspace.com.mm

နိုင်ငံ၌ရှာဖွေ၍ မြန်မာမင်းအား ဆက်သနိုင်လျှင်၊ တရုတ်သံမင်းတို့ တောင်းဆိုသောငွေကို အပြေအကြေ ပေးပါမည်ဟု ဆိုသည်။ တရုတ်သံမင်းတို့က ငရွှေကြည်ကို ဖမ်းပေးရန်ရှာဖွေ၍မတွေ့ကြောင်း ပြန်ကြားသောအခါ၊ ဦးပေါ်ဦးက နေပြည်တော်အားလုံး မီးလောင်ကျွမ်း၍ ကုဋေငါးဆယ်မကဆုံးရှုံးစေသောမူလမီးရှင်ငရွှေကြည်တစ်ယောက်ကိုသာ ဖမ်းဆီးပေးရန် ကျွန်ုပ်တို့က တောင်းဆိုပါသည်။ ငရွှေကြည်ကြောင့် ပျက်စီးဆုံးရှုံးရမှုကို မဟာမိတ်မပျက်စေရန်မတောင်းခဲ့ပါ။ ထိုတစ်ယောက်ကိုပင် သံမင်းတို့ဘက်မှ ဖမ်းမပေးနိုင်ဟုပြန်ကြားသည်။ သံမင်းတို့ပျက်စီးဆုံးရှုံးမှုမှာ ငရွှေကြည်ကြောင့် ကျွန်ုပ်တို့ပျက်စီးဆုံးမှုနှင့် စာသော၊ ရယ်ဖွယ်မျှသာဖြစ်၍ နိုင်ငံအချင်းချင်းမိတ်မပျက် လိုပါလျှင်၊ တောင်းခံရန်ပင်မသင့်ဟူသော အဓိပ္ပါယ်ပါ သည့်စကားပရိယာယ်ဖြင့် ပြောကြားသည်။ ထိုအခါ တ ရုတ်သံတို့သည် တရုတ်မင်းထံ ပြန်လည်အကြောင်းကြား လေသော်၊ နိုင်ငံချင်းခင်မင်ရင်းရှိခဲ့သည်ကို မိတ်မပျက် စေလိုသောတရုတ်မင်းက လျော်ကြေးတောင်းခံခြင်းမပြု ကြတော့ဘဲပြန်လာရန် တရုပ်သံအဖွဲ့ဝင်တို့အား အမိန့်ပြန်ကြားလိုက်လေသည်။ ယင်းသို့ဖြင့် အမတ်ကြီး ဦးပေါ်ဦး၏ စကားပရိယာယ်ကြွယ်ဝစွာနှင့် စကားစစ်တရားစစ်ထိုးနိုင် မှုကြောင့်၊ တရုတ်တို့နှင့် အကြည်အသာ အရေးပြီးမြောက် အောင်မြင်ခဲ့လေသည်။

စကားပရိယာယ်ကြွယ်ဝမှုဖြင့် သူတစ်ပါးတို့အပေါ် အနိုင်ယူခဲ့သောအမတ်ကြီးသည်၊အောင်မြေဘုံစံ အုတ်ကျောင်း ဆရာတော်ကြီးဦးပုတ်(ညောင်ကန်) ကိုမူ စကားအရှုံးပေး၍ ပြန်ခဲ့ရသည်။ ထိုဆရာတော်ကြီးသည် ပဋ္ဌကတ်သုံးပုံ ဆုံးကုန်တတ်မြောက်ကာ ထွင်းဖောက်စူးရှသောတိက္ခ ဂမ္ဘီရာဏ်လည်းထက်သန်လှ၍ အလွန်ထင်ရှားကျော်ကြားသော ဆရာတော်ကြီးဖြစ်သည်။ အလွန်အမင်း ဣန္ဒြေစောင့်စည်း၍ စကားလည်းအလွန်နည်းကာ၊ ဒါယကာ၊ဒါယိကာ မအပေါင်းတို့ အလွန်ကြည်ညိုခန့်ညား လေးစားကြောက်ရွံ့ကြရလေသည်။ (ညောင်ကန်ဆရာတော်များ–ရှု။)

တစ်ရံရောအခါ ဦးပေါ်ဦးသည် ဆရာတော်ဘုရားကြီးအား ဖုးမြော်ရန်လာရောက်ရာ ရေကန်အနီး တံမြက်လှည်း၍နေတော်မူခိုက်နှင့်ကြိုကြိုက်သဖြင့် ဝတ်ဖြည့်ဦးချပြီးသော် အလျှာပ၊ သလ္လာပစကားဖြင့် လျှောက်ထားသည်။ အမတ်ကြီးက ရေကန်ကြီးအလွန်ကောင်းပေသည်ဟု လျှောက်ထားလျှင်၊ ဆရာတော်ကြီးက အိမ်း၊ ကောင်းသည်ဟုသာအမိန့်ရှိသည်။ ရေကန်ကြီး အလွန်ကြည်ပေသည်ဟု လျှောက်ပြန်လျှင်လည်း၊ အိမ်း၊ ကြည်ပေသည်ဟုသာ မိန့်ကြားပြီးလျှင် ဆိတ်ဆိတ်နေသည်။ ထိုအခါ ဤရေကန်ကြီး မည်မျှနက်သနည်းဟုလျှောက်ပြန်လျှင်၊ ငါမသိဟုသာ မိန့်ဆိုသည်။ ဦးပေါ်ဦးက ဆရာတော်သည် ရေကန်နှင့် နီးနီးနားနား၌ သီတင်းသုံးနေသဖြင့် ရေကန် အတိမ်အနက်ကို သိတန်ကောင်းသည်ဟု လျှောက်မိပါသည်ဟု ဆိုသည်။ ထိုအခါ ဆရာတော်က သင်၏မုတ်ဆိတ်မွေးဘယ်နှစ်ပင်ရှိသနည်းဟု ပြန်၍မေးသော် ဦးပေါ်ဦးက မလျှောက်တတ်ကြောင်း ဖြေကြားရသည်။ ဆရာတော်က သင်၏မုတ်ဆိတ်မွေး ဘယ်နှစ်ပင် ပေါက်သည်ကိုပင် သင်မသိနိုင်လျှင် ရေကန်၏ အတိမ်အနက်ကို ငါသိနိုင်မည်လောဟု အမိန့်တော်ရှိလိုက်ရာ စကားတတ်အမတ်ကြီးဦးပေါ်ဦးမှာ အထူးမလျှောက်ထားနိုင်တော့ဘဲ ပြန်ခဲ့ရလေသည်။

အမတ်ကြီး ဦးပေါ်ဦးဘဝလွန်သည့်အခါ၊ သားမယားတို့အား မှာထားရစ်ခဲ့သည့်အတိုင်း ခေါင်းအပြင်ဘက်သို့ လက်တစ်ဖက်ထုတ်ထားသဖြင့် နေပြည်တော်အဝန်း အုတ်အော်သောင်းနင်းဖြစ်ခဲ့ရာ၊ ထိုပြဿနာကိုဆရာတော်ဦးပုတ်ကပင်ဖြေရှင်းပြရသည်။ ဦးပေါ်ဦးသည် ၁၂၀ဝပြည့်နှစ်တပို့တွဲ လဆန်း ၈ရက်နေ့တွင်ကွယ်လွန်ရာ၊ ဖလ်နန်းရှင် ရွှေဘိုမင်းတရားကလည်း နိုင်ငံ၏အကျိုးဆောင်၊ နိုင်ငံ၏ကျက်သရေဆောင်ဝန်ကြီးဖြစ်၍ ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်ရန်စီမံစေသည်။ သို့သော် ခေါင်းပြင်ဘက်လက်ဝါးတစ်ဖက်ကို ဖောက်ထုတ်ထားသည့်အကြောင်းချင်းရာသည် နေပြည်တော်တွင် အုတ်အော်သောင်းနင်း ဖြစ်နေ၍၊ ဘဝရှင်မင်းတရားသည် နေပြည်တော်ရှိကျမ်းဂန်တတ်ဆရာတော်တို့အား မေးလျှောက်သည့်အခါ၊ ဆရာတော်ဦးပုတ်တစ်ပါးတည်းသာ ဖြေရှင်း မိန့်ကြားနိုင်ခဲ့သည်။

ဆရာတော်ဦးပုတ်က ဘဝလွန်သော ဒါယကာပညာရှိ အမတ်ကြီးသည် ဘဝလွန်သည့်တိုင်အောင်အရှင့်အကျိုး၊ ပြည့်အကျိုးကိုဆောင်၍ လွန်စေအံ့ဟုနှလုံးထားသည်။ ထိုကြောင့်ခေါင်းပြင်ဘက် လက်တစ်ဖက်ထုတ်ထားခြင်းမှာ မိမိကဲ့သို့အမတ်ကြီးမဆိုထားဘိ၊သေခြင်းတရားကို စကြဝဠာ၊ မန္တာတ်မင်းတို့သော်မှမလွန်ဆန်နိုင်၊ မည်မျှပင် စည်းစိမ်ဥစ္စာဖြင့်ကြွယ်ဝချမ်းသာငြားလည်း သေသောသူအဖို့ မိမိ၏နောက်သို့ မည်သည့်ဥစ္စာမျှယူဆောင်မသွားနိုင်၊ဘာမျှမပါ၊ လက်ဝါးချည်းသာသွားရသည်ကို လူအများတို့ လက်ဝါးကိုကြည့်၍ သတိသံဝေဂရကြစေရန် လက်ဝါးထုတ်ပြထားခြင်းဖြစ်ကြောင်းကို မိန့်ကြားလေလျှင်၊ ဘဝရှင်ဧကရာဇ်မင်းနှင့်တကွ ပြည်သူလူအပေါင်းသည် ရုတ်ရုတ်သဲသဲအံ့ဩကြ၍ အကြိမ်ကြိမ် သာဓုခေါ်ကြရလေသည်။

ဦးပေါ်ဦးသည် စာပေပရိယတ်နှံ့စပ်ကျွမ်းကျင်သော်လည်း ကျမ်းကြီးကျမ်းခိုင်များကို ပြုစုဖွဲ့ဆိုခဲ့သည်ကိုမူ

www.forgetspace.com.mm

မတွေ့ရချေ။ စာဆိုတော် လူဦးမင်း၊ ဘိုးသူတော်ဦးမင်း တို့နှင့် စာဆိုပြိုင်ဆိုင်တင်လျှောက်သည့် ကဗျာများကိုမူ တွေ့ရှိရ၍၊ ကဗျာကဝိတစ်ဦးဖြစ်ကြောင်းသိရသည်။ ဘုရင်မင်းမြတ်တို့ မေးတော်မူသမျှကို အမတ်ကြီးဦးပေါ်ဦးက ပြန်လည်တင်လျှောက်သည့် မှတ်သားနည်းယူလောက်သောလျှောက်ထုံးများကို နားခံများက ရေးကူးမှတ်တမ်းတင် ထားချက်များရှိခဲ့သည်။ ယင်းတို့ကို "ဦးပေါ်ဦး လျှောက်ထုံး" သို့မဟုတ် "ကဝိသေတ္တ မဇ္ဈာသာကျမ်း" အမည်ဖြင့်တွေ့ရှိ ဖတ်ရှုကြရ၍ အမတ်ကြီး၏ လျင်သောဉာဏ်၊ ရှင်သောဉာဏ်ကို ချီးမွမ်းအံ့သြ ကြရလေသည်။

ပို့စမတ်မြို့။ ။ပို့စမတ်မြို့သည် အင်္ဂလန်ပြည်တောင်ပိုင်း၊ အင်္ဂလိပ်ရေလက်ကြားကြီးရှိ၊ ပို့တဆီးကျွန်းပေါ်တွင်တည်ရှိ၍၊ ဟမ္မရှိုင်ယာခရိုင်မြို့တော်ဖြစ်သည်။ ဗြိတိန်နိုင်ငံတွင် အကြီးဆုံးသောစစ်သင်္ဘောဆိပ်ကမ်းမြို့ဖြစ်၍၊ ကြီးကျယ်သော လက်နက်တိုက်များရှိသည်။

ပို့စမတ်မြို့သည် ခရစ် ၁၅၄၀ပြည့်နှစ်မတိုင်မီကပင် လျှင်၊ စစ်သင်္ဘောများစခန်းချ ရာနှင့် ကူးသန်းရောင်းဝယ်ရာ ဌာနဖြစ်ခဲ့သည်။ ထိုမြို့၌ သင်္ဘောကျင်းသည် မူလက ဧကအနည်းငယ်မျှသာကျယ်ဝန်းသော်လည်း၊ တစ်စတစ်စ ချဲ့ထွင်လာသဖြင့်၊ ၁၉ရာစုနှစ်သို့ ရောက်သောအခါ၊ ဧက ပေါင်း ၃၀ဝကျော်ကျယ်ဝန်းလာသည်။ သင်္ဘောကျင်း နယ်မြေအတွင်း၌ မီးရထားလမ်း ၁ဝ မိုင်ကျော်မျှကို ဖောက်လုပ်ထားရသည်။ ထိုမျှကျယ်ဝန်းသည့်အလျောက်အကြီးဆုံး အမျိုးအစားဖြစ်သော စစ်သင်္ဘောကြီးများကိုပင် ထိုသင်္ဘောကျင်း၌ တည်ဆောက်ပြင်ဆင်နိုင်သည်။ သင်္ဘောကျင်းကြီး၏ မြောက်ဘက်ရှိ ဝေလငါးကျွန်း၌ ရေတပ်သားများ အမြောက်ပစ်လေ့ကျင့်ရာဌာနရှိ၏။ ရေကြောင်းစစ်ဗိုလ်ချုပ်ကြီး နယ်လဆင်၏ 'ဗစ်ထရီ' အမည်ရှိ အလံတင်သင်္ဘောကို ဤသင်္ဘောကျင်း၌ထားသည်။ ထိုပြင် ထိုသင်္ဘောကို နယ်လဆင်ပြတိုက် အမည်မှည့်ကာ ရေကြောင်း အတတ်ပညာပြတိုက်အဖြစ်ဖြင့် အသုံးပြုသည်။

ပို့စမတ်မြို့၌လူဦးရေ ၂ သိန်းခွဲခန့် ရှိသည်။ ထိုမြို့သည် လန်ဒန်မြို့နှင့် မီးရထားဖြင့်ဆက်သွယ်ထားသည်။ ထိုမြို့မှ ဝိုက်ကျွန်းသို့သင်္ဘောဖြင့်လည်းကောင်း၊ လေယာဉ်ပျံဖြင့်လည်းကောင်း သွားလာနိုင်သည်။

အမေရိကန်ပြည်ထောင်စုတွင် ပို့စမတ်အမည်ကို ယူထားသောမြို့ကြီး ၃မြို့ရှိသည်။ ပဌမမြို့မှာ နယူးဟမ္မရှိုင်ယာပြည်နယ်၏ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သည်။ ဒုတိယမြို့မှာ အိုဟိုင်းအို ပြည်နယ်၏စက်မှုလက်မှုဗဟိုဌာန ဖြစ်သည်။ တတိယမြို့မှာ ဗာဂျင်းနီးယားပြည်နယ်ရှိ ကုန်ပစ္စည်းထုတ်လုပ်ရာမြို့ဖြစ်သည်။

ပိုဆိုင်ဒွန် ။ ။ (ဂရိနတ်များ–ရှု။)

ဗြိတိန်နိုင်ငံတွင် အကြီးဆုံးသော စစ်သင်္ဘောဆိပ်ကမ်းမြို့ဖြစ်သည့် ပို့စမတ်မြို့

www.foreverspace.com.mm

ပိုတက်ဆီယမ်။ ။ပိုတက်ဆီယမ်သည် ဒြဗ်စင်တစ်ခုဖြစ်၏။ သင်္ကေတအားဖြင့် **K** ဖြစ်သည်။ ပိုတက်ဆီယမ်၏ သီးပ်သည်းခြင်းသည် ၀.၈၆၅ဖြစ်၍ ရေထက်ပေါ့သည်။ ပိုတက်ဆီယမ်ကိုရေတွင်ပစ်သော် မီးတောက်သည်။ ထိုသို့ မီးတောက်ရခြင်းမှာ ပိုတက်ဆီယမ်၌ အောက်ဆီဂျင်ကိုဆွဲယူသောသတ္တိရှိသောကြောင့်ဖြစ်၏။ ပိုတက်ဆီယမ်သည် ရေနှင့်တွေ့သောအခါ၊ ရေ၌ရှိသောအောက်ဆီဂျင်ကို ဓာတ်ဆွဲသတ္တိဖြင့်ဆွဲယူ၍ ပေါင်းလိုက်၏။ ထိုသို့ ပေါင်းရာမှရသော ဒြဗ်ပေါင်းသည် ပိုတက်ဆီယမ်ဟိုက်ဒရောဆိုက်ဖြစ်လာ၏။ ထိုသို့ ပိုတက်ဆီယမ်နှင့် အောက်ဆီဂျင်တို့ ပေါင်းကြသောအခိုက်တွင် ရေ၌ပါသော ဟိုက်ဒရိုဂျင်သည် ရေမှလွတ်ထွက်လာ၍၊ အပူဓာတ်ဖြစ်ပေါ်လာလေသည်။ ထိုအပူဓာတ်ကြောင့် ပိုတက်ဆီယမ်သည် မီးတောက်၍ ရေပေါ်၌ပြေးလေ၏။ ပိုတက်ဆီယမ် အခိုးအငွေ့တို့ကြောင့် ထိုမီးတောက်သည် ခရမ်းရောင်ရှိ၏။ အညစ်အကြေးမှ ကင်းသော ပိုတက်ဆီယမ်သည် ငွေသားပကတိကဲ့သို့သော အရောင်ရှိ၏။ ပိုတက်ဆီယမ်သည် အောက်ဆီဂျင်နှင့် ပေါင်းလွယ်လှသောကြောင့် ယင်းကိုလေထဲရှိ အောက်ဆီဂျင်နှင့် မထိမတွေ့ရအောင် နက်ဖသားစသော အရည်ထဲတွင် ထည့်ရသည်။ (အောက်ဆီဂျင်–ရှု။)

စင်ကြယ်သည့် ပိုတက်ဆီယမ်ကို ဓာတုဗေဒဓာတ်ခွဲခန်းအတွက်မှတစ်ပါး အခြားကိစ္စများအတွက်သုံးခဲသည်။ သို့သော် ပိုတက်ဆီယမ်ဒြဗ်ပေါင်းများကို ဆေးဝါး ဖော်စပ်ရန်နှင့် အနုပညာပစ္စည်းများပြုလုပ်ရန်အတွက် အသုံးပြုကြသည်။ အလွန်အဆိပ်ပြင်းသောပိုတက်ဆီယမ်ဆိုင်ယနိုက်ကို ဓာတ်ပုံလုပ်ငန်းနှင့် ဆေးဆိုးလုပ်ငန်းအတွက် အသုံးပြုကြသည်။ ပိုတက်ဆီယမ်ဗရိုမိုက်နှင့် ပိုတက်ဆီယမ်အိုင်အိုဒိုက်တို့ကိုလည်း ဆေးဝါးနှင့်ဓာတ်ပုံပညာရပ်များအတွက် အသုံးပြုကြသည်။

အပင်များ၏အစာတွင် ပိုတက်ဆီယမ်ပါဝင်၏။ ပိုတက်ဆီယမ်ကင်းမဲ့သော မြေဆီလွှာသည် အသီးအနှံများကို ဆွံ့စေတတ်သည်။ ထိုကြောင့် ပိုတက်ဆီယမ် ဒြဗ်ပေါင်းများကို မြေဩဇာအဖြစ် အသုံးပြု ကြသည်။ မြေဩဇာအဖြစ် အသုံးများသော ပိုတက်ဆီယမ်ဒြဗ်ပေါင်းမှာ ပိုတက်ဆီယမ်နိုက်ထရိတ်ဖြစ်သည်။ ပိုတက်ဆီယမ်ပါဝင်သည့် မြေဩဇာကို အာလူးကန်စွန်းဥ၊ ဝါ၊ ကြွက်သွန်နီ၊ ဆေးရွက်နှင့်အခြားအပင်များ စိုက်ပျိုးရာတွင် အသုံးပြုကြသည်။

အစာများမပုပ်သိုးစေရန်စီမံရာ၌အသုံးပြုသော ယမ်းစိမ်းသည် ပိုတက်ဆီယမ် နိုက်ထရိတ်ဖြစ်သည်။ ပိုတက်ဆီယမ် ကာဗွန်နိတ်ကို ပိုတက်ဟု ခေါ်သည်။ ပိုတက်ဆီယမ်ဟိုက်ဒရောက်ဆိုက်ကိုမူ ကော့စတစ် ပိုတက်ဟုခေါ်သည်။ ကော့စတစ်ပိုတက်သည် လေသလပ်လျှင်လည်းကောင်း၊ ရေနှင့်တွေ့လျှင်လည်းကောင်း ပိုတက်အဖြစ်ပြောင်းလဲသွားတတ်လေသည်။

ပိုတက်ဆီယမ်သန့်သန့်ကို သယံဇာ တပစ္စည်းအဖြစ်ဖြင့် မတွေ့နိုင်ချေ။ အခြားဒြဗ်စင်များ နှင့်ပေါင်းလျက်သာ တွေ့ရသည်။ ပိုတက်ဆီယမ်သန့်သန့်ကိုရရှိရန် ပိုတက်ဆီယမ်ဆားခေါ် ပိုတက်ဆီယမ်ဒြဗ်ပေါင်းကို လျှပ်စစ်ဖြင့် ဓာတ်ခွဲယူရသည်။

သယံဇာတဖြစ်ပေါ်နေသည့် ပိုတက်ဆီယမ်ဒြဗ်ပေါင်းတို့သည် ပိုတက်ဆီယမ်ဆီလီကိတ်မှလွဲလျှင်၊ ရေတွင်ပျော်ဝင်နိုင်ကြသည်။ မိုးရေသည် မြေဆီလွှာရှိပိုတက်ဆီယမ် ဒြဗ်ပေါင်းတို့ကို ပျော်ဝင်စေပြီးလျှင်၊ မြစ်မှတစ်ဆင့် ပင်လယ်အတွင်းသို့သယ်ပို့လေသည်။ ပင်လယ်ရေသည် အခြားဆားများနှင့် ရောစပ်လျက်ရှိသဖြင့်၊ ယင်း၌ ပိုတက်ဆီယမ်ဆားအနည်းငယ်သာပါသည်။ ထိုကြောင့် ပင်လယ်ရေမှ ပိုတက်ဆီယမ်ကို ခွဲထုတ်ယူရန်မဖြစ်နိုင်ချေ။ သို့သော် တစ်ခါတစ်ရံတွင် ပင်လယ်ရေသည် ချောင်းမှတစ်ဆင့်အင်းအိုင် ရေကန်စသည်တို့သို့ ရောက်ရှိသွားတတ်၏။ ထိုအခါ ရေငွေ့ပျံ၍ အင်းအိုင် ရေကန်တို့ခန်းခြောက်သွားသည်ရှိသော်၊ ပိုတက်ဆီယမ်ဆားများကို ပြန်လည်ထုတ်ယူနိုင်သည်။ ရှေးခေတ်ပေါင်းများစွာက ရေခန်းခြောက်သွားကြသောကန်များတွင် သလင်းပွင့်ဖြစ်နေသော ပိုတက်ဆီယမ်ဆားများကို တွေ့ရသည်။ ထိုဆားများသည် ပေ ၁၀၀၀ မျှ ထူသည့် နုံးနုအလွှာများ အောက်တွင် တည်ရှိသဖြင့်၊ မိုးရေ၏ဒဏ်မှ ကင်းဝေးကြလေသည်။ ထိုနောက် ကြာလတ်သော် ပိုတက်ဆီယမ်းဆားသည် ဘူမိဗေဒသဘောအရကြွေတက်လာပြီးလျှင် ကျောက်ဖြစ်သွားလေသည်။ ထိုပိုတက်ဆီယမ်ဆားများကို လွန်သွားများဖြင့်တူးဖော်ယူကြရသည်။ ထိုကဲ့သို့သော မြေအောက်ရှိ ပိုတက်ဆီယမ်များကို ဂျာမနီနိုင်ငံနှင့် ပယ်လက်စတိုင်းပြည်ရှိ ပင်လယ်သေတို့တွင် တွေ့နိုင်သည်။

ပိုတက်ဆီယမ်နိုက်ထရိတ်သည် မြေဩဇာအတွက်သာ အဖိုးတန်သည်မဟုတ်၊ ယမ်းပြုလုပ်ရန်အတွက်လည်း အဖိုးတန် လေသည်။ ပိုတက်ဆီယမ်ကလိုရိုက်ကို အခြားပိုတက်ဆီယမ်ဆားများ ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့်ပြင်၊ မြေဩဇာပြုလုပ်ရာတွင်လည်း အသုံးပြုနိုင်သေးသည်။ ကော့စတစ်ပိုတက်၊ သို့မဟုတ် ပိုတက်ဆီယမ်ဟိုက်ဒရောက်ဆိုက်ကို အများအားဖြင့်အမြှုပ်များသည့် ဆပ်ပြာလုပ်ရာတွင်အသုံးပြုသည်။ အောက်ဆီဂျင်ရနိုင်သည့် ပိုတက်ဆီယမ်ကလိုရိတ်ကို မီးပန်း၊ မီးခြစ်၊ ဆိုးဆေးနှင့် အခြားပေါက်ကွဲစရာတို့ကို လုပ်ရာတွင် အသုံးပြုရသည်။ ပိုတက်ဆီယမ်ကာဗွန်နိတ်ကိုအထူးသဖြင့် မာကျောသော ဖန်သားနှင့် အမြှုပ်နည်းသည့် ဆပ်ပြာလုပ်ရာတွင် အသုံးပြုနိုင်သည်။

ပိုတက်ဆီယမ်ကို ဂျာမနီနိုင်ငံနှင့် အမေရိကန်ပြည်

www.foreverspace.com.mm

ထောင်စုနယ်မြေကျဆီကိုပြည်နယ် အရှေ့တောင်ပိုင်းတွင် တွေ့ရသည်။ ပိုတက် ဆီယမ် ဒြဗ်ပေါင်းများကို ကျောက်မီးသွေးကဲ့သို့ မြေကြီးထဲ၌အထပ်လိုက်တွေ့ကြရာ၊ ယင်းတို့ကို ယခင်ကပြဆိုဘိသကဲ့သို့ တူးယူကြရသည်။ ပြင်သစ်နိုင်ငံ၊ စပိန်နိုင်ငံ၊ ပိုလန်နိုင်ငံနှင့် ရုရှနိုင်ငံတို့၌လည်း ပိုတက်ဆီယမ်ထွက်သည်။ အမေရိကန်ပြည်ထောင်စုနိုင်ငံ၊ ကာလီဖိုးနီးယားနှင့် ယူတားပြည်နယ်များ၌ ပိုတက်ကို ဆားငန်ရေမှထုတ်ယူကြသည်။ နော်ဝေးနိုင်ငံ၌ ဆားငန်ရေမှ ပိုတက်ဆီယမ်ကို ထုတ်ယူနိုင်ရန် သိပ္ပံပညာရှင်များက ကြိုးစားလျက် ရှိကြလေသည်။

ပိုလိုကစားခြင်း ။ ။ (ဂူလီကစားခြင်း–ရှု။)

ပိုလိုမာကို (ခရစ် ၁၂၅၄ ခန်–၁၃၂၄)။ ။ကမ္ဘာ့သမိုင်းတွင် မှတ်တမ်းတင်ခဲ့သောအကြောင်းအရာများအနက် ရှေးနှစ်ပေါင်း ၇၀၀ ခန့်က ကမ္ဘာ့အရှေ့ပိုင်းကို လှည့်လည်ခဲ့သော မာကိုပိုလို၏ ခရီးစဉ်များအကြောင်းသည် လွန်စွာထူးဆန်းလှလေရာ၊ နှစ်ပေါင်းအတော်ကြာသည့်တိုင်အောင် ပင်လူတို့သည် ယင်းအကြောင်းကိုကောင်းစွာမယုံကြည်ဘဲ

တရုတ်နိုင်ငံရောက် ရှေးဦး ဥရောပခရီးသည် မာကိုပိုလို

ဒဏ္ဍာရီသဖွယ် မှတ်ယူထားကြသည်။ သို့ရာတွင် မာကိုပိုလို၏ အကြောင်းများမှာ တကယ် ဖြစ်ပျက်ခဲ့သော ကိုယ်တွေ့များ ဖြစ်ကြောင်းကို နောင်သောအခါမှသိရှိလာကြသည်။

ဥရောပ တိုက်သားများသည် ပင်လယ်ခရီးဖြင့် တရုတ်နိုင်ငံ သို့ မသွားရောက်ဖူးကြခင် နှစ်ပေါင်း ၁၀၀ ခန့်ကပင် ကွာတလီနိုင်ငံမှသင်္ဘောများသည် ကုန်ကူးသန်းရောင်းဝယ်ရန် မြေထဲပင်လယ် အရှေ့ဘက်ဆိပ်ကမ်းမြို့များနှင့် ပင်လယ်နက်ဘက်သို့ သွားရောက်ဘူးကြလေပြီ။ အထူးသဖြင့် ဗင်းနစ်မြို့မှ သင်္ဘောများသည် ထိုဒေသတစ်ဝိုက်တွင် ခရီးသွားလာလျက် ရှိနှင့်ပြီးလျှင်၊ အရှေ့ဘက်နိုင်ငံများမှ အမွှေးအကြိုင်များ၊ ပိုးဖဲကတ္တီပါများ၊ ကော်ဇောများနှင့် အဖိုးတန်ကျောက်မျက် ရတနာများကို အနောက်နိုင်ငံသို့ ဝယ်ယူသွားကြသည်။ ထိုအခါ ဗင်းနစ်မြို့သည် အလွန်စည်ကားသော ဆိပ်ကမ်းမြို့ ဖြစ်လေသည်။

ဗင်းနစ်မြို့ကို အားကျသော စပိန်နှင့် ပေါ်တူဂီဘုရင်များသည် ယခုအခါ ဂျပန်နိုင်ငံ၊ တရုတ်နိုင်ငံဟုခေါ်သော စီပန်ဂိုနှင့် ကသေးသို့သွားသော သင်္ဘောခရီးလမ်းကို ရှာဖွေရန် သင်္ဘောသားများကို တောင်ဘက်နှင့်အနောက်ဘက်သို့ စေလွှတ်ကြသည်။ သို့ရာတွင်ထိုခေတ်အခါက ထိုမျှဝေးလံလှသော နိုင်ငံများ၏ ချမ်းသာကြွယ်ဝပုံကို အနာက်နိုင်ငံသားများအနက် ဗင်းနစ်မြို့မှ ကုန်သည်တစ်ဦးဖြစ်သော မာကိုပိုလိုသာလျှင် ပဌမဦးဆုံး အသေအချာကိုယ်တွေ့သိရှိရလေသည်။ မာကိုပိုလိုသည် ထိုနိုင်ငံများသို့ စွန့်စားသွားရောက်ခဲ့၍ ဇာတိနိုင်ငံရင်းသို့ ပြန်ရောက်သောအခါ သင်္ဘောတစ်ဦး ဖြစ်လာလေသည်။ မာကိုပိုလိုသည် မိမိ၏ ခရီးစဉ်များအကြောင်းကိုပြောပြခဲ့ရာ၊ ရုတ်တရက်ယုံကြည်စရာမရှိအောင် ထူးဆန်းအံ့ဩဖွယ်ရာဖြစ်နေလေသည်။

ကမ္ဘာ့ခရီးသည်ကြီးဖြစ်သောမာကိုပိုလိုကို ၁၂၅၄ ခုနှစ်ခန့်တွင် ကွာတလီနိုင်ငံဗင်းနစ်မြို့၌ဖွားမြင်၏။ ဖခင် နီကိုလို ပိုလိုသည် ကြွယ်ဝချမ်းသာသောကုန်သည်တစ်ဦးဖြစ်သည်။ နီကိုလိုသည် ပင်လက်နက်ကမ်းခြေတလျှောက်တွင် ကုန်ကူးသန်းနေယင်း ယခုအခါတရုတ်နိုင်ငံဟုခေါ်သော ကသေးနိုင်ငံ၏ဇကရာဇ် ကူဗလိုင်ခန်၏ သံတမန်အဖွဲ့နှင့် တွေ့ဆုံမိသဖြင့် အရှေ့ဘက်သို့ကုန်းလမ်းခရီးထွက်ခဲ့ရာ ကသေးနိုင်ငံသို့ ဆိုက်ရောက်လေသည်။ ဇကရာဇ်ဘုရင် ကူဗလိုင်ခန်သည်လည်း နီကိုလိုပိုလိုအား ကောင်းစွာလက်ခံထားလေသည်။ (ကူဗလိုင်ခန်–ရှု။)

နီကိုလိုပိုလိုသည် ကူဗလိုင်ခန်၏နန်းတော်တွင် နှစ်နှစ်မျှနေပြီးနောက် ဗင်းနစ်မြို့သို့ ပြန်သွားသည်။ သို့ရာတွင် မကြာခင် ဥရောပတိုက်မှ သာသနာပြုပုဂ္ဂိုလ်များ၊ အနုပညာနှင့် သိပ္ပံပါရဂူများကိုခေါ်ဆောင်၍ ပြန်လာပါမည်ဟု ကတိပြုသွားသည်။ ဗင်းနစ်မြို့သို့ ပြန်ရောက်သောအခါ၊

www.foreverspace.com.mm

မိန်းမသေဆုံး၍ ကျန်ရစ်ခဲ့သောလူပျိုအရွယ်သားငယ်ကိုသာ တွေ့ရလေသည်။ နီကိုလိုပိုလိုလည်း နှစ်နှစ်မျှ နေထိုင်ပြီး နောက် ၁၂၇၁ ခုနှစ်တွင် ကလေးသို့ ခရီးထွက်ပြန်သည်။ ယခုတစ်ခေါက်တွင်မူ သူ၏ညီအစ်ကိုတော် မာဖီယိုနှင့် ၁၇ နှစ်သား မာကိုပိုလိုကိုအတူခေါ်ဆောင်ခဲ့လေသည်။ ဤကားနောင်အခါ၊ ကမ္ဘာ့ခရီးသည်ကြီးဟု မော်ကွန်းတွင် ရစ်မည့် မာကိုပိုလို၏ပဌမဦးဆုံးသော ခရီးဖြစ်၏။ ဖခင်ကြီး နီကိုလိုပိုလို ကိုယ်တိုင်ကပင် စွန့်စားသော ခရီးသည်ကြီးဖြစ်သည့်အတိုင်း သားဖြစ်သူအား နည်းပေးလမ်းပြပြုခဲ့ရာ မာကိုပိုလိုသည် ကမ္ဘာကျော်ခရီးသည်ကြီးအဖြစ်ကျော်ကြားလာလေသည်။

မာကိုပိုလိုတို့လူစုနှင့်အတူ ရောမမြို့ ပုပ်ရဟန်းမင်းကြီးထည့်လိုက်သော သာသနာ့ဝန်ထမ်း ရဟန်းအချို့လည်း ခရီးထွက်ရာသို့ လိုက်ပါလာကြ၏။ သို့ရာတွင် ဘေးအန္တရာယ်ထူလှသောခရီးကြမ်းကို အဆုံးထိအောင်မလိုက်ရဲ၍ လမ်းတဝက်မှ လှည့်ပြန်သွားကြသည်။ မာကိုပိုလိုတို့ တူဝရီးသားအဖသုံးဦးသာလျှင်၊ ခရီးဆက်လက်သွားကြရာ ပါးရှားနိုင်ငံ၊ တာတရီနှင့်ဂိုဗီသဲကန္တာရကြီးများကိုဖြတ်ကျော်သွားရ၍ အမျိုးမျိုးသောအခက်အခဲဒုက္ခဆင်းရဲ များကိုတွေ့ကြုံရသည်။ နောက်ဆုံး၌ တရုတ်နိုင်ငံသို့ရောက်ရှိ၍ ဧကရာဇ်ဘုရင်ခန်မင်းကြီးက ကောင်းစွာပြုစုလေသည်။

ကူဗလိုင်ခန့်လည်း ရှပ်ရှုပကာငယ်ရွယ်တင့်တယ်သော မာကိုပိုလိုအား မြင်မြင်ခြင်းခင်မင်၏။ မာကိုပိုလိုကလည်း အသစ်ပေါင်းဖော်တွေ့ရှိရသော လူများနှင့် အကျွမ်းတဝင်ဖြစ်ကာ ခက်ခဲလှသော သူတို့၏ ဘာသာစကားကိုမကြာခင် ရည်ရည်မွန်မွန်ပြောဆိုရေးဖတ်တတ်လေသည်။ ထိုကြောင့် ဧကရာဇ်ဘုရင်မင်းမြတ်သည် မာကိုပိုလိုအား အနယ်နယ်သို့ မင်း၏စေတမန်အဖြစ်ဖြင့် လွှတ်လေ့ရှိသည်။ မာကိုပိုလိုသည် လူအမျိုးမျိုးနှင့် တွေ့ဆုံဆွေးနွေးရသဖြင့် များစွာအသိဉာဏ်ရင့်သန်လာလေသည်။ တွေ့မြင်သိရှိခဲ့ရသမျှကိုလည်း ကူဗလိုင်ခန်အား ပြန်၍ အစီရင်ခံနိုင်ရန် ကောင်းစွာ မှတ်သားလေ့ရှိ၏။ ထိုကြောင့် ကူဗလိုင်ခန်က များစွာကျေနပ်ကာ မာကိုပိုလိုအား မြို့ကြီးတစ်မြို့၏ ဘုရင်ခံအဖြစ်ခန့်အပ်၍၊ ဘွဲ့ထူးဂုဏ်ထူး၊ ဆုလာဘ်ကြေးငွေများ စွာတို့ဖြင့် မြှောက်စားချီးမြှင့်သည်။

အမှန်အားဖြင့် ကူဗလိုင်ခန့်သည် မာကိုပိုလိုတို့ လူစုအား သူ၏နိုင်ငံ၌ ရိုးမြေကျနေထိုင်စေလိုသည်။ သို့ရာတွင် သူတို့ကား နေရင်းဌာနအနောက်ဒေသသို့ ပြန်သွားရန်ကိုသာ မျှော်လင့်လျက်ရှိကြသည်။ မကြာမီပင် ယင်းတို့ မျှော်လင့်ကြသည့်အတိုင်း အခွင့်ကောင်းတစ်ခု ပေါ်ပေါက်လာလေသည်။

ကူဗလိုင်ခန်သည် ဆွေတော်မျိုးတော် မင်းသမီးတစ်ပါးအား မြေးတော်ပါးရှားဘုရင်နှင့် လက်ထပ် ထိမ်းမြားရန် သဘောတူ၍၊ ထိုမင်းသမီးအား ပါးရှားပြည်သို့ ပို့ရာတွင် မာကိုပိုလိုတို့ သုံးဦးအားအစောင့်အရှောက်အဖြစ် ထည့်လိုက်သည်။ သူတို့လည်း ကုန်းလမ်းခရီးသည် ဘေးအန္တရာယ် ထူထပ်သဖြင့် ပင်လယ်ကမ်းဖြင့် ခရီးထွက်ခဲ့ကြရာ၌ ဆူတကြားလည်းနှင့် အိန္ဒိယ တောင်ပိုင်းတို့သို့ ရောက်ခဲ့ပြီးနောက်နှစ်နှစ်တာမျှအချိန်ကြာ၍ လမ်းခရီးတွင်ပါလာသောအဖွဲ့ဝင်များစွာ သေဆုံးကုန်ကြလေသည်။ မာကိုပိုလိုတို့တူဝရီးနှင့် မင်းသမီးလောက်သာ အသက်ရှင်၍၊ ပါးရှားပြည်သို့ ရောက်လေ၏။ မာကို ပိုလိုတို့သည် မင်းသမီးအား ပါးရှားနိုင်ငံ၌ အမိန့်တော်အတိုင်းအပ်ခဲ့ပြီးလျှင် ဗင်းနစ်မြို့သို့ဆက်လက်ထွက်ခွာကြ၏။ ယင်းသို့ဖြင့် နှစ်ပေါင်းနှစ်ဆယ်ခန့် ပင်လယ်ရပ်ခြားတိုင်းတစ်ပါး၌ လှည့်လည်ပြီးနောက်၊ ဣတလီလူမျိုးသုံးဦးတို့သည် နေရင်းဒေသဗင်းနစ်မြို့သို့ပြန်ရောက်သွားကြသည်။ သူတို့သည် အရှေ့တိုင်းမှ ကျောက်သံပတ္တမြား ပစ္စည်းများကို တစ်ပါးတည်ယူဆောင်လာခဲ့ရာ ဗင်းနစ်မြို့တွင် သူဌေးများ ဖြစ်လာကြလေသည်။

မာကိုပိုလိုသည်လည်း ဗင်းနစ်မြို့တွင် အထက်တန်းစားထင်ရှားသောပုဂ္ဂိုလ်တစ်ဦးဖြစ်လာပြီးလျှင် ရေကြောင်းဗိုလ်မှူးအဖြစ် ခန့်ထားခြင်းခံရသည်။ ၁၂၉၆ ခုနှစ်တွင် ဗင်းနစ်မြို့သည် ဂျီနိုးအာမြို့နှင့်စစ်ဖြစ်သောအခါ ဗင်းနစ်ရေတပ်ကို မာကိုပိုလိုကအုပ်ချုပ်ရလေသည်။ ထိုစစ်ပွဲတွင် မာကိုပိုလို သုံ့ပန်းအဖြစ်အဖမ်းခံရပြီးလျှင် တစ်နှစ်ခန့်မျှ အကျဉ်းချထားခြင်းခံရသည်။ ထောင်တွင်း၌ အကျဉ်းခံနေရစဉ်၊ မိမိလှည့်လည်သွားလာခဲ့ဖူးသော အကြောင်းအရာများကို မိမိနှင့်အတူ အကျဉ်းခံနေရသူတစ်ဦးအား နူတ်ဖြင့် ပြောပြရေးမှတ်စေ၏။

အကျဉ်းခံရာမှလွတ်မြောက်၍ ၁၂၉၉ခုတွင် ဗင်းနစ်မြို့သို့ပြန်သွားပြီးသည့်နောက်တွင် သူ၏အကြောင်းများကို ကောင်းစွာမသိရှိရတော့ချေ။ သူသည် ၁၃၂၄ ခုနှစ်၌ သေဆုံး၍ ဧနီးသည်နှင့် သမီးသုံးယောက် ကျန်ရစ်ခဲ့သည်ဟု သာသိရာ၏။ သို့သော် မာကိုပိုလို၏ ကိုယ်တွေ့ပြောပြချက်များကို မှတ်တမ်းတင်ခဲ့သော စာအုပ်ကား၊ ကမ္ဘာပေါ်၌ အကျော်စောဆုံး စာအုပ်တစ်အုပ်ဖြစ်လာသည်။ မာကိုပိုလိုသည် ထိုခေတ်က ဥရောပတိုက်သားများရောက်ရန် အိပ်မက်မျှ မမက်ဖူးသော အာရှတိုက်ရှိ ဒေသများကို အနှံ့အပြားရောက်ခဲ့လေသည်၊ သူရောက်ရှိသောအချို့ နေရာများသို့ ယခုခေတ်၌ပင် လှည့်လည်ရှာဖွေစူးစမ်းသူ များကို စေလွှတ်နေဆဲပင်ဖြစ်လေသည်။ အစပဌမတွင် မာကိုပိုလို၏စွန့်စားသွားလာခဲ့ပုံများကို မယုံကြည်စရာဖြစ်နေသော်လည်း ရာဇဝင်သမိုင်းများမှ အထောက်အထားများအရ၊ မှန်ကန်ကြောင်းကို တွေ့ရှိရလေသည်။

www.foreverspace.com.mm

နယ်မြေအကြိမ်ကြိမ်အခွဲဝေခံရသောနိုင်ငံ

ပိုလန်နိုင်ငံ၏မြေပုံသည် အမျိုးမျိုးပြောင်းလဲကာ၊ နယ်မြေများ အကြိမ်ကြိမ် အခွဲဝေခံရသည်။ စစ်ဘေးဒုက္ခ အဖုံဖုံတို့နှင့် တွေ့ကြုံခံစားခဲ့ရသောနိုင်ငံလည်း ဖြစ်သည်။ ဤအကြောင်းရပ်တွင် ယခုအခါသီးခြားလွတ်လပ်လျက်ရှိသောပိုလန်နိုင်ငံ၏ တိုးတက်လျက်ရှိပုံနှင့် အတိတ်ကာလမှ ဖြစ်ပျက်ခဲ့ပုံ တို့ကို စိတ်ဝင်စားဖွယ် ဖတ်ရှုရလိမ့်မည်

ပိုလန်နိုင်ငံ တည်နေရာပြမြေပုံ

ပိုလန်နိုင်ငံ။ ။ပိုလန်နိုင်ငံသည် မြောက်ဘက်၌ဗောလတစ်ပင်လယ်၊ အရှေ့ဘက်ရှိ ဆိုဗီယက်ရုရှနိုင်ငံ၊ တောင်ဘက်၌ ချက်ကိုဆလိုဗားကီးယားနိုင်ငံ၊ အနောက်ဘက်၌ အရှေ့ဂျာမနီ နိုင်ငံဟူ၍ ပိုင်းခြားထားသော ဥရောပတိုက်ရှိနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဗစ္စတျူလ၊ဝါရတာနှင့်အိုဒါမြစ်ဝှမ်းရှိ ဆလဗ်ဗွန်နစ် လူမျိုးစုများ အညီအညွှတ်ပူပေါင်း၍ တည်ထောင်ခဲ့သောနိုင်ငံဖြစ်ရာ၊ ယခုအခါတွင် ပိုလန်ပြည်သူ့သမ္မတနိုင်ငံဟုတွင်လေသည်။ နိုင်ငံ၏အကျယ်အဝန်းမှာ စတုရန်းမိုင် ၁၂၀၃၅ဂမိုင်ဖြစ်သည်။ မြောက်ဘက်ရှိ ဗောလတစ် ပင်လယ်ကမ်းရိုးတန်းသည် မိုင်ပေါင်း ၃၁၀ ရှည်လျားမ်။ ၁ဂ၅၀ ပြည့်နှစ်သန်းခေါင်စာရင်းအရ လူဦးရေမှာ ၂၄ဂ၇ဖဂ၂ဖ ယောက်ခန့်ဖြစ်သည်။ ပိုလန်နိုင်ငံ၌ နေထိုင်သော လူမျိုးကို ပိုးလူမျိုးဟုခေါ်ကြသည်။ 'ပိုး' ဟူသည်မှာ ကွင်းပြင်၌နေထိုင်သူဟုအဓိပ္ပါယ်ရသည်။ ပိုလန်နိုင်ငံသည် မြေမျက်နှာပြင်အားဖြင့်ပြန့်လျက်ရှိရာ၊ ထိုမြေပြန့်ကွင်းပြင်များသည် လယ်ယာလုပ်ကိုင်စားသူတို့အဖို့ လွန်စွာအဖိုးတန်သည်။ သို့ရာတွင်ပိုလန်နိုင်ငံ၏တောင်ပိုင်း၌ကား ကာပေသီယန် တောင်တန်း ကာဆီးလျက်ရှိရာ၊ ပိုလန်နိုင်ငံ တောင်ပိုင်း၌ မြေမျက်နှာပြင်သည် မြင့်တက်သွားလေသည်။

ပိုလန်နိုင်ငံတွင် အနောက်ဥရောပနိုင်ငံတို့နှင့် စာသော်ဆောင်းဥတုသည် မအေးလွန်းနွေဥတုသည်မပူလွန်းဖြစ်၏။ မိုးမှာနွေဥတုတွင်ရွာသောမိုးမျိုးဖြစ်သည်။ ဇူလိုင်လအတွင်း



ဝါဆောမြို့တော်ရှိ နန်းတော်

www.foreverspace.com.mm

၌ မိုးသည်းထန်စွာရွာမြဲဖြစ်သည်။ တောင်ပိုင်း၌ကား ကောင်းတန်းများရှိခြင်းကြောင့် လွန်စွာအေးသည်။ မိုးလည်း လွန်စွာရွာတတ်သည်။

ပိုလန်နိုင်ငံ၏ သဘာဝပစ္စည်းများမှာ ထင်းရှူးပင်မျိုးမှရသောသစ်နှင့်ကျောက်မီးသွေး၊ ဆား၊ သံ၊ သွပ်၊ ခဲပုပ်စသော ဝတ္ထုများ ဖြစ်လေသည်။

သို့ရာတွင် ပိုးလူမျိုးတို့၏အဓိကလုပ်ငန်းမှာ လယ်ယာလုပ်ငန်းပင်ဖြစ်၏။ တောင်သူလယ်သမားတို့သည် မိမိတို့ကိုယ်ပိုင် လယ်ယာများရှိကြသည်။ အချို့ကား ရုရှနိုင်ငံမှာကဲ့သို့ စုပေါင်းစိုက်ပျိုးခြင်းကိုလုပ်ဆောင်ကြသည်။ ပိုလန်နိုင်ငံသည် ရိုင်းဂျုံနှင့် အာလူးကို အများဆုံး စိုက်ပျိုးသည်။ အခြားကောက်ပဲသီးနှံတို့ကား၊ သကြားမုန်လာ၊ အုတ်ဂျုံ၊ မုယော၊ ဂျုံရိုးရိုး၊ လျှော်ပင်စသည်တို့ဖြစ်သည်။ လယ်ယာတို့တွင် ဝက်နှင့်နွားကိုလည်း မြောက်မြားစွာ မွေးမြူကြလေသည်။

ဒုတိယကမ္ဘာစစ်ပြီးနောက် ပိုးလူမျိုးတို့၏ စက်မှုလက်မှု လုပ်ငန်းတို့သည် ပြည်သူပိုင်လုပ်ငန်းများ ဖြစ်သွားလေသည်။ သံမဏိအရေကြိုစက်ရုံ၊ ပိုးထည်၊ ခြည်ထည်၊ သိုးမွေးထည်ရက်လုပ်သော စက်ရုံ၊ ဗီလတ်မြေစက်ရုံ၊ မီးရထားတွဲနှင့် လယ်ယာသုံးကိရိယာစက်ရုံ၊ ဓာတုဗေဒနှင့်ဘယဆေးချက် စက်ရုံတို့သည် ယခုအခါ ကြီးပွားလျက်ရှိသည်။ ပိုလန်နိုင်ငံတောင်ပိုင်း၌ ကျောက်မီးသွေးတူးဖော်သောလုပ်ငန်းကို လုပ်ကိုင်ကြသည်။ ပိုလန်သည် ကမ္ဘာပေါ်တွင် ကျောက်မီးသွေးအများဆုံးထွက်သော နိုင်ငံတို့တွင် အပါအဝင်ဖြစ်သည်။

ဝါဆောမြို့တွင် ပိုလန်နိုင်ငံ၏မြို့တော်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားခြင်း အကြောင်းရင်းခံတစ်ရပ်ဖြစ်သော ဒန်းဇစ်မြို့သည် ပိုလန်နိုင်ငံသမိုင်းတွင် ထင်ရှားသော မြို့ဖြစ်သည်။ (ဒန်းဇစ်မြို့–ရှု။) ထိုမြို့ကို ဂျာမန်တို့ကသိမ်းပိုက်သည်မှအစပြု၍ ကမ္ဘာစစ် ဖြစ်ခဲ့ရသည်။ ထင်ရှားသော စက်မှုလက်မှုလုပ်ငန်းရှိသည့်မြို့များမှာ ကရားကု၊ ပေါ့ဇနန်၊ ဗရောဆလားတို့ ဖြစ်ကြသည်။ ပေါ့ဇနန်သည် ၁၉၅၆ခုနှစ် ဇွန်လတွင် အလုပ်သမား အဓိကရုဏ်း ဖြစ်ပွားသော မြို့ဖြစ်လေသည်။

ပိုလန်တိုင်းပြည်၌ အကွဲကွဲအပြားအပြားသီးခြား တည်ရှိနေကြသော လူမျိုးစုတို့သည် ဇရာစုနှစ်တွင်စည်းလုံးညီညွတ်လာကြသည်။ ခရစ် ၉၆၆ ခုနှစ်တွင် ပိုးလူမျိုးတို့သည် ခရစ်ယာန်အယူဝါဒကို သက်ဝင်ယုံကြည်လာကြ၏။ ခရစ်

ဒုတိယကမ္ဘာစစ်ဘေးဒဏ်ကို အလူးအလဲခံရသော ဝါဆောမြို့တော်၏ ရှုခင်းတစ်ရပ်

www.foreverspace.com.mm

ပိုလန်နိုင်ငံမှ ကျေးလက်ဒေသများမှ ပိုးလူမျိုး အမျိုးသမီးတို့သည် ဤသို့ဝတ်ဆင်လေ့ရှိကြသည်။

၁၀၂၅ ခုနှစ်တွင် ပိုလန်နိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်းနှင့် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာသည်။ သို့ရာတွင် ခရစ် ၁၂၄၁ ခုနှစ်၌ ပိုလန်နိုင်ငံကို တာတာတို့ ဝင်ရောက်ကျူးလွန် ဖျက်ဆီးလေသည်။ မူလကပိုလန်နိုင်ငံသည် ဗောလတစ် ပင်လယ်နှင့် ဆက်စပ်၍ တည်နေသော်လည်း၊ ပရပ်ရှားနိုင်ငံကို ချဲ့ထွင်လိုက်သောအခါ၊ ပိုလန်နိုင်ငံသည် ဗောလတစ် ပင်လယ်သို့ထွက်ရန် ထွက်ပေါက်မရှိ ဖြစ်ခဲ့ရလေသည်။ ထိုနောက်၌ကား ခရစ် ၁၂၆၀ ပြည့်နှစ်မှစ၍၊ ပိုလန်နိုင်ငံကို တစ်ဖန် ပြည်လည် စည်းရုံး တည်ထောင်ကြ၏။ ခရစ် ၁၅၆၉ ခုနှစ်၌ ပိုလန်နှင့် လစ်သွေးနီးယားနှစ်ပြည်ထောင်တို့သည် ပူးပေါင်းလိုက်ကြသည်။ ထိုသည်မှစ၍ ပိုလန်နိုင်ငံသည် တစ်စတစ်စ နယ်ကျယ်၍လာခဲ့ရာ၊ ခရစ် ၁၅၂၇ ခုနှစ်ခန့်တွင် ပိုလန်နိုင်ငံ၏အကျယ်အဝန်းသည် ဗောလတစ်ပင်လယ်ကမ်းခြေမှသည် ပင်လယ်နက်၏ ပင်လယ်ကမ်းခြေအနီးသို့ ရောက်လုနီးပါးမျှ ကျယ်ဝန်းခဲ့သည်။

ထိုခရစ် ၁၅၂၇ ခုနှစ်မှစ၍၊ ပိုလန်နိုင်ငံ၏ အုပ်ချုပ်ရေးတွင် ဘုရင်ကို မှူးမတ်မျိုးနွယ်တို့က ရွေးကောက်တင်မြှောက်ရသော စံနစ်ပေါ်ပေါက်လာခဲ့သည်။ သို့သော်၊ ထိုသို့ ရွေးကောက်တင်မြှောက်ရာ၌၊ ပိုးလူမျိုး မှူးမတ်မျိုးနွယ်တို့သည် အချင်းချင်းအပေါ်၌ ဝန်တိုသောသဘောရှိကြသောကြောင့်၊ ဆွီဒင်စသော တိုင်းတစ်ပါးတို့မှ ဘုရင်တို့ကို ပိုလန်ဘုရင်အဖြစ်ဖြင့် ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ သို့ရာတွင်ထိုခေတ်ကာလအတွင်း၌ ပိုလန်နိုင်ငံသည် တူရကီ၊ ဆွီဒင်နှင့် ရုရှလူမျိုးတို့နှင့် မကြာခဏ စစ်ခင်းခဲ့ရလေရာ၊ ပိုလန်နိုင်ငံပိုင်နယ်မြေတို့သည် တစ်စတစ်စနှင့် လျော့ပါးသွားခဲ့လေသည်။

၁၇၇၂ ခုနှစ်တွင် ရုရှ၊ ပရပ်ရှားနှင့် ဩစတြီးယားနိုင်ငံအစိုးရတို့က ပိုလန်နိုင်ငံရှိနယ်မြေတို့ကို ခွဲဝေယူကြသည်။ ထိုကြောင့် ပိုလန်နိုင်ငံ၏ သုံးပုံတစ်ပုံနှင့် ပိုးလူမျိုး လူဦးရေ တစ်ဝက်ခန့်တို့သည် သူတပါးနိုင်ငံ၏လက်တွင်းသို့ ကျရောက်ခဲ့လေသည်။ ၁၇၉၁ ခုနှစ်မေလ ၃ ရက်နေ့ ပိုလန်နိုင်ငံသည် ဘုရင့်အာဏာများကို ချုပ်ချယ်၍၊ ဘုရင်၏အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ခန့်ထားသော အုပ်ချုပ်ရေးစနစ် တစ်ရပ်ကို ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်တစ်ရပ်ဖြင့် ရေးဆွဲပြဋ္ဌာန်းအတည်ပြုခဲ့သည်။ ဤသည်တွင် အိမ်နီးချင်းနိုင်ငံတို့က ပိုလန်နိုင်ငံ၏ ပြုပင်ပြောင်းလဲရေးတို့ကို စိုးရိမ်လာသဖြင့်၊ ၁၇၉၃ ခုနှစ်တွင် တစ်ဖန် ပိုလန်နိုင်ငံ၏နယ်မြေများကို ကျူးကျော်ခွဲဝေယူကြပြန်သည်။ ဤအကြိမ်တွင် ဒန်းဇစ်ကို

www.foreverspace.com.mm

ပရပ်ရှားဇာတ်ကယူကြသည်။ လစ်ဆွေးနီးယားနှင့် ယူကရိန်းနယ်ရှိ ဒေသအချို့တို့ကို ရုရှတို့ကသိမ်းပိုက်သည်။ ဤသို့ ပိုလန်ကိုသိမ်းပိုက်သဖြင့်ပိုးလူမျိုးတို့သည်ထကြွကြသည်။ ထိုကြောင့် ထိုထကြွပုန်ကန်ခြင်းကို ရုရှ၊ ပရပ်ရှားနှင့် ယူကရိန်းတနယ်လုံးကိုလည်းကောင်း၊ ပရပ်ရှားသည် ပိုလန် အလယ်ပိုင်းဒေသကိုလည်းကောင်း၊ ဩစတြီးယားသည် ပိုလန်တောင်ပိုင်းဒေသကိုလည်းကောင်း ၁۷၅၉ခုနှစ်တွင် အသီးအသီးသိမ်းယူလိုက်ကြပြန်လေရာ၊ လွတ်လပ်သော ပိုလန်နိုင်ငံသည် လုံးဝကွယ်ပျောက်၊ ပိုးလူမျိုးတို့သည် သူတစ်ပါးလက်အောက်သို့ ကျရောက်ခဲ့လေသည်။

ပဌမ ကမ္ဘာစစ်ကြီးအတွင်း၌ ပိုလန်နိုင်ငံ၏ လွတ်မြောက်ရေးအတွက် ပိုးလူမျိုးခေါင်းဆောင်တို့သည် ကြိုးပမ်းခဲ့ကြ၏။ စစ်အတွင်း၌ပင် ပိုလန်နိုင်ငံ၏လွတ်လပ်ရေးကိုကြေညာကြသည်။ သို့သော် စစ်ကီးပြီး၍ဗာဆေးစာချုပ်ကိုချုပ်ဆိုပြီးမှ ပိုလန်နိုင်ငံ၏ လွတ်လပ်ရေးကို နိုင်ငံအများက အသိအမှတ်ပြုခဲ့ကြလေသည်။

၁၉၃၉ခုနှစ် စက်တင်ဘာလတစ်ရက်နေ့တွင် ဟစ်တလာ ကြီးစိုးသော ဂျာမနီနိုင်ငံသည်ပိုလန်နိုင်ငံကျူးကျော်ဝင်ရောက်လေရာ၊ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားခဲ့သည်။ စစ်အတွင်းတွင်ပိုလန်နိုင်ငံသည် ဂျာမန်တို့၏လက်အောက်၌ ကျရောက်ခဲ့ရသည်။ ရုရှစစ်သည်တို့သည် ၁၉၄၅ ခုနှစ်ရောက်မှသာ ပိုလန်နိုင်ငံကို လွတ်မြောက်အောင်ကယ်တင်နိုင်ခဲ့ကြသည်။ ထိုနောက် ပိုလန်နိုင်ငံသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံ အဖြစ်ဖြင့် ပြန်လည်ပေါက်ဖွား လာခဲ့လေသည်။ (ကမ္ဘာစစ်၊ ဒုတိယ။ ဟစ်တလာ အဲဒေါ့–ရှ။)

ပိုးအက်ဂါအယ်လန်(ခရစ် ၁၈၀၉–၁၈၄၉)။ ။အက်ဂါအယ်လန်ပိုးသည် အမေရိကန်လူမျိုး ကဗျာဆရာ၊ ဝတ္ထုရေးဆရာနှင့် စာပေအကဲဖြတ်ဆရာ ဖြစ်သည်။ ကဗျာနှင့် စပ်လျဉ်းသောပိုး၏အယူအဆမှာ ကဗျာဟူသည် စိတ်လှုပ်ရှားမှုနှင့်အမှန်တရားတို့ကို ဖော်ပြခြင်းနှင့်မဆိုင်၊ ကဏ္ဍသုခဖြစ်စေခြင်းနှင့်သာ ဆိုင်သည်ဟူသောအယူအဆ ဖြစ်သည်။ ထိုကြောင့် ပိုး၏ကဗျာတို့သည် ရွတ်ဆိုရာ၌ သုတိယာယာ နာပျော်ဖွယ်ရှိသည်။ ဝတ္ထု ရေးရာ၌ကား ပိုးသည် ထူးခြားဆန်းကြယ်သော စိတ်ကူးရှိသည်။ ရင်လှိုက် သည်းဖိုဖြစ်အောင်လှုံ့ဆော်သော အကြောင်းအရာတို့ကို ဖွဲ့နွဲ့တတ်သည်။ သေခြင်းသဘောတရားကို မှုတည်၍၊ ဇာတ်ကွက်ဇာတ်အိမ်တို့ကို ဆင်ယင်လေရကား၊ သူ၏ဝတ္ထုတို့သည် ဖတ်ရှုသူတို့အဖို့ကြောက်ရွံ့ထိတ်လန့်သောရသကိုပေါ်စေသည်။ စုံထောက်ဝတ္ထုများကို ရေးသားရာ၌ စံပြုလောက်သော ပုဂ္ဂိုလ်ဖြစ်သည်။ စာပေအကဲဖြတ်ခြင်း၌ကား၊ အမေရိကန်



စုံထောက်ဝတ္ထုရေးသားမှု၌ စံပြုလောက်သည့် အက်ဂါအယ်လန်ပိုး

နိုင်ငံအဖို့ ပထမဦးစွာ ခေတ်သစ်စာပေကို အကဲဖြတ်ပေးသူ အဖြစ်ထင်ရှား၏။ သို့ရာတွင် အကဲဖြတ်ပုံမှာ အနာဂတ်အတွက် လှမ်းမြော်၍ကြည့်သော အကဲဖြတ်နည်းမျိုးပင် ဖြစ်စေကာမူ၊ ပိုး၏ အယူအဆတို့သည် အခါခပ်သိမ်းမှန်၏ဟု မဆိုနိုင်တော့ချေ။

ပိုးသည် ဗော့စတန်မြို့၌ မွေးဖွားသည်။ သူ၏မိဖုနှစ်ပါးမှာ ပြဇာတ်ကခြေသည်များ ဖြစ်ကြသည်။ ပိုး၏အသက် ၂နှစ်အရွယ်ခန့်၌ပင်လျှင် မိဖုနှစ်ပါးကွယ်လွန်သဖြင့်၊ ပိုးကို ဆေးရွက်ကုန်သည် ဂျွန်အယ်လန်ဆိုသူက မွေးစားသည်။ ထိုကြောင့် ပိုးသည် မွေးစားသောအဖအယ်လန်၏နာမည်ကိုအဖအရင်း၏အမည်နှင့်ယှဉ်တွဲ၍ယူသည်။ ပိုးသည် ငယ်စဉ်က အင်္ဂလန်ပြည်၌ ပညာသင်ရသည်၊ အသက် ၁၁နှစ်သား အရွယ်သို့ရောက်သောအခါ၊ အမေရိကန်ပြည်ထောင်စု ဗာဂျင်းနီးယား တက္ကသိုလ်၌ ပညာသင်ယူပြန်သည်။ သို့ရာတွင် ငယ်စဉ်ကပင်အလောင်းအစား ဝါသနာပါသောကြောင့် မွေးစားဖခင်ကကျောင်းနုတ်လိုက်ရာ၊ မကြာမီ သားအဖနှစ်ဦးမသင့်မတင့်ဖြစ်၍၊ ပိုးသည် အိမ်မှထွက်ပြေးလေသည်။

၁၈၂۷ ခုနှစ်တွင် ပိုးသည် ဗော့စတန်မြို့၌ အလုပ်အကိုင် အတည်အကျ မရှိသေးမီ၊ ကဗျာစာအုပ် တစ်အုပ်ကို ရှေးဦးစွာထုတ်ဝေသည်။ သို့သော် ထိုစာအုပ်နှင့် အကျိုးအမြတ်မဖြစ်ပေ။ ထို့ကြောင့် ၂နှစ်ခန့် ကြာသော်၊ စစ်ထဲဝင်

www.foreverspace.com.mm

လေသည်။ ထိုအခါ မွေးစားဖခင်အယ်လန်သည် ပိုးကို စစ်တပ်ခုနှတ်ထွက်စေ၍နာမည်ကျော် ဝက်စပ္ပါ(ဒ်)စစ်တက္ကသိုလ်တွင် ဆက်လက် ပညာ သင်ကြားစေ၏။ သို့ရာတွင် တာဝန်ဝတ္တရားပျက်ကွက်မှုကြောင့်၊ ခြောက်လမျှကြာသောအခါ ကျောင်းမှထုတ်ပယ်ခြင်းကို ခံရလေသည်။

ထိုနောက်ပိုးသည် ဗောလတီမိုးမြို့၌ အဒေါ်ဖြစ်သူနှင့် နေထိုင်ယင်း၊ ကဗျာနှင့်ဝတ္ထုတိုများကို ရေးသားထုတ်ဝေသည်။ ၁၈၃၃ခုနှစ်တွင် ဝတ္ထုတိုတစ်ပုဒ်ဖြင့် ဒေါ်လာတစ်ရာ ဆုငွေများကိုရရှိလေရာ၊ ပိုးသည် ရစ်ချမွန်ဆိုသူပိုင် မဂ္ဂဇင်းစာစောင်တွင် ဝင်ရောက်အလုပ် လုပ်ကိုင်ခွင့် ရလေသည်။ ထိုသို့ ပိုးဝင်ရောက်လုပ်ကိုင်သည်တွင် ပိုး၏ ဝတ္ထုတိုများကြောင့်ထိုမဂ္ဂဇင်းသည် မူလကထက် ခုနစ်ဆမျှ တိုးတက်ကြီးပွားလာလေ၏။

ပိုးသည် အလုပ်ကို အလွန်ကြိုးစား၍ လုပ်သော်လည်း၊ ဆင်းရဲမြဲဆင်းရဲသည်။ မွေးစားဖခင် ကွယ်လွန်သောအခါ၌လည်း၊ အမွေမရလိုက်ချေ။ ထိုနောက်၌ကား အလွန်အရက်သောက်သောကြောင့်၊ အလုပ်ပြုတ်လေသည်။ ၁၈၃၆ ခုနှစ်၌ ပိုးသည် သူနှင့် မောင်နှမဝမ်းကွဲတော်သော ဗာဂျင်နီးယားကလင်နှင့်လက်ထပ်သည်။ ထိုစဉ်က ဗာဂျင်နီးယားသည် အပျိုဘော်ဝင်စ ၁၄နှစ် အရွယ်မျှသာရှိသည်။ ထိုမှစ၍ ပိုးသည် မဂ္ဂဇင်းတိုက်အမျိုးမျိုးတို့၌ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီးလျှင် အလုပ်လည်းခဏခဏပြုတ်ရသည်နှင့် တစ်မြို့မှတစ်မြို့သို့ ရွှေ့ပြောင်းနေထိုင်ခဲ့ရ၏။ နယူးယောဂ်မြို့နှင့် ဖီလဒဲလဖီးယားမြို့တို့တွင် အလုပ်လုပ်ခဲ့ရာ၊ ၁၈၄၃ ခုနှစ်၌ ဝတ္ထုတစ်ပုဒ်အတွက်ဆုရပြန်သည်။ ၁၈၄၅ခုနှစ်၌ကား အင်္ဂလိပ်စာပေတွင်ထင်ရှားသော "ကျီးဌက်" ခေါ်ကဗျာကို ရေးလေသည်။ ၁၈၄၇ခုနှစ်၌ သူအလွန်မြတ်နိုးသောဇနီး ကွယ်လွန်သည်တွင် စိတ္တဇကြောင့်မမာမကျန်းဖြစ်၍၊ အကြိမ်ကြိမ် မိမိကိုယ်ကိုမိမိ သေကြောင်းကြံစည်ခဲ့ရာ၊ ဗောလတီမိုးမြို့တွင် ကွယ်လွန်လေသည်။ ၁၉၁၀ ပြည့်နှစ်၌ နယူးယောဂ်တက္ကသိုလ်ရှိ နိုင်ငံကျော်ပုဂ္ဂိုလ် တို့၏စာရင်း၌ အက်ဂါအယ်လန်ပိုး၏ နာမည်ကို မော်ကွန်းတင်လေသည်။

ပိုးကရင်။ ။ပိုးကရင်သည် ကရင်လူမျိုးတို့တွင် ဒုတိယလူဦးရေ အများဆုံး ဖြစ်သည်။ ၁၉၃၁ ခုနှစ်သန်းခေါင်စာရင်းအရလူဦးရေမှာ ၄၈၇၈၂၄ ယောက်ဖြစ်သည်။ စကောကရင်တို့ထက် စောစွာ အောက်မြန်မာပြည် မြေပြန့်သို့ ရောက်ရှိ၍၊ ထို၎ေသရှိ မွန်တို့နှင့် ရောနှောနေထိုင်ကြသဖြင့် မွန်ကရင်ဟုလည်းတွင်သည်။ သထုံနှင့် ကျိုက္ခမီခရိုင်တို့၌ နေထိုင်သော ပိုးကရင်တို့သည် ယင်းတို့ကိုယ်ကို ယင်းတို့ "ဟဖလုံ"ဟုခေါ်ကြ၏။ မြစ်ကျွန်းပေါ်ဒေသရှိ ပိုးကရင်တို့ကမူ "ပဖလုံ"ဟုခေါ်ကြသည်။ ထိုဟဖလုံနှင့် ပဖလုံဟူသောဝေါဟာရတို့သည် "လူ"ဟူ၍ အဓိပ္ပါယ်ရသည်။ ထိုပြင် "မွတ်ထိပ်"ဟူ၍လည်း ခေါ်ကြသည်လည်းရှိ၏။ အဓိပ္ပါယ်မှာအမိဘက်မှ ဆင်းသက်သော အမျိုးဖြစ်သည်။

ပိုးကရင်တို့ကို မြောင်းမြ၊ ပုသိမ်၊ မအူပင်၊ သထုံနှင့် ကျိုက္ခမီခရိုင်တို့တွင် အများဆုံး တွေ့ရသည်။ ထိုခရိုင်တို့တွင် တစ်ခရိုင်လျှင် ပိုးကရင်ဦးရေ တစ်သိန်းမှငါးသောင်းအထိ ရှိသည်။ ဟံသာဝတီခရိုင်တွင် ပိုးကရင် ၁၆၀၀၀ ခန့်ရှိသည်။ ဤပုံနှံ့ပုံကိုထောက်ခြင်းဖြင့် တနင်္သာရီတိုင်းမြောက်ပိုင်းနှင့် ဧရာဝတီ မြစ်ဝကျွန်းပေါ်ရှိ ပိုးကရင်တို့သည် ပုံနှံ့ခဲ့ကြသည်ဟု ယူဆရန်ရှိသည်။ နောက်စကောကရင်တို့ရောက်လာမှ ယခု ရှိရင်းဒေသနှစ်ခုသို့ ရွှေ့ရှားစုပေါင်းသွားကြဟန်တူသည်။

ပိုးကရင်တို့ ပြောဆိုသောစကားမှာ စကောကရင်စကားထက် နာသိတ(နှာသံ) အသံပို၍များသည်။ အသံတို့မှာ တို၍စူးသည်။ ဝါကျဖွဲ့ပုံကားမထူးခြားချေ။ စကောနှင့် ပိုးစကား ၁၄ လုံးတွင် ၁၃ လုံးလောက်မှာ အရင်းအမြစ်အတူတူပင်ဖြစ်သည်။ သို့ရာတွင် စကောစကားကိုသာ တတ်သူလည်း ပိုးစကားကို နားလည်နိုင်မည် မဟုတ်ပေ။

ပိုးကရင်တို့၏စာကို ခရစ် ၁၈၄၄–၄၆တွင် ဗရေတန်ဆိုသူကတီထွင်သည်။ ပိုးကရင်စာနှင့် ပဌမဦးစွာထုတ်ဝေသောကျမ်းမှာ ရှင်မဿဲခရစ်ဝင်ကျမ်း (၁၈၄၆)ဖြစ်သည်။ ထိုအချိန်မှစ၍ ပိုးစာပေပေါ်ပေါက်လာဖြစ်သည်။ ပိုးတို့မှာလည်း စကောကရင်တို့လောက် မြောက်မြားစွာ ခရစ်ယာန်သာသနာတွင်းသို့မဝင်ကြပေ။ ယဉ်ကျေးမှု တိုးတက်လာသည့်အတိုင်း၊ အမျိုးသမီးတို့၏ အမည်ရှေ့တွင် သထုံ၊ မော်လမြိုင်ဘက်၌ 'နန်'ဟူ၍လည်းကောင်း၊ မြစ်ဝကျွန်းပေါ်၌ 'နန့်'ဟူ၍လည်းကောင်း၊ အမျိုးသားတို့၏ အမည်ရှေ့တွင် 'စ'ဟူ၍ လည်းကောင်း တွဲ၍ခေါ်ကြသည်။ (ကရင်လူမျိုး–ရှု။)

ဦးဘရှင်

ပိုးချူအီ(ခရစ် ၇၇၂–၈၄၆)။ ။ပိုးချူအီသည် ၈ ရာစုနှင့် ၉ ရာစုနှစ် အများတွင်းကထင်ရှားခဲ့သော တရုတ်စာဆိုကြီးဖြစ်သည်။ တရုတ်နန်းတွင်း ကဗျာဆရာကြီး တစ်ဦးဖြစ်၍၊ ပျူခေတ်က မြန်မာနိုင်ငံမှတရုတ်နိုင်ငံသို့ သွားရောက်ခဲ့သော ပျူဂီတအဖွဲ့အကြောင်း ကဗျာရေးစပ်ခဲ့သူဖြစ်လေသည်။

ပိုးချူအီကို ၇၇၂ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် တရုတ်နိုင်ငံ မြစ်ဝါမြစ်၏တောင်ဘက်ရှိ ဟိုနန်နယ်၊ ဆင်ဂျင်မြို့ကလေး၌ ဖွားမြင်ခဲ့သည်။ ဖခင်ဖြစ်သူ ပိုးချီကင်းသည် မင်းမှူထမ်းတစ်ဦးဖြစ်၏။ ပိုးချူအီသည် အသက် ၅ နှစ် ၆ နှစ် အရွယ်ခန့်ကပင်

www.foreverspace.com.mm

တရုတ်နန်းတွင်းစာဆိုတော်ပိုးချူအီ

ကဗျာလက်ာ ရေးသားစပ်ဆိုမှုကို လေ့လာနေခဲ့ပြီ ဖြစ်၍၊ အသက် ၉ နှစ်အရွယ်တွင် သံနေသံထား ကာရန် စသည်တို့ကို နိုင်နင်းနေပြီ ဖြစ်ကြောင်းဖြင့် သူကိုယ်တိုင် ပြောပြချက်အရ သိရသည်။ သူ၏ "လက်ရာများ"ခေါ် ကဗျာပေါင်းချုပ် စာအုပ်တွင်ပါရှိသည့် ကဗျာများ သည် ရှစ်ရာမပြည့်နှစ်မတိုင်မီက ရေးသားခဲ့သော ကဗျာ များဖြစ်သည်။ ကွယ်လွန်သွားသောမိတ်ဆွေများ၊ ရာသီဆိုး များနှင့် ကွဲကွာနေသော ညီအစ်ကို မောင်နှမများအ ကြောင်း ဖွဲ့နွဲ့စပ်ဆိုထားသည်သာများသည်။

ပိုးချူအီသည် ဖခင်ကဲ့သို့ပင် မင်းမှုထမ်းတစ်ဦး ဖြစ်ခဲ့ သည်။ သူသည် ဝန်ထမ်းစာမေးပွဲများကိုအဆင့်ဆင့် ဖြေဆို အောင်မြင်ခဲ့ပြီးလျှင် ပြည်နယ်ဘုရင်ခံရာထူး၊ ဘုရင့်အတွင်း ဝန်ရာထူးနှင့် အပြစ်ပေးရေး ဘုတ်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ရာထူး အစရှိသည့် ရာထူးဌာနန္တရကြီးများတွင်းပင် ဝင် ရောက်အမှုထမ်းခဲ့ရသည်။ ထိုသို့မင်းမှုထမ်းနေရသည့် သက်တမ်းတစ်လျှောက်တွင် ရတတ်သမျှသောအားလပ် ချိန်များ၌ ကဗျာလက်ာ အမြောက်အမြား ရေးသားစပ်ဆို ခဲ့လေသည်။ ယင်းတို့အနက် "ထာဝရအမှား"ခေါ် ကဗျာရှည်ကြီးနှင့် "စောင်းတီးလုံမပျိုသီချင်း"တို့ကား အထူးထင်ရှားဖြစ်၏။

ပိုးချူအီသည် ဘုရင့်အတွင်းဝန်အဖြစ်အမှုထမ်းနေခိုက် ၈၀၂ ခုနှစ်တွင် ပျူဘုရင် ဟွန်ချီအန်သည် သားတော် ရှူနန်တို ခေါင်းဆောင်သော ပျူဂီတအဖွဲ့တစ်ဖွဲ့ကို တရုပ် နိုင်ငံ ဆီအန်ဖူးမြို့တော်သို့စေလွှတ်ခဲ့၍၊ တရုတ်ဧကရာဇ် ဘုရင်၏ ရှေ့တော်မှောက်၌ ကပြအသုံးတော်ခံခဲ့ရလေ သည်။ တစ်နန်းတော်လုံး ပျူဂီတအဖွဲ့ကို နှစ်သက်ကြ ကြောင်းကို ပိုးချူအီက ကဗျာစပ်ဆိုခဲ့လေသည်။

ပိုးချူအီသည် အသက် ၇၄နှစ်အရွယ် ၈၄၆ ခုနှစ် သြဂုတ်လတွင် ကွယ်လွန်လေသည်။ မည်သည့်ရောဂါနှင့် မည်သို့ကွယ်လွန်သည်ကိုမူ အတိအကျမသိရချေ။

ပိုး၏ကဗျာများကို အလွန်လူကြိုက်များလှသည်။ နန်းတော်နံရံများ၊ တာအို ဘုန်းကြီးကျောင်း၊ ဗုဒ္ဓအယူ ဝါဒီ ဘုန်းကြီးကျောင်း စသည်တို့၏နံရံများ၌ ပိုး၏ကဗျာ များကို ရေးထိုးထားလေ့ရှိသည်။ မင်းညီမင်းသားမျိုးမတ် များမှအစ၊ နွားကျောင်းသားများ၊ မင်းလုလင်များအထိ ပိုး၏ကဗျာများကို နှုတ်၌ ရွရွရွတ်ဆိုနေတတ်ကြသည်။ ပိုး၏ကဗျာများကိုကူးယူရိုက်နှိပ်၍ ဈေး၌ရောင်းခြင်း၊ လက်ဖက်ခြောက်၊ အရက် စသည်တို့နှင့် လဲလှယ်ခြင်းပင် ပြုလုပ်ကြသည်။ အချို့လက်လုပ်လက်စား အလုပ်သမား များသည် သူတို့၏ကိုယ်ပေါ်၌ပင် ပိုး၏ကဗျာများကို စုတ်နှင့် ရေးထိုး၍ထားကြသည်ဟု ဆိုလေသည်။

ပိုးချူအီ၏စာပေကို ထိုခေတ်က တရုတ်နိုင်ငံ၌သာ မက ဂျပန်နိုင်ငံ၌ပင် အမြတ်တန်းဆည်းပူးကြသည်။ ပိုး၏ ကဗျာများကို ဘုရင့်အမိန့်နှင့်စုဆောင်းပြီးနောက် ကျောက် ထက်အက္ခရာတင်၍ပင် ထားခဲ့လေသည်။

ပိုးခြည်။ ။ပိုးခြည်သည် ဝါခြည်ကဲ့သို့ အပင်မှရသော ခြည်မျှင်မျိုးမဟုတ်ဘဲ၊ ပိုးကောင်မှထွက်သော ခြည်မျှင် မျိုးဖြစ်သည်။ ရှေးအခါက ပိုးခြည်ဖြင့် ရက်လုပ်သော အဝတ်အထည်သည် တန်ဖိုးအလွန်ကြီးသဖြင့် ဘုရင့် အထည်အလိပ်ဟုပင် ခေါ်ခဲ့ကြသည်။

ပိုးခြည်ကိုလွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကပင် တရုတ်လူမျိုးတို့စတင်တွေ့ရှိကြသည်။ ပိုးခြည်စတင်တွေ့ရှိ ပုံနှင့် စပ်လျဉ်း၍ ရှေးဟောင်းပုံပြင်အများအပြားရှိခဲ့သော် လည်း၊ တရုတ်ဧကရာဇ် ဘုရင်တပါး၏ မိဖုရားဆီလင်ရှီနှင့် ဆက်သွယ်နေသော ပုံပြင်တစ်ခုကိုကား လူသိများ၍ အများ လက်ခံနေကြသည်။ ဘီစီ ၂၇၀၀ခန့်က ဆီလင်ရှီ မိဖုရား ကြီးသည် ဥယျာဉ်တွင်း၌ လက်ဖက်ရည်သောက်နေစဉ် ပိုးစာပင်တပင်ကိုမော့ကြည့်မိရာဖြူဖြူတုတ်တုတ် ပိုးကောင် တစ်ကောင်သည် ပါးစပ်မှ တောက်ပသောခြည်မျှင်ကလေး များကိုထုတ်ကာ မိမိကိုယ်ကိုပင် မိမိပတ်နေသည်ကိုမြင် သဖြင့် အံ့သြစွာ ကြည့်နေမိလေသည်။ ထိုနောက် ပိုးအိမ်

www.forewerspace.com.mm

ကို ဖြုတ်ယူပြီးလျှင် သူသောက်နေသောလက်ဖက်ရည်တွင် စိမ်လိုက်သည်။ ပိုးအိမ်ဖျော့သွားသောအခါ ပိုးမျှင်ကို စိတ်ကိုရှာ၍ ဂရုတစိုက် ဖြေကြည့်ယင်း၊ ထိုပိုးမျှင်ဖြင့် အထည်ရက်လျှင်ကောင်းမည်ဟု စိတ်ကူးရလာ၏။ ထိုကြောင့် မိဖုရားသည် နန်းတော်ထဲသို့ဝင်ကာ ပိုးစာပင်စိုက်ရန် ဘုရင့်ထံမှမြေကွက်တောင်း၍၊ ရသောအခါ ပိုးမျှင်ကောင်များကို မွေးလေသည်။ ယင်းပိုးမျှင်ကောင်များမှရသောပိုးခြည်မျှင်ဖြင့် အလွန်လှပသည့်အထည်ရက်လုပ်ကာ၊ အဝတ်အစားများ ချုပ်လုပ်ရာမှအစ ပိုးထည်များစတင် ပေါ်ပေါက်သည်ဟု အဆိုရှိသည်။ ထိုမိဖုရားအမည်ကိုယူ၍ ပိုးထည်ကိုလည်း တရုတ်ဘာသာဖြင့် ဆီဟုခေါ်လာကြလေသည်။

အထက်ပါပုံပြင်သည် အမှန်ဟုတ်သည် မဟုတ်သည်ကို မည်သူမျှ ဒိဋ္ဌမပြောနိုင်သော်လည်း ဆီလင်ရှိမိဖုရားခေတ်နောက်အနှစ် ၂၀၀၀ ကျော်အထိ ပိုးခြည်ထုတ်လုပ်နည်းကို တရုတ်လူမျိုးမှတစ်ပါး ကမ္ဘာပေါ်ရှိမည်သည့်လူမျိုးမျှ မတတ်မသိကြသည်မှာအမှန်ဖြစ်သည်၊ ပိုးခြည်ထုတ်လုပ်နည်းကို တရုတ်လူမျိုးတို့သည် အထူးလျှို့ဝှက်ခဲ့ကြသည်။ ပိုးကောင်နှင့်ဥများကို ခိုးယူသူအား သေဒဏ်အပြစ်ပင်ပေးခဲ့သည်။ ပိုးခြည်များကိုမူ အနောက်နိုင်ငံများသို့ ကုန်းလမ်းဖြင့်တင်ပို့ရောင်းချရာ ယင်းလမ်းမကြီးကိုပင် 'ပိုးခြည်လမ်း' ဟု ခေါ်စမှတ်ပြုကြသည်။ အေဒီ ၅၅၀ခန့်တွင် ဗိုင်ဇင်းတိုင် ဇကရာဇ်ဂျပ်စတင်းနီးယန်းဘုရင်သည် တရုတ်နိုင်ငံသို့ရောက်ဖူး၍၊ ပိုးခြည်ထွက်သော ပိုးမျှင်ကောင်များအကြောင်းကောင်းစွာသိသော ပါးရှင်းဘုန်းကြီး ၂ ပါးအား တရုတ်နိုင်ငံသို့သွားရောက်၍ ပိုးဥများကို ခိုးထုတ်ခဲ့ရန် မှာကြားစေလွှတ်လိုက်၏။ နှစ်အတော်ကြာမှ ထိုဘုန်းကြီး ၂ပါးသည် ပိုးမျှင်ဥအနည်းငယ်ကို ခိုးထုတ်လာနိုင်ခဲ့သဖြင့် ကွန်စတန်တီနိုပယ်မြို့အနီးတွင် ပိုးမွေးမြူရေးလုပ်ငန်းစတင်လုပ်ကိုင်ကြသည်။ ယင်းမှတစ်ဆင့် စပိန်၊ ဣတလီ၊ ပြင်သစ်နိုင်ငံများသို့ ပျံ့နှံ့သွားလေသည်။ ယခုခေတ်တွင်မူ ပိုးမွေးမြူရေးလုပ်ငန်းသည် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားရာ ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပိုးခြည်ရိုင်းအထွက်ဆုံးနိုင်ငံဖြစ်လာသည်။ တရုတ်နိုင်ငံမှာမူ ဒုတိယအများဆုံးထွက်သော နိုင်ငံဖြစ်သည်။

ပိုးခြည်မျှင်သည် အမျှင်များတို့တွင် အခိုင်ခံ့ဆုံးအမျှင်တစ်မျိုးဖြစ်သည်။ ပိုးမျှင်တစ်မျှင်၏ခိုင်ခံ့အားသည် အရွယ်တူ သံဝိုင်ယာကြိုးခိုင်ခံ့အား၏ သုံးပုံ ၂ပုံခန့်ရှိသည်။

ပိုးမျှင်ကောင်များထားသော ဆန်ကာခွက်အောက်၌ ပိုးစာရွက်များကို သီးခြားထားရသည်။ ပိုးမျှင်ကောင်များသည် ဆန်ကာပေါက်များမှတစ်ဆင့် ပိုးစာရွက်များကို စားကြသည်။

www.foreverspace.com.mm

ပိုးခြည်ရယူရာဖြစ်သော ပိုးအိမ်များကို ပိုးစာရွက်များမှ ဖယ်ရှားယူရသည်။

ပိုးခြည်သည် ရုန်းကန်သတ္တိနှင့် ပြည့်စုံသည့်ပြင် ချောလည်း ချောမွတ်သည်။ ထိုကြောင့် အညစ်အကြေး လွယ်ကူစွာ မကပ်နိုင်ချေ။

ပိုးခြည်ကို ပိုးဖလံတမျိုး၏ ပေါက်ဖတ်သို့မဟုတ် အကောင်လောင်း(ပိုးမျှင်ကောင်)မှ ရရှိသည်။ ပါဏာဗေဒအလိုအားဖြင့် ယင်းပိုးဖလံကို ဗွန်ဗင့်မိုရီဟုခေါ်သည်။ ယင်းပိုးဖလံသည် အဖြူရောင်ဖြစ်၍ အတောင်တွင် အနက်စင်းရှိသည်။ အကောင်အတန်ပင်ကြီး၍ တိုတုတ်တုတ်ဖြစ်သည်။ ခြေထောက်တုတ်ခိုင်သည်။ အတောင်တစ်ဖက်စွန်းမှ တစ်ဖက်စွန်းအထိ ၂ လက်မခန့်ရှိသည်။

ယင်းပိုးဖလံမျိုးသည်လည်း အခြားပိုးဖလံများနည်းတူ အသွင်ပြောင်းလဲရာတွင် လေးဆင့်ပြောင်းရသည်။ ထိုလေးဆင့်မှာ (၁)ဥ၊ (၂) ပေါက်ဖတ်၊ (၃) ပိုးတုံးလုံးနှင့် (၄)ပိုးကောင်ကြီးတို့ဖြစ်သည်။ ဗွန်ဗင့်မိုရီပိုးဖလံအမတစ်ကောင်သည် ဥ ၂၀၀ မှ ၅၀၀အထိ အုတတ်ကြသည်။ ယင်းပိုးဖလံကောင်ရိုင်းသည် ဥများကို ပိုးစာပင်၌အုပ်၏။ ဥများမှ ပေါက်သောအကောင်လောင်း (ပိုးမျှင်ကောင်)များသည် တဖြည်းဖြည်းကြီးထွားလာလေသည်။ သို့သော် ယခုအခါ၌ ပိုးမျှင်ကောင်များကို အထူးဂရုစိုက်၍မွေးမြူကြလေသည်။ ယင်းတို့ကို မွေးမြူရာ၌ အိမ်တွင်း၌ပင် အပူအအေးကို အထူးမျှတအောင်ပြုပြင်ပေးကြရလေသည်။ ယင်းတို့ကို ခြင်၊ ယင်နှင့် အခြား ပိုးကောင်တို့၏ ရန်မှလည်း ကာကွယ်ပေးကြရသေးသည်။ ပိုးမျှင်ကောင်များကိုမကိုင်တွယ်မီ လူ၏လက်များကို အထူးသန့်ရှင်းစေရန် ဆေးကြောကြရလေသည်။ ပိုးမျှင်ကောင်များ ပိုးခြည်များနှင့်ရစ်ပတ်၍ အိမ်ဖွဲ့နေချိန်၌ ယင်းတို့ကိုထားရာ အနီးတစ်ဝိုက်၌ လူသံသူသံကျယ်လောင်စွာမဖြစ်စေရန်သတိပြုကြရသည်။ အသံကျယ်စွာစကားပြောမိလျှင်ပိုးကောင်များသည် ခြည်မျှင်မထုတ်ဘဲ နေတတ်သောကြောင့် ဖြစ်သည်။

နွေရာသီ စောစောပိုင်းတွင် ဗွန်ဗင့်မိုရီ ပိုးဖလံအမများသည် ပိုးမွေးသူများ အသင့်စီမံထားသော စက္ကူများအပေါ်၌ ဥများကို ဥကြ၏။ ထိုဥများကို သိမ်းယူ၍ အအေးခန်းများတွင် နောက်နွေကူးရာသီ၌ ဖောက်ရန်အတွက်သိုလှောင်ထားကြသည်။ နောက်သုံးလေရက်ခန့် ကြာသောအခါ ထိုပိုးဖလံများ သေကုန်ကြလေသည်။

နွေကူးရာသီသို့ရောက်လာ၍ ပိုးစာပင်အဖြူ၌ အရွက်စိမ်းများ ထွက်လာသည်နှင့်တစ်ပြိုင်နက် ပိုးမွေးသူများသည် သိုလှောင်ထားသော ပိုးဥများကို ထုတ်ယူကြ၏။ တရုတ်

www.foreverspace.com.mm

နှင့် ဂျပန်နိုင်ငံတို့၌ ပိုးဥများကို စုပေါင်းဖောက်သော ဥဖောက်ကိရိယာ ထားရှိလေသည်။ သို့သော် ပိုးခြည်များကို အမြောက်အမြားထုတ်လုပ်သူများတွင် သီးခြားဥဖောက်ကိရိယာများရှိကြသည်။

ဥမှပေါက်စပိုးကောင်ကလေးသည် ဖြူ၍၊ အရှည်သည် တစ်လက်မ၏ရှစ်စိတ်တစ်စိတ်မှ လေးစိတ်တစ်စိတ်အထိရှိသော်လည်း ကိုယ်လုံးသည် ဆံခြည်မျှင်ထက်ပို၍မကြီးချေ။ ထိုအချိန်တွင် ပိုးမွေးသူများအလုပ်စ၍များကြလေသည်။ ပိုးလောင်းကလေးများသည် ပိုးစာရွက်အစိမ်းများကို အထူးကြိုက်နှစ်သက်ကြသဖြင့် ပိုးမျှင်ကောင်မွေးသော တစ်အိမ်ထောင်လုံးသည် ယင်းပိုးလောင်းကလေးများအား ပိုးစာရွက်ကျွေးရသော အလုပ်ဖြင့်မအားကြချေ။ ရက်သတ္တငါး ပတ်ကြာမျှ ဆက်၍ အကောင်လောင်းများသည် ပိုးစာရွက်များကို စားကြ၏။ ထိုအချိန်အတွင်း ပိုးမျှင်ကောင်များနေ့စဉ်စားသောပိုးစာရွက်များသည် ယင်းတို့၏ကိုယ်အလေးချိန်နှင့် အတူတူပင်ဖြစ်၏ယင်းတို့၏ကြီးထွား ခြင်းသည်လည်းအလွန်လျင်မြန်လေသည်။ ရက်သတ္တငါးပတ်ကြာသောအခါ ပိုးမျှင်ကောင်သည် အလျားသုံး လက်မခန့်ရှည်ပြီးလျှင် လက်မဝက်ခန့်တုတ်လာလေသည်။ ယင်းတို့၏ကိုယ်ထည်၌ အပိုင်းဆယ့်နှစ်ပိုင်းရှိ၏။ ထိုကိုယ်ကိုထောက်မရန် ခြေအစစ်သုံးစုံအပြင် ကိုယ်နောက်ပိုင်း၌ ခြေထောက်နှင့်တူသောအသားပိုငါးစုံလည်း ရှိသေးသည်။ ထိုအချိန်၌ပိုးမျှင်ကောင်သည် ပိုးအိမ်ဖွဲ့ရန် အသင့်ဖြစ်နေသည့်အလျောက် အစာမစားတော့ဘဲ ခေါင်းကိုထောင်၍ ရှေ့တိုးနောက်ဆုတ်ပြုကာ ပိုးမျှင်စချည်ရန် သစ်ကိုင်းကိုရှာတတ်သည်။ ထိုအခါပိုးမွေးသူသည် အသင့်ပြုလုပ်ထားသော ပိုးအိမ်ကလေး တစ်ခုတစ်ကောင်ကျ စီချပေးရသည်။ ပိုးမျှင်ကောင်၏ ကိုယ်ထဲရှိ ဂလင်းနှစ်ခုမှ ကော်နှင့်တူသောအရည်များ အပေါ်နှုတ်ခမ်းရှိ အပေါက်တစ် ပေါက်မှထုတ်ပေး၏။ ထိုအစေးများ လေနှင့်ထိသည်နှင့်တပြိုင်နက်မာသွားပြီးလျှင် ပိုးခြည်များဖြစ်သွား၏။ ပဋမတွင် ပိုးမျှင်ကောင်သည် ပိုးအိမ်၏အပေါ်ဖုံးအတွက် ပိုးခြည်စိမ်းများကိုထုတ်ပေးသည်။ ထိုနောက်ပိုးခြည်မျှင်အရှည်ကို တောက်လျှောက်ထုတ်ကာ ယင်း၏ကိုယ်ကို ရစ်ပတ်ပေးလေသည်။ ထိုသို့ ပိုးမျှင်ကောင်သည် ပိုးခြည်ကိုထုတ်သည်နှင့်အမျှ ကိုယ်လုံးသည်လည်း ပိုးအိမ်တစ်ခုတွင် ပိုး ခြည်မျှင် ကိုက် ၅၀၀မှ ၁၂၀၀ထိ ရှိတတ်သည်။ ပိုးမျှင်ကောင်တို့သည် ပိုးခြည်အိမ်ကို ၇၂ နာရီနှင့် အပြီးလုပ်ကြသည်။

ပိုးအိမ်ကို အနှောင့်အယှက် မပြုလုပ်လျှင် ရက်သတ္တပတ် နှစ်ပတ် သို့မဟုတ် သုံးပတ်အတွင်းတွင် ပိုးမျှင်ကောင်သည် ပိုးဖလံအငယ်စားအဖြစ်သို့လည်းကောင်း၊ ပိုးတုံးလုံးအဖြစ်သို့လည်းကောင်း ပြောင်းလဲသွားမည် ဖြစ်ပြီးလျှင် ပိုးအိမ်ကိုဖောက်၍ အပြင်သို့ထွက်သွားပေမည်။ သို့သော် ပိုးခြည်ရောင်းချသူများသည် ဤသို့အဖြစ်မခံကြချေ။ ပိုးဖလံအချို့ကိုသာ နောင်နှစ်ဥဖောက်ရန် ချန်လှပ်၍ ပိုးအိမ်များကိုမဖျက်ဆီးဘဲထားကြပြီးလျှင် ကျန်ပိုးခြည်ထုတ်ယူမည့်ပိုးအိမ်များကိုမူ အတွင်းမှပိုးကောင်များကို အပူတိုက်၍ သတ်ပစ်ကြသည်။ ထိုသို့သတ်ပြီးသောအခါ ပိုးအိမ်ကို ရေနွေးတွင်မိနစ်အနည်းငယ်ခန့်စိမ်၍ ဝက်မှင်ဘီးဖြင့်မွှေပေးရသည်။ ထိုအခါ ကော်သည် ပျော့သွားလေသည်။ ယင်းသို့ မွှေပေးစဉ် ဘီးတွင်ပါလာသောပိုးအိမ်အပြင်ဘက်ရှိ ပိုးခြည်စိမ်းကို ဖယ်ပစ်ရသည်။ ထိုနောက် ပိုးအိမ်လေးငါးခုမှ အစများကိုစုယူ၍ အပ်ပေါက်နှင့် တူသည့် အပေါက်တွင်းသို့သွင်းကာ ကြိုးလွန်ဖြစ်အောင် ကျစ်လိုက်သည်။ ယင်းသို့ ကျစ်ပြီးကြိုးလွန်းကို ရစ်လုံးတွင် ရစ်ရသည်။ ရစ်လုံးပြည့်သည့်အခါ ပိုးခြည်ကို ပိုးခြည်ခင်ကြီးအဖြစ် လုပ်ယူကြသည်။ ယင်းကို ပိုးရိုင်းအဖြစ် စက်ရုံကြီးများသို့ တင်ပို့ရသည်။ ရစ်ပြီး ပိုးခြည်တစ်ပေါင်ရစေရန် ပိုးအိမ်ပေါင်း ၂၀၀၀မှ ၅၀၀၀ အထိကို ရစ်ယူကြရသည်။ အမြန်ဆုံး ပိုးခြည်ရစ် သမားသည် တစ်နေ့လျှင် တစ်ပေါင်၊ သို့မဟုတ် ၂ ပေါင် မျှသာပြီးသည်။ အချို့ ပိုးခြည်မျှင်များသည် အလွန်သေးငယ်ရကား ခြည်မျှင်အရှည်မိုင် တစ်ထောင်ခန့်ရစ်မှ တစ်ပေါင်ခန့်ရသည်။

ပိုးခြည်ကျစ်ယူရန် ပိုးအိမ်များကို ဤသို့သီတန်းထားလေ့ရှိသည်။

www.foreverspace.com.mm

ပိုးမျှင်ကောင်မွေးမြူသော အတတ်တွင် ကျွမ်းကျင်မှုလို၏။ ပဋ္ဌမတွင် ပိုးစာပင်များကိုစိုက်ပျိုးရ၏။ ထိုနောက် ဥများကို စောင့်ရှောက်ရပြီးလျှင် ပေါက်ဖတ်များကိုကြီးထွားနေချိန်၌ စောင့်ရှောက် ရပြန်သည်။ ပေါက်ဖတ်များသည် ရောဂါများနှင့် အနှောင့်အယှက်များ၏ ဒဏ်များကိုခံကြရတတ်သည်။ တစ်ခါက ပြင်သစ်နိုင်ငံရှိ ပိုးခြည်လုပ်ငန်းကြီးကို ပိုးမျှင်ကောင်များတွင်ကျရောက်သည့် ရောဂါကြောင့် ကြီးစွာအနှောင့်အယှက် ဖြစ်ခဲ့ဖူးသည်။ ထိုအခါ ပြင်သစ်လူမျိုး သိပ္ပံပညာရှင် ပါးစတား၏ အကူအညီကိုရယူခဲ့ရပေသည်။ ထိုပညာရှင်က သေသွားသည့်ပိုးဖလံမကို စစ်ဆေးသော စနစ်တစ်ခုကို ထွင်ပေးခဲ့၏။ အစစ်ဆေးခံရသည့် ပိုးဖလံမ၌ရောဂါရှိသည်ကိုတွေ့ရလျှင် ထိုပိုးဖလံမက ဥထားသည့် ဥများအားလုံးကို ဖျက်ဆီးပစ်ရလေသည်။ ထိုစံနစ်ကို ယခုတိုင် အသုံးပြုနေကြလေသည်။ ပိုးဖလံမတစ်ကောင်က ဥသည့် ဥများကို ထိုပိုးဖလံကောင်အားစမ်းသပ်ပြီးသည်အထိ အတူထားကြရသည်။

ပိုးခြည်ကြမ်းထုတ်ပေးရာတွင် အထူးစျေးနှုန်းချိုသာသောလူ့လုပ်အားလို၏။ အဘယ်ကြောင့်ဆိုသော် ပေါက်ဖတ်များကိုစောင့်ရှောက်ရခြင်း၊ ပိုးခြည်ကြမ်းကို ပြုလုပ်ရခြင်းတို့သည် အများအားဖြင့် လက်နှင့် လုပ်ရခြင်းတို့ကြောင့် ဖြစ်သည်။ ယခုအခါတွင် ပိုးခြည်များ ရစ်လုံးဖြင့် ရစ်ခြင်းကို စက်ဖြင့် ပြုလုပ်နိုင်ကြပေပြီ။ ထိုကြောင့် လုပ်ငန်းပိုမို တွင်ကျယ်မရုံမက ပို၍ညီညာသော ပိုးခြည်မျှင်များလည်း ရနိုင်သည်။ ပိုးခြည်မျှင်များကို ဂျပန်၊ အိန္ဒိယ၊ တရုတ်၊ ပြင်သစ်နှင့်တူရကီတလီနိုင်ငံတို့မှ အမြောက်အမြားရရှိသည်။ အိန္ဒိယနိုင်ငံရှိ ဗင်္ဂလား ပြည်နယ်သည် ပိုးခြည်များထုတ်လုပ်ရာတွင် အကောင်းဆုံးဒေသဖြစ်သည်။ ထိုဒေသ၌ တစ်နှစ်အတွင်း ပိုးကောင်များကို သုံးလေးကြိမ်မျှ ဖောက်ပေးနိုင်လေသည်။ အခြားနိုင်ငံများ၌မူ တစ်နှစ်တွင် တကြိမ်၊ သို့မဟုတ် နှစ်ကြိမ်မျှသာ ပိုးအိမ်များကိုရယူနိုင်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်နိုင်ငံမှ ပိုးခြည်များ မရနိုင်သဖြင့် အမေရိကန် ပြည်ထောင်စုနှင့် ဗရာဇီးနိုင်ငံတို့တွင် ပိုးမျှင်ကောင် မွေးမြူခြင်းကို စမ်းသပ်ခဲ့ကြသည်။

ပိုးရိုင်းများသည် ပိုးအိမ်မှထွက်လာသော ပိုးခြည်များ



ဂျပန်နိုင်ငံတွင် ပိုးခြည်လုပ်ငန်းသည် ကြီးကျယ်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။

www.foreverspace.com.mm

ထက်ပိုရှိနိုင်ခဲ့လေသည်။ သို့သော် အထည်များရက်လုပ်ရန်ကားမကောင်းလှသေးချေ။ စက်ရုံသို့ရောက်လာသော ပိုးများကို ပဌမရေဆေးရှိ ခြောက်အောင်ပြုလုပ်ပေးရသည်။ ထိုနောက် ထုံးနေသောပိုးမျှင်များကို ချောသွားစေရန် အသေထပ်ထားသော သတ္တုပြားများကြားသို့သွင်းရှိ ဆွဲထုတ်ယူသည်။ ထိုနောက်ယက်ဖောက်ကြီးများနှင့်ပတ်ယူသည်။ ထိုယက်ဖောက်နှစ်ခုသုံးခုမှ ပိုးခြည်များကိုယူ၍ ပိုးခြည်အကြီးဖြစ်အောင် စက်ဖြင့်ကျစ်ကြရသည်။

ထိုသို့ ပြုလုပ်ပြီးသည့်တိုင်အောင် ပိုးခြည်ထဲ၌အစေးများ ကျန်ရှိနေသေးသည်။ ထိုကြောင့် ဆပ်ပြာရည်ပူပူထဲတွင်နှစ်၍ အစေးများကို ချွတ်ပစ်ကြရသည်။ ထိုသို့ပြုလုပ်ပစ်မှ အရောင်ဆိုးရာ၌ ဆေးပို၍စွဲသည်။ သို့သော် အစေးကုန်သဖြင့်ပိုးခြည်အလေးချိန် ၂၅ မှ ၃၀ ٪ အထိလျော့သွားတတ်သည်။ ယင်းသို့အလေးချိန်လျော့မသွားစေရန် သံဖြူ၊ ခဲ၊ သို့မဟုတ် သံတို့၏ဓာတ်ဆားများကို ထည့်ပေးကြသည်။ ဓာတ်ဆား အထည့်ကန့်သတ်ချက်ထက် လွန်သွားလျှင် မကောင်းဟုယူဆကြသည်။ ပိုးခြည် အကောင်းဆုံးအစားများကို အလေးချိန်စီးရန် မပြုလုပ်ကြချေ။ ယင်းကို ပိုးစစ်အဖြစ် ရောင်းချကြသည်။

ယင်းပိုးခြည်မျှင်များကို စက်ရက်ကန်းနှင့်ဖြစ်စေ၊ လက်ရက်ကန်းနှင့်ဖြစ်စေ အထည်အလိပ် ရက်ကြသည်။ ခေတ်မီနိုင်ငံကြီးများရှိ စက်ရက်ကန်းများကို လျှပ်စစ်အားနှင့် အသုံးပြုကြသည်။ တရုတ်နိုင်ငံတွင်မူ လုပ်ခ ဈေးနှုန်းသက်သာသဖြင့် လက်ဖြင့်ပင်ပိုးထည်များကို ရက်ကြလေသည်။ ထိုသို့ လက်ဖြင့်ရက်သည့် ပိုးထည်များ၏ ဈေးနှုန်းများသည် အလွန်ကြီးမြင့်ကြလေသည်။

မြန်မာနိုင်ငံ၊ မေမြို့၌ အစိုးရပိုးမွေးမြူရေးခြံကြီး ပြုလုပ်၍ ပိုးခြည်များ ထုတ်လုပ်ရန် စီစဉ်လျက်ရှိသည်။ မန္တလေး၊ ရွှေတောင်နှင့် ရှမ်းပြည်နယ်အင်းလေး ပိုးထည်များသည် အလွန်ကျော်ကြားသည်။

ပိုးစာပင်။ ။ရကၠဗေဒအလိုအားဖြင့် ပိုးစာပင်သည် 'မိုရေးစီအီး' မျိုးရင်းတွင် ပါဝင်သည်။ ထင်ရှားသည့် မျိုးစိတ်များမှာ 'မိုးရပ်အဲလဗား' (အဖြူ)၊ 'မိုးရပ်နိုဂရာ' (အမည်း) နှင့် 'မိုးရပ်ရှုဗရာ' (အနီ) ပိုးစာပင်များ ဖြစ်သည်။ ပိုးစာပင်တို့ကို သမပိုင်းရာသီဥတုများရှိသည့် ကမ္ဘာသစ်နှင့်ကမ္ဘာဟောင်းဒေသများတွင်တွေ့နိုင်သည်။ ထိုအပင်တို့ကိုပိုးခြည်မျှင်ရရှိရေးအတွက်လည်းကောင်း၊ အသီးအတွက်လည်းကောင်း အလှအပအတွက်လည်းကောင်း စိုက်ပျိုးကြသည်။ အဖြူ၊ အမည်းနှင့်အနီပိုးစာပင်များဟုခွဲခြားခြင်းသည် အသီး၏ အရောင်များကိုလိုက်ကာ ခွဲခြားခြင်းဖြစ်သည်။

ပိုးစာပင်၏ ရွက်နများကိုစားကာ၊ ပိုးခြည်မျှင်များပြု

ပိုးစာပင်၏ အရွက်နှင့် ပိုးအိမ်ပိုးဥများ

လုပ်ပေးသည့် ပိုးမျှင်ကောင်များက ပိုးအိမ်များကိုပြုလုပ်ပေးကြသည်။ ထိုပိုးအိမ်မှ ပိုးခြည်မျှင်များဖြင့် လူတို့၏လှပသောအဝတ်အထည်များကို ချုပ်လုပ်ယူကြသည်။ ပိုးခြည်များပြုလုပ်ပေးသည့် ပိုးမျှင်ကောင်တို့စားသောက်သော ပိုးစာပင်မှ ပိုးစာပင် အဖြူမျိုးဖြစ်သည်။ ထိုပိုးစာပင်မျိုးသည် တရုတ်နိုင်ငံ၌ပင်ရင်းဒေသအဖြစ် ပေါက်ရောက်သည်။ ထိုကမ္ဘာအမေရိကန်နိုင်ငံသို့ ပိုးခြည်အတွက် ပိုးမျှင်ကောင်များကိုမွေးမြူရန် ပြောင်းရွှေ့စိုက်ပျိုးခဲ့ကြလေသည်။ ပိုးခြည်များကို ပြုလုပ်ပေးသည့်ပိုးမျှင်ကောင်များ မွေးမြူသည့်လုပ်ငန်းသည် အမေရိကန်နိုင်ငံ၌မအောင် မြင်ခဲ့သော်လည်း၊ ပိုးစာပင်အဖြူမျိုးသည် မြောက်အမေရိကတိုက်တွင် အထူးအောင်မြင်စွာပေါက်ရောက်ခဲ့သည်။ ပိုးခြည်မျှင်အတွက် ပိုးစာပင်များကိုစိုက်ပျိုးကြသဖြင့် အောင်မြင်ကြသော နိုင်ငံများမှာ တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ ပြင်သစ်၊ ပါးရှားနှင့် တူရကီတို့ ဖြစ်သည်။ ပိုးစာပင်အမည်းမျိုးကို ဥရောပတိုက်တွင်စိုက်ပျိုးကြရာ၊ ထိုအပင်မျိုးကို ဥရောပတိုက်တွင် စိုက်ပျိုးကြရာ၊ ထိုအပင်မျိုးကို ပါးရှားပြည်မှ ယူဆောင်စိုက်ပျိုးသည်ဟု ယုံကြည်ရလေသည်။ ထိုပိုးစာပင်မျိုးမှသီးသော အမည်းရောင်နီးပါးရှိသည့် ပိုးစာသီးကြီးများသည် အရည်ရွှမ်း၍ အရသာနှင့်ပြည့်စုံလှသည်။ မြောက်အမေရိကတိုက်

www.forevermyplace.com.mm

တွင် ပင်ရင်းဒေသအဖြစ်ပေါက်သောပိုးစာပင်အနီမျိုးတွင် နှစ်သက်ဖွယ်ကောင်းသည့် အချဉ်အရသာရှိသောအသီးများ သီးသည်။ ဥရောပတိုက်ရှိ အချို့ဒေသများတွင် ပိုးစာပင်အနီမျိုးကို အခြားအပင်များထက်ပို၍ စိုက်ပျိုးကြလေသည်။ ထိုသို့စိုက်ပျိုးကြခြင်းမှာ ထိုပိုးစာပင်မျိုးသည် ရာသီဥတုဒက်ကို ခံနိုင်ရည်ရှိခြင်းကြောင့်ဖြစ်သည်။ အခြား ပိုးစာပင်မျိုးများကို စိုက်ပျိုးကြခြင်းမှာ အလှအပအတွက်ဖြစ်သည်။ ပိုးစာပင်မျိုးနှင့် အလွန်နီးစပ်သော ပိုးစာပင်တစ်မျိုးလည်း ရှိသေးသည်။ ထို ပိုးစာပင်မျိုးကို စက္ကူပိုးစာပင်ဟုခေါ်သည်။ ထိုသို့ခေါ်ခြင်းမှာ ထိုပိုးစာပင်မျိုး၏ အခေါက်ကို ဂျပန်နိုင်ငံ၌ စက္ကူပြုလုပ်ခြင်းကြောင့်ဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများတွင်နေသောလူတို့သည် ထိုပိုးစာပင်မျိုးမှ အဝတ်များကို လုပ်ယူကြလေသည်။ ထိုသို့လုပ်ရာတွင် အပင်မှအခေါက်ကိုခွါ၍ ရေစိမ်ကြသည်။ ထိုနောက် အပေါ်လွှာကိုခွါပစ်ပြီးလျှင် ကျန်ရှိသည့်အခေါက်ကိုချောမွတ်သည့်အောက်ခံတစ်ခုပေါ်တွင်ကာ၊ အလိုရှိသည့်အထူသို့ရောက်သည့်တိုင်အောင် ထုပေးကြသည်။

ပိုးစာပင်တစ်မျိုးရှိသမျှတွင် အနီမျိုးသည်အပင်အကြီးဆုံးဖြစ်သည်။ တစ်ခါတစ်ရံ ပေ၆၀အထိမြင့်တတ်သည်။ပိုးစာပင်မှအရွက်များသည် အလွန်ပြောင်းလဲတတ်သဖြင့် စိတ်ဝင်စားဖွယ်ကောင်းသည်။ တစ်ပင်တည်းမှအရွက်များသည်ပင် တစ်ရွက်နှင့်တစ်ရွက်ပုံသဏ္ဌာန်ချင်း မတူတတ်ကြချေ။

ပိုးစေးနဲ့။ ။ပိုးစေးနဲ့သည် အင်းဆက်ပိုးမျိုးဖြစ်သည်။ ပါဏာဗေဒအလိုအားဖြင့် 'ကော့စီဒီး'မျိုးရင်းနှင့် 'ဟိုမော့ပတဲရား' မျိုးစဉ်ထဲတွင် ပါဝင်ပေသည်။ အမျိုးကွဲပေါင်း ၂၀၀၀ ကျော်ခန့်ရှိပေသည်။ များသောအားဖြင့် ပိုးစေးနဲ့များသည် သစ်ပင်များကို ဖျက်ဆီးတတ်ကြသည်။ ယင်းတို့၏ အစာမှာ ပင်ရည်များဖြစ်သည်။ အပင်များမှ ပင်ရည်များကို စုပ်ယူကြခြင်းဖြင့် အပင်များကို ဖျက်ဆီးကြသည်။

အချို့သောပိုးစေးနဲ့များသည် အထူးပင်သေးငယ်လှသဖြင့် ရုတ်တရက်အားဖြင့် ပိုးကောင်ဟုမထင်မှတ်ရဘဲ အမည်းစက်ကလေးတစ်ခုခုသာ ထင်မှတ်ရသည်။ ပိုးစေးနဲ့များသည် မိမိတို့ကိုယ်ခန္ဓာမှအစေးတစ်မျိုးကို ထုတ်လုပ်ကြသည်။ ထိုအစေးများထဲ၌ မိမိတို့ အရေခွံများနှင့် အခြားအညစ်အကြေးများလည်းပါရှိကြသည်။ ထိုအစေးများသည် ကိုယ်ခန္ဓာပေါ်၌ဖုံးလွှမ်းနေသဖြင့် မိမိတို့အဖို့ အကာအကွယ်သဖွယ် ဖြစ်နေသည်။ အချို့ အစေးများသည် ခြောက်သွေ့သွားသည့်အခါ အဖြူရောင်အမှုန့်များနှင့်တူပြီးလျှင်၊ အချို့မှာ ဖန်သားနှင့်တူသည်။

ပိုးစေးနဲ့အမများ၌ အတောင်များမပါရှိသည့်ပြင် ခြေထောက်နှင့်ဦးမှင်များမှာ ကောင်းစွာကြီးထွားခြင်းမရှိပေ။ အထီးများ၌သာအတောင်များပါရှိပြီးလျှင် ခြေထောက်နှင့်ဦးမှင်များလည်း ကောင်းစွာကြီးထွားလျက် ရှိပေသည်။

ပိုးစေးနဲ့များအနက်၊ သစ်ပင်များကို ဖျက်ဆီးရာ၌ အဆိုးဆုံးမှာ 'ဆန်ဟိုဇေ'ခေါ် ပိုးစေးနဲ့တစ်မျိုးပင်ဖြစ်သည်။ ယင်းတို့ကို အမေရိကန်နိုင်ငံနှင့်ကနေဒါနိုင်ငံများ၌ တွေ့ကြရသည်။ ကိုယ်ခန္ဓာအရွယ်မှာ အပ်ဖျားခန့်ပင်ရှိသည်။ ပိုးမတစ်ကောင်သည် တစ်နှစ်လျှင်ကောင်ရေပေါင်း ၃၂ဒသမ ၈ဝ ဝ၀ ပေါက်ဖွားနိုင်ပေသည်။ ယင်းတို့မှ အစေးတစ်မျိုးထုတ်လုပ်ကြပေရာ၊ အပင်တစ်ပင်ပေါ်၌စွဲကပ်နေချိန် ပြာများဖြူးထားသည်နှင့်တူလှပေသည်။ ဆန်ဟိုဇေပိုးစေးနဲ့များကြောင့် သစ်သီးပင်များ အမြောက်အမြားပျက်စီးကြရပေသည်။

သို့သော် လူ့အကျိုးကိုဆောင်ကြသော ပိုးစေးနဲ့မျိုးများလည်းရှိပေသေးသည်။ ပုံပမာ–ချိပ်များကိုထုတ်လုပ်ကြသော ချိပ်ပိုးနှင့် ကိုချင်နီးခေါ် ဆိုးဆေးအဖြစ် အသုံးပြုကြသော ချိပ်နီတစ်မျိုးကို ထုတ်လုပ်ပေးသည့် ချိပ်နီပိုးများသည် ပိုးစေး နဲ့များပင် ဖြစ်ပေသည်။

ပိုးစုန်းကြူးနှင့်တီစုန်းများ။ ။ ပိုးစုန်းကြူးနှင့် တီစုန်းများသည် 'အဲလတဲရိဒီး' မျိုးရင်းနှင့် 'ကင်သယ် ရိဒီး'မျိုးရင်းဝင် ပိုးတောင်မာများ ဖြစ်ကြသည်။ ယင်းတို့သည် မှောင်ထဲ၌ တောက်ပသည်။ ထိုပိုးကောင်များသည် အလင်းကိုထုုးခြားစွာဖြစ်စေနိုင်ကြ၏ ။လူတို့ပြုလုပ်ယူသည့်အလင်းတွင် အပူမာတ်ပါရှိသည်။ ပိုးစုန်းကြူးနှင့် တီစုန်းများက ဖန်တီးသောအလင်းရောင်တွင် အပူမာတ်မပါချေ။ ထိုကြောင့် အလင်းကိုဖြစ်ပေါ်စေရာ၌ ပိုးစုန်းကြူးနှင့် တီစုန်းတို့သည် လူထက်သာသည်ဟု ဆိုနိုင်သည်။ ယင်းတို့ကို နွေးသည့်တိုင်းပြည်နှင့် အပူပိုင်းဒေသရှိ တိုင်းပြည်တို့တွင် တွေ့နိုင်သည်။

အမေရိကတိုက်၏ အပူပိုင်းဒေသတွင်တွေ့ရသော ပိုးစုန်းကြူးတို့ကို ယောက်ျားများက နန်းကြီးများနှင့် ပြုလုပ်ထားသောလှောင်အိမ်တွင်ကြဲကျွေး၍ မွေးမြူလေ့ရှိကြသည်။ ပွဲတော်နေ့များတွင် ထိုပိုးကောင်များကို မိန်းမများ အားရောင်းချကြလေသည်။ မိန်းမတို့သည် ထိုပိုးကောင်များကို ခြည်မျှင်နှင့်သီကာ ဆံပင်များတွင်လည်းကောင်း၊ အဝတ်အစားများတွင်လည်းကောင်းတောက်ပသောကျောက်သံပတ္တမြားသဖွယ်ချည်နှောင်၍ ဆင်မြန်းကြလေသည်။

တီစုန်းအမတွင် အတောင်မရှိချေ။ အဖို့၌မူ အတောင်ရှိသည်။ တီစုန်းအမသည် ညဉ့်အချိန်တွင် မြေကြီးပေါ်၌ တွားသွား၍ တီစုန်းအဖို့များထက် အရောင်တောက်ပကြသည်။ ထိုသို့ အလင်းရောင် တောက်ပခြင်းသည် အမက အဖို့ကိုမြှူခြင်းဖြစ်ပုံရသည်။ အမေရိကန်ပြည်ထောင်စု

www.foreignspace.com.mm

တွင်တွေ့ရသော ပိုးစုန်းကြူးနှင့် တီစုန်းများသည် လက်မဝက်ဝက် ပို၍မရှည်ကြချေ။ သို့သော် အမေရိကတိုက် သမပိုင်းဒေသတွင်တွေ့ရသော ပိုးကောင်များသည် တစ်ခါတစ်ရံ ၂ လက်မအထိ ရှည်ကြလေသည်။

ထိုပိုးကောင်မျိုးတို့ အလင်းကိုဖြစ်နိုင်စေနိုင်ခြင်းသည် အက်ဒီနိုဆင်ထရိုင်ဖော့စဖိတ်၊ လူဆစ်ဖာရင်း၊ အောက်ဆီဂျင်၊ မက်ဂနီဇီယမ်နှင့် လူဆစ်ဖရေ့ဆီဟူသောဓာတ်ပစ္စည်း ၅ မျိုးတို့ ပိုးကောင်၏ ဝမ်းပိုက်တွင်ရှိနေကြခြင်းကြောင့်ဖြစ်သည်။ နာဗီကြော၏ လှုံ့ဆော်မှုကြောင့် ပိုင်ရိုဖော့စဖိတ်ခေါ် ဓာတ်ပစ္စည်းတစ်ခု ဖြစ်ထွန်းလာသောအခါတွင် အလင်းဖြစ်ပေါ်လာလေသည်။ ထိုနောက် စက္ကန့်အနည်းငယ်မျှအကြာတွင် အခြား ဓာတ်ပစ္စည်း တစ်မျိုးက ပိုင်ရိုဖော့စဖိတ်ကို ဖျက်ဆီးပစ်လိုက်သဖြင့် အလင်းပျောက်ကွယ်သွားပြန်လေသည်။ ထိုစိမ်းလဲ့လဲ့ အလင်းရှိရာ နေရာသည် အများအားဖြင့် ပိုးကောင်ဝမ်းပိုက်၏ ဘေးဖက်များတွင် ဖြစ်လေသည်။

တစ်ခါတစ်ရံတွင် ပိုးကောင်ငယ်သို့မဟုတ် ပိုးလောင်း၊ သို့မဟုတ် ဥများကပင် အလင်းကို ဖြစ်ပေါ်စေလေသည်။ အများအားဖြင့် ပိုးစုန်းကြူးတို့တွင်အတောင်များ ရှိကြသည်။ ပါးရာဂွေးနိုင်ငံမှ မီးရထား ပိုးတောင်မာမျိုးတွင် အတောင်များမရှိကြချေ။ သို့သော် အလင်းကိုမူ ဖြစ်ပေါ်စေနိုင်သည်။ အဆိုပါ ပိုးကောင်မျိုးသည် ၃ လက်မမျှရှည်၍ ခေါင်းနှင့် အမြီးပိုင်းတို့မှ အနီရောင်တောက်ပသည်။ ထို့ပြင် ယင်းတို့၏ခန္ဓာကိုယ် အခြားအစိတ်အပိုင်းများမှ အစိမ်းရောင်ကိုလည်း ဖြစ်ပေါ်စေနိုင်သေး၏ ။ထိုပိုးကောင်မျိုးကို မီးရထားပိုးတောင်မာဟုခေါ်ကြခြင်းမှာ မီးရထား၏ မီးနီနှင့် မီးစိမ်းများကဲ့သို့ အနီနှင့်အစိမ်းရောင်များကို ဖြစ်ပေါ်စေနိုင်ခြင်းကြောင့် ဖြစ်သည်။

အပူပိုင်းဒေသရှိ အချို့တိုင်းရင်းသားများသည် ထိုပိုးကောင်မျိုးအမြောက်အမြားကို ပုလင်းတစ်လုံးတွင်ထည့်ကာ မှန်အိမ်အဖြစ်အသုံးပြုလေ့ရှိကြသည်။ ပုလင်းအတွင်း၌ ပိုးကောင်အမြောက်အမြားရှိနေသဖြင့် တောက်လျှောက် အလင်းကိုဖြစ်ပေါ်စေနိုင်ပေသည်။ ညဉ့်အချိန် တောနက်များတွင် သွားလာကြသူ အချို့ကလည်း တစ်ခါတစ်ရံသူတို့၏ ဖိနပ်များတွင် ထိုပိုးကောင်မျိုးများ တပ်ဆင်၍ သွားလေ့ရှိကြလေသည်။ ထိုနည်းဖြင့် သူတို့၏ သွားရာခရီးလမ်းသည် အလင်းကို ရလေသည်။

ပိုးတောင်မာ။ ။ပါဏာဗေဒအလိုအားဖြင့် ပိုးတောင်မာသည် 'ကိုလီအော့ ပတဲရား'မျိုးစဉ်တွင်ပါဝင်သည်။ ပိုးတောင်မာသည် ပိုးကောင်(အင်းဆက်ပိုး)များတွင် အသန်မာဆုံးဖြစ်သည်။ တစ်ကိုယ်လုံးလိုလိုပင်သန်မာ၍ ပျဉ်းတွဲတွဲရှိသည့် အခွံများနှင့် ဖုံးအုပ်လျက်ရှိသည်။ ပိုးတောင်မာတို့သည် ကောင်းစွာပျံသန်းနိုင်သည့်ပြင်၊ ကောင်းစွာလည်း ခုန်လွှားနိုင်ကြသည်။ ထိုပြင် အပင်တက်ရာနှင့် ပြေးရာ၌ လျင်မြန်သည်။ အချို့ပိုးတောင်မာများသည် တွင်းတူးရာ၌ ကျင်လျင်၍ အချို့သည် ရေကူးရာနှင့် ရေငုပ်ရာ၌ ကျင်လျင်ကြလေသည်။ ပိုးတောင်မာအချို့သည် ဝန်ကိုချီရာ၌ များစွာလေးသောဝန်ကိုချီနိုင်သည်။ ပိုးစုန်းကြူး ကဲ့သို့သော ပိုးတောင်မာမှာမူ ညဉ့်အမှောင်တွင် တောက်ပနိုင်သည်။ ပိုးတောင်မာတို့၏အတောင်များသည် ပိုးတောင်မာဆိုသည့် အမည်နှင့်ကိုက်ညီစွာ မာကျောလေသည်။ ပိုးတောင်မာ၌ အတောင်နှစ်ထပ်ရှိရာ အပြင်အတောင်သည်မာ၍ အတွင်းအတောင်သည် ပျော့ပျောင်းသည်။ ထိုပျော့ပျောင်းသည့် အတောင်တို့ကိုပျံသန်းရာ၌ အသုံးပြုကြသည်။ အပြင်အတောင်များသည်မာကျော၍ အများအားဖြင့် အရောင်အမျိုးမျိုးဖြင့် တောက်ပလျက်ရှိကြလေသည်။ ပိုးတောင်မာ၏ပါးစပ်တွင် သန်မာသည့် အစိတ်အပိုင်းများပါရှိသည်။ ထိုအစိတ်အပိုင်းများသည် မေးရိုးများဖြစ်၍ အစာကို ဖမ်းယူရန်နှင့် ဝါးရန်အတွက် အသုံးကျသည်။ ရန်သူကိုခုခံရာတွင် ပိုးတောင်မာသည် အဆိပ်ဆူးနှင့်၊ အဆိပ်စွယ်ကို အသုံးမပြုချေ။ မေးရိုးများနှင့် ခြေသည်းများကိုသာအသုံးပြုသည်။ ထိုကြောင့် အမြင်တွင်ကြမ်းကြုတ်၍ ကြောက်မက်ဖွယ် ကောင်းသော်လည်း၊ ယင်းအင်္ဂါ အစိတ်အပိုင်းတို့ကိုရှောင်ရှား၍ ထိုပိုးကောင်မျိုးကိုကိုင်တွယ်ကြည့်ရှုနိုင်သည်။ သဘာဝပတ်ဝန်းကျင်နှင့် သင့်တော်မည့် အစာကိုသာ ကျွေးထားနိုင်လျှင် ပိုးတောင်မာကို လှောင်အိမ်တွင်ထား၍မွေးမြူနိုင်သည်။

ကမ္ဘာပေါ်၌ ပိုးတောင်မာများကို နေရာအနှံ့အပြားတွင် တွေ့နိုင်လေသည်။ အဘယ်ကြောင့်ဆိုသော်၊ ယင်းကို ရေထဲ၌လည်းကောင်း၊ မြေအောက်မြေပေါ်၌လည်းကောင်း၊ အခြားတိရစ္ဆာန်များ၏ ကိုယ်ပေါ်၌ ကပ်ပါးအဖြစ်နှင့်လည်းကောင်း တွေ့ရခြင်းကြောင့်ဖြစ်သည်။ ပိုးတောင်မာမျိုးပေါင်း ၁၉၅၀၀၀ကျော်ကျော်ခန့်ရှိ၏။ ထိုပြင် ယခုတိုင်ရှာဖွေမတွေ့ရသေးသော ပိုးတောင်မာများလည်းရှိပေဦးမည်။

ကိုက်ဖြတ်တတ်သောအလေ့ရှိခြင်းကြောင့်ပိုးတောင်မာသည် ပိုးတောင်အုပ်စုများအနက် ဘေးအပြုတတ်ဆုံး အကောင်ဖြစ်သည်။ အချို့ပိုးတောင်မာ (အထူးသဖြင့် ဆင်ပိုး)များသည် စပါးနှင့်ဂျုံများကို ဖျက်ဆီးတတ်သည်။ အချို့မှာမူ သစ်ပင်၏ပင်စည်များကို ဖောက်ထွင်း၍ အပင်များကို သေစေလေသည်။ အချို့ပိုးတောင်မာမျိုးသည် သစ်သီးပင်နှင့်ဟင်းသီးဟင်းရွက်များကို ဖျက်ဆီးကြသည်။ အချို့လူနေအိမ်များ၌တွေ့ရပြီးလျှင် ယင်းတို့သည် ကော်ဇော၊ စောင်၊ သက္ကလပ်ထည်များကို ကိုက်စား

www.foreverspace.com.mm

ကြလေ့ရှိသည်။ အချို့ ပိုးတောင်မာမျိုးသည် လယ်ယာများ ကိုဖျက်ဆီးသည့် ပိုးကောင်များကိုစားပစ်ခြင်းဖြင့် တောင်သူလယ်သမားကို ကူညီကြလေသည်။ အမှန်မှာ များစွာသောပိုးတောင်မာမျိုးတို့သည် မဖျက်ဆီးတတ်ကြချေ။

အခြားပိုးကောင်များနှင့် စာလျှင်၊ ပိုးတောင်မာများ၏ ကိုယ်ထည်သည်ကြီးမား၏။ အများအားဖြင့်ဝ၍ ကျစ်လျစ်သော ကိုယ်ရှိသည်။ အချို့ပိုးတောင်မာများ၏ ကိုယ်ခန္ဓာသည်ဝိုင်း၍၊ အချို့သည်ဘဲဥပုံဖြစ်ပြီးလျှင်၊ အချို့တွင် ဖြောင့်သည့်ကိုယ်များနှင့် သေးသွယ်သည့်ကိုယ်များရှိကြသည်။အကြီးဆုံးပိုးတောင်မာများကို အပူပိုင်းဒေသများတွင်တွေ့ရလေသည်။ ထိုပိုးတောင်မာများသည် အလျားခြောက်လက်မသော်လည်းကောင်း၊ ထိုထက်ပို၍သော်လည်းကောင်း ရှည်ကြသည်။ အချို့ပိုးတောင်မာသည်သေးငယ်လှ၍ တစ်လက်မ၏အစိတ်အပိုင်းလောက်သာရှိကြသည်။ အချို့၌ ပျော့ပျောင်းသောကိုယ်ခန္ဓာများရှိကြသည်။ သို့သော် အများအားဖြင့် ကိုယ်အောက်ပိုင်း၌ အခွံမာများရှိကြသည်။

ပိုးတောင်မာတို့၌ ဦးခေါင်းပိုင်း၊ ရင်ပိုင်းနှင့် ဝမ်းပိုက်ဟူ၍ အဓိကအစိတ်အပိုင်းသုံးပိုင်းရှိ၍ ယင်းတို့သည် တစ်ပိုင်းနှင့်တစ်ပိုင်းကောင်းစွာ ဆက်နေသည်။ ထိုကြောင့် နကျယ်ကောင်၊ ပရွက်ဆိတ်၊ ယင်ကောင်နှင့် အခြားလည်ပင်းနှင့် ခါးသိမ်နေသော ပိုးကောင်များနှင့်မတူချေ။ မာကျောသော ရှေ့အတောင်(၀ါ) အတောင်ဖုံးများသည်ခုံးနေတတ်၏။ ဒုတိယအတောင် တစ်စုံလည်းရှိသည်။ ယင်းကို ထုထည်ချင်းဖောက်မြင်နိုင်သည်။ ပျံသန်းရာ၌ အတောင်ဖုံးများကို ပထမဦးစွာကြွလိုက်ပြီးလျှင် ဒုတိယအတောင်စုံကို ပြန့်သွားသည်အထိဖြန့်လိုက်သည်။ ပျံရာတွင် လေကို ဒုတိယအတောင်ပံတစ်စုံဖြင့် ရိုက်ခတ်၍ ပျံသန်းကြသည်။ နားသောအခါ ပျံသန်းရာ၌ အသုံးပြုသော အတောင်ကိုကောင်းစွာ ရုပ်သိမ်းလိုက်ပြီးလျှင် အပေါ်မှ အတောင်မာဖုံးများကို အုပ်ချလိုက်ကြသည်။

ပိုးတောင်မာတို့၏ ဦးခေါင်း၌ ပုံသဏ္ဌာန်အမျိုးမျိုးရှိသောဦးမှင်များရှိ၏။ အချို့ဦးမှင်များသည်တို၍ တင်းပုတ်သဏ္ဌာန်ရှိ၏။ အချို့သည်ရှည်၍ဘီးသဏ္ဌာန်၊ ဆတ်ချို့သဏ္ဌာန်၊သီထားသည့် ပုတီးစေ့သဏ္ဌာန်ရှိကြသည်။ အရွယ်ရောက်ပြီးပိုးတောင်မာနှင့် အကောင်လောင်းများတွင် ကြီးမား၍သန်မာသောမေးရိုးများရှိကြလေသည်။ ထိုကြောင့် အရွယ်ရောက်ပြီးပိုးတောင်မာနှင့် အရွယ်မရောက်သေးသောပိုးတောင်မာသည် အစာစားရာ၌ အတူတူပင်ဖြစ်သည်။ အခြားအရွယ်ရောက်ပြီးပိုးကောင် (အင်းဆက်ပိုး)မျိုးအမြောက်အမြားသည် အစာကိုလုံးဝမစားကြတော့ချေ။ သို့မဟုတ် အကောင်လောင်းဘဝကစားခဲ့သောအစာနှင့်လုံးဝမတူသည့်အစာများကိုသာ စားကြလေသည်။

ပိုးတောင်မာတို့၏ဘဝ၌ ယင်ကောင်၊ နကျယ်ကောင်၊ ပရွက်ဆိတ်နှင့် လိပ်ပြာများကဲ့သို့ အဆင့် လေးဆင့်ရှိ၏။ ပဌမအဆင့်မှာ ဥဖြစ်၏။ ဥမှ ပေါက်လာသောအခါ၊ အကောင် လောင်းအဆင့်သို့ ရောက်၏။ အချို့ပိုးတောင်မာမျိုး၏ အကောင်လောင်းများသည် တီမျိုးနှင့် တူပြီးလျှင် ဦးခေါင်းကြီးများရှိသည်။ အချို့ အကောင်လောင်းများတွင် မရှိကြချေ။ အချို့တွင် အမွေးအမှင်များရှိကြသည်။ အချို့ ပိုးတောင်မာများသည် အကောင်လောင်းအဆင့်၌ပင် ၃–၄ နှစ်ကြာမျှအစာစားပြီးလျှင် ကြီးထွားနေကြလေသည်။ နောက်ဆုံးတွင် အရေလဲပြီးနောက် အနားယူသောအဆင့်သို့ ရောက်လေသည်။ ထိုအဆင့်ကို ပိုးတုံးလုံးဟုခေါ်၏။ ပိုးတုံးလုံးဘဝနှင့်နေရသော ကာလပရိစ္ဆေဒမှာအမျိုးမျိုးဖြစ်သည်။ ထိုမှတစ်ဆင့် ပိုးတုံးလုံး၏ အရေကို လဲပြီးလျှင်၊ အရွယ်ရောက်သည့် ပိုးတောင်မာများ ဖြစ်သွားလေသည်။ မျိုးစုကြီးတစ်မျိုးတွင်ပါဝင်သော ပိုးတောင်မာတစ်မျိုးကို နုတ်သီးရှိပိုးတောင်မာဟုခေါ်၏။ အဘယ်ကြောင့်ဆိုသော်၊ ဦးခေါင်းသည် ရှေ့သို့ထိုးထွက်နေသဖြင့် နှုတ်သီး(၀ါ) နှာတံနှင့်တူနေခြင်းကြောင့်ဖြစ်သည်။ နှုတ်သီး၏ အောက်ခြေ၌ မေးရိုးများရှိသည်။ ဘေးအပြုဆုံး ပိုးတောင်မာများသည် ဤအမျိုးတွင် ပါဝင်ကြလေသည်။

အချို့ ပိုးတောင်မာမျိုးစိတ်များသည် မြေအောက်ဂူများအတွင်း၌သာ နေထိုင်ကြသဖြင့်၊ မျက်စိလုံးဝမမြင်ကြတော့ဘဲ၊ အရောင်လည်းဖြူသွားကြလေသည်။ ဗီဗာ ပိုးတောင်မာခေါ် ပိုးတောင်မာတစ်မျိုးသည်လည်း မျက်စိမမြင်ချေ။ ထိုပိုးတောင်မာမျိုးသည် ဗီဗာဖျံ၏ခန္ဓာကိုယ်ပေါ်တွင်သာ နေထိုင်လေသည်။ ယင်းတို့သည် ကပ်ပါးများ ဖြစ်ပြီးလျှင် အတောင်များ မရှိကြချေ။

အချို့ ပိုးတောင်မာမျိုးစိတ်သည် အခြားအင်းဆက်ပိုးများနှင့် မိတ်ဖွဲ့၍ နေလေ့ ရှိသည်။ သီးခြား ကင်းလွတ်၍ မနေနိုင်ကြချေ။ အချို့သည် မြေအောက်ရှိ ပရွတ်ဆိတ်များ၏ အသိုက်များတွင်နေထိုင်ကြလေသည်။ ပရွက်ဆိတ်များက ယင်းတို့၏ချစ်စနိုးတိရစ္ဆာန်များအဖြစ်မှတ်ယူကာ အစာများကို ခွဲဝေပေးကြလေသည်။ အချို့ပိုးတောင်မာမျိုးစိတ်များသည် ပျားများနှင့်မိတ်ဖွဲ့ကာ နေထိုင်ကြသည်။ ထိုမျိုးစိတ်အမများသည် ပျားအုံများ၏ အဝင်ဝအနီးတွင် ဥများကို ဥကြသဖြင့် အကောင်လောင်းများဖြစ်လာကြသောအခါ အနီးသို့ကပ်လာသော အမွေးအမှင်ပါသည့်ပျား များကိုကံကောင်းထောက်မ၍ ယင်းတို့၏ ထက်မြက်သည့် ခြေသည်းကလေးများဖြင့် တွယ်ကပ်မိလျှင် ပျား၏အသိုက်တွင်းသို့ ပါသွားပေမည်။ ပျားအုံအတွင်းရှိ ပျားမတစ်ကောင်က ဥဥသောအခါ ပိုးတောင်မာအကောင်လောင်းသည် ပျားဥရှိရာသို့ တွားသွား

www.foreverspace.com.mm

ပြီးလျှင် ပျားအုံအတွင်း၌ ခိုအောင်းနေတတ်သည်။ ပဌမဦးစွာတွင် ပိုးတောင်မာအကောင်လောင်းသည် ပျားဥကို စားသောက်လေသည်။ လပေါင်းအတော် ကြာပြီးသည့်အခါမှ ပိုးတုံးလုံးအဖြစ်သို့ အသွင်ပြောင်းပြီးလျှင် နောက်ဆုံးတွင် အတောင်ပေါက်သည့်အရွယ်သို့ရောက်၍ ပိုးတောင်မာဖြစ်လာလေသည်။ ထိုအခါတွင် ပျားအုံမှထွက်ကာ အခြားသို့ သွားလေသည်။

ပိုးတုံးလုံး။ ။ပိုးတုံးလုံးသည် အင်းဆက်ပိုးတစ်ကောင် ကြီးထွားလာရာတွင် နားချိန်ဖြစ်သည်။ အင်းဆက်ပိုးသည် ဥမှပေါက်လာရာ၌ အသွင်ပြောင်းခြင်းသဘောအရကိုယ်သဏ္ဌာန်သည်အဆင့်ဆင့်ပြောင်းလဲရလေသည်။ ထိုသို့အသွင်ပြောင်းလဲရာ၌ အင်းဆက်ပိုးသည် ပဌမအကောင်လောင်းခေါ် ဥမှပေါက်စအကောင်ကလေးဖြစ်လာရသည်။ တစ်ဖန် အကောင်လောင်းဘဝမှ ကြီးကောင်ဘဝသို့ ကူးပြောင်းရာ၌ နောက်အဆင့်ဖြစ်သော ပိုးတုံးလုံးဘဝသို့ ရောက်ရလေသည်။ ထိုကြောင့်အင်းဆက်ပိုး၏ဘဝဖြစ်စဉ်၌ ဥမှကြီးကောင်ဖြစ်လာရာ၌ ပိုးတုံးလုံးဘဝသည် တတိယအဆင့်ဖြစ်သည်။ ပိုးတုံးလုံး ဘဝပြီးမှ ကြီးကောင်ဖြစ်လာရသည်။

ထိုသို့အသွင်ပြောင်းလဲကြရာ၌ ပိုးတုံးလုံးများ၏ပုံသဏ္ဌာန်များသည် အင်းဆက်ပိုးတစ်မျိုးနှင့် တစ်မျိုးတွင်မတူကြချေ။ ယေဘုယျအားဖြင့် တီမျိုးနှင့် ပေါက်ဖတ်များ၏ ပိုးတုံးလုံးများသည် အသေကောင်အခြောက်များနှင့် အတောင်များသည် ကိုယ်ခန္ဓာ၏အောက်ပိုင်းတွင် သိပ်သည်းစွာခေါက်၍ နေကြသည်။ အချို့ ပိုးတုံးလုံးများသည် မြေကြီးထဲ၌ တွင်းတူ၍ဖြစ်စေ၊ အက်ကြောင်းများ၌ဖြစ်စေ ပုန်းအောင်း၍ နေတတ်ကြသည်။ ထိုသို့ ပိုးတုံးလုံးအဖြစ်နှင့်နေချိန်၌ ပိုးတုံးလုံးသည် ပိုးလောင်းအဖြစ်နှင့်နေစဉ်က လောဘကြီးစွာဖြင့်စား၍ သိုလှောင်ထားခဲ့သော အစာများကို သာအားထားနေရပေသည်။ အင်းဆက်ပိုးကောင်တစ်ကောင်သည် ပိုးတုံးလုံးအဖြစ်နှင့် နာရီအနည်းငယ်၊ ရက်အနည်းငယ်၊ ရက်သတ္တပတ်အနည်းငယ်၊ လအနည်းငယ်၊ သို့မဟုတ် နှစ်အနည်းငယ်ပင် ကြာတတ်သည်။

လိပ်ပြာသည် ပိုးတုံးလုံးအဖြစ်၌ မိမိကိုယ်ကို အမျှင်များနှင့်ရစ်ပတ်ပြီးလျှင် ပိုးအိမ်ဖွဲ့၍ ငြိမ်သက်စွာနေသည်။ ထိုပိုးအိမ်ကို သစ်ပင်၌ ဝမ်းပိုင်းမှအမျှင်တစ်ချောင်းနှင့် တွဲလဆွဲထားလေ့ရှိသည်။ ထိုနောက်တဖြည်းဖြည်းအသွင်းပြောင်းလာပြီးသော် အင်္ဂါများစုံလာသည်။ ထိုအချိန်မှ ပိုးအိမ်ကို ခွဲထွက်ကာလိပ်ပြာဖြစ်လာလေသည်။ ပျားပိုးတုံးလုံးသည် ပျားအိမ်အတွင်း၌ပင် ပိုးတုံးလုံးအဖြစ်နှင့် နေသည်။ ယင်ကောင်၏ ပိုးတုံးလုံးသည် သေးငယ်၍ပြောင်ချောနေသော ဘဲဥပုံသဏ္ဌာန် အလုံးကလေးများဖြစ်သည်။ ထိုပိုးတုံးလုံးမှယင်ကောင်အဖြစ်သို့ကူးပြောင်းရန် နေ့ဥတု၌ ၃ ရက်မှ ၆ ရက်အထိ ကြာတတ်သည်။

ပိုးဖလံ ။ ။ လိပ်ပြာနှင့် ပိုးဖလံ–ရှု။

ပိုးမြစ်။ ။ကွေ့တလီနိုင်ငံမြောက်ပိုင်း၊ အနောက်ဘက်နယ်စပ်ဒေသရှိတောင်တန်း၌မြစ်ဖျားခံ၍ စီးဆင်းသောမြစ်တစ်ခုကားပိုးမြစ်ဖြစ်သည်။ ထိုမြစ်သည်အရှေ့ဖက်ရှိ အေဒြီယက်တစ်ပင်လယ်အထိစီးဆင်းရာ၊ အလျားမိုင်ပေါင်း ၄၂၀ ခန့်ရှိ၍ ကွေ့တလီနိုင်ငံတွင် အရှည်ဆုံးသောမြစ် ဖြစ်သည်။ ထိုမြစ်စီးဆင်းရာ အချို့ ကုန်းမြင့်ဒေသတို့၌ ၂၁ မိုင်မျှသော ခရီးအတွင်း၊ မြင့်ရာမှနိမ့်ရာသို့ ပေပေါင်း ၅၂၀၀ ကျော်မျှ စီးဆင်းသွားရသဖြင့်၊ မြစ်သည် ရေစီးအလွန်သန်လေသည်။ တောင်တန်းပေါ်ရှိ နှင်းခဲတို့နှင့်တကွ မြစ်လက်တက်များစွာတို့မှ စီးဝင်လာသော ရေတို့ကြောင့် မြစ်ရေ၏ထုထည်သည် ကြီးမားလာရကား၊ အချို့နေရာများတွင် မြစ်သည် များစွာအနံကျယ်သည်။ တျူးရင်းမြို့အနီးတွင် မြစ်၏အကျယ်မှာ ပေပေါင်း ၄၂၅ ပေ ခန့်မျှရှိ၏။ မြစ်ကျယ်ဝန်းလာသည်နှင့် အမျှ ရေစီးသည်တဖြည်းဖြည်းနှေးလာ၏။ ပိုးမြစ်ဝှမ်းသည် လည်းအလွန်ကျယ်ဝန်း၍ မြေသြဇာကောင်းမွန်သည်။ ထိုမြစ်ဝှမ်းကို လောင်ဗာဒီလွင်ပြင်ဟူ၍ခေါ်၏။

မြစ်ဝကျွန်းပေါ်၌ နုံးမြေနှင့်ရွှံ့နွံအနည်တင်၍ ကျန်ရစ်တတ်ခြင်းကြောင့် ထိုဒေသသည် တစ်နှစ်လျှင် ၁၇၅ ဧက ခန့်ပိုမိုကျယ်ဝန်းလာလေ့ရှိ၏။ သို့ဖြစ်သောကြောင့် ရှေးကပင်လယ်ကမ်းခြေတွင် တည်ရှိခဲ့ဘူးသောမြို့တို့သည် ကာလကြာမြင့်သောအခါ၊ ပင်လယ်ကမ်းခြေမှ မိုင်ပေါင်းများစွာကွာဝေးတတ်သည်။ မြစ်သည်လည်း ရံဖန်ရံခါတိမ်ကောလာတတ်၍ တစ်ခါတစ်ရံ မြစ်ရေလျှံသောကြောင့် လူတို့ ဒုက္ခရောက်ကြရ၏။ ရေအလုံးအရင်း ကြီးမားခြင်း၊ မြစ်ပြင်ကျယ်ဝန်းခြင်းတို့ကြောင့် ထိုမြစ်ကိုကူးဖြတ်ရန် မလွယ်ကူလှချေ။ ပိုးမြစ်ကိုဖြတ်ရန် လွယ်ကူသည့်နေရာများ၌သာ မြို့ကြီးပြကြီးတို့ကို တွေ့နိုင်သည်။

ပိုးမွားပညာ။ ။ပိုးမွားပညာဟူသည် လူ၏ အကျိုးစီးပွားကိုလည်းကောင်း၊ ကျန်းမာရေးကိုလည်းကောင်း တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အနီးကပ်ဆုံးအကျိုးအပြစ်ပြုတတ်သောမှက်၊ ခြင်၊ ယင်၊ ဖြုတ်၊ ခြ၊သန်း၊နကျယ်၊ပျား၊ ပိတုန်း၊ ပုရစ်၊ နံကောင်၊ ကျိုင်းကောင်၊ ချေးထိုးပိုး၊ အုန်းပိုး၊ ကြမ်းပိုး၊ လိပ်ပြာ၊ ဖလံစသောသတ္တဝါတို့အကြောင်းကို သိပ္ပံစံနစ်တကျ စူးစမ်းလေ့လာရသောပါဏဗေဒဝင်ပညာ

www.foreverspace.com.mm

တစ်ရပ်ဖြစ်သည်။ ယင်းပိုးမွှားတို့၏ကိုယ်ခန္ဓာတွင် ကွင်းကဲ့သို့ အရစ်ပိုင်းများဖြစ်ပေါ်လျက်ရှိပြီးသော်၊ ခြေထောက်သုံးစုံပါရှိလျှင် အင်းဆက်ပိုးဟူ၍ တစ်ထစ်ချမှတ်ယူရာ၏။

ကြီးကောင်ဝင်ပြီးသောအင်းဆက်ပိုး၏ကိုယ်ခန္ဓာကို သုံးပိုင်းခွဲ၍ လေ့လာလျှင် ရှေ့ဦးဘက်ပဌမအရစ်ပိုင်းတွင် ဦးခေါင်း၊ ယင်းဦးခေါင်း၌ မျက်စိ၊ ဦးမှင်နှင့် ပါးစပ် တည်ရှိသည်။ ဦးခေါင်းပိုင်း၏ နောက်ဘက်၌ ကပ်လျက်တည်သော ရင်ပိုင်းတွင် အရစ်ပိုင်းသုံးခုရှိ၍ ထိုအရစ်ပိုင်းတိုင်းမှ ခြေထောက်တစ်စုံစီ ထွက်စမြဲဖြစ်သည်။ အတောင်ပါသော အင်းဆက်ပိုးများစွာတို့တွင်မူ ဒုတိယနှင့် တတိယ အရစ်ပိုင်းတို့၌ အတောင်တစ်စုံစီလည်း အသီးအသီး ဆောင်သေးသည်။ ကျန်ရှိသောနောက်ဖက်ပိုင်းသည် ဝမ်းပိုင်းဖြစ်၍ အရစ်ပိုင်း တဆယ်တစ်ခုအထိ ပါရှိတတ်သည်။ ထိုအပိုင်း၌ ခြေထောက် မပေါက်ချေ။

အင်းဆက်ပိုး၏ကိုယ်ခန္ဓာသည် ကျောရိုးပါသတ္တဝါများနည်းတူ အရိုးများပေါ်တွင် အသားအရေ ဖုံးအုပ်ပြီး တည်ဆောက်ထားခြင်း မဟုတ်ဘဲ၊ အပြင်ခွံဖြင့်သာ ဖုံးအုပ်ထားခြင်းဖြစ်သည်။ ယင်းအပြင်ခွံသည် အင်းဆက်ပိုး၏ ရုပ်သွင်ကို ထောက်ကူထိန်းသိမ်းထားရုံမျှမက၊ ကိုယ်တွင်းတည်အရေးကြီးသောအင်္ဂါအစိတ်အပိုင်းတို့ကိုလည်း အကာအကွယ်ပြုထားသည်။ ကိုယ်တွင်းတည်အဓိက အင်္ဂါအစိတ်အပိုင်းတို့တွင် (၁) အစာချေ ပြွန်မ၊ (၂) သွေးလှည့်ထုတ်သော နှလုံး၊ (၃) အသက်ရှူ ပြွန်ချောင်းများ၊ (၄) မျိုးပွားအင်္ဂါ၊ (၅) ကြွက်သားမျှင်များနှင့် (၆) နာဗီကြောအဖွဲ့တို့ ပါဝင်သည်။

ကြီးကောင်မဝင်သေးသော အင်းဆက်ပိုးတို့တွင် အတောင်လုံးဝမပါတတ်ရုံသာမက ခြေထောက်နှင့် တိကျပုံမှန်သော ဦးခေါင်းလည်းမရှိတတ်သောကြောင့် ကြီးကောင်ဝင်ပြီးသော အင်းဆက်ပိုး၏သွင်ပြင်နှင့် တထေဝတည်းမတူချေ။ သာဓကအချို့ကို ထုတ်ပြရသော် ကြီးကောင်မဝင်သေးမီ ယင်း၏ဘဝသည် လောက်၊ ခြင်း၏ဘဝသည် လောက်လန်း၊ ချေးထိုးပိုး၊ အုန်းပိုးတို့၏ဘဝသည် ဖိုးလမင်း (ပိုးဒီကောင်၊ အီကုတ်)လိပ်ပြာ၊ ဖလံတို့၏ ဘဝသည် ခူ၊ ပေါက်ဖတ် စသည်တို့ ဖြစ်သည်။

ပိုးမွှားပညာသည် အခြားသိပ္ပံပညာရပ်များနည်းတူကျယ်ဝန်းနက်နဲသောအတိုင်းအရှည်ရှိသည်။ ယင်းပညာကိုလည်း အခြေခံအားဖြင့် ကဏ္ဍများပိုင်းခြားလေ့လာမှသာလျှင် လွယ်ကူပြည့်စုံနိုင်မည်။ ယင်းကဏ္ဍတို့တွင် (၁)ကိုယ်အင်္ဂါသွင်ပြင်လက္ခဏာ၊ (၂)ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ တာဝန်ဆောင်ရွက်ပုံ၊ အလုပ်လုပ်ပုံ၊ (၃)ပေါက်ပွားကြီးထွားပုံ၊ (၄)မျိုးမည်ခွဲခြားပုံ၊ (၅) မျိုးရိုးဆက်နွယ်ပုံနှင့် (၆) ကမ္ဘာထက်ဝယ် ပိုးမွှားတို့အဆင့်ဆင့်ဖြစ်ပေါ်ပြောင်းလဲပုံ စသည်တို့ပါဝင်သည်။ ထိုအခြေခံစူးစမ်းလေ့လာချက်များကို မှီငြမ်းပြုလျက်၊ လူ၏ကျန်းမာရေး၊ အကျိုးစီးပွားရေးတို့နှင့် သက်ဆိုင်သောကျန်းမာရေးဆိုင်ရာ ပိုးမွှားပညာနှင့် စီးပွားရေးဆိုင်ရာပိုးမွှားပညာဟူ၍ အသုံးချပညာရပ်များအဖြစ်လည်း တိုးတက်လေ့လာလျက် ရှိကြသည်။

ကျန်းမာရေးဆိုင်ရာ ပိုးမွှားပညာဆိုရာ၌ လူတို့၏အနာရောဂါတို့ကို ပျောက်ကင်းစေရေးအတွက် အသုံးကျသော ပိုးမွှားနှင့် လူတို့အား ရောဂါအန္တရာယ်ဖြစ်စေသောပိုးမွှားဟူ၍ ခွဲခြားနိုင်သည်။ ရေးခေတ် သမယကပင့်ကူ၊ ပိုးနသန်၊ ကျိုင်းကောင်၊ ချေးထိုးပိုးမျိုးနွယ်ဝင် ပိုးမွှားတို့ကို လူတို့၏ရောဂါကုရာတွင် အသုံးချခဲ့ဖူးသည်။ ယခုခေတ်တွင်မူပျားမှရသော အဆိပ်ရည်ကို ရှုမက်တစ်ဇင်ရောဂါအတွက် ထိုးဆေးအဖြစ် အသုံးပြုသည်။

လူတို့အား ရောဂါဖြစ်စေသော ပိုးမွှားတို့ အကြောင်းနှင့်စပ်လျဉ်း၍ ၁၈၇၉ခုနှစ်၌ ပက်ထရစ်မန်ဆန်သည် ခြင်တစ်မျိုးကြောင့် လူတို့တွင် ဆင်ခြေထောက်ရောဂါဖြစ်ရခြင်းကို အိန္ဒိယနိုင်ငံတွင်စတင်တွေ့ရှိသည်။ ၁၈၉၈ ခုနှစ်တွင် ရော်နယ်ရော့သည် အိန္ဒိယနိုင်ငံ၌ပင် ခြင်ကြောင့်ငှက်ဖျားရောဂါဖြစ်ရကြောင်းကို ခိုင်မာစွာဖော်ထုတ်ပြသခဲ့သည်။ ထိုတွေ့ရှိချက်များသည် ပိုးမွှားပါရဂူတို့အား ဆထက်ထမ်းပိုးတိုး၍ စူးစမ်းလေ့လာရန် လှုံ့ဆော်ပေးလိုက်သဖြင့် ပိုးမွှားတို့ကြောင့်ဖြစ်ရသော ရောဂါဇာစ်မြစ်များအကြောင်းကို တိုးတက်သိရှိလာသည်။ ပလီပ်ရောဂါ၊ တုပ်ကွေးကြီး၊ ဦးနှောက်ရောင် အိပ်မဝရောဂါ၊ တိုက်ဖတ်ဖျား၊ ကာလဝမ်းရောဂါစသည်တို့သည် ပိုးမွှားများကြောင့် ဖြစ်ရကြောင်းကိုတွေ့ရှိပြီးဖြစ်သည်။ အချို့ပိုးမွှားတို့သည် လူကို ယားယံအောင်နှင့်၊ နာကျင်အောင် ကိုက်တတ်သည်။ အနာမသိဆေးမရှိ၊ အနာသိကဆေးရှိရဟူသောစကားအတိုင်း၊ ဆေးပါရဂူများသည် အနာနှင့်ဆီလျော်သောနှိမ်နင်းနည်းတို့ကိုတီထွင်ဖော်ထုတ်ပြီး၊ ဖော်ထုတ်ဆဲဖြစ်သည်။

စီးပွားရေးဆိုင်ရာပိုးမွှားပညာသည် ကျယ်ပြန့်သောကြောင့်စိုက်ပျိုးရေးပိုးမွှားပညာဟူ၍လည်းကောင်း၊ သစ်တောရေးပိုးမွှားပညာဟူ၍လည်းကောင်း ခွဲခြားလေ့လာရသည်။ ယင်းသည့်ပညာအသီးသီးကိုလေ့လာရာတွင် စိုက်ပျိုးပင်နှင့်သီးနှံများကို ဖျက်ဆီးသောပိုးမွှားများနှင့် ထိုပိုးမွှားတို့အားနှိမ်နင်းနည်းများကို အဓိကထားသည်။ ပိုးမွှားတို့ ဖျက်ဆီးခြင်းကြောင့် သစ်တော၊ စိုက်ပျိုးပင်၊ အသီးအနှံနှင့် သစ်တောနှင့်စိုက်ပျိုးထွက်ပစ္စည်းပေါင်းမြောက်မြားစွာသည် တိုင်းပြည်တိုင်းတွင် ဆုံးရှုံးပျက်စီးလျက်ရှိသည်။ ထိုကြောင့်တိုင်းပြည်ကြီးများတွင် ယင်းပိုးမွှားတို့ကို နှိမ်နင်းရန် ပိုးမွှားပါရဂူများခန့်ထားရသည့်ပြင်၊ အခြားတိုင်းနိုင်ငံမှ ပိုးမွှားများ မိမိတို့နိုင်ငံတွင်းသို့ ဝင်ရောက်မလာနိုင်စေရန်

www.foreverspace.com.mm

အပင်၊ အသီး၊ အစေ့စသည်တို့တင်သွင်းခြင်းကို ဥပဒေစည်းကမ်းများဖြင့်ချုပ်ကိုင်ထားရသည်။

လူတို့သည် မိမိ အမျိုး တည်တံ့တိုးပွားရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးအ တွက် သစ်တောများကိုပြုစုပျိုးထောင်ခြင်း၊ သီးနှံပင်များကို တီထွင်စိုက်ပျိုးခြင်း ပြုလာသည်နှင့်အမျှ ပိုးမွှားအမျိုးနှင့် ဦးရေလည်းတိုးတက်များပြားလျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ပိုးမွှား၊ အထူးသဖြင့် အင်းဆက်ပိုးတို့သည် ပြောင်းလဲလျက်ရှိသောပတ်ဝန်းကျင်နှင့် သပ္ပါယဖြစ်နိုင်သောကြောင့် တည်း။

ပတ်ဝန်းကျင်နှင့်သပ္ပါယဖြစ်စေသောအင်းဆက်ပိုးတို့၏ အဓိကကြန်အင်လက္ခဏာတို့မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ အပြင်ခွံဖြင့် ဖုံးအုပ်ထားခြင်း။

အင်းဆက်ပိုး၏ ကိုယ်ခန္ဓာကို အပြင်ခွံဖြင့် ဖုံးအုပ်လျက်ရှိခြင်းကြောင့် (က) ကိုယ်တွင်း၌ ကြွက်သား ကြောတွယ်ရန် နေရာကျယ်ဝန်းသဖြင့် ကိုယ်ဆန့်ကျုံ့မှု၊ စားမှု၊ သွားမှု လွယ်ကူသည်။ (ခ)ကိုယ်တွင်းရှိရေကို ခန်းခြောက်လွယ်ခြင်း မရှိအောင် အကောင်းဆုံးထိန်းသိမ်းထားနိုင်သည်။ (ဂ)ကိုယ်တွင်းတည် အရေးကြီးသောအင်္ဂါအစိတ်အပိုင်းများကိုပြင်ပမှထိခိုက်အနာတရ မဖြစ်အောင်လည်းကာကွယ်ထားနိုင်သည်။

၂။ အတောင်ရှိခြင်း။

အင်းဆက်ပိုးများစွာတို့တွင် အတောင်ပါသဖြင့် တစ်နေရာမှ တစ်နေရာသို့ လွယ်ကူလျင်မြန်စွာပျံသန်း သွားလာနိုင်သော ကြောင့် တစ်နေရာတည်း၌ ရပ်တည်နေရခြင်းထက် အဆပေါင်းများစွာပို၍ အစားအစာ ရရှိရန်၊ ပေါက်ပွားပြန့်နှံ့ရန်နှင့် အမျိုးတည်တံ့တိုးပွားရန်အခွင့်သာသည်။ ယခုခေတ်သည် ကြည်၊ ရေ၊ လေကြောင်းဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးသန်းဆက်သွယ်မှု လျင်မြန်လွယ်ကူသောကြောင့်လူတို့၏ အကျိုးစီးပွားကိုပျက်စီးစေသောပိုးမွှားသာမက ကျန်းမာရေးကိုပါ အန္တရာယ်ပြုတတ်သောပိုးမွှားများပါ တစ်နေရာမှ တစ်နေရာသို့ ပြန့်နှံ့တိုးပွားရန်လွယ်ကူသည်။ ထိုကြောင့်အခြားတိုင်းပြည်များမှ အင်းဆက်ပိုးမွှားများ မိမိတို့တိုင်းပြည်တွင်းသို့ ဝင်ရောက်မလာနိုင်စေရန် ကူးသန်းဆက်သွယ်မှုကို ဥပဒေစည်းကမ်းများဖြင့် ချုပ်ကိုင်ထားရသည်။

၃။ ကိုယ်ခန္ဓာသေးငယ်ခြင်း။

များစွာသော အင်းဆက်ပိုးတို့သည် သေးငယ်သော ကိုယ်ခန္ဓာဖြင့် ပြီးသောကြောင့်အစားအစာအနည်းငယ်မျှဖြင့် လုံလောက်ရုံသာမက၊ ရန်သူ့ဘေးအန္တရာယ်မှလည်း လွယ်ကူစွာ ရှောင်တိမ်းပုန်းအောင်းနိုင်သည်။

၄။ ဘဝဖြစ်စဉ်။

အချို့သောအင်းဆက်ပိုးတို့တွင် ဘဝဖြစ်စဉ် လေးဆင့်ရှိသည်။ (က) ဥဘဝ၊ (ခ) ဥမှပေါက်ပွားပြီးနောက် ကြီးကောင်မဝင်မီအကောင်လောင်းဘဝ၊ ပုံပမာ၊ ခူ၊ ပေါက်ဖတ်၊ လောက်၊ လောက်လန်းစသည်တို့သည် လိပ်ပြာ၊ ဖလံ၊ ယင်၊ ခြင် စသည်တို့၏ ကြီးကောင်မဝင်မီဘဝဖြစ်သည်။ (ဂ) ပိုးတုံးလုံးဘဝ၊ ပုံပမာ ကြီးကောင်မဝင်မီ ဘဝဖြစ်သော ခူ၏ သက်တမ်းကုန်ခါနီး၌ ယင်းခူသည် ပိုးအိမ်ပြုလုပ်ပြီးနောက် ထိုအိမ်ထဲ၌ ဝင်ပြီးလျှင် ငြိမ်သက်စွာ ရပ်နားပြီးသည့်အဆုံးတွင် ရုပ်ပြောင်းလဲခြင်းဖြစ်သည်။ (ဃ)ကြီးကောင်ဝင်ဘဝ၊ ပုံပမာ ခူဘဝမှ ရုပ်ပြောင်းလဲပြီးနောက် ဖြစ်ပေါ်လာသောလိပ်ပြာသည် ကြီးကောင်ဝင်ဘဝတည်း။ ယင်း ကြီးကောင်ဝင်ဘဝ၌ မျိုးဆက် ပြန့်ပွားခြင်းဖြစ်သည်။ အင်းဆက်ပိုး အချို့တို့၏ဘဝဖြစ်စဉ်တွင်မူ ပိုးတုံးလုံးဘဝ မဖြစ်ပေါ်သဖြင့် ဘဝဖြစ်စဉ် သုံးဆင့်သာရှိသည်။ မည်သို့ဖြစ်စေ ဘဝဖြစ်စဉ်အဆင့်ဆင့်ရှိသောအင်းဆက်ပိုးတို့သည် ကြီးကောင်မဝင်မီ ဘဝနှင့်ကြီးကောင်ဝင်ပြီး ဘဝတို့တွင် အခြေအနေမတူဘဲ ကွဲပြားသောပတ်ဝန်းကျင်နှင့် အစားအစာကို မှီလျက် ဖြစ်ထွန်းနိုင်သည်။ ပုံစံအားဖြင့်ခူသည် အရိုးအရွက်များကို စားသောက်ဖျက်ဆီး၍ လိပ်ပြာသည် ပန်းဝတ်ရည်ကိုသာ စုပ်ယူသည်။

၅။ မျိုးအောင်လွယ်ခြင်း။

အင်းဆက်ပိုးတို့သည် ကြီးကောင်မဝင်မီ ဘဝတွင် အစားအစာကို အများဆုံး စားသောက်ဖျက်ဆီးသည်။ ကြီးကောင်ဘဝတွင် ဥပေါင်းမြောက်မြားစွာ ဥပြီးလျှင် မျိုးဆက်ပြန့်ပွားလွယ်သည်။

လူ၏ကျန်းမာရေးသည်လည်းကောင်း၊ အကျိုးစီးပွားသည်လည်းကောင်း အင်းဆက်ပိုးတို့ကြောင့် ပျက်စီးဆုံးရှုံးသကဲ့သို့ပင် လူ၏ကျန်းမာရေးအတွက်လည်းကောင်း၊ စီးပွားရေးအတွက်လည်းကောင်း အကျိုးပြုသော အင်းဆက်ပိုးမွှားများလည်း ရှိသည်။ များစွာသောအပင်တို့တွင် ကိုယ်တွင်းကပ်ပါလာသော အခြားအပင်မှဝတ်မှုန်၊ အခြားအပွင့်မှဝတ်မှုန်တို့ကို နောက်အပင်၊ နောက်အပွင့်သို့ သယ်ဆောင်ကူးယူက်ပေးခြင်းကြောင့်ဖြစ်သည်။ ပိုးခြည်ထွက်ပိုးမျှင်ကောင်၊ ချိပ်ထွက် အင်းဆက်ပိုးနှင့် ပျားတို့သည် လူ၏အကျိုးစီးပွားကို ဖြစ်ထွန်းစေသည်။ ပုရစ်၊ အုန်းပိုး၊ သင်ပေါင်းပိုး၊ ပျားတူကောင်စသောပိုးများကို လူတို့ အစားအစာအဖြစ် အသုံးပြုလေ့ရှိသည်။ အချို့သော ပိုးမွှားတို့ကိုမူ လူ၏ အကျိုးစီးပွားဖျက်ဆီးသော အခြားပိုးမွှားတို့ကို နှိမ်နင်းစေရန် အတွက် အသုံးပြုနိုင်သည်။

www.foreverspace.com.mm

ပိုးမွှားနှိမ်နင်းနည်း နိသျည်း

ပိုးမွှားနှိမ်နင်းနည်းကို သာမန်အားဖြင့် လေးမျိုးခွဲခြားပြုလုပ်နိုင်သည်။ ယင်းတို့မှာ၁။ ဓာတုဗေဒနည်း။ ၂။ စိုက်ပျိုးစံနစ်နည်း။ ၃။ သဇီဝ အချင်းချင်း နှိမ်နင်းနည်းနှင့် ၄။ ဖမ်းယူ သတ်ဖြတ်နည်းတို့ ဖြစ်သည်။

၁။ ဓာတုဗေဒနည်း။

ပိုးမွှားတို့ကိုသေစေနိုင်သော အဆိပ်ဓာတ်များကို အရည်အဖြစ်ဖြင့်လည်းကောင်း၊ အမှုန့်အဖြစ်ဖြင့်လည်းကောင်း ပက်ဖြန်း၍ဖြစ်စေ၊ မှိုင်းတိုက်၍ဖြစ်စေ ပိုးမွှားတို့ကို နှိမ်နင်းနိုင်သည်။ ခူ၊ပေါက်ဖတ်ကဲ့သို့ အရွက်အရိုးကို ကိုက်ဖြတ်ဖျက်ဆီးတတ်သော ပိုးမွှားတို့အား ဝမ်းတွင်း၌ အဆိပ်ဖြစ်စေသော ဓာတ်ဆေးကိုသုံး၍၊ အပင်မှဆဲလ်ရည်ကို စုပ်ယူဖျက်ဆီးတတ်သော ပျကဲ့သို့ ပိုးမွှားတို့ကိုမူ ထိရုံနှင့်သေစေသော ဓာတ်ဆေးတို့ကို သုံးရာသည်။ သိုလှောင်ထားသောဝတ္ထုပစ္စည်း၊ အိမ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံတို့တွင် ခိုအောင်းဖျက်ဆီးတတ်သော ပိုးမွှားနှင့် စိုက်ပျိုးသီးနှံပင် ပိုးမွှားတို့ကို ဓာတ်ဆေးဖြင့် မှိုင်းတိုက်ချေမှုန်းပစ်နိုင်သည်။

၂။ စိုက်ပျိုးစံနစ်နည်း။

စိုက်ပျိုးသော ကောက်ပဲသီးနှံပင်တို့ ကောင်းစွာဖွံ့ဖြိုးစေ၍ ပိုးမွှားဖျက်ဆီးခြင်းနည်းပါးစေသော စိုက်ပျိုးစံနစ်ကို သင့်တင့်သလို ပြောင်းလဲစိုက်ပျိုးရာသည်။ စိုက်ခင်းကို ကောင်းစွာထယ်ထိုး ထွန်ယက်ခြင်းဖြင့် ပေါင်းပင်နှင့် အမှိုက်များကိုရှင်းလင်းစေသည့်ပြင် ပေါင်းပင်နှင့်မြေတွင်းအောင်းနေသော ပိုးမွှားတို့ကိုလည်း ရာသီဥတုဒဏ်နှင့်ငှက်တို့ရန်ကြောင့် ပျက်စီးစေသည်။ အပင်မြစ်များဖွံ့ဖြိုးရန် မြေလည်းကောင်းစွာပွစေသည်။ ကောက်ပဲသီးနှံပင်များကို စိုက်နေကျအချိန်ထက် စောရ်ုဖြစ်စေ၊ နောက်ကျ၍ဖြစ်စေစိုက်ပျိုးခြင်းဖြင့် ပိုးမွှားဖျက်ဆီးခြင်းမှ လုံးဝမလွတ်ကင်းစေနိုင်သည့်တိုင် ပိုမိုသက်သာစေနိုင်သည်။ စိုက်ခင်းမြေတွင် သီးနှံတစ်မျိုးတစ်စားတည်းအမြဲဆက်လက်၍ မစိုက်ပျိုးဘဲ၊ ကောက်ပဲသီးနှံများကိုအလှည့်ကျ တစ်ရာသီတစ်မျိုးပြောင်းလဲ စိုက်ပျိုးရာသည်။ စိုက်ပျိုးပင်များသန်စွမ်းဖွံ့ဖြိုးရန်မြေသြဇာ ထည့်ပေးရာသည်။ သို့မှသာ အပင်ကောင်းစွာအောင်မြင်၍ ပိုးမွှားဒဏ်ကိုခံနိုင်ရည်ရှိသည်။ တတ်နိုင်လျှင် ပိုးမွှားမဖျက်ဆီးနိုင်သော အပင်မျိုးကို ရွေးချယ်စိုက်ပျိုးသင့်သည်။

၃။ သဇီဝ အချင်းချင်း နှိမ်နင်းနည်း။

စိုက်ခင်းများကို ထယ်ထိုးထွန်ယက်ပြုပြင်လျက်ရှိချိန်တွင် ကျီး၊ ဆက်ရက်၊ ဗျိုင်းစသောငှက်တို့ ရောက်လာပြီးလျှင် ထယ်ကြောင်း၊ ထွန်ကြောင်းထဲ၌ပေါ်လာသော မြေအောင်းပိုးမွှားများကို ဖမ်းယူစားသောက်ခြင်းသည် လည်းကောင်း၊ ငမြှောင်တောင်ကျသော စပါးခင်းထဲသို့ ဘဲများကို လွှတ်ပေး၍ ငမြှောင်တောင်များကိုစားပစ်စေခြင်းလည်းကောင်း၊ အုန်းပင်တို့ကိုဖျက်ဆီးတတ်သော အုန်းပိုးတို့ကို မှိုရောဂါကျရောက် ပျက်စီးစေခြင်းသည်လည်းကောင်း သဇီဝအချင်းချင်းနှိမ်နင်းနည်းမည်၏။ ဤနည်းကို အောင်မြင်စွာ အသုံးချနိုင်ရန် ထိုသဇီဝတို့၏ သဘာဝအလေ့အထတို့ကို ကောင်းစွာနားလည်အောင် လေ့လာပြီးမှသာ ဖြစ်မြောက်နိုင်သည်။

၄။ ဖမ်းယူသတ်ဖြတ်နည်း။

ကောက်ပဲသီးနှံတို့ကို ဖျက်ဆီးသော ပိုးတို့ကို နှိမ်နင်းရန် အလွယ်ကူဆုံးနည်းမှာ ယင်းပိုးမွှားတို့ကို လက်ဖြင့်ဖြစ်စေ၊ ပိုက်ဖြင့်ဖြစ်စေ၊ ဖမ်းယူသတ်ဖြတ်နည်းဖြစ်သည်။ ထိုပိုးမွှားတို့ကို ရေနှင့်ရေနံဆီရောစပ်ထည့်ထားသောအိုးခွက်ထဲသို့ကျအောင် အပင်ကိုင်းကိုလှုပ်ခါပေးခြင်းဖြင့်လည်း ချေမှုန်းပစ်နိုင်သည်။

အင်းဆက်ပိုးတို့၏သဘာဝအလေ့အထကို စူးစမ်းကြည့်လျှင် စိတ်ဝင်စားစရာကောင်းသောအချက်များကိုတွေ့နိုင်သည်။ နကျယ်ကောင်နှင့်ပျား၊ ခြကောင်နှင့်ပဆွတ်ပနီကောင်များကို ဗီသုကာဆရာနှင့်နှိုင်းယှဉ်အပ်သည်။ နကျယ်ကောင်သည် မိမိသားသမီးများပေါက်ပွားနေထိုင်ရန် ရှုံ့စေးဖြင့် စံနစ်ကျသောအိုးအိမ်ဆောက်လုပ်တတ်သည့်နည်းတူ ပျား၊ ပဆွတ်ပနီနှင့် ခြတို့သည်လည်း လေလုံမိုးလုံ လေထွက်လေဝင်ကောင်းသော အသိုက်အအုံကို စံနစ်တကျတည်ဆောက်တတ်သည်။ နကျယ်ကောင်နှင့်ပျားတို့ကို သိပ္ပံပါရဂူကြီးများနှင့် နှိုင်းယှဉ်အပ်သည်။ နကျယ်ကောင်သည် အခြားအင်းဆက်ပိုးများ၏ အာရုံကြောတွင်းသို့ မိမိအဆိပ်ထိုးသွင်းပြီးလျှင် ထိုသားကောင်ကို မပုပ်သိုးအောင်ပြုလုပ်၍ မိမိသားငယ်များစားသုံးရန်အတွက် ပေါက်ပွားရာအိမ်အတွင်း၌သိုလှောင်ထားတတ်သည်။ ပျားတို့သည် မိမိနှင့် မိမိသားငယ်များစားသုံးရန် ပန်းဝတ်ရည်များကို စုဆောင်းလျက် ပျားရည်အဖြစ် မပုပ်သိုးအောင်ပြုလုပ်ထားတတ်သည်။ ပျားသည် သားသမီးကို အထီးအမအချိုးအစားတို့ကို ကန့်သတ် မွေးဖွားတက်သဖြင့် လူတို့ထက်ပင် ဤနေရာ၌ တော်သေးသည်။

ခြတို့သည် ဗီသုကာနှင့် တူရုံသာမကဘဲ မှိုစိုက်ပျိုးခြင်း အလွန်တရာ ကျွမ်းကျင်သောကြောင့် စိုက်ပျိုးရေးပါရဂူနှင့် တူသည်ဟုလည်း ဆိုနိုင်သည်။ အချို့သောပရွက်ဆိတ်တို့သည် လူတို့ နို့စားနွားမ မွေးသည့်နည်းတူ အချို့ရည်ထွက်သော ပျကောင်များကို မွေးမြူတားတတ်သည်။

www.foreverspace.com.mm

ပရွက်ဆိတ်၊ ခြနှင့်ပျားစသော အင်းဆက်ပိုးတို့သည် အသိုက်အခုံ့ဖွဲ့လျက် နေတတ်ကြသည်။ အသိုက်အခုံ့အသီး အသီးကို စီးလုံးညီညာ ဘုံရိပ်သာဟုခေါ်အပ်သည်။ ပရွက်ဆိပ်နှင့် ခြအုံ့ကို လေ့လာကြည့်လျှင် ဘုရင်မ၊ လုပ်သား၊ စစ်သားဟူ၍ တာဝန်အလုပ်နှင့် ဦးရေအချိုးအစားခွဲခြား ဖြစ်ပေါ်ကြောင်းကို တွေ့ရသည်။ ထိုနည်းတူပင်ပျားအုံ၌လည်း ဘုရင်မ၊ ပျားထီးနှင့် လုပ်သားဟူ၍ရှိသည်။ ပျားထီးသည် အလုပ်မလုပ်ချေ။ ဘုရင်မနှင့်မျိုးပွားခြင်းကိစ္စပြီးမြောက်က ပျားထီးများကို လုပ်သားပျားများက နှင်ထုတ်ဝိုင်းပယ်လေ့ရှိသည်။ ဦးကိုကိုကြီး

(၁)ပိုးလောင်း ။ ။ပိုးလောင်းသည် အရွယ်မရောက်မီကာလ အတွင်းတွင် သူ့အားပဋ္ဌိသန္ဓေတည်၍ ပေးလိုက်သော အမိအဖတို့နှင့် ပုံသဏ္ဌာန်၌လည်းကောင်း၊ အမူအရာ၌လည်းကောင်း မတူသောအကောင်လောင်းဖြစ်သည်။ ဖားဥ တစ်ဥမှ ပေါက်ဖွားလာသည့် ဖားငယ်ကလေးသည် ရေနေဖားလောင်းသာ ဖြစ်သည်။ ထိုဖားလောင်းအဖြစ်မှ လေကိုရှူသည့် ဖားကြီးအဖြစ်သို့ တဖြည်းဖြည်းရောက်လာရသည်။ ထိုကြောင့်ဖားလောင်းသည် ပိုးလောင်း၊သို့မဟုတ် အကောင်လောင်းဖြစ်၏။ သို့သော် ပိုးလောင်းဟူသောအခေါ်အဝေါ်ကို အထူးသဖြင့် ပိုးကောင်(အင်းဆက်ပိုး)များတွင်သာအသုံးပြုလေ့ရှိသည်။ လိပ်ပြာနှင့် ပိုးဖလံတို့၏ပိုးလောင်းများကို ပေါက်ဖတ်ဟုခေါ်သည်။ ပိုးလောင်းအစစ်သည် အရွယ်ရောက်ပြီး ပိုးကောင်ဖြစ်မလာသေးမီ ပိုးတုံးလုံးအဆင့်သို့ အသွင်ပြောင်းရသေးသည်။ ပိုးလောင်းသည် အသီးအရွက်ကိုစား၍ကြီးထွားလာရသဖြင့် အပင်များကို ဖျက်ဆီးလေသည်။ ပိုးလောင်းများ ကြီးထွားပြီးသော အခါတွင် ယင်းတို့၏အရေပြားကိုလဲပစ်ကြရသည်။ ပုံပမာ၊ ပေါက်ဖတ်သည် လေးငါးကြိမ်အရေလဲ၍ အခြားပိုးလောင်းများသည် အကြိမ် ၂၀မျှ အရေလဲကြရသည်။ (ပေါက်ဖတ်–ရှု။)

ပိုးဟပ်။ ။ပါဏာဗေဒအလိုအားဖြင့် ပိုးဟပ်သည် 'ဗလက်တီဒီး' မျိုးရင်းနှင့် 'သြသော့ပတဲရား' မျိုးစဉ်တွင် ပါဝင်သည်။ အရွယ်တူသော အတောင်ပံ ၄ ခု ပါရှိ၏။ သို့သော် အချို့ပိုးဟပ်များတွင် အတောင်များသည်များစွာ သေးငယ်သည်။ အချို့သောပိုးဟပ်တို့၌ကာ အတောင်ဟူ၍ လုံးဝမရှိချေ။ မျိုးစိတ် ပေါင်း ၂၄၀၀ ခန့်ရှိရာ၊ ယင်းတို့ကို အများအားဖြင့် အပူပိုင်းဒေသများတွင် တွေ့ရသည်။ ကိုယ်ခန္ဓာသည် ပြားနေသဖြင့် ကျောက်တုံးနှင့် သစ်ခေါက်များ အောက်သို့တိုးဝင်ရန် အထူးအဆင်သင့်နေလေသည်။ ဦးမှင်များသည် ရှည်၍သေးသွယ်၏။ ဝမ်းပိုက်ထိပ်၌ အဆက်များရှိသော အမှင်တစ်စုံပါရှိပြီးလျှင်၊ ယင်း၌ အနံ့ခံအင်္ဂါများ ပါဝင်လေသည်။ အရွယ်ရောက်ပြီး ပိုးဟပ်များသည်အများအားဖြင့် အုပ်ဖွဲ့၍နေတတ်ကြသည်။ အချို့ပိုးဟပ်များသည် မြေကြီးထဲ၌နေတတ်ကြပြီးလျှင် အချို့သည် သီးခြားတစ်ကောင်စီ နေတတ်ကြ၏။ အချို့မှာလည်း ပရွက်ဆိတ်နှင့် ခြများ၏ အသိုက်များတွင်နေထိုင်ကြ၏။ ပိုးဟပ်များ၌ ရှည်၍ သန်မာသော ခြေထောက်များ ရှိကြသည်။ လျင်မြန်စွာလည်း ပြေးနိုင်ကြသည်။ ခြေချောင်းတိုင်းတွင် နောက်ဘက်သို့ ကောက်လျှက်ရှိသော ဆူးများရှိသည်။ ထိုဆူးများကို လက်နက်အဖြစ်အသုံးပြုကြသည်။ ပိုးဟပ်သည် ရန်သူနှင့်တွေ့ကြုံလာလျှင် နောက်သို့ဆုတ်ပြီးသော် ခြေထောက်များဖြင့် အဆက်မပြတ်ကန်ကျောက်ခြင်းဖြင့် ထိတ်လန့်သွားစေတတ်သည်။ ပိုးဟပ်ကို ကမ္ဘာအနှံ့အပြားတွင်တွေ့နိုင်သည်။ ပိုးဟပ်သည် နံကောင်၊ ပုရစ်တို့နှင့် အလွန်နီးစပ်လေသည်။

ပိုးဟပ်သည် ဥများကို အများအားဖြင့် ဥအိတ်များတွင် ဥကြ၏။ လုံခြုံသည့်နေရာများတွင် ထိုဥအိတ်များကို ထားတတ်ကြသည်။ သို့မဟုတ် အမများကအကောင်မပေါက်မချင်း ယင်းဥတို့ကိုသယ်ဆောင်သွားလာတတ်ကြသည်။ သို့တည်းမဟုတ် အင်္ဂါဇာတ်အနီးရှိအိတ်ထဲတွင်လည်း ထည့်ထားတတ်ကြသည်။ ထိုအခါ၌ အကောင်ကလေးများကို အကောင်လိုက်မွေးထုတ်တတ်ကြသည်။ အချို့ပိုးဟပ်မျိုးစိတ်များ၌ ဥအိတ်များမရှိချေ။ ဥအိတ်တစ်ခုတွင် ဥပေါင်း ၃၀မှ၆၀ အထိရှိကြသည်။ မျိုးစိတ်တစ်ခုနှင့်တစ်ခု ဥအရေအတွက်အားဖြင့်ကွဲပြားခြားနားသည်။ ပိုးဟပ်ငယ်ကလေးများသည် အတောင်မရှိခြင်းနှင့်ခန္ဓာကိုယ်သေးငယ်ခြင်းမှလွဲလျှင် ပိုးဟပ်အကောင်ကြီးနှင့်အတူတူပင်ဖြစ်သည်။ ပိုးဟပ်ငယ်အချို့တွင် အရောင်အမျိုးမျိုးရှိတတ်သည်။ အထူးသဖြင့်ပိုးဟပ်များသည် အသက်ရှည်ကြလေသည်။ မျိုးဆက်တစ်ဆက်လျှင် ၅နှစ်အထိ အသက်ရှည်ကြသည်။

အချို့ပိုးဟပ်များသည် ဘေးပြုတတ်၏။ ယင်းတို့သည် အစားအစာ၊ မီးဖိုအမှိုက်၊ အဝတ်အထည်၊ အိမ်အသုံးအဆောင်၊ စာအုပ်ကိုချုပ်ထားသည့်နေရာများနှင့် ကြမ်းပိုးကဲ့သို့သောပိုးကောင်များကို စားသောက်ကြသည်။ ထိုပိုးဟပ်မျိုးနှင့် ထိမိသောပစ္စည်းတိုင်းတွင် ယင်း၏ မနှစ်မြို့ဖွယ်သောအနံ့သည် စွဲ၍ကျန်ရစ်ခဲ့လေသည်။ သဘာဝအားဖြင့် ယင်းတို့သည် သီးနှံစားများဖြစ်ကြသော်လည်း ပိုးမွှား၊ တီကောင်နှင့် ပိုးကောင်ဥများကို စားကြသည်။ ဂျာမန်ပိုးဟပ်မျိုးသည် အထူးအနှောင့်အရှက်ပြုတတ်သော ပိုးဟပ်မျိုးဖြစ်ပြီးလျှင် ယခုအခါတွင် ကမ္ဘာအနှံ့အပြားသို့ရောက်လျက်ရှိကြလေသည်။ ပိုးဟပ်များများလာလျှင် အိမ်တွင်း၌ မသန့်မရှင်းဖြစ်လာစေသည်။

www.forestersspace.com.mm

အရေပုံကိုင်းတွင်တွေ့ရသောပိုးဟပ်မျိုးသည် ထို့အတူ အနှောင့်အယှက်ဖြစ်စေတတ်သည်။ အလျားတစ်လက်မနီးနီးရှိ၍ကိုယ်ပြားသည်။ ပိုးဟပ်မတို့၌ မူလအတောင်များပါရှိပြီးလျှင် အထီးတို့၏ဝမ်းပိုက် အစွန်းသည် အပြင်သို့ထွက်နေလေသည်။ ဩစတေးလျ ပိုးဟပ်မျိုး၌လည်း အတောင်ရှိသည်။ အမေရိကတိုက်ရှိပိုးဟပ်မျိုးသည် ခန္ဓာကိုယ်သေးသွယ်၍ ကောင်းစွာ ပျံသန်းနိုင်သည်။

ပိုးဟပ်တို့ကို အိမ်တွင်းသို့ အဝင်မခံလိုလျှင်၊ အိမ်ခန်းများကို သန့်ရှင်းစွာထားပြီးသော် သွေ့ခြောက်နေစေရသည်။ အညစ်အကြေး၊ ဆီနှင့်ရေငွေ့ရှိသောနေရာများတွင် ပိုးဟပ်သည် ကြီးထွားလွယ်၍ပွားလွယ်၏။ ပိုးဟပ်ကိုရှင်းလင်းရာတွင် ဆိုဒီယမ်ဖလူအိုရိုက်၊ ဗိုရက်(လက်ချား)၊ ဆိုဒီယမ်ဖလူအိုဆီလီကိတ်၊ ရိုတီနုန်း(ဝါ)ပိုင်ရက်သရမ် ဓာတ်ပစ္စည်းပါသောပေါင်ဒါများကို အသုံးပြုရသည်။ ထိုပေါင်ဒါများကို အက်ကြောင်းများ၊ ချောင်ကျသည့် နေရာများနှင့် ရေဝပ်သည့် နေရာများတွင် ဖြူးပေးရသည်။

ပက်ကျိနှင့်ခရုပက်ကျိ။ ။ပက်ကျိနှင့် ခရုပက်ကျိတို့သည် အမြင်အားဖြင့် ခြားနားသော်လည်း 'ဂတ်စထရိုပဒါ'ခေါ် မျိုးပေါင်းတစ်မျိုးတည်းဖြစ်ကြ၍ ကမာ၊ ရှပ်၊ ကင်းမွန်တို့နှင့်အတူ ခရုမျိုးပေါင်းစုတွင် ပါဝင်ကြသည်။ ခရုပက်ကျိတွင် ခွေလိမ်လျက်ရှိသော အခွံတစ်ခုပါရှိ၍ ထိုအခွံထဲသို့ ကိုယ်ခန္ဓာကို သိမ်းသွင်းထားနိုင်သည်။ ခရုပက်ကျိကို ရေချို၊ ရေငန်နှင့် ကုန်းမြေသုံးဌာန စလုံးတွင် တွေ့ရသည်။

ပက်ကျိတွင်မူ အခွံမပါချေ။ ပါပြန်လျှင်လည်း အလွန်သေးငယ်၍ ခရုပက်ကျိကဲ့သို့ ထိုအခွံထဲ၌ဝင်၍မနေပေ။ နောက်တစ်ချက်ခြားနားသည်မှာ ပက်ကျိ၏ကိုယ်သည် ခရုပက်ကျိကိုယ်ကဲ့သို့ခွေလိမ်၍မနေဘဲ ဖြောင့်တန်းနေသည်။ ထိုကိုယ်သည် ကြွက်သားများဖြင့်ဖွဲ့စည်းထားသည့် အတိုင်းမာကျောရှိ၍ အလိုရှိသလိုကျုံ့နိုင်ဆန့်နိုင်သည်။ ပက်ကျိသည် အမှန်စင်စစ်အခွံမပါသော ကုန်းခရုပက်ကျိဖြစ်သည်။ ခရုပက်ကျိ၏အခွံသည် သွားရာသို့ပါသွားသော အိမ်ပင်ဖြစ်သည်။ အချို့ခရုပက်ကျိမျိုးတွင် ခေါင်းပိုင်းအောက်၌ ခရုမျက်နှာပိတ်ခေါ် ပိုင်းရှိမာသောအခွံဖုံးတစ်ခုပါသည်။ ကိုယ်ကို အခွံထဲသို့ဆွဲသွင်းထားချိန်တွင် ထိုမျက်နှာပိတ်ဖြင့်အပေါက်ဝကို ပိတ်ဆိုထားသည်။ အချို့ခရုပက်ကျိများကမူ အခွံထိပ်ဝကို ကျိုချဲသော အစေးတစ်မျိုးဖြင့် ပိတ်ဆို့ထားတတ်၍၊ ထိုအစေးသည် အတန်ငယ်ကြာသောအခါ ခဲ၍မာသွားသည်။

ခရုပက်ကျိအမျိုးမျိုးရှိသည့်အနက် အချို့သည် အသားနှင့်တကွ အမှိုက်သရိုက်များကိုပါစားတတ်သော်လည်း များသောအားဖြင့် သစ်သီးသစ်ရွက်များကိုသာစားကြသည်။ ရေခရုပက်ကျိအကြီးစားတို့သည် တစ်ခါတစ်ရံ ရေထဲ၌ရှိသောသက်ရှိသတ္တဝါကလေးများကို သတ်ဖြတ်စားသောက်ကြသည်။ ခရုပက်ကျိတို့သည် အစာကို ထူးဆန်းသောလျှာကြမ်းတစ်မျိုးဖြင့် ပွတ်ဖြတ်၍ စားသောက်ကြသည်။ ထိုလျှင်တွင် အလွန်သေးငယ်သည့် သွားကလေးပေါင်းမြောက်မြားစွာပါရှိ၍ ရေခရုပက်ကျိအကြီးစားတစ်ကောင်၏ လျှာ၌ အဆိုပါသွားပေါင်း ၈၃၄၃ ချောင်းအထိ ပါရှိကြောင်း မှတ်တမ်းတင်ထားဖူးသည်။ မျက်စိများမှာ ဦးချိုသဏ္ဌာန်ရှိသော ဦးမှင်ရှည်တို့၏ထိပ်ဖျားတွင် သေးငယ်သောအမည်းစက်ကလေးများအဖြစ်ဖြင့် တည်ရှိကြသည်။ ရေမြေနှစ်ဌာနစလုံးတွင်ကျက်စားသော ခရုပက်ကျိအားလုံးလိုလိုသို့ အိတ်သဖွယ်ရှိသည့် အဆုတ်ဖြင့်အသက်ရှူကြ၏။ ဤခရုပက်ကျိမျိုးရေထဲ၌ကျက်စားနေချိန်တွင် လေကိုရှူရှိုက်သိုမှီးရန်အတွက် ရေမျက်နှာပြင်ပေါ်သို့ မကြာခဏတက်လာရသည်။ ရေထဲ၌အသက်ရှူသော ခရုပက်ကျိမျိုးတွင်မူ သစ်ရွက်နှင့်တူသောပါးဟက်များပါရှိကြသည်။ ခရုပက်ကျိတို့သည် ဥဥသောအခါ များသောအားဖြင့်အုံ့သြဖွယ်ကောင်းသောအိတ်ကလေးများဖြင့် ဥတတ်ကြသည်။ ကုန်းခရုပက်ကျိတို့တွင် ခရုပက်ကျိလေးများအဖြစ်ဖြင့်တစ်ခါတည်း အကောင်လိုက်ပေါက်ဖွားလာကြသည်။ ရေခရုပက်ကျိများသည် အလွန်သေးငယ်သောသတ္တဝါကလေးများအဖြစ် ပဌမပေါက်ဖွားလာကြသည်။ ထိုနောက်



စွတ်စိုသောအရပ်၌ တွေ့ရလေ့ရှိသော ပက်ကျိနှင့် ခရုပက်ကျိ

www.foreverspace.com.mm

ခရုပက်ကျိလောင်းကလေးတို့သည် ရေထဲ၌ မွေးညှင်းက လေးများဖြင့် လွတ်လပ်စွာ ကူးခတ်သွားလာနေကြသည်။ ခရုပက်ကျိသည် တဖြည်းဖြည်း ကြီးပြင်းလာသည်နှင့် အမျှ မိမိကိုယ်ခန္ဓာဝင်ဆံ့အောင် သူ၏အိမ်ဖြစ်သောအခွံကို တစ်ရစ်ပြီးတစ်ရစ်တိုးချဲ့၍ဆောက်လုပ်တတ်သည်။ ခရုပက်ကျိတွင် အမျိုးကိုလိုက်၍ အခွံပုံစံတစ်မျိုးစီသီးသန့်ရှိကြသည်။ အချို့သောအခွံများမှာ ကြိုးခွေသဏ္ဌာန်အပြားလိုက်ရစ်ခွေနေ၍၊ အချို့မှာရစ်ခွေရုံမက စေတီပုံကဲ့သို့ ချွန်၍နေသည်။ အချို့တွင်လည်း ကြယ်သီးကဲ့သို့ ထိပ်သီးကလေးတခု ပါရှိတတ်သည်။ ခရုခွံတို့သည် အများအားဖြင့် အညိုအဝါ၊ ခရမ်းရောင်စသည်ဖြင့် တစ်ရောင်တည်းဖြစ်ကြသည်။ သို့သော်အချို့မှာမူ ရောင်စုံအကွက်များ ရောင်စုံလှိုင်းရစ်များဖြင့် သဘာဝက ဖန်တီးခြယ်လှယ်ပေးထားသည်။ ထိုကြောင့်လည်း ဤအခွံကလေးများသည် ကမ္ဘာပေါ်ရှိ အလှပဆုံး အရာဝတ္ထုများတွင် အပါအဝင်ဖြစ်ကြရသည်။ အထူးသဖြင့် အပူပိုင်းဒေသမှအခွံများမှာ အလှပဆုံးဖြစ်၏။ ပက်ကျိနှင့်ခရုပက်ကျိတို့သည် တရွေ့ရွေ့တွားသွားစဉ် မိမိတို့ကိုယ်ကိုလွယ်ကူစွာ ဒရွတ်ဆွဲယူသွားနိုင်အောင် မိမိတို့ကိုယ်ကို လွယ်ကူစွာ ဒရွတ်တိုက်ဆွဲယူသွားနိုင်အောင် မိမိတို့ကိုယ်မှ ကျိုချွဲသောအရည်တစ်မျိုးကိုထုတ်၍ လမ်းခင်းသွားကြသည်။ ထိုကြောင့် ပက်ကျိနှင့်ခရုပက်တို့သွားသောလမ်းတစ်လျှောက်တွင် လမ်းကြောင်းရာထင်၍ ကျန်ရစ်သည်ကို တွေ့ရသည်။

ပက်ကျိနှင့်ခရုပက်ကျိအမျိုးမျိုးကို ကမ္ဘာအနှံ့အပြားမှာပင်တွေ့ရသည်။ ယင်းတို့အနက် ဥရောပတိုက်ရှိ ကုန်းခရုပက်ကျိအကြီးစားတမျိုးကို ပြင်သစ်နှင့်ဟ္ဝေတလီနိုင်ငံတွင် ပဌမတန်းစားကောင်းသောက်ဖွယ် တစ်ခုအနေဖြင့် စားသောက်ကြသည်။

ပက်ကျိနှင့် ခရုပက်ကျိတို့ကို နေးကွေးလေးလံလွန်းသောကြောင့် လူတိုင်းလိုလိုပင် စိတ်ပါဝင်စားခြင်း မရှိဘဲ ထုံထိုင်းအနသော သတ္တဝါကလေးတစ်မျိုးမျှသာဖြစ်သည်ဟု ထင်မြင်တတ်ကြ၏။ သို့ရာတွင်ယင်းတို့၌ ကိုယ့်အိမ်ကိုမမေ့တတ်သော သဘာဝအသိဉာဏ်အလွန်ထက်သန်၍ သူတို့၏မူလခိုအောင်းနေထိုင်ရာနေရာသို့ အလွန်အံ့သြဖွယ် ကောင်းအောင် ပြန်သွားနိုင်ကြသည်။ အလေးချိန်အောင်စဝက်ပင်မရှိသော ခရုတစ်ကောင်သည် မျက်နှာပြင်ညီညာချောမွတ်သော စားပွဲပေါ်၌ တပေါင်ကျော်ကျော်လေးသောအရာဝတ္ထုတစ်ခုကို ဆွဲဆောင်နိုင်ကြောင်း မှတ်တမ်းတင်ထားဖူးသည်။ ပက်ကျိနှင့်ခရုပက်ကျိတို့သည် မြေနေအောင်ထက်သော သင်ခုန်းမားသွားကို မိမိတို့ကိုယ်၌ ပြတ်ခြင်းရှခြင်းမရှိဘဲကျော်ဖြတ်နိုင်သည်။ ဆူးများပေါ်၌လည်း တွားသွားနိုင်သည်။ မျက်စိပါသော ဦးမှင်တစ်ဖက် ပြတ်ထွက်သွားလျှင်လည်း မကြာမီပင်ဦးမှင်သစ်တစ်ခု လွယ်ကူစွာ ထပ်မံ၍ပေါက်လာစေနိုင်သည်။ ခရုပက်ကျိသည် ရေမျက်နှာပြင်အောက်၌ လည်းတွားသွားနိုင်သည်။

အချိန်ကို ပိုင်းခြားသတ်မှတ်ထားရာ ပြက္ခဒိန်

ပြက္ခဒိန်ဟူသည်မှာ အချိန်နှစ်အပိုင်းအခြား၊ ရာသီအပိုင်းအခြား၊ လအပိုင်းအခြား၊ နေ့ရက်အပိုင်းအခြား သတ်မှတ်ထားခြင်းပင်ဖြစ်သည်။ ပြက္ခဒိန်ကိုမည်သို့သတ်မှတ်ကြသနည်း။ မည်သည့်လူမျိုးများစတင်တီထွင်ခဲ့ကြပါသနည်း။ မည်သည့်အကျိုးထူးများ ရရှိခံစားစေခဲ့သနည်း။ ဤအကြောင်းရပ်တွင် စုံလင်စွာဖတ်ရှုရပေမည်။

ပြက္ခဒိန်။ ။(ပက္ခ+ဒိန–ပက္ခ=လဆန်း၊ လဆုတ်+ဒိန= နေ့များ–သို့အတွက် ပြက္ခဒိန်ဟု စာလုံးပေါင်းရမည်။–ပြည်ထောင်စု နိုင်ငံတော် ပြက္ခဒိန်တော်ဆက်အဖွဲ့၏ ဆုံးဖြတ်ချက် – ၁၉၄၉ ခုနှစ်။) ပြက္ခဒိန် ဟူသည်မှာ အချိန်ကို ပိုင်းခြားသတ်မှတ်ခြင်း။ တစ်နည်းဆိုရသော် နှစ်အပိုင်းအခြား၊ ရာသီအပိုင်းအခြား၊ လအပိုင်းအခြား၊ နေ့ရက်အပိုင်းအခြားသတ်မှတ်ခြင်းဖြစ်သည်။ ကမ္ဘာမြေလုံးကြီးသည် နေကို လှည့်ပတ်သွား ခြင်းအားဖြင့် ရာသီများဖြစ်ပေါ်လာ၏။ တစ်ပတ်ပြည့်သောအခါ၊ တစ်နှစ်ပြည့်ချိန်ဟုသတ်မှတ်ကြ၏။ ရှေးလူများ၏တိုင်းထွာမှတ်သားမှုအရ တစ်နှစ်လျှင် ၃၆၅ ရက် ၆နာရီသာရှိ၏။ ထိုအခါက လူတို့သည် ရာသီသုံးမျိုးသာသတ်မှတ်ထားရှိသည်ဟု ရာဇဝင် ကျမ်းများတွင် ဖော်ပြထား၏။ လကိုသတ်မှတ်ရာ၌ လဆန်းတစ်ခုမှလဆန်းတစ်ခုအထိ တစ်လဟု သတ်မှတ်၍၊ ယင်းသည့်လပေါင်း ၁၂လကို 'တစ်နှစ်'ဟုသတ်မှတ်ကြ၏။ တစ်လလျှင် ရက်ပေါင်း ၂၉ရက်၁၂နာရီကျော်ရှိ၍၊ ၁၂လတွင် ၃၅၄ ရက် ကျော် ၃၅၅ ရက်ရှိလေသည်။

အလွန်ရှေးကျသော အီဂျစ်လူမျိုးတို့သည် နေသွားကို အမှီပြု၍ တစ်နှစ်လျှင် ၃၆၅ရက်သတ်မှတ်ပြီးလျှင်၊ ရက်ပေါင်း ၃၀ရှိသော၁၂လနှင့် အပို ၅ရက်ပါဝင်သော ပြက္ခဒိန်သတ်မှတ်သည်။ လေးနှစ်တစ်ကြိမ်တွင် တစ်ရက်တိုး၍၊ ၃၆၆ ရက်ရှိ ရက်ငင်နှစ်ဟု သတ်မှတ်၏။ နှစ်စဉ်ရက်ပို ၅ရက်နှင့် လေးနှစ်တစ်ကြိမ်ရက်ပို ၆ရက်ကို ပွဲတော်နေ့အဖြစ်သတ်မှတ်ကြလေသည်။

www.foreverspace.com.mm

ရှေးရောမလူမျိုးတို့ အသုံးပြုခဲ့သော ပြက္ခဒိန်တွင် ၁၀ လပါရှိ၍၊ အင်္ဂလိပ်အခေါ်အားဖြင့် မတ်လ (၃၁)၊ ဧပြီလ (၂၉)၊ မေလ(၃၁)၊ ဇွန်လ(၂၉)၊ ကွင်းတီးလစ်လ(၃၁)၊ ဆက္ကစတီးလစ်လ (၂၉)၊ စက်တာ်ဘာလ (၂၉)၊ အောက်တိုဘာလ(၃၁)၊ နိုဝင်ဘာလ(၂၉)၊ ဒီဇင်္ဘာလ (၂၉)ရက်၊ ပေါင်း ၂၉၈ရက်ရှိ၍၊ တစ်နှစ်ပြည့်ရန် ရက်ပိုများ၊ လပိုများ ဖြင့်အသုံးပြုကြ၏။ နောင်အခါရောမမြို့ကိုအုပ်စိုးခဲ့သူ နူမာ ပွန်ပီလယပ်က ဇန်နဝါရီလ(၂၉)နှင့် ဖေဖွာဝါရီလ(၂၈)ထပ်တိုး၍၊ ရက်ပေါင်း ၃၅၅ ရက်ရှိ ပြက္ခဒိန် သတ်မှတ်၏။

ယင်းသည့် နူမာနှစ်မှာ လေးနှစ်တစ်ကြိမ် တစ်ပတ်ကာလသတ်မှတ်ပြီးလျှင် ပဌမနှစ်တွင် ၃၁ရက်ရှိလပေါင်း ၄လ၊ ၂၉ ရက်ရှိ လပေါင်း၇လနှင့် ၂၈ရက်ရှိဖေဖော်ဝါရီ တစ်လ ရှိ၍၊ လပေါင်း၁၂လတွင် ရက်ပေါင်း ၃၅၅ရက်ရှိ၏။ ဒုတိယနှစ်တွင် ဖေဖော်ဝါရီလ၌ ၂၃ရက်ရှိ၍၊ ရက်ပေါင်း၂၇ ရက်ဖြင့်လအပိုတစ်လဖြည့်ပြီးလျှင်သတ်မှတ်၏။တတိယနှစ်တွင် ပဌမနှစ်အတိုင်းသတ်မှတ်၍၊စတုတ္ထနှစ်တွင်ဒုတိယနှစ်ကဲ့သို့ပင် လပိုဖြည့်၍ ဖေဖော်ဝါရီလတွင် ၂၄ ရက်ဖြင့်သတ်မှတ်၏။ ဤနည်းမှာလည်း ၄နှစ်တစ်ကြိမ်တွင် ၄ရက်ပိုမ်၏။ ဂျူးလယပ်ဆီဇာလက်ထက်ရောက်သောအခါ လများနှင့်ရာသီဥတုမညီမညွှတ်ဖြစ်၍ ဇန်နဝါရီလတွင် ဆောင်းကူးရာသီဖြစ်နေသောကြောင့်နက္ခတ်ပညာရှိဆိုဆီးဂျင်းနစ်၏အကြံပေးချက်အရ၊ ဘီစီ ၄၆ ခုနှစ်တွင် ရက်ပေါင်း ၉၀(နိုဝင်ဘာလနှင့် ဒီဇင်ဘာလအကြားတွင် ၆၇ရက်နှင့် ဖေဖော်ဝါရီလနောက်ဆုံးတွင် ၂၃ရက်)ထပ်တိုး၍၊ ဘီစီ ၄၅ခုနှစ် နွေကူးရာသီကို မတ်လတွင်စစေခဲ့၏။ ဤကဲ့သို့ ရာသီနှင့် လများမှန်ကန်ညီညွှတ်စေရန် ဇန်နဝါရီလနှင့် ဆက္က စတီးလစ်လ (သြဂုတ်လ) တို့ကို ၂ ရက်စီတိုး၍၊ ဒီဇင်ဘာလကို ၃၁ရက်လ၊ ပြုပြင်ပြီးလျှင် ကျန်ဧပြီလ၊ ဇွန်လ၊ စက်တင်ဘာလ၊ နိုဝင်ဘာလများကို ၃၀ရက်ဟု သတ်မှတ်လျက်၊ ဖေဖော်ဝါရီလတွင် ၂၈ရက်ဟုသတ်မှတ်သော ၃၆၅ ရက်ပြက္ခဒိန်ကို ပြုပြင်ခဲ့လေသည်။ ထိုပြင် လေးနှစ်တစ်ကြိမ်လည်း ဖေဖော်ဝါရီလ၂၃ရက်နှင့် ၂၄ရက်အကြားတွင် ရက်ပိုတစ်ရက်တိုး၍၃၆၆ရက်ရက်ငင်နှစ်သတ်မှတ်၏။ မတ်လ၊ မေလ၊ကွင်းတီးလစ်လ (နောင်အခါဂျူးလယပ်ဆီဇာကိုအကြောင်းပြု၍ ဇူ(ဂျူ)လိုင်လအမည်ပြောင်းသည်)နှင့် အောက်တိုဘာလများကို ယခင်ပြက္ခဒိန်အတိုင်း ၃၁ရက်လများအဖြစ် သတ်မှတ်၏။ ထိုနောက်ပုပ်ရဟန်းမင်းကြီး၇ရက်၇ရီ (၁၃)က အနည်းငယ်ပြုပြင်၍ ၇ရက်၇ရီယန်းပြက္ခဒိန်ဖြစ်ပေါ်လာ၏

သို့သော်လည်း ထိုအခါက နေသွားနှစ်တစ်နှစ်မှာ ၃၆၅ ရက် ၆ နာရီဟုယူခဲ့ကြ၍ အမှန်နေသွားနှစ်မှာ ၃၆၅ ရက် ၅ နာရီ ၄၈ မိနစ် ၄၆ စက္ကန့်ဖြစ်သဖြင့် ၁၆ ရာစုနှစ်အတွင်း ၁၅၈၂ခုနှစ် မတ်လ၁၁ရက်ကို ၂၁ရက်ဟု သတ်မှတ်ပြီးလျှင်၊ ရောမပြက္ခဒိန်ကို ထပ်မံပြုပြင်၍ ယခုထက်တိုင်အသုံးပြုနေကြသည်။ နှစ်စဉ်ပြုလုပ်ရမည့် ပြက္ခဒိန်တွက်နည်းမှာလည်း ခုနှစ်ကို ၄နှင့်စားသည့်အခါ အကြွင်းမရှိသော နှစ်များကို ရက်ငင်နှစ်ဟုသတ်မှတ်၍၊ နှစ်ပေါင်း ၁၀၀(ရာစု)ကျရောက်သောနှစ်များတွင် ရက်တိုးခြင်းမပြုရ။ သို့သော် ခုနှစ်ကို ၄၀၀နှင့်စားသည့်အခါ၊ အကြွင်းပြတ်လျှင်သာ ရက်ငင်နှစ်ဖြစ်ရမည်ဟု သတ်မှတ်၏။ သို့အတွက် ၁၆၀၁ပြည့်နှစ်သည် ရက်ငင်နှစ်ဖြစ်၍၊ ၁၇၀၀ပြည့်နှစ်၊ ၁၈၀၀ပြည့်နှစ်နှင့် ၁၉၀၀ပြည့်နှစ်များသည် ရက်ငင်နှစ်များမဟုတ်ချေ။ သို့သော် ၂၀၀၀ ပြည့်နှစ်သည် ရင်ငင်နှစ်ဖြစ်ရမည်။ ဤပြက္ခဒိန်ကို ရောမလက်အောက်ခံနိုင်ငံများကလက်ခံ အသုံးပြုကြသော်လည်း၊ ဗြိတိန်နိုင်ငံကမူ ၁၇၅၁ ခုနှစ်တွင်သာ လက်ခံအသုံးပြုခဲ့၏။ ပြင်သစ်နိုင်ငံတွင် ၁၇၉၃ ခုနှစ်မှ ၁၈၀၅ ခုနှစ်အထိ တော်လှန်ရေးပြက္ခဒိန်ကိုအသုံးပြုခဲ့၏။ တူရကီနှင့် ရုရှနိုင်ငံတို့သည် ၇ရက်၇ရီယန်းပြက္ခဒိန်ကို ၁၉၁၇ခုနှစ်တွင် လက်ခံခဲ့သည်။ ဇော်လကန်နိုင်ငံများကမူ ၁၉၂၃ ခုနှစ်မှသာ လက်ခံခဲ့သည်။

အင်္ဂလိပ်ပြက္ခဒိန်ကို စီစဉ်ရာ၌ နေသွားကိုသာ အခြေပြုထားသဖြင့် လထပ်ဟူ၍မရှိ၊ ရက်ငင်သာရှိ၏။ သို့သော် အရှေနိုင်ငံများတွင် ပြက္ခဒိန်ကို စီစဉ်ရာ၌ နေသွားလသွားတို့ကို အမှီပြုကာတွက်ချက်ရသောကြောင့် သာမန်လူများ မတွက်နိုင်ချေ။ နက္ခတ်ပညာတွက်ကိန်များ လိုက်စားသူများသာလျှင် တွက်နိုင်၏။ သို့အတွက် မြန်မာပြက္ခဒိန်ကို စီစဉ်ရာ၌လည်း လထပ်ရက်ငင် အရေးများမှန်ကန်ညီညွှတ်စေရန်၊ ဗေဒင်ပညာရှိပြက္ခဒိန်တော်ဆက်အဖွဲ့ကို အစိုးရမင်းတို့ကခန့်အပ်ပြီးလျှင်၊ မှန်ကန်သော ပြက္ခဒိန်များကိုတွက်ချက်ပြီးမှကြေညာသတ်မှတ်ခဲ့၏။

မြန်မာနိုင်ငံသို့ သူရိယ သိဒ္ဓိကျမ်းများ မရောက်သေးမီက၊ ပြက္ခဒိန်တွက်ချက်ရာ ၌၊ မကာရန္တကျမ်းသံဒိဋ္ဌတွက်ရိုးကျမ်းများကိုသာ အသုံးပြုခဲ့ကြ၏။ ယင်းသည့် ကျမ်းများသည် သူရိယသိဒ္ဓိကျမ်းကဲ့သို့ တွက်ခြေ၊ ကိန်းခန်း၊ ဂဏန်းများမမှန်ကန်ချေ။ အကျဉ်းချုံး၍စီရင်ထားသော တွက်ရိုးကျမ်းများဖြစ်သဖြင့် တိမ်းစောင်းမှားယွင်းခဲ့၏။ သူရိယသိဒ္ဓန္တကျမ်းမှ ကိန်းဂဏန်းများသာလျှင် အခြေခံသဘောတရား မှန်ကန်သည်ဟု ဆိုရင်ြားလည်း နက္ခတ်မျှော်စင်၊ မှန်ပြောင်းများဖြင့် လေ့လာနေကြခြင်းကြောင့်၊အနောက်နိုင်ငံ များ၏ ကိန်းခန်းဂဏန်းများ ကသာလျှင် သာလွန်၍ မှန်ကန်ကြောင်းကို ဝန်ခံရပေမည်။

သူရိယသိဒ္ဓန္တကျမ်းထွက်အရ၊ ပြက္ခဒိန် တွက်ချက်ရာတွင် အခြေပြုသော ကိန်းများမှာ တဖက်ပါအတိုင်းဖြစ်သည်။

www.foreverspace.com.mm

	ရက်	နာရီ	မိနစ်	စက္ကန့်
၁။သူရိယမာသနှစ်တစ်နှစ်လျှင်	၃၆၅	၆	၁၂	၃၇
၂။စန္ဒရမာသလတစ်လလျှင်	၂၉	၁၂	၄၄	၃
၃။စန္ဒရမာသနှစ်တစ်နှစ်လျှင်	၃၅၄	၈	၄၈	၃၄
၄။ဝေါဟာရနှစ်တစ်နှစ်လျှင်	၃၅၄	၀	၀	၀
၅။အဓိမာသပြိုတစ်ကြိမ်လျှင်	၉၉၀	၇	၄၅	၃၇
၆။ရင်ငင်ပြိုတစ်ကြိမ်လျှင်	၁၈၈၃၁	၃၃	၂၈	
၇။စန္ဒရသံဝစ္ဆရနှစ်တစ်နှစ်လျှင်	၃၅၄	၄	၃၉	၁၅

မြန်မာပြက္ခဒိန်တွင် နှစ်သုံးမျိုးရှိ၏။

	ရက်	နာရီ	မိနစ်	စက္ကန့်
၁။သူရိယမာသနှစ်	၃၆၅	၆	၁၂	၃၇
၂။စန္ဒရမာသနှစ်	၃၅၄	၈	၄၈	၃၄
၃။ဝေါဟာရမာသနှစ်	၃၅၄	၀	၀	၀

သူရိယမာသနှစ်သည် ရှေ့နှစ်သကြီန်တက်ချိန်မှ နောက်နှစ် သကြီန်တက်ချိန်အထိဖြစ်၏။

စန္ဒရမာသနှစ်သည် ကောင်းကင်မျက်မြင် ရှေ့လဆန်း စသည့် နေ့မှ နောက်လဆန်းစသည့်နေ့အထိ တစ်ကြိမ်–တစ်ကြိမ်၊ အကြိမ်ပေါင်း ၁၂ ကြိမ်ပြည့်ချိန် ဖြစ်၏။

ဝေါဟာရမာသနှစ်မှာ နှစ်မျိုးရှိ၏။ (၁) သာမန်နှစ် (လပေါင်း ၁၂လ)နှင့် (၂) ဝါထပ်နှစ်(လပေါင်း၁၃ လ) ဖြစ်၏။ ထိုနောက် တစ်ဖန် ဝါထပ်နှစ်များ၌လည်း (က) ဝါငယ်ထပ်နှစ် (၃၈၄ ရက်)နှင့် (ခ)ဝါကြီးထပ်နှစ်၊ တစ်နည်းဆိုရသော် ဝါထပ်ရက်ငင်နှစ်၃၈၅)ရက်ဟူ၍ နှစ်မျိုးခွဲခြားထား၏။ မြန်မာနိုင်ငံ၌ ရှေးမင်းအဆက်ဆက်မှ စ၍ ယနေ့အထိအသုံးပြုသောပြက္ခဒိန်သည် ဝေါဟာရပက္ခဒိန်ဖြစ်၍ ယင်းသည့်ပြက္ခဒိန်ကို တွက်ချက်စီစဉ်ရာ၌လည်း၊ သူရိယမာသနှစ်၊ စန္ဒရမာသနှစ်၊ ဝေါဟာရမာသနှစ် သုံးပါးလုံးကို ညှိနှိုင်း၍တွက်ရသည်။

သူရိယမာသနှစ်သည် ဝေါဟာရမာသနှစ်ထက် ၁၁ ရက် ၆ နာရီ ၁၂ မိနစ် ၃၇ စက္ကန့်ပိုနေ၏။ နောက်တစ်နှစ်ကျ ရောက်သည့်အခါ ၂၂ ရက်ကျော်ပို၍ ၃ နှစ်နီးပါးသို့ ရောက်လျှင် ဝေါဟာရမာသ တလ (၃၀ ရက်) ပိုလာ၏။ ထိုသို့ ရောက်ပြီးနှစ်၌ ဝေါဟာရ မာသတလတိုးရ၏။ ထိုအခါ၌ အဓိမာသ်လလွန်ပြိုတစ်ကြိမ်ဖြစ်၏။ ထိုနှစ်ကို ဝါထပ်နှစ်ဟုခေါ်၏။ လပေါင်း(၁၃)လရှိသော နှစ်ဖြစ်၏။ မြန်မာပက္ခဒိန်၏စည်းကမ်းချက်မှာ ထိုသို့တိုးသည့်လသည် ဒုတိယဝါဆိုလဟုသတ်မှတ်ရ၏။ ဤကဲ့သို့ တစ်လတိုးသည့်အတွက် ဆောင်းနွေမိုးစသော ဥတုသုံးပါးတို့၏ အစဉ်အလာသဘာဝတို့နှင့် ကိုက်ညီမည်ဖြစ်၏။

ဝါကြီးထပ် သောနှစ်သည် အမှန်အားဖြင့် ဝါထပ်+ရက်ငင်နှစ်ဖြစ်၏။ ယင်းသည့်နှစ်၌ဒုတိယဝါဆိုလရှိသည့်အပြင် နယုန်လတွင် ရက်မစုံ ၂၉ရက်ဖြင့် လကွယ် သတ်မှတ်ရမည့်အစား၊ ရက်စုံ ၃၀ ရက်ဖြင့် လကွယ် (ရက်ပိုတစ်ရက်) သတ်မှတ်ရ၏။ ဗေဒင်စကားအားဖြင့် ရက်ငင်ရက်ခေါ်၏။ ယင်းသည့်ရက်ဖြစ်ပေါ်ခြင်းမှာ စန္ဒရသံဝစ္ဆရနှစ် တနှစ်လျှင် ၃၅၄ ရက် ၄ နာရီ ၃၉မိနစ် ၁၅စက္ကန့် ရှိသည်။ သို့ဖြစ်၍ ဝေါဟာရနှစ်ထက် စန္ဒရသံဝစ္ဆရနှစ်သည် တစ်နှစ်တစ်နှစ်လျှင် ၄ နာရီ ၃၉ မိနစ် ၁၅ စက္ကန့်ပိုလွန်၏။ ထိုသို့ပိုလွန်သောနာရီ စသည်တို့သည် အကြင်အခါ၌ ၂၄နာရီ ပြည့်၍ တစ်ရက်ဖြစ်လာ၏။ ထိုအခါ အချာဟရက်လွန် တစ်ကြိမ်ပြိုသည်ဖြစ်၍၊ သင့်လျော်သောဝါထပ်နှစ်၌ နယုန်လတွင်တစ်ရက်တိုး၍၊ ဝါကြီးထပ်ခြင်း အမှုကိုပြုကြ၏။

မြန်မာပက္ခဒိန်၌ ဝါကြီးထပ်သောနှစ်သည် အရေးကြီး၏။ တစ်နည်းကား ရက်ငင်ခြင်းသည် အရေးကြီး၏။ ရက်ငင်ခြင်း၏ ဥပဒေသများမှာ

(၁) ဒုတိယ ဝါဆိုလပြည့်နေ့တွင် တိထီ ၁၅ လုံးပြည့်လျှင် ရက်မငင်ရ။ မပြည့်လျှင် ရက်ငင်ရမည်။

(၂) ဒုတိယဝါဆို လပြည့်နေ့တွင်၊ ပြုဗျိသင်္ဘ၊ ဥတ္တရာသင်္ဘနက္ခတ်တစ်လုံးလုံးနှင့် စန်းယှဉ်ရမည်။

ရှေးပဝေဏီအခါက ဝါထပ်ရက်ငင်ပြဿနာကို ၁၉ ခုစားကိန်းကို အခြေပြု၍ဆုံးဖြတ်ကြ၏။ ၁၉ ခု စားကိန်းသည် သက္ကရာဇ်ကိုတည်၍ ၁၉ ခုနှင့်စားသည့်အခါ အကြွင်း ၂၊ ၅၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈ ရသော နှစ်များသည် ဝါထပ် နှစ်များ ဖြစ်ကြ၏။

ထိုကိန်းဖြင့် မြန်မာ ၁၂၁၆ ခုနှစ်အထိ လထပ်ကိန်းများ ပြုလုပ်ခဲ့၏။ သို့သော် မြန်မာ၁၂၁၈ခုနှစ်သည် မူလကိန်းအရ၊ နှစ်ခုကြွင်းဖြစ်၍၊ လထပ်ရမည်ဖြစ်သော်လည်း၊ ညောင်ကန်ဆရာတော် အဆုံးအဖြတ်ဖြင့် မြန်မာ ၁၂၁၇ ခုနှစ်တွင် အဓိမာသပြိုကိန်းအရ၊လထပ်ခဲ့၏။ ထိုအချိန်မှ စ၍ ၁၉ ခုစားကြွင်းများ ဖြစ်သည့် ၁၊ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈တို့အသီးအသီးရသောနှစ်များတို့ကို ဝါထပ်နှစ်များအဖြစ် မြန်မာ ၁၂၇၃ ခုနှစ်အထိ ဆုံးဖြတ်ခဲ့၏။ တစ်ဖန် မြန်မာ ၁၂၇၄ ခုနှစ်မှ ၁၃၁၁ ခုနှစ်အထိစားကြွင်း ၁၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၈ တို့ အသီးအသီးရသော နှစ်များကို ဝါထပ်နှစ်များအဖြစ်သတ်မှတ်ခဲ့၏။ မြန်မာ ၁၃၁၂ ခုနှစ်မှစ၍ စားကြွင်း ၁၊ ၄၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၇တို့ အသီးအသီးရသော နှစ်များတွင် ဝါထပ်၏။ ၁၉ ခုစားကိန်းသည် သူရိယသိဒ္ဓန္တကျမ်း၏ ကိန်းများကို အခြေခံထား၍ ပြက္ခဒိန်တွက်ရာ၌ မှတ်သားလွယ်ကူစေရန် ဖော်ပြသော ကိန်းဖြစ်၏။

	ရက်	နာရီ	မိနစ်	စက္ကန့်
သူရိယမာသနှစ်၁၉နှစ်တွင်	၆၉၃၉	၂၁	၅၉	၃၃
စန္ဒရမာသလပေါင်း၂၃၅လတွင်	၆၉၃၉	၁၆	၃၀	၅၇
ဝေါဟာရမာသနှစ်ပေါင်း ၁၉ နှစ်တွင်				

www.foreverspace.com.mm

သာမန်နှစ် ၁၂ × ၃၅၄ = ၄၂၄၈ ရက်ပေါင်း
ဝါကြီးထပ်နှစ် ၇ × ၃၈၄= ၂၆၈၈ ရက်ပေါင်း
၆၉၃၆
ရက်လို ၃
၆၉၃၉ ရက်ပေါင်း

ဝေါဟာရမာသသည် စန္ဒရမာသနှင့်ညီညွှတ်ရန် ၁၉ နှစ်တွင် ၃ ရက်၁၆ နာရီ ၃၀ မိနစ် ၅၇ စက္ကန့် 'ရက်ငင်'အဖြစ်ရက်ဖြည့်ရမည်။

၁၉ နှစ်တကြိမ်=	၁၉နှစ်တွင်	၃ ရက်၆	နာရီ၃၀မိနစ်၅၇စက္ကန့်			
″ ″ ၂ ″	= ၃၈ ″	၇ ″	၉ ″	၁ ″	၅၄ ″	
″ ″ ၃ ″	= ၅၆ ″	၁၁ ″	၁ ″	၃၂ ″	၅၁ ″	
″ ″ ၄ ″	= ၇၆ ″	၁၄ ″	၁၈ ″	၃ ″	၅၈ ″	

စီစဉ်ခဲ့ပြီးသော မြန်မာပက္ခဒိန်တွင် မြန်မာ ၁၁၆၀ ပြည့်နှစ်မှ ၁၂၃၅ ခုနှစ်အထိ နှစ်ပေါင်း ၇၆ နှစ်တွင် ဝါကြီးထပ်နှစ် ၁၆ကြိမ်ဖြစ်၍၊ တကြိမ်ပိုး၏။ သို့သော် မြန်မာ ၁၂၃၆ခုနှစ်မှ ၁၃၁၁ ခုနှစ်အထိနှစ်ပေါင်း ၇၆ နှစ်တွင် ဝါကြီးထပ်နှစ် ၁၄ကြိမ်သာ သက်မှတ်ခဲ့၏။ ထိုသို့မြန်မာ ၁၁၆၀ ပြည့်နှစ်မှ ၁၃၁၁ ခုနှစ်အထိ နှစ်ပေါင်း ၁၅၂ နှစ်တွင် ဝါကြီးထပ် နှစ်ပေါင်း ၃၀ကြိမ် သတ်မှတ်ခဲ့ခြင်းဖြင့် ဒုတိယပိုင်းတွင် အမှားကို ပြုပြင်ခဲ့၏။ သို့အတွက် ၁၉ ခုစားကိန်းဖြင့် ရက်ငင်ပြိုကြိမ်များကို ထိန်းသိမ်းနိုင်၏။ ထိုကိန်းသည် အခြေခံရှိသဖြင့် မပယ်အပ်ပေ။

မြန်မာပက္ခဒိန်နှစ်အပိုင်းအခြားနှင့် အနောက်နိုင်ငံပက္ခဒိန်၏နှစ်အပိုင်းအခြားသည် မူအားဖြင့်အတူတူဖြစ်၏။ နေသွားကိုအမှီပြုထားသည်။ သို့အတွက် နှစ်ဆန်းကြိန်တက်ရက်များသည် အနောက်နိုင်ငံသုံးပက္ခဒိန်နှင့် ကိုက်ညီသလိုဖြစ်နေသည်။ သကြိန်ကျသောအချိန်သည် သူရိယသိဒ္ဓန္တကျမ်းအရ၊ ရဝိဖုဋ္ဌခေါ်တနင်္ဂနွေဂြိုဟ်စဉ် အံသာသုည၊ မိဿရာသီသို့ဝင်ချိန်ဖြစ်၏။ သကြိန်တက်သောအချိန်သည် ရဝိမရျခေါ်တနင်္ဂနွေဂြိုဟ်၏ မရျအံသာသုည မိဿရာသီဝင်ချိန်ဖြစ်သည်။(သကြိန်–ရှု။)ယခုအခါသကြိန်ကျသော အချိန်နှင့် သကြိန်တက်သော အချိန်သည် ၂ရက် ၄နာရီ ၄မိနစ် ၄၀စက္ကန့် ကွာခြားသော်လည်း၊ နောင်ကာလကြာရှည်သည့်အခါ၊ သကြိန်တက်ချိန်နှင့် ကျချိန်သည် လျော့သည်ထက်လျော့သွားမည်။

သူရိယသိဒ္ဓန္တကျမ်းအရ၊ နေသွားနှစ်ကာလအပိုင်းအခြားနှင့် အနောက်နိုင်ငံ ပက္ခဒိန်တွင်အသုံးပြုသော ရာသီနှစ်၏ ကာလအပိုင်းအခြားများမှာအောက်ပါအတိုင်းဖြစ်သည်။

သူရိယသိဒ္ဓန္တကျမ်း ″ ″ ၃၆၅ ရက်၆နာရီ ၁၂မိနစ် ၃၂ စက္ကန့်။ အနောက်ရာသီနှစ်။ ″ ″ ၃၆၅ ရက် ၅ နာရီ ၄၈ မိနစ် ၄၆ စက္ကန့်။ နှစ်နှစ်ပေါင်း ၆၀ နှစ် ၁၄၄ရက်ခန့်တွင် တစ်ရက်ကွာသည်ကို တွေ့ရမည်။ သို့အတွက် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ကျော် ဘီစီ ၃၀၀၀နှစ်တွင် ဖေဖွာရီလ ၁၈နေ့ရက်တွင် သကြိန်တက်၍၊ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ကျော်အခါက ဧပြီလ ၁၃ရက်နေ့တွင် သကြိန်တက်၏။ မြန်မာသက္ကရာဇ်၁၂၈၁ ခုနှစ်မှစ၍ ဧပြီလ၁၆ရက်နေ့တွင် သကြိန်တက်ခဲ့၏။ သို့သော်၃နှစ်တကြိမ် ၂နှစ်တစ်ကြိမ်သာ တိုက်ဆိုင်ခဲ့၏။ အများအားဖြင့်ဧပြီလ၁၅ရက်နေ့တွင် သကြိန်တက်ခဲ့၏။ မြန်မာသက္ကရာဇ် ၁၃၆၃ခုနှစ်၊ ခရစ်နှစ် ၂၀၀၀မှစ၍နှစ်စဉ် ဧပြီ၁၆ရက်နေ့သည်နှစ်ပေါင်း ၃၀ခန့်သကြိန်တက်နေ့ဖြစ်မည်။ မြန်မာပြက္ခဒိန်၏နှစ်ဆန်းတစ်ရက်မှာ သာမန်နှစ်၏တန်ခူးလဆန်းတစ်ရက်နေ့မဟုတ်ဘဲ သကြိန်တက်ပြီးနောက်နေ့သာလျှင် နှစ်ဆန်း၁ရက်နေ့ဖြစ်၍ ဗေဒင်လောကတွင်အသုံးပြုသော သုဒ္ဓဒိန်တစ်ရက်နေ့ဖြစ်၏။ သာမန်အားဖြင့်တန်ခူးလသည် နှစ်၏ပဌမလဖြစ်သော်လည်း နှစ်ဆန်းမတိုင်မီရက်များမှာ နောင်းတန်ခူးလ၏ရက်များဖြစ်၍ နှစ်ဆန်းပြီး နောက်ရက်များမှာ ဦးတန်ခူးလ၏ရက်များအဖြစ် အမှတ်အသားပြုကြ၏။ ဦးအုန်းကြိုင်

ပက်ထရယ်ဂက်။ ″ ″ ″

www.foreverspace.com.mm

နောက်မှ ရုက်ပေါင်းများစွာ ဆက်တိုက်လိုက်၍ နေတတ်သည့် ပက်ထရယ်ငှက်သည် ၀ါသထွက်လာလျှင်အလွန်နံ့စော်သောဆီကဲ့သို့ အရည်ကို အန်ထုတ်တတ်သည်။

ပက်ထရယ်ငှက်တို့သည် ပင်လယ်နှင့်စပ်လျက်ရှိသောဒေသတို့တွင် အများအပြားသားပေါက်ကြသည်။ အသိုက်တို့ကို ကျောက်ဆောင်မျက်နှာစာရှိ တွင်းများတွင်ပြုလုပ်လေ့ရှိ၏။ ယင်းတို့သည် ကိုယ်တိုင်တူးသောမြေတွင်းများတွင်ဖြစ်စေ၊ ယုန်နှင့်အခြားမြေအောင်း တိရစ္ဆာန်တို့ တူးထားခဲ့သည့် မြေတွင်းများတွင်ဖြစ်စေ အသိုက်များ ပြုလုပ်ကြသည်။ မြေမာ၍ တွင်းအတူးရခက်သောနေရာတို့တွင် ပက်ထရယ်ငှက်မများသည် မြေတွင်းတစ်တွင်းတည်းမှာပင် ဥများကို ဥကြသည်။ ငှက်မသည် ဥတလုံးကိုသာဥ၏။ နေ့အခါတွင် ပက်ထရယ်ငှက်တို့ကို ပင်လယ်ကမ်းရိုးအနီးတွင် တစ်ခါတစ်ရံမျှသာ မြင်ရသည်။ များသောအားဖြင့် နေ့အခါ၌ အသိုက်တွင်အောင်း၍ ညဉ့်အခါတွင်မှ အစာရှာထွက်ကြသည်။ ပျံသန်းရာ၌ အလွန်လျင်မြန်၏။ အစာနောက်သို့ လိုက်သောအခါ၊ ရေနှင့်ကပ်၍၊ အတောင်ကို ဖြန့်ကာ ဝဲတက်သည်။ ထိုအခါ ရေပြင်တွင် လမ်းလျှောက်ပြေးသွားနေသည်ဟု ထင်မြင်ရလေသည်။

ပက်ထရယ်ငှက်မျိုးတွင် အကြီးဆုံးငှက်သည် တောင်ပိုင်းပင်လယ်ရှိ ဖူးလမားငှက်ကြီး ဖြစ်သည်။ ထိုငှက်သည် အတောင်ကို ဖြန့်လိုက်လျှင် ၆ ပေမှ ၇ ပေထိရှည်သည်။ မြောက်ပိုင်း ပင်လယ်ပြင်များတွင်မူ အကြီးဆုံးပက်ထရယ်ငှက်မျိုးသည် ဖူးလမားပက်ထရယ်ငှက်ဖြစ်သည်။ အလျားမှာ လက်မ ၂၀ခန့်ရှိသည်။ ထိုငှက်သည် အရပ်ရပ်သို့လှည့်လည် ကျက်စား တတ်သည်။ ထိုမြောက်ပိုင်းပင်လယ်တွင် ပက်ထရယ်ငှက်စစ်စစ် မျိုးစိတ်ပေါင်း ၁၅ ခုရှိ၏။ ဗြိတိသျှပိုင် ပင်လယ်ဒေသတို့တွင် ကျက်စားသည့် ပက်ထရယ်ငှက်များအနက် မုန်တိုင်းပက်ထရယ်ငှက်သည် အများဆုံးဖြစ်သည်။ ထိုပက်ထရယ်ငှက်မျိုးသည် ပျံလွှားငှက်နှင့် ခပ်ဆင်ဆင်တူပြီးလျှင် အရှည် ၅ လက်မခွဲခန့်ရှိသည်။ ယင်းသည် အမည်းရောင်ဖြစ်၍၊ အမြီးရှေ့တွင် အဖြူကွက်ရှိသည်။ အများအားဖြင့် စကော့တလန်နှင့် အိုင်ယာလန်တို့တွင်သားပေါက်သည်။ စကော့တလန်၏ ကျောက်ဆောင်ပေါများသောကမ်းရိုးတန်းတစ်လျှောက်တွင် တွေ့ရသည့် အခြားပက်ထရယ်ငှက်မျိုးမှာ ဖူးလမားပက်ထရယ်ငှက်မျိုးဖြစ်သည်။ ယင်းသည် အရွယ်အလတ်စားဖြစ်ပြီးလျှင် ဇင်ယော်နှင့်ခပ်ဆင်ဆင်တူသည်။ အရောင်မှာမွဲပြာရောင်နှင့် အဖြူဖြစ်သည်။ အနောက်တိုင်းသားတို့သည် ပက်ထရယ်ငှက်ကိုတွေ့ရလျှင် မုန်တိုင်းကျတတ်သည်ဟု အယူရှိသည်။

မြောက်အတ္တလန္တိတ် ကမ်းရိုးတန်း၌ အထင်ရှားဆုံးပက်ထရယ်ငှက်မျိုးမှာ လိပက်ထရယ်ငှက်ဖြစ်၍၊ လှပသောငှက်ငယ်ဖြစ်သည်။ ကိုယ်ထည်အရောင်မှာ မည်းပြီးလျှင် တင်ပိုင်းဖြူသည်။ တင်ပိုင်းဖြင့် ရေပေါ်တွင်ရှင်၍သွားသည်။ ထိုငှက်သည် ၆ လက်မမျှပင် မရှိတတ်သဖြင့် ရေငှက်တို့တွင် အငယ်ဆုံးငှက်မျိုးဖြစ်သည်။ ထိုငှက်တို့သားပေါက်



ပက်ထရယ်ငှက်မျိုးတွင် ပျံလွှားငှက်နှင့်ဆင်တူသည့် မုန်တိုင်းပက်ထရယ်ငှက်မောင်နှံ

www.foreverspace.com.mm

ရာဒေသမှာ ဂရင်းလန်းနှင့် အိုက်စလန်ကျွန်းတို့မှသည် ကနေဒါနိုင်ငံရှိ ဖန်ဒီပင်လယ်အော်မှ ကျွန်းအထိရှိ ဧသာဒေသဖြစ်သည်။

ဝီလဆန်သည် ပက်ထရယ်ဂျက်သည် စစ်တလိုင်းဂျက် ခြေထောက်များနှင့်တူသော ခြေထောက်များရှိသောကြောင့် ထင်ရှား၏။ ထိုဂျက်သည် ရေအလွန်နက်သော ပင်လယ်တွင် အနှံ့အပြား ကျက်စားလေ့ရှိ၏။ ထိုပက်ထရယ်ဂျက်မျိုးသည် အန္တာတိတ်ဒေသတွင် အသိုက်ပြုလုပ်သည်။ သို့သော် ဆောင်းဝင်လာလျှင်၊ မြောက်ဘက်ကမ္ဘာလုံးခြမ်းသို့ ပျံသန်းသွားကြသည်။ ယင်း၏အမွေးတို့သည် မှိုင်းကဲ့သို့ မည်းသောအရောင်၊ မွဲပြာရောင်နှင့် အဖြူရောင်အရောဖြစ်သည်။ ခြေထောက်နှင့်နှုတ်သီးတို့သည် မည်း၏။ ခြေချောင်းများတွင် အရေပြားကြက်လျက်ရှိသည်။ အတောင်မှာ ၁၆ လက်မခန့်ရှည် ပြီးလျှင်၊ ခြေတံလည်းရှည်သဖြင့် အပြင်ပန်းကိုကြည့်လျှင် ကြီးပုံရသည်။ ရေငုပ်ပက်ထရယ်ဂျက်သည် ထူးခြားသည့်ဂျက်မျိုးဖြစ်၍၊ ထိုဂျက်မျိုးသည် ၈ လက်မမှ ၉ လက်မအထိ ရှည်၏။ ဩစတြေးလီးယားနှင့် နယူးဇီလန်အနီးရှိ ရေပြင်တွင်ကျက်စားသည်။ ရေငုပ်ရာတွင် အလွန်လျင်မြန်သဖြင့် ထင်ရှားလေသည်။

ပက်ပဆင်ဝမ်းမီး ။ ။အစာအိမ်အတွင်းရှိ အစာကို ချေရာ၌ အရေးအကြီးဆုံး ပြုပြင်ပေးသော ပစ္စည်းများတွင် ပက်ပဆင်ဝမ်းမီးသည် တစ်ခုအပါအဝင်ဖြစ်သည်။ ယင်းသည် အစာအိမ်ရည်တွင်ပါသည့် အင်ဇိုင်းခေါ် ဖောက်ဓာတ်ဖြစ်သည်။

အစာထဲ၌ပါသော ပရိုတင်းတို့ကို ပက်ပဆင်ဝမ်းမီးက ချေလိုက်သည့်အခါ ပက်ပတုန်းအဖြစ်သို့ ပြောင်းလဲသွားသည်။ ပက်ပဆင်ဝမ်းမီး၌ ပါဝင်သောဓာတ်ပစ္စည်းတို့သည် တံထွေးအင်ဇိုင်း၌ပါဝင်သော ဓာတ်ပစ္စည်းတို့နှင့် အတော်အတန် ဆင်တူလေသည်။ သို့သော် အကျိုးသက်ရောက်ပုံ၌ ကားလုံးဝမတူကြချေ။ ယင်းသည် အားပျော့သောအက်ဆစ်နှင့်ပေါင်းမိလျှင် ဓာတ်ပြောင်းလဲမှုကိုဖြစ်စေလေသည်။ ပက်ပဆင်ဝမ်းမီးသည် အဆီတို့တွင်လည်းကောင်း၊ ကာဗိုဟိုက်ဒရိတ်တို့တွင်လည်းကောင်း အကျိုးမသက်ရောက်နိုင်ချေ။

ဝက်၊ သိုးနှင့်ကျွဲ နွားတိရစ္ဆာန်တို့၏ ကျိုချွဲမြှေးအတွင်းသားတို့ကို အခြောက်ခံခြင်းဖြင့် ပက်ပဆင်ဝမ်းမီးကို ထုတ်လုပ်ယူကြသည်။ ရောင်းတန်း ပက်ပဆင်ဝမ်းမီး အမျိုးမျိုးရှိသည်။ ယင်းတို့သည် ဝါကျင့်ကျင့်အမှုန့်ဖြစ်သည်။

ပက်ပဆင်ဝမ်းမီးသည် အယ်လကာလီနှင့်တွေ့လျှင် သတ္တိပျက်ကာ ထိုနောက် တဖြည်းဖြည်းမှ ပြန်ကောင်းလာသည်။ အပူချိန်ဖာရင်ဟိုက် ဒီဂရီ ၂၀၁ ရှိသော အခါတွင်လည်း သတ္တိပျက်သွားတတ်သည်။ ပက်ပဆင်ဝမ်းမီး၏ ချေဖျက်မှုစွမ်းအားသည်ကြီးမားလှလေသည်။ မှုမှန်အစာချေသည့် လုပ်ငန်းတွင် ပက်ပဆင်ဝမ်းမီး၁ဂရိန်သည်စုခဲလျက်ရှိသော အယ်လဗျူမင် ဂရိန် ၃၀၀၀ ကို ချေဖျက်နိုင်လေသည်။ အချို့ပညာရှင်တို့က ပက်ပဆင်ဝမ်းမီးသည် အစာချေသည့် လုပ်ငန်းကိုဆောင်ရွက်ရာ၌ မိမိသတ္တိကို မပျက်စီးစေဘဲ တည်တံ့အောင် ထိန်းထားနိုင်သည်ဟု ယုံကြည်ကြသည်။ အစာကြေစေသည့်ဆေးများတွင် ပက်ပဆင်ဝမ်းမီးကို အများအားဖြင့် အသုံးပြုကြ၏။ ပက်ပဆင်ဝမ်းမီးကိုပုံဆောင်ခဲအသွင်ဖြင့် ခွဲထုတ်ယူနိုင်သော်လည်း ဓာတ်သဘောအရ အတိအကျပါဝင်နေပုံကိုကား မသိနိုင်ချေ။

ပေါက်ကွဲစရာပစ္စည်း။ ။အချို့သောဝတ္ထုပစ္စည်းတို့သည် မီးအပူကြောင့်လည်းကောင်း၊ အပြင်းအထန် ထိတွေ့မှုကြောင့်လည်းကောင်း၊ ပေါက်ကွဲတတ်သည်။ ပုံစံအားဖြင့် မီးအိုးသည် မီးရှို့လျှင်ပေါက်ကွဲသည်။ ဗျောက်အိုးသည် ပြင်းထန်စွာထိခိုက်ခြင်းခံရလျှင် ပေါက်ကွဲသည်။ ထိုသို့ ပေါက်ကွဲခြင်းမှာ ယမ်း၏သတ္တိကြောင့် ဖြစ်သည်။ ထိုသို့ ပေါက်ကွဲစေအောင်ဖန်တီးသောပစ္စည်းတို့သည် ပေါက်ကွဲစရာပစ္စည်းများဖြစ်လေသည်။ မီးအိုးကိုဖောက်လိုက်သောအခါ မီးအိုး၌ပါဝင်သောအရည်နှင့်အစိုင်အခဲတို့သည် အခိုးအငွေ့ဖြစ်သွားသည်။ ရှုပဗေဒသဘော၌ အခိုးအငွေ့ဟူသည် အရည်နှင့်အစိုင်အခဲမှ ဓာတ်ငွေ့များရုတ်တရက်ဖြစ်ပေါ်လာသည့်အခါ၊ ထိုဓာတ်ငွေ့တို့သည် ပတ်ဝန်းကျင်သို့ အပြင်းအထန်ပြန့်နှံ့သွားလေရာ၊ ထိုဓာတ်ငွေ့တို့က ပတ်ဝန်းကျင်ကိုဖိသောအားကြောင့် ပေါက်ကွဲခြင်းတည်းဟူသောသဘာဝဖြစ်ပေါ်လာသည်။ အပူဓာတ်ကြောင့်ပတ်ဝန်းကျင်လေသည် တုန်ခါ၍လှိုင်းထလာသည်။ ဤသည်လျှင် အသံဖြစ်ပေါ်လာရာသော အကြောင်းဖြစ်သည်။ ထိုကြောင့် ပေါက်ကွဲရာ၌ အပူဓာတ်ဖြစ်၍ အသံမြည်၏။ စင်စစ် ပေါက်ကွဲခြင်းဟူသည်မှာ ပြင်းထန်စွာမီးလောင်ခြင်းပင်ဖြစ်၏။

ပေါက်ကွဲစရာပစ္စည်းတို့ကို တောင်ကိုထွင်း၍ ဥမင်လိုဏ်ခေါင်းများဖောက်ရာ၌လည်းကောင်း၊ ကျောက်ဆောင်များကိုဖြိုရာရာ၌လည်းကောင်း၊ သတ္တုတွင်းတူးရာ၌လည်းကောင်းအသုံးပြုကြသည်။စစ်မက်ပစ္စည်းအဖြစ်ဖြင့် ရန်သူတို့၏ စခန်းများကို ဖြိုဖျက်သောဗုံးလက်နက်ပြုလုပ်ရန်လည်း အသုံးပြုကြသည်။

ပေါက်ကွဲစရာပစ္စည်းတို့တွင် မပြင်းထန်သောပစ္စည်း၊ ပြင်းထန်သောပစ္စည်းဟူ၍ရှိသည်။ မပြင်းထန်သောပေါက်ကွဲစရာပစ္စည်း၌ အစိုင်အခဲမှဓာတ်ငွေ့ဖြစ်သည်မှာ အလွန်နှေးသည်။ ယမ်းသည်မပြင်းထန်သောပေါက်ကွဲစရာ

www.foreverspace.com.mm

ပစ္စည်းဖြစ်သည်။ ယမ်းပေါက်ကွဲသည့် အရှိန်မှာ တစက္ကန့်လျှင် ၈ပေပေါင်း၉၇၅ပေမျှသာ ရွှေ့လျားနိုင်သောအရှိန်ရှိသည်။ ပြင်းထန်သောပေါက်ကွဲစရာပစ္စည်း၏ ပေါက်ကွဲသောအရှိန်မှာ တစ်စက္ကန့်လျှင် ၄မိုင်နှုန်းမျှ ဖြစ်သည်။

မပြင်းထန်သောပေါက်ကွဲစရာပစ္စည်း၏အရှိန်သည် ထိုပစ္စည်း၌ပါဝင်သော အမှုန့်၏ပမာဏကိုအမှီပြုသည်။ အမှုန့်တို့ငယ်လျှင် ပေါက်ကွဲခြင်းပြင်းထန်၍ ကြီးလျှင်ပေါက်ကွဲခြင်းမပြင်းထန်ချေ။ ယမ်းမှုန့်တို့သည် အရွယ်အမျိုးမျိုးရှိသည်။ တစ်လက်မ၏ ၅၀ပုံ ၁ပုံအရွယ်မှသည် ၁၀ပုံ၁ပုံအရွယ်အထိရှိ၏။ ပြင်းထန်သောပေါက်ကွဲစရာပစ္စည်း၌ ယမ်းမှုန့်တို့၏အရွယ်ပမာဏသည် အရေးမဟုတ်၊ ထိုယမ်းမှုန့်တို့ကိုသိပ်သည်းစွာထည့်ထားနိုင်ပါက ပေါက်ကွဲမှုပြင်းထန်သည်။ သိပ်သည်းမှုနည်းပါးလျှင် မပြင်းထန်ချေ။ (ယမ်း–ရှု။)

မပြင်းထန်သောပေါက်ကွဲစရာပစ္စည်းဖြစ်သည့်ယမ်းလုပ်နည်းကို ၁၃ရာစုနှစ်အတွင်း၌ ရော်ဂျာဗေကင်ဆိုသူက စတင်၍တွေ့ရှိသည်ဟုဆိုကြသည်။ သို့သော် အချို့ကလည်း တရုတ်လူမျိုးတို့သည် ယမ်းလုပ်နည်းကို ရော်ဂျာဗေကင်ထက်နှစ်ပေါင်းများစွာစော၍ တွေ့ရှိသည်ဟုဆိုသည်။ မီးသွေး၊ ကန့်နှင့်ယမ်းစိမ်းတို့ကိုဖော်စပ်၍ ယမ်းလုပ်ရသည်။ ယမ်းစိမ်းတွင် တည်ငြိမ်ခြင်းမရှိသောနိုက်ထရိ ဂျင်ပါသည်။ ထိုယမ်းပေါက်ကွဲရာ၌ မီးသွေးနှင့်ကန့်တို့ကြောင့်မီးတောက်သည်။ မီးခိုးထွက်သည်။ ဓာတ်ငွေ့တို့သည် တစ်စက္ကန့်လျှင် ပေ ၁၀၀၀နှုန်းဖြင့်ပြန့်ထွက်သည်။ ထိုကြောင့် ယမ်းသည် မီးခိုးထွက်လွန်၍မီးအလောင်နှေးသည်ဟုယူဆကြရသည်။ သို့ဖြစ်၍ သိပ္ပံပညာရှင်တို့သည် မီးခိုးမထွက်ဘဲအလွန်ပြင်းထန်စွာပေါက်ကွဲနိုင်သောပစ္စည်းကိုရှာကြံကြလေရာ အောင်မြင်ခဲ့သည်။ ယင်းပညာရှင်တို့ ရှာကြံ၍ အဆင့်ဆင့်တွေ့ရှိ ကြပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၈၄၅ ခုနှစ်တွင် ဂျာမန်ဓာတုဗေဒပါမောက္ခ ရှုအင်ဗိုင်းသည် ဆာလဖျူရစ်နှင့် နိုက်ထရစ်အက်ဆစ် နှစ်မျိုးစပ်ထားသည့် ဓာတ်ရည်တွင် ဂွမ်းကိုစိမ်ပေးခြင်းအားဖြင့် ဂန်းကော်တွန်ဟုခေါ်ဝေါ်သော ဆဲလျူလို့နိုက်ထရိတ်တစ်မျိုးကိုပြုလုပ်နိုင်ခဲ့သည်။ ဂန်းကော်တွန်ကို ရိုးရိုးမီးရှို့လျှင် ရိုးရိုးပင်မီးလောင်သည်။ သို့သော်ယင်းကို သိပ်သည်းစွာထား၍မီးရှို့လျှင် ပြင်းထန်စွာပေါက်ကွဲတတ်သည်။

၁၈၄၇ ခုနှစ်တွင် ဣတာလျံ ဓာတုဗေဒပညာရှင် အာစကား ညိုဆိုဗရဲရိုးသည် နိုက်ထရိဂလစ်ဆရင်း ပြုလုပ်နည်းကို တွေ့ရှိသည်။ ထိုနိုက်ထရိ ဂလစ်ဆရင်း၌ တည်ငြိမ်မှုမရှိသော နိုက်ထရိဂျင် ပါဝင်သဖြင့် ထိရုံမျှနှင့် ပေါက်ကွဲနိုင်သောသတ္တိရှိသည်။ ၁၈၆၆ ခုနှစ်တွင် နိုဗဲသည် ဒိုင်းနမိုက်ကိုဖော်စပ်နိုင်ခဲ့သည်။ (နိုဗဲအဲလဖရက်။ ဒိုင်းနမိုက်–ရှု။) ထိုအချိန်ခန့်တွင် ပရပ်ရှားတို့သည် မီးခိုးမထွက်သော ယမ်းကိုတီထွင်ခဲ့ကြသည်။ စစ်အတွင်း အသုံးချနိုင်လောက်အောင်ကောင်းမွန်သော မီးခိုးမ ထွက်သည့် ယမ်းကိုမူ၊ ၁၈၈၆ခုနှစ်၌ ပြင်သစ်လူမျိုးတစ်ဦးက ဖော်စပ်ခဲ့သည်။ နိုဗဲပင်လျှင် ၁၈၈၇ခုနှစ်တွင် ထိုယမ်းမျိုးကို တီထွင်ခဲ့သေး၏။ နောင်နှစ်အနည်းငယ်ခန့်ကြာသောအခါ ဗြိတိသျှတို့သည် ကော်ဒိုက်ကို မီးခိုးမထွက်သောယမ်းအဖြစ်ဖြင့် အသုံးပြုခဲ့ကြသည်။ ပဌမကမ္ဘာစစ်ကြီးအတွင်း၌ ပေါက်ကွဲစရာပစ္စည်းအမျိုးမျိုး တီထွင်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ကား၊ ရေးကထက် အဆပေါင်းများစွာ ပြင်းထန်သောပစ္စည်းတို့ကို ရှာကြံ လုပ်ကိုင်ခဲ့ကြပြန်သည်။ ထိုစစ်အတွင်း၌ အသုံးအများဆုံး ပေါက်ကွဲစရာ ပစ္စည်းမှာ တီ၊ အင်၊ တီ၊ ဖြစ်လေသည်။ ရှာဖွေမှုတို့သည် ထိုထက်ပို၍ တိုးတက်လာသောအခါ အက်တမ်ကိုပင်လျှင်ပေါက်ကွဲစရာ ပစ္စည်းအဖြစ်ဖြင့် လူတို့အသုံးပြုလာကြသည်။ (အက်တမ်–ရှု။) ၁၉၄၅ ခုနှစ် သြဂုတ်လအတွင်း ဂျပန်ကျွန်းပေါ်သို့ အက်တမ်ဗုံး ၂လုံးချလိုက်သဖြင့် ဒုတိယ ကမ္ဘာစစ်ကြီး လည်းပြီးဆုံးခဲ့လေသည်။ အက်တမ်ဗုံးတစ်လုံးလျှင် ပေါက်ကွဲစရာပစ္စည်း တစ်ပေါင်ခန့်မျှသာပါသည်။ သို့သော် ထိုတစ်ပေါင်မျှသော ပစ္စည်းပေါက်ကွဲသောစွမ်းအင်သည် တီ၊ အင်၊ တီ၊ တန်ချိန် ၂၀၀၀၀ ပေါက်ကွဲရာမှ ဖြစ်ပေါ်လာသောစွမ်းအင်နှင့် ညီမျှလေသည်။ ယခုအခါ အဆိုပါအက်တမ်ဗုံးထက် ပြင်းထန်သော ဟိုက်ဒရိုဂျင် ဗုံးကိုပင်လျှင် တိုင်းနိုင်ငံကြီးများတွင် လုပ်ကိုင်နိုင်လာကြပြီဖြစ်၏။

ပေါက်ခေါင်းမြို့ ။ ။ပေါက်ခေါင်းမြို့သည် ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်၏ရုံးစိုက်မြို့ဖြစ်သည်။ ပြည်မြို့၏ အရှေ့မြောက်ဘက်တွင်ရှိ၍ ၂၄ မိုင်ကွာဝေးသည်။ ပေါက်ခေါင်းမြို့နယ်၏အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၆၉၄ မိုင်ရှိ၍၊ လူဦးရေမှာ ၁၉၅၃ခုနှစ် သန်းခေါင်စာရင်းအရ ၃၂၀၅ ယောက်ခန့်ဖြစ်သည်။ ပဲခူးရိုးမတောင်တန်းတောင်စွယ်များနှင့် နီးသဖြင့် သစ်တောများ ထူထပ်သောဒေသနှင့် ကပ်၍နေလေသည်။ ထိုမြို့၌ သစ်လုပ်ငန်းကို အထူးသဖြင့် လုပ်ကိုင်သောကြောင့် သစ်တောဘက်ဆိုင်ရာ မူထမ်းရာထမ်းတို့များပြားစွာနေထိုင်ကြသည်။ ပေါက်ခေါင်းမြို့နယ်သည် ပဲခူးရိုးမတောင်ကို ကျော်ဖြတ်၍ တောင်ငူခရိုင်နှင့် အစပ်ဖြစ်သည်။ ပေါက်ခေါင်းမြို့နှင့် ပြည်မြို့ကို ကားလမ်းဖြင့်ဆက်သွယ်ထားလေသည်။

ပေါက်တောမြို့။ ။ပေါက်တောမြို့သည် စစ်တွေခရိုင် ပေါက်တောမြို့နယ်၏ရုံးစိုက်မြို့ဖြစ်သည်။ စစ်တွေမြို့၏ အရှေ့မြောက်ဘက် ၁၅ မိုင်ခန့်တွင်ရှိသောကုလားတန်မြစ်

www.foreverspace.com.mm

၏အရှေ့ဘက်ကမ်း၌တည်ရှိသည်။ မြို့နယ်သည် စတုရန်း ၄၉၆ မိုင်ကျယ်ဝန်းသည်။ စစ်တွေမှ မင်းပြားသို့သွားသော ရေလမ်းကုန်လမ်း နှစ်ခုလုံးပေါ်တွင်ရှိ၍၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သည်။ မြို့နယ်တစ်ဝန်းတွင် ဆန်စပါးစိုက်ပျိုးသည်။ ၁၉၅၃ခုနှစ် သန်ကောင်စာရင်းအရ လူဦးရေ ၂၉၅၆ ယောက်ခန့်ရှိသည်။

ပေါက်ပင်။ ။မြန်မာနိုင်ငံ၊ သီဟိုဠ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံရှိ မိုးပါးသောဒေသသစ်တောများ၌ အထူးသဖြင့်ပေါက်ရောက်လေ့ရှိသော အပင်မျိုးဖြစ်သည်။ အမြင့်ပေ ၄၀ မှ ၅၀ အထိရှိ၍ ပင်စည်လုံးပတ် ၈၁းပေမှ ခြောက်ပေအထိရှိသော အရွယ်အလတ်စား သစ်ပင်မျိုးဖြစ်သည်။ ပင်စည်ပင်လုံးတို့သည် ကောက်ကွေ့လျက် အကိုင်းအခက်တို့ ရှုပ်ယှက်ခတ်၍ ရှိတတ်သည်။

ပေါက်ပင်သည် လီဂူမီနိုးစီး မျိုးရင်းတွင်ပါဝင်၍ ရုက္ခဗေဒ အမည်အားဖြင့် ဗျူတိယဖရွန် ဒိုဆာဟုခေါ်သည်။ အရွက်တို့သည် မာကြော၍ ဗျက်ကျယ်ပြီးလျှင် သုံးရွက်ပြွာ ဖြစ်သည်။ နွေရာသီ၌အပွင့်ပွင့်သည်။ ပေါက်ပွင့်တို့သည် လိမ္မော်ရောင်ရင့်ရင့်ရှိ၍ ပင်လုံးကျွတ်ပွင့်တတ်သည်။ ထိုကြောင့် အဝေးမှမြင်ရသည့်အခါ မီးတောက်မီးလျှံများ ထနေသကဲ့သို့ထင်ရသည်။ ယင်းကဲ့သို့ပေါက်ပင်ပွင့်ချိန်သည် နွေရာသီလည်းဖြစ်၍ လျှမ်းလျှမ်းတောက်တောက်နေသောပေါက်ပွင့်တို့ဖြင့် တောမီးလောင်နေသည့်သဖွယ် ထင်မြင်နိုင်လေသောကြောင့် ပေါက်ပင်ကို 'တောမီးလျှံပင်' ဟူ၍လည်း ခေါ်ဝေါ်ကြလေသည်။

ပေါက်ရွက်မှာ စိမ်းသောအဆင်း၊ ပေါက်ပွင့်မှာ နီမြန်းသော အဆင်း၊ ကျေးနှုတ်သီး သဏ္ဌာန်နှင့် တူသည်ဖြစ်၍၊ ကျေး(ကြက်တူရွေး) နားလျှင် ခွဲခြား သိနိုင်ခဲရကား၊ ကျေးကား အဘယ်နည်း မေးကောင်းသောကြောင့် ပေါက်ပင်ကို ''ကိ'သုက''ဟူ၍ပါဠိလိုခေါ်သည်။ အနက်မှာ သုကော=ကျေးသည်၊ကိ'=အဘယ်နည်း၊ ကိ'သုကော=အဘယ်သည်လျှင် ကျေးနည်းဟုဆိုလိုသည်။ လက်'ဆရာတို့သည် ကျေးနှင့်ပေါက်ပင် ခွဲခြား၍မသိနိုင်ဘိသကဲ့သို့၊ နိုင်ငံရေးပြည်ထဲလည်း ခွဲခြားသိသာနိုင်ရန် ခဲယဉ်သည်ဆိုသော ပုံစံကိုပြလို၍၊ လောကသာရ အပိုဒ် (၂၆)တွင် ''ပြည်ထဲအရေး၊ ပေါက်နှင့်ကျေးသို့၊ ကြံတွေးလှည့်ကာ၊ မသိသာလည်း'' စသည်ဖြင့်၊ ဖွဲ့နွဲ့စပ်ဆိုထား၏။ ပေါက်ပွင့်ရနံ့ကင်းဘိသကဲ့သို့ အဝတ်အစားဆင်ယင်ထားသော ပညာမဲ့လူကုံထံအမျိုးသားသည်လည်း မတင့်တယ်သည်ကို ရည်စူး၍၊ 'အဆင်းတင့်တယ်၊ နုနယ်ပျိုမျစ်အရွယ်ခေတ်နှင့်၊ ပြည့်စုံကုန်သော၊ ပြန့်ပြောမြင့်မြတ်သောအမျိုး၌ ဖြစ်ခြင်းရှိထသောသူတို့သည် အတတ်ပညာမှ ယုတ်ကုန်သည် ဖြစ်အံ့၊ မွေးကြိုင်သင်းပျံ့ ရနံ့မရှိကုန်သော 'ကိ'သုကာဏ္ဍ ဝ'ပေါက်ပွင့်တို့ကဲ့သို့ မတင့်တယ်ကုန်'ဟု 'စာဏကျသုခမိန်'ကလည်း၊ စာဏကျနီတိ အပိုဒ် (၇)တွင် သင်္ခကရိုင်ဋ္ဌဘာသာဖြင့် စပ်ဆိုသီကုံးထားသည်ကိုလည်း မှတ်သားထားကုန်ရာ၏။

ပေါက်ပင်မှသစ်သားသည် မွဲပြာရောင်ရှိ၍ ပျော့သည်။ တာရှည်အသုံးမခံချေ သို့သော်ရေနှင့်ထိ၍မူ တာရှည်အသုံးခံသဖြင့် ရေတွင်းကျည်းကွေးများ၊ လှေများ၌ အသုံးပြုလေ့ရှိသော ရေပက်ခွံများပြုလုပ်ရန် သင့်လျော်သည်။ သေတ္တာကြမ်းများကိုလည်း ပေါက်သားဖြင့် ပြုလုပ်နိုင်လေသည်။

ပေါက်ပင်တို့၏ အကိုင်းအခက်တို့မှ ချိပ်တစ်မျိုးရရှိနိုင်သည်။ ထိုပြင် အပင်မှ သစ်စေးတစ်မျိုးလည်းထွက်သည်။ ယင်းသစ်စေးတွင် အဖန်ဆွာတ်များပါရှိသဖြင့် ဆေးဖော်စပ်ရာ၌ အလွန်အသုံးဝင်သည်။ အိန္ဒိယနိုင်ငံတွင် ပေါက်ပင်မှ အစေးကို ဆိုးဆေးနှင့် သားရေနယ်ရာတွင် အသုံးပြုကြသည်။ အပွင့်များမှ အဝါရောင်နှင့်လိမ္မော်ရောင်ဆိုးဆေးရနိုင်သည်။

ပေါက်ပင်၏ အခေါက်ကို လျှော်ပြုလုပ်နိုင်သေးသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိတ္ထီလာနယ်တွင် ပေါက်တူပင်ဟူ၍ ပေါက်ပင်တစ်မျိုးကိုတွေ့ရသည်။ မြန်မာနိုင်ငံအထက်ပိုင်း မိုးကုတ်ခရိုင်အတွင်းရှိ တောင်ပေါ်သစ်တောများတွင် ပေါက်နယ်ပင်ဟူ၍ နွယ်ပင်တစ်မျိုး တွေ့ရှိသည်။ ထိုပြင် မြန်မာနိုင်ငံ သစ်တောများအတွင်း၌ ပေါက်နွယ်ပင်၊ သို့မဟုတ် နွယ်နီပင်ဟူ၍တွေ့ရသေးသည်။ ရုက္ခဗေဒ အမည်မှာ ဗျူတိယစူပါဗားဖြစ်၍ ပေါက်ပင်မှ အစေးမျိုးရရှိပြီးလျှင် ပေါက်ပင်စေး၏နည်းတူ အသုံးပြုနိုင်သည်။ ပေါက်နွယ်ခေါက်ကို မြွေကိုက်လျှင်ဖြစ်စေ၊ အခြားအဆိပ်ပြင်းသည့် သတ္တဝါများကိုက်လျှင်ဖြစ်စေ အဆိပ်ဖြေဆေးအဖြစ်ဖြင့် အသုံးပြုကြလေသည်။

ပေါက်ပန်းပင်။ ။ပေါက်ပင်နှင့် ပေါက်ပန်းပင်သည် လီဂူနိုးစီးမျိုးရင်းဝင်ချင်းဖြစ်၍ မြန်မာအမည်အားဖြင့် ဆင်ဆင်တူသော်လည်း မျိုးစုချင်းကွဲပြား၍ အပင်ချင်းလည်းခြားနားသည်။ ပေါက်ပန်းပင်၏ရုက္ခဗေဒအမည်မှာ ဆက်ဗာနီးယားဂရန်ဒီဖလော်ရာဖြစ်သည်။ ပေါက်ပန်းဖြူပင်၊ ပေါက်ပန်းနီပင်ဟူ၍ နှစ်မျိုးရှိသည်။ အပူပိုင်းဇုန်ဒေသ အပင်များဖြစ်၍ မြန်မာနိုင်ငံနှင့် သီဟိုဠ်ကျွန်းတို့၌ ပေါက်ရောက်လေ့ရှိသည်။

ပေါက်ပန်းပင်သည် သစ်ပင်ငယ်များဖြစ်သည်။ ပင်စည်ဖြောင့်မတ်၍ အခက်အလက်ရှင်းသည်။ အမြင့်ပေ ၁၅ – ၂၀ ခန့်ရှိတတ်သည်။ ပေါက်ပန်းသားသည် ပျော့သည်။

www.foreverspace.com.mm

ပေါက်ပန်းဖြူပင်များကို လူအများတွေ့ဖူးမြင်ဖူးကြသည်။ အရွက်သေးရှိနူးညံ့သည်။ ရှည်ဝိုင်းပုံရှိသည်။ အရွက်နှင့်နှိုင်းစာလျှင် အပွင့်တို့သည်ကြီးမား၍ ပွင့်ဖတ်များသည် အသားထူသည်။ အပွင့်များ တွဲလွဲပွင့်တတ်သည်။ အပွင့်တို့သည် လှပသောအဆင်းနှင့်ပြည့်စုံသော်လည်း ပန်းတို့တွင် ရှိအပ်သော ရနံ့ကင်းမဲ့လေသည်။

ပေါက်ပန်းနီပင်တို့သည် ပေါက်ပန်းဖြူပင်လောက် ပေါပေါများများမတွေ့ရချေ။ ပေါက်ပန်းဖြူပင်နှင့် အပွင့်ရောင်မှလွဲ၍ အတူတူပင်ဖြစ်သည်။ ပေါက်ပန်းနီပင်၏အပွင့် အရောင်သည် နီမြန်းသော အဆင်းရှိသည်။

ပေါက်ပန်းပင်၏အသီးသည် ပဲသီးတောင့်ရှည်ကဲ့သို့ သေးသေးရှည်ရှည်ဖြစ်ကာတွဲလောင်းသီးသည်။ ပေါက်ပန်းပင်၏အသီး၊ အရွက်၊ အပွင့်တို့ကို ချက်ပြုတ်စားသုံးကြသည်။ အထူးသဖြင့်မြန်မာနိုင်ငံတွင် ပြုတ်၍ ငပိရည်နှင့်တို့စားကြလေသည်။ သီဟိုဠ်ကျွန်းတွင်မူ ပေါက်ပန်းပင်၏ အပွင့်နှင့်အရွက်တို့ကို ဟင်းချက်၍လည်းကောင်း၊ ထောပတ်နှင့်ကြော်၍လည်းကောင်းစားသောက်ကြသည်။ ပေါက်ပန်းပင်၏အခေါက်၊အရွက်၊အပွင့်တို့သည် ဆေးဖက်ဝင်သည်။ ပေါက်ပန်းပင်တို့သည် အစေ့ပျိုး၍စိုက်ရသောအပင်မျိုးဖြစ်သည်။ သီဟိုဠ်ကျွန်းတွင် အများအပြားစိုက်ပျိုးလေ့ရှိသည်။

ပေါက်ဖတ်။ ။ပိုးဖလံနှင့်လိပ်ပြာတို့သည် အရွယ်မရောက်မီ၊ အကောင်လောင်းဘဝ၌ကျင်လည်ရသည်။ ထိုအကောင်လောင်းကိုယေဘုယျအားဖြင့် ပေါက်ဖတ်ဟုခေါ်သည်။ ပေါက်ဖတ်၌အမွေးရှိသည်။ သို့သော် အမွေးမရှိသော ပေါက်ဖတ်မျိုးလည်း အမြောက်အမြားပင်ရှိလေသည်။ မုန်လာထုပ်၌ တွေ့ရသော ပိုးမျိုးသည် အမွေးမရှိသော ပေါက်ဖတ်ဖြစ်သည်။ ပေါက်ဖတ်သည် သေးငယ်သောဥမှ ပေါက်လာရသော်လည်း၊ မိမိ၏ကိုယ်လုံးကိုယ်ထည်နှင့် မမျှအောင် အစာများကိုစားတတ်သည်။ ပေါက်ဖတ်၏ ကိုယ်သည်ရှည်၍လုံးသည်။ ခန္ဓာကိုယ်တွင် ခေါင်းနှင့်အစိတ်အပိုင်းပေါင်းသည် အမျိုးအစားကိုလိုက်၍ ၁၂ခုမှ သည် ၁၃ခုအထိရှိသည်။ ပိုးကောင်များမှာကဲ့သို့ပင် ပေါက်ဖတ်၌ ခြေထောက်၃ခုတွင် ထိုခြေတစ်စုံစီရှိသည်။ ထိုခြေထောက်တို့သည် များသောအားဖြင့်မာ၍ အဆစ်များရှိပြီး အစွန်း၌ခြေသည်းကလေးများရှိကြသည်။ သို့သော် အချို့သောပေါက်ဖတ်မျိုးတို့တွင် ထိုသို့သောခြေသည်းများမရှိကြချေ။ ယခုဆိုခဲ့ပြီးသောခြေတို့သည် ခြေအစစ်ဖြစ်သည်။ ယင်းတို့အပြင် ခြေအတုများရှိသေး၏။ ခြေအတုတို့၏ အလုပ်မှာ ရှည်လျားသော ခန္ဓာကိုယ်ကို ထောက်ပံ့ရန်ဖြစ်သည်။ ထိုခြေတုများသည် ပေါက်ဖတ်ပိုးဖလံအဖြစ်သို့ လည်းကောင်း၊ လိပ်ပြာအဖြစ်သို့လည်းကောင်း ပြောင်းလဲသွားသောအခါတွင် ဟောက်ကွယ်သွားကြလေသည်။

ပေါက်ဖတ်၏ မေးရိုးသည် ကြီး၍မည်း၏။ ကိုက်ဖြတ်မည့်နေရာများတွင် သွားများရှိသည်။ ထိုကြောင့် အရွက်များကို ကိုက်ဖြတ်ရာတွင် လွှဝိုင်းများကဲ့သို့ အရွက်များကို ဖြတ်နိုင်ကြလေသည်။ မျက်စိသည်သေး၍ ပုတီးစေ့ကလေးများနှင့်တူသည်။ ဦးခေါင်း၏တစ်ဖက်တစ်ချက်တွင် မျက်စိ၃လုံး၊ သို့မဟုတ်၄လုံးစီရှိသည်။ ထိုမျက်စိများသည် နေ့နှင့်ညဥ့်ကိုသာခွဲခြားနိုင်ပုံရသည်။ ခန္ဓာကိုယ်၏ တစ်ဖက်တစ်ချက်တွင် အသက်ရှူရန်လေပြွန် ၉ခုစီရှိသည်။

ပိုးဖလံ သို့မဟုတ် လိပ်ပြာဥမှ ပေါက်ဖတ်တစ်ကောင် ပေါက်လာသောအခါ ထိုပေါက်ဖတ်သည် အများအားဖြင့် အလွန်သေးငယ်လေသည်။ သို့သော် ကိုယ်ထည်၏အရွယ်နှင့် အဆမတန်အောင်အစားကြီးသဖြင့် မကြာမီအတွင်း၌ ကြီးထွားလာကာ အရေပြားဟောင်းသည်ကွဲထွက်သွား၍ ပေါက်ဖတ်သည် တွားလျက်ထွက်လာလေသည်။ ထိုနည်းဖြင့် ပေါက်ဖတ်သည် ၄ကြိမ်၊ သို့မဟုတ် ၅ကြိမ် အရေလဲသည်။ ပေါက်ဖတ်တို့၏အစာမှာ အများအားဖြင့် ဟင်းသီးဟင်းရွက်ဖြစ်သည်။ အချို့ပေါက်ဖတ်သည် သစ်သားကို စားသည်။ ဤသို့ သစ်သားကို စားယင်း၊ သစ်ခေါင်းအတွင်း ၌ ၃နှစ်သော်လည်းကောင်း၊ ၃ နှစ်ထက်ကျော်၍ သော်လည်းကောင်းနေထိုင်ကြသည်။ အချို့ပေါက်ဖတ်များကား အထည်အလိပ်တို့ကို စား၍ ဖျက်ဆီးပစ်ကြသည်။ အချို့ပေါက်ဖတ်များသည် မိမိတို့၏ကိုယ်မှစွန့်လိုက်သောအရေပြားကိုပင်လျှင်စားကြသည်။ အကြီးဆုံးပိုးဖလံပေါက်ဖတ်သည် ၄လက်မအထိရှည်၍၊ အငယ်ဆုံးပိုးဖလံပေါက်ဖတ်သည် ၁လက်မ၏၄ပုံ၁ပုံမျှသာရှည်သည်။ အချို့ပေါက်ဖတ်တို့သည် လိပ်ပြာ၊သို့မဟုတ် ပိုးဖလံအဖြစ်သို့ မပြောင်းလဲမီရက်အနည်းငယ်သာ ပေါက်ဖတ်အဖြစ်ဖြင့်တည်ရှိသည်။ သို့သော် အများအားဖြင့် နွေရာသီတစ်ခုလုံး ပေါက်ဖတ်အဖြစ်ဖြင့်တည်ရှိနေတတ်သည်။အချို့ပေါက်ဖတ်တို့သည် အသွင်ပြောင်းလဲရန် ၄ နှစ်မျှ ကြာတတ်သည်။

ပေါက်ဖတ်များ တစ်ဆင့်မှတစ်ဆင့်သို့ပြောင်းလဲခြင်းကို အသွင်ပြောင်းခြင်းဟုခေါ်သည်။ ပိုးဖလံပေါက်ဖတ်တို့ အသွင်ပြောင်းရန်အလို့ငှါ ပိုးအိမ်များကို ဦးစွာပြုလုပ်လေ့ရှိသည်။ အောက်နှုတ်ခမ်းရှိ အပေါက်မှ စီးထွက်လာသည့် စေးကပ်သောအရည်ဖြင့် အမျှင်များကိုပြုလုပ်ကြသည်။ထို အမျှင်များသည် လေသလပ်လျှင်မာသည်။ အချို့ပေါက်ဖတ်တို့သည် ယင်းတို့၏ကိုယ်ကိုလွှမ်းခြုံထားနိုင်သော အမျှင်အိတ်များကိုပြုလုပ်ကြသည်။ အချို့ပေါက်ဖတ်များသည် သစ်ရွက်များကိုလိပ်ပြီးလျှင်၊ အဖျားများကို ခြည်မျှင်များဖြင့် မြဲအောင်ပြုလုပ်ထားတတ်သည်။ အမွေး

www.forewordspace.com.mm

များရှိသည့်ပေါက်ဖတ်များကား အမွေးများဖြင့်ပင် ပိုးအိမ်ကို ပြုလုပ်ကြသည်။ လိပ်ပြာအုပ်စုတွင် ပါဝင်သော ပေါက်ဖတ် အချို့သည် ပိုးအိမ်များကိုမပြုလုပ်ကြချေ။ ပိုးဖလံ ပေါက်ဖတ်အမြောက်အများသည် မြေကြီးကိုတူး၍ တွင်းအောင်းလေ့ရှိသည်။ သို့မဟုတ် ကျောက်တုံးတစ်တုံး ၏အောက်၌ လည်းကောင်း၊ ကြွေကျနေသည့်သစ်ရွက်၏အောက်၌ လည်းကောင်း၊ ခိုအောင်းနေတတ်သည်။ လိပ်ပြာပေါက်ဖတ်များသည် သစ်ရွက်များတွင်ဖြစ်စေ၊ သစ်ခက်များတွင် ဖြစ်စေ ခြည်မျှင်အဖုကလေးပြုလုပ်၍ ခြည်မျှင်ဖြင့်တွဲလဲ ခိုနေလေ့ရှိကြသည်။ ပိုးအိမ်များပြုလုပ်ပြီးသောအခါတွင် ပေါက်ဖတ်သည် ထိုပိုးအိမ်အတွင်း၌နေ၍ အသွင်ပြောင်းလဲ လေသည်။ ပိုးမျှင်ကောင်တို့၏ ပိုးအိမ်များမှ လူတို့သည် ပိုးခြည်ကိုယူ၍၊ အထည်အလိပ် ရက်လုပ်ကြသည်။

အသွင်ပြောင်းလဲပြီးသောအခါ၌ ပေါက်ဖတ်သည် ပိုးတုံးလုံးဖြစ်သွားလေသည်။ ပိုးဖလံပိုးတုံးလုံးသည် အများအားဖြင့် အညိုမှိုင်းရောင် ဖြစ်သည်။ လိပ်ပြာပိုးတုံးလုံး၌ တောက်ပသောအရောင်များရှိသည်။ ပိုးတုံးလုံး အဆင့်တွင် အတောင်နှင့် အခြားအင်္ဂါများ၏ အခြေခံများသည် ကြီးထွားလာလေသည်။ ထိုသို့ပြောင်းလဲခြင်းသည် ရက်အနည်းငယ်မှလပေါင်းများစွာအထိ ကြာတတ်သည်။ ထိုနောက် ပိုးတုံးလုံးသည် ပိုးဖလံအဖြစ်သို့ဖြစ်စေ၊ လိပ်ပြာအဖြစ်သို့ဖြစ်စေ ပြောင်းလဲလေသည်။

ဌက်၊ ပိုးကောင်နှင့် ပါရာဆိုက်တို့သည် ပေါက်ဖတ်ကို စားကြသည်။ ထိုကြောင့် ထိုဘေးမှကာကွယ်နိုင်ရန် ပေါက်ဖတ်သည် သဘာဝအကာအကွယ်များကို ဖန်တီးရလေသည်။ အချို့ပေါက်ဖတ်တို့၌ ပတ်ဝန်းကျင်အရောင်နှင့် သမသွားစေမည့်အရောင်များရှိကြသည်။ အချို့တွင် တောက်ပသည့်အရောင်များရှိကြသည်။ အချို့တွင် တောက်ပသည့်အပြောက်များ၊သို့မဟုတ် အစင်းများရှိကြသဖြင့် ကြောက်စရာသော်လည်းဖြစ်တတ်သည်။ သို့မဟုတ်က အလွန်ကြီးသည်ဟုလည်းထင်ရလေသည်။ ပေါက်ဖတ်အချို့တွင် အနံ့ဂလင်းများရှိသဖြင့် မနှစ်မြို့ဖွယ်သောအနံ့များ ကိုလွှတ်နိုင်သည်။ ထိုပြင် အချို့ပေါက်ဖတ်များတွင် အဆိပ်ပြင်းထန်သည့် အမွေးများရှိကြလေသည်။ ယင်းတို့သည် အကာအကွယ်သဘော၌ သက်ဝင်လေသည်။

ပေါက်မြို့။ ။ပေါက်မြို့သည် အထက်မြန်မာနိုင်ငံ ပခုက္ကူခရိုင်တွင်ပါဝင်၍၊ ပေါက်နယ်၏ နယ်ပိုင်ရုံးစိုက်မြို့ ဖြစ်သည်။ ပေါက်နယ်တွင် ပေါက်မြို့နယ်၊ ဆောမြို့နယ်နှင့် ဆိပ်ဖြူမြို့နယ်တို့ ပါဝင်သည်။

ပေါက်မြို့နယ်သည် ပခုက္ကူခရိုင်၏အလယ်တွင်ရှိ၍၊ စတုရန်းမိုင် ၉၁၀ကျယ်ဝန်းသည်။ ကျေးရွာပေါင်း၈၀ ခန့် ပါဝင်ပြီးလျှင်၊ လူဦးရေ (၁၉၃၁ ခုနှစ် သန်းခေါင်စာရင်း) ၅၉၂၂၆ ယောက် ရှိသည်။ မြို့နယ်၏တစ်ဖက်တစ်ချက်တွင် တောင်ကုန်းတောင်တန်းများရှိ၍ မြို့နယ်၏မြေမျက်နှာ ပြင်သည် ညီညာပြန့်ပြူးခြင်းမရှိပေ။ မြို့နယ်အတွင်း၌ ယောချောင်းနှင့် ကျောချောင်းတို့ ဖြတ်သန်းစီးဆင်းကြသည်။ ပေါက်မြို့သည် ယောချောင်းနှင့် ကျောချောင်းတို့ ပေါင်းဆုံသည့်နေရာနှင့် မနီးမဝေးတွင်တည်ရှိသည်။ ပခုက္ကူမြို့မှအနောက်ဘက် ၄၇ မိုင်ခန့်ကွာဝေးသည်။ မြို့၏ မြောက်ဘက်တွင် ပေါက်ချောင်းငယ် ဖြတ်သန်းစီးသွားပြီး လျှင်ယင်း၏ မြောက်ဘက်ရှိ ကျောချောင်းထဲသို့ ပေါင်းဆုံစီးဝင်သည်။ မြို့၏အနောက်ဘက်တွင် ရန်ကင်းတောင်ရှိသည်။ ထိုတောင်သည် မြို့ကိုဖီလာခံလျက် အနောက်မျက်နှာသို့ တောင်ဦးပြုနေသည်။

မြို့၏ အရှေ့တောင်ဘက်တွင် ဆင်ဇာချောင်းရှိ၍၊ ပခုက္ကူသို့သွားသော ကားလမ်းမကြီးသည် ဆင်ဇာချောင်းကို ဖြတ်ကျော်သွားသည်။ အရှေ့ဘက်၌ ကျားသိုက်ချောင်းငယ်ရှိ၍၊ ယင်း၏ အရှေ့ဘက်တွင် လေယာဉ်ကွင်းရှိသည်။ ပေါက်မှ ပခုက္ကူသွား ကားလမ်းမကြီး၏ တောင်ဘက်တွင် လေသာတောင်ရှိလေသည်။

ပေါက်မြို့သည် မြို့ကွင်းမြို့ကွက်ကောင်း၍ ကျယ်ဝန်းသည်။ လူနေအိမ်ခြေ တစ်ထောင်ကျော်ခန့် ရှိ၍ လူဦးရေ ၁၀၀၅၅ယောက်ခန့်ရှိသည်။ မြို့သူမြို့သားများမှာ များသောအားဖြင့် ဗုဒ္ဓအယူဝါဒီ မြန်မာလူမျိုးများသာဖြစ်ကြလေသည်။

ပေါက်မြို့သည် နယ်ပိုင်းရုံးစိုက်မြို့ ဖြစ်သည့်အားလျော်စွာ နယ်ပိုင်ရုံး၊ မြို့ပိုင်ရုံး၊ ငွေတိုက်၊ တရားမရုံး၊ သစ်တောရုံး၊ ရဲဌာနစသည့် အစိုးရအဆောက်အအုံများရှိ၍၊ ယင်းတို့သည်မြို့၏အနောက်ဘက်ပိုင်းတွင်တည်ရှိကြသည်။ မြို့၏ တောင်ဘက်မြို့ရိုးသဖွယ် အနောက်မှအရှေ့သို့ တန်းလျက်ရှိသော တောင်ရိုး၏အနောက်ဘက်ဆုံးတွင် ပြည်သူ့ဆေးရုံ ရှိသည်။ ထိုပြင် အစိုးရ တန်းမြင့်ကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း၊ စာတိုက်၊ ဈေးစသည့် အဆောက်အအုံများဖြင့်လည်း ပေါက်မြို့သည် သိုက်မြိုက်စွာ ရှိလေသည်။

ပေါက်မြို့သည် ယောနယ်များသို့သွားရာတံခါးဝမြို့ဖြစ်သည်။ ထီးလင်း၊ ဂန့်ဂေါစသော အထက်ယောနယ်များသို့ ပေါက်မြို့မှတစ်ဆင့် မော်တော်ကားလမ်းများဖြင့်သွားလာကြရသည်။ ပခုက္ကူမှတစ်ဆင့် ရန်ကုန်၊ မန္တလေးစသော မြို့ကြီးများနှင့် ယောနယ်များ၏ ကုန်စည်ဖလှယ်မှု ရောင်းဝယ်ဖောက်ကားမှုတို့ကို ဆက်သွယ်ပြုလုပ်ရာ၌ ပေါက်မြို့မှ တဆင့် ပြုလုပ်ကြရသည်။ ပခုက္ကူမြို့မှတစ်ဆင့် ရန်ကုန်မြို့နှင့် တစ်ပတ်လျှင်တစ်ကြိမ် လေကြောင်း အဆက်အသွယ်ရှိသည်။ ပေါက်မြို့နယ်သည် မိုးပါးရေရှားဒေသဖြစ်သည့်

www.foreverspace.com.mm

အတိုင်း ပဲ့အမျိုးမျိုး၊ပြောင်းဖူးဖက်(ယောဖက်)၊ငရုတ်၊ မန်ကျည်း၊ နှမ်းနှင့် ဆီးသီးစသော အပူပိုင်ရပ်ဝန်း ထွက်ဘုန်းသီးနှံများထွက်သည်။

ပေါက်မြို့၏နောက်ကြောင်းသမိုင်းကို ခိုင်ခိုင်လုံလုံ မသိရချေ။ ပုဂံခေတ်ကထင်ရှားခဲ့သော သောင်းထွတ်မြို့ဟောင်းတည်နေရာသည် ယခုပေါက်မြို့၏ တောင်ဘက်ခြောက်မိုင်ခန့်အကွာ၊ ကျောက်ကာရွာကြီး၏အရှေ့ဘက်တွင် ဖြစ်သည်။ ပေါက်မြို့ဟူ၍ခေါ်တွင်ခြင်းမှာ ပေါက်ပင်ပေါက်တောကိုထွင်၍ မြို့တည်ခဲ့ခြင်းကိုအစွဲပြု၍ ပေါက်မြို့ဟုခေါ်တွင်ခဲ့ခြင်း ဖြစ်ဟန်တူလေသည်။

သာသနိက အဆောက်အအုံ စေတီပုထိုးများမှာမြို့၏ အနောက်တောင်ဘက် တောင်ပူစာထိပ်တွင် မြို့ပန္နဘုရား ဖြစ်သောရွှေပေါက်ပင်ဘုရားရှိသည်။ မြို့၏အရှေ့တောင်ဘက်ရှိလေသာတောင်တွင်လည်း လေသာတောင်ဘုရားရှိသည်။ ပေါက်ချောင်း၏ မြောက်ဘက်ကမ်းတွင် တောင်ရိုးတခုရှိရာ ထိုတောင်ရိုး၏အရှေ့ဘက်တောင်စွယ်တွင် လောကဒီပဘုရားရှိသည်။ ထိုပြင် ထိုအနီးအနားတဝိုက်တွင် ဘုန်းကြီးကျောင်းများနှင့် အခြားစေတီပုထိုးငယ်များရှိလေသည်။ လောကဒီပ၊ ဘုရား၏အရှေ့ဘက်တွင် ပေါက်မှဂန့်ဂေါ သို့သွားသော မော်တော်ကားလမ်းရှိလေသည်။

မြို့နယ်အတွင်းထင်ရှားသောစေတီပုထိုးများမှာ ပေါက်မြို့နှင့် ရှစ်မိုင်ခန့်ကွာဝေးသောဘုရားတောင်ရွာနှင့်ကျူ့တောရွာများအနီးရှိ ရွှေပေါက်လောင်နှင့် ရွှေမုဒ္ဓောစေတီနှစ်ဆူဖြစ်သည်။ ထိုဘုရားစေတီများ၏ ပွဲတော်များကို နှစ်စဉ်တပေါင်းလတွင်ကျင်းပသည်။

မြို့ပေါ်၌ အစည်ကားဆုံးသောပွဲတော်မှာ သီတင်းကျွတ်ပွဲတော်ဖြစ်သည်။ အထူးသဖြင့်သီတင်းကျွတ် လပြည့်ကျော်တစ်ရက်နေ့တွင် နယ်ရှိကျေးရွာများမှ ရဟန်းရှင်လူတို့ကမြို့ပေါ်ရှိ ထေရ်ကြီး ဝါကြီးဆရာတော်များအားလာရောက်ကန်တော့ရာတွင် တိုးရုပ်၊ ဘိုးဘရုပ်၊ ဒေါင်းရုပ်၊ ကိန္နရာရုပ်စသော အရုပ်မျိုးစုံအကများကို တစ်ရွာနှင့်တစ်ရွာယှဉ်ပြိုင်ကပြကြရာ၊ ထူးထူးခြားခြား စည်ကားသိုက်မြိုက်လှသည်။

ပိုက်(ခ)ငါး ။ ။အင်္ဂလိပ်ဘာသာဖြင့် ပိုက်(ခ)ဟုခေါ်သော ငါးသည် ဥရောပတိုက်၊ အာရှတိုက် မြောက်ပိုင်းနှင့် မြောက်အမေရိကတိုက်များ၌ရှိသော ရေချိုမြစ်ဝှမ်းနှင့် အင်းအိုင်တို့တွင် ကျက်စားသောငါးဖြစ်သည်။ ပိုက်(ခ)ငါးသည် 'အီဆော့ဆီဒီး' မျိုးရင်းဝင်ငါးဖြစ်သည်။

ပိုက်(ခ)ငါးသည် ကိုယ်ထည်ရှည်၍ အမြီးသွယ်သည်။ ကျောနှင့်နောက်ပိုင်းရှိ ဆူးတောင်တို့သည် နောက်ဘက်ကျကျ အမြီးအနီးတွင်ရှိ၍၊ ပိုက်(ခ)ငါးသည် ရေကူးရာတွင် အလွန် လျင်မြန်၏။ သာမန်အခါမျိုး၌ ငြိမ်ငြိမ် နေတတ်သော်လည်း၊ အစာကိုလိုက်ရာ၌သော်လည်းကောင်း ဘေးအန္တရာယ်ကြောင့်ပြေးရာ၌သော်လည်းကောင်း ပိုက်(ခ)ငါးသည် အလွန်လျင်မြန်၍ အခြားရေချို ငါးများသည် သူ့ကိုလိုက်၍မမှီနိုင်ချေ။ ပါးစပ်သည်အလွန်ကြီး၍၊ အောက်မေးရိုးသည်ငေါသည်။ သွားသည်ညီညာစွယ် သွယ်တန်းလျက်ရှိပြီးလျှင် အလွန်ထက်သည်။ သွားတည်နေပုံသည် နောက်ပြန်စောင်းလျက်တည်နေသဖြင့် ပါးစပ်ထဲသို့ဝင်လာသော အစာသည်ပြန်၍မထွက်နိုင်ချေ။ ပိုက်(ခ)ငါးသည် ကြောက်မက်ဖွယ်ကောင်းသည့်ပြင် အစာလောဘလည်း ကြီးသည်။ အားနည်းသည့်ငါးမျိုးစုံကိုသာမက၊ ဖား၊ ကြွက်စသည်တို့ကိုပါစားသောက်သည်။ စားသောက်ရန်အရွယ်တော်ဖြစ်သောမည်သည့်တိရစ္ဆာန်မျိုးကိုမဆို စားသောက်လေ့ရှိသည်။ ပိုက်(ခ)ငါးသည် ဥမှပေါက်စလက်မအနည်းငယ်မျှရှိသော အရွယ်သို့ရောက်သည်နှင့်တစ်ပြိုင်နက်၊ အခြားငါးငယ်ကလေးများကိုလိုက်၍ဖမ်းကာ စားစပြုလေသည်။ ကြီးလာသည်နှင့်အမျှ ပို၍သန်မာပြီးလျှင် ပို၍ကြမ်းတမ်းလာလေသည်။ ပရိယာယ်လည်းများသည်။ ရေထဲတွင် သစ်တုံး



ညို၊ စိမ်း၊ ဝါရောင်တွင် အမည်းပြောက် ရောလျက်ရှိသည့် ပိုက် (ခ) ငါး

www.forewarnace.com.mm

သဖွယ်ပြီမသက်စွာနေပြီးလျှင် အစာကိုမြင်သည့်အခါမှ အကုန်နှင့်လိုက်လေ့ရှိသည်။ တံငါများက ပိုက်(ခ)ငါးများကို မနှစ်သက်ကြချေ။ အဘယ်ကြောင့်ဆိုသော် ထိုငါးသည် အစာအဖြစ်ကောင်းမွန်သော အခြားငါးများကို စားပစ်ကြသောကြောင့် ဖြစ်သည်။ ပိုက်(ခ)ငါး၏ အရောင်မှာ အညိုရောင်၊ အစိမ်း၊ အဝါရောင်များ ရောလျက်ရှိပြီးလျှင် အမည်းစက်များလည်း ရှိ၍ ရေအောက်ရှိအပင်များ၏ အရောင်နှင့်ရောလျက် ရှိနေသဖြင့် ငါးငယ်များကို ဖမ်းယူရန် အခွင့်ကောင်း တစ်ခုကို ပို၍ ရရှိနေလေသည်။ ပိုက်(ခ)ငါးများသည် ရာသီဥတုကိုလိုက်၍ ဧပြီလ၊ သို့မဟုတ် မေလတွင် ဥကြသည်။ တစ်ခါတစ်ရံတွင် ဖေဖော်ဝါရီလ၌ပင် ဥလေ့ရှိသည်။

ပိုက်ဆံပေါက်စက်။ ။ပိုက်ဆံ ပေါက်စက်ဆိုသည်မှာ ကန့်သတ်ထားသည့် ပိုက်ဆံစများကို ထည့်လိုက်လျှင် အလိုအလျောက် အလုပ်လုပ်ပေးသော စက်မျိုးဖြစ်သည်။ ရှေးအကျဆုံး ပိုက်ဆံပေါက်စက်ကို လွန်ခဲ့သောနှစ်ပေါင်း၂၀၀၀ခန့်က အီဂျစ်ပြည် ဘုရားရှိခိုးကျောင်းများတွင် ရေချမ်းတော်များရောင်းရာ၌ အသုံးပြုခဲ့ကြသည်။ ယခုအခါတွင်ထိုစက်မျိုးကို ခေတ်မီနိုင်ငံကြီးများ၌ တွင်ကျယ်စွာ အသုံးချလျက်ရှိကြသည်။ ထိုစက်မျိုးများကို ၁၉၁၆ ခုနှစ်လောက်ကပင် စတင်၍ ဟော်တယ်များ၌ အစားအသောက် ရောင်းရာတွင် အသုံးချခဲ့ကြသည်။ ရောင်းချသော ကုန်ပစ္စည်းအမျိုးအစားကိုလိုက်ကာ ပိုက်ဆံပေါက်စက် အမျိုးမျိုး ရှိသည်။

ထိုစက်မျိုးများကို လူသွားလူလာများသောနေရာများတွင်ထားတတ်ကြ၏။ စက်ထဲမှပစ္စည်းကိုအလိုရှိလျှင် ပိုက်ဆံထည့်ရမည့်အပေါက်မှ ကျသင့်သည့်တန်ဖိုးအတွက် ပိုက်ဆံစကိုထည့်လိုက်ရပြီးလျှင်၊ ခလုတ်ကိုလိုသည့် ပစ္စည်းနှင့် တည့်တည့်သို့ လှည့်ပေးရသည်။ ထိုအခါ အလိုရှိသော ပစ္စည်းသည် အလိုအလျောက် ထွက်လာလေသည်။ အချို့စက်များသည် ပိုက်ဆံထည့်လိုက်လျှင် တန်ဖိုးကိုသာယူလိုက်ပြီးသော် ပိုင်ရှင်ကိုပြန်၍အမ်းနိုင်ပေသည်။ ထိုပြင်ကြေးငွေအတုပြားများကိုထည့်လိုက်လျှင် ပစ္စည်းထွက်မလာဘဲ ထည့်လိုက်သော ပိုက်ဆံသာ ပြန်၍ထွက်လာလေသည်။ တစ်ခါတစ်ရံ စက်ထဲ၌ ပစ္စည်းများကုန်နေလျှင်လည်း ထည့်လိုက်သောကြေးငွေသည်မဆုံးဘဲ ပြန်၍ထွက်လာလေသည်။

ပိုက်ဆံ ပေါက်စက်များသည် တီထွင်စအချိန်က ရိုးရိုးပင်ဖြစ်သည်။ ရောင်းလိုသောပစ္စည်းများကို တစ်ခုနှင့်တစ်ခု ထပ်၍ အောက်ခြေရှိ အံဆွဲပေါ်တွင် ပုံထားသည်။ အံဆွဲကို ဆွဲယူလိုက်လျှင် အထဲတွင် ထည့်ထားသောပစ္စည်းသည် အံဆွဲထဲတွင်ပါရှိလာ၏။ သို့သော်တန်ဖိုးပိုက်ဆံစကို မထည့်

မီးရထားဘူတာရုံများ၌ ပိုက်ဆံပေါက်စက်များ တပ်ဆင်ပေးခြင်းအားဖြင့် ခရီးသွားလက်မှတ် ဝယ်ယူရေးကို လွယ်ကူစေသည်။

လျှင် အံဆွဲကို ဆွဲ၍ မရနိုင်ချေ။ ပိုက်ဆံ ထည့်လိုက်မှပင် ပိုက်ဆံစသည် အံဆွဲအားထိန်းထားသောခလုတ်ကို ရွှေ့လိုက်သဖြင့် အံဆွဲကို ဆွဲထုတ်ယူနိုင်သည်။ ဤနည်းဖြင့် မီးခြစ်၊ စီးကရက်စသော ပစ္စည်းများကို ရောင်းချကြသည်။ အံဆွဲကိုပြန်၍ ထိုးသွင်းလိုက်သောအခါ နောက်ထပ်ရောင်းမည့် ပစ္စည်းတစ်ခုသည် နောက်တစ်ကြိမ်အတွက် အံဆွဲထဲ၌ အသင့်ကျလာလေသည်။ ထိုစက်များ၌ ပိုက်ဆံစများကို အံဆွဲဖွင့်ရန်သော့ကဲ့သို့ အသုံးပြုရလေသည်။

ယခုခေတ်အသုံးပြုနေကြသော ပိုက်ဆံပေါက်စက်များ၌ မူ အံများကိုဆွဲယူရန်မလိုချေ။ ပိုက်ဆံစထည့်လိုက်ရုံနှင့်ပင်အထဲတွင်လျှပ်စစ်ဓာတ်အားဖြင့်စီမံထားသော စက်ကိရိယာအစိတ်အပိုင်းများကိုလည်စေပြီးလျှင် အလုပ်ကိုလုပ်စေသည်။ ယင်းစံနစ်ဖြင့်ပြုလုပ်ထားသော လက်မှတ်ရောင်း စက်များ၌ရောင်းချသည့် လက်မှတ်ပေါ်တွင် အမှတ်စဉ်နှင့်နေ့စွဲများကိုပင် ရိုက်နှိပ်ပေးနိုင်ကြသည်။ ငွေပြန်အမ်းနိုင်သောစက်များ၌ ပိုက်ဆံအမ်းသော စက်သည် ပစ္စည်းထုတ်ပေးသော စက်နှင့်တွဲမနေဘဲအတွင်း၌ သီးသန့်စက်တစ်ခုသာဖြစ်နေသည်။ အနောက်နိုင်ငံမြို့ကြီးများ၌

www.foreverspace.com.mm

စာတိုက်ခေါင်း၊ မြေပဲလော်၊သကြားလုံး၊ စီးကရက်၊ အအေး စိမ်ထားသော အဖျော်ရည်များကို ယင်းစက်မျိုးနှင့်ပင် ရောင်းချကြသည်။ ထိုမျှသာမက ဓာတ်ငွေ့နှင့် လျှပ်စစ် ဓာတ်အားကိုရောင်းချရာ၌ပင် ယင်းစက်မျိုးကို သုံးသည်။ ပိုက်ဆံပေါက်စက်မျိုး၏ သဘောမှာ ထည့်လိုက်သောကြေး ငွေစ ပြည့်သောအခါတွင် ခလုတ်ရှိသည့် မောင်းကိုဖယ် လိုက်သဖြင့်မိုတာကို လည်စေသည်။ ထိုသို့မိုတာလည် သဖြင့် လိုသည့်အလုပ်ကို စက်သဘောဖြင့်လုပ်ကိုင်နိုင်ပေ သည်။ ခလုတ်ကို ကြေးငွေ၏အလေးချိန်နှင့်တိကျစွာ တိုင်း တာပြုလုပ်ထားသဖြင့် အလေးချိန်အနည်းငယ်ပိုသော၊ သို့မဟုတ် လျော့သော၊ သို့မဟုတ် အနည်းငယ်ပိုရှိထူသော သို့မဟုတ်ပိုရှိပါးသောတရားမဝင်သည့်ကြေးငွေက ခလုတ် ရှိသောမောင်းကို ဖယ်ရှားနိုင်မည် မဟုတ်သဖြင့် လိုသော ပစ္စည်းသည် ထွက်လာမည်မဟုတ်ပေ။ သို့သော် ထိုမူမမှန် သောကြေးငွေစကို ပယ်လိုက်သည့် အပေါက်မှထုတ်ပေး နိုင်ရန် စက်ကိုဖန်တီးထားလေသည်။

ကမ္ဘာပေါ်တွင် အမေ ရိကန်နိုင်ငံသည် ပိုက်ဆံပေါက် စက်များကို အများဆုံး ထုတ်လုပ်အသုံးပြုသောနိုင်ငံဖြစ် သည်။ အင်္ဂလန်ပြည်နှင့် ဂျာမနီနိုင်ငံတို့သည် အမေရိကန် ထက် ပို၍ကောင်းသော ပိုက်ဆံ ပေါက်စက်များကို ထုတ် လုပ်ခဲ့ကြသည်။ မြန်မာနိုင်ငံ၌လည်း ပိုက်ဆံပေါက်စက် နှင့် သဘောချင်းတူသောစက်များကို အတော်အတန် အသုံးပြုကြသည်။ ဘုရားများတွင်ထားလေ့ရှိသော ပိုက် ဆံထည့်လိုက်လျှင် အရုပ်ကလေးများထွက်လာသော သေတ္တာများသည် ပိုက်ဆံပေါက်စက်သဘောမျိုးပင် ဖြစ်သည်။ ကိုယ်အလေးကိုချိန်သော စက်များနှင့် ဓာတ်ပုံ ရိုက်စက် များသည်လည်း ပိုက်ဆံပေါက်စက် သဘောမျိုး ပင်ဖြစ်သည်။ ကိုယ်အလေးကိုချိန်လိုလျှင် စက်ခုံပေါ်၌ တက်ရပ်ပြီးသော်၊ အပေါက်ကလေးမှ သတ်မှတ်ထား သော ပိုက်ဆံထည့်လိုက်လျှင် ချက်ချင်းလိုပင် ကိုယ် အလေးချိန်အတိအကျကို ပုံနှိပ်၍ ဖော်ပြထားသော လက်မှတ်ထွက်လာလေသည်။ ဓာတ်ပုံရိုက်စက်များကို အသုံးပြုသည့်အခါ၌မူ ဓာတ်ပုံရိုက်ခံမည့်သူသည် အရိုက် ခံရန်အသင့်ရပ်နေပြီးနောက် ဓာတ်ပုံရိုက်စက်အတွင်းသို့ ပိုက်ဆံထည့်လိုက်သောအခါ ရိုက်ပြီး ဒဘတ်ပုံချက်ချင်း ထွက်လာလေသည်။

ပိုက်ဆံပေါက်စက်သုံးသော အခြားလုပ်ငန်းအများ အပြားရှိလေသည်။ ပိုက်ဆံထည့်မှသုံး၍ရသော တယ် လီဖုန်းများနှင့် သီချင်းသံထွက်လာသော ဓာတ်စက်များ သည်လည်း ထိုစက်သဘောမျိုးပင်ဖြစ်သည်။ ပိုက်ဆံ ထည့်လိုက်လျှင် လျှပ်စစ်ဓာတ်အားဖြင့်စီမံထားသော ဝက်မှင်ဘီးများဖြင့် ဖိနပ်တိုက်ပေးသောစက်မျိုးလည်း ရှိသေးသည်။ ပျော်ရွှင်မှုနှင့် အလောင်းအစားလုပ်ငန်း များ၌ပင် ပိုက်ဆံပေါက်စက်များကိုအသုံးပြုကြသည်။ ဤကဲ့သို့ ပိုက်ဆံပေါက်စက်များကို အသုံးပြုကြခြင်း သည် စီးပွားရေးကဏ္ဍသစ်တစ်ရပ်ကို ဖွင့်လှစ်လိုက်ခြင်း ဖြစ်ပေသည်။

ပိုက်သဂိုးရပ် (ဘီစီ ၅၈၂–၅၀၀ ခန့်) ။ ။ပိုက်သဂိုးရပ် သည် ထင်ရှားသောဂရိလူမျိုး သိပ္ပံပညာနှင့် ယထာဘူတ ပညာရှင်ကြီးဖြစ်သည်။ ဆေးဆော့ကျွန်းတွင် ဖွားမြင်ခဲ့၍၊ မြေထဲပင်လယ် ကမ်းရိုးတန်းရှိ နိုင်ငံများတွင် နှစ်ပေါင်း သုံးဆယ်ခန့် လှည့်လည်နေထိုင်ခဲ့ပြီးနောက်၊ အသက်ငါး ဆယ်ကျော်အရွယ်တွင် ဣတလီပြည်တောင်ပိုင်းရှိ ကရို တိုနာမြို့တွင် အတည်တကျနေထိုင်လေသည်။

ကရိတိုနာမြို့၌ နေထိုင်စဉ် ပိုက်သဂိုးရပ်သည် ဂိုဏ်း တစ်ဂိုဏ်းထောင်ကာ၊ ယင်း၏ယထာဘူတ သဘောတရား များကိုဟောပြောလေသည်။ ပိုက်သဂိုးရပ်၏ယုံကြည် ချက်မှာ လူသေပြီးနောက်၊ လူ့ဝိညာဉ်သည် အခြားသက်ရှိ တစ်ခုအတွင်းသို့ဝင်သည်။ လူနှင့်တိရစ္ဆာန်သည် ဆက် သွယ်လျက်ရှိသဖြင့်၊ လူကွယ်လွန်သော် နောက်ဘဝတွင် တိရစ္ဆာန်လည်းဖြစ်နိုင်သည်။ လူသည် အပြစ်ကင်း စင်စွာနေထိုင်ပါမှ၊ နောက်ဘဝတွင် တိရစ္ဆာန်ဖြစ်မည့် ဒုက္ခမှကင်းလွတ်နိုင်မည်ဟု ဖြစ်သည်။ ထိုကြောင့် ပိုက် သဂိုးရပ်ဂိုဏ်းဝင်များသည် တည်ကြည်စွာနေထိုင်၍ ခြိုးခြံစွာကျင့်ကြံကြရသည်။ မကြာမီ ယင်းဂိုဏ်းဝင်များ ပြန့်ပွားလာသော်လည်း၊ နိုင်ငံရေးအင်္ဂေအသက်များ ဝင် လာသောအခါ၌မူ၊ အစိုးရ၏နှိပ်ကွပ်ခြင်းခံရသဖြင့်၊ တစ်ဂိုဏ်းလုံး ဖရိဖရဲဖြစ်သွားရလေသည်။

ပိုက်သဂိုးရပ်နှင့် သူ့ဂိုဏ်းဝင်များ၏ ကြီဆချက်များ သည် သင်္ချာနှင့် နက္ခတ္တဗေဒပညာရပ်များကို ပိုမို ကျယ် ပြန့်လာစေသည်။ သူနှင့် သူ့ဂိုဏ်းဝင်တို့က 'ထောင့်မှန် တြိဂံတစ်ခုတွင် ထောင့်မှန်ခံအနားရှိ စတုရန်းသည် ကျန် အနားနှစ်ခုရှိ စတုရန်းများ ပေါင်းကိန်းနှင့် တူသည်''ဟူ ၍ သက်သေထုတ်ပြချက်ကို ပိုက်သဂိုးရပ်သီအိုရမ်ဟု ပင်ခေါ်ကြသည်။ ပိုက်သဂိုးရပ်နှင့်တပည့်များ၏ နက္ခတ္တ ဗေဒနှင့်စပ်လျဉ်းသော ထုတ်ဖော်ချက်တစ်ရပ်ကား 'ကမ္ဘာ မြေကြီးသည် အလုံးဖြစ်၍ အခြားဂြိုဟ်များနှင့်အတူ နေ ကို လှည့်ပတ်လျက် သွားနေကြသည်' ဟူသော အချက် ဖြစ်သည်။ ယင်းအချက်မှ ကော့ပါးနီကပ်၏အဆိုမှ ပေါ်ပေါက်လာရသည်ဟု ဆိုရန်ရှိသည်။ (ကော့ပါးနီး ကပ်အင်–ရှု။) ယထာဘူတပညာရှင်ကြီး ပလေးတို၏ အတွေးအခေါ်အယူအဆများသည် ပိုက်သဂိုးရပ်၏ အယူ အဆများ၏ ကျေးဇူးမကင်းလှချေ။ (ပလေးတို–ရှု။)

www.foreverspace.com.mm

ဂရိ ယထာဘူတ ပညာရှင် ပိုက်သဂိုးရပ်

ပိုက်သဂိုးရပ်သည် ဘီစီ ၅၀၀ ခန့်တွင် မက်တာပွန်တန် မြို့၌ကွယ်လွန်သည်။

ပဂ္ဂဆပ်။ ။ဂရိထုံးဟောင်းပုံပြင်တို့၏ အလိုအရ၊ ပဂ္ဂဆပ်သည် ပါးဆယုကဂေါ်ဂန်မဒူးဆား၏ဦးခေါင်းကို ဖြတ်ရာတွင် ကျဆင်းလာသောလည်ချောင်းသွေးမှဖြစ်သော နတ်မြင်းပျံဖြစ်သည်။ ထိုနတ်မြင်းပျံသည် ဂရိနတ်တို့၏ စံရာဌာနီသို့ ပျံတက်သောအခါ၊ အသီးနာ နတ်သမီးသည် ထိုနတ်မြင်းပျံအားဖမ်းယူ၍၊ ရွှေဇက်ကြိုးတပ်ဆင်ပြီးသော်၊ ဗယ်လာရှိမွန်းနတ်သားအားပေးလေသည်။ ဗယ်လာရှိဖွန်းသည် ပဂ္ဂဆပ်နတ်မြင်းပျံဖြင့် စစ်တိုက်ရာအောင်နိုင်သဖြင့်၊ များစွာမာနတက်လာလေသော်၊ နတ်မြင်းပျံသည် ဗယ်လာရှိဖွန်းကို ကျောထက်မှခါချ၍၊ ကောင်းကင်သို့ ပျံတက်လေ၏။ ထိုအခါ ဂရိနတ်မင်းကြီးဖြစ်သော ဇုသည် ထိုနတ်မြင်းပျံကို ကောင်းကင်၌ နက္ခတ်ဖြစ်အောင် ဖန်ဆင်းလိုက်လေသည်။

ပဂ္ဂဆပ်နှင့်စပ်လျဉ်းသော အခြားပုံပြင်တစ်ခု၏ အဆိုမှာ ပဂ္ဂဆပ်သည် ပိုဆိုင်ဒွန်နတ်၏ စေချက်အရ၊ ဟဲလီကန်တောင် ကောင်းကင်သို့ မြင့်၍မြင့်၍ တက်လာသည်ကို ဟန့်ထားရန်အလို့ငှါခွာနှင့်ပေါက်သည်ရှိသော်၊ ခွါပေါက်ရာနေရာမှာ ရေပန်းတစ်ခု ထွက်လာသည်ဟုဖြစ်၏။ ထို ရေပန်းသည်လူတို့ကိုက ဗျာဖွဲ့နွဲ့စပ်ဆိုလိုသောစိတ်ကို လှုံ့ဆော်ပေးတတ်သည်။ ဤသို့သောသဘောရှိသည်ကို အစွဲပြု၍၊ပဂ္ဂဆပ်ကိုကဗျာဖွဲ့နွဲ့ခြင်း ဆိုင်ရာတို့၌ ဥပစာဖြင့် တင်စားသုံးနှုန်း လေ့ရှိသည်။

ပင့်ကူ ။ ။ပိုးခြည်မျှင်ကဲ့သို့သော အမျှင်ကလေးများကို မိမိတို့ကိုယ်မှ ထုတ်ကာ အိမ်ဖွဲ့ရက်လုပ်နေသော အကောင်ကလေးများကို ပင့်ကူဟုခေါ်သည်။ ပင့်ကူများသည် ကောင်းကင်ကြိုးတန်းပေါ်၌ လမ်းလျောက်ခြင်း၊ တွဲလွဲခိုခြင်း၊ လွှဲခြင်း၊ ဂျမ်းထိုးခြင်းအတတ်တို့၌ သူမတူအောင်စွမ်းလှသည်။ ဤအစွမ်းဖြင့် သူတို့၏ဝမ်းရေးနှင့် မျိုးဆက်တည်တံ့ ခိုင်မြဲရေးအတွက် ဆောင်နိုင်သည်။

အာတိတ် စက်ပိုင်းဒေသနှင့် အလွန်အလွန်မြင့်သော တောင်ထပ်များမှအပ ပင့်ကူကိုကမ္ဘာအရပ်ရပ်၌တွေ့နိုင်သည်။ ယင်းတို့၏ အစားအစာ အလို့ငှါ ပိုးကောင်ငယ်ကလေးများရှိသည့် မည်သည့်နေရာ၌မဆို ပင့်ကူများ နေနိုင်သည်။ ပေ ၂၀၀၀ ကျော်မြင့်သော ဒေသများ၌ရော ပင်လယ်ရေပြင်အောက်နိမ့်သော သဲကန္တာရများ၌ပါ ပင့်ကူများနေနိုင်ကြသည်။ ပင့်ကူများသည် ကမ္ဘာမြေပေါ်၌ နှစ်ပေါင်းသန်းပေါင်းများစွာကပင် ရှိခဲ့ကြောင်းကို ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်ရရှိခြင်းဖြင့် သိရလေသည် ။

ပင့်ကူသည် အာရက်နီဒါမျိုးပေါင်းတွင် အာရာနိုက်ဒါမျိုးစဉ်၌ ပါဝင်သောပိုးကောင်မျိုးဖြစ်သည်။

ပင့်ကူ၏ခန္ဓာကိုယ်သည် အခြားပိုးမွှားတို့ကဲ့သို့ ဦးခေါင်းပိုင်း၊ ရင်ပိုင်းနှင့် ဝမ်းပိုင်းဟူ၍ သုံးပိုင်းမရှိဘဲ ဦးခေါင်းနှင့် ရင် တစ်စပ်တည်းကတစ်ပိုင်းနှင့် ဝမ်းပိုင်းဟူ၍ ၂ ပိုင်းသာ ရှိသည်။ ဦးခေါင်းအနေဖြင့် သပ်သပ်လှုပ်ရှားရ၍ မရချေ။ ဝမ်းပိုက်ပိုင်း၌ အူ၊ သက်ရှူ၊ အင်္ဂါစု၊ နှလုံး၊ မျိုးပွားအင်္ဂါစုနှင့် ခြည်မျှင်ရက်အင်္ဂါစုများပါသည်။ ပင့်ကူတွင်အတောင်မရှိချေ။ ရင်ပိုင်း၌ ခြေတစ်ဖက်လေးချောင်းစီရှိသည်။ ခြေထောက်များသည်သေး၍ ရှည်သည်။ အဆစ်ခုနစ်ဆစ်ရှိ၍ ခြေတွင် ခြေသည်းကလေးများရှိသည်။ အချို့ပင့်ကူများသည် ရှေ့နှင့်နောက် သာမက ဘေးတိုက်လည်းသွားနိုင်ကြသည်။ ရင်ပိုင်း၏ ထိပ်ပါးစပ်ရှေ့၌မူ အာရုံမှင်ကဲ့သို့သော အတံတစ်စုံပါသည်။ သို့ရာတွင် အခြားပိုးကောင်များ၌ကဲ့သို့ အာရုံမျှင်အဖြစ် အသုံးပြုရန်ကားမဟုတ်ချေ။ ပင့်ကူ၏ဦးခေါင်းပေါ်တွင် အမျိုးအစားအလိုက် မျက်လုံး ၂ လုံးမှ မျက်လုံး ၈ လုံး အထိပါသည်။ သို့ရာတွင် အဝေးကို မမြင်ရချေ။ ပင့်ကူတို့သည် စက္ခုအာရုံထက် ဖောဋ္ဌဗ္ဗာရုံ၌ ပို၍ရှင်သန်ကြသည်။ ပင့်ကူအိမ်တွင် သူတို့၏အစာ ယင်ကောင်နားနေ

www.foreverspace.com.mm

သည်။ သို့မဟုတ် သူတို့၏ရန်သူ နကျယ်ကောင်နားနေသည်ကို ပင့်ကူအိမ်မှ ထို အကောင်တို့၏ ရှုန်းကန်အားကို ခံနားလိုက်ရရုံဖြင့် ပင့်ကူတို့သိကြသည်။ ထိုကြောင့် ပင့်ကူတို့သည် ကမ္ဘာပေါ်တွင် ယခုတိုင် မျိုးဆက်မပျောက်ဘဲ တည်ရှိနေနိုင်ခြင်းဖြစ်သည်။

ကမ္ဘာအနှံ့တွင် ပင့်ကူများတွေ့နိုင်သည့်အနက် မျိုးပေါင်းများစွာလည်း ရှိသည်။ တစ်မျိုးနှင့်တစ်မျိုး အနေအထိုင်အပြုအမူလည်း ခြားနားကြသည်။ တောင်အမေရိကတိုက် အပူပိုင်းဒေသတွင်တွေ့ရသော ပင့်ကူကြီးမျိုးသည် ပိတုန်းကဲ့သို့ ပိုးမွှားတိရစ္ဆာန်များကို စားသည်။ ကျင်းတူးပင့်ကူမျိုးသည် မြေကြီးထဲ၌ ကျင်းတူး၍ အောင်းနေတတ်သည်။ ကျင်းဝ၌ သူတို့ကိုယ်မှထုတ်သော အမျှင်များဖြင့်ရက်၍ ပိတ်ထားပြီးနောက်၊ ယင်းအမျှင်များပေါ်သို့လာသော ပိုးကောင်၏ခြေသံကြားသည်နှင့် ကျင်းထဲမှထွက်၍ ဖမ်းယူစားသောက်ကြသည်။ ဝံပုလွေပင့်ကူမျိုးသည်လည်း မြေတွင်းတူး၍ နေတတ်သော ပင့်ကူမျိုးဖြစ်သည်။ သို့ရာတွင် ကျင်းတူးပင့်ကူမျိုးကဲ့သို့ ပိုးမျှင်အိမ်ရက်၍ ပိုးကောင်ကို ထောင်မဖမ်းဘဲ ချောင်းမြောင်းခုတ်ဖမ်းပြီးလျှင် သတ်စားကြသည်။ ဝံပုလွေပင့်ကူမကြီးသည် သားငယ်များကိုဥမှပေါက်စ ရက်သတ္တပတ်အနည်းငယ်ခန့် ကျောဌ၌ပိုးထားတတ်သည်။ (တရန်တိုပင့်ကူ–ရှု။)

ကနန်းပင့်ကူမျိုးသည် ကနန်းကဲ့သို့ပင်နောက်ပြန်သွားတတ်သည်။ ရှေ့ခြေတံ ၂ စုံသည် ခန္ဓာကိုယ်ထက် သုံးဆရှည်သည်။ အခြားပင့်ကူမျိုးကဲ့သို့ ကိုယ်မှထွက်သော အမျှင်ဖြင့် အိမ်ဖွဲ့၍ အစာဖမ်းခြင်းမပြုချေ။ ပန်းပွင့်ထဲ၌ ခိုနေပြီးနောက် ဝတ်ရည်စုပ်လာသော ပိုးကောင်များကို ဖမ်းစားတတ်သည်။ အများအားဖြင့် ကနန်းပင့်ကူများသည် အဖြူရောင်၊သို့မဟုတ် အဝါရောင်ဖြစ်သည်။

ပင့်ကူပုံမျိုးသည် လူ့လက်အနား ရောက်လာသည်နှင့် တပြိုင်နက်ခုန်ပြေးတတ်သည်။ ဆွေးမြည့်နေသော ဝင်းထရံတို့တွင် နေတတ်သည်။ အထီးသည် အမအား ခုန်ပျံကပြခြင်းဖြင့် လူပျိုလှည့်တတ်သည်။

ရေပင့်ကူမျိုးသည် ရေထဲ၌ ပင့်ကူအိမ်ရက်၍ နေတတ်သည်။ အမေရိကန်ပြည်ထောင်စု၌ အများအပြားတွေ့ရသော ဗလက်ဝစ်ဒိုးခေါ် ပင့်ကူမျိုးသည်သည် အဆိပ်အပြင်းဆုံး ပင့်ကူမျိုးဖြစ်သည်။ ယင်းပင့်ကူမျိုး အကိုက်ခံရသူသည်အပြင်းဖျား၍ တစ်ခါတစ်ရံ သေသည်အထိဖြစ်တတ်သည်။ အိန္ဒိယနိုင်ငံမှ ၄က်ဖမ်းသည့် ပင့်ကူအကြီးစားတစ်မျိုးလည်း ရှိသေးသည်။ ယင်းပင့်ကူမျိုးသည် နောက်ခြေ ၂ ချောင်းပေါ်တွင်ရပ်၍ ကျန်ခြေခြောက်ချောင်းကို တွန့်လိန် လှုပ်ရှားပြီးလျှင် သံတိုသံစကလေးများကို ပန်းကန်ပြားပေါ်သို့ ခပ်မြင့်မြင့်မှလောင်းချသည့်အခါ ထွက်လာသော အသံကဲ့သို့သောအသံမျိုးကို ကျယ်လောင်စွာ ပြုလေ့ရှိသည်။ သြစတြေးလီးယားနိုင်ငံ၌တွေ့ရှိရသော ဒီကရောတီရှပ် မဂ္ဂနီဖီးကပ်ခေါ် ပင့်ကူတစ်မျိုး၏ အစာရှာဖွေစားသောက်ပုံသည်လည်း ဆန်းကျယ်သည်။ ယင်းပင့်ကူသည် သူတို့၏ ကိုယ်မှအမျှင် တစ်လက်မခွဲခန့် အရှည်ကို အောက်သို့ တွဲလွဲချ၍ အောက်ဘက်စွန်းတွင် တွယ်အပ်ခေါင်းထက်အနည်းငယ်ကြီးသော အစေးလုံးကလေး တစ်ခုပါသည်။ တစ်ခါတစ်ရံ လေးငါးလုံးဆင့်ထားသည်။ ယင်းအမျှင်ကို ရှေ့ခြေတစ်ဖက်ဖြင့် တံငါသည်တစ်ဦး ငါးမျှားတံကိုင်သကဲ့သို့ကိုင်၍ ပိုးကောင်များကို ဖမ်းယူစားသောက်ကြသည်။ တောင်အာဖရိကတိုက်မှ ပင့်ကူတစ်မျိုးကား ယင်းတို့၏ ကိုယ်မှထွက်သောအမျှင်ဖြင့် ကန်တော့ပုံသဏ္ဌာန် ပိုက်ကွန်တစ်ခုကို ရေတိမ်တွင် ပြုလုပ်၍ ဖားလောင်းကောင်များကို ဖမ်းယူစားသောက်တတ်ကြသည်။ သလက်ဆီးယပ်ခေါ် ပင့်ကူတစ်မျိုးကမူ ရေစပ်အစွန်းထွက်နေသော ကျောက်ကမ်းပါးတွင် နောက်ခြေဖြင့် တွယ်ကပ်နေပြီးနောက် အောက်ဘက်မှဖြတ်ကူးသွားသော ငါးများကိုဖမ်းကာ ငါးမှအဆီကိုစုတ်ယူစားတတ်သည်။

ပင့်ကူအိမ်သည် ပင့်ကူများအဖို့ နေအိမ်သဖွယ်သာ မဟုတ်၊ အစာဖမ်းရန် ကွန်ရက်သဖွယ်လည်းအသုံးကျသည် ပင့်ကူသည်အိမ်၏အလယ်တွင် နေလေ့ရှိသဖြင့် အိမ်အမျှင်များသည် အလယ်ဗဟိုမှ ဖြာထွက်သည့် အလျောက် မည်သည့်အမျှင်ပေါ်သို့မဆို ပိုးကောင်နားလျှင် ချက်ချင်းသိနိုင်ကြသည်။ ငြိတွယ်နေသော ပိုးကောင် မလွတ်စေရန် အိမ်ကို လွှဲ၍လွှဲ၍လှုပ်ပေးခြင်းဖြင့် အစေးကိုကပ်စေသည်။ ပင့်ကူမျှင်သည် အလွန်ခိုင်သည်။ ပင့်ကူမျှင်များကို တစ်လက်မလုံးကြိုးအဖြစ်ကျစ်ထားပါမူ ၇၄တန်အလေးချိန်ကို ကောင်းစွာဆွဲနိုင်သည်။ ပင့်ကူမျှင် တလက်မလုံးကြိုးသည် တစ်လက်မလုံး သံကြိုးထက် သုံးဆပိုခိုင်သည်။ ယင်းအမျှင်ကို မိုက္ကရိစကုပ်နှင့် တယ်လီတကုပ်တို့ ပြုလုပ်ရာတွင်သုံးသည်။ ပင့်ကူအိမ်များသည် ပုံအမျိုးမျိုးရှိသည်။ ကတော့ပုံ၊ အဝိုင်းပုံ၊ စောင်ဆင်စသည်ဖြင့်ဖြစ်သည်။ ပင့်ကူသည် သူ့ဖင်ဝိုင်း၌ရှိသော အမျှင်ထွက်ပေါက်များကို ညှစ်ထုတ်လိုက်သည့်အခါ ပိုးရောင်တောက်နေသည့် အရည်စေးများထွက်လာသည်။ ထိုအခါမှပင့်ကူသည် ရှေ့သို့တဖြည်းဖြည်း ပြေးလိုက်သောအခါအရည်သည် အပလေနှင့်ထိတွေ့ကာ ခဲ၍ အမျှင်ရှည်ကြီးဖြစ်လာသည်။ ယင်းအမျှင်ကို ပင့်ကူသည် နောက်ခြေဖြင့် ထိန်း၍လိုသည့်နေရာရောက်မှ တွယ်ထားခဲ့ပြီးလျှင် နောက်ထပ်အမျှင်များထုတ်ကာ အပြန်အလှန်ရက်တော့သည်။ ပင့်ကူအိမ်ကို ခိုင်သည်ထက်ခိုင်အောင်

www.foreverspace.com.mm

ထပ်ကာလပ်ကာလှည့်၍ရက်သည်။ ကတော့ပုံသဏ္ဌာန် ပင့်ကူအိမ်ဆောက်သော ပင့်ကူမျိုးသည် ပင့်ကူအိမ် အဝိုင်းအမျိုးကို ဆောက်လေ့မရှိချေ။ မျိုးရိုးအလိုက် ပုံမျိုးကိုသာ ဆောက်ကြသဖြင့်၊ ပင့်ကူများသည်လည်း မိရိုးဖလာကို ထိန်းသိမ်းသော သတ္တဝါမျိုး ဖြစ်သည်။

ပင့်ကူမသည် ပင့်ကူထီးထက်အကောင်ကြီးသည်။ အများအားဖြင့် ပင့်ကူမများသည်သာ အိမ်ကိုရက်ကြသည်။ အရွယ်ရောက်သောပင့်ကူမ၏ဦးခေါင်းထိပ်ရှိ အာရုံမှင်ကဲ့သို့သောအတံစုံသည် ပူဖောင်းသဖွယ် ဖောင်းလာသည့်အခါပင့်ကူထီးသည် သူ၏သုက်ရည်ကို ယင်းအဖောင်းတွင်းသို့ထည့်သွင်းလိုက်ပြီး နောက်တွင် ဥများဥလာသည်။ ပိုးဖြင့် ပြုလုပ်ထားသကဲ့သို့ တောက်ပြောင်သော ဥအိတ်တခုတွင် ဥရာပေါင်းများစွာပါသည်။ ဆောင်းကူးရာသီတွင် ဥသောဥသည် အရက် ၂၀ မှ ၆၀ အတွင်း၌ ပေါက်လာသည်။ အချို့ ပင့်ကူမများသည် ဥဥပြီးသည်နှင့် သေကြရာ သားငယ်များသည်ဥအိမ်ကို မိမိတို့ဘာသာမိမိတို့ ဖောက်၍ထွက်ကြရသည်။ မိမိတို့အိမ် မိမိရက်နိုင်သောအရွယ်သို့ ရောက်မှသာလျှင် ဥမှထွက်လာလေ့ရှိကြသည်။

ပင့်ကူတွင် ရန်သူအများ ရှိသည့်အနက် နကျယ်ကောင်သည် သူတို့၏အဆိုးဆုံးရန်သူဖြစ်သည်။ သို့ရာတွင် အချို့နကျယ်အချို့ကိုမူ ပင့်ကူတို့ကဖမ်းယူစားသောက်ပစ်ကြသည်။ ပင့်ကူများသည် လူတို့အား အနှောင့်အယှက်ပြုသော ပိုးကောင်များမှအစ ပိုးကောင်အားလုံးကို စားသည်။ ထိုကြောင့် ပင့်ကူသည် လယ်သမားယာသမားနှင့် ဥယျာဉ်သမားတို့၏မိတ်ဆွေများဖြစ်သည်။ သို့ရာတွင်ပင့်ကူသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော အသားစားသတ္တဝါတစ်မျိုးဖြစ်သည်။ အလွန်ဆာလောင် မွတ်သိပ်သည့်အခါ ပင့်ကူမများသည် ပင့်ကူထီးများကိုပင် စားပစ်တတ်ကြသည်။ တစ်ကောင်နှင့်တစ်ကောင် အတူထားကလည်း ကိုက်သတ် စားတတ်ကြသည်။

ပင်စိမ်းပင်။ ။ပင်စိမ်းပင်ဟုဆိုလျှင် အချို့သောအိန္ဒိယအမျိုးသားဗြဟ္မဏအယူဝါဒီများ၏အိမ်စုတွင် အလေးအမြတ်ပြုကာစိုက်ပျိုးထားသောပင်စိမ်းပင်များကို သတိရကြ ပေလိမ့်မည်။ ပင်စိမ်းပင်သည် အနံ့မွှေးသော ချုံပင်မျိုးဖြစ်သည်။ အပင်ပျော့မျိုးဖြစ်၍ အမြင့်တစ်ပေမှနှစ်ပေခန့် ရှိသည်။ လေးဗီယေးတီး မျိုးရင်းတွင်ပါဝင်၍ မျိုးစိတ်များစွာရှိသည်။ မြန်မာနိုင်ငံတွင် တွေ့ရသော ပင်စိမ်းပင်မျိုးတို့မှာ ကုလားပင်စိမ်းနှင့် ရိုးရိုး ပင်စိမ်းဖြစ်သည်။ ကုလားပင်စိမ်း၏ ရုက္ခဗေဒအမည်မှာ အော့စီမန်ဆန့်တမ်ဖြစ်၍ ဗြဟ္မဏ အယူဝါဒီတို့ အထွတ်အမြတ်ထားသော အပင်ဖြစ်သည်။ မြန်မာနိုင်ငံ တစ်ခုလုံး၌ပေါက်ရောက်သည်။ အိန္ဒိယနိုင်ငံတွင် ဗြဟ္မဏအယူဝါဒီတို့၏ အိမ်တိုင်းတွင် စိုက်ပျိုးထားသည်။ ရိုးရိုးပင်စိမ်း၏ ရုက္ခဗေဒအမည်မှာ အော့စီမမ်ကေနမ်ဖြစ်၍ အထက်မြန်မာနိုင်ငံနှင့် မိုးပါးရေရှား ရပ်ဝန်းတွင်ပေါက်ရောက် လေ့ရှိသည်။

ပင်စိမ်းပင်သည် အနံ့မွှေးသော အပင်မျိုးဖြစ်၍ ဟင်းမွှေးပင်မျိုးတွင်လည်း အပါအဝင်ဖြစ်သည်။ အနောက်နိုင်ငံများတွင် ပင်စိမ်းရွက်ကို စားသောက်ဖွယ်ရာဟင်းလျာတို့ အနံ့မွှေးစေရန် ဟင်းခတ်အဖြစ်သုံးသည်သာမက ဆေးများ၊ ရေမွှေးများတွင်ထည့်သွင်းအသုံးပြုရန် ဆီတစ်မျိုးကိုလည်း ပင်စိမ်းပင်အမျိုးမျိုးတို့မှထုတ်ယူကြသည်။ မြန်မာနိုင်ငံတွင် အိမ်ရှင်မများ သားငါးဟင်းလျာချက်ပြုတ်ရာတွင် အနံ့အရသာပိုမိုကောင်းမွန်စေရန် ပင်စိမ်းရွက်အနည်းငယ် ခတ်လေ့ရှိကြသည်။ ပင်စိမ်းရွက်ကို အရည်ညှစ်၍ ချောင်းဆိုးပျောက်ဆေးအဖြစ်လည်း သုံးကြသည်။ အိန္ဒိယနိုင်ငံတွင် ကွမ်းရွက်အစား၊ ပင်စိမ်းရွက်ကို ဝါးကြ သူများလည်း ရှိကြလေသည်။

ပင်စိမ်းပင်၏ အရွက်တို့သည် သေးငယ်၍ အနားမှာ ခွေးသွားစိတ်ကဲ့သို့ အတွန့်ချွန်ကလေးများရှိသည်။ အရွက်၏ပုံပန်းမှာ ဥဝိုင်း–လှံစွပ်ပုံဖြစ်သည်။ သုံးလက်မမှ ရှစ်လက်မအထိရှည်သော အပွင့်တံများတွင် အဖြူ၊ သို့မဟုတ် ခရမ်းဖျော့ဖျော့ အရောင်ရှိသော သေးငယ်သည့်အပွင့်ကလေးများ အပွင့်တံကို ဝိုင်းပတ်၍ပွင့်ကြသည်။ ဇူလိုင်လမှ ဖေဖော်ဝါရီလများအတွင်း အပွင့်များပွင့်သည်။ အနက်ရောင် အခွံမာသီးကလေးများ သီးသည်။ အစေ့စိုက်ရသော အပင်မျိုးဖြစ်လေသည်။

ပင်ဆီပင်။ ။ပင်ဆီပင်သည် ပန်းပင်တစ်မျိုးဖြစ်၏။ ယင်းသည် သစ်နပင်မျိုး ဖြစ်သည်။ အချို့မှာ တစ်နှစ်ခံပင်မျိုးဖြစ်၍၊ အချို့ကား နှစ်ကြာခံပင်မျိုး ဖြစ်၏။ ရုက္ခဗေဒ အလိုအားဖြင့် ဗိုင်အိုလာ ထရိုင်ကာလဟု ခေါ်၍၊ 'ဗိုင်အိုလေး စီအီး' မျိုးရင်းတွင် ပါဝင်သည်။ ထိုအပင်မျိုး၏ ဇာတိမှာ ဥရောပတိုက် ဖြစ်သည်။ အနည်းဆုံး နှစ်ပေါင်း ၄၀၀ ကပင် ထိုဒေသ၌ စိုက်ပျိုးခဲ့ကြသည်။ ထိုနောက် အအေးသမပိုင်း ရာသီဥတုရှိသော ဒေသများ၌ စိုက်ပျိုးကြသည်။

ပင်ဆီပင်များသည် အမြင့် ၆ လက်မခန့်သာ ရှိ၍၊ ရွက်ညှက်ရှည်နှင့် နှလုံးပုံ အရွက်များရှိသည်။ သဘာဝ အလျောက် ပွင့်သောပန်းပွင့်များသည် ပြုပြင်၍စိုက်ပျိုးသော အပင်မှပွင့်သော ပန်းပွင့်၏ ၃ ပုံ ၁ ပုံခန့်သာ ရှိသည်။ စိုက်ပျိုးယူသော လှပသည့်အပွင့်များ၏အရောင်

www.foreverspace.com.mm

အအေးသမပိုင်းဒေသများ၌ ပေါက်လေ့ရှိသော ပင်ဆီပန်းပင်

သည် ခရမ်းရောင်၊ ခရမ်းရောင်ရင့်၊ အပြာ၊ အဝါ၊ အဖြူ နှင့်အညိုဖြစ်သည်။ သို့တည်းမဟုတ် ထိုအရောင်များ ပါဝင်သည့် ရောင်စုံများဖြစ်နိုင်သည်။ ပန်းပွင့်များတွင် အရွယ်ချင်းမတူသော ပွင့်ချပ်ကျယ် ၅ ခု၊ တိုသော ဝတ်ဆုံဖို ၅ ခုနှင့် ပွင့်ဖတ် ၅ ခုရှိသည်။ စိုက်ပျိုးယူသော အပင်မှပန်းပွင့်သည် အချင်း ၃ လက်မရှိသည်။ ပင်ဆီပင်သည် မြေဩဇာထည့်ထားသော နုံးမြေများတွင် သန်စွမ်းစွာပေါက်ကြသည်။ ပူသောရာသီဥတုတွင် ခြောက်သွေ့သော လေ၏ဒဏ်ကိုမခံနိုင်သဖြင့်၊ အရိပ်အောက်၌စိုက်ထားသည့်တိုင်အောင် မရှင်ချေ။ ဤကဲ့သို့ ပူသောရာသီဥတုတွင် ယင်းတို့၏အစေ့များကို စွတ်စိုရှိ အေးနေစေရန်၊ ကောက်ရိုးများနှင့်ဖုံးထားသော အိမ်များတွင်စိုက်ပျိုးကြသည်။ ပေါက်လာသော အပင်ကလေးများကို ရေခိုးငွေ့မပါသောလေ၏ဒဏ်မှ ကာကွယ်ပေးရသည်။ ထိုနောက်တစ်ဖန် အပင်ကလေးများကို အိမ်များ၌ပင် ပြောင်းရွှေ့၍ စိုက်ပျိုးပေးကြသည်။ ဤသို့စိုက်ရာ၌ တစ်ပင်နှင့်တစ်ပင်ကို ၂ လက်မစီခွါ၍ စိုက်ရသည်။ ထိုသို့စိုက်ထားသော်၊ တစ်လ၊ သို့မဟုတ် တစ်လခွဲခန့် ကြာမျှ ပန်းများပွင့်ကြသည်။

ပင်ဆီလဖေးနီးယားပြည်နယ်။ ။ပင်ဆီလဖေးနီးယားပြည်နယ်သည် အမေရိကန်ပြည်ထောင်စု အပါအဝင် ပြည်နယ်များအနက်၊ နယူးယော့ ပြည်နယ်တစ်နယ်မှလွဲလျှင်၊ လူဦးရေအများဆုံးပြည်နယ်ဖြစ်သည်။ ထိုပြည်နယ်သည် ကုန်းပြင်မြင့်ဖြစ်၍၊ ထိုကုန်းပြင်မြင့်ကို တောင်တန်းကြီးများ ဖြတ်သန်းလျက်ရှိသည်။ မြေဩဇာကောင်းသော မြစ်ဝှမ်းများ၊ သစ်တောများနှင့် ရှုမျှော်ခင်းများရှိလေသည်။ အယ်လီဂေးနီးမြစ်ကြီးသည် ပင်ဆီလဖေးနီးယား အနောက်ဘက်ပိုင်းတွင် ရှိ၍၊ အလယ်ပိုင်းတွင် အခြားမြစ်ငယ်များ ရှိကြ၏။

ထိုပြည်နယ်မှ သတ္တုအများဆုံး ထွက်သည်။ ယင်းတို့အနက် သံမှာအများဆုံးဖြစ်သည်။ ကျောက်မီးသွေးလည်း အများပင်ထွက်၏။ ထို့ကြောင့် သံ၊ သံမဏိနှင့် ကျောက်မီးသွေးလုပ်ငန်းတို့သည် ထိုပြည်နယ်၏ အဓိကလုပ်ငန်းများ ဖြစ်သည်။ အခြားလုပ်ငန်းတို့ကား အစားအစာ ပြုလုပ်ခြင်း၊ အထည်ရက်ခြင်း၊ ဓာတုဗေဒဝတ္ထုပစ္စည်းများ ပြုလုပ်ခြင်းစသော လုပ်ငန်းတို့ဖြစ်၏။ စက်မှုလက်မှုလုပ်ငန်းတို့၌ ထိုပြည်နည်သည် အမေရိကန်ပြည်ထောင်စုတွင် နယူးယော့ ပြည်နယ်ပြီးလျှင် အကြီးဆုံးဖြစ်၏။ ရာသီဥတုသည် တစ်ခါတစ်ရံ အပူအအေးလွန်ကဲတတ်သော်လည်း၊ ကျန်းမာရေးနှင့် ညီညွတ်သော ရာသီဥတုဖြစ်၏။

ထိုပြည်နယ်၌ သတ္တုတူးခြင်း လုပ်ငန်းကို အိုင်းရစ်လူမျိုး၊ ဟန်ဂေးရီးယန်းလူမျိုးနှင့် ဣတလျံလူမျိုးတို့ လုပ်ကိုင်ကြ၏။ လယ်ယာစိုက်ပျိုးခြင်းကိုမူ ဒပ်ချလူမျိုးတို့၏ အဆက်အနွယ်တို့က လုပ်ကိုင်ကြသည်။

ဟဲရစ္စဗတ်မြို့မှာမြို့တော်ဖြစ်၍၊ ၁၉၅၀ ပြည့်နှစ်သန်းခေါင်စာရင်းအရ လူဦးရေ ၈၉၅၄၄ ယောက်မျှသာ ရှိလေသည်။

ဖိလဒဲလဖီးယားမြို့သည် အမေရိကန် ပြည်ထောင်စုတွင် လူဦးရေအားဖြင့် ဒုတိယစွဲသောမြို့ကြီးဖြစ်သည်။ ထိုမြို့၌ လူပေါင်း ၂ သန်းကျော်နေထိုင်သည်။ အမေရိကန်ပြည်ထောင်စုတွင် လူဦးရေအားဖြင့် ဒုတိယစွဲသော ပင်ဆီလဖေးနီးယား ပြည်နယ်၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၄၅၃၃ ကျော်ရှိ၍၊ လူဦးရေမှာ ၁၀၄၉၈၀၁ ယောက်ဖြစ်၏။ ဤပြည်နယ်သည် အမေရိကန်ပြည်ထောင်စုကို စတင်ထည်ထောင်သည့်ပြည်နယ် ၁၃ နယ်အနက် တစ်နယ်အပါအဝင်ဖြစ်သည်။ ပင်ဆီလဖေးနီးယားပြည်နယ်တွင် ဥရောပတိုက်သားထဲမှ ပဌမဦးစွာနယ်တည်သူတို့မှာ ခရစ် ၁၆၄၃ခုနှစ်တွင်ရောက်လာကြသော ဆွီဒင်နိုင်ငံသားများဖြစ်၏။ သို့သော် ၁၆၈၂ခုနှစ်တွင် အင်္ဂလန်ပြည်မှရေတပ်ဗိုလ်ချုပ်မှူးဆာဝီလျံပင်းသည် အင်္ဂလန်ပြည့်ရှင်ဒုတိယချားထံမှ အကြွေးပေါင်ပေါင်း၈၀၀၀၀ကို ရစရာရှိ၍၊ မြောက်အမေရိကတိုက် ဒဲလဝဲယားမြစ် အနောက်ဘက်ရှိမြေတို့ကို သားဖြစ်သူ ဝီလျံပင်းအငယ်က ခုနှိမ်

www.foreverspace.com.mm

၍ ယူရလေသည်။ ဝီလျံပင်းသည်ထိုမြေကို ဆီလဗေးနီးယား ဟုမှည့်ခေါ်၍၊ နယ်သစ်ထူထောင်၏။ နောင်အခါ ဗြိတိသျှတွင် ဒုတိယချားဘုရင်က မူလဝီလျံပင်းကိုဂုဏ်ပြုစေသောအားဖြင့်၊ ထိုနယ်ကို ပင်ဆီလဗေးနီးယားဟု ခေါ်တွင်စေသည်။ (ပင်းဝီလျံ–ရှု။)

ပင်နီဆလင်။ ။ဆေးဘက်ဆိုင်ရာလုပ်ငန်းတွင် အကြီးကျယ်ဆုံးသောပြဿနာမှာ ကိုယ်ခန္ဓာ၏ အတွင်းနှင့် အပြင်ဘက်တို့မှ ဖျက်ဆီးနေသော ရန်များကို အတတ်သဘောအရ ထိန်းသိမ်း တားဆီးနိုင်မှုဖြစ်၏။ ဗက်တီးရီးယားကို စတင်တွေ့ရှိလာခဲ့သည့် အချိန်မှစ၍၊ ကိုယ်ခန္ဓာကို အတွင်းနှင့် အပြင်မှ မည်သို့ ဖျက်ဆီးနိုင်သည်။ မည်သို့တားဆီးနှိမ်နင်းနိုင်သည် စသည့်အကြောင်းတို့ကိုလေ့လာခဲ့ရာ ယခုခေတ်တွင် ဆေးဘက်လုပ်ငန်းသည် ဗက်တီးရီးယားမျိုးအချို့ကို ကောင်းစွာနှိမ်နင်းနိုင်ခဲ့ပြီ ဖြစ်၏။ ထိုသို့ အောင်မြင်ချက်များတွင် ဒုတိယ ကမ္ဘာစစ်အတွင်းက ဗက်တီးရီးယား အင်ယမ်းမျိုးဖြစ်သော ပရိုတိုဇိုဝါတမျိုးကို တွေ့ရှိခဲ့ခြင်းသည် မှတ်သားလောက်ပေသည်။ (ဗက်တီးရီ ယား ပညာ–ရှု ။)

ဒုတိယကမ္ဘာစစ်အတွင်းက တွေ့ရှိခဲ့သော ဗက်တီးရီးယားအင်ယမ်းမျိုးသည် ကော့ဆိုင်ခေါ်သော ပရိုတိုဇိုဝါများပင် ဖြစ်သည်။ ထို ကော့ဆိုင်းဗက်တီးရီးယားမျိုးသည် အပင်လောကတွင်ရှိသော သက်ရှိမျိုး ဖြစ်သည်။ ထိုပိုးမျိုးကို နှိမ်နင်းရန် ရှေးဦးစွာ ပေါ်သောဆေးမှာ အက်ဗီ ၆၉၃ ခေါ် ဆာလဖွန်နမိုက်ဆေးအမျိုး ဝင်ဆာလဖာပီရီဒင် ဆေးဖြစ်သည်။ ထိုမှ တစ်စတစ်စ ဗက်တီးရီးယားအမျိုးမျိုးကို နှိမ်နင်းနိုင်သောဆေးများကို စမ်းသပ်လေ့လာခဲ့ရာ ဒုတိယ ကမ္ဘာအတွင်း၌ ပင်နီဆလင်ကို တီထွင်ဖော်စပ်လာနိုင်ခဲ့ပေသည်။

ပင်နီဆလင်အကြောင်းနှင့်ပတ်သက်၍ သမိုင်းတင်လောက်သော အချိန်ကြီးသုံးချိန်ရှိရာ ပဌမအချိန်သည် ပင်နီဆလင်ကို ဖလင်းမင်းဆိုသူက ရှေးဦးစွာ တွေ့ရှိသော ၁၉၂၉ ခုနှစ် ဖြစ်သည်။ (ဖလင်းမင်း ဆာလယ်လက်ဇန္ဒာ–ရှု။) ဒုတိယ အချိန်မှာ ပင်နီဆလင်၏ ဓာတ်ဂုဏ်များကို ရေးစာတြစ်ဆိုသူက မှတ်တမ်းရေးသားသော ၁၉၃၂ ခုနှစ်ဖြစ်၍၊ တတိယအချိန်မှာ ပင်နီဆလင်၏ ဆေးဖက်ဝင်ပုံကို ဖလောရီဆိုသူက ကြေညာသော ၁၉၄၀ ပြည့်နှစ် ဖြစ်သည်။ နောက်ဆုံးအချိန်တွင် အုတ်အော်သောင်းတင်း အဖြစ်ဆုံးပင်တည်း။

ပင်နီဆလင်ကို ဒုတိယကမ္ဘာစစ် မဖြစ်မီကာလကပင် စတင်တွေ့ရှိခဲ့သော်လည်း ဆေးအဖြစ်ဖော်စပ်၍ အများသုံးအတွက် မပြုလုပ်နိုင်ချေ။ ဒုတိယ ကမ္ဘာစစ်အတွင်းကျမှသာ ဆေးအဖြစ်အများအပြားအသုံးပြုလာ နိုင်လာခဲ့ပေသည်။ ပင်နီဆလင်တွင် ဆာလမာဆေးများထက်သာလွန်ကောင်းမွန်သော အချက်များရှိ၏။ ပဌမအချက်မှာ ပင်နီဆလင်သည် အခြားဆာလဖာဆေးများထက် လူ၏ကိုယ်ခန္ဓာတွင် အဆိပ်တက်ခြင်းနည်းပါးစေခြင်းဖြစ်၏။ ဒုတိယအချက်မှာ ပင်နီဆလင်သည် ကူးစက်တတ်သော ရောဂါနှင့်စပ်လျဉ်း၍ နှိမ်နင်းရာတွင် ပို၍ထိရောက်စေနိုင်ခြင်းဖြစ်၏။ တတိယအချက်မှာ ပင်နီဆလင်သည် ဗက်တီးရီးယားမျိုးပွားခြင်းကို တားဆီးနိုင်ခြင်းဖြစ်၏။

ပင်နီဆလင်ပြုလုပ်ပုံသဘောမှာ အောက်ပါအတိုင်းဖြစ်၏။ 'ပင်နီဆီလီယမ်နိုတေတမ်'ခေါ် မှိုကို ဓာတ်ဆားအမျိုးမျိုးနှင့် သကြားရောစပ်ထားသော ဗျော်ဝင်ရည်ပေါ်တွင် ပေါက်စေ၏။ ထိုမှိုသည် ကြီးလာသောအခါ အနည်းငယ်မျှသာ ဖြစ်ပေါ်သောပင်နီဆလင်ကို ရေထဲသို့ စွန့်ပစ်၏။ မှိုကိုဖယ် ထုတ်ပြီးသောအခါ ပင်နီဆလင်ကိုဗျော်ဝင်ရည်မှ စစ်ထုတ်ယူရသည်။ ပင်နီဆလင်ကို နည်းအမျိုးမျိုးဖြင့် ထုတ်ယူရရှိနိုင်သည်။

ရေနှင့်မရောဘဲ ရေပေါ်၌လည်းကောင်း၊ ရေအောက်၌လည်းကောင်းတည်ရှိတတ်သည့် အရည်များရှိသည်။ ပုံပမာ အီသာကလိုရိုဖောင်း၊ အမ်မီအယ်လကိုဟောနှင့် အက်ဆီတိတ်စသည်တို့သည် ပင်နီဆလင်ကိုလွယ်ကူစွာ ဗျော်ဝင်စေနိုင်၏။ သို့ရာတွင် ပင်နီဆလင်သည် ဓာတ်ဆားအဖြစ် မဟုတ်ဘဲအက်ဆစ်အဖြစ်တည်ရှိမှ ဗျော်ဝင်နိုင်ကြောင်းကို ကား သတိပြုရသည်။ ထိုကြောင့် ပင်နီဆလင်ကို ရှေးဦးစွာ အက်ဆစ်အဖြစ် ပြောင်းယူပြီးမှ အမ်မီအက်ဆီတိတ်နှင့် ရောပြီးလျှင်လှုပ်ပေးသည်။ ထိုအခါပင်နီဆလင်သည် အညစ်အကြေးများနှင့် ဓာတ်ဆားများကိုထားခဲ့ကာ အမ်မီအက်ဆီတိတ်အရည်ထဲသို့ဝင်သွားသည်။ ထိုနောက် အမ်မီအက်ဆီတိတ်ကိုခွဲထုတ်ယူ၍ အယ်လကာလိုင်းသတ္တိ အနည်းငယ်ပေါက်နေသော ရေနှင့်လှုပ်၍ဆေးပေးသည်။ ထိုအခါ ပင်နီဆလင်သည် ရေထဲသို့ဝင်သွားပြန်၏။ ထိုရေကိုယူ၍ အက်ဆစ်ဖြစ်အောင်လုပ်ပေးပြီးနောက် ကလိုရိုဖောင်းနှင့်လှုပ်ပေးပြန်သည်။ ကလိုရိုဖောင်းသည် ပင်နီဆလင်ကို ထုတ်ယူလိုက်သည်။ ထိုနောက် ကလိုရိုဖောင်းနှင့် ပင်နီဆလင် အရောကို အယ်လကာလိုင်းရေ (ပုံပမာထုံးရေ) ထဲသို့ထည့်လိုက်သည်။ ထိုအခါ ပင်နီဆလင်၏ အယ်လဆီယမ်ဓာတ်ဆားကို အသုံးပြုရန် အဆင့်သင့် ရရှိပေသည်။

အထက်ဖော်ပြပါ ပင်နီဆလင်ထုတ်လုပ်နည်းသည် အ ကြမ်းသဘောသာဖြစ်၍ အသေးစိတ်ထုတ်နုတ်ယူရာ၌ အ ထူးလက်ဝင်ပြီးခက်ခဲလှပေသည်။ ပင်နီဆလင်သည် သွေးနှင့်ပတ်သက်သောရောဂါများကို ကုသနိုင်သည်ဆိုသော်လည်း ရောဂါအားလုံးကိုမကုသနိုင်ပေ။ ပင်နီဆလင်

www.foreverspace.com.mm

ဖြင့်ပျောက်ကင်းနိုင်သောရောဂါတို့မှာ စတက်ဖိလိုကော့ကဲ နှင့် ဗဟြက်ပတိုကော့ကဲဝေဒနာများ၊ ရှူမိုးနီးယားခေါ် အသုတ်ရောင်ရောဂါ၊ ဂိုးနိုးရီးယားနှင့် ဆစ်ဖလစ်ခေါ် ကာလသားရောဂါများ၊ စကားလက်ဖီးဗား စသည်တို့ဖြစ်သည်။

ပင်နီဆလင်ကို အကြောထိုးဆေးအဖြစ်ဖြင့်ဖြစ်စေ၊ အသားတိုးဆေးအဖြစ်ဖြင့်ဖြစ်စေ အသုံးပြုနိုင်သည်။ ဆေးထိုးရာ၌အဆိပ်တက်တတ်သည်မှာ မှန်သော်လည်း ဆေးထိုးမှားသည့် အန္တရာယ်မှစိတ်ချရသောဆေးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပင်နီဆလင်ဆေး အထိုးလွန်သွားသည့်တိုင်အောင် အဆိပ်တက် အလွန်နည်းပါးသောကြောင့်ဖြစ်၏။ ပင်နီဆလင်သည် ဆာလဖွန်နမိုက်ဆေးများထက် ပို၍စိတ်ချရပေသည်။

ပင်နီဆလင်ကိုတိုးတက်ပြုလုပ်ခဲ့ရာ ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ ပင်နီဆလင်ကို **(F . G . K)** နှင့် **(x)** ဟူ၍ နောက်ထပ် လေးမျိုး ခွဲခြားပြီး ထုတ်နိုင်ခဲ့လေသည်။ ထိုပြင် ပင်နီဆလင်ကိုထိုးဆေးအဖြစ်၊ ဆေးလုံးဆေးပြားနှင့် လိမ်းဆေးများအဖြစ်ဖြင့် ၁၉၄၆ ခုနှစ်အတွင်းက တိုးတက်ကာ ထုတ်လုပ်လာနိုင်ခဲ့သည်။ ထိုသို့ ပင်နီဆလင်ကို အသွင်းပြောင်းလဲ၍ထုတ်လုပ်ရာ၌ လိမ်းဆေးများမှာ များသောအားဖြင့် အသားအရေနှင့်သက်ဆိုင်သော ဝေဒနာများ ကုသရန်အတွက် အထူးသင့်လျော်ကြောင်း သိရှိရလေသည်။

ပင်နီဆလင်သည် သွားနှင့်စပ်လျဉ်း၍ ဝေဒနာခံစားရသောနေရာတွင် လိမ်းဆေးအဖြစ်ဖြင့်ပင်မဟုတ်သေး၊ ထိုးဆေးအဖြစ်ဖြင့်ဆေးထိုးလိုက်သော ခဏအတွင်း၌ပင် ကိုက်ခဲခြင်းဝေဒနာမှာ ချက်ချင်းပျောက်ကင်းသွားသည့်ပြင် သွားဖုံးရောင်ခြင်းဟူသည့် ဝေဒနာ တို့မှာလည်း ပျောက်ကင်းသွားကြောင်းကိုသိရလေသည်။ ကာလသားရောဂါနှင့်စပ်လျဉ်း၍ စမ်းသပ်လေ့လာရာ နောက်ဆုံးစစ်ဆေးချက်အရ ဆစ်ဖလစ် ရောဂါကုသရာ၌ ပင်နီဆလင်သည် အကောင်းဆုံးဆေးဖြစ်ကြောင်းကိုသိရ၏။ အထူးသဖြင့် ကွန်ဂျင်နီတယ် ဆစ်လဖလစ်နှင့် ဦးနှောက်နှင့် ကျောရိုးနဗ်ကြောမတို့တွင် စွဲကပ်သော ဆစ်ဖလစ် ရောဂါများကို ကုသရာ၌ များစွာအသုံးဝင်၍ ထိရောက်ပေသည်။ ပင်နီဆလင်သည် မည်မျှအစွမ်းရှိဦးမည်ကို ဆက်လက်၍ လေ့လာစမ်းသပ်နေဆဲပင်ဖြစ်သည်။

ပင်ပေါင်ကစားခြင်း။ ။ပင်ပေါင်ကစားခြင်းသည် တင်းနစ်ကစားခြင်းနှင့် ဆင်ဆင် တူသည်။ (တင်းနစ် ကစားခြင်း–ရှု။) သို့သော် တင်းနစ်ကို ကွင်းပြင်၌သာကစားနိုင်သည်။ ပင်ပေါင်ကိုမူ အိမ်တွင်း၌ ကစားရသည်။ ထိုကြောင့် ပင်ပေါင်မှာ အိမ်တွင်းတင်းနစ်ကစားနည်း ဖြစ်သည်ဟုဆိုနိုင်၏။ ပင်ပေါင်ကစားသည့် စားပွဲသည် အလျား ၉ ပေ၊ အနံ ၅ ပေရှိသည်။ အမြင့်မှာ ကြမ်းပြင်မှ

အင်္ဂလန်ပြည် ဝင်ဗလီရပ်၌ ပင်ပေါင်ဗိုလ်လုပွဲများ ကျင်းပစဉ်

www.foreverspace.com.mm

လက်မ ၃၀မြင့်သည်။ စားပွဲ အလယ်တွင် ၆ လက်မမြင့်၍ ၆ ပေရှည်သောပိုက်တစ်ခုကို ကန့်လန့်ဖြတ်ထားရသည်။ ဘောလုံးမှာ အဖြူရောင်ဆဲလူလွိုက်ဖြစ်၍ အလေးချိန် အားဖြင့် ၃၇ မှ ၃၉ ဂရိန်အထိရှိတတ်သည်။ အမေရိကန်ပြည်ထောင်စု၌ကစားသောပင်ပေါင်ဘောလုံးသည် ၄၁ဂရိန်လေးသည်။ ဘောလုံး၏အဝန်းသည် ၄ ½ မှ ၄ ¾ လက်မအထိရှိ၏။ ဗက်တံမှာ ထင်းရှူးထပ်သားကို အပေါ်ယံက ကြက်ပေါင်စေးဖြင့်သုတ်ထားသော ဗက်တံ ဖြစ်လာသည်။ ဗက်တံ၏အလျားမှာ ၁၂လက်မခန့်ရှိသည်။

ပင်ပေါင်ကစားပွဲတစ်ပွဲလျှင် အမှတ် ၂၁မှတ်သတ်မှတ်၏။ ကစားသူမှာ ၂ယောက်၊ သို့မဟုတ်၄ ယောက်ဖြစ်နိုင်၏။ ကစားသမားတစ်ယောက်သည် အမှတ် ၅ မှတ်အထိ ဘောလုံးကို ပထမစတင်ပေးရ၍၊ ၅ မှတ်ပြည့်သောအခါ၊ သူနှင့် ယှဉ်ပြိုင်ကစားသူက ပြန်၍ ပေးရသည်။ အမှတ် ၂၁မှတ်ကို ဦးစွာရသူသည်အနိုင်ရ၏။ ပဋ္ဌမစ၍ ဘောလုံးပေးသူသည် စားပွဲ၏နောက်၌ မတ်တပ်ရပ်၍ကစားရသည်။ ဘောလုံးကို ဗက်တံနှင့်ရိုက်လိုက်သောအခါ ဘောလုံးသည် မိမိဘက်၌တစ်ချက်ကျပြီးလျှင် ပိုက်ကျော်၍ အခြားဘက်၌ ကျရသည်။ တစ်ဖက်က လူသည် ထိုအခါမှ ဘောလုံးကို ပြန်ရိုက်နိုင်ခွင့် ရှိသည်။ တစ်ဖက်လျှင် နှစ်ဦးစီ ယှဉ်ပြိုင်ကစားကြသောအခါ၊ စားပွဲ၏အလယ်ဗဟိုကို ဖြတ်၍၊ ပိုက်၏တစ်ဖက်တစ်ချက်တွင် မျဉ်းကြောင်းတစ်ကြောင်း ဆွဲထားရသည်။ ထိုသို့ဆွဲလိုက်သောအခါစားပွဲကို စည်းကွက် ၄ကွက်ပိုင်းခြားဘီသကဲ့သို့ ဖြစ်သွား၍၊ တစ်ယောက်စီ တစ်ယောက်စီသည် မိမိတို့ဆိုင်ရာစည်းကွက်ကို ဂရုပြု၍ကစားရ၏။ အမှတ်တစ်မှတ်ရလျှင်၊ ဘောလုံးပေးသူနှင့် သူ့အဖော်သည် နေရာပြောင်းရသည်။

ပင်ပေါင်ကစားနည်းမှာ ဦးစွာပဋ္ဌမအိမ်တွင်းတွင် အပျင်းပြေကစားသောနည်းဖြစ်၏။ သို့ရာတွင် မကြာသေးမီက ထိုကစားနည်းသည် အလွန်ခေတ်စားလာသောကြောင့်၊ ပင်ပေါင်ချန်ပီယံများသည် အိမ်ပြင်ဘက် လူအများရှေ့တွင်ပင် ပြိုင်ပွဲများကျင်းပကစားကြလေသည်။ တရုပ်အမျိုးသားများသည် ထိုပင်ပေါင်ကစားနည်းကို ကျွမ်းကျင်စွာ ကစားနိုင်သူများ ဖြစ်၏။ ကမ္ဘာ့ပင်ပေါင်းအဖွဲ့ချုပ်ကို ၁၉၂၆ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုနှစ်မှ စ၍ ပင်ပေါင်ကစားခြင်းအလေ့သည် တိုးတက် ခေတ်စားလာလေသည်။

ပင်မျိုးစုံဥယျာဉ် ။ ။ သိပ္ပံရေးရာ ပညာရေးရာနှင့် အလှအပတန်ဆာဆင်ရေးတို့အတွက် သစ်ပင် ပန်းပင်များကို အဓိကထား၍ စိုက်ပျိုးရာဥယျာဉ်ကို ပင်မျိုးစုံ ဥယျာဉ်ဟု ခေါ်သည်။ လူတို့ အပမ်းဖြေရန် သက်သက်အတွက် ထားသောဥယျာဉ်မျိုး မဟုတ်ချေ။ စင်စစ် ထိုဥယျာဉ်တွင် အပင်များကို ရုက္ခဗေဒအမျိုးအစားအလိုက် စီစဉ်စိုက်ပျိုးတတ်ကြသည်။ ရှေးအခါကမူ ပင်မျိုးစုံဥယျာဉ်များထားရှိခြင်း၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ ဆေးဖက်ဝင်အပင်များ စိုက်ပျိုးရန် ဖြစ်သည်။ မျက်မှောင်ခေတ် ပင်မျိုးစုံဥယျာဉ်များကိုမူ ကမ္ဘာမြေပေါ်ရှိ အပင်လောကဘ၌ရှိသမျှသော အပင်များကိုပြသရာ ပြတိုက်သဖွယ်ထားရှိလေသည်။ အများအားဖြင့်တက္ကသိုလ်များကသော်လည်းကောင်း၊အစိုးရကသော်လည်းကောင်း၊သာသနာရေးအဖွဲ့အစည်းကသော်လည်းကောင်း၊ ဖွင့်လှစ်ထိန်းသိမ်းထားတတ်ကြသည်။ ပုဂ္ဂိုလ်တစ်ဦးချင်းအနေနှင့် ပြုစု ပျိုးထောင်ထားသော ပင်မျိုးစုံ ဥယျာဉ်မျိုးလည်း ရှိသည်။

ယခုခေတ် ပင်မျိုးစုံဥယျာဉ်များသည် အများအားဖြင့် ဧက ၃၀၀၊ သို့မဟုတ် ၃၀၀ ကျော်ကျော်မျှကျယ်ဝန်းတတ်ကြသည်။ အပင်ကြီးအပင်ငယ်အမျိုးမျိုးကို စိုက်ပျိုးကြသည်။ နုနယ်သောအပင်များကို မှန်ရုံကြီးများဖြင့် စိုက်ပျိုးလေသည်။ အချို့ပင်မျိုးစုံ ဥယျာဉ်များတွင် ရှားပါးသော အပင်အရွက်အပွင့်များကိုအခြောက်ပြု၍ နမူနာအဖြစ်ပြသထားရန် မီးခံအဆောက်အအုံများ၊ ဓာတ်ခွဲခန်း၊ ပြတိုက်၊ သင်တန်းခန်း၊ စာကြည့်ပိုင်ရှင်ကတ်တိုက်များပင် ဆောက်လုပ်ထားရှိသည်။

ရှေးအကျဆုံး ပင်မျိုးစုံ ဥယျာဉ်များကို သာသနာရေးဆိုင်ရာအသင်းအဖွဲ့များက ပြုစုပျိုးထောင်ခဲ့ကြသည်ဟု ယူဆဖွယ်ရှိသည်။ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၂၂၀ ခန့်ကပေါ်ထွန်းခဲ့သည့် ကာဗွန်နီယုဂ်အခါက ကမ္ဘာပေါ်တွင် ပေါက်ရောက်ခဲ့သော မေဒန်ဟဲယားပင်ခေါ် အပင်တစ်မျိုးကို တရုတ်နိုင်ငံဘုရားရှိခိုး ကျောင်းဝင်းများထဲ၌ ယခုတိုင်တွေ့မြင်နေကြရခြင်းဖြင့်ထင်ရှားသည်။ ၉ ရာစုခေတ်အခါက ဣတလီနိုင်ငံ၌ ဘုန်းတော်ကြီးများသည် ဆေးဖက်ဝင်မည့်အပင်များကိုစိုက်၍ ဥယျာဉ်များပျိုးထောင်ခဲ့ကြသည်။ ၁၅၃၄ ခုနှစ်ကျပင် ဣတလီနိုင်ငံ ပီစာမြို့၌ ယခုခေတ် ပင်မျိုးစုံဥယျာဉ်နှင့် လန်ဒန်မြို့ရှိ ချဲလဆီးပင်မျိုးစုံဥယျာဉ်များမှာ မူလကဆေးဖက်ဝင်အပင်များကို စိုက်ပျိုးရန် အတွက်ပျိုးထောင်ခဲ့ကြသော်လည်း ယခုအခါတွင် ကမ္ဘာကျော်ခေတ်မီပင်မျိုးစုံ ဥယျာဉ်များ အဖြစ် ထင်ရှားလာသည်။ ပါရစ် ပင်မျိုးစုံဥယျာဉ်သည် ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် အကြီးဆုံးလည်း ဖြစ်ပြီးလျှင် အပင်မျိုးပေါင်း ၁၅၀၀၀ခန့် စိုက်ပျိုးထားသည်။ လန်ဒန်မြို့အနီး ကျူးရှာတွင်ရှိသည့် ဘုရင့်ဥယျာဉ်ကြီးမှာလည်း ကမ္ဘာကျော် ပင်မျိုးစုံဥယျာဉ်များထဲတွင် အပါအဝင်ဖြစ်သည်။ ထိုဥယျာဉ်၌ လက်တွေ့သင်ကြားတတ်မြောက်သော ဥယျာဉ်မှူးများသည်

www.foreverspace.com.mm



ဗဲလဂျီယမ်နိုင်ငံ ဗရပ်ဆဲမြို့တော်ရှိ ပင်မျိုးစုံ ဥယျာဉ်

ကမ္ဘာအရပ်ရပ်ရှိအခြားပင်မျိုးစုံဥယျာဉ်များ၌ ဝင်ရောက်ထမ်းဆောင်ကြရသည်။ ကမ္ဘာအရပ်ရပ်သို့ သစ်စေ့၊ သစ်ပင်နှင့်ပင်ခြောက်များကို လိုက်လံရှာဖွေရန်အတွက်လည်း ကျူးပင်မျိုးစုံ ဥယျာဉ်မှာ လူများကိုစေလွှတ်၍ စူးစမ်းစေခဲ့သည်။ အခြားပင်မျိုးစုံ ဥယျာဉ်များက တောင်းခံသော အကြံဉာဏ်များကို ဖြေရှင်းပေးခြင်း၊ သစ်ပင်ပန်းပင်များနှင့်စပ်လျဉ်းသော စာအုပ်စာတမ်းများ ပြုစုထုတ်ဝေခြင်းများကိုလည ်းပြုသည်။ အက္ခရာဝလိအလိုက် မျိုးစု၊ မျိုးစိတ် များခွဲခြား၍ တွေ့ရှိသူများ၏အမည်၊ ပေါက်ရောက်ရာ တိုင်းပြည်နှင့် အမည်ကွဲများကို ဖော်ပြထားပေသည်။ (ကျူး ဂါးဒင်း ဥယျာဉ်–ရှု။)

ဗြိတိသျှကျွန်းစုရှိ အက်ဗင်ဗာရာမြို့၊ အောက်စဖို့မြို့နှင့် ဒဗ္ဗလင်မြို့များ၌လည်း ပင်မျိုးစုံဥယျာဉ်များရှိပေသေးသည်။ အမေရိကန် ပြည်ထောင်စုရှိ ထင်ရှားသည့် ပင်မျိုးစုံဥယျာဉ်များမှာ နယူးရော့ပင်မျိုးစုံဥယျာဉ် မိဇူရီပင်မျိုးစုံဥယျာဉ်နှင့်ဗရွတ်ကလင်း ပင်မျိုးစုံဥယျာဉ်များ ဖြစ်သည်။ ကနေဒါနိုင်ငံရှိ မဂ္ဂေးတက္ကသိုလ်ပင်မျိုးစုံဥယျာဉ်သည်လည်း ထင်ရှားသောဥယျာဉ်ကြီးဖြစ်သည်။ မြန်မာနိုင်ငံ၌လည်း ပြင်ဦးလွင်တွင် ဧက ၃၅၀ ကျယ်သော ပင်မျိုးစုံဥယျာဉ်ကြီးတခုရှိလေသည်။ ယင်းဥယျာဉ်တွင်း၌ တောင်စွယ်တစ်ခုပင် ပါလျက်ရှိရာ သဘာဝကျ၍ အလွန်လှပလေသည်။ မန္တလေးမြို့နှင့် ၄၂ မိုင်သာဝေးသဖြင့် မန္တလေးသို့အလည်အပတ်သွားသူတိုင်း ယင်းမေမြို့ ပင်မျိုးစုံဥယျာဉ်သို့ အရောက်သွားကြသည်ချည်းဖြစ်သည်။

ပင်လယ်ကသစ်ပင်။ ။ ကသစ်ပင်–ရှု။

ပင်လယ်ကျောက်ပွင့်မျိုး။ ။ပင်လယ်တွင်း၌ ပေါက်ရောက်သည့်မည်သည့်အပင်မျိုးကိုမဆို ပင်လယ်ကျောက်ပွင့်မျိုးဟူ၍ခေါ်နိုင်သည်။ သို့သော် ရုက္ခဗေဒပညာရှင်များကမူ အညိုရောင်အယ်လဂျေပင်ကြီးများနှင့်အနီရောင်အယ်လဂျေပင်ကြီးများကိုသာ ပင်လယ်ကျောက်ပွင့်မျိုးဟူ၍ခေါ်ကြ၏။ ပင်လယ်ကျောက်ပွင့်မျိုးတို့တွင် ရေညှိပင်မျိုး၊ လစ်ဗာဝတ်ပင်၊ ဖန်းဝင်ပင်နှင့် အပွင့်ပွင့်သည့်အပင်မျိုးတို့ မပါဝင်ကြပေ။ (အယ်လဂျေပင်–ရှု။) ပင်လယ်ကျောက်ပွင့်မျိုးသည် ရေသေရေများ၌တွေ့ကြရသည့် ရေမြှုပ်စိမ်းမျိုးနှင့် မျိုးချင်းနွယ်၏။ သို့သော် ရေထဲ၌ ပေါက်ရောက်သည့်ပို၍ အဆင့်အတန်းမြင့်သောအခြားအပင်များနှင့်ကား မျိုး

www.foreverspace.com.mm

ချင်းမနှိုင်းစပ်ပေ။ အများအားဖြင့် ရေအေးခ်ိ ပေါက်သော ပင်လယ်ကျောက်ပွင့်မျိုးတို့သည် အညိုရောင် အယ်လဂျေ ပင်များ ဖြစ်ကြပြီးလျှင်၊ အပူပိုင်းဒေသရှိ ရေများ၌ ပေါက်ရောက်သော ပင်လယ်ကျောင်ပွင့်မျိုးတို့မှာ အများအားဖြင့် အနီရောင် အယ်လဂျေပင်များ ဖြစ်သည်။ ပင်လယ်များ အတွင်း၌ ပေါက်ရောက်သည့် ပင်လယ်ကျောက်ပွင့်များနှင့် ခြားနားသိသာစေရန် မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၌ ပေါက်ရောက်သည့် ကျောက်ပွင့်မျိုးများကို ရေချိုကျောက်ပွင့်မျိုးဟူ၍ခေါ်ကြသည်။

ပစိဖိတ်နှင့် အန္တာတိတ်သမုဒ္ဒရာ များထဲ၌ ပင်လယ်ကွေ့ ကျောက်ပွင့်ခေါ် အညိုရောင်အယ်လဂျေပင်တစ်မျိုးကို တွေ့ကြရသည်။ ပင်လယ်ကွေ့ကျောက်ပွင့်တစ်မျိုး၌ အပင်များအထဲတွင် လေအိတ်ကလေးများ ပါရှိပြီးလျှင် ယင်းလေအိတ်ကလေးများမှာ ဗယ်ရီသီးပုံသဏ္ဌာန်ရှိသည်။ ဖလော်ရီဒါအရှေ့ဘက် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း၌ တွေ့ကြရသည့် ပင်လယ်ကွေ့ ကျောက်ပွင့်များသည် ထုထယ်ဖွဲ့၍ ရေထဲ၌ ပေါလောပေါ်လျက်ရှိ၏။ ယင်းသမုဒ္ဒရာဒေသကို ဆာဂတ်ဆို ပင်လယ်ဟု ခေါ်သည်။

ပင်လယ်ကျောက်ပွင့်မျိုးများ အားလုံးတွင် အရိုးဆုံးသော စိမ်းပြာရောင် ကျိခ်ပင်များသည် အတန်းအနိမ့်ဆုံး ဖြစ်သည်။ အများအားဖြင့် ရေချိုများထဲ၌သာ ပေါက်ရောက်ကြသော်လည်း ရေငန်၌လည်းပေါက်ရောက်ကြသည်။ အစိမ်းရောင်ပင်လယ် ကျောက်ပွင့်ခေါ် ပင်လယ်ကျောက်ပွင့်တစ်မျိုးလည်း ရှိသေးသည်။ ယင်းပင်လယ်ကျောက်ပွင့်မျိုးမှာ ပို၍ အတန်းမြင့်သော ပင်လယ်ကျောက်ပွင့်မျိုး ဖြစ်ပြီးလျှင် အစိမ်းရောင်ပစ္စည်းများပါရှိသည့် ဆဲကလေးများ ပါရှိသည်။ ယင်းပင်လယ်ကျောက်ပွင့် မျိုးနှင့် နီးစပ်သည့် ဆဲတစ်ခုတည်းသာပါရှိသောအခြားအပင်များလည်း ရှိသေးသည်။ ထိုအပင်များကို ကမ္ဘာအနှံ့အပြားရှိ ရေချိုရေငန်ဒေသများ၌တွေ့ကြရသည်။

ပင်လယ်ကျောက်ပွင့်မျိုး တစ်မျိုးဖြစ်သည့် အညိုရောင် ပင်လယ်ကျောက်ပွင့် တစ်မျိုးမှာမူ အစိမ်းရောင် ပင်လယ်ကျောက်ပွင့်နှင့် မျိုးချင်းနီးစပ်ပြီးလျှင် အရောင်အားဖြင့်သာ ကွဲလွဲလေသည်။ ယင်းတို့၌ အညိုရောပိပါ၍၊ အစိမ်းရောင်ကို ကွယ်ထား၏။ ယင်းပင်လယ်ကျောက်ပွင့်မျိုး၌ ဆဲများ အနည်းငယ်သာ ပါရှိကြသည်။ အချို့အပင်များမှာ

ပင်လယ်အောက်၌ ပေါက်လေ့ရှိသော ပင်လယ်ကျောက်ပွင့်အမျိုးမျိုး

www.foreverspace.com.mm

အမွေးအမှုင် ပါရှိကြပြီးလျှင်၊ အချို့အပင်များမှာမူ အပင်ကြီးပေါ်၍ အမြစ်ပင်စည်နှင့် အကိုင်းအခက်များ ပါရှိပေသည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း၌ တွေ့ကြရသည့် ကဲ့လပပင်ကြီးများမှာ အညိုရောင်အယ်လဂျေပင်ကြီးများပင် ဖြစ်သည်။ ယင်းပင်လယ်ကျောက်ပွင့်မျိုး အပင်ကြီးများ၏ပင်စည်များမှာ ပေ ၂၀၀နီးပါးအထိပင် ရှည်လျားကြပေသည်။ ပထမကမ္ဘာ စစ်အတွင်းက ကဲ့လပပင်များကို စုဆောင်း၍ မြေသြဇာနှင့် ပေါက်ကွဲစရာပစ္စည်းများပြုလုပ်ခဲ့ကြ၏။ ယင်းတို့မှ အိုင်အိုဒင်း ဓာတ်ပစ္စည်းများကိုလည်း ထုတ်ယူကြပေသည်။ အများအားဖြင့်အညိုရောင် ပင်လယ်ကျောက်ပွင့်ပင်များကို ပင်လယ်များထဲ၌ တွေ့ကြရသည်။

အထူးပင် လှပသည့် အနီရောင် ပင်လယ်ကျောက်ပွင့်တစ်မျိုးလည်း ရှိသေးသည်။ ယင်းတို့၌ အမြစ်၊ ပင်စည်နှင့် အရွက်များနှင့်တူသည့် အကိုင်းအခက်များပါရှိသည်။ ထိုပင်လယ်ကျောက်ပွင့်ပင်များသည် အစိမ်းရောင်ရှိကြသော်လည်းနီကြန့်ကြန့်အရောင်နှင့် ခရမ်းရောင်များ ပါရှိသဖြင့် ကြည့်ရသည်မှာ အထူးပင် လှပပေသည်။ အနီရောင် ပင်လယ်ကျောက်ပွင့်အချို့ကို ရေချိုဒေသများ၌ တွေ့ရသော်လည်း အများအားဖြင့် ပင်လယ်များထဲ၌သာပေါက်ကြလေသည်။

အချို့ပင်လယ်ကျောက်ပွင့်များကို လူများအဖို့ အစာအာဟာရအဖြစ် စားသုံးနိုင်ကြသည်။ ဥရောပတိုက်နှင့် အမေရိကတိုက် သတ္တာအန္တိတ်ကမ်းခြေများ၌ တွေ့ရသော 'အိုင်ရစ်ရေညိုပင်'ခေါ် ပင်လယ်ကျောက်ပွင့်ပင် တစ်မျိုးကို လူများစားရ၏။ ယင်းပင်လယ်ကျောက်ပွင့်မျိုးမှာ အနီရောင်ပင်လယ်ကျောက်ပွင့်မျိုး ဖြစ်သည်။ အာရှတိုက် အပူပိုင်း ပင်လယ်ဒေသများနှင့် အမေရိကန်ပြည်ထောင်စု ပစိဖိတ်ကမ်းခြေများ၌ တွေ့ကြရသည့် 'သီဟိုဠ်ရေညိုပင်' ခေါ် အနီရောင် ပင်လယ်ကျောက်ပွင့်တစ်မျိုးမှလည်း ကျောက်ကြောများကို လုပ်ယူကြပေသည်။

ပင်လယ်ခူ ။ ။ ငထီး–ရှု။

ပင်လယ်ခုံး။ ။ပင်လယ်ခုံးသည် 'လမယ်လီဗရန်ကီးယား' မျိုးပေါင်း၌ပါဝင်သော အခွံနှစ်ခုရှိခရုမျိုးဖြစ်သည်။ ကနုကမာနှင့်နီးစပ်သည်။ ပင်လယ်ခုံးကိုလူတို့စားကြသည်။ခုံးမျိုးပေါင်း ၃၀၀ကျော်ရှိသည်။ ကမ္ဘာအနှံ့အပြားတွင် ပင်လယ်ရေတိမ်၌လည်းကောင်း၊ ရေနက်၌လည်းကောင်း တွေ့ရသည်။ ပင်လယ်ခုံးခွံသည် ယပ်တောင်ကဲ့သို့ပုံသဏ္ဌာန်ရှိ၍၊ မြောင်းများဖြင့်လိုင်းထနေသည်။ ခုံးခွံ ၂ခုကို ရိုးဆက်ရွက်ဖြင့် ဆက်ထားလေရာ၊ ထိုအဆက်၌ဘေးတစ်ဖက်

ပင်လယ်ခုံး၏အခွံသည် ယပ်သဏ္ဌာန်ရှိ၍၊ ယင်းကိုဖွင့်ချည်ပိတ်ချည်ပြုလုပ်ကာ လှုပ်ရှားသွားလာသည်။

တစ်ချက်သို့ အစွန်းတစ်ခုစီထွက်နေသည်။ အခွံအတွင်းရှိ အသားတို့ကို အမြှေးပါးကဖုံးအုပ်နေသည်။ ထိုအမြှေးပါး၏ အစွန်တစ်လျှောက်၌ ဦးမှင်(စမ်းအင်္ဂါ)နှင့် မျက်စိပေါင်း မြောက်မြားစွာစီတန်းလျက် တည်ရှိကြသည်။

ခုံးသည် အခွံကို ဖွင့်ချည်ပိတ်ချည်ပြုလုပ်၍၊ ရေတွင် လှုပ်ရှားသွားလာသည်။ ခုံးခွံကို ပိတ်လိုက်သောအခါ၊ ခုံးခွံတွင်းရှိ ရေတို့သည် ခုံးခွံ ၂ခု အဆက်ပိုင်းမှ ဖြာ၍ထွက်သည်၊ ထိုဖြာထွက်သွားသောရေသည် ခုံးကိုရှေ့သို့ တွန်းပို့ပေးသကဲ့သို့ ရှိ၏။

မြောက်အမေရိကတိုက်၏ အတ္တလန္တိတ်ဘက်ကမ်းရိုးတန်းတစ်လျှောက်၌ ခုံးအမျိုးပေါင်း များစွာရှိသည်။ လက်ဗရာဒေါနှင့် မြောက်ကယ်ရိုလီးနားဒေသ ၂ ခုအကြား၌ အချင်းအားဖြင့် ၄ပေကျော် ၅ ပေမျှရှိသောခုံးကောင်များကို တွေ့ရသည်။ ခုံးကောင်၌ အခွံကို ဖွင့်ပိတ်နိုင်သော အတွင်းဆွဲ ကြွက်ကြီးခေါ် ကြွက်သားရှိသည်။ ထိုကြွက်သားကို လူတို့စားသုံးရန်အတွက် ထုတ်ယူကြသည်။

ပင်လယ်စင်ရော်။ ။သမုဒ္ဒရာရေပြင်ထက်တွင် ကျက်စားလေ့ရှိသောပင်လယ်ငှက်မျိုးအများအပြားရှိသည့်အနက်၊ ဒိုင်အိုမိဒီးအီဒီးမျိုးရင်းဝင် ပင်လယ်စင်ရော်လည်း အပါအဝင်ဖြစ်သည်။ ယင်းသည့်ပင်လယ်ငှက်များကို မြောက်အတ္တလန္တိတ်သမုဒ္ဒရာမှလွဲ၍ အခြားပင်လယ်သမုဒ္ဒရာများ၌တွေ့ရသည်။ ပင်လယ်စင်ရော် ၁၇ မျိုးခန့်ရှိရာ၊

www.foreverspace.com.mm

ပါဏာ(၁)အမည်အားဖြင့် ဒိုင်အိုမီးဒီးယား အက်ဇူလန်းဟုခေါ်သည့် 'လှည့်လည်နေသော ပင်လယ်စင်ရော်' အမျိုးအစားကို ပို၍လူသိများသည်။

ဆိုခဲ့သော ပင်လယ်စင်ရော်တို့သည် ငှက်ကြီးများဖြစ်သည်။ ငှက်များ ထဲတွင် တောင်ပံတောင် လက်အရှည်ဆုံး ငှက်မျိုးဖြစ်သည်။ တောင်ပံနှစ်ဖက်ဖြန့်လိုက်လျှင် ၁၁ ပေမှ ၁၂ ပေအထိ ရှည်သည်။ သို့သော်တောင်ပံပြက်မှာ ၉ လက်မခန့်သာ ရှိသည်။ ငှက်တစ်ကောင်လုံး၏ အလေးချိန်သည် ၂၅ ပေါင်ခန့် လေးသည်။

ထိုပင်လယ်စင်ရော်မျိုးတို့၏ ကိုယ်ထည်အဖြူရောင်ဖြစ်သည်။ တောင်ပံအဖျားတို့ကား နက်သည်။ ပင်လယ်စင်ရော်အမတွင် လည်ပင်းနှင့်ကျောပြင်၌ အညိုရောင် အကွက်များရှိသည်။ ခြေထောက်များသည် ဘဲခြေကဲ့သို့ ရှေ့ခြေသုံးချောင်းတို့သည် အရေပြားအားဖြင့် ဆက်စပ်နေသည်။ ဖြလက်မကျော်ကျော်ရှည်သောနှုတ်သီးသည် အလုံးတုတ်၍ အဖျားချွန်သော်လည်း၊ အမြီးသည်တို့၏ အနည်းငယ်ဝိုင်းသည်။ အမွေးများထူထပ်သဖြင့် ရာသီဥတုဒဏ်ကို ခံနိုင်ကြလေသည်။

ပင်လယ် စင်ရော်တို့သည် ရှည်လျားသောတောင်ပံရှိ၍ ထင့်၊ အပျံသန်လှသည်။ တစ်ခါတစ်ရံသမုဒ္ဒရာအတွင်းရက်ပေါင်းများစွာမရပ်မနား သင်္ဘောတစ်စင်းနောက်သို့ ပျံ၍လိုက်နေတတ်သည်။ ယင်းသို့လိုက်နေသည့်အခါ၊ သင်္ဘောမှလွှင့်ပစ်ပေးသောအစာကို ဖမ်းယူစားသောက်ရန်နှင့် ရေထဲမှငါး၊ ကင်းမွန်ဘဲလိပ်တို့ကို ထိုးသုတ်စားသောက်ရန်သာရေပေါ်တွင်နားသည်။ ရေပေါ်တွင်နားနေသည့်အခါ

ပင်လယ်တွင်းကျက်စားလေ့ရှိသော ပင်လယ်ဇင်ယော်

မည်မျှလှိုင်းလေပြင်းထန်နေသော်လည်း၊ ယင်းတို့က မမှုချေ။ ရေမှ ပျံတက်လိုသော်၊ ယင်း၏တောင်ပံများကို မကာ ရေပေါ်တွင် ကိုက် ၇၀ မှ ၈၀ခန့်အထိ ကူးခတ်အရှိန်ယူပြီးမှ ပျံတက်သည်။ လေထဲသို့ ရောက်သွားသည်နှင့် တစ်ပြိုင်နက်၊ လေဟုန်စီးကာ အလွန်မြင့်စွာ ပျံတက်သွားလေသည်။

ပင်လယ်စင်ရော်တို့သည် အစားလောဘကြီးကြသဖြင့်၊ ငါးမျှားတံတွင် အစာချိတ်၍ဖမ်းလျှင်ပင် မိနိုင်သည်ဟုဆိုကြ လေသည်။

ပင်လယ် စင်ရော်တို့သည် ကုန်းသို့ သားပေါက်ရန်သာ လာကြသည်။ လူသူကင်းမဲ့သော ကျွန်းများတွင် မြေပေါ်၌ ရွှံ့စေး၊ မြက်တို့ဖြင့်ပြုလုပ်ထားသောအသိုက်တွင်၊ ပင်လယ်စင်ရော် ငှက်မတို့သည် ဥတစ်လုံးတည်းသာ ဥကြသည်။ အရက် ၄၀ ခန့်ကြာမှ သားပေါက်၍ မိဖငှက်တို့သည် ငှက်ပေါက်စကလေး အမွေးအတောင် စုံလင်သည်အထိ စောင့်ရှောက်ကြသည်။ ထိုနောက်တွင်မူ ငှက်ပေါက်စကလေးအားထားခဲ့၍၊ တစ်ပတ်လျှင် ၂ ကြိမ် ၃ ကြိမ်ခန့်သာ ပြန်လာပြီးလျှင် အစာခွံ့ပေးကြသည်။ ယင်းသို့ဖြင့် သုံးလခန့်ကြာ၍၊ ငှက်ပေါက်စကလေးသည် မိမိဘာသာအစာရှာနိုင်သည့် အရွယ်သို့ရောက်လေသည်။

အနောက်တိုင်းမှ သင်္ဘောသားတို့သည် ပင်လယ်စင်ရောကို လေးလေးစားစားလည်းရှိ၍၊ ကြောက်လည်းကြောက်ကြသည်။ ရှေးပဝေဏီက သင်္ဘောသားတစ်ဦးသည် ပင်လယ်ခရီးသွားယင်း ပင်လယ်စင်ရော်တစ်ကောင်ကို သတ်ဖြတ်မိသဖြင့်၊ သင်္ဘောတစ်စင်းလုံး အတိဒုက္ခတွေ့ရပုံကို သက်ကြီးစကား သက်ငယ်ကြားဖူးထားသော အဖြစ် အပျက် တစ် ရပ် ရှိ ခဲ့ ဖူ း သော ကြောင့် တည်း။ ယင်းအဖြစ်အပျက်ကို အင်္ဂလိပ်စာဆိုတော် ကိုးလားရစ်က 'ရှေးသင်္ဘောသား'ဟူ၍ ကဗျာတစ်ပုဒ် စပ်ထားခဲ့ လေသည်။ (ကိုးလားရစ် အက်(စ)တီ–ရှု။)

ပစိဖိတ်သမုဒ္ဒရာ၌ကျက်စားသော ပင်လယ်စင်ရော်တစ်မျိုးကို ငှက်မွေးအတွက် သတ်ဖြတ်ကြသဖြင့်၊ မျိုးစိတ်တစ်ခုပင် ကွယ်ခဲ့ရသည်။ ထိုကြောင့် ယခုအခါ ပင်လယ်စင်ရော်များကို သတ်ဖြတ်ခြင်းမပြုရန် ကာကွယ်စောင့်ရှောက် ထားကြရလေသည်။

ပင်လယ်ထန်း။ ။အရှေ့တိုင်း အပူပိုင်းဧုန်ဒေသ ပင်လယ်ကမ်းရိုးတန်းသဲသောင်ပြင်တစ်လျှောက်၌ ပေါက်ရောက်တတ်သောအပင်မျိုးဖြစ်သည်။ အန္ဒမန်ကျွန်းကမ်းရိုးတန်း၊ သိန္ဒူပြည်နယ်မှစတင်၍ အိန္ဒိယကမ်းခြေတစ်လျှောက်၊ သီဟိုဠ်ကျွန်းကမ်းရိုတန်း၊ မြန်မာနိုင်ငံကမ်းခြေတစ်လျှောက်နှင့် မလ္လာယုကမ်းရိုးတန်းတစ်လျှောက်၌ ပင်လယ်ထန်းများ

www.facebook.com/page.mm

ကိုတွေ့ရှိရသည်။ သဲမပြိုအောင်ထိန်းထားနိုင်သော အပင်မျိုးဖြစ်၍၊ သဲသောင်များ နေရာမရွှေ့စေရန်နှင့် ဖြစ်ကမ်းပါးများ မပြိုစေရန် စိုက်ပျိုးထားသင့်သော အပင်မျိုးဖြစ်သည်။

ပင်လယ်ထန်းပင်သည် ဂူးဒီနိုဗီယာစီး မျိုးရင်းတွင်ပါဝင်၍ ဆီဗိုလာကိုနီဂျီးဟု ရုက္ခဗေဒအမည်ဖြင့်ခေါ်သည်။ ခြောက်ပေမှ ဆယ်ပေနှစ်အထိအမြင့်ရှိသော လှပသည့်ချုံပင်ကြီးမျိုးဖြစ်သည်။ ပင်စည် အူတိုင်ရှိ၍ အရွက်တို့သည် အသားထူပြီးလျှင်အစိမ်းနုရောင်ရှိသည်။ အပွင့်တို့သည် ဖြူဝါဝါ အရောင်ရှိ၍ အချင်းတစ်လက်မခန့် ရှိသည်။

ပင်လယ်ထန်း၏အရွက်များကို နေကာဦးထုပ်များ၊ ယပ်တောင်များပြုလုပ်ကြ၍၊ ပင်စည်အူတိုင်းကို ငါးမျှားရာ၌သုံးသော ဖော့များ ပြုလုပ်ကြလေသသည်။

ပင်လယ်ဓားပြများ။ ။မြို့ရွာနေလူများထံမှ ရွှေငွေပစ္စည်းများကို လက်နက်အားကိုးဖြင့် တိုက်ခိုက်လုယူတတ်သောဓားပြများရှိသကဲ့သို့၊ ကမ်းမမြင် လမ်းမမြင်အပြောကျယ်လှသော ပင်လယ် သမုဒ္ဒရာကြီးများတွင် လှည့်လည်၍၊ ကုန်သည်သင်္ဘော၊ အစိုးရသင်္ဘော၊ မျိုးခြားပိုင်သင်္ဘောများကို တိုက်ခိုက်လုယူတတ်သည့် ပင်လယ်ဓားပြများ လည်း ရှိသည်။

ပင်လယ်ဓားပြများသည် မည်သည့် ခေတ်ကစ၍ ပေါ်ပေါက်လာကြသည်ကို အတိအကျဆိုရန် ခက်သော်လည်း၊ ရောမသမ္မတနိုင်ငံ ထင်ရှားပလွှားသည့် ခေတ်ကပင်၊ မြေထဲပင်လယ်၌ ပင်လယ်ဓားပြများကျက်စားခဲ့ကြောင်းကိုကား၊ အထောက်အထား ခိုင်လုံစွာတွေ့ရသည်။ ဂျူးလယပ်ဆီဇာပင်လျှင်ငယ်စဉ်က ပင်လယ်ဓားပြများက ဖမ်းဆီးကာ၊ ပြန်ပေးလုပ်သည်ကိုခံခဲ့ရဖူးကြောင်း မှတ်တမ်းများ၌တွေ့ရှိရသည်။ တွေ့ရှိရသောမှတ်တမ်းများအရမူ၊ ရှေးဦးအကျဆုံး ပင်လယ်ဓားပြများတွင် ဖီနီရှန်တို့လည်းပါဝင်လေသည်။ ဂရိစာဆိုကျော်ကြီးဟိုးမား၏ နာမည်ကျော် 'အော့ဒိဆီ' ကဗျာထဲတွင် ပင်လယ်ဓားပြများအကြောင်းကိုလည်းဖော်ပြထားလေသည်။

များသောအားဖြင့် ပင်လယ်ဓားပြများသည် ကျွန်းစုများနှင့် အတွင်းကျသော ပင်လယ်ကမ်းရိုးတန်းများတွင် ခိုအောင်းနေတတ်ကြသည်။ ဂရိကျွန်းစုများ၊ အိန္ဒိယသမုဒ္ဒရာတွင်းရှိကျွန်းစုများ၊ ဗြိတိသျှကန်းစု၊ နော်ဝေးနှင့် အနောက်အိန္ဒိယ ကျွန်းစုများသည် တစ်ခါက ပင်လယ်ဓားပြများ၏ခိုအောင်းရာဌာနများ ဖြစ်ခဲ့ကြသည်။ ၁၈၁၅ ခုနှစ်လောက်တွင် အနောက်အိန္ဒိယ ကျွန်းစုများ၌ ပင်လယ်ဓားပြများ အလွန်သောင်းကျန်ခဲ့ဖူးသည်။ အင်္ဂလိပ်နှင့် အမေရိကန်ရေတပ်များက လိုက်လံနှိမ်နင်းသောကြောင့် နောက်ဆုံး၌ နည်းပါးသွားသည်။ ဂရိကျွန်းများတွင်ကား ၁၈၅၀ ပြည့်နှစ်အထိ ပင်လယ်ဓားပြများ ထကြွလျက်ရှိသေးသည်။ မီးသင်္ဘောနှင့် ကြေးနန်းပေးပို့ခြင်း အတတ်တို့ ပေါ်လာသောအခါမှသာ ပင်လယ်ဓားပြများကို ထိရောက်စွာ နှိမ်နင်းနိုင်လာလေသည်။

ပင်လယ်ဓားပြများအား ဖမ်းဆီးမိသောအခါ၊ အများအားဖြင့် သေဒဏ်ပေးလေ့ရှိသည်။ ယင်းသို့ ပြင်းပြင်းထန်ထန် အရေယူနိုပ်ကွပ်သော်လည်း၊ ပင်လယ်ဓားပြများကား လုံးဝ ပပျောက်မသွားခဲ့ချေ။ အချို့သော လူကုံထံများ၊ သူဌေးများသည် ပင်လယ် ဓားပြများနှင့်ပင်း၍ ဝေစု ခွဲယူကြသောကြောင့်၊ ယင်းတို့မှာ အားကိုးရှိနေခဲ့ကြသည်။ တစ်ခါတစ်ရံ အစိုးရအဖွဲ့များ ကိုယ်တိုင်က ပင်လယ်ဓားပြများအားတိတ်တဆိတ်အားပေးခဲ့ကြသည်။ အစိုးရအသိအမှတ်ပြု ပင်လယ်ဓားပြသင်္ဘောများသည် ရန်သူနိုင်ငံ၏ကုန်သင်္ဘောများကိုသာမက၊ စစ်သင်္ဘောများကိုပါ တိုက်ခိုက်ရသည်။ ထိုအတွက် အစိုးရကသူတို့အား ဆုငွေများ ပေးသနားချီးမြှင့်သည်။ ဗြိတိသျှသမိုင်းတွင် ထင်ရှားသော ဆာဖရန်းစစ် ဒရိတ်သည် ထိုကဲ့သို့သော သင်္ဘောများ၏ ဦးစီးဗိုလ်တစ်ဦးဖြစ်သည်။(ဒရိတ်ဆာဖရန်းစစ်–ရှု။) သို့ရာတွင် ၁၈၅၆ ခုနှစ်ပါရစ်ကျေညာစာတမ်းအရ အစိုးရအသိအမှတ်ပြုပင်လယ်ဓားပြလုပ်ငန်းကို လုံးဝဖျက်သိမ်းလိုက်ရလေသည် ။

ကပ်ပတိန် ဂျန် အေရီ၊ ဗာသောလမျှား၊ ရောဗတ်၊ အက်ဒွပ် တီချ၊ ကက်ပတိန် မစ်ဆန်တို့သည် နာမည်ကျော် ပင်လယ်ဓားပြကြီးများ ဖြစ်ကြသည်။ ယောကျ်ားများသာ ပင်လယ် ဓားပြအလုပ်ဖြင့် အသက်မွေးကြသည်မဟုတ်၊ မိန်းမသားများသည်လည်း ပင်လယ်ဓားပြအဖြစ်အသက်မွေးခဲ့ကြ၏။ အန်ဗွန်နီနှင့်မေရီရိုဆိုသော မိန်းမပင်လယ်ဓားပြနှစ်ဦးသည် နာမည်ကြီးလှသည်။

ပင်လယ်ဓားပြတို့သည် မိမိတို့ တိုက်ခိုက်လုယူရရှိသော ပစ္စည်းများကို ကုန်းပေါ်ရှိခိုးရာပါပစ္စည်းလက်ခံသူများထံ အပ်ကာ ထုခွဲရသည်။ ယင်းသို့ လက်ခံထုခွဲပေးသောဌာနများသည် နယူးအင်္ဂလန် ကမ်းရိုးတန်းဒေသ၊ ဂျမေးကားကျွန်း၊ အိုင်ယာလန်ပြည်နှင့် အင်္ဂလန်ပြည် အနောက်ဘက်ကမ်းရိုးတန်းရှိ အချို့သောဒေသများဖြစ်ကြသည်။ ပင်လယ်ဓားပြများသည် ဥပဒေမဲ့များဖြစ်ကြရာ၊ သူတို့၏ သင်္ဘောများတွင် မည်သည့်နိုင်ငံ၏အလံကို မျှတင်မထားဘဲ သူတို့၏အမှတ်အသားဖြစ်သော အမဲခွဲတွင် ခေါင်းခွံအောက်၌ အရိုး ၂ချောင်း ကြက်ခြေခတ်ပုံပါသည့် အလံကိုသာ လွှင့်ထားကြသည်။

ပင်လယ် ဓားပြများအကြောင်းမူတည်၍ ရေးသားသော ဝတ္ထုပေါင်းများစွာ ပေါ်ထွက်ခဲ့သည့်အနက်၊ ရောဗတ်လူဝီ

www.foreverspace.com.mm

စတီဗင်ဆန်၏ ရတနာဒီပဝတ္ထုသည် အကောင်းဆုံးဝတ္ထု တင်ပုဒ်ဖြစ်လေသည်။(စတီဗင်ဆန် အာ၊ အယ်–ရှု။)

ပင်လယ်နီ ။ ။အာရေဗျကျွန်းဆွယ်နှင့် အာဖရိကတိုက် အရှေ့မြောက်ပိုင်းကိုခွဲခြားထားသကဲ့သို့တည်ရှိသော ပင်လယ်ကိုပင်လယ်နီဟုခေါ်သည်။ ယင်းပင်လယ်သည် အိန္ဒိယသမုဒ္ဒရာ၏ တစ်စိတ်တစ်ဒေသဖြစ်သောအာရေဗျပင်လယ်၏ လက်တံတစ်ခုဖြစ်သည်။ မြောက်ဖက်စွန်းတွင် ဆူးအက်ကွေ့နှင့်အက်ကဗာကွေ့ဟူ၍ကွေ့နှစ်ကွေ့ရှိသည်။တောင်ဘက်စွန်းတွင် ဗက်ဗယ်မန်းဒက်ရေလက်ကြား၌အဆုံးသတ်၍၊ အေဒင်ပင်လယ်ကွေ့နှင့်ဆက်စပ်လျက်ရှိသည် ပင်လယ်နီသည်အလျားအားဖြင့် မိုင် ၁၂၀၀ခန့်ရှည်၍၊ အကျယ်မိုင် ၁၀၀မှ၂၀၀အထိရှိသည်။ အနက်ဆုံးနေရာတွင် ပေ၃၀၀၀ခန့်ရှိ၏။ပျမ်းမျှအားဖြင့်စတုရန်းမိုင်ပေါင်း၁၆၀၀၀ ကျယ်ဝန်းရာ မြန်မာနိုင်ငံပြည်မနီးနီးရှိလေသည်။

ပင်လယ်နီသည်ကမ္ဘာမြေကြီး၏ ကျောက်သားထုကြီးကွဲအက်သွားခြင်းကြောင့် ဖြစ်ပေါ်လာရသည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။ ယင်းအတွင်းသို့ စီးဝင်သောမြစ်ဟူ၍မရှိခြင်း၊ နေပူရှိန်ပြင်းသည့် ဒေသတွင်ကျရောက်နေသဖြင့်၊ ပင်လယ်ရေသည် အခိုးအငွေ့များဖြစ်ကာ လွင့်တက်ခြင်းတို့ကြောင့် ရေသည်များစွာငန်သည်။ ကမ်းရိုးတန်းသည် သစ်ပင်များမပေါက်ဘဲ ခြောက်သွေ့သည်။ အရှေ့ဘက်ကမ်းတွင် တောင်တန်းမြင့်များရှိ၍၊ အနောက်ဘက်ကမ်းတွင် သဲတောင်ကုန်းများနှင့်ကျောက် ကုန်းပြင်မြင့်များရှိသည်။ သဲကန္တာရဒေသတွင် ဆိပ်ကမ်းမြို့အနည်းငယ်ရှိသည်။

ပင်လယ်နီအတွင်းရှိ သတ္တဝါကလေးများနှင့်အပင်များ သည်မြေထဲပင်လယ်၌ရှိသည်တို့နှင့်လုံးဝမတူချေ။ ပင်လယ်တွင်းရှိ ရေပိုးရေမွှား အကောင်ငယ်ကလေးများကြောင့်၊ ပင်လယ်တစ်ပြင်လုံးသည် အနီရင့်ရောင် ဖုံးလွှမ်းထားသကဲ့သို့ရှိနေသည်။ ထိုကြောင့်ပင်လယ်နီဟုခေါ်သည်ဟု တချို့ကဆိုကြ၍၊ အချို့ကလည်းပင်လယ်နီဟုခေါ်သည်မှာ ပတ်ဝန်းကျင်ရှိခြောက်သွေ့နီရဲသောတောင်ကုန်း တောင်တန်းများ၊ သန္တာကျောက်တန်းများကြောင့် ခေါ်ခြင်းဖြစ်သည်ဟုဆိုကြသည်။ အချို့ကမူ လေပူတိုက်သဖြင့်၊ ပတ်ဝန်းကျင်မှလွင့်လာသောသဲနီများ ရေမျက်နှာပြင်တွင် တင်နေရာ၊ ရေရောင်နီနေသောကြောင့် ပင်လယ်နီဟုခေါ်သည်ဟုဆိုကြလေသည်။ ပင်လယ်ကမ်းရိုးတန်းများတလျှောက်တွင် ကမ်းခြေနှင့်မလှမ်းမကမ်း၌ ကျွန်းစုငယ်များနှင့် ရေကြောင်းအသွားအလာကို အန္တရာယ်ပေးတတ်သည့် သန္တာကျောက်တန်းများရှိသည်။ ပုလဲထွက်သောကမာကောင်များကို လည်းယင်းပင်လယ်ထဲ၌တွေ့ရလေသည်။ ပင်လယ်နီသည် လှေငယ်တက်စင်းများ အတွက်သာမက၊ သင်္ဘောငယ်များ အတွက်ပင်အန္တရာယ်များလှသည်။ သင်္ဘောငယ်များသည် ပင်လယ်နီတောင်ဘက်ပိုင်းရှိ မိုင် ၂၀ ခန့်မျှ ကျယ်ဝန်းသော အလယ်ရေပြင်ကြောမှသာလျှင် ကူးသန်းသွားလာနိုင်သည်။ ပင်လယ်နီသည် အီဂျစ်နှင့်အာရေဗျတို့အကြားတွင် တည်ရှိသောကြောင့်၊ ယင်းကို ရှေးဟောင်း လူတို့ကလည်း ကောင်းစွာသိရှိခဲ့သည်။ ခရစ်ယာန်ဓမ္မဟောင်းကျမ်းမှ ထွက်မြောက်ရာကျမ်းတွင်လည်းဖော်ပြပါရှိသည်။ သို့သော်လည်း ဆူးအက်တူးမြောင်း ဖောက်လုပ်ပြီးသည့်အချိန်မှစ၍၊ ဥရောပနှင့် အရှေ့ဘက်နိုင်ငံများ ကူးလူးဆက်ဆံရေးလွယ်ကူလာသလောက် ပင်လယ်နီသည်လည်း ပိုမိုအရေးပါအရာရောက်လာသည်။ (ဆူးအက်တူး မြောင်း –ရှု။) မြန်မာသက္ကရာဇ် ၁၂၃၅ ခုနှစ်တွင် ကင်းဝန်မင်းကြီးသည် ပြင်သစ်နိုင်ငံသို့ သံတော်ကြီးအဖြစ်နှင့်သွားခဲ့စဉ်က၊ ပင်လယ်နီသို့ ရောက်ခဲ့ရာ၊ ပင်လယ်နီအကြောင်း အောက်ပါအတိုင်းဖွဲ့ဆိုစီကုံးခဲ့လေသည်။

"ကျောက်မြေပြင် ဧဒင်စွန်းက၊ ယွန်းပြန်ခဲ့ရှေ့ဆီ။
ရက်ထစီး၊ ဝင်နီးပင်လယ်က၊ ကမ်း ၂သွယ်ကွာမဝေး
သည်နှင့်၊ စထရေးခေါ်ဆွယ်အဝမှာမီးပြခဲ့ပြီ။
ဝဲကမ်းခြေအာရေဘီ၊ တူရကီ တိုင်းပူရီ၊ သာမ်ပြုတကဲ။
အာဖရိ၊ သာဘီ ရုံလက်ယာ၊ ကမ်းနှစ်ခြောရှည်သွယ်
ညီတဲ့၊ ပင်လယ်နီ ရေသိမ်ပျို့ငယ်၊ ဆုံးနိုင်ဘို့ဘဲ။"

ဒုတိယကမ္ဘာစစ်ဖြစ်စဉ်က ပင်လယ်နီဒေသသည် အထူးအရေးပါခဲ့သည်။ ဗြိတိသျှတပ်များသည် ပင်လယ်နီ၏ တောင်ဘက်စွန်းတွင် ရေမြှုပ်ဗုံးများချထားခဲ့သည်။ ဣတာလျံ သင်္ဘောများကိုလည်း ဖျက်ဆီးနှစ်မြှုပ်ပစ်ခဲ့ပြီးသော်၊ အီရစ်ထရီးယားနယ်ရှိ မက်ဆဝါသော့ချက်ဆိပ်ကမ်းမြို့ကို သိမ်းယူလိုက်လေသည်။

ပင်လယ်နက်။ ။ပင်လယ်နက်သည် အာရှမိုင်းနားနှင့်ဥရောပတိုက်သို့အကြားတွင်တည်ရှိသောကုန်းတွင်း ပင်လယ်ဖြစ်သည်။ အနောက်ဘက်တွင်ဖော်လကန်ကျွန်းဆွယ်သည်လည်းကောင်း၊ အရှေ့ဘက်တွင် ကော်ကေးဆပ်တောင်တန်းဒေသသည်လည်းကောင်း တောင်ဘက်တွင် အာရှမိုင်းနားကျွန်းဆွယ်သည်လည်းကောင်း၊ မြောက်ဘက်တွင် ရုရှနိုင်ငံသည်လည်းကောင်း ပင်လယ်နက်ကို အသီးအသီးဝန်းရံထားသည်။ အရှေ့မြောက်ဘက်တွင် ပင်လယ်နက်သည် ကပ်ချရေလက်ကြားအားဖြင့် အဇော့ပင်လယ်နှင့် ဆက်လျက်ရှိသည်။ အနောက်တောင်ဘက်တွင်မူ အီးဂျီးယန်းနှင့်မြေထဲပင်လယ်များကို မာမရာပင်လယ်၊ ဗော့စပရပ်ရေလက်ကြားနှင့် ဒါးဒနဲ ရေလက်ကြားတို့ဖြင့် ဆက်စပ်နေလေသည်။

www.foreverspace.com.mm

ပင်လယ်နက်ကမ်းခြေရှိ ကရိုင်းမီးယားနယ်၏ရှုခင်းတစ်ရပ်

၇ ရာစုနှစ်ခန့်က ပင်လယ်နက်ကို ရောမလူမျိုးတို့က ပွန်းတပ်ယူဆိုင်းနပ်ဟု ခေါ်ကြသည်။ အမိပ္ပါယ်ကား မိတ်ပင်လယ်ဖြစ်သည်။ သို့ရာတွင် ဆောင်းရာသီ၌ မြူများ ပိတ်ဖုံးကာ နက်မှောင်နေတတ်သဖြင့်၊ ပင်လယ်နက်ဟု ခေါ်စမှတ်ပြုကြသည်။

ပင်လယ်နက်သည် အရှေ့မှအနောက်သို့ မိုင် ၇၅၀ ရှည်၍၊ တောင်မှ မြောက်သို့ မိုင် ၃၈၀ ကျယ်သည်။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၁၇၀၀၀၀ ခန့် ရှိ၍၊ အနက်ဆုံးနေရာတွင် ပေ ၇၃၆၀ ရှိသည်။ ပင်လယ်နက်၏ ထူးခြားချက်တစ်ရပ်ကား၊ ပေ ၃၀၀ ခန့်နက်သော နေရာ၌သာ ငါးနှင့်ရေ၌ ပေါက်သောအပင်ငယ်တို့ ရှိကြခြင်းဖြစ်၏။ ထို့ထက်နက်သောနေရာတို့၌ အောက်ဆီဂျင်ဓာတ်ခေါင်ပါးသဖြင့်၊ မည်သည့်သက်ရှိသတ္တဝါမျှ မနေနိုင်ကြချေ။

ပင်လယ်နက်၏ အခြားထူးခြားချက်တစ်ရပ်ကား၊ ဒီတက်ဒီကျမရှိခြင်းပင်ဖြစ်သည်။ သို့ရာတွင် ယင်းအတွင်းသို့ စီးဝင်သော မြစ်ရေများ၏အရှိန်ကြောင့်၊ ရေစီးသန်သည့် ရေစီးကြောင်များဖြစ်ပေါ်နေလေသည်။ ပင်လယ်နက်အတွင်းသို့ များစွာသောမြစ်တို့ စီးဝင်သောကြောင့် ပင်လယ်ရေသည် မြေထဲပင်လယ်ရေလောက် မငန်လှချေ။ စီးဝင်သောမြစ်များမှာ အဇော့ပင်လယ်မှတစ်ဆင့် ကူဗန်နှင့် ဒွန်မြစ်၊ အနောက်မြောက်ဘက်မှ နီစတာနှင့် ဒန်းညူ ဖြစ်၊ တောင်ဘက်မှ ကီဇီအာမတ်နှင့် ဆာကားယားမြစ်တို့ ဖြစ်ကြသည်။ ပင်လယ်နက်၏ အခြားဆန်းကျယ်မှုတရပ်မှာ ပင်လယ်ရေစီးပုံဖြစ်သည်။ ပင်လယ်နက်ရေထုအပေါ်မှ ရေချိုတို့သည် ဗော့စပရပ်ရေလက်ကြားဘက်သို့ စီးသွား၍၊ အောက်လွှာသို့မူ အီဂျီးယန်းပင်လယ်ဘက်မှ ရေများ စီးဝင်လာသည်။ ပင်လယ်နက်အတွင်း၌ ကျွန်းဟူ၍ကား ကြီးကြီးကျယ်ကျယ်မရှိချေ။ ဒန်းညူမြစ်ဝ၌ အဒက်ဆီကျွန်း တစ်ကျွန်းသာ ရှိသည်။

ရှေးနှစ်ပေါင်း ၂၀၀၀ ကျော်က ပင်လယ်နက်သည် ကုန်သည်များနှင့် ပင်လယ်ဓားပြများ ကျက်စားရာဖြစ်ခဲ့သည်။ယခုခေတ်တွင်မူ ကုန်သင်္ဘောများသာမက၊ စစ်သင်္ဘောများပါ ဖြတ်သန်းသွားလာရာ ဖြစ်နေလေပြီ။ ထိုပြင် ရေရှုတို့၏ရေတပ်စခန်းချရာလည်း ဖြစ်သည်။ ပင်လယ်နက်အတွင်းရှိ ဆိပ်ကမ်းမြို့များမှာ အိုဒက်ဆာ၊ ခါဆွန်၊ ဆီဗတ်စတိုပို၊ ဗာတွမ်း၊ ထရက်ဗီဇွန်း၊ ဆီနော့နှင့် ဗာနာတို့ဖြစ်သည်။ သို့ရာတွင် မြောက်ဘက်ဆိပ်ကမ်းများ

www.forever.space.com.mm

သည် ဇင်္ကခါရီလနှင့် ဖေဖော်ဝါရီလများတွင် ရေခဲသဖြင့်၊ သင်္ဘောကြီးများ အသွားအလာ ခဲယဉ်းသည်။

ပင်လယ်နက်သည် ရေးနှစ်ပေါင်းများစွာကပင် ဥရောပ အရှေ့ပိုင်း၏ စီးပွားရေးနှင့် နိုင်ငံရေးရာများတွင် အထူးအရေးပါခဲ့သည်။ ဂရိတို့သည် ခရစ်မပေါ်မီ ၇ ရာစု နှစ်လောက်က၊ ပင်လယ်နက် ကမ်းခြေဒေသများကို စည်းရုံးအုပ်စိုးခဲ့ကြဖူးသည်။ ခရစ် ၁၄၅၃ ခုနှစ်တွင် အော့တိုမန်တူရကီတို့က ကွန်စတန်တီနိုပယ်မြို့ကို သိမ်းလိုက်ပြီးနောက်၊ ပင်လယ်နက်ကို လက်ဝါးကြီးအုပ်ခဲ့သည်။ သို့ရာတွင် မကြာမီပင်ရုရှတို့သည် ပင်လယ်နက်ကို သွားလာခွင့်ရလာကြသည်။ ရုရှနိုင်ငံကို ပီတာ–သ–ဂရိတ်(ခရစ် ၁၆၈၉–၁၇၂၅) စိုးစံသောအခါ၊ ပင်လယ်နက်သည်ပို၍ အရေးပါလာသည်။ (ပီတာ–သ–ဂရိတ်။)ရုရှရေတပ်မတော်ကို ပင်လယ်နက် ဒေသတစ်ဝိုက်၌ အစပျိုးတည်ထောင်ခဲ့သည်။ ထိုနောက် ပြင်သစ် – ပရပ်ရှားစစ်ပွဲ ဖြစ်ပွားခဲ့သည့် အချိန်မှစ၍၊ ၁၉၁၄ ခုနှစ်အထိ၊ ရုရှတို့သည် မိမိတို့၏ရေတပ်မတော်ကို ပင်လယ်နက်ဒေသတဝိုက်၌ လွတ်လပ်စွာ တိုးချဲ့ကြီးပွားခွင့်ရခဲ့လေသည်။ ပဋမကမ္ဘာစစ်အတွင်းက ပင်လယ်နက်တွင် တူရကီတို့နှင့်ရုရှတို့၏ရေတပ်ချင်း တိုက်ပွဲများအများအပြားဖြစ်ပွားခဲ့လေသည်။ ဒုတိယကမ္ဘာစစ်အတွင်းကလည်း၊ ရုရှနှင့်ဂျာမန်တို့သည် ပင်လယ်နက်မြောက်ဘက်ကမ်းတွင် သဲသဲမဲမဲတိုက်ခဲ့ကြလေသည်။

ပင်လယ်နက်ကို ၁၉၃၆ ခုနှစ် နိုင်ငံပေါင်းစုံ သဘောတူညီချက်အရ၊ မည်သည့်နိုင်ငံမဆို ဝင်ထွက် ကူးသန်းနိုင်ကြသည်။ သို့ရာတွင် ပင်လယ်နက်အား မည်သည့်နိုင်ငံကပိုင်ထိုက်သည်ဟူသော အချက်ကိုမူ၊ ကမ္ဘာစစ်ကြီးအပြီး ချုပ်ဆိုသောစာချုပ်များ၌ပင် အတိအလင်း မဆိုခဲ့ချေ။

ပင်လယ်ဖျံ။ ။ပင်လယ်ဖျံသည် အသားစားသတ္တဝါအုပ်စုတွင်ပါဝင်၍ နို့တိုက်သတ္တဝါမျိုးဖြစ်သည်။ အချို့သည် ယင်းကို ဝေလငါးနှင့်မျိုးရိုးတူသည်ဟုယူဆကြသော်လည်းမဟုတ်ချေ။ ရေထဲ၌နေတတ်ကြသော်လည်း ပင်လယ်ဖျံတို့သည် ကိုယ်ရေနွေး သတ္တဝါမျိုးဖြစ်ပေသည်။ ကြောင်၊ ဝက်ဝံစသော ကုန်းနေသတ္တဝါများနှင့် တစ်ဆက်တစ်နွယ်တည်းဖြစ်ကြသည်။ ရေသည်လေထက် ခန္ဓာကိုယ်မှ အပူဇွေ့ကိုစုပ်ယူလွယ်သဖြင့် ကိုယ်ရေနွေး သတ္တဝါဖြစ်သော ပင်လယ်ဖျံသည် ကိုယ်တွင်း အပူဇွေ့ နည်းသွားပါက မနေနိုင်သဖြင့် အရေပြားအောက်တွင် အဆီပြင်နှင့် ရေမြှုပ်သဖွယ် တစ်ရှူးထပ်တို့ ရှိလာရသည်။

ပင်လယ်ဖျံ၏ ကိုယ်သည်လုံး၍ အထက်ပိုင်းကြီးပြီးလျှင် အောက်ပိုင်းသွယ်သည်။ ထိုကြောင့် ရေထဲသို့ဆင်းသည့်အခါ လျှောခနဲအလွယ်တကူ ဆင်းနိုင်သည်။ ရေထဲ၌ ၁၀ မိနစ်မှ မိနစ် ၃၀ အထိ ငုပ်နေနိုင်၍ ပက်လက်လည်း ရေကူးနိုင်သည်။ ကိုယ်ပေါ်တွင် အမွေးတိုကလေးများရှိ၍ ဆီဆွတ်ထားသကဲ့သို့ ပြောင်လက်နေသည်။ လက်နှင့်ခြေတို့၌ အရေပြားဆက် ခြေဖဝါးလက်ဖဝါးများရှိသဖြင့် ရေကူးရန် အလွန်ကောင်းသည်။

ပင်လယ်ဖျံမျိုးများစွာ ရှိသည့်အနက် ထင်ထင်ရှားရှားခွဲခြားနိုင်သော ပင်လယ်ဖျံမျိုး ၂ မျိုးရှိသည်။ ဖိုဆီအဒီးမျိုးရင်းဝင် ပင်လယ်ဖျံစစ်၊ သို့မဟုတ် မွေးရှိ ပင်လယ်ဖျံမျိုးနှင့် အိုတရီအီဒီးမျိုးရင်းဝင် ဆီးလိုင်းယင်းခေါ် ပင်လယ်ဖျံနှင့် သာမွေးရ ပင်လယ်ဖျံမျိုးတို့ ဖြစ်သည်။

ပင်လယ်ဖျံစစ်မျိုး၌ နားရွက်ဟူ၍ မရှိဘဲ ဦးခေါင်း၂ဘက်တွင် နားပေါက်သာ ရှိသည်။ ခြေဖဝါးပြားသည် တိုသည်။ ယင်း ခြေပြားတို့သည် ရှေ့ပြန် နောက်ပြန် ရေကူးရာ၌ များစွာ အကူအညီရသည်။ ကုန်းပေါ်သို့ရောက်သောအခါ ဝမ်းဗိုက်ကြွက်သားကိုရှုပ်၍ လမ်းလျှောက်လေ့ရှိသည်။ ယင်းသို့ သွားလာနေသည့်အခါ တီကောင်ဝဝတုတ်တုတ်ကြီးများနှင့် တူသည်။ ပင်လယ်ဖျံစစ်သည် နားရွက်ပါသည့် ပင်လယ်ဖျံမျိုးထက် ရေထဲ၌ အချိန်အကန့်အသတ်မရှိ နေနိုင်သည်။ သူတို့၏သားငယ်များကိုပင် ရေထဲ၌ တစ်ခါတစ်ရံ မွေးဖွားတတ်ကြသည်။ ပင်လယ်ဖျံစစ်များသည် တစ်ခါတစ်ရံ ရှုထုတ်မှုတ်ထုတ်သံ လုပ်သည်မှတပါး ငြိမ်သက်စွာ နေတတ်သည်။

ဆီးလိုင်းယင်းပင်လယ်ဖျံနှင့် သားမွေးရပင်လယ်ဖျံမျိုး၌ ငယ်သော်လည်း ထင်ထင်ရှားရှားမြင်ရသော နာရွက်ပါရှိသည်။ ခြေဖဝါးပြားများသည် ပင်လယ်ဖျံစစ်တို့ထက် ရှည်သည်။ ကုန်းပေါ်၌ ပင်လယ်ဖျံစစ်တို့ထက် လျင်မြန်စွာ သွားလာနိုင်သည်။ နောက်ခြေပြားများကိုအားပြု၍ ယုန်များကဲ့သို့ ခုန်တတ်သည်။ သို့ရာတွင် အကြည့်ရဆိုးသည်။ သူတို့၏ သားငယ်များသည် မွေးစတွင်ရေမကူးတတ်သဖြင့် ကုန်းပေါ်၌သာသားမွေးသည်။ သားဖွားချိန်တွင် ကျောက်ထူထပ်သော ကမ်းခြေသို့တက်၍ဖွားကြသည်။ ယင်းတို့သည် ပင်လယ်ဖျံစစ်များကဲ့သို့ ငြိမ်သက်စွာမနေကြဘဲ ဟိန်းလိုက် ဟောက်လိုက် ဟောင်လိုက်နှင့် အသံဆူညံစွာပြုတတ်သည်။ အထူးသဖြင့် သားမွေးရန် ကုန်းပေါ်သို့ စုရုံးရောက်လာသည့်အခါ ပို၍ဆူသည်။

ပင်လယ်ဖျံ အားလုံးပင် တစ်ပုံစံတည်း ဖြစ်သော်လည်း အရွယ်မူကား ခြားသည်။ အချို့ ပင်လယ်ဖျံမျိုးသည် ၆ ပေခန့်ရှည်ပြီးလျှင် ပေါင်တစ်ရာခန့်လေး၍ အချို့ပင်လယ်ဖျံမျိုးမှာမူ ၁၆ ပေခန့်ရှည်၍ ၂ ½ တန်ခန့် လေးသည်။ ယေဘုယျအားဖြင့် မီးခိုးရောင်နှင့် အညိုရောင်များဖြစ်သော်လည်း အချို့ပင်လယ်ဖျံများ၌ အပြောက်အစက်များပါ၍ အချို့တွင် အရောင်ရင့် အရစ်များပါသည်။

www.foreverspace.com.mm

ပင်လယ်ဖျံ တစ်မျိုးနှစ်မျိုးကိုသာလျှင် အနွေးပိုင်းဒေသ ပင်လယ်ပြင်တွင်တွေ့နိုင်သည်။ အများအားဖြင့် သမုဒ္ဒရာ ရေရိုးစွန်းဒေသရှိ ပင်လယ်ပြင်များတွင်နေထိုင်တတ်ကြသည်။ ပင်လယ်ဖျံစစ်မျိုးကို အတ္တလန္တိတ်သမုဒ္ဒရာ မြောက်ပိုင်းနှင့် အာတိတ်သမုဒ္ဒရာတို့တွင် တွေ့ရှိရ၍၊ သားမွေးရ ပင်လယ်ဖျံမျိုးကို ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းနှင့် ဗဲရင်း ပင်လယ်ဒေသတွင် အများအားဖြင့် တွေ့နိုင်သည်။

ပင်လယ်ဖျံတို့သည် တစ်နှစ်လျှင်တစ်ကောင်၊ သို့မဟုတ် နှစ်ကောင်အထိပေါက်သည်။ ပေါက်စပင်လယ်ဖျံ၏အရေပြားသည် ထူ၍ နူးညံ့သည်။ အဖြူရောင်ဖြစ်သည်။ အချို့ပင်လယ်ဖျံမျိုး သားငယ်၏အရေသည် ပြင်ပလေနှင့် ထိပြီးမကြာမီ အရောင်ပြောင်းလဲသော်လည်း အချို့ပင်လယ်ဖျံမျိုးကား မွေးပြီးရက်သတ္တတပတ် ၂ ပတ်ခန့်ကြာမှအရောင်ပြောင်းတတ်သည်။ ကုန်းပေါ်၌ဖွားသောပင်လယ်ဖျံငယ်သည် ယင်းအရေလဲပြီးမှ မိခင်၊ သို့မဟုတ် ဖခင်တို့နှင့်အတူ ရေကူးသင်ရန်ရေထဲသို့ဆင်းလေသည်။

အက်စကီးမိုးလူမျိုးတို့သည် ပင်လယ်ဖျံကိုအစာအလို့ငှါ အထူးအားထားကြသည်။ ပင်လယ်ဖျံ၏အသားကို စား၍ အဆီကိုချက်ပြုတ်ရာ၊ အပူရရန်မီးမွှေးရာနှင့် မီးထွန်းရာ၌သုံးသည်။ အရေပြားကို အဝတ်အထည်အဖြစ်လည်းကောင်း၊ တဲအိမ်မိုးအဖြစ်လည်းကောင်းသုံးကြသည်။ အကြောများကို အဝတ်အထည်များချုပ်ရန် ကြိုးအဖြစ်အသုံးပြုသည်။ လှံနှင့်မြားသွားများကိုလည်း ပင်လယ်ဖျံအရိုးဖြင့်ပြုလုပ်သည်။ အက်စကီးမိုးတို့အဖို့ ပင်လယ်ဖျံများသည် အဘက်ဘက်မှ အသုံးဝင်သော်လည်း စီးပွားရေးအတွက် ပင်လယ်ဖျံဖမ်း သူများလောက် ဖမ်းဆီးသတ်ဖြတ်ခြင်းကားမပြုချေ။

အတ္တလန္တိတ်သမုဒ္ဒရာမြောက်ပိုင်းတွင် ပင်လယ်ဖျံများ အုပ်စုလိုက် မြောက်မြားစွာရှိသဖြင့် ပင်လယ်ဖျံဖမ်းလုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်ကြသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၁၅၀ ခန့်မှစ၍ ပင်လယ်ဖျံ သားရေအလို့ငှါ ပင်လယ်ဖျံဖမ်း သင်္ဘောများစွာ ယင်းဒေသသို့ စွန့်စားသွားရောက်လုပ်ကိုင်ကြသည်။ ပင်လယ်ဖျံများ နွေရာသီသားဖွားရန် ကုန်းပေါ်တက်ချိန်၌ အများဆုံးဖမ်းကြသည်။ တစ်ရာသီလျှင်အနည်းဆုံး ပင်လယ်ဖျံပေါင်း ၃၅၀၀၀ ဖမ်းကြသည်။ အမျိုးသမီးများအလှခြုံရန်နှင့် အနွေး ထည်အဖြစ်အသုံးပြုရန် အလွန်တန်ဖိုးထားကြသော ပင် လယ်ဖျံသားမွေးရေကို သားမွေးရပင်လယ်ဖျံမှ ရသည်။ ယင်းပင်လယ်ဖျံမျိုးကို ဗဲရင်းပင်လယ်တွင်းရှိ ပရီဗီလော့ကျွန်းတဝိုက်၌ အများဆုံးတွေ့ရသည်။ သားမွေးရ ပင်လယ်ဖျံသည် ဆီးလိုင်းယင်းပင်လယ်ဖျံထက်ငယ်သည်။ ကိုယ်ပေါ်၌ ရိုးရိုးအမွေးများအောက်တွင် ကတ္တီပါမွေးရှည်

ကျောက်ဆောင်ထက်၌ နေပူစာလှုံလျက်ရှိသော ပင်လယ်ဖျံ

www.forewrspace.com.mm

သဖွယ် သားမွေးတိုပါသည်။ အပေါ်မှအမွေးကြမ်းကို ဖယ်၍ အောက်ခံသားမွေးနုဖြင့် စောင်၊ အင်္ကျီ စသည်တို့ ချုပ်၍ အသုံးပြုကြသည်။

သားမွေးရ ပင်လယ်ဖျံများကို စီးပွားရေးအလို့ငှါ ယင်းသို့ မပြတ်ဖမ်းယူကြသဖြင့် ၁၉၁၁ ခုနှစ်လောက်တွင် အကောင် ၁၅၀၀၀၀ ခန့်သာ ရှိတော့သည်။ ထိုကြောင့် အမေရိကန်၊ ရုရှ၊ အင်္ဂလန်နှင့် ဂျပန်တို့သည် ပင်လယ်ဖျံ ထိန်းသိမ်းရေးစာချုပ်ကို ထိုနှစ်တွင်ပင်ချုပ်ဆိုကြသည်။ ယင်းစာချုပ်အရ စာချုပ်ဝင်နိုင်ငံများသည် မြောက်လတ္တီတွဒ် ၃၀ံ မြောက်ဘက် ပစိဖိတ် သမုဒ္ဒရာ မြောက်ပိုင်းဒေသ ဖြစ်သောဗဲရင်းပင်လယ်၊ ကမ်ချတ်ကားပင်လယ်၊ အော့ခေါ့စကပင်လယ်နှင့် ဂျပန်ပင်လယ်တို့၌ ပင်လယ်ဖျံဖမ်းလုပ်ငန်းမလုပ်ရန် တားမြစ်ထားသည်။ မိမိပိုင်ကုန်းပေါ်သို့ တက်လာသော ပင်လယ်ဖျံများကိုသာ ဖမ်းဆီးသတ်ဖြတ်ခွင့်ရှိသည်။ စာချုပ်ကို ၁၅နှစ်တစ်ခါ ချုပ်ဆိုကြ၍ စာချုပ်ရပ်စဲလိုသော နိုင်ငံသည် တစ်နှစ် နို့တစ်ပေးရသည်။ ထိုကြောင့် ၁၉၄၀ပြည့်နှစ် အောက်တိုဘာလ ၂၃ရက်နေ့တွင် ဂျပန်နိုင်ငံကစာချုပ်ရပ်စဲရန်နို့တစ်ပေးသဖြင့် ၁၉၄၁ခုနှစ်အောက်တိုဘာလ ၂၃ ရက်နေ့တွင်စာချုပ်ပျက်ပြယ်သွားလေသည်။ ၁၉၄၂ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကနေဒါနှင့်အမေရိကန်နိုင်ငံတို့ ယာယီစာချုပ်ချုပ်ကြ၍ ၁၉၄၄ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် အလာစကာ သားမွေးရ ပင်လယ်ဖျံဥပဒေ အတည်ဖြစ်ကာ ပင်လယ်ဖျံများကို ရေထဲ၌ မသတ်ဖြတ်ရန် တားမြစ်ထားသည်။ ထိုကြောင့် ပင်လယ်ဖျံမျိုးသည် ယခုတိုင် ပျက်ပြုန်းမသွားခြင်းဖြစ်သည်။

ပင်လယ်ဗူးမြို့။ ။ပင်လယ်ဗူးမြို့သည် ကသာခရိုင် ကောလင်းနယ်အတွင်းရှိ ပင်လယ်ဗူးမြို့နယ်၏ ရုံးစိုက်ရာဖြစ်သည်။ ယင်းမြို့ကို တည်ထောင်ရန်မြေရှင်းသောအခါ ကြက်ဖတစ်ကောင်ကိုတွေ့ရှိရာမှအစ ရှမ်းဘာသာဖြင့် ပင်ကယ်ဗူးမြို့ဟု မှည့်ခေါ်သည်။ အဓိပ္ပါယ်မှာ 'ကြက်ရှင်းမြို့' ဖြစ်သည်။ ကာလရွှေလျောသောအခါ၊ ပင်ကယ်ဖူးမှ ပင်လယ်ဗူးမြို့ဟု အမည်တွင်သည်ဆိုကြသည်။

ပင်လယ်ဗူးမြို့သည် ကောလင်းမြို့ အနောက်မြောက်ဘက် ၂၅ မိုင်ခန့်အကွာ၌ မူးမြစ်ပေါ်တွင်တည်ရှိ၍၊ ဝန်းသိုမြို့နှင့်လည်း၄၁မိုင်ရှည်သောမော်တော်ကားလမ်းဖြင့် ဆက်သွယ်ထားသည်။ ယင်းမှတစ်ပါး အခြားလမ်းပန်း အဆက်အသွယ် မရှိသဖြင့်၊ စည်ကားခြင်းမရှိချေ။ လူဦးရေနှစ်ထောင်ကျော်မျှ နေထိုင်လျက်ရှိသည်။

၁၈၉၁ ခုနှစ် တွင် ဝန်းသိုနယ်ကို ဗြိတိသျှတို့သိမ်းပိုက်သောအခါ၊ ပင်လယ်ဗူးမြို့နယ်ကို ဝန်းသို့တွင်းသို့ သွင်းလိုက်သည်။ သို့ရာတွင် ဒုတိယ ကမ္ဘာစစ်ပြီးဆုံးသောအခါ ဝန်းသိုနယ်မှခွဲထုတ်၍ ကောလင်းနယ်တွင်းသို့ သွတ်သွင်းသည်။ ပင်လယ်ဗူးမြို့နယ်သည် မူးမြစ် တစ်ဖက်တစ်ချက်တွင်တည်ရှိသည်။ မြောက်ဘက်တွင် ဗန်းမောက်မြို့နယ်၊ အရှေ့ဖက်တွင် ဝန်းသိုနှင့်ကောလင်းမြို့နယ်၊ တောင်ဘက်တွင်ရွှေဘိုခရိုင်နှင့် အနောက်ဘက်တွင် အထက်ချင်းတွင်းခရိုင်ရှိသည်။ ပင်လယ်ဗူးမြို့နယ်သည် ၁၃၆၇ စတုရန်းမိုင်ကျယ်သော်လည်း မြို့သက်သက်ကမူ ၈၂ စတုရန်းမိုင်သာ ကျယ်သည်။ မြို့နယ် အတွင်း၌ ဆန်စပါး၊ ခဲသတ္တုနှင့် ဆားထွက်သည်။ သစ်လုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။

ပင်လယ်မြို့။ ။ပင်လယ်မြို့သည် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် အတွင်းရှိ ရှေးဟောင်း မြို့တော်ဖြစ်သည်။ ယခုအခါ မြို့၏အရှေ့ဘက်တွင် ရွာရှိ၍ မြို့တွင်းရွာဟု တွင်လေသည်။

ရန်ကုန်–မန္တလေးမီးရထားလမ်းပေါ်ရှိ မြစ်သားမြို့ တောင်ဘက် ၁၂ မိုင်ခန့်ဝေးသော သပြေတောင်းဘူတာ၏ အရှေ့ဘက် ၄ မိုင်ခန့်အကွာတွင် ပင်လယ်မြို့တည်ရှိသည်။ ရှေးပင်လယ်မြို့တည်နေရာကို အုတ်မြို့ရိုးပျက်အားကြည့်၍ မှန်းဆနိုင်သည်။ မြို့၏တောင်ဘက်နှင့်အရှေ့ဘက်မှ ကပ်၍၊ ပန်းလောင်မြစ်ကို ဖြတ်လျက်ဆည်ထားသောနတ်လွှဲမြောင်း ဖြတ်သွားသည်။ မြို့၏တောင်ဘက်တွင် ပြက်ခရွေတောင်တန်းရှိသည်။ ယင်းတောင်ပေါ်တွင် အနော်ရထာမင်းစော တရုတ်ပြည်မှအပြန်တည်ထားခဲ့သော စေတီများရှိသည်။ ပြက်ခရွေတောင်စေတီအနီးရှိ စေတီငယ်တစ်ဆူ၏အနီး၌ ကုန်းဘောင်ခေတ်က ရေးထိုးခဲ့သော ကျောက်စာရှိသည်။ ပြက်ခရွေတောင်၏ မြောက်ဘက်တောင်စွယ်တစ်ခုပေါ်တွင် ရွှေဓာလီဘုရားရှိသည်။

ဘိန္နကမြို့ကိုအစိုးရသောဧော်ဘွားကြီး၏ သားတော်အငယ်သိန်ဗိုလ်နှင့်မြင်စိုင်းအရပ်အသည်သူကြွယ်သမီးတို့ သင့်ရာမှမြင်သောသားတော်အငယ်သီဟသူသည်သက္ကရာဇ် ၆၆၂ခုနှစ်တွင် ပင်လယ်မြို့ကိုတည်၍မင်းပြုသည်ဟုဆို၏။ သို့သော် ပုဂံခေတ်ကျောက်စာများတွင် မြစ်သား ၁၁ ခရိုန်(ခရိုင်)၏အမည်များတွင် ပင်လယ်ပါခြင်းကို ထောက်၍ ပင်လယ်မြို့တည်ခြင်းမှာ ထိုထက်စောသည်ဟု ယူဆရန်ရှိပေသည်။ ပင်လယ်မြို့၏မြို့ရိုးပုံစသည်ကို ကြည့်ရှုခြင်းဖြင့်၊ မြန်မာများကျောက်ဆည်ဒေသသို့ မရောက်မီ ကပင်ရှိခဲ့သော ခံမြို့ဖြစ်ဟန်တူသည်။ ပန်းလောင်မြစ်မှ တစ်ဆင့် ရှမ်းပြည်နယ်မှဆင်းသောနတ်ထိပ်တောင်ကြားလမ်းကို စောင့်ရှောက်သောခံမြို့ဖြစ်လာခဲ့လေသည်။ မြန်မာများရောက်လာပြီးနောက်ခရိုန်(ခရိုင်)တစ်ခုအဖြစ် ဖွဲ့စည်းခဲ့ရာမြို့ဖြစ်၏။ ထိုနောက် ရှမ်းများ ကြီးစိုးလာသောအခါ

www.foxwebspace.com.mm

တွင်လည်း ဤနေရာကိုပင် ခြေကုတ်တခုအနေဖြင့်ယူ ကြပြန်သည်။ ရာဇဝင်သမိုင်းအဆက်ဆက် အရေးပါရခြင်း ၎င်း ပထဝီဝင်အခြေအနေအရ၊ ကျောက်ဆည် လွင်ပြင်၏ တောင်ဘက်စွန်းမှနေ၍၊ ရှမ်းကုန်းပြင်မြင့် နတ်ထိပ်လမ်း၊ ပန်းလောင်လမ်းတို့မှ ဆင်းလာခြင်းများကို ကာကွယ်ရန် ခံမြို့တမြို့ဖြစ်ခြင်းကား အရေးပါဆုံးအကြောင်းတစ်ရပ် ဖြစ်လေသည်။ ရာဇဝင်အဆိုအရ မြို့တည်ပြီး ၅ နှစ်ခန့် ကြာသောအခါ မက္ခရာမြို့တွင် ရွှေနန်းတည်၍ စံနေသော နောင်တော်အင်ယ် ရာဇသကြီ်နတ်ရွာစံသည်။ ယင်း နောက် ၆၇၂ ခုနှစ်တွင် နောင်တော်အကြီး မြင်းစိုင်းရွှေ နန်းရှင်အား လုပ်ကြံပြီးနောက် သီဟသူမင်းသည် ၆၇၄ ခုနှစ်တွင် အင်းဝမြို့တောင်ဘက် ပင်းယဟူသောအရပ်၌ ရွှေနန်းတည်၍ ပင်လယ်မြို့မှပြောင်းရွှေ့စံတော်မူသည်။ (ပင်းယ–ရှု။) ယင်းသို့ဖြင့် ပင်လယ်မြို့သည် သီဟသူမင်း လက်ထက် ၁၂ နှစ်လုံးလုံး မင်းနေပြည်တော်အဖြစ် တည် ရှိခဲ့သည်။ ယခုအခါ၌မူ လူနေတစ်ထောင်ခန့်ရှိသော ကျေးရွာကြီးမျှသာဖြစ်သည်။

ပင်လယ်မြို့သည် သပြေတောင်းမြို့နှင့် ကားလမ်းဖြင့် အဆက်အသွယ်ရှိသည်။ မြောက်ဘက် ၅ မိုင်ခန့်ဝေးသော ကူမဲမြို့နှင့်မူ လှည်းလမ်းအားဖြင့်သာ အဆက်အသွယ် ရှိသည်။ မြို့၏ပတ်ဝန်းကျင်၌ ရေသွင်းလယ်များဖြင့် သာ ယာလုပသည်။

ပင်လယ်မြို့၏အရှေ့ဘက်တွင် ရွှေစေတီကျောင်းရှိ သည်။ ထိုကျောင်းအနီးတွင် ဆည်တော်နန်း (ဆုတောင်း ပြည့်ဘုရား) ရှိ၏။ ထိုဘုရားတွင် သက္ကရာဇ် ၆၃၇ (ပုဂံ ခေတ်) ခုနှစ်ထိုးကျောက်စာရှိသည်။ အခြားကျောက်စာ ၂ ခုမှာ ပင်လယ်မြို့အနီးမှရွှေ့လာသောကျောက်စာများ ဖြစ်သည်။ ပင်လယ်မြို့မှ မန္တလေးသို့ရွှေ့ထားသော ကျောက်စာ၌ သက္ကရာဇ် ၇၂၀ ပါသည်။ ကျောက်စာတို့မှာ ပုဂံခေတ်နှင့် ပင်းယခေတ်ထိုးများဖြစ်ကြသည်။ မည်သူက စေတီတည်သည်ကိုကား ယခု မသိရှိတော့ပေ။

ပင်လယ်မှိုကောင် ။ ။ ပင်လယ်ကမ်းခြေတစ်လျှောက် ရေအောက်ကျောက်ဆောင်များအကြားတွင်၊ ပန်းပွင့်၊ အထူးသဖြင့် မှိုပွင့်တူသော အရာများကို တွေ့ရတတ်သည်။ ပဌမတွင် ယင်းတို့ကို အပင်များဟုထင်ရသော်လည်း၊



ပင်လယ်အောက်၌တွေ့ရသော ပင်လယ်မှိုကောင်များ

www.forevermyanmar.com.mm

စင်စစ်အားပင်မဟုတ်ဘဲ၊ ပင်လယ်မှိုကောင် (ဝါ) အနဲ့ မနီးကောင်ဟုခေါ်သော ပင်လယ်သတ္တဝါတစ်မျိုးသာ ဖြစ်သည်။ ယင်းသတ္တဝါတို့သည် ရေအောက်ကျောက်ဆောင်များ၊ ခရုခွံများတွင် မြဲမြံစွာ တွယ်ကပ်နေတတ်၍ ဆွဲနုတ်လျှင် အပိုင်းပိုင်းပြတ်၍ ပါလာတတ်လေသည်။

ပင်လယ်မှိုကောင်တို့သည် ပင်လယ်ရေ (ငထီး)၊ သန္တာကောင်များနှင့် အမျိုးနွယ်၍၊ 'အက်တီနိုဇိုဝါ' မျိုးပေါင်းတွင် ပါဝင်သော ပင်လယ်သတ္တဝါမျိုး ဖြစ်သည်။ ပုံပန်းသဏ္ဌာန်မှာ တို၍တုတ်သော ပင်စည်နှင့်တူသည်။ ပင်စည်၏ထိပ်တွင်ပါးစပ်ရှိသည်။ ပါးစပ်၏ ပတ်လည်တစ်ဝိုက်တွင် ဂန္ဓမာပန်း၏ ပွင့်ဖတ်များနှင့်တူသောအာရုံမှင်(စမ်းလက်ဖမ်းလက်)အမြောက်အမြားရှိသည်။

ပင်လယ်မှိုကောင်းတို့သည် အရွယ်အစားစားရှိကြသည်။ ထိပ်ဝ၏အချင်းသည် ၁လက်မ၏ ၄ပုံ ၁ပုံမှ တစ်ပေကျော် (အချို့ဒေသတွင် ၃ပေကျော်အထိရှိသည်။ အစိမ်း၊ အဝါ၊ အဖြူ၊ အညို၊ မရမ်း၊ လိမ္မော်စသည်ဖြင့် အရောင်မျိုးစုံလည်း ရှိသည်။ တစ်ခါတစ်ရံ တစ်ကောင်တည်းမှာပင် အရောင် နှစ်မျိုးသုံးမျိုး ရှိတတ်သည်။ အထူးသဖြင့် အပူပိုင်းဒေသမှ ပင်လယ်မှိုကောင်တို့သည် တောက်ပသော အရောင်များရှိကြသည်။ ထိုကြောင့် ပင်လယ်မှိုကောင်များရှိရာ ပင်လယ်ရေအောက်ကို မြင်လိုက်ရလျှင်၊ ရောင်စုံပန်းများပွင့်နေသော ဥယျာဉ်တစ်ခုကို မြင်တွေ့ရဘိသကဲ့သို့ မှတ်ထင်ရလေသည်။

ပင်လယ်မှိုကောင်တို့သည် အသားစားသတ္တဝါများ ဖြစ်ကြသည်။ ယင်းတို့၏ အာရုံမှင်များ၏အဖျားတွင် အဆိပ် ရှိသော အမျှင်များရှိသည်။ ယင်းတို့ အနီးသို့ ပုစွန်ဆိတ်၊ ငါးစသည်တို့ ရောက်လာလျှင်၊ အဆိပ်မျှင်များကိုထုတ်၍ အဆိပ်ထိစေပြီးသော်၊ ယင်းတို့၏ ပါးစပ်တွင်းသို့ ရစ်ပတ်သိမ်းသွင်း၍ စားသောက်ကြလေသည်။

ပင်လယ်မှိုကောင်တို့ကို ရေတိမ်ရေနက် နှစ်မျိုးလုံးတွင် တွေ့နိုင်သည်။ အုပ်ဖွဲ့၍သော်လည်းကောင်း၊ အထီးတည်းသော်လည်းကောင်း နေတတ်သည်။ မျိုးပြန့်ပွားရေးအတွက် နည်းအမျိုးမျိုးဖြင့်ပေါက်ပွားကြရာ၊ များသောအားဖြင့် ဥမှပေါက်ပွားကြသည်။ အခြားပေါက်ပွားနည်းမှာ ကွဲပွားခြင်းဖြစ်သည်။ ကွဲပွားရာ၌ အရွယ်ရောက်ပြီး ပင်လယ်မှိုကောင်၏ အလယ်တည့်တည့်အလယ်မှ အောက်သို့နှစ်ခြမ်းကွဲသွား၍၊ နှစ်ကောင်ဖြစ်လာသည်။ ထိုနှစ်ခြမ်းကွဲသွားသောအခြမ်းမှ နောက်ထပ်နှစ်ခြမ်းကွဲပြီးလျှင်၊ နှစ်ကောင်ဖြစ်လာပြန်လေသည်။ ယင်းသို့ဖြင့် တစ်ခြမ်းတစ်ခြမ်းမှ နှစ်ကောင်ပွားသွားလေသည်။ အခြားတစ်နည်းမှာ အဖူးကူးခြင်းဖြစ်၍၊ ပင်လယ်မှိုကောင်၏ အောက်ခြေမှ အဖူးထွက်သကဲ့သို့ ထွက်လာပြီးလျှင်၊ သီးခြားဖြစ်သွားကာ အကောင်ပွားခြင်းဖြစ်လေသည်။ ယင်းတို့သည် တစ်နေရာတည်းတွင်တစ်သမတ်တည်းမြဲမြံစွာ တွယ် ၍သာနေမည် မဟုတ်ချေ။ တဖြည်းဖြည်းရွှေ့သွားနိုင်ကြပေသည်။

ပင်လယ်မှိုကောင်တို့တွင် အရိုးအသားဟူ၍မရှိဘဲ၊ ပျော့အိပျော့နဲ့ ခန္ဓာကိုယ်ရှိကြသည်။ ယင်းတို့သေသည့် အခါ အစအနမကျန် ကြေမွပျက်စီးသွားသည်။ ပင်လယ်မှိုကောင်တို့သည် နှစ်ပေါင်း ၅၀မှ ၆၀ အထိ အသက်ရှည်ကြလေသည်။

ပင်လယ်မြှော့။ ။ပင်လယ်မြှော့သည် ပင်လယ်ဖြူကောင်၊ ရေလက်ဝါးကောင်တို့နှင့် အမျိုးနွယ်သောပင်လယ်သတ္တဝါတစ်မျိုးဖြစ်သည်။ ယင်း၏ပုံသဏ္ဌာန်သည် သခွားသီးနှင့် တူသောကြောင့်၊ အနောက်တိုင်းသားတို့ ပင်လယ်သခွားကောင်ဟုခေါ်ကြသည်။ ပါဏာဗေဒအလိုအားဖြင့် 'ဟော့လိုသူရှိုက်ဒီးယား' မျိုးပေါင်းတွင် ပါဝင်သည်။ ပင်လယ်မြှော့မျိုးစိတ်ပေါင်း မြောက်မြားစွာရှိ၍၊ ကမ္ဘာအရပ်ရပ်၏ ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် တွေ့ကြရသည်။ အပူပိုင်းတွင်တွေ့ရသော ပင်လယ်မြှော့မျိုးသည် အလျား ၂ ပေမှ ၃ ပေ အထိရှည်သည်။ သမပိုင်းဒေသများတွင်မူ၊ လက်မအနည်းငယ်မှာ ၁ ပေခန့်အထိ သာရှည်ကြလေသည်။

ပင်လယ်မြှော့သည် ရေလက်ဝါးကောင်၊ ပင်လယ်ဖြူကောင်တို့ကဲ့သို့ ဆူးမရှိဘဲ၊ သားရေကဲ့သို့ မာသောကိုယ်ရှိသည်။ ကိုယ်၏အစွန်းတစ်ဖက်တွင် ပါးစပ်ပေါက်ရှိ၍၊ ယင်းသည့် ပါးစပ်ပေါက် ပတ်လည်တွင် အာရုံမှင် (စမ်းလက်ဖမ်းလက်) များသည် အခက်အညွှန့်ကလေးများ

ပင်လယ်အောက်၌ ကျက်စားလေ့ရှိသော ပင်လယ်မြှော့

www.forewarspace.com.mm

ထွက်နေသကဲ့သို့ရှိသည်။ အာရုံမှင်များ၏ အရေအတွက်မှာ များသောအားဖြင့် ၁၀ချောင်းဖြစ်သည်။ ယင်းတို့ကို အလိုရှိသည့်အခါတွင် သာထုတ်၍၊ အလိုမရှိသည့် အခါများတွင် သွင်းထားလေ့ရှိကြသည်။ အာရုံမှင်တစ်ချောင်းချောင်းဖြင့်အစာကိုဖမ်းမိသောအခါ၊ ထိုအာရုံမှင်ကို အစာနှင့်တကွ ပါးစပ်ထဲသို့သွတ်သွင်းလိုက်လေသည်။ တစ်ခါတစ်ရံ ပင်လယ်မြှော့သည် ကိုယ်တွင်းမှ ပင့်ကူမျှင်ကဲ့သို့သော အမျှင်သေးသေးကလေးများထုတ်ကာ၊ ကနန်း၊ ပုစွန်ထုပ် စသည်တို့ကိုပင် ထောင်ခ်ြဖမ်းစားသည်။

ကိုယ်လုံး၏ပတ်လည်တွင် အဖုအထစ်ကလေးများ နှစ်ပါးသွားအတန်း ငါးတန်းရှိရာ၊ယင်းတို့သည် ပင်လယ်မြှော့၏ခြေထောက်များဖြစ်ကြသည်။ ယင်းသည့် ခြေထောက်များသည် ပြွန်ကလေးများနှင့်သဏ္ဌာန်တူ၍၊ အရေပြားရှိအပေါက်များမှ ထုတ်ချည်သွင်းချည်ပြုနိုင်သည်။ ထိုခြေထောက်များဖြင့်တွားသွားနိုင်သည့်ပြင်၊ ခူများ၊ ပေါက်ဖတ်များကဲ့သို့လည်း တရွေ့ရွေ့ရှေ့ရှားသွားနိုင်သည်။

ပင်လယ်မြှော့များ၏ ထူးခြားချက်တစ်ရပ်မှာ၊ ယင်းတို့အား အခြားသတ္တဝါတစ်ကောင်ကောင်က ရန်မူတိုက်ခိုက်လာသည့်အခါ၊ အူများကိုအပြင်သို့ထုတ်ပစ်နိုင်ခြင်းဖြစ်သည်။ထိုသို့ ထုတ်ပစ်လိုက်သည့်အူများကြောင့်၊ ယင်း၏ရန်သူတို့ အနှောင့်အယှက်အတားအဆီးတွေ့နေရစဉ်၊ ပင်လယ်မြှော့တို့သည် လွတ်ရာသို့ရှောင်းရှားသွားနိုင်ကြသည်။ ထုတ်ပစ်လိုက်ရသောအူများအစား၊ ယင်းတို့၏ ခန္ဓာကိုယ်အတွင်း၌ အူအသစ်များ ပြန်၍ဖြစ်ပေါ်လာလေသည်။

ပင်လယ်မြှော့များကို အရှေ့ အိန္ဒိယကျွန်းစု၊ ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများနှင့် သြစတေးလျကျွန်း အနီးရှိ သန္တာကျောက်တန်းကြီးများတွင် အကြီးအကျယ်ဖမ်းဆီး၍၊ အခြောက်လှန်း ကျုပ်တင်ပြီးလျှင်၊ တရုတ်လူမျိုး၊မလေးလူမျိုးစသော အရှေ့တိုင်းသားတို့အတွက် တင်ပို့ရောင်းချကြသည်။ ယင်းတို့နှစ်သက်သော အဖိုးတန် အစာတစ်မျိုးဖြစ်လေသည်။

ပင်လယ်ရေငုပ်ခြင်း။ ။ကျွန်ုပ်တို့သည်ရေအောက်တွင် ငုပ်၍ မည်မျှကြာအောင်နေနိုင်မည်နည်း။ ရေသတ္တဝါများသည် ကုန်းပေါ်တွင် ကြာမြင့်စွာမနေနိုင်သကဲ့သို့ပင် ကုန်းသတ္တဝါများသည်လည်း ရေအောက်တွင် ကြာမြင့်စွာ ငုပ်၍ နေနိုင်ကြလိမ့်မည်မဟုတ်ပေ။ ရေ၌ကျွမ်းကျင်သူ၊ ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်းဒေသများမှ အချို့တံငါသည်များသည် သာမန်လူများထက် ရေအောက်တွင် တာရှည်စွာ နေနိုင်လေသည်။ မြိတ်ပင်လယ် ကမ်းခြေမှ ဆလုံလူမျိုး

ပင်လယ်တွင်းရှာဖွေရန် ရေငုပ်ကရိယာ ဝတ်စုံဝတ်ဆင်ပြီး ဆင်းနေစဉ်

များသည် ရေငုပ်ကျင်လျင်သော လူမျိုးများဖြစ်၍ ၅ မိနစ်မှ ၁၅ မိနစ်အထိ ငုပ်နိုင်သည်ဆို၏။ ပသျှူးကျွန်းဆွယ်ဘက်သို့ သင်္ဘောဖြင့်ခရီးထွက်ဖူးသူတို့သည် ရေငုပ်ကျင်လျင်လှသော ပင်လယ်ကမ်းခြေသားများကို တွေ့ဖူးမြင်ဘူးကြပေမည်။ အံ့သြကြရမည်လည်းဖြစ်ပေမည်။ သာမန်လူတို့ အဖို့မှာ ရေတွင် ၂ မိနစ်အထိ ငုပ်၍နေနိုင်ရန်ပင် ခဲယဉ်းလှချေသည်။

သို့ရာတွင် လူတို့သည် တန်တားကြီးများကိုဆောက်လုပ်ရန် တိုင်းတာခြင်း၊ ရေ၌နစ်မြုပ်လေပြီးသောသင်္ဘောများမှပစ္စည်း ဘဏ္ဍာ ရတနာ ရွှေငွေများ ရှာဖွေခြင်း၊ ပင်လယ်ရေအောက်၌ နေထိုင်ကျက်စားသော သတ္တဝါများကိုလေ့လာခြင်း၊ ရေအောက်၌ရှိသော လူ့အသုံးအဆောင်ပစ္စည်းများဖြစ်သည့် စပန်းရေမြှုပ်ကောင်များမှအစ အဖိုးတန် ပုလဲရတနာများအထိ ငုပ်၍ ယူနိုင်ရန် ရေအောက်တွင် အချိန်ကြာမြင့်စွာနေနိုင်သောကိရိယာတန်ဆာပလာများကို တဖြည်းဖြည်း တီထွင်ရှာဖွေခဲ့ကြသည်။ ပင်လယ်ရေအောက်သို့ အချိန်ကြာမြင့်စွာ

www.forever.ace.com.mm

ငုပ်နေနိုင်ရန် ရေငုပ်သမားများကဲ့သို့ ပလာကိုယ်တည်းနှင့် ငုပ်၍မရချေ။ ရေသည် အောက်သို့ရောက်လေလေ သိပ်သည်းခြင်းအား များလေလေဖြစ်သဖြင့်၊ လူ၏ အလေးချိန်သည် အောက်ခြေသို့ မရောက်နိုင်ဘဲရှိ၏။ သို့ဖြစ်၍ ထိုအခက်အခဲများကိုကျော်လွန်ရန် နည်းများ ရှာဖွေကြသောအခါတွင် ရေငုပ်အဝတ်အစားကိရိယာများ ပေါ်ပေါက်လာလေသည်။ (ထိုရေငုပ်ကိရိယာကို ဖြစ်ပေါ်လာစေရန် ရှေးဦးစွာအကြံပေးခဲ့သူမှာ ပရိပညာရှိ အယ်ရစ္စတိုတယ်ဖြစ်၍၊ ရေငုပ်သူများအား အပေါ်မှလေ ရှူရန်ပိုက်များတပ်ဆင်ပေးခြင်းဖြင့် ရေအောက်တွင် ကြာမြင့်စွာနေနိုင်သည်ဟုအဆိုရှိခဲ့၏။ ထိုနောက်တွင် အမျိုးမျိုးသောကိစ္စများအတွက် ရေငုပ်ကိရိယာများကို တီထွင်ပြုလုပ်ခဲ့ကြလေသည်။ ရေငုပ်ကိရိယာများကို တီထွင်ပြုလုပ်နိုင်ခဲ့ကြသဖြင့် ရေငုပ်လုပ်ငန်းသည် များစွာတွင်ကျယ်ခရီးရောက်ခဲ့လေသည်။ ရေငုပ်ကိရိယာတွင် ရေလုံအဝတ်အစားများကို ကြက်ပေါင်းစေးဖြင့်လည်းကောင်း၊ သတ္တုဖြင့်လည်းကောင်း၊ သံချပ်ဖြင့်လည်းကောင်း ပြုလုပ်၍ အပေါ်မှလေကောင်းလေသန့်များကို ရှူရှိုက်နိုင်ရန် ပိုက်များ တပ်ဆင်ထားပြီးလျှင်၊ လျှပ်စစ် ဓာတ်မီးအိမ်၊ စကားပြောကြေးနန်းစသည်တို့ကိုလည်း တပ်ဆင်ထားသေးသည်။ ရေနက်လေလေဖိနိုပ်အားများလေလေ ဖြစ်ရကား၊ ထိုဖိနှိပ်အား၏ ဒဏ်ကိုမခံနိုင်သဖြင့်၊ ကြက်ပေါင်စေးဖြင့် ပြုလုပ်သောရေငုပ်ကိရိယာကို ဝတ်ဆင်သူသည် အများအားဖြင့် ရေအောက်သို့ ပေ ၂၀၀ မှ ၃၀၀ ခန့်အထိသာ ကောင်းမွန်စွာငုပ်နိုင်လေသည်။ ထိုကြောင့် သတ္တုဖြင့် ပြုလုပ်သော ရေငုပ်ကိရိယာများမှာ ပိုမို ကောင်းမွန်လေသည်။ ဦးခေါင်းစွပ်သည့်အပိုင်းတွင် မျက်စိနေရာ၌ မှန်ပေါက်များ၊ လေပိုက်များ၊ စကားပြောကြေးနန်းများ တပ်ဆင်ထားသည်။ အချို့နောက်ဆုံးပေါ် ရေငုပ်ကိရိယာများမှာ အပေါ်မှာပိုက်ဖြင့်လေပေးရန် မလိုဘဲအတွင်း၌ပင် အလိုအလျောက်လေဟောင်း လေသစ်လဲလှယ် ရှူရှိုက်နိုင်ရန်စီမံထားလေသည်။ ရေငုပ်အဝတ်အစား၏ ရှေ့နှင့်နောက်တွင်လည်းကောင်း၊ ဖိနပ်ခွာတွင်လည်းကောင်း တပ်ဆင်ထားသော အချိန်စီးသည့်ခဲများကြောင့် ရေငုပ်သမားသည် ရေအောက်သို့မြှုပ်ဆင်းသွားပြီးလျှင်၊ ရေအောက်မြေပြင် အထိရောက်သွားကာ၊ မိမိကိုယ်ကို မယိုင်မလဲအောင် ထိန်းနိုင်လေသည်။ ထိုရေငုပ်အဝတ်အစားများအပြင် ရေအောက်လျှပ်စစ်ဓာတ်ဖြင့် မောင်းနှင်နိုင်အောင်စီမံ

ပင်လယ်အောက်ခြေ၌ သွားလာရှာဖွေနေစဉ်

www.forewarspace.com.mm

ထားသော သံချပ်ကားများလည်းရှိသည်။ ယခုခေတ် ရေငုပ်ကိရိယာများသည် ရေအောက်မိုင်ဝက်အထိ သက်သာလွယ်ကူစွာ ငုပ်၍အလုပ်လုပ်နိုင်သည်။

ရေငုပ်ခေါင်းလောင်းခေါ် ကိရိယာတစ်မျိုးရှိသေးသည်။ ခေါင်းလောင်းသို့မဟုတ် အောက်ဘက်ဖွင့်ထားသောသေတ္တာပုံသဏ္ဌာန်ရှိ၍ ရေအောက်တွင် အလုပ်လုပ်နိုင်သော အလုပ်ခန်းသဖွယ် အသုံးပြုရသည်။ လေ၏ဖိနှိပ်အားဖြင့် ခေါင်းလောင်းလိုဏ်ခေါင်းထဲသို့ ရေမဝင်ပေ။ ရေထဲတွင် ဖန်ခွက်တစ်ခုကို မှောက်ချလိုက်လျှင် ရေမဝင်သောသဘောမျိုးပင် ဖြစ်၏။ ယင်းခေါင်းလောင်းထဲတွင် တန်တားအုတ်မြစ်ချသူများ၊ ရေအောက်ကြေးနန်း ဆက်သွယ်သူများသည် ရေလုံစွာဖြင့် အလုပ်လုပ်နိုင်အောင် စီမံထားလေသည်။

ရေငုပ်ခေါင်းလောင်းကြီးများကို လေးလံကြီးမားသော သံမဏိကြိုးကြီးများဖြင့် လျှောချ၊ ဆွဲတင်ပြုရသည်။ ယင်းသည့်အခါ အလုပ်သမားများသည် ခေါင်းလောင်းအတွင်းဘက်၌ ပြုလုပ်ထားသော ခုံရှည်များပေါ်တွင် ထိုင်လျက် လိုက်ပါကြရသည်။ ခေါင်းလောင်းကြီး၏ပင်ကို အလေးချိန်ကြောင့်ပင် ခေါင်းလောင်းကြီးသည် ရေအောက်သို့မြှုပ်သွားပေသည်။

ရေအောက်ခေါင်းလောင်းများသည် ရေအောက်၌ အလုပ်လုပ်နိုင်ရန် ရှေးရှေးကပင် တီထွင်ခဲ့သော ရေငုပ်ကိရိယာ တစ်မျိုးဖြစ်သည်။ ဘီစီ ၃ ရာနှစ်ခန့်က အယ်လက်ဇန္ဒာ–သ–ဂရိတ်သည် ယင်းသို့သော ခေါင်းလောင်းမျိုးကို ကြံစည်ပြုလုပ်၍ ရေအောက်ဆင်းကြည့်ခဲ့ဖူးသည်ဟုဆိုကြလေသည်။

ရေငုပ်အဝတ်အစားကိုဝတ်ဆင်၍ ရေအောက်သို့ငုပ်သွားသူများအား အပေါ်မှကြေးနန်းအဆက်အသွယ်ဖြင့် အမြဲမပြတ်ဂရုစိုက်၍စောင့်ရှောက်ရလေသည်။ လေသွင်းပေးခြင်းကိုလည်း ရေငုပ်သူရှုသာရှိက်သာအောင် ဖြည်းညှင်းစွာပြုလုပ်ရပြီးလျှင်၊ ဤသို့ ဂရုတစိုက် ပြုလုပ်ရသောတာဝန်တစ်စုံတစ်ရာ လစ်ဟင်းခဲ့လျှင်လည်းကောင်း၊ ရေငုပ်ကရိယာတွင် တိမ်ပါးချွတ်ယွင်းချက်များရှိခဲ့လျှင်လည်းကောင်း ရေငုပ်သူမှာ နစ်မွန်းသေဆုံးတတ်လေသည်။

ရေငုပ်ကိရိယာများဖြင့် ရေအောက်သို့ဆင်းငုပ်သော လုပ်ငန်းအမျိုးမျိုးအနက် စိတ်ဝင်စားဖွယ်အကောင်းဆုံးမှာ နစ်မြှုပ်လေပြီးသောသင်္ဘောများကို လိုက်လံရှာဖွေခြင်းပင် ဖြစ်လေသည်။

ကမ္ဘာစစ်ကြီးများအတွင်း၌ အမျိုးမျိုးသောနည်းဖြင့် နစ်မြှုပ်ခဲ့သောသင်္ဘောများအတွင်းမှ အဖိုးတန်ရွှေငွေများကိုလည်းကောင်း၊ ရှေးအထက်ကျော်ကာရီက ပင်လယ်ဓားမြများပိုင် နစ်မြှုပ်သွားခဲ့သောသင်္ဘောများ အတွင်းမှ ပျောက်ဆုံးနေခဲ့သည့် ပစ္စည်းဘဏ္ဍာများကို လည်းကောင်း တစ်နည်းတစ်ဖုံ သိုက်တူးသကဲ့သို့ ရေငုပ်သမားများဖြင့် စွန့်စားကာ ခဲခဲယဉ်းယဉ်းရှာဖွေရကြောင်းများကို မကြာမကြာ ကြားသိရလေသည်။

ပင်လယ်ရေငုပ်ခြင်းသည် စစ်ကာလများတွင်လည်း အသုံးဝင်သော အတတ်တစ်ခုဖြစ်သည်။ စစ်သင်္ဘောများအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ရေအောက်တွင်ရှိနေသော သင်္ဘောပျက်စသည်တို့ကို ဖယ်ရှားပစ်ရေး၌ ယင်းအတတ်ကိုအသုံးပြုသည်။ ပင်လယ်ရေငုပ်ခြင်းသည် အသက်အန္တရာယ်များလှသော အလုပ်တစ်ခုဖြစ်သည်။ ပင်လယ်ရေငုပ်သမားသည် ကျန်းမာသန်စွမ်းသူ ဖြစ်ရလေသည်။

ပင်လယ်ရေပူကြောင်း။ ။မြစ်အတွင်း၌ ရေစီးကြောင်းများရှိသကဲ့သို့ သမုဒ္ဒရာအတွင်း၌လည်း ရေစီးကြောင်းများ ရှိသည်။ သမုဒ္ဒရာအတွင်းရှိ ရေစီးကြောင်းများ အနက် အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ ပင်လယ်ရေပူကြောင်းခေါ် ရေစီးကြောင်းသည် အကြီးဆုံးနှင့်အရေးအပါဆုံး ဖြစ်သည်။

ပင်လယ်ရေပူကြောင်းသည် မက္ကဆီကို ပင်လယ်ကွေ့မှ စတင်ကာ၊ ဖလော်ရီဒါရေလက်ကြားမှထွက်၍ မြောက်အမေရိကတိုက် ကမ်းရိုးကိုလိုက်ပြီးလျှင်၊ အရှေ့မြောက်ဘက်သို့ စီးသွားသည်။ အတ္တလန္တိတ် သမုဒ္ဒရာ အလယ်လောက်သို့မရောက်မီ၊ ယင်းရေစီးကြောင်းသည် သုံးကြောင်းဖြာထွက် သွားပြန်သည်။ တစ်ကြောင်းသည် မြောက်အမေရိကတိုက်ကမ်းရိုးအတိုင်းလိုက်၍ အလွန်အေးသော အာတိတ်သမုဒ္ဒရာရှိရာသို့ စီးဝင်သည်။ ထိုသို့စီးဝင်ရာတွင် ရေပူနှင့်ရေအေး ဖြန်းခနဲတွေ့မှုကြောင့် ဆီးနှင်းများဖြစ်ပေါ်လာရာ၊ ရေကြောင်းခရီးအသွားအလာ ခက်ခဲခြင်းဖြစ်ရလေသည်။ အလယ်ကြောင်းသည် ဗြိတိသျှကျွန်းစုကိုလှည့်ပတ်ပြီးနောက်၊ စကန်ဒီနေးဗီးယားကျွန်းဆွယ် ကမ်းရိုးတန်းတစ်လျှောက်စီးသွားသည်။ တတိယကြောင်းမှာမူ စပိန်နိုင်ငံတောင်ဘက် ကမ်းရိုးတန်းနှင့် အာဖရိကတိုက်အနောက်ဘက်ကမ်းရိုးတန်းတို့ တလျှောက်ကွေ့စီးပြီးသော် မက္ကဆီကို ပင်လယ်ကွေ့ဘက်သို့ ပြန်လှည့်စီးသွားလေသည်။

ပင်လယ် ရေပူကြောင်းသည် အကျဉ်းဆုံးသောနေရာ၌ပင် မိုင် ၅၀ ခန့် ကျယ်ဝန်း၍ပေ ၂၀၀၀ နီးနီး နက်သည်။ အမေရိကန် ပြည်ထောင်စု၏ အကြီးဆုံး မြစ်ဖြစ်သော မစ္စစ္စပီ မြစ်ထက်ပင် အဆတစ်ထောင်နီးနီးကြီးသည်။ ရေပူကြောင်း စီးရာတစ်လျှောက်သည် အပြာရင့်ရောင်သန်းနေရာ မည်သည့် သင်္ဘောသား မဆို ရေပူကြောင်း နေရာကို

www.forexspace.com.mm

သိကြသည်။ ရေပူကြောင်းနှင့် ကမ်းရိုးကြားရှိ ကျဉ်းမြောင်းသောရေပြင်ကား သာမန်ကဲ့သို့ပင်အေးသည်။ ယင်းကို သဘော်ဘသားများက 'တန်တိုင်းအေး' ဟုခေါ်ကြသည်။ ရေပူကြောင်းသည် ဖလော်ရီဒါ ရေလက်ကြားမှ ထွက်စက တစ်နေ့လျှင် မိုင် ၇၀နှုန်းနှင့် စီးခဲ့သော်လည်း၊ တောင်ကယ်ရိုလီးနားပြည်နယ် ချားလက်စတန်မြို့နားသို့ရောက်သောအခါ မိုင် ၄၀ နှုန်းသာစီး၍၊ မက်ဆချူးဆက်ပြည်နယ် နန်တပ်ကပ်မြို့လွန်သော် မိုင် ၂၀ နှုန်းသာစီးတော့သည်။ မြစ်ကြီးများသည် မြစ်ဝသို့ရောက်သောအခါ ကျယ်ပြန့်သွားသကဲ့သို့ ပင်လယ်ရေပူကြောင်းသည်လည်း တဖြည်းဖြည်းကျယ်ပြန့်သွားလေသည်။ ပင်လယ် ရေပူကြောင်းသည် နွေရာသီ၌ မက္ကဆီကို ပင်လယ်ဝမှထွက်စတွင် အပူရှိန် ၈၄ ဒီဂရီ ရှိသော်လည်း၊ အတ္တလန္တိတ် သမုဒ္ဒရာအလယ်သို့ ရောက်သော် ဒီဂရီ ၇၀ သာရှိတော့သည်။

ပင်လယ်ရေပူကြောင်း ဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းမှာ လေများတိုက်ခတ်ခြင်းကြောင့်ဖြစ်သည်။ အီကွေတာမျဉ်းဖြတ်သွားရာတစ်လျှောက်ရှိ အတ္တလန္တိတ်သမုဒ္ဒရာရေပြင်သည် ကုန်သည်လေတိုက်ခတ်မှုကြောင့် အနောက်ဘက်သို့စီးသွားရာ၊ ယင်းသည့်ရေစီးကြောင်းများကို အီကွေတာ၏ ထိုမှာဘက်နှင့်ဤမှာဘက်တို့တွင် တည်ရှိသည်ကိုအကြောင်းပြုလျက်၊ တောင်နှင့်မြောက် အီကွေတာ ရေစီးကြောင်းများဟုခေါ်သည်။ တောင်ရေစီးကြောင်းသည် ဗရာဇီးနိုင်ငံကမ်းရိုးတန်းမြောက်ပိုင်းသို့ ရောက်၍၊ ယင်းမှ တစ်ဖန် ကမ်းရိုးတန်းအတိုင်း လိုက်၍ အနောက်မြောက်ဘက်သို့ စီးသွားပြန်သောအခါ၊ မြောက်ရေစီးကြောင်းနှင့် ကယ်ရစ်ဗျန်ပင်လယ်ထဲတွင် ပူးပေါင်းမိသွားသော တောင်နှင့်မြောက် အီကွေတာ ရေစီးကြောင်းများသည် မက္ကဆီကိုပင်လယ်ကွေ့ထဲသို့စီးဆင်းသွား၍၊ တစ်ဖန်ပင်လယ်ရေပူကြောင်းအဖြစ် ဖလော်ရီဒါရေလက်ကြားမှ စီးထွက်လာသည်။

ပင်လယ်ရေပူကြောင်း ကပ်၍စီးရာဖြစ်သော ဥရောပ အနောက်မြောက်ဒေသများသည် ယင်းတို့နှင့် လတ္တီတွဒ် တစ်တန်းတည်းကျသော မြောက်အမေရိကတိုက်ရှိ အချို့ဒေသများထက် ပိုနွေးသည်။ ရေပူကြောင်းကိုဖြတ်၍ လာသောအရှေ့တောင်လေသည် ပူနွေးသောအငွေ့များကို သယ်ဆောင်လာသဖြင့် ထိုဥရောပ အနောက်မြောက်ဒေသများ၏ရာသီဥတုသည် အလေးလျော့သည်။ ထိုကြောင့် မြောက်အမေရိကတိုက် လားဗရာဒေါကမ်းခြေရှိ ဆိပ်ကမ်းများသည် ဆောင်းအခါ၌ရေခဲသော်လည်း ယင်းတို့နှင့် လတ္တီတွဒ်တစ်တန်းတည်းတွင်တည်ရှိသော လန်ဒန်နှင့်ပဲရစ်မြို့များတွင် မည်သည့်အခါမျှ ရေမခဲခြင်းဖြစ်သည်။ ရေပူကြောင်းကပ်စီးရာ နော်ဝေးနိုင်ငံ မြောက်ပိုင်းရာသီဥတုသည် ယင်းနှင့်တစ်တန်းတည်းဖြစ်သော ဒေသများထက် ၄၅ ဒီဂရီ ပူသည်။ ထိုကြောင့် နော်ဝေးနိုင်ငံရှိ အာတိတ်စက်ဝိုင်းအတွင်းကျသော ဟမ္မားဖက်မြို့သည် ဆောင်းရာသီ၌ တံငါလုပ်ငန်း၏ အျက်အခြာမြို့ကြီးဖြစ်သော်လည်း ဗော်လတစ် ပင်လယ်ကမ်းခြေရှိ ယင်းမြို့၏တောင်ဘက် မိုင် ၈၈၀ဝေးသောလတ်ဗီးပြည် ရီးဂမြို့ကား ရေခဲတို့ဖြင့်ပိတ်ဖုံးနေသည်။ ယင်းသို့လျှင် ရာသီဥတုကို ပိုမိုပူနွေးစေသောကြောင့် ရေမခဲသဖြင့်၊ ရေကြောင်းသွားလာရေးအတွက်လည်းများစွာ အထောက်အကူရသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ရုရှနိုင်ငံ အခြားဆိပ်ကမ်း များ ရေခဲနေစဉ်တွင်၊ ရေပူကြောင်းကပ်စီးရာ အာတိတ်ဆိပ်ကမ်းမြို့ဖြစ်သော မာမန့်မြို့တစ်မြို့သာရေမခဲသဖြင့် မဟာမိတ်တို့သည် ထိုမြို့မှတစ်ဆင့် ရုရှနိုင်ငံသို့ စစ်ပစ္စည်း အကူအညီများ ပေးပို့နိုင်ခဲ့လေသည်။

ပင်လယ်လောက။ ။တစ်ကမ္ဘာလုံး၏ လေးပုံသုံးပုံခန့်သောအပိုင်းသည် ရေဖြင့်ဖုံးနေသည်။ သမုဒ္ဒရာရေပြင်ကြီးများသည် အလွန်ကြီးရကား အချို့တိုက်များသည်ပင် ရေပြင်အလယ်မှ ကျွန်းငယ်သဖွယ်ဖြစ်နေလေသည်။ ပစိဖိတ်သမုဒ္ဒရာတစ်ခုတည်းကပင် စတုရန်းမိုင် ၆၄ သန်းကျယ်လေသည်။ ရေပြင်၏အနက်သည် ပျမ်းမျှခြင်းအားဖြင့် ပေ ၁၂၀၀၀ နက်၍ အချို့နေရာတို့တွင် ၅ မိုင်အထိ ပင် နက်လေသည်။

ဤမျှအပြောကျယ်လှသော ပင်လယ်ရေပြင်တွင် နေထိုင်တွေ့ရှိရသော တိရစ္ဆာန်များနှင့် အပင်များ၏လောကသည် ကုန်းနေတိရစ္ဆာန်နှင့် အပင်လောကကဲ့သို့ပင် ဆန်းကြယ်လှသည်။ အိမ်များတွင်လူတို့သည် သူ့အထပ်နှင့် သူ့သီးသန့်စီနေထိုင်ကြသကဲ့သို့၊ ပင်လယ်လောက၌လည်း အတိမ်ဆုံးရေပြင်၌မှအပ ရေနက်ဒေသတွင် သူ့ရေကြောနှင့်သူ တကြောစီနေထိုင်ပေါက်ရောက်လျက်ရှိသည်ကို တွေ့ရပေမည်။ ကမ္ဘာမြေပေါ်ရှိ သစ်တောများ၌ သစ်ပင်မျိုးစုံကိုတွေ့ရသကဲ့သို့ပင် ပင်လယ်ရေပြင်၌အပင်မျိုးစုံတွေ့နိုင်သည်။ သစ်ပင်သစ်တောများအောက်တွင် သတ္တဝါသန်းပေါင်း များစွာ မှီတင်းနေထိုင်လျက်ရှိသကဲ့သို့ ရေပင်ရေမွှားတို့အောက်၌ မှီတင်းနေထိုင်လျက်ရှိကြသော သတ္တဝါကြီးငယ် အသွယ်သွယ်တို့သည် မရေမတွက်နိုင်အောင်များပြားလှသည်။ ကုန်းနေသတ္တဝါနှင့် အပင်တို့သည် အရွယ်၊ ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ ပွားများပုံနှင့် ပေါက်ရောက်ပုံစသည်တို့ တစ်ဦးနှင့်တစ်ဦး မတူကြသကဲ့သို့ ပင်လယ်လောကမှ သတ္တဝါနှင့် အပင်များသည်လည်း

www.foreverspace.com.mm



ပင်လယ်လောကတွင်းရှိ ငါးအမျိုးမျိုးတို့သည် ကြီးနိုင်ယည်ဉ်းဆဲတက်ကြ၍၊ သတ္တဝါကြီးတို့က သတ္တဝါငယ်များကိုဖမ်းယူစားလေ့ရှိကြသည်။

အရွယ်အမျိုးမျိုး၊ ပုံအမျိုးမျိုးနှင့် အရောင်အဆင်း၊နေပုံထိုင်ပုံ အမျိုးမျိုးဖြစ်ကြသည်။ အချို့သတ္တဝါကလေးများမှာ သာမန်မျက်စိဖြင့်ပင်မမြင်နိုင်လောက်အောင် သေးငယ်လှသဖြင့် ဆားငန်ရေတစ်စက်တွင် ယင်းတ္တဝါမျိုးထောင်ပေါင်းများစွာပါဝင်လျက်ရှိသည်ကို မှန်ဘီလူးဖြင့်ကြည့်မှ မြင်ရလေသည်။ ယင်း သတ္တဝါမျိုးကလေးများကို ပင်လယ်လောကတွင် အနှံ့အပြားတွေ့ရှိရလေသည်။

အင်္ဂလန်ပြည်တောင်ဘက်ပင်လယ်နှင့် အခြား ပင်လယ်ပြင်တို့တွင် မိုင်ပေါင်းများစွာဖြစ်ပေါ်နေသော ထုံးကျောက်တန်းကြီးများသည် ယင်းသို့သော မှန်ဘီလူးဖြင့်ကြည့်မှ မြင်ရသည့် သတ္တဝါကလေးများ၏ အသေကောင်များ နှစ်ပေါင်းများစွာစုနေရာမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အလွန်နက်သောပင်လယ်ရေ၌ သတ္တဝါကလေးများသည် သူ့အမျိုးနှင့် သူ အထပ်လိုက် ဖြစ်နေကြသည်ကို တွေ့ရမည်။ ပင်လယ်လောကတွင် ဆဲလ်တစ်ခုတည်းသာရှိသော ပရိုတိုဇိုဝါမှစ၍ ရေမြှုပ်၊ သန္တာ၊ အနဲမနီးခေါ် ပင်လယ်မှိုကောင်၊ ရေလက်ဝါးကောင်၊ ကရပ်စတေးဆီးကောင်၊ ငါး၊ လိပ်၊ လင်းပိုင်၊ ဝေလငါး၊ ပင်လယ်ဖျံစသည်ဖြင့် အရွယ်အမျိုးမျိုးရှိသည်။ ပင်လယ်လောကသည် ယင်း၌ ကျက်စားလျက်ရှိသော သတ္တဝါများအတွက် အာဟာရကိုသာ ပေးစွမ်းနိုင်သည်မဟုတ်၊ ကမ်းစပ်နေ သတ္တဝါများနှင့် လူတို့လိုအပ်သော အာဟာရကိုပါ ပေးစွမ်းနိုင်လေသည်။ တစ်နှစ်လျှင် လူတို့စားသုံးရန် ငါးသန်းပေါင်းများစွာ ဖမ်းယူခဲ့သော်လည်း ပင်လယ်ပြင်အကျယ်အဝန်းနှင့် ယင်းအတွင်း နေထိုင်သော ငါးဦးရေနှင့်စာသော် အလွန်ပင်နည်းလှသည်။ နှစ်ရာပေါင်းများစွာကစ၍ လူတို့သည် ငါးများကို ဖမ်းယူစားသောက်ခဲ့ခြင်း၊ အင်အားကြီးသော ရေသတ္တဝါများက အင်အားငယ်သော ရေသတ္တဝါများကို စားသောက်ပစ်ခြင်းစသည်တို့ ကြားမှ ပင် ငါးမျိုးတို့သည် ကုန်သွားဖို့ ဝေးစွာ၊ လျော့သည်ဟုပင် မရှိခဲ့ချေ။

ပင်လယ်လောကတွင်းရှိ ထူးဆန်း အံ့ဩဖွယ်ကောင်းသော သတ္တဝါများအနက် သန္တာကျောက်တန်းကို ဖြစ်စေသည်၊ သတ္တဝါကလေးများလောက် မှတ်သားဖွယ်ကောင်းလောက်အောင် မထူးဆန်းကြချေ။ ယင်းသန္တာကောင်များသည် ပင်လယ်တွင်းရှိ အပင်သက်သက်လည်းမဟုတ်၊ တိရစ္ဆာန်သက်သက်လည်းမဟုတ်ချေ။ သန္တာကောင်

www.foreverspace.com.mm

အပြောကျယ်လှသော ပင်လယ်အောက်တွင် သတ္တဝါကြီးငယ်အသွယ်သွယ်နှင့် အပင်အမျိုးမျိုးတို့သည် မရေမတွက်နိုင်အောင် များပြားလှသည်။ ယင်းတို့သည် အရွယ်၊ ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ ပွားများပုံနှင့် ပေါက်ရောက်ပုံစသည်တို့ တစ်ဦးနှင့်တစ်ဦးမတူကြချေ။ငယ်ရွယ်သော ငါးကလေးမျိုးတို့သည် (အပေါ်ပုံ) ငါးကြီးများ၏ ဘေးရန်မှာ ကာကွယ်သောအားဖြင့် ငါးမှန်း မသိရှိနိုင်အောင် ရုပ်ဖျက်ထားလေ့ရှိကြသည်။ အောက်ပုံမှာမူ အနဲမနီးခေါ် ပယ်လယ်မှိုကောင်များဖြစ်၍ သန္တာကျောက်ခက်တို့တွင် တွယ်ကပ်နေလေ့ရှိကြသည်။

www.myanmarspace.com.mm

သည်ဥမ္မပေါက်၍ ပင်လယ်တီကောင်များကဲ့သို့ ကာလ အတန်ကြာရေကူးနေတတ်သည်။ ထိုနောက် အရာဝတ္ထု တစ်ခုကို တွယ်လိုက်ကာ မြေထဲ၌ သစ်ပင်များပေါက်၍ ကြီးထွားလာသကဲ့သို့ အပင်သဖွယ် ကြီးထွားလာကြ သည်။ ယင်းအကောင်ကြီးများမှ အဖူးအစို့များထွက်၍ ထိုအဖူးအစို့များမှ သန္ဓာအကောင်သစ်များဖြစ်လာကာ နောက်ဆုံး၌ သန္ဓာကောင်အသိုက်အအုံကြီး ဖြစ်လာ သည်။ ယင်းတို့တည်ဆောက်သော အိမ်များသည် သန္ဓာ ကျောက်တန်း၊ တစ်ခါတစ်ရံကန်းမြေသဖွယ်ဖြစ်လာ သည်။ (သန္ဓာ–ရှု။)

ကုန်းပေါ်ရှိ သတ္တဝါများသည် သူတို့၏အသက်တည် တံ့နေနိုင်ရေးအတွက် ကြိုးပမ်းရမှုသည် ပင်လယ်လောက မှ သတ္တဝါများ၏ ကြိုးပမ်းရမှုလောက်မပင်ပန်းချေ။ ဝေ လင်းတစ်မျိုးသည် ဟဲဟားရင်း ငါးအုပ်များကို မလွတ် တမ်း ရှာဖွေစားသောက်ပစ်တတ်သည်။ ပင်လယ်လော ကမှ အချို့သတ္တဝါများသည် သူတို့၏အစာအလို့ငှါ ငါး များကိုသာ ဖမ်းယူစားသောက်သည်မဟုတ်၊ ယင်းငါး များကိုဖမ်းရန် ချထားသောပိုက်ကွန်များကိုပင် ဖျက် ဆီးပစ်ကြသည်။

အချို့ငါးများတွင် အရွယ်နှင့်မလိုက်အောင် အလွန် ကောက်မက်ဖွယ်ကောင်းသောလက်နက်သဖွယ်ဖအင်္ဂါ အစိတ်အပိုင်းများပါလေသည်။ ငမန်းဓားလွယ်ငါးမျိုး၏ အထက်နှုတ်ခမ်းတွင်ပါသော လုံ့သွားသဖွယ် အစွယ် သည် ပင်လယ်လောက၌ အလွန်အန္တရာယ်ပေးတတ် သည်။ လှေသင်္ဘောကြီးများ၏ကိုယ်ထည်သစ်သားကို ပင် ယင်းအစွမ်းဖြင့် ထိုးဖောက်ဖျက်ဆီးတတ်လေသည်။ လွှာသွားကဲ့သို့ ၂ ဘက်သွား အစွယ်ရှိသည့် ခုတ်ငမန်းငါး မျိုးသည်လည်း ပင်လယ်လောကတွင် အလွန် ရန်ပြုနိုင် သော သတ္တဝါမျိုး ဖြစ်၏။ (ငမန်းစွယ်သည်–ရှု။)ပင်လယ် ရေနက်ထဲတွင် တွေ့ရှိရတတ်သော ဘဝဲကောင်များသည် လည်း အလွန်ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါမျိုး ဖြစ်သည်။ ယင်းတို့တွင် အလွန်ရှည်လျားသော လက်တံ ရှစ်ချောင်းပါ၍ လက်တံများတွင်စုတ်အင်္ဂါများဖြင့် ဖုံး အုပ်လျက်ရှိသည်။ ထိုလက်တံများဖြင့် အစာများကို အ လွယ်တကူဖမ်းယူနိုင်ကြသည်။ တစ်ကိုယ်လုံးတွင် ဆူးများ ဖြင့် ပြည့်နှက်နေသော ပင်လယ်ဖြူကောင်မျိုးလည်းရှိသေး သည်။ ပင်လယ် ဖြူကောင်တို့သည် သူတို့၏ ဆူးများဖြင့် ကျောက်ကိုပင် ဖောက်နိုင်ကြသည်။

ပင်လယ်လောကမှ သတ္တဝါများ၌ ရန်မူရန်လက်နက် ရှိသကဲ့သို့ ရန်ကိုကာကွယ် ရန်လက်နက်နှင့် နည်းများ လည်းရှိကြ၏။ ပင်လယ်လောကတွင် ကြီးနိုင်ငယ်ညှင်း ဆဲဟူသည့် သဘောမျိုးအလွန်ရှိသည်။ ယင်းတို့သည် ပင်လယ်တွင်း၌ ပေါက်သော အပင်ကလေးများနှင့် အ ကောင်ငယ်ကလေးများကို ဖမ်းယူစားကြရသည်။ အစား ခံရသော သတ္တဝါများသည် အသက်ဘေးမှ ကာကွယ်ရန် ကျောက်ဆောင်များနှင့် ပင်လယ် မှော်များ၊ သဲ၊ ရွှံ့ စသည် တို့အကြား၌ ပုန်းအောင်း နေထိုင်တတ်ကြသည်။ ခရု၊ ခုံးပျော့နှင့် ကမာကောင်မျိုးတို့၌ကား ကာကွယ်ရန် လက် နက်အဖြစ် ယင်းတို့ ကိုယ်ပေါ်၌ အခွံများများ ရှိကြသည်။ (ကမာ–ရှု။) ပင်လယ်ခူနှင့် ပင်လယ်မှိုကောင်များ၌ရှိသော အဆိပ်မျှင်ကလေးများသည် ရန်သူဘေးမှကာကွယ်ရန် လက်နက်များပင်ဖြစ်သည်။ (ပင်လယ်မှိုကောင်။ ပင်လယ် ခူ–ရှု။) ဥမ္မပေါက်စပင်လယ်သတ္တဝါများတွင် အကောင် ကြီးများကဲ့သို့ အကာအကွယ်များမရှိကြချေ။ ထိုကြောင့် ပေါက်စအကောင်များအရွယ်တွင် များသောအားဖြင့် သေ ကျေပျက်စီးကြရသည်။ တစ်ကြိမ်လျှင် ဥပေါင်းများစွာဥ နိုင်၍သာလျှင် အမျိုးပါပျောက်ကွယ်မသွားခြင်းဖြစ်၏။

ပင်လယ်လောကတွင် မျိုးစဉ်အကြီးပိုင်းသတ္တဝါများ အနက် ပင်လယ်ဖျံမျိုးတွင် အမျိုးများစွာရှိသည်။ ပင် လယ်ဖျံသည် ငါးမျိုးမဟုတ်ချေ။ နို့တိုက်သတ္တဝါမျိုး ဖြစ်သည်။ အချို့ပင်လယ်ဖျံမျိုးသည် ကုန်းပေါ်၌သူတို့၏ ခြေပြား၊ အမြီးတို့ဖြင့် ကောင်းစွာသွားလာနိုင်သော်လည်း ရေနေသတ္တဝါမျိုးသာဖြစ်သည်။ အများအားဖြင့် အာ တိတ် နှင့်အန္တာတိတ်သမုဒ္ဒရာဒေသများတွင် တွေ့ရှိရ သည်။ (ပင်လယ်ဖျံ–ရှု။) ဝေလငါး၊ လင်းပိုင်းခေါင်းတို စသည်တို့သည်လည်း ပင်လယ်လောကတွင် အကြီးဆုံး သောသတ္တဝါမျိုးကြီးများ ဖြစ်သည်။ ဝေလငါးများ အနက် ပေ ၁၀၀ ခန့်အထိ ရှည်တတ်သော အပြာရောင်ဝေလငါး ကြီးမျိုးသည် အဆီအလွန်ရသဖြင့် စီးပွားရေးအရ အဖိုးအလွန်တန်သည်။ (ဝေလငါး ။ လင်းပိုင်း–ရှု ။)

ပင်လယ်ဝမ်းဘဲ ။ ။ ဝမ်းဘဲ–ရှု ။

ပင်လယ်သေ။ ။ကမ္ဘာပေါ်တွင် အငန်ဆုံးသောအိုင် ကြီးဖြစ်သည့် ပင်လယ်သေသည် ပါလက်စတိုင်းနှင့် ထရန် စကျော်ဒန် နိုင်ငံတို့၏ နယ်နိမိတ်ပေါ်တွင် တည်ရှိသည်။ ယင်းသည် ၄၇ မိုင် ရှည်၍၊ ၁၀ မိုင်ကျယ်သည်။ အနက် ဆုံးနေရာတွင် ပေ ၁၃၁၀ ရှိသော်လည်း၊ အချို့နေရာတွင် ၃ ပေမှ ပေ ၃၀ အထိခန့်သာနက်သည်။ မိုင်၅၀မျှသာ ကွာဝေးသော မြေထဲပင်လယ် ရေမျက်နှာပြင်အောက် ပေပေါင်း ၁၂၉၀ နိမ့်သည်။

မြောက်မှတောင်သို့ စီးဆင်းသော ဂျော်ဒန်မြစ်သည် ဂျူးဆလမ်မြို့၏ အရှေ့စူးစူး ၂၅မိုင်ခန့်အကွာတွင် ပင် လယ်သေထဲသို့စီးဝင်သည်။ အရှေ့နှင့် အနောက်ဘက်တို့မှ

www.forewarspace.com.mm

လည်း ချောင်းငယ်မြစ်ငယ်ပေါင်းများစွာစီးဝင်ကြသည်။ တစ်နေ့လျှင် ထိုမြစ်များမှ ရေချိုတန်ချိန်ခြောက်သန်းကျော်စီးဝင်သည့်ကြားမှပင် ပင်လယ်သေ၏ရေသည် သမုဒ္ဒရာရေထက် ခြောက်ဆခန့်ပို၍ ငန်သေးသည်။ ထိုပြင် မြစ်များချောင်းများမှ ရေမည်မျှပင် စီးဝင်စေကာမူ၊ ရေမျက်နှာပြင်မြင့်တက်မလာချေ။ အဘယ်ကြောင့်ဆိုသော်၊ ထိုဒေသ၏ ပြင်းထန်သောအပူရှိန်ကြောင့် ရေများအရိုးအင्ढွေ့ဖြစ်ကာ၊ခန်းခြောက်ကုန်သောကြောင့်ဖြစ်သည်။ ပင်လယ်သေ၏ ရေတွင် အစိုင်အခဲ၊ အများအားဖြင့် ဆား ၂၄ ရာခိုင်နှုန်းခန့်ပါနေသဖြင့် ရေသည် စေးရကား၊ လူ့ခန္ဓာကိုယ်သည်ပင်လျှင် မနစ်ဘဲပေါ်နေနိုင်သည်။ ရေမျက်နှာပြင်ပေါ်တွင် ပက်လက်အိပ်၍၊ စာဖတ်နိုင်သည်ဟုပင် ဆိုကြသည်။ ထိုကြောင့် ယင်းပင်လယ်ကိုသမ္မာကျမ်းစာထဲ၌ ဆားပင်လယ်ဟု ခေါ်ဆိုထားခြင်းဖြစ်သည်။

အလယ်ခေတ်ခရီးသည်များ၏ အဆိုအရ၊ ပင်လယ်သေပေါ်၌ တိုက်ခတ်သောလေသည် အဆိပ်အခိုးအင्ढွေများ ပါသဖြင့်၊ ငှက်များပင် ယင်းပင်လယ်ပေါ်မှ ဖြတ်၍ပျံသန်းခြင်း မပြုဟုသိရသည်။ ယခုခေတ်တွင်မူ၊ ငှက်တို့သည် ပင်လယ်သေသို့မလာကြသည်မှာ အမှန်ဖြစ်သော်လည်း၊ ထိုသို့မလာကြသည်မှာ ယင်းပင်လယ်သည် ဆားငန်လွန်းသဖြင့်၊ မည်သည့် ငါးနှင့်ရေပေါက်အပင်မျိုးမှ မရှိသောကြောင့်ဖြစ်သည်ကို သိရလေသည်။

ပင်လယ်သေထဲတွင် အဖိုးတန် ဓာတ်သတ္တုများရှိသည်။ သာမန်ဆားအပြင်၊ မက်ဂနီဇီယမ်ကလိုရိုက်၊ ပိုတက်ဆီယမ်ကလိုရိုက်နှင့် မက်ဂနီဇီယမ်ဗရိုမိုက်တို့လည်း ရနိုင်သည်။ ကမ်းခြေ တစ်ဝိုက်တွင်လည်း ချော်၊ ကန့်နှင့် သိန္ဓောဆားများရနိုင်သည်။ ရေထဲ၌ ယင်းသို့ ဓာတ်သတ္တုများ ရှိနေရာ၊ ရေမျက်နှာပြင်မှ ထွက်သော ရေင्ढွေ့သည် အနံ့မကောင်းချေ။ သို့ရာတွင် ပင်လယ်သေ၏ရေသည် ရောဂါအချို့ကို ပျောက်ကင်းစေနိုင်သည်ဟုအယူရှိကြသဖြင့်၊ ပင်လယ်၏ အရှေ့ဘက်ရှိ ကယ်လီယာမြို့တွင် ကျန်းမာရေး စခန်းတစ်ခုဖွင့်ထားသည်။

ပင်လယ်ရေသည် စေးထန်း၍အနံ့ပြင်းသော်လည်း၊ ပင်လယ်သေ၏ ရှုခင်းသည် သာယာသည်။ ရေပြင်သည် တောက်ပလျက်ရှိသည်။ ပင်လယ်၏ အရှေ့ဘက်ကမ်းတွင် မိုးအက်ကုန်းပြင်သည် ဖြူဖွေးသောကျောက်တန်တိုင်းကြီးကဲ့သို့ ရေမျက်နှာပြင်အထက် ပေပေါင်း ၄၄ဖဝ်အထိ မြင့်တက် တည်ရှိနေသည်။ အနောက်ဘက်တွင် ပေ ၂၀၀၀ ခန့်ရှိ ဂျူဒီယာကုန်းမြင့်ကြီး တည်ရှိသည်။

ပင်လောင်းပညာ ။ ။ အင်ဗရီသြလိုဂျီ–ရှ ။

ပင်လုံညီလာခံ ။ ။ပြည်ထောင်စု မြန်မာနိုင်ငံ၏ လွတ်လပ်ရေးလမ်းစကို ဖော်ထုတ်ဖန်တီးသည့် ပင်လုံညီညွှတ်ရေးစာချုပ်ကြီး ပေါ်ထွက်ခဲ့ရာ၊ အရင်းအမြစ်ကား ပင်လုံညီလာခံဖြစ်သည်။ ပင်လုံသည် ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းအကြားရှိ လဲချားစော်ဘွားပိုင်နယ်အတွင်းမှ မြို့ကလေးတစ်မြို့ဖြစ်သည်။ မြန်မာနိုင်ငံ၏ မြေပြန့်နှင့်တောင်ပေါ်သားများ ညီလာခံပြုလုပ်၍၊ သွေးစည်းညီညွှတ်မှုရရှိကာ၊ လွတ်လပ်သော ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံချခဲ့သဖြင့်၊ ပင်လုံညီလာခံသည် မြန်မာသမိုင်းတွင် မော်ကွန်းတင်အပ်သောဖြစ်ရပ်တစ်ခုပေတည်း။

မြန်မာနိုင်ငံသည် မြန်မာ့သမိုင်းတစ်လျှောက်လုံး၌ အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းမင်းတရား၊ ဤမင်းသုံးပါး၏လက်အောက်တွင်သာ တစ်နိုင်ငံလုံး တပေါင်းတစည်းတည်းရှိခဲ့ဖူးသည်။ ဗြိတိသျှတို့ စိုးမိုးမှုအောက်တွင် ရှိနေခဲ့စဉ်၊ ရှမ်း၊ ကရင်၊ ကျင်းဖော၊ ချင်း၊ ကယားစသော တောင်ပေါ်သားနှင့် မြေပြန့်သား မြန်မာတို့အား ပရိယာယ်အမျိုးမျိုးနှင့် သွေးခွဲအုပ်စိုးခဲ့သဖြင့်၊ တိုင်းရင်းသားအချင်းချင်း မည်ညွှတ် မစည်းမလုံးဘဲ၊ ကွဲကွဲပြားပြားရှိနေခဲ့ကြလေသည်။

ယင်းသို့ မည်ညွှတ်မစည်းမလုံး၊ ကွဲကွဲပြားပြားရှိနေကြသော တိုင်းရင်းသားတို့သည် ဖက်ဆစ်ဂျပန်ကို တော်လှန်ကြရာတွင်မူကား၊ သွေးစည်းညီညွှတ်ခဲ့ကြသည်။ ထိုကြောင့် ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသော အမျိုးသားခေါင်းဆောင်ကြီးများသည် ဂျပန်လက်အောက်မှ မြန်မာနိုင်ငံလွတ်မြောက်ပြီးနောက်၊ လွတ်လပ်ရေးကို ဆက်လက်ကြိုးပမ်းရာတွင်လည်း၊ တိုင်းရင်းသားပေါင်းစုံ၏ သွေးစည်းညီညွှတ်မှုကို ဆက်လက်ရရှိစေရန် ကြိုးပမ်းကြလေသည်။ ဖက်ဆစ်ဂျပန်တို့ မြန်မာနိုင်ငံမှ ထွက်ခွာသွားပြီးနောက် ဗြိတိသျှအစိုးရ ပြန်ဝင်လာချိန်တွင်၊ မြန်မာတိုင်းရင်းသားတို့သည် လွတ်လပ်ရေးစိတ်ဓာတ် အလွန်ပြင်းပြတက်ကြွနေကြသည်။ ထိုအချိန်တွင် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့(ဖ–တ–ပ–လ)ကို ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်လပ်ရေးအဖွဲ့ (ပ–ဆ–ပ–လ) အဖြစ်ပြောင်းလဲလိုက်သည်။ (ဖ–ဆ–ပ–လ––ရှ။) ဖ– ဆ – ပ–လ အဖွဲ့ကြီးကို ပြည်သူလူထုက အင်တိုက်အားတိုက် ထောက်ခံအားပေးကြသည်။

မြန်မာနိုင်ငံ၌ မကြုံစဖူးစည်းလုံးနေကြသည်ကို တွေ့လိုက်ရသော ဗြိတိသျှတို့သည် တောင်တန်း ဒေသများဘက်သို့ လှည့်၍ သွေးခွဲကြည့်ကြပြန်သည်။ ဗြိတိသျှတို့၏ ကြံရွယ်ချက်ကား၊ အကယ်၍ မြန်မာပြည်မကို လွတ်လပ်ရေး ပေးလိုက်ရစေကာမူ၊ တောင်တန်းဒေသများကို

www.foreverspace.com.mm

တိုင်းရင်းသားများ စည်းလုံးညီညွတ်ရေး သရုပ်ဖော် ပင်လုံညီလာခံ ပန်းချီကား

တတ်နိုင်သလောက် ဆုပ်ကိုင်ထားရန်ပင်ဖြစ်လေသည်။ ထိုအကြံကိုသိနှင့်သော ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းသားတို့နှင့် စည်းလုံးမှုရရန်အတွက် အမျိုးမျိုး ဆောင်ရွက်ရလေသည်။

၁၉၄၆ခုနှစ်ဧနခါရီလအတွင်း ရွှေတိဂုံကုန်းတော် အလယ်ပစ္စယံ၌ကျင်းပသော ဖ–ဆ–ပ–လညီလာခံကြီးတွင်

၁။ အင်္ဂလိပ်တို့ မြန်မာပြည်ကို သိမ်းပိုက်သောအခါက ရှမ်းပြည်နယ်ကိုပါတပါတည်းသိမ်းပိုက်ခဲ့ကြောင်း၊ ယခုဗမာပြည်ကိုလက်လွှတ်ရမည့်အခါသို့ရောက်သောအခါ၊ ရှမ်းပြည်နယ်ကိုမချန်ဘဲ၊ တစ်ပါတည်းလက်လွှတ်သင့်ကြောင်း။

၂။ မြန်မာပြည်နှင့်ရှမ်းပြည်နယ် လွတ်လပ်ရေးကိစ္စကြီးတွင် ရှမ်းပြည်နယ်ခေါင်းဆောင်များနှင့် မြန်မာပြည်ခေါင်းဆောင်များသော ဆွေးနွေးသင့်ကြောင်း၊ တတိယပါတီ မပါဝင်သင့်ကြောင်း။

၃။ ရှမ်းပြည်နယ် ခေါင်းဆောင်များနှင့် မြန်မာပြည်ခေါင်းဆောင်များမတွေ့နိုင်အောင် လုပ်ထားသောနယ်နှင့် ဥပဒေကိုဖျက်သိမ်းသင့်ကြောင်း။

စသည့် သဘောအချုပ်ပါဝင်သော အဆိုတစ်ရပ်ကိုတင်သွင်းကာဆုံးဖြတ်လေသည်။ ယင်းဆုံးဖြတ်ချက်ကို တိုင်းရင်းသား အဖွဲ့အစည်းများအားလုံးသို့ပေးပို့ကာ အချင်းချင်း ညှိနှိုင်းတိုင်ပင်ကြစေသည်။

ထို ၁၉၄၆ ခုနှစ် နှစ်ဦးပိုင်းတွင်ပင် ရှမ်းပြည်ပင်လုံမြို့၌ ပဌမအကြိမ် စည်းဝေးသော စောဘွားများညီလာခံသို့ မြန်မာပြည်မှကိုယ်စားလှယ်အဖြစ် သခင်နု (ယခုဝန်ကြီးချုပ် ဦးနု)၊ ဦးဘဂျမ်းနှင့် မန်းဘခိုင် (ဗိုလ်ချုပ်တို့နှင့် အတူ ကွယ်လွန်သူ)တို့တက်ရောက်ခဲ့၏။ မြန်မာခေါင်းဆောင်များသည် စီးပွားရေးချို့တဲ့မှု၊ ပညာရေး ချို့တဲ့မှုတို့ကြောင့် အတိဒုက္ခရောက်ကြရပုံ၊ အောက်ကျနောက်ကျနိုင်ပုံတို့ကို ပြတ်ပြတ်သားသား ရှင်းလင်း ပြောဆိုကာ၊ ဗြိတိသျှနယ်ချဲ့တို့၏ဝါဒဖြန့်မှုကြောင့် တွေဝေနားယောင်နေသော ရှမ်းအမျိုးသားများကို ညီညွတ်ရေးအတွက် ဆွဲဆောင်ခဲ့လေသည်။

ထိုမျှမကသေး၊ ဗိုလ်ချုပ်နှင့်တကွအမျိုးသားခေါင်းဆောင်ကြီးများသည် မြန်မာနိုင်ငံတောင်ဖက်ဖျား မြိတ်

www.foreverspace.com.mm

မြို့မှခြေကက်ဘက်ဖျား မြစ်ကြီးနားအဆုံး၊ ရခိုင်ပြည်၊ ကလား ပြည်နယ်ပါမကျန်၊ ပြည်မနှင့်တောင်တန်းသွေး မည်းညီညွတ်ရေးအတွက် ဆောင်ရွက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဧနှစ်ဝါရီလတွင် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်များ ဗြိတိန်သို့ သွားရောက်ပြီးလျှင်၊ မြန်မာနိုင်ငံသို့ အာဏာလွှဲပြောင်းပေးရေး ကိစ္စများကို ဗြိတိသျှအစိုးရနှင့်စေ့စပ်နိုးနှောချ အသေးစိတ်ဆွေးနွေးစဉ်၊ မြန်မာနိုင်ငံ၌ကျန်ရစ်သော အမျိုးသားခေါင်းဆောင်များသည် လူစုခွဲကာ၊ တောင်တန်းဒေသများသို့ အသီးအသီးသွားရောက်၍၊ တိုင်းရင်းသားစည်းလုံးမှုအတွက် နားလည်မှုရအောင် ဆောင်ရွက်ခဲ့ကြသည်။ ထိုမှတစ်ပါး လွတ်လပ်ရေး အကောင်အထည် ပေါ်ပေါက်လာစေရန် ရည်သန်၍၊ ဖ–ဆ–ပ–လ အလံတော်အောက်ရှိ လူထုအစည်းအရုံးတို့သည် ပြင်ဆင်မှုအမျိုးမျိုးတို့ကို ပြင်ဆင်ခဲ့လေသည်။ ၁၉၄၇ ခုနှစ် ဧနှစ်ဝါရီလ ၂၇ရက်နေ့တွင် အောင်ဆန်း–အက်တလီစာချုပ်ကို လက်မှတ် ရေးထိုးပြီးစီးခဲ့လေပြီ။ (အောင်ဆန်း–အက်တလီစာချုပ်–ရှု။)

အောင်ဆန်း–အက်တလီစာချုပ်တွင် နယ်ခြားဒေသများနှင့် မြန်မာပြည်မတို့ပေါင်းစည်းရေးအတွက် ဖေဖော်ဝါရီလဆန်တွင် ကျင်းပမည်ဖြစ်သော ပင်လုံအစည်းအဝေးတွင် ဖြစ်စေ၊ သို့မဟုတ် အထူးကွန်ဖရင့်တစ်ရပ်တွင် ဖြစ်စေ နယ်ခြားဒေသရှိ လူများ၏ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကိုမေးမြန်းရမည် စသည်ဖြင့်ပါရှိလေသည်။ ထိုကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပင်လုံ၌ ဒုတိယအကြိမ် ညီလာခံကို ကျင်းပရလေသည်။

ဤဒုတိယအကြိမ် ပင်လုံညီလာခံကို ၁၉၄၇ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် စတင်ကျင်းပ၏။ ထိုနေ့တွင် ရှမ်းနှင့်ကချင်ကိုယ်စားလှယ်များ စည်းဝေးဆွေးနွေး၍၊ ဖေဖော်ဝါရီလ ၇ရက်နေ့တွင် တစ်ဖန်ချင်းအမျိုးသားကိုယ်စားလှယ်တို့ ရောက်ရှိလာသဖြင့် ဆက်လက်ဆွေးနွေးကြပြီးနောက်–

(၁) မြန်မာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းအမျိုးသားတို့၏ လွတ်လပ်ရေးသည် ပိုမိုလျင်မြန်စွာ ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း။

(၂) ဒီမိုကရေစီ နည်းစံနစ်အရ မြန်မာလူမျိုးတို့ ရရှိခံစားနေသည့် အဆင့်အတန်း၊ အခွင့်အရေးများနှင့် အကျိုးစီးပွားများကဲ့သို့ ရှမ်း၊ ကချင်၊ ချင်းတို့လည်း ရရှိခံစားရန် လိုလားကြောင်း။

(၃) ရှမ်း၊ကချင်နှင့် ချင်းအမှုဆောင်ဝန်ကြီးများသည် မိမိတို့နှင့်သက်ဆိုင်ရာ ပြည်တွင်းရေးကိစ္စအဝဝတို့တွင် မိမိတို့သာလျှင်တာဝန်ခံ၍ အများနှင့် သက်ဆိုင်ရာကိစ္စများ (ကာကွယ်ရေး၊ နိုင်ငံခြား ဆက်သွယ်ရေး၊ မီးရထား၊ ဆိပ်ကမ်းခွန်စသည်) တို့ကို မြန်မာများနှင့် ပူးပေါင်းတာဝန်ခံ လိုကြောင်းဟူ၍ ဆုံးဖြတ်ချက်များချမှတ်ခဲ့လေသည်။ ထိုဆုံးဖြတ်ချက်များကို အစည်းအဝေးဥက္ကဋ္ဌ တောင်ပိုင်းစော်ဘွားကြီး စောခွန်းပန်းစိန်က အသံလွှင့်ရုံသို့သံကြိုးရိုက်ကြားကာ ကြေညာစေသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဦးတင်ထွဋ်၊ ဆာမောင်ကြီး၊ ဦးအောင်ဇံဝေ၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်သိမ်းဆွေ၊ ဦးဖေခင်၊ သခင်ဝတင်တို့နှင့်အတူ အစည်းအဝေးတက်ရောက်နိုင်ရန်အတွက် ဖေဖော်ဝါရီလ၈ရက်နေ့ ညနေပိုင်းတွင် ပင်လုံသို့ဆိုက်ရောက်သွားသည်။ ဗြိတိသျှအစိုးရက အကဲခတ်ရန်စေလွှတ်သော ဒိုမီနီယန်အတွင်းဝန်ကလေး ဗော့တွမ်မလေအမှုးရှိသော ဗြိတိသျှအရာရှိကြီးများ၊ အမေရိကန်ကောင်စစ်ဝန်နှင့် ဝန်ကတော်၊ စစ်ဘက်ဆိုင်ရာ အရာရှိများနှင့် ဂုဏ်သရေရှိအမျိုးသားညီလာခံ အမျိုးသမီးများလည်းလိုက်ပါသွားကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ပင်လုံတွင် တောင်တန်းဒေသကိုယ်စားလှယ်များနှင့် သုံးရက်ခန့် ပွင့်ပွင့်လင်းလင်းဆွေးနွေးလေသည်။

ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက–

"ပင်လုံ အစည်းအဝေးသို့ အကြောင်းနှစ်မျိုးကြောင့်လာရကြောင်း၊ ပဌမမှာ မြန်မာပြည်ရှိလူမျိုးများညီညွတ်ရေးအတွက်ဖြစ်၍၊ အခြားအကြောင်းမှာ လန်ဒန်ဆွေးနွေးပွဲ၌ တောင်တန်းဒေသနှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်လုပ်ကိုင်ခဲ့သည်ကို ပြောဆိုရှင်းလင်းပြရန် ဖြစ်ကြောင်း၊

ကမ္ဘာ့နိုင်ငံရေးအရ မြန်မာပြည်ရှိ လူမျိုးအားလုံးမှာ ညီညွတ်ရန် လိုကြောင်း။ တစ်နည်းအားဖြင့်ဆိုလျှင်၊ မြန်မာပြည်လွတ်လပ်ရေးမှာ ရပြီဟုဆိုနိုင်ကြောင်း၊ ယခုကျန်ရှိနေသောပြဿနာမှာ တောင်တန်းနယ်ကိစ္စပင်ဖြစ်ကြောင်း။

ဗိလတ်ဆွေးနွေးပွဲ၌ မြန်မာကိုယ်စားလှယ်များက တောင်တန်းနယ်လွတ်လပ်ရေးကို တစ်ချိန်တည်းမပေးခဲ့လျှင်၊ မြန်မာပြည်လွတ်လပ်ရေးမှာလည်း တကယ့်လွတ်လပ်ရေးမဖြစ်နိုင်ဟုပြောဆိုခဲ့ကြောင်း။ တောင်တန်းနယ်ကို ဗြိတိသျှတို့က တိုက်ရိုက်အုပ်ချုပ်ခြင်းကို မြန်မာလူမျိုးများက မကြိုက်ကြောင်း။ တောင်တန်းနယ်ကို တောင်တန်းလူမျိုးများသာ အုပ်ချုပ်စိုးမိုးခြင်းကို မြန်မာများ ကကြိုက်ကြောင်း။

ဗြိတိသျှတို့က တောင်တန်းနယ်ရှိလူမျိုးများသည် အောက်ကျနောက်ကျ ဖြစ်နေသေးသဖြင့်၊ လွတ်လပ်ရေးနှင့် မတန်ဟုထင်ကြောင်း။ ထိုသို့ထင်မြင်ချက်ကို မြန်မာများက သဘောမတူကြောင်း။ မြန်မာပြည်လွတ်လပ်ရေးရသည်နှင့် တောင်တန်းနယ်လွတ်လပ်ရေး ရရမည်ဟု

www.foreverspace.com.mm

မြန်မာများကထင်ကြောင်း။ မြန်မာများသည် တောင်တန်းဒေသအတွက် ပြောဆိုခြင်းမှာ အုပ်ချုပ်စိုးမိုးလို၍ ဖ

်တ်၊ သို့ရာတွင် တောင်တန်းနယ်များသည် မြန်မာပြည်နှင့်တန်းတူ အဆင့်အတန်း အခွင့်အရေး ရစေလိုသော ကြောင့်ပင် ဖြစ်ကြောင်း။

မြန်မာများသည် ဗြိတိသျှ၏ကျွန်မဖြစ်လိုကြောင်း။ ထိုနည်းတူစွာတောင်တန်း လူမျိုးများလည်း ဗြိတိသျှ ကျွန်များ အဖြစ်မရောက်စေလိုကြောင်း။ ထိုပြင် တောင်တန်းလူမျိုးများသည် မြန်မာ့ကျွန်မဖြစ်စေလိုကြောင်း။ တောင်တန်းနယ် စီမံအုပ်ချုပ်ရေးမှာ၊ ကောင်စီ၏ လက်ထဲရှိနေလိမ့်မည် ဖြစ်ကြောင်း။ ထိုကောင်စီအဖွဲ့ထဲ၌ တောင်တန်းနယ်မှကိုယ်စားလှယ်တစ်ယောက် ရှိလိမ့်မည် ဖြစ်ရာ၊ ယင်း၏ လက်ထဲမှာကား ထိုအုပ်ချုပ်ရေးရှိမည် ဖြစ်ကြောင်း။

ဗြိတိန်မှာ မြန်မာပြည်၌ ကြာရှည်စွာ အုပ်စိုးရန် အခွင့်အခါ မရှိတော့ကြောင်း။ စောစော သို့မဟုတ် အနည်းငယ်ကြာလျှင်၊ ယင်းတို့သည် မြန်မာပြည်ကို စွန့်လွှတ်ရတော့မည်ဖြစ်ကြောင်း။ ထိုကြောင့် ကျွန်ုပ်တို့သည် အဆင်သင့်ရှိရမည့်အပြင်၊ ကျွန်ုပ်တို့ ကိုယ့်ကိုအားကိုးအားထားလုပ်ရမည်ဖြစ်ကြောင်း၊ ထိုနေရာ၌ ညီညွတ်ရေးမှာ အလွန်စွာပင်လိုကြောင်း။ လွတ်လပ်ရေး ရပြီးသောအခါမှာပင်၊ အဆင့်အတန်း မြင့်နိုင်ကြောင်း၊ လွတ်လပ်ရေး မရလျှင်၊ လက်ရှိ အောက်ကျနောက်ကျဖြစ်နေသော အဆင့်အတန်းကို မြှင့်တင်နိုင်ရန် မဖြစ်နိုင်ကြောင်း။

လူဖြူဖြစ်စေ၊ လူမည်းဖြစ်စေ၊ မည်သူ့ကိုမဆိုမကြောက်ရွံ့နှင့်၊ ယင်းတို့က တောင်တန်းလူမျိုးများကို မေးခဲ့လျှင်၊ တောင်တန်း လူမျိုးများက လွတ်လပ်ရေးလိုချင်တယ်ဟု ပြောရမည်ဖြစ်ကြောင်း၊ ခြောက်လျှင်လည်း မကြောက်ကြနှင့်၊ ချော့လျှင်လည်း မပျော့ကြနှင့်၊ တောင်တန်းလူမျိုးများသည် မြန်မာပြည်ကဲ့သို့ တူညီသောအဆင့်အတန်းကိုလိုချင်သည်ဟု ပြောရမည်ဖြစ်ကြောင်း၊ ဒါကို ယနေ့ပြောလိုက်လျှင် နက်ဖြန်အဆွေတို့ လွတ်လပ်ရေး ရမည် ဖြစ်ကြောင်း။" စသည်ဖြင့် မိန့်ကြားကာ တောင်တန်း ဗမာစည်းလုံးရေးအတွက် ကြိုးပမ်းခဲ့လေသည်။

ဖေဖော်ဝါရီလ ၁၀ရက်နေ့တွင် တိုင်းပြည်ဘဏ္ဍာရေးအခြေအနေကို တင်ပြ ဆွေးနွေး၏။ ၁၁ ရက်နေ့ ညတွင်မူ မြန်မာပြည်နှင့် တောင်တန်းနယ်များပူးပေါင်းရေးအခြေခံသဘောတူညီမှုအတွက် အထိမ်းအမှတ်ဖြစ် ပင်လုံညစာစားပွဲကြီး တည်ခင်းကျွေးမွေးလေသည်။ ထိုညစာစားပွဲ၌ ဗိုလ်ချုပ်အောင်ဆန်းအား မိန့်ခွန်းပြောရန် တောင်းပန်သဖြင့်

ပင်လုံညီလာခံကျင်းပရာ ပင်လုံမြို့ရှိ တိုင်းရင်းသား စည်းလုံးရေး အထိမ်းအမှတ် ကျောက်တိုင်

"တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင်၊ လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး၊ အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိမှာဘဲ၊ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတစ်ခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်၊ လုပ်ကြည့်မှာလဲအကျိုးရှိကြောင်းသိနိုင်တယ်" စသည်ဖြင့် စည်းလုံးရေးနှင့် တိုင်းပြည်ရှေ့ရေးအတွက် မိန့်ကြားခဲ့၏။

ထိုညစာစားပွဲတွင်ပြန်ကြားသည့် တောင်ပိုင်စော်ဘွားကြီး၏မိန့်ခွန်းမှာ ဤသို့ ဖြစ်သည်။

"ယနေ့ညဟာ နေ့ကောင်းရက်ကောင်းဖြစ်တဲ့ ညပါပဲ၊ ယခု ဒုတိယအကြိမ်မြောက် ပင်လုံအစည်းအဝေးကြီးမှာ ရာဇဝင်တွင်မကြုံဘူးသော အစည်းအဝေးကြီးဖြစ်ပါတယ်။ ရှေးအခါက ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်၊ ချင်း အမျိုးသားတို့ အချင်းချင်း အထင်မှားသဘောကွဲလွဲချက်များ ရှိခဲ့သော်လဲ ယခုတော့ ဒီသဘောကွဲလွဲချက်များ မရှိတော့ပါဘူး၊ ဗမာနှင့်ရှမ်းစသောတောင်တန်းနယ်သားများ အားလုံးတို့ ကောင်းရာကောင်းကြောင်းအချိန်သို့ ဆိုက်ရောက်လာပါပြီ၊ ဒီအစည်းအဝေးကြီးမှာ ကျွန်တော်တို့ အချင်းချင်းတွေ သွေးကွဲအောင်ခြေထိုးသူတွေ ရှိကြောင်းကို သိပါတယ်။ သူတို့ရှိပေမဲ့ ကျွန်တော်တို့မအပါဘူး၊ ကျွန်တော်တို့လိုလားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးမယ် ဆိုတာယုံကြည်ပါ။ ချုပ်ချယ်

www.foreverspace.com.mm

တဲ့ စံနှစ်ခြောင့်သာ ကျွန်တော်တို့ အောက်ကျနောက်ကျ ဖြစ်ခဲ့ရတာပါ။ ရှေ့အဖို့ လွတ်လပ်တဲ့အခါမှာ အခြား လွတ်လပ်တဲ့ နိုင်ငံကြီးများနဲ့ တန်းတူ အောက်မကျအောင် ဆောင်ရွက်နိုင်ပါတယ်။ ယခု နယ်ရှင်စော်ဘွားများဟာ အရင်ကလိုမဟုတ်တော့ပါဘူး၊ တိုင်းပြည် ကိုယ်စားလှယ်တော်များနှင့် တန်းတူပူးပေါင်းကာ ဆောင်ရွက်ကြပါတော့မယ်။

"အထူးသဖြင့် ဗိုလ်ချုပ် ဦးအောင်ဆန်း ကြွရောက်လာပြီး၊ ညီညီညွတ်ညွတ် ဖြစ်အောင် ဆောင်ရွက်ပေးတာကိုလဲ အလွန်ဘဲ ကျေးဇူးတင် ဝမ်းမြောက်ကြပါတယ်။ ရှေ့အဖို့မှာ ဗိုလ်ချုပ်ဦးအောင်ဆန်း၏ အလိုဆန္ဒအတိုင်း တသွေးတသားတည်း ညီညွတ်ကြမည်ကို ယုံကြည်စေလိုပါတယ်။ ဤသို့သိုက်မြိုက်စုံလင်စွာ ကြွရောက်ချီးမြှင့်ကြသည်ကို ရှမ်းစော်ဘွားများကိုယ်စား ကျွန်တော်က အထူးကျေးဇူးတင်ပါတယ်"

နောက်တစ်နေ့၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက် နေ့နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တောင်တန်းကိုယ်စားလှယ် ၂၁ ဦးတို့သည် တိုင်းရင်းသားညီညွတ်ရေး အဆောက်အအုံကို တည်ဆောက်မည့် ပင်လုံစာချုပ်ကြီးကို တညီတညွတ်တည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

လက်မှတ်ရေးထိုးကြသော ကိုယ်စားလှယ်တော်ကြီးများမှာ–

၁။ ဗိုလ်ချုပ်အောင်းဆန်း၊ မြန်မာပြည် ခေါင်းဆောင်
၂။ ခွန်ပန်းစိန်၊ တောင်ပိုင်းစော်ဘွား
၃။ စဝ်ရွှေသိုက်၊ ညောင်ရွှေစော်ဘွား
၄။ စဝ်ဟုံဖ၊ မြောက်ပိုင်း သီန္ဒီစော်ဘွား
၅။ စဝ်ခွန်၊ လဲချား စော်ဘွား
၆။ စဝ်ထွန်းအေး၊ သားမိုင်းခန်းစော်ဘွား
၇။ ခွန်ပန်း၊ လူထုကိုယ်စားလှယ်၊ မြောက်ပိုင်းသိန္ဒီ
၈။ ဦးတင်အေး၊ လူထုကိုယ်စားလှယ်၊ တောင်ကြီး
၉။ ဦးကြာပု၊ လူထုကိုယ်စားလှယ်၊ သီပေါ
၁၀။ စဝ်ယစ်ဖ
၁၁။ ဆမားဒူဝါ ဆင်ဝါးနောင်၊ ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား
၁၂။ ဒူဝါဇော်ရစ်
၁၃။ ခွန်ထီး၊ လူထုကိုယ်စားလှယ်၊ ပင်လုံ
၁၄။ ဦးထွန်းမြင့်၊ လူထုကိုယ်စားလှယ်၊ မောက်မယ်
၁၅။ ခွန်စော၊ လူထုကိုယ်စားလှယ်၊ ပင်းတယ
၁၆။ ဦးဖြူ၊ ကျိုင်းထုံစော်ဘွား ကိုယ်စား
၁၇။ တန်ရဒေါင်၊ ကချင်ကိုယ်စားလှယ်၊ မြစ်ကြီးနား
၁၈။ ဒူဝါဇော်လွန်း၊ ကချင်ကိုယ်စားလှယ်၊ ဗန်းမော်
၁၉။ လဘန်းဂရောင်း၊ ကချင်ကိုယ်စားလှယ်၊ ဗန်းမော်
၂၀။ ဦးလှမောင်၊ ချင်းကိုယ်စားလှယ်၊ ဖလမ်း
၂၁။ ဦးသောင်ဇာခုတ်၊ ချင်းကိုယ်စားလှယ်၊ တီးတိန်
၂၂။ ဦးဝမ်းကိုဟော၊ ချင်းကိုယ်စားလှယ်၊ ဟားခါး

ယင်းသို့ဖြင့် ပင်လုံညီလာခံကြီးသည် အောင်မြင်ကြွေ့ ခိုင်သောပင်လုံစာချုပ်ကြီးကို မွေးထုတ်ခဲ့လေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖြစ်မြောက်ရေးကို အုတ်မြစ်ချခဲ့သော ထိုနေ့ထိုရက်ကို 'ပြည်ထောင်စုနေ့' ဟု သတ်မှတ်ပြီးလျှင် ရုံးပိတ်တစ်ရက်အဖြစ် နိုင်ငံတော်အစိုးရကအသိအမှတ်ပြုထားလေသည်။(ပြည်ထောင်စုနေ့–ရှု။) ပြည်မနှင့် တောင်ပေါ်သားတို့ အထူးစည်းလုံးမှုရရှိခဲ့သော ပင်လုံညီလာခံကြီး ကျင်းပ၍ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် နေရာတွင် ၁၉၄၈ ခုနှစ် ဇန်နဝါရီလက မော်ကွန်းကျောက်တိုင် စိုက်ထူထားလေသည်။

ပင်းဝီလျံ (ခရစ် ၁၆၄၄–၁၄၁၈)။ ။အမေရိကန်ပြည်ထောင်စုဝင် ပင်ဆီလဗေးနီးယားပြည်နယ်ကို စတင်တည်ထောင်သူဝီလျံပင်းသည် အင်္ဂလိပ်လူမျိုး ကွိတ်ကာဂိုဏ်းဝင် ထင်ရှားသူတစ်ဦးဖြစ်သည်။ (ပင်ဆီလဗေးနီးယားပြည်နယ်–ရှု။)ဖခင်မှာ ရေတပ်ဗိုလ်ချုပ်မှူး ဆာဝီလျံပင်းဖြစ်၍ မိခင်မှာ'ပ်ချ အမျိုးသမီးတစ်ဦး ဖြစ်သည်။ ပင်းအား ၁၆၄၄ ခုနှစ် အောက်တိုဘာလ ၁၄ ရက်နေ့တွင် လန်ဒန်မြို့၌ ဖွားမြင်သည်။

၁۶۶۰ ပြည့်နှစ်တွင် ပင်းသည် အောက်စဖို့ တက္ကသိုလ် ခရိုက်စချပ်ကောလိပ်ကျောင်းသို့ တက်ရောက် ပညာသင်ကြားခဲ့သည်။ ထိုသို့ ပညာသင်ကြားနေစဉ်၊ ပင်းသည် အောက်စဖို့တက္ကသိုလ်၌ကျင်းပသော သာသနာရေး ဝတ်ပြုပွဲများကို တဖြည်းဖြည်းစိတ်နှင့်မတွေ့ဖြစ်လာကာ၊ မတက်ဘဲနေလိုက်ရာ၊ ကျောင်းအာဏာပိုင်များ၏ ဒဏ်တပ်ခြင်းကို မကြာခဏခံရလေသည်။ သို့ရာတွင် ပင်းသည် ၁۶۶၁ခု တွင် ကွိတ်ကာခရစ်ယာန်ဂိုဏ်းသို့ အတိအလင်းကူးပြောင်းသွားသဖြင့်ကျောင်းထုတ်ခံရလေသည်။ ထိုသို့ ကွိတ်ကာတဦးဖြစ်သွားသောကြောင့်၊ မှူးမတ်အဆင့်အတန်းသို့ တိုးမြှင့်ခြင်းခံရဆဲဆဲဖြစ်သော ဖခင်ဖြစ်သူမှာလည်း၊ အဆင့်အတန်းတိုးမြှင့်ပေးခြင်း မခံရတော့ပေ။ ဖခင်ဖြစ်သူသည် ပင်းအား အတော်ပင်ဒေါသထွက်၍ အိမ်မှနှင်လိုက်သည်။ နောက်မကြာမီပင် အမျက်ပြေသွား၍ ဥရောပတိုက်နိုင်ငံများ၏ ပေါင်းသင်းဆက်ဆံရေးလောကတွင်၊ သားဖြစ်သူသည် နစ်မွန်းသွားပါက၊ အယူဝါဒရေးရာ အစွဲအလန်းများ ပျောက်ပျက်သွားလိမ့်မည်ဟူသောမျှော်လင့်ချက်ဖြင့် ပင်းအား ပြင်သစ်၊ ဣတလီစသောနိုင်ငံများသို့ လွှတ်လိုက်လေသည်။

www.foreverspace.com.mm

ပင်ဆီလဗေးနီးယားပြည်နယ်ကို စတင်တည်ထောင်သူ ဝီလျံပင်း

၂ နှစ်ခန့်ကြာ၍ ယင်းနိုင်ငံများမှပြန်လာသောအခါ၊ ပင်းသည် သိသိသာသာ ပြောင်းလဲလာသဖြင့်၊ ဖခင်ဖြစ်သူက ဥပဒေပညာလေ့လာရန် လန်ဒန်မြို့သို့ပို့ပေးသည်။ သို့ရာတွင် ပင်းသည် ၁۶۶၇ခုနှစ်တွင် ဖခင်ပိုင် ပစ္စည်းဥစ္စာများကို စီမံအုပ်ချုပ်ရန် အိုင်ယာလန်ပြည်သို့သွားယင်း၊ ကွိတ်ကာအယူအဆများသို့ တစ်ဖန်စိတ်လည်သွားပြန်သည်။ ထိုအချိန်က ပင်းသည် အသက် ၂၃နှစ်သာရှိသေး၍၊ အလားအလာများစွာရှိသူတစ်ဦးဖြစ်သည်။ သို့ရာတွင် မိမိ၏ကိုယ်ကျိုးကိုပင် စွန့်လွှတ်လိုက်ကာ၊ ထိုအချိန်က အလွန်အဖိအနှိပ်ခံနေရသော ကွိတ်ကာဂိုဏ်းသို့ ခြေစုံပစ်ဝင်လိုက်သည်။

ပင်းသည် ကွိတ်ကာ တရားဟောဆရာနှင့် စာရေးဆရာ အဖြစ်ဖြင့်၊ သုံးကြိမ်တိုင်တိုင် ထောင်ကျဖူးသည်။ ပဌမအကြိမ်က လန်ဒန်ရဲတိုက်ကြီးတွင် အကျဉ်းချခံရသည်။ ထိုသို့ အကျဉ်းခံနေရစဉ်တွင် ပင်းသည် 'သရဖူမလို၊ လက်ဝါးကပ်တိုင်မလို' ဟူသော စာအုပ်ကိုရေးသားခဲ့သည်။ ယင်းသည့်စာအုပ်သည် အင်္ဂလိပ်ဘာသာဖြင့်ရေးသားထားသော ခရစ်ယာန်အယူဝါဒဆိုင်ရာ အကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်သည်။ နောက်တစ်နှစ်တွင် အဓိကရုဏ်းဖြစ်ပွားအောင် ပူးပေါင်းကြံစည်သည်ဟူသော စွပ်စွဲချက်ဖြင့်၊ ပင်းသည် 'မိတ်ဆွေများအသင်း' (ကွိတ်ကာ) အစည်းအဝေးတခုတွင် တက်နေစဉ်၊ အဖမ်းခံရပြန်သည်။ သူ၏ဖခင် သေဆုံးပြီးနောက်၊ ၁۶၇၀ ပြည့်နှစ်တွင် တတိယအကြိမ် အဖမ်းခံရသည်။

၁۶၇၇ခုနှစ်တွင် ပင်းသည် ဂျော့ဖော့အစရှိသော ကွိတ်ကာ ခေါင်းဆောင်များနှင့်အတူ၊ ဟော်လန်နှင့် ဂျာမနီနိုင်ငံများသို့ သွားခဲ့စဉ်က၊ ကွိတ်ကာတို့အတွက် လွတ်လွတ်လပ်လပ် နေထိုင်နိုင်ရန် နယ်သစ် လိုလားနေကြသော စိတ်အားထက်သန်သူကွိတ်ကာများနှင့်တွေ့ခဲ့သည်။ အမေရိကတိုက်တွင် ကွိတ်ကာတို့အတွက် နယ်သစ်ရမှသာလျှင် ကွိတ်ကာတို့အန္တရာယ်ကင်းစွာ နေထိုင်ကိုးကွယ်နိုင်မည်ကို သိသော ပင်းသည် ၁۶၈၀ပြည့်နှစ်တွင် ဒုတိယချားဘုရင်ထံ၌နယ်သစ်တစ်ခုပေးသနားရန်လျှောက်ထားသည်။ ချားဘုရင်ကလည်း ပင်းဖခင်အားပေးဆပ်ရန်ကျန်သည့်အကြွေးဒေါ်လာ ၈၀၀၀၀အစား၊ နယူးယောက်နှင့်မေရီ လန်ပြည်နယ်တို့အကြား ဒဲလဝဲယားမြစ် အနောက်ဘက်ရှိ နယ်မြေသစ်တစ်ခုကိုပေးလိုက်သည်။ ထိုပြင် ယင်းနယ်မြေကို ပင်းဖခင် ဝီလျံပင်းကြီးအမည်ကိုအစွဲပြု၍၊ပင်ဆီလဗေးနီးယား (ပင်း၏သစ်တော)ဟုအမည်မှည့်ရန်လည်း ဘုရင်ကမှာကြားလိုက်လေသည်။ ပင်းသည် ယင်းသည့်နယ်ကို ကွိတ်ကာတို့ ခိုလှုံရာနယ်မြေအဖြစ်သတ်မှတ်ကာ၊ အုပ်ချုပ်ရေးစည်းမျဉ်းများ ရေးဆွဲခဲ့သည်။

၁۶၈၂ခုနှစ်တွင် ပင်းသည် ဒဲလဝဲယားမြစ်ကို ဆန်တက်၍ ရက်အင်ဒီးယန်းတိုင်းရင်းသားများနှင့် အသင့်အတင့်နေထိုင်ဆက်ဆံကြရန်စာချုပ်ချုပ်သည်။ သူ၏ဆက်ဆံရေးပြေပြစ်မှုကြောင့်၊ ပင်ဆီလဗေးနီး ယားပြည်နယ်သို့ ရက်အင်ဒီးယန်းများ တစ်ကြိမ်တစ်ခါမျှလာရောက်တိုက် ခိုက်ခြင်းမရှိခဲ့ဖူးချေ။ ၁۶၈၄ခုနှစ်တွင် ပင်းသည် ညှဉ်းပန်းနှိပ်စက်ခံနေကြရသော ကွိတ်ကာဂိုဏ်းဝင်များအရေး ဆောင်ရွက်ရန်၊ အင်္ဂလန်ပြည်သို့ ပြန်သွားသောအခါ ပင်ဆီလဗေးနီးယားပြည်နယ်သည် ဖွံ့ဖြိုးသာယာလျက် ရှိနေလေပြီ။

ပင်း၏သတ္တိကို သူ့ဖခင်၏ မိတ်ဆွေကြီးများဖြစ်သော ဒုတိယချားနှင့် ဒုတိယဂျိမ်းဘုရင်တို့က များစွာချီးကျူးကြသည်။ သူ၏ကွိတ်ကာ စကားပြောဟန်ကို များစွာနှစ်သက်ကြသည်။ သို့ရာတွင် ၁۶၈၈ ခုနှစ်တွင် ဂျိမ်းဘုရင်နန်းကျ၍ ဝီလျံနှင့် မေရီတို့ နန်းတက်သောအခါ၊ ပင်းအားဂျိမ်း၏ မိတ်ဆွေဖြစ်သည်ဟုဆိုကာ၊ ဖမ်းဆီးထားခဲ့သည်။ မကြာမီလွှတ်လိုက်သော်လည်း၊ လန်ဒန်မြို့၌သာနေ၍ မည်သည့်နေရာကိုမျှမသွားရန်၊ တားမြစ်ခြင်းခံရလေသည်။ ထိုသို့အကျယ်ချုပ်ခံနေရစဉ်၊ ပင်းသည် စာမွန်ကြီး ၂စောင်ကို ရေးသားသည်။ ပင်း၏စာမွန်များသည် နိုင်ငံချင်းချင်းတရားမျှတရေးပေါ်တွင်မူတည်၍ နိုင်ငံပေါင်းချုပ်အသင်းဖွဲ့

www.forewordspace.com.mm

စည်းရန် ရည်သန်လေသည်။ ၁၆၉၂ ခုနှစ်တွင် ပင်ဆီလဗေးနီးယား ပြည်နယ် ပိုင်ဆိုင်ခွင့်ကို ပင်းထံမှ ခေတ္တရုပ်သိမ်းထားခဲ့လေသည်။

၁۶۹၃ ခုနှစ်တွင် ပင်းအပေါ်၌ အပြစ်မရှိဟုဆိုကာ အကျယ်ချုပ်မှလွှတ်ရုံမက၊ ပင်ဆီလဗေးနီးယားပြည်ပိုင်ဆိုင်ခွင့်ကိုပါ ပြန်လည်ပေးအပ်သည်။ ၁۶۹۶ ခုနှစ်တွင် ပင်းသည် ပင်ဆီလဗေးနီးယား ပြည်နယ်သို့ ပြန်သွားသော အခါ ယင်းပြည်နယ်၏ အခြေအနေများမှာ တစ်မျိုးပြောင်းလျက်ရှိရုံမက၊ ဒုက္ခအမျိုးမျိုးနှင့်လည်းရင်ဆိုင်တိုးလျက်ရှိသည်။ ပင်းသည် သောင်းကျန်းနေကြသော ပင်လယ်ဓားပြများကို ဗိုလ်မှူးကြီး ရောဗတ်ကွာရီနှင့်အတူ ဝင်ရောက်နှိမ်နင်းပေးသည်။ ရက်အင်ဒီးယန်း တိုင်းရင်းသားလူမျိုးများနှင့်လည်း ပြည်လည်သင့်တင့်အောင် ဆောင်ရွက်ပေးသည်။ ထိုအချိန်က ပြည်နယ်သူပြည်နယ်သားတို့နှင့် လိုက်လျောညီညွတ်စေမည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် တစ်ခုကိုလည်း ရေးဆွဲ ပေးခဲ့သည်။

၁၇၀၁ခု နှစ်တွင် ဝီလျံဘုရင်က ပင်ဆီလဗေးနီးယားပြည်နယ်ကို ဘုရင့်ပြည်နယ်အဖြစ် သိမ်းပိုက်ရန် စီစဉ်နေကြောင်းကြားသိရသဖြင့်၊ ပင်းသည် အင်္ဂလန်ပြည်သို့ ပြန်ရပြန်သည်။ သို့ရာတွင် ယင်းအစီအစဉ်မပြီးမီ၊ ဝီလျံဘုရင် လွန်သဖြင့်၊ ပြည်နယ်သိမ်းရေးကိစ္စ အေးငြိမ်းသွားသော်လည်း၊ ပင်း၏ဘဏ္ဍာစိုးဖို့က ပင်းထံတွင် အကြွေးရစရာရှိသည်ဟူသောလိမ်လည်စွပ်စွဲချက်ကြောင့် ပင်းသည် တစ်နှစ်အချုပ်အနှောင်ခံရပြန်သည်။ တောင်းဆိုသောအကြွေးများကို မိတ်ဆွေများကဆပ်၍ ပင်းအား ထောင်မှထုတ်ယူကြ၏။ ယင်းသို့ စိတ်ထိခိုက်ဖွယ်ရာနှင့် ကြုံတွေ့ရသဖြင့်၊ ပင်းသည် ကျန်းမာရေး ချွတ်ယွင်းလာကာ၊ ၁۷၁၀ ပြည့်နှစ်တွင် လေဖြတ်၍ ၁۷၁၈ခုနှစ် ဇူလိုင် လ ၃၀ရက်နေ့တွင် ကွယ်လွန်သည်။ သူ၏အလောင်းကို ဗတ်ကင်ဟမ်ရှိင်ယာနယ် ချဲလဖွန့် စိန်ဂျိုင်းမြို့ရှိကျော်ဒန်စည်းဝေးဆောင်၌ သူ၏ပထမဇနီးနှင့် ဒုတိယဇနီးတို့၏ဂူများနှင့် ယှဉ်တွဲမြှုပ်နှံသည်။ ပင်းကွယ်လွန်သောအခါ၊ ဒုတိယဇနီးနှင့် ရသော သားဒု ယောက်ကျန်ခဲ့သည်။

ပင်းဂွင်းဌက်။ ။ပါဏာဗေဒ အလိုအားဖြင့် ပင်းဂွင်းဌက်သည် 'စဖီနစ်စီဖောမီး' မျိုးစဉ်တွင်ပါဝင်သည်။ ပင်းဂွင်းဌက်သည် အန္တာတိတ် ဒေသ၌နေထိုင်သည့် ထူးဆန်းသောဌက်တစ်မျိုးဖြစ်သည်။ အများအားဖြင့် ယင်းတို့ကို တောင်ဝင်ရိုးစွန်း ဒေသများ၌သာ တွေ့ရသော်လည်း၊ နယူး ဇီလန်ကျွန်း၊ ဂွတ်ဒဟုတ်အင္ဂ၊ အက်ကွာဒေါနိုင်ငံ၏အနောက်ဘက်ရှိ ဂါလားပါးကျွန်း သြစတေးလျတိုက်နှင့် ဗရာဇီးနိုင်ငံတို့၌လည်းတွေ့နိုင်သေး၏။ မြေပေါ်၌ ခြေ ၂ ချောင်းကို မတ်မတ်ရပ်၍သွားတတ်သည်။ ခြေထောက်များသည် တို့၍ ခန္ဓာကိုယ်၏အောက်ပိုင်းတွင် တည်ရှိသည်။ ထို့ကြောင့် လမ်းလျှောက်ရာတွင် ဘဲများလျှောက်သကဲ့သို့ တအိအိနှင့် လျှောက်သည်။ ပင်းဂွင်းဌက်၏နောက်ကျောသည်မည်း၍ ရင်ပတ်သည်ဖြူ၏။ အတောင်သည် တိုလှသဖြင့် အဝေးမှကြည့်လျှင် လူ၏လက်နှင့်တူသည်။ အချို့ပင်းဂွင်းဌက်များသည် မြေပေါ်၌ အတောင် ၂ ဘက်ကို ယက်၍ လျှောက်တတ်သည်။ ရှေးပဝေဏီက ပင်းဂွင်းဌက်တို့သည် ကောင်းကင်၌ ပျံသန်းလေ့ရှိသည်ဟု ယူဆကြရသော်လည်း ယခုအခါ၌ တွေ့ရသော ပင်းဂွင်းဌက်တို့ကား ကောင်းကင်၌ လုံးဝမပျံသန်းနိုင်ကြချေ။ ပင်းဂွင်းဌက်သည် ရန်သူကို ခုခံတိုက်ခိုက်ရန် နှုတ်သီးကို အသုံးပြုသည်။

ပင်းဂွင်းဌက်သည် ရေထဲ၌သာ ကျင်လည်ကျက်စားနေထိုင်မြဲဖြစ်၏။ ရေကူးအလွန်ကျင်လျင်သည်။ အစာဖြစ်သောငါးကို လွယ်ကူစွာနှင့် ဝင်၍ ဖမ်းနိုင်သည်။ ရေထဲ၌ ၄၅ စက္ကန့် ကျော်ကျော်အထိ ဝင်ပြီးလျှင်၊ တစ်နာရီမိုင် ၂၀ နှုန်းပေါက်အောင် လျင်မြန်စွာရေကူးနိုင်သည်။ ရေကူးရာ၌အတောင်များကို လှော်တက်သဖွယ်အသုံးပြုကြသည်။ ရေထဲ၌အနေများသော်လည်း သားငယ်များပေါက်ဖွားချိန်တွင် ကုန်းပေါ်သို့ တက်လာကြလေသည်။ သို့သော် ဇကရာဇ ပင်းဂွင်းဟုခေါ်သော ဌက်မျိုးသည် ကုန်းပေါ်သို့ မည်သည့်အခါမျှ မတက်ချေ။ သားငယ်များကို ရေခဲပြင်များပေါ်၌သာ ပေါက်ဖွားကြသည်။ ပင်းဂွင်းဌက်များ၏ မျက်စိများသည် အလင်းကို အလွန်သိလွယ်ပေသည်။ အလင်းရောင်အများအနည်းကိုလိုက်၍ မျက်စိသူငယ်အိမ်ကို ချဲ့နိုင်ချဲ့နိုင်သည်။

ပင်းဂွင်းဌက်တို့သည် ကုန်းပေါ်တွင် အုပ်ဖွဲ့ကာနေထိုင်တတ်သည်။ကုန်းပေါ်တွင် အလွန်ကျပ်တည်းစွာနေထိုင်ကြသဖြင့် အသိုက်များလုပ်ရန် နေရာလွတ်ပင်မရှိတတ်ချေ။ အဖိုနှင့်အမသည် ပုံပန်းသဏ္ဌာန်ချင်းတူကြသည်။ ဖိုမ မိတ်လိုက်ပုံမှာ ဆန်းပြားသည်။ အဖိုသည် မိမိကြိုက်နှစ်သက်သောအမကိုရွေးချယ်၍ ကျောက်စရစ်ခဲတစ်လုံးကို ချီလာကာလက်ဆောင်အဖြစ် အမ၏ခြေနှစ်ချောင်းကြားတွင် ထားလိုက်သည်။ ထိုအခါ ဌက်မသည်သဘောတူလျှင် လက်ခံသည်။ သဘောမတူရှိလျှင်၊ အဖို၏ဦးခေါင်းကို နှုတ်သီးဖြင့်ပေါက်တတ်သည်။ ဖိုနှင့်မတို့ ကြင်ဖော်ကြင်ဖက်ဖြစ်လာလျှင်၊ အချင်းချင်းကိုအဝေးမှနေ၍မြင်ရရုံဖြင့် ကောင်းစွာမှတ်မိကြသည်။

အသိုက်များကို လဟာပြင်၌ လည်းကောင်း၊ ကျောက်ဆောင်များ အကြား၌လည်းကောင်း တုတ်၊ကျောက်စရစ်ခဲ၊ မြက်ပင်များဖြင့်ပြုလုပ်ကြသည်။ မြေညီ၌ပင်ကောင်းစွာ လမ်းမလျှောက်နိုင်သော်လည်း၊ မြင့်မားသောရေခဲတောင်

www.foreverspace.com.mm

များပေါ်သို့မူ အသိုက်များလုပ်ရန် တက်ရောက်ကြသည်ကိုသိရသည်။ ဧကရာဇ်ပင်းဂွင်းအမများသည် ရေခဲပေါ်၌ မတ်မတ်ရပ်၍ပင် ဥများဥကြ၊ ဝပ်ကြလေသည်။ ဧကရာဇ် ပင်းဂွင်းများသည် ဥများကို မိမိတို့၏ဝမ်းပိုက်ရှိ အိတ်များတွင်ထည့်ထားကြသည်။ တစ်ကြိမ်လျှင် ဥတစ်လုံးသာဥကြသော်လည်း အချို့ပင်းဂွင်းငှက်မျိုးသည် တစ်ကြိမ်လျှင် ၂လုံးမှ ၃လုံးအထိ ဥကြသည်။ ဥ၏အရောင်မှာအဖြူရောင်သော်လည်းကောင်း၊ စိမ်းလဲ့လဲ့သော်လည်းကောင်းဖြစ်သည်။

ငှက်ဖိုသည် သားငယ်တို့ကို စောင့်ရှောက်တတ်၏။ ငှက်ငယ်တို့သည် မျက်စိမမြင်ချေ။ ထိုပြင် ရက်သတ္တပတ်ပေါင်း များစွာကြာသည့်အတွင်း ဘာမျှမလုပ်တတ်ကြချေ။ မိဘတို့က မိမိစားထားသော အစာကို အန်ထုတ်၍ ငှက်ငယ်တို့ကိုကျွေးကြသည်။ ပင်းဂွင်းငှက်တို့၏ အစာသည် ငါးဖြစ်သည်။

အေးသောဒေသ၌ နေထိုင်သော်လည်း၊ ပင်းဂွင်းငှက်တို့သည် အအေးမမိနိုင်ကြချေ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့၏အတောင်များမှ အဆီတစ်မျိုးကို ထုတ်ပေးသောကြောင့်ဖြစ်သည်။။ ထိုပြင် အရေပြားအောက်၌ အဆီတစ်ထပ်ရှိကြလေရာ၊ အဆီသည် ခန္ဓာကိုယ်ကိုနွေးစေသည်။ အတောင်များ၌ အကြေးခွံကဲ့သို့သောအရေခွံများပါရှိ၏။ ထိုပြင်အတောင်ပံအရိုးများသည် ပြားလျက်ရှိသဖြင့်၊ ကောင်းစွာ ယက်နိုင်ခတ်နိုင်သည်။ ရင်အုပ်အမွေးများသည် ပျော့ပျောင်း၍ငွေရောင်ထနေသည်။

မြေပေါ်၌ လူကဲ့သို့မတ်မတ်ရပ်၍သွားနိုင်သော ပင်ဂွင်းငှက်မောင်နှံ

ထိုငှက်များသည် အပျော်အပါးကိုနှစ်သက်ကြ၏။ တစ်ခါတစ်ရံရွှေရှားလျက်ရှိသောရေခဲတုံးများကို အပျော်သက်သက်စီးတတ်ကြသည်။ အုပ်ဖွဲ့၍လည်း ရေကူးတတ်ကြသေးသည်။ အချို့ပင်ဂွင်းငှက်များသည် ခိုးတတ်သည်။ အသိုက်လုပ်ထားသောကျောက်ခဲများကို ခိုးယူလေ့ရှိကြသည်။ ပင်းဂွင်းငှက်များကိုဖမ်း၍ မွေးမြူရန် မလွယ်ကူချေ။ အဘယ်ကြောင့်ဆိုသော် ဆောင်းရာသီများ၌ အဆုတ်ပြွန်ရောင်နာဖြစ်တတ်ခြင်းကြောင့်တည်း။ အရွယ်ရောက်ပြီး ပင်းဂွင်းငှက်များသည် ယင်းတို့ကိုအနောင့်အယှက်ပြုလျှင်၊ နှုတ်သီးဖြင့် ဆိတ်လေ့ ရှိကြသည်။ ပင်းဂွင်းငှက်တို့သည် ရှေးအခါမှစ၍၊ လူနှင့်တွေ့ရခဲသည့်ဒေသများတွင်သာ နေထိုင်လာခဲ့ကြသဖြင့်၊ လူကို ကြောက်ရွံ့ခြင်း မရှိကြချေ။

ပင်းတယ။ ။ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်းတယနယ်သည် ၈၅ စတုရန်းမိုင်ခန့်ကျယ်သော နယ်ဖြစ်သည်။ အနောက်ဘက်တွင် ရေငံနယ်၊ မြောက်ဘက်တွင် ရပ်စောက်နယ်၊ အရှေ့ဘက်တွင်ညောင်ရွှေနယ်၊ တောင်ဘက်တွင်ပွေးလှနယ်တို့ဝိုင်း ရံလျက်ရှိသောကုန်းမြင့်လွင်ပြင်ပေါ်တွင်တည်ရှိနေသည့်နယ် ဖြစ်သည်။

ပင်းတယနယ်၏အရှေ့ဘက်ပိုင်းသည် ကုန်းမြင့်လွင်ပြင်ကြီးကဲ့သို့ ဖြစ်လျက်ရှိ၍ ပေ ၃၀၀၀ ကျော်မြင့်သည်။ အနောက်ပိုင်းတွင် ပေ ၅၀၀၀ကျော်မြင့်သော တောင်တန်းကြီးတည်ရှိနေသည်။ ဧရာဝတီ၏မြစ်လက်တက်ဖြစ်သော ဇော်ဂျီမြစ်သည် ပင်းတယနယ် အရှေ့ပိုင်းကို တောင်မှမြောက်သို့ဖြတ်၍စီးဆင်းသည်။ ပင်းတယနယ်၏အလယ်ပိုင်း၌ တောင်မှမြောက်သို့ ဖြတ်သန်းစီးဆင်းသော မြစ်ဝှမ်း၌ ပင်းတယမြို့ တည်ရှိသည်။

၁၉၃၁ ခုနှစ်သန်းခေါင်စာရင်းအရ ပင်းတယနယ်၏ လူဦးရေသည် ၁၃၁၃၉ ယောက်ရှိ၍ ဓနု၊ တောင်သူ၊ တောင်ရိုး၊ ရှမ်း၊ မြန်မာ၊ အင်းသား၊ ပလောင်နှင့် လူမျိုးခြားအနည်းငယ်ရှိသည်။

ပင်းတယဟူသော အမည်ရရှိပုံ ကို ပင်းတယမြို့သမိုင်း၌ ဤသို့အဆိုရှိသည်။ ယခုညောင် ရွှေနယ်တည်ရာဖြစ်သော ဗာရာပြည်မင်းကြီး၏သား ကုမ္ဘာဘယမင်းသားသည် တောကစားရန် အနောက်နဂါးပတ်တောင်သို့ထွက်အလာ နဂါးကို ဂဠုန်ချီသည်ကို တွေ့သဖြင့် ဂဠုန်အား လေးဖြင့်ခွင်းလေသည်။ ဂဠုန်သည်သေ၍ဘဝကူးသော် အလွန်ကြီးသော ပင့်ကူကြီးဖြစ်လာသည်။ ယင်းပင့်ကူကြီးသည် တောင်ခြေရှိရေကန်သို့ ရေကစားလာသော ငွေတောင်နတ်မင်းကြီး၏ သမီးခုနစ်ဖော်ကို ကျောက်ဂူတွင်း ပိတ်၍ဖမ်းထားသည်ကို မင်းသားမြင်ပြန်၍ ပင့်ကူကိုမြားဖြင့် ပစ်သတ်ပြန်သည်။ ပင့်ကူသေ၍ မင်းသားသည် 'ရပြီ' ဟုသုံးကြိမ်အော်သည်ကို

www.forumspace.com.mm

စွဲ၍ ပင်ကူရတွင်ကာ ပင့်ကူရမှ ပင်းတရ၊ ထိုမှ ပင်းတယဟု ဖြစ်လာသည်ဟုဆိုကြသည်။ သို့သော် ပင်းတယအမည်မှာ ယင်းဒေသကို ဝင်ရောက်သော ရှမ်းများပေးသည့် အမည်ဖြစ်၍ အထက်ပါ ပုံပြင်နှင့်သက်ဆိုင်မည် မထင်ပေ။



ပင်းတယမြို့ အနောက်တောင် တစ်မိုင်ကွာ တောင်စောင်းပေါ်တွင် စောင်းတန်းအသွယ်သွယ်ဖြင့် တင့်တယ်စွာရှိသော ရွှေဥမင်ဘုရား

ပင်းတယနယ်၏ရုံးစိုက်မြို့သည် ပင်းတယမြို့ဖြစ်သည်။ ပင်းတယမြို့သည်တောင်တန်းကီး၏ခြေရင်းတွင်တ ည်ရှိ၍ အလွန်ရှုခင်းလှသည်။မြို့အဝင်တွင်ရှေးအခါက နာဂပတ္တန် ပုတ္တလုတ်ကန်ခေါ်သော ပင်းတယကန်ကြီးသည် ညောင်ကြတ်ပင်တန်းများ၏ အရိပ်အောက်၌တင့်တယ်စွာရှိနေသည်။ ပင်းတယမြို့အနောက်တောင်ဘက်ယွန်းယွန်း တစ်မိုင်ခန့်အကွာ တောင်စောင်းပေါ်တွင်မူ စောင်းတန်းအသွယ်သွယ်ရှေရောင်တဝင်းဝင်းဖြင့် ရွှေဥမင်ဘုရားရှိသည်။ ရွှေဥမင်ဘုရား၏ ကျောက်သားဥမင်ကြီး အတွင်း၌ဘုရားဆင်းတုတော်များ လက်ညှိုးညွှန်မလွဲအောင်များပြားလှသည်။ ဂူဝတွင် ဥဏှတော်အတောင် ၅၀ခန့်ရှိသော စေတီကြီးတစ်ဆူရှိသည်။ ဂူနံရံနှင့် မျက်နှာကြက်များတွင် ကျောက်သားဟူ၍ တစ်လက်မမျှ မကျန်အောင် ရုပ်ပွားတော်များထုထားသည်။ ဥမင်အတွင်း၌ ဘုရားစေတီများအပြင် ဆင်ချေတိုင်၊ မြင်းချေတိုင်၊ နတ်သမီးရက်ကန်းစင် စသည်ဖြင့် ခေါ်နေကြသည့် ကျောက်စက် မိုးမျှော်နှင့်ကျောက်စက် ပန်းဆွဲများရှိသည်။ ကျောက်ဂူနံရံများမှ ရေများတစိမ့်စိမ့် ထွက်၍တင်နေသောနေရာကို နတ်ရေကန်ဟုခေါ်ကြသည်။ ယင်းဂူ၏ သတ္တမခန်းတွင် ပုဂံပေါက်ခေါ် ပုဂံပြည်သို့ တိုက်ရိုက်ပေါက်သည်ဟု ဆိုကြသောဂူပေါက်အကျဉ်းကလေးတစ်ခုရှိသည်။ ဥမင်ကြီးတစ်ခုလုံး ယခုအခါ လျှပ်စစ်ဓာတ်မီးများဖြင့် ထွန်းညှိပူဇော်ထားသဖြင့်ရှေးအခါက ရေနံမီးအိမ်ဖြင့်သွားရသကဲ့သို့မလင်းတလင်းစမ်း၍မသွားရတော့ချေ။ ပင်းတယရွှေဥမင်ဘုရား၏မူလဒကာသည် ဓမ္မက္ခန္ဓာ ပေါင်း ၈၄၀၀၀ ကိုရည်စူး၍ စေတီပေါင်း ၈၄၀၀၀ တည်ထားပူဇော်သော သီရိဓမ္မာသောကမင်းကြီးဟု သမိုင်းအဆိုရှိကြသည်။ ထိုနောက် ပုဂံပြည်မှအလောင်းစည်သူမင်းကြီးက ရွှေဥမင်ဘုရားကို ထပ်မံပြုပြင် ပူဇော်ခဲ့ပြန်သည်ဟုဆို၏။ သို့သော်ဂူတွင်းရှိ ဆင်းတုတော်စသည်တို့၏ လက်ရာတို့မှာ ရှေးကျလှခြင်း မရှိပေ။ ပုဂံခေတ်ဟု ခေါ်နိုင်သည့် အထောက်အထားပစ္စည်းများကို အင်းလေးနှင့် ရပ်စောက်တို့တွင် တွေ့ရှိရသည်ဖြစ်၍ ရွှေဥမင်ဂူကိုလည်း ပုဂံခေတ်ကဟု ခန့်မှန်းနိုင်ပေမည်။

ပင်းယမြို့။ ။မြန်မာနိုင်ငံ ရှမ်းခေတ်အတွင်း ပင်းယမင်းခြောက်ဆက်တို့ စိုးစံခဲ့သော နေပြည်တော်ဖြစ်သည်။ ပင်းယမြို့ကိုစ၍တည်ခဲ့သူမှာ ရှမ်းမင်းအဆက်အနွယ် တစ်ဦးဖြစ်သော တစီးရှင်ဘွဲ့ခံသီဟသူဖြစ်သည်။

ဘိန္နက(ပြော့ရှမ်း)မျိုးဖြစ်သော သိခ်ီဗိုလ်သည် နောင်တော် ဘိန္နကစော်ဘွားနှင့် မသင့်၍ မြန်မာနိုင်ငံသို့ ပြေးလာပြီးလျှင် မြင်စိုင်းအရပ်တွင် နေသည်။ ယင်းတွင် သားသုံးယောက်ရှိရာ ပုဂံပြည့်ရှင်တရုတ်ပြေးမင်း နရသီဟပတေ့ထံတွင် အမှုတော်ထမ်းစေသည်။ ထိုမင်းလွန်သောအခါ သားတော်ကျော်စွာ(ဒလစား)မင်းထံ ဆက်၍ အမှုထမ်းကြသည်။ ထိုမင်းလက်ထက်တွင် အကြီး အသခ်ီယာအား မြင်စိုင်းမြို့၊ အလတ် ရာဇသကြီန်အား မက္ခရာမြို့၊ အငယ် သီဟသူအား ပင်လယ်မြို့ကိုအသီးအသီး ပေးသနားထားသည်။ (မြင်စိုင်းမြို့။ မက္ခရာမြို့–ရှု။)

ကာလရှည်ကြာလတ်သော် ရှမ်းညီနောင်သုံးဦးတို့သည် အလုံးအရင်းခိုင်အမာနှင့် ဖြစ်လာသည်။ ထိုအချိန်တွင် ပုဂံမင်း ကျော်စွာသည် မိထွေးတော် မိဖုရား ဖွားစောအား အတိုင်ပင်မရှိ၊ မေ့ကျန်နေခဲ့သည် များသောကြောင့် ဖွားစောစိတ်နာကြည်းသည်။ ထိုကြောင့် သက္ကရာဇ်ဖေ၀ ပြည့်နှစ်တွင် ဖွားစောသည် ရှမ်းညီနောင်သုံးဦးနှင့်တိုင်ပင်ကြံစည်ပြီးလျှင် ကျော်စွာမင်းကို နန်းမှချသည်။ ထိုညီနောင်သုံးသည် မြင်စိုင်း၌ နေမှတ်မူ၍ မိမိတို့ဆိုင်ရာ မြို့အသီးသီးတွင် မင်းပြိုင်ပြုကြသည်။ ပုဂံတွင်ကား ကျော်စွာ၏သားစောနစ်ကို ဆက်၍အုပ်စိုးစေသော်လည်း ရှမ်းညီနောင်တို့၏ သြဇာခံမျှသာ ဖြစ်သည်။

ရှမ်းညီနောင်တို့ မင်းပြိုင်ပြုကြ၍ ငါးနှစ်အကြာတွင် မက္ခရာမင်းရာဇသကြီန် အနိစ္စရောက်သည်။ ၆၇၂ ခုနှစ်တွင် နောင်တော်ကြီးအသခ်ီယာကို ညီတော်သီဟသူ အဆိပ်ဆေးဖြင့်လုပ်ကြံ၍ ကံကုန်သည်။ ထိုအခါ သီဟသူသည် နောင်တော်များ၏ပိုင်နက်များကိုသိမ်းယူ၍ အထီးတည်းမင်းပြုလေသည်။

သီဟသူသည် ပင်လယ်မြို့တွင် မင်းပြုစဉ်က မြို့သစ်

www.foreverspace.com.mm

တည်အံ့ဟု နေရာရှာခဲ့သည်။ ပဌမအကြိမ် အင်းဝမြို့တည်ရာကို ရွေးသည်။ ကိန်းခမ်းမသင့်၍ မြို့တည်မရပေ။ နောင်ကောင်တို့ လွန်ပြီးနောက်တွင် အင်းဝနေရာတွင်ပင် အရပ်အနေ တစ်မျိုးပြောင်း၍ မြို့တည်ရန် နှစ်ကြိမ်တိုင်တိုင် စီရင်ပြန်သည်။ နှစ်ကြိမ်တိုင်တိုင်ပျက်လေသည်။

ထိုကြောင့် သီဟသူက ထိုအကြောင်းကို တပေါင်နာစေသော် (ထောင်းလည်း လျင်လျင်ထောင်း၊ ယောင်းလည်း လျင်လျင်ယောင်း၊ အရေးမသာ ဒကို့ဏာသို့ပြောင်း)ဟု တပေါင်မောင်းမြည်သည်။ တပေါင်အလိုမှာ သာသနာစောင့်နတ်တို့က ထိုအရပ်တွင်မြို့မတည်စေလို။ တောင်အရပ်သို့ပြောင်း၍ တည်စေလိုသောကြောင့် အနောင့်အရှက်ပြုခြင်း ဖြစ်သည်။ ယင်းသို့ကြောင့် အင်းဝတည်ရာ သန်လျက်ကျွန်း၏ တောင်ဘက်၊ သင်ပန်းအရပ်သို့ ပြောင်းစေသည်။

မြို့ရာကြည့် အရပ်ကနေပြီးလျှင်၊ ရွှေစည်းခုံ ဘုရားရှင်မြေကို တူးစေသော်၊ အရိုးအခက် အရွက်အသီးနှင့်တကွ ရွှေအဆင်းရှိသော ပန်းပင်ကိုရသည်။ ယင်းသို့ကြောင့် ဤအရပ်ကား မင်းဝံတောင်ညွှန့်လည်းဖြစ်သည်။ မြတ်သောကျေးဇူးနှင့်လည်း ပြည့်စုံရာသည်။ ထိုအရပ်၌ပင် မြို့တည်အံ့ဟု သက္ကရာဇ် ၆၇၄ ခု၊ တပေါင်းလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် နန်းမြို့၊ ကျုံး၊ ရွှေဂူဘုရား၊ အတွင်းရွှေကျောင်း၊ ထောက်ရည်ကန်၊ ကန်လှ ယင်းခုနစ်ဌာနကို တစ်ချိန်တစ်ခါတည်း တည်တော်မူသည်။

မြို့ရာကြည့်သောအခါ ရွှေပန်းရသောကြောင့် ပန်းရဟုတွင်သည်။ ရှည်ကြသော် ပင်းယဟုခေါ်ဝေါ်ရေးမှတ်ကြသည်။ မဏိကုဏ္ဍလ၌လည်း (စကိုင်းပံယာဝပုရေသု)ဟူ၍ လည်းကောင်း၊ ပင်းယမိဖုရား ဥမ္မာဒန္တီကျောင်း၊ ကျောက်စာဂါထာ၌လည်း (ပမျာဘိမာန နဂရေ) ဟူ၍ လည်းကောင်း ရှေးဆရာတို့ဖွဲ့ဆိုသည့် ကျောက်စာများနှင့်လည်း ပင်းယဟုခေါ်ဝေါ်ရေးမှတ်သော စကားသည် ညီညွတ်သည်။ ဝိဇယပူရဟု မြို့ကိုလည်း သမုတ်တော်မူသည်။

မြို့နန်းတည်ပြီးလျှင် နန်းဖွင့်နန်းသိမ်းအစီအရင်ကို မသိကြကုန်သောကြောင့် ပုဂံမိဖုရားဖွားစောကို ချီပင့်လေသော်၊ ပြော့သားတို့ ကောင်းစားသည်ကြာပြီ။ ယခုမှ ငါ့ကိုခေါ်သည်ဆို၍မလိုက်ဘဲနေသည်။ သီဟသူမင်းက ကျေနပ်လောက်အောင် တောင်းပန်လေမှရွှေဗောင်စီး၍ လိုက်လာလျှင် မင်းကြီးကိုယ်တော်တိုင် ခြေလျင်ဆီးကြို၍ တံကျစ်ကြိုးနှင့် ဗောင်တော်ကို ငင်ရသည်။

ရှင်မိဖုရား၏အစီအရင်ဖြင့် နန်းဖွင့်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ၊ ဘိသိက်မင်္ဂလာတို့ကို တစ်ချိန်တည်းကြီးကျယ်ကျနစွာ ဆင်ယင်လေသည်။ မိဖုရား ဖွားစောလည်း နန်းဖွင့်သဘင်သည် ပုဂံပြည်မှာကဲ့သို့ပင် မှူးမတ်ဗိုလ်ပါ ထူထပ်များပြားသည်။ ဘုန်းတန်ခိုးကြီးပေစွာဟုချီးမွမ်းပြီးလျှင် ငါ့တွင် ဆုပေးစရာမရှိခဲ့ဟုဆို၍ နော်ရထာမင်းစော လက်ထက်ကပင်ရှိသော ရွှေသောက်ရေတင်နှင့် ရွှေခါးကြိုးကို ပေးခဲ့သည်။ သီဟသူမင်းကြီးက မိဖုရားဖွားစောကိုလည်း များပြားစွာပူဇော်ပေးကမ်း၍ ပုဂံသို့ပြန်ပို့လေသည်။

နောင်သုံးနှစ်အကြာ ၆၇၇ခုနှစ်တွင် သီဟသူသည် သားတော်လေးပါးအနက် အငယ်ဆုံး အသခ်ီယာစောယွမ်းအား စစ်ကိုင်းမြို့တည်စေ၍ သီးခြားမင်းပြုစေသည်။

ပင်းယတွင် သီဟသူမင်းမှစ၍ (၂) ဥဖန၊ (၃) ငါးစီးရှင် ကျော်စွာ၊ (၄) ထိုမင်း၏သားတော် ကျော်စွာ၊ (၅) နရသူနှင့် (၆) ဥဇနာပြောင်ဟူ၍ မင်းခြောက်ဆက် စိုးစံခဲ့သည်။ နရသူ၏ လက်ထက်၊ စစ်ကိုင်းတွင် မင်းရိုးမဟုတ်သူ မင်းပြောက် စိုးစံနေသည်ကို နရသူကမရှစိမ့်ပေ။ ထိုကြောင့် မိုးကောင်း မောရှမ်းမင်းအား စစ်ကိုင်းကိုတိုက်ရန်ချီပင့်သည်။ မိုးကောင်းစော်ဘွားသိုဟန်ဘွား၏ညီ သိုချည်ဘွားသည် ၇၂၆ခုနှစ်တွင် စစ်ကိုင်းကိုတိုက်၍ စစ်ကိုင်းပျက်လေသည်။ သို့သော် မင်းပြောက်နှင့်တကွ တစ်မြို့လုံး ကြခတ်ဝရာသို့ ပြေးလေ၍ လူသူဆင်မြင်း ပစ္စည်းဘဏ္ဍာကို ရှမ်းတို့မရလေ။ ထိုကြောင့် သိုချည်ဘွားမကျေနပ်၍ ပင်းယကိုပြန်တိုက်လေသည်။ ပင်းယပျက်လျှင် နရသူကိုဖမ်း၍မောပြည်သို့ပြန်သည်။ ထိုကြောင့် မောပါနရသူဟု နောင်အခါ ခေါ်တွင်သည်။

နရသူမရှိလျှင် နောင်တော် ဥဇနာပြောင်မင်းပြုသည်။ သို့သော် အသခ်ီယာစောယွမ်း၏မြေးဖြစ်သော သတိုးမင်းဖျားသည် ကြခတ်ဝရာတွင် ရှိနေရာ၊ စစ်ကိုင်းမှပြေးလာသော မင်းပြောက်ကိုလည်းကောင်း၊ ပင်းယဥဇနာပြောင်ကိုလည်းကောင်း လုပ်ကြံသတ်ဖြတ်၍ စစ်ကိုင်းနှင့်ပင်းယကိုသိမ်းယူပြီးလျှင် အင်းဝမြို့ကိုတည်၍မင်းပြုလေသည်။ ယင်းသို့ဖြင့် ပင်းယ၊ စစ်ကိုင်းမင်းဆက် ပြတ်လေသည်။

၇၂၆ ခုနှစ် ကဆုန်လတွင် သိုချည်ဘွားတိုက်၍ စစ်ကိုင်းပျက်သည်။ နယုန်လတွင်ပင်းယပျက်သည်။ ယင်းသည်မှစ၍ ပင်းယသည်ပြန်၍ မထွန်းကားတော့ချေ။ ယခုအခါတွင်လူဦးရေ ၃၈၉ ယောက် (၁၉၅၄) ခန့်သာရှိသော ရွာသိမ်ရွာငယ်ကလေးမျှသာဖြစ်နေသည်။ နေပြည်တော်မြို့ရိုးဟောင်းနေရာတို့ကိုကား တွေ့ရသေးသည်။ ယင်းပင်းယသည်ကား ယခုစစ်ကိုင်းတိုင်း၊ စစ်ကိုင်းခရိုင် တံတားဦးမြို့နယ်၊ ရှေးအင်းဝမြို့၏တောင်ဘက် ငါးမိုင်ခန့်အကွာတွင် ရှိလေသည်။

ပင်းအသူ။ ။ပင်းအသူဆိုသည်မှာ နားလည်းမကြား၊ စကားလည်း ဆွံ့သူတို့ကိုဆိုလိုသည်။မွေးသည်ကစ၍ နားပင်းလာသူတို့သည် သူတစ်ပါး၏ စကားပြောသံကိုမကြား

www.foreverspace.com.mm

ဖူးသဖြင့်၊ ဆွဲအရ၍နေတတ်သည်။ အချို့သော အွဲ့အသူတို့ ကားခြိုးနောက်၌ထိခိုက်သော ဒဏ်ကြောင့်၊ စကားကိုလုံးဝ ပြောရန်မတတ်နိုင်ကြချေ။ စကားပြောတတ်ပြီးမှ သောတာ ရုံပျက်သဖြင့်နားလေးသူများသည် စကားကိုပြောပင်ပြော တတ်စေကာမူ၊သူတို့၏စကားသံသည် မူမမှန်တော့ဘဲ၊တိုး ချည်တခါ၊ ကျယ်ချည်တစ်လှည့်နှင့်ရှိတတ်သည်။ ကြာ သော် နားလေးသူသည် ဆွဲအဘိသက္ခဲသို့ဖြစ်တတ်သည်။

၁၆ရာစုနှစ်အတွင်းတွင် စပိန်လူမျိုးခရစ်ယာန်ဘုန်း တော်ကြီးတစ်ပါးသည် နားပင်းဆွဲအသူများကို စာရေး တတ်ဖတ်တတ်အောင် သင်ကြားပေးသောကျောင်းတစ် ကျောင်းတည် ထောင်ခဲ့ရာ၊ အထမြောက်လေသည်။ ခရစ် ၁၆၂၀ ပြည့်နှစ်တွင် စပိန်အမျိုးသား တစ်ယောက်သည် ပင်းအသူတို့ကို ပညာသင်ကြားပေးနည်း စာအုပ်တစ်အုပ်ကို ရေးသား ထုတ်ဝေခဲ့၏။ အင်္ဂလန်ပြည်၌ကား ဆေးဆရာ တဦးက ခရစ် ၆၄၈ ခုနှစ်တွင် အလားတူစာအုပ်မျိုးကို ရေးသားစီရင်ခဲ့သည်။ ပြင်သစ်နိုင်ငံတွင် ခရစ် ၁၇၅၅ ခုနှစ်၌ အက်ဗေဒါလက်ပေအမည်ရှိသော ဘုန်းတော်ကြီးတစ်ပါးက ပင်းအသူများအတွက် ကျောင်းတစ်ကျောင်း တည် ထောင်ခဲ့ရာ၊ ၁၇၉၁ ခုနှစ်တွင် ထိုကျောင်းသည် တစ်မျိုး သားလုံးဆိုင်ရာ ကျောင်းကြီးတစ်ကျောင်းဖြစ်လာလေ သည်။ အင်္ဂလိပ်စာပေသမိုင်းတွင် ထင်ရှားသော ဒေါက်တာ ဂျွန်ဆင်၏လက်ထက်က အင်္ဂလန်ပြည်တွင် ပင်းအသူတို့ အတွက်ကျောင်းကို အက်ဒင်ဗာရာမြို့၌ ရှေးဦးစွာ တည် ထောင်သည်။ (ဂျွန်ဆင်ဆယ်မျှယယ်–ရှု။) ၁၇၈၅ခုနှစ်၌ ထိုကျောင်းသည် လန်ဒန်မြို့သို့ရောက်လာသည်။ ယခု အခါ ဗြိတိန်တစ်နိုင်ငံလုံးတွင် နားပင်းသူတို့ အတွက် အထူးကျောင်းပေါင်း ၆၀ ကျော်မျှ ရှိလေသည်။

နားမကြားသူများကို စာသင်ရသည်မှာ မျက်မမြင်များ ကိုစာသင်ရသည်လောက်မခက်ပေ။ သူတို့ကို စာရေးပြ၍ သင်လျှင် ဖြစ်နိုင်၏။ အချို့က အက္ခရာစာလုံးများကို လက် ချောင်းများဖြင့် သရုပ်ဖော်၍ သင်ပြကြ၏။ ဤသင်ကြား နည်းတွင် အက္ခရာဗျည်းတို့ကို လက်တစ်ဖက်တည်းဖြင့် အချက်ပြ၍ နားလည်စေသောနည်း၊ လက်နှစ်ဖက်ဖြင့်အ ချက်ပြ၍နားလည်စေသောနည်းဟူ၍ နှစ်နည်းရှိ၏။ တစ်ခါ တစ်ရံ အမှတ်အသားလက္ခဏာပြ၍လည်းကောင်း၊ အမူ အရာလုပ်ပြ၍လည်းကောင်း သင်ပေးကြလေသည်။ ပင်း အနေသောသူများကို နှုတ်ခမ်းလှုပ်ပြ၍၊ လျှာ၊ အနေအ ထား ပါးစပ်အဖွင့်အပိတ်တို့ကို ကြည့်ရှုစေခြင်းဖြင့်၊ စာ ဖတ်နိုင် အောင်သင်ကြားပေး၏။ ပင်းအသူ အချင်းချင်း ဤနည်းဖြင့် စကားပြောနိုင်ကြလေသည်။ ဤသို့ နှုတ်ခမ်းလှုပ်ရှားမှု ကိုကြည့်စေ၍သင်နည်းသည် နောက် ဆုံးပေါ်နည်းဖြစ်သည့် ပြင်၊ ထိုနည်းဖြင့် သင်ကြားလျှင်၊ မွေးကတည်းက ဆွဲအလာသူများကိုပင်၊ အသံအနည်း ငယ်ထွက်၍ စကားပြောတတ်လာအောင်ပြုလုပ်နိုင်သည် ဟုဆိုလေသည်။ အသောသူသည် စကားမပြောနိုင်သဖြင့်၊ အစဉ်အမြဲ စကားမပြောဘဲနေယင်းမှ အသံမထွက်ဘဲ၊ လုံးဝအ၍သွားတတ်၏။ ဆွဲအသူများကိုကျောင်းသို့ပို့ လိုက်သောအခါ၊ ဆရာက ပါးစပ်လှုပ်ရှား၍ စကားပြော နည်းကို တဖြည်းဖြည်း သင်ကြားပြသပေးသည်တွင် အစပ ဌမ၌ အဓိပ္ပါယ်မရှိသော ဝူးဝါးစသည့်အသံများကို ပြု တတ်လာ၏။ ထိုနောက် ပြောလိုသောစကားကို စကားလုံး မကွဲဘဲ၊ ခြေဟန်လက်ဟန်ပြ၍အသံထွက် ကာပြောတတ် လာ၏။ ထိုနောက်တဖြည်းဖြည်းမပီသသောစ ကားများကို ပြောတတ်လာ၏။ ထိုနောက်နား ထောင်ရသူများခန့်မှန်း၍ ရလောက်အောင်ပင် စကားပြောဆိုနိုင်လာလေသည်။ လူကောင်းပကတိကဲ့သို့ ပြောနိုင်သူကားရှားပေ၏။ ဤသို့ ဆရာ၏နှုတ်ခမ်းလှုပ်ရှားမှုကို ကြည့်၍ သင်ကြားရသော အခါ၊ မျက်စိကလည်းမမြင်၊ နားကလည်းမကြားသော ဆွဲ အသူကလေးများမှာမူ၊ ဆရာ၏ လည်ချောင်းနှင့်မျက်နှာကို စမ်းသပ်၍သင်ယူရ၏။ ဤမျှခက်ခက်ခဲခဲနှင့် စိတ်ရှည် လက်ရှည်သည်းခံ၍သင်ကြားခဲ့ရာ၊ နောက်ဆုံး၌ထမြောက် အောင်မြင်ခဲ့ကြောင်းကို ဟယ်လင်ကဲလား၏ အဖြစ်သနစ် များက သက်သေခံနေပေသည်။ (ကဲလားအိပ်–ရှု။)

ပင်းအသူများကို နှုတ်ခမ်းလှုပ်ပြ၍ လျှာအနေအထား ပါးစပ်အဖွင့် အပိတ်တို့ကို ကြည့်ရှုအတုယူကာ ပြုလုပ်စေ ခြင်းဖြင့် သင်ကြားသည့်နည်းသည် ပိုမိုခရီးရောက်ကြောင်း တွေ့ရှိရ၍၊ ယခုအခါထိုနည်းကိုပင် ကျောင်းများ၌အသုံး ပြုလျက်ရှိနေကြ၏။ သို့သော်လည်းရှေးဦးစွာတီထွင်ထား သော စာရေးပြ၍သင်ကြားနည်း၊ လက်ချောင်းကလေးများ ဖြင့် အက္ခရာပုံဖော်၍ စာလုံးပေါင်းသင်နည်းတို့ကိုကာ လုံးဝမပစ်ပယ်ကြသေးပေ။ နှုတ်ခမ်းလှုပ်ပြ၍ လျှာအနေ အထား ပါးစပ်အဖွင့်အပိတ်တို့ကို ကြည့်ရှုအတုယူကာ ပြုလုပ်ခြင်းဖြင့် သင်ကြားမဖြစ်နိုင်သော သူများကို စာရေးပြ၍သင်ကြားပေးရသည်။ တစ်ခါတစ်ရံ နှစ်မျိုးစလုံး တွဲ၍သင်ပြသင့်သောကျောင်းသားများကို ထိုအတိုင်းသင်ပြ ရ၏။ ကျောင်းသား၏အခြေအနေကိုကြည့်၍ သင့်တော် သောနည်းများဖြင့် သင်ကြားရလေသည်။ ယခုအခါ ပင်း အနေသူများကို စကားပြောတတ်လာအောင်နှင့် သူတစ်ပါး ပြောသည့်စကားကိုလည်း နားလည်အောင် သင်ကြားပေးရုံ သာမက၊ မူလတန်းကျောင်းများတွင် သင်ရိုးဘာသာရပ် များကိုပင် သင်ကြားပေးလျက်ရှိ၏။ ထိုပြင် ဖိနပ်ချုပ်ခြင်း၊ အိမ်ထောင်ပရိဘောဂများပြုလုပ်ခြင်း၊ အင်္ကျီများ ချုပ်လုပ် ခြင်းစသော အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လည်း သင်ကြားပေးလေသည်။ သို့ဖြစ်၍ ပင်းအသူများ

www.foreverspace.com.mm

သည် သူတို့တတ်နိုင်သောအလုပ် များတွင်ဝင်ရောက်လုပ်ကိုင်လျက် ရှိနေသည်ကို တွေ့ရသေည်။ ထိုမှတစ်ပါး လောကဗျူဟာတ်ပညာမှာ အထူးပင်တိုးတက်ထွန်းကားလာသောကြောင့်၊ အနောက်နိုင်ငံများတွင် နားမကြားသူများအတွက်နားထဲ၌ ထည့်ထားရသောဓာတ်ခွက်နားကျပ်များ တီထွင်နိုင်ခဲ့လေသည်။ ထိုနားကျပ်များကို ကလေးများ၏ နားထဲ၌ထည့်ထားစေ၍၊ ဆရာက အသံချဲ့စက်ဖြင့် ပြောဟောသင်ကြား၏။ ထိုကိရိယာများထားရှိဖို့အတွက် ငွေအမြောက်အမြား အကုန်အကျခံရမည်ဖြစ်ရာ၊ ပင်းအသူများကျောင်း၌ ယင်းတို့ကို ထားရှိအသုံးမပြုနိုင်ချေ။

ပေါင်မုံ့။ ။မြန်မာနိုင်ငံကဲ့သို့ ဆန်စားသောတိုင်းပြည်များ၌ ထမင်းသည် တိုင်းရင်းသားလူမျိုးများ၏ အသက်သွေးခဲဖြစ်သကဲ့သို့ ဂျုံစားသော အနောက်နိုင်ငံများတွင် ပေါင်မုံ့သည် တိုင်းရင်းသား လူမျိုးများ၏ အသက်သွေးခဲဖြစ်လေသည်။ ဂျုံမှ ပြုလုပ်ရရှိသော ပေါင်မုံ့သည် ရှေးနှစ်ပေါင်း များစွာကစ၍ ယနေ့တိုင် အနောက်နိုင်ငံသားများ၏ ပဓာနအစာပင် ဖြစ်၏။

မြေအောက်တွင် ရာစုနှစ်ပေါင်းစွာ မြုပ်နေခဲ့သော ရှေးဟောင်းမြို့ကြီးများကို ပြန်လည် တူးဖော်ကြရာ၌ ရှေးခေတ်လူများ စားသုံးရန် ပြုလုပ်ခဲ့ကြသော ပေါင်မုံ့များကို တွေ့ရှိရလေသည်။ ကျောက်ခေတ် အခါကလူများ မီဝဲခဲ့သောပေါင်မုံ့များကိုလည်းအနောက်နိုင်ငံအချို့ဒေသများတွင် တူးဖော်ရရှိလေသည်။ ယင်းအထောက်အထားများအရ ယဉ်ကျေးမှုရောင်ခြည်တန်းစ ကျောက်ခေတ်အခါကပင်လူတို့သည် ပေါင်မုံ့ပြုလုပ်၍ စားရမှန်းသိကြသည်ကို အခိုအလုံသိရှိရ၏။ ကျောက်ခေတ်အခါက လူတို့သည် အလွန်ကြမ်းတမ်းလှသော မုယောဖြင့် ပြုလုပ်ထားသည့် ပေါင်မုံ့များကို စားသည့်အထောက်အထားကို ဆွစ်ဇာလန်နိုင်ငံအချို့ ဒေသများတွင်တူးဖော်ရာ၌ တွေ့ရှိရသည်။ အီဂျစ်နိုင်ငံတွင်လည်း လွန်ခဲ့သော နှစ်ပေါင်း(၅၀၀၀) ခန့်ကပင် ပေါင်မုံ့အဖြူများကို ပြုလုပ်စားသုံးခဲ့ကြလေသည်။ ဂရိနှင့်ကျူတလီနိုင်ငံများတွင်ကား အများပြည်သူတို့အတွက် ပေါင်မုံ့များ ပြုလုပ်ပေးသော ပေါင်မုံ့ဖိုကြီးများပင် ရှိခဲ့လေသည်။

ဂျုံစေ့ကြိတ်ထားသော ဂျုံမှုန့်ဖြင့်ပေါင်မုံ့ကို အများအားဖြင့် ပြုလုပ်ကြသည်။ သို့ရာတွင် ဂျုံမရနိုင်သောအခါ ရိုင်းစပါး၊ မုယော၊ မြင်းစားဂျုံ၊ အာလူးနှင့် ပြောင်းဆန်တို့ဖြင့်လည်း ပြုလုပ်ကြသည်။ ရှေးကျသောလူမျိုးများကား အလေ့ကျပေါက်သော အသီးအနှံ အသီးဆန်နှင့်

ခေတ်မီသော တိုင်းပြည်များတွင် ပေါင်မုံ့ကို ဣသို့စက်ဖြင့်ဖုတ်ကြသည်။

www.foreverspace.com.mm

သစ်ဥများကို အမှုန့်ကြိတ်၍ ပေါင်မုံ့လုပ်ကြသည်။ အာဖရိကတိုက်မှ လူရိုင်းအချို့သည် မျောက်ဥများဖြင့် ပေါင်မုံ့ပြုလုပ်ကြ၏။ အမေရိကန်ပြည်မှ တိုင်းရင်းသားအချို့တို့က မူ ဝက်သစ်ချစေ့ဖြင့် ပေါင်မုံ့ပြုလုပ်ကြသည်။ ပေါင်မုံ့များတွင် ဂျုံနှင့် ရိုင်းစပါးဖြင့်ပြုလုပ်သောပေါင်မုံ့မှာ ပေါ့၍ပွသဖြင့် စားသုံးရန် အကောင်းဆုံး ဖြစ်လေသည်။

ပေါင်မုံ့များတွင် အချဉ်ဖောက်၍ ပြုလုပ်သော ပေါင်မုံ့မျိုးနှင့် အချဉ်မဖောက်ဘဲပြုလုပ်သော ပေါင်မုံ့မျိုးဟူ၍ နှစ်မျိုးရှိသည်။ ရှေးအခါက အချဉ်ဖောက်၍ပြုလုပ်သော ပေါင်မုံ့မျိုး ပြုလုပ်လိုလျှင် မဖုတ်ရသေးသောမုံ့သားအနည်းငယ်ကို အချဉ်ခံ၍ပေါင်မုံ့ပြုလုပ်ရန် နယ်ထားသော မုံ့နှစ်ထဲရောထည့်၍ပြုလုပ်ကြသည်။ ယခုအခါ၌မူ တဆေး၊ သို့မဟုတ် မုံ့ဖုတ်ပေါင်ဒါအနည်းငယ်ထည့်၍ပြုလုပ်ကြသည်။ အချဉ်ခံ၍ပြုလုပ်သော မုံ့သည်ပွ၍ အပေါက်ကလေးများ ဖြစ်လာပြီးလျှင် နူးညံ့သဖြင့်အသုံးများသည်။ သို့ရာတွင် ကြာရှည်ထား၍မရပေ။ အချဉ်မဖောက်ဘဲပြုလုပ်သော ပေါင်မုံ့သည် စား၍ မကောင်းလှသော်လည်း ကြာရှည်ခံ၏။ စစ်သား၊ သင်္ဘောသား၊ ရေကြောင်းခရီးသွားသူများနှင့် လူသူမနီးတောကြီးမျက်မဲသို့ခရီးသွားရသူများအတွက် ယင်းပေါင်မုံ့မျိုးသည် အလွန်အသုံးကျလှလေသည်။

ရှေးခေတ် အီဂျစ်လူမျိုးများသည် ပေါင်မုံ့အဖြူ အနုစား ပြုလုပ်ရာ၌ ကျွမ်းကျင်သော သူများဖြစ်ကြသည်။ အီဂျစ်လူမျိုးတို့သည် ပေါင်မုံ့ပြုလုပ်ရန် မုံ့နှစ်များကို ခြေဖြင့် နင်း၍ အိုးခွက်လုပ်ရန် ရွှံ့စေးကိုလက်ဖြင့် နင်းသည်ဟုပင် ရေးသည်။ သူတို့သည် ဂျုံ၊မုယောတို့ဖြင့် ပေါင်မုံ့လုပ်ကြ သည်။ ဂျုံဖြင့်ပြုလုပ်သောပေါင်မုံ့ဖြူ အနုစားကို ယင်းခေတ်က ချမ်းသာသူများသာ စားကြလေသည်။

ပေါင်မုံ့ များကို ကျောက်ခေတ်မှစ၍ ပြုလုပ် စားသုံးခဲ့ကြကြောင်း သိရသော်လည်း မည်ကဲ့သို့ ပြုလုပ်သည်ကို အသေအချာ မသိရချေ။ တူးဖော် တွေ့ရှိရသော ကျောက်တုံးများကို ကြည့်၍သာမှန်းဆကြည့်ရ၏။ ကျောက်ခေတ်က ပေါင်မုံ့ ပြုလုပ်ပုံမှာ အနုံတစ်မျိုးကို ကျောက်တုံးများပေါ်၌ ထုရိုက်ထောင်းခြေ၍ အမှုန့်ပြုလုပ်ဟန်တူသည်။ ထိုနောက် ယင်းအမှုန့်ကို စေးပိုင်လာသည်အထိ နယ်ပြီးလျှင် ပူအောင်ပြုလုပ်ထားသော ကျောက်တုံးပေါ်၌တင်၍ ပြာပူများဖြင့် ဖုံးအုပ်ကာ ကျက်အောင် ဖုတ်သည်ဟု ယူဆရသည်။

ထိုမှတစ်ဆင့် တိုးတက်လာသောမုံ့ဖုတ်နည်းမှာ အမေရိကန် ပြည်တိုင်းရင်းသားလူမျိုးတို့ ယခုထက်တိုင် သုံးလျက်ရှိသောနည်းဖြစ်သည်။ ဝက်သစ်ချစေ့မှ အဆန်ကို ထုတ်၍ နေလှမ်းပြီးနောက် ခြောက်သောအခါ ကျောက်တုံးဖြင့် ကြိတ်၍လည်းကောင်း၊ ဆုံတွင် ထောင်း၍လည်းကောင်း အမှုန့်ပြုလုပ်လေသည်။ ထိုနောက်မှ အမှုန့်များကို စေးပိုင်လာသည်အထိနယ်၏။ နယ်ပြီးသာမုံ့ကို မြေထဲရှိ တွင်းတစ်ခုခ၌ဖြစ်စေ၊ မြေပြင်ပေါ်ရှိ ဖိုတစ်ခုခ၌ဖြစ်စေ ထည့်၍အလယ်တွင် ကျောက်တုံးပူပူတစ်ခုထားကာ ဖုတ်သည်။ အခြားတစ်နည်းမှာမူ နယ်ပြီးသားမုံ့ကို ဖက်ဖြင့် ထုပ်၍လည်းကောင်း၊ လိပ်၍လည်းကောင်း မီးကျီးခဲများ အလယ်သို့ ထိုးသွင်းပြီး ဖုတ်နည်းဖြစ်သည်။

ရှေးစပိန်လူမျိုးများကာ နေလှန်းထားသော ရွှံ့ခဲများဖြင့် ပျားအုံသဏ္ဌာန်မီးဖိုများ ပြုလုပ်ပြီးလျှင် ပေါင်မုံ့ ဖုတ်ကြသည်။ ခရစ်မပေါ်မီ နှစ်ပေါင်းများစွာကမူ လက်လှည့် မုံ့ကြိတ်ဆုံနှင့် ပေါင်မုံ့ ဖိုကို ရောမလူမျိုး ဂရိလူမျိုးတို့ အိမ်တိုင်းတွင်တွေ့မြင်ရလေသည်။ ဘီစီ ၂၀၀ ခန့်တွင်ကား ရောမ မြို့တော်တွင် အများပြည်သူတို့အတွက် ပေါင်မုံ့များ ပြုလုပ် ရောင်းချသော ပေါင်မုံ့ဖိုများရှိခဲ့ကြောင်း အထောက်အထားများတွေ့ရသည်။

ပေါင်မုံ့များ ပြုလုပ်ရောင်းချရာ၌ လိုက်နာရန် ဥပဒေစည်းမျဉ်းများ ကိုလည်း ပြဋ္ဌာန်းထားလေသည်။ အလယ်ခေတ်တွင်ကား မြေရှင်ကြီးများ၏အိမ်များ၌သာ မုံ့ကြိတ်စက်နှင့် ပေါင်မုံ့ ဖိုများ ရှိသည်။ အနီးအနား တစ်ဝိုက်မှ ဆင်းရဲသား လယ်သမားများသည် မိမိတို့ ဝမ်းစာအတွက် မြေရှင်များပိုင်သော ပေါင်မုံ့ဖိုများ၌ သွားရောက်၍ ပေါင်မုံ့ ဖုတ်ရလေရာ အခအဖြစ်ဖြင့် ကောက်ပဲသီးနှံနှင့် ပေါင်မုံ့ အချို့ကို ဝေစုခွဲရလေသည်။

ကာလကြာလတ်သော် မုံ့ကြိတ်နည်း ဖုတ်နည်း များသည်လည်း တိုးတက် ကောင်းမွန်လာသည်။ မြို့များတွင် အရပ်သားများ စုပေါင်းပိုင်ဆိုင်သော ရပ်ကွက်ပိုင် ပေါင်မုံ့ဖိုနှင့် မုံ့ကြိတ်စက်များကို တည်ထောင်လာကြ၏။ အရပ်သားများသည် မိမိတို့ ရပ်ကွက်ရှိ ဖိုသို့သွား၍ ပေါင်မုံ့ဖုတ်ကြသည်။ အချို့သည် အိမ်၌ကြိတ်ပြီးသား မုံ့နှစ်များကို ပေါင်မုံ့ဖိုရှိရာသို့ယူသွား၍မုံ့ဖုတ်ကြသည်။ ယခုခေတ်တိုင် အောင် အနောက်နိုင်ငံအချို့နယ်ပယ်ဒေသများတွင် တောင်သူလယ်သမားများသည် ထိုစံနစ်ကို လိုက်နာလျက်ရှိကြလေသည်။ သံမီးဖိုများ ပေါ်ပေါက်လာသောအခါမှ မိမိတို့၏ အိမ်တွင် ပေါင်မုံ့များ ပြုလုပ်စားသောက်သည့် အလေ့အထ ဖြစ်ပေါ်လာလေသည်။

ယခုခေတ်တွင် ထို့ထက်တိုးတက်လာပုံကား ဂျုံစေ့ကြိတ်သည်မှ ပေါင်မုံ့ဖြစ်လာသည်အထိ လက်ဖြင့်အလျှင်းမထိရဘဲ စက်ဖြင့်သာ လုပ်ကိုင်နိုင်လေပြီ။ စက်မှုလက်မှုထွန်းကားသော အနောက်နိုင်ငံများတွင် ပေါင်မုံ့ပြုလုပ်သည့် စက်ရုံများ အမြောက်အမြားရှိသည်။ အမေရိကန်

www.forewarspace.com.mm

ပြည်ထောင်စုတွင်ကား ပေါင်မုံ့လုပ်ငန်းမှာ အလွန်ကြီးကျယ်၍ အစားအသောက်ဆိုင်ရာ လုပ်ငန်းများတွင် ဒုတိယအကြီးဆုံး ဖြစ်လေသည်။

ရှေးအခါက ဂျုံမှုန့်ကြိတ်ခြင်းနှင့် ပေါင်မုံ့ဖုတ်ခြင်းကို အမြဲတန်းပူးတွဲထားသော်လည်း ယခုအခါ ဂျုံမှုန့် ကြိတ်သည့်လုပ်ငန်းနှင့် ပေါင်မုံ့ဖုတ်သည့်လုပ်ငန်းမှာတစ်ခြားစီ ဖြစ်သည်။ စက်ရုံကြီးများ၌ ပေါင်မုံ့ပြုလုပ်ပုံမှာ အလွန်ပင်စံနစ်ကျလေသည်။ ရှေးဦးစွာ ဂျုံမှုန့်အမျိုးမျိုးကို ဝယ်ယူ၍ စက်ရုံအပေါ်ထပ်တွင် အသုံးမပြုမီလအနည်းငယ် တင်ကြိုသိုလှောင်ထားသည်။ အသားကျသွားသော အခါမှ အမျိုးအစားအလိုက်တူရာတူရာစက်ဖြင့် ရောစပ်ပေး၍ သီးခြားရုံများ၌သိုလှောင်ထား လေသည်။ အသုံးပြုရန်အချိန်ကျသောအခါ ရောစပ်ထားသောဂျုံမှုန့်များကို စက်ဆန်ကာများဖြင့် အတုံးအခဲ အမှိုက်သရိုက်များ ဖယ်ထုတ်လေသည်။

စက်ဆန်ကာမှကျသော ဂျုံမှုန့်ကို လိုအပ်သလောက် ချိန်တွယ်၍ နယ်သည့် စက်ထဲသို့ချပေး၏။ ထိုစက်ထဲသို့ ရောက်လျှင် လိုအပ်သည့်အပူချိန်ရှိသောရေကို စက်ဖြင့် ထည့်ပေးလေသည်။ ဤအဆင့်တွင် တဆေး၊ သို့မဟုတ် အချဉ်ပေါက်စေသော ဆေးမှုန့် တစ်မျိုးမျိုးနှင့် သကြား၊ ဆားတို့ပါ ထည့်ရသည်။ ပို၍ အရသာကောင်းစေလိုလျှင် နို့ဆီ၊ နို့မှုန့်တို့ကိုပါ ထည့်ပေးရလေသည်။ ထိုသို့ ထည့်ပြီးသောအခါ သံမဏိစက်မောင်းကြီးများက ရောစပ်ထားသော အမှုန့်များအကုန်လုံးသမ၍ စေးပိုင်လာသည်အထိ နယ်ပေးသည်။

နယ်ပြီးသောမုံ့နှစ်များကို တဖန် 'မုံ့နှစ်အခန်း'သို့ ပို့လိုက်၍ မုံ့နှစ်များ အချဉ်ပေါက်ကာ ပေါ့ပြီးပွလာသည်အထိထားလေသည်။ မုံ့နှစ်များမှ အငွေ့အသက်များ ထွက်၍ မုံ့များတော်တော်ပွလာသောအခါ ပေါင်မုံ့တစ်လုံးစာတစ်လုံးစာမုံ့နှစ်များကို စက်ဖြင့်ညီညီညာညာ ခွဲပေးလေသည်။ ခွဲထားသောမုံ့နှစ်များကို စက်ဖြင့် ပေါင်မုံ့ပုံလောင်းပေး၍ ဒုတိယအကြိမ် မုံ့ပွအောင်ပြုလုပ်သည့် အခန်းသို့ ပို့ရပြန်သည်။

ထိုအခန်းမှတဖန် ပုံသွင်းသည့်စက်သို့ပို့၍ ပေါင်မုံ့သဏ္ဌာန်ပုံသွင်းပေးပြီးသောအခါ ဖိုတွင်ထည့်၍ ဖုတ်ရန်အသင့်ဖြစ်လာသည်။ မုံ့ဖိုကြီးများကို အုတ်ဖြင့်ပြုလုပ်၍ နံရံများသည် အပူရှိန်ကိုကြာရှည်စုတ်ယူထားနိုင်စေရန် ထူထဲစွာ ပြုလုပ်ထားသည်။ မုံ့များကို ၃၅ မိနစ်ခန့် ဖုတ်ရသည်။ ဖိုထဲမှ မုံ့များကျက်၍ ထုတ်မယူမီကလေးတွင် ပေါင်မုံ့ အကာသားများကို ပြောင်လက်လာစေရန် ရေနွေးငွေ့ သွင်းပေးရသည်။ အိမ်တွင် ဖုတ်သည့် ပေါင်မုံ့များကိုကား ဖိုမှထုတ်စတွင် နွားနို့၊ ထောပတ်၊ ရေအေးတစ်မျိုးမျိုးသုတ်၍ ပြောင်လက်လာအောင်ပြုတတ်ကြသည်။ ဖိုမှထွက်လာသောပေါင်မုံ့များကို စက်ဖြင့်ပင် ဖယောင်းစက္ကူများနှင့် ထုတ်ပေး၍ ရောင်းချရန် အသင့်ပြုလုပ်ထားလေသည်။ ယင်းသို့အားဖြင့် ဂျုံမှုန့်ကို နယ်သည်မှအစပေါင်မုံ့ဖြစ်၍ စက္ကူဖြင့်ထုပ်သည်အထိ စက်ဖြင့်သာပြုလုပ်ထားလေရာ ပေါင်မုံ့ဆိုင်မှဝယ်ယူ၍စားရန်ပေါင်မုံ့ကို ပတ်ထားသောစက္ကူပတ်ကိုခွာလိုက်မှပင် ပေါင်မုံ့လုံးမှာ လူ့လက်နှင့်ထိရလေတော့သည်။ အချို့ စက်ရုံငယ်များတွင်ကား လက်ဖြင့်ကူညီပြုလုပ်ပေးရပေသေးသည်။ လုံးဝလက်မပါဘဲ စက်ဖြင့်ပြုလုပ်သော ပေါင်မုံ့လတ်လတ်ဆတ်ဆတ်ပူပူနွေးနွေးကို အချိန်မရွေး လွယ်ကူစွာရရှိနိုင်သဖြင့် အိမ်တွင်ပေါင်မုံ့ဖုတ်၍ စားသောက်သည့်အလေ့တဖြည်းဖြည်း နည်းပါးလာလေသည်။

အင်္ဂလန်ပြည်တွင် တစ်နှစ်အတွင်းလူတစ်ယောက် စားသုံးသော ပေါင်မုံ့များအတွက် အသုံးပြုရသောဂျုံမှုန့်မှာတစ်အိတ်ကျော်ခန့်ဖြစ်၏။ သို့ဖြစ်၍ သန်းပေါင်းများစွာသောအင်္ဂလိပ်လူထုအတွက် တစ်နှစ်တစ်နှစ်လျှင် အသုံးပြုရသောဂျုံအိတ်ပေါင်းကို စီလိုက်လျှင် ကမ္ဘာကြီး၏ အီကွေတာမျဉ်းတမျှ ရှည်လျားပေမည်။ အင်္ဂလန်ပြည်ကဲ့သို့ပင် ပြင်သစ်၊ ဂျာမနီ၊ ကွေ့တလီစသော ဥရောပတိုက်နိုင်ငံများ၊ အမေရိကတိုက်နိုင်ငံများ၊ သြစတြေးလီးယား၊ နယူးဇီလန်စသော နိုင်ငံများသည်လည်း ပေါင်မုံ့ကို ပဓာနအစာ အဖြစ်ဖြင့် စားသုံးသော နိုင်ငံများဖြစ်ကြသည်။ မြန် မာနိုင်ငံစသော ဆန်ကို ပဓာနအစာအဖြစ်စားသောက်သည့် နိုင်ငံများကပင် ပေါင်မုန့်ကို မုန့်ခဲ ဖွယ်အဖြစ်စားသုံးကြသည်။ နေ့စဉ်စားသုံးသော ပေါင်မုံ့ရိုးရိုးအပြင် အလှစား ပေါင်မုံ့များလည်း ရှိသေးသည်။ ထိုပေါင်မုံ့မျိုးကို အဆန်းတကြယ် အထူးတလည်ပြုပြင်စီမံလုပ်ရသည်။ ဂျုံအနုစားဖြင့် ပြုလုပ်သော ပေါင်မုံ့ဖြူအနုစားများကား ဈေးကြီးသည်။

ပေါင်မုံ့သည် လူတို့၏အင်အားဖြစ်စေသော အစာဖြစ်သည်။ ပေါင်မုံ့ဖြူတစ်လုံးတွင် ကာဗိုဟိုက်ဒရိတ် ၄၈.၅၄ ရာခိုင်နှုန်း၊ ရေ၃၆.၉ရာခိုင်နှုန်း၊ ပရိုတင်းဓာတ် ၉.၄၄ရာ ခိုင်နှုန်း၊ ပြာဓာတ် ၁.၇၇ ရာခိုင်နှုန်း၊ အဆီဓာတ် ၂.၉၉ ရာခိုင်နှုန်းနှင့် အမျှင်ကြမ်း ၀.၃၆ ရာခိုင်နှုန်းပါရှိသည်။ ပေါင်မုံ့ညိုသည် အဖြူထက် ဗီတာမင်ဓာတ်နှင့် သတ္တုဓာတ် ပို၍ပါသည်။ အချို့ ပေါင်မုံ့ဖုတ်သူတို့သည် ပေါင်မုံ့ဖြူတွင် ဗီတာမင်နှင့်သတ္တုဓာတ်များ ဖြည့်ထည့်၍ ဖုတ်တတ်ကြသည်။ ပဲကျတ်ပျဉ်မှုန့်ဖြင့် ပြုလုပ်သော ပေါင်မုံ့သည် ကျန်းမာရေးနှင့် အလွန်ပြည့်စုံသော အစာဖြစ်သည်။

www.foreverspace.com.mm

ပေါင်မုံ့ကို ပဓာန အစာအဖြစ်စားသုံးကြသော နိုင်ငံများတွင် ပေါင်မုံ့ပြုလုပ်ရာ၌ ကျန်းမာရေးနှင့် ညီညွတ်ပြီးလိုအပ်သော ဂျံမှုန့်စသည်အမှုန့်များ အချိုးကျ အမှန်အကန်ပါဝင်စေရန် အစိုးရက ဥပဒေဖြင့်သတ်မှတ်ထားလေသည်။

ပေါင်မြို့ ။ ။ပေါင်မြို့သည် သထုံခရိုင်၊ ပေါင်မြို့နယ်၏ ရုံးစိုက်မြို့ဖြစ်သည်။ ပေါင်မြို့နယ်သည် သထုံမြို့နယ်၏တောင်ဘက်ကျ၍၊ သံလွင်မြစ်နှင့် မုတ္တမပင်လယ်အကွေ့ကြားတွင်တည်ရှိသည်။

ပေါင်မြို့နယ်၏အလယ်မှ တောင်နှင့်မြောက် သွယ်တန်းနေသော မုတ္တမတောင်တန်း၏ အနောက်ဘက်ဆင်ခြေလျှောတွင် ပေါင်မြို့တည်ရှိသည်။ ရန်ကုန်–မော်လမြိုင်သွားမီးရထားလမ်းသည် ပေါင်မြို့ကိုဖြတ်၍ ဖောက်လုပ်ထားသည်။ ပေါင်မြို့နယ်သည် ၃၉၉ စတုရန်းမိုင်မျှ ကျယ်ဝန်း၍၊ မြေညြောကောင်းမွန်သဖြင့် လယ်ယာစိုက်ပျိုးရေးသည် မြို့နယ်၏ အဓိကလုပ်ငန်းဖြစ်သည်။ လယ်ယာလုပ်ငန်းကောင်းမွန်သည့် အလျောက်လည်း လူဦးရေပေါများသည်။ ပေါင်မြို့နယ်၏ လူဦးရေမှာ ၁၉၅၆ ခုနှစ် ခန့်မှန်းချက်အရ ၁၁၀၂၈၁ ယောက်ဖြစ်၍၊ ပေါင်မြို့၏လူဦးရေသည် ၁၉၅၃ ခုနှစ် ခန့်မှန်းခြေသန်းခေါင်စာရင်းအရ ၆၈၈၈ ယောက်ဖြစ်လေသည်။ ဆန်စပါးသည် ပေါင်မြို့၏ အဓိကထွက်ကုန်ဖြစ်သည်။

ရှေးဟောင်းမြို့ကြီးတစ်မြို့ဖြစ်သော မုတ္တမမြို့သည် ပေါင်မြို့နယ်၏အရှေ့တောင်စွန်းသံလွင်မြစ်ကမ်းပေါ်တွင် တစ်ဖက်ကမ်းရှိ မော်လမြိုင်မြို့ကို မျက်နှာမူလျက် တည်ရှိသည်။ မုတ္တမမြို့သည် ရှေးကပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်ခဲ့၍၊ နိုင်ငံခြားသားများထွက် ဝင်ကူးသန်း ရောင်းဝယ်ရာ ဌာနတစ်ခု ဖြစ်လေသည်။ (မုတ္တမမြို့–ရှု။)

ပေါင်လောင်ရှင်ကဿပ။ ။ ဆရာတော်များ–ရှု ။

ပေါင်သီး။ ။ပေါင်သီးသည် အာဟာရဓာတ်နှင့်ပြည့်စုံသောအသီးတစ်မျိုးဖြစ်သည်။ ယင်း၏ အရသာသည် ပေါင်မုန့်နှင့်တူသဖြင့် ပေါင်သီး၊ သို့မဟုတ် ပေါင်မုန့်သီးဟုခေါ်သည်။ ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းရှိ အပူပိုင်းဇုန်ဝင်ကျွန်းများမှ တိုင်းရင်းသားတို့၏ အဓိက အစာဖြစ်သည်။ ရက္ခဗေဒ အလိုအား ဖြင့် ပေါင်သီးပင်ကို 'အားတိုကားပပ်ကွန်မျှနှစ်' ဟု ခေါ်သည်။ ယင်းသည် 'မိုးရေစီအီး' မျိုးရင်းတွင် ပါဝင်သည်။ ပေါင်သီးပင်မျိုးစိတ်ပေါင်း ၄၀ ရှိရာ၊ မျိုးစိတ်တိုင်းမှ လူတို့စားသုံးနိုင်သောအသီးမျိုးသီးသဖြင့် တစ်နှစ်ပတ်လုံး ယင်းအသီးမျိုး ပြတ်သည်ဟူ၍မရှိချေ။ ပေါင်သီးပင်ကို အနောက်အိန္ဒိယကျွန်းစုနှင့် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းရှိ ကျွန်များတွင် စိုက်ပျိုး၍၊ ရံဖန်ရံခါ အမေရိကန် အပူပိုင်းဒေသများ၌ စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံ အောက်ပိုင်း တနင်္သာရီကမ်းရိုးတန်း၌လည်း ပေါက်ရောက်သည်။

ပေါင်သီးပင်သည် ပူ၍စိုစွတ်သော ဥတုဌ် ပေါက်၏။ ထိုပြင် မိုးများ၍ရေဆင်းကောင်းရန်လည်းလိုသည်။ ပေါင်သီးပင်သည် ပေ၄၀ မှ ပေ ၆၀အထိ မြင့်၍၊ အမြင့်တစ်ဝက်လောက်အထိ အကိုင်းအခက်ရှင်းနေကာ၊ အဖျားပိုင်းရောက်မှ အကိုင်းအခက်များ ဘေးသို့ဖြာထွက်နေသည်။ အရွက်သည် အလျားတစ်ပေကျော်ရှိ၍ အစိမ်းရင့်သွေးအရောင်တောက်တောက် ဖြစ်သည်။ သင်္ဘောရွက်ကဲ့သို့ ရွက်ခြားလက်ကြီးသည်။ အသီးသည် ပင်စည်မှ တိုတိုတုတ်တုတ် အညာတံဖြင့် တစ်လုံးတည်းသော်လည်း ကောင်း၊ ၂ လုံး သို့မဟုတ် ၃ လုံးရှိ အခိုင်လိုက်သော်လည်းကောင်းသီးသည်။ အသီးအချို့သည် လုံးဝိုင်းဝိုင်းပုံဖြစ်၍၊ အချို့ကားဘဲဥပုံဖြစ်ပြီးလျှင်၊ ကလေးဦးခေါင်းအရွယ်ခန့် ရှိသည်။ ပိန္နဲသီးနှင့်ခပ်ဆင်ဆင်တူသည်။ အခွံကြမ်း၍ အတွင်းသား နူးညံ့သည်။ တစ်နှစ်အတွင်းနှစ်ကြိမ်၊သို့မဟုတ် သုံးကြိမ်သီးသည်။ အသီးသည် နုစဉ်အခါ အစိမ်းရောင်ဖြစ်၍၊ နောက်တဖြည်းဖြည်း ညိုလာသည်။ မှည့်သောအခါ၌မူ ဝါလာသည်။

ပေါင်သီးကို မမှည့်မီကပင် စား၍ကောင်းသော်လည်း မှည့်မှသာ စားလေ့ရှိကြသည်။ ပေါင်သီး၌စားရသောအပိုင်းနှင့် အခွံနှင့် အူတိုင်းကြားရှိအသားဖြစ်သည်။ ထိုအသားကို အုန်းနို့နှင့်ရောရ၍၊ ပူတင်းဖုတ်စားလျှင်လည်း အလွန်ကောင်းသည်။ ပေါင်သီးအမှည့်ကိုပေါင်း၍ အထဲမှအသားကို စားကြသည်။ အာလူးပြုတ်နှင့် နို့ချိုချိုရောစားရသကဲ့သို့ ရှိသည်။ ပါးပါးလှီး၍ အခြောက်လှန်းသည်။ ရက်အတော်ကြာခံအောင်မူ မြေအောက်တွင်းထဲ၌ အလုံးလိုက် ဖုတ်၍ထားကြရသည်။ တစ်ခါတစ်ရံ ယင်းအသီး၏အမှုန့်ကို ရေဖြင့်နဲ့၍၊ အနည်းငယ် အချဉ်ပေါက်လာစေရန် မြေအောက်၌ သိုလှောင်ထားပြီးမှ ဖုတ်၍စားပါက၊ နှစ်သက် ဖွယ်ကောင်းလှသည့် အနံ့အရသာနှင့် ပြည့်စုံလေသည်။

ပေါင်သီးပင်မှ လေထိလျှင်မာသွားတတ်သော အဖြူရောင် အစေးတစ်မျိုးထွက်သည်။ တိုင်းရင်းသားများသည် ထိုအစေးကိုလေ့များဖာရန် အသုံးပြုကြသည်။ ပေါင်သီးပင်၏အသားသည် နှစ်ချို့ခံထား၍ အသားကျသွားပါက မဟော်ဂနီသားနှင့် ခပ်ဆင်ဆင်တူသည်။ သို့ရာတွင် ပျော့၍ပေါ့သဖြင့်၊ တိုင်းရင်းသားတို့၏လေ့ပေါ့ကလေးများနှင့် အိမ်သုံးပစ္စည်း အနည်းငယ် လုပ်ရန်မှတပါး အသုံးမဝင်လှ

www.foreverspace.com.mm

ချေ။ ပင်စည်မှအတွင်းသားကိုခွာ၍ ခြည်မျှင်ထုတ်ယူပြီးသော်၊ အထည်တစ်မျိုး ရက်လုပ်နိုင်သည်။

ပေါင်းကူး ။ ။ မုတ်ခုံး–ရှု။

ပေါင်းခံခြင်း ။ ။အရည် သို့မဟုတ် အစိုင်အခဲ တစ်ခုခုမှ ဓာတ်ငွေ့၊ သို့မဟုတ် အငွေ့များဖြစ်စေပြီးလျှင် ငွေ့ရည်ဖွဲ့စေကာ ထိုဓာတ်ငွေ့ သို့မဟုတ် အငွေ့များကို အရည်ဖြစ်စေခြင်းကို ပေါင်းခံခြင်းဟုခေါ်သည်။ ထိုသို့ ပြုလုပ်ရာ၌အပူကို အသုံးပြုရပေသည်။ ရေကို လေနှင့်တွေ့ထိထားလျှင် ရေငွေ့ဖြစ်သွားသည်ကို လူတိုင်းလိုလိုကသိသည်။ ထိုသို့ ဖြစ်သည်ကို အငွေ့ပျံသည်ဟုခေါ်သည်။ ရေနွေးများသည် ပို၍အငွေ့ပျံလွယ်ကြသည်။ ထိုသို့အငွေ့ပျံနေသည်ကို ရေနွေးငွေ့ဖြစ်နေသည်ဟုခေါ်သည်။ ရေနွေးအိုးတစ်လုံး၌ ရေပေါ်၌ ကွက်လပ်တွင် ရေနွေးငွေ့များနှင့် ပြည့်နေသည်။ ရေနွေးငွေ့ဟု အများကခေါ်နေကြသော ထိုရေနွေးငွေ့များသည် အမှန်မှာရေငွေ့များမဟုတ်ချေ။ ထိုရေငွေ့များကိုသာအေးအောင်ပြုလုပ်လျှင် ရေစက်ကလေးများ ပြန်၍ဖြစ်လာလေသည်။ ထိုအခါ ရေငွေ့များ ငွေ့ရည်ဖွဲ့သည်ဟု ဆိုသည်။ အကယ်၍ ရေငွေ့အမြောက်အမြားကို ငွေ့ရည်ဖွဲ့စေလိုလျှင် ရေငွေ့ထွက်လာသော နေရာ၏အပေါ်မှ ပုလင်းအေးတစ်လုံးကို မှောက်၍ထားပေးရသည်။ ထိုအခါ ပုလင်းထဲ၌ ရေစက်ကလေး အမြောက်အမြား ဖြစ်လာလေသည်။ အထူးသဖြင့်ပုလင်းကို ရေစိုနေသည့်အဝတ်တစ်ခုဖြင့်ပတ်ကာအေးနေစေလျှင် ရေစက်ကလေးများ အဖြစ်မြန်သည်။

ပေါင်းခံခြင်း အတတ်ကို အလွန်ရှေးကျသည့်အခါကပင် သိခဲ့သည်ဟု ဆိုကြ၏။ ထိုပြင် မှတ်တမ်းများအရ အေဒီ ၂၀၀ ပြည့်နှစ် မတိုင်မီကပင် သိခဲ့ကြကြောင်း တွေ့ရလေသည်။ သမိုင်းဆရာများက အယ်ရစ္စတိုတယ်နှင့် သူတပည့်များသည် ပေါင်းခံခြင်းကိုပြုလုပ်ခဲ့ကြသည်ဟု ယုံကြည်ကြသည်။ ထိုသို့ ယုံကြည်ကြသည်မှာလည်း ဆားငန်ရေးသည် အငွေ့အဖြစ်သို့ပြောင်းလဲသွားသောအခါ အငန်ဓာတ်မရှိတော့ဘဲ အငွေ့သည်လည်း ငွေ့ရည်ဖွဲ့သောအခါတွင် ဆားငန်ရည် ပြန်၍ မဖြစ်ဆိုသည့် သူ၏မိုးလေဝသခေါ်စာအုပ်တွင်ပါဝင်သည့်စာပိုဒ်အရဖြစ်သည်။

ရိုးရိုးပေါင်းခံ ခြင်းသည် ရေကဲ့သို့သော အရည်များကို အငွေ့ဖြစ်စေပြီး ငွေ့ရည်ဖွဲ့စေခြင်းဖြစ်သည်။ ထိုကြောင့် ပေါင်းခံခြင်း၌ အငွေ့ပျံစေခြင်းနှင့် ငွေ့ရည် ဖွဲ့စေခြင်းဟူ၍ အပိုင်းနှစ်ပိုင်း ပါရှိလေသည်။ ပေါင်းခံထားသောရေသည် ပဌမရေထက်ပို၍ အညစ်အကြေးမှ ကင်းစင်လေသည်။ ထိုသို့ဖြစ်ခြင်းသည် ရေများ အငွေ့ပျံသည့် အပူချိန်၌လိုက်၍ အငွေ့မပျံနိုင်သော ဆားကဲ့သို့သောအညစ်အကြေးများကို ကျန်ရစ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ပင်လယ်၊ မြေဆီလွှာနှင့် အပင်တို့ရှိရာသည် အစဉ်သဖြင့် အငွေ့ပျံနေကြပြီးလျှင် သဘာဝအလျောက် ပေါင်းခံသည့်ရေသည် မိုးရေနှင့် နှင်းပေါက်များဖြစ်သည်။

ပေါင်းခံသော ကိရိယာကို ပေါင်းခံအိုးဟုခေါ်သည်။ ထိုကိရိယာရှိ အဓိကအစိတ်အပိုင်းမှာ ပေါင်းခံမည့် အရည်များကို အပူပေးသည့် ဗွိုင်လာအိုး ဖြစ်သည်။ ဒြဗ်ရောရှိ အနိမ့်ဆုံးအပူချိန်၌ဆူသော ဓာတ်ပစည်းသည် ပဌမ အငွေ့ပျံသည်။ ဒုတိယအစိတ်အပိုင်းမှာ ကွန်ဒင်ဆားဖြစ်ပြီးလျှင် အငွေ့များ ထိုကွန်ဒင်ဆားအတွင်းသို့ ရောက်သွားသောအခါ ငွေ့ရည်ဖွဲ့၍ အရည်တစ်ဖန် ဖြစ်သွားလေသည်။ ထိုအရည်ကို ပေါင်းခံရည်ဟုခေါ်သည်။ တတိယအစိတ်အပိုင်းမှာ ရီတော့ပေါင်းအိုးဖြစ်သည်။ ထိုအိုးထဲတွင် ပေါင်းခံရည်များကို စုဆောင်းသည်။ ပေါင်းခံ အိုးကြီးများတွင် ကွန်ဒင်ဆားကို ရေအေးထည်းတွင် နှစ်ထားရသည်။ အသက်ကယ် လှေများ၌ ဖြစ်စေ၊ သင်္ဘောပေါ်၌ဖြစ်စေ သောက်ရေပြတ်သွားလျှင် ပင်လယ်ရေမှ သောက်ရေ (ရေချို) အဖြစ်သို့ ပြောင်းလဲယူနိုင်သော ပေါင်းခံအိုး တစ်မျိုးကို ဗြိတိသျှရေတပ် ဗိုလ်ချုပ်ကြီး ဂျေ၊ ဂျီ၊ အိပ်၊ ဂွပ်ဖဲလိုးဆိုသူက တီထွင်နိုင်ခဲ့သည်။ ထိုပေါင်းခံအိုးတွင် ပါရာဖင်ဆီနှင့် ထင်းမီအစိုင်အခဲ၊ သို့မဟုတ် သစ်သားကို အသုံးပြုရ၏။

အရည်အမျိုးမျိုးကို ရောနေသော ပစ္စည်းကိုပေါင်းခံလိုလျှင် ထိုပစ္စည်းရောကို ရိုးရိုးပေါင်းခံနည်းဖြင့် ပေါင်းခံယူ၍ မဖြစ်နိုင်ပေ။ ပုံပမာ အယ်လကိုဟော(အရက်)သည် ဖာရင်ဟိုက် ၁၇၂· ၌ဆူ၍ ရေသည်ဖာရင်ဟိုက် ၂၁၂· ၌ဆူ၏။ သို့သော် ရေသည် အတော်လျင်မြန်စွာပင် ဖာရင်ဟိုက် ၁၇၂· ၌ အငွေ့ပျံနိုင်လေသည်။ ထိုကြောင့် အယ်လကိုဟောနှင့်ရေကဲ့သို့သောပစ္စည်းရောကို ပေါင်းခံလျှင်ထွက်လာသောပေါင်းခံရည်တွင် ရေအချို့ပါဝင်နေပေလိမ့်မည်။ သို့သော်ပဌမပေါင်းခံရည်တွင် အယ်လကိုဟောပို၍များများ ပါမည်ဖြစ်ပြီးလျှင်၊ နောက်မှဖြစ်ပေါ်လာသည့်ပေါင်းခံရည်တွင် အယ်လကိုဟောပို၍နည်းပေမည်။ ထိုကြောင့် ပဌမဖြစ်ပေါ်သည့် ပေါင်းခံရည်ကို သီးခြားခွဲကာခံယူရသည်။ ထိုနည်းဖြင့်ကြွင်းကျန်သည့် ပေါင်းခံရည်များကို အဆင့်ဆင့်ခံယူရသည်။ ထိုသို့အဆင့်ဆင့်ပေါင်းခံယူသည့် စနစ်တစ်ခုလုံးကို အဆင့်ဆင့်ပေါင်းခံခြင်းဟုခေါ်သည်။ ထိုနောက်ပို၍သန့်စင်သည့် ပစ္စည်းများရရှိရန် တစ်ဆင့်စီ သိမ်းဆည်းထားသည့် ပေါင်းခံရည်များကို တစ်ဖန်ထပ်၍ ပေါင်းခံယူရပြန်သည်။ ထိုနည်းဖြင့် ဖရန်ဒီ၊ ဝီစကီကဲ့သို့သောအရက်များကိုချက်ယူကြသည်။ ယင်းတို့၌ ပေါင်းခံမယူသော ဝိုင်နှင့်ဗီယာများမှာထက် အယ်လကိုဟော ပို၍များများ

www.forewarspace.com.mm

ပါဝင်သည်။ သို့သော် အယ်လကိုဟောနှင့် ရေရောနေသော ပစ္စည်းရောကို အဆင့်ဆင့်ပေါင်းခံယူရာ၌ မည်မျှပင်အဆင့်ဆင့်ပေါင်းခံယူသော်လည်း အယ်လကိုဟောသည် ၉၅ ရာခိုင်နှုန်းထက် ပို၍မပါဝင်နိုင်ချေ။ ကျန်ရှိသည့် ရေ ၅ ရာခိုင်နှုန်းကို မဖောက်ထုံး၊သို့မဟုတ် ဆိုဒီယမ်ကဲ့သို့သော ဓာတ်ပစ္စည်းဖြင့်ချွတ်ယူရသည်။

ထိုအဆင့်ဆင့် ပေါင်းခံနည်းကို ရေနံစိမ်းကို ချွတ်ယူရာတွင်လည်း အသုံးပြုနိုင်ပေသည်။ ရေနံစိမ်းသည် ပစ္စည်းအများအပြားပါဝင်လျက်ရှိသဖြင့် ထိုပစ္စည်းများကို အသုံးဝင်မည့် ပစ္စည်းများဖြစ်လာစေရန် ခွဲထုတ်ယူရသည်။ စောစော ပိုင်းအဆင့်များတွင် နက်ဖသားကတ္တရာစေးနှင့် ဗင်ဇင်းများ ထွက်လာ၏။ ထိုနောက်ဓာတ်ဆီ၊ ထိုနောက် ရေနံဆီနှင့်ချောဆီများထွက်လာလေသည်။ အဆင့်ဆင့် ပေါင်း ခံသော ပေါင်းအိုးကြီး တစ်ခုတည်း၌ပင် ယင်းတို့ကို သီးခြားခွဲထုတ်ယူနိုင်ပေသည်။ ဆူသည့် အပူချိန် အနည်းဆုံးပစ္စည်းသည် ပဌမဆုံးထွက်လာ၏။ ထိုအငွေ့များသည် အမြင့်ဆုံးသို့တက်သဖြင့် ထိပ်ဆုံး၌ထားသောပိုက်များမှထွက်လာလေသည်။ အခြားပိုက်များ အမြင့်အသီးအသီးတွင် တည်ရှိကြလေသည်။ ကျောက်မီးသွေးကတ္တရာမှ ဓာတ်ပစ္စည်းများကို ခွဲထုတ်ယူရာ၌လည်း အဆင့်ဆင့် ပေါင်းခံနည်းကိုပင် အသုံးပြုကြသည်။

ရိုးရိုးပေါင်းခံနည်းသော်လည်းကောင်း၊အဆင့်ဆင့်ပေါင်းခံနည်းသော်လည်းကောင်း ဓာတ်ပစ္စည်းအသစ်များကိုမဖြစ်စေနိုင်ချေ။ ထိုနည်းများသည် ရောနေသောဓာတ်ပစ္စည်းများကိုသာခွဲထုတ်ပေးနိုင်လေသည်။ သို့သော် သစ်သားကဲ့သို့သောပစ္စည်းတစ်ခုကို လုံသောအိုးတစ်လုံးတွင်ထည့်ကာ အပူတိုက်ပေးလျှင် သစ်သားသည် ဓာတ်ပြိုကွဲသွားကာ ယခင်ကမရှိခဲ့ဖူးသောပစ္စည်းများကို ဖြစ်ပေါ်စေသည်။ ထိုသို့ပြုလုပ်နည်းကို အခြောက်ပေါင်းခံနည်းဟု ခေါ်သည်။ သစ်သားကို အခြောက်ပေါင်းခံရာမှမီးသွေး၊ အက်ဆီတစ်အက်ဆစ်၊ သစ်သားအယ်လကိုဟော၊ အက်ဆက်တုန်း ရေနှင့်အခြားဓာတ်ငွေ့များကို ရနိုင်သည်။ ကျောက်မီးသွေးကို အခြောက်ပေါင်းခံလျှင် ကျောက်မီးသွေးဓာတ်ငွေ့၊ အမ်မိုနီယာ၊ ကျောက်မီး သွေးကတ္တရာနှင့် ကုတ်မီးသွေးများကို ရနိုင်လေသည်။

ပေါင်းတည်မြို့ ။ ။ပေါင်းတည်မြို့သည် ပြည်ခရိုင်အတွင်း အရှေ့တောင်ဘက်တွင်ရှိသော ပေါင်းတည်နယ်၏ ရုံးစိုက်မြို့ဖြစ်သည်။ ရန်ကုန်–ပြည်မီးရထားလမ်းပေါ်တွင်တည်ရှိ၍၊ ရန်ကုန်မြို့မှ မိုင် ၁၃၀ကွာဝေးပြီးလျှင်၊ ပြည်မြို့ ၃၂ မိုင် ကွာလှမ်းသည်။ ရန်ကုန်–ပြည်သွားကားလမ်းလည်း မြို့ကိုဖြတ်၍ ဖောက်ထားသည်။

ပေါင်းတည်မြို့၏ကျက်သရေဆောင် မင်းလက္ခာသီရိဘုရား

ပေါင်းတည်နယ်တွင် ပေါင်းတည်မြို့နယ်နှင့် သဲကုန်းမြို့နယ်ဟူ၍ မြို့နယ် ၂နယ်ပါဝင်သည်။ ပေါင်းတည်မြို့နယ်တွင် ပေါင်းတည်မြို့နှင့်ကျေးရွာပေါင်း ၂၅ဝခန့် ပါဝင်သည်။ ပေါင်းတည်မြို့နယ်သည် ၃၇၉စတုရန်းမိုင် ကျယ်ဝန်းသည်။ ပြည်ခရိုင်တွင် ပေါင်းတည်မြို့သည် ပြည်မြို့နောက်အစည်ကားဆုံးမြို့ဖြစ်သည်။ ၁၉၅၃ ခုနှစ် သန်းခေါင်စာရင်းအရ၊ ပေါင်းတည်မြို့၏ လူဦးရေသည် ၁၇၂၈၆ ယောက် ဖြစ်သည်။

စစ်မဖြစ်မီက လူကြီးထောင်အဖြစ်အသုံးပြုခဲ့သော ပေါင်းတည်ထောင်ကို စစ်ပြီး ကာလ၌ ကလေးထောင်အဖြစ် အသုံးပြုလျက်ရှိသည်။ အပြစ်ဒဏ် ကျခံရသော ကလေးများကို ထောင်တွင်း အသက်မွေးဝမ်းကျောင်း ပညာနှင့် စိတ်ဓာတ်ပြုပြင်ရေးလုပ်ငန်းများ သင်ကြားပေးသည်။

ပေါင်းတည်မြို့သည် ကားလမ်း၊ ရထားလမ်းတို့ ဖြတ်သန်းရာ မြို့ဖြစ်သဖြင့်၊ အရောင်းအဝယ် ကောင်းသည်။ မြို့နယ်၏ အဓိကလုပ်ငန်းများမှာ ဆန်စပါးလုပ်ငန်းနှင့် ခြည်ထည်လုပ်ငန်းတို့ ဖြစ်သည်။

ပေါင်းတည်မြို့အထွက် ရန်ကုန်–ပြည်လမ်းမကြီးပေါ်ရှိ၊ မင်းလက္ခာသီရိနှင့်မင်းလက်ဝဲသီရဘုရားကြီးနှစ်ဆူသည် မြို့၏ကျက်သရေဆောင်တန်ခိုးကြီးဘုရားများဖြစ်သည်

မင်းလက္ခာသီရိဘုရားအတွင်း သီးသန့်ဂန္ဓကုဋီတိုက်၌ မြတ်စွာဘုရား၏စွယ်တော်ပွားတစ်ဆူ သီတင်းသုံးတော်မူသည်။ စွယ်တော် ရောက်သည့် ၁၂၅၉ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်နေ့မှအစနှစ်စဉ်တော်သလင်းလတွင် မြတ်စွယ်တော် အကန်တော့ခံ လှည့်ပွဲကျင်းပရာ၊ အလွန်စည်ကားသိုက်မြိုက်သဖြင့်၊ အထူး မီးရထားများပင် စီစဉ်

www.forewordspace.com.mm

ပေးရလေ့ရှိသည်။ ပေါင်းတည်မြို့၏ အခြားထင်ရှားသော ပွဲတော်တစ်ခုမှာ ဝါခေါင်လတွင် ကျင်းပလေ့ရှိသော ပန်းရှစ်သောင်းလေးထောင် လှည့်ပွဲဖြစ်သည်။

ပေါင်းပင် ။ ။ပေါင်းပင်ဆိုသည်မှာ ပေါက်ရောက်သည့် နေရာ၌ အနှောင့်အရှက်ဖြစ်ရုံမက၊ အချည်းနှီးဖြစ်နေသည့် အပင်မျိုး ဖြစ်သည်။ ယင်းတို့သည် စိုက်ပျိုးထားသော ကောက်ပဲသီးနှံပင်များကို အားတိတ်စေတတ်သဖြင့်၊ ပေါင်းသင်ပေါင်းနုတ်ခြင်းကို တောင်သူလယ်သမား ဥယျာဉ် သမားများ ဂရုစိုက်လုပ်ကိုင်ရသည်။

မည်သည့် အပင်သည် ပေါင်းပင်မျိုးဖြစ်၍၊ မည်သည့် အပင်မျိုးသည် အသုံးဝင် အပင်ဖြစ်သည်ဟု သတ်မှတ်ရန်မှာမလွယ်ကူချေ။ သတ်မှတ်မှုသည် လူများသုံးမှုပေါ်၌ မူတည်လေသည်။ပုံပမာ ဆေးခင်းထဲ၌ ပြောင်းပင်များ ပေါက်ရောက်နေလျှင်၊ ယင်းပြောင်းပင်များကို ပေါင်းပင်ဟုခေါ်ကြသည်။ သို့သော် ပြောင်းခင်းထဲ၌ပေါက်သော ပြောင်းပင်ကိုမူ အသုံးဝင်အပင်ဟု ခေါ်ကြပြန်သည်။ ထွန်ယက်ထားသောလယ်ယာတိုင်းလိုလို၌ မြက်ပင်များ ပေါက်ရောက်ကြ၏။ ယင်းတို့သည် စိုက်ပျိုးထားသော အသီးအနှံပင်များ၏ အနှောင့်အရှက်များ ဖြစ်သဖြင့် ပေါင်းပင်ဟုခေါ်သည်။ သို့သော် ကျွဲနွားစားကျက် ပန်းဥယျာဉ်ရှိမြက်ခင်းနှင့် ဂေါက်သီးကွင်းများ၌ စိုက်ပျိုးထားသောမြက်များကိုမူ ပေါင်းပင်ဟု မခေါ်ကြတော့ချေ။

ပေါင်းပင် ၃ မျိုး ရှိ၏။ တစ်နှစ်ခံ ပေါင်းပင်မျိုးသည် တစ်နှစ်သာခံ၏။ နှစ်နှစ်ခံပေါင်းပင်မျိုးသည် နှစ်နှစ်၊ သို့မဟုတ် ပေါက်သော ရာသီချိန် နှစ်ပတ်သာခံသည်။ နှစ်ကြာခံ ပေါင်းပင်မျိုးမှာ နှစ်နှစ်ထက် ပို၍ခံကြလေသည်။ တစ်နှစ်ခံ ပေါင်းပင်များသည် မျိုးစေ့မှသာ ပေါက်ကြ၏။ ထိုကြောင့်မျိုးစေ့များမအောင်မီ၊ ယင်းတို့ကို သုတ်သင်ပစ်ရပေသည်။ တစ်နှစ်ခံပေါင်းပင်မျိုးသည် အများအားဖြင့် မျိုးစေ့အမြောက်အမြားသီးကြ၏။ အပင်တစ်ပင်တည်းကပင် မျိုးစေ့ထောင်ပေါင်းများစွာ သီးလေသည်။ မြေကို ထွန်ယက်ရာ၌ ပေါင်းပင်မျိုးစေ့များသည်မြေဖုံးပြီးသာဖြစ်နေရာ၊ပေါင်းပင်များကို စိုက်သည်နှင့်တူနေလေသည်။အချို့မျိုးစေ့ များသည် မြေအောက်၌နှစ်ပေါင်းများစွာကြာသည့်တိုင်အောင် အောင်း၍နေနိုင်ကြလေသည်။ အခါသင့်၍ အခွင့်သာသည်နှင့် တစ်ပြိုင်နက်ထ၍ပေါက်လာကြသည်။ မြေကို နက်နက်ထွန်ခြင်းသည် ယင်းတို့ကို ပေါက်စေရန် ကူညီပေးသည်နှင့်တူ၏။

နှစ်နှစ်ခံ ပေါင်းပင်များ၏ အမြစ်နှင့်မျိုးစေ့များသည် ခံနိုင်ရည်ရှိကြသည်။ ထိုကြောင့် အစေ့မကျမီနှင့် အမြစ်မကြီးမီ၊ အပင်ငယ်ကလေးဘဝ၌ပင် သုတ်သင်ပစ်နိုင်မှ မျိုးဖြုတ်နိုင်ပေမည်။ သို့မဟုတ်က တစ်နှစ်အတွင်း အပင်သည် ၃ ပေ၊ ၄ ပေအထိ မြင့်၍၊ အကိုင်းအခက်များ၌ မျိုးစေ့ပေါင်းများစွာ သီးတတ်လေသည်။

နှစ်ကြာခံပင်များသည် အဆိုးရွားဆုံးသောပေါင်းပင် မျိုးဖြစ်သည်။ ယင်းအပင်မျိုး၌ အမြစ်ပွားများ၊ သို့မဟုတ် မြေအောင်း ပင်စည်များရှိသဖြင့်၊ ယင်းတို့မှ အပင်သစ်ကလေးများ ပေါက်လာနိုင်လေသည်။ ထိုကြောင့် အမြစ်များ နှစ်နှစ်သုံးနှစ်ခန့် အာဟာရဓာတ်ပြတ်၍ မျိုးပြုတ်သွားစေရန်၊ အညောက်ထွက်မခံဘဲ၊ တသတ်တည်းသတ်ထားနိုင်ဖို့လိုသည်။ ယင်းပေါင်းပင် မျိုးပြုတ်အောင်ပြုရန် အခြား တစ်နည်းမှာ၊ ထိုပေါင်းပင်ပေါက်သော မြေကွက်ကို ကျွဲနွားစားကျက် လုပ်ပစ်ခြင်းဖြစ်သည်။ ပေါင်းပင် အမြစ်များရှိသည့်မြေကွက်များ၌ စိုက်ပျိုးလျှင်၊ ပေါင်းပင်များကို တိုးပွားလာအောင်ပြုသည်နှင့်တူပေမည်။ အမြစ်ပိုင်းတခုလျှင်အပင်သစ်တစ်ပင်ပေါက်လာနိုင်သည်။

ပေါင်းပင်များကို သတ်ပစ်ရန် အကောင်းဆုံး နည်းတစ်နည်းမှာ၊ သီးနှံများကို နှစ်စဉ်မှန်မှန်နှင့် အချိန်စောစော စိုက်ပျိုးခြင်းဖြစ်သည်။ အခြားတစ်နည်းမှာ ပေါင်းပင်ပေါများသည့် မြေကွက်ကိုမထွန်မီ၊ မီးရှို့ပစ်ခြင်း ဖြစ်သည်။ ထိုပြင် ပေါင်းပင်၏ မျိုးစေ့များမရင့်မီ၊ လမ်းဘေးရှိအပင်များ၊ ကွက်လပ်ရှိ အပင်များနှင့် အခြားထွန်ယက်စိုက်ပျိုးမထားသည့် နေရာများရှိအပင်များကို ရိတ်ပစ်ခြင်းသည်လည်း ပေါင်းပင်များကို ရှင်းလင်းသည့် နည်းကောင်းတစ်ခု ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်၊ အနီးပတ်ဝန်းကျင်မှ ပေါင်းပင်မျိုးစေ့များ လေနှင့်အတူလွင့်ပါလာ၍၊ မျိုးပွားတတ်သောကြောင့် ဖြစ်သည်။

ပေါင်းပင်နှင့် အခြားမလိုလားအပ်သော အပင်များကို သုတ်သင်ရန်၊ ဟာဗီဆိုက်ခေါ် အပင်သတ်ဓာတ်ဆေးများကိုအသုံးပြုကြ၏။ ဓာတ်ဆေးသည် အရည်ဖြစ်လျှင် ဖျန်းပေးခြင်း၊ အမှုန်ဖြစ်လျှင်ဖြူးပေးခြင်းများ ပြုလုပ်ပေးကြသည်။ အချို့ပေါင်းပင်သတ်ဆေးများကို သီးနှံပေါ်၌ဖြူးနိုင်၍၊ အချို့ကိုမူမစိုက်မီဖြူးရသည်။ အကြောင်းမူကား အချို့ဆေးသည် သီးနှံပင်ကို ထိသော်လည်း ဒုက္ခမပေးတတ်ဘဲ၊ အချို့ဆေးများမှာမူ ထိသည့်အပင်တိုင်းကို ပျက်စီးစေသောကြောင့် ဖြစ်သည်။ အသုံးဝင်သော ပေါင်းသတ်ဓာတ်ဆေးများမှာ ဆာလဖျူရစ်အက်ဆစ်၊ ဒုတ္ထာ အပြာ (ကော့ပါးဆာလဖိတ်)၊ အိုင်ယန်း ဆာလဖိတ်၊ ဆီနော့နှင့် ၂၄ ဒီများဖြစ်သည်။ ရိုးရိုးအိမ်သုံးဆား၊ ရေနံချေ။ ရေနံဆီနှင့် အာစနစ် ဒြဗ်ပေါင်းများကိုလည်း ပေါင်းသင်ဆေးအဖြစ် အသုံးပြုနိုင်ပေသည်။ ယခုအခါ အနောက်နိုင်ငံများ၌ ဆစ်ဇဝိဒါခေါ် အပူဇွေဖြင့်ပေါင်းပင်သတ် စက်မျိုးကို သုံးနေကြလေပြီ။

www.forevrspace.com.mm

ပေါင်းပင်သည် လူတို့အတွက် အသုံးမဝင်သည့်အပြင်၊ လူတို့ စိုက်ပျိုးထားသည့်အပင်များကို နှောင့်ရှက်ဖျက်ဆီးကြသည်ဟုဆိုရစေကာမူ၊တောင်သူလယ်သမားတို့သည် မိမိတို့၏စိုက်ခင်းများအတွင်း ပေါက်ရောက်လျက်ရှိသည့် ပေါင်းပင်များကိုကြည့်၍၊ မြေဆီလွှာတွင် မည်သည့်သြဇာဓာတ်များ ချို့တဲ့နေသည်ကို သိနိုင်သည်။ သို့ဖြစ်၍ ကောက်ပင်သီးနှံများ ကြီးထွားသန်စွမ်းလာစေရန်၊ ထို ချို့တဲ့နေသည့် သြဇာဓာတ်ကို ထပ်လောင်းဖြည့်စွက်ပေးနိုင်သည်။ ထိုပြင်ခြံဥယျာဉ်များ၌ လူတို့စိုက်ပျိုးပြုစုထားသော ဟင်းသီးဟင်းရွက်ပင်နှင့် ပန်းပင်မျိုးများစွာတို့သည် ပေါင်းပင်ရိုင်းအချို့မှ ပေါက်ပွား လာကြသည့်အပင်များ ဖြစ်လေသည်။

ပေါင်းလောင်း(စစ်တောင်း)မြစ် ။ ။မြန်မာနိုင်ငံ၏ မြစ်ကြီးတစ်မြစ် ဖြစ်သည်။ မြစ်ဖျားခံသည်မှစ၍ မြစ်ဝအထိမိုင် ၃၅၀ခန့် ရှည်လျားသည်။ မြစ်ကြောင်း၏ သုံးပုံတစ်ပုံခန့်ဖြစ်သော မြစ်ညာဘက်တွင် ပေါင်းလောင်းဟု ခေါ်တွင်ပြီးလျှင်၊ အောက်ပိုင်းသို့ရောက်လာသည့်အခါ ပေါင်းလောင်း သို့မဟုတ် စစ်တောင်း၊ အထူးသဖြင့် တောင်ဂူမြို့အောက်ဘက်မှစ၍ စစ်တောင်းမြစ်ဟု ခေါ်တွင်လာသည်။ စစ်တောင်းအမည်ဖြင့် ပို၍ ထင်ရှား လူသိများလေသည်။ ယင်းမြစ်သည် ဧရာဝတီမြစ်ကြောင်းအနောက်ဘက်သို့ မပြောင်းမီက၊ ဧရာဝတီမြစ်၏အောက်ပိုင်းဖြစ်သည်ဟု ဘူမိဗေဒပညာရှင်တို့က အထောက်အထားပြု၍ ဆိုကြသည်။

ပေါင်းလောင်း(စစ်တောင်း)မြစ်သည် မြစ်ကြောင်းအလွန်ကွေ့ကောက်၍၊ အထူးဖြင့်အောက်ဘက်ပိုင်းတွင် မြစ်ကြောင်းပြောင်းခြင်းများရှိခဲ့သည်။ ထိုပြင် မြစ်ရိုးတစ်လျှောက်သဲသောင်များလည်း ပေါများလှသဖြင့်၊ သင်္ဘောသွားလာရေးအတွက်အသုံးမဝင်ချေ။ သို့သော် သစ်တောများ ရှိသော ပဲခူးရိုးမနှင့် အရှေ့ရိုးမ (ရှမ်းကုန်းပြင်မြင့်အနောက်ပိုင်း)တို့မှ မြစ်ချောင်းများသည် ယင်းမြစ်အတွင်းစီးဝင်ကြသဖြင့်၊ ယင်းဒေသများမှ သစ်များနှင့် သစ်တောထွက်ပစ္စည်းများ မျှောချရန်နှင့် မြစ်ကမ်းဘေးတစ်လျှောက်ရှိ လယ်ယာများကို ဆည်မြောင်း၊ တူးမြောင်းတို့ဖြင့် ရေပေးသွင်းရန်အတွက်သာ အသုံးဝင်လေသည်။

ပေါင်းလောင်းမြစ်သည် ပဋ္ဌမတွင် ပေါင်းလောင်းချောင်းအဖြစ် ရမည်းသင်းခရိုင်၏ အရှေ့ဘက်ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကုန်းဒေသ၊ ကလောမြို့၏ အနောက်ဘက်တောင်များ၌မြစ်ဖျားခံ၍၊ တောင်ဘက်သို့စီးဆင်းလာပြီးနောက် တောင်ဘက်မှစီးဆင်းလာသော ပေါင်းလောင်းငယ်ချောင်းနှင့်ပူးပေါင်းကာ လမ်းကြောင်းပြောင်း၍၊ အနောက်မြောက်ဘက်သို့ ထောင်တက်ပြီးလျှင်၊ ရမည်းသင်း ခရိုင်ကို အနောက်တောင်ဘက်ယွန်းယွန်းဖြတ်၍စီးသည်။ ယင်းသည့်နောက်တွင် မြေပြန့်သို့ရောက်၍၊ ချောင်းတဖြည်းဖြည်းကျယ်လာကာ၊ ပေါင်းလောင်းမြစ် ဖြစ်လာပြီးလျှင်၊ ပျဉ်းမနားမြို့နယ်ကို ဖြတ်၍စီးဆင်းလာစဉ်၊ ရမည်းသင်းမြို့တောင်ဘက်မှ စီးလာသော နဝင်းချောင်းနှင့် ပဲခူးရိုးမဘက်မှ လာသော ဆင်သေမြစ်တို့နှင့် ယင်း၏ လက်တက်ဖြစ်သော ငလိုက်ချောင်းတို့က ယင်းမြစ်အတွင်းသို့ စီးဝင်သည်။ ငလိုက်ချောင်းပေါ်တွင် ပျဉ်းမနားမြို့ တည်ရှိသည်။

ယင်းသည့်နောက် တောင်ဘက်သို့ စီးဆင်းလာပြန်ရာ၊ အနောက်ဘက် တောင်ကုန်းဒေသမှ စီးဆင်းလာသောရုံးပင်းချောင်းသည် ဧလာမြို့ကိုဖြတ်၍၊အရှေ့ဘက်နားတွင် ပေါင်းလောင်းမြစ်တွင်းသို့ စီးဝင်သည်။ ပျဉ်းမနားနယ်မှ အောက်ဘက်သို့ ရောက်လာသောအခါ ယင်းမြစ်ကို ပေါင်းလောင်း၊ သို့မဟုတ် စစ်တောင်းဟု ခေါ်ဝေါ်လာကြသည်။ ရမည်းသင်းခရိုင်အတွင်း ပေါင်းလောင်း (စစ်တောင်း) မြစ် စီးဆင်းလာသော မြေပြန့် ဒေသတစ်လျှောက်တွင် ဆန်စပါး၊ကြဲ၊ ပဲများ စိုက်ပျိုးလုပ်ကိုင်ကြသည်။

ပျဉ်းမနားမြို့တောင်ဘက်တွင် ရုံးပင်ချောင်းအပြင်၊ ရေနီချောင်း၊ ဆွာချောင်းတို့သည် အနောက်ဘက်ပဲခူးရိုးမမှ ပေါင်းလောင်းမြစ်အတွင်းသို့ စီးဆင်းကြသည်။ တောင်ဂူခရိုင်အတွင်းသို့ ရောက်ရှိလာသောအခါ၊ ယင်းမြစ်သည် ခရိုင်နှစ်ပိုင်းခြားကာ၊ အလယ်မှဖြတ်၍စီးလာပြီးလျှင် အောက်ဘက်သို့ ရောက်လာသောအခါ၊ ပဲခူးခရိုင်နှင့် ဆက်စပ်၍ တောင်ဂူခရိုင်၏ အနောက်ဘက် နယ်နိမိတ်ဖြစ်လာလေသည်။

ပျဉ်းမနားမြို့အရှေ့ ရှစ်မိုင်ကွာ ဆင်ဖြူတောင်ပေါ်မှတွေ့မြင်ရသော ပေါင်းလောင်းမြစ်၏ သာယာသော ရှုခင်းတစ်ရပ်

www.foreverspace.com.mm

တောင်ဂူခရိုင်အတွင်းသို့ ရောက်လာပြီးသည့်နောက်တွင် မြစ်ကြောင်းသည် အကွေ့အကောက်အလွန်များလေသည်။ မြစ်၏အမည်သည်လည်း ပေါင်းလောင်း အမည်ပျောက်ကာ၊ စစ်တောင်းမြစ်ဟူ၍ ခေါ်ဝေါ်လာကြသည်။ တောင်ဂူမြို့အောက်နားတွင် ပဲခူးရိုးမမှ လာသော ခပေါင်းချောင်း စီးဝင်သည်။ ခပေါင်းချောင်းနှင့်ဆုံပြီးသည့်နောက်၊ အောက်ဘက်ထန်းတပင်မြို့ အထက်နားတွင် တောင်ဂူခရိုင်၏ အရှေ့မြောက်ဘက်၊ အရှေ့ရိုးမမှ အစပြုလာသော သောက်ရေခပ်ချောင်း စီးဝင်ပြန်လေသည်။

မြစ်ကြောင်းသည် အရှေ့တောင်ဘက်သို့ ကွေ့ကောက်သွားပြန်၍၊ အုတ်ဖြတ်ရွာကြီး၏အထက်နားတွင် အနောက်တောင်ဘက်မှ လာသော ဖြူးချောင်း စီးဝင်ပေါင်းဆုံသည်။ အရှေ့တောင်ယွန်းယွန်း ကွေ့ကောက်စီးလာပြန်ရာ အရှေ့ရိုးမဘက်မှ ကွေ့ကောက်စီးလာသော မုန်းချောင်းသည် မုန်းရွာကြီးကို ဖြတ်သန်း၍ ရွာ၏အနောက်တောင်ဘက်တွင် စစ်တောင်းမြစ်အတွင်းသို့စီးဝင်သည်။ ယင်းသည့်နောက်တွင် ရွာငယ်ကလေးပေါင်း များစွာကို ဖြတ်သန်းစီးဆင်းလာ၍၊ ပဲခူး ခရိုင်အတွင်းသို့ဝင်ရောက်လာသည်။ တောင်ဂူခရိုင်နှင့် ပဲခူးခရိုင်ကို ပဲခူးရိုးမမှ စစ်တောင်း မြစ်သို့ စီးဆင်းကာ ကွမ်းချောင်းက ခြားထားလေသည်။ တောင်ဂူခရိုင်အတွင်း စစ်တောင်းမြစ် ဖြတ်သန်းစီးဆင်းခဲ့သောဒေသတစ်ဝိုက်ကား ဆန်စပါး၊ ကြဲ၊ ကွမ်းသီးများထွက်ရှိရာ မြေပြန့်ဒေသများ ဖြစ်လေသည်။

တောင်ဂူခရိုင်အောက်ပိုင်းမှစ၍ ပဲခူးခရိုင်အတွင်းသို့ ဝင်ရောက်လာပြီးသည်အထိ၊ စစ်တောင်းမြစ်ကြောင်း တစ်လျှောက် မိုင်ပေါင်းများစွာတွင် ရွာပေါင်းများစွာရှိသော်လည်း ပြောပလောက်သော မြို့ကြီး၊ မြို့ငယ်ဟူ၍ မတွေ့ရသည်မှာ မဒေါက်မြို့တိုင်အောင်ပင်ဖြစ်သည်။ မဒေါက်မြို့၏ အောက်ဘက်နားနှစ်မိုင်ကျော်ခန့်တွင် အရှေ့ရိုးမမှ စီးဆင်းလာသော ရွှေကျင်ချောင်းစီးဝင်သည်။ ရွှေကျင်ချောင်းပေါ်တွင် ရွှေကျင်မြို့ တည်ရှိသည်၊ ပေါင်းလောင်း(စစ်တောင်း)မြစ် ဖြတ်သန်းစီးဆင်းခဲ့ရာ ဒေသတစ်လျှောက်တွင် တောင်ဂူ၊ ပျဉ်းမနားတို့မှလွဲလျှင် ရွှေကျင်မြို့သည် ထင်ရှားသော မြို့တစ်မြို့ ဖြစ်သည်။ တစ်ခေတ်ကကြက်ပေါင်စေးခြံများ ရှိခြင်းကြောင့် ရွှေကျင်နယ်သည် အလွန်ဖွံ့ဖြိုးခဲ့လေသည်။ ယခုအခါတွင် ဆေးရွက်ကြီးများကို မြစ်ရေကျစဉ် နုံးမြေနုများအပေါ်၌ အကြီးအကျယ်စိုက်ပျိုးဖြစ်ထွန်းရာဒေသ ဖြစ်လေသည်။

ရွှေကျင်နယ်မှတောင်ဘက်သို့ စစ်တောင်းမြစ် ဆက်လက်စီးဆင်းလာရာ မြစ်ကမ်းတစ်လျှောက် ရွာကလေးများကို ဖြတ်သန်းလာခဲ့၍၊ တောင်ဘက်တွင် ပဲခူးရိုးမမှလာသော ရေနွဲ့ချောင်းနှင့် ထရံချောင်းတို့ စီးဝင်ကြသည်။ စစ်တောင်းမြစ်သည် အောက်ပိုင်းတွင် မြစ်ကြောင်းပြောင်းလဲခြင်းများ ရှိခဲ့ကြောင်း အစတွင် ဖော်ပြခဲ့သည့်အတိုင်း၊ မြစ်ကျိုးမြို့သည် စစ်တောင်း မြစ်ကြောင်းဟောင်းပေါ်တွင်တည်ရှိသည် မြစ်ကျိုးမြစ်၏ အနောက်ဘက်ရှိ မြစ်ကွေ့ဟောင်းကြီးကို ချန်ထား၍ ယခုစစ်တောင်းမြစ်သည် မြောက်မှတောင်သို့ တန်းလျက်စီးဆင်းနေသည်။ မြစ်ကျိုးမြို့တွင် စစ်တောင်းမြစ်ကို အနောက်ဘက်မှ ပဲခူးမြစ်နှင့် ဆက်သွယ်ထားသော ပဲခူး–စစ်တောင်း တူးမြောင်းရှိသည်။ ယင်းတူးမြောင်းကို လေ့သင်္ဘောကူးသန်းသွားလာရေးအတွက်နှင့် သစ်များသယ်ယူဖို့အတွက် အသုံးပြုရန် တမင်တူးဖော်ခဲ့ခြင်း ဖြစ်လေသည်။(တူးမြောင်းများ–ရှု ။)

စစ်တောင်းမြစ်သည် ယာဘက်တွင် ပဲခူးခရိုင်၊ ဝဲဘက်တွင်သထုံခရိုင်တို့ကို ဖြတ်သန်းစီးဆင်းလာခဲ့ရာ၊ ညောင်ခါးရှည်နှင့် စစ်တောင်းရွာ အကြားတွင် ပဲခူး–မော်လမြိုင် မီးရထားလမ်းသည် စစ်တောင်းမြစ်ကို ဖြတ်ကျော်သွားလေသည်။ မြစ်ကိုဖြတ်ကျော်သော မီးရထားတံတားကြီးကို စစ်တောင်းတံတားဟု ခေါ်သည်။ ယင်းတံတားကြီးကို ၁၉၁၀ ခုနှစ်ခန့်တွင် ဆောက်လုပ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာ၍ ၁၉၄၂ ခုနှစ် နှစ်ဦးတွင် ရန်ကုန်မှ ဗြိတိသျှတပ်များဆုတ်ခွာရာ၌ စစ်တောင်းတံတားကြီးကို ဒိုင်းနမိုက်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သောကြောင့် လုံးဝပျက်စီးခဲ့သည်။ ထိုကြောင့် ရန်ကုန်–မော်လမြိုင်သွား မီးရထားခရီးသည်တို့သည် ထိုနေရာသို့ ရောက်လျှင် ကူးတို့ဖြင့် တစ်ဖက်ကမ်းကူး၍ ခရီးဆက်ကြရသောကြောင့် အလွန်တရာကသိကအောက်ဖြစ်ကြရသည်။ တံတားကြီးကို ပြန်လည်တည်ဆောက်လျက်ရှိပြီဖြစ်ရာ များမကြာမီနှစ်များအတွင်း ပြီးစီးမည်ဟုခန့်မှန်းရသည်။

စစ်တောင်းမြစ်သည် ဘေးဖက်တစ်ချက်တွင် ဆန်စပါးထွက်ရာ ဒေသဖြစ်သော ပဲခူးခရိုင်နှင့် သထုံခရိုင်တို့ကိုဖြတ်၍ စီးဆင်းလာရာ၊ တဖြည်းဖြည်း ကျယ်ပြန့်လာပြီးနောက်၊ မုတ္တမပင်လယ်ကွေ့ထဲသို့စီးဝင်သည်။ စစ်တောင်းမြစ်ဝကျွန်းပေါ်သည် ကျဉ်းမြောင်းသေးငယ်သော်လည်း နုံးတင်မြေနုများ မြစ်၏ဘေးနှစ်ဘက် နှစ်ချက်၌ရှိ၍ လယ်ယာစိုက်ပျိုးဖြစ်ထွန်းသည်။ မြန်မာနိုင်ငံ၏စပါးထွက်ငါးပုံတစ်ပုံသည် ပေါင်းလောင်း (စစ်တောင်း) မြစ်ဝှမ်းမှ ထွက်သည်။ စစ်တောင်း (ပေါင်းလောင်း) မြစ်ဝသည် ခေါင်းလောင်းပုံသဏ္ဌာန်ရှိ၍၊ ဒီရေတက်လေ့ရှိပြီးလျှင်၊ လှိုင်းတံပိုးခက်ထန်သဖြင့်၊ သင်္ဘောဆိပ်ကောင်း မရှိချေ။ စစ်တောင်း(ပေါင်းလောင်း)မြစ်ဝှမ်းမှ ထွက်ကုန်များကို မီးရထားဖြင့်လည်းကောင်း၊ ပဲခူး–စစ်တောင်းတူးမြောင်းဖြင့်လည်းကောင်းသယ်ယူပို့ဆောင်ကြသည်။ ရန်ကုန်–မန္တလေး မီးရထားလမ်းသည် ပေါင်းလောင်း(စစ်တောင်း)

www.forexplace.com.mm

မြစ်ကြောင်းနှင့် နေရာများစွာတွင် ယှဉ်ပြိုင်လျက်ရှိသည်။ မီးရထားလမ်း ဖွင့်စက ရန်ကုန်မှ တောင်ငူအထိ မီးရထားလမ်းကို စစ်တောင်းမြစ်ဝှမ်းမီးရထားလမ်းဟူ၍ပင် ခေါ်ဆိုလေသည်။

မြန်မာနိုင်ငံသမိုင်း တစ်လျှောက်၌ စစ်တောင်းမြစ်ဝှမ်း တစ်လျှောက်ရှိ ဒေသများသည် အရေးပါခဲ့သောဒေသများ ဖြစ်၏။ မြန်မာနိုင်ငံအထက်ပိုင်း အင်းဝ၊ မန္တလေးစသည့် ဧသတို့မှ တောင်ဘက် ပဲခူး ဟံသာဝတီတို့သို့ ထိုမြစ်ဝှမ်း တစ်လျှောက်ရှိ မြေပြန့်များမှ ချီတက်သွားလာနိုင်ကြသဖြင့်၊ မိုးရာသီအကုန် စစ်ချီလမ်းများဖြစ်ခဲ့သည်။ ဆန်စပါး စိုက်ပျိုး ဖြစ်ထွန်းသဖြင့် ပဲခူးဟံသာဝတီသည် မွန်တို့၏ ဌာနီဖြစ်၍၊ နှစ်ပေါင်း ရာပေါင်းများစွာ မွန်မင်းများ တိုင်းပြည် သီးခြားတည်ထောင် အုပ်စိုးနိုင်ခဲ့၏။ မွန်နှင်မြောက်ဘက် မြန်မာတို့အားနည်းချိန်၌ တောင်ငူမှ မြန်မာများ တစခမ်းထနိုင်ခဲ့သည်မှာ စစ်တောင်းမြစ်ဝှမ်းဒေသ မြေပြန့်၌ မြေသြဇာကောင်းလှ၍ ဆန်စပါး အသီးအနှံပေါများခြင်းကြောင့် ဖြစ်လေသည်။

ပိုင်ရိုမီတာ။ ။လုပ်ငန်းကြီးများနှင့် သိပ္ပံပညာကိုလိုက်စားသူများသည် အလွန်မြင့်မားသည့်အပူချိန်များကို တိုင်းတာနိုင်မည့် ကိရိယာများကိုအလိုရှိကြလေသည်။ လေပြင်းဖိုများမှာဖြစ်စေ၊ လျှပ်စစ်မီးစွယ်မှဖြစ်စေ ဖြစ်ပေါ်လာသော အပူချိန်များကို သာမန်သာမိုမီတာများဖြင့် တိုင်းတာ၍မြစ်နိုင်မည်မဟုတ်ချေ။ ပိုကဲ့သို့ အလွန်မြင့်မားသည့် အပူချိန်များကို တိုင်းတာသော ကိရိယာများကို ပိုင်ရိုမီတာဟုခေါ်သည်။ ပိုစကား၏အဓိပ္ပါယ်မှာ မီးကိုတိုင်းတာခြင်း ဖြစ်သည်။ ပိုကိရိယာကို ပြဒါးဆူသည့် အပူချိန်စင်တီဂရိတ် ဒီဂရီ ၃၅၀ ပက် မြင့်သော အပူချိန်ကို တိုင်းတာရာတွင် အသုံးပြုကြသည်။

အရှင်းဆုံး ပိုင်ရိုမီတာမျိုးမှာ စီမံထားသည့် ပြဒါးသာမိုမီတာဖြစ်သည်။ ဖန်အစား ကျောက်သလင်းပွန်းကို အသုံးပြုထားပြီးလျှင်၊ ပြဒါး၏အပေါ် နေရာလွတ်တွင် ဖိနှိပ်ထားသော နိုက်ပရိုဂျင် သို့မဟုတ် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ကို ထည့်ထားသည်။ ပိုကဲ့သို့သော အပူချိန်တိုင်းကိရိယာမျိုးဖြင့် အပူချိန် စင်တီဂရိတ် ဒီဂရီ ၄၅၀ အထိ တိုင်းတာနိုင်သည်။

လေနှင့်အငွေ့များ၏ပြန့်ခြင်းကို မူတည်၍ ပြုလုပ်ထားသော ပိုင်ရိုမီတာမျိုးလည်း ရှိသေးသည်။ သို့သော် ထိုပိုင်ရိုမီတာမျိုးကို ဓာတ်စမ်းခန်းပဲ၌သာ အသုံးပြုနိုင်ကြလေသည်။ အပူကြောင့်ပလက်တီနမ် ကဲ့သို့သော သတ္တုများပြန့်ခြင်းကို မောင်းတံဖုံးနှင့်အကျယ်ချဲ့ကာ အပူချိန်ကိုတိုင်းတာနိုင်သည့် ပိုင်ရိုမီတာမျိုးလည်း ရှိသေးသည်။ ပိုပြင်လျှပ်စစ်နှင့်ဆိုင်သော ပိုင်ရိုမီတာများကိုပါ ဖွင်နိုင်ခဲ့ကြလေသည်။

ထိုလျှပ်စစ်နှင့် ဆိုင်သော ပိုင်ရိုမီတာမျိုးများကို လုပ်ငန်းရပ်အမြောက်အမြားတွင် အသုံးပြုကြလေသည်။ ထိုကဲ့သို့သော အပူချိန်တိုင်းကိရိယာ နှစ်မျိုးရှိသည်။ တစ်မျိုးသည် သာမိုကာပဲသို့မဟုတ် သာမိုအီလက်ထရစ်မျိုးဖြစ်၍၊ ကျန်တစ်မျိုးသည် အီလက်ထရီကယ်–ရီဇစ္စတန့်ခေါ် လျှပ်စစ်နှင့်ဆိုင်သော ခုခံမှုမျိုးကို မူတည်၍ ပြုလုပ်ထားသော ပိုင်ရိုမီတာမျိုး ဖြစ်သည်။ ပဌမ ပိုင်ရိုမီတာမျိုးတွင် မျိုးမတူသော ဝိုင်ယာကြိုးနှစ်ချောင်း သို့မဟုတ် သတ္တုချောင်းနှစ်ချောင်းကိုဆက်၍ ဆာကစ်တစ်ခု ဖြစ်ပေါ်စေသည်။ ထိုဆာကစ်ထဲတွင် ဂါလာဗာနိုမီတာခေါ် လျှပ်စစ်ဓာတ်စီး တိုင်းကိရိယာတစ်ခုကိုပါ ဆက်ထားသည်။ သတ္တုချောင်းနှစ်ချောင်း ဆက်ထားသောနေရာတွင် အပူတိုက်ပေးလိုက်သောအခါ လျှပ်စစ်ဓာတ်စီးဖြစ်ပေါ်လာလေသည်။ ထိုသို့ဖြစ်ပေါ်လာသော လျှပ်စစ်ဓာတ်စီးကို ဂါလဗာနိုမီတာက တိုင်းတာလိုက်သည်။ ထိုအတိုင်းအတာများမှ သတ္တုချောင်းများ၏ အပူချိန်အမျိုးမျိုးကို မှတ်သားထားနိုင်သည်။ ထိုနည်းဖြင့် အပူချိန်အမျိုးမျိုးကို တိုင်းတာနိုင်လေသည်။ သာမိုကာပဲလုပ်ရန် သတ္တုများကို တွဲရာတွင် သတ္တုအမျိုးမျိုးကို အသုံးပြုမည့် ပိုင်ရိုမီတာမျိုးအတွက် ကြေးနီ၊ သံ၊ နစ်ကယ်နှင့် သတ္တုစပ်များကို အသုံးပြုကြပြီးလျှင်၊ အပူချိန် အလွန်မြင့်ရာတွင် အသုံးပြုမည့် ပိုင်ရိုမီတာမျိုးအတွက် ပလက်တီနမ် သို့မဟုတ် ပလက်တီနမ်ရိုဒီယမ်သတ္တုစပ်ကို အသုံးပြုကြသည်။

လျှပ်စစ်နှင့်ဆိုင်သော ခုခံမှု(အီလက်ထရီကယ် – ရီဇစ္စတန) မျိုးကိုမူတည်၍ ပြုလုပ်သော ပိုင်ရိုမီတာ၏သဘောမှာ သန့်စင်သည့် သတ္တုတစ်ခု၏လျှပ်စစ်ခုခံမှုသည် အပူချိန်တိုးမြင့်လာသလောက် မှန်မှန် တိုးလာခြင်းဖြစ်သည်။ အပူချိန် နည်းသွားလျှင် ခုခံမှုသည်လည်း နည်းသွားလေသည်။ ထိုပိုင်ရိုမီတာမျိုးအတွက် ပလက်တီနမ်သတ္တုကို အသုံးများသည်။ ထိုပြင် အပူချိန် ဖာရင်ဟိုက် ဒီဂရီ ၃၀၀၀ ကျော်ရှိသောလုပ်ငန်းများအတွက်သာ ပလက်တီနမ်သတ္တုကို ပိုင်ရိုမီတာတွင် သုံးသည်မဟုတ်၊ အလွန်နိမ့်သည့် အပူချိန်ကို တိုင်းတာရာတွင်လည်း ထိုသတ္တုကိုပင် အသုံးပြုနိုင်လေသည်။

အထက်ဖော်ပြပါ ပိုင်ရိုမီတာမျိုးများအပြင် အော့ပတစ်ကယ်ပိုင်ရိုမီတာဟူ၍လည်း တစ်မျိုးရှိသေးသည်။ ထိုပိုင်ရိုမီတာ၏သဘောမှာ ပစ္စည်းတစ်ခု (ပုံပမာ–သံ)ကို မီးပြင်း တိုက်လိုက်သောအခါ ထိုပစ္စည်းသည် ပဌမ နီလာရာမှ ဖြူလာပြီးလျှင် ထိုပစ္စည်းမှ ထွက်လာသောအရောင်ကို

www.foreverspace.com.mm

လိုက်ကာ ပစ္စည်း၏ အပူချိန်သိနိုင်ခြင်းဖြစ်သည်။ ကျွမ်းကျင်သည့် ပန်းပဲဆရာသည် ပူနေသည့်သံ၏ ရောင်ပြောင်ခြင်းကိုကြည့်ကာ လုပ်ကိုင်ရန် အချိန်ဆိုက်ပြီ မဆိုက်သေးကို သိသကဲ့သို့ဖြစ်သည်။ အော့ပတစ်ကယ်ပိုင်ရိုမီတာတွင် ထိုပန်းပဲဆရာ၏ အကြမ်းနည်းကို သိပ္ပံနည်းဖြင့် တိကျမှန်ကန်စေရန် ပြုလုပ်ထားသည်။ မီးဖိုအတွင်းသို့ ဝိုင်ယာကြိုးတစ်ချောင်းကိုဖြစ်စေ၊ အခြားပစ္စည်းတစ်ခုခုကိုဖြစ်စေ ထည့်ပေးရန် မလိုချေ။ မီးဖိုအတွင်းမှ ဖြစ်ပေါ်လာသည့်အရောင်ကို ထိုကိရိယာဖြင့် ကြည့်ရန်သာလိုသည်။ အော့ပတစ်ကယ်ပိုင်ရိုမီတာတစ်မျိုးသည် တယ်လီစကုပ် (အဝေးကြည့်မှန်ပြောင်း)အငယ်စားကလေးနှင့်တူပြီးလျှင်၊ လျှပ်စစ်မီးလုံးတစ်လုံးပါရှိသည်။ ထိုမီးလုံး၏တောက်ပခြင်းကို ပြုပြင်ပေးနိုင်သည်။ မီးဖိုမှ ဖြစ်ပေါ်လာသည့် အရောင်နှင့် မီးလုံးမှဖြစ်ပေါ်လာသည့် အရောင်ကို တူအောင်ပြုပြင်ပေးပြီးသောအခါတွင် သတ်မှတ်ထားသည့် အမှတ်အသားများမှ အပူချိန်ကို ရယူနိုင်လေသည်။

ပိုင်အီဇိုလျှပ်စစ်။ ။ပိုင်အီဇိုလျှပ်စစ်သည် လျှပ်စစ်ဓာတ်အားတစ်မျိုးပင်ဖြစ်သည်။ ၁၈၈၂ခုနှစ်တွင် စတင်၍တွေ့ရှိခဲ့သည်။ ထိုနောက် တစ်ဖန် ၁၈၈၀ပြည့်နှစ်တွင် ကျူးရီးဇနီးမောင်နှံတို့က တွေ့ရှိကြပြန်သည်။ ခရစ္စတယ်များကို ဖိနှိပ်ပေးအခါ၌လည်းကောင်း၊ ဆွဲဆန့်သောအခါ၌ လည်းကောင်း ပိုင်အီဇိုလျှပ်စစ်ဖြစ်ပေါ်လာ၏။ တစ်ဖန် ဖြစ်စဉ်ကိုလည်း အပြန်အလှန်သဘောနှင့်တွေးကြည့်လျှင်၊ လျှပ်စစ်ဓာတ်အားဖြစ်လာချိန်၌၊ ခရစ္စတယ်သည် ကြိုခြင်း၊ ပွခြင်းများဖြစ်လာ၏။

တစ်နည်းအားဖြင့်ဆိုသော် ခရစ္စတယ်ကို လျှင်မြန်စွာ ဖိချီတစ်ခါ ဆန့်ချီတစ်လှည့်လုပ်ပေးလျှင်၊ ခရစ္စတယ်သည် အေစီကားရင့် ဖြစ်စေ၏။ အေစီကားရင့်ကို ဖြစ်ပြန်စေလျှင်၊ ခရစ္စတယ်သည် လျှင်မြန်စွာတုန်ခါပြန်၏။ ပိုင်အီဇိုလျှပ်စစ်ဆိုသည်မှာ ဖိနှိပ်မှုကြောင့် ဖြစ်ပေါ်လာသော လျှပ်စစ်ဓာတ်အား ဟု အဓိပ္ပါယ်ရသည်။

ထိုခရစ္စတယ်များကို မိုက္ကရိုဖုန်းနှင့် လျှပ်စစ်ဓာတ်စက်များ၌ အသံကို လျှပ်စစ်ဓာတ်အားအဖြစ်လျှပ်စစ်ပတ်လမ်း၌ လှည့်ပေးရန်အတွက်အသုံးပြုကြ၏။ အသံလွှင့်စက်များမှ လွှင့်ပေးသောအသံများ၏ လှိုင်းတာများသည် အသုံးပြုသော ခရစ္စတယ်မှ ထုတ်ပေးသောလှိုင်းတာအလိုက် ဖြစ်ရ၏။

ခရစ္စတယ်များ၌ တုန်ကြွေမ်တစ်မျိုးစီအသီးအသီးရှိကြရာ ယင်းတုန်ကြွေမ်များအတိုင်း တည်နေစေရန် အေစီ ကားရင့်ဖြင့်ဖန်တီးပေးကြ၏။ အပူချိန်ကိုလည်း တစ်သမတ်တည်းရှိ စေရ၏။ ထိုကြောင့် စံတင်ရာတွင်သုံးသော နာရီများ၌ တုန်ခါမှုကို ထိန်းပေးရာတွင်သုံးကြ၏။ ခရစ္စတယ်များ၏ သဘာဝအလျောက်ဖြစ်နေသော တုန်ကြွေမ်သည် ခရစ္စတယ် အရွယ်ပမာဏအလိုက် ဖြစ်ရပေသည်။ လိုချင်သည့်အရွယ် အစားရအောင် ရွှေဖြင့်ကွပ်၍ ဖန်တီးယူကြလေသည်။

ပစ်ဝီလျံ၊အကြီး(ခရစ် ၁၇၀၈–၁၇၇၈)။ ။ ဗြိတိသျှ အင်ပိုင်ယာကို ကမ္ဘာတွင် အင်အားအကြီးမားအခိုင်ခန့်ဆုံးဖြစ်စေရန် ပျိုးထောင်တည်ဆောက်ခဲ့များအနက်၊ အားဘွဲ့ရချက်သမ်မြို့စား ဝီလျံပစ်သည် ဗြိတိန်နိုင်ငံ၏အဦးဆုံးနှင့် အထင်ရှားဆုံးသောတိုင်းပြည်ပြု သုခမိန် တစ်ဦးဖြစ်သည်။ ဗြိတိသျှသမိုင်းတွင် သူကဲ့သို့ပင် ထင်ရှားသောသားဖြစ်သူဝီလျံပစ်အငယ်နှင့်ခွဲခြား၍၊ သူ့အားဝီလျံပစ်အကြီးဟုခေါ်ကြသည်။ ချက်သမ်မြို့စားဘွဲ့ကို မရမီက၊ သူသည် ဆင်းရဲသားခေါင်းဆောင်ကြီးဟု တွင်သည်။

ပစ်ကို ၁၇၀၈ခုနှစ် နိုဝင်ဘာလ ၁၅ရက်နေ့တွင် လန်ဒန်မြို့ဝက်စမင်တာအရပ်တွင်ဖွားမြင်သည်။ သူသည် ပါလီမန်အမတ် ရောဗတ်ပစ်နှင့် လေဒီဟဲရီးယက်တို့၏ ဒုတိယသားဖြစ်၍၊ အိန္ဒိယနိုင်ငံမဒရပ်မြို့ ဘုရင်ခံ 'စိန်ပစ်'ဟုကျော်ကြားသော ဆာတောမတ်ပစ်၏ မြေးဖြစ်သည်။ ငယ်စဉ်ကပင် ကျန်းမာရေးချို့တဲ့ခဲ့သောပစ်သည် အသက် ၁၀ နှစ်အရွယ်မှစ၍ အီတန်ကောလိပ်၌ ပညာဆည်းပူးပြီးနောက်၊ အောက်စဖို့တက္ကသိုလ် ထရင်နီတီကောလိပ်တွင် ဆက်လက်သင်ကြားနေစဉ် ရောဂါဖိစီးမှုကြောင့် ဒီဂရီဘွဲ့မရမီကျောင်းမှ ထွက်ရလေသည်။

ပစ်သည် ၁၇၃၁ ခုနှစ်တွင် ဗြိတိသျှစစ်တပ်၌ ဝင်ရောက်အမှုထမ်းသည်။ ၁၇၃၅ ခုနှစ်တွင် စစ်မှုထမ်းမှထွက်၍ ဘိုးဘွားတို့၏ နယ်ဖြစ်သော နာမည်ကြီး ဆယ်ရန်နယ်မှ ဝင်၍ အရွေးခံရာ၊ ပါလီမန်အမတ်ဖြစ်လာသည်။ ထိုအချိန်တွင် ဗြိတိသျှ အစိုးရအဖွဲ့ကို ရောဗတ်ဝါလပိုက ခေါင်းဆောင်လျက်ရှိသည်။ ပစ်သည် အတိုက်အခံ အမတ်အဖြစ်နှင့် ဝါလပိုအစိုးရကို ပြင်းပြင်းထန်ထန်ဝေဖန်သူအဖြစ် ထင်ရှားလာသည်။ ၁၇၄၂ ခုနှစ်တွင် ဝါလပိုအစိုးရ ရာထူးမှကျ၍ ကားတရက်အစိုးရအဖွဲ့တက်လာသော အခါတွင်လည်း၊ အစိုးရအဖွဲ့ကို ဆက်လက်ဝေဖန်မြဲ ဝေဖန်ခဲ့ လေသည်။ ၁၇၄၄ ခုနှစ်တွင် ကားတရက်အစိုးရ အဖွဲ့ထဲတွင် အတိုက်အခံအမတ်များပါလာသော်လည်း၊ ဒုတိယဂျော့ဘုရင်၏ ပယ်ချမှုကြောင့် ပစ်သည် မပါခဲ့ချေ။

၁၇၄ဖခုတွင် ပစ်အားရာထူးပေးရန်ငြင်းပယ်မှုကို ကန့်ကွက်သည့်အနေဖြင့်၊ ပယ်လဟမ်၏ဝန်ကြီးအဖွဲ့တစ်ဖွဲ့လုံးနုတ်ထွက်လိုက်ရာ၊ ဘုရင်ကလျှော့ပေးပြီးလျှင် ၁၇၄ဖခု ဖေဖေါ်ဝါရီ ၂၂ရက်နေ့တွင် ပစ်အား အိုင်ယာလန်ပြည်၏ ဒုတိယဌေတိုက်တော်ဝန်အဖြစ်ခန့်အပ်၍၊ ပယ်လဟမ်အစိုး

www.foreverspace.com.mm

ထင်ရှားသော ဗြိတိသျှနန်းရင်းဝန် ချက်သမ်မြို့စား ဝီလျံပစ်

ရအဖွဲ့အားလည်း ရာထူးပြန်လည်း ပေးအပ်၏။ ရက်သတ္တ ပတ်အနည်းငယ် ကြာသောအခါ လစာရိက္ခာဆိုင်ရာဝန်ကြီးအဖြစ်ခန့်ထားခြင်း ခံရပြန်သည်။ သူသည် ယင်းသည့် ရာထူးတွင် ယခင်က ထမ်းရွက်သူများကဲ့သို့ အစိုးရ ဘဏ္ဍာတော်များကို အလွဲသုံးစားမပြုဘဲ၊ သစ္စာရှိစွာတရားသဖြင့် အမှုထမ်းခဲ့ကြောင့် လူထုက များစွာ ကြည်ညိုလေးစားခြင်းကို ခံရသည်။ ၁၇၅၁ ခုနှစ် မေလမှ ၁۷۵۲ ခုနှစ် နိုဝင်ဘာလအထိ၊ ပစ်သည် လပေါင်း ၃၀ ခန့် မကျန်းမာဖြစ်သဖြင့် အနားယူရပြန်သည်။ ကျန်းမာလာသော အခါ၊ ၁۷۵۳ ခုနှစ်တွင် လေဒီဟက်စတာဂရင်းဗီးနှင့် လက်ထပ်ရာ သားသမီးငါးယောက်ထွန်းကားသည်။

၁۷۵۴ ခုနှစ်တွင် ပယ်လဟမ် ကွယ်လွန်၍ ရှုးကပ်ဆဲ အစိုးရတက်လာသည့်အခါ ပစ်သည် အစိုးရအဖွဲ့ဝင် တစ်ဦးအနေနှင့်ပင် အစိုးရအဖွဲ့၏လုပ်ငန်းများကို ပြင်းပြင်းထန်ထန် ဝေဖန်နေခဲ့လေသည်။ ၁۷۵۵ ခုနှစ် နိုဝင်ဘာလတွင် အစိုးရ၏ စစ်မက်ရေးဝါဒကို အပြင်းအထန်ဝေဖန်သဖြင့် ရာထူးမှ ထုတ်ပယ်ခြင်းခံရသည်။ ၁۷۵۶ ခုနှစ်တွင် ခုနစ်နှစ်စစ်ပွဲ ဖြစ်ပွားရ၍ မီနောကာကျွန်း ကျဆုံးသော အခါ၊ ပစ်အဖို့ ရှုးကပ်ဆဲအစိုးရအဖွဲ့အားဝေဖန်ရန် အချက်ပေါ်လာလေသည်။ ထိုနှစ် နိုဝင်ဘာလတွင် ရှုးကပ်ဆဲ အစိုးရနုတ်ထွက်သဖြင့်၊ ဗျူဘွဲ့ရဒက်ဗွန်ရှိုင်ယာစားက ဦးစီးရ၍အစိုးရဖွဲ့သည်။ ယင်းအစိုးရအဖွဲ့တွင် ပစ်ကို ပြည်ထဲရေးဝန်ကြီး ခန့်သည်။ 'နိုင်ငံတော်ကို ကျွန်ုပ်မှတစ်ပါးမည်သူမျှ ကယ်တင်နိုင်လိမ့်မည် မဟုတ်ကြောင်း ကျွန်ုပ်သိသည်'ဟု ပစ်သည် ဒက်ဗွန်ရှိုင်ယာစားအားထိုအချိန်ကပြောခဲ့ဖူးသည်။ သို့ရာတွင် ဗျူဘွဲ့ရကမ်ဗာလန်စားအား ဂျာမနီနိုင်ငံရောက် မဟာမိတ်တပ်၏ သေနာပတိအဖြစ် အသိအမှတ်ပြုရန် ငြင်းဆန်ခဲ့သဖြင့်၊ ဒုတိယဂျော့ဘုရင်နှင့် မသင့်မတင့်ဖြစ်ကာ ရာထူးမှနုတ်ပယ်ခြင်းခံရလေသည်။ လူထုကမူ ပစ်အား များစွာကြည်ညိုလေးစားလျက်ရှိသည်။

ဗြိတိန်နိုင်ငံသည် ထိုအချိန်တွင် ခုနစ်နှစ် စစ်ပွဲ၌ တရှုံးတည်း ရှုံးနေ၍၊ လူထုက ပစ်အားရာထူးပြန်ခန့်ရန် တောင်းဆိုကြသဖြင့် ၁۷۵۷ ခုနှစ်တွင် ရှုးကပ်ဆဲနှင့် ပစ်တို့ ညွှန့်ပေါင်းအစိုးဖွဲ့ရသည်။ ရှုးကပ်ဆဲသည် အစိုးရအဖွဲ့၏ ခေါင်းဆောင်ဖြစ်သော်လည်း၊ ပစ်သည် ပြည်ထဲရေးဝန်ကြီးအဖြစ် စစ်ရေးကိစ္စများကို သူ့သဘောအတိုင်းဆောင်ရွက်ခဲ့ရာ အစိုးရအဖွဲ့ကို တကယ်ကြီးကိုင်သူကား ပစ်ပင် ဖြစ်လေသည်။

ပစ်သည် ခုနစ်နှစ်စစ်ပွဲတွင် စစ်နိုင်ရေးကို ဗြိတိသျှ ရေတပ်ပေါ်တွင်အားကိုး အားထားပြု၍ စီမံခန့်ခွဲသည်။ ထိုကြောင့် အင်္ဂလိပ်တို့အဖို့ ဥရောပကုန်းမြေပေါ်၌ တိုက်ပွဲများကိုတတ်နိုင်သမျှ ရှောင်ရှား၍၊ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းများတွင်သာ အဓိကထား၍ တိုက်ပွဲဆင်စေသည်။ စစ်အောင်နိုင်ရေးအတွက် စစ်မျက်နှာကို သာမက၊ လူထုစိတ်ဓာတ် နိုးကြားရေးကိုလည်း ပစ်သည် အရေးထားဆောင်ရွက်သည်။ (ခုနစ်နှစ်စစ်––ရှု။)

၁۷۶၀ ပြည့်နှစ် အောက်တိုဘာလတွင် ဒုတိယ ဂျော့ဘုရင်နတ်ရွာစံ၍၊ မြေးတော်တတိယဂျော့ဘုရင် နန်းတက်သည်။ ထိုဘုရင်သည် အာဏာကို ဆုပ်ကိုင်ထားလိုသူ ဖြစ်ရကား အုပ်ချုပ်ရေးတွင် ဝင်ရောက်ဩဇာပေးသဖြင့် ပစ်နှင့် မသင့်မတင့် ဖြစ်သောကြောင့်၊ ပစ်သည် ၁۷۶၁ ခုနှစ်တွင် ရာထူးမှ နုတ်ထွက်သည်။ ငါးနှစ်မျှ ရာထူးမှ နုတ်ထွက်နေသော်လည်း၊ ပြည်သူ့အရေးများတွင် ဝင်ရောက်ဆောင်ရွက်နေခဲ့သည်။ အမေရိကန် ကိုလိုနီများ အား အခွန်တော်စည်းကျပ်ခြင်းကို ပစ်သည် အပြင်းအထန် ဝေဖန်သည်။ ယင်းသို့ဆောင်ရွက်မှုကြောင့်ပစ်သည် အမေရိကန်နယ်များ၌ အလွန်နာမည်ကျော် ကြားခဲ့လေသည်။

၁۷۶၃ခုနှစ်တွင် ဂှစ်ပါတီကပစ်အား သူတို့အစိုးရအဖွဲ့တွင်ဝင်ရောက်ဆောင်ရွက်ရန်စကားကမ်းလှမ်းခြင်း ကိုလည်းကောင်း၊ တတိယဂျော့ဘုရင်က ဂှစ်ပါတီများမပါဘဲ၊ ပစ်တစ်ဦးတည်း ရာထူးလက်ခံရန် စကားကမ်းလှမ်းခြင်းကိုလည်းကောင်း ပစ်သည် ငြင်းပယ်လိုက်သည်။ ၁۷۶၅ခု မေလတွင်တစ်ကြိမ်၊ ဇွန်လတွင်တစ်ကြိမ်၊ ဘုရင်က ရာထူးလက်ခံရန် ပြောဆိုသည်ကိုလည်း ပစ်သည် လက်မခံခဲ့ချေ။

www.foreverspace.com.mm

၁၇၆၆ခုနှစ် ဧနှစ်ဝါရီလ ၁၄ ရက်နေ့တွင် ပစ်သည် အစိုးရ အဖွဲ့ ခေါင်းဆောင်ဖြစ်သော သူ၏ယောက်ဖ ဂရင်းဗီးတင် သွင်းသည့် အမေရိကန် တံဆိပ်တော်ခေါင်း အက်ဥပဒေကို လွှတ်တော်တွင် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။ နောက်ဆုံး၌ အစိုးရ အဖွဲ့အတွင်း တည်ငြိမ်မှု မရှိခြင်းကြောင့်၊ ဂျော့ ဘုရင်သည် ပစ်အား အစိုးရအဖွဲ့ဖွဲ့ရန် ဖိတ်ခေါ်ရသည်။ ပစ်သည် ညွှန့်ပေါင်း အစိုးရဖွဲ့၍၊ သူကိုယ်တိုင်နန်းရင်းဝန် အဖြစ်ဆောင်ရွက်သည်။ ယင်းသို့ဆောင်ရွက်စဉ် အားဘွဲ့ခံယူ၍ ချက်သမ်မြို့စား ဖြစ်လာလေသည်။

ဆင်းရဲသား ခေါင်းဆောင်ကြီး ဘဝမှ မျှားမတ်ဘွဲ့ကိုခံယူလိုက်သည်မှစ၍ အောက်လွှတ်တော်တွင် တက်ရောက်ခြင်းမပြုရတော့ဘဲ၊ အထက်လွှတ်တော်အမတ်အဖြစ် အထက်လွှတ်တော်သို့တက်ရောက်ရလေရာ၊ လူထုနှင့်ကင်းကွာသွားသဖြင့် လူထုကြည်ညိုမှုလျော့သွားသည်။ ယင်းသို့သော အခြေတွင် သူ၏ကျန်းမာရေးသည် ပိုမို ချွတ်ယွင်းလာပြန်သဖြင့် အလုပ်ကောင်းစွာ မလုပ်နိုင်တော့ချေ။ ၁၇၆၇ ခုနှစ် လက်ဖက်ခြောက်အခွန်တော်ကို သဘောမတူသော်လည်း၊ အတိုက်အခံ မလုပ်နိုင်တော့ချေ။ ၁၇၆၉ခုနှစ်တွင် အနည်းငယ်ကျန်းမာလာ၍၊ သူ့အစိုးရ၏ ဆောင်ရွက်ချက်များကို လေ့လာသောအခါ၊ အမေရိကန်တို့နှင့် ဆက်ဆံရေးပျက်ကွက်မှုများကို ပြုပြင်၍ မရနိုင်တော့သည့်အခြေတွင်တွေ့ရသဖြင့်၊ ရာထူးမှနုတ်ထွက်လိုက်သည်။ သို့ရာတွင်နိုင်ငံရေး၌ စိတ်မကုန်သေးသဖြင့် အထက်လွှတ်တော်တွင် အစိုးရ၏ အမေရိကန်ဝါဒကို ဝေဖန်မြဲ ဝေဖန်နေခဲ့သည်။ ၁၇၈၈ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် အမေရိကန် အရေးနှင့်စပ်လျဉ်းသည့် မကျေနပ်ချက်များကို အထက်လွှတ်တော်၌ ပြောဆိုနေစဉ် သတိမေ့လဲကျသွားရာ မှအစ နာလန်မထူတော့ဘဲ မေ၁ရက်နေ့တွင် ကွယ်လွန်သည်။သူ၏အလောင်းကို ဝက်စမင်စကာအက်ဗေး၌ မြှုပ်နှံသည်။ အမေရိကန်အကျိုးကို ပစ်သည် သေသည် အထိ ဆောင်ရွက်သွားသူ ဖြစ်ရကား၊ အမေရိကန်ကိုလိုနီများက ပစ်အား သူတို့၏ မိတ်ဆွေကောင်းကြီးအဖြစ် အသိအမှတ်ပြုကြသည်။ ဖို့ဒူးကိန်းကို ပြန်လည်တည်ဆောက်သောအခါ ပစ်အားဂုဏ်ပြုသောအားဖြင့် အမေရိကန်တို့က ဖို့ပစ်ဟု အမည်ပေးကြ၏။ နောင်အခါ ထိုမြို့သည် ပစ္စဗတ်မြို့ကြီးဖြစ်လာ၍ ယခုတိုင်ထင်ရှားသည်။ (ပစ္စဗတ်မြို့–ရှု။)

ပစ်ကား စစ်မက်အချိန်၌ ဗြိတိန်နိုင်ငံ၏ အတော်ဆုံး စစ်ဝန်ကြီးတစ်ဦးဖြစ်သည်။ သူသည် ရှင်ဘုရင်ပေါ်၌လည်းကောင်း၊ ပါလီမန်အပေါ်၌လည်းကောင်း အားထားမှီခိုခြင်းမရှိဘဲ၊ လူထု၏အားပေးမှုဖြင့်ထင်ရှားကာ အထွတ်အထိပ်ရောက်လာသူဖြစ်သည်။ပစ်၏လုပ်ရည်ကိုင်ရည်နှင့်စိတ်ဓာတ်တို့ကား သူ့အားဆက်ဆံသူတို့အဖို့ နမူနာဖြစ်လေသည်။

ပစ်ဝီလျံ၊ အငယ် (ခရစ် ၁၇၅၉–၁၈၀၆)။ ။ဗြိတိန်နိုင်ငံ၏တစ်ဦးတည်းသော အငယ်ဆုံးနန်းရင်းဝန်ဖြစ်သူ ဝီလျံပစ်သည် အားဘွဲ့ရချက်သမ်မြို့စားဝီလျံပစ်နှင့် လေဒီဟက်စတာဂရင်းဗီးတို့၏ သားအငယ်ဖြစ်သည်။ သူ့အားဖခင်နှင့်ခွဲခြားနိုင်စေရန် ပစ်အငယ်ဟုခေါ်ကြသည်။ အချိန်နိုင်ငံသမိုင်းပြုဆရာတို့က ဝင်စတန်ချာချီမှလွဲလျှင်ပစ်သည် ဗြိတိန်၏အတော်ဆုံးသော နန်းရင်းဝန်ဟုပင် ရေးသားကြသည်။ (ချာချီ၊ ဆာဝင်စတန်၊ လင်းနတ်စပင်ဆာ–ရှု။)

ပစ်အား ၁၇၅၉ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ကင့်နယ်ဟေးမြို့၌ ဖွားမြင်သည်။ သူသည် ဖခင်၏ ထူးခြားသော နိုင်ငံပြု အရည်အချင်းများကိုသာမက၊ ရောဂါသည်အဖြစ်ကိုပါ အမွေခံခဲ့သည်ဟု ဆိုရပေမည်။ ပစ်သည် ဖခင်ကဲ့သို့ ပင်ချူချာလှသဖြင့် ငယ်စဉ်ကစာသင်ကျောင်းများသို့ မသွားရဘဲ၊ အိမ်၌သာဆရာများနှင့်ပညာသင်ခဲ့ရသည်။ သို့ရာတွင်ငယ်စဉ်ကပင် ဖခင်ဖြစ်သူက ဂရုတစိုက်ပြုစုပျိုးထောင်ပေးမှုကြောင့် ထူးခြားသောပညာအရည်အချင်းနှင့် ပြည့်စုံခဲ့လေသည်။ 'ကျွန်ုပ်ဘဝတွင်ဖြော်လင့်စရာနှင့် စိတ်ချမ်းသာစရာ အကွက်ကလေး'ဟု ဖခင်ဖြစ်သူ၏ ထုတ်ဖော်ချီးကျူးခြင်းခံရသော ပစ်အား၊ ဘခင်ဖြစ်သူက အဖြစ်နိုင်ဆုံး အရွယ်မှစ၍ နိုင်ငံဝန်ကို ထမ်းနိုင်ရန် သွန်သင်ပြသထားလေသည်။ ပစ်သည် ပညာအရာတွင် ဖခင်ဖက်ရှယ်သလောက် ရုပ်ဆင်းအင်္ဂါနှင့်စိတ်ဓာတ်တွင် မိခင်ဘက်ရှယ်သည်။ ထိုကြောင့် ပစ်သည် မာနကြီး၍၊ လူသူလေးပါးနှင့် အပေါင်းအသင်းနည်းသဖြင့်၊ ပြည်သူ့စိတ်ဓာတ်ကို အကဲမခတ်တော့ချေ။(ပစ် ဝီလျံ၊ အကြီး–ရှု။)

အသက် ၁၄ နှစ်အရွယ်တွင် ပစ်သည် ကိမ်းဗရစ်တက္ကသိုလ်၌ တက်ရောက်သင်ကြားခဲ့ရာ ဘွဲ့ရခဲ့သည်။ ထိုနောက် ဥပဒေပညာကို ဆက်လက်သင်ကြား၍၊ မကြာမီ ဝတ်လုံတော်ရ ဖြစ်လာသည်။ သို့ရာတွင် နောက်တစ်နှစ်၌ ပါလီမန်အမတ်ဖြစ်အရွေးခံရသဖြင့် ဝတ်လုံမလိုက်ဖြစ်တော့ချေ။ ပစ်သည် ပါလီမန်အမတ်ဖြစ်လာသောအခါတွင်၊ လေ့နှောအစိုးရတက်နေသည်။ ပစ်ကမူ သူ့ဖခင်အား ဆက်ခံသူ ရှယ်လဗန်အားထောက်ခံ၍၊ အတိုက်အခံအမတ်အဖြစ်ဆောင်ရွက်သည်။ ပစ်သည် ပါလီမန်တွင် ပဌမဦးဆုံးအကြိမ် စကားထပြောစဉ်ကပင် နာမည်ရခဲ့လေသည်။

၁၇၈၂ ခုနှစ်တွင် လေ့နှောအစိုးရရာထူကျ၍ ဝါဒမတူသူများ ဖြစ်ကြသောရော့ကင်ဟမ်၊ ရှယ်လဗန်နှင့် ဖော့တို့ ပူးပေါင်းဖွဲ့စည်းသည့်အစိုးရတက်လာသောအခါ၊ အစိုးရအဖွဲ့ထဲ၌ မကြာခဏသဘောကွဲလွဲချက်များ ဖြစ်ပေါ်လာသည်။ ပစ်အား ယင်းအစိုးရအဖွဲ့က ရာထူးများ ပေးလာသော်လည်း ကက်ဘိနက်အဖွဲ့ဝင် ဝန်ကြီးရာထူးမှတစ်ပါးမည်သည့်ရာထူးကိုမျှ လက်မခံနိုင်ဟုငြင်းပယ်လိုက်သည်။

www.foreverspace.com.mm

ထိုနှစ်တွင်ပင် ရော့ကင်ဟမ်ကွယ်လွန်၍ ရှယ်လဗန်အစိုးရ အဖွဲ့ကတ်လာသောအခါ ပစ်အား ရွှေတိုက်စိုးဝန်ကြီး (ဘဏ္ဍာရေးဝန်ကြီး)အဖြစ် ခေါ်ယူခန့်အပ်လေသည်။ ပစ်သည် ပါလီမန်ဆိုင်ရာ ပြုပြင်ရေးအဆိုကိုတင်သွင်းရာ၊ မဲအနည်းငယ်နှင့်ရှုံးခဲ့ရသည်။ သို့သော်လည်း ယင်းကိစ္စကိုသာ ဆန္ဒပြင်းစွာဆောင်ရွက်ခဲ့လေရာ၊ နောက်ဆုံး၌ ပြင်သစ်တော်လှန်ရေး ကြီးဖြစ်ပွားလာသဖြင့်၊ မအားလပ်နိုင်လောက်အောင်ရှိသည့်အခါမှ ယင်းကိစ္စကို လက်လျှော့လိုက်သည်။

ဗြိတိန်နိုင်ငံ၏ အငယ်ဆုံး နန်းရင်းဝန်ဖြစ်သော ဝီလျံပစ်

ရှယ်လဗန်အစိုးရသည် ဂြလခန့်အကြာတွင် ပြုတ်ကျသွား၍၊ ထိုနောက်တွင်တက်လာသော ညွှန့်ပေါင်းအစိုးရအဖွဲ့လည်းကြာရှည်မခံဘဲ၊ ၁၇၀၃ခုဒီဇင်ဘာလတွင် ပြုတ်ကျပြန်ရာ၊ အသက် ၂၅ နှစ်ပင်မပြည့်သေးသော ပစ်သည် အစိုးရဖွဲ့၍၊ နန်းရင်းဝန်နှင့်ရွှေတိုက်စိုးဝန်ကြီး ရာထူးနှစ်ခုစလုံးကို ပူးတွဲဆောင်ရွက်ရလေသည်။ ပစ် နန်းရင်းဝန်ဖြစ်သည်နှင့် တစ်ပြိုင်နက် အောက်လွှတ်အမတ်အများစုက သဘောမကျဖြစ်ကာ 'ကလေး' နန်းရင်းဝန်သည် အုပ်ချုပ်မှုတာဝန်ကို မထမ်းဆောင်နိုင်ဘဲ၊ မကြာမီ နုတ်ထွက်ရလိမ့်မည် ဟု ဆိုကြသည်။ သို့ရာတွင် ပစ်၏ စကားပြောကောင်းမှု၊ စိတ်ထားဖြူစင် ဖြောင့်မှန်မှုတို့ကြောင့်၊ မကြာမီ ထင်ပေါ်ကျော်ကြား လူကြိုက်များလာသည်။

နန်းရင်းဝန်အဖြစ်နှင့် ပဌမဦးဆုံးရင်ဆိုင်ရသော ပြဿနာကား၊ ဘဏ္ဍာရေးပင် ဖြစ်သည်။ အိန္ဒိယ အက်ဥပဒေကို အတည်ပြုပြီးနောက်၊ အရှေ့အိန္ဒိယကုမ္ပဏီ အုပ်ချုပ်ရေးကို ပြန်လည်ပြုပြင်၍၊ လခကြီးစားနေသော်လည်း၊ အလုပ်တွင် အသုံးမဝင်သောအရာရှိကြီးများကို ဖြုတ်ပစ်သည်။ ၁၇၆၈ ခုနှစ်တွင် နိုင်ငံတော်ကြွေးမြီများ လျော့နည်းသွားစေရန်လိုသုံးမြှုပ်ငွေစတင်ထားသည်။ ပစ်သည် ပြင်သစ်တို့နှင့်လွတ်လပ်စွာ ကူးသန်းရောင်းဝယ်ရေးအတွက် ၁၇၈၆ခုစက်တင်ဘာလတွင် သဘောတူစာချုပ်သည်။ အိုင်ယာလန်ပြည်နှင့် လွတ်လပ်စွာကုန်ကူးသန်းရောင်းဝယ်ရေးအတွက်လည်း ကြိုးစားသေးသည် သို့သော်မအောင်မြင်ခဲ့ချေ။

စီးပွားရေးပြဿနာများ၌ ကျွမ်းကျင်သောပစ်သည် စစ်အေးခေတ် နန်းရင်းဝန်အဖြစ် အထူးအောင်မြင်သည်။ သို့ရာတွင် ပစ်သည် စစ်ခေတ်နန်းရင်းဝန်ဘဝသို့ မမြှောက်လင့်ဘဲ ရောက်ရှိခဲ့ရသည်။ ၁၇၉၃ ခု ဖေဖေါ်ဝါရီလတွင် ပြင်သစ်ဘုရင် ပဌမနေပိုလီယန်သည် အင်္ဂလန်အားစစ်ကြေညာလိုက်သည်။ ထိုစစ်ကြီးကြောင့် အင်္ဂလန်ပြည်သည် များစွာငွေကုန်လူပန်း ဖြစ်ရလေသည်။ နာမည်ကျော် ရေတပ်ဗိုလ်ချုပ်မျှူး လော့နယ်လဆင်၏ ဦးစီးတိုက်ခိုက်မှုကြောင့်၊ ပြင်သစ်ရေတပ်ကြီးပြိုကွဲရသော်လည်း၊ ဗြိတိသျှကြည်းတပ်သည် ပြင်သစ်တပ်များနှင့် မယှဉ်သာအောင် ညံ့ဖျင်းရကား၊ ပစ်သည် အခြား မဟာမိတ်နိုင်ငံမှ တပ်များကို ငွေကြေးထောက်ပံ့၍တိုက်ခိုက်စေရသည်။ ယင်းသို့ ငွေကုန်ကြေးကျများသော စစ်ပွဲအတွက် ပစ်သည် ငွေလုံလောက်အောင်အတော်ကြိုးပမ်းရသည်။ ယင်းသို့လျှင် စစ်အောင်ရေးအတွက်ကြိုးပမ်းနေရသဖြင့် ပစ်သည် နိုင်ငံတွင်း ပြုပြင်ရေးတို့ကို မဆောင်ရွက်နိုင်အောင်ဖြစ်ရလေသည်။ ၁၈၀၀ပြည့်နှစ်တွင် အင်္ဂလိပ်ပါလီမန်နှင့် အိုင်ရစ်ပါလီ မန်နှစ်ရပ်တို့ကို ပူးပေါင်းလိုက်၏။ ထိုပြင် အိုင်ယာလန် ပြည်ရှိ ဗရင်ဂျီဂိုဏ်းဝင်တို့ မဲဆန္ဒပေးနိုင်ခွင့် ရရှိရန်ကြိုးပမ်းခဲ့ရာ၊ ဂျော့ဘုရင်နှင့်ပစ်တို့သဘောကွဲလွဲကြပြီးလျှင်၊ ပစ်သည် ၁၈၀၁ ခုနှစ်တွင် ရာထူးမှနုတ်ထွက်လိုက်သည်။

အင်္ဂလိပ်နှင့် ပြင်သစ်တို့သည် ၁၈၀၂ ခုနှစ်တွင် ခေတ္တစစ်ပြေငြိမ်း၍၊ စစ်အင်အားဖြည့်ကြပြီးနောက် ၁၈၀၃ခုတွင် ပြန်လည်စစ်ကြေညာပြန်သည်။ ထိုအခါတွင်ပစ်အစိုးရအား ဆက်ခံသည့် အက်ဒင်တန် အစိုးရ၏ ပျော့ညံ့မှု ကြောင့် အင်္ဂလိပ်တို့အရေးရှုံးနိမ့်သဖြင့် ၁၈၀၄ ခုနှစ်တွင် ပစ်အား အစိုးရဖွဲ့ရန်ပြန်လည်ခေါ်ယူသည်။ သို့ရာတွင် ပစ်၏အစိုးရ အဖွဲ့သည်လည်း အင်အားမကောင်းလှချေ။ တတိယကျော့ကွဲ့သို့ဘုရင်မျိုးနှင့် ဆက်ဆံဆောင်ရွက်ရသည်မှာ ပစ်အဖို့ ပိုမိုပင်ခက်ခဲလှသည်။ ယင်းသို့သောအခက်အခဲများကြားမှပင် ၁၈၀၅ခုနှစ်အောက်တိုဘာလတွင် အင်္ဂလိပ်တို့သည် ပြင်သစ်တို့အား ထရာဖဲလဂါးတိုက်ပွဲတွင် အနိုင်ရလိုက်သေးသည်။ သို့ရာတွင်ထိုနှစ်ဒီဇင်ဘာလတွင် သြစတာလစ်

www.folklorespace.com.mm

တိုက်ပွဲ၌ မဟာမိတ်တို့အရှုံးကြီး ရှုံးခဲ့လေရာ၊ စစ်ကြောင့် ပေါ်ပေါ်ကျခဲ့ရသော အခက်အခဲ အမျိုးမျိုးကို အစွမ်းကုန် ကြိုးပမ်း နေရသဖြင့် စိတ်နွမ်းကိုယ်ပန်းဖြစ်နေသောပစ်သည် စိတ်အကြီးအကျယ်ထိခိုက်ကာ နောက်တစ်လအကြာ ၁၈၀၆ ခု ဇန်နဝါရီလ ၂၃ ရက်နေ့တွင်ကွယ်လွန်လေသည်။ ပစ်သည် အသက် ၄၆ နှစ်အရွယ်တွင်ကွယ်လွန်သည့်တိုင် အိမ်ထောင်မပြုခဲ့ချေ။ သူ၏အလောင်းကို ဝက်စမင်စတာအက်ဗေး၌ သူ့ဖခင်ဂူနားတွင်မြှုပ်နှံသည်။

ပစ်ကား လုပ်ရည်ကိုင်ရည်နှင့် များစွာပြည့်စုံသူဖြစ်သည်။ သူသည် နိုင်ငံရေးအတွက် အသက်ရှင်ခဲ့သူပမာ ငယ်စဉ်ကစ၍ ကွယ်လွန်သည်အထိ၊ နိုင်ငံရေး၌သာ ဝါသနာစူးစိုက်သည် ကလေးအရွယ်ကပင် လူကြီးစိတ် ရှိခဲ့သူ ဖြစ်သည်။ မာနနှင့် ခပ်အေးအေးတည်တည်နေတတ်ခြင်းကြောင့် အချို့ကသဘောမကျကြချေ။ သို့ရာတွင် နိုင်ငံအကျိုးကို ဖြောင့်မတ်စွာ အားသွန်ကြိုးပမ်းဆောင်ရွက်မကြောင့်၊ ဘုရင်၊ ပါလီမန်နှင့် လူထု၏ယုံကြည်အားပေးမှုကို ရှိခဲ့လေသည်။

ပစ်ဂမီလူမျိုး။ ။အာဖရိကတိုက် ကွန်ဂိုမြစ်ဝှမ်းဒေသရှိ အီကွေတာသစ်တောများတွင် အများအားဖြင့်နေထိုင်ကြသောလူပုကလေးများကို ပစ်ဂမီလူမျိုးဟုခေါ်သည်။ ယင်းတို့သည် အစ်တူရီသစ်တောအတွင်း အရှေ့ဘက်သို့ ယူဂန်း၊ ဒါးအထိလည်းကောင်း၊ အရှေ့မြောက်ဘက်သို့ ဖာရယ်ဂါ ဇာအနီးအနားအထိလည်းကောင်း၊ အနောက်ဘက်သို့ ပြင်သစ်ပိုင်ကွန်ဂိုနယ်အထိလည်းကောင်း အသီးအသီး ကျယ်ပြန့်သောဒေသတွင်လည်းနေထိုင်ကြသည်။ ပစ်ဂမီလူမျိုးအချို့ကို ကမ္ဘရွန်းနယ်နှင့်ဂါးဗုန်ဒေသတွင်လည်း တွေ့ရသည်။

ပစ်ဂမီလူမျိုးတို့သည် လေးပေငါးလက်မမှ လေးပေရှစ်လက်မအထိသာမြင့်သည်။ အချို့သည် သုံးပေမျှသာ မြင့်သည်။ ဆံပင် နီညိုရောင်ဖြစ်ပြီးလျှင်၊ တွန့်ကောက်၍ တိုသည်။ ဦးခေါင်း လုံးဝန်း၏။ နှာခေါင်းပြား၍၊ မျက်လုံးပြူးသည်။ အသားရောင်သည် ညိုဝါဝါဖြစ်သည်။ ခြေတံတိုသလောက် လက်တံရှည်သည်။ ဗိုက်ပူ၍၊ နံပိန်သည်။ သိပ္ပံပညာရှင်များက ပစ်ဂမီတို့သည် ခန္ဓာကိုယ်တွင်းရှိ ဂလင်းများချွတ်ယွင်းမှုကြောင့်၊ အရပ်ပုနေဟန်တူကြောင်းဖြင့် ဆိုကြသည်။

ပစ်ဂမီလူပုကလေးများသည် ပူအိုက်သောဒေသတွင် နေထိုင်ကြသူများ ဖြစ်သည့်အလျောက်၊ အဝတ်အစားအနည်းငယ်မျှသာဝတ်ဆင်ကြသည်။ သစ်ရွက်သစ်ခေါက်တို့ဖြင့်ဆောက်အပ်သော တဲပုကလေးများတွင် နေထိုင်

အာဖရိကတိုက်၊ ကာလဟာရီ သဲကန္တာရတွင် နေထိုင်ကြသော ပစ်ဂမီလူမျိုး မိသားစု

www.foreverspace.com.mm

ပစ်ဂမီလူမျိုးတို့၏အိမ်သည် မြက်ခြောက်များဖြင့် ဆောက်လုပ်ထား၍ နိမ့်သည်။

ကြသည်။ အမဲလိုက်ခြင်း၊ ငါးမျှားခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြု ကြသည်။ ပစ်ဂမီ လူမျိုးများကို အာဖရိကတိုက်တွင်သာမက အာရှတိုက်တွင်လည်းတွေ့ရသည်။ အာဖရိကတိုက်ရှိ ပစ်ဂမီလူမျိုးများကို နီဂရီတိုလူမျိုးဟုလည်းခေါ်၍၊ အာရှတိုက်ရှိ ပစ်ဂမီလူမျိုးများကို နီဂရီတိုလူမျိုးဟုခေါ်၏။ (နီဂရီတိုလူမျိုး–ရှု။)ယခုအခါနီဂရီတိုလူမျိုးများကို အန္ဒမန်ကျွန်း၊ မလ္လာယုကျွန်းဆွယ်အလယ်ပိုင်း၊ ဖိ လစ်ပိုင်ကျွန်းစုအပါဝင် လူဇုန်ကျွန်းနှင့်အခြားကျွန်းများ၊ နယူးဂင်းနီကျွန်းအပါအဝင် နယ်သာလန်ပိုင် ဒေသများတွင်တွေ့ရလေသည်။ ယင်းတို့သည်နေထိုင်ရာ အရပ်ဒေသ အလိုက်ဆေမန်၊ တပိရို၊ အအီတစသည်ဖြင့် အသီးအသီးတွင်ကြသည်။ ထိုနည်းတူစွာ အာဖရိကတိုက်ရှိ ပစ်ဂမီလူမျိုးများသည်လည်း ဗတွာ၊ အက္ကာ၊ ဗမဗျူ၊ နမွတ်တိ၊ ဝတွာ၊ တစ်ကီ တစ်ကီ၊ ဗလီယာ၊ ဗင်ဂါ၊ အီဖေစသည်ဖြင့် အသီးသီးတွင်လေသည်။

ပစ္စဗတ်မြို့။ ။ပစ္စဗတ်မြို့သည် အမေရိကန်ပြည်ထောင်စု၊ ပင်ဆီလဗေးနီးယားပြည်နယ်၏ ဒုတိယအကြီးဆုံးမြို့ ဖြစ်သည်၊ အယ်လီဂေးနီးမြစ်နှင့် မိုနန်ဂဟီးလာမြစ်တို့ ပေါင်းဆုံ၍၊ အိုဟိုင်းအို မြစ်အဖြစ် စီးဆင်းရာတွင် တည်ရှိသဖြင့် ယင်းမြို့သည် ကမ္ဘာပေါ်တွင် တင့်တယ်လှပသောမြို့များတွင် အပါအဝင်ဖြစ်သည်။ ဤမြစ်သုံးသွယ် ဆုံရာ အရပ်သို့ ၁၇၅၃ခုနှစ်တွင် ဂျော့ဝါရှင်တန် အလည်အပတ် ရောက်လာခဲ့၍ ထိုနေရာတွင် ခံတပ်တည်ရန်အကြံပေးခဲ့သည့်အလျောက် ခံတပ်တစ်ခုတည်ခဲ့သည်။ သို့သော် ယင်ဒခံတပ်ကို ပြင်သစ်တို့ကသိမ်းယူ၍ ဖို့ဒူးကိန်းခံတပ်ကြီးတည်ဆောက်ခဲ့သည်။ ၁၈၅၈ခုတွင် ဂျင်နရယ်ဖော့ကပြန်လည်သိမ်းပိုက်ပြီးနောက်၊ ထိုစဉ်က ဗြိတိသျှနန်းရင်းဝန်ဝီလျံပစ်အား ဂုဏ်ပြုသောအားဖြင့်၊ ဖို့ပစ် (ဝါ) ပစ်ခံတပ်ဟုအမည် ပြောင်းလိုက်ပြန်သည်။ ယင်းသည့် ခံတပ်အနီး၌၊ ၁၇၆၄ ခုနှစ်တွင်မြို့ကြီးတစ်မြို့ ထပ်မံတည်ကာ၊ အမည်ဟောင်း မပျောက်ပျက်စေရန် ပစ္စဗတ်မြို့ဟု မှည့်ခေါ်သည်။

ပစ္စဗတ်မြို့သည် ဖိလဒဲဖီးယားမြို့၏ အနောက်ဘက် မိုင် ၃၄၀ ခန့်အကွာတွင်ရှိ၍၊ နယူးယောဂ်မြို့၏ အနောက်ဘက် မိုင် ၄၃၀အကွာတွင်တည်ရှိလေသည်။ ၅၅ စတုရန်းမိုင်ကျယ်ဝန်းပြီးလျှင်၊ လူဦးရေ ၆၇၆၈၀၆ ယောက်ရှိသည်။ ပဌမသော် ပစ္စဗတ်မြို့သည် မြစ်သုံးသွယ်ဆုံရာ၊ ယခု 'ရွှေတြိုဂ်'ဟုတွင်သော မြေစွန်းနေရာ၌သာ တည်ရှိသော်လည်း၊ စက်ရုံကြီး များကို မြစ်ရိုး တစ်လျှောက်တွင် တည်ဆောက်ကြ၍၊ တဖြည်းဖြည်း မြို့ကျယ်ပြန့်လာသော အခါ၊ ယင်းမြေစွန်းသည် အရောင်းအဝယ်လုပ်ကိုင်ရာ စီးပွားရေး ရပ်ကွက်တစ်ခု ဖြစ်လာသည်။ လူနေရပ်ကွက်များကား၊ စက်ရုံများနှင့် စီးပွားရေးရပ်ကွက်များနောက်ဘက်ရှိ တောင်ကုန်းများပေါ်တွင်တည်ရှိရာ၊ ကြည့်၍ အလွန်လှသည်။ ပေ ၁၂၀၀မြင့်သောဟာရွန်တောင်ကုန်းသည် မြို့တွင်းရှိအမြင့်ဆုံးတောင်ကုန်းဖြစ်သည်။ ပစ္စဗတ်မြို့သည် တောင်တန်းများ၊ မြစ်ဝှမ်းများနှင့် ပြည့်နေရကား၊ တံတားကြီးများ အလွန်ပေါများသည်။ လယ်ရိမာ ရိပ်သာတံတားသည် ဆောက်သမျှခုံးတစ်ခုတည်းရှိ တံတားများတွင် အကြီးဆုံးသောတံတားတစ်ခုဖြစ်သည်။ ယင်းမြို့ရှိ ဂျော့ဝက်စတင်းဟောက်တန်တားမှာမူ အမေရိကန်တစ်နိုင်ငံလုံးတွင် အရှည်ဆုံးသောကွန်ကရိခုံး တံတားတစ်ခုဖြစ်လေသည်။

ပစ္စဗတ်မြို့သည် သံနှင့်သံမဏိလုပ်ငန်း၊ ဖန်ထည်လုပ်ငန်းစသော စက်မှုလုပ်ငန်းကြီးများ အကြီးအကျယ်လုပ်ကိုင်ရာ မြို့ဖြစ်သဖြင့်၊ ယင်းမြို့အား 'သံမြို့တော်'၊ 'သံမဏိမြို့'၊ 'ကမ္ဘာလက်နက်တိုက်မြို့'၊ 'အမျိုးသား မီးလင်းဖို'၊ 'မီးခိုးမြို့'စသည်ဖြင့် ခေါ်စမှတ်ပြုကြသည်။ ပစ္စဗတ်မြို့ရှိစက်ရုံများမှ တစ်နှစ်လျှင်သံမဏိတန်ချိန် ၁၈၀၀၀ခန့် ထွက်ရာ၊ အမေရိကန်တစ်နိုင်ငံလုံးမှသံမဏိအထွက်၏ လေးပုံတစ်ပုံခန့်ရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ပစ္စဗတ်မြို့

www.myanmarspace.com.mm

မှထွက်သော သံမဏိတန်ချိန်သည် ဂျာမနီနှင့်ဂျပန် ၂နိုင်ငံတို့မှထွက်သော တန်ချိန်ထက်ပင်ပိုသေးသည်။ သံထည်ဘေးထွက်လည်း အမေရိကန်တစ်နိုင်ငံလုံး၏ လေးပုံတစ်ပုံပင်ဖြစ်သည်။ ယင်းသို့ သံနှင့်သံမဏိလုပ်ငန်း ထွန်းကားခြင်းမှာ အနီးအနားရှိ အမေရိကန်တစ်ပြည်လုံးထွက် ကျောက်မီးသွေးလေးပုံတစ်ပုံထွက်သော အယ်လီဂေးနီးခရိုင်မှ ကျောက်မီးသွေးများ လွယ်ကူစွာ ရရှိနိုင်ခြင်းနှင့် ဆူပီးရီးယားအိုင်အနီးတောင်တန်းများမှ သံရနိုင်ခြင်းတို့ကြောင့်သာမက မြစ်ကြီးသုံးသွယ်ဆုံရာဖြစ်သဖြင့် သယ်ယူပို့ဆောင်ရေးလွယ်ကူသောကြောင့်ဖြစ်သည်။ ပစ္စဗတ်မြို့တစ်မြို့လုံးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးလေပြင်းဖိုကြီးများမှ ထွက်သောမီးရောင်ဖြင့်ညဉ့်အချိန်တွင် ထိန်ထိန်လင်းနေရာ မိုင်ပေါင်းများစွာမှပင် မြင်နိုင်သည်။ ၁၉၅၀ပြည့်နှစ်မှစ၍ မြို့ကိုခေတ်မီသည်ထက် မီအောင်ပြုပြင်လေရာ၊ ယခင်စက်ရုံမီးခိုးများဖြင့် မွန်နေသောမြို့သည် မီးခိုးထိန်း အစီအစဉ်များကြောင့် သန့်ရှင်းလာသည်။ ရွှေတြိဂံမြေစွန်းရှိ ရှေးမြို့ဟောင်းနေရာမှ အဆောက်အအုံဟောင်းများကို ဖျက်၍၊ မိုးထိအဆောက်အအုံများ၊ ဥယျာဉ်များ၊ ကစားကွင်းများ ဆောက်လုပ်လျက် ရှိသည်။

ပစ္စဗတ်မြို့၌ စက်ရုံများသာမက လုပခန့်ညားသော ပြည်သူ့အဆောက်အအုံကြီးများ၊ အလုပ်တိုက်ကြီးများ၊ ဘုရားရှိခိုးကျောင်းကြီးများနှင့် ပန်းခြံများလည်း ရှိ၏။ အယ်လီဂေးနီး ကောင်တီရုံးတော်၊ နစ်ကဆန်ဇာတ်ရုံ၊ စိန်ပေါ်ဘုရားရှိခိုးကျောင်း အစရှိသောအဆောက်အအုံကြီးများသည် တိုးတက်သော ဗိသုကာသရုပ်ပြ အဆောက်အအုံကြီးများ ဖြစ်သည်။ ပစ္စဗတ်တက္ကသိုလ်ကျောင်းကြီးမှာလည်း လွန်စွာခမ်းနားကြီးကျယ်သော မိုးထိ အဆောက်အအုံကြီးဖြစ်သည်။ ဤမြို့တွင် စက်မှုအတတ်သင်ကျောင်း၊ အနုပညာခန်းဆောင်နှင့် သိပ္ပံပြတိုက်တို့ ပါဝင်သည့် ကမ္ဘာကျော် ကာနက်ဂီကျောင်းကြီး ရှိလေသည်။

ပစ္စဗတ်မြို့သည် မြစ်သုံးသွယ်ဆုံရာ 'ရွှေတြိဂံ'မြေစွန်းနေရာ၌ တည်ရှိသည်။ သို့ရာတွင် ယင်းမြို့၏ အဓိကလုပ်ငန်းဖြစ်သော သံနှင့်သံမဏိ စက်ရုံကြီးများကို မြစ်ရိုးတစ်လျှောက် တည်ဆောက်ကြသဖြင့်၊ မြို့၏ဧရိယာမှာ လွန်စွာကျယ်ပြန့်လျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုတစ်နိုင်ငံလုံးမှ သံမဏိအထွက်၏ လေးပုံတစ်ပုံခန့်မှာ ပစ္စဗတ်တစ်မြို့တည်းမှ ထွက်သည်ဖြစ်ရာ၊ ပစ္စဗတ်မြို့ကို 'သံမဏိ'ဟူ၍လည်းကောင်း၊ 'ကမ္ဘာ့လက်နက်တိုက်မြို့' ဟူ၍လည်းကောင်း ခေါ်စမှတ်ပြုကြသည်။

www.foreverspace.com.mm